http://www.dhammadownload.com

အမရပူရမြို့
မဟာဂန္ဓာရုံကျောင်းတိုက်
နာယကချုပ် အဂ္ဂမဟာပဏ္ဍိတ
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

# အရှင်ကုဏ္ဍလာဘိဝံသ

၏

ဟောစဉ်

# တရားပေါင်းချုပ်

အမှတ် (၂)

အရှင်စန္ဒိမာ
(သာသနဓဇဓမ္မာစရိယ-ဂဏဝါစက)
မှတ်တမ်းပြု ပူဇော်သည်

သာသနာ - ၂၅၄၉ ကောဇာ - ၁၃၆၇ ခရစ်နှစ် - ၂၀၀၅

http://www.dhammadownload.com

ဇ

အမရပူရမြို့
မဟာဂန္ဓာရုံကျောင်းတိုက်
နာယကချုပ် အဂ္ဂမဟာပဏ္ဍိတ
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

# အရှင်ဇနကာဘိဝံသ

၏

ဟောစဉ်

# တရားပေါင်းချုပ်

အမှတ် (၂)

အရှင်စန္ဒိမာ
(သာသနဓဇဓမ္မာစရိယ-ဂဏဝါစက)
မှတ်တမ်းပြု ပူဇော်သည်

သာသနာ - ၂၅၄၉ ကောဇာ - ၁၃၆၇ ခရစ်နှစ် - ၂၀၀၅

http://www.dhammadownload.com

http://www.dhammadownload.com

အမရပူရမြို့
မဟာဂန္ဓာရုံကျောင်းတိုက်
နာယကချုပ် အဂ္ဂမဟာပဏ္ဍိတ
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

# အရှင်ဇနကာဘိဝံသ

၏

ဟောစဉ်

# တရားပေါင်းချုပ်

အမှတ် (၂)


အရှင်စန္ဒိမာ
(သာသနဓဇဓမ္မာစရိယ-ဂဏဝါစက)
မှတ်တမ်းပြု ပူဇော်သည်

သာသနာ - ၂၅၄၉ ကောဇာ - ၁၃၆၇ ခရစ်နှစ် - ၂၀၀၅

http://www.dhammadownload.com


# အရှင်ကုဏ္ဍလာဘိဝံသ၏တရားပေါင်းချုပ်(၂)

## ပုံနှိပ်မှတ်တမ်း

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်
အမှတ် ( ၃၂၀၇၇၉၀၅၁၀ )
မျက်နှာဖုံးခွင့်ပြုချက်
အမှတ် (၃၂၀၇၀၀၀၅၁၁)

| | | |
|---|---|---|
| ခုနှစ် | – | ၂၀၀၅–ခုနှစ် |
| အုပ်ရေ | – | ၁၀၀၀ |
| အကြိမ် | – | ပထမအကြိမ် |
| တန်ဖိုး | – | ( )ကျပ် |
| ကွန်ပျူတာစာစီ | – | နယူးဘားမား မဟာဂန္ဓာရုံ အမရပူရ။ |
| ထုတ်ဝေသူ | – | ဦးမောင်မောင် ( မြ–၀၃၂၇၁ ) မဟာဂန္ဓာရုံစာပေ၊ ပိန်းတန်းရပ်၊ အမရပူရမြို့။ |
| ပုံနှိပ်သူ | – | ဦးတင်မြင့် ( ၀၅၈၃၇ ) နယူးဘားမား အော့ဖ်ဆက် ပိဋကပုံနှိပ်တိုက်၊ မဟာဂန္ဓာရုံ–မြင်းမူကျောင်း၊ အမရပူရမြို့။ |
| မျက်နှာဖုံး | – | ပါဝါ အော့ဖ်ဆက် ( ၀၅၉၃၀ ) မန္တလေးမြို့။ |

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com

သ ဇာတော ယေန ဇာတေန,
ယာတိ ဝံသော သမုန္နတိံ၊
ပရိဝတ္တိနိ သံသာရေ,
မတော ကော ဝါ န ဇာယတေ။

ဇာတေန-ရှေးကံအထူး, ရှိခဲ့ဖူးသဖြင့်, မီးရှူးသန့်စဉ်, ဖွားမြင်၍လာသော၊ ယေန ပုတ္တေန-ကျောက်ကောင်းတစ်လုံး, ပမာသုံးသို့, တိုင်းလုံးထင်ရှား, အကြင်သားကြောင့်၊ ဝံသော-ဆွေရင်းမျိုးချာ, သူသူငါမျှ, မကသယ်ကျုံး, တစ်နွယ်လုံးသည်၊ သမုန္နတိံ-အောက်တန်းမှမြင့်, အဆင့်ဆင့်ဖြင့်, စွင့်စွင့်တက်လှမ်း, အထက်တန်းသို့၊ ယာတိ-ယခုလည်းကောင်း, နောင်လည်းကောင်းလျှက်, ကောင်းကောင်းပုံသေ, ရောက်နိုင်ပေ၏။ သော ပုတ္တော-တစ်နွယ်လုံးပင်, စုံအလင်ဖြင့်, ဂုဏ်အင်ပွားကြောင်း, ထိုသားကောင်းသည်၊ ဇာတော-အမျိုးသားတို့, တိုးပွားဖို့ရာ, မွေးဖွားသည်ဟု, ဆိုထိုက်ပါပေ၏၊ ပရိဝတ္တိနိ သံသာရေ-တပြောင်းပြန်ပြန်, အဖန်ဖန်ဖြင့်, မှန်မှန်ပြောင်းလွဲ, သံသရာထဲ၌၊ မတော-တစ်ဘဝဇာတ်, အဆုံးသတ်၍, နေရပ်ရှောင်သွေ, သေလေပြီးသော၊ ကော ဝါ-ဘယ်နတ်, ဘယ်လူ, အဘယ်သူသည်မူလည်း၊ န ဇာယတေ-ရုပ်သစ် နာမ်သစ်, ခန္ဓာသစ်ဖြင့်, အသစ်လဲကာ, မဖြစ်ဘဲရှိပါအံ့နည်း။

(ဟိတောပဒေသ ကထာမုခ-၁၅)

F A

http://www.dhammadownload.com

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ကဆုန်လပြည့် ဗုဒ္ဓနေ့ တရားတော် | ..... | ၁ |
| ၂။ | ထီးလှူအကျိုးနှင့် ကြွက်လေးမျိုးတရားတော် | ..... | ၁၆ |
| ၃။ | ရှင်ပြုအလှူပေးနည်းတရားတော် | ..... | ၄၀ |
| ၄။ | လသာခိုက်ဗိုင်းငင်တရားတော် | ..... | ၆၃ |
| ၅။ | ရာဟုလာအမွေတောင်းခန်းတရားတော် | ..... | ၈၅ |
| ၆။ | ရွှေထီးတော်အလှူတရားတော် | ..... | ၁၁၆ |
| ၇။ | သာသနာ့ဥယျာဉ်တရားတော် | ..... | ၁၂၇ |
| ၈။ | တိုက်သစ်တက်မင်္ဂလာတရားတော် | ..... | ၁၃၆ |
| ၉။ | ဆုကြီးလေးပါးတရားတော် | ..... | ၁၄၄ |
| ၁၀။ | အမှီကောင်းမှ ချမ်းသာရတရားတော် | ..... | ၁၆၅ |
| ၁၁။ | အအေးဓာတ် (၅)မျိုးတရားတော် | ..... | ၁၇၃ |
| ၁၂။ | သားသမီးဆုံးခန်းတရားတော် | ..... | ၁၈၆ |
| ၁၃။ | အလှူပေး အလှူခံ (၄)မျိုးတရားတော် | ..... | ၂၀၃ |
| ၁၄။ | ဗုဒ္ဓမယ်တော်တရားတော် | ..... | ၂၂၃ |
| ၁၅။ | ခန္ဓာလှေတွင် ရိက္ခာတင်တရားတော် | ..... | ၂၄၁ |
| ၁၆။ | သား (၃)မျိုးတရားတော် | ..... | ၂၆၃ |
| ၁၇။ | မင်းပွဲသဘင် ပါဝင်ခွင့်ရတရားတော် | ..... | ၂၇၄ |
| ၁၈။ | အသက်လည်းရှူ အသက်လည်းရှင်တရားတော် | ..... | ၃၀၁ |
| ၁၉။ | မိုးပေါက်ကလေးများ စုပေါင်းအားတရားတော် | ..... | ၃၀၈ |
| ၂၀။ | ပေါက်ပွင့်ခွေးမျှော်တရားတော် | ..... | ၃၁၇ |
| ၂၁။ | အမှိုက်ပုံကြားက ပတ္တမြားတရားတော် | ..... | ၃၃၂ |
| ၂၂။ | ထိသာထိစေ မမိစေနဲ့တရားတော် | ..... | ၃၄၆ |
| ၂၃။ | သဗ္ဗဒဒအလှူတရားတော် | ..... | ၃၆၅ |
| ၂၄။ | နှောင်ကြိုးဖြတ်တရားတော် | ..... | ၃၈၃ |
| ၂၅။ | ဖခင်နယ်တွင်း အန္တရာယ်ကင်းတရားတော် | ..... | ၃၉၄ |
| ၂၆။ | မဂ္ဂင်ရှစ်ဖော် လှေလှော်တရားတော် | ..... | ၄၃၇ |
| ၂၇။ | ဘဲကျောင်းတရားတော် | ..... | ၄၈၅ |
| ၂၈။ | လူ (၄)မျိုးတရားတော် | ..... | ၅၃၀ |
| ၂၉။ | နှလုံးသား အလှဆင်တရားတော် | ..... | ၅၇၇ |
| ၃၀။ | လူချင်းတူ အသက်ရှူကွဲတရားတော် | ..... | ၆၁၉ |

http://www.dhammadownload.com

http://www.dhammadownload.com



## အမှာစာ

အနု-အဖန်ဖန်အထပ်ထပ်၊ မောဒနာ- ဝမ်းမြောက်ကြောင်းစကား၊ အထပ်ထပ်ဝမ်းမြောက်ကြောင်းစကား၊ ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော စကားကို အနုမောဒနာဟု ခေါ်ပါသည်။ ဆရာတော်သည် ကုသိုလ်ရှင်တရားနာသူများကို ကုသိုလ်နှင့်စပ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်အောင် စကားပရိယာယ် ကြွယ်ဝစွာဖြင့် စိတ်ဝင်စားဖွယ် ဟောပြောနိုင်သော စွမ်းရည်အထူး ရှိတော်မူပေသည်။

ဆရာတော်တွင် ဤစွမ်းရည်မျိုးရှိသည်မှာ ယခုမှ မဟုတ်ပါ။ ငယ်စဉ်ကပင် ရှိခဲ့ကြောင်း သိရသည်။ တစ်ခါက ဆားလင်းကြီးဆရာတော် အရှင်အာဒိစ္စ (အဂ္ဂမဟာပဏ္ဍိတ-ကလောင်နာမည် ဆားလင်းကြီး ငွေလွင်) က မိမိအား အမိန့်ရှိခဲ့ဖူးသည်မှာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ (ရွှေကျောင်းဗဟိုဌာန) မှာ လပြည့်လကွယ် ဥပုသ်နေ့တိုင်း တရားပွဲကျင်းပလေ့ရှိတယ်၊ ဟောလိုသော အရှင်မြတ်များသည် ကြိုတင်၍ စာရင်းပေးသွင်းထားရတယ်၊ ဆရာတော်သည် ရဟန်းငယ်ဘဝက မန္တလေးတွင် ကျင်းပသည့် နာမည်ကြီး ရဟန်းသကျသီဟ ဖြေဆိုရန်အတွက် မဟာဝိသုဒ္ဓါရုံတိုက်မှာနေ၍ စာလိုက်နေစဉ် စာအထူးကြိုးစားနေသည့် ကြားမှပင် စာရင်းပေး၍ ဟောတော်မူခဲ့တယ်။

ထိုစဉ်က ဆရာတော်ဟောသော တရားမှာ မှတ်မှတ်ရရ သေရိဝဇာတ် (ရွှဲကုန်သည်ဝတ္ထု) ဖြစ်သည်။ "ငါလည်း ဦးကုဏ္ဍလ ဒီ ရိုးနေပြီဖြစ်တဲ့ ဝတ္ထုကို ဘယ်လိုများ ဟောမှာလဲဆိုပြီး သိလိုစိတ်နှင့် သွားရောက်နားထောင်ခဲ့တယ်၊ အောင်မာ- သူက ဇာတ်လမ်းရိုးရိုးသက်သက်ကြီး တုံးတိတိကြီး မဟောဘူး၊ အကွက်ဆိုက်၊ ဆိုက်သလို အပြင်ဗဟုသုတလေးတွေ ထည့်ပြီး ဟောသွားတယ်။ အထူးသဖြင့် ရွှဲကုန်သည်က သူ့ရွှဲကို လက်ပေါ်တင်ပြီး လှည့်ကာ လှည့်ကာ ကစားပြနေပုံကို ဟောတာ အထူးစိတ်ဝင်စားစရာကောင်းတယ်၊ ဒီကတည်းက ငါလည်း ဒီကိုယ်တော်တော့ နောင်တစ်ချိန် မွေကထိက အကျော်အမော်ဖြစ်မှာ သေချာတယ်လို့ စိတ်ထဲမှာ ဆုံးဖြတ်ခဲ့တယ်"-စသည်ဖြင့် ဆားလင်းကြီးနယ်တွင် တွေ့ဆုံစဉ်က မိမိအား အမိန့်ရှိတော်မူဖူးပါသည်။

ဆရာတော်သည် ရဟန်းသကျသီဟ (အဘိဓံသ) စာမေးပွဲကြီး အောင်မြင်တော်မူပြီးနောက် ပင်ပန်းနွမ်းနယ်နေတဲ့ ခန္ဓာကိုယ်ကို အနားယူအားဖြည့်ရင်း ကျေးရွာရှင် ဆရာတော်ကြီး၏ "ဆေးဆိုတာ အမည်စုံမှ ပိုပြီး ဆေးစွမ်းထက်တယ်၊ ဒါကြောင့် လောကီ, လောကုတ္တရာပညာ စုံအောင် လုပ်သင့်တယ်" ဆိုတဲ့ ဩဝါဒ

http://www.dhammadownload.com



တော်ကို အကောင်အထည်ဖော်ရင်း ရေဦးမြို့နယ် မရကန် အင်ကြင်းပင်ကျောင်းတွင် အနားယူနေထိုင်ရင်း အင်္ဂလိပ်စာပေများကို လေ့လာနေစဉ်မှာပင် "တတ်သည့်ပညာ မနေသာဆိုသည့်အတိုင်း" ဒကာ ဒကာမများက တန်းတန်းစွဲပူစာသဖြင့် ရေဦး-ခင်ဦးနယ်အတွင်းရှိ အလှူအတန်းကြီးငယ်များတွင် မပါလျှင်မပြီး တရားပွဲကြီးငယ်ဖြင့် ချီးမြှင့်ရပြန်သည်။

ဤပဋ္ဌာန်းဆက်ကြောင့် နောင်တွင် ခင်ဦး-ရေဦးမြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့မှ မဟာဂန္ဓာရုံ သံဃာတော်များအတွက် ဆွမ်းဆန်စိမ်းအလှူခံရန် ပင့်ပြန်သောအခါ တာဝန်ခံ ဒကာများက ဆရာတော်ကို မပါ, ပါအောင် ပင့်ကြ၊ နယ်ဒကာဒကာမများက ယခင်တရားသံမျိုး နာယူလိုလှကြောင်း ပွဲတောင်းလာကြပြန်သည်။ ထို့ကြောင့် သံဃာတော်အရေးမို့ ထိုနယ်များသို့ သံဃာတော်များနှင့်အတူ အပင်ပန်းခံကာ ကြွတော်မူရသည်။ ညှော်ခံစကားပြောရတာက တစ်ဘက်၊ အများသံယာနည်းတူ တစ်ရွာနှင့်တစ်ရွာကြား ဝေးကွာလှတဲ့ခရီးကို ခြေလျင်ကြွပြီး ဆွမ်းဆန်ခံရတာက တစ်ဖြာ၊ ရောက်ရာအရပ်မှာ ဟောပြောရတာက တစ်မျိုးဖြင့် အမျိုးမျိုးသော ပင်ပန်းမှုကို သည်းခံတော်မူရသည်။

အနားယူပြီး မဟာဂန္ဓာရုံကျောင်းတိုက်သို့ ပြန်ရောက်သောအခါ၌လည်း သိကြတဲ့အတိုင်းပဲ၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် စာရေးဘက်တွင်သာ အားသန်တော်မူသည်။ အဟောအပြောဘက်ကို ပဓာနမထားပါ၊ တပည့်များကိုလည်း အားပေးတော်မမူ၊ သို့သော်လည်း ရှောင်လွှဲလို့ မရတဲ့ ဟောရေးပြောရေးကိစ္စ ကြုံလာသည့်အခါ၌ကား ဆရာတော့်အား လွှဲတော်မူသည်။ ဤသို့ဖြင့် ဆရာတော် ဓမ္မကထိကဖြစ်မှန်းမသိ ဖြစ်လာရလေသည်။ ဆရာတော်သည် အဟောအပြောဘက်တွင်သာ ထူးချွန်သည်မဟုတ် စာချရာတွင်လည်း အထူးကျွမ်းကျင်တော်မူသည်။ အဓိပ္ပါယ်ကိုလည်း ရှင်းလင်းသွားအောင် ပိုင်နိုင်ကျွမ်းကျင်စွာ လောကဥပမာ ပုံပြင်သာဓက ဥပမာအမျိုးမျိုး ထိုးပြကာ စာချလေ့ရှိသည်။ စာလိုက်တပည့်များ မပျင်းရိရလေအောင် ဟာသနှော၍ အသောကလေးဖြင့်လည်း စာချတတ်သည်။

မဟာဂန္ဓာရုံ ဒုတိယမြောက်ဆရာတော် လက်ထက်တွင် ဆရာတော်သည် ပထမဆရာတော် လက်ထက်ကထက် ထမ်းဆောင်ရတဲ့ သာသနာ့ရေးတာဝန်များက ပိုမိုများပြားလာသည်။ ထို့ကြောင့် မိမိမအားလပ်သည့်အခါ မိမိကိုယ်စား ဆက်ဆက်တိတ်ခွေမှတစ်ဆင့် စာဝါပို့ချသောအားဖြင့် စာဝါမပျက်ရအောင် ဖူသော ရည်ရွယ်ချက်ဖြင့် စာချတန်း စာသင်သားများအတွက် ပါရာဇိကဏ်

http://www.dhammadownload.com



ပို့ချချက်ကို ကက်ဆက်တိတ်ခွေဖြင့် အသံသွင်းထားရသည်။ မန္တလေးမြို့ ဦးကာက လဘက်ခြောက်ပွဲရုံပိုင်ရှင် ဒေါ်ကြင်သန်းနှင့် ညီအမတစ်စုက တာဝန်ယူ၍ ကုသိုလ်ပြုသည်။ ထို့ကြောင့် ယခုအခါတွင် ဒေသအသီးသီးမှ သံဃာတော်များ သီလရှင်ဆရာလေးများသည် ထိုတိတ်ခွေများကို ကူးယူကာ ပါရာဇိကဏ်ဘာသာကို ဆရာမပါဘဲ စိတ်တိုင်းကျ လေ့လာနိုင်ကြပေသည်။ဆရာ့အခက်အခဲကို ဤတိတ်ခွေက ဖြေရှင်းပေးသည်။

ဆရာတော်၏ ဟောပြောဟန်မှာ ရှေးဦးစွာ ရက်စွဲတပ်၍ ကုသိုလ်ရှင်၏ နာမည်စာရင်းအပြည့် အစုံနှင့် ကုသိုလ်လုပ်ငန်းတို့ကို ကြားကြားသမျှ လူနတ်ဗြဟ္မာ သတ္တဝါတွေ အနုမောဒနာ သာဓုခေါ် ရလေအောင်ကြေငြာပေးသည်။ ၎င်းနောက်မှမိမိဟောမည့်တရားကို မြွက်ဆို၍ တရားပန္နက်ရိုက်သည်။ ထိုတရားပန္နက်ပေါ် တွင်မူတည်၍ တဖြေးဖြေးချင်း သက်ဆိုင်ရာဝတ္ထုကြောင်းကို ဆက်စပ်၍ ဟောတော်မူသည်။ ထိုသို့ဟောရာတွင်လည်း သက်ဆိုင်ရာ နေရာများတွင် ပရိသတ်သဘောပေါက်အောင် လောကဥပမာများနှင့် နှိုင်းယှဉ်၍ပြသည်။ ပရိသတ်၏ နှလုံးသားတွင် တရားစကားကျန်ရစ်အောင် တရား၏ အနှစ်ချုပ်ကိုလည်း ဆောင်ပုဒ်များလုပ်၍ ဝမ်းမြောက်ဖွယ်ဖြစ်အောင် နှိုင်းယှဉ်၍ ပြတတ်သည်။ တရားအဆုံးတွင် အချိန်ရလျှင်ရသလို ဝိပဿနာတင်၍ အဘိဓမ္မာသတ်သည်။ ဝိပဿနာတင်ရာ၌လည်း ပရိသတ်မပျင်းရလေအောင် အလွယ်ကူဆုံး အရှင်းလင်းဆုံးနည်းဖြင့် ဝိပဿနာ၏ အဓိပ္ပါယ်ကို နားလည်သဘောပေါက်အောင် ဟောတော်မူသည်။ နောက်ဆုံးတွင် မိမိရိုက်နှက်ခဲ့သော တရားပန္နက်ကို ပြန်ကောက်၍ ဆက်စပ်ပြကာ နိဂုံးကမ္ပတ် အဆုံးသတ်တော်မူသည်။

ဤကဲ့သို့သော အကြောင်းများကြောင့် အမြို့မြို့ အနယ်နယ်မှ ရဟန်းရှင် လူများက တရားတိတ်ခွေဖြန့်ရန် လျှောက်ထားအကြံပေးလာကြသည်။ ဌာနအသီးသီးတွင် ဓမ္မကထိကတာဝန် ထမ်းဆောင်နေကြရသော ဓမ္မကထိကဆရာတော်ကလေးများကလည်း မဟာဂန္ဓာရုံတိုက်အတွင်း၊ သီတင်းသုံးနေထိုင်ကြသော မိမိတို့ သူငယ်ချင်း ရဟန်းသာမဏေများထံ တရားတိတ်ခွေများ တစ်ကပ်, နှစ်ကပ် စသည်ဖြင့် အဝေးမှနေ၍ မှာယူကြသည်။ မိမိနှင့်တွေ့ဆုံကြသော အခါ၌လည်း ဒီတစ်ခါ ဥပုသ်-တပည့်တော်တာဝန်ကျသည်။ တပည့်တော်ဘုန်းကြီးကုဏ်ရဲ့ ဘယ်တရားကို ဟောမှာ၊ အရင့်အရင်တုန်းကလည်း ဘယ်တရားကို ဟောခဲ့ရတယ်၊ ဘုန်းကြီးကုဏ်တရားတွေက ချဲ့ချင်ရင်လည်း ရတယ်၊ ချုံ့ချင်ရင်လည်းရတယ်၊ ဒါ့ကြောင့် တပည့်တော်တို့အတွက် အဆင်ပြေတယ်စသည်ဖြင့် အားပါးတရ ပွင့်ပွင့်လင်းလင်း ပြောလာကြသည်။

http://www.dhammadownload.com



ဒီအကြောင်းအရာများကို ဆရာတော်အား လျှောက်ထားလာကြသော အခါ ဆရာတော်က "ကဲကဲ အများဆန္ဒကို ဖြည့်တဲ့အနေနဲ့ တရားတိတ်ခွေများ လည်း သင့်လျော်တဲ့ဈေးနှုန်းနဲ့ ဖြန့်ကြ၊ စာအုပ်အဖြစ်လည်း ထုတ်ဝေကြ" လို့ခွင့်ပြု တော်မူခဲ့သည်။ ထိုအခါ ဆရာတော်၏ ဟောနည်း ဟောဟန်, ပြောနည်း ပြောဟန် တရားပန္နက်မှစပြီး စကားချီ စကားလှည့် စကားစဉ် စကားဆက်, တရားချီး တရား လှည့်, တရားစဉ် တရားဆက်, လေယူလေသိမ်း, ပရိယာယ်အမျိုးမျိုးဟန်အမျိုးမျိုး တို့ဖြင့် တန်ဆာဆင် နာယူချင်ဖွယ် ဟောပြောအပ်သော ဟောနည်း ဟောဟန် ပြောနည်း ပြောဟန်ကို နည်းယူလိုသူ၊ ရပ်နီးရပ်ဝေးမှ ဓမ္မကထိကလျောင်းလျာ တပည့်ရဟန်းတော်များအတွက်ပါ စာအုပ်ဖတ်ရင်းဖြင့် နည်းနာနိဿယကိုလည်း အရယူနိုင်၊ ဒကာ-ဒကာမတွေလည်းပဲ ဆရာတော် ဟောပြောနေစဉ် ထိုင်နာ ယူနေရသကဲ့သို့ ကြည်ညိုသဒ္ဓါ ပွားများနိုင်ကြပါစေဆိုတဲ့- စေတနာဆန္ဒများအရင်း ခံပြီး ဟောစဉ်တရားတိတ်ခွေမှ အတတ်နိုင်ဆုံး တူညီမှုရလေအောင် မိမိတို့ တပည့်များသည် စုပေါင်းအားဖြင့် ဝိုင်းဝန်းပြီး ကြိုးစားကြရလေသည်။

ကြိုးစားခြင်း၏ အသီးအပွင့်များအဖြစ် တရားတိတ်ခွေများ၊ စာအုပ်များကို ရဟန်း ရှင် လူ ပရိသတ်၏ထံမှောက် အရောက်ပို့နိုင်ခဲ့လေပြီ၊ ထို့ကြောင့် ရဟန်း ရှင် လူ ပရိသတ်၏ တရားတော်ကို နာယူ ဖတ်ကြား နည်းယူလို သော သမ္မာဆန္ဒ ပြည့်ဝလိမ့်မည်ဟု ယုံကြည်မိပါသည်။ သမ္မာဆန္ဒ ပြည့်ဝကြပါ စေလို့လည်း ဆန္ဒပြုလိုက်ရပါသတည်း။

အရှင် ဝိဇယ **B.A (M.A (Q), H G**
ပရိယတ္တိသာသနာလင်္ကာရသာမဏေကျော်
သာသနဓဇဓမ္မာစရိယ
မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့။
၁၃၆၅-ခုနှစ်၊ နတ္တော်လပြည့်ကျော် (၂) ရက်

http://www.dhammadownload.com



# ရည်ရွယ်ချက်

မန္တလေးတိုင်း၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် (မဟာနာယက) နာယကချုပ်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ အရှင်မြတ်သည် ရဟန်းငယ် ဘဝမှစ၍ အမြို့မြို့ အနယ်နယ်၊ အသွယ်သွယ်သော အရပ်ဒေသ အသီးသီး၌ ဟောကြားတော်မူခဲ့သော တရားများစွာတို့ကို တိတ်ရီကော်ဒါများမှလည်းကောင်း၊ ကက်ဆက်တိတ်ခွေများမှလည်းကောင်း၊ လက်လှမ်းမှီရာ ဒေသအသီးသီးမှ စုဆောင်းသိမ်းဆည်းခဲ့ပါသည်။

ထိုကဲ့သို့ စုဆောင်းသိမ်းဆည်းခြင်းသည် ဆရာတော်၏ ဟောစဉ်တရားများသည် မဟာဂန္ဓာရုံကျောင်းတိုက် သမိုင်းတခေတ်၏ သာသနာ့ မှတ်တိုင်တစ်ခု သဖွယ် ခန့်ထည် ဖြစ်တည် ကျန်ရစ်စေပြီး၊ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအများ အသိပညာသဒ္ဓါစာရား တိုးပွားရရှိစေရန် ရည်ရွယ်၍ တရားတိတ်ခွေများကို စုဆောင်း သိမ်းဆည်းခဲ့ပါသည်။ ထို့အပြင် တရားတော်များကို ကက်ဆက်တိတ်ခွေမှတစ်ဆင့် စီဒီ၊ တိတ်အဖြစ်သို့လည်းကောင်း၊ ဟောစဉ်တရားပေါင်းချုပ်အဖြစ်သို့လည်းကောင်း၊ ဖြစ်မြောက်စေရန် ရှေးဦးကပင် ရည်ရွယ်ချက်ရှိခဲ့ပါသည်။ ဖော်ပြပါ ရည်ရွယ်ချက်များမှ တစ်ခုဖြစ်သော ဤ **"ဆရာတော်၏ ဟောစဉ် တရားပေါင်းချုပ်"** စာအုပ်ကို စုစည်းပူဇော်၍ မှတ်တမ်းတင်အပ်ပါသည်။

# ဝန်ခံချက်

ဤ **"ဟောစဉ်တရားပေါင်းချုပ်"** စာအုပ်တွင် ဆရာတော် စနစ်တကျ ဟောတော်မူသည့်အတိုင်း ပါဠိတော်၊ အဋ္ဌကထာ၊ နိသျ၊ မြန်မာပြန်၊ လင်္ကာ ဆောင်ပုဒ်များ၊ အဖြတ်အတောက်နှင့် ကျမ်းအညွှန်းများကို အတတ်နိုင်ဆုံး ကြိုးစား၍ မှန်ကန်အောင် ကက်စက်တိတ်ခွေမှ ရေးကူးထားပါသည်။ သို့ပါ၍ ဤစာအုပ်၌ တစ်စုံတစ်ရာ အမှားများပါရှိပါက မှတ်တမ်းပြု တင်ပြသူ၏ မေ့လျော့မှု ချွတ်ယွင်းမှုသာ ဖြစ်ပါကြောင်း ဝန်ခံအပ်ပါသည်။

http://www.dhammadownload.com



# ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကက်ဆက်တိတ်ခွေမှတစ်ဆင့် အားသွန် ခွန်စိုက်, ကြိုးကြိုးစားစား ရေးကူးပေးကြသော ရွှေမင်းဟန် စာချကျောင်းမှ-

(၁) ဦးနန္ဒဝံသ (မြေနီရှိ )

(၂) ရှင်ဇောတိက (အောင်သာ)

(၃) ရှင်ဝိသုဒ္ဓ (ရသစ်)

(၄) ရှင်စန္ဒာဝရ (လက်ပန်ကုန်း)

(၅) ရှင်ဣန္ဒာစရိယ (ကန်သာ)

(၆) ရှင်ကေသရ (ဒီပဲယင်းမြို့) တို့အားလည်းကောင်း၊ ကျမ်းစာများ ကူညီရှာပေးကြသော ပုဂ္ဂိုလ်များ၊ အဘက်ဘက်မှ အကြံဉာဏ်ပေးကြသော ပုဂ္ဂိုလ်များ၊ ကွန်ပျူတာစာစီပေးသော ပုဂ္ဂိုလ်များအားလည်းကောင်း အထူးကျေးဇူးတင်မှတ်တမ်းပြုအပ်ပါသည်။

အရှင်စန္ဒိမာ
(သာသနဓဇဓမ္မာစရိယ-ဂဏဝါစက)
ရွှေမင်းဟန်စာချကျောင်း
မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့)။

http://www.dhammadownload.com



## ကျမ်းညွှန်းသင်္ကေတ

| သင်္ကေတ | ပါဠိတော်/အဋ္ဌကထာ |
|---|---|
| ဝိ-၃၊ | မဟာဝဂ္ဂပါဠိ (ဝိနယပိဋက) |
| ဒီ-၂၊ | မဟာဝဂ္ဂပါဠိ (ဒီဃနိကာယ) |
| မ-၂၊ | မဇ္ဈိမပဏ္ဏာသပါဠိတော် |
| သံ-၁၊ | သဂါထာဝဂ္ဂ-နိဒါနဝဂ္ဂသံယုတ္တပါဠိ |
| သံ-၂၊ | ခန္ဓဝဂ္ဂသံယုတ္တပါဠိ |
| သံ-၃၊ | မဟာဝဂ္ဂသံယုတ္တပါဠိ |
| အံ-၁၊ | အင်္ဂုတ္တရပါဠိ-၁ (ဧကက-စတုက္က) |
| အံ-၂၊ | အင်္ဂုတ္တရပါဠိ-၂ (ပဥ္စက-သတ္တက) |
| အံ-၃၊ | အင်္ဂုတ္တရပါဠိ-၃ (အဋ္ဌက-ဧကာဒသက) |
| အံ-ဋ္ဌ-၂၊ | အင်္ဂုတ္တရ-အဋ္ဌကထာ-၂ |
| အဘိ-ဋ္ဌ-၁၊ | အဋ္ဌသာလိနီ-အဋ္ဌကထာ |
| အဘိ-ဋ္ဌ-၂၊ | သမ္မောဟဝိနောဒနီ-အဋ္ဌကထာ |
| ဓမ္မ-ဋ္ဌ-၂၊ | ဓမ္မပဒ-အဋ္ဌကထာ-၂ |
| ဣတိဝုတ်- | ဣတိဝုတ္တကပါဠိ |
| ထေရ-ဋ္ဌ-၁၊ | ထေရဂါထာ-အဋ္ဌကထာ-၁ |
| ထေရ-ဋ္ဌ-၂၊ | ထေရဂါထာ-အဋ္ဌကထာ-၂ |
| ထေရီ-ဋ္ဌ၊ | ထေရီဂါထာ-အဋ္ဌကထာ |
| အပ-၁၊ | အပဒါနပါဠိ-၁ |
| အပ-၂၊ | အပဒါနပါဠိ-၂ |
| ဗုဒ္ဓဝံ- | ဗုဒ္ဓဝံသပါဠိ (အပဒါနပါဠိ-၂) |
| ဗုဒ္ဓဝံ-ဋ္ဌ- | ဗုဒ္ဓဝံသ-အဋ္ဌကထာ |
| အပ-ဋ္ဌ-၁၊ | အပဒါန-အဋ္ဌကထာ-၁ |
| အပ-ဋ္ဌ-၂၊ | အပဒါန-အဋ္ဌကထာ-၂ |
| မဟာနိ- | မဟာနိဒ္ဒေသပါဠိ |
| မဟာနိ-ဋ္ဌ- | မဟာနိဒ္ဒေသ-အဋ္ဌကထာ |
| ဇာ-ဋ္ဌ-၁၊ | ဇာတက-အဋ္ဌကထာ-၁ |
| ဇာ-ဋ္ဌ-၂၊ | ဇာတက-အဋ္ဌကထာ-၂ |
| ဇာ-ဋ္ဌ-၃၊ | ဇာတက-အဋ္ဌကထာ-၃ |
| ဇာ-ဋ္ဌ-၄၊ | ဇာတက-အဋ္ဌကထာ-၄ |
| ဝိသုဒ္ဓိ-၁၊ | ဝိသုဒ္ဓိမဂ္ဂ-၁ |

http://www.dhammadownload.com



## မန္တလေးတိုင်း၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် နာယကချုပ်၊ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဇနကာဘိဝံသ အတ္ထုပ္ပတ္တိအကျဉ်း

■ ■ ■ ■

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် နာယကချုပ်ဆရာတော် အရှင်မြတ်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ, မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဇနကာဘိဝံသသည် မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ဆီသည်ရွာ၌ မြေရှင်လယ်ရှင်များဖြစ်ကြသော ခမည်းတော် ဦးဖေဘ+မယ်တော် ဒေါ်မယ်မတို့မှ ၁၂၉၂-ခုနှစ်၊ ပြာသိုလ်လဆန်း (၁၄)ရက်၊ ၁၉၃၀-ခု၊ ဇန်နဝါရီလ (၉)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သည်။ ဆရာတော်ကြီးသည် မွေးချင်း (၇)ဦးတို့အနက် ပဉ္စမမြောက် သားရတနာဖြစ်၏။ မွေးချင်းတို့မှာ ဒေါ်လှမြိုင်, ဒေါ်တင်ဆိုင်, ဦးသိန်းမောင်, ဒေါ်မြသင်း, ဦးညွန့်တင်နှင့် ဒေါ်နှင်းမြိုင်တို့ဖြစ်၏။

ဆရာတော်၏ ငယ်နာမည်မှာ "မောင်ခင်မောင်"ဖြစ်သည်။ သို့သော် အဖွားဖြစ်သူက သူ့မြေး၏ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျရှိမှုကို အကြောင်းပြုကာ မောင်ခင်မောင်သည် ကြည်လင်သော ရုပ်လက္ခဏာရှိ၍ 'မောင်ခင်မောင်ကြည်'ဟု (ကြည်) တစ်လုံးတိုး၍ခေါ်ရာမှ မောင်ခင်မောင်ကြည်ဟု အမည်တွင်ခဲ့၏။ ဆရာတော်လောင်းလျာသည် အသက် (၅)နှစ်သားအရွယ်၌ ဆီသည်ရွာ သီရိမင်္ဂလာကျောင်းတွင်ပင် ဦးရီးတော် ဘုန်းတော်ကြီး အရှင်အာစိဏ္ဏထံတွင် သင်ပုန်းကြီးမှအစ၊ အခြေခံပညာကို စတင်သင်ကြားသည်။ ဆရာတော်လောင်းလျာသည် ငယ်စဉ်က ရုပ်ရည်ကြည်လင်မှုရှိသည်သာမက ဉာဏ်ပညာအရာတွင် သင်ကြားမှတ်ယူလွယ်သော ပါရမီပြည့်ဝသူ တစ်ယောက်ဖြစ်သောကြောင့် ဦးရီးတော်သူ ဆရာတော်က "ဤကလေးနှင့် ပတ်သက်သော မောင်ဖေဘ+မမယ်မတို့သည် အမွေးတော်လေစွ"ဟု ချီးကျူးပြောဆိုခဲ့၏။ ဆရာတော်လောင်းလျာသည် သင်ကြားတတ်မြောက်လွယ်သည်သာမက ထိုးထွင်းဉာဏ်ရှိသော ကလေးတစ်ဦးလည်း ဖြစ်သည်။ ဆရာတော်လောင်းလျာသည် ဦးရီးတော်ဘုန်းတော်ကြီးထံတွင် ဂဏန်းသင်္ချာ၊ မြန်မာစာနှင့် မြန်မာမှုပညာရပ် အစုံအစုံ သင်ကြားခဲ့၏။

http://www.dhammadownload.com



## ရှင်သာမဏေ

ဆရာတော်လောင်းလျာသည် အသက် (၇)နှစ်အရွယ်သို့ ရောက်သော အခါ မိဘနှစ်ပါးဖြစ်သော ဦးဖေဘ+ဒေါ်မယ်မတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ သီရိမင်္ဂလာကျောင်းတွင်ပင် ဦးရိုးတော် ဘုန်းတော်ကြီးကို ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေဘောင်သို့ ဝင်ရောက်ခဲ့သည်။

## ပိဋကတ်အခြေခံကို စတင်သင်ကြားခြင်း

ဆရာတော်လောင်းလျာသည် ဦးရိုးတော်သူ ဘုန်းတော်ကြီးထံတွင်ပင် (၂)နှစ်တိုင်တိုင် ပိဋကတ်အခြေခံဖြစ်သော သဒ္ဒါရှစ်စောင်နှင့် ပုဒ်စစ်ရှစ်ကျမ်း စသော ကျမ်းစာများကို အပတ်တကုတ် ကြိုးစား၍ သင်ကြားနာယူခဲ့သည်။ ၁၃၀၉-ခုနှစ်သို့ ရောက်သောအခါ ဦးရိုးတော်ဘုန်းကြီးက ဆရာတော်လောင်းလျာ သည် သင်ကြားသမျှကို နာယူနိုင်စွမ်းရှိသည်။ ထက်မြက်သော ပညာပါရမီလည်း ရှိသည်။ ပညာဉာဏ် တိုးတက်ပွင့်လင်းစေရန် ရေခံမြေခံကောင်းရာအရပ်သို့ ပို့၍ ပညာဆက်လက်ဆည်းပူးစေသော် ကောင်း၏-ဟု အမိန့်ရှိရာ ခမည်းတော် မယ်တော်တို့နှင့် တိုင်ပင်ခဲ့၏။ ခမည်းတော် မယ်တော်နှစ်ပါးတို့ကလည်း ဦးရိုးတော် ဘုန်းကြီး သင့်သလိုစီမံတော်မူပါဟု လျှောက်ထားလေလျှင် ဦးရိုးတော် ဘုန်းတော် ကြီးသည် ပွင့်ဖူးရင့်သန်လာမည့် ဤသာသနာတော်မျိုးစေ့ကို အဘယ်မည်သော ရေခံမြေခံသည် အကောင်းဆုံးဖြစ်မည်ကို သေချာစွာလေ့လာခဲ့၏။

အထပ်ထပ်သော နေရာ, အစုစုသော အခြေခံတို့ကို စိစစ်ပြီး ဦးရိုးတော် ဘုန်းတော်ကြီးက အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ကျမ်းပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသသူမြတ်သည် အရှေ့ အနောက် တောင် မြောက် အရပ်မျက်နှာတို့တွင် ပညာအရာ၌ ကျော်စော၏။ အကျင့်သီလနှင့် ပြည့်စုံ၏။ ဝိနည်းသိက္ခာတွင် စံနမူနာဖြစ်၏။ မဟာဂန္ဓာရုံအခြေခံတွင် မိမိ၏ တူတော်သူ ဆရာတော်လောင်းလျာအား ပျိုးထောင်ပါက ပျိုးထောင်သော သာမဏေနှင့် ပျိုးထောင်ရာဌာန နှစ်ဦးနှစ်ဝ အကျိုးထူးရှိစေနိုင်မည်ဟု ယူဆကာ ဆရာတော်လောင်းလျာအား မဟာဂန္ဓာရုံကျောင်းတိုက်သို့ ပို့ဆောင်၍ ပိဋကတ် အခြေခံများကို သင်ကြားလေ့လာစေပါ၏။ ဆရာတော်လောင်းလျာသည် ပိဋကတ် အခြေခံများနှင့်တကွ အထက်တန်းကျမ်းစာများကို ဆရာတော် အရှင်ဇနကာ ဘိဝံသထံတွင် ဆက်လက်လေ့လာခဲ့၏။ ပညာပါရမီရင့်သန်သူဖြစ်သည့်အား လျော်စွာ ဆရာတော်လောင်းလျာသည် ရှင်သာမဏေဘဝဖြင့် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးမှ ကြီးမှူးကျင်းပသော သာမဏေကျော်

http://www.dhammadownload.com



စာမေးပွဲကို အဆင့်သုံးဆင့်လုံး အောင်မြင်၍ "သာသနာလင်္ကာရ သာမဏေ ကျော်"ဘွဲ့ လျှာဒါန်းပူဇော် ဆက်ကပ်ခြင်းကို ခံယူရရှိခဲ့၏။ ရှင်သာမဏေဘဝဖြင့် ပင် နိုင်ငံတော်အစိုးရ၏ ပထမငယ်, ပထမလတ် စာမေးပွဲများကို အောင်မြင် တော်မူခဲ့၏။

## ရဟန်းအဖြစ်သို့ ရောက်ရှိခြင်း

ဆရာတော်လောင်းလျာသည် ရှင်သာမဏေဘဝဖြင့် ပိဋကတ်ကျမ်းစာ များကို လေ့လာရင်း ၁၃၁၄-ခု၊ တန်ခူးလဆန်း (၁၅)ရက်နေ့သို့ ရောက်သောအခါ မန္တလေးမြို့ ပွဲကုန်းရပ်နေ နန္ဒဝံသစ်စက်ပိုင်ရှင် ဦးဘတင်+ဒေါ်မိမိလေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ကျမ်းပြုဆရာတော် အရှင်ဇနကာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ကောဒသမမြောက် ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်၊ စစ်ကိုင်းတောင်ရိုး ချမ်းအေး ချောင်ဆရာတော်၊ စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတ ပဋ္ဌာန်းသီပွဲ ဆရာ တော်၊ ကျွန်းကုန်းမြို့ ကျွန်းကုန်းဆရာတော်၊ လပွတ္တာမြို့ လေးထပ် ဆရာ တော် စသော အကျော်အမော် အဓိကရ ဆရာတော်ကြီးများက ကမ္မဝါ ဆရာ တော်များအဖြစ် ချီးမြှောက်ပေးမှုဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိ ခဲ့သည်။

ဤကဲ့သို့သော ဆရာတော်ကြီးများက ကမ္မဝါစာဆရာအဖြစ် ချီးမြှောက် ၍ ရဟန်းဘဝသို့ ရောက်ရှိခဲ့ခြင်းသည်ပင်လျှင် ဆရာတော်၏ ထူးခြားမှုတစ်ရပ်ပင် ဖြစ်၏။ ထိုသို့သော အခွင့်အလမ်းသည် ရခဲသော အခွင့်အလမ်းဖြစ်၏။ ဆရာတော် ၏ ပါရမီကြောင့်သာလျှင် ထိုအခွင့်အရေးသည် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ မြင့်မြတ်သော ရဟန်းဘဝတွင် ဉူးပဋ္ဌင်း ဉူးကုဏ္ဍလသည် စာပေကျမ်းဂန်များကို ဆက်လက်ဆည်းပူး လေ့လာ၍ အကျင့်သိက္ခာတော်ကို သိပ်သည်းစွာ လိုက်နာရင်း ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်ကြားဆိုဆုံးမမှုများကို နာယူမှတ်သားကာ ပါရမီကို ပိုမိုရင့်သန်အောင် အားထုတ်ခဲ့၏။

ဆရာတော်သည် ထိုကဲ့သို့သော ပညာရပ်များကို သင်ကြားရင်း သိမ်ထပ် မင်္ဂလာများကို ပြုရာတွင် ဆီသည်ရွာမှ မယ်တော် ခမည်းတော်များကိုယ်တိုင်က ဒုတိယအကြိမ် သိက္ခာထပ်၏။ တစ်ဖန် အမရပူရမြို့ အိုးတော်ကုန်းရပ် လေယာဉ်ပျံပိုးထည်တိုက်ပိုင်ရှင် ဦးမောင်ကို+ဒေါ်အုန်းခင် မိသားစု၊ ရေဦးမြို့ ဒီပဲယင်းလမ်း ကုန်သည်နှင့် တွင်ခုံလုပ်ငန်းပိုင်ရှင် ဦးချစ်မောင်+ဒေါ်ငွေး မိသားစု၊ တောင်ငူမြို့နေ ဒေါ်ခင်ထွေးမြင့်၊ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း

http://www.dhammadownload.com



လပြည့်ဝန်း ကုမ္ပဏီပိုင်ရှင် ဦးစိုးဝင်း+ဒေါ်စန္ဒာမောင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ထပ်မံ၍ သိမ်ထပ်ရဟန်းခံတော်မူခဲ့၏။

## အထက်တန်းစာမေးပွဲများ အောင်မြင်ခြင်း

ဆရာတော်သည် ပါရမီရင့်သန်သော ဆရာတော်တစ်ပါးဖြစ်သည့်အားလျော်စွာ ပိဋကတ်အထက်တန်း စာမေးပွဲများကို ထိပ်တန်းမှ အောင်မြင်ခဲ့၏။ ဆရာတော်သည် (၁၃၁၅-ခု နယုန်လ) ရဟန်းတစ်ဝါရချိန်ဝယ် ပထမကြီးတန်းကို အောင်မြင်သည်။ ထိုနှစ် တပေါင်းလတွင် အစိုးရဓမ္မာစရိယတန်းကို ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးသုံးကျမ်းပါတွဲ၍ အောင်မြင်သဖြင့် ဆရာတော်သည် သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ထူးကို ဆက်ကပ်ခြင်း ခံတော်မူခဲ့၏။ ထို့နောက် ဆရာတော်သည် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၏ ရဟန်းတော်များစာမေးပွဲ၌ စာသင်တန်းနှင့် စာချတန်း နှစ်တန်းလုံး ပေါက်ရောက်အောင်မြင်၍ "အဘိဝံသ"ဘွဲ့တော်နှင့် ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့တော် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူတော်မူခဲ့ရ၏။

ဆရာတော်သည် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ အမျှော်အမြင်ကြီးစွာဖြင့် စီစဉ်ပေးချက်အရ အစိုးရဓမ္မာစရိယတန်း အောင်မြင်ပြီးသည့်အချိန်မှ စ၍ အင်္ဂလိပ်စာနည်းပြဆရာတစ်ယောက်ကို ငှားရမ်း၍ အင်္ဂလိပ်ဘာသာကို သင်ကြားစေခဲ့ရာ ဥပစာ-ဝိဇ္ဇာတန်းနှင့် ညီမျှသော အဆင့်ထိ သင်ကြားတတ်မြောက်ခဲ့၏။ ဆရာတော်သည် သက္ကတဘာသာကို မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသထံတွင် သင်ကြားခဲ့၏။ ဆရာတော်သည် တိုင်းရင်းမြန်မာဆေးပညာတို့ကိုလည်း လိုက်စား၍ တိုင်းရင်းဆေးစာပေများကို ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယ သုံးကျမ်းလုံး ဖြေဆိုအောင်မြင်ခဲ့၏။

## မဟာဂန္ဓာရုံဆရာတော်ကြီး၏ လက်ရုံးသဖွယ်ဆောင်ရွက်ခြင်း

မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသသည် မဟာဂန္ဓာရုံစာသင်တိုက်ကို ဖွင့်လှစ်တည်ထောင်ရာတွင် (၁) စာသင်တိုက်ကြီး အောင်မြင်စွာ ဘည်ထောင်ရေးကိစ္စ၊ (၂) မိမိသက်ရှိထင်ရှား ရှိစဉ်ကာလအတွင်း သင်ကြားမှုများကို နည်းစနစ်ပြည့်စုံစွာဖြင့် သင်ကြားရေးကိစ္စနှင့် (၃) ကျောင်းတိုက်ကြီး အဝွန့်ရှည်တည်တန့်ရေးအတွက် အမွေခံကောင်းများ တည်ဆောက်ရေးကိစ္စကြီး သုံးရပ်ကို အလေးအနက်ထား ဆောက်ရွက်ခဲ့၏။ ယင်းကိစ္စသုံးရပ်တွင်-ပထမကိစ္စနှင့် ဒုတိယကိစ္စတို့ကို မိမိအသက်ထင်ရှားရှိစဉ် ဖန်တီးဆောင်ရွက်ခဲ့သော်လည်း

http://www.dhammadownload.com

တတိယကိစ္စကိုကား အမွေခံမည့်သူများကို ပြုစု ပျိုးထောင်ရုံသာ ပြုစုခဲ့၍ လက်ခံနိုင်စွမ်းရှိ-မရှိကို မျက်ဝါးထင်ထင် မမြင်နိုင်ခဲ့ရှာပေ။ ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသသည် ဆရာတော်ရှိစဉ်ကပင် အခြားသော တပည့်သာဝကတို့နှင့်အတူ ကျောင်းတိုက်အတွင်း စီမံအုပ်ချုပ်မှု တာဝန်များကို ယူခဲ့ရ၏။

ဆရာတော်သည် ရဟန်းတစ်ဝါရစဉ်ကပင် စာချကိုယ်တော်အဖြစ် ခန့်ထားခြင်းခံရ၏။ စာချတာဝန်အဖြစ် စည်းကမ်းထိန်းသိမ်းရေးတာဝန်နှင့် ဆရာတော်ကြီး ကျမ်းစာအုပ်များကို ပြုစုရာတွင် ပြုစုလုပ်ငန်း၊ စာကူးလုပ်ငန်း၊ စာပြင်လုပ်ငန်း၊ ပုံနှိပ်လုပ်ငန်းများကို စာမူပြုစုသည်မှ စာအုပ်ထွက်သည်အထိ တာဝန်ယူခဲ့ရသည်။ ဆရာတော်အရှင်ကုဏ္ဍလာဘိဝံသသည် ဆရာတော်ကြီးရှိစဉ်ကပင် ဆရာတော်ကြီး မလိုက်နိုင်သော တရားဓမ္မဟောကြားသော တာဝန်များကိုလည်း ယူခဲ့ရ၍ ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသသည် ဆရာတော်ကြီး အသက်ထင်ရှားရှိစဉ်ကပင် နောက်ပိုင်းလုံအောင် ပြုစုထိန်းသိမ်းစောင့်ရှောက်သူ ဖြစ်ခဲ့ရ၏။ ထို့ကြောင့် မဟာဂန္ဓာရုံဆရာတော်ကြီး မရှိသည့်နောက်ပိုင်းတွင် ဆရာတော်အရှင်ကုဏ္ဍလာဘိဝံသသည် မဟာဂန္ဓာရုံဆရာတော်ကြီး၏ အားကိုးအားထားရသော အခြားသော နာယကဆရာတော်ကြီးများနှင့်အတူ မဟာဂန္ဓာရုံ၏ တာဝန်ကို ဆက်လက်ထမ်းဆောင်ကာ ကြီးလေးသော မဟာဂန္ဓာရုံကျောင်းတိုက်၏ နာယကချုပ်တာဝန်ကိုပါ တာဝန်ယူလာခဲ့ရခြင်းဖြစ်၏။

## ဆရာတော်၏ သာသနာရေးဆောင်ရွက်ချက်များ

ဆရာတော်အရှင်ကုဏ္ဍလာဘိဝံသသည် သာသနာနှစ် ၂၅၃၅-ခု၊ ကောဇာသက္ကရာဇ်-၁၃၅၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (၁၉၉၁-ခုနှစ်၊ နိုဝင်ဘာလ-၂၁-ရက်)ကြာသာပတေးနေ့တွင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းပူဇော်သော "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူသည်။

သာသနာတော်နှစ် ၂၅၃၉-ခု၊ ကောဇာသက္ကရာဇ် ၁၃၅၇-ခုနှစ်၊ ပြာသိုလ်ပြည့် (၁၉၉၆-ခု၊ ဇန်နဝါရီလ ၄-ရက်) ကြာသာပတေးနေ့တွင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းပူဇော်သော "မဟာဓမ္မတထိက ဗဟုဇနဟိတဓရ" ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူသည်။

ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် မဟာဂန္ဓာရုံကျောင်း၏ တာဝန်အပြင်၊ ရွှေကျင်နိကာယဂိုဏ်းကြီး၏ တာဝန်ပေးချက်အရ ရွှေကျင်ဂိုဏ်းဝင် သံဃာတစ်သောင်းကျော်တို့၏ ရေးရာကိစ္စများကို တာဝန်ယူ

http://www.dhammadownload.com

ရသော "ဂိုဏ်းလုံးဝန်ဆောင်"အပါး (၁၀၀)တွင် တစ်ပါးအပါအဝင် ဆောင်ရွက်ရသော ရွှေကျင်ဂိုဏ်းကြီး၏ ဝန်ဆောင်လုပ်ငန်းများကိုလည်း ထမ်းဆောင်ခဲ့သည်။ ၁၃၄၂-ခုနှစ်မှ စ၍ ပေါ်ပေါက်လာသော နိုင်ငံတော် သံဃအဖွဲ့အစည်းတွင် ဆရာတော်သည် ရွှေကျင်ဂိုဏ်း မန္တလေးတိုင်းဝန်ဆောင်တာဝန်ကိုလည်းကောင်း၊ မန္တလေးတိုင်း ရွှေကျင်သံဃနာယကအဖွဲ့ဝင်တာဝန်ကိုလည်းကောင်း (၁၀)နှစ်တိုင် ထမ်းဆောင်တော်မူခဲ့၏။

၁၃၄၉-ခုနှစ်၊ သီတင်းကျွတ်လ (၁၉၈၇-ခုနှစ်၊ အောက်တိုဘာလ)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် တစ်နိုင်ငံလုံးရှိ စာသင်တိုက်ကြီး (၁၃) တိုက်မှ ကိုယ်စားလှယ် သံဃာ (၁၃)ပါးကို ရွေးချယ်ကာ ပရိယတ္တိပညာရေး စီမံကိန်း ပြင်ဆင်ရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် ဆရာတော်သည် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့၏။ ယင်းအဖွဲ့သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်၌ စာသင်တိုက်များအတွက် ပရိယတ္တိပညာရေးစီမံကိန်းကို ပြင်ဆင်ရေးဆွဲခဲ့သည်။ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် ရွှေကျင်ဂိုဏ်းနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တို့၏ တာဝန်ပေးချက်အရ ၁၃၅၃-ခုနှစ်တွင် သံဃသမ္မုတိရ တာဝန်နှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်တာဝန်များကိုလည်း ထမ်းဆောင်ခဲ့၏။ ထို့ပြင် နိုင်ငံတော်အဆင့်ထိ တက်ရောက်လာသော သာသနာရေးဆိုင်ရာမှုခင်းများကို စိစစ်ရသော နိုင်ငံတော် ဝိနည်းဓိုရ်တာဝန်ကိုလည်း ထမ်းဆောင်တော်မူခဲ့သည်။

ယခုအခါ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် မဟာဂန္ဓာရုံ၏ ကြီးမားသောကျောင်းတိုက်တာဝန်၊ ရွှေကျင်ဂိုဏ်း၏ ဂိုဏ်းလုံးဝန်ဆောင်တာဝန်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှပေးအပ်သော တာဝန်များအပြင် တပည့် ဒကာ ဒကာမတို့အား တရားဓမ္မတိုက်ကျွေးသောတာဝန်တို့ကိုပါ ထမ်းဆောင်ရင်း ဘုရားသာသနာတော်ကြီးအတွက် အသက်ခန္ဓာကိုပေးအပ်ကာ သာသနာ့တာဝန်ကို ဘက်ပေါင်းစုံမှ ဉီးလည်မသုန် ဆောင်ရွက်နေသောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဆရာတော်ကြီးတစ်ပါးအဖြစ်ဖြင့် သာသနာတော်၏ တာဝန်များကို ထမ်းဆောင်နေတော်မူပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com





နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ကဆုန်လပြည့် ဗုဒ္ဓနေ့ တရားတော်

ကိုင်း.... ကုသိုလ်ရှင်နှစ်ဦးအတွက်, အနုမောဒနာတရား, ဟောရမှာ ဖြစ်တော့၊ ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၅၇-ခုနှစ် ကဆုန်လပြည့်ကျော် (၈)ရက်နေ့၊ ခရစ်သက္ကရာဇ် ၁၉၉၅-ခု မေလ (၂၁)ရက်၊ တနင်္ဂနွေနေ့မှာ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော်(၁၀၀၀)ကျော်တို့အား အရုဏ်ဆွမ်း, နေ့ဆွမ်း နှစ်ထပ်သောဘောဇဉ်ဆွမ်းတို့ဖြင့် (၃) ကြိမ်မြောက် အလှူတော်အဖြစ်ဖြင့် လာရောက်ပြီးတော့ အရုဏ်ဆွမ်း, နေ့ဆွမ်းများဖြင့် လောင်းလှူဆက်ကပ်တဲ့ ငွေကျပ်တစ်သိန်းနီးပါး အကုန်ကျခံပြီးတော့ လှူဒါန်း ဆက်ကပ်ကြတဲ့ ကောင်းမှုရှင်များက ကချင်ပြည်နယ် ဖားကန့်မြို့မှာ နေထိုင်တဲ့ ဆွမ်းဒကာ ကိုအောင်ဖေ တို့မိသားစု ဖြစ်ကြပါတယ်။

အဲဒီ ကချင်ပြည်နယ် ဖားကန့်မြို့က ဆွမ်းဒကာ ကိုအောင်ဖေ မိသားစု က မဂ်ဖိုလ်နိဗ္ဗာန် ရည်မှန်းပြီးတော့ သဒ္ဓါဆွမ်းအဖြစ်နဲ့ မိမိတတ်စွမ်းသမျှ မိမိတို့ ရှာလို့ဖွေလို့ရလာတဲ့ ချွေးနဲ့စာထဲက ခွဲ, ခွဲပြီးတော့ သံဃာတော်များကို အရုဏ်ဆွမ်း, နေ့ဆွမ်း၊ အရုဏ်ဆွမ်း, နေ့ဆွမ်းနဲ့ လောင်းလှူလာခဲ့တာ တစ်ကြိမ်, တစ်ကြိမ် ကပ်ရင် ငွေကျပ်တစ်သိန်း တစ်သိန်းကျော် အကုန်ကျခံပြီးတော့ ကပ်လှူလာခဲ့တာ ခု (၃)ကြိမ်မြောက် (၃)နှစ်မြောက် အလှူတော်တဲ့၊ (၃)ကြိမ်မြောက် (၃)နှစ်မြောက် အဖြစ်နဲ့ နံနက်လည်း မွန်မြတ်သော ဆွမ်း ဘောဇဉ်များဖြင့်ရင်း၊ နေ့လည်လည်း မွန်မြတ်သော ဆွမ်း, ဆွမ်းဟင်း ဘောဇဉ်များလောင်းလှူဆက်ကပ်သမှု ပြုကြပါ တယ်၊ မနက်လည်း (၁၂၀၀)ကျော်, နေ့လည်လည်း (၁၂၀၀)ကျော်ဆိုတော့ သံဃာ (၂၄၀၀)ကျော် (၂၅၀၀)ခန့် လောင်းလှူဆက်ကပ်သမှု ပြုကြခြင်း၊ ထို့မှတစ်ပါး ဖိတ်မန္တက ပြုထားတဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတွေကိုလည်းပဲ သဒ္ဓါ ဖြူဖွေး ကျွေးမွေး ညှော်ခံကြခြင်း...., လို့ ဒီကောင်းမှုကို ကိုအောင်ဖေ တို့ မိသားစု ကချင်ပြည်နယ် ဖားကန့်မြို့နယ်က လာရောက်ပြီးတော့ ပြုကြပါတယ်။

F.1

http://www.dhammadownload.com



နောက်ရေစက်ချပေးစရာ ကုသိုလ်ရှင်တစ်ဦးက ၁၃၅၇-ခု၊ ကဆုန်လဆန်း (၁၅)ရက်၊ ကဆုန်လပြည့်ဆိုတဲ့ ကဆုန်လပြည့်နေ့ မှာ၊ (၁၇)ကြိမ်မြောက် အလှူတော် အဖြစ်ဖြင့် ဒီကျောင်းတိုက်မှာ သံဃာတော်(၁၂၀၀) ကျော်တို့ကို အရုဏ်ဆွမ်း, နေ့ဆွမ်း၊ အရုဏ်ဆွမ်း, နေ့ဆွမ်း၊ ခဲဘွယ်အထူး၊ တစ်ခါတစ်ခါ ရေခဲမုန့်၊ တစ်ခါတစ်ခါ သစ်သီး ဆွမ်းစသည်ဖြင့် မိမိဝို့တတ်စွမ်းသမျှ လှူဒါန်းဆက်ကပ် ပြီးလာခဲ့တာ အခုအကြိမ်ဆိုရင် (၁၇)ကြိမ်မြောက် အလှူတော်၊ အဲဒီ (၁၇)ကြိမ်မြောက် အလှူတော်အဖြစ်နဲ့ ကပ်လှူကြတဲ့ ကုသိုလ်ရှင် များက၊ မန္တလေးမြို့၊ ဈေးချိုတော်, မြမြင့်မိုရ်လဘက်နဲ့ အကြော်စုံရောင်းဝယ်ရေး၊ နောက်ပွဲရုံများ တည်ထောင်ပြီးတော့လည်း မြမြင့်မိုရ်ပွဲရုံ ဆိုပြီတော့ မြမြင့်မိုရ် ပွဲရုံ လုပ်ငန်းပိုင်ရှင်များဖြစ်ကြသော, ဆွမ်းအမ, အလှူအမ ဒေါ်ရီရီ၊ ဆွမ်းအမ အလှူအမ ဒေါ်အမာနဲ့ တူ, တူမများ မိသားစုတို့ ဖြစ်ကြပါတယ်။

အဲဒီ မန္တလေးမြို့, မြမြင့်မိုရ် လဘက်အကြော်စုံ ပွဲရုံပိုင်ရှင် မိသားစု ဖြစ်ကြ တဲ့ ဒေါ်ရီရီ၊ ဒေါ်အမာ၊ တူ, တူမ မိခင်ဖခင်ကျေးဇူးရှင်များကို အထူးတလည် ရည်စူးမှန်းထားပြီးတော့၊ နှစ်စဉ် နှစ်စဉ် ဒီဂန္ဓာရုံကျောင်းတိုက်မှာ ကဆုန်လပြည့်နေ့တိုင်း၊ ကဆုန်လပြည့်နေ့တိုင်း ဧမ်းဘောဇဉ်များ ဆက်ကပ်လှူဒါန်း ပူဇော်သမှုပြုလာခဲ့ကြ ပါတယ်။ အခုဒီနှစ် ငွေကျပ်တစ်သိန်းခွဲကိုလည်း ငွေပဒေသာပင်စိုက်ထူပြီးတော့ လှူဒါန်းကြပါတယ်။ ငွေကျပ်တစ်သိန်းခွဲ ငွေပဒေသာပင်စိုက်လှူလိုက်တော့ ရာသက်ပန်ဆွမ်း သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါး အလှူတော်ဖြစ်သွားပါတယ်၊ အဲဒီလိုအားဖြင့် ငွေကျပ် တစ်သိန်းခွဲ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း၊ ဖိတ်မန္တကပြုထားတဲ့ ပရိသတ်များအား ကျွေးမွေးဧည့်ခံခြင်း, စသည်ဖြင့် ဒီကောင်းမှုများကို (၁၇)ကြိမ်မြောက် အလှူတော် အဖြစ်ဖြင့် မြမြင့်မိုရ်မိသားစုများက ပြုလုပ်ကြပါတယ်။

ကဲ-ဒီတော့ ကုသိုလ်ရှင်နှစ်ဦးလုံးဟာ တစ်ယောက်က ကဆုန်လပြည့်နေ့၊ တစ်ယောက်က ကဆုန်လပြည့်ကျော် (၈)ရက်ဆိုတော့ ပြုလုပ်အားထုတ်တဲ့ ကုသိုလ် ကောင်းမှုရက်က, လက, ကဆုန်လထဲမှာချည်းပဲဖြစ်တော့ ဒီကဆုန်လဟာ စေတနာ အား, သဒ္ဓါအားတွေ ပွားဖို့ရာ ပြောရရင် ဒီကဆုန်လဟာ (၁၂)လထဲမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဖြစ်တော်စဉ်ကြီး ငါးပါးနဲ့ ဆုံဆည်းတဲ့လ ကြုံကြိုက်တဲ့လ ထူးခြားတဲ့လ၊ လ(၁၂)လရှိတဲ့ အနက်က မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကလည်း မြင့်မြတ် တဲ့လ ဟောဒီလကဆုန်လ

http://www.dhammadownload.com



ဒီပြင်လတွေက ဒီလောက်များများ ဘုရားဖြစ်တော်စဉ်နဲ့ မတိုက်ဆိုင်ဘူး ဒီကဆုန်လက ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အလောင်းတော် ဘဝရော ပါရမီဖြည့်တော်မူရာစဉ်ကရော ဘုရားဖြစ်တဲ့အချိန်မှာရော ဖြစ်တော်စဉ်ကြီး ငါးပါးဆုံဆည်း ကြုံကြိုက်တဲ့လမို့လို့ ထူးခြားတဲ့ကဆုန်လဆိုပြီးတော့ သတ်မှတ်ထားကြတယ်။ ဖြစ်တော်စဉ်ကြီး ငါးပါးက ဘာတုန်းလို့ဆိုတော့-

* ဗျာဒိတ်တော်ခံ, ဖွားပွင့်စံ, ဟောညွှန်ဗုဒ္ဓဝံသ၊

ဖြစ်တော်စဉ်ငါး, ကြုံကြိုက်သား, ထူးခြားကဆုန်လ။-တဲ့

ဖြစ်တော်စဉ်ငါးကြုံကြိုက်သား၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်တော်စဉ်ကြီးငါးပါးနဲ့ ကြုံကြိုက်တဲ့လတဲ့ ထူးခြားတဲ့ကဆုန်လ၊ သူဟာအများဆုံး ကြုံကြိုက်တဲ့လပဲ ဒါကြောင့်မို့ အမြတ်ဆုံးလ၊ ဒီတော့အဲဒါလေး သိရအောင် ကိုင်း.. အားလုံးသံဃာတော်တွေရော ပရိသတ်တွေရော လိုက်ဆိုလိုက် စမ်းပါ-

* ဗျာဒိတ်တော်ခံ, ဖွားပွင့်စံ, ဟောညွှန်ဗုဒ္ဓဝံသ

ဖြစ်တော်စဉ်ငါး, ကြုံကြိုက်သား, ထူးခြားကဆုန်လ။

အဲဖြစ်တော်စဉ်ကြီးငါးပါးနဲ့ကြုံကြိုက်တဲ့ထူးခြားတဲ့ ကဆုန်လ... ဒို့ကုသိုလ်ကောင်းမှုပြု ရပေတယ်... လို့ ကုသိုလ်ရှင်ဟွေက ဒီလိုအာရုံပြု၊ ကောင်းမှုကုသိုလ်ပြုတယ်ဆိုတာ စေတနာအားကောင်းလေ အကျိုး ကြီးလေပဲ၊ အဲဒီတော့ စေတနာ အားကောင်းဖို့ရာ အတွက်က (၁) အလှူခံပုဂ္ဂိုလ်ရဲ့ မြင့်မြတ်မှု, ကြီးကျယ်မှု, ခမ်းနားမှု, (၂) မိမိအလှူဝတ္ထုပစ္စည်းရဲ့ ကြီးကျယ်မှု, သပ်ရပ်မှု, သန့်ရှင်းမှု, မြင့်မြတ်မှု, (၃) ပတ်ဝန်းကျင် အခြေအနေကတင့်တယ်မှု, ကြီးကျယ်မှု, ခမ်းနားမှု, အဲဒါတွေ အကြောင်းပြုပြီးတော့ စေတနာအားပွားတာ၊ လှူတယ်ဆိုတာကတော့ အလှူဝတ္ထုပစ္စည်းကို အလှူခံလက်ထဲထည့်လိုက်ရင် ဒါလှူတာပဲ၊ လှူတဲ့ကုသိုလ် ဖြစ်တာပဲ၊ သို့သော် ရိုးရိုးလေးဖြစ်တာနဲ့ ဆန်းဆန်းကျယ်ကျယ်ဖြစ်တာ, ဒီလိုမတူသေးဘူး စေတနာတွေကလည်း ဆန်းဆန်းကျယ်ကျယ် အလှူခံကလည်း ဆန်းဆန်း ကျယ်ကျယ် အလှူဝတ္ထုကလည်း ဆန်းဆန်းကျယ်ကျယ် ပြုထားပြီဆိုရင် စေတနာအားတွေက ပိုပြီးတော့ တစ်ခါတည်း သိုက်မြိုက်, မြိုင်ဆိုင်လာတယ်။

ဒီထဲခုနကပြောသလို ပတ်ဝန်းကျင်အခြေအနေဆိုတဲ့ အချိန်အခါတို့ လရက်တို့, အနေအထားတို့က ကြီးကျယ်ခမ်းနား, ခမ်းနားသလို, ကြုံကြိုက်လာလို့ရှိရင် စေတနာတွေက ပိုပွားတယ်၊ အဲ-စေတနာအားတွေပွားလေ,

http://www.dhammadownload.com


ကုသိုလ်အကျိုးပေးက ကြီးလေပဲ၊ စေတနာတွေက မျိုးစေ့တွေနဲ့တူတာ။ မျိုးစေ့တွေ များများကြဲလေ အပင်တွေများများပေါက်လေပေါ့ များများထွက်လေပေါ့ အပွင့်များများပွင့်လေပေါ့၊ အရွက်တွေ များများထွက်လေပေါ့၊ ဒါကြောင့် ဒီနေ့ အလှူဒကာ အလှူအမ မိသားစုတွေက ဒို့ကုသိုလ်ကောင်းမှု ပြုတဲ့လဟာ တကယ့်ဘုရား ရှင်ကိုယ်တော်မြတ်ကြီး ဖြစ်တော်စဉ်ကြီးငါးပါးနဲ့ ဆုံဆည်းတဲ့လပါလား. . . လို့ သိလိုက်တော့ စေတနာအားတွေ, သဒ္ဓါအား တွေက, ခါတိုင်းထက်ပိုပြီးတော့ ကွန်မြူးလူးလွန့် ပြီတော့၊ ကြွားရွားပြီးတော့, ဝင့်ဝါပြီးတော့တက်သွားတယ်၊ အဲဒါအမြတ်ပဲ၊ အဲဒါအမြတ်ပဲ စေတနာအား တွေပိုပွားသွားတယ်။

ကဲ. . . ဒီတော့ ဖြစ်တော်စဉ်ကြီးငါးပါးနဲ့ ကြုံကြိုက်တယ်ဆိုတော့၊ ဘာတွေတုန်း ဖြစ်တော်စဉ်ဆိုတော့ "ဗျာဒိတ်တော်ခံတဲ့" ဟောနံပါတ်(၁) ဒို့ဘုရားကိုယ်တော်မြတ်ကြီး လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းရဲ့ ဟိုဘက်တုန်းက, သုမေဓာရသေ့လေးဖြစ်ပြီးတော့ ဒီပင်္ကရာမြတ်စွာဘုရားရဲ့ထံတော်မှာ နိယတ ဗျာဒိတ်ရတော်မူခဲ့တယ်၊ နိယတဗျာဒိတ် ဆိုတာ ဘုရားဖြစ်လိမ့်မယ်လို့ ဒီပင်္ကရာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ပေးလိုက်တဲ့ နုတ်ထွက်ဗျာဒိတ် စကား၊ နိယတဗျာဒိတ် ဆိုတာ မလွဲတော့ဘူး။ သေချာပေါက်ဖြစ်သွား ပြီ ဘာနဲ့တူတုန်းဆိုရင် ဒို့အခုကာလ ခရီးသွားခါနီး ရထားလက်မှတ်တို့ ကားလက်မှတ် တို့ လေယာဉ်လက်မှတ်တို့ သွားယူတော့၊ လက်ထဲလက်မှတ်မရ မခြင်းကတော့ မသေချာသေးဘူး။ စီးရမှာ မသေချာသေးဘူး၊ အဲ-လက်ထဲ လက်မှတ်ရပြီဆိုရင်တော့ စီးရတော့မှာ သေချာပြီ၊ ဒီနေ့စီးရမှာ မဟုတ်သေး ပေမယ့်လို့ နောက် နှစ်ရက်သုံးရက်လေးရက်ငါးရက်နေမှ စီးရမှာ ဖြစ်ပေ မယ့်လို့ စီးရမှာတော့သေချာသွားပြီ ဒီလေယာဉ်ပျံစီးရမှာသေချာပြီ၊ ဒီရထားစီး ရမှာသေချာပြီ ဒီကားစီးရမှာသေချာပြီ ဒီသင်္ဘောစီးရမှာ သေချာပြီပေါ့၊ အဲဒီလို လက်မှတ် သေချာပေါက်ရတာ။

အဲသလိုပဲ ဘုရားကိုယ်တော်မြတ်ကြီး သုမေဓာရသေ့ ဘဝတုန်းက နိယတဗျာဒိတ်ရတာ ဒီပင်္ကရာဘုရားရှင်ရဲ့ထံတော်ဆီက နိယတဗျာဒိတ်ရ တဲ့နေ့ဟာ ဟောဒီကဆုန်လပဲ ဒီကဆုန်လပြည့်နေ့ပဲတဲ့၊ အားလုံးသိပြီးသား ဖြစ်ကြတဲ့အတိုင်းပေါ့ သုမေဓာရသေ့လေးဘဝနဲ့ ဒီပင်္ကရာမြတ်စွာဘုရားနဲ့ ရဟန္တာ နေ့တင်ပါတ လေးသိန်း နည်းတာမဟုတ်ဘူးကြွလာတာ၊ အဲဒါသူတို့ လမ်းခင်းပြီးတော့ သန့်ရှင်းရေးလုပ်နေကြတာ လမ်းလေးက မပြီးတတ်သေး

http://www.dhammadownload.com



ဘူး။ ရွံ့ဗွက်ကလေးက အဲဒီလမ်းပေါ်တည့်တည့်မှာ တိမ်းလို့လည်းမရဘူး။ ဘေးမှာလည်း ချုံတွေနဲ့ ဒီလမ်းပေါ်မှာမှ ရွံ့ဗွက်ကလေးက၊ ရွံ့ မြောင်းကလေး က ရေမြောင်းက တစ်လံလောက်ကလေး ဖို့လို့မပြီးခင် ဘုရားနဲ့သံဃာ တော်တွေရောက်လာတယ်၊ အဲဒီရသေ့သုမေဓာအရှင်မြတ်ကလေးက အဲ. . ရွံ့က လည်း ဖို့လို့မပြီးသေးဘူး။ ဗွက်ကလည်းဖို့လို့ မပြီးသေးဘူး၊ မြတ်စွာဘုရား နဲ့ သံဃာတော်တွေလည်း ကြွလာပြီ. . . မြတ်စွာဘုရားနဲ့သံဃာတော်တွေ တော့ ဒီဗွက်ထဲ ဖြတ်ရတော့မှာပဲ၊ ဖြတ်ရင်တော့ ခြေထောက်တွေ ဗွက်တွေပေ, ရွံ့တွေပေ သင်္ကန်းတော်တွေဗွက်တွေပေ ရွံ့တွေပေနဲ့၊ ပြီးတော့ သွားရတာလဲ ဆင်းဆင်းရဲရဲ ဖြစ်ကုန်တော့မှာပဲ. . . ဆိုပြီးတော့, ကိုင်း. . . ဘာမှပြောမနေနဲ့ ငါ့ခန္ဓာကိုယ်ကို တံတားခင်းပြီးတော့ လှူလိုက်မယ်ဆိုပြီး တော့၊ ရွံ့ညွန်ဗွက်ရဲ့ ဟိုဘက်နဲ့ ဒီဘက်ကို ခန္ဓာကိုယ် အလျားမှောက်ပြီး တော့. . .

"ကိုယ်ကိုဝပ်စင်း, တံတားခင်း၍, ရှင်ရင်းမြတ်စွာ, ဒီပင်္ကရာက, ကမ္ဘာဘဒ္ဒ, နောင်ကာလ၌, ဗုဒ္ဓတစ်ဆူ, ဖြစ်လိမ့်ဟူ၍, ခွန်းကျူချီမြ, နှုတ်တော် ဟသည့်, နိယတခေါ် ဘွဲ့ဗျာဒိတ် အောင်ပန်းတော်ကို၊ ပိလာနိ -ယသော် လောင်းလျာ, သုမိတ္တာနှင့်မကွာအတူ, ပတ္ထနာမူလျက်"

ကိုယ်ကိုတခါတည်း သူကတံတားခင်းပြီးတော့ ဘုရားနဲ့ သံဃာ တော်တွေတော့ ရွံ့ညွှန်ထဲမဆင်းစေရဘူး ၊ ရွံ့ညွှန်တွေ ဘုရားနဲ့ သံဃာမပေ စေရဘူးဟဆိုပြီးတော့၊ ကိုယ်ကိုဝပ်စင်း တံတားခင်း လှူလိုက်တာ၊ တံတား ခင်းလှူတော့ အသက်ကို စွန့်လှူထားရတာ၊ ဘာပြုလို့တုန်းဆိုတော့၊ မြတ်စွာဘုရားနဲ့ ရဟန္တာလေးသိန်းဆိုတော့ နည်းတဲ့ အရေအတွက် မဟုတ်ဘူး၊ ဒါတွေ ဖြတ်နင်းရင်းနဲ့ ကိုယ်ရွံ့ညွှန်ထဲ၊ ဖွက်ထဲ၊ ကျကျအိအိ သွားပြီးတော့ သေချင်သေနိုင်တယ်၊ မသေတောင်မှ ကြေနေရစ်မှာ၊ လေးသိန်းနင်းသွားမှာ၊ နည်းတာမဟုတ်ဘူး ၊ အဲဒါ သိတယ်၊ ဘုရားအလောင်းက သိပေမယ့်လို့ သေချင်သေပစေ. . . ဟော သူ့ရဲ့ ကြံ့ဝါးချက်က၊သူ့ရဲ့ ရည်စူးချက်က. . .

* အတ္တမိတ္တာန မံ ဗုဒ္ဓေါ, သဟ သိဿေဟိ ဂစ္ဆတု၊

မာ နံ ကလလေ အက္ကမိတ္ထ, ဟိတာယ မေ ဘဝိဿတိ။

အဲဒီ ကိုယ်ကိုဝပ်စင်း တံတားခင်းနေတဲ့ အချိန် ဘုရားအလောင်း တော်ရဲ့ နှလုံးသွင်းက "အတ္တမိတ္တာန မံ ဗုဒ္ဓေါ, သဟ သိဿေဟိ ဂစ္ဆတု" တဲ့. . . ဗုဒ္ဓေါ- ဒီပင်္ကရာ, ထွင့်ချာသနင်း, ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊

* ဗုဒ္ဓဝံ-၃၁၀၊ ၄-၁၁၂။

http://www.dhammadownload.com



သဟ သိသေဟိ-နောက်ပါရဟန္တာ လေးသိန်း, တပည့်အခြံအရံနှင့်တကွ၊ မံ-ငါ့ကို၊ အတ္တမိတ္တာန-တံတားအသွင်, ပမာမြင်လျှင်း, ဖြတ်ကျော်နင်း၍၊ ဂစ္ဆတု-ကြွတော် မူပါစေသတည်း ။ နံ-ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့် ရဟန္တာ လေးသိန်း အပေါင်းကို၊ ကလလေ-ရွံ့ညွှန်ရေဗွက်၌၊ မာအက္ကမိတ္ထ- မနင်းပါစေနှင့်။

မြတ်စွာဘုရားနဲ့ သံဃာတော်လေးသိန်း ရွံ့ညွှန်ဗွက်ထဲ မဆင်းရပါစေနဲ့၊ ဒါက မေတ္တာ၊ ရွံ့တွေမပေပါစေနဲ့၊ ဗွက်တွေ မပေပါစေနဲ့၊ ဒါမေတ္တာ၊ အဲဒီလို စိတ်ထားပြီးတော့ သေချင်သေပါစေ၊ သေလည်း ငါမြတ်တယ်၊ ဟော. . . "ဟိတာယ မေ ဘဝိဿတိ"တဲ့ -ဣဒံ-ဤကဲ့သို့ ကိုယ်ကိုဝပ်စင်း တံတားခင်း ပြီးတော့ လှူရခြင်းသည်၊ မေ-ငါ့အတွက်၊ ဟိတာယ-အကျိုးစီးပွား ဖြစ်ထွန်းဖို့ရာ၊ ဘဝိဿတိ-ဖြစ်လိမ့်မယ်။

အဲဒီလို စိတ်ထားနဲ့ သူကလက်အုပ်ချီပြီးတော့၊ အလျှားမှောက် ပြီး တော့၊ မြတ်စွာဘုရားနဲ့ သံဃာတော်တို့အား တပည့်တော် ခန္ဓာကိုယ်ကို တံတား အဖြစ်နဲ့ လှူပါတယ်ဘုရား. . . နင်းတော်မူပါဘုရား ၊နင်းပြီးတော့ ဖြတ်သန်းသွားတော်မူကြပါဘုရား၊တံတားအသွင် မှတ်ထင်ပြီးတော့၊ နင်းပြီး တော့ ကြွသွားတော်မူပါဘုရား၊ ရွံ့ညွှန်ထဲဆင်းတော် မမူပါနဲ့ဘုရားနဲ့ လျှောက်တယ်၊ အဲလိုလျှောက်ပြီးတော့ ဒီလိုကောင်းမှုကြောင့် တပည့်တော် ဘုရားအဖြစ်ရပါစေ. . . အရှင်ဘုရားကဲ့သို့ ဘုရားတစ်ဆူဖြစ်ပါစေ၊ ဒီပြင် အကျိုးထူးတွေ ဘာမှမလိုချင်ပါဘူး၊ တပည့်တော် အရှင်ဘုရားကဲ့သို့ ဘုရား တစ်ဆူဖြစ်ပြီးတော့ သတ္တဝါတွေချေချွတ်နိုင်တဲ့သူဖြစ်ရပါလို၏လို့၊ ပါးစပ်က လည်းဆုပန်ပြီးတော့ တံတား ခင်းလှူတာ၊ အဲဒါကို မြို့ထဲကထွက်လာကြတဲ့ ပရိသတ်တွေကြားထဲမှာ သုမိတ္တာ ဆိုတဲ့ သူဌေးသမီးလေး တစ်ယောက်က လည်းပါလာတယ်၊ ပရိသတ်တွေအုပ်အုပ်ကျွက် ကျွက်နဲ့ ဘုရားဖူးဖို့ ထွက်လာ ကြတဲ့၊ ဘုရားခရီးဦးကြိုဆိုဖို့ထွက်လာတဲ့ထဲမှာ သုမိတ္တာဆိုတဲ့ သူဌေးသမီး လေးကလည်း လက်ထဲမှာကြာပန်းရှစ်စည်း ကြာပန်းရှစ်ဆုပ်ကိုင် ပြီးတော့ ဘုရားလှူမလို့ဆိုပြီး ထွက်လာရင်းနဲ့ သုမေဓာရသေ့လေးက အခုလိုကိုယ်ဝပ် စင်းတံတားခင်းလှူတာ သူကမြင်တော့ ကြည်ညိုလိုက်တာလေ. . ရသေ့လေး အံ့ဩစရာကောင်းလိုက်တဲ့ရသေ့လေး. . . သေနိုင်တယ်. . . သူတံတားခင်း လှူနေတာဆိုပြီးတော့ ကြည်ညိုတယ်။

http://www.dhammadownload.com



အဲကြည်ညိုယုံမကဘူး ဘုရားဆုပန်တဲ့အသံကြားတော့ သူလည်း မနေနိုင်ဘူး ဒါနဲ့သူ, သူ့လက်ထဲက ကြာပန်းရှစ်စည်းပါလာတဲ့အနက်က၊ ငါးစည်းကိုရသေ့သုမေဓာလေးရဲ့ လက်ထဲထည့်၊ ဒီကြာပန်းနဲ့လည်း ပူဇော်တော်မူပါ၊ ဟာ ၊ည့်တော်မလည်း ကြာပန်းသုံးစည်းနဲ့ ပူဇော်ပါမယ်ဆိုပြီးတော့ ရမသ့ငလေးနို့မြန်းမဝေးခပ်လှမ်းလှမ်း သူကလည်း ကြုံ့ကြုံ့, ရှုန့်ရှုန့်, ဒူးလေး တုပ်ထိုင်ပြီးတော့ တပည့်တော်မလည်းပဲ၊ ဤကြာပန်း ရှစ်စည်းကို ရသေ့လေး တံမှာ ငါးစည်းအလှူခိုင်းပြီးတော့ တပည့်တော်ကိုယ်တိုင် သုံးစည်း လှူဒါန်းရတဲ့ ဒီကုသိုလ်ကောင်းမှုကြောင့် ဤရသေ့အမျိုးကောင်းသား သူတော်ကောင်း ပါရမီဖြည့်စဉ်အတွင်းမှာလည်းပဲ ဘဝတိုင်း, ဘဝတိုင်း ပါရမီကူညီဖြည့်နိုင်တဲ့သူ ဖြစ်ရပါလို၏၊ ဘုရားဖြစ်တော်မူတဲ့ဘဝမှာလည်းပဲ ခြေရင်းအလုပ်အကျွေး အဖြစ်နဲ့ ဖြစ်ရပါလို ၏. . . လို့ဆိုပြီးတော့ သူကလည်းဆုပန်တယ် ဒါပါရမီ ဖြည့်ဖက်ဟာ အဲဒီကစတာပဲ ဘုရားအလောင်းတော်နဲ့ယသော်ဓရာ အလောင်းပဲသုမိတ္တာက ပါရမီဖြည့်ဘက်ရှေး ကအကြောင်း ဘယ်လိုရှိတယ် တော့မသိဘူးပေါ့ ခုလာဆုံပြီးတော့ ကြုံကြိုက်ဆုံစည်း ဆုပန်ကြတာ ဒါကြောင့်-

**"ဒီပင်္ကရာ, ထွန်းခြာသနင်း, ခြေတော်ရင်း၌, ကိုယ်ကိုဝပ်စင်း, တံတားခင်း၍, ရှင်ရင်းမြတ်စွာ, ဒီပင်္ကရာက, ကမ္ဘာဘဒ္ဒ, နောင်ကာလ၌, ဗုဒ္ဓတစ်ဆူ, ဖြစ်လိမ့်ဟူ၍, ခွန်းကျူချီးမြှ, နှုတ်တော်ဟသည့်, နိယတခေါ်, ဗျာဒိတ်တော်ပန်းတော်ကို"**

ဘုရားအလောင်းက တပည့်တော်ဘုရားဖြစ်ပါရစေ. . အရှင်ဘုရား ကဲ့သို့ ဘုရား တစ်ဆူဖြစ်ပြီးတော့ သတ္တဝါတွေချေချွတ်နိုင်ပါရ စေဆိုတော့ ဒီပင်္ကရာ ဘုရားရှင်ကိုယ် တော်မြတ်က အနာဂတံသဉာဏ်တော်နဲ့ လှမ်းမျှော် ပြီးတော့ ကြည့်ရတယ်၊ဒီအမျိုးကောင်းသား ဘုရားဆုတော့ပန်နေပြီ ဖြစ်နိုင်တဲ့ အခြေအနေရှိသလား မရှိဘူးလားဆိုတာ ဘုရားက လှမ်းကြည့်လိုက်တော့ နောက်လေးသင်္ချေနဲ့ကမ္ဘာ တစ်သိန်းကျော်ရင် ဘဒ္ဒကမ္ဘာဆိုတာ ပေါ်လိမ့် မယ်. . . .၊ ဟော - ဒီကမ္ဘာပဲ၊ ခုဒို့နေတဲ့ ကမ္ဘာပဲ၊ ဘုရား(၅)ဆူပွင့်တဲ့ကမ္ဘာကို ဘဒ္ဒကမ္ဘာလို့ခေါ်တာ၊ အဲဒီဘဒ္ဒကမ္ဘာမှာ ဂေါတမဘုရားရယ်လို့ လေးဆူ မြောက်အဖြစ်နဲ့ပွင့်လိမ့်မယ်. . . .၊ ဒို့ဒီ ဘဒ္ဒကမ္ဘာမှာ ကကုသန်, ကောဏာဂုံ, ကဿပ, သုံးဆူပွင့်သွားပြီ ခုဒို့ဂေါတမမြတ်စွာဘုရားက လေးဆူမြောက် နောက်အရိမေတ္တေယျ ဘုရားတစ်ဆူကျန်သေးတယ် ကမ္ဘာတစ်ခုတစ်ခုမှာ

http://www.dhammadownload.com



ဘုရားငါးဆူ ပွင့်တယ်ဆိုတာ အများဆုံးပဲ အဲဒီဘုရား ငါးဆူပွင့်ပြီးရင် ကမ္ဘာကြီးပျက်မယ် ပြောင်းမယ် အလဲအလှယ်လုပ်မယ်၊ ဒါကြောင့် -

"ကမ္ဘာဘဒ္ဒ, နောင်ကာလ၌, ဗုဒ္ဓတစ်ဆူ, ဖြစ်လိမ့်ဟူ၍, ခွန်းကျူချီမြွ, နှုတ်တော်ဟသည့်, နိယတခေါ်, ဘွဲ့ဗျာဒိတ်အောင်ပန်းတော်ကို, ပိလာနိ-ယသော်လောင်းလျာ သုမိတ္တာနှင့်"

ယသော်ဓရာရဲ့ဘုရားအလောင်း ခုနက သုမိတ္တာသူဌေးသမီးက -

"ယသော်လောင်းလျာ, သုမိတ္တာနှင့်, မကွာအတူ, ပတ္ထာနာမှုလျက်, ညီမူပန်ဆင်တော်မူခဲ့လေပြီ"တဲ့။ အဲဒီပန်ဆင်တဲ့လဟာ ဘယ်လတုန်းဆိုရင် ဟောဒီ ကဆုန်လ၊ ဒါကြောင့် ဗျာဒိတ်တော်ခံတဲ့ပွဲနဲ့ကြုံကြိုက်တဲ့လဟာ ဒီကဆုန်လပဲမို့လို့ ကဆုန်လဟာ ထူးခြားတဲ့လ. . . (၁၂)လထဲမှာ ဒီကဆုန်လ ဟာ ထူးခြားတယ်၊ ဆို-

* ဗျာဒိတ်တော်ခံ, ဖွားပွင့်စံ, ဟောညွန်ဗုဒ္ဓဝံသ၊
ဖြစ်တော်စဉ်ငါး, ကြုံကြိုက်သား, ထူးခြားကဆုန်လ။

ဖွား-တဲ့၊ ဒို့ဘုရားကိုယ်တော်မြတ်ကြီး ဘုရားဖြစ်မယ့် နောက်ဆုံး ဘဝ သိဒ္ဓတ္ထ မင်းသားလေးအဖြစ်နဲ့ ဖွားမြင်တော်မူတဲ့လ၊ လုမ္ဗိနီသာမော အင်ကြင်း တောမှာ ဖွားမြင်တော်မူတဲ့လသည်လည်း ဟောဒီကဆုန်လ။ ကဆုန်လပြည့်နေ့ မယ်တော်မာယာက သူ့ရဲ့ တိုင်းပြည်ဇာတိရပ်ရွာဖြစ်တဲ့ ဒေဝဒဟကို ခဏပြန်ချင်တယ်. . . ဆိုပြီးတော့ ကိုယ်ဝန် အရင့်အမာကြီးနဲ့ သူ့မိဘ ဆွေမျိုး တွေဆီ ခဏပြန်ချင်တယ်။ အခုသူနေတာက ကပိလဝတ္ထု သုဒ္ဓေါဒန မင်းကြီးရဲ့ မြို့ သာကီဝင်မင်းမျိုးတွေရဲ့မြို့သုံးမြို့လေ, ကပိလဝတ္ထုရယ်, ဒေဝဒဟရယ်, ကောလိယရယ်, လို့မြို့သုံးမြို့ရှိတယ်၊ သက္ကတိုင်းထဲမှာ၊ တိုင်းအနေနဲ့ ကတော့ သက္ကတိုင်းလို့ခေါ်တယ် မြို့ကသုံးမြို့ ကပိလဝတ္ထုရယ်, ဒေဝဒဟရယ်, ကောလိယရယ်, အဲဒီမြို့ရှိတဲ့ အနက်က မယ်တော်မာယာတို့ ဇာတိမြို့က ဒေဝဒဟမြို့ သုဒ္ဓေါဒန မင်းကြီးတို့ရဲ့မြို့က ကပိလဝတ္ထုမြို့၊ အိမ်ထောင်ကျ တော့ အဲဒီမှာ သုဒ္ဓေါဒနမင်း ကြီးနောက်လိုက်ပြီးနေရတာ ကပိလဝတ္ထုနေ ရတာ။

အဲဒါ ဘုရားအလောင်းတော်လေးကို ကိုယ်ဝန်အရင့်အမာရှိတော့ အသက်အရွယ် ကလည်း (၅၀)ကျော်နေပြီ သူက အသက်ကြီးမှ သန္ဓေတော် ရတာ၊ အဲဒါလည်းဒါဘုရား တို့ဓမ္မတာ၊ ဘုရားအလောင်းများကိန်းအောင်းတဲ့ ခန္ဓာကိုယ် ဝမ်းကြာတိုက်မှာ နောက်ထပ်သူတစ်ပါးတွေမအောင်းရဘူးတဲ့

http://www.dhammadownload.com



ဒါထုံးစံ ဘုရားဓမ္မတာ၊ ဓမ္မတာကြီး (၁၈) ပါးထဲမှာ ပါတယ်၊ ဘုရားအလောင်းများ ကိန်းဝပ်တဲ့ကိုယ်ဝန် သားအိမ်ထဲမှာ နောက်ထပ်ဒီပြင် လူမအောင်းကောင်းဘူး မအောင်းရဘူး မယ်တော်မာယာ နတ်ရွာစံရတာ လည်း ဒါကြောင့် နတ်ရွာစံရတာ နောက်ထပ်သန္ဓေကိန်းမယ့် သူလာမှာစိုးလို့၊ ပြီးတော့ အသက်ကလည်း ကြီးရင့်မှ သန္ဓေရတာ ဒီတော့ ကိုယ်ဝန်မရှိလို့ အဖိုမ, အဖိုမနဲ့ ဆွေမျိုးတွေကလည်းပြောကြ ထီးမွေနန်း မွေဆက်ခံမယ့်သူလည်း မရလို့ သားသမီး မရှိလို့မင်္ဂလာက မရှိဘူးနဲ့ ဖြစ်နေတော့ အခုကိုယ်ဝန်တွေ ဘာတွေရတော့ သူက ဆွေပြမျိုးပြဆိုပြီးတော့ အလည်သွားချင်တာ"

အဲဒါအလည်သွားမယ်ဆိုပြီးတော့ ကပိလဝတ္ထုကနေပြီးတော့ မင်္ဂလာအခမ်း အနားတွေနဲ့ပေါ့ ဆင်တော်ဝေါတော်တွေစီးပြီးတော့ ထွက်လာရင်းနဲ့ ကြားထဲမှာ လုမ္ဗိနီ သာမောအင်ကြင်းတောရောက်တော့ အင်ကြင်းပင်, ပင်လုံးပွင့်ပြီးတော့ အင်ကြင်းပန်းတွေကဝေဖြာပြီးတော့၊ ငှက်ကလေး တွေကလည်း သာသာယာယာ ဂါထာသီကျူး နေသလို မြည်ကြ, တွန်ကြနဲ့ နန်းတော်ထဲနေရတဲ့စည်းစိမ်နဲ့မတူတတ်ဘူးပေါ့ ပန်းဥယျာဉ်ထဲရောက်တော့ တစ်မျိုးစိတ်တွေ ကြည်နူးပြီးတော့ အဲဒါအင်ကြင်း တောထဲမှာ ခဏဆင်းပြီးတော့ အပန်းဖြေ အနားယူရင်းနဲ့ အင်ကြင်းကိုင်းတစ်ကိုင်း လက်ကကိုင်ပြီးတော့ နေရင်းနဲ့ ကမ္ဘဇလေးလှုပ်လာပြီးဖွားတာ။ ဒို့ဘုရား အလောင်း တော်ဖွားတော့ သူများလို, တစ်ခါတည်းအလိုလေး, အမယ်လေး, နှိပ်ကြပါအုန်း, လက်သည်ခေါ်ကြပါအုန်း, ဆိုပြီးတော့ဒီလိုမဟုတ်ဘူး ကရားထဲကရေ သွန်လိုက်သလို . . တဲ့ ရေထွက်လာသလိုပဲ သက်သက် သာသာ၊ ရှောရှောရှူရှူ ဖွားလာတာပြီးတော့ အညစ်အကြေးတွေ တစ်ခါတည်းဆေးဟ ကြောဟလည်း လုပ်မနေရဘူး သန့်သန့်ရှင်းရှင်း ပြီးတော့ ဖွားလာလာချင်လည်း ဒို့လို သူငါတွေလို အူဝဲအူဝဲအော်ဟစ် ငိုကျွေးပြီးတော့ ခြေကန်လက်ကန်နဲ့ ကိုယ့်ယို့ကားယားနဲ့ ဒီလိုမဟုတ်ဘူးတဲ့ ဆင်းတုတော် ရုပ်ပင့်လာလို့ ငြိမ်တည် နေသလိုပဲတဲ့ ငြိမ် . . . လို့ ဖွားလာတာ ပြီးတော့ အောက်ရောက် တော့မှ မြောက်ဘက်ကို ခြေခုနစ်လှမ်းလှမ်းသွားပြီးတော့-

အဂ္ဂေါဟမသ္မိလောကဿ၊ ဇေဋ္ဌောဟမသ္မိလောကဿ၊
သေဋ္ဌောဟမသ္မိလောကဿ။

လောကကြီးထဲ ငါအသာဆုံး၊ လောကကြီးထဲ ငါအမြတ်ဆုံး၊ လောကကြီးထဲ ငါအကြီး ဆုံးလို့ ကြွေးကြော်လိုက်တာ အဲဒါဘုရားအလောင်း

http://www.dhammadownload.com


ဘာလို့ကြွေးကြော်တာတုန်းဆိုတော့ ဘုရားအလောင်းဖွားမြင်လာလာခြင်း ဘုရားအလောင်းကအရပ်လေးမျက်နှာ လှည့်ပတ်ကြည့်လိုက်တော့ ကမ္ဘာလောကမှာ လူတွေကမြင့်မြတ်ပါတယ်လို့သတ်မှတ်ထားတဲ့ ဗြဟ္မာ မင်းကြီးတွေကိုယ်တိုင်က ဘုရားအလောင်းကို လက်အုပ်ချီ. . . ပြီးတော့ တချို့က လက်အုပ်ချီ တချို့က ထီးဖြူနဲ့မိုး တချို့က သစ်နက်ရေကြီးတွေနဲ့ ဘုရားအလောင်းကို ခံယူဖို့လာကြတာ အဲဒါမြင်တော့ ဘုရားအလောင်းက လောကကြီးထဲမှာ လူတွေ အမြတ်ထားတဲ့ ဗြဟ္မာကြီးတွေသည်ပင် ငါ့ဦးညွှတ် နေပြီဆိုတော့ လောကမှာ ငါအသာဆုံးလို့သိသွားတယ် အမြတ်ဆုံးပဲလို့ သိသွားလို့ အဲဒီစကားကို ကြွေးကြော်ပြီးတော့ ဖွားတာ အဲဒီဖွားတဲ့လဟာ ဘယ်လတုန်းဆိုရင် ကဆုန်လ ဟောဒီလကဆုန်လပြည့်နေ့ ဒါကြောင့် ဖွား"

ဒို့ဘုရားဖူးသွားတဲ့ပုဂ္ဂိုလ်တွေ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဘုရားအလောင်းတော်နဲ့ စပ်ပြီးတော့ရောက်သင့်ရောက်ထိုက်တဲ့ လေးဌာနထဲမှာပါတဲ့ ဌာနကြီးပေါ့၊ အဲဒီအခုဖွားမြင်တော်မူတဲ့လ အခု ဒို့နိုင်ငံတော်အစိုးရက ဦးဆောင်ပြီးတော့ အဲဒီမှာ လုမ္ဗိနီတော၊ ပတ်ဝန်းကျင်ဘက်ပေါင်းစုံပြုပြင်ဘို့ . . . ဆိုပြီးတော့ အဆောက်အဦးတွေဆောက် ပန်းခြံတွေစိုက်နဲ့ပြုပြင်နေကြတာ၊ ကမ္ဘာကလည်းအားလုံးဝိုင်းပြီးတော့ ဗုဒ္ဓဘာသာတွေက ဂျပန်ကရောဘာရောပေါ့ အကုန်လုံးပြုပြင်နေကြတာ အဲဒီဌာနကို တစ်ကြိမ်တစ်ခေါက်လောက်တော့ ရောက်အောင်သွားပြီးတော့, ဖူးထိုက်တယ်၊ ဘုန်းကြီးတို့ရောက်ခဲ့ရပြီ၊ ဟော ရောက်တော့ ဘုရား ဖွားတော်မူတဲ့နေရာ, ဥယျာဉ်ကြီးနဲ့ အင်ကြင်းတောကြီးကြည့်. . . ပြီးတော့ အော်-ဒို့ဘုရားကိုယ်တော်မြတ်ကြီးဖွားတော်မူတဲ့တောပါလား. . . ဆိုပြီးတော့ အကြိမ်ကြိမ် လက်အုပ်မိုးရှိခိုးကန်တော့ရတယ်။ ပြီးတော့ အမှတ်တရဆိုပြီးတော့ ဘုန်းကြီးက လင်္ကာလေးစီခဲ့တယ်။

✱ လုမ္ဗိနီတော သာမောကြည်လင်၊ ပန်းစုံပင်နှော မနောရွှင်ရွှင်၊

' လုမ္ဗိနီအင်ကြင်းတောဆိုပေမယ်လို့ အင်ကြင်းပင်တွေချည်းမဟုတ်ဘူး၊ လုမ္ဗိနီအင်ကြင်းက ရိုးရိုးအင်ကြင်းနဲ့လည်းမတူဘူး၊ အပင်လုံးကလည်း ကြီးတယ်၊ အရွက်ကလည်းကြီးတယ်၊ အသီးကြီးတွေကလည်းကြီးတယ်၊ မြိုင်နေတာပဲ။ အင်ကြင်းပင်တွေတင်မကဘူး ဒီပြင်ပန်းပင် တွေကလည်း ပြည့်လို့၊ ကြည်နူးဖွယ်ရာတွေ၊ ဒါကြောင့်-ဒီနေရာဒို့ဘုရားဖွားတဲ့နေရာဆိုပြီးတော့ အမှတ်တရရှိခိုးပြီးတော့ အာရုံပြုလို့ကောင်းလိုက်တာ ဘုရားဖွား

http://www.dhammadownload.com



တော်မူတဲ့နေရာ လတ်လတ်ဆတ်ဆတ်ကြီး တွေ့နေရတာဆိုတော့, စိတ်ထဲ ပိုပြီးတော့ ကုသိုလ်ဖြစ်တာပေါ့ ကဲအဲဒါလိုက်ဆိုကြစမ်းပါ့-

* လုမ္ဗိနီတော သာမောကြည်လင်, ပန်းစုံပင်နှော မနော့ရွှင့်ရွှင်,
ကြည်လင်ညွတ်ကျိုး ရှိခိုးဦးတင်, ဒို့ဘုရား ဖွားသည့်နေရာပင်။

ဟော-"ဖျာဒိတ်တော်ခံဖွား" တဲ့ (၂)နံပါတ်က ဖွားမြင်တော်မူတဲ့နေရာ၊ (၃)ပွင့်-ပွင့် ဆိုတာ ဘုရားဖြစ်တော်မူတဲ့နေရာပေါ့ ဟောအဲဒီနေရာလည်းပဲ သွားရောက်ပြီးတော့ ရှိခိုးပူဇော်ထိုက်တဲ့နေရာကြီးပဲ ဘုရားဖြစ်တော်မူတဲ့နေရာ ဗုဒ္ဓဂယာလို့ခေါ်တယ်။ အရှေ့စောင်းစောင်းဆီမှာ၊ တောရိပ်တောင်စွယ်တွေနဲ့ ဥရုဝေလတောင်နဲ့၊ ဥရုဝေလတော ကြီးကလည်းရှိတယ်။ အရှေ့ဘက် မနီးမဝေးက အရှေ့ဘက်ကဗုဒ္ဓဂယာ၊ ဗောဓိညောင်ပင် ရွှေပလ္လင်ရဲ့ အရှေ့ ဘက်က ခဲနှစ်ပစ်, သုံးပစ်လောက်မှာ, နေရဉ္ဇရာ မြစ်ကြီးကလည်း တောင် မြောက်စီးဆင်းလို့၊ ဒါဘုရားအလောင်းတော်တရားကျင့်တုန်းက ရေချိုး, ရေသုံး သပ်၊ ရေသောက်ရတဲ့မြစ်၊ နေရဉ္ဇရာမြစ်၊ ဥရုဝေလတောကနေပြီးတော့ ဖြတ်သန်းပြီးတော့ တောင်ကိုစီးဆင်းသွားတာ ဒါနေရဉ္ဇရာမြစ်လို့ခေါ်တယ်။

နေရဉ္ဇရာမြစ်ရဲ့အရှေ့ဘက်ကမ်းမှာ ဥရုဝေလတောက မြောက်ဘက် နားဆီက ဥရုဝေလတောင်တို့, ဥရုဝေလတောတို့က မြောက်ဘက်နားက၊ တောင်ဘက်ဆီကျတော့ သေနာနိဂုံး၊ သုဇာတာသူဌေးသမီးတို့နေတဲ့ သေနာနိဂုံး၊ သုဇာတာရဲ့ ယနာနို့ဆွမ်းဘုဉ်း ပေးရတယ်ဆိုတဲ့ သေနာနိဂုံး၊ ဗောဓိပင်နဲ့ ရွှေပလ္လင်ကနေ ပြောလို့ရှိရင် ဗောဓိပင်နဲ့ ရွှေပလ္လင်ရဲ့ အရှေ့မြောက်ဘက် ဆီက ဥရုဝေလတောင်တန်းနဲ့၊ ဥရုဝေလတောအုပ်ညို ညိုကြီးကရှိတယ်၊ နေရဉ္ဇရာမြစ်ကမ်းရဲ့ အရှေ့ဘက်ကမ်းမှာ ဗောဓိပင်ကနေပြီးတော့ အရှေ့ တောင်ဘက်ကို ကြည့်လိုက်ရင်တော့ သေနာနိဂုံးနဲ့ ခုနဘုရားအလောင်း ယနာနို့ ဆွမ်းခံယူရာဖြစ်တဲ့ ညောင်ပင်တို့ရှိတယ်၊ သူလည်းပဲ နေရဉ္ဇရာမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာပဲ ဗောဓိပင်နဲ့ရွှေပလ္လင်ကတော့ နေရဉ္ဇရာမြစ်ရဲ့ အနောက်ဘက်ကမ်းမှာ ဒီနေ့ဗုဒ္ဓဂယာလို့ခေါ်နေကြတဲ့နေရာ၊ အဲဒီဗောဓိ ပင်နဲ့ရွှေပလ္လင်အောက်မှာ ဘုရားဖြစ်တော် မူတော့ အပြင်ရန်ခေါ်တဲ့ မာရ်နတ် ရန် အတွင်းရန်ခေါ်တဲ့ ကိလေသာရန်တွေကို အောင် မြင်တော်မူတာလည်းပဲ ဒီကဆုန်လပြည့်နေ့ပဲ. . . တဲ့ ဒါကြောင့် အဲဒီဘုရားဖြစ်တော်မူတဲ့ နေရာကို လည်း၊ ပူဇော်ကန်တော့ခဲ့ရတယ်. . . ကဲ ဆိုလိုက်ပါအုန်း-

http://www.dhammadownload.com



* ဗောဓိညောင်နန်း၊ အောင်ပန်းကိုဆင်၊
ပန်းစုံပင်နှော၊ မနောရွှင်ရွှင်၊
ကြည်လင်ညွတ်ကျိုး၊ ရှိခိုးဦးတင်၊
ဘုရားစစ်ဖြစ်သည့်နေရာပင်၊ လို့

ဒါဘုရားစစ်ဖြစ်တဲ့နေရာ၊ ဘုရားစစ်ဖြစ်တဲ့နေရာဆိုတာ- ဘုရားအတုတွေက ဖြစ်သေးတာကိုး၊ဒို့ ဘုရားမပွင့်ခင်၊ ပုရာဏကဿပကလည်း ဟိုနားကဘုရား၊ မက္ခလိဂေါသာလကလည်း ဒီနားကဘုရားနဲ့ ဘုရားတွေက အတုတွေအများကြီး၊ အစစ်တစ်ခု အတုတစ်ထောင်ဆိုတဲ့ အတိုင်း ဘုရားအတုတွေက အများကြီး ပေါ်တာ၊ အဲဒို့ဘုရားက ဘုရားအစစ် ဒီနေရာ ဖြစ်တာဆိုပြီးတော့ အဲဒီနေရာမှာ ဘုရားစစ်ဖြစ်တော်မူတဲ့နေ့ဟာ ဘယ်နေ့တုန်းဆိုရင် ဟောဒီ ကဆုန်လ၊ ကဆုန်လပြည့်နေ့၊ ဆို-

* ဗျာဒိတ်တော်ခံ၊ ဖွားပွင့်စံ၊ ဟောညွန်ဗုဒ္ဓဝံသ၊

အဲဗျာဒိတ်တော်ခံတဲ့လ (၁) ဖွားတော်မူတဲ့လ (၂) စံ-ပရိနိဗ္ဗာန်စံတော်မူတဲ့လ. . ဒီ ကဆုန်လပဲ အဲဒါကျတော့ ကုသိနာရုံ မလ္လာမင်းတို့ရဲ့ အင်ကြင်းစုံ အင်ကြင်းတောမှာပဲ ပရိနိဗ္ဗာန်စံတာ၊ ဖွားတာလည်း အင်ကြင်းတော ဖွားတယ်၊ ပရိနိဗ္ဗာန်စံတော့လည်း အင်ကြင်းတောထဲ ပရိနိဗ္ဗာန်စံတယ် ဒို့ဘုရားရှင်က ပရိနိဗ္ဗာန်စံတာကျတော့ ကုသိနာရုံပြည်မှာ မလ္လာမင်းတို့ရဲ့ အင်ကြင်းစုံမှာ မြောက်ဘက်ဦးခေါင်း လှည့်ပြီးတော့ ပရိနိဗ္ဗာန်စံ နေတော်မူ နေတဲ့ပုံ ထုလုပ်ထားတယ်၊ အဲဒီလည်းသွားပြီးတော့ ဦးခိုက် ကန်တော့ပြီးတော့ အင်ကြင်းပင်တွေတောကြီးထဲမှာ ခန္ဓပရိနိဗ္ဗာန်စံပြီးတော့ နိဗ္ဗာန်နန်းမြန်း သွားတဲ့နေရာပဲလို့ ကုသိနာရုံတော၊ အင်ကြင်းတောကြီး၊ ဒီပြင်ပန်းပင်တွေ လည်းပြည့်လို့ပေါ့လေ၊ ဒါပရိနိဗ္ဗာန်စံတဲ့နေရာ၊ ဒါလည်းပဲ အမျိုးကောင်းသား အမျိုးကောင်းသမီးများ သွားပြီးတော့ ရှိခိုးကန်တော့ ထိုက်တဲ့နေရာလို့ ဘုရားဟောသွား တဲ့ထဲမှာပါတယ်၊ ကဲ ဆိုစမ်းပါအုန်း-

* ကုသိနာရုံတော၊ သာမောကြည်လင်၊
ပန်းစုံပင်နှော၊ မနောရွှင်ရွှင်၊
ကြည်လင်ညွတ်ကျိုး၊ ရှိခိုးဦးတင်၊
နိဗ္ဗာန်နန်း၊ မြန်းသည့် နေရာပင်။

အဲဒီလို ပရိနိဗ္ဗာန်စံတော်မူတဲ့နေ့ဟာလည်း ဘယ်နေ့တုန်းဆိုရင်၊ ကဆုန်လ. . . ဟော ဒီကဆုန်လပြည့်နေ့၊ ဒါကြောင့် "ဗျာဒိတ်တော်ခံ၊

http://www.dhammadownload.com



ဖွားပွင့်စံ" နောက်ဆုံး "ဟောညွှန် ဗုဒ္ဓဝံသ" တဲ့ (၅) နံပါတ်က ဗုဒ္ဓဝင် ပါဠိတော်ကြီးကို ဟောတာလည်းဒီကဆုန်လပြည့် နေ့ပဲ၊ သာဝတ္ထိမြို့ ဇေတဝန် ကျောင်းမှာ ဘုရားကိုယ်တော်မြတ်ကြီး သူ့ရဲ ဘုရားဖြစ်တော်စဉ်တွေ ပြန်ပြောင်း ပြီးတော့ ဟောတာ ဘုရားရှင်ပေါင်း၊ သူပါရမီဖြည့်စဉ် တွေ့ခဲ့ရတဲ့ဘုရား နှစ်ဆယ်နဲ့လေးဆူပေါ့၊ အားလုံးနှစ်ကျိပ်ရှစ်ဆူဆိုတဲ့အတိုင်းပဲ ဟို- ဒီပင်္ကရာ ဘုရားရှင်ထံ ဗျာဒိတ်ခံတဲ့ဆီကစပြီး ရေရင်တော့ နှစ်ကျိပ်နဲ့လေးဆူပေါ့။ ရှေ့က အဲဒီ ကမ္ဘာမှာ တဏှင်္ကရာတို့ မေဓင်္ကရာတို့ သရဏင်္ကရာတို့ ဆိုတဲ့ဘုရား တွေကပွင့်သွားသေးတာ၊ အဲဒီဘုရားတွေပါအားလုံးရေတွက်ရင် နှစ်ကျိပ် ရှစ်ဆူပေါ့။

အဲဒီဘုရားရှင်ကိုယ်တော်မြတ်ကြီးတွေရဲ့ဖြစ်တော်စဉ်တွေ၊ အဖြစ် အပျက်တွေ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ သူကိုယ်တိုင်အဖြစ်အပျက်တွေကို ပြန်ပြီးတော့ဟောတာ ဒါဗုဒ္ဓဝံသပါဠိတော်လို့ ခေါ်တယ်၊ ဗုဒ္ဓဝံသ ဗုဒ္ဓ- ဘုရားရှင်ကိုယ်တော်မြတ်ကြီးတွေရဲ့ဝံသ-အနွယ်တော်, အဆက်တော်, ဖြစ်ပျက်တော် ဒါကို ဗုဒ္ဓဝင်လို့ ဗမာကခေါ်လိုက် တယ်၊ ဒို့ရာဇဝင်ဆိုသလိုပေါ့ ရာဇဝင်ဆို ရာဇ-ဆိုတာ မင်းတွေနဲ့မင်းမိဖုရားတွေ, သားတော် သမီးတော်တွေ, ထီးနန်းကြငှန်းမြို့တွေရဲ့ ဝင်- ဖြစ်စဉ်တွေကို ရာဇဝင်လို့ ခေါ်တာ၊ အဲသလိုပေါ့ ရှင်ဘုရင်တွေရဲ့ အကြောင်းအတ္ထုပ္ပတ္တိတွေကို ဗုဒ္ဓဝင်၊ အဲဒီဗုဒ္ဓဝင် ခေါ်တဲ့ ဗုဒ္ဓဝံသပါဠိတော်ကြီးကို ကမ္ဘာလောကသားတွေသိအောင် ဘုရားပြန်ပြောင်း ဟောတာလည်း ဒီကဆုန်လပါပဲ ဒါကြောင့်"ဟောညွှန်ဗုဒ္ဓဝံသ" လို့ ဆို-

* ဗျာဒိတ်တော်ခံ, ဖွားပွင့်စံ, ဟောညွှန်ဗုဒ္ဓဝံသ၊
ဖြစ်တော်စဉ်ငါး၊ ကြုံကြိုက်သား၊ ထူးခြားကဆုန်လ။

ဒီကဆုန်လဟာ အဲဒီလို (၁၂) လထဲမှာ အထူးခြားဆုံးလပဲ. . . လို့၊ ကဆုန်လရဲ့ ထူးခြားပုံကို ဒို့မကြာခင်က ရန်ကုန်မှာ, နိုင်ငံတော်အကြီး အကဲတွေ, ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ ဦးဆောင်ပြီးတော့ အက်(စ်)တူး ဖြစ်တဲ့ ဦးတင်ဦးတို့၊ ကုန်သွယ်ရေးဝန်ကြီး ဦးထွန်းကြည်၊ လယ်ယာစိုက်ပျိုး သစ်တောဝန်ကြီး ဦးမြင့်အောင်တို့ပြီးတော့ သတ္တုတွင်းဝန်ကြီးဌာန ဦးကျော်မင်း တို့ စသည်ဖြင့် အကြီးအကဲ ဝန်ကြီးတွေ ဝန်လေးတွေ အကြီး အကဲတွေရော ဒေါ်ခမွေ့သီဆိုတဲ့ သီလရှင်ဆရာကြီး ဦးဆောင်ပြီးတော့ ဘုရားတည်ကြ တာ သိန်းတစ်ရာ့ရှစ်ဆယ်လောက် ကုန်ကျတယ်။ သဗ္ဗညုတ စေတီတော်ဆိုပြီး တော့ ပုဂံမှာရှိတဲ့ဘုရားကို ရန်ကုန်မှာလည်း ရှိအောင်ဆိုပြီး ရန်ကုန်၊

http://www.dhammadownload.com


မရမ်းကုန်းမြို့နယ်ထဲ မြောက်ဥက္ကလာပနားနီးတဲ့ မရမ်းကုန်းမြို့နယ် ထဲမှာ ကျောက်ရေတွင်းတောင်ပိုင်းမှာ တည်ပြီးတော့ ထီးတော်တွေတင်၊ နိုင်ငံအကြီးအကဲတွေက သူတို့က စေတီရံတွေ (၂၄) ဆူပါတယ်။

အဲဒီစေတီမကြီးရော၊ ထီးတော်တင် စေတီရံ (၂၄) ဆူလည်းပဲ အသီးအသီး နိုင်ငံအကြီးအကဲတွေက တာဝန်ယူပြီးတော့ ထီးတော်တွေတင်တဲ့ပွဲမှာ တရားချီးမြှင့် ရေစက်ချပေးပါဆိုလို့ ဘုန်းကြီးဟောခဲ့တော့ အဲဒီခုနက ကဆုန်လရဲ့ ထူးခြားမြင့်မြတ်ပုံကို စပြီးတော့ ဟောရင်းနဲ့ အဲဒီခုနက ဒိုလ်ချုပ်မှူးကြီး သန်းရွှေရော၊ ဗိုလ်ချုပ်မှူးကြီး ကတော်ရော အက်(စ်)ဝမ်းတွေ၊ အက်(စ်)တူးတွေရော အကုန်လိုက်ဆိုကြဆိုပြီးတော့ အခုလိုပဲ လိုက်ဆိုခိုင်းရတာ၊ ကုသိုလ်စိတ်, သဒ္ဓါစိတ်, ကြည်နူးတဲ့စိတ်တွေ ပွားအောင်လို့ အဲဒါ လက်အုပ်လေးတွေချီပြီး အားလုံးလိုက်ဆိုကြတယ်။ ကဲ. . . အဲဒီလို ကဆုန်လ ဆိုတာ ထူးခြားတဲ့ ကဆုန်လ အဲဒီကဆုန်လမှာ ဒို့ ကုသိုလ်ကောင်းမှု ပြုရ တယ်. . လို့ ဒီနေ့ ဖားကန့်က ဦးအောင်ဖေတို့ မိသားစု၊ မန္တလေးမြို့က မြမြင့်မိုရ် မိသားစုတို့က ထူးခြားတဲ့ ကဆုန်လမှာ ဒို့ ရတနာရွှေအိုးကြီးများ မြှုပ်နှံတဲ့ အနေနဲ့ ဒါနကောင်းမှုကို ပြုရပေတယ်. . .။ ဒါနကောင်းမှုပြုတာ ရွှေအိုးကြီးမြှုပ်သလိုပဲ. . . တဲ့။

ရွှေအိုးမှ ရန်မျိုးအောင် ဆောင်ရာပါတဲ့ ရွှေအိုးလို့ခေါ်တယ်။ ရန်မျိုးအောင် တယ်ဆိုတာ ဘာရန်မျိုးတွေ အောင်တာတုန်းဆိုတော့ မီး, ရေ, ခိုးသူ, မင်းစိုးရာဇာ နဲ့ အမွေခံဆိုးဆိုတဲ့ ရန်သူမျိုး ငါးပါးအောင်တယ်၊ ခုပြုလိုက်တဲ့ ဒါနကောင်းမှု ရွှေအိုးကို မီးလောင်လို့ မရစကောင်းတော့ဘူး၊ ရေမျောလို့ မမျောတော့ဘူး၊ သူခိုး ခိုးလို့ မပါတော့ဘူး၊ ဒါကြောင့် ရန်မျိုးအောင်တဲ့ ရွှေအိုးလို့ခေါ်တယ်၊ ပြီးတော့ ဆောင်ရာပါတယ် တဲ့ သူက ဆောင်ရာပါတယ်ဆိုတာ ကိုယ်ကဘဝကူး . . . သွားတဲ့အခါမှာ ကိုယ့်နောက် ပါလာတယ်၊ ဒီပြင် ရွှေတွေ, ငွေတွေ, ကျောက်သံပတ္တမြား, အိမ်ယာခြံမြေတွေက မပါလာဘူး၊ ဒီကောင်းမှုကုသိုလ်က ပါလာမှာ၊ ဒါကြောင့်မို့လို့ ရန်မျိုးအောင်ကာ ဆောင်ရာပါတဲ့ ရတနာရွှေအိုးကြီး မြှုပ်နှံတဲ့အနေနဲ့ ကချင်ပြည်နယ်၊ ဖားကန့်မြို့က လာကြတဲ့ တပည့်တော်တို့ မိသားစုက (၃) ကြိမ်မြောက် (၃) နှစ်မြောက် အလှူတော်အဖြစ်ဖြင့် ဂန္ဓာရုံကျောင်းတိုက် သံဃာတော် (၁၂၀၀) ကျော်တို့အား အရုဏ်ဆွမ်း, နေ့ဆွမ်း နှစ်ထပ်သော ဘောဇဉ်ဆွမ်းတို့ဖြင့် လောင်းလှူ ဆက်ကပ်သမှု ပြုကြပါကုန်၏။

http://www.dhammadownload.com



မန္တလေးမြို့ မြမြင့်မိုရ် မိသားစုများဖြစ်ကြကုန်သော တပည့်တော် တပည့်တော်မတို့ကလည်းပဲ မဟာဂန္ဓာရုံကျောင်းတိုက် သံဃာတော် (၁၂၀၀) ကျော်တို့အား (၁၇) ကြိမ်မြောက် အလှူတော်အဖြစ်ဖြင့် ငွေကျပ် တစ်သိန်းခွဲ တို့ကို ငွေပဒေသာပင် စိုက်ထူ၍ လှူဒါန်းကြပါကုန်၏။ ဤကဲ့သို့ စိုက်ထူလှူဒါန်း ရတဲ့ ရန်မျိုးအောင်ကာ ဆောင်ရာပါမယ့် ရတနာရွှေအိုးကြီးက တပည့်တော် တပည့်တော်မတို့အား အို-နာ-သေရေး ဒုက္ခဘေးတို့ ကင်းဝေငြိမ်းပြတ်, သန္တိသုခ, နိဗ္ဗာနဓါတ် ချမ်းသာထူး ချမ်းသာမြတ်ကြီးသို့ လျှင်မြန်ဆောစွာ ဆိုက်ရောက်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာ သတည်း. . ။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား။

http://www.dhammadownload.com



# မူသိကသုတ္တန်
# ထိုးလှူအကျိုးနှင့် ကြွက်လေးမျိုးတရားတော်

* မာဝေါ ခဏံ ဝိရာဓေထ, ခဏာတီတာ ဟိ သောစရေ၊
သဒတ္ထေ ဝါယမေယျာထ, ခဏော ဝေါ ပဋိပါဒိတော။

ဘောန္တော- နှလုံးပျော့ပြောင်း အို-သူတော်ကောင်းတို့၊ ဘောန္တော- မင်္ဂလေးတန်, ဖိုလ်လေးတန်, မြတ်နိဗ္ဗာန်ကို, ရရန်ရွယ်ချောင်း , ဆုပန်တောင်း၍, စုပေါင်းညီညာ, စည်းဝေးလာသည့်, များစွာ သောင်းသောင်း, အို-သူတော်ကောင်းတို့၊ ဝေါ တုမ္ဟေ-မင်္ဂဖိုလ် နိဗ္ဗာန်, ရရန်ရွယ်ချောင်း, သင်သူတော်ကောင်းတို့သည်၊ ခဏံ-မနုဿတ္တ, ဒုလ္လဘနှင့်, ဗုဒ္ဓသာသနာ, ကြုံတွေ့ကာလျှင်, ဆယ်ဖြာပုည, ဒသသုံးလီ, ပါရမီကို အမြိုက်ဆီတောင်းတ, ပြုလုပ်ရသည့်, မြတ်လှဘိတောင်း, အခွင့်ကောင်းကြီးကို၊ မာဝိရာဓေထ-ကြောင်းကျိုးမမျှော်, ပျော်ကြီးပျော်၍, ချွတ်ချော်တိမ်းပါး, အချည်းနှီးကုန်လွန်၍ မသွားကြစေကုန်လင့်၊ ဟိ-ထိုစကားလျှင်, မမှားကေန်, တိုက်တွန်းရန်, သင့်လှပါပေ၏၊ ခဏာတီတာ- မနုဿတ္တ, ဒုလ္လဘနှင့်, ဗုဒ္ဓသာသနာ, ကြုံတွေ့ကာလျှင်, ဆယ်ဖြာပုည, ဒသသုံးလီ, ပါရမီကို, အမြိုက်ဆီ တောင်းတ, ပြုလုပ်ရ သည့်, မြတ်လှဘိတောင်း, အခွင့်ကောင်းကြီးကို, ကြောင်းကျိုး မမျှော်, ပျော်ကြီးပျော်၍, ချွတ်ချော်တိမ်းပါး, အချည်းနှီးကုန်လွန်၍, သွားကြသူ တို့သည်၊ သောစရေ-ပစ္စည်းကုန်ပျောက်, အို-နာရောက်၍, သေပေါက်သေဝ, ရောက်ကာလ၌, နောင်တညှိုးမှိန်, စိုးရိမ်ပူဆွေး, စိတ်မအေးခြင်း, ဖြစ်ကြရ လေကုန်၏၊ တသ္မာ-ထို့ကြောင့်၊ သဒတ္ထေ- နိဗ္ဗာန်တိုင်ထိ, ကောင်းကျိုးရှိမည့်, မိမိအကျိုးစီးပွား၌၊ ဝါယမေယျာထ- အခွင့်သာဆဲ, အားကုန်နှဲ၍, တစ်ပွဲတစ်လမ်း, ကြိုးပမ်းလိုက်ကြကုန် ရာ၏၊ ဝေါ တုမှာကံ- မင်္ဂဖိုလ်နိဗ္ဗာန်၊ ရရန်ရွယ်ချောင်း, သင်သူတော် ကောင်းတို့အတွက်၊ ခဏော-ဗုဒ္ဓုပ္ပါဒ, နဝမခဏ, အခွင့်ကောင်းကြီး သည်၊ ပဋိပါဒိတော-မင်းလောင်းရှေ့၌, ရထားဆိုက်သို့, ကြုံကြိုက်ထင်စွာ, ဖြစ်ပေါ်၍လာခဲ့ပေပြီတကား . . ။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား

---

* အပ-၁၊ ၅၁။ ထေရ-၄-၁၊ ၄၇၄။

http://www.dhammadownload.com



ဒီနေ့ ချမ်းအေးသာစံမြို့နယ် ဒေးဝန်းအနောက်ပိုင်း လယ်ရွှေးကြီး တောင်ပိုင်းရပ်မှာ နေထိုင်ကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ အထူးသဖြင့် ဆုတောင်းပြည့်အေးဘယစေတီတော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ ပါရမီဆက် ပဋ္ဌာန်းဆက် ရှေးကအကြောင်း ကောင်းမှုပြုဖက် အဆက်ရှိကြတဲ့ ကုသိုလ်ကောင်းမှုရှင်တွေ ဒီနေ့ ကြီးပမ်းအားထုတ် ပြုလုပ်ကြတဲ့ပွဲက နံပါတ် (၁) က -ဆုတောင်းပြည့်အေးဘယစေတီတော်မြတ်ကြီးအား ရွှေထီးတော် အသစ်တင်လှူ ပူဇော်တဲ့ ကောင်းမှုမင်္ဂလာ၊ နံပါတ် (၂) က- မိမိတို့ရဲ့ ရပ်ကွက်အတွင်း ဘုရားရှင်ကိုယ်တော်မြတ်ကြီး သီတင်းသုံးတော်မူရာဖြစ်တဲ့ ဂန္ဓကုဋီကျောင်းဆောင်လို့လည်း ဆိုနိုင်၊ ဓမ္မာရုံလို့လည်း ဆိုနိုင်တဲ့ အေးဘယစေတီဓမ္မာရုံ ကြီးကို စုပေါင်းအားနဲ့ မွမ်းမံပြင်ဆင်ကြတဲ့ ကောင်းမှုမင်္ဂလာ၊

အဲဒီကောင်းမှုမင်္ဂလာကြီး နှစ်ခုကို အခြေခံပြီးမှ ယခုနပြဆိုအပ်ခဲ့တဲ့ ဘုရားပူဇော်, တရားပူဇော်, သံဃာပူဇော်တဲ့ ကောင်းမှုမင်္ဂလာတို့ကို ကြီးပမ်းအားထုတ် ပြုလုပ်ကြတယ် . .၊ အဲဒီပြုလုပ်တဲ့ အထဲမှာ ရွှေထီးတော် တင်လှူတဲ့ ကောင်းမှုမင်္ဂလာကြီးပါလာတာဖြစ်တော့ ထီးတော်ကို လှူဒါန်းရတဲ့အတွက် သံသရာစခန်း နိဗ္ဗာန်သွားလမ်းကြီးမှာ ရရှိနိုင်တဲ့အကျိုးတရားရှစ်ပါးကို ပထမဆုံး နာကြားရအောင်၊ အဲဒါကိုလွယ်လွယ်လေးနဲ့ သိရအောင် ပရိသတ် တွေလည်း နားလည်လွယ်အောင် ကိုယ့်မြန်မာဘာသာနဲ့လည်း သိရအောင် လင်္ကာလေး သီကုံးပြီးတော့ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက-

ချမ်း, ပူ,မရှိ ကြေးညှိမတင်၊

ဟော-ထီးလှူဒါန်းတဲ့ကုသိုလ်ရှင်များ သံသရာစခန်း မင်္ဂဖိုလ်နိဗ္ဗာန် သွားလမ်းကြီးမှာ သူများထက် ထူးခြားပြီးတော့ ဂုဏ်ထူးဝိသေသ ရတဲ့အကျိုးထူး တရားက နိဗ္ဗာန်ရတာတော့ နိဗ္ဗာန်ရတာ အတူတူပဲ၊ ရဟန္တာ ရဟန္တာမ ဖြစ်တာတော့ နောက်ဖြစ်ကြတာချည်းပဲ၊ သို့သော် သံသရာစခန်း နိဗ္ဗာန်သွားလမ်းမှာ သူများထက် ထူးခြားတဲ့အကျိုးတရားရှစ်ပါးကို ရပုံက တစ်ယောက်နဲ့ တစ်ယောက် မတူတတ်ကြတာမို့လို့ ထီးအလှူကို လှူဒါန်းကြတဲ့ ကုသိုလ်ရှင်များ နိဗ္ဗာန်သွား လမ်းကြီးမှာ သူများထက် ထူးခြားပြီးတော့ ခံစားရတဲ့အကျိုး ထူးတရားကြီး ရှစ်ပါး . . . တဲ့၊ ရှစ်ပါး၊ ပရိသတ် ဘယ်နှစ်ပါးတဲ့တုန်း ?၊ ရှစ်ပါးပါဘုရား၊

ဟော- နံပါတ် (၁) က ထီးလှူတဲ့ကုသိုလ်ရှင်များ ဖြစ်လေရာဘဝ တိုင်းမှာ အချမ်းမရှိတဲ့-

F. 2

http://www.dhammadownload.com



သီတံ ဉဏှံ န ဇာနာမိ- ဆိုတဲ့အတိုင်း ချမ်းလိုက်တာဆိုတာမရှိ၊ အအေးဥတုဒဏ်ကို ခုခံကာကွယ်နိုင်တယ်၊ အေးခြင်းကြောင့် သူ့မှာ အဆောတလျင် ဖေါက်ပြန်သွားတာ မရှိဘူး။ တချို့အမျိုးသား၊ အမျိုးသမီးတွေကျတော့ ရာသီဥတုလေးမို့ နည်းနည်း အေးတယ်၊ မိုးလေး အေးပြီးဆိုရင် သူကခြေဖျား အေးပြီးတော့ စောင်ခြုံပြီး ကွေးနေရပြီ၊ ဒီလိုပုဂ္ဂိုလ်တွေ ပရိသတ် မရှိဘူးလား ?၊ ရှိပါဘုရား၊ ဆောင်းဥတုလေး ဝင်လိုက်ပြီဆိုရင် ဖျားချင်သလိုလို၊ နာချင်သလိုလို ဖြစ်ရပြီ၊ တုပ်ကွေး, ခေါင်းခဲ, နှာစေးကအစ ဖြစ်ရတယ်၊ အအေးဒဏ် မခံနိုင်ဘူး၊ အအေးဒဏ် မခံနိုင်ဘူးဆိုတာ ခန္ဓာကိုယ်အတွင်းက အအေးဥတုကို တွန်းလှန်တဲ့ ကမ္မဇရုပ်၊ အပူဓါတ်ရုပ်တွေက အားနည်းနေတော့၊ နည်းနည်းလေးမို့လို့ ရာသီ ဥတုလေး အေးတယ် ဆိုရင် သူ့မှာ ဒုက္ခဖြစ်ပြီ၊ ခေါင်းခဲ, နှာစေး, ခြေဖျား, လက်ဖျား အေး၊ မသွားချင် မလာချင်, မစားချင် မသောက်ချင် ဖြစ်ပြီးတော့၊ အအေးနှိပ်စက်မှု ဒဏ်ကို ခံရတယ်။

အဲ- ထီးအလှူကို လှူဒါန်းခဲ့ကြတဲ့ ကုသိုလ်ရှင်များမှာကျတော့ သံသရာ စခန်း နိဗ္ဗာန်သွားလမ်း ဖြစ်လေရာဘဝမှာ အအေးဥတုဒဏ်ကို ခံနိုင်ခြင်းဆိုတဲ့ အကျိုးရကြတယ်. . . တဲ့၊ အေးလို့ သူ့မှာဘာမှ ထူးထူးခြားခြား ဖြစ်မလာဘူး၊ ဆောင်းရာသီ အလွန်အေးနေပေမယ့်လို့ သူ့မှာ ခန္ဓာကိုယ်တွင်းက အဇ္ဈတ္တ အတွင်းသဏ္ဍာန်က အနွေးဓါတ်ကလေး ပေးထားတော့ ခံနိုင်တယ်၊ အအေးဒဏ်ကို ခံနိုင်တယ်၊ သူများတွေ စောင်တွေအထပ်ထပ် ခြုံနေရပေမယ့်လို့သူ့မှာ စောင်လေးတစ်ထည် နှစ်ထည်နဲ့ အိပ်နိုင်တယ်၊ သူများတွေ အနွေးထည်တွေ အထပ်ထပ်ရစ်ပတ် ခေါင်းမှာရစ်ပတ်၊ ခြေထောက်မှာလည်း ခြေအိပ်တွေ အထပ်ထပ် ရစ်ပတ်၊ ကိုယ်တစ်ခုလုံးလည်း ရစ်ပတ်ပြီးတော့ အဝတ်တွေ ထူထပ်စွာ ဝတ်နေရသော် လည်း သူ့မှာ ပေါ့ပေါ့ပါးပါး ဝတ်ဆင်ပြီးတော့ သွားလာနိုင်တယ်၊ ဘာပြုလို့တုန်းဆိုတော့ သူ့ခန္ဓာကိုယ်တွင်းက ကမ္မဇရုပ်၊ အနွေးဓါတ်က, အပြင်က ရာသီဥတု အအေးဒဏ်ကို တွန်းလှန် ခုခံနိုင်တယ်. . . တဲ့၊

အဲဒီတော့ ကမ္မဇရုပ်အပူဓါတ်က ဘယ်ကရတာတုန်းဆိုတော့ ခုနက ထီးလှူတဲ့ ကုသိုလ်ကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်၊ ထီးကိုလှူဒါန်းလိုက်တဲ့ ကုသိုလ်ကံက ဖြစ်ပေါ်စေတဲ့ ကမ္မဇရုပ်ဓါတ်၊ အပူဓါတ်က တွန်းလှန်လိုက်သဖြင့် အပြင်ဘက်က အအေးဒဏ်တွေကို ခုခံကာကွယ်ပြီးသား ဖြစ်တယ်၊ သူများတွေချမ်းလိုက်တာ, ချမ်းလိုက်တာဆိုတဲ့အချိန် သူက မချမ်းပါဘူး နေကောင်းရုံပဲ၊ သူများတွေ အေးလွန်းလို့ ခြေဖျား လက်ဖျားတွေ အေးနေ၊ သူက မအေးပါဘူး၊ နွေး . . . လို့၊

http://www.dhammadownload.com



သူ့ခန္ဓာကိုယ်က အတွင်းက ကိုယ်ခံအား ဥတုဇရုပ်တွေ အားကောင်း၊ ကမ္မဇရုပ်တွေ အားကောင်း၊ ဘာပြုလို့တုန်းဆိုတော့ သူကထီးလှူခဲ့လို့၊ ထီးလှူခဲ့တာနဲ့ ဒီကမ္မဇရုပ်တွေ အားကောင်းတာနဲ့ ဘယ်လိုဆက်စပ်တုန်းဆိုတော့၊ ထီးကိုလှူဒါန်းတုန်းက ထီးအလှူခံရတဲ့ ပုဂ္ဂိုလ်ကိုဆိုပါတော့ သံဃာတစ်ပါးကို ထီးလှူလိုက်တယ်ဆိုရင် အဲဒီ သံဃာတော်ကို ထီးကိုလှူလိုက်သည်နှင့် တစ်ပြိုင်နက် သူ့အပေါ်မှာ ကျရောက်လာမယ့် အအေးဒဏ်ကို တွန်းလှန်ပေးခဲ့တယ် . . . တဲ့၊

သံဃာတော်ဆိုပါတော့၊ သံဃာတော်တစ်ပါးကို ကိုယ်ကထီးလှူ လိုက်တော့ သံဃာတော်က အဲဒီထီးကို မိုးရွာတဲ့အချိန်မှာ ဆောင်းပြီးသွားတော့၊ မိုးကြောင့် အအေးမိ မယ့်ဒဏ်တွေကို ဒီထီးက ပရိသတ် ကာကွယ် မပေးဘူးလား?၊ ပေးပါဘုရား၊ ဆောင်းရာသီ နှင်းတွေကျနေတယ်၊ ဆီးနှင်းတွေ မှိုင်းနေတယ်၊ နှင်းတွေဆီးတွေ မှိုင်းပြီးတော့ နေတဲ့အထဲမှာ ကိုယ်တော်ခမျာ ထီးမပါဘဲ သွားရလို့ရှိရင် ခေါင်းပေါ်နှင်းတွေကျ၊ ဆီးတွေကျပြီးတော့ အအေးမမိပေးဘူးလား?၊ မိပါဘုရား၊ အဲ- ထီးလေးဆောင်းပြီးတော့ သွားရတဲ့အခါကျတော့ အဲဒီနှင်းဒဏ်တွေ, ဆီးဒဏ်တွေ မခုခံနိုင်ဘူးလား ?၊ ဆီးတွေ နှင်းတွေကြောင့် မိမယ့် အအေးဒဏ်၊ မိုးတွေတစွတ်စွတ်ရွာလို့ မိမယ့် အအေးဒဏ်၊ မိုးမိပြီးတော့ အအေးပတ်မယ့် ဒဏ်တွေကို ထီးလေးက ကာကွယ် မပေးဘူးလား ?၊ ကာကွယ်ပေးပါဘုရား။ ဒါ့ပြင် ထီးလှူတဲ့ အမျိုးသား၊ အမျိုးသမီးဟာ ထီးကိုအလှူခံရတဲ့ သံဃာတော် အရှင်မြတ်အား ထီးကိုသာမက ထီးဖြင့် ကာကွယ်ပေးထားတဲ့ အအေးဒဏ်ကို ခုခံကာကွယ်ခြင်းဆိုတဲ့ အကျိုးထူးကိုလည်း ပဲ မရစေဘူးလား ?၊ ရပါဘုရား၊ အဲဒါကြောင့်မို့လို့ သူ့မှာ ထီးလှူတဲ့ ကုသိုလ်ရှင်မှာ ဒီအကျိုး ပြန်ပြီးလာတာ။

သံဃာတော်တွေကို ထီးလှူလိုက်တော့ သံဃာတော်တွေမှာ ထီးသာမက အအေး ဒဏ်ကို ခုခံတွန်းလှန်နိုင်ခြင်းဆိုတဲ့ အကျိုးထူးတရား ကိုလည်း ခံစားရတာမို့ တူသောအကျိုး ပေးသောအားဖြင့် မိမိတို့မှာလည်း ဖြစ်လေရာဘဝ အအေးဒဏ်ကို ခုခံကာကွယ် တွန်းလှန် နိုင်ခြင်းဆိုတဲ့အကျိုး . . . တဲ့၊ ဒါ့ကြောင့် အအေးမိလိုက်တာ ချမ်းလိုက်တာဆိုတာ မရှိ သူ့မှာ။

(၂) နံပါတ်က - ဥဏှံ န ဇာနာမိ။ -အပူဒဏ်ကိုလည်း ခုခံကာကွယ်နိုင်ခြင်း၊ နွေရာသီ ပူပြီဆိုရင် တချို့ အမျိုးသား အမျိုးသမီးတွေ အပူမခံနိုင်ဘူး၊ အမလေး ပူလိုက်တာ၊ လောင်လိုက်တာဆိုပြီးတော့ အသားတွေပေါ်မှာ နေရထိုင်ရခက်လို့ အပူလောင်ပြီးတော့ ဒုက္ခတွေဖြစ်၊ အဖုတွေပေါက်၊ အပိန့်တွေ

http://www.dhammadownload.com



ထွက်၊ အဲ- ထီးလှူထားတဲ့ ကုသိုလ်ရှင်များကတော့ ဖြစ်လေရာ ဘဝသံသရာ စခန်း မဂ်ဖိုလ်နိဗ္ဗာန် သွားလမ်းမှာ ပူတဲ့ဒဏ်တွေကိုလည်း ခုခံကာကွယ်တွန်း လှန်နိုင်ခြင်းဆိုတဲ့ အကျိုးခံစားရတယ်တဲ့၊ အပြင်ဘက်က ရာသီဥတုက ပူပြီဆိုရင် ထိုအမျိုးသား အမျိုးသမီးရဲ့ ခန္ဓာကိုယ်ထဲမှာ အအေးဓါတ်က ချွေးအေးလေးက အဆီဓါတ်၊ အအေးလေးက၊ အသားဓါတ် အအေးက ခုခံပေးတယ်၊ ကမ္မဇရုပ် အအေးဓါတ်၊ ထီးကိုလှူဒါန်းခဲ့တဲ့ ကုသိုလ်ကနေ ခေါ်ပေးလိုက်တဲ့ ကမ္မဇရုပ် အအေးဓါတ်က အပြင်ဘက်က အပူဒဏ်ကိုတွန်းလှန်တယ်။ ရာသီဥတုက ပူနေပေမယ့်လို့ သူကချွေးလေးနဲ့ စိုလို့ အေးလို့ သူ့အသား အရေ စမ်းကြည့်လိုက် အေးလို့။

ဒီတော့ သူ့မှာ, ပူလိုက်တာ ဆိုတာလည်း မရှိဘူး၊ ပူတဲ့ဒဏ်ကိုလည်း ခုခံကာကွယ် နိုင်ခြင်းဆိုတဲ့ အကျိုးကိုရတယ်၊ ဒါ့ကြောင့် "ချမ်းပူမရှိလို့" ဆိုလိုက်တယ်၊ အချမ်းလည်း မရှိဘူး၊ အပူလည်း မရှိဘူးတဲ့ သူ့မှာ၊ အဲ့ဒီလို ပုဂ္ဂိုလ်တွေ လောကကြီးထဲ ပရိသတ် မရှိဘူးလား? ရှိပါဘုရား။ သူများတွေ ချမ်းလှပါတယ် စောင်တွေအထပ်ထပ်ခြုံ မီးတွေလုံ၊ ခြေဖျား လက်ဖျားအေးလို့ ကုပ်နေတဲ့ အချိန်မှာ အလုပ် မပျက်, အကိုင်မပျက် သွားလာလုပ်နေနိုင်တဲ့ သူတွေ မရှိဘူးလား? ရှိပါ ဘုရား။ သူများတွေ ပူလွန်းလို့ ဆိုပြီးတော့ အပူတွေလောင်, အဖုတွေထွက်, အပိန့်တွေထွက်, အပူဒဏ်တွေ ခံပြီးတော့ ဆင်းရဲဒုက္ခ ရောက်နေရတဲ့ အချိန်မှာ အသား အရေကအေးပြီး သဏ္ဍာလ အပူဒဏ် ခံနိုင်ပြီးတော့ အလုပ်မပျက် အကိုင်မပျက် ကျန်းမာရေး ကောင်းနေတဲ့သူတွေလဲ မရှိဘူးလား? ရှိပါဘုရား။ အဲဒါထီးလှူ ခဲ့တဲ့ ကောင်းမှုရဲ့ အကျိုးတဲ့။

ဟော (၃) နံပါတ်က "ရဇောဇလ္လံ န လိမ္ပတိ" တဲ့ ကြေးမတင်ဘူးတဲ့ သူ့ခန္ဓာ ကိုယ်ပေါ်မှာ ကြေးတွေ, ညှော်တွေ တင်လွယ်ခြင်းမရှိဘူး၊ တင်လေ့မရှိဘူး၊ တချို့ အမျိုးသား အမျိုးသမီးများကျတော့ ရေလေးတစ်ရက်, နှစ်ရက်, သုံးရက်, မချိုးလိုက်ဘူးဆိုရင် သူ့ခန္ဓာကြီး ကြေးတွေ တင်လာလိုက်တာ၊ နားထင် နားရင်း လည်း ကြေးတွေနဲ့ လည်ပင်းလည်း ချေးတွေကွက်ကျား၊ လက်ဖမိုး, ခြေဖမိုး ချေးတွေ၊ ခန္ဓာကိုယ်ရဲ့ အတွင်းကထွက်လာတဲ့ အဆီဓာတ်နဲ့ အပြင်ဘက်က ကျလာတဲ့ မြူမှုန်တွေနဲ့ ပေါင်းလိုက်တော့ သုံးလေးရက်လောက် ရေမချိုးရဘူးဆိုရင် ခန္ဓာကိုယ်ကြီး တစ်ခုလုံး ညှင်းသိုးသိုးဖြစ်၊ ကြေးတွေနဲ့ကွက်ကျားဖြစ်၊ ရုပ်တွေ အဆင်းပျက်၊ အလှပျက်၊ ဒီလိုလူတွေလည်း ပရိသတ်မရှိဘူးလား? ရှိပါဘုရား။

http://www.dhammadownload.com



ထီးလှူခဲ့တဲ့ ကောင်းမှုရှင်တွေ, ကုသိုလ်ရှင်တွေကျတော့ ရေဘယ်လောက် မချိုးရ မချိုးရ၊ အလုပ်တွေ ဘယ်လောက်များများ၊ ကြေးညှော်တွေ ကင်းပြီးတော့ ခန္ဓာကိုယ်သန့်ရှင်း ကြည်လင်ခြင်းဆိုတဲ့ အကျိုးကိုရကြတယ်. . . တဲ့၊ သူဘယ် အချိန် ကြည့်လိုက်ကြည့်လိုက် အသားအရေလေးတွေ ကြည်လို့, ရှင်းလို့, လင်းလို့၊ မျက်နှာလည်း ကြေးမတင်လွယ်ဘူး၊ နားထင် နားရင်း, လည်ပင်းလည်း ကြေးမတင် လွယ်ဘူး၊ လက်ဖမိုး, ခြေဖမိုးစတဲ့ နေရာတွေလည်း ကြေးမတင်လွယ်ဘူး၊ သူ့အသား အရေ ကြည့်လိုက်ရင် အမြဲတမ်း ကြည်လင်တောက်ပ စိုပြေပြီးတော့နေတယ်၊ အဲဒါထီးလှူခဲ့တဲ့ ကောင်းမှုရဲ့အကျိုး၊ ဘာပြုလို့တုန်းလို့ဆိုတော့ သူက ထီးလှူတုန်းက ဆိုပါတော့ သံဃာတော် အရှင်မြတ်တစ်ပါး ထီးလှူလိုက်တယ် ဆိုသည်နှင့် တစ်ပြိုင်နက်, သံဃာတော်အရှင်မြတ်က အဲဒီထီးလေးဆောင်း ပြီးသွားတော့၊ အဲဒီသူ သွားရာအရပ်မှာ အပေါ်ကကျနေတဲ့ အမှုံတွေ, အမွှားတွေ, ဖုံတွေ, သဲတွေ, အမှိုက်တွေ, သရိုက်တွေ, အကျမသက်သာဘူးလား? သက်သာပါဘုရား။ ထီးက ကာကွယ်ပြီးတော့ မပေးဘူးလား? ပေးပါဘုရား။

ထီးမပါဘူးဆိုရင် သံဃာတော်ကြွသွားတယ်ဆိုရင် အမှုံတွေထတဲ့ နေရာ၊ လှည်းတွေသွားလို့၊ ကားတွေနဲ့တွေ့လို့ ဖုံထပြီဆိုရင် အဲဒီဖုံတွေက သံဃာတော် အရှင်မြတ်ရဲ့ ခေါင်းပေါ်တို့၊ ကိုယ်ပေါ်တို့၊ တစ်ကိုယ်လုံး မပေဘူးလား ?၊ ပေပါ ဘုရား။ ထီးလေးနဲ့ ကာကွယ်ထားလိုက်တော့ အဲဒီဖုံတွေ ပေတာတွေ မသက်သာ ဘူးလား? သက်သာပါဘုရား။ အဲဒီလိုအားဖြင့် ထီးကိုလှူ ဒါန်းသော အမျိုးကောင်း သား အမျိုးကောင်းသမီးသည် သံဃာတော်အရှင်မြတ် အား ထီးကိုသာ လှူရာရောက်သည် မဟုတ်သေးဘဲနဲ့၊ အဲဒီ ထီးဖြင့် ကာကွယ်ပေးလိုက်လို့ ကျလာ မယ့် အမှုံတွေ, အမှိုက်တွေ, ဖုံတွေ, သဲတွေ အကျ သက်သာပြီးတော့ သံဃာတော် အရှင်မြတ်ရဲ့ အသားအရေတွေ ကြေးမပေ၊ ညှော်မပေဘဲ သန့်သန့်ရှင်းရှင်း, ကြည်ကြည် လင်လင်, တောက်တောက်ပပ သီတင်းသုံးရခြင်း ဆိုတဲ့ အကျိုး ကိုလည်း ရကြတယ် . . .၊ ရနိုင်တယ်၊ ဒါ့ကြောင့် -

* ချမ်း, ပူ, မရှိ ကြေးညှိမတင်,ဘေးရန်ပျောက်ပျက်၊ နှောတ်ယှက်ကင်းစင်။

ဟော- ထီးလှူခြင်းကြောင့်ရတဲ့ (၄) နံပါတ်အကျိုးက ဘာတုန်းဆိုတော့ အနှောက် အယှက်တွေ ကင်းပြီးတော့ ဘေးရန်အန္တရာယ်တွေ ကင်းတယ် . . . တဲ့၊ ရှိပြီးသား အနှောက်အယှက်တွေ အန္တရာယ်တွေလည်း ပျောက်သွားတယ်၊ နောက်ထပ်ရောက်လာမယ့် အန္တရာယ်တွေ ဘေးရန်တွေလည်းပဲ ကင်းသွား, ဝေးသွား, ကွယ်သွား, ပျောက်သွားပြီးတော့ ဘေးရန်အန္တရာယ် ကင်းပြီးတော့ အန္တရာယ်ကင်းခြင်းဆိုတဲ့ အကျိုးကို ရတယ်၊ ဘာပြုလို့ တုန်းဆိုတော့ ထီးလှူခဲ့လို့။

http://www.dhammadownload.com



ထီးလှူတာနဲ့ အန္တရာယ်ကင်းတာနဲ့ ဘယ်လိုဆိုင်တုန်းဆိုတော့ သံဃာတော် တစ်ပါးကို ကိုယ်ကထီးလေးလှူထားတော့ အဲဒီသံဃာတော်အရှင်မြတ် ထီးလေး ဆောင်း ပြီးသွားတယ်ဆိုရင် ဟိုကဒီက ကလေးတွေက စပြီးတော့ ဆော့တဲ့အနေနဲ့ ပစ်လိုက် ပေါက်လိုက်တဲ့ အပေါ် မြှောက်လိုက်တဲ့ ခဲတို့ အုတ်ခဲတို့ ဒုတ်တို့ ဒုတ်စတို့ ခေါင်းပေါ် မှာ ကျရောက်မယ့် ဘေးကကင်းဝေး စေတတ်တယ်. . . တဲ့၊ ထီးမပါဘူး ဆိုလို့ရှိရင် အနည်းဆုံး သစ်ပင်အောက်ဖြတ် သွားရင် သစ်ခက်ခြောက်တို့, သစ်ကိုင်းခြောက်တို့ ကျိုးကျပြီးတော့ ခေါင်းပေါက်, ထိပ်ပေါက်, ခေါင်းကွဲ မဖြစ်နိုင်ဘူးလား? ဖြစ်နိုင်ပါဘုရား . . ၊ ကလေးတွေ ဆော့တဲ့အနေနဲ့ ဟိုက ဒီက ခဲတို့, ဒုတ်တို့ ပစ်လိုက်, မြှောက်လိုက်တာတွေက ခေါင်းပေါ် လာကျပြီးတော့ အနာတရ ဒုက္ခမဖြစ်နိုင်ဘူးလား? ဖြစ်နိုင်ပါဘုရား၊

ထီးလေးဆောင်းပြီးသွားရတဲ့ အရှင်မြတ်များကျတော့ ထီးပေါ် ကျတော့ ကိုယ့်ခန္ဓာပေါ် မှာ ကျပြီးတော့ ထိပ်ပေါက်, ခေါင်းကွဲ ဖြစ်နိုင်သေးရဲ့လား? မဖြစ်နိုင်ပါဘုရား၊ အဲဒီလိုအားဖြင့် ကျရောက်လာမယ့် ဘေးအန္တရာယ် အသွယ်သွယ် နောက်ဆုံးတိရစ္ဆာန်တွေက သစ်ပင်အောက်တို့ ဖြတ်သွားပြီဆိုရင် ကျီးကန်း ဆိုတဲ့ သတ္တဝါတွေက အောက်က သံဃာပဲဖြတ်ဖြတ်, လူပဲ ဖြတ်ဖြတ် ဖြတ်ပြီဆိုမှဖြင့် ကျင်ကြီးစွန့်ချတတ်တယ်၊ အဲဒီလို တိရစ္ဆာန် သတ္တဝါတွေ မလိမ္မာ မလိမ်မိုး ဖြစ်ကြတဲ့ သတ္တဝါတွေရဲ့ စွန့်ပစ်လိုက်တဲ့ ကျင်ကြီးစတဲ့ အညစ်အကြေးတွေ ထီးမပါရင် ခေါင်းပေါ် မှာ ကျ၍သော်လည်းကောင်း၊ ကိုယ်ပေါ် မှာ ကျ၍သော်လည်းကောင်း မပေနိုင်ဘူးလား? ပေနိုင်ပါဘုရား၊ ထီးလေးဆောင်းပြီးတော့ သွားရတော့ အဲဒီ အညစ်အကြေး အန္တရာယ်အနှောက်အယှက်တွေ မကင်းဘူးလား? ကင်းပါ ဘုရား၊ အဲဒါကြောင့် ထီးလှူတဲ့ အမျိုးကောင်းသား၊ အမျိုး ကောင်းသမီးတွေ မှာ ဖြစ်လေရာ ဘဝသံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန် သွားရာလမ်းမှာ (၄) နံပါတ်အကျိုး အဖြစ်နဲ့ ဘေးရန်ပျောက်ပျက် နှောက်ယှက်ကင်းစင်တယ် . . . တဲ့၊

* ချမ်း, ပူ, မရှိ၊ ကြေးညှိမတင်၊ဘေးရန်ပျောက်ပျက်၊ နှောက်ယှက်ကင်းစင်၊ သားရေဝင်းဖန့်၊ နူးညံ့အစင်၊

ဟော- (၅) နံပါတ်က အသားအရေ ဝင်းဝင်းဖန့်ဖန့်၊ အသားအရေတွေ အရောင် တောက်သလိုဖြစ်လို့ သူ့ခန္ဓာကိုယ် အသားအရေတွေက, အသားဖြူ တာက အရောင်တောက် ပြီးတော့ ဖြူတာရှိတယ်၊ မွဲခြောက်ပြီးတော့ ဖြူတာရှိတယ်၊ အခုထီးလှူတဲ့ ကုသိုလ်ရှင်ရဲ့ အသားအရေက ဖြူပြန်ရင်လည်းပဲ သူကအရောင် တောက်ပြီး အရောင်လက်လက်ထ နေအောင် ဝင်းစိုပြီးတော့ဖြူတယ်၊

http://www.dhammadownload.com


ဒါအသားအရေ ဝင်းဖန့်၊ အသားညိုပြန်ရင်လည်း ညိုတဲ့အလျောက် ခြောက်ကောက်တောက်ကြီး မညိုဘူး၊ သူကစိုစိုပြေပြေနဲ့ အသားအရေဝင်းပြီး တော့ညိုတယ်၊ အဲဒါဘာဖြစ်လို့ ဒီအသားအရေ ဝင်းဖန့်တဲ့အကျိုး ရတာလဲဆိုတော့ ထီးလှူခဲ့လို့ပဲတဲ့၊

ထီးလှူခဲ့ကာနဲ့ အသားအရေ ဝင်းဝင်းဖန့်ဖန့်ဖြစ်တာနဲ့ ဘယ်လိုစပ်ဆိုင်တုန်းဆိုတော့ သံဃာတော်အရှင်မြတ်တစ်ပါး ထီးလှူ လိုက်တယ်ဆိုသည်နှင့် တပြိုင်နက်ထိုသံဃာတော်အရှင်မြတ်က အဲဒီထီးကို အသုံးပြုသွားသဖြင့် နေပူဒဏ်တွေကိုခံနိုင်ရည် ရှိပြီးတော့ အသားအရေတွေ အရောင်မပျက်ဖြစ်ရတယ်၊ မိုးရွာဒဏ်ခံနိုင်ရည် ရှိပြီးတော့ မိုးကြောင့် ဖြစ်လာမယ့် အသားအရေတွေ ပွရောင်းရောင်းဖြစ်မှာတွေ မဖြစ်ဘဲ ပကတိအတိုင်း တည်ရှိနေပြီးတော့ အကျိုးထူးခံစားရပါတယ်၊

ကဲထီးမပါဘူး ဆိုရင်ဘဲ သံဃာတော်အရှင်မြတ် ထီးမပါဘဲနဲ့ ကြွသွားလို့ရှိရင် နေပူပြီဆိုတော့ ခရီးရှည်ကြီးသွားရတော့ နေပူတွေမိပြီးတော့ အသားအရောင်တွေ ညိုပြီးတော့၊ ကွက်ပြီးတော့၊ မဲပြီးတော့ မလာတတ်ဘူးလား? လာတတ်ပါဘုရား၊ နေပူလောင်တဲ့ဘက်က ပခုံးတို့ မျက်နှာတို့မှာ နေပူတွေမိပြီးတော့ ညိုညစ်ညစ်တွေ ဖြစ်မလာတတ်ဘူးလား? ဖြစ်လာပါဘုရား။ အရောင်တွေ ညှိုးညှိုးမှိန်မှိန်ဖြစ်မလာတတ်ဘူးလား? ဖြစ်လာတတ်ပါ ဘုရား။ ထီးလေးဆောင်း ပြီးတော့သွားရတော့ အဲဒီနေပူမိနိုင်သေးရဲ့လား? မမိနိုင်ပါဘုရား။ အဲဒီနေပူမိခြင်းကြောင့်ဖြစ်မယ့် အသားအရေတွေ ညိုညိုညစ်ညစ် ဖြစ်ခြင်းဆိုတာ လာနိုင်သေးရဲ့လား? မလာနိုင်ပါဘုရား။

သို့မဟုတ် ထီးမပါဘဲနဲ့ မိုးရွာထဲကြွရလို့ရှိရင် မိုးတွေမိပြီးတော့ မိုးရေတွေကြောင့် အစိုဓာက်တွေ ပေါ်လာပြီးတော့ မျက်နှာလည်းပဲ ပွရောင်းရောင်းဖြစ်၊ လက်တွေခြေတွေလည်း ပဲစေ့ရေပွသလို ပွထလာ ပြီးတော့၊ ခြေထောက်တွေ၊ လက်တွေ၊ ရေစိုရေအေးမိပြီးတော့ အသားအရေတွေ ပျက်ယွင်းယိုယွင်းခြင်းဆိုတဲ့ ဆိုးကျိုး၊ ဆိုးပြစ်တွေ ပေါ်လာနိုင်တယ်။ အဲ ထီးလေးဆောင်းပြီးတော့ သံဃာတော်များ ကြွရလို့ရှိရင် မိုးဒဏ်ကိုလည်း မခံရ အပူဒဏ်ကိုလည်း မခံရသဖြင့် အသားအရေတွေ ဝင်းဝင်းဖန့်ဖန့်၊ ကြည်ကြည်လင်လင်၊ တောက်တောက်ပပနှင့် သီတင်းသုံး နိုင်ကြတယ်. . . တဲ့၊ ဒါကြောင့် အဲ့ဒီတူသောအကျိုးက ကိုယ့်ပြန်လာပြီးတော့၊ ထီးလှူတဲ့ အမျိုးသား အမျိုးသမီးမှာ ဖြစ်လေရာဘဝ အသားအရေ ဝင်းဝင်းဖန့်ဖန့် ဆိုတဲ့အကျိုးကို (၅)-နံပါတ်အကျိုးအဖြစ်နဲ့ ရကြတယ်။

http://www.dhammadownload.com



ဒါတင်ပဲလားဆိုတော့ မကသေးဘူး။ (၆)-နံပါတ်က သားရေဝင်းဖန့်၊ နူးညံ့လှတယ်၊ အသားအရေ စမ်းကြည့်လိုက်ရင်လည်း နူးညံ့လို့၊ နူးနူးညံ့ညံ့၊ ညက်ညက် ညောညောရှိလိုက်တာ၊ ဘာပြုလို့ နူးနူးညံ့ညံ့၊ ညက်ညက် ညောညော ဖြစ်တုံး၊ ထီးလှူခဲ့လို့ပဲ။ ထီးလှူတာနဲ့ နူးနူးညံ့ညံ့ ဖြစ်တာနဲ့ ဘယ်လိုဆိုင်တုန်း၊ ဆိုင်ပါသော်ကော. . . တဲ့၊ ထီးကိုအသုံး ပြုတဲ့ သံဃာတော်မှာ ထီးကိုအသုံးပြုခြင်းကြောင့် ခုနက နေပူဒဏ်တွေ, နေပူလောင်ဒဏ်တွေ မခံရ, မိုးစိုပြန်တော့ မိုးရေဒဏ်တွေကြောင့် စိုပွပွဖြစ်တဲ့ အသားအရေတွေမျိုး ဖြစ်မလာဘဲနဲ့ မိုးရေဒဏ်တွေကိုမခံရ အဲဒီလိုမခံရတော့ အသားအရေတွေ ပင်ကိုယ်, ပကတိအတိုင်း ညက်ညောချောမောပြီးတော့ နူးညံ့သိမ်မွေ့ပြီးတော့နေတယ်. . . တဲ့။

ဒါကြောင့်မို့လို့ ထီးကိုကိုယ်ကလှူလိုက်သည်နဲ့ တပြိုင်နက်၊ မြင်တာကတော့ ထီးတင်လှူလိုက်တာပဲ၊ ထီးတင်မကဘူးတဲ့ အပူဒဏ်ကိုကာကွယ်ပေးခြင်း၊ အအေးဒဏ်ကို ကာကွယ်ပေးခြင်း၊ ကျရောက်လာမည့် အညစ်အကြေးတွေကို သုတ်သင်ကာကွယ်ပေးခြင်း၊ ကျရောက်လာမည့် ဘေးရန်အန္တရာယ်ကို ဆီးတားပေးခြင်း။ အသားအရေ ဝင်းဝင်းဖန့်ဖန့် အရောင်ထွက်နေအောင် တောက်ပစေခြင်း၊ အသားအရေတွေ ကြမ်းကြမ်း, ထော်ထော် ဖြစ်မသွားပဲနဲ့ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ဖြစ်စေခြင်း။ နေပူဒဏ်မိတယ် မိုးရွာလို့ ရေအေး ဒဏ်မိတယ်ဆိုရင် အသားအရေတွေက ကြမ်းထော်သွားတတ်တယ်၊ အခုတော့ နေပူဒဏ်လည်းမခံရ၊ မိုးရွာဒဏ်လည်း မခံရတော့ အသားအရေ နူးနူးညံ့ညံ့နဲ့ နူးညံ့မြဲ နူးညံ့နေတတ်တာ မို့လို့-

* ချမ်း, ပူ မရှိ ကြေးညှိမတင်၊ ဘေးရန်ပျောက်ပျက်၊ နှောက်ယှက် ကင်းစင်၊
သားရေ ဝင်းဖန့်၊ နူးညံ့ အစဉ်၊ စင်ကြယ်စိတ်၊ ဆောင်းရိပ် ရွှေထီးရှင်။

ဟော (၇) နံပါတ်အကျိုးက-

မေ-ငါ၏၊ မေ-ထီးကိုလှူဒါန်းခဲ့ဖူးတဲ့ငါ၏၊ မာနသံ-စိတ်သည်၊ ဝိသဒံ-စင်ကြယ် သန့်ရှင်းအေးငြိမ်းခြင်းနဲ့ ပြည့်စုံရပါတယ်။ ထီးကိုလှူခဲ့တဲ့ ရဟန္တာအရှင်မြတ်က ပြန်ပြောနေ တဲ့စကား၊ ထီးလှူရခြင်းကြောင့် ငါ (၇) နံပါတ်မြောက်ရတဲ့ အကျိုးက ငါ့မှာလေ. . . တဲ့ အချိန် မရွေး စိတ်တွေအေးပြီး စိတ်တွေကြည်ပြီးတော့ စိတ်တွေသန့်ရှင်းပြီးတော့ နေရပါတယ်၊ စိတ်အေးလက်အေး ရှိလိုက်တာတဲ့၊ နေရထိုင်ရတာ အများအားဖြင့် စိတ်ချမ်းသာကိုယ် ချမ်းသာ၊ စိတ်အေးလက်အေး နေရပါတယ်၊ စိတ်ကြည်ကိုယ်ကြည် သမာဓိနဲ့ တည်ကြည် ပြီးတော့ နေနိုင်ပါတယ်။

http://www.dhammadownload.com



ဘာပြုလို့တုန်း ထီးလှူခဲ့လို့ . . .၊ ထီးလှူတာနဲ့ စိတ်ကြည်ကိုယ်ကြည် စိတ်အေး လက်အေးဖြစ်တာနဲ့ ဘယ်လိုဆိုင်တုန်းဆိုတော့၊ ဆိုင်ပါသော် ကောတဲ့၊ သံဃာတော် အရှင် မြတ်တစ်ပါးပဲဆိုပါတော့၊ ထီးမပါဘူး . . .၊ ထီးမဆောင်း ရဘူးဆိုရင် နေပူထဲသွားတဲ့အခါ နေပူမမိဘူးလား? မိပါဘုရား၊ နေပူမိရင် စိတ်ကဆင်းရဲမှာလား ချမ်းသာမှာလား? ဆင်းရဲမှာပါဘုရား၊ အမလေး ပူလိုက်တာ, ပူလိုက်တာ နေကလည်း ပူလိုက်တာဗျာ၊ ပူလိုက်တာဗျာနဲ့ စိတ်မဆင်းရဲဘူးလား?၊ ဆင်းရဲပါဘုရား။ သို့မဟုတ် ထီးမပါဘဲနဲ့ မိုးရွာထဲ သွားပြန်ရင်၊ သို့မဟုတ် နှင်းတွေ ဆီးတွေကျနေတဲ့ထဲ သွားရပြန်ရင် အအေးမိပြီးတော့ အအေးဒဏ်ကို မခံရဘူး လား?၊ ခံရပါဘုရား၊ အအေးဒဏ်ကိုခံရတဲ့ သံဃာရဲ့စိတ်မှာ ချမ်းသာမှာလား၊ ဆင်းရဲမှာလား?၊ ဆင်းရဲမှာပါဘုရား၊ စိတ်တွေလှုပ်ရှားနေမှာလား၊ ငြိမ်နေမှာလား?၊ လှုပ်ရှားနေမှာပါဘုရား။

အဲဒီလို အပူဒဏ်တွေ၊ အအေးဒဏ်တွေ ခံရပြီးတော့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေတော့ တရားနှစ်လုံးသွင်းနိုင်သေးရဲ့လား?၊ မသွင်းနိုင်ပါဘုရား၊ စာပေပရိယတ်တွေ တည်တည်ကြည်ကြည်နဲ့ အားထုတ်နိုင်သေးရဲ့လား?၊ အားမထုတ်နိုင်ပါဘုရား၊ စိတ်တွေ မဆင်းရဲရဘူးလား?၊ ဆင်းရဲပါဘုရား၊ အဲဒီတော့ စိတ်တွေ ငြိမ်သေးရဲ့လား?၊ မငြိမ် ပါဘုရား၊ ကိုင်း-ထီးလေးလှူတဲ့ ဒကာက လှူလိုက်ပြီ လှူတဲ့ ဒကာမက လှူလိုက်ပြီ ဆိုတော့ ထီးကို အသုံးပြုရတဲ့ အဲဒီသံဃာမှာ မိုးရွာထဲသွားသွား၊ နေပူထဲသွားသွား၊ ဒီထီးက အပူ ဒဏ်၊ အအေးဒဏ်တွေ ခုခံကာကွယ် ပေးလိုက်တော့ သူ့မှာ ပူလိုက်တာ, ပူလိုက်တာဆိုတဲ့ စိတ်လှုပ်ရှားမှု၊ စိတ်ဒုက္ခရောက်သေးရဲ့လား?၊ မရောက်တော့ပါဘုရား၊ စိတ်တွေငြိမ်မနေဘူးလား?၊ ငြိမ်ပါဘုရား၊ စိတ်တွေတည်မနေဘူးလား?၊ တည်ပါဘုရား၊ တရားနှလုံးသွင်းရင်း, သွားရင်းလာရင်း ထီးလေးဆောင်းပြီးတော့ သွားရင်းနဲ့ သွားတယ်, သွားတယ်, သွားတယ် ဟူ၍ ရှုမှတ်ပြီးတော့ သွားလို့ သမာဓိရရန် မရှုမှတ်နိုင်ဘူးလား?၊ ရှုမှတ်နိုင်ပါဘုရား။

အဲထီးမပါလို့ရှိရင် အပေါ်ကနေပူလို အပူဒဏ်ကခံရပြန်လို့၊ ဟာ- မိုးရွာ လို့အေးလို့၊ ဆီးနှင်းကျလို့အေးလို့ဆိုရင် ချမ်းလိုက်တာ, ပူလိုက်တာဆိုတဲ့ စိတ်တွေ လှုပ်ရှားပြီးတော့ ဒုက္ခပွားနေလို့ရှိရင်၊ စိတ်တည်ကြည်မှုဆိုတဲ့ သမာဓိ ရနိုင် သေးရဲ့လား?၊ မရနိုင်ပါဘုရား၊ စိတ်မတည်ကြည်လို့ရှိရင် ဝိပဿနာရှုလို့ ရပါသေးရဲ့လား?၊ မရပါဘုရား၊ အဲဒီတော့ ထီးလှူ လိုက်တဲ့ ကုသိုလ်ရှင်ဟာ၊ ကောင်းမှုရှင်ဟာ သံဃာတော် အရှင်မြတ်ကို ထီးသာမက စိတ်တည်ငြိမ် အေးချမ်း ခြင်းဆိုတဲ့ စိတ်တည်ကြည်မှု၊ စိတ်သန့်ရှင်းမှုကိုလည်း ပြုရာ မရောက် ဘူးလား?၊ ရောက်ပါဘုရား၊

http://www.dhammadownload.com


ဒါကြောင့်-

* ချမ်း, ပူ မရှိ ကြေးညှိမတင်၊ ဘေးရန်ပျောက်ပျက်၊ နောက်ယှက်ကင်းစင်၊ သားရေဝင်းဖန့်၊ နုညံ့အစဉ်၊ စင်ကြယ်စိတ်၊ ဆောင်းရိပ် ရွှေထီးရှင်။

ဟော (၈) နံပါတ် နောက်ဆုံးအကျိုးက "ဆောင်းရိပ်ရွှေထီးရှင်" . . . တဲ့၊ ထီးလှူ ရတဲ့ ကုသိုလ်ရှင်များ သံသရာစခန်း နိဗ္ဗာန်သွားလမ်းကြီး တစ်လျှောက်လုံးမှာ ထီးကဲ့သို့ အထက်တန်းစခန်းကနေပြီးတော့ သူတစ်ပါး အပေါ်မှာ လွှမ်းမိုးဩဇာသက်ရောက်ပြီးသကာလ အာဏာပိုင်စိုး တန်ခိုး ကြီးထွားတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်တတ်တယ်. . . တဲ့၊ ဖြစ်ကြတယ်၊ ထီးဆိုတဲ့အရာဝတ္ထုက ပရိသတ် အသုံးပြုတဲ့ အလှူခံပုဂ္ဂိုလ်ရဲ့ အထက်မှာ နေတာလား၊ အောက်မှာနေတာလား?၊ အထက်မှာ နေပါဘုရား။

ဒီတော့ ထီးကိုလှူတယ်ဆိုကတည်းက အထက်မှာ မြင့်မြတ်တဲ့ သံဃာ ရဟန်း ဆိုလည်း ခေါင်းပေါ်မိုး၊ အခုဆုတောင်းပြည့် အေးဘယ စေတီတော်မြတ်ကြီးကို ထီးတော်တင် လှူလိုက်တော့ အထက်မှာတင်တာလား၊ အောက်မှာတင်တာလား?၊ အထက်မှာတင်တာ ပါဘုရား၊ အထက်မှာ တင်တာလား၊ ဘေးမှာချိတ်တာလား?၊ အထက်မှာ တင်တာပါဘုရား၊ ဘုရားစေတီတော်မြတ်ကြီးရဲ့ အထွဋ်မြတ်ဆုံး အထက်မှာ မတင်ဘူးလား?၊ တင်ပါဘုရား၊ အဲဘုရားလှူတဲ့ထီး၊ ရွှေထီး, သံထီး, ကြေးထီး, အုဋ်ထီး, ကျောက်ထီး-ဘာထီးပဲဖြစ်ဖြစ် အထက်မှာ မတင်ဘူးလား?၊ တင်ရပါတယ်ဘုရား၊ အထက်ကလွှမ်း မနေဘူးလား?၊ လွှမ်းနေပါဘုရား။

သို့မဟုတ် သံဃာရဟန်း ထီးလှူတယ်ဆိုရင်လည်း မိမိလှူလိုက်တဲ့ ထီးက သံဃာ ရဟန်းရဲ့ ခေါင်းပေါ်မှာ မိုးမနေဘူးလား?၊ မိုးနေပါဘုရား၊ မိမိတို့အချင်းချင်း ဖဲထီး, ခေါက်ထီးစတဲ့ထီးတွေကို လှူဒါန်းပြန်ရင်လည်းပဲ အဲဒီအလှူခံပုဂ္ဂိုလ်တွေရဲ့ ခေါင်းပေါ်မှာ ဝဲမနေဘူးလား?၊ ဝဲနေပါဘုရား၊ မြင့်မြတ်တဲ့နေရာမှာ မနေဘူးလား?၊ နေပါဘုရား၊ ခန္ဓာကိုယ်တစ်ခုလုံးမှာ အမြင့်မြတ်ဆုံးကခေါင်းလို့ မသတ်မှတ်ဘူးလား?၊ သတ်မှတ်ပါဘုရား၊ အဲဒီခေါင်းရဲ့အပေါ်မှာ အုပ်မိုးပြီးတော့ ထီးက မနေဘူးလား?၊ နေပါဘုရား၊ အဲဒီလို မြင့်မြတ်တဲ့ထီး၊ အထက်တန်းကျတဲ့ထီး၊ အထက်က အုပ်မိုးရတဲ့ထီး၊ အဲဒီ ထီးအလှူကို လှူဒါန်းတဲ့အတွက်တဲ့ ဖြစ်လေရာ ဘဝသံသရာစခန်း, မဂ်ဖိုလ်နိဗ္ဗာန်သွားလမ်းမှာ "ဆောင်းရိပ်ရွှေထီးရှင်". . ဆိုတဲ့အတိုင်း အထက်တန်းစား အာဏာတန်ခိုးစိုးမိုးတဲ့ အမျိုးထဲမှာ ဖြစ်ရတယ်၊ အာဏာတန်ခိုးနဲ့ ပိုင်သတဲ့ မင်းစိုးရာဇာမျိုးမှာ ဖြစ်ရတယ်၊ မူးကြီး မတ်ကြီး သူဌေး သူကြွယ် ကုန်သည် လယ်လုပ်စတဲ့ အာဏာတန်ခိုး စိုးမိုးတဲ့နေရာမှာ ဖြစ်ရတယ်။

http://www.dhammadownload.com



ဖြစ်လေရာမှာလည်းပဲ သူများတွေ ထီးမရသော်လည်းပဲ သူမှာထီးတွေကို သုံး မကုန်အောင် ရကြခြင်းဆိုတဲ့ အကျိုးကို ခံစားရတယ်၊ မြင့်မြတ်တဲ့ ထီးများ ရလိုက်ပြီဆိုတော့ ထီးဖြူတို့, ရွှေထီးတို့ ဆောင်းရပြီဆိုတော့ ရှင်ဘုရင်ဖြစ်မသွား ဘူးလား?၊ ဖြစ်သွားပါဘုရား၊ အဲဒီလောက် မဟုတ်တောင်မှ မြင့်မြတ်တဲ့ထီး၊ သုံးစွဲတဲ့ထီးတွေ ပေါပေါများများ သုံးစွဲရတဲ့အပြင် အာဏာတန်ခိုး စိုးမိုးတဲ့အမျိုးထဲမှာ ဖြစ်ရတယ်. . . လို့ဆိုတဲ့ (၈) နံပါတ် ထီးလှူရခြင်းကြောင့်ရတဲ့ အကျိုး။

အဲဒီလိုအားဖြင့် ထီးကို လှူဒါန်းရခြင်းကြောင့် သံသရာစခန်း နိဗ္ဗာန်သွား လမ်းကြီး မှာ ဂုဏ်ထူးထွက်သလို သူတစ်ပါးထက် ထူးခြားတဲ့ အကျိုးထူး တရားကြီး (၈) ပါးကို ရှစ်ပါးလုံးကိုသော်လည်းကောင်း၊ ခွန်နှစ်ပါး၊ ခြောက်ပါး၊ ငါးပါး၊ လေးပါး၊ သုံးပါး၊ နှစ်ပါး၊ တစ်ပါးကိုသော်လည်းကောင်း ခံစားပြီးသကာလ မင်္ဂဖိုလ်နိဗ္ဗာန် ကျွတ်တမ်းဝင်ရာဝင်ကြောင်းဖြစ်တဲ့ ထီးလှူရတဲ့ကောင်းမှုကြီးကို ကြိုးပမ်း အားထုတ်ပြုလုပ်ကြခြင်းဖြင့် တရားပွဲကြီး ဆင်နွှဲကျင်းပ၍ ကြားကြားသမျှ လူတွေ နတ်တွေတရားတော်ကို နာယူတော်မူနိုင်ကြပါစေ၊ တရားတော်ကို သဒ္ဓါကြည်ဖြူ နာယူကြပြီးတော့ အသိဉာဏ်တွေ ပွားကြပါစေ၊ အသိဉာဏ် တွေ တိုးကြပါစေလို့ တရားတော်ကို လှူဒါန်းတဲ့ကောင်းမှုရှင် အနေနဲ့ကလည်း တရားတော် ကို ပေးလှူလိုက်ခြင်းဖြင့် အားလုံးသောတရားနာကြတဲ့ လူတွေ, နတ်တွေကို အသိဉာဏ် တရားတိုးပွား၊ စိတ်ကြည်နူးပြီးတော့ အသိဉာဏ်တွေ တိုးပွားစေတတ်တဲ့ အကျိုးတရား ကြီးကို ရစေဖို့ရာ ဆိုလိုက်စမ်းပါ-

* တရားနာလျှင်, သဒ္ဓါရှင်,ပညာအသိတိုး၊

တရားနာလျှင်၊ စိတ်ကြည်လင်၊ ပညာအသိတိုး၊

တရားနာလိုက်လို့ရှိရင် စိတ်ကလေးက ကြည်လင်မသွားဘူးလား?၊ ကြည်လင်ပါဘုရား၊ တရားမနာသေးဘူး၊ တရားမနာသေးခင်ကဆိုရင် သား အကြောင်းတွေးလိုက် သမီးအကြောင်းတွေးလိုက်၊ စီးပွားရေးအကြောင်း တွေးလိုက်၊ အရောင်းအဝယ်အကြောင်း တွေတွေးလိုက်နဲ့ လောဘ, ဒေါသတွေ မဝင်ဘူးလား?၊ ဝင်ပါဘုရား၊ သားအကြောင်း၊ သမီးအကြောင်းတွေးရင်းနဲ့ စိုးရိမ်စရာတွေ ဝင်လာ ရင် မစိုးရိမ်ဘူးလား?၊ စိုးရိမ်ပါဘုရား၊ ပူဆွေးစရာတွေ ဝင်လာရင်လည်း မပူဆွေးရဘူးလား?၊ ပူဆွေးရပါဘုရား၊ ဒါဖြင့် တရား မနာခင်က စိတ်ကလေးက ပူလို့ညစ်လို့, နောက်လို့, ဆိုတာ တရားနာလိုက်တဲ့ အချိန်မှာ တရားတော်ကို အာရုံစိုက်လိုက်တဲ့အချိန့်မှာပဲ အဲဒီသားနဲ့စပ်တဲ့ အပူတွေကင်း မသွားဘူးလား?၊ ကင်းသွားပါဘုရား၊ သမီးနဲ့စပ်တဲ့အပူတွေ ပျောက်မသွားဘူးလား? ပျောက်သွားပါ

http://www.dhammadownload.com



ဘုရား၊ စီးပွားရေး ကြီးပွားရေးနဲ့ပတ်သက်တဲ့အရေးတွေ မင်းရေး စိုးတာနဲ့ စပ်တဲ့အရာတွေ ရပ်ရေး ရွာရေးနဲ့စပ်တဲ့ အရာတွေ ငြိမ်းမသွားဘူးလား?၊ ငြိမ်းသွားပါဘုရား၊

" သိတာကျင့်မှ၊ မဂ်ဖိုလ်ရ၊ မုချ ကိုယ့်အကျိုး၊

ကိုင်း . . ဒီတော့ တရားတော်ကို နာယူလိုက်ခြင်းကြောင့် လက်ငင်းရတဲ့ စိတ်အပူ စင်ကြယ်ခြင်း၊ အသိဉာဏ်တိုးခြင်းဆိုတဲ့ အကျိုးနှစ်ပါး မရဘူးလား?၊ ရပါဘုရား၊ နောက်မှ ရမယ့်အကျိုးက ဒီတရားအတိုင်း ဆက်လက်ကျင့်ကြံ ကြိုးကုတ်အားထုတ်တော့ သုဂတိလို့ခေါ်တဲ့ လူ့ရွာ နတ်ထံ ချမ်းသာစံတဲ့အပြင် နောက်ဆုံး (၄) နံပါတ် နိဗ္ဗာန်ကို ဝင်ခြင်းဆိုတဲ့အကျိုး မရဘူးလား?၊ ရပါဘုရား၊ အဲဒီလိုအားဖြင့် (၁) နံပါတ်လက်ငင်း စိတ်အပူစင်ကြယ်ခြင်း၊ (၂) နံပါတ် အသိပညာတိုးစေခြင်း၊ (၃) နံပါတ် နောင်မှာရမယ့် အကျိုးဖြစ်တဲ့ လူ့ရွာနတ်ထံ ချမ်းသာစံတဲ့ သုဂတိဘုံရောက်ရခြင်း၊ (၄) နံပါတ်နိဗ္ဗာန်စခန်း ပေါက်ရောက်ရခြင်း၊ နိဗ္ဗာန်ဝင်ရခြင်း၊ နိဗ္ဗာန်ရခြင်းဆိုတဲ့အကျိုးထူးတရား လေးပါးကိုရစေ တတ်တဲ့ ဓမ္မဒါနအလှူကြီးကိုလည်းပဲ ဒီနေ့အလှူရှင် ဒေါ်ကြည်ခင်တို့ မိသားစုက မောင်နှမ တတွေက ပေးလှူပူဇော်ကြတဲ့ ကောင်းမှုကို ပြုလုပ်ကြခြင်းဖြင့် ဘာလုပ် နေကြတုန်းလို့ မေးရင် "တွင်းအောင်းကြွက်လို ကျင့်ဆောင်နေကြတယ်" . . . တဲ့၊ တွင်းအောင်းကြွက်လို ကျင့်နေကြတာတဲ့၊ ဘာလိုကျင့်နေတာတဲ့တုန်း?၊ တွင်းအောင်းတဲ့ ကြွက်လို ကျင့်နေတာပါ ဘုရား။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မဂ်ဖိုလ် နိဗ္ဗာန်ရကြောင်း, ရောက်ကြောင်း, ကောင်းမှုတွေ ပြုတတ်စေချင်လွန်းလို့ အို-နာ-သေဇာတ်နဲ့ အထပ်ထပ်ရစ်ပတ်နေတဲ့ ဒီသံသရာကြီးက မြန်မြန်လွတ်လပ် စေချင်လွန်းလို့ ဒကာ ဒကာမ တွေ နေထိုင်တဲ့ သံသရာကြီးက အို-နာ-သေဇာတ် အထပ်ထပ်ရစ်ပတ်နေတဲ့ နေရာကြီး၊ အို-နာ-သေတွေဟာ ဘဝတိုင်း, ဘဝတိုင်း မကြုံရဘူးလား?၊ ကြုံရပါဘုရား၊ ခုဒီဘဝလည်း အိုခြင်း, နာခြင်း, သေခြင်း လွတ်ရဲ့လား?၊ မလွတ်ပါဘုရား၊ နောင်ရှေးအတိတ်ကာလ ဘဝတွေဖြစ်ခဲ့တုန်း ကလည်း အိုခြင်း, နာခြင်း, သေခြင်း မကြုံခဲ့ရဘူးလား?၊ ကြုံခဲ့ရပါဘုရား၊ နောင်လည်း ရဟန္တာ ရဟန္တာမ မဖြစ်သေးသမျှ ဘဝတွေ အထပ်ထပ်လာသမျှ အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ ဒီဘေးကြီးသုံးပါး ပြေးလို့ လွတ်ပါ့မလား?၊ မလွတ်ပါဘုရား။

အဲဒီလို အို-နာ-သေဇာတ် အထပ်ထပ် ရစ်ပတ်နေတဲ့ (၃၁) ဘုံ သံသရာ ကြီးက မြန်မြန်လွတ်စေချင်လွန်းလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တရား

http://www.dhammadownload.com



ဒေသနာတော်တွေ ဟောတဲ့နေရာမှာ အမျိုးမျိုးသော ဥပမာတွေ, အမျိုးမျိုးသော ဥဒါဟရုဏ်တွေ ထုတ်ပြီးတော့ ဟောတော်မူတယ်၊ တစ်ခါတစ်ခါ ဆင်ကြီးနဲ့ ဥပမာပေးပြီး ဟောတယ်၊ တစ်ခါတစ်ခါကျတော့ ယုန်လေးနဲ့ ဥပမာပေးပြီးတော့ ဟောတော်မူတယ်၊ တစ်ခါတစ်ခါကျတော့ ကြွက်ကို ဥပမာ ပေးပြီး ဟောတော်မူတယ်၊ တစ်ခါတစ်ခါကျတော့ ကြောင်ကို ဥပမာပေးပြီးတော့ စသည်ဖြင့် အမျိုးမျိုးသော နည်းတွေနဲ့ တန်ဆာဆင်ပြီးတော့ ဟောတော်မူထဲ့အနက် ဒီနေ့ သံယုတ်ပါဠိတော် အင်္ဂုတ္တရပါဠိတော်မှာလာတဲ့ "မူသိကသုတ္တန်" တဲ့ ကြွက်ကို ဥပမာပေးပြီးတော့ ဟောတော်မူတဲ့တရား၊ ကြွက်ကို ဥပမာပေးပြီးတော့ ဘုရားက ဟောချင်တာဖြစ်တော့၊ အေး . . . ချစ်သားတို့ . . . ချစ်သမီးတို့ ကြွက်လေးမျိုး ရှိတယ်လို့ မှတ်ကြ . .၊ ကြွက်ဘယ်နှစ်မျိုးတဲ့တုန်း?၊ လေးမျိုးပါဘုရား။

လောကကြီးထဲမှာ ကြွက်တွေကတော့ အမျိုးအစား အများကြီးပေါ့၊ အိမ်ကြွက်, မြေကြွက်, ကြွက်ဝမ်းဖြူ, ကြွက်ဝမ်းမဲနဲ့ စသည်ဖြင့် ကြွက်တွေ လျှောက်ပြောလိုက်ရင် အမျိုးအစားတွေ အများကြီး၊ ဒါပေမယ်လို့ ကမ္ဘာလောကမှာ ရှိရှိသမျှ ကြွက်တွေကို လုပ်ပုံ ကိုင်ပုံ၊ နေပုံထိုင်ပုံ အမျိုးအစားနဲ့ခွဲရင် (၄) ပါးပဲရှိတယ်။ အဲဒီ (၄) ပါးက ဘာတွေတုန်းလို့ ဆိုတော့ နံပါတ် (၁) ကြွက်က ဖောက်အောင်း ကြွက် . . . တဲ့၊ ဖောက်အောင်းကြွက် တွင်းကို ဖောက်လည်းဖောက်တတ်တယ်၊ ဖောက်ထားတဲ့တွင်းထဲမှာလည်း အောင်းပြီးတော့ နေလေ့ရှိတယ်၊ အဲဒါကြောင့် နံပါတ် (၁) ကြွက်ကို ဖောက်အောင်းကြွက်လို့ ခေါ်တယ်၊ ဘာကြွက်တဲ့တုန်း ပရိသတ်?၊ ဖောက်အောင်းကြွက်ပါဘုရား။ တွင်းကိုလည်း ဖောက်တတ်တယ်၊ သူကမြေကြီးထဲမှာ တွင်းလေးဖြစ်သွားအောင် သူဖောက်တတ်တယ်။

ပါးစပ်ကလေးနဲ့ သွားလေးနဲ့ ကိုက်လိုက်ပြီးတော့ လက်ကလေးနဲ့ ယက်ယက်ပြီးတော့ မြေကြီးကို တွင်းတူးသွားလိုက်တာ တစ်တောင်လောက်၊ တစ်တောင်ထွာလောက် ရောက်ပြီဆိုတော့ အစတုန်းကတော့ အောက်ကို စောက်တူးသွားတာ အောက်ကို နက်အောင်တူးသွားတာ၊ တော်တော်လေး တူးမိပြီဆိုတော့ တဖြည်းဖြည်းနဲ့ ဘေးမျှောပြီးတော့ တူးသွားပြီးတော့ နောက်တစ်နေရာမှာ အပေါ်ပြန်တက်လာအောင် ဂယ်ပေါက်လုပ်ပြီးတော့ တူး၊ ဒါတွင်းတူးတတ်တဲ့ ကြွက်ရဲ့ ကြွက်တွင်း၊ ဒီဘက်အပေါက်က အန္တရာယ်လာရင် ဟိုဘက် ဂယ်ပေါက်က ထွက်သွားလို့ရတယ်၊ ဒီဘက်အပေါက်က ရေတွေဝင်လာရင် ဟိုဘက်အပေါက် ကထွက်ပြေးနိုင်အောင်၊ ဒီဘက်အပေါက်က ရန်သူမြွေတို့ ဘာတို့ဝင်လာရင် ဟိုဘက် အပေါက်က ထွက်ပြေးနိုင်အောင်၊ အဲဒီလိုတွင်းကို တူးလည်းတူး

http://www.dhammadownload.com



တတ်တယ်၊ ဖောက်လည်း ဖောက်တတ်တယ်၊ အဲဒီတွင်းထဲမှာလည်းပဲ အောင်းအောင်းပြီးတော့ နေလေ့ရှိတယ်၊ အစာရေစာစားချိန် လှည့်ပတ်ပြီးတော့ အပြင်ဘက်ထွက် အစာရေစာရှာစားပြီးရင် အစာဝပြီဆို သူ့တွင်းလေးထဲသူ ဝင်အောင်းပြီးတော့ နေလေ့ရှိလို့မို့ ဒီကြွက်ကို ဖောက်အောင်းကြွက်. . တဲ့၊ ဖောက်အောင်းကြွက်၊ ဒါနံပါတ် (၁) ကြွက်။

နံပါတ် (၂) ကြွက်က ဖောက်မအောင်းကြွက်၊ တွင်းတော့ ဖောက်တတ်တယ်၊ တွင်းထဲတော့ အောင်းပြီးတော့ နေလေ့မရှိဘူးတဲ့ သူက အပြင်ဘက်ကပဲ နေလေ့ရှိတယ်၊ အပြင်ဘက် သစ်မြစ် သစ်ကြားတို့, သစ်ပင်ပေါ်တို့, တန်းပေါ်တို့, ထုပ်ပေါ်တို့, ဟိုနံရံကြား, ဒီနံရံကြားတို့၊ အပြင်ဘက်မှာပဲ နေလေ့ရှိတယ်၊ တွင်းအောင်းလေ့ မရှိဘူး၊ တွင်းတော့ ဖောက်တတ်ပါတယ်၊ ဒါကြောင့် သူ့ကို ဖောက်မအောင်းကြွက်၊ ဘာကြွက်တဲ့တုန်း?၊ ဖောက်မအောင်းကြွက်ပါဘုရား။

(၃) နံပါတ်ကြွက်ကျတော့ မဖောက်အောင်းကြွက်၊ တွင်းတော့ မဖောက်တတ် ရှာဘူး သူက သို့သော် သူများဖောက်ထားတဲ့တွင်းကို ရှာပြီးတော့ အောင်းလေ့ရှိတယ်၊ အောင်ပြီးတော့ နေလေ့ရှိလို့မို့ မဖောက်အောင်းကြွက်၊ (၃) -နံပါတ်က မဖောက်အောင်း ကြွက်၊ ဘာကြွက်တဲ့တုန်း?၊ မဖောက်အောင်းကြွက်ပါဘုရား၊

(၄) -နံပါတ်ကျတော့ မဖောက်မအောင်းကြွက်၊ တွင်းလည်း မဖောက်တတ် ရှာဘူး၊ တွင်းထဲလည်း အောင်းပြီးတော့ နေလေ့မရှိလို့မို့ မဖောက်မအောင်းကြွက်၊ ဘာကြွက် ပါလိမ့်?၊ မဖောက်မအောင်းကြွက်ပါဘုရား၊ အဲဒီလိုအားဖြင့် ကြွက်လေးမျိုးလေးစား၊ နေပုံ ထိုင်ပုံ၊ လုပ်ပုံကိုင်ပုံကို စွဲပြီးတော့ ကြွက်လေးပါးရှိတယ်၊ ကြွက်လေးမျိုးရှိတယ်၊ အဲဒီကြွက် လေးမျိုးမှာ တွင်းဖောက်တတ်တာ၊ မဖောက်တတ်တာက ဒီလောက်အရေးမကြီးဘူး၊ တွင်းထဲအောင်းပြီးတော့နေခြင်း၊ မနေခြင်းပေါ် မူတည်ပြီးတော့ ဒုက္ခရောက်ခြင်း၊ ချမ်းသာခြင်းဆိုတဲ့ ကွာခြားချက်လာကြတယ်၊ ကွာခြားချက်ရှိရပါတယ်။

ဒီတော့ တွင်းထဲမှာအောင်းပြီးတော့ နေလေ့မရှိတဲ့ ကြွက်ကျတော့ အန္တရာယ်များတယ်၊ သူကတွင်းထဲမှာ အောင်းပြီးတော့ မနေဘူးဆိုတော့ ကြောင်ကြမ်း, ကြောင်ဆိုးနဲ့ မတွေ့လွယ်ဘူးလား?၊ တွေ့လွယ်ပါဘုရား၊ ကြောင်ကခုတ်ဖြတ်၊ ကိုက်ဖြတ်၊ နှိပ်စက် မှုဒဏ်ကို မခံရဘူးလား?၊ ခံရပါဘုရား၊ ခွေးကြမ်း ခွေးဆိုးတွေရဲ့ နှိပ်စက်မှုဒဏ်ကို လည်း မခံရဘူးလား?၊ ခံရပါဘုရား၊ လူကြမ်းလူဆိုးတွေရဲ့ဒဏ်ကိုလည်း မခံရဘူးလား?၊ ခံရပါဘုရား၊ မုဆိုးတံငါ

http://www.dhammadownload.com



လုပ်တဲ့သူတွေက ကြွက်တွေရှာဖမ်း၊ ဖမ်းစီးပြီးတော့ သတ်ဖြတ်၊ လှောင်ထဲထည့်၊ လှောင်သင့်တာတွေလှောင်ထား၊ သတ်တာတွေ သတ်ပြီးတော့–ရောင်းချ စားသောက်တော့ ကြောင်ကြမ်း ကြောင်ဆိုး၊ ခွေးကြမ်း ခွေးဆိုး၊ လူကြမ်း လူဆိုးစတဲ့ အန္တရာယ် အမျိုးမျိုးတွေဒဏ် မခံရဘူးလား?၊ ခံရပါဘုရား၊ ဆိုစမ်းပါ-

* **ဖေါက်အောင်း, မအောင်း၊ မဖေါက်အောင်း၊ မအောင်းကြွက်လေးမျိုး၊**
**အောင်းသည့်ကြွက်မှာ၊ ဘေးရန်ကွာ၊ ချမ်းသာ အမျိုးမျိုး။**

ဟော- တွင်းထဲအောင်းနေလေ့ရှိတဲ့ ကြွက်ကျတော့ ခုနက ကြောင်ကြမ်း ကြောင်ဆိုးက နှိပ်စက်နိုင်သေးရဲ့လား?၊ မနှိပ်စက်နိုင်ပါဘုရား၊ ခွေးကြမ်း ခွေးဆိုးက နှိပ်စက်မှုဘေးမှ မဝေးဘူးလား?၊ ဝေးပါဘုရား၊ လူကြမ်း လူဆိုး နှိပ်စက်မှုဘေးမှ မကင်းဘူးလား?၊ ကင်းပါဘုရား၊ နေရထိုင်ရတဲ့ အတွင်းလေးမှာ အသက်ရှည် သမ္မလေး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ နေမသွားရဘူးလား?၊ နေသွား ရပါဘုရား။

* **အောင်းသည့်ကြွက်မှာ၊ ဘေးရန်ကွာ၊ ချမ်းသာ အမျိုးမျိုး၊**
**မအောင်းကြွက်များ၊ ဘေးရန်ပွား၊ စပ်ခါး ဒုက္ခတိုး။**

အဲ- တွင်း မအောင်းတဲ့ကြွက်များကျတော့ ဘေးရန်တွေ ပေါ်လိုက်တာ၊ ခံရတဲ့ ဒုက္ခတွေကလည်း စပ်တဲ့အရသာရှိတဲ့ အစာတွေ စားရပြီး စပ်သလို၊ ခါးတဲ့အရသာရှိတဲ့ အစာတွေကို စားပြီးတော့ ခါးရသလို . . . စပ်တဲ့ခါးတဲ့ အရသာ ရှိတဲ့ အစာတွေ စားမိပြီတော့ စပ်ရ ခါးရတဲ့ ဒုက္ခတွေ ကြုံရသလို၊ ကြောင်ကြမ်း ကြောင်ဆိုး၊ ခွေးကြမ်း ခွေးဆိုး၊ လူကြမ်း လူဆိုးစတဲ့ အန္တရာယ်ဆိုးတွေကြောင့် ဒုက္ခအမျိုးမျိုးနဲ့ ကြုံပြီးတော့ ဒုက္ခမျိုးစုံ ဆုံရတယ် . . တဲ့၊ ဒါကြောင့်-

**အောင်းသည့်ကြွက်အသွင်၊ ဖြစ်စေချင်၊ မြတ်ရှင်ဥဒါန်းထိုး။**

ဒီတော့-ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေကို ဘုရားကိုယ်တော်မြတ် ကြီးက အေး . . . သင်ချစ်သားတို့ ချစ်သမီးတို့ မဂ်ဖိုလ်နိဗ္ဗာန် လျင်မြန်ဆောစွာရချင်ကြရင် နေရတဲ့ဘဝလေး ချမ်းချမ်းသာသာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှု များများနေချင်ကြရင် . . တွင်းအောင်းတဲ့ကြွက်လို ကျင့်ကြ . . .။ တွင်းအောင်းတဲ့ကြွက်လို ကျင့်ကြ၊ တွင်းအောင်းတဲ့ ကြွက်လို ကျင့်စေချင်လို့ ဘုရားကိုယ်တော်မြတ်က ဒီ မူသိကသုတ္တန်ဆိုတဲ့ တရားဒေသနာတော်ကြီးကို ပိဋကသုံးပုံထဲမှာ ထည့်ပြီးတော့ ဥဒါန်းထိုးထားခဲ့တာ။

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဘုရားကိုယ်တော်မြတ်ကြီးက တွင်းအောင်းတဲ့ကြွက်လို မဖြစ်စေချင်ဘူးလား?၊ ဖြစ်စေချင်ပါဘုရား၊ ကောင်းပြီ

http://www.dhammadownload.com



ဒါဖြင့် တပည့်တော်တို့ တွင်းအောင်းတဲ့ကြွက်လို ဖြစ်ရမယ်ဆိုတော့ ကြွက်တွင်းရှာပြီးတော့ အောင်းရမှာလားလို့ မေးစရာမရှိဘူးလား?၊ ရှိပါဘုရား၊ အဲဒီပကတိကြွက်တွင်း ပြောတာမဟုတ်ဘူးတဲ့ ဓမ္မတွင်းအောင်းရမှာ၊ ဘာတွင်း အောင်းရမှာပါလိမ့်?၊ ဓမ္မတွင်းပါဘုရား၊ ဓမ္မတွင်းထဲ အောင်းကြတဲ့၊ ဓမ္မတွင်းက ဘယ်နှစ်တွင်းရှိတုန်းဆိုတော့ သုံးတွင်း၊ ဒါနဓမ္မတွင်း၊ သီလဓမ္မတွင်း၊ ဘာဝနာ ဓမ္မတွင်း . . . လို့ဓမ္မတွင်းကြီး သုံးတွင်း၊ ဓမ္မတွင်းကြီး ဘယ်နှစ်တွင်း ပါလိမ့်?၊ သုံးတွင်းပါဘုရား၊ ဒီတော့ တပည့်တော်တို့ ဓမ္မတွင်းထဲအောင်းမယ်ဆိုတာ ဘယ်လို လုပ်တာတုန်း၊ ဘာလုပ်တာတုန်း၊ ဘယ်နားသွားပြီး ဘယ်လိုတွင်းထဲဝင်၊ ဘယ်နှယ့် လုပ်ရမှာတုန်းဆိုတော့၊ ဆို-

* ဒါနတရား, ကြိုးစားနေသူ၊ ကုသိုလ်ကိစ္စ.နေ့ညမဟူ၊
ဓမ္မတွင်းခေါင်း၊ ခိုအောင်းနေသူ၊ အပူငြိမ်း, အေးကိန်းဆိုက်မည့်သူ။

အဲ- ဒီနေ့လယ်ရွှေကြီး တောင်ပိုင်းရပ်ကွက်မှာ နေထိုင်ကြတဲ့ ဒကာဒကာမတွေ ဆုတောင်းပြည့်အေးဘယစေတီတော်မြတ်ကြီးကို နှစ်စဉ်နှစ်တိုင်းပူဇော်ပွဲဖြစ်တဲ့အတိုင်း ဗုဒ္ဓပူဇနီယပွဲကြီး ဆင်နွှဲကျင်းပတဲ့ အနေနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ပန်းတော်တွေ၊ ရေချမ်းတော်တွေ၊ ဆွမ်းတော်တွေ၊ သစ်သီးပွဲတွေ၊ မုန့်ပွဲတွေနဲ့ လှူဒါန်းပူဇော်ပြီးတော့နေတဲ့ အချိန် . . . ၊ ဒါနဆိုတဲ့ ဘုရားကို လှူဒါန်းပူဇော်တဲ့ ကောင်းမှုကြီး ပြုနေတဲ့အချိန်, ဒါနတွင်း ခေါင်းကြီးထဲ အောင်းတဲ့အချိန်လား၊ မအောင်းတဲ့အချိန်လား?၊ အောင်းတဲ့အချိန်ပါဘုရား၊ ဘုရားအလောင်း သူတော်ကောင်းကြီး ဒါနဆိုတဲ့ ဓမ္မတွင်းခေါင်း အောင်းသွားတာလား၊ မအောင်းခဲ့တာလား?၊ အောင်းသွားတာပါဘုရား၊ အဲဒီလိုအောင်းသွားလို့ ဘုရားအလောင်း သူတော်ကောင်းကြီး ဒီနေ့အပူတွေ ငြိမ်းပြီးတော့ အေးကိန်းကြီး ဆိုက်မသွားဘူးလား?၊ ဆိုက်သွားပါဘုရား၊ ဘုရားကိုယ်တော်မြတ်ကြီး နိဗ္ဗာန်ဝင်ပြီးတော့ ပရိနိဗ္ဗာန် စံမသွားဘူးလား?၊ စံသွားပါဘုရား၊ အဲဒါ အပူငြိမ်း အေးကိန်းကြီးဆိုက်သွားဆိုတာ အဲဒါ ပြောတာ။

ဘာပူတွေ ငြိမ်းသွားတုန်းဆိုတော့ ကိလေသာပူတွေ ငြိမ်းမသွားဘူးလား?၊ ငြိမ်းသွားပါဘုရား၊ မီးဆယ့်တစ်မီးလို့ခေါ်တဲ့ ကိလေသာတွေ အိုခြင်းအမျိုးမျိုး၊ နာခြင်းအမျိုး မျိုး၊ သေခြင်းအမျိုးမျိုး၊ အပူတွေ ငြိမ်းမသွားဘူးလား?၊ ငြိမ်းသွားပါဘုရား၊ အိုခြင်း အမျိုးမျိုးဆိုတဲ့ ဆံဖြူ နားထိုင်း ခါးကိုင်း သွားကျွေဆိုတဲ့ အိုခြင်းအမျိုးမျိုးက အပူတွေလား အအေးတွေလား?၊ အပူတွေပါဘုရား၊ အိုခြင်း ဒုက္ခခန္ဓာကိုယ်ပေါ်ရောက်လာရင် ချမ်းသာ ကြတာလား၊ ဆင်းရဲကြတာလား?၊ ဆင်းရဲကြတာပါဘုရား၊ ပူကြရတာလား၊ ရွှင်ရွှင်ပြုံးကြရ တာလား?၊ ပူကြရတာပါဘုရား၊ ဒီတော့ အိုခြင်းအမျိုးမျိုးဟာ အပူမီး ဖြစ်မနေဘူးလား?၊ ဖြစ်နေပါဘုရား။

http://www.dhammadownload.com



နာခြင်းအမျိုးမျိုးဆိုတဲ့ ကိုးဆယ့်ခြောက်ဖြာ ကိုးဆယ့်ရှစ်ဖြာ ဘေးရောဂါ, နာတာရှည် နာတာတိုတွေဟာ အပူဓါတ်တွေလား၊ အအေးဓါတ်တွေလား?၊ အပူဓါတ် တွေပါဘုရား၊ မီးတွေလား၊ ရေတွေလား?၊ မီးတွေပါဘုရား။ သေခြင်း အမျိုးမျိုးဆိုတဲ့ ရေနစ်သေခြင်း၊ မီးလောင်သေခြင်း၊ အဆိပ်သင့်သေခြင်း၊ သစ်ပင်ပေါ်က ကျသေခြင်း၊ လက်နက်ဒုတ်ဓါးနဲ့ သေခြင်းဆိုတဲ့ သေခြင်းအမျိုးမျိုး ဒုက္ခကလည်းပဲ အပူတွေလား၊ အအေးတွေလား?၊ အပူတွေပါဘုရား၊ ဘုရား ကိုယ်တော်မြတ်ကြီး အဲဒီအပူတွေ ငြိမ်းမသွားဘူးလား?၊ ငြိမ်းသွားပါဘုရား၊ ငြိမ်းသွားပြီးတော့ နိဗ္ဗာန်ဆိုတဲ့ အေးကိန်းကြီး ဆိုက်မသွားဘူးလား?၊ ဆိုက်သွား ပါဘုရား၊ နိဗ္ဗာန်ဆိုတာ အေးငြိမ်းတဲ့ဓါတ်ကြီးကို ခေါ်တာ၊ အဲဒီအပူတွေ အကုန်ငြိမ်း ပြီးတော့ အေးကိန်းကြီးဆိုက်နေတာ၊ ဒါ နိဗ္ဗာန်ရသွားတယ်ခေါ်တာ။

ဒီတော့ ဘုရားအလောင်း သူတော်ကောင်းကြီး ဒါနစမ္မတွင်းခေါင်းကြီးထဲ အောင်းသမျှ အပူငြိမ်းပြီးတော့ အေးကိန်းကြီး ဆိုက်သလို . . .၊ ဒီနေ့ မန္တလေးမြို့ ဒေးဝန်းအနောက် လယ်ရွှေးကြီး တောင်ပိုင်းမှာ နေထိုင်ကြတဲ့ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတွေ ဘုရားပူဇော်, တရားပူဇော်, သံဃာပူဇော်တဲ့ ကုသိုလ်ကောင်းမှုကို ကြိုးပမ်းအားထုတ် ပြုလုပ်နေတဲ့ ဒါနစမ္မတွင်းခေါင်းကြီးထဲ အောင်းနေတဲ့ ဒကာ ဒကာမ တွေလည်း အပူငြိမ်းမယ့်သူတွေလား၊ မငြိမ်းမယ့်သူ တွေလား?၊ ငြိမ်းမယ့်သူတွေပါဘုရား၊ အေးကိန်းကြီးဆိုက်မယ့်သူတွေလား၊ မဆိုက်မယ့်သူတွေလား?၊ ဆိုက်မယ့်သူတွေပါဘုရား၊ ကဲ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အပူငြိမ်းချင်ကြတာလား၊ အပူကိန်းချင်ကြတာလား?၊ အပူငြိမ်းချင်ကြ တာပါဘုရား၊ အပူငြိမ်းချင်ရင် စမ္မတွင်းခေါင်း အောင်းရမှာလား။ မအောင်း ရမှာလား?၊ အောင်းရမှာပါဘုရား၊ ဒါနခေါ်တဲ့ စွန့်ကြဲပေးကမ်း လှူဒါန်းမှု စမ္မတွင်းခေါင်းကြီး ထဲ နေ့တိုင်းအောင်းဖို့ မလိုဘူးလား?၊ လိုပါဘုရား။

အခုလိုဘုရားပွဲကြီး ဆင်နွှဲကျင်းပပြီးတော့ အထူးတလည် စုပေါင်းညီညာ ကျင်းပ ပူဇော်ပြီးတော့ အောင်းတာက တစ်မျိုးပေါ့၊ ကိုယ့်အိမ်ကိုယ် . . .၊ နေ့စဉ်နေ့စဉ် ကိုယ့်အိမ် ဦးခန်းမှာ သီတင်းသုံးနေတဲ့ ဘုရားကိုယ်တော်မြတ်ကြီး မရှိဘူးလား?၊ ရှိပါဘုရား၊ အဲဒီ ဘုရားကိုယ်တော်မြတ်ကြီးကို မိမိတစ်နေ့ နှစ်ထပ်စားနေတဲ့အထဲက မနက်စားတဲ့ စားဦး စားဖျားကို တင်လှူပူဇော်ပြီး တော့နေ တဲ့ အမျိုးသား အမျိုးသမီး ဒါနတွင်းခေါင်း အောင်းတဲ့သူလား၊ မအောင်းတဲ့သူလား?၊ အောင်းတဲ့သူပါဘုရား၊ ဒါနတွင်းခေါင်း နေ့စဉ် အောင်းခဲ့ရင် အပူငြိမ်းမယ့်သူလား၊ မငြိမ်းမယ့်သူလား?၊ ငြိမ်းမယ့်သူပါဘုရား။ အေးကိန်းကြီး ဆိုက်မယ့်သူလား၊

http://www.dhammadownload.com



မဆိုက်မယ့်သူလား?၊ ဆိုက်မယ့်သူပါဘုရား၊ ဒါဖြင့် ကိုယ့်ကိုယ်ကို ငါဒီနေ့ တွင်းခေါင်းအောင်းမိရဲ့လား၊ မအောင်းမိဘူးလားလို့ မမေးရပေဘူးလား?၊ မေးရပါဘုရား။

စားဦး စားဖျားလေးတောင် ဘုရားဆွမ်းတော်တင်ဖို့ရာ အချိန်မရလိုက်ဘူး၊ သတိ မရလိုက်ဘူး၊ သားရေး သမီးရေးနဲ့ ပြေးရ လွှားရ၊ စီးပွားရေးတွေနဲ့ ရှုပ်ထွေး၊ ရပ်ရေး ရွာရေးတွေနဲ့ ပြေးလိုက် လွှားလိုက်နဲ့ တစ်နေ့လုံး . . . နေလို့မှ ဒါနကောင်းမှုတစ်ခုမှ မပြုမိ၊ ဘုရားတောင် ပန်းလေးတစ်ပွင့် ရေလေးတစ်မုတ် မလှူမိဘူး ဆိုရင်ဘဲ ဒီအမျိုးသား အမျိုးသမီး ဒါနတွင်းခေါင်း အောင်းတဲ့သူလား၊ မအောင်းတဲ့သူလား?၊ မအောင်းတဲ့သူပါဘုရား၊ တွင်းထဲမှာ မအောင်းနိုင်လို့ရှိရင် ဘေးရန်နဲ့ တွေ့မယ့်သူလား၊ မတွေ့မယ့်သူလား?၊ တွေ့မယ့်သူပါဘုရား။ တွင်းအောင်းတဲ့ကြွက်နဲ့ သွားမတူဘူးလား?၊ တူပါဘုရား။

ဒီတော့ ဒီနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက တွင်းအောင်းတဲ့ ကြွက်လိုကျင့်ရမှာလား၊ မအောင်းတဲ့ကြွက်လို့ ကျင့်ရမှာလား?၊ တွင်းအောင်းတဲ့ကြွက်လို့ ကျင့်ရမှာပါဘုရား။ မြတ်စွာဘုရားက တွင်းအောင်းတဲ့ကြွက်လို ကျင့်စေချင်တာလား၊ မအောင်းတဲ့ကြွက်လို့ ကျင့်စေချင်တာလား?၊ တွင်းအောင်းတဲ့ ကြွက်လို ကျင့်စေချင်တာပါ ဘုရား။ ဒီတော့ ကိုယ့်ကိုယ်ကို ဒါနတွင်းခေါင်း နေ့စဉ်အောင်းမိအောင် သတိပြုဖို့ မလိုဘူးလား?၊ လိုပါဘုရား၊

ဒါနတင်ဘယ်ကမတုန်း . တဲ့၊ သီလလည်း ဓမ္မတွင်းခေါင်းပဲ၊ ဒါကြောင့်-

* သီလတရား၊ ကြိုးစားနေသူ၊ ကုသိုလ်ကိစ္စ,နေ့ညမဟူ၊
ဓမ္မတွင်းခေါင်း, ခိုအောင်းနေသူ၊ အပူငြိမ်း, အေးကိန်းဆိုက်မည့်သူ။

ငါးပါးသီလ မပျက်စီးရအောင် နေ့စဉ်နေ့စဉ် သားစာ သမီးစာ ရှာကျွေးရင်းနဲ့၊ ငါးပါးသီလ မပျက်အောင် ငါထိန်းမယ် . . . လို့ ထိန်းထားတဲ့ အမျိုးသား၊ အမျိုးသမီး ဓမ္မတွင်းခေါင်း အောင်းတဲ့သူလား၊ မအောင်းတဲ့သူလား?၊ အောင်းတဲ့သူပါဘုရား၊ ငါးပါးသီလ မပျက်စေရဘူး၊ တတ်နိုင်သေးရင် ရှစ်ပါး၊ ကိုးပါး သီလတွေ စောင့်ထိန်းလို့၊ ဒီထက် တတ်နိုင်သေး ရင် ဒုလ္လဘ သီလရှင်ဝတ်ပြီး တော့၊ ဒုလ္လဘ သာမဏေတွေပြုပြီးတော့၊ ဒုလ္လဘရဟန်းတွေ ဝတ်ပြီးတော့၊ ကုဋေကိုးထောင်ကျော် သိက္ခာသီလတွေကို ထိန်းခြင်းဖြင့် သီလတွင်းခေါင်း အောင်းလို့၊ ဒါက ဝါရိတ္တသီလ၊ ရှောင်ရမယ့်သီလကို ရှောင်တာလည်း သီလတွင်းခေါင်း အောင်းတာပဲ၊ ငါးပါး သီလကို ဝါရိတ္တသီလလို့ ခေါ်တယ်၊ ရှောင်ရ မယ့် သီလရှောင်၊ ရှောင်မှ ကုသိုလ်ဖြစ် တယ်သူက၊ သူ့အသက်သတ်တာကို ရှောင်လိုက်မှ ကုသိုလ်ဖြစ်တာ၊ သူ့ဥစ္စာ ခိုးတာ ရှောင်လိုက်မှ ကုသိုလ်ဖြစ်မယ်၊ ဒါ့ကြောင့် ရှောင်သီလ။

http://www.dhammadownload.com



ဆောင်သီလဆိုတာကျတော့ မရှောင်ရဘူး၊ သူကကျင့်ရတယ်၊ အဲဒါ ဘယ်သီလမျိုး တုန်းဆိုတော့ ခုဘုရားပွဲကြီး ကျင်းပတော့ ဗုဒ္ဓဝေယျာဝစ္စတွေဝိုင်း မပြုရဘူးလား?၊ ပြုရပါဘုရား၊ သံဃာတော်တွေ ဆွမ်းလောင်းနိုင်ဖို့ရာအတွက် ချက်တဲ့သူကချက်၊ ပြုတ်တဲ့ သူကပြုတ်၊ နေရာခင်းတဲ့သူကခင်း၊ ပြင်တဲ့သူကပြင်၊ မဏ္ဍပ်ဆောက်တဲ့သူက ဆောက် မလုပ်ရဘူးလား?၊ လုပ်ရပါဘုရား၊ အဲဒီလို ဗုဒ္ဓဝေယျာဝစ္စ, ဓမ္မဝေယျာဝစ္စ, သံဃာ့ ဝေယျာဝစ္စ, ဆရာသမား ဝေယျာ ဝစ္စကိစ္စကြီးငယ်တွေကို ပြုတာ သီလကုသိုလ်. . . တဲ့၊ သီလတွင်းခေါင်း အောင်း တာ၊ ဒီတော့ အဲဒီသီလကျတော့ မရှောင်ရဘူး၊ ဆောင်ရတာ၊ ရှောင်လိုက်ရင် ကုသိုလ် မဖြစ်ဘူး၊ သူများတွေလုပ်လိမ့်မပေါ့၊ ငါမပါချင်ဘူး၊ ငါမလုပ်ချင်ဘူး ဆိုချောင်သွားအိပ်နေတဲ့သူ၊သီလတွင်းခေါင်းအောင်းတဲ့သူလား မအောင်းတဲ့ သူလား?၊ မအောင်းတဲ့သူပါဘုရား၊ သီလတင်မကဘူး၊ ဘာဝနာလည်း ဓမ္မတွင်းခေါင်းပဲ၊ဆို---

* ဘာဝနာတရား, ကြိုးစားနေသူ၊ ကုသိုလ်ကိစ္စ, နေ့ညမဟူ၊
ဓမ္မတွင်းခေါင်း, ခိုအောင်းနေသူ၊ အပူငြိမ်း၊ အေးကိန်းဆိုက်မည့်သူ။

ဘာဝနာဆိုတော့ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ နှစ်ပါး။ သမထ ဘာဝနာ လေးဆယ်ရှိတဲ့အနက်က အနည်းဆုံး ဗုဒ္ဓါနုဿတိနဲ့ မေတ္တာလို့ဆိုတဲ့ တွင်းခေါင်းနှစ်ခေါင်း တော့ အောင်းထိုက်တယ်၊ ဗုဒ္ဓါနုဿတိဆိုတာ "ညအိပ်ရာဝင်, ဘုရားရှင်, ဦးတင်လက်အုပ်ချီ ရတယ်" ဆိုတဲ့အတိုင်း အိပ်ရာဝင်ပြီဆိုရင် အနည်း ဆုံး ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်တွေ အာရုံပြုပြီးတော့ လက်အုပ်ချီမိုး ရှိခိုးကန်တော့ ဗုဒ္ဓဂုဏ်တွေကို ပွားပြီးတော့နေတဲ့ အမျိုးသား အမျိုးသမီး၊ ဗုဒ္ဓါနုဿတိသမထ ကမ္မဋ္ဌာန်း စီးဖြန်းနေတဲ့အချိန်၊ ဘာဝနာ ဓမ္မတွင်းခေါင်း အောင်းနေတဲ့သူလား၊ မအောင်းတဲ့သူလား?၊ အောင်းနေတဲ့သူပါဘုရား၊ ညအိပ်ယာ ဝင် ဘုရားရှင်ကို လက်အုပ်ချီမိုး ရှိခိုးကန်တော့အိပ်လိုက်ခြင်းဖြင့် သူဘုရားဂုဏ်ကို အာရုံပြုသတိရတဲ့ ဗုဒ္ဓါနုဿတိဘာဝနာ တွင်းခေါင်းထဲအောင်း ပြီးတော့ မအိပ်ဘူးလား?၊ အိပ်ပါဘုရား၊ အဲဒီလိုတွင်းခေါင်းအောင်းအိပ် သွားတဲ့သူဟာ တွင်းခေါင်းအောင်းတဲ့အတွက် အန္တရာယ်ကင်းသလို. . . သူ့မှာလည်းပဲ အိပ်မက်ဆိုးတောင် မမက်. . . တဲ့၊ ညမှာ အိပ်မက်ဆိုးတွေမက် လန့်ဖြန့် ယောင်အော်ဆိုတာ အန္တရာယ်တစ်မျိုးပဲ၊ ဗုဒ္ဓဆိုတဲ့ဘုရား လှိုင်ခေါင်း, တွင်းခေါင်းကို အောင်းပြီးတော့ မအိပ်မိရင် အိပ်မက်ဆိုးတွေမက် လန့်ပြီးတော့ အော် ဘီလူးစီးတယ် သရဲစီးတယ်ဖြစ်နဲ့ အန္တရာယ်အမျိုးမျိုးတွေ မကြုံတတ်ဘူးလား?၊

http://www.dhammadownload.com



ကြုံတတ်ပါဘုရား။ ဒီတော့ဘုရားလှိုင်ခေါင်း အောင်းပြီးတော့ အိပ်ဖို့ မလိုအပ်ဘူးလား?၊ လိုအပ်ပါဘုရား။

"အိပ်ယာနိုးလျှင်, ဘုရားရှင်, ဦးတင်လက်အုပ်ချီရတယ်" ဆိုတဲ့အတိုင်း မနက် အိပ်ယာက ဖျတ်ခနဲ နိုးသည်နဲ့ တပြိုင်နက် နဖူးပေါ် လက်အုပ်တင်ပြီးတော့ ဘုရားဂုဏ် တစ်မျိုးမျိုး အာရုံပြုရှိခိုးကန်တော့ပြီးတော့ နိုးလာတဲ့ အမျိုးသား အမျိုးသမီး တွင်းခေါင်း အောင်းတဲ့သူလား မအောင်းတဲ့သူလား?၊ အောင်းတဲ့သူပါဘုရား၊ တွင်းခေါင်းအောင်းခဲ့ရင် အန္တရာယ်ကင်းမှာလား အန္တရာယ်တိုးမှာလား?၊ အန္တရာယ်ကင်းမှာပါဘုရား။ ဒါ့ကြောင့် ဗုဒ္ဓါနုဿတိ ဆိုတဲ့ သမထကမ္မဋ္ဌာန်း။

အဲ့ဒီကတစ်ဆင့် တက်ပြီးတော့ မေတ္တာလို့ခေါ်တဲ့ သဗ္ဗေသတ္တာ ကျမ်းမာကြပါစေ၊ ချမ်းသာကြပါစေလို့. . . ကိုယ့်အိမ်ကစပြီးတော့ စကြာဝဠာ အနန္တတိုင်အောင် ကိုယ့်အိမ်တွင်း ရှိတဲ့သူတွေကစပြီး တစ်ဖြေးဖြေး ကိုယ့်ရပ်ကွက်ထဲရှိတဲ့သူတွေ၊ ကိုယ့်မြို့တွင်းရှိတဲ့သူတွေ ကိုယ့်နိုင်ငံတွင်းရှိတဲ့သူတွေ၊ ကိုယ့်တိုင်းပြည်တွင်း ကိုယ့်နိုင်ငံတွင်းကစပြီး ကမ္ဘာလောက စကြာဝဠာအနန္တ ရှိသမျှသတ္တဝါတွေလို့ ကျဉ်းရာကနေကျယ် တစ်ဝါရ၊ ဟာ-စကြာဝဠာ အနန္တရှိတဲ့ သတ္တဝါတွေ ကျမ်းမာ ချမ်းသာကြပါစေလို့ ကျယ်ရာကနေပြီးတော့ ကိုယ့်အိမ် မိသားစုအထိ အကျဉ်းရောက်အောင်တစ်ဝါရ၊ အဲဒီလို တစ်နေ့နှစ်ဝါရလောက်တော့ အနည်းဆုံး မေတ္တာဘာဝနာပွားပြီးတော့နေတဲ့ အမျိုးသားအမျိုးသမီး ဓမ္မတွင်းခေါင်း အောင်းတဲ့သူလား မအောင်းတဲ့သူလား?၊ အောင်းတဲ့သူပါဘုရား။ ဓမ္မတွင်းခေါင်းအောင်းရင် အန္တရာယ်ကင်းမှာလား အန္တရာယ်များမှာလား?၊ အန္တရာယ်ကင်းမှာပါဘုရား။

သမထဘာဝနာ တွင်းခေါင်းအောင်းသလို ဝိပဿနာဘာဝနာ တွင်းခေါင်းလည်း အောင်းတဲ့အနေနဲ့ ဝိပဿနာရှုပွားပြီးတော့ နေတဲ့အမျိုးသား အမျိုးသမီး၊ ငါးမိနစ်ပဲတတ်နိုင် တတ်နိုင်၊ ဆယ်မိနစ်ပဲတတ်နိုင် တတ်နိုင် ပွားများနေတဲ့ အမျိုးသား အမျိုးသမီး၊ ဆယ်ရက် စခန်း၊ တစ်လစခန်း၊ သုံးလစခန်း၊ တစ်နှစ်စခန်း၊ ဝင်ခွင့်ရလို့ဝင်နေတဲ့ အမျိုးသား အမျိုးသမီး၊ ဝိပဿနာဘာဝနာ လုပ်အားတိုးနေတဲ့ အမျိုးသား အမျိုးသမီး၊ ဘာဝနာဓမ္မ တွင်းခေါင်းအောင်း နေတဲ့သူလား မအောင်းတဲ့သူလား?၊ အောင်းနေတဲ့သူပါဘုရား။ ဒါဖြင့် ဝိပဿနာ နေ့စဉ်ရှုပွားဖို့လည်း မလိုဘူးလား?၊ လိုပါဘုရား။

ဝိပဿနာရှုပွားတယ်ဆိုတော့ တခြားလျှောက်ကြည့်ရမှာ မဟုတ်ဘူး ဝိပဿနာ ဆိုတာ အပြင်မကြည့်ရဘူး အတွင်းကြည့်ရတာ၊ အတွင်းမှာရှိနေတဲ့ အရှိမှန်တရားကို ရှာဖွေပြီးတော့ ဖေါ်ထုပ်ပြီးတော့ သိတဲ့အသိကို ဝိပဿနာ၊ ကိုယ့်

http://www.dhammadownload.com



ခန္ဓာကိုယ်တွင်း, ဉာဏ်လှည့်သွင်းပြီးတော့ ရှာလိုက်တော့ တကယ်ရှိနေတဲ့အဖြစ်မှန် အရှိမှန်တရားကြီး ပေါ်မလာဘူးလား? ပေါ်လာပါဘုရား၊ ထင်တာကတော့ ငါလို့ထင်ပေမယ့်လို့ တကယ်ရှိတာက ရုပ်နဲ့နာမ်၊ ဘာနဲ့ဘာပါလိမ့်?၊ ရုပ်နဲ့နာမ်ပါဘုရား၊ အဲ့ဒီ ရုပ်နဲ့နာမ်ကို ရုပ်နဲ့နာမ်ပဲလို့ သိတဲ့အသိက အမှန်သိလား အမှားသိလား?၊ အမှန်သိပါဘုရား။ ဒါပေမယ့်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ရုပ်နာမ်ကို ရုပ်နာမ်လို့ မသိလိုက်တော့ ဘာကဝင်ဝင် သိသွားတုန်းဆိုတော့ ငါဆိုတဲ့အသိက မဝင်ဘူးလား?၊ ဝင်ပါဘုရား။ အခုတရားနာလာတဲ့ ပရိသတ်မှာပဲ ငါတရားနာသွားတယ်၊ ငါတရားနာသွားတယ်လို့ မထင်ဘူးလား?၊ ထင်ပါဘုရား။ အမှန်စင်စစ်ကတော့ -

**သွားချင်တာကနာမ်၊ သွားဟန်ပြုတာကရုပ်**

တနာသွားမယ်ဆိုတော့ သွားချင်တယ်၊ သွားချင်တယ်ဆိုတဲ့ စိတ်တွေ အရင် မလာဘူးလား?၊ လာပါဘုရား။ အဲဒီစိတ်တွေက နာမ်တရား၊ အဲဒီနာမ်တရားရဲ့ အလိုကျ ခြေထောက်ကလှမ်း လက်ကိုရမ်းပြီးတော့ ဒီရောက်မလာဘူးလား? ရောက်လာပါဘုရား။ အဲဒီသွားဟန်ပြုတဲ့ အမူအရာတွေက ရုပ်တရား၊ ဒါဖြင့် တရားနာလာတဲ့ကိစ္စမှာ နာမ်ရုပ်နှစ်ပါးက လွဲလို့ ရှိသေးလား?၊ မရှိပါဘုရား။ မရှိပေမယ့်လို့ ဒီလိုနာမ်ရုပ်လို့ မရှုရင် ငါသွားတယ် . . . တဲ့၊ တရားသွားနေတာ ငါတဲ့၊ ဒီဘက်က ငါသွားနေတာ၊ ဟိုဘက်က သူသွားနေတာလို့ ငါတွေ သူတွေ မထင်ဘူးလား?၊ ထင်ပါဘုရား။ နာမ်ရုပ်ကို ငါသူ မလုပ်ဘူးလား?၊ လုပ်ပါဘုရား။ အဲဒါသက္ကာယဒိဋ္ဌိဝင်တဲ့အချိန်၊ ဟိုဘက်က ယောကျ်ားကြီး သွားနေတာ၊ ဒီဘက်က မိန်းမကြီး သွားနေတာလို့ မထင်ဘူးလား?၊ ထင်ပါဘုရား။

အမှန်စင်စစ်ကတော့ ဟိုဘက်ကလည်းပဲ ယောကျ်ားမဟုတ်ဘူး၊ ရုပ်နာမ်သွားနေတာ "သွားချင်တာကနာမ်၊ သွားဟန်ပြုတာက ရုပ်" နာမ်ရုပ်နှစ်ပါး သွားနေတာကိုပဲ ယောကျ်ားကြီးသွားတယ်၊ မိန်းမကြီးသွားတယ်၊ ခွေးသွားတယ်၊ နွားသွားတယ်၊ ကြက်သွားတယ်၊ ငှက်သွားတယ်လို့ မပြောဘူးလား?၊ ပြောပါဘုရား။ ငါသွားတယ်၊ သူသွားတယ်လို့လည်း မထင်ဘူးလား? ထင်ပါဘုရား၊ သက္ကာယဒိဋ္ဌိ မဝင်ဘူးလား?၊ ဝင်ပါဘုရား၊ အဲဒီဝင်လာတဲ့ သက္ကာယဒိဋ္ဌိ ဖြုတ်ပြီးတော့ ငါထင်တဲ့, သူထင်တဲ့အစွဲကို ဖြုတ်ပြီးတော့ ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက် ဟူ၍လည်းကောင်း၊ သွားတယ်, လှမ်းတယ်, သွားတယ်, လှမ်းတယ်ဟူ၍ လည်းကောင်းရှုပွားလာတဲ့ အမျိုးသား အမျိုးသမီး ဝိပဿနာအလုပ်ကို အားထုတ်ပြီးတော့ လာခဲ့တဲ့အချိန် တွင်းခေါင်းအောင်းတဲ့ အချိန်လား မအောင်းတဲ့အချိန်လား?

http://www.dhammadownload.com


အောင်တဲ့ အချိန်ပါဘုရား၊ တွင်းခေါင်းအောင်းရင် အပူငြိမ်းမယ့်သူလား အပူကိန်းမယ့်သူလား? အပူငြိမ်းမယ့်သူပါ ဘုရား။

*** ဘာဝနာတရား, ကြိုးစားနေသူ, ကုသိုလ်ကိစ္စ နေ့ညမဟူ၊**

**ဓမ္မတွင်းခေါင်း, ခိုအောင်းနေသူ, အပူငြိမ်း, အေးကိန်းဆိုက်မည့်သူ။**

အဲ့ဒီလိုအားဖြင့် ဒါနဓမ္မတွင်းခေါင်း၊ သီလဓမ္မတွင်းခေါင်း၊ ဘာဝနာဓမ္မတွင်းခေါင်းဆိုတဲ့ တွင်းခေါင်းကြီး သုံးခေါင်းမှာအောင်းပြီးတော့ နေမိကြပစေလို့ ဘုရားက မမှာဘူးလား?၊ မှာပါဘုရား။ မင်းလောင်းရှေ့ရထားဆိုက်သလို ကြုံမနေဘူးလား? ကြုံနေပါဘုရား၊ မင်းလောင်းများ ကံကောင်းတော့ ကျောက်ဖျာပေါ် အိပ်နေ၊ ရထားကြီးက လာမဆိုက်ဘူးလား?၊ ဆိုက်ပါဘုရား၊ ဆိုက်လာတဲ့ ရထားပေါ် အသာလေး တက်စီးသွားရင် မဖြစ်ဘူးလား?၊ ဖြစ်ပါဘုရား၊ အဲ့ဒီလိုပဲ ဒီနေ့ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေရဲ့ရှေ့မှာ ဘုရား သာသနာတော် အဆုံးအမတော်ကြီးဆိုတဲ့ နိဗ္ဗာန်အေးကိန်းကြီး ဆိုက်စေတတ်တဲ့ မဂ်လာရထားကြီး မဆိုက်နေဘူးလား?၊ ဆိုက်နေပါဘုရား၊ ဆိုက်နေတဲ့ မဂ်လာရထားကြီးကို စီးမှတော်မှာလား၊ မစီးမှတော်မှာလား?၊ စီးမှတော်မှာပါဘုရား၊ မစီးလိုက်ရင် အပါယ်လေးပါးအပူ မမိပေဘူးလား?၊ မိပါ ဘုရား၊ ဒါဖြင့် ဒီနေ့ ဒကာ ဒကာမတွေ ရနေတဲ့အခွင့်ကြီးဟာ ကံကောင်းတဲ့အခွင့်ကြီးလား၊ ကံဆိုး တဲ့ အခွင့်ကြီးလား?၊ ကံကောင်းတဲ့ အခွင့်ကြီးပါဘုရား၊ ဒါကြောင့်-

**မာဝေါ ခဏံ ဝိရာဓေထ, ခဏာတီတာ ဟိ သောစရေ၊**

**သဒတ္ထေ ဝါယမေယျာထ, ခဏော ဝေါ ပဋိပါဒိတော။**

ဘုန်းကြီးဟောချင်တဲ့တရား အချိန်လည်း စေ့သွားပါပြီ၊ မူသိကသုတ္တန်ဇာတ်ရေလည်း လည်သွားပါပြီ၊ ဒါ့ကြောင့် ဒီဂါထာနဲ့ မိမိရဲ့ အဖြစ်သနစ်၊ မင်းလောင်းရှေ့ ရထားဆိုက်သလို ဖြစ်နေတာလေးကို လက်မလွတ်တန်း ကြိုးပမ်းပြီးတော့ အားထုတ်ကြဖို့ရာ တိုက်တွန်းတဲ့ ဥယျောဇဉ်ဂါထာရွတ်၊ သာဓုခေါ်ပြီးတော့ သိမ်းပါမယ်လို့ . . . ။

ဘောန္တော-နှစ်လုံးပျော့ပျောင်း, အိုသူတော်ကောင်းတို့၊ ဘောန္တော-မင်္ဂလေးတန်, ဖိုလ်လေးတန်, မြတ်နိဗ္ဗာန်ကို, ရရန်ရွယ်ချောင်း, ဆုပန်တောင်း၍, စုပေါင်းညီညာ, စည်းဝေးလာသည့်, များစွာသောင်းသောင်း, အို သူတော်ကောင်းတို့ ဝေါ တုမှေ- မဂ်ဖိုလ်နိဗ္ဗာန်, ရရန်ရွယ်ချောင်း, သင်သူတော်ကောင်းတို့သည်၊ ခဏံ-မနုဿတ္တ, ဒုလ္လဘနှင့် ဗုဒ္ဓသာသနာ, ကြုံတွေ့ကာလျှင်, ဆယ်ဖြာပုညာ, ဒသသုံးလီ, ပါရမီကို, အမြိုက်ဆီတောင့်တ, ပြုလုပ်ရသည့်, မြတ်လှဘိတောင်း, အခွင့်ကောင်းကြီး

http://www.dhammadownload.com



ကို, မာဝိရာဓေထ-ကြောင်းကျိုးမမျှော်, ပျော်ကြီးပျော်၍, ချွတ်ချော်တိမ်းပါး, အချည်းနှီးကုန်လွန်၍ မသွားကြစေကုန်လင့်၊ ဟိ-ထိုစကားလျှင် မမှား ဧကန် တိုက်တွန်းရန် သင့်လှပါပေ၏၊ ခဏာတီတာ-မနုဿတ္တ, ဒုလ္လဘနှင့် ဗုဒ္ဓသာသနာ, ကြုံတွေ့ကာလျှင်, ဆယ်ဖြာပုည, ဒဿသုံးလီ, ပါရမီကို, အမြိုက်ဆီ တောင့်တ, ပြုလုပ်ရသည့်, မြတ်လှဘိတောင်း, အခွင့်ကောင်းကြီးကို, ကြောင်းကျိုး မမျှော် ပျော်ကြီးပျော်၍, ချွတ်ချော်တိမ်းပါး, အချည်းနှီးကုန်လွန်၍, သွားကြသူတို့သည်၊ သောစရေ-ပစ္စည်းကုန်ပျောက်, အို-နာရောက်၍, သေပေါက်သေဝ, ရောက်ကာလ ၌, နောင်တညှိုးမှိန်, စိုးရိမ်ပူဆွေး, စိတ်မအေးခြင်း, ဖြစ်ကြရလေကုန်၏၊ တသွာ-ထို့ကြောင့်၊ သဒတ္ထေ-နိဗ္ဗာန်တိုင်ထိ, ကောင်းကျိုးရှိမည့်, မိမိအကျိုးစီးပွား၌၊ ဝါယမေယျာထ-အခွင့်သာဆဲ, အားကုန်နွှဲ၍, တစ်ပွဲတစ်လမ်း, ကြိုးပမ်းလိုက်ကြ, ကုန်ရာ၏၊ ဝေါ တုမှာကံ-မင်္ဂဖိုလ်နိဗ္ဗာန်, ရရန်ရွယ်ချောင်း, သင်သူတော်ကောင်း တို့အတွက်၊ ခဏော-ဗုဒ္ဓုပ္ပါဒ, နဝမခဏအခွင့်ကောင်းကြီးသည်၊ ပဋိပါဒိတော-မင်းလောင်းရှေ့၌, ရထားဆိုက်သို့, ကြုံကြိုက်ထင်စွာ, ဖြစ်ပေါ်၍ လာခဲ့လေ ပြီတကား. . .။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား

http://www.dhammadownload.com



# ရှင်ပြု၊အလှူပေးနည်းတရားတော်

ယနေ့ ၁၃၄၁-ခု၊တန်ခူးလပြည့်ကျော်(၁၀)ရက်နေ့မှာ ဤမဟာဂန္ဓာရုံကျောင်းတိုက်သို့ စုပေါင်းလာရောက်ကြပြီး ၊ကုသိုလ်ကောင်းမှု ပြုကြတဲ့ အလှူရှင်များက အမရပူရမြို့ အရှေ့ပန်းတိမ်ရပ်မှာ နေထိုင်ကြသော အလှူဒါယကာ ကိုမြအုန်း အလှူဒါယိကာမ မတင်ဒွေး မိသားစုတို့က အနန္တော အနန္တငါးပါး၊ မိဘ ဘိုးဘွား ၊ဆရာသမားများကို ဦးထိပ်ထား အမှူးထားပြီး၊ မိမိတို့ရင်မှ ပေါက်ဖွားတဲ့ သားရတနာ အမျိုးသားလေး သုံးဦး။ မိမိတို့ရဲ့ ဆွေသားမျိုးသား တူရတနာ အမျိုးသားကလေး ငါးဦး၊ နှစ်ရပ်ပေါင်း အမျိုးသားကလေးရှစ်ဦးတို့ကို သာမဏေတို့အားလျောက်ပတ်သော သက်နီးသပိတ် ပရိက္ခရာ ဆင်မြန်းပြီးတော့ ပဗ္ဗဇ္ဇမင်္ဂလာ ရှင်ပြုပွဲ. . .

အဲဒီရှင်ပြုပွဲကို အကြောင်းပြုပြီးတော့ ဂန္ဓာရုံတိုက် သံဃာတော် ငါးရာကျော်တို့အား နံနက်အရုဏ်ဆွမ်း၊ နေ့လည်နေ့ဆွမ်း မွန်မြတ်သော ခဲဖွယ်ဘောဇဉ်၊ ချိုချဉ် အရသာ အဖြာဖြာတို့ကို ကိုယ်တိုင်ကိုယ်ကျ သံယိက ဒါနလောင်းလှူကြ၊ မနက်ရော, နေ့ရော နှစ်ကြိမ်မြောက် လောင်းလှူကြ၊ ဆက်ကပ်ကြ၊ မနက်ဆွမ်း နေ့ဆွမ်း ဆက်ကပ်တဲ့ အလှူဒါန၊ ထိုမှတပါး ဤ ဂန္ဓာရုံတိုက် သံဃာတော်များရဲ့ နဝကမ္မလို့ ခေါ်ဆိုရတဲ့၊ နဝကမ္မဆိုတာ နောက်ထပ်နောက်ထပ် လိုအပ်တဲ့ပစ္စည်းလေးပါး၊ဆွမ်း လိုရင်ဆွမ်း ဖြစ်မယ်၊ကျောင်းလိုရင်ကျောင်း၊သက်နီးလိုရင်လည်း သက်နီး၊ ဆေးပစ္စည်းလိုရင်လည်းဆေး ပစ္စည်း ဆိုတဲ့ သာသနာတော်သုံး ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, နောက်ထပ်နောက်ထပ်လိုအပ်တဲ့ ပစ္စည်းကို နဝကမ္မလို့ခေါ်တယ်၊ အဲဒီ နဝကမ္မအား ရည်မှန်းပြီးတော့၊ နဝကမ္မငွေကျပ်(၁၀၀၀) သံယိကရေစက်ချ ပြီးတော့ လှူဒါန်းကြမယ်၊ ထိုမှတပါး မိမိတို့ ဖိတ်မန်ထား အပ်တဲ့၊ဆွေမျိုး မိတ်ဆွေသင်္ဂဟအပေါင်း ပရိသတ်သူတော်ကောင်းတွေကိုလည်းပဲ သဒ္ဓါဖြူဖွေး ကျွေးမွေးလှူဒါန်းကြမယ်. . . တဲ့၊ အဲဒီနေ့ စာရင်းချုပ်လိုက်တော့၊ ရှင်ပြုပွဲနဲ့ အလှူပွဲ ပဗ္ဗဇ္ဇမင်္ဂလာပွဲလို့ခေါ်တဲ့ ရှင်ပြုပွဲနဲ့ အလှူပွဲ၊ ဒီနေ့ ဒကာ ကိုမြအုန်းတို့+ဒကာမ မတင်ဒွေးတို့က ပြုလုပ်ကြတယ်။

ဒီတော့ ဒီနေ့ အလှူဒကာ အလှူအမများလည်း သိရအောင်၊ နောက်မကြာမီဘဲ ရှေ့ဆင့်နောက်ဆင့် အလှူပြုကြမယ့်၊ ရန်ကုန်ကရောက် နေကြတဲ့

http://www.dhammadownload.com



ဒကာ ဒကာမ, အမျိုးသား အမျိုးသမီး မိသားစု သုံးဦးတို့လည်းပဲ ရောက်နေကြတာဖြစ်တော့သိရအောင် ရှင်ပြုတာနဲ့ အလှူပေးတာ ဆိုတာကို ဒီနေ့ ရှေ့ပိုင်းကနားလည်အောင် လေ့လာထိုက်ပါတယ်၊ သိထိုက် ပါတယ်၊ ဒီတော့ ဒီနေ့ဒကာကိုမြအုန်းတို့ ဒကာမ မတင်ဌေးတို့ ဘာလုပ်ကြတာလဲလို့ဆိုရင် တပည့်တော်တို့ ရှင်ပြုတာဘုရား။ ရှင်ပြုရင်း အလှူပေးတာ၊ ဒကာကိုမြအုန်း ရှင်ပြုတာနဲ့ အလှူပေးတာကွဲပါစေ၊ ဒကာမ မတင်ဌေး ရှင်ပြုတာနဲ့ အလှူပေးတာကို သဘောပေါက်ပါစေ။

ရှင်ပြုတယ်ဆိုတာ ဘယ်ဟာကိုခေါ်သလဲ ကျမ်းဂန်ဒေသနာတော် အရ ရှင်ပြုတယ်ဆိုတာ ဘယ်ဟာကို ခေါ်သလဲဆိုရင်၊ ဒီနေ့ အများစုက မဏ္ဍပ်ကြီး ထိုးတာကို ရှင်ပြုတယ်လို့ ခေါ်တယ်ထင်တယ်၊ မဏ္ဍပ်ကြီးထိုးတာ ရှင်ပြုတာ မဟုတ်သေးပါဘူးတဲ့၊ ရှင်ပြုတာ မခေါ်သေးဘူး၊ ဒါဖြင့် ထမ်းစင် တွေစီး၊ ဆင်နဲ့တစ်မျိုး၊ မြင်းနဲ့တစ်တန်၊ ရှင်လောင်း လှည့်ကြတာတွေ ဒါရှင်ပြုတာ လားဆိုတော့၊ ဒါလည်း ရှင်ပြုတာမဟုတ်သေးဘူး၊ ဒါဖြင့် ဘိတ်သိက်ဆရာတွေ ခေါ်ပြီးတော့၊ ဆိုင်းတွေ ဝိုင်းတွေနဲ့ ဘိတ်သိက်တွေ မြှောက်ကြ၊ တီးကြ၊ မှုတ်ကြ အဲဒါ ရှင်ပြုတာလားဆိုတော့ ဒါလည်း ကျမ်းဂန် ဒေသနာ၊ ဘုရားဒေသနာ ထဲမှာ ရှင်ပြုတဲ့အပိုင်းထဲမှာ မပါသေးဘူး၊ ဒါဖြင့် အငြိမ့်တွေ၊ ဇာတ်တွေ ထည့်ကြ တီးကြ, ကကြ, ခုန်ကြ, ပျော်တွေနဲ့၊ ဒါတွေ ကောလို့ ဆိုတော့လည်း ရှင်ပြုတဲ့အပိုင်းထဲ မပါသေးဘူး။

ဒါဖြင့်-ဒီနေ့ ဒကာကိုမြအုန်းတို့ ဒကာမ မတင်ဌေးတို့ သံဃာတွေကို မနက်ဆွမ်း နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြတယ်၊ သံဃိက နဝကမ္မတစ်ထောင် လှူကြတယ် ဆိုတာကော ဒါလဲ ရှင်ပြုတဲ့ထဲမပါသေးဘူး၊ ပရိသတ်တွေ ဖိတ်မန် ပြီးတော့ ကျွေးကြမွေးကြတယ် ဧည့်ခံကြတယ်၊ ဒါလဲ ရှင်ပြုတာ မဟုတ်သေး ဘူး၊ ဒါဖြင့် အဲဒါတွေက ဘာတုန်း အလှူပေးတာ၊ အခု သံဃာကိုနံနက်ဆွမ်း ကပ်တယ်၊ နေ့ဆွမ်းကပ်တယ်၊ ဒါအလှူပေးတယ်လို့ ခေါ်တယ်၊ ပါဠိလို ဒါနတဲ့ မြန်မာလိုတော့ အလှူပေးတယ် စွန့်ကြဲတယ် လှူဒါန်းတယ် သံဃိက နဝကမ္မ တစ်ထောင်လှူတယ် ဆွေမျိုးမိတ်ဆွေ သင်္ဂဟတွေကို ကျွေးမွေးတယ်၊ ဒါ ဒါန လို့ခေါ်တယ်။ ပါဠိလို 'ပဗ္ဗဇ္ဇ' မဟုတ်ဘူး။ ရှင်ပြုတယ်ဆိုတာ ပဗ္ဗဇ္ဇ ဆိုတဲ့ပါဠိက ထွက်လာတာ။

ဒီတော့ ရှင်ပြုတယ်ဆိုတာက ဘယ်သူ့ကိုခေါ်သလဲ ကျမ်းဂန် ဒေသနာ အတိုင်း ဆစ်ပိုင်းပြီးတော့ ကြည့်လိုက်တော့ အပိုင်းသုံးပိုင်းကို ရှင်ပြုတယ်လို့ ခေါ်တယ်။

http://www.dhammadownload.com



* ပဗ္ဗဇ္ဇာ စ နာမေသာ ကေသစ္ဆေဒနံ ကာသာယစ္ဆာဒနံ သရဏဒါနန္တိ ကမ္မာနိ တီဏိ။

ဧသာပဗ္ဗဇ္ဇာနာမ- ဤရှင်ပြုတယ်, ရှင်ပြုတယ်ဆိုတဲ့ဟာသည်၊ ကေသစ္ဆေဒနံ-ဆံမုတ်ဆိတ် ကျင်စွယ်ကို, ရိတ်ပယ်ဖြတ်လှီးခြင်းလည်း ကောင်း။ ကာသာယစ္ဆာဒနံ-ဖန်ရည်တတ်စွမ်း ဝတ်သင်္ကန်းကို ပြောင်းလဲဝတ်ရုံ ပေးခြင်းလည်းကောင်း။ သရဏဒါနံ-ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဆိုတဲ့ သရဏဂုံ (၃) ပါးကို, ရွတ်ဆိုဆောက်တည်ခြင်းလည်း ကောင်း၊ ကမ္မာနိ တီဏိ-ဤသုံးမျိုးတို့သည်သာလျှင်၊ ပဗ္ဗဇ္ဇာနာမ-ရှင်ပြုတယ် လို့ခေါ်၏. . .။

ဟော-ကျမ်းဂန်ဒေသနာတော်လာတဲ့အတိုင်း ရှင်ပြုတယ်ဆိုတာ ဘယ်သူ့ ခေါ်တာတုန်းဆိုတော့ (၁) (၂) (၃) အပိုင်းသုံးပိုင်း၊ အဲ့ဒါကို ရှင်ပြုတယ်ခေါ်တာ၊ ဘာတွေတုန်း၊ ကေသစ္ဆေဒနံ-ဆံမုတ်ဆိတ် ကျင်စွယ်ကို, ရိတ်ပယ်သုတ်သင်ပေးခြင်းလည်းကောင်း၊ ကေသစ္ဆေဒနံ-တစပဉ္စက ကမ္မဋ္ဌာန်းကို ရွတ်ပွား သရဇ္ဈာယ်စေပြီး သကာလ ကေသာ, လောမာ, နခါ, ဒန္တာ, တစော, ဆိုတဲ့ အနည်းဆုံး (၃၂) ကောဋ္ဌာသထဲက တစပဉ္စက လို့ခေါ်တဲ့ ကမ္မဋ္ဌာန်း ငါးမျိုးကို ရွတ်ပွားသရဇ္ဈာယ်စေပြီး သကာလ ဆံ, မုတ်ဆိတ်, ကျင်စွယ်ကို ရိတ်ပယ်,သုတ်သင်ပေးခြင်းလည်းကောင်း။

ဟောဒါ ရှင်ပြုနေတာ၊ ရှင်လောင်းလေးတွေကို၊ သို့မဟုတ် ရဟန်းလောင်း တွေကို ခေါင်းရိတ်ပေးနေတယ်၊ မုတ်ဆိတ်, ကျင်စွယ်, တွေကိုရိတ်ပေးနေတယ်၊ အဲဒါရှင်ပြုနေတာ။ရိတ်ပေးနေတာမှ ရိုးရိုး ရိတ်ပေးတာ မဟုတ်ဘူး၊ တစပဉ္စက ကမ္မဋ္ဌာန်း လို့ခေါ်တဲ့ (၃၂) ကောဋ္ဌာသ ကမ္မဋ္ဌာန်းထဲက ကေသာ, လောမာ, နခါ, ဒန္တာ,တစော ပါဠိလို ဖြစ်ဖြစ်၊ သို့မဟုတ် ငါ၏ကိုယ်မှာ"ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေထူ, အရေပါးတို့သာ ရှိပါတကား" လို့ မောင်ရှင်လောင်းလေးရဲ့ စိတ်ထဲမှာ မိမိ ခန္ဓာကိုယ်မှာ တကယ့် သဘာဝ အဟုတ်ရှိနေတာကို အဟုတ်ရှိတဲ့အတိုင်း အသိဉာဏ်လေး သွင်းပြီးတော့ ဆံမုတ်ဆိတ်ကျင်စွယ်ရိတ် ပေးနေတာ၊ အဲဒါရှင်ပြုနေတဲ့ အပိုင်းကြီး၊ နံပါတ်(၁)အပိုင်းကြီးပဲ၊ အင်မတန် အရေးကြီးတဲ့ အပိုင်းကြီးပါ။

ဘုန်းကြီးတို့ဆရာတော် ဘုရားကြီးက ဒါပဲ ရှင်ပြုခါနီး ရှင်လောင်း တွေ တစပဉ္စက ကမ္မဋ္ဌာန်း လွယ်လွယ်ပွားရအောင် ဆိုပြီးတော့။"ငါ၏ကိုယ်မှာ, နံသာမွှေးကြိုင်,မြခိုင်လှစွာ, ကောင်းရာမမြင်, ဆံပင်သာရှိ, အမွှေးရှိ၍, ရှိသည့်

---

*ကေသစ္ဆေဒနကာသာယစ္ဆာဒနသရဏဒါနာနိ ပဗ္ဗဇ္ဇာနာမ။ ဝိမတိ-ဋီ-၂၊ ၉၄။

http://www.dhammadownload.com



လက်သည်း, ခြေအသည်းနှင့် သွားလည်းတစ်ထွေ, အရေတစ်မျိုး, ညှီနံ့ဆိုးသည်, အသိုးအပုပ်ချည်းပါတကား. . . "လို့ မောင်ရှင်လောင်းလေး နှုတ်ထဲမှာ ဆိုရတာလည်းလွယ်၊ တစပဉ္စက ကမ္မဋ္ဌာန်းလည်းပွားများပြီးသား ဖြစ်အောင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက စာအုပ်ထဲမှာရေးပြီးတော့ ထားခဲ့တယ်၊ ရှင်ပြုတိုင်း ရှင်ပြုတိုင်းလည်း ဒီလင်္ကာလေးကိုတော့ အချိန်ရရင် ရသလိုသူ့ကိုရွတ်ရအောင်၊ အရမကျက်နိုင်ရင်တောင် စာရွက်လေးနဲ့ရေးပေးပြီးတော့ အဖတ်ခိုင်း၊ အဖတ်ခိုင်းပြီးတော့ ခေါင်းပေါ်က ဆံပင်ကိုရိတ်ပယ်ချ၊ အဲဒီလိုရိတ်ပယ်ချရင်းနဲ့ မိဘနှစ်ပါးကရှေ့က ဖြူစင်တဲ့ ပိတ်ကိုလည်းကောင်း၊ တဘက်ကိုသော်လည်းကောင်း အဝတ်နဲ့ ရှင်လောင်းလေးခေါင်းပေါ်က ကျလာတဲ့ဆံပင်ကို အောက်ကခံပြီးတော့ပေး။

အဲဒီတဘက်ခံပေး၊ ပိတ်ဖြူခံပေးလိုက်တာ ဆိုတာလည်း အလကားသား ပကာသန အလှလုပ်တာ မဟုတ်ဘူး၊ အမှန်က သူ့ကမ္မဋ္ဌာန်းအာရုံ ပိုထင်အောင်လို့၊ ရှေ့ကဖြူစင်တဲ့ ပိတ်သော်လည်းကောင်း၊ တဘက် သော်လည်းကောင်း၊ မိဘနှစ်ပါးက ရှေ့က ခေါင်းအောက်က ခံထားပြီးတော့၊ ခေါင်းရိတ်တတ်တဲ့သူက အပေါ်ကရိတ်ချလိုက်တော့၊ ရှင်လောင်းက အောက်ခေါင်းစိုက်ပြီးတော့ အဝတ်ဆီကိုကြည့်နေရတာ ဖြစ်တော့၊ အဲဒီအဝတ်ဆီမှာ ကြေးတွေနဲ့၊ ရေတွေနဲ့ လုံးထွေးပြီးတော့ ကျလာတဲ့ဆံပင် အလိပ် အလိပ် အလိပ် အလိပ်နဲ့ဆံပင်ဖတ်တွေကျလာတယ်။

အဲ့ဒါသူကကြည့်ပြီးတော့"ငါ့၏ကိုယ်မှာ, နံ့သာမွှေးကြိုင်, မြခိုင်လှစွာ, ကောင်း ရာ မမြင်, ဆံပင်သာရှိ, အမွေးရှိ၍" ဩော် . . ငါ့ခန္ဓာ ကိုယ်မှာ အထွဋ်ဆုံးအမြတ်ဆုံး အမွန်မြတ်ဆုံး. . လို့ဆိုပြီးတော့၊ ငါအမြဲတမ်းသုံးသပ်လာခဲ့တဲ့ဆံပင်. . . ဒီဆံပင်ဟာ, အမှန် စင်စစ်ကတော့ "အသုဘမလှပါလား, မတင့်တယ်ပါလား၊ ပကတိသဘာဝက မလှ ပါလား၊ မတင့်တယ်ပါလား၊ ရွံရှာဖွယ်ပါလား၊ စက်ဆုပ်ဖွယ်ပါလားလို့၊ တခဏလေးပဲ ဖြစ်ဖြစ်တဲ့၊ စိတ်ထဲမှာ၊ စွဲခနဲသွားအောင်၊ နင့်ကနဲသွားအောင်၊ ရိပ်ခနဲသွားအောင်၊ တချက်ကလေးပဲဖြစ်ဖြစ်၊ ဒီလိုဖြစ်သွားအောင်၊ ကမ္မဋ္ဌာန်းအာရုံထင်စေပြီးတော့၊ ဆံ, မုတ်ဆိတ် ကျင်စွယ် ရိတ်ပယ်ပေးနေတယ်၊ အဲဒါရှင်ပြုတာ၊ ရှင်ပြုတယ်ဆိုတာအဲဒါကိုခေါ်တာ၊ ဒါနံပါတ်တစ် အပိုင်းကြီး။

ဒီလိုပြုပေးလိုက်တော့ သူ့မှာ များများသားသား မဟုတ်တောင်မှတဲ့ခဏလေး ခဏလေး၊ ဉာဏ်ထဲမှာခုနလို၊ လှစ်ခနဲရိပ်ခနဲ ဆရာသမား ပြောတဲ့

http://www.dhammadownload.com



အတိုင်း၊ ကလေးမို့လို့ အာရုံသိပ်ပြီး မစိုက်နိုင်သေးတောင်၊ ခဏလေး သူ့ဉာဏ်ထဲမှာ ပြော်. . ဟုတ်ပါလား. . ငါ့ခေါင်းကဆံပင်တွေ-အမှန်စင်စစ် ကတော့၊ ဘာမှမတင့်တယ်ပါလား, မလှပပါလားလို့ ဆိုလိုက်တဲ့အခိုက်ကလေး၊ ဉာဏ်ပွင့်သွားတဲ့ အခိုက်လေးဟာတဲ့ တစ်သံသရာလုံးက ချည်ပြီးတော့စွဲလာခဲ့တဲ့, ဒိဋ္ဌိ, တဏှာ, မာန, ဆိုတဲ့တရာဆိုး, တရားညစ်ကြီး တွေကို, တဒင် ခဏပဲဖြစ်ဖြစ်, ဖျက်ချိုးလိုက်ခြင်းပါပဲ. . . တဲ့၊ ဖျက်ချိုးလိုက် ခြင်းပါပဲ။

ဘာပြုလို့တုန်းဆိုတော့ သတ္တဝါတိုင်း သတ္တဝါတိုင်းဟာ ဒီဆံပင်တွေကိုပဲ ဒိဋ္ဌိစွဲ စွဲတယ်, ငါထင်တယ်၊ မှန်ထဲကြည့်လိုက်၊ ဆံပင်ကို ငါထင်တယ်၊ ငါနဲ့ဆံပင်နဲ့မကွဲ ဘူး၊ ဆံပင်ကိုငါလုပ်၊ တစ်ခါတစ်ခါဆံပင်ကို အာရုံပြုမိရက်ဖြစ်ပြီးတော့ ငါပဲလို့ထင်တယ်၊ ဒါကဒိဋ္ဌိစွဲခေါ်တယ်၊ ဒိဋ္ဌိ ငါခေါ်တယ်၊ တစ်ခါတစ်ခါကျတော့ ဒီဆံပင်ကိုပဲ မှန်ထဲကြည့်ပြီးသကာလ ငါ့ဆံပင်၊ ငါ့ဆံပင်လေးက နက်နက်ကလေး၊ ငါ့ဆံပင်လေးက ရှည်တယ်၊ ငါ့ဆံပင်လေးက လှတယ်လို့၊ ငါ့ဆံပင်လို့၊ ငါ့ဥစ္စာလို့စွဲတော့ တဏှာခေါ်တယ်၊ တဏှာစွဲ ငါ၊ အဲဒါမှန်ထဲကြည့်တိုင်း, ကြည့်တိုင်း, မြောက်များစွာသော သတ္တဝါတွေဟာ၊ ကမ္မဋ္ဌာန်းနဲ့ကြည့်တာ မဟုတ်ဘဲနဲ့၊ ကမ္မဋ္ဌာန်းနဲ့သုံးသပ်တာ မဟုတ်တဲ့အချိန်တိုင်းမှာ ဒီတဏှာစွဲဆိုတာ၊ ငါစွဲက-အမြဲဝင်နေတယ်. . . တဲ့၊ အမြဲဝင်နေပါတယ်။

သံသရာစခန်းတစ်လျှောက်လုံး၊ ဒီတဏှာငါနဲ့ချည့်လာခဲ့ကြတာ ဒီတဏှာ အ(ကြော)င်းပြုပြီးတော့ပဲ၊ ဆံပင်ကိုငါထင်၊ ငါကောင်ထင်ပြီဆိုတော့ ဒိဋ္ဌိငါ၊ ငါ့ဆံပင် ငါ့ဥစ္စာ၊ ငါ့ဆံပင်၊ ငါ့ပစ္စည်းလို့ထင်တော့ တဏှာငါ၊ တစ်ခါတစ်ခါကျတော့ ငါ့ဆံပင်ကသူ့ ဆံပင်ထက်ရှည်တယ် ငါ့ဆံပင်က သူ့ဆံပင်ထက်ကောင်းတယ်၊ ငါ့ဆံပင်က သူ့ဆံပင် ထက်နက်တယ်၊ ချိတ်တယ်၊ အရောင်လှတယ်နဲ့ သူများနဲ့တာထိုးပြီ. . . လို့ဆိုတော့ မာန ငါ၊ ဟော-ဒိဋ္ဌိ ငါရယ်, တဏှာငါရယ်, မာနငါရယ်၊ မာနဆိုတာ တိုင်းတာ နေပြီဆိုရင် မာနလို့ခေါ်တယ်၊ ငါကသူ့ထက်သာတယ်၊ ငါကသူ့ထက်မြတ်တယ်၊ ငါကသူ့ ထက်သာတယ်၊ ငါကသူ့ထက်ချောတယ်နဲ့ဆိုပြီဆိုရင် မာနဝင်နေတယ်။

ကဲတစ်ကိုယ်လုံး ဒီပြင်ဟာတွေထားလိုက်အုံး၊ ဒီဆံပင်တစ်ခုနဲ့ပဲ ကမ္ဘာလောက ရှိရှိသမျှ သတ္တဝါတွေရဲ့သန္တာန်မှာ အနမတဂ္ဂသံသရာ ကမ္ဘာလဆန်း (၁) ရက်နေ့ကစ ပြီး ဒီဆံပင်ကို အကြောင်းပြုပြီးသကာလ ဒိဋ္ဌိငါတွေ. . ဒိဋ္ဌိဆိုတဲ့ ကိလေသာတရားဆိုး ကြီးတွေ၊ မြောက်များစွာဖြစ် ပွားလာခဲ့တယ်၊ တဏှာလို့ခေါ်တဲ့ ငါ့ဥစ္စာ ငါ့ဥစ္စာလို့စွဲလမ်း နေတဲ့၊ ငါ့ဆံပင်, ငါ့ဆံပင်လို့

http://www.dhammadownload.com



စွဲလမ်းလာခဲ့တဲ့ တဏှာငါတွေ။ ငါကသူ့ထက်သာတယ်၊ ငါလောက်ဒင်း မကောင်းဘူးဆိုတဲ့ မာနငါတွေ။ ဒီတော့အဲဒီ ဒိဋ္ဌိ၊ တဏှာ၊ မာန ဆိုတဲ့ ငါသုံးမျိုး ကိလေသာတရားဆိုး အညစ်အပုပ်အသိုးကြီးတွေ၊ သံသရာကိုချဲ့ထွင်တတ်လို့ သူတို့ကို "ပပဉ္စ"တရားလို့လည်းခေါ်တယ်။

တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ပပဉ္စ ချဲ့ထွင်တယ်ဆိုတာ- ဒီလိုငါ့ဟာ ငါ့ဥစ္စာနဲ့ လာတော့ ဒိဋ္ဌိဆိုတဲ့အစွဲနဲ့စွဲလိုက်တော့ ဒိဋ္ဌုပါဒါန်လို့ ခေါ်တယ်၊ တဏှာနဲ့ မာနနဲ့လာတော့ ကာမုပါဒါန်၊ ဥပါဒါန်၊ ဥပါဒါန်တရားရှိမှတော့ "ဥပါဒါန ပစ္စယာဘဝေါ"ဆိုပြီးတော့ ဥပါဒါန် အစွဲနဲ့စွဲတော့ ဒီဆံပင်လေးကိုလှအောင် ပြုပြင်ရ၊ ဒီဆံပင်လေးအကြောင်းပြုပြီးတော့ သတ်စရာရှိသတ်လိမ့်မယ်၊ ကိုယ့်ကိုသာအောင်တက်လာတဲ့သူကို နှိမ်စရာရှိ နှိမ်လိမ့်မယ် စသည်ဖြင့် ကာမဘဝလို့ခေါ်တဲ့ မကောင်းတဲ့ အကုသိုလ်ကံတွေပြုမိကုန်ရော။

သို့မဟုတ် လူ့ပြည် နတ်ပြည်ရောက်ကြောင်း၊ ဒီဆံပင်တွေ ဆထက် တန်ဖိုး ကောင်းရာကောင်းကြောင်းဖြစ်တဲ့ ကုသိုလ်ကောင်းမှုတွေတောင့် တပြီး၊ ပြုမိကုန်ရော အဲဒါ"ဥပါဒါနပစ္စယာဘဝေါ"ဆိုပြီးတော့ ကမ္မဘဝ ပေါ်ရော၊ ကမ္မဘဝပေါ်လာမှတော့ "ဘဝပစ္စယာ ဇာတိကလာရော" ဇာတိလာ၊ အဖြစ် မရပ်ဘူး၊ အဖြစ်မရပ်တော့ ဇာတိ ဆိုတဲ့ ပဋိသန္ဓေနေရမှု အဖြစ်ပေါ်လာတော့ ဘာဖြစ်တုန်းလို့ဆိုတော့။

*** ဘဝဇာတိ၊ သူရှိပြန်လျှင်၊ အိုနာသေရေး၊ ပူဆွေးပြင်ပြင်၊**
**ကိုယ်စိတ်ဆင်းရဲ၊ ထန်သည်းပူပင်၊ ဒုက္ခတုံး၊ မဆုံးစက်အသွင်။**

ဇာတိဆိုတာ-ရေသောက်မြစ်ပဲ၊ ဒုက္ခပေါင်းစုံရဲ့ ရေသောက်မြစ်ပဲ၊ ပဋိသန္ဓေ နေရခြင်း၊ လူဘဝ၊ နတ်ဘဝ၊ ဖြစ်ရခြင်းဆိုတဲ့၊ ဇာတိဖြစ်လိုက်သည် နှင့် တပြိုင်နက် အိုခြင်း၊ နာခြင်းအမျိုးမျိုး၊ နာခြင်း၊ အဖုံဖုံ သေခြင်းအတန်တန် ဆိုတဲ့ အကိုင်းအခက် ပင်စည်တွေတက်လာမယ်၊ စိုးရိမ်ရ၊ ပူဆွေးရ၊ ငိုကြွေးရ၊ သောကရောက်ရ၊ ဒုက္ခရောက်ရ၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲ ဒုက္ခ ရောက်ရဆိုတဲ့ အသီးအပွင့်တွေ. . . တားမရဘူး၊ ဒီတော့ ဒီဆံပင်ကို ခုနကပြောတဲ့ ဒီအစွဲ လေး၊ ဒိဋ္ဌိစွဲ၊ တဏှာစွဲ၊ မာနစွဲလေး၊ စွဲလိုက်တာဟာ ဘယ်လောက်အပြစ်ကြီး တုန်းဆိုတော့ အိုရွာအမျိုးမျိုး၊ နာရွာအမျိုးမျိုး၊ သေရွာအတန်တန်ထဲ၊ ဝင်ဖို့ရာ အတွက်၊ ရိက္ခာစုပြီးသား ဖြစ်သွားတယ်။

တနည်း အိုခြင်းဘေးအမျိုးမျိုး၊ နာခြင်းဘေးအဖုံဖုံ၊ သေခြင်းဘေး အတန်တန် တွေကို ခေါ်ယူလိုက်ရာရောက်တယ်၊ ကိုယ့်ဆီကို လက်ရပ်

http://www.dhammadownload.com



ခေါ်လိုက်ရာ ရောက်သွားတယ်၊ ဒီဆံပင်လေးကို အကြောင်းပြုပြီးတော့ ဒိဋ္ဌိစွဲ၊ တဏှာစွဲ, မာနစွဲ ဆိုတဲ့ ခုန ငါ့ဆံပင်၊ ငါ့လောက်လှရဲ့လား၊ ငါ့ဆံပင်တွေလို့ ဆိုတဲ့ တဏှာစွဲတို့, မာနစွဲတို့၊ ဆံပင်ကို ငါထင်နေတဲ့ ဒိဋ္ဌိစွဲတို့က ဒီတော့ အဲဒီလောက်ဆိုးရွားပြီးတော့ သံသရာကို အို, နာ, သေရေး ဒုက္ခဘေးကြီးတွေ အဆုံးမသတ်အောင် ချဲ့တတ်လို့သူ့ကို သံသရာချဲ့တရား "ပပဉ္စ"တရား လို့ခေါ်တဲ့ တဏှာ, မာန, ဒိဋ္ဌိ။ ဒိဋ္ဌိ, တဏှာ, မာန, ဆိုတဲ့ တရားဆိုး သုံးမျိုးကို ဘုရားရှင်က ခဏလေးပဲဖြစ်ဖြစ်, ပယ်သတ်နိုင် အောင်ဆိုပြီးတော့။

* "ငါ၏ကိုယ်မှာ နံ့သာမွှေးကြိုင်, မြခိုင်လှစွာ, ကောင်းရာ မမြင်, ဆံပင်သာရှိ, အမွှေးရှိ၍ ရှိသည့်လက်သည်း၊ ခြေအသည်းနှင့်, သွားလည်းတစ်ထွေ၊ အရေတစ်မျိုး, ညှီနံ့ဆိုးသည် . . အသိုး, အပုပ် ချည်းပါတကား။"လို့၊

မောင်ရှင်လောင်းလေးက နှုတ်ကရွတ်ရင်းနဲ့, ခေါင်းပေါ်ကရိတ်ချ လိုက်လို့ အလိပ်လိပ်, ဂျေးတွေနဲ့, ရေတွေနဲ့ ကျလာတဲ့၊ အမေနဲ့အဖေရှေ့က ဝတ်ဖြူစင်ကြယ် လေးနဲ့ခံထားတဲ့အပေါ်မှာ၊ တဖတ်ဖတ်ကျလာတဲ့ ဆံပင် ကြည့် . . . ပြီးတော့ သူက၊ ဩော် ငါ့ခန္ဓာကိုယ်မှာ၊ ဒီမတင့်မတယ် ရွံစဖွယ် ဆံပင်သာရှိပါတကား . . . လို့ ဆံပင်ဉာဏ်ရောက် သွားရာက ဆံပင်ကနေပြီး တစ်ခါတည်း တစ်ခေါင်းလုံးလှည့်ပြီးတော့ လိုက်သွားလိုက် တာ၊ ခေါင်းရော၊ လည်ပင်းရော၊ ကိုယ်ထဲရော၊ တစ်ကိုယ်လုံး, ခေါင်းကစ ခြေအဆုံး တစ်ကိုယ် လုံး ဉာဏ်နဲ့ လျှောက်ပြီးတော့ သုံးသပ်လိုက်တာ၊ ဘာတစ်ခု . . . မှ သိမ်းထား စရာ, ပိုက်ထားစရာ၊ ထွေးထားစရာ မရှိပါဘူး၊ ရွံစရာနဲ့ စက်ဆုပ်စရာနဲ့ (၃၂) ကောဋ္ဌာသ အစုအဝေးပါတကား . . . လို့ ဉာဏ်ကိုလျှောက်ပြီးတော့ ဒီလို သဘောပေါက်သွားတယ်ဆိုရင် ဒီဘဝ တစ်မဂ် တစ်ဖိုလ်ရချင်လည်းရသွားမယ်၊ ဝိပဿနာအရှိန်တက်ပြီး။

မရအုန်းတော့ . . တဲ့၊ မရအုန်းတော့၊ ဒီလိုအမျိုးကောင်းသား၊ ဒီလို အမျိုးကောင်းသမီးဟာ၊ ဒီမျိုးစေ့လေးက၊ ရှင်ပြုတဲ့အခိုက်မှာ, ကောင်းမွန် စွာ၊ အောင်မြင်စွာ စိုက်ပျိုးခဲ့မိတဲ့အတွက်တဲ့၊ ဘုရားရှင် ကဲ့သို့သော တရားဓမ္မ, သစ္စာလေးပါးတရားကို, လက်ပေါ်မှာ ပတ္တမြားတင် ထားသကဲ့သို့ ပြသနိုင် တော်မူတဲ့ ဘုရားရှင်ကဲ့သို့သောပုဂ္ဂိုလ်ထူး, ပုဂ္ဂိုမြတ်နဲ့တွေ့တဲ့ကြုံတဲ့ခါ၊ သင်စုန်း ကိစ္စအဆုံးမှာ၊ ရဟန္တာဖြစ်တယ် . . . တဲ့၊ ရဟန္တာဖြစ်တယ်၊ ခေါင်းရိတ် ခြင်းကိစ္စ လည်းဆုံးရော၊ ရဟန္တာဖြစ်တယ် ဆိုတာ၊ ဘုရားလက်ထက် က အမျိုးကောင်း

http://www.dhammadownload.com



သား, အမျိုးကောင်းသမီးတွေ, သင်ခုန်းကိစ္စအဆုံး ရဟန္တာဖြစ်တဲ့ ရဟန္တာမ ဖြစ်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေရဲ့, အတိတ်ဇာတ် ကြောင်း ပြန်ပြောင်းကြည့်လိုက်ရင်, ဟောဒီလို ရှင်ပြုပိပိရှင်ပြုခဲ့တဲ့ အမျိုးသား, အမျိုး သမီးတွေ ပြန်တွေ့ရပါတယ်။

ပုဗ္ဗေ မဒ္ဒိတ သင်္ခါရော, သုဒ္ဓါဘာဝိတ ဘာဝနော၊
သင်္ခါရေ ပဘာဝန္တော၀, ခုရဂ္ဂေ အရဟံ ဂတော။

ပုဗ္ဗေ-အနမတဂ်, ဘ၀ဆက်၍ ဖြစ်ပျက်ခဲ့ရာ ရှေးရှေးသော သာသနာ တခု တုန်းက၊ မဒ္ဒိတသင်္ခါရော- ရုပ်နာမ်ဓမ္မ, သင်္ခါရတို့ရဲ့ ဖြစ်ပျက်နေ ဟန်၊ အတန်တန်ကို မှန်မှန်ကြိတ်ချေ, နှိပ်မွှေခဲ့တဲ့ ဉာဏ်ရှိခဲ့ဖူး သည်ဖြစ်၍၊ သုဒ္ဓါဘာဝိတ ဘာဝနော-ကောင်းစွာမပြတ်, ပွားများအပ်တဲ့, ဘာဝနာရှိခဲ့သော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်၊ သင်္ခါရေ ပဘာဝန္တော၀- ဘုရားရှင်တစ်ဆူဆူရဲ့ လက်ထက်မှာ, ရုပ်နာမ်ဓမ္မ, သင်္ခါရက, စတင်ပွားများ လိုက်သည်နှင့် တပြိုင်နက်၊ ခုရဂ္ဂေ-သင်ခုန်းကိစ္စအဆုံး၌၊ ခုရဂ္ဂေ ကေသာ- ဆံချ သင်ခုန်းကိစ္စ အဆုံး၌၊ အရဟံ ဂတော-အရဟတ္တဖိုလ် ပေါက်, ရောက်နိုင် ကြလေသည်တကား။

ဟော-ဘုရားလက်ထက်က သင်ခုန်းကိစ္စဆုံး၊ ခေါင်းရိတ်လို့ လည်းဆုံး ရော၊ ဒီကမ္မဋ္ဌာန်းလေးနဲ့ ကမ္မဋ္ဌာန်းပေးပြီးတော့ ခေါင်းရိတ်လိုက်တာ ခေါင်းရိတ်လို့လည်း ဆုံးရော သူက ရဟန္တာဖြစ်နေပြီ၊ သူက ရဟန္တာမ ဖြစ်နေ ဆိုတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေကြည့်လိုက်ရင် အခုလို ရှေးဘုရားလက်ထက် သာသနာတစ်ခုက. . . တဲ့၊ အမေကောင်း အဖေ ကောင်း၊ ဆရာကောင်း သမားကောင်းတွေနဲ့တွေ့ကြုံ မိတ်ကောင်း ဆွေကောင်း တွေနဲ့တွေ့ကြုံပြီးတော့၊ အခုလို ကမ္မဋ္ဌာန်းများရှုပြီးတော့ ခေါင်းရိတ်ခံခဲ့တဲ့ အမေ,အဖေတွေက ရှေ့က တဘက်ကလေးနဲ့ ပြပြီးတော့ ကမ္မဋ္ဌာန်း အာရုံထင် အောင် အကူအညီပေးတာ၊ ဥပနိဿယ ပစ္စည်းခေါ်တယ်၊ ဆရာသမားက သင်ပေးလိုက်တာ ဥပနိဿယပစ္စည်းခေါ်တယ်၊ အဲဒီလို အကူအညီတွေရတဲ့ မိတ်ဆွေကောင်းရခဲ့ပြီးတော့၊ အဲဒီလို ရှင်ပြုပိပိ ရှင်ပြုခဲ့တဲ့၊ အမျိုးကောင်းသား အမျိုးကောင်း သမီးတွေပါပဲ. . တဲ့ ပြန်တွေ့ရတာ။

ဒီတော့ ဘယ်လောက်အရေးကြီးတုန်း ဘုရားက ဒေသနာတော်မှာ ရှင်ပြုတယ် ဆိုတာ ဆံမုတ်ဆိတ်ကျင်စွယ်ရိတ်ပယ်တယ်ဆိုတဲ့ အခဏ်းဟာ၊ ဘယ်လောက်အရေး ကြီးတုန်း၊ ဘယ်လောက်မျိုးစေ့ကောင်းရသွားစေသလဲ၊

http://www.dhammadownload.com



ယနေ့ အလှူ့ဒကာ ကိုမြအုန်း အလှူ့အမ မတင်ဌွေး တို့သည် ရင်သွေးရတနာ သားရတနာလေးသုံးဦး တူရတနာ ငါးဦးတို့ကို မနေက မုတ်ဆိတ်ကျင်စွယ် ရိတ်ပယ်တဲ့အနေနဲ့ ဆံချတယ်ဆိုတော့ ဆံချရင်းနဲ့ ဒီလက်ာလေးတွေ ဒီကမ္ဗဋ္ဌာန်းလေးတွေ ကလေးတွေက အာရုံပြု ကလေးမို့လို့ သမာဓိအားမရှိလို့ စိတ်ကစားနေပေမယ့်လို့ ပြောတဲ့အခိုက်ကလေးတစ်ချက် ကလေး နားထဲဝင် သွားပြီးတော့၊ တစ်ချက်ကလေးစူးခနဲဖြစ်သွားရင် အဲဒါမျိုးစေ့ကောင်းပါတဲ့။

သူတို့အတွက်။ ခုနကပြောတဲ့ သံသရာချဲ့ထွင်မယ့် အိုခြင်းအမျိုးမျိုး နာခြင်းအဖုံဖုံ သေခြင်းအတန်တန် ဘေးဆိုးကြီးတွေထပ်တလဲလဲ တိုးစေ တတ်တဲ့ ရေသောက်မြစ် ဖြစ်တဲ့ ဒိဋ္ဌိ, တဏှာ, မာန တရားဆိုးသုံးပါးကို ခဏ ကလေးဖျက်ချိုးလိုက်တာပဲ. . . တဲ့၊ ဒီဖျက်ချိုးလိုက်တဲ့အချိန်လေးမှာ မိသွား တဲ့တဏှာ, မာန, ဒိဋ္ဌိကတော့ အပင်မပေါက်တာသေချာတယ်၊ မျိုးစေ့များလိုပဲ၊ မျိုးစေ့များမီးနဲ့ပြလိုက်တော့၊ မီးတချက်မိသွားတဲ့ မျိုးစေ့ကတော့ ပြန်မပေါက် တော့ဘူး၊ မီးမမိတဲ့ မျိုးစေ့တွေကသာ ပေါက်မှာ၊ မြေပဲတွေ အိုးနဲ့ထည့်လှော်၊ အပူမိသွားတဲ့မြေပဲစေ့ကတော့၊ ချစိုက်လို အပင်မပေါက်တော့ပါဘူး။ အဲသလိုပဲ သူတို့သန္တာန်မှာ ဒီဉာဏ်လေးတစ်ချက် ဝင်းကနဲ ရိပ်ကနဲ မိကနဲ ဖြစ်သွားလို့ ရှိရင် အဲဒါမျိုးစေ့ကောင်းလေးပါတဲ့၊ အဲဒီမျိုးစေ့ကောင်းလေးကြောင့်၊ ဒီအမျိုး ကောင်းသား လေးရှစ်ယောက်သန္တာန်မှာ၊ တစ်ချိန်မှာ သင်ဝုန်းကိစ္စ အဆုံးမှာ ရဟန္တာဖြစ် နိုင်တဲ့အထိ၊ အကျိုးထူး တရားကြီးတွေကို ရစေနိုင်ပါ တယ်. . တဲ့၊ ရစေနိုင်ပါတယ်။

အဲဒီလိုရအောင် အခုဒကာကိုမြတ်အုန်းက အကူညီပေးလိုက်ရတယ် ဆိုတာ, ဘယ်လောက်အကျိုးကြီးတုန်း၊ ဒကာမ မတင်ဌွေးက ဒီအမျိုးသားရှစ်ဦး ကို ဒီလို အကူညီ ပေးလိုက်ရတယ်ဆိုတာ ဘယ်လောက်အကျိုးကြီးတုန်း သူတို့ အဲဒီလို သင်ဝုန်းကိစ္စ အဆုံးရဟန္တာဖြစ်သွားတယ်၊ အာသဝေါကင်းကွာ ရဟန္တာကြီးတွေဖြစ်ပြီးတော့ အိုခြင်းဒုက္ခ နာခြင်းဒုက္ခ, သေခြင်းဒုက္ခတွေ ပြတ်သွား ငြိမ်းသွား အေးသွား ကင်းသွားတယ်ဆိုရင် ဒကာကိုမြအုန်းရဲ့ အကြောင်းမကင်း အထောက်ပံ့မကင်းတဲ့၊ ရဟန္တာဖြစ်ခြင်းပေါ့ ဒီအမျိုးသား ရှစ်ဦးကို သားရယ်လို့သာ ပြောနေရတာ တူရယ်လို့သာ ပြောနေရတာ အခု အခိုက်ကလေး ဖမ်းကြည့်တော့ ဟုတ်တယ်။ ကိုမြအုန်းရဲ့သား၊ ဒကာမ မတင်ဌွေးရဲ့ သား, တူ၊ ဒါခဏလေးတစ်ဘဝ ကြည့်ကြစတန်းဆိုရင် ဒီလို မြင်နိုင်တယ်။

http://www.dhammadownload.com



သို့သော် သံသရာခရီးသွားစခန်းနဲ့ ကြည်ကြမယ်။ (၃၁) ဘုံသံသရာ ခရီးလမ်း ကြီးနဲ့ကြည့်ကြမယ်ဆိုရင် မိမိတို့နဲ့ရေစက်နီးလို့ မိမိတို့ရင်ထဲမှာ ရောက်လာတဲ့သားလို့ ခေါ်ဆိုရတဲ့ ဒီအမျိုးသား (၃) ဦးလည်းသံသရာ ခရီး သွား . . တူကလေးငါးယောက်ကလဲ သံသရာခရီးသွား မိမိတို့ကိုယ်တိုင်က ရော မိမိတို့ကိုယ်တိုင်ကလည်း သံသရာခရီးသွား ခရီးသွား ချင်းကျေးဇူး ပြုရ တာပါလား။ တစ်ဘဝလေးလာတွေ့တာပါ။ တော်ကြာကြတော့ သူ့ဟာနဲ့သူ သူ့လမ်းသူသွားကြမှာ၊ ခရီးအတူသွားရင်းနဲ့၊ မိမိတို့က မင်္ဂမျိုးစေ့၊ ဗိုလ် မျိုးစေ့ ချပေးလိုက်နိုင်တယ်ဆိုရင် မိမိတို့မှာလည်း ဒီအကျိုးပြန်ရမှာပေါ့။ ဒါကြောင့် ရှင်ပြုတယ်ဆိုတာ ဘယ်လောက်လေးနက်တယ်ဆိုတာကို ဒေသနာတော်လာ တဲ့အတိုင်း နားလည်ကြပါ။ နားလည်ကြစမ်းပါ။ ဒီတော့ ရှင်ပြုတယ် ရှင်ပြုတယ်ဆိုတာ ကေသစ္ဆေဒန်- ဆံပုတ်ဆိတ် ကျင်စွယ်ကို ချိတ်ပယ်စေခြင်း လည်းကောင်း၊ ကေသစ္ဆေဒန- (၃၂) ကောဋ္ဌာသကမ္မဋ္ဌာန်းထဲက တစပဉ္စက ကမ္မဋ္ဌာန်းကို ပွားများစေပြီး သကာလ, ဆံမုတ်ဆိတ် ကျင်စွယ်ကိုရိတ် ပယ်သုတ်သင်ပေးခြင်းလည်းကောင်း၊ ဒါနံပါတ်တစ် ရှင်ပြုတာ။

ကာသာယစ္ဆာဒန် -ဂင်္ဂါဝါလု သဲစုအတူပွင့်တော်မူသည့်, ဆူဆူထွင့်ထား မြတ်ဘုရားတို့. လေးစားလွှမ်းခြုံ ဖန်ရည်တတ်စွမ်းသည့် သင်္ကန်းကို ဝတ်ရုံစေခြင်းလည်းကောင်း၊ မနေ့က ဒကာကိုမြအုန်းတို့ ဒကာမ မတင်ဌေးတို့ သားရတနာလေးသုံးဦး ဟူရတနာလေး ငါးဦးဆိုတဲ့၊ အမျိုးသားလေးတွေရဲ ခန္ဓာကိုယ်ပေါ်မှာ ကြောင်ကြောင် ကျားကျားဆိုတဲ့၊ ဝတ်စားတန်ဆာတွေကို ချွတ်ပယ်ပြီးတော့ ဘုရားရှင်သုံးစွဲသွားတဲ့ သင်္ကန်း၊ ပြောင်းဝတ်ပေးလိုက်တာ၊ ဘုရားရှင်ဝတ်ရုံတော်မူတဲ့ သင်္ကန်းနဲ့ ပုံသဏ္ဌာန်ချင်းတူတဲ့ သင်္ကန်းလိုဆိုတဲ့ ဒီသင်္ကန်းကို သားလေးတွေရဲ့အပေါ် တူလေးတွေရဲ့ ခန္ဓာကိုယ်ပေါ်မှာ ပြောင်းလဲပြီးတော့ ဝတ်ရုံပေးလိုက်ပါတယ်. . . တဲ့၊ အဲဒါ ရှင်ပြုနေတာ။

ဒီလိုပြောင်းလဲဝတ်ရုံပေးလိုက်တာအကျိုးတွေထွက်တုန်းဆိုကော၊ အို ဒီမှာ လည်းပဲ လာပြန်တာပဲ၊ ဒီသင်္ကန်းကို ပြောင်းလဲဝတ်ရုံပေးလိုက်ခြင်းဖြင့် ခုနက ပြောခဲ့တဲ့ တစ်သံသရာလုံးက အနမတဂ္ဂ သံသရာက စပြီးတော့စွဲထင် မှတ်ယူလာခဲ့တဲ့ တဏှာ, ဒိဋ္ဌိ, မာနတရားဆိုးကြီးတွေ. . . ဒီမှာလည်း ဖျက်ချိုး ပြန်တယ်၊ ပယ်ပေးလိုက်တာ ပဲ၊ ဘာပြုလို့တုန်းဆိုတော့ အလှူဒကာ ကိုမြအုန်း အလှူအမ မတင်ဌေးတို့ စဉ်းစား ကြည့်စမ်းကိုယ့်ကိုယ်ကိုပဲ လူ့လောကမှာ နေကြပြီဆိုတော့ ကြောင်ကြောင်ကျားကျား လေးတွေဝတ်ကြ နီနီ, ပြာပြာ,

F. 4

http://www.dhammadownload.com



စိမ်းစိမ်း, ဝါဝါ, အမျိုးမျိုးဝတ်နေကြတာဖြစ်တော့ အဲဒီ အဝတ်နဲ့ပတ်သက်ပြီး တော့လေ. . ကြောင်ကြောင်လေးဝတ်ရတော့ ကျားကျားလေး ဝတ်ချင် ကျားကျားလေးဝတ်ရတော့ ပြာပြာလေးတောင့်တ၊ ပြာပြာလေးရပြန်တော့ နီနီလေးပြောင်းဝတ်ချင်။

အဲဒီဝတ်ချင် ဝတ်ချင်, ဝတ်ချင်, လှချင်, လှချင်ဆိုတာလေးတွေက တဏှာပဲ အဲဒီပစ္စည်းလေးတွေ ငါ့ပစ္စည်း၊ ငါ့ဟာလို့စွဲနေပြန်တော့ တဏှာပဲ။ တစ်ခါအဝတ် ချင်းပြိုင် ငါ့အဝတ်က သူ့အဝတ်ထက်သာတယ် ဒင်းအဝတ်က ငါ့အဝတ်လောက် မကောင်းဘူးဆိုတော့ မာနတွေဝင်လာပြန်ရော ဒီအဝတ် ပေါ်မူတည်ပြီး။ ဒါကအဝတ်တင် ရှိသေးတယ် ဒကာဒကာမတွေသင်္ကန်းမှာ ခေါင်းကစ ခြေထိအောင် တဏှာ, မာန, ဒိဋ္ဌိ, ကိလေသာ ပွားကြောင်းဖြစ်တဲ့ အလုပ်တွေချည်းပဲ ခေါင်းကလည်းခေါင်း ဝတ် တန်ဆာတွေနဲ့၊ ဆံပင်ကိုလည်း ဆံပင်တမျိုးပေါ့၊ ဆံပင်ပေါ်မှာ ဆံပင်နဲ့ပတ်သက်တဲ့ အဝတ်စားတန်ဆာတွေ၊ လည်ပင်းမှာ လည်ပင်းနဲ့ပတ်သက်တဲ့ လည်ဝတ်တန်ဆာတွေ လက်မှာလဲ လက်မှာအလျှောက်၊ နားမှာလည်း နားမှာအလျှောက်၊ ရင်မှာလည်း ရင်မှာ အလျှောက်၊ ခါးမှာလည်း ခါးမှာအလျှောက်၊ လက်ကောက်တွေ၊ ပုတီးတွေ၊ နားဒေါင်း တွေ၊ ဆွဲကြိုးတွေ၊ ဘယက်တွေ၊ တစ်ခါတည်း ခြေထောက်ရောက် သွားတော့လေ. . . ဖိနပ် လှလှလေးတွေ၊ ခြေခြင်းတွေ၊ ငါတို့ ငါ့ဥစ္စာတို့ ဒင်းဟာငါ့လောက်သာသလား၊ ငါ့လောက် လှသလားဆိုတဲ့ တဏှာ, မာန, ဒိဋ္ဌိ ပွားစရာတွေချည်းပဲ ဒိဋ္ဌိကလည်း ဒီထဲဝင်လာတယ် ငါဆိုတာဒါပဲလို့ ထိုးထိုးပြရင် ဒိဋ္ဌိပဲ။ ငါ့ဟာ ငါ့ဟာလို့စွဲလမ်းသမျှ တဏှာ၊ မြတ်စွာဘုရား ကတော့ ဒီတရားတွေပယ်နိုင်အောင်ဆိုပြီးတော့ အနတ္တလက္ခဏာသုတ်မှာ- နေတံမမ နေသောဟမသ္မိ၊ နမေသော အတ္တာတိ။ ငါမဟုတ်ဘူး၊ ငါ့ဥစ္စာ မရှိဘူး၊ ငါဆို တဲ့ပြိုင်စရာ ဆိုင်စရာ၊ မာန မရှိဘူးလို့၊ ဧဝ မေတံယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ အဲ ဒီလို ဟုတ်မှန်တဲ့အတိုင်း အရှိအရှိအတိုင်းပွား ကြ. . . လို့၊ အနတ္တလက္ခဏာသုတ်မှာ ဘုရား ဖြစ်တော်မူကတည်းကစပြီးတော့ ကမ္ဘာလောက ကြေငြာပြီးတော့ ဟောတော်မူတာ ဘုရားက။ ယနေ့ အားလုံး သော သတ္တဝါတွေမြောက်များစွာ ပြုနေကြတာက ဘုရား စကားနဲ့ထော်လော် ကန့်လန့်တွေချည်း ကျောခိုင်းပြီးတော့လုပ်တဲ့ အလုပ်တွေချည်း လုပ်နေတာဖြစ် တော့ နိဗ္ဗာန်မရတာများတော့၊ မအံ့သြစရာ အံ့သြဖို့မကောင်းတော့ဘူး။

http://www.dhammadownload.com



ဒီတော့ ဒီသက်န်းကိုပြောင်းလဲဝတ်ရုံပေးလိုက်ခြင်းဖြင့် ဒီကလေးတွေရဲ့သန္တာန် မှာ ဘာပဲပြောပြော သက်န်းပြောင်းလဲဝတ်ရုံ ထားတဲ့အခိုက်မှာ သူတို့အဝတ်အစားနဲ့ ပတ်သက်ပြီးတော့ ဖြစ်ပွားနေကျတဏှာ မဖြစ်တော့တာ သေချာတယ်။ ငါ့ပုဆိုးလေးက စိမ်းစိမ်းလေး ပြာပြာလေး၊ ဝါဝါလေး ဆိုတာတွေ မရှိတော့ဘူး၊ ပုဆိုးမှ မရှိတော့ပဲ။ ငါ့အကျီလေးက ကြောင်ကြောင်လေး ကျားကျားလေး နီနီလေး, ပြာပြာလေး, ဝါဝါလေး ဆိုတာတွေ မစွဲတော့ဘူး၊ ငါ့ဟာဆိုတာလည်း မစွဲတော့ဘူး။ ဒီတော့ ဒီသက်န်းကိုဝတ် လိုက်ခြင်းဖြင့် လက်မှာလဲ လက်ဝတ်တန်ဆာတွေ မရှိဘူး။ မဝတ်ရဘူး။ သက်န်းကိုပဲ ဝတ်ရတယ်၊ ဒီတော့ အဲဒီလို သက်န်းပြောင်းလဲဝတ်ရုံ ပေးလိုက်ခြင်းဖြင့် ဒီကလေးရှစ်ဦးတို့ရဲ့ သန္တာန်မှာ သံသရာခရီးသွား အမျိုးသားလေးရှစ်ဦးတို့ရဲ့ သန္တာန်မှာ တစ်သံသရာလုံးက ချီပြီးတော့စွဲပါ လာခဲ့တဲ့ တဏှာ, မာန, ဒိဋ္ဌိ ဆိုတဲ့ ခုနက တရားဆိုး ကြီးတွေ. . အိုနာသေရေး ဒုက္ခဘေးအမျိုးမျိုးကြီးတွေကို လက်ယပ်ခေါ်နေတတ်တဲ့ တဏှာ, မာန, ဒိဋ္ဌိ ဆိုတဲ့ တရားဆိုးကြီးတွေ. . . ငိုကြွေးရပူပန်ရ စိတ်သောကရောက်ရ မြေလူးငိုရ ဖနောင့်ပေါက်ငိုရ, ရင်ထုငိုရ, ခြင်းဆိုတဲ့ အငိုအမျိုးမျိုးတွေကို ပေးတတ်တဲ့ လက်ယပ်ခေါ်တတ်တဲ့ တဏှာ, မာန, ဒိဋ္ဌိ ဆိုတဲ့အကြောင်းတရားဆိုးကြီးတွေ ပယ်ပေး လိုက်တာ၊ ရှင်းပေး လိုက်တာ၊ သတ်ပေးလိုက်တာ။

နောက်ဆုံး အဲဒါတွေမသတ်ဘူးထားအုန်း. . . ဘုရားရှင်ရဲ့ အသုံးအဆောင်ဖြစ်တဲ့ အဝတ်ပြောင်းလဲ ဝတ်ရုံရတာ ဘယ်လောက်မွန်မြတ်သွားတုန်း ဒီခန္ဓာကိုယ်။ ဒီကလေးတွေရဲ့ ရုပ်နာမ် ခန္ဓာပေါ်မှာ ဘုရားရှင်ရဲ့ အသုံးအဆောင်ကို ပြောင်းလဲဝတ် နိုင်တဲ့အချိန်ဟာ ဘယ်လောက်များလို့တုန်း နည်းနည်းလေးပဲ အခုဒီအခိုက်လေးပဲရှိတာ ဒီတော့ ဘုရားရှင်လိုပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီး၊ သူတော်စင် သူတော်မြတ်ကြီးကမ္ဘာ လောက လူ နတ် ဗြဟ္မာ သတ္တဝါတွေဦးခိုက်ရတဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီးရဲ့ အသုံး အဆောင်ပစ္စည်း သုံးရတယ်. . . လို့ ဆိုတာ ဒီကလေးတွေ ဂုဏ်တက်သွားတာပေါ့၊ နည်းတဲ့ဂုဏ် မဟုတ်ဘူး၊ ဒီဂုဏ်က လူ့လောကမျာ:ကျတော့ ပြောကြတယ်၊ သမ္မတကြီး စီးတဲ့ကားများစီးရတော့ အမလေး လူထဲပြောလိုက်ကြတာ၊ သမ္မတကြီး ဝတ်တဲ့အဝတ်မျိုးဝတ်ခဲ့ရရင်၊ သမ္မတကြီးစားတဲ့ အစာမျိုးစားရရင်၊ အတူတွဲစား ရရင်ပဲ တကတည်း ဂုဏ်ယူပြီးပြောကြတယ်။

သဗ္ဗညုတ ရွှေဉာဏ်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဘုံသုံးပါးတို့ရဲ့ မကိုဋ်၊ သုံးထိုက်တို့ရဲ့သရဖူ၊ သုံးလူတို့ရဲ့သင်းကျစ်၊ လူနတ်ဗြဟ္မာ

http://www.dhammadownload.com



သတ္တဝါတွေ ဦးခိုက် ရတဲ့၊ သူတော်ကောင်းတွေက ဦးခိုက်ရကဲ့ ဘုရားရှင်၊ အဲဒီဘုရားရှင်ဝတ်ရုံတော်မူတဲ့ အသွေးအရောင်ချင်းတူတဲ့ သင်္ကန်း၊ အဲဒီဘုရားရှင် သုံးစွဲတော်မူသွားတဲ့ သင်္ကန်းနဲ့ အခြေအနေ ချုပ်ပုံခြင်း တူတဲ့သင်္ကန်း. . .၊ ဘုရားရှင်ရဲ့အသုံး အဆောင်ဖြစ်တဲ့ သင်္ကန်းကို ဒီအမျိုး ကောင်းသားလေး ရှစ်ဦးရဲ့သန္တာန်မှာ, ဒကာကိုမြအုန်းက ဆင်မြန်းပေးလိုက် နိုင်တယ်ဆိုတာ, နည်းတဲ့ဂုဏ်မဟုတ်ပါဘူး၊ နည်းတဲ့ပါဝါမဟုတ်ပါဘူး၊ ဒကာမ မတင်ဒွေးက ဒီကလေး ရှစ်ဦးရဲ့ သန္တာန်မှာ ဒီသင်္ကန်းကို ဖုံးလွှမ်းပေးနိုင်တယ်ဆိုတာ၊ သင်္ကန်း လွှားပေးလိုက်တယ်လို့ အပေါ်ယံလေးတင် ရှုပ်မမြင်လိုက်နဲ့၊ အတွင်းနိုက်ကြည့် လိုက်တော့ မင်္ဂမျိုးစေ့ ဖိုလ်မျိုးစေ့ ချပေးလိုက်တာပါလား၊ သူတို့အိုခြင်း အမျိုးမျိုး, နာခြင်းအဖုံဖုံ, သေခြင်းအတန်တန်, ဘေးတွေကို ငါငြိမ်းပေး လိုက်တာ ပါလား. . .၊ ဒီသင်္ကန်း သူတို့ကိုယ်ပေါ်မှာ ဝတ်ရုံပေးလိုက် ခြင်းဖြင့် ငါတို့ လည်းပဲ မတွေ့ချင်ပဲနဲ့ ဒီဘဝမှာတွေ့ရအုန်းမယ့်၊ ရုပ်နာမ်ခန္ဓာ ရနေသမျှ တွေ့ရအုန်းမယ့် ဘေးဆိုးကြီးတွေက နည်းနိုင်သမျှ နည်းသွားအောင် ငါပြုလုပ်ပေးလိုက်ရတာပါလား. . . လို့ ဒီထိအောင် မြင်လိုက်စမ်းပါ၊ အဲဒီလို မြင်လိုက်တော့မှ ဩော်. . . ရှင်ပြုတယ်ဆိုတာ ဘုရားရှင်က ဒါကြောင့် သင်္ကန်းပြောင်းလဲ ဝတ်ရုံပေးလိုက်တာ, ရှင်ပြုတယ်ဆိုတဲ့ အပိုင်းထဲ ထည့်ပေး ထားတာ ဟုတ်ပါပေတယ်၊ ဟုတ်ပါပေတယ်၊ လေးနက်ပါပေတယ်၊ အဓိပ္ပာယ်ရှိ ပါပေတယ်လို့ သဘောပေါက်လာလိမ့်မယ်၊ ဒီတော့ နှစ်နံပါတ်အပိုင်းက သင်္ကန်းကို ပြောင်းလဲ ဝတ်ရုံပေးလိုက်ခြင်းလည်းကောင်း။

သုံးနံပါတ်က သရဏဒါန်-သရဏဂုံ သုံးပါးကို ရွတ်ဆိုဆောက်တည် ခြင်း လည်းကောင်း၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-ဘုရားကို ကိုးကွယ်ရာဟူ၍ အားထား ပါတယ်ဘုရား၊ ဓမ္မံ သရဏံ ဂစ္ဆာမိ-တရားတော်ကို ကိုးကွယ်ရာဟူ၍ အားထား ပါတယ်၊ သံဃံ သရဏံ ဂစ္ဆာမိ-အရိယာ သံဃာတော်မြတ်ကို ကိုးကွယ် အားထားပါတယ်. . . လို့၊ သရဏဂုံသုံးပါး ရွတ်ပွား၊ အဲဒီ သရဏဂုံ သုံးပါး ရွတ်ဆိုလိုက်တယ်၊ ကိုးကွယ်ပါတယ်၊ အားထားပါတယ်၊ ဆိုကထည်းကိုက သူများအားထားရပါဘယ်ဆိုရင် ကိုယ့်ဘေးရှိလို့ဆိုတာ သေချာတာပဲ၊ သူများ ကိုသွားပြီး အားကိုးပါတယ်လို့ဆိုတဲ့သူဟာ ကိုယ့်မှာဘေးရန် အန္တရာယ် တစ်ခုပေါ်နေပြီဆိုတာ သေချာတာပဲ၊ ဒီတော့ အဲဒီဘေးရန် အန္တရာယ်ဆိုတာ ဘာတုန်းဆိုတော့ သံသရာဘေးကြီးတွေ၊ ခုနက အို, နာ, သေရေး, ဒုက္ခ ဘေးကြီးတွေ၊ ဒီဘေးကြီးကလွတ်အောင် ဘုရား, တရား, သံဃာ ရတနာ သုံးပါးကို အားကိုးပါတယ်. . လို့။

http://www.dhammadownload.com



အားကိုးတဲ့စိတ်ကိုက ရောဂါသည်တစ်ယောက်က သမားတော်ကြီးကို ကိုယ့်ကိုယ်ကို အပ်နှံတဲ့အခါမှာ အားကိုးသလိုပေါ့၊ စိတ်က ဒီလိုအားကိုးရတာ၊ ကျုပ်ရောဂါ အတွက်တော့ဗျာ. . . ကျုပ်ဆရာကြီးကို အားကိုးပါတယ်လို့ ဆိုလို့ရှိရင် ဆရာကြီးပြောသမျှ ကျုပ်လုပ်ပါတော့မယ်၊ ဆရာကြီးကျွေးသမျှ သောက်ပါမယ် ဆရာကြီး စားဆိုတာစားပါမယ်၊ ဆရာကြီးကို ပုံအပ်ရလိုပဲ။

ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ဒီ အို, နာ, သေရေး, ဒုက္ခဘေး ဆိုတဲ့ ရောဂါကြီးသုံးမျိုးတွေက လွတ်ဖို့ရာ ဘုရားရှင်ကိုအပ်ပါတယ်၊ တရားတော်ကို ကိုးကွယ်ပါတယ်၊ အားထားပါတယ်၊ အရိယာသံဃာတော် အရှင်မြတ်ကြီးတွေကို လေးစားပါတယ်၊ အားထားပါတယ်၊ အားကိုးပါတယ်. . . လို့၊ ဒါသရဏဂုံ ဆောက်တည်တယ်လို့ခေါ်တယ်၊ အဲဒါ ရှင်ပြုတာ၊ ဒီတော့ ရှင်ပြုတဲ့ အပိုင်းဟာ ဘယ်လောက်လေး နက်ပါသလဲ၊ ကျမ်းဂန် ဒေသနာတော် လာတဲ့ အတိုင်း ပြောကြစတမ်းဆိုရင် ဘုရားရှင် ရည်ရွယ်တော် မူပြီးတော့၊ အတွင်း ရည်ရွယ်ချက်ကြီးတွေက နည်းတဲ့ရည်ရွယ်ချက်ကြီး တွေမဟုတ်ဘူး၊ ဒီလောက် အခြေအနေကောင်းတဲ့ ရှင်ပြုအပိုင်းကြီးသုံးပိုင်းကို ဘုန်းကြီးတို့ အားမနာ စတမ်း ပြောကြမယ်ဆိုရင် ဒီမြန်မာနိုင်ငံမှာ ပျောက်နေပါတယ်၊ ဘုန်းကြီးတို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဒီသရုပ်တွေပေါ်စေချင်လွန်းလို့ ရှင်ပြုတဲ့ အပိုင်း လေးလေးနက်နက် ဖြစ်စေ ချင်လွန်းလို့ ဟောဒီမှာပဲ အေးအေး ဆေးဆေး ရှင်ပြုတာပဲ လက်ခံတယ်။

အဲ အလှူပေးတယ်ဆိုတာက ခုနက ဒကာကိုမြအုန်းတို့ ဒကာမ မတင်ဌွေးတို့ သံဃာတော်တွေ ဆွမ်းကပ်တယ်ဆိုတာ အဲဒါအလှူပေးတာ၊ ရှင်ပြုတဲ့ ကျောရိုးကြီးက ခုနက သုံးချက်၊ သူ့အစီပွာယ်နဲ့သူ အပြည့်အဝ အပြည့်အဝ။အလှူပေးတယ်ဆိုတာက အခုပြောတဲ့ သံဃာတော်တွေ နဝကမ္မ တစ်ထောင်လှူတယ်၊ မနက်ဆွမ်းလှူတယ်၊ နေ့ဆွမ်းလှူတယ်၊ လူတွေ ဖိတ်ကျွေးတယ်၊ ဒါအလှူပေးတယ်. . . လို့ ခေါ်တယ်၊ ဒီတော့ ကိုယ်တတ်နိုင် လို့ပြုတာ ပြုပါလေ၊ မပြုရဘူးလို့ မတားပါဘူး၊ သို့သော် နားလည်ထားဖို့က ရှင်ပြုတာနဲ့ အလှူပေးတာက ဒီလိုအကန့်ပါလား. . . ဘုရားရှင်လက်ထက် တော်က ရာဟုလာလေး ကျောင်းအမွေတောင်းရင်းနဲ့ လိုက်သွား ဘုရားက ရှင်သာရိပုတ္တရာကို ခေါင်းရိတ်ခိုင်းပြီးတော့၊ ရှင်ပြုပေးလိုက်ဟေ့ဆိုတော့၊ ခေါင်းရိတ်တာရယ်၊ သင်္ကန်းဝတ် ပေးတာရယ်၊ သရဏဂုံဆောက်တည် တာရယ် ဒါပဲ၊ ရှင်ပြုပေးတာသက်သက် ရယ်၊ အလှူကိုမပါဘူး၊ အဒီလိုပဲ

http://www.dhammadownload.com



ထိုအမျိုးသား၊ ဟိုအမျိုးသား ဒီအမျိုးသား၊ ဘုရား လက်ထက်က ဒီလိုများ ကြတယ် ရှင်ပြုတာ။

ဒီတော့ အဲဒီမှာ ဘုန်းကြီးတို့ ကျေးဇူးရှင် ဆရာတော်ဘုရားက အမိန့်ရှိတယ်၊ တို့ဒီနေ့ မြန်မာနိုင်ငံမှာဖြစ်တာက. . . ရှင်ပြုနဲ့ အလှူရော နေကြတယ်။ ပြီးတော့. . . . တဲ့ ရှေးခေတ်တုန်းက ရှင်ပြုအလှူနဲ့၊ အခုခေတ် ရှင်ပြုအလှူတွေက၊ ရှေးခေတ်တုန်းက ရှင်ပြုအလှူက အဝင်မှာမကြီး ကျယ်ဘူး. . . . တဲ့၊ နောက်ပိုင်း အတွင်းကျမှ ကြီးကျယ်တာ၊ အဝင်မကြီး ကျယ်ဘူးဆိုတာက သားတော်ရာဟုလာလေး ရှင်ပြုချင်လို့ ဆိုပါတော့၊ ရှင်ပြုချင်လို့မဟုတ်ဘူး၊ အမွေတောင်းလိုက်သွားတာ။ ဟိုကျဘုရားက တစပဥ္စက ကမ္မဋ္ဌာန်းနဲ့ ခေါင်းရိတ်ခိုင်းပြီးတော့ ရှင်ပြုပေးလိုက်တာ၊ ဘာမှ မကြီးကျယ်ဘူး၊ ဝင်သွားတာ။ ဒီလိုပဲ ဟိုအမျိုးသား၊ ဒီအမျိုးသား၊ ရှင်အာနန္ဒာတို့၊ ဘုရားရှင်ရဲ့ ညီတော် ရှင်အာနန္ဒာတို့၊ ရှင်ဗာကုတို့၊ ရှင်ဒေဝဒတ် တို့၊ ရှင်အနုရုဒ္ဓါတို့ သာကီဝင် မင်းသားခြောက်ဆယ်၊ သာသနာဘောင် ရောက်လာ ကြတာ၊ ရှင်ပြုကြတာ ဘယ် သူမှမသိ လိုက်ဘူး။ အဝင်မကြီးကျယ် ဘူး. . . . . တဲ့၊ ရှေးတုန်းက အဲ နောက်ပိုင်းကျတော့ ကျင့်ပြီ၊ သူက သောတာပန်ဟ, သူက သကဒါဂါမ်, သူက အနာဂါမ်, သူက ရဟန္တာ,ရဟန္တာမ၊ ဟာ, သူကစျာန်ရ, ဒီလိုနောက်ပိုင်း ကျ တော့ ကြီးကျယ်လိုက်တာ. . . . တဲ့၊ ကြီးကျယ်လိုက် တာ၊ အဝင်မကြီးကျယ် ဘူး၊ အတွင်းကျကြီးကျယ်တယ်တဲ့၊ ရှေးတုန်းက ရှင်ပြုက။

ယနေ့ခေတ် ရှင်ပြုတွေကျတော့ အဝင်မှာကြီးကျယ်တယ်၊ မဏ္ဍပ်ကြီး က တထောင်ကုန်, နှစ်ထောင်ကုန်, လေးထောင်ကုန်။ ဇာတ်ကြီးက ဘယ်ဇာတ်ကြီး ၊ အငြိမ့် ကြီးကဘယ်သို့၊ ဘိတ်သိက်က ဒိတ်ဒိတ်ကျဲ၊ ဗျောကြီး တွေကဘာဗျော၊ ဟိုစတူဒီယို၊ဘာရှိ၊ ညာရှိ၊ ဆိုတဲ့ဟာကြီးတွေကဘယ်လို ကြီးကျယ်ပါတယ်. . . တဲ့၊ ရှင်လောင်းလှည့်လိုက် တာက ဆင်နဲ့, မြင်းနဲ့, ဝေါနဲ့ ထမ်းစင်နဲ့ အဲဒီအဝင်ကြီးကျယ်ပြီးတော့၊ ရှင်ပြုဆိုတဲ့ ဆံမုတ်ဆိတ်ကျင်စွယ် ရိတ်ပယ်တဲ့အခန်းကျတော့ အမေနဲ့အဖေကလည်း ဟိုမှာလာတဲ့ ဧည့်သည် တွေဧည့်ခံရအုန်းမှာမို့ အဲ-ကြည့် လိုက်သွားလိုက်စမ်းပါကွယ်၊ ခေါင်းရိတ် ပေးစမ်းပါ၊ ဟော-ပစ်စလက်ခတ်လုပ်လိုက်တယ်။ သင်္ကန်းဝတ်တဲ့ အချိန် လည်းပါချင်မှ ပါတော့တယ်။ သရဏဂုံသုံးပွါးဆောက်တည်တဲ့ အခန်းဆိုတော့ တယ် မဟုတ်ချင်ဘူး၊ ဒီတော့ အဝင်မှာ-တဲ့ ကြီးကျယ်တယ်တဲ့၊ မဏ္ဍပ်ကြီးတွေနဲ့

http://www.dhammadownload.com



ကြီးကျယ်ပြီးတော့၊ ဒီကလေးခုနကလိုပဲ ရှင်ပြုတဲ့အပိုင်း ပေါ့တီးပေါ့ဆ ဖြစ်ပြီးတော့ နောက်ပိုင်း ကျတော့လည်း ဘာမှဟုတ်တိပတ်တိ ကျင့်တယ် လိုကြံတယ်လို့မရှိဘူး၊ ပျော်အောင် ဆိုပြီးတော့ ပိုက်ဆံလေး လက်ထဲထည့်ထား မကိုင်ကောင်းတဲ့ ပိုက်ဆံလက်ထဲထည့် ပေးထား ညနေဆာ တယ်ဆိုပြီးတော့ တိတ်တိတ်ခိုးပြီးတော့ ဟိုဟာကြွေး ဒီဟာကြွေးနဲ့ "အဖျား တက်အမှည့်ရ နိုးနိုး" လို့ဆိုပြီးတော့ တက်လာပါမှ ရှင့်ဘဝရောက်မှ အကုသိုလ်ပြစ်တွေတိုးပြီး တော့ အပါယ်လေးပါး ရိက္ခာတွေစုမိရက်ဖြစ် သွား တယ်။ ဒါကြောင့် အခုခေတ် ရှင်ပြုတွေက အဝင်ကြီးကျယ်ပြီးတော့ အတွင်းမှာ သေးသိမ်တယ်. . . တဲ့၊ ဘုန်းကြီးတို့ဆရာတော်ဘုရားကြီးက အဲဒါတွေကို သဘာဝနဲ့ပြုပြင်ချင်လို့၊ ဆရာတော်ကဒီမှာ သဘာဝနဲ့ ပြုပြင်ထားပါတယ်။

အခုသဘာဝနဲ့ပြုပြင်တဲ့အတိုင်း လာရောက်ပြီးတော့ ပြုကြတယ်။ ပြုကြတဲ့အတိုင်း မိမိတို့ပြုတဲ့အလုပ်ဟာ၊ ဘယ်လိုလေးနက်တယ်. . လို့ ဆိုတာကို သဘောပေါက် စေချင်လို့ ဘုန်းကြီးရှင်ပြုနဲ့ အလှူခွဲပြောနေတယ်၊ ခုနလိုအလှူအတန်း ဒီလို ဆွမ်းကြွေး တာတွေမရှိဘူးလားဆိုတော့ ရှိပါတယ်၊ ဘုရားလက်ထက်ကလည်းရှိတဲ့အပိုင်း, ရှိခဲ့တယ်၊ ပဏ္ဍိတသာမဏေ ရှင်ပြုတဲ့ အခါ်းမှာဆိုရင် သူ့အမေက သူ့ကိုယ်ဝန်ရှိကတဲက သူက သာဝတ္ထိမြို့မှာပဲ သူဌေးမျိုးမှာ အမျိုးသမီးတစ်ဦး၊ ဒီ ရှင်လောင်းလေးကိုယ်ဝန် ရှိကတဲကသူက ငါးကြင်းသားနဲ့ ရှင်သာရိပုတ္တရာအမှူးရှိတဲ့ သံဃာတော်တွေ ဆွမ်း ကပ်ပြီးတော့ သူကိုယ်တိုင်ကလည်းပဲ သစ်ခေါက်ဆိုး အဝတ်များ ဝတ်ပြီးတော့ သံဃာ တော်တွေက ကျန်တဲ့ ငါးကြင်းသားဟင်းအကျန်အကြွင်း စားချင်လိုက်တာ ချင်ခြင်း ဖြစ်တယ်၊ ဖြစ်တဲ့အတိုင်း ခင်ပွန်းသည်ရဲ မိဘတွေပြောတော့ ခင်ပွန်း သည်ရဲ့ မိဘတွေက ဟာ- ဘုန်းကံရှိတဲ့ကလေး တော့ဖြင့် ကိုယ်ဝန်ရှိနေတာပဲ ဆိုပြီးတော့ သူဖြစ်စေချင်တဲ့ အတိုင်း ရှင်သာရိပုတ္တရာနဲ့ သံဃာတော်ငါးရာ အိမ်ပင့်၊ ငါးကြင်းသားနဲ့ဆွမ်းကပ်၊ သူ့ကိုယ်တိုင်လည်းပဲ အမျိုးသမီးကိုလည်း ပဲသစ်ခေါက်ဆိုး ဖန်ရည်တတ်စွန်းတဲ့ သစ်ခေါက်ဆိုး အဝတ်ကိုဝတ်ပေးပြီး တော့ သံဃာတော်တွေရဲ့ အစွန်က ထိုင်ခိုင်း၊ သံဃာတော်တွေ ကြွင်းကျန်တဲ့ ငါးကြင်းသားဟင်းနဲ့ သူကထမင်းစား၊ တင်းတိမ်၊ အားရ၊ နောက်ဒီကလေး ပဲ၊ မွေးဖွားလာတော့၊ ပဏ္ဍိတဆိုတဲ့ သာမဏေလေး ဖြစ်လာတာသူပဲ။

သူ့ရှင်ပြုတဲ့အခါ်းမှာ ခုနစ်နှစ်အရွယ်လောက်ရောက်တော့ သူ့ရှင်ပြု တယ်. . . ရှင်ပြုတယ်၊ ရှင်ပြုတော့လေ ရှင်သာရိပုတ္တရာ ဆွမ်းခံကြွလာတော့

http://www.dhammadownload.com



အရှင်ဘုရားတပည့် က ကိုရင်ဝတ်ချင်ပါတယ်တဲ့ဘုရား၊ အေး. . ကောင်းပြီ ကောင်းပြီ. . ဝတ်တာပေါ့ ဒါဖြင့် ညနေ ကျောင်းပို့လိုက်၊ ဟော-ညနေကျောင်း ပို့ခိုင်းတယ်၊ ဒီတော့ ညနေကျတော့ ဆွေးသားမျိုးသားကျောင်းရောက်သွား ကြပြီးတော့၊ ရှင်သာရိပုတ္တရာက ခုန ပြောတဲ့ ကမ္မဋ္ဌာန်းပါပေးပြီးတော့ ခေါင်း ရိတ်ပေး၊ ခေါင်းရိတ်ပေးပြီးတော့ သင်္ကန်းဝတ်ပေး၊ သရဏဂုံ ဆောက်တည် ပေး၊ အခုဘုန်းကြီးတို့ဒီကျောင်းမှာ လုပ်နေကျထုံးစံလိုပဲ၊ ညနေ မှာလာပြီး တော့ ရှင်ပြုတာ ၊ ခုနကပြောတဲ့ ပီပီပြင်ပြင်ပဲ၊ ရှင်ပြုတဲ့ သုံးချက် ကတော့၊ ပီပီပြင်ပြင်၊ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ဦးစီးပြီးတော့ ပြုပေး တာ၊အဲဒီလိုပြုပေး ပြီးတော့ နောက်တစ်ရက်၊ မိဘတွေက သူတို့ခုန ပြောသ လိုပေါ့ တတ်နိုင်လို့ ဒကာကိုမြအုန်းတို့၊ ဒကာမ မတင်ဒွေးတို့လိုပဲ သံဃာ တော်ဆွမ်းကပ်၊ ဆွမ်းခံမထွက်ရအောင်ဆွမ်းကပ်၊ ဆွမ်းကပ်ပြီးတော့ အချိန်ကျ တော့ပြန်ကြရော၊ တရားပါနာပြု၊ ရေစက်ပါချပြီးတော့နေမှာပေါ့။

ပြန်သွားကြတော့ နောက်တစ်ရက်ကျတော့၊ ဆွမ်းခံထွက်ရတယ်၊ ဆွမ်းခံထွက်တော့၊ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးတရှေ့က ပဏ္ဍိတ သာမဏေလေးက နောက်က၊ သပိတ်ကလေးလွယ်လို့၊ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ရှေ့ကကြွ၊ ဇေတဝန်ကျောင်းကနေ၊ သာဝတ္ထိမြို့ဆီ ကြွတော့၊ ကြားထဲမှာ တောလမ်းခရီး ဂလေးဖြတ်ကြွရ၊ အဲဒီလိုကြွလာရင်းနဲ့၊ တစ်နေရာရောက်တော့၊ မြောင်းတွေတွေ့တယ်၊ လယ်သမားတွေ လယ်စိုက်တဲ့ ဆီကို ရေသွယ်ယူတဲ့မြောင်းတွေ့တော့၊ ကိုရင်လေးက နောက်ကမေးတယ်၊ "ဆရာတော်ဘုရား၊ ဒီဟာကြီးက ဘာခေါ်ပါတုန်းဘုရား" ကလေး ဆိုတော့ သူက စူစမ်းချင်တဲ့ဝါသနာရှိနေတာ၊ "ဒါကြီးက ဘာကြီးတုန်းဘုရား"၊ "မြောင်းခေါ်တယ် ငါ့ရှင်၊ မြောင်းခေါ်တယ်"။ ရှင်သာရိပုတ္တရာကိုယ်တော် မြတ်ကလည်း ရိပ်မိတယ်လေ၊ ဒီကလေးဟာ ပါရမီရှင်လေးဆိုတာ ရိပ်မိတယ်၊ "မြောင်းကဘာလုပ်ရ တာတုန်းဘုရား" "မြောင်းကရေတွေသွယ်ယူဖို့ပါ ငါ့ရှင်၊ ဒီထဲက ရေတွေကို သွယ်ပြီးတော့ လယ်သမားတွေက သူတို့လယ်ရောက် အောင်၊ ရေတွေကိုဒီမြောင်းကသွယ်ယူ သွားတာ" "ရေတွေကလိုက်ပါသလား" "လိုက်တယ်၊ လိုက်တယ်" "နေပါဦးဘုရား၊ ရေတွေက အသက်ရှိပါသလား" "မရှိပါဘူး ငါ့ရှင်၊ မရှိပါဘူး"။

ကြော်. . အသက်မရှိတဲ့ ရေတောင်မှ လယ်သမားတွေက သူတို့လိုရာ ခေါ်သွားပြီးတော့ စိုက်လို့ပျိုးလို့ စပါးတွေရအောင် လုပ်နိုင်တယ်ဆိုရင်၊

http://www.dhammadownload.com



အသက်ရှိတဲ့ ငါသည် ငါ့ရဲ့စိတ်ကလေးတည်းဟူသော ရေကို၊ ငါလိုရာပါအောင် ဆွဲခေါ်သွားပြီးသကာလ၊ မဂ်တရား၊ ဖိုလ်တရား နိဗ္ဗာန်တရား မြင်အောင် ဘာကြောင့် ငါမကြိုးစားနိုင်ရမှာလဲ. . . . ဟော-ရေမြောင်းနဲ့ ရေမြင်တာနဲ့ ပါရမီရှင်လေး သူဟာသူဉာဏ်ထဲ အာရုံထင်လာတယ်။ ဒါသူ့ဘာသူကြိမ်းတာ၊ ဝမ်းထဲကကြိမ်းတာ၊ ရှင်သာရိပုတ္တရာကိုမေးပြီးတော့၊ ဒီလိုနဲ့ဆက် သွား။ ဆရာတပည့်နှစ်ယောက်ဆွမ်းခံဆက်ပြီးသွားကြတော့၊ တစ်နေရာရောက် ပြန်တော့ မုဆိုးတွေက-ဝါးတွေကို မြားလုပ်ကြတော့၊ ကောက်နေတဲ့ဝါးတွေကို မီးလေးနဲ့ပြ ပြပြီးတော့ဖြောင့်နေကြတာ၊ ဒါကိုမြင်ပြန်တော့၊ ကိုရင်ပဏ္ဍိတက မေးပြန်တယ်၊ ကိုရင် ပဏ္ဍိတကလေးက"ဟိုဟာဘာလုပ်နေကြတာတုန်း ဘုရား" "အဲဒါမြားလုပ်နေကြတာကွဲ့၊ မြားလုပ်နေကြတာ" ဒီတော့- "အဲဒီ မီးနဲ့ကင်ကင်ပြီးတော့ ဟိုလိုလေးတွေကွေး လိုက်၊ ဒီလိုလေးတွေကွေးလိုက်နဲ့ ဘာလုပ်တာတုန်းဘုရား" "အဲဒါဖြောင့်တာ၊ ဖြောင့်တာ ဖြောင့်တာ၊ မြားကို ဖြောင့်နေတာ၊ သားကောင်ပစ်တဲ့အခါကျ တည့်တည့်သွားအောင်လို့ အဲဒီ ဝါးမြားကိုဖြောင့်နေတာကွဲ့။" "အဲဒီဝါးက အသက်ရှိပါသလားဘုရား။" "မရှိပါဘူး ငါ့ရှင်။"

ဒီတင်တစ်ခါသဘောပေါက်လိုက်ပြီ၊ အသက်မရှိတဲ့ဝါးကိုပင် ဖြောင့်အောင်ပြုလို့ ရနိုင်ခဲ့ရင်. . အသက်ရှိသောငါသည်. . ငါ့ရဲ့ကောက် ကွေ့နေတဲ့စိတ်ကလေးကို အဘယ့် ကြောင့်ဖြောင့်အောင် မပြုနိုင်ဘဲရှိရာ အံ့နည်း. . မဂ်ဖိုလ်နိဗ္ဗာန်နဲ့တည့်နေအောင်၊ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ သားကောင်းကို ဖြောင့်ဖြောင့်ကြီးပစ်လို့ရအောင် အဘယ့်ကြောင့် မဖြောင့် နိုင်ဘဲရှိရာအံ့ နည်း၊ ကြိမ်းလိုက်ပြန်တယ်။ ဒီလိုနဲ့ရွေ့နားဆက်သွားပြန်တော့၊ လက်သမား တွေက၊ အသားတွေ၊ ဘာတွေခုတ်ထစ်ရွေ၊ ရွေဘော်ထိုး၊ လွှနဲ့ဖြတ်ပြီးတော့ အလုပ် လုပ်နေတာတွေ့တော့ မေးပြန်တယ်။ ဘာလုပ်နေကြတာတုန်းဘုရား။ "အဲဒါလက်သမားတွေလို့ခေါ်တယ်၊ အသားတွေကိုလှည်းတို့၊ ကုလားထိုင် တို့ဘာတို့ လုပ်ရအောင်ဖြတ် တောက်ရွေနေကြတာ၊" "အသားတွေက သူတို့ဖြတ်တဲ့အတိုင်း ရပါသလားဘုရား?၊ ရတယ်" "သူတို့အသက်ရှိပါသ လားဘုရား" "မရှိပါဘူးငါ့ရှင်" ကြိမ်းပြန်တယ် သူက အင်း . . . အသက်မရှိတဲ့ အသားတွေဟာ ရွေဘော်ထိုး၊ လွှတိုက်၊ ဖြတ်အစရှိသည်ဖြင့် ပြုလုပ်ပြီးတော့ မိမိလိုရာပုံပန်းရောက်အောင် သယ်ဆောင်ပြီးတော့သွားလို့ ဖြစ်နိုင်ခဲ့ရင် အသက်ရှိတဲ့ ငါသည်. . . ငါ့ရဲ့စိတ်ကလေးကို ဘယ်နဲ့ကြောင့် ငါလိုရာ

http://www.dhammadownload.com



စခန်းပန်းတိုင်ရောက်အောင် ယူဆောင်ပြီးတော့ မသွားနိုင်ဘဲရှိရာအံ့ နည်း . . လို့။

အဲဒီသုံးကြိမ်မြောက် ကြိမ်းပြီးတဲ့နောက်ကျတော့ သူက "တပည့်တော်ဘုရား ကျောင်းပြန်စမ်းပါရစေ" သူ့စိတ်တွေက တက်ကြွနေတယ်လေ. . . သဒ္ဓါတွေက သိပ်တက် လာပြီး၊ တရားသိပ်အားထုတ်ချင်ပြီ။ အခုနေသာ ငါတရားအားထုတ်လိုက်ရရင်ရတော့မှာပဲလို့ တွက်တာနဲ့"တပည့်တော် ကျောင်းပြန်ပါရစေ ဘုရား" ရှင်သာရိပုတ္တရာလည်း ရိပ်မိတယ်" ကဲကဲ. . ပြန်ပြန်ပြန် ရော့သော့ယူသွား၊ ကျောင်းထဲမှာ သော့နဲ့ဖွင့်ပြီးတော့ ကျောင်းထဲ ဝင်ထိုင်နေနော်၊ အပြင်ဘက်မထွက်နဲ့" လို့ ဆိုပြီးတော့ သော့ပေးလိုက် ပြီးတော့၊ ပြန်လွှတ်လိုက်တယ်။ အဲဒါ ပဏ္ဍိတသာမဏေလေး ကျောင်ပြန်လာ တာပဲ၊ ပြန်လာပြီးတော့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးရဲ့ကျောင်း သော့ဖွင့်ပြီးဝင်ပြီး တော့၊ အထဲဝင်ပြီး ကျကျနန တခါတည်းတင်ပလ္လင်ခွေ ထိုင်ပြီးတော့ သူ့စိတ်ကလေးကို နဂိုကလည်း ရှင်သာရိပုတ္တရာက ကမ္မဋ္ဌာန်း ပေးထားမှာပေါ့ အားထုတ်နည်း အဲဒါထွက်လေ ဝင်လေလေးကစပြီးတော့ ဆိုပါတော့ ရုပ်နာမ်ဖြစ်ပျက် ထွက်သွားတဲ့ လေလေ၊ ရုပ်နာမ်ဖြစ်ပျက်၊ ဝင်လာတဲ့လေလေး ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ် ပျက်၊ ထိုင်တာထိသိ၊ ရုပ်နာမ်ဖြစ်ပျက်၊ နားထဲကကြားလာ၊ ကြားတာဖမ်းရုပ်နာမ်ဖြစ် ပျက်၊ တစ်ခါတည်းစိတ်ကူးထဲ တစ်စုံတစ်ခုပေါ်လာ၊ ပေါ်လာတာ ရုပ်နာမ် ဖြစ်ပျက်နဲ့ ဖမ်းပြီးတော့ ကမ္မဋ္ဌာန်းရှုနေလိုက်တာ တစ်ခါထဲ စိတ်ကငြိမ်ငြိမ် ငြိမ်ငြိမ်လာ၊ ဉာဏ်က ရင့်ရင့်၊ ရင့်ရင့်လာတာ။

သူ့အားကိုးလိုက်တာက၊ ခုနက ရေမြောင်းတို့လေ၊ မြားလုပ်တဲ့ သူတွေ တို့ လေ၊ အသားလုပ်နေတဲ့ လက်သမားတို့လေ၊ ဒါတွေ ဥပမာတင်ပြီးတော့ သူ့ကသဒ္ဓါကလည်းတက်၊ ဝီရိယကလည်းပြင်းပြင်းနဲ့၊ ကျိုးပန်းအားထုတ်နေ. . ဉာဏ်တွေရင့်ရင့် ပြီးတော့ တဖြေးဖြေးနဲ့ ကိလေသာတွေ နည်းနည်း၊ နည်းနည်းလာလိုက်တာ၊ အဲဒီချိန် ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက သူ့ထုံးစံအတိုင်း ဆွမ်းခံကြွပြီးတော့ ရွာထဲက ဆွမ်းပါကပ် အချိန်တန်တော့ ပြန်လာတော့ နံနံလေးနေမြင့်နေပြီ၊ ကိုရင်ပဏ္ဍိတ အတွက် အိမ်ကလည်းပဲ ဆွမ်းတွေဘာတွေ လောင်းလိုက်တာဆိုတော့၊ ကိုရင်လေး ဆွမ်းစားနောက်ကျ နေရော့မယ်လေ ဆိုပြီးတော့၊ ခပ်သုတ်သုတ်ပြန်လာ၊ ခပ်သုတ်သုတ် ပြန်လာ တော့ ရှင်သာရိပုတ္တရာပြန်လာတဲ့အချိန်မှာ ဒီကိုရင်လေးက ရဟန္တာဖြစ်ဖို့ရာ

http://www.dhammadownload.com



နန့်နဲ့လေးလိုတော့တယ်၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက်ရောက်တော့မှာ၊ ဉာဏ်က တဖြေးဖြေး ရင့်ရင့်၊ ရင့်ရင့်လာတယ်။

အဲဒီအချိန်မှာ ရှင်သာရိပုတ္တရာဝင်ပြီးတော့ ဆွမ်းကြွေးလိုက်လို့ရှိရင်၊ ရဟန္တာ ဖြစ်လုနီးလေးဟာ ပျက်သွားတော့မှာပဲဆိုပြီးတော့ ဘုရားရှင်ကမြင်လို့ ဘုရားရှင်က ကဗျာ ကရာနဲ့ ရှင်သာရိပုတ္တရာလာတဲ့ ကျောင်းပေါက်ဆီထွက် လာတယ်၊ ထွက်လာတဲ့ ပြီးတော့ ရှင်သာရိပုတ္တရာမြင်တယ်ဆိုရင်ပဲ။

သာရိပုတ္တ-ကိံ တေ လဒ္ဓံ- သာရိပုတ္တရာ ဘာတွေရလာတုန်းမေးတယ်၊ အာဟာရော ဘန္တေ- တပည့်တော် ဆွမ်းအာဟာရတွေရလာပါတယ် ဘုရား. . ဘုရားရှင် က အမှန်က ကိုရင်လေးဆီဝင်သွားပြီးတော့ ဆွမ်းကြွေးရင် ဟိုမှာ ရဟန္တာဖြစ်မယ့် ကိစ္စကြီး ဆိုင်းသွားမှာစိုးလို့မို့၊ ကြားထဲကတားပေးတာ၊ ခဏလေး အချိန်ယူပေးတာ၊ ဉာဏ်ဆိုတာ ဥယျာဉ်မှ သစ်သီးများလိုပဲ မှည့်ချိန်တန်မှ မှည့်ဆိုသလိုပဲ ဉာဏ်ကသူ့ ဘာသူရင့်ချိန်တန်မှ ရင့်ပြီးတော့ ပေါက်ချိန်တန်မှ ပေါက်တာ၊ သီးချိန်တန်မှ သီးတာ၊ အားထုတ်ဖို့အလုပ်က ကိုယ့်အလုပ်၊ အဲဒီလိုနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဉာဏ်ရင့်ပြီးတော့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ပေါက်တော့မယ်ဆိုတာ မြင်တော်မူလို့ အချိန် လေးနန့်နဲ့လေးအတွင်း ပေါက်တော့မယ်ဆိုတာမြင်လို့၊ ရှင်သာရိပုတ္တရာ ကိုတားထား တာ။ တားတော့လည်းမသွားနဲ့အုန်း ဟိုမှာ ကိုရင်လေးဘာလုပ် နေတယ်လို့ ဒီလိုမပြောဘဲနဲ့ ပရိယာယ်နဲ့တားတာ၊ သာရိပုတ္တရာ ဘာတွေရလာ တုန်း၊ တပည့်တော် အာဟာရ ရလာပါတယ်ဘုရား။

အာဟာရော နာမ ကိံ အာဟာရတိ- အဲဒီအာဟာရက ဘာကိုဆောင် ရွက်သ လဲ၊ ဝေဒနံ ဘန္တေ-ဝေဒနာကို ဆောင်ရွက်ပေးပါတယ်ဘုရား၊ အာဟာရ ကို စားလိုက် ရတယ်လို့ဆိုရင် သုခဝေဒနာလို့ခေါ်တဲ့ စားလို့သောက်လို့ ချမ်းသာသွားတဲ့ သုခဝေဒနာ ဖြစ်တယ်၊ ဒါကိုဝေဒနာ ဆောင်တယ်လို့ ခေါ်တယ်၊ ဝေဒနာကိံအာဟာရတိ- ဝေဒနာက ဘာဆောင်သလဲ၊ ရူပံ ဘန္တေ- ရုပ်ကိုဆောင်ပါတယ်ဘုရား၊ အဲဒီသုခဝေဒနာနဲ့ စားလို့ သောက်လို့ အရသာ ရှိပြီးတော့။ သုခဝေဒနာဖြစ်တော့ ရုပ်တွေကြည်ပြီးတော့၊ ရုပ်တွေ ချောပြီးတော့ ရုပ်တွေညက်ပြီးတော့နေတာ၊ ဒါရုပ်ကိုဆောင်တယ်လို့ခေါ်တယ်။

ရူပံ ကိံ အာဟာရတိ- ရုပ်ကဘာကို ဆောင်သလဲ၊ ဘုရားက-ဆက်မေး ပြန်တယ် ဖဿံ ဘန္တေ-ဖဿကိုဆောင်ပါတယ်ဘုရား၊ ရုပ်ရည် ရူပကာယက အာဟာရကြောင့် ပြည့်ဝ ပြည့်ဖြိုးနေတာ ဘေးကကြည့်ရတဲ့ သူတွေကတယ်

http://www.dhammadownload.com



ကြည့်လို့ကောင်း တယ်၊ "စက္ခုသမ္ဘဿ" ခေါ်တဲ့ မျက်စိအတွေ့လည်းတယ်ကောင်းတယ်။ သူကိုယ်တိုင် လည်းနေလို့ထိုင်လို့ သွားလို့လာလို့ တယ်ကောင်းတယ်၊ ဒါ ဖဿကို ဆောင်တယ်လို့ ခေါ်တယ်၊ အဲဒီလို ရှင်သာရိပုတ္တရာကို မြတ်စွာဘုရားက ပြဿနာလေးရပ် ဖမ်းမေးနေတော့၊ ဖြေနေရတာနဲ့ နောက်ကျသွားတယ်၊ အဲဒီအချိန်မှာ ကိုရင်လေးက အခန်းထဲက တရား အားထုတ်ရင်းနဲ့ ဘုရားရှင်နဲ့ရှင်သာရိပုတ္တရာ မေးဖြေနေတာလည်းကြားတယ်။ အဲဒါကို ဉာဏ်လိုက်ပြီးတော့ ခုနက အားထုတ်လက်စတရားလည်း ဆက် အားထုတ်လိုက်တာ၊ ပြဿနာလဲဆုံးရော သူကလည်း ရဟန္တာဖြစ်သွား။ အဲဒီတော့မှ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာကို လွှတ်လိုက်တော့၊ ရှင်သာရိပုတ္တရာက ကျောင်းထဲ ရောက်သွားပြီးတော့ ဆွမ်းပါကြွေး၊ ကြွေးပြီးတော့မှဒီအကြောင်း ဒီပြဿနာ မြတ်စွာဘုရားက မိန့်တော်မူလို့၊ ရှင်သာရိပုတ္တရာကို ပြဿနာမေးလို့ဆိုတာတွေဟာ တစ်ကျောင်းလုံး ပြန့်သွားတော့၊ အဲဒီမှာ ဒီပြဿနာဖြစ်လာတော့၊ မြတ်စွာဘုရားက ဒါ အကြောင်းခံပြီးတော့ ဟောတော်မူတဲ့တရား ရှင်ပဏ္ဍိတသာမဏေ ရဟန္တာဖြစ်တဲ့ကိစ္စ အကြောင်း ခံပြီးတော့-

*** ဥဒကံ ဟိ နယန္တိ နေတ္တိကာ, ဥသုကာရာ နမယန္တိ တေဇနံ၊**
**ဒါရုံ နမယန္တိ တစ္ဆကာ, အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။**

နေတ္တိကာ- ရေကိုဆောင်သွား, လယ်သမားတို့သည်၊ ဥဒကံ-ရေကို၊ နယန္တိ-မိမိတို့လိုရာပါအောင်ဆောင်ယူနိုင်ကြကုန်၏၊ ဥသုကာရာ- လေးသမား, မြားသမားတို့သည်၊တေဇနံ-ကောက်နေတဲ့မြားကို၊ နမယန္တိ- မီးပူပြကာ၊ ဖြောင့်ပါလာအောင်မှန်စွာမသေွ ပြုလုပ်နိုင်ကြပေကုန်၏၊ တစ္ဆကာ- သစ်ကို ရွေငြား, လက်သမားတို့သည်၊ ဒါရုံ-သစ်သားကို နမယန္တိ-လိုရာကိစ္စ, ပြီးပြည့်ဝဖို့, လွှတိုက်ဖြတ်တောက် ရွေဘော်ဆောက်ဖြင့်၊ ထွင်းဖေါက်သမှု, ပြုနိုင်ကြကုန်၏။ ဧဝံ-ဤအတူ၊ ပဏ္ဍိတာ-အသိအလိမ္မာ၊ ဉာဏ်ပညာ ရှိတဲ့၊ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည်၊ အတ္တာနံ-မိမိကိုယ်ကို၊ ဒမယန္တိ- လိမ္မာချိုးကျ, မဂ်ဖိုလ်ရအောင်, ဆုံးမသွန်သင်နိုင်ကြပါပေကုန်သတည်း။

**သာဓု သာဓု သာဓု**

---

* ကုလထေရဂါထာ-ထေရ-၂၂၄။ ဓမ္မ-၅-၁၊ ၃၇၁။

http://www.dhammadownload.com



အဲ-ကိုရင်ပဏ္ဍိတလည်း ရဟန္တာဖြစ်သွားတယ်၊ အဲဒီမှာ ကိုရင်ပဏ္ဍိတရဲ့ မယ်တော် ခမည်းတော်တွေ ဆွမ်းလာကပ်ပြီးတော့ ညနေကျောင်းပို့ပြီးတော့ ရှင်ပြုသွား လိုက်တာ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက်ရောက်သွားခဲ့ပါတယ်၊ ဒီတော့ ဒီနေ့ အလှူ့ဒကာ ကိုမြအုန်း၊ အလှူ့အမ မတင်ဋ္ဌေးတို့က ဩော်. . . တို့သားကလေးတွေကို ဒို့မနေ့က ဆံမုတ်ဆိတ်ကျင်စွယ် ရိတ်ပယ်၊ ဖန်ရည်တပ်စွန်းတဲ့ သင်္ကန်းကို ဆင်မြန်းပေး၊ သရဏဂုံ သုံးပါးကို ဆရာသမားထံမှာ ဆောက်တည်စေပြီးတော့ ရှင်ပြုနေတဲ့ အပိုင်းဟာ ဖြင့် ဩော်. . . အမှတ်တမဲ့လားလို့ အောက်မေ့တယ်၊ အစသတ်လို့အရည်လည်တော့၊ ဒီအမျိုးကောင်းသား လေးရှစ်ဦးသန္တာန်မှာ တဏှာ, မာန, ဒိဋ္ဌိလို့ခေါ်တဲ့ ကိလေသာဆိုး တရားမျိုးကြီးတွေ၊ အို နာ သေရေးဆိုတဲ့ ဒုက္ခဘေးကြီးတွေကို လက်ယပ်ခေါ်နေ သလိုဖြစ်တဲ့၊ ကိလေသာဆိုး တရားမျိုးကြီးတွေကို ဒို့ ဖျက်ချိုးပေးနေရာ ရောက်ပါ တကား. . . ဒီကလေး တွေ ခုနစ်ရက်နေရင် ခုနစ်ရက်လုံးလုံး အဝတ်အစားနဲ့ပတ်သက် ဆံပင်နဲ့ ပတ်သက်ပြီးတော့ဖြစ်ပွားမယ့် လောဘ၊ ဒိဋ္ဌိ၊ မာနဆိုတဲ့ တရားဆိုးတွေကို ဒို့ ပယ်သတ်ပေးနိုင်ခြင်းပါတကား။

ဒီလိုပယ်သတ်ပေးနိုင်လိုက်တဲ့အတွက် သူတို့သန္တာန်မှာ သံသရာက ချီပြီးတော့ ဖြစ်ပွားလာခဲ့တဲ့ ဒီကိလေသာ ဒိဋ္ဌိ တဏှာ မာနဆိုတဲ့ သံသရာ ချဲ့ထွင်တဲ့ ကိလေသာ ဆိုးကြီးတွေ ကျဲသွား, နည်းသွား, ပါးသွားအောင် ပြုပေးလိုက်ရသဖြင့်၊ ဒီလိုကျဲသွား ရာ, နည်းသွားရာ ပါးသွားရာကနေပြီးတော့၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဆိုတဲ့ ဉာဏ်ထူး ဉာဏ်မြတ်ကြီးတွေ မိမိသန္တာန်မှာ ပေါ်လာပြီး၊ နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို မြင်နိုင်တဲ့အထိ အကျိုးထူး ရှိပါတကား. . လို့ ဒီလိုသဘောပေါက်ပြီးတော့ တပည့်တော်တို့သည် လည်း၊ သံသရာခရီးသွား အမျိုးသားရှစ်ဦးကို ဒီလိုတွေ့တဲ့အခိုက်၊ ကြုံတဲ့အခိုက် မိတ်ဆွေ ကောင်းပီပီ သူတို့သန္တာန်မှာဖြစ်နေတဲ့ သံသရာနဲ့ချီပြီးတော့ ဖြစ်လာခဲ့တဲ့ လောဘ, ဒိဋ္ဌိ, တဏှာ, မာနဆိုတဲ့ ကိလေသာတရားဆိုးကြီးတွေကို တပည့်တော်တို့ သုတ်သင်ရှင်း လင်းပေးနိုင်ခြင်းကြောင့်၊ တပည့်တော်တို့ မှာလည်းပဲ ဒီတရားဆိုးကြီးတွေ တဖြည်းဖြည်း ခေါင်းပါးနည်းပါးပြီးသကာလ၊ ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းကြီးတွေ ဒီ ကိလေသာတွေ ခေါင်းပါး နည်းပါးတဲ့ အချိန်မှာမြင်ရတဲ့၊ နိဗ္ဗာနဓာတ်တရားမြတ်ကြီးကို လျင်မြန်စွာ မြင်ရဖို့အကြောင်း အားကောင်းသော အထောက်အပံ့ဖြစ် ပါစေသား . . . .။

http://www.dhammadownload.com



ဤကဲ့သို့သံဃာတော်တွေကို မနက်ဆွမ်း,နေ့ဆွမ်းထောက်ပံ့ လှူဒါန်းရတဲ့ ကုသိုလ်စေတနာ၊ သံဃိကဒါနထောက်ပံ့လှူဒါန်းရတဲ့၊ နဝကမ္မကျပ်တစ်ထောင် လှူဒါန်း ရတဲ့ ကုသိုလ်စေတနာ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟတွေကို ဖိတ်မန်ကြွေးမွေး, ဧည့်ခံရတဲ့ ကုသိုလ်စေတနာမှစ၍၊ ဤအလှူထုပ်ကြီးနဲ့ပတ်သက်ပြီးသကာလ ဆောင်ရွက်ရတဲ့ ဝေယျာဝစ္စကုသိုလ်စေတနာတွေ၊ သံဃာတော်တွေကို လက်အုပ်ချီရ, ဒူးတုပ်ရ, အရို အသေပေးရတဲ့ အပစာယန ကုသိုလ်စေတနာ၊ ဂါရဝမင်္ဂလာ ကုသိုလ်စေတနာစမှ၍ များမြတ်ပေါင်းစု ဤကုသိုလ် ဤစေတနာအစုစုတို့သည်. . . ဤ အို နာ သေရေး ဒုက္ခဘေးကြီးတွေကို လက်ယပ်ခေါ်သလို သယ်ဆောင်လာတတ်တဲ့၊ တဏှာ မာန ဒိဋ္ဌိဆိုး တရားမျိုး ကြီးတွေကို တပည့်တော်တို့သန္တာန်မှ အမြန်ဖျက်ချိုးနိုင်ဖို့ရာ အတွက် အားကောင်းသော အထောက်အပံ့ ဖြစ်ပါစေသား။ အားကောင်းသော အထောက်အပံ့ ဖြစ်ပါစေသတည်း။

အားကောင်းသောအထောက်အပံ့ဖြစ်အောင် ကိုယ်စီကိုယ်ငှ ကျင့်ကြံကျိုးကုတ် အားထုတ်နိုင်ကြကုန်သည်ဖြစ်၍၊ ထိုကိလေသာဆိုး တရားမျိုးတို့အစပျောက် ဖျက်ချိုး နိုင်တဲ့အခါမှာ ရသင့်,ရောက်သင့်မြင်သင့် မြင်ထိုက်သော နိဗ္ဗာနဓာတ်တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရရကြရ မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆုပြုကြကုန်ရာ သတည်း။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား

http://www.dhammadownload.com



# လသာခိုက် မိုင်းငင်တရားတော်

ယနေ့ မြန်မာသက္ကရာဇ် ၁၃၅၀-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၅) ရက်နေ့၊ ခရစ်နှစ် ၁၉၈၉-ခု၊ ဇွန်လ (၃) ရက်၊ စနေနေ့မှာ အမရပူရမြို့ မဟာဂန္ဓာရုံ ကျောင်းတိုက်ရှိ ပရိယတ်, ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော် (၆၀၀) ကျော်တို့အား နံနက်ဆွမ်း, နေ့ဆွမ်း, နှစ်ထပ်သော ဘောဇဉ်ဆွမ်းများဖြင့် လာရောက် လောင်းလှူဆက်ကပ်ကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ တမာကုန်းရွာမှာ နေထိုင်ကြတဲ့ ယက္ကန်းထောင် အထည်ကုန်သည်များဖြစ်ကြသော ဆွမ်းဒကာ အလှူဒကာ ဒကာဦးထွန်းရှိန်၊ ဆွမ်းဒါယိကာမ အလှူဒါယိကာမ ဒကာမ ဒေါ်ညွန့်မေတို့ မိသားစုဖြစ်ပါတယ်။

အဲဒီဝမ်းတွင်းမြို့နယ်၊ တမာကုန်းရွာက အခုပြောခဲ့တဲ့ ဆွမ်းဒကာ၊ ဆွမ်းဒကာမများ ဖြစ်ကြတဲ့ ယက္ကန်းထောင်ပိုင်ရှင် အထည်ကုန်သည်များဖြစ်ကြတဲ့ ဦးထွန်းရှိန်+ဒေါ်ညွန့်မေတို့မိသားစုက မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်မှန်းပြီးတော့ ယနေ့ ဂန္ဓာရုံကျောင်းတိုက်သို့ လာရောက် ပြီးတော့ သံဃာတော် (၆၀၀) ကျော်တို့အား နံနက်အချိန် မွန်မြတ်သော ကြာဇံဆွမ်းများဖြင့် လောင်းလှူဆက်ကပ်ခြင်း၊ နေ့လယ်အချိန်လည်းပဲ မွန်မြတ်သော ဆွမ်းခဲဖွယ်, ဘောဇဉ်, ချိုချဉ်အရသာ အဖြာဖြာတို့ဖြင့် သဒ္ဓါပြဋ္ဌာန်း ဆက်ကပ်လှူဒါန်းသမှုကို ပြုကြခြင်း၊ အဲဒီလို အားဖြင့် သံဃာတော်များကို နှစ်ထပ်သော ဆွမ်းဘောဇဉ်များဖြင့် ငွေကျပ်တစ်သောင်းကျော် အကုန်အကျခံ လှူဒါန်းဆက်ကပ်ပြီးတော့ ဖိတ်မန္တက ပြုထားတဲ့ ပရိသတ် အပေါင်း သူတော်ကောင်းတို့ကိုလည်း ဒီနေ့ သဒ္ဓါဖြူဖွေး ကျွေးမွေး ဧည့်ခံသမှုပြု ကြပါတယ်။

ပြီးတော့သူတို့က သူတို့ရဲ့အသုံးပြုနေတဲ့ မော်တော်ကားလေးပေါ့၊ အဲဒီမော်တော် ကားကိုလည်း ဝယ်ထားပြီး အသစ်မော်တော်ကားကိုလည်းပဲ ပရိတ်တရားတော်များ မရွတ် ရသေးလို့ အဲဒီမော်တော်ကားကို ပရိတ်ချီးမြှင့်ပေးပါတဲ့ အဲဒါ တော်ကြာတော့ ဘုရားတိုက် ရှေ့မှာ မော်တော်ကား ရောက်လာပါလိမ့်မယ်၊ အဲဒီ မော်တော်ကားကို ပရိတ်တရားများ ချီးမြှင့်ပေးရမယ်၊ ဒီတော့ မိမိတို့ရဲ့ ဘုရား, တရား, သံဃာ ရတနာသုံးပါးအပေါ်မှာ အားကိုး ယုံကြည်ချက်ရှိကြတဲ့အတိုင်း မိမိတို့ရဲ့ အသစ်ဖြစ်တဲ့ မော်တော်ယာဉ်ကိုလည်းပဲ ဘုရားဓာတ်, တရားဓာတ်, သံဃာဓာတ်ကြီး အရှိန်ဟပ်အောင် ဘုရား, တရား, သံဃာ ရတနာသုံးပါးရဲ့

http://www.dhammadownload.com



ဂုဏ်သတ္တိတွေ စိမ့်ဝင်အောင်ဆိုပြီးတော့ မော်တော်ကားသစ် ဖွင့်ပွဲပေါ့လေ၊ ဒို့ကောင်းမှု ပြုတယ်ဆိုရင် မွေးနေ့တို့, ဘာတို့နဲ့ အကြောင်းပြုကြတာ အခု ဦးထွန်းရှိန်+ဒေါ်ညွန့်မေတို့က တော့ မော်တော်ကားမွေးနေ့ပေါ့လေ၊ ဒီလိုပြောရမှာ ပေါ့နော်၊ မော်တော်ကား မွေးနေ့မင်္ဂလာ အဖြစ်နဲ့ မော်တော်ကား သစ်ရတဲ့ မင်္ဂလာအဖြစ်နဲ့ ဘုရား, တရား, သံဃာ ရတနာသုံးပါးထံ အပ်နှင်းပြီးတော့ ဒီနေ့ ဆွမ်းဘောဇဉ်များလာပြီးတော့ ပြုကြတယ်။

ဒီတော့-ဒီနေ့ ကုသိုလ်ရှင်များက ယက္ကန်းရုံတည်ထောင်၊ ယက္ကန်းအလုပ်နဲ့ လုပ်ကိုင် စားသောက်ပြီးတော့ အထိုက်အလျောက် ကြီးပွားချမ်းသာပြီးတော့နေကြ၊ အထည်တွေ အရောင်းအဝယ်နဲ့ လုပ်ကိုင်ပြီးတော့နေကြတာ၊ ဒီတော့ သူတို့ရဲ့ မိတ်ဆွေရင်းများဖြစ်ကြ တဲ့ ဒို့ အမရပူရမြို့ တရုတ်တန်းက ဒကာမကြီး ဒေါ်ဒန်တို့ ဒကာ ကိုသိန်းဌေးတို့ ဒကာမ မကြင်ကြင်တို့ မိသားစုတွေက ဒီကနေပြီးတော့ အကျိုးဆောင်ပေးကြလို့ ပါရမီကူညီဖြည့် ကြလို့ သူတို့ရဲ့ ကောင်းမှုကြီး ဖြစ်ထွန်း ပြီးတော့ လာတော့၊ ယက္ကန်းထောင်တွေ, အထည်ကုန်သည်တွေ လို့ဆိုတော့ ယက္ကန်းသမားကလာတော့ ယက္ကန်းစကားပြောပြီးတော့ ယက္ကန်း တရားဟောရ မှာပေါ့။

ဒို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဆေးစက်ကျရာ အရုပ်ထင်ဆိုတာလိုပဲ၊ ဒို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက နွားသမားတွေလာရင် နွားစကားပြော ပြီးတော့၊ နွားတရားဟောပြီးတော့ နိဗ္ဗာန်ပို့တာပဲ။ မြင်းသမားလာလို့ရှိရင် မြင်းစကား ပြောပြီးတော့ မြင်းတရားဟောပြီးတော့ နိဗ္ဗာန်ပို့တာပဲ။ နိဗ္ဗာန်ပို့တာက တော့ နောက်ဆုံးနိဗ္ဗာန်ပို့တာချည်းပဲ၊ သို့သော် သူ့ရဲ့ လုပ်နေတဲ့အလုပ်အား လျော်စွာ ဘုရားက ဟောလေ့ရှိတယ်၊ ဈေးသမားတွေလာတော့ ဈေးစကားပြောပြီး ဈေးတရားဟောပြီး နိဗ္ဗာန်ပို့တာပဲ၊ အဲဒီလိုပဲ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဒါကြောင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဖြစ်သွားတာ၊ နောက်ဆုံးကတော့ နိဗ္ဗာန်ပို့တာချည်းပဲ။

ဒီတော့ -ဒီနေ့ ဒကာ ဦးထွန်းရှိန်တို့၊ ဒေါ်ညွန့်မေတို့ မိသားစုက ယက္ကန်းသမားတွေ၊ ယက္ကန်းအလုပ်နဲ့ အသက်မွေးဝမ်းကြောင်းပြုပြီး ယက္ကန်းစင်ကြီး တွေ အထည်ကြီးတွေ ချည်ထုပ်တွေ ချည်မျှင်တွေက ထမင်းကျွေးနေတာ၊ အဲဒီထမင်းကို ကိုယ့်ချည်းမစားပဲနဲ့၊ ဒီနေ့-အဲဒီယက္ကန်းတွေ, ချည်မျှင်တွေ, အထည်တွေက ဖြစ်လာတဲ့ ခွေးနဲ့စာ၊ မိမိတို့ရှာလို့ ရတဲ့ ခွေးနဲ့စာ ပစ္စည်းတွေနဲ့ ဒီနေ့-ဘုရားသားတော်တွေကို လာပြီးတော့ မျှကျွေးတာ၊ ဘုရားသားတော်

http://www.dhammadownload.com



သံဃာတော် (၆၀၀) ကျော်ကို နံနက်ဆွမ်း၊ နေ့ဆွမ်းမျှကျွေးတော့ ၁၁၁ ၅သောင်းခွဲ လောက်ကုန်တယ်၊ ကြာဖံဆိုရင် ငါးထောင်လောက်ကုန်တာ၊ နေ့ဆွမ်းကလည်း ပဲ တစ်သောင်းလောက်ကုန်မှာ ဒီတော့ တစ်သောင်းခွဲလောက်ကို သူတို့တစ်ရက် တည်းနဲ့ ရုတ်ကနဲ ရေတွင်းထဲက ရေခပ်သလို ယူလို့ရတာလည်း မဟုတ်ဘူး၊ ဒီ တစ်သောင်းခွဲ လောက်ကို သုံးလေးငါးရက် တစ်ပတ် တစ်လစုယူရတာ၊ အဲဒါကို ရက်ရက်ရောရောကြီး ဘုရားသာသနာလာပြီးတော့ သူတို့ ဘုရားသာသနာ ပူဇော်တဲ့အနေနဲ့ ဘုရားသားတော် တွေ ကျွေးကြ၊ မွေးကြ၊ ညှော်ခံကြတာ။

အဲဒီလိုအားဖြင့် မိမိတို့ ယက္ကန်းကဖြစ်လာတဲ့ အလုပ်တွေနဲ့ လာပြီးတော့ ကျွေးမွေး လှူဒါန်း အရုဏ်ဆွမ်း, နေ့ဆွမ်း ဆက်ကပ်လှူဒါန်း ပရိသတ်အပေါင်း သူတော်ကောင်းတို့အား ကျွေးမွေး၊ ညှော်ခံသမှု ဒီလို ပြုနေတာကိုပဲ ဘုရားရှင် ကိုယ်တော် မြတ်ကြီးက ဒါ " လသာခိုက်မှာ ဗိုင်းငင်သလိုပဲ" သာသနာ တော်တည်း ဟူသော အရောင်အဝင်း, ရွှေလမင်းကြီး ကမ္ဘာလောကခေတ်ထဲ လင်းနေတဲ့ အခိုက်မှာ ပါရမီချည်မျှင် ဗိုင်းငင်ကြတာ . . . တဲ့။

ဒကာ ဦးထွန်းရှိန်တို့ -ဒေါ်ညွှန့်မေတို့ မိသားစုတွေ ဒီနေ့ အုပ်အုပ် ကျက်ကျက်နဲ့ ဝမ်းတွင်းမြို့နယ် မိမိတို့ တမာကုန်းကျေးရွာကနေပြီးတော့ အမှုရပူရ မဟာဂန္ဓာရုံကျောင်း တိုက် ဘာလာလုပ်ကြတုန်း . . . လို့ မေးရင် တပည့်တော်တို့ " လသာခိုက် ဗိုင်းငင်ကြ ပါတယ် ဘုရား"ပါရမီချည်မျှင်တွေ ငင်ကြပါတယ်၊ ပါရမီချည်မျှည်တွေ များများငင်မှ ရမှ အထည်တွေထွက်လာမှာကိုး၊ အထည်တွေ, အထည်တွေဆိုတာ ချည်မျှင်တွေက ဖြစ်တာကိုး၊ ချည်မျှင်များများရှိတဲ့သူက အထည်များများ ထွက်မှာပေါ့၊ အထည်များများ ထွက်မှ အဲဒီအထည်ကို ကိုယ်တိုင်ဝတ်ရတယ်၊ သားသမီးဆင်ရတယ်၊ ဆွေမျိုးတွေ ပေးရတယ်၊ ဒီအထည်ကို ရောင်းချပြီးတော့ ကိုယ့်စားရေးတွေ ပြည့်စုံတယ်၊ ဝတ်ရေးတွေ ပြည့်စုံ တယ်၊ ရွှေငွေစိန်ကျောက်တွေ ဖြစ်လာတယ်၊ နေရေး ထိုင်ရေး, မိုးလုံ လေလုံ, တိုက်တာ အဆောက်အအုံတွေ ဖြစ်လာမယ်၊ စီးစရာ မော်တော်ကား၊ သွားစရာ ထီး၊ ဖိနပ်တွေ ပြည့်စုံမယ်ပေါ့၊ ဒီတော့-ချည်းမျှင်ဟာ အထည်ရဲ့အခြေခံဖြစ်တယ်။

အဲဒါလိုပဲ ဒီနေ့ ဒကာ ဦးထွန်းရှိန်တို့-ဒေါ်ညွှန့်မေတို့ ပါရမီချည်မျှင်တွေ လာပြီးတော့ ငင်တာ၊ ယူတာ၊ အဲဒီပါရမီချည်မျှင်တွေ များများငင် . . . လို့ ကိုယ့်များများရလေလေ ထွက်လာမယ့် အထည်ကောင်းတွေ၊ ဒါန ပါရမီ ကုသိုလ်ကောင်းမှု ချည်မျှင်တွေ၊ များများ ငင်လိုက်တော့ ဘဝသံသရာမှာ စည်းစိမ်ဥစ္စာ ပေါများခြင်းဆိုတဲ့ အထည်တွေ ထွက်လာမယ် အစားပြည့်စုံတဲ့

F. 5

http://www.dhammadownload.com


အထည်တွေ၊ အဝတ်အဆင်၊ ရွှေငွေကျောက်သံ ပြည့်စုံတဲ့အထည်တွေ၊ နေရာထိုင်ခင်း ပြည့်စုံတဲ့ အထည်တွေ ထွက်လာမယ်လေ။

သီလပါရမီ ချည်မျှင်တွေ များများငင်လိုက်တော့၊ အသက်ရှည်တဲ့ အထည်တွေ အင်္ဂါခြေလက် ပြည့်စုံတဲ့ အထည်တွေ၊ ရုပ်ဆင်းလှတဲ့ အထည်တွေ၊ ကျန်းမာရေးကောင်းတဲ့ အထည်တွေ၊ အန္တရာယ်ကင်း ဘေးရှင်းတဲ့ အထည်တွေ ထွက်လာမှာပေါ့။ သီလချည်မျှင် တွေက အဲဒီအသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ရုပ်ဆင်း ဥပဓိ ပြည့်စုံခြင်းဆိုတဲ့ အထည် မျိုးတွေ ထွက်တယ်၊ ဒါနပါရမီ ချည်မျှင်ကတော့ ခုနကလို စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံတဲ့ အထည် တွေ ထွက်လာတာပေါ့။

ဘာဝနာပါရမီချည်မျှင်တွေ ပညာပါရမီလို့ခေါ်တဲ့ သမထ ဝိပဿနာ ဘာဝနာ ချည်မျှင်တွေ များများငင်ယူလိုက်တော့ အမျိုးမြတ်တဲ့ အထည်တွေ အသိအလိမ္မာကြီးတဲ့ အထည်တွေ၊ ပညာဉာဏ်ကြီးတဲ့ အထည်တွေ နက်နက်နဲနဲ ခက်ခဲတဲ့တရားတွေ ဟောလိုက် ပြီဆိုရင် မြင်လွယ်, သိလွယ်တဲ့အထည်တွေ လိမ္မာရေးခြားရှိတဲ့ အထည်တွေ၊ မျိုးကောင်း, ရိုးကောင်းမှ ပေါက်ဖွားတဲ့အထည်တွေ၊ ဟော-ဒါတွေဖြစ်လာတာပေါ့၊ ဒါကြောင့် အထည်ဆိုတာ ချည်ကဖြစ်တာ၊ ချည်များများငင်ယူနိုင်တဲ့သူက အထည်တွေ များများရမယ်၊ အထည် တွေများ များရတော့ ချမ်းသာတယ်။

ဒါကြောင့်- မြတ်စွာဘုရားက "လသာခိုက်မှာ ဗိုင်းငင်ကြသလိုပဲ သာသနာတော် တည်းဟူသော အရောင်အဝင်း ရွှေလမင်းကြီး ကမ္ဘာလောကထဲ လင်းနေတဲ့ အခိုက်၊ သာသနာလမင်းကြီး လင်းနေတဲ့အခိုက်မှာ လသာခိုက်မှာ ပါရမီချည်မျှင် တရားတွေ, ငင်ယူ လိုက်ကြ . . .၊ ဟော - ဥပမာ ဘာနဲ့ပေးပြီးတော့ ပြောသွားတုန်းဆိုတော့ လသာခိုက် ဗိုင်းငင်တဲ့ မိန်းကလေးတွေ ဥပမာထားပြီးတော့ ဒေသနာတော်က ဆုံးမသွားတယ်၊

**နာရိယော စန္ဒလောကမှိ, ယထာ သုတ္တာနိ ကန္တရေ၊**
**တထာ ပါရမိ သုတ္တာနိ, ကန္တဟော လောက သာသနေ။**

နာရိယော- လုပ်ငန်းဆောင်တာ, မရှောင်ခွာပဲ, လျှော်စွာအခွင့်, မျှော်ကာ လင့်၍, အသင့်စောင့်စား, သတိုးသမီးကလေးများတို့သည်၊ စန္ဒလောကမှိ- ဥဒီတောင်ထက်, အမှောင်ဖျက်၍, ရောင်လက်ကြွကြွ, ကမ္ဘာ့ဓမ္မတာအလိုက်, လသာခိုက်၌၊ သုတ္တာနိ ကန္တရေယထာ- အနိုင်ကိုလု, အပြိုင်ပြုလျက်, ဇမ္ဗူတိုင်းခွင်, လှူဂိုဏ်းဝင်အောင်, ဗိုင်းငင်ကြလေကုန်သကဲ့သို့၊ ဧဝံ တထာ- ပမာဆိုမူ, ထို့အတူ သာလျှင်၊ လောက သာသနေ-ဗုဒ္ဓမြတ်စွာ, သာသနာလမင်း, ကမ္ဘာတွင်းဝယ်,

http://www.dhammadownload.com



လင်းတရှိန်ရှိန်, ထိန်တလက်လက်, စိန်စက်တန်ဆောင်, အမှောင်ဖျက်ပြုန်း, အရောင်ထွက်တုန်း၌၊ ပါရမီ သုတ္တာနိ- အမျိုးအလိုက်, အဖိုးထိုက်သည့် ကြိုက်အညီ, ပါရမီ (၁၀) ပါး, ချည်မျှင်များကို၊ ကန္တဟော- ပြိုင်ကြ ဆိုင်ကြ, အနိုင်ရလျက်, ကမ္ဘာ့တိုင်းခွင်, ဓမ္မဂိုဏ်းဝင်အောင်, ဗိုင်းငင်လိုက်ကြကုန်ရာသတည်း။

သာဓု... သာဓု... သာဓု...ပါဘုရား

ခုကာလလို လျှပ်စစ်မီးတွေ အင်ဂျင်စက်ကထွက်တဲ့ မီးတွေ မထွန်းကားသေးတဲ့ ဟိုး ...ရှေးတုန်းကတော့ ဟိုး ...အရှေ့က ဦးဒီတောင်စွန်း လပြည့်ဝန်းကြီးက ရွှန်းရွှန်းပပ ထွက်ပေါ်ပြီးတော့လာတဲ့အချိန် ...၊ လမင်းကြီး ထွက်ပြီးတော့ လာပြီဆိုရင် အဲဒီ-လမင်းကြီးရဲ့အရောင်ကို အားပြုပြီးတော့ အမျိုးသမီးလေးတွေ နေ့မှာတော့ နေ့အလုပ်တွေနဲ့ လယ်ယာစိုက်ရ၊ လယ်ယာ ကောက်ခင်း စိုက်ရ၊ ပျိုးရ၊ ရိပ်ကြ၊ သိမ်းကြ၊ အိမ်တွင်းမှု အလုပ်တွေ ချက်ကြ၊ ပြုတ်ကြ၊ ဖွတ်ကြ၊ လျှော်ကြ၊ အလုပ်တွေလုပ်ပြီးတော့ ညကျတော့မှ အဲဒီလရောင် ကြီး ဝင်းပြီးတော့ လင်းတဲ့အခိုက်မှာ ဗိုင်းငင်ကြတယ်၊ အမျိုးသမီးလေး၊ နာရီယော-လုပ်ငန်း ဆောင်တာ မရှောင်ခွာပဲ လျှော်စွာအခွင့် မျှော်ကာလင့်၍ အသင့်စောင့်စား သတို့သမီးကလေးများတို့သည်။

ညမှာ အခွင့်က သာတာကိုး ဗိုင်းငင်ဖို့က ဗိုင်းတောင့်တွေနဲ့၊ ချည်တွေ ဖြစ်လာအောင် လို့ ငင်ယူတာ၊ ဒါဗိုင်းငင်တာ၊ နာရီယော- လုပ်ငန်းဆောင်တာ မရှောင်ခွာဘဲ လျှော်စွာအခွင့် မျှော်ကာလင့်၍ အသင့်စောင့်စား သတိုးသမီးကလေး များတို့သည်၊ စန္ဒလောကမှိ-ဥဒီတောင် ထက် အမှောင်ဖျက်၍ ရောင်လက်ကြွကြွ ကမ္ဘာ့ဓမ္မတာအလိုက် လသာခိုက်၌။

ဟိုး ... အရှေ့က ဥဒီတောင်စွန်းက ရွှေလမင်းကြီး ပြည့်ပြည့်ဝန်းဝန်း ထွက်ထွန်း ပေါ်ပြီးတော့လာတဲ့ အချိန်...တဲ့၊ အဲဒီ လသာမယ့်အချိန် ကိုယ့်အိမ်ရှေ့ ကွက်လပ်ကွင်းပြင် ထွက်ပြီးတော့ တစ်စုတဝေး တပျော်တပါး အိမ်နီးချင်းတွေ ရပ်နီးချင်းတွေစုပြီးတော့ ဗိုင်းငင်ကြတာ၊ဗိုင်းငင်ကြတော့ သူ့ထက်ငါ အပြိုင်လုပြီးတော့ လသာခိုက်မှာ သူကချည်တခင် ရရင် ကိုယ်က တစ်ခင်ခွဲရအောင် နှစ်ခင်ရအောင်စသည်ဖြင့် ဒီလိုပေါ့ ဗိုင်းငင်ပြီးတော့ ယူကြ ချည်တွေငင်ပြီး တော့ယူကြ၊ ချည်မျှင်တွေဖြစ်အောင် ယူကြ၊ ယက်ဖောက် ရောက်လုံးတွေ များများဖြစ်လာအောင် လုပ်ပြီးတော့ယူကြ၊ စန္ဒလောကမှိ- ဥဒီတောင်ထက် အမှောင်ဖျက်၍ ရောင်လက်ကြွကြွ ကမ္ဘာ့ဓမ္မတာအလိုက် လသာခိုက်၌၊ သုတ္တာနိ

http://www.dhammadownload.com


ကန္တရေယထာ- အနိုင်ကိုလု အပြိုင်ပြုလျက် ဇမ္ဗူတိုင်းခွင် လူ့ဂိုဏ်းဝင်အောင် ဗိုင်းငင်ကြကုန်သကဲ့သို့ . . . ။

ရှေးတုန်းကတော့ အမျိုးသမီးကလေးတွေများ ယက္ကန်းမတတ်ရင် လူရာမဝင်ဘဲကိုး၊ အမျိုးသမီးဆိုရင် ယက္ကန်းတတ်ရတယ်၊ ယက္ကန်းပညာတွေ တတ်ရတယ်၊ စားဝတ် နေရေးမှာ ဝတ်ဆင်ရေးဆိုတာ၊ ဒါ-ကိုယ့်အိမ်က ကိုယ့်ဘာကိုယ် မိန်းကလေးတွေက ဖြေရှင်း သွားတာပဲ ဗိုင်းငင်, ဝါဖတ်, ချည်ငင်, ယက်ဖောက်ယောက်, ယက္ကန်းခတ်, အထည်တွေ တခြားထွက်ပြီးတော့ ဝယ်နေဖို့ မလိုဘူး၊ ကိုယ့်ဆီက ကိုယ်ကပိုတော့ ရောင်းချ၊ အဲဒီလို -အမျိုးသမီးများ ယက္ကန်း ပညာတတ်မှ လူရာဝင်တယ်၊ ဒါကြောင့်- သုတ္တာနိ ကန္တရေယထာ- အနိုင်ကိုလု အပြိုင်ပြုလျက် ဇမ္ဗူတိုင်းခွင် လူ့ဂိုဏ်းဝင်အောင် . . . တဲ့၊ လူ့ဂိုဏ်းဝင်အောင် လူတော် စာရင်း ဝင်အောင်၊ ဗိုင်းငင်ကြကုန်သကဲ့သို့ . . . ၊ စေ၀ တထာ-ပမာဆိုမူ ထို့အတူသာလျှင်၊ လောက သာသနေ-ဗုဒ္ဓမြတ်စွာ သာသနာလမင်း ကမ္ဘာတွင်းဝယ် လင်းတရှိန်ရှိန် ထိန်တလက်လက် စိန်စက်တန်ဆောင် အမှောင်ဖျက်ပြုန်း အရောင်ထွက်တုန်း၌ . . . ။

အဲဒါလိုပဲ . . . တဲ့၊ ဒကာ ဦးထွန်းရှိန်တို့, ဒကာမ ဒေါ်ညွန့်မေတို့ရဲ့ ကမ္ဘာလောကကြီးမှာ လမင်းကြီး ထိန်ထိန်သာနေပြီ ဘာလမင်းကြီးတုန်း သာသနာလမင်းကြီး သာသနာတော် လမင်းကြီး အခုမွန်းတည့်ပြီးတော့ နည်းနည်း တိမ်း တောင်သွားပြီ။ အခု သာသနာငါးထောင် သာသနာငါးထောင် ဆိုတဲ့ အရှိက ငါးထောင်ထက်ဝက် ဝက်ရင် နှစ်ထောင့်ငါးရာ၊ အခု သာသနာ နှစ်ထောင်ငါးရာ ပေါ်မှာ သုံးဆယ်သုံးနှစ် ကျော်သွားပြီး၊ သို့သော်- အားကောင်းတုန်းပါ၊ သာသနာလမင်းကြီးက အခုမှ မွန်းတည့်ပြီးတော့ နည်းနည်းလေးပဲ အနောက်ဘက် စောင်းကာ ရှိသေးတယ်၊ နေမွန်းတည့်တဲ့ နေ့လည်အချိန် နေမင်းကြီးအရောင် အားကောင်း သလိုပေါ့၊ လမင်းကြီး မွန်းတည့်တဲ့အချိန်မှာ လမင်းကြီးရဲ့ အရောင်ဟာ အားကောင်းသလို ပေါ့၊ အခုသာသနာတော်တည်းဟူသော လမင်း ကြီး မွန်းတည့်ပြီးတော့ (၃၃) နှစ်ကျော်ကာ ရှိသေး (၂၅၀၀) ပေါ် (၃၃) နှစ်ကျော်လို့ စောင်းကာရှိသေး၊ အားကောင်းတုန်း မြင်ရတုန်း အဲဒီအချိန်မှာ- မြင်မြင်ထင်ထင် ရှိတုန်း၊ ဗိုင်းငင်လိုက်ကြ. . . တဲ့၊ ချည်မျှင်တွေ များများရအောင် စုလိုက်ကြ။

လောက သာသနေ- ဗုဒ္ဓမြတ်စွာ သာသနာလမင်း ကမ္ဘာတွင်းဝယ် လင်းတရှိန်ရှိန် ထိန်တလက်လက် စိန်စက်တန်ဆောင် အမှောင်ဖျက်ပြုန်း အရောင်ထွက်တုန်း ၌၊ ပါရမီ သုတ္တာနိ- အမျိုးအလိုက် အဖိုးထိုက်သည့် စရိုက်အညီ ပါရမီ (၁၀) ပါး ချည်မျှင်များကို. . ၊

http://www.dhammadownload.com



ပါရမီဆယ်ပါး ချည်မျှင်တွေ ငင်ယူကြ၊ များများစုမိအောင် ယူကြ၊ ဒီနေ့ ဒကာ ဦးထွန်းရှိန်တို့-ဒေါ်ညွန့်မေတို့ ပါရမီချည်မျှင်တွေ အကြီးအကျယ် ရတဲ့နေ့ပဲ၊ ယူတဲ့နေ့ပဲ၊ ရတာက အချောင်ရတာ မဟုတ်ဘူး၊ ယူလို့ရတာ၊ ဟိုး . . . ဝမ်းတွင်းမြို့နယ်၊ တမာကုန်းရွာ ကနေပြီးတော့ ဆွမ်းကပ်မယ်၊ ဆွမ်းလှူမယ်၊ ဆွမ်းလောင်းမယ်၊ သံဃာ (၆၀၀) ကျော် မနက် ကြာဇံဆွမ်း လောင်းမယ်၊ နေ့လည် ဆွမ်းတွေ၊ ဘောဇဉ်တွေ၊ ခဲဘွယ်တွေ လောင်း မယ် လှူမယ်, လောင်းမယ်, လှူမယ်, လောင်းမယ် လှူမယ်နဲ့ အလှူ့ဒကာ အလှူ့အမနှင့်တကွ သားသမီးတစ်တွေ မိသားစုတစ်တွေ သန္တာန်မှာ ပထမပိုင်း ပုဗ္ဗစေတနာပိုင်း စေတနာတွေ တသောသောနဲ့စောပြီးတော့ ချည်မျှင်တွေ ငင်ယူလိုက်ကြတာ ရခဲ့ကုန်ပြီ၊ အဲဒီ ကထဲက ဆွမ်းကပ်မယ်လို့ အာရုံပြုကတည်းကိုက ဇောတွေက စောကုန်ပြီ၊ ရှေ့ပိုင်းမှာ။

အဲဒီကနေ အခုဒီထွက်လာပြီးတော့ ဒီရောက်တော့ ဒီကမိတ်ဆွေတွေ ဖြစ်တဲ့ ဒကာမကြီး ဒေါ်ဒန်တို့ မိသားစုတွေနဲ့ တွေ့ပြီးတော့ ဘယ်လိုကပ်မယ်၊ ဘယ်လိုလှူမယ်၊ ဘယ်လိုလောင်းမယ်နဲ့ဆိုပြီးတော့ စီမံကြပြီးတော့ အခုလောင်းပြီ၊ "သံဃဿ ဒေမ နိဗ္ဗာနဿ ပစ္စယော ဟောတု"၊ သံဃဿ ဒေမ နိဗ္ဗာနဿ ပစ္စယော ဟောတု " ချည်တွေ . . တစ်ထွေးကြီး ငင်ယူ, ဆွဲယူ, သိမ်းယူ, ပိုက်ယူ, ထွေးယူ, တစ်ပိုက်ကြီး ဒါ-မုဥ္စ စေတနာခေါ်တယ်၊ အလယ်ဇော စေတနာတွေ စောပြီးတော့ ဒါနလှူဒါန်းမှု စေတနာ တွေ၊ နောက် အောင်သွားပြန်တော့ ဒီကနေ ပြန်သွားတော့ အောင်သွားပဟေ့ . . . ။ လှူခဲ့ရပြီ၊ လောင်းခဲ့ရပြီ တွေးလိုက်တိုင်း ဝမ်းသာလို့။

အမလေး . . . မနက် (၆၀၀) ကျော်၊ နေ့လည် (၆၀၀) ကျော် သံဃာတော် (၁၂၀၀) ကျော် ဒို့ဆွမ်းကပ်ခဲ့ရပြီ၊ ဘုရား သားတော် သံဃာတော် (၁၂၀၀) ကျော်၊ ဆွမ်းလောင်းခဲ့ ရပြီ၊ ဆွမ်းကပ်ခဲ့ရပြီ၊ လှူခဲ့ရပြီ၊ တန်းခဲ့ရပြီနဲ့ ပြန်တွေးလိုက်တိုင်း ဝမ်းသာနေ၊ ငင်တုန်းရှိ သေး၊ ချည်တွေငင်တုန်းရှိသေး။ ဒါ-ဒီကျောင်းတိုက်မှာ အခုဖြစ်နေတဲ့ ချည်မျှင်တွေရတာ ပြောတာ၊ နောက်အကြောင်းအားလျော်စွာ မိမိတို့ ဝမ်းတွင်းမြို့နယ်၊ တမာကုန်းရွာ နေရင်းနဲ့ အဲဒီမှာရှိတဲ့ ဆရာတော် သံဃာတော်တွေ ဘုရားသားတော်တွေ လှူဒါန်းထောက်ပံ့ ပူဇော် နေတဲ့အချိန် ဖြစ်နေတာပဲ။

အကြောင်းအားလျော်စွာ သီလထိန်းကြတော့ သီလဆောက်တည်ကြ တော့ သီလ ပါရမီ ချည်မျှင်တွေ၊ အဲဒီလိုအားဖြင့် ဒါနပါရမီချည်မျှင်၊ သီလပါရမီ ချည်မျှင် အစရှိတဲ့ ချည်မျှင် (၁၀) ပါး၊ ပါရမီ (၁၀) ပါး၊ ချည်မျှင်များ အခု-ဒီနေ့က

http://www.dhammadownload.com



အကြီးအကျယ် ချည်မျှင်တွေရတာပဲ၊ ရတာဆိုတော့ ငင်ယူလို့ရတာပေါ့၊ ဒီတော့ ငင်ယူလို့ရတယ်ဆိုလို့များ ဒါနပါရမီချည်မျှင် ငင်တယ်ဆိုလို့များတော့ အကြောင်းသုံးချက်မစုံဘဲနဲ့ ငင်လို့ မရဘူးတဲ့၊ မြတ်စွာဘုရားရဲ့ သာသနာလမင်းကြီး လင်းပြီးတော့လည်း နေမှ၊ ပြီးတော့ မိမိတို့လက်ထဲက ငင်နိုင်လောက်တဲ့ စွမ်းရည်သတ္တိရှိတဲ့ ပစ္စည်းဥစ္စာကလည်း ရှိအုန်းမှ၊ ပြီးတော့ မိမိတို့က သာသနာတော်တွင်း အလှူခံ၊ လှူချင်တာဆိုတော့ အလှူခံပုဂ္ဂိုလ်တွေကလည်း သာသနာတော်တွင်း အလှူခံတွေ အုန်းမှ။

မြတ်စွာဘုရား သာသနာတော်လမင်းကြီးကတော့ ထိန်. . . လို့သာနေပါတယ်၊ ကိုယ်က သံဃာ (၆၀၀) ကျော်ကို မနက်ကြာဇံဆွမ်း ငါးထောင်လောက် အကုန်အကျခံပြီး နေ့လည်မွန်မြတ်တဲ့ ဘောဇဉ်ဆွမ်းတွေ တစ်သောင်းလောက် အကုန်အကျခံပြီး လှူချင်တယ် ဆိုပေမယ့်လို့ အဲဒီတစ်သောင်းငါးထောင်ဆိုတဲ့ ပစ္စည်းဝတ္ထု လက်ထဲက မရှိဘူးဆိုရင် အရင်း နှီးမရှိဘူးဆိုရင်လည်း ဒီချည်မျှင်ကို ဦးထွန်းရှိန် ဘယ်လောက်လိုချင်လို့မှ ယူလို့ မရဘူး၊ ဒေါ်ညွန့်မေက ရချင်လှပါတယ်လို့ မြေးလူးနေပေမယ်လို့ မရနိုင်ဘူး၊ အကြောင်းသုံးချက် ညီမှ (၁) မိမိလက်ထဲက ခုနက ပြောတဲ့ လှူဖွယ်၊ တန်းဖွယ်ဆိုတဲ့ အပြင် ဗဟိဒ္ဓပစ္စည်း၊ အတွင်းက လှူချင်တယ်၊ ဒီလိုလှူခြင်းကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်တယ်၊ သူတော်ကောင်းတွေ ဒီအလုပ်ကို လုပ်သွားကြတယ်လိုဆိုတဲ့ ယုံကြည်နေတဲ့သဒ္ဓါ၊ တိုက်တွန်းတဲ့ စေတနာ၊ အားထုတ်တဲ့ ဝီရိယ၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ကုသိုလ်လုပ်ငန်း အပေါ်ကို ကပ်ထားတဲ့ သတိအစရှိတဲ့ သူတော်ကောင်းဥစ္စာ အတွင်းပစ္စည်း။

အဲဒီလိုအတွင်း ပစ္စည်းနဲ့ အပြင်ပစ္စည်းလို့ခေါ်တဲ့ အပြင်ဘက်က ရွှေငွေ-အခုလို အကုန်အကျခံနိုင်တဲ့ ဓနအင်အား၊ ဆန်ဆီစတဲ့ ပစ္စည်း၊ အဲဒီအတွင်းပစ္စည်း အပြင်ပစ္စည်း ဆိုတဲ့ ပစ္စည်းကလည်း ပြည့်စုံမှ သာသနာတော်ရောင်ကြီးကလည်း လင်းနေမှ၊ အဲဒီ သာသနာတော်ကြီး လင်းနေတဲ့အခိုက် သာသနာတော်ဝန်ထမ်း ရှင်ရဟန်းဆိုတဲ့ အလှူခံ ပုဂ္ဂိုလ်တွေကလည်း ရှိမှ၊ အဲဒီလိုအကြောင်းတွေစုံမှ ဒီပါရမီချည်မျှင်တွေ ငင်ယူနိုင်တဲ့ အလှူ ဝတ္ထုထုပ်ကြီး ဖြစ်တယ်။ ဒါကြောင့်- လောကသာသနေ- ဗုဒ္ဓမြတ်စွာ သာသနာလမင်း ကမ္ဘာတွင်းဝယ် လင်းတရှိန်ရှိန် ထိန်တလက်လက် စိန်စက်တန်ဆောင် အမှောင်ဖျက်ပြုန်း အရောင်ထွက်တုန်း၌၊ ပါရမီ သုတ္တာနိ- အမျိုးအလိုက် အဖိုးထိုက်သည့် စရိုက်အညီ ပါရမီ ဆယ်ပါး ချည်မျှင်များကို . . .။

http://www.dhammadownload.com



အဲဒီပါရမီ ချည်မျှင်တွေကို အခွင့်သာတုန်း အကြောင်းစုံတုန်း ငင်ယူကြ. . . တဲ့၊ ငင်ယူကြ၊ အခွင့် မသာရင် အဲဒီအကြောင်းသုံးချက် မစုံရင် ငင်ချင်ပေမယ့်လို့ ငင်လို့မရဘူး၊ အဲဒါကို ဘုန်းကြီးတို့ ဘုရားလက်ထက်က *သုကေသီဆိုတဲ့ အမျိုးသမီးလေး တစ်ယောက်ရဲ့ အတ္ထုပ္ပတ်နဲ့ ပြောရမယ်ဆိုရင် ဘုန်းကြီးတို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ်က ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သာဝတ္ထိမြို့ ဇေတဝန်ကျောင်း သီတင်းသုံးပြီး နေတော့၊ အဲဒီ သာဝတ္ထိမြို့နှင့်တကွ ဘုရားသာသနာထွန်းလင်းတဲ့ မဇ္ဈိမ ဒေသရဲ့ အစွန်အဖျားဖြစ်တဲ့ ဥဇ္ဇေနီဆိုတဲ့ တိုင်းပြည်တစ်ခုရှိတယ်၊ အစွန်အဖျား တိုင်းပြည် သာသနာတော်တွင်း နယ်နိမိတ်ထဲ မပါဘူး သူက။

အဲဒီ ဥဇ္ဇေနီတိုင်းပြည်မှာ စဏ္ဍပဇ္ဇောတမင်း ထီးနန်းအုပ်ချုပ်တယ်၊ ဒီတော့- အဲဒီ ဥဇ္ဇေနီတိုင်းပြည်က လူတွေက သာသနာနဲ့ ဝေးနေတော့ ရိုင်းတယ်ကိုး လူတွေက၊ စဏ္ဍပဇ္ဇောတမင်းကတော့ သာသနာကြည်ညိုပါတယ်၊ ယဉ်ကျေးပါတယ်၊ သို့သော်-လူတွေက များသောအားဖြင့် ရိုင်းတယ်၊ ဒါနဲ့ စဏ္ဍပဇ္ဇောတမင်းက သူ့ရဲ့ ကစ္စာနဆိုတဲ့ ပညာရှိ အမတ်ကို မြတ်စွာဘုရားကို သွားပြီးတော့ ပင့်ချေ၊ မြတ်စွာဘုရား ဒို့ဥဇ္ဇေနီပြည် ကြွအောင် ဘုရားနဲ့ သံဃာတော်တွေ ရောက်အောင် သွားပြီးတော့ ပင့်ဆောင်ချေဆိုပြီး လွှတ်လိုက်တာ၊ လွှတ်လိုက်တော့ သူနဲ့နောက်ပါ အခြွေအရံ လူခုနစ်ယောက်နဲ့လွှတ်လိုက်တော့၊

ဒီကျတော့ ဘုရားထံလျှောက်၊ အကျိုးအကြောင်း တပည့်တော်တို့ ဥဇ္ဇေနီပြည်ဘက် မှာ အင်မတန် သာသနာ မရောက်မပေါက်သေးလို့ လူတွေလည်းပဲ ရိုင်းကြပါတယ်. . ဘုရား၊ အဲဒါသနားသောအားဖြင့် ကြွပေးပါဆို တော့ မြတ်စွာဘုရားက ကြည့်တော်မူလိုက်တယ် အနာဂတံသဉာဏ်တော်နဲ့ သာသနာထွန်းမယ့် အရပ်လား၊ မထွန်းမယ့်အရပ်လား၊ သာသနာ ဖြစ်မယ့် အရပ်လား၊ မဖြစ်မယ့်အရပ်လား ကြည့်တော့ အချိန်လိုပြီး နေသေးတာ မြင်တော့ မြတ်စွာဘုရားက ကစ္စာန. . . သင်ကိုယ်တိုင် ရဟန်းပြုပြီးတော့ သင့်ရဲ့နောက်ပါ တပည့်ခုနစ်ယောက်လည်း ရဟန်းပြုပြီးတော့ သင်ကိုယ်တိုင် သာသနာ့အလုပ်၊ ကြိုးစားအားထုတ်ပြီး တော့ သင်တို့ကိုယ်တိုင် ပြန်ပြီးတော့ သာသနာပြုနှင့် ငါဘုရားအခွင့်သင့်တဲ့အခါ လာမယ် . . . ဆိုတော့ အမတ်ကစ္စာနနဲ့ နောက်ပါ ခုနစ်ယောက်တို့ ရဟန်းပြုကြ၊ ရဟန်းပြုပြီးတော့ ရဟန်းတရား ကြိုးစားအားထုတ်ကြတာ၊ မကြာခင်ဘဲ သူတို့ ရဟန္တာတွေ ဖြစ်ကုန်ကြတယ်။

---

* အံ-၄-၁၊ ၁၆၀။

http://www.dhammadownload.com



အဲဒီတင် ရဟန္တာတွေ ဖြစ်သွားတော့ သူတို့က ဒို့ သာသနာပြုအနေနဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဒို့ကို အရင်လွှတ်တယ်၊ ကဲ-ပြန်ကြစို့. . ဆိုပြီးတော့ ပြန်ကြတယ်၊ ဒီတော့ ရဟန်းတော်တွေအနေနဲ့ သပိတ်လွယ်လို့၊ နှစ်ထပ်သင်္ကန်းကြီးတွေ ပခုံးပေါ်တင်ပြီးတော့ ခြေလျင် ခရီးပြန်ကြရတာ၊ ရှေးခေတ်က ကားတွေ, ရထားတွေရှိတာ မဟုတ်ဘူး၊ အဲဒီလို ပြန်တော့ တစ်ရွာဝင် တစ်ရွာထွက်၊ တစ်မြို့ဝင် တစ်မြို့ထွက် ဆွမ်းခံဘုဉ်းပေး. . ပြီးတော့ ဒီလိုပဲ ခရီးနှင်လာခဲ့ကြတော့၊ ခရီးက အဝေးကြီး။

အဲဒီလို တော်တော်သွားမိတော့၊ ဥဇ္ဇေနီပြည် မရောက်ခင်ခရီးတစ်ထောက်၊ တစ်ရက် ခရီးလောက်ကျန်တဲ့ အချိန်၊ ရွာကြီးတစ်ရွာ ရောက်ကြတော့ ဆွမ်းခံဝင်ကြတယ်၊ ရဟန္တာကြီး ရှစ်ပါး။ ကြွန္ဒေသိက္ခာနဲ့ စကျ္ကြန္ဒေချပြီး ဆွမ်းခံဝင်လာတော့၊ အဲဒီရွာကြီးမှာ နိဂုံးကြီးလို့ခေါ်တယ်ပေါ့၊ ရွာအကြီးစားကြီး၊ မိန်းကလေး တစ်ယောက်က သူတို့အိမ်ကြီး ပေါ်ကနေပြီးတော့၊ မနက်စောစော တံခါးဖွင့်လိုက်တဲ့အခါ၊ ရဟန္တာအရှင်မြတ်ကြီးရှစ်ပါးက တန်းပြီးတော့ သူတို့ရဲ့ နေအိမ်လမ်းမကြီး တည့်တည့် ဟိုး. . . အရှေ့ဆီက ကြွန္ဒေသိက္ခာရှိစွာနဲ့ကြွလာတာမြင်တော့။

အမလေး. . . . အရှင်မြတ်ကြီးတွေ၊ သူတော်ကောင်း အရှင်မြတ်ကြီးတွေ ကြွလာလိုက် ကြတာ ကြည်ညိုစရာကောင်းလိုက်တာ ဆိုပြီးတော့၊ သူလက်အုပ် ကလေး လှမ်းချီပြီတော့ အာရုံပြုနေရင်းနဲ့၊ ဟိုအိမ်ဝင်ရပ်လိုက် ဘယ်သူက မှထွက်မလောင်းတော့ တစ်ခါကြွသွားလိုက် လမ်းရဲ့တောင်ဘက်အိမ် ကူးရပ်လိုက်၊ မြောက်ဘက်အိမ် ကူးရပ်လိုက်၊ ဘယ်သူကမှ ဆွမ်း လောင်းရမှန်း မသိဘူးပေါ့လေ-လှူတဲ့တန်းတဲ့ ကိစ္စတွေက အဲဒီက နဲနဲသာသနာနဲ့ ဝေးနေတော့၊ နည်းနည်းရိုင်း ကြသေးတော့၊ ဆွမ်းလောင်းရမှန်း မသိဘူးပေါ့၊ ဒီကလေး မလေးကတော့ သူ့မိဘမျိုးရိုး အစဉ်အဆက်က လှူဒါန်း ပေးကမ်းလာတဲ့ မိဘ မျိုးရိုးဆိုတော့. . သူက ငယ်ငယ်ကတည်းက သူ့အမေတွေ အဖေတွေနဲ့ နေ့တိုင်းက ဒီလို လှူလိုက် တန်းလိုက် ဆိုတော့၊ သူကသိတယ်၊ အခုတော့ အမေတွေ အဖေတွေ မရှိဘူး၊ ဆွေတွေ မျိုးတွေလည်း မရှိဘူး၊ ဉာတိဗျသန ဘောဂဗျသန-စည်းစိမ်ဥစ္စာ တွေလည်း ပျက်၊ အကုန်လုံးပျက်စီးကုန် ပြီးတော့၊ သူနဲ့ သူ့ရဲ့ အဒေါ်ကြီး တစ်ယောက်ပဲ ကျန်တော့တယ်။

သူ့နာမည်က သုကေသီလို့ ခေါ်တယ်၊ ဘာပြုလို့တုန်းဆိုတော့ ဆံပင် ကောင်းလွန်းလို့ ကလေးမလေးက သူ့ငွေးသမီး ဆံပင်က အင်မတန်ကောင်းတယ်၊ သူ့ဆံပင်ကို ဖြေပြီး ချလိုက်ရင် အောက်ကဖမျက်ထိအောင် ဆိုက်တယ်တဲ့၊ ပြီးတော့

http://www.dhammadownload.com



အဖျားကော့ပြီးတော့ ဒေါင်းမြီးများလို အင်မတန် ဝိုင်းပြီးတော့၊ အင်မတန် တင့်တယ်တယ်၊ ဒါကြောင့် သူတို့အရပ်ထဲက သုကေသီ သုကေသီနဲ့ ခေါ်ကြတယ်၊ အဓိပ္ပာယ်ကတော့ ဆံပင်ကောင်းတဲ့ ကလေးမလေးပါပဲ၊ မြန်မာစကား။ အဲဒါသူက မနက်စောစော ခုနကလို ရဟန္တာအရှင်မြတ် ကြီးတွေမြင်တော့ စိတ်ထဲလေ ..၊ ကိုယ်တော်မြတ်ကြီးတွေ ဆွမ်းခံတာပါလား ..၊ ကြည့်ပါ အုန်း ဘယ်သူမှလည်း လောင်းရမှန်း မသိကြဘူး၊ ဟိုဘက်အိမ်ရပ်လိုက်၊ ကြည့်ပါအုန်း ဘယ်သူမှ ထွက်မလာတော့၊ ဟိုဘက်ကူးသွားပြန်ပြီ၊ ဟိုဘက်ကလည်း ဘယ်သူမှ ထွက်မ လောင်းဘူးနဲ့ သူ့စိတ်ထဲ မချင့်မရဲဖြစ်ပြီးတော့။

အမလေး ... ငါတို့အိမ်တော့ ရောက်လာတော့မှာပဲ၊ တော်ကြာ တဖြည်းဖြည်းနဲ့၊ ငါလောင်းချင်လိုက်တာ၊ ဘာများ လောင်းရပါ့မတုန်းဆိုပြီးတော့ ကဗျာကယာနဲ့ အိမ်အောက် ဆင်းပြေးလာ၊ သူ့အဒေါ်ကြီးကတော့ မီးဖိုထဲမှာ ယာဂုလေးကျိုနေတယ်၊ သူတို့က ယာဂု လေးကျိုသောက်နိုင်တဲ့ အဆင့်ရှိတာ၊ ဘာမှ သိပ်မရှိဘူး ပစ္စည်းက၊ ဒါနဲ့သာသူ အိမ်အောက် ဆင်းပြေးလာပြီးတော့ အခန်းထဲဝင်ပြီးတော့ လျှောက်ပြီးတော့ ဟိုအိုးထဲနိုက် ဒီအိုးထဲမွှေ၊ လျှောက်ပြီးတော့ စမ်းကြည့်၊ လောင်းဖို့လှူဖို့ ထန်းလျက်ခဲလေးရရ၊ ကြံသကာရရ၊ ဘာရရ၊ လောင်းဖို့ လှူဖို့ဆိုပြီးတော့ ကိုယ်တော်ကြီးတွေ ... ဘယ်သူမှလည်း မလောင်းကြဘူး၊ ကြွလာပြီ၊ တို့အိမ်ပေါက်လည်းရောက်မှာဆိုပြီးတော့ လောင်းချင်, လှူချင်ရှာလို့ ဆင်းပြီးတော့ ရှာတာ၊ ဘာမှ မတွေ့ဘူး။

ဘာမှ မတွေ့တော့ တစ်ခါ အပေါက်ပြေးပြီးတော့ ထွက်ကြည့်တယ်၊ ကိုယ်တော်ကြီး တွေလွန်များသွားပြီလားလို့ ထွက်ကြည့်တော့ လား လား ... သူထွက်ကြည့် တဲ့အချိန် ကိုယ်တော်ကြီး ရှစ်ပါးက အိမ်ပေါက်ရောက်လာတာနဲ့ ဆုံနေ၊ ဆုံနေတော့ ဖြုန်းဆို သူဘာမှ မတတ်နိုင်ဘူး၊ စေတနာက လှူချင်, တန်းချင်တဲ့စေတနာ ပြင်းပြနေတော့ "အရှင်ဘုရား... အိမ်ထဲကြွပါဘုရား၊ အိမ်ထဲကြွပါအုန်းဘုရား" ဆိုပြီးတော့ အိမ်ထဲ ကဗျာကယာ အိမ်အောက်ထပ် ပြေးလာပြီးတော့ ခင်ကျင်း, လှည်းရှင်း, သုတ်သင်ပြီးတော့ အခင်းလေးတွေ ခင်းပြီးတော့ပေး၊ ပေးတော့ အရှင်မြတ်ကြီး ရှစ်ပါးကလည်း ကြွပါအုန်း ဆိုတော့ ကြွရတာပေါ့လေ ... ဟိုကဖြင့် ဘာမှမရှိဘူး၊ အိမ်ထဲမှာ အဲဒါကြွပါအုန်းဆိုတော့ ကြွလာပြီးတော့၊ "ထိုင်ပါဘုရား၊ ဒီမှာထိုင်ပါဘုရား" ဆိုတော့ ထိုင်ကြ။

အရှင်မြတ်ကြီး ရှစ်ပါးထိုင်ပြီးတော့ အရှင်မြတ်ကြီး ရှစ်ပါးက "ကဲ .. ဟိုကလေးမလေးက ဒို့ကို ပင့်ထားပြီ၊ သူတစ်ခုခု ကုသိုလ်ပြုတော့မှာ အနည်းဆုံး လက်အုပ်ချီမိုး ရှစ်ခိုးတဲ့ကုသိုလ်လည်း ကောင်းကျိုးချမ်းသာသုခ ရ-သထက်ရ

http://www.dhammadownload.com



အောင်၊ ဖလသမာပတ် ဝင်စားပြီးတော့ နေကြမယ် ... ဆိုပြီးတော့ နိဗ္ဗာန် အာရုံပြုနေတဲ့ ဖိုလ်ဇောတွေ စောနေအောင် အထူးသဖြင့် သူတို့ကိုယ်သူတို့ လယ်ယာမြေကောင်းကြီးတွေ ဖြစ်နေအောင် လုပ်ပေးလိုက်တာ ကလေးမလေး စိုက်သမျှ လက်အုပ်ကလေးချီတဲ့ မျိုးစေ့လေး တစ်စေ့ပင်ဖြစ်ပါစေ၊ အောင်အောင် မြင်မြင်ကြီး အသီးအပွင့်တွေသီး ပါစေဆိုတဲ့ စေတနာနဲ့၊ ဒါအလှူခံပုဂ္ဂိုလ်တွေရဲ့ သဘောက ဒီတိုင်းချည်းပဲ သူတော်ကောင်းအလှူခံတွေက အဲဒီလို သူတို့က သူတို့ကိုယ် သူတို့ ဖလသမာပတ်ဝင်စားပြီးတော့ အလှူပေးပုဂ္ဂိုလ်တွေ အကျိုးကြီး မားစေချင်လို့ မေတ္တာနဲ့ အဲဒီလိုသမာပတ်ဝင်စားပြီးတော့ ထိုင်နေကြတာ။

ဒီတော့ ထိုင်နေတော့ ကလေးမလေးက အရှင်မြတ်ကြီးတွေ အဲဒီလို ပင့်တင်ထားခဲ့ ပြီးတော့မှ လက်အုပ်ချီမိုး ရှိခိုးပြီးတော့ "ခဏလေး သီတင်းသုံး ကြပါအုန်း ဆိုပြီးတော့ သူ့အဒေါ်ဆီ မီးဖိုထဲ ချက်နေတဲ့ အဒေါ်ဆီပြေးလာပြီး "အဒေါ် ... ဟိုမယ် ကျွန်မ ဆရာတော် သံဃာတော်ရှစ်ပါး ပင့်ထားခဲ့ပြီ၊ ကျွန်မ ဆွမ်းလောင်းချင်တာ၊ ဆွမ်းကပ်ချင်တာ၊ အဲဒါ လောင်းစရာများ ဘာရှိတုန်း ပြောပါအုန်း ဆိုတော့၊ " ဟဲ့ -ကလေးမ ခက်တယ်...၊ နင် ငါတို့မှ ယာဂုကျို သောက်နေရတာ နင်ဘယ်နှယ့် ကိုယ်တော်ကြီးတွေ ပင့်ထားတာတုန်း၊ ဘယ်မှာ တုန်း အခု -ဆိုတော့ "ဟို-မယ် အိမ်အောက် ရောက်နေပြီ အဒေါ်ရဲ့ ကဲ-စကားများ မနေပါနဲ့ တစ်ခုခုရှာစမ်းပါ၊ လောင်းရအောင်"၊

"ဩော် ... ခက်တော့တာပဲ ညီးတော့၊ ကိုယ်ကမှ ပုန်းရည်ဟင်းနဲ့ ဆံကွဲထမင်းစား နေရတာနော် ... နင့်ကိုယ်တော်ကြီးတွေ ဆံကွဲ ထမင်းသွား လောင်းတော့ ဘယ်ယူမှာတုန်း၊ မကော်လိုက်တာနော် ခက်လိုက်တာ၊ နင့်ဘာ လောင်းမှာတုန်း " ဆိုပြီးတော့ မိန်းမကြီးလည်း စိတ်ညစ်ပြီး သူလဲ ဟိုအိုးတွေ ထဲဝင်နိုက်၊ ဒီအိုးတွေထဲ ဝင်မွှေ၊ ဆန်လည်း မတွေ့၊ ထန်းလျက်လည်း မတွေ့၊ ထောပတ် ပျားရည်လည်း မရှိ၊ အိုးတွေ အင်တွေ ကြည့်လိုက်ကြတာလည်း ဂလောင် ချောင်ချောင်၊ ဂလောင် ချောင်ချောင်နဲ့၊ ဟို အိုးစမ်းတော့လည်း ဂလောင် ဂလောင်နဲ့ ဒီအိုးတွေ စမ်းလိုက်ပြန်တော့လည်း ချောင်တောင်တောင်၊ ချောင်တောင်တောင်နဲ့ ဘာမှ ရှာမတွေ့ဘူး။

ဒီတော့ အဒေါ်ကြီးကလည်း စိတ်ပျက်၊ "ညီးတော့ ခက်တာပဲ၊ ဘယ်နှယ့် လုပ် တာတုန်း" ဟော ဒီမှာ ကလေး မလေးမှာ အတွင်းက စေတနာဆိုတဲ့ သဒ္ဓါ တရား၊ စေတနာ တရား၊ လှူချင်၊ တန်းချင်တဲ့ စေတနာအတွင်း ပစ္စည်း ပြည့်စုံနေပြီသူ၊ အပြင်ပစ္စည်းဆိုတဲ့ ဝတ္ထုပစ္စည်း မရှိရှာဘူး၊ ဒီသံဃာရှစ်ပါး

http://www.dhammadownload.com



ဆွမ်းလေးလောင်းချင်တာ သံဃာရှစ်ပါးနဲ့တန်တဲ့ ဆန်မရှိဘူး၊ ဆီမရှိဘူး၊ ထောပတ်, ပျား, သကာ မရှိဘူး၊ ထမင်းမုန့်ပဲ မရှိဘူး၊ ကိုင်း-ဒါန ပါရမီဖြစ်ဖို့ရာ ဝေးကုန် တော့တာပဲ၊ စေတနာ သဒ္ဓါရှိတယ်၊ အလှူခံပုဂ္ဂိုလ်လည်း ရှိနေပြီ၊ အလှူခံ ပုဂ္ဂိုလ်ကလည်း တကယ့်ဒိတ်ဒိတ်ကြဲ ရဟန္တာအရှင်မြတ်ကြီးတွေ ဒီဂန္ဓာရုံက ကိုယ်တော်တွေနဲ့ လားလားမှ မတူတဲ့ကိုယ်တော်တွေ ဖလသမာပတ်တွေ ဝင်စားပြီးတော့ ဣန္ဒြေရရ ထိုင်နေတာ၊ ထိုင်နေတာမှ အကျိုးကြီးအောင်ဆိုပြီး။

ဒီက ဂန္ဓာရုံက ကိုယ်တော်တွေက အဲဒီလို ဒကာမတွေ လှူတဲ့, တန်းတဲ့ သူတွေ အကျိုးကြီးအောင် ဆိုပြီးတော့ ဒီနာယကတွေက ကြိတ်ပြီးရိုက်နှက်ပြော နေတာတောင် နွားတွေလိုခြိုခုန်တာတွေက အပြည့်၊ ဒီအထဲမှာ ပေါက်ပေါက်ကြား ကြားတွေကအပြည့် ရှိတယ်၊ ဟိုကတော့ အလှူပေးပုဂ္ဂိုလ်တွေ အကျိုးကြီးစေချင်လို့ သမာပတ်များ ဝင်စားပြီးတော့ ထိုင်နေတာ ငြိမ် . . . လို့၊ ဒီက ဂန္ဓာရုံက ကိုယ်တော်တွေလို ဆိုလို့ရှိရင် ဟို-အိမ်ထဲ အဲဒီလိုသာ ထိုင်ခိုင်းထားရင် လျှောက်မော့ကြည့်နေမှာ။

ဒီကကိုယ်တော်တွေဆိုရင်။ ဟိုဝမ်းတွင်းက ကိုယ်တော်တွေပြောတာ မဟုတ်ဘူးနော်၊ ဒီဂန္ဓာရုံက ကိုယ်တော်တွေပြောတာ တော်ကြာမှ ဒိတိတ်ခွေကြီး ဝမ်းတွင်းသွားဖွင့် တော့ သိမ်တောင်တောရက ကိုယ်တော်တွေက တစ်ခါတည်း ဒို့အတွာပြုတယ်ဆိုပြီး လာနေ မှာစိုးလို့၊ အဲဒီဘုန်းကြီးတွေ မပါဘူး၊ ဒီဂန္ဓာရုံက ကိုယ်တော်တွေကတော့ သေချာပါတယ်၊ သူတို့က ဖလသမာပတ်ဝေးလို့ နှမ်းစေ့ သမာပတ်တောင် မရှိဘူး၊ ဟိုကတော့ သမာပတ် ဝင်စား . . . လို့ အရှင်မြတ်ကြီး တွေက ကြည်ညိုစရာကောင်းလိုက်တာ၊ သူတို့ကိုယ်သူတို့ မြေဩဇာကောင်းအောင် လုပ်နေတာ၊ အမှန်က သမာပတ် ဝင်စားတယ်ဆိုတာ လယ်ယာ စိုက်ပျိုးတဲ့နေရာ မြေဩဇာကောင်းကောင်းနဲ့ စိုက်ရရင် တစ်စေ့စိုက်ရအုန်း အကျိုးကကြီး တယ်၊ ဟော-အခု ကလေးမ ကလေးသဒ္ဓါတရားကလည်း ပြည့်စုံနေပြီ၊ သာသနာနဲ့လည်း တွေ့နေပြီ၊ လှူစရာ ဝတ္ထုပစ္စည်းက မရှိဘူး၊ ဒီမှာတင် ခက်ကုန်တော့တာပဲ၊ ဒါ့ကြောင့်-

ပစ္စည်း, သဒ္ဓါ, သာသနာ၊ သုံးဖြာဒုလ္လဘ, ကြုံခဲစွ . . . တဲ့

ပစ္စည်း-လှူဖွယ်ပစ္စည်း၊ သဒ္ဓါ-အတွင်းကစေတနာ, သဒ္ဓါဓာတ်၊ သာသနာ ဆိုတဲ့- သာသနာတော်တွင်း အလှူခံ၊ အဲဒီသုံးချက်ဟာ ရခဲတဲ့၊ ခက်ခဲခြင်းကြီး . . . တဲ့၊ မလွယ်ဘူးတဲ့၊ ဒါကြောင့် ဆိုလိုက်စမ်းပါ ပရိသတ်ရော သံဃာတော် တွေရော -

http://www.dhammadownload.com



* ပစ္စည်း, သဒ္ဓါ၊ သာသနာ၊ သုံးဖြာ ဒုလ္လဘ, ကြုံခဲ့စွ။

ဟော - ပစ္စည်းရယ်၊ သဒ္ဓါတရားရယ်၊ သာသနာတော်တွင်း အလှူခံရယ် ကြုံခဲတယ်။ ဒီနေ့ ဒကာ ဦးထွန်းရှိန်တို့ ဒေါ်ညွန့်မေတို့ အမှူးပြုတဲ့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်တွေမှာ ပစ္စည်း-စေတနာ-သဒ္ဓါ -သာသနာတွင်း အလှူခံ၊ ဟော-ဘယ်နား သွားမတုန်း၊ ဟိုး ဝမ်းတွင်းမြို့ သိမ်တောင်တောရဆိုရင် ပဋိပတ်ဘက်က နာမည်ကြီး၊ အဲဒီလိုပေါ့လေ ဝမ်းတွင်းမြို့နယ် မိမိတို့ တမာကုန်းကျေးရွာ ပတ်ဝန်းကျင်မှာ ဆရာတော် သံဃာတော်တွေ သာသနာ တော်တွင်း အလှူခံတွေ ဘယ်နားထွက် ရှာမတုန်း၊ အချိန်မရွေး ရတယ်၊ မိမိဝမ်း ထဲက စေတနာ သဒ္ဓါ-ဆိုတဲ့ ပစ္စည်း၊ အပြင်ဘက်က ဗဟိဒ္ဓပစ္စည်းလို့ခေါ်တဲ့ လှူဖွယ် တန်းဖွယ်ပစ္စည်း၊ ဟော-အခု ပြည့်စုံလို့ ဂန္ဓာရုံကျောင်းတိုက် သံဃာတော် (၆၀၀) ကျော်တို့ကို အရုဏ်ဆွမ်း, နေ့ဆွမ်းလောင်းလှူနိုင်တဲ့ ဒုလ္လဘတရားကြီး ရခဲ ကြုံခဲတဲ့ အခွင့်လမ်းကြီး ရသွားပြီ၊ ဒါ-လွယ်တဲ့ကိစ္စ မဟုတ်ဘူး။

ဒီတော့ -ပါရမီချည်မျှင်တွေ ငင်ယူချင်တယ်ဆိုတိုင်း ကိုယ်ငင်ချင်တဲ့အချိန်, ထငင်လို့ရတာ မဟုတ်သေးဘူး၊ သူ့ဟာနဲ့သူ အကြောင်းကပြည့်စုံရသေးတယ်၊ သုံးချက်၊ အခုကြည့် လေ ခုနက ကလေးမလေး အခက်အခဲဖြစ်နေပြီ၊ အဲဒီလိုနဲ့ သူအခက်အခဲဖြစ်နေတော့ သူ-ဘာမှလည်း ကြံလို့မရ၊ အိုးတွေ အင်တွေလည်း ဘာမှမရှိ၊ ဆန်, ဆီ, ဆား, ငရုပ်, ကြက်သွန် ဘာမှ မရှိတော့ နောက်ဆုံး ကြံရာမရတော့ "ကဲ-အဒေါ်ရယ် . . . ကျွန်မ ခေါင်းက ဆံပင်ကို ဖြတ်ပြီးတော့ ဟို-မြောက်ပြင်က သူဌေးသမီးတစ်ယောက်က ဝယ်မယ် လို့ အရင်က ပြောဖူးပါတယ်၊ ပြေးပြီးတော့ သွားရောင်းစမ်းပါ"။

ဟိုတုန်းက အဲဒီမြောက်ပြင်က သူဌေးသမီးက ဆံပင် မကောင်းရှာဘူး၊ ဆံပင် မကောင်းတော့ အဲဒီသူဌေးသမီးက သုကေသီဆီကို ဆံပင်လာဝယ်ဘူးတယ်၊ ပွဲလမ်းသဘင် ရှိရင် ဆံစုလုပ်ပြီးတော့ ခေါင်းမှာ ဆံပင်အတုတပ်ပြီးတော့ ဖီးလိမ်းဝတ်ဆင် သွားဖို့ပေါ့လေ၊ ဟိုက ဆံပင် မကောင်းဘူး မြောက်ပြင်က သူဌေးသမီးက အဲဒါလာပြီးတော့ ဝယ်ဖူးတယ်၊ ဝယ်တုန်းက သူက မရောင်းဘူး၊ အမလေး . . ကျွန်မ ဒီဆံပင်လေး အမေမွေးတုန်းကထဲက ပါလာတဲ့ ပစ္စည်းလေး တော့ ကျွန်မ ဘယ်လောက်မွဲမွဲ မရောင်းပါရစေနဲ့၊ ဘယ်လောက်ပေး ပေး မရောင်းပါရစေနဲ့ ဟိုတုန်းက တစ်ထောင်ပေး၊ ငါးရာပေး၊ နှစ်ထောင်ပေးနဲ့ ပေးပေမယ်လို့ မရောင်းလိုက်ဘူး။

http://www.dhammadownload.com



အခု အဲဒါ-သူက ဖျတ်ကနဲ သတိရတယ်၊ အဲဒီတုန်းက လာဝယ်ဖူးတယ်၊ အဲဒါ ငါရောင်းလိုက်လို့ ရှိရင်တော့ ငါ့လျှော်ဖွယ်၊ တန်းဖွယ် ရမှာပဲ ဆိုပြီးတော့ ဆံပင်ကို ဖြတ်တယ်၊ ဒီတော့ အဒေါ်ကြီးက "အမလေး . . . သမီးလေးရယ် ဆံပင်တော့ မဖြတ်ပါနဲ့၊ ညီးတော့ အလှပျက်ပြီ၊ ဒုက္ခပါပဲ"၊ " မဟုတ်ဘူး အဒေါ်၊ ကျွန်မကို ညှာမနေနဲ့၊ ဖြတ်သာဖြတ်တော့၊" ဆိုပြီးတော့ ကတ်ကြေးပေးပြီးတော့ ဖြတ်တယ်၊ အဒေါ်ကြီးက မျက်ရည်တွေများ ကျလို့ ငါ့သမီးလေး ဖြစ်မှဖြစ်ရလေခြင်း၊ အင်မတန် တသသ သနေတဲ့ ဆံပင်ဖြတ်ပြီးတော့ လှူရှာတယ်ဆိုပြီးတော့ မဖြတ်ရက် ဖြတ်ရက်နဲ့ ဖြတ်ရတာ။

ဖြတ်ပြီးတော့မှ ကဗျာကယာ သူ့အဲဒီ ဆံပင်စုလေး ယူပြီးတော့ သွားရှာတယ်၊ ကလေးမလည်း ဆံပင်တိုကြီးနဲ့ ဖြစ်သွားတော့ ခေါင်းတဘက်နဲ့ ပတ်ထားပြီးတော့ အိမ်ထဲ ပုန်းနေ၊ ဒါနဲ့ အဒေါ်ကြီးက သူဌေးသမီးဆီ သွားပြီးတော့ " ညီမရယ် . . ဒီလို . . ဒီလိုပဲ ညီးတို့ ဆံပင်ဝယ်မယ်ဆိုတာ အခုရောင်းချင်လို့ပါ၊" ဆိုတော့ ဟိုက ရိပ်မိပြီ၊ အင်း . . . သူတို့ အရေးပေါ်ပြီ၊ အရေးပေါ်လို့ လာရောင်းတာပဲ ဆိုပြီးတော့ ဒီတော့ " ဘယ်လောက်ရချင် တာတုန်း"၊ " အင်း . . . ညီမကြိုက် သလောက်ပဲ ပေးပါ"၊ "အို . . . အခုချိန် ကျွန်မတို့ မလို ချင်ပါဘူး၊ မယူချင်ပါဘူး" မူလိုက်တယ်၊

ဟိုက "မဟုတ်ပါဘူး၊ ဒါလေး ပေးချင်သလောက်သာ ပေးပါတော့ "၊ "မပေး နိုင်ဘူး၊ မပေးနိုင်ဘူး၊ ပေးနေဖို့လည်း မလိုဘူး၊ ကျွန်မတို့ အသုံးမှ မကျပဲနဲ့၊ "ဆိုတော့ အဲဒါ . . တစ်ထောင် မပြောနဲ့၊ ငါးရာ မပြောနဲ့၊ တစ်ကျပ်၊ နှစ်ကျပ်ကို မပေးဘူးလို့ ဖြစ်နေ တော့ တောင်းတောင်းပန်ပန်နဲ့ "အမလေး . . . ရှစ်ကျပ်တော့ ချီးမြှင့်ပါ၊ ဟိုမှာ ရဟန္တာ အရှင်မြတ် ရှစ်ပါး၊ အရှင်မြတ်ကြီး ရှစ်ပါး ပင့်ထားလို့၊ ဆွမ်းလေးကပ်ချင်လို့၊ တစ်ပါး တစ်ကျပ်ဖိုး ကပ်ရ ကပ်ရ၊ အဲဒါ သနားသဖြင့်အေ ဒီဆံပင်လေး ယူပြီးတော့ ရှစ်ကျပ် တော့ ချီးမြှင့်ပါ၊ " ဆိုမှ တောင်းတောင်း ပန်ပန်နဲ့ ရှစ်ကျပ်ရလာတော့ အဲဒီရှစ်ကျပ်နဲ့ ကဗျာကယာ ဈေးထဲပြေးပြီးတော့ ဝယ်စရာ ခြမ်းစရာလေးတွေ ဝယ်ခြမ်းပြီးတော့ အိမ်မှာ ခပ်သုတ်သုတ် ချက်ပြုတ်ပြီးတော့ တစ်ပါး တစ်ကျပ်တန် အရှင်မြတ်ကြီး ရှစ်ပါး ဆွမ်းကပ် ရရှာတယ်။

အဲ . . . ဟိုတုန်းက တစ်ကျပ်ကတော့ တစ်ကျပ်ဖိုးဆို သပိတ်ပြည့်တယ်၊ အခု ကာလများကတော့ တစ်ကျပ်ဖိုးဆို လက်စွပ်လောက် ဘယာကြော်တောင် ရမှာမဟုတ် ဘူး၊ အဲဒီ ဘယာကြော်နဲ့ ကိုယ်တော်ကြီးတွေ ဖလသမာပတ် ဝင်စားပြီး အူကပ်သေဖို့ပဲ ရှိမှာပဲနော်၊ အခုကာလ တစ်ကျပ်တော့ သွားမတွက်နဲ့၊ ဟိုတုန်းက

http://www.dhammadownload.com



တစ်ကျပ်ပြောတာ၊ အဲဒါနဲ့ သုကေသီက တစ်ကျပ်ဖိုး ရဟန္တာအရှင်မြတ် ရှစ်ပါး၊ တစ်ကျပ်ဖိုး တစ်ကျပ်ဖိုး ဆွမ်းသပိတ်ထဲမှာ အပြည့်၊ ဆွမ်းနဲ့ ဟင်းနဲ့ ပြည့်ပြည့်စုံစုံ လောင်းလှူ ဆက်ကပ်ရတယ်၊ လောင်းလှူဆက်ကပ်တော့ သူကိုယ်တိုင် ထွက်မကပ်ရဲဘူး၊ သူက ဆံတိုကြီးနဲ့ ဖြစ်နေတော့ ခေါင်းကြီးကလည်း ထုပ်ထား၊ ခေါင်းထုပ်ကြီးနဲ့ အရှင်မြတ်တွေရှေ့ သွားရမှာကလည်း မဝံ့မရဲ၊ ဖြေလိုက်ပြန်ရင်လည်း ဆံတိုကြီးနဲ့ ဖြစ်တော့ရှက်။

ဒါနဲ့ . . . . သူက အထဲထဲက နေပြီးတော့သာ အဒေါ်ကို ကပ်ခိုင်းရတယ် "အဒေါ် ကပ်ပါ" ဆိုပြီးတော့ အဒေါ်ကိုခိုင်းတော့ သပိတ်အသီးသီးထဲ ဆွမ်းတွေလောင်းပြီးတော့၊ ပြီးတော့ အရှင်မြတ်ကြီးရှစ်ပါးက "ကဲ - ဒို့က အနုမောဒနာပြုပြီးတော့ ရေစက်ချမယ်၊ ဆုပေးရမယ်၊ ကလေးမလေး လာထွက်ခဲ့" ဆိုတော့၊ "အရှင်မြတ်တို့ တပည့်မလေးဘုရား . . . မထွက်တော့ပါဘူး၊ အထဲကပဲ တရားနာပါမယ်တဲ့" "ဟဲ့ . . ဘာပြုလို့တုန်း" ဆိုတော့မှ ဒီလို၊ ဒီလို၊ ဒီလို အကျိုးအကြောင်းတွေပြောတော့ အရှင်မြတ်ကြီးရှစ်ပါးကလည်း သံဝေဂ တွေများဖြစ်တော်မူကြတယ်။

သြော် . . . စေတနာ၊ သဒ္ဓါတရားနဲ့ ပြည့်စုံပြီးတော့ အလှူခံပုဂ္ဂိုလ်ကောင်းတွေ လယ်ယာမြေကောင်းတွေဖြစ်အောင် ဒို့လုပ်ထားပြီးတော့ သူ့ခမျာပစ္စည်း မပြည့်စုံရှာလို့ ဒီလို ဒီလို လှူရသကိုးဆိုပဲ . . . ဆိုပြီးတော့၊ ပိုပြီးတော့ မေတ္တာသက်ရောက်ကြပြီးတော့ "ကိုင်း- ပိုပြီးတော့ အကျိုးကြီးအောင် ဒို့ကဆုများပေးခဲ့မယ်၊ ထွက်သာထွက်ခဲ့" ဆိုပြီးတော့ ထွက်ခိုင်း ပြီးတော့ ကန်တော့ခိုင်း၊ ဟဲ့-ထွက်လာ၊ ထွက်လာဆိုလို့ ထွက်လာခဲ့ပြီးတော့ ကန်တော့လည်း ကန်တော့ရော သူ့ဆံပင်တွေ ပင်ကိုယ်အတိုင်း ပြန်ပေါက်တယ် . . . တဲ့၊ ဒါ-ဖလသမာပတ်ရဲ့ အကျိုး၊ အလှူခံ ပုဂ္ဂိုလ်ကြီးတွေက သူတို့ကိုယ်သူတို့ လယ်ယာမြေကောင်းကြီးတွေလို လုပ်ထားတော့ စိုက်လိုက်ပျိုးလိုက်တဲ့ စေတနာရဲ့ တန်ခိုးကြောင့် ဆံပင်တွေဟာ အကုန် ပြန်ပြီးတော့ နဂိုအတိုင်း ပြန်ဖြစ်သွားတယ်။

အဲဒီတင် ဝမ်းသာလိုက်တာ ကလေးမလေးလည်း အဲဒီကျမှ -အရှင်မြတ်ကြီးတွေက ဆုပေးပြီးတော့ ရေစက်ပါချ အမျှဝေစေပြီးတော့ ပြန်ကြွသွားကြပြီးတော့ ဟိုး . . . သူတို့ ဥဇ္ဇေနီပြည်ရောက်တော့ ရှင်ဘုရင်နဲ့တွေ့ တဲ့အခါကျတော့၊ စဏ္ဍပဇ္ဇောတမင်းနဲ့တွေ့တဲ့အခါကျတော့၊ သူတို့လမ်းမှာ တွေ့ခဲ့ရတဲ့ ထူးထူးခြားခြား အဖြစ်အပျက်ဆိုပြီးတော့ ဒီကလေးမလေး အကြောင်း ပြောတာကိုး၊

http://www.dhammadownload.com



အဲဒီလိုပြောတော့၊ စဏ္ဍာပဇ္ဇောတမင်းက "အမလေး . . . ဒီလောက်သဒ္ဓါတရား ကောင်းတဲ့ကလေးမလေး၊ တပည့်တော် အဂ္ဂမဟေသီမိဖုရားကြီးအဖြစ်နဲ့ ချီးမြှောက်ပါမယ် ဘုရား-ဆိုပြီးတော့၊ တစ်ခါတည်း ဆင်တွေ, မြင်းတွေ အခြံအရံ၊ အဆောင်အရောင်တွေ၊ ရွှေငွေအသုံးအဆောင်တွေနဲ့ တစ်ခါတည်း။ လွှတ်ပြီးတော့ ကလေးမလေးရော၊ အဒေါ်ကြီး ရော၊ နန်းတော်ခေါ်ပြီးတော့ အဂ္ဂမဟေသီမိဖုရား အဖြစ် ချီးမြှောက်တယ်။ ဒါ-ဒိဋ္ဌဓမ္မအကျိုးပေါ့၊ ခုနက-အရှင်မြတ်ရှစ်ပါး လှူလိုက် တန်းလိုက်ရတဲ့ ဒိဋ္ဌဓမ္မအကျိုး ရသွားတာ။

ဒီတော့- ဒီမှာဘာပြောလိုတုန်းဆိုတော့-ပါရမီချည်မျှင်၊ ငင်ချင်တယ် ဆိုပေမယ့်လို့ (၁) အတွင်းပစ္စည်းလို့ခေါ်ဆိုရတဲ့ စေတနာသဒ္ဓါပစ္စည်း၊ (၂) အပြင်ပစ္စည်းလို့ခေါ်ရတဲ့ မိမိတို့ရဲ့ လှူဖွယ် တန်းဖွယ်ဖြစ်တဲ့ ရွှေငွေ ဆန်ရေစပါး အစရှိတဲ့ပစ္စည်း၊ (၃) အလှူခံပုဂ္ဂိုလ်ဖြစ်တဲ့ သာသနာတော်တွင်း အလှူခံ၊ ရှင်ရဟန်းဆိုတဲ့ သာသနာတော်တွင်း အလှူခံပစ္စည်း။ အဲဒီ သုံးချက်စုံမှ ရနိုင်လို့ ဆိုလိုက်စမ်းပါ . . .

"ပစ္စည်း သဒ္ဓါ, သာသနာ, သုံးဖြာ ဒုလ္လဘာ, ကြုံခဲစွ။

ဟော- ဒီနေ့ ဒကာ ဦးထွန်းရှိန်တို့ ဒကာမ ဒေါ်ညွန့်မေတို့ မိသားစုတွေ၊ အဲဒီ ပစ္စည်းသုံးချက်စုံလို့၊ သံဃာတော် (၆၀၀) ကျော်ကို ကပ်နိုင်တဲ့၊ စွမ်းရည်သတ္တိရှိတဲ့ ငွေကျပ် တစ်သောင်းခွဲကျော် အကုန်အကျခံပြီးတော့ ကပ်နိုင်တဲ့ စွမ်းရည်သတ္တိ၊ အင်အားနဲ့လည်း ပြည့်စုံကြလို့ ဒီ့ လာသခိုက် ဗိုင်းငင်ခွင့် ရကြပြီ . . .

* လသာခိုက်တွင်, ဗိုင်းကိုငင်, ပုံဆင်ပမာပြ၊
သာသနာရောင်ဝင်း, ရွှေလမင်း, ထွန်းသည့်ခိုက်ခါပ၊
ပါရမီချည်မျှင်, ဗိုင်းကိုငင်, တွင်တွင် ကြိုးစားကြ။

ဒီနေ့ ဒကာ ဦးထွန်းရှိန်တို့-ဒေါ်ညွန့်မေတို့ ပါရမီချည်မျှင်လာပြီးတော့ ငင်ကြတာ၊ သာသနာလရောင်ကြီး လင်းတဲ့အခိုက်၊ ပါရမီချည်မျှင်တွေ လာပြီးတော့ယူကြ ငင်ကြလို့ ဒါနပါရမီချည်မျှင်တွေ ဝမ်းတွင်းမြို့နယ်၊ တမာကုန်း ကျေးရွာက ထွက်လာကတည်းက လှူမယ် တန်းမယ်၊ လောင်းမယ်၊ လှူမယ်၊ လှူမယ်၊ လှူမယ်ဆိုတဲ့ ပုဗ္ဗစေတနာဇောတွေ ချည်မျှင်တွေ တသီကြီး၊ တပွေကြီး၊ တထုပ်ကြီး ရခဲ့ပြီ။ အခုလောင်းနေဆဲအခိုက် လောင်းပြီးတဲ့ အခိုက်၊ ရလိုက်တဲ့ ချည်မျှင်တွေ ဒါနပါရမီချည်မျှင်။

http://www.dhammadownload.com



သီလပါရမီချည်မျှင်ကလည်း ငါးပါးသီလလုံလို့ ဒီလှူတဲ့ထဲမှာ သူများပစ္စည်းခိုး လှူတာ မဟုတ်ဘူး၊ သူများပစ္စည်း လိမ်ညာယူပြီးတော့ လှူတာမဟုတ်ဘူး၊ သူများပစ္စည်း ဓားပြတိုက်ပြီးမှ လာလှူတာမဟုတ်ဘူးဆိုရင် သီလပါရမီချည်မျှင်တွေကလည်း ရလို့၊ အဲဒီ လိုရှောင်ရတဲ့ ငါးပါးသီလတင် မကဘူး၊ ဆောင်ရတဲ့ သီလခေါ်တဲ့ ဒီအလှူထုပ်ကြီး အောင်မြင် အောင်ဆိုပြီး ချက်ကြ၊ ပြုတ်ကြ၊ လုပ်ကြ၊ ကိုင်ကြ၊ သယ်ကြ၊ ပိုးကြ၊ ယူကြ၊ ငင်ကြ၊ လှီးကြ၊ ချွတ်ကြ၊ အဲဒါ သီလပါရမီချည်ငင်တွေပဲ။

ဒီထဲပညာပါရမီခေါ်တဲ့ ချည်မျှင်ကြီးက ဒီလိုလှူဒါန်းပေးတဲ့ အလုပ်ဟာ ကောင်းတဲ့ အလုပ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရတဲ့ အလုပ်၊ ဒီအလုပ်ဟာ သူတော်ကောင်းတွေ လုပ်သွားတဲ့အလုပ်၊ လုပ်ထိုက်တဲ့အလုပ်လို့ သိနေတယ်၊ ဒါပညာ၊ ဒီလိုအလုပ်ကို အားထုတ်ခြင်းကြောင့် လူ့ရွာနတ်ထဲ ချမ်းသာစံပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်အထိ ရောက်နိုင်တယ်လို့ ယုံနေတယ်-ပညာ။

အဲဒီလို ယုံတဲ့ အပြင်၊ ဒီအလုပ်မျိုးကြောင့်ပဲ ရှေးရှေးသော သူတော်ကောင်းကြီး တွေ မဂ်ဖိုလ်နိဗ္ဗာန်ရသွားတယ်လို့ သိနေတဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိပညာ အခြေခံတဲ့အပြင် ဒီလို လှူတယ် တန်းတယ်၊ ပေးတယ်၊ ကမ်းတယ်၊ စွန့်တယ်၊ ကြဲတယ်ဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူး၊ တကယ်ကတော့ လှူချင် တန်းချင်တဲ့ စေတနာနဲ့ လှူဟန်ပြုတဲ့ ရုပ်အမူရာ၊ ဒီရုပ် နာမ်နှစ်ပါး ထင်ရှားပေါင်းစပ် တွဲကပ်ပြီး သကာလ ပုဂ္ဂိုလ်သတ္တဝါ ငါသူတစ်ပါး ထင်ပြီးတော့ နေကြတဲ့ အထင်ပဲ . . . ။ ဝိပဿနာ ပညာနဲ့လည်းပဲ ဖျက်ခွဲပြီးတော့ နောက်ဆုံးဝိပဿနာ ပညာနဲ့ နခမ်းအုပ်ရတယ်။

ဒကာ ဦးထွန်းရှိန်တို့ လုပ်နေတဲ့ အထည်တွေမှာ နခမ်းလုံးရတာလေး ရှိတယ်လေ၊ နခမ်းအုပ်ရတယ်၊ နခမ်းမအုပ်ရင် စုတ်ကုန်တတ်တယ်၊ အဖျားအနားတွေကို လုံးပြီးတော့ နခမ်းလုံးရတယ်ဆိုတာတွေ ရှိသေးတယ်၊ အထည်မှာ။ အဲသလိုပဲပေါ့၊ ဒါနကောင်းမှုကို ဝိပဿနာနဲ့ နခမ်းသပ်ရတယ်၊ သမထကောင်းမှုဆိုတာကျတော့ အခု သံဃာတော်တွေကို အာရုံပြုလာတာ၊ ဒါ သံဃာနုဿတိ သမထကမ္မဋ္ဌာန်းကြီး ဘုရားသားတော်တွေ ဘုရား သားတော်တွေလို့ ဘုရားထံ စိတ်ရောက်လာတာ ဗုဒ္ဓါနုဿတိ သမထကမ္မဋ္ဌာန်းကြီး၊ သံဃာ တော်တွေချမ်းသာစေချင်တယ်၊ သံဃာတော် (၆၀၀) ကျော်တို့ မနက်ကြာဇံဆွမ်းတွေ ဘုဉ်းပေးပြီးတော့ ချမ်းသာသွားစေချင်တယ်၊ အဲဒါ မေတ္တာ သမထကမ္မဋ္ဌာန်းကြီး။ သမထကမ္မဋ္ဌာန်းတွေ၊ ဒါနတွေ၊ သီလတွေက ဖြစ်နေပြီ။

http://www.dhammadownload.com



အဲဒီနောက်က ဝိပဿနာနဲ့ နခမ်းကွပ်၊ ဝိပဿနာနဲ့ နခမ်းကွပ်တော့ ဝိပဿနာဆိုတာ လွတ်မြောက်လိုတဲ့ စိတ်ကလေး မွေးလိုက်၊ အဲဒါဝိပဿနာ ပေါ်လာတာ၊ ဘယ်က လွတ်မြောက်ချင်တာတုန်း၊ ဒီ (၃၁) ဘုံ သံသရာဝဋ်က လွတ်မြောက်ချင်တဲ့စိတ်နဲ့သာလုပ် လွတ်မြောက်ချင်တယ်ဆိုတာ လွတ်ချင်စရာ ကောင်းတာကိုတွေးမှ လွတ်ချင်တယ်၊ (၃၁) ဘုံကို ပျော်စရာကြီးလို့ မြင်ရင် မလွတ်ချင်ဘူး၊ ဘယ်သူမဆိုပဲ ကိုယ်နေတဲ့နေရာ ပျော်စရာလို့ ထင်နေသေးရင် အဲဒီက မပြောင်းချင်ဘူး၊ ကိုယ်နေတဲ့နေရာ အန္တရာယ်တွေရှိတယ်၊ မကောင်းဘူးလို့ သိလာရင် အဲဒီနေရာ မနေချင်တော့ဘူး၊ အဲဒီနေရာက လွတ်ချင်လာပြီ၊ ဟော-အဲဒါဝိပဿနာ။

ဒီတော့ (၃၁) ဘုံကို ဘယ်လိုမြင်ရမှာတုန်း "ပိုက်မိသော ငါး, မြွေမိဖားနှင့်, ယောက်ျားရန်ဝိုင်း" တဲ့၊ ဘုရားက မင်းတို့ (၃၁) ဘုံကို တံငါသည် ပစ်ချထားတဲ့ ပိုက်ကွန် ကြီးလို့ မြင်လိုက်စမ်း . . . တဲ့၊ ပိုက်ကွန်ကြီးတဲ့ တံငါသည်က ကွန်ကြီးနဲ့ ပစ်လိုက်တော့ ငါးတွေ မိကုန်၊ အဲဒီငါးတွေဟာ -ပိုက်ကွန်ထဲကို ငြိမ်ပြီးတော့ ခံပြီးတော့ ပိုက်ထဲကရုန်းမထွက်ဘဲနဲ့သာ ပါသွားရင်တော့ သေဖို့ချည်းပဲ၊ တံငါလက်ထဲ ရောက်သွားလို့ရှိရင် မသေခင်လည်း မရှုမလှ ခံရမယ်၊ ဒုက္ခတွေ၊ နေပူထဲ ပစ်ထားလို့ မသေခင်ဒုက္ခ၊ သို့မဟုတ် ခေါင်းကို ဒုတ်နဲ့ ရိုက်၍ ခဲနဲ့ထု၍ စသည်ဖြင့် မသေခင် သေလုနီးပါး ဒုက္ခခံရတဲ့အပြင် နောက်ဆုံး သေပြီးတော့ ဟင်းအိုးထဲရောက်မယ်၊ ဒီငါးတွေ ပိုက်ထဲကသာ ရုန်းပြီးတော့ မထွက်ဘူးဆိုရင်။

ဒီတော့ တချို့ငါးတွေက ရုန်းတယ်၊ ပိုက်ထဲကနေပြီးတော့၊ ကွန်ပစ်လိုက်လို့ ကွန်ထဲ မိနေပေမယ်လို့ အတင်းရုန်းတာပဲ၊ ဟိုဘက်တိုးထွက်၊ ဒီဘက်တိုးထွက်၊ လှုပ်လှုပ်, လှုပ်လှုပ်နဲ့ ရုန်းတယ်၊ လေ့ပေါ်ရောက်လည်း ခုန်ထွက်တယ်၊ ဒါ ရုန်းကန်လှုပ်ရှားပြီး လွတ်အောင်ထွက် သွားရင် အဲဒီငါးက အသေသက်သာတာပဲ၊ မသေတော့ဘူး၊ ဟင်းအိုးထဲ မရောက်ရတော့ဘူး၊ ဒုက္ခတွေ မခံရတော့ဘူး။

အဲဒီလိုပဲ ဒီနေ့ဒကာ ဦးထွန်းရှိန်တို့-ဒကာမ ဒေါ်ညွန့်မေပတို့ ဗိုဒ္ဓေ့ မိမိတို့ နေထိုင်ရာ ဝမ်းတွင်းမြို့နယ်၊ တမာကုန်းကျေးရွာကနေပြီးတော့ ဒီကို လှုပ်လှုပ် ရှားရှားနဲ့ ဘာလာလုပ် ကြတုန်း . . . ဆိုရင် တပည့်တော်တို့ လွတ်ချင်လို့ ရုန်းပါ တယ်ဘုရား၊ လွတ်ချင်လို့ ရုန်းကြပါတယ်၊ ဘယ်ကလွတ်ချင်တာတုန်း၊ (၃၁) ဘုံပိုက်ကွန်ကြီးက လွတ်ချင်တာ။

ထောင့်ငါးရာ ကိလေသာမာရ်မင်းဆိုတဲ့ တံငါသည်ကြီးချထားတဲ့ ပိုက်ကွန်ကြီး (၃၁) ဘုံပိုက်ကွန်ကြီးအတွင်းက လွတ်ကင်းချင်သောကြောင့် ရုန်းကြပါတယ်၊ (၃၁) ဘုံပိုက်ကွန်ကြီးထဲ ငြိမ်ခံနေလို့ရှိရင်တော့ အိုလိုက်, နာလိုက်,

F. 6

http://www.dhammadownload.com



သေလိုက်၊ အိုပေါင်းစုံ၊ နာပေါင်းစုံ၊ သေပေါင်းစုံ၊ နောက်ဆုံး သေတယ်၊ အဲဒီမသေခင် အိုတဲ့ဒုက္ခ၊ နာတဲ့ ဒုက္ခကြီး တွေက မရှုမလှ မချိမဆန့် ခံရတယ်လေ၊ ခုနက ငါး မသေခင်ဒုက္ခမျိုးစုံ ခံရသလို ခံရမယ်။

ဒီတော့ ကိုယ့်ကိုယ်ကို ပိုက်မိနေတဲ့ငါးလိုသာ သဘောထားလိုက်၊ အဲဒီလိုမြင်လာ လို့ရှိရင် (၃၁) ဘုံထဲမှာ နေချင်စိတ် မရှိဘူး၊ လွတ်ချင်စိတ်သာ ရှိလာတာ၊ အဲ (၃၁) ဘုံပေါ်မှာ ပိုက်ကွန်ကြီးလို မြင်လာတာဟာ ဒုက္ခအဖြစ်နဲ့ မြင်လာတာပဲ၊ ဒီပိုက်ကွန်ကြီးထဲ ဆက်နေရင် အိုပေါင်းစုံ၊ နာပေါင်းစုံ၊ သေပေါင်းစုံတွေလာမယ်လို့ မြင်လာတယ်၊ အဲဒါ ဒုက္ခတွေ မြင်ကုန် တာပဲ၊ အဒိုကို ဒုက္ခသစ္စာလို့ ဘုရားဟောခဲ့တယ်၊ "ဇရာပိ ဒုက္ခာ" လို့ ဓမ္မစကြာထဲမှာ ဘုရားက ဒုက္ခသစ္စာ အပိုင်းကြီး ရှစ်ပိုင်းထဲမှာ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ လို့- ဒုက္ခကြီး သုံးချက်အဖြစ်နဲ့ ထည့်ဟောခဲ့တယ်၊ အဲဒီဒုက္ခသစ္စာကို အခုကိုယ်ပြန်မြင် နေတဲ့အချိန်ဟာ ဒုက္ခသစ္စာမြင်တာပေါ့၊ ဒါ ဒုက္ခသစ္စာ မြင်တဲ့အချိန်လို့ခေါ်တယ်။

ဒီ ဒုက္ခတွေ၊ အိုမှု, နာမှု, သေမှုတွေ ဘယ်သူ့အခြေခံဖြစ်တုန်း၊ ပိုက်ကွန်ထဲ ကိုယ်က ပျော်မိမှုပဲ၊ ပိုက်ကွန်ထဲပျော်ပြီးတော့ နေမိရင်တော့ ခံရမယ်၊ ပျော်ဆိုတာ သမုဒယ သစ္စာတဏှာပဲ၊ ပိုက်ကွန်ရဲ့အပြစ်ကို မမြင်တာက အဝိဇ္ဇာပဲ၊ ဒီထဲပျော်တာက တဏှာပဲ၊ ဒီတော့ အိုမှု, နာမှု, သေမှုဆိုတာ ဘယ်သူ့မှီဖြစ်တုန်း၊ ရုပ်နာမ်ရှိလို့ မှီဖြစ်တာ၊ ရုပ်နာမ်ရှိရင် အိုမှု, နာမှု, သေမှုတို့ရဲ့ ဖစ်မြစ်က ရုပ်နာမ်၊ ဟော ရုပ်နာမ်ပေါ်လည်းပဲ ငြီးငွေ့၊ ရုပ်နာမ်ကို လည်း ဒုက္ခလို့မြင်၊ ဒီတော့ ရုပ်နာမ်ကို ဘုရားက ဒုက္ခလို့ ဟောခဲ့တယ်၊ ဇာတိ-ရုပ်နာမ်ရဲ့ ဖြစ်ခြင်းဟာ ဒုက္ခ-ဒုက္ခသစ္စာကြီးတစ်မျိုးပဲ၊ "ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ"၊ ဘုရားတိုင်း ဘုရားတိုင်း လက်မလွှတ်တန်း ဟောသွားတာ၊ ထင်ထင်ရှားရှားကြီး ဟောသွားတာ၊ သို့သော် ဘုန်းကြီးတို့တွေ ဉာဏ်က နုနေတော့ ဘုရားက ဘယ်လောက်အော်အော်၊ ဘုန်းကြီးတို့က ဖြုံတောင် မဖြုံဘူး။

"ဇာတိပိ ဒုက္ခာ" လို့ ဘုရားက ဘယ်လောက်အော်အော် ဂင်္ဂါဝါလု သဲစုမက ဘုရားတွေက နားနား ကပ်ကပ်အော်သွားတာ များလှပြီ၊ မကြားလိုက်ပေါင် ဒီက၊ ထိုင်းနေတာ နားက၊ အဝိဇ္ဇာ နားဆို့တွေနဲ့ ဆို့ထားတော့ ကြားကို မကြားလိုက်ဘူး၊ ဟိုကတော့ တစ်ခါထဲ-အမြောက်စည်ကြီးများ တီးသလို၊ ဓမ္မစကြာ, သစ္စာလေးပါးတရား, အမြောက်စည်ကြီးတွေ တဒိန်းဒိန်းတီးသွားတယ်၊

http://www.dhammadownload.com



ကြားတဲ့သူတွေက ကျွတ်သွားကြပြီ၊ လိုက်သွားကြတာ၊ ဒီက အ, အတို့ အပင်းတို့က ဒီနေ့ထိ ကျန်ရစ်တုန်း၊ ဒီတော့-(၃၁) ဘုံ ဆိုတဲ့ နယ်ကြီးကို ပိုက်ကွန်ကြီးလို့ မြင်ပြီးတော့ မိမိတို့ ဘဝကို ငါးအဖြစ်နဲ့မြင်လိုက်။

မြင်တော့ ဒီနေ့ အခုဘာလုပ်တုန်း ရုံးတာ. . . ပိုက်ကွန်ကို ထိုးပေါက်တာ၊ ဒီနေ့ ဒါနနဲ့ သီလနဲ့ သမထနဲ့ ထိုးဖေါက်တာ၊ ဝိပဿနာနဲ့ ထိုးဖေါက်တာ၊ အဲဒီလို ဒါန, သီလ, သမထ, ဝိပဿနာ ပါအောင် လွတ်လိုတဲ့စိတ်နဲ့ လှူ အဲဒါ ဝိပဿနာ ပါသွားတာပဲ၊ ခံစားချင်၊ စံစားချင်တဲ့ စိတ်နဲ့သွား မလှူနဲ့၊ အဲဒါပိုက်ထဲ ဆက်ပျော် ချင်တဲ့ ငါးနဲ့တူသွားမယ်၊ သမုဒယ သစ္စာလာမယ်၊ ခံစားချင်, စံစားချင်တယ်ဆို ဒီလိုသံဃာ (၆၀၀) ကျော် လှူဒါန်းတဲ့အတွက် နောက်ဘဝ ဒီထက်ပေါ၊ ဒီထက်ချော၊ ဒီထက်ရွှေတွေ-ငွေတွေနဲ့ ပြည့်စုံ၊ ဒီထက်ကားကောင်း, အိမ်ကောင်း, တိုက်ကောင်း တွေနဲ့ ပြည့်စုံပဟ-ဆိုရင်တော့ သမုဒယသစ္စာ တဏှာ လောဘလာမယ်၊ သူကလာ တော့ ဒုက္ခတွေ တသီကြီး မွေးထုတ်လာမှာပဲ၊ ခုနကလို အိုလိုက်, နာလိုက်, သေလိုက်တွေ လာအုန်းမယ်။

ဒါကြောင့် တပည့်တော်တို့သည် ပိုက်ကွန်ကြီးအတွင်းက လွတ်ကင်းချင်တဲ့ ငါးကဲ့သို့ ရုန်းကန်လှုပ်ရှားတဲ့ငါးကဲ့သို့၊ တပည့်တော်တို့ ဒီနေ့ လှူဒါန်းသမှု ပြုကြပါကုန်၏ . . . လို့ဆိုတော့ ဟောဒါ ပညာပါရမီခေါ်တယ်၊ ပညာပါရမီ ချည်မျှင်တွေနဲ့ နခမ်းအုပ်ပြီးသကာလ မိမိတို့ ရရှိ နေတဲ့ လူ့ဘဝနဲ့ သာသနာတော် အလင်းနဲ့ ကြုံတဲ့ အခိုက် မိမိတို့ရဲ့အတွင်းပစ္စည်းလို့ခေါ်တဲ့ စေတနာ, သဒ္ဓါ, အပြင်ပစ္စည်းလို့ခေါ်တဲ့ ဗဟိဒ္ဓ ပစ္စည်း လှူဖွယ်တန်းဖွယ်တွေ လှူဒါန်းနိုင်တဲ့ စွမ်းရည်သတ္တိရှိတဲ့ အခိုက်မှာ ဒါနပါရမီ, သီလပါရမီစတဲ့ ပါရမီဆယ်ပါး ချည်မျှင်များကို ကြိုးစား အားထုတ်ပြီးတော့ ဖြည့်ဆည်းနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။ ငင်ယူနိုင်ကြတဲ့ အမျိုးကောင်း သား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

ဤကဲ့သို့ ပါရမီချည်မျှင်များကို ငင်စွမ်းနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးတွေ ဖြစ်ကြကုန်လျက် ဤကဲ့သို့ ပါရမီချည်မျှင်များကို ငင်ယူပြီးသကာလ အို, နာ, သေရေး ဒုက္ခဘေးကြီးမှ ကင်းဝေလွတ်မြောက်ရာဖြစ်တဲ့ သန္တိသုခ နိဗ္ဗာနစာတ်ကို ရတော် မူသွားကြတဲ့ ဘုရားပစ္စေကာ အရိယာအပေါင်း

http://www.dhammadownload.com



သူတော်ကောင်းကြီးတို့ ရအပ်၊ ရောက်အပ်၊ သိမြင်အပ်သော နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ၊ ရကြရ၊ မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု... သာဓု... သာဓု...ပါဘုရား

http://www.dhammadownload.com



# ရာဟုလာ အမွေတောင်းခန်း တရားတော်

သံသာရမှာ သာမညေန, န မုစ္စေယျ ဗာဟိ တဟိ၊
ဂတိ ဂတိ ဘဠ္ဍနတ္တာပိ, သဠ္ဍယသ္သာမိ ပါရမိ။

တဟိ တဟိ-တွေ့ကြဆုံကြ, ဘုံဘဝဝယ်, ကြုံရလေတောင်း, သောင်းပြောင်းအာရုံ, အဖုံဖုံ၌၊ သာမညေန-သူများနည်းတူ, သူမူမပျက်, သူ့ထက်မသာ, လိမ္မာဟန်မျှ, စံမပြလော့က်သေးပါမူကား၊ သံသာရမှာ-မဟာပြဟေ့, လျှာကုဋ္ဌေဖြင့်, ရှာဖွေမှန်းဆ,ဂဏန်းပြဖို့ နှမ်းမျှမလွယ်, တကယ်မှန်စွာ,မကြုံသာသည့် သံသရာခရီး, ကန္တာကြီးမှ၊ နမုစ္စေယျ-ဘုန်းစကန်ချွန်, သမ္ဘာမွန်သဖြင့်, တံခွန်ဆောက်ကိုင်, မလွန်မြောက်နိုင်သေးရာ၊ အမုတ္တတ္တာ-လွတ်ဖို့ဝေးရဲ့, မတွေးနဲ့တော့, ဘေးတကယ့်စုံ, အဖုံဖုံဇာတ်ပြား၍, ထပ်မနား အပယ်ခရီး၌, တလည်တည်း လည်နေရအုံးမည့် အရေးကြောင့်၊ ဂတိ ဂတိ-ဒေဝ မနုဿ, နိရယနှင့်, ပေတ တိရစ္ဆာန်,လားရန်အရှိ, ငါးတန်သောဂတိကို၊ ဘဠ္ဍနတ္တာပိ-ဟောင်းရာမြန်းလင့်, စခန်းသင့်လည်း, ငြိမ်းဖြင့်တက်ပြီး, ငြိမ်းဖျက်နည်းသို့, ဖျက်ဆီးလွန်မြောက်, နိဗ္ဗာန်ရောက်ဖို့ အကျိုးငှာ၊ ပါရမိ-နိဗ္ဗာန်နန်းခွင်, စခန်းဝင်ဖို့, လမ်းစဉ်အကျ, ဒါနစာဂီ, ပါရမီကျိုး, ကောင်းမှုမျိုးကို၊ သဠ္ဍယသ္သာမိ-တမြင့်တည်းမြင့်, ဆင့်ကဲ့တင့်ဖို့, အသင့် မကွာ, ချင့်စာတိုးပွား, တစ်မျိုးအားဖြင့်, ကြိုးစားဖြည့်ကျင့်ပါတော့မည်ဘုရား . . ။ ။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား။

ယနေ့ မြန်မာ ကောဇာသက္ကရာဇ် ၁၃၅၂-ခုနှစ်၊ တပိုတွဲလဆန်း-၆ ရက် နေ့ ညမှာ. . .၊အမရပူရမြို့ အလယ်ပန်းတိမ်ရပ် အလှူဒါယကာဒကာ ဦးမြတ်ညွန့် အလှူဒါယကာမ ဒေါ်သောင်းရှင်တို့ရဲ့နေအိမ်ဝင်းအတွင်း ခင်းကျင်း ဆောက်လုပ်ထားအပ်တဲ့ ဤအလှူမင်္ဂလာမဏ္ဍပ်၌ ကျင်းပပြုလုပ် အပ်တဲ့၊ ယနေ့ညတရားပွဲသည်ကား အမရပူရမြို့ အလယ်ပန်းတိမ်ရပ်မှာ နေထိုင်ကြ တဲ့ အလှူဒါယကာ ဦးမြတ်ညွန့် အလှူဒါယိကာမ ဒေါ်သောင်းရှင်တို့ မိသားစုက မိမိတို့ရဲ့ နှစ်ဘက်သော မိခင် ဖခင် ကျေးဇူးရှင်တို့ကိုလည်းကောင်း။

http://www.dhammadownload.com



ထိုမှတပါး အမှူးထားထိုက်တဲ့ ကျေးဇူးရှင်များဖြစ်ကြတဲ့ ဦးကြီး, ဦးလေး, ဒေါ်ကြီး, ဒေါ်လေး, အကို အမစတဲ့ ကျေးဇူးရှင်တို့ကိုလည်းကောင်း၊ အမှူးတင်ကြပြီးလျှင် လာမည့် တပို့တွဲလဆန်း(၅)ရက်နေ့ အဝင်၊ တပို့တွဲလ ဆန်း(၈)ရက်နေ့မှာ အလှူပွဲကြီး အဖြစ်နဲ့ မိမိတို့ရဲ့ ရင်နှစ်သည်းချာ သားရတနာ လေးနှစ်ဦးနဲ့ ရင်မှဆက်နွယ်ပေါက်ဖွားတဲ့ တူရတနာလေးရှစ်ဦး၊ ဆယ်ဦးသော မောင်ရှင်လောင်းတို့အား၊ ဆယ်ယောက်သော အမျိုးကောင်းသားလေးတို့အား ဘုရား ပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီး တို့ရဲ့ အဆင်တန်ဆာ ဖြစ်တဲ့၊ ရှင်သာမဏေတို့အား လျှောက်ပတ်တဲ့သင်္ကန်း,သပိတ်, ခါးပန်း ပရိက္ခရာ အစုံဆယ်စုံတို့ဖြင့် တန်ဆာဆင်လှူဒါန်းပြီးသကာလ၊ ရှင်သာမဏေဘောင် ရောက်၊ ဘုရားသားတော်လေးများ အဖြစ်သို့ရောက်အောင် ပို့ဆောင်ခြင်းဆို တဲ့ ပဗ္ဗဇ္ဇမင်္ဂလာ။

လူတို့ကျင့်ကြံကြိုးကုတ် အားထုတ်နေတဲ့ ငါးပါးသီလထက်၊ အဆ ပေါင်းများစွာ သာတဲ့(၁၂၀)သော သိက္ခာသီလ ထိန်းသိမ်းစောင့်ရှောက်ရတဲ့ သာမဏေဘောင်၊ သာမဏေဘဝသို့ရောက်အောင် ပို့ဆောင်ခြင်းဆိုတဲ့ ပဗ္ဗဇ္ဇ မင်္ဂလာ၊ သူဌေးသား, ဘုရင့်သား, ကုန်သည်ကြီးရဲ့သား, ပွဲစားကြီးရဲ့သားဆိုတဲ့ သားပေါင်းများစွာတို့ထက်သာတဲ့ ဘုရားသားတော်လေးများ အဖြစ်သို့ရောက် အောင် ပို့ဆောင်ခြင်းဆိုတဲ့ ပဗ္ဗဇ္ဇမင်္ဂလာ။

ထိုမှတပါး မိမိတိုရင်မှဆက်နွယ် ပေါက်ဖွားတဲ့ တူမရတနာ အမျိုးသမီး ကလေး ငါးဦးတို့ကိုလည်းပဲ လောကီလူတို့ထုံးတမ်းစဉ်လာ မင်္ဂလာ(၁၂)ခန်း တို့တွင် အပါအဝင် ဖြစ်တဲ့ ကဏ္ဏဝိဇ္ဈနနားသမင်္ဂလာ. . . . လို အဲဒီလိုအားဖြင့် မင်္ဂလာကြီးနှစ်ရပ်။ သားရတနာ တူရတနာတို့ရဲ့ ရှင်ပြုမင်္ဂလာနဲ့ သမီးတူမ ရတနာငါးဦးတို့ရဲ့ နားသမင်္ဂလာ။ အဲဒီမင်္ဂလာ ကြီးနှစ်ရပ်ကို အခြေခံအကြောင်း ပြုပြီးသကာလ ဒီမင်္ဂလာမဏ္ဍပ်ကြီးအတွင်းမှာလာမယ့် တပို့တွဲလဆန်း(၈)ရက် နေ နံနက်စောစော အချိန်ကာလမှာလည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ပန်း ရေချမ်း ဆွမ်း ဆီမီးစသည်တို့ဖြင့် အထူးတလည် ပူဇော်ကြခြင်း၊ ခဲဖွယ် ဘောဇဉ်ချိုချဉ်အရသာတို့ဖြင့် လှူဒါန်းဆက်ကပ်ကြခြင်းနှင့်တကွ, ဘုရားအမှူး ရှိသော သံဃာတော်အရှင်သူမြတ် သုံးဆယ်ကျော်တို့အား ဤမင်္ဂလာမဏ္ဍပ် အတွင်းသို့ ပင့်ဖိတ်ပြီးသကာလ မွန်မြတ်သောခဲဘွယ် ဘောဇဉ်ချိုချဉ်အရသာ တို့ဖြင့် သဒ္ဓါပြဋ္ဌာန်း ဆက်ကပ်လှူဒါန်းသမှုကိုပြုကြခြင်း။

http://www.dhammadownload.com



ယနေ့ညနေလည်းပဲ တရားပွဲကြီးဆင်နွှဲပြုလုပ်ပြီးသကာလ၊ မိမိတို့ ကိုယ်တိုင် လည်းတရားတော်ကိုနာယူ၊ ကြွရောက်လာကြတဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတို့အားလည်း တရားတော်ကို နားကြားကြပါစေလို့ တရား ပူဇော်တဲ့အနေနဲ့ ဓမ္မပူဇာ ကုသိုလ်ကောင်းမှုမင်္ဂလာပွဲကြီး ဆင်နွှဲကျင်းပပြီး သကာလ၊ တရားဟောဓမ္မကထိက အရှင်သူမြတ်အားလည်းပဲ ဓမ္မပူဇာအဖြစ်နဲ့ နဝကမ္မမှစပြီးတော့ ကန်တော့ပွဲအစရှိတဲ့ လှူဖွယ်ဝတ္ထုအသီးသီးကိုလည်း ဆက်ကပ်လှူဒါန်းသမှုကို ပြုကြခြင်း၊ ကြွရောက်လာတဲ့ ဓမ္မမိတ်ဆွေ ပရိသတ် အပေါင်း သူတော်ကောင်းတို့အားလည်းပဲ စားဖွယ်သောက်ဖွယ် ခဲဖွယ်များဖြင့် ကျွေးမွေးပြီးသကာလ၊ လဘက်ရည်ပွဲများဖြင့် တည်ခင်းဧည့်ခံခြင်း. . လို့။

အဲဒီလိုအားဖြင့် ဒီကနေ့ ဒကာကိုမြတ်ညွှန့်တို့၊ ဒကာမ မသောင်းရှင်တို့ အလှူ့ဒကာ အလှူ့အမများက သားကိုရှင်ပြု၊ တူသားနောင်မယ်(၁၀)ယောက် ရှင်ပြုတော့ ပရိက္ခရာဆယ်စုံလှူရတဲ့ ကောင်းမှုကြီးဖြစ် ပထမဆုံး၊ ဘုရား သာသနာတော်နဲ့ကြုံမှ လှူဒါန်းလို့ရတဲ့ ပရိက္ခရာ-သင်္ကန်း သပိတ် ခါးပန်း ပရိက္ခရာအစုံဆယ်စုံတို့ကို သားလို သတ်မှတ်ထားတဲ့၊ ကလေး(၂)ဦး၊ တူလို့ သတ်မှတ်ထားတဲ့ရှစ်ဦးသော အမျိုးကောင်းသားကလေးဆယ်ဦးတို့ရဲ့ ခန္ဓာကိုယ် ပေါ်မှာ ဆင်မြန်းပြီးသကာလ၊ ရှေးဦးစွာ လှူဒါန်းရတယ်၊ နံပါတ်(၁)အလှူကြီး ဒါကစပြီ။

ရှင်ပြုတယ် ရှင်ပြုတယ်ဆိုကတည်းကိုကလှူနိုင်ခဲ့တဲ့ ပစ္စည်းလှူ ရပြီ၊ သာသနာတွင်းမှ လှူခွင့်ရတဲ့ သင်္ကန်းတို့ သပိတ်တို့ ခါးပန်းတို့ ဖိနပ်တို့ ပစ္စည်းဆယ် စုံ အဲဒီပစ္စည်းဆယ်စုံကို လှူဒါန်းခွင့်ရတဲ့အပြင်၊ ထိုရှင်ပြုမင်္ဂလာ နားသမင်္ဂလာကို အကြောင်းပြုပြီးသကာလ၊ ယခုနပြောခဲ့တဲ့ ဘုရားပူဇော်ရတဲ့၊ အထူးတလည်ပူဇော်ရတဲ့ ကောင်းမှုမင်္ဂလာတွေ တရားပွဲဆင်နွှဲကျင်းပပြီး သကာလ တရားကိုပူဇော်ရတဲ့ ကောင်းမှုမင်္ဂလာတွေ၊ ပင့်သံဃာ(၁၂)ပါးတို့ အား သင်္ကန်းဒွိစုံ(၁၂)စုံ လှူဒါန်းခြင်းနှင့်တကွ နဝကမ္မကျပ်(၁၂၀၀)တို့ကို လှူဒါန်းခြင်းဆိုတဲ့ သံဃာပူဇော်ရတဲ့ ကောင်းမှုမင်္ဂလာတွေ၊ သားတွေတူတွေရဲ့ ရှင်ပြု၊ တူမတွေရဲ့နားသ အကြောင်းပြုပြီးတော့ ပထမဆုံး သင်္ကန်း သပိတ်၊ ပရိက္ခရာ(၁၀)စုံ လှူဒါန်းရတဲ့အပြင်၊ ဘုရားပူဇော်၊ တရားပူဇော်၊ သံဃာပူဇော် ရတဲ့ ကောင်းမှုကြီးတွေအထူးတလည် ဒကာကိုမြတ်ညွှန့်တို့ ဒကာမ မသောင်း ရှင်တို့ သန္တာန်မှာ ဖြစ်ပွားကြတယ်. . . .။

http://www.dhammadownload.com


မိမိတို့မှာ ဖြစ်လာတော့၊ မိမိတို့ရဲ့ မိဘတွေ ဆွေမျိုးတွေ ဉာတကာတွေ ညီအစ်ကို မောင်နှမတွေ သန္တာန်လည်းပဲ ဖြစ်ပွားပြီးတော့လာကြ၊ အဲဒီလိုဖြစ်ပွားတဲ့ အပြင် မိမိတို့"ဉာတကာနဋ္ဌသင်္ဂဟ"မင်္ဂလာအရ၊ မိတ်ဆွေသင်္ဂဟ အပေါင်းသူတော်ကောင်းတွေကို သဒ္ဓါဖြူဖွေးကျွေးမွေးညှော်ခံသောအားဖြင့် အလှူ မင်္ဂလာပွဲကြီး အကြိုနေ့မှစပြီးတော့ အလှူမင်္ဂလာပွဲကြီးနေ့မှာ ပရိသတ် ပေါင်း (၁၅၀၀)ကျော်တို့ကိုလည်းပဲ သဒ္ဓါ ဖြူဖွေးကျွေးမွေးညှော်ခံသမှုကို ပြုကြခြင်း. . တဲ့၊အဲဒီလိုအားဖြင့် ဒီနေ့ အလှူ့ဒကာ ကိုမြတ်ညွှန့်တို့. အလှူ့အမ မသောင်းရှင် တို့က ပထမဆုံးသိလိုက်ရမှာက သားရတနာ သမီးရတနာလေး တွေကို ရှင်ပြုပေး ခြင်းဖြင့် ငါတို့သည်. . . .

*** တူနိုင်ခဲမျှ, တူစေရ, လောကအမြတ်ဆုံး၊**

**အသွင်အကျင့်, အမြင့်ဆင့်, ရှင်ပင့်သာကီထုံး. . . လို့။**

ရှေးဆရာတော်ကြီးများ လင်္ကာသီးကုံးပြီးတော့ ထားခဲ့တဲ့အတိုင်း၊ ငါတို့သည် ဒီနေ့ သားရတနာလေးနှစ်ဦးနဲ့ သမီးရတနာလေးရှစ်ဦးတို့ကို တူနိုင်ခဲတဲ့ တူခြင်း ကြီးဖြင့် တူစေရတဲ့နေ့. . . . တူနိုင်ခဲတဲ့တူခြင်းကြီးနဲ့ တူအောင် ပြုတာ လောကမှာ ကိုယ့်သား ကိုယ့်သမီးလေးတွေရှိလာပြီဆို၊ ကိုယ့်သားကိုယ့် သမီးလေးတွေကို လောကမိဘတွေက တူအောင်ပြုကြတယ်၊ ဘာနဲ့တူအောင် ပြုတုန်းဆိုတော့ ပွဲစားကြီးနဲ့တူအောင် ပွဲကတော် ကြီးနဲ့တူအောင် ပြုကြတယ်၊ ပွဲရုံကြီးတည်ပေးပြီးတော့ သူကို့ ပွဲစားကြီးဖြစ်အောင် ပွဲကတော်ကြီးဖြစ်အောင် လုပ်လိုက်တော့ ပွဲစားကြီးနဲ့တူ ပွဲကတော်ကြီးနဲ့ တူသွားတာပေါ့၊ စက်ပိုင်ကြီးနဲ့ တူအောင် စက်ပိုင်ကတော်ကြီးနဲ့ တူအောင်လည်းပြုကြတယ်၊ စက်တွေများထူ ထောင်ပေးပြီးတော့၊ ဆီစက်၊ ဆန်စက်၊ ပဲခွဲစက်တွေ ထူထောင် ပေးလိုက်တော့၊ ရက်ကန်းစက်ကြီးတွေ ထူထောင်ပေးလိုက်တော့၊ စက်ပိုင်ကြီး စက်ပိုင်ကတော် ကြီးဆိုပြီးတော့ဖြစ်သွား၊ မရှေးရှေးကရှိတဲ့ စက်ပိုင်ကြီးတွေ၊ စက်ပိုင်ကတော် ကြီးတွေနဲ့တူအောင် စက်တွေထူထောင်ပေးလိုက်တော့ စက်ပိုင်ကြီး စက်ပိုင် ကတော် ကြီးဖြစ်ကြတယ်။

ပွဲရုံကြီးတည်ပေးလိုက်တော့ ပွဲစားကြီး၊ ပွဲစားကတော်ကြီးဖြစ်ကြတယ်၊ ကုန်သည်ကြီး ကုန်သည်ကတော်ကြီး၊ သူဌေးကြီး သူဌေးကတော်ကြီး၊ မင်းစိုးရာဇာကြီး ရှင်ဘုရင်ကြီး၊ မိဖုရားကြီး၊ စကြာမင်းကြီး၊ စကြာမင်းမိဖုရားကြီး. . လို့ ဟောဒီလိုတူအောင်ပြုကြတာ ကိုယ့်သား၊ ကိုယ့်သမီးကို အဲဒီတူအောင်ပြု တာတွေထဲမှာ ဒီနေ့ ဒကာကိုမြညွှန့်တို့ ဒကာမ မသောင်းရှင်တို့ ဒီနေ့

http://www.dhammadownload.com



တူအောင်ပြုတဲ့အပြုက လောကမှာ အမြတ်ဆုံးဖြစ်တဲ့ တူအောင်ပြုခြင်း. . .၊ သားလေးနှစ်ယောက်နဲ့ တူလေးရှစ် ယောက်ကို သဘက်ခါကျတော့ တူအောင် ပြုတော့မယ်။

ကိုမြတ်ညွန့်တို့မသောင်းရှင်တို့က ဘယ်သူနဲ့တူအောင်ပြုမှာဝုန်း. . . ဆိုတော့ အရိယာကြီးတွေနဲ့တူအောင်ပြုမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ တူအောင်ပြုမယ်၊ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးနဲ့ တူအောင်ပြုမယ်၊ ရှင်အာနန္ဒာကိုယ်တော်မြတ် ကြီးနဲ့ တူအောင်ပြုမယ်၊ ရှင်ရာဟုလာ နဲ့တူအောင် ပြုမယ်၊ ဟော- အရိယာဖြစ် ရဟန္တာဖြစ်တော်မူကြတဲ့ ရှင်ရာဟုလာ၊ ရှင်ရေဝတ အစရှိတဲ့ ကိုရင်လေးတွေနဲ့ တူအောင်ပြုမယ်၊ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန် အစရှိတဲ့ ကိုယ်တော်မြတ် ကြီးတွေနဲ့ တူအောင်ပြုမယ်၊ အရိယာရဟန္တာ ကြီးတွေနဲ့ တူအောင်ပြုမယ်. . တဲ့။

ဘာအားဖြင့်တူအောင် ပြုကြမှာတုန်းဆိုတော့ "အသွင်, အကျင့်, အမြင်ဆင့် ရှင်ပင့်သာကီထုံးတဲ့"-အသွင်အားဖြင့် ပထမတူအောင်ပြုတာ အသွင်ဆိုတာ-သူ့ရဲ့ ပုံဟန်သဏ္ဌာန်အသွင်၊ ဒီတော့-ဒကာ ကိုမြတ်ညွန့်တို့ ဒကာမ မသောင်းရှင်တို့ သန်ဘက်ခါ တပိုတွဲလဆန်း(၈)ရက်နေ့ နေ့လည် လောက်မှာ သားရတနာနှစ်ဦးနဲ့ တူရတနာရှစ်ဦးတို့ကို ခေါင်းကဆံ မုတ်ဆိတ် ကျင်စွယ်တွေ ရိတ်ပေးပြီးတော့ ဖန်ရည်တတ်စွန်းတဲ့ သင်္ကန်းကို ကိုယ်မှာဆင် မြန်းပြီး ခါးပန်းကိုပတ်၊ သပိတ်ကိုပိုက်၊ အဲဒီအသွင်ဟာ ဘယ်သူ့အသွင်တုန်း . . ဆိုတော့ ဘုရားအသွင်ပဲ၊ ရဟန္တာအရှင်မြတ်ကြီးတွေရဲ့အသွင်ပဲ ရဟန္တာမ အရှင်မြတ်ကြီးရဲ့အသွင်ပဲ၊ ဘုရားပစ္စေကာအရိယာ အပေါင်းသူတော် ကောင်း ကြီးတွေရဲ့အသွင်၊ အဲဒီအသွင်ဟာ၊ အဲဒီပုံသဏ္ဌာန်ဟာ အရိယာသူ တော်ကောင်းကြီး တွေရဲ့ပုံသဏ္ဌာန်၊ အရိယာသူတော်ကောင်းကြီးတွေရဲ့ အသွင်၊ အဲဒီအသွင်ကိုရသွားတယ် ဆိုရင်ပဲ၊ မြတ်ပြီ. . . တဲ့၊ မြတ်ပြီ။

ခုနက သူဌေးကြီးအသွင် သူဌေးကတော်ကြီးအသွင်၊ ကုန်သည်ကြီး အသွင် ပွဲစားကြီးအသွင်၊ စက်ပိုင်ကြီးအသွင်ဆိုတဲ့ အသွင်က၊ လောကီနယ်က အသွင်၊ အိုဘေး နာဘေး မလွတ်တဲ့အသွင်၊ ထပ်တလဲလဲ အို၊ ထပ်တလဲလဲ နာ၊ ထပ်တလဲလဲ သေမယ့် အသွင်၊ ဒါကြောင့် မမြတ်ဘူးသူက၊ ကံမကောင်းအ ကြောင်းမလှရင်အပါယ်လေးပါး ချောက်ထဲကျသွားစေတတ်တဲ့ အသွင်၊ ငါစက် ပိုင်ကြီး ငါစက်ပိုင်ကြီးဆိုပြီးတော့ တစ်ခါ တည်းသောက်လိုက်စားလိုက်၊ မူးလိုက် ရူးလိုက် ပျော်လိုက်ပါးလိုက်နဲ့ဆိုတော့ ဟော-. အပါယ်လေးပါး ထိကျသွား

http://www.dhammadownload.com



ငါ့သူဌေးကြီး ငါ့သူဌေးကြီးဆိုပြီးတော့ သတ်ဟယ်၊ ဖြတ်ဟယ် သူများသားသမီးတွေနဲ့ ဖေါက်ပျက်ဟယ်နဲ့ဆိုတော့ -ဟော-အပါယ်ကျသွား အပါယ်ကျနိုင်တဲ့အသွင် အဲဒီအသွင်တွေက အိုနာသေ မလွတ်နိုင်တဲ့အသွင်၊ အဲဒီသူဌေး စက်ပိုင်ကုန်သည် ရှင်ဘုရင် မိဖုရားဖြစ်ရုံနဲ့ နိဗ္ဗာန်ရတယ်လို့ထုံးစံမရှိဘူး၊ အိုနာသေလွတ်တယ်လို့ ဘယ်ဘုရားမှ မဟောခဲ့သေးဘူး။

အဲအခု ဒီနေ့ သားရတနာနှစ်ဦး-တူရတနာရှစ်ဦးတို့ ယူမယ့်အသွင်က၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ယူတဲ့အသွင်၊ ပစ္စေက ဗုဒ္ဓါအရှင်မြတ်ကြီးတွေယူတဲ့ အသွင်၊ ရဟန္တာသောကျော်၊ ရဟန္တာမအရှင်မြတ်ကြီးတွေ ယူတဲ့အသွင်၊ ဒီအသွင်ယူ ကတည်းက သူကကျင့်တော့မယ်. . . ကြံတော့မယ်၊ ဒီလိုကိုး သူကသိက္ခာ သီလထိန်းတော့မယ်၊ သူများအသက်သတ်မှုရှောင်တော့မယ်၊ သူများဥစ္စာခိုးတာတွေ ရှောင်တော့မယ်၊ သူ့သားမယားတွေ ကျူးလွန်တာတွေ ရှောင်တော့မယ်၊အိမ်ယာတည်ထောင်မှုတွေရှောင်တော့မယ်၊လိမ်ညာတာတွေ ရှောင်တော့မယ်၊ သောက်တာစားတာတွေ ရှောင်တော့မယ်၊ ဒုစရိုက်မှုတွေ ရှောင်တော့မယ်၊ ဒီလိုကိုး။ ဒီအသွင်က ဒီအသွင်ယူကတည်းက သူက သူတော်ကောင်းအကျင့် ကျင့်တော့မယ်ဆိုတဲ့အထိမ်းအမှတ် သူက။

ဒါကြောင့် သူက အို၊ နာ၊သေလွတ်တော့မှာ အို, နာ, သေလွတ်ဖို့ နီးတော့မှာ အိုနာသေ လွတ်ရာနိဗ္ဗာန်ရောက်ဖို့ရာ နီးတော့မှာ ဒါကြောင့် မြတ်တယ် ဒီအသွင်က ။ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး တောထွက်ပြီးတော့သူ့ကိုယ်သူ အနော်မာသောင်ထဲရောက်တော့ ဆံတော်ပယ်တယ်၊ ဖန်ရည်တတ်စွန်းတဲ့ ဝတ်သင်္ကန်းတွေ ပြောင်းဝတ်၊ ဟော-ဘုရားဖြစ်အောင် ကျင့်တော့မယ်ဆိုတော့ ဘုရားအလောင်းတော် ဘာလုပ်တုန်းဆိုတော့ ပထမဆုံးဆံပယ်တယ်၊ အားလုံးသိကြတယ်၊ ဖန်ရည်တတ်စွန်း ဝတ်သင်္ကန်းကို ပြောင်းဝတ်တယ်၊ ဃဋိကာရဗြဟ္မာ ကပ်တဲ့သင်္ကန်းဝတ်တယ်၊ သပိတ်ကိုပိုက်တယ်၊ ဟော-သူတော်ကောင်းအကျင့်ကျင့်မယ်၊ အိုနာသေ လွတ်အောင်ရှန်းတော့မယ်ဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၊ ဒီအသွင်ကိုယူတယ်။

အဲဒီအသွင်ယူသလိုပဲ နောက်နောင် သူ့သားတော်တွေကိုလည်းပဲ၊ ရာဟုလာ လေးကစပြီးသကာလ၊ သားတော်တွေ ရဟန်းတော်တွေမှန်သမျှ အိုနာသေလွတ်ရာ နိဗ္ဗာန်ရွာကို ရဖို့ယူဖို့ ကျင့်တော့မယ်ဆိုရင် ဒီအသွင်ကိုယူကြ. . . မြန်မြန်ရချင်ရင် ဒီအသွင် ကိုယူကြ၊ ပြင်းပြင်းထန်ထန်ကျင့်ချင်ရင် ဒီအသွင်ကိုယူကြလို့ညွှန်းခဲ့လို့ ဟော-သာမဏေအသွင်၊ ရဟန်းအသွင်

http://www.dhammadownload.com



ယူကုန်ကြတယ်၊ ဒါကြောင့် ဒီနေ့အလှူ့ဒကာ ကိုမြတ်ညွန့် အလှူ့အမ မသောင်းရှင်တို့က သားရတနာ တူရတနာလေးတွေကို ပေးလိုက်တဲ့ အသွင်သည်. . . အရိယာသူတော်ကောင်းကြီးတွေရဲ့ အသွင်မို့ ရနိုင်ခဲတဲ့အသွင်၊ တူနိုင်ခဲတဲ့အသွင်. . . တဲ့၊ ဒါကြောင့်"တူနိုင်ခဲမျှတူစေရ လောကအမြတ်ဆုံး" တူနိုင်ခဲတဲ့အသွင် နဲ့တူအောင်ပြုပေးတာ။

အသွင်တူရုံတင်လားဆိုတော့ ဘယ်ကမှာတုန်း အကျင့်ပါတူအောင် တတ်နိုင် သမျှအကျင့်ပါတူသွားတယ်၊ အခုကိုရင်လေးတွေဖြစ်ပြီ သက်န်းဝတ် လိုက်ပြီဆိုကတည်း က သူတို့ဝမ်းထဲမှာ သီလသိက္ခာပေါင်း (၁၂၀)သိက္ခာသီလ အကျင့်ကျင့်တော့မှာ၊ သီလ အကျင့်ကိုက (၁၂၀)အကျင့်ကျင့်မှာ ငါးပါးသီလ အကျင့်လေးကျင့်ရုံနဲ့ ဒီသက်န်းဝတ်ခွင့်မရှိဘူး၊ ဥပုသ်စောင့်တဲ့အနေနဲ့ တိုးပြီးတော့ ကျင့်လိုက်ဦးမယ် ရှစ်ပါးသီလဆောက်တည် ပါ၏ဆိုရုံနဲ့လည်း ဒီသက်န်းဝတ်ခွင့် ဒီခါးပန်းပတ်ခွင့် မရှိသေးဘူး၊ ကိုးပါးသီလ တိုးဆောက်တည်းပါတယ် ဆိုရုံနဲ့လည်း မရသေးဘူး။ ဆယ်ပါးသီလဆောက်တည် ပါတယ်ဆိုပြီးတော့ ဂဟဠ(၁၀)ပါးသီလ ဆောက်တည်ရုံနဲ့လည်းပဲ သေခိယ (၇၅)ပါး လိင်(၁၀)ပါး ဒဏ်(၁၀)ပါး မပါသေးဘဲနဲ့ (၁၀)ပါးသီလသက်သက်ဆောက်တည်ရုံနဲ့ လည်းပဲ ဒီအသွင်ယူလို့ မရသေးဘူး။

ဟော-ဒီအသွင်က သာမန်မထင်လိုက်နဲ့ဝမ်းထဲက (၁၂၀)သော သိက္ခာသီလ ကို ကျင့်ကြံကျိုးကုတ်အားထုတ်တော့မယ်. . လို့ ဆောက်တည်လိုက်မှ ယူလို့ရတဲ့အသွင် ဒီအသွင်ယူလိုက်သည်နဲ့တစ်ပြိုင်နက် ဝမ်းထဲက(၁၂၀) သိက္ခာသီလ အကျင့်ကိုကျင့်ရတယ်၊ ဒီတော့ (၁၂၀)သိက္ခာသီလဆိုတာ ဆယ်ပါးသီလက အခြေခံပါပဲ ဒီတော့ ဆယ်ပါးသီလကနေဆက်ပြီးတော့ သေခိယ (၇၅)ပါး၊ လိင်(၁၀)ပါး၊ ဒဏ်(၁၀)ပါးစတဲ့ စုဒ္ဒသခန္ဓကဝတ်ကစတဲ့ ကိုရင်တွေ ကျင့်တဲ့အကျင့်တွေပေါ့၊ အတိအကျပြောရင်တော့ (၁၁၉)ပါးရှိတယ်၊ အဲပြော လွယ် အောင်(၁၂၀)သိက္ခာသီလဝမ်းထဲမှာ ရောက်ပြီးတော့လာမယ်။ အဲဒီသီလ (၁၂၀)ကို ကိုရင်လေးတွေကျင့်ကြမယ်၊ ကိုရင်လေးဘဝနဲ့ နေသမျှ သူတို့သီလ အကျင့် (၁၂၀)ကျင့်ပြီးတော့နေကြမယ်၊ အဲဒီအကျင့်, ကျင့်နေရင် အကျင့် အားဖြင့် သူတူပြန်တာပဲ။ အရိယာသူတော်ကောင်းကြီးတွေနဲ့။

ဒီတော့ အရိယာသူတော်ကောင်းကြီးတွေနဲ့ တူပုံလေးကို သူတို့ကျင့်တဲ့ အကျင့် ထဲက ထိပ်ဆုံး(၂)ပါး လောက်လေးသတိထားကြည့်စမ်းပါ၊ ထိပ်ဆုံး (၂)ပါး (၃)ပါးပဲ ကြည့်စမ်းပါ၊ ကိုရင်လေးတွေကျင့်မယ့် (၁၂၀)သိက္ခာသီလထဲ

http://www.dhammadownload.com



က ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ သူ့အသက်သတ်မှုကြီး ရှောင်ပါ၏၊ အထူးသတိ ထားပြီးတော့ကို ရှောင်ပါ၏၊ ရှောင်လိုက်တာမှ ဘယ် လောက်ရှောင်တုန်းသူ့အသက် သတ်တဲ့လက်နက်တောင်မထားပါဘူး၊ လက် နက် တောင်မကိုင်ပါဘူး၊ သူများအသက် သတ်မယ့်ဓားတွေ လှံတွေ သေနတ် တွေ ဒုတ်တွေ အနားတောင်မထားအောင်ရှောင်ပါ၏. . . လို့ သူတို့က ရှောင် ကြတယ်။

နောက်ဘုရားရှင်ကိုယ်တော်မြတ်ကြီးလည်း အဲဒီလိုပဲ သူများအသက် သတ်မှုကို ရှောင်တော်မူတယ်၊ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်တို့ရှောင်တော် မူတယ်၊ ဟော- သားရတနာနှစ်ဦးနဲ့ တူရတနာရှစ်ဦးက ရှောင်ကြမယ်၊ တူတာပဲ ဒါအကျင့်အားဖြင့်။

သူ့ဥစ္စာခိုးမှုကြီးရှောင်ပါ၏၊ အဒိန္နာဒါနာ ဝေရမဏီ။ ဟော သူတို့က လည်းရှောင်တယ်၊ ဘုရားကလည်း ရှောင်တယ်။ အတူတူပဲ သွားတူတာပဲ။ အိမ်ယာတည်ထောင်မှုကြီးကို ရှောင်ပါ၏တဲ့၊ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ ကိုရင်ဝတ်နေတဲ့ အခိုက်မှာ အိမ်ယာတည်ထောင်မှု ကြီးကို ရှောင်ပါ၏၊ လို့. . . . သူတို့က ရှောင်ကြတယ်၊ ဘုရားရှင်ကိုယ်တော် မြတ်ကြီးကလည်း ရှောင်တယ်၊ အိမ်ယာတည်ထောင်မှုကြီး ရှောင်တယ်၊ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီး ကလည်း ရှောင်တော်မူ ကြတယ်၊ တူတာပဲ ဒါ။

အဲဒီလိုအားဖြင့် သွားရော(၁၂၀)သိက္ခာသီလ ဘုရားကျင့်တဲ့ (၁၂၀) သိက္ခာသီလ သူတို့ကျင့်ကြတယ်၊ အရိယာသူတော်ကောင်းကြီးတွေ ကျင့် တဲ့(၁၂၀)သိက္ခာသီလ သူတို့ ကျင့်ကြတယ်၊ ဒီတော့ အဲဒီလို ကျင့်နိုင်အောင် ဘယ်သူက ကျေးဇူးပြုလိုက်တာတုန်းလို့ဆိုတော့ အလှူ့ဒကာ ကိုမြတ်ညွန့်က ကျေးဇူးပြုလိုက်တာ ဒီကလေးဆယ်ယောက် အလှူ့အမ မသောင်းရှင်က သင်္ကန်း သပိတ်၊ ပရိက္ခရာ လှူဒါန်းပြီးသကာလ ကျေးဇူး ပြုလိုက်လို့ သူတို့ အကျင့်ကို ကျင့်နိုင်ကြတယ်၊ ဘုရားနဲ့တူအောင်ကျင့်နိုင်သွားတယ်၊ အရိယာ သူတော်ကောင်းကြီးတွေနဲ့တူအောင် ကျင့်နိုင်သွားတယ်၊ အဲဒါမြတ်သွားတာပဲ။

ဒါကြောင့် အသွင်အကျင့်တဲ့ ဟော- အသွင်အားဖြင့် တူအောင်ပြုခြင်း၊ အကျင့် အားဖြင့် တူအောင်ပြုခြင်း၊ အမြင်ဆင့်တဲ့၊ ဟော-နောက်ဆုံးက အမြင်အားဖြင့်လည်းတူအောင်ပြုပေးမှာ။ ဘယ်နှယ့်အမြင်အားဖြင့် တူအောင် တုန်းဆိုတော့ သူတို့အခုလို သင်္ကန်းဝတ်ပေးလိုက်သည်နှင့်တပြိုင်နက် သူတို့

http://www.dhammadownload.com



သွားနေမှာကိုက အိမ်မဟုတ်တော့ဘူးတဲ့ ကျောင်းသွားနေရမှာ၊ ဘုရားသီတင်းသုံးလေ့ရှိတဲ့ကျောင်း အဲဒီကျောင်းသွား ပြီးတော့နေတော့ သူတို့မျက်စိပေါက်ထဲမှာ မြင်ရမယ့်အမြင် နားမှာကြားရမယ့်အကြားတွေ သတိထားကြည့်စမ်းပါ။

သူတို့ဘာတွေမြင်မတုန်း ဘုရားကိုမြင်မယ် အမြင်များမယ်၊ ကျောင်း၊ ဇရပ် တန်းဆောင်း ကျောင်းကန် သူတော်ကောင်းတွေနေတဲ့ အဆောက်အဦးတွေကို အမြင်များမယ်၊ အလှူအတန်းပေးဖို့လာကြတဲ့ သူတော်ကောင်းအလုပ်လာလုပ်တဲ့ သူတွေကို အမြင်များမယ်၊ သူတို့နေတာက ကျောင်းနေတာဖြစ်တော့၊ သူတော်ကောင်း အလုပ်လုပ်တဲ့သူတွေက ကျောင်းရောက်လာတာလေ၊ ဥပုသ်စောင့်မယ့်လူတွေလာကြတယ်၊ လှူမယ့်တန်းမယ့်. လူတွေကလာကြတယ်၊ တရားနာမယ့် လူတွေလာကြတယ် တရားဆွေးနွေးဖို့လာကြတယ်၊ အဲဒါတွေ အမြင်များတာ သူတို့၊ သတ်မယ့်ဖြတ်မယ့် သူတွေ မုဆိုး တံငါတွေက ကျောင်းမလာဘူး၊ ဓားပြတိုက်မယ့်သူတွေကကျောင်းမလာဘူး၊ ဒီတော့ အဲဒီလိုလူတွေ အမြင်နည်း၊ အကုသိုလ်ဒုစရိုက်တွေ အမြင်နည်းတယ်၊ ကောင်းတဲ့အလုပ်တွေ လုပ်မယ့်သူတော်ကောင်းတွေကို အမြင်များတယ်။

အဲဒီလို အမြင်အားဖြင့်လည်းကောင်း အကြားအားဖြင့်လည်းကောင်း၊ အကြား ကလည်းနားကဘာတွေကြားတုန်း စာအံသံကိုကြားမယ်၊ စာချသံကိုကြားမယ်၊ ဘုရား ရှိခိုးသံကြားမယ်၊ မေတ္တာပို့သံကို ကြားမယ်၊ ကြေးစည်ခေါင်းလောင်းထိုးသံကြားမယ် သူတော်ကောင်းအလုပ် လုပ်မယ့်ကိစ္စတွေနဲ့သူတော်ကောင်းသံတွေ အကြားများမှာ၊သူတို့ နေတော့ ကျောင်းသွားနေတာဖြစ်တော့ ရွာထဲရပ်ထဲနေရင် ဘယ်ဒီလိုဟုတ်လိမ့် မှာတုန်း၊ ဆဲသံ ဆိုသံကြားမယ်၊ သီချင်းသံကြားမယ်၊ တီးသံမှုတ်သံကြားမယ်၊ လောဘသံ ဒေါသသံ၊ မောဟ သံတွေအကြားများမယ်၊ ဒီတော့ အမြင်အကြားအားဖြင့်လည်းပဲ မတူဘူး။

ဒီကတစ်ဆင့်တက်လိုက်တော့ သူတို့အမြင်တွေက ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မြင်သလိုလောက အပေါ်မှာရှိနေတဲ့ အရှိမှန်တရားအစစ်နဲ့ ရုပ်နာမ်ကို ရုပ်နာမ်, ရုပ်နာမ်လို့မြင်တဲ့အမြင် အဲဒီလို ရုပ်နာမ်ဖြစ်ပျက်နေတဲ့သဘောကို ဖြစ်ပျက် နေတဲ့သဘောအဖြစ်နဲ့ မြင်တဲ့အမြင်၊ အဲဒီ ရုပ်နာမ်ဖြစ်ပျက်တွေ အကုန်လုံးချုပ်ငြိမ်းသွားတဲ့ သင်္ခတ နိဗ္ဗာန်နဓာတ်ကြီးကို မြင်တဲ့အမြင် အဲဒီအမြင်တွေထိ နောက်ဆုံးရောက်သွားမှာ ဒီတော့အမြင်ကလည်းကောင်းလိုက်တာ၊ အကောင်းချည်းပဲ၊ ဒါကြောင့် "အသွင်အကျင့်, အမြင်ဆင့်, ရှင်ပင့်သာကီထုံး"တဲ့။

http://www.dhammadownload.com



ရှင်ပင့်သာကီထုံးဆိုတာ၊ ရှင်ပင့်သာကီဆိုတာ မြတ်စွာဘုရားပြောတာ၊ ဘုရား ကိုယ်တော်မြတ်ကြီးလုပ်တဲ့လုပ်ထုံး. . တဲ့ ဒီလုပ်ထုံးက ဒီနေ့ အလှူ့ ဒကာ ကိုမြတ်ညွန့် အလှူ့အမ မသောင်းရှင်တို့လုပ်တဲ့ အလုပ်သည် သား ရတနာနှစ်ဦးနဲ့ တူရတနာရှစ်ဦး တို့ကို ယခုလို အသွင်အားဖြင့်တူအောင် အရိ ယာတွေနဲ့ အမြင်, အကြားအားဖြင့် အရိယာတွေနဲ့တူအောင် ပြုလုပ်တဲ့အလုပ် သည် ဘုရားရှင်ကိုယ်တော်မြတ်ကြီး လုပ်သွားတဲ့အလုပ်၊ ဘုရားရှင်ကိုယ်တော် မြတ်ကြီးက သူ့သားတော်ရာဟုလာလေးကို လုပ်သွား တဲ့အလုပ်. . . ထုံးစံကြီး။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး သူ့သားတော်လေး ရာဟုလာကိုလေ အားလုံး သိတယ်မဟုတ်လား၊ အမွေတောင်းတော့ ဘာလုပ်ပေးတုန်း၊ အမွေ တောင်းတာ အမွေမပေးဘဲနဲ့ရွှေအိုးကြီးလေးလုံးမပေးဘဲနဲ့ ဘုရားရှင်က ရှင်ပြု ပေးတာ၊ ဒါအားလုံးသိကြ တယ်၊ ဘုရားရှင်ကိုယ်တော်မြတ် သိဒ္ဓတ္ထမင်းသား အဖြစ်နဲ့ တောထွက်သွားတော့ ယသော်ဓရာက နန်းတော်မှာ ကျန်ရစ်ပြီး၊ ထုံးစံအတိုင်းပေါ့၊ ပုထုဇဉ်သဘာဝရှိသေး တော့၊ ငိုကြွေးဆွေးပြီးတော့ ကျန်ရစ် တယ်၊ နောက်တော့ ယသော်ဓရာက စိတ်ဖြေပါတယ်၊ ဪ-ကောင်းရာမွန်ရာ ထွက်သွားတာပဲ ဆိုပြီးတော့ ဘုရားအလောင်းတော ထွက်ပြီးကျင့်. . . နေ တယ်ဆိုတဲ့သတင်းက မကြာမကြာ နန်းတော်ရောက်ရောက်လာတော့ ဘုရားအလောင်းက သီလတွေဆောက်တည်ပြီးတော့ သစ်ခေါက်ဆိုးရောင်ဝတ် ပြီးတော့ နေသတဲ့. . . လို့ဆိုတော့ ယသော်ဓရာက ဪ-မောင်တော်က တောထဲမှာ သစ်ခေါက်ဆိုးရောင်ဝတ်တယ်ဆိုရင် ငါကလည်း ယောဂီရောင် ဝတ်တော့မယ်။

ယသော်ဓရာကနန်းတော်ကနေပြီးတော့ သူကဇနီးကောင်းပီပီ၊ မယား ကောင်းပီပီ၊ အိမ်ကနေပြီးလော်လီ လော်မာတွေမဝတ်ဘူး၊ နန်းတော် ကနေပြီး တော့၊ယောဂီရောင်ဝတ်၊ ဘုရားအလောင်းက သီလတွေ ဆောက် တည်ပြီး တော့ ကျင့်နေသတဲ့ဆိုတော့၊ ဟော- သူကလည်းနန်းတော်ကနေပြီးတော့ သီလတွေလုံအောင်ထိန်းပြီးတော့နေ ဒါမယားကောင်းများရဲ့ ဝတ္တရား၊ မယားဆိုးများကတော့ လင်ကသွားစရာ ရှိလို့သွား၊ အလုပ်အကိုင်နဲ့သွား၊ သူက အိမ်ကနေပြီးတော့ ဖီးလိမ်းပြင်ဆင်ပြီးတော့ လုပ်ချင်သလိုလုပ်၊ နေချင်သ လိုနေ၊ ဟိုမှာ သွားထိခိုက်တတ်တယ်၊ မယားရဲအကုသိုလ်က လင်သွား ထိခိုက် တတ်တယ်။

http://www.dhammadownload.com



မယားကအိမ်မှာစည်းနဲ့ကမ်းနဲ့ သီလနဲ့ကောင်းမှုနဲ့ ကုသိုလ်နဲ့နေရစ်ရင် ဟို ခင်ပွန်းသည်သွားတဲ့ဆီ သွားရာလာရာ ဘေးကင်းရန်ကင်း၊ ကုန်းသွားကုန်း ဘေးကင်း၊ ရေသွားရေဘေးကင်းတတ်တယ်၊ ဒီလိုမဟုတ်ပဲနဲ့ မယားက တကတည်းအိမ်ကနေပြီး လုပ်ချင်ရာတွေလုပ် ဖေါက်ချင်ရာဖေါက်၊ နေချင်သလိုနေရင် ဟိုမှာ-ရေသွားရေဘေး သင့်၊ ကုန်းသွားကုန်းဘေးသင့်ဖြစ်တတ်တယ်၊ ကံချင်းစပ်နေတာ လင်နှင့်မယားဆိုတာ။ အဲဒါ ယသော်ဓရာက သဘောပေါက်နေတာဖြစ်တော့ မောင်တော်အားထုတ်တဲ့အလုပ် ကြီး ဘုရားဖြစ်အောင်ကျင့်တဲ့အလုပ် အောင်မြင်ပါစေ. . . လို့ ဟော -နန်းတော်ကနေပြီး သူက ဘုရားအလောင်း၊ သစ်ခေါက်ဆိုးရောင်တွေဝတ်တယ်ဆိုရင် သူကယောဂီရောင် တွေဝတ်လို့၊ ဘုရားအလောင်းသီလတွေ ဆောက်တည်နေတယ်ဆိုတော့ သူက သီလတွေလုံအောင်နေ၊ ကောင်းကောင်းနေ၊ ပါရမီကူညီဖြည့်နေတာ။

ဘုရားအလောင်း ဘုရားဖြစ်ပြီဆိုတော့ ဝမ်းမြောက်ဝမ်းသာနဲ့ နန်းတော်ကနေပြီးတော့ကြိုဆိုတယ်၊ တောထွက်သွားစတုန်းကတော့ ပုထုဇဉ်သဘာဝပေါ့ လွမ်းတာပေါ့၊ ဆွေးတာပေါ့၊ ဝမ်းနည်းတာပေါ့၊ သားလေးလူမမည်နဲ့ ပစ်ထားခဲ့လေခြင်းလို့ဆို ပြီးတော့ စိတ်နာတယ်ပေါ့နည်းနည်း၊ နောက်တော့ အဲဒီ စိတ်တွေပျောက်သွားပြီး အဲဒီလိုပဲ ဘုရားအလောင်းပါရမီကို ဟိုကနေပြီးတော့ မမြင်ကွယ်ရာကနေပြီးတော့ကို ဟိုကနေပြီးတော့. ၊ ပါရမီကူညီဖြည့်နေတာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်သွား၊ ဘုရားဖြစ်သွားတော့ နောက်တော့-ကပ္ပိလဝတ် ပြည်ပြန်ကြွလာတော့၊ သူအမွေလိုချင်တယ် ဘာပြုလို့တုန်း၊ သားတော်လေးက (၇) နှစ်သားအရွယ်ရောက် နေပြီ ရာဟုလာက။

ဒီတော့ ဘာအမွေလိုချင်တာတုန်းဆိုတော့ ဘုရားလောင်းဖွားတော်မူစဉ်က ဖွားဖက်တော်ခုနစ်ပါးထဲမှာ ရွှေအိုးကြီးလေးလုံးဆိုတာပါတယ်။ ဘုရားအလောင်းရဲ့ ဘုန်းကံကြောင့် ပေါ်လာတာ၊ ရွှေအိုးကြီးလေးလုံး အရပ်လေးမျက်နှာကနေပြီးတော့ ဘုရားအလောင်းဘုန်းကံကြောင့် ရွှေအိုးကြီးလေးလုံးရောက်လာတာ အလိုလို၊ အဲဒီ ရွှေအိုးကြီးလေးလုံးကလဲ တစ်လုံးတစ်လုံးကို နှိုက်ပြီးတော့ သုံးတိုင်းသုံးတိုင်းပြည့်နေတာပဲ။ ရွှေအိုးကြီးထဲက ရွှေတွေ နှိုက်ပြီးတော့ယူသုံး၊ တစ်ကျပ်သားယူသုံးပြည့်နေတာပဲ တော်ကြာ၊ နှစ်ကျပ်သားယူသုံးလည်းပြည့်ရနေတာပဲ။ ဟာ - လေးငါးဆယ်ကျပ် သားနှိုက်သုံး ရောင်းချစားသောက်၊ ပြည့်တာပဲ တော်ကြာ။ အဲဒီလို မကုန်နိုင်မခမ်းနိုင် တဲ့ ရွှေအိုးကြီးက

http://www.dhammadownload.com



လေးလုံးတောင်။ အရပ်လေးမျက်နှာကနေပြီးတော့ ဘုရားအလောင်း ဘုန်းကံနဲ့ရောက်လာတာ။

အဲဒါ ဘုရားအလောင်း တောထွက်တဲ့အခါကျတော့ ပျောက်သွားတယ် အဲဒီ ရွှေအိုးကြီးတွေက၊ ပျောက်သွားဆို ဘုရားအလောင်းရဲ့ ဘုန်းကံကြောင့် ပေါ်တာမို့လို့ သူလည်းမရှိရော သူ့ကံကြောင့်ဖြစ်တဲ့ ကမ္မသိဒ္ဓိတွေ ရွှေအိုးကြီးတွေပျောက်သွားတာပေါ့ ကွယ်သွားတာပေါ့, ဒါထုံးစံ၊ အဲဒါကိုတော့ ယသော်ဓရာက နည်းနည်းစိတ်နာတယ်၊ တကယ်ဆိုတော့၊ သူတောထွက်တယ်ဆို ထွက်ပါအုံးတော့ ဒီမှာသားနဲ့ကျန်ရစ်တော့ ရွှေအိုးကြီးတွေတော့ ပေးထားခဲ့ဖို့ ကောင်းတယ် ဘယ်နားရှိရစ်တယ်လို့လည်း ပြောထား ခဲ့ဖို့ကောင်းတယ်၊ ဒါလေး တောင်ပြောမသွားဘူး ဆိုပြီးတော့ နည်းနည်းတော့ စိတ်ထဲခုတယ်၊ ဘုရား အလောင်းတော်အပေါ်မှာ ဘုရားအလောင်းတော်အပေါ် စိတ်ခုနေ တာဖြစ် တော့ သူက အခုဘုရားအလောင်း ဘုရားဖြစ်ပြီးတော့ နန်းတော်ကြွလာပြီလို့ဆို တော့ "အဲဒါ သားတော်ရဲ့ဖခင်ပဲ သားတော်ရဲ့ဖခင်မှာ ရွှေအိုးကြီးလေးလုံး ရှိတယ် အဲဒါကို သားတော်ရအောင်တောင်းပေးတော့. . . . "လို့ သွေးထိုး ပေးပြီးတော့ အတောင်းခိုင်းတာ။

ဒါတောင်းသင့်တာပဲ။ ဘုန်းကြီးက ကိုယ်ချင်းစာတယ် ဘုန်းကြီးက ယသော်ဓရာဘက်ကနေကြည့်တယ် ဟုတ်တယ်၊ ဒါတောင်းထိုက်တယ်လို့ ဘုရားအလောင်း သူ့ဘာသူ တောထွက်သွားတာထွက်လေ ဘုရားဖြစ် တာဖြစ်ပါ။ အခုဒီမှာသားတော်လေး ရွှေဆက်ပြုစုမယ့် ကိစ္စကြီး ငယ်ရှိ သေး တော့ တောင်း ထိုက်တယ်၊ တောင်းထိုက်တဲ့အတိုင်း သားတော်လေးရာဟုလာ က နောက်က နေပြီးတော့ အမွေလိုက်တောင်းတယ်၊ "ခမည်းတော်. . . အဖေ ပစ္စည်း သားရထိုက်ပါတယ် ဒီတော့ ရွှေအိုးကြီးလေးလုံးအမွေပေးခဲ့ပါ။ ခမည်း တော် အမွေပေးခဲ့ပါ"နဲ့ ဘုရားရှင်က, နန်းတော်ကနေပြီးတော့ ကပ္ပိလဝတ် သုဒ္ဓေါဒနမင်းကြီးနန်းတော်ကနေပြီးတော့ ကျောင်းတော်ပြန်ကြွတော့ နောက်က သက်န်းဆွဲပြီး သားတော်လေးကနောက်က"ခမည်းတော်, ဖခင်, ရွှေအိုးကြီးလေးလုံး ပေးခဲ့ပါအုန်း၊ ရွှေအိုးကြီးလေးလုံးပေးခဲ့ပါအုန်း" နဲ့ နောက် က တတွတ်တွတ်နဲ့လိုက်ပြီး တောင်းရှာတယ်။

ဘုန်းကြီးက စာထဲကြည့်ရင်းနဲ့ အနက်ထင်. . . လို့ သဘောပေါက်လို့၊ အော်-အမေကသင်ပေးထားတာ၊ သွေးထိုးပေးတာဆိုတော့ သူကနောက်က မရ,အရ-နောက်ကသက်န်းဆွဲပြီးတော့ လိုက်သွားပြီး။ ဒီလိုနဲ့ကျောင်း တရွတ်

http://www.dhammadownload.com



တစွတ်ပါသွား တောင်းတာကိုပဲလို့ ဘုန်းကြီးကလည်း သဘောကျတယ် တောင်းဟ-ရအောင်သာတောင်းလို့-ရာဟုလာနား ဘုန်းကြီးနောက်ကနေ စိတ် ရောက်ရောက်ပြီးတော့ပေါ့လေ. . ရာဟုလာမလျှော့နဲ့ဟ တောင်းဟ၊ ရအောင် တောင်း ဟ,လို့ဆိုပြီးတော့ ဘုန်းကြီးကလည်းမြှောက် ပေးတယ်၊ ပြီးတော့ ဘုန်းကြီးက ကိုယ့်စိတ်ကူးနဲ့ကိုယ် ကူးလိုက်တယ်၊ ရာဟုလာလို့လက်ကိုင်ပြီး တော့ မင်းရွှေ အိုးကြီးလေးလုံးများရရင် ငါကိုတစ်လုံးမျှအုံးနော်လို့ နောက်ကနေပြီး။ ဘာလုပ် ဖို့တုန်းဆိုတော့ ဟို-အမရပူရကွာ ငါ့ဘုရားနီ ဘုရားကြီးပျက်နေတာပြင်ချင်လို့ ပါလို့ ဘုရားနီဘုရားကြီးပြင်ဖို့ရာ အင်ဂျင်နီ ယာ ဗိသုကာတွေက သိန်းသုံး ဆယ်လောက်ခန့်မှန်းနေကြလို့ကွာလို့-ငါ့ ရွှေအိုး ကြီးတစ်လုံးလောက်မျှပါလို့ ဘုန်းကြီးက ရာဟုလာကို တိုးတိုးလေး ပြောထား ရတယ်။

အဲဒီလိုနဲ့ ရာဟုလာလေး"သားတော်ကို အမွေပေးခဲ့ပါ သားတော်ကို အမွေပေး ခဲ့ပါ"လို့ နောက်ကတောင်းပြီးတော့လိုက်သွားတာ၊ ကျောင်းကျတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက စဉ်းစားတယ်။ အင်း. . ငါ့သားတော်လေးကို ရွှေအိုးကြီးလေးလုံးပေးရင် ရွှေသူဌေးကြီးဖြစ်မယ်၊ သားတော်လေးကို ငါက ရွှေသူဌေးကြီးနဲ့ တူအောင် ပြုနိုင်တယ် ရွှေသူဌေးကြီးဖြစ်တော့ ရွှေသူဌေးအို, အိုမယ်၊ ရွှေသူဌေးနာ, နာမယ်၊ ရွှေသူဌေးသေ, သေမယ် မြင်ပြီးသားဘုရားက ဒီ ရွှေအိုးကြီးလေးလုံးပေးပြီးတော့ သားတော်လေးကို ထီးနန်းစည်းစိမ်ကြီးကို ငါကအပ်ရမယ်ဆိုရင် အပ်နိုင်တယ်၊ ရှင်ဘုရင် ကြီးဖြစ်အောင် သားတော်လေး ကို ပြုလိုက်ရင် ရှင်ဘုရင်ကြီးနဲ့တူအောင်ပြုလိုက်ရင် ရှင်ဘုရင်တော့ဖြစ်လိမ့် မယ်၊ရှင်ဘုရင်ကြီးဖြစ်ပြီးတော့ မိဖုရားတွေနဲ့ ပျော်ပျော်ပါးပါး ထီးနန်းစည်းစိမ် ကြီးကို ခံစားပြီးတော့နေရင်းက ရှင်ဘုရင်ကြီးဖြစ်တော့ ရှင်ဘုရင်ကြီးအို အိုမယ် ရှင်ဘုရင်ကြီးနာ နာမယ်၊ရှင်ဘုရင်ကြီးသေ သေမယ်၊ဘုရားကမြင်ပြီ၊

ဒီတော့ ငါ့သားလေးကို ရွှေသူဌေးကြီးနဲ့ တူအောင်လည်း ငါမပြုတော့ ဘူး. . တဲ့ တကယ်ပြုချင်ရင် ရတာပေါ့ဘုရားက သူ့ကံနဲ့ဖြစ်ထားတဲ့ ရွှေအိုး ကြီးလေးလုံးပေါ်ပါစေသတည်းဆိုပြီး-ကဲ သားတော်ယူတော့ဆိုရတာပေါ့၊ အကယ်၍ အဲဒီရွှေအိုးကြီးလေးလုံး က ကွယ်နေလို့ တောင်းတလို့မရ၊ ပြန်ယူလို့ မရတောင်မှ သုဒ္ဓေါဒနမင်းကြီးတို့ဆွေတော် မျိုးတော်အပြည့်ပဲ၊ ဆွေတော်မျိုး တော်တွေ, ညီကို မောင်နှမတွေပြည့်နေတာ ကဲ ခမည်း တော်ကြီးတို့ ဆွေတော် မျိုးတော်တွေရော သားတော်လေးက အမွေတောင်းနေတယ် ပေးလိုက်ကြစမ်း၊

http://www.dhammadownload.com



ပေးလိုက်ကြစမ်း ရွှေတွေ ငွေတွေ ကျောက်သံ ပတ္တမြားတွေပေးလိုက် ကြစမ်း ဟဆိုရင် နောက်ဆုံးကုန်ကုန်ပြောလိုက်မယ် သူ့ရွှေထမင်း ရွှေဟင်းကျွေးလိုက် ဆိုတောင် ဝိုင်းပြီးကျွေးကြမှာ ဒီလောက်ပေါ်တာ။

အဲဒါ ဘုရားကမခိုင်းဘူး၊ ဘာပြုလို့ မခိုင်းတုန်း ရွှေသူဌေးကြီးဖြစ်တော့ ရွှေသူဌေးအို အိုမယ်၊ ရွှေသူဌေးနာ, နာမယ်၊ ရွှေသူဌေးသေ, သေမယ်၊ ရွှေသူဌေးကြီး, တွေ့ရမယ့် မချစ်သူတွေနဲ့တွဲရတဲ့ ဒုက္ခ၊ ချစ်တဲ့သူတွေနဲ့ ကွဲရမယ့် ဒုက္ခ၊ မလိုချင်တာတွေ မဖြစ်ချင်တာတွေဖြစ်ရမယ့် ဒုက္ခကစပြီးသကာလ ငါ့သားတော် ဒုက္ခပေါင်းစုံပင်လယ် ဝေလိမ့်မယ်. .၊ရှင်ဘုရင်ကြီးနဲ့ တူအောင် လည်းမပြုဘူး သူဌေးကြီးနဲ့ တူအောင်လည်း မပြုဘူး၊ ပဒေသရာဇ် ဧကရာဇ် စကြာမင်းကြီးနဲ့ တူအောင်လည်း မပြုတော့ဘူး. . . အဲဒီ အိုခြင်း နာခြင်း သေခြင်းလွတ်မယ့် အရိယာသူတော်ကောင်းကြီးနဲ့တူအောင် ငါပြုမှ တော်တော့မယ်. . . လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သားတော်လေးကို ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်အပ်ပြီးတော့ ရှင်ပြုပေးလိုက်ပါတယ်။

ဟော-ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သားတော်လေးကို ရှင်ပြုပေးလိုက်တာ ဘယ်သူနဲ့တူအောင်ပြုတုန်းဆိုတော့ ခေါင်းရိတ်ဆံချပြီးတော့ ဖန်ရည်တတ်စွန်းတဲ့ သင်္ကန်းကိုဝတ် ခါးပန်းကိုပန်း သပိတ်ကို လက်ထဲထည့်ပြီးတော့ ဒီနေ့ အလှူ့ဒကာ ကိုမြတ်ညွန့်တို့လုပ်တဲ့အလုပ်မျိုး အလှူ့အမ မသောင်းရှင်တို့လုပ်တဲ့အလုပ်မျိုးကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သားတော်ရာဟုလာလေးကို လုပ်ပေးလိုက်ပါတယ်၊ ရှင်ပြုပေးလိုက်ပါတယ်။

အရိယာသူတော်ကောင်းကြီးတွေနဲ့ အသွင်အားဖြင့် တူအောင်ပြုပေးလိုက်ပါ တယ်၊ အကျင့်အားဖြင့်တူအောင်ပြုပေးလိုက်ပါတယ်၊ အမြင်အားဖြင့် တူအောင်ပြုပေးလိုက်လို့ ရှင်ရာဟုလာ ကိုယ်တော်မြတ်လေး ကိုရင်ဖြစ်ပြီးတော့ သီလတွေကျင့်ပြီးတော့ ဒီနေ့ ရဟန္တာအရှင်မြတ်ကြီး တစ်ပါးဖြစ်တော်မူသွားလို့ ဒီနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ မတွေ့ချင် မမြင်ချင်တဲ့ အိုဘေး, နာဘေး, သေဘေးကြီးတွေရဲ့လွတ်ရာ သန္တိသုခ နိဗ္ဗာနဓာတ်တရား မြတ်ကြီးကို ရတော်မူပြီးတော့၊

**သော နစိရသောဝ အရဟတ္တံ ပါပုဏိ-** သော- ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီး တည်းဟူသော, ခမည်းတော်ကြီးက သူ့ကိုအရိယာကြီးနဲ့တူအောင် အသွင်အားဖြင့်တူ အောင် အကျင့်အားဖြင့်တူအောင် အမြင်အားဖြင့်တူအောင် ပြုပေးခြင်းခံရတဲ့ သားတော် လေးရာဟုလာသည်၊ န စိရသောဝ-ရဟန်းဖြစ်ပြီး၍ မကြာမြင့်မှီသာလျှင်၊ အရဟတ္တံ- အာသဝေါကင်းကွာ ရဟန္တာကြီးတစ်ပါး အဖြစ်သို့၊ အပါပုဏိ-ကောင်းစွာမသွေ ဆိုက်ရောက်တော်မူခဲ့ပါပေသတည်း။

သာဓု--- သာဓု--- သာဓု ပါဘုရား။

http://www.dhammadownload.com



ဟော ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သူ့သားလေးကိုသူဌေးကြီးနဲ့တူအောင်မပြုဘူး ရွှေသူဌေးကြီးနဲ့တူအောင်မပြုဘူး ပရိသတ်ပြုရဲလား? မပြုပါဘုရား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သူ့သားတော်လေးရာဟုလာကို ရွှေအိုးကြီးတွေလိုက် တောင်းနေတာ တကယ်ပေးချင်လို့ရှိရင် လောကီနယ်ကသာ, ချီးမြှောက်ချင်ရင် အေးဟုတ်ပြီရော့ ရွှေအိုးကြီးတွေယူဟာ၊ သို့မဟုတ် ခမည်းတော်တို့ မယ်တော်တို့ပေး လိုက်ကြစမ်း, ဆိုပြီး ရွှေသူဌေးကြီးဖြစ်အောင် မပြုနိုင်ဘူးလား? ပြုနိုင်ပါဘုရား။ သို့သော်ပြုရဲ့လား? မပြုပါဘုရား။ ဘာပြုလို့မပြုတာတုန်းဆိုတော့ အို, နာ, သေ,မလွတ် လို့၊ ပရိသတ်ဘာပြုလို့တုန်း? အို နာ သေမလွတ်လို့ပါဘုရား။ သူဌေးကြီးဖြစ်တော့သူဌေးအို, အို၊ သူဌေးကြီးဖြစ်တော့ သူဌေးနာ,နာ၊သူဌေးကြီးဖြစ်တော့သူဌေးသေ,သေ၊ သူဌေးဖြစ်တော့ သူဌေးအို,သူဌေးနာ,သူဌေးသေ မသေချာဘူးလား?သေချာပါဘုရား။

ဆင်းရဲသားဖြစ်တော့ ဆင်းရဲသားအို,အို၊ ဆင်းရဲသားနာ, နာ၊ ဆင်းရဲသားသေ,သေဆိုတော့၊ ဆင်းရဲသားနဲ့သူဌေးလိုသမုတိသစ္စာ, ပညတ်နယ်ကသာကွာတာ၊ သူဌေးကြီးအိုတာလည်း ဒီဆံပင်ဖြူတာပဲ၊ ဆင်းရဲသား အိုတာလည်း ဒီဆံပင်ဖြူတာပဲ၊ ထူးသေးလား ပရိသတ်?မထူးတော့ပါဘုရား။ နောက်ဆုံး ဂျော် ပြောလိုက်မယ်၊ ဆင်းရဲသား သေတဲ့အလောင်းနဲ့ သူဌေးသေတဲ့ အလောင်း၊ အလောင်းနှစ်လောင်းယှဉ်ကပ်ပြီးတော့ သူဌေးအလောင်းက မွှေးနေလို့ရှိရဲ့လား? မရှိပါဘုရား၊ သူဌေးအလောင်းလည်း ပုပ်တာပဲ။ ဆင်းရဲသား အလောင်းလည်း ပုပ်တာပဲ။ အဲ-သူဌေးအ လောင်းလည်း ပိုးစာ, လောက်စာဖြစ်တာပဲ၊ ဆင်းရဲသား အလောင်းလည်း ပိုးစာ, လောက်စာ ဖြစ်တာပဲ။ သူဌေးကြီးအလောင်းလည်း မြေစာဖြစ်ပြီးတော့ ကုန်ပျောက်ပြုန်းတီးပျက်ဆီးတယ်၊ ဆင်းရဲသားအလောင်းလည်း ကုန်ပျောက် ပြုန်းတီး ပျက်ဆီးတယ်၊ ပရိသတ် ထူးသေးလား? မထူးတော့ပါဘုရား၊ အဲဒါကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မြင်တော်မူလို့ သူ့သားတော်လေး ရာဟုလာကို အရိယာအသွင်၊ အရိယာအကျင့်၊ အရိယာတို့ရဲ့အမြင်ကိုမြင်အောင် ရှင်ပြုပေးတော်မူခဲ့တယ်. . . ။

ဒါကြောင့် ရှင်ပင့်သာကီထုံး။ မြတ်စွာဘုရားလုပ်သွားတဲ့ ထုံး. . . ဒီထုံးက ဒီတော့ အဲဒီလို သားတော်လေးကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက အသွင်အားဖြင့် အရိယာနဲ့တူအောင် အကျင့်အားဖြင့် အရိယာနဲ့တူအောင် အမြင်အားဖြင့် အရိယာတွေနဲ့ တူအောင် ပြုတော်မူသ လို့. . . . ဒီနေ့ အလှူ့ဒကာ ကိုမြတ်ညွှန့် အလှူ့အမ မသောင်းရှင်တို့ကလည်းပဲ

http://www.dhammadownload.com



အရိယာသူတော်ကောင်းကြီးတွေနဲ့တူအောင် သားရတနာနှစ်ဦးနဲ့ တူရတနာ ရှစ်ဦးတို့ကို ပရိသတ်ကြီးရှင်ပြုတာ မမြတ်ဘူးလား? မြတ်ပါဘုရား။ ဘာပြုလို့မြတ်တာတုန်းဆိုတော့ အဲဒီလို အရိယာတွေနဲ့ အသွင်တူအောင်ပြုလို့ မို့ မြတ်တာပဲ၊ အကျင့်အားဖြင့်တူအောင် ပြုလို့မြတ်တယ်၊ အမြင် အကြား အားဖြင့်တူအောင် ပြုလို့မြတ်တယ်။

ဒီတေကလေးဆယ်ယောက်က ကိုရင်ဝတ်လိုက်တဲ့အတွက် အပါယ် ဘယ်တော့မှမကျဘူး၊ ဒီပြင်နည်းနဲ့ကျချင်ကျမယ်။ ကိုရင်ဝတ်ပြီး ကိုရင်သီလ ထိန်းလို့ကတော့ အပါယ်မကျဘူး၊ လူ့ရွာနတ်ထံ ချမ်းသာစံပြီးတော့ နိဗ္ဗာန်အထိ ရောက်လိမ့်မယ်၊ ဒါဖြင့် ကိုရင်ဝတ်လိုက်တဲ့အတွက် ဒီကလေးဆယ်ယောက် သည်. . . ပရိသတ်ကြီးအပါယ်ကျမှာလား သုဂတိရောက်မှာလား? သုဂတိ ရောက်မှာပါဘုရား၊ နိဗ္ဗာန်နဲ့ဝေးသွားမှာလား၊ နိဗ္ဗာန်နဲ့နီးမှာလား? နီးမှာပါ ဘုရား၊ နိဗ္ဗာန်နဲ့နီးလာတယ်ဆိုတာ အိုနာသေရေး ဒုက္ခဘေးကြီးက မြန်မြန် လွတ်မယ်. . . လို့ အဓိပ္ပါယ်သက်ရောက်တယ်။

ဒါဖြင့် အိုနာသေရေး ဒုက္ခဘေးကြီး မြန်မြန်လွတ်တာ ဟာ-ပရိသတ် ကြီး ကောင်းတာလား၊ မကောင်းတာလား? ကောင်းတာပါဘုရား၊ ဘယ်သူ့သွား မေးမေး အိုချင်တဲ့သူရှိရဲ့လား ပရိသတ်? မရှိပါဘုရား၊ (၉၆)ဖြာ (၉၈)ဖြာဘေး ရောဂါ သင့်ချင်တဲ့ နာချင်တဲ့သူရှိရဲ့လား? မရှိပါဘုရား၊ အသေအ မျိုးမျိုး နဲ့ကြုံချင် တဲ့ သူရှိရဲလား? မရှိပါဘုရား ဒါဖြင့် ဘယ်သူ့သွားမေးမေး အိုနာသေ မလွတ် ချင်ဘူးလား? လွတ်ချင်ပါဘုရား၊ ဒီကလေးဆယ်ယောက်တို့သည်. . . ကိုရင် ပြုလိုက်ခြင်းကြောင့် ရှင်ပြုလိုက်ခြင်းကြောင့် အိုနာသေရေး ဒုက္ခဘေး ကြီးက မြန်မြန်လွတ်မယ်ဆိုရင်၊ ပရိသတ်မြတ်တာလား? ယုတ်တာလား? မြတ်တာပါ ဘုရား။

ဒါဖြင့် ဒီကလေးဆယ်ယောက် ဒီလိုမြတ်သွားအောင် အလှူ့ဒကာ ကိုမြတ်ညွန့် အလှူ့အမ မသောင်းရှင်တို့က ပြုလိုက်တဲ့အလုပ်သည်. . ကောင်း သောအလုပ်လား? မကောင်းသောအလုပ်လား? ကောင်းသောအလုပ်ပါ ဘုရား၊ မြတ်သောအလုပ်လား၊ ယုတ်သောအလုပ်လား? မြတ်သောအလုပ်ပါ ဘုရား၊ အဲဒီလိုမြတ်လို့မို့ သူတော်ကောင်း အဆက်ဆက်မလုပ်ခဲ့ကြဘူးလား? လုပ်ခဲ့ပါဘုရား၊ ဘုရားကိုယ်တော်မြတ်ကြီး မလုပ်ဘူးလား? လုပ်ပါဘုရား၊ သီရိဓမ္မာသောကမင်းစတဲ့ သူတော်ကောင်းမင်းအဆက်ဆက် သူဌေးသူ ကြွယ် ကစပြီးတော့ ဒီနေ တရားနာနေတဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အလှူ လှူဖူး၊ ရဟန်းခံရှင်ပြု လှူဖူးတဲ့သူတွေ, ကိုယ့်သား၊ကိုယ့်သမီးကို ဒီအမှုမပြု ခဲ့ကြဘူးလား?

http://www.dhammadownload.com



ပြခဲ့ပါဘုရား၊ ဘာပြလို့ပြတာတုန်း၊ မြတ်လို့. . .။ ဘာပြလို့ပြတာတုန်း? မြတ်လို့ ပါဘုရား။

ကိုရင်လေးဖြစ်ပြီးတော့ အရိယာနဲ့တူအောင် လုပ်တဲ့အလုပ်ဟာ တူနိုင်ခဲတဲ့ အတူခေါ်တယ်၊ ဟို-သူဌေးနဲ့တူအောင် ပွဲစားနဲ့တူအောင်, ကုန်သည်နဲ့တူအောင်ဆိုတာ တူနိုင်ခဲတဲ့အတူမဟုတ်ဘူး၊ အဲဒါလောကထဲမှာ အကြိမ်ကြိမ် ကိုယ့်သားကိုယ့်သမီး တူအောင်ပြခဲ့တာများလှပြီ၊ ဘုန်းကြီးတို့ဒကာ ဒကာမတွေ ဘဝတိုင်းဘဝတိုင်း ကြုံတိုင်း ကြုံတိုင်းသားသမီးဆိုတာ ရှိခဲ့တာချည်းပဲ။ ရှိတိုင်းရှိတိုင်း ကိုယ့်သားလေး၊ ကိုယ့်သမီးလေး ဝတ်ကောင်းစားကောင်းလေး ဝတ်ဆင်၊ ရွှေတွေ စိန်တွေ၊ စိန်ရွှေတွေ၊ ငွေတွေ တတ်နိုင်သမျှပြင်ကြ, ဆင်ကြ၊ သူဌေးနဲ့တူအောင်သူဌေးကတော်နဲ့တူအောင် မပြခဲ့ ကြပေဘူးလား? ပြခဲ့ပါဘုရား။

ကိုယ်တတ်နိုင်တဲ့အခါကျ၊ စက်ပိုင်ကြီးဖြစ်အောင်, စည်းစိမ်ရှင်ကြီးဖြစ်အောင် မလုပ်ခဲ့ကြပေဘူးလား ? လုပ်ခဲ့ပါဘုရား၊ လုပ်ခဲ့ပါတယ်၊ စိတ်သာချပါ၊ တစ်ခါတစ်ခါ ကိုယ်က ရှင်ဘုရင်ကြီးများဖြစ် မိဖုရားကြီးဖြစ်တော့ ကိုယ့်သားကိုယ့်သမီး ထီးနန်းအပ် ပြီးတော့ ရှင်ဘုရင်ကြီးဖြစ်အောင် မိဖုရားကြီးဖြစ်အောင် မပြခဲ့ဘူးလား? ပြခဲ့ပါဘုရား၊ ဒီတော့ အဲဒါက သံသရာထဲမှာ အကြိမ်ကြိမ်ဖြစ်ခဲ့တာဆိုတော့ ခက်ရဲ့လား? မခက်ပါ ဘုရား၊ သာသနာနဲ့တွေ့ဖို့ လိုသေး သလား? မလိုပါဘုရား၊ အခုရှင်ပြုတာကျတော့ သာသနာနဲ့မကြုံရင် ပြုနိုင်ပါ့ မလား? မပြုနိုင်ပါဘုရား၊ အဲဒါကြောင့် ဆို-

* **တူနိုင်ခဲမျှ, တူစေရ, လောကအမြတ်ဆုံး၊**
**အသွင်အကျင့်, အမြင်ဆင့်, ရှင်ပင့်သာကီထုံး။**

အဲဒီလိုအားဖြင့် ရှင်ပင့်သာကီထုံးလို့ဆိုတဲ့အတိုင်း-ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာကီဝင်မင်းသား ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ထုံးကို နှလုံးမူ. . . ပြီးတော့ ဒီနေ့ အလှူ့ဒကာကိုမြတ်ညွန့် အလှူ့အမမသောင်းရှင်တို့က သားရတနာနှစ်ဦးနဲ့ တူရတနာရှစ်ဦးတို့ကို ရှင်ပြုပေးခြင်းဆိုတဲ့ မင်္ဂလာကိုပြုလုပ်ရင်း၊ အပိုဆောင်း. . . . . ပြီးဘော့၊ ကောင်းမှုတွေက ဘုရားအမှူးပြုတဲ့ သံဃာတော်သုံးဆယ်ကျော်တို့ကို မင်္ဂလာ မဏ္ဍပ်ထဲပင့်ပြီးတော့ ဆွမ်းဘောဇဉ်တွေဆက်ကပ်၊ သက်န်းဒွိစုံ(၁၂)စုံလှူ၊ နဝကမ္မကျပ်(၁၂၀၀)ကို လှူတာကစပြီးတော့ ပရိသတ်အပေါင်း(၁၅၀၀)ကျော်တို့ကို ကျွေးမွေးဧည့်ခံသမှုကိုပြုပြီး တော့ နေကြပြန်တယ်. . . တဲ့။

http://www.dhammadownload.com



ဟော-သားနဲ့တူတွေကို ချီးမြှောက်ရှိတင်မကသေးဘူး၊ ရှင်ပြုတာသက်သက် ဆိုတာက အဲဒီခုနက သားတွေတူတွေ သက်န်းသပိတ်၊ ပရိက္ခရာ(၁၀)စုံ လှူပြီးတော့ ပြုတာ၊ ဒါရှင်ပြုတာ။ အခုနောက်ထပ် အပိုဆောင်းပြီးတော့ ပြုတာတွေက ကိုယ့်အတွက် ပါရမီကောင်းမှု ဒါနပါရမီကောင်းမှုတွေ ပြည့်ပါစေ. . ဆိုပြီးတော့ ရှင်ပြုနားသ မင်္ဂလာ အကြောင်းပြုပြီးတော့ ဆက်ပြုကြတာ။ ဒီဟာမ ပြုလည်း ယခုန ရှင်ပြုတဲ့ အပိုင်းကတော့ သက်န်းသပိတ်၊ ပရိက္ခရာ(၁၀)စုံ လှူပြီးတော့ သားလေးတွေ၊ တူလေးတွေ ရှင်ပြုပေး လိုက်တာပြီးပြီ။ တာဝန် ကျေပြီ၊ ဒါ-နဂိုအလုပ်သူက။ အခုနပြောတဲ့ ဘုရားအမွှုးရှိတဲ့ သံဃာတော်တွေ ပင့်ဖိတ် ဆွမ်းကပ်၊ သက်န်းတွေလှူ၊ နဝကမ္မတွေလှူ ပရိသတ် ထောင်ကျော် ကျွေးမွေး၊ တရားနာလာတဲ့၊ ပရိသတ်တွေ တရားပွဲကြီး ကျင်းပပြီးတော့၊ ကျွေးမွေးဒါက အပိုအလုပ်တွေလုပ်ကြတာ၊ လုပ်နိုင်လို့ လုပ်ရတာပေါ့၊ အဲဒါတော့ ဘာလုပ်တာတုန်းဆိုတော့၊ ပရိသတ်ဆို လိုက်စမ်းပါ-

* လုံးရပ်ကောင်းအောင်၊ သတိဆောင်၊ များမြောင်ဒါန-အားထုတ်ကြ။

အခုကိုမြတ်ညွှန့်တို့ မသောင်းရှင်တို့က ရှင်ပြုတဲ့ နဂိုအလုပ်ကြီးတွေ၊ သက်န်း,သပိတ် ပရိက္ခရာ(၁၀)စုံ လှူပြီးတော့ ကလေးလေးတွေကို အရိယာတွေနဲ့တူအောင်၊ အရိယာ အကျင့် ကျင့်နိုင်အောင်၊ အရိယာအမြင် မြင်အောင် ပြုလိုက် တဲ့ အလုပ်ကြီး၊ ပဓာနအလုပ် ကြီးပြီးသွားတဲ့အပြင်၊ အခုလို ပရိသတ် အပေါင်း (၁၅၀၀)ကျော်ကို ကျွေးမွေးညှော်ခံတဲ့ လုပ်ငန်းအဆုံး ဒီလို လှူဖွယ် တန်းဖွယ်တွေ လှူတဲ့အလုပ်ကို လုပ်တာက ဘာလုပ်တာ တုန်းဆိုတော့ ကိုယ့်ကိုယ်ကို လုံးရပ် ကောင်းအောင်လို့ဖြည့်တာ-ဘယ်နှယ့်လုံးရပ် ကောင်းအောင် ဖြည့်တာတုန်း လုံးရပ်ဆိုတာဘာတုန်းဆိုတာ အရပ်အမောင်းပေါ့။

မြတ်စွာဘုရားက မြင်း ဥပမာပေးပြီးတော့ ဟောထားတဲ့ *"အဿာဇာနေယျ" သုတ်ဆိုတာရှိတယ်၊ လောကမှာ. . . တဲ့ မြင်းမျိုးတွေထဲမှာ အာဇာနည် မြင်းမျိုးဟာ အမြတ် ဆုံးပဲ၊ အာဇာနည်မြင်းမျိုးက ပေါက်ဖွားပြီဆိုရင် ဒီမြင်း မည့်တော့ဘူး၊ သို့သော် အာဇာနည် မြင်းမျိုးက မွေးရုံနဲ့၊ အာဇာနည်မြင်းမျိုးက ပေါက်ဖွားလာရုံနဲ့၊ ဒီမြင်းကို ရှင်ဘုရင်ကြီးက တော်ကောက်ရဲ့လားဆိုတော့ မကောက်ဘူးတဲ့၊ အာဇာနည်မြင်းမျိုးကဖြစ်ရုံနဲ့ အာဇာနည် မြင်းမျိုးက ပေါက်ဖွားရုံနဲ့ ရှင်ဘုရင်ရဲ မင်္ဂလာပွဲကြီးသဘင်မှာ ပါဝင်ဆင်နွှဲခွင့်ရနိုင်သလား ဆိုတော့၊ မရဘူး. . . တဲ့၊ အာဇာနည်မျိုးကပေါက်ရုံနဲ့မရသေးဘူးတဲ့၊ အရည်အချင်းလေး ချက်ပြည့်စုံမှ အဲဒီမြင်းကို ရှင်ဘုရင်ကတော်ကောက်တယ်၊ သူ့ရဲ့

---

* အာဇာနီယသုတ္တ-အံ-၁၊၅၇၂၊၃။

http://www.dhammadownload.com



မင်္ဂလာပွဲကြီးမှာ မင်္ဂလာမြင်းတော်တစ်ပါးအဖြစ်နဲ့ ကကြိုးတန်ဆာဆင်ပြီးတော့ ဝင်ခွင့်ရတယ်၊ ဘယ်လိုအရည်အချင်းလိုတာတုန်းဆိုတော့-

(၁) အာရောဟပရိဏာဟ သမ္ပန္နောစ- အလုံးအရပ်နဲ့လည်း ပြည့်စုံရခြင်းလည်းကောင်း။ (၂) ဝဏ္ဏ သမ္ပန္နောစ- ရုပ်ဆင်းဥပမိနဲ့လည်း ပြည့်စုံရခြင်းလည်းကောင်း (၃) ဗလ သမ္ပန္နောစ- အားခွန်ဗလနဲ့လည်း ပြည့်စုံရခြင်းလည်းကောင်း၊ (၄) ဇဝ သမ္ပန္နောစ-အရှိန်အဟုန်နဲ့လည်းပြည့်စုံရခြင်းလည်း ကောင်း။

အာဇာနည်မျိုးကလည်း ပေါက်ဖွားလည်းလာရမယ်၊ နံပါတ်ဘစ်-အလုံးအရပ် နဲ့လည်းပြည့်စုံရမယ်၊ အလုံးရပ်ဆိုတာ အရပ်အမောင်းပေမို၊ ကိုက်မိုဖြစ်ရမယ်၊ ခန္ဓာ ကိုယ်ရဲအလုံး၊ ကိုယ်လုံးကိုယ်ဖန်ကလည်းပဲ တောင့်တောင့်တင်းတင်း၊ ပြည့်ပြည့်ဖြိုးဖြိုး ရှိရမယ်၊ အာဇာနည်မျိုးကတော့ မွေးပါရဲ့မြင်းတစ်စီးဟာ အရပ်ကလေးက ပုညှက်ညှက် ကလေး၊ တစ်တောင် နှစ်တောင်လောက်ရှိတယ်ဆိုရင် ရှင်ဘုရင်က မယူဘူး၊ ဒီမြင်း သူ့မင်းပွဲသဘင်အခမ်းအနားမှာ ပါဝင်ခွင့်မ ပေးဘူး၊ အရပ်ပေမမီလို့၊ ဟာအရပ်ပေမီပါရဲ့ ကိုယ်လုံးကိုယ် ထည်လေးက ပိန်ညှက် ညှက်ကလေး၊ ကပ်ကပ်တတ်တတ် ကလေးဖြစ်နေပြန်ရင်လည်း မရွေးဘူး။

ဒါကြောင့်မို့လို့ အရပ်ကလည်းပေမီ ကိုက်မီ၊ ကိုယ်လုံးကိုယ်ထည်ကလည်း တောင့်တောင့်တင်းတင်း၊ အဲဒီလို နံပါတ်တစ်လုံးရပ်နဲ့ပြည့်စုံမှ ရှင်ဘုရင်က တော်ကောက်တယ်။ လုံးရပ်နဲ့ပြည့်စုံရုံနဲ့ပြီးရောလား၊ မပြီးသေးဘူး. . တဲ့၊ ရုပ်ဆင်း ဥပမိနဲ့လည်း ပြည့်စုံ ဦးမှ. . . တဲ့၊ အာဇာနည်မြင်းအလုံးအရပ်ကတော့ ပေမီ ကိုက်မီပြီးတော့ အရပ်အမောင်း တော့ ရှိပါရဲ့၊ သို့သော်အရုပ်ကြီးကဆိုး၊ မျက်နှာက နှာခေါင်းကြီးကပွ၊ မျက်စိကြီးက ပြဲ၊ သို့မဟုတ် ကျဉ်းလွန်း၊ မျက်စိတစ်ဖက်ကျဉ်း တစ်ဖက်ကျယ်ကြီးဖြစ်၊ ခါးကြီးက ကော့လွန်းစသည်ဖြင့် မြင်းအရုပ်ဆိုးနေပြီဆိုရင်လည်း မရွေးဘူးတဲ့-ဒီမြင်းကို။ဘယ်လိုမှ ရွေးတုန်းဆိုတော့ ရုပ်ဆင်းဥပမိနဲ့ပြည့်စုံမှ၊ ချောချောမောမော၊ လှလှပပရှိရမယ်၊ အဲဒီလိုမှရွေးတာ၊ အင်္ဂါနှစ်ပါးရှိသွားပြီ။

သုံးနံပါတ်ကျတော့ ဗလသမ္ပန္နောစ- အားခွန်ဗလနဲ့ပြည့်စုံရခြင်းလည်း ကောင်း၊ ခွန်အားဗလမရှိတဲ့မြင်း မရွေးဘူး၊ နန်နန်လေးပြေး လိုက်လွှားလိုက်ရင် တစ်ခါတည်း ဟောဟဲခတ်ပြီးတော့ ဗိုက်ကြီးဖေါင်းလိုက် ပိန်လိုက်နဲ့ အမောဆိုက်နေတဲ့ မြင်းမျိုးကို ရှင်ဘုရင်က မရွေးဘူး၊ ဒါကြောင့်ခွန်အားဗလနဲ့လည်း ပြည့်စုံရခြင်း။

လေး- ဇဝ သမ္ပန္နောစ- အရှိန်အဟုန်နဲ့လည်း ပြည့်စုံခြင်း၊ အရှိန် အဟုန်ဆို

http://www.dhammadownload.com



တာကျတော့ မြင်းချင်းပြိုင်ပြေးလိုက်ရင် သူက ရှေ့ကရောက်တာ။ သို့မဟုတ် ဒီပြင်မြင်းတစ်နာရီပြေး ရတဲ့ခရီးကို သူကနာရီဝက်နဲ့ ရောက်အောင် ပြေးနိုင်တယ်၊ ဒါအရှိန်အဟုန်ပေါ့၊ မြန်မြန်ရောက်တာ။

အဲဒီလို အရှိန်အဟုန်ကောင်းတဲ့မြင်း အဲဒါအာဇာနည်မြင်း၊ အာဇာနည်မျိုးက ပေါက်ဖွားရှုံသာမက မျိုးကောင်းရှုံသာမကဘဲနဲ့ ခုနပြောတဲ့ လေးချက်နဲ့ အရပ်မောင်း နဲ့ပြည့်စုံခြင်း၊ ရုပ်ဆင်းဥပမိလှပ ကျော့ရှင်ခြင်း၊ အားခွန်ဗလနဲ့ ပြည့်စုံခြင်း၊ အရှိန်အဟုန် ကောင်းခြင်း၊ ဆိုတဲ့ ဒီလေးချက်ပြည့်စုံမှ ရှင်ဘုရင်က သူ့ရဲ့မင်းပွဲစိုးပွဲသဘင်မှာ ပါဝင်ခွင့် ပေးတယ်. . . တဲ့။ မင်္ဂလာမြင်းတော် တစ်ပါး အဖြစ်နဲ့ ကကြိုးတန်ဆာ ရွှေကကြိုး၊ ငွေကကြိုးစတဲ့ တန်ဆာတွေဆင်ပြီးတော့ ပါဝင်ခွင့်ရနိုင်တယ်။ ဒါက ဥပမာ-

အဲဒီလိုပဲတဲ့ လူကမွေးဖွားတဲ့ လူသားဖြစ်ရုံနဲ့ ငါဘုရားသခင် ကိုယ်တော်မြတ်တည်းဟူသော လောကုတ္တရာဘုရင်ကြီးနဲ့ လောကုတ္တရာ မင်းပွဲစိုးပွဲလို့ ခေါ်တဲ့ အရိယာ ဖြစ်ပွဲမှာ ပါဝင်ဆင်နွှဲခွင့် မရနိုင်သေးဘူး . . . တဲ့၊ ဟောဘုရားရှင်ကိုယ်တော်မြတ်က သူ့ကိုယ်သူ ရှင်ဘုရင်ကြီးလို့ ဥပမာလုပ်လိုက်တယ်၊ လောကုတ္တရာ ရှင်ဘုရင်ကြီး သူက၊ သူ့ရဲ့လောကုတ္တရာ ရှင်ဘုရင်ကြီးရဲ့ မင်းပွဲစိုးပွဲက ဘာပွဲတုန်းဆိုတော့ အရိယာဖြစ်ပွဲကြီး၊ သောတာပန်ဖြစ်ပွဲ၊ သကဒါဂါမ်ဖြစ်ပွဲ၊ အနာဂါမ်ဖြစ်ပွဲ၊ ရဟန္တာဖြစ်ပွဲ၊ ဈာန်ရပွဲ၊ တန်ခိုး ဣဒ္ဓိပါဒ်တွေနဲ့ ပြည့်စုံပွဲ၊ ကောင်းကင်ပျံပြေး၊ မြေလျှိုးမိုးပျံ, တန်ခိုးဈာန်အဘိညာဉ် အမျိုးမျိုးနဲ့ ပြည့်စုံတဲ့ပွဲ၊ အိုဘေး, နာဘေး, သေဘေးလွတ်ပြီးတော့ ရဟန္တာယောကျ်ား ရဟန္တာမ ဖြစ်တဲ့ပွဲ၊ အဲဒါဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ လောကုတ္တရာ မင်းပွဲစိုးပွဲကြီးပဲ။ အဲဒီလောကုတ္တရာ မင်းပွဲစိုးပွဲကြီးထဲမှာ သောတာပန်အဖြစ်နဲ့၊ သကဒါဂါမ်အဖြစ်နဲ့၊ အနာဂါမ်အဖြစ်နဲ့၊ ရဟန္တာအဖြစ်နဲ့၊ ဧတဒဂ်ရ ဘွဲ့ထူးရှင်အဖြစ်နဲ့ တန်ခိုးဈာန် အဘိညာဉ် တွေရတဲ့ ပုဂ္ဂိုလ်အဖြစ်နဲ့ ခုတင်တေရသဆောင်တွေ အဖြစ်နဲ့ ငါဘုရားရှင် ကိုယ်တော် မြတ်ကြီးရဲ့ လောကုတ္တရာပွဲတွေကိုပါဝင်ချင်ရင် လူကမွေးဖွားတဲ့ လူသားဖြစ်ရုံနဲ့ မပါနိုင်သေးဘူး . . ၊ မဝင်သေးဘူး၊ ငါဘုရားရှင်က တော်မကောက်သေးဘူး၊ အေး . . . ဘာတွေလိုတုန်းဆိုတော့ အရပ်အမောင်းနဲ့ ပြည့်စုံအောင်ကျိုးစား၊ အရပ်အမောင်းဆိုတာ ဘာတုန်းဆိုတော့, ဒါနပါရမီကောင်းမှုပြောတာ။ ဒါနပါရမီကောင်းမှု ညံ့လာလို့ရှိရင် အရပ်အမောင်းသေးသွားတယ်။

http://www.dhammadownload.com



ဘာအရပ်အမောင်းသေးတာတုန်း,စားစရာ သောက်စရာက ဒါနပါရမီကောင်းမှုနည်း၊ လှူဒါန်းမှုနည်းလာတော့ ဒီဘဝလာဖြစ်ကတည်းက ခွက်ကလေးတစ်လုံးနဲ့ တောင်းစားနေရတယ်ဆိုကတည်းကိုက ဘယ်အစားအသောက်နဲ့ပတ်သက်လို့ အရပ်အမောင်းမရှိဘူး၊ ပိန်လှီလို့. . . သူ့စားစရာသောက်စရာက တစ်နေ့စာလေးမနည်း ရှာစားနေရတာ၊ ဒါအစားအသောက်နဲ့ ပတ်သက်ပြီးတော့ အရပ်အမောင်းသေးသွားတာ ပဲ၊ ဝတ်စရာဆင်စရာနဲ့ ပတ်သက်ပြီးတော့လည်း, အဝတ်တွေစုတ်စုတ်ပြတ်ပြတ်ကိုဝတ်ပြီးတော့နေရရှာတယ်၊ အဝတ်ကလေးတစ်စုံစုတ်လို့မှ ပျက်လို့မှ, လဲစရာမရှိအောင်ဆင်းရဲမွဲတေပြီးတော့နေရရှာတယ်၊ ဒါအရပ်အမောင်းသေးတော့တာပဲ၊ ဝတ်ရေးအရပ်အမောင်းသေးတော့တာပဲ၊

နေရေးထိုင်ရေးနဲ့ပတ်သက်ပြီးတော့လည်းပဲ သူများအိမ်နောက်ဖေးကပ်နေရ,သူများအိမ်ဝန်းထရံကပ်နေရ,သူများတံတိုင်းကပ်နေရ, ဘုရားတန်ဆောင်း ကျောင်းကန် ဇရပ်တန်ဆောင်းကြားတွေမှာ ကပ်ပြီးတော့နေရ၊ နေစရာထိုင်စရာ တဲအုံကနားလေးတောင်မရှိရှာတဲ့ဘဝ. . . အဲဒါ နေရေးထိုင်ရေးအရပ်အမောင်းသေးတော့တာပဲ၊ အဲဒီလိုဆိုကတည်းက ဘယ်. . . သူသောတာပန်ဖြစ်အောင် ကျင့်နိုင်တော့မှာတုန်း၊ သူ့စားရေး သောက်ရေးအတွက် မနည်းခဲပြီးနေရတာ။

ဒီတော့စားရေးသောက်ရေးအတွက် မနည်းခဲနေရတဲ့အထဲမှာ သီလတွေတန်ဖိုး မထားနိုင်တော့ဘူး၊ ကိုယ်ကစားစရာ သောက်စရာ မပြည့်စုံတော့သူများပစ္စည်း ခိုးတန်ခိုး၊ ဓါးမြတိုက်တန်တိုက်၊ လိမ်တန်လိမ် ဒီလိုဖြစ်ကုန်တော့တာပေါ့၊ ဒီတော့ ဘယ်. . . သောတာပန်ဖြစ်အောင် ကျင့်နိုင်တယ်ဆိုတာလာတော့မှာတုန်း၊ အဲဒါ အရပ်အမောင်းသေးသွားတာပဲ။ စားရေးအရပ်အမောင်းသေး, ဝတ်ရေးအရပ်အမောင်းသေး, နေရေးအရပ်အမောင်းသေး၊ အဲဒါဘာပြုလို့တုန်းဆိုတော့ ဒါနပါရမီကောင်းမှုနည်းခဲ့လို့။

ဒါဖြင့် ဒီနေ့အလှူ့ဒကာ ကိုမြတ်ညွန့် အလှူ့အမ မသောင်းရှင်တို့ကသားရှင်ပြု, တူရှင်ပြု၊ တူမနားသမင်္ဂလာကို အကြောင်းပြုပြီးသကာလ အခုမင်္ဂလာမဏ္ဍပ်ကြီး ဆောက်ပြီးသကာလ ပရိသတ်အပေါင်းသူတော်ကောင်းတွေ (၁၅၀၀)ကျော်ကိုကျွေးမွေးညှော်ခံ၊ ဘုရားအမှူးရှိတဲ့သံဃာတော်တို့ကို ဆွမ်းဘောဇဉ်တွေဆက်ကပ်၊ သင်္ကန်းဒွိစုံတွေလှူ နဝကမ္မတွေထောက်ပံ့၊ တရားပွဲကြီးဆင်နွဲကျင်းပပြီးတော့ တရားပူဇော်၊ ပရိသတ်တွေကိုကျွေးမွေးညှော်ခံတဲ့

http://www.dhammadownload.com



ဒါနကောင်းမှုကို ပြုကြတယ်. . . . လို့ဆိုတော့၊ အဲဒါ ကိုယ့် ဖြစ်လေရာဘဝမှာ စားရေး နေရေး ဝတ်ရေးဆိုတဲ့ အရေးသုံးပါး အရပ်အမောင်း ကြီး ကြီးထွားလာအောင် ပြုလိုက်ရာရောက်တယ်၊ ဒါန ပါရမီ အားကြီး, ကြီးထွားအောင် ပြုလိုက်ရာရောက်တယ်၊

ဒီတော့-ပရိသတ်ကြီးပဲစဉ်းစားကြည့်ပေါ့ ဒီအလှူဒကာနဲ့ အလှူအမဒီအလှူ မလှူခင်ကနဲ့၊ အခု အလှူ လှူပြီးတဲ့နောက် ဒါနပါရမီ ကောင်းမှုအားကြီးက ကြီးလာမှာလား သေးသွားမှာလား? ကြီးလာမှာပါဘုရား။ ဒီတော့ဒါန ပါရမီအားကြီး, ကြီးထွားပြီးလာတော့ ဒီဒါနပါရမီအားကြီးမှုကြောင့် ဖြစ်လေရာဘဝမှာ စားရေးတွေပြည့်စုံ၊ ဝတ်ရေးဆင် ရေးတွေပြည့်စုံ၊ နေရေးထိုင်ရေးတွေပြည့်စုံ မလာပေဘူးလား ပရိသတ် ?လာပါဘုရား၊ အဲဒါ အလုံးအရပ်ကောင်းတယ်ဆိုတာ အဲဒါပြောတာ။ အဲဒီလို စားရေး, ဝတ်ရေး, နေရေးပြည့်စုံမှ ကိုယ့်ငါးပါးသီလလေးလုံအောင် ထိန်းနိုင်တာပေါ့၊ ကိုယ့်ပြည့်စုံနေတော့ သူများပစ္စည်းမခိုးတော့ဘူးပေါ့၊ ကိုယ့်ပြည့်စုံနေတော့ သူများအသက်သတ်ပြီးတော့စား ရတဲ့အလုပ်မလုပ်တော့ဘူးပေါ့ ရှောင်နိုင်သွားတာပေါ့။ ဒါကြောင့် မြတ်စွာဘုရားက- လုံးရပ်ကောင်းချင်ရင် ဒါနပါရမီကိုဖြည့်ကြ. . . . ကဲဆိုလိုက်စမ်းပါ.

* လုံးရပ်ကောင်းအောင်,သတိဆောင်,များမြောင်ဒါန,အားထုတ်ကြ။
ရုပ်ဆင်းလှအောင်,သတိဆောင်,များမြောင်သီလ,ထိန်းသိမ်းကြ။

အဲ-ခုနက မြင်း ရုပ်ဆင်းလှမှ ရှင်ဘုရင်က ရွေးသလိုပဲ. . . တဲ့၊ ငါဘုရားရှင်ကိုယ် တော်မြတ်တည်းဟူသော လောကုတ္တရာမင်းတရားကြီးကလည်း ငါ့ရဲ့သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာအရိယာဖြစ်ပွဲမှာ လူဖြစ်ရုံနဲ့ မရွေးသေးဘူးဟေ့-တဲ့၊ လုံးရပ်ကောင်းရုံ ဒါနကောင်းရုံနဲ့လည်း၊ သူဌေးကြီးဖြစ်ရုံ သူဌေးကတော်ကြီးဖြစ်ရုံနဲ့ မရွေးသေးဘူးဟေ့. . . တဲ့၊ဘာလိုသေးလည်းဆိုတော့-ရုပ်ဆင်းလှရအုန်းမယ်၊ ရုပ်အဆင်းလှရမယ်ဆိုတာ ပကတိရုပ်ဆင်းချောတာ ပြောတာလားဆိုတော့- အို-အဲဒါအရေးမကြီးဘူး တဲ့၊ ဘာရုပ်အဆင်းတုန်းဘုရားဆိုတော့-သီလရုပ်အဆင်းချောရမယ်. . . တဲ့၊ သီလဖြူစင် ပြီးတော့ သီလချောရမယ်၊ သူများအသက်မသတ်ရဘူး၊ သူများဥစ္စာမခိုးရဘူး ဆိုပြီး အနည်းဆုံး ငါးပါးသီလလုံတာကို ချောတယ်လို့ခေါ်တယ်၊ သီလပျက်ရင်အရုပ်ဆိုးတာပဲ၊ သူတော်ကောင်းနယ်က သီလပျက်ရင် အရုပ်ဆိုးတယ်လို့ခေါ်တယ်။

http://www.dhammadownload.com



လူတစ်ယောက်ဟာ ပကတိရုပ်က ဘယ်လောက်ချောနေနေ အမျိုးသား တစ်ယောက်-အမျိုးသမီးတစ်ယောက် ရုပ်အင်မတန်ချောတယ်၊ သို့သော် အကျင့်ကပုပ်လိုက်တာ သတ်စရာရှိသတ်လိုက်တာ ရက်စက်လိုက်တာ၊ ခိုးစရာ ရှိရင်ခိုးလိုက်သေးတယ်၊သူများသားမယားနှင့်လည်း ဖောက်ဖျက်လိုက်သေး တယ်၊ လိမ်လိုက် ညာလိုက်တာလည်းမ ပြောနဲ့တော့ မူးသားဆိုတာ သူ့ပါးစပ်ထဲ ဝါးစားနေတာ၊ သောက်လိုက်တာကလည်း မိုးမွှန်လို့ဆိုရင်-ဟော အဲဒါ အရုပ်ဆိုး တော့တာပဲ၊ ဒီဘဝတင် အရုပ်ဆိုးတာ မဟုတ်ဘူး၊သေတဲ့ အခါကျ တော့ အပါယ်လေးပါးကျပြီးတော့ အရုပ်ဆိုးအုန်းမှာ၊ ဒါ ကြောင့်- သီလမ စင်ကြယ်, သီလမဖြူစင်ရင် အရုပ်ဆိုးတယ်၊ ဒါဖြင့် ငါးပါးသီလ အနည်းဆုံး ဖြူစင်အောင် နေရင်ချောတယ်၊ ဒါကြောင့် မြတ်စွာဘုရားက ရုပ်အဆင်းလှ အောင်ဆိုတာ ဘာလုပ်ရမှာတုန်း သီလကို ဖြူစင်အောင် ထား. . . ကျင့် ကြ. . . ဆို-

✱ ရုပ်ဆင်းလှအောင်, သတိဆောင်, များမြောင်သီလ, ထိန်းသိမ်းကြ၊ ဟော-တစ်နံပါတ် အရုပ်အမောင်း ကောင်းရမယ်ဆိုတာက ဒါနပါရမီကောင်းမှု ရှိရမယ်ပြောတာ ရုပ်ဆင်းလှရမယ်ဆိုတာက အနည်းဆုံးငါးပါးသီလ လုံရမယ်။ ဟာ-ဒီထက်တက်ပြီး ရှစ်ပါးသီလ, ကိုးပါးသီလ, ဆယ်ပါးသီလ ထိန်း။ ချောပေါ့. . ပိုချောပေါ့။ ပိုလှပေါ့၊ ဘုရားက ရွေးပြီ ရှင်သာမဏေဝတ်ပြီးတော့ (၁၂၀)ထိန်း၊ ရဟန်းခံပြီးတော့ ဒုလ္လဘရဟန်းတွေ ဝတ်ပြီးတော့ ကုဋေကိုး ထောင်ကျော်ထိန်း။ ပိုချောပေါ့၊ ပိုလှပေါ့၊ မြတ်စွာဘုရားက မြန်မြန်တော် ကောက်တာပဲ။ ဒါကြောင့် ဘုန်းကြီးတို့ရဟန်းခံ ရှင်ပြုတွေပြုပြီးတော့ သီလ တွေလှည့်ထိန်းကြရတာ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ပွဲမှာ ရဟန်း, ရဟန်းမတွေ ရဟန်းပြုတဲ့သူတွေက မြန်မြန်ပိုပြီးတော့ရတာပဲ၊ အရင်ရောက် တာပဲ။ ဒါကြောင့် သီလပိုပြီးဖြည့်ရတယ်။

အဲ-သုံးနံပါတ်က အားခွန်ဗလနဲ့လည်း ပြည့်စုံရမယ်ဆိုတာ ဘာပြော တာတုန်း၊ ဘာအားတုန်း။ လူပကတိအားကြီး ပြောတာလားဆိုတော့ လူပကတိ အားကြီး ဒီလောက် အရေးမကြီးဘူး. တဲ့၊ ကုသိုလ်အား, ကောင်းမှုအား, ဗိုလ် ငါးပါးလို့ခေါ်တဲ့ သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်ခေါ် တဲ့၊ ဗိုလ်ငါးပါးအားပြောတာ။ သဒ္ဓါ ဗိုလ်ဆိုတာ-ယုံကြည်တာ၊ ဘာယုံတာတုန်း၊ ဘုရားကိုယုံတယ် ဘုရားဂုဏ်ကိုယုံတယ်၊ တရားကိုယုံတယ်၊ တရားဂုဏ်ကို ယုံတယ်၊ အရိယာသံဃာတော်တွေနဲ့ သမ္မုတိသံဃာတော်တွေရဲ့ဂုဏ်ကို ယုံ တယ်၊ ကုသိုလ်ကောင်းမှုကိုယုံတယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုယုံတယ်၊ အဲ ဒါပြောတာ။

http://www.dhammadownload.com



အခု အလှူဒကာ ကိုမြတ်ညွန့်တို့ အလှူအမ မသောင်းရှင်တို့ ယုံလို့ပြု နေတာ ပေါ့၊ ဒို့-ဒီလိုသားရှင်ပြု တူရှင်ပြု တူမတွေနားသပြုပြီးတော့၊ ပရိသတ် တွေကျွေးမွေး ညှော်ခံ, သံဃာတော်တွေ ဒီလိုလှူဒါန်းတဲ့ကောင်းမှုပြုရင်၊ ဒို့ မဂ်ဖိုလ်နိဗ္ဗာန် မြန်မြန်ရောက် လိမ့်မယ်၊ ရလိမ့်မယ်၊ သံသရာစခန်း မဂ်ဖိုလ် နိဗ္ဗာန်သွားတဲ့စခန်းကြီး မပင်မပန်းဖြစ်လိမ့်မယ်လို့ ယုံလို့သူတို့ ဒီပစ္စည်းတွေပုံပြီး လှူတာပေါ့၊ မယုံရင်ဘယ်လုပ်လိမ့်မှာတုန်း၊ ကိုယ့်ဘာကိုယ် စားပစ်မှာပေါ့။

အခု-ဒီအလှူပွဲကြီးကို အကြောင်းပြုပြီးတော့ ကုန်မယ့်ပစ္စည်းတွေ သူတို့တစ်နေ့ထဲနဲ့ ရှာလို့ရတာမဟုတ်ဘူး၊ အလ,လ, အနှစ်, နှစ်စုဆောင်းပြီး ထားရတာ၊ မိမိတို့မိသားစု စားမယ်ဆိုရင် တစ်လ နှစ်လ သုံးလေးငါးလတော့ ဖေါ်ဖေါ်သီသီကြီးကို စားနိုင်သောက်နိုင်တယ်၊ အဲဒါ မစားတော့ပဲနဲ့ ကိုယ်အပင် ပန်းခံပြီးတော့ အများချမ်းသာ ကြပါစေ. . . လို့ လှူတယ်ဆိုတာ ယုံလို့၊ ဘာယုံ တာတုန်း ဘုရားရှင်ရဲ့အပေါ်ယုံတယ်၊ ကျင့်ကြံတဲ့အပေါ်ယုံတယ်၊ ဒါနအပေါ် မှာယုံတယ်၊ ဒါနအပေါ်ယုံရင် ဘုရားအပေါ်ယုံရာ ရောက်တယ်၊ သံဃာအပေါ် ယုံရာရောက်တယ်၊ ကောင်းမှုအပေါ်ယုံရာရောက်တယ်၊ အဲဒီ ယုံတဲ့အားကြီး ကောင်းလာဖို့အရေးကြီးတယ်။

သဒ္ဓါအား ကောင်း, ကောင်းသလောက်-ကုသိုလ်ကောင်းမှုတွေအား ထုတ်ပြီး ရင်းအားထုတ်ရင်းပဲ၊ လုပ်ပြီးရင်းလုပ်ရင်းပဲ၊ တစ်ကြိမ်ပြုပြီး နှစ်ကြိမ်ပြု၊ နှစ်ကြိမ်ပြုပြီး၊ သုံးကြိမ်ပြု၊ ဒီလိုထပ်တလဲလဲပြုတာဟာ အားစုတာပဲ၊ အဲဒီ ကုသိုလ်အားတွေကောင်းလာပြီ များလာပြီဆိုတော့၊ ကုသိုလ်အားကောင်းလာ တဲ့ ပုဂ္ဂိုလ်ကျတော့ ဒါအားခွန်ဗလ အင်မတန်ပြည့်စုံပြီးတော့ အရိယာဖြစ် တာပဲ၊ ဒါကြောင့် ကုသိုလ်အားတွေ ထပ်တလဲလဲ ကောင်းသထက်ကောင်း အောင်, ဝီရိယကိုကြိုးစားရတယ်၊ အခုလို ရှေးကလည်းပြုခဲ့ပြီး အခုလည်း ပြုနေတယ်၊ နောင်လည်းပြုအုန်းမယ်၊ နောင်လည်းပြုအုန်းမယ်လို့ ဒီလို အဓိဋ္ဌာန်တွေချထားပြီးတော့ အကွက်ဆိုက်တိုင်းပြု။

နေ့စဉ်နေ့စဉ် အခုလိုကြီးကြီးကျယ်ကျယ် မဟုတ်သည့်တိုင်အောင် နေ့စဉ်နေ့စဉ် စားဦးစားဖျားလေးကို ဘုရား ပန်းတော်, ဆွမ်းတော်, ရေချမ်း တော်ကပ် ဆွမ်းဦး ပန်းဦးလှူ အဲဒီလိုနဲ့ ကုသိုလ်ကောင်းမှု နေ့စဉ်ပြုသွားတော့ တစ်နေ့ဆွမ်းလေး တစ်ဆုပ် ရေလေးတစ်မှုတ် လှူတယ်ထားပါအုန်း ဘုရားဆွမ်း တော်ကပ်တယ်ထားပါအုန်း တစ်လဆိုတော့ ဆွမ်းဆုပ် (၃၀) ရေအမှုတ် (၃၀)တစ်နှစ်ကြာတော့ ဆွမ်းဆုပ်ပေါင်း(၃၆၀) ရေအမှုတ်ပေါင်း(၃၆၀) လှူပြီး

http://www.dhammadownload.com



သားဖြစ်တော့ အားကောင်းလာတယ်၊ အဲဒီလို နှစ်ပေါင်းများစွာ များလာတော့ အားတွေပြည့်စုံ . . . လို့၊ ဝီရိယဆိုတာ မလျော့ရဘူး ကောင်းမှုပြုတဲ့ဘက်မှာ မပျင်းရဘူး၊ မတွန့်ဆုတ်ရဘူး၊ ပြုပြီးရင်းပြုရင်း၊ ပြုပြီးရင်း ပြုရင်း၊ အဲဒါဝီရိယပဲ ဒါကြောင့်ဆို-

*** ခွန်အားကောင်းအောင်, သတိဆောင်, များမြောင် ဝီရိယ, အားထုတ်ကြ။**

အဲခွန်အားကောင်းအောင်ဆိုတာ ကောင်းမှုအားတွေ များသထက်များအောင် ပြုတာ၊ ဒီနေ့ အလှူ့ဒကာ ကိုမြတ်ညွှန့်တို့ အလှူ့အမ မသောင်းရှင်တို့ ဒီအလှူမင်္ဂလာပွဲကြီးကို ပြုလိုက်ခြင်းကြောင့် ပါရမီတွေကြီး ကုသိုလ်အားတွေ အားကောင်းလာမှာလား လျော့လာမှာလား ?၊ အားကောင်းလာမှာပါဘုရား၊ အကြီးအကျယ် အားကောင်းမလာပေဘူးလား?၊ လာပါဘုရား၊ အဲဒါအားကောင်းအောင်ပြုတာဝီရိယ။

ဟော-နောက်ဆုံးဆို-

*** အရှိန်ဟုန်ကောင်းအောင်, သတိဆောင်, များမြောင်ဓမ္မ, ရှုပွားကြ။**

အဲ- အရှိန်ဟုန်ကောင်းအောင် ဘယ့်နှယ်လုပ်ရမှာတုန်းဆိုတော့ အရှိန်အဟုန်ဆိုတာ ဘာတုန်းဆိုတော့ -ပညာအရှိန်အဟုန်၊ အထူးသဖြင့် ဝိပဿနာ ပညာအရှိန်အဟုန်၊ အဲဝိပဿနာ အရှိန်အဟုန်ပါရတယ်။ ဒါန ကောင်းမှုပြုတဲ့ ထဲလည်း ဝိပဿနာပညာအရှိန်အဟုန် ထည့်ရတယ်၊ ဝိပဿနာပညာမပါရင် အရှိန်အဟုန်မပါတဲ့ ကောင်းမှုဖြစ်နေတတ်တယ်၊ အရှိန်အဟုန်မပါတဲ့ ကောင်းမှုဖြစ်နေတော့ သွားတဲ့နေရာ လေးနေတာပေါ့၊ မော်တော်ကားသွားတာတော့ လေးဘီးနဲ့ စက်မောင်းလိုက်ရင်တော့ သွားတာပဲ၊ အဟုန်မရှိတဲ့ မော်တော်ကားကြီးက အမရပူရနဲ့ မန္တလေး နှစ်နာရီလောက် မောင်းနေရတာ၊ အရှိန်အဟုန်ကောင်းတဲ့ ကားလေးကျတော့ (၁၅) မိနစ်နဲ့ ရောက်သွား တယ်။

အဲဒီလိုပေါ့ ဝိပဿနာဉာဏ် အရှိန်အဟုန်ထည့်ပေးရတယ်။ ကောင်းပြီ ဒါဖြင့် ဝိပဿနာဉာဏ် အရှိန်အဟုန် ဘယ့်နှယ်လုပ်ထည့်ရမှာတုန်းဆိုတော့- အခု ကိုမြတ်ညွှန့်တို့ မသောင်းရှင်တို့က အလှူမင်္ဂလာပွဲကြီး ဆင်နွှဲကျင်းပနေတယ်ဆိုတော့ အဲဒီအလှူ မင်္ဂလာပွဲကြီးနဲ့လိုက်သွားအောင် လှူဖို့တန်းဖို့ သွားလိုက်လာလိုက်၊ လုပ်လိုက်ကိုင်လိုက် ဟော သွားလာလှုပ်ရှားနေရတာ၊ အဲဒီ သွားလာ လှုပ်ရှားနေရင်းနဲ့ ဝိပဿနာပေါ်အောင် ရှာရတယ်၊ ဒီတော့ ဝိပဿနာဉာဏ်ဆိုတာဘာတုန်း ဆိုတော့- အရှိဓမ္မကို ရှိတဲ့အတိုင်းသိတာ ဝိပဿနာ၊ အရှိမှန်ကိုရှိတဲ့အတိုင်း မြင်အောင်ကြည့်တာ ဝိပဿနာ။

http://www.dhammadownload.com



အရှိမှန်က ဘယ်သွားရှာရမှာတုန်း ကောင်းကင်မော့ကြည့် ရမှာလား၊ စကြာဝဠာနခမ်း လှမ်းကြည့်ရမှာလားဆိုတော့ မဟုတ်ဘူး . . . တဲ့၊ "တရားပျောက်ရင်, ကိုယ်မှာရှာ၊ တရားရှာရင်, ကိုယ်မှာတွေ့" ဒီခန္ဓာကိုယ်ထဲမှာ ရှာရမှာ၊ ဒီခန္ဓာကိုယ်ထဲရှာတော့ ဘယ်လိုလုပ်ပြီး ရှာရမှာတုန်း၊ ဘာရှာရမှာ တုန်းဆိုတော့ ရုပ်နာမ်ကို ရှာရမှာ၊ ရှိနေတဲ့ ရုပ်နာမ်ကို ရှိတဲ့အတိုင်း သိအောင် ရှာရမှာ။

ဒီတော့ ရှိတဲ့ရုပ်နာမ်ကို ရှိတဲ့အတိုင်းသိအောင်ရှာနည်းတွေက အများကြီး ရှိတာဖြစ်တော့ တပည့်တော်တို့ ဘယ်လိုရှာမှာတုန်း အခု- အလှူမင်္ဂလာပွဲကြီး ကျင်းပ ပြုလုပ်ရင်းနဲ့ ဟိုနား သွားလိုက်ရ, ဒီနားသွားလိုက်ရ, ဟိုနားလှမ်းလိုက်ရ, ဒီနားလှမ်း လိုက်ရ, နောက်ဆုံးဆွမ်းကပ်ခါနီးကျတော့ ဆွမ်းပွဲမ,ပြီးတော့ ကပ်ကြ၊ သင်္ကန်းကပ်တော့သင်္ကန်းတွေမ,ပြီးတော့ ကပ်ကြနဲ့လေ၊ အဲဒီ လိုပြုတိုင်း ပြုတိုင်း ခြေလှမ်းတိုင်း လှမ်းတိုင်း သင်္ကန်းကိုင်တိုင်း ကိုင်တိုင်း ဒီမှာ ဘာဝိပဿနာမိနေတုန်းလို့ဆိုတော့ထိဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံရုပ်နဲ့ သိဆိုတဲ့နာမ်၊ ခြေလှမ်းတိုင်း လှမ်းတိုင်းမှာ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း လှမ်းလိုက်တိုင်း

"ခြေဖဝါးနှင့်, မြေသားကပ်သော်, ထိ. သိနှစ်ခင်း ဉာဏ်သွင်းရှုနော်-တဲ့" သွားလိုက်၊ လာလိုက်တော့ခြေတွေလှမ်းလှမ်း လှမ်းလှမ်းပြီးတော့ ပရိသတ် မသွားရဘူးလား ?၊ သွားရပါဘုရား၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေလည်း အခုတရားပွဲလာခဲ့တော့ ခြေတွေလှမ်းလှမ်း လှမ်းလှမ်းပြီးတော့ မလာခဲ့ဘူး လား?၊လာခဲ့ပါဘုရား၊ ခြေဖဝါးလှမ်းလိုက်တိုင်း လှမ်းလိုက်တိုင်း မြေသားနဲ့ သွားသွားပြီးတော့ ကပ်ပြီးတော့ ထိတဲ့အထိ မတွေ့ခဲ့ဘူးလား ?၊ တွေ့ခဲ့ပါဘုရား အဲဒီအထိကို ဖောဋ္ဌဗ္ဗာရုံရုပ်လို့ခေါ်တယ်၊ ရုပ်တရားရှိတာ၊ အဲဒီရှိတာလေးကို ရှိမှန်းသိနေတဲ့စိတ်ကလည်း မသိဘူးလား?၊ သိပါဘုရား၊ ထိမှန်းသိတယ်၊ အေး, အေးမှန်းသိတယ်၊ ပူ,ပူမှန်းသိတယ်၊ ခဲနင်း,နင်းမှန်းသိတယ်၊ တွင်းထဲကျ, ကျမှန်းသိတဲ့ အသိလေး မလာဘူးလား ?၊ လာပါဘုရား၊ ဒါဖြင့် ဆိုလိုက်စမ်းပါ့-

* ခြေဖဝါးနှင့်, မြေသားကပ်သော်, ထိသိနှစ်ခင်း, ဉာဏ်သွင်းရှုနော်, ရှုမှတ်ရကျိုး, တန်ဖိုးဖြတ်သော်, ခြေတစ်လှမ်း, ရွှေတစ်သန်း တန်ဘိသော်။

အဲဒီလို ခြေတစ်လှမ်း ခြေတစ်လှမ်းတိုင်းကို ဝိပဿနာ ပါပြီးတော့ ရှုရင်၊ ရှုရင်ဆိုတာ ထိ-သိ-ပျက်၊ ထိ-သိ-ပျက်၊ ထိ-သိ-ဖြစ်-ပျက်၊ ထိ-သိ-ဖြစ်-ပျက်၊ ထိ-သိ-ဖြစ်-ပျက်၊ သို့မဟုတ် ထိ-သိ-ပျက်၊ ထိ-သိ-ပျက်၊ ထိ-သိ-

http://www.dhammadownload.com



ပျက်လို့ရှု၊ သို့မဟုတ် ထိတယ်၊ ထိတယ်၊ ထိတယ်၊ ထိတယ်-လို့ရှု . . တဲ့၊ အဲဒီလို ရှုတာနဲ့ ဝိပဿနာ ဖြစ်သလားဆိုတော့-ဖြစ်တယ်၊ ဝိပဿနာဆိုတာ ဘာသိနေတာတုန်း၊ ရုပ်နာမ်သိနေတာ၊ ဘယ်မှာတုန်း ရုပ်နာမ်ကဆိုတော့ ထိဆိုတာရုပ်၊ သိဆိုတာနာမ်၊ အဲဒီရုပ်နာမ် နှစ်ပါးကို ပေါ်ပြီးပျောက်, ပျောက်သွားတာလေးသိတာ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ခြေတစ်လှမ်း လှမ်းချင်း-လှမ်း, လှမ်းပြီးတော့ လာခဲ့တော့ မြေကြီးနဲ့ခြေထောက်နဲ့ထိ၊ ညာဘက်က ရှေ့လှမ်းချလိုက်တော့ ထိသွား၊ ထိတာကို သိ၊ နောက်တစ်ခါ ဘယ်ဘက်ကနေပြီးတော့ ကျော်ပြီး ရှေ့လှမ်းလိုက်တော့ -ညာဘက်ကကြွလိုက်တော့၊ အဲဒီ ထိထဲ့, သိတဲ့ ထိသိလေး ပျောက်မသွားဘူးလား ပရိသတ်?၊ ပျောက်သွားပါဘုရား၊ တစ်ခါ ဘယ်ဘက်က ရှေ့လှမ်းချလိုက်တော့ ထိတာရယ်, သိတာရယ် မလာဘူးလား?၊ လာပါဘုရား၊ တစ်ခါညာဘက်က ခြေလှမ်းချလိုက်သော့၊ အဲဒီ ဘယ်ဘက်က ထိသိလေးတွေ ကြွလိုက်တော့ရှိသေးရဲ့လား? ၊ မရှိပါဘုရား၊ ဒါဖြင့် ထိလိုက်, သိလိုက်, ပျောက်လိုက်, ထိလိုက်, သိလိုက်, ပျက်လိုက်၊ ထိလိုက်, သိလိုက်, ပျက်လိုက်ဆိုတာလေး မလာပေဘူးလား?၊ လာပါဘုရား။

တစ်လှမ်း တစ်လှမ်းချင်းဆိုတာ အကျဲကြီးပြောတာ၊ အကျဲကြီးပြောတာ ဒီထက် စိတ်လိုက်လို့ရှိရင် အစိတ်ခြောက်ပါးနဲ့ ပြောရမှာ၊ တစ်ခါတည်း -ထိတာရယ်, ကြွတာရယ်, မ,တာရယ်, လှမ်းတာရယ်, ရှေ့တိုးတာရယ်, အောက်ချတာရယ်, ထိတာရယ်, သိတာရယ် ဒီလိုအသေးစိတ်လာရမှာ၊ အဲဒီအသေးစိတ်ကို မလိုက်နိုင်တောင် ထားပါတော့ အလျှုအတန်းလုပ်ရင်းနဲ့ဆိုတော့ သွားရင်း လာရင်းနဲ့ "ခြေဖဝါးနှင့်, မြေသားကပ်သော်, ထိသိနှစ်ခင်း, ဉာဏ်သွင်းရှုနော်" တဲ့ ထိသိနှစ်ခင်းကို ဉာဏ်သွင်း ပြီးတော့ ရှု၊ အဲဒီမှာ လျှုရင်းတန်းရင်းနဲ့ ဝိပဿနာဉာဏ်ပါသွား၊ ထိကရုပ်၊ သိကနာမ်၊ အဲဒီရုပ်နာမ်နှစ်ပါး ပေါ်လိုက်၊ ပျောက်လိုက်ဖြစ်နေတာကို နောက်ကသိတဲ့နာမ်က ကပ်ထားတော့ ဟောဒီတင် ဝိပဿနာ ပေါ်နေပြီ၊ အဲဒီ ဝိပဿနာဉာဏ်က အဟုန်၊ အဲဒီဝိပဿနာဉာဏ်က အရှိန်။

လှူဒါန်းပေးကမ်းနေတာက ဒါန၊ ဆောက်တည်နေတာက သီလ၊ အဲဒီလို ထိ-သိ ရုပ်နာမ်နှစ်ပါးကို ထိ-သိအတိုင်း သိနေတဲ့ ဉာဏ်ကပ်နေတာက ဝိပဿနာ အဟုန်၊ အဲဒီဝိပဿနာအဟုန်ပါတော့မှ နိဗ္ဗာန်မြန်မြန်ရောက်တယ်၊ သူများကဘဝပေါင်း တစ်ရာကြာမှရောက်မယ်ဆို၊ သူတို့က ဘဝငါးရာနဲ့ ရောက်

http://www.dhammadownload.com



သွားတယ်၊ သူများက ဘဝင်းရာကြာမှရောက်မယ်ဆို သူတို့က ဆယ်ဘဝနဲ့ ရောက်သွားတယ်ဆိုတော့ ပရိသတ်မမြန်ဘူးလား? မြန်ပါဘုရား။ ဒါဖြင့်အရှိန် အဟုန်ထည့်ဖို့ မလိုအပ်ဘူးလား?လိုအပ်ပါဘုရား။ အလှူဒကာ အလှူအမ တွေ ဆွမ်းပွဲတွေမ,ကပ်တော့ ဆွမ်းပွဲကြီးနဲ့လက်နဲ့ မထိဘူးလား? ထိပါဘုရား။ ဆွမ်းပွဲကြီးပျဉ်ပြားနဲ့ လက်ဖဝါးနဲ့ မထိဘူးလား? ထိပါတယ်ဘုရား။ ဆို-

* စားပွဲပြားနဲ့,လက်ဖဝါးကပ်သော်,ထိသိနှစ်ခင်း, ဉာဏ်သွင်းရှုနော်။

အလှူဒကာနဲ့ အလှူအမ ဟိုဘက်က တစ်ယောက် ဒီဘက်ကတစ် ယောက် စားပွဲကြီးမ, တော့ ပထမဆုံး လက်နဲ့စားပွဲနဲ့သွားထိတဲ့ အထိမလာ ဘူးလား? လာပါတယ် ဘုရား။ အဲဒီထိတဲ့အထိလေးကို ထိနေတယ် ငါထိနေ တယ်၊ ထိနေတယ်လို့သိတဲ့ အသိလေးက မလာဘူးလား? လာပါတယ်ဘုရား။ ထိတာကရုပ်,သိတာက နာမ်၊ ဒါဖြင့် အဲဒီကိုင်တဲ့အချိန်မှာရှိတာ၊ ရုပ်နာမ်ရှိ တယ်၊ ဘာရှိတာတုန်း? ရုပ်နာမ်ရှိ တာပါဘုရား။ သို့သော် ထင်တာက ငါကိုင်တာတဲ့၊ ဟော-ငါသွားဝင်တယ်၊ မဝင်ဘူးလား? ဝင်ပါတယ်ဘုရား။ ထိနေတာလည်း ငါထိတာ၊ ထိနေတာငါလို့ မထင်ဘူးလား? ထင်ပါတယ် ဘုရား။ အဲဒါလွဲနေတာ သက္ကာယဒိဋ္ဌိ ဝင်နေတယ်ဆို တာ အဲဒါပဲ။

ဒီတော့-ထိ-သိကို ဖြစ်ပျက်လို့ရှုနေတဲ့အချိန် အဲဒီ ငါလေးပျောက် သွားတယ်၊ သက္ကာယဒိဋ္ဌိပြုတ်ထွက်သွားတယ်၊ ဝိပဿနာပေါ်ရင် သက္ကာယ ဒိဋ္ဌိပျောက်တယ်၊ သက္ကာ ယဒိဋ္ဌိပျောက်ရင် သမုဒယသစ္စာ တဏှာပယ်တယ် ခေါ်တယ်၊ သမုဒယသစ္စာတဏှာပယ်ရင် ဒုက္ခကိုသိရာရောက်တယ်၊ ဒုက္ခကိုသိ ပြီးတော့ သမုဒယသစ္စာ တဏှာသတ်ရင် မဂ္ဂသစ္စာပေါ်တယ်၊ အသိမှန် အရှိမှန် သိနေလို့ သမ္မာဒိဋ္ဌိလေ၊ ရှိတာကလည်း ရုပ်နာမ်၊ သိတာလည်း ရုပ်နာမ်လို့သိ နေတဲ့အတိုင်း ရှိတာရှိတဲ့အတိုင်း သိတာခေါ်တယ်။

ဒီလိုမဟုတ်ဘဲနဲ့ ငါကိုင်တာ ကိုင်နေတာငါ၊ ထိနေတာငါ၊ ငါထိနေတာ ဆိုတော့ ရှိတာက ထိသိရုပ်နာမ် ထိနဲ့သိကရုပ်နာမ်၊ ထိတာကငါဆိုတော့ မလွဲ ဘူးလား ပရိသတ်?လွဲပါတယ်ဘုရား။ ရှိတာကရုပ်နာမ် သိတာကငါဆိုတော့ တစ်ခြားဆီဖြစ်မနေဘူးလား? ဖြစ်နေပါဘုရား။ အဲဒါလွဲတယ်ပြောတာ၊ အဲဒါ အမှန်မသိတော့တာ၊ သစ္စာမမြင်တော့တာ၊ အဟုတ်မသိ အမှန်မသိတာ သစ္စာ မမြင်ဘူးလို့ပြောတာ၊ သစ္စာမြင်တယ် သစ္စာမြင်တယ်ဆိုတာ တစ်ခြားမဟုတ် ဘူး၊ ရှိတာရှိတဲ့အတိုင်း သိအောင်ကြိုးစားတာ မြင်တာမြင်တဲ့အတိုင်း။ သိတာ သိတဲ့အတိုင်း။

http://www.dhammadownload.com



အဲဒီလို လှမ်းတိုင်း လှမ်းတိုင်း စားပွဲကိုမ,ပြီးတော့ ကပ်တိုင်းကပ်တိုင်း၊ သက်န်းကိုမ,ပြီးတော့ ကပ်တိုင်းကပ်တိုင်း၊ အဲဒီလိုဝိပဿနာဉာဏ်သွင်းပြီးတော့ အလုပ်လုပ်သွားခဲ့ရင်၊ ဟော- လှူတဲ့ဒါနလည်းမြောက်တယ်၊ ဝိပဿနာအဟုန် လည်း ပါတယ်၊ ပရိသတ်ကြီး ပါမသွားဘူးလား ?၊ ပါသွားပါဘုရား။ အဲဒီတော့ အဲဒီ ဝိပဿနာအရှိန်အဟုန်ပါသွားလို့ ဝိပဿနာလုပ်တတ်လို့ ရှိရင် ဘယ်နေ ရာရောက်ရောက် ထိုင်ရင်းလည်း တရားအားထုတ်လို့ရတယ်၊ သွားရင်းလည်း လုပ်လို့ရတယ်၊ ရိပ်သာသွားမှ မဟုတ်ဘူး၊ ကိုယ့်အိမ်ကိုယ်လည်းပဲ တရား အားထုတ်လို့ရတယ်။

နည်းသာရအောင်ယူ နည်းရအောင်ယူပြီးတော့ လယ်ထွန်ရင်းလည်း တရားလုပ်လို့ရတယ်၊ အရောင်းအဝယ်လုပ်ရင်းလည်း တရားအားထုတ်လို့ရ တယ်။ သူနဲ့ ကိုယ်နဲ့စကားပြောရင်းလည်း လစ်တယ်ဆိုရင် တရားအားထုတ်လို့ ရတယ်၊ အဲဒီလိုအားဖြင့် အရှိန်အဟုန်ကို သွင်းပြီးတော့သွားရင် အဲဒီအရှိန် အဟုန်တွေ ကောင်းသထက်ကောင်းသွားလို့ရှိရင် **"အရှိန်ဟုန်ကောင်း အောင်, သတိဆောင်, များမြောင် ဓမ္မ, ရှုပွားကြတဲ့"** အဲဒီအရှိန်အဟုန်ကောင်း အောင် ရှိတဲ့ဓမ္မသဘာဝတွေကို ရှုပွားပြီးတော့ ပေးမှ အဲဒီအင်္ဂါလေးချက်ပြည့် စုံမှ ဟော-အရပ်အမောင်းကောင်းခြင်းဆိုတဲ့ ဒါနပါရမီကောင်းမှုလည်း ပြည့်စုံရ မယ်၊ ရုပ်ဆင်းဥပမိချောမောခြင်းဆိုတဲ့ သီလလည်း လုံရမယ်၊ အား ခွန်ဗလ ကောင်းခြင်းဆိုတဲ့ ကုသိုလ်ကောင်းမှုတွေကို ထပ်တလဲလဲ ကြိုးပမ်း အားထုတ် ပြုလုပ်ခြင်းဆိုတဲ့ အားခွန်ဗလကလည်းကောင်းရမယ်၊ ဝိပဿနာ ဉာဏ်သွင်း ခြင်းဆိုတဲ့ အရှိန်အဟုန်ကလည်းရှိရမယ်၊ အဲဒီလေးချက်စုံမှသာ လျှင် ငါဘုရား ရှင်ကိုယ်တော်မြတ်ကြီးရဲ့ လောကုတ္တရာ မင်းတရားကြီးရဲ့ အရိယာပွဲမှာ ဆင်နွှဲပါဝင်ခွင့် ရနိုင်တယ်. . . . တဲ့။

လူ့ကမ္ဘေးရုံနဲ့ မဖြစ်သေးဘူးတဲ့၊ မခေါ်သေးဘူးတဲ့ ဘုရားက၊ဘုန်းကြီး တို့ ပရိသတ်တွေ လူ့ကမ္ဘေးလာရုံနဲ့ သောတာပန် ဖြစ်တယ်လို့ ရှိရဲ့လား ?၊ မရှိပါဘုရား၊ လူ့ကမ္ဘေးလာတဲ့ လူ့သား, လူ့သမီးဖြစ်ရုံနဲ့ အရိယာသူတော်ကောင်း တွေရဲ့ အရိယာ ရဟန္တာ, သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်နိုင်ရဲ့လား ?၊ မဖြစ်နိုင် ပါဘုရား၊ ဒါဖြင့် လူ့ကမ္ဘေးပြီးတော့ လူ့သာမန်လေး နေရုံနဲ့ အရိယာဖြစ်ပါ့မလား-?၊ မဖြစ်ပါဘုရား။ ဟောဒါကြောင့်-

**သံသာရမ္ဟာ သာမညေန, နမုစ္စေယျ တဟိ တဟိ၊**
**ဂတိ ဂတိ ဘဋ္ဌနတ္ထာပိ, သဋ္ဌယဿာမိ ပါရမိ။**

F. 8

http://www.dhammadownload.com


ဘုန်းကြီးဟောမယ့်တစ်နာရီပေါ့။ ဆယ့်မိနစ်တောင်ကျော်သွားပြီ အလှူဒကာ နော်. . ဂါထာရွတ်ပြီးတော့ ဘုန်းကြီးသိမ်းတော့မယ်နော်။ မှန်ပါဘုရား။

တဟီး တဟီး တွေကြဆုံကြ၊ ဘုံဘဝဝယ်၊ ကြုံရလေတောင်း၊ သောင်းပြောင်း၊ အာရုံ့ အဖုံဖုံ၌၊ သာမညေန-သူများနည်းတူ၊ သူ့မူမပျက်၊ သူ့ထက်မသာ၊ လိမ္မာဟန်မျှ၊ စံမပြလောက်သေးပါမူကား. . .။

လူကမွေးလာပြီးတော့ ငါ့ရဲ့လူ့အဖြစ်အရတော်လှတော်ပြီ၊ ဒီအတိုင်းပဲ နေလိုက်တော့မယ်၊ ဒါနတွေပြုနေဖို့မလိုပါဘူး၊ သီလတွေလည်းထိန်းနေဖို့ မလိုပါဘူး၊ လူ့ဘဝဒုလ္လဘကြီးရထားတာပဲ၊ ပျော်ပျော်ပါးပါးပေါ့၊ နေလိုက်တော့မယ်ဆိုရုံနဲ့ ပရိသတ် ကြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ လောကုတ္တရာပွဲ ပါဝင်ဆင်နွှဲခွင့်ရရဲ့လား? မရပါဘုရား။

သာမညေန- သူများနည်းတူ၊ သူ့မူမပျက်၊ သူ့ထက်မသာ၊ လိမ္မာဟန်မျှ၊ စံမပြ လောက်သေးပါမူကား၊ သံသာရမှာ-မဟာပြဟွေ့ လျှာကုဋေဖြင့်၊ ရှာဖွေမှန်းဆ၊ ဂဏန်း ပြဖို့၊ နှမ်းမျှမလွယ်၊ တကယ်မှန်စွာ၊ မကြုံသာသည့်၊ သံသရာခရီး၊ ကန္တာကြီးမှ၊ နမုစ္စေဃျ- ဘုန်းစက်ချွန်၊ သမ္ဗာမွန်သဖြင့်၊ တံခွန်ဆောက်ကိုင်၊ မလွန် မြောက်နိုင်သေးရာ၊ အမုတ္တတာ-လွတ်ဖို့ဝေးရဲ့၊ မတွေးနဲ့တော့၊ ဘေးတကယ့်စုံ၊ အဖုံဖုံဇာတ် ပြား၍၊ ထပ်မနားအပါယ်ခရီး၌၊ တလည်တည်းလည်နေရအုန်းမည့် အရေးကြောင့်၊ ဂတိ ဇတိ- ဒေဝမနုဿ၊ နိရယနှင့်၊ ပေတ တိရစ္ဆာန်၊ လားရန်အရှို၊ ငါးတန်သော ဂတိကို၊ ဘဋ္ဌာနတ္တာပိ-ကောင်းရာမြန်းလင့်၊ စခန်းသင်လည်း၊ ငြမ်းဖြင့်တက်ပြီး၊ ငြမ်းဖျက်နည်းသို့ ဖျက်ဆီးလွန်မြောက်၊ နိဗ္ဗာန်ရောက်ဖို့ အကျိုးငှါ. .။

ကိုယ်ရထားတဲ့ လူ့ဘဝလေး၊ လူ့ဘဝဆိုတာ ကောင်းသင့်သလောက်တော့ ကောင်းပါတယ်. . . တဲ့၊ သို့သော် ငြမ်းလိုသဘောထား. . တဲ့၊ ငြမ်းလို့သဘောထားရတယ်၊ ဘုန်းကြီးတို့ဒကာ ဒကာမတွေ၊ ဘုရားပေါ်တက်တော့၊ ငြမ်းဆင်ပြီးတော့ မတက်ကြဘူးလား? တက်ပါဘုရား၊ အောက်ကစပြီးတော့ ငြမ်းတဆင့်ခြင်း၊ တဆင့်ခြင်းတက်၊ တက်၊ တက်တက်သွားတော့ အထက်မရောက်ဘူးလား? ရောက်ပါဘုရား၊ အဲသလိုပေါ့ လူ့ဘဝငြမ်းလို့ သဘောထား. . . တဲ့ ၊ ငြမ်းလို့သဘောထား။

အထက်တက်ဖို့ရာ ပါရမီပြည့်ရမယ့် ခန္ဓာကိုယ်လေးရထားတာ၊ လှူဒါန်းပြီးတော့ ကုသိုလ်ပြုမဟာ၊ သီလဆောက်တည်ပြီးတော့ ကုသိုလ်တွေ

http://www.dhammadownload.com



ပြုမဟ၊ သမထ ဝိပဿနာ ပညာတွေပွားပြီးတော့ ဒီလူ့ခန္ဓာလေးနဲ့ တဆင့်တက်မဟလို့ ဆိုပြီးတော့ တက်တဲ့၊ အဲဒီလို တက်ဖို့ရာ လူ့ခန္ဓာလေးကို နင်းတက်တဲ့၊ ဒါငြမ်းပေါ့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၊ အများစုက ကိုယ့်ခန္ဓာလေးကိုယ် ငြမ်းလို့သဘောမထားဘူး၊ ဒန်းလို့ သဘောထားနေကြတယ်၊ ဒန်းဆိုတာကတော့ စီးကြတာလေ. . . ဟိုလွှဲ၊ ဒီလွှဲနဲ့ စီးပြီး၊ လူ့ ဘဝစည်းစိမ်ကလေး စီးပြီးတော့ ဒီ နားကနေအထက်မတက်တော့ဘူး၊ ပရိသတ်ဒန်းဆိုတဲ့သဘောက အထက် တက်တဲ့ သဘောရှိရဲ့လား? မရှိပါဘုရား။ ငြမ်းကမှ အထက်မပို့ဘူးလား? ပို့ပါဘုရား၊ အဲဒီတော့ ကိုယ်ရထားတဲ့ လူ့ဘဝလူ့ခန္ဓာ အကောင်းလေးကို ပျော်ပျော်ပါးပါး ငါးဖြာအာရုံ ကာမဂုဏ်ချည့် ဒန်းစီးပြီးတော့ အချိန်မကုန်နဲ့. . တဲ့ ငြမ်းတက်တဲ့ဘုရားက၊ ဒါကြောင့်-

ဂတိ ဂတိ- ဒေဝမနုဿ, နိရယနှင့်, ပေတတိရစ္ဆာန်, လားရန်အရှိ, ငါးတန် သောဂတိကို၊ ဘဥ္စနတ္ထာပိ-ကောင်းရာမြန်းလင့်, စခန်းသင့်လည်း, ငြမ်းဖြင့် တက်ပြီး, ငြမ်း ဖျက်နည်းသို့, ဖျက်ဆီးလွန်မြောက်, နိဗ္ဗာန်ရောက်ဖို့ အကျိုးငှာ၊ ပါရမီ- နိဗ္ဗာန်နန်းခွင်, စခန်းဝင်ဖို့, လမ်းစဉ်အကျ, ဒါနစာဂီ, ပါရမီကျိုး ကောင်းမှုမျိုးကို၊ သဥ္စယဿာမိ- တမြင့်တည်းမြင့်, ဆင့်ကဲတင့်ဖို့, အသင့်မကွာ, ချင့်စာတိုးပွား, တစ်မျိုးအားဖြင့်၊ ကြိုးစားဖြည့် ကျင့်ပါတော့မည်ဘုရား. . . .။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား။

http://www.dhammadownload.com



## အတိဆတ္တိယမထေရ်
## ရွှေထီးတော်အလှူတရားတော်

ဒီ-ရွှေကြက်ယက်စေတီတော်ရဲ့ သမိုင်းကြောင်း အနည်းငယ် ပြောရရင် သိရိမှာ သောကမင်းကြီးက အိန္ဒိယ မဇ္ဈိမဒေသမှာ ဘုရားဖွားတော်မူတဲ့နေရာ ဘုရားဖြစ်တော်မူတဲ့ နေရာ၊ တရားဦးဟောတော်မူတဲ့နေရာ၊ ပရိနိဗ္ဗာန်စံတော်မူတဲ့ နေရာ၊ အဲဒီနေရာတွေမှာ နောင်လာနောင်သားတွေ သိကြပါစေ၊ ကိုးကွယ်နိုင်ကြပါစေ၊ ပူဇော်နိုင်ကြပါစေလို့ အထိမ်း အမှတ်စေတီတော်တွေ၊ ကျောက်တိုင်တွေ၊ အဆောက်အဦးတွေ လုပ်ခဲ့တယ်။

အဲသလိုပဲ အိန္ဒိယဒေသ မဇ္ဈိမနှင့်တကွ မြန်မာနိုင်ငံအပါအဝင် ဗုဒ္ဓဘာသာ ထွန်းကား တဲ့ မဟာမိတ်နိုင်ငံတွေ လှမ်းပြီးတော့ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ အလောင်းတော် ဘဝတုန်းက ပါရမီဖြည့်စဉ် ထူးထူးခြားခြား ကျက်စား သွားလာ လုပ်ကိုင်သွားတဲ့နေရာတွေ ကိုလည်း အထိမ်းအမှတ် ဘုရားတွေလိုက်ပြီးတော့ တည်လေ့ရှိတယ် သူက၊ ဒီတော့ အဲဒီလို တည်လေ့ရှိတဲ့ထဲမှာ ဟောဒီရွှေကြက်ယက် ရွှေကြက်ကျဘုရား နှစ်ဆူဟာ အပါအဝင်ပဲ၊ ဘာပြုလို့တုန်းဘုရားအလောင်း ကြက်မင်းဘဝတုန်းက ထူးထူးခြားခြား ကျက်စားပြီးတော့ တရားပါဟောပြီးတော့ နေသွားခဲ့တဲ့ အကြောင်းဇာတ်တော်ထဲမှာ မဟာဝင်, ဂန္ထဝင်တွေထဲမှာ တွေ့ရတာ အဲဒါကြည်ညိုပြီးတော့ သူကဘုရား အလောင်းတော်ကြက်မင်း တိရစ္ဆာန်ပင် ဖြစ်လင့်ကစား ထူးခြားမြင့်မြတ်တဲ့ စိတ်ဓာတ်နဲ့ ပါရမီတွေ ဖြည့်သွားခဲ့တဲ့ အလောင်းတော် ဆိုပြီးတော့ ဘုရားအလောင်းတော် ကြက်မင်းက ဘုန်းကြီးတို့ အိန္ဒိယဒေသ မဇ္ဈိမဒေသက နေပြီးတော့ ဟောဒီ ဗန်းမော်တလျှောက် ဧရာဝတီမြစ် အနောက်ဘက်က ကမ်းတလျှောက် ကနေပြီးတော့ ကျက်စားပြီးတော့ လာလိုက် တာ ဟောဒီစစ်ကိုင်းတောင် ခါဝဲတောင်ဆိုတာ ရောက်လာခဲ့တယ်၊ စစ်ကိုင်း တောင်ဘက်မှာ။

အဲဒီလမ်းတစ်လျှောက်မှာလည်းပဲ ကြက်မင်းတောင်၊ ခါဝဲတောင်တဲ့၊ ကြက်မင်း ကိုအကြောင်းပြုပြီးတော့ ကြက်မင်းကျက်စား သွားတဲ့တောင်တွေကို အထိမ်းအမှတ်တွေနဲ့ ဒီနေ့အထိ နာမည်တွင်ပြီး သမိုင်းတွင် ကျန်ရစ်ပါတယ်၊ အဲဒီလိုနဲ့ စစ်ကိုင်းတောင်က နေပြီး တော့ ဧရာဝတီမြစ်ပေါ်ဖြတ်ကျော်ပြီးတော့ ဟောဒီဘက်ကို ကူးလာလိုက်တဲ့အခါမှာ မြောက် ဘက်ကရွှေကြက်ကျ ဘုရားကုန်း မှာ ပထမဆုံးရောက်ပါတယ်၊ အဲဒီမှာ ကျက်စားနေရင်းက အဲဒီပတ်ဝန်းကျင်က လူသံဆူသံတွေ နီးကပ်၊ မြင်းရေနဲ့ ဝဲအော်သံတွေ ဘာတွေ နီးကပ်ဖော့ ... သိပ်ငြိမ်မှု

http://www.dhammadownload.com



မရလို့ဆိုပြီးတော့ အခုဟောဒီ ရွှေကြက်ယက်တောင်ကုန်းပေါ် ဘုရားအလောင်း ရောက်လာပြီးတော့ အဲဒါ အာလုံးသိကြတဲ့အတိုင်း ဘုရားအလောင်းတော်ရဲ့ ထူးခြားတဲ့ သမိုင်းတွေကို ရွှေကြယက်သမိုင်း ပြန်ဖတ်ရင် တွေ့ကြပါလိမ့်မယ်။

တိရစ္ဆာန်ပင်ဖြစ်လင့်ကစား လူတွေထက် အချို့သော လူတွေထက် မြင့်မြတ်တဲ့ လုပ်ဆောင်ချက်တွေကို တွေ့ကြရပါလိမ့်မယ်၊ ကြည်ညိုကြရပါလိမ့်မည်၊ အဲဒီဘုရားအလောင်း တော်ရဲ့ တိရစ္ဆာန်ပင်ဖြစ်လင့်ကစား ထူးခြားမြင့်မြတ်တဲ့ ဂုဏ်တွေကို အာရုံပြုပြီးတော့ သီရိဓမ္မာသောကမင်းက ဘုရားဓာတ်တော် မွေတော်အစစ်တွေကို ပို့ပြီးတော့ မဟာမိတ် မင်းတွေနဲ့ သံတမန်တော်တွေ လွှတ်ပြီးတော့ ဒီမြန်မာနိုင်ငံအုပ်ချုပ်နေတဲ့ အဲဒီအချိန်က သရေခေတ္တရာ ဒွတ္တဘောင်မင်းတို့ခေတ် သရေခေတ္တရာခေတ် အဲဒီအချိန်က သူနဲ့မင်းပြိုင် မြန်မာ နိုင်ငံမင်းပြိုင်ဖြစ်တဲ့ အဲဒီသရေခေတ္တရာခေတ်, မင်းတွေဆီ မဟာမိတ်မင်းတွေဆီ လက်ဆောင် ပဏ္ဏာပို့ပြီးတော့ သံတမန်တွေ လွှတ်ပြီးတော့ ဓာတ်တော်တွေ ဌာပနာပြီးတော့ စေတီတော် တွေတည်လိုက်တာ သက္ကရာဇ် အနေနဲ့ပြောရင် ၂၁၈-ခုနှစ်၊ သက္ကရာဇ် ၂၁၈-ခုနှစ်မှာ ဟောဒီနေရာမှာ ရွှေကြက်ယက်, ရွှေကြက်ကျဘုရား လို့ ဘုရားနှစ်ဆူတည်တယ်၊ ဒါအထိမ်း အမှတ်အနေနဲ့ တည်သွားတာ၊ တစ်ပြိုင်နက် တည်သွားတာ။

သက္ကရာဇ်နဲ့ ကြည့်လို့ရှိရင် အခု ဘုန်းကြီးတို့ အမရပူရမှာ ဘုန်းကြီးတို့ ပြုပြင်နေတဲ့ ရွှေမုဋ္ဌော မဟာသိမ်တော်ကြီး မြတ်စွာဘုရားဟာလည်း ၂၁၈-ခုနှစ်က သီရိဓမ္မာသောကမင်း ကြီး တည်တယ်ဆိုတာ သမိုင်းအထောက်အထား ရပါတယ်၊ မုံရွာ ဆုတောင်းပြည့်ဘုရား ကိုယ်တော်မြတ်ကြီး အခုမုံရွာမြို့လယ်ခေါင်မှာ အားလုံးသိနေကြတဲ့ ဆုတောင်းပြည့်ဘုရား ကိုယ်တော်မြတ်ကြီးဟာလည်းပဲ နဂိုက ဒီလိုစေတီတော်ကြီး ဖြစ်မလာခင်က သီရိဓမ္မာ သောကမင်းကြီး ၂၁၈-ခုနှစ်မှာ တည်တဲ့ ရွှေမုဋ္ဌောဘုရားအထဲထဲမှာ ရှိနေပါတယ်၊ သီရိဓမ္မာ သောကမင်းကြီး တည်ရင် များသောအားဖြင့် ရွှေမုဋ္ဌောလို့ နာမည်တပ်ပြီး တည်လေ့ရှိပါတယ်။

ဒီတော့ ၂၁၈-ခုနှစ် တည်တဲ့ သက္ကရာဇ်နဲ့ ကြည့်ရင် အဲဒီ မုံရွာက ဆုတောင်းပြည့် ဘုရား၊ ဟောဒီက ရွှေကြက်ယက်, ရွှေကြက်ကျဘုရား ဟောဟို အရှေ့နားက အမရပူရမြို့ မြို့ဦး မြို့ထိပ်မှာ ဘုန်းကြီးတို့ ဂန္ဓာရုံကျောင်း တိုက်က သံဃာတော်တွေ ဦးစီး ခေါင်းဆောင် ပြုပြင်တည်ထားနေသော ရွှေမုဋ္ဌောမဟာ သိမ်တော်ကြီး မြတ်စွာဘုရား၊ အခု ဒုတိယဗိုလ် မှူးကြီးစောလွင်တို့ ဇနီး ဒေါ်ဝင်းဝင်းမြင့်တို့ ကိုယ်တိုင် အဲဒီဘုရားမှာ လုပ်အားပေးပြီးတော့ ပါဝင်ခဲ့တဲ့အပြင် အခုလောလောဆယ်လည်းပဲ စေတီတော်ကြီးရဲ့ အလယ်မှန်စေတီတော် မြတ်ကြီး ကို ငွေကျပ်-သုံးသောင်းကုသိုလ်ပါဝင်ပြီးတော့ မှန်သက်န်း ကပ်လှူခဲ့တဲ့ ကောင်းမှု ကြီးကို သူတို့လည်း ပြုခဲ့ကြပါတယ်။

http://www.dhammadownload.com



အဲဒီလိုအားဖြင့် သီရိဓမ္မာသောကမင်းကြီး တည်တဲ့ဘုရား၊ တစ်ပြိုင်နက် အားဖြင့် မိမိတို့စေတီတော်ကြီး နှစ်ဆူမှာကုသိုလ်ယူတဲ့ အနေနဲ့ ဒီနေ့ ရွှေကြက်ယက်၊ ရွှေကြက်ကျ မြတ်စွာဘုရားမှာ ရွှေသင်္ကန်းတော်တွေ ကပ်လှူထားအပ်တဲ့ ရွှေထီးတော်လေးဆူကို ပါရမီ ဖြည့်ဖက်ဖြစ်ကြတဲ့ မန္တလေးမြို့ ထင်ကျော် ငါးသုံးလုံး နို့ဆီလုပ်ငန်းပိုင်ရှင် ဦးတင်ထွေး+ ဒေါ်တင်မာဦးတို့နှင့်တကွ နိဗ္ဗာန်သွားလမ်းပေါ်မှာ ဆုံကြတယ် . . . တဲ့၊ နိဗ္ဗာန်သွားလမ်းပေါ်မှာ ဆုံတဲ့အနေနဲ့ ရွှေထီးတော်ကြီး လေးလက်ကို ရွှေသင်္ကန်းတွေ ကပ်လှူပြီးတော့ အရံစေတီတော်လေးဆူကို ရွှေထီးတော် လေးလက်တင်လှူ ပူဇော်ကြခြင်းဆိုတဲ့ ကောင်းမှု၊ ဘုရား ဒါယကာ မူရင်းဖြစ်တဲ့ သီရိဓမ္မာသောကမင်းကြီး သွားတဲ့လမ်းပေါ်မှာ မိမိတို့ ခြေရာထပ်လိုက် နိုင်တဲ့ကောင်းမှု၊ သီရိဓမ္မာသောကမင်းကြီး လုပ်သွားတဲ့လုပ်ငန်းရဲ့ နောက်က မိမိတို့ခြေရာ ထပ်ကပ်ပြီး လိုက်တာပဲ၊ နိဗ္ဗာန်လမ်းလိုက်တာပဲ၊ အို၊ နာ၊ သေလွတ်တဲ့ ဘက်သွားတာပဲ . . . တဲ့။

သီရိဓမ္မာသောကမင်းကြီး စတင်တည်ထားတဲ့အပြင် နောက်ထပ် နောက်ထပ် ခုလိုစေတီကြီးတွေ ကြီးထွားပြီတော့ တန်ဆောင်းတွေ၊ ကျောင်းတွေနဲ့ ကြီးကျယ်သွားအောင် ဘယ်သူထပ် မွမ်းမံတုန်းလို့ ကြည့်ပြန်တော့လည်း သာမည မင်းတွေ လုပ်ခဲ့သည် မဟုတ်ပဲနဲ့၊ သာမညမင်းတွေ၊ သမိုင်း ရာဇဝင်မှာထင်ရှားတဲ့ တန်ခိုးကြီးမားတဲ့ ပုဂံရာဇဝင်မှာ တန်ခိုး အကြီးဆုံးဖြစ်တဲ့ အနော်ရထာမင်း။ အဲဒီ သီရိဓမ္မာသောကမင်းကြီး တည်ထားတဲ့ ရွှေမုဋ္ဌော နှစ်ဆူက နောင်နှစ်ပေါင်း ကြာလာတဲ့အခါကျတော့ သဘာဝဘေးဒဏ် လူတို့ရဲ့ဘေးဒဏ်၊ အဖျက်အဆီး အမျိုးမျိုးကြောင့် ပျက်စီး တိမ်ငုပ်မြုပ်တော့မလိုဖြစ်နေတဲ့အချိန်မှာ အနော် ရထာမင်းလို့ အားလုံးသိနေတဲ့ သာသနာပြုမင်း။

တရုပ်ပြည်ကို စွယ်တော်သွားပင့်ပြီးတော့ အပြန်မှာ၊ အခု အားလုံး သိနေကြတဲ့ အခုလောလောဆယ် ကျင်းပနေတဲ့ တောင်ပြုံးပွဲ အုဋ်နှစ်ချပ်လပ်တဲ့ ဘုရားစေတီ၊ အပြန် တည်တဲ့စေတီတော်ကို တည်ထားရင်းနဲ့ ဒီပတ်ဝန်းကျင်မှာ ရှိတဲ့စေတီတော်ကိုလည်း ပျက်စီး ယိုယွင်းတာတွေ ထပ်မံပြင်ဆင်ရာက ဤ ရွှေကြက်ကျ၊ ရွှေကြက်ယက်ဘုရား စေတီနှစ်ဆူကိုလည်းပဲ သီရိဓမ္မာသောက မင်းကြီးရဲ့ ရွှေမုဋ္ဌောကို ငုံပြီးတော့ ထပ်မံပြီးတော့ တည်ထား ပြုပြင်တော်မူခဲ့တယ်၊ ထပ်ပြင်တဲ့ ပုဂ္ဂိုလ်ကလည်းပဲ နိုင်ငံကျော် ကမ္ဘာကျော် သာသနာပြုမင်း ဒိတ်ဒိတ်ကြဲ အနော်ရထာမင်း။

အဲဒီနောက် နောက်ဆုံးပြုပြင်သွားတဲ့မင်းက ဘယ်မင်းဖြစ်တုန်းဆိုတော့ အဲဒီ အနော်ရထာမင်းရဲ့မြစ်တော် ကျန်စစ်သားမင်းကြီးရဲ့မြေးတော် အားလုံးဒကာ ဒကာမတွေ ဖေါင်စကြာလှည့်တဲ့မင်းကြီး၊ ဖေါင်စကြာလှည့်တဲ့မင်းကြီးလို့ သိနေကြတဲ့

http://www.dhammadownload.com



အလောင်းစည်သူ။ အလောင်းစည်သူကလည်း သာမညမင်းမဟုတ်ဘူး ဘုန်းတန်ခိုး ကြီးလိုက်တာမှ လက်ညှိုး ညွှန်ရာ ရေဖြစ်ဆိုတဲ့အတိုင်းပဲ သူသွားလိုတဲ့ အရပ်တွေမှန် သမျှ ဖေါင်စကြာလှည့်ပြီးတော့ သွားရင်းနဲ့ ဖေါင်တော်ဦးဘုရား၊ ဖေါင်တော်ဦး ဘုရားနဲ့ ဖေါင်ဆိုက်ရာအရပ်တိုင်းမှာ ဖေါင်တော်ဦးဘုရားတွေ တည်ထားကိုးကွယ် ပြီးတော့ သွားခဲ့တဲ့ ဘုရင်မင်းမြတ်။ အဲဒီမင်းမြတ်က နောက်ဆုံးတည်ထား ကိုးကွယ်သွား ပြုပြင်သွားတဲ့ ဟောဒီရွှေကြက်ယက် ရွှေကြက်ကျ မြတ်စွာဘုရား။

ရန်အောင်မြင်ကုန်းလို့ခေါ်တဲ့ အခုဒကာ ဒကာမတွေ ထိုင်နေတဲ့ ဟောဒီ ဘုရားကုန်း ကြီးက ရန်အောင်မြင်ကုန်းလို့ခေါ်တယ်၊ အဲဒီ ရန်အောင်မြင်ကုန်းကြီး ပေါ်မှာ ဆုတောင်းပြည့်ဘုရား ပူဇော်ခဲ့မယ်လို့ အလောင်းစည်သူမင်းမြတ်ကြီးက အခုဒကာ ဒကာမတွေ မျက်နှာမူ ပြီးတော့ ထိုင်နေတဲ့ ဟောဒီစေတီတော်မြတ်ကြီးရဲ့ မြောက်ဘက်မုခ်ထဲမှာ သီတင်းသုံး နေတော်မူတဲ့ ရုပ်ပွားဆင်းတုတော် ဆုတောင်း ပြည့်မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကို အလောင်းစည်သူမင်းကြီးက ကိုးကွယ်ပူဇော်တော်မူခဲ့တယ်၊ ဆုတောင်းရင်ပြည့်လွန်းတော့ ဆုတောင်းပြည့်၊ အလောင်းစည်သူပြုပြင်တည်ထားခဲ့တာမို့လို့ အာဏာစက်, ဣဒ္ဓိစက်, သိဒ္ဓိစက်, တန်ခိုးအမျိုးမျိုးပြီးစီးတဲ့ ရုပ်ပွားဆင်းတုတော်ကြီး။

ကိုယ်လိုချင်တဲ့ ဆုကိုတောင်းလို့ရှိရင် **"စံပယ်လက်တင်, ဆုတောင်းလျှင်, လိုအင်ဆန္ဒ, တောင်းတိုင်းရ"** တဲ့ စံပယ်ပန်းကို ဘုရားလက်ထဲ တင်လှူပြီးတော့ စံပယ် ပန်းကုံး, စံပယ်ပန်းပွင့်, စံပယ်ပန်းခိုင်, စံပယ်ပန်းညွန့် တင်လှူပြီတော့များ ဆုတောင်းလို့ ရှိရင် ဆုတောင်းပြည့်လွန်းလို့ ဘုန်းကြီးတို့ ရာဇဝင်မှာ အင်းဝ မင်းခေါင်းမင်းက မင်းညီမင်း သားတွေ မဖူးရလို့ များတောင် အမိန့်ထုတ်ယူရ တဲ့အထိ ဖြစ်ခဲ့တဲ့ ဆုတောင်းပြည့်ဘုရား၊ မင်းညီမင်းသားတွေ ဆုတောင်းလိုက်လို့ ရှိရင် ထီးနန်းမြန်မြန်ရပါစေ၊ အထွဋ်အထိပ် မြန်မြန် ရောက်ပါစေလို့ ဆုတောင်း လေ့ရှိသကိုး . . .၊ ဘုရားကို လှူဖွယ်တန်းဖွယ်လှူ အထူးသဖြင့် **"စံပယ်လက်တင်, ဆုတောင်းလျှင်, လိုအင်ဆန္ဒ, တောင်းတိုင်းရ"** ဆိုတဲ့အတိုင်း စံပယ်ပန်း စံပယ်ပန်းကုံး, စံပယ်ပွင့်, စံပယ်ညွန့်တင်ပြီးတော့ ဘုရားကို တင်ပြီးတော့ ဆုတောင်းလိုက် လို့ရှိရင် မကြာခင် လိုအင်ဆန္ဒ တောင်းတိုင်းရတာမို့လို့။

မင်းညီမင်းသားတွေက ထီးနန်းရပါစေ၊ အထွဋ်အထိပ်ရောက်ပါစေ၊ မင်းဧကရာဇ် ဖြစ်ပါရစေလို့ ဆုတောင်းလိုက်ပြီဆိုရင် လက်ရှိ ရှိနေတဲ့ ရှင်ဘုရင်တွေက ရာထူးပြုတ်ရတယ်၊ သေရင်လည်းသေ၊ နတ်ရွာစံရတယ်၊ အဲဒီလို ဖြစ်လွန်းလို့ အင်းဝ မင်းခေါင်းက မင်းညီမင်းသားများ မဖူးရလို့တောင် အမိန့် ထုတ်ယူရတဲ့ ဆုတောင်းပြည့်ဘုရား၊ ဆုတောင်း တိုင်းပြည့်လွန်းတော့၊အဲဒီဘုရားကို ကိုးကွယ်သွားခဲ့တာက အလောင်းစည်သူ။

http://www.dhammadownload.com



ဒီတော့ ဒီနေ့ဘုရားဒကာ ဘုရားအမ ထီးတော်ဒကာ ထီးတော်အမ ဖြစ်ကြတဲ့ ကောင်းမှုရှင်တွေနဲ့တကွ ဒီနေ့တတ်စွမ်းသမျှ ဘုရားဂေါပကဖြစ်နေကြတဲ့ ဒကာ ဒကာမတွေ ဘုရားကို ပူဇော်ကိုးကွယ်ခွင့် ရနေတဲ့ ဒကာ ဒကာမတွေ ဘုရားကို ဒီနေ့လာရောက်ပြီးတော့ လက်အုပ်ချီမိုး ရှိခိုးကန်တော့ခွင့်ရတဲ့ ဒကာ ဒကာမတွေက ဒို့ သာမန်ဘုရားမဟုတ်ဘဲနဲ့ သီရိမေ္ဘာသောကမင်းကြီးဆိုတဲ့ တိုင်းကျော်ပြည်ကျော် ကမ္ဘာကျော် နိုင်ငံကျော် သာသနာပြု မင်းကြီး။

အနော်ရထာမင်း အလောင်းစည်သူမင်းဆိုတဲ့ သာသနာပြုမင်းကြီးတွေနဲ့ ပါရမီ ဆက် ပဋ္ဌာန်းဆက်ရှိကြလို့ အဲဒီမင်းမြတ်ကြီးတွေ တည်ထားကိုးကွယ်ခဲ့တဲ့ ဘုရားကို ဒို့ ပဋ္ဌာန်းဆက် ပါရမီဆက် ရှေးကအကြောင်း ကောင်းမှုပြုခဲ့သည့် အားလျော်စွာ ဒို့ကိုးကွယ် ဆည်းကပ် ပူဇော်ခွင့် ရကြတယ်. . . လို့ မြတ်စွာဘုရားရဲ့ ဓာတုသံယုတ် "ဓာတုသော ဘိက္ခဝေ သတ္တာ သံသန္ဒန္တိ သမေန္တိ- ဓာတ်ခြင်းတူတဲ့ပုဂ္ဂိုလ်တွေ ဓာတ်ဆက်, ပါရမီဆက်ရှိတဲ့ပုဂ္ဂိုလ်တွေ ကုသိုလ်ကောင်းမှု အတူ ပြုဖြစ်ကြတယ်၊ နိဗ္ဗာန်သွားလမ်းပေါ်မှာ ဆုံတတ်တယ်လို့ ဟောတော်မူ ထားတဲ့အတိုင်း ဒီနေ့ ဘုရားရှင်စေတီ တော်မြတ်ကြီးလေးဆူကို ထီးတော်တင်လှူတဲ့ ကုသိုလ်ကောင်းမှုကိုလည်း ဒို့ပြုရပေတယ်၊ ငွေကျပ်နှစ်သောင်းတစ်ထောင်ကျော် အကုန်အကျခံပြီးသကာလ မိသားစု နှစ်စုက ထီးတော်လေးဆူကို တစ်ယောက် နှစ်ဆူစီအားဖြင့် ထီးတော်လေးဆူကို တင်လှူ ပူဇော်ကြခြင်း၊ ဒီနေ့ပြုလုပ် အားထုတ်တဲ့ ကောင်းမှုတွေမှာ ထီးတော်တင်လှူတဲ့ ကောင်းမှုကြီးက အဓိက ဖြစ် တာဖြစ်တော့ ထီးတော်တင်လှူတဲ့ ကောင်းမှုကြီးကို ပြုပြီးတော့ ဒီကောင်း မှုမျိုး ပြုပြီးတော့ နိဗ္ဗာန်ဝင်သွားတဲ့ ဘုန်းကြီးတို့ ဘုရားလက်ထက်က အတိဆတ္တိယမထေရ် တို့မိသားစုနဲ့ ပိလိန္ဒဝစ္ဆ မထေရ်တို့ မိသားစုပြောသွားတဲ့ စကားလေးကို ဘုန်းကြီးတို့က ပြန်ပြောရမယ်၊ ဘုန်းကြီးတို့ ဘုရားလက်ထက်မှာ အာသဝေါ ကင်းကွာ ရဟန္တာအရှင်မြတ်ကြီး အဖြစ်နဲ့ *အတိဆတ္တိယမထေရ်နဲ့ သူ့ရဲ့မိသားစု ရဟန္တာဖြစ်ပြီး ကျွတ်တမ်းဝင် သွားကြ တယ်၊ ပိလိန္ဒဝစ္ဆမထေရ်ကြီး နှင့်တကွ သူ့ရဲ့မိသားစု ရဟန္တာဖြစ်ပြီးတော့ ကျွတ်တမ်းဝင် သွားကြတယ်။

ကျွတ်တမ်းဝင်သွားကြတဲ့ ရဟန္တာဖြစ်သွားတဲ့ အရှင်မြတ်ကြီးတွေက သူတို့ဇာတ် ကြောင်း သူတို့ပြန်ပြောင်းပြီးတော့ ပြောခဲ့လေ့ရှိတယ်၊ ဘာဖြစ်လို့ ပြောတာတုန်း နောင်လာ နောင်သားတွေ အတုခိုးတတ်အောင်လို့ နောင်လာ နောင်သားတွေ ကောင်းတုကိုသင် ကောင်းအင်ကို လိုက်တတ်အောင်လို့ ပြောခဲ့ တတ်ကြတယ်၊ ဒီလိုပြောခဲ့တဲ့ ဂါထာတွေ ပါဠိတွေကို ထေရာပဒါန်ပါဠိတော်လို့

* အတိဆတ္တိယတ္ထေရအပဒါန-အပ-၁၊ ၁၈၈။ ဌ-၂၊ ၁၅၃။

http://www.dhammadownload.com



ပိဋကတ်မှာကျတော့ ထင်ရှားတယ်၊ ရဟန္တာမထေရ်ကြီး တွေက သူတို့ဇာတ်ကြောင်း သူတို့ပြန်ပြောင်းပြောသွားတာ အခုကာလလိုပြောရင် ကိုယ် တိုင်ရေး အတ္ထုပ္ပတ်ကို ရေးသွားကြတာ၊ သူတို့အတ္ထုပ္ပတ် သူတို့ဖေါ်ရေးသွားကြတာ၊ ငါဘယ်လို လုပ်ခဲ့လို့ ဘယ်လိုကောင်းမှု ပြုခဲ့လို့ ဘာတွေ ခံစားရပြီးတော့ နိဗ္ဗာန်ဘယ်လို ဝင်တယ်၊ နောက်ဆုံး ရဟန္တာ ဖြစ်ပြီးတော့ ဘယ်လိုခံစားရတယ်၊ ဘယ်လိုချမ်းသာတွေ လမ်းမှာကြုံရတယ်နဲ့ ပြန်ပြောင်းပြီးတော့ ပြောသွားကြတာ။

ထို့အတူပဲ ရဟန္တာမ အရှင်မြတ်ကြီးတွေက ပြန်ပြောင်းပြောတာကျတော့ ထေရီ အပဒါန်၊ ရဟန္တာမကြီးတွေက ပြန်ပြောတော့ ထေရီပဒါန်လို့ခေါ်တယ်၊ ရဟန္တာအရှင်မြတ်ကြီး တွေက ပြန်ပြောတော့ ထေရာပဒါန်လို့ခေါ်တယ်၊ နောက်ဆုံး ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ဝင်တာတော့ ဝင်တာချည်းပဲ အို-နာ-သေလွတ်ပြီးတော့ ပရိနိဗ္ဗာန်စံတာ အတူတူပဲ အဲဒီကျတော့။ သို့သော် တချို့ကျတော့ ငတ်မွတ်, မွဲတေပြီးတော့ ဝင်ရတယ်၊ တချို့ကျတော့ အစားပြည့်စုံ အဝတ်ပြည့်စုံ, အနေပြည့်စုံ ချမ်းသာပြီးတော့ ဝင်ကြတယ်၊ ဝင်ပုံဝင်နည်းမတူဘူး၊ ဘုရားလက်ထက် လောသက တိဿ မထေရ်တို့ကျတော့ ငတ်လိုက်တာ. . . ဆွမ်းတနပ်ဝအောင် စားမသွားရဘူး၊ ပရိနိဗ္ဗာန်စံသည်အထိ ဆွမ်းဝဝ စားမသွားရရှာဘူး၊ ငတ်ငတ်ပြတ်ပြတ်နဲ့ ပရိနိဗ္ဗာန်စံရတယ်၊ ပရိနိဗ္ဗာန်စံတာ အတူတူပဲ၊ ဒီကြားထဲ ငတ်လိုက်တာ ဆင်းရဲဒုက္ခကြုံ လိုက်တာ၊ လူ့ဒုက္ခတွေ အကုန်ကြုံရတယ်။

အနာထပိဏ်သူဌေး, ဝိသာခါကျောင်းအမ စတဲ့ပုဂ္ဂိုလ်တွေ, မိထွေး တော်ဂေါတမီ, သုဒ္ဓေါဒနမင်း အစရှိတဲ့ပုဂ္ဂိုလ်တွေကျတော့ ထီးနန်းစည်းစိမ် ရိပ်ငြိမ်ချမ်းသာကြီးတွေနဲ့ လူ့စည်းစိမ်ကြီးတွေ အထွဋ်အထိပ်က ခံစားပြီးတော့ ပရိနိဗ္ဗာန်စံကြတယ်၊ ရဟန္တာဖြစ်ကြ တယ်၊ နိဗ္ဗာန်ဝင်ပုံချင်းမတူဘူး၊ ဆင်းဆင်းရဲရဲ ငတ်ငတ်ပြတ်ပြတ် မွဲမွဲတေတေနဲ့ ဝင်ရတာက တစ်မျိုး၊ ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံနဲ့ ဝင်ရတာကတစ်မျိုး ဒီတော့ ဘယ်ဟာကြိုက်သလဲ သတ္တဝါက ချမ်းချမ်းသာသာနဲ့ ဝင်တာကြိုက်ကြတာချည့်ပဲ၊ ဘယ်သူမှ ငတ်ပြတ်မွဲတေပြီးတော့ မဝင်ချင်ဘူး။

ဒီတော့ ငတ်ပြတ်မွဲတေပြီးတော့ မဝင်ချင်ရင် မငတ်တဲ့ မပြတ်တဲ့ အလုပ်ကိုလည်း လုပ်ရတယ်လို့ သိစေချင်လို့ ရဟန္တာအရှင်မြတ်ကြီးတွေက အေး . . . ဘယ်လို ကောင်းမှုတွေ ပြုရင် ဘယ်လိုအကျိုးတွေ ခံစားပြီးတော့ ချမ်းချမ်း သာသာ ဝင်ရတယ်၊ ဘယ်လို မကောင်း တာတွေ လုပ်ရင် ဘယ်လိုဆင်းဆင်းရဲရဲ ငတ်ငတ်ပြတ်ပြတ်နဲ့ ဝင်ရတယ်လို့ ဆိုတာတွေကို ပြန်ပြောင်းပြောခဲ့ကြလို့ ထေရာပဒါန်၊ ကိုးဆယ့်လေးကမ္ဘာထက်တုန်းက အတ္ထဒဿီဆိုတဲ့ ဘုရား ကိုယ်တော်မြတ်ကြီး ကမ္ဘာလောကပွင့်ခဲ့တယ် . . . တဲ့၊ အတ္ထဒဿီဆိုတဲ့ဘုရား ကိုယ်တော်မြတ်ကြီးက ကမ္ဘာလောကမှာ ပွင့်ထွန်းပေါ်လာတော်မူတယ်။

http://www.dhammadownload.com



အဲ ပွင့်ထွန်းပေါ် လာပြီးတော့ သစ္စာလေးပါးတရားတွေ လှည့်ပတ်ဟော ကြားပြီးလို့ ပရိနိဗ္ဗာန်စံသွားလို့ တစ်နှစ်လောက်ရှိတော့ ဒို့ကလူပြည်ရောက်လာတယ်၊ ဒို့က လူတော့ လာဖြစ်ရဲ့ . . . . တဲ့၊ ဘုရားပရိနိဗ္ဗာန်စံပြီးမှ လူဖြစ်ရက်ဖြစ်နေတယ်၊ ဘုရား ပရိနိဗ္ဗာန်စံသွားပေ မယ့်လို့ ဘုရားတရားတွေတော့ မပျောက်သေးဘူး၊ ဘုရားကိုယ်တော်မြတ်ကြီးကိုယ်တိုင် ထင်ထင်မမြင်ရတောတဲ့ အချိန်ကျမှ ဒို့ကလူဖြစ်ပြီးတော့ လာကြတယ်၊ အဲဒီလိုနဲ့ ဒို့အသက် အရွယ်လေး အချိန်အခါလေး ရောက်တော့၊ အိမ်ထောင်ရက်သားကျပြီးတော့ လုပ်စားကိုင် စားနဲ့နေရင်းနဲ့ အော် . . . ဘုရားကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံတာ ဘာမှမကြာသေးဘူး၊ ဒို့က လူဖြစ်နောက်ကျလေခြင်း၊ ဘုရားကိုယ်တော်မြတ်ကြီး မြင်ရ ဖူးရ ဘုရားကိုယ်တော် မြတ်ကြီး ဟောတဲ့တရားကို နားနဲ့ကိုယ်တိုင်ကြားနိုင်တဲ့ လူ့အဖြစ်ကို မရလိုက်ပါပဲနဲ့ လူတော့ ဖြစ်ပါရဲ့သားနဲ့ ဘုရားကိုယ်တော်မြတ်နဲ့ မတွေ့ရတာဟာဖြင့် "အဟော မမ ပရိဟာနိ'တိ" ဒို့ရဲ့ ကြီးစွာသော ဆုံးရှုံးခြင်းကြီး ဆုံးရှုံးလေစွတကား၊ ဒို့ရှုံးတာတော့ ရှုံးတာပဲ။

အခုဒို့ရှေ့က ခုနစ်ဆယ်၊ ရှစ်ဆယ်ဆိုတဲ့ပုဂ္ဂိုလ်ကြီးတွေက ဘုရားကို မှီလိုက်ကြ တယ်၊ ဘုရားတရားကို နာလိုက်ကြရတယ်၊ ဒို့က ဘုရားကို မမြင်လည်း မမြင်လိုက်ရဘူး၊ ဘုရား တရားကိုယ်တိုင်ဟောတာကိုလည်း မကြားလိုက်ရဘူး ဆိုတော့ ဒို့ရှုံးတာပဲ . . .၊ အဲဒီဘက်တော့၊ သို့သော် ရှုံးတယ်ဆိုပြီး ထိုင်ငိုနေရုံနဲ့ ပြီးမလား၊ ရှုံးတယ်ဆိုပြီးတော့ အရှုံး ခံတာကို ရှုံးတယ် ရှုံးတယ်လို့ ငိုနေရုံနဲ့တော့ ဒို့အရှုံးပေါ် အရှုံးထပ်တော့မှာပဲ . . . တဲ့။

"(တသ္မာ) မမ ဇာတိံ သဖလံ ကရိဿာမိ "

တသ္မာ-ထိုကဲ့သို့ ဘုရားကိုယ်တော်မြတ်ကြီးကို မဖူးလိုက်ရသည်၏ အဖြစ်ကြောင့်၊ မမ ဇာတိံ - ငါတို့ရထားတဲ့ တန်ဖိုးကြီးတဲ့ လူ့ဘဝကလေးကို၊ တိရစ္ဆာန်ဘဝ, ပြိတ္တာဘဝ, အသုရကာယ်ဘဝနဲ့ မတူဘူး လူ့ဘဝက မဂ်ဖိုလ်နိဗ္ဗာန် ရယူချင်ရင် ရယူနိုင်တဲ့ဘဝ၊ မဂ်ဖိုလ် နိဗ္ဗာန်ကို တက်ချင်ရင် ငြမ်းနဲ့တူတဲ့ဘဝ လူ့ဘဝက၊ ဒီငြမ်းအမြင့်ထိ တက်လို့ရတယ်၊ အို-နာ-သေလွတ်တဲ့ နိဗ္ဗာန်ပန်းတိုင်ကို ဒီငြမ်းနင်းပြီးတော့ ဆွဲလို့ရတယ်။

ဟိုနားမှာ အိပ်နေတဲ့ ခွေးတွေ, နွားတွေ, ကြက်တွေ, ငှက်တွေရဲ့ဘဝ, ရုပ်နာမ် နှစ်ပါးပဲ သူတို့လည်း၊ မျက်စိနားနှာ အင်္ဂါခြေလက်နဲ့ပဲ သူတို့လည်း အဲသူတို့ဘဝက ငြမ်းမဟုတ်တဲ့ဘဝ မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာကို ရယူချင်လို့ ယူလို့မဖြစ်တဲ့ဘဝ သူတို့က၊ ငြမ်းမဟုတ်ဘူး၊ လှေခါး မဟုတ်ဘူး သူတို့က၊ လူ့ဘဝ လူ့ခန္ဓာက ငြမ်းနဲ့လည်း တူတယ်၊ လှေခါးနဲ့လည်း တူတယ်၊ နိဗ္ဗာန်ပန်းတိုင်ကို လှမ်းကိုင်ချင်ရင် ငြမ်းအဖြစ်နဲ့ တက်လို့လည်း ရတယ်၊ အဲဒါကို သူတို့က

http://www.dhammadownload.com



သတိရပြီးတော့ "မမ ဇာတိ သဖလံ ကရိဿာမိ" မမ အမှာက်- ငါတို့ရဲ့၊ ဇာတိ - တန်ဖိုးကြီးစွာရထားတဲ့ လူ့ဘဝလေးကို (ဝါ) အို, နာ, သေ လွတ်တဲ့ နိဗ္ဗာန်ပန်းတိုင်ကို လှမ်းကိုင်နိုင်ဖို့ရာအတွက် ငြမ်းအဖြစ်နဲ့ အသုံးချလို့ရတဲ့ လူ့ဘဝ လေးတို့၊ သဖလံ- အကျိုးရှိအောင်၊ ကရိဿာမိ- ပြုကြပေတော့အံ့။

မိသားစုတိုင်ပင်တာ သူတော်ကောင်းတွေရဲ့ အတိုင်အပင်၊ အတုခိုး စရာလေး ဒို့ရထားတဲ့ လူ့ဘဝလေးကို အပါယ်လေးပါး ဆင်းမယ့် လှေခါးမဖြစ်စေပဲ နိဗ္ဗာန်တက်မယ့် လှေခါးဖြစ်အောင် ဒို့ဘဝလေး ဒို့အသုံးချကြစို့ရဲ့ လို့ တိုင်ပင်ပြီး တော့ အဲဒီသူတို့မြို့ရဲ့ အနီးက စေတီတစ်ဆူပျက်နေတာကို သူတို့မိသားစုတတွေ ထပ်မံမွမ်းမံ ပြင်ဆင်ပြီးသကာလ-

**"ဆတ္တာတိဆတ္တံ ကာရေတွာ, ထူပမှိ အဘိရောပယိ "**

ဆတ္တာတိဆတ္တံ-အဆင့်ဆင့် မြင့်မြင့် မြင့်မြင့် တက်သွားတဲ့ ရွှေထီးတော်ကို၊ ကာရေတွာ-ပြုလုပ်စေပြီး၍၊ ထူပမှိ-မိမိတို့ ပြင်ဆင်မွမ်းမံထားတဲ့ စေတီတော်ပေါ်၌၊ အဘိရောပယိ-နိဗ္ဗာန်ကို ရည်မှန်း၍, လှူဒါန်းတင်လှူခဲ့ကြ ပါပေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

အေး . . . အဲဒီလိုနဲ့ ကိုယ့်ဘဝလေးကို အကျိုးရှိအောင် လုပ်တော့မယ် ဆိုပြီးတော့ ဒို့လယ်ယာကိုင်းကျွန်းလုပ်ကိုင်လို့ရတဲ့ ပိုလျှံလာတဲ့ ငွေလေးကြေးလေးကို ဒို့မိသားစုချည်း စားမပစ်ဘဲ ဒို့မိသားစုချည်း ဝတ်မပစ်ဘဲ ဒိုမိသားစုချည်း နေမပစ်ဘဲနဲ့ ဘုရားကိုယ်တော်မြတ် ကြီးရဲ့ ဓာတ်တော်တွေ ကိန်းနေတဲ့ စေတီတော်မြတ်ကြီးကို မွမ်းမံပြင်ဆင်ပြီးတော့ ရွှေထီးတော် တင်လှူပြီးတော့ ပူဇော်ခဲ့ကြတယ် . . .၊ အဲဒီလို ပူဇော်ပြီးတော့တဲ့ ဘုရားဒကာ ဘုရားအမ အဖြစ် ဒို့ခံယူလိုက်ကြတော့၊ ဒို့ဘဝလေးမြတ်သွားပြီ၊ ရွှေထီးတော် ဒါယကာ၊ ရွှေထီးတော် ဒါယိကာမအဖြစ် ဖြစ်သွားတော့ ဒို့ခန္ဓာလေးက မြတ်သွားပြီ၊ ရွှေထီးတော် ဒါယကာ ရွှေထီးတော် ဒါယိကာမဖြစ်သွားပြီလေ . .၊ ဒို့ခန္ဓာကိုယ်က။ (၃၂) ကောဋ္ဌာသ ခန္ဓာကိုယ် အစုအဝေးချင်းတူပေမယ့်လို့ ရုပ်စုရုပ်ပုံချင်းတူတာ ဂုဏ် မတူဘူး။

အခု ထီးတော်တင်လှူကြတဲ့ ဒကာ ဒကာမ မိသားစုလေးဦး ဒီနေ့ကစ ပြီးတော့ ဒီခန္ဓာကိုယ်က ဟုတ်တယ်သူများလို့ပဲ (၃၂) ကောဋ္ဌာသဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း အစုအဝေးတွေ အညစ်အကြေးတွေပါပဲ၊ သို့သော် ဂုဏ်ကရွှေထီးတော် ဒကာ ရွှေထီးတော် ဒကာမ ရွှေထီးတော် ဒကာ ရွှေထီးတော် ဒကာမဆိုတဲ့ ဂုဏ်က ဒီထဲမှာ အောင်းသွားပြီ ကိန်းသွားပြီ၊ ဝပ်သွားပြီ၊ ဝပ်သွားတော့ ဘယ့်နှယ့်ဖြစ်တုန်း ပေါ- သူတို့မိသားစု ဆက်ကြည့် -

http://www.dhammadownload.com



**ကာလေန ကာလ မာဂန္တွာ, နမဿိ လောကနာယကံ၊**

**ပုပ္ဖစ္ဆဒနံ ကတွာန, ဆတ္တမှိ အဘိရောပယိံ။**

ငါတို့လေတဲ့ အဲဒီလိုရွှေထီးတော်ကြီး တင်လှူ စေတီတော်ကို မွမ်းမံပြင်ဆင်ပြီးတော့ ရွှေထီးတော်တင်လှူ ပူဇော်နိုင်တဲ့နေ့က စပြီးတော့ ဒို့ဝမ်းထဲမှာ ဘုရားခဏခဏ ကိန်းတယ် . . . တဲ့၊ ဘာလို့တုန်းဆိုတော့ ဒို့ရွှေထီးလှူရတယ်၊ ဒို့ထီးတော်လှူထားရတယ်နဲ့ ဒီဟာခဏခဏ သတိရတယ်တဲ့၊ အဲ အဝေးကနေပြီးတော့ သွားရင်းလာရင်းနဲ့ အဝေးကနေပြီးတော့ ကိုယ်လှူ ထားတဲ့စေတီတော် လှမ်းမြင်လိုက်တိုင်း မြင်းလိုက်တိုင်း ဒို့လှူထားတဲ့ဘုရား၊ ဒို့ပူဇော်ထားတဲ့ဘုရား၊ ဒို့တင်လှူထားတဲ့ ထီးတော်ဆိုတဲ့ ကုသိုလ်စိတ်တွေ တဖျတ်ဖျတ် ဖြစ်တယ် ဝမ်းထဲ၊ အဲဒါနိဗ္ဗာန် သွားလမ်းကြီး သွားနေတာပဲ၊ နိဗ္ဗာန်ဘက်ပို့နေတာပဲ၊ ဒီစိတ်တွေပေါ်တိုင်း ပေါ်တိုင်း ကုသိုလ်တွေဖြစ်တယ်၊ ဒါတင်မကသေးဘူးတဲ့ အားလပ်ပြီ . . . အားတဲ့နေ့တွေရှိပြီဆိုရင်-

**"ကာလေန ကာလ မာဂန္တွာ, နမဿိ လောကနာယကံ"**

ကာလေန ကာလံ- ရံဖန်ရံခါ, (ဝါ) အားလပ်တဲ့ရက်များမှာ၊ လောကနာယကံ-လောကအထွဋ်ဖြစ်တော်မူတဲ့, ဘုရားရှင် ကိုယ်တော်မြတ်ကြီး အနီးသို့၊ အာဂန္တွာ- သွားရောက်ကြကုန်၍၊ မိသားစုတစ်တွေ သွားပြီးတော့၊ နမဿိ လောကနာယကံ၊ လောကနာယကံ- လောက အထွဋ်အဦး, ဘုရားရှင်ကိုယ် တော်မြတ်ကြီးကို၊ နမဿိ-ဂုဏ်တော်တွေကို ရွတ်ပွား, သရဇ္ဈာယ်သောအားဖြင့် နေ့စဉ်နေ့စဉ် ရှိခိုးကန်တော့၍, နေကြပါ ကုန်သတည်း။

သာဓု. . . သာဓု. . . သာဓုပါ ဘုရား။

ကိုယ်ကပြုပြင် မွမ်းမံပြင်သွားပြီးတော့ ရွှေထီးတင်ထားတဲ့ဘုရား ဖြစ်နေတော့ လေ. . . တဲ့၊ ဒီဘုရားအကြောင်းကြားလိုက်တိုင်း ဒီဘုရားအကြောင်းတွေးလိုက်တိုင်း ဒီဘုရားအကြောင်း သတိရလိုက်တိုင်း ဝမ်းထဲမှာ ကုသိုလ်တွေ မပြတ်မပြတ်ဖြစ်နေတဲ့အပြင် ကိုယ့်မှာအားလပ်တဲ့အခွင့် ရပြီ အားလပ်ရက်ကလေး အချိန်ရပြီဆိုရင် အဲဒီဘုရားနား ရောက်သွားတာပဲတဲ့ ဒို့၊ မိသားစုတတွေ ဘုရားနားရောက်သွားပြီးတော့ ဘုရားကို ဖူးကြ၊ ဘုရားကို သန့်ရှင်းရေးတွေ လုပ်ကြ၊ ဘုရားထုံးသက်န်းတွေ ပြန်ကပ်ကြနဲ့ ဒီဘုရားနဲ့စပ်ပြီးတော့ အဲဒီဘဝမှာ ကုသိုလ်ထူးတွေ ဆည်းပူးအားထုတ်နိုင်ခဲ့တယ်၊ တစ်ခါတော့ဖြင့် မှတ်မှတ် ရရ

**"ပုပ္ဖစ္ဆဒနံ ကတွာန ဆတ္တမှိ အဘိရောပယိံ"၊**

http://www.dhammadownload.com



ပန်းတွေကောင်းကောင်းမွန်မွန် ပန်းတွေရောင်းစုံပန်းတွေရလို့ အဲဒီရောင်စုံပန်းတွေကို ပန်းစည်းကြီးလုပ်ပြီးတော့ အဲဒီရွှေထီးပေါ်မှာ ပန်းစည်းကြီးထပ်မိုးပြီးတော့ ပန်းစည်း ကြီးဆင်မိုးပြီးတော့ ပူဇော်နိုင်ခဲ့တယ် . . . တဲ့၊ အမှတ်တရ ကုသိုလ်ထူးကြီးအဖြစ်နဲ့ ပန်းစည်း ကြီးလုပ်ပြီးတော့ ပန်းရောင်စုံတွေကို ပန်းစည်းကြီးလုပ်ပြီးတော့ ရွှေထီးတော်ပေါ်မှာ ထပ်လွှမ်း ပြီးတော့ ပူဇော်နိုင်ခဲ့တယ်။

**စတုန္နဝုတိတော ကပ္ပေ, ယံ ပုပ္ဖမဘိရောပယိံ၊**

**ဒုဂ္ဂတိံ နာဘိဇာနာမိ, ထူပပူဇာယိဒံ ဖလံ။**

စတုန္နဝုတိတောကပ္ပေ- ကိုးဆယ့်လေးကမ္ဘာထက်တုန်းက၊ ယံပုပ္ဖံကမ္မံ- အဲကြင် ထီးတော်တင်လှူ ပူဇော်မှုနှင့်တကွ ပန်းစည်းတင်လှူ ပူဇော်မှု, ဘုရားကို မပြတ်မပြတ် တင်လှူ ပူဇော်မှုဆိုတဲ့ ကောင်းမှုထူး ဂုဏ်ထူးကြီးကို၊ အဘိရောပယိံ- တို့မိသားစုတစ်တွေ ကြိုပမ်း အားထုတ်ပြုလုပ်နိုင်ခဲ့ကြပေပြီ။

**ဒုဂ္ဂတိံ နာဘိဇာနာမိ, ထူပပူဇာယိဒံ ဖလံ**

တတော-ထိုအခါမှစ၍၊ မယံ-ငါတို့သည်၊ ယာဝ ဣမံကာလံ-အခုဂေါတမ ရှင်တော် လက်ထက်မှာ ရဟန္တာယောက်ျား ရဟန္တာမတွေ ဖြစ်ပြီးတော့ ပရိနိဗ္ဗာန်စံ သည့်တိုင်အောင်၊ ဒုဂ္ဂတိံ-ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်လေးဘုံတို့သို့ ကျသွားရခြင်းဆိုတဲ့ ဘဝကို၊ နာဘိဇာနာမိ- မမြင်ရ မတွေ့ရပါ။ အဲဒီအချိန် ကစပြီးတော့ ဒီ အပါယ်လေးပါး ချောက်ကြီးထဲ တစ်ခါမှ ရောက်မသွားခဲ့ဘူးတဲ့၊ ဘုရားကယ်ထားလိုက်တာ ဝမ်းထဲမှာက မပြတ်မပြတ် ကပ်နေတော့ ဘုရား သတိ ရတဲ့ စိတ်တွေ မပြတ်မပြတ်ဖြစ်နေတော့ အဲဒါ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းလို့ခေါ်တယ်၊ အဲဒီဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကြီးက ပင့်ထားလိုက်တာ မ,ထားလိုက်တာ၊ မြှောက်ထား လိုက်တာ၊ ချီထားလိုက်တာ ဒီ အပါယ်လေးပါး ချောက်ကြီး ထဲ, ငရဲချောက်ကြီးထဲ, တိရစ္ဆာန်ချောက်ကြီးထဲ, ပြိတ္တာချောက်ကြီးထဲ, အသုရကာယ် ချောက်ကြီးထဲ ရောက်ခဲ့တယ်လို့ မတွေ့ရဘူး . . . တဲ့ ဒို့ဘဝတွေ။

ဒို့အခုဒီဘဝကနေပြီးတော့ ပြန်ပြောင်းပြီးတော့ ဇာတ်ကြောင်းတွေ ပြန်ကြည့်လိုက် တဲ့အခါမှာ အပါယ်လေးပါးချောက်ထဲ တစ်ခါမှ မကျရတာကို တွေ့ရတယ်၊ ကုသိုလ်ကောင်းမှု ဆိုတာ "ကြွေတလှည့် ကြက်တခုန်" ဆိုသလိုပဲ အထက်တစ်ချက်လောက် မ,တင်လိုက်လို့ အထက်ရောက်သွားရင် အဲဒီအထက်ကျ တော့ ထပ်ထပ်, ထပ်ထပ် ကုသိုလ်တွေတိုးတာကိုး၊ လူ့ဘဝရောက်လာတော့ လဖြစ်ရတော့ မိကောင်း ဖကောင်းနဲ့တွေ့ရတယ်၊ မိတ်ကောင်း ဆွေကောင်းနဲ့ တွေ့ရတယ်၊ ကုသိုလ်တွေ ထပ်ပြု, ထပ်ပြု အဲဒီက နောက်ဘဝရောက်သွား တော့၊ နတ်ပြည်ရောက်သွားတော့ နတ်စည်းစိမ်ခံစားပြီး နတ်သက်တွေက အနှစ် (၅၀၀)၊ စတုမဟာရာဇ်တင် လူနဲ့တွက်လို့ရှိရင် အနှစ် (၉) သန်း ကြာလောက်အောင်

http://www.dhammadownload.com



နတ်ပြည်မှာနေတော့ ဘာအကုသိုလ်မှ ထူးထူးခြားခြား မဖြစ်ဘူး၊ အပါယ်လေးပါး ကျလောက်အောင် အကုသိုလ်မဖြစ်ဘူး၊

နတ်ပြည်မှာ သူ့အသက်သတ်ရတာတွေ မရှိဘူး၊ သူများပစ္စည်း ခိုးတယ်ဆိုတဲ့ သူခိုး, ခါးပိုက်နှိုက်တွေ လူ့ပြည်လို မရှိဘူး၊ ဓားပြလုပ် တိုက်နေတယ်ဆိုတဲ့ နတ်ပြည်က ဓားပြတွေ မရှိဘူး၊ နတ်ပြည်မှာ ထောင်တွေမရှိဘူး၊ အကျဉ်းထောင်တွေ မရှိဘူး၊ လူဆိုး သူဆိုးတွေ မရှိဘူး၊ သေနတ်တွေ မရှိဘူး၊ ဓားတွေ, ဒုတ်တွေ, လှံတွေ မရှိဘူး၊ ငါးဖြာ အာရုံကာမဂုဏ်နဲ့တော့ နေတယ်၊ ကုသိုလ်ကောင်းမှု ပြုတတ်တဲ့ သူတွေက ပြုနေတာပဲ သူတော်ကောင်းတွေက ဘုရားလောင်း နတ်ကြီးတွေကျတော့ အဲဒီနတ်ပြည်ကနေ ဥပုသ်စောင့်နေတာပဲ လူ့ပြည်ဆင်းပြီး၊ အဲဒီလိုအားဖြင့် လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်ဆိုတဲ့ အထက်တန်းကျတော့ ကုသိုလ်ကောင်းမှုတွေ ထပ်ထပ်တိုးပြီးတော့ (၉၄) ကမ္ဘာတိုင်တိုင် ဒို့မိသားစုတွေ ဟောဒီလို ရဟန္တာဖြစ်သည်အထိ ကျွတ်တမ်းဝင်ရသည်အထိ ရောက်ခဲ့ ကြပါတယ် . . . လို့ အတုယူလိုတဲ့ သူတွေ အတုယူရအောင် အဲဒီလို ပရိနိဗ္ဗာန်စံရတဲ့ ရဟန္တာကြီးဖြစ်တဲ့ လာဘ်ကြီးကို ဒို့ရတာ၊ စေတီဟောင်းတစ်ဆူကို မွမ်းမံပြင်ဆင်ပြီးတော့ ရွှေထီး တော်တင်ခဲ့တဲ့ ကောင်းမှုရဲ့ အကျိုးဆက်ပါပဲ . . . လို့ ရဟန္တာအရှင်မြတ်ကြီးတွေ ရဟန္တာမ အရှင်မြတ်ကြီးတွေက ပြောတော်မူခဲ့တယ်။

အဲဒီသူတော်ကောင်းကြီးတွေရဲ့ လမ်းကြောင်းပေါ် ဒီနေ့ ဗိုလ်မှူးကြီး စောလွင်တို့ မဝင်းဝင်းမြင့်တို့၊ ငါးသုံးလုံး နို့ဆီမိသားစုတို့ ဒီနေ့ရောက်ကြတဲ့ နေ့ပဲ၊ သူတော်ကောင်းကြီး တွေရဲ့ နောက်က ခြေရာထပ် ကပ်ပြီးတော့ ဒို့လိုက်နိုင်တဲ့နေ့ပဲ၊ သူတော်ကောင်းကြီးတွေ နိဗ္ဗာန်စခန်း ကျွတ်တမ်းဝင်သလို . . . ဒို့လည်းပဲ နိဗ္ဗာန်စခန်း ကျွတ်တမ်းဝင်ဖို့ရာအတွက် တန်းစီတဲ့နေ့ပါ၊ သူတော်ကောင်းလမ်းပေါ်မှာ လျှောက်နိုင်တဲ့နေ့ပါ၊ သူတော်ကောင်းလမ်း ခေါ်တဲ့ မဂ္ဂင်လမ်းပေါ်မှာ ဒို့လျှောက်လှမ်းနိုင်တဲ့ နေ့ပါ. . . လို့ သဘောပေါက်ကြပြီး သကာလ ထိုကဲ့သို့ သူတော်ကောင်းလမ်းပေါ်မှာ နေ့စဉ်လျှောက်လှမ်းနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

မဂ္ဂသစ္စာခေါ်တဲ့ သူတော်ကောင်းလမ်းကြီးပေါ်မှာ အခုလို လျှောက်လှမ်းနိုင်ကြ ကုန်သည်ဖြစ်၍ ဤကဲ့သို့ လျှောက်လှမ်းသွားတော်မူတဲ့ ရှေးရှေးသော အရိယာ နွယ်လောင်း သူတော်ကောင်း သူမြတ်လောင်းကြီးတို့ ရောက်အပ်, ရအပ်, မြင်အပ်တဲ့ နိဗ္ဗာနဓာတ် ချမ်းသာထူး ချမ်းသာမြတ်ကြီးကို လျင်မြန်ဆောစွာ ကပ်ရောက်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု. . . သာဓု. . . သာဓုပါအရှင်ဘုရား။

http://www.dhammadownload.com



# သာသနာ့ ဥယျာဉ်တရားတော်

ကောင်းမှုပြုကြတဲ့ ကုသိုလ်ရှင်များကရဟန်းခံ ရှင်ပြု မင်္ဂလာကြီးနှစ်ခု၊ ပြီးတော့ အမြဲနေ ရဟန်းလောင်းတစ်ပါးကို ရဟန်းဘောင်ရောက်အောင် သွတ်သွင်း ချီးမြှောက်တဲ့ ဥပသမ္ပဒါရဟန်းခံပွဲ ဖိုးသူတော်လေးသုံးပါးကလည်း ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန် ထမ်းရွက်တဲ့ အမြဲနေ ရှင်သာမဏေလေးတွေအဖြစ် ရောက်မည့် ဖိုးသူတော်လေးတွေ အဲဒီ ဖိုးသူတော်လေးတွေနှင့်တကွ မိမိတို့ တူသားတစ်ယောက် ဒုလ္လဘရှင်ပြု၊ အဲဒီလိုအားဖြင့် သာသနာတော်အတွင်းမှာ ရဟန်းတစ်ပါး၊ ရှင်တစ်ပါး အားလုံးငါးပါးသော သာသနာ့ဝန်ထမ်း ရှင်၊ ရဟန်း၊ သစ်ပင်ပျိုလေးတွေ မြတ်စွာဘုရားရဲ့ သာသနာ့ဥယျာဉ်ကြီးထဲမှာ ဒီကနေ့ လာပြီး တော့ စိုက်ပျိုးကြတယ်။

ဒီတော့ မြတ်စွာဘုရားရဲ့ သာသနာတော်ကြီးက ဥယျာဉ်ကြီးနဲ့တူတယ်၊ ရှင်သာမဏေလေးများ၊ ရဟန်းတော်လေးများက သစ်ပင်ပျိုလေးတွေနဲ့ တူကြတယ်၊ ဒီနေ့ အလှူ့ဒကာ အလှူ့အမတွေက ဥယျာဉ်ကြီး စည်သည်ထက်စည်အောင်၊ စည်ပင်သည်ထက် စည်ပင်အောင် သစ်ပင်စိုက်ပျိုးတဲ့သူတွေနဲ့ တူကြတယ်၊ မြတ်စွာဘုရားရဲ့ သာသနာ့ဥယျာဉ် ကြီးစည်ကားသည်ထက် စည်းကားပါစေ၊ ပြန့်ပွားသည်ထက် ပြန့်ပွားပါစေဆိုပြီးတော့ ဥယျာဉ်ကြီးထဲမှာ သစ်ပင်တွေကို စိုက်ကြတဲ့သူတွေနဲ့ တူကြတယ်၊ သစ်ပင်စိုက်တယ်ဆိုမှတော့ ဒီသစ်ပင်ကို အမှီပြုမည့်သူတွေ ချမ်းသာအောင် အမှီပြုရာ ရောက်သွား၊ သစ်တစ်ပင် ကောင်း တော့ ငှက်တစ်သောင်း ချမ်းသာဆိုသလိုပဲ၊ ကိုယ်စိုက်ထားလိုက်တဲ့၊ ကိုယ်ပြုစု ပျိုးထောင်လိုက်တဲ့ သစ်ပင်က စည်ပင်ပြန့်ပွားကြီးထွားပြီးတော့ ညောင်ပင်ကြီး များလို အသီး၊ အရွက်၊ အခက်တွေနဲ့ ပြည့်စုံတဲ့ သစ်ပင်ကြီးများလို စည်ကားနေ ပြီဆိုရင် အဲဒီသစ်ပင်ကို အမှီပြုတဲ့ ငှက်တွေ ချမ်းသာကြ၊ လူတွေချမ်းသာကြ၊ အရိပ်ခိုရလို့ ချမ်းသာကြ၊ အသီးစားရ လို့ချမ်းသာကြ၊ အပွင့်ပန်ကြရ၊ သုံးကြရလို့ ချမ်းသာကြ၊ အရွက်အညွန့်တွေ သုံးကြရ၊ စားကြရလို့ ချမ်းသာကြ၊ အဲဒီလို ချမ်းသာစေဖို့ရာ ရည်ရွယ်ပြီးတော့ အခုသစ်ပင်စိုက်ကြတာ။

ဒါ့ကြောင့် မြတ်စွာဘုရား သာသနာတော်ကြီးက ဥယျာဉ်ကြီးနဲ့တူတယ်၊ ရဟန်းတော်၊ ရှင်ငယ်တွေက သစ်ပင်ပျိုတွေနဲ့တူကြတယ်၊ ဒီနေ့ ဒကာ ဒကာမတွေ

http://www.dhammadownload.com



က ရှင့်ဒကာ ရှင့်အမ ရဟန်းဒကာ ရဟန်းအမနှင့်တကွ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်း ပူဇော်နေကြတဲ့ ဒကာ ဒကာမတွေက ဥယျာဉ်မှူးတွေနဲ့ တူကြတယ်. . . လို့-

**မဟာယေန္တ္ဓ မဟီရုဟေ, မဟန္တမှိ မဟာဝနေ၊**

**မဟာဝီနံ မဟတ္ထာယ, န ဥဏ္ဏုံ န စ သီတလံ။**

မဟန္တမှိ မဟာဝနေ- မြိုင်ညိုမဟာ, သာသနာဟု, ရောင်ဝါစုံကျင်း, ရဂုံတွင်း၌၊ မဟာဝီနံ- ကျေးငှက်အလား, လွန်အားထားသည့်, တရားယှဉ်င်များလူရှင်တို့၏၊ မဟတ္ထာယ- ဒါနသီလာ, ဘာဝနာတို့, လွန်စွာတိုးလျက် တန်ခိုးထွက်ဖို့ အလို့ငှာ၊ မဟီရုဟေ- သီလ သမာ ဓိပညာဟု, သိက္ခာသုံးသွယ်, အနှစ်တည်၍, အရွယ်စုံကောင်း, ရှင်ရဟန်းတည်းဟူသော သစ်ပင်အပေါင်းတို့ကို၊

မြတ်စွာဘုရားရဲ့ မြိုင်ညိုမဟာခေါ်တဲ့ သာသနာတော် ဥယျာဉ်ကြီးမှာ . . . တဲ့ သစ်ပင် တွေစိုက်ပျိုးလိုက်ကြတာ ဟိုရှေးရှေး လက်ထက်တော်ကစပြီးတော့ မင်းစိုးရာဇာပိုင်းက ဗိမ္ဗိသာရမင်းတို့၊ ကောသလမင်းတို့ အစရှိတဲ့ မင်းစိုးရာဇာပိုင်းကလည်း စိုက်ခဲ့ကြတယ်၊ သီရိဓမ္မာသောကမင်းကြီးတို့ သားတော်တွေ သမီးတော်တွေ ရဟန်းပြုပေး၊ ဘိက္ခုနီမဝတ် ပေးပြီးတော့ သာသနာ့ဥယျာဉ်ကြီး စည်ပင်အောင်ဆိုပြီးတော့ ပြုခဲ့ကြ၊ သူဌေး သူကြွယ်ပိုင်း ကလည်း အနာထပိဏ်၊ ဝိသာခါ ကျောင်းဒကာ ကျောင်းအမ သူဌေး သူကြွယ်ပိုင်းကလည်း စိုက်ခဲ့ကြ၊ နောက်လယ်ယာ ကိုင်းကျွန်း လုပ်ကိုင်တောင်သူလယ်သမား၊ အလုပ်သမား ဆင်းရဲသားတွေကလည်း ကိုယ့်သား ကိုယ့်သမီးကိုသော်လည်းကောင်း၊ သူတစ်ပါး သားသမီးကိုသော်လည်းကောင်း မြတ်စွာဘုရား သာသနာ့ဥယျာဉ်ကြီးအတွင်းမှာ သစ်ပင်တွေ စိုက်ပျိုးခဲ့ကြတယ်။

အဲဒီလိုစိုက်ပျိုးကြတော့ ကိုယ်စိုက်လိုက်တဲ့သစ်ပင် အကြောင်းပြုပြီးတော့ အများစု ချမ်းသာကြ၊ ခုနက ပြောသလိုပဲ သစ်ပင်ကြီးတစ်ပင် ကောင်းတော့ ငှက်တစ်သောင်း ချမ်းသာ၊ ငှက်အပေါင်းချမ်းသာဆိုသလိုပဲ ကိုယ်စိုက်လိုက်တဲ့ သစ်ပင်က အထမြောက်အောင် မြင်သွားရင် ရဟန်းတော်တည်းဟူသော သစ်ပင်၊ ရှင်ဆိုတဲ့ သစ်ပင်ကိုမှီ ပြီးတော့ အများ ချမ်းသာအုန်းမယ်၊ မိမိတို့ ရဟန်းက စာပေတတ်မြောက်လို့ စာချဘုန်းကြီးဖြစ်ပြီးတော့နေ တော့ ဒီစာချဘုန်းကြီးဆီမှာ စာသင်သားတွေ စာတက်ကြရ၊ မသိတာတွေကို မေးကြရ၊ လေ့လာကြရနဲ့ စာသင်သားအများစု ချမ်းသာကြရတယ်၊ မှီခိုကြရတယ်၊ နောက်ဒကာ ဒကာမတွေ ဒီရဟန်းတော်လေးကို ဝိုင်းပြီးတော့ ကိုးကွယ်ကြ၊ ဆည်းကပ်ကြရတော့ ဒီရဟန်းတော်ဟောတဲ့ တရားနာကြားကြရ၊ ဒီရဟန်းတော်ထံက သီလဆောက်တည်ကြရ၊

http://www.dhammadownload.com



ဒီရဟန်းတော်ထံ ဒါနကောင်းမှုတွေ ပြုကြရ၊ အဲဒီလိုနဲ့ သာသနာ့ဥယျာဉ်အတွင်းက သစ်ပင် တစ်ပင်အထမြောက်လိုက်ပြီဆိုရင် ဒါနကောင်းမှု၊ သီလကောင်းမှု၊ သမထ ဝိပဿနာ ကောင်းမှု၊ ပါရမီကောင်းမှုတွေ တိုးပွားကြတယ်။

မဟန္တမှိ မဟာဝနေ- မြိုင်ညိုမဟာ, သာသနာဟု, ရောင်ဝါစုံကျင်း ရဂုံတွင်း၌၊ မဟာဝီနံ-ကျေးငှက်အလား, လွန်အားထားသည့်, တရားယှင်င် များလူ့ရှင်တို့၏ . . ၊ တရားတည်းဟူသော အသီးအပွင့် စားသုံးလိုကြတဲ့ အများရှင် လူတည်းဟူသော များစွာသော ငှက်အပေါင်းအတွက် ချမ်းသာဖို့ရာ ဖြစ်ပေါ်လာ တယ်၊ ကိုယ်ကစိုက်တုန်းကတော့ ကိုယ့်ရဟန်းတော်လေး သာသနာ့အလုပ် အားထုတ်နိုင်ပါစေ ဆိုပြီးတော့ စိုက်လိုက်တာ၊ ကိုယ့်ရှင် သာမဏေလေး သာသနာ့ အလုပ် အားထုတ်တဲ့နေရာ မပင်မပမ်း ချမ်းချမ်းသာသာ အားထုတ်နိုင်ပါစေ ဆိုပြီးတော့ ရှင်တည်းဟူသော သစ်ပင်၊ ရဟန်းတည်းဟူသော သစ်ပင်စိုက်လိုက် တာ. . တဲ့ သူကအောင်မြင်သွားတော့ ဟန်ကျလိုက်တာ အများအကျိုးဆောင် သူ့အကြောင်းပြုပြီးတော့ ဒကာ ဒကာမတွေ ဒါနကောင်းမှုတွေ ဖြစ်ကြ၊ သီလတွေ ဆောက်တည်ကြရလို့ သီလတွေဖြစ်ကြ၊ ဘာဝနာကောင်းမှုတွေ ဖြစ်ကြဆိုတော့ အဲဒီတရား အလှူတွေ ကိုယ်ကပဲပေးလှူသလိုဖြစ်သွား၊ ကိုယ်စိုက်တဲ့ သစ်ပင်က အထမြောက်အောင် မြင်ပြီးတော့ ကိုယ့်သစ်ပင် မှီကြရတာ ဒီအရိပ်ကို ကိုယ်ကဘဲ ပေးရာ ရောက်တာ၊ သစ်ပင်စိုက်တဲ့ သူကပဲ သစ်ပင်စိုက်တဲ့သူက သစ်ပင် အရိပ်ခိုတဲ့ သူတွေကို လှူရာရောက်သွားတယ်၊ ဒီသစ်ပင်က အသီးအပွင့်တွေကို ဒီသစ်ပင်စိုက် တဲ့သူကပဲ စားတဲ့သူတွေကို အသီးအပွင့် ပေးရာရောက်သွားတယ်၊ ဒီသစ်ပင်က အရွက် အညွန့်တွေကို ဒီသစ်ပင်စိုက်တဲ့သူကပဲ အရွက်အညွန့် သုံးတဲ့သူတွေကို လှူရာရောက်သွားတယ်၊ ဒါ့ကြောင့် -

မဟတ္တာယ- ဒါနသီလာ, ဘာဝနာတို့, လွန်စွာတိုးလျက်, တန်ခိုးထွက်ဖို့ အလို့ငှာ၊ မဟီရှဟေ-သီလသမာ, ဓိပညာဟု, သိက္ခာသုံးသွယ်, အနှစ်တည်၍ အရွယ်စုံကောင်း ရှင်ရဟန်းတည်းဟူသော သစ်ပင်အပေါင်းတို့ကို . . . ၊ ဒီတော့ ဒီသစ်ပင်လေးတွေက အနှစ်ရှိတဲ့ သစ်ပင်လေးတွေဖြစ်. . . လို့ ဘာအနှစ်တွေတုန်း သီလအနှစ်, သမာဓိအနှစ်, ပညာအနှစ် မိမိတို့ပြုစု ပျိုးထောင်ထားလိုက်တဲ့ ရဟန်းတော်, ရှင်သာမဏေတို့ ထိန်းနေတဲ့သီလက တစ်နေ့တစ်နေ့ ကုန်သွားတိုင်း တစ်နေ့တစ်နေ့ ကုန်သွားတိုင်း သူတို့ဝမ်းထဲမှာ ရဟန်းတော် ဆိုရင်လည်း ကုဋေကိုးထောင်ကျော် သိက္ခာသီလအနှစ် တည်သွားတယ်၊ သာမဏေဆိုရင် တရာ့နှစ်ဆယ်သိက္ခာ သီလအနှစ်တည်သွားတယ်၊ မိမိတို့ လူဝတ်ကြောင်တွေက

http://www.dhammadownload.com


တစ်နေ့ ကုန်သွားမှ အနှစ်ကလေးငါးခုတည်တာ၊ ငါးပါးသီလ အနှစ်ကလေး တည်တာ၊ သာမဏေ တစ်ပါးက (၁၂၀) သိက္ခာသီလ အနှစ်တည်။ ရဟန်းတော်က အကျဉ်းအားဖြင့် (၂၂၇) သွယ်၊ အကျယ်အားဖြင့် ပွားလိုက်တော့ ကုဋေ ကိုးထောင်ကျော် သိက္ခာသီလ အနှစ်တည်တယ်၊ ထိန်းထားတဲ့ သီလအားဖြင့် အနှစ်တည်သွား။ မကျူးလွန်ပဲကိုး သူက၊ တစ်နေ့ကုန် သွားတိုင်း၊ တစ်နေ့ကုန် သွားတိုင်း သူ့သီလကုသိုလ် အနှစ်ကြီးက တည်တယ်၊ သူကထိန်းသိမ်းမှုကြီးနဲ့ နေတာကိုး သူက၊ အမှတ်တမဲ့ လူတွေလိုနေတာ မဟုတ်ဘူး၊ သူကထိန်းပြီးတော့ မကောင်းတဲ့ဟာဆို မလုပ်ဘူး၊ မကောင်းတဲ့ဟာဆို မလုပ်ဘူးဆိုတဲ့ သတိလေးနဲ့ နေတာ၊ ရဟန်းတော်တွေ မလုပ်ကောင်းတဲ့ ဝိနည်းသိက္ခာပုဒ် ဖောက်ဖျက်မည့် ဟာဆို ငါမလုပ်ဘူး၊ မလုပ်ဘူးဆိုတဲ့ စည်းကာပြီးနေတာ၊ အထိန်းအသိမ်းနဲ့ နေတာ၊ ကောင်းတဲ့ အလုပ်ဆိုရင် လုပ်မယ် လုပ်မယ်၊ ဒီလို စိဒ္ဓာန်ချက်နဲ့ နေတာ။ ဒါကြောင့် ဘုရားဝတ်တက် အချက်ပေးရင် သူကသွားတယ်။ သိက္ခာပုဒ် သီလပျက် မည့် အလုပ်တွေဆို သူက မလုပ်ဘူး။

အဲဒီတော့ မကောင်းတာတွေရှောင်၊ ကောင်းတာတွေဆောင်ဆိုတဲ့ အနှစ်က တည်တယ်။ အိမ်ယာတည်ထောင် လူ့ဘောင်မှာနေတဲ့ သူတွေကတော့၊ အဲဒီလောက် အနှစ် မရှိဘူး။ ပွဲကြည့်စရာရှိလည်း ကြည့်လိုက်မှာပဲ၊ စားစရာရှိလည်း စားလိုက်မှာပဲ၊ ငါးဖြာအာရုံ ကာမဂုဏ်ခံစားစရာရှိလည်း ခံစားလိုက်မှာပဲလို့၊ စည်းကာမထားဘူး သူတို့မှာ စည်းဖွင့် ထားတဲ့ လယ်နဲ့တူတယ်၊ စည်းကာ မထားတဲ့ လယ်ယာနဲ့တူတယ်၊ စည်းကာမထားတဲ့ လယ်ယာဆိုတော့ စားချင်တဲ့ နွားကဝင်စား တာပေါ့၊ ငါးဖြာအာရုံကာမဂုဏ် အဆင်းမျိုးစုံ ရူပါရုံ ခံစားချင်တဲ့ လောဘနွား ကလည်း ဝင်စားလိုက်၊ အသံမျိုးစုံ သဒ္ဒါရုံလည်း သူတို့က နားထောင်ခွင့် ရှိနေတာ၊ သီချင်းနားထောင်ခွင့် ရှိတယ်၊ ဆိုင်းတီးတာသွားပြီးတော့ နားထောင် ခွင့်ရှိတယ်၊ ကြည့်ခွင့် ရှိတယ်၊ ကိုယ်မကြည့်လို့သာ အိမ်နေတာ၊ စည်းမကာပြီးထားတဲ့၊ လယ်နဲ့ တူတယ်၊ စားချင်တဲ့အချိန် စားချင်တဲ့ နွားကဝင်စားမှာပဲ၊ စည်းမှ မကာထားရင်၊ ဒီတော့ အဆင်းမျိုးစုံ ရူပါရုံ ကြိုက်တဲ့လောဘနွားကြီးတွေက ဝင်စားလိုက်၊ အသံမျိုးစုံ သဒ္ဒါရုံကြိုက် တဲ့လောဘ၊ သဒ္ဒါရုံနှစ်သက်တဲ့ လောဘနွားတွေက ဝင်စားလိုက်၊ အနံ့မျိုးစုံ ဂန္ဓာရုံ ကြိုက်တဲ့ ဂန္ဓာရုံ နွားတွေက ဝင်စားလိုက်၊ ရသာရုံ နွားတွေက ဝင်စားလိုက်၊ ဖောဋ္ဌဗ္ဗာရုံနွားတွေက ဝင်စားလိုက်နဲ့ နွားပေါင်းစုံ ဝင်စားတဲ့ လယ်ယာ လိုပဲ ဘယ်စည်ကားတော့မှာတုန်း၊ ဘယ်တိုးတက်တော့မှာတုန်း၊ ဘယ်အညွှန့် ထွက်တော့မှာတုန်း။

ဗိုလ်သံဃာရဟန်းက ဒီလိုမဟုတ်ဖူး စည်းကာထားတာ၊ စည်းနဲ့နေတာ၊ စည်းကာထားတော့ အဆင်းမျိုးစုံ ရူပါရုံကြည့်ချင်ပါတယ်၊ မကြည့်ဖူး၊ ကြည့်ချင်ပါ

http://www.dhammadownload.com



တယ်ဆိုတာ မနောကံ ရှိသေးတာ၊ ကြည့်ချင်တယ်၊ သွားကြည့်တယ်၊ ဒီကျတော့ မနောကံရော ကာယကံရော ကျူးလွန်သွားပြီ၊ သီလပျက်သွားပြီ၊ ကြည့်ချင်တယ်၊ ဒါစိတ်ထဲက၊ မကြည့်ဘူး၊ ဒါကာယကံ မြောက်၊ ဝစီကံမြောက် မကျူးလွန်တော့ဘူး၊ စည်းကာထားတာ၊ အဲဒီကြည့်ချင်တယ်ဆိုတဲ့ မနောကံထဲမှာ ဖောက်ဖျက်နေတဲ့ ကယောက်ဂယက် လုပ်နေတဲ့ဟာကိုပဲ၊ တရားနဲ့ သူကရှု မှတ်ပြီး ထိန်းလိုက်တာ၊ သမာဓိနဲ့ သတ်ပစ်လိုက်တော့ အဲဒီကြည့်ချင်တယ်ဆိုတာ့ကို မလာတော့ဘူး၊ စားချင်တယ်ဆိုတာ မလာတော့ဘူး၊ ခံစားချင်တယ်ဆိုတာ မလာတော့ဘူး၊ သမာဓိနဲ့သတ်တာ၊ ကာယကံနဲ့ ဝစီကံကို သီလစည်းကာပြီတော့ထားရ၊ စိတ်ထဲမှာ ထကြွတဲ့ လိုချင်, စားချင်, ကြည့်ချင်, ရှုချင်ဆိုတဲ့ စိတ်ထဲက ထကြွလာတဲ့ဟာကို သမာဓိစည်း၊ သညာစည်းနဲ့ကာရတယ်၊ စည်းနှစ်ထပ်ကာထားတာ စည်းနှစ်ထပ် သုံးထပ်ကာထားတော့ ဒို့ကလုံလို့။ ဒီတော့ အဲဒီဟာအနှစ်တည်တာပဲ၊ တနေ့ကုန် သွားတိုင်း တနေ့ကုန်းသွားတိုင်း အနှစ်တည်တယ်။

မဟန္တမှိ မဟာဝနေ-မြိုင်ညိုမဟာ, သာသနာဟု, ရောင်ဝါစုံကျင်း ရဂုဏ် တွင်း၌၊ မဟာဝီနံ-ကျေးငှက်အလား, လွန်အားထားသည့်, တရားယှဉ်ငင် များလူ ရှင်တို့၏၊ မဟန္တတ္တာယ- ဒါနသီလာဘာဝနာတို့, လွန်စွာတိုးလျှက်, တန်ခိုးထွက် ဖို့အလို့ငှါ၊ မဟီရုဟေ-သီလသမာ,ဓိပညာဟု, သိက္ခာသုံးသွယ်, အနှစ် တည်၍ အရွယ်စုံကောင်း, ရှင်ရဟန်းတည်းဟူသော, သစ်ပင်အပေါင်း တို့ကို. . . . သစ်ပင် လေးတွေစိုက်ပျိုးတာ။ရှင့်ဒကာ ရှင့်အမ ရဟန်းဒကာ ရဟန်းအမတွေက သစ်ပင် စိုက်တဲ့ဥယျာဉ်မှူးတွေနဲ့တူတယ်၊ ဒီတော့ ကိုယ်စိုက်လိုက်တဲ့ သစ်ပင်အကြောင်း ပြုပြီးတော့ သာသနာ့ဥယျာဉ်ကြီး စည်ပင်အုန်းမယ်၊ တိုးတက်အုန်းမယ်၊ ပြန့်ပွားအုန်းမယ်၊ ကိုယ်စိုက်လိုက်တဲ့ သစ်ပင်ကဟန်ကျ ဟန်ကျသလောက် အများ အကျိုးရှိအုန်းမယ်၊ အဲ့ဒီ အများအကျိုးရှိလေ ကိုယ့်ဟန်ကျလေပဲ၊ ကိုယ့်ကောင်း မှုကြီး ဖြစ်နေတာ ဒီရဟန်းတော် ဒီသာမဏေကို ကိုယ်ကပြုစုပျိုး ထောင်ပြီးလာ ခဲ့တာဖြစ်တော့ ဒီရဟန်းတော်ဒီသာမဏေ အကြောင်းပြုပြီးတော့ ပတ်ဝန်းကျင် ဒကာဒကာမတွေ ဒါနသီလ ဘာဝနာကောင်းမှုတွေဖြစ်ကြ၊ ပတ်ဝန်းကျင် စာသင်သားတွေ စာတွေတက်ကြ စာမေးပွဲတွေအောင်ကြ၊ အဲဒီလိုအဆင့်ဆင့် ပြန့်ပွားပြီးတော့သွားသမျှဟာ ကိုယ်ကပြုလိုက်တဲ့သာသနာပဲ။

ဒါပေမယ့်လို့ သစ်ပင်စိုက်တဲ့ဥယျာဉ်မှူးဟာ နားလည်ပါးလည် စိုက်တတ် ပျိုးတတ်မှ။ မဇ္ဈိမပဋိပဒါလမ်းကိုလိုက်ပြီးတော့ စိုက်တတ်ပျိုးတတ်မှ။ ကိုယ့်သစ်ပင် လေးစိုက်တော့ထားပြီ ဆိုပြီးတော့ ရေမလောင်းဘဲနဲ့ ပေါင်းမသင်ဘဲနဲ့

http://www.dhammadownload.com


ပစ်ထားလိုက်ပြန်ရင်လည်း ဒီသစ်ပင်လေး ရေခြောက်ပြီးတော့ သေတတ်တယ်၊ ဒီလိုမဟုတ်ပြန်ဘဲနဲ့ ကိုယ့်သစ်ပင်လေးတော့ ရှင်စေချင် လွန်းလို့ဆိုပြီးတော့ ရေတွေနင်းလောင်း လောင်းသင့်တာထက်ပိုပြီးတော့လောင်း နေ့ရော ညရော အချိန်မရွေးရေတွေနင်းပေးလိုက်ပြန်တော့လည်း အမြစ်ဆွေးပြီးတော့လည်းသေတတ်တယ်၊ အဲဒီလိုမဖြစ်အောင် မလောင်းဘဲနဲ့လည်း ပစ်မထားနဲ့ အမြစ်ခြောက်သေအောင် ရေမလောင်းဘဲနဲ့လည်းပစ်မထားနဲ့၊ ရေမလောင်း ရေမဖြန်းလည်း မလုပ်နဲ့၊ လောင်းသင့် သလောက်လောင်း၊ ဖြန်းသင့်သလောက်ဖြန်း အဲ-နင်းကန်ပြီးတော့လည်း အလွန့်အကျွံရေ နင်းလောင်းတော့လည်း အမြစ်ပုပ်ပြီးတော့ အမြစ်ဆွေးပြီးတော့ သေတတ်တာမို့လို့ နင်းပြီးတော့လည်း မလောင်းနဲ့ ဘာပြောတာ တုန်းဆိုတော့----

နဥဏှံ-ပစ္စည်းလေးဖြာ, သီတာရေချမ်း, မဆွတ်ဖျန်းသဖြင့်, ညှိုးနွမ်းဆူဘိ, အပူလည်း မမိရလေအောင်. . . . . . .၊ကိုယ့်ရှင်ကိုယ့်ရဟန်းတော်လေး ရှင်ပြုရဟန်းခံပေးထားပြီးတော့ တခါပဲ ရဟန်းဒကာမဟုတ်ဘဲနဲ့ ရဟန်းတခါ ဆိုတဲ့အတိုင်း တစ်ခါဘဲလှူလိုက်တန်း လိုက်ပြီးတော့ နောက်မေ့လို့ပစ်ထားလိုက်တာ လိုချင်တောင်းလိမ့်မယ် လိုချင်တောင်းလိမ့်မယ်ဆိုတဲ့စိတ်နဲ့ ပစ်ထားလိုက်တော့ ရဟန်းတော်လေးက သာမဏေလေးက အားငယ်လို့သူများနည်းတူ စာသွားတက်တော့ စာအုပ်က ကိုယ်ပိုင်ကိုင်စရာ မရှိတော့ သူများတွေကစာအုပ် ကိုယ်ပိုင်နဲ့ ဘောပင်ကိုယ်ပိုင်နဲ့ ခဲတံကိုယ်ပိုင်နဲ့ ပစ္စည်းဝတ္ထုပြည့်စုံသင့်တဲ့ စာအုပ်တွေပြည့်စုံလို့ ပြုံးပြုံးရွှင်ရွှင် စာတက်၊သူကဒီလိုမပြည့်စုံတော့ စိတ်ထဲမှာနုံလို့ ငယ်လို့ အားငယ်ပြီး ကဲတော်ပါပြီ ဒီလောက်တောင် ဆင်းဆင်းရဲရဲနဲ့တော့ မနေတော့ပါဘူးဆိုပြီးတော့ လူထွက်သွား၊ သို့မဟုတ် ဆွမ်းပန်းကိစ္စမပြည့်စုံတော့ အားငယ်လို့၊သင်္ကန်း မပြည့်စုံလို့ အားငယ်လို့ ဒီလို ဒါရေမလောင်းလို့ ခြောက်သွေ့ပြီးသေတာ၊ ဒါကြောင့်-နဥဏှံ-ပစ္စည်းလေးဖြာ, သီတာရေချမ်း, မဆွတ်ဖျန်းသဖြင့်, ညှိုးနွမ်းဆူဘိ, အပူလည်း မမိရလေအောင်. . . .။

ပစ္စည်းလေးဖြာက သီတာရေချမ်းနဲ့တူတယ်၊ အခါအားလျော်စွာကြည့်ပြီးတော့ ကိုယ့်ရဟန်းကိုယ့်ကိုရင် ကိုယ့်ဦးဇင်း အဲ-တစ်နှစ်သင်္ကန်းတစ်စုံ ဖိနပ်တစ်ရံ ထောက်ပံ့လိုက် လိုရာသုံးဖို့ရာအတွက် နဝကမ္မက(၂၀၀)လောက် (၃၀၀)လောက် တခါတခါလှူမှ ဒီလောက်ဆိုရင်သူလိုအပ်တဲ့ပစ္စည်းလေးပြည့်စုံပြီ။ ကျောင်းကလည်းပဲ ကထိန်ကသင်္ကန်းတစ်စုံ ဖိနပ်တစ်ရံ သံဃာစေ့နှစ်စဉ်ပေး နေတာဆိုတော့ ပြီးတော့နဝကမ္မ လိုအပ်ရာရာ သုံးလေးငါးရာ ဒါဆိုရင်သူမျှတ သွားတာ၊ အင်း

http://www.dhammadownload.com



ဒီကြားထဲ ကိုရင်ဘာလိုသေးတုန်း ဦးဇင်းဘာလိုသေးတုန်း ကျန်းမာရေးမကောင်းလို့ နေမကောင်း ထိုင်မသာနဲ့တွေ့နေရင် ကိုယ်ဖိရင်ဖိဆေးဝါး ခတ်စာ လိုအပ်တာလေး ပေးလှူလို့ ဒါဆိုရင်လုံလောက်သွားတာပဲ၊အဲဒီလိုမှ ထောက်ပံ့မှု မရှိတော့ ပစ်ထား လိုက်တော့ နဥဖုံ-ပစ္စည်းလေးဖြာ, သီတာရေချမ်း, မဆွတ်ဖျန်း သဖြင့်, ညှိုးနွမ်းဆူ ဘိ, အပူလည်းမမိရလေအောင်. . . . . အပူမိပြီးတော့ သေတတ်တယ် သစ်ပင်၊ မတိုးတက်တော့ဘူး၊ ပရိယတ်, ပဋိပတ်လည်း သူမလုပ်တော့ဘူး၊ စိတ်ထဲက မပြည့်စုံတော့ အားငယ်ပြီးတော့ ဘာမှ မလုပ်တော့ဘူး၊ အဲဒီတင် ဘာစာမှလည်း မတတ်လာတော့ဘူး၊ သာသနာမှာလည်း သစ်ပင်တစ်ပင် အဖြစ်နဲ့ စည်ကားပြီး မလာတော့ဘူး၊ နောက်ဆုံးလူထွက်သွားရော . . . ။

ဟာဒီလို မလုပ်ပဲနဲ့ ကိုယ့်ကိုရင် ကိုယ့်ဦးဇင်း မဆင်းရဲရအောင်ဟလို့ မျက်နှာ မငယ်ရအောင်ဟဆိုပြီး တခါတည်း လိုတာထက်ပိုပြီး တခါလာတိုင်း သင်္ကန်းတွေ လှူလိုက်၊ ဖိနပ်တွေ လှူလိုက်၊ ငွေတွေလှူလိုက်၊ ဟိုဟာတွေ လှူလိုက် ဒီဟာတွေလှူလိုက်၊ မဝယ်ကောင်းတာ မပေးကောင်းတဲ့ဟာ၊ ဦးဇင်း ကိုရင်က အလိုလိုက်မှန်းသိတော့ ကိုယ့်ရဟန်း ဒကာ ရဟန်းအမက အလိုလိုက်မှန်းသိတော့ သူတို့ကလည်း လူငယ်ဆိုတာ သိတယ်၊ အလိုလိုက်မှန်းသိ တောင်းတာပဲ၊ လူငယ့်သဘာဝ ထုံးစံအတိုင်းပဲ၊ အလိုလိုက်မှန်းသိရင် ကမ်းတက်လာတာပဲ၊ ဒီတော့ တောင်းမယ်၊ ဟိုဟာတောင်း ဒီဟာတောင်း၊ သင်္ကန်း ထီး ဖိနပ် သပိတ်တင်မကဘူး၊ အမလေး ကက်စက်ကလေးလိုချင်တာ၊ ကင်မရာလေး လုပ်ပေး စမ်းပါ၊ ဟိုဟာလေး လုပ်ပေးစမ်းပါ၊ ဒီဟာလေးလုပ်ပေးစမ်းပါ၊ ကိုယ့်ကိုရင်၊ ကိုယ့်ဦးဇင်း ဆင်းရဲမှာစိုးလို့ ဆိုပြီးတော့ အလိုလိုက်ပြီး ရဟန်းဒကာ ရဟန်းအမက အလိုလိုက်ပြီး အကြိုက် ဆောင်ပေး၊ ဟော ကြာတော့ ပျက်ပါရော . . . သူ။

စာဘက် ပေဘက် မလုပ်တော့ဘူး သူက၊ ငါ့ရဟန်းဒကာ ရဟန်းအမက တောင်းရင်ပေးတာပဲ၊ ငါ့အမေလို ချစ်နေတာပဲ၊ သားလိုချစ်နေတာပဲ ငါကတောင်း ရင် ရတာပဲ ဆိုပြီး နွဲ့ဆိုးဆိုးပြီးတော့ ဟိုတောင်း ဒီတောင်းနဲ့ တောင်လုပ်၊ မြောက်လုပ်နဲ့ ကင်မရာတစ်လုံးနဲ့ ဟိုချောင်သွား ဓာတ်ပုံရိုက်၊ ဒီချောင်သွား ဓာတ်ပုံရိုက်၊ စာပေဘက် မလုပ်တော့ဘူး၊ သီလ သမာဓိ အနှစ်မတည်တော့ဘူး၊ တေလေလေးဖြစ်ပြီးတော့ တေလေရဟန်း၊ တေလေကိုရင် တေလေဦးဇင်းလေး ဖြစ်သွားပြီးတော့ "ရွှေမျက်မှန်, ထီးတစ်လက်နဲ့ စီးကရက် သောက်ခါ" ဆိုတဲ့ အဲဒီအထဲရောက်သွား၊ "ရွှေမျက်မှန် ထီးတစ်လက်နဲ့ စီးကရက် သောက်ခါ ကြောက်စရာလွန်ဆိုး-တဲ့ " ဒို့ရဟန်းတော်တွေ ရွှေမျက်မှန်တဝင်းဝင်းနဲ့ စီးကရက်

http://www.dhammadownload.com



လက်ကြားညှပ် လိုက်သေး၊ ထီးလေးထမ်းပြီးတော့ နေပူ ထီးလေးဆောင်းပြီးတော့ အခုကျတော့ ရွှေမျက်မှန် ထီးတစ်လက်တောင်မကတော့ဘူး၊ အခုဒီ စာမေးပွဲပြီး ပြီဆိုရင် ဒီ့ဟောဒီ တောင်သမန်တံတားမှာ အတော်ခက်နေတယ် အခု၊ အင်း တောင်သမန်းတံတားမှာ အတော်ခက်နေတယ်၊ တောင်မြို့ကရော၊ စစ်ကိုင်း ကရော၊ မန္တလေးကရော စာမေးပွဲ ဖြေတဲ့ ကိုယ်တော်လေးတွေက ဒီအချိန်ဆိုရင် ဒီနေရာ သွားပြီး ဒီလိုလုပ်ရတယ်လို့များ ဘယ်သူကများ စာချတဲ့အထဲ စာချဘုန်းကြီးက ပြောထားတာလဲ မသိပါဘူး၊ အဲဒါ တောင်သမန်တံတား လာပြီးတော့ ပျော်ကြပါးကြနဲ့၊ အဲဒါ အာဏာစက်အားနဲ့တော့ ကိုင်ကြရတော့မှာပဲ တဖြည်းဖြည်းနဲ့တော့ အခု မေတ္တာမေ့စက်နဲ့ ပြောနေတာ မရရင်တော့ အာဏာ စက်ပါသုံးပြီးတော့ လုပ်ကြရတော့မှာပဲ၊ ခတ်ရမ်းရမ်းတွေ ဒီမှာရောက်လာပြီးတော့၊ လူတွေနဲ့ တုပြီးတော့ ပျက်ကြ၊ အဲဒါသာသနာ့ဥယျာဉ် မစည်ကားတော့ဘဲ ကျသွားတာပဲ၊ အဲဒီလို ဖြစ်မသွားအောင်။

န စ သီတလံ-ပစ္စည်းလေးဖြာ, သီတာရေအား, လောင်းဖန်များသဖြင့်, တရား ဝေးဘိ, အအေးလည်း မမိရလေအောင် . . . တဲ့၊ ကိုယ်ကလှူပါများ ပေးပါများတော့ သူကတရားဝေးပြီးတော့ တရားဘက်မရောက်ဘူး၊ စာပေ ဘက်မရောက်တော့ဘူး၊ တရား နှလုံးသွင်းတဲ့ဘက် မရောက်တော့ဘူး၊ သီလထိန်း တဲ့ဘက် မရောက်တော့ဘူး၊ လောကီ အာရုံဘက်ရောက်သွားပြီးတော့ တောင်လုပ်မြောက်လုပ် ရုပ်ရှင်ခိုးကြည့် ဗီဒီယိုခိုးကြည့် မန္တလေးသွား, စစ်ကိုင်းသွား လူးလားခေါက်ပြန် တောင်ရောက်မြောက်ရောက်နဲ့ ကသောက် ကယောက်နဲ့ ပျက်စီးသွား၊ အဲဒါ ရေလောင်းအားကြီးလို့ အမြစ်ဆွေးသေတာပဲ၊ ဒါကြောင့် မဟာန္တမှိ မဟာဝနေ- မြိုင်ညိုမဟာ, သာသနာဟု, ရောင်ဝါစုံကျင်း, ရဂုံတွင်း၌၊ မဟာဝီနံ- ကျေးငှက်အလား, လွှန်အားထားသည့်, တရားယူငင်, များလူရှင်တို့၏၊ မဟတ္တာယ- ဒါနသီလာ, ဘာဝနာတို့, လွှန်စွာတိုးလျက်, တန်ခိုးထွက်ဖို့ အလို့ငှာ၊ မဟီရုဟေ- သီလသမာ, ဓိပညာဟု, သိက္ခာသုံးသွယ်, အနှစ်တည်၍, အရွယ်စုံကောင်း, ရှင်ရဟန်းတည်းဟူသော သစ်ပင်အပေါင်းတို့ကို၊ န ဥဏှံ-ပစ္စည်းလေးဖြာ, သီတာရေ အား, လောင်းဖန်များသဖြင့်, တရားဝေးဘိ, အအေးလည်း မမိရလေအောင်၊ မဟာယေန္တ-သုံးလူ့ထွဋ်တင်, ဘုရားရှင်၏, ဥယျာဉ်မြိုင်ကြီး, ဂနိုင်ဟီးအောင်, ခိုင်ဖြိုးပေါက်ရောက်ကြစေကုန်ရာသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား

-

ဒီတော့ ဒီနေ့ ရှင့်ဒကာ ရှင့်အမတို့ ရဟန်းဒကာ ရဟန်းအမတို့ မိသားစု တွေက ဥယျာဉ်မှူးတွေနဲ့ တူကြတာဖြစ်တော့ နားလည် ပါးလည် လိမ္မာပါးနပ်တဲ့ ကျွမ်းကျင်တဲ့ ဥယျာဉ်မှူးတွေဖြစ်အောင် ကျင့်ဆောင်နိုင်ကြပါစေလို့ သာသနာတော်

http://www.dhammadownload.com



ဥယျာဉ်ကြီးအတွင်း သစ်ပင်စိုက်ပျိုးကြတဲ့ ကောင်းမှုကြီးကို တပည့်တော်တို့ ဒီနေ့ ကြိုးပမ်းအားထုတ် ပြုလုပ်ကြပါကုန်၏၊ ဤကဲ့သို့ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွားအောင် ဥယျာဉ်မျှုးကြီးတွေအဖြစ်နဲ့ တပည့်တော်တို့ စိုက်ပျိုးကြရတဲ့အတွက် သစ္စာလေးပါး တရားမြတ်ကို တပည့်တော်တို့ကိုယ်တိုင် သိမြင်နိုင်တဲ့ ကိုယ် ဖြစ်ကြရပါလို၏၊ ဘုရားနဲ့ မိမိတို့နဲ့ ဆွေသား မျိုးသားဆက်သွားပြီ၊ ဒီဥယျာဉ်ကြီး စတင်စိုက်သွားတာက ဘုရား၊ ဥယျာဉ်ပိုင်ရှင်ကြီးက ဘုရား။ မိမိတို့က အဲဒီဥယျာဉ်ထဲ သစ်ပင်စိုက်ပျိုးကြတဲ့သူတွေဆိုတော့ ဘုရားနဲ့ မိမိတို့နဲ့ ဥယျာဉ်ကို အကြောင်းပြုပြီးတော့ သွေးသားစပ်တော်သွားကြပြီ၊ ဆွေမျိုးတော်သွားကြပြီ၊ သွေးဆက် သားဆက် ဆွေမျိုးတွေ ဖြစ်သွားကြပြီ၊ အဲဒါအမွေခံတယ်ဆိုတာ သူပဲ၊ လောကမှာ ကိုယ့်အမွေပစ္စည်းပေးတယ် အမွေပစ္စည်းပေးတယ်ဆိုတာ ကိုယ့်သွေးသားစပ်တော်တဲ့သူ ပေးတာလေ၊ အမေ အဖေက ကိုယ့်သွေး ကိုယ့်သားဖြစ်တဲ့ သား သမီးပေးတယ်၊ ကိုယ့်သွေးကိုယ့်သားဖြစ်တဲ့ မြေးမြစ်ပေးတယ်၊ ကိုယ့်သွေး ကိုယ့်သား ဆက်တဲ့ တူသားနောင်မယ်ပေးတယ်၊ တစိမ်းမပေးဘူး မျှားသောအားဖြင့်။

အဲသလိုပဲပေါ့ ဘုရားကိုယ်တော်မြတ်ကြီး ပေးတော်မူအပ်တဲ့ မဂ် (၄) တန်၊ ဖိုလ် (၄) တန်၊ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာကိုးတန် နဝရတ်ကိုးတန် အမွေထူးအမွေမြတ်ကြီးကို တပည့်တော်တို့ ဘုရားကိုယ်တော်မြတ်ကြီး ဥယျာဉ်ပိုင်ရှင် ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ဥယျာဉ်ကြီး စည်ကားအောင် စည်ပင်အောင် စိုက်ပျိုးသောအားဖြင့် တပည့်တော်တို့ သာသနာ ပြုလုပ်ငန်းကို ကြိုးပမ်းအားထုတ် ပြုလုပ်ရတဲ့ တပည့်တော်တို့သည် ဘုရားကိုယ်တော်မြတ်ကြီး သိတော်မူအပ်၊ မြင်တော်မူအပ်၊ ရတော်မူအပ်တဲ့ မဂ် (၄) တန်၊ ဖိုလ် (၄) တန်၊ ဆိုတဲ့ လောကုတ္တရာကိုးတန်၊ လောကုတ္တရာကိုးပါး အမွေကောင်း အမွေမြတ်ကို ဤဘဝ ဤကိုယ်ဖြင့်ပင် သို့မဟုတ် ဝဋ်ဘဝတိုတိုဖြင့်ပင် လျင်မြန်ဆောစွာ အမွေခံကြရ၊ ရောက်ကြရ၊ ရကြရ၊ မျက်မှောက်ပြုကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု... သာဓု... သာဓုပါဘုရား

http://www.dhammadownload.com



## * သုနိဓဝဿကာရဝတ္ထု
## တိုက်သစ်တက် မင်္ဂလာတရားတော်

သံဃာတော်အရှင်သူမြတ် (၂၀)ကျော်တို့အား နေအိမ်တိုက်သစ် တိုက်သို့ပင့်ပြီးတော့ အခုနေရာထိုင်ခင်းများ လှူဒါန်းခြင်း၊ မွန်မြတ်သော ဒန်ပေါက်ဆွမ်းများဖြင့် လောင်းလှူဆက်ကပ်ခြင်း၊ သံဃိကဒါန အဖြစ်ဖြင့်၊ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်း၊ နဝကမ္မ၊ ဆပ်ပြာခဲ အစရှိသော ပစ္စည်းဝတ္ထုတို့ကိုလည်းပဲ လှူဒါန်းခြင်းလို့ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာသုံးရပ်ကို ပူဇော်သမှု၊ တိုက်သစ်မင်္ဂလာတက်ရောက်မှု အကြောင်းပြုပြီးတော့ ပြုကြတယ်၊ ပြီးတော့မှ ဖိတ်မန္တကပြုထားတဲ့ မိမိတို့ အမေကြီး၊ ဘိုးဘွား ဦးကြီး ဦးလေးကစပြီးတော့ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း သူတော်ကောင်းတွေ ကျွေးမွေးညှော်ခံသမှု ပြုကြတယ်။

ဘုရားရှင်ရဲ့ နှုတ်တော်ထွက်ဖြစ်တဲ့ ပရိတ်တရားတော်မြတ်တွေ၊ ဒေသနာတော်မြတ်တွေကို ဒီအိမ်သစ်ပေါ်မှာ သံဃာတော်အရှင်သူမြတ်များက ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြရအောင် တောင်းပန်တိုက်တွန်းခြင်းကြောင့် သံဃာတော်အရှင်မြတ်များက ဘုရားနှုတ်တော်ထွက် တရားတော်မြတ်တွေကို ဒီအိမ်သစ်ပေါ်ကနေပြီးတော့ လွှင့်ထုတ်တော်မူကြမယ်။

ဒီတော့ အဲဒီလိုအားဖြင့် မိမိတို့နေရာသစ်၊ တိုက်သစ်ဌာနသစ်, မြို့သစ်ရွာသစ်တစ်ခု တက်ရောက်သမှုပြုပြီဆိုရင်၊ ဒီလိုကိစ္စလုပ်ငန်းကြီးကို လုပ်ရတယ်လို့ဆိုတာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘယ်တုန်းက စတင်ဟောခဲ့၊ ပြောခဲ့တုန်းလို့ဆိုတော့၊ ပါဋလိပုတ်နေပြည်တော်ကြီးလို့ နောင်မှာ ကျော်ကြားလာတဲ့၊ သီရိဓမ္မာသောကမင်းကြီးလို့ အားလုံးကြားဖူးနေတဲ့ သီရိဓမ္မာသောကမင်းကြီး၊ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်း၊ စေတီပေါင်း ရှစ်သောင်းလေးထောင် လှူဒါန်းပြီးတော့ သာသနာမှာ ကုသိုလ်ကောင်းမှုပြုသွားလို့ သာသနာ့သမိုင်းမှာ ထင်ရှားနေရတဲ့ သီရိဓမ္မာသောကမင်းကြီးရဲ့နေရာ၊ ပါဋလိပုတ်နေပြည်တော်ကြီး။

---

* ဝိ-၁၊ ၁၂၃။ ဒီ-၂၊ ၇၄။

http://www.dhammadownload.com



အဲဒီ ပါဋလိပုတ်နေပြည်တော်ကြီးရယ်လို့ မထင်ရှားခင်က၊ စောစောပိုင်းက ပါဋလိဆိုတဲ့ ရွာကလေး၊ ဂင်္ဂါမြစ်ကမ်းမှာ ပါဋလိပုတ်ဆိုတဲ့ ရွာကလေး၊အဲဒီ ပါဋလိပုတ်ဆိုတဲ့ ရွာကလေး ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ပါဋလိပုတ်ဆိုတဲ့ ရွာကလေးအဖြစ်နဲ့ တည်ရှိနေတာ၊ ပါဋလိပုတ် နေပြည်တော်ကြီးဆိုပြီး သီရိဓမ္မာသောကမင်းကြီး ထီးနန်းစိုက်တာက၊ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း(၂၃၅)နှစ်ကြာမှ ထီးနန်းစိုက်ရတာ၊ ဘုရားရှင်ကိုယ်တော်မြတ်လက်ထက်က အဲဒီရွာက ပါဋလိဆိုတဲ့ ရွာတရွာပဲရှိသေးတယ်၊ ဂင်္ဂါမြစ်ရဲ့ တောင်ဘက်ကမ်းမှာ၊ ဒီတော့ အဲဒီဂင်္ဂါမြစ်ရဲ့ တောင်ဘက်ကမ်း ပါဋလိပုတ္တဆိုတဲ့ မြို့ကြီးဖြစ်အောင် ထူထောင်ကြတာက အဇာတသတ်မင်းက ထူထောင်တာ၊ အဇာတသတ်မင်းက မြို့တည်တာ၊ ဒီတော့ အဇာတသတ်မင်းက၊ ဂင်္ဂါမြစ်ရဲ့တောင်ဘက် မဂဓတိုင်းကြီး၊ ရာဇဂြိုလ်မြို့မှာ ထီးနန်းအုပ်ချုပ် မင်းလုပ်နေရာက၊ သုနိဓဆိုတဲ့ အမတ်ချုပ်ကြီးနဲ့၊ ဝဿကာရဆိုတဲ့ အမတ်ချုပ်ကြီးနှစ်ယောက်ကို ဦးစီးပြီးတော့ အဲဒီ ပါဋလိဆိုတဲ့ရွာကြီးကို မြို့ပြတည်ထောင်ခိုင်းတယ်၊ ဂင်္ဂါမြစ်ကမ်းလည်း ဖြစ်တော့၊ သွားရေးလာရေးလည်း လွယ်တယ်၊ ကူးသန်းရောင်းဝယ်ရေးလည်း လွယ်တယ်။

တနည်းတော့လည်း ဟို. . . တဘက်ကမ်းက၊ ဂင်္ဂါမြစ်မြောက်ဘက်က ဝေသာလီမြို့ရှိတယ်၊ ဝေသာလီမြို့နဲ့ ဝေသာလီနယ်ကြီးကရှိတယ်၊ သူရဲ့ရန်ဖက် လိစ္ဆဝီမင်းတွေရှိတယ်၊ အဲဒီ လိစ္ဆဝီမင်းတွေရဲ့ တိုက်ခိုက်လာမှုကိုလည်း အဲဒီမြို့ကနေ ခုခံတိုက်ခိုက်နိုင်အောင်၊ တချက်ခုတ်နှစ်ချက်ပြတ် ရည်ရွယ်ပြီးတော့ အဇာတသတ်မင်းက အဲဒီ ပါဋလိဆိုတဲ့ရွာကို နေပြည်တော်ကြီးတခုဖြစ်အောင် ထူထောင်ခိုင်းတယ်။ ထူထောင်ခိုင်းလို့မို့ အဲဒီမှာ မြို့ပြအင်ဂျင်နီယာတွေနှင့်တကွ လုပ်သူကိုင်သားတွေ မြို့ပြထူထောင်လိုက်ကြတာ၊ အကွက်တွေ ရိုက်ပြီးတော့ ထူထောင်ကြတော့ မြို့သစ်ကြီးတည်ပြီးကာစမှာ ဘုရားရှင်ကိုယ်တော်မြတ်ကလည်း သံဃာတော်ငါးရာနဲ့ ကြွလာလို့၊ အဲဒီမှာ သုနိဓနဲ့ ဝဿကာရ အမတ်ကြီးနှစ်ယောက်က ဘုရားရှင်ကိုပင့်ပြီးတော့ မြို့သစ်ဖွင့်ပွဲလို့ဆိုပြီးတော့၊ အဲဒီတင် ဘုရားပင့်ပြီးတော့၊ ဆွမ်းဘောဇဉ်တွေကပ်ကြ၊ အဲဒီမှာ မြတ်စွာဘုရားက ဘာပြောခဲ့တုန်းလို့ ဆိုတော့ . . .

> ယသ္မိံ ပဒေသေ ကပ္ပေတိ, ဝါသံ ပဏ္ဍိတဇာတိယော၊
> သီလဝန္တေတ္ထ ဘောဇေတွာ, သညတေ ဗြဟ္မစာရယော။

ယသ္မိံ,ပဒေသေ-အကြင်မြို့သစ်, အိမ်သစ်, ဌာနသစ်, တိုက်တာသစ်၌၊ ဝါသံ-နေထိုင်ခြင်းအမှုကို၊ ကရောန္တော-ပြုသော၊ ဟဏ္ဍိတဇာတိယော-မိမိရဲ့

http://www.dhammadownload.com



လောကီ လောကုတ္တရာစီးပွားနဲ့ ကြီးပွားချမ်းသာလိုတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည်၊ ဒွေ-နှစ်မျိုးသောကိစ္စတို့ကို၊ ကာတဗ္ဗာ-ပြုလုပ် အားထုတ်ထိုက်ကုန်၏။

မိမိနေရာသစ် မြို့သစ် တိုက်သစ် တာသစ်ထူထောင်ပြီးလို့ အဲဒီမှာနေမယ်ဆိုရင်တဲ့ မိမိရဲ့လောကီလောကုတ္တရာကြီးပွားချမ်းသာ လိုလားတဲ့ အမျိုးကောင်းသားဟာ ကိစ္စနှစ်မျိုးလုပ်ရတယ်၊ ဘာတွေလုပ်ရမှာတုန်းဆိုတော့ ဧတ္ထ-အဲဒီမြို့သစ်,ရွာသစ်,နေရာသစ်၌၊ သီလဝန္တေ-သီလသိက္ခာ,ကောင်းစွာကုံလုံ ပြည့်စုံတော်မူကြကုန်သော၊ သညတေ-ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်သုံး၍နေကြကုန်သော၊ ဗြဟ္မစာရိယော-မြတ်သောအကျင့်ကို, ကျင့်နေကြတယ်လို့ဆိုသော ပုဂ္ဂိုလ်တို့ကို၊ ဘောဇေတွာန-ပင့်ဖိတ်ပြီးသကာလ, တတ်စွမ်းသမျှ ကျွေးမွေးညှဉ့်ခံသမှု, လှူဒါန်းသမှု, ပြုလုပ်ပြီး၍. . .

ဟော နံပါတ်(၁)ကိုယ်နေမယ့်နေရာသစ် တိုက်သစ်တာသစ် မြို့သစ်ရွာသစ်မှာ ကိုယ့်စိတ်ထဲသီလရှိတယ်လို့ထင်တဲ့ပုဂ္ဂိုလ်တွေ မိမိတို့ထက် အကျင့်သီလသာလွန်တဲ့အကျင့်တွေ ကျင့်နေတယ်လို့ယူဆတဲ့ပုဂ္ဂိုလ်တွေ လူဖြစ်ဖြစ် ရှင်ဖြစ်ဖြစ်ပေါ့ အဲဒီပုဂ္ဂိုလ်တွေကို အရင်ဆုံးပင့်တင်လိုက်ပါတဲ့၊ အဲဒီပေါ်ပင့်တင်ပြီးတော့ တတ်စွမ်းသမျှလုပ်ကျွေးသမှုပြုလိုက်ပါ၊ ဒီတော့ ဒီနေရာမှာ အမှတ်တမဲ့နဲ့ပြောရင်တော့ ဘုရားရှင်ကိုယ်တော်မြတ်က သူတပည့်သားရဟန်းတွေ စားရသောက်ရအောင်ဟောနေသလိုပဲ အမှန်စင်စစ်ကတော့ ဘုရားရှင်ကိုယ်တော်မြတ် ရည်ရွယ်တော်မူတာက ဒီနေရာသစ်မှာနေတဲ့ပုဂ္ဂိုလ်ကို မင်္ဂလာတိုးပွားစေချင်လို့၊ မင်္ဂလာဆိုတဲ့တရားက ကောင်းကျိုးချမ်းသာတွေကိုရစေတတ်တာကို မင်္ဂလာလို့ခေါ်တယ်၊ ကောင်းကျိုးချမ်းသာတွေကိုလည်း မင်္ဂလာလို့ခေါ်တယ်၊ ကောင်းကျိုးချမ်းသာတွေကိုရစေတတ်တဲ့ အကြောင်းတရားကိုလည်း မင်္ဂလာလို့ခေါ်တယ်၊

ဒီတော့ ကောင်းကျိုးချမ်းသာကို မင်္ဂလာခေါ်တာကလူတိုင်းနားလည်တယ်၊ ကောင်းတာလေးမြင်ရမင်္ဂလာရှိ ကောင်းတာလေးကြားရမင်္ဂလာရှိ ကောင်းတာလေးတွေဝတ်ရဆင်ရမင်္ဂလာရှိ ကောင်းတာလေးတွေစားရသောက်ရ မင်္ဂလာရှိ ဒါကောင်းတာမြင် ကောင်းတာကြား ကောင်းတာနဲ့ထိတွေ ကောင်းတာလေးတွေစားရ ဒါကောင်းကျိုးမင်္ဂလာ သူကအကျိုးမင်္ဂလာခေါ်တယ်၊ အဲဒီအကျိုး မင်္ဂလာက အချောင်ရတဲ့ထုံးစံမရှိဘူး၊ သစ်သီးစားချင်ရင်တော့ သစ်ပင်စိုက်ရတယ်၊ အကြောင်းမင်္ဂလာရှိမှ အကျိုးမင်္ဂလာပေါ်တယ်၊ ဒီတော့ အကြောင်းမင်္ဂလာဆိုတာက ကုသိုလ်ကောင်းမှု ဒါနကုသိုလ်ကောင်းမှု သီလကုသိုလ်ကောင်းမှု သမထဝိပဿနာ

http://www.dhammadownload.com



ဘာဝနာကုသိုလ်ကောင်းမှုက အကြောင်းမင်္ဂလာခေါ်တယ်၊ ဒီတော့ အဲဒီအကြောင်းမင်္ဂလာပြည့်စုံစေချင်လို့ အကြောင်းမင်္ဂလာလုပ်ရင် အကျိုးမင်္ဂလာက သူ့ဟာသူလာတယ်၊ သစ်ပင်သာစိုက်ရင် သစ်သီးက သီးပါသီးပါလို့မပြောရဘူး၊ အသီးကသူ့ဟာသူသီးတယ်၊ အပွင့်ကသူ့ဟာသူပွင့်တယ်၊ အရွက်ကသူ့ဟာသူထွက်တယ်၊ အသီး,အပွင့်, အရွက်က အကျိုးမင်္ဂလာနဲ့တူတယ်၊ သစ်ပင်စိုက်ထားတာက အကြောင်းမင်္ဂလာနဲ့တူတယ်၊

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဲဒီအကြောင်းမင်္ဂလာတရားတိုးပွားစေချင်လို့ ကိုယ့်ထက်သီလသိက္ခာသာလွန်တဲ့ အကျင့်သီလသာလွန်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကို မိမိနေမယ့်နေရာသစ်ပေါ်မှာ အရင်ဆုံးပင့်တင်လိုက်ပါတဲ့၊ ပင့်တင်ပြီးတော့ သူတို့ရွတ်တာဖတ်တာ သရဇ္ဈာယ်တာတွေကိုနာယူ သူတို့ကို တတ်စွမ်းသမျှပူဇော် လှူဒါန်းသမှုပြု၊ ဒီတော့-အဲဒီလို ပင့်တင်လှူဒါန်းတယ်ဆိုကတည်းက၊ ဒီနေ့ ဒကာမောင်ထွန်းရှင်တို့ ဒကာမ မခင်ဒွေးဆွေတို့ နေအိမ်ပေါ် သံဃာတော်တွေပင့်တင်တော့- နေရာထိုင်ခင်းခင်းပြီးတော့ လှူဒါန်းတော့ အာသနဒါန၊ အလှူကြီးကောင်းမှုကြီးဖြစ်ပြီ၊ စပြီးတော့နေရာထိုင်ခင်းတွေ အမှတ်တမဲ့မဟုတ်ဘူး၊ နေရာထိုင်ခင်းတွေ သံဃာတော်တွေထိုင်ဖို့ဆိုပြီးတော့ နေရာထိုင်ခင်း, ခင်းပေးတဲ့ အလှူဒါနမင်္ဂလာဖြစ်ပြီ၊ နောက်သံဃာတော် ကြွလာတယ်ဆိုတော့ မျက်စိပေါက်က-သမဏာနဉ္စ ဒဿနံ ဧတံမင်္ဂလ မုတ္တမံ၊ မင်္ဂလသုတ်မှာ သမဏာနံ-ကိလေသာ ငြိမ်းကြောင်း တရားကောင်းတို့ကို ကျင့်ကြံကျိုးကုတ်အားထုတ်နေကြတဲ့ အရှင် ကောင်းတို့ကို၊ ဒဿနံ-မျက်စိကဖူးမြင်လာခြင်းသည်လည်း၊ ဥတ္တမံ-မင်္ဂဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမြတ်လှပါပေသော၊ မင်္ဂလံ-မင်္ဂလာကြီးတစ်မျိုးပေတည်း၊ အကြောင်းမင်္ဂလာကြီးတစ်မျိုးပေတည်း။

ဒီတော့ ကိလေသာငြိမ်းကြောင်း အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေ သမဏလို့ခေါ်တာ၊ အဲဒီ သမဏပုဂ္ဂိုလ်တွေ မျက်စိကမြင်ရတော့ မြင်ကုသိုလ်တွေဖြစ်တယ်၊ ဒီတော့ အဲဒါဟာအကြောင်းကုသိုလ်ပဲ၊ အခုတရားတော်တွေဟောတော့၊ တရားတော်တွေရွတ်တော့၊ နာကြားရတဲ့. . . ကာလေန ဓမ္မဿဝနံ, ဧတံ မင်္ဂလမုတ္တမံ သင့်လျော်လျောက်ပတ် ကောင်းမြတ်တဲ့အချိန်အခါမှာ ဘုရားတရားတော် နားထဲကြားရတာကလည်း မင်္ဂလာပဲ။ ကုသိုလ် မင်္ဂလာတွေ နားပေါက်ကလည်းဖြစ်၊ မျက်စိပေါက်ကလည်းဖြစ်၊ ကြွလာတယ်ဆိုတော့ လက်အုပ်ကလေးချီရတဲ့ ကုသိုလ်ဖြစ်၊ ဒူးတုပ်ပြီးတော့ အရိုအသေပေးရတဲ့ ကုသိုလ်တွေဖြစ်၊ ဆွမ်းဘောဇဉ်တွေဆက်ကပ်၊ ဒန်ပေါက်ဆွမ်းတွေဆက်ကပ်၊ ဆန်တွေလှူဒါန်း၊ ကန်တော့ပွဲ

http://www.dhammadownload.com



လှူဖွယ် တွေလှူတော့၊ ဒါနမင်္ဂလာ၊ ဟော စွန့်ကြဲပေးကမ်း လှူဒါန်းရတဲ့ ဒါနမင်္ဂလာ၊ ဧ တံမင်္ဂလမုတ္တမံ-နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်တဲ့မင်္ဂလာကြီးပဲ၊ ဒီတော့ မင်္ဂလာတွေဖြစ်လိုက်တာ အကြောင်းမင်္ဂလာတွေ၊ သံဃာတော်တွေဖူးရတဲ့ ဒဿနမင်္ဂလာဖြစ်၊ တရားတော်ကိုနာရတဲ့ ကာလေန ဓမ္မဿဝနမင်္ဂလာတွေ၊ နေရာထိုင်ခင်း ခင်းကျင်းလှူဒါန်းရတဲ့ ပုညကြိယာကောင်းမှုတွေဖြစ်၊ သံဃာတော်တွေ လှူဒါန်း ရတဲ့၊ သံဃိက ပုဂ္ဂလိကဒါန မင်္ဂလာတွေဖြစ်။

ဂါရဝေါစ နိပါတောစ, ဧတံ မင်္ဂလမုတ္တမံ-ဟော. . . ရိုသေထိုက်တဲ့ ပုဂ္ဂိုလ်တွေကို အရိုအသေပေးရတာလည်း ကောင်းမြတ်တဲ့မင်္ဂလာကြီးတပါး၊ ဒီတော့ လက်အုပ်ချီမိုးရခြင်း၊ ဒူးတုပ်ရှိခိုးရခြင်း၊ အရိုအသေပေးရခြင်းဟာ ဂါရဝ နိဝါတမင်္ဂလာ၊ ဒီတော့ အဲဒီလိုအားဖြင့် အကြောင်းမင်္ဂလာတွေ၊ အဲဒီ အကြောင်း မင်္ဂလာတွေက ခုနက အကျိုးမင်္ဂလာတွေကိုပေါ်လာအောင်၊ သီးပေး, ပွင့်ပေးမယ့် သစ်ပင်ကြီးလိုပဲ၊ အဲဒီ အကြောင်းမင်္ဂလာတွေ ပြည့်စုံစေချင်လို့၊ ဘုရားက ကိုယ်နေမယ့် နေရာ သစ်၊ တိုက်သစ် တာသစ် မြို့ရွာသစ်ပေါ်မှာ သီလသိက္ခာရှိတယ်လို့ ကိုယ့်စိတ်ထဲယုံကြည်တဲ့၊ ယူဆတဲ့ ပုဂ္ဂိုလ်တွေပင့်တင်လိုက်. . . တဲ့၊ ပင့်တင်လိုက်၊ ပင့်တင်လိုက် တော့ ကုသိုလ်ကောင်းမှုတွေဖြစ်၊ ကုသိုလ်ကောင်းမှုတွေဖြစ်တော့ အကျိုးမင်္ဂလာ တွေက မလာနဲ့ပြောမရဘူး၊ သူ့ဟာသူလာမှာ၊ မျိုးစေ့တွေချပြီးတော့ စိုက်ထားမှ တော့ လယ်ကပေါက်မယ်၊ စပါးတွေထွက်မယ်၊ သစ်ပင်စိုက်ထားမှတော့ အသီး တွေသီးမယ်၊ အပွင့်တွေပွင့်မယ်၊ ကောင်းတဲ့အသီး ကောင်းတဲ့မျိုးစေ့ စိုက်တော့ ကောင်းတဲ့အသီးတွေသီးမယ်၊ ချိုတဲ့မျိုးစေ့စိုက်တော့ ချိုတဲ့အသီး တွေသီးမယ်၊ ဒါဟာကမ္မနိယာမသဘာဝ၊ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်နဲ့ ကြည့်တော့ ဒီလိုသွားတယ်၊ အဲဒါကိုမြင်လို့ ဘုရားကကိုယ်နေမယ့် နေရာသစ် ပေါ်မှာ သီလသိက္ခာရှိတဲ့ ပုဂ္ဂိုလ်တွေကို ပင့်တင်လိုက်တဲ့၊ ပင့်တင်ပြီးတော့ တတ်စွမ်းသမျှလုပ်ကျွေးပြုစုလိုက်၊ ဒါ နံပါတ် (၁) လုပ်ရမည့်အလုပ်၊ ပြီးတော့ နံပါတ် (၂) က-

"ယာ တတ္ထ ဒေဝတာ အာသုံ, တာသံ ဒက္ခိဏမာဒိသေ"-တဲ့ တတ္ထ- ထိုကဲ့သို့ မြို့သစ် ရွာသစ်ပေါ်မှာ ပင့်တင်ပြီးတော့ ကုသိုလ်ကောင်းမှုပြုတဲ့နေရာ၌၊ ယာ ဒေဝတာ-အကြင်နတ်တို့သည်၊ အာသုံ-ရှေးကရှိနေတတ်ကြကုန်၏၊ တာသံ-ထိုနတ်တို့ကို အမှူးတည်ပြီးသကာလ၊ ဒက္ခိဏ-ကုသိုလ်ကောင်းမှု အဖို့ဘာဂကို၊ အာဒိသေ-ညွှန်ချပြီးတော့ အမျှဝေလိုက်ပါ။

ဟော. . . ဒုတိယလုပ်ရမည့်အလုပ်က အဲဒီ မြို့သစ် တိုက်သစ် တာသစ် တည်တဲ့ နေရာမှာ ရှေးတုန်းကတည်းက ရှိနေတဲ့ နတ်တွေ, မြေဘုတ်, ရွာစောင့်

http://www.dhammadownload.com



နတ်, ကိုယ်စောင့်နတ်, အိမ်စောင့်နတ်တွေ, သစ်ပင်စောင့်နတ်တွေ ရှိတတ်တယ်။ ပတ်ဝန်းကျင်ရှိနေတဲ့ နတ်တွေရှိတတ်တယ်တဲ့၊ အဲဒီနတ်တွေနှင့်တကွ အဲဒီနတ်တွေပါ ဦးတည်ပြီးတော့လည်းပဲ မိမိတို့ပြုတဲ့ ကုသိုလ်ကောင်းမှု အမျှဝေလိုက်ရတယ် . . . တဲ့၊ ဒီတော့ ဒီနေရာမှာ အိမ်သစ်, တိုက်သစ်တည် လိုက်တော့၊ ဒီနေရာမှာ သစ်ပင်တွေလှဲပစ်ရတာရှိတယ်၊ မြေတွေတူးဆွရတာရှိတယ်၊ မြေတွေတူးတော့ မြေဘုတ်ဘီးလူးဆိုတာရှိတတ်တယ်၊ သစ်ပင်တွေလှဲတော့ သစ်ပင်စောင့်နေတဲ့နတ်တွေရှိတတ်တယ်၊ ဒီတော့-လူတွေကကံကောင်းနေတော့ သူတို့က မတတ်နိုင်လို့ ကြည့်နေရတာ၊ သတ္တဝါတိုင်း ကိုယ့်နေရာလေးဖျက်ဆီးရင်တော့ ဘယ်သူမှမကြိုက်ဘူး၊ မကြိုက်ပေမယ့် ကံသာနေပြီ၊ ဘုန်းသာနေပြီဆိုရင် သူတို့မတတ်နိုင်သေးဘူး၊ ကြည့်နေတတ်တယ်၊ သို့သော် သူတို့ကအခွင့်သာပြီ၊ လူကလည်းကံနိမ့်ပြီဆိုရင် ပြန်ပြီးတော့ ကိုင်တတ်တယ်၊ ပြန်ပြီးတော့ နှောက်ယှက်တတ်တယ်၊ ပြန်ပြီးတော့ ဇလုံးဇခုဖြစ်အောင် လုပ်တတ်တယ်။

ဒီတော့ အဲဒီဟာတွေပြေသွားအောင်ဆိုပြီးတော့ ဘုရားရှင်က နတ်တွေ၊ ခုနကပြောခဲ့တဲ့ ကိုယ်တည်တဲ့အိမ်သစ်နေရာက၊ မြို့ဖြစ်လည်း မြို့သစ်နေရာက, ရွာဖြစ်နေလည်း ရွာသစ်နေရာက၊ ပတ်ဝန်းကျင်ရှိတဲ့နတ်တွေရော အဲဒီနေရာမှာရှိတဲ့နတ်တွေရော အကုန်လုံးကို အမျှဝေလိုက်တဲ့၊ အမျှဝေလိုက်။ အမျှဝေ မေတ္တာပို့လိုက်တော့ သူတို့ကကျေနပ်သွားပြီး၊ ကြည်နူးသွားတယ်။ ဒါ လူ့သဘာဝလိုပါပဲ၊ ရပ်ကွက်တခုတည်း လူသစ်၊ အိမ်သစ်၊ ရွာသစ် လူသစ် အိမ်သစ်ရောက်လာတယ်ဆိုရင်၊ ဒီပတ်ဝန်းကျင်လူတွေက၊ အကဲခတ်တာပဲ။ အဲဒီလူတွေက တို့နဲ့ ရောရော နှောနှောဝင်ထွက်မယ့်လူတွေလား၊ အဲ သူတို့မာနနဲ့သူတို့ မဝင်မထွက် မပြောမဆို သူတို့ဘာသာသူတို့နေမယ့် လူတွေလားဆိုတာ၊ ပတ်ဝန်းကျင်အိမ်တွေက အကဲခတ်တာပဲ၊ အကဲခတ်လို့ ဒီအိမ်ရှင်တွေက သူ့မာနနှင့်၊ သူ့မိသားစုလေးနဲ့ ကုပ်ကျစ်, ကုပ်ကျစ်နဲ့, ဘယ်မှ အထွက်အဝင် အပြောအဆိုမရှိဘူးဆိုရင် ဘေးပတ်ဝန်းကျင်ကလည်း သူ့ဂရုမစိုက်တော့ဘူး၊ သူ့မေတ္တာရှိမှ ကိုယ့်မေတ္တာရှိတာဆိုတော့၊ ဒီလိုပဲ နေကြတာ၊ အရေးပေါ်ရင် ဖေးဖေါ်ကူမ မပေးဘူး၊ မရဘူး။ အဲမိမိက ခေါ်လို့ ပြောလို့ ဝင်လို့ထွက်လို့ ဆက်ဆံလို့ဆိုရင် ပတ်ဝန်းကျင်အိမ်တွေကလူတွေလည်းပဲ၊ မေတ္တာပြန်တုန့်ပြန်လာကြတယ်၊ အရေးပေါ်ရင် ဖေးဖော်ကူမ, ရကြတယ်။

အဲဒီ လူ့သဘာဝလိုပဲ နတ်တွေကလည်း ဒီအတိုင်းပဲ၊ သူတို့ကိုကိုယ်က ကုသိုလ်ကောင်းမှုပြုလို့, အမျှဝေလို့, မေတ္တာပို့လို့ဆိုရင် သူတို့က ကျေနပ် . . လို့၊ ကြည်နူးလို့၊ အဲဒီတင် သူတို့က ပြန်စောင့်ရှောက်တယ် . . . တဲ့၊ စောင့်ရှောက်

http://www.dhammadownload.com



တယ်၊ ဒါကြောင့် "ယာ တတ္ထ ဒေဝတာ အာသုံ, တာသံ ဒက္ခိဏမာဒိသေ" အဲဒီနတ်တွေကို ဦးတည်ပြီးတော့ အမျှဝေလိုက်စမ်းပါတဲ့၊ အဲဒီလိုအမျှဝေတော့ ဘာဖြစ်တုန်းဆိုတော့ ဘုရားရှင်က ဘယ့်နယ့်ဟောတုန်း- တာ ပူဇိတာ ပူဇယန္တိ မာနိတာ မာနယန္တိနံ။ ပူဇိတာ-မိမိက သူတို့ကို ပူဇော်အပ်ကုန်သည်ဖြစ်၍၊ တာ-ထိုနတ်တို့ကလည်း၊ ပူဇယန္တိ-အတုန့်ပြန်ပြီးတော့ ပူဇော်ကြကုန်၏၊ မာနိတာ-မိမိတို့က မြတ်နိုးကြကုန်သည်ဖြစ်၍၊ တာ-ထိုနတ်တို့ကလည်း၊ မာနယန္တိ-မိမိတို့ကို ပြန်၍မြတ်နိုးကြကုန်၏။

ကိုယ်က သူတို့ကိုအလေးဂရုပြုတော့ သူတို့ကလည်း ကိုယ့်ကို အလေးဂရုပြုတယ်ပေါ့တဲ့၊ အလေးဂရုပြုတယ်ဆိုတော့ သူတို့က ရွှေအိုး ငွေအိုး ထန်းပို့သလား၊ ဒီလိုတော့မဟုတ်ပါဘူးတဲ့။ အိမ်ရှင်တွေ ကုသိုလ်ကောင်းမှု ပြုမည့်နေရာ၊ အန္တရာယ်ကင်းမယ့်နေရာ သွားမယ်ဆိုရင် သွားဖြစ်အောင်၊ မကောင်းတဲ့ဘေးရန်တွေနဲ့ တွေ့တော့မယ်ဆိုရင် မတွေ့အောင်၊ မသွားနိုင်အောင်၊ မသွားဖြစ်အောင်၊ အိမ်မက်ပေး၍သော်လည်းကောင်း၊ အတိတ်နိမိတ်ပြ၍သော်လည်းကောင်း၊ ဒီလို သူတို့က စောင့်ရှောက်နိုင်တယ်တဲ့။ အဲဒီလိုအားဖြင့် သူတို့တတ်နိုင်တဲ့ဘက်က သူတို့ စောင့်ရှောက်ကြတာပဲ၊ ဒီတော့ အဲဒီလိုနတ် အစောင့်အရှောက် အကူအညီရပြန်တော့၊ ကိုယ့်တိုးပြီးတော့ ချမ်းသာတာပေါ့လို့- ဒေဝတာနုကမ္ပိ တော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ။ ဒေဝတာနုကမ္ပိတော- နတ်တို့ရဲ့ အစောင့်အရှောက် အကူအညီကိုလည်းရသော၊ ပေါသော-အမျိုးကောင်းသား အမျိုးကောင်းသမီးသည်၊ သဒါ- နေ့ရောညဉ့်ပါ အခါခပ်သိမ်း၊ ဘဒြာနိ-ကောင်းကျိုးချမ်းသာ မင်္ဂလာတို့ကို၊ ပဿတိ-တွေ့ရကြုံရ ဆုံရ မြင်ရလေကုန်၏။

မြို့သစ် ရွာသစ် တိုက်တာသစ်ဆောက်ပြီးနေတဲ့သူတွေ လုပ်ရမည့် အလုပ်(၂)ရပ်ဆိုပြီးတော့ ဘုရားက ပါဋ္ဌလိပုတ်နေပြည်တော်ကြီး တည်ထောင်တဲ့အချိန်က ဟောခဲ့တဲ့တရား။ အဲဒီ ဗုဒ္ဓယဉ်ကျေးမှုကြီးက ဆင်းသက်လာလို့၊ ဒီနေ့ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စဉ်တွေ၊ မိကောင်းဖကောင်း၊ ဆရာကောင်း အဆက်ဆက်ပြောလို့ ကိုယ့် အိမ်သစ်တက်ရင်၊ အခုလိုပဲ ရတနာ(၃)ပါး ပူဇော်ကြ၊ ပတ်ဝန်းကျင်အမျှဝေကြ၊ ဒီအလုပ်ကြီးဆင်းသက်လာခဲ့တာ၊ နှစ်ပေါင်း(၂၅၀၀) ကျော်လာခဲ့ပြီ၊ ယဉ်ကျေးမှုကြီး ဒီကဆင်းသက်လာတာ။

ဒါကြောင့် ဒီနေ့လည်းပဲ မောင်ထွန်းရှင်တို့၊ မခင်ဌေးဆွေတို့က ဒီအလုပ်ကို ဒို့ဘုရားရှင်ဟောတော်မူတဲ့ ဒေသနာတော်နဲ့အညီ၊ အားထုတ်နိုင်တဲ့နေ့ပဲလို့ အာရုံပြုပြီးတော့၊ ဒီနေ့ပြုရတဲ့ အိမ်သစ်ကို, တိုက်သစ်ကို အကြောင်းပြုရတဲ့ စေတ

http://www.dhammadownload.com



နာစုသည် ပြဆိုအပ်ခဲ့သော မင်္ဂလာအကျိုးတရားတွေ တိုးပွားတဲ့အပြင်၊ နောက်ဆုံး ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့၊ နိဗ္ဗာနဓါတ် တရားမြတ်ဆိုတဲ့ နိဗ္ဗာနသစ္ဆိကရိယာစ တော် မင်္ဂလမုတ္တမံ -ဆိုတဲ့ နိဗ္ဗာန်ကိုမျက်မှောက်ပြုရတဲ့ ကောင်းမှု မင်္ဂလာကြီးအထိ ဖြစ်ပါစေသားလို့၊ စိတ်ညွတ်ပြီးတော့ ရေစက်ချပြီး(၃၁)ဘုံသားတွေ အမျှဝေရမယ်၊ ကိုင်း အဲဒီလိုအမျှဝေပြီးမှ သံဃာတော်များက၊ မင်္ဂလသုတ်နဲ့ မေတ္တာသုတ်ချီးမြင့်ပြီးတော့ အနန္တရာယိက ကမ္မဝါများဖတ်ပေးမယ်၊ ပြီးတော့မှ ဆွမ်းကပ်ရအောင်၊ ကိုင်း ရေစက်ခွက်ကိုင်ပြီးတော့ မင်းတို့နှစ်ယောက်က အထူး လိုက်ဆို၊ ဘေးက ဆွေသား၊ မျိုးသား၊ ဦးကြီး ဦးလေး ဒေါ်ကြီး ဒေါ်လေး၊ မိဘ ဘိုးဘွားတွေလည်း အားလုံးပဲ လိုက်ဆိုကြပါ။

သာဓု---သာဓု---သာဓုပါဘုရား။

http://www.dhammadownload.com



# *ပတ္တကမ္မသုတ္တန်
# ဆုကြီးလေးပါးတရားတော်

ယနေ့မြန်မာကောဇာသက္ကရာဇ်၊ ၁၃၄၄-ခုနှစ်၊ တပေါင်းလဆန်း(၁၅)ရက် တပေါင်းလပြည့်နေ့မှာ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်ပဋိပတ်သာသနာတာဝန်ထမ်းဆောင်နေကြသော သံဃာတော်(၅၀၀)ကျော်တို့အား နံနက်အချိန်မွန်မြတ်သော ဘောဇဉ်ဆွမ်းများဖြင့် လာရောက်ဆက်ကပ်လှူဒါန်းကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက မန္တလေးမြို့ဈေးချိုတော် ဘီရုံ ဆိုင်နံပါတ်(၈၅)ရွှေငွေရတနာရောင်းဝယ်ရေးဌာန ပိုင်ရှင်များဖြစ်ကြသော ဆွမ်းဒကာဒကာကြီးဦးဘသိန်းနှင့် သားသမီးများ မိသားစုတို့ဖြစ်ကြပါတယ်။

အထူးသဖြင့် ဆွမ်းဒကာကြီးဒကာကြီးဦးဘသိန်းမိသားစုက သမီးဖြစ် သူမမြင့်မြင့်ရဲ့ မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ်နဲ့ သံဃာတော်(၅၀၀)ကျော်တို့အား နံနက်အချိန်မွန်မြတ်သောဘောဇဉ်ဆွမ်းများဖြင့် ဆက်ကပ်လှူဒါန်းပြီးတော့ ကောင်းမှုများကို ရေစက်သွန်ချသုံးဆယ့်တစ်ဘုံသားတို့အား အမျှဝေကြပါမယ်. . . တဲ့။

ဒကာကြီးကိုဦးတည်ပြီးတော့ အားလုံးဒီထဲမှာ ကျောင်းဒကာကျောင်းအမတွေပါနေကြတယ်၊ စပ်ရာစပ်ရာဒကာဒကာမတွေလည်း ပါနေကြတယ်၊ ဒီတော့ဒကာကြီးကိုဦးတည်ပြီးတော့ ဒီနေ့အင်္ဂုတ္တရနိကာယ်မှာလာတဲ့ ပတ္တကမ္မသုတ်တော်ဆိုတာကို အနုမောဒနာပြုပြီးတော့ ဘုန်းကြီးကရေစက်ချပေးမယ်။ ဒီတော့ပတ္တကမ္မသုတ်ဆိုတာ ဘာကိုပြောတာတုန်းဆိုတော့ မိမိမှာသင့်လျော်လျောက်ပတ်ကောင်းမြတ်တဲ့အမှုလုပ်ငန်းတွေ ပြည့်စုံခဲ့သလား၊ ပြည့်စုံပြီးပြီလားလိုနေသေးသလား၊ ဘာတွေပြည့်စုံခဲ့ပြီတုန်း ဘာတွေလိုသေးသတုန်းဆိုတာကို အဲဒါမိမိကိုယ်မိမိ စစ်ဆေးဝေဖန်ဖို့ရာ မြတ်စွာဘုရားဟောတော်မူတဲ့သုတ်တော်ကို ပတ္တကမ္မသုတ်တော်လို့ခေါ်တယ်၊ ပတ္တ-ဆိုတာက သင့်လျော်လျောက်ပတ်ကောင်းမြတ်တဲ့၊ ကမ္မ-အမှုကိစ္စ။

ဒီသုတ်တော်ကိုမြတ်စွာဘုရား ဘယ်သူ့ကိုအကြောင်းပြုဟောသလဲဆိုတော့ အနာထပိဏ်သူဌေးကြီး ဇေတဝန်ကျောင်းတိုက်ကြီးရဲ့ဒကာ၊ ဇေတဝန်

* ပတ္တကမ္မသုတ္တ-အံ-၁၊ ၃၇၆။

http://www.dhammadownload.com



ကျောင်းတိုက်ကြီးကို ငါးဆယ်နဲ့လေးကုဋေအကုန်ကျခံပြီးတော့ ဆောက်လုပ်လှူဒါန်းတဲ့ ဇေတဝန်ကျောင်းတိုက်ကြီးရဲ့ကျောင်းဒကာ အနာထပိဏ်သူဌေးနှင့်တကွ သူ့ရဲ့မိတ်ဆွေသဂ်ဟ သူဌေးတွေမိတ်ဆွေတွေ ကျောင်းဒကာကျောင်းအမတွေ တနေ့တော့မြတ်စွာဘုရားသီတင်းသုံးနေတော်မူရာ ဇေတဝန်ကျောင်းကို ရောက်လာကြတယ်၊ အဲဒီရောက်လာတဲ့အချိန်မှာ မြတ်စွာဘုရားက အနာထပိဏ်သူဌေးကို ဦးတည်ပြီးတော့ သူ့ရဲ့ကျောင်းဒကာကျောင်းအမတွေ အသက်တွေကလည်းတော်တော်ကြီးလာကြ၊ အချိန်တွေကလည်းတော်တော်ရလာကြ၊ အရွယ်တွေကလည်းတော်တော်ရလာကြတဲ့ ကျောင်းဒကာကျောင်းအမတွေနှင့်တကွ ဆွမ်းဒကာဆွမ်းအမတွေကို မြတ်စွာဘုရားက ဟောတော်မူတဲ့သုတ်တော်ဖြစ်ပါတယ်။

ဒီတော့ပတ္တကမ္မဆိုတဲ့အတိုင်း မိမိတို့သင့်လျော်လျောက်ပတ် ကောင်းမြတ်တဲ့အလုပ်ကိစ္စတွေ ပြည့်စုံခဲ့သလား? ပြည့်စုံပြီးပြီလား?လိုနေသေးသလားလို့ဆိုတာကို စိစစ်ဝေဖန်နိုင်းချိန်ဖို့ အထူးသဖြင့်မြတ်စွာဘုရားက ဘာကိုရည်ရွယ်တုန်းဆိုတော့ ဒီမွေးလာတဲ့ပုဂ္ဂိုလ်မှန်သမျှ နောက်ဆုံးကွယ်လွန်အနိစ္စရောက်ရတယ်ဆိုတာက သေချာပေါက်မလွဲတဲ့လမ်းကြီးဖြစ်နေတော့ အဲဒီကွယ်လွန်အနိစ္စရောက်ခါနီးမှာ မိမိလုပ်သင့်လုပ်ထိုက်တဲ့အလုပ်တွေ စိတ်ရှင်းပြီးတော့ ဖြောင့်ဖြောင့်တန်းတန်းနဲ့ ကွယ်လွန်ခါနီးမှာ အထူးသဖြင့်ဘာလုပ်နေရမယ်၊ ဘယ်လိုနေရမယ်ဆိုတာကို မြတ်စွာဘုရားညွှန်ချင်လို့ ဒီသုတ်ကိုဟောတာ၊ ဒီတော့မြတ်စွာဘုရားက အနာထပိဏ်သူဌေးကို ဦးတည်ပြီးတော့ ဟောလိုက်တယ်။

စတ္တာရော မေ ဂဟပတိ ဓမ္မာ ဣဋ္ဌာ ကန္တာ မနာပါ ဒုလ္လဘာ လောကသ္မိံ။

ဂဟပတိ-ကျောင်းသို့တရားနာရန်ရောက်လာတဲ့ အနာထပိဏ်သူဌေးဦးစီးတဲ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတို့၊ စတ္တာရော-လေးပါးကုန်သော၊ဣမေဓမ္မာ-ဤတရားတို့သည်၊ ဣဋ္ဌာ-သူသူငါငါ, များစွာမပြတ်, လိုလားအပ်သည်ဖြစ်၍၊ ကန္တာ-သူသူငါငါ, များစွာမပြတ်, နှစ်သက်အပ်သည်ဖြစ်၍၊ မနာပါ-သူသူငါငါ, များစွာမပြတ်, မြတ်နိုးအပ်သည်ဖြစ်၍၊ လောကသ္မိံ-လူ့ဘုံဌာနလူ့လောကကြီးထဲ၌၊ ဒုလ္လဘာ-အလွန်တရာလည်းရ ခဲလှသောတရားတို့သည်၊ ဣမေစတ္တာရောဓမ္မာ-ဤလေးမျိုးသောတရားတို့ပေတည်း။

ကျောင်းဒကာအနာထပိဏ်သူဌေးကြီးဦးစီးတဲ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတို့. . . တဲ့၊ လူ့ဘုံဌာနဒီလောကကြီးမှာ သူသူငါငါအင်မတန်

F. 10

http://www.dhammadownload.com



လည်းလိုချင်တယ်၊ အင်မတန်လည်းနှစ်နှစ်သက်သက်နဲ့ ဒီကိစ္စတွေပြည့်စုံချင်တယ်၊ အင်မတန်မြတ်မြတ်နိုးနိုးနဲ့လည်းပဲ ကြိုးပမ်းကြတယ်၊ အဲဒီလို လိုချင်ပေမယ့်လို့ နှစ်သက်ပေမယ့်လို့ မြတ်နိုးပေမယ့်လို့ ရဖို့လွယ်သလားဆိုတော့လည်း ဒုလ္လဘာလောကသ္မိံ-လူ့ဘုံဌာန ဤလောကကြီးထဲမှာ ရဖို့လည်းမလွယ်တဲ့ တရားလေးမျိုးရှိတယ်. . . တဲ့၊ ဆုလာဘ်ကြီးလေးမျိုးရှိတယ်၊ ပြည့်စုံမှုကြီးလေးမျိုးရှိ. . . တယ်၊အဲဒီလေးမျိုးကဘာတွေတုန်းဆိုတော့ ---

**ဘောဂါ မေ ဥပ္ပဇ္ဇန္တု သဟဓမ္မေနာတိ။ အယံ ပဌမော ဣဋ္ဌော ကန္တော မနာပေါ ဒုလ္လဘော လောကသ္မိံ။**

မေ-ငါ၏၊ ဘောဂါ-စည်းစိမ်ဥစ္စာ အဖြာဖြာတို့သည်၊ သဟဓမ္မေန-တရားနှင့်ညီညွတ်သဖြင့်၊ ဝါ-တရားသဖြင့်၊ ဝါ-တရားသောအသက်မွေးဝမ်းကြောင်းဖြင့်၊ ဥပ္ပဇ္ဇန္တု-ဖြစ်ပေါ်ပေါက်ဖွား၍ လာကြပါစေကုန်သတည်း၊ ဖြစ်ပေါ်ပြည့်စုံ၍ လာကြပါစေကုန်သတည်း၊ ဣတိအယံပဌမော-ဤပဌမဆုံးဖြစ်တဲ့ ဤဆုလာဘ်ကြီးကိုလည်းပဲ၊ ဣဋ္ဌော-သူသူငါငါ များစွာမပြတ် လိုလားအပ်သည်ဖြစ်၍၊ ကန္တော-သူသူငါငါ များစွာမပြက် နှစ်သက်အပ်သည်ဖြစ်၍၊ မနာပေါ-သူသူငါငါ များစွာမပြတ် မြတ်နိုးအပ်သည်ဖြစ်၍၊ လောကသ္မိံ-လူ့ဘုံ ဌာန ဤလောကကြီးထဲ၌၊ ဒုလ္လဘော-ရဖို့မလွယ်တဲ့ဆုလာဘ်ကြီးတည်း။

ကိုယ့်ရဲ့စီးပွားဥစ္စာတွေ တရားသောနည်းနဲ့ တရားသဖြင့်အသက်မွေးဝမ်းကြောင်းပြုရင်းနဲ့ စီးပွားဥစ္စာတွေတိုးတက်,တိုးတက်၊ ပြည့်စုံ,ပြည့်စုံ၊ ပြည့်စုံပြီးတော့လာချင်တယ်၊ လာပါစေဆိုတာဟာလည်းပဲ လူတိုင်းလူတိုင်း လိုချင်တဲ့ဆုလာဘ်ကြီး၊လူတိုင်းလူတိုင်းတောင့်တတဲ့ဆုလာဘ်ကြီး. . . တဲ့၊ သို့သော် ပြည့်စုံသလားဆိုတော့ ရဖို့ခဲရင်းတယ်တဲ့၊ တရားသဖြင့်မဟုတ်ပဲနဲ့ မတရားသဖြင့်နည်းတွေနဲ့ တိုးတက်ပြီးတော့နေတာတွေက ရှိနေသေးတယ်၊ အသက်မွေးဝမ်းကြောင်းတရားသဖြင့်မဟုတ်တာ၊ သမ္မာအာဇီဝမဟုတ်တာတွေ သမ္မာအာဇီဝ တရားသဖြင့်အသက်မွေးမှုဆိုတာဘာပြောတာတုန်း ဆိုတော့. . .

**ကသိဝါဏိဇ္ဇ ဂေါရက္ခာဒီဟိ ကမ္မံ သမ္မာအာဇီဝေါ-တဲ့၊**

သမ္မာအာဇီဝေါ-တရားသဖြင့်အသက်မွေးဝမ်းကြောင်း တရားသဖြင့် အသက်မွေးဝမ်းကြောင်းဆိုတာဘာတုန်းဆိုရင် ကသိဝါဏိဇ္ဇ ဂေါရက္ခာဒီဟိ ကမ္မံ-လယ်ယာကိုင်းကျွန်းလုပ်ကိုင်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ မင်းမှုထမ်းသားလခစားပြုလုပ်ခြင်း၊ မိမိရဲ့ကိုယ်အမှု နှုတ်အမှု လက်အမှုတို့ဖြင့် အသက်မွေးမှုတစ်ခုကိုပြုပြီးတော့ ရှာဖွေခြင်း၊ အဲဒါသမ္မာအာဇီဝခေါ်တယ်၊တရားသဖြင့် အသက်မွေးမှုဆိုတာ သူ့ကိုပြောတာ။

http://www.dhammadownload.com



အဲဒီနည်းနဲ့ပစ္စည်းဉစ္စာတွေ တဖြည်းဖြည်းတရိပ်ရိပ်၊ တရိပ်ရိပ်တဖြိုးဖြိုး တိုးတက်ပါစေ. . . ငါ့မှာစီးပွားဉစ္စာတွေပြည့်စုံပါစေလို့ဆိုတဲ့ ဒီဆုလာဘ် ကြီးဟာ လူတိုင်းတောင့်တတယ်. . . တဲ့၊ မတရားသောနည်းနဲ့ မကောင်းသော အသက်မွေးမှုနဲ့ တိုးတက်နေတယ်ဆိုရင် အဲဒါက ကဲ့ရဲ့စရာကြီးဖြစ်လာတယ်၊ သိရဲ့သားနဲ့တစ်ခါတစ်ခါမှာ မကောင်းတဲ့အသက်မွေးမှုနဲ့ ပြုနေရတာ ရှိသေးတယ်၊ သမ္မာအာဇီဝမှပြောင်းပြန် မိစ္ဆာအာဇီဝဆိုတာ အဆိပ်တွေဘာတွေရောင်း လက်နက်တွေဘာတွေရောင်းချပြီးတော့ ကြီးပွားတိုးတက်တာ၊ လူကိုသေစေ တတ်တဲ့ သတ္တဝါတွေကိုညှင်းဆဲသတ်ဖြတ်ကြောင်းဖြစ်တဲ့ လက်နက်တွေရောင်းချ အရက်သေစာတွေရောင်းချ ကြက်ဝက်သားငါးဆိုတဲ့ အကောင်ဘလောင်တွေကို မွေးမြူရောင်းချ **"အဆိပ်ဆိုး၊ ယဇ်မျိုးတဲ့သူရာ၊ ကြက်ဝက်ကယ်တစ်ဖြာနဲ့ လက်နက်ပါလူတစ်ဝ၊ ခွဲပြသေချာ"**တစ်ခါတစ်ခါလူ အရောင်းအဝယ်လုပ် အဲဒီလိုနည်းနဲ့ကြီးပွားတိုးတက်နေတာတွေက ရှိသေးတယ်၊ အဲဒါသမ္မာအာဇီဝ မဟုတ်ဘူးတဲ့။ အဲဒီနည်းနဲ့ ကြီးပွားတိုးတက်နေရင် အဲဒီစီးပွားတွေက အဆိပ် တွေပဲ၊ကိုယ်ကစားနေတုန်း စားကောင်းနေတုန်း ဘာမှမဖြစ်သေး လို့စားနေ ပေမယ်လို့ မီးခဲပြာဖုံးပါ၊ မီးခဲပြာဖုံးပါ၊ အကျိုးက အထဲကမီးလေးက ရဲရက်ပဲ၊ အပေါ်ကပြာလေးဖုံးနေလို့ မလောင်သေးလို့ ကောင်းတယ်ထင်နေတာ၊ ဒီတော့ မြတ်စွာဘုရားက အဲဒါတွေက ထိခိုက်တတ် လွန်းလို့ ခွင့်မပြုပါဘူး၊ ဘယ်လိုနည်းနဲ့မှ ခွင့်မပြုဘူး၊ အဲဒီနည်းကိုဘုရားက။ ဒီတော့မီးခဲပြာဖုံး အကျိုးက ဆိုးလွန်းလို့၊ နောက်ပိုင်းအကျိုးတွေက၊ ဒီတော့ဒီလို နည်းနဲ့မပြုပဲနဲ့ သမ္မာအာဇီဝခေါ်တဲ့ တရားသဖြင့်အသက်မွေးမှုနဲ့ ငါ့ရဲ့စီးပွား ဉစ္စာတွေ တရှိန်ရှိန် တဖြိုးဖြိုးတိုးတက် လာပါစေ. . . လို့ဆိုတဲ့ဆုလာဘ်ကြီးဟာ လူတိုင်းလူတိုင်းရ ချင်လိုချင်ပြီးတော့ ရခဲတဲ့ဆုလာဘ်ကြီး. . .၊

ဒီတော့ဒကာကြီးများက ကိုယ့်ဘာကိုယ်စဉ်းစား၊ ပါလာကြတဲ့မိတ်ဆွေ သင်္ဃာကျောင်းဒကာကျောင်းအမတွေက စဉ်းစား၊ငါတို့ရဲ့စီးပွားဉစ္စာပြည့်စုံမှု သည်. . . တရားသဖြင့်ပြည့်စုံလာခဲ့တာလား? မတရားပါနေသေးသလား? ဒါလေးကိုစဉ်းစားဖို့ ဒါအနာထပိဏ်သူဌေးဦးစီးတဲ့ ကျောင်းဒကာကျောင်းအမ တွေကို မြတ်စွာဘုရားဟောနေတာ၊ နောက်ဒုတိယဘာဆက်ဟောတုန်း ဆိုတော့-

**ဘောဂေ လဒ္ဓါ သဟဓမ္မေန ယသောမေ အာဂစ္ဆတု၊ သဟဉာတီဟိ သဟဥပဇ္ဈာယေဟီတိ။ အယံဒုတိယောဓမ္မော ဣဋ္ဌော ကန္တောမနာပေါ ဒုလ္လဘော လောကသ္မိံ။**တဲ့

http://www.dhammadownload.com



ဘောဂေ-စည်းစိမ်ဥစ္စာတွေကို၊ သဟဓမ္မေန-တရားနှင့်ညီညွတ်သဖြင့် သမ္မာအာဇီဝဖြင့်၊ လဒ္ဓါ-ရရှိပြည့်စုံပြီး၍၊ မေ-ငါ၏၊ ယသော-အခြံအရံအသိုင်းအဝိုင်း ပတ်ဝန်းကျင်သည်လည်း၊ သဟဉာတီဟိ-ရင်းရင်းနှီးနှီးသွေးသားမိတ်ဆွေသင်္ဂဟတို့နှင့်တကွ၊ သဟဥပဇ္ဈာယေဟိ-အပြစ်ငယ်အပြစ်ကြီး အသီးသီးကို သတိပေးတတ် ညွှန်ပြတတ်,ထောက်ပြတတ် ကြည့်ရှုဆုံးမသွန်သင်တတ်တဲ့၊ သန္ဒိဋ္ဌသမ္ဘတ္တဖြစ်တဲ့ မိတ်ဆွေသင်္ဂဟတို့နှင့်တကွ အာဂစ္ဆတု-ဖြစ်ပေါ်လာပါစေသတည်း။

ဟော-ကိုယ့်ပစ္စည်းဥစ္စာတွေနဲ့ ပြည့်စုံပြီးတဲ့နောက် အခြံအရံအသိုင်းအဝိုင်း. . . တဲ့။ အခြံအရံအသိုင်းအဝိုင်းဆိုတာ သားတွေသမီးတွေ အခြံအရံအသိုင်းအဝိုင်းပဲ၊ မြေးတွေမြစ်တွေ တူတွေတူမတွေ နောက်ဆွေသားမျိုးသား တွေပြီးတော့မိတ်ဆွေသင်္ဂဟတွေ ဒီတော့အဲဒီသားသမီးမြေးမြစ်အသိုင်းအဝိုင်း ဆွေမျိုးအသိုင်းအဝိုင်း သန္ဒိဋ္ဌသမ္ဘတ္တလို့ခေါ်တဲ့ မိတ်ဆွေသင်္ဂဟအသိုင်းအဝိုင်းကလည်းပဲ ဘယ်လိုအသိုင်းအဝိုင်းဖြစ်ရမှာတုန်းဆိုတော့ ဥပဇ္ဈာယေဟိတဲ့ မိတ်ဆွေသင်္ဂဟထဲကဆိုလို့ရှိရင် မိမိမှာ ချို့ယွင်းနေတာရှိလို့ရှိရင်ထောက်ပြ အရေးပေါ်ရင် ဖေးဖော်ကူမရမယ့် ကောင်းတဲ့ဘက်ကိုလမ်းညွှန်ပေးမယ့် မကောင်းတာတွေဆိုလို့ရှိရင် သတိပေးတားမြစ်ပေးမယ့် ဒီပုဂ္ဂိုလ်ကို ဥပဇ္ဈာယ်လို့ခေါ်တယ်။

သာသနာနယ်မှာတော့ ဥပဇ္ဈာယ်, ဥပဇ္ဈာယ်ဆိုတာ အပြစ်ငယ်, အပြစ်ကြီး အသီးသီးကို အနီးချဉ်းကပ်၊ ကြည့်ရှုသွန်သင်ဆုံးမတတ်တဲ့ ပုဂ္ဂိုလ်ကို ဥပဇ္ဈာယ်လို့ ခေါ်တယ်။ အတူတူပဲ လူ့လောကမှာလည်းပဲ အဲဒီလိုပဲ၊ မိတ်ဆွေစစ် မိတ်ဆွေကောင်းက မတော်တာလုပ်နေရင် လမ်းစောင်းနေပြီဆိုရင် တည့်ပေးတယ်၊ အရေးပေါ်ရင် ဖေးဖေါ်ကူမရတယ်၊ သာတုန်းသာ ပေါင်းတာ မဟုတ်ဘူး၊ နာတုန်းလည်း ဝင်တာထွက်တာပဲ၊ အဲဒီလို မိတ်ဆွေသင်္ဂဟနှင့် တကွ သွေးရင်းသားရင်းဖြစ်တဲ့ ဆွေမျိုး,မိတ်ဆွေသင်္ဂဟ သူတော်ကောင်းတွေ လိမ်လိမ်မာမာဖြစ်တဲ့ သားသမီး မြေးမြစ် အခြွေအရံတွေ၊ အဲဒီ အခြွေအရံတွေ နဲ့လည်းပြီးပြည့်စုံပါရစေ၊ ပြည့်စုံစမ်းချင်ပါဘိဆိုတဲ့ ဆုလာဘ်ကြီး . . . ဒါရဖို့ မလွယ်ဘူးတဲ့။

လူတိုင်းလူတိုင်း လိုချင်တာပဲတဲ့၊ သားလိမ္မာ, သမီးလိမ္မာတွေနဲ့၊ ပြောလွယ်ဆိုလွယ်၊ ပြောကောင်းဆိုကောင်း၊ ဆိုဆုံးမလိုက်နာတဲ့ သားလိမ္မာ သမီးလိမ္မာတွေနဲ့ ပြည့်စုံ၊ စိတ်ချမ်းသာမှုပေးမယ့် သားလိမ္မာ သမီးလိမ္မာ မြေးမြစ် တူ တူမလိမ္မာတွေနဲ့ ပြည့်စုံ၊ အသိုင်းအဝိုင်း အခြွေအရံကလည်းပဲ ဆွေမျိုးမိတ် ဆွေ သင်္ဂဟတွေကလည်းပဲ မေးထူး ခေါ်ပြော၊ ဝင်ထွက်သွားလာ၊ ရင်းရင်းနှီးနှီး ဆက်ဆံလို့။

http://www.dhammadownload.com



ကောင်းတဲ့အလုပ်တွေနဲ့ပဲ ဝိုင်းပြီးတော့ လုပ်နေကြတယ်၊ ဆွေမျိုးမိတ်ဆွေ သင်္ဂဟတွေကလည်း အဲလိုပဲ၊ ကောင်းတဲ့ဘက်ကိုပဲ သူတို့ကိုယ်တိုင်လည်း အလုပ်လုပ်ပြီးတော့ မိမိတို့နှင့်လည်း ပေါင်းသင်းဆက်ဆံ နေတဲ့သူ ဟာ အဲဒီလို သတိပေးဖေါ် ဆုံးမဖေါ်ရတဲ့ မိတ်ဆွေသင်္ဂဟတွေနဲ့ ပြည့်စုံဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး. . တဲ့။

သားမိုက် သမီးမိုက်ပါနေပြီဆိုမှဖြင့် တခါတည်း အပြင်က လူစိမ်းတစ်ယောက်၊ ရန်သူတစ်ယောက်နဲ့ ပေါင်းရတာကမှတော်သေးတယ်၊ သားမိုက် သမီးမိုက်ဆိုတာ ပစ်လိုက်ရမှာလည်း အခက်၊ ဆက်သင်ရလည်း အခက်၊ ဒီလို အခြေအရံတွေနဲ့တွေ့ပြီဆိုရင် အင်မတန်စိတ်ဆင်းရဲရတယ်၊ အင်မတန် ဒုက္ခရောက်ရတယ်၊ အထူးသဖြင့် သေခါနီးသာဆိုးသေး၊ ဒီသား အတွက်, ဒီသမီးအတွက် စိတ်ထဲဝင်လာတိုင်း ဝင်လာတိုင်း၊ ဒေါမနဿတွေ ဝင်လာပြီး တော့ ဂတိလမ်းကို လွဲသွားနိုင်တယ်၊ ဒီတော့ အဲဒီလိုသားလိမ္မာ သမီးအလိမ္မာ မြေးအလိမ္မာ၊ ဆွေမျိုးမိတ်ဆွေ သင်္ဂဟတွေကလည်းပဲ မိမိတို့ကို မိတ်ဆွေစစ် အနေမျိုးနဲ့ သတိပေးမယ်၊ ဖေးဖေါ်ကူမရမယ်၊သာတုန်းရော နာတုန်းရော အမြဲတမ်း မေတ္တာစစ်နဲ့ ချစ်ခင်နှစ်သက် ပေါင်းသင်းဆက်ဆံကြမယ်၊ မိတ်ဆွေကောင်းတွေ ဆိုတဲ့ အခြေအရံ အသိုင်းအဝိုင်းကိုလည်းပဲ လူတိုင်းလူတိုင်း လိုလားအပ်သည်ဖြစ်၍၊ နှစ်သက်အပ်သည်ဖြစ်၍၊ မြတ်နိုးအပ်သည်ဖြစ်၍၊ ရဘို့မလွယ်တဲ့ ဆုလာဒ်ကြီး. . . တဲ့။

အဲဒါလည်း ကိုယ့်ဘာကိုယ်ဘယ်လို နေသလဲဆိုတာ ခုဒကာကြီးတို့ အကဲခတ်။ ပြည့်စုံသလား မပြည့်စုံဘူးလား။ မြတ်စွာဘုရားကတော့ အနာထပိဏ် သူဌေးကြီးနဲ့ ကျောင်းဒကာ ကျောင်းအမတွေဟောတာပေါ့၊ မိမိတို့မှာလည်း ဒါအကဲခတ်ရမှာ၊ ဒါဘုရားက အနာထပိဏ်သူဌေးကြီး အနားရှိ လို့ အနာထပိဏ် သူဌေးကြီးဦးတည်ဟောတာ၊ ဒီနေ့ ဒကာကြီးတို့တွေ အကုန်းလုံးပါတာပဲ၊ (၃) နံပါတ်က။

**ဘောဂေ လဒ္ဓါ သဟဓမ္မေန, ယသံ သဟ ဉာတိဟိ သဟ ဥပဇ္ဈာယေဟိ စိရံ ဇီဝါမိ ဒီဃမာယုံ ပါလေမီတိ၊ အယံ တတိယော ဓမ္မော ဣဋ္ဌော ကန္တော မနာပေါ ဒုလ္လဘော လောကသ္မိံ၊** တဲ့-

စီးပွားဥစ္စာတွေ တရားသဖြင့်ရှာဖွေလို့ မိမိမှာပြည့်စုံတဲ့ အချိန်၊ အခြေအရံ အသိုင်းအဝိုင်းကလည်းပဲ လိမ်လိမ်မာမာ သားတွေ သမီးတွေ, မြေးတွေ မြစ်တွေ ဆွေမျိုးတွေကလည်းပဲ သူတော်ကောင်းတွေ၊ မိတ်ဆွေသင်္ဂဟတွေကလည်းပဲ

http://www.dhammadownload.com


မိတ်ဆွေစစ်တွေနဲ့ ပေါင်းရသင်းရတဲ့ အပြင်တဲ့၊ စီရံ ဇီဝါမိ- ကြာမြင့်စွာ အသက်ရှည်ရပါလို၏၊ ဒီဃံ-ရှည်မြင့်စွာ၊ အာယုံ-အသက်ကလေးကို၊ ပါလေမိ- ကျန်းကျန်းမာမာနဲ့ စောင့်ရှောက်နိုင်ရပါလို၏။ သက်ရှည်ကျန်းမာ မိမိအသက်ကလေးကို မိမိသက်ရှည်ကျန်းမာ စောင့်ရှောက်နိုင်ရပါလို၏၊ စောင့်ရှောက်နိုင်ပါစေဆိုတဲ့၊ **အယံ တတိယော ဓမ္မော ဣဋ္ဌော ကန္တော မနာပေါ**-ဒီတတိယဆုလာဘ်ကြီးကိုလည်းပဲ သူသူငါငါ များစွာမပြတ် နှစ်သက်အပ်သည်ဖြစ်၍၊ **ဒုလ္လဘော လောကသ္မိံ**-လူ့ဘုံဌာန ဤလောကကြီးမှာ ရဖို့ခဲယဉ်းတဲ့ ဆုလာဘ်ကြီးတစ်မျိုး. . . တဲ့။

အသိုင်းအဝိုင်းတွေကောင်းပါရဲ့ ပစ္စည်းဥစ္စာတွေကလည်း တရားသဖြင့် ပြည့်စုံပါရဲ့၊ ဟော- အသက်ကတိုသွား၊ အစောကြီးသေသွား၊ သို့မဟုတ် မသေသော်လည်းရောဂါတွေနဲ့ ဘာမှမခံစားနိုင်ဘူး၊ ဒီလိုဆိုရင်ဒါ ရှုံးတာပဲ၊ ဒီတော့ အဲဒီလိုမဟုတ်ဘဲနဲ့ ခုနကပြောခဲ့တဲ့ စီးပွားဥစ္စာတွေလည်း သူ့ဟာနဲ့သူပြည့်စုံ တရားသဖြင့်အခြံအရံအသိုင်းအဝိုင်းကလည်း သူတော်ကောင်းတွေချည်းပဲ၊ လိမ်လိမ်မာမာလေးတွေချည်းပဲ၊ ပြီးတော့မိမိရဲ့အသက်ကို ကျန်းမာရေးနဲ့ ကြည့်ပြီးတော့ ညီညာစွာ အသက်ရှည်အောင် မွေးကျွေးသုတ်သင်ပြုပြင် စောင့်ရှောက်ပြီးတော့ နေနိုင်ရင်. . .၊ ဟော-အခု မိမိတို့ခုနှစ်ဆယ်ကျော်၊ ရှစ်ဆယ်၊ ဒီအပိုင်းလောက်ရောက်လာပြီဆိုတော့ ဒါဒီဆုလာဘ်ကြီးကိုလည်း ဒါပြည့်စုံနေတာပဲ၊ ဒါတတိယဆုကြီး။

နောက်စတုတ္ထဆုကြီးကတော့ "**ဘောဂေ လဒ္ဓါ သဟဓမ္မေန**-စီးပွားဥစ္စာတွေကလည်း တရားသဖြင့်ရှာဖွေလို့ပြည့်စုံလို့။ **ယသံ လဒ္ဓါသဟဉာတီဟိ၊ သဟဥပဇ္ဈာယေဟိ**-အသိုင်းအဝိုင်းတွေကလည်းကောင်းလို့။ **စိရံဇီဝဒီဃမာယုံ ပါလေတွာ**-မိမိကိုယ်ကို မိမိလည်းပဲ ကျန်းမာရေးနဲ့ကြည့်ပြီးတော့ အသက်ရှည်အောင်မွေးလာလို့ ကျန်းကျန်းမာမာနဲ့ ဒီနေ့အထိအသက်ရှည်လို့။ **ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံသဂ္ဂံ လောကံဥပပဇ္ဇာမီတိ**-ကွယ်လွန်အနိစ္စရောက်သွားတဲ့အခါမှာ လူ့ရွာနတ်ထံ ချမ်းသာစံပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်အထိ ရောက်ရပါလို၏။ **အယံစတုတ္ထော ဓမ္မော ဣဋ္ဌော ကန္တော မနာပေါ ဒုလ္လဘော လောကသ္မိံ**-ဒီလေးခုမြောက်ဆုကြီးဟာလည်းပဲ လူ့ဘုံဌာန ဒီလောကကြီးမှာ လူတိုင်းလူတိုင်း သူသူငါငါ များစွာမပြတ် လိုလားအပ် နှစ်သက်အပ် မြတ်နိုးအပ်သည်ဖြစ်၍ ရဖို့မလွယ်တဲ့ဆုကြီးတဲ့ ။

http://www.dhammadownload.com



ဟုတ်တာပေါ့ ဒီဘဝမှာပျော်ပျော်ပါးပါးနဲ့ သားနဲ့သမီးနဲ့ပြည့်ပြည့်စုံစုံ နေရပေမယ့် နောက်ဘဝအပါယ်ဒုဂ္ဂတိကျသွားမယ်ဆိုရင် ဒါနာပြန်တာပဲ၊ တစ်ဘဝစာ တစ်နှပ်စာလေးလိုဖြစ်နေတယ်၊ ဒီတော့ဒီဘက်ဘဝပြည့်စုံတဲ့ စီးပွား ဥစ္စာတွေဟာ မဂ်ဖိုလ်နိဗ္ဗာန်အတွက် အကျိုးမပြုပဲနဲ့ အပါယ်လေးဘုံချပစ်တာ တွေချည်းပဲဆိုရင် ဒါရှုံးတာပဲ၊ ဒါကြောင့် အဲဒီသုဂတိလို့ခေါ်တဲ့ လူ့ဘုံ,နတ်ဘုံ, နောက်ဆုံးမဂ်ဖိုလ်နိဗ္ဗာန်။ နိဗ္ဗာန်ကလည်း သုဂတိထဲပါတယ်၊ အဲဒီထိအောင် ရောက်ရပါလို၏။ နေပါရစေ ရောက်ပါရစေ ရောက်ချင်ပါဘိဆိုတဲ့ ဆုလာဘ် ကြီးဟာလည်းပဲ လေးနံပါတ်မြောက် လူတိုင်းလူတိုင်းလိုလားနှစ်သက်တဲ့ ဆုလာဘ်ကြီး၊ သို့သော် ရဖို့မလွယ်တဲ့ ဆုလာဘ်ကြီး. . . ဒါမြတ်စွာဘုရားက လေးမျိုး၊ အဲဒီလေးမျိုးကို ပြည့်စုံဖို့ရာဆိုပြီးတော့ တစ်ခါဆက်ဟောပြန်တယ်-

ဣမေသံ ခေါ ဂဟပတိ စတုန္နံ ဓမ္မာနံ ပဋိလာဘာယ။

ဂဟပတိ-အနာထပိဏ်သူဌေးဦးစီးတဲ့ ဒကာဒကာမအပေါင်းသူတော် ကောင်းတို့၊ ဣမေသံစတုန္နံဓမ္မာနံ-ဤသူသူငါငါ များစွာမပြတ် လိုလားအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ ဒီဆုလာဘ်ကြီးလေးမျိုးတို့ကို၊ ပဋိလာဘာယ-ရခြင်း အကျိုးငှါ၊ ဣမေစတ္တာရောဓမ္မာ-ဤအကြောင်းတရားလေးပါးတို့သည်၊ သံဝတ္တန္တိ- ဖြစ်ပေါ်၍နေကြပေကုန်၏။

အခုပြောခဲ့တဲ့အကျိုးတရားကြီးလေးပါး ဆုလာဘ်ကြီးလေးပါး ပြည့် စုံချင်ရင်တဲ့ အဲဒီဆုလာဘ်ကြီးလေးပါးကို ရစေနိုင်တဲ့အကြောင်းတရားလေးပါး က လည်းရှိတယ်. . . တဲ့၊ အဲဒီအကြောင်းတရားလေးပါး ငါ့ပြည့်စုံရဲ့လားလို့ လည်းစဉ်းစားတဲ့၊ကိုယ့်ကိုယ်ကိုချိန်ထိုးတဲ့၊ ဒီတော့အဲဒီပြည့်စုံရမယ့် ဆုလာဘ် ကြီးလေးပါးနှင့်အညီ အကြောင်းတရားကြီးလေးပါးက ဘာတွေတုန်းလို့ဆို တော့ သဒ္ဓါသမ္ပဒါ-ရတနာသုံးတန် ကံ့ကံအကျိုး ဝိပဿနာမဂ်ဖိုလ်နိဗ္ဗာန်မျိုး ကို မြတ်နိုးကျေနပ် ယုံကြည်သက်ဝင်တတ်တဲ့ သဒ္ဓါစိတ်နှင့်ပြည့်စုံခြင်းလည်း ကောင်း၊ သီလသမ္ပဒါ-ငါးပါးရှစ်ပါး အစထား၍ များပြားစွာလှ သီလနှင့်ပြည့် စုံခြင်းလည်း ကောင်း၊ စာဂသမ္ပဒါ-စွန့်ကြဲပေးကမ်း လှူဒါန်းဝေငှ မြတ်ဒါနဆိုတဲ့ စာဂနှင့် ပြည့်စုံခြင်းလည်းကောင်း၊ ပညာသမ္ပဒါ-ကောင်းဆိုးနှစ်တန် ခွဲဝေဘန်သည့် ဉာနာဉာနကောသလ္လမှ သမထဝိပဿ် စ၍ဆင့်ပွား ပညာတရားနှင့် ပြည့်စုံခြင်း လည်းကောင်း။

ဟော-အကြောင်းတရားလေးချက် ခုနကဆုလာဘ်ကြီးလေးမျိုး လူတိုင်းလူတိုင်း သူသူငါငါရချင်ပြီးတော့ ရခဲ့တဲ့ဆုလာဘ်ကြီးလေးပါးကို ရစေ

http://www.dhammadownload.com



နိုင်တဲ့အကြောင်းတရားလေးချက်ရှိတယ်. . တဲ့၊ မြတ်စွာဘုရားကဖော်ပြတယ်။ အဲဒါဘာတုန်းဆိုတော့သဒ္ဓါသမ္ပဒါတဲ့၊သဒ္ဓါဆိုတာ-ယုံကြည်တာ၊ ယုံကြည်သက်ဝင်တာ၊ ဒါကိုမြန်မာက ကြည်ညိုတယ်လို့ခေါ်တယ်၊ ဒီတော့သက်ဝင်ယုံကြည်မှုဆိုတဲ့ သဒ္ဓါနှင့်ပြည့်စုံခြင်း၊ သူကဘာတွေသက်ဝင် ကြည်ညိုတုန်း၊ ရတနာသုံးတန် ကံကံအကျိုး ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်အကျိုး ကို မြတ်နိုးကျေနပ် ယုံကြည်သက်ဝင်တတ်တဲ့ သဒ္ဓါဓါတ်နဲ့ပြည့်စုံခြင်း။

ပဌမဆုံးရတနာသုံးပါးအပေါ်မှာ ယုံကြည်တယ်လေ၊ ဘုရားကိုယုံကြည်တယ်၊ တရားကိုယုံကြည်တယ်၊ အရိယာသံဃာတော်တွေနဲ့သမုတိသံဃာတော်တွေကိုယုံတယ်၊ မြတ်စွာဘုရားသည် အရဟံအစရှိသောဂုဏ်တော်တွေနဲ့ ထောင့်ငါးရာကိလေသာတို့မှ ဝေးကွာတော်မူတာအမှန်ပဲ၊ဒီလို အရဟံအစရှိတဲ့ဂုဏ်တော်တွေနဲ့ ဘုရားအပေါ်မှာယုံတယ်၊ မြတ်စွာဘုရားကိုဆည်းကပ်ကိုးကွယ်လိုက်ရင် မြတ်စွာဘုရားကို ငါတို့ကိစ္စကြီးငယ် အသွယ်သွယ်ရဲ့ရှေ့ဦးမှာထားပြီးတော့ပူဇော်ရရင် ငါ့မှာအန္တရာယ်ကင်းစေနိုင်တယ်၊ ကောင်းကျိုးချမ်းသာတွေရစေနိုင်တယ်လို့ယုံကြည်တယ်၊ အဲဒါကံနဲ့ကံအကျိုးယုံတာပဲ။

ဘုရားကိုယုံတယ် ကံနဲ့ကံအကျိုးယုံတယ်၊ တရားတော်ကိုလည်းယုံတယ်လေ၊ မြတ်စွာဘုရားဟောတော်မူတဲ့တရားဟာ ဘယ်နည်းနဲ့မှ မမှားနိုင်တဲ့တရား၊ သွာက္ခာတ-ကောင်းကောင်းဟောထားတာ၊ အမှန်ဟောထားတာ၊ ကျင့်လို့ရှိရင်ကျင့်တဲ့ အတိုင်းကိုပဲ အကျိုးပေါ်မယ့်တရား၊ သန္ဒိဋ္ဌိကော- မြတ်စွာဘုရားက ကျင့်ကြည့်ပါ၊ မယုံရင် ကျင့်ကြည့်ပါ၊ သူ့အကျိုးပေါ်လာပါလိမ့်မယ်လို့ကို ဟောထားတဲ့တရား၊ ဧဟိပဿိကော- ကိုယ်တိုင်ကျင့်ကြည့်တော့လည်းပဲ ငါကျင့်သလောက်ကလေး ဟုတ်တာပဲလို့ ယုံကြည်၊ ဩပနေယျိက-ကိုယ်သိသလောက်.ကိုယ်ကျင့်လိုက်သလောက်ဟာ ကိုယ့်မှာ အကျိုးပေါ်ပေါ်နေတာကိုလည်း တွေတွေနေရတယ်၊ ပစ္စတ္တံ ဝေဒိတဗ္ဗ ဝိညျူဟိ။

အဲဒီလိုအားဖြင့် တရားတော်ရဲ့အပေါ်လည်း ယုံတယ်လေ၊ မြတ်စွာဘုရားရဲ့ တရားမလွဲဘူး၊ မလွဲဘူး၊ ငါတို့က မလိုက်နိုင်လို့ တရားကတော့ မလွဲဘူး၊ ဒီလိုတရားအပေါ်ကို ပုံပြီးယုံနေတယ်၊ ယုံနေတဲ့အတိုင်း တရားအတိုင်း ကျင့်ရင် ကောင်းကောင်းကျင့်ရင် ကောင်းကောင်းအကျိုးရမယ်၊ မကောင်းတာ တွေလုပ်ရင်တော့ မကောင်းတာတွေ လာလိမ့်မယ်လို့ ယုံတယ်၊ ကံကံအကျိုး ယုံတယ်၊ သံဃာတော်အရှင်မြတ်တွေ အရိယာသံဃာတော်တွေနဲ့ သမုတိ သံဃာတော်တွေရဲ့ ဂုဏ်တွေကို ယုံတယ်၊ ဒီသံဃာတွေ သီလ, သမာဓိ, ပညာ ဒို့ထက်သာတယ်၊

http://www.dhammadownload.com



လောဘ, ဒေါသ, မောဟ တရားတွေ ဒို့ထက်နည်းပါးအောင် ခေါင်းပါးအောင် ကျင့်ကြံတော်မူနေကြတယ်လို့ ဥဗ္ဗုပ္ပဋိပန္န, သုပ္ပဋိပန္နစတဲ့ ဂုဏ်တော်တွေနဲ့ ယုံတယ်၊ အဲဒီသံဃာတော်အရှင်မြတ်တွေကို လှူရ တန်းရ ပူဇော်ရရင် ဒို့မှာ ကောင်းကျိုးချမ်းသာမင်္ဂလာတွေကို ရစေနိုင်တယ်၊ မကောင်းတဲ့ ဘေးရန်တွေ ကင်းစေနိုင်တယ်လို့ ယုံတယ်၊ ဒါ ကံကံအကျိုးကို ယုံတာ၊

အဲဒီလိုအားဖြင့် ရတနာသုံးတန် ကံကံအကျိုး ကုသိုလ်လုပ်ငန်း မကောင်းတာလုပ်ရင် မကောင်းကျိုးတော့ ဖြစ်မှာပဲ၊ ကွယ်ရာလုပ်လုပ်၊ ရှေ့မှာလုပ်လုပ် မကောင်းတာဖြစ်မှာပဲ၊ ကောင်းတာတွေလုပ်နေရင် ကောင်းတဲ့ စိတ်ထားထား၊ ကောင်းတဲ့ ကာယကံနဲ့ပြု၊ ကောင်းတဲ့ ဝစီကံနဲ့ နေလို့ရှိရင် မျက်မှောက်ဖြစ်ဖြစ် မျက်ကွယ်ဖြစ်ဖြစ် ဒီလိုအတိုင်း ငါနေရင် ကောင်းကျိုး တွေလာလိမ့်မယ်လို့ ဒါမျိုးစေ့စိုက်သလိုပဲ၊ အချို မျိုးစေ့စိုက်ရင် အချိုသီးက သီးမှာ၊ အချိုပင်ပေါက်မှာ၊ အချိုသီး သီးမှာ၊ အခါးမျိုးစေ့ ငါကစိုက်မိရင်တော့ အခါးပင်ပေါက်ပြီးတော့ အခါးသီး သီးမှာလို့ ဒီလို တစ်ထစ်ချကံနဲ့ ကံအကျိုး အပေါ်မှာ ပုံပြီးတော့ ယုံနေတယ် ဒါသဒ္ဓါ။

အဲဒီကနေ တဆင့်တက်ပြီးတော့ ဝိပဿနာအပေါ်မှာ ယုံတယ်၊ ဝိပဿနာလုပ်ငန်းက အမှန်တရားကို ရှာဖွေတဲ့ အလေ့အလာ ပြုတဲ့ ဝိပဿနာတရားဟာ လောဘ ဒေါသစတဲ့ ကိလေသာတွေကို ပယ်သတ်နိုင်တယ်လို့ ယုံတယ်၊ ဝိပဿနာအလုပ်ကို ပြုလုပ်ရင် မဂ်ဖိုလ်နိဗ္ဗာန်နဲ့ နီးကပ်တယ်၊ ရမယ်၊ ရောက်မယ်လို့ ယုံတယ်၊ မဂ်တရား ဖိုလ်တရားတွေဟာ သူတို့ဖြစ်ပေါ်လာလို့ ရှိရင်ဆိုင်ရာ ကိလေသာတွေကို တစ်ချက်တည်းနဲ့ အမြစ်ဖြတ်သတ်နိုင်တယ် ဆိုတာ ဟုတ်မယ်၊ ဒါ မဂ်ဖိုလ်တရားအပေါ်မှာ ယုံတာ၊ မဂ်ဖိုလ်ဆိုတဲ့တရား ထူးတရားမြတ်ကြီးက နိဗ္ဗာန်ကို မြင်တယ်ဆိုတာဟုတ်မယ်၊ အရိယာသူတော် ကောင်းကြီးတွေ သန္တာန်မှာ သောတာပတ္တိမဂ်ဖိုလ် နှလုံးသားထဲ ဖျတ်ခနဲ ပေါ်လိုက်သည်နဲ့ တစ်ပြိုင်နက် နိဗ္ဗာန်ကို ထင်းကနဲ မြင်တာပဲ၊ နိဗ္ဗာန်ကို မြင်စေ တတ်တဲ့ တရားပဲ၊ မြင်နိုင်တဲ့ တရားပဲလို့ ဒီလို။ မဂ်ဖိုလ်နဲ့ ယှဉ်တဲ့ သမာဓိတရား ပညာတရားတွေဟာလည်း နိဗ္ဗာန်ကို မြင်စွမ်းနိုင်တဲ့ အားတွေပဲ၊ မဂ်ဖိုလ် မိမိ နှလုံးသားထဲပေါ်ရင် မြင်ကိုမြင်ရမှာပဲလို့ ဒီလိုမဂ်ဖိုလ်အပေါ်လည်း ယုံတယ်။

နိဗ္ဗာန်ဆိုတဲ့ တရားဟာ အေးငြိမ်းတဲ့ ဓာတ်ကြီးတစ်မျိုးပဲ. . . လောကကြီးမှာ ရှိတယ်၊ ဇဝေဇဝါကို မဟုတ်ဘူး၊ ရီးတီ ယားတား ဇဝေဇဝါ မဟုတ်ဘူး၊ စိတ်ထဲက နိဗ္ဗာန်တရား ဘာမှမရှိဘူးတဲ့၊ ဟုတ်မှဟုတ်ရဲ့လားနဲ့ ဒီလို မနေဘူး

http://www.dhammadownload.com



သူက၊ ရှိတယ် ရှိတယ်၊ ငါမမြင်နိုင်သေးလို့ ငါမမြင်နိုင်သေးလို့ မြင်နိုင်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတဲ့ပုဂ္ဂိုလ်တွေ မြင်သွားတယ်လို့ ဘုရားက ငါမြင်တယ် လို့ ဟောထား တာ၊ ဝိသာခါ ကျောင်းအမ ခုနစ်နှစ်သမီးနဲ့ မြင်တယ်လို့ ဆိုတာ ရှိလို့ မြင်တာ . . . ရှိလို့မြင်တာ၊ ဘုရားကလည်း ရှိတယ်လို့ ဟောထားတာ ငါတို့က မမြင်နိုင်တာ၊ မမြင်နိုင်စွမ်းသေးလို့သာ ရှိတာကတော့ အမှန်ပဲ. . . လို့ ဒီလိုနိဗ္ဗာန်အပေါ်မှာ ယုံတယ်၊ အဲဒါ သဒ္ဓါပဲ၊ အဲဒီသဒ္ဓါတရားနဲ့ ပြည့်စုံပြီလို့ ဆိုရင်တဲ့ ဒီအကျိုးတွေ ပြည့်စုံကုန်တယ်။

သဒ္ဓါ သမ္ပဒါ- ရတနာသုံးတန် ကံကံအကျိုး ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန် မျိုးကို မြတ်နိုး ကျေနပ် သက်ဝင်ယုံကြည်တတ်တဲ့ သဒ္ဓါဓာတ်နဲ့ ပြည့်စုံခြင်း လည်းကောင်း၊ ဒီတော့ အဲဒါ မိမိတို့ ကိုယ်မိမိတို့ စစ်ဆေးတဲ့၊ ငါ့ သဒ္ဓါနဲ့ ပြည့်စုံရဲ့လား၊ အခုလို လှူနိုင် တန်းနိုင်တဲ့ မွေးနေ့ အကြောင်းပြုပြီးတော့ လှူကြ တန်းကြ၊ ဟိုမှာ လှူကြ တန်းကြ၊ ဒီမှာ လှူကြ တန်းကြ၊ ဒါသဒ္ဓါရှိလို့ပေါ့၊ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသည် မိမိတို့အတွက် ကောင်းကျိုး ချမ်းသာရမယ်လို့ စိတ်က ပုံထားတယ်၊ ဒါ-ယုံမှုပေါ့၊ ယုံလို့မို့ ဟိုမှာဒီမှာ မန္တလေး မှာကျောင်းတွေဆောက်၊ ဒီမှာလည်းပဲ ကျောင်းတွေဆောက်၊ ဟာ-ဟိုအလှူ ဒီအလှူတွေပြု၊ ဒါယုံလို့ပေါ့၊ ရတနာသုံးပါးအပေါ်လည်းယုံတယ်၊ ကံကံအကျိုး လည်းယုံတယ်၊ တတ်စွမ်းသမျှ မိမိတို့ ဝိပဿနာနဲ့နေမယ်၊ ဝိပဿနာအပေါ် ယုံတယ်၊ မဂ်ဖိုလ်အပေါ် ယုံတယ်၊ နိဗ္ဗာန်အပေါ် ယုံတယ်၊ ဝိပဿနာ အားထုတ် နေရင် ဝိပဿနာနှင့်တကွ မဂ်ဖိုလ်နိဗ္ဗာန်ကို ယုံတယ်လို့ ခေါ်တယ်။

ဒီတော့- အဲဒီသဒ္ဓါအားက အတိမ်အနက်ရှိတယ်၊ အနည်းအများရှိ တယ်၊ ဒီတော့-ကိုယ့်ရဲ့သဒ္ဓါအားကို ကိုယ်စမ်းချင်လို့ရှိရင် ငါ့သဒ္ဓါအား ဘယ် လောက် ကောင်းသလဲ၊ ကောင်းသလား မကောင်းဘူးလားဆိုတာကို သိချင်ရင် ကိုယ့်ကိုယ် ကို အကဲခတ်တဲ့ နည်းက လူကွယ်ရာ သူကွယ်ရာမှာ ငါတိတ်တိတ်ပုန်းဘာများ လုပ်မိသေးတုန်း၊ လုပ်တတ်သေးသလားလို့ ကိုယ့်ကိုယ်ကို အကဲခတ်ကြည့်၊ မေးကြည့်ပြန်ပြီး၊ လုပ်ချင်သေးတယ်၊ လူမမြင် သူမမြင်ရင်တော့ တိတ်တိတ်ပုန်း လေးများတော့ လုပ်ချင်သေးတယ်ဆိုရင် ဩော် . . . ငါ့သဒ္ဓါ အား အတော်ညံ့တဲ့ သဒ္ဓါပဲလို့သာ ဆုံးဖြတ်တော့၊ အဲဒါသဒ္ဓါပဲ၊ ဒီတော့ ကိုယ့်ကိုယ်ကို အကဲခတ်နည်းက အဲဒါပဲ၊ မယုံရင် ကျူးလွန်ချင်သေးတယ်၊ ယုံတဲ့သူက ကျူးကို မကျူးလွန်တော့ဘူး။

သောတာပန်တို့များကျတော့ ယုံသွားလိုက်တာ၊ အဓိဂမသဒ္ဓါနဲ့၊ တစ်ခါ တည်း မဂ်နဲ့ဖိုလ်နဲ့ တွဲသွားတဲ့ သဒ္ဓါနဲ့ ယုံပြီးတော့ ပုံချသွားလိုက်တာ၊ သတ်မယ်

http://www.dhammadownload.com



ဆိုလို့တောင် မလုပ်တော့ဘူး၊ မင်းပစ္စည်းတွေကွာ ပုံပေးမယ်ဟေ့-ဆိုတောင်မှ မလုပ်တော့ဘူး၊ မကောင်းတာ၊ အဲဒီလောက် ယုံသွားတယ်၊ ဒီတော့ မိမိရဲ့ သဒ္ဓါအားကိုတော့ ကိုယ့်ဘာကိုယ် အကဲခတ်ကြ၊ အနု အရင့်ရှိတယ် သူက၊ သိသာတယ် သူက၊ ဒါကြောင့် ဘုန်းကြီးတို့ ကျေးဇူးရှင် ဆရာတော်ကြီးက "ဒီ ကိုရင်- တယ်သဒ္ဓါတရားနည်း၊ ဒီ ဖိုးသူတော် တယ်သဒ္ဓါတရားနည်းနဲ့" ပြောတယ်၊ သဒ္ဓါတရားနည်းဆိုတဲ့စကားထဲမှာ မနည်းဘူးအဓိပ္ပာယ်တွေက ငုပ်နေတယ်၊ သဒ္ဓါတရားနည်းတယ်ဆိုတာ အဲဒါပြောတာ၊ ယုံကြည်မှုနည်း နေတာ၊ ယုံကြည်မှု နည်းတော့ သူက တော်ယိလျှော်ယိ လုပ်တာပဲ၊ တော်ယိ လျှော်ယိနေတာပဲ၊ ကောင်းကောင်းနေပါလို့ ပြောပေမယ်လို့ မနေဘူး သူက၊ အဲဒီလိုဖြစ်နေတာ၊ ဒါ-သဒ္ဓါသမ္ပဒါ။

ဒုတိယ သီလသမ္ပဒါတဲ့၊ သီလသမ္ပဒါ-ငါးပါး ရှစ်ပါး အစထား၍ များပြား စွာလှ မြတ်သီလနှင့် ပြည့်စုံခြင်းလည်းကောင်း . . . ၊ ဟော-ဒုတိယ ပြည့်စုံရမှာက သီလသမ္ပဒါဆိုတာ- ငါးပါးသီလ ဒါအားလုံးသိပြီးသား၊ ငါးပါး သီလပျက်လိုက် လို့ရှိရင် အကျိုးတွေက ဆိုးလွန်းလို့ မြတ်စွာဘုရားက သီလနဲ့ပြည့်စုံပြီဆိုရင်ရတဲ့ အကျိုးတွေကလည်း ကောင်းလွန်းလို့၊ ပါဏာတိပါတစတဲ့ ငါးပါးသီလလေးနဲ့ ပြည့်စုံလိုက်ရင်ပဲ၊ သူ့အသက်သတ်မှု၊ သူ့ညှဉ်းဆဲမှုတွေရှောင် လိုက်သည်နဲ့ တစ်ပြိုင်နက် မိမိ အသက်ရှည်ခြင်း၊ ကျန်းမာခြင်း အင်္ဂါခြေလက် အပျက်အစီး မရှိခြင်းဆိုတဲ့ အကျိုးတွေရတယ်၊ ချစ်ခင်နှစ်သက်တဲ့ သူတွေနဲ့ အတူတကွ၊ ကြာရှည်လေးမြင့် ပေါင်းသင်းရလို့၊ မုသာဝါဒသီလ လုံနေပြီဆိုရင် ဩဇာတိက္ကမ တွေ ရှိလို့၊ အထူးသဖြင့် ပါးစပ်နဲ့ ပတ်သက်ပြီးတော့ နှုတ်နဲ့ပတ် သက်ပြီးတော့ ဩဇာညောင်းလို့ ဒီလိုဟာတွေပေါ့လေ။

သုရာမေရယသီလကြီး လုံနေပြီဆိုရင် အသိဉာဏ်တွေထက်လို့ မလုံပြီ ဆိုမှဖြင့် အရူးအနှမ်းလေးဖြစ်လို့ လူဖြစ်လာတောင်မှ-

* ယော သဗ္ဗလဟုသော သုရာမေရယပါနဿ ဝိပါကော မနုဿ ဘူတဿ ဥမ္မတ္တက သံဝတ္တနိကော ဟောတိ-တဲ့။

လူ့ဘဝ ရောက်လာတောင်မှ သုရာမေရယရဲ့ အပြစ်က အပေါ့ဆုံး အကျိုးလေးပြောစမ်းပါဆိုရင် ရူးတူးတူး နှမ်းတမ်းတမ်းလေးဖြစ်နေတာပဲ. . တဲ့၊ အူတူတူ အတတလေး ဖြစ်နေတာဟာ အဲဒါ အပေါ့ဆုံးအကျိုးပဲ-တဲ့၊ ဒီတော့ အဲဒီလို သီလကိုလည်း ယုံပြီးတော့၊ သီလကို လုံအောင် ထိန်းပြီးတော့ ပြည့်စုံ

* ဒုစ္စရိတဝိပါကသုတ္တ၊ အံ-၃၊ ၇၇။

http://www.dhammadownload.com



နေပြီဆိုရင် သီလသမ္ပဒါပဲ၊ စာဂသမ္ပဒါ-စွန့်ကြဲပေးကမ်း လှူဒါန်းဝေငှ မြတ်ဒါန နှင့်ပြည့်စုံ၍ နေခြင်းလည်းကောင်း . . . တဲ့၊ ဟော- အခု ဒကာကြီးများ စွန့်ကြဲ ပေးကမ်း လှူဒါန်းမှုတွေ ပြုပြီးတော့ နေကြတယ်၊ သီလတွေလည်းပဲ လုံအောင် ထိန်းနေကြတယ်၊ ဒါ-သဒ္ဓါသမ္ပဒါ၊ သီလသမ္ပဒါ၊ စာဂသမ္ပဒါ။

ဝိဂတမလမစ္ဆေရေန စေတသာ အဂါရံ အဇ္ဈာဝသတိ-တဲ့ နေတာကိုက သူက တွယ်တာ နှစ်သက်မှုနဲ့၊ ပစ္စည်းတွေအပေါ်မှာ ခင်မင်နှစ်သက်မှုနဲ့ မနေဘူး သူက၊ စီးပွားရှာတုန်းကလည်း သူက စိတ်ကဘယ်လိုထားတုန်းဆိုတော့ လေးသမား ကြီးများ မြားကောက်သလို သဘောထားပြီး ရှာတယ်သူက၊ လေးသမားကြီးများ မြားကောက်သလို ကောက်ယူကော့ သူက သိမ်းထားမယ် လို့ ယူတာမဟုတ်ဘူး၊ မြားပုံကြီးထဲက မြားတွေ ကောက်ကောက်ပြီးတော့ သူ့ခါးမှာ ချိတ်ထားတဲ့ အိတ်ထောင်ကြီးထဲ တောင့်လို့ ခေါ်တာကြီးထဲ သူက မြားတွေကောက်ကောက် ထည့်တော့ သူကအမြဲတမ်း ဒီထဲဖွက်ထားတော့မယ် သိမ်းထားတော့မယ်၊ ဘယ်မှမပေးဘူး ဒီလိုအနေမျိုးယူတာ မဟုတ်ဘူးတဲ့၊ မြားပုံကြီးက မြားတွေကောက် ကောက်ထည့်၊ စစ်ထွက်ခါနီး လေးသမားကြီး သို့မဟုတ် တောထဲမုဆိုးကြီး သမင် ဒရယ် ဂျီယယ် စိုင် ဆတ် ပစ်ခါနီး မြားတွေကို တောင့်ကြီးထဲထည့်တဲ့ မုဆိုးကြီးက ဘာပြုလို့ ထည့်တာတုန်း သူက ဘာပြုလို့ သူ့ဆီယူတာတုန်းဆိုတော့ သားကောင် ပစ်ဖို့တဲ့။ အဲသလိုပဲတဲ့- သူတော် ကောင်းတွေက စီးပွားဥစ္စာရှာတဲ့နေရာမှာ ဒါက သားသမီးတွေ ဝတ္တရားကျေအောင် ပြုဖို့၊ ဒါကဆွေမျိုးတွေ ထောက်ပံ့ဖို့၊ ဒါက မိဘတွေ ပြုစုဖို့၊ ဒါက ကူညီ ရိုင်းပင်းစရာရှိတာ ကူညီရိုင်းပင်းဖို့၊ ဒါက ကုသိုလ် ကောင်းမှု ပြုဖို့၊ ဒီလို စသည်ဖြင့် သူက တစ်ခါတည်း သူ့ဆီ သိမ်းထားဖို့ဆိုတာ မရှိဘူး၊ လေးသမား ကြီး မြားကောက်သလိုပဲ စိတ်က။

ဒါ့ကြောင့် ဝိဂတမလမစ္ဆေရေန စေတသာ အဂါရံ အဇ္ဈာဝသတိ-တဲ့ စိတ်ကိုက တွယ်တာ ငြိကပ်ပြီးတော့ သိမ်းထားမယ်၊ သိမ်းထားမယ်ဆိုတဲ့ စိတ်နဲ့ အိမ်မှာနေတာ မဟုတ်ဘူးတဲ့၊ ပယတပါဏိ-တဲ့ လက်ကအမြဲတမ်း ဖြူစင်သန့်ရှင် ဆေးကြောအပ်တဲ့လက် ရှိတယ်၊ ဒါကြောင့် -လက်တွေ မကြာ မကြာ ဆေးရတယ် ဆိုတာ အလှူပေးနေတာ၊ သို့မဟုတ် ပယတပါဏိ- ဖြန့်ထားအပ်သော လက်ရှိ သည်တဲ့၊ သူကဆုပ် မထားဘူး၊ အမြဲဖြန့်ထားတယ်၊ သူ့ပစ္စည်းတွေ သူတဆုပ်ပိုက် ပိုက် မဟုတ်ဘူး၊ အမြဲဖြန့်ထားတယ်တဲ့၊ လက်ကို တခါတည်း စိတ်က လှူမယ် တန်းမယ်ဆိုတဲ့ စွန့်မယ် ကြဲမယ်ဆိုတဲ့၊ အကွက် ပေါ်လာရင် ပေးမယ်ဆိုတဲ့ စိတ်နဲ့ နေတာ။

http://www.dhammadownload.com



**ဝေါသဂ္ဂရတော-**တဲ့ စွန့်လွှတ်နေမှုကို မွေ့လျော်တယ်၊ **ယာစယောဂေါ** အတောင်းခံနိုင်တယ်တဲ့၊ အဲဒီ ယာစယောဂေါက မလွယ်ဘူး၊ ကိုယ် သဒ္ဓါတရား ပေါက်တုန်း တစ်ထောင်ကုန် တစ်သောင်းကုန် ပေးနိုင်ပေမယ်လို့ ထည့်ပါအုန်းဗျ၊ လှူပါအုန်းဗျဆိုရင် ငါးကျပ်ကလေးကိုပဲ အတောင်း မခံနိုင် ကြဘူး၊ အတောင်းခံ ရတယ်ဆိုရင် ဟိုက-လာပြီး တောင်းပြီဆို အလှူခံပြီဆို လို့ရှိရင် ဩော်-ရှုပ်လိုက်တာဆိုပြီးတော့ စိတ်ထဲက အောင့်သိအောင့်သက်နဲ့ ပေးလိုက်ရင် ဒါ-ယာစယောဂ မဟုတ်ဘူး၊ အတောင်း ခံနိုင်တာ မဟုတ်ဘူး၊ အတောင်းခံနိုင်တယ်ဆိုတာ သူတော်ကောင်းကြီးတွေကျတော့၊ လာတောင်းတယ်ဆိုရင်ပဲ သူကကျေးဇူးတင်လို့ အမလေး ငါ့ပါရမီဖြည့်တာ သူက၊ ငါ့ဒါန အိုးကြီး၊ ငါ့ဒါနပါရမီ မပြည့်သေးလို့ သူဖြည့်ရှာတာ၊ ကြွပါ ကြွပါ ကြွပါ ရှေ့ရှေ့ ဆို သူက၊ ဒါ-ယာစယောဂ၊ အဲဒါတော့ မလွယ်ဘူး ဒါက၊ ကိုယ့် သဒ္ဓါပေါက်တုန်း ခုနက ပြောသလို တစ်ထောင်ကုန် တစ်သောင်းကုန် ကိုယ့်သဒ္ဓါပေါက်တုန်း လှူချင် လှူနိုင်တယ်၊ ငါးကျပ်ဖြစ်ပေမယ့်လို့ ကိုယ်စိတ်မပါတဲ့ အချိန်၊ ကိုယ့်လာတောင်းတဲ့ အချိန်ပေါ့လေ၊ အတောင်းရောက်လာတဲ့အချိန် ရုတ်ကနဲ့ဆို သဒ္ဓါမွေး နိုင်ခဲတယ်၊ ဒီတော့- သူတော်ကောင်းကြီးတွေက ဒီလိုမဟုတ်ဘူး၊ ယာစယောဂေါ-အတောင်းခံနိုင်တယ်၊ လှူဒါန်းဝေဖန် နေရတာကို ပျော်တယ်. . . ဟော-ဒါ စာဂသမ္ပဒါ၊ ဒီတော့- အဲဒါလည်း မိမိတို့ ပြည့်စုံ မပြည့်စုံ အကဲခတ်၊ ဒါ အကြောင်းတရားတွေပဲ။

ပညာသမ္ပဒါတဲ့ နောက်ဆုံး၊ ပညာ သမ္ပဒါ- ကောင်းဆိုးနှစ်တန် ခွဲဝေဖန်၍ ဌာနာဌာန ကောသလ္လမှ သမထ ဝိပဿ် စ၍ဆင့်ပွား ပညာတရားနဲ့ ပြည့်စုံခြင်း . . . ပညာသမ္ပဒါဆိုတာ ဒါကလုပ်ထိုက်တဲ့အလုပ်၊ ဒါက မလုပ် ထိုက်တဲ့အလုပ်လို့ သိတာကို ပညာသမ္ပဒါ၊ မြတ်စွာဘုရားက ဟောတယ်လေ-

**အဘိဇ္ဈာဝိသမလောဘာဘိဘူတေန ဂဟပတိ စေတသာ ဝိဟရန္တော အကိစ္စံ ကရောတိ၊ ကိစ္စံ အပရာဓေတိ-**တဲ့

သူကလေ. . . တဲ့ ပညာနည်းနေပြီဆိုလို့ရှိရင် **အကိစ္စံ ကရောတိ** -တဲ့ မပြုသင့်တာတွေ ပြုကုန်ရောတဲ့၊ **ကိစ္စံ အပရာဓေတိ**-ပြုသင့်တာတွေ ချို့ယွင်း ကုန်ရောတဲ့၊ ပြုသင့်တဲ့အလုပ်တွေက ကုသိုလ်ကောင်းမှု အလုပ်တွေ မေတ္တာနဲ့ လုပ်ရမယ့် အလုပ်တွေ ပြင်ရ ဆင်ရမယ့် အလုပ်တွေ၊ ဘာဝနာပွား ရမယ့်အလုပ် တွေ ဒီလိုဟာတွေပေါ့နော်၊ ကောင်းတဲ့လုပ်ငန်း၊ အဲဒါတွေကိုတော့ မလုပ် ဖြစ်ဘူးတဲ့၊ မကောင်းတာတွေမှ လုပ်ဖြစ်ကုန်တယ်တဲ့၊ အဲဒါ ပညာချို့ယွင်းလို့ပဲ၊

http://www.dhammadownload.com



ဒီတော့ ပညာသမ္ပဒါ-ပညာနဲ့ပြည့်စုံပြီဆိုတော့ အောက်ထစ်ဆုံး ပညာက အဲဒါပဲ၊ ပြုသင့် မပြုသင့်ဆိုတဲ့ အမှုကို သူကသိတယ်၊ ဒါက မပြုသင့်တဲ့အမှု၊ ဒါက ပြုသင့်တဲ့အမှု၊ အဲဒီလို သိအောင်လည်းပဲ သူတော်ကောင်းတွေဆီမှာ ချဉ်းကပ်ပြီးတော့ သူက မေးထားတယ်၊ စာအုပ်တွေ ပေထုပ်တွေ ကြည့်ထား တယ်။ ဗဟုသုတ လေ့လာဆည်းပူးထားတယ်၊ ပရိယတ်တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်တွေကို ချဉ်းကပ်မေးထားတယ်၊ သို့မဟုတ် စာပေကျမ်းဂန် လိုက်စားထားတယ်၊ ဒီအလုပ်က လုပ်ထိုက်တဲ့ အလုပ်၊ ဒီအလုပ်က မလုပ်ထိုက်တဲ့ အလုပ်လို့ သိတယ်။

တစ်ခါတစ်ခါမှာ ကုသိုလ်ရတယ်ထင်ပြီးတော့ မဟုတ်တာလုပ်မိတာ ရှိသေးတယ်ကိုး သူက၊ တစ်ချို့က ရှိသေးတယ်၊ ဒီမြွေပွေးကြီး ဒီနားရှိရင်တဲ့ လူသူလေးပါး ကိုက်ကုန်ရင် အများဒုက္ခရောက်ကုန်မယ်၊ အဲဒီတော့ သူများတွေ ချမ်းသာအောင် ငါက သတ်လိုက်မယ်ဆိုပြီးတော့ သတ်ချလိုက်တယ်၊ အဲဒါ သတ်လိုက်တာက ကုသိုလ်ကိုက်တယ်ထင်လို့ လုပ်တာ၊ ဒီကျားကြီး ဒီထဲရှိနေရင် လူသူလေးပါး အကုန်ကိုက်သတ်ကုန်လိမ့်မယ်၊ ဒီတော့- ငါသေနတ်နဲ့ ပစ်သတ်လိုက်မယ်၊ အများချမ်းသာအောင်လို့တဲ့ သူက လုပ်တာ၊ ဘုရားက အဲဒီ စိတ်ဓာတ်မျိုး မချီးမွမ်းပါဘူး၊ ကိုယ့်ကျိုး နစ်နာခံပြီး သူများအကျိုးဆောင်တဲ့ အကျိုးဆောင်မှုကို ဘုရား မချီးမွမ်းဘူး၊ ကိုယ့်မှာလည်း ကုသိုလ်ရတယ်၊ သူ့မှာလည်း အကျိုးရှိတယ်၊ ဒါကိုသာ မြတ်စွာဘုရား ချီးမွမ်းပါတယ်။ **အတ္တဒတ္ထံ ပရတ္ထေန, ဗဟုနာပိ န ဟာပယေ။** အတ္တဒတ္ထံ- မိမိအကျိုးကို၊ ဗဟုနာပိ-ပရတ္ထေန သူတစ်ပါးရဲ့ အကျိုး မြင့်မိုရ်တောင်လောက်ကြီး ကြီးနေပါစေတဲ့၊ န ဟာပယေ-ကိုယ့်နစ်နာသွားမယ်၊ ကိုယ့်အပါယ်လေးပါးကျမယ်ဆိုရင်တော့ မဆုတ်ယုတ် စေနဲ့တဲ့၊ ဓမ္မပဒမှာ မြတ်စွာဘုရား တိုက်ရိုက်ညွှန်ထားတယ်။

ဒါ့ကြောင့် သူများ ချမ်းသာအောင်ဆိုပြီး အကောင်ဘလောင်တွေ သတ်ဆိုတဲ့ ပါဏာတိပါတအမှုကြီး ပြုပြီး၊ ကိုယ်တော့ အပါယ်ကျခံတယ်၊ သူများ ချမ်းသာအောင်တော့ လုပ်သွားတယ်၊ ဒါမျိုး ဘုရားက မချီးမွမ်းဘူး၊ ဘုရားအလောင်းလည်း ဒီလိုအလုပ်မျိုး မလုပ်ခဲ့ဘူး၊ သူတော်ကောင်း အလောင်းကြီးတွေလည်း မလုပ်ခဲ့ဘူး၊ ကိုယ်လည်း ကုသိုလ်ရမယ်၊ သူတို့လည်း အကျိုးရှိမယ် ဒါကိုသာ လုပ်တယ်၊ ဒီတော့- အဲဒီလို အလုပ်တွေကိုလည်းပဲ ဒါလုပ်ထိုက်တဲ့ အလုပ်၊ ဒါ မလုပ်ထိုက်တဲ့အလုပ် ခွဲခြမ်းစိတ်ဖြာနိုင်တာ ပညာလို့ခေါ်တယ်၊ အဲဒါ ဌာနာဋ္ဌာန ကောသလ္လပညာလို့ ခေါ်တယ်၊ အကြောင်း ဟုတ်သည် မဟုတ်သည်၊ ဌာနဟုတ်သည် မဟုတ်သည်၊ ပြောသင့်တဲ့စကား မပြောသင့်တဲ့စကား၊ ဒါလုပ်

http://www.dhammadownload.com



သင့်တဲ့အလုပ်၊ မလုပ်သင့်တဲ့ အလုပ်၊ ဒီနားက သွားသင့်တဲ့ ကိစ္စ၊ မသွားသင့်တဲ့ကိစ္စ စသည်ဖြင့် အဲဒါတွေကို သိတဲ့ပညာက စပြီးတော့ သမထ ဝိပဿနာပညာ မဂ်ဖိုလ်ပညာ အဲဒီပညာနဲ့ ပြည့်စုံခြင်း၊ ဒီတော့ အဲဒီပညာနဲ့ ပြည့်စုံလို့ရှိရင် ပညာသမ္ပဒါဖြစ်သွားတာပဲ၊ အဲဒီအကြောင်း လေးပါးပြည့်စုံရင်တဲ့ ခုနက အကျိုးတွေ အကုန်လုံးပြီးတယ်။

ဒီတော့ ကိုယ့်ကိုယ်ကို ဒကာကြီးများပေါ့လေ- အထူးသဖြင့် အသက်တစ်ရာနှစ်ဆယ်လည်း ရှည်ကြပါစေ၊ အထူးသဖြင့် ကိုယ်ကွယ်လွန် အနိစ္စရောက်ခါနီးပြီ၊ အသက်ကလည်း တော်တော်ကြီးလာလို့၊ ဆိုပါတော့- သေရာညောင်စောင်းများ လျောင်းနေပြီဆိုလို့ရှိရင်တဲ့ ဒါတွေကို စဉ်းစားပြီးတော့ မြတ်စွာဘုရားက * **ဘုတ္တာဘောဂါ ဘတာ ဘစ္စာ ဝိတိဏ္ဏာ အာပဒါသု မေ-တဲ့။** ဘုတ္တာဘောဂါ-တဲ့၊ ဘောဂါ- စည်းစိမ်တို့ကိုလည်း၊ ဘုတ္တာ-တရားသဖြင့် ငါသုံးဆောင် ခံစားခဲ့ကုန်ပြီတဲ့၊ တရားသဖြင့် သုံးဆောင်ခဲ့ပြီ၊ ကိုယ့် စီးပွားဥစ္စာတွေနဲ့လည်း ပြည့်စုံတယ်၊ ပြည့်စုံကြောင်းတရားလေးပါးနဲ့လည်း ပြည့်စုံပြီ၊ ပြည့်စုံပြီးတော့ အဲဒီ တရားတွေနဲ့ ပြည့်စုံတဲ့အပြင် ပတ္တကမ္မ ခေါ်တဲ့ မိမိလျောက်ပတ်တဲ့ အမှုတွေ ငါပြုခဲ့ပြီးပါပေါ့လား . . . လို့ ဆိုတာတွေ၊ . . . ပြီးတော့ ကြည်နူးရအောင်လို့တဲ့။

မေ-ငါသည်၊ ဘောဂါ-စည်းစိမ်ဥစ္စာတို့ကိုလည်းပဲ၊ ဘုတ္တာ- တရားသောနည်းဖြင့် ရှာဖွေပြီး သကာလ တရားသဖြင့် ခွဲခြမ်းဝေဖန်စိတ်ဖြာ သုံးဆောင်အပ်ခဲ့ကုန်ပြီ၊ ဘယ်လိုတရားသဖြင့် ခွဲခြမ်းစိတ်ဖြာတာတုန်းဆိုတော့ '**အတ္တာနံ သုခေတိ ပီဏေတိ**" -ကိုယ့်ကိုယ်ကိုလည်း ချမ်းသာအောင် သုံးခဲ့ တယ်လေ၊ စားခဲ့တယ်လေ၊ ဝတ်ခဲ့ဆင်ခဲ့တယ်လေ၊ "**မာတာပိတရော သုခေတိ ပီဏေတိ**" -မိဘတွေကိုလည်းပဲ ကျွေးမွေးဆပ်ခဲ့တယ်လေ၊ ထောက်ပံ့ခဲ့တယ်လေ၊ "**ပုတ္တဒါရေ သုခေတိ ပီဏေတိ**" - သားသမီးတွေကိုလည်းပဲ ကျွေးစရာရှိတာ ကျွေးခဲ့ပြီလေ၊ ဆင်စရာရှိတာ ဆင်ခဲ့ပြီလေ၊ ပညာသင်ပေးစရာရှိတာ ပေးခဲ့ပြီလေ၊ သူတို့နဲ့ ပတ်သက်တာတွေလည်း ဝတ္တရားကျေပြီ။ "**မိတ္တာမစ္စေ သုခေတိ ပီဏေတိ**" - မိတ်ဆွေသင်္ဂဟတွေလည်းပဲ ကူညီရိုင်းပင်းစရာရှိတာ တွေ ပြီးခဲ့ပြီလေ။ "**သမဏဗြာဟ္မဏေသု ဥဒ္ဓဂ္ဂိကံ ဒက္ခိဏံ ပတိဋ္ဌာပေတိ**"- သမဏ ဗြာဟ္မဏဖြစ်တဲ့ ပုဂ္ဂိုလ်တွေကိုလည်း ငါထောက်ပံ့ လှူဒါန်းခဲ့ပြီ၊ အဲဒီလို အားဖြင့် စည်းစိမ်ဥစ္စာတွေလည်းပဲ၊ ငါရတဲ့

---

* အံ၊ဒီယသုတ္တ၊ အံ- ၁၊ ၃၈၀။ အံ-၂၊ ၄၀။

http://www.dhammadownload.com



စီးပွားဥစ္စာတွေအကြောင်း လေးပါး နဲ့ ပြည့်စုံပြီး ရလာတဲ့ ဥစ္စာတွေ တရားသဖြင့် ငါခွဲခြမ်း စိပ်ဖြာ သုံးစွဲခဲ့ပြီလို့ ဟော-ဒီလိုတွေးပြီးနေတော့ ပျော်. . . လို့။

"ဝိတိဏ္ဏာ အာပဒါသု မေ" - စိတ်ထဲမှာ အနှောက်အယှက်ပေါ်လာမယ့် ရန်အန္တရာယ်တွေလည်း ငါရှင်းပြီးပြီ . . . တဲ့၊ မီးဘေးတွေလည်း လုံခြုံအောင်၊ ရေဘေးတွေလည်း ကင်းနိုင်သမျှ ကင်းအောင်၊ သူခိုးဓားပြတွေလည်း လုံခြုံအောင်၊ မင်းစိုးရာဇ အခွန်ဘဏ္ဍာတွေလည်းပဲ ပေးပြီးပြီ၊ အမွေခံဆိုး သားဆိုး သမီးဆိုးအန္တရာယ်နဲ့ ပတ်သက်ပြီးတော့လည်း ကင်းအောင်၊ ကင်းအောင်ဆိုတာ - စိတ်ထဲရှင်းနေအောင် လုပ်ထားရတယ်၊ ကိုယ်အသက် ထင်ထင်ရှင်စဉ်တုန်းကထဲက စိတ်ကို ရှင်းရှင်းနဲ့ အပြတ်တစ်ခါတည်း ပေးစရာရှိတာတွေပေးထား၊ ဝေစရာရှိတာတွေဝေထား၊ ပြောစရာရှိတာတွေ ပြောထား၊ မပေးနိုင် မဝေနိုင်၊ သူငဲ့ငါငဲ့ သူပေးမှာလိုလို၊ ငါပေးမှာလိုလို တော်ကြာတော့ ကိုယ်ချစ်တဲ့ သားလေး၊ သမီးလေးတွေဆီက ကိုယ်မချစ်တဲ့ သားတွေ သမီးတွေက ဝင်လုမှာစိုးလို့နဲ့၊ တကြောင့်ကြောင့်ကျကျနဲ့ တထိတ်ထိတ် တလန့်လန့်နဲ့ပြတ်အောင်လည်း မလုပ်ခဲ့ဘူးဆိုရင် အဲသွားပြီ၊ သေခါနီးကြ ရှုပ်လာပြီ၊ မြတ်စွာဘုရားက အဲဒါပတ္တကမ္မ မဟုတ်တော့ဘူးတဲ့၊ လုပ်ထိုက်တဲ့ လျှော်လျောက်ပတ်တဲ့ အလုပ်ကို မလုပ်လို့ သူဒုက္ခရောက်တော့မယ်တဲ့၊ ဒုက္ခရောက်တော့မယ်။

ဒီတော့ ရှင်းလိုက်တဲ့၊ ကိုယ်ရှင်းနိုင်တုန်းက ရှင်းလိုက်လေ၊ အမွေတွေ ဘာတွေ ပေးမယ်ဆိုပေးလိုက်၊ ဘယ်သူဘယ်ဝါ ဝေဖန်ပြီးတော့ ညီမျှအောင် လုပ်ထားခဲ့တယ်၊ အဲလို လုပ်ထားခဲ့တော့ စိတ်ကရှင်း . . . လို့၊ ယိတ္တွဲယိတ္တွဲနဲ့ မနေနဲ့တဲ့ မပြတ်မစဲ မလုပ်နဲ့တဲ့ မြတ်စွာဘုရားက။

"ဥဒ္ဓဂ္ဂါ ဒက္ခိဏာ ဒိန္နာ, အထော ပဉ္စဗလီကတာ"တဲ့။

ငါ ပြုသင့်ပြုထိုက်တဲ့ ဗလိတွေလည်း ပြုပြီးပြီ၊ ဗလိတွေဆိုတာ * ဉာတိဗလိတဲ့၊ အတိထိဗလိတဲ့၊ ပုဗ္ဗပေတဗလိတဲ့၊ ရာဇဗလိတဲ့၊ ဒေဝတာဗလိတဲ့- ဉာတိဗလိ-ဆိုတာ ဆွေတွေ မျိုးတွေနဲ့ ပတ်သက်ပြီးတော့ ပေးကမ်းထောက်ပံ့တာ ဉာတိဗလိပါပဲ၊ အတိထိဗလိ-ဧည့်သည်တွေအတွက် ပေးကမ်းထောက်ပံ့တာ၊ ပုဗ္ဗပေတဗလိ-ဆိုတာ ကိုယ့်ရှေ့က ကွယ်လွန်သွားကြတဲ့ မိဘဘိုးဘွားတွေ၊ ကွယ်လွန်ခဲ့ဖူးတဲ့ သူတွေအတွက် ရည်စူးပြီးတော့ ကောင်းမှုတွေ ပြုပြီးတော့ အမျှဝေခဲ့တာ၊ ရာဇဗလိ-ဆိုတာက မင်း အခွန်ဘဏ္ဍာတွေပေးခဲ့ ကမ်းခဲ့တာ၊ ဒေဝတာဗလိ-ဆိုတာက ကိုယ့်နတ်တွေကို အမျှအတန်းဝေလို့ မေတ္တာပို့လို့ သူတို့ကို ပူဇော်စရာရှိတာ ပူဇော်လို့၊ ဒါတွေလည်း ပြုခဲ့ပြီးပြီတဲ့။

http://www.dhammadownload.com



ဥဒ္ဒဂ္ဂါ ဒက္ခိဏာ ဒိန္နာ- ဟော-နောက်ဆုံး မိမိရဲ့အတွက် မဂ်ဖိုလ် နိဗ္ဗာန်ရကြောင်းဖြစ်တဲ့ ကောင်းမှုတွေကိုလည်း ပြုပြီးပြီ . . . တဲ့၊ ဟော- ဒီလို ဆိုရင် ကိုယ့်ကိုယ်တိုင်လည်းပဲ ဘုတ္တာဘောဂါ-စည်းစိမ်တွေ ခံစားပြီးပြီ၊ ဘတာ ဘစ္စာ- သားတွေ သမီးတွေ အခြွေအရံတွေကိုလည်း ဝေငှ ပေးကမ်းပြီးပြီ၊ ဝိတိဏ္ဏာ အာပဒါသု မေ- အန္တရာယ်တွေ ကင်းအောင်လည်း ငါပြုပြီးပြီ၊ ဥဒ္ဒဂ္ဂါ ဒက္ခိဏာ ဒိန္နာ- ကိုယ့်အတွက်လည်း ကောင်းမှုတွေ ပြုပြီးပြီ . . . လို့ ဆိုပြီး တော့ နောက်ဆုံး အနေနဲ့ ဝိပဿနာပညာနဲ့ ပြည့်စုံပြီးတော့ နေအောင် ဘယ့်နဲ့ မြတ်စွာဘုရားက ညွှန်လိုက်တုန်းဆိုတော့-

န စက္ခုံ ဥပဒိယိဿာမိ-အမြင်စက္ခုနဲ့ ပတ်သက်ပြီးတော့ ငါ- တဏှာ မာနဒိဋ္ဌိဖြင့် မစွဲလမ်းအံ့၊ န စ မေ စက္ခု နိဿိတံ ဝိညာဏံ ဘဝိဿတိ- ငါ့ရဲ့ စိတ်ကလေးဟာလည်းပဲ အမြင်စက္ခုပေါ်မှာ မှီပြီးတော့ တဏှာ မာန ဒိဋ္ဌိ မမှီ ပါစေနဲ့လို့ ဒီလို နေလိုက်တဲ့။ ဧဝံ မိတေ ကပ္ပဟိ သိက္ခိတဗ္ဗံ-အဲဒလိုကျင့်နေ လိုက်တဲ့၊ အထူးသဖြင့် သေရာညောင်စောင်းမှာ လှောင်းပြီးနေတဲ့အချိန် မြတ်စွာ ဘုရားက ညွှန်နေတာ။ စိတ်ထဲမှာ ရှုပ်မနေအောင် ရှင်းစရာရှိတာတွေ ရှင်းထားတဲ့၊ ရှင်းပြီးတော့ ဘယ့်နဲ့ နေရမှာတုန်းဆိုတော့တဲ့၊ ငါ့ရဲ့ စိတ်ကလေး သည် စက္ခုပေါ် မမှီပါစေနဲ့၊ စက္ခုပေါ် မမှီအောင် ငါနေမယ်၊ သောတပေါ်၊ နားပေါ်မှာ မမှီအောင် ငါနေမယ်၊ နှာခေါင်းပေါ် မမှီအောင် ငါနေမယ်၊ လျှာပေါ်မှာ မမှီအောင် ငါနေမယ်၊ ကိုယ်ပေါ်မှာ မမှီအောင် ငါနေမယ်၊ စိတ်ပေါ်မှာ မမှီအောင် ငါနေမယ်လို့ ဒီလိုနေလိုက်၊ ဒါ-နေနည်း အကောင်းဆုံးပဲ။

ဒီတော့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ ဒွါရခြောက်ပါး ပြောတာ၊ ဒီခန္ဓာကိုယ်ကြီးမှာ ဘယ်လောက်ပဲ အလုပ်တွေ များများ ချုပ်လိုက်ရင် ဒီခြောက်ခုပဲ ရှိတယ်၊ မြင်တဲ့အလုပ်၊ နားထောင်တဲ့အလုပ်၊ ကြားတဲ့အလုပ်၊ နမ်းရှူတဲ့၊ အနံ့ခံတဲ့အလုပ်၊ စားတဲ့အလုပ်၊ ထိတွေ့တဲ့အလုပ်၊ ကြံစည်စိတ်ကူးတဲ့ အလုပ်၊ အဲဒီအလုပ်ခြောက်ခုကို နှုတ်လိုက်ရင် ဒီခန္ဓာကိုယ်ဆိုတာ မရှိဘူး ဒါပဲ၊ ဒါကြောင့် မြတ်စွာဘုရားက လိုရင်းအလုပ်ကြီး ခြောက်လုပ်ကို တဏှာ မာန ဒိဋ္ဌိနဲ့ မမှီအောင် နေလိုက်တဲ့၊ မမှီဘူးဆိုပြီးတော့နေတဲ့၊ အဲဒီတော့ သုဂတိ ဖြောင့်နေလိမ့်မယ်တဲ့၊ နောက်ဆုံးဖြစ်တဲ့ သုဂတိရောက်ဖို့ဆိုတဲ့ ဆုလာဘ်ကြီး ပေါ်လာလိမ့်မယ် . . . တဲ့၊ ပေါ်လာလိမ့်မယ်။

ဒီတော့ အဲဒီလိုပေါ်လာအောင် ဘာလုပ်ရမှာတုန်းဆိုတော့ ဒါက - ဟောတရားအနေနဲ့ ဟောတာ၊ ငါစက္ခုကို မမှီအံ့လို၊ အဲဒီအချိန်မှာ ကိုယ်က

http://www.dhammadownload.com



စက္ခုကို မမှိအုံ့၊ စက္ခုကို မမှိအုံ့လို့ ဒီလိုလုပ်နေရမှာ မဟုတ်ဘူး၊ ဝိပဿနာ ရှုကွက်နဲ့ နေရမှာ။ ရှုကွက်နဲ့နေတော့ ရုပ်နာမ်သဘာဝကို ရုပ်နာမ်သဘာဝ အတိုင်း ရှုပြီးနေရင် အဲဒါ စက္ခု မမှိတာပဲ၊ ကိုယ့်ခန္ဓာကိုယ်မှာ ဘာရှုမတုန်း၊ ကမ္မဋ္ဌာန်း တွေကတော့ အများကြီးပဲ၊ အဲဒီထဲမှာ ခန္ဓာကိုယ်မှာ တရားအမြဲ ပြနေတဲ့ ရှူရှိုက်မှု လေး ရှိတယ် အာနာပါန၊ အဲဒီ အာနာပါနဟာ ဘုရားအလောင်းတိုင်း လက်မလွှတ် တဲ့ တရားပဲ၊ သူတော်ကောင်းကြီးတွေ လက်မလွှတ်တဲ့တရား၊ ဒီတော့ အာနာပါန ဟာ ရှူရှိုက်မှုဟာ မိမိကို တရားအမြဲ ပြနေတဲ့ ခန္ဓာကိုယ်က အမြဲပြနေတဲ့ တရားတစ်ခုပဲ။

မဟာသတိပဋ္ဌာန်သုတ်မှာလည်း သူ့ကို ထိပ်ဆုံးက ပြတယ် မြတ်စွာ ဘုရားက၊ ဒီတော့ အာနာပါန-ထွက်လေ ဝင်လေလေးကို ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက်၊ ပထမဆုံး ဝိပဿနာ မရောက်နိုင်သေးရင် ရှူတာကို ရှုမှန်းသိ၊ ဝင်တာကို ဝင်မှန်းသိ၊ သမထနဲ့ ဖမ်း၊ ဖမ်းပြီးတော့လည်း ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက် ရှူတယ် ရှိုက်တယ်ဆိုတာ စိတ်ရှိလို့ ရှူတာ၊ စိတ်မရှိရင် မရှူဘူး၊ စိတ်ဆိုတာ ရှူစေရှိုက်စေမှုကို ပြုတာ စိတ်ပဲ၊ စိတ်ဟာ နာမ်တရား၊ အဲဒီနာမ်တရားကြောင့် ရှူတယ်ရှိုက်တယ်ဆိုတဲ့ လေရုပ်ပေါ်လာ တာ၊ သူကရုပ်တရား၊ အဲဒီ ရုပ်နာမ်နှစ်ခုရှိတာကိုပဲ ကိုယ်က ရုပ်နာမ်လို့ ရှုတယ်၊ ပြီးတော့ သူက အခုပေါ်လိုက် အခုပျောက်လိုက် အခုပေါ်လိုက် အခုပျောက် လိုက်နဲ့ သူ့အကြောင်းနဲ့ သူ့အကျိုးနဲ့ ဖြစ်ပျက်နေတာ ကိုယ်က မသိလို့သာ၊ သူကဒီလို သွားနေတာပဲ၊ ကိုယ်ကမကြည့်လည်း သူကဒီလိုပဲ၊ ကိုယ်က ကြည့်လည်း ဒီလိုပဲ။

ဒီတော့ ကိုယ်က ကြည့်လိုက်တဲ့ သူ့ကို ဝိပဿနာ ပညာနဲ့၊ ကြည့်လိုက် ဆိုတော့ ရှူတာ ရှိုက်တာလေးကို ရုပ်နာမ်ဖြစ်ပျက်၊ ရှူလွှတ်လိုက်တဲ့လေက ရုပ်၊ အဲဒီ ရှူမှုကို ဖြစ်စေတဲ့စိတ်က နာမ်၊ ဒါရုပ်နာမ်ပဲ၊ ပြီးတော့ သူက ပျောက် သွားတယ်၊ ဒါကြောင့် ဖြစ်ပျက် ဝင်လာတဲ့ လေရုပ်တရားပဲ၊ ဝင်အောင် ရှူတဲ့စိတ်၊ ရှူကြောင်းစိတ်က နာမ်တရားပဲ၊ အဲဒီ ရုပ်နာမ်နှစ်ခုကို ရုပ်နာမ်ဖြစ် ပျက် သို့မဟုတ် စိတ်က ရှူလိုက်တဲ့ လေက ရုပ်တရား၊ အဲဒီ ရှုမှန်းသိလိုက်တဲ့ စိတ်က နာမ်တရား၊ ဟော- နောက်ကနေတယ်၊ နာမ်တရားက။ အဲဒီနာမ်တရားကို ရှုရှု ရှေ့ကဖြစ်မယ့် နာမ်တရားကို ရှုရှု ဘာရှုရှုပဲ ရုပ်နာမ် ရှုလိုက်ရင် သူကရုပ်နဲ့နာမ်ကို တည့်နေတာပဲ၊ အဲဒါရှုလိုက်တဲ့ ကိုယ့်ပတ်ဝန်းကျင်မှာရှိနေ တယ်၊ ဆိုပါတော့-ဆွေတွေ မျိုးတွေ သားတွေ သမီးတွေ တခြားသွားခိုင်းထား အနာထပိဏ်သူဌေး ကွယ်လွန်ခါနီးမှာ ဆိုရင် မြတ်စွာဘုရားက ဒီလိုကိုဟောတာ တခြားသွားခိုင်းတာ အနားလူမရှိစေနဲ့

http://www.dhammadownload.com



ဘယ်သူမှမရှိစေနဲ့ ပြီးတော့ကိုယ့်ဘာကိုယ် ပြန်စဉ်းစားလိုက်၊ ငါရှင်းပြီးပြီလား၊ ရှင်းပြီးပြီ၊ လုပ်စရာရှိတာတော့ ငါလုပ်ပြီးပြီ ဆိုပြီးတော့ အဲဒါ-ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက် ထွက်လေ ဝင်လေ ရှုမှတ်ပြီးတော့နေတယ်၊ အဲဒါ ပတ္တကမ္မပဲ၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို လုပ်နေပြီ. . . တဲ့။

အဲဒီကြားထဲမှာ ခုနကလိုဟာတွေ ရှင်းမထားလို့ရှိရင် ဝင်လာလိမ့်မယ်၊ ဘယ်သူက ဘယ်သူ့များ လုကုန်မှာလား၊ ဘယ်ဟာတွေက ငါထားခဲ့တာ မပြောရသေးဘူး၊ ဘယ်ဟာတွေ ဘယ်လိုနဲ့ အဲဒီတင်ရှုပ်ထွေးပြီးတော့ ထိန မိဒ္ဓတွေ၊ ဥဒ္ဓစ္စကုက္ကုစ္စတွေ ဝင်လာတတ်တယ်၊ အဲဒါတွေကိုရှင်းပစ်၊ ရှင်းရတယ် စောစော၊ ဒါကြောင့်-

**ဘုတ္တာ ဘောဂါ ဘတာ ဘစ္စာ, ဝိတိဏ္ဏာ အာပဒါသုမေ။**

**ဥဒ္ဓဂ္ဂါ ဒက္ခိဏာ ဒိန္နာ, အထော ပဉ္စ ဗလီ ကတာ။** -တဲ့

ငါပြုသင့်ပြုထိုက်တာတွေပြုပြီးပြီ၊ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ပြီးပြီတဲ့၊ ငါရဲ့အတွက် ဘဝသံသရာ ပါလာမယ့် အမှုတွေလည်းငါရှင်းပြီးကုန်ပြီ၊ လုပ်ပြီးကုန်ပြီ။ -

**ဥပဋ္ဌိတာ သီလဝန္တော, သညတာ ဗြဟ္မစာရယော။** တဲ့-သီလဝန္တပုဂ္ဂိုလ်တွေကိုလည်း ငါပြုစုလုပ်ကျွေး လှူဒါန်းပြီးပြီတဲ့။

**ယဒတ္ထံ ဘောဂံ ဣစ္ဆေယျ, ပဏ္ဍိတော ဃရမာဝသံ။** တဲ့-ငါဟာအိမ်ရာတည်ထောင် လူဘောင်မှာနေရင်းနဲ့ ပြည့်စုံထိုက်တဲ့အချက်တွေရှိတယ်၊ အဲဒါတွေငါပြည့်စုံပြီတဲ့။

**သော မေ အတ္တော အနုပ္ပတ္တော၊** ငါ့မှာအဲဒီအကျိုးတရားတွေရော အကြောင်းတရားတွေရော ပြည့်စုံပြီးပြီ။

**ကတံ အနနုတာပိယံ၊** တဲ့-ငါနောင်တ,တဖန်မပူပန်ကြောင်းဖြစ်တဲ့ အလုပ်တွေ ငါလုပ်ပြီးပြီ. . . လို့ စိတ်ကိုအေးအေးထားပြီးတော့၊ ခုနကပြောတဲ့ ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်၊ ဝိပဿနာနဲ့နေပြီဆိုတော့ လူ့ရွာနတ်ထံ, ချမ်းသာစံလျှက်, မင်္ဂဖိုလ်နိဗ္ဗာန်အထိ၊ ရောက်ရှိခြင်းဆိုတဲ့သုဂတိ ဖြောင့်သွားရောတဲ့၊ အဲဒါဆိုရင် ပတ္တကမ္မပါပဲ. . . တဲ့၊ ပြည့်စုံသင့် ပြည့်စုံထိုက်တဲ့ အချက်တွေနဲ့ ပြည့်စုံသွားပြီလို့ခေါ်ရတယ်။ ဒါ အနာထပိဏ်သူဌေးနဲ့ ကျောင်း ဒကာ ကျောင်းအမတွေကို မြတ်စွာဘုရားဟောတော်မူတဲ့ သုတ်တော်ဖြစ် ပါတယ်။

အဲဒီသုတ်တော်အတိုင်း မိမိတို့မှာပြည့်စုံပြီးသား တရားတွေလည်း ပြည့်စုံပြီးသားအဖြစ်နဲ့၊ မပြည့်စုံသေးတဲ့တရားတွေကိုလည်း ပြည့်စုံအောင်

http://www.dhammadownload.com



ကျင့်ဆောင်ကြိုးကုတ် အားထုတ်ကြပြီးသကာလ ကိုယ်စီကိုယ်ငှ ဘုရားရှင်ရဲ့ အဆုံးအမတော်တရားကို လက်ကိုင်ထားပြီးသကာလ၊ လူ့ရွာနတ်ထံ ချမ်းသာစံလျှက် မဂ်ဖိုလ်နိဗ္ဗာန်အထိ ရောက်ရှိစေကြောင်း၊ ကောင်းမှုပါရမီတို့ကို ကိုယ်စီကိုယ်ငှ ဆထက်ထမ်းပိုး တိုးတက်၍ ကြီးစားနိုင်ကြပါစေကုန်သတည်း။ ပြည့်စုံသင့်ပြည့်စုံထိုက်တဲ့၊ လျှော်ကန်သင့်မြတ်တဲ့ အလုပ်တွေ ပြုလုပ်အားထုပ်ကြ ပြီးလျှင် ရှေးရှေးသော သူတော်ကောင်းကြီးတို့ ရောက်ရာ ရရာဖြစ်တဲ့ နိဗ္ဗာနဝေတ် တရားတော်မြတ်ကြီးကို လျှင်မြန်ဆောစွာ ရကြရ ရောက်ကြရ ပါလိုကုန်သောပဟု၍ ပတ္ထနာအောင်ဆုပြုကြကုန်ရာသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား

# အမှီကောင်းမှ ချမ်းသာရေး အရေးတော်။

ဒီနေ့မိုးကုတ်မြို့ ကျောက်ပြင် ပန်းမရှာသင်ရုပ်က ဒကာကြီး ဦးတုတ်လှ ဒကာမကြီး ဒေါ်ကင်ရွှေနဲ့ သားသမီးများ ဒီနေ့ ဘာလုပ်ကြသလဲ . . . လို့ မေးရင်၊ ခွေ့ကောင်ကြီးပေါ် စီးပြီးကြတာနဲ့ တူတယ်။ ခွေ့ကောင်ကြီးဆိုမိုးတာ၊ ယုန်သူငယ်လေးတွေ ဒီတိုင်းတောကြီး ဆုံကြား လှည့်လည်ကျက်စားရင်း-ဟို-မြို့ပြ ဖြူကြာမည့်ပတ်ပြီးတော့၊ တောကြီး ဆုံကြား လှည့်ပတ်သွားရင်း ကျားကြီးတွေနဲ့ တစ်ခါတစ်ခါတွေ့။ ကိုက်ခဲ သတ်ဖြတ် အသေသတ်တာခံရ၊ ကျားသစ်ကြီးတွေနဲ့တွေ့ တစ်ခါတစ်ခါ နှိပ်စက် တာခံ တစ်ခါတစ်ခါ ခြင်္သေ့ ကြီးတွေနဲ့တွေ့၊ ကိုက်ခဲသတ်ဖြတ် အသေ ... ခံတာခံရ။

အဲ-အဲဒီ ယုန်သူငယ်ကလေး အမှီကောင်းကြီးများရတဲ့ အခါကျ တော့မြင့်မိုရ်တောင်မင်းကြီးလို့ဆိုသော အမှီကောင်းကြီးများရပြီ၊ မြင့်မိုရ် တောင်ထိပ်ပေါ်ရောက် အောင်၊ မြင့်မိုရ်တောင် ခါးပန်းရောက်အောင်၊ တက် သွားပြီးတော့၊ ကျက်စားနေပြီဆို တော့၊ အဲဒီ ခြင်္သေ့တွေ သစ်တွေ ကျားတွေ အန္တရာယ်အသွယ်သွယ် မ,ခါ၊ ဘေးကင်းရန်ပ၊ ကျက်စားနိုင်ကြတယ်၊ မြင့်မိုရ် တောင်ဆိုတဲ့ အမှီကောင်းကိုရသဖြင့်၊ ယုန်သူငယ်ကလေးတွေ၊ ကျားဆိုး ကျားကြမ်းကြီးတွေရဲ့ နှိပ်စက်ဖိစီးမှုဒဏ် မခံရတော့ဘူး။ ကျားသစ်ဆိုး ကြီးတွေရဲ့ ကိုက်ခဲသတ်ဖြတ်တဲ့ဒဏ် မခံရတော့ဘူး၊ ခြင်္သေ့ဆိုတဲ့သားရဲ တိရစ္ဆာန်ကြီးတွေရဲ့ နှိပ်စက်မှုဒဏ်မခံရတော့ဘူး၊ အန္တရာယ်ကင်းပြီးတော့ ဘေးရှင်းစွာနဲ့ ချမ်းချမ်းသာသာ လှည့်လည်ကျက်စား သွားလာနိုင်ကြတယ်၊ အဲဒါဘာပြုလို့တုန်းဆိုတော့ အမှီကောင်းရလို့ မြင့်မိုရ်တောင်ဆိုတဲ့ အမှီကောင်း ရလို့။ ကဲအားလုံး အဲဒါလေးကိုသိအောင်၊ လိုက်ဆိုစမ်းပါ-

* မြင့်မိုရ်တောင်ပ၊ အမှီရ၊ မ,ခ ဗ,န္တရာယ်။

ယုန်သူငယ်များ၊ လှည့်လည်သွား၊ ကျက်စားနိုင်ကြတယ်။

အဲဒီယုန်သူငယ်လေးတွေဆိုတာ၊ အားပျော့တဲ့သတ္တဝါလေးတွေ၊ အားအင်ဗလ နည်းပါးရှာကြတဲ့ သတ္တဝါလေးတွေ ဘယ်သူမဆို သူကကြောက် နေရရှာတဲ့ သတ္တဝါ၊ သူ့ကိုယ်တိုင်ကတော့ အသားစားတာ မဟုတ်ဘူး၊ မြက်တို့ သစ်ရွက်တို့စားရှာတာ၊ သတ်သတ်လွတ်စားတဲ့သ ၂ဝါ ဒါပေမယ့်လို့ သူနိုင်တဲ့ သတ္တဝါတွေက ပေါ်လိုက်တာ ခွေးကြမ်း ခွေးဆိုးကြီးတွေက တစ်ခါတစ်ခါ

http://www.dhammadownload.com


လိုက်ကိုက်ခဲ သတ်ဖြတ်စားသောက်ပြီးရင်လည်း ခံရရှာတယ်၊ ကျားသစ်တွေ ကျားကြီးတွေ ခြင်္သေ့တွေစသည်ဖြင့် သားရဲ, သားကြမ်း, သားဆိုးကြီးတွေက ကိုက်သမျှ, ခဲသမျှ, နှိပ်စက်သမျှ ခံရရှာတယ်။

သို့သော်-မြင့်မိုရ်တောင်မင်းကြီးအပေါ် အမှီကောင်းရထားတဲ့ အချိန်ကျတော့ မြင့်မိုရ်တောင်မင်းကြီး ခိုမှီးတက်ရောက်ပြီးတော့ နေနိုင်တဲ့အခါကျတော့ အဲဒီ ခုနခွေးကြမ်း, ခွေးဆိုး, ကျားသစ်, ကျား, ခြင်္သေ့ဆိုတဲ့ သားကြမ်း သားဆိုးကြီးတွေဘေးက ကင်းဝေးပြီးတော့ ချမ်းချမ်းသာသာ ကျက်စားနေနိုင်ကြတယ်။

*** သာသနာတွင်းသား, ပုံမခြား, အလားတူလှတယ်။**

အေး. . . အဲဒီလိုပဲတဲ့ ယုန်သူငယ်လေးတွေ မြင့်မိုရ်တောင်ဆိုတဲ့ အမှီကောင်းကြီးကိုရလို့ မြင့်မိုရ်တောင်ဆိုတဲ့ အမှီကောင်းကြီးကို ခိုမှီးနိုင်လို့ ခွေးကြမ်း ခွေးဆိုး ကျားကြမ်း ကျားဆိုး ကျားသစ်ကြမ်း ကျားသစ်ဆိုး၊ ခြင်္သေ့ကြမ်း ခြင်္သေ့ဆိုး စတဲ့ သားရဲ တိရစ္ဆာန် ဘေးတွေက ကင်းဝေးပြီးတော့ ချမ်းချမ်းသာသာ နေနိုင်ကြသလိုပဲတဲ့၊ ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာရောင်ဆိုတဲ့ ရွှေတောင်ကြီးပေါ်မှာ ခိုမှီးပြီးတော့ နေကြတဲ့ ဘုရားသာသနာ ရွှေတောင်ကြီးပေါ် ခိုမှီးတက်ရောက်ပြီးတော့နေကြတဲ့ မင်းတို့ပုထုဇဉ်တွေ ဆိုတာ ယုန်သူငယ်လေးတွေနဲ့တူတယ်. . .။

ပုထုဇဉ်ဆိုတာ၊ ကမ္ဘာ့အောက်တန်းစား။ "ပုထုဇ္ဇနေ-အရိယာဂိုဏ်း တွင် သမိုင်းတင်က မဝင်မပါ ကမ္ဘာ့အောက်တန်း ငါတို့လို ပုထုဇဉ်အရှူး အနှမ်းတို့ကို" ပုထုဇဉ်ဆိုတာ ကမ္ဘာ့အောက်တန်းစား၊ သူ့ဘာပြုလို့ ပုထုဇဉ်ခေါ်တုန်း ဆိုတော့ "ကိလေများဖြင် ပုထုဇဉ်" တဲ့ ကိလေသာတွေ များလွန်းလို့၊ လောဘတွေကလည်း ဝမ်းထဲအပြည့်ပဲ၊ လိုချင်တတ်တဲ့ လောဘစာတ်ကြီးကလည်း အပြည့်ပဲ ဝမ်းထဲမှာ၊ မျက်လုံးပေါက်ကလည်းသူ လိုချင်တာတွေ ပြည့်နေတာပဲ၊ ဟိုဟာလေးမြင်လိုချင်၊ ဒီဟာလေးမြင်လိုချင်၊ စိမ်းစိမ်းလေးမြင်လိုချင်၊ နီနီလေးမြင်လိုချင်၊ ဝါဝါလေးမြင်လိုချင်၊ ရွှေမြင်တော့လိုချင်၊ ငွေမြင်တော့လိုချင်၊ မြင်တာမှန်သမျှ လိုချင်နေတာပဲ သူ၊ လောဘတွေ။ ဒီကြားထဲ သူမကျေနပ်တဲ့ဟာ၊ မကြိုက်တဲ့ဟာတွေနဲ့တွေ ပြန်တော့ ဖြုန်းဆို ဒေါသတွေဖြစ်ပြီးတော့ တစ်ခါတည်း၊ တရှုန်းရှုန်းနဲ့ဒေါသတွေ။ မျက်စိပေါက်က လောဘတွေ၊ ဒေါသတွေ၊ ကိုယ့်ထက်သာသွားတာ တွေမြင်ပြန်တော့ မနာလိုဣဿာဖြစ်တဲ့ မျက်စိပေါက်က ဣဿာစာတ်တွေ၊ ကိလေသာတွေ၊ မီးတွေအပြည့်ပဲ။ ဒါမျက်စိပေါက် ရှိသေးတာ။

http://www.dhammadownload.com



နားပေါက်က ထို့အတူပဲ ကြားချင်စရာလေးတွေ ကြားချင်လိုက်တာ၊ ကောင်းကောင်းလေးတွေမှကြားချင်၊ သီချင်းသံလေးကြားချင်၊ တီးသံမှုတ်သံလေးကြားချင်၊ သားသံလေးကြားနေချင်၊ သမီးသံလေးကြားနေချင်၊ ချစ်ခင်နှစ်သက်စုံမက်တဲ့သူရဲ့ အသံလေးကြားနေချင်၊ နားပေါက်ကလည်း လောဘဓာတ်တွေအပြည့်ပဲ။ ကိုယ်မကြားချင်တာနဲ့ ကြုံပြီဆိုတော့လည်းနား ပေါက်ထဲက ဒေါသတွေအပြည့်ပဲ။ တစ်ခါထဲ မုန်းတီးတဲ့သူရဲ့အသံကြား၊ ကိုယ်မချစ်တဲ့သူရဲ့အသံကြား၊ ကိုယ်မလိုချင်တဲ့ပစ္စည်းရဲ့အသံကြားဆို တော့ လည်း မုန်းလိုက်တာ၊ ဒေါသတွေအပြည့်ပဲ။ ထို့အတူပဲ-နှာခေါင်းပေါက်က လည်း၊ လောဘဒေါသအပြည့်ပဲ၊ လျှာပေါက်-လောဘ ဒေါသအပြည့်ပဲ၊ ကိုယ်ပေါက်-လောဘ ဒေါသအပြည့်ပဲ၊ မနောပေါက်-လောဘ ဒေါသ အပြည့်ပဲ၊ အဲ့ဒီလို ကိလေသာတွေ ထူထဲအားကြီးလွန်းလို့ ပုထုဇဉ်လို့ ခေါ်တာ။"ပုထု-ကိလေသာတွေ့ထူထဲအားကြီးတဲ့၊ ဇန-လူအပေါင်း"။ ကိလေသာတွေ ထူထဲအားကြီးတဲ့ လူအပေါင်းတဲ့ ပုထုဇဉ်။

အဲဒီပုထုဇဉ်တွေဟာ၊ ကမ္ဘာနဲ့စာကြည့်ရင်၊ သောတာပန်ဆိုတဲ့ လူ ပုဂ္ဂိုလ် အစားကြီးတွေနဲ့စာကြည့်ရင်၊ သကဒါဂါမ်ဆိုတဲ့အဆင့်၊ အနာဂါမ် ဆိုတဲ့အဆင့်၊ ရဟန္တာဆိုတဲ့ အဆင့်၊ ပစ္စေကဗုဒ္ဓါဆိုတဲ့အဆင့်၊ ဘုရားဆိုတဲ့ အဆင့်၊ လူသားတွေအလွှာအသီးသီးနဲ့ စာထိုးကြည့်ရင် အနိမ့်ဆုံးပဲသူက။ အားအသေးဆုံးပဲ၊ အင်အားဓာတ်အား အသေးဆုံးပဲ၊ တရားဓမ္မအား အနည်းဆုံးပဲ၊ အနည်းဆုံးဖြစ်တော့ သူ့ဘာအန္တရာယ်တွေရှိတုန်းဆိုတော့-ပစ္စုပ္ပန်မှာ တင်ကျရောက်လာမယ့်၊ ဘေးရန်အမျိုးမျိုး၊ အန္တရာယ်ဆိုးတွေကလည်း၊ ခွေးကြမ်း ခွေးဆိုး တွေနဲ့တူတဲ့၊ ကျားကြမ်း ကျားဆိုး၊ ကျားသစ်ကြမ်း ကျားသစ်ဆိုး၊ ခြင်္သေ့ကြမ်း ခြင်္သေ့ဆိုးနဲ့တူတဲ့ ဘေးရန်အန္တရာယ်တွေ။ အပါယ်လေးပါး ဆိုတဲ့ အန္တရာယ်တွေကလည်း အမျိုးမျိုး၊ ဟိုကကဲ့ရဲ့၊ ဒီကကဲ့ရဲ့၊ ဟိုကနှိပ်စက်၊ ဒီကနှိပ်စက်၊ လက်နက်တုတ်ဓါးဘေး၊ အချုပ်ခြာ၊ အနှောင် အဖွဲ့ဘေး စတဲ့ဘေး ရန် အန္တရာယ်တွေကလည်း အများကြီးဝိုင်း နေတာသူ့။

အထူးသဖြင့် အပါယ်လေးပါးဆိုတဲ့ ဘေးကြီးတွေက၊ ခြင်္သေ့ သစ်ကျား စတဲ့ သားရဲဘေးကြီးတွေလိုပဲ၊ အပါယ်လေးပါးဆိုတဲ့ ဘေးကြီးတွေက ဆွဲဆွဲ သွားလိုက်တာ၊ သေပြီဟေ့ဆို အပါယ်လေးပါးဆွဲချသွား၊ သေပြီဟေ့ဆို အပါယ်လေးပါးဆွဲချသွားတာခံရ၊ ပုထုဇဉ်တွေ၊ ဓမ္မအားနည်းတယ်၊ ယုန်သူငယ်လေးတွေ အားအင်ဗလနည်းသလိုပဲ၊ ပုထုဇဉ်တွေမှာလည်း ဓမ္မအား၊ စွမ်း

http://www.dhammadownload.com



ရည်အားနည်းတယ်. . . အပါယ်လေးပါးက လွတ်တဲ့စွမ်းရည် အားတွေနည်းတယ်၊ အများစုက။

အဲဒီပုထုဇဉ်ပင်ဖြစ်လင့်ကစား၊ ငါဘုရား'သာသနာတော်တည်း ဟူသော ရွှေတောင်ကြီးကို အမှီကောင်းရခဲ့ရင်. . . တဲ့ ရွှေတောင်ကြီး ပေါ်ရောက်ခဲ့ရင်၊ အမှီကောင်းရခဲ့ရင် အပါယ်လေးပါးဆိုတဲ့ ခွေးကြမ်းခွေးဆိုး၊ ကျားကြမ်းကျားဆိုး၊ ကျားသစ်ကြမ်း ကျားသစ်ဆိုး၊ ခြင်္သေ့ကြမ်း ခြင်္သေ့ဆိုး ဆိုတဲ့ သားရဲကြီးတွေဘေးမှ ကင်းဝေးစေတဲ့အပြင်၊ အိုဘေးကြီး နာဘေးကြီးသေဘေးကြီးဆိုတဲ့၊ သံသရာဘေးကြီးတွေမှပါ-လွတ်မြောက်ပြီးတော့၊ အာသဝေါကင်းကွာရဟန္တာ၊ ရဟန္တာမကြီးအဖြစ်ရောက်ပြီးတော့၊ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ရဟန္တာမ ဆိုတဲ့ အရိယာစခန်း ပေါက်ပြီးတော့၊ ချမ်းသာခြင်းရောက်လိမ့်မယ်. . . တဲ့၊ ချမ်းသာခြင်းရောက် လိမ့်မယ်၊ ဒါကြောင့် ငါဘုရားရဲ့ သာသနာ ရွှေတောင်ကြီးပေါ် မှီခိုကြ။

**သသကာပိ သီဟာယန္တိ, မေရုနိ ပဗ္ဗတေ ဌိတာ၊**

**ပုထုဇ္ဇနာရိယာ ယန္တိ, ဘဝတံ သာသနေရတာ။**

မေရုနိ ပဗ္ဗတေ-တောင်မင်းမဟာ,တောင်ရာဇာဟု,သညာထင်လင်း, မြင့်မိုရ်တောင်မင်းကြီးအပေါ်၌၊ ဌိတာ-ကံကောင်းထောက်မ ရောက်နေ, တည်နေကြကုန်သော၊ သသကာပိ-ကာယသေးနုပ်,ဗလယုတ်နဲ့,မဟုတ် မလျှားသေးငယ်တဲ့ ယုန်သူငယ်စတဲ့သတ္တဝါလေးတို့သော်မှလည်း၊ သီဟာယန္တိ-တောသုံးတောင်ကို အစိုးရတဲ့ ခြင်္သေ့မင်းကြီးများအလား, ကျက်စားတော်မူနိုင်ကြပါပေကုန်၏။

မြင့်မိုရ်တောင်မင်းကြီးအမှီရတော့ အင်မတန် အားငယ်သေးနုပ်တဲ့၊ ခန္ဓာကိုယ်လေးကလည်း သေးငေးသေးလေး၊ အားအင်ဗလကလည်း သေးသေးလေး၊ သူများနှိပ်သမျှခံနေရတဲ့ ယုန်သူငယ်လေးပင်ဖြစ်လင့်ကစား. . . ခြင်္သေ့မင်းကြီးများလို၊ ကြွားကြွား ယားယား၊ ရင်ကော့ ခေါင်းမော့ပြီးတော့ ကျက်စားနိုင်ကြတယ်. . . တဲ့၊ မြင့်မိုရ်တောင်အမှီရတော့၊ အန္တရာယ်တွေ ကင်းပြီးတော့ ဘေးရှင်းစွာနဲ့ ချမ်းချမ်းသာသာနေနိုင်ကြတယ်။

ဧဝံ တထာ-ပမာဆိုမူ,ထို့အတူသာလျှင်၊ ဘဝတံ (ဘဝန္တာနံ)-ဘုန်းတော်ခြောက်ဆူ,အောင်လံထူသည့်,ဆူဆူထွန်းထား.မြတ်ဘုရား၏။ သာသနေရတာ-သာသနာရောင် ရွှေတောင်ကြီးပေါ်မှာ ပျော်ပါး ကျက်စားတဲ့၊ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ ပုထုဇ္ဇနာ- ကိလေများဖြင် ပုထုဇဉ်မျှ

http://www.dhammadownload.com



ဖြစ်ကုန်ကြသော်လည်း။ အရိယာယန္တ-ဘုရားပစ္စေကာ အရိယာနည်း ပုံဟန်မှီး လို့မို့ အချမ်းသာကြီး ချမ်းသာတော်မူ ကြပါပေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု . . . ပါဘုရား။

အဲ ပုထုဇဉ်ပင်ဖြစ်လင့်ကစား. . . တဲ့၊ ကိလေသာတွေများတဲ့ ပုထုဇဉ် ဖြစ်လို့မို့၊ အားနည်းပေမယ်လို့၊ ဓမ္မအားနည်းပေမယ်လို့၊ သာသနာရောင် ရွှေတောင်ကြီးပေါ် မှီခိုပြီးတော့နေကြရင်၊ ဟော-သာသနာ ရွှေတောင်ကြီးပေါ် မှီခိုတယ်ဆိုတာ ဘုရားအဆုံးအမတော်တွေ လိုက်နာ နေတာ၊ သာသနာတော် ကြီးပေါ်ရောက်တာ၊ သာသနာဆိုတာ အဆုံးအမ ကိုခေါ်တာ မြတ်စွာဘုရားရဲ့ အဆုံးအမကို သာသနာလို့ခေါ်တာ၊ သာသနာရယ် သာသနာ့ဝန်ထမ်းရယ်၊ သာသနာ့ပစ္စည်းရယ်၊ နားလည် ရတယ်၊ သာသနာ့ဝန်ထမ်းဆိုတာ ရှင်ရဟန်း တွေ ဘုန်းကြီးတွေ ကိုရင်တွေ ခေါ်တာ၊ သာသနာ့ပစ္စည်းဆိုတာ၊ ဇရပ်တန် ဆောင်း ကျောင်းကန် စေတီပုထိုးတွေခေါ်တာ၊ သာသနာဆိုတာက ဘုရားအ ဆုံးအမခေါ်တာ့၊

ဒီတော့-ဘုရားအဆုံးမက များများမရှိဘူး၊ သုံးလုံးရှိတယ်၊ စွန့်ကြဲပေး ကမ်းလှူဒါန်းမှုကို ပြုနေတယ်၊ ဒါသာသနာအဆုံးအမလိုက်နာတာပဲ၊ သာသ နာရောင် ရွှေတောင်ကြီးပေါ် ရောက်နေတဲ့အချိန်ပဲ၊ အဲဒီအချိန်။ ငါးပါးသီလ, ရှစ်ပါးသီလ, ကိုးပါးသီလတွေထိန်းနေတယ်၊ ဒါသီလကုသိုလ် တွေပြုနေပြီ၊ ပြုမယ်လို့ကြံနေတယ်၊ ပြုနေတယ်၊ ပြုပြီးဝမ်းသာနေတယ်၊ အဲဒါ သာသနာ ရောင် ရွှေတောင်ကြီးပေါ်ရောက်တဲ့အချိန်ပဲ။ ဘာဝနာတွေ ပွားနေတယ်၊ ညအိပ်ရာဝင်ဘုရားရှိခိုးလို့၊ မနက်အိပ်ရာနိုးဘုရားရှိခိုးလို့၊ ဆွမ်းတော် ပန်းတော် ကပ်လို့၊ ရေချမ်းတော်ကပ်လို့၊ ဒါသမထ။ ဝိပဿနာပွား ပြီးတော့နေ၊ ဝိပဿနာ ကုသိုလ်၊ ဘာဝနာကုသိုလ်၊ အဲဒီ ဘာဝနာကုသိုလ်ပြု နေတဲ့အချိန် ဘုရား ရွှေတောင်ကြီးပေါ်၊ သာသနာရောင်ရွှေတောင်ကြီးပေါ် ခိုမှီးနေတဲ့ အချိန်ပဲ။

"ဒါနတရားကြိုးစားနေသူ၊ ကုသိုလ်ကိစ္စ နေ့ညမဟူ၊ သာသနာတောင် ကြီး၊ ခိုမှီးနေသူ၊ အပူငြိမ်း၊ အေးကိန်းဆိုက်မည့်သူ"

ဒီနေ့ ဒကာကြီး ဦးတုပ်လုတို့ ဒကာမကြီး ဒေါ်တင်ရွှေနဲ့ သာသမီး တွေမိသားစု၊ တို့ဂန္ဓာရုံကျောင်းတိုက်သွားပြီးတော့ ငါးကြိမ်မြောက် အလှူတော် အဖြစ်နဲ့ ဆွမ်းကပ်အုန်းမယ်၊ ဆွမ်းကပ်ကြအုန်းမယ်၊ ဆွမ်းကပ်ကြအုန်းမယ်၊

http://www.dhammadownload.com



ဖျော်ရည်ဗူးတွေလောင်းအုန်းမယ်၊ ငွေကျပ်ငါးသိန်း ငွေပင်စိုက်ဦးမယ်၊ ကြံရွယ်နေတဲ့အချိန်-ဘုရားရဲ့ ရွှေတောင်သာသနာ တောင်ကြီးပေါ် ရောက်နေတဲ့အချိန်၊ လူကတော့ မိုးကုတ်မြို့ရှိသေးတယ်၊ စိတ်တွေက သာသနာရောင်ရွှေတောင် ကြီးပေါ်တက်နေပြီ၊ စိတ်ကတက်မှ တော့ ရုပ်ကလည်းပါသွားတာပဲ၊ ကိုယ်ရော စိတ်ရော၊ ရုပ်ရော နာမ်ရော၊ ဘုရားအဆုံးမထဲရောက်နေပြီ။

ဘုရားအဆုံးမတော်အတိုင်း လှူမယ်တန်းမယ်လို့ ကြံနေပြီ၊ နောက်လက်တွေအခု လှူနေပြီ။ သံဃာ(၁၇၀၀)ကျော်ကို မနက်လည်း မနက်အလျှောက်စမူစာဆွမ်း၊ ကော်ဖီဆွမ်းတွေ၊ **"သံဃဿဒေမ နိဗ္ဗာနဿ ပစ္စယော ဟောတု" သံဃဿဒေမ နိဗ္ဗာနဿ ပစ္စယောဟောတု။**နဲ့လောင်းနေပြီ၊ ဘုရားအဆုံးအမရွှေတောင်ကြီးပေါ်ရောက်နေတာ၊ ခိုမှီးတာ၊ သာသနာရွှေတောင်ကြီးပေါ်တက်ခိုတာ၊ လှူဒါန်းပြီးတော့ ဝမ်းသာ. . . လို့၊ ငွေကျပ်ငါးသိန်းလည်း ငွေပင်စိုက်ရပြီ၊ တို့သံဃာတော်တွေ ဆွမ်းဘောဇဉ်တွေ လောင်းလိုက်ရပြီ၊ ခဲဖွယ်တွေလည်းလောင်းလိုက်ရပြီ၊ တန်ဖိုးကြီးတဲ့၊ ခေတ်ကာလအလျှောက် မွန်မြတ်တဲ့၊ ကျွဲရိုင်း အဖျော်ရည်ဖူးတွေလည်း သံဃာစေ့လောင်းလိုက်ရပြီ. . . နဲ့ ဝမ်းသာလို့ ကြည်နူးလို့ သာသနာရောင် ရွှေတောင်ကြီးပေါ် ပရိသတ်ကြီးရောက်နေတဲ့အချိန်လား? မရောက်သေးတဲ့ အချိန်လား? ရောက်နေတဲ့အချိန်ပါဘုရား။

အဲဒီလိုပဲပေါ့ ခုနက ဟိုမှာဒီမှာမိုးကုတ်ကျပ်ပြင် သိန်းတစ်ရာကျော်တန်ကျောင်းကြီးဆောက်မယ်၊ ဆောက်မယ်နဲ့ကြံနေတဲ့အချိန်ကစပြီးတော့ နောက်ဆောက်လုပ်လှူဒါန်း၊ နောက် ရေစက်ချ၊ သံဃာတော်တွေလည်း အပါးတစ်ရာကျော်ပင့်ပြီးတော့ တစ်ပါးတစ်ပါး တစ်ခါတည်း လေး ငါးခြောက်ထောင်ဖိုးဆီလှူဟာ လှူဟာနဲ့၊ လှူနေတဲ့အချိန်၊ ဘုရား သာသနာရောင် ရွှေတောင်ကြီးပေါ်၊ ဦးတုပ်လှ၊ ဒေါ်တင်ဆွေတို့ ရောက်နေ တဲ့အချိန်လား၊ မရောက်သေးတဲ့အချိန်လား? ရောက်နေတဲ့အချိန်ပါဘုရား။ ဘုရားသာသနာ့ ရွှေတောင်ကြီးပေါ်၊ ခိုမှီးနေတဲ့အချိန်လား၊ မခိုမှီးနေတဲ့ အချိန်လား? ခိုမှီးနေတဲ့အချိန်ပါဘုရား။

အဲဒီလို စွန့်ကြဲပေးကမ်းလှူဒါန်းမှု၊ ဒါနကောင်းမှု၊ ကျောင်းတွေဆောက်လှူ ဆွမ်းတွေ သင်္ကန်းတွေကပ်၊ ထီးဖိနပ်တွေကပ်နဲ့ ဒီလိုလှူဒါန်းပြီးတော့ ကောင်းမှုပြုနေတဲ့ ဦးတုပ်လှ ဒေါ်တင်ရွှေတို့ကို၊ ငရဲ တိရစ္ဆာန် ပြိတ္တာအသူရကာယ်၊ စတဲ့အပါယ်လေးပါးဆိုတဲ့ ခွေးကြမ်း ခွေးဆိုးတွေက ကိုက်နိုင်သေးရဲ့လား?၊ မကိုက်နိုင်ပါဘုရား။ ခြင်္သေ့ကြမ်း ခြင်္သေ့ဆိုး၊ .ကျားကြမ်း

http://www.dhammadownload.com



ကျားဆိုးဆိုတဲ့ အပါယ်လေးပါးတွေက ဆွဲနိုင်သေးရဲ့လား?မဆွဲ နိုင်တော့ပါ ဘုရား။ ဒီကုသိုလ်ကောင်းမှုတွေပြုမယ်လို့ကြံနေ၊ ပြုနေတဲ့၊ ပြုပြီး ဝမ်းသာ ကြည်နူးနေတဲ့-စိတ်နဲ့က ဘယ်အပါယ်လေးပါး ကျလိမ့်မှာတုန်း၊ အပါယ် လေးပါး ဘယ်ကျလိမ့်မှာတုန်း၊ သောတာပန်ပုဂ္ဂိုလ်ကြီးတွေ အပါယ်မကျသလို၊ ဦးတုပ်လှ ဒေါ်တင်ရွှေတို့က သောတာပန်မဖြစ်သေးသော်လည်း၊ မကျတော့ ဘူး၊ ဟော-ဒါတူသွားတာပဲ။

သကဒါဂါမ် အနာဂါမ် ရဟန္တာပုဂ္ဂိုလ်ကြီးတွေ အပါယ်လေးပါးက မဆွဲ နိုင်သလို ဦးတုပ်လှ ဒေါ်တင်ရွှေတို့ မိသားစု ပုထုဇဉ်မှုဖြစ်ကြကုန်သော် လည်း၊ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ သာသနာရောင်ရွှေတောင်ကြီးပေါ်မှာ ခိုမှီးတတ် ကြလို့၊ ခိုမှီးနိုင်ကြလို့၊ ခြင်္သေ့ကြမ်း ခြင်္သေ့ဆိုး၊ သားရဲကြမ်း သားရဲဆိုးတွေနဲ့တူ တဲ့ အပါယ်လေးပါးက မဆွဲနိုင်တော့ဘူး. . . တဲ့၊ အပါယ်လေးပါး မကျနိုင်တော့ ဘူး၊ အရိယာယောင် ကျင့်ဆောင်နိုင်တယ်ဆိုတာ အဲဒါ-ဘုရားပစ္စေကာ အရိယာနည်း ပုံဟန်မှီးသဖြင့် အချမ်းသာကြီးချမ်းသာကြပါပေကုန်၏။

ဘုရား, ပစ္စေကာ အရိယာတွေရဲ့ ပုံဟန်မှီးပြီးတော့ ကျင့်နိုင်သွားတာမို့ ခုန ပြောခဲ့တဲ့ အပါယ်လေးပါးဘေးကြီးတွေ မဆွဲနိုင်တော့၊ နောက်ဆုံး- အိုဘေးကြီး တွေ နာဘေးကြီးတွေ သေဘေးကြီးတွေလွတ်တဲ့ နိဗ္ဗာန်ထိ အောင်ရောက်ကြ မယ်၊ ဒါကြောင့်-အပူတွေအကုန်ငြိမ်းမယ်၊ အပါယ်လေးပါး အပူပဌမဆုံးငြိမ်းမယ်၊ ပြီးတော့ အိုပူ,နာပူ,သေပူတွေပါငြိမ်းပြီးတော့၊ ရဟန္တာယောကျ်ား၊ရဟန္တာမကြီးတွေဖြစ်ပြီးတော့၊ အေးကိန်းကြီးဆိုက်သွား မယ်တဲ့။

*** သီလတရား ကြိုးစားနေသူ, ကုသိုလ်ကိစ္စနေ့ညမဟူ၊**
**သာသနာတောင်ကြီး ခိုမှီးနေသူ, အပူငြိမ်း အေးကိန်းဆိုက်မည့်သူ၊**
**ဘာဝနာတရား ကြိုးစားနေသူ, ကုသိုလ်ကိစ္စနေ့ညဟူ၊**
**သာသနာတောင်ကြီး ခိုမှီးနေသူ, အပူငြိမ်း အေးကိန်းဆိုက်မည့်သူ။**

ကဲ-ဒီတော့ ဒီနေ့ဒကာဦးတုပ်လှတို့ ဒေါ်တင်ရွှေတို့ အခုဘာလာ လုပ် ကြတုန်းလို့မေးရင် သာသနာတောင်ကြီးခိုမှီးကြပါတယ်။ မြတ်စွာဘုရားရဲ့ သာသနာ့ရွှေတောင်ကြီးပေါ် ခိုမှီးတက်ရောက်ကြတာ။ အဲကုသိုလ် ကောင်းမှု ပြုနေတဲ့အချိန်တိုင်း အချိန်တိုင်း၊ သာသနာရွှေတောင်ကြီးပေါ်ခိုမှီး တက် ရောက်နေတာ၊ အဲဒီလိုတက်ရောက်နေရင် အပါယ်လေးပါးဆိုတဲ့ သား ကြမ်း သားဆိုးဘေးတွေက ကင်းမယ်၊ နောက်ဆုံး အိုဘေး နာဘေး သေဘေး

http://www.dhammadownload.com



ဆိုတဲ့သားကြမ်း သားဆိုးဘေးကြီးတွေက ကင်းဝေးလွတ်မြောက်မယ်၊ ဘယ်သူတွေနဲ့ သွားတူတုန်း၊ သောတာပန် သကဒါဂါမ် အနာဂါမ် ဘုရား ပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတွေနဲ့တူပြီးတော့ ချမ်းသာတော်မူကြမယ်လို့---

သသကာပိ သီဟာယန္တိ, မေရုနိ ပဗ္ဗတေ ဌိတာ၊

ပုထုဇ္ဇနာ ရိယာယန္တိ, ဘဝတံ သာသနေရတာ။

ဒို့ရွှေကျင်ဆရာတော်ဘုရားကြီးက ရေးသားပြီးပူဇော်ထားခဲ့တဲ့ ဂါထာ။

မေရုနိ ပဗ္ဗတေ-တောင်မင်းမဟာ၊ တောင်ရာဇာဟု၊ သညာထင်လင်း မြင့်မိုရ်တောင်မင်းကြီးအပေါ်၌။ ဌိတာ-ကံကောင်းထောက်မ၊ ရောက်လာကြကုန်သော။ သသကာပိ-ခွန်အားသေးနုပ်၊ ဗလယုတ်နှင့် မဟုတ်မလျှား၊ ယုန်သူငယ်စတဲ့ သတ္တဝါလေးတို့သော်မှလည်း။ သီဟာယန္တိ- တောသုံးတောင်ကို၊ အစိုးရတဲ့ ခြင်္သေ့မင်းကြီးအလား၊ ပျော်ပါးကျက်စား တော်မူနိုင်ကြပါပေကုန်၏။ ဧဝံ တထာ-ပမာဆိုမူ ထို့အတူသာလျှင်၊ ဘဝတံ (ဘဝန္တာနံ)-ဘုန်းတော်ခြောက်ဆူ၊ အောင်လံထူသည့်၊ ဆူဆူထွဋ်ထား၊ မြတ်ဘုရားတို့၏။ သာသနေရတာ-သာသနာအလုပ်၊ အားထုတ်ပျော်ပါး၊ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်လည်း။ ပုထုဇ္ဇနာ-ကိလေသများဖြင့်၊ ပုထုဇဉ်မျှ ဖြစ်ကြသော်လည်း။ အရိယာယန္တိ-ဘုရားပစ္စေကာ အရိယာ နည်း၊ ပုံဟန်မှီးလို့မှို့ အချမ်းသာကြီး ချမ်းသာတော်မူကြပါပေကုန်သတည်း။

သာဓု... သာဓု... သာဓု...

ကိုင်းအဲဒီဒေသနာတော်အရ၊ ဘုရားသာသနာတော်ဆိုတဲ့ ရွှေတောင်ကြီးပေါ်မှာ၊ နေ့စဉ် နေ့စဉ် ခိုမှီးနိုင်ကြပါစေကုန်သတည်း၊ ဘုရားသာသနာ ရွှေတောင်ကြီးပေါ်မှာ ဒါန သီလ ဘာဝနာဆိုတဲ့ အလုပ်ကောင်းကြီး သုံးလုပ်ကို အားထုတ်ရင်း ခိုမှီးနိုင်ကြပါစေကုန်သတည်း။ ခိုမှီးနိုင်ကြကုန်သည်ဖြစ်၍၊ ဤကဲ့သို့ ခိုမှီးသွားတော်မူတတ်ကြတဲ့ ဘုရားပစ္စေကာ အရိယာနွယ်လောင်း သူတော်ကောင်း သူတော်ကောင်းမကြီးတို့၊ ရောက်အပ် ရအပ် သိမြင်အပ်သော နိဗ္ဗာနဓာတ် ချမ်းသာထူး ချမ်းသာမြတ်ကြီးကို လျင်မြန်ဆောစွာ ဆိုက်ရောက်ရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု... သာဓု... သာဓု... ပါအရှင်ဘုရား

http://www.dhammadownload.com



## * လိစ္ဆဝိကုမာရကသုတ္တန် အဓိပ္ပာယ်(၅)မျိုးတရားတော်

ယနေ့မြန်မာကောဇာသက္ကရာဇ် ၁၃၅၃-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၇)ရက်နေ့၊ ခရစ်သက္ကရာဇ် ၁၉၉၁-ခုနှစ်၊ စက်တင်ဘာလ(၁)ရက် တနင်္ဂနွေ နေ့မှာ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်နေကြသော၊ ဘုရားသားတော်သံဃာတော် (၁၀၀၀)ကျော်တို့အား နံနက်အချိန်- မွန်မြတ်သော ဘောဇဉ်ဆွမ်းများဖြင့် လည်းကောင်း၊ နေ့လယ်အချိန်လည်း နေ့ဆွမ်းအဖြစ်နဲ့ မွန်မြတ် သောဆွမ်း ခဲဘွယ် ဘောဇဉ်ချိုချဉ်အရသာ အဖြာဖြာတို့ဖြင့်လည်းကောင်း၊ နှစ်ထပ် သော ဘောဇဉ်ဆွမ်းတို့ဖြင့်လာရောက် လောင်းလှူ ဆက်ကပ်ကြတဲ့ ကုသိုလ်ကောင်းမှု ရှင်များက၊ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းနေ ဆွမ်းဒကာ, ဒကာဦးလှရွှေ- ဆွမ်းဒကာမ အလှူ့အမ ဒကာမ ဒေါ်လှလှ မိသားစု ဖြစ်ကြပါတယ်။

အဲဒီရန်ကုန်မြို့ တက္ကသိုလ်လမ်းနေ ဒကာဦးလှရွှေ+ဒေါ်လှလှ ဆွမ်းဒကာ ဆွမ်းအမမိသားစုများက မိမိတို့ရဲ့ ရင်နှစ်သည်းချာ သားရတနာ ဖြစ်တဲ့ မောင်မျိုးဝင်း ရဲမွေးနေ့မင်္ဂလာ အကြောင်းပြုပြီးတော့၊ မောင်မျိုးဝင်း ကောင်းမှုတရားတိုးပွားဘို့ အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းဘို့ ကောင်းကျိုး ချမ်းသာ မင်္ဂလာအမျိုးမျိုး တိုးပွားအောင် အထူးသဖြင့် ကောင်းမှုပါရမီ တရား တွေ တိုးပွားအောင်ရခဲလှတဲ့ လူ့ဘဝကိုရထားတဲ့ သားကလေးခန္ဓာ ကိုယ်ထဲမှာ ထည့်နိုင်ခဲ့တဲ့ ပါရမီကုသိုလ်ကောင်းမှု အဆီအနှစ် ရိက္ခာထည့်ပေးသော အားဖြင့် ဒီနေ့ ဦးလှရွှေတို့ ဒေါ်လှလှတို့က အမရပူရမြို့ မဟာဂန္ဓာရုံကျောင်း တိုက်ရှိ ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန်ထမ်းဆောင် နေကြတဲ့ ဘုရား သားတော်သံဃာတော် (၁၁၀၀) ကျော်တို့အား အရုဏ်ဆွမ်း နေ့ဆွမ်း နှစ်ထပ် သောဘောဇဉ် ဆွမ်းများဖြင့် လောင်းလှူဆက်ကပ်သမှု ပြုကြပါတယ်၊ ဖိတ်မန္တကပြုထားတဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတွေကိုလည်းပဲ၊ သဒ္ဓါဖြူဖွေး ကျွေးမွေးဧည့်ခံသမှု ပြုကြပါတယ်၊ တရားတော်မြတ်ကို လည်း သဒ္ဓါကြည်ဖြူ နာယူကြပါတယ်။

---

* အံ-၂၊ ၆၆။

http://www.dhammadownload.com



ကိုင်း-ဒီတော့သားမောင်မျိုးဝင်းရဲ့ မွေးနေ့မင်္ဂလာ အကြောင်း ပြုပြီးတော့ သားကလေးအတွက် နံနက်သံဃာ(၁၀၀၀) နေ့သံဃာ (၁၀၀၀) သံဃာ (၂၀၀၀) ကျော်ကို ဆွမ်းလောင်းပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပြုပေးခြင်းဖြင့် ဒကာဦးလှရွှေတို့ ဒကာမဒေါ်လှလှတို့က၊ သားရတနာကလေး မောင်မျိုးဝင်းကို "အထက်အရပ်က အအေးဓာတ် ပေးတဲ့အချိန်" လို့ခေါ်တယ်၊ ဒီအချိန်ဒီအခါမျိုးကို အခုလိုကုသိုလ်ကောင်းမှု ပြုပေးနေတာမျိုးကို၊ အထက်အရပ်က အအေးဓာတ်ပေးတာ၊ အအေးဓာတ်ယူတာ၊ အအေးဓာတ်ကို ယူပေးတာ၊ အအေးဓာတ်ဆိုတာ အပူကိုငြိမ်းစေတယ်၊ ချမ်းသာစေတယ်၊ အဲဒီအအေးဓာတ်ကို ရအောင်ယူပေးတာပဲ၊ ဒီတော့ အမျိုးသားတစ်ယောက် အမျိုးသမီးတစ်ယောက် ကြီးပွားချမ်းသာခြင်းသို့ ရောက်စေချင်ရင် ကိုယ့်ခန္ဓာကိုယ်ရဲ့ ငါးဘက်ငါးတန် အရပ် ငါးမျက်နှာက ငါးခုသောအရပ်က အအေးဓာတ်ကိုယူတတ်ရတယ်. . . . လို့ မြတ်စွာဘုရား လိစ္ဆဝိကုမာရကသုတ္တန်မှာ ဟောတော်မူခဲ့တယ်။

အင်္ဂုတ္တိုရ်ပါဠိတော် လိစ္ဆဝိကုမာရကသုတ္တန်မှာ ဟောထားတယ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ်က အခါတစ်ပါး ဒေသစာရီလှည့်လည် လာရင်းနဲ့ ဝေသာလီမြို့ရဲ့အနီး မဟာဝုန်တောကြီးရဲ့ အတွင်းမှာ ဝေသာလီမြို့ရဲ့အနီးမှာ မဟာဝုန်တောကြီးထဲ ဘုရားကရောက် နေပြီးတော့ နေသန့်တဲ့အနေနဲ့ သစ်ပင်တစ်ပင် အောက်ထိုင်ပြီး ဘုရားက သီတင်းသုံးနေတဲ့ အချိန် ဘုရားနဲ့ခပ်လှမ်းလှမ်းဆီက ဆူဆူပွက်ပွက် လူအုပ်သံတစ်ခု ကြားရတယ်၊ ကလေးတွေ အထူးသဖြင့်- လူပျိုလူရွယ်လေး တွေရဲ့ အသံ ဆူဆူပွက်ပွက်နဲ့ အော်ကြဟစ်ကြ၊ လာကွ၊ ဒီဘက်လာကွ၊ ဟိုဘက်သွားကွနဲ့၊ ပြီးတော့ ခွေးအုပ်ကြီးလည်းပါတယ်၊ ဆူပွက်လို့ ထွက်လာကြတာ၊ ဝေသာလီမြို့ထဲ ကနေပြီးတော့ မဟာဝုန်တောဘက်ကို ထွက်လာကြ၊ အဲဒါ ဘယ်သူတွေတုန်းလို့ဆိုတော့ ဝေသာလီမြို့ထဲက လိစ္ဆဝီမင်းသားကလေးတွေ။

ဘုရားလက်ထက်တုန်းက ဝေသာလီမြို့က ဂဏအုပ်ချုပ်ရေးလို့ခေါ်တဲ့ စုပေါင်းအုပ်ချုပ်တဲ့စနစ်။ ကောသလတိုင်းတို့ မာဂဓတိုင်းတို့က ရှင်ဘုရင်တစ်ပါး၊ ပဒေသရာဇ်စနစ်လို့ခေါ်တာပေါ့လေ၊ ရှင်ဘုရင်တစ်ပါးတည်း အုပ်ချုပ်တယ်။ ဝေသာလီက ဒီလိုမဟုတ်ဘူး၊ လိစ္ဆဝီမင်းသားတွေ စုပေါင်း ပြီးတော့ အလှည့်ကျအုပ်ချုပ်တာ ဘုရားလက်ထက်က တစ်မူထူးခြားတဲ့နိုင်ငံတစ်နိုင်ငံပဲ ဝေသာလီဟာ။

http://www.dhammadownload.com



ဒီတော့ အဲဒီဝေသာလီမြို့မှာ လိစ္ဆဝီမင်းတွေရှိကြတယ်၊ အဲဒီမင်း တွေရဲ့ သားတော်လေးတွေ မင်းသားကလေးတွေ လူငယ်လူရွယ်ထုံးစံ အတိုင်း ပျော်ပျော်ပါးပါးနဲ့ တောလိုက်ကစားဖို့ တောထဲမှာ သားသမင်ဏယ် ဂျီဒရယ် တွေ ပစ်ခတ်ဖမ်းဆီးပြီးတော့ ခွေးအုပ်နဲ့ တောလိုက်မယ်၊ အမဲ ဖမ်းမယ်၊ စားကြသောက်ကြမယ်၊ တောထဲမှာ ပျော်ပျော်ပါးပါး စားကြ သောက်ကြမယ် ဆိုပြီးတော့ တစ်ခါတည်းလက်ထဲက မြားတွေနဲ့လေး တွေနဲ့ လှံတွေနဲ့ ဓားတွေ ကျော့ကွင်းတွေနဲ့ ချက်ပြုတ်စားသောက်ဖို့ရာအတွက် အဆင် သင့် အိုးတို့ ခွက်တို့ကလည်းပါတာပေါ့၊ အဲဒီလို တစ်ပျော်တစ်ပါး တစ်အုပ်ကြီးထွက် လာကြ ဆူပွက်လို့ ထွက်လာကြရာမှ မြတ်စွာဘုရားရဲ့ အနီးရောက်တော့ သူတို့ မြတ်စွာဘုရားကို မြင်သွားတယ်၊ မြတ်စွာဘုရားက သစ်ပင်ကြီးတစ်ပင်အောက် ထိုင်ပြီးတော့ ကြည်ညိုဖွယ်ရာ နေ့အချိန် သတင်းသုံးနေတဲ့ လမ်းနဲ့မလှမ်း မကမ်း လမ်း ရဲ့အနီးဆိုတော့ သူတို့က ဘုရားကို မြင်လိုက်တော့ သူတို့အချင်း ချင်း ဟေ့ဟိုမှာ ဘုရား ဘုရား မြတ်စွာဘုရားဗျ ဟိုမှာ မြတ်စွာဘုရားရောက် နေတယ်ဆိုပြီးတော့ မြတ်စွာဘုရား ရဲ့ ပုံတော်ဥပမိတော် ကျက်သရေတော် ကလည်း သူများနဲ့မတူ တမူထူးခြား ပြီး အင်မတန်ကျက်သရေရှိတာဖြစ်တော့ စိမ်းစိုနေတဲ့ သစ်ပင်တွေကြားမှာ ဘုရားရဲ့ ရွှေအဆင်းလို ဝင်းလဲ့နေတဲ့ အသားရောင်တော် က ထင်းနေ အောင်ပေါ်နေတာ အစိမ်း ထဲမှာ အဝင်းဓာတ်၊ အဝါဓာတ်ကြီးက ထင်း ကနဲပေါ်ပြီးတော့ ဘုရားရဲ့ ကြည်ညိုလို့မဆုံး သပ္ပါယ် လို့မဆုံး ရုပ်လက္ခဏာတော်တွေကလည်း မြင်လိုက်ရရင် စိတ်ကိုအေးသွား စေတယ်၊ ကြည်နူးသွားစေတယ်။

ခန္ဓာကိုယ်တော်ကလည်းပဲ မြတ်စွာဘုရားရဲ့ ရုပ်ခန္ဓာတော်က ဘဝ၊ ဘဝလေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းဖြည့်လာခဲ့တဲ့ ပါရမီကောင်းမှုတွေက ဒီဘဝနောက်ဆုံး ဒို့ အကျိုးပေးရမည့်ခန္ဓာပဲ ဒီဘဝပြီးရင် ဘုရားခန္ဓာ နောက် လာမှာ မဟုတ်ဘူးဟ၊ လှသထက်လှအောင်၊ ဒို့က အလှချယ်လိုက်မယ် ဆိုပြီး တော့ မျက်လုံးအလှချယ်ရမယ်ဟ၊ မျက်လုံးအလှချယ်ရမယ့် ပါရမီတွေက မျက် လုံး၊ မျက်ခုံး အလှချယ်ရမယ့်ပါရမီတွေက မျက်ခုံး တစ်ခါတည်း သုံးရက်လ လေးလို ကော့ပြီးတော့နေအောင် ပြီးတော့ ဆေးမရေးရပဲနဲ့၊နက်မှောင်နေ အောင် မျက်နှာတော်ကလည်း မျက်နှာတော်အလျှောက် လက်တော်ကလည်း လက်တော်အလျှောက် ဖယောင်းလို ဖယောင်းသား များလို နုပြီး လက်ချောင်း ကလေးတွေများဆို သွယ်ပျောင်းလို့ လက်တော် ခြေတော် နှုတ်ခမ်းတော်

http://www.dhammadownload.com



မျက်ခုံးတော်၊မျက်လုံးတော်၊နဖူးတော်၊ နားရွက်တော်၊ ပုခုံးတော် အကုန်. . လုံး၊ တစ်ခါတည်း ပါရမီတွေကဝိုင်းပြီး တော့တန်ဆာဆင်ကြတာ။

ဒီဘဝဒို့နောက်ဆုံးတန်ဆာဆင်ရမှာ မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်ကြီး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းဖြည့်လာတဲ့ ပါရမီတွေ အထူးသဖြင့် အခုလို ရုပ်ဥပမိ တင့်တယ်စေတဲ့ သန့်ရှင်းရေးပြုတဲ့ ကုသိုလ်တွေ အဝတ် တန်ဆာတွေ လှူခဲ့တဲ့ ကောင်း မှုတွေ ရုပ်ဥပမိချောမောစေတဲ့ ကုသိုလ် တွေက သန့်ရှင်းရေးတွေပြု သန့်စင်အောင်ပြု သူမျှားကို ဝတ်စားတန်ဆာလှူ ဒီလိုလုပ်လာခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေက နောက်ဆုံးအကျိုးပေးရတာ ဟ၊ ဒို့နောက်ဆုံးအကျိုးပေးရတာ ဘုရားခန္ဓာကို နောက်ပေးရမှာ မဟုတ်တော့ဘူး၊ မြတ်စွာဘုရားဒီခန္ဓာပြီးရင် ပရိနိဗ္ဗာန်စံသွား၊ နောက်ဘဝ လာမှာမဟုတ်ဘူး ဟဆိုပြီးတော့. . . တဲ့၊ ဝိုင်းပြီးတော့ တစ်ခါတည်း အစွမ်းကုန် ချယ်မှုန်းကြ သလို။

**ပစ္ဆိမံ ဖလဒါနေန, ဗဟုံ ပစိတံ ပါရမီ၊**
**ယဿ ဝေဿံသုမာပေန္တိ, ကေနာပိ အသမံ သမံ။**

ဗဟုံ -ဤ၍ ဤမျှ,ဂဏန်းချ၍,မရနိုင်းညှိ, အတိုင်းမရှိရလေအောင်၊ ပစိတ- ပါရမီ-လေးသင်္ချေကိန်း, ကပ်တစ်သိန်းက, ထိန်းသိမ်းစုဆောင်း, ပါရမီတော်အပေါင်းတို့ သည်၊ ပစ္ဆိမံဖလဒါနေန- ဖြစ်ပျက်ဖန်ခါ, သံသရာဝယ်, ခန္ဓာကိုယ်ရေး, အဆုံးစွန်အကျိုး ပေးသောအားဖြင့်၊ ယဿ ဘဂဝတော- အကြင်ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ ဝေဿံ-ရွှေမျက် နှာတော်, လက်ခြေတော်နှင့်, ကိုယ်တော်သဏ္ဌာန်, ပုံဟန်ထင်ပေါ်, အသွင်ပြင်တော်ကို၊ ကေနာပိ-လူမင်းနတ်မင်း, ဗြဟ္မာဝယ်, ဘယ်သူတစ်ယောက်နှင့်မျှ၊ အသမံ- လက္ခဏာတော်ကြီးငယ်, အသွယ်သွယ်ဖြင့်, ဘယ်ဝယ်တိုင်းကာ, မနှိုင်းသာသည်ဖြစ် ၍၊ သမံ-တစ်ကိုယ်တော်လုံး, ရွှေတုံးရွှေနှစ်, ဇမ္ဗူရစ်သိင်္ဂီ, နာရဏီမျှ, သာကီဝင် သွေး, အယဉ်ကျေးဆုံး ဖြစ်ရလေအောင်၊ သုမာပေန္တိ- တက်သစ်နေဝန်း, ထွန်းသစ်လစန်း, ပွင့်သစ်ပန်းသို့, ဆန်းအဖုံဖုံ, စခန်းစုံအောင် အစွမ်းကုန် ဖန်ဆင်းကြပေသည်တကား။

သာဓု. . . သာဓု. . . သာဓု။

အဲဒီလိုမြတ်စွာဘုရားရဲ့ခန္ဓာကိုယ်က ကျက်သရေတွေဝင်းလက်၊ ရောင်ခြည်တော်တွေ လွှတ်ထားတာ မဟုတ်သေးပေမယ့်လို့၊ တလံမျှ

http://www.dhammadownload.com



လောက်တော့ ဗျာမပဘာ ပကတိ အရောင်ရှိတယ်၊ ဘုရားခန္ဓာကိုယ်တော်က အမြဲတမ်းထွက်နေတယ်၊ ပကတိရောင်ခြည်တော် ခန္ဓာကိုယ်နဲ့ ပတ်ဝန်းကျင် တလံလောက် အရောင်တွေဖြာထွက် တန်ခိုးတော်နဲ့ မသိစေချင်တဲ့အခါ ဖုံးအုပ်လိုက်မှသာ ကွယ်သွားတာအဲဒီအရောင် ဒီလိုမဟုတ်ရင်တော့ သူ့ဘာသူ သဘာဝအတိုင်း ထွက်နေတာပဲ၊ အဲဒီအရောင်တော်။ ဗျာမပ ဘာခေါ်တဲ့ တလံလောက်အရောင်တော်နှင့်တကွ ဘုရားရှင်ကိုယ် တော်မြတ်ကြီး ရဲ့ ကျက်သရေတော် အဲဒီကျက်သရေမြင်လိုက်တော့ မင်းသားတွေက ဟာ-မြတ်စွာ ဘုရားဟ ဆိုပြီးတော့ သူတို့အချင်းချင်း လက်ဖျောက်တီးပြီး ဟေ့-တိတ်ကြ တိတ်ကြ မဆူကြနဲ့ဆိုပြီးတော့ ဘုရား ရောက်နေတယ်ဆိုပြီးတော့ သူတို့တောလိုက်ဘို့ရာ ပစ်ကြ၊ ခတ်ကြ၊ တိုက်ကြ၊ သတ်ကြ၊ ဖြတ်ကြဖို့ရာတွေ လုပ်လာတဲ့ ဓားတွေ၊ လှံတွေ၊ မြားတွေ၊ လေးတွေ၊ ဟိုချုံကြားဖွက် ဒီချုံကြားဖွက် ဟိုနားထိုးထား၊ ဒီနားထိုးထား၊ တောလိုက်ဖို့ ခေါ်လာတဲ့ ခွေးအုပ်ကြီးကိုလည်း မောင်းထုတ်။ မောင်းထုတ် ပြီးတော့မှ ခွေးအုပ်ကြီးကို တစ်ယောက်နှစ်ယောက်က အထိန်းအဖြစ် နဲ့မောင်းထုတ်ပြီး လိုက်ခြောက်ပြီး ထိန်းထား ပြီးတော့မှ ကျန်တဲ့မင်းသားလေးတွေက အားလုံးလက်အုပ်ချီပြီး မြတ်စွာဘုရားရှေ့ မျက်လွှာကလေး တွေချ လက်အုပ်ကလေးတွေချီပြီး ဘုရားရှေ့ချဉ်းကပ်သွားကြ။

အဲဒါကို လမ်းလျှောက်ထွက်လာတဲ့ မဟာနာမ်ဆိုတဲ့ လိစ္ဆဝီဆိုတဲ့ မင်းသားကြီးက မြင်တယ်၊ ခပ်လှမ်းလှမ်းက မဟာနာမ်လိစ္ဆဝီမင်းသားကြီးကလည်း တောအုပ် ဘက်ထွက်လာရင်းနဲ့ မင်းသားကလေးတွေ ဆူဆူပွက်ပွက်နဲ့ မြို့ထဲကထွက်လာတုန်းကိုက သူကလှမ်းကြည့်နေတာ ရပ်ပြီးတော့အသာ ချုံတစ်ချုံကြားက ရပ်ကြည့်နေတာ၊ ရပ်ကြည့်နေရာကနေ မဟာနာမ်လိစ္ဆဝီ မင်းသားကြီးက မင်းသားကလေးတွေ အမူအရာပြောင်း သွားပြီးတော့ တစ်ခါတည်း လက်အုပ်တွေချီမိုး ရှိခိုးပြီးတော့ သွားတာကြည့်လိုက်တော့ ဘုရားလည်းမြင်ပြီး၊ ဩော်. . . ဘုရားမြင်တော့ မင်းသားကလေးတွေ ပြောင်းသွား ကြတာကိုး၊ ဆိုပြီးတော့ သူက ဝမ်းသာလွန်းလို့ မနေနိုင်လို့ ဥဒါန်းကျူးလိုက်တယ်၊ သူက ဥဒါန်းကျူးတယ်ဆိုတာ အောင့်ထားလို့ကို မရဘူး၊ ရင်ထဲက တစ်ခါတည်း ပွင့်အံထွက်သွားတာ။

**ဘဝိဿန္တိ ဝဇ္ဇီ, ဘဝိဿန္တိ ဝဇ္ဇီ။** ဝဇ္ဇီ- ဝဇ္ဇီတိုင်းသား, မင်းသား ကလေးများတို့သည်၊ ဘဝိဿန္တိ-ကြီးပွားတိုးတက်ကြပါလိမ့်အုန်းမယ်၊ ဝဇ္ဇီ- ဝဇ္ဇီတိုင်းသား မင်းသားကလေးများတို့သည်၊ ဘဝိဿန္တိ- ကြီးပွားတိုး တက်ကြပါလိမ့်

http://www.dhammadownload.com



အုန်းမယ်၊ ဒီအဓိပ္ပာယ် မျိုးသက်ရောက်တဲ့ စကားနဲ့အော်လိုက်တယ်၊ သူက ဘုရားနဲ့ လည်းမနီးမဝေး သူက ရောက်နေပြီ မင်းသားကလေးတွေနဲ့လည်း မလှမ်းမကမ်းမှာ သူက အဲဒီတင် မြတ်စွာဘုရားက-

**ကိံပန တွံ မဟာနာမ ဧဝံ ဝဒေသိ။**

ဘုရားကမေးလိုက်တာ၊ မဟာနာမ်မင်းသားကြီး . . . ဘာမြင်လို့ သင်က "လိစ္ဆဝီမင်းသားကလေးတွေ ကြီးပွားပါလိမ့်အုန်းမယ်၊ တိုးတက်ကြပါလိမ့်အုန်းမယ်လို့ ဥဒါန်းကျူးရပါသလဲ၊ မဟာနာမ်မင်းသားကြီး. . တဲ့၊ သင်က ဘာမြင်လို့-

**ဘဝိဿန္တိ ဝဇ္ဇီ, ဘဝိဿန္တိ ဝဇ္ဇီ၊** ဝဇ္ဇီ- ဝဇ္ဇီတိုင်းသား၊ မင်းသားကလေးများတို့သည်၊ **ဘဝိဿန္တိ**-ကြီးပွားတိုးတက်ကြပေလိမ့်အုန်းမယ်လို့ ဆိုတဲ့ဥဒါန်းကို ဘာပြုလို့သင်က ဥဒါန်းကျူးရင့်တာတုန်း၊ ဘာမြင်လို့တုန်း. . . ဘုရားက မေးတာ၊ မေးတော့မှ မဟာနာမ်မင်းသားကြီးက မှန်လှပါဘုရား၊ တပည့်တော်တို့ရဲ့သား၊ သမီးတွေ အပါအဝင်ဖြစ်တဲ့ ဟောဒီမင်းသား ငယ်ကလေး တွေဟာ၊ ရပ်ထဲရွာထဲမှာဆိုရင်ဖြင့်၊ မြို့ထဲနယ်ထဲမှာဆိုရင်ဖြင့်၊ အင်မတန်ဆိုးကြပါတယ်. . တဲ့၊ လမ်းသွားလမ်းလာ မိန်းကလေးတွေ စလို့စ ပြောင်လို့ပြောင်၊ နောက်လို့နောက် လူကြီးသူကြီးတွေ ရှိသေရမှန်းမသိ လေးစား ရမှန်းမသိ၊ သူတို့ လူငယ်သဘာဝအတိုင်း ပျော်ကြပါးကြ မူးကြရူးကြနဲ့ နေကြတဲ့ ကလေးတွေ ဖြစ်ကြပါတယ်၊ အခုဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့တွေ့တော့မှ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒုတ်မပြ ခားမကျိုင်ရဘဲနဲ့ဘုရားရှင်ကိုယ်တော်မြတ် ကြီးရဲ့ ကျက်သရေတော်ကို မြင်ရုံမျှနဲ့ အခုလို ယဉ်ကျေးသိမ်မွေ့စွာနဲ့လက်အုပ်ချီမိုးရှိခိုးပြီးတော့ ဘုရားရှင် ထံမှောက်ချဉ်းကပ်တာကိုမြင်ရလို့ တပည့်တော် ကြည်နူးလွန်းလို့ ဝမ်းသာလွန်းလို့ အားရလွန်းလို့ တပည့်တော် အဲဒီလိုပီတိများ ဖြစ်လွန်းလို့ ဥဒါန်းကျူးမိပါ တယ်ဘုရားလို့လျှောက်တော့မှ မြတ်စွာဘုရားက-

**ယဿ ကဿစိ မဟာနာမ ကုလပုတ္တဿ ပဉ္စဓမ္မာ သံဝိဇ္ဇန္တိ၊ ဝုဒ္ဓိယေဝ ပါဋိကင်္ခါ နော ပရိဟာနိ။**

မြတ်စွာဘုရားက တရားဟောချင်လို့မေးတာ မေးတုန်းကထဲကိုက မဟာနာမ်. . . တဲ့၊ အကြင်အမျိုးသားတစ်ယောက် အမျိုးသမီးတစ်ယောက်က၊ ငါးမျိုးငါးစားသော အရပ်က အအေးခေတ်ငါးရပ်ကို ယူတတ်လို့ရှိရင် ထိုအမျိုးသား၊ အမျိုးသမီး ရဲ့အတွက်၊ ကြီးပွားတိုးတက်ခြင်းကိုသာ အလိုရှိထိုက်တယ်၊ ကြီးပွားတိုးတက် ေ၁ာ့မယ်၊ ဆုတ်ယုတ်ခြင်းကို အလိုမရှိထိုက်ဘူး၊ မဆုတ်ယုတ်တော့ ဘူး. . လို့ တရားပန္နက်ရိုက်ပြီးတော့ မြတ်စွာဘုရားက၊

http://www.dhammadownload.com



အေး. . ကြီးပွားတိုးတက်လိုရင် အရပ်ငါးမျက်နှာက ကိုယ့်ရဲ့ငါးမျိုးသောအရပ်က အအေးဓာတ် ကိုယူတတ်ရတယ်. . . တဲ့၊

(၁) လက်ျာဘက်က အအေးဓာတ်ကို ယူတတ်ရတယ်၊

(၂) လက်ဝဲဘက်က အအေးဓာတ်ကိုလည်း ယူတတ်ရတယ်၊

(၃) အောက်အရပ်ကလည်း အအေးဓာတ်ကို ယူတတ်ရတယ်၊

(၄) နောက်ကျောအရပ်က အအေးဓာတ်ယူရတယ်၊

(၅) အထက်အရပ်က အအေးဓာတ်ယူရတယ်၊

လက်ျာဘက်က အအေးဓာတ် ယူတယ်ဆိုတာ ဘာတုန်းလို့ဆိုတော့-

ယဿ ကဿစိ မဟာနာမ ကုလပုတ္တော မာတာပိတရော၊

သက္ကရောတိ ဂရုံကရောတိ မာနေတိ ပူဇေတိ။

လက်ျာဘက်က အအေးဓာတ် ယူတတ်ရတယ်ဆိုတာ ဘာပြောတာတုန်းဆိုတော့ကိုယ့်ကျေးဇူးရှင်ဖြစ်တဲ့ မိဘဘိုးဘွားများကို၊ သက္ကရောတိ-ကောင်းစွာပြု၍၊ ဂရုံက ရောတိ-အလေးဂရုပြု၍၊ မာနေတိ-မြတ်နိုး၍၊ ပူဇေတိ-ပူဇော်၍၊ မိဘ ဘိုးဘွားတွေကို ရှိသေပြီးတော့ မိဘဘိုးဘွားပြောတဲ့ စကားတွေနားထောင်၊ မိဘဘိုးဘွားပြောတဲ့စကားလိုက်နာ၊ သူတို့ကိုပြန်ပြီးတော့ပြုစုလုပ်ကျွေး၊ သူတို့ပြုဖူးထားတဲ့ ကျေးဇူးတွေကို သိပြီးသကာလ တတ်စွမ်းသမျှ ပြုစုလုပ်ကျွေး၊ သားကပြုစုလုပ်ကျွေးတယ်၊ သမီးကပြုစု လုပ်ကျွေးတယ်၊ အဲဒါ လက်ျာဘက်က အအေးဓာတ်ယူတာပဲ. . တဲ့၊ ဘာအအေးဓာတ် တုန်းဆိုတော့-မေတ္တာ အအေးဓာတ်။ ကိုယ်ကမိဘစကား နားထောင်ပြီးတော့ မိဘတွေဆိုပြော, ဆုံးမ တာတွေလိုက်နာ လေးစားပြီးတော့ မိဘတွေကို တတ်စွမ်းသမျှ ကျေးဇူးတုန့် ပြန်ဆပ်ပြီးတော့နေတော့၊ မိဘတွေ ဆီက မေတ္တာပြန်လာတယ်။ ငါ့သားကြီးက လိမ္မာလိုက်တာ၊ ငါ့သမီးကြီးက လိမ္မာလိုက်တာ၊ ပြောစကားဆိုစကား နား ထောင်တယ်၊ ဒီနေရာ နေဆိုနေ တယ်၊ ဒီနေရာသွား ဆိုသွားတယ်၊ ဒီနေရာ အိပ်ဆိုအိပ်တယ်၊ ထော်လော် ကန့်လန့်ပြန်မလုပ်ဘူးဆိုပြီးတော့ မိဘစကား နားထောင်တဲ့သား သမီး၊ မိဘတွေဆီက မေတ္တာပြန်လာတယ်။

မိဘတွေရဲ့ကျေးဇူးကို အထူးသိသောအားဖြင့် တတ်စွမ်းသမျှ မိဘတွေကို စားဦးစားဖျားပို့လို့၊ ခြေဆုပ်လက်နယ်ပြုလို့၊ မမာမကျန်းတဲ့အခါမှာ အထူးတလည်ပြုလို့ အဲဒီလိုမိဘတွေကျေးဇူးတွေသိပြီးတော့ အထူးတလည် ပြုစုစောင့်ရှောက်နေတဲ့သား သမီးကို မိဘတွေက မေတ္တာပြန်လာတယ်။ ငါ့

http://www.dhammadownload.com



သားကြီးကျန်းမာပါစေ၊ ငါ့ သမီးကြီးကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ရေလို အေးပါစေ၊ ပန်းလိုမွှေးပါစေ၊ လာမယ့်ဘေးဝေးပါစေ၊ ထိမယ့်ခလုပ်ဆုတ်ပါစေ၊ သူတစ်ပါးနှင့်ပြော ချောပါစေ၊ သူတစ်ပါးနှင့်ပြိုင် နိုင်ပါစေ၊ အသံကြားသနား ကြပါစေ၊ မျက်နှာမြင်ချစ်ခင်ကြပါစေလို့ မေတ္တာတွေပြန်လာတယ်. . . တဲ့၊ အဲဒါ အအေးဓာတ်ပဲ၊ မေတ္တာအအေးဓာတ်တွေ မိဘဘိုးဘွားဆီက ပို့လွှတ် တာကို ခံရတယ်။ မိဘဘိုးဘွားဆီက အအေးဓာတ်တွေကို ရအောင် ယူနိုင် တယ်။ သူကကျေးဇူး သိပြီး၊ စကားလိုက်နာပြီးတော့ ဆိုစကား ပြောစကား နားထောင်ပြီးတော့၊ လိမ်လိမ်မာမာနဲ့ ကျေးဇူးတုန့်ပြန်နေတော့ ဟိုက မေတ္တာ အအေးဓာတ်တွေ လွှတ်ထုတ်တာပေါ့. . . ပို့တာပေါ့၊ မိဘ မေတ္တာလောက် အေးတဲ့အအေး လောကမရှိဘူး။

ပြောင်းပြန်ပြန်ကြည့်တော့ ကိုယ်က မိဘစကားနားမထောင်၊ ထော် လော်ကန့်လန့်လုပ်၊ ကိုးရိုးကားရားနေ၊ သွားချင်ရာသွား၊ လာချင်ရာလာ၊ လုပ်ချင်ရာလုပ်၊ ကျေးဇူးလည်းမသိ၊ အမေ အဖေ့စကားနား မထောင်ရင် မိဘတွေက သားသမီးမို့လို့ မပစ်ရက်လို့သာ ကြည့်နေတာ၊ စိတ်ထဲကို ဒုက္ခဖြစ်ပြီး၊ ဒီသားအတွက် ခက်လိုက်တာ၊ ဒီသမီး အတွက်ခက် လိုက်တာနဲ့၊ ဒီထဲ ကိုယ့်ရှိ ကားယား မိဘစကားနားမထောင်ပဲနဲ့ ကိုယ့်ရို့ ကားယား မိဘတွေ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ထော်လော်ကန့်လန့် လုပ်ပြီဆို တော့ မိဘတွေက စိတ်ဆင်းရဲ၊ ဒီကောင်မြန်မြန်သေတာ အေးပါတယ်၊ ဒီသမီးတော့ မြန်မြန်သေ တာအေးပါတယ်နဲ့ဟောဒီလို ဖြစ်ကုန်တယ်၊ ဒေါသအပူတွေလာကုန်တယ်၊ မေတ္တာမလာတော့ဘူး။

အဲဒီလို မိဘမေတ္တာ အရှုပ်သိမ်းခံရတဲ့ သား သမီးမြန်မြန် ဘေးထိ တတ်တယ်၊ အထိတတ်ဆုံးပဲ၊ မိဘမေတ္တာ အရှုပ်သိမ်းခံရတဲ့ သား၊ သမီး၊ မြေး၊ မြစ်‚ထိခိုက် တတ်တယ်၊ "ဘုန်းကြီးလို့ သက်မရှည်၊ သက်ရှည်လို့ ဘုန်းမကြီး" ဖြစ်တတ်တယ်၊ ဒီတော့ အဲဒါ မိဘဆီက အအေးဓာတ် မယူနိုင်တာ ပဲသူက၊ ဒီတော့မိဘတွေဆီက အအေးဓာတ်ရအောင်၊ မိဘစကားနားထောင် မိဘကိုရှိသေ မိဘကျေးဇူးတုန့်ပြန်၊ မိဘ ဘိုးဘွား တွေရဲ့စကားကို လေးစား လိုက်နာပြီးသကာလ. . . သက္ကတာ ဂရုကတာ မာနိတာ ပူဇိတာ-တတ်စွမ်းသမျှ လျှူဒါန်းပူဇော်၊ စားဦးစားဖျားပို့၊ ပြုစုလုပ် ကျွေးပြီးတော့နေတော့ အနည်းဆုံး မိဘစကားနားထောင်ပြီးသကာလ နေတော့-မိဘတွေက အအေးဓာတ်လွှတ် ကြတယ်. . . တဲ့၊ မေတ္တာလာ တယ်၊ အဲဒါ သူတို့ဆီကလာတဲ့ မေတ္တာအအေး။

http://www.dhammadownload.com



အဲ. . သူတို့ဆီက မလာခင်ကို သူတို့ဝမ်းထဲမှာ အအေးခာတ်က ရနေပြီ ပထမဆုံး ၊ ဘာပြုလို့တုန်း၊ မိဘကို ပြုစုလုပ်ကျွေးတဲ့ ကောင်းမှုကုသိုလ်ကြီးက ကိုယ့်ဝမ်းထဲ ဖြစ်နေပြီဆိုကတည်းက ကုသိုလ်ကလည်း အအေးခာတ်ပဲ၊ သူတို့ ဆီက မေတ္တာမပြန်နဲ့ အုန်း၊ ကိုယ်ကမိဘကို ပြုစု လုပ်ကျွေး၊ စားဦးစားဖျားပေး၊ စကားနားထောင်တယ် ဆိုကတည်းကိုက ကုသိုလ်တွေဖြစ်နေပြီ ကိုယ့်ဝမ်းထဲမှာ၊ ကောင်းမှုတွေ ဖြစ်နေပြီ ကိုယ့်ဝမ်းထဲမှာ၊ အဲဒီကုသိုလ်ကောင်းမှုဟာ အအေးခာတ်ပဲ၊ အေးသောအကျိုးပေးမှာပဲ၊ အဲဒါကြောင့် မိဘစကား လေးစားလိုက်နာပြီးတော့၊ စားဦးစားဖျားပေး၊ ပြုစုလုပ်ကျွေး၊ ခြေဆုပ်လက်နယ်ပြုခြင်း စသည်ဖြင့် ကျေးဇူးတုန့်ပြန် ကတည်းက ကိုယ့်ဝမ်းထဲမှာ အအေးခာတ်ပေါ်လာပြီ၊ အဲဒါက အအေးခာတ် တထပ်၊ မိဘတွေဆီက မေတ္တာတုန့်ပြန် ပြီးလာရင်တော့ အအေးခာတ်တထပ်၊ဟော. . အအေးခာတ် နှစ်ဆပ်၊ ကိုယ့်ဝမ်းထဲက ကောင်းမှု မေတ္တာနဲ့သူ့ဆီက ပြန်လာတဲ့မေတ္တာ၊ အဲဒါ အအေးယူတယ်လို့ခေါ်တယ်၊ အဲဒါ လက်ျာဘက်က အအေးပဲ။

လက်ဝဲဘက်က အအေးဆိုတာကျတော့ အိမ်နီးချင်း၊ အရပ်နီးချင်း၊ မိတ်ဆွေသင်္ဂဟတွေ ကိုယ့်ရဲမိတ်ဆွေသင်္ဂဟတွေကိုလည်းပဲ၊ အိမ်နီးချင်း ရပ်နီးချင်း စက်ရုံနီးချင်း အလုပ်ရုံနီးချင်းစသည်ဖြင့် မိတ်ဆွေသင်္ဂဟ တွေရှိကြတယ်၊ အဲဒီမိတ်ဆွေ သင်္ဂဟတွေထဲကလည်း အအေးခာတ်ကို ရအောင်ယူရတယ်။ ဘယ်လိုယူရတုန်း၊ သူတို့နှင့်တန်တဲ့သွားလာ ဝင်ထွက်၊ ခေါ်ငင်ပြောဆို၊ အရေးပေါ်ရင် ဖေးဖေးကူမပေးသူတို့ မမာရေး မကျန်းရေး စသည်ဖြစ်လို့ရှိရင် ကိုယ်က တတ်စွမ်းသမျှကူညီ မေးမြန်းဝင်ထွက် လုပ်နေ တော့၊ ကိုယ်ရတာလေး ကောင်းကောင်းမှန်မှန် ထူးထူး ခြားခြားကလေးစား စရာရှိရင် ပတ်ဝန်းကျင်အိမ်တွေဝေမျှပြီးတော့စား၊ ဒီလိုလုပ်နေတော့ မိတ်ဆွေ သင်္ဂဟတွေက မေတ္တာသက်ရောက်တယ်၊ တို့မိတ်ဆွေကြီးကတော်တယ်၊ အမယ်လေး ဖော်ဖော်ရွေရွေရှိလိုက်တာ၊ သူ့စားစရာထူးထူးဆန်းဆန်း၊ သစ်သီးဝသီး ကလေးများရှိရင် တစ်ခါ ထည်းပေးလိုက်သေး၊ မျှလိုက်သေးတယ် ဆိုပြီးတော့ မေတ္တာတွေပြန်လာကြ တယ်၊ အဲဒါ အအေးခာတ်ပဲ။

သူတို့ဆီက မေတ္တာပြန်လာလာ မလာလာကိုယ်ကပေးကမ်း လှူဒါန်းတဲ့ ဒါနကောင်းမှု ပြုနေပြီဆိုရင်ပဲ၊ ကိုယ့်ရှိတာလေး ထူးထူးခြား ခြားရလာတဲ့ ပစ္စည်းလေး ပေးကမ်းဝေငှ၊ အိမ်နီးချင်းတွေ ပေးကမ်းဝေငှ ပြီးစားတယ်ဆို ကတည်းကိုက ဒါနကုသိုလ် ကောင်းမှုဖြစ်နေပြီ၊ အဲဒီ ကတည်းက အအေးခာတ်

http://www.dhammadownload.com


ကပေါ်နေပြီ၊ သူတို့ဆီကမေတ္တာပြန်လာတော့ ထပ်ပြီးအအေးဓာတ်ပြန်ရတာ ပေါ့၊ ဒါလက်ဝဲဘက်ကဆိုတာ မိတ်ဆွေသင်္ဂဟတွေ။

အောက်အရပ်ဆိုတာ သား သမီး မြေး မြစ်၊ ပြီးတော့ ကိုယ့်အိမ်လုပ်သူကိုင်သား၊ အဲဒါ အောက်အရပ်လို့ခေါ်တယ်။ ဒီတော့အဲဒီ သား သမီး မြေး မြစ်တွေကို ကိုယ်က တာဝန်ဝတ္တရားကျေအောင် သားဝတ္တရား သမီးဝတ္တရားကျေအောင်ရှာဖွေကျွေးမွေး၊ ဆင်ပြင်၊ နေရာထိုင်ခင်းတွေပြုပြင်၊ ပညာသင်ပေး၊ ကိုယ့်လက် အောက်ငယ်သား လုပ်သူကိုင်သားတွေ ချမ်းသာအောင် တတ်စွမ်းသမျှထောက်ပံ့၊ အထူးသဖြင့် သူတို့မမာမကျန်းဖြစ်တဲ့ အခါမှာ ဆေးဖိုးဝါးခ အခမဲ့ပေး၊ ချေးငှါးတဲ့အနေ မျိုးနဲ့မဟုတ်ပဲနဲ့ပေး။ နဲနဲများလို့ရှိရင် အရစ်ကျပြန်ဆပ်ဆိုပြီးတော့ ချေးငှါးပေး၊ ပြုစုစောင့်ရှောက်တော့ သား, သမီး, မြေး, မြစ်ဆီက အဲဒီ ကိုယ့်လက်အောက်က လုပ်သူကိုင်သားဆီကလည်း၊ မေတ္တာတွေပြန်လာတယ်။ အော်. . . ဒို့အဖေက ဒို့အမေက ဒို့အပေါ် တာဝန်ကျေ ပါပေတယ်ဆိုပြီးတော့ သားတွေသမီးတွေဆီက မေတ္တာလာတယ်၊ မြေးတွေ မြစ်တွေဆီကလည်း မေတ္တာပြန်လာတယ်၊ အအေးဓာတ်ပဲ။ ကိုယ့်အိမ်မှာခိုင်းစေနေတဲ့ လုပ်သူကိုင်သားတွေကလည်းပဲ မေတ္တာပြန်လာတယ်၊ ဒို့သခင်က ဒို့ဆရာက၊ ဒို့ဆရာကတော်ကြီးက တော်ပေတယ်၊ စောင့်ရှောက်ဖော် ရတယ်၊ မမာမကျန်းဖြစ်တဲ့အခါများဆိုရင် သားသမီးအရင်းလိုပဲ စောင့်ရှောက်ဖော်ရတယ်ဆိုပြီးတော့ ချစ်ခင်. . . လို့၊ ကြည့်တာကိုက မေတ္တာမျက်စိနဲ့ကြည့်၊ ဒီလိုဖြစ်လာတယ်၊ ဒါအအေးဓာတ်ပဲ၊ ဒါအောက်အရပ်က အအေးဓာတ်ဆိုတာပါပဲ။

နောက်ကျောအရပ်လို့ဆိုတာကျတော့-ပတ်ဝန်းကျင် စောင့်ကြပ် နေတဲ့နတ်တွေ၊ ဟို-အထက်ကတာဝတိံသာ နတ်ပြည်ခြောက်ထပ်က နတ်တွေ၊ ဘေးဘက်ကိုမဆို လိုဘူး၊ ပတ်ဝန်းကျင်မှာစောင့်ကြပ်နေတဲ့ ကိုယ်စောင့်နတ်တွေရှိကြတယ်၊ အိမ်စောင့် နတ်တွေရှိကြတယ်၊ ရွာစောင့် နတ်တွေရှိကြတယ်၊ မြို့စောင့်နတ်တွေရှိကြတယ်၊ သာသနာစောင့်နတ်တွေ၊ လောကပါလနတ်တွေ၊ နယ်တောယဉ် ပယ်တောယဉ် အစရှိတဲ့ နတ်တွေ ရှိကြတယ်၊ ဒီနတ်တွေကိုလည်းပဲ။

**သက္ကတာ ဟောန္တိ ဂရုကတာ မာနိတာ ပူဇိတာ။**

သူတို့ကိုလည်းကိုယ်က သူတို့ရသင့်တဲ့ အခွင့်အရေးတွေ မဆုံးရှုံးရအောင် ပူဇော်ရတယ်. . . တဲ့၊ မိဆိုင် ဖဆိုင်ပူဇော်မှာဖြင့်၊ မိမိတို့ကောင်းမှု

http://www.dhammadownload.com



ပြုတိုင်း မေတ္တာပို့ အမျှဝေ၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာစောင့်နတ်၊ လောကပါလအစရှိသော နတ်အပေါင်းတို့ကို အမျှပေးဝေပါ၏၊ အမျှရ၍ ကျမ္မာချမ်းသာ ကြပါစေ. . . လို့ မေတ္တာပို့တော့ အဲဒီနတ်တွေကလည်း မေတ္တာတုန့်ပြန်လာတယ်. . . တဲ့၊ သူတို့ဆီကလည်း ပြန်အအေးခာတ်ဝင်လာ၊ ဒီက ကိုယ်ကမြတ်မြတ် နိုးနိုးပြုသလို သူတို့ကလည်း ပြန်ပြီး မြတ်မြတ်နိုးနိုးပြန်လာတာပေါ့၊ အအေးခာတ်ပဲ၊ ဒါနောက်ရပ်က အအေးခာတ်ခေါ်တယ်။

အထက်အရပ်က အအေးခာတ်ဆိုတာကျတော့-ရတနာသုံးပါးနဲ့ ဆရာသမား၊ ဟော-ဘုရား, တရား, သံဃာ ရတနာသုံးပါးပူဇော်သမှုပြုနေပြီ၊ ဆရာသမားတွေကို ပူဇော်သမှုပြုနေပြီ၊ ဆရာသမားစကားကြွေနားထောင် လေးစားလိုက်နာနေပြီဆိုတော့ ဒါအထက်အရပ်က အအေးခာတ်ယူတယ်၊ အခုသံဃာတော်တွေ ဆွမ်း ဘောဇဉ်တွေနဲ့ ဆက်ကပ်လှူဒါန်းတော့၊ သံဃာတော်အရှင်မြတ်တွေအထံက မေတ္တာပြန်လာတယ်၊ ဆွမ်းဒကာ ဆွမ်းအမတွေ ကျမ္မာချမ်းသာစေကြောင်း မေတ္တာရေလောင်းကြတယ်။ သူတို့ဆီကမေတ္တာ ပြန်မလာသည့်တိုင်အောင်၊ ကိုယ်က ဘုရား, တရား, သံဃာ ရတနာသုံးပါး၊ ဆရာသမားပူဇော်လှူဒါန်း ရှိသေနေကထဲကိုက ကောင်းမှုကုသိုလ်ကြီး ကိုယ့်ဝမ်းထဲဖြစ်နေပြီ အဲဒါအအေးခာတ်ပဲ၊ ဒါအအေးခာတ်ယူတယ်လို့ပဲ ခေါ်တာပဲ၊ ဒါသူတို့ဆီက မေတ္တာပြန်လာတော့ ပြောစရာမရှိဘူးပေါ့၊ အင်မတန်စွမ်းတဲ့ မေတ္တာ၊ အင်မတန်သန့်ရှင်းတဲ့မေတ္တာ တွေပြန်လာတာပေါ့၊ ဒါအအေးခာတ် ပဲ၊ ဒါအထက်အရပ် ခေါ်တယ်။

ဒီတော့-လက်ျာဘက်ဆိုတာက မိဘဘိုးဘွား၊ လက်ဝဲဘက်ဆို တာက မိတ်ဆွေသင်္ဂဟ၊ သူငယ်ချင်းအပေါင်းသင်း။ အောက်အရပ်ဆိုတာက သားသမီး မြေးမြစ် နဲ့ ကိုယ့်လက်အောက်က လုပ်သူကိုင်သား၊ ကိုယ့်လက် အောက်ငယ်သား။ နောက်ကျော အရပ်ဆိုတာက ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာ တော်စောင့်နတ်၊ လောကပါလ အစရှိတဲ့ နတ်တွေ၊ နယ်တောယဉ် ပယ်တောယဉ်တွေ။ အထက်အရပ်လို့ဆိုတာက ရတနာသုံးပါး ဆရာသမား. . . တဲ့။ အဲဒီ အရပ် ငါးရပ်က အအေးခာတ်ကိုယူတတ်တဲ့ အမျိုးသား အမျိုးသမီးအတွက်- ဝုဒ္ဓိယေဝ-ကြီးပွား တိုးတက်ခြင်းကိုသာလျှင်၊ ဝုဒ္ဓိယေဝ-စည်းစိမ်ဖြိုး၍, တန်ခိုးတလျှုလျှုနဲ့ ကြီးပွားတိုးတက် ခြင်းကိုသာလျှင်၊ ပါဋိကင်္ခါတဗ္ဗာ-အလို ရှိထိုက်၏။ ပရိဟာနိ-ဆုတ်ယုတ်ပျက်ပြားခြင်းကို၊ နောပါဋိကင်္ခါတဗ္ဗာ-အလိုမရှိထိုက်၊ (ဝါ) အလိုမရှိရာ။

http://www.dhammadownload.com



မဟာနာမ် . . . အကြင်အမျိုးကောင်းသားတစ်ယောက်၊ အကြင်အမျိုးကောင်းသမီး တစ်ယောက်မှာ၊ ငါးမျိုးငါးစားသောအရပ်က အအေးဓာတ်ကိုယူတတ်ခဲ့ရင်၊ အဲဒီငါးခု မဟုတ်သည့်တိုင်အောင် လေးခုသော အရပ်က၊ သုံးခုသောအရပ်က၊ နှစ်ခုသောအရပ်က၊ တစ်ခုသောအရပ်ကပင်၊ အအေးဓာတ်ကိုယူတတ်တယ်ဆိုရင်-အဲဒီအမျိုးသား အမျိုးသမီး စည်းစိမ် ဖြိုးပြီးတော့ တန်ခိုးတလူလူနဲ့ ကြီးပွားတိုးတက်တော့မယ် မဟာနာမ် . . . လို့၊ ဟောတော်မူလိုက်တယ်ဘုရားက။ မဟာနာမ်မင်းသားကြီးအကြောင်း ပြုပြီးတော့ လိစ္ဆဝီမင်းသားကလေးတွေကိုပါ ဟောလိုက်တာ မင်းသားကလေးတွေလည်း တောလိုက်မထွက်တော့ဘူး၊ အဲဒီနေရာကနေပြီး၊ ဘုရားနဲ့အတူ မြို့ထဲ ပြန်ကြတယ်။ ဒီသုတ်တော်ကို ချုပ်ပြီးလက်ာကလေးလုပ် လိုက်တော့၊ ပရိသတ် ဒို့သံယာတော်တွေလိုက်ဆိုရအောင်-

*"ဝဲ, ယာ, ဘေးက၊ အအေးကိုယူ, ထက်,အောက်, နောက်လည်း၊
ထိုနည်းအတူ၊ အအေး ငါးရပ်, ယူတတ်သသူ, စည်းစိမ်ဖြိုး,
တန်ခိုးတလူလူ၊"

အဲဒီလိုအားဖြင့် လက်ယာဘက်က မိဘဘိုးဘွား၊ ဝဲဘက်က ဆွေမျိုးသင်္ဂဟ၊ အပေါင်းအသင်း၊ ရောင်းရင်း၊ အောက်အရပ်က သားသမီး မြေးမြစ်၊ လုပ်သူကိုင်သား၊ လက်အောက်ငယ်သား၊ နောက်အရပ်က နတ်တွေ၊ အထက်အရပ်က ရတနာသုံးပါး ဆရာသမားဆိုတဲ့ အဲဒီငါးရပ်ကို ပူဇော်သမှု မြတ်နိုးသမှုပြုပြီးတော့ နေခဲ့ရင် . . တဲ့၊ ကုသိုလ်ကောင်းမှုဆိုတဲ့ အအေးဓာတ် သူတို့ဆီကပြန်လာတဲ့ မေတ္တာအအေးဓာတ်ရ၊ အဲဒီလိုအအေးငါးဓာတ်ယူတတ်တဲ့ သူများမကြီးပွား မတိုးတက်တဲ့သူမရှိဘူး . . . တဲ့၊ အမြဲတန်းကြီးပွား တိုးတက်တယ်၊ ဘယ်အထိကြီးပွား တိုးတက် နိုင်တုန်း၊ ဆိုရင်အိုနာသေရေး ဒုက္ခဘေးကြီးကင်းဝေး၊ ငြိမ်းပျောက်၊ သန္တိသုခ နိဗ္ဗာန်အအေးပေါက်အောင် ရောက်နိုင်တယ် မဟာနာမ် . . . လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောတော်မူခဲ့တဲ့အတိုင်း။

ယနေ့ဆွမ်းဒကာဦးလှရွှေ ဆွမ်းအမ ဒေါ်လှလှမိသားစုတို့က မိမိတို့ သားရတနာကလေး မောင်မျိုးဝင်းရဲ့မွေးနေ့မင်္ဂလာကို အကြောင်းပြု၍ သံယာတော် တစ်ထောင်ကျော်တို့ကို နံနက်အရုဏ်ဆွမ်း၊ နေ့ဆွမ်းတို့ဖြင့် လောင်းလှူဆက်ကပ်သမှုပြုပြီးတော့ ပူဇော်ခြင်းဖြင့်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အမှူးပြုတဲ့ ဘုရားသာသနာတော်ကို ပူဇော်ခြင်းဖြင့် ဘုရား တရား

http://www.dhammadownload.com



တော်အတိုင်း လိုက်နာကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဖြင့်၊ အထက်အရပ်က အအေးဓာတ်ကို ယူတဲ့နေ့. . . အထက်အရပ်က အအေး ဓာတ်ကို ယူပေးတဲ့ အချိန်လို့ သဘောပေါက်ကြပြီးသကာလ မိမိတို့ကိုယ် မိမိတို့ ဒဲ,ဃာ,ထက်, အောက်,နောက်အရပ်၊ ငါးရပ်သောအရပ်မှ အအေး ဓာတ်ကိုယူသောအား ဖြင့် ဒါန, သီလ, သမထဝိပဿနာ လေးဖြာသော ကောင်းမှုတရားတို့ကို ကြိုးပမ်း အားထုတ်ပြုလုပ်ပြီး နိဗ္ဗာန်အအေး ဓာတ်တိုင်အောင်၊ စခန်းပေါက် အောင် ရောက်ရာ ရောက်ကြောင်း ပါရမီ ကောင်းမှုတို့ကို ဆထက်တန်ဖိုး တိုးတက် အားထုတ်နိုင်ကြပါစေကုန်သတည်း။

အရပ်ငါးရပ်မှ အအေးဓာတ်ကိုရယူနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးတွေ ဖြစ်ကြကုန်လျှက် ဤကဲ့သို့ အရပ်ငါးရပ်မှ အအေး ဓာတ်ကို ရယူတော်မူသွား တတ်ကြသဖြင့် လောကအအေးသာမက၊ သန္တိ သုခနိဗ္ဗာနဓာတ်၊ အသခ်တအအေးဓာတ်ကြီးကို စခန်းပေါက်ရောက်တော်မူကြ တဲ့ ဘုရားပစ္စေကာ၊ အရိယာနွယ်လောင်း သူတော်ကောင်း သူတော်ကောင်း မကြီးတို့ ရောက်အပ် ရအပ် သိမြင်အပ်သောနိဗ္ဗာနဓာတ် အအေးဓာတ်ကြီးကို လျှင်မြန်ဆောစွာ ရကြရ, ရောက်ကြရ, မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာ အောင်ဆုပြုကြကုန်ရာသတည်း။

သာဓု. . . သာဓု. . . သာဓု. . . ပါအရှင်ဘုရား။

http://www.dhammadownload.com



# ပုဗ္ဗောဝါဒ
# သားသမီးဆုံးမခန်းတရားတော်

ယနေ့ မြန်မာကောဇာသက္ကရာဇ် (၁၃၅၂)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၃)ရက်နေ့၊ ခရစ်သက္ကရာဇ် (၁၉၉၀)ပြည့်နှစ်၊ စက်တင်ဘာလ (၂၁)ရက်နေ့မှာ၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်နေကြသော ဘုရားသားတော်သံဃာတော် (၁၂၈၀)ကျော်တို့အား နံနက်ဆွမ်း နေ့ဆွမ်း နှစ်ထပ်သောဆွမ်းများဖြင့် လာရောက်ပြီးတော့ ဆွမ်းဘောဇဉ်များ နှစ်ထပ်လောင်းလှူဆက်ကပ်ရင်း ကုသိုလ်ကောင်းမှုလာပြုကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက မန္တလေးမြို့၊ ကျွန်းလုံးဥသျှောင် ပန်းဘဲတန်းရပ်မှာ နေထိုင်ကြတဲ့ ကားဝပ်ရှော့လုပ်ငန်းပိုင်ရှင်များဖြစ်ကြတဲ့ ဆွမ်းဒါယကာ၊ အလှူ့ဒါယကာ၊ ဒကာကိုကျော်ဝင်း၊ အလှူ့ဒါယိကာမ၊ ဆွမ်းဒါယကာမ၊ ဒကာမ မလှလှဝင်းတို့မိသားစု ဖြစ်ကြပါတယ်။

အဲဒီယခုပြောခဲ့တဲ့ မန္တလေးမြို့၊ ကျွန်းလုံးဥသျှောင်၊ ပန်းဘဲတန်းရပ်က ကားဝပ်ရှော့ လုပ်ငန်းပိုင်ရှင် ကိုကျော်ဝင်း + မလှလှဝင်း တို့ မိသားစုတို့က မိမိတို့ရဲ့ မိခင်ကြီးဒေါ်ခင်ခင် ကွယ်လွန်အနိစ္စရောက်ခဲ့တဲ့ (၃)နှစ်မြောက်အထိမ်းအမှတ်အဖြစ် မွေးသမိခင်ကျေးဇူးရှင်ကြီး ရောက်ရာဘဝမှ မိမိတို့ဒီနေ့ပြုသော ကောင်းမှုကုသိုလ်ကို သာဓုခေါ် နိုင်ပြီးတော့ လူ့ရွာနတ်ထံချမ်းသာစံ မဂ်ဖိုလ်နိဗ္ဗာန် လျင်မြန်စွာရောက်ပါစေ။ အိုဘေး၊ နာဘေး၊ သေဘေးကြီးမှ လျင်မြန်စွာလွတ်ပါစေ. . . ဆိုတဲ့ ရည်ရွယ်ချက် ရည်စူးချက်၊ မိမိတို့အတွက်လည်းပဲ ယခုပြုဆိုအပ်ခဲ့တဲ့ အို,နာ,သေ, ရေး ဒုက္ခဘေးကြီးမှ လျင်မြန်ဆောစွာ လွတ်လိုကြသည်ဖြစ်၍ မိခင်ကြီးဒေါ်ခင်ခင်ကို ရည်စူးပြီးတော့ အခုနံနက်စောစော ဂန္ဓာရုံကျောင်းတိုက် သံဃာတော် (၁၂၈၀) ကျော်အား မွန်မြတ်သော မုန့်တီလက်သုတ် ဘောဇဉ် ဆွမ်းများဖြင့် လောင်းလှူဆက်ကပ်ခြင်း နေ့ဆွမ်းအဖြစ်နဲ့လည်း မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ် ချိုချဉ်အရသာတို့ဖြင့် လောင်းလှူဆက်ကပ်ခြင်းနောက်. . . သူတို့ရဲ့ ဆွေသားမျိုးသားများဖြစ်ကြတဲ့ ဝက်လက်မြို့နယ်၊ ရွှေပန်းကုံးရွာက ဦးငွေတင်+ ဒေါ်ခင်ငွေမိသားစုတို့ကလည်း သံဃာတော် (၁၂၈၀)ကျော်တို့အား ငှက်ပျောသီးဆွမ်း သစ်သီးဆွမ်းများ လောင်းလှူသောအားဖြင့် ငှက်ပျောသီး ဆွမ်းများ လောင်းလှူဆက်ကပ်ခြင်း။

http://www.dhammadownload.com



အဲဒီလိုအားဖြင့် အရုဏ်ဆွမ်း (၁၂၈၀)ကျော်၊ နေ့ဆွမ်း (၁၂၈၀)ကျော် အားဖြင့် ဒီနေ့ ကိုကျော်ဝင်းတို့ မလှလှဝင်းတို့က သံဃာ (၂၅၀၀)ကျော်ကို မိခင်ကြီး ကိုယ်စား ဆွမ်းလောင်းပေးကြတယ်၊ ဆွမ်းလှူပေးကြတယ်၊ ကောင်းမှုပြုပေးကြ တယ်၊ အဲဒီလို သံဃာတော်တွေကို နှစ်ထပ်သော ဘောဇဉ်ဆွမ်းများဖြင့် လောင်းလှူ ဆက်ကပ်၊ ခုနပြောခဲ့တဲ့ ဝက်လက်မြို့နယ်၊ ရွှေပန်းကုံးက ဦးဌေးတင်+ ဒေါ်ခင်ဌေး တို့ကလည်း သစ်သီးဆွမ်း အလုံးတစ်ထောင်ကျော်ဖြင့် ဆက်ကပ်လောင်းလှူပြီး တော့မှ ဖိတ်မန္တကပြုလာခဲ့တဲ့ ပရိသတ်တွေ၊ ဒီကျောင်းထဲမှာရှိနေတဲ့ ဥပုသ်သည်၊ ယောဂီ သီလရှင် အလုပ်သမားအစရှိတဲ့ ပရိသတ်များကိုလည်းပဲ ဒီနေ့ သဒ္ဓါဖြူဖွေး ကျွေးမွေးဧည့်ခံသမှု ပြုကြပါတယ်။

အဲဒီပရိသတ်တွေ ကျွေးနေတာလည်း မိခင်ကြီးကိုယ်စားပြုကျွေးနေတာ၊ ဒီနေ့ကိုယ်စားပြု ကုသိုလ်၊ ဒီနေ့ကုသိုလ်က ကိုကျော်ဝင်းတို့ မလှလှဝင်းတို့က ဒီနေ့ ကိုယ်စားပြုကုသိုလ် ကိုယ့်အတွက်ချည်း ပြုနေတာမဟုတ်ဘူး၊ ဒီနေ့ မိခင်ကြီးအ တွက်ပြုပေးနေတာ၊ ဒီနေ့ရလိုက်သမျှ ကုသိုလ်အမြတ်အစွန်းတွေမှန်သမျှ မိခင် ကြီးဆီပို့မယ်၊ မိခင်ကြီးကိုပေးမယ်၊ မိခင်ကြီးကိုဦးတည်ပြီးတော့ (၃၁)ဘုံသားတွေ ပေးမယ်၊ စီးပွားရှာသလိုပေါ့၊ ဝက်လက်မှာစီးပွားရှာတော့ ဒီတစ်ခါ ဒီတစ်ပွဲ ဒီတစ်လ ရှာလိုက်လို့ရတဲ့ အမြတ်အစွန်းတော့ အမေ့ဖို့၊ အဖေ့ဖို့၊ သားဆင်ဖို့၊ သမီးဆင်ဖို့၊ အဲဒီလိုရှာသလိုပဲ၊ အခုလည်းပဲ လောကုတ္တရာ စီးပွားတွေလာပြီးတော့ရှာလိုက်တာ အမြောက်အများ အလှူခံပုဂ္ဂိုလ်ကများတော့ လောင်းရတဲ့ ကုသိုလ်စေတနာများ ကများတယ်၊ စွန့်လွှတ်ရတဲ့ ဒါနဝတ္ထုအားက လည်းများတယ်၊ အပါးတစ်ရာလောက် လှူရတာနဲ့မတူသေးဘူးပေါ့၊ အပါးတစ်ထောင်ကျော်ဆိုတော့၊ စွန့်လွှတ်ရတဲ့ပစ္စည်း အင်အားကလည်း ဒါနပရိစ္စာဂခေါ်တဲ့ အင်အားကြီးကလည်း၊ အရုဏ်ဆွမ်းရော နေ့ဆွမ်းရောဆိုတော့ သုံးထောင်လောက်ရောက်သွားတယ်၊ အဲဒီစွန့်လွှတ်ရမှု စွန့် လွှတ်နိုင်တဲ့အင်အားကြီး၊ သတ္တိအားကြီးခေါ်တဲ့ ဒါနပါရမီအားကြီး၊ ကုသိုလ်ရိက္ခာ ထုပ်အားကြီးကိုလည်းပဲ မိခင်ကြီးကိုပေးပါ၏. . . ၊ မိခင်ကြီးအတွက် ဖြစ်ပါစေလို့ ဟော-ဒါ-မိခင်ကြီးကို အထူးတလည်ကုသိုလ်ပြုပေးကြတာ၊ သူကကိုယ့်ကို မွေး, ကျွေး, သုတ်သင်, ပြုပြင်, စောင့်ရှောက်သွားတဲ့ ကျေးဇူးတွေကို ပြန်ပြီးတော့ ဓမ္မကျေး ဇူးနဲ့ ပြန်လက်ဆောင်ပို့တာ၊ ဓမ္မကျေးဇူးနဲ့ပြန်ဆပ်တာ၊ ကျေးဇူးဆပ်တဲ့အထဲမှာ အကောင်းဆုံး ကျေးဇူးဆပ်နည်းနဲ့ပြန်ဆပ်တာ။

ဘုရားရှင်ကိုယ့်တော်မြတ်ကြီး သူ့မယ်တော် သူ့ကိုဖွားမြင်ပြီး သိဒ္ဓတ္ထ မင်းသားလေး ဖွားမြင်ပြီး၊ ခုနစ်ရက်အရ နတ်ရွာစံသွားတဲ့ မယ်တော်ကို လိုက်ကျေး

http://www.dhammadownload.com



ဇူးဆပ်တော့၊ ရွှေတွေ, ငွေတွေ, လိုက်မပေးဘူး၊ မြတ်စွာဘုရား ရွှေတွေ, ငွေတွေ ပေးချင်ဖြစ်တာပေါ့၊ အနာထပိဏ်သူဌေး ယူခဲ့စမ်းပါ ရွှေပိဿာဘာစ်ရာလောက်၊ စိန်အလုံးကဘယ်လောက်၊ ငါ့မယ်တော်ကြီးလိုက်ပြီး ကျေးဇူးဆပ်ချင်တယ်ဆိုရမှာပေါ့။ အဲဒီလိုမဆပ်ဘူး၊ လောကီပစ္စည်းနဲ့ဆပ်လို့က မကျေဘူး၊ "မယ်တော်မိနတ်၊ ကျေးဇူးဆပ်၊ ကျမ်းမြတ်ဘိဓမ္မာ" ဟော--တရားတော်နဲ့ လိုက်ဟောပြီးတော့ တရားနဲ့ ကျေးဇူးဆပ်တယ်၊ အဲဒီလိုနှလုံးမူပြီးတော့ သားကောင်း သမီးကောင်းတွေက မိဘတွေကို အခုလိုပဲ ကုသိုလ်ကောင်းမှု တွေပြုပြု၊ ပြုပြုပြီး တော့ဆပ်ကြရတယ်၊အခုလည်း ကြီးကြီးကျယ်ကျယ်ပြုနိုင်တယ်, ပြုပေါ့၊ ဟာ့--ကြီးကြီးကျယ်ကျယ်မပြုနိုင်လည်း ကိုယ်လက်လှမ်း မှီသမျှ ပြုနိုင်သမျှ ကုသိုလ်ကောင်းမှုပြုပြီးတော့ ဆပ်ကြရတယ်ကျေးဇူး၊ သူတို့ရဲ့ကျေးဇူးတွေက နည်းတာမဟုတ်ဘူး။

ဒီတော့ အဲဒီလိုအားဖြင့် ကိုကျော်ဝင်းတို့ မလှလှဝင်းတို့က ဒီနေ့ရိုးရိုးသာမာန် ကုသိုလ်မဟုတ်ဘူး၊ ကျေးဇူးဆပ်ကုသိုလ်၊ ကျေးဇူးဆပ်ကုသိုလ်ပြုရင်းနဲ့ ကိုယ့်အတွက်လည်းပဲ ဒါ ရိက္ခာစုလိုက်တာ၊ စုလိုက်တော့ ဒီနေ့ အခုလိုသံဃာတစ်ထောင်နှစ်ရာရှစ်ဆယ်ကျော်ကို အရုဏ်ဆွမ်းတွေလောင်း နေ့ဆွမ်းတွေလောင်း ငှက်ပျောသီးဆွမ်းတွေလောင်း လူတွေ ဖိတ်မန်ကျွေးမွေးပြီးတော့ အခုလိုတရားတော်တွေနာနေတဲ့အချိန်ဟာ ကိုယ့်ကိုယ်ကို ပျားကဲ့သို့ကျင့်တဲ့အချိန်ပဲ။ ယင်ကောင်ကဲ့သို့မကျင့်ဘဲ ပျားကဲ့သို့ကျင့်တဲ့အချိန်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မင်္ဂဖိုလ်နိဗ္ဗာန်လိုလားတဲ့ အမျိုးသား အမျိုးသမီးသည်. . . ကံကောင်းထောက်မလို့ရထားတဲ့ မိမိရဲ့လူ့ဘဝ, လူ့ခန္ဓာလေးကို ယင်ကောင်ကဲ့သို့ မကျင့်ပါနဲ့၊ ပျားကဲ့သို့ကျင့်ပါ၊ ယင်ကောင်လိုမနေလိုက်ပါနဲ့၊ ပျားလိုနေလိုက်ပါ၊ ယင်ကောင်များကတော့ အညှီအဟောက်, အပုပ်အစပ်ကြိုက်တာ၊ ပျားများကတော့ အချိုအဆိမ့်ကြိုက်တာ၊ ကြိုက်တာချင်းကလည်းမတူဘူး၊

ယင်ကောင်များကတော့-ပူတိ ဣစ္ဆန္တိ မက္ခိကာ။ မက္ခိကာ-ယင်ကောင်တို့သည်၊ ပူတိ-အပုပ်, အစပ်, အညှီဟောက်ကိုသာလျှင်၊ ဣစ္ဆန္တိ-အလိုရှိကြကုန်၏။ ယင်ကောင်တွေကတော့ အပုပ်အစပ် အညှီအဟောက်ကြိုက်တာ သူက။

ဘမရာ မဓုကံ အထ။ အထ-ထိုမှတစ်ပါး၊ ဘမရာ-ပျားပိတုန်းတို့သည်ကား၊ မဓုကံ-ချိုဆိမ့်ကောင်းမြတ်တဲ့အရသာကိုသာလျှင်။ ဣစ္ဆန္တိ-အလိုရှိကြကုန်၏။ အလိုရှိပုံချင်းမတူဘူး၊ ယင်ကောင်က အပုပ်အစပ်တွေကိုကြိုက်တယ်၊ ပျားက အချိုအဆိမ့်ကိုကြိုက်တယ်။

http://www.dhammadownload.com



အဲသလိုပဲ အချို့အမျိုးသားအမျိုးသမီးတွေက ဒုစရိုက်ပေါင်းစုံ. . . အကုသိုလ်တွေနဲ့ ပျော်ပြီးနေတယ်၊ ဒါအပုပ်အစပ်တွေကြိုက်တာ၊ သူများပစ္စည်းခိုး၊ သူများအသက်တွေသတ်၊ မုဆိုးတံငါလုပ်ရတာပျော်လို့ သူက၊ သူများပစ္စည်း ခိုး,ဆိုး,လုရက်စားသောက်နေရတာပျော်၊ ငါမို့လို့ကွ၊ ငါနိုက်လိုက်တာ၊ ငါခိုးလိုက်တာ၊ ဘယ်သိတုန်းရဲတွေဘယ်သိတုန်း၊ အိမ်ရှင်တွေဘယ်သိတုန်း၊ ငါသိပ်စွမ်းတာနဲ့ ဒီလို ခိုးဆိုးတိုက်ခိုက်ရတာ သူကပျော်လို့။ အဲလိုပေါ့လေ. . .၊ ဒုစရိုက်တွေ သူများအသက်သတ်ရတာပျော်၊ သူများဥစ္စာခိုးရတာပျော်၊ သူ့သားမယားနဲ့ ကျူးလွန်ဖောက်ဖျက်ရတာပျော်၊ သောက်ရစားရတာတွေပျော်၊ မူးရူးနေရတာတွေပျော်၊ ဒါ ဒုစရိုက်ပေါင်းစုံနဲ့ပျော်နေတာ၊ ဒါ အပုပ်အစပ်တွေ သူကြိုက်နေတာပဲ။ ကံကောင်းထောက်မလို့ လူ့ဘဝ လူ့ခန္ဓာလေး၊ ကံကပေးထားလို့ရပါရဲ့သားနဲ့၊ သူက အပုပ်အစပ်တွေ. . . . ချည်းစုနေတာ၊ ဒီတော့ အပုပ်အစပ်တွေစုတော့၊ အပုပ်အစပ်တွေဆိုတာ ဒုက္ခပေးတာပဲ နောက်တော့။

အဲပျားပိတုန်းတွေကတော့ အချိုကိုကြိုက်ကြတယ်၊ အဆိမ့်ကိုကြိုက်ကြတယ်၊ အရသာရှိတဲ့ အချိုအဆိမ့်အရသာကို ကြိုက်ကြတယ်၊ အဲသလိုပဲ သူတော်ကောင်းတွေကတော့ ကောင်းမှုတည်းဟူသော သုစရိုက်တရားနဲ့ ကောင်းမှုတရားကြိုက်ကြတယ်၊ လှူရတန်းရမှာကိုပျော်တယ်၊ လှူချင်တန်းချင်စိတ်ရှိတယ်၊ ရှေးကလည်းလှူတယ်၊ အခုလည်းလှူတယ်၊ နောင်လည်းလှူအုန်းမယ်လို့၊ အခွင့်သာရင်လှူမယ်လို့ကြံတယ်၊ ဒါ ဒီစိတ်ရှိနေရင် သူတော်ကောင်းစိတ်ပဲ၊ မလှူနဲ့အုန်း၊ လှူချင်နေပြီ သူများလှူတာကြည့်. . . ပြီးတော့ ဟန်ကျလိုက်တာ လှူချင်လိုက်တာ၊ အင်း. . . သူတို့လို ဆွမ်းကပ်ချင်လိုက်တာဆိုရင်ပဲ၊ ဒါ သူတော်ကောင်းစိတ်ဝင်လာတယ်၊ အချိုကြိုက်တယ်။

တချို့က သူများလှူတာ တန်းတာ ကြည့်ပြီးတော့၊ အလကားပါ၊ တောက်တီးတောက်တက်တွေ၊ ဒီဂန္ဓာရုံကျောင်းတိုက်သွားပြီး ဆွမ်းကပ်ရင် သုံးသောင်းလောက်ကုန်တာ၊ ကိုယ့်ဘာကိုယ် မိသားစုထိုင်စားဗျာ၊ ဟော တစ်လတော့ ဝဝကြီးဆီအိမ့်နေအောင်စားရဗျာ၊ ဘာညာနဲ့ ဒီလိုလှူတာတန်းတာပဲ တကယ်ထဲ နှုတ်ခမ်းရွဲ့ပြီးတော၊ ဒီလိုဖြစ်နေရင် မကြိုက်ချင်ဘူးပေါ့လေ၊ သူတော်ကောင်း အလုပ်လုပ်ရင်မကြိုက်ချင်ဘူး၊ အဲဒါယင်ကောင်ပဲ၊ သူက အပုပ်အစပ်မှကြိုက်တာ။ အဲ သူတော်ကောင်းအလုပ်လုပ်တာကို မိမိကလည်းကြိုက်တယ်၊ ကိုယ်လည်းလုပ်ချင်တယ်၊ သူများလုပ်တာလည်းကြိုက်တယ် ဝမ်းသာတယ်၊ အားကျတယ်၊ ဒါသူတော်ကောင်းရဲ့စိတ်ဓာတ်၊ ပျားသကာ-မုဒိတာ တရားခေါ်ကယ်၊ ပြဟ္မဝိဟာရတရားလေးပါးထဲက

http://www.dhammadownload.com



မုဒိတာဆိုတာ-သူများ ကောင်းတာလုပ်တာ သူများချမ်းသာအောင်လုပ်တာကို ဝမ်းသာလို့ သူက၊ ကိုယ်မလုပ်နိုင်သေးသည့်တိုင်အောင် ဝမ်းသာ. . . လို့၊ အဲဒီလိုအားဖြင့်ပေါ့လေ၊ ကိုယ်ကိုယ်တိုင်ပြုနိုင်တော့ပြုလို့၊ ဒါ အချိုကြိုက်တာ၊ ဒီတော့ ပျားများနဲ့ ယင်များဟာ (၁)နံပါတ်လက္ခဏာက-ယင်က အပုပ်အစပ်ကြိုက်တယ်၊ ပျားက အချိုအဆိမ့်ကိုကြိုက်တယ်၊ ဒီလိုလဲကွာတယ်။

နောက်(၂)နံပါတ် လက္ခဏာကျတော့ ယင်ကစုမထားတတ်ဘူး။ ပျားကစုထားတတ်တယ်။ စားလည်းစားတယ်၊ စုလည်းစုတယ်၊ ယင်ကောင်ကတော့ ရရစားစား ဝါးဝါး မျိုမျို၊ ဒီလိုနဲ့ပဲ သူကစု မထားတတ်ဘူး။ ဒါ ဒုတိယလက္ခဏာက အဲဒီလို၊ ဒီတော့ စုမထားတတ်တော့ သူရတုန်းစားတာပဲ၊ ရှိတုန်းစားလိုက်ရတာပဲ၊ မရရင်ငတ်။ ပျားကတော့ ဒီလိုမဟုတ်ဘူး၊ စားတဲ့အခိုက်လည်းစားတယ်၊ ပန်းဝတ်ရည်တွေစုပ်ပြီးတော့ သူ့ဝမ်းထဲလည်းမျိုတယ်၊ နောင်ရေး အတွက်လည်း စုပ်ယူလာခဲ့ပြီးတော့ သိမ်းဆည်းတယ်တဲ့။ ဟော. . . သိမ်းဆည်းတော့ သူချမ်းသာတာပေါ့၊ နောင်ချမ်းသာတာပေါ့။

အဲဒါ မဃဒေဝမင်းကြီးက-သူ့သားတော် သမီးတော်တွေကို ဆုံးမသွားတဲ့စကား။ မဃဒေဝမင်းကြီးက သားတော်သမီးတော်တွေ ဆုံးမတယ်ဆိုပေမယ်လို့ အဲဒီ မဃဒေဝမင်းကြီးက သူများမဟုတ်ဘူး၊ ဘုန်းကြီးတို့ ဘုရားအလောင်း၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အလောင်းတော်ကြီး။ ဒီတော့- ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဆုံးမစကားပဲ၊ မဃဒေဝမင်းကြီးက သားတော် သမီးတော်တွေ ဆုံးမတယ်လို့ဆိုပေမယ်လို့ ဘုရားက ဒီနေ့- ဒကာကိုကျော်ဝင်းတို့၊ ဒကာမ မလှလှဝင်းတို့ကို အဲဒီ မဃဒေဝဇာတ်တော်ကြီးကို သက်သေထူပြီးတော့ ဆုံးမသွားတာ၊ ဘုရားအဆုံးအမပါပဲ၊ ဘုရားအဆုံးမဖြစ်တဲ့အကြောင်း ဘုရားကိုယ်တိုင်က ပြန်ပြောလို့သိတာ၊ ဒီ မဃဒေဝဇာတ်တော်ကြီးဆိုတာ၊ ဟိုး. . . ရှေးတုန်းက ဘုရားအလောင်းတော်ပါရမီဖြည့်စဉ်က ဖြစ်ခဲ့တဲ့အဖြစ်အပျက်ပဲ၊ အဲဒါ ဘုရားကပြန်မဟောရင် ဘုန်းကြီးတို့ ဘယ်သိလိမ့်မှာတုန်း၊ ဘုန်းကြီးတို့မှမသိရင် ဒီနေ့ ဒကာကိုကျော်ဝင်းတို့ ဒကာမ မလှလှဝင်းတို့ ဘယ်သိလိမ့်မှာတုန်း။

ဒီတော့ ဘုရားပြန်ဟောတာက၊ ဘယ်လိုအကြောင်းပေါ်သွားလို့တုန်းဆိုတော့၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က နောက်ပါသံဃာတော်တွေနဲ့ ဒေသစာရီ လှည့်တယ်၊ မြတ်စွာဘုရားများ၊ ဝါတွင်းကာလလောက်ပဲ၊ ဘုရားရှင်များ တစ်နေရာမှာ ငြိမ်ငြိမ်သီတင်းသုံးရတယ်၊ ဝါကျွတ်သည်နှင့်တပြိုင်နက်၊ ဘုရားရှင်များ ဒေသစာရီလှည့်ရတယ်၊ ဒေသစာရီက ဘာပြုလို့လှည့်ရတာတုန်းဆိုတော့တဲ့။

http://www.dhammadownload.com



"ကျွတ်ထိုက်ကြသား နတ်လူများကို ထောက်ထားရှုမျှော်"တဲ့တစ်ချက်က၊ ကျွတ်ထိုက်တဲ့ နတ်လူပြဟ္မာသတ္တဝါတွေကို ထောက်ထားပြီးတော့။ ကျွတ်ထိုက်တဲ့ သတ္တဝါက ဟိုး-အဝေးကြီးရှိနေရင် အဲဒီရှိနေတဲ့သတ္တဝါကို ကျွတ်အောင်လို့ တရားထူးရအောင်လို့ သွားဟောရင်းနဲ့ကြွရတာ၊ တနည်းကတော့ မသန်မစွမ်းတဲ့ အိုမင်းမစွမ်းတဲ့သူတွေ၊ ကျန်းမာရေးမကောင်းလို့ မသန်မစွမ်းတဲ့သူတွေ၊ အဲဒီသူတွေကို ကုသိုလ်ဖြစ်ပါစေတော့လို့ တချို့က ခြေမသန်, လက်မသန်, မသွားနိုင်, မလာနိုင် မသန်မစွမ်းတွေရှိသေးတာကိုး၊ မျက်စိမမြင်လို့ မသန်မစွမ်း မသွားနိုင် မလာနိုင်၊ ခြေလက်မသန်လို့ မသွားနိုင် မလာနိုင်၊ ဒီလိုပုဂ္ဂိုလ်တွေရှိသေး၊ ပြီးတော့ ဇရာဒုဗ္ဗလနဲ့ အိုမင်းရင့်ရော်နေလို့ မသွားနိုင် မလာနိုင်၊ ဒီပုဂ္ဂိုလ်တွေရှိတယ်၊ အဲဒီပုဂ္ဂိုလ်တွေ ကုသိုလ်တရားပွားပါစေတော့လို့ ဘုရားကကြွရတာ၊ အပင်ပန်းခံပြီးတော့ ကြွရတာ၊ ချမ်းသာတာမဟုတ်ဘူး ကြွရတာ၊

အဲလိုနဲ့ မြတ်စွာဘုရား ဒေသစာရီကြွလာလိုက်တာ အခါတစ်ပါးတော့ *မိထိလာတိုင်းကြီးထဲ၊ လှည့်ကြွလာရင်းနဲ့၊ တစ်နေရာရောက်တော့ ကွင်းပြင်ကြီးအင်မတန်ကျယ်ဝန်းတဲ့ ကွင်းပြင်ကွက်လပ်ကြီး၊ မြေညီပြင်ကြီး၊ ဘူမိတလဆိုတဲ့ အင်မတန်ညီညွတ်တဲ့ မြေပြင်ကွင်းကြီးတွေတော့၊ မြတ်စွာဘုရားကပြုံးတယ်၊ မြတ်စွာဘုရားပြုံးတယ်ဆိုရင်ပဲ၊ ရှင်အာနန္ဒာကသိပြီ နောက်ကနေ၊ မြတ်စွာဘုရားက ရှေ့လှည့်သွားရင်းနဲ့ပြုံးပေမယ့်လို့၊ ရှင်အာနန္ဒာကနောက်ကနေပြီးတော့၊ သိနိုင်တယ်၊ ဘာပြု လို့တုန်းဆိုတော့၊ သြဒါတရောင်ခြည်တော်တွေလွှတ်တယ်၊ မြတ်စွာဘုရားပြုံးလိုက်ရင် သွားတော်ပေါ်တယ်၊ သွားတော်ပေါ်တော့၊ သွားတော်ကအဖြူရောင်၊ သြဒါတ ရောင်ခြည်တော်တွေလွှတ်လိုက်တာ၊ ဘုရားကလည်းပဲ အကြောင်းမဲ့ပြုံးတာမဟုတ်ဘူး၊ တရားဟောချင်လို့ပြုံးတာ၊ စကားစဖော်ပေးတာ။

အဲဒီတော့ သွားတော်က ရောင်ခြည်တော်အဖြူရောင်တွေ ဝင်းဝင်း, ဝင်းဝင်း, ဝင်းဝင်း, လက်လက်, လက်ကနဲ့ဖြစ်သွားလိုက်တော့၊ ရှင်အာနန္ဒာကသိတယ်၊ သြော်. . . ဒါ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပြုံးတော်မူပြီ ပြုံးတော်မူရင် ဘုရားကိုယ်တော်မြတ်များ အကြောင်းမဲ့မပြုံးဘူး၊ အကြောင်းရှိရမယ်ဆိုပြီးတော့ လျှောက်ရတာနောင်တော်ဘုရား. . . ဘာအကြောင်းများကြောင့် ပြုံးရပါသလဲဆိုတော့၊ ရဟန်းတွေကလည်း စိတ်စိုက်နားထောင်နေကြတယ်၊ ချစ်သားတို့. . . ၊ ရှေ့ကကွင်းပြင်ကြီးမြင်ကြရဲ့လား၊ မြင်ပါတယ်ဘုရား။ အင်မတန်ညီညွတ်တဲ့ ကွင်းပြင်ကြီး၊

* ဇာ-၄-၁၊ ၁၅၄၊ မ-၂၊ ၂၆၂။

http://www.dhammadownload.com



အင်မတန်ကျယ်ဝန်းတဲ့ ကွင်းပြင်ကြီး။ အေး. . . ဒီကွင်းပြင်ကြီးနေရာမှာ ဟိုး-အတိတ်ကာလတုန်းက မိထိလာတိုင်းပြည်ကြီးကို စည်ထီးခရိုင်၊ နိုင်ငံအုပ်ချုပ် မင်းလုပ်ခဲ့တဲ့ မိထိလာဘုရင်ကြီး ထီးနန်းစံခဲ့ဘူးတယ်. . . တဲ့။ နာမည်က မဃဒေဝမင်းကြီးလို့ခေါ်တယ်၊ ဒီကွက်လပ်ကွင်းပြင်ကြီးမှာ ဟိုတုန်းက ထီးအခန်းခန်း နန်းအစီစီမြို့အသွယ်သွယ်ပေါ့၊ နန်းတော်ရာကြီး၊ အဲဒီထဲမှာ ဘုံအခန်းခန်း နန်းအသီးသီး၊ ထီးအစီ့စီ့ဆိုတဲ့အတိုင်းပဲ၊ တခါတည်း ရွှေငွေ, ကျောက်သံ အစရှိတဲ့ အရောင်တဝေ့ဝေ့ တဝင်းဝင်းရှိတဲ့ အဆောက်အအုံတွေရှိခဲ့ဘူးတယ်. . . တဲ့၊ ဒီကွက်လပ်ကြီးမှာနန်းတော်ကြီးရှိခဲ့ဘူးတာကိုး။

အဲဒီနန်းတော်ကြီးမှာ ထီးနန်းအုပ်ချုပ် မင်းလုပ်နေတာက မဃဒေဝမင်းကြီး၊ အဲဒီမဃဒေဝမင်းကြီးကို နေ့တိုင်းဆတ္တာသည်က ခေါင်းဖီးပေးရတယ်၊ ခေါင်းဆံပင်တွေဘာတွေ ရိပ်ညှပ်ပေးရတယ်၊ ညှိညှပ်ပေးရတယ်၊ လက်သည်းလှီး ခြေသည်းလှီးလုပ်ပေးရတဲ့ ဆတ္တာသည်ကို သူကပြောထားတယ်၊ အမောင်ဆတ္တာ သည်. . . ငါ့ခေါင်းမှာ ဆံပင်ဖြူများတွေ့ရင်ပြောပါနော်. . . လို့မှာထားတယ်၊ အဲဒီလိုနဲ့ထီးနန်းစည်းစိမ် ရိပ်ငြိမ်ချမ်းသာကြီးနဲ့နေလိုက်တာ တစ်နေ့တော့ဆတ္တာသည်က မဃဒေဝမင်းကြီးရဲ့ခေါင်းမှာ ဆံပင်ဖြူတစ်ပင်တွေ့တော့ အရှင်မင်းကြီး. ယဋ္ဌေဝတေဇာနေယျာသိ-အရှင်မင်းမြတ် သိတော်မူပါ၊ **သိရသ္မိံတေ ပလိတံ ဇာတံ-အရှင်မင်းမြတ်ရဲ့ခေါင်းပေါ်မှာ ဆံဖြူတစ်ပင်ပေါက်ပြီးတော့နေပါပြီ အရှင်မင်းမြတ်. . .** လို့ သံတော်ဦးတင်လိုက်တော့၊ မဃဒေဝမင်းကြီးက လက်နှစ်ဖက် လက်အုပ်ချီပြီးတော့ နဖူးရှေ့မှာလက်အုပ်ချီပြီးတော့၊ အမောင်ဆတ္တာသည်. . အဲဒီဆံပင်ဖြူကိုရွှေမွေးညှပ်နဲ့နှုတ်ပြီးတော့ ကျုပ်ရဲ့လက်အုပ်ထဲမှာထည့်ပေးပါ. . လို့ ပြောတော့၊ ဆတ္တာသည်ကရွှေမွေးညှပ်ယူပြီးတော့ အဲဒီဆံပင်ဖြူပင်လေးကို နှုတ်ပြီးတော့ မဃဒေဝမင်းကြီးချီထားတဲ့ လက်အုပ်ထဲထည့်လိုက်. . . တော့ မဃဒေဝမင်းကြီးကဆံပင်ကြည့်ကြည့်ပြီးတော့၊ တစ်ခါတည်း ကြက်သီးတွေ ဖျန်းဖျန်းထပြီး။

**ပါတုဘူတော ဝတ မေ သိရသ္မိံ ဒေဝဒူတော။** မေ-ငါ၏၊ သိရသ္မိံ-အမြတ်အင်္ဂါ သတ်မှတ်ပါတဲ့ ဦးခေါင်းရတနာ၌၊ ဒေဝဒူတော-သေမင်းတမန်သည်၊ ပါတုဘူတောဝတ-ထင်ရှားဖြစ်လေပြီတကား၊ ငါရဲ့ခေါင်း သေမင်းအောင်လံစိုက်ပါပေါ့လား၊ သေမင်းက ငါ့ကိုခေါ်တော့မယ်ဆိုတဲ့ အထိမ်းအမှတ်ပြပါပေါ့လား၊ အလံစိမ်းပြပါပေါ့လား. . . လို့ ဘဝါဘဝက ပါရမီဓာတ်ခံကပါလာတဲ့ ဒီရုပ်တွေ နာမ်တွေပေါ်မှာငြီးငွေ့ထိတ်လန့်တဲ့ နိဗ္ဗိန္ဒဉာဏ် သံဝေဂဉာဏ်တွေနဲ့ ဘဝတိုင်းဘဝတိုင်း ဆည်းပူးအားထုတ်လာတဲ့ မင်းဖြစ်တော့ ပုဂ္ဂိုလ်ကြီးဖြစ်တော့ အလောင်းတော်ကြီးဖြစ်တော့

http://www.dhammadownload.com



ဘုရားလောင်းတော်ကိုး၊ အဲဒီဓာတ်ကန္နီးဆော်လိုက်တာ ထီးနန်းစည်းစိမ် ရိပ်ငြိမ်ချမ်းသာဆိုတဲ့ ချမ်းသာကြီးတွေ အကုန်ပျောက်ထွက်သွားတာပဲ စိတ်ထဲမှာနဂိုကတော့ ထီးနန်းစည်းစိမ် ရိပ်ငြိမ်ချမ်းသာနဲ့ဆိုတော့ ပျော်လို့ပေါ့ မေ့လို့ပေါ့၊ နေလာတာ၊ အခု ဆံဖြူတပင်ကိုမြင်လိုက်သည်နှင့်တပြိုင်နက်။

ပါတုဘူတော ဝတ မေ သိရသ္မိံ ဒေဝဒူတော။ မေ-ငါ၏၊ သိရသ္မိံ-အမြတ်အင်္ဂါသတ်မှတ်ပါတဲ့ ဦးခေါင်းရတနာ၌၊ ဒေဝဒူတော-သေမင်းရဲ့တမန်သည်၊ (ဝါ) သေမင်းရဲ့အောင်လံသည်၊ ပါတုဘူတောဝတ-ထင်ရှားဖြစ်ပေါ်လာခဲ့လေပြီတကား၊ အင်း. . . ငါ့သေမင်းက ရက်သတ်မှတ်ပြီ၊ သေမင်းကငါ့ကိုအသိပေးပြီ၊ သေမင်းကငါ့ကို ဂလိုင်ခေါက်ပြီ၊ ကြက်သီးတွေများ ဖြန်းဖြန်းထပြီးတော့၊ စိတ်ထဲမှာ သံဝေဂတွေ ပြင်းပြစွာဖြစ်တယ်။

ဒါ-ဆံပင်လေးတပင်ဖြူတာဟာ ဇရာမင်းရဲ့စက်ကွင်း၊ သေမင်းရဲ့စက်ကွင်းပဲ၊ သေမင်းကြီးမှာ အိုတယ် နာတယ် သေတယ်ဆိုတဲ့ တပ်ကြီးသုံးတပ်နဲ့ လောကကြီးသူနှိပ်စက်နေတာ၊ သူနှိပ်စက်တော့မယ်ဆိုရင် သူကအရင်ဆုံး ခုနပြောတဲ့ ရှေ့ပြေး၊ သူ့စက်ကွင်းတွေ လွှတ်လိုက်တာ၊ ဇရာစက်ကွင်းဆိုရင် ဆံပင်ဖြူပြ၊ ပါးရေတွန့်ပြ၊ မျက်စိမွဲပြ၊ နားထိုင်းပြ၊ သွားနာပြ၊ သွားနဲ့ပြ၊ သွားချိုးပြ၊ ခါးလေးကိုင်းပြ၊ ဒါ သေမင်းခေါ်တော့မယ်. . . ၊ မင်းငါခေါ်တော့မယ်လို့ အထိမ်းအမှတ်ပြတာ၊ ဇရာစက်ကွင်း သေမင်းစက်ကွင်းခေါ်တယ်၊ ဇရာစက်ကွင်းလို့လည်းခေါ်တယ်ပေါ့။

"**ဇရာစက်ကွင်း၊ ခန္ဓာချဉ်း၊ သေမင်းအောင်လံစိုက်ပါတကား။**" "**ဗျာဓိစက်ကွင်း၊ ခန္ဓာချဉ်း၊ သေမင်းအောင်လံစိုက်ပါတကား။**" ဗျာဓိစက်ကွင်းဆိုတာကျတော့ ခန္ဓာကိုယ်မှာ ဖျားပြ၊ အနာပေါက်ပြ၊ အနာကြီးအနာငယ်ပေါက်ပြ၊ ဆီးချိုဖြစ်ပြ၊ သွေးတိုးလုပ်ပြ၊ ကင်ဆာလေးနဲ့တို့ပြ၊ အဲလိုပေါ့လေ. . . ၊ (၉၆) ဖြာ (၉၈) ဖြာ ဘေးရောဂါတွေရောက်လာတယ်၊ ဒါ သေမင်းခေါ်တော့မလို့၊ အောင်လံစိုက်တာပဲတဲ့။

မရဏစက်ကွင်းဆိုတာကတော့ တစ်ခါတည်းသေလုမျောပါး၊ တစ်ခါတစ်ခါ ဘေးကကို မထင်ကြတော့ဘူး၊ အမလေး ဒီရောဂါကတော့တက်မယ်မထင်တော့ဘူး၊ ရမယ်မထင်တော့ဘူး၊ ကိုယ့်ကိုယ်ကိုလည်း မထင်လောက်အောင်ကို မျောမေ့. . . ပြီးတော့သွား၊ ဒါမရဏစက်ကွင်းပဲ၊ တချို့ဟာကျတော့ တစ်ခါတည်း သေလောက်ကြေလောက်အနေမျိုးနဲ့၊ ဆိုပါတော့-မော်တော်ကားနဲ့သွားရင်းနဲ့ ဝုန်းဒိုင်းဆို တစ်ခါတည်း မော်တော်ကားချင်းတိုက်လို့ (သို့မဟုတ်) မော်တော်ကားကြီး ချောင်းထဲထိုးကျလို့၊ ချောက်ထဲထိုးကျလို့နဲ့၊ အမယ်လေး သေလောက်တယ်၊

F. 13

http://www.dhammadownload.com



သေလောက်တယ်၊ ကံကောင်းလို့ ဒါမရဏာစက်ကွင်းပဲ၊ **"မရဏာစက်ကွင်း၊ ကိုယ်မှာချဉ်း၊ သေမင်းအောင်လံစိုက်ပါတကား။"** သေမင်းအောင်လံပဲ ဒါ၊ ဒီတော့ ဆံပင်လေးတစ်ပင်ဖြူဖြူ သွားလေးတစ်ချောင်းနဲ့ နာပြီးတော့ကျိုးကျိုး၊ မျက်စိလေးတစ်ဖက်ပဲ မှုန်မှုန်၊ သေမင်းအောင်လံစိုက်ပြီ. . . လို့ ဒီလို သံဝေဂ ဉာဏ်ဖြစ်ရတယ်. . . လို့ ဘုရား အလောင်းတော်ကြီးက ဒါသိစေချင်လို့ သူကိုယ်တိုင်လည်းဖြစ်ပြတာ၊ ကိုင်း ဒို့သံဝေဂဉာဏ်ပွားလိုက်ရအောင်၊ ဆို-**"ဇရာစက်ကွင်း၊ ကိုယ်မှာချဉ်း၊ သေမင်းအောင်လံစိုက်ပါတကား"**။ဇရာစက်ကွင်း ဆိုတာ ခုနပြောတဲ့ ဆံပင်လေးဖြူပြတာ၊ သွားလေးကျိုးပြတာ၊ မျက်စိလေးမွဲပြတာ၊ ဒါဇရာစက်ကွင်းကိုယ်မှာချဉ်း၊ ချဉ်းကပ်လာပြီ၊ ကိုယ်မှာချဉ်းနင်းဝင်ရောက်လာပြီ၊ ကိုယ်မှာပေါ်လာပြီဆိုရင် သေမင်းအောင်လံစိုက်ပါတကား. . . လို့ ဆင်ခြင်လိုက်တဲ့၊ ဒါဇရာဓမ္မဆိုတဲ့ သစ္စာတရားကြီးကို မြင်အောင်ကြည့်တာ၊ သစ္စာမြင်အောင်ကြည့်တဲ့နည်းပဲ၊ ဒါသံဝေဂဉာဏ် နိဗ္ဗိန္ဒဉာဏ်နဲ့ကြည့်တာ။ ဆို-

* **ဇရာစက်ကွင်း၊ ကိုယ်မှာချဉ်း၊ သေမင်းအောင်လံစိုက်ပါတကား။**
**ဗျာဓိစက်ကွင်း၊ ကိုယ်မှာချဉ်း၊ သေမင်းအောင်လံစိုက်ပါတကား။**
**မရဏာစက်ကွင်း၊ ကိုယ်မှာချဉ်း၊ သေမင်းအောင်လံစိုက်ပါတကား။**

အဲဒီလိုသံဝေဂဉာဏ်နှင့် နိဗ္ဗိန္ဒဉာဏ်ဖြစ်စေချင်လို့ ဘုရားက သူကိုယ်တိုင် မယဒေဝမင်းကြီးဖြစ်တုန်းက သံဝေဂဉာဏ်ဖြစ်ခဲ့ပုံထုတ်ဟောတာ၊ ဒို့ အခုကာလ လူတွေကတော့ လောဘ, ဒေါသ ကိလေသာတွေအားကြီး. . . နေတော့ အဲဒီလို ကိုယ့်ဆံပင်တစ်ပင်မပြောနဲ့ တစ်ပွတ်လုံးဖြူလည်း သူကကိစ္စမရှိသေးဘူး၊ အမယ် ဆံပင်တွေ ခေါင်းပေါ်ကွက်ကြားကွက်ကြားနဲ့ ဟိုနားဖြူ ဒီနားဖြူ အမယ် အဒေါ်က ဆံပွင့်တယ်. . . တဲ့၊ အံမယ် အိုတယ် လို့မပြောဘူး၊ ဆံပွင့်တယ်၊ ဆံပွင့်တော့ ပိုလှလာတယ်ပေါ့လေ. . . ၊ အဲဒီတော့မှ သံဝေဂဉာဏ်လည်း ပေါက်မှာမဟုတ်ဘူး၊ တရားထူးလည်း ရမှာမဟုတ်ဘူး၊ အဲ သွားတွေဘာတွေ နာနဲ့ပြ ကျိုးပြလည်း ကိစ္စမရှိဘူး သူက၊ ဒီဘက်ကသွားနာတာက မျက်စိမွဲတာလောက် မဆိုးပါဘူး၊ မျက်စိမွဲတဲ့ သူကလည်း သွားနာတာလောက် မဆိုးပါဘူးနဲ့ ကိုယ့်ဟာလေးကိုယ်တော့ သက်သာတယ်လုပ်ပြီးတော့ ဒီလိုခံနေကြတာ၊ ဒီထဲ သားတွေသမီးတွေ မြေးတွေ မြစ်တွေနဲ့ ပျော်. . . ပြီးတော့ ပါးရေတွေတွန့်ပြီး ခေါင်းဖြူစွယ်ကျိုးဖြစ်ပြီးတော့ ဒီလိုနဲ့ သေမင်းနောက်သာ လိုက်သွားရော၊ ဘာသံဝေဂဉာဏ်မှ တချက်ဖြစ်မသွားဘူး၊ ဘာနိဗ္ဗိန္ဒဉာဏ်မှ တစ်ချက်ပါမသွားဘူး။

http://www.dhammadownload.com



ဒီထဲ မြေးတွေမြစ်တွေချိရ ပိုးရ သားတွေကလည်း အမေအဖေကို တခြား မလွှတ်ချင်ဘူးလေ၊ သူတို့ကလည်း မြေးမြစ် သူတို့သားသမီးဆက်ပြီးတော့ အထိန်း ခိုင်းချင်သေးတာဆိုတော့ တခြားမလွှတ်ချင်ဘူး၊ အမေတွေ အဖေတွေကလည်း သားသမီးတွေက လွှတ်တောင်မှတယ်မသွားချင်ပေါင်ဘူး သူကလည်း မြေးနားက မခွါနိုင် မြစ်နားကမခွါနိုင် ပဌမတော့ သားတွေ သမီးတွေ ထိန်းကျောင်းလာခဲ့တာ နောက်တော့ သားသမီးပြီးတော့ မြေးထိန်းရ ချီရ ပွေ့ရ နောက်မြေးပြီးတော့မြစ်၊ မြေးကမွေးတဲ့သားသမီးတွေ တစ်ခါထပ်ပြီး ထိန်းရ ချီရ ပွေ့ရ ဒီထဲကပဲ ဆံဖြူ သွားကျိုးနဲ့သေရော သေမင်းနောက်လိုက်သွားရော၊ ဘာသံဝေဂမှ မပေါက်ရဘူး၊ ဒကာကြီးဦးလှသိန်းပြောသလို မြေးတွေမြစ်တွေများတဲ့ အဘိုးအို အဖွားအိုများ ပိုပြီးသွားကျိုးလွယ်တယ်တဲ့၊ ဘာဆိုင်လို့တုန်း မြေးတွေမြစ်တွေများ ဘာပြုလို့သွား ကျိုးလွယ်တာတုန်း၊ ဘာပြုလို့ပိုများတာတုန်းဆိုတော့ သူကမြေးတွေ မြစ်တွေ ချီရင်း ပိုးရင်း သူ့မြေးတွေ မြစ်တွေကိုချစ်တော့ သူကမြေးလေးမြစ်ကလေးမျက်နှာနဲ့ သူ့မျက်နှာနဲ့တည့်တည့် နဖူးချင်းတိုက်ပြီးတော့ ဟွန်း ဟွန်း ဟွန်း ဆိုပြီးတော့ တ ခါတည်း သွားနဲ့အံကျိတ်ပြီးတော့ ချစ်လွန်းလို့ စကားကလည်း ဖွယ်ဖွယ်ရာရာက သူက မပြောတတ် ငါ့မြေးလေးက ဘယ်နဲ့ညာနဲ့-နဲ့ တီတီတာတာကလည်း သွားကနဲ့နဲ့ ကျိုးတဲ့ဟာက ကျိုးကုန်ပြီဆိုတော့၊ သူကမပြော တတ်တော့ သူက ချစ်လွန်းတော့ ဘယ့်နဲ့လုပ်တုန်းဆိုတော့ သူက နဖူးချင်း တိုက်တိုက်ပြီးတော့ ဟွန်း . . . ဆို သွားကြီးတွေ ကျိတ်ကျိတ်ပြီးတော့ မြေးကို ချော့တာကိုး ချစ်လွန်းလို့ ဖက်ရတာ အဲဒီတင်သွားတွေယိုင်နဲ့ပြီးတော့ မြန်မြန်ကျိုးတယ်၊ သံဝေဂတော့ မဖြစ် ဘူး၊ အဲဒီလိုပဲ သွားတွေကျိုးကုန်ပြီးတော့ နောက်မြေတွင်း ထဲအောင်းသွား။

ဘုရားကတော့ အဲဒီလိုမဟုတ်ဘူး၊ ဇရာဒုက္ခတစ်ခု၊ ဇရာဓမ္မတစ်ခု ခေါင်း ထည်းပေါ်လာရင် ကိုယ်ထဲပေါ်လာရင် အော်. . . ငါသေမင်း အောင်လံ စိုက်ပြီ. . . လို့ အနည်းဆုံး အဲဒီသံဝေဂဉာဏ်လေးဖြစ်လိုက်စမ်းပါ၊ ငြီးငွေ့တဲ့ နိဗ္ဗိန္ဒာဉာဏ် ပေါ်အောင်ရှုပေး. . . တဲ့၊ ဇရာဓမ္မကို ဇရာဓမ္မအတိုင်း မြင်အောင် ကြည့်တော့၊ ဇရာဓမ္မဆိုတဲ့ အိုခြင်းသဘောကြီးက အကောင်းမှမဟုတ်ဘဲ၊ မကောင်းလို့ဘုရားက ဒုက္ခလို့ဟောခဲ့တာ မကောင်းလို့ဒုက္ခခေါ်တယ်၊ ဆင်းရဲတာမှဒုက္ခမဟုတ်ဘူး၊ မကောင်းတဲ့ သဘောကြီးကို ဒုက္ခလို့ခေါ်တာ၊ ဓမ္မစကြာဟောတော့ ဘုရားရှင် အဆူဆူ ဘယ်ဘုရားပွင့်ပွင့်ဟောကြတယ်၊ ဇာတိပိဒုက္ခာ ဇရာပိဒုက္ခာ ဗျာဓိပိ ဒုက္ခော မရဏမ္ပိ ဒုက္ခံ နဲ့ အိုခြင်းတရားကြီးဟာလည်း ဘယ်အိုတာဖြစ်ဖြစ် အကောင်း မဟုတ်ဘူးဟေ့. . . မကောင်းမှ မကောင်းမှန်ကြီး၊ မကောင်းကဒုက္ခ၊ အမှန်က

http://www.dhammadownload.com



သစ္စာ၊ မကောင်းမှုန်ကြီး. . .၊ အဟုတ်မကောင်းတာကြီး၊ ဗျာဓိပိဒုက္ခာ-ဗျာဓိမှုန် သမျှလည်း မကောင်းတာအမှုန်၊ မရဏမ္ပိဒုက္ခံ-သေရခြင်းမှုန်သမျှလည်း မကောင်း တာအမှုန်။

အဲဒီလို သစ္စာတွေဟောသွားပေမယ့်လို့ ဒီက၊ အဲဒီသစ္စာ မြင်ကိုမမြင်ဘူး၊ ဘယ်မြင်ပါ့မတုန်း ခုနက သားအာရုံ သမီးအာရုံ စီးပွားရေးအာရုံနဲ့ ငါးဖြာအာရုံ ကာမဂုဏ်တွေနဲ့ဖုံးလွှမ်းနေတာ၊ ဒီတော့ အဲဒီသစ္စာမြင်စေချင်လို့ ဘုရားက ဇရာ စက်ကွင်းခန္ဓာမှာချည်းပြီ. . .၊ သေမင်းအောင်လံစိုက်ပါပေ့ါတကား. . . လို့ သိတဲ့ အမျိုးသား အမျိုးသမီးက သံဝေဂဉာဏ်နဲ့မြင်တဲ့အမြင်၊ အဲဒီသံဝေဂဉာဏ်ခေါ်တဲ့ ထိပ်လန့်တဲ့ဉာဏ်နဲ့မြင်ပါများတော့ နိဗ္ဗိန္ဒဉာဏ်ငြီးငွေ့ တာ၊ နေလို့သာနေရတာ သူကမပျော်တော့ဘူး၊ ဒီသားသမီးတွေကြားမှာ နေလို့သာနေရတာ စိတ်ကရိပ်သာ ရောက်နေပြီ၊ တောထွက်ချင်နေပြီ၊ မထွက်သာလို့သာနေရတာ သူရှုန်းချင် နေပြီ. . . ဆိုတော့၊ ဒါနိဗ္ဗိန္ဒဉာဏ်ခေါ်တယ်၊ အဲဒီဉာဏ်ပေါက်လာရင် ဘုရားကကြိုက်ပြီ၊ ပဌမသံဝေဂဉာဏ်နဲ့ထိပ်လန့်ရမယ်၊ ဒုတိယနိဗ္ဗိန္ဒဉာဏ်နဲ့ငြီး ငွေ့ရမယ်၊ သံဝေဂဉာဏ် နဲ့ထိပ်လန့် ပြီးတော့ နိဗ္ဗိန္ဒဉာဏ်နဲ့ငြီးငွေ့ရင်၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဟော-မတပ်မက်တော့ ဘူး. . . တဲ့၊ ဝိရာဂါ ဝိမုစ္စတိ၊ မတပ်မက်တော့ဘာပြုတုန်း၊ ရုံးပြီ. . . ရုံးထွက်သွားပြီ၊ လွတ်ထွက်သွားပြီ၊ သွားပြီ. . . သူလွတ်ရာ၊ တောထဲသော်လည်းကောင်း၊ ကျောင်း သော်လည်းကောင်း၊ ရိပ်သာသော်လည်းကောင်း၊ တရားဘာဝနာ နှလုံးသွင်းလို့ရ တဲ့နေရာတစ်ခုခု။

အခုတော့ အဲဒီလိုမဟုတ်ပဲနဲ့ ဒို့သတ္တဝါတွေက ခုနပြောခဲ့တဲ့ အိုတတ် နာတတ် သေတတ်တဲ့ အိုမင်း နာမင်း သေမင်းပေါ်ပဲ တွယ်ကပ်မှီတွယ်နေတယ်၊ အပြစ်မမြင်ဘူး၊ အဲဒါဘာနဲ့တူတုန်းဆိုတော့တဲ့- **"မြိုင်နက်စုံဖျား၊ တောသစ်ကျားကို၊ မယ်ဖွားမိခင်၊ နွားငယ်ထင်သို့။"** ဟော-တောကြီးမြိုင်ရုံမှာ အမေပျောက်နေတဲ့ နွားကလေး နွားမကြီးပျောက်နေတဲ့၊ ကွဲနေတဲ့နွားကလေးက၊ တ,ဘဲဘဲနဲ့ အမေရှာ တာ၊ အမေလိုက်ရှာရင်းနဲ့ သူဘာဝင်တွေ့တုန်းဆိုတော့ ကျားကြီးဝင်တွေ့၊ ကျားသစ် ကြီးဝင်တွေ့၊ အဲ-ကျားကြီး ကျားသစ်ကြီးဝင်တွေ့တော့ သူ့အမေထင်. . . လို့ သူ့အ မေနွားမကြီးထင်. . . လို့ အဲဒီကျားကြီးရဲ့ပေါင်ကြားထဲ ခေါင်းလေးတိုးလိုက် ဟိုတိုး လိုက် ဒီခွေလိုက် နွားကလေးက လုပ်နေတယ်၊ သေတော့မယ်. . . သူ့သေမင်းဝင် ကပ်နေတာ၊ သူ့နှိပ်စက်မယ့် ကျားကြီး သူဝင်ပြီးတော့ ကပ်နေပြီ၊ ခိုနေပြီ၊ သူသေ တော့မယ်၊ ဘေးကအမြင်ရှိတဲ့ သူကကြည့်ရင်တော့ အမလေး. . .၊ သေတော့ မှာပဲ. . . နွားကလေးကတော့ သေတော့မှာပဲ၊ ကျားသစ်ကြီးကို သူ့အမေထင်ပြီး တော့ သူကပ်နေပြီ၊ သေတော့မှာပဲ. . . လို့။

http://www.dhammadownload.com



* မြိုင်နက်စုံဖျား၊ တောသစ်ကျားကို၊ မယ်ဖွားမိခင်၊ န္တားငယ်ထင်သို့၊
အမြင်မဖြောင့်၊ ဝိပွဲမှောက်၍၊ ကြောင့်ကြောင့်ကျကျ၊ ပြုခဲ့လှပြီ. . .

အမြင်ကဖေါက်ပြန်နေတာကို၊ ဒီ-အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ကျားမင်း၊ အိုခြင်း နားခြင်း သေခြင်းဆိုတာ၊ အို နာ သေဆိုတာ ဘယ်ပေါ်မှာမှီဖြစ်တာတုန်း၊ ရုပ်နာမ်ခန္ဓာပေါ်မှီဖြစ်တာ၊ ရုပ်နာမ်ခန္ဓာရှိရင် အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ ရုပ်နာမ်ခန္ဓာ၊ ရုပ်နာမ်ခန္ဓာဆိုတဲ့ အိုခြင်း နာခြင်း သေခြင်းဟာ တနည်းပြောရင် အို နာ သေဆိုတဲ့ အမှတ်တံဆိပ်ပါတဲ့ ရုပ်နာမ်ခန္ဓာဟာ ကျားကြီးပဲ၊ ကျားသစ်ကြီးပဲ၊ နွားလေးကို ကိုက်ဝါးစားမယ့် ကျားသစ်ကြီးပဲ၊ ရန်သူပဲ၊ ဒါပေမယ့်လို့ နွားလေးက ဘယ့်နှယ့်မြင်နေတုန်းဆိုတော့ အမေ. . . လို့မြင်နေတယ်၊ "မြိုင်နက်စုံဖျား၊ တောသစ်ကျားကို၊ မယ်ဖွားမိခင်၊ နွားငယ်ထင်သို့ အမြင်မဖြောင့်၊ ဝိပွဲမှောက်၍၊ ကြောင့်ကြောင့်ကျကျ၊ ပြုခဲ့လှပြီ". . .။ ပုထုဇဉ်သား လူသားတွေက နွားငယ် လေးလိုပဲ လူ့ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာရချင်လို့ချင်၊ အဲလူ့ဘဝစည်းစိမ်ရိပ်ငြိမ် ချမ်းသာဆိုတာဘာတုန်း၊ ရုပ်နာမ်အစုအဝေး၊ ဒီရုပ်နာမ်အစုအဝေးက ဘယ်သဘောတုန်း၊ အိုပြီး ငြင်းဆဲတတ်တယ် ကျားပဲ၊ ကျားကို ကျားလို့မမြင်ဘူး၊ အဲဒီ အိုချင်း နာခြင်း သေခြင်း ဆိုတဲ့ လက္ခဏာတွေမမြင်တော့ သူကအမေထင်ပြီး တော့ခင်၊ ရုပ်နာမ်ခင်၊ ရုပ်နာမ်ခင်တော့သူက ကုသိုလ်ကောင်းမှုပြုပြီဆိုရင်လည်း သူကတကထဲ လူ့ဘဝစည်းစိမ်ရိပ်ငြိမ်ချမ်းသာရရပါလို၏ သူဌေးကြီးဖြစ်ရပါလို၏၊ သူဌေးကတော်ကြီးဖြစ်ရပါလို၏နဲ့ တောင်းကုန်တယ်၊ ဒါ-အမေထင် ပြီးကပ်တာ နဲ့တူတယ်. . .၊ ဒီတော့ အမေထင်ပြီးကပ်မိတော့ နွားလေးက ကျားကို အမေထင်ပြီးကပ်မိတော့ ကိုက်တာပေါ့ ဟိုက၊ ကိုက်ဝါးစားလိုက်တော့ဒုက္ခဖြစ်ရ၊ သေခါနီး ဆတ်ဆတ်ခါအောင် ဒုက္ခတွေခံစားရပြီးတော့၊ နောက်ဆုံးသေရ "မြိုင်နက်စုံဖျား၊ တောသစ် ကျားကို၊ မယ်ဖွားမိခင်၊ နွားငယ်ထင်သို့၊ အမြင်မဖြောင့်၊ ဝိပွဲမှောက်၍၊ ကြောင့်ကြောင့် ကျကျ၊ ပြုခဲ့လှပြီ". . . တဲ့၊ အဲဒီလိုပဲလည်နေတယ်။

ဒီတော့-အမေထင်ပြီးတော့ခင်တာက သမုဒယသစ္စာခေါ်တယ်၊ ကျားသစ်ဆိုတဲ့ ကျားဆိုတဲ့ ဇရာ၊ ဗျာဓိ၊ မရဏ၊ ရုပ်နာမ်ဓမ္မတွေရဲ့ အဝါးအမျို စားသောက်ခံရတာက ဒုက္ခသစ္စာခေါ်တယ်၊ ဒီတော့ ခင်လို့ကပ်တွယ်နေမိတာက သမုဒယသစ္စာပဲ၊ အဲဒီသမုဒယသစ္စာကို အမြင်မှန်မြင်အောင် ပြောင်းကြည့်လိုက်တော့၊ ဩော် --- ဆံဖြူလာတယ်ဆိုတာ သေမင်းအောင်လံစိုက်တာပဲ. . .၊ ဟော-ဒါ အမြင်ပေါက်လာတာ၊ အဲ-ဖျားတယ်၊ နာတယ်၊ အနာကြီးပေါက်၊ အနာငယ် ပေါက်၊ နာတာရှည်၊ နာတာတို့ ဆီးချို၊ သွေးတိုး၊ နှလုံး ကင်ဆာတွေဟာ ဗျာဓိစက်ကွင်းတွေ

http://www.dhammadownload.com



. . . သေမင်းက အောင်လံစိုက်တာပဲဟဲ့၊ ဒါ-သံဝေဂဉာဏ် နိဗ္ဗိန္ဒဉာဏ်မြင်လာတာ၊ အဲ-သေလုမတတ် ဖြစ်ခဲ့တဲ့အရေးဟာ မရဏစက်ကွင်းမိတာပဲ . . ၊ သေလောက် ကျေလောက်ဖြစ်ခဲ့တာ၊ အဲဒီလိုသိပြီးတော့ သံဝေဂဉာဏ်နဲ့ ထိတ်လန့်၊ နိဗ္ဗိန္ဒဉာဏ် နဲ့ငြီးငွေ့။

အဲဒီလိုငြီးငွေ့လိုက်တော့ ကောင်းမှုဘက်ကိုရောက်လာတယ်၊ ကောင်းမှု ပြုလာကုန်ပြီ၊ ကောင်းမှုတွေပြုချင်လာတယ်၊ ပြုလာတယ်၊ ပြုပြီးတော့ ဘာကို တောင်းတရမတုန်း၊ အဲဒီ-အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ အမှတ်လက္ခဏာသုံးပါး မလွတ်တဲ့ ရုပ်နာမ်ဓမ္မသင်္ခါရတွေရဲ့ ချုပ်ရာ, ငြိမ်းရာ, အေးရာဖြစ်တဲ့ သန္တိသုခ ဓာတ်ကြီး၊ နိဗ္ဗာန်ဆိုတဲ့အရပ်ကြီးတစ်ခုရှိတယ်. . . ၊ အဲဒီအရပ်ရောက်ရပါစေ၊ အဲဒီအရပ်ကိုသွားရပါစေ၊ အဲဒီအရပ်ကို ရောက်ပါရစေ။

ရောက်ပါရစေလို့ ပါးစပ်ကပြောရုံနဲ့ ထိုင်ဆုတောင်းနေရုံနဲ့ ရသေးတာ မဟုတ်ဘူး၊ လက်ကလည်းပါရတယ်၊ "နှုတ်သာထက်၍, လက်မပါ, လိုရာမပြီး, အချီးနှီး" . . တဲ့၊ နှုတ်ကသာရရပါလို၏၊ ရောက်ရပါလို၏ လုပ်နေပြီးတော့ လက်က မပါလို့မဖြစ်သေးဘူး၊ ဟော-ဒီနေ့ဒကာ ကိုကျော်ဝင်းတို့ ဒကာမ မလှလှဝင်းတို့က နှုတ်သာထက်ပြီးတော့ လက်မပါ မဟုတ်၊ လက်ပါ ပါလာပြီ အခု၊ သံဃာတော် တစ်ထောင်ကျော်ကို အရုဏ်မုန့်တီလက်သုတ် ဆွမ်းတွေလောင်း၊ နေ့ဆွမ်းခဲဘွယ် လောင်း၊ ငှက်ပျောသီးဆွမ်းတွေလောင်း၊ ပရိသတ်တွေကျွေး၊ တရားတွေနာ၊ အဲဒါ- လက်ပါ ပါလာတာပဲ၊ အဲဒီလို လက်ပါ ပါလာရင်းနဲ့ ပျားကောင်ကဲ့သို့ ကုသိုလ်ကောင်း မှု အချိုရည်တွေစု၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုတွေမှန်သမျှက အချိုရည်တွေ ပျားရည်တွေ အခု မဃဒေဝမင်းကြီးက သူ့ခန္ဓာကိုယ်ပေါ် ဆံပင်ဖြူတစ်ပင်ပေါက် တာနဲ့ သံဝေဂဉာဏ်တွေဖြစ်ပြီးတော့ ကိုင်း . . . မဖြစ်ဘူး . . . ၊ သေမင်းက အောင်လံစိုက်မှတော့ မကြာခင် သေမင်းကအခေါ်ရောက်တော့မယ်၊ ဒီတော့ ငါ ထွက်မှပဲ . . . ၊ သေမင်းလွတ်အောင် သေမင်းရင်ဆိုင်နိုင်တဲ့ အလုပ် ငါအားထုတ် မှတော်တော့မှာပဲဆိုပြီးတော့ တောထွက်ပြီးတော့ ရဟန်းပြုတော့မယ် . . . လို့ စိတ်ကို ဒုန်းဒုန်းကျဆုံးဖြတ်လိုက်ပြီးတော့ တောထဲထွက်ခါနီးမှာ သားတော်တွေ သမီးတော်တွေ မိဖုရားတွေ မှူးကြီးမတ်ရာသေနာပတိတွေ ဒါသူ့ဆုံးမရ မယ့်ဝတ္တရား ရှိတော့၊ သတိပေးရမယ့်ဝတ္တရား၊ ထီးနန်းတွေ လွှဲအပ်ရမယ့်ဝတ္တရားတွေရှိတော့၊ အကုန်ခေါ်ပြီးတော့ အဲဒါထီးနန်းလွှဲအပ်၊ လွှဲအပ်ပြီး တော့ ဆုံးမစကားတွေ ပြောခဲ့တာ။

http://www.dhammadownload.com



အဲ-ဆုံးမစကားတွေပြောတဲ့အထဲမှာ ပထမဆုံး မိဖုရားတွေနဲ့ ပတ်သက်ပြီး တော့ မိဖုရားတွေဆုံးမရတဲ့ စကားတွေကို ဒေဝိယောဝါဒကထာ . . . ဆိုပြီးတော့ အခန်းကြီးတစ်ခန်း၊ သူရဲ့မောင်းမမိဿံ မိဖုရားတွေဆုံးမတဲ့စကား၊ နောက် အမတ်တွေကိုဆုံးမတော့ အမစ္စောဝါဒကထာ . . . ဆိုပြီးတော့တစ်ခန်း၊ နောက်သားတော် သမီးတော်တွေဆုံးမတော့ ပုတ္တောဝါဒကထာ . . . ဆိုပြီးတော့ တစ်ခန်း၊ နောက်-တိုင်းသား ပြည်သူတွေ ဆုံးမတော့ ရဋ္ဌောဝါဒကထာ . . . ဆိုပြီးတော့တစ်ခန်း၊ အဲဒီလို မဃဒေဝမင်းကြီးဆုံးမတဲ့စကားတွေက သူ့အကန့်လိုက် အကန့်လိုက်နဲ့ သိပ်ကောင်းတာ၊ အဲဒီတင် မန်လည်ဆရာတော် ဘုရားကြီးက မဃဒေဝလင်္ကာဆိုပြီး တော့ အဲဒီဟာတွေ ရေးထားခဲ့တာ၊ ဒီနေ့ မဃဒေဝလင်္ကာ၊ မဃဒေဝလင်္ကာလို့ ထင်ရှားနေတာ။

အဲဒီထဲမှာ သားတော်သမီးတော်တွေကို ဆုံးမတဲ့ အခန်းထဲမှာ ဘာအဆုံးမတော်တစ်လုံး ပါလာတုန်းဆိုတော့ ယင်ကောင်နဲ့ပျားကို ဥပမာပေးပြီးတော့ သားတော် သမီးတော်တွေကို မဃဒေဝမင်းကြီးကဆုံးမတာ၊ "မက္ခိကော-ယင်ကောင်သည်၊ နရက္ခတိ-နပူရတိ- သိမ်းဆည်းပြီးတော့ မထားတတ်၊ ဘုဥ္စ ဘုဥ္စန္တော၀-စားသောက်လျက်သာလျှင်၊ ဂစ္ဆတိ- ထိုထိုဤဤ လှည့်လည်ပြီးတော့ သွားလာနေတတ်၏"။

**ယထာပိ ဘမရော ရသံ, ဘုဥ္စ ခါဒံ နိဒဟတိ။**

ယထာပိ- သားတော် သမီးတော်တို့ နားလည်လွယ်အောင် ဥပမာ ဆောင်ပြီးတော့ ငါခမည်းတော် ဆုံးမခဲ့ရမယ်ဆိုရင်၊ ဘမရော- ပျားပိတုန်းသည်၊ ရသံ- ချိုမြိန်ကောင်းမြတ်တဲ့ အရသာကို၊ ဘုဥ္စ ဘုဥ္စန္တော- စားသင့်တာ ကိုလည်းစားလျက်၊ နိဒဟန္တော-သိုမှီးမြှုပ်နှံသိမ်း ဆည်းသင့်တာကိုလည်း သိုမှီးမြှုပ် နှံသိမ်းဆည်းလျက်၊ သုခယတိ၊ အခုရော နောင်ပါ၊ ကောင်းစွာမသွေ ချမ်းသာရ လေ၏။

**မက္ခိကော ပန ဘုဥ္စ ဝါ, အနိဒဟန္တော ဒုက္ခယတိ။**

မက္ခိကော ပန- အပုပ်အစပ်ကိုသာ ကြိုက်တတ်တဲ့ ယင်ကောင်သည်ကား၊ ဘုဥ္စ ဘုဥ္စန္တော၀- ရရစားစား ဝါးဝါးမျိုမျို စားသောက်လျက်သာလျှင်၊ အနိဒဟန္တော- နောင်ခါ နောင်ရေးအတွက် မျှော်တွေးပြီးတော့ သိုမှီးသိမ်းဆည်းပြီးတော့ မထားတတ်လေသော ကြောင့်၊ ဒုက္ခယတိ- အမြဲမသွေ ကိုယ်စိတ်နှစ်ပါး ပင်ပန်း၍ နေရရှာလေသတည်း။

သာဓု . . . သာဓု . . . သာဓု. . .။

http://www.dhammadownload.com



သားတော် သမီးတော်တို့ . . ၊ သားတော်သမီးတော်တို့ကို ဥပမာပုံ ဆောင်ပြီးတော့ ခမည်းတော်ကြီးဆုံးမခဲ့မယ် . . . "ကိုယ့်ကိုယ်ကို ယင်ကောင်ကဲ့သို့ မကျင့်ပဲနဲ့၊ ပျားကဲ့သို့ ကျင့်နိုင်ကြပါစေ . . "၊ အဲ-ယင်ကောင်များကျတော့ စုပြီးတော့ မထားတတ်လေသောကြောင့် ရ,ရစားစား ဝါးဝါးမျိုမျိုမို့ ရတုန်းစားလိုက် သောက်လိုက်ပြီးတော့ မရတဲ့အခါငတ်ပြီးတော့ ဒုက္ခရောက်ရရှာတယ်။

ပျားဆိုတဲ့သတ္တဝါကျတော့ ပန်းဝတ်ရည်တွေကို စားလည်းစားတယ်၊ စုလည်းစုတယ်၊ စားလည်းစားတယ်လေ သူက၊ တစ်နေ့ဝမ်းဝအောင်လည်း စားလိုက်စုပ်လိုက်တာပဲ၊ ပြီးတော့ အပိုတွေကို စုပ်ယူလာခဲ့ပြီးတော့ပျားအုံထဲမှာ စုထားတတ်လို့ ယခုရော နောင်ပါနှစ်ဖြာ ချမ်းသာနဲ့ ကြုံရတယ်။ သားတော် သမီးတော်တွေကို မယဒေဝမင်းကြီး ဆုံးမနေတာ။

***"ဤလောကတွင်, ပျားနှင့်ယင်ကို, မျက်မြင်ပုံထား, မောင်ရှုစားလော့ (မယ်ရှုစား လော့), ပျားကားအုံပြု, အဆီစု၍, ထားမှုလိမ္မာ, နောင်ချမ်းသာ၏၊ ယင်မှာသော်တုံ, ဝမ်းဝရုံမျှ, အုံကာသောက်စား, စုမထား၍, ရှာငြားမပြတ်, မရငတ်၏" . . . ။**

အေး- ယင်းများကတော့ စုမထားတတ်ဘူး . . . ၊ စုမထားတော့ ဒုက္ခရောက်ရတယ်၊ ပျားများကတော့ အခုလည်းစားတယ်၊ နောင်ရေးအတွက် လည်းစုဆောင်းတယ်၊ အချိုကိုလည်းနှစ်ခြိုက်တယ်၊ ဒါကြောင့် ပျားများဟာ အခုရော နောင်ပါ နှစ်ဖြာ ချမ်းသာနဲ့ကြုံရတယ် . . . ၊ အဲဒီလိုပဲ သားတော် သမီးတော်တို့သည် အကုသိုလ်ဒုစရိုက်တရားဆိုတဲ့ အပုပ်အစပ်တွေကို မကြိုက်ကြဘဲ ကောင်းမှုကုသိုလ်တရား၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုကုသိုလ် တရား၊ လူ့ရွာနတ်ထံ ချမ်းသာစံ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုကုသိုလ် ပါရမီအဆီအနှစ်တွေကို ကြိုက်ကြ နှစ်သက်ကြ ပြုလုပ်ကြ၊ အားထုတ်ကြ။

ပြုလုပ်အားထုတ်ပြီးတော့ -နောင်ရေးအတွက်ပါ စုဆောင်းပြီးသကာလ ပါရမီကောင်းမှုတွေကို စုထားကြ . . . လောကီစီးပွား လောကုတ္တရာစီးပွား နှစ်ဘက်လုံးဆိုင်အောင် နှစ်ခွရတရားနဲ့ ဟောသွားတာ၊ လောကီစီးပွားနည်းလည်း အဲဒီလိုပေ့ါ၊ အခုလည်း စားသင့်တာကိုစား၊ နောင်အတွက်လည်း ထားသင့်တာကိုထား၊ ဒီအမျိုးသား အမျိုးသမီးတွေ ချမ်းသာတာပဲ၊ အာ-ရ,ရ စားစား ဝါးဝါးမျိုမျိုပဲ နောင်

---

* မယဒေဝလင်္ကာသစ်-၁၉၉၊ အပိုဒ်-၂၆၇။

http://www.dhammadownload.com



ခါလာ နောင်ခါချေးပေ့ါဆိုတဲ့ သူတွေက ဒုက္ခဖြစ်တာ၊ လောကီစီး ပွားတင်မကဘူး၊ လောကုတ္တရာစီးပွားလည်းပဲ စုဆောင်း ပြီးတော့ထား၊ သိမ်းဆည်း ပြီးတော့ထား။

ဟော ဒီနေ့ ဒကာကိုကျော်ဝင်းတို့ ဒကာမ မလှလှဝင်းတို့ ပါရမီကုသိုလ်ကောင်းမှု ရိက္ခာတွေ လာစုဆောင်းတာ၊ စုတာ၊ နေ့စဉ်နေ့စဉ် ကိုယ်နေထိုင်တဲ့ အိမ်မှာလည်းပဲ လက်လှမ်းမှီသမျှ မနက်စောစော အိပ်ယာကနိုး၊ ဘုရားပန်းတော် ဆွမ်းတော် ရေချမ်းတော်ကပ်တာကစ နေ့စဉ်ဒါနမှု ပါရမီကုသိုလ်ရိက္ခာစုတယ်။ ငါးပါးသီလ လုံအောင်နေခြင်းဖြင့်လည်းကောင်း၊ ရှစ်ပါးကိုးပါးသီလ တတ်နိုင်ရင် ထိန်းခြင်းဖြင့်လည်းကောင်း၊ အာ-ဒီထက် တတ်နိုင်သေးရင် ဒုလ္လဘရဟန်း၊ ဒုလ္လဘကိုရင်၊ ဒုလ္လဘသီလရှင်တွေဝတ်ပြီးတော့ သီလပါရမီ ရိက္ခာစုရင်းဖြင့်လည်း ကောင်း၊ ခုနကပြောတဲ့ ဆယ်ရက်စခန်း ကိုးရက်စခန်းစသည်တွေ စခန်းတွေသွားပြီး တော့ (သို့မဟုတ်) ကိုယ့်အိမ်ထဲကိုယ် ဝိပဿနာဘာဝနာပါအောင် အားထုတ်ပြီး တော့ ဘာဝနာ, ဒါနပါရမီ, သီလပါရမီအစရှိတဲ့ ပါရမီရိက္ခာတွေကို စုရတယ် . . . ။

အခု ဒီနေ့တော့ အကြီးအကျယ်လာစုတာပေ့ါ၊ သံဃာ (၁၂၈၀)ကျော်ကို အရုဏ်ဆွမ်း နေ့ဆွမ်းတွေ လောင်းလှူဆက်ကပ်ပြီးတော့ ပါရမီရိက္ခာစုတာ၊ အဲဒီရိက္ခာ အစုဓာတ်တွေက ပါရမီရိက္ခာ အချီဓာတ်တွေက တပည့်တော်တို့ကို အိုဘေး နာဘေး သေဘေးဆိုတဲ့ အခါးဓာတ်တွေလွတ်ရာဖြစ်တဲ့ အချိုဓာတ်ကြီး ဖြစ်တဲ့ သန္တိသုခနိဗ္ဗာနဓာတ် တရားမြတ်ကြီးကို ရရာရကြောင်း အားကောင်းသော အထောက်အပံ့ကြီးဖြစ်ပါစေသတည်း၊ ဖြစ်စေပါစေသား၊ ခုနပြောတဲ့ ဆံဖြူခြင်း၊ နားထိုင်ခြင်းစတဲ့ ဇရာစက်ကွင်း။ (၉၆)ဖြာ, (၉၈) ဖြာဆိုတဲ့ ဗျာဓိစက်ကွင်း။ မီးလောင်သေခြင်း ရေနစ်သေခြင်း သစ်ပင်ကျသေခြင်း အစရှိတဲ့ သေခြင်းအမျိုးမျိုးဆိုတဲ့ မရဏစက်ကွင်းကြီးတွေရဲ့ လွတ်ရာ၊ ကင်းရာ သန္တိသုခ နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို ရရာရကြောင်း အားကောင်းသော အထောက်ပံ့ ဖြစ်ပါစေသား၊ ဖြစ်ပါစေသတည်း . . . လို့။

ဒီနေ့ပြုတဲ့ ကုသိုလ်ကောင်းမှုတွေက တပည့်တော်တို့ ကွယ်လွန်ခဲ့တဲ့ မိခင်ကြီးလည်းပဲ ဤကဲ့သို့ သားတွေ သမီးတွေ ပစ္စည်းတွေကို ခွဲခွာပြီးတော့ သေသွားရတဲ့ မရဏဒုက္ခမျိုးမှ လျင်မြန်ဆောစွာ လွတ်ရာရောက်ဖို့ရာ ဖြစ်ပါစေသတည်း။ တပည့်တော်တို့အတွက်လည်း အဲဒီ အမတခေါ်တဲ့ အိုခြင်း နာခြင်း သေခြင်းကင်းရာဖြစ်တဲ့ သန္တိသုခ နိဗ္ဗာနဓာတ်တရားမြတ်ကြီးကို ရရာရကြောင်း အားကောင်းသော အထောက်အပံ့ဖြစ်ပါစေသတည်း . . လို့ အဲဒီလိုအားဖြင့် ပါရမီကုသိုလ် ရိက္ခာတွေကို စုဆောင်းနိုင်ကြတဲ့၊ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

http://www.dhammadownload.com



မိမိတို့ကိုယ် မိမိတို့ ယင်ကောင်ကဲ့သို့ မကျင့်ဘဲ ပျားကဲ့သို့ ကျင့်နိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း၊ ဤကဲ့သို့ ပျားကဲ့သို့ ကျင့်နိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြကုန်လျက် ဤကဲ့သို့ ပျားကဲ့သို့ အချိုကိုသာ နှစ်ခြိုက်ပြီးတော့ ပါရမီရိက္ခာတွေ စုဆောင်းတော်မူသွားတတ်ကြတဲ့ ရှေးရှေးသော ဘုရားပစ္စေကာ အရိယာနွယ်လောင်း သူတော်ကောင်း သူတော်ကောင်းမကြီးတို့ ရောက်အပ်, ရအပ်, သိမြင်အပ်သော နိဗ္ဗာနဓာတ်တရားမြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ, ရကြရ, မြင်ကြရ ပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု. . သာဓု. . သာဓု. . . ပါဘုရား။

http://www.dhammadownload.com



# ၁၃၃၉-ခုနှစ်၊ တပေါင်းလဆုပ်(၈)ရက်၊ မန်ကျည်းကိုးပင်ရွာ၊ ဦးငြိမ်း+ဒေါ်ဆောင်းတို့၏ သိက္ခာထပ်၊ ရှင်ပြုအလှူဆွမ်းကပ်၌ ဟောကြားအပ်သောတရား အလှူပေးအလှူခံလေးမျိုးတရားတော်

ဒီနေ့ ဆွမ်းကပ်ကြတဲ့ ဒကာဒကာမများက၊ မနက်အရုဏ်မှာတစ်ဦး နေ့ဆွမ်းအတွက်ကတစ်ဦး။ မနက်အရုဏ်မှာ အခုဆွမ်းလောင်း၊ ဆွမ်းကပ်သွားတဲ့ ဒကာဒကာမများက မြင်းခြံမြို့၊ မိခင်ဒကာမကြီး အသက်(၈၆)နှစ်ပြည့်တဲ့ ဒကာမကြီးဒေါ်ချို (သား) ဒကာဦးဖေမောင်မြင့်တို့ မိသားစုက ဆက်ကပ်ကြပါတယ်။

ဒကာဦးဖေမောင်မြင့်ဆိုတာ တပည့်တော်တို့ မနှစ်က ဒီကသံဃာတစ်ရာ မြင်းခြံကပင့်လို့ သွားကြတဲ့အခါမှာ ပင့်ဆောင်ရေး ဟိုမှာဝေယျာဝစ္စ သံဃာ့ဝေယျာဝစ္စ ဆောင်ရွက်တဲ့အထဲမှာ အမှူးဆောင် အကြီးအကဲတစ်ယောက်အဖြစ်နဲ့ပါတဲ့၊ ဒကာဦးဖေမောင်မြင့်၊ အဲဒီ-မိခင်ကြီး ဒေါ်ချိုနဲ့ သူတို့မိသားစုက နှစ်စဉ်လည်းပဲ သုံးနှစ်လားရှိပြီထင်တယ်၊ သုံးနှစ်လားလေးနှစ်လား ဆရာ တော်ရှိကတည်းက လာလာပြီးတော့ ဆွမ်းကပ်နေကျအတိုင်း၊ အခုလာပြီးတော့ ဆွမ်းကပ်ကြပါတယ်. . . တဲ့။

နေ့ဆွမ်းဒါယကာကတော့ တပည့်တော်တို့ မြင်းမူမြို့နယ် မန်ကျည်းကိုးပင်ရွာ၊ ဒါယကာဦးငြိမ်းနဲ့၊ ဒါယိကာမ ဒေါ်ဆောင်း မိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပါတယ်၊ အကြောင်းခံတာကတော့ တပည့်တော်တို့ကျောင်းက နာယကစာချဆရာတော် ဘုန်းတော်ကြီး ဦးဣန္ဒောဘာသကို မန္တလေးမြို့ ဒကာကြီး ပွဲစားကြီးဦးကံအေးနဲ့ ဒေါ်လုံးခင်မိသားစုတို့က သိမ်ထပ်တဲ့ သိက္ခာထပ်တဲ့ကိစ္စကို အကြောင်းပြုပြီးတော့၊ သူတို့ဟူသား နောင်မယ်များဖြစ်ကြတဲ့ ခုနက မန်ကျည်းကိုးပင်ရွာ ဒကာဦးငြိမ်းနဲ့ ဒကာမ ဒေါ်ဆောင်းတို့မိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပါမယ်တဲ့၊ ပြီးတော့ သံဃိက, ပုဂ္ဂလိက, ရည်မှန်းထားတဲ့အတိုင်း သင်္ကန်းတို့ စာအုပ်တို့ ဆပ်ပြာတို့အစရှိသည်တွေကို ရေစက်သွန်းချကြမယ်၊ လှူဒါန်းကြမယ်။

ဒီတော့ ရေစက်မချခင်၊ အားလုံးဆွမ်းဒကာနှစ်ဦးစလုံး၊ ရဟန်းဒကာ၊ ရဟန်းအမ ဆွမ်းဒကာ, ဆွမ်းအမအား လုံး၊ နှလုံးသွင်းဖို့ရာ ဝိဝဋ္ဋနိဿိတ

http://www.dhammadownload.com



ကုသိုလ်ဖြစ်ဖို့ရာအတွက်၊ ဘုရားရှင်ရဲ့ အဆုံးအမတော်တွေ မြောက်များစွာ ထဲကနေပြီးတော့ ဒီနေ့-ဘာပြောချင်သလဲလို့ဆိုရင် ကျမ်းဂန်မှာလာတဲ့၊ အလှူ ပေးနဲ့အလှူခံ လေးမျိုးအနက်က *"မုတ္တ မုတ္တကဆိုတဲ့ အလှူပေးနဲ့ အလှူခံ ဖြစ်ဖို့. . . လို့၊" ဒီတရားဒေသနာကို ဒီနေ့မနက် ဟောပြောလိုပါတယ်။ ခုအ လှူပေးဘက်ကတော့ ခုနက-မနက်ကဆွမ်းဒကာ၊ ဆွမ်းအမကလည်း မြင်းခြံက သူတို့ သိုက်သိုက်ဝန်းဝန်း လူငါးဆယ်လောက်တောင် နောက်ကပါလာပြီးတော့ ခု- ဒကာမကြီး ဒေါ်ချုံနှင့် ဦးဖေမောင်မြင့်တို့မိသားစုက လောင်းကြလှူကြ ဆက်ကပ်ကျ နေ့ဆွမ်းကျတော့လည်း၊ နေ့ဆွမ်းအလျှောက်၊ ခုနက-ရဟန်း ဒကာ၊ ရဟန်းဒကာမကြီးများ၊ ဆွမ်းဒကာမကြီးများ၊ ဆွမ်းဒကာ ဆွမ်းအမများ၊ သူတို့လောင်းကြ လှူကြအုန်းမယ်၊ဒီတော့-ဒါက အလှူပေးဘက်က အလှူဒါ ယကာဘက်က သူတို့တစ်တွေက။ တပည့်တော်တို့ သံဃာတော်များက ဒီဘက် က အလှူခံဘက်က။

ဒီတော့-အလှူပေးနဲ့အလှူခံဟာတဲ့ လေးမျိုးလေးစားရှိတယ်။ နံပါတ် တစ် အမျိုးစားက ဂါဟဂါဟက။ နံပါတ်နှစ်အမျိုးအစားက ဂါဟမုတ္တက၊ နံပါတ် သုံးအမျိုးအစားက မုတ္တဂါဟက။ နံပါတ်လေး အမျိုးအစားက မုတ္တ မုတ္တက. . . လို့ အလှူပေးပုဂ္ဂိုလ်နဲ့ အလှူခံပုဂ္ဂိုလ်လည်း၊ အဲဒီလို ကျမ်းဂန်မှာ အမျိုးအစား လေးမျိုးခွဲပြထားတယ်။ ဂါဟဂါဟကဆိုတာ ဘာပြောတာတုန်းဆိုတော့ အလှူ ပေးပုဂ္ဂိုလ်ဘက်ကလည်းပဲ ဂါဟ အဖမ်းခံ. . . တဲ့ အတုတ်အနှောင်ခံ၊ နှောင် ကြိုးတန်းလန်းနဲ့။ ဂါဟက အလှူခံပုဂ္ဂိုလ်ဘက်ကလည်းပဲ အဖမ်းခံ၊ အတုတ်အ နှောင်ခံ၊ နှောင်ကြိုးတန်းလန်းနဲ့ အလှူခံ၊ နံပါတ်(၁)အစုံ။

နံပါတ်(၃)ကျတော့ မုတ္တဂါဟက-အလှူပေးပုဂ္ဂိုလ်တွေဘက်က အဖမ်း မခံရ၊ နှောင်ကြိုးမပါ၊ နှောင်ကြိုးလွတ်လှူပြီးတော့၊ အလှူခံပုဂ္ဂိုလ် ဘက်က အဖမ်းခံရ၊ နှောင်ကြိုးတည်းခံရ၊ ဒီနည်းက တတိယ အလှူပေးအလှူခံ၊ တတိယ အမျိုးအစား။

နောက်ဆုံး(၄)နံပါတ်ဖြစ်တဲ့ မုတ္တ မုတ္တက-ကျတော့ အလှူပေးပုဂ္ဂိုလ် ဘက်ကလည်းပဲ အဖမ်းမခံရ၊ လွတ်မြောက်တဲ့ အလှူပေးပုဂ္ဂိုလ်၊ အလှူခံပုဂ္ဂိုလ် ဘက်ကလည်း အဖမ်းမခံရတဲ့၊ လွတ်မြောက်တဲ့ အလှူခံပုဂ္ဂိုလ်. . . လို့ အဲဒီလို ကျမ်းဂန်မှာ လေးမျိုးလေးစားရှိတယ်လို့ ပြထားတယ်။

ဒီတော့ ဒီနေ့ အလှူ့ဒကာ ဆွမ်းဒကာ ဆွမ်းအမများ မြင်းခြံကရော ခုနက မန္တလေးကရော၊ မြင်းမူနယ် မန်ကျည်းကိုးပင်ရွာကရော၊ အားလုံး

* ဂါဟဂါဟကာဒိဝဏ္ဏနာ-မ-ဋ္ဌ-၂၊ ၅၂။

http://www.dhammadownload.com



ဒကာ ဒကာမတွေက မုတ္တဖြစ်အောင် ဒို့လှူမယ်. . လို့ ဒီလိုအားထုတ်တဲ့။ အလှူခံ ပုဂ္ဂိုလ်တွေဘက်ကလည်းပဲ ဒို့ကလည်း မုတ္တကဖြစ်အောင် အလှူခံမယ် လို့ ဒီလိုအားထုတ်ရင်၊ အဲဒါ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ လမ်းဖြောင့်ပါတယ်. . . တဲ့၊ မဂ်ဖိုလ် နိဗ္ဗာန်နဲ့နီးပါတယ်။

ဒီတော့ ဒါကို အကျယ်ထပ်ပြီးတော့ရှင်းရမယ်ဆိုရင် အလှူပေးပုဂ္ဂိုလ် တွေဘက်က ဂါဟ အဖမ်းခံရတယ်ဆိုတာ ဘာပြောတာတုန်းလို့ဆိုရင် ပထမ ဆုံး အလှူပေးပုဂ္ဂိုလ်တွေက၊ ခုလိုဆွမ်းလာပြီးတော့ လှူကြ၊ သိမ်ထပ်ကျ၊ မနက် ဆွမ်းနေ့ဆွမ်းတွေကပ်ကြ၊ သင်္ကန်း ဆပ်ပြာ အစရှိတဲ့ စာအုပ်အစရှိတဲ့ပစ္စည်း တွေ၊ သံဃိကပုဂ္ဂလိက ရည်မှန်းထားတဲ့အတိုင်း လှူကြ၊ အဲဒီလို လှူပြီးတော့ သူတို့က လောကအလိုဆိုလို့ ရှိရင်၊ ဒို့ဒီကိုယ်တော်တွေကို လှူလိုက်ရလို့ရှိရင် ဒို့တော့ နာမည်ကြီးသွားတော့မှာပဲ၊ ဂန္ဓာရုံသံယာ လေးရာကျော်ငါးရာကို တောင်မှ၊ ဆွမ်းကပ်နိုင်တယ်ဆိုပြီးတော့ ဘေးကချီးကျူးခံရမှာပဲဟဆိုရင်တဲ့၊ အချီးမွမ်းခံချင်လို့၊ သိမ်ထပ်လိုက်လို့ရှိရင်၊ ရဟန်းထပ်ခံ လိုက်လို့ရှိရင်၊ အချီး မွမ်းခံလိုတဲ့စိတ်နဲ့လှူရင်၊ အဲဒါ-သိလောကခေါ်တဲ့ အကျော်စောကို လိုချင်လို့၊ အကျော်စောဆိုတဲ့ နာမည်ကြီးမှုကို လိုချင်တဲ့၊ တဏှာလောဘ ဓာတ်ကလေး က၊ အလှူ့ဒကာ အလှူ့အမတွေကို ဖမ်းနေပါတယ်. . . တဲ့။

သုံးဆယ့်တစ်ဘုံထဲက လွတ်ထွက်မသွားအောင် သူကဖမ်းထားတယ်၊ လှူတော့လှူလိုက်ရတာပဲ အဖမ်းခံရပြီးတော့လှူတာ၊ ဒီလိုမဟုတ်ပြန်ရင် လည်း ပဲ ဒို့ ဒီလိုလှူလိုက်တဲ့အတွက်၊ အခုထောင်ကုန်သောင်းကုန် လှူလိုက်ရတဲ့ အတွက် ဒီကုသိုလ်ကြောင့် ဒို့ နောက်ဘဝ ဒီထက်ပစ္စည်းတွေပေါ်မှာပဲ၊ ပေါ် တော့မှာပဲ ဒီလိုလှူလိုက်လို့ရှိရင် နောက်ဘဝသူဌေးကြီး၊ သူကြွယ်ကြီး၊ သိန်း သန်းကုဋေကြွယ်ဝတဲ့၊ သူဌေးသူကြွယ်တွေဖြစ်ရတော့မှာပဲလို့၊ လူ့ဘဝလူ့စည်း စိမ်ကို အာရုံပြုပြီးတော့၊ ဆုတောင်းပြီးတော့၊ ဆုမတောင်းသည့်တိုင်အောင်၊ စိတ်ကလေးက အဲဒီဘက်ကိုညွတ်ပြီးတော့ မျှားလှူမိရင်လည်း အဲဒါ ဂါဟအ လှူဒါယကာ. . တဲ့၊ ဒါ အဖမ်းခံရတဲ့ အလှူဒါယကာ၊ နှောင်ကြိုးတန်းလန်း အလှူ့ဒါယကာ။

ဘယ်သူကဖမ်းတုန်းဆိုတော့ အဲဒီလူ့ဘဝ လူ့စည်းစိမ်ကြီးရတော့မှာပဲဟ၊ ရအုန်းမှာပဲဟ၊ ဒီထက်တိုးပြီးတော့ ဒို့ချမ်းသာတော့မှာပဲဟလို့-ဆိုတဲ့ အဲဒီ တဏှာ လောဘဓာတ်က၊ လူ့ဘဝလူ့စည်းစိမ်ကြီးနဲ့ဖမ်းပြီးတော့၊ တုပ်ထားပြီး တော့၊ ဝါ လူ့ဘဝလူ့စည်းစိမ်ဆိုတဲ့ ဒုက္ခသစ္စာတုန်းကြီးကို အဝိဇ္ဇာနဲ့အမှောင်

http://www.dhammadownload.com



ချထားပြီးတော့ အလျှုဒကာ အလျှုအမတွေကို တဏှာလောဘဓာတ်ကလေးက မျက်လှည့်ပြပြီးတော့ ဖမ်းထားပြီးတော့ လှူတဲ့သူ. . . တဲ့။

ဟာ-ဒီလိုမဟုတ်ပြန်ရင်၊ နတ်ပြည်ခြောက်ထပ်၊ တစ်ထပ်ထပ်တော့ သေချာတာပဲ၊ သေလို့ရှိရင်လည်း နတ်ပြည်ရောက်ရမှာ ဒီကုသိုလ်တွေပြုပြီးတော့ သေသွားလို့ရှိရင်တော့၊ ကျိန်းသေပေါက်ပဲ၊ နတ်ပြည်ရောက်မှာတော့ သေချာတယ်၊ နတ်စည်းစိမ်ခံစားရအုန်းမှာပဲလို့ဆိုတဲ့ အနေနဲ့၊ နတ်ဘဝနတ်စည်းစိမ်တောင့်တလှူရင်လည်း အဲဒါ ဂါဟအလှူဒါယကာ။ အဖမ်းခံရတဲ့ အလှူဒါယကာ၊ နှောင်ကြိုးတန်းလန်း အလှူဒါယကာ၊ ဘယ့်နယ့် နှောင်ကြိုးတန်းလန်းတွဲတာတုန်း၊ သုံးဆယ့်တစ်ဘုံဆိုတာ ထောင်ကြီး (၃၁)ဘုံဆိုတာလှောင်အိမ်ကြီး၊ ဒီသုံးဆယ်တစ်ဘုံ လှောင်အိမ်ကြီးအတွင်းမှာ ရှိနေတာက အကောင်းတစ်ခုမှမရှိဘူး၊ ထောင်ထဲမှာ အကောင်းတစ်ခုမှမရှိဘူး၊ များသောအားဖြင့် ထောင်ထဲဆိုတာ အနိုင်အထက်နှိပ်စက်ခံရမှာတွေနဲ့ အစားငတ်ငတ်၊အနေငတ်ငတ်၊အဝတ်ပြတ်ပြတ်၊ ဆင်းရဲဒုက္ခပေါင်းစုံနဲ့သာတွေ့ရမယ် ထောင်ထဲဆိုတာ။

ဒီတော့(၃၁)ဘုံဆိုတာ ထောင်ကြီးဘဲတဲ့၊ ဒီထဲမှာ၊ အိုခြင်းအမျိုးမျိုး၊ နာခြင်းအဖုံဖုံ၊ သေခြင်းအတန်တန်ဆိုတဲ့ ဘေးရန်တွေ၊ ဒီထဲမှာအပြည့်ရှိတယ်၊ ခြေချော်လက်ချော်ဆိုရင်၊ ဒီထက်ဆိုးဆိုးဝါးဝါး၊ အနိုင်အထက်နှိပ်စက်ခံရတဲ့ အပါယ်လေးဘုံရောက်သွားနိုင်သေးတယ်၊ ဘယ်လောက်စည်းစိမ်ကြီးတွေနဲ့ ကြီးကျယ်နေပါတယ်ဆိုတဲ့၊ နတ်မင်းကြီးတွေ၊ ဗြဟ္မာမင်းကြီးတွေဖြစ်စေ၊ အို၊ နာ၊ သေဆိုတဲ့ ထောင်တွင်းက ဒဏ်ကြီးတွေက ခံရမှာပဲ. . . . တဲ့၊ အဲဒီထောင်အတွင်းတင် ကိုယ်ကစိတ်ကညွတ်နေတာဖြစ်တော့ နတ်မင်းကြီးစည်းစိမ်၊ နတ်သမီးကြီးတွေစည်းစိမ်နဲ့၊ မိမိဒီကုသိုလ်ကြောင့် နတ်ဘုံဗိမာန်တွေမှာ ဘုံစဉ်စံပြီးတော့ ဒို့ခံစားရအုန်းမှာပဲ ခံစားရပါလို၏။ ခံစားရအုန်းမှာပဲလို့ဆိုတဲ့ အဲဒီ(၃၁)ဘုံတွင်းတည်းဟူသော နတ်ဘုံ နတ်ဗိမာန်စည်းစိမ်ဆိုတဲ့ နေရာကနေပြီးတော့ ကိုယ့်ကို တဏှာတည်းဟူသော သံယောဇဉ်ကြိုးနဲ့ ဖွဲ့ထားတာ. . တဲ့၊ နိဗ္ဗာန်ထိ အောင်ထွက်လို့ မရတဲ့ နှောင်ကြိုးတန်းလန်းကြီးနဲ့တူတဲ့ အလှူ. . . တဲ့။ ဒီအလှူက။

ဒီတော့ အကျဉ်းချုပ်ပြောလိုက်တော့ ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာ၊ လူ့ဘဝလူ့စည်းစိမ်၊ နတ်ဘဝနတ်စည်းစိမ်၊ ဗြဟ္မာဘဝဗြဟ္မာစည်းစိမ်၊ ရိပ်ငြိမ်းချမ်းသာတွေ တောင့်တပြီးတော့လှူသမျှ၊ ဒီလိုမဟုတ် ခုနကလို အချီးမွမ်းခံ

http://www.dhammadownload.com



ချင်လို့လှူသမျှ သို့မဟုတ် ကဲ့ရဲ့မှာကြောက်လို့ ပစ္စည်းတွေပေါနေလို့ ဘာမှလှူဖော်တန်းဖော်မရဘူး၊ လှူရတန်းရမှန်းတောင်မသိဘူးလို့ ဒီလိုကဲ့ရဲ့မှာကြောက်လို့ ဒီလိုပြုပါတယ်ဆိုရင်လည်းပဲ၊ အဲဒါနှောင်ကြိုး အတည်းခံရတဲ့၊ အဖမ်းခံရတဲ့ အလှူ့ဒါယကာ. . . တဲ့ ဘုရားက၊ ဒီတော့ သူက မကောင်းဘူးပေါ့။

တစ်ခါ တပည့်တော်တို့ အလှူခံပုဂ္ဂိုလ်ဘက်ကလည်းပဲ အလှူခံရင်းနဲ့ အာ- မြင်းခြံက ဒကာမကြီးဒေါ်ချုတို့ ဦးဖေမောင်မြင့်တို့ မိသားစုကလာပြီးတော့ ဆွမ်းကျွေးတယ်၊ သူတို့ဆိုတာ မြင်းခြံမှာ အဆင့်အတန်းနဲ့၊ ဒကာတွေ ဒကာမတွေအိမ်မှာ ငါအသိဖွဲ့ထားလိုက်အုန်းမှ၊ ဒီလိုလာကျွေးတဲ့အခိုက်၊ ငါမိတ်ဖွဲ့ထားလိုက်ရင်၊ သူတို့ဆီသွားရင်တော့၊ သူတို့က ငါ့ကိုစုပြီးတော့လှူလိမ့်မယ်၊ တန်းလိမ့်မယ်၊ ဒီလိုမိတ်ဖွဲ့ချင်တဲ့ မိတ္တဝလ္လဘ လောဘ-သူတို့နဲ့ သိကျွမ်းချင်တဲ့၊ ဂဏာသင်္ဂဏိကာရာမခေါ်တဲ့ အပေါင်းအဖော်နဲ့ မွေ့လျော်မှုဆိုတဲ့ လောဘ။ ဒီစိတ်တွေနဲ့ အလှူခံခဲ့ရင်တဲ့၊ အဲဒါ အလှူခံပုဂ္ဂိုလ်ဘက်ကလည်း အဖမ်းခံရတာပဲ. . . တဲ့၊ အဖမ်းခံရတာ-ပဲ။

အမှန်ကတော့ သူ့ဆွမ်းစားပြီးတော့၊ တပည့်တော်တို့ ကိုယ့်အတွက်၊ မဂ်ဖိုလ်, နိဗ္ဗာန်ကိုရအောင်ယူရမှာ၊ မြတ်စွာဘုရား စီမံထားခဲ့တာက သူများအထောက်အပံ့ခံပြီးတော့ ကိုယ့်အတွက် အမြတ်ထုတ်ယူရတဲ့နည်းကို မြတ်စွာဘုရားက စီမံထားခဲ့တာ၊ စားရိတ်ငြိမ်း ကိုယ့်အတွက် အမြတ်ထုတ်ယူရမယ့်နည်း၊ ဒီတော့ အခု အလှူ့ဒါယကာ အလှူ့ဒကာမတွေအပေါ် သွားပြီးတော့၊ အာ-သူတို့အဆင့်အတန်းနဲ့နေမှာပဲ၊ သူတို့တော့မိတ်ဖွဲ့ထားအုန်းမှပဲ၊ ဒါ-မန္တလေးက ဒကာကြီး ပွဲစားကြီး ဦးကံအေးဆိုတာတော့၊ ပွဲစားကြီးဆိုတော့၊ ဒို့တော့ မိတ်ဖွဲ့ထားအုန်းမှ ဒါမှအကြောင်းရှိ၊ နောက်- ငါ့ပင့်မှာနဲ့၊ ဒီလိုစိတ်တွေနဲ့၊ သူတို့ကို မိတ်ဆွေဖွဲ့ခြင်း၊ အာ-မန်ကျည်းကိုးပင်ရွာက ဒကာဒကာမတွေလည်း ဖွဲ့ထားအုန်းမှပဲ ဆိုပြီးတော့၊ မိတ်ဆွေဖွဲ့ချင်, သိချင်, ကျွမ်းချင် ခင်စေချင် မင်စေချင်တဲ့စိတ်နဲ့ အလှူခံလို့ရှိရင် အဲဒါ ဂါဟကအလှူခံ. . . တဲ့၊ တဏှာလောဘ နှောင်ဖွဲ့ခံနေရတဲ့ အလှူခံ။

ဒီလိုမဟုတ်ပြန်ရင်လည်းပဲ သူတို့လှူလိုက်တဲ့၊ မနက်ကစားရတာတယ်ကောင်း၊ ပဲတီချဉ်လေးကလည်း တယ်ကောင်း၊ ငါးခြောက်ကျော်လေးကလည်း တယ်ကောင်း၊ အရသာရှိလိုက်တာ၊ ကောင်းလိုက်တာ ကောင်းလိုက်တာဆိုပြီးတော့ ဒီလို၊ သူတို့ လှူတဲ့တန်းတဲ့ ဒါနဝတ္ထုပစ္စည်းစုပေါ်မှာ ကိုယ်ကတဏှာလောဘကြီးနဲ့၊ တဏှာလောဘ သံယောဇဉ်တွေနဲ့စားလို့၊ သူတို့လှူလိုက်တာက

http://www.dhammadownload.com



လွတ်လွတ်လျှလိုက်တာ၊ ကိုယ်ကအဲဒီပေါ်မှာသွားပြီးတော့ သံယောဇဉ်ကြိုးနဲ့ တွယ်တာပြီးတော့၊ တဏှာစာတ်တွေနဲ့၊ ကောင်းလိုက်တာ ကောင်းလိုက်တာဆို ပြီးတော့၊ စားနေရင်၊ နေ့လယ်မှာလောင်းမယ့် လှူမယ့်ဆွမ်းတွေ ဟင်းတွေကို ကောင်းလိုက်တာ ကောင်းလိုက်တာနဲ့ဆိုပြီး စားကြတယ်ဆိုရင်၊ အဲဒါ အလှူခံ ဘက်က အဖမ်းခံသောအလှူခံ. . . တဲ့၊ တဏှာလောဘဆိုတဲ့ ကောင်းလိုက် တာ ကောင်းလိုက်တာ၊ အရသာရှိလိုက်တာဆိုတာ အရသာတွေပေါ်မှာ တွယ် တာသွားတဲ့ ရသတဏှာလို့ခေါ်တယ်။

အဲဒီ ရသာတဏှာဟာလေ (၃၁)ဘုံထဲက မထွက်နိုင်အောင်ဆွဲထားတဲ့ ကြိုးဆိုင်းတစ်ဆိုင်းပဲတဲ့၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုသွားမယ်ဆိုရင် တင်းနေအောင်ဆွဲ ထားတဲ့ ကြိုးတစ်ကြိုးပဲ သူက၊ ဒါကြောင့် တပည့်တော်တို့ အလှူခံပုဂ္ဂိုလ်တွေ ဘက်ကလည်းပဲ အဲဒီလို၊ သူတို့နဲ့သိချင် မိတ်ဖွဲ့ချင် အကျွမ်းဝင်ချင်၊ သို့မဟုတ်- သူတို့လှူတဲ့အာဟာရကို မြိန်ရေ ရှက်ရေ တစ်ခါတည်း ပစ္စဝေက္ခဏာ မဆင်ခြင် ဘဲနဲ့၊ အင်း-ဒီအာဟာရကိုဖြင့်၊ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ရာ၊ ငါပရိယတ် ပဋိပတ်လုပ် ငန်း အားထုတ်နိုင်အောင်စားပါတယ်လို့၊ ဒီလိုမဆင်ခြင်ဘဲနဲ့ သာယာမက် မောစွာနဲ့ စားမိရင်၊ အဲဒါ အဖမ်းခံအလှူခံပဲ. . . တဲ့၊ အဖမ်းခံအလှူခံ။

တစ်ခါ ဒုတိယအစုံကျတော့ ဂါဟမုတ္တက-အလှူပေးပုဂ္ဂိုလ်ဘက်က ဒါယကာတွေဘက်က၊ ခုနကလို-အဖမ်းခံရပြီးတော့၊ အလှူခံပုဂ္ဂိုလ်ဘက်ကျ တော့၊ ပစ္စဝေက္ခဏာဆင်ခြင်ပြီးတော့ ဘုဉ်းပေးတယ်၊ သူတို့ကို မိတ်ဆွေဖြစ် ဘာဖြစ်ဆိုတာတွေ စိတ်မထားပဲနဲ့၊ ဆွမ်းခံနေတုန်းကလည်းပဲ တန်းပြီးတော့ ဆွမ်းခံနေရင်းနဲ့၊ ဆွမ်း, ဒကာ ဆွမ်း အမတွေ၊ ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ. . . မနေ့ညနေလိုကတည်းကလည်း၊ တရားထိုင်တဲ့အချိန် ထဲကလည်း၊ ဆွမ်းကျွေးရောက်နေတယ်လို့ ပြောတာကြားတယ်. . .၊ မြင်းခြံ က ဆွမ်းကျွေးရောက်နေကြတယ်၊ ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာကြပါ စေ. . . ကျန်းမာချမ်းသာကြပါစေ။

မနက်စောစော အိပ်ရာထတော့လည်း၊ ဆွမ်းဒကာ ဆွမ်းအမတွေ ကျန်းမာ ချမ်းသာကြပါစေ၊ သိမ်ထပ်မယ့်ဒကာကြီး ဦးကံအေးတို့ မိသားစုတစ် တွေ၊ မန်ကျည်းကိုးပင်ရွာက အဝေးကလာပြီးတော့ကျွေးရတဲ့ ဒကာ ဒကာမ တွေ၊ ဘေးရန်ကင်းကွာ, ကျန်းမာချမ်းသာကြပါစေ. . . လို့၊ မနေ့ညက တရားထိုင်တုန်းကရော၊ မနက်စောစော တရားထိုင်တော့ရော၊ ဟာ ဒီနောက်- နောက်ဆုံးဆွမ်း လောင်းတဲ့အချိန်ထိ၊ တန်းပြီးတော့ နေရင်းနဲ့ကိုပဲ၊ သူတို့ကြည်

http://www.dhammadownload.com



ပြီးတော့၊ အာရုံပြုပြီးတော့ ကျန်းမာကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရရာအကြောင်း ဒါနသီလအစရှိတဲ့ ပါရမီကောင်းမှုတွေကို ဖြည့်ကျင့်နိုင်ကြပါစေ. . . ကြိုးပမ်းနိုင်ကြပါစေလို့၊ မေတ္တာဓာတ်က လေးလွှတ်နေပြီးတော့၊ အလှူခံလို့ရှိရင် အဲဒါတပည့်တော်တို့က၊ သူတို့စရိတ်စားပြီးတော့ ကိုယ့်ဘာကိုနိဗ္ဗာန်ကိုပြေးတာမို့လို့၊ အဲဒါ ဘာတဏှာသံယောဇဉ်ကြိုးမှမဖွဲ့၊ ဘာဒေါသခေါ်တဲ့ ပဋိဃသံယောဇဉ်ကြိုးမှလည်းမဖွဲ့၊ အဲဒါလွတ်မြောက်သော အလှူခံ. . . တဲ့။

ဒီလိုသာမဟုတ်ရင်တော့ ခုနကပြောခဲ့တဲ့အတိုင်းပဲ၊ မိတ်ဖွဲ့ခြင်း၊ ကောင်းလိုက်တာ၊ ကောင်းလိုက်တာ၊ ဟင်းကောင်းပြန်တော့လည်းကောင်းလို့၊ မကောင်းတော့လည်း မကောင်းဘူးဆိုရင် ဒေါသပဋိဃသံယောဇဉ်။ အဲဒီလို မဖြစ်စေဘဲနဲ့ ၊ မေတ္တာပို့ပြီးတော့ စားတဲ့အခါကျတော့လည်း၊ ပစ္စဝေက္ခဏာ ဆင်ခြင်ပြီးတော့၊ ဒီဆွမ်းဒီအဟာရတို့ကို သုံးဆောင်ပြီးတော့၊ ဒီနေ့ပရိယတ်၊ ပဋိပတ် လုပ်ငန်းကြိုးပမ်းအားထုတ်ပြီးတော့၊ သာသနာ့ဝန်ထမ်းနိုင်အောင် စားပါတယ်လို့ဆိုရင် အဲဒါတပည့်တော်တို့အတွက် မုတ္တအလှူခံပဲ။

တစ်ခါတတိယကျတော့ မုတ္တဂါဟက-အလှူပေးဘက်က ကျွတ်လွတ်တဲ့စိတ်နဲ့လှူပြီးတော့ အလှူခံဘက်က ဂါဟ-အဖမ်းခံရတာပဲ၊ နောက်ဆုံးစတုတ္ထအစုံက အကောင်းဆုံးပဲ နောက်ဆုံးစတုတ္ထအစုံကျတော့ အလှူပေးပုဂ္ဂိုလ်ဘက်ကလည်းပဲ မုတ္တ ကျွတ်လွတ်တဲ့၊ အနှောင်အဖွဲ့မခံရတဲ့ အဖမ်းမခံရတဲ့ အလှူပေးပုဂ္ဂိုလ်၊ အလှူခံပုဂ္ဂိုလ် ဘက်ကလည်းပဲ မုတ္တက-ကျွတ်လွတ်တဲ့၊ နှောင်အဖွဲ့မခံရတဲ့ အလှူခံပုဂ္ဂိုလ်၊ ဒီလိုဖြစ်စေရမယ်၊ ဒီတော့ ယနေ့ဆွမ်းဒကာ ဆွမ်းအမများ၊ ရဟန်းဒကာ ရဟန်းအမများ၊ မနက်ဆွမ်းနေ့ဆွမ်း ဒကာဒကာမများအားလုံးက ဒို့မုတ္တ အလှူပေးပုဂ္ဂိုလ်တွေဖြစ်အောင် ဒို့ကြိုးစားမယ်၊ အနှောင်အဖွဲ့မခံရတဲ့၊ တဏှာလောဘ သံယောဇဉ် ဓာတ်တွေနဲ့ အနှောင်ဖွဲ့မခံရတဲ့သူတွေဖြစ်အောင် ဒို့ကြိုးစားမယ်. . . . လို့။

ဘယ်လိုကြိုးစားရမှာတုန်းဆိုတော့တဲ့၊ ဒို့ဆွမ်းကို ဘုန်းပေးပြီးတော့၊ ဒီနေ့ ဒို့သံဃာတော်(၄၀၀)ကျော်တို့ လေးရာနှစ်ဆယ်လောက်ဟာ၊ ဒို့ရဲ့ဆွမ်းတွေ ခဲဖွယ် ဘောဇဉ်တွေ ဘုဉ်းပေးပြီးတော့၊ ဒီနေ့ပရိယတ်၊ ပဋိပတ်လုပ်ငန်းတွေကို ကြိုးစားနိုင်ပါစေ ဒို့ ဆွမ်းတွေဟာ-ဒီနေ့ သံဃာတော်တွေ ပရိယတ်၊ ပဋိပတ်လုပ်ငန်း၊ ကြိုးပမ်းအားထုတ်တဲ့ နေရာမှာ၊ ဒို့ဆွမ်းဒို့ဟင်း၊ ဒို့ခဲဖွယ်ဘောဇဉ်တွေဟာ အထောက်ပံ့ဖြစ်လိမ့်မယ်၊ ဤသို့ ပြုလုပ်ခြင်းဖြင့် ဗုဒ္ဓမြတ်စွာ

F- 14

http://www.dhammadownload.com



သာသနာတော်ကြီးကို ဒို့ပူဇော်ပါတယ်၊ မြတ်စွာဘုရား သာသနာတော်ဆိုတဲ့ အဆုံးအမတော်တွေကို ထမ်းရွက်နေကြတဲ့ ဒီဂန္ဓာရုံတိုက်ကနေပြီးတော့ ထမ်းရွက်နေကြတဲ့ သံဃာတော်(၄၇၀)တို့အား၊ ဒီနေ့ တစ်နေ့တာအတွက် အနည်းဆုံး ဒို့ထောက်ပံ့လိုက်တဲ့၊ ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာတို့ကို ဘုန်းပေးပြီးတော့ ပရိယတ်ဉာဏ် ပဋိပတ်ဉာဏ်တွေ ပွင့်ပါစေ. . ။ ကြိုးပမ်းနိုင် ပါစေ. . ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနဲ့ ကြိုးပမ်းနိုင်ပါစေ။

အဲဒီ ပရိယတ်ဉာဏ်, ပဋိပတ်ဉာဏ်တွေပွင့်သမျှသည်၊ ငါတို့ရဲ့ ဆွမ်းအာဟာရ ခဲဖွယ်ဘောဇဉ်ဆိုတဲ့ ဥပနိဿယပစ္စည်း အကြောင်းအထောက်အပံ့နဲ့ ဖြစ်တဲ့ ဉာဏ်ဓာတ်၊ အဲဒီသံဃာတော်တွေ ပရိယတ်ဉာဏ်ဓာတ်၊ ပဋိပတ်ဉာဏ်ဓာတ်တွေရကြသလို၊ ငါတို့ မှာလည်းပဲ၊ ဒီဆွမ်းကိုလှူဒါန်းရခြင်းကြောင့် အဲဒီ သံဃာတော်တွေမှာရတဲ့ ဉာဏ်ဓာတ်မျိုးတွေရပါရစေ၊ အဲဒီသံဃာတော်တွေမှာ၊ ခန္ဓာမှာပွင့်မယ့် ဉာဏ်ဓာတ်မျိုးတွေရပါရစေ။ မြင်ပါရစေ. . . လို့၊ ဟော- ဒီလိုဆုတောင်းရမယ်တဲ့ ဆုတောင်းတဲ့အခါ၊ အဲဒါ ရှေးသူတော်ကောင်းတွေ ဆုတောင်းပြီဆိုရင်၊ တစ်ခုခုလှူပြီးဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်၊ သူတို့ဘယ့်နဲ့ဆုတောင်းတတ်တုန်း၊

**တုမှာကံ ဒိဋ္ဌိဓမ္မဿေဝ ဘာဂီ အဿ။**

တုမှာကံ-အရှင်ဘုရားတို့၏၊ ဒိဋ္ဌိဓမ္မဿေဝ-မြင်အပ်သော, တရား၏ သာလျှင်မှာ ဒိဋ္ဌိဓမ္မဿေဝ-ထိုးထွင်းသိမြင်အပ်သော, တရား၏သာလျှင်၊ ဘာဂီ- အဖိုးရှိသူသည်၊ အဿ-ဖြစ်ရပါလို၏။

ဟော-ရှေးသူတော်ကောင်းတွေရဲ့ ဆုတောင်း၊ နတ်ပြည်ရောက်ရပါလို၏၊ လူ့စည်းစိမ်ရရပါလို၏ဆိုတာတွေ တစ်ခုမှမပါဘူး၊ အရှင်ဘုရားများ သိတော်မူတဲ့တရားထူးကို တပည့်တော်သိပါရစေ. . . ၊ အရှင်ဘုရားများ မြင်တဲ့ တရားထူးမြင်ပါရစေ၊ အရှင်ဘုရားများသန္တာန်မှာဖြစ်နေတဲ့ ပရိယတ်ဉာဏ်၊ ပဋိပတ်ဉာဏ်ဓာတ်မျိုးတွေ၊ တပည့်တော်တို့ သန္တာန်မှာ၊ ဤဆွမ်းကို လှူဒါန်းရခြင်းကြောင့်၊ ဤခဲဖွယ်ဘောဇဉ်တို့ကို လှူဒါန်းရခြင်းကြောင့် တပည့်တော်တို့မှာ၊ အဲဒီဉာဏ်ဓာတ်မျိုးရပါရစေ၊ အဲဒီဉာဏ်ဓာတ်မျိုးတွေ တပည့်တော်တို့ သန္တာန်မှာ ပွင့်ပါရစေ. . . လို့ ဒီလိုဆုတောင်းလှူကြတာ။

ရှေးအခါက ရဟန်းတော်(၆)ကျိပ်လောက် ဒေသစာရီလှည့်ပြီးတော့ သွားကြတော့၊ တစ်နေရာ ရွာကြီးတစ်ရွာရောက်တော့၊ ဒကာမကြီးတစ်ယောက်က ထွက်ပြီးတော့ပင့်တယ်၊ "အရှင်ဘုရားများဘယ်ကြွကြွမှာတုန်း၊"

http://www.dhammadownload.com



"ဝါဆိုဖို့ရာအတွက် သင့်လျော်တဲ့နေရာ ရှာကြတာပဲ ဒကာမကြီး" "ဒီလိုဆို ဘုရားတပည့်တော်တို့ရွာက တပည့်တော်တို့ဒီမှာ၊ ပြုစုပါ့မယ်၊ အရှင်ဘုရားများ ဒီရွာမှာ သီတင်းသုံးမယ်ဆိုရင်၊" ဒါနဲ့ ရဟန်းတော်တွေကလည်းပဲ၊ နေရာထိုင် ခင်းသပ္ပါယဖြစ်မယ့် နေရာလည်းဖြစ်မယ်၊ ဆွမ်းလည်းမခဲရင်းဘူးဆိုရင် တရား အားထုတ်ဖို့ဆိုပြီးတော့၊ နေရာကောင်းရှာနေကြတာ၊ လျှောက်ပတ်တဲ့နေရာရှာ နေတာဖြစ်တော့ လက်ခံလိုက်ကြတယ်။

လက်ခံပြီးတော့ အဲဒီဒကာမကြီးကပဲ ဆွမ်းပြုစုတယ်၊ ဒကာမကြီးက ဦးဆောင်ပြီးတော့ သူတို့ရွာက ဒကာဒကာမတွေက ဆွမ်းပြုစုကြတယ်၊ ဆွမ်းပြု စုကြတော့၊ ရဟန်းတော်တွေက တရားအားထုတ်ဖို့လာကြတာဖြစ်တော့၊ အဲဒါ ဒကာမကြီးဆီ နေ့စဉ်ဆွမ်းခံဝင်ကြ ရွာထဲ၊ ဒကာမကြီးက လိုတာတွေထောက်ပံ့ ပြီးနေတယ်၊ ထောက်ပံ့နေတော့၊ သူ့စိတ်ထဲမှာ သူ့သားတွေလိုပဲ သူကသတ်မှတ် ထားတယ် ရဟန်းတွေကို သားရဟန်းတွေ သာသနာ့အလုပ် အားထုတ်နိုင်ကြ ပါစေ၊ သာသနာ့ဝန်ကို ပိုပြီးတော့ ထမ်းနိုင်ကြပါစေဆိုပြီးတော့ သူက အမြဲ တမ်းကြည့်တယ်၊ လိုအပ်တဲ့ ဆွမ်းသက်နှ်း အစရှိတဲ့ ပစ္စည်းတွေနဲ့ ထောက်ပံ့ပြီး တော့နေတယ်။

ဒီလိုနဲ့ ရဟန်းတွေကလည်း တရားအားထုတ်တာဆိုတော့၊ အဲဒီရွာရဲ့ အနီးက တောအုပ်ထဲမှာ နေကြတာဖြစ်တော့၊ အသီးသီးသူတို့ ကတိကဝတ် ပြုထားကြတယ်၊ "ဒို့-တရားအားထုတ်ဖို့လာကြတာ၊ မြတ်စွာဘုရားကိုညာ လို့မရဘူး၊ လိမ်လို့မရဘူး၊ ဒီတော့ ဒို့အတွက်လည်းပဲ ခုစရိတ်ငြိမ်း၊ ကြည့်ပါ အုန်း၊ သူများစရိတ်နဲ့၊ သူများစရိတ်စား၊ သူများအဝတ်ဝတ်၊ သူများပေးတဲ့နေ ရာမှာနေပြီးတော့၊ ကိုယ့်အတွက်ကိုယ်က စိုက်ထုတ်ပြီးတော့ တစ်ခုမှမကုန် ရဘဲနဲ့၊ ဒို့အတွက် မဂ်ဖိုလ်နိဗ္ဗာန်ရအောင် အားထုတ်ရမှာဖြစ်တော့။ ငါ့ရှင်တို့ မပေါ့ကြနဲ့"လို့မထေရ်ကြီးက သတိပေးပြီးတော့ အသီးသီးကိုယ့် နေရာနဲ့ကိုယ် နဲ့၊ တရားအားထုတ်တဲ့ နေရာလေးတွေ သတ်မှတ်ထားပြီးတော့ နေကြတယ်။

တစ်ပါးနဲ့တစ်ပါး စကားစုမပြောကြစတမ်း၊ ဆွမ်းခံတဲ့အချိန် မထေရ် ကြီးကို အလုပ်ကျွေးဆည်းကပ်တဲ့အချိန်ကလွဲလို့ မစုကြစတမ်း၊ အကယ်၍ နေမကောင်းထိုင်မသာရှိလို့ရှိရင်၊ ဟောဒီမှာ ကျောင်းအလယ်ခေါင်မှာ တုံး လေးတစ်တုံးဆွဲထားမယ်၊ အရေးတစ်ခု၊ အကြောင်းတစ်ခုပေါ်လို့ စုစေ ချင်ရင်၊ စုချင်တဲ့ရဟန်းတော်က ဟောဒီတုံးကလေးကို ခေါက်လိုက်၊ အဲဒီကျတော့ လာပြီးတော့ စုကြမယ်ဆိုပြီးတော့ အဲဒီလိုတရားအားထုတ်လိုက်ကြတာ၊

http://www.dhammadownload.com



ဝါလယ်လောက်ရောက်တော့၊ ဒကာမကြီးက ဩ. . . သားရဟန်းတွေ တရားအားထုတ်နေကြတာ၊ တစ်ခါလောက်တော့ သွားဖူးအုန်းမှပဲ ကျောင်းကိုမရောက်ဖြစ်ဘူး၊ အိမ်ကနေပြီးတော့ပဲ ချက်ပြုတ်ပို့နေရတယ်။ သွားကြည့်အုန်းမှပဲဆိုပြီးတော့ သူ့သားတို့သမီးတို့လည်းပါမှာပေါ့လေ၊ အဖော်မိတ်ဆွေ သုံးလေး၊ငါးယောက်နဲ့ သူ့သားတွေရှိတဲ့ကျောင်းလာတယ်။

လာတော့ကျောင်းကို ငြိမ်. . . လို့၊ ကိုယ့်တရားကို အားထုတ်နေကြတာကိုး၊ မမြင်တော့ ငါသားတော်တွေ ဘယ်သွားကုန်ကြတာပါလိမ့်မတုန်း၊ ရဟန်းတော်တွေလည်းမတွေ့ပါလား၊ ဒါနဲ့ နောက်ကပါတဲ့ နည်းနည်းနားလည်ပါးလည်း ဒကာက "ဟော အမေကြီးရဲ့ တွေ့ချင်လို့ရှိရင် ဟို. . . တုံးလေးခေါက်လိုက်ရတယ်၊ သံဃာတော်တွေက သူ့နေရာနဲ့သူနေကြတာ၊ စုနေတာမဟုတ်ဘူး၊ တုံးလေးခေါက်လိုက်ရင် လာပါလိမ့်မယ်၊" ကဲ-ဒါဖြင့် တုံးခေါက်ခေါက်ပါအုန်းဆိုတော့ -တုံးလေးခေါက်လိုက်၊ ခေါက်လိုက်တော့ ရဟန်းတော်တွေက အော်. . . တုံးခေါက်သံကြားတယ်ဆိုပြီးတော့ မိမိအားထုတ် နေကျကမ္မဋ္ဌာန်းကို ခဏလွှတ်ထားခဲ့ပြီးတော့ နေရာထိုင်အခင်းလေးတွေခေါက်၊ ပခုံးပေါ်တင်ပြီးတော့ အသီးသီးကိုယ့်နေရာ တရားအားထုတ်ရာကနေပြီးတော့ စင်္ကြန်ရွေချပြီးတော့ တစ်ပါးချင်းထွက်လာကြတာ၊ ဟိုကတစ်ပါးထွက်လာ၊ ဒီကတစ်ပါးထွက်လာ၊ ဒကာမကြီးက အကဲခတ်နေတယ်။

အင်း . . . တောင်ကတစ်ပါးထွက်လာ၊ မြောက်ဘက်က တစ်ပါးထွက်လာ၊ လာကြတာကလည်း ခေါင်းလေးတွေ ငိုက်စိုက်ငိုက်စိုက်နဲ့ စကားလည်းတယ်မပြောကြဘူး၊ ဧကန္တ ငါ့သားတွေတော့ တစ်ယောက်နဲ့ တစ်ယောက်မတည့်ကြဘူးနဲ့တူရဲ့၊ ရန်ဖြစ်ထားကြပြီနဲ့တူတယ်၊ သူတို့ကြည့်ရတာ ညီညွတ်တဲ့လက္ခဏာမရှိဘူး၊ ဧကန္တ တစ်ပါးနဲ့တစ်ပါးမတည့်ကြဘူးထင်တယ် . . . လို့ဆိုပြီးတော့ အနားရောက်လာတော့ "မောင်ပဉ္ဇင်းတို့ . . . နေစမ်းပါအုန်း၊ အခု မောင်ပဉ္ဇင်းတို့ တစ်ပါးနဲ့တစ်ပါး တည့်ကြရဲ့လား၊ စကားများ များထားကြသလား၊" "မများပါဘူးဒကာမကြီး၊ ဘာဖြစ်လို့တုန်း၊" "လာကြတာက ဟိုကတစ်ပါး ဒီကတစ်ပါး၊ စုစုဝေးဝေးနဲ့ တစ်ပါးနှစ်ပါးတွဲပြီးတော့လာတာလည်းရှိဘူး၊ မျက်နှာတွေကြည့်ရတာကလည်းပဲ၊ ညီညွတ်တဲ့ လက္ခဏာ၊ တစ်ပါးနဲ့တစ်ပါး ရင်းနှီးတဲ့လက္ခဏာမျိုးလည်းမဟုတ်ဘူး . . . ကြည့်ရတာက၊ အင်း. . ပြီးတော့ နေကြတာကလည်း တစ်ပါးစီတစ်ပါးစီ နေကြတာပါလား။"

"အော်- ဒကာမကြီး တရားအားထုတ်တာ တရားအားထုတ်ဖို့ဆိုတာဒီလိုဒီလို နေမှဖြစ်တယ်၊ ဘယ်သူမှ မညီမညွတ် မရှိပါဘူး၊ အားလုံးညီညီညွတ်

http://www.dhammadownload.com



ညွှတ်ပဲ၊ ဉူးဇင်းတို့တစ်တွေ အာလုံးတရားအလုပ် အားထုတ်ဖို့ဆိုပြီးတော့ တစ်ပါးစီ တစ်ပါးစီ နေကြလို့ပါ၊ တရားအားထုတ်နေကြတာ"၊" အော် . . . တရား အားထုတ်တာလား . . . ၊ တရား အားထုတ်တာလား၊ နေပါအုန်း . . သားတို့ အားထုတ်တဲ့တရားက သားတို့ပဲ အားထုတ်ကောင်းသလား. . မယ်တော်ကြီးများကော အားမထုတ်ကောင်းဘူးလား . . . "၊" အာ- ဒကာမကြီးနှယ် ဘယ့်နယ့်ပြောပါလိမ့်မတုန်း၊ မြတ်စွာဘုရား တရားဆိုတာ ဘယ်သူ့မှ အဆီးအတားမရှိဘူး၊ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ ရဟန်းဖြစ်ဖြစ်၊ ကိုရင်ဖြစ်ဖြစ် ဘယ်သူ့မှမတားပါဘူး၊ ဒကာမကြီး၊ အားထုတ်ကောင်းပါ တယ်. . . ။ အားထုတ်ကောင်းပါတယ်။"

"အင်း-ဒီလိုဆိုရင် တပည့်တော်လည်း အားထုတ်ရအောင် ပြောကြပါအုန်း၊ တရားပေးကြပါအုန်း"၊" တရားပေးရမယ်ဆို၊ ဒကာမကြီး ဘာမှ မခက်ပါဘူး၊ ထိုင်ပါ ဘုန်းကြီးပြောလိုက်ပါ့မယ်"ဆိုပြီးတော့၊ အဲဒီမထေရ်ကြီးက ပေးတယ်(၃၂)ကောဋ္ဌာသ ထဲက တစ္စပဉ္စကကမ္မဋ္ဌာန်း ပေးလိုက်တာပဲ၊ ဒကာမကြီး-ပထမဆုံးမိမိကိုယ် မိမိစိုက် ပြီးတော့ပေါ့လေ ဟို. . . ဆိတ်ငြိမ်တဲ့ နေရာလေးမှာ ချဉ်းကပ်ဒကာမကြီး၊ ကိုယ့်အိမ်မှာပဲဖြစ်ဖြစ်၊ ဆိတ်ငြိမ်တဲ့ အခန်းလေး တစ်ခုဖွဲ့ထား၊ ဒါသုညာဂါရလို့ ခေါ်တယ်၊ ဆိတ်ငြိမ်ရာ အရပ်ကို ပထမဆုံးကပ်ရမယ်လို့ မြတ်စွာဘုရားဟောထားတာဖြစ်တော့ ဦးဇင်းတို့ ဆရာဘုရားက နည်းပေးထားတာဖြစ်တော့၊ ပထမဆုံးလေ ကိုယ့်အိမ်ကိုယ်ပင်ဖြစ်လင့်ကစား၊ ရိပ်သာတွေဘာတွေ မသွားနိုင်တောင်၊ ကိုယ့်အိမ်ကိုယ်၊ ကလေးတွေ ဘာတွေ ဆိတ်ငြိမ်တဲ့အချိန်၊ လူသံ ငှက်သံ ခွေးသံတိတ်ဆိတ်တဲ့ ညအခါ၊ တစ်ချိန်ချိန်သတ်မှတ်ပြီးတော့လေ. . ဒကာမကြီး အခန်းတစ်ခုထဲမှာ ထိုင်၊ အမျိုးသမီးများဆိုတော့ ဒကာမကြီးအဗုပလ္လင်လို့ခေါ်တယ်။

တရားထိုင်တဲ့အခါမှာ ထိုင်တာက မဟာပလ္လင်၊ အဗုပလ္လင်လို့ နှစ်မျိုးရှိတယ်၊ မဟာပလ္လင်ဆိုတာ ယောကျ်ားလေးတွေ တင်ပလ္လင်ခွေသလို ထိုင်တာ ဒကာမကြီးရဲ့၊အဗုပလ္လင် ဆိုတာကတော့ အမျိုးသမီးတွေ ဒူးတုပ်ထိုင်တာကို အဗုပလ္လင်ခွေတယ်လို့ ခေါ်နေတယ် တစ်ဝက်ကတင်ပလ္လင်ခွေတယ်၊ တစ်ဝက်က ဒူးတုပ်ထားတယ်ပေါ့၊ ဘယ်ဘက်က ဒူးတုပ် ထားတယ်၊ ညာဘက်က တင်ပလ္လင်ခွေတဲ့ အနေမျိုး၊ ဒါကြောင့် သူ့ကို အဗုပလ္လင်တဲ့ ထက်ဝက်တင် ပလ္လင်ခွေ၊ ထိုင်ပြီးတော့ ဒကာမကြီး. . . . ခါးလေးစန့်စန့်ထား၊ နံရိုးတွေမှာ ဟိုဘက်ကိုးချောင်း၊ ဒီဘက်ကိုးချောင်း၊ နံရိုးတစ်ဆယ့်ရှစ်ချောင်းရှိတယ်၊ အဲဒီ နံရိုးတွေ ကွေးကုန်းပြီးတော့ ထိုင်နေပြီဆိုရင်၊ အဲဒီနံရိုးတွေ အချင်းချင်း ထိခိုက်ပြီးတော့၊

http://www.dhammadownload.com


လေတွေ မလျှောက်ရ သွေးတွေ မလျှောက်ရနဲ့ ညောင်းလာတတ်တယ်။

ဒီတော့-ဒကာမကြီး၊ ခါးလေးစန့်ပြီးတော့ ထိုင်၊ ပြီးတော့ ဘယ်ဘက်က လက်ကလေးကို ပေါင်ပေါ်မှာ ပက်လက်လှန်ချပြီးတော့ ညာဘက်လက် ကလေးက အဲဒီပေါ်မှာ ပဲ ပက်လက်ထပ်ပြီးတော့၊ လက်မအချင်းချင်းထိထား၊ ဒကာမကြီးရဲ့ ၊ ထိထား. . . ပြီးတော့ ဒကာမကြီး ကိုယ့်ကိုယ်ကိုလေ၊ နှလုံး သွင်း၊ ငါ၏ကိုယ်မှာ ဆံပင်, မွေးညှင်း, ခြေသည်း လက်သည်း, သွား, အရေထူ, အရေပါး, သာရှိပါတကား၊ ဒကာမကြီး အဲဒါလေးမကြာ မကြာ နှလုံးသွင်းနေ။ ငါ၏ကိုယ်မှာ-ဆံပင်တို့သာရှိပါကုန်တကား. . . ဦးခေါင်းထက်နေ, တွက်ရေ များဖြင် ဆံပင်အစုတို့သည်သာလျှင် ငါ့သန္တာန်မှာ ရှိပါကုန်တကား၊ ကိုယ်လုံး ထက်အောက် အနှံ့ပေါက်သည့်, များပြောက်စွာသော မွေညှင်းတို့သာလျှင် ရှိပါကုန်သည်တကား. . . .၊ ခြေချောင်း, လက်ချောင်းတို့ရဲ့ အဖျားမှာတွယ် နေတဲ့ ခြေသည်း လက်သည်းနှစ်ဆယ်တို့သည်သာလျှင် ရှိပါကုန်သည်တကား၊ (၃၂)ချောင်းသွားအပေါင်း တို့သည်သာလျှင် ရှိပါကုန်သည်တကား၊ ခန္ဓာကိုယ် ပေါ်မှာ အုပ်ထားတဲ့ အရေထူ အရေပါးတို့သည်သာလျှင် ရှိပါကုန်သည် တကား။ ဒကာမကြီး-အဲဒီငါးခုပဲ ဒကာမကြီး နှလုံးသွင်းနေ၊ နှလုံးသွင်းနေ။

အဲဒါတွေ နှလုံးသွင်းလို့ တော်တော်လေး အရှိန်ရပြီဆိုတော့လေ- ဒကာမကြီး ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေထူ, အရေပါး သာရှိပါတကား ဆိုတာလေး နှလုံးသွင်းပါများ. . ./. တော့၊ ကိုယ့်ခန္ဓာပေါ်မှာ တွယ်တာတဲ့ လောဘဓာတ် ကလေး ဒကာမကြီးပျောက်သွားလိမ့်မယ် ပျောက်သွားလိမ့်မယ်၊ ငြိမ်းသွားလိမ့်မယ်၊ အဲဒီလို ပြုပါများလို့ သမာဓိရလာ တော့ တစ်ဆင့်တိုးပြီးတော့ ဒကာမကြီး

* **က္လမသ္မိံကာယေ က္လမေ ကေသာနာမ, ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘာ ဇေဂုစ္ဆာပဋိကူလာ။**

က္လမသ္မိံကာယေ-ဤခန္ဓာကိုယ်၌၊ က္လမေကေသာနာမ-ဤခေါင်းပေါ်က ဆံပင် တို့ဟူသည်၊ ဝဏ္ဏတောပိ-အဆင်းအားဖြင့်လည်းကောင်း၊ ဂန္ဓတောပိ- အနံ့အားဖြင့်လည်းကောင်း ။သဏ္ဌာနတောပိ-ပုံသဏ္ဌာန်အားဖြင့် လည်း

---

*.ကေသာစ နာမေတေ ဝဏ္ဏတောပိ ပဋိကူလာ၊ သဏ္ဌာနတောပိ၊ ဂန္ဓတောပိ၊ အာသယတောပိ၊ ဩကာသတောပိ ပဋိကူလာ။ (အဘိ-ဋ္ဌ-၂၊ ၂၂၂)

http://www.dhammadownload.com



ကောင်း၊ ဩကာသတောပိ-ပေါက် ရာအရပ်အားဖြင့်လည်းကောင်း။ အသုဘာ-မတင့်တယ်ကုန်၊ ဇေဂုစ္ဆာ-စက်ဆုပ်ဖွယ် ကောင်းကုန်၏။ ပဋိကူလာ-ရွံရှာဖွယ် ကောင်းကုန်၏. . . လို့ အဲဒီလို ဆံပင်ကို တဆင့်တိုး ပြီးတော့ ဒကာမကြီး တဆင့်တက်ခဲ့. . . တရားကို။

ခုနကတုန်းကတော့ ငါ့မှာဆံပင်တွေသာရှိပါတကား၊ အမွေးတွေသာ ရှိပါတကား၊ ဒါတင်သွားနေ၊ ဒါတင်ရှုနေ၊ အဲဒီလောက်သွားလို့ ၊နည်းနည်းလေး ဉာဏ်ရင့် လာပြီဆိုတော့၊ ငါ၏ကိုယ်မှာဆံပင်တို့သည် အဆင်းအားဖြင့်လည်း စက်ဆုပ်ဖွယ်ရာသာ ရှိပါကုန်တကား. . . ဆံပင်ကြည့်လိုက်ဒကာမကြီး. . ဆံပင်ဟာ သူ့ပင်ကိုယ်အဆင်းဆိုရင် နီကျင်ကျင် နက်ကြောင်ကြောင်ရယ် ဒကာမကြီး ဘာမှ သာယာစရာမရှိဘူး၊ သာယာဖွယ် အဖြစ်နဲ့ ဆီတွေဘာတွေ လိမ်းပြီးတော့ ဖြီးလိမ်းပြီးတော့ ပြုပြင်နေလို့ ဒကာမကြီးတို့ သာယာဖွယ် လောဘခေတ်တွေ အထပ်ထပ် တွယ်တာလျှက် ဖြစ်နေတာ၊ အဲဒီလောဘ ခေတ်ကို သတ်ပစ်လိုက်ရမယ်၊ အဲဒီမြောက်မျှားစွာ ဖြစ်နေတဲ့ လောဘခေတ် တွေကို ရှင်းပစ်လိုက်ရမှာ၊ ဒီကမ္မဋ္ဌာန်းနဲ့၊ ကမ္မဋ္ဌာန်းဘီးနဲ့ဖြီးပစ်လိုက်ရမှာ ဒကာမကြီး. . . ဒီတော့ ဆံပင်ကိုကြည့်ပါ၊ အဆင်းအားဖြင့် လည်းပဲ စက်ဆုပ်ဖွယ်ရာပါတကား။

အနံ့အားဖြင့်လည်း စက်ဆုပ်ဖွယ်ပါတကား ဟောဆံပင်နမ်းကြည့်ပါ ဒကာမကြီး ဆီမလိမ်းနဲ့ဘာမှ မလိမ်းဘဲနဲ့ ဆံပင်ချည်းသက်သက် နမ်းကြည့်၊ ညှီစို့စို့ အနံ့ကြီး၊ ဒါပကတိအနံ့၊ ပကတိအနံ့၊ မီးများလောင်လိုက်တဲ့အခါ အနံ့ ကသာဆိုးသေး၊ ဟော ဆံပင်ကလည်းပဲ၊ ဂန္ဓတောပိ-အနံ့အားဖြင့်လည်း။အ သုဘာ ဇေကုစ္ဆာ ပဋိကူလာ မတင့်တယ်ပါကုန်တကား၊ စက်ဆုပ်ဖွယ် သာလျှင် တကား၊ ရွံရှာဖွယ်သာလျှင်တကား. .လို့၊ အဲဒါလေးနှစ်လုံးသွင်း ဒကာမ ကြီး. . .။

အာသယတောပိ-သူ့ရဲပေါက်လာတဲ့နေရာ အနေနဲ့လည်းကြည့်ပါ အုန်းတဲ့၊ ဦးခေါင်းကြီးကထွက်လာတဲ့ ဦးခေါင်းရေပေါ်က ထွက်လာတာ၊ သူပေါက်လာတဲ့ နေရာ ကြည့်လိုက်တော့လည်း ဦးခေါင်းရေ၊ ဦးခေါင်းခွံ တွေကလည်းပဲ၊ အရေထူ အရေပါး အသွေးအသားတစ်ခုမှ. . . ကောင်းတာ မရှိဘူး၊ ညှီစို့စို့နေရာက ထွက်လာတာ၊ အစင်ပုံထဲက ပေါက်တဲ့မှို၊ ဘယ်သူမှ မစားချင်သလိုပဲ ဒကာမကြီး. . မစင်ပုံကပေါက်လာတဲ့ မှိုလိုပဲ၊ ဒီဆံပင်တွေ ဖြစ်လာဖို့ရာ သလိပ်, ပြည်, သွေး, ချွေး, ဆိုတဲ့ဆံပင်ဖြစ်တဲ့အကြောင်းအရင်း

http://www.dhammadownload.com


တွေ ကြည့်လိုက်ပြန်တော့လည်း၊ တစ်ခုမှ ကောင်းတာမရှိ၊ စက်ဆုပ်ရွံရှာစရာ၊

**ဧသော သုညာ အတ္တေနဝါ အတ္တနိယေနဝါ။**

ဧသော-ဆံပင်ဟုဆိုအပ်သော ပညတ်တင်ထားအပ်သော၊ ရုပ်အစုတို့သည်၊ အတ္တေနဝါ-အမာခံ အတ္တဆိုတဲ့ အကောင်အထည်ကလေးမှလည်းကောင်း၊ အတ္တနိယေနဝါ-ထိုအတ္တရဲ့ ဥစ္စာလို့ဆိုရတဲ့ ပစ္စည်းအဖြစ်မှလည်းကောင်း၊ သုညာ-မဟုတ်လုံးလုံးသုဉ်းကြပါကုန်သည်တကား. . . . ။

ဟောဆံပင်ကို လေတဲ့၊ ဝိပဿနာတင် ဒကာမကြီး၊ ခုနဟာက သမထတင်ရှိသေးတယ်၊ ခုဝိပဿနာရောက်လာပြီ၊ ဒီတော့-ဆံပင်ကို ၊ ဆံပင်တို့သည်၊ ဝါ-ဆံပင် လို့ ပညတ်တင်ထားအပ်တဲ့ ရုပ်အစုအဝေးတို့သည်၊ အတ္တလည်းမဟုတ်ပါကုန်၊ တကား. . . အတ္တဆိုတာ ခန္ဓာကိုယ်ထဲမှာ အမာကောင်ကလေး၊ အမာခံကလေး၊ ဒီလိုအတ္တဆိုတဲ့ အစွဲက။ အမာခံကလေး၊ ဒီအမာခံကလေးက ဒိပြင်လူတွေသာ ပျက်တာ၊ သူမပျက်ဘူးလို့စွဲတတ်ကြတယ်၊ အဲဒီအတ္တလည်း မဟုတ်ပါလားလို့ ဒီလိုရှုလိုက်ပါတဲ့၊ ပထမ။ အတ္တစွဲကြတာက အမျိုးမျိုးရှိတယ်၊ ရုပ်ကိုအတ္တစွဲတယ်၊ တစ်ချို့ကနာမ်ကိုအတ္တစွဲ တယ်၊ ဒီတော့ ရုပ်ကိုအတ္တစွဲတဲ့ ပုဂ္ဂိုလ်တွေ အတွက်က ဆံပင်ပေါ်မှာတွယ်တာတဲ့ အတ္တကို၊ မြတ်စွာဘုရားက ဖြုတ်ပေးတာ၊ ရူပံအတ္တတော သမနုပဿတိ။ ရူပံ-ရုပ်ကို၊ ရူပံ-ဆံပင်ဆိုတဲ့ ရုပ်ကို၊ အတ္တတော-အမာခံအတ္တကောင်လေးဟူ၍၊ သမနုပဿတိ-တစ်ချို့ကရှု၏။ တစ်ချို့ကတော့ဝေဒနာကို၊ တစ်ချို့ကသညာ၊ တစ်ချို့ကသင်္ခါရ၊ တစ်ချို့ကဝိညာဉ်၊ စိတ်ကို၊ အဲဒီလိုရုပ်ကို၊ တစ်ချို့ကစွဲတယ်၊ တစ်ချို့က နာမ်စွဲတယ်. . . တဲ့။ ဝါ-အမာခံအတ္တကလေးရှိနေတယ်လို့ထင်နေတယ်. . တဲ့၊ ဒီဆံပင်ကို။

ဒီတော့-အဲဒီလို အစွဲလေးပြုတ်သွားအောင်၊ ဆံပင်ဟာ အတ္တမဟုတ်ပါတကား၊. . ဒီလိုမဟုတ်လို့၊ ဆံပင်ကအတ္တမဟုတ်ဘူးလို့ဆိုရင်လည်း၊ တစ်ချို့က ဆံပင်ကို အတ္တနိယလို့စွဲပြန်တယ်၊ အတ္တနိယဆိုတာ- အတ္တရဲ့ ပစ္စည်းကို အတ္တနိယလို့ခေါ်တယ်၊ လူ့ရဲခန္ဓာကိုယ်ထဲမှာ၊ ဝမ်းထဲမှာ အတ္တကောင်လေးကရှိတယ်. . . တဲ့၊ စွဲတာစွဲတာ၊ အမှားစွဲ,စွဲတာ၊ အတ္တကောင်လေးရှိတယ်၊ ဗိုက်ထဲမှာ၊ အသဲနား အဆုပ်နား ကပ်နေတာ သူက၊ ဒီခန္ဓာကိုယ်ကြီးက သူ့အိမ်၊ သူ့အိမ်၊ အဲဒီအတ္တရဲအိမ်ကြီး၊ ဒီခန္ဓာကိုယ်ကြီးက၊ သူ့ပစ္စည်း။ ဟော-ခန္ဓာကိုယ်ကြီး အတ္တနိယသွားစွဲနေတာ။

ခန္ဓာကိုယ်ကြီးက သူ့ဘာသူဓာတ်လေးပါးနဲ့၊ သူ့ဘာသူ သူ့အကြောင်း

http://www.dhammadownload.com



ကြောင့်၊ အကျိုးဖြစ်ပြီးတော့၊ သူ့ဘာသူဖြစ်ပျက်၊ ရုပ်နာမ်ဓမ္မအစုအဝေးသာ ရှိတာ၊ ဒါသူက အတ္တရဲ့အိမ်ကြီးတဲ့ ဒီခန္ဓာကိုယ်ကြီးက အဲဒီအတ္တလေးက ဒီဘဝ ကသေပြီဆိုရင် ရွှတ်ဆိုထွက်သွားပြီးတော့၊ ဒီအိမ်ဟောင်းကြီးပစ်ထားခဲ့ပြီး၊ ဒိပြင် အိမ်သစ်ပြောင်း ယူတာ. . . တဲ့ဆိုတော့၊ ဒီခန္ဓာကိုယ်ကြီးကို အတ္တရဲ့ ပစ္စည်း၊ ပါဠိလိုတော့ အတ္တနိယလို့ခေါ် တယ်၊ နောက်တစ်ခန္ဓာ၊ ခန္ဓာအိမ်သစ် တစ်ခု ယူပြန်တယ်ဆိုတော့၊ အဲဒီနောက်ခန္ဓာ အိမ်သစ်က အတ္တနိယတဲ့၊ အတ္တ ပစ္စည်းဆိုပြီးတော့ ယူနေတယ်၊ အမာခံလေးက ဝမ်းထဲမှာတဲ့ ဒီခန္ဓာကိုယ်ကြီးကေ့ အတ္တရဲ့ပစ္စည်းတဲ့၊ ဒီတော့ ဒီခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းဖြစ်နေတဲ့ ဆံပင်ကို လည်းပဲ အတ္တရဲ့ပစ္စည်းလို့ စွဲပြန်တယ်၊ အဲဒီအစွဲကိုလည်းဖြုတ်ချင်လို့- ကေသာ သုညာ အတ္တေနဝါ၊ အတ္တနိယေနဝါ။ ကေသာ-ဆံပင်တို့သည်၊ ကေသာ-ဆံပင် ဟုပညတ်တင်ထား အပ်တဲ့ရုပ်အစုတို့သည်။ အတ္တေနဝါ- အမာခံ အထည်ကိုယ် အတ္တဆိုတဲ့ အကောင်ကလေးမှလည်းကောင်း၊ အတ္တနိယေနဝါ- အတ္တရဲ့ပစ္စည်း အဖြစ်မှလည်းကောင်း၊ သုညာ-မဟုတ်လုံးလုံး သုဉ်းကြကုန်သည်တကား။

အတ္တမဟုတ်ပါလား. . အတ္တရဲပစ္စည်းလည်းမဟုတ်ပါလား၊ ဒီတော့ အတ္တမဟုတ်၊ အတ္တပစ္စည်းမဟုတ်ကို ပြောင်းပြန်, ပြန်လိုက်ရင် အနတ္တ၊ အနတ္တ၊ ဩ. . . အတ္တလည်း မဟုတ်ဘူး၊ သူ့ဘာသူဖြစ်ပျက် ဖြစ်ပျက်နေတဲ့၊ ရုပ်အစုဝေး ပဲ၊ ဒီလိုသဘောပေါက်လာ လိမ့်မယ်၊ ဒကာမကြီး. . . တဲ့၊ အဲဒီလိုရှုစမ်းပါတဲ့၊ ဒါဝိပဿနာတင်ပေးလိုက်တာ၊ အတ္တနဲ့ အနတ္တ ဝိပဿနာတင်ပေးလိုက်တာ၊ လောမာ,နခါ,ဒန္တာ,တစော, ငါးခုတည်း။

ဒါနဲ့ ဒကာမကြီးကတရားရသွား၊ ကမ္မဋ္ဌာန်းပွားနည်းရော၊ ဝိပဿနာ ပွားနည်း ရောရသွား၊ အိမ်ကျတော့ ကြိုးစားသကိုးသူက နေ့တိုင်း၊ သူ့သား ရဟန်းတွေအတွက်၊ ဆွမ်းတွေ ဟင်းတွေချက်ပြုတ် ပြီးတော့၊ လှူဒါန်းလိုက်ပြီး၊ သူကဆုတောင်းလိုက် သေးတာက သားတွေ. . . ဒီငါလှူလိုက်တာတွေဘုဉ်း ပေးပြီးတော့၊ သူတို့တရားထူးတွေရ ကြပါစေ၊ သူတို့အားထုတ်နေတဲ့ မြင်သင့် မြင်ထိုက်တဲ့တရားထူးတွေရကြပါစေ၊ ငါလည်းပဲဒီလိုလှူရတဲ့ ကုသိုလ်ကောင်းမှု ကြောင့် သူတို့မြင်သလို မြင်ပါရစေ၊ သူတို့မြင်တဲ့ တရားထူးတွေကို မကြာမတင် ဆောလျှင်စွာ မြင်ပါရစေ၊ ဆုတောင်း ဆုတောင်းပြီးတော့၊ ဆွမ်းလည်းပြုစု တယ်၊ ခုနကသားရဟန်းတွေပေးလိုက်တဲ့ အတိုင်းပဲ၊ ကေသာ လောမာ နခါ ဒန္တာ တစော ငါးခုတည်းတင် အားထုတ်လိုက်တာ၊ သူကအရင်တရားထူးရ ပြီးတော့ အနာဂါမ်ထိအောင်ဖြစ်သွားတယ်၊ ဒကာမကြီးက ဝါတောင်မကျွတ်

http://www.dhammadownload.com



သေးဘူး၊ တရားထူးရသွားပြီ၊ ဒကာမကြီးက၊ အနာဂါမ်တိုင်သွားပြီ၊ အနာဂါမ်ထိရှုမကဘူး သူက အဘိညာဉ်ပါရသွား လိုက်သေးတယ်။

အဘိညာဉ်ဆိုတာ-သူများစိတ်တွေသိတဲ့တန်ခိုးပေါ့၊ ဒိဗ္ဗစက္ခုနဲ့ အဝေးလှမ်းကြည့်နိုင်၊ ကွယ်ကာထားတာတွေကို ဖောက်ထွင်းကြည့်နိုင်တဲ့ ဒိဗ္ဗစက္ခုအဘိညာဉ်တို့၊ ဒိဗ္ဗသောတအဘိညာဉ်တို့၊ နတ်နားလိုပဲ ကြားနိုင်တဲ့ ဒိဗ္ဗသောတတွေ၊ သူများစိတ်သိနိုင် တဲ့ ပရစိတ္တဝိဇာနနအဘိညာဉ်ပါရသွား ပြီးတော့ အော်. . ကောင်းလိုက်တာကြည့်ပါအုန်း။ သားရဟန်းတွေပေးတဲ့ တရား ငါ့အားထုတ်လိုက်တာ၊ ဟန်ကျလိုက်တာ၊ ငါတရားထူး တွေရကုန်။ အင်း. . . သားရဟန်းတွေ ဘယ်သူတွေများ တရားထူးရနေပါလိမ့်၊ ငါကြည့် အုန်းမှပဲဆိုပြီးတော့ ကြည့်လိုက်တာ တစ်ပါးမှသောတာပန် မဖြစ်သေးဘူး၊ သားရဟန်းတွေက။

အို. . . သူတို့ပေးတဲ့ တရားအတိုင်း ငါအားထုတ်တာ ငါကအနာဂါမ်ထိအောင် ရောက်သွားပြီ၊ သူတို့က တစ်ပါးမှ တရားထူးမရကြသေးပါလား၊ ဘာများဖြစ်နေကြပါ လိမ့်မတုန်းဆိုပြီး၊ အကဲခတ်ပြီးတော့၊ စိတ်တွေလျှောက်ပြီးတော့ အာရုံ ပြု ကြည့် လိုက်တော့မှ၊ ဩ . . . သူတို့က ဘောဇနသပ္ပါယ ချို့နေကြတာကိုး. . . ဘောဇနသပ္ပါ ယချို့နေကြတာ။ ဘုဉ်းပေးလိုတဲ့ အာဟာရလေးတွေကို လျှောက်ပတ်စွာမရလို့ သူတို့ဒီလို ဖြစ်နေရှာကြတာပဲ။ တရားထူးရတယ်ဆိုတာ အင်မတန်သိမ်မွေ့တဲ့အလုပ်၊ ဝိပဿနာ အလုပ်ဆိုတာ အင်မတန် သိမ်မွေ့တဲ့အလုပ်၊ အဲဒီအလုပ်ဟာ ဥတုသပ္ပါယ-ဥတုရဲ့မျှတမှု၊ ဘောဇနသပ္ပါယ-ဘောဇဉ်ရဲ့မျှတမှု၊ ပုဂ္ဂလသပ္ပါယ-ပုဂ္ဂိုလ်ရဲ့မျှတမှု၊ အာဝါသ သပ္ပါယ၊ နေရာထိုင်ခင်းရဲ့မျှတမှု၊ ဆိုတဲ့ ဒီအကြောင်းလေးချက်စုံပြီဆိုရင်၊ ပိုပြီးတော့ တရားတက်လွယ်တယ်၊ ထင်လွယ်တယ်။ ဒီတော့ ဒကာမကြီးက သူ့အိမ်သူ၊ သူ့ဟာသူ ချက်စားရတာဆိုတော့ သူချဉ်တာလေးစားချင်၊ ချဉ်တာလေးစားတာပေါ့၊ ချိုတာလေးကြိုက်၊ ချိုတာလေးချက်စားတာ၊ သူ့ဟာသူ ဖန်တီးစားတာ။

ရဟန်းတော်တွေဆိုတာက ချဉ်တာကြိုက်ပေမယ်လို့ ချိုတာကပ်စားလိုက် ရတာပဲ၊ ချိုတာလိုချင်ပေမယ်လို့၊ အစပ်လာကပ်တော့ လည်းစားလိုက်ရတာပဲ၊ ဒီတော့- ဩ . . . သားရဟန်းတွေမှာ၊ ဘောဇနသပ္ပါယ မမျှဘဲဖြစ်နေတာကိုး. . . ဆိုပြီးတော့ ဒကာမကြီးက၊ ရဟန်းတော်တွေရဲ့ စိတ်ကို၊ ဆွမ်းလှူတော့မယ်ဆိုရင် သူကအဘိညာဉ်ရ နေတာဆိုတော့ ကြည့်တယ်၊ ဩ . . . ဟိုသားရဟန်းက သူကအစပ်ကလေးကြိုက်တယ်၊ အင်း. . . ဟိုကိုယ်တော်က

http://www.dhammadownload.com



အချဉ်ကလေးကြိုက်တတ်သကိုးဆိုပြီးတော့ ကိုယ်တော်တွေနဲ့ လိုက်အောင် အကုန်လုံး သူကစီမံ စီမံပြီးတော့ပို့တယ်၊ အဲဒီလိုပို့လိုက်တာ မကြာခင့်ပဲ ရဟန်းတော်(၃)ကျိပ်လည်း (၆)ကျိပ်လား (၃၀) လားတော့မမှတ်မိဘူး၊ အဲဒါ ဘောဇနသပ္ပါယ မျှတမှုရပြီးတော့ တရားအားထုတ်ကြတာ၊ ဝါလည်းကျွတ်ကရော့၊ အကုန်လုံးရဟန္တာ ဖြစ်ကုန်တယ်၊

ဟော-ဒကာမကြီးရဲ့အထောက်အပံ့၊ ဟိုကလည်းပဲ တရားအားထုတ်ကြတာ၊ ဒကာမကြီးအစာလေးက ကောင်းလိုက်တာလို့ ဒီလိုမရှိဘူး ရဟန်းတော်တွေက၊ အဲဒီတော့နှစ်ဘက်လုံးက၊ မုတ္တ မုတ္တကတွေချည်းပဲ၊ အဲဒီလိုနဲ့ ရဟန္တာ ဖြစ်ပြီးတော့သွား ကြတယ်၊ အားလုံးရဟန္တာဖြစ်သွားကြတော့၊ ရဟန်းတော်တွေက ဝါကျွတ်တဲ့အခါကျ တော့ ဒကာမကြီးခွင့်ပန်ပြီးတော့ ဦးဇင်းတို့ ဆရာဘုရားထံ ပြန်အုန်းမယ်၊ ဝါကျွတ်တော့ တရားထူးရလာတော့၊ လက်ဆောင်ကောင်းပါလာတော့၊ မြတ်စွာဘုရားထံ ပြန်ပြီးတော့ လျှောက်ကြမယ်ဆိုပြီးတော့ ပြန်လာကြတယ်၊ ဒီကျတော့ မြတ်စွာဘုရားထံရောက်၊ မြတ်စွာဘုရားထံရောက်တော့ မြတ်စွာဘုရား အကျိုးအကြောင်းလျှောက်ကြတယ်။ တပည့်တော်တို့တရားအားထုတ်ရတာ သပ္ပါယဖြစ်ပါတယ်ဘုရား၊ ဒကာမကြီး တစ်ယောက်ကဘုရား၊ သိပ်ပြီးတော့သိတာပဲ၊ တပည့်တော်တို့ အချိုလိုချင်တယ်ဆိုအချို၊ အချဉ်လိုချင်တယ်ဆို အချဉ်၊ ဒီလိုသိပ်ပြီးတော့ အထောက်အပံ့ဖြစ်တယ်ဘုရား. . .၊ အဲဒီ ဒကာမကြီးအထောက်အပံ့ကြောင့် တပည့်တော်များ ဒီလောက်တရားထူး တက်ပါတယ် ဘုရား. . လို့ လျှောက်ကြတယ်။

လျှောက်ကြတော့ ဘေးနားထိုင်နေတဲ့ ရဟန်းတော်လေးတစ်ပါးက ကြားတယ်၊ အမယ်. . တယ်ဟန်ကျပါလား ဒကာမကြီးက အချိုလို အချို၊ အချဉ်လို အချဉ်၊ ပေးနိုင် တယ်ဆိုပဲ၊ အင်း. . . ငါတော့သွားအုန်းမှပဲ အဲဒီဆိုပြီးတော့ သူကမြတ်စွာဘုရား. . . တပည့် တော်ဘုရား. . တရားအားထုတ်ဖို့ ဘယ်သွားစမ်းပါရစေ။ အမှန်ကတော့ တရားအားထုတ် ချင်တာမဟုတ်ဘူး၊ ခုနက ဒကာမကြီးအပြုစုကိုခံချင်တာ၊ ဒါနဲ့ သူထွက်လာခဲ့တယ်၊ ဒီပြင်ရဟန်းတော်တွေကတော့ မလာတော့ဘူး၊ သူတစ်ပါးတည်း ထွက်လာတယ်၊ ဒီရောက်လာတော့ သူက ကျောင်းရောက်တယ်ဆိုရင်ပဲ၊ အင်း. . . မောမောပန်းပန်း ထွက်လာခဲ့ရတာ၊ ရှာလပတ်ရည်လေးများ ဒကာမကြီးပို့လိုက်ကောင်းမှာပဲလို့ စိတ်ကူးလိုက်တယ်။ ဒကာမကြီးကလည်း သူ့ကျောင်း အမြဲဂရုစိုက်ပြီး ကြည့်နေတာဖြစ်တော့၊ အဘိညာဉ်နဲ့ ကြည့်လိုက်တဲ့အခါ ရဟန်းတော်တစ်ပါး ရောက်နေပါလား၊ ရှာလပတ်ရည် သောက်ချင်နေတယ်၊

http://www.dhammadownload.com



ပို့အုန်းမှပဲ ဆိုပြီးတော့၊ ရှာလပတ်ရည် ပို့ခိုင်းလိုက်တယ်။

ဒီတော့-သူက-ဟာ. . . ဟုတ်သားပဲ၊ ဒကာမကြီး၊ ကြည့်ပါအုန်းသူများ စိတ်သိတယ်ဆိုတာ သိပ်ဟုတ်တာပဲ၊ ကြည့်ပါအုန်း ငါအခုရှာလပတ်ရည် သောက်ချင်တယ်ဆိုကာရှိသေး ခုရောက်လာပြီ။ ဟန်ကျလိုက်တာ၊ နောက် တစ်ရက်ကျတော့တစ်ခါ၊ အင်း. . . ခုနေများ ဝက်သားဟင်းအချဉ်လေး ချက်ပြီးတော့ ပို့ရင်ကောင်းမှာပဲ၊ ခုလိုနွေရာသီများဆိုတော့၊ ဘာလေးနဲ့ ဘာလေးတွဲပို့ကောင်းမှာပဲလို့ သူကတောင်းတ၊ ဒကာမကြီးကပို့၊ သူကတောင်း တ၊ ဒကာမကြီးကပို့နဲ့၊ ဟန်ကျလိုက်တာ၊ ဟန်ကျလိုက်တာနဲ့သူက၊ ဟော- ဒကာမကြီးကမုတ္တနော်၊ ဒကာမကြီးလှူနေတာက သူ့တရားထူးရအောင် ဆိုပြီးတော့၊ လွတ်တဲ့တဏှာသံယောဇဉ် အနှောင်အဖွဲ့တစ်ခုမှ မရှိတဲ့ အလှူနဲ့ လှူနေတာ။

ကိုယ်တော်လေးက ဟန်ကျလိုက်တာ ဟန်ကျလိုက်တာဆိုတော့၊ သူကဂါဟက အလှူခံ၊ အဖမ်းခံနေရတဲ့ အလှူခံ၊ အဲဒီလိုနဲ့ သူတော်တော် ကြာတော့၊ အင်း. . . ငါက-ငါလုပ်ချင်တာ၊ ငါစားချင်တာတွေ ဒကာမ ကြီးကသိပြီးလာ လှူနေတာတော့ ဟုတ်တယ်၊ ငါက ပုထုဇဉ်ရှိသေးတာ ဖြစ် တော့၊ မတော်တဆ တောင်ကြံ မြောက်ကြံ၊ ကြံနေတဲ့အချိန် ဒကာမကြီး ကများ ငါ့အကြောင်း သိနေတယ်ဆိုရင်၊ တွေ့ရင်ဒုက္ခပဲ . . . မဖြစ်ပါဘူး၊ ငါပြန်ပြေးတာပဲ ကောင်းတယ်ဆိုပြီး၊ လန့်ပြီး သူပြန်ပြေးတယ်၊ ပြန်ပြေးတော့ မြတ်စွာဘုရားထံ ရောက်တော့၊ မြတ်စွာဘုရားက၊ ရဟန်း. . . ဘယ့်နှယ် ခဏလေးရှိသေး၊ ခုဘာလို့ ပြန်လာတုန်း။ မြတ်စွာဘုရား. . . ဒီလို ဒီလိုပဲ၊ ဒကာမကြီးက အဟုတ်သိတာဘုရား၊ တပည့်တော်က ဒီနေ့ကြံလိုက်၊ သူက နက်ဖြန်ကာပို့၊ ဒီနေ့စဉ်းစားလိုက် ခဏနေပို့နဲ့ဆိုတော့ဘုရား၊ အဲဒီတော့ တပည့်တော်က ပုထုဇဉ်ရှိသေးတာ၊ တစ်ခါတည်း ကောင်းတာတွေကြံနေတာ တွေ့ရင် တော်ပါရဲ့၊ မကောင်းတာများ ကြံနေတဲ့အခိုက်၊ သူကသိသွားရင်၊ တပည့်တော် ခက်ရချည်းရဲ့ဆိုပြီး ပြေးလာတာဘုရားဆိုတော့။ မြတ်စွာ ဘုရားက၊ မဟုတ်ဘူးရဟန်း၊ သင်အဲဒီပြန်ရမယ်၊ အဲဒီပဲသွားနေရမယ်။

ဒီရဟန်းကလည်း အဲဒီနေမှ တရားထူးရမယ်ဆိုတာ၊ မြတ်စွာဘုရားက မြင်လို့ပြန်လွှတ်တာ၊ ဒီတော့ သူ-ဘုရားအမိန့်ဆိုတော့လည်း မနေရဲဘူး ပြန် သွားရတယ်၊ ပြန်သွားတော့ကြောက်လိုက်တာ၊ ဒကာမကြီးကို မပြောနဲ့တော့၊ ခုနကလို တောင်ကြံ မြောက်ကြံလည်း မကြံရဲဘူး၊ တရားချည်းအားထုတ်တာပဲ၊ ဒကာမကြီးကြောက်တာနဲ့။ အဲဒီကိုယ်တော်လေးလည်း မကြာခင်မှာပင် အာသ

http://www.dhammadownload.com



ဝေါကင်းကွာ ရဟန္တာဖြစ်သွားတယ် . . တဲ့။ ဒကာမကြီး အထောက်အပံ့နဲ့။ ဟောဒီမှာ-ဒကာမကြီးရဲ့အလှူကလည်းပဲမုတ္တ၊ (၃၁)ဘုံထဲမှာ တွယ်တာမက်မောတဲ့ သံယောဇဉ်မပါ၊ အလှူခံပုဂ္ဂိုလ် (၃)ကျိပ်တို့ကလည်းပဲ စိတ္တက တွယ်တာမက်မောတဲ့၊ ဒကာမကြီးအပေါ်မှာပင်၊ တွယ်တာမက်မောတဲ့ သံယောဇဉ်မပါ။

အဲဒီလို-မုတ္တ မုတ္တက. ဖြစ်အောင်ကြိုးစားပါလို့. . . . အခု အလှူ့ဒါယကာ၊ အလှူ့ဒါယကာမများ၊ ဘဝစည်းစိမ်၊ ရိပ်ငြိမ်ချမ်းသာတွေကို တပည့်တော်တို့ မတွယ်တာပါဘူး၊ မတောင်းတပါဘူး၊ တပည့်တော်တို့ လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှု၊ လှူဒါန်းလိုက်တဲ့ဆွမ်း, ဘောဇဉ်အာဟာရတို့ဖြင့်၊ ဂန္ဓာရုံတိုက်ရှိ ယနေ့သံဃာတော် အရှင်မြတ်တွေ၊ ပရိယတ်၊ ပဋိပတ်လုပ်ငန်းကြီးပန်းအားထုတ်နိုင်ကြပါစေ။

တပည့်တော်တို့အတွက်လည်းပဲ၊ ဤ(၃၁)ဘုံတည်းဟူသော ထောင်ကြီးအတွင်း နေသမျှ၊ အိုဘေး အမျိုးမျိုး၊ နာဘေး အဖုံဖုံ၊ သေဘေး အတန်တန်၊ အမြဲတန်းနှိပ်စက်မှု ခံနေရမှာဖြစ်လေသောကြောင့်၊ ယျှုန ပြဆိုအပ်ခဲ့တဲ့ လူမင်းကြီး နတ်မင်းကြီး၊ ဗြဟ္မာမင်းကြီးတွေပင်လျှင်၊ အိုဘေး နာဘေး သေဘေးကြီးတွေမှ မကင်းနိုင်သေးသည် ဖြစ်လေသောကြောင့် တပည့်တော်တို့ ယနေ့လှူရသော ကုသိုလ်ကောင်းမှု၊ အစုစုတို့ကြောင့်၊ အဲဒီ လူမင်း နတ်မင်း ဗြဟ္မာမင်းကြီး တွေဖြစ်ပါရစေ. . . လို့ ဆိုရင်၊ တပည့်တော်တို့အတွက်၊ အဖမ်းခံရတဲ့ အဖြစ် မျိုးဖြစ်မှာမို့လို့၊ ဒုက္ခသစ္စာနဲ့၊ ဒုက္ခသစ္စာကို လဲယူရာသာလျှင် ရောက်မှာဖြစ်လေသောကြောင့်၊ အခုလက်ရှိ ခန္ဓာကလည်း အိုခြင်း, နာခြင်း, သေခြင်း မကင်း။ နောက်ထပ်ရချင်ပါတယ်ဆိုတဲ့၊ လူမင်း နတ်မင်း ဗြဟ္မာမင်းကြီးတွေ အဖြစ်ကလည်း၊ အိုခြင်း နာခြင်း သေခြင်းမကင်းတော့ ဘာထူးလဲ. . . တဲ့။

ဒုက္ခသစ္စာနဲ့၊ ဒုက္ခသစ္စာကိုလဲယူသလိုဖြစ်မှာမို့လို့၊ တပည့်တော်တို့ ဒီနေ့လှူတဲ့ ကုသိုလ်ကောင်းမှု အစုစုသည်၊ အဲဒီ အိုနာသေရေး၊ ဘေးကြီးတွေရဲ့ကင်းရာ၊ နိဗ္ဗာန်အတွက် အထောက်အပံ့ဖြစ်ပါစေ. . . . ၊ တပည့်တော်တို့ လှူလိုက်တဲ့ ဆွမ်းတွေဟာလည်းပဲ အရှင်ဘုရားများရဲ့ ပရိယတ်၊ ပဋိပတ်ဉာဏ်ခတ်တွေ ပွင့်ဘို့ရာ အထောက်ပံ့ဖြစ် ပါစေ၊ အရှင်ဘုရားများသန္တာန်မှာ ပရိယတ်၊ ပဋိပတ်ဉာဏ်ခတ်တွေပွင့်သလို၊ တပည့်တော်တို့လည်း အဲဒီ ပရိယတ် ပဋိပတ်ဉာဏ်ခတ်တွေ မိမိသန္တာန်မှာ ဖြစ်ပွားပြီးတော့၊ မဂ်ဖိုလ် နိဗ္ဗာန်

http://www.dhammadownload.com



တိုင်အောင် မြင်နိုင်တဲ့ဉာဏ်ခုတ်တွေကို ရပါရစေ. . . လို့၊

အဲဒီလိုရည်မှန်းချက်နဲ့ ဆွမ်းလောင်းကြ၊ လှူကြ တန်းကြမယ်ဆိုရင်၊ အဲဒီခုနက မုတ္တ မုတ္တက၊ အလှူပေးပုဂ္ဂိုလ်ဘက်ကလည်းပဲ၊ မုတ္တလွှတ်မြောက်တဲ့ ပုဂ္ဂိုလ်တွေ၊ နိဗ္ဗာန်ဘက်ကိုပြေးသွားနိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ အလှူခံပုဂ္ဂိုလ်ဘက် ကလည်းပဲ၊ ခုနကပြောသလို မေတ္တာပွား၊ ပစ္စဝေက္ခဏာဆင်ခြင်ပြီးတော့ အလှူခံကြမယ်ဆိုရင်၊ မုတ္တက လွတ်မြောက်တဲ့ အလှူခံတွေဖြစ်ပြီ. . . တဲ့။ ဖြစ်အောင်ကြိုးစားကြပါ၊ ဖြစ်အောင် ကြိုးစားနိုင်ကြပါစေကုန်သတည်း။ ။

သာဓု. . သာဓု. . သာဓုပါဘုရား

http://www.dhammadownload.com



# ဗုဒ္ဓမယ်တော်တရားတော်

ကောင်းမှုကုသိုလ်ရှင်တွေရဲ့ ကုသိုလ်လုပ်ငန်းကို ကြေငြာအသိပေးခြင်း၊ အနုမောဒနာတရားဟောကြားခြင်း၊ ပြုရအုန်းမှာဖြစ်တော့၊ ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၅၆-ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁၁)ရက်နေ့၊ ခရစ်သက္ကရာဇ် ၁၉၉၄-ခုနှစ်၊ မေလ(၆)ရက် သောကြာနေ့မှာ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်နေကြသော၊ ဘုရားသားတော် သံဃာတော် (၈၀၀)ကျော်တို့ မျက်မှောက်သို့လာရောက်ပြီးတော့၊ အရုဏ်ဆွမ်းများ၊ နေ့ဆွမ်းများ အသီးသီး လောင်းလှူဆက်ကပ် ကောင်းမှုပြုကြတဲ့ ကုသိုလ်ရှင်တွေက၊ ရန်ကုန်မြို့ကနဲ့စစ်ကိုင်းမြို့က ကုသိုလ်ရှင်တွေ၊ အသီးသီးဖြစ်ကြပါတယ်။

အခုနံနက်စောစော သံဃာ(၈၀၀)ကျော်ကို အရုဏ်ဆွမ်းများလောင်းလှူ ဆက်ကပ်ပြီးတော့ ကောင်းမှုလာပြုကြတဲ့ ကုသိုလ်ရှင်တွေက ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့ (၂၉)ရပ်ကွက် နံ့ပွားလမ်း၊ တိုက်အမှတ်(၁၅၂)မှာနေထိုင်ကြတဲ့ အလှူ့ဒါယကာ ဦးဖေသက် အလှူ့ဒါယိကာမ ဒေါ်ဌေးဌေးနဲ့၊ သမီးလေး မအိအိဇင်တို့ မိသားစုဖြစ်ကြပါတယ်၊ ရန်ကုန်မြို့ သုဝဏ္ဏမြို့က ဦးဖေသက် ဒေါ်ဌေးဌေးနဲ့ သမီးလေး မအိအိဇင်တို့မိသားစုက အခု ကောင်းမှုလာပြုတာဟာ၊ ဒုတိယအကြိမ်၊ နှစ်ကြိမ်မြောက်ဖြစ်ပါတယ်၊ မနှစ်ကလည်း အခုလိုမေလရာသီမှာပဲ သူတို့မိသားစုလာရောက်ပြီးတော့ ရဟန်းခံ၊ ဆွမ်းကပ်ကောင်းမှုလာပြီးတော့ ပြုကြတယ်၊ သူတို့ရဲ့ရဟန်း ဂန္ဓကုဋိက ဦးဝရဓမ္မ ရဟန်းခံပေးပြီးတော့၊ သံဃာတော်များကို၊ အခုလိုပဲ ဆွမ်းဘောဇဉ်တွေကပ်၊ ငွေကျပ်တစ်သောင်းငွေပင်စိုက်နဲ့ ပြုလုပ်သွားကြတယ်။

အခုလည်း ဒုတိယအကြိမ်အနေနဲ့ လာရောက်ပြီးတော့၊ ရဟန်းခံမင်္ဂလာ ရဟန်းခံကောင်းမှုအပါအဝင် နံနက်အရုဏ်ဆွမ်းများကပ်လှူတဲ့ ကောင်းမှုလာပြုကြပါတယ်၊ ဒီတော့ အထူးသဖြင့်ကတော့ သမီးဖြစ်တဲ့ ရုပ်ရှင်သရုပ်ဆောင် ဗွီဒီယိုသရုပ်ဆောင် မအိအိဇင်က မနှစ်ကမိဘများနဲ့အတူ ဒီမှာလာပြီးတော့ ရဟန်းခံပွဲလိုက်လာတော့ ဒီမှာ ဟောတဲ့ပြောတဲ့ တရားများကို နာကြားရပြီးတော့၊ ရဟန်းမယ်တော် ဖြစ်ရတာမြတ်တယ်ဆိုတဲ့၊ မိထွေးတော်ဂေါတမီနဲ့ စပ်တဲ့တရား ဘုန်းကြီးက ဟောလိုက်ပါတယ်၊ သို့သော် တိတိ ခွေက

http://www.dhammadownload.com



အသံမဝင်လို့၊ တိတ်ခွေတရားရမသွားဘူး၊ သို့သော် ကြားနာလိုက်ရတဲ့အခိုက်မှာ၊ သဒ္ဓါတရားပေါက်ပြီးတော့ အခု ရုပ်ရှင်သရုပ်ဆောင် ဗွီဒီယိုသရုပ်ဆောင် မအိအိဇင်က ရဟန်းအမအဖြစ်နဲ့သူလည်းပဲ ကုသိုလ်ယူချင်တယ်. . လို့ဆိုပြီးတော့ မိဘများကိုတောင်းဆိုလို့၊ မိဘများကိုပြောပြလို့၊ မိဘများကလည်း ကောင်းတဲ့ဘက်ကိုဝါသနာပါတာ၊ ကောင်းတဲ့ဘက်လုပ်တာ၊ အားပေးရမှာပဲဆိုတဲ့ အနေနဲ့ ဦးဖေသက်+ဒေါ်ဌေးဌေးတို့မိသားစုက အခု သမီး မအိအိဇင်ကို ရဟန်းအမအဖြစ်နဲ့၊ ချီးမြောက်ကြတယ်ပေါ့။

အဲလိုချီးမြောက်တဲ့အနေနဲ့ အခု မအိအိဇင်က၊ ဒီကျောင်းတိုက်မှာ သိန်းသန်းတိုက်မှာနေပြီးတော့၊ ပရိယတ် ပဋိပတ်သာသနာ့တာဝန်ထမ်းဆောင်နေတဲ့ ရဟန်းလောင်း ရှင်ဉာဏဓဇ၊ စာပေအဆင့်တန်းအနေနဲ့ဆိုရင် နိုင်ငံတော်အစိုးရ ပထမကြီးတန်းလည်းရောက်နေပြီ၊ နောက်-သာမဏေစာမေးပွဲများ အနေနဲ့လည်းပဲ ဒုတိယအဆင့်အောင်ခဲ့တဲ့အပြင် တတိယဆင့်ထိအောင်ရောက်ခဲ့တဲ့ စာပေပရိယတ် အခြေ၊ အလွန်ကောင်းနေတဲ့ ရဟန်းလောင်း ရှင်ဉာဏဇကို ရဟန်းတော်တို့ရဲ့ အသုံးအဆောင်ဖြစ်တဲ့ တိစီဝရိတ် ခါးပန်းသပိတ် ပရိက္ခရာအစုံအလင်၊ ချီးမြောက်ပြီးတော့ ခုနကပြောတဲ့ ရုပ်ရှင်သရုပ်ဆောင် ဗွီဒီယိုသရုပ်ဆောင် မအိအိဇင်က ရဟန်းအမအဖြစ်နဲ့ ခံယူပါတယ်၊ ရဟန်းအမအဖြစ်နဲ့ ပရိက္ခရာပစ္စည်းများလှူဒါန်းပြီးတော့ ထောက်မံ့ပြီးတော့ ဥပသမ္ပဒကံဆောင်မင်္ဂလာ ကျင်းပပြုလုပ်ပြီးတော့ ကုသိုလ်ယူပါတယ်။

ကဲ-ဒီထဲမှာ ထူးထူးခြားခြားကတော့ သမီးလေး ရုပ်ရှင်သရုပ်ဆောင်၊ ဗွီဒီယိုသရုပ်ဆောင် သူက ဇာတ်ကား(၅)ကားလောက် ရုပ်ရှင်သရုပ်ဆောင် လုပ်ပြီးပြီတဲ့ အနုပညာသည် မိန်းကလေးက၊ မိတ်ကောင်းဆွေကောင်းနဲ့ ပေါင်းတယ်ဆိုလို့ရမှာပေါ့ မိဘနှစ်ပါးရဲ့ အတုကိုယူသောအားဖြင့် မိဘနှစ်ပါး ရဟန်းခံတာ ရဟန်းပြုတာကို အားကျပြီးတော့ သူလည်းပဲ ရဟန်းအမအဖြစ်နဲ့ သာသနာတော်ကို ချီးမြောက်ကော်ရော် ပူဇော်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခု ရဟန်းခံမင်္ဂလာကို ပြုလုပ်တာ ဖြစ်ပါတယ်။

နောက်ဆွမ်းကပ်ကြတဲ့ ကုသိုလ်ရှင်များက စစ်ကိုင်းမြို့ စည်တီးရပ်မှာနေထိုင်ကြတဲ့ အလှူ့ဒယကာ ဦးအောင်သောင်း၊ နှမဖြစ်သူ အလှူ့အမ ဒေါ်ခင်သောင်း မောင်နှမနဲ့ တူတွေတူမတွေဖြစ်ကြတဲ့ ဦးသောင်းလှ+ဒေါ်ခင်ဥ မိသားစုတို့ဖြစ်ကြပါတယ်၊ အဲဒီစစ်ကိုင်း စည်တီးရပ်မှာ နေထိုင်ကြတဲ့ ပြဆိုအပ်ခဲ့တဲ့ ဦးအောင်သောင်း နှမ ဒေါ်ခင်သောင်းနဲ့ တူ၊ တူမများဖြစ်ကြတဲ့ ဦးသောင်းလှ+

http://www.dhammadownload.com



ဒေါ်ခင်ဥတို့ မိသားစုကလည်းပဲ မိမိတို့ရဲ့ သားရတနာ တူရတနာအမျိုးကောင်းသားလေး လေးယောက်တို့ကို တိစီစရိတ် ခါးပန်းပရိက္ခရာလေးစုံ တန်ဆာဆင် လှူဒါန်းပြီးတော့ မြင့်မြတ်တဲ့ ရဟန်းဘောင်ရောက် သွတ်သွင်းချီးမြှောက်ကြပါတယ်။

အဲဒီလိုအားဖြင့် ရဟန်းအမျိုးကောင်းသားလေး လေးယောက်တို့ကို မြင့်မြတ်တဲ့ ရဟန်းဘောင်ရောက် ဒုလ္လဘရဟန်းအဖြစ်နဲ့ ချီးမြှောက်ကြရင်း ဒီကျောင်းတိုက် သံဃာတော် (၈၀၀)ကျော်တို့အား နေ့လယ်အချိန်နေ့ဆွမ်းအဖြစ်နဲ့ မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာတို့ဖြင့် သဒ္ဓါပြဋ္ဌာန်း ဆက်ကပ် လှူဒါန်းသမ္မာပြုကြပါတယ်။

ကိုင်း- အနုမောဒနာ တရားဟောကြားရမယ်ဆိုရင်တော့ ဒီနေ့ အလှူအမ ယခုနပြောခဲ့တဲ့ မအိအိဇင်ကလည်း ရဟန်းအမအဖြစ်နဲ့ တာဝန်ယူပြီးတော့ ရဟန်းခံတဲ့ပွဲ။ စစ်ကိုင်း စည်တီးရပ်ကလာကြတဲ့ ဦးအောင်သောင်း နှမ ဒေါ်ခင်သောင်းနဲ့ညီတွေ နှမတွေဖြစ်ကြတဲ့ ဦးသောင်းလှ-ဒေါ်ခင်ဥတို့က လည်း သားလေးယောက် တူလေးယောက်တို့ကို ရဟန်းပြုတဲ့ပွဲ၊ ဒကာဦးဖေသက်တို့ ဒေါ်ဌေးဌေးတို့အနေနဲ့ကတော့ ထွန်နောက်ရေပါပေါ့၊ သမီးက ရဟန်းအမအဖြစ်ခံယူတော့ မိမိတို့လည်းပဲ ဒုတိယကြိမ်ရဟန်းပြုတဲ့ပွဲ. . ။

ဒီတော့ ဒီနေ့ အလှူဒကာ အလှူမတွေက အားလုံး ခြုံပြီးတော့သိလိုက်ဖို့က ဒို့ ဒီနေ့ အမြတ်ဆုံးဖြစ်တဲ့ အမေအဖေဘဝကို ရတဲ့နေ့ပဲလို့ ပထမဆုံး မိမိတို့ ဒီနေ့ အားထုတ်တဲ့အလုပ်ကို မှီပြီးတော့ သိလိုက်ဖို့က အမြတ်ဆုံးဖြစ်တဲ့ အမေ အဖေဘဝကိုရတဲ့နေ့။ လောကမှာ သံသရာကြီးထဲ ကျင်လည်လာကြတာ၊ အမေအဖေဖြစ်ခဲ့တဲ့ အကြိမ်တွေလည်း မရေတွက်နိုင်ဘူး၊ ဒီအမေအဖေဘဝ ပေါင်း မရေတွက်နိုင်အောင် များတဲ့အကြောင်း၊ မြတ်စွာဘုရားက တစ်ခါတော့ ဒေသစာရီလှည့်ပြီးတော့ နောက်ပါ ရဟန်းတော်ငါးရာနဲ့ ဒေသစာရီလှည့်လာရာက တစ်နေရာ တောကြီးတစ်တောရောက်တော့ သစ်ပင်တွေပေါလိုက်တာ တောအုပ်ကြီး ဘုရားရှင်နဲ့သံဃာတော် အရှင်မြတ်တွေက တောင်ပေါ်ကနေစီးပြီးတော့ကြည့်လိုက်တော့ အောက်မှာတောအုပ်ကြီး၊ နည်းတဲ့တောအုပ်ကြီး မဟုတ်ဘူး မျက်စိတစ်ဆုံး ပေါလိုက်တဲ့ သစ်ပင်တွေကလည်း မရေတွက်နိုင်အောင်များတယ်။

အဲဒီတင် ရဟန်းတော်တွေက ပြောကြသကိုး. . . . ရမဏီယော ဝတ ရမဏီယောဝတ သိပ်ကြည်နူးဖွယ်ကောင်းတာပဲ၊ သစ်ပင်တွေကလည်းပေါ

F. 15

http://www.dhammadownload.com



လိုက်တာ တောအုပ်ကြီးကလည်း ကြီးလိုက်တာနဲ့ ပြောနေကြတော့၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့မည်သည် ဆေးစက်ကျရာ အရုပ်ထင်အောင်ဆွဲနိုင်တဲ့ ပန်းချီဆရာကျော်ကြီးလိုပဲ ရဟန်းတော်တွေ တသောသောပြောနေတဲ့စကား ကို ဖမ်းပြီးတော့ တရားဖြစ်အောင် ဘုရားက ဆင်ဟောလိုက်တာ။

ချစ်သား. . တို့ ဘာပြောနေကြတုန်း။ မှန်လှပါဘုရား ဒီတောအုပ်ကြီး ကြီးကျယ်ကြောင်း၊ သစ်ပင်တွေကလည်း မရေမတွက်နိုင်အောင်များလှ ကြောင်း၊ စကားစပ်မိပြောနေကြပါတယ်ဘုရား. .။ အေးချစ်သား. . . တို့။ ငါတစ်ခုပြောမယ်. . ဟောဒီသစ်ပင်တွေ၊ သင်တို့မြင်နေတဲ့ ဒီမျက်စိတစ်ဆုံး တောအုပ်တောတန်းကြီးပေါက်နေတဲ့ သစ်ပင်တွေအကုန်လုံးကို သင်တို့စိတ် ကူးထဲမှာ သစ်ပင်တွေအကုန်လုံးလှဲ၊ လှဲပြီးတော့ သစ်ကိုင်းလေးတွေ၊ လက်ညှိုး လောက် လက်သန်းလောက်ရှိတဲ့ သစ်ကိုင်းလေးတွေကိုတော့၊ လက်တဆစ် လောက်၊ လက်တစ်ဆစ်လောက်၊ အတစ်အတစ်။ အတုံးအတုံးလေးတွေဖြတ်၊ နည်းနည်းကြီးတဲ့ကိုင်းကြီးတွေ၊ သစ်ပင်ပင်စည်ကြီးတွေကိုတော့ လွှနဲ့စိတ်၊ ဘယ်လောက်ထိစိတ် ရမတုန်းဆိုတော့ လက်ညှိုး၊လက်သန်းလောက် သစ် ချောင်းလေးတွေဖြစ်သွားအောင်စိတ်၊ စိတ်ပြီးတော့မှ အဲဒီသစ်ချောင်းလေး တွေကိုလည်း လက်တဆစ်လောက် လက်တဆစ်လောက် လက်တစ်ဆစ် လောက် အတစ်အတစ်၊ အတစ်အတစ်၊ အတုံးအတုံး၊ အတုံး အတုံးလေးတွေ ဖြတ်၊ အဲဒါသစ်ပင်တစ်ပင်မဟုတ်ဘူး၊ အခုသင်တို့ မြင်နေတဲ့ တောတန်းကြီး တစ်ခုလုံး ရှိတဲ့သစ်ပင်တွေ၊ မရေမတွက်နိုင်တဲ့ သစ်ပင်တွေကို စိတ်ကူးနဲ့ဖြတ် ပြီးတော့ ပုံလိုက်ကြ။

အဲလိုပုံပြီးတဲ့နောက်မှ အဲဒီသစ်သားပုံ၊ သစ်သားချောင်းသစ်တိုလေး တွေ၊ လက်တဆစ်လောက်၊ လက်တဆစ်လောက် ပိုင်းထားတဲ့ သစ်သားပုံကြီး ထဲကနေပြီးတော့၊ ပထမဆုံး နှစ်ချောင်းဆွဲထုတ်လိုက်ပြီးတော့ ဟောဒါက ဒီဘ ဝ ငါ့မေနဲ့ငါ့အဖေလို့ ၊ တစ်စုံချလိုက်၊ နောက် နောက်တစ်စုံဆွဲထုတ်ပြီးတော့ ဟောဒါက ဒုတိယဘဝ တုန်းက ငါ့အမေနဲ့ ငါ့အဖေလို့ဆိုပြီးတော့ တစ်စုံဆွဲ ထုတ်လိုက်၊ နောက် တတိယတစ်စုံဆွဲထုတ်ပြီးတော့ ဟောဒါက စတုတ္ထဘဝ ဖြစ်ခဲ့တုန်းက ငါ့အမေနဲ့ ငါ့အဖေလို့ဆိုပြီးတော့ ဆွဲထုတ်လိုက်။ နောက်တစ်စုံ ဆွဲထုတ်ပြီးတော့ ဟောဒါက ပဥ္စမဘဝတုန်းက ဟိုးလွန်ခဲ့တဲ့ ငါးဘဝတုန်းက အမေနဲ့အဖေလို့ဆိုပြီးတော့ ဆွဲထုတ်လိုက်။

http://www.dhammadownload.com



အဲဒီလိုနဲ့ ခြောက်ဘဝတုန်းက အမေအဖေ၊ ခုနစ်ဘဝတုန်းက အမေအဖေ၊ ရှစ်ဘဝတုန်းက အမေအဖေနဲ့၊ ထုတ်,ထုတ်, ထုတ်သွား၊ သင်ချစ်သားတို့ ပုံထားတဲ့ သစ်သားပုံကြီးသာကုန်သွားမယ်. . . တဲ့၊ ချစ်သားတို့ရဲ့ အမေအဖေ မကုန်သေးဘူး၊ အမေ အဖေစာရင်းမကုန်သေးဘူး၊ ဘဝတွေဘယ်လောက် များလာခဲ့တယ်ဆိုတာ အဲဒါတာသာကြည့်တော့၊ သစ်သားပုံကြီးက နည်းတဲ့သစ်သားပုံကြီးမဟုတ်ဘူး၊ သစ်တုံးလေးတွေ လက်တဆစ်လောက် လက်တဆစ်လောက်၊ လက်ညှိုးအရွယ် လက်သန်းအရွယ်။ စိတ်ပြီးတော့မှ ၊ လက်တဆစ်လောက်လက်တဆစ်လောက်၊ သစ်သားလေးတွေတစ်ထားတာ၊ နည်းတဲ့ဟာ မဟုတ်ဘူး၊ တောကြီးတစ်တောလုံး ခုတ်ထစ်ပြီးတော့လုပ်ထားတာ၊ အဲဒီသစ်သားပုံကြီးသာကုန်သွားမယ်၊ ချစ်သားချစ်သမီးတို့ရဲ့ အမေအဖေ စာရင်း မကုန်သေးဘူး. . . တဲ့။

ဘဝတိုင်းဘဝတိုင်း ဘုန်းကြီးတို့မှာ အမေအဖေဆိုတာ ရှိခဲ့ကြတယ်လေ၊ လူဖြစ်တော့ လူ့အမေဖေပေါ့။ ခွေးဖြစ်တော့ ခွေးအမေအဖေပေါ့၊ နွားဖြစ်တော့ နွားအမေအဖေပေါ့၊ ဘယ်ဘဝရောက်ရောက် အမေအဖေဆိုတာ ရှိကြတယ်၊ ဘဝအသင်္ချေ အနန္တအမေအဖေတွေဖြစ်ခဲ့ကြတယ်။ အမေအဖေတွေကလည်း သားသမီးတွေရှိကြတယ်၊ ဘဝအသင်္ချေအနန္တ။ ကိုယ့်အနေနဲ့ တွက်ရင်လည်း ကိုယ်ကအမေအဖေဖြစ်ရင် ကိုယ့်သားကိုယ့်သမီးဆိုတာရှိခဲ့တာပဲ၊ ဘဝတိုင်းကြုံခဲ့တာပဲ။ ဒီတော့ ခုနက ဘုရားကတွက်ပြတာက အမေအဖေစာရင်းတွေပြတာ၊ အမေအဖေဘက်ကနေပြန်တွက်ရင် သားသမီးစာရင်းတွက်ရင်လည်းပဲ သားသမီးမဆုံးနိုင်ဘူး၊ ခုနက သစ်သားပုံကြီးနဲ့ တွက်တွက်သဲပုံကြီးနဲ့တွက်တွက် သားသမီးစာရင်း တွေထုတ်ကြည့်ရင် ဘဝတိုင်း သားသမီးရှိခဲ့ကြတယ်၊ လူ့ဘဝမှ မဟုတ်ဘူး၊ ခွေးဖြစ်, နွားဖြစ်, တိရစ္ဆာန်ဖြစ်တော့လည်း သားသမီးဆိုတာ ရှိခဲ့ကြတယ်၊ ဒီတော့ သားသမီးရှိလို့ အမေအဖေ၊ အမေအဖေရှိလို့ သားသမီး၊ ကိုယ်တိုင်ကမွေးတာပဲဖြစ်ဖြစ်၊ သူများသားသမီး ကောက်ယူမွေးတာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် သားသမီးရယ်လို့ရှိရင်မိဘပဲ။

ဒီတော့ အဲဒီ မိဘတွေအထွေထွေ အသင်္ချေအနန္တ မရေမတွက်နိုင်အောင် များတဲ့အထဲမှာဖြင့် ဒီနေ့ အလှူဒကာ အလှူ့အမတွေ ရယူလိုက်နိုင်တဲ့ အမေအဖေဘဝသည် အမြတ်ဆုံးအမေအဖေဘဝတဲ့၊ ဒီနေ့ ဒကာဒကာမတွေ ရယူလိုက်တဲ့ အမေအဖေ ဘဝက ရဟန်းအမေအဖေ။ လောကုတ္တရာနယ်က ဘုရားကိုယ်တော်မြတ်ကြီးရဲ့ တပည့်သားတော်သံဃာတော်တွေရဲ့ အမေအဖေ၊ ရဟန်းအမေအဖေ။ ရှင့်အမေအဖေ၊ ဘုရား အမေအဖေ။ ဘိက္ခုနီမရဲ့

http://www.dhammadownload.com



အမေအဖေ။ သာမဏေမလေးရဲ့အမေအဖေ၊အဲဒီအမေအဖေဘဝဟာ အမြတ်ဆုံးအမေအဖေဘဝပဲ။

အဲဒါကို ဘုန်းကြီးတို့ မိထွေးတော်ဂေါတမီက လျှောက်ခဲ့တာ၊ ဘုန်းကြီးက ကြံဖန်ပြီးတော့ လုပ်ကြံပြောနေတဲ့စကားမဟုတ်ဘူး၊ မိထွေးတော် ဂေါတမီဆိုတာ အားလုံးသိကြတဲ့အတိုင်း ဘုရားရှင်ကိုယ်တော်မြတ်ကြီး သိဒ္ဓတ္ထမင်းသားလေး သူ့ရဲ့မယ်တော်အရင်းက ဖွားမြင်ပြီးတဲ့နောက် (၇)ရက်လောက် ရောက်တယ်ဆိုရင်ပဲနတ်ရွာစံကံတော်ကုန်သွားတော့၊သိဒ္ဓတ္ထမင်းသားလေးကို ကောက်ယူကျွေးမွေးနို့ချိုတိုက်ကျွေး၊ မွေးပြီးလာခဲ့ရတဲ့ဂေါတမီ၊ မဟာမာယာရဲ့ ညီမဂေါတမီ၊ ဒါကြောင့် မိထွေးတော်ဂေါတမီ၊ အဲဒီမိထွေးတော်ဂေါတမီက နောက်ပိုင်းကျတော့ ဘိက္ခုနီမကြီးဖြစ်ပြီးတော့ ရဟန္တာမကြီးဖြစ် ရှေ့ဖြစ်နောက်ဖြစ်တွေပြန်ကြည့်နိုင်တဲ့ အဘိညာဉ်တန်ခိုး အမျိုးမျိုးနဲ့ ပြည့်စုံတဲ့ ရဟန္တာမကြီးလည်းဖြစ်၊ အဲလိုဖြစ်ပြီးတော့ သူ့အသက်ကလည်း တော်တော်လေးကြီးလာတော့၊ တစ်ခါတော့ အန္ဓဝုန်တောထဲမှာ၊ ဇေတဝန်ကျောင်းရဲ့အနီးမှာ အန္ဓဝုန်တောကြီးဆိုတာရှိတယ်။

ခုနကလို ရဟန္တာတွေ, ရဟန္တာမ အရှင်မြတ်ကြီးတွေ နေ့သန့်တဲ့ တောကြီးပေါ့၊ ရဟန္တာ, ရဟန္တာမ အရှင်မြတ်ကြီးတွေက နေ့လည်အေးအေးချမ်းချမ်းနေပြီဆိုရင် ဖလသမာပတ်ဝင်စားပြီးတော့ ဆိတ်ငြိမ်စွာနေကြတာ၊ လူတွေနဲ့ ရှုပ်ရှုပ်ရှက်ရှက်ထဲ သွားလာလှုပ်ရှားမရှိတော့ဘူး သူတို့က အာရုံငါးပါးတရားတွေလည်း၊ သူတို့က ဒီပေါ်မှာလိုက်စားတဲ တဏှာစာတ်တွေလည်း အမြစ်ပြတ်ကုန်ပြီဆိုတော့ ဟိုဟာကြည့်ချင် ဒီဟာကြည့်ချင် ဟိုသူနဲ့တွေ့ချင် ဒီသူနဲ့တွေ့ချင်ဆိုတာတွေမရှိဘူး၊ ဒီတော့ သူတို့မဂ်ဖိုလ်ချမ်းသာကို ခံစားတဲ့အနေနဲ့၊ နိဗ္ဗာန်အာရုံပြု. . . ပြီး စိတ်ကလေးက နိဗ္ဗာန်ဆီလွှတ်ထားပြီးတော့ အငြိမ်းဓာတ်ကြီးနဲ့ စိတ်နဲ့တွေး. . . ပြီး အေးချမ်းတဲ့အရသာခံစားကြတာ။

လွယ်လွယ်ဥပမာနဲ့ပြောရရင်တော့ ဘုန်းကြီးတို့တတွေ အနားယူအိပ်တာနဲ့တူတယ်၊ စားစရာသောက်စရာတွေ စားလိုက်သောက်လိုက် တီးတာမှုတ်တာတွေ ကတာ, ခုန်တာတွေ ကြည့်လိုက်ရှုလိုက် နားတွေဆူ မျက်စိတွေနောက် အဲဒီလိုနေရာကနေပြီးတော့ အားလုံးပွဲကြီးသိမ်းတော့ အေးငြိမ်းသွားအောင်၊ ကိုယ့်နေရာလေးကို ချမ်းချမ်းသာသာ၊ ဘယ်သူနဲ့မှမတွေ့ဘဲနဲ့၊ ဘုန်းကြီးတို့တတွေကတော့ အိပ်တယ်ခေါ်တာပေါ့ အရိယာအရှင်မြတ်ကြီးတွေကတော့ ဖလသမာပတ်ဝင်စားတယ်၊ နိဗ္ဗာန်အာရုံပြုပြီးတော့၊ စိတ်ကနိဗ္ဗာန်

http://www.dhammadownload.com



ဘက်လွှတ်ထားပြီးတော့ ဖိုလ်တွေဆက်တိုက်ဖြစ်၊ အရဟတ္တဖိုလ်ဓာတ်တွေ၊ စိတ်တွေဆက်တိုက်ဖြစ်ပြီးတော့ ချမ်းသာ. . . လို့ အေး. . လို့၊ ငြိမ်း. . . လို့ အဲဒါ ဖလသမာပတ်ဝင်စားတယ်လို့ခေါ်တယ်။ အဲဒီ မိထွေးတော်ဂေါတမီက လည်း အဲဒီဖလသမာပတ်ဝင်စားရင်းနဲ့။

သမာပတ်ကထပြီးတော့ ဩော်. . . ငါဘဝတစ်သိန်း ပါရမီတွေပြည့် ပြီးတော့လာခဲ့တာ ငါ့ရဲ့ဘဝဇာတ်ကြောင်းတွေ ပြန်ပြောင်းပြီးတော့ ကြည့်လိုက် အုန်းမယ်. . လို့ဆိုပြီးတော့ အဘိညာဉ်နဲ့၊ တစ်ဘဝပြီးတစ်ဘဝ၊ တစ်ဘဝ ပြီးတစ်ဘဝ၊ တစ်ဘဝပြီးတစ်ဘဝ၊ ပြန်ပြောင်းပြီးတော့ ကြည့်လိုက်တော့၊ မိန်းမ သားတစ်ယောက်အနေနဲ့ အမေဖြစ်ခဲ့တဲ့ဘဝတွေ အသင်္ချေအနန္တတွေ့တယ်၊ အကြောင်းမတော်တဲ့အခါ အပါယ်လေးပါး တိရစ္ဆာန်ဘုံ ရောက်သွားတဲ့ အမေ အဖေတွေလည်း ဖြစ်ခဲ့ရတာတွေတွေ့တယ်၊ လူ့အမေအဖေ တွေဖြစ်ခဲ့တာတွေ တော့ မရေတွက်နိုင်ဘူး။ လူထဲမှာမှ အဆင့်အလွှာအသီးသီး၊ သူဌေးအမေ ဖြစ်ခဲ့တဲ့ ဘဝတွေ သူကြွယ်ရဲ့အမေ ဖြစ်ခဲ့တဲ့ဘဝတွေ မင်းစိုးရာဇာရဲ့ အမေ ဖြစ်ခဲ့ရတဲ့ ဘဝတွေ၊ မရေတွက်နိုင်အောင်တွေ့တယ်၊ တစ်ခါတစ်ခါများ စကြာ မင်းကြီးရဲ့ အမေဖြစ်ခဲ့ရတဲ့ဘဝကိုတွေ့၊ ဒါပေမယ့် လို. . သာသနာနဲ့စပ်ပြီး တော့ ရဟန်းအမေအဖေဖြစ်ရတာတော့ နှစ်ဘဝထဲပဲတွေ့တယ်. . . တဲ့ ဒီ ကမ္ဘာတစ်သိန်းအတွင်းမှာ။ အခုနောက်ဆုံး ဘုရားအမေဖြစ်ရတဲ့ နောက်ဆုံး ဘဝနဲ့ပေါင်းမှ (၃)ကြိမ်ပဲတွေ့တယ်။

ကမ္ဘာတစ်သိန်းအတွင်းမှာ (၂)ကြိမ်ပဲသူတွေ့တယ်၊ ပထမတစ်ကြိမ်က ပစ္စေကဗုဒ္ဓါ (၄)ပါးကို သူသင်္ကန်းသပိတ် ပရိက္ခရာတွေလှူ. . ပြီးတော့ ဆွမ်း ကွမ်းပြုစုပြီးတော့ တစ်သက်လုံး ဆွမ်းကွမ်းပြုစုလိုက်ရတဲ့ ဘုရားအမေပေါ့၊ ပစ္စေကဗုဒ္ဓါဆိုတာ ဘုရားငယ်ပဲ၊ ဘုရားငယ်ရဲ့အမေဖြစ်လိုက်ရဒါ ပထမကြိမ်။

ဒုတိယအကြိမ်က မဟာပဒုမပစ္စေကဗုဒ္ဓါ အမှူးပြုတဲ့ ပစ္စေကဗုဒ္ဓါငါးရာ ကို အခုလိုပဲ သူ သင်္ကန်း,ဆွမ်း,ကျောင်း,ဆေး ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ပြီး တော့ ပြုစုလိုက်ရတဲ့အမေဘဝ ဒုတိယအကြိမ်တွေ့တယ်၊ အဲဒါပဲ သည့်ပြင် တော့ အမေဖြစ်လိုက်တဲ့ဘဝတွေ. . . သူဌေးအမေဖြစ်လိုက်၊ သူကြွယ်အမေ ဖြစ်လိုက်၊ ကုန်သည်ပွဲစားအမေဖြစ်လိုက် အိမ်ရှေ့မင်းအမေဖြစ်လိုက်၊ နယ်စား ပယ်စားအမေဖြစ်လိုက်၊ စော်ဘွားအမေဖြစ်လိုက်၊ ပဒေသရာဇ် ဧကရာဇ်မင်းရဲ့ အမေဖြစ်လိုက်နဲ့၊ မိန်းမသားတစ်ယောက်အနေနဲ့ အမေဖြစ်ရတဲ့ဘဝတွေ အသင်္ချေ အနန္တမရေတွက်နိုင်အောင်တွေ့တယ် သူပြန်ပြီးကြည့်တာ။

http://www.dhammadownload.com



အခုကာလ ဗွီဒီယိုများပြန်ပြီးပြသလိုပေါ့၊ သူ့ရှေ့မှာ အဘိညာဉ်နဲ့ပြန် . . . ပြီးတော့ တစ်ဘဝပြီးတစ်ဘဝ၊ တစ်ဘဝပြီးတစ်ဘဝ ဇာတ်ကြောင်းတွေပြန် ပြောင်းကြည့်တာ၊ အဲဒါနှစ်ဘဝပဲ ဘုရားအမေ၊ လောကုတ္တရာနယ်က အမေဖြစ် ရတာတွေတယ်၊ အခုနောက်ဆုံးဘဝနဲ့ပေါင်းမှ (၃)ဘဝပဲရှိတယ်၊ အဲဒီတင် သူကြက်သီးတွေများထလို့ ၊ ဪ. . သံသရာကြီးကျင်လည်လာလိုက်တာ လူ့ လောကမှာ အထွဋ်မြတ်ဆုံးဖြစ်တဲ့ စကြာမင်းရဲ့အမေ၊ ပဒေသရာဇ်မင်းရဲ့အမေ၊ ဧကရာဇ်မင်းရဲ့အမေဆိုတဲ့ အမေဘဝတွေ မရေတွက်နိုင်အောင်ဖြစ်ခဲ့ပါရဲ့ သားနဲ့ ရဟန်းအမေဆိုတဲ့ဘဝ နည်းနည်းလေးပဲရခဲ့ပါလား. . . လို့ အဲဒီတင်ပဲ သူ ညနေကျတော့ သမာပတ်ကထလာပြီးတော့ ဘုရားထံလာပြီး လျှောက်တယ် သူက,

*** ရညော မာတာ မဟေသီတိ, သုလဘံ နာမမိတ္ထိနံ၊**

**ဗုဒ္ဓမာတာတိ ယံ နာမံ, တံ ပရမဒုလ္လဘံ။**

ဘန္တေ- ဘုန်းတော်နေဝန်း, ထွန်းလင်းတောက်ပတော်မူသော, သား တော်ဘုရား၊ ဣတ္ထိနံ-ကမ္ဘာ့ချက်ဖွေ, ကျက်သရေဆောင်, ဂုဏ်ရောင်ထိန်ကြွား, တပည့်တော်တို့လို, မိန်းမသားများ, အတွက်မှာ၊ မဟေသီ-မိဖုရားကြီး, မိဖုရား ကြီးရယ်လို့, ခေါ်ဆိုရတဲ့၊ ရညောမာတာ- ဧကရာဇ်မင်းကြီးရဲ့မယ်တော်, ပဒေ သရာဇ်မင်းကြီးရဲ့မယ်တော်, စကြာမင်းကြီးရဲ့ မယ်တော်ဆိုတဲ့၊ ယံနာမံ-အကြင် လောကီနဲ့စပ်, မြင့်မြတ်တဲ့နာမည်မျိုးသည်၊ အတ္ထိ-ရှိပါပေ၏၊ တံ-ဤလောကီ ဂုဏ်ဒြပ်တွေထဲမှာ, အထွဋ်အမြတ်ဖြစ်တဲ့ အဲဒီရှင်ဘုရင်ကြီးရဲ့ မယ်တော်၊ ပဒေ သရာဇ်မင်းကြီးရဲ့မယ်တော်, ဧကရာဇ်မင်းကြီးရဲ့ မယ်တော်ဆိုတဲ့ နာမည်မျိုး ကိုပင်၊ သုလဘံ-လွယ်ကူစွာရအပ်ပါ၏၊ ဝါ-ရဖို့မခဲရင်းခဲ့ပါ။

**ဗုဒ္ဓမာတာတိ**- ဘုရားမယ်တော်, ဘုရားမယ်တော်ဆိုတဲ့၊ **ယံနာမံ**- အကြင်လောကုတ္တရာတံဆိပ်ခတ်အပ်, မဂ်ဖိုလ်နဲ့စပ်တဲ့, နာမည်မျိုးသည်၊ အတ္ထိ -ရှိပါပေ၏၊ **တံ**-ဤလောကုတ္တရာ, တံဆိပ်ခတ်အပ်, မဂ်ဖိုလ်နဲ့စပ်တဲ့ ရဟန်း မယ်တော်, ရှင့်မယ်တော်, ဘုရားမယ်တော်ဆိုတဲ့, နာမည်မျိုးကိုကား၊ ပရမ ဒုလ္လဘံ-အလွန်အကျူး, အထူးရခဲလှပါတော့သည် ဘုရား။

သာဓု---သာဓု---သာဓု. . . ပါဘုရား။

---

* မဟာပဇာပတိဂေါတမီ- အပ-၂/၂၀၉။ ထေရီ-၄ /၁၅၀။

http://www.dhammadownload.com



သားတော်ဘုရား. . . တဲ့ တပည့်တော်ဒီနေ့အဖြစ်အပျက်ကို လျှောက်စမ်းပါရစေဆိုပြီးတော့ သူ့သမာပတ်ဝင်စားခဲ့ပုံ၊ နောက်အဘိညာဉ် မှန်ပြောင်းနဲ့ ပြန်ပြောင်းပြီးတော့ သူ့ဘဝ-ကမ္ဘာတစ်သိန်းအတွင်း ပါရမီဖြည့်စဉ်၊ ပါရမီရင့်ရင့်ဖြည့်ခဲ့စဉ်အတွင်း တွေ့ကြုံခဲ့ရပုံတွေကို ပြန်ပြောင်းပြီးတော့ သူကလျှောက်ထား။

အဲဒီလိုပဲ. . . တဲ့ တပည့်တော်မိန်းမသားတစ်ယောက်အနေနဲ့ အမေဖြစ်ခဲ့ရတဲ့ဘဝတွေ အသချေ်အနန္တများလှပါတယ်၊ အဲဒီထဲမှာ လူ့လောကက အထွဋ်အမြတ် လောကီနယ်က ာထွဋ်အမြတ်လို့ သတ်မှတ်တဲ့ ပဒေသရာဇ်မင်းရဲ့ မယ်တော် ဧကရာဇ်မင်းရဲ့မယ်တော်၊ စကြာမင်းရဲ့ မယ်တော်ဆိုတဲ့ နာမည်မျိုးကိုပင် အကြိမ်ကြိမ် အထပ်ထပ်ရအပ်ခဲ့ပါတယ်. . တဲ့၊ ဒါပေမယ်လို့ လောကုတ္တရာတဆိပ်ခတ် မင်္ဂဖိုလ်နဲ့စပ်တဲ့၊ ဘုရားမယ်တော်ဆိုတဲ့ နာမည်ကိုတော့ နှစ်ကြိမ်သာတွေ့ခဲ့ပါတယ်၊ အခု ဒီဘဝနှင့်ပေါင်းမှ သုံးကြိမ်ပဲကြုံရပါတယ်။

အဲဒါ မိထွေးတော်ဂေါတမီကလျှောက်လို့ အမေပြောတာတဲ့ အဋ္ဌကထာ ဆရာကြီးတွေက၊ အဋ္ဌကထာဆရာကြီးတွေကလိုက်လာတယ်၊ မိထွေးတော်ဂေါတမီကလျှောက်လို့ အမေလိုရင်းထားပြောတာပါတဲ့ အတူတူပါပဲ. . . တဲ့၊ ယောကျာ်းသားများအတွက်လည်းအဖေ၊ သုဒ္ဓေါဒနမင်းကြီးအနေနဲ့ပြောမယ်ဆိုရင် ဘုရားအဖေပေါ့ ဖြစ်ရတာနည်းတယ်၊ ခမည်းတော်များအနေနဲ့ ဘုရားအဖေအဖြစ်နည်းသလို၊ ရဟန်းအဖေ ကိုရင်အဖေ အတူတူပဲပေါ့ မိန်းမသားအတွက် ရဟန်းအမေ ကိုရင့်အမေ ရဟန်းအမ ကိုရင့်အမ၊ ရှင့်အမ ရဟန်းအမ၊ ဒကာကြီးတွေအနေနဲ့ ရှင့်ဒကာ၊ ရဟန်းဒကာ အတူတူ ပဲတဲ့။ ဒါအဖြစ်နည်းတယ်။

ဘာပြုလို့တုန်းဆိုတော့ ရဟန်းဒကာ ရဟန်းအမဖြစ်ဖို့ရာ ရဟန်းရှိမှ ရဟန်းအမဖြစ်မယ်၊ ရဟန်းအသုံးအဆောင် သက်န်းသပိတ် ပရိက္ခရာတွေရှိမှ ရဟန်းအမဖြစ်မယ်၊ အဲဒီရဟန်းကလည်း မိုးပေါ်ကကျလာပြီးတော့ လူ့ပြည်ထဲမှာ အမြဲရှိနေတာမဟုတ်ဘူး၊ ဘုရားသာသနာရှိမှ ရဟန်းရှိတယ်၊ ဘုရားသာသနာရှိမှ သာသနာ့ဝန်ကိုထမ်းတဲ့ ရှင်ရဟန်းဆိုတာရှိတယ်၊ ဘုရားသာသနာပေါ်ဖို့ဆိုတာလည်း ဘုရားကိုယ်တော်မြတ်ကြီးပွင့်မှ ဘုရားသာသနာရှိနိုင်တယ်၊ ဘုရားကိုယ်တော်မြတ်ကြီးတဆူ ပေါ်ဖို့အရေးဆိုတာ လေးသချေ်နဲ့ကမ္ဘာ တစ်သိန်းကြာမှ တစ်ဆူပေါ်တယ်၊ ရှစ်သချေ် နဲ့ကမ္ဘာတစ်သိန်းကြာမှ တစ်ဆူပေါ်တယ်၊ တစ်ဆယ့်ခြောက်သချေ်နဲ့ ကမ္ဘာတစ်သိန်းကြာမှ တစ်ဆူပေါ်တယ်၊ အင်မတန်ပေါ်ခဲတဲ့ရတနာ။

http://www.dhammadownload.com



လောကီမှာ ဒို့ရတနာတွေ၊ ပြည်တန်မြင်မောက်ကျောက်ကြီးတွေ၊သိန်းပေါင်းများစွာ၊ သန်းပေါင်းများစွာထိုက်တဲ့ ကျောက်မျက်ရတနာတွေဆိုတာ အချိန်မရွေးပေါ်နေတာမဟုတ်ဘူး၊ မိုးကုတ်ကြပ်ပြင်အထက်တစ်ခွင်က ရတနာကျောက်တွေ ထွက်တော့ထွက်သားပဲ၊ အချိန်မရွေးခုနကလို ကျောက်ကြီးတွေမပေါ်ဘူး၊ နှစ်ပေါင်းတစ်ရာလောက်ကြာမှ၊ နှစ်ပေါင်းများစွာကြာမှ တစ်ခါတစ်ခါလေးပေါ်တာ၊ အဲဒီထက်ခက်တယ် ဘုရားရတနာက။ လောကီရတနာကျောက်တွေက မြေထဲအတူးကောင်းရင်ရတယ်၊ အခု ဘုရားရတနာဆိုတဲ့ရတနာက ကမ္ဘာလောကကြီးထဲမှာ အင်မတန်ပေါ်နိုင်ခဲတဲ့ရတနာ၊ ဒါ ရတနသုတ်မှာ ဘုရားကိုယ်တော်တိုင်ဟောထားတယ်၊ ရတနာတွေရှိသမျှထဲမှာ အခက်ခဲဆုံးရတနာက ဘုရား တရား သံဃာ ရတနာသုံးပါးပါပဲ။

ဒီတော့ အဲဒီအခက်ခဲဆုံး ကမ္ဘာလောကမှာ အခက်ခဲဆုံးအကြာမြင့်ဆုံးနေမှ တစ်ခါတစ်ခါ ပေါ်တတ်တဲ့ရတနာ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘဖြစ်တဲ့ ရတနာကြီးပေါ်မှ သာသနာရှိတယ်၊ သာသနာရှိမှ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေရှိတယ်၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေရှိမှ သာသနာ့အသုံးအဆောင် ပစ္စည်းတွေလှူ. . . ပြီးတော့ ရှင့်အမ ရှင့်ဒကာ ရဟန်းအမ ရဟန်းဒကာ ဖြစ်နိုင်တယ်။

ရဟန်းဒကာ ရဟန်းအမ ရှင့်ဒကာ ရှင့်အမဆိုတာ၊ ရှင့်အမေ ရှင့်အဖေ၊ ရဟန်းအမေ ရဟန်းအဖေပဲ၊ ဒါကြောင့် ဖြစ်နိုင်ခဲတဲ့ အမေအဖေဘဝတို့ဒီနေ့ရယူနိုင်ကြတဲ့နေ့ . . . အမြဲနေရဟန်းတော် ရှင်ဉာဏဇေကို ရဟန်းပြုပေးခြင်းဖြင့် ရနိုင်ခဲတဲ့ ရဟန်းအမေဘဝကို ရယူနိုင်တဲ့နေ့၊ သားတွေတူတွေလေးယောက်တို့ကို ရဟန်းပြုပေးပြီးတော့ ရယူနိုင်ခဲတဲ့ ရဟန်းအမေ ရဟန်းအဖေဘဝကို ဒို့ စစ်ကိုင်းမြို့ကလာကြတဲ့ မိသားစုတွေက ရယူနိုင်တဲ့နေ့၊ အဲဒီလိုရနိုင်ခဲတဲ့ အမေအဖေဘဝကို ဒို့ ရတဲ့နေ့ပဲလို့သဘောပေါက်ဖို့ ။

ဒီတော့ ရနိုင်ခဲတဲ့ အမေအဖေဘဝရတော့ ဘာလုပ်ရမှာတုန်း၊ ရနိုင်ခဲတဲ့ အမေအဖေဘဝယူမှတော့ အဲဒီအမေအဖေတွေယူသွားတဲ့ လမ်းပေါ်ရောက်မှတော့ အဲဒီအမေအဖေတွေ ရောက်မယ့်နေရာ ရောက်မှာပေါ့၊ မိထွေးတော်ဂေါတမီသွားတဲ့ လမ်းပေါ်ရောက်လာမှတော့ မိထွေးတော်ဂေါတမီရောက်တဲ့နေရာ ရောက်ရမှာပေါ့၊ ရောက်တော့ မိထွေးတော်ဂေါတမီ ရောက်သလို မြန်မြန်ရောက်ဖို့လိုတယ်၊ ရောက်တာကတော့ရောက်မယ်၊ နှေးနှေးရောက်တာနဲ့ မြန်မြန်ရောက်တာ နှစ်ခုကွာတယ်၊ မန္တလေးကနေပြီးတော့ ရန်ကုန် ရွှေတိဂုံဘုရားဖူးမယ်ဆိုပြီးတော့သွားတယ်၊ မော်တော်ကားနဲ့ ရန်ကုန်

http://www.dhammadownload.com



သွားတဲ့ လမ်းကြီးပေါ်တော့ရောက်သားပဲ၊ ခြေလျှင်သွားတဲ့သူထက် မော်တော်ကားနဲ့သွားတဲ့သူက မြန်မြန်ရောက်မှာပေါ့၊ မော်တော်ကားမှာလဲပဲ၊ အရှိန်နှေးတဲ့ မော်တော်ကားအိုကြီးတွေ၊ ရှေးဟောင်းကြီးတွေနဲ့သွားတဲ့သူထက်၊ အခုခေတ်ပေါ်တဲ့ (speed)ဆိုတဲ့ အရှိန်နှုန်းကောင်းတဲ့ မော်တော်ကားနဲ့သွားတဲ့သူက မြန်မြန်ရောက်သွားမှာပေါ့၊ ဟော-အဲဒီလိုကွာတယ်။

ရောက်တာတော့ရောက်မှာပဲ၊ ဘာပြုလို့တုန်း ကိုယ်က မိထွေးတော်ဂေါတမီလမ်းပေါ်ရောက်ကြပြီလေ၊ အခု မိထွေးတော်ဂေါတမီက ဘုရားမယ်တော်ဆိုတဲ့ လမ်းပေါ်ရောက်သလို၊ မိမိတို့လည်း ရဟန်းမယ်တော်၊ ခမည်းတော်ဆိုတဲ့ လမ်းပေါ်ရောက်ကြတယ်၊ မိထွေးတော်ဂေါတမီရတဲ့ ဂုဏ်ထူးမျိုး မိမိတို့ရပြီ၊ မိထွေးတော်ဂေါတမီအားထုတ်တဲ့အမှုမျိုးကို မိမိတို့အားထုတ်နိုင်ပြီ၊ သက်နိုးသပိတ်ပရိက္ခရာတွေလှူ. .၊ ပြီးတော့ ရဟန်းမယ်တော်၊ ရဟန်းခမည်းတော်၊ ရဟန်းအမေ၊ ရဟန်းအဖေ ဖြစ်အောင်လုပ်လိုက်တာဟာ၊ မိထွေးတော်ဂေါတမီလျှောက်တဲ့လမ်းပေါ်ကို ရောက်တယ်လို့ခေါ်တယ်၊

သို့သော် မြန်မြန်ရောက်တာနဲ့ နှေးနှေးရောက်တာကွာလိမ့်မယ်၊ ကိုယ်ကအသွားနှေးနေရင်တော့ နှေးနှေးရောက်တော့မှာပဲ၊ ဒီတော့ မြန်မြန်ရောက်ဖို့အရေးကြီးတယ်၊ ဘာပြု့လို့တုန်း၊ အိုနာသေဘေးကြီးတွေ ထပ်တလဲလဲတိုးနေရတာ ကောင်းတာမဟုတ်ဘူး၊ ကြာနေလေ အိုနာသေထပ်လေပဲ၊ ကြာနေလေ အို ,နာ, သေလာလေပဲ၊ ဒီတော့ ကြာလေ အို, နာ,သေတွေလာလေ၊ ကြာလေ အိုနာသေတွေကထပ်လေ၊ အိုနာသေဆိုတာ ကောင်းတဲ့အလုပ်မှ မဟုတ်ဘဲ၊ အိုဆိုတဲ့ ဇရာ၊ နာဆိုတဲ့ ဗျာဓိ၊ သေဆိုတဲ့ မရဏအကောင်း မဟုတ်ဘူး၊ မကောင်းလို့ ဘုရားက ဒုက္ခသစ္စာထဲထည့်ပြီးတော့ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ. . . လို့ သစ္စာလေးပါးတရား ဟောတုန်းကထဲက ဒုက္ခသစ္စာထဲထည့်ဟောခဲ့တာ၊ ဒုက္ခဆိုတာမကောင်းတာ၊ သစ္စာဆိုတာ အမှန်၊ မကောင်းတာမှ တကယ့်ကိုမကောင်း၊ အဟုတ်ကို မကောင်းတာ၊ အတုမဟုတ်ဘူး၊ အဟုတ်ကို မကောင်းတာမို့ သစ္စာတပ်ပြီးတော့ဟောထားတာ၊

ဒီတော့-အဲဒီဒုက္ခသစ္စာဖြစ်တဲ့ အိုနာသေတွေ မြန်မြန်လွတ်အောင်၊ မိထွေးတော် ဂေါတမီ သွားသလို မြန်မြန်သွားတတ်အောင်၊ မိထွေးတော်ဂေါတမီလျှောက်တဲ့စကား နားထောင်. . . ပြီးတော့ မိထွေးတော်ဂေါတမီလို စိတ်ထားနိုင်ရမယ်၊ မိထွေးတော် ဂေါတမီစိတ်ထားသလို ကိုယ်ကထားတတ်ရင်၊ မိထွေးတော်ဂေါတမီ သွားသလို မြန်မြန်ရောက်သွားမှာပဲ၊ ဒီတော့-မိထွေးတော်

http://www.dhammadownload.com



ဂေါတမီက ဘုရားကို ဆက်ပြီးတော့လျှောက်ထားတဲ့စကားလေး ဆက်နားထောင်ကြည့်-

**အဟံ သုဂတ တေ မာတာ, တွံစ ဝီရ ပိတာ မမ။**

**သဒ္ဓမ္မသုခဒနာထ, တယာ ဇာတာမှိ ဂေါတမ။**

မိထွေးတော်ဂေါတမီ အသက်ကလည်းတော်တော်ကြီးပြီ၊ ပရိနိဗ္ဗာန်စံခါလည်းနီးပြီ. . . ဆိုတော့ သားတော်ဘုရားရှေ့မှာအားရပါးရ သူလျှောက်စရာရှိတာတွေ ခုနကလိုပဲတပည့်တော်မိန်းမသားတစ်ယောက် အနေနဲ့အင်မတန်ရခဲတဲ့ ရဟန်းမယ်တော်၊ ဘုရားမယ်တော်ဘဝကိုရပါ တယ် . .၊ အဲလိုလျှောက်ပြီးတော့ဆက်ပြောတဲ့စကားက. . . . ။

**အဟံ သုဂတ တေ မာတာ, တွံစဝီရ ပိတာ မမ။**

ဘန္တေ-ဘုန်းတော်နေဝန်း ထွန်းလင်းတော်မူသော သားတော်ဘုရား၊ အဟံ- တပည့်တော်မက၊ တေ-သားတော်ဘုရား၏၊ မာတာ-နို့ချိုတိုက်ကျွေးပြီးတော့, မွေးကျွေးသုတ်သင်, ပြုပြင်ခဲ့ရတဲ့, လောကီမယ်တော်ကြီးပါတည်း၊ တွံ-ရှင်တော်မြတ်ဘုရားကတော့၊ မမ-တပည့်တော်၏၊ ပိတာ-လောကုတ္တရာနယ်က ဖခင်ကြီးတစ်ပါးဖြစ်ပါပေ၏။သားတော်ဘုရား. . . တဲ့ တပည့်တော်က လောကီနယ်ကပြောရင် တပည့်တော်က အမေ, အရှင်ဘုရားက သား၊ လောကုတ္တရာနယ်က ပြောကြမယ်ဆိုရင်တော့ တပည့်တော်က သမီး, အရှင်ဘုရားက အဖေ. . . တဲ့၊ မိထွေးတော် ဂေါတမီက သိဒ္ဓတ္ထမင်းသားလေး ကောက်ယူကျွေးမွေးခဲ့ရတာဆိုတော့ လောကီနယ်ကပြောရင်တော့ ဟုတ်တာပေါ့၊ မိထွေးတော်ဂေါတမီက အမေ၊ ဘုရားရှင်က သား၊ အဲ. . . ဘိက္ခုနီမ ကြီးပြုတဲ့၊ မိထွေးတော်ဂေါတမီ ဘိက္ခုနီမကြီးပြုရတာ ဘုရားသမီးတော် ဖြစ်သွားတာဖြစ်တော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဖေကြီး. . . မိထွေးတော်ဂေါတမီက သမီးတော် အရှင်ဘုရားက တပည့်တော်မရဲ့သားဖြစ်ခဲ့သော်လည်း လောကုတ္တရာနယ်ကပြောကြမယ်ဆိုရင် တပည့်တော်ကသမီးပါ။ အရှင်ဘုရားက ခမည်းတော်ပါ။

**အဟံ သုဂတ တေ မာတာ, တွံစ ဝီရ ပိတာ မမ။**

**သဒ္ဓမ္မသုခဒနာထ, တယာ ဇာတာမှိ ဂေါတမ။**

တယာ-ရှင်တော်ဘုရားရဲ့အထံ၌၊ ဇာတာ- တပည့်တော်မ, ဘိက္ခုနီမသမီးတော် တစ်ယောက်အဖြစ်နဲ့ မွေးဖွားပေါ်ပေါက်ခဲ့ရပါတယ်ဘုရား. . .၊ အရှင်ဘုရားကခွင့်ပြုလို့၊ အရှင်ဘုရားက ဘိက္ခုနီမပြုပေးလို့, တပည့်တော်မ ဘိက္ခုနီမ တစ်ယောက်အဖြစ်နဲ့၊ သမီးတော်တစ်ယောက်အဖြစ်နဲ့၊ မွေးဖွားပေါ်ပေါက်ခဲ့ရပါတယ်. . . တဲ့၊ ပြီးတော့ ရှေ့ဆက်လျှောက်တယ်-

http://www.dhammadownload.com



**သံဝဍ္ဎိတောယံ သုဂတ, ရူပကာယော မယာ တဝ၊**

**အနိန္ဒိတော ဓမ္မကာယော, မမ သံဝဍ္ဎိတော တယာ**-တဲ့ မယာ-တပည့်တော်မကေ၊တဝ-ရှင်တော်ဘုရား၏၊ ရူပကော-ရုပ်ခန္ဓာကိုယ်ကြီးကို၊ သံဝဍ္ဎိတော ကြီးပွါးအောင်၊ တိုးပွါးအောင်၊စောင့်ရှောက်ခဲ့ရပါပေ၏။ တယာ- ရှင်တော်ဘုရားကတော့၊ မမ- တပည့်တော်၏၊ နာမကာယော- နာမကာယခေါ်တဲ့ စိတ်တရားကြီးကို၊ သံဝဍ္ဎိတော-တိုးပွါးအောင်လည်းပဲ စောင့်ရှောက်ခဲ့ပါပေ၏။

တပည့်တော်မက အရှင်ဘုရားကို ရုပ်ခန္ဓာကြီး ကြီးထွားအောင် စောင့်ရှောက်နိုင်ခဲ့ပါတယ်. . . တဲ့၊ မိထွေးတော်ဂေါတမီက ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားလေး ငယ်ငယ်သေးသေး ကလေးဘဝကစပြီးတော့ ရုပ်ခန္ဓာကိုယ်ကြီး ထွားအောင်၊ နို့ချိုတွေတိုက်ကျွေး၊ ထမင်းခွံ့ပေး၊ မုန့်ပဲသွားရေစာတွေ ရှာကျွေး၊ မှက်,ခြင်, ကြမ်းပိုးမထိုး မကိုက်အောင် ပြုစုစောင့်ရှောက်၊ ရေမိုးချိုးပေး၊ အဝတ်အစားဆင်မြန်းပေးနဲ့ တပည့်တော်မက အရှင်ဘုရားကို ပြုစုခဲ့တာက ရုပ်ခန္ဓာကိုယ်ကြီး, ကြီးထွားအောင်သာ ပြုနိုင်ခဲ့ပါတယ်၊ တပည့်တော်မကို အရှင်ဘုရားက ပြန်ပြီးတော့ ကြီးထွားအောင်ပြုစုတာက နာမ်ခန္ဓာကိုယ်ကြီးထွားအောင် ပြုစုနိုင်ခဲ့ပါပေတယ်. . . တဲ့၊ တပည့်တော်မရဲ့ နာမ်ခန္ဓာကိုယ်, စိတ်ခန္ဓာကိုယ်၊ အသိစိတ်ခေါ်တဲ့ နာမ်ခန္ဓာကိုယ်ကြီး ကြီးထွားအောင် အရှင်ဘုရားက တပည့်တော်ကို ပြန်စောင့်ရှောက်နိုင်ပါပေတယ်။

ပထမအသိလိမ္မာ ဉာဏ်ပညာနည်းနေရာက ရဟန်းမဖြစ်ချင်လောက်အောင်၊ လောကီနယ်ထဲမှာ ငါးဖြာအာရုံ ကာမဂုဏ်ထဲ ပျော်ပါးမော်ကြွား စားသောက်၊ မူးမူးမော်မော်နဲ့နေချင်တဲ့၊ သေးငယ်တဲ့စိတ်ကလေး၊ နာမ်ကာယလေးကို တောထွက်. . . ပြီးတော့ ရဟန်းမကြီးဖြစ်ချင်တဲ့၊ နေက္ခမ္မစိတ်တွေ ကိန်းဝပ်လာအောင်၊ အရှင်ဘုရားက ကြီးထွားအောင်ပြုနိုင်ပါပေတယ် . . တဲ့၊ အရှင်ဘုရားရဲ့ တရားနာရတော့၊ ငါးဖြာအာရုံ ကာမဂုဏ်တွေဆိုတာ ခဏာပန်း အိပ်မက်လိုပဲ၊ ဘာမှမဟုတ်တဲ့တရားတွေပဲဆိုတာ သဘောပေါက်လာပြီးတော့၊ အသိဉာဏ်တွေရင့်ထွား၊ ကြီးထွားလာပြီးတော့၊ တပည့်တော်မ ရဟန်းပြုဖြစ်တယ်၊

အဲ-ရဟန်းပြုဖြစ်ရာကနေပြီးတော့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ။ ရုပ်ခန္ဓာကြီး ကြီးထွားသွားတာမဟုတ်ဘူး၊ သောတာပန်က သကဒါဂါမ်ဖြစ်လို့ ပိုထွားသွားတာ မဟုတ်ဘူး၊ သကဒါဂါမ်က အနာဂါမ် ရဟန္တာဖြစ်သွားလို့ ခန္ဓာကိုယ်ကြီး တစ်ထွာလောက် တစ်တောင်လောက် မြင့်တက်သွား

http://www.dhammadownload.com



တာမဟုတ်ဘူး၊ ရုပ်ခန္ဓာကိုယ်က ဒါ, ဒါပဲ၊ နာမ်ခန္ဓာကိုယ်ကြီး၊ ကြီးထွားသွားတာ၊ အသိဉာဏ်စာတ်ကြီး ကြီးထွားသွားတာ၊ သစ္စာလေးပါးတရားသိတဲ့ နာမ်ခန္ဓာ ဓာတ်ကြီး ကြီးထွား. . . သွားအောင် အရှင်ဘုရားက တပည့်တော်ကို စောင့် ရှောက်တော်မူပါပေတယ်. . . တဲ့၊ ဒါကို မိထွေးတော်ဂေါတမီက လျှောက်နေ တာ။

တပည့်တော်မက အရှင်ဘုရားကို ရုပ်ခန္ဓာကိုယ်ကြီး ကြီးထွားအောင် သာစောင့်ရှောက်နိုင်ခဲ့ပါတယ်၊ အရှင်ဘုရားက တပည့်တော်မကိုကျတော့ နာမ် ခန္ဓာတရားကြီး ကြီးထွားအောင်၊ ဓမ္မကာယကြီး ကြီးထွားအောင် စောင့်ရှောက် တော်မူနိုင်ခဲ့ပါပေတယ်. . . လို့ လျှောက်တဲ့စကား၊ ပြီးတော့နောက်ဆုံး ဆက် လျှောက်တယ်။

**မုဟုတ္တံ တဏှာသမဏံ, ခီရံ တွံ ပါယိတော မယာ၊**
**တယာဟံ သန္တမစ္စန္တံ, ဓမ္မခီရမ္ပိ ပါယိတာ။**

နောက်ဆုံးစကား၊ အင်မတန်ကောင်းတဲ့စကား၊ မုဟုတ္တံ တဏှာသမဏံ ခီရံ တွံ ပါယိတော မယာ။ မယာ-တပည့်တော်မက၊ တွံ-ရှင်တော်ဘုရားကို၊ မုဟုတ္တံ-တဏှာသမဏံ-တခဏလောက်, အဆာပြေပျောက်မယ့် ပကတိနို့ရည် ကိုသာ၊ ပါယိတော- တိုက်နိုင်ခဲ့ပါပေ၏၊ တပည့်တော်မက အရှင်ဘုရားကို နို့တိုက်နိုင်ခဲ့တာက တခဏလောက် အဆာပြေပျောက်စေတတ်တဲ့ နို့ကိုသာ တပည့် တော်မတိုက်နိုင်ခဲ့ပါတယ်. . . တဲ့၊ အရှင်ဘုရားက တပည့်တော်ကို ပြန်ပြီးတော့ တိုက်လိုက်တဲ့ နို့ရည်ကတော့၊ တပည့်တော်မသန္တာန်မှာ၊ တစ်သံသရာလုံးက ငတ်ဆာလာခဲ့တဲ့၊ တဏှာဓာတ်ကြီးပြတ်သွားအောင်၊ နောက်ဘယ်တော့. . မှ၊ အဆာဓာတ်၊ အငတ်ဓာတ်ကြီးမလာတော့အောင်၊ အရှင်ဘုရားက လောကုတ္တ ရာမဂ်နို့ရည်၊ ဖိုလ်နို့ရည်၊ တိုက်နိုင်ခဲ့ပါပေတယ်၊

တပည့်တော်မက အရှင်ဘုရားကို တိုက်တဲ့နို့ရည်က အရှင်ဘုရားတခ ဏလောက် အဆာပြေပျောက်ရုံတိုက်နိုင်တဲ့ နို့ရည်ပဲ. . . တဲ့၊ ဟုတ်တယ်လေ- သိဒ္ဓတ္ထ မင်းသားလေး နို့ဆာတော့၊ အူဝဲ အူဝဲနဲ့ ငိုချင်ငိုမယ်၊ အဲ-မိထွေးတော် ဂေါတမီက နို့ချိုလေးပိုက်ပြီးတော့၊ တိုက်ကျွေးလိုက်တော့၊ တခဏလောက် အဆာပြေပျောက်သွားတယ်၊ ဒါ-ရသတဏှာ အာသာဓာတ်ပြောနေတာ၊ ဘုန်းကြီး တို့တစ်တွေ မှာလည်းပဲ မနက်က စမူဆာလေးစားလိုက်ရ. . . တော့၊ ခဏ, အဆာပြေပျောက်သွားတယ်၊ ခဏ အဆာပြေပျောက်သွားတာ၊ တော်ကြာတော့ ဆာ တာ ဆာတာဆို ဒီခန္ဓာကိုယ်ကြီးရှိနေတော့၊ အဆာဓာတ်ကလာပြန်၊ စားချင်လာ

http://www.dhammadownload.com



ပြန်၊ ကျွေးရပြန်၊ အဆာလေးနည်းနည်းပျောက်သွား၊ တော်ကြာတော့ ဆာလာပြန် ကျွေးရပြန်။ ဒါကြောင့် မြတ်စွာဘုရားက ဂေါနတ္တဥပါသကာ ဝတ္ထုကျတော့-

* **ရောဂါရောဂါ, ဘယ်ရောဂါ, ရောဂါသာ၍ ကြီးသနည်း၊ -**

**လျှာအရသာ, ဆာလှုပါ, ရောဂါသာ၍ ကြီးသတည်း။**

သတ္တဝါတွေရဲ့ နာတာရှည်ရောဂါမှန်သမျှထဲမှာ ဘယ်နာတာရှည်အဆိုးဆုံးတုန်းဆိုရင်၊ အခုကာလပြောကြမယ်ပေါ့၊ သွေးတိုးတို့ ဆီးချိုတို့ နှစ်လုံးတို့ နာတာရှည်ကြီးတွေ. . . ဒါတွေကုရခက်တာ၊ သိပ်ကြာတာပဲလို့ပြောကြမယ်၊ အဲဒီ ဆီးချို သွေးတိုး နှစ်လုံး ကင်ဆာ၊ ဘယ်လောက်ပဲကြာတယ်ပြောပြော၊ တဘဝထက်ကျော်ပြီးမကြာဘူး၊ တဘဝအတွင်းလည်း ဆေးကောင်းဆေးဝါး၊ သမားကောင်းနဲ့တွေ့ရင်ပျောက်တယ်၊ နောက်ဆုံးမပျောက်ဘူးဆို တစ်ဘဝပဲ လိုက်နှိပ်စက်နိုင်တယ်၊ တစ်ဘဝရဲ့ ဟို-ဘက်သူမလိုက်နိုင်ဘူး၊ အဲ. . ခန္ဓာကိုယ်ရှိနေတဲ့ သတ္တဝါတိုင်းမှာ ဆာတယ်. . . ဆိုတဲ့၊ ဆာလောင်မှုဆိုတဲ့၊ လျှာအရသာ ဆာလှုပါတယ်ဆိုတဲ့ရောဂါကြီး၊ ဆာလောင်မှုဆိုတဲ့ ရောဂါကြီးက နာတာအရှည်ဆုံးရောဂါကြီးတဲ့၊ ဒီခန္ဓာကိုယ်နှိပ်စက်နေတာ၊ သတ္တဝါတွေက ရောဂါ ရောဂါမှန်းမသိကြဘူး၊ ဆာလောင်မွတ်သိပ်မှုဆိုတဲ့ ရောဂါကြီးသည် ခန္ဓာကိုယ်ရှိနေတဲ့ သတ္တဝါတိုင်းမှာရှိနေတဲ့ရောဂါ၊ အဲဒီရောဂါကြီးဟာ နာတာအရှည်ဆုံး. . . တဲ့၊ နာတာအရှည်ဆုံး။

ဘာပြုလို့တုန်း ဒီဘဝလည်းဆာလို့ဆိုပြီးတော့ ဘုန်းကြီးတို့တစ်တွေ၊ အူဝဲ အူဝဲနဲ့ အမေ့ဝမ်းက ကျွတ်လွတ်ကထဲက အူဝဲအူဝဲနဲ့အော်ပြီးတော့ တောင်းခဲ့ရတယ်၊ ဆာလို့။ အမေကနို့ကလေးတိုက်လိုက်တော့ ခဏငြိမ်သွား၊ တော်ကြာ အူဝဲအူဝဲနဲ့ အော်ရပြန်တယ်ဆာလို့၊ နို့ကလေးတိုက်လိုက်တော့ ငြိမ်သွား၊ တော်ကြာ အူဝဲအူဝဲနဲ့ အော်ရပြန်တယ်ဆာလို့၊ ဆာရောဂါကြီးနှိပ်စက်လိုက်တာ . . .၊ နောက်တော်တော်ကြီးလာတော့ မုန့်ပဲသွားရေစာတွေစားပေးရ၊ ထမင်းမုန့်ပဲတွေကျွေးပေးရ၊ မုန့်ဟင်းခါးတွေတိုက်ပေးရ၊ ဆန်ပြုတ်တွေတိုက်ပေးရ၊ ကော်ဖီတွေတိုက်ပေးရ၊ မနက်တထပ်၊ နေ့လယ်တထပ်၊ ညနေတထပ်၊ မနက်တထပ် နေ့လယ်တထပ် ညနေတထပ်၊ ဘယ်တော့လောက်များဆုံးမတုန်း၊ သေထိမဆုံးဘူး၊ ဒီဘဝပြီးသွားတော့၊ ဟို-နောက်ဘဝတစ်ခုရသွား၊ ကုန်ရော့လား၊ ဆာရောဂါကြီးမလိုက်တော့ဘူးလား၊ လိုက်တယ်. . .

http://www.dhammadownload.com



အဲဒီနောက်ဘဝလည်း ခွေးဖြစ်၊ ခွေးဘဝလိုက်ဆာတာပဲ၊ နွားဖြစ် နွားဘဝဆာလို့ကျွေးရ ဘယ်ဘုံရောက်သွားသွား ဒီဆာရောဂါကြီး လိုက်ပြီးတော့ လာတာမို့လို့-

*** ရောဂါ ရောဂါ, ဘယ်ရောဂါ, ရောဂါသာ၍ ကြီးသနည်း။**
**လျှာအရသာ, ဆာလှုပါ, ရောဂါသာ၍ ကြီးသတည်း။-**

အငတ်ရောဂါကြီး သတ္တဝါတိုင်းသတ္တဝါတိုင်း အငတ်ရောဂါကြီး၊ အဆာရောဂါကြီး၊ အဆိုးဆုံး၊ ဘဝတိုင်း ရုပ်နာမ်ခန္ဓာရှိနေတဲ့သတ္တဝါတိုင်း နှိပ်စက်နေတဲ့ရောဂါကြီး၊ အဲဒီ အဆာရောဂါကြီးအကြောင်းပြုပြီးတော့၊ ကိုယ်ဆာတာမနေနိုင်တော့ ကိုယ့်သားသမီးဆာတာ သည်းမခံနိုင်တော့ သူများကိုသတ်တန်သတ်ကျွေး၊ အကောင်ဘလောင်တွေသတ်တန်သတ်၊ လူသတ်တန်သတ်၊ လုယူ၊ ပစ္စည်းတွေသူများဆီက ခိုးနိုက်တိုက်ခိုက်လုပ်၊ မတော်မတရားတွေလုပ်ကုန်တာ၊ ဒီဆာတာမှီပြီးဖြစ်ကုန်တာ၊ ဒါကြောင့် မိထွေးတော်ဂေါတမီက အခုလျှောက်နေတာ၊

တပည့်တော်မက အရှင်ဘုရားကို နို့တိုက်နိုင်ခဲ့တာက အရှင်ဘုရား တခဏလောက် အဆာပျောက်ရုံသာတိုက်နိုင်ခဲ့ပါတယ်. . . တဲ့၊ အရှင်ဘုရားက တပည့်တော်မကို ပြန်ပြီးတော့တိုက်လိုက်တဲ့နို့ရည်ကတော့၊ မဂ်နို့ရည် ဖိုလ်နို့ရည်ဆိုတဲ့၊ မဂ်လေးတန် ဖိုလ်လေးတန် ဉာဏ်ရှစ်တန်ဆိုတဲ့ နို့ရည်ကို တိုက်ကျွေးလိုက်သဖြင့် တပည့်တော်မမှာ တသံသရာလုံးကငတ်လာခဲ့တဲ့ အငတ်ဓာတ်ကြီးပြတ်ပြီးတော့၊ အဆာဓာတ်ကြီးရခဲ့ပါတယ်. . . လို့-

**မုဟုတ္တံ တဏှာသမဏံ, ခီရံ တွံ ပါယိတော မယာ၊**
**တယာဟံ သန္တမစ္စန္တံ, ဓမ္မခီရမ္ဘိ ပါယိတာ။**

တယာ-ရှင်တော်မြတ်ဘုရားကတော့၊ အစ္စန္တသန္တံ-ဘယ်တော့မှ တပည့်တော်မ. . . ပြန်မငတ်တော့ရလောက်အောင်၊ ဓမ္မခီရံ-မဂ်နို့ရည်, ဖိုလ်နို့ရည်ဆိုတဲ့ နို့ရည်ထူး နို့ရည်မြတ်ကြီးကို၊ ပါယိတာ-ကောင်းစွာမသွေ၊ တိုက်ကျွေးတော်မူအပ်ခဲ့ပါပေသတည်း။

သာဓု---သာဓု---သာဓု

တပည့်တော်မသန္တာန်မှာ ငတ်တတ်တဲ့တဏှာဓာတ်ကြီး။ ငတ်တယ်ဆိုတာတဏှာဓာတ်ပဲ၊ သတ္တဝါတိုင်းသတ္တဝါတိုင်း တဏှာမကုန်သေးသမျှ၊ ရဟန္တာမဖြစ်သမျှ၊ ရဟန္တာမ မဖြစ်သမျှ၊ အငတ်သမားတွေချည်း. . . ငတ်သေကြတာချည်းပဲ၊ တဏှာက အငတ်ဓာတ် ကြီး၊ ဟိုဟာလိုချင် ဒီဟာလိုချင် ဒါ-ငတ်တာခေါ်တယ်မျှော်တာ၊ အဆင်းမျိုးစုံ ရှုပါရုံလေးရတော့၊ အသံလေးနားထောင်

http://www.dhammadownload.com



ချင်တယ်၊ အသံလေးကြားရပြန်တော့ အဆင်းလေးလို ချင်တယ်၊ အနံ့လေးလို ချင်တယ်၊ စားဖွယ်သောက်ဖွယ်လေးလိုချင်တယ်၊ ထိဖွယ်တို့ ဖွယ်လေးလိုချင်တယ် စသည်ဖြင့် တဏှာမဆုံးသမျှ အငတ်မဆုံးဘူး။

အဲ-တပည့်တော်မ အရှင်ဘုရားက မဂ်နို့ရည်ဖိုလ်နို့ရည် တိုက်လိုက်သဖြင့် တပည့်တော်မ အငတ်ဓာတ်ကြီး ကုန်သွားပြီ. . . တဲ့ ဆုံးသွားပါပြီ။

ဒီတော့-ဒီနေ့ ရဟန်းအမ ရဟန်းဒကာဖြစ်ကြတဲ့၊ အလှူ့ဒကာ အလှူ့အမတွေက တပည့်တော်တို့ မိထွေးတော် ဂေါတမီထေရီမကြီးကဲ့သို့ အငတ်ဓာတ်ကြီး ဆုံးရာ အငတ်ဓာတ်ကြီးကုန်ရာ၊ အငတ်ဓာတ်ကြီးမရှိရာ သန္တိသုခ နိဗ္ဗာန်နဓာတ် ချမ်းသာထူး ချမ်းသာမြတ်ကြီးရဖို့ရာအတွက် တပည့် တော်တို့ ဒီနေ့ ရဟန်းတော်များကို ရဟန်းလောင်းများကို၊ ရဟန်းပရိက္ခရာတွေလှူဒါန်းရတဲ့ ကောင်းမှုက အားကောင်းသော အထောက်အပံ့ဖြစ်ပါစေသား၊ (၃၁)ဘုံသံသရာကြီးက အငတ်ရုံကြီးက(၃၁)ဘုံ အတွင်း မှီတင်းနေထိုင်ကြတဲ့ ရုပ်နာမ်ခန္ဓာရှိနေတဲ့ သူတွေမှန် သမျှက အငတ်သမားတွေ. . . လို့ ဒုက္ခသစ္စာကို မြင်လာတာခေါ်တယ်၊ ဒီလိုမဟုတ်လို့ ရှိရင် (၃၁)ဘုံပျော်စရာကြီးလို့ထင်တယ်၊ အထူးသဖြင့် လူ့ပြည်နတ်ပြည် ဗြဟ္မာ့ ပြည်များ ပျော်စရာကြီးလို့ ထင်လာတတ်တယ်၊ ပျော်စရာကြီးလို့ထင်ရင်လွဲပြီ၊ ဘုရားက- သင္ခေပ သင်္ခါရာ ဒုက္ခာလို့ ဟောထားတာ၊ ရုပ်နာမ်ဓမ္မသင်္ခါရမှန်သမျှ၊ ဗြဟ္မာ့ပြည်ဖြစ်ဖြစ်၊ လူ့ပြည်ဖြစ်ဖြစ်၊ နတ်ပြည်ဖြစ်ဖြစ်၊ ဘယ်နားမဆို မကောင်းဘူး၊ အကုန်လုံး ဒုက္ခသစ္စာ တွေချည်းပဲ၊ အငတ်ဓာတ်တွေချည်းပဲလို့ ဟောထားတာ၊အဲ-မကောင်းတာ မကောင်းဘူးလို့သိရင် ဒုက္ခသစ္စာသိတာ။

ဒီတော့ (၃၁)ဘုံအငတ်ရုံကြီးမှ လွတ်ဖို့ရာအတွက် ဖြစ်ပါစေသား၊ (၃၁)ဘုံ အငတ်ရုံကြီး. . . မှ လျင်မြန်ဆောစွာ လွတ်ဖို့ရာအတွက် တပည့်တော်တို့ ဒီနေ့ပြုတဲ့ ကုသိုလ်ကောင်းမှုက အားကောင်းသောအထောက်အပံ့ ဖြစ်ပါစေသားဆိုရင်၊ မြန်ပြီ . . ဒီနေ့ပြုတဲ့ ကုသိုလ်ကြီးက နိဗ္ဗာန်မြန်မြန်ပို့တော့မှာ၊ ဘာပြုလို့တုန်း(၃၁)ဘုံကို သူက အငတ်ရုံကြီးလို့ မြင်နေပြီ၊ မကောင်းတဲ့နေရာကြီးလို့ မြင်မှတော့၊ မကောင်းတဲ့နေရာ သိရင် ကြာကြာမနေဘူး၊ မကောင်းတာကို မကောင်းမှန်းသိတာက ဒုက္ခသစ္စာကို ပိုင်းခြား သိခြင်း၊ မကောင်းမှန်းသိသဖြင့် မခင်တွယ်တော့တာက သမုဒယသစ္စာတဏှာသေခြင်း၊ မကောင်းတဲ့ဘုံကြီးနဲ့ မကောင်းတဲ့နေရာက မြန်မြန်လွတ်ချင်တာက မဂ္ဂသစ္စာဖြစ်တဲ့ သစ္စာတရား။

အဲဒီမကောင်းတဲ့ ဘုံကြီးနဲ့ မကောင်းရာရုပ်နာမ်ခန္ဓာတွေရဲ့လွတ်ရာ၊ ငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန်တရားက နိရောဓသစ္စာ၊ သစ္စာလေးပါး တခါတည်း ငုံပြီး တော့ ဆုတောင်း ပြီးသားဖြစ်သွားတယ်၊ ဒီနေ့ပြုတဲ့ ကုသိုလ်ကောင်း

http://www.dhammadownload.com



မှုကြောင့် သစ္စာလေးပါးပါသွားတဲ့ ဆုတောင်းဖြစ်သွားမယ်၊ ဒီလိုမဟုတ်လို့ရှိရင် နောက် ဘဝ၊ ဒီထက်ပေါတဲ့ ဒီထက်ချော တဲ့၊ ဒီထက်စည်းစိမ်ရှိတဲ့နေရာကြီး ရောက်ရအုန်းတော့မှာ၊ သံဃာတော်ရှစ်ရာကျော် ဆွမ်းလောင်းတဲ့ ကောင်းမှုကြီးက သံဃိကကောင်းမှုဆိုတာ အင်မတန်ကြီးကျယ်သတဲ့၊ ဒီတော့ နတ်စည်းစိမ်၊ ပြဟ္မာ စည်းစိမ် အကြိမ်ကြိမ်ဆိုရင်တော့သွား. . . ပြီ ကြာနေပြီ ကြာနေပြီ၊ အသေ တွေထပ်အုန်းမယ်၊ အအိုတွေထပ်အုန်းမယ်၊ အနာတွေထပ် အုန်းမယ် ထပ်တလဲလဲလာအုန်းမယ်၊ မိထွေးတော်ဂေါတမီ ဆုတောင်းနဲ့ မကိုက်တော့ ဘူး။

ဒီတော့ မိထွေးတော်ဂေါတမီ ဆုတောင်းနဲ့ကြည့်လိုက်တော့ (၃၁)ဘုံက အငတ် ရုံကြီး၊ ရုပ်နာမ်ခန္ဓာကြီးရှိနေတဲ့ သူမှန်သမျှအငတ်သမား တွေ. . . လို့ မြင်ပြီးတော့၊ တပည့်တော်တို့ ဒီနေ့ ရဟန်းလောင်း ငါးပါးတို့ကို ရဟန်းပရိက္ခရာ တွေ လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှု၊ ရဟန်းခံမင်္ဂလာကို အကြောင်းပြုပြီးတော့ သံဃာတော်ရှစ်ရာကျော်တို့ကို အရုဏ်ဆွမ်း နေ့ဆွမ်း တွေကပ်လှူရတဲ့ ကုသိုလ် ကောင်းမှု၊ ငွေပဒေသာပင်တွေ စိုက်ထူပြီးတော့ သံဃိကပစ္စည်းလေး ပါးလှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှု။

အလှူခံပုဂ္ဂိုလ်တစ်ကျိပ်လေးတို့တွင် ထိပ်ဆုံးကပြေးနေပါတဲ့၊ အမြတ် ဆုံး အလှူခံကြီးဖြစ်တော်မူတဲ့၊ ရွှေမုဋ္ဌောမဟာသိမ်တော်ကြီးမြတ်စွာဘုရား၊ ဘုရားလေးဆူ သီတင်းသုံးတော်မူရာဖြစ်တဲ့ ရွှေမုဋ္ဌောမဟာသိမ်တော်ကြီး မြတ်စွာဘုရားအား ငွေကျပ် (၅၀၀၀)တို့ဖြင့် လှူဒါန်းရတဲ့ကုသိုလ်ကောင်းမှုမှ စ၍ ပရိသတ်အပေါင်းသူတော်ကောင်း တို့ကို သဒ္ဓါဖြူဖွေးကျွေးမွေး ဧည့်ခံရတဲ့ ကုသိုလ်ကောင်းမှု အစုစုသည်၊ အငတ်ရုံကြီးနဲ့တူတဲ့ (၃၁)ဘုံ အငတ်ခန္ဓာကြီး တွေနဲ့တူတဲ့ ရုပ်နာမ်ခန္ဓာရဲ့ ချုပ်ရာ၊ ငြိမ်းရာ, ကင်းရာ, အိုနာသေလွတ်ရာဖြစ် တဲ့ သန္တိသုခနိဗ္ဗာနဓာတ် ချမ်းသာထူးချမ်းသာမြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ, ရကြရ, မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြ ကုန်ရာသတည်း။

သာဓု . . . သာဓု. . . သာဓု. . . ပါအရှင်ဘုရား။

http://www.dhammadownload.com



## * ဟတ္ထိပါလဇာတ်
## စန္ဒာလေ့တွင် ရိက္ခာတင်တရားတော်

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၅၂-ခုနှစ် တန်းခူးလပြည့်ကျော် (၁၀) ရက်နေ့၊ ခရစ်သက္ကရာဇ် (၁၉၉၁)ခု၊ ဧပြီလ (၈)ရက်၊ တနင်္လာနေ့၊ ဒီနေ့ဒီရက် ဒီအချိန် ဒီအခါမှာ၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန်ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော် (၇၀၀) ကျော်တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်း နှစ်ထပ်သော ဘောဇဉ်ဆွမ်းများ လာရောက် လောင်းလှူဆက်ကပ်ရင်း ကုသိုလ်ကောင်းမှု လာပြီးတော့ပြုကြတဲ့ ကုသိုလ်ကောင်း မှုရှင်များက စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ ကျောက်ကာလမ်း၊ ရွှေဟသာ ကုန်စုံဆိုင်ပိုင် ရှင်များဖြစ်ကြသော အလှူဒါယကာ ရဟန်းဒါယကာ ဆွမ်းဒါယကာ ဒကာဦး ညဏ်ဦး၊ အလှူဒါယိကာမ ရဟန်းဒါယိကာမ ဆွမ်းဒါယိကာမ ဒကာမဒေါ်မြသွင် နှင့် သားဖြစ်သူ မောင်အောင်ကျော်ဆန်း၊ သမီးဖြစ်သူ မအေးအေး၊ သမီးဖြစ်သူ မသန်းသန်းညွန့်တို့ မိသားစုဖြစ်ကြပါတယ်။

အဲဒီ မုံရွာမြို့၊ ကျောက်ကာလမ်း ရွှေဟသာကုန်စုံဆိုင်ပိုင်ရှင် ယခုပြော ခဲ့တဲ့ဦးညဏ်ဦး+ဒေါ်မြသွင်နှင့်သားသမီးများဖြစ်ကြတဲ့မောင်အောင်ကျော်ဆန်း၊ မသန်းသန်းညွန့်တို့ မိသားစုက မင်္ဂလာဖိုလ်နိဗ္ဗာန်ကိုရည်မှန်းပြီးတော့ မိမိတို့ရဲ့ရင်မှ ဆက်နွယ်ပေါက်ဖွားတဲ့ တူရတနာလေးဖြစ်တဲ့ မောင်းဝေဖြိုးသီကို သူ့ရဲ့ ခန္ဓာကိုယ် ပေါ်မှာ ဘုရားပစ္စေကါ အရိယာအပေါင်း သူတော်ကောင်းကြီးများရဲ့ အဆင်တန် ဆာဖြစ်တဲ့ သင်္ကန်း ခါးပန်း သပိတ်ပရိက္ခရာ ရှင့်ပရိက္ခရာ၊ လောကုတ္တရာ အဆင် တန်ဆာ၊ တန်ဆာဆင်ပြီးတော့၊ မောင်ဝေဖြိုးသီလေးကို ဘုရားသားတော်အ ဖြစ်သို့ ရောက်အောင်ပို့ဆောင်တဲ့ ရှင်ပြုမင်္ဂလာ၊ ဒါကတစ်ရပ်။

ထိုမှတစ်ပါး ရဟန်းခံမင်္ဂလာအဖြစ်နဲ့၊ ဒီကျောင်းတိုက်၊ ဒီ တို့အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်၊ ခု- မိုးကုတ်သိမ်မှာ နေပြီးတော့ ပရိယတ်၊ ပဋိပတ်၊ သာသနာ့တာဝန်ထမ်းဆောင်နေသော၊ သာသနာလင်္ကာရ သာမဏေကျော် ဘွဲ့ရ ရှင်သီဟနာဒ၊ နိုင်ငံတော်အစိုးရ စာမေးပွဲများ အနေနဲ့ဆိုရင်းလည်း ပထမကြီး တန်းကို ရောက်နေတဲ့ ရှင်သီဟနာဒ၊ အဲဒီ ရဟန်းလောင်း သာမဏေကျော် ရှင်သီဟနာဒကိုလည်းပဲ ရဟန်းတော်တို့ရဲ့ အသုံးဆောင်ဖြစ်တဲ့ တိစီဝရိတ် ခါးပန်း

---

* ဇာ-၄-၄၊ ၄၇၈။

F.16

http://www.dhammadownload.com



သပိတ် ပရိက္ခရာအစုံ တန်ဆာဆင်ပြီးတော့ မြင့်မြတ်တဲ့ ရဟန်းဘောင်ရောက်အောင် သွတ်သွင်းချီးမြှောက်ခြင်းဆိုတဲ့ ဥ[illegible]မ္ဗဒ ကံ ဆောင်မင်္ဂလာ၊ အဲ့ဒီလိုရဟန်းလောင်းကို မပါမပြီးအရေးကြီးတဲ့ သင်္ကန်းသုံးထည်, ခါးပန်း သပိတ် ပရိက္ခရာများနှင့်တကွ အဲဒီရဟန်းလောင်းအား သာမဏေကျော်ဘွဲ့ရ ရဟန်းလောင်းအား ထိုက်ထိုက်တန်တန်လှူဒါန်းချီးမြှောက်ပြီးတော့ သံဃာတော် (၇၀၀)ကျော်ကို ဆွမ်းဘောဇဉ်များလောင်းလှူဆက်ကပ် ခြင်း၊ ဖိတ်မန္တကပြုထားတဲ့ ပရိသတ်အပေါင်းသူတော်ကောင်းတွေကို ကျွေးမွေးဧည့်ခံခြင်း အစရှိတဲ့ ကုသိုလ်ကောင်းမှုကို ပြုလုပ်နေခြင်းဖြင့် ဆွမ်းဒကာကြီး ဒကာကြီး ဦးချစ်စိန်နဲ့ မိသားစုက ကိုယ့်ရဲ့ခန္ဓာကိုယ်လှေကြီးပေါ်မှာ ရိက္ခာကောင်းကို စုဆောင်းပြီးတော့ တင်ယူနေခြင်းပါပဲ။ . . . ခန္ဓာလှေ ပေါ်မှာ, ရိက္ခာကောင်းတွေ စုဆောင်းပြီး တင်နေခြင်းပါပဲလို့၊ အခုလို ကုသိုလ်ကောင်းမှု ပြုတာကိုပဲ၊ ရိက္ခာကောင်း တွေစုဆောင်းတင်နေခြင်းပါပဲလို့ ဘုရားအလောင်းတော် ဟတ္ထိပါလသတိုးသားက ပြောခဲ့တဲ့စကား၊ ဘုရားအလောင်းတော် ဟတ္ထိပါလ သတိုးသားက သူ့ရဲ့ခမည်း တော်ကြီး ဧသုကာရီမင်းကြီးနဲ့ မယ်တော် မင်္ဂလာဒေဝီအမှူးပြုတဲ့ မင်းပရိသတ်၊ ရောက်လာတဲ့ပရိသတ်တွေကို ပြောတဲ့စကား။

ဟတ္ထိပါလသတိုးသားက ပြောတယ်ဆိုပေမယ့်လို့ ဟတ္ထိပါလသတိုးသားဆိုတာ သူများမဟုတ်ပါဘူး၊ ဘုရားအလောင်းတော် ဘုရားအလောင်းတော်ဖြစ်နေတော့ နောက်ဆုံး ဘုရားကဒီအကြောင်းကို ပြန်ပြောင်းပြီးတော့ ဟတ္ထိပါလဇာတ်ကြီး ပြန်ဟောတဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်က ပြောတဲ့စကားပါပဲ၊ ဘုရားက သူ့အလောင်းတော်ဘဝတုန်းက ပြောတဲ့စကားကိုပဲ သူဘုရားဖြစ်တဲ့အခါကျ ပြန်ပြောပြီးတော့၊ အခုလို ဒကာကြီးဦးချစ်စိန်တို့လို ကုသိုလ်ကောင်းမှုပြုတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ပုံပမာဟပ်ပြီးတော့ ကုသိုလ်ကောင်းမှု ယူတတ်အောင် ယူချင်လာအောင် ကုသိုလ်ကောင်းမှု ရိက္ခာတွေစုဆောင်းချင်အောင် စုဆောင်းတတ်အောင် စုဆောင်းနိုင်အောင် ဆိုပြီးတော့ ပြောတဲ့စကား၊ ဟောထားခဲ့တဲ့စကား၊ ဒါကို ဟတ္ထိပါလ ဇာတ်တော် လို့ဆိုပြီးတော့ မြတ်စွာဘုရားရဲ့ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင် ထဲမှာ၊ အဆုံးမတော်ပုဒ်ရေပေါင်း ရှစ်သောင်းလေးထောင်ထဲမှာ တစ်ပုဒ်အပါအဝင်အဖြစ်နဲ့ အဆုံးမတော်တစ်ရပ် အဖြစ်နဲ့ ထင်ရှားနေရစ်တယ်။

ဒီတော့ ဟတ္ထိပါလဇာတ်တော်ဆိုတာ အားလုံးဒကာ၊ ဒကာမတွေ ကြားဖူးနားဝရှိကြတဲ့ ဟတ္ထိပါလပျို့တို့ ဘာတို့များတောင် ဆရာတော်တွေက ရေးပြီးတော့

http://www.dhammadownload.com



မှတ်တမ်းတင်ရလောက်အောင်၊ အဆုံးအမ၊ ပြောဆိုမှတ်သား ဖွယ်ရာတွေပါတဲ့ ဇာတ်တော်ပေါ့၊ဒါအကျယ်တဝင့်ကတော့ဇာတ်တော်ကိုကြည့် မှသိတယ်။ အကျဉ်းချုပ်ကတော့ ဧသုကာရီမင်းနဲ့မိဖုရားတို့မှာ သားသမီးမထွန်းကားဘူး၊ ပုရောဟိတ်နဲ့ ပုရောဟိတ်ကတော်ကလည်းပဲ သားသမီးမထွန်းကားဘူး၊ ရှင်ဘုရင်နဲ့ ပုရောဟိတ်က ငယ်သူငယ်ချင်း ကျောင်းနေဖက်၊ အင်မတန်ခင်တာ၊ ဒီတော့-သူတို့အချင်းချင်း ကတိထားတယ်၊ သားသမီးဖွားရင် ပုရောဟိတ်ကဖွားဖွား၊ ရှင်ဘုရင်ကဖွားဖွား၊ သားဖွားဖွား၊ သမီးဖွားဖွား အဲဒါ တစ်ယောက်နဲ့ တစ်ယောက် လက်ဆက်ပြီးတော့ ထိးနန်းအပ်ကြမယ် ထီးနန်းအပ်ကြစတမ်း၊ အဲဒါ နှစ်ယောက်စလုံးမှာ သားသမီး မထွန်းကားဘူး၊ အဲဒီလို မထွန်းကားတာနဲ့ နောက်တော့ ဆုတောင်းဆုယူပေါ့လေ ပြုရတယ်၊ နောက်ပိုင်းကျတော့ ဆုတောင်းဆုယူပြုတော့၊ မြို့ရှေ့က ညောင်ပင်ကြီးမှာသွားပြီးတော့ ဆုတောင်းဆုယူပြုကြခြင်း အစရှိတဲ့အလုပ်တွေ လုပ်တော့မှ ပုရောဟိတ်ကတော်မှာ သားလေးယောက်ဖွားတယ်၊ သားလေးယောက်ဖွားတာက အထက်က သိကြားမင်းဆီသွားပြီးတော့ ပြောလို့ သိကြားမင်းက ဆုပေးတယ်ပေါ့လေ၊ သိကြားမင်းက နတ်ပြည်မှ နတ်သားတွေထဲက တစ်ဘုံကတစ်ဘုံ ကူးတော့မယ့်နတ်သားတွေရှိတယ် သူတို့အသက်တမ်းကုန်လို့ ကောင်းမှုကုန်လို့ ဒီဘုံကဟိုဘုံပြောင်းမယ် ဟိုဘုံကဒီဘုံပြောင်းမယ် ဆိုတဲ့နတ်တွေ နတ်သက်ကြွေလုတဲ့ နတ်တွေရှိတယ်။

အဲဒီ နတ်တွေထဲက အလောင်းတော်လေးပါးသွားတွေ့တယ်၊ ဘုရားအလောင်းတော်ရယ်၊ အရှင်သာရိပုတ္တရာအလောင်းတော်ရယ်၊ အရှင်မဟာကဿပအလောင်းတော်ရယ်၊ အရှင်အနုရုဒ္ဓါအလောင်းတော်ရယ်၊ အလောင်းတော်လေးပါးနတ်သားတွေ သွားတွေ့တော့၊ အဲဒါ- တောင်းပန်လို့ အဲဒီ အလောင်းတော်လေးပါးနတ်သားတွေ လူ့ပြည်ဆင်းပြီးတော့ ပါရမီဖြည့်ကြတယ်၊ အဲဒီမှာ ပုရောဟိတ်ကတော်ရဲ့ဝမ်းမှာ ဝင်းစားကြတယ်၊ တစ်ယောက်ပြီး တစ်ယောက်၊ ရှင်ဘုရင်ရဲ့ မိဖုရားကြီးမှာတော့ သားရထိုက်တဲ့ ကံမရှိလို့တဲ့ သားရထိုက်တဲ့ကံ ဒီဘဝမှာ အခုချိန်မှာမပါလို့၊ သူတော့မရဘူး၊ပုရောဟိတ်ကတော် မှာသာရတယ်။

အဲဒါ အကြီးဆုံးမွေးလာတဲ့သားကို ဟတ္ထိပါလလို့ နာမည်ပေးတယ်၊ ဘာပြုလို့တုန်းဆိုတော့ ဆင်ထိန်းတွေဆီအပ်ထားလို့ပါပဲတဲ့၊ ဘာပြုလို့ဆင်ထိန်းတွေဆီအပ်ထားရတာလဲ၊ သူတို့က ရည်ရွယ်ချက်က ဟိုး. . . သိကြားမင်းက သားဆုပေးတုန်းကတည်းကိုက မှာလိုက်တာက ဟော့ဒီသားတွေက သူတို့ကအလောင်း

http://www.dhammadownload.com



တော်တွေဖြစ်ကြတယ်၊ အဲဒီတော့ ထီးနန်းစည်းစိမ်းတော့ ဆက်လက်ပြီး နေချင်မှ နေမှာ၊ သူတို့ကတောထွက်၊ တောထွက်ပြီးတော့ ရသေ့ရဟန်းပြုပြီးတော့ တရားအားထုတ်၊ ပါရမီဖြည့်လေ့ရှိကြတာဖြစ်တော့ တောထွက်ချင်တောထွက်လိမ့်မယ် အဲ့ဒီလို မှာလွှတ်လိုက် ပြောလွှတ်လိုက်တာကိုး၊ အဲဒီ စကားရှိလို့ ရှင်ဘုရင်နဲ့ပုရောဟိတ်က ကိုင်း တောမထွက်အောင်ဆိုပြီးတော့ အဲဒါ- အကြီးဆုံးမွေးလာတဲ့သားကို ဆင်ထိန်းတွေဆီအပ်ထားတယ်၊ ဆင်းထိန်းတွေဆိုတာက အင်မတန် ကြမ်းတမ်းရတာကိုး၊ ဆင်ကိုခေါးနဲ့ခုပ်၊ ချွန်းနဲ့ပေါက်နဲ့ ဒီလို ရက်ရက်စက်စက်လုပ်ရတာ၊ ဒီတော့ ဆင်ထိန်းတွေဆီအပ်ထားမှ ဒီသားဟာ မိုက်မိုက်တူးတူးနေမှာ၊ စရိုက်ကြမ်းမှာပေါ့လေ၊ ဒါမှ တောမထွက်မှာဆိုပြီးတော့ ဆင်ထိန်းတွေဆီအပ်ထားတဲ့ အကြီးဆုံးသား၊ ဆင်ထိန်းတွေဆီကို အပ်ထားလို့ သူ့ကို ဟတ္ထိပါလလို့ နာမည်တွင်သွားတာ၊ ဟတ္ထိဆိုတာဆင်တွေ၊ပါလဆိုတာ ထိန်းကျောင်းတာဆင်ထိန်းတွေဆင်ကို ထိန်းကျောင်းတဲ့လူတွေဆီ နေတဲ့ကလေးမို့လို့ သူ့ကို ဟတ္ထိပါလကုမာရ၊ ဆင်ထိန်းတွေ ထိန်းထားတဲ့ မင်းသားလေး လို့ ဒီလိုအမိပ္ပာယ်ရတယ်။

နောက်တစ်ယောက်မွေးလာတဲ့ အခါကျတော့ မြင်းထိန်းတွေဆီအပ်ထားတာ ဒါကြောင့် အဿပါလကုမာရ မြင်းထိန်းတွေ စောင့်ရှောက်ထားတဲ့ သားလေးပေါ့၊ မင်းသားလေး နောက်တစ်ယောက်မွေးလာတော့၊ ဂေါပါလတဲ့၊ နွားကျောင်းသမားတွေဆီပို့ထားတယ်၊ နွားကျောင်းသမားတွေ ထိမ်းထားတဲ့ မင်းသားလေး ဂေါပါလကုမာရ၊ နောက်ဆုံး အငယ်ဆုံးသားလေးကျတော့ အဇပါလကုမာရ ဆိတ်ကျောင်းသမားတွေဆီပို့ထားတာ၊ အဲဒါ သူတို့လေး ယောက်စလုံးကို ကြမ်းအောင် ချည်းသင်ထားတာ၊ ဘယ်တော့မှ နူနေအောင်မသင်ဘူး၊ ဒီ- ဆင်ထိန်း မြင်းထိန်းတွေကလည်း ကြမ်းတာဆိုတော့ နေတာထိုင်တာကလည်း ကြမ်းကြမ်းထမ်းထမ်း၊ ဆင်ကိုခေါးနဲ့ခုပ်၊ ချွန်းနဲ့ပေါက်၊ အာ- ဆင်ကြီးတွေကို ရိုက်ရနှက်ရနဲ့ဆိုတော့၊ သူတို့ကလည်း ကလေးလေးတွေကလည်း၊ အတုမြင် အတတ်သင် ကြမ်းတမ်းလို့၊ ဟိုရိုက်ချင် ဒီခုပ်ချင် ဒီလိုဖြစ်နေတာ၊ တောမထွက်အောင်လို့ လုပ်ထားတာပါပဲ လုပ်တာက၊ အဲလိုလုပ်ထားပြီးတော့၊ မွေးကျွေးသုတ်သင်လာလိုက်တာ၊ သူတို့က လည်းပဲ စရိုက်တွေကိုကြမ်းလို့၊ ရွာထဲမျှား ဆူဆူပွက်ပွက်ဟော့ဆိုရင် သူတို့ပါနေပြီ၊ ဘယ်နား ရိုက်ကြနှက်ကြ အုပ်အုပ်ကျွက်ကျွက် ရန်ဖြစ်သတဲ့ဟော့ဆိုရင်၊ သွားကြည့်ရင် သူတို့ညီအစ်ကို လေးယောက် ကတော့ သေချာနေတာပဲ တဘက်က၊ ဟိုတဘက်ကသာ ရှာတော့၊ ဒီတဖက်တော့ သေချာတယ်၊ ဟဲ့ဟဲ့-ဟို ရှမ်းခေါင်းထဲက

http://www.dhammadownload.com



မြှောက်ပိုင်းကဘာတုန်း ပွက်ပွက်ပွက်ပွက်နဲ့ ဘယ်သူတွေတုန်းဟဲ့၊ ဟတ္ထိပါလတို့ ညီအစ်ကိုတစ်သိုက်ပါပြီ၊ သေချာတယ်၊ သူတို့က၊ နားလည်လား၊ ဟိုစစ်ကိုင်းစု ထဲက ပွက်ပြန်ပဟဲ့၊ ဘာဖြစ်တာတုန်းဆိုရင် သူတို့သွားကြည့် သူတို့လေးယောက် ကသေချာတယ်၊ အဲဒီလိုပဲ ဟိုနားပွက်ပွက်၊ ဒီနားပွက်ပွက်၊ ဟိုနားဆူဆူ၊ ဒီနားရိုက် ရိုက်၊ ဒီနားဆဲဆဲနဲ့ဟာ၊ သူတို့ချည်းပဲ၊နောက်ဆုံးသူတို့ ဘယ်လောက်ထိ ကြမ်းလာ တုန်းဆိုတော့၊ သူတို့ သေ့ကာရီမင်းကြီး သူတို့ ဖခင်ကြီးဆီကို ရိက္ခာ၊ အခွန်ဘဏ္ဍာ လာဆက်ကြတဲ့ ဟိုး. . . စော်ဖွားတွေ၊ လက်အောက်ခံမင်းတွေ၊ သူဌေးတွေက ပဏ္ဏာတော်တွေ၊ လက်ဆောင်တော်တွေ၊ လာပြီးတော့ဆက်ကြတဲ့ ဘဏ္ဍာတွေကိုပဲ သူတို့က လမ်းကဆီးဆီးလု၊ လမ်း- ဆီးလုလည်းပဲ၊ ဘယ်သူတွေလုတာတုန်းလို့ဆို၊ ဟတ္ထိပါလတို့ညီအစ်ကို တစ်သိုက်တဲ့၊ ရှင်ဘုရင်ကြီးနဲ့ ပုရောဟိတ်ကြီးက သဘော ကျလို့၊ ကြိတ်ပြီးတော့၊ ဟန်ကျပြီ ဒီကောင်တွေဒီလောက်ကြမ်းနေမှတော့ တောမထွက်တော့ဘူး ကြမ်းစမ်းပါစေကွာ၊ ကြမ်းစမ်းပါစေကွာ၊ ထီးနန်းအပ် ချင် တာကို သူတို့က၊ ကြမ်းစမ်းပါစေဟေ့ဆိုပြီးတော့ လွှတ်ကိုပေးထားတာ သူတို့က။

အဲဒီလိုနဲ့ ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်းနေကြတာ၊ ရှင်ဘုရင် အားပေးနဲ့၊ တိတ်တိတ်ပုန်းအားပေးနဲ့၊ နောက်တော့-ဟတ္ထိပါလ သတိုးသား သားကြီး(၁၆)နှစ်လောက်ရောက်တော့၊ ပုရောဟိတ်နဲ့ ရှင်ဘုရင်နဲ့ တိုင်ပင်ပြီးတော့၊ ကဲ-တို့သားတော့ တော်တော်ကြီးပြီ၊ (၁၆)နှစ်အရွယ်လည်းရောက်ပြီ၊ ဒီတော့- ဒီအရွယ်ဆိုတော့ ထီးနန်းအပ်ရင် လက်ခံနိုင်လောက်တဲ့အရွယ်ရောက်ပြီ၊ အဲဒီ တော့ သင့်လျော်တဲ့မင်းသမီးတစ်ပါးနဲ့ ထိပ်မြှားလက်ထပ်ပြီးတော့၊ တို့ထီးနန်း အပ်ကြစို့ရဲ့၊ ကောင်းပြီ၊ ထီးနန်းအပ်တာကဟုတ်ပြီ၊ နေအုံး- ထီးနန်းအပ်ပြီးမှ ထီးနန်းပေါ်ရောက်မှ အပ်လိုက်မှ ၊ တောထွက်သွားရင်ခက်လိမ့်မယ် တို့က ရသေ့ ရဟန်းတွေအသွင်နဲ့ ပြအုန်းစို့၊ သူတို့စိတ် ဘယ်လိုတုန်းဆိုတာ စမ်းကြည့်ကြအုန်းစို့၊ စောစောတုန်းက သူတိုက သူတို့သားတွေ တောထွက်မှာစိုးလို့ဆိုပြီးတော့၊ အဲဒီ ဗာရာဏသီပြည် နယ်နမိတ်အတွင်းမှာ ရဟန်း,ရသေ့သီလရှင်,ဖိုးသူတော် မရှိရ. . . ဆိုပြီးတော့ နယ်နှင်ထားတယ်။

အဲဒီနယ်ထဲမှာ ဘုန်းကြီးတွေမရှိရဘူး ဆွမ်းခံလည်းမလာရဘူးတဲ့၊ အဲဒီထဲ မှာ ရသေ့ ရဟန်း သီလရှင် ဖိုးသူတော်မှန်သမျှ မရှိရဆိုပြီးတော့ သစ်ခေါက်ဆိုး အဝတ်ဝတ်သူမှန်သမျှ ပြေးစေ. . . ဆိုပြီးတော့ အမိန့်ထုတ်ထားတာ၊ မနေရဘူး အဲဒီထဲမှာ၊ ဒါကြောင့် သူတို့ ရဟန်းတို့ ရသေ့တို့ သီလရှင်တို့ ဖိုးသူတော်တို့၊ ဒီသူတော်ကောင်း အသွင်အပြင်ဆိုရင်မမြင်ဘူးဖူး၊ သူတို့အဲဒီလို လုပ်ထားတာ၊

http://www.dhammadownload.com



နဂိုက မင်းအမိန့်နဲ့၊ ဒါကြောင့် သူတို့ မင်းနဲ့ပုရောဟိတ်က ဒို့စမ်းကြ အုန်းစို့ရဲ့၊ သူတို့ ရသေ့ရဟန်းမြင်လို့၊ သူတို့ကနေပြီးတော့ ဒါ ဘာကောင်တွေ တုန်း ဆိုပြီးတော့၊ လိုက်ပြီးရိုက်ရင် သူတို့ကကြိုက်နေတယ် သူတို့က ရိုက်ရင် ကြိုက်မှာပဲ၊ မုန်းရင်ရိုက်မှာ၊ ဒီ- ရသေ့ ရဟန်းမြင်ပြီး တောထွက်သွားမှာ စိုးတာ။

ကဲ- ဒါဖြင့် စမ်းကြအုန်းစို့ဆိုပြီတော့ ခမည်းတော်ကြီး သေုကာရီမင်းနဲ့ ပုရောဟိတ်နဲ့ နှစ်ယောက်သား သူတို့ကိုယ်သူတို့ ရုပ်ဖျက် ခေါင်းပေါ်က ဒေါက်ချာကြီးတွေဆောင်း ဖန်ရည်ဆိုးတဲ့ သင်္ကန်းညိုကြီးတွေဝတ် မျက်နှာလည်းပဲ ပါးသိုင်းမွေးတွေ ဘာတွေ ရှည်နေတဲ့ပုံပြ၊ ပြီးတော့ သွားတွေလည်းပဲ ကွမ်းတွေ စားထားလို့ပေါ့လေ၊ ညိုလို့ညစ်လို့ သွားကြီးတွေက၊ ပြီးတော့ ခေါင်းပေါ်မှာ လည်း ဒေါက်ချာရဲ့အောက်က ဆံပင်တွေမှာလဲပဲ၊ ပြာမှုံတွေ ဘာတွေပေါ့လေ တင်လို့၊ မီးပူဇော်ရတာ၊ ရသေ့ဆိုတာ မီးပူဇော်ရတာ ဆိုတော့၊ အဲဒီပြာမှုံတွေ ဘာတွေ ကပ်နေတဲ့ပုံနဲ့၊ အဲဒါ စိတ်ပုတီးကြီးတွေ လည်ပင်းဆွဲပြီးတော့ အဲဒါ ကြေးစည်တနောင်နောင်နဲ့၊ ရှေ့က ရသေ့ကြီးက တီးခေါက် နောက်ကရသေ့ကြီးက ပစ်တောင်းကြီး နှစ်လုံးထမ်း၊ အလှူခံထွက်လာတယ်ပေါ့လေ၊ ဆန်အလှူခံထွက်လာတာ။

အဲဒါ ထွက်လာတယ်ဆိုပြီးတော့ နှစ်ယောက်သား၊ အဲဒီ ဟတ္ထိပါလ ဆင်ထိန်းတွေနေတဲ့ သားအကြီးဆုံး ဟတ္ထိပါလနေတဲ့ အိမ်ဘက်ကို လာကြ တာ၊ နှစ်ယောက်သား ကြေးစည်တနောင်နောင် ခေါက်ပြီး၊ ဘေးကတော့ အစောင့် အရှောက်တွေ ကိုယ်ဖျောက်စုံထောက် အစောင့်အရှောက်တွေ ဘေးနားက မသိမသာထား၊ ပြီးတော့- ဟိုဆင်ထိန်းတွေကိုလည်း မသိမသာသွား ပြောထား ရတယ်၊ တို့ရသေ့ယောင်ဆောင်ပြီးလာမှာ၊ အဲ- လာတဲ့အခါများ ဟတ္ထိပါလက တကယ်များ ရက်ရက်စက်စက်နဲ့ ဒုတ်နဲ့မေးနဲ့ ထွက်ခုတ်မယ်ဆိုရင် မင်းတို့ကလည်း ကြည့်ကြအုန်းနော်၊ တော်ကြာ စွတ်ကနဲဆို ထွက်ခုတ်သတ် လိုက်ရင် အဟုတ် ခုတ်လိုက်ရင် ခံရမှာ။

ဒါနဲ့ အဲဒီလို အသိပေးပြီးတော့ လာကြတယ်၊ ကြေးစည်ကြီးခေါက် ပြီးတော့၊ အဲဒီ အပေါက်ရောက်လာ၊ ဟတ္ထိပါလ သတိုးသားက မြင်လိုက်တယ် ဆိုရင်ပဲ၊ သူက ရသေ့ရဟန်း အသွင်မြင်လိုက်တယ်ဆိုရင်ပဲ၊ အာ- လက်အုပ် ချီပြီးတော့ သူကထွက်လာတယ်၊ ထွက်လာခဲ့ပြီးတော့ သူက အနားရောက်တော့ ပြောတယ်။

စိရဿံ ဝတ ပဿာမိ, ဗြာဟ္မဏံ ဒေဝဝဏ္ဏိနံ၊
ကာသာယ ဝတ္ထဝသနံ, ပင်္ကဒန္တံ ရဇဿိရံ။

http://www.dhammadownload.com



လက်အုပ်ချီပြီးတော့ သူက၊ သူတို့ကတော့ ထင်တာကတော့ ထွက်ပြေးလာပြီးတော့ ဝုန်းဒိုင်းနဲ့များ လုပ်လိုက်မလားလို့၊ တစေ့တစောင်း မျက်စောင်းထိုးထိုးပြီးတော့ကြည့်နေရတာ သတိနဲ့၊ ဟိုက မရိုက်တဲ့အပြင်ပြေးလာပြီးတော့-

စိရဿံ ဝတ ပဿာမိ, ဗြဟ္မဏံ ဒေဝဝဏ္ဏိနံ၊

ကာသာယ ဝတ္ထဝသနံ, ပဟ်ဒန္တံ ရဇဿိရံ။

ဒေဝဝဏ္ဏိနံ- နတ်ဗြဟ္မာအဆင်းကဲ့သို့, တောက်ပထိန်ဝင်းသော, အရောင်အဆင်းလည်းရှိပါ,ပေထသော၊ ကာသာယဝတ္ထဝသနံ- ဂဏိဝါလု, သဲစုအတူ, ပွင့်တော်မူသည့်, ဆူဆူထွင်ရှ်ထား, မြတ်ဘုရားတို့, လေးစားလွှမ်းခြုံ, ဖန်ရည်တပ်စွန်းသည့်, သင်္ကန်းကိုလည်း, ဝတ်ရုံပါပေထသော၊ ပဟ်ဒန္တံ- ညိုညိုညစ်ညစ်, သွားအပေါင်းလည်း, ရှိတော်မူပါပေထသော၊ ရဇဿိရံ- မြူမှုန်အပေပေ, လိမ်းကျံနေသဖြင့်, ပေရေတက်သည့်, ပြာမှုန့်အတိပြီးတဲ့, ဦးခေါင်းလည်း ရှိတော်မူပါပေထသော၊ ဗြဟ္မဏံ- ကိလေသာခန်း, လွန်ငြိမ်းချမ်းသည့်, ရဟန္တာအရှင် မြတ်ကြီးကို၊ စိရဿံ- တစ်ဆယ့်ခြောက်နှစ်, လွန်ပြီးဖြစ်၍, စနစ်ကွာဟ, ယခုလို ကြာမြင့်လှမှ၊ ပဿာမိဝတ- မျက်ဝါးထင်ထင်, ဖူးမြင်ခွင့် ရလေစွတကား. . . ။

သာဓု. . . သာဓု. . . သာဓု။

ဘုရားအလောင်းတော်က ရသေ့ ရဟန်း အသွင်မြင်လိုက်သည်နှင့်တပြိုင်နက် လူကမပြောသော်လည်းပဲ၊ ခေတ်ကပြောတယ်၊ သူက ဒီလို ရသေ့ ရဟန်းအသွင်၊ ဒီလို သင်္ကန်းဝတ်ဝတ်ပြီးတော့၊ ဘဝတိုင်းတောထွက်ပြီးတော့ တရားအားထုတ်လာခဲ့တာ၊ ကျင့်လာခဲ့တာဖြစ်တော့ ဒီအသွင်မျိုး မြင်လိုက်သည်နှင့်တပြိုင်နက် လူကမသိပေမယ့် ခေတ်ကသိတယ်၊လူကမပြောပေမယ့် ခေတ်ကပြောတယ် သင်္ကန်းမြင်လိုက်သည်နဲ့တပြိုင်နက်လေ. . . စိတ်တွေက နူးညံ့သွားပြီးတော့၊ ဒီသင်္ကန်းအဝတ်ပေါ် ချစ်ခင်သွားလိုက်တာ၊ မြတ်နိုးသွားလိုက်တာ၊ အားကိုးသွားလိုက်တာ၊ အမလေး. . . ဒီလိုအသွင်မျိုး၊ ဗြဟ္မဝဏ္ဏိနံ- နတ်ဗြဟ္မာအဆင်းကဲ့သို့တောက်ပထိန်ဝင်းသော, ညိုညိုဝင်းဝင်း, အရောင်အဆင်းလည်းရှိပါပေထသော၊ သူ့စိတ်ထဲ ဒီအရောင်မျက်လုံးထဲမလေ၊ တည်နေလိုက်တာ ကြည်နူးနေလိုက်တာ၊ ကာသာယဝတ္ထဝသနံ- ဂဏိဝါလု သဲစုအတူ, ပွင့်တော်မူသည့်, ဆူဆူထွင်ရှ်ထား မြတ်ဘုရားတို့, လေးစားလွှမ်းခြုံ, ဖန်ရည်တပ် စွန်းသည့် သင်္ကန်းကိုလည်း ဝတ်ရုံပါပေထသော၊ သင်္ကန်းမြင်လိုက်သည်နှင့်တပြိုင်နက် သင်္ကန်းတင်မရပ်ဘူး သူ့ စိတ်က ဘယ်ရောက်သွားတုန်းဆိုတော့ ဂဏိဝါလု သဲစုမကဘုရားတွေဆီရောက်သွား၊

http://www.dhammadownload.com


ဒီအဝတ်က ဘုရားရှင်အဆူဆူဝတ်တဲ့အဝတ်. . . သူတော်ကောင်းတွေ ဝတ်တဲ့အဝတ်၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးအဆူဆူ ဝတ်တဲ့အဝတ်၊ အင်္ဂုလိမာလ, မဟာသာဝက, ရဟန္တာယောက်ျား, ရဟန္တာမ အရှင်မြတ်ကြီးတွေ ဝတ်ရုံတော်မူတဲ့အဝတ်၊ ဝတ်ရုံပြီးတော့ ဒီအဝတ်ကိုဝတ်ပြီးတော့ ဒီအဝတ်နဲ့တန်တဲ့ တရားထူး တရားမြတ်တွေရပြီးတော့၊ အို,နာ,သေရေးဒုက္ခဘေးကြီးတွေကလွတ်အောင် ရုန်းထွက်တော်မူသွားတဲ့ အဝတ်ပါလား. . . လို့ စိတ်က ဘုရားဆီရောက် သွား၊ ပစ္စေကဗုဒ္ဓါတွေဆီရောက်သွား၊ ရဟန္တာအရှင်မြတ်ကြီး တွေဆီရောက်သွား၊ သူတော်ကောင်းတွေဆီရောက်သွားတယ်၊ ဘဝပေါင်းများစွာ ဒီသင်္ကန်း ဝတ်ပြီးတော့ တောထွက်ကျင့်ခဲ့တယ်၊ ဒီသင်္ကန်းမျိုးလှူခဲ့တယ်၊ ဒီသင်္ကန်းမျိုး အားကိုးတကြီးနဲ့ မြတ်မြတ်နိုးနိုး လှူဒါန်းပူဇော်ခဲ့တယ်၊ အဲဒီ ဓာတ်တွေကပြောလိုက်တာ၊ လူကတော့မပြောဘူး၊ ဘယ်သူကမှလည်းမပြောဘူး၊ ဓာတ်ကပြောတယ်၊ လူကမသိဘူး ဓာတ်ကသိတယ်၊ ပါရမီ နှိုးဆော်လိုက်တော့၊

ကာသာယဝတ္ထဝသနံ- ဂဂ်ီဝါလု, သဲစုအတူ, ပွင့်တော်မူသည့်, ဆူဆူထွင့်ထား, မြတ်ဘုရားတို့, လေးစားလွှမ်းခြုံ, ဖန်ရည်တပ်စွန်းသည့်, သင်္ကန်းကိုလည်း, ဝတ်ရုံပါပေထသော. . . သင်္ကန်းမြင်တော့ ဘုရားချစ်သွားတယ် သင်္ကန်းမြင်တော့ ပစ္စေကဗုဒ္ဓါတွေ အားကိုးသွားတယ်၊ သင်္ကန်းမြင်တော့ ရဟန္တာတွေဆီ စိတ်ရောက်သွားတယ်၊ အဲဒါအကောင်းဆုံးပဲ၊ ဘုရားနဲ့ပေါင်းတဲ့ သူဟာ ချမ်းသာတာပေါ့၊ ဘုရားအားကိုးတဲ့သူဟာ မြတ်တာပေါ့၊ ဘုရားအားကိုးရင် အို,နာ,သေလွတ်တာပေါ့၊ ဘုရားက အို,နာ,သေလွတ်နေတဲ့ ပုဂ္ဂိုလ်ကြီး၊ အို,နာ,သေလွတ်တဲ့ဓာတ်ကောင်း၊ အဲဒီဓာတ်ကောင်း စိတ်ထဲအောင်းလာပြီဆိုတော့ ကိုယ်လည်းပဲ လွတ်ဖို့ရာနီးသွားတာပဲ။

ဒါကြောင့်မို့လို့ သင်္ကန်းလှူတဲ့အခါမှာ ဒီသင်္ကန်းသည်. . . ဘုရားပစ္စေကါ အရိယာအပေါင်း သူတော်ကောင်းကြီးတွေ နှစ်ထောင်းအားရ ဝတ်ရုံပြီးတော့ သံသရာဝဋ်က ကျွတ်လွတ်တော်မူတဲ့အဝတ် ဒီအဝတ်ဟာ၊ အဲဒီအဝတ်ကို တပည့်တော်တို့ လှူပါ၏. . . အဲဒီလိုလှူရတဲ့အတွက် ဒီသင်္ကန်းသည် တပည့်တော်တို့ ခန္ဓာပေါ်မှာ မြန်မြန်ပြန်ရောက်ပါစေသား၊ မြန်မြန်ပြန်ရောက်ရုံမျှမက ဒီသင်္ကန်းနဲ့ ထိုက်တန်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဉာဏ်ရှစ်တန်ဖြင့် နိဗ္ဗာန်တရားကြီးကို မြင်ရပါစေသား၊ မြင်ထိုက်ပါစေသား . . လို့ ဒီလို အာရုံပြုပြီး လှူရတယ်။

ဒါကြောင့် သင်္ကန်းလှူတဲ့အခါ ဘုန်းကြီးတို့က ဒါလေးပြောပြပေးတာ ဓာတ်ခိုက်သွားအောင် ဓာတ်ပါသွားအောင်လို့. . . မျက်လုံးက သင်္ကန်းကြည့်

http://www.dhammadownload.com



နေလို့ သက်န်းတင်မရပ်ရဘူး စိတ်က သက်န်းကကျော်ပြီး၊ ဒီသက်န်းဝတ်သွားတဲ့ ဘုရားအဆူဆူ၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းပေါက်သွားတာပဲ၊ ဒီသက်န်းဝတ်ပြီးတော့ ကျွတ်လွတ်တော်မူသွားကြတဲ့ ပစ္စေကဗုဒ္ဓါအဆူဆူ၊ အရိယာသံဃာတော်အဆူဆူ၊ ဟော-ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ ဒီသက်န်း သည်. . မဂ်ဉာဏ်ဖိုလ်ဉာဏ်ရှစ်တန်ကိုပေးတတ်တဲ့သက်န်း၊ ဟော ဓမ္မာနုဿတိ။ အဲဒီလိုအာရုံရောက်သွားစေရတယ်၊ အခုဘုရားအလောင်းတော် အဲဒီအထိရောက်သွားတာပဲ။

ကာသာယဝတ္ထဝသန်- ဂဂိုဝါလု, သဲစုအတူ, ပွင့်တော်မူသည့်, ဆူဆူထွင့်ထား, မြတ်ဘုရားတို့, လေးစားလွမ်းခြုံ, ဖန်ရည်တပ်စွန်းသည့်, သက်န်းကိုလည်း, ဝတ်ရုံပါပေထသော၊ ရဇသိရံ- မြူမှုန်အပေပေ, လိမ်းကျံ နေသဖြင့်, ပေရေ တက်သည့်, ပြာမှုန့်အတိပြီးတဲ့, ဦးခေါင်းလည်း ရှိတော်မူ ပါပေထသော၊ ပက်ဒန္တံ- ညိုညိုညစ်ညစ်, သွားအပေါင်းလည်း ရှိတော်မူပါပေထသော၊ ဖြဟ္မဏ-ကိလေ သာခန်း, လွန်ငြိမ်းချမ်းသည့်, ရဟန္တာအရှင်မြတ် ကြီးကို. . . တဲ့။

ဟော-ကိလေသာအပူဝမ်းထဲကငြိမ်းပြီး အတွင်းလည်းငြိမ်း,အပြင်လည်းငြိမ်း အေးငြိမ်းနေတဲ့ ရဟန္တာရှင်ကြီး. . . လို့၊ ပုရောဟိတ်သူ့ဖခင်နှင့်ရှင်ဘုရင်ကလုပ်လာတဲ့ ရသေ့ကိုပဲ အဲဒီရသေ့တွေအနေနဲ့ မမြင်ဘူး ရဟန္တာတွေအဖြစ်နဲ့ မြင်နေတယ်မျက်လုံးထဲမှာ၊ ဖြဟ္မဏ-ကိလေသာခန်း လွန်ငြိမ်းချမ်းသည့်ရဟန္တာရှင်မြတ်ကို ။ စိရဿံ-တစ်ဆယ်ခြောက်နှစ်လွန်ပြီးဖြစ်၍ စနစ်ကွာဟ ယခုလို ကြာမြင့်လှမှ. . . ။

ကြည်ပါအုန်း. . . ဒီကြားထဲ ဒီလိုပုဂ္ဂိုလ်မျိုးမဖူးရဘူး. . . မတွေ့ရဘူး၊ ဖြစ်မှဖြစ်ရလေခြင်းလို့ ကုန်လွန်သွားတဲ့ အချိန်တွေတောင် နှမြောလိုက်သေး တယ်။ ဘယ်တွေ့ပါ့မတုန်း ခုနက ခမည်းတော်နဲ့ ပုရောဟိတ်တို့က အမိန့်ထုတ် ပြီးတော့ ဒီနယ်နိမိတ်အတွင်းမှာ ရသေ့၊ ရဟန်းသူတော်စင်၊ သီလရှင်၊ ဖိုးသူတော် သူတော်ကောင်းအသွင်ရှိသမျှ မနေရဆိုပြီးတော့ နယ်နှင်ထားတာ၊ ဆွမ်းခံဆန်အလှူခံလဲမလာရဘူးဆိုပြီးတော့ နယ်နှင်ထားတာ၊ ဒါကြောင့် သူမတွေ့ရတာ၊ ဒီတော့-သူ(၁၆) နှစ်လောက်ဒီလိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို မတွေ့ရ ပါပဲ ကလားလို့ နည်းနည်းဝမ်းနည်းတဲ့ အဓိပ္ပါယ်လည်းပါတာပေါ့လေ၊ စိရဿံ-တစ်ဆယ့်ခြောက်နှစ်, လွန်ပြီးဖြစ်၍, စနစ်ကွာဟ, ယခုလိုကြာမြင့်လှမှ၊ ပဿာမိဝတ-မျက်ဝါးထင်ထင်, ဖူးမြင် ခွင့်ရလေစွတကား. . . ။

သာဓု--သာဓု--သာဓု။

http://www.dhammadownload.com



အဲဒီလိုသူက လက်အုပ်ချီထွက်လာပြီးတော့ အဲဒီလိုပြောတဲ့ပြီးတော့ ထိုင်တဲ့ပြီးတော့ ကန်တော့တော့တာပဲ၊ ကုန်းကုန်းပြီးတော့ ကန်တော့လိုက်တာ၊ ကန်တော့တော့ ရှင်ဘုရင်နဲ့ပုရောဟိတ်တို့ မျက်လုံးပြူးကုန်ပြီ၊ ဟော့-တို့ထင်တာနဲ့တော့လွဲကုန်ပြီ၊ ဒုက္ခပါပဲ၊ ဒီတော့-မဖြစ်ဘူးပြောမှပဲ၊ ဟော့- ဟတ္ထိပါလ၊ သားတော်ရဲ့၊ ဟောဒါက-မင်းအဖေ၊ ဟောဒါကပုရောဟိတ်။ ဟောဒါက ငါရှင်ဘုရင်ဗျ၊ ဒို့ ရသေ့အစစ်မဟုတ်ဘူး၊ မင်း ဒို့ကိုရသေ့ကြီးတွေထင်ပြီးတော့ ရှိခိုးမနေနဲ့ ဒို့ကရသေ့အတုကြီးတွေဟ။

ဟင်း. . . ရသေ့အတုပဲဖြစ်ဖြစ် ရသေ့အစစ်ပဲဖြစ်ဖြစ် ဒီသင်္ကန်းကိုမြင်ရင်တော့ ကျွန်တော်ဒီသင်္ကန်မျိုးကိုပဲ ဝတ်ချင်တော့တယ်. . . ဒီသင်္ကန်းမျိုးဝတ်ပြီးတော့ တောထွက်ပါရစေတော့၊ ဟယ်-ပြီးရောဟ ဒုက္ခပဲ ဒို့ထင်တာနဲ့တော့ လွဲကုန်ပြီ။ မဟုတ်ဘူးဟ၊ တောမထွက်နဲ့၊ တောမထွက်နဲ့မင်းဒီ အဝတ်ကြီးတွေ ဝတ်ပြီး တောမထွက်နဲ့၊ မင်းတို့ငယ်ငယ်လေးရှိသေးတယ်၊ ဒုက္ခတွေဖြစ်ကုန်လိမ့်မယ်၊ မင်းကိုထီးနန်းအပ်မလို့၊ ဟော-မင်းသမီးလေးချောချောလှလှနဲ့ မင်းလက်ထပ်ပြီးတော့ မင်းကိုထီးနန်းအပ်မှာ ရှင်ဘုရင်ကြီးလုပ်ပြီးတော့ မင်းကထီးနန်းစည်းစိမ် ခံစားရဦးမှာ၊ မင်းငယ်ငယ်လေးရှိသေးတယ်၊ နောက်မှ တောထွက်ကွ၊ သားတော်ရဲ့ ဒို့ရသေ့ အစစ်မဟုတ်ဘူးဟ၊ ဒို့ရသေ့တွေ မဟုတ်ဘူး။ ဘယ်လိုပဲပြောပြော ခမည်းတော် မယ်တော်တို့. . . တဲ့၊ ခမည်းတော် မယ်တော်တို့က ထီးနန်းစည်းစိမ်ရိပ်ငြိမ် ချမ်းသာကြီး ခံစားပြီးသကာလ နေဖို့ရာ ပြောကြငြားသော်လည်းပဲ သားတော်အမြင်ကိုပြောရမယ်ဆိုရင်. . . တဲ့။

ယထာပိ နာဝိကော နာဝံ, တီရံ နေတိ ပရာပရံ၊

ဧဝံ ဇရာစ ဗျာဓိစ, မစ္စု နေတိ ဘဝါဘဝံ။

ယထာပိ-ခမည်းတော်မယ်တော်တို့နှင့်တကွ, ယခုရောက်လာကြတဲ့ ပရိသတ်အပေါင်း, သူတော်ကောင်းတွေကို, ဥပမာဆောင်ပြီးတော့ ပြောရမယ်ဆိုရင်။

ရှင်ဘုရင်ကြီးနဲ့ပုရောဟိတ်ကြီးက ဒီလိုစမ်းသပ်လိမ့်မယ်ဆိုတာလည်း သိနေကြတော့ ဘေးကအားလုံးက ဝိုင်းပြီးတော့ ချောင်းနေကြတာ၊ ကြည့်နေကြတာ။ ဒီစီမံကိန်းနဲ့ ဒီလိုလုပ်လိမ့်မယ်ဆိုတာ၊ ဘယ်လိုများဖြစ်မတုန်းဆိုတာ ကြည့်နေကြတာဖြစ်တော့၊ အခု ထိုင်ပြီးကန်တော့ တော့၊ ဟာ-ဒို့ ရသေ့အစစ်တွေမဟုတ်ဘူးဟ၊ ဘယ့်နယ်ပြောညာနဲ့ပြောတော့၊ ဟာ-ရသေ့ဟုတ်ဟုတ်၊ မဟုတ်ဟုတ်၊ ကျွန်တော်တော့ ဒီသင်္ကန်းဝတ်ပြီးတော့၊ ဒီအဝတ်မျိုးနဲ့ တောထွက်

http://www.dhammadownload.com



ချင်တာပဲဆိုပြီးတော့၊ ထီးနန်းအတင်းအပ်နေတဲ့အထဲက ထီးနန်း လက်မခံဘဲနဲ့၊ ဒီလိုရုပ်ရုပ်သဲသဲပြောကုန်တော့၊ ဘေးကလည်းအကုန် ထွက်လာကြ၊ နန်းတော်သူ နန်းတော်သားတွေလည်းထွက်လာကြ၊ လူတွေလည်းရောက်လာကြ၊ ပရိသတ်တွေ လည်းရောက်လာကြတော့၊ အားလုံးတော်တော် များများစုံနေတဲ့ အချိန်၊ အဲဒါဘုရားအလောင်းတော်က ဒီစကားပြောတာ။ ယထာပိ-ဥပမာပုံ ဆောင်ပြီး တော့၊ ထင်လွယ် မြင်လွယ်အောင်ပြောရမယ်ဆိုရင်၊ သူ့ရဲ့စိတ်ထဲမှာ မြင်နေတဲ့ အမြင်ကို၊ ခမည်းတော်၊ မယ်တော်တွေကိုတင်ပြနေတာ၊ ယထာပိ-သားတော်စိတ် ထဲမှာဖြစ်နေတာတွေကို၊ ဥပမာပုံဆောင်ပြီးတော့ ထင်အောင်မြင် အောင်ပြောရ မယ် ဆိုရင်၊ နာဝိကော-ကူးတို့လှေကိုပို့တဲ့ ကူးတို့ပို့သမားသည်၊ နာဝံ-ကူးတို့စီး သမားတွေ တင်ထားတဲ့ ကူးတို့လှေကြီးကို၊ အပရာ- ဒီဘက်ကမ်းမှ၊ အပရံ- ဟိုဘက်ကမ်းသို့၊ နေတိယထာ-လှော်ခတ်ဆောင်ယူပြီးသကာလ၊ ပို့နေသကဲ့ သို့၊ ဧဝံတထာ-ပမာဆိုမူ ထို့အတူသာလျှင်၊ မစ္စ-ရုပ်ခန္ဓာကိုယ် ကူးတို့လှေကြီးဆို တဲ့ ဒီကူးတို့လှေကြီးကို၊ မစ္စ-နာမ်ခန္ဓာ လှေစီးသမားတွေစီးထားတဲ့ ကူးတို့လှေ ကြီးကို၊ ဇရာစ-အိုခြင်းပေါင်းစုံဆိုတဲ့ ဇရာကူးတို့ပို့သမားသည်လည်းကောင်း၊ ဗျာဓိစ- နာခြင်းပေါင်းစုံဆိုတဲ့ ဗျာဓိကူးတို့ပို့သမားသည်လည်းကောင်း၊ ဘဝါ-ဤဘက် ကမ်းမှ၊ ဘဝံ-ဟိုဘက်ကမ်းသို့၊ ဘဝါ-ဤဘက်ဆိုတဲ့ဇရာကမ်းမှ၊ ဘဝံ- ဟိုဘက်ဆိုတဲ့မရဏကမ်းဆီသို့၊ နေတိ-နေ့ညမဆိုင်း တဟိုင်းဟိုင်းဖြင့်၊ မဆိုင်း မသွေ၊ အမြဲပို့ဆောင်ခြင်းခံ၍နေရပါပေသတည်း။

သာဓု. . . . . သာဓု. . . . . သာဓု။

ခမည်းတော် မယ်တော်တို့. . . တဲ့၊ ခမည်းတော် မယ်တော်တို့က၊ ထီးနန်းစည်းစိမ် ရိပ်ငြိမ်ချမ်းသာကြီးနဲ့ နေစေချင်ပေမယ်လို့၊ သားတော်အနေနဲ့ ပြောရမယ်ဆိုရင်ဖြင့်၊ ရှင်ဘုရင်ပဲဖြစ်ဖြစ် မိဖုရားပဲဖြစ်ဖြစ်၊ ဘယ်သူမဆို. . . တဲ့ နောက်ဆုံး သူတောင်းစားပင်ဖြစ်ပါစေ၊ ဤရုပ်နာမ်ခန္ဓာကိုယ်ရရှိထားတဲ့ သတ္တဝါ တွေက ရုပ်နာမ်ခန္ဓာဆိုတဲ့ ကူးတို့လှေကြီးပေါ်မှာ၊ နာမ်ခန္ဓာဆိုတဲ့လှေစီးသမား တွေကို၊ ဇရာခေါ်တဲ့ ကူးတို့ပို့သမား၊ ဗျာဓိခေါ်တဲ့ ကူးတို့ပို့သမားက နေ့စဉ်လှော် ခတ်ပြီးတော့ပို့နေတာကို ခံနေရတာနဲ့တူတယ်. . . လို့ သားတော်စိတ်ထဲမှာ သံဝေ ဂဉာဏ်တွေပြင်းစွာဖြစ်ပွါးလာပြီးတော့၊ (၃၁) ဘုံသား သံသရာနယ်ကြီးရဲ့ အဖြစ် ကိုမြင်လာခဲ့ပါတယ်၊

http://www.dhammadownload.com



တရားသဘောနဲ့သူ့စိတ်ထဲထင် . . . ပြီးလာပုံက၊ ကူးတို့လှေကြီးကို ကူးတို့စီးသမားတွေတင်ပြီးတော့ ကူးတို့စီးခရီးသွားတွေတင်ပြီးတော့၊ ကူးတို့ပို့သမားက ဦးကတစ်ယောက် ပဲ့ကတစ်ယောက်လှော်ပြီးတော့ ပို့ကြသလိုပဲ . . တဲ့၊ ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းလှော်ပို့နေသလိုပဲ၊ (၃၁) ဘုံအတွင်း ကျင်လည်ကျက်စားသွားလာနေကြတဲ့ သတ္တဝါတွေရဲ့ ရုပ်ခန္ဓာခေါ်တဲ့ ကူးတို့ လှေကြီးကို အဲဒီကူတို့လှေခေါ်တဲ့ ရုပ်ခန္ဓာကိုယ်ကြီးပေါ်မှာ တက်စီးနေတဲ့ နာမ်ခန္ဓာလို့ခေါ်တဲ့ ကူးတို့စီးသမားခရီးသွားတွေကို။

ဘုန်းကြီးတို့ ခန္ဓာကိုယ်ကြီးက ကူးတို့လှေကြီးနဲ့တယ်တဲ့ ဒီခန္ဓာကိုယ်ကြီးပေါ်မှာ ဟိုဟာသိ ဒီဟာသိ ဟိုဟာကြံ ဒီဟာကြံ ဟိုဟာစဉ်းစား ဒီဟာစဉ်းစား ဟိုသွားချင် ဒီသွားချင် ဟိုအလုပ်လုပ်ချင် ဒီအလုပ်လုပ်ချင်ဆိုတဲ့ နာမ်ခန္ဓာ စိတ်လို့ခေါ်တဲ့ စေတသိက်လို့ခေါ်တဲ့ နာမ်အုပ်စု အကျဉ်းချုပ်ပြောရင် နာမ်တေပညာသပေါ့၊ (၅၃) ယောက် ကူးတို့စီးသမား စိတ်ကတစ်လုံး စေတသိတ်က (၅၂) လုံး ဒါ-ကူးတို့စီးသမား (၅၃) ယောက်။

အဲဒီကူးတို့လှေကြီးပေါ်မှာ စီးနေတဲ့ဒီရုပ်နာမ်ခန္ဓာကိုယ်ပေါ်မှာ မှီဖြစ်နေတဲ့ ကူးတို့စီးသမားနဲ့တူတဲ့ နာမ်ခန္ဓာ (၅၃) ယောက်ခရီးသွားတွေကို . . . ရုပ်ခန္ဓာကိုယ် ကူးတို့လှေကြီးပေါ်တင်ပြီးတော့ ဘယ်သူကလှော်ပို့နေတုန်းဆိုတော့ အိုခြင်းပေါင်းစုံဆိုတဲ့ ဇရာ၊ နာခြင်းပေါင်းစုံဆိုတဲ့ ဗျာဓိ၊ ဇရာနဲ့ဗျာဓိဆိုတဲ့ ကူးတို့ပို့သမားနှစ်ယောက်က နောက်ကတစ်ယောက်ပဲ့၊ ရှေ့ကတစ်ယောက် ဦးပေါက်ပြီးလှော် ဘယ်ကဘယ်ပို့တုန်းလို့ ဆိုတော့ ။

အပရာ-ဇာတိဆိုတဲ့ ဒီဘက်ကမ်းဆီမှ၊ အပရာ-အမိဝမ်းခေါင်းပဋိသန္ဓေတည်နေကိန်းအောင်းရခြင်းဆိုတဲ့ ဇာတိခေါ်တဲ့ ဒီဘက်ကမ်းဆီမှ၊ အပရာ-ရုပ်သစ်နာမ်သစ်ဖြစ်ပေါ်ခြင်းဆိုတဲ့ ဇာတိဆိုတဲ့ ဒီဘက်ကမ်းမှ၊ အပရံ- မရဏဆိုတဲ့ ဟိုဘက်ကမ်းဆီသို့၊ နေတိ-နေ့ညမဆိုင်း တဟိုင်းဟိုင်းဖြင့် မဆိုင်းမသွေ့လှော်ခတ်၍ပို့၍နေပါပေ၏။

ရုပ်ခန္ဓာကိုယ်လှေကြီးကို ကူးတို့စီးသမား နာမ်တရားတွေတင်ပြီးတော့ . . . . တဲ့၊ ဇရာနဲ့ ဗျာဓိကပို့နေတာ၊ လှော်ပို့နေတာ၊ ဘယ်ကဘယ်ပို့တာတုန်းဆိုတော့ ဇာတိကမ်းကနေပြီးတော့ မရဏကမ်းဆီပို့နေတယ်၊ ဇာတိကမ်းဆိုတာ ဒီဘက်ဘဝက ပဋိသန္ဓေတည်နေကိန်းအောင်းရတဲ့ အမိဝမ်းခေါင်းကိန်းအောင်းခြင်း၊ ဥထဲမှာကိန်းအောင်းခြင်း၊ သံသေဒဇလို့ခေါ်တဲ့ ပိုးလောက်တွေလို၊ ငါးပိတို့၊ အညှီအဟောက်တွေ စွဲပြီးတော့ဖြစ်တော့၊ အဲဒီအညှီအဟောက်နွံ့ပုပ် နွံ့ဗွက်ဆိုတဲ့ဇာတိ။

http://www.dhammadownload.com


ဇာတိလေးမျိုးရှိတယ်၊ ဂဗ္ဘသေယျက ဆိုတာအမိဝမ်းခေါင်းထဲအောင်းတာ၊ ဘုန်းကြီးတို့လိုလူတွေ၊ ခွေးတွေ၊ နွားတွေ၊ အဏ္ဍဇ ဆိုတာကျတော့ ဥထဲအောင်းတာ၊ ကြက်တွေ၊ ငှက်တွေ။ သံသေဇ ဆိုတာကျတော့ ရွှံ့တို့ အမှိုက်တို့ အပုပ်အစပ်တို့ ငါးပိတို့ ဒီစွဲပြီးတော့ဖြစ်တာ၊ ငါးပိထဲဖြစ်တဲ့ ပိုးလောက်တွေ၊ ဘယ်အမိဝမ်းခေါင်းမှ မအောင်းဘူး၊ ဘယ်ဥထဲမှမဝင်ဘူး၊ သို့သော်အညှီအဟောက်စွဲပြီးတော့ ပိုးလောက်တွေဖြစ်တာ၊ အဲဒီလိုပေါ့ ရေပိုး ရေမွှား သံသေဇ သတ္တဝါတွေ အများကြီးရှိတယ်၊ ဒါလဲဇာတိပဲ၊ ဥပပတ္တိပဋိသန္ဓေ ဆိုတာကျတော့ အထက်ကနတ်ပြည်ခြောက်ထပ်နတ်တွေ၊ ဗြဟ္မာတွေ၊ သူတို့ ကျတော့ ဘွားခနဲဆိုခုံလွှားကျတာ၊ ဒါဇာတိပဲ၊ ရုပ်သစ်နာမ်သစ်ဖြစ်ပေါ်ခြင်း။

ကဲ ဘယ်ဇာတိပဲဖြစ်ဖြစ် အဲဒီဇာတိဆိုတဲ့ ကမ်းက ထွက်လိုက်သည် နှင့် တပြိုင်နက်၊ ခွာလိုက်သည်နှင့်တပြိုင်နက်၊ ဘယ်ကိုဦးတည်ပြီးတော့ အပို့ခံရတုန်း. . . လို့ဆိုတော့၊ မရဏာလမ်းဆီကို အပို့ခံရပါတယ်၊ ဒါကြောင့် "ကူးတို့လှေပမာ၊ ရုပ်ခန္ဓာ၊ တူစွာမှတ်ကြလေ။" တဲ့၊ ရုပ်ခန္ဓာ ကိုယ်ကြီးက ကူးတို့လှေကြီး နဲ့တူတယ်၊ "နာမ်ခန္ဓာဟူ၊ လှေစီးသူ၊ ပုံယူမှတ်ကြလေ။" နာမ်ခန္ဓာတွေက စိတ်တစ်လုံးနဲ့ စေတသိက် (၅၂) လုံးဆိုတဲ့ နာမ်တရားတွေက ကူးတို့စီးသမားတွေနဲ့တူတယ်၊ "ဇာတိကမ်းမှ၊ မရဏ၊ ကူးရသူတိုင်းပေ။" ဒီဇာတိကမ်းကနေပြီးတော့ အမိဝမ်းခေါင်း ပဋိသန္ဓေတည်နေကိန်းအောင်းခွါထွက်လာခဲ့ပြီးတော့ ဟိုး-သင်္ချိုင်းဆီကို ပို့နေတာ။

"အိုနာနှစ်ဝ၊ လှော်ပို့ကြ၊ နေ့ညမဆိုင်းချေ" တဲ့ အိုဆိုတဲ့ဇရာ ကူးတို့သမားကြီး၊ နာဆိုတဲ့ (၉၆) ဖြာ (၉၈) ဖြာ ဗျာဓိကူးတို့ပို့သမား နှစ်ယောက်က ပို့နေလိုက်ကြတာ၊ ဘယ်အချိန်လောက်များနားတုန်းဆိုတော့၊ တစ်ချိန်မှမနား ဘူး၊ သူတို့လှော်ခတ်ပို့နေတာ၊ မရောက်မခြင်းပို့နေတာ၊ "အိုနာနှစ်ဝ လှော်ပို့ကြ နေ့ညမဆိုင်းချေ" နေ့ရော ညရော မဆိုင်းဘူး၊ "ကိုယ့်နောက်ပါကြောင်း၊ ရိက္ခာကောင်း၊ စုဆောင်းယူကြလေ။" တဲ့၊ ဒါ့ကြောင့် ဘာလုပ်ရမတုန်းဆိုတော့ ကိုယ့်နောက်ပါမယ့် ရိက္ခာကောင်းတွေကို စုဆောင်းပြီးတော့ တင်ယူနေကြ. . . "ကိုယ့်လွတ်မြောက်ကြောင်း၊ ရိက္ခာကောင်း၊ စုဆောင်းယူကြလေ။" အဲဒီလို ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းပို့ ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းပို့ဆိုတဲ့ ထပ်တလဲလဲအပို့ခံရတဲ့ အဖြစ်မှ လွတ်ရာလွတ်ကြောင်းဖြစ်တဲ့ ရိက္ခာကောင်းတွေ စုဆောင်းပြီးတော့ ယူရတယ်. . . တဲ့၊ ယူကြ။

http://www.dhammadownload.com



ရုပ်ခန္ဓာကိုယ်က ကူးတို့လှေကြီးနဲ့တူတာဖြစ်တော့ သူကဒီဘက်ဘဝ အနေနဲ့ ကြည့်မယ်ဆိုရင် အမိဝမ်းခေါင်းကနေထွက်. . . ပြီး၊ လာခဲ့ပြီးတော့ တနည်းပြောရင် ပုခက်ကနေထွက်လာပြီးတော့၊ ပြင်ခေါင်းဆီ လှော်ပို့ခံရတာ၊ နောက်ဆုံးပြင်ခေါင်းရောက်သွားရော၊ မရဏရောက်သွားရော၊ သင်္ချိုင်းရောက် သွားရော၊ ရောက်သွားတော့ ဒီရုပ်ခန္ဓာကိုယ်လှေကြီးက နေရစ်ကရောဒီဘက် ဟိုနာမ်ခန္ဓာကိုယ် ကူးတို့စီးသမားတွေက ကိုယ့်အထုပ်ကိုဆွဲပြီးတော့ ဆင်းသွား တာ ဒီရုပ်ခန္ဓာကိုလှေကြီးပေါ်က ဆင်းသွားတာနဲ့တူတယ်ပေါ့လေ၊ ဆင်းသွား ပြီးတော့ ဘယ်ရောက်သွားပြန်တုန်းဆိုတော့ နောက်လှေတစ်စီးပေါ် ရောက် သွားပြန်ရော နောက်လှေတစ်စီးပေါ်ရောက်ပြီးတော့ ဘာလုပ်ကြ တုန်း ဒီလိုပဲ ဇာတိကမ်းကနေထွက်ပြန်ရော ဘယ်သွားပြန်တုန်း မရဏကမ်း။ ဆိုပါတော့ နောက်ဘဝ နတ်ဘဝ ရောက်သွားတယ် ထားကြပါစို့ ဒီဘက်လူ ခန္ဓာကိုယ်ဆိုတဲ့ လူရုပ်ခန္ဓာကိုယ် ကူးတို့လှေကြီးက နေရစ်ကရော ဒီမှာ၊ ဟိုဘက်နောက် နတ်ခန္ဓာ ကိုယ်ဆိုတဲ့ ကူးတို့လှေတစ်စီးပေါ် တက်ပြန် လှော်ပြန်ရော ဘယ်ရောက်သွား ပြန်တုန်း နတ်သေသေမရဏရောက်ပြန်၊ အဲဒီကပြီးတော့ နာမ်ခန္ဓာတွေက ကိုယ့်အထုပ်ကိုဆွဲ ကိုယ့်ရိက္ခာ ကိုယ်ကိုင်ပြီးတော့ ဆင်းသွားကြပြန်ရော၊ ပြီးတော့ဘယ်သွားကြပြန်တုန်း၊ ကဲ-ဗြဟ္မာဖြစ် တယ် ဆိုပါတော့၊ ဗြဟ္မာ ခန္ဓာကိုယ် ရုပ်လှေပေါ် ကူးတို့လှေပေါ်တက်ပြန်ရော နောက်ဗြဟ္မာသေ သေပြန်ရော၊ ဒါပြင့် ဘယ်သွားတုန်း ပြီးတော့ဆိုတော့ အကြောင်းမတော်လို့ ချော်ကြလာရင် ဒီလူပြည်ပြန်ရောက်၊ နောက်ခွေးဘဝ ရောက်၊ နွားဘဝရောက်၊ ကျွဲဘဝရောက် စသည်ဖြင့်၊ ပြိတ္တာ ဘဝရောက်၊ ဘယ်ရောက်ရောက် ဒါချည်းပဲ။ ပြောတော့သာ ဇာတိကသာ ခြားတယ်၊ ဓာတ်မခြားဘူး၊ ဇာတိကတော့ခြားတယ်၊ ဟုတ်တယ်၊ လူဇာတ်၊ လူပုံသဏ္ဌာန်၊ ဟိုဘက်ကျတော့ နတ်ဇာတ်၊ နတ်ပုံသဏ္ဌာန်၊ ဟိုဘက်ကျ တော့ ဗြဟ္မာဇာတ် ဗြဟ္မာပုံသဏ္ဌာန်၊ နောက်ခွေးဇာတ်၊ ခွေးသဏ္ဌာန်၊ နွားဇာတ် နွားပုံသဏ္ဌာန်၊ "ဇာတ်သာလျှင်ခြား၊ ဓာတ်မပြားသည်. . . တဲ့" ဇာတ်ကတော့ ဟုတ်ပါတယ်၊ ခြားခြားသွားလိုက်တာ၊ ပုံသဏ္ဌာန်တွေ ပြောင်းပြောင်းသွား လိုက်တာ၊ ကူးတို့လှေတွေပြောင်းပြောင်းသွားလိုက်တာ၊ ဓာတ်ကမခြားဘူး၊ ဇာတိကနေ မရဏ အပို့ခံရတာချည်းပဲ၊ ဇာတိကနေ မရဏအပို့ခံရတာ၊ ဒီတော့ ဇာတိကနေ မရဏပို့၊ ဇာတိကနေမရဏပို့၊ ဇာတိဆိုတာအဖြစ်၊ မရဏဆိုတာ အပျက်၊ အပြီးသတ်ကျတော့ အဖြစ်နဲ့အပျက်၊ အပျက်နဲ့အဖြစ်၊ အဖြစ်နဲ့အပျက်၊ အပျက်နဲ့အဖြစ်၊ ဒါပတ်နေတာပဲ၊ ဒါလည်နေတာပဲ။

http://www.dhammadownload.com



ဒီတော့-ဒီဘဝမှာ ဒီနေ့ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ရုပ်ခန္ဓာကိုယ်လှေကြီး၊ ကူးတို့စီးသမားနဲ့တူတဲ့၊ နာမ်အုပ်စုကို ဇရာနဲ့ ဗျာဓိက လှော်ခတ်ပို့နေတော့၊ ဘယ်အချိန်လေးများရပ်တုန်း. . . လို့ဆိုတော့၊ တချိန်မှ မရပ်ဘူး၊ "အိုနာနှစ်ဝ၊ လှော်ပို့ကြ၊ နေ့ည မဆိုင်းချေ" တဲ့၊ နေ့ရော ညရော မဆိုင်းဘူး၊ အခုကိုယ်ကတော့ အိပ်နေတယ်လို့ထင်တယ်၊ အိပ်ရာထဲအိပ်နေ တော့ ငါငြိမ်နေတာလို့ထင်တယ် စိတ်ကမငြိမ်ဘူး၊ တစ်မနက်လင်းလာပြီဆိုရင် ဒီကူးတို့ လှေ မရဏာကမ်းဘက်တစ်ရက်ပိုနီးသွားတာပဲ၊ တစ်နေ့ကုန်သွားတိုင်း တစ်နေ့ ကုန်သွားတိုင်း ဒီရုပ်ခန္ဓာကိုယ်ကူးတို့လှေနဲ့ ဒီ-ကူးတို့စီးသမား နာမ်တရား တို့သည်. . . ၊ မရဏာကမ်းဘက်သို့ တစ်ရက်နီးသွားခြင်းဖြစ်သည်၊ တစ်လကုန်သွား တိုင်း၊ တစ်လကုန်သွားတိုင်း၊ တစ်လမရဏာကမ်းဘက် နီးသွား ခြင်းဖြစ်သည်၊ တစ်နှစ်ကုန်သွားတိုင်း၊ တစ်နှစ်ကုန်သွားတိုင်း၊ မရဏာကမ်းဘက် ကိုတစ်နှစ်နီး သွားခြင်းဖြစ်သည်။ ဒါကြောင့်-

* တစ်ရက်ကုန်ပြန်၊ ငါ့ရုပ်နာမ်၊ သေရန်တစ်ရက်နီးပြန်ပြီ။
တစ်လကုန်ပြန်၊ ငါ့ရုပ်နာမ်၊ သေရန်တစ်လနီးပြန်ပြီ။
တစ်နှစ်ကုန်ပြန်၊ ငါ့ရုပ်နာမ်၊ သေရန်တစ်နှစ်နီးပြန်ပြီ။

မရဏာနုဿတိ ကမ္မဋ္ဌာန်းလည်းဖြစ်တယ်၊ ရပ်မနေဘူး. . . အမြဲတန်း အပို့ခံနေရတယ်လို့မြင်ရင်၊ ရွေ့နေတာကိုသိလာတယ်၊ ပြောင်းနေတာကိုသိလာ တယ်၊ ဖြစ်ပျက်နေတာကိုသိလာတယ်၊ ဒါ ဝိပဿနာပဲ၊ ကိုယ့်ကိုယ်ကိုသတ္တဝါတိုင်း သတ္တဝါတိုင်း ထင်တာက နိစ္စသညာကြီးဝင်ပြီးတော့ ခုနကလည်းငါ အခုလည်းငါ ငြိမ်နေတယ်၊ တည်နေတယ်လို့ထင်တာ၊ ဒါနိစ္စသညာခေါ်တယ်၊ မြဲတယ်လို့ထင်တဲ့ အထင်လုံးကြီးဝင်တာ၊ အထင်မှားကြီးဝင်တာ၊ အမှန်က ဒီရုပ်ခန္ဓာကိုယ်လှေကြီး ရပ်နေတာ ဘယ်အချိန်မှ မရှိဘူး၊ တစ်စက္ကန့်လေး မရပ်ဘူး၊ တစ်မိနစ်ကလေး မရပ်ဘူး၊ တစ်နာရီလေး မရပ်ဘူး၊ အမြဲတန်းရွေ့လျှားပြောင်းလဲပြီးတော့နေရတဲ့ ရုပ်ခန္ဓာကိုယ် ကူးတို့လှေကြီး. . . ဘယ်သူက လှော်နေတာတုန်းဆိုတော့၊ ဇရာနဲ့ ဗျာဓိကလှော်ပို့နေတာကိုး၊ ဇရာဆိုတာ အိုခြင်း၊ ဗျာဓိဆိုတာ နာခြင်း။

ဒီတော့ အိုခြင်းနဲ့ နာခြင်းနဲ့လှေပို့နေတာက။ သတ္တဝါတွေသိတာက ထင်ရှားတဲ့ အအိုသာသိတာ၊ ထင်ရှားတဲ့အအိုဆိုတာက ဆံပင်တွေဖြူသွားပြီ၊ သွားတွေကျိုးကုန်ပြီ၊ ပါးရေတွေ တွန့်ကုန်ပြီ၊ မျက်စိတွေမွဲကုန်ပြီ၊ ဒါက ထင်ရှားတဲ့အအိုခေါ်တယ်၊ လူသိ သူသိ အအိုခေါ်တယ်၊ အဲဒီအအိုရောက်မှ အိုခြင်းကလှော်ပို့တာမဟုတ်ဘူး၊ အခုခန္ဓာကိုယ်ထဲမှာ အမြဲတန်း လောင်မြိုက်

http://www.dhammadownload.com



နေတဲ့ ဇရာမီး အငွေ့ရှိတယ်၊ ဇီရဏတေဇော- လို့ခေါ်တယ် စာလိုတော့၊ ဇီရဏ-ဆိုတာ အိုအောင်ရင့်အောင် ဆွေးအောင် မရဏကမ်းနဲ့နီးအောင်ပို့နေတဲ့၊ တေဇော-ဆိုတာအပူကြီး။

အဲဒါ ကိုယ့်ခန္ဓာကိုယ် ပြန်ပြီးတော့ ရင်ဘတ်စမ်းကြည့်ကြည့် လက်စမ်းကြည့်ကြည့် စမ်းကြည့်စမ်းပါ့လား၊ ကိုယ်ငွေ့လို့ ပြောကြတာပေါ့ လူတွေကတော့ အငွေ့ရှိတယ်၊ အပူရှိတယ်၊ အဲဒီအပူမီးပဲ၊ သူကမြိုက်နေတာပဲ၊ ဒီရုပ်ခန္ဓာကိုယ်ကြီး အသားရေလေးတွေ ပြောင်ပြောင်ချောချော တင်းတင်းရင်းရင်း ဖျိုဖျိုရွှယ်ရွှယ် အဖြစ်ကနေပြီးတော့ အသားရေတွေတွန့်ပြီးတော့၊ ဟိုင်းသွားအောင်၊ ကြီးသွားအောင်၊ ရင့်သွားအောင်၊ သူမြိုက်နေတာပဲ၊ တိုင်မျှားချစားနေသလို တိုင်မျှားပိုးထိုးနေသလိုပဲ၊ တကျိုကျို တကျစ်ကျစ်နဲ့ ဇရာမီးကတောက်နေတာ ဝမ်းထဲမှာ ခန္ဓာထဲမှာ ရုပ်ရောနာမ်ရောသူက အမြဲမြိုက်နေတာ။

အဲဒါစားနေတုန်းလဲ မရပ်ဘူး၊ အခု တရားနာနေတုန်းမျှားလည်း ရပ်လိမ့်မယ်မထင်နဲ့ မရပ်ဘူးသူက၊ အဲဒီလို လှော်င်မြိုက်နေခြင်းသည်ပင်လျှင် မရဏကမ်းဘက်ကို တွန်းပို့နေရာရောက်တယ်၊ ဒီတော့ ကိုယ့်ဘာကိုယ် သဘာဝ စဉ်းစားကြည့်ပါလား၊ မနေ့ကနဲ့ ဒီနေ့ ငါသေမင်းနဲ့ နီးသွားမှာလား ဝေးသွားမှာလားလို့စဉ်းစားကြည့်ရင် နီးလာတယ်ဆိုတာ သေချာနေတာပဲ၊ ဟိုလနဲ့ ဒီလ၊ ဟိုနှစ်နဲ့ ဒီနှစ်၊ မရဏကမ်းဘက် ကိုင်းပိုနီးတာလား၊ ပိုဝေးသွား တာလားလို့ စဉ်းစားကြည့်၊ နီးလာတာပဲ။

အဲဒီလို နီးလာရင်း နီးလာရင်းနဲ့ပဲ နောက်ဆုံးဗျာဓိခေါ်တဲ့ ထင်ရှားတဲ့ ဗျာဓိ၊ မထင်ရှားတဲ့ဗျာဓိ၊ သူကလဲ။ ထင်ရှားတဲ့ဗျာဓိဆိုတာကတော့ လူတိုင်းသိပါတယ်၊ ဒါဖျားတယ်၊ အနာပေါက်၊ အနာကြီးပေါက်တယ်၊ ဆီးချိုဖြစ်ပြီတဲ့ သွေးတိုးတဲ့၊ ကင်ဆာတဲ့၊ နှလုံးတဲ့ စသည်ဖြင့် အိပ်ရာပေါ်လဲပြီ ခေတ်ဆရာ ဗိန္ဒောဆရာတွေခေါ်ရပြီ၊ ဆရာဝန်တွေ ဆရာမတွေခေါ်ရပြီ၊ ဒါကထင်ရှားတဲ့ ဗျာဓိ၊ ထင်ရှားတဲ့အနာ (၉၆) ဖြာ (၉၈) ဖြာ စွဲကပ်ပြီဆိုတော့ ဒါလူသိသူသိ ဗျာဓိ။

လူမသိသူမသိ ဗျာဓိက၊ ပူခြင်းအေးခြင်း၊ ဆာခြင်းမွတ်သိပ်ခြင်း၊ ကျင်ကြီးအမှုပြုရခြင်း၊ ကျင်ငယ်အမှုပြုရခြင်းကစပြီးတော့ ဒီခန္ဓာကိုယ်ကြီး ပူလို့ အေးလို့ဆိုတဲ့ အပူအအေးလွတ်တဲ့အချိန်။ တစ်ချိန်မှမရှိဘူး၊ ဒီခန္ဓာပူတယ် ဆိုတော့ ရေချိုးပေးရတယ်၊ သနပ်ခါးလိမ်းပေးရတယ်။ ပန်ကာဖွင့်ပေးရတယ်၊ ယပ်ခပ်ပေးရတယ်၊ အအေးလေးတွေသောက်ပေးရတယ်၊ ဒါဗျာဓိပဲ၊ အေးလို့ ဆိုပြီးတော့ အနွေးထည်တွေဝတ်ရ၊ ခြေအိပ်တွေစွပ်ရ၊ လက်အိပ်တွေစွပ်ရ၊ ခေါင်းပတ်ရ၊

http://www.dhammadownload.com



မီးလှုံရ၊ အနွေးခန်းထဲဆင်းပြီးတော့နေရ၊ အဲဒါတွေက ဗျာဓိတွေ ချည်းပဲ၊ ဆာတယ် မွတ်သိပ်တယ်၊ ဒါဗျာဓိတွေပဲ၊ ထမင်းဆာတယ် ဒါဗျာဓိ၊ အနာပေါ်လာတာ၊ အဲဒီတင်အစာလေးကျွေးလိုက်တော့ နည်းနည်းရောဂါ သက်သာ၊ ဆေးကျွေးရတာ၊ ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက- စားဖွယ် ချဉ်ချို၊ ရသာဆို၊ ဆေးမျိုးရခြင်းပါ။

ဒီခန္ဓာကိုယ်ဗျာဓိဒုက္ခသစ္စာကြီးပေါ်လာလို့မို့ ဆေးမျိုးပေးရတာ၊ အစာရေစာစားတာကို သတ္တဝါတွေက ကောင်းလိုက်တာဟ၊ အရသာရှိလိုက်တာဟ ဆိုပြီး ရသတဏှာနဲ့ စားပြီးနကြတာ၊ အမှန်ကတော့ ဒီခန္ဓာကိုယ်ကြီး ဆေးကုရတာ ဆေးမျိုးရတာ၊ ဆေးသောက်ရတာ၊ ဒီတော့ အဲဒါဗျာဓိပဲ၊ ဗျာဓိဒုက္ခသစ္စာပဲ အဲဒီတော့ဆာတယ်၊ ရေငတ်တယ်၊ ဗျာဓိ၊ ကျင်ကြီးအမှုပြုရတယ်၊ ပြုချင်တယ် ဗျာဓိ၊ ကျင်ငယ်အမှုပြုချင်တယ်၊ ပြုနေရတယ်ဗျာဓိ။

ဒီတော့အဲဒီဗျာဓိ (၆) လုံးလွတ်တဲ့အချိန် ဒီခန္ဓာကိုယ် ထောက်ပြစမ်းပါ ဘယ်အချိန်မှမရှိဘူး၊ ပူလို့ရယ်၊ အေးလို့ရယ်၊ ဆာလို့ရယ်၊ ရေငတ်လို့ရယ်၊ ကျင်ကြီး ကျင်ငယ်ရယ်၊ ဒီအမှုကြီး (၆) ခု မထင်ရှားတဲ့ လူမသိ သူမသိ ဆရာမခေါ်ရတဲ့ဗျာဓိကြီးတွေက ဒီခန္ဓာကိုယ်ကြီးအမြဲနှိပ်စက်ပြီးသကာလ သေမင်းလက်ပို့နေကြတယ်. . . တဲ့၊ ပို့နေကြတယ်၊ ဒါကြောင့်-

အိုနာနှစ်ဝ, လှော်ပို့ကြ, နေ့ည မဆိုင်းချေ။

အဲဒီလို အိုခြင်းနာခြင်းဆိုတဲ့ ကူးတို့လှေကြီးကို ကူးတို့စီးသမား နှစ်ယောက်က ဒီရုပ်ခန္ဓာကိုယ်ကူးတို့လှေကြီးကို၊ ကူးတို့စီးသမားနာမ်တရားတွေ တင်ပြီးသကာလ၊ လှော်ပို့နေတယ်လို့ သားတော်အနေနဲ့မြင်ပါတယ်. . . တဲ့ အဲဒီတော့ ထီးနန်းစည်းစိမ်ကြီးနဲ့မနေချင်ဘူး. . ။ ထီးနန်းစည်းစိမ်ကြီးနဲ့နေတော့ ဒါတွေမေ့နေပြီး. . တော့ ငါးပြာအာရုံကာမဂုဏ်တွေနဲ့ ပျော်ပါးပြီးတော့ ဒီက လွတ်မြောက်ကြောင်းတရားတွေ သားတော်ကျင့်နိုင်တော့မှာ မဟုတ်ဘူး. . . ဒီတော့ ထီးနန်းစည်းစိမ်ကြီးလက်မခံပါရစေနဲ့ ဆိုပြီးတော့ ဟတ္ထိပါလသတို့သား ကတောထွက်တယ်။

အဲ တောထွက်ခါနီးမှာ ပြောသွားခဲ့တဲ့ ဒီစကားကို ဘုရားအလောင်းတော်သတို့သား ပြောခဲ့တဲ့ စကားဆိုပြီးတော့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး က သူဘုရားဖြစ်ပြီးတော့မှ၊ သူအလောင်းတော်ဘဝတုန်းက ပြောခဲ့တဲ့စကား ပြန်ပြောင်းပြီးတော့ ဟောတော်မူတယ်။ ပြန်ဟောတဲ့ အဓိပ္ပါယ်က ဘုရားရှင်က အပျင်းပြေ နားထောင်ရအောင်လို့ ဒီဇာတ်ကြောင်းပြန်ပြောင်းပြောတာ မဟုတ်ဘူး. . . ။ အခုလို အတုယူလိုတဲ့ ပုဂ္ဂိုလ်တွေယူကြရအောင် အခုလို ဒကာကြီး

F. 17

http://www.dhammadownload.com



ဦးချစ်စိန်တို့လို ရိက္ခာကောင်းတွေစုဆောင်းချင်တဲ့သူတွေ စုဆောင်းဖြစ်အောင် သံဝေဂဉာဏ်တွေမွားလိုတဲ့ ပုဂ္ဂိုလ်တွေပွါးကြရအောင် ဓမ္မသဘောနဲ့စစ်ကြော ပြီးတော့ နစ်နောစွာသိချင်တဲ့သူတွေ သိနိုင်ကြပါစေ. . .၊ ကိုယ့်လက်ရှိရုပ်နာမ် ခန္ဓာကိုယ်ကြီးရဲ့ အဖြစ်မှန်ကိုပေါ်ကြပါစေ၊ အဖြစ်မှန်ကိုသိကြပါစေ၊ အဖြစ်မှန် ကိုမြင်ကြပါစေလို့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပြောသွားခဲ့တဲ့စကား၊ ဟောထားခဲ့တဲ့တရား။

ဒီတော့ အခုဘုရားဟောတဲ့တရားအတိုင်း ကိုယ့်ခန္ဓာကိုယ် ဉာဏ်တတ်ပြီး ပြန်ကြည့်ကြည့်စမ်းပါလား ရွေ့နေတာ, ပြောင်းနေတာ။ ရပ်နေတာမရှိဘူး၊ အဲဒါမြင်လာရင်၊ ရွေ့လျားပြောင်းလဲတဲ့သဘောကို မြင်လာရင် ဝိပရိနာမဓမ္မ သိလာပြီ၊ ဒါအနိစ္စမြင်လာတာခေါ်တယ်၊ ပထမအကြမ်းစားကတော့ တစ်,ဘဝ အနေနဲ့ခြုံကြည့်၊ အဒ္ဓါနပရိစ္ဆေဒသမ္မသန နည်းနဲ့ ဝိပဿနာရှုလိုက်၊ ကာလအပိုင်း အခြားနဲ့ရှုလိုက်ရင်၊ အော်. . ဒီရုပ်နာမ် ခန္ဓာကိုယ်ကြီး၊ ဇာတိကမ်းကထွက်ရင် မရဏကမ်းဆိုက်တယ်၊ ဒါကိုပြောလိုရင်း-ဘုရားက၊ တစ်ဘဝလုံးခြုံကြည့်၊ ဇာတိ ကမ်းကထွက်တယ်၊ ရုပ်သစ်နာမ်သစ်ဖြစ်ပေါ်မှု၊ ခုနကလို အမိဝမ်းခေါင်း အောင်းအောင်း၊ ဥထဲဝင်ဝင် သံသေဓဇ-အညှီအဟောက်စွဲဖြစ်ဖြစ်၊ ဘွားကနဲ ပေါ်ပေါ်၊ ဘယ်ကပဲပေါ်ပေါ် သတ္တဝါတိုင်း ဇာတိကစတယ်၊ အဖြစ်ကစတယ်၊ နောက်ဆုံးမရဏဆုံးတယ်၊ ပြီးတော့ နောက်ဘယ်ရောက်သွားတုန်းလိုက်ကြည့်၊ ဇာတိပြန်စနေပြန်ပြီ၊ နောက်ဘယ်ရောက်သွားတုန်း မရဏသွားဆုံးပြန်ပြီ။ အဖြစ်ကစတယ်၊ အပျက်မှာဆုံးတယ်။

ဒီတော့ နောက်တစ်ဘဝသွားလိုက်ပါအုန်း၊ အဖြစ်ကစတယ်၊ အပျက်မှာ ဆုံးတယ် ဒါပဲ၊ ဇာတ်သာလျှင်ခြား၊ ဓာတ်မပြားသည်. . , တရားသဘော အမှန် တည်း၊ ဇာတ်ကတော့ဟုတ်တယ် ပြားပြားသွားတာ လူဖြစ်တာတဲ့ နတ်ဖြစ်တာတဲ့၊ ပြဟ္မာဖြစ်တာတဲ့ ခွေးဖြစ်တာတဲ့ ဇာတ်တွေ ကတော့ ဖြစ်ပုံ သဏ္ဌာန်တွေကတော့၊ ပြောင်းပြောင်းသွားတယ်၊ သို့သော်- ဓာတ်ကတော့ဒါပဲ၊ ဇာတိ, မရဏ၊ ဇာတိ, မရဏ၊ အဖြစ်အပျက်၊ အဖြစ်အပျက် အဖြစ်အပျက်၊ ဒါချည်းပဲ(၃၁)ဘုံထဲလည်နေ တာ၊ ဒီကြားထဲ အိုခြင်း၊ နာခြင်း ဆိုတဲ့ နှစ်ပါးကို ဖြတ်ရတယ်၊ ဒီတော့ တရားသဘောနဲ့စစ်ကြောကြည့်လိုက် တော့ အဖြစ်နဲ့အပျက်၊ အဖြစ်နဲ့အပျက်၊ ဓမ္မသဘောနဲ့ခြုံလိုက်ရင် ဒါပဲရှိတော့ တယ်။

ဒီတော့ အဲဒါကို တစ်ဘဝလုံးခြုံပြီးတော့ အဖြစ်နဲ့အပျက်ပဲလို့ရှုတော့ အဒ္ဓါနပရိစ္ဆေဒသမ္မသနနည်းတဲ့။ အဒ္ဓါန-ဘဝအပိုင်းအခြားနဲ့၊ ပရိစ္ဆေဒ-

http://www.dhammadownload.com



ပိုင်းပြီးတော့ သမ္မသန-သုံးသပ်တဲ့နည်း၊ အဲလိုသုံးသပ်လည်း ဝိပဿနာဖြစ်တာပဲ၊ အာ-ဒီကြားထဲ အဖြစ်အပျက်ရုပ်ကလေးတွေ၊ နာမ်ကလေးတွေ၊ ရုပ်မှုံရုပ်မွှား လေးတွေအမြဲတန်း ပြောင်းလဲပြီးတော့ ဖြစ်ပျက်နေတဲ့သဘော. . . ပဲ၊ တစ်ဘဝ တောင်မှ အစနဲ့အဆုံး၊ ဒါရှိလို့ရှိရင် ဒီကြားထဲဖြစ်တဲ့ ရုပ်နာမ် ဘာဖြစ်စရာ ရှိတာတုန်း ဒါရှိတော့တာပဲ၊ အခုဖြစ်တယ်၊ တော်ကြာပျောက်တယ်၊ အခုဖြစ်တယ် တော်ကြာပျောက်တယ်၊ အကြောင်းတိုက်ဆိုင်လို့ပေါ်တယ်၊ အကြောင်းအကျိုး ချုပ်ငြိမ်းတော့ သူလည်း ကုန်တယ်။

ဒီတော့ ရုပ်တွေ နာမ်တွေဖြစ်နေတာဟာ သူ့အကြောင်းလေး ရှိတုန်းလေး၊ အစာအာဟာရကြောင့်ဖြစ်တဲ့ ရုပ်တွေနာမ်တွေကလည်း၊ အစာအာဟာရ လေးစားလိုက်တော့၊ ဝဖြိုးတင်းရင်းပြီးတော့ ပေါ်လာ၊ ဒါ-ဖြစ်၊ နောက်ပြီးတော့ ပျက်တာပဲ။

သန္တတိသမ္မသနနည်းနဲ့၊ အစဉ်နဲ့ရှုလိုက်တဲ့အခါကျတော့လည်းပဲ၊ ခုနက တစ်ဘဝလုံးရှုတာထက် တိုသွားအောင်၊ အစဉ်နဲ့ရှုလိုက်တဲ့၊ သန္တတိသမ္မသန-နည်းလို့ခေါ်တယ်၊ သန္တတိသမ္မသန-နည်းနဲ့ရှုလိုက်တော့လည်း ရုပ်စဉ်နာမ်စဉ်တွေ တစ်ခုပြီးတစ်ခု၊ တစ်ခုပြီးတစ်ခုပြောင်းနေတာပဲ၊ ဆိုပါတော့ ရုပ်စဉ်နာမ်စဉ်တွေ ပြောင်းတယ်ဆိုတာ၊ ရုပ်တွေဟာပူတဲ့ ရုပ်တွေကနေ တော်ကြာတော့ အေးတဲ့ ရုပ်တွေဖြစ်သွား၊ ဖျားတဲ့အခါကျတော့ခန္ဓာကိုယ်ကို ပူလို့စမ်းကြည့်လိုက်ရင်၊ တော်ကြာတော့ အဖျားကျသွားပြီဆိုတော့၊ အေးရုပ်အစဉ်ပြောင်း၊ အေးရုပ်အစဉ်ကနေ ပူရုပ်အစဉ်ပြောင်း၊ ဒါအစဉ်ပြောင်း အနိစ္စခေါ်တယ်၊ အဲဒါကို မြင်စေချင်လို့ လယ်တီဆရာတော်ကြီးက-

* ပူရုပ်ပေါ်လာ, အေးရုပ်မှာ, မှန်စွာပျက်သည်သိ။
အေးရုပ်ပေါ်လာ, ပူရုပ်မှာ, မှန်စွာပျက်သည်သိ။

ဘုန်းကြီးတို့သိနေကြတာကတော့ လူတစ်ယောက်ကိုစမ်းကြည့် အမယ်-ပူတာပါလားနှင့် ပူတာပါလားလို့သိပြီးတော့ တော်ကြာတော့ လာစမ်းတော့၊ ဟာ-အေးသွားပြီဟေ့ဆိုပြီးတော့ ပူရုပ်ပျက်သွားတာကို မရှုမိဘူး၊ အခုပူပါလားလို့ ပူတာကိုသိတယ်၊ နောက်အေးသွားပြီဟေ့ဆိုပြီးတော့ နောက်အေးတဲ့ဆီစိတ်က ရောက်သွားတယ်၊ ပူရုပ်တွေပျောက်လို့ အေးရုပ်ပေါ်တာကိုမကြည့်မိဘူး ၊ အဲဒါမေ့မှာစိုးလို့ လယ်တီဆရာတော်ကြီးက-

* ပူရုပ်ပေါ်လာ, အေးရုပ်မှာ, မှန်စွာ ပျက်သည်သိ၊
အေးရုပ်ပေါ်လာ, ပူရုပ်မှာ, မှန်စွာ ပျက်သည်သိ၊

http://www.dhammadownload.com


ဒါ-သန္တတိအနိစ္စရှုတာခေါ်တယ်၊ အဲဒီရဲ့အသေးစိတ် လိုက်တဲ့ အခါကျတော့၊ ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်တွေနာမ်တွေပေါ်သမျှ ဖမ်းပြီးတော့-ဖြစ်ပျက်ရှုနေ၊ ဒါရှိတာပဲ၊ အဲဒီ ရုပ်မှုံရုပ်မွှား၊ နာမ်မှုံနာမ်မွှားလေးတွေမှန်သမျှ အဖြစ်ကစတယ်၊ အပျက်မှာဆုံးတယ်၊ ပြီးတော့၊ အဖြစ်ကစတယ်၊ အပျက်မှာဆုံးတယ်၊ နောက်အကြောင်းကြောင့် နောက်ရုပ်နာမ်ပေါ် ရှေ့အကြောင်းကြောင့် ရှေ့ရုပ်နာမ်ပေါ် ပြီးတော့ပျက်တယ်၊ ဒါပဲလည်နေတာ။

အဲဒီဖြစ်ပျက်တာလေးတွေ စုပေါင်းထားတဲ့ ဒီရုပ်ပုံ ရုပ်ခဲခန္ဓာကိုယ်တုံးကြီး၊ နာမ်ပုံနာမ်ခဲနာမ်ခန္ဓာကိုယ်တုံးကြီး၊ ဒီရုပ်နာမ်လို့ခေါ်တဲ့၊ ပုဂ္ဂိုလ်သတ္တဝါခေါ်ထားတဲ့၊ တင်စားထားတဲ့၊ ဆိုင်းဘုတ်ဆွဲထားတဲ့၊ ရုပ်နာမ်အစုထေကြီး. . အစဉ်အားဖြင့်လည်း အမြဲပြောင်းပြီးတော့နေတယ်၊ ပူရာကအေးသွားလိုက်၊ အေးရာကပူလာလိုက်၊ မကျန်းမာတဲ့ရုပ်က ကျန်းမာတဲ့ရုပ်ပြောင်းလိုက် ကျန်းမာတဲ့ရုပ်က မကျန်းမာတဲ့ရုပ်တွေနာမ်တွေ ဖြစ်သွားလိုက်၊ ဒီလို အစဉ်ပြောင်းအနိစ္စ၊ ဘဝပြောင်းအနိစ္စ၊ ခဏိက-အနိစ္စနဲ့ရှုလိုက်တော့၊ ရုပ်နာမ် ဖြစ်ပျက်၊ ရုပ်နာမ် ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်၊ ဒါ-ခဏတိုင်းဖြစ်ပျက်နေတာမြင် သွားပြီ၊ အဲဒီလို ခဏတိုင်းဖြစ်ပျက်နေတော့ ခဏိကသမ္မသန-နည်း. . တဲ့၊ ခဏနဲ့ပိုင်းခြားရှုတာ၊ ဝိပဿနာအစစ်။

ဒီတော့ ဝိပဿနာဆိုတော့-ခဏလေးနဲ့ပိုင်းရှု အစဉ်နဲ့ပိုင်းရှု ဘဝနဲ့ပိုင်းရှု ဉာဏ်နည်းနေသေးရင် ဉာဏ်နုံ့နေသေးရင် ဘဝနဲ့ပိုင်းရှု, အဲဒီထက်ဉာဏ်စိတ်လာတာ၊ ခုနက အပူရုပ်က အအေးရုပ်ပြောင်း၊ အအေးရုပ်က အပူရုပ်ပြောင်း၊ ဒီလို-အစဉ်နဲ့ပိုင်းရှု အစိုရုပ်က အခြောက်ရုပ်၊ အခြောက်ရုပ်က အစိုရုပ်ပုဆိုးတွေ အင်္ကျီတွေရေစိုလို့လှန်းထားတော့ စိုရုပ်အစဉ်ခေါ်တယ်၊ တော်ကြာတော့ ခြောက်သွားတယ်၊ နေပူတော့ ခြောက်သွားတယ်ဆိုတော့၊ ခြောက်သွားပြီ. . . ခြောက်ရုပ်ရဲ့အစဉ်ရောက်သွား၊ ဘုန်းကြီးတို့ကသိတာကတော့ စိုတဲ့အဝတ်တွေ ခြောက်သွားပြီ။ ဒါပဲပြောနေကြတာ-

* စိုရုပ်ပေါ်လာ, ခြောက်ရုပ်မှာ, မှန်စွာပျက်သည်သိ။
ခြောက်ရုပ်ပေါ်လာ, စိုရုပ်မှာ, မှန်စွာပျက်သည်သိ။

အစိုရုပ်တွေ ခြောက်ကုန်လို့ အခြောက်ရုပ်ရောက်လာတာ၊ အခြောက်ရုပ်တွေ ပျောက်သွားလို့ အစိုရုပ်တွေပေါ်လာတာ၊ အဲဒီလို ရုပ်စဉ်နာမ်စဉ်ပြောင်းပုံအနိစ္စကိုလဲရှု၊ အဲဒီလိုရှုနေတော့- တစ်လောကလုံးအဖြစ်နဲ့ အပျက်ပဲရှိတယ်၊

http://www.dhammadownload.com



အဲဒီအဖြစ်ကနေပြီးတော့ အပျက်ဆီအပို့ခံနေရတာပဲရှိတယ်၊ ရှင်ဘုရင့်စည်းစိမ် ဆိုတာကလည်းမရှိဘူး၊ ထီးနန်းစည်းစိမ်ဆိုတာလည်းမရှိဘူး၊ သူဌေးစည်းစိမ် ဆိုတာလည်းမရှိပါပဲလား. . လို့၊ ဟတ္ထိပါလသူတို့သားက အဲဒီအမြင်မြင်လာလို့ တောထွက်တော့မယ် ထီးနန်းစည်းစိမ်ကြီး မလိုချင်တော့ဘူး. . တဲ့၊ မထူးဘူး၊ ရှင်ဘုရင်လည်းဒါပဲ၊ သူတောင်းစားလည်းဒါပဲ၊ အဲဒီရုပ်နာမ်တွေရဲ့ဖြစ်ပျက်နေတဲ့ သဘောရဲ့လွတ်မြောက်ရာ၊ လွတ်မြောက်ကြောင်းဖြစ်တဲ့ တရားကိုရဖို့ရာအတွက်၊ ရိက္ခာ ကောင်းရှာမယ်၊ အားကောင်းစုတော့မယ်၊ ဟော-အားကောင်းဆိုတာ ဒါန- ဆိုတဲ့ ပါရမီကောင်းမှုတွေက အားကောင်းနဲ့တူတယ်၊ အားအင်ကောင်းတွေ၊ ရိက္ခာ ကောင်းတွေစုဆောင်းတော့မယ်။

ဒီတော့ ဒီနေ့ဒကာကြီး ဦးချစ်စိန်တို့မိသားစု၊ ဒီနေ့ ဘာလာလုပ်တာ တုန်းဆိုတော့၊ အဲဒီ ကူးတို့လှေကြီးပေါ် ရိက္ခာကောင်းတွေ စုဆောင်းပြီးတော့ တင်ကြတယ်. . . ဒါနဆိုတဲ့ ပါရမီ ကုသိုလ်ကောင်းမှု ရိက္ခာကောင်းတွေ၊ စုဆောင်းပြီးတော့ တင်ကြတယ်၊ အခုလိုလှူဒါန်းနိုင်ဖို့ရာအတွက် ပြင်ကြဆင်ကြ လောင်းကြ၊ သယ်ကြပို့ကြဆိုတဲ့ သီလဆိုတဲ့ ရိက္ခာကောင်းတွေ စုဆောင်းတင် ကြတယ်၊ ခုနကလို ရှုပွားတဲ့ဉာဏ်အမြင်၊ ရှုပွားတဲ့ ဝိပဿနာဉာဏ်၊ ဘုရားဂုဏ် တရားဂုဏ်၊ သံဃာ့ဂုဏ်တွေအာရုံပြုနေတော့ သမထဘာဝနာအစရှိတဲ့ ရိက္ခာ ကောင်းတွေကို ဒီနေ့စုဆောင်းပြီးတော့ တင်တဲ့နေ့. . စုဆောင်းယူတဲ့နေ့။

အဲဒီ ရိက္ခာကောင်း၊ ဒါနဆိုတဲ့ရိက္ခာကောင်း၊ သီလဆိုတဲ့ရိက္ခာကောင်း၊ ဘာဝနာဆိုတဲ့ ရိက္ခာကောင်းတွေကြောင့်၊ တပည့်တော်တို့လိုရာ စခန်းပန်းတိုင် ရောက်အောင်၊ တနည်းပြောရင် အဖြစ်နဲ့အပျက်၊ အဖြစ်နဲ့အပျက်, အဖြစ်နဲ့ အပျက်ချည်း လှည့်နေတဲ့ (၃၁)ဘုံ သံသရာဝဋ်ကြီးက၊ လွတ်ပြီးတော့၊ အဲဒီအဖြစ် ပျက်မရှိတဲ့၊ နိဗ္ဗာန်ခေါ်တဲ့သန္တိသုခ တရားမြတ်ကြီးကို ရရာရကြောင်း ဒီနေ့ပြုတဲ့ ကုသိုလ်ကောင်းမှုတွေက အားကောင်းသော အထောက်အပံ့ ဖြစ်ပါစေသား။ (၄၂)ပြည့်မြောက်၍ (၄၃)နှစ်ရောက်တဲ့ မွေးနေ့မင်္ဂလာကို အကြောင်း ပြု၍ သံဃာတော်ခုနှစ်ရာကျော်တို့ကို မွန်မြတ်သော သစ်သီး ဒန်ပေါက်ဆွမ်းတို့ဖြင့် လောင်းလှူဆက်ကပ်ရတဲ့ ကုသိုလ်ကောင်းမှုက ပရိသတ်အပေါင်းသူတော်ကောင်း တို့ကို ကျွေးမွေးဧည့်ခံရတဲ့ ကုသိုလ်ကောင်းမှုက တပည့်တော်တို့ကို အဲဒီ-ဖြစ်လိုက် ပျက်လိုက်သဘောမှ လွတ်မြောက်တဲ့ မဖြစ်မပျက်တဲ့ခေတ်ကြီးကို မြင်ဖို့ရာ အားကောင်းသော အထောက်အပံ့ကြီး ဖြစ်ပါစေသား ဖြစ်ပါစေသတည်းဟူ၍ ကိုယ်စီကိုယ်ငှ ရည်းမှန်းချက်ချ၍ အဖြစ် အပျက်သဘောမှ၊ မဖြစ် မပျက်တဲ့

http://www.dhammadownload.com



သဘောသို့ကူးရာကူးကြောင်း ပါရမီရိက္ခာကောင်းတွေကို နေ့စဉ် စုဆောင်းနိုင်ကြတဲ့ အားထုတ်နိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

ဤကဲ့သို့ ဖြစ်ပျက်တဲ့သဘောမှ မဖြစ်မပျက်တဲ့ ဓာတ်သဘောသို့ ကူးအောင်, နေ့စဉ်ရိက္ခာကောင်းတွေစုဆောင်း သွားတော်မူတတ်ကြတဲ့ ဘုရား ပစ္စေကာ အရိယာအပေါင်း သူတော်ကောင်း သူတော်ကောင်းမကြီးတို့ ရောက်အပ်ရအပ်သိမြင်အပ်သော မဖြစ်မပျက်တဲ့ နိဗ္ဗာနဓာတ်တရားမြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ-ရကြရ-မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆုပြုကြကုန်ရာသတည်း။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား။

http://www.dhammadownload.com



# ပုတ္တသုတ္တန်
# သားသုံးမျိုးတရားတော်

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၅၂-ခုနှစ်၊ တော်သလင်းလပြည့် ကျော် (၁) ရက်၊ ခရစ်သက္ကရာဇ် ၁၉၉၀-ခုနှစ် စက်တင်ဘာလ (၄) ရက်နေ့မှာ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော် (၁၂၈၀) ကျော်တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်း နှစ်ထပ်သော ဘောဇဉ်ဆွမ်းများဖြင့်လည်းကောင်း၊ ညနေ ဖျော်ရည်ဆေးပစ္စည်းများဖြင့်လည်းကောင်း အကြိမ် (၂၀)မြောက်၊ အနှစ် (၂၀) မြောက် လာရောက်ပြီးတော့ ကပ်လှူပူဇော်ကြတဲ့ ကောင်းမှုရှင်များက ကျောက်ဆည်မြို့ ပြည်လုံးတိုင်ရပ်မှာ နေထိုင်ကြတဲ့ ဆွမ်းဒါယကာကြီး ဒကာကြီး ဦးလှဘော် ဆွမ်းဒါယိကာမကြီး ဒကာမကြီး ဒေါ်ဖွားသင်နှင့် သားသမီးမြေး မိသားစုတို့ဖြစ်ပါတယ်။

ဒီတော့-သံဃာတော်များရဲ့ တစ်နေ့တာ အာဟာရလို့ခေါ်ရတဲ့ မနက် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေဖျော်ရည်၊ အဲဒီတစ်နေ့တာ-ပရိယတ်ပဋိပတ်သာသနာ့တာဝန် ထမ်းဆောင်တဲ့နေရာမှာ တစ်နေ့တာ အာဟာရကိစ္စ ပြည့်စုံသွားအောင် နှစ်စဉ်နှစ်စဉ်လိုပဲ အကြိမ် (၂၀)မြောက်၊ လာရောက်ပြီးတော့ လှူဒါန်းကြပါတယ်။

အရုဏ်ဆွမ်း၊ နေ့ဆွမ်း ကပ်တာကတော့ ဆွမ်းအလှူပေါ့၊ အခု မဟာဘုံကထိန်အတွက် သင်္ကန်းဒွိစုံက သင်္ကန်းအလှူပေါ့၊ နောက် တံမြက်စည်းအနု (၂၅) ချောင်း၊ အကြမ်း (၂၅) ချောင်း၊ ခြေသုတ်ခုံတို့ဆိုတာတွေက ကျောင်းအလှူပေါ့၊ နဝကမ္မများ လှူဒါန်းတာက ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး အလှူပေါ့၊ အဲဒီလို လှူဖွယ် တန်းဖွယ်များ လှူဒါန်းထောက်ပံ့ ပြီးတော့ ဒီနေ့ အကြိမ် (၂၀) မြောက် ကောင်းမှုလာပြီးတော့ ပြုကြခြင်း ဖြစ်ပါတယ်၊ ဒီတော့ ဒကာကြီး ဦးလှဘော်ဆိုတာ အားလုံးသိကြတဲ့အတိုင်းပဲ တောင်ကျောင်းလေးမှာနေတဲ့ ဂဏဝါစက အဖွဲ့ဝင် ဝန်ဆောင်အဖွဲ့ဝင်ဖြစ်တဲ့ ဉူးဝဏ္ဏိသရရဲ့ မိခင်ဖခင်ကျေးဇူးရှင်များဖြစ်ပါတယ်။

ဒကာကြီး ဦးလှဘော်ကတော့ ကွယ်လွန်အနိစ္စရောက်သွားလို့ အခု တနှစ်ခွဲရှိသွားပြီ၊ ရှိသွားပေမယ့်လို့ အခုသားတွေ သမီးတွေက မိခင်ကြီး ဒကာမကြီး ဒေါ်ဖွားသင်ကို အမှူးထား၊ ဦးတင်ပြီးတော့ ဖခင်ကြီး လုပ်သွားတဲ့ လက်စလက်န

http://www.dhammadownload.com



မပျက်ရအောင် မပျောက်ရအောင်ဆိုပြီးတော့ သားတွေသမီးတွေက အခုလို သိုင်းဝိုင်းပြီးတော့ ဆွေတွေမျိုးတွေက ဝိုင်းအုံပြီးတော့ အခု ပြုလုပ်ကြတယ်။

ပြုလုပ်ကြတော့ အခုဒကာကြီး ဦးလှဘော်အနေနဲ့ လူကိုယ်တိုင် ဒီထဲမှာ လူကောင်ကြီး ထင်ရှားစွာ မပါသော်လည်း နာမည်အနေနဲ့ပါနေတယ်၊ ဒကာမကြီးနဲ့ သားတွေ သမီးတွေ ကျေးဇူးကြောင့် သံဃာတစ်ထောင်ကို ဆွမ်းကပ်တဲ့ကောင်းမှုထဲမှာ သူ့နာမည် ပျောက်မသွားသေးဘူး ပါနေတယ်၊ အကယ်၍များ သူဟာ တစ်နေရာရာ ဘဝတစ်ခုကနေပြီးတော့ သိနိုင်မြင်နိုင်တဲ့ အခြေအနေမျိုးများ ရောက်နေရင် ဝမ်းသာပေလိမ့်မယ်၊ ဝမ်းမြောက်ပေလိမ့်မယ်၊ အထူးသဖြင့် သားတွေ သမီးတွေအတွက် ပိုပြီးတော့ သူဝမ်းသာ ရှာပေလိမ့်မယ်၊ ငါ့သားတွေ ငါ့သမီးတွေ ငါ့မြေးတွေက ငါရဲ့လက်စလက်န ပျောက်မသွားအောင် ဆက်ပြီးတော့ ဆောင်ရွက် ပါပေတယ် . . . ၊ တော်ကြ ပါပေတယ် . . . လို့ ဝမ်းသာပေလိမ့်မယ်။

အဲဒီလို ဝမ်းသာခဲ့တဲ့ထုံးတွေလည်း ရှိတယ်၊ သူတော်ကောင်း မိဘတွေက သားသမီးတွေ ဒီလိုဆက်ပြီးတော့ သူတို့အမွေခံပြီးတော့ ဆက်လုပ်ရင် ဝမ်းသာ. . . လို့ ဝမ်းမြောက်လို့ အဲဒီလို ဆက်မလုပ်ပဲနဲ့ ဖျက်လိုဖျက်ဆီး လုပ်ရင်လည်းပဲ ဝမ်းနည်း ပက်လက်ဖြစ်လို့ ဒါဇာတ်တော်တွေမှာ အများကြီး ရှိတယ်၊ ဒီတော့ သားသမီး များအပေါ်မှာ မိဘများက ဘယ်လို သားသမီးတွေ လိုလားတုန်း လို့ဆိုတော့ သားသမီးသုံးမျိုး သုံးစားထဲမှာ အတိဇာတသားသမီးနဲ့ အနုဇာတသား သမီးကို မိဘများ လိုလားကြတယ် . . . တဲ့၊ အဝဇာတ သားသမီးကိုတော့ မလိုချင်ကြဘူး၊ ဒါမိဘတိုင်း မိဘတိုင်းပဲ-

* အတိဇာတံ အနုဇာတံ, ပုတ္တမိစ္ဆန္တိ ပဏ္ဍိတာ၊

အဝဇာတံ န ဣစ္ဆန္တိ, သာယံ လောကဿ ဓမ္မတာ။

ပဏ္ဍိတာ- အသိလိမ္မာ, ဉာဏ်ပညာနှင့်, ကောင်းစွာမျှော်မြင်, သမ္မာဒိဋ္ဌိ ရှိကြတဲ့, မိခင်ဖခင်, ကျေးဇူးရှင်တို့သည်၊ အတိဇာတံ- အတိဇာတခေါ်ရိုး, သားသမီးမျိုးကိုလည်းကောင်း၊ အနုဇာတံ- အနုဇာတခေါ်ရိုး, သားသမီးမျိုးကို လည်းကောင်း၊ ဣစ္ဆန္တိ- ကောင်းစွာတောင်းတ, လိုလားကြကုန်၏၊ အဝဇာတံ-အဝဇာ တခေါ်ရိုး, သားသမီးမျိုးကိုကား၊ န ဣစ္ဆန္တိ- မှန်စွာမသွေ, မလိုမရှိ ကြလေကုန်၊ သာယံ (သာ အယံ)- ဤကဲ့သို့ အတိဇာတ, အနုဇာတ သားမျိုး သမီးမျိုးကိုမှ

---

* အတိဇာတံ အနုဇာတံ, ပုတ္တမိစ္ဆန္တိ ပဏ္ဍိတာ၊

အဝဇာတံ န ဣစ္ဆန္တိ, ယော ဟောတိ ကုလဂန္ဓနော။ (ပုတ္တသုတ်-ဣတိဝုတ်၊ ၂၃၉)

http://www.dhammadownload.com



အလိုရှိခြင်း၊ အဝဇာတခေါ်တဲ့ သားသမီးမျိုးကို အလိုမရှိခြင်းဆိုတဲ့ ဒီသဘောသည်၊ လောကသာ- အသိလိမ္မာ, ဉာဏ်ပညာနှင့် ကောင်းစွာ ကုံ့လုံပြည့်စုံတဲ့ မိဘလောက အပေါင်း၏၊ ဓမ္မတာ-လမ်းရိုးစဉ်လာ, ဓမ္မတာ, ထုံးစံကြီး ဖြစ်ပါပေတော့သတည်း။

သာဓု. . သာဓု. . သာဓုပါဘုရား . .

မိဘတွေဟာ သားသမီးသုံးမျိုးထဲက နှစ်မျိုးသော သားသမီးကိုသာ လိုလားကြတယ် . . . လို့ တစ်မျိုးသော သားသမီးကိုတော့ မလိုချင်ကြဘူး၊ မတတ်သာလို့ မွေးလာလို့၊ ကိုယ့်ရင်ခွင်ထဲရောက်၊ ကိုယ့်အိမ်ထဲ ရောက်လာ ပေမယ့်လို့ မတတ်သာလို့ ကြည့်နေရတာ မလိုချင်ဘူး၊ ဒီတော့ သားသမီးသုံးမျိုး ဆိုတာ ဘာတုန်းဆိုတော့-

(၁) အတိဇာတခေါ်တဲ့ သားမျိုး သမီးမျိုး (၂) အနုဇာတခေါ်တဲ့ သားမျိုးသမီးမျိုး (၃) အဝဇာတခေါ်တဲ့ သားမျိုးသမီးမျိုးလို့ သားသမီးသုံးမျိုး ရှိတယ်၊ အမေအဖေက မွေးထုတ်လိုက်ရင်တော့ သားသမီးခေါ်ကြစတမ်းချည်းပဲ၊ လောက မှာ အမေအဖေက မွေးထုတ်၊ အမေ့ဝမ်းကကျွတ်ထွက်လာခဲ့ရင် သားသမီး လို့ခေါ်ကြရစတမ်းပဲ၊ သို့သော် အဲဒီသားသမီးက သုံးမျိုးရှိတယ်။

အတိဇာတ သားသမီး . . . တဲ့၊ မိဘတွေထက် ကျော်လွန် သာလွန်တဲ့ သားသမီး၊ အတိဆိုတာက လွန်ကဲသော, လွန်သွားသော, သာသွားသော၊ ဇာတဆိုတာ သားသမီး၊ အတိဇာတ်- မိဘဘိုးဘွား ဆရာသမားတို့ထက် သာလွန်တဲ့ သားသမီးလည်းကောင်း၊ အနုဇာတ်- မိဘဘိုးဘွား ဆရာသမားတို့နဲ့ တန်းတူ. သားသမီးလည်းကောင်း၊ အနုဇာတ သားသမီးဆိုတာကျတော့ အနု- မိဘတွေနဲ့ အတူတူပဲ၊ တန်းတူကျင့်ကြံ ကြိုးကုတ်အားထုတ် နိုင်တဲ့အကျင့်ရှိတဲ့၊ ဇာတ-က သားသမီး၊ ဒါ အနုဇာတ သားသမီးလို့ခေါ်တယ်၊ အဝဇာတ သားသမီး ဆိုတာကျတော့၊ အဝ-အောက်တန်းကျသော, ညံ့သော, ယုတ်သော၊ ဇာတက သားသမီး၊ မိဘတွေအောက် ယုတ်သော မိဘတွေအောက် ညံ့သော မိဘတွေ မမှီသော သားသမီးကို အဝဇာတ သားသမီး . . . လို့ ခေါ်တယ်။

အဲဒါ လောကီရေး၊ လောကုတ္တရာရေးနှစ်ထွေလုံးဆိုင်တယ်၊ အဝဇာတ သားသမီးဆိုတာ ခုနက ပြောတဲ့အတိုင်းပေါ့၊ မိဘတွေရဲ့ အရည်အချင်း မမှီဘူး၊ လောကီဘက်ကလည်း လောကီပညာ အရည်အချင်း မမှီဘူး၊ အသိလိမ္မာရှိပုံ မမှီဘူး၊ မိဘတွေက အသိလိမ္မာ ဉာဏ်ပညာနဲ့ လိမ္မာရေးခြားရှိတယ်၊ ဒီသားက မိုက်တိမိုက်ကမ်း၊ ဆိုးတီဆိုးတိုး၊ ပေဟိပေတေ၊ မကောင်းတဲ့ ဒုစရိုက်တွေလုပ်၊

http://www.dhammadownload.com



သောက်ဟာ စားဟာ မူးဟာ သွားချင်ရာသွား လာချင်ရာလာ မိဘစကား နားမထောင်၊ ဒါ အဝဇာတသားပဲ၊ ယုတ်ညံ့တဲ့သား၊ ထို့အတူ သမီးက အဖေ စကား နားမထောင်၊ အမေ့စကား နားမထောင်၊ နေချင်သလိုနေ၊ သွားချင် သလိုသွား၊ မိဘက ထိန်းသိမ်း ကွပ်ကဲတာ ပြန်ပြီးတော့ သူချုပ်ချယ်တယ်ဆိုပြီး တော်လှန်၊ ဒီသမီးမျိုးဟာ အဝဇာတသမီးပဲ၊ ယုတ်ညံ့တဲ့သမီး၊ အမေအဖေက ဟုတ်သလောက်၊ သူက မဟုတ်ဘူး၊ အမေအဖေကို မမှီဘူး၊ ဒါလောကီနယ်က။

အဲ လောကုတ္တရာနယ်ကလည်း အမေအဖေ လှူသလို မလှူဘူး၊ အမေ အဖေတွေ သီလထိန်းသလို ဒီသား ဒီသမီးက မထိန်းဘူး၊ အမေအဖေ တွေ သမထဝိပဿနာနဲ့ နေသလို ဘုရားရှိခိုး မေတ္တာပို့စတဲ့ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာတွေ ကြိုးပမ်းအားထုတ် ပြုလုပ်နေသလို သူက မနေဘူး၊ သူက ဘာတွေနဲ့ နေတုန်း၊ ဒုစရိုက်တွေနဲ့ နေတယ်၊ မလှူမတန်းနေတယ်၊ သီလမထိန်းဘဲ နေတယ်၊ ဘာဝနာ မပွားဘဲနေတဲ့အပြင် ဒုစရိုက်တွေ ကျူးလွန် ပြီးတော့ လူတို့ မပြုသင့် မပြုထိုက်တဲ့ အပါယ်လေးပါး ရောက်ကြောင်းဖြစ်တဲ့ အပါယ်လားကြောင်းဖြစ်တဲ့ မကောင်းတဲ့အကျင့်တွေ နေ့တိုင်းကျင့်ပြီးတော့ နေတဲ့သား သမီး၊ အဲဒါ အဝဇာတ သားသမီးလို့ခေါ်တယ်။ ဒီတော့ အဲဒီ သားသမီး၊ မိဘတွေက မလိုချင်ပါဘူး၊ မတတ်သာလို့ ကိုယ်ကမွေးထားလို့ ကိုယ့်သားကိုယ့်သမီးရယ်လို့ ဖြစ်နေလို့သာ ပစ်လို့မဖြစ်လို့သာ၊ ဒါမလိုချင်ဘူး၊ မလိုချင်တော့ အမျိုးမျိုးနည်းနဲ့ ဖြောင့်ဖြကြ၊ သွေးဆောင်ကြ၊ ဆုံးမကြ မရဘူး၊ မလိုချင်ဘူး၊ ဒီလိုသားသမီးမျိုး မလိုချင်ဘူး။

အဲ- ဘယ်လို သားသမီးကျ လိုချင်တုန်းဆိုတော့ အနုဇာတ-တဲ့ ကိုယ်နဲ့ တန်းတူ ကိုယ်အကျင့်သိက္ခာ ရှိသလို သားသမီးက လိမ္မာရေးခြားရှိ လိုက်နာတယ်၊ လောကီနယ်ကလည်းပဲ အသိလိမ္မာ ဉာဏ်ပညာရှိတယ်၊ လိမ္မာလည်း လိမ္မာရေးခြား ရှိတယ်၊ သိတတ်တယ်၊ အဲဒီလို သားသမီးဟာ အနုဇာတ သားသမီးခေါ်တယ်၊ လောကုတ္တရာ ရေးနဲ့ ကြည့်လိုက်တော့လည်း မိမိလှူသလို လှူဖော်ရတယ်၊ မိမိ သီလထိန်းသလို ထိန်းဖော်ရတယ်၊ မိမိဘာဝနာ ပွားသလို ပွားဖော်ရတယ်၊ မိမိဘုရားရှိခိုးသလို ရှိခိုးဖော်ရတယ်၊ မိမိဆုံးမလိုက်တဲ့အတိုင်း လိုက်နာကျင့်ကြံ ကြိုးကုတ်အားထုတ်တယ်၊ ဟော- အမေအဖေတွေရဲ့ အတုလိုက်ပြီး ကျင့်ကြံ ကြိုး ကုတ်အားထုတ်နေတဲ့ သားသမီးက အနုဇာတ သားသမီး လို့ခေါ်တယ်၊ လိုချင်တယ်၊ ဒီလိုသားသမီးကျတော့ အမေတွေ အဖေတွေက မေတ္တာသက် ရောက်တယ်၊ ချစ်ချင်တယ်၊ လိုချင်တယ်၊ လိုလားတယ်။

http://www.dhammadownload.com



ဟာ-ဒီထက် အတိဇာတ သားသမီးဆိုတော့ ပိုပြီးတော့ လိုချင်ကြတယ်၊ မိဘတွေက ပိုပြီးတော့ နှစ်ခြိုက်ကြတယ်၊ အတိဇာတဆိုတာ မိဘတွေ ထက်လွန်ပြီးတော့ ကျင့်သွားတယ်၊ မိဘတွေထက် လွန်ကဲပြီးတော့ ကျင့်နိုင်တယ် အမေတို့အဖေတို့က (၁၀) ကြိမ်လောက်ပဲ လှူနိုင်တယ်၊ သားသမီးတွေက အကြိမ် (၂၀) လှူတယ်၊ ကြိုက်တယ် အမေတွေ အဖေတွေက မငြူ စူဘူး၊ အမေတို့အဖေတို့က ဥပုသ်တောင် မစောင့်နိုင်အားဘူး၊ သားသမီးတွေကျတော့ မဟုတ်ဘူး အမလေး ဥပုသ်တွေများ စောင့်လို့၊ ငါးပါးသီလ လုံအောင် နေလို့ ကြိုက်ပါတယ်၊ အမေတွေအဖေတွေ၊ အမေတို့ အဖေတို့က ရဟန်းဘောင် ရဟန်းဘ၀ ဒုလ္လဘတောင် မတက်ခဲ့ရဘူး၊ သားတွေသမီးတွေက ဒုလ္လဘတွေ ၀တ်လို့၊ အမြဲနေများ ဖြစ်လို့ ကြိုက်တယ် . . . တဲ့၊ ကြိုက်တယ်။

အခုဆိုပါတော့ ဦး၀ဏ္ဏသရက အရင်အမြဲနေ ရဟန်းဖြစ်၊ ဒကာကြီး ဦးလှဘော်က ကျေနပ်လို့ သူကအမြဲနေ ရဟန်းမဖြစ်ခဲ့ပဲကိုး၊ မဖြစ်နိုင်ဘူး၊ သူ့ဘ၀က မဖြစ်တော့ဘူး၊ အခုဒီက သားကရဟန်း ဘ၀ရောက်နေ ကျေနပ်လို့ ဒါက နမူနာပြောတာ၊ ကဲ - အခုရဟန်းဖြစ်နေတဲ့ ငါ့ရှင်တို့တွေ အမေတွေ အဖေတွေ ပြန်မေးစမ်းပါလား၊ ရဟန်းဖြစ်နေတာ အမေတို့ အဖေတို့ ကျေနပ်ပါသလား၊ ကြိုက်သလား . . လို့၊ အမလေးကြိုက်လိုက်တာ၊ ကျေနပ် လိုက်တာ သားကြီးရယ်၊ သာသနာ့ဘောင် မြဲမြဲနေပါနော်၊ ဟော- ကြိုက်တယ် . . လိုချင်တယ်၊ သူတို့ကတော့ မနေနိုင်တော့ဘူး၊ သူတို့ မနေနိုင်တော့ သူတို့ထက်သာတဲ့၊ ဒီ ကုဋေကိုးထောင်ကျော် သိက္ခာသီလထိန်းပြီး ငါ့ရှင်တို့က ရဟန်းဘ၀လေးနဲ့ ကောင်းကောင်းနေတာကို ကြိုက်တယ်၊ အမေတွေ အဖေတွေက၊ ဒါကြောင့် -

အတိဇာတံ အနုဇာတံ, ပုတ္တ မိစ္ဆန္တိ ပဏ္ဍိတာ။

ပဏ္ဍိတာ-အသိလိမ္မာ, ဉာဏ်ပညာနှင့်, ကောင်းစွာမျှော်မြင်, သမ္မာဒိဋ္ဌိဖြင့်, ဉာဏ်ယှဉ်လေတောင်း, အသိပညာရှိကြတဲ့, မိဘကောင်းတို့သည်။

အသိမရှိတဲ့ မိဘတွေတော့ မပြောလိုဘူး မိုက်တိမိုက်ကန်း မိဘတွေကိုတော့ မပြောလိုဘူး၊ သူတို့က မိုက်နေမှတော့ သူက သားကောင်း သမီးကောင်းတွေ ခွဲမနေတတ်ဘူး၊ ဘယ်သားက ဘယ်လိုကောင်းတယ်၊ ဘယ်သမီးက ဘယ်လိုဆိုးတယ် မရှိဘူး၊ အဲ အမေအဖေဆိုးနေမှတော့ အမေ အဖေဆိုးကတော့ သားဆိုးသမီးဆိုးသူက လိုချင်မှာပေါ့၊ တံငါလုပ်နေတဲ့ အမေ အဖေ တံငါလုပ်တဲ့ သားမှသူကြိုက်မှာရပေါ့၊ ဒါကတော့ -မိဆိုးဖဆိုး ဗာလ အမေအဖေတွေ မပါဘူး၊ ဒါကြောင့်မိုလို့ ပဏ္ဍိတာလို့ ဘုရားကဟောတာ -

http://www.dhammadownload.com



အတိဇာတံ-အနုဇာတံ ပုတ္တ မိစ္ဆန္တိ ပဏ္ဍိတာ-

ဟော- အမေအဖေတွေကို ပဏ္ဍိတလို့ဘုရားကဟောတာ၊ ပဏ္ဍိတာ- အသိလိမ္မာ, ဉာဏ်ပညာနှင့် ကောင်းစွာမြော်မြင် သမ္မဇဉ်ဖြင့်, ဉာဏ်ယှဉ်လေ တောင်း လိမ္မာရေးခြားရှိတဲ့ မိကောင်းဖကောင်းတို့သည်၊ အတိဇာတံ-အတိဇာတ ခေါ်ရိုး သားကောင်း သမီးကောင်းမျိုးကိုလည်းကောင်း၊ ကိုယ့်ထက် သာအောင်ကျင့် သွားတဲ့ သားသမီးကျင့်စမ်း . . ဘယ်လောက်ကျင့်ကျင့် ကျေနပ်တယ်၊ ရဟန်းပြုသွား၊ သမီးဖြစ်လည်း သီလရှင်ဝတ်သွားကြိုက်ပါတယ်၊ ကျေနပ်ပါတယ်၊ ရှေးကသူတော်ကောင်းကြီးတွေ ကိုယ့်သားကိုယ်သမီးတွေ ဘိက္ခုနီဝတ်သွား သာမဏေမဝတ် သိက္ခမာန်မဝတ် အမျိုးသမီးတွေကြိုက်တယ်၊ သီရိမမွာသောက မင်းကြီးက သူ့သမီးသင်္ဃမိတ္တာ ဘိက္ခုနီမဝတ်သွားတော့၊ ကျေနပ်. . . လို့၊ သူ့သား မဟိန္ဒကရဟန်းပြုသွားတယ်ကျေနပ်. . . လို့ ကျေနပ်လည်း ကျေနပ်လောက်တာပဲ၊ နောက်ရဟန္တာယောကျ်ား ရဟန္တာမ ဖြစ်ပြီးတော့ သာသနာပြုသွားကြတာသူတို့ ဒါကြောင့်။

အတိဇာတံ-အတိဇာတခေါ်ရိုး သားကောင်းသမီးကောင်းမျိုးကိုလည်း၊ ဣစ္ဆန္တိ-အလိုရှိကြကုန်၏၊ အနုဇာတံ-အနုဇာတခေါ်ရိုး မိမိတို့နဲ့ တန်းတူကျင့်နိုင်တဲ့ သားမျိုး သမီးမျိုးကိုလည်း၊ ဣစ္ဆန္တိ-အလိုရှိကြကုန်၏။

သာအောင်မကျင့်နိုင်တောင် ကိုယ့်လိုတန်းတူလိုက်နေတဲ့ သားသမီးကို လိုချင်ကြတယ်၊ အဲ-အဝဇာတ သားသမီးတော့မလိုချင်ဘူး၊ အဝဇာတ သားသမီး ကျတော့ သူကမိဘတွေအကျင့်မှီအောင်မကျင့်တဲ့အပြင် မိဘတွေ လုပ်ထားတဲ့ လက်ငုတ်တောင်ဖြုတ်ပြီးတော့ တောင်လုပ် မြောက်လုပ် လုပ်လို့ ဒို့မဇ္ဈရိယဝတ္ထု ခဏခဏပြောနေကျပဲ အဖေလုပ်တဲ့သူတို့ ဘိုးတို့ ဘေးတို့ဘီတို့ လေးဆက် လောက်က နတ်ပြည်မှာ သိကြားမင်းဖြစ်နေပြီးတော့ နေနတ်သားဖြစ်နေ လနတ် သားဖြစ်နေ မာတလိဖြစ်နေ ဟိုမှာနတ်ပြည်မှာ သူ့စည်းစိမ်နဲ့ သူဖြစ်နေ ကြတယ်။

အဲဒါပြန်ပြီးသူတို့ကကြည့်လိုက်တော့ ငါးဆက်မြောက်ဖြစ်တဲ့သူတို့ရဲ့ သားက သူတို့လူ့ပြည်တုန်းက လှူဒါန်း ပေးကမ်း စွန့်ကြလာခဲ့တဲ့ အလှူတင်း ကုဋ်တွေ ရိုက်ဖျက်၊ အလှူခံတွေလာဆဲလွှတ် မိဘဘိုးဘွားတွေ လုပ်သွားခဲ့တဲ့ အလှူလက်ငုတ်တွေအကုန်ဖျက်ပုံစံ၊ အလှူခံတွေလာလို့ရှိရင် ဆဲဆိုကြိမ်းမောင်း လွှတ်တယ်၊ နင်တို့ခြေနဲ့လက်နဲ့ပဲ၊ လုပ်စားကြပါလားသူများလို၊ ဘာပြုလို့ သူများဟာ မှီခိုစားရတာတုန်း၊ ဘာတုန်းနဲ့၊ အဲဒီလိုလုပ်လို့ ဟိုမှာ ဘုရားအလောင်း အပါအဝင် ပါပဲ၊ ဘုရားအလောင်းရယ်၊ အရှင်မဟာကဿပအလောင်းတို့၊ အရှင်အ နုရုဒ္ဓါ

http://www.dhammadownload.com



အလောင်းတို့၊ အရှင်သာရိပုတ္တရာအလောင်းတို့၊ အပါအဝင် အလောင်းတော်တွေ တာဝတိံသာမှာဖြစ်နေရာကနေပြီးတော့ သူတို့ရဲ့သားဆိုး၊ သို့မဟုတ် မြေးဆိုးပေါ့၊ မြစ်ဆိုးပေါ့စသည်ဖြင့် သူတို့ဘိုးဘေး ဘီလေးဆက်ကိုး၊ သူတို့ရဲ့အဆက်ဖြစ်တဲ့ သားသမီးဆိုးဝါးပြီးတော့ နေလို့၊ လာပြီးတော့ ချွတ်ရတာ၊ ပုဏ္ဏားရောင်ဆောင်ပြီးတော့ လာပြီးချွတ်ကြရတာ၊ အလှူခံယောင် ဆောင်ပြီးတော့ လာပြီးချွတ်ကြရတာ။

အဲဒီလိုမျှားတောင် ဆိုးဝါးနေလို့ရှိရင် မလိုလားလွန်းလို့ ဘာပြုလို့ မလိုလားတုန်းဆိုတော့ သူ့ကိုယ်သူနှစ်နေပြီ . . .၊ သူ့ကိုယ့်သူနှစ်နေပြီ၊ အပါယ်လေးပါးရောက်ကြောင်း မကောင်းတဲ့ အလုပ်တွေ သူလုပ်နေပြီ၊ နှစ်တော့မှာပဲ၊ နေ့တိုင်းသူလုပ်နေတဲ့ အလုပ်က အောက်သွားတဲ့ အောက်လမ်းလုပ် အလုပ်တွေလုပ်နေတာ၊ အပါယ်လေးပါးကျမယ့် အလုပ်တွေချည်း . . . လုပ်နေတော့ သူနောက်ဆုံး ဒုက္ခဖြစ်တော့မှာပဲဆိုတာ မြင်လို့ ကယ်ကြတာလေ၊ အဲဒီလိုမျှား တောင် ကယ်ကြရတယ်၊ ကိုယ့်ထက်သာတဲ့ အကျင့်ကို ကျင့်သွားတယ်ဆိုရင် တော့ ဝမ်းသာတယ်၊ ဒါ-လောက မိဘတွေက ဝမ်းသာရုံသာမကဘူး . . , တဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ငါဘုရားရှင်တည်းဟူသော လောကုတ္တရာ ဖခင်ကြီးကလည်း ဝမ်းသာပါတယ် . . .၊ ဒီလောကအပြောနဲ့ ပြောရင်တော့ လောက အမေတွေ အဖေတွေနဲ့ သားသမီးပေါ့၊ ဒါလောက-က အမေအဖေ သားသမီး၊ လောကုတ္တရာနယ်က ပြောလို့ရှိရင်တော့ ဘုရားရှင်ကိုယ်တော်မြတ် ကြီးက ဖခင်ကြီး၊ အခုသံဃာတော်တွေ ရဟန်းတွေ သာမဏေ ဖိုးသူတော် တွေ အခုဆွမ်းဒကာ ဆွမ်းအမတွေ အကုန်လုံးက သားသမီးတွေချည်းပဲ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ပြောရင် ဥပါသကာ ဥပါသိကာမ ရဟန်း သာမဏေ သီလရှင် ဖိုးသူတော် အကုန်လုံးက သားသမီးတွေ၊ ဘုရားရှင်ကိုယ်တော် မြတ်ကြီးက လောကုတ္တရာ ဖခင်ကြီး ဒီတော့ အဲဒီ လောကုတ္တရာဖခင်ကြီးကလည်း ငါလည်း အတူတူပါပဲ . . . တဲ့၊ အနုဇာတခေါ်တဲ့ ငါနဲ့ တန်းတူကျင့်နိုင်တဲ့ သား သမီးကိုလည်းကောင်း၊ အတိဇာတ ငါ့ထက်သာလွန်ပြီးတော့ ကျင့်တဲ့သားသမီး ကိုလည်းကောင်း၊ ဣစ္ဆန္တိ- ဘုရားရှင် အဆူဆူ အလိုရှိတော်မူကြလေကုန်၏။ ဂဏိဝါလို့ သဲစုမက ပွင့်သွားတဲ့ဘုရား ရှင်ကိုယ်တော်မြတ်ကြီးတွေက လောကုတ္တရာ ဖခင် ကြီးတွေပဲ၊ လောကုတ္တရာ ပိတာခေါ်တယ်၊ လောကုတ္တရာဖခင်ကြီးတွေ၊ အဲ- သတ္တ ဝါ အဲနန္တတွေက သားသမီးတွေ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ ကလည်း ငါ့ရဲ့သား၊ သမီးတွေထဲက အဝဇာတ သားသမီးတော့ ငါမလိုချင်ဘူး

http://www.dhammadownload.com



. . . တဲ့၊ မတော်မတရား တွေလျှောက်ကျင့်၊ မဟုတ်တာတွေလျှောက်လုပ်၊ ဆုံးမလို့မရ၊ ပြောလို့မရ၊ ရဟန်းဖြစ်လည်း ရဟန်းဝိနည်းအတိုင်း မနေ၊ သာမဏေဖြစ်လည်း သာမဏေ ဝိနည်းအတိုင်း မလိုက်၊ ဖိုးသူတော်ဖြစ်လည်း ဖိုးသူတော်စည်းတွေဖောက် စသည်ဖြင့် ဒီလို၊

ကသောက်ကရောက် လူဝတ်ကြောင်ဖြစ်လည်း လူဝတ်ကြောင်ငါးပါးသီလလေးတောင် လုံအောင်မထိန်းတဲ့ သားဆိုးသမီးဆိုးတွေကို မလိုချင်ဘူး . . တဲ့၊ အလိုမရှိဘူး၊ အဲ အနုဇာတ သားသမီးကျတော့ လိုချင်တယ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး လှူသလို၊ သူကဒါနကောင်းမှုပြု၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး သီလတွေဖြည့်သွားသလို သူကလည်း သီလတွေထိန်း၊ အဲဒီလိုပေါ့လေ သူနဲ့တန်း တူလိုက်ပြီးတော့ သူလုပ်တဲ့အလုပ်တွေလုပ်ရင် ကျေနပ်တယ်၊ ဒါအနုဇာတ သားသမီး၊ တစ်ခါတစ်ခါကျတော့ သူထက်သာတဲ့ အကျင့်တွေကျင့် ကျေနပ်တယ် ဘုရားက၊ သူ့ထက်သာတဲ့အကျင့်တွေ ကျင့်တယ်ဆိုတာ ဘုရားထက်သာတဲ့ အကျင့်များကျင့်နိုင်သူရှိသေးသလား လို့ မေးစရာရှိတယ်၊ ရှိတယ်- အရှင် မဟာကဿပကိုယ်တော်မြတ်ကြီး ဓုတင်တေရသဆောင်တယ်၊ ဘုရားက မဆောင်ဘူး ဒါအရှင်မဟာကဿပ-က သာတာပဲ။

သာတဲ့အကြောင်းကို လုပ်ကြံပြောနေတာမဟုတ်ဘူး၊ ဘုရားကိုယ်တော်တိုင်ကိုက ပြောတာ၊ ချီးကျူးပြီးပြောတာ၊ အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးက ဓုတင်တေရသဆောင်ထားတာဆိုတော့ ဓုတင်တေရသဆိုတဲ့ အတိုင်းပဲဆိုပါတော့ ဒို့လက်လှမ်းမှီတဲ့ ဓုတင်ပိဏ္ဍပါတ်ဓုတင်ဆောင်တာပါတယ်၊ သူကဆွမ်းအမြဲခံစားတာ အခုလို ဒို့လို ဒကာ ဒကာမတွေက အိမ်မှာ ပင့်ကပ်တဲ့ ဆွမ်းမျိုး၊ ဒီမှာလာပြီးတော့ လောင်းတဲ့ကျွေးတဲ့ ဆွမ်းမျိုး သူက လက်မခံဘူး၊ သူကဆွမ်းခံတယ်၊ ဝတ်မဖျက်ဘူး၊ ပိဏ္ဍပါတ်ဓုတင်ခေါ်တာပေါ့၊ ပိဏ္ဍစာရိက ဆွမ်းခံလှည့်ပြီးတစ်အိမ်တစ်ဇွန်း တစ်ယောက်မ မေတ္တာပို့ပြီး တရားနဲ့ နှလုံးသွင်းပြီး သွားလို့ရတဲ့ဆွမ်းတို့ ဟင်းတို့ကို သူက ဘုဉ်းပေးတာ၊ ဒါ ပိဏ္ဍပါတ်ဓုတင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကျတော့ သူက ဘုရားအဖြစ် နဲ့နေရတာဖြစ်တော့၊ သတ္တဝါအမျိုးမျိုးနဲ့ဆက်ဆံရတာဖြစ်တော့ အဲဒီပိဏ္ဍပါတ် ဓုတင်ဆောင်ခွင့် ဘုရားမှာ မရှိဘူး၊ ဆောင်နေလို့ရှိရင် ပိဏ္ဍပါတ်ဓုတင် ဆောင်ထားပါတယ်ဆိုလည်း ဘယ်ကမှပင့်ဆွမ်းကပ်လို့ ရမှာ မဟုတ်တော့၊ ဘုရားက သတ္တဝါအနန္တချီးမြှောက်ဖို့ရာအတွက် ပိဏ္ဍပါတ်ဓုတင်ကို မြတ်စွာ ဘုရားက မဆောင်နိုင်ရှာဘူး၊

http://www.dhammadownload.com



မဆောင်နိုင်တော့ အခါတစ်ပါးတော့ မြတ်စွာဘုရားဒေသစာရီ လှည့်လည် လာရင်းနဲ့ ဒကာတစ်ယောက်က မြတ်စွာဘုရားနဲ့ သံဃာတော်တွေ ဆွမ်းစားပင့်၊ မြတ်စွာဘုရားနဲ့ သံဃာတော်တွေက အိမ်ထဲဆွမ်းဘုဉ်းပေးပြီး နေကြတယ်၊ အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးက ဆွမ်းခံဝင်လာ၊ ဆွမ်းခံ ကြွလာသူက၊ သူက သူနေရာသူလာရင်းနဲ့ ဒီရွာရောက်လာပြီး ဆွမ်းခံ ဝင်လာတာ၊ သူကပိဏ္ဍပါတ်ဓုတင်ဆောင်ထားတာဆိုတော့ ဆွမ်းအမြဲခံတာဆိုတော့ ဆွမ်းခံ ကြွလာ၊ အဲဒီခုနက ဆွမ်းကျွေးတဲ့ ဒကာက သူ့အိမ်နား အရှင် မဟာကဿပ ကိုယ်တော်မြတ်ကြီး ရောက်လာတော့ ထွက်ပင့်တာ''အရှင်ဘုရား ကြွပါအုန်းဘုရား၊ ကြွပါအုန်းဘုရား၊ ဆွမ်းကပ်ပါရစေဘုရား၊ တပည့်တော် အိမ်က ဒီနေ့ဆွမ်းကပ်တာ ပါဘုရား၊ အရှင်ဘုရားရဲ့ ဆရာဘုရားရှင်ကိုယ်တော် မြတ်ကြီးလည်း ရှိပါ တယ်ဘုရား'' . . .''သည်းခံဒကာ . . သည်းခံပါ။''

ဒီတော့ ဒကာက အံ့အားသင့်သွားတယ်''မဟုတ်ဘူးဘုရာ၊ အရှင်ဘုရားရဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိတယ်အထဲမှာ၊ ဘုဉ်းပေးနေပါတယ်၊ အရှင်ဘုရားလည်း ဆွမ်းဘုဉ်းပေးရအောင် ကြွပါ။'' သည်းခံပါ ဒကာ၊ သည်းခံပါ၊ ဒါပဲပြောတယ်၊ ပိဏ္ဍပါတ်ဓုတင်ဆောင်ကိုး ဘုန်းကြီးက၊ ဒါနဲ့ဒကာက အံ့အားသင့်ပြီးတော့ အိမ်ထဲပြန်ဝင်လာပြီး မြတ်စွာဘုရားလျှောက်တယ်၊ မြတ်စွာဘုရား . . . ဟိုဆွမ်းခံတဲ့ ကိုယ်တော်တစ်ပါး၊ ဟိုး . . ကြွသွားတဲ့ ကိုယ်တော် ဆွမ်းစားဖို့ ပင့်တာ မရဘူးဘုရား၊ အရှင်ဘုရားရှိပါတယ်၊ ဘုရား ရှင်ကိုယ်တော်မြတ်ကြီး ရှိပါတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘုဉ်းပေးနေ ပါတယ်၊ ကြွပါအုန်းဆိုတာ သည်းခံပါ၊ သည်းခံပါဆိုပြီး ကြွသွားတယ်ဘုရား၊ သူက ဘယ်လိုအကျင့် ကျင့်လို့တုန်းဘုရား၊ အရှင်ဘုရားတို့ထက် သာတဲ့ အကျင့်တွေများ သူက ကျင့်နေတာလားမေးတော့။

မြတ်စွာဘုရားက''မှန်တယ်ဒကာတော် . . . တဲ့၊ မှန်တယ်၊ အဲဒီ ငါ့သားတော်ကြီးက ငါ့ဘုရားထက်သာတဲ့ အကျင့်ကိုကျင့်နေတဲ့အတိဇာတ သားကြီး . . တဲ့၊ ငါဘုရားရှင် မကျင့်နိုင်တဲ့ ဓုတင်တေရသကို ဆောင်ပြီးတော့ ကျင့်နေတဲ့ သားတော်ကြီး အတိဇာတသားကြီး ငါ့ထက်သာလွန်တဲ့ အကျင့်ကို ကျင့်နေတဲ့ သားတော်ကြီး . . . တဲ့'' ဟော-မြတ်စွာဘုရားက ချီးကျူးပြီးတော့ကိုပြောတာ၊ အဲဒီလိုပါပဲ အသွားတွေ အများကြီးရှိပါတယ်၊ ဒို့ ပဏ္ဍိတသာမဏေ ဝတ္ထု၊ နောက် အရှင်သာရိပုတ္တရာရဲ့ ညီကလေး ခဒိရဝနိယ တောကျောင်း ဆောက်တည်နေတဲ့ အရှင်ရေဝတဝတ္ထု၊ ဒီအတိုင်းချည်းပဲ။

http://www.dhammadownload.com



အရှင်ရေဝတ တောကျောင်းဆောက်တည်နေတဲ့ဆီ ဘုရားနဲ့ အရှင်သာရိပုတ္တရာတို့ တတွေ လာကြတာပဲ၊ သံဃာတော်တွေ ဝါကျွတ်တော့ လာကြတာ၊ ဟိုက ခဒိရဝနိယ အရှင်ရေဝတလေးက တောရပ်ဆောက်တည်တယ်၊ တောရပ်ဓုတင်ဆောက်တည်တယ်၊ ပိဏ္ဍပါတ်ဓုတင်ဆောက်တည်တယ်၊ သူကလည်း တေရသသာမဟုတ်တာ၊ ဓုတင်တွေ ဆောက်တည်ထားတာ အများကြီး၊ အဲဒီတော့ ဘုရားရှင်နဲ့ အရှင်သာရိပုတ္တရာတို့တတွေ ကြွလာတော့ ရွာထဲက ဒကာတွေက ဘုရားနဲ့ သံဃာတော်တွေ ဆွမ်းကပ်ကြတော့ ခဒိရ ဝနိယ အရှင်ရေဝတလေးက မလိုက်ဘူး၊ လိုက်မစားဘူး၊ သူ့ဘာသူအချိန်ကျ တော့ သပိတ်နဲ့ ဆွမ်းခံဝင်လာတာ၊ ဆွမ်းခံဝင်လာတော့ ဒီလိုပဲ ဆွမ်းဒကာက ထွက်ပင့်တယ်၊ မကြွဘူးအိမ်ထဲ၊ အဲဒီ တင်မြတ်စွာဘုရား လျှောက်ပြန်တော့ မြတ်စွာဘုရားက အေး ငါ့ထက်သာ တဲ့အကျင့် ကျင့်နေတဲ့ အတိဇာတသား ကလေး . . . ၊ အတိဇာတသားကလေး၊ ငါဘုရားလိုလားတဲ့ အတိဇာတသား လေးလို့ ချီးကျူးတယ်။

ပဏ္ဍိတသာမဏေဝတ္ထု၊ ဝနဝါသီတိဿ သာမဏေဝတ္ထု၊ ဒီအတိုင်းပဲ ဓုတင်ဆောင်ထားလို့မို့ ဘုရားနဲ့ သံဃာတော်တွေ အိမ်မှာ ဆွမ်းကပ်နေတာ၊ ဝင်မစားဘူး၊ သူတို့ဓုတင် သူတို့ဆောက်တည်ပြီးတော့ ကြွသွားလို့ ဒကာက မေးယူရတယ်၊ ဒီကိုယ်တော်က အရှင်ဘုရားတို့ထက်သာတဲ့အကျင့် ကျင့်တာလား၊ အရှင်ဘုရားတို့ ဒီမှာ ဆွမ်းဘုဉ်းပေးသလို ဒကာပင့်တဲ့ ဆွမ်းမစားဘူးလား၊ ဘယ်လိုတုန်း ဘုရားနဲ့ ဆိုတော့ မြတ်စွာဘုရားက ဟုတ်တာကိုး ဟုတ်တဲ့ အတိုင်း ချီးကျူးပြောလိုက် တာပဲ၊ အဲဒီနား အဋ္ဌကထာဆရာကြီးက မှတ်ချက်ပြတယ်။

တထာဂတာနာမ ပရေသံ အဓိကဂုဏေ န ဥဿူယန္တိ-တဲ့။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးများဟာ၊ ကိုယ့်ထက်သူများက သာတဲ့ ဂုဏ်ထူးပေါ်မှာ မညူစူဘူး . . . တဲ့၊ မနာလိုဝန်တို မရှိဘူးပေါ့၊ ထုတ်ဖော် မပြောနိုင် မရှိဘူးတဲ့၊ ဒါဘုရားရှင်ကိုယ်တော်မြတ်ကြီးများ ရဟန္တာအရှင်မြတ် ကြီးတွေဆိုတော့ ကိလေသာက ရှင်းနေတာကိုး၊ ဒို့ အခုကာလလို ဘုန်းကြီး တစ်ပါး၊ ဆရာတော် တစ်ပါး၊ ဘုန်းကြီး ကြီးတစ်ပါး ဖြစ်နေရင် ကိုယ်ထက်နိမ့် တဲ့ ကိုရင်လေးတစ်ပါးက သို့မဟုတ် ဦးဇင်းလေးတစ်ပါးက အဲဒီလို ဓုတင်ဆောင်ပြီးတော့ ကျင့်လို့ ကိုယ်ထက်သာတဲ့အကျင့် ကျင့်နေတယ်ဆိုရင် ဒကာတွေရှေ့ ပရိသတ်တွေရှေ့မှာ အခုလို-ဟိုကိုယ်တော်က အရှင်ဘုရားတို့ မကျင့်နိုင်တဲ့ အကျင့် ကျင့်သလားဘုရား၊ အရှင်ဘုရားတို့ထက်သာတဲ့အကျင့် ကျင့်သလား၊ ဘာလားနဲ့ မေးရင်၊ အင်း-ကောင်း ကောင်းပြောချင်မှ ပြောမှာတဲ့။

http://www.dhammadownload.com



ပုထုဇဉ်သဘာဝအတိုင်း ဒီကမထေရ်ကြီးလေ၊ ဒကာ ဒကာမတွေ ကိုး ကွယ်ခံ ကိုယ်တော်ကြီးလေ၊ နာမည်ခံထားတော့ ကိုယ့်နာမည်ကြီး ပုဂ္ဂိုလ် ဖြစ်နေ တော့၊ ကိုယ့်ထက်သာတဲ့ အကျင့်သူကကျင့်နေပါတယ်လို့ မပြောချင် တတ်ဘူး. . တဲ့ ပုထုဇဉ်တွေ သဘာဝ၊ အလကားပါ အဲဒီကိုယ်တော် ချွတ်တီး ချွတ်တွတ်ကြီးပါ၊ ဘာတဲ့ပြီးတော့ ပင့်လိုမရဘူးလား၊ မရဘူးဘုရား၊ မရလည်း နေစမ်းပါစေကွာ အလ ကားပါ၊ အဲဒီလို ကိုယ်တော်ကြီး ဘာညာနဲ့ ဒီလိုလုပ်ချင် လုပ်မှာ . . . တဲ့။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးများကတော့ ဒီလိုမဟုတ်ဘူး၊ အေး ငါ့ထက် သာတဲ့ သားတော်ကြီး . . .၊ အတိဇာတခေါ်တဲ့ -ငါ့ထက်သာတဲ့ သားတော် ကြီးဟဲ့လို့ အရှင်မဟာကဿပလို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ချီးကျူးတယ်၊ ငါ့ထက်သာတဲ့ ဓုတင်တေရသကို ဆောင်နိုင်ပါပေတယ်လို့ ချီးကျူးပြီးတော့၊ အဲ့ဒီလို ငါ့ထက်သာတဲ့အကျင့်ကို ကျင့်နိုင်တဲ့ အတိဇာတသား မျိုး ငါဘုရားရှင် ကိုယ်တော် မြတ်ကြီးက လိုလားတော်မူပါတယ်။ အနုဇာတခေါ်တဲ့ ငါဘုရားရှင်ကျင့်တဲ့ အကျင့် တွေကိုလိုက်ပြီးတော့ ကျင့်နေတာ အနုဇာတ သားသမီးမျိုးကိုလည်း ငါဘုရား ရှင်ကိုယ်တော်မြတ် လိုလားတော်မူပါတယ်။

ဟော- ဘုရားကလည်း သူ့သားတော် သမီးတော်တွေ အနုဇာတ သားသမီး နဲ့ အတိဇာတ သားသမီးခေါ်တဲ့ ငါနဲ့တန်းတူဖြစ်၊ သူလှူသလိုလှူ၊ သူပါရမီဖြည့် တုန်းက လှူခဲ့တဲ့ ဒါနမျိုးတွေ လှူ၊ ဆောက်တည်တဲ့ သီလမျိုးတွေ ဆောက်တည်၊ အဲဒီလို ဒါန, သီလ, ပါရမီကုသိုလ်ကောင်းမှုတွေ ပြုတဲ့ အနုဇာတသားသမီးနဲ့ သူ့ထက်သာတဲ့ အကျင့်တွေကို ကျင့်တဲ့ အရှင်မဟာ ကဿပတို့ ဝနဝါသီတိဿတို့၊ ခဒိရဝနိယ အရှင်ရေဝတတို့ အစရှိတဲ့ သူ့ထက် သာတဲ့အကျင့်တွေကို ကျင့်တဲ့ သားသမီးမျိုးကိုလည်း ဣစ္ဆန္တိ- ဘုရားရှင် ကိုယ်တော်မြတ်ကြီး အဆူဆူတို့က ကောင်းစွာကြည်ဖြူ အလိုရှိတော်မူကြပါပေကုန် သတည်း။

သာဓု . . သာဓု . . သာဓုပါဘုရား။

F. 18

http://www.dhammadownload.com



# "အာဇာနိယသုတ္တန်" မင်းပွဲသဘင်ပါဝင်ခွင့်ရ တရားတော်

သုခေတ္တေ ပဏ္ဍိတော ပေါသော, သမ္ဘဿံ အတ္တမတ္တနော၊
ဘဝပဒေသံ လဒ္ဓါန, စရေယျ ဇီဝိတံ သေဋ္ဌံ။

သုခေတ္တေ-ဗုဒ္ဓမြတ်စွာ, သာသနာလမင်း, ကမ္ဘာတွင်းဝယ်, လင်းတရှိန်ရှိန်, ထိန်တလက်လက်, စိန်စက်တန်ဆောင်, အမှောင်ပျက်ပြုန်း, အရောင်ထွက်တုန်း၌၊ ပဏ္ဍိတောပေါသော-ကံကောင်းထောက်မ, လူ့ဘဝကို, ရလာဘိတောင်း, အမျိုးသား အမျိုးသမီးကောင်းသည်၊ အတ္တနောအတ္ထ-ပစ္စုပ္ပန်သံသရာ, နှစ်ဖြာ စီးပွား, မိမိရဲ့ အကျိုးတရားကို၊ သမ္ဘဿံ သမ္ဘဿန္တော-ကောင်းစွာကြည် လင်, အရှည်ထင်အောင်, မျှော်မြင်နိုင်ခဲ့သည်ရှိသော်၊ ဘဝပဒေသံ-ဘဝ များ စွာ, ကမ္ဘာဘာဟု, ချမ်းသာသုခ, တောင်းတိုင်းရ, လုပ်တိုင်းရနိုင်သည့်, လူ့ဘဝခေါ်တဲ့ ဘဝပဒေသာကြီးကို၊ လဒ္ဓါ လဒ္ဓါန- အခါကောင်း နှင့်,အခွင့်လျော်စွာ, ရရှိနေပါ သည်ဖြစ်၍၊ ဇီဝိတံ-နေချိန်နည်းပါး,အနာများ လျှက်, ဆူပွား ပွေလိမ်, ဇီဝိတိန္ဒြေ ခေါ်မြွက်, ကိုယ့်အသက်ကလေးကို၊ သေဋ္ဌံ-စားတတ် သွားတတ်, အနေတတ် သဖြင့် အမြတ်ဆုံးဖြစ်ရလေအောင်၊ စရေ-စရေယျ-လုံးလကြိုးကုတ်, အားပါးထုတ်၍, မယုတ်ရစေ, ပြုလုပ်သင့်လှပါပေသတည်း. . .။

## သာဓု-သာဓု-သာဓု ပါဘုရား

ယနေ့ မြန်မာကောဇာသက္ကရာဇ်- ၁၃၅၅-ခုနှစ်၊ တပိုတွဲလပြည့်ကျော် (၁၄)ရက်နေ့ ခရစ်သက္ကရာဇ် ၁၉၉၄-ခု၊ မတ်လ(၁၁)ရက်, သောကြာနေ့မှာ မန္တလေးတိုင်း တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာ တောရကျောင်းကြီး ပရဝုဏ်အတွင်း တည်ရှိ နေတဲ့၊ အရိပ်ကောင်းလှပါတဲ့ ရုက္ခမူစုတင်ကျောင်း လို့ခေါ် ဆိုရတဲ့ ဤမန်ကျည်းပင်ရိပ်အတွင်း ဆောက်လုပ်ထားအပ်တဲ့ မင်္ဂလာမဏ္ဍပ်ကြီး၌ ယနေ့ကျင်းပပြုလုပ်အပ်တဲ့ တရားပွဲသည်ကား။

အရိယာဝါသသိမ်တော်လို့ ခေါ်တဲ့ ဒီတောရကျောင်းတိုက်ကြီးထဲမှာ အင်မတန် အရိပ်ကောင်းကြတဲ့ ဘုရားခွင့်ပြုတော်မူခဲ့တဲ့ ရုက္ခမူကျောင်း မန်ကျည်းတန်းကျောင်း ကြီးများ မြောက်ဘက်ကတစ်တန်း၊ တောင်ဘက်က တစ်တန်း၊ အနောက်ဖက်က အပေါက်ဝင်မှာ မန်းကျည်းပင်တန်းကျောင်း

http://www.dhammadownload.com



ဆောင်ကြီးတွေ. . . ဘုန်းကြီးတို့ ရဟန်းပြုတဲ့ပုဂ္ဂိုလ်တိုင်း ရဟန်းဖြစ်တဲ့ အချိန်ကစပြီး သိမ်ကမထခင်၊ ဘုရားကပေးလိုက်တဲ့ကျောင်း၊ သူ့ဘုရား သားတော်တွေအဖြစ်နဲ့ သာသနာ့ဘောင်ဝင်လာလို့ ရဟန်းဖြစ်ပြီဆိုမှဖြင့် မြတ်စွာဘုရားက စား, ဝတ်, နေရေး, ကျန်းမာရေးအတွက်၊ ဆေးပါ-ဖြေရှင်းပေး တော်မူရှာတာ၊ ဒီတော့ ဆွမ်းစားရေးအတွက် ဆွမ်းခံစားကွဲ့ချစ်သားရဲ့ ဝတ်ရေး အတွက်ကျ တော့၊ ပံသုကူကောက်ပြီး ဝတ်ပေတော့၊ ကျန်းမာရေး အတွက်ကျ တော့၊ နွား ကျင်ငယ်ရေ ဆေးကိုမှီဝဲပေတော့လို့ ပြောပြီးတော့မှ၊ ကျောင်း အတွက် ဘယ်နဲ့ဖြေရှင်းပေးတုန်းဆိုတော့ ရုက္ခမူလသေနာသနံ-သစ်တစ်ပင် ဝါးတစ်ပင် တည်းဟူသော ကျောင်းကို၊ ဟော- သစ်ပင်ကိုကျောင်း လို့မှတ်ပြီး တော့ ချစ်သား နေပေတော့. . . . လို့၊ ဘုန်းကြီးတို့ကို ကျောင်းအဖြစ်နဲ့ ပေးလိုက်တာသစ်ပင်။

အခုဒီ သူငယ်တော်တောရကျောင်း၊ တောရကျောင်းကြီးပတ်ပတ် လည်မှာ အခုရှိနေတဲ့ မန်ကျည်းပင်တွေမြင်တော့မှ ဘုန်းကြီးက၊ သြော်-မြတ်စွာ ဘုရားပေးတော်မူလိုက်တဲ့ကျောင်း ရုက္ခမူဓုတင်ကျောင်း၊ သစ်ပင်တည်း ဟူသောကျောင်း၊ အဆောက်အဦးအနေနဲ့ အခုဒီထဲမှာတော့၊ အခုဒကာ ဒကာမလေးတွေ ရေစက်ချကြမယ့် အရိယာဝါသ သိမ်ကျောင်းဆောင်ကြီးနဲ့ စကြံ ကျောင်းတို့ ကမ္မဋ္ဌာန်းကျောင်းလေးတွေပဲရှိသေးတယ်ပေါ့၊ သဘာဝ ကျောင်းကြီးတွေ. . လို့ဆိုတဲ့ မန်ကျည်းပင်တန်းကြီးတွေက ဘုရားပေးတော် မူတဲ့ကျောင်း။

အဲဒီကျောင်းကြီးတွေဆိုတဲ့ မန်ကျည်းပင်အရိယာဝါသ မန်ကျည်းပင်၊ ရုက္ခမူကျောင်းဆောင်ကြီးတစ်ခုရဲ့ အောက်မှာဆောက်လုပ်ထားအပ်တဲ့ ဤတရားမဏ္ဍပ် မင်္ဂလာမဏ္ဍပ် ၌ ယနေ့ကျင်းပပြုလုပ်အပ်တဲ့ တရားပွဲသည် ကား တံတားဦးမြို့နယ် သူငယ်တော် ကျေးရွာမှာ နေထိုင်ကြတဲ့ ဒကာ ဒကာမ အပေါင်းသူတော်ကောင်းတို့နှင့်တကွ ပါရမီဆက်ပဋ္ဌာန်းဆက်ရှေးက အကြောင်း ကောင်းမှုပြုဖက်ဖြစ်ကြတဲ့၊ တံတားဦးမှ ရပ်ကွက်အသီးသီးမှာ နေထိုင်ကြတဲ့ ဒကာ ဒကာမတွေ။

မန္တလေးမြို့ ရပ်ကွက်အသီးသီးက ပဋ္ဌာန်းဆက်ပါရမီဆက်ရှိကြတဲ့ ဒကာဒကာမတွေ မိတ္ထီလာမြို့ ရပ်ကွက်အသီးသီးမှာ နေထိုင်ကြတဲ့ ပဋ္ဌာန်း ဆက် ပါရမီဆက်ရှိကြတဲ့ ဒကာဒကာမတွေ၊ ပခုက္ကူမြို့မှာ နေထိုင်ကြတဲ့ ပဋ္ဌာန်း ဆက် ပါရမီဆက် ရှေးအကြောင်းကောင်းမှုပြုဖက်ဖြစ်တဲ့ ဒကာ ဒကာမအပေါင်း

http://www.dhammadownload.com



သူတော်ကောင်းတွေနှင့်တကွ၊ ဤသူငယ်တော်ကျေးရွာမှာ နေထိုင်ကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေစု ပေါင်းပြီးသကာလ၊ အခုဤ တောရ ကျောင်းကြီးရဲ့ ဦးစီးနာယက ဖြစ်တော်မူတဲ့ ဘုန်းကြီးလေး ဦးအရိယဝံသ ဦးဆောင်ပြီးတော့ အားလုံးစုပေါင်းအားနဲ့ ဆောက်လုပ်ထားအပ်တဲ့၊ တန်ဖိုး အားဖြင့် ခြောက် သိန်းကျော်တန် တန်ဖိုးရှိတဲ့၊အခန်း ... အားဖြင့် သုံးခန်း လေးခန်း၊ ရွှေစက္ကူစာမြင်နှင့်တကွ၊ အောက်မြေတိုက်ခန်းနှင့် တကွ၊မျက်နှာ ကြက်ခန်းစီး သံပန်းစသည်တို့ဖြင့်လည်း တန်ဆာဆင်ထားအပ်သော။

သုပ်ဆေး၊ ခြယ်ဆေး၊ လိမ်းဆေးတို့ဖြင့်လည်း တန်ဆာဆင်ထား အပ်သော ကမ္ပည်းကျောက်စာတို့ဖြင့်လည်း မှတ်တမ်းတင်ထားအပ်သော သိမ်နိမိတ် သိမ်ကျောက်တိုင်၊ သိမ်ဥပစာတို့နဲ့လည်းပဲ ပြည့်စုံစွာသော၊ အရိယာ ဝါသ သိမ်တော် လို့ဆိုတဲ့ ခြောက်သိန်းကျော်တန်သိမ်ကျောင်းဆောင် ကြီးကို ယခုပြဆိုအပ်ခဲ့တဲ့ သူငယ်တော်ကျေးရွာ ဒကာဒကာမတွေ တံတားဦး, မန္တလေး, မိတ္ထီလာ, ပခုက္ကူ, ပါရမီဆက်ပဋ္ဌာန်းဆက်ရှိကြတဲ့ ရှေးကအကြောင်း ကောင်းမှု ပြုဖက်ဖြစ်တဲ့ ဒကာဒကာမတွေစုပေါင်းပြီးသကာလ ဆောက်လုပ် လှူဒါန်း အပ်တဲ့၊ အရိယာဝါသ သိမ်ကျောင်းဆောင်တော်ကြီး လှူဒါန်းတဲ့ပွဲ. . တဲ့၊ ရေစက်ချမယ့်ပွဲ။

ဘုရားကိုယ်တော်မြတ်ကြီး လုပ်စေချင်တဲ့ လုပ်ငန်းကြီးတစ်ရပ်ကို ဒို့ကြိုးပမ်း အားထုတ်ပြုလုပ်နိုင်တဲ့နေ့. . . ပြုလုပ်နိုင်တဲ့ ဘဝ. . ဘုရားကိုယ် တော်မြတ်ကြီး ဘာလုပ်စေချင်တာတုန်း၊ ဘာဖြစ်စေချင်တာတုန်းဆိုတော့ ဘုရားမရှိတဲ့နေရာ ဘုရားရှိအောင်လုပ်တဲ့အလုပ် ဘုရားလုပ်စေချင်တယ်၊ ဘုရားမရောက်သေးတဲ့အရပ် ဘုရားရောက်စေချင်တယ် ဘုရားပျောက်နေတဲ့ အရပ် ဘုရားပေါ်လာစေချင်တယ်၊ တရားမရှိတဲ့အရပ် တရားရှိအောင် လုပ်စေ ချင်တယ်၊တရားပျောက်နေတဲ့အရပ် တရား ပေါ်အောင်ပြုစေချင်တယ်၊ သံဃာ မရှိသေးတဲ့ အရပ်သံဃာရှိအောင် ပြုစေချင်တယ်၊ သံဃာပျောက်ကွယ်နေတဲ့ အရပ် သံဃာပေါ်လာ အောင်ပြုစေချင်တယ်၊ ဒါဘုရားလုပ်စေချင်တဲ့ အလုပ် ကြီးပဲ၊ ဘာကို ထောက်သိတုန်းလို့ဆိုတော့။

ဘုရားကိုယ်တော်မြတ်ကြီး မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဘုရားဖြစ် တော်မူတယ်၊ အားလုံးဒကာ ဒကာမတွေသိတယ်၊ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန် လပြည့်နေ့မှာ မဟာဗောဓိပင် ရွှေပလ္လင်အောင်မြင်တော်မူပြီး ဘုရားဖြစ်တော်မူပြီး၊ ပထမဆုံးဝါ၊ အဲဒီ ဗောဓိပင်နဲ့ ရွှေပလ္လင်တည်ရှိရာ ဗုဒ္ဓ

http://www.dhammadownload.com



ဂယာကနေပြီးတော့ အနောက်မြောက်ယွန်းယွန်း ဗာရာဏသီမြို့ ဣသိ-ပတန မိဂဒါဝုန်တောမှာ ဝါကပ်တော်မူပြီးတော့ ပထမဆုံးဝါ ဓမ္မစကြာတရားဦးကို ဟောတော်မူရင်းနဲ့ ပဥ္စဝဂ္ဂီငါးဦး ရဟန်းပြုပေး။

အဲဒီဝါတွင်း၊ အဲဒီဣသိပတန မိဂဒါဝုန်တောမှာ ဆက်ပြီးသီတင်းသုံးပြီးတော့ သာသနာ့တပ်သားတွေ အရင်စုလိုက်တာ၊ ဗာရာဏသီမြို့က ယသ သူဌေးသား အမှူးပြုတဲ့ (၅၅)ယောက်၊ ရဟန်းဖြစ်လာကြတယ်၊ ပဥ္စဝဂ္ဂီတို့က (၅) ဦး အားလုံး ခြောက်ဆယ်၊ ခြောက်ကျိပ်၊ ရဟန်းတော်တွေ. . . သာသနာ့တပ်သားတွေ၊ ဘုရားရ။ ဘုရားဖြစ်လို့ ပထမဆုံးဝါကျွတ်တဲ့ အချိန်မှာ၊ သာသနာ့တပ်သားခြောက်ဆယ်၊ ရတော်မူတော့ ဘုရားဘာပြောတုန်း၊ ဝါကျွတ်တဲ့အချိန်မှာ ဘုရားဘာပြောတုန်းလို့ဆိုတော့-

စရထ ဘိက္ခဝေ စာရိတံ၊ ဒေသေထ ဘိက္ခဝေ ဓမ္မံ၊
မာ ဧကေန ဒွေ အဂမိတ္ထ။

ဟောဘုရားပြောတဲ့စကား၊ ဘိက္ခဝေ-ငါ၏ဆိုင်ရာ, သာသနာဝယ်, ဝန်တာကိုထမ်း,ငါ့သာသနာတော်ကို,ကမ္ဘာတစ်လွှား, ပြန့်ပွားအောင်ပြုပေးကြမယ့်, အိုရဟန်းတော်အပေါင်းတို့၊ စာရိကံ-ထိုထို၍၍လှည့်လည်ရမယ့် အရပ်ဆီသို့၊ ဝါ-ဘုရားမရှိသေးတဲ့ အရပ်၊ တရားမရှိသေးတဲ့ အရပ်၊ သံဃာမရှိသေးတဲ့ အရပ်ဆီသို့၊ စရထ-ဒေသစာရီကြွချီ လှည့်လည်ကြချေလော၊ ဓမ္မံ- ငါ့ဘုရားက သင်တို့ကို ဟောကြား ထားလို့၊ သင်တို့သိထားအပ်တဲ့၊ သစ္စာလေးပါးတရားမြတ် ကိုလည်းပဲ၊ ဒေသေထ-ထိုထို အရပ်ဒေသရှိတဲ့၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတွေ သိဖို့အရေးအတွက်၊ တရားဟောပေး ကြပါကုန်လော. . . ဝါ-ဘုရားမရှိသေးတဲ့ အရပ်ဘုရားရှိအောင် ပြုကြကုန်လော့၊ တရားမရှိသေးတဲ့အရပ် တရားပေါ်အောင်ပြုကြကုန်လော့၊ သံဃာမရှိသေးတဲ့အရပ် သံဃာရှိအောင်ပြုကြပေ တော့. . ။

ပြီးတော့ ဆက်ပြောလိုက်တဲ့စကားလေး နားထောင်ကြည့်အုန်း. . မာ ဧကေန ဒွေ အဂမိတ္ထ၊ ဧကေန-တစ်ကြောင်းတည်းသောခရီးနဲ့ဖြင့်၊ မာဒွေအဂမိတ္ထ- နှစ်ပါးပေါင်းပြီးတော့လည်း မသွားလိုက်ကြပါနဲ့။

ချစ်သားတို့. . . နည်းနည်းနဲ့ ကြဲကြဲဝိုင်းရမယ့် အချိန်ဖြစ်တော့၊ ချစ်သားတို့ကလည်း အခုမှ အပါးခြောက်ဆယ်၊ ငါဘုရားရောမှ ခြောက်ဆယ့်တစ်ပါး၊ ကမ္ဘာလောကကြီးမှာ သံသရာရဲ့ဘေးရန်ဖြစ်တဲ့ အို, နာ, သေဆိုတဲ့ ဘေးကြီးသုံးပါး အပါယ်လေးပါးဆိုတဲ့ ရန်စွယ်ရန်ဗြောင့်ကြီးတွေမှ ကင်းလွတ်ဖို့ရာအတွက် သတ္တဝါတွေ ကို ကယ်ကြရမှာဖြစ်တော့ အဲဒီအကယ်ခံ သတ္တဝါတွေက အသင်္ချေအနန္တ၊ ကယ်ရမယ့် သတ္တဝါတွေက အသင်္ချေအနန္တ။

http://www.dhammadownload.com



ရေထဲနေမျောနေတဲ့ သဘောနဲ့ပြောရင် ရေထဲမျောနေလို့ဒုက္ခပင်လယ်ဝေ. . နေလို့ ရေထဲကဆယ် ယူရမယ့်သူတွေက အသင်္ချေအနန္တ တစ်မြစ်ပြင်လုံး ကျိတ်ခဲတွဲလို့ ဆယ်မယ့်သူက လူ(၆၁)ယောက်၊ မြစ်ပြင်ကျယ်မော ရေပြင်ကျောကြီးကလည်း ကျယ်ပါဘိသနဲ့၊ မြစ်ကြီးကလည်း ယူဇနာပေါင်းများစွာရှည်ပါဘိသနဲ့ အဲဒီမြစ် ထဲမျော နေကြတဲ့၊ ဒုက္ခပင်လယ် ဝေမျောနေကြတဲ့ ဒုက္ခသည်တွေကို ကယ်ရမယ့်သူက (၆၁)ယောက် အကယ်ခံရမယ့် သူက သိန်းသန်းကုဋေ မရေမတွက် သာ။ ဒီတော့ တို့ကယ်ရမယ့် သတ္တဝါ တွေက မရေမတွက်လောက်အောင် များနေတော့၊ နည်းနည်းနဲ့ ကြဲကြဲဝိုင်းဆိုသလို. . . တဲ့ ကမ္ဘာလောကရှိတဲ့ သတ္တဝါတွေကို ချစ်သားတို့က သွားပြီးတော့ ကယ်ချေကြ၊ ဘုရားမရှိတဲ့အရပ် ဘုရားရှိ အောင်ပြုပြီး တော့ ကယ်ကြ၊ တရားမရှိတဲ့အရပ် တရားရှိအောင် ပြုလုပ်ပြီး ကယ်ကြ။သံဃာမရှိသေးတဲ့အရပ် သံဃာပွားအောင်လုပ် ပြီးတော့ ကယ်ကြပေတော့. . ။

အေး. . တစ်ကြောင်းတည်းသောခရီး၊ နှစ်ပါးပေါင်းပြီးတော့လည်း မသွားလိုက်ပါနဲ့. . . ခရီးတစ်ကြောင်းကို တစ်ပါးသွားပြီးတော့၊ ကိုယ်နိုင်သမျှ ထမ်းကြစမ်းပါ၊ ကယ်ကြစမ်းပါ၊ ဘုရား, တရား, သံဃာရတနာသုံးပါးပေါ်အောင် ပြုကြစမ်းပါလို့ ဘုရားကိုယ်တော်မြတ်ကြီး ဘုရားမရှိတဲ့အရပ် ဘုရားပေါ်စေချင့်တဲ့ဆန္ဒ၊ တရား မရှိတဲ့အရပ် တရားပေါ်စေချင်တဲ့ဆန္ဒ၊ သံဃာမရှိတဲ့အရပ် သံဃာပေါ်စေချင်တဲ့ဆန္ဒ ပြင်းပြတော်မူစွာနဲ့ မှာတော်မူခဲ့တယ်၊ တစ်ကြောင်းတည်းသောခရီး နှစ်ပါးပေါင်းပြီးတော့ မသွားပါနဲ့ဆိုကတည်းကိုက ဘုရားဟာ အရေးကြီးလို့မှာနေတယ်ဆိုတာ ပရိသတ်မပေါ်ဘူးလား? ပေါ်ပါ . . . ဘုရား။

ဒါဖြင့်-ဘုရားမရှိတဲ့အရပ် ဘုရားရှိအောင်လုပ်စေချင်တဲ့အလုပ်ကြီး ဘုရားမနှစ်ခြိုက်ဘူးလား? နှစ်ခြိုက်ပါ. . . ဘုရား။ တရားမရှိတဲ့အရပ်တရားပေါ်အောင်လုပ်တဲ့ အလုပ်ကို ဘုရားမကြိုက်ဘူးလား? ကြိုက်ပါ. . . ဘုရား။ သံဃာမရှိတဲ့အရပ်သံဃာ ပေါ်အောင်ပြုတဲ့အလုပ်ကြီး ဘုရားမလိုလားဘူးလား? လိုလားပါ. . . ဘုရား။ ဒါဖြင့် ဒီနေ့ ဘုန်းကြီးလေးဦးအရိယဝံသဦးဆောင်ပြီးသကာလ တံတားဦး, မိတ္ထီလာ, ပခုက္ကူ, မန္တလေး, သူငယ်တော်ရွာမှစပြီးသကာလ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေက အခုရှိနေရာဒီဒေသ နှစ်ပေါင်းတစ်ရာကျော်လောက်ဘုရားပျောက်ပြီးတော့၊ တရားပျောက်ပြီးတော့၊ သံဃာပျောက်ပြီးတော့နေတဲ့ ဒီသူငယ်တော်တောရကျောင်း ပရဝုဏ်ကြီးအတွင်းမှာ သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ကိုယ်စား

http://www.dhammadownload.com



ရုပ်ပွားဆင်းတုတော်မြတ်ကြီးတွေ အဆူဆူပေါ်ပြီးတော့လာအောင် ပြုလုပ်နေတဲ့အလုပ်ကိုပရိသတ်ဘုရားကြိုက်တဲ့ အလုပ်လား မကြိုက်တဲ့အလုပ် လား? ဘုရားကြိုက်တဲ့အလုပ်ပါဘုရား။

ဒီနေရာ ဒီဒေသမှာ တရားသံတွေလွှမ်းလာအောင် တရားဟောသံတွေ တရား နာသံတွေ၊ သီလဆောက်တည်သံတွေ၊ လှူဒါန်းပါ၊ ပေးပါ၊ ကမ်းပါ၊ ယူကြပါ၊ ရကြပါ၊ ရေစက်ချပါ၊ အမျှဝေပါဆိုတဲ့တရားသံတွေပေါ်လာအောင် ဒီနေ့ဒကာ့ဒကာမတွေ အားထုတ်နေတဲ့အလုပ်ကို ဘုရားကြိုက်တယ်လို့ ပြောမလား၊မကြိုက်ဘူးလို့ပြောမှာလား? ဘုရားကြိုက်တယ်လို့ပြောမှာပါဘုရား။ ဘုရားကြိုက်တဲ့ အလုပ်လား မကြိုက်တဲ့ အလုပ်လား?၊ ဘုရားကြိုက်တဲ့အလုပ်ပါဘုရား။ သံဃာတော်မရှိသေးပဲနဲ့ ဆိတ်သုဉ်းနေတဲ့ တောခြုံအုံကြားကြီးဖြစ်နေတဲ့ ဒီနေရာဒီဒေသမှာ သံဃာတော်တွေပေါ်လာအောင် သံဃာတော်တွေရှိလာအောင် သံဃာတော်တွေရောက်လာအောင် ဒီနေရာမှာအမြဲသီတင်းသုံးမယ့် သံဃာတွေလည်းရှိလို့ အကြောင်းအားလျော်စွာ ကိစ္စ ကြီးငယ်အသွယ်သွယ်ရှိတော့ သံဃာတော်အရှင်မြတ်တွေ ဒီနေရာဒီဒေသ ဂိုဏ်းထောက်ကျောင်း ဆရာတော်ကြီး အကြီးအမှူးပြုပြီးတော့ သံဃာတော်တွေရောက်ရောက်ပြီးတော့ မလာဘူးလား?၊ လာပါတယ်ဘုရား။

အဲဒီလိုသံဃာမရှိသေးတဲ့အရပ် သံဃာတွေရှိလာအောင် သံဃာတွေစည်ကားလာအောင် သံဃာတွေအလုပ်လုပ်နိုင်အောင် သံဃာတွေပြုဖြစ်နိုင်အောင် အားထုတ်တဲ့ ဒီကောင်းမှုကြီးကို ဘုရားကြိုက်တဲ့အလုပ်လို့ ပြောမလား ဘုရားမကြိုက်တဲ့အလုပ်လို့ ပြောမလား?၊ ဘုရားကြိုက်တဲ့အလုပ်လို့ပြောမှာပါဘုရား။

အထူးသဖြင့် သိမ်ကျောင်းဆောင်ကြီးဆောက်လုပ်. . . ပြီးတော့ သာသနာတော်ရဲ့ မူလဘူတ ပဘဝဖြစ်တဲ့ ဒီသိမ်ကျောင်းဆောင်တော်ကြီးကို ဆောက်လုပ်လိုက်ခြင်းဖြင့် ဒီသိမ်ကျောင်းဆောင်တော်ကြီးထဲကနေပြီးတော့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေပေါ်လာအောင် ကြိုးပမ်းအားထုတ် ပြုလုပ်လိုက်ခြင်းဖြင့်. . . ဒီနေ့ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေလုပ်တဲ့ အလုပ်ဟာ ဘုရားကြိုက်တဲ့အလုပ်လား မကြိုက်တဲ့အလုပ် လား?၊ ဘုရားကြိုက်တဲ့အလုပ်ပါဘုရား။ ဒီသိမ်ကျောင်းဆောင်ကြီးထဲက သံဃာတော်တွေ ပေါ်လာမှာလား မပေါ်လာမှာလား?၊ပေါ်လာမှာပါဘုရား။

http://www.dhammadownload.com



ဘုန်းကြီးတို့ဒကာ ဒကာမတွေ ဘုရားကြိုက်တဲ့အလုပ်ကို တို့ဒီနေ့ ကြိုးပမ်း အားထုတ်ရတဲ့အပြင်. . . သာသနာတော်မှာ ကျောင်းအလှူ ထဲမှာဖြင့် အမြတ်ဆုံးဖြစ်တဲ့ ကျောင်းအလှူကို တို့လှူဒါန်းနိုင်တဲ့နေ့. . . လို့ ရှေ့တစ်ဆင့်တက်ပြီးတော့သိဖို့ မလိုဘူးလား?၊ လိုပါ၊ ဘုရား။ ဘုရား, တရား, သံဃာ, ရတနာသုံးပါးပျော်နေတဲ့နေရာ ဘုရားပေါ်အောင် တရားပေါ်အောင် သံဃာပေါ်အောင် အခုလိုတရားပွဲကြီးတွေနဲ့ တရားသံပေါ်လာအောင် ခုနကပြောခဲ့တဲ့ မင်္ဂလာအခမ်းအနားတွေ၊ ကောင်းမှုအခမ်း အနားတွေ၊ အကြောင်းပြုပြီးတော့ ဂိုဏ်းထောက်ကျောင်း ဆရာတော်ကြီးအမှူးပြုတဲ့ သံဃာတော်အရှင်မြတ်တွေ ကြွရောက်လာပြီးတော့ ပရိတ်သံတွေ၊ တရားသံတွေ၊ ဟောသံတွေ၊ ပြောသံတွေ၊ ရေစက်ချသံတွေ၊ အမျှဝေသံတွေ၊ သာဓုခေါ်သံတွေဆိုတဲ့ တရားသံတွေပေါ်လာအောင် ကြိုးပမ်းအားထုတ်ပြုလုပ်ကြတဲ့ အပြင်. . . အခုသိမ်ကျောင်းဆောင်တော်ကြီး၊ အရိယာဝါသ သိမ်ကျောင်းဆောင်ကြီး၊ ခြောက်သိန်းကျော်တန်ဆောက်လုပ် လှူဒါန်းကြခြင်းဖြင့် ကျောင်းအလှူတွေထဲ မှာဖြင့် အမြတ်ဆုံးဖြစ်တဲ့ ကျောင်းအလှူကို ဒို့လှူဒါန်းခွင့်ရတဲ့ နေ့. . .။

ကျောင်းအလှူတွေထဲမှာ သိမ်ကျောင်းအလှူဟာ အသာဆုံးပဲတဲ့၊ ကျောင်းဆိုတာ ကျင်ငယ်အိမ်လေး ဆောက်လှူလည်းကျောင်းပဲ၊ ဝစ္စကုဋိ ကျင်ကြီးစွန့်တဲ့ ကုဋိအိမ် ဆောက်လှူလည်း ကျောင်းပဲ၊ မီးတင်းကုပ်ဆောက်လှူလည်းကျောင်းပဲ၊ ဆွမ်းစားကျောင်း ဆောက်လှူလည်း ကျောင်းပဲ၊ သံဃာနေ ကျောင်းဆောက်လှူလည်း ကျောင်းပဲ၊ ကမ္မဋ္ဌာန်း ကျောင်းဆောက်လှူစသည်ဖြင့် အဆောက်အဦးဆောက်လှူတာမှန်သမျှ ကျောင်းအလှူ။

အဲဒီ အဆောက်အဦး ဆောက်လှူတာတွေမှန်သမျှထဲမှာဖြင့် သိမ်ကျောင်း ဆောက်လုပ်ပြီးတော့ လှူတဲ့အလှူသည် အသာလွန်ဆုံး. . . အမြတ်ဆုံး၊ ဘာပြုလို့တုန်း သာသနာတော်ကျေးဇူးများလွန်းလို့၊သာသနာတော်ကို တိုးပွားရာတိုးပွားကျောင်း၊ သံဃာရဟန်းတော်တွေ ပေါ်ပေါက်ရာ ပေါ်ပေါက်ကြောင်း၊ ကံကြီးကံငယ် ဆောင်ရွက်ရာ ဆောင်ရွက်ကြောင်း၊ သာသနာတော်ရဲ့အခြေခံ မူလဘူတပဘာဝဖြစ်လို့မို့ သိမ်ကျောင်း အလှူသည် အသာဆုံးမို့-"ဘုရားမှာစိန်၊ သက်န်းမှာကထိန်၊ ကျောင်းမှာသိမ်" လို့ ရှေးဆရာတော်ကြီးတွေက ဆိုထားခဲ့ကြတယ်။

http://www.dhammadownload.com



ဘုရားမှာစိန်တဲ့-ဘုရားတည်ပြီးတော့ လျှုဒါန်းတဲ့နေရာမှာ၊ စေတီပုထိုးဖြစ်လည်း စိန်ဖူးတော်လှူတဲ့သူအသာဆုံး၊ ရုပ်ပွားဆင်းတုတော် ဖြစ်လည်း ဥဏ္ဏာလုံ မွေရှင်တော် ဓာတ်မှာ စိန်တစ်ဖျတ်ဖျတ်ဝင်းလက်နေတဲ့ စိန်ကျောက်ကို လှူရတဲ့သူက အသာဆုံး၊ ဘာပြုလို့တုန်း ဘုရားအာရုံရစေတတ်တယ်။ စေတီတော်တွေ တောင်ထိပ်မှာဖြစ်ဖြစ် ကံဦးကံထိပ်မှာဖြစ်ဖြစ် အဝေးတစ်နေရာ ရွာဦးရွာထိပ်မှာဖြစ်ဖြစ်၊ စေတီတော်ရဲ့ထိပ်က စိန်ဖူးတော်က ဝင်းဝင်းလက်လက်နဲ့ အရောင်ထွက်. . . ပြီး၊ နေရောင်ကြောင့်သော်လည်းကောင်း၊ လရောင်ကြောင့်သော်လည်းကောင်း၊ မီးရောင်ကြောင့်သော်လည်းကောင်း၊ အရောင်ထွက်နေတာကို လှမ်းပြီးတော့ မြင်ရတဲ့သူတော်စင်တွေမှာ ဗုဒ္ဓါနုဿတိဘုရားဂုဏ်ကို အာရုံပြုမိစေတတ်တယ်၊ ဘုရားအာရုံ ရောက်စေတတ်တယ်၊ ဘုရားဘက်ကို လက်အုပ်ချီမိစေတတ်တယ်။

ဘုန်းကြီးတို့ ဒကာဒကာမတွေ အကြောင်းအားလျော်စွာ၊ မြစ်ကြောင်း၊ ရေကြောင်း၊ ရထားကြောင်း၊ ကားကြောင်း၊ သွားရင်းလာရင်းနဲ့ ရွာဦးရွာထိပ်က၊ စေတီပုထိုးက စိန်ဖူးတော်က တဝင်းဝင်းတလက်လက်၊ သို့မဟုတ် တောင်ထိပ်တောင်စွယ်တည်ထားတဲ့ ဘုရားရဲ့စေတီထိပ်က အရောင်တဝင်းဝင်းတလက်လက်၊ ဟိုနေရာ ဒီနေရာမှာ အကြောင်းအားလျော်စွာတွေ့တဲ့၊ ဘုရားရဲ့စေတီက အရောင်တဝင်းဝင်းတလက်လက်ကို မြင်ရရင်၊ ဖျတ်ခနဲဆို သူတော်ကောင်းတွေရဲ့သန္တာန်မှာ စိတ်တွေ ဟိုရောက်ဒီရောက် ရောက်နေရာက ဘုရားစိတ် ဘုရားအာရုံ ပရိသတ်မရောက်တတ်ဘူးလား?၊ ရောက်တတ်ပါတယ်ဘုရား။ တစ်ချို့ကျတော့ လက်အုပ်ချီမိတဲ့အထိ မရောက်ဘူးလား?၊ ရောက်ပါတယ်ဘုရား။

အဲဒီလိုချီလိုက်တဲ့ လက်အုပ်က ထိုအမျိုးသားကို ကောင်းရာပို့မှာလား၊ အပါယ် လေးပါးပို့မှာလား?၊ ကောင်းရာပို့မှာပါဘုရား။ အဲ့ဒီစိန်ဖူးတော်ကို မြင်လိုက်ရတဲ့ သူတော်ကောင်း အမျိုးသား အမျိုးသမီးတွေပဲဖြစ်ဖြစ်၊ နတ်တွေပဲဖြစ်ဖြစ်၊ သတ္တဝါတွေမှာ ထိုအရောင်တဝင်းဝင်း၊ စိန်ဖူးကဝင်းနေတဲ့ အရောင်ကို အာရုံပြု. . . ပြီးတော့ ဘုရားရဲ့ဂုဏ်တွေ၊ ဘုရားရဲ့ရောင်ခြည်တော်တွေ၊ လှမ်းအာရုံပြုမိသွားတဲ့ စိတ်ကလေးက ထိုအမျိုးသား ထိုအမျိုးသမီး ထိုနတ်တွေကို အပါယ်လေးပါးချမှာလား၊ နိဗ္ဗာန်ပို့မှာလား?၊ နိဗ္ဗာန်ပို့မှာပါဘုရား။ ဒါဖြင့် အများစုသန္တာန်မှာ ဘုရားအာရုံစိတ်မှာထုံ. . . ပြီးလာလောက်အောင် ကျေးဇူးပြုတဲ့ စိန်ဖူးတော်အလှူလှူတဲ့သူ မမြတ်ဘူးလား?၊ မြတ်ပါတယ်ဘုရား။

http://www.dhammadownload.com



ဒါကြောင့် ဘုရားမှာစိန်၊ သက်န်းမှာကထိန်တဲ့၊ သင်္ကန်း အလှူထဲမှာလည်း ကထိန်သင်္ကန်းအလှူဟာ အသာဆုံးပဲတဲ့၊ ဘာပြုလို့တုန်းဆိုတော့ သံဃိကလှူရလို့၊ ပုဂ္ဂလိကတစ်ပါးတည်း လှူရတာမဟုတ်ဘူး၊ သံဃာအကုန်လုံး ရည်စူးလှူရတာ၊ ဒီထဲမှာ အရှားပါးဆုံးဖြစ်တဲ့၊ သင်္ကန်းမရှိဆုံး၊ သင်္ကန်းအနွမ်းပါးဆုံးဖြစ်တဲ့ သံဃာဆီရောက်သွားတဲ့သင်္ကန်းမို့လို့ ၊ ဝါဆိုသင်္ကန်း၊ မင်္ဂလာဦးသင်္ကန်း၊ ရှင်ပြုသင်္ကန်း၊ ရဟန်းခံသင်္ကန်းစသည်ဖြင့် သင်္ကန်း အလှူတွေထဲမှာဖြင့်၊ ကထိန်သင်္ကန်း အလှူဟာအသာဆုံး. . .။

အဲဒီလိုပဲ ကျောင်းဆောက်ပြီးတော့ လှူတဲ့အလှူတွေထဲမှာလည်းပဲ ကျောင်း မှာသိမ်. . . ဆိုတဲ့အတိုင်း သိမ်ကျောင်းဆောက်ပြီးတော့ လှူရတဲ့ အလှူသည် အသာဆုံး၊ ဘာပြုလို့တုန်း-ဒီနေ့ ဒကာ,ဒကာမတွေ ဆောက်လုပ်တဲ့ အရိယာဝါသ သိမ်တော်ကြီးထဲက ဟိုး. . . ရှေးရှေးတုန်းကလည်းပဲ သံဃာတော်တွေ၊ ဒီသိမ်ထဲမှာ ဝင်ဝင်ပြီးတော့ ရဟန်းဖြစ်သွားတဲ့ ရဟန်းတွေ၊ အရှင်မြတ်တွေမရှိဘူးလား?၊ ရှိပါ ဘုရား။ အခုမိမိတို့ ဆောက်ပြီးတဲ့နောက်လည်းပဲ ဒီသိမ်ထဲက၊ ရဟန်းတော်အရှင်မြတ်တွေ သာသနာ့ဝန်ထမ်း ရဟန်းတော်အရှင်မြတ်တွေ၊ တစ်ပါးပြီးတစ်ပါး၊ တစ်ပါးပြီးတစ်ပါး၊ တစ်ပါးပြီးတစ်ပါး ထွက်ပေါ်ပြီးတော့ လာတော်မူကြမယ်။

အဲ့ဒီထွက်လာတဲ့ သံဃာတော်၊ ရဟန်းတော်အရှင်မြတ်တွေက ဓမ္မာစရိယ အရှင်မြတ်တွေလည်း ဖြစ်လာနိုင်တယ်၊ တိပိဋကရေဆရာတော်တွေလည်းဖြစ်နိုင်တယ်၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးတွေလည်းဖြစ်နိုင်တယ်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးတွေလည်း ဖြစ်နိုင်တယ်၊ ပရိသတ်မဖြစ်နိုင်ဘူးလား?၊ ဖြစ်နိုင်ပါ ဘုရား။ ဒီနေ့ နိုင်ငံမှာရှိနေတဲ့ နိုင်ငံတော်ဩဝါဒစရိယ အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာသာသနာ့ပိုင် ဆရာတော်ဘုရားကြီးများ၊ မခုတ္တူဆရာတော်ဘုရားကြီးများအစရှိတဲ့ ဆရာတော်ကြီးတွေ ပရိသတ် သိမ်ထဲကထွက်မလာဘူးလား?၊ ထွက်လာပါ ဘုရား။

အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီးတွေ၊ ဓမ္မာစရိယဆရာတော်ကြီးတွေ၊ စာချ ဆရာတော်ကြီးတွေ၊ စာသင်ဆရာတော်တွေ၊ ဟိုနေရာဒီနေရာမှာ ပဋိပတ်လုပ်ငန်းနဲ့ ကြိုးပမ်းအားထုတ်ပြသတော်မူနေကြတဲ့ တရားပြဆရာတော်အရှင်မြတ်ကြီးတွေ. . . ပရိသတ် သိမ်ထဲကထွက်မလာဘူးလား?၊ ထွက်လာပါ ဘုရား။ ဒီသိမ်ထဲကပဲ ရဟန်းဖြစ်ပြီးတော့ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်တော်မူကြတဲ့ အရှင်မြတ်တွေ ရေတွက်လို့ရရဲ့လား?၊

http://www.dhammadownload.com



မရပါဘုရား။ ဒါဖြင့် သိမ်ကျောင်းဟာ သာသနာတော်မှာ အကျိုးမများဘူးလား?၊ များပါ ဘုရား။ ကျေးဇူးမများဘူးလား?၊ များပါ ဘုရား။

ဒါဖြင့် အဲဒီသိမ်ကျောင်းကို ဆောက်လုပ်ပြီးတော့ လှူခွင့်ရတဲ့ ဒကာဒကာမ တွေဟာ သာသနာတော်ရဲ့ အခြေခံမူလဘူတဖြစ်တဲ့ အလုပ်ကိုဒို့အားထုတ်နိုင်တဲ့နေ့. . လို့ မဆိုထိုက်ဘူးလား?၊ ဆိုထိုက်ပါ ဘုရား။ တပည့်တော်တို့သည် ဤကဲ့သို့ သိမ်ကျောင်းအလှူမှစ၍ ကောင်းမှုအစုစုကို ကြိုးပမ်းအားထုတ်ပြုလုပ်ကြခြင်းဖြင့် မင်းပွဲ စိုးပွဲ၊ မင်္ဂလာပွဲကြီးထဲမှာ ပါဝင်ဆင်နွှဲခွင့်ရအောင်ကျင့်ဆောင် ပြီးတော့ နေကြပါကုန်၏. . . လို့ ဘုန်ကြီးဒီနေ့ဟောမယ့် *အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ အဿာဇာနေယျသုတ္တန် သွားနဲ့ပြောရမယ်ဆိုရင်၊ ဒီနေ့ ဒကာ ဒကာမတွေ တံတားဦး၊ မန္တလေး၊ မိတ္ထီလာ၊ ပခုက္ကူ စပ်ရာစပ်ရာ ပါရမီဆက်ရှိကြတဲ့ ဒကာ ဒကာမတွေ ဒီနေ့ဘာလုပ်နေကြပါသလဲ လို့မေးရင် တပည့်တော်တို့ တိုင်းကြီးပြည်ကြီး သခင်, ဘုရင်,မင်းမြတ်ကြီးရဲ့ မင်္ဂလာပွဲမှာ ပါဝင်ဆင်နွှဲခွင့်ရအောင်ကျင့်ဆောင်နေကြတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘုန်းကြီးတို့ဒကာဒကာမတွေ မင်္ဂဖိုလ်နိဗ္ဗာန် ရကြောင်းကောင်းမှုတွေရစေချင်လွန်းလို့ ပြုဖြစ်စေချင်လွန်းလို့ ပုံအမျိုးမျိုး ဥပမာအမျိုး မျိုး ဥဒါဟရုဏ်အမျိုးမျိုးဆောင်ပြီးတော့ ဟောပြောတော်မူတဲ့အနက်က အဿာဇာနေယျသုတ္တန်မှာ အာဇာနည်မြင်းဥပမာ ပေးပြီးတော့ ဘုရားဟောတော်မူခဲ့တယ်၊ အာဇာနည်မြင်းရဲ့အရည်အသွေး လေးမျိုးပြည့်စုံမှ ဘုရင်မြင်းမြတ်ကြီးရဲ့မင်းပွဲစိုးပွဲမင်္ဂလာပွဲမှာ ပါဝင်ဆင်နွှဲခွင့်ရပုံ ဥဒါဟရုဏ်ဆောင်ပြီးတော့ ဟောတော်မူခဲ့တယ်၊ ဘယ့်နဲ့ဟောခဲ့တုန်း ဆိုတော့ ဘုရားက---

စတူဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ရညော ဘဒြော
အဿာဇာနိယော ရာဇာရဟော ဟောတိ ရာဇဘောဂ္ဂေါ၊ ရညော
အင်္ဂန္တွေဝ သင်္ခံ ဂစ္ဆတိ။

ဘိက္ခဝေ-မင်္ဂဖိုလ်နိဗ္ဗာန်လိုလား အမျိုးကောင်းသားအမျိုးကောင်းသမီး အပေါင်းသူတော်ကောင်းတို့ ၊ သေယျထာပိ-သင်တို့သဘောပေါက်နားလည်အောင် ငါဥပမာ ဆောင်ပြီးတော့ ဟောတော်မူရမယ်ဆိုရင်၊ အဿာဇာနီယော-အာဇာနည်မျိုးမှ ပေါက်ဖွားလာတဲ့မြင်းသည်၊ စတူဟိအင်္ဂေဟိ-လေးမျိုးလေးစားသော အကြောင်းအင်္ဂါတို့နှင့်၊ သမန္နာဂတော-ပြည့်စုံမှ၊ ရာဇာရဟော-

* အာဇာနီယသုတ်- အံ၊ ၁၊ ၅၇၂။

http://www.dhammadownload.com



မင်းကြီးစိုးကြီးရဲ့ မင်းပွဲသဘင်အားထိုက်တန်သည်၊ ရာဇဘောဂ္ဂေါ-တိုင်းကြီးပြည်ကြီးသခင်၊ ဘုရင်မင်းမြတ်ရဲ့ အသုံးအဆောင်ဖြစ်ထိုက်သည်၊ ရညော-အင်္ဂန္တွေ သင်္ခ ဂစ္ဆတိ- တိုင်းကြီးပြည်ကြီး သခင်၊ ဘုရင်မင်းမြတ်ရဲ့ မင်္ဂလာပွဲမှာ၊ ပါဝင်ဆင်နွဲခွင့်ရခြင်းဆိုတဲ့ အခွင့်လမ်းကိုရသည်၊ ဟောတိ-ဖြစ်ပါပေ၏။

ချစ်သားတို့. . . မြင်းဆိုတာ အာဇာနည်မျိုးက ပေါက်ဖွားရင် အမျိုးကောင်းပြီ. . . မြင်းမျိုးတွေအများကြီးရှိတဲ့အထဲက၊ အာဇာနည်မျိုးကပေါက်ဖွားတဲ့၊ အာဇာနည်မြင်းဆိုရင်၊ မျိုးကတော့ နံပါတ်တစ်ဖြစ်သွားပြီး။ သို့သော်. . အာဇာနည်မျိုးက ပေါက်ဖွားလာရုံနဲ့၊ တိုင်းကြီးပြည်သခင် ဘုရင်မင်းမြတ်ရဲ့ မင်းပွဲ စိုးပွဲ၊ မင်္ဂလာပွဲကြီးမှာ၊ မင်္ဂလာမြင်းတော် တစ်ပါးအဖြစ်နဲ့၊ ကကြိုးတန်ဆာ၊ ဒွါရယာတွေဆင်ပြီးတော့၊ ပါဝင်ခွင့်ရရဲ့လား. . လို့ ဆိုတော့ မရသေးဘူး. . . တဲ့၊ မရသေးဘူး။ မျိုးကောင်းရုံနဲ့ မရသေးဘူး၊ ဒီတော့ ဘာလိုတုန်းလို့ဆိုတော့-

စတူဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော-လေးမျိုးလေးစားသော ဂုဏ်ရည်သတ္တိ၊ အရည်အချင်းနဲ့ပြည့်စုံမှ ဘုရင်မင်းကြီးက တော်ကောက်ပါတယ်၊ ဘုရင်မင်းကြီးရဲ့ မင်္ဂလာပွဲမှာ ပါဝင်ဆင်နွဲခွင့်ရပါတယ်။ အဲဒီ လေးမျိုးကဘာတွေတုန်း-(၁)အာရောဟပရိဏာဟ သမ္ပန္နောစ-အလုံးအရပ်နဲ့ပြည့်စုံရခြင်းလည်းကောင်း။ (၂)ဝဏ္ဏသမ္ပန္နောစ-ရုပ်ဆင်းဥပဓိ လှပကျော့ရှင်းတင့်တယ်ခြင်းနဲ့ ပြည့်စုံရခြင်း လည်းကောင်း။ (၃) ဗလသမ္ပန္နောစ-အားခွန်ဗလနဲ့ပြည့်စုံရခြင်းလည်းကောင်း။ (၄)ဇဝ သမ္ပန္နောစ-အရှိန်အဟုန်နဲ့လည်း၊ ပြည့်စုံရခြင်းလည်းကောင်း။

ဟော-အဲဒီလေးချက်နဲ့ပြည့်စုံမှ ရွေးတယ်. . . တဲ့၊ အရွေးခံရတယ်၊ မင်းပွဲ စိုးပွဲပါဝင်ဆင်နွဲခွင့်ရတယ်၊ အလုံးရပ်နဲ့ပြည့်စုံရတယ်ဆိုတာ-အရပ်အမောင်းကောင်းရတယ်၊ အရပ်က ပေမီကိုက်မှီ၊ ကိုယ်လုံးကိုယ်ဖန်ကလည်းပဲ ပြည့်ပြည့်ဖြိုးဖြိုး၊ ပြည့်ပြည့် စုံစုံဖြစ်ရတယ်၊ အာဇာနည်မျိုးကတော့ မွေးပါရဲ့၊ အမျိုးကတော့ ကောင်းပါရဲ့ ဒီမြင်းဟာ၊ သို့သော် အလုံးအရပ်က သေးသေးကွေးကွေးလေးဖြစ်နေ၊ အရပ်အမောင်းကလည်း ပေမီကိုက်မှီ မဟုတ်ဘူး၊ ပုညက်ညက်ကလေး၊ ခန္ဓာကိုယ်၊ ကိုယ်လုံးကိုယ်ပေါက်ကလည်းပဲ သေးသေးသိမ်သိမ်လေး၊ လှီလှီလေးဖြစ်နေ၊ အဲဒီလိုဆိုရင် ဒီမြင်း ဘုရင်မင်း မြတ်ကြီးရဲ့ မင်းပွဲစိုးပွဲမှာ ပါဝင်ဆင်နွဲခွင့်မရဘူး. . . တဲ့၊ မရွေးဘူးရှင်ဘုရင်က၊ လုံးရပ်မကောင်းလို့။ မျိုးကတော့ကောင်းပါတယ်၊ အာဇာနည်မျိုးကဖြစ်တာမို့ အမျိုး

http://www.dhammadownload.com



ကောင်း၊ သို့သော် အလုံးအရပ်မကောင်းသဖြင့်မရွေးဘူး၊ ဒါ (၁) နံပါတ်။ ဒီတော့ နံပါတ်(၁) လုံးရပ်ကောင်းရတယ်။

နံပါတ်(၂) ဝဏ္ဏသမ္ပန္နောစ-ရုပ်ဆင်း ဥပမိ လှပကျော့ရှင်း တင့်တယ်ခြင်းနဲ့လည်းပြည့်စုံရခြင်း။ အာဇာနည်မျိုးကပေါက်ဖွားလာတဲ့ အာဇာနည်မြင်း၊ အလုံးအရပ်ကတော့ ကောင်းပါရဲ့၊ (၁)နံပါတ် အင်္ဂါတော့ပြည့်စုံပါရဲ့၊ အဲ (၂) နံပါတ်အင်္ဂါ က ရုပ်ဆင်း ဥပမိလှပကျော့ရှင်း တင့်တယ်ခြင်းနဲ့ပြည့်စုံရမယ်ဆိုတဲ့ အင်္ဂါချို့နေ၊ အရပ်အမောင်းကတော့ ကောင်းပါရဲ့ ပေမဲ့ ကိုက်မိုကြီး၊ ကိုယ်လုံးကိုယ်ပေါက်ကြီးကလည်းကောင်းလိုက်ဖေတာ၊ ဒါပေမယ့်လို့ ရုပ်ကဆိုးတယ်. . တဲ့၊ မျက်နှာက မျက်စိကြီးကကျယ်လွန်းနေ၊ သို့မဟုတ် ကျဉ်းလွန်းနေ၊ သို့မဟုတ် မျက်စိကြီး တစ်ဘက်ကျယ်၊ တစ်ဘက်ကျဉ်းကြီးဖြစ်နေ၊ နှာရောင်ကြီးကကောက်လွန်းနေ၊ နာခေါင်း ကြီးတွေက ပွလွန်းနေ၊ စသည်ဖြင့် မြင်းတစ်ကောင်လုံးကြည့်လိုက်ရင် ကျက်သရေမရှိ၊ လှပ ကျော့ရှင်း တင့်တယ်ခြင်းမရှိဘူး ဆိုရင်လည်း၊ အဲဒီ အာဇာနည်မျိုးက ပေါက်ဖွားပင်လာသော်လည်း၊ အရပ်အမောင်းကောင်းသော်လည်းပဲ၊ ရုပ်ဆင်းဥပမိနဲ့ပြည့်စုံခြင်းမရှိ လို့ မရွေးဘူးတဲ့၊ အရွေးမခံရဘူး၊

အဲ-ခြေထောက်များကလည်း ဖြောင့်ဖြောင့်စင်းစင်း၊ ကိုယ်လုံးကိုယ်ပေါက် ကလည်းကောင်း၊ တောင့်တောင့်တင်းတင်း၊ မျက်စိမျက်နှာ ကလည်း ကျက်သရေရှိ၊ ခန္ဓာကိုယ်ကလည်း၊ ဖြောင့်ဖြောင့်စင်းစင်း ရှိပြီးတော့၊ လှပကျော့ရှင်း တင့်တယ်ခြင်းရှိရင် အရွေးခံရတယ်၊ ဒါ(၂)နံပါတ် အင်္ဂါ။

(၃) နံပါတ်-ဇလသမ္ပန္နော စ-အားခွန်ဗလနဲ့လည်းပြည့်စုံရခြင်း။ အာဇာနည်မျိုးကပေါက်တဲ့မြင်း၊ အရပ်အမောင်းကလည်း ကောင်းပါရဲ့ ပေမဲ့ ကိုက်မိ ရုပ်ဆင်းဥပမိက လည်း လှပပါရဲ့၊ သို့သော်. . . နည်းနည်းလေးမို့လို့ ပြေးလိုက်လွှားလိုက်ရင်၊ မောဟိုက်ပြီးတော့ အမြှုပ်တွေတစီစီ ထွက်နေ၊ နည်းနည်းလေး ဝန်လေးဘာလေး ထမ်းလိုက်ရ၊ နေလေးပူလိုက်တယ်ဆိုရင်၊ တစ်ခါတည်း အသက်ရှူတွေမောကျပ် ပြီးတော့၊ မောဟိုက်နေ၊ အမြှုပ်တွေ တစီစီထွက်ပြီးတော့ ကျက်သရေပျက်နေ၊ အဲဒီ လိုအားနည်းတဲ့ မြင်းကိုလည်းပဲ မရွေးဘူး. . . . တဲ့။

ဒီတော့အားခွန်ဗလနဲ့လည်းပြည့်စုံရတယ်၊ ဘယ်လောက်ပဲပြေးရပြေးရ ဣန္ဒြေမပျက်ဘူး၊ မောလိုက်ဟိုက်လိုက်မရှိဘူး၊ သူများလို ရုပ်ပျက်ဆင်းပျက်၊ မောဟိုက်နေတာမရှိဘူး၊ အမြှုပ်တွေတစီစီ ပါးစပ်ကထွက်မနေဘူး၊ အဲဒီလို မြင်းမှ (၃) နံပါတ် အင်္ဂါနဲ့ပြည့်စုံလို့ အရွေးခံရတယ်။

http://www.dhammadownload.com



(၄) နံ့ပါတ်-ဇဝသမ္ပန္နောစ-အရှိန်အဟုန်နဲ့လည်းပြည့်စုံရခြင်း။ အရှိန်အဟုန် နဲ့ပြည့်စုံတယ်ဆိုတာ၊ သည့်ပြင်မြင်းက တစ်နာရီပြေးရမယ့်ခရီးကို သူကနာရီဝက်နဲ့ ရောက်အောင်ပြေးနိုင်တယ်၊ ဒါအရှိန်အဟုန်ကောင်းတာပဲ၊ အခုကာလမော်တော်ကားတွေလိုပဲ၊ မော်တော်ကားချင်းယှဉ်မောင်းကြည့်၊ တစ်ချို့မော်တော်ကားက မန္တလေးနဲ့ တံတားဦးဆိုပါတော့ တစ်နာရီပြေးရမယ်ဆိုရင် သူကနာရီဝက်နဲ့ရောက်လာတယ် ဒီမော်တော်ကား၊ အဲဒါအရှိန်အဟုန်ကောင်းတာပဲ၊ ဒီတော့-အဲဒီလိုအားဖြင့် အာဇာနည်မျိုးမှဖြစ်ပြီးတော့ လုံးရပ်နဲ့ကောင်းသော်လည်းပဲ၊ ရုပ်ဆင်းဥပမိနှင့်ပြည့်စုံသော်လည်းပဲ၊ အားခွန်ဗလ ပြည့်စုံသော်လည်းပဲ၊ အရှိန်အဟုန်ညံ့ဖျင်းနေရင်လည်းပဲ ဒီမြင်းကို မရွေး ဘူး. . . တဲ့၊ ဘုရင်မင်းမြတ်ကြီးရဲ မင်္ဂလာအခမ်းအနားပွဲကြီးမှာ ပါဝင်ဆင်နွှဲ ခွင့်မရဘူး. . .။

ဒီတော့ (၁) အရပ်အမောင်းနဲ့လည်းပြည့်စုံရခြင်း။ (၂) ရုပ်ဆင်းဥပမိလှပကျော့ရှင်း တင့်တယ်ခြင်းနဲ့လည်းပြည့်စုံရခြင်း။ (၃) အားခွန်ဗလနဲ့လည်းပြည့်စုံရခြင်း။ (၄) အရှိန်အဟုန်နဲ့လည်းပြည့်စုံရခြင်းဆိုတဲ့၊ ဒီလေးပါးသောအင်္ဂါနဲ့ပြည့်စုံမှ။

**စတူဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော**

ဤလေးချက်သောအင်္ဂါနှင့်ပြည့်စုံမှ၊ အဿာဇာနေယျော-အာဇာနည်အမျိုးက ပေါက်ဖွားလာတဲ့ ထိုအာဇာနည်မြင်းသည်၊ ရာဇာရဟော-မင်းအားထိုက်တန်သည်၊ ရာဇဘောဂ္ဂေါ-မင်းရဲအသုံးအဆောင်ဖြစ်ထိုက်သည်၊ ရညော အင်္ဂန္တေဝ သင်္ချံ ဂစ္ဆတိ- တိုင်းကြီးပြည်ကြီးသခင် ဘုရင်မင်းမြတ်ရဲ မင်္ဂလာပွဲကြီးမှာ ပါဝင်ဆင်နွှဲခွင့်ရသည်၊ ဟောတိ မုချမသွေ ဖြစ်ရပါပေသတည်း. . .။

သာဓု. . . သာဓု. . သာဓု. . . ပါဘုရား။

ဒါ- မြတ်စွာဘုရားက ဥပမာပေးပြီးတော့ဟောတာ မြင်းဥပမာ ပေးပြီးတော့ အာဇာနည်မြင်းမင်းပွဲစိုးပွဲ မင်္ဂလာပွဲမှာပါဝင်ဆင်နွှဲခွင့် ရတဲ့အင်္ဂါလေးချက်ပြည့်စုံမှ အရွေးခံရပုံကို ဥပမာဆောင်တော်မူပြီးတော့မှ၊

အေး-အဲဒီလို့ပဲ. . . တဲ့ငါဘုရားရှင်ကိုယ်တော်မြတ်တည်းဟူသော လောကုတ္တရာ ဘုရင်မင်းမြတ်ကြီးရဲ့ မင်းပွဲစိုးပွဲ ကျွတ်ပွဲလွတ်ပွဲ သောတာပန်ဖြစ်ပွဲ သကဒါဂါမိဖြစ်ပွဲ အနာဂါမိဖြစ်ပွဲ အရိယာဖြစ်ပွဲဆိုတဲ့ အရိယာဖြစ်ပွဲကျွတ်လွတ်ပွဲကြီးမှာလည်း အို,နာ, သေရေး ဒုက္ခဘေးကြီးမှ လွတ်ပွဲကျွတ်ပွဲကြီးဆိုတဲ့ အရိယာဖြစ်ပွဲကြီးပွဲမှာလည်းပဲ လူကမွေးဖွားလာတဲ့ လူသားဖြစ်ရုံနဲ့ ပါဝင်

http://www.dhammadownload.com



ဆက်နွှဲခွင့်မရသေးပါဘူး. . . တဲ့၊ လူကမွေးဖွား လာတဲ့လူသားဆိုရင်တိရစ္ဆာန် တွေထက်တော့သာပြီလေ၊ပရိတ်သတ်မသာဘူးလား? သာပါ(...)ဘုရား။

မနုဿတ္တဘာဝေါ ဒုလ္လဘော-လူ့အဖြစ်ရခဲတယ်ဆိုတဲ့အတိုင်း ရခဲတဲ့လူ့အဖြစ်ကိုရလာတော့ မြင်းမျိုးကောင်းကမွေးလာသလိုပဲ၊ မျိုးတော့ကောင်းပြီ. . . တဲ့၊ မျိုးတော့ ကောင်းပါတယ် သို့သော် လူကမွေးဖွားလာရုံနဲ့ ငါဘုရားရှင်ကိုယ်တော်မြတ်ကြီး လောကုတ္တရာမင်းတရားကြီးရဲ့ အရိယာပွဲ ကျွတ်ပွဲလွတ်ပွဲ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်ပွဲမှာ လူကမွေးဖွားလာရုံသက်သက်ကလေးနဲ့ ပါဝင်ဆင်နွှဲခွင့်ရရော့လား. . . လို့ဆိုတော့ မရသေးဘူးတဲ့၊ ပရိတ်သတ်ရရဲ့လား?၊ မရပါဘုရား။

အဲ-ဘယ်လိုမှရတုန်းဆိုတော့- ခုနကမြင်းလိုပဲတဲ့၊ (၁) လုံးရပ်နဲ့လည်း ပြည့်စုံရခြင်း။ (၂)ရုပ်ဆင်းဥပဓိနဲ့လည်းပြည့်စုံရခြင်း။ (၃)ခွန်အားဗလနဲ့လည်းနဲ့ ပြည့်စုံရခြင်း (၄)အရှိန်အဟုန်နဲ့လည်းပြည့်စုံရခြင်း။ ဒီအင်္ဂါလေးချက်နဲ့ ပြည့်စုံမှ ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ လောကုတ္တရာ မင်းပွဲစိုးပွဲ ကျွတ်ပွဲ လွတ်ပွဲ အရိယာဖြစ်ပွဲမှာ ပါဝင်ဆင်နွှဲခွင့်ရနိုင်တယ်. . . တဲ့။

ဒီတော့ နံပါတ်(၁)အလုံးအရပ်နဲ့ပြည့်စုံရမယ်ဆိုတာ ဘာပြောတာတုန်း. . . လူ့ အရပ်အမောင်းကြီးကောင်းရမှာပြောတာလား၊ ကိုယ်လုံးကိုယ်ဖန်ကြီးတောင့်တောင့် တင်းတင်းရှိတာပြောတာလား အဲဒါတင်မကဘူး အဲဒီကိုယ်လုံးကိုယ်ဖန်ရော အရပ်အမောင်း ကောင်းရုံတင်မကဘူးတဲ့ ဒါနပါရမီဆိုတဲ့ အလုံးအရပ်နဲ့ပြည့်စုံရတယ်. . . စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ ဒါနပါရမီကောင်းမှု ထပ်တလဲလဲပြု အကြိမ်ကြိမ်ပြု အခါခါပြုဆိုတဲ့ ဒါနပါရမီကောင်းမှု အလုံးအရပ်နဲ့လည်းပြည့်စုံရခြင်း၊ စွန့်ကြဲပေးကမ်းလှူ ဒါန်းရခြင်းဆိုတဲ့ ဒါနပါရမီကောင်းမှု အလုံးအရပ်သေးလာပြီဆိုမှဖြင့် သတ္တဝါတွေမှာ အကုန်လုံး အလုံးအရပ်သေးကုန်ကြတယ်။

ဒါနပါရမီအားနည်းလာတဲ့သူတွေလာဖြစ်ကတည်းက မိုးမလုံ လေမလုံတဲအုံ ကနားလေးထဲလာမွေးတယ်၊ နေစရာထိုင်စရာ လုံးရပ်ကသေး လိုက်တာ. . . သူများတွေက မိုးလုံလေလုံတိုက်တာအဆောက်အဦးကြီး တွေနဲ့နေတယ်။ သူကမိုးမလုံလေမလုံတဲ အုံကနားလေးထဲ လာပြီးတော့ ဖြစ်ရတယ်ဆိုကတည်းကိုက နေစရာထိုင်စရာ လုံးရပ်ကသေး၊ စားစရာသောက်စရာကြည့်လိုက်ပြန်တော့လည်းပဲ၊ တစ်နေ့စာတစ်နေ့ မနည်းရှာပြီးတော့ စားနေရတာဖြစ်တော့ စားရေးသောက်တာ လုံးရပ်ကယည်းသေး ဝတ်စရာဆင်စရာကြည့်

http://www.dhammadownload.com



လိုက်ပြန်တော့လည်း ဝတ်စရာဆင်စရာ တစ်စုံစာမှ၊ စုတ်စုတ်ပြတ်ပြတ်ကို ဝတ်ဆင်ပြီးတော့နေတာမို့လို့၊ ဝတ်စရာဆင်စရာ အလုံးအရပ်ကလည်းသေး။

အဲ့ဒီလိုအားဖြင့် နေရေး,စားရေး,ဝတ်ရေး လုံးရပ်သေးတော့၊ ရှေ့တိုးပြီးတော့ သီလပါရမီ မဖြည့်နိုင်ဘူး၊ ကိုယ့်မှ စားစရာ,သောက်စရာ မပြည့်မစုံ နေစရာထိုင်စရာ မပြည့်မစုံဖြစ်တော့၊ သူများအသက် သတ်တန်သတ်ပြီးတော့၊ ကိုယ်ကိုယ်တိုင်လည်း စားရတယ်၊ သားစာသမီးစာလည်းရှာကျွေးမိတယ်၊ ကိုယ့်မပြည့်စုံတော့ တံငါလုပ်ပြီးတော့ သူများအသက်တွေသတ်ပြီးတော့ ပရိသတ်မကျွေးတတ်ဘူးလား?၊ ကျွေးတတ်ပါကြောင်း ဘုရား။

သူများပစ္စည်းခိုးတာ မကောင်းမှုန်းသိရဲ့သားနဲ့ ကိုယ့်မှာမပြည့်စုံပြီဆိုတော့ ခိုးမိဝှက်မိတွေ ဖြစ်မကုန်တတ်ဘူးလား?၊ ဖြစ်ကုန်ပါကြောင်းဘုရား။ ဒါဖြင့်-ဒါနပါရမီကောင်းမှု အားကောင်းလာတဲ့ အမျိုးသားအမျိုးသမီး တွေကျတော့ လုံးရပ်ကောင်းအောင် သတိဆောင်ပြီးတော့ ကြိုးစားလာခဲ့တဲ့ အမျိုးသားအမျိုးသမီးတွေကျတော့ လာဖြစ်ကထည်းက မိုးလုံလေလုံတိုက်တာ, အဆောက်အဦးကြီးထဲမှာလာပြီးတော့ မွေးရတယ်၊ ဝတ်စရာဆင်စရာတွေ ပြည့်ပြည့်စုံစုံကျွေးနိုင်မွေးနိုင်မယ့် အမေအဖေတွေနဲ့တွေ့ရတယ်၊ စားစရာသောက်စရာတွေ ပြည့်ပြည့်စုံစုံ ကျွေးနိုင်မွေးနိုင်မယ့် အမေအဖေ,ဆွေမျိုး, ဉာတကာတွေနဲ့ကြုံရတယ်. . . ။

သူကလည်းပဲ ထပ်တလဲလဲနဲ့ ဒါနပါရမီကောင်းမှုတွေ ထပ်ထပ်ပြီးတော့ ပြုနေ တယ်ဆိုတော့ ဒါနပါရမီကောင်းမှုအား၊ နေရေး,ဝတ်ရေး, စားရေးလုံးရပ်ကြီးက မပြည့်စုံ ဘူးလား?၊ ပြည့်စုံပါကြောင်းဘုရား။ ဒါဖြင့် လုံးရပ်ကောင်းအောင်လုပ်ရမယ်ဆိုတာ ဒါနပါရမီ အားကောင်းသထက် ကောင်းအောင်ပြုကြ. . . လို့ ဘုရားကတိုက်တွန်းတာမို့လို့ ပရိသတ်လိုက်ဆို လိုက်စမ်းပါ. . . .

* လုံးရပ်ကောင်းအောင်၊ သတိဆောင်၊
များမြောင်ဒါန၊ အားထုပ်ကြ။

အဲ-စွန့်ကြဲပေးကမ်း၊ လှူဒါန်းမှုဆိုတဲ့ ဒါနပါရမီကောင်းမှုကို ကိုယ့်ရဲ့စားဦး စားဖျားကိုပင်လျှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဆွမ်းတော်, ပန်းတော်,ရေချမ်းတော် တင်တဲ့အမှုကိုပြု. . . ပြီးတော့ နှစ်စဉ် လုံးရပ်ကောင်းအောင် ကျင့်ဆောင်ဖို့မလိုဘူးလား?၊ လိုပါတယ်ဘုရား။ ဆွမ်းတော်,ပန်းတော်,

http://www.dhammadownload.com



ရေချမ်းတော် တစ်လကပ်နိုင်တဲ့သူထက် တစ်နှစ်ကပ်နိုင်တဲ့သူက မသာဘူးလား?၊ သာပါတယ်ဘုရား။

တစ်နှစ်ပတ်လုံး ဆွမ်းတော်,ပန်းတော်,ရေချမ်းတော်,စားဦးစားဖျားကို ဘုရားဆွမ်းတော်,ပန်းတော်,ရေချမ်းတော်ကပ်ပြီးတော့လှူတဲ့သူထက် (၁၀)နှစ်ကပ်နိုင်တဲ့ သူကမသာဘူးလား?၊ သာပါတယ်ဘုရား။ တစ်ကြိမ်တစ်ခါ ကုသိုလ်ပြုတဲ့သူထက် (၁၀)ကြိမ် (၁၅)ကြိမ်ပြုတဲ့သူက မသာဘူးလား?၊ သာပါတယ်ဘုရား။ အေး-လူကမွေး ဖွားလာရုံနဲ့ ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ လောကုတ္တရာ မင်းပွဲ, စိုးပွဲမှာ ပါဝင်ဆင်နွှဲခွင့်မရသေးဘူး. . တဲ့၊ အဲဒီလို ဒါနပါရမီကောင်းမှု လုံးရပ်ကလည်းပြည့်စုံရတယ်။

ရုပ်ဆင်းဥပမိနဲ့ နံပါတ် (၂) ပြည့်စုံရမယ်ဆိုတာ လူပကတိရုပ်ဆင်းပြောတာလားဆိုတော့ မဟုတ်ဘူး. . တဲ့၊ အဲဒါတင်၊ အဲ့ဒါကအဓိက မဟုတ်ဘူး၊ သီလဆိုတဲ့ ရုပ်ဆင်းဥပမိနှင့်လည်းပြည့်စုံရခြင်း. . . တဲ့၊ သီလပျက်နေရင် အရုပ်ဆိုးတယ်လို့ သူတော်ကောင်း တွေကသတ်မှတ်တယ်။

သီလံယောဂိဿ အလင်္ကာရော-တဲ့

ယောဂိဿ-မင်္ဂဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုတွေကို ပြု နေတဲ့အမျိုးသား အမျိုးသမီးအတွက်၊ သီလံ-ငါးပါးသီလ,ရှစ်ပါးသီလ,ကိုးပါးသီလစတဲ့သီလသည်၊ အလင်္ကာရော-လှပစေကြောင်းကောင်းမြတ်တဲ့ အဆင်တန်ဆာကြီးပေတည်း။

သီလရှိမှ အဆင်တန်ဆာပြည့်စုံပြီးလှတယ်လို့ခေါ်တယ်၊ သီလပျက်ရင်အရုပ် ဆိုးတယ်၊ လူကဘယ်လောက်ပဲလှနေနေ၊ လူကဘယ်လောက်ချောနေနေ၊ သတ်စရာရှိ လူလည်းသတ်တာပဲ၊ တိရစ္ဆာန်လည်းသတ်တာပဲ၊ သို့မဟုတ်လိမ်လိုက်,ညာလိုက်တာ လည်း မပြောနဲ့တော့၊ ခိုးလိုက်ဝှက်လိုက်တာလည်း၊ မလစ်နဲ့လစ်ရင် ခိုးတတ်တယ်၊ ဓားပြလုပ်ပြီးတိုက်တတ်တယ်၊ သူများသားမယားလည်း ကျူးလွန်ဖောက်ဖျက်တတ်တယ်၊ သောက်လိုက်စားလိုက်တာလည်း မနက်ရော,ညရော မလင်းဘူးဆိုရင်၊ အဲဒီလို လူမျိုးကို ပရိသတ် ရပ်ထဲရွာထဲ လူလှသလောက်အကျင့်ပုပ်တယ်. . . လို့ မပြောဘူးလား?၊ ပြောပါ ဘုရား။ အဲ့ဒီ အကျင့်ပုပ်တယ်လို့ပဲအပြောခံရတာ လှသွားတာလား၊ အရုပ် ဆိုးသွားတာလား?၊ အရုပ်ဆိုးသွားတာပါဘုရား။ ရပ်ထဲရွာထဲ အပုပ်နံ့ထွက်လာအောင် အကျင့်ယုတ်တဲ့ ကိုယ်ကျင့်ပျက်တယ် ဆိုတဲ့စကားဟာ အရုပ်ဆိုးတာကိုပြောတာလား လှတာကိုပြောတာလား?၊ အရုပ်ဆိုးတာကိုပြောတာပါဘုရား။

F. 19

http://www.dhammadownload.com



ဒါဖြင့် သီလရှိတဲ့သူဟာ ပစ္စည်းပင်မရှိလင့်ကစား၊ ရုပ်ပင်ဆိုးလင့်ကစား သီလ စင်ကြယ်တဲ့သူ ယူများပစ္စည်းမခိုးတတ်ဘူး၊ မယူတတ်ဘူး၊ မညာတတ်ဘူး၊ မလိမ်တတ်ဘူး၊ စသည်ဖြင့် သီလစင်ကြယ်တဲ့သူဟာ သူတော်ကောင်းနယ်ကလှတယ်လို့ သတ်မှတ်ရတာဖြစ်လို့ အနည်းဆုံးငါးပါးသီလ လုံအောင် ဒီထက်တတ်နိုင်ရင် ရှစ်ပါး သီလ ကိုးပါးသီလ၊ ဒီထက်တတ်နိုင်ရင် သာမဏေတွေ၊ သီလရှင်တွေ၊ ဒုလ္လဘဝတ်ပြီးတော့ ဒီထက်တတ်နိုင် ကုဋေကိုးထောင်ကျော်သိက္ခာသီလထမ်းတဲ့ ရဟန်းဘဝရောက်အောင် ဆက်ပြီးတော့၊ သီလနဲ့လည်းပဲ အလှတန်ဆာဆင်ဖို့မလိုဘူးလား? လိုပါ ဘုရား၊ ဒါဖြင့် ဆိုစမ်းပါ့-

* ရုပ်ဆင်းလှအောင်, သတိဆောင်,
မျှားမြောင်သီလ, ထိန်းသိမ်းကြ။

အဲ-(၃)နံပါတ် ခွန်အားဗလနဲ့လည်းပြည့်စုံရတယ်. . ဆိုတာ ဘာခွန်အားတုန်း၊ ပကတိလူ့ခွန်အားကြီးပြောတာလားဆိုတော့၊ အဲဒါ- အဓိကမဟုတ်ဘူးတဲ့ ကုသိုလ်ကောင်းမှု တစ်ကြိမ်ပြုပြီးတော့ နောက်တစ်ခါ ပြုအုန်းမယ်. . . ကြံရွယ်ထား၊ နောက်အခွင့်သင့်ပြီဆိုတော့ နောက်တစ်ခါထပ် ပြုပြန်၊ အဲဒီပြုရင်းနဲ့လည်းပဲ နောက်တစ် ခါပြုအုန်းမယ်လို့ ကြံထား၊ အဲဒီလို အားဖြင့် ကုသိုလ်ကောင်းမှုတွေ၊ တစ်ကြိမ်ပြုပြီးရင်း နောက်တစ်ခါပြုမယ်လို့ကြံ၊ နောက်တစ်ခါထပ်ပြု၊ ထပ်ပြု, ထပ်ပြု, ကုသိုလ်အားတွေ၊

အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော။

အနုပ္ပာန္နာနံ-မဖြစ်သေးကုန်သော၊ ကုသလာနံ-ကုသိုလ်ကောင်းမှုတွေကို၊ ဥပ္ပါဒါယ-ဖြစ်ဖို့ရာလည်း၊ ဝါယာမော-ကြိုးပမ်းအားထုတ်ခြင်း။ အနုပ္ပန္နနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော- မဖြစ်ဖူးသေးတဲ့ ကုသိုလ်တွေဖြစ်အောင် ကြိုးစားခြင်း၊ သိမ်အလှုမလှုဘူးသေးဘူး. . . . ဒီဘဝမှာဒါသိမ်အလှုထဲ မပါဘူးသေးဖူး၊ ပါလိုက်အုန်းမယ်၊ သိမ်အလှုလှု လိုက်အုန်းမယ်ဆိုပြီးတော့ သိမ် အလှုတော်ထဲမှာ၊ မိမိတတ်နိုင်သမျှ ဆယ်ဂဏန်းပဲဖြစ်ဖြစ်၊ ရာဂဏန်း၊ ထောင်ဂဏန်း, သောင်းဂဏန်းပဲဖြစ်ဖြစ် တတ်နိုင်သမျှကုသိုလ်ပါဝင်ပြီးတော့ယူ။

ဒီတော့ မဖြစ်ဖူးသေးတဲ့ ကုသိုလ်တွေ၊ သိမ်မလှုဖူးသေးလို့၊ သိမ်လှုတဲ့ကုသိုလ်၊ ဝါဆိုသင်္ကန်းမကပ်ဖူးသေးလို့ ကပ်တဲ့ကုသိုလ်၊ ကျောင်းမဆောက်ဖူးသေးလို့ ဆောက်တဲ့ကုသိုလ်၊ တရားမထိုင်ဖူးသေးလို့၊ ထိုင်တဲ့ကုသိုလ်စသည်

http://www.dhammadownload.com



ဖြင့် မဖြစ်ဖူးတဲ့ ကုသိုလ်တွေဖြစ်အောင် ဖြစ်အောင်၊ ဖြစ်အောင်၊ ကြိုးစားမယ်၊ ကြိုးစားမယ်၊ ကြိုးစားမယ် အားထုတ်မယ်၊ ကြိုးစားမယ်၊ အားထုတ်မယ် ဆိုတဲ့ဝီရိယနဲ့ ကြိုးစားအားထုတ်နေတဲ့ သူသည်၊ ခွန်အားဗလကောင်းပြီးတော့ လာတဲ့သူနဲ့ တူတယ်. . . . တဲ့၊ အားခွန်ဗလကောင်း လာတယ်။အားခွန်ဗလ ကောင်းလာတယ်။

တစ်ကြိမ်တစ်ခါ ကုသိုလ်ကောင်းမှုပြုတဲ့သူထက် ဆယ်ကြိမ်ဆယ်ခါ ပြုဖူးသူက ပရိသတ်အားကောင်းတာလား၊ အားနည်းတာလား? အားကောင်း တာပါဘုရား။ ဆယ်ကြိမ်ဆယ်ခါပြုဖူးတဲ့သူထက် အကြိမ်တစ်ရာပြုဖူးတဲ့သူက အောင်းကောင်း သွားတာလား၊ အားလျော့သွားတာလား? အားကောင်းသွား တာပါဘုရား၊ ဒါဖြင့် အဲဒီလို ကုသိုလ်ကောင်းမှုတစ်ခါပြီးတစ်ခါ ပြုဖြစ်အောင်၊ ဝီရိယကြိုးစားအားထုတ်ထားဖို့ မလိုဘူးလား? လိုပါ ဘုရား။

တစ်ခါပြုပြီးတော်ပြီ. . . ဆိုပြီးတော့ ကောင်းမှုလေးတစ်ခါပြုပြီး၊ တောင်လုပ်၊ မြောက်လုပ်၊ တောင်ဟာစား၊ မြောက်ဟာစား၊ တောင်သွားမြောက် သွားနဲ့၊ ကုသိုလ်ကတစ်ပဲ ငရဲကတစ်ပိဿာဆိုတဲ့အတိုင်း၊ ကုသိုလ်လေးက တစ်ပဲသာလုပ်ပြီးတော့ ငရဲစာရိက္ခာ၊ အကုသိုလ်တွေက တစ်ပိဿာလောက် များနေရင်၊ အားကောင်းသေးရဲ့လား? မကောင်းပါဘုရား။

ဒါဖြင့် ကုသိုလ်အားကောင်းလာအောင် ဝီရိယနဲ့စိုက်ထုတ်ပြီးတော့ တစ်ခါပြုပြီးရင် နောက်တစ်ခါပြုမယ်၊ နောက်တစ်ခါပြုအုန်းမယ်လို့ အဓိဋ္ဌာန် ထားပြီးတော့၊ ဝီရိယ စိုက်ပြီးတော့ထားဖို့မလိုဘူးလား? လိုပါ ဘုရား၊ ဒါဖြင့် ဆိုစမ်းပါ့-

* ခွန်အားကောင်းအောင်, သတိဆောင်, များမြောင်ဝီရိယ,
အားထုတ်ကြ။

ဟောနံပါတ် (၁)က အရပ်မောင်းနဲ့ပြည့်စုံအောင် ဒါနပါရမီကောင်းမှု၊ နံပါတ်(၂) က ရုပ်ဆင်းဥပမိနဲ့ ပြည့်စုံအောင်သီလပါရမီကောင်းမှု၊ နံပါတ်(၃)က ခွန်အားဗလပြည့်စုံအောင် သမ္မပ္ပဓာန် လုံ့လဝီရိယ။

နံပါတ်(၄)အရှိန်ဟုန်နဲ့လည်း ပြည့်စုံရခြင်း. . . တဲ့၊ အရှိန်ဟုန် ဆိုတာက ဘာတုန်း ဆိုတော့-ဉာဏ်ဓာတ်ပြောတာ၊ မိမိပြုတဲ့ကုသိုလ် ကောင်းမှု ထဲမှာ ဉာဏ်ဓာတ်ကြီး ပါသွားစေရတယ်၊ ဉာဏ်ဓာတ်ကြီးထဲမှာလည်းပဲ၊ ဉာဏ် အမျိုးမျိုးထဲမှာ- သံဝေဂဉာဏ်နဲ့ အနုဗောဓဉာဏ်ခေါ်တဲ့ ဝိပဿနာဉာဏ်ပါစေ ရတယ်၊ ဘာကောင်းမှုပဲပြုပြု၊ သံဝေဂဉာဏ် အနည်းဆုံး ပါရတယ်၊ အဲဒီထက်

http://www.dhammadownload.com



တဆင့်တက်တော့ အနုဗောဓဉာဏ်လို့ ခေါ်တဲ့ ဝိပဿနာ ဉာဏ်၊ သံဝေဂဉာဏ် ဆိုတာ ကမ္ဘာလောကကြီးမိမိတို့ နေထိုင်တဲ့(၃၁)ဘုံနဲ့၊ မိမိတို့ရရှိထားတဲ့ ရုပ်နာမ်ခန္ဓာကြီးအပေါ်မှာ ထိတ်လန့်ဖွယ်ရာ အဖြစ်နဲ့မြင်တဲ့ ဉာဏ်၊ ကြောက်ရွံ့ဖွယ်ရာ အဖြစ်နဲ့မြင်တဲ့ဉာဏ်၊ ငြီးငွေ့ဖွယ်ရာအဖြစ်နဲ့မြင်တဲ့ ဉာဏ်၊ လွတ်မြောက်ဖွယ်ရာ အဖြစ်နဲ့မြင်တဲ့ဉာဏ်၊ အဲဒါသံဝေဂဉာဏ်။ များစွာသော သတ္တဝါတွေက မိမိတို့နေထိုင်ရာ (၃၁)ဘုံကြီးကို ပျော်စရာကြီးလို့ မြင်တယ်၊ ရရှိထားတဲ့ ရုပ်နာမ်ခန္ဓာကြီးကိုလည်း နှစ်သက်စရာကြီးလို့မြင်တယ်။

အဲဒီလိုမမြင်ပဲ (၃၁)ဘုံကို တယော ဘဝေ အန္ဓုယရံဝိယ ဒဌဗ္ဗံ။ ကာမရူပ အရူပဆိုတဲ့ ဘဝသုံးစုံ ဘုံ(၃)ဘုံကို ထောင်ကြီး၊ နှောင်အိမ်ကြီးကဲ့သို့ မြင်၊ မိမိရရှိထားတဲ့ ရုပ်နာမ်ခန္ဓာကြီးက အဲဒီနှောင်အိမ်, ထောင်အိမ်ထဲမှာ အလှောင်ခံထားရတဲ့ ငှက်ငယ်ကဲ့သို့မြင်၊ အဲဒီလို(၃၁)ဘုံကို ထောင်အိမ်ကြီးလို့မြင်၊ မိမိရရှိထားတဲ့ လူ့ဘဝလူ့ခန္ဓာကြီးက နှောင်အိမ်ထဲ၊ ထောင်အိမ်ထဲမှာ အကျဉ်းချခံရတဲ့သူလိုပဲ မြင်ပြီးလာပြီဆိုတော့၊ ပရိသတ်ဒီထောင်အိမ်ကြီးထဲမှာ ပျော်သေးရဲ့လား? မပျော်ပါဘုရား၊ (၃၁)ဘုံကို ထောင်အိမ်ကြီးလို့, နှောင်အိမ်ကြီးလို့ ထောင်ကြီးလို့မြင်လာရမယ်ဆိုတော့ ပရိသတ်၊ ကြောက်စရာအဖြစ်နဲ့ မြင်ရမှာလား? ပျော်စရာအဖြစ်နဲ့မြင်ရမှာလား? ကြောက်စရာ အဖြစ်နဲ့မြင်ရမှာ ပါဘုရား။ ထောင်ကြီးဆိုတာ ပရိသတ် ဘယ်သူမဆိုထောင်ထဲနေချင်တဲ့သူရှိရဲ့လား? မရှိပါဘုရား၊ ထောင်ဆိုကတည်းကိုက ကိုယ်စားချင်တာစားရရဲ့လား? မစားရပါဘုရား။ ကိုယ်နေချင်သလိုနေရရဲ့လား? မနေရပါဘုရား။ ကိုယ်သွားချင်တာတွေ ရောသွားရရဲ့လား? မသွားရပါဘုရား။

အဲဒီလိုပဲ(၃၁)ဘုံဆိုတဲ့ ကာမ, ရူပ, အရူပနယ်ကြီးက ထောင်ကြီးနဲ့ တူတယ်. . တဲ့၊ အဲဒီထောင်ကြီးထဲမှာ အကျဉ်းသားတွေကဲ့သို့ (၃၁)ဘုံအတွင်းမှာ ရောက်နေတဲ့ သတ္တဝါတွေက အကျဉ်းသမားတွေနဲ့ တူကြတယ်ဆိုတော့၊ ကိုယ်သွားချင်ရာမသွားရ၊ ကိုယ်စားချင်တာ မစားရ၊ ကိုယ်နေချင်သလို မနေရ၊ ဒီနေ့ ဒကာ ဒကာမတွေ မအိုချင်ပဲနဲ့ အိုကြတာလား၊ အိုချင်လို့ အိုကြတာလား? မအိုချင်ပဲ အိုကြတာပါဘုရား။ ခေါင်းက ဆံပင်တွေ ဖြူလာတာ ဖြူချင်လို့ဖြူတာလား၊ မဖြူချင်ပဲနဲ့ပဲဖြူရတာလား? မဖြူချင်ပဲနဲ့ဖြူရတာပါဘုရား။

ဒီတော့ ကိုယ်ဖြစ်ချင်တာတွေ၊ မဖြစ်ချင်ပဲနဲ့ ဖြစ်ကုန်ရတာတွေ မရှိဘူးလား၊ ရှိပါတယ်ဘုရား၊ ကိုယ်ကတော့ ဆံပင်လေး နက်နက်မှောင်မှောင်နဲ့ တစ်သက်လုံးနေချင်တယ်၊ သူက ဖြူကြောင်ကြောင်ဖြစ်လာတယ်၊ ကိုယ်ဖြစ်ချင်

http://www.dhammadownload.com



တာတွေဖြစ်သေးရဲ့လား? မဖြစ်ပါဘုရား၊ မျက်စိတွေမွဲပြီးတော့ အိုရတယ်၊ ကိုယ်ဖြစ်ချင်တာက၊ ကြည်ကြည်လင်လင်၊ သူကမွဲမှောင်မှုံမွားပြီးတော့လာတယ်၊ ကိုယ်ဖြစ်ချင်တာ ဖြစ်သေးရဲလား? မဖြစ်ပါဘုရား။

ကိုယ်ကပါးရေမတွန့်ပဲနဲ့၊ အသားအရေပြည့်ပြည့်ဖြိုးဖြိုး တင်းတင်းရင်းရင်းနဲ့ အသက်နှစ်ဆယ်သုံးဆယ် အရွယ်လေးနဲ့၊ တင်းတင်းရင်းရင်း နေချင်တယ်၊ သူက ပါးရေတွေတွန့်ပြီးတော့ ခါးတွေကုန်း၊ ပါးတွေရှုံ့ရှုံ့၊ နားထိုင်းပြီးတော့လာတယ်၊ ကိုယ်ဖြစ်ချင်တာတွေဖြစ်သေးရဲ့လား၊? မဖြစ်ပါဘုရား၊ အကျဉ်းသမားဆိုတော့ ကိုယ်ဖြစ်ချင်တာတွေ မဖြစ်ရ၊ ကိုယ်နေချင်သလိုမနေရ၊ ကိုသွားချင်သလို မသွားရ၊ ကိုယ်စားချင်သလို မစားရ. . ဆိုတော့ အကျဉ်းသမားနဲ့မတူဘူးလား? တူပါ ဘုရား။

ဒါဖြင့်(၃၁)ဘုံကြီးက အကျဉ်းဌာနကြီးနဲ့ဘူတယ်၊ အကျဉ်းထောင်ကြီးနဲ့တူတယ်၊ မိမိတို့က (၃၁)ဘုံအတွင်းနေကြတဲ့ သတ္တဝါတွေက အကျဉ်းသမားတွေနဲ့ တူကြတယ်. . လို့ ဒီလိုမြင်လိုက်တဲ့အခါကျတော့၊ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းဖြင့် ဒီအကျဉ်းထောင် ကြီးက လွတ်ရပါလို၏. . . (၃၁)ဘုံထောင်ကြီးက (၃၁)ဘုံနှောင်အိမ်ကြီးမှ လွတ်မြောက်ဖို့ ရာဖြစ်ရပါလို၏. . . လို့ ဒီဉာဏ်ပေါ်မလာဘူးလား? ပေါ်လာပါ ဘုရား။ လွတ်မြောက်ချင်တဲ့ ဉာဏ်မလာဘူးလား? လာပါ ဘုရား၊ ထောင်ကြီးထဲမှာငြီးငွေ့တဲ့ ဉာဏ်မလာဘူးလား? လာပါ ဘုရား။

အဲဒီလို ဉာဏ်နဲ့ဦးစီးပြီးတော့ ကောင်းမှုပြုပြီဆိုတော့ သူ့ရဲ့ ကောင်းမှုအားကြီး က နိဗ္ဗာန်ဘက်ကို အပြေးသွားတယ်၊ ဘုမသိ ဘမသိနဲ့ ကောင်းမှုပြုဟဲ့ ပြုဟဲ့ဆိုလို့ ဝင်ပြုပြီးတော့၊ ငြီးငွေ့ရမှန်းလည်းမသိ၊ (၃၁)ဘုံပေါ်ထိတ်လန့်ရမှန်းလည်းမသိ၊ ရုပ်နာမ် ခန္ဓာရဲ့ အပြစ်လည်းမမြင်ပဲနဲ့ ပြုတဲ့သူထက်၊ ခုနကလို အပြစ်ကိုမြင်ပြီးတော့ ပြုတဲ့သူရဲ ကုသိုလ်အားကြီးက နိဗ္ဗာန်ဘက် ကိုပိုပြီးတော့ မသွားဘူးလား? သွားပါ ဘုရား၊ နိဗ္ဗာန်ဘက်ကို ပိုပြီးတော့ မပြေးဘူးလား? ပြေးပါ ဘုရား။

အဲဒါကြောင့် အရှိန်အဟုန်ဆိုတာ ဉာဏ်ဓာတ်ပြောတာ ဉာဏ်ဓာတ်ပါရတယ် တဲ့၊ အရှိန်အဟုန်ဆိုတာ ဉာဏ်အားပြောတာ၊ မော်တော်ကားသွားတာချင်းအတူတူပဲ၊ လေးဘီးလည်းအတူတူပဲ၊ မန္တလေးနဲ့တံတားဦးတစ်ချို့ကားကြီးတွေက တစ်နာရီ နှစ်နာရီ သွားရတယ်၊ ကားလေးတွေကျတော့ နာရီဝက်နဲ့ရောက်မလာဘူးလား? ရောက်လာပါဘုရား၊ ဒီတော့ အရှိန်အဟုန်ကောင်းလို့ရှိရင် ပိုပြီးတော့ ရှေ့က မရောက်ဘူးလား? ရောက်ပါ ဘုရား။

http://www.dhammadownload.com


ဒါဖြင့် ဒီနေ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ ခြောက်သိန်းကျော်တန် အရိယာဝါသ သိမ်ကျောင်းဆောင်ကြီးကို တပည့်တော်တို့ ဆောက်လုပ်လှူဒါန်းခြင်း ကြောင့်. . . (၃၁)ဘုံဆိုတဲ့ ဒီထောင်အိမ်ကြီးထဲက ကိုယ့်အလိုမကျတာတွေမှန်သမျှ ဖြစ်ပြီးတော့နေရတဲ့ ကိုယ်ဖြစ်ချင်တာမှန်သမျှ မဖြစ်ရတဲ့ ရုပ်နာမ်ခန္ဓာတို့မှ လွတ်ရာငြိမ်းရာ သန္တိသုခနိဗ္ဗာနဓာတ် ချမ်းသာထူးချမ်းသာမြတ်ကြီးကို ရဖို့ရာအတွက် အားကောင်းသော အထောက်အပံ့ဖြစ်ပါစေ. . လို့ အဲဒီလို ရည်ညွှန်းပြီးတော့ သိမ်အလှူကို လှူတဲ့သူနဲ့။

ဟာ-ဒီအဆောက်အဦးကြီးဆောက်လိုက်ရလျှင်ဖြင့် ဒို့ နောက်ဘဝတော့ နတ်ဘုံ, နတ်စည်းစိမ်ကြီးတွေ အကြိမ်ကြိမ်ခံစားရအုန်းမှာပဲလို့ နတ်ဘုံနတ်စည်းစိမ် ရိပ်ငြိမ်ချမ်းသာ၊ လူ့ဘုံလူ့ဘဝ သူဌေးဘဝကြီးတွေ စည်းစိမ်ချမ်းသာခံစားရအုန်းတော့ မှာပဲ. . လို့ သူဌေးဘဝ သူဌေးစည်းစိမ်၊ နတ်ဘဝ နတ်စည်းစိမ် ရိပ်ငြိမ်ချမ်းသာကို တောင့်တပြီးတော့ လှူဒါန်းတဲ့သူတို့သည် ပရိသတ်ကြီး နိဗ္ဗာန်ရောက်တာချင်းတူပါ့ မလား ? မတူပါဘုရား၊ လူ့ဘဝစည်းစိမ် နတ်ဘဝစည်းစိမ် အကြိမ်ကြိမ်ခံစားလိုတဲ့ သူက နောက်ကျမနေရစ်ဘူးလား? နေရစ်ပါတယ်ဘုရား။

သူက သူလိုချင်တဲ့ လူ့ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာ အကြိမ်ကြိမ်၊ နတ်ဘဝ စည်းစိမ်ရိပ်ငြိမ်ချမ်းသာ အကြိမ်ကြိမ်၊ အဲဒီ နားလည်ပြီးတော့၊အဲဒီနားတစ်ဝေ့ဝေ့နဲ့ နေရစ်တော့၊ ဒီကောင်းမှုကြောင့် လူ့ဘုံတော့ ရောက်သွားပါရဲ့ သူရချင်တဲ့ လူစည်းစိမ် ကြီးလည်းရပါရဲ့ ၊ သို့သော် ခုနက ပြောတဲ့ ထောင်ကြီးထဲကရောလွတ်ရဲ့လား? မလွတ်ပါဘုရား၊ သူဖြစ်ချင်တာတွေကော ဖြစ်ရရဲ့လား? မဖြစ်ရပါဘုရား၊ မဖြစ်ချင်တာတွေမှန်သမျှ မကြုံရဘူးလား? ကြုံရပါဘုရား။

အဲဒီလိုအားဖြင့် သံဝေဂဉာဏ်ဆိုတဲ့ ဉာဏ်အနည်းဆုံးပါရတယ်၊ လွတ်မြောက်ချင်တဲ့ဉာဏ် မုဉ္စိတုကမျတာဉာဏ် ငြီးငွေ့တဲ့ဉာဏ် နိဗ္ဗိန္ဒဉာဏ်။ ထိတ်လန့်တဲ့ဉာဏ် သံဝေဂ ဉာဏ်ဆိုတဲ့ အဲဒီဉာဏ်ဦးစီးပြီးတော့ ပြုနိုင်မှ ဒီနေ့ပြုတဲ့၊ ဒီကနေ့ ဒကာ ဒကာမတွေ ပြုလုပ်အားထုတ်တဲ့ ကောင်းမှုကြီးက မဂ်ဖိုလ်နိဗ္ဗာန်ဘက်ကို လျင်မြန်စောစွာ ပို့နိုင်တယ်၊ အရှိန်ဟုန်ပါတဲ့ ကုသိုလ်လို့ ခေါ်ရတယ်။

ဒီကနေ တစ်ဆင့်တက်လိုက်တော့- အနုဗောဓဉာဏ်ဆိုတာ၊ အနု- ဆိုတာ သစ္စာလေးပါးလျှော်သော၊ ဗောဓ-သိတဲ့ဉာဏ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်

http://www.dhammadownload.com



အားလျော်စွာသိတဲ့ ဉာဏ်၊ သစ္စာလေးပါးကို တိုက်ရိုက်သိတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်အားလျော်စွာသိတဲ့ ဉာဏ်ဆိုတာ ဝိပဿနာဉာဏ်၊ ဝိပဿနာဉာဏ်ဆိုတာ ဘာတုန်းလို့ဆိုတော့ ကိုယ့်ရှိနေတဲ့ အရှိတရားကို၊ ရှိတဲ့အတိုင်းမြင်ပြီးတော့၊ ငါစွဲပြုတ်သွားတဲ့ ဉာဏ်ကို ဝိပဿနာဉာဏ်. . တဲ့၊ ဒီတော့ ဝိပဿနာဉာဏ်ပေါ်ချင်လို့ရှိရင် ဘုန်းကြီးတို့ဒကာဒကာမတွေ ငါစွဲပြုတ်ရတယ်၊ ဘာစွဲပြုတ်ရပါလိမ့်? ငါစွဲပြုတ်ရမှာပါဘုရား၊ ဆိုစမ်းပါ့-

* ငါထိုင် ငါသွား ငါကြွား ငါမြင်၊ ရုပ်ထဲ နာမ်ထဲ ငါစွဲတွေဝင်။

ရုပ်နာမ်နှစ်ချက် ဖြစ်ပျက်ကိုမြင်၊ ရုပ်နာမ်ငြိမ်း အေးကိန်းနိဗ္ဗာန်ဝင်။

ဟော-ဒကာဒကာမတွေ အခုထိုင်နေတော့လည်းပဲ၊ ထိုင်နေတာက အမှန်က ရုပ်နဲ့နာမ်၊ နာမ်နဲ့ရုပ်နှစ်ပါးရဲ့ထိုင်ခြင်း၊ သို့သော် ငါထိုင်နေတယ်၊ ငါထိုင်နေတယ်၊ အဲဒီ အစွဲလေးမရှိဘူးလား ပရိသတ်? ရှိပါ ဘုရား။ ထိုင်နေတာငါ၊ ထိုင်နေတာ ငါလို့လည်း ထင်မနေဘူးလား?ထင်နေပါဘုရား။ အမှန်ထိုင်နေတာက ထိုင်ချင်တဲ့နာမ်နဲ့ ထိုင်ဟန်ပြုတဲ့ရုပ်၊ ဒီနှစ်ပါးပေါင်းပြီးတော့ အလုပ်သုပ်နေလို့ မိုးမိုးမတ်မတ်၊ ဝါယောရုပ်၊ လေရုပ်တွေက၊ ထောက်ကန်တွန်းထုံးထားလို့ ဒီရုပ်ခန္ဓာကြီးက လဲမသွားအောင် ထိုင်ချင်တဲ့စိတ်တွေက ဆောင်ထားလို့ထိုင်တယ်. . . ဆိုတဲ့ အမူအရာကြီးပေါ်နေတာ။

ပိုထင်ရှားအောင်ပြောရင် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီတရားပွဲကြီးကို လာခဲ့တုန်းက လာချင်တဲ့စိတ်တွေနဲ့ လာဟန်ပြုတဲ့ရုပ်တွေပေါ်ခဲ့တယ်၊ မပေါ်ခဲ့ဘူးလား?ပေါ်ခဲ့ပါတယ်ဘုရား။ ဒီတရားပွဲကြီးကို လာတော့မယ်ဆိုတော့ တံတားဦးမြို့ထဲကဖြစ်ဖြစ် သူငယ်တော်ရွာထဲကပဲဖြစ်ဖြစ် ဟိုက ဒီက တရားပွဲသွားအုန်းမှပဲ တရားပွဲသွားအုန်းမှပဲ တရားသွားနာခြေအုန်းမှပဲသွားနာခြေအုန်းမှပဲဆိုတဲ့ စိတ်တွေအရင် မဖြစ်ဘူးလား။? ဖြစ်ပါ ဘုရား၊ အဲဒီစိတ်တွေကို နာမ်တရားလို့ခေါ်တယ်၊ ဘာတရားလို့ခေါ်တုန်း? နာမ်တရားလို့ခေါ်ပါ ဘုရား၊ နာမ်တရားဆိုတာ ဘာပြုလို့ နာမ်ခေါ်တုန်း၊ ညွတ်တတ်လို့တဲ့၊ ဘယ်ညွတ်တာတုန်းဆိုတော့၊ ဒကာဒကာမတွေ သူငယ်တော်ရွာထဲရှိသေးတယ်၊ တံတားဦးထဲရှိသေးတယ်၊ ရုပ်ခန္ဓာကိုယ်က၊ စိတ်က ဒီရောက်ရောက်မနေဘူးလား? ရောက်နေပါ ဘုရား၊ အဲဒါညွတ်တယ်လို့ ခေါ်တယ်၊ အာရုံရှိရာဆီကို ညွတ်ကနဲ၊ ညွတ်ကနဲရောက်ရောက်သွားနှင့်တယ်။

ဒါကြောင့် သူ့ကိုနာမ်၊ နမတီတိ နာမံ-ညွတ်တတ်လို့နာမ်၊ အဲဒီနာမ်တရားက ဆွဲလိုက်တော့၊ အဲဒီနာမ်တရားက လှုံ့ဆော်လိုက်တော့၊ ဒကာ

http://www.dhammadownload.com



ဒကာမတွေရဲ့ ခြေထောက်ထဲ၊ ကိုယ်ထဲမှာ၊ ဝါယောရုပ်၊ လေရုပ်တွေက၊ စိတ်ကြောင့်ဖြစ်တဲ့လေရုပ်တွေက တွန်းထိုးလှုပ်ကန်ပေးလိုက်တော့၊ ခြေထောက်တွေကြွ၊ လက်တွေရမ်း၊ ခြေတွေလှမ်း ပြီးတော့၊ စက်ဘီးတွေစီး ပြီးတော့၊ မြင်းလှည်းတွေစီးပြီးတာ့၊ ဒီရောက်မလာဘူးလား? ရောက်လာပါ ဘုရား။ အဲဒါရုပ်နာမ်တရားလို့ခေါ်တယ်၊ မှန်လှပါဘုရား၊ ဘာလို့ရုပ်လို့ခေါ်တုန်း၊ ဖောက်ပြန်တတ်လို့တဲ့၊ ထင်ထင်ရှားရှားကြီးကိုဖောက်ပြန်တတ်လို့၊ ဘာကြောင့်ဖောက်ပြန်တာတုန်း အပူကြောင့်သော်လည်းကောင်း၊ အအေး ကြောင့်သော် လည်းကောင်း၊ ဒီခန္ဓာကိုယ်ကြီး အခု ဒကာဒကာမတွေရဲ့ ခန္ဓာကိုယ် ကောင်းနေတာလေး၊ မီးနဲ့တိုက်လိုက်၊ ချက်ခြင်းမည်း မှောင်ကျွမ်းပြီးတော့ ဖောက်ပြန်မသွားဘူးလား? ဖောက်ပြန် သွားပါတယ် ဘုရား။

အဲဒီလို အဖောက်ပြန်ထင်ရှားအားကြီးလို့ ရုပ္ပတီတိ ရူပံ-ဖောက်ပြန်တတ်လို့ ရုပ်၊ ဒါဖြင့် ဒီခန္ဓာကိုယ်ကြီး တစ်ခုလုံးမှာသေချာရှာကြည့်ရင်၊ ဆိုစမ်းပါ့-

* လာချင်တာကနာမ်, လာဟန်ပြုတာကရုပ်၊
သူမဟုတ် ငါမဟုတ်, လာတာနာမ်နဲ့ရုပ်၊
သူမဟုတ် ငါမဟုတ်, သဘောသက်သက်နာမ်နဲ့ရုပ်၊
သူမဟုတ် ငါမဟုတ်, ဖြစ်ပျက်သက်သက်နာမ်နဲ့ရုပ်။

လာတာဘာနဲ့ဘာတုန်းပရိသတ်? နာမ်နဲ့ရုပ်ပါဘုရား၊ ကိုင်း-သုတမယဉာဏ်နဲ့၊ စာပေအသိပဲ ဘုန်းကြီးလျှောက်ပြောတာနဲ့တင် ဘာဝနာပွား မဟုတ်သေးဘူး။ ဒါ သုတမယဉာဏ်နဲ့ စာပေအသိနဲ့ အဟောအပြောနဲ့ နားထောင်လိုက် တာနဲ့ပဲ လာချင် တာကနာမ်၊ လာဟန်ပြုတာကရုပ်၊ ဒီနာမ်ရုပ်နှစ်ပါးလာတာပဲ. . . လို့ ပေါ်မသွားဘူးလား? ပေါ်သွားပါ ဘုရား၊ လာတာနာမ်ရုပ်နှစ်ပါးကလွဲလို့ ရှိသေးလား? မရှိတော့ပါဘုရား၊ ဟောဒီဘက်က လာနေတာက ငါတဲ့၊ ဟိုဘက်က လာနေတာက သူလို့ မပြော ပြန်ဘူးလား?ပြောပါ ဘုရား၊ နာမ်ရုပ်သူမလုပ်ပြန် ဘူးလား? လုပ်ပါ ဘုရား။ ဒီတော့ မြတ်စွာဘုရားက-

နာမရူပံ နာဟံ န ပရော။ နာမရူပံ-နာမ်ရုပ်သည်၊- နာဟံ-ငါလည်း မဟုတ်၊ နပရော-သူတစ်ပါးလည်းမဟုတ်။ ငါလည်းမဟုတ် သူလည်းမဟုတ်လို့ ပြောပေမယ့်လို့၊ နားထဲကြားလို့သာ ကြားလိုက်ရတယ်၊ ဝိပဿနာနဲ့ မရှုရင်သိရဲ့လား? -မသိပါဘုရား။ ဒီတော့-ရုပ်နာမ်ဟာ ငါမဟုတ်ဘူး၊ သတ္တဝါမဟုတ်ဘူး၊

http://www.dhammadownload.com



ပုဂ္ဂိုလ်မဟုတ်ဘူး၊ ယောကျ်ား မဟုတ်ဘူး၊ မိန်းမ မဟုတ်ဘူး. . . လို့ ဘုရားက အကြိမ်ကြိမ်ပြောခဲ့တယ်၊ သဘာဝ နဲ့ စစ်ဆေးကြည့်တော့လည်း ဉာဏ်နဲ့စစ်ဆေးကြည့်တော့လည်းပဲ ရုပ်နာမ်ဟာ ရုပ်နာမ် သာလျှင်ဖြစ်ပြီးတော့၊ ငါဟုတ်သေးရဲ့လား? မဟုတ်ပါဘုရား၊ သူဟုတ်သေးရဲ့လား?မဟုတ်ပါဘုရား၊ ဒါပေမယ့်လို့ ဝိပဿနာနဲ့ မရှုပွား ဉာဏ်မသွင်းလို့ရှိရင် ဘယ်နှယ့် ထင်နေတုန်းလို့ဆိုတော့၊ ဆို-

* ငါထိုင် ငါသွား ငါကြွား ငါမြင်၊
ရုပ်ထဲ နာမ်ထဲ ငါစွဲတွေဝင်၊

ကိုင်း-ဒီလာခဲ့တာ နာမ်နဲ့ရုပ်ကလာခဲ့တာ၊ မှန်လှပါဘုရား၊ ဘာကလာတာတုန်း?နာမ်နဲ့ရုပ်ပါဘုရား၊ လာတာနာမ်ရုပ်မဟုတ်ဘူးလား? ဟုတ်ပါဘုရား၊အဲ-နာမ်ရုပ်ရှိတာ နာမ်ရုပ်လို့သိရင် မှန်သောအသိဖြစ်မယ်၊ မှန်ပါ ဘုရား၊ ရုပ်နာမ်ရှိတာကို ရုပ်နာမ်လို့သိတဲ့အသိ မှန်တဲ့အသိလား၊ မှားတဲ့အသိလား? မှန်တဲ့အသိပါဘုရား။ ရှိတာရှိတဲ့ အတိုင်း သိတာမှန်တဲ့အသိပေါ့၊ မှန်ပါဘုရား၊ အဲဒီမှန်တဲ့အသိဆိုတဲ့ မြန်မာစကားကို ပါဠိလိုလိုက်စီရင်၊ မှန်တဲ့ဆိုတာက သမ္မာ၊ အသိဆိုတာ ဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ. .၊မဂ္ဂသစ္စာဝေါ်တာ၊မှန်ပါဘုရား၊ဝိပဿနာဉာဏ်ပေါ်တာ၊ မှန်ပါဘုရား။

ရုပ်နာမ်၊ ရုပ်နာမ်အတိုင်း ပိုင်းခြားသိသည်နှင့် တစ်ပြိုင်နက်၊ နာမရူပပရိစ္ဆေဒ ဝိပဿနာဉာဏ်အစပေါ်တာခေါ်တယ်၊ မှန်ပါဘုရား၊ ဝိပဿနာဉာဏ်အစပေါ်ရင် ငါလေးပျောက်သွားတယ်၊ မှန်ပါဘုရား၊ အဲဒါ သက္ကာယဒိဋ္ဌိ-သတ်တယ်လို့ခေါ်တယ်၊ မှန်ပါဘုရား၊ ငါစွဲဟာ သက္ကာယဒိဋ္ဌိပဲ၊ မှန်ပါဘုရား၊ ဒါဖြင့်-ဒကာ ဒကာမတွေသွားလည်း တငါငါ စားလည်း တငါငါ မြင်လည်း တငါငါ ကြွားလည်း တငါငါ၊ ဣရိယာပုထ်လေးပါး ကြည့်လေ၊ သွားလည်းငါတဲ့၊ ထိုင်လည်းငါတဲ့ ရပ်လည်းငါတဲ့ အိပ်လည်းငါတဲ့၊ ဒွါရခြောက်ပါးကကြည့်ရင်လည်း မြင်တာငါ၊ ကြည့်တာငါ၊ ကြားတာငါ၊ နားထောင်တာငါနဲ့ ဒွါရခြောက်ပါးကလည်း တငါငါနဲ့ မနေဘူးလား?၊ နေပါတယ်ဘုရား။ ရုပ်ထဲ နာမ်ထဲငါစွဲတွေမဝင်ဘူးလား?၊ ဝင်ပါတယ်ဘုရား။ အဲ-ရုပ်ထဲ နာမ်ထဲ ငါစွဲတွေဝင်နေလို့ရှိရင်၊ ငါစားချင်တာတို့ အကုန်နောက်က လိုက်လာတတ်တယ်၊ မှန်ပါဘုရား။

သိမ်ကျောင်းဆောင်ကြီး ဆောက်လုပ်လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုကြောင့် ငါနတ်ပြည်အကြိမ်ကြိမ် ရရပါလို၏. . လို့ ဟော. . ငါမလာဘူးလား? လာပါတယ်ဘုရား။ ငါ တော့ဖြင့် နောက်ဘဝ စည်းစိမ်ပေါကြီးတော့ သူဌေးကြီး,

http://www.dhammadownload.com



လူချောကြီး, လူချောမကြီး ဖြစ်ရအုန်းမှာပဲလို့ ငါမလာဘူးလား? လာပါတယ် ဘုရား။ အဲဒီ ငါတွေနဲ့ လှုနေရင် နိဗ္ဗာန် မြန်မြန်မရောက်ဘူး? မှန်ပါဘုရား။

အရှိန်ဟုန်ကပါရဲ့လား? မပါ ပါဘုရား၊ အရှိန်ဟုန်မပါတော့ဘူးတဲ့ သူက သွားတော့သွားတယ် အရှိန်ဟုန်မပါဘူး၊ တံတားဦးနဲ့ မန္တလေး ကုန်တင်ကားကြီးတို့ ဘတ်(စ်)ကားကြီးတို့ မောင်းတော့မောင်းတယ်၊ အရှိန်အဟုန်က အခုကာလ ကားလေးတွေလို ပြေးရဲ့လား? မပြေးပါဘုရား။ ဒါဖြင့်-မြန်မြန် ရောက်ပါ့မလား? မရောက်ပါဘုရား။ နှေးမနေဘူးလား? နှေးနေပါတယ် ဘုရား။ ဒကာ ဒကာမတွေက အို,နာ,သေနဲ့မြန်မြန်လွတ်ချင်တာလား နှေးနှေး လွတ်ချင်တာလား? မြန်မြန်လွတ်ချင်တာပါဘုရား။ အို,နာ,သေကတော့ မြန်မြန်မလွတ်ချင်ဘူးလား? လွတ်ချင်ပါ ဘုရား။ ဒါဖြင့်-အရှိန်အဟုန် ထည့်ဖို့မလိုဘူးလား? လိုပါ ဘုရား။ ဆို-

* ငါထိုင် ငါသွား၊ ငါကြွား ငါမြင်၊ ရုပ်ထဲ နာမ်ထဲ၊ ငါစွဲတွေဝင်။
ရုပ်နာမ်နှစ်ချက်၊ ဖြစ်ပျက်ကိုမြင်၊ ရုပ်နာမ်ငြိမ်း၊
အေးကိန်းနိဗ္ဗာန်ဝင်။

ဒီတော့ ဘယ့်နယ့်လုပ်ရမှာတုန်းဆိုတော့ အဲဒီ လှမ်းလိုက်တဲ့ အခိုက် တိုင်း လှမ်းလိုက်တဲ့အခိုက်တိုင်း၊ လှမ်းချင်တဲ့နာမ်နဲ့ လှမ်းဟန်ပြု တဲ့ရုပ်ပေါ်မနေ ဘူးလား?၊ ပေါ်နေပါ ဘုရား။ အဲဒါကို ရုပ်နာမ်. . . ရုပ်နာမ်လို့ဖမ်းရှု လိုက်ရင် မမိဘူးလား?၊ မိပါ ဘုရား။ အဲဒီ ရုပ်နာမ်ဟာပြီးတော့ ဘယ့်နဲ့ဖြစ် သွားတုန်း၊ ပေါ်ပြီးပျောက်၊ ပေါ်ပြီးပျောက်သွားတယ်လေ၊ မှန်ပါဘုရား၊ သူ့အဆစ်အပိုင်းနဲ့သူနဲ့၊ သွားချင်တဲ့စိတ် ကလေး၊ သွားချင်တုန်းက၊ စောစော တုန်းက ဒကာ ဒကာမတွေ သွားချင်စိတ်ပေါ်ပြီး တော့သွားခဲ့တယ်၊ အခုအဲဒီ သွားချင်စိတ်ရှိသေးသလား?၊ မရှိတော့ပါဘုရား။ ဒီမှာထိုင်လိုက်သည်နဲ့ တစ်ပြိုင်နက် သွားချင်စိတ်တွေ မပျောက်ဘူးလား? ပျောက်ပါ ဘုရား။

ဒါက လှမ်းပြီးပြောတာ၊ အဝေးကြီးပြောတာ အမှန်က အဲဒီသွားချင်တဲ့ စိတ်ပေါ်သွားလိုက်၊ ပထမညာဘက်ခြေလှမ်း၊ လှမ်းချင်တဲ့စိတ်ပေါ်၊ ခြေလှမ်း လိုက်၊ ခြေလှမ်းပြီး ရင်၊ ညာဘက်ခြေလှမ်းချင်တဲ့စိတ်ပျောက်၊ ဘယ်ဘက် ခြေလှမ်းချင်တဲ့ စိတ်ပေါ်၊ ဘယ်ဘက်ခြေလှမ်းချင်တဲ့ စိတ်ပေါ်တဲ့အချိန်၊ ညာဘက်ခြေလှမ်းချင်တဲ့စိတ် မပျောက်ဘူးလား?၊ပျောက်ပါ ဘုရား၊ အဲဒီလို အားဖြင့် ခဏတိုင်း ခဏတိုင်း၊ အကြိမ်တိုင်း အကြိမ်တိုင်း၊ အချိန်တိုင်း အချိန် တိုင်း၊ အဆစ်တိုင်း အဆစ်တိုင်း၊ အပိုင်းတိုင်း အပိုင်းတိုင်း၊ သူ့ရုပ်နာမ်နဲ့သူ၊

http://www.dhammadownload.com



အပြတ်အပြတ်၊ အတစ်အတစ်၊ အသစ်အသစ်တွေဖြစ် ဖြစ်ပြီးတော့ မလာဘူးလား? လာပါ ဘုရား။

ဒါဖြင့် လှမ်းတိုင်း လှမ်းတိုင်း၊ လှမ်းတယ် လှမ်းတယ် လှမ်းတယ်လို့ ရှုမှတ်ပြီးတော့ လာခဲ့ရင်သော်လည်းကောင်း၊ သို့မဟုတ်-ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ် ဖြစ်ပျက်ဟူ၍ ရှုမှတ်ပြီးတော့ လာခဲ့သော်လည်းကောင်း၊သို့မဟုတ်-ရုပ်သိပျက် နာမ်သိပျက်၊ ရုပ်သိပျက် နာမ်သိပျက်ဟူ၍ ရှုမှတ်ပြီးတော့ ဆရာသမားတွေပေးထားတဲ့ နည်းအတိုင်း ရှုမှတ်ပြီးတော့ လာခဲ့ရင်သော်လည်းကောင်း၊ ငါစွဲမပျောက်ဘူးလား? ပျောက်ပါ ဘုရား။ ငါစွဲလေးမပြုတ်ဘူးလား ပြုတ်ပါတယ်ဘုရား။ အဲဒီသက္ကာယဒိဋ္ဌိခေါ်တဲ့ ငါစွဲလေးပြုတ်ပြီးတော့ လှူတဲ့ အလှူသည်. . နိဗ္ဗာန်ကို မြန်မြန်ရတဲ့၊ အရှိန်အဟုန် ကောင်းကောင်းနဲ့ ပြေးတဲ့ကုသိုလ်. . . တဲ့၊ ဒါဖြင့် အရှိန်အဟုန်ထည့်ပေးဖို့ မလိုဘူးလား? လိုပါ ဘုရား။

အနည်းဆုံး သံဝေဂဉာဏ်နဲ့(၃၁)ဘုံကြီးကို ကြောက်လန့်ဖွယ်ရာ အဖြစ်ကြီးနဲ့မြင်၊ ရရှိထားတဲ့ရုပ်နာမ်ခန္ဓာကို ထိတ်လန့်ဖွယ်ရာ သဘောကြီး အဖြစ်နဲ့၊ အကျဉ်းသမား အဖြစ်နဲ့မြင်၊ ဘုရားပေးတဲ့ ဥပမာအမျိုးမျိုးနဲ့ မြင်အောင်ကြည့်. . . ပြီးတော့ အဲဒီရုပ်နာမ် ခန္ဓာမှလွတ်ဖို့ရာ လှူပါ၏. . . အဲဒီ ရုပ်နာမ်ခန္ဓာဒုက္ခသဘောတို့မှ လွတ်ရာကင်းရာကို ရောက်ဖို့ တပည့်တော်တို့ ဤသိမ်ကျောင်းဆောင်ကြီးကို ဆောက်လုပ်ပြီးတော့ လှူဒါန်းကြပါကုန်၏. . လို့၊ အဲဒီလို ဝိပဿနာဉာဏ်၊ သံဝေဂဉာဏ်နဲ့ ဆင်ခြင်ပြီးတော့ လှူဒါန်းနိုင်ခဲ့ရင်၊ အရှိန်ဟုန်ကောင်းကောင်းနဲ့ ပြေးတဲ့မြင်းလိုပဲ. . . တဲ့၊ ငါဘုရားရှင် ကိုယ်တော်မြတ်ကြီး ရဲ့ လောကုတ္တရာ မင်းပွဲ စိုးပွဲ၊ အရိယာဖြစ်ပွဲကြီးမှာ ပါဝင်ဆင်နွှဲခွင့်ရနိုင်တယ်. . . လို့၊ ဘုရားဟောတော်မူတာမို့လို့-ဆိုလိုက်စမ်းပါ-

* အရှိန်ဟုန်ကောင်းအောင်၊ သတိဆောင်၊ များမြောင်ဓမ္မ၊ ရှုပွားကြ။

ငါဘုရားရှင်ကိုယ်တော်မြတ်ကြီး တည်းဟူသော လောကုတ္တရာ မင်းပွဲစိုးပွဲမှာ အရိယာဖြစ်ပွဲအဖြစ်နဲ့၊ ပါဝင်ချင်ရင် လူကမွေးဖွားထားတဲ့ လူသားဖြစ်ရုံနဲ့ မရသေးဘူး. . . တဲ့၊ ရရဲ့လားပရိသတ်? -မရပါဘုရား။ လူကမွေးရုံနဲ့ သောတာပန်အလိုလိုဖြစ်ရဲ့လား? မဖြစ်ပါဘုရား။ လူကမွေးဖွားတဲ့လူသား၊ မနုဿတ္တဘာဝ ဒုလ္လဘကြီးရရုံနဲ့ ရဟန္တာအချောင်ဖြစ်ရဲ့လား? မဖြစ်ပါဘုရား။ ဒါဖြင့် ပြဆိုအပ်ခဲ့တဲ့ အင်္ဂါလေးချက်ပြည့်စုံဖို့ မလိုဘူးလား? လိုပါ ဘုရား။ ဒါဖြင့် အင်္ဂါလေးချက်ပြန်ပေါင်းလိုက်ရအောင်-

http://www.dhammadownload.com



* လုံးရပ်ကောင်းအောင်, သတိဆောင်, မျှားမြောင်ဒါန, အားထုတ်ကြ။
ရုပ်ဆင်းလှအောင်, သတိဆောင်, မျှားမြောင်သီလ, ထိန်းသိမ်းကြ။
အရှိန်ဟုန်ကောင်းအောင်, သတိဆောင်, မျှားမြောင်ဓမ္မ, ရှုပွါးကြ။

အဲဒီလိုအားဖြင့်-ဘုရားရှင်ကိုယ်တော်မြတ်ကြီး အင်္ဂုတ္တရနိကာယ်၊ စတုက္က နိပါတ်မှာ ဟောတော်မူတဲ့ အဿာဇာနေယျ-မြင်းအာဇာနည်ကို ဥပမာပေးပြီးတော့ ဟောတော်မူခဲ့တဲ့ သုတ္တန်ဒေသနာတော်သွားအရ၊ ယနေ့ ဒကာဒကာမ အပေါင်း သူတော်ကောင်းတို့သည် လုံးရပ်ကောင်းအောင်,ရုပ်ဆင်းလှအောင်,ခွန်အားကောင်း အောင်,အရှိန်အဟုန်ကောင်းအောင် တပည့်တော်တို့ကြိုးပမ်းအားထုတ် ပြုလုပ်ရင်းနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတည်းဟူသောလောကုတ္တရာ မင်းတရားကြီး ရဲ့၊ မင်းပွဲ စိုးပွဲ၊ ကျွတ်ပွဲ လွတ်ပွဲ၊ သောတာပန် သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဖြစ်ပွဲ၊ အရိယာ ဖြစ်ပွဲကြီးမှာ ပါဝင်ဆင်နွှဲခွင့်ရအောင်၊ တပည့်တော်တို့ ကျင့်ဆောင်ကြိုးကုတ် အားထုတ်နေကြပါကုန်၏. . .။

သုခေတ္တေ ပဏ္ဏိတော ပေါသော, သမ္ပသံ အတ္ထမတ္တနော၊
ဘဝပဒေသံ လဒ္ဓါန, စရေယျ ဇီဝိတံ သေဋ္ဌံ။

သုခေတ္တေ-ဗုဒ္ဓမြတ်စွာ, သာသနာလမင်း, ကမ္ဘာတွင်းဝယ်, လင်းတရှိန်ရှိန်, ထိန်တလက်လက်, စိန်စက်တန်ဆောင်, အမှောင်ပျက်ပြုန်း, အရောင်ထွက်တုန်း၌။ ပဏ္ဏိတောပေါသော-ကံကောင်းထောက်မ, လူ့ဘဝကို, ရလာဘိတောင်း, အမျိုးသား, အမျိုးသမီးကောင်းသည်။ အတ္တနော အတ္ထံ-ပစ္စုပ္ပန်သံသရာ,နှစ်ဖြာစီးပွါး, မိမိရဲ့အကျိုးတရားကို။ သမ္ပသံ သမ္ပဿန္တော-ကောင်းစွာ ကြည်လင်, အရှည်ထင်အောင်, မျှော်မြင်နိုင်ခဲ့သည်ရှိသော်၊ ဘဝပဒေသံ-ဘဝများစွာ, ကမ္ဘာဘာဖို့, ချမ်းသာသုခ, တောင်းတိုင်းရ, လုပ်တိုင်းရနိုင်တဲ့, ဘဝပဒေသာပင်ကြီးကို။ လဒ္ဓါလဒ္ဓါန-အခါကောင်းနှင့်, အခွင့်လျှော်စွာ, ရရှိနေပါ သည်ဖြစ်၍၊ ဇီဝိတံ-နေချိန်နည်းပါး, အနာများလျှက်, ဆူပွါးပွေလိမ်, ဇီဝိတိန္ဒြေ ခေါ်မြွက်, ကိုယ့်အသက်ကလေးကို၊ သေဋ္ဌံ-ဘုရားရှင်ကိုယ်တော်မြတ်ကြီး တည်းဟူသော, လောကုတ္တရာမင်းတရားကြီးရဲ့, မင်းပွဲစိုးပွဲ, ပါဝင်ဆင်နွှဲခွင့်ကို, ရစေတတ်တဲ့, အကောင်းမြတ်ဆုံးဖြစ်ရ လေအောင်။ စရေ စရေယျ-လုံ့လကြိုးကုတ်, အားပါးထုတ်၍, မယုတ်ရစေ, နေ့စဉ်နေ့စဉ်, ပြုလုပ်သင့်လှပါပေသတည်း။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား။

http://www.dhammadownload.com



# အသက်လည်းရှူ အသက်လည်းရှင်တရားတော်

ဒီနေ့ "ကိုယ့်ကိုယ်ကို အသက်လည်းရှူ အသက်လည်းရှင်တဲ့ သူဖြစ်အောင် ကျင့်ဆောင် ကြိုးကုတ်အားထုတ်နေတဲ့ နေ့ပဲ . . . လို့ သဘောပေါက်ဖို့ရာ "သက်ရှူမရှင်, သက်ရှူရှင်, နှစ်ခွင် လူ့အစား" အဲဒီခုနက အာဋ္ဌာဝကသုတ္တန်နဲ့ ဓမ္မပဒမှာ ဟောတဲ့ဒေသနာကို ချုံးပြီးတော့ မြန်မာလို လိုရင်းလေးချုံးပြီးတော့ ပြောလိုက် တော့ သက်ရှူမရှင်၊ ဟော အသက်သာရှူပြီးတော့ အသက်မရှင်တဲ့ လူတစ်မျိုး၊ သက်ရှူရှင်တဲ့၊ အသက်လည်းရှူတဲ့၊ အသက်လည်းရှင်တဲ့ လူတစ်မျိုး . . . လို့၊ နှစ်ခွင်လူ့အစား လူနှစ်စားရှိတယ်လို့ဟောထားတယ်၊ ဒါ ဘုန်းကြီးတို့ ဘုရားဒေသနာနည်းနဲ့ ကိုယ်နားလည်တဲ့ဘာသာနဲ့ လှည့်ပြီးတော့ ဆောင်လို့လည်း လွယ်အောင်၊ ဒကာ ဒကာမတွေစိတ်ထဲ မှတ်မိလွယ်အောင်၊ လင်္ကာလေး နဲ့လုပ်ပေးတာ -

* သက်ရှူမရှင်, သက်ရှူရှင်, နှစ်ခွင်လူ့အစား၊
ကောင်းမှုကင်းလျှင်, ရှူမရှင်-

ဟော -ကောင်းမှုကင်းနေတဲ့ လူ၊ ဒါနသီလ ဘာဝနာ ကုသိုလ်ကောင်းမှု တနေ့လုံး ကုန်သွားလို့ ဘာကုသိုလ်မှ မဖြစ်တဲ့သူ။ ဖြစ်အောင် မကြိုးစားတဲ့သူ၊ ကောင်းမှုကင်းတယ်၊ ဒီလိုဆိုရင် အဲဒီလူ ဘယ်လိုလူစားထဲက လူတုန်းလို့ဆိုတော့ "ကောင်းမှုကင်းလျှင်, ရှူမရှင်" ရှူတော့ ရှူရှိုက်နေတယ်၊ သို့သော် အသက်မရှင်ဘူး "ကောင်းမှုကင်းလျှင်, ရှူမရှင်, ပုံတွင် ဖားဖိုလား" ဥပမာတင် ပြောရင်တော့ ဖားဖိုကြီးသာ ကြည့်တော့၊ ဖားဖိုကြီးလိုလူ၊ "ကုသိုလ်ကြွယ်မှ ရှူရှင်ရ" ကုသိုလ်ကောင်းမှုတွေ ကြွယ်၊ ကြွယ်ဆိုတာကြွယ်ဝ၊ ပေါများ၊ များပြား တနေ့ထက် တနေ့စီးပွား ဥစ္စာတွေ နည်းနည်းချင်း စုတော့ သူဌေးဖြစ်လာတာ ကြွယ်ဝလာ တာပေါ့၊ တနေ့တစ်ဆယ်, တစ်ဆယ်စု တစ်လကျတော့ သုံးဆယ်၊ တစ်နှစ်ကျတော့ ဘယ်လောက်ဖြစ်လာ၊ နှစ်ပေါင်း များစွာဆိုတော့ ဘယ်လောက်ပေါ့၊ အဲဒီလို ကြွယ်ဝတာ၊ ကုသိုလ်ကောင်းမှုတွေ။

စီးပွားဥစ္စာတွေစုတော့ ကြွယ်ဝလာသလိုပဲ၊ ကုသိုလ်ကောင်းမှုလည်း တနေ့ဆွမ်း တစ်ဇွန်းလောင်း၊ တစ်လဆိုတော့ ဆွမ်းဇွန်းပေါင်းသုံးဆယ်၊ တစ်နှစ်ဆိုတော့ ဆွမ်းဇွန်း ပေါင်း (၃၆၀)၊ နှစ်ပေါင်းများစွာဆိုတော့ ဒီလိုသွားတာ သူက၊ ဒီတော့ ဆွမ်းနဲ့ ဟင်းလောင်းတာ၊ လောင်းတာလေးတင် ဒါနကုသိုလ်တင်

http://www.dhammadownload.com



ရှိသေးတာ၊ လောင်းနိုင်အောင် ချက်တာ, ပြုတ်တာ, စီမံတာ, ဆွမ်းခူးတာ, ဟင်းခတ်တာ, ဝေယျာဝစ္စသီလကုသိုလ်တွေက ပါသေး၊ အဲဒီဆွမ်း အလှူခံတဲ့ ပုဂ္ဂိုလ်အပေါ်မှာ မေတ္တာရောက်နေတဲ့ မေတ္တာဘာဝနာက ပါသေး၊ ကုသိုလ်တွေ ချည်းပဲ၊ လောင်းတယ် လှူတယ် ဆိုတာက ဒါနကုသိုလ်၊ လောင်းလှူနိုင်အောင် ကြိုးစား စီမံချက်ပြုတ် လုပ်ကိုင်ခန့်ခွဲတာ ဒါသီလကုသိုလ်ခေါ်တယ်၊ အဲဒီလို လှူလို့ လောင်းလို့ ဒါနနဲ့ သီလဖြစ်တဲ့အပြင် အလှူခံပုဂ္ဂိုလ်တွေအပေါ်မှာ မေတ္တာရောက်လို့ မိမိတို့လှူတဲ့ အလှူ ထုပ်ရပြီးတော့ ချမ်းသာစေချင်တာ မေတ္တာ။

ဒီနေ့ အလှူ့ဒကာ အလှူ့အမ ဒေါ်တင်တင်တို့ သန္တာန်မှာ နေ့ဆွမ်းတွေ လောင်းရ ငွေကျပ်တစ်ထောင် ငွေပဒေသာပင်စိုက်ထူ လှူဒါန်းတဲ့အထဲမှာ မေတ္တာ က ပါနေတယ်၊ ဒီသံဃာ (၅၀၀) ကျော်အပေါ်မှာ မေတ္တာရောက်နေတယ်၊ မိမိတို့ ဆွမ်းဘောဇဉ်တွေ ဘုဉ်းပေး ပြီးတော့ တင်းတိမ်သွားစေချင်၊ အားရသွားစေချင်၊ မိမိတို့ နေ့လယ်ဖိတ်မန္တကပြုထားတဲ့ ပရိသတ်တွေလည်း ကျွေးတဲ့မွေးတဲ့ နေရာမှာ ကျွေးတာ မွေးတာကဒါန၊ သူတို့စားသွားရ စေချင်တယ်၊ ဝသွားစေချင်တယ်၊ တင်းတိမ်သွားစေချင်တယ်၊ ချမ်းသာသွားစေချင်တယ်၊ အဲဒါ မေတ္တာခေါ်တယ်။ ဒါမေတ္တာက ဘာဝနာ ကုသိုလ်ပဲ၊ လှူတာ, တန်းတာက ဒါန၊ သူတို့ကို ကျွေးနိုင် မွေးနိုင်အောင် ပြင်ဆင်ပြုလုပ် စီမံခန့်ခွဲဒါဝေယျာဝစ္စသီလကုသိုလ် ခေါ်တယ်၊ ဒါန, သီလ, ဘာဝနာ, တခြားစီ တစ်ခုစီဖြစ်နေတာ မဟုတ်ဘူး၊ တစ်ခုလုပ်လိုက်ရင် အကုန် ပါလာတာ၊ အဲဒီ ဒါန, သီလ, ဘာဝနာ ခွဲထွက်လိုက် တော့ ဘာဝနာ (၁၀) ပါးဆိုပြီးတော့ အကျယ်ပွားသွားတာ၊ ဒါကြောင့် ကျမ်းဂန်တွေက ဆိုတယ်၊ ဒါနကုသိုလ်ပြုတယ်ဆိုတာ အဓိကအားဖြင့် လှူတယ် တန်းတယ်ဆိုလို့ ဒါနလို့ ပြောတာတဲ့ သီလလည်း ပါနေတာ၊ ဘာဝနာလည်း ပါနေတာတဲ့၊ ပါတာကို ပါမှန်းသိရတယ်။

ဒီနေ့ အလှူ့ဒကာ အလှူ့အမတွေက ဒါန, သီလ, ဘာဝနာကုသိုလ် ကောင်းမှုထုပ် ဖြစ်နေရင် ဖြစ်နေတာကို ဖြစ်မှန်းသိရတယ်၊ ဖြစ်မှန်းသိမှ မြတ်တယ်၊ ကိုယ့်ရှိနေတဲ့ ပစ္စည်း ဉစ္စာ ဘယ်လောက်ရှိလို့ ရှိနေမှန်း မသိရင် ဒါ အူတူတူ, အတ,တ ပေါ့၊ကိုယ့်ရှိနေတာက ရွှေပိဿာ (၁၀) ပိဿာလောက် ငွေသိန်းပေါင်း များစွာရှိနေ၊ ရှိမှန်း မသိဘူး၊ စာရင်း မသိ၊ အင်း မသိ၊ ဒါအပြစ်ပဲ၊ လောကီနယ်က၊ အဲဒီလိုပေါ့၊ ကုသိုလ်ကောင်းမှု ဖြစ်နေတာ၊ ဖြစ်မှန်းသိရတယ်၊ ဖြစ်မှန်းသိတာ ပညာဝင်လာပြီးတော့ ကုသိုလ်တိုးပြန်ရော၊ ဟော- ဒါကြောင့်-

http://www.dhammadownload.com



ဒီနေ့ မိမိတို့တစ်တွေ ဘာလာလုပ်ကြတုန်းဆို ကိုယ့်ကိုယ်ကို အသက်လည်းရှူ အသက်လည်းရှင်တဲ့ လူဖြစ်အောင် ကျင့်ဆောင် ကြိုးကုတ် အားထုတ်တဲ့နေ့ . . .။ ဒါကြောင့်-

* သက်ရှူ မရှင်, သက်ရှူရှင်, နှစ်ခွင် လူ့အစား၊
ကောင်းမှုကင်းလျှင်, ရှူမရှင်, ပုံတွင် ဖားဖိုလား၊
ကောင်းမှုကြွယ်မှ, ရှူရှင်ရ, မြတ်လှလူ့ထိပ်ထား၊

အမြတ်ဆုံးလူပဲ ကမ္ဘာလောကကြီး ရှိရှိသမျှ လူတွေ ဘယ်လောက်အရေအတွက် များနေနေ ခွဲရင် ဒီနှစ်မျိုးထဲဝင်တော့တာပဲ၊ ဒီနှစ်မျိုး တစ်မျိုးမျိုးထဲဝင်တာပဲ၊ မြတ်စွာဘုရား ဒေသနာတော်က သဗ္ဗသင်္ဂါဟိက ဒေသနာဆိုတာ ဒီတရားနဲ့ သိမ်းလိုက်လို့ အကုန်လုံး သိမ်းမိရင် ဒါသဗ္ဗသင်္ဂါဟိက ဒေသနာခေါ်တယ်။

အခု လူနှစ်မျိုးနဲ့ ခွဲလိုက်ရင် ဒါပဲရှိတယ်၊ ဒီနှစ်မျိုးက လွတ်နေတာ မရှိစကောင်းဘူး၊ လူဆိုတာ လူတွေလို့ မှတ်ပြောတာ၊ နတ်တွေလည်းပါတယ်၊ ဗြဟ္မာတွေလည်း ပါတယ်၊ တိရစ္ဆာန်တွေလည်းပါတယ်၊ သတ္တဝါတွေပြောတာ၊ အဲဒီ တော့ တိရစ္ဆာန်တွေတော့ အထူးပြောစရာ မလိုတော့ဘူး၊ အသက်သာ ရှူရှိုက် နေတာ ဘာမှန်းကို မသိရှာကြဘူး၊ ဒီတော့ သူတို့က ဖားဖိုကြီးလိုပဲ၊ ဘာမှန်းဘာ ကုသိုလ်ကောင်းမှုမှ မရှိတော့၊ မြုပ်သည်ထက် မြုပ်၊ မြုပ်သည်ထက် မြုပ်ပဲ၊ သစ်ပင်ကလေးများ ပြောသလို အသက်မရှင်တော့ ညှိုးခြောက်ပြီး၊ အောက်ခေါင်း စိုက်ကျပြီး မြေကြီး ပြားပြားဝပ်ပြီးတော့ သွားတာ၊ အဲဒီလိုပဲ အပါယ်လေး ဘုံသားတွေက အပေါ်ကို တက်ဖို့ရာ မရှိရှာကြဘူး၊ အောက်ပဲနေကြတာ၊ ဒါကြောင့် ကိုယ့်ကိုယ်ကို အဲဒီလို ဖြစ်မသွားအောင် လက်ာလေးတွေ လိုက်ဆိုပြီးတော့ ပရိယတ္တိသာသနာ ပြုရအောင် နှုတ်ထဲရောက်သွားအောင် လိုက်ဆိုကြစမ်းပါ။ အလှူဒကာ အလှူအမတွေရော အားလုံး သံဃာတော်တွေရော-

* သက်ရှူမရှင်, သက်ရှူရှင်, နှစ်ခွင်လူ့အစား၊
ကောင်းမှု ကင်းလျှင်, ရှူမရှင်, ပုံတွင် ဖားဖိုလား၊
ကောင်းမှု ကြွယ်မှ, ရှူရှင်ရ, မြတ်လှ လူ့ထိပ်ထား။

ဒီနေ့ ဒကာ ဦးသန်းထွန်းတို့ ဒေါ်တင်တင်တို့က သားရတနာ ကလေးနှစ်ဦးကို ရှင်ပြုပေးတယ်လို့ဆိုတာ ဘာလုပ်တာတုန်းဆိုရင် သူတို့ကို အသက်လည်းရှူ အသက်လည်း ရှင်တဲ့ လူဖြစ်အောင် ကုသိုလ်လုပ်တာ၊ သားကလေးနှစ်ယောက်ကို ရှင်ပြုပေးလိုက်တော့ သူတို့ သာမဏေဖြစ်သွားသည်နဲ့ တစ်ပြိုင်နက် သာမဏေတွေ ထိန်းသိမ်းရတဲ့ သိက္ခာသီလ (၁၂၀) ထိန်းပြီးတော့ သီလကုသိုလ်ကြီးနဲ့

http://www.dhammadownload.com



အသက်ရှင်နေတယ်၊ သူတို့ သီလကုသိုလ်နဲ့ သူတို့က အသက်ရှင်တာ၊ အလှူဒကာ အလှူ့အမတွေက ဒါနကုသိုလ်ကြီး၊ အကြီးအကျယ် ပြုတာက အသက်ရှင်တာ၊ ဒါနကုသိုလ် ဓမ္မသက်ပေါ့၊အထူးသဖြင့် သီလ, ဘာဝနာက ပါသွားတာပဲ၊ ခုနက ပြောသလို ဝေယျာဝစ္စတွေဆောင်ရွက်တာ သီလရော၊ ပြီးတော့ ဒီအလှူထုပ်နဲ့ ပတ်သက်ပြီးတော့ ငါးပါးသီလ မကျိုးမပေါက်အောင် ထိန်းထားရင် သီလ။

သီလက နှစ်မျိုးရှိတာ ရှောင်ရတဲ့ သီလနဲ့ဆောင်ရတဲ့သီလ၊ ရှောင်တဲ့ သီလဆိုတာကတော့ ငါးပါးသီလကို ပြောတာ၊ သူ့အသက်သတ်တာ ရှောင်၊ သူ့ဥစ္စာခိုးတာ ရှောင်၊ အဲဒါ ရှောင်သီလခေါ်တယ်။ အခုဝေယျာဝစ္စတွေ ဆောင်ရွက်-သီလ၊ ပင့်သံဃာတော်တွေ အရိုအသေပေး ဒါဆောင်သီလ၊ အရိုအသေ ဆိုတာ သီလကုသိုလ်ကြီးပဲ၊ ရိုရိုသေသေ လုပ်တယ်ဆိုတဲ့ အလုပ်ဟာ သီလ၊ သီလ ဆိုတာ ပါဠိလိုခေါ်ထားတာ၊ မြန်မာလိုက အလေ့အလာကောင်းကို သီလလို့ခေါ် တယ်၊ ဒီတော့ သံဃာတော်တွေကို ရိုရိုသေသေဆိုတဲ့ အလေ့အလာ ဘုရားပစ္စေကာ အရိယာ သူတော်ကောင်းကြီးတွေ ရှေးသူတော်ကောင်းကြီးတွေ အလေ့အလာ ကောင်းပဲ၊ အဲဒီအလေ့အလာကောင်းကြီး ကိုယ့်သန္တာန်ဖြစ်အောင် လုပ်နေတာကိုပဲ ဒါသီလ . . လို့ ပြောလိုက်တာ၊ အလေ့အလာပြုမိတဲ့ အမျိုးကောင်းသား အမျိုး ကောင်းသမီး ဒါကိုပဲ သီလကုသိုလ်ရတယ်လို့ ပြောတာ၊ အမှန်ကတော့ ရှေးသူတော် ကောင်းကြီးတွေရဲ့ အလေ့အလာကောင်းကို ကိုယ့်ခန္ဓာကိုယ်ပေါ် ရောက်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးမို့ ခုလို သီလကုသိုလ်ရတယ်၊ မြတ်တယ်လို့ ဒါပြောတာ။

ဒီတော့ ကိုရင်လေးတွေကျတော့ အထူးတလည် (၁၂၀) သော သိက္ခာ သီလ ထိန်းရအောင် ပြုပေးတာ၊ ဒီတော့ ဒီသီလကုသိုလ်ကို ထိန်းတဲ့အတွက် မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် ရှင်သန်ကြီးထွားသွားဖို့ပဲ ရှိတယ်၊ အပါယ်လေးပါးတော့ ဘယ်နည်းနဲ့မှ မမြုပ်ဘူး၊ ဒါကြောင့် ဒီနေ့ ဒကာ ဦးသန်းထွန်းတို့ သားကလေး နှစ်ဦးကို ရှင်ပြုပေးတာ၊ အပါယ်လေးပါး မြုပ်အောင်ပြုတာလား၊ အထက်တက် အောင်ပြုပေးတာလား မေးကြည့်ရင် အထက်ကို တက်အောင်ပြုတာပဲ၊ ဓမ္မသ ဘောက၊ သူက-အထက်တန်းတက်အောင်လို့ သူတို့သန္တာန် သီလကုသိုလ်ကြီး ရ အောင်ပြုပေးတာ၊ ဒီတော့ သူတို့ကို ပြုပေးတာ ရှင်ပြုတာ ကြီးထွားလာအောင် ပြုတာ၊ မြုပ်အောင် ပြုတာ မဟုတ်ဘူး၊ နာအောင်ပြုတာ မဟုတ်ဘူး။

http://www.dhammadownload.com



ဒါကြောင့် ရှင်ပြုတယ်လို့ဆိုတာ မြတ်တယ်လို့ပြောရတာ သူတို့ကို မဂ်ဖိုလ်နိဗ္ဗာန်ရောက်အောင် အဓိပ္ပာယ်အဖြောင့်ပြောလိုက်ရင် အိုဘေး, နာဘေး, သေဘေးကြီးလွဲသွားအောင် ပြုပေးတာ၊ ကျွဲသွားအောင် ပြုပေးတာ၊ လွတ်သွားအောင် ပြုပေးတာပဲ၊ ဒီတော့ -အိုနာသေရေး ဒုက္ခဘေးကြီးမှ လွဲသွားအောင်၊ ကျွဲသွားအောင်၊ လွတ်သွားအောင် ပြုပေးနေတဲ့ ကျေးဇူး၊ ဒီထက်ကြီးတဲ့ကျေးဇူး လောကမှာ မရှိတော့ဘူး၊ ကိုယ့်ကိုယ်ကို အသက်မသေအောင် အသတ်ခံရခါနီး အသက်ကယ်လိုက်တဲ့ အသက်သခင်လည်း ကျေးဇူးတင်ရတာပဲ၊ လောကထုံးစံက။ ကျုပ်ဗျာ အသတ်ခံရတော့မလို့ သူပုန်ကသတ်တော့မလို့၊ သို့မဟုတ် ခါးပြတွေက သတ်တော့မလို့၊ သို့မဟုတ် ရန်သူတွေက သတ်တော့မလို့၊ ဟောဒီလူ ကယ်လို့ ကျုပ်အသက် ရှင်ရတာ၊ အမေမွေးတဲ့ အသက်မရှိပါဘူး၊ ကျုပ်သူ့ အသက်ပဲရှိပါတော့တယ်၊ အသက်သခင်လည်း ကျေးဇူးတင်ပါတယ် . . ဆိုပြီးတော့ ကျေးဇူးတင်ရ။

အဲဒီလိုပဲ အခု သားကလေးကို ရှင်ပြုပေးတယ်ဆိုတာ ဘဝအဆက်ဆက် ဘဝတွေ များစွာ ဖြစ်နေခဲ့သမျှ အိုအုန်းမယ်, နာအုန်းမယ်, သေအုန်းမယ် အကြိမ်ပေါင်းများစွာ အိုအုန်း, နာအုန်း, သေအုန်းမှာကို မိမိတို့က ရှင်ပြုပေးလိုက်ခြင်းဖြင့် သူတို့ ရှင်သာမဏေသီလ ထိန်းပြီးတော့ သီလကုသိုလ် အခြေခံပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန် မြန်မြန်ရပါစေလို့ ဆိုပြီးတော့ ရှင်ပြုပေးတာ။ အဲဒီ မဂ်ဖိုလ်နိဗ္ဗာန် မြန်မြန်ရလို့၍ အိုမှုကြီး အကြိမ်လျော့သွားရင် နာမှုကြီး အကြိမ်လျော့သွားလို့ရှိရင် သေမှုကြီး အကြိမ်လျော့သွား သလိုပဲ၊ မဂ်ဖိုလ်နိဗ္ဗာန် မရသေးလို့ ကြာလေလေ အိုနာသေ များလေလေ၊ မဂ်ဖိုလ်နိဗ္ဗာန် မြန်မြန်ရလေလေ အိုမှု, နာမှု, သေမှု လျော့သွားလေလေပဲ၊ ဒီတော့ အိုမှု, နာမှု, သေမှု ငြိမ်းသွားအောင် ပြုပေးတဲ့ အလုပ်ဆိုတာ နည်းတဲ့အလုပ်ကြီး မဟုတ်ပါဘူး။

ဒါကြောင့် မြတ်စွာဘုရားက ဓမ္မာနုဂ္ဂဟနဲ့ ချီးမြှောက်နိုင်တာဟာ အမြတ်ဆုံးပဲ . . . လို့၊ ဒါကြောင့် ဟောတာ၊ အကောင်းဆုံးပဲလို့ ဒါကြောင့် ဟောတာ၊ သာသနာအမွေခံပါလို့ ဒါကြောင့် ဟောတာ၊ ဒီတော့ မြတ်အောင်လုပ်တယ်ဆိုတာကိုလည်း ဘာကြောင့် မြတ်တယ်ဆိုတာကိုလည်း အလှူဒကာ အလှူအမတွေ သိပါ၊ သဘောပေါက်ပါ၊ နို့ရာနဲ့ သူများ ရှင်ပြု ရှင်ပြုဆိုတာနဲ့ ရှင်ပြုတယ်ဆိုရင် ကုသိုလ်တော့ရတယ်၊ လေးလေးနက်နက် မရှိဘူး၊ ရှင်ပြု တာကောင်းတယ်ဆိုလို့ ပြုတာ၊ မိဘဆရာသမားတွေ ပြောထားလို့ ကောင်းတယ်ဆိုတာလေးပဲ သိတယ်၊ ဘာ့ကြောင့် ကောင်းတယ်ဆိုတာ မသိဘူး၊ အဲဒီလိုဆိုရင် ပညာနည်းတယ်၊ အားနည်းတယ်၊ အသိနည်းတယ်၊ အသိနည်းလို့ရှိရင် ကိုယ့်အကျိုးရ နည်းတယ်။

F-20

http://www.dhammadownload.com



ဒါကြောင့် အဲဒီလို သိအောင် သဘောပေါက်လိုက်ပါ၊ ရှင်ပြုပေးတယ် ဆိုတာ သူတို့ကို ဘယ်လောက်ကျေးဇူးပြုရာရောက်တယ်၊ ကျေးဇူးပြုလိုက်နိုင်တယ်၊ အဲ သူတို့ကို ခုနက လူလို့ပြောရင်တော့ အသက်ရှူတဲ့ အသက်ရှင်တဲ့ လူဖြစ်အောင် ပြုပေးထားတာ၊ လောကမှာ အသက်ရှူပြီး အသက်မရှင်တဲ့ သူတွေကတစား၊ အသက်ရှူပြီး အသက်ရှင်နေတဲ့ လူတွေကတစား . . . လို့ နှစ်စားရှိတဲ့အနက်က သူတို့ကို အသက်လည်းရှူ အသက်လည်းရှင်တဲ့လူသားထဲ ရောက်အောင် ပို့ပေးလိုက်တယ်၊ ဒါအကောင်းဆုံးပဲ၊ မိမိတို့ ကိုယ်တိုင်ကလည်း အသက်လည်းရှူ အသက်လည်း ရှင်တဲ့သူဖြစ်အောင် ကျင့်ဆောင် ကြိုးကုတ် အားထုတ်နိုင်ကြတဲ့နေ့။

အဲဒီလိုအားဖြင့် မိမိတို့ကိုယ် မိမိတို့ အသက်လည်းရှူ အသက်လည်းရှင်တဲ့ လူတွေ ဖြစ်အောင် ကျင့်ဆောင် ကြိုးကုတ် အားထုတ်သွားတတ်ကြတဲ့ ပုဂ္ဂိုလ်တွေသည် အိုနာသေ ရေး ဒုက္ခဘေးကြီးတွေ ကင်းဝေးငြိမ်းပျောက်ရာဖြစ်တဲ့ သန္တိသုခ နိဗ္ဗာနဓာတ်ကို လျင်မြန် ဆောစွာ ရောက်ကြပြီး သကာလ အိုနာသေရေး ဒုက္ခဘေးတွေက လျင်မြန်ဆောစွာ လွတ်မြောက်တော်မူကြတယ်။ အသက်လည်း ရှူ အသက်လည်းရှင်တဲ့ သူတွေမှ ဓမ္မသက်တွေ ရှည်၊ ဓမ္မသက်တွေ ရှင်ပြီးတော့ လူ့ရွာနတ်ထဲ ချမ်းသာစံ၍ မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် ရှင်သန် ကြီးထွားတော်မူကြတယ်၊ ဒါကြောင့် ငါတို့သည် အသက်လည်းရှူ အသက်လည်းရှင်တဲ့ သူတွေဖြစ်အောင် ဒီနေ့ ကျင့်ဆောင် ကြိုးကုတ် အားထုတ်တဲ့ နေ့ပဲ. . . လို့ သဘောပေါက်ကြပြီးသကာလ မိမိတို့ကိုယ် မိမိတို့ အသက်လည်းရှူ အသက်လည်း ရှင်တဲ့ သူတွေဖြစ်အောင် နေ့စဉ်နေ့စဉ် ကျင့်ဆောင် ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

ယခုလို ကြီးကြီးကျယ်ကျယ် လာရောက်ပြီးတော့ အသက်လည်းရှူ အသက်လည်းရှင်တဲ့ လူတွေဖြစ်အောင် ကျင့်ဆောင် ကြိုးကုတ် အားထုတ်နိုင်ကြသလို မိမိတို့နေထိုင်ရာ မိတ္ထီလာမြို့၊ မြင်းခြံမြို့တို့မှာ နေထိုင်ရင်းလည်းပဲ ကိုယ့်ကိုယ်ကို အသက်လည်းရှူ အသက်လည်းရှင်တဲ့ သူတွေဖြစ်အောင် လူသက်ရှူရှိုက်နေတဲ့သူတွေဖြစ်အောင်၊ လူသက်ရှူရှိုက်နေအောင် ကုသိုလ်ကောင်းမှု သက်ကြီးလည်း နေ့စဉ်ပါသွားအောင် မနက်စောစောကုသိုလ်နဲ့ နေ့လည်ကုသိုလ်နဲ့ ညနေကုသိုလ်နဲ့ ညအိပ်ရာဝင်ကုသိုလ်နဲ့ နေပြီးသကာလ ကိုယ့်ကိုယ်ကို အသက်လည်းရှူ အသက်လည်းရှင်တဲ့ သူတွေဖြစ်အောင် နေ့စဉ်နေ့စဉ် ကျင့်ဆောင်ကြိုးကုတ်အားထုတ်နိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com



ထိုကဲ့သို့ အသက်လည်းရှူ အသက်လည်းရှင်တဲ့သူတွေဖြစ်အောင် ကျင့်ဆောင် ကြိုးကုတ် အားထုတ်နိုင်ကြကုန်သည်ဖြစ်၍ ဤကဲ့သို့ အားထုတ်နိုင်သွားကြတဲ့ ရှေးရှေးသော သူတော်ကောင်း သူမြတ်လောင်းကြီးတို့ ရအပ်ရောက်အပ် သိမြင်အပ်သော နိဗ္ဗာနတာတ်တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာ ရကြရ၊ ရောက်ကြရ၊ မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

http://www.dhammadownload.com



## *ကုမ္ဘသုတ္တန်
## မိုးပေါက်ကလေးများ စုပေါင်းအား တရားတော်

(၁၀) ကြိမ်မြောက် (၁၀) နှစ်မြောက်အဖြစ်နဲ့ ငွေပင်တွေစိုက်၊ သစ်သီးဆွမ်းတွေလောင်းနဲ့ ဘာလာလုပ်တာတုန်း "ရေအိုး ရေလာဖြည့်ကြပါတယ်၊ ရေအိုး ရေလာဖြည့်ကြတာ"၊ ပဲခူးမြို့နယ်၊ ဘုရားကြီးကျေးရွာက ဒကာကြီး ဦးလှ ဦးဆောင်တဲ့ မိသားစုတွေက လည်း၊ ငွေပဒေသာပင် နှစ်သောင်းနဲ့ရှစ်ရာ၊ အခုစိုက်ထူပြီးတော့ ရှေးကနဲ့ဆိုရင် လေးသောင်းကျော်၊ လေးသောင်းခြောက်ထောင်ကျော်ငွေပင်တွေ စိုက်ပြီးတော့ ဘာလုပ်နေကြတာတုန်း လို့မေးရင် ရေအိုးရေလာဖြည့်ကြပါတယ်၊ ဘာရေအိုးတုန်း ခန္ဓာရေအိုးကြီး၊ ဘာရေတုန်း၊ ပါရမီရေ။ ပကတိရေအိုးကိုရေဖြည့်တော့ ရေပြည့်တယ်၊ ပြည့်ပြီးတော့လျှံကျ၊ ရေဆိုတာ၊ မီးကိုငြိမ်းတယ်၊ အအေးဓာတ်ကို ပေးတယ်၊ အညစ်အကြေးကို သန့်စင်စေတယ်။

အဲဒီလိုပဲ မိမိတို့ခန္ဓာကိုယ် ရေအိုးကြီးထဲမှာ ပါရမီရေတွေ လာပြီးတော့ ဖြည့်ကြပါ တယ်၊ အဲမြတ်စွာဘုရားကလည်း မှာထားခဲ့တယ်၊ ခန္ဓာကိုယ် ရေအိုးကြီးကို ပါရမီ ရေတွေ ဖြည့်ကြ . . . ချစ်သားတို့ . . . ချစ်သမီးတို့၊ တစ်ဆယ့်တစ်သီး မီးတွေငြိမ်းချင်ရင် အပူတွေငြိမ်း ချင်ရင် ခန္ဓာကိုယ် ရေအိုးကြီးထဲမှာ ပါရမီရေတွေ ဖြည့်ကြ. . .၊ ငါဘုရားရှင် ကိုယ်တော်မြတ်ကြီးထံမှောက် ရောက်ပြီးတော့ ကျွတ်တမ်းဝင်ချင်ရင်၊ ရေအိုးကြီးလေးလုံးနဲ့ တာထိုးပြနိုင်တဲ့ ပုဂ္ဂိုလ်လေးမျိုးရှိတယ်. . . တဲ့၊ ရေအိုးကြီးလေးမျိုးနဲ့ ဘုရားက တာထိုးပြခဲ့တယ်၊ ကျွတ်တမ်းဝင်၊ ကျွတ်တမ်းမဝင်တဲ့ သတ္တဝါတွေကို ရေအိုးကြီးလေးမျိုးနဲ့ တာထိုးပြသွားတာ၊ ရေအိုးကြီး လေးမျိုးရှိတယ်။

ရေအိုးကြီးလေးမျိုး၊ ပထမရေအိုးကြီးက ရေတွေကို ပြည့်လုပြည့်ချင် လျှံလုလျှံချင်ကို ဖြစ်နေတာ၊ ရေအိုးလည်ပင်းဝကို တစ်ခါတည်း ရေတွေရောက်ပြီးတော့ကို ပြည့်လို့ ရေတွေ၊ နောက်ထပ် ရေချိုးဖလားနဲ့ တစ်ဖလားလောက်လောင်းလိုက်ရင် လျှံကျတော့မှာ အဲဒီလောက်ကို ပြည့်နေတဲ့ရေအိုးကြီး၊ နံပါတ်တစ်ရေအိုးကြီး၊ စို. . လို့ရေအိုး ကြီးတစ်ခုလုံးကလည်း၊ စိမ့်စိုလို့ သူကြည်လိုက်ရအေးသွားတာပဲ စိတ်ထဲကို၊ သူ့ထဲက ရေတွေ သောက်ရရင်လည်း အေးစိမ့်သွားမှာပေါ့၊ ဒါ ပထမရေအိုးကြီး။

---

* အံ၊ ၁၊ ၄၁၈။

http://www.dhammadownload.com



ဒုတိယ ရေအိုးကျတော့ ရေအိုးရဲ့ သုံးချိုး နှစ်ချိုး ရေရှိတယ်၊ တစ်မိုက် တစ်ထွာလောက် ဟောက်နေတယ် ရေက၊ ရေကတော့ သုံးပုံပုံ နှစ်ပုံတော့ရှိတယ်၊ ရေအိုးရဲ့ သုံးချိုး နှစ်ချိုးတော့ ရေတွေရှိတယ်၊ ဒါ ဒုတိယရေအိုး၊ တတိယရေအိုးကျတော့ . . ရေအိုးရဲ့ သုံးချိုးချိုး တစ်ချိုးပဲ ရေရှိတယ်၊ ဖင်ကပ်ပဲ ရေရှိတယ်၊ အထက်ပိုင်းကြီး တစ်ပိုင်းလုံးက ရေတွေ ခြောက်လို့ အောက်ပိုင်းလေးပဲ စိုနေတယ်၊ အထက်ပိုင်း သုံးပုံပုံနှစ်ပုံက ရေခြောက်လို့ ဒါတတိယရေအိုး။

စတုတ္ထရေအိုးကြီးကျတော့ . . ရေကို လုံးဝ တစ်စက်မှ မရှိဘူး၊ ဖင်ကပ်လည်း မရှိဘူး၊ ဘာကပ်မှလည်း မရှိဘူး၊ ခြောက်သရောင်းလို့ ဒါစတုတ္ထရေအိုး၊

ဒီတော့ အဲဒီရေအိုး လေးလုံး ရေဖြည့်တဲ့အခါမှာ ပထမရေအိုး ရေဖြည့်ဖို့ရာအတွက် တစ်ခွက်လောက် တစ်ဖလားလောက်ကလေး လောင်းလိုက်ရုံ နဲ့ တခါတည်း လျှံကျသွားတာ၊ သူက နဂိုကပြည့်နေတာကိုး၊ ရေအိုးကြီးက ပြည့်နေတာ၊ ဒီရေအိုးကြီးက သူ့ကိုယ်သူ ရေတွေဖြည့်ထားလို့ ရေတွေက ပြည့်လုပြည့်ချင် ဖြစ်နေတာဆိုတော့ တစ်ခွက်တစ်ဖလားလောက် လောင်းရုံနဲ့ လျှံကျသွားတာပဲ၊ အဲဒုတိယ ရေအိုးကျတော့ တစ်ခွက် တစ်ဖလား လောင်းရုံနဲ့ မရသေးဘူး၊ နှစ်ခွက်, သုံးခွက်, လေးခွက်, ငါးခွက် လောင်းလိုက်တော့မှ တော်တော်လေးလောင်းလိုက်တော့မှ လျှံကျသွား၊ ဒုတိယရေအိုး။

တတိယရေအိုးကျတော့ ပိုဆိုးတာ၊ တစ်ခွက် နှစ်ခွက် သုံး လေး ငါးခွက် လောင်းရုံနဲ့ မရဘူး၊ ရေဖလားပေါင်း ခွက်ပေါင်းကို တခါတည်း သုံးဆယ် လေးဆယ် ငါးဆယ် တစ်ရာ ဒီလိုလောင်းမှ လျှံကျတာ၊ အဲ. စတုတ္ထရေအိုးကျတော့ ရေကိုက တစ်စက်မှ မရှိတော့ သူ့ထဲ ရေတစ်ခွက်လောက် တစ်ဖလားလောက် လောင်းလိုက်ရုံနဲ့တော့ ရေအိုးက စုပ်ယူသွားတာ၊ ခြောက်ဂျပ်ပြီးတော့ ဘာမှ အစိုဓာတ်တောင် တက်မလာဘူး၊ ပြည့်ဖို့ဆိုတာကတော့ တော်တော်ကြီးကို ဝေးသွားတယ်၊ ဒါရေအိုးကြီးလေးလုံးနဲ့၊ ရေအိုးကြီးလေးလုံးရဲ့ သဘောသွား၊ ဘုရားက ဟောကြားတယ်၊ ဥပမာပေးလိုက်တယ်။

အေး . . . အဲဒီလိုပဲ ငါဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ တပည့်သားသာဝကတွေနဲ့ သာသနာတော်တွင်းမှာ ကျွတ်တမ်းဝင်ကြတဲ့ သတ္တဝါတွေ၊ ပုဂ္ဂိုလ် လေးမျိုး လေးစားရှိ တယ်. . . တဲ့၊ ကျွတ်တမ်းဝင်တဲ့ သတ္တဝါ လေးမျိုးလေးစား ရှိတယ်၊ နံပါတ်တစ်ပုဂ္ဂိုလ်က *ဥဃ္ဃဋိတညူပုဂ္ဂိုလ်တဲ့၊ ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်ဆိုတာ အကျဉ်းလေးပြောလိုက်၊ ဂါထာလေး တစ်ဂါထာလောက် ဟောလိုက်ရုံနဲ့၊ ဟာ . . သစ္စာလေးပါးတရား ထိုးထွင်းသိပြီးတော့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊

---

* ဥဃ္ဃဋိတညူသုတ္တ-အံ-၁/၄၅၂။ ပု-၂/၃၃၇။

http://www.dhammadownload.com


ရဟန္တာ ဖြုန်းဖြုန်း ဖြုန်းဖြုန်း ဖြုန်းဖြုန်းဆို ဖြစ်သွား လိုက်တာ၊ ဒါ ဥဂ္ဃဋိတညူပုဂ္ဂိုလ်လို့ ခေါ်တယ်။

ဘုရားလက်ထက်က ဝိသာခါတို့လို ဘာမှ တစ်ခါတည်း ဖင်ပူအောင် တရားထိုင် ပြီး မကျင့်လိုက်ရဘူး၊ ဝိသာခါ အမျိုးသမီးလေး ခုနစ်နှစ် သမီးအရွယ် ကလေးနဲ့ သူရဲ့ အပျိုတော်အခြံအရံ ခုနစ်နှစ် သမီးအရွယ်လေးတွေ ငါးရာနဲ့အတူတူ ပန်းရေတခေါင်း ညောင်ရေတခေါင်းတွေ ခေါင်းပေါ် ရွက်ပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး သာကေတ ကြွလာလို့ ထွက်ကြိုတာ၊ ဘုရားကို ထွက်ပြီးတော့ ခရီးဦး ကြိုဆိုရင်းနဲ့ ဘုရားဟောလိုက်တဲ့ တရား၊ တစ်လုံးတစ်ပါဒလေး ဟောလိုက်ခါ ရှိသေး ဂါထာလေး တစ်ဂါထာ ဟောလိုက်တာနဲ့ပဲ ဝိသာခါနဲ့တကွ အဲဒီ အမျိုးသမီး ငါးရာ၊ ခုနစ်နှစ်သမီးလေးတွေ ငါးရာ သောတာပန် တည်သွားကြတယ်၊ ဒါတစ်လုံး တစ်ပါဒ တစ်ဂါထာလေး ဟောလိုက်တာနဲ့ သောတာပန် ဖြစ်သွားတာ၊ အဲခုနက ပြည့်လုပြည့်ချင် ရေအိုးကြီးနဲ့တူတယ်၊ သူတို့ခန္ဓာကိုယ်က။

အနာထပိဏ်သူဌေးကြီး ဂါထာလေးတစ်ဂါထာ ဘုရားက ဟောလိုက် တာနဲ့ သောတာပန်ဖြစ်သွား၊ ပြည့်လုပြည့်ချင်ရေအိုးကြီးနဲ့ တူတယ်၊ အနာထပိဏ် သူဌေးခန္ဓာကိုယ်က။ သူတို့က ပြည့်လာခဲ့တာ၊ ရေတွေပြည့်လာခဲ့တာ၊ ပြည့်လာခဲ့ တာက ကြာလှပြီ၊ ကမ္ဘာနဲ့ ချီပြီးတော့ ပြည့်လာခဲ့တာ၊ ဒီတော့ရေက ပြည့်လုပြည့်ချင် ဖြစ်နေတဲ့ ရေအိုးလို ဖြစ်နေတာ၊ ဒီတော့ ဘုရားကိုယ်တော်မြတ်ကြီးက တစ်ခွက် တစ်ဖလားလောက်ကလေး လောင်းလိုက် ရုံနဲ့ တစ်ခါတည်းလျှံကျသွား၊ ဒါ -အဲဒီလို ဝိသာခါတို့ အနာထပိဏ်တို့လို ပုဂ္ဂိုလ်တွေရဲ့ ခန္ဓာကိုယ်က ပထမရေအိုးကြီးနဲ့ တူတာပေါ့။

အဲ ဒုတိယရေအိုးကြီးနဲ့တူတဲ့ ပုဂ္ဂိုလ်တွေက ဝိပဉ္စိတညူ ပုဂ္ဂိုလ်တဲ့၊ ဝိပဉ္စိတညူဆိုတာ - ဂါထာလေး တစ်ခွန်း နှစ်ခွန်းပြောရုံနဲ့ တရားထူးမရဘူး၊ သူက သုတ္တန်ကြီး တစ်ခုကို အကျယ်ချဲ့ပြီးတော့ ရှင်းလင်းပြီးတော့ တစ်နာရီ နှစ်နာရီ သုံးနာရီကြာလောက်အောင် ဟောမှ ကျွတ်တမ်းဝင်တယ်၊ အဲဒီပုဂ္ဂိုလ်က ဝိပဉ္စိတညူ ပုဂ္ဂိုလ်၊ အကျယ်တဝင့် ချဲ့ထွင်ဟော ပြောမှ ကျွတ်တန်းဝင်တဲ့ ပုဂ္ဂိုလ်. . . တဲ့။

အဲဒါဘယ်ရေအိုးနဲ့ တူတုန်းဆိုတော့ ဒုတိယရေအိုးနဲ့တူတာတဲ့၊ ရေအိုးရဲ့ သုံးပုံပုံနှစ်ပုံကော့ ရေတွေရှိတယ်၊ ပြည့်နေတယ်၊ တစ်ပုံက ဟောက်နေတယ်၊ တစ် မိုက် တစ်ထွာလောက် ဟောက်နေတော့၊ အဲဒီတစ်မိုက်တစ်ထွာ ဟောက်နေတာကို ဘုရားကိုယ် တော်မြတ်ကြီးက ရေပြည့်အောင်ဆိုပြီးတော့ တစ်ခါတည်း အကျယ်

http://www.dhammadownload.com



တဝင့် ရှင်းလင်းပြီးတော့ ဟောရတယ်၊ သုတ္တန်ကြီး တစ်ခုဖြစ်သွားအောင် တစ်နာရီ နှစ်နာရီ၊ သုံးနာရီကြာလောက်အောင်ကို ဟောယူရတာ၊ အဲဒီတင်မှသောတာပန် ဖြစ်သွား၊ အဲဒီပုဂ္ဂိုလ်ကို ဝိပဥ္စိတညူပုဂ္ဂိုလ်တဲ့ အကျယ်ချဲ့ပြောမှ သိတဲ့သူ၊ ခုနက ပထမပုဂ္ဂိုလ်က ဥဃ္ဃဋိတညူပုဂ္ဂိုလ် အကျဉ်းလေး ပြလိုက်ရုံနဲ့ သိတဲ့ပုဂ္ဂိုလ်၊ တစ်ထွာပြ တစ်လံမြင်သွားတဲ့ပုဂ္ဂိုလ်၊ အဲ အခု ဒုတိယပုဂ္ဂိုလ်က ဝိပဥ္စိတညူပုဂ္ဂိုလ် အကျယ်ချဲ့ပြီး ဟောမှ ကျွတ်မယ့်သတ္တဝါ။

အဲ တတိယပုဂ္ဂိုလ်ကျတော့ နေယျပုဂ္ဂိုလ် တဲ့၊ နေယျပုဂ္ဂိုလ်ဆိုတာကျတော့ တရားနာလိုက်၊ တရားကျင့်လိုက်၊ တရားနာလိုက် တရားကျင့်လိုက်နဲ့ သူက၊ (၁၀) နှစ်ကြာ ချင်လည်း ကြာမယ်၊ အနှစ်နှစ်ဆယ်ကြာချင်လည်း ကြာမယ်၊ အနှစ်သုံး ဆယ်၊ တချို့များ အနှစ်ခြောက်ဆယ် ကြာမှ ကျွတ်တမ်းဝင်တယ်၊ တရားထူးရတယ်၊ အဲဒီလိုပေါ့၊ ငါးနှစ် ခြောက်နှစ် ခုနစ်နှစ် ဆယ်နှစ် အနှစ်နှစ်ဆယ် သုံးဆယ် တရားထိုင်လိုက် တရားကျင့်လိုက် တရားနာလိုက် တရားကျင့်လိုက် တရားနာလိုက် တရားကျင့်လိုက် လုပ်မှ သောတာပန်၊ သက ဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ပြီးတော့ တရားထူးရတဲ့ ပုဂ္ဂိုလ် တတိယရေအိုးကြီးနဲ့ တူတယ်၊ ရေသုံးချိုးချို တစ်ချိုးပဲရှိတယ်၊ ဖင်ကပ်ပဲရှိတယ် ရေက။

ဒီတော့ ဘုရား ကိုယ်တော်မြတ်ကြီးက တော်တော်ဖြည့်ယူရတာပေါ့၊ သူ့ အတွက် အတော်လောင်းပြီးတော့ တရားကျင့်ခိုင်းလိုက်၊ တရားအားထုတ်ခိုင်းလိုက်၊ တရားဟောပေးလိုက်၊ တရားအားထုတ်ခိုင်းလိုက်၊ ဟောပေးလိုက်၊ ဘုရားကိုယ် တော်မြတ်ကသော်လည်းကောင်း၊ ဘုရားရဲ့တပည့် သာဝကတစ်ပါးပါးကသော် လည်းကောင်း အဲဒီလို ပြောဟောပေးတော့မှ ကျွတ်တန်းဝင်သွားတယ်၊ သော တာပန်၊ သက ဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်သွား။ တတိယရေအိုးကြီးနဲ့ တူတာပေါ့ နေယျပုဂ္ဂိုလ်လို့ ခေါ်တယ်သူ့ကို။ နေယျတဲ့ ဆောင်ယူပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်မှ ကျွတ်တမ်းဝင်တဲ့သူ။

အဲလေးနံပါတ် ရေအိုးကြီးနဲ့တူတဲ့ပုဂ္ဂိုလ်ကျတော့ ရေတွေက ခြောက်သ ရောင်းပြီးတော့ နေတာမို့လို့ ရေတစ်ခွက်လောက်၊ တစ်ဖလားလောက် ထည့်လိုက် ရုံများတော့၊ ဓာတ်ရရုံ လေးပဲရှိတယ်၊ ရေအိုးက ခြောက်သရောင်း နေတာဖြစ်တော့၊ တစ်ခွက် တစ်ဖလားထည့်ရုံနဲ့များတော့ ရေအိုးထဲတင် ရေပျောက် သွားမယ်၊ ခြောက် တော့ ရေပျောက်သွားတယ်၊ သို့သော် - ဓာတ်ကလေး ရသွားတယ်၊ အစိုဓာတ် ကလေး၊ ရေကတော့ ပြည့်ဖို့ရာတော့ အဝေးကြီး၊ အဲဒါဘယ်ပုဂ္ဂိုလ်တုန်းဆိုတော့ ပဒပရမပုဂ္ဂိုလ်တဲ့။

http://www.dhammadownload.com



ဒီဘဝမှာ တရားထူး မရဘူး၊ ဘယ်လောက်သစ္စာလေးပါး တရားတွေ ဟော,ဟော၊ ဘယ်လောက် တရားတွေ ထိုင်ထိုင် ပါရမီဖြစ်ရုံပဲရှိတယ်၊ အရှိန်ရရုံပဲ ရှိတယ်၊ တရားထူးတော့ မပေါက်ဘူး ဒီဘဝ၊ နောက်ဘဝကျရင်တော့ ရမှာပဲ၊ ဒီဘဝတော့ တရားထူး မရဘူး ပဒပရမ ပုဂ္ဂိုလ်၊ ပဒပရမဆိုတာ ဟောလိုက်တဲ့တရား နာကြားပြီးတော့ ကြည်ညိုသွား၊ ကျင့်ကြံ ကြိုးကုတ် အားထုတ်သွားရုံပဲ ရတဲ့ပုဂ္ဂိုလ်၊ တရားထူးတော့ မပေါက်ဘူး၊ အဲဒါ ပဒပရမ ပုဂ္ဂိုလ်၊ စတုတ္ထရေအိုးကြီးနဲ့ တူတာပေါ့။

ကဲ - ဒီတော့ ဘာပဲဖြစ်ဖြစ် ဒီနေ့ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက မိမိတို့ခန္ဓာကိုယ်ဟာ ဘယ်ရေအိုးနဲ့ တူနေသလဲလို့ဆိုတော့ ဘုန်းကြီးတို့ကလည်း မပြောတတ်ဘူး၊ ခန့်မှန်းရုံ ခန့်မှန်းနိုင်တယ်၊ ဒကာ ဒကာမတွေလည်း ကိုယ့်ကိုယ်ကို မသိဘူး၊ ခန့်မှန်းရုံခန့်မှန်းနိုင်တယ်၊ အဲ-ဘုရားကိုယ်တော်မြတ်ကြီးကတော့ သိတယ်၊ ဒီတော့- သိတော့ ဘာပဲဖြစ်ဖြစ် ဘုန်းကြီးတို့ ဘယ်လိုရေအိုးအမျိုးစားဖြစ်နေနေ၊ ရေဖြည့်ဖို့တာဝန် ကိုယ့်တာဝန်၊ ရေအိုးထဲရေလောင်းဖို့ တာဝန်ကိုယ့်တာဝန်။

ကိုယ့်ခန္ဓာကိုယ် ရေအိုးကြီးက ပထမရေအိုးကြီးလို ဖြစ်နေရင်လည်း မြန်မြန်ပြည့်မှာပေါ့၊ ဒုတိယရေအိုးဖြစ်နေရင်လည်း တော်တော်လောင်းလိုက်ရင် ပြည့်မှာပေါ့၊ တတိယ ရေအိုးကြီးလို ဖြစ်နေရင်လည်း တော်တော်ကြိုးစားလောင်းလိုက်ရင် ပြည့်လာမှာပေါ့၊ နောက်ဆုံး စတုတ္ထရေအိုးကြီးလို ဖြစ်နေပါစေအုန်း၊ ရေလောင်းတဲ့အတွက် မရှုံးဘူး၊ စတုတ္ထရေအိုးကြီးလို ရေကိုတစ်စက်မှ မရှိတဲ့ ခန္ဓာကိုယ်ရေအိုးကြီး ဖြစ်နေသည့်တိုင်အောင်၊ ကိုယ် -အခုလောင်း လိုက်သမျှဟာ တစ်ကြိမ်က နှစ်ကြိမ်၊ နှစ်ကြိမ်က သုံးကြိမ်၊ ကြိုးစား အားထုတ် ပြုလုပ်တော့ ရေဓာတ်ရလာမှာပေါ့၊ မရှုံးဘူး၊ အဲဒါကြောင့် မြတ်စွာဘုရားက -

* **မာဝမညေထ ပုညဿ, န မန္တံ အာဂမိဿတိ၊**
**ဥဒဗိန္ဒုနိပါတေန, ဥဒကုမ္ဘောပိ ပူရတိ၊**
**ဓီရော ပူရတိ ပုညဿ, ထောကံ ထောကမ္ပိ အာစိနံ။**

ဘုရားက တိုက်တွန်းခဲ့တာ။

မာဝမညေထ ပုညဿ, န မန္တံ အာဂမိဿတိ၊ မန္တံ- သေးသေး ကွေးကွေး, ငါပြုလိုက်ရတဲ့, ကောင်းမှုကလေးကဖြင့်၊ န အာဂမိဿတိ- အကျိုးကြီးမားစွာ မလာလတ္တံ့၊ မရလတ္တံ့၊ ဣတိ- ဤသို့တွေးပြီးတော့၊ ပုညဿ- ကုသိုလ်ကောင်းမှု, ပါရမီ မိုးရေမိုးပေါက် အစုရဲ့ အပေါ်၌၊ မာဝမညေထ- အမြင်မှိန်မှေး၍ အထင်မသေးလိုက်ရာ။

* ဓမ္မ-၄-၂ ၁၃။

http://www.dhammadownload.com



ကုသိုလ်ကောင်းမှုလေး ငါပြုတာတော့ အသေးလေးပါလို့ မဖြစ်ဖွဲ့လောက်ပါဘူး၊ ဒါကလေးဖြင့်ဒီ-ငှက်ပျောသီးလေး တစ်လုံးလောင်းလိုက်တာဖြင့် ဘာကုသိုလ်မှ ကြီးကြီး ကျယ်ကျယ် ဖြစ်မှာမဟုတ်ပါဘူးလို့၊ ဆွမ်းလေးတစ်ဇွန်းလောင်းတာနဲ့ဖြင့် ဘာကောင်းမှုမှ ဟုတ်တိပတ်တိ ဖြစ်မှာမဟုတ်ပါဘူးလို့၊ ဘုရားကို မီးလေးတစ်တိုင် အမွှေးလေးတစ်တိုင် လှူရုံနဲ့ ဘာကုသိုလ်မှ ထူးထူးခြားခြား ဖြစ်မှာ မဟုတ်ပါဘူးလို့၊ ဘာတို့နဲ့ အဲဒီလိုသွားပြီးတော့ ကုသိုလ်ကို အထင်မသေးလိုက်နဲ့ . . . ၊

မန္ဒ- သေးသေး ကွေးကွေး, ငါပြုလိုက်ရတဲ့ ကောင်းမှုကလေးကဖြင့်၊ န အာဂမိဿတိ-အကျိုးကြီးမားစွာ မလာလတ္တံ့ ဣတိ-ဤသို့တွေးပြီးတော့၊ ပုညဿ- ကုသိုလ်ကောင်းမှု ပါရမီမိုးရေပေါက်အစုရဲ့ အပေါ်၌၊ မာဝမညေထ- အမြင်မှိန် မှေး၍ အထင်မသေး လိုက်ရာ။

ဥပမာ ဘာနဲ့တူတုန်းဆိုတော့ -ဥဒဗိန္ဒု နိပါတေန- မိုးရေမိုးပေါက်, တစ်ပေါက် ပေါက်ဟန်, ကျဖန်များသဖြင့်၊ ဥဒကုမ္ဘောပိ- ရာဝင်အိုးကြီးသော် မှလည်း၊ ပူရတိယထာ- တစ်နေ့နေ့၌, မုချမသွေ, ပြည့်လျှံရလေသကဲ့သို့ . . . . ၊

ရေအိုးကြီး ဘယ်လောက်ပဲကြီးကြီး ရေတွေဘယ်လောက်ပဲ ခြောက်သရောင်း နေနေ ရေအခံဓာတ် နဂိုက ဘယ်လောက်ပဲ မရှိ မရှိ ရေသာဖြည့် ပုံမှန်ဖြည့် လူက ဒီလို ခွက်နဲ့ အိုးနဲ့ လောင်းထည့်တာ မဆိုထားနဲ့ ကွက်လပ်ကွင်းပြင်ထဲမှာ ရေအိုးကြီးချပြီးတော့ အဖုံးဖွင့်ပြီးတော့ ထားလိုက်ရင် မိုးရေမိုးပေါက်လေးတွေက မိုးရွာတိုင်းကျမယ် ဒီထဲ၊ ဒါ ကိုယ်က ရေခံယူလိုက်တာပဲ၊ မိုးရေ မိုးပေါက်ကလေး မိုးပေါက်တစ်ပေါက် တစ်ပေါက် ဘယ်လောက်မှ မကြီးကျယ်ဘူး၊ သို့သော်-အဲဒီ မိုးရေ မိုးပေါက်ကလေးတွေ ကျဖန်များတော့၊

ဥဒဗိန္ဒု နိပါတေန- မိုးရေမိုးပေါက် တစ်ပေါက်ပေါက်ဟန် ကျဖန်များသဖြင့်၊ ဥဒကုမ္ဘောပိ- ရာဝင်အိုးကြီးသော်မှလည်း၊ ပူရတိယထာ-မုချမသွေ တစ်နေ့နေ့၌ ပြည့်ရ,လျှံရ လေသကဲ့သို့၊ ဧဝံတထာ- ပမာဆိုမူ ထို့အတူသာလျှင်၊ ဓီရော- အသိအလိမ္မာ ဉာဏ်ပညာနှင့် ကောင်းစွာ မျှော်မြင် သူတော်စင်ဖြစ်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်း သူတော်ကောင်းသည်၊ ထောကံထောကမ္ပိ- မကြီးမကျယ် အနည်းငယ် အနည်းငယ်သော ကောင်းမှုကလေး ကိုပင်လျှင်၊ အာစိနံ (အာစိနန္တော)- နေ့ရက်မှန်မှန် အတန်တန်ဖြင့် ဖန်ဖန် ကြိုးကုတ် အားထုတ်နိုင်ခဲ့သည်ရှိသော်၊ ပုညဿ- ကုသိုလ်ကောင်းမှု ပါရမီ မိုးရေပေါက် အစုဖြင့်၊ ပူရတိ- မုချမသွေ ပြည့်ဖြိုးမောက်ပြန် လျှံ၍ကျရပါပေသတည်း။

သာဓု. . . သာဓု. . . သာဓု. . . ။

http://www.dhammadownload.com



အေး- မိုးရေမိုးပေါက်ကလေး တစ်ပေါက် တစ်ပေါက် ဘယ်လောက်မှ မကြီးကျယ်သော်လည်းပဲ အဲဒီ ကွင်းပြင်ကွက်လပ်ထဲမှာထားတဲ့ ရာဝင်အိုးကြီး ပင်ဖြစ်လင့်ကစား မိုးရေမိုးပေါက် ကျဖန်များတော့ ရေအိုးကြီး ရေပြည့်ရတယ် . . . ၊ ရေလျှံကျရတယ်၊ အဲဒါလိုပဲ အသိအလိမ္မာ ဉာဏ်ပညာရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်း သူတော်ကောင်းဟာ ခန္ဓာကိုယ်ရေအိုးကြီးကို ရေဖြည့်ရတယ်၊ ခန္ဓာကိုရေအိုးကြီးကို ပါရမီရေတွေ ဖြည့်ရတယ်။

ဟော -ဒီနေ့ ဘုရားကြီး ကျောက်ဆစ်တန်းက ဒကာ ကိုဖိုးနီတို့ မညိုတို့ မိသားစု ခုနှစ်ကြိမ်ရှိသွားပြီ ခန္ဓာကိုယ်ရေအိုးကြီး ရေဖြည့်လာလိုက်ကြတာ၊ ဒီတင် ဒီတင် ဂန္ဓာရုံကျောင်းတိုက်တွင်းတင်ပဲ သံဃာတော် တစ်ထောင်ကျော်၊ တစ်ထောင်ကျော်၊ တစ်ထောင် ကျော်၊ တစ်ထောင်ကျော် ခုနစ်ကြိမ်၊ ခုနစ်ကြိမ်ရှိသွားပြီဆိုတော့ သံဃာ တစ်သောင်းကျော် ဆွမ်းဘောဇဉ်တွေ လောင်းရ လှူရတဲ့ ကုသိုလ်ကောင်းမှု မိုးရေမိုးပေါက်တွေ။

တစ်ကြိမ် တစ်ကြိမ် ပုဗ္ဗစေတနာ, မုဥ္စစေတနာ, အပရစေတနာ စေတနာ သုံးတန်၊ ဆွမ်းကပ်ဝေယျာမယ်လို့ ကြံရွယ်ကတည်းက ဆွမ်းကပ်ရက် ယူပြီဆိုက တည်းကိုက၊ ကပ်တော့မယ်၊ ကပ်တော့မယ်၊ ဆွမ်းလောင်းတော့မယ်၊ ဆွမ်းလောင်း အုန်းမယ်၊ လှူအုန်း မယ်၊ သံဃာတော်တစ်ထောင်ကျော် ဆွမ်းသွား လောင်းအုန်း မယ်၊ လောင်းအုန်းမယ်၊ လောင်းအုန်းမယ်၊ မိုးရေမိုးပေါက်တွေက ကျနေပြီ၊ ခန္ဓာ ကိုယ်ရေအိုးထဲ ဖြုန်းဖြုန်း ဖြုန်းဖြုန်း ဖြုန်းဖြုန်းနဲ့ မိုးရွာသလို ကျကုန်ပြီ၊

နောက်ခုနက ကိုယ်တိုင်လောင်းနေပြီ၊ "သံဃဿ ဒေမ၊ နိဗ္ဗာနဿ ပစ္စယော ဟောတု" ဆိုပြီးတော့ ဓမ္မမိတ်ဆွေ သူတော်စင်တွေနှင့် တကွ လောင်းလှူ နေတဲ့ အချိန်၊ ရေအိုးကြီးထဲ၊ မိုးရေတွေ . . . ကျလိုက်တာ၊ နောက်လှူပြီး လောင်းပြီး သွားတော့ အောင်မြင် သွားပြီ၊ အောင်မြင်သွား ပြန်ပဟ၊ တစ်နှစ်အောင်သွား ပြန်ပဟ-လို့ ဝမ်းသာပြီး ပြန်သွား၊ ကြုံတဲ့တွေ့တဲ့ သူတွေ မိတ်ဆွေတွေများ ပြောပြ၊ အမျှဝေ ဖြုန်းဖြုန်း ဖြုန်းဖြုန်း ဖြုန်းဖြုန်း ကျတုန်းပဲ၊ မိုးရေမိုးပေါက်တွေက။

ဒီတော့-တစ်ကြိမ် တစ်ကြိမ်မှာ မိုးရေမိုးပေါက်တွေက နည်းတာမဟုတ်ဘူး၊ စုမိ သွားတာ၊ အတူတူပဲပေါ့၊ ဝက်လက်မြို့နယ် မင်္ဂလာ့ရေစဉ်ကျေးရွာက လာကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်း တွေရဲ့ ခန္ဓာကိုယ်ရေအိုး၊ (၁၀) ကြိမ်ရှိသွား ပြီ လှူမယ်၊ လောင်းမယ်၊ လှူမယ် လောင်းမယ်၊ လှူမယ် လောင်းမယ်ဆိုတဲ့ ပထမ ပုဗ္ဗစေတနာတွေဖြစ်၊ ရွာကထွက်လာကတည်းက အဲဒီကုသိုလ်စိတ်တွေနဲ့ လာခဲ့တာ ဖြစ်တော့ ခန္ဓာကိုယ် ရေအိုးကြီး ထဲကျလိုက်တဲ့ရေတွေ၊ တဖွားဖွား တဖြုန်းဖြုန်း

http://www.dhammadownload.com



တရုန်းရုန်းနဲ့ နောက်ဒီမှာ လောင်းနေဆဲအချိန်လည်း တဖြုန်းဖြုန်း တရုန်းရုန်း၊ လောင်းလှူပြီးတော့ ပြန်သွားတော့ လည်း ဝမ်းသာ . . . လို့၊ ကြည်နူး . . . လို့၊ လမ်းမှာလျှောက်ပြီးတော့ အမျှတွေဝေလို့၊ တဖြုန်းဖြုန်း တရုန်းရုန်းမိုးရေမိုး ပေါက်တွေ (၁၀)ကြိမ် ရှိသွားပြီ။

အဲဒါ အခု ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာကလာတဲ့ ဒကာကြီး ဦးလှတို့ မိသားစု ကလည်း ထို့အတူပဲပေါ့၊ အခု ရှစ်ကြိမ်ရှိသွားပြီ သူတို့ကလည်း ဒီတော့ မလှူခင်၊ လှူဆဲ၊ လှူပြီး၊ ဒါမိုးရေ မိုးပေါက်တွေကျတာ၊ ဒီတော့ ကိုယ့်ခန္ဓာကိုယ် ရေအိုးကြီး ရေပြည့်ပြည့် ပြည့်ပြည့်လာတာပေ့ါ၊ မိုးရေမိုးပေါက်ကလေးတွေ တစ်ဖျောက်ဖျောက်ကျတာတောင်မှ ပြည့်သေးတဲ့ဥစ္စာ၊ အခုလိုခွက်နဲ့ ဖလားနဲ့ လောင်းတဲ့ အနေမျိုးနဲ့ **"သံဃဿ ဒေမ၊ နိဗ္ဗာနဿ ပစ္စယော ဟောတု" "သံဃဿ ဒေမ၊ နိဗ္ဗာနဿ ပစ္စယော ဟောတု"** နဲ့ ခွက်နဲ့ ထမ်းလောင်းသလို၊ ဖလားနဲ့ ထမ်းလောင်းသလို၊ အိုးနဲ့ ထမ်းလောင်းသလိုလောင်းတော့ ပိုပြည့်တာပေ့ါ၊ အဲဒါ-ပါရမီပြည့်တယ်ဆိုတာ အဲဒါပဲ။

ဒါကြောင့် ခန္ဓာကိုယ်ရေအိုးကြီးကို ရေဖြည့်ကြ. . . တဲ့၊ ရေဖြည့်ကြ၊ အဲဒီရေ ပြည့်တော့ မှ အပူတွေငြိမ်းမယ်၊ ကိလေသာပူလို့ဆိုတဲ့ (၁၁) သီး မီးအပူတွေ၊ ဒီခန္ဓာကိုယ် ရေအိုးကြီး ရေပြည့်တော့ ငြိမ်းလိမ့်မယ်၊ မစင်မကြယ် ရွံ့စဖွယ် အညစ်အကြေးတွေကို ရေက ဆေးကြော သလို၊ ကုသိုလ်ကောင်းမှုတည်း ဟူသော ရေတွေက အကုသိုလ်ဆိုတဲ့ အညစ်အကြေးတွေ ဒုစရိုက်ဆိုတဲ့ အညစ် အကြေးတွေ၊ မတော်မတရားဆိုတဲ့ အဓမ္မအညစ်အကြေးတွေကို ဆေးကြောတယ် . . . တဲ့၊ ဒီခန္ဓာကိုယ်ကြီးထဲမှာ ကုသိုလ်ကောင်းမှုရေတွေ၊ ပါရမီရေတွေလောင်း ထည့်နေပြီဆိုရင် မကောင်းတဲ့ အညစ်အကြေးတွေက စင်ကြယ်သွားတယ်။

ဒီတော့ -ဒီမကောင်းတဲ့ အညစ်အကြေးတွေကြောင့် အပါယ်လေးပါး ကျရခြင်း ဆိုတဲ့ ရောဂါဆိုးတွေက ဖြစ်လာတတ်တာ၊ ဒီတော့ -အဲဒီအညစ်အကြေး တွေမှ မရှိဘဲနဲ့ အပါယ်လေးပါးကျခြင်းဆိုတဲ့ ရောဂါဆိုး ဘယ်ဝင်လိမ့်မတုန်း၊ ဒါကြောင့် မြတ်စွာဘုရားက အဲဒါမြင်လို့ အေး. . . ကုသိုလ်ကောင်းမှုများ သေးသေး လေးဆိုပြီးတော့များ အထင်မသေးနဲ့နော် ပန်းလေးတစ်ပွင့် ဘုရားလှူတာကအစ၊ မီးလေးတစ်တိုင်၊ ပန်းလေးတစ်ခိုင်၊ ဘုရားဆက်ကပ်တာကအစ လှူမယ်၊ လှူမယ်လို့ ကြံရွယ်တဲ့အချိန်၊ မိုးရေမိုးပေါက်တွေ ပုဗ္ဗစေတနာ အဖြစ်နဲ့ လှူနေဆဲ မိုးရေမိုး ပေါက်တွေ၊ လှူပြီးတော့ မိုးရေမိုးပေါက်တွေ၊ ဒီလို ဖြစ်တဲ့သဘောရှိတော့ အဲဒီ မိုးရေမိုးပေါက်တွေ ကျဖန်များတော့မှ ရေအိုးကြီးပြည့်လျှံ၊အေးငြိမ်းရသလို ခန္ဓာ ကိုယ် ရေအိုးကြီးကို ရေဖြည့်ကြ . . . လို့ -

http://www.dhammadownload.com



**မာဝမညေထ ပုညဿ, န မန္တံ အာဂမိဿတိ၊**
**ဥဒဗိန္ဒုနိပါတေန, ဥဒကုမ္ဘောပိ ပူရတိ၊**
**ဓီရော ပူရတိ ပုညဿ, ထောကံ ထောကမ္ပိ အာစိနံ။**

မန္တံ-သေးသေးကွေးကွေး, ငါပြုလိုက်ရတဲ့ ကောင်းမှုကလေးကဖြင့်၊ နအာဂမိဿတိ- အကျိုးကြီးမားစွာ မလာလတ္တံ့၊ ဣတိ-ဤသို့တွေးပြီးတော့၊ ပုညဿ- ကုသိုလ်ကောင်းမှု, ပါရမီ မိုးရေမိုးပေါက်အစုရဲ့ အပေါ်၌၊ မာဝမညေထ- အမြင်မှိန်မှေး၍, အထင်မသေးလိုက်ရာ၊ ဥဒဗိန္ဒု နိပါတေန-မိုးရေမိုးပေါက်, တပေါက်ပေါက်ဟန်, ကျဖန်များသဖြင့်၊ ဥဒကုမ္ဘောပိ-ရာဝင်အိုးကြီးသော်မှလည်း၊ ပူရတိယထာ- မှုချမသွေ, တစ်နေ့နေ့၌ ပြည့်ရလျှံရ လေဘိသကဲ့ သို့၊

**ဧဝံတထာ**- ပမာဆိုမူ ထို့အတူသာလျှင်၊ ဓီရော- အသိလိမ္မာ ဉာဏ်ပညာနှင့် ကောင်းစွာမျှော်မြင် သူတော်စင်ဖြစ်တဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးအပေါင်း သူတော်ကောင်းသည်၊ ထောကံ ထောကမ္ပိ-မကြီးမကျယ် အနည်း ငယ် အနည်းငယ်သော ကောင်းမှုကလေးကိုပင်လျှင်၊ အာစိနံ (အာစိနန္တော) - နေ့ရက်မှန်မှန် အတန်တန်ဖြင့် မှန်မှန် ကြိုးကုတ် အားထုတ်နိုင်ခဲ့သည်ရှိသော်၊ ပုညဿ-ကုသိုလ်ကောင်းမှု ပါရမီ မိုးရေမိုးပေါက် အစုဖြင့်၊ ပူရတိ-မုချမသွေ ပြည့်ဖြိုး မောက်ပြန် လျှံ၍ကျရပါပေသတည်း။

သာဓု. . . သာဓု. . . သာဓု. . .။

ကဲ-ဒီတော့ -ဒီနေ့ ဒကာ ဒကာမတွေ ဘာလုပ်လာကြတုန်း . . . လို့ မေးရင် တပည့်တော်တို့ ရေအိုးရေဖြည့်လာကြပါတယ်၊ ခန္ဓာကိုယ်ရေအိုးကြီးကို ပါရမီရေတွေ ပြည့်အောင် လာပြီးတော့ ဖြည့်ကြပါတယ်. .၊ (၁၀) ကြိမ်မြောက်တို့၊ (၈) ကြိမ်မြောက်တို့ရောက်သည်အထိ တပည့်တော်တို့ ဖြည့်ခဲ့ရတဲ့ ပါရမီရေအိုးက ပါရမီရေတွေက မီးတစ်ဆယ့်တစ်တန် အပူတွေမှန်သမျှ ငြိမ်းပျောက်ရာဖြစ်တဲ့ သန္တိသုခ နိဗ္ဗာနဓာတ် ချမ်းသာထူး ချမ်းသာမြတ်ကြီးကို တပည့်တော်တို့ ဒီနေ့ဖြည့်ရ တဲ့ ပါရမီ ကုသိုလ်ရေတို့ကြောင့် အစွမ်းသတ္တိကြောင့်လည်းကောင်း၊

ဤမှတပါး များပြားကျေးဇူး ဘဝါဘဝ အထူးထူးကလည်းကောင်း၊ ဤဘဝ၌ လည်းကောင်း၊ အကြိမ်ကြိမ် အခါခါ ဆည်းပူးအားထုတ် ပြုလုပ်ခဲ့ရတဲ့ ကုသိုလ်ကောင်းမှု ပါရမီမိုးရေ မိုးပေါက်အစု၏ အစွမ်းသတ္တိကြောင့်လည်းကောင်း၊ ဒုက္ခခပ်သိမ်း အပူခပ်သိမ်း၊ အေးငြိမ်းရာဖြစ်တဲ့ သန္တိသုခ နိဗ္ဗာနဓာတ် ချမ်းသာထူး ချမ်းသာမြတ်ကြီးကို လျင်မြန်ဆောစွာ ဆိုက်ရောက်ရ ပါလိုကုန်သောဟူ၍ ပတ္ထနာ အောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု. . . သာဓု. . . သာဓု . . . ပါဘုရား။

http://www.dhammadownload.com



# *ကိသုကောပမသုတ္တန် ပေါက်ပွင့်ခွေးမျှော် တရားတော်

ကိုင်း-သာဟတ္ထိကမြောက် ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းဆက်ကပ်မှု ပြီးသွားပြီ၊ ဒီတော့ အခုမနက်ဆွမ်း နေ့ဆွမ်း (၁၅) ကြိမ်မြောက်လာပြီးတော့ ကပ်ကြတဲ့ ငွေးသစ်ကုန်းရွာ၊ သရက်ချုံရွာ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ အခု ရန်ကုန်မြို့ ဖ. ဆ. ပ. လ တိုက်တန်းက လာပြီးတော့ ကုသိုလ်ကောင်းမှုပြုတဲ့ ဒကာမကြီးတွေ မိသားစုတွေက မိမိတို့ ပြုလုပ်အားထုတ်တဲ့ ကုသိုလ်လုပ်ငန်း အသီး အသီးဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို ပို့ဖို့ မဂ္ဂသစ္စာကြီးဖြစ်ဖို့ ဒါအရေးကြီးနေတယ်။

ကုသိုလ်ကောင်းမှု ပြုတိုင်း နိဗ္ဗာန်ရတာမဟုတ်ဘူး၊ ကုသိုလ်ကောင်းမှု ပြုပြီးတော့ နိဗ္ဗာန်မရတာက ရှိသေးတယ်၊ အဲဒါဘယ်လို ကုသိုလ်တုန်းလို့ ဆိုတော့ ဝဋ္ဋနိဿိတကုသိုလ် ခေါ်တယ်၊ ဝဋ္ဋနိဿိတဆိုတာ ဝဋ်ဆင်းရဲကို မှီတဲ့ကုသိုလ်၊ ဝဋ်ထဲကို အာရုံပြုပြီးတော့လုပ်တဲ့ ကုသိုလ်၊ အဲဒီကုသိုလ်ကို ဝဋ္ဋနိဿိတ ကုသိုလ် လို့ခေါ်တယ်၊ ဝဋ်ထဲကို မှီပြီးပြုတယ်ဆိုတာ ဘာပြောတာတုန်းဆိုတော့ သူက လှူလိုက်လို့ရှိရင် နောက်ဘဝပစ္စည်း ပေါတယ်လို့ ကြားဖူးတော့ လှူတော့ ပစ္စည်းပေါချင်တယ်၊ အဲဒီလို ပြုတဲ့ကုသိုလ်က သို့မဟုတ် ချီးမွမ်းခံချင်လို့ အမလေး . . လှူဖော်ရလိုက်တာ၊ ကျွေးဖော်ရလိုက်တာ၊ တော်လိုက်တာလို့ ဘေးက ချီးမွမ်း တာကိုခံချင်လို့ လှူတယ်ဆိုရင် လာဘသက္ကာရ လာဘ်တို့ ပူဇော်သက္ကာရတို့ ချီးမွမ်းတို့ ခံချင်လို့ လှူတယ်ဆိုရင်လည်း နိဗ္ဗာန်မရဘူး၊ အဲဒီချီးမွမ်း ခံရရုံပဲရှိတယ်။

သို့မဟုတ် ကဲ့ရဲ့မှာကြောက်လို့ အမလေး . . . ပစ္စည်းတွေရှိရဲ့သားနဲ့ လှူဖော်မရဘူး၊ ဆွမ်းလေးတစ်ဇွန်းတောင် လောင်းဖော်မရဘူးလို့ ပြောမှာစိုးလို့ အိမ်နီးနားချင်း ကဲ့ရဲ့မှာကြောက်လို့ မိတ်ဆွေတွေ ကဲ့ရဲ့မှာကြောက်လို့ လှူရင်လည်း နိဗ္ဗာန်မရဘူး၊ ဒီကုသိုလ်နိဗ္ဗာန် မပို့ဘူး၊ ပို့တောင်မှ နည်းနည်းလေး အရိပ်အငွေ့လေး နည်းနည်းလေးရှိတယ်၊ အဲ -သူ့ဘာရတုန်းဆိုတော့ အချီးမွမ်းခံရရုံပဲရတယ်၊ အကဲ့ ရဲ့လွတ်တာလေးပဲရတယ်၊ သို့မဟုတ် စည်းစိမ် ဥစ္စာပေါမှုလေးပဲရတယ်၊ ဒီတော့ အဲဒီကုသိုလ်မျိုးကို ဝဋ္ဋနိဿိတ ကုသိုလ် . . . တဲ့၊ ဝဋ်ဆင်းရဲမှ မလွတ်ဘူးတဲ့၊ ဝဋ်

* သံ-၂/ ၃၉၆

http://www.dhammadownload.com



ဆင်းရဲထဲလည်မယ့် ကုသိုလ်တဲ့၊ ဒီတော့ သူကညာဏ်မပါဘူး၊ ဝဋ်ဆင်းရဲကလွတ်မြောက်ချင်တဲ့ ညာဏ်မပါဘူး၊ ဘာနဲ့ သွားတူနေတုန်း လို့ဆိုတော့-

အခုဘုန်းကြီးတို့ နိုင်ငံခြားသားတွေလည်း ဗုဒ္ဓဘာသာ အယူမရှိတဲ့သူ တွေလည်း လှူနေကြတာ၊ တစ်ယောက်နဲ့တစ်ယောက် ပေးနေကြတာ ဝတ္ထုရားပေး၊ ပေးတာကောင်း တယ်ဆိုပြီးတော့ပေး၊ အဲဒီလိုဖြစ်နေ၊ ဒါကြောင့်မို့လို့ မြတ်စွာဘုရားက ဝိဝဋ္ဋနိဿိတ ဝဋ်ဆင်းရမှ ထွက်မြောက်ကြောင်း ဖြစ်စေချင်တယ်၊ သံသရာဝဋ်ကြီးထဲမှာ တလည်လည်နဲ့နေရတဲ့ အဖြစ်ဆိုးမျိုးကြီးတွေကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးများက သတ္တဝါတွေကို သိစေချင်တယ်၊ မြင်စေချင်တယ်၊ သတ္တဝါများစွာ ဒီသုံးဆယ့်တစ်ဘုံ သံသရာကြီးကို ပျော်စရာ နယ်ကြီးလို့ ထင်တယ်၊ အထူးသဖြင့် အထက်ပိုင်းသံသရာ၊ အလယ်ပိုင်းသံသရာ၊ အထက်ပိုင်းသံသရာကို ပျော်စရာနယ်ကြီးလို့ သတ္တဝါတွေကမြင်တယ်၊ သံသရာအပိုင်းက သုံးပိုင်းရှိတယ်၊ အောက်ပိုင်းသံသရာ၊ အလယ်ပိုင်းသံသရာ၊ အထက်ပိုင်းသံသရာ၊ အောက်ပိုင်းသံသရာ ဆိုတာက အပါယ်လေးဘုံပြောတာ၊ ငရဲဘုံတို့ တိရစ္ဆာန်ဘုံတို့ ပြိတ္တာဘုံတို့ အသုရကာယ်ဘုံတို့ အဲဒါ အောက်ပိုင်းသံသရာခေါ်တယ်။

အလယ်ပိုင်းသံသရာဆိုတာ လူပြည်နဲ့ နတ်ပြည်ခြောက်ထပ်၊ အဲဒါကို သုဂတိ (၇) ဘုံလို့ခေါ်တယ်၊ ဒါအလယ်ပိုင်း သံသရာခေါ်တယ်၊ အဲဒီအထက်က ဗြဟ္မာ (၂၀) ဆိုတာ အထက်ပိုင်း သံသရာခေါ်တယ်၊ ဒီတော့ အဲဒီသံသရာ သုံးပိုင်းမှာ အပါယ်လေးပါး သံသရာကိုကျတော့ သတ္တဝါတွေကသိတယ်၊ အဲဒါ ဆင်းရဲတယ်လို့၊ အဲဒီမှာတော့ ဆင်းရဲတယ်၊ ဒုက္ခရောက်တယ်ဆိုတာ မြင်နေရတာကိုး၊ မိမိရှေ့တင်ဘဲ တိရစ္ဆာန်တွေ ဆင်းရဲနေတာ၊ ဒုက္ခရောက်နေတာ၊ အသတ်ခံရ၊ အထိုးခံရ၊ အခုတ်ခံရ အဲဒါတွေမြင်နေတာ ဆင်းရဲမှန်းသိတယ်။

သို့သော် လူပြည်နတ်ပြည်ကျတော့ သူတို့ကပျော်စရာကြီး သာယာစရာကြီးလို့ ထင်သွားတယ်၊ ဗြဟ္မာ(၂၀) ကျတော့ အသက်တွေက ရှည်ပြီးတော့ အကြာကြီးနေရတာ ဆိုပြီးတော့ ချမ်းသာတယ်လို့ ထင်ကြတယ် သတ္တဝါတွေ၊ အဲဒါကို အဲဒီချမ်းသာတယ်ထင်တဲ့ လူပြည် လူစည်းစိမ် လူဘဝ နတ်ပြည် နတ်စည်းစိမ် နတ်ဘဝ၊ ဗြဟ္မာ့ပြည် ဗြဟ္မာစည်းစိမ် ဗြဟ္မာဘဝတွေ ချမ်းသာတယ်ထင်ပြီးတော့ အဲဒါတောင့်တပြီးတော့ ပြုရင် ဝဋ္ဋနိဿိတ၊ တစ်ပတ်ပတ်ဖြစ်မယ့် ဒုက္ခတွေကို မှီပြီးတော့ ဖြစ်တဲ့ကုသိုလ်ကြီး ဒီကုသိုလ်ကြီးက၊ တစ်ပတ်ပတ်ဖြစ်တဲ့ ဒုက္ခဆိုတာ အိုမှုကြီးတွေ နာမှုကြီးတွေ သေမှုကြီးတွေ ပြောတာ၊ ဒီအိုမှု နာမှု သေမှုကြီးတွေက တပတ်ပတ် အထပ်ထပ်ဖြစ်နေလို့ သူ့ကို ပါဠိလို ဝဋ္ဋ လို့ခေါ်တယ်။ ဝဋ္ဋဆိုတာ အထပ်ထပ်ဖြစ်နေတဲ့ အရာကို ဝဋ္ဋ။

http://www.dhammadownload.com



ဒီတော့ ဘုန်းကြီးတို့တတွေ သတ္တဝါတွေသန္တာန် အထပ်ထပ်ဖြစ် နေတာ ဘာတုန်း ဆိုရင် အိုမှုကြီးက အထပ်ထပ် နာမှုကြီးက အထပ်ထပ် သေမှုကြီးက အထပ်ထပ်၊ ဒီတော့ ရောက်လေရာဘဝတိုင်း အိုမှုကတွေခဲ့တာချည်းပဲ၊ လူဖြစ်တော့ လူအို နတ်ဖြစ်တော့ နတ်အို ခွေးဖြစ်တော့ ခွေးအို နွားဖြစ်တော့ နွားအိုပေါ့-ဒါပဲ သဏ္ဌာန်သာကွဲတယ် သဘောမကွဲဘူး၊ ဇာတ်သာကွဲတယ်၊ ခာတ်မကွဲဘူး၊ ဇာတ်က တော့ သူက လူဇာတ်၊ သူက တိရစ္ဆာန်ဇာတ် ဒီလိုဇာတ်ကလေးများတော့ ကွဲသွား တယ်၊ ခာတ်ကတော့ အတူတူပဲ၊ အိုတာချင်း အတူတူပဲ၊ သဏ္ဌာန်သာကွဲတယ်၊ သဘောသဘာဝ မကွဲဘူး၊ ပုံသဏ္ဌာန်တော့ ကွဲချင်ကွဲလိမ့်မယ်၊ လူပုံသဏ္ဌာန်နဲ့ တိရစ္ဆာန် ပုံသဏ္ဌာန် နတ်ပုံသဏ္ဌာန် မတူဘူးပေါ့၊ မတူပေမယ့်လို့ သဘော သဘာဝ က အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ သဘောကြီးကတော့ အတူတူပဲ၊ ဒီတော့ အဲဒီလို ထပ်တလဲလဲဖြစ်နေတဲ့ဟာတွေကို ဝဋ္ဋလို့ခေါ်တယ်။

ဒီတော့ အဲဒီထပ်တလဲလဲဖြစ်မှုက ဘဝနဲ့ချီပြီးတော့လည်း ထပ်တလဲလဲ ဖြစ်တယ်၊ အခု ဒီဘက်ဘဝတင်ပဲ ထပ်တလဲလဲဖြစ်နေတာပဲ သူက၊ အိုမှုဆိုတဲ့ရင့် ရော်မှုကြီးက၊ အခု အိုပြီးရင်း အိုရင်း၊ အိုပြီးရင်း အိုရင်းဖြစ်နေတာပဲ၊ ခန္ဓာကိုယ်မှာ ဆံပင်အို, သွားအို, နားအို, မျက်စိအို အထပ်ထပ်ပဲ၊ နာမှုကြီးကလည်း အထပ်ထပ်ပဲ ဒီခန္ဓာကိုယ်မှာ ဖျားခဲ့ရတဲ့အကြိမ်တွေ၊ အနာပေါက်ခဲ့ရတဲ့အကြိမ်တွေ မနည်းတော့ ဘူး၊ အဲဒီထင်ရှားတဲ့နာမှုအပြင် ခန္ဓာကိုယ် ထဲဖြစ်နေတဲ့ မထင်မရှားနာမှုကြီး၊ အေးမှု, ပူမှု, ကျင်ကြီး ကျင်ငယ်အမှု, ဆာလောင်မွတ်သိပ်မှု, ဒီအမှုကြီးတွေက ဗျာဓိတွေပဲ အေးမှုဆိုတာ အေးလိုဆိုပြီးတော့ နွေးအောင်ဆိုပြီးတော့ အနွေးထည်တွေဝတ် ပေးရ စောင်အမျိုးမျိုးခြုံပေးရ လေလုံတဲ့အထဲ နေပေးရ မီးလှုံပေးရ ဒါ-နာမှုကြီး ဗျာဓိပဲ၊ ပူလို့ဆိုပြီး တစ်ခါတည်း ရေချိုးပေးရ ယပ်ခတ်ပေးရ သနပ်ခါး လိမ်းပေးရ ပန်ကာဖွင့်ပေးရ ဒါ-ဗျာဓိပဲ။

အဲဒါ အထပ်ထပ်ပဲ နေ့တိုင်း နှစ်တိုင်း လတိုင်း ရှိနေတာ၊ ကျင်ကြီးကျင်ငယ် အမှုတွေ ပြုချင်နေတယ်၊ ပြုပေးနေရတယ်၊ ဒါ အထပ်ထပ်ပဲ ဗျာဓိပဲ၊ ကျင်ကြီး ပြုချင်လာတယ်၊ ပြုပေးနေရတယ်၊ ဒါဗျာဓိဒုက္ခကြီးနှိပ်စက်တာ၊ ဒါကျတော့ ဆရာဝန်တွေ ခာတ်ဆရာ ဗိန္ဒောဆရာတွေ မခေါ်ရတော့ ... သတ္တဝါတွေက ဗျာဓိလို့ မမြင်ဘူး၊ ဗျာဓိဒုက္ခကြီးလို့ မသိဘူး၊ ကျင်ငယ်အမှုပြုချင်တယ်၊ ပြုပေး နေရတယ်၊ ဒါ ဗျာဓိ၊ မပြုရဘူးဆိုရင် တစ်ခါတည်း ဘေးတွေဖြစ်၊ ဒုက္ခ တွေတိုး လာတာ၊ ကြည့်ပါလား ဆာတယ်. . . တဲ့၊ မွတ်သိပ်တယ် ပိပါသာ ဇိဃစ္ဆာ စာလို တော့။ ဇိဃစ္ဆာဆိုတာက ဆာတာ အစာစားချင်တယ်၊ အစာဆာလာတာ၊ ခန္ဓာ

http://www.dhammadownload.com



ကိုယ်ကိုက ဆာပြီးတော့လာတာ၊ ဗျာဓိဒုက္ခကြီး နှိပ်စက်တာ သူက၊ အဲဒီဒုက္ခကြီးကို ကျတော့ ဆရာဝန်ခေါ်ရတာလည်း မဟုတ်၊ ဓာတ်ဆရာ ဗိန္ဓောဆရာ ခေါ်ရတာလည်း မဟုတ်တော့ ဗျာဓိဒုက္ခလို့ သတ္တဝါတွေက မသိဘူး၊ မမြင်ဘူး၊ ဒါရိုးရာပဲလို့၊ ဒုက္ခလို့မတွက်တော့ဘူး။ မွတ်သိပ်တယ်ဆိုတာ ရေငတ်တာ၊ ရေသောက်ချင်တာ၊ ဖျော်ရည်သောက်ချင်တာ၊ လ္ဘက်ရည်သောက်ချင်တာ စသည်ဖြင့် အဲဒါလည်း နေ့တိုင်း ဒီဗျာဓိဒုက္ခကြီးပေါ်နေလို့ အထပ်ထပ် ရက်တိုင်းလတိုင်း အထပ်ထပ်ဖြစ်နေလို့ သူ့ကို ဝဋ္ဋလို့ခေါ်တယ်။

ဝဋ္ဋမှ အဲဒီ အထပ်ထပ်ဖြစ်တဲ့ ဝဋ္ဋကြီးက ချမ်းသာလား ဆင်းရဲလား လို့ဆိုတော့ ဘုရားက ဝဋ္ဋဒုက္ခ. . . တဲ့၊ ချမ်းသာမဟုတ်ဘူး၊ ဆင်းရဲကြီး . . တဲ့ သူက၊ ဒီတော့ အဲဒီအထပ် ထပ်ဖြစ်နေတဲ့ ဆင်းရဲကြီးကို လိုချင်လို့ ပြုတဲ့ကုသိုလ်ဖြစ်သွားရင် ဘုရားက အဲဒါ လူလိုပြော ရင်တော့ အသည်းနာ တယ်ပေါ့လေ၊ ဒီလောက်ကောင်းမှုကြီး ပြုပြီးတော့မှ ငါ့နှယ်ဖြစ်မှ ဖြစ်ရလေခြင်း၊ ဒီဆင်းရဲဒုက္ခကြီး ပြန်ပြီးတော့ လိုချင်တဲ့စိတ်နဲ့ ပြုလိုက်လေခြင်း၊ ငါ့သားရယ် . . ၊ ငါ့သမီးရယ်. . လို့ ဒီလို ဘုရားက ရင်ထုရှာတယ်။

ပြုတာ မပြုတဲ့သူနဲ့စာရင်တော့ ကြိုက်တယ်၊ ဘုရားက ကုသိုလ်ကောင်းမှုပြုဖော် မရတဲ့သူနဲ့ စာရင်တော့ ခုနက ဝဋ္ဋနိဿိတ သမားကိုတော့ ငါးဆယ်ရာခိုင်နှုန်းလောက်၊ တစ်ဝက်လောက်တော့ ကြိုက်ပါတယ်၊ လုံးလုံးမပြုတဲ့သူက အပါယ်လေးပါးထိကျမှာ မို့လို့ ပြုတဲ့သူကိုတော့ နည်းနည်းကြိုက်တယ်၊ သို့သော် ဝဋ်ဆင်းရဲမှ လွတ်မြောက်ဘို့ ရည်စူး ပြီးတော့ ပြုစေချင်တယ်၊ ရည်မှန်းပြီးတော့ ပြုစေချင်တယ်။

အဲ ဒါကြောင့်မို့လို့ ဘုရားရှင်ကိုယ်တော်မြတ်က ဟောလိုက်တာ ဝဋ်ဆင်းရဲက လွတ်မြောက်ရေးအတွက် ရည်မှန်းပြီးတော့ ပုံတွေ ဥပမာတွေ အမျိုးမျိုး ဆောင်ပြီးတော့ ဟောလိုက်တာ ဓမ္မက္ခန္ဓာတွေ ရှစ်သောင်းနဲ့ လေးထောင် များသွားတယ်၊ အမှန်ကတော့ နိဗ္ဗာန်ရရေးတစ်ခုတည်းရယ်၊ ဝိမုတ္တိရသလို့ခေါ်တယ်၊ စာလိုပြောရရင်၊ လွတ်မြောက်မှု အတွက်တစ်ခုတည်း ရည်ရွယ်ချက်ချပြီး လုပ်ရမှာ လွတ်မြောက်ချင်တယ်ဆိုတာက ဘေးအန္တရာယ် ရှိတယ်လို့ သိမှ လွတ်မြောက်ချင်တာကိုး၊ ဘာမှ မဖြစ်ဖူးဘူး ချမ်းသာနေတယ်ဆိုရင် သတ္တဝါတွေက မလွတ်မြောက်ချင်ဘူး၊ ကိုယ့်မှာဘေးအန္တရာယ် ပေါ်နေတယ်လို့သိမှ လွတ်ချင်တာ၊ လွတ်မြောက်ချင်တာ။

http://www.dhammadownload.com



ဒီတော့ အဲဒီလို ဘေးအန္တရာယ်တွေပေါ်နေတဲ့အကြောင်း (၃၁)ဘုံ နယ်ထဲမှာ သတ္တဝါတွေနေတဲ့အနေဟာ ဘေးဒုက္ခအန္တရာယ်ကြားမှာနေရပုံ၊ သံသ ရာဝဋ်ဒုက္ခညွှတ်ကြီး ထဲမှာ နေရပုံဟာ ဘေးအန္တရာယ်တွေ မလွတ်တဲ့အနေမျိုး ဖြစ်ပုံ၊ သိစေချင်လို့ ဘုရားရှင်က ပုံတွေ ဥပမာတွေ အမျိုးမျိုး ဆောင်ပြီးတော့ ဟောတဲ့အနက် သံယုတ်ပါဠိတော် ကီသုကောပမသုတ်၊ ကီသုကောပမသုတ်ဆိုတာ ပေါက်ပွင့်ကိုခွေးမျှော်တဲ့ ဥပမာဆောင် ထားတဲ့သုတ်၊ ဒါကြောင့် ဒီနေ့ ဆွမ်းဒကာ ဆွမ်းဒကာမ အပေါင်းတွေက တပည့်တော်တို့ ဒီနေ့ပြုလုပ် အားထုတ်ရတဲ့ (၁၇) ကြိမ်မြောက် လာရောက်လှူဒါန်းပူဇော် နံနက်ဆွမ်း နေ့ဆွမ်းဆက်ကပ်ကြတဲ့ ကုသိုလ်ကောင်းမှု စေတနာသည်လည်းကောင်း၊ သင်္ကန်းဒွိစုံကို သံဃိကဒါန လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှု၊ ပရိသတ်အပေါင်း သူတော်ကောင်းတွေကျွေး မွေးဧည့်ခံရတဲ့ ကုသိုလ်ကောင်းမှုစေတနာသည် . . ပေါက်ပွင့်ခွေးမျှော်, ဘေးကြီး ပေါ်တဲ့ အဖြစ်ဆိုးမှ လွတ်ဘို့ရာဖြစ်ပါစေသား ၊

ရန်ကုန်မြို့က လာရောက်ပြီးတော့ ပြုလုပ်တဲ့ ဒါယကာမကြီး ဒေါ်တင်နှင့် တကွ (၁၉) ကြိမ်မြောက်၊ (၁၉) နှစ်မြောက် လာရောက်ပြီးတော့ ပါရမီကောင်းမှုတွေ လာပြုတဲ့ ဒကာမကြီးတို့ မိသားစုကလည်း ယခုအုန်းခြစ်စက်နဲ့ မော်တာစက်တို့ကို လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှု စေတနာစု၊ ငွေကျပ်သုံးသောင်းတို့ကို ငွေပဒေသာ ပင်စိုက်ထူပြီးတော့ လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုစေတနာစုနှင့်တကွ တပည့် တော်တို့ ပြုခဲ့သမျှ (၁၉) ကြိမ် မြောက်၊ (၁၉) နှစ်တိုင်တိုင် ပြုခဲ့ရတဲ့ ကုသိုလ်ကောင်းမှု စေတနာစုသည် . . ပေါက်ပွင့် ခွေးမျှော် ဘေးကြီးပေါ်တဲ့ အဖြစ်ဆိုးမှ လွတ်ဘို့ရာ ဖြစ်ပါစေသား . . . လို့ အဲဒီလို စိတ်ညွှတ်လိုက်ကြ၊

အဒီလိုစိတ်ညွှတ်ရင် ဝိဝဋ္ဋနိဿိတ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာနိဗ္ဗာန်ကို ရည်မှန်း ပြီးသား ကုသိုလ်ဖြစ်သွားတယ်၊ နိဗ္ဗာန်ပို့မယ့် ကုသိုလ်ဖြစ်သွားတယ်၊ ဒါကို သစ္စာလေးပါးနဲ့ ပြောရင် မဂ္ဂသစ္စာထိုက်တဲ့ ကုသိုလ်ခေါ်တယ်၊ မဂ္ဂသစ္စာဆိုတာ နိဗ္ဗာန်ပို့တဲ့ ကုသိုလ်၊ ဒီတော့ ပေါက်ပွင့်ခွေးမျှော် ဘေးကြီးပေါ်တဲ့ အဖြစ်ဆိုးဆိုတာ ဘုရားရှင်က (၃၁) ဘုံတွင်းမှာ ရှိနေတဲ့ သတ္တဝါတွေကို ပေါက်ပွင့်ကို ခွေးမျှော်လို့ ဘေးကြီးပေါ်ကြတာနဲ့တူတယ် ဆိုပြီးတော့ ကီသုကောပမသုတ် ပေါက်ပွင့်ခွေး မျှော်တဲ့ ဥပမာလေးပေးပြီးတော့ဟောတာ၊ ဒီတော့ အဲဒီမှာ ဘုရားရှင် ကိုယ်တော် မြတ်ကြီးက ဘယ်လိုဟောလိုက်တုန်းဆိုတော့-

http://www.dhammadownload.com



*** ယထာပိ ပုပ္ဖိတံ ဒိသွာ, သိင်္ဂါလော ကိံသုကံ ဝနေ၊**
**မံသရုက္ခော မယာလဒ္ဓေါ, ဣတိ ဂန္တွာန ဝေဂသာ။**

ယထာပိ-သင်တို့တတွေ, နားလည်လွယ်အောင်, ဥပမာပုံဆောင် ပြီးတော့, ငါဘုရား ရှင်ဟောရမယ်ဆိုခဲ့ရင်၊ ဝနေ- တောကြီး မြိုင်ကြီး တောမြိုင်ကြီးထဲ၌၊ သိင်္ဂါလော-တောမှာကျက်စား ဖျော်ပါးနေတဲ့ မြေခွေးသည်၊ ပုပ္ဖိတံ-တစ်ပင်လုံး ရဲရဲနီပွင့်၍နေသော၊ ကိံသုကံ- ပေါက်ပင်ကြီးကို၊ ဒိသွာန- အစာရှာဖွေရင်း, သွားလာရင်းတွေ့မြင်ရသည်ဖြစ်၍ . . .၊

တောထဲမှာ ကျက်စားတဲ့ မြေခွေးက အစာရှာထွက်ပြီးတော့ တောထဲ လှည့်ပတ်ပြီးတော့လာ၊ လာတော့ ခပ်လှမ်းလှမ်းကနေပြီးတော့ သူကမြင်တယ်၊ ပေါက်ပင်လှမ်းမြင်တယ်၊ ပေါက်ပင်က ပင်လုံးကျွတ်ပွင့် နေတဲ့အချိန်ရဲ . . . လို့ ပေါက်ပင်တစ်ပင်လုံး အမဲသားတစ်တွေ အမဲသားငါးတစ်တွေရဲနေသလိုပဲ တစ်ပင် လုံးရဲနေတော့ သူကလှမ်းမြင်တယ်၊ ခတ်လှမ်းလှမ်းကမြင်လိုက်တော့ သူက ဘယ့် နှယ့်သဘောထားတုန်းဆိုတော့--

မံသ ရုက္ခော မယာလဒ္ဓေါ. . တဲ့။ မယာ-ငါသည်၊ မံသရုက္ခော-အသား တစ်ပင်ကြီး ကိုဖြင့်၊ လဒ္ဓေါ-ကံကောင်းထောက်မလို့ ရအပ်လေပြီတကား. . . . ဟာ -ဟန်ကျလိုက်တာ၊ ကံကောင်းချင်တော့ကြည့်ပါအုန်း၊ တစ်ခါတည်းအသားတစ်ပင် ကြီး ငါကလည်းပဲအသားတစ် စားချင်လို့ ဒီလိုအစားအစာ စားချင်လို့ဆိုပြီး လှည့်အစာရှာထွက်လာတာ၊ ကြည့်ပါအုန်း. ... ဟိုတောစပ်တောင်စောင်းမှာ အသားတစ်ပင်ကြီး တစ်ပင်လုံးအသားတစ်တွေ သီးနေတဲ့ အသားတစ်ပင်ကြီးဖြင့် ငါရပါပေါ့လား. . . ကံကောင်းထောက်မ၍ ငါတွေ့ပါပေါ့လားလို့ သူကိုယ်သူတခါ ထဲ ဝမ်းမြောက်ဝမ်းသာပီတိတွေဖြစ်လို့. . .

မံသရုက္ခော မယာလဒ္ဓေါ, ဣတိဂန္တွာန ဝေဂသာ၊ မယာ-ငါသည်၊ မံသရုက္ခော- အသားတစ်ပင်ကြီးကိုဖြင့်၊ လဒ္ဓေါ-ကံကောင်းထောက်မလို့ အရတော် လေစွတကား၊ ဣတိ- ဤသို့တွေး၍ စိတ်ကူးယဉ်၍၊ ဝေဂသာ-အဟုန်အလျှင်ဖြင့်၊ ဂန္တွာန-သစ်ပင်အနီး ရောက်အောင်သွားတဲ့ပြီး၍. . .

သစ်ပင်နားကိုပြေးလာတယ်ပေါ့၊ ပြေးလာခဲ့ပြီးတော့ ပေါက်ပွင့်တွေက သစ်ပင်ပေါ် ပွင့်နေတာဆိုတော့ သူခုန်လည်းမကိုက်နိုင်၊ လှမ်းလည်းမခူးတတ် ဆိုတော့ ဆောင့်ကြောင့်ထိုင် ပြီးတော့ သူမျှော်နေတယ်၊ ပေါက်ပွင့်ခွေးမျှော် ဆိုတဲ့အတိုင်း အသားတစ်တွေ အသားတစ်တွေ အမလေး. . . စားလိုက်ရ

* ဝိသုဒ္ဓိ-၁၊ ၁၉၀။

http://www.dhammadownload.com



ဘယ်လောက်ကောင်းလိုက်မတုန်း၊ ဝါးစားလိုက်ရဘယ်လောက် ကောင်းလိုက်မတုန်း ဘယ်လိုအရသာရှိမှာပဲနဲ့ သူ့စိတ်ကူးယဉ်. . . ပြီးတော့ ကြည့်ပြီးတော့ အောက်ကထိုင်ပြီးမျှော်နေတယ်၊ ကျတော့လာလိမ့်မယ်၊ လေလေးများ နဲနဲတိုက်လိုက်လို့ လှုပ်လှုပ်လှုပ်လှုပ်ဆိုရင် ဟော-ဟော-ဟောပြုတ်ကျတော့မှာ ကျတော့မှာ ငါရတော့မှာ ငါစားရတော့မှာဆိုပြီးတော့ မျှော်နေ. . .

**ပတိတံ ပတိတံ ပုဖ္ဖံ, ခုံသိတွာ အတိလော လုပ္ပေါ၊**

**နယိဒံ မံသံ အဒုံမံသံ, ယံရုက္ခသ္မိန္တိ မညတိ။**

ပတိတံ ပတိတံ ပုပ္ဖံ- လေကလေး တိုက်လိုက်လို့ တဖုတ်ဖုတ်နဲ့ ကြွေကျ ကြွေကျ လာတဲ့ ပေါက်ပွင့်ကလေးတွေကို၊ အတိလောလုပ္ပေါ- အလွန်တရာ လောဘကြီးလှသော၊ သိင်္ဂါလော- မြေခွေးသည်၊ ခုံသိတွာ-ပြေးတဲ့ပြီးတော့ ကိုက်လိုက် ခဲလိုက်, ကိုက်ခဲလိုက်ပြီးသည်ဖြစ်၍ (ဝါ) ကိုက်ခဲလိုက်ပြီးသည့် နောက် မှာတော့-

**န ယိဒံ မံသံ အဒုံမံသံ, ယံ ရုက္ခသ္မိံတိ မညတိ၊**

ဣဒံ- ဤယခု ကြွေကျလာလို့ ငါကိုက်လိုက်တဲ့ အရာဝတ္ထုက၊ မံသံ- အသားတစ် မဟုတ်သေးပါတကား . . ၊ ရုက္ခသ္မိံ-သစ်ပင်ကြီးပေါ်၌၊ ယံ- အကြင်ရဲရဲ တောက်နေတဲ့ အရာဝတ္ထုသည်၊ အတ္ထိ- ရှိနေရစ်သေး၏၊ အဒုံ-ထိုသစ်ပင်ပေါ်မှာ ကျန်နေရစ်တဲ့ ရဲရဲတောက် နေတဲ့ အရာဝတ္ထုသည်သာလျှင်၊ မံသံ-အင်မတန် အရသာချိုမြိန် ကောင်းမြတ်တဲ့ အသား တစ်အစစ်ဖြစ်ပေ၏၊ ဣတိ-ဤသို့ မညတိ- မှတ်ထင်တွေးခေါ်ကာ ပေါက်ပွင့်ကိုဆက်၍ မျှော်ရရှာပေသတည်း။

သာဓု. . . သာဓု. . . သာဓု . . . ပါဘုရား

ခုနကလိုပဲ ပေါက်ပင်ကြီး မြင်ပြီးတော့ သူက ပြေးလာပြီးတော့ ပေါက်ပင် အောက် ကနေ အသားတစ်တွေပဲလို့ ကျလာရင်တော့ ဟန်ကျမှာပဲ ကြွေကျလာ ရင်တော့ ကောက်ဝါး လိုက်ရလို့ ရှိရင် ဘယ်လိုချိုမှာပဲ ဘယ်လိုမြိန်မှာပဲ ဘယ်လို အရသာ ရှိမှာပဲလို့တွေး . . . ပြီး စိတ်ကူးယဉ်နေတုန်း ဖုတ်ကနဲဆို ပေါက်ပွင့် တစ်ပွင့်က ကြွေကျလာတာ ဝမ်းမြောက်ဝမ်း သာနဲ့ ပြေးတဲ့ပြီးတော့ ကိုက်လိုက်တာ ကိုက်လိုက်တော့ ပေါက်ပွင့်ဆိုတော့ ခါးတားတား အရသာပေ့ါ။

သူကထင်တာက အင်မတန်ချိုလိမ့်မယ် အင်မတန်ကောင်းလိမ့်မယ် အင်မတန် ဆိမ့်သွားလိမ့်မယ် အင်မတန် အရသာရှိလိမ့်မယ်လို့ သူ့စိတ်ထဲက

http://www.dhammadownload.com



ထင်ထားတာ၊ သူ့အထင် နဲ့သူ့အမြင် အကုန်လွဲကုန်၊ လက်တွေ့နဲ့ ဖြစ်ရပ်က စိတ်ကူးပုံနဲ့ အကုန်လွဲကုန်ပြီးတော့ ခါးတားတားကြီးပါလား . . . လို့ဆိုပြီးတော့ ကိုက်ခဲကြည့်ပြီးတော့ သူကဘယ်လိုဆက်တွေး လိုက်ပြန်တုန်းလို့ ဆိုပြန်တော့ ဒါမဟုတ်သေးဘူး၊ ဒါမဟန်သေးဘူး၊ ငှါပါးစပ်ထဲရောက်တာ မဟုတ်သေးဘူး၊ မဟန်သေးဘူး၊ ဟိုသစ်ပင်ပေါ် ကျန်ရစ်တဲ့ဟာကမှ အသားတစ်စိတ်ကဒီလို ရောက်သွားတာ-

**နယိဒံ မံသံ အဒုံ မံသံ, ယာ ရုက္ခသ္မိံတိ မညတိ**

ဣဒံ- ဤယ္ခုကြွေကျလာလို့ ငါကိုက်လိုက်တဲ့ ဤအရာဝတ္ထုသည်၊ မံသံ- အသားတစ် အစစ်မဟုတ်သေးပါတကား. . .၊ ဘယ်ဟာမှ အစစ်တုန်းလို့ ဆိုတော့၊ ရုက္ခသ္မိံ-သစ်ပင်ကြီးပေါ်၌၊ ပေါက်ပင်ကြီးပေါ်၌၊ ယံ- အကြင်ရဲရဲ တောက်နေတဲ့ အရာဝတ္ထုအပေါင်းသည်၊ အတ္ထိ- ရှိပေ၏၊ အဒုံ- အဲဒီသစ်ပင် ပေါ်မှာ ကျန်ရစ်နေတဲ့ ရဲရဲတောက်နေတဲ့ အရာဝတ္ထုသည်လျှင်၊ မံသံ- အသားတစ်အစစ်ဖြစ်ပေ၏၊ မဟုတ်မှန်းသိတာ၊ ဒီဟာ မဟုတ်မှန်းသိရင် ဟိုဟာ မဟုတ်ဘူးလို့ ဒီလိုသိရင်တော့ တော်တာပေါ့၊ တင်းမတိမ်၊ မကျေနပ်၊ ဟိုနောက်ဟာကမှ ဟုတ်မှာ ဟိုသစ်ပင် ပေါ်မှာ ကျန်ရစ်တဲ့ဟာကမှ ဟုတ်မှာ၊ ဟန်မှာ၊ ချိုလိမ့်မယ်၊ ဆိမ့်လိမ့်မယ်လို့ ထင်ပြီး တော့ တစ်ခါတည်း ဆောင့်ကြောင့်ကြီးထိုင်ပြီးတော့ မျှော်. . . နေ၊ ပေါက်ပွင့် ခွေးမျှော် မျှော်ပြန်ရော။

ဒါ မြတ်စွာဘုရားက ဥပမာပေးတာ၊ အဲဒီလိုပဲ . . ဒီ (၃၁) ဘုံတွင်းမှာ ကျင်လည် ကျက်စားနေတဲ့ သတ္တဝါတွေလည်း မြေခွေးလိုပဲ (၃၁) ဘုံဆိုတဲ့ တောအုပ်ကြီးအတွင်းမှာ ကျင်လည်ကျက်စား ပြေးသွားနေကြတဲ့ ရုပ်နာမ်ခန္ဓာ ရနေကြတဲ့သတ္တဝါတွေက မြေခွေးနဲ့ တူကြတယ်၊ ငါးဖြာအာရုံ ကာမဂုဏ်ဆို တဲ့ အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ စားဖွယ် သောက်ဖွယ် မျိုးစုံ ရသာရုံ၊ အထိတွေမျိုးစုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး တွေက ပေါက်ပွင့်တွေနဲ့ တူကြတယ်. . . တဲ့။

အဲဒီပေါက်ပွင့်တွေ မြေခွေးက ခုနကပေါက်ပင်ကြီး လှမ်းကြည့်ပြီးတော့ အမလေး . . . ဘယ်လိုနေမှာပဲ၊ ခံစားလိုက်ရရင် ဘယ်လိုနေမှာ၊ ခံစားလိုက်ရရင် ဘယ်လိုနေမှာပဲ၊ ဘယ်ဟာလေးများ စားလိုက်ရ၊ ဘယ်ဟာလေးများ ဝတ်လိုက်ရ ရင်၊ ဘယ်ဟာလေးနဲ့များ နေလိုက်ရရင်၊ ဘယ်ဟာလေးများ ရှုလိုက်ရှိုက်လိုက် ရရင်၊ ဘယ်ဟာကလေးများ စားလိုက် သောက်လိုက်ရရင်၊ ဘယ်လိုနေမှာပဲ စိတ်ကူး ယဉ်. . ပြီးတော့ ငါးဖြာအာရုံ ကာမဂုဏ်နောက် လိုက်နေကြတာက မြေခွေး ပေါက်ပွင့် မျှော်နေတာနဲ့ တူတယ်။

http://www.dhammadownload.com



မျှော်နေရင်းနဲ့ နောက်တော့ ကိုယ့်လက်ထဲရလာတယ်၊ ပေါက်ပွင့် ကလေး က ဖုတ်ကနဲ့ ကြွေကျလာတော့ ပြေးဟတ်တယ်၊ လက်ထဲရောက်လာတယ်၊ အဲဒါ လိုပဲ ငါးဖြာအာရုံကာမဂုဏ်ဆိုတဲ့ တရားတွေလက်တွင်း ရောက်လာတဲ့အခါ ကျတော့ ဟင်-ဒါ သိပ် မဟုတ်သေးဘူး၊ ဒီလိုဖြစ်သွားတယ်၊ ဟောဒီလိုဖြစ်သွား တယ်၊ ဒါသိပ်မဟန်သေးဘူး၊ ဒါသိပ် မဟုတ်သေးဘူး၊ ဟိုဟာကမှဟန်မှာ ဟိုဟာ ကမှ ဟုတ်မှာဆိုပြီးတော့ လက်တွင်းရောက် လာတာကို အထင်မကြီးဘူး၊ ဟို မရသေးတဲ့ဟာကို လှမ်းပြီးတော့ အထင်ကြီးပြန်တယ်။

ဆိုပါတော့ ကိုယ်စားနေရတဲ့ အစားအသောက် ဒါမဟုတ်သေးဘူး၊ သိပ်မဟန် သေးဘူး၊ ဘယ်ဟာမှ ဟုတ်မှာ။ ကိုယ်ဝတ်ချင်တဲ့ အဝတ်အဆင်၊ အစမရခင်တုန်းက ရချင်တာ၊ ရချင်တာနဲ့ ပေါက်ပွင့်ခွေးမျှော်ပဲ၊ စိတ်ကူးတစ်လုံး၊ ထင်တစ်လုံးနှင့် ဟုတ်လိမ့် မယ်ထင်၊ ဟန်လိမ့်မယ်ထင်၊ နောက်လက်ထဲရောက် လာလို့ အဟုတ်ဝတ်ကြည့် ဆင်ကြည့်လိုက်တော့ ဟိုဟာလေးက အဆင်မပြေဘူး၊ အဆင်မကြိုက်ရတာနဲ့၊ အစမကြိုက်ရတာနဲ့၊ အရောင်မကြိုက်ရတာနဲ့၊ လက်ဝတ် လက်စားဆိုလို့ ရှိရင်လည်းပဲ၊ ပုံသဏ္ဌာန် မကြိုက်ရတာနဲ့၊ အနေအထား မကြိုက် ရတာနဲ့ ဒီဟာမဟုတ်သေးဘူး၊ ဟိုဟာကမှ ဟုတ်မှာ၊ သူများ ဝတ်လာတာ၊ ဆင်လာ တာလှမ်း ကြည့်ပြီးတော့ အဲဒါမျိုးမှ ဟုတ်မှာ၊ ဟိုဟာမျိုးမှ ဟုတ်မှာ ဆိုပြီးတော့ ပေါက်ပွင့်ခွေးမျှော်ပဲ၊ လက်ထဲရောက် လာတာ အထင်မကြီးဘူး၊ မရသေးတာ လှမ်း မျှော်၊ ဒါ ပေါက်ပွင့်ခွေးမျှော်တာနဲ့ အတူတူပဲ . . . တဲ့၊ ဘုရားက သတ္တဝါ တွေရဲ့ သဘောက-

**နစာပိ အပ္ပိယော ဟောတိ, ပိယော စာပိ နဝိဇ္ဇတိ၊**
**ဝေါဏာမေဝ တိဏာရည္ဇေ, ပတ္တယန္တိ နဝံနဝံ။**

တနေရာမှာ ဒေသနာက သတ္တဝါတွေရဲ့ သဘောကို ပြောပြ ထားတယ်၊ သတ္တာနံ- သတ္တဝါတို့၏၊ အပ္ပိယောစာပိ- မချစ်ခင် မနှစ်သက် မစုံမက်တဲ့ အရာဝတ္ထုသည်လည်း၊ န ဝိဇ္ဇတိ- မရှိရိုးကေန် အမှန်သာလျှင်တည်း၊ ပိယောစာပိ- ဒါဟုတ်ပြီ ဒါဟန်ပြီလို့ အမြဲအစွဲ ချင်ခင်စွဲမက်တဲ့ အရာဝတ္ထု သည်လည်း၊ နဝိဇ္ဇတိ- မရှိရိုးကေန် အမှန်သာလျှင်တည်း။

သတ္တဝါတွေရဲ့သဘောက. . . တဲ့ သူတို့ မချစ်ခင် မနှစ်သက် မလိုချင်တာ လည်း မစုံမက်တဲ့အရာဆိုတာ မရှိဘူး . . . တဲ့၊ တခါအမြဲ အစွဲ ဒါဟုတ်ပြီ၊ ဒါဟန်ပြီဆိုပြီးတော့ ဒါဆို တော်ပါပြီဆိုပြီးတော့ စွဲလမ်းနှစ်သက်တာလည်း ဒီလို ဟာလည်း တစ်ခုမှ မရှိဘူးတဲ့၊ မလိုချင်တာလည်း တစ်ခုမှ မရှိဘူးတဲ့၊ ရနေတဲ့ဟာကို

http://www.dhammadownload.com



ကျေနပ်ပြီးတော့ နောက်ထပ် မတောင်းတတဲ့ ဟာလည်း မရှိဘူးတဲ့၊ ဒါပြောလိုတာ၊ မချစ်စရာလည်း သူတို့မရှိဘူး၊ ချစ်စရာ လည်းမရှိဘူးတဲ့ ပြောလိုတာက မချစ်ခင် မနှစ်သက် မစုံမက်တာ သူတို့ တစ်ခုမှ မရှိဘူး၊ မျက်လုံးက လှမ်းကြည့် မြင်သလောက် လိုချင်နေတာပဲ။

ဆိုပါတော့ ဈေးထဲဘာထဲ သွားကြည့်၊ ဟိုဟာလေးလိုချင်၊ ဟိုပစ္စည်းလေးလိုချင်၊ ဒီပစ္စည်းလေးလိုချင် ကိုယ့်ခါးဝတ်ထားတဲ့ လုံချည် အင်္ကျီရှိရက်သားနဲ့ ဟိုကချိတ်ဆွဲထား တာလိုချင်၊ ဒီမြင်သမျှ မျက်စိပေါက်ကလိုချင်၊ မြင်သမျှလိုချင်၊ နားကကြားသမျှလိုချင်၊ နှာခေါင်းက မွှေးသမျှလိုချင်၊ ဒါကြောင့်-

**န စာပိ အပ္ပိယော ဟောတိ**- သတ္တဝါတွေ မလိုချင် မနှစ်သက် မစုံမက်တာ တစ်ခုမှ မရှိဘူး၊ ပိယောစာပိ န ဝိဇ္ဇတိ-တဲ့ အမြဲအစွဲ ချင်ခင်နှစ်သက် နေတာလည်း မရှိဘူးတဲ့၊ သူကလက်ထဲရောက်လာရင် အထင်မကြီးတော့ဘူး၊ သူ့နားရှိတဲ့ဟာ သူက မဟုတ်သေးဘူး၊ မဟန်သေးဘူး၊ ဟိုဟာမှတဲ့ ဒီလို၊ ဒီပြင်ဟာကို လှမ်းအထင်ကြီးတယ်၊ ချစ်ခင်ချင်တယ်၊ နှစ်သက်ချင်တယ်၊ ဘာနဲ့တူတုန်းဆိုတော့-

**ဂေါဏမေဝ တိဏာရညေ, ပတ္ထယန္တိ နဝံနဝံ။**

အရညေ-တောကြီး၌၊ ဂေါဏာ-နွားတို့သည်၊ နဝံနဝံ- အသစ်အသစ်ဖြစ်တဲ့၊ တိဏံ- မြက်ကို၊ ပတ္ထယန္တိဣဝ- တောင့်တကြကုန် သကဲ့သို့ . . .၊ နွားတွေ နွားအုပ်ကြီး မြက်တွေစားတော့ အခုလက်ရှိစားနေတဲ့ မြက်ခင်းက မြက်တွေစား ရရက်နဲ့ မျက်စိက ဟိုရှေ့က မြက်တွေလှမ်းလှမ်း ကြည့်တယ်၊ အခုလက်ရှိမြက် တွေကို ပါးစပ်ကလည်းစားရက် ဝါးရက်ပဲ၊ ရှေ့ကမြက်တွေကိုလည်းပဲ လှမ်းလှမ်း ပြီးတော့ကြည့် တောင့်တရက်၊ အဲဒီလိုပဲ သတ္တဝါတွေ ငါးဖြာအာရုံ ကာမဂုဏ်နဲ့နေတဲ့ သတ္တဝါတွေရဲ့ သဘောက ဒီတိုင်းကြီးပဲ၊ အစတုန်းကတော့ အခုလက်ရှိရမယ့်ဟာ ဟုတ်လိမ့်မယ်၊ ဟန်လိမ့်မယ်ထင်တာ၊ ရပြီဆိုတော့ ဒါမဟုတ်သေးဘူး၊ ဒါမဟန် သေးဘူး၊ အားမရသေးဘူးလေ မတင်းတိမ်နိုင်သေးဘူးလေ။

ဟိုရှေ့ဆက်ပြီးတော့ ဆိုပါတော့ အစကတော့ တဲကုတ်ကလေးကနေပြီးတော့ ကပ်မိုး ထရံကာလေးနဲ့ ဖြစ်ရင်ဟန်ပြီ၊ ကပ်မိုးထရံကာ ဖြစ်လာတော့ ဟင် ပျဉ်ထောင်သွပ်မိုး ကလေးများဆိုရင် ဟုတ်ပြီ၊ ပျဉ်ထောင် သွပ်မိုးကလေး ဖြစ်လာတော့ နံကပ်တိုက်ကလေး များဖြစ်ရင်ကောင်းမှာ နံကပ်တိုက်ကလေး ဖြစ်လာပြန်တော့ အုတ်တိုက်ကလေးများဆို လုံလုံခြုံခြုံ သူခိုးဓားပြလည်းလုံ၊ အုတ်တိုက်ကလေးများ ဖြစ်လာပြန်တော့ နှစ်ထပ်တိုက်ကလေး ဆိုရင်ကောင်းမှာ၊ ဆောင်းကျ

http://www.dhammadownload.com



တော့ အထက်ထပ်ဆိုခွေး၊ ခွေကျတော့ အောက်ထပ်ဆိုအေး လို့၊ နှစ်ထပ်ရ လာပြန်တော့ သုံးထပ်ဆိုပိုကောင်းမှာ ခွေဆိုလေးညှင်းခံရအောင်၊ အဲဒီလိုတစ်ဆင့် ထက် တစ်ဆင့်ဆုံးနိုင်ဖွယ် မရှိတော့ဘူး၊ လက်ရှိရနေတာကို မဟုတ်သေးဘူး၊ မဟန် သေးဘူးထင်၊ မရသေးတာကိုမှ အထင်မြင်ကြီး၊ ပေါက်ပွင့်ခွေးမျှော်ပဲ၊ ဒီတော့ ပေါက်ပွင့် ကိုမြေခွေးမျှော်တော့ အသားတစ်ပင်ကြီး တော့ ငါရပြီဆိုပြီးတော့ သစ်ပင် ရဲ့ အောက်ကနေပြီး ဆောင့်ကြောင့်ကြီးထိုင်ပြီး တော့ မြေခွေးက မျှော်ပြီး တော့နေ-

**ပတိတံ ပတိတံ ပုပ္ဖံ, ခုံသိတွာ အတိလောလုပ္ပေါ။**

ကျလာ ကျလာသမျှကို ပြေးပြေးပြီးတော့ ဟတ်၊ ပြေးပြေးပြီးတော့ကိုက် ပြေးပြေး ပြီးတော့ ဝါးကြည့်တော့ ခါးတားတား အရသာတွေ့၊ ဟင်- ဒါမဟုတ်သေး ဘူး၊ ဒါမဟန်သေးဘူး၊ ဟိုသစ်ပင်ပေါ် ကျန်ရစ်တဲ့ဟာမှ ဟုတ်မှာ၊ နောက်လာ မယ့်ဟာကမှ ဟန်မှာဆိုပြီး ဆောင့်ကြောင့်ထိုင်ပြီးတော့ မျှော်ပြန်ရော၊ ဖြုတ်ဆိုကြွေ ကျပြန် ပြေးဟတ်လိုက်ပြန်၊ ကိုက် ကြည့်လိုက်ပြန်၊ ဝါးကြည့်လိုက်ပြန် ဟင် ဒါမ ဟုတ်သေးဘူး၊ ဒါမဟန်သေးဘူး၊ နောက်ထပ် လာတာမှဟန်မှာ၊ နောက်လာမယ့် ဟာမှ ဟုတ်မှာဆိုပြီး ဆောင့်ကြောင့်ထိုင် မျှော်ပြန်၊ ဒါကြောင့် -

*** ပေါက်ပွင့်ကိုပင်, သားတစ်ထင်, တောခွင် မြေခွေးမျှော်၊**
**ကြွေကျပြေးဟတ်, မဟုတ်တတ်, နောက်ထပ်ဆက်၍မျှော်။**

မျှော်တော့ဘာဖြစ်တုန်းဆိုတော့-

**မျှော်ရင်းမျှော်ရင်း, ညသို့ချဉ်း, ကျားမင်းဘေးကြီးပေါ် . . . . တဲ့။**

အဲဒီခုနကမြေခွေး အဲဒီလိုနဲ့ ပေါက်ပင်ကြီးပေါ် တမျှော်မျှော် မျှော်. . . ပြီး နောက်လာတဲ့ဟာမှဟုတ်မှာ နောက်လာတဲ့ဟာမှ ဟန်မှာနဲ့ မျှော်ရင်းကြွေကျ လာလိုက် ပြေးဟတ်လိုက်နဲ့ ဟာမဟုတ်သေးဘူးဆိုပြီးတော့ အားမရလို့ နောက်ထပ် ဆက်လို့မျှော်၊ ကြွေကျလိုက် ပြေးဟတ်ကြည့်လိုက်နဲ့ နေကကျမှန်း မသိကျ၊ ကုန်မှန်း မသိ ကုန်သွားတော့ နေကဝင် သွား၊ မိုးကလေးက မှောင်သွား၊ မှောင်သွား တော့ ကျားတို့ ကျားသစ်တို့ ခြသေ့်တို့က အစာရှာ ထွက်လာကုန်ပြီ ဟိုက။

ကျားသစ်တို့ ကျားတို့ ခြသေ့်တို့ဆိုတာများ မြေခွေးဆို အင်မတန်ကြိုက်တာ၊ ကျားသစ်တို့ ကျားတို့ ခြသေ့်တို့ဆိုတာ ခွေးတို့ မြေခွေးတို့များ အနံ့ရလို့ နှာခေါင်းနဲ့ မှုတ်လိုက်ရင် မြေခွေးများ ပြေးကို မပြေးနိုင်တော့ဘူး၊ သူတို့အစာပဲ၊ ဒီတော့ ကျားတို့ ကျားသစ်တို့ ညနေကျတော့ နည်းနည်းမှောင်တယ်ဆိုရင်ပဲ အစာရှာထွက်လာ တော့၊ ဒီက ဟိုမျှော်ရှာတုန်း ရှိသေး၊ ဟိုကနောက်က ကျားတို့ ကျားသစ် တို့က သူ့ကိုက်မယ်၊ ဝါးမယ့် သတ္တဝါတွေက လာကုန်ပြီ၊ သူကရှေ့မျှော်လို့ ပေါက်ပင်

http://www.dhammadownload.com



ကြီးပေါ်မျှော်. . . လို့ ကျလာနိုး၊ နောက်တခါ ကျလာတာတော့အသား တစ်နေမှာ နောက်တခါကျလာမှ ဆိမ့်မှာ၊ နောက်တခါကျလာတာမှ ဟန်မှာနဲ့ ဆိုပြီးတော့-

"မျှော်ရင်း မျှော်ရင်း, ညသို့ချဉ်း, ကျားမင်းဘေးကြီးပေါ်"

ကျားဘေး, ကျားသစ်ဘေး, ခြသေ့ဘေးကြီးပေါ်ပြီးတော့ -

"ဒုက္ခများကာ, သေရရှာ, ပမာသိဖို့တော်". .

ဘုရားက အေးအဲဒီခွေးဟာ ပေါက်ပွင့်ကို အသားတစ်ထင်ပြီး သကာလ မျှော်သလိုပဲ. . . သုံးဆယ့်တစ်ဘုံတွင်းမှာ ရှိနေကြတဲ့ သတ္တဝါတွေကလည်း မြေခွေးတွေနဲ့ တူကြပြီးတော့ ငါးပြာအာရုံ ကာမဂုဏ်တွေဆိုတဲ့ ပေါက်ပွင့်တွေကို အဟုတ်ကြီးထင် အဟန်ကြီးထင်ပြီး သကာလ မျှော်ကြတယ်။ လက်ထဲရောက်လာတဲ့ ငါးပြာအာရုံ ကာမဂုဏ်တွေကျတော့ အထင်မကြီး၊ မဟုတ်သေးဘူး၊ မဟန်သေးဘူးလို့ ထင်ပြီးတော့၊ ဆက်ပြီးတော့ မျှော်ရင်းနဲ့ ကျားမင်းဘေးကြီး ပေါ်သလို၊ မရသေးတာက ဟုတ်လိမ့်မယ်လို့ မိမိက ထင်ပြီးသကာလ မျှော်ကြတယ်၊ လက်ထဲရောက်လာတဲ့ ငါးပြာအာရုံ ကာမဂုဏ်ကိုကျတော့လည်း အထင်မကြီး မဟုတ်သေးဘူး၊ မဟန်သေးဘူးလို့ ထင်ပြီးတော့ ဆက်လက်ပြီးတော့ မျှော်ကြရင်းနဲ့ မိုးချုပ်သွားပြီး၊ ကျားမင်းဘေးကြီး ပေါ်သလို။

ဇရာ ကျားမင်းဘေးကြီးက, ဗျာဓိကျားမင်းဘေးကြီးကပေါ်၊ မရဏ ကျားမင်း ဘေးကြီးကပေါ်၊ ဇရာ ဗျာဓိ မရဏခေါ်တဲ့ ကျားဘေး၊ ကျားသစ်ဘေး ကဆွဲတော့ "ဒုက္ခ ပွားကာ, သေရရှာ, ပမာသိဖို့တော်" ခုနက မြေခွေး ကျားထွက်လာပြီးတော့ ကျားဆွဲလိုက် တော့၊ အဲဒီမှာ တဂိန်ဂိန် တကန်ကန်နဲ့ အမလေး . . . အလိုလေးဆိုပြီးတော့ ကျားကိုက်တာခံရ၊ ကျားသစ်ချီတာခံရ ပြီးတော့ ဒုက္ခတွေ အမျိုးမျိုးများပြီးတော့ မသေခင်လည်း ခံလိုက်ရတဲ့ ဒုက္ခ၊ ကျားသစ်တို့ ကျားတို့ ကိုက်လိုက်တော့၊ တခါတည်း အားတွေကုန်သွား တာပဲ၊ ပြေးသွားနိုင်တဲ့ သတ္တိ ရုန်းစွမ်းနိုင်တဲ့သတ္တိ မရှိဘူး။ ဓာတ်သဘာဝက ကျားနဲ့ ကျားသစ်နဲ့ အနံ့ရလိုက်သည်နဲ့ တပြိုင်နက် ပြေးကို မပြေးနိုင်ဘူး၊ ခွေးများအားကိုကုန်သွားတာပဲ ပြေးစွမ်းနိုင်တဲ့သတ္တိကို မရှိတော့ဘူး။

အဲဒါလိုပဲ ဇရာခေါ်တဲ့ ကျားနဲ့ ကျားသစ်နဲ့ ရလိုက်သည်နဲ့ တစ်ပြိုင်နက် ဒီနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ မပြေးနိုင် တော့ဘူး၊ ဒါနသီလ ဘာဝနာတွေ ပြုပြီးတော့ ပြေးရမှာ၊ ပြေးရမှာက လွတ်အောင်ပြေးရမှာ မပြေးနိုင်တော့ဘူး၊ မပြေးနိုင်တဲ့အပြင် ကျားချီ ကျားသစ်ချီခံရတော့ ခါးကိုက်ပြီးတော့

http://www.dhammadownload.com



ချီသွားတော့ မသေခင်ခံလိုက်ရတဲ့ ဒုက္ခ အလူးအလဲ၊ ခါးကို တခါထဲ ကျားဆွယ်ကြီး သွားများနဲ့ ပေါက်အောင်ကိုက် ချီထားတာ၊ ဒါကြီးမသေခင် အလူးအလဲ ခံရတယ်၊ နောက်ဆုံးကျတော့ ကိုက်ချီလို့ သတ်လိုက်လို့ သေရတယ်၊

အဲဒီလိုပဲတဲ့ (၃၁) ဘုံအတွင်းမှာ ရှိနေကြတဲ့ သတ္တဝါတွေ မြေခွေးတွေနဲ့ တူကြပြီး တော့ ငါးဖြာအာရုံ ကာမဂုဏ်ဆိုတဲ့ ပေါက်ပွင့်တွေကို အဆင်းကလေး ရဲရဲနီနေတာ အရသာက ဘာမှ မဟုတ်တဲ့အပြင် ပေါက်ပွင့်ကို မျှော်ပြီးတော့ တမျှော်မျှော်နဲ့ နေကြရင်း အဲဒီလိုပေါ့လေ၊ တော်ကြာ ဟုတ်လာလိမ့်မယ်၊ တော်ကြာ ဟန်လာလိမ့်မယ်၊ နောက်နှစ်ကျမှ ဟုတ်မှာပါ နောက်နှစ်ကျမှ ဟန်မှာပါ၊ နောက်နှစ် ကျမှ တိုက်နဲ့ အိမ်နဲ့ ဖြစ်မှာ၊ ဘယ်တော့မှ စိန်နဲ့ရွှေနဲ့ ဖြစ်မှာ၊ ဘယ်တော့မှ အဝတ် အစားကောင်းနဲ့ ဖြစ်မှာ၊ ဘယ်တော့မှ ကားစီးရမှာ ဘယ်တော့မှဘာဖြစ်မှာနဲ့ ပေါက် ပွင့်ခွေးမျှော်ပဲ၊ အဲဒီလို မျှော်နေရင်းနဲ့-

မျှော်ရင်းမျှော်ရင်း, ညသို့ချဉ်း, ကျားမင်းဘေးကြီးပေါ် ...။

လို့ဆိုတဲ့အတိုင်းပဲ ဇရာဘေး၊ ဗျာဓိဘေး၊ မရဏဘေးဆိုတဲ့ ကျားမင်း ဘေးကြီး ကျားသစ်မင်းဘေးကြီး ပေါ်ပြီးတော့ သေရတယ်...တဲ့၊ အဲဒီလိုပဲ လည်နေတာပဲ (၃၁)ဘုံ။ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က ပေါက်ပွင့်ခွေး မျှော်တဲ့ ပေါက်ပွင့်ခွေးမျှော်နေလို့ ဘေးကြီးပေါ်တဲ့အဖြစ်မျိုးက လွတ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ကြ...တဲ့၊ ငါးဖြာအာရုံ ကာမဂုဏ်ဆိုတဲ့ ပေါက်ပွင့်တွေကို အကောင်းထင်ပြီးတော့ မျှော်မနေကြနဲ့၊ အချိန် ရှိတုန်းလွတ် အောင်ပြေး၊ ကိုယ့်ကျဉ်းကို လွတ်အောင်ပြေး၊ ကျားဘေးကလွတ်အောင် ကျားသစ် ဘေး ကလွတ်အောင် ခြင်္သေ့ဘေးက လွတ်အောင် ရှောင်ပြေး... လို့ ဆိုပြီးတော့ ငါးဖြာ အာရုံ ကာမဂုဏ်တွေကို စွန့်ပယ်ပြီးတော့ ထွက်ကြဖို့။

အဲဒါတွေက လွတ်အောင် ရုန်းကြဖို့ သူ့သားတော်တွေကျတော့ ငါးဖြာ အာရုံ ကာမဂုဏ်ကလွတ်အောင် ရုန်းခဲ့ ချစ်သား ...၊ လွတ်အောင် ထွက်ခဲ့ ချစ်သမီး၊လွတ်အောင် ထွက်ခဲ့နဲ့ ဘိက္ခုတွေ ဘိက္ခုနီမတွေကျတော့ မမျှော်နဲ့ မမျှော်နဲ့ အဲဒါပေါက်ပွင့် ပေါက်ပွင့်၊ ဘာအရသာမှ မရှိဘူး၊ ဘာမှအရသာ မရှိဘူး၊ ခါးသက် သက်နဲ့ ဘာမှ ဟုတ်တာမဟုတ်ဘူး၊ ဟန်တာမဟုတ်ဘူး၊ စိတ်ထဲက ကိုယ့်ထင် လုံးကြီးနဲ့ကို အထင်ကြီးနေတာ ဟုတ်တာမဟုတ်ဘူး၊ ဟန်တာမဟုတ်ဘူး၊ စွန့်ကြ၊ စွန့်ကြလို့ဆိုပြီးတော့ ကာမေပဇဟိတွာန- ကာမဂုဏ်တို့ကို စွန့်ပယ်၍၊ ပဗ္ဗဇေယျာထ- တောတောင်သာ ခေါင်ဆီသို့ ရဟန်းဘောင် ရောက်အောင် ထွက်ခဲ့ကြ... ရဟန်း မဘောင်ရောက်အောင် ထွက်ခဲ့ကြ၊ ဟောဒီလိုခေါ်တာ ဘုရားက။

http://www.dhammadownload.com



ဒီတော့ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေရင်လည်းပဲ အခုလို စွန့်ကြဲပေးကမ်း လှူဒါန်းမှုပြုပြီးနေတာ ဒါစွန့်တာ၊ ကိုယ်အထင်ကြီးနေတဲ့ အရာဝတ္ထုတွေကို သာသနာတော် ကို လှူဒါန်း ပူဇော်တယ်ဆိုတာ စွန့်တာ၊ အထင်မကြီးတာ၊ ပေါက်ပွင့် အထင်မကြီးဘူး၊ အဲဒီလို ပေါက်ပွင့် အထင်မကြီးတဲ့ သဘောအနေနဲ့ လှူဒါန်း ပေးကမ်း စွန့်ကြဲမှုကို ပြုနိုင်တယ်ဆိုတာ ဒါ အထင်မကြီးလို့ စွန့်တာ၊ အထင်ကြီးနေတယ်ဆိုတာ ငါစားရအုန်းမှာ၊ ငါ့သား စားရအုန်းမှာ၊ ငါ့သမီး ကျွေးရအုန်းမှာ၊ ငါဝတ်ရအုန်းမှာ၊ ငါ့သားဆင်ရအုန်းမှာ၊ တငါငါနဲ့ ငါ့အတွက်ရော၊ ငါ့သားအတွက် ငါ့သမီးအတွက် ငါ့မြေးအတွက် ငါ့ဆွေအတွက် ငါ့မျိုးအတွက် ဆိုရင် လှူကို မလှူနိုင်ဘူး၊ ဒါပေါက်ပွင့် ခွေးမျှော်ပဲ။

အဲဒီသဘောကြီးက လွတ်အောင် လှူဒါန်းပေးကမ်း စွန့်ကြဲပြီးတော့ပြေးကြ၊ စွန့်ကြ၊ သီလတွေ ထိန်းပြီးတော့ ရှောင်ကြ၊ တိမ်းကြ၊ ဘာဝနာတွေ ပွားပြီးတော့ ရှောင်ကြ၊ တိမ်းကြ . . . တဲ့၊ ခုနက ခြင်္သေ့ သစ်ကျားစတဲ့ ဘေးကြီးတွေပေါ် လိမ့်မယ်၊ တမျှော်တည်းမျှော်နေရလို့ရှိ ရင်ဖြင့် အဲဒီခြင်္သေ့ သစ်ကျားစတဲ့ သားရဲတွေ စားသောက်တဲ့ဘေးက မလွတ်ဘဲနဲ့ အထပ်ထပ် ခံရလိမ့်မယ်. . . လို့ ကိသုကောပမ သုတ်မှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဟောတော်မူထားတယ်။

ဒါကြောင့် ပေါက်ပွင့်မျှော်နေတဲ့ ခွေးက ကြွေကျတာလေးတွေ ပြေးပြေး ပြီးတော့ ဟတ်တယ်၊ ဟတ်လိုက်တော့ မဟုတ်မှန်းသိ၊ အခုကျလာတာ မဟုတ်သေးဘူးဆို နောက်ထပ်ဆက်ပြီးတော့ မျှော်တယ်၊ မျှော်ရင်းမျှော်ရင်း ကျားမင်း ကျားသစ်မင်းဘေးတွေပေါ်၊ အဲဒီဘေးကြီးပေါ် တာပဲ . . . တဲ့၊ (၃၁)ဘုံအတွင်းထဲမှာ ရှိတဲ့ သတ္တဝါတွေ အိုဘေး နာဘေး သေဘေးဆိုတဲ့ ကျားမင်း ကျားသစ်မင်း ခြင်္သေ့မင်း ဝါးလို့ စားလို့ ခံခဲ့ရတဲ့ ဘဝပေါင်း မနည်းတော့ဘူး၊ အဲဒါလေး ဥပမာ ဆောင်ပြီးတော့ သိကြစမ်းပါ . . .၊ သိကြစမ်းပါလို့ ဘုရားရှင်က ကိသုကော ပမသုတ်တော်ကြီးဖြင့် ဘုရားရှင်ကိုယ်တော် မြတ်ကြီးက ဆုံးမတော်မူတဲ့အတိုင်း။

ယနေ့ သရက်ချို ကျောက်ကုန်းက (၁၇) ကြိမ်မြောက် (၁၇) နှစ်မြောက် လာရောက်ပြီးတော့ ကုသိုလ်ကောင်းမှု ပြုကြတဲ့ ကုသိုလ်ကောင်းမှုရှင်တို့သည် မိမိတို့ ပြုလုပ် အားထုတ်သော ကုသိုလ်ကောင်းမှုစေတနာစုသည် တပည့်တော်တို့ ယနေ့ပြုလုပ် အားထုတ်နေတဲ့ နံနက်ဆွမ်း နေ့ဆွမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းရတဲ့ စေတနာစုသည် အဲဒီ ကျားမင်း ကျားသစ်မင်း ခြင်္သေ့မင်းတို့ရဲ့ ကိုက်ခဲ ဝါးမျိုမှုခံရတဲ့ ဒုက္ခမျိုးနဲ့ အလားသဏ္ဌာန်တူတဲ့ အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ ကျားမင်း ခြင်္သေ့မင်း ကျားသစ်မင်းတို့ရဲ့ စားသောက် ဝါးမျိုမှုခံရတဲ့ ဒုက္ခမျိုးမှ လွတ်ဖို့ရာ ပေါက်ပွင့်ကို

http://www.dhammadownload.com



အသားတစ်ထင်ပြီးတော့ မျှော်မိတဲ့ မြေခွေးခံရတဲ့ ဒုက္ခဆိုးမျိုးကြီးတွေမှ လွတ်ဖို့ရာ အတွက် ဖြစ်ပါစေသား . . . လို့ဆိုတော့ အဲဒါ နိဗ္ဗာန်ပဲ၊ သံသရာ ထဲကတော့ အဲဒီပေါက်ပွင့် ခွေးမျှော်လို့ ဘေးပေါ်တဲ့ ဒုက္ခမျိုးနဲ့ချည်း ကြုံနေရမှာ။

ရန်ကုန်မြို့ ဖ. ဆ. ပ. လ တိုက်တန်းမှာ နေတဲ့ ဒကာမကြီး ဒေါ်တင်နဲ့ မိသားစုကလည်း တပည့်တော်တို့ (၁၉) ကြိမ်မြောက်၊ (၁၉) နှစ်မြောက် ပြုလုပ် အားထုတ်ရတဲ့ ကုသိုလ်ကောင်းမှုစေတနာ အပေါင်းသည် ပေါက်ပွင့်ကို ခွေးမျှော် မိလို့ ဘေးပေါ်တဲ့ ဒုက္ခအဖြစ်ဆိုးမျိုးကြီးမှ လွတ်ရာဌာန ရောက်ဖို့ရာ ဖြစ်ပါစေသား၊ ဖြစ်ပါစေသတည်းဆိုတော့ နိဗ္ဗာန်ပဲ။

ဤကဲ့သို့ နိဗ္ဗာနဓာတ်တရားမြတ်ကြီးကို ဥပမာပုံအမျိုးမျိုးနဲ့ မှန်းတတ် အောင် ရည်စူးတတ်အောင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူတဲ့ အတိုင်း အဲဒီနိဗ္ဗာနဓာတ် သန္တိသုခဓာတ်ကြီးကို ရောက်ဖို့ရာ ရဖို့ရာဖြစ်ပါစေသား ဟူ၍ ကိုယ်စီကိုယ်ငှ ရည်မှန်းချက်ချပြီးတော့ ပြုစွမ်းနိုင်ကြတဲ့အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေ ကုန်သတည်း။

(၃၁)ဘုံတည်းဟူသော တောအုပ်အတွင်း၌ ရှိရှိသမျှ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗဆိုတဲ့ အာရုံငါးဖြာတရားတို့သည် ပေါက်ပွင့်အလားကဲ့သို့ မုချစင်စစ် အ ကောင်း မဟုတ်ကြပါတကားဟူ၍ သံဝေဂဉာဏ်ပွား၊ သတိထားကြပြီး သကာလ ထိုကဲ့သို့သော အာရုံတရားတို့ကို မျှော်မှန်း ငမ်းပြီးတော့နေရတဲ့ တဏှာလောဘ သမုဒယသစ္စာတရားတို့ရဲ့ ချုပ်ရာ ငြိမ်းရာ ကုန်ရာ ခမ်းရာ ရုပ်နာမ် ဓမ္မသင်္ခါရတို့ရဲ့ ငြိမ်းအေးရာဖြစ်တဲ့ သန္တိသုခ နိဗ္ဗာနဓာတ်ကြီး၊ ခြင်္သေ့ သစ်ကျားစတဲ့ ဘေးကြီး တွေနဲ့တူတဲ့ အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ ဘေးဆိုးတို့ရဲ့လွတ်ရာ ငြိမ်းရာ ဖြစ်တဲ့ သန္တိသုခ နိဗ္ဗာနဓာတ်ကြီးကို ရရာရကြောင်း ပါရမီ ကောင်းမှုတွေကို တတ်စွမ်းသမျှ ပြုစွမ်းနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သ တည်း။

ဤကဲ့သို့ ပြုစွမ်းနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြကုန်လျက် ဤကဲ့သို့ သံသရာဒုက္ခအပေါ်၌ ဘေးအဖြစ်ဖြင့် မြင်၍ လွတ်ရာ လွတ်ကြောင်းဖြစ်တဲ့ ကုသိုလ်ကောင်းမှုတွေ ပြုစွမ်းသွားတော်မူကြတဲ့ ရှေးရှေးသော သူတော်ကောင်း သူမြတ်လောင်းကြီးတို့ ရအပ်ရောက်အပ် သိမြင်အပ်သော နိဗ္ဗာန ဓာတ် တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ ရကြရ မြင်ကြရ ပါစေကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

http://www.dhammadownload.com



## စုန္ဒသုတ္တန်
## အမှိုက်ပုံကြားကပဒုမ္မာကြာ တရားတော်

ယနေ့မြန်မာ ကောဇာသက္ကရာဇ် (၁၃၅၂) ခုနှစ်၊ ကဆုန်လဆန်း (၁၄) ရက်နေ့ ခရာဇ်သက္ကရာဇ်-၁၉၉၀ ပြည့်ခုနှစ် မေလ (၇)ရက် တနင်္လာနေ့မှာ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော်ခြောက်ရာကျော်တို့ မျက်မှောက်သို့လာရောက်ပြီးတော့ ကုသိုလ်ကောင်းမှု လာပြီးတော့ပြုကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက ရန်ကုန်မြို့ဗဟန်းမြို့နယ် ကန်တော်ကြီး နတ်မောက်လမ်း တိုက်အမှတ် (၁၀၈)မှာ နေထိုင်တဲ့ အလှူ့အမ ဆွမ်းအမ ဆေးပစ္စည်းအမ သင်္ကန်းအမ လူမှုထူးချွန်ဆုရ အလှူ့အမ ဒေါ်မြနွယ်ဖြစ်ပါတယ်။

အဲဒီ လူမှုထူးချွန်လို့ခေါ်တဲ့ နိုင်ငံတော်အစိုးရက လူမှုရေးနဲ့ပတ်သက်ပြီးတော့ ဟိုနားဒီနား လူမှုကိစ္စ ဆေးရုံဆောက်တဲ့ကိစ္စ ဟိုနားဒီနား လူမှုရေးနဲ့ပတ်သက်ပြီးတော့ လူထုအကျိုးပြုကိစ္စတွေမှာ မိမိပစ္စည်းကျေးဇူးပြုတဲ့အနေနဲ့ လှူဒါန်းထောက်ပံ့လေ့ရှိလို့ လူမှုထူးချွန်ဆုရထားတဲ့ အခုအလှူ့အမ၊ အလှူ့အမ ဒေါ်မြနွယ်က အခုဒီနေ့ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ရောက်လာပြီးတော့ သံဃာတော်ခြောက်ရာကျော်တို့အား မျက်နှာသုတ်ပုဝါခေါ်တဲ့ တဘက် သင်္ကန်းပေါ့ ဒါ သင်္ကန်းခေါ်တယ်။

သင်္ကန်းအထည် (၆၀၀) လောင်းလှူသမှုပြုပါတယ်၊ ဒီတော့ ဒီမှာအလှူ့အမ ဒေါ်မြနွယ်အနေနဲ့ အခုဒီနေ့ လှူနေတဲ့အလှူကို စာရင်းချုပ်ကြည့်ရင် သင်္ကန်းအလှူ ဆေးအလှူ ဒါကအဓိကတိုက်ရိုက်ပေါ့ နောက်ငွေပင်သုံးသောင်းလှူလိုက်တယ်ဆိုတာကျတော့ ဆွမ်း, သင်္ကန်း, ကျောင်း,ဆေး, ပစ္စည်းလေးပါးအလှူလို့ဖြစ်သွားတယ် သူက၊ အခုတိုက်ရိုက်လှူဒါန်းတဲ့ တဘက်သင်္ကန်း အထည်ခြောက်ရာက အဲဒါသင်္ကန်းအလှူထဲမှာဝင်တယ်၊ ဘုန်းကြီးတို့ သာသနာတော်သုံးက ပစ္စည်းလေးမျိုးရှိတာကိုး၊ စားစရာ,သောက်စရာမှန်ရင် ဆွမ်းလို့ခေါ် လိုက်တယ်၊ ရေကစဖျော်ရည်,ကော်ဖီ,သောက်စရာတွေ အပါဝင်၊ ပါးစပ်ထဲမှာ အာဟာရအဖြစ်နဲ့ စားတာမှန်သမျှ ဆွမ်းအလှူ. . .၊ ဆွမ်းပစ္စည်း. . လို့ ဘုရားက ပညတ်တော်မူတယ်။

---

* အံ-၂၊ ၂၉။

http://www.dhammadownload.com



နောက်ဝတ်ထည်ဖျင်စင်းနဲ့ ပတ်သက်ရင် သင်္ကန်းအလှူလို့ ဘုရားကဟော တော်မူတယ်၊ ဘုန်းကြီးတို့ အများသိနေတာကတော့ သံဃာတော်တွေ ခါးမှာဝတ်တဲ့ သင်းပိုင်တို့ ကိုယ်အထက်ပိုင်း ရန်းတဲ့ ဧကသီတို့ ခြုံတဲ့ နှစ်ထပ်သင်္ကန်းကြီးတို့ ဒါတော့ သင်္ကန်းလို့သိကြတယ်။အဲဒီမျက်နှာသုတ်ပုဝါ လက်ကိုင်ပုဝါ စားပွဲခင်း၊ အိပ်ရာခင်း ဒါတွေကျတော့ သင်္ကန်းလို့ ဖျတ်ခနဲသဘောမပေါက်ကြဘူး၊ သင်္ကန်းပဲသူက၊ မြတ်စွာဘုရားက သင်္ကန်းအမျိုး အစား (၉)မျိုးဆိုပြီးတော့ သာသနာတော်မှာ ဟောတော်မူသွားတာ ပညတ်တော်မူသွားတာ၊ သင်္ကန်း အမျိုးအစား(၉)မျိုး၊ ခုနတုန်းက သင်းပိုင်,ဧကသီ, နှစ်ထပ်သင်္ကန်းကြီး ဒါလည်းသင်္ကန်းပဲ၊ လက်ကိုင်ပု ဝါသင်္ကန်းပဲ၊ လက်သုတ်ပုဝါ သင်္ကန်းပဲ၊ မျက်နှာသုတ်ပုဝါတဘက် သင်္ကန်းပဲ၊ စားပွဲခင်းသင်္ကန်းပဲ၊ နေရာထိုင် သင်္ကန်းပဲ၊ အိပ်ရာခင်းသင်္ကန်းပဲ၊ ဟော-သင်း, ကိုယ်, ဒု, အိပ်,မျက်, ပရိက်, နိသိဒ်, မိုး, အမာ-ဆိုပြီးတော့၊ အနာတွေဘာတွေ ပေါက်တဲ့အခါမှာ အနာတွေက ထွက်တဲ့ပြည်စေးတွေ ဘာတွေ သင်းပိုင်လူးမကုန်အောင် ဆိုပြီးတော့ ကိုယ်တော်တွေမှာ အထဲကခံဝတ်ရတဲ့ သင်္ကန်းရှိသေးတယ်၊ အမာလွှမ်းသင်္ကန်းလို့ ခေါ်တယ်၊ အဲဒါလည်း သင်္ကန်းပဲ။

အမှန်ကတော့ ဖျင်စပိတ်စတို့ သင်းပိုင်ရဲ့အထဲကနေပြီးတော့ တစ်ထပ်ခံထားတာ ခန္ဓာကိုယ်မှာ ပေါင်တို့တင်ပါးဆုံတို့စသည့်အနာတွေပေါက်တော့ အဲဒီက အနာတွေ ပြည်စေးတွေ ပြည်စော်တွေ သင်္ကန်းပေကုန်မှာစိုးလို့ ပိတ်စတစ်ခုဖျင်စ တစ်ခု အထဲကခံပြီးတော့ ဝတ်ထား၊ ဘောင်းဘီသဘောမျိုးပေါ့၊ လူတွေလိုဆိုရင်တော့၊ အဲဒါလည်းသင်္ကန်းပဲ၊ ဒါကြောင့် သင်္ကန်း (၉) မျိုးရှိပါတယ်၊ အဲဒီသင်္ကန်း (၉)မျိုးထည်းက အခုတဘက်ဆိုတဲ့ အခုအလှူ့အမ ဒေါ်မြနွယ်တို့လောင်းမည့် လှူမည့် မောင်နှတွေလောင်းတဲ့ သင်္ကန်းတဘက်ဟာ သင်္ကန်းအလှူလို့ ခေါ်ပါတယ်၊ ဒါကြောင့်တဘက်သင်္ကန်း အထည် (၆၀၀) ကိုလည်းပဲ၊ သံဃာစေ့ လောင်းလှူပါတယ်၊ ဒါကသင်္ကန်း အလှူပေါ့။

အဲခုနကပြောတဲ့ ဝါးချက်ဆေးရုံ လှူတာကျတော့ ဆေးအလှူက အဓိကဖြစ်လိမ့်မယ်၊ ကျောင်းကြီးလည်းဆေးကျောင်းကြီးမို့လို့ ဆေးကြိုယာခေါ်တယ်၊ သောက်တဲ့ ဆေးလုံး ဆေးခဲ ဆေးရည် ဒါလည်းဆေးပဲ၊ ဆေးကြိုယာလို့ခေါ်တဲ့ ဓာတ်ဘူး,ကတ်ကျေး, ဂွမ်း,ညှပ်, ဆေးထိုးအပ်ကစပြီး ဆေးကျောင်း အဆောက်အဦးတွေ ဒါတွေကို ဆေးကြိုယာလို့ခေါ်တယ်၊ အဲ. . ဆေးကျောင်းကြီးကျတော့ ကျောင်းအလှူလို့ခေါ်တယ်လေ၊ ဒီတော့ ဆေးပစ္စည်းအလှူ သင်္ကန်းအလှူ ကျောင်းအလှူပေါ့ အခုဒီမှာ ငွေကျပ်သုံးသောင်း မောင်နှမနှစ်ယောက်က ငွေပင်စိုက်ပြီး တော့လှူပါ

http://www.dhammadownload.com



တယ်. . . တဲ့၊ ကဲ ဒါကတော့ ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး, ပစ္စည်းလေးပါး အလှူ ဖြစ်သွားတယ်. . . သူက။

ငွေပင်ဆိုတာ သစ်ပင်ကြီးလိုပဲ ထာဝရဒါနပေါ့၊ လှူတာကတော့ တစ်ကြိမ် လှူတာ အလှူခံပုဂ္ဂိုလ်တွေကို အကျိုးပြုနေလိုက်မှာက နေ့တိုင်း,လတိုင်း, နှစ်တိုင်း သူကကျေးဇူး ပြုသွားမှာ ဒီငွေက၊ သစ်ပင်ကြီးများ တစ်နေရာစိုက်သလိုပဲ၊ သစ်ပင် ကြီးများတစ်နေရာ စိုက်လိုက်တော့ စိုက်တာကတော့ တစ်ကြိမ်စိုက်ပြီးတော့ လှူလိုက် တာပဲ၊ ဒီသစ်ပင်ကြီးက နောက်လာသမျှ ခရီးသွားတွေ အရိပ်ပေး. . . ပြီးတော့ သူကအေးမြစေတယ်၊ အသီးသီးတဲ့အချိန် အသီးတွေသူကပေးလိမ့်မယ်၊ အပွင့်ပွင့် တဲ့အချိန် အပွင့်တွေပေးလိမ့်မယ်၊ အရွက် အညွန့်တွေထွက်တဲ့အချိန် အရွက်ညွန့် တွေခူးစားဖို့ သုတ်စားဖို့ ပြုတ်စားဖို့ သူကပေးလိမ့်မယ်၊ ဒါ သစ်ပင်ကြီး စိုက်တာက တစ်ခါစိုက်လိုက်တာ အလှူရှင်က။

အဲဒီလိုပါပဲ ဒီငွေပင်ဆိုတဲ့ သဘောက စိုက်လိုက်တာတော့ တစ်ခါစိုက်လိုက် တာပဲ၊ တစ်ခါစိုက်မှာပဲ၊ အဲ-ကျေးဇူးပြုနေလိုက်မှာကတော့ ခုနကလို ရက် ပေါင်းများ စွာ၊ လပေါင်း များစွာ၊ နှစ်ပေါင်းများစွာ ကျေးဇူးပြုနေမယ်၊ ကဲ အဲဒီအလှူထုပ်ကြီး ကိုလည်းပဲ အခုအလှူ့အမ ဒေါ်မြနွယ်က လှူရတယ်၊ အဲဒီလို လှူ တော့ အခုသူတို့ ရန်ကုန်ကနေလာတဲ့ မိသားစုတွေကို အခုဒီကနေပြီး မန္တလေး မှာလည်းနေ၊ရန်ကုန် မှာ၏လည်းနေတဲ့ ဒီကျောင်းတိုက်လည်း ဆက်နွယ်နေတဲ့ မွေးခဲဆပ်ပြာ မိသားစုအ ထူးသဖြင့် ဒကာမကြီး ဒေါ်ဆယ် အကျိုးဆောင်ပြီးတော့ သူတို့ရဲ့ မင်္ဂလာဖိုလ်နိဗ္ဗာန်ရ ကြောင်း ကောင်းမှုတွေ၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြောင့် ဖြောင့်တန်းတန်းတိုး အောင်ဆိုပြီးတော့ အကျိုးဆောင်လာခဲ့တော့ အခုငွေပင်စိုက်တဲ့ အလှူထုပ်ကြီးက ပါလာတော့ ငွေပင်စိုက်ရအုန်းမှာ။

ငွေပင်စိုက်တယ်ဆိုတာ သစ်ပင်များတစ်နေရာ ကျင်းတူးပြီးတော့ စိုက်သ လို အခုလည်းပဲ အလှူ့အမ ဒေါ်မြနွယ်က ငွေကျပ်သုံးသောင်းကို ဒီသံဃာတွေတင် မက နောက်ထပ်နောက်ထပ် ဒီကျောင်းရောက်လာမယ့် သံဃာတော်တွေပါကျေးဇူး ပြုတော့၊ သစ်ပင်ကြီးလိုဖြစ်ပြီးတော့ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်းလေးပါး အရိပ်ပေးမယ်။ ငွေကျပ်သုံးသောင်း ငွေပင်ကြီးကို သံဃာ့ မျက်မှောက်မှာ စိုက်ရအုန်း မယ်။

ကိုင်း- သာပဟတ္ထိကမြောက် ကိုယ်တိုင်ကိုယ်ကျ သံဃာ့မျက်မှောက်မှာ သံဃာကို ကိုယ်တိုင်ကပ်လှူတဲ့ အလှူထုပ်ကြီးလည်း ငွေကျပ်သုံးသောင်းငွေပင် စိုက်သောအားဖြင့် အောင်မြင်သွားပြီ၊ ဒီတော့- အလှူ့အမ ဒေါ်မြနွယ်က ကွယ်လွန်

http://www.dhammadownload.com



ခဲ့တဲ့ အမဖြစ်သူ ဒေါ်သန်းစိန် မောင်ဖြစ်သူ မောင်မောင်ညွန့် သူတို့နှစ်ယောက်ကိုလည်းပဲ ဒီကနေပြီးတော့ အမျှပေးဝေတဲ့ ကုသိုလ်ထုပ်ကြီး အနေနဲ့ အခုပြုလုပ်အားထုတ်လိုက်တဲ့ ကောင်းမှုတွေ၊ ပြုလုပ်အားထုတ်ပြီးတော့နေတဲ့ အချိန်မျိုးကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက စုန္ဒီသုတ်တော်မှာ ဘယ့်နယ့်ပြောတုန်းဆိုတော့ ဒါ -အမှိုက်ပုံကြားက ပတ္တမြားထုတ်ယူခြင်းပဲ . . . တဲ့၊ အသိလိမ္မာဉာဏ်ပညာရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးသည် အမှိုက်ပုံကြားက ပတ္တမြားထုတ်ပြီးတော့ ယူတတ်ရတယ်. . . တဲ့၊ စုန္ဒီမင်းသမီးကို အကြောင်း ပြုဟောတယ်။

စုန္ဒီမင်းသမီးဆိုတာ ဘုန်းကြီးတို့ ဘုရားလက်ထက်တုန်းက ဗိမ္ဗိသာရမင်းကြီးရဲ့ သမီးတော် မင်းသမီးတစ်ပါး သူကသူများထက် ထူးခြားတာက ထူးခြားတဲ့ဘုန်း လက္ခဏာက သူများလို ရုပ်ရည်ချောမောလှပတာ၊ ဥပမိသံမ္ပတ္တိနဲ့ ပြည့်စုံတာ၊ ပစ္စည်းဥစ္စာနဲ့ ပြည့်စုံတာ၊ ဒါကတော့ ရှင်ဘုရင့်သမီးဖြစ်နေတော့ ပစ္စည်းနဲ့ပြည့်စုံတာတော့ ပြောစရာမရှိ ရုပ်ရည် ဥပမိနဲ့ ပြည့်စုံတယ်၊ အဲဒီအပြင် သဒ္ဓါတရားနဲ့လည်း ပြည့်စုံတဲ့အပြင် သူ့မှာ ထူးခြားတဲ့ ရှေးဘုန်းရှေးကံ ဆုတောင်းကြောင့် ဒီဘက်ဘဝမှာ အခြံအရံအမျိုးသမီး၅၀၀ ငါးရာ၊ မြင်း ဖြူနှစ်စီးကတဲ့ မြင်းဖြူနှစ်စီးတပ်ဆင်ရတဲ့ တန်ဆာဆင်ထားတဲ့ ရထားငါးရာ၊ အဲဒီအခြံအရံကိုရတယ်။

အဲဒါ ဘုရားလက်ထက်တုန်းက အဲဒီလိုအခြံအရံမျိုးရတာ မင်းသမီးနှစ်ပါးပဲရှိခဲ့တယ်၊ ထူးထူးခြားခြား တစ်ပါးက ဘယ်သူတုန်းဆိုရင် သာဝတ္ထိမြို့ ထီးနန်းအုပ်ချုပ်တဲ့ ကောသလမင်းကြီးရဲ့ သမီးတော်သုမနဒေဝီတဲ့၊ တစ်ပါးကတော့ အခုပြောတဲ့ မဂဓရတိုင်းကြီးရဲ့ပြည့်ရှင် ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရမင်းရဲ့ သမီးတော် စုန္ဒီ. . . တဲ့၊ သူတို့နှစ်ယောက်ပဲ ဘုရား လက်ထက်က ထူးထူးခြားခြား ဒီအပျိုတော် ငါးရာအခြံအရံနဲ့ ရထားငါးရာ အခြံအရံရတာ၊ ဒီပြင်မင်းသမီးတွေ သူ့ဟာနဲ့သူ အခြံအရံတွေရှိပါတယ်၊ ကြီးကျယ်ပါတယ်။

သို့သော် သူတို့နှစ်ယောက်က သူတို့ကိုယ်တိုင်က ပြည့်စုံတဲ့အပြင် သူတို့ကို သူတို့ ဖခင်ကြီးတွေက ကောသလမင်းကြီးတို့၊ ဗိမ္ဗိသာရမင်းကြီးတို့က အင်မတန်သမီးတော်တွေကို ချစ်မြတ်နိုးလို့ အထူးတလည်ဆိုပြီးတော့ အခြွေအရံအပျိုတော် ငါးရာရွေးချယ်ပြီးတော့၊ ရုပ်ရည်ဥပမိနဲ့ရော၊ အကုန်လုံးပေါ့လေ ပြည့်စုံပြီးတော့ အဲဒီအပျိုတော်တွေကို ခမည်းတော်ကြီးက လခရိက္ခာပေးတဲ့အပြင် သမီးတော် သွားလေရာတိုင်းမှာ အခမ်းအနားရှိလို့ သွားတိုင်းသွားတိုင်း သူတို့ကိုဆင်ဖို့ဆိုပြီးတော့ ရွှေငွေစိန်ကျောက်ကို တဆင်ဆာ တဆင်ဆာ အညီအမျှပေးထားတာ၊ အပျိုတော်ငါးရာ ဝတ်ကောင်းစားကောင်းလည်း ဆင်တူဝတ်ရတာ၊ ဒီပွဲမှာအဖြာ

http://www.dhammadownload.com



ရောင် ဝတ်ထားတယ်ဆိုရင် အကုန်လုံးအပြာရောင်၊ ဒီပွဲမှာ အနီရောင်၊ အဝါရောင် စသည်ဖြင့် ဝတ်တယ်ဆိုရင် အကုန်လုံး အပျိုတော်တွေကဝတ်ရတာ သမီးတော်နဲ့လိုက်အောင် သူတို့က ဝတ်ပြီးတော့လိုက်ကြရတာ။

အဲဒါ ခမည်းတော်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းတို့ ကောသလမင်းကြီးတို့က သီးခြားကို ဆုချထားတာ၊ အခွင့်ရေးပေးထားတာပေါ့၊ ပြီးတော့ ကုန်းကြောင်း မလိုက်ရဘူး၊ ရထားနဲ့ လိုက်ရတာ၊ ရှေးတုန်းကတော့ ရထားဟာ အခုကာလတော့ ကားပေါ့၊ အခုကာလတော့ ကားကောင်းကောင်းလို့ဆိုရတာပေါ့၊ ရှေးတုန်းကတော့ ရထားခေတ်၊ ဆင်ခေတ်၊ မြင်းခေတ် ဆိုတော့ စုန္ဒီမင်းသမီးက မြင်းဖြူလေးကောင်ကရတဲ့ ရထား၊ အဲဒီရထားကလည်းပဲ ဆင်မြန်းထားတာ၊ ကကြိုးတန်ဆာတွေနဲ့ မြင်းလည်း ကကြိုးတန်ဆာတွေ ရတနာတွေဆင်ထားတာ၊ ရထားမှာလည်းဆင်ထားတာ။

အဲသလိုပဲ အပျိုတော်ငါးရာကလည်း ကကြိုးတန်ဆာတွေ ဆင်ထားတဲ့ မြင်းဖြူ နှစ်စီးကတဲ့ရထား၊ ရထားမှာလည်းပဲ ဆင်ပြင်ထားလိုက်တာ ကျောက်သံပတ္တမြားတွေ၊ အဲဒီလိုရထားငါးရာ၊ အပျိုတော်ငါးရာက ရထားငါးရာပေါ်စီးပြီးတော့ ခြံရံပြီးတော့ ဟိုဘက်က နှစ်ရာငါးဆယ်၊ ဒီဘက်က နှစ်ရာငါးဆယ် စသည်ဖြင့်ခြံရံပြီး လိုက်ရတယ်၊ ခြံရံပြီးတော့သွားရတယ်။

ဒါကြောင့် သူတို့ ဒီမင်းသမီးနှစ်ပါး မဂဓတိုင်းမှာ စုန္ဒီမင်းသမီး ထွက်ပြီဆိုမှဖြင့် တအံ့တသြကြည့်ကြရတယ်၊ ကောသလတိုင်းကြီးမှာလည်း သုမနဒေဝီမင်းသမီး ထွက်ပြီဆိုမှဖြင့် တအံ့တသြ ကြည့်ကြရတယ်၊ အဲ အထူးတလည်ကို ကြည့်ကြရတာ၊ အဲဒါဘုရားလက်ထက်က ထူးခြားခဲ့တဲ့ မင်းသမီး နှစ်ပါးပဲ။

အဲဒါ သူတို့ ရှေးဆုတောင်းနဲ့ သူတို့ဖြစ်တာပဲ၊ အချောင်ရတာတော့မဟုတ်ဘူး၊ သူတို့က ရှေးရှေးသော ဘုရားရှင် ဘုရားရှင်တွေ လက်ထက်တုန်းက ဘုရားသာသနာတော်ကို ပစ္စည်းလေးပါးနဲ့ တတ်နိုင်သမျှ သူတို့ ထောက်ခဲ့တယ်၊ ပံ့ခဲ့တယ်၊ အထူးသဖြင့် ကာလဒါနလို့ခေါ်တဲ့၊ လိုတဲ့နေရာတွေကြည့် . ကြည့်ပြီးတော့ ဖြည့်ခဲ့တယ်. . . တဲ့ သူတို့က၊ ဆိုပါတော့ အခုလို ဒကာမကြီး ဒေါ်မြနွယ် ခုနက ပြောသလိုပေါ့၊ ကမ္ဘာအေး သံဃာ့ဆေးရုံကျတော့ ဟိုး. . မြို့ထဲက ဇီဝိတဒါန ဆေးရုံလောက် သူကနာမည်မကြီးဘူး ဆိုပါတော့ လူသိနည်းတယ်၊ အဲဒီတော့ ကမ္ဘာအေးသံဃာ့ဆေးရုံကျတော့၊ ဟိုး -စတည်ထောင်တာကတော့ ဒကာကြီး ဦးနု တို့ပေါ့လေ၊ ဝန်ကြီးချုပ်ဟောင်း ဦးနုတို့ ဖ. ဆ. ပ. လခေတ်က သင်္ဂါယနာတင် ခေတ်တုန်းက ကမ္ဘာအေးဆေးရုံ, ကမ္ဘာအေးဆေးရုံနဲ့ အခုနောက်ပိုင်းကျတော့ သိတဲ့လူတွေ သိပ်မရှိဘူးတဲ့။

http://www.dhammadownload.com



သိတဲ့သူသိပ်မရှိတော့ အဲဒီ တက်ရောက်ကုသတဲ့ ဆရာတော် သံဃာတော်တွေမှာ ချီ့တဲ့နေတာပေါ့လေ ..၊ ချီ့တဲ့နေတော့ အဲဒီချီ့တဲ့ တဲ့အကွက်ကိုမြင်ပြီးတော့ ခုနက ဒကာမကြီး ဒေါ်မြနွယ်က စာစ်သိန်း၊ အမကြီး ဒေါ်သန်းစိန်ကတစ်သိန်းဆိုပြီးတော့ ဝင်လှူ အဲဒါမျိုးပြောတာ ကာလဒါနလိုတဲ့ လိုကွက်ကလေးဖြည့်လိုက်ရတာ လိုတဲ့နေရာဖြည့်လိုက်ရတော့ လှူရတဲ့သူကလည်းအားရ အလှူခံရတဲ့ သူတွေလည်း ရွှင်ပျ အဲဒီလို အလှူမျိုးတွေကို ပြခဲ့တယ်. . . တဲ့၊ ခုနကမင်းသမီးနှစ်ယောက်က သည့်ပြင် ပိုပိုလျှံလျှံ ပစ္စည်းလေးပါး လှူတာလည်း ပြောစရာမရှိဘူး၊ ပြီးတော့သူက ဘုရား, တရား, သံဃာနဲ့ မိဘဘိုးဖွား အနန္တော အနန္တငါးပါးကိုရိုသေကိုင်းညွတ်တဲ့နေရာ၊ ကျိုးနွံတဲ့နေရာမှာတော့ အလွန့်အကျွံကိုပဲ ရိုသေကိုင်းညွတ်ပြခဲ့တယ်. . . တဲ့၊ သက္ကစ္စဂါရဝ အပြည့်နဲ့ပြခဲ့တယ်၊ အဲဒါ ကြောင့် သူတို့အခုလိုကြီးကျယ်တဲ့ စည်းစိမ်ကိုရပါတယ်. . . တဲ့ စာကဆိုတယ်။

ကဲ - အဲဒီလိုအားဖြင့် မင်းသမီးနှစ်ပါးဟာ သူတို့ရဲ့ရှေးက ရှေးကောင်းမှုအားလျော်စွာပေါ့လေ အခု ဒီဘက်ဘဝမှာ ပြည့်စုံတော့ အဲဒီစုန္ဒီမင်းသမီးဆိုတာမြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်ကြီးနဲ့ သံဃာငါးရာပင့်ပြီးတော့ သူက ဆွမ်းကပ်တော့ အဲဒီဆွမ်းကပ်ပွဲမှာ အခုန အပျိုတော်တွေလဲပါတာပဲ၊ အခြံအရံတွေ အလုပ်အကျွေးတွေ မြတ်စွာဘုရားက အဲဒီမှာ ဟောတာ ချစ်သမီး စုန္ဒီ. . . တဲ့ အသိလိမ္မာဉာဏ်ပညာရှိ မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် မျှော်မှန်းတဲ့ အမျိုးကောင်းသားအမျိုးကောင်းသမီးသည် သာရာဒါယေစ ကာယဿ ဝရာဒါယေစ ပဏ္ဍိတော။
စုန္ဒိ- ချစ်သမီးစုန္ဒီ၊ ပဏ္ဍိတော-အသိလိမ္မာ, ဉာဏ်ပညာ, အမျှော်အမြင်နှင့် ပြည့်စုံတဲ့, အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်၊ ပဏ္ဍိတော-အိုနာသေရေး, ဒုက္ခဘေးကြီးတို့မှ, ကင်းဝေးလွတ်မြောက်ရာဖြစ်တဲ့, သန္တိသုခ, နိဗ္ဗာနဓာတ်, တရားတော်မြတ်ကြီးကို, လျင်မြန်ဆောစွာ ရလိုရောက်လိုတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်၊ ကာယဿ- သေလျှင်ပစ်ခဲ့ရမည့် အနှစ်မဲ့ခန္ဓာကိုယ် ကြီးထဲက၊ ကာယဿ-အမှိုက် ပုံကြီးအလား, ထင်ရှားပြီးတော့, ဖြစ်ပွားနေတဲ့ ခန္ဓာ ကိုယ်ကြီးထဲက၊ သာရာဒါယေစ-ပတ္တမြားအလား, အနှစ်ရှိတဲ့ တရားကို, ထုတ်ယူတတ်ရသည်လည်းကောင်း၊ ဝရာဒါယေစ-ကောင်းမြတ်တဲ့ အနှစ်တရားကို ထုတ်ယူတတ်ရသည်လည်းကောင်း၊ ဟောတိ-ပုဂ္ဂိုလ်တွေအရ, မုချမသွေ ဖြစ်ရပါပေသတည်း . . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ချစ်သမီး စုန္ဒီ . . . တဲ့ အသိလိမ္မာ ဉာဏ်ပညာရှိတဲ့ အမျိုးကောင်းသားအမျိုးကောင်းသမီး မှန်ခဲ့ရင် မိမိရဲ့ အိုနာသေရေး ဒုက္ခဘေးကြီး ကင်းဝေးလွတ်မြောက်ရာ ဖြစ်တဲ့ နိဗ္ဗာန်ဆိုတဲ့ တရားမြတ်ကို လျင်မြန်ဆောစွာ ရချင်ရောက်ချင်

http://www.dhammadownload.com



တယ်ဆိုခဲ့ရင် . . . တဲ့၊ အမှိုက်ပုံကြီးထဲက နေပြီးတော့ ပဋ္ဌာန်း ထုတ်ယူတတ်ရတယ် . . . ။သေ လျှင် ပစ်ခဲ့ရမည့် အနှစ်မဲ့ ပစ္စည်းပုံကြီးထဲက ကိုယ့်နောက်ပါမည့် အနှစ်ရိက္ခာထုပ်ကို ထုတ်ယူတတ်ရတယ် . . . တဲ့၊ ဟောဒါ စုန္ဒီမင်းသမီးကို ဆုံးမသွားတဲ့ အဆုံးအမ၊ အမှိုက်ပုံကြီးက ပဋ္ဌာန်းထုတ်ယူတတ်ရတယ်ဆိုတာ မိမိတို့ရဲ့ ခန္ဓာကိုယ်ကြီးကို အမှိုက်ပုံကြီး . . . လို့၊ ဘုရားကဟောတယ်။

ဘုန်းကြီးတို့တတွေ အခု ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ခန္ဓာကိုယ်ကြီးက အမှိုက်ပုံကြီး အမှိုက်ဆိုတာ ဘယ်လိုသဘောရှိတုန်းဆိုတော့စွန့်ပစ်ခံရတာ အမှိုက်ပဲ၊ အိမ်မှာအမှိုက်များ ဘာလုပ်ကြတုန်း စွန့်ပစ်တာပဲ၊ အမှိုက်တွေ သရိုက်တွေ ကျုံးပြီးတော့ ဟိုနားသွားစွန့်၊ ဒီနားသွားစွန့်၊ အစွန့်ခံ ရတဲ့သဘောရှိတယ် အမှိုက်က၊ အဲသလိုပဲ . . . တဲ့၊ ဒီခန္ဓာကိုယ်ကြီး ဘုန်းကြီးတို့တတွေကသာ တင့်တယ်တယ်၊ လှပတယ်လို့ အထင်ရောက် နေသော်လည်း သူကအစွန့်ပစ်ခံရမည့် ပစ္စည်းကြီး၊ နောက်ဆုံး ဒီခန္ဓာကိုယ်ကြီး ဘယ်သွား စွန့်ရတုန်း သုသာန်သွားစွန့်ရ မီးရှို့ပြီးတော့ စွန့်ကြရ၊ ရေမျှောပြီးတော့ စွန့်ကြရ၊ မြေထဲ တူးပြီးတော့ မြှုပ်ပြီးတော့ စွန့်ကြရ၊ ဒါအစွန့်ခံပစ္စည်းကြီးပဲ ဒီခန္ဓာကိုယ်ကြီး။ ဒီတော့ ဒီခန္ဓာကိုယ်ကြီးအတွင်း ရှိနေတဲ့ (၃၂)ကောဋ္ဌာသတွေဟာ အမှိုက်တွေပဲ၊ စွန့်ပစ်ခံရမယ့် ပစ္စည်းသဘောတွေ။

ဒါဖြင့် အခုအသက်ထင်ရှားရှိတုန်းကော- ကြည့်ပါအုန်း ဒီခန္ဓာကိုယ်က ထွက်သမျှ စွန့်နေရတာ၊ ကျင်ကြီးတွေအဖြစ်နဲ့စွန့်၊ ကျင်ငယ်တွေအဖြစ်နဲ့စွန့်၊ တံတွေးတွေအဖြစ်နဲ့စွန့်၊ နှပ်တွေအဖြစ်နဲ့စွန့်၊ မနက်တိုင်း မနက်တိုင်း မျက်နှာ သစ်တိုင်း မျက်စိမှာ ရှိနေတဲ့ အညစ်အကြေးတွေ ရေနဲ့ဆေးပြီးစွန့်၊ အဲ ဆံပင်တွေ၊ လက်သည်းတွေ၊ ခြေသည်းတွေ ဖြတ်ပြီး တော့စွန့်၊ ဒီတော့ ဒီခန္ဓာကိုယ်က ထွက်တဲ့ပစ္စည်းစွန့်ပစ်နေရတဲ့သဘောချည်း၊ ချွေးတွေထွက်တော့ ရေနဲ့ဆေး အဝတ်နဲ့သုတ်ပြီးတော့ စွန့်၊ အဲသလို ပေါ့လေ **ဒီခန္ဓာကိုယ်ရှိသမျှ သုံးဆယ့်နှစ်တွဲ, အယိုရွဲ, အမြဲစွန့်စရာပါတကား** . . ။ လယ်တီဆရာတော်ကြီးက ဒီခန္ဓာ ကိုယ်ထဲရှိနေတဲ့ (၃၂) တွဲ အယိုရွဲတွေချည်းပဲ . . . တဲ့၊ သွေးတွေ, ချွေးတွေကအစ အူ, အသဲ, အဆုတ်, ကျင်ကြီး, ကျင်ငယ်အဆုံး (၃၂) ကောဋ္ဌာသ- ဟာ စွန့်ပစ်စရာ တွေချည်းပဲ၊ ဒီတော့ -ဒီခန္ဓာကိုယ်ကြီးကအဲဒီ စွန့်ပစ်စရာတွေ စုပေါင်းနေလို့ အမှိုက်ပုံကြီးနဲ့ တူတယ် . . . တဲ့။

ဒီတော့ အဲဒီအမှိုက်ပုံကြီးနဲ့တူတဲ့ ခန္ဓာကိုယ်ကြီးထဲကနေပြီးတော့ ပဋ္ဌာန်းရအောင်ထုတ်ယူတဲ့၊ ပဋ္ဌာန်းဆိုတာ ဘာတုန်းဆိုတော့ ခုနကပြောတဲ့ ကောင်းမှုပဲ၊ အလှူ့အမ ဒေါ်မြနွယ် ပြုနေတဲ့ကောင်းမှုပဲ၊ ဒေါ်မြနွယ်နဲ့တကွ အခုတူသားနောင်မယ်တွေ ပြုနေတဲ့၊ ညီအစ်ကိုမောင်နှမတတွေ ပြုတဲ့ကောင်းမှုပဲ၊ မင်္ဂဖိုလ်နိဗ္ဗာန်ရ

http://www.dhammadownload.com



ကြောင်းဖြစ်တဲ့ ဒါနကောင်းမှု, သီလကောင်းမှု, ဘာဝနာကောင်းမှု ဆိုတဲ့ ပစ္စည်းက ပတ္တမြားပဲ . . . တဲ့၊ ပတ္တမြားပဲ၊ အနှစ်ပဲ၊ ဒီခန္ဓာကိုယ်ကြီးက သေလျှင်ပစ်ခဲ့ရမည့် အနှစ်မဲ့ခန္ဓာကိုယ်၊ သေလျှင်ပစ်ခဲ့ရမည့် အနှစ်မဲ့ ခန္ဓာကိုယ်ကြီးထဲကနေပြီးတော့ ကိုယ့် နောက်ပါမည့်၊ ကိုယ့်ကို အို,နာ,သေလွတ်ရာ နိဗ္ဗာန်ရွာကို ရောက်အောင် ပို့မည့်အနှစ်ပစ္စည်းကို ထုတ်ယူရတယ်ချစ်သမီး. . . တဲ့၊ ဟော-ဒါဘုရားရှင်က စုန္ဒီကို ဆုံးမတာ။

စုန္ဒီမင်းသမီးတိုက်ရိုက်ရှိလို့ စုန္ဒီသုတ္တန်အဖြစ်နဲ့ ထင်ရှားပြီးတော့၊ စုန္ဒီမင်းသမီး ဆုံးမတယ်ဆိုပေမယ့်လို့ ဘုရားရှင်မျှော်လိုက်တာက ဒီနေ့ ဒေါ်မြနွယ် အထိပါတယ်၊ အခုဒီနေ့ တရားနာနေကြတဲ့ ဒကာ,ဒကာမအပေါင်း သူတော်ကောင်းတွေအထိ မျှော်ပြီးတော့ဟောခဲ့တာ၊ စုန္ဒီကတိုက်ရိုက် ကုသိုလ်လုပ်နေလို့သာ စုန္ဒီ, စုန္ဒီနဲ့ နာမည်ခေါ်ပြီးဟောတာ၊ ရည်ရွယ်တာကတော့ ဒီနေ့ဘုန်းကြီးတို့တွေ အလှူ့အမတို့တွေ အလှူ့ဒကာတို့တွေ အားလုံးအတွက် ရည်စူးပြီးတော့ ဟောတော်မူသွားတာ။

ဒါကြောင့်-ဒီနေ့ အလှူ့အမဒေါ်မြနွယ်နဲ့ ညီအကိုမောင်နှမတတွေက ဒီနေ့ ဘာလုပ်တဲ့ နေ့တုန်း. . . လို့ ဆိုရင် တပည့်တော်တို့ အမှိုက်ပုံကြားက ပတ္တမြား ထုတ်ယူတဲ့နေ့. . . .။ "သေလျှင်ပစ်ခဲ့ နှစ်မဲ့ဤကိုယ်". . . တဲ့၊ သေလျှင်ပစ်ခဲ့ရမည့် အနှစ်မဲ့ ဤခန္ဓာကိုယ်ကြီးထဲက- ကုသိုလ်အနှစ် ညှစ်တတ်ဖို့လို. . . တဲ့၊ကောင်းမှုတည်းဟူသော အနှစ်ညှစ်ယူတတ်ရတယ်၊ "ညှစ်တတ်သူများ ရသွားမဂ်ဖိုလ် မညှစ်တတ် ဝဋ်ဇာတ်ပါယ်ထိုထို" ဒီခန္ဓာကိုယ်ကြီးရလာ၊ ကိုယ်ကအမြတ်ထုတ်ရတယ်၊ ဒီခန္ဓာကိုယ်ကြီးကတော့ ဒီလိုအမြတ် ထုတ်မယူဘဲနဲ့ စားလားသောက်လားနဲ့. . .။

*** နေ့စဉ်ပျော်ပါး၊ မော်ကြွားချိန်ကုန်၊ စားလားသောက်လား၊ တရားမထုံ၊**
**ကုသိုလ်ကိစ္စ၊ စိတ်ကသုံ့မှုံ၊ သတိပေါ့၊ ကြည့်တော့လူတို့ဘုံ။**

ဆိုတဲ့အတိုင်းပဲ စားလိုက်သောက်လိုက်၊ ပျော်လိုက်ပါးလိုက် ဖီးလိုက်လိမ်းလိုက် ဝတ်လိုက်ဆင်လိုက်နဲ့ အချိန်ကုန်နေရင်တော့ သူကအမှိုက်ပုံကို အဟုတ်ထင်နေတာပဲ. . . တဲ့၊ ဒါ-အမှိုက်ပုံထဲက သူအမြတ်ထုတ်မယူလိုက်ပဲနဲ့ အမှိုက်ပုံကို အမှိုက်အဖြစ်နဲ့ ခန္ဓာကိုယ် အမှိုက်ပုံကြီးကို သူကအမှိုက်ပုံပြုစုရင်း အမှိုက်ပုံကို လုပ်ကျွေးရင်း ဒါနဲ့ပဲ သူ့ဘဝဆုံးသွား ရင်တော့ သူရှုံးတယ်. . . တဲ့၊ ဒီအမှိုက်ပုံထဲကနေပြီး အကြားကပတ္တမြားဆိုတဲ့ ကုသိုလ်ကောင်းမှုမဂ်ဖိုလ် နိဗ္ဗာန်ရကြောင်းကောင်းမှု၊ ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဘာဝနာကောင်းမှုများ ထုတ်မယူလိုက်ဘူး

http://www.dhammadownload.com


ဆိုရင် ရှုံးပြီ. . . တဲ့သူက၊ ဒါကြောင့် သူက အမှိုက်ပုံကြားက ပတ္တမြား ထုတ်ယူတတ် ရတယ်။

သေလျှင်ပစ်ခဲ့၊ နှစ်မဲ့ဤကိုယ်-တဲ့၊ ဟော-သေရင်ပစ်ခဲ့ရမှာမို့လို့ ဒီခန္ဓာကိုယ်ကြီးကိုလည်း အနှစ်မဲ့အမှိုက်ပုံကြီး၊ ကုသိုလ်အနှစ်၊ ညှစ်တတ်ဖို့လို-ဟောဒီကြားထဲက နေပြီးတော့ ကုသိုလ်နှစ်ညှစ်ယူ. . .၊ ဒီတော့ ကုသိုလ်အနှစ်တွေ ဆိုတာဘာတုန်း ဆိုတော့ ဒါနကုသိုလ်အနှစ်၊ သီလကုသိုလ်အနှစ်၊ ဘာဝနာကုသိုလ်အနှစ် ဒါပါပဲ၊ ဒါနကုသိုလ်အနှစ်က ဘယ့်နဲ့လုပ် ညှစ်ယူရမှာတုန်းဆိုတော့။

ပစ္စည်းမှုမူ၊ အနှစ်ယူ၊ ပေးလှူဒါနပဲ-၊ ကိုယ့်ရှိနေတဲ့ ကိုယ်နဲ့စပ်နေတဲ့ပစ္စည်းတွေထဲက အနှစ်ထုတ်ယူချင်လို့ရှိရင် ဒါနပဲ. . . တဲ့၊ ဒါနပြုလိုက်ရင် အဲဒါ အနှစ်ယူတာ၊ အနှစ်ဆိုတာ ခိုင်ခံ့ပြီးတော့ ကိုယ့်နောက်ပါလာပြီးတော့ ကိုယ့်ကို အိုး,နာ, သေလွတ်ရာ နိဗ္ဗာန်ရွာရောက်အောင်ပို့လို့ သူ့ကိုအနှစ်လို့ခေါ်တယ်၊ နံပါတ် (၁) အချက်က ကိုယ့်နောက် ပါလို့အနှစ်၊ နံပါတ် (၂) အချက်က အန္တရာယ်ငါးမျိုးကင်းလို့အနှစ်၊ နံပါတ် (၃) အချက်က နိဗ္ဗာန်ရောက်အောင်ပို့မှာမို့လို့အနှစ်၊ ဟော-အနှစ်ရဲ့ဂုဏ်ရည်က ကိုယ့်နောက်ပါမှာမို့လို့အနှစ်၊ အန္တရာယ်ငါးမျိုးကင်းလို့အနှစ်၊ နိဗ္ဗာန်ရောက်အောင်ပို့မှာမို့လို့အနှစ်။

ဆိုပါတော့-ဒီနေ့ အလှူ့အမင်္ဂါမြန္မာယ်တို့ မောင်နှမတတွေပြုလိုက်တဲ့၊ အခုသိန်းပေါင်းများစွာ အကုန်ကျခံလှူလိုက်တာက ကိုယ်နဲ့စပ်နေတဲ့ ပစ္စည်းထဲကနေ အနှစ်ထုတ်ယူတာ၊ အဲဒီလို လှူလိုက်တန်းလိုက်တဲ့ပစ္စည်း၊ အန္တရာယ် ငါးမျိုးကင်းသွားပြီ၊ မီးလောင်လို့ မရဘူး၊ သူခိုးခိုးလို့မရဘူး၊ ဓားပြတိုက်လို့မရဘူး၊ မင်းစိုးရာဇာကသိမ်းလို့မရဘူး၊ ဒါပြောတာ အခုကောင်းမှုအဖြစ်နဲ့ မိမိပြုလိုက်တဲ့ ကုသိုလ်ကောင်းမှုဥစ္စာ. . . တွေ၊ မိမိဝမ်းထဲရောက် သွားတယ်၊ သူတော်ကောင်း ဥစ္စာလို့ခေါ်တဲ့ ကောင်းမှုဥစ္စာတွေကို သူခိုးကခိုးယူလို့မရဘူး၊ အိမ်မှာရှိနေတဲ့ ပစ္စည်းတွေကျတော့ သူခိုးခိုးယူလို့ရသေးတယ်၊ ဓားပြကအနိုင်အထက် လက်နက်ပြ အတင်းလုရင်ပေးရ အုန်းမှာ၊ မင်းစိုးရာဇာကအတင်းသိမ်းရင်လည်း ပေးလိုက် ရအုန်းမှာ၊ မီးလောင်ရင် လည်းပါအုန်းမှာ၊ ရေမျောရင်လည်းပါအုန်းမှာ၊ အခု ကောင်းမှုဆိုတဲ့ ပစ္စည်းဟာအဲဒီ ငါးမျိုးကင်းသွားတယ်၊ ဒါကြောင့် သူ့အနှစ်လို့ ခေါ်တယ်။

နောက်တစ်ခုက အနာဂါမိကတဲ့ ကိုယ်သွားရာပါတော့မှာမို့လို့အနှစ်တဲ့၊ အခုလက်ရှိ ရှိနေတဲ့ ပစ္စည်းတွေ၊ အိမ်ယာခြံမြေဥယျာဉ်တိုက်တာဆိုတဲ့ ပစ္စည်းတွေက သေလျှင်ပစ်ခဲ့. . . တဲ့၊ ဟော-သေလျှင်ပစ်ခဲ့ရမှာသူက၊ ကိုယ်နောက်မပါဘူး၊ ကိုင်း ဒို့ပရိသတ်နည်းနည်းနှုတ်ထဲ ဝင်သွားအောင် လိုက်ဆိုလိုက်စမ်းပါ. . .၊

http://www.dhammadownload.com



**✽ သေလျှင်ပစ်ခဲ့၊ နှစ်မဲ့ဤကိုယ်၊ ကုသိုလ်အနှစ်၊ ညှစ်တတ်ဖို့လို၊**
**ညှစ်တတ်သူများ၊ ရသွားမင်ဖိုလ်၊ မညှစ်တတ်၊ ဝဋ်ဇာတ်ပါယ်ထိုထို။**

အဲ-ညှစ်တတ်တဲ့ သူများကျတော့ ကုသိုလ်အနှစ်တွေရမယ်. . . ကုသိုလ်အနှစ်ဆိုတာ ဘာတုန်းဆိုတော့ ခုနကပြောခဲ့တဲ့အတိုင်း ဆိုစမ်းပါ-

**ပစ္စည်းမှမူ၊ အနှစ်ယူ၊ ပေးလှူဒါနပဲ။**

ဟော-အခုအနှစ်ညှစ်ယူချင်ရင် ကိုယ်နဲ့စပ်နေတဲ့ ပစ္စည်းထဲက ကိုယ်ပိုင်ဆိုင်နေတဲ့ပစ္စည်းထဲက ညှစ်ယူရတယ်. . . တဲ့၊ နေ့တိုင်းနေ့တိုင်း ကိုယ်ပိုင်ဆိုင်နေတဲ့ ပစ္စည်းတွေထဲက လှူဒါန်းပေးကမ်းနေတာဟာ အဲဒါကိုယ့်နောက်ပါမည့် အနှစ်ယူတာတဲ့၊ မီးမလောင်နိုင်၊ ရေမမျောနိုင်တဲ့ အနှစ်ပစ္စည်းဖြစ်အောင်ပြောင်းယူတာတဲ့၊ လှူတယ်လှူတယ်ဆိုတာ အမှန်ကတော့ ကိုယ့်ပစ္စည်းကို နေရာပြောင်းလိုက်တာပါ။ ကုန်သွားတယ်လို့ အသိဉာဏ်နည်းတဲ့သူတွေ ကံမျက်လုံးနဲ့သာကြည့်တတ်တဲ့သူတွေ ကံမျက်လုံးဆိုတာ မျက်နှာပေါ်မှာပါလာတဲ့ ပကတိ အမေမွေးတုန်းကပါလာတဲ့မျက်လုံး ကံမျက်လုံးခေါ်တယ်။

အဲဒီကံမျက်လုံးနဲ့သာ ကြည့်တတ်တဲ့သူတွေ အသိဉာဏ်နည်းတဲ့သူတွေကတော့ လှူတယ်လှူတယ်ဆိုတာ ကုန်သွားတယ်လို့သူတို့ကမြင်ကြတယ်၊ အဲ-အသိဉာဏ်ပညာရှိတဲ့သူတွေ၊ ဉာဏ်မျက်လုံးပါတဲ့သူတွေ၊ ဘုရားပစ္စေကာ အရိယာသူတော်ကောင်းကြီးတွေကတော့ လှူတယ်လှူတယ်ဆိုတာ ကိုယ့်ပစ္စည်းကို ရွှေ့သိမ်းတာ၊ ဘယ်သိမ်းတာတုန်း၊ မီးလောင်တတ်တဲ့နေရာက မီးမလောင်တတ်တဲ့နေရာ ရွှေ့သိမ်းတာ၊ သူခိုးခိုးလို့ရတဲ့နေရာက သူခိုးခိုးမရတဲ့ နေရာရွှေ့သိမ်းတာ၊ ဓားပြတိုက်လို့ရတဲ့နေရာက ဓားပြတိုက်လို့မရတဲ့နေရာ ပြောင်းသိမ်းတာ၊ အဲဒီသဘောတဲ့၊ သူတော်ကောင်းကြီးတွေက ဒီလိုသဘော ပေါက်တယ်။

ဒါကြောင့် သူတော်ကောင်းကြီးတွေဟာ ဒီအလုပ်ကို လက်မလွှတ်တန်းလုပ်ကြတယ်၊ နေ့စဉ်. . . နည်းများမဟူ ကိုယ့်ပစ္စည်းထဲက လှူဒါန်းနေ ပြီးတော့ယူတာ၊ ကိုယ့်အတွက်ကိုယ်ယူတာ၊ ပြီးတော့ ကိုယ့်နောက်ပါမည့်ပစ္စည်းကို ကိုယ့်နောက်ပါအောင်ပြောင်းသိမ်းတာ၊ မလှူမတန်း မပေးမကမ်းနဲ့ စားသောက်နေရတဲ့ပစ္စည်းတွေက စားရမှာလည်းစားသင့်တာ စားရမှာပေ့ါလေ စားသုံးပြီး နေတဲ့ပစ္စည်းတွေကတော့ ပြီးရင်ပစ်ထားခဲ့ရမှာပဲ၊ ဒီခန္ဓာကိုယ်တောင်မှ ပစ်ခဲ့ရမှာဖြစ်တော့ သူနဲ့စပ်တဲ့ ပစ္စည်းတွေ ပြောစရာမရှိဘူး၊ သေရင်ပစ်ခဲ့ရမယ်၊ အဲပစ်ခဲ့ရမည့်ပစ္စည်းတွေကို ကိုယ့်နောက်ပါအောင် ပြောင်းသိမ်းတာ၊ လှူတယ်လှူတယ်ဆိုတာ သဘောက၊ အဲဒီလိုသဘောပဲ။

http://www.dhammadownload.com


အသိဉာဏ်နည်းတဲ့ သူတွေကတော့ လှူတယ်ဆိုတာ ကုန်သွားတာ၊ လှူလိုက်ရင် ငါကုန်သွားပြီ၊ ငါစားစရာမရှိတော့ဘူး ငါစားရမှာ မဟုတ်တော့ဘူး ငါသားကျွေးနိုင်မှာ မဟုတ်တော့ဘူးနဲ့ သူတို့ကဒီလိုသွားတွက်တယ်၊ ဉာဏ်မရှိတော့ အဲဒီလိုသွားမြင်နေတယ်၊ မြင်တော့သူက မလှူဘူး၊ မလှူတော့မရှိ၊ မရှိလို့ မလှူနဲ့ ချာလည်ပတ်ပြီးတော့ လှူတဲ့သူက ရှိလို့လှူ၊ လှူလို့ရှိနဲ့ တက်သွားတာပဲ မဂ်ဖိုလ်နိဗ္ဗာန်အထိ ဒါကြောင့် ဆိုလိုက်စမ်းပါ---

* ပစ္စည်းမှမူ၊ အနှစ်ယူ၊ ပေးလှူဒါနပဲ။

ခန္ဓာမှမူ၊ အနှစ်ယူ၊ ထိန်းကူသီလပဲ။

သီလဆိုတဲ့ အနှစ်ဘယ်ထဲက ထုတ်မတုန်းဆို ခန္ဓာကိုယ်ထဲက၊ ဒီခန္ဓာကိုယ်ကြီးထဲကနေပြီးတော့ သီလအနှစ်ထုတ်ယူ. . . တဲ့၊ ဒီခန္ဓာကိုယ်နဲ့ပဲ သီလထိန်းရတာကို၊ သူ့အသက်မသတ်ဘူးဆိုတာ ဒီခန္ဓာကိုယ်နဲ့ထိန်းရတာ၊ သူ့အသက်သတ်တယ်ဆိုတာလည်း ဒီခန္ဓာကိုယ်ကြီးက မထိန်းတာ၊ ဒီလက်နှစ်ဘက်နဲ့ပဲ သူများအသက်သတ်တာ၊ ဒီလက်နှစ်ဘက်နဲ့ ဓားကြီးကိုင်ပြီးခုတ်၊ တုတ်ကြီး နဲ့ရိုက်၊ သေနတ်ကြီးနဲ့ပစ်၊ ဒီလက်နှစ်ဘက်နဲ့သတ်တာ၊ ဒါမထိန်းတာခေါ်တယ်၊ အဲ-ထိန်းတော့လည်း ဒီလက်နှစ်ဘက်ကိုထိန်းလိုက်တာပဲ၊ မသတ်ဘူး၊ ဟတ္ထ သညတော ပါဒသညတော-တဲ့ လက်လည်းထိန်းထား၊ ခြေလည်းထိန်းထား၊ ခြေထောက်နဲ့ သူများကို သေရမည့်နေရာမသွားဘူး၊ သူများကိုခြေထောက်နဲ့ ကန်ခြင်း၊ နင်းခြင်း မပြုဘူး၊ အဲဒီလိုအားဖြင့် ကိုယ်နဲ့နှုတ်ကို ထိန်းထားလိုက်တာ ဒါသီလပေါ့၊ ဒါကြောင့် ဒီခန္ဓာကိုယ်ထဲကနေပြီးတော့ သီလအနှစ်ကို ထိန်းပြီးတော့ယူ. . .။

အသက်မှမူ၊ အနှစ်ယူ၊ ပွါးကူဘာဝနာပဲ။

ဒီခန္ဓာကိုယ်ထဲမှာရှိနေတဲ့ အသက်ကလေး၊ စိတ်လို့လည်းခေါ်တယ်၊ နာမ်လို့လည်းခေါ်တယ်၊ ရှူးရှဲရှူးရှဲနဲ့ ရှူရှိုက်နေကြောင်းဖြစ်တဲ့ အသက်ကလေးရှိတယ်၊ အဲဒီအသက်ထဲကလည်းပဲ. . . တဲ့၊ အနှစ်ထုတ်ယူရတယ်၊ အနှစ်မထုတ်လို့ကတော့ ဒီအသက်ကလေးက သူကအမှိုက်၊ အမှိုက်ပါပဲ၊ နောက်ဆုံးသူလည်း ပျောက်ပျက်ပြီးတော့ ကုန်ဆုံးသွားတာ၊ ဒီတော့ သူ့ထဲကအနှစ်ဘယ့်နဲ့ ထုတ်ရမှာတုန်း၊ ဘာဝနာနဲ့ထုတ်ယူ. . .၊ ဒီစိတ်ကလေးနဲ့ မနက်စောစော ဘုရား လက်အုပ်ချီရှိခိုး. . . နေတယ်ဆိုရင် အဲဒါ ဗုဒ္ဓါနုဿတိဘာဝနာ၊ အနှစ် စိတ်ထဲမှာရောက်လာတယ်၊ မေတ္တာပို့နေပြီ. . . ဆိုရင် ဒီစိတ်ထဲမှာ အနှစ်ရောက်လာတယ်၊ အနှစ်ယူနေတာ၊ အဲဒီလိုပေါ့လေ ဝိပဿနာပွားနေပြီ၊ ရုပ်နာမ်အရှိမှန် တရားတွေမြင်အောင်ကြည့်နေပြီ၊ မြင်တဲ့ဉာဏ်တရားဦးစီးတဲ့၊ သဒ္ဓါဦးစီးတဲ့၊ ဉာဏ်ဦးစီးတဲ့စိတ်

http://www.dhammadownload.com



တွေဖြစ်ပြီးတော့ ဝိပဿနာရှုနေပြီ၊ ဒါအနှစ်ယူနေတာ၊ ဒါ့ကြောင့် မြတ်စွာဘုရားက ချစ်သမီးစုန္ဒီ. . . ပစ်ထားခဲ့ရမည့် ဒီခန္ဓာကိုယ်ကြီးထဲက အနှစ်ကို ထုတ်ယူတတ်ရတယ်. . . လို့ အနှစ်သုံးတန်ယူကြောင်း ဟောထားခဲ့တယ်။

အဲဒီလိုအားဖြင့် စုန္ဒီမင်းသမီးကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟောတော်မူတဲ့ အဆုံးအမဒေသနာတော်အရ မိမိတို့ရဲ့ခန္ဓာကိုယ်နဲ့ မိမိတို့ပိုင်ဆိုင်နေတဲ့ ပစ္စည်းတွေဟာ နောက်ဆုံးပစ်ထားခဲ့ရမှာမို့လို့ အမှိုက်ပုံကြီးနဲ့လည်းတူတယ် အနှစ်မဲ့ပစ္စည်းနဲ့လည်းတူတယ်၊ အဲဒီအနှစ်မဲ့ကို အနှစ်မဲ့လို့သိတဲ့အချိန်သည်. . ဝိပဿနာအချိန်၊ ဟော-ဝိပဿနာဝင်လာတယ်၊ ဒီခန္ဓာကိုယ်ကြီးက အနှစ်မဲ့ ခန္ဓာကိုယ်ကြီး၊ အမှိုက်ပုံကြီးနဲ့တူတဲ့ခန္ဓာကိုယ်ကြီး. . . လို့၊ ဘုရားက စုန္ဒီ မင်းသမီး ဆုံးမတဲ့စကားကို ကိုယ့်ခန္ဓာကိုယ်ပေါ် ရွှေ့ပြောင်း. . . ပြီးတော့ အာရုံပြုလိုက် သည်နှင့်တစ်ပြိုင်နဲ့ ကိုယ့်ခန္ဓာကိုယ်ပေါ် မှာဟုတ်ပေတယ်၊ အမှိုက်ပုံပဲလို့မြင်လာတာ၊ အဲဒါအနိစ္စကို မြင်ခြင်း၊ ဒုက္ခကိုမြင်ခြင်း၊ အနတ္တကို မြင်ခြင်းပဲ၊ အနိစ္စဆိုတာ မခိုင်မခန့်တာ၊အသုံးမကျတာ။

အမှိုက်ဆိုတာ အသုံးမှမကျပဲ၊ အနတ္တဆိုတာ ကိုယ်ဖြစ်ချင်သလို မဖြစ်ဘူး၊ အနှစ်သားရှာမရဘူး၊ အဲဒီလိုမြင်လာတာ၊ ဒါဝိပဿနာ ဝင်လာတော့တာပဲ၊ အဲဒီလို အားဖြင့်ရုပ်နာမ်ဓမ္မသင်္ခါရတွေရဲ့ သဘောကို သူ့သဘောအတိုင်းဓမ္မတာရှိတဲ့ အတိုင်း မြင်အောင်ကြည့်ခြင်းသည် ဝိပဿနာလို့လည်းခေါ် တယ်၊ သစ္စာမြင် တာ လို့လည်းခေါ် တယ်၊ ခန္ဓာကိုယ်ကြီးကို ကိုယ်ကထင်နေတာက အစိုင်အခဲ၊အတုံးအခဲ အမာခံ အဟုတ်အလှ ဒီလိုထင်နေတယ် နဂိုက၊ အဲဒီ အမှားမြင်၊ မမှန်မြင်သစ္စာမြင် တာ မဟုတ်ဘူး၊ သစ္စာဆိုတာ အမှန်ပြောတာ။

ဒီခန္ဓာကိုယ်ကြီးသည် အမှိုက်ပုံကြီးကဲ့သို့ပဲ. . . လို့ ဘုရားက စုန္ဒီ မင်းသမီး ဟောတော်မူတဲ့ဒေသနာကို ကိုယ်ကဖြတ်ပြီးတော့၊ ဉာဏ်နဲ့ကြည့် ပြီးတော့၊ဟုတ်ပါ ပေတယ်. . . လို့ သဘောကျလိုက်ရင် ဒါ-အမှန်မြင်တာ၊ အရှိ အရှိ အတိုင်းမြင် တာ၊ အဟုတ် အဟုတ်အတိုင်းမြင်တာ၊ အမှန် အမှန်တိုင်းမြင်တာ၊ အဲဒါသစ္စာမြင် တယ်ခေါ် တယ်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကမ္ဘာလောကသားတွေ အဲဒီသစ္စာမြင်စေချင်ရှာလို့ ဘုရားဖြစ်အောင်ကျင့်. . . ပြီး (၄၅) ဝါလုံးလုံးမနေမနားဟောသွားတာ။

ဒီတော့ အဲဒီသစ္စာမြင်တာက သုံးဆင့်ရှိတယ် ခဏမြင်၊ တော်တော်ကြာကြာမြင်၊ အပြီးသတ်မြင်၊ ဒါကို စာလိုတော့ တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊သမုစ္ဆေဒပဟာန်လို့ခေါ် တယ်၊ ခဏမြင်ဆိုတာ အခုလိုဟောတဲ့အခိုက် သဘောပေါက် . . . ပြီး စိတ်ထဲဟုတ်ပေတယ်၊ ဟုတ်ပေ့တယ်၊ နောက်တော့ ပျောက်ချင် ပျောက်

http://www.dhammadownload.com



သွား အုန်းမယ်၊ ဒါ-တဒင်္ဂပဟာန်ခေါ်တယ်၊ အဲဒီခဏမြင်လေး မြင်ပါများ လို့ရှိရင် ကြာကြာမြင်စွဲလာလိမ့်မယ်၊ ကြာကြာမြင်တွေ စွဲအားကြီးလာတော့ နောက်ဆုံးမဂ်နဲ့ဖိုလ်နဲ့ဖြတ်တဲ့ အမြစ်ပြတ်မြင်လိမ့်မယ်. . . တဲ့၊ ဒီတော့ ခဏမြင်လေး ခဏခဏသတိရအောင် လုပ်ပေးရတယ်၊ ဒါကိုပဲ ဓမ္မာနုဿတိ ကမ္မဋ္ဌာန်းခေါ်လိုက်တယ်၊ ဓမ္မ-ဘုရား တရားတော်မြတ်တွေကို၊ အနု-အဖန်ဖန် အထပ်ထပ်သတိအမှတ်ရပေးခြင်း. ။

အဲဒီလိုအားဖြင့် မိမိတို့ ခန္ဓာကိုယ်ပေါ်မှာရှိနေတဲ့ ခန္ဓာကိုယ်ဆိုတဲ့အမှိုက်ပုံကြီးနှင့်တကွ အနိစ္စတရား ဒုက္ခတရား အနတ္တတရား အသုဘတရားတွေကိုမြင်အောင် ကြည့်ခြင်းဆိုတဲ့ ဝိပဿနာ ဘာဝနာတိုင်အောင်သော ဘာဝနာ တရားနှင့် ခန္ဓာကိုယ်ကြီးက အနှစ်ကိုထုတ်ယူနိုင်ရတယ်. . . လို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး စုန္ဒီမင်းသမီးကို ဟောတော်မူဆုံးမတော်မူတဲ့အတိုင်း ဒီနေ့ အလှူ့အမ ဒေါ်မြနွယ်ကလည်း မိမိရဲ့ပစ္စည်းတွေထဲကနေပြီးတော့ အခုစစ်ကိုင်း တောင်ရိုး ဝါးချက်ဆေးရုံကြီးမှာ သုံးသိန်းကျော် လေးသိန်းလှူဒါန်းခြင်းဖြင့် လည်းကောင်း၊ ရန်ကုန်မြို့ကမ္ဘာအေးဆေးရုံ၌ ညီအမနှစ်ယောက်တို့က နှစ်သိန်း ထောက်ပံ့လှူဒါန်းခြင်းဖြင့်လည်းကောင်း။

ဤမဟာဂန္ဓာရုံကျောင်းတိုက်၌ တဘက်သက်နီး ခြောက်ရာကျော်တို့ကို လောင်းလှူခြင်းဖြင့်လည်းကောင်း၊ ဤမဟာဂန္ဓာရုံကျောင်းတိုက် ယခု လက်ရှိ သံဃာတော်ခြောက်ရာကျော်နှင့်တကွ နောက်ထပ်နောက်ထပ် ဒီကျောင်းတိုက်ကြီးသို့ရောက်လာကြမည့် သံဃာတော်တို့ရဲ့ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်းလေးပါး ကြာရှည်စွာ အထောက်အပံ့ဖြစ်စိမ့်သောငှာ ငွေကျပ်သုံးသောင်းတို့ကို မောင်နှမနှစ်ယောက် ငွေပင်စိုက်ထူလှူဒါန်းခြင်းဖြင့်လည်းကောင်း၊ အဲဒီလိုအားဖြင့် အနှစ်တရားကို ထုတ်ယူခြင်းကြောင့်၊ အမှိုက် ပုံကြားက ပတ္တမြား ထုတ်ယူတဲ့နေ့. . . ။

ဘုရားကိုယ်တော်မြတ်ကြီး စုန္ဒီမင်းသမီးကို ဟောတော်မူတဲ့ အဆုံးအမကို ဒီနေ့လိုက်နာတဲ့နေ့လို့ သဘောပေါက်ကြပြီးသကာလ၊ မိမိတို့နဲ့ စပ်တဲ့ပစ္စည်းနဲ့ မိမိတို့ခန္ဓာကိုယ်ဆိုတဲ့ အမှိုက်ပုံကြီးထဲက ပတ္တမြားကို ထုတ်ယူနိုင်ကြတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမြတ်တဲ့ ပတ္တမြားတွေကို နေ့စဉ် ထုတ်ယူနိုင်ကြတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

ဤကဲ့သို့ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမြတ်တဲ့ ဒါန,သီလ,သမထ, ဝိပဿနာ လေးဖြာသောကောင်းမှုလို့ခေါ်တဲ့ ပတ္တမြားရတနာတို့ကို ထုတ်ယူ

http://www.dhammadownload.com



နိုင်ကြကုန်သည်ဖြစ်၍ ဤကဲ့သို့ ထုတ်ယူတတ်သဖြင့် အိုနာသေလွတ်ရာနိဗ္ဗာန်- ရွာသို့ ရောက်တော်မူသွားကြ ရတော်မူသွားကြတဲ့ ဘုရားပစ္စေကာ အရိယာနွယ်လောင်း သူတော်ကောင်း သူတော်ကောင်းမကြီးတို့ ရောက်အပ်ရအပ် သိမြင်အပ်သော နိဗ္ဗာနဓာတ်တရားမြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ ရကြရ၊ မြင်ကြရပါလိုကုန်သောဟူ၍ ပဋ္ဌနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com



# * "သေယျဇာတ်တော်"
# ထိသာထိစေ မမိစေနဲ့တရားတော်

ယနေ့-မြန်မာကောဇာသက္ကရာဇ်၊ ၁၃၄၉-ခုနှစ်၊ တန်ခူးလဆန်း(၄)ရက်နေ့၊ ခရစ်သက္ကရာဇ် ၁၉၈၈-ခု၊ မတ်လ(၂၁) ရက်၊ တနင်္လာနေ့မှာ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ၊ ပရိယတ်,ပဋိပတ်, သာသနာ့တာဝန်ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော် (၆၀၀) ကျော်တို့အား နံနက်အရုဏ်ဆွမ်းတို့ဖြင့်လည်း ဆက်ကပ်လောင်းလှူကြ၊ ငွေကျပ်တစ်ထောင်ကိုငွေပဒေသာပင်စိုက်ထူပြီးတော့ လှူဒါန်းကြ၊ နေ့လယ်လည်း နေ့ဆွမ်းအဖြစ်နဲ့ သံဃာ အပါး (၆၀၀) ကျော်ကို ဆွမ်းဘောဇဉ်များဆက်ကပ်ကြ၊ လောင်းလှူ ကြတဲ့အပြင်၊ ငွေကျပ်တစ်ထောင်ကို ငွေပဒေသာပင်စိုက်ထူပြီးတော့ လှူဒါန်းကြတဲ့ကုသိုလ်ကောင်းမှုရှင်များက၊ မိုးကုတ်မြို့၊ကြပ်ပြင်၊ ပန်းမရပ်မှာ,နေထိုင်ကြတဲ့၊ ရဟန်းအမကြီး ဆွမ်းအမကြီး ဒေါ်အို၊ သားဖြစ်သူ ကိုအောင်မြနဲ့ အဲဒီဒေါ်အိုရဲ့သားသမီးဖြစ်ကြတဲ့ ဦးဘသူ+ဒေါ်လှထူး မိသားစုတို့ ဖြစ် ကြပါတယ်။

အထူးသဖြင့်ကတော့-ဒီကျောင်းမှာ၊ အခုညွန့်သန်းကျောင်းမှာနေထိုင်ကြတဲ့ ရှင်ကုဏ္ဍလတို့၊ ဦးမေဓာနန္ဒတို့ရဲ့ အဖွားများ၊ မိဘများ၊ ညီကိုမောင်နှမ၊ တစ်တွေဖြစ်ကြပါတယ်၊ ဒီတော့-သူတို့က အခုဒီမှာလာပြီးတော့ ပြုလုပ်အားထုတ်ထားတာက၊ ရဟန်းခံ, သိမ်ထပ်, မင်္ဂလာနှစ်ခုလာ ပြုတာ၊ ရဟန်းခံလည်းပါတယ်၊ သိမ်ထပ်လည်းပါတယ်၊ ဒီတော့-အခု သိမ်ထပ် အနေနဲ့ကတော့၊ညွန့်သန်း ကျောင်းက ဦးမေဓာနန္ဒကို၊ ခုနကပြော ခဲ့တဲ့၊ မိုးကုတ်မြို့၊ ကြပ်ပြင်၊ပန်းမရပ်မှာနေထိုင်တဲ့ ဒကာမကြီးဒေါ်အို၊ ဦးဇင်း ဦးမေဓာနန္ဒနဲ့ဆိုရင်တော့အဖွားပေါ့၊ အဲဒါ-အဖွားဖြစ်သူ ဒကာမကြီးဒေါ်အိုနဲ့ သားဖြစ်သူ ကိုအောင်မြတို့က၊ဦးမေဓာနန္ဒအား ရဟန်းပရိက္ခရာစုံလင်စွာ တန်ဆာ ဆင်ပြီးတော့၊ ထပ်မံပြီးတော့ ရဟန်းဘောင်ရောက်သွတ်သွင်းချီး မြှောက်တာ၊ "မြရာသံပတ်၊မြတ်ရာအထွဋ်တင် ဆိုတာလိုပေါ့" သူ့ရဟန်း သိက္ခာတွေ၊ ကုဋေကိုးထောင်ကျော်သူ့ မှာရှိပြီးသား၊ ရပြီးသား၊ အဲဒီရှိပြီး၊ ရပြီးသားတွေကိုပဲ ထပ်ပြီးတော့စင်ကြယ်သည်ထက်စင်ကြယ်အောင်၊ မွန်မြတ်သည်ထက် မွန် မြတ်အောင်၊ ပြောင်လက်သည်ထက်ပြောင်လက်အောင်၊ ဝင်းလက်သည်ထက် ဝင်းလက်အောင်ပေါ့။

---

* သေယျဇာတက-ဇာ-၄-၃၊ ၂၉။

http://www.dhammadownload.com



ပစ္စည်းဝတ္ထုဆိုတာ၊ ပထမအသစ်၊ နောက်တော့ သုံးလိုက် စွဲလိုက်ကြ တော့ဟောင်းသွားတယ်၊ အဲဒါထပ်ပြီးတော့ အရောင်တင်ပေး၊ ဆေးသုတ်ပေး၊ သို့မဟုတ် ချေးပွတ်ပေး၊ အရောင်တင်ဆီသုတ်ပေးတော့ ပြန်ပြီးတော့ ဝင်းလက် သစ်လာပြန်တယ်၊ အဲဒီလိုပေါ့၊ ဦးမေဓာနန္ဒ၊ သူရဟန်းဖြစ်တာကတော့ မှန် တယ်၊ သို့သော် သူ့ရဲ့သိက္ခာသီလတွေ၊ ညိုးတာပြေ၊ အားနည်းတာအားနည်း နဲ့ဖြစ်နေတာကို၊ ထပ်မံပြီးတော့ အဖွားဖြစ်တဲ့ ဒကာမကြီး ဒေါ်အိုနဲ့ သားဖြစ်သူ ကိုအောင်မြတို့က သင်္ကန်း သပိတ် ပရိက္ခရာ-ထပ်မံလှူဒါန်းပြီး တော့၊သိမ်ထဲမှာ ထပ်ပြီးတော့ ရဟန်းပြုပေး၊ ရဟန်းခံပေးတဲ့၊ သိမ်ထပ်မင်္ဂလာ။

နောက်-နေ့လယ် နေ့ဆွမ်းအဖြစ်နဲ့က အဲဒီမိခင်ကြီးဒေါ်အိုကိုအမှူး ထားပြီးတော့ သားသမီးများဖြစ်ကြတဲ့ မိုးကုတ်ကြပ်ပြင်, ပန်းမရပ်က၊ဦးဘသူ +ဒေါ်လှထူး မိသားစုတို့က၊ သားငယ်ဖြစ်သူ ရှင်ကုဏ္ဍလအား ရဟန်းပရိက္ခ ရာဘစုံလင်စွာ တန်ဆာဆင်ပြီးတော့ ရဟန်းဘောင်ရောက် သွတ်သွင်းချီး မြှောက်ခြင်းဆိုတဲ့ ဥပသမ္ပဒကံဆောင် မင်္ဂလာအသစ်ပြုလုပ်ကြပါတယ်၊ အဲဒီ ရဟန်းခံမင်္ဂလာကိုအကြောင်းပြုပြီးတော့၊ ဦးဘသူ+ဒေါ်လှထူးတို့မိသားစုက ပဲ၊ သံဃာတော် (၆၀၀) ကျော်တို့ကို နေ့ဆွမ်းအဖြစ်နဲ့ မွန်မြတ်သော ဆွမ်းဘော ဇဉ်အရသာ အဖြာဖြာတို့ဖြင့် သဒ္ဓါပြဋ္ဌာန်း ဆက်ကပ်လှူဒါန်းသမှု ပြုကြပါတယ်၊ ပြီးတော့ ခုနလိုပဲ၊ တစ်ထပ်ကပ် တစ်ရက်ကပ်သာမက၊ ရက်ပေါင်းများစွာဆွမ်း ကပ်နေရာရောက်မယ့်၊ ရက်ပေါင်းများစွာ သင်္ကန်းတွေ လှူနေရာရောက်မယ့်၊ ရက် ပေါင်းများစွာ ကျောင်းပစ္စည်း၊ ဆေးပစ္စည်းတွေ လှူဒါန်းနေရာရောက် တဲ့ ငွေပဒေသာပင်စိုက်ထူသောအားဖြင့် ကျပ်တစ်ထောင်ကိုလည်းပဲ၊ ငွေပဒေ သာပင်စိုက်ထူပြီးတော့လှူဒါန်းပါတယ်။

အသီးအသီးသာဟတ္ထိကမြောက် ကိုယ်တိုင်စိုက်ထူလှူဒါန်းပြီးသွားပြီ၊ အဲဒီစိုက်ထူတာကိုလည်း ဓာတ်ပုံမှတ်တမ်းတင်ပေးလိုက်တာက၊ ဒါအပရစေတ နာခေါ်တဲ့၊ နောက်ထပ်နောက်ထပ် စေတနာပွားအောင်လို့၊ ကမ္မဋ္ဌာန်းလိုပြော ရင် စာဂါနုဿတိကမ္မဋ္ဌာန်းပွားရအောင်လို့၊ ဒီဓာတ်ပုံလေး ကိုယ့်အိပ်ရာဘေး ထား. . . ပြီးတော့၊ (သို့မဟုတ်) ကိုယ်မြင်သာတဲ့နေရာ ထားပြီးတော့၊ မြင်တိုင်း မြင်တိုင်း၊ ဂန္ဓာရုံကျောင်းတိုက် ငါငွေတစ်ထောင်လှူ ထားတယ်ဆိုတဲ့၊ ဒီလိုစာဂါ နုဿတိကမ္မဋ္ဌာန်းဖြစ်သွားအောင်လို့ ဓာတ်ပုံ မှတ်တမ်းတင်လိုက် တာ၊ ဒီတော့ အဲဒီလိုမှတ်တမ်းတင်တင်၊ မတင်တင်ဆိုပါ တော့၊ ဒါကိုသတိရတိုင်း၊ သတိရ တိုင်း စာဂါနုဿတိကမ္မဋ္ဌာန်းဖြစ်တယ်။

အဲဒီလိုအားဖြင့် အခု ဆွမ်းအမကြီးဒေါ်အိုနဲ့ သားကိုအောင်မြတို့က လည်းကောင်း၊ သားသမီးများဖြစ်ကြတဲ့ ဦးဘသူ+ဒေါ်လှထူးတို့ကလည်း

http://www.dhammadownload.com



ကောင်း၊ မိမိတို့ရဲ့သားရတနာနှစ်ဦးကို ဒါသက်န်းပရိက္ခရာတွေ တန်ဆာဆင်ပြီးတော့ ရဟန်းဘောင်ရောက်လာပြီးတော့ သွတ်သွင်းချီးမြှောက်ကြတာပဲ၊ ရဟန်းပြုပေးတာ၊ နိမ့်ရာကနေမြင့်ရာပို့ပေးလိုက်တာ၊ နဲနဲညံ့နေရာကနေပြီးတော့ ပို. . . ပြီးတော့မြင့်မြတ်တဲ့ဘဝကို ပို့ပေးလိုက်တာ၊ ဒီတော့ အခုလိုရဟန်းပြုလိုက်တာကိုပဲ၊ သားနှစ်ယောက်ကို ရဟန်းပြုပြီးတော့ပေးလိုက် တာကိုပဲ၊ ဘုန်းကြီးတို့ ငါးရာငါးဆယ်နိပါတ် သေယျဇာတ်တော်သွားနဲ့ပြောရင်၊ အခုမျက်နှာအောက်ချပြီးတော့၊ ခေါင်းငုံ့နေရတဲ့ဘဝကနေပြီး၊ နောက်ကျတော့ လည်တန်ကျော့ကျော့နဲ့ ခေါင်းမော့နိုင်တဲ့ဘဝကို ပို့တဲ့နေ့. . . လို့ခေါ်တယ်၊ မျက်နှာအောက်ချပြီးတော့ ခေါင်းငုံ့နေတဲ့အဖြစ်ကနေပြီးတော့၊ လည်တန်ကျော့ကျော့နဲ့မျက်နှာမော့နိုင်တဲ့ ခေါင်းမော့နိုင်တဲ့ ဘဝကိုရောက်အောင်ကျင့်ဆောင်တဲ့နေ့. . . တဲ့ ဒါကို။

ရဟန်းဘဝဆိုတာ၊ အခု-မျက်နှာအောက်ချပြီးတော့ ခေါင်းငုံ့နေရတဲ့ဘဝခေါ်တယ်၊ ရဟန်းများဆိုတာမြို့ထဲသွား. . . လည်း၊ စက္ခုန္ဒြေနဲ့ ခေါင်းငုံ့သွားရတာ၊ မျက်နှာအောက်ချသွားရတာ၊ ဆွမ်းခံသွားတော့လည်းပဲ၊ မျက်နှာအောက်ချပြီးတော့ ခေါင်းငုံ့ပြီးတော့သွားရတာ၊ ဘယ်ကိုစွမဆိုပေါ့လေ၊ ဟိုနားဒီနား ကိုယ့်ကျောင်းထဲသွားတာတောင် မျက်နှာအောက်ချ၊ စက္ခုန္ဒြေနဲ့ ဒီလို။ တချို့ဆရာတော်ကြီးတွေများ ဘယ်လောက်စက္ခုန္ဒြေကောင်းတုန်းဆိုရင်၊ သူနေတဲ့ဂူပေါက်၊ လှိုင်ခေါင်းကြီး ဂူကြီးထဲမှာနေတာ၊ အဲဒီဂူကြီးထဲမှာ အနှစ်ခြောက်ဆယ်လုံးလုံးနေတာ၊ သူဝင်တဲ့ဂူရဲ့အပေါက် အထက်ကမျက်နှာကျက်မှာရှိတဲ့၊ ရေးခြယ်ထားတဲ့၊ ဆေးပန်းချီကိုတစ်ခါမှ မော့မကြည့်ဖူးဘူး၊ အဲဒီလောက်စက္ခုန္ဒြေကောင်းတာ။

ဒီတော့-အဓိပ္ပါယ်ကတော့ ရဟန်းဘဝဆိုတာ မျက်နှာအောက်ချပြီးတော့ အောက်ငုံ့ပြီးတော့ နေတဲ့ဘဝ။ အဲဒီလို-အခု မျက်နှာအောက်ချပြီးတော့ အောက်ငုံ့နေပေမယ်လို့တချိန်ကျတော့သူက လည်တံကျော့ကျော့နဲ့ မော့တယ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေရပြီးတော့၊ ရဟန္တာယောက်ျား၊ ရဟန္တာမ ဖြစ်ပြီဆိုတော့၊ အပါယ်မင်းကြီးလက်တွင်းက လွတ်ကင်းသွားပြီ၊ အပါယ်မင်းကြီးနယ်ထဲက လွတ်သွားပြီ သူက၊ အပါယ်မင်းကြီးက သူ့ကိုအပါယ် ဆွဲမချနိုင်တော့ဘူး၊ ပြီးတော့ ထောင့်ငါးရာကိလေသာ မာရ်မင်းကြီးလက်တွင်းက လွတ်ကင်းသွားပြီ၊ ကိလေသာမာရ်မင်း လက်တွင်းက လွတ်ကင်းသွားတော့ သူ့ကိုကြောက်ပြီးတော့ အိုမှာကြောက်လို့ ခေါင်းငုံ့ရ၊ နာမှာကြောက်လို့ခေါင်းငုံ့ရ၊ သေမှာကြောက်လို့ ခေါင်းငုံ့ရဆိုတာ မရှိဘူး၊ ဒါကြောင့် ရဟန်းဘောင် ရဟန်းဘဝ၊ ဘုရားသားတော် သာမဏေဘဝ၊ ရဟန်းဘောင် ရဟန်းဘဝ၊ သူတော်ကောင်း

http://www.dhammadownload.com



ဘဝဆိုတာ၊ အခုမျက်နှာနောက်ချ၊ ခေါင်းငုံ့. . . ပြီးတော့နေရသော်လည်း၊ တချိန်ကျတော့၊ လည်တန်ကျော့ကျော့နဲ့ ခေါင်းမော့နိုင်တဲ့ဘဝ. . .။

လောကီနယ်သားတွေ၊ လူလောကက၊ အိမ်ရာတည်ထောင်လူ့ဘောင် နေတဲ့လူတွေက၊ အခု လည်တန်ကျော့ကျော့, ခေါင်းမော့နိုင်သော်လည်း၊ သူတို့ ဘဝက မျက်နှာအောက်ချပြီးတော့ ခေါင်းငုံ့ခံရမယ့်ဘဝ. . . တဲ့ အခု ဒီဘဝမှာ တော့ လည်တန်ကျော့ကျော့ ခေါင်းမော့နိုင်တယ်ပေါ့၊ ငါစားနိုင်တယ်၊ ငါ့ပစ္စည်း ရှိတယ်၊ ငါ့ကိုယ်ပိုင်ပစ္စည်းနဲ့ဆိုပြီးတော့ ပစ္စည်းရှိလေ ခေါင်းကမော့လေ၊ ပစ္စည်းရှိလေ လည်တန်ကျော့ကျော့နဲ့ ခေါင်းမော့မော့သွားလေ သူက၊ သွားလို့ သာသွားနေတာသူက၊ တော်တော်ကြာတော့ ဒီလူ့ဘောင်ဘဝက အကုသိုလ် တွေနဲ့၊ လောဘ ဒေါသ မောဟတွေနဲ့၊ ဒီကိလေသာတွေရဲ့ အစွမ်းသတ္တိကြောင့်၊ အပါယ်မင်းကြီးက ဆွဲချလိုက်ပြီဆိုတော့ ခေါင်းငုံ့ရတော့တာပဲ၊ အပါယ်မင်းကြီး နှိပ်စက်သမျှခံ ရတော့တာပဲ၊ နေတာကိုကအပါယ်မင်းကြီးရဲ့ ပိုင်နက်ထဲမှာ ပျော်. . . ပြီးတော့နေတာ။

အပါယ်မင်းကြီးရဲ့ပိုင်နက်ဆိုတာ၊ တို့ (၃၁) ဘုံရှိတဲ့အနက်က အောက် အပါယ်မင်းကြီး၊ ငရဲမင်းကြီးတွေပိုင်တာ(၂၆)ဘုံရှိတယ်၊ (၃၁) ဘုံထဲမှာ (၂၆) ဘုံကအပါယ်မင်းကြီးတွေပိုင်တယ်၊ သူတို့နယ် သူတို့နယ်နိမိတ် (၅) ဘုံပဲ၊အပါယ် မင်းကြီး အာဏာမပိုင်တာ၊ "နှစ်ဆယ်နှင့်ခြောက်, ဘုံတစ်လျှောက် အောက်က ပါယ်မင်းပိုင်" ဒို့ ဒီပဲယင်း၊ ဆရာတော်ကြီးက။ ပရမတ္ထသရူပမှာ ရေးထားခဲ့တာ၊ ဒီပဲယင်းဆရာတော်ကြီးဆိုတာ၊ ဒို့ ရွှေကျင်သာသနာပိုင်၊ တတိယသာသနာ ပိုင်၊"နှစ်ဆယ်နှင့်ခြောက်, ဘုံတစ်လျှောက်, အောက်ကပါယ် မင်းပိုင်"။ (၃၁) ဘုံရှိတဲ့အနက်ကဟော့. . . တဲ့၊ ငါးဘုံပဲ အပါယ်မင်းကြီး မပိုင်တာ၊အဲဒီငါးဘုံ ကိုရောက်သွားတဲ့ သူများကျတော့၊ အပါယ်မကျတော့ဘူး၊ အပါယ်မင်းကြီးက ဆွဲမချနိုင်ဘူး၊ အဲဒီရဲ့အောက်က (၂၆) ဘုံရှိတဲ့ သတ္တဝါတွေကတော့ အပါယ် မင်းကြီးရဲ့ အာဏာကမကင်းသေးဘူး၊ သူကလာခဲ့ဆိုလာ ကြရတာ၊သူကဆွဲချ လိုက်ရင် အပါယ်လေးဘုံ၊ ငရဲရောက်၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊အပါယ် လေးဘုံထိအောင် ဆွဲချနိုင်တဲ့သတ္တိရှိတယ်။

ဒီတော့-အဲဒီ (၂၆) ဘုံဆိုတာ၊ ဘာတွေတုန်းဆိုတော့၊ ဒို့ကိုယ်တော် တွေ၊ သဂြိုဟ်လေ့လာထားတဲ့ ကိုယ်တော်တွေပဲ၊ အပါယ်လေးဘုံရယ်၊ ဒို့ဒီ လူ့ဘုံကြီးရယ်၊ အထက်ကနတ်ပြည်ခြောက်ထပ်ရယ်၊ အပါယ်ကလေးဘုံ၊ လူ့ဘုံထည့်တော့၊ ဘယ်နှဘုံတုန်းဟေ့? ငါးဘုံပါဘုရား။ အထက်ကနတ် ပြည် ခြောက်ထပ်ထည့်လိုက်၊ ဘယ်နှဘုံတုန်း? ဆယ့်တစ်ဘုံပါဘုရား။ နောက်ဗြဟ္မာ (၂၀) ထဲမှာသုဒ္ဓါဝါသ ငါးဘုံကိုချန်၊ ဗြဟ္မာ့ဘုံကနှစ်ဆယ်ရှိ တာလေ၊ ရူပဗြဟ္မာ

http://www.dhammadownload.com



ဆယ့်ခြောက်ဘုံ၊ အရူပလေးဘုံလို့ဒီလိုပြဟ္မာနှစ်ဆယ်ရှိ တဲ့အနက်က၊ သုဒ္ဓါဝါသငါးဘုံချန်လိုက်၊ နှစ်ဆယ်ထဲငါးဘုံနုပ်လိုက်တော့ ဘယ်လောက်ကျန်တုန်း? ဆယ့်ငါးဘုံကျန်ပါဘုရား။ ဆယ့်ငါးဘုံရယ် ခုနကဆယ့်တစ်ဘုံရယ်ပေါင်းစမ်း၊ နှစ်ဆယ့်ခြောက်ဘုံပါဘုရား။ ဟော-နှစ်ဆယ့်ခြောက်ဘုံ။

အဲဒီ သုဒ္ဓါဝါသငါးဘုံကလွဲလို့ "နှစ်ဆယ်နှင့်ခြောက်,ဘုံတစ်လျှောက် အောက်ကပါယ်မင်းပိုင်" နှစ်ဆယ့်ခြောက်ဘုံတစ်လျှောက် အပါယ်မင်းကြီးပိုင်တယ်. . . တဲ့။ တတ်နိုင်လို့ ဟိုး--အရူပပြဟ္မာတွေဖြစ်ပြီးတော့ ထိပ်ရောက်နေပေမယ်လို့၊ အဲဒီ အပါယ်မင်းကြီးက၊ ဒီကောင်ငါ့နယ်က မလွတ်သေးပါဘူး၊ ဒီကောင်ဟာ ငါ့နယ်ကမလွတ်သေးပါဘူး၊ ငါ့ခေါ် လာရမှာပါလို့၊ ဒီလို၊ သူက အာဏာပိုင်တုန်းရှိသေးတယ်၊ သုဒ္ဓါဝါသငါးဘုံကျတော့၊ အပါယ်မင်းကြီး မပိုင်တော့ဘူး၊ ဘာပြုလို့တုန်းဆိုတော့၊ သုဒ္ဓါဝါသငါးဘုံဆိုတာ အနာဂါမ်တွေမှ သွားဖြစ်တာကိုး၊ အရိယာ၊ အနာဂါမ်တွေမှဖြစ်တာ၊ အဲဒီသုဒ္ဓါဝါသဖြစ်တဲ့ အရိယာများကလည်း ဘယ်တော့မှ အောက်ပြန်ဆင်းတယ်လို့မရှိဘူး၊ အထူးသဖြင့် အနာဂါမ်တွေဖြစ်တယ်ဆိုတော့၊ အနာဂါမ်ကနေ၊ ရဟန္တာဖြစ်. . . ပြီးတော့ သုဒ္ဓါဝါသငါးဘုံ အဝိဟာ,အတပ္ပါ,သုဒဿာ, သုဒဿီ,အကနိဋ္ဌဆိုတဲ့ သုဒ္ဓါဝါသငါးဘုံရောက်ရင်တော့ အပါယ်မင်းကြီး မပိုင်တော့ဘူး၊ သူလက်လျှော့ရတယ်။

ဒီတော့ "နှစ်ဆယ်နှင့်ခြောက်၊ ဘုံတစ်လျှောက်၊ အောက်ကပါယ်မင်းပိုင်၊ ဤလူ့ဘုံကြီး၊ ပါယ်ခရီး၊ အနီးတစ်ထွာဆိုင်" တဲ့-ဆရာတော်ကြီးကအေး . . . အဲဒီနှစ်ဆယ့်ခြောက်ဘုံတစ်လျှောက် အပါယ်မင်းကြီးကပိုင်တဲ့ထဲမှာ၊ ဒို့လူ့ဘုံကြီးက၊ အပါယ်လေးပါးနဲ့အနီးဆုံး. . . တဲ့၊ အနီးဆုံး၊ ကဲ-ဒို့ကိုယ်တော်တွေပဲ ပြောစမ်းပါအုန်း၊ ဘုံ(၃၁) တွက်တဲ့အခါကျတော့၊ အောက်ဆုံးကငရဲရယ်၊ တိရစ္ဆာန်ရယ်၊ ပြိတ္တာရယ်၊ အသူရကာယ်ရယ်၊ အပါယ်လေးဘုံ ရှိတယ်၊ အဲဒီအထက်တက်လိုက်တော့ ဘယ်သူ့ဘုံတုန်းဟေ့?. . . လူ့ဘုံ။ ကိုင်းလူ့ဘုံ၊ အဲဒီအထက်တက်သွားတော့မှ၊နတ်ပြည်ခြောက်ထပ်၊အဲဒီ အထက်တက်သွားတော့မှ၊ ခုနကပြဟ္မာနှစ်ဆယ်စသည် ဖြင့်ဆိုတော့၊အပါယ်လေးဘုံနဲ့အကပ်ဆုံး ၊အနီးဆုံးဘုံကြီး က ဘယ်သူတုန်း? လူ့ဘုံပါဘုရား။ ဟော-ဒါကြောင့်-အားလုံးဆိုလိုက်စမ်းပါ၊

* "နှစ်ဆယ်နှင့်ခြောက်, ဘုံတစ်လျှောက်, အောက်ကပါယ်မင်းပိုင်။
ဤလူ့ဘုံကြီး, ပါယ်ခရီး, အနီးတစ်ထွာဆိုင်။"

ဒီလူ့ဘုံကြီးက အပါယ်ခရီးနဲ့ ဘယ်လောက်များဝေးတုန်းဆိုတော့ ဟ-တစ်ထွာလောက်ဝေးတယ်၊ တစ်ထွာလောက်။ အပါယ်ခရီးနဲ့မဝေးဘူး နော့်တဲ့၊

http://www.dhammadownload.com



တစ်ထွာလောက်ဝေးတယ်၊ အပါယ်ခရီးဆိုတာ၊ အပါယ်ဆိုတာ၊ ဘယ်နှဘုံရှိတုန်း? လေးဘုံပါဘုရား။-ငရဲရယ်၊ တိရစ္ဆာန်ရယ်၊ ပြိတ္တာရယ်၊ အသူရကာယ်ရယ်၊ ဆိုတော့ အဲဒီအပါယ်လေးဘုံထဲမှာပါတဲ့ တိရစ္ဆာန်တွေ ဒို့နားမရှိဘူးလား? ရှိပါဘုရား။ ခွေးတွေငါ့ရှင်တို့ကျောင်းနားမရှိကြဘူးလား? ရှိပါဘုရား။ တချို့ဖိုးသူတော်လေးတွေ၊ တချို့ကိုရင်တွေက ခွေးတွေပွတ်သီး ပွတ်သပ်နဲ့ ကိုင်မနေဘူးလား? ကိုင်နေပါဘုရား။ ဒီတော့-သူနဲ့အပါယ်လေး ဘုံနဲ့တစ်ထွာတောင်မဝေးဘူး၊ လက်တစ်သစ်တောင်မဝေးဘူး၊ သူကပွတ်နေတာ ကိုင်နေတာ ခွေးကို၊ ဒါ ခွေးနိုက်တဲ့ကောင်တွေ, ကြပ်ကြပ်သာသတိထား၊ နင်တို့ ကျွေးတာတော့ ကျွေးချင်ကျွေး၊ ခွေးကိုကိုင်မနေနဲ့၊ အဲဒါအပါယ်ဘုံနဲ့ နီးတယ်၊

အဲဒီပြောမနေပါနဲ့ တို့လူတွေရဲ့ဝမ်းထဲမှာ ပိုးမျိုးရှစ်ဆယ်မရှိဘူးလားဟေ့?၊ ရှိပါဘုရား၊ လူ့ဝတ်ကြောင်တွေဆံထုံးတွေနဲ့၊ မိန်းမတွေ ယောကျ်ားတွေခေါင်းထဲ သန်းတွေမရှိဘူးလားဟေ့? ရှိပါဘုရား။ သန်းတွေကအပါယ်ဘုံသားလား၊ သုဂတိဘုံသားလား? အပါယ်ဘုံသားပါဘုရား။ အမလေး- ဒီလိုဆိုဘယ်တစ်ထွာဝေးလို့တုန်း ခေါင်းထဲကိုရှိနေတာ၊ ဒီလူ့ဘုံကြီးက အပါယ်ခရီးနဲ့အနီးဆုံးပဲ. . . တဲ့၊ တစ်ထွာလောက်ပဲဝေးတယ်၊ တစ်ထွာ လောက်ပဲဝေးတယ်၊ အဲဒီအပါယ်မင်းကြီးက ခေါ်လိုက်ပြီဆိုမှဖြင့် အခုမော့သမျှ နောင်ခေါင်းငုံ့ရလိမ့်မယ်. တဲ့၊ အခုကျော့ကျော့၊ ကျော့ကျော့နဲ့တစ်ခါ တည်း၊ လူ့လောကလောကီလူသားတွေ၊ စားလို့ သောက်လို့ ဝတ်လို့ မော်လို့ ကြွားလို့ ပျော်လို့ ပါးလို့၊ မော့သမျှ၊ ကျော့သမျှ၊ ခေါင်းမော့သမျှ၊ လူတွေဆို တာ၊ ဒို့ဘုန်းကြီးတွေလို စက္ကူန္ဒြေချပြီးတော့ သွားနေစရာမလိုဘူးလေ၊သူတို့က၊ ခေါင်းမော့ပြီးတော့ တကတည်း၊ ပစ္စည်းလေးများရှိလို့ စိန်နဲ့ ရွှေနဲ့ တိုက်နဲ့ ကားနဲ့များဆို လည်ပင်းက မသိမသာမော့. လို့ သူတို့သွားတာကိုက မော့မော့ မော့မော့ ကျော့ကျော့၊ ကျော့ကျော့နဲ့ ဒီလိုကိုး။

အဲဒီလိုမော့မော့ မော့မော့ ကျော့ကျော့ မော့မော့နေသမျှ၊ အကုသိုလ်ဒုစရိုက်တရားတွေနဲ့ မကင်းကြတော့၊ ကိလေသာတွေထူပြောနေ တာဖြစ်တော့၊ အပါယ်မင်းကြီးက ခေါ်လိုက်ပြီ. . လို့ဆိုမှဖြင့် အပါယ်လေးဘုံရောက်သွားပြီးတော့ ခေါင်းငုံ့ရတယ်၊ အပါယ်လေးဘုံရောက်သွားပြီဆိုတော့၊ ဆိုပါတော့-ငရဲကျသွားပြီဆိုတော့ ငရဲသားတွေနှိပ်စက်သမျှခံရပြီဆိုတော့၊ မမော့နိုင်တော့ဘူး၊ သူက၊ ဟာ ခုံးကြီးနဲ့ခုတ်လိုက်၊ လှံကြီးနဲ့ထိုးလိုက်၊ သစ်ပင်ကြီးတွေပေါ်အတက်ခိုင်းလိုက်၊ ခွေးနက်ကြီးတွေဆွဲခိုင်းလိုက်၊ သံဒလိမ့်တုံးကြီးတွေဆွဲလိုက်ရ၊ ရုန်းလိုက်ရ၊ ထောင်သားတွေနဲ့အတူတူပါပဲ။ အချုပ်သမားတွေ၊ အချုပ်ထဲကျနေတဲ့သူတွေ၊ ထောင်ထဲကျနေတဲ့သူတွေသာ သွားကြည့်ကြ၊ အဲ-သူတို့ဟာ၊

http://www.dhammadownload.com



ခေါင်းကိုမမော့နိုင်တော့ဘူး၊ အဲဒီကျတော့၊ မှိုင်. . လို့ မျက်နှာတွေကို ညှိုး. . လို့၊ စားရတဲ့ထမင်းကလည်းပဲ၊ ကောင်းကောင်းဘာကျွေးတော့မှာတုန်း၊ အဲဒီကျတော့နှိပ်စက်တာ၊ နောင်ဒီထောင်ထဲ ဒီအချုပ်ထဲပြန်ရောက်မလာအောင်၊ ဆိုပြီးတော့ကို လုပ်ရတာ၊ လုပ်ရတာကလည်း ထမင်းစားတယ်ဆိုလည်း ပုံစံခွက်နဲ့ ထမင်းလေးတစ်ဆုပ်သာသာလေး၊ ဟင်းကဘာတုန်းဆိုတော့ မျှင်ငါးပိ၊ မကျက်တကျက် ဖုတ်ထားတဲ့ မျှင်ငါးပိကိုဇွန်းမြီးလေးနဲ့ကော်ပြီးတော့ သံပန်းကန်ပြားနခမ်း တစ်တို့တို့ပြီးတော့ပေးလိုက်တာ ဒါပဲ၊ အဲဒီထမင်းနဲ့မျှင်ငါးပိလေးနဲ့ တို့စားပြီးတော့၊ ပြီးပြီဆိုတော့မှ ကိုယ့်ပေးထားတဲ့ ရေခွက်ကလေးသောက်၊ ရေလည်း သောက်ချင်းတိုင်းသောက်ရတာမဟုတ်ဘူး၊ သူ့ပုံစံနဲ့ ပေးထားတဲ့အချိန်နဲ့ သောက်ရတာ၊

ဒီတော့ အချုပ်ခန်းဆိုရင် တကတည်း၊ ရှစ်တောင် ကိုးတောင်၊ အခုဒို့ကိုယ်တော်တွေ တစ်ပါးနှစ်ပါးအိပ်ကြတဲ့ အခန်းမျိုးထဲဆိုရင် နေရတာကဆယ်ယောက်ပြုလို့၊ သန်းတွေရော ကြမ်းပိုးတွေရောပွလို့၊ ဟိုနားကလည်း-မစင်ပုံးကြီး၊ ကျင်ငယ်ပုံးကြီးကလည်း၊ ထည့်ထားတာ၊ ဒီပြင်အပြင်ဘက်ထွက်ထားတာမဟုတ်ဘူး၊ သူတို့စွန့်ချင်၊ ဒီထဲစွန့် ဟောင် နံ လောင်ပိတ်၊ အဲဒီကျတော့ခေါင်းငုံ့. . . ပြီးတော့ နှိပ်စက်သမျှခံရတာ၊ ဒါအချုပ်ခန်းရှိသေးတာ။

ဟို-အပါယ်လေးဘုံလို့ခေါ်တဲ့၊ ငရဲဘုံရောက်သွားပြီ၊ တိရစ္ဆာန်ဘုံရောက်သွားပြီ၊ ပြိတ္တာဘုံရောက်သွားပြီ ဆိုတော့၊ လူပြုသမျှခံရတဲ့တိရစ္ဆာန်ဘုံ၊ အငတ်ငတ်အပြတ်ပြတ် ပြိတ္တာဘုံ၊ အသူရကါယ်ဘုံဆိုတဲ့ အငတ်ငတ်ဘုံ၊ နှိပ်စက်သမျှခံရတဲ့ ငရဲဘုံ၊ အဲဒီရောက်သွားပြီဆိုတော့၊ ခေါင်းမမော့နိုင်တော့ဘူး၊ ခေါင်းငုံ့ရတယ်။

ဒါကြောင့် ဘုရားအလောင်းတော်ကြီးက ပြောတာ၊ သူ့ကိုနောက်ကနေပြီးတော့ ပုရောဟိတ်ပညာရှိကြီးခန့်ပြီးတော့၊ တိုင်းပြည်စည်းစိမ်နဲ့နေရအောင် ဆိုပြီးတော့၊ လိုက်ခေါ်တော့၊ ငါဒီရသေ့ဘဝနဲ့ပဲ၊ မျက်နှာအောက်ချပြီးတော့ ခေါင်းငုံ့ရတဲ့ဘဝနဲ့ပဲ၊ နေတော့မယ်. . တဲ့၊ မင်းတို့အိမ်ရာတည်ထောင်လူ့ဘောင်လူ့ဘဝဆိုတာ၊ အခုမျက်နှာကျော့ကျော့၊ လည်တန်ကျော့ကျော့၊ ခေါင်းမော့မော့နဲ့နေနိုင်ကြသော်လည်းပဲ၊ တစ်ချိန်မှာ၊ မျက်နှာအောက်ချပြီးသကာလ ခေါင်းငုံ့ရတဲ့ဘဝရောက်ရအုံးမယ်. . . တဲ့၊ ဒီတော့-ငါမလိုက်ပါရစေနဲ့၊ ငါမလိုက်တော့ဘူး၊ ဟော-ဘုရားအလောင်းကပြောတဲ့စကား။

ပြီးတော့ကွယ်. . . တဲ့၊ မင်းတို့လူ့လောက၊ လူ့ဘဝ၊ လူ့ဘုံဆိုတာ၊ **"အပါယ်နခမ်း, အပျော်ဆန်း, အကဏ်းလူတို့ဘုံ"** လူ့ဘုံလောကကြီးဆိုတာဘာနဲ့တူတုန်းဆိုတော့၊ ချောက်ကမ်းပါးကြီးနခမ်းမှာ ကစားနေတဲ့ ကလေးတွေ

http://www.dhammadownload.com



နဲ့တူတယ်၊ ဒို့ချောက်ကြီးဆိုပါတော့၊ ချောက်ကမ်းပါးပြတ်ကြီး၊ တောင်၊ ကျောက်တောင်၊ ချောက်ကမ်းပါးပြတ်ကြီး၊ အောက်ထဲကျသွားလို့ရှိရင်တော့ သေဖို့ပဲ၊ ဒီကျောက်တောင်ကမ်းပါးပြတ်ကြီးထဲသာ ကျသွားလို့ကတော့၊ အောက်ကကျောက်ငုတ်တွေ၊ ကျောက်ဆောင်တွေတိုက်ခိုက်ပြီးတော့ ကျသွားလို့ကတော့ အသေပဲ၊ ပြီးတော့အောက်ထဲကြည့်လိုက်တော့လည်း၊ ခြသေ့်တွေ သစ်တွေ ကျားတွေ မြေခွေးတွေ၊ အန္တရာယ်တွေကပေါလိုက်တာ အောက်ထဲ၊ အဲဒီကျောက်ကမ်းပါးပြတ်ကြီးနား၊ ဘာမှအကာအရံမရှိတဲ့ အဲဒီ ချောက်ကမ်းပါးကြီးနားမှာ၊ ကလေးလေးတွေက တခါတည်းပြေးလွှား ဆော့ပြီးတော့ ပျော်မြူးနေကြတယ်ဆိုပါစို့၊ ဥပမာ--

အဲဒီလိုဆိုရင်၊ မြင်ရတဲ့မိဘနဲ့၊ မြင်ရတဲ့လူကြီးတွေက ဘယ့်နယ့်နေမတုန်းစိတ်ထဲ၊ကလေးလေးတွေကပြေးလိုက်ကြတာ၊ တစ်ယောက်နဲ့တစ်ယောက် လိုက်လိုက်ကြ၊ ပုတ်လိုက်ကြ၊ ရိုက်လိုက်ကြ၊ အာ-တစ်ယောက်နဲ့ တစ်ယောက်တစ်ခါတည်း ကစားဆော့မြူးနေတာ၊ အမလေး၊ အမလေး၊ အရှိန်လွန်များ ကျသွားလို့ရှိရင်သေတော့မှာပဲ၊ အမလေးအရှိန် လွန်ပြီးတော့များကျသွားရင် သေတော့မှာပဲ၊ အခုပျော်နေတာတော့ဟုတ်ပါ ရဲ့၊ ကျလိုက်ရင်မသက်သာဘူး၊ ဟိုဘက်ကချောက်ကြီးက ဘာအကာရံမှ လည်းမရှိဘူး၊ ဟော-အဲဒီချောက်ကြီး နခမ်းမှာ ပျော်မြူးနေတဲ့ ကလေးတွေလို ပဲ. . . တဲ့။ အိမ်ရာတည်ထောင်လူ့ဘောင်နေတဲ့ လူတွေရဲ့အပျော်က "အပါယ်နခမ်း၊ အပျော်ဆန်း၊ အကဏ်းလူတို့ဘုံ" တဲ့၊ ဒီလူ့ဘုံကြီးက အပါယ်နခမ်းမှာပျော်နေကြတာ၊ အပျော်ဆန်းနေကြတာ၊ အဲဒါကိုမြင်လို့၊ သိလို့၊ ဒို့ခုန တို့သားလေးတွေ သမီးလေးတွေခုနကလို ချောက်ကမ်းပါးပြတ်ကြီးနခမ်းဆော့နေတော့၊ အမေလုပ်တဲ့သူ၊ အဖေလုပ်တဲ့သူက၊ အမလေး၊ အမလေး၊ အမလေး၊ ကျတော့မှာပဲ၊ ဟဲ့-ဒီနားမပျော်နဲ့၊ ဒီနားမဆော့နဲ့၊ လာလို့ခေါ်ပေမယ်လို့၊ သူကမသိဘူး၊ ကလေးကတော့ပျော်ချင်တာပဲ၊ ချောက်ထဲကျပြီးသေမှာတွေ၊ ဘေးသင့်မှာတွေသူမတွက်ဘူး၊

အဲဒီလိုပါပဲ. . . တဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများက၊ လူ့ဘုံ၊ လူ့ဘဝ၊ လူ့လောကမှာ ပျော်ပါးပြီးတော့နေကြတယ်ဆိုတာ၊ အပါယ်နခမ်းမို့၊ အကဏ်းပျော် ပျော်ပြီးနေကြတယ်. . . လို့ဆိုပြီးတော့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကျမှာစိုးလို့၊ ဖခင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကျသွားမှာစိုးလို့၊ ဖခင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အပါယ်လေးပါး ချောက်ထဲကျပြီးတော့သေမှာစိုးလို့၊ ဒုက္ခရောက်မှာစိုးလို့၊ အဲဒီနားမဆော့နဲ့၊ အဲဒီနားမကစားနဲ့၊ ဒီလွတ်ရာလာခဲ့စမ်း၊ ဒီလွတ်ရာလာခဲ့စမ်းနဲ့။

F. 23

http://www.dhammadownload.com



လွတ်ရာဆိုတာ၊ ရဟန်းဘောင် ရဟန်းဘဝကိုပြောတာ၊ ပြီးတော့ လွတ်ရာဆိုတာ၊ သူတော်ကောင်းအလုပ်တွေကို လုပ်နေတဲ့နေရာကိုပြောတာ၊ သူတော်ကောင်းအလုပ်တွေ လုပ်နေပြီဆိုရင်၊ အဲဒီအပါယ်နခမ်းက လွတ်ရာကိုလာတာခေါ်တယ်၊ အဲ ငါးဖြာအာရုံကာမဂုဏ်နဲ့ပျော်လို့၊ ပါးလို့၊ စားလို့၊ သောက်လို့၊ မော်လို့၊ ကြွားလို့၊ ဆိုရင် အပါယ်နခမ်းမှာ၊ အပျော်ဆန်းနေတာနဲ့တူတယ်၊ အဲဒါကိုသိစေချင်လို့၊ ဒီပဲယင်းဆရာတော်ကြီးက- "အပါယ်နခမ်း၊ အပျော်ဆန်း၊ အကဏ်းလူတို့ဘုံ၊ ရှင်တော်ဗုဒ္ဓ၊ သနားလှ၊ ဟောပြအဖုံဖုံ" မြတ်စွာဘုရားက အဲဒီချောက်ကြီးထဲကျပြီးတော့ သေမှာသ နားလွန်းလို့ ဟောတယ်. . . တဲ့၊ (၄၅) ဝါလုံးလုံး၊ ဓမ္မက္ခန္ဓာရှစ်သောင်းလေး ထောင်ဟောပြီးတော့၊ ဘယ်လိုနေရစ်ကြ၊ ဘယ်လိုထိုင်ရစ်ကြ၊ ဒီနားမကပ်နဲ့၊ အဲဒီနခမ်းနားမနေနဲ့ တဲ့၊ ဒီဘက်ထွက်ဟဲ့၊ ဒီဘက်တိုးဟဲ့၊ ဒီဘက်လာဟဲ့၊ စည်းကာဟဲ့၊ ဆို့ပိတ်ဟဲ့နဲ့၊ "ရှင်တော်ဗုဒ္ဓ သနားလှ ဟောပြအဖုံဖုံ" ဒီတော့ အဲဒီလိုဟောတော့ သတ္တဝါတွေက ဘုရားဟောတဲ့တရား ကြားကြသလား လို့ဆိုတော့--

**"တရားမြိုက်စည်၊ မကြားပြီ၊ နားသည်အ,ထုံထုံ"**

မြတ်စွာဘုရားက တရားမြိုက်စည်ကြီး ရိုက်ဟီးပြီးတော့တခါထဲ၊ တဒိန်းဒိန်းနဲ့ ရိုက်ဟီးပြီးတော့၊ ကျွေးကြော်ပြီးတော့ပြောတာပဲ၊ ဟဲ့-ဒီနားမကပ်နဲ့၊ အဲဒီနားမနေကြနဲ့၊ အပါယ်လေးပါးချောက်ထဲကျလိမ့်မယ်၊ ဒီဘက်တိုးကြ၊ ဒီဘက်လာကြ၊ ငါ့သာသနာဘက်လာကြ၊ ငါ့သာသနာ့ အလုပ်တွေလုပ်ကြ၊ ကုသိုလ်ကောင်းမှုတွေပြုပြီးတော့ အပါယ်လေးပါး လွတ်ရာဘက်ကိုသွားကြ၊ တိမ်းကြလို့ပြောပေမယ်လို့၊ တရားစည်ကြီးရိုက်ဟီးပြီးတော့ ကြွေးကြော်ပေမယ်လို့. . . တဲ့၊ မကြားဘူးတဲ့၊ မကြားဘူး၊ ဘာပြုလို့ တုန်းဆိုတော့ နားက"အ" နေတယ်၊ နားက ထုံနေတယ်၊ နားထိုင်းနေတယ်။

နားထိုင်းနေတယ်ဆိုတာ ဘာတုန်းဆိုတော့၊ အဝိဇ္ဇာနားဆို့က နားဆို့ထားတာ၊ လောဘနားဆို့က ဆို့ထားတာ၊ ဒေါသနားဆို့က ဆို့ထားတာ၊ နားထဲမှာ အဝိဇ္ဇာတို့၊ လောဘတို့၊ ဒေါသတို့ဆိုတဲ့ နားဖားချေးတွေက တက်နေတော့ မကြားဘူး၊ မကြားဘူး၊ ဘုရားပြောတာ၊ အဲ ကုသိုလ်ကောင်းမှုပြုနေတဲ့သူက ကြားတဲ့အချိန်ခေါ်တယ်၊ ကုသိုလ်ကောင်းမှုကို မေ့. . . ပြီးတော့၊ အကုသိုလ်တွေနဲ့နေတဲ့အချိန်က ဘုရားဟောတဲ့စကား မကြားတဲ့သူလို့ခေါ်တယ်၊ တရားမြိုက်စည်ကြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးက၊ ရိုက်ဟီးတာ၊ ဒါ ငါ့ရှင်တို့ လေ့လာထားတဲ့၊ မဟာဝါမှာကြည့်ပါလား၊ မြတ်စွာဘုရား၊ ဥပကနဲ့တွေ့တော့၊ ဥပကတက္ကတွန်းကြီးက-ဟာ. . . ငါ့ရှင် ဣန္ဒြေတွေတယ်ကြည်လင်တယ်၊ တယ်ချောနော်. . . ရဟန်းကြီး၊ ကိုယ်တော်ဘယ်ကြွမလို့တုန်း၊ ဘယ်သွားမလို့တုန်းနဲ့ သူမေးတော့၊

http://www.dhammadownload.com



မြတ်စွာဘုရားကဖြေလိုက်တဲ့စကားထဲက- **"အာဟဋ္ဌ အမတဒုန္ဒုဘိ"** ဟိုဗာရာဏသီ ဣသိပတနမိဂဒါဝုန်တောငါသွားမလို့၊ အဲဒီသွားပြီးတော့၊ ဘာလုပ်မှာတုန်းဆိုတော့၊ အမတဒုန္ဒုဘိ-အမြိုက်စည်တော်ကြီးတော်ကို၊ အာဟဋ္ဌ-ဆော်ယွန်းတီးခတ်မလို့. . .၊ ငါအမြိုက်စည်ကြီးသွားတီးမလို့. တဲ့၊ ဟော-ဘုရားဖြေတာကြည့်၊ တရားဟောတာကိုပဲ မြတ်စွာဘုရားက အမြိုက်စည်ကြီးတီးတယ်လို့ခေါ်တယ်၊ တရားဟောတယ်ဆိုတာ အမတခေါ်တဲ့ နိဗ္ဗာန်ရကြောင်းကောင်းမှုတွေကို ပြတတ်အောင်ပြောပေးနေတာမို့လို့ ဒါ- အမြိုက်စည်ကြီးရိုက်ဟီးဆော်ယွန်းမလို့၊ ဘုရားက၊ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး တရားဟောသမျှဟာ အမြိုက်စည်ကြီးတီးတာပဲ၊ တဒိန်းဒိန်းနဲ့ တီးတာ၊ တီးပေမယ်လို့ လူတွေကမကြားဘူး၊ ဘာလို့မကြားတုန်းဆိုတော့၊ နားထဲမှာ ကိလေသာ နားဆို့တွေက ဆို့နေတာ၊ ကိလေသာဂွမ်းတွေက ဆို့ ထားတော့ မကြားဘူး၊ ဒီတော့ နားကဘယ်နဲ့ဖြစ် နေတုန်းဆိုတော့"အ"နေ တာ၊ ထုံနေတာ၊ ဒါကြောင့် အားလုံးဆိုလိုက်စမ်းပါ၊--

* **နှစ်ဆယ်နှင့်ခြောက်, ဘုံတစ်လျှောက်, အောက်ကပါယ်မင်းပိုင်။**
**ဤလူ့ဘုံကြီး, ပါယ်ခရီး, အနီးတစ်ထွာဆိုင်။**
**အပါယ်နခမ်း, အပျော်ဆန်း, အကဏ်းလူတို့ဘုံ။**
**ရှင်တော်ဗုဒ္ဓ, သနားလှ, ဟောပြအဖုံဖုံ။**
**တရားမြိုက်စည်, မကြားပြီ, နားသည်အ,ထုံထုံ။**

ဒီတော့-ဒီနေ့ ရဟန်းအမကြီး ဒေါ်အိုနဲ့ သားကိုအောင်မြတို့က ရဟန်းဒကာ၊ ရဟန်းအမများဖြစ်ကြတဲ့၊ ဦးဘသူ+ဒေါ်လှထူးတို့က၊ သားနှစ်ယောက်ကို ဒီနေ့ အပါယ်နခမ်း အပျော်ဆန်းနေရတဲ့ အကဏ်းဘဝကနေ ဝေးရာပို့တဲ့နေ့. . . တဲ့၊ ဝေးရာ ဘေးကင်းရာပို့တာ၊ ရဟန်းပြုပေးလိုက်တယ် ဆိုတာ၊ အပါယ်နခမ်းနားကပ်ပြီးတော့ ပျော်ပါးမြူးတူးပြီးတော့နေရတဲ့ အဖြစ်ကနေ လွတ်အောင်ပို့ပေးလိုက်တာ၊ အဲ သူတို့ပို့ရင်းနဲ့ ကိုယ်လည်းပါသွားတာပေါ့၊ တောင်ပေါ်ကို လူတစ်ယောက်ထမ်းပို့တဲ့သူက၊ သူ့ပို့ရင်းနဲ့ ကိုယ်လည်းအမြင့်ရောက်သွား၊ ပို့တာကတော့သူ့ပို့တာပဲ၊ တောင်ပေါ်ကို ထမ်းပြီးတော့ပို့တာ၊ သူ့တောင်ပေါ်ပို့လိုက်တော့၊ အမြင့်သူလည်းရောက်သွားရော၊ ကိုယ့်ကိုယ်ကိုလည်းပဲ ပို့ပြီးသားဖြစ်သွားရော၊

ခုနက ဘုရားအလောင်းတော်ကြီး ပြောတဲ့အတိုင်းဆိုရင် ခေါင်းငုံ့ပြီးတော့ နေရတဲ့ဘဝကနေပြီးတော့ ခေါင်းမော့ရတဲ့ ဘဝကိုပို့တာ၊ ရဟန်းဘဝသာမဏေဘဝနဲ့ တရားသဖြင့်ကျင့်ကြံကျိုးကုတ် အားထုတ်ပြီဆိုတော့ တဖြေးဖြေးနဲ့သူက၊ လူ့ရွာ နတ်ထံ ချမ်းသာစံပြီးတော့ နိဗ္ဗာန်အထိရောက်မှာ အပါယ်

http://www.dhammadownload.com



လေးပါးက လွတ်ပြီးတော့၊ နိဗ္ဗာန်အထိစခန်းပေါက်ရောက်သွားပြီ ဆိုတော့၊ အအိုလွတ်၊ အနာလွတ်၊ အသေလွတ်၊ ဒီတော့ အိုရတယ်၊ နာရတယ်သေရတယ်ဆိုတာ၊ ခေါင်းငုံ့ရတဲ့ဘဝပဲ၊ စောစောတုန်းက ဘယ်လောက်. . . ပဲမော့မော့ မော့မော့နဲ့၊ ကျော့ကျော့နဲ့ စည်းစိမ်ဥစ္စာတွေနဲ့၊ ပျော်မြူးနေကြပေမယ်လို့၊ ခုနက အပါယ်လေးပါးနဲ့တွေလာပြီ၊ အပါယ်ဘေးကြီးသင့်လာပြီဆိုတော့ ဘယ်သူမှ မမော့နိုင်တော့ဘူး၊ ကိုယ်ကဘယ် လောက်ခါးလေးစန့်ပြီးတော့ ကျော့ကျော့ ကျော့ကျော့နဲ့နေချင်ပေမယ်လို့၊ တစ်ခါထဲ အိုမင်းကြီးက ခါးကိုင်းအောင်လုပ်ပစ်တာ ခေါင်းကိုငုံ့သွားတာပဲ၊ ဗျာဓိခေါ်တဲ့၊ ကိုးဆယ့်ခြောက်ဖြာကိုးဆယ့်ရှစ်ဖြာဘေးရောဂါတွေက ဖိစီးလိုက်ပြီ. . . ဆိုတော့ခေါင်းမမော့နိုင်တော့ဘူး၊ နောက်ဆုံးသေမင်းကြီး နှိပ်စက်လိုက်လို့ သေပြီဆိုတော့ အဲဒီတင်ငုံ့သွားရတော့တာ၊ မြေကြီးထဲ ရောက်အောင်ကို ငုံ့ရတော့တာ။

ဒါကြောင့် အဲဒီခေါင်းငုံ့ရတဲ့ဘေးကြီးမှ လွတ်ကင်းရာကို ပို့တဲ့နေ့. . လို့ခေါ်တယ်၊ရဟန်းခံတယ်ဆိုတာ၊ ရဟန်းဘောင်ရဟန်းဘဝဆိုတာ၊ အခု ခေါင်းငုံ့နေပေမယ်လို့ နောင်ခေါင်းမငုံ့ရတဲ့ဘဝ၊ ရောက်အောင်ကျင့်နေ တာ၊

အဲဒီစကားကိုဘယ်သူပြောခဲ့တာတုန်ဆိုရင် သေယျဇာတ်တော်မှာ ဘုရားအလောင်းတော်ပြောခဲ့တဲ့စကား။ အဲဒီသေယျဇာတ်တော်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူတဲ့တရား၊ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးရဲ့သား မင်းသားလေး ဖွားတဲ့နေ့မှာ ပုရောဟိတ်ပုဏ္ဏားကြီး မှာလည်းပဲ၊ သားလေးတစ်ယောက်ဖွားတယ်၊ ဒီတော့သူတို့ဖွားဖက်တော်ချင်းပေါ့၊ တပြိုင်နက်ဖွားကြတယ်၊ ရှင်ဘုရင်က ဗာရာဏသီပြည့်ရှင်၊ ဘုရင်မင်းမြတ်က သူ့သားတော်ဖွားတဲ့နေ့မှာ ပုရောဟိတ်ကြီးရဲ့သားကလည်း ဖွားတယ်ဆိုတော့ သဘောကျလွန်းလို့ သူကအဲဒီပုရောဟိတ်သားကို သူ့ဆီပဲယူပြီးတော့ သူ့သားတော်နဲ့ဖွားဖက်တော်ဆိုပြီးတော့၊ သူ့သားအဖြစ်နဲ့ပဲ အသိအမှတ်ပြုပြီးတော့ သူကခေါ်ထားပြီးတော့ အတူတူဆင်တယ်၊ အတူတူ အထိမ်းတော်တွေဘာတွေအတူတူပေးပြီးတော့ အတူတူဆင်မြန်းထားတယ်၊ အဝတ်အစားအတူတူဆင်တယ်၊ လက်ဝတ်တန်ဆာ ရွှေ,ငွေ, ကျောက်သံအတူတူဆင်တယ်၊ စားအတူတူ စားစေတယ်။

အဲဒီလိုနဲ့ ရှင်ဘုရင်သားလေးနဲ့ ပုရောဟိတ်သား ငယ်ငယ်လေးထဲကကစားဖော်ကစားဖက်၊ သူငယ်ချင်းနှစ်ယောက် ကြီးပြင်းပြီးတော့လာကြတော့၊ နောက်တက္ကသိုလ်ပညာသင်လွှတ်၊ တက္ကသိုလ်ပညာသင်လွှတ်တော့တက္ကသိုလ်သွားပညာတွေသင်၊ ပညာတတ်ပြီဆိုတော့ပြန်လာကြ၊ ပြန်လာကြတော့ ဒီကျတော့ ရှင်ဘုရင့်သားတော့ အိမ်ရှေ့မင်းသားဖြစ်သွား ပုရောဟိတ်သားကတော့

http://www.dhammadownload.com



သူ့ဖခင်ကြီးရှိသေးတော့သူကတော့ ဘာရာထူးရယ်လို့မဟုတ်သေးဘူး၊ ဒီလို ပဲနေသေးတယ် ဒါပေမယ်လို့ အိမ်ရှေ့မင်းနဲ့ ပုရောဟိတ်သားလို့သာပြောရတာ၊ နေတာကတော့ အင်မတန်ခင်၊ အင်မတန်ချစ်၊ ရှင်ဘုရင်ကမွေးထားတာကိုး၊

ဒီလိုနဲ့နေကြရင်းနဲ့ တော်တော်ကြီးတော့၊ ရှင်ဘုရင်ကြီးက နတ်ရွာစံ ကံတော်ကုန်သွား၊ ကုန်သွားတော့ ရှင်ဘုရင်ရဲ့သားက အိမ်ရှေ့မင်းက ရှင်ဘု ရင်ဖြစ်တော့တာပေါ့၊ ရှင်ဘုရင်ဖြစ်တယ်ဆိုရင်ပဲ တစ်ခါတည်း သူကဘိသိက် တွေ ဘာတွေမြှောက်ပြီးတော့၊ မိဖုရားတွေဘာတွေနဲ့၊ အခန်းအနားတွေနဲ့၊ ရှင်ဘုရင်မြှောက်ပွဲကြီးဆင်နွှဲကျင်းပ. . . ပြီးတော့နေတယ်၊ နေတော့-ခုနက ပုရောဟိတ်သားကစဉ်းစားတယ်၊ အင်း. . . "ငါ့သူငယ်ချင်းတော့ ရှင်ဘုရင် ဖြစ်ပြီ၊ ရှင်ဘုရင်ဖြစ်တယ်ဆိုရင် ငါ့ဖခင်ကြီးကလည်း အသက်ကြီးပြီဆိုတော့ ငါ့ကိုကေန္တပုရောဟိတ်ခန့်တော့မှာပဲ. . . သူကမြင်ပြီးတော့ နေတာကလည်းပဲ၊ လောကကြီးပေါ်မှာ ခုနကလိုအမြင်တွေနဲ့၊ အပါယ်နခမ်းမှာ အပျော်ဆန်းပြီး တော့ နေကြရတဲ့အဖြစ်မျိုးပဲ. . . လို့သူစိတ်ထဲကမြင်နေတာ၊ သံဝေဂဉာဏ် တွေနဲ့၊ ဟိုရှင်ဘုရင်သားကသာ အမှတ်တမဲ့နေတာ၊ သူကဒီလို မဟုတ်ဘူး၊ သူ့စိတ်က၊ လောကကြီးအပေါ်မှာနေလို့သာနေတာ၊ သူကငြီးငွေ့. . . ပြီးတော့ နေတာ၊ လောကီလူ့ဘောင်ထဲ နေလို့သာနေတာ၊ သူကပျော်လှ ပိုက်လှ ပြီးတော့ နေတာမဟုတ်ဘူး။

တနည်းပြောမယ်ဆိုလို့ရှိရင်တဲ့--ဟို ညွှတ်ကွင်းတွေပေါ်မှာနေသော် လည်းပဲ၊ ကျော့ကွင်းတွေပေါ်မှာနေသော်လည်းပဲ၊ ထိသာထိပြီးတော့၊ မမိ အောင်နေတဲ့ သားသမင်နဲ့တူတယ်၊ သမင်တွေကိုထောင်ထားတဲ့၊ မုဆိုးက ထောင်ထားတဲ့ကျော့ကွင်းတွေတောထဲမှာ၊ သမင်တွေလာလို့ရှိရင်၊ ခြေထောက် တွေ လက်တွေကျော့ကွင်းနဲ့မိပြီးတော့၊ ငြိပြီးတော့နေအောင် ဆိုပြီးတော့ ထောင်ထားတာ၊ အဲဒီကျော့ကွင်းတွေပေါ်မှာ၊ သမင်နှစ်ကောင် လာပြီးတော့ အိပ်ကြတော့၊ တစ်ကောင်က ခြေထောက်မှာ ကျော့ကွင်းကြီး တန်းလန်းမိရက် ကြီးနဲ့၊ ခြေထောက်ကျော့ကွင်းကြီးကမိထားပြီ၊ တုတ်ထားပြီ၊ တုတ်ထားပြီးမှ သူက ဒီကျော့ကွင်းပေါ်ပဲ ညမှာအိပ်နေတာ၊ မိလို့မိမှန်းမသိဘူး သူက၊ သမင် တစ်ကောင်ကတော့ ဒီလိုမဟုတ်ဘူး၊ သူကကျော့ကွင်းတွေ ပေါ်တော့အိပ် တော့ အိပ်နေတယ်၊ သူ့ခြေထောက်လက်လေးဘက်စလုံး၊ ဘယ်လက် ဘယ်ခြေ မှ၊ ကျော့ကွင်းက မိထားတာ ငြိထားတာမရှိဘူး။

ဒီတော့ ဒီသမင်နှစ်ကောင်အိပ်နေကြတာ အတူတူ၊ ကျော့ကွင်းပေါ် အိပ်နေတာ၊ ကျော့ကွင်းနဲ့ထိနေတာတော့ အတူတူပဲ၊ ဒါပေမယ်လို့-ဟိုက မုဆိုး က မနက်ကျတော့ လှံတွေ ဒုတ်တွေနဲ့၊ သမင်တွေမိလောက်ပြီ ဆိုပြီးတော့၊

http://www.dhammadownload.com



ဖမ်းဖို့လာတဲ့အခါကျတော့၊ ကျော့ကွင်းပေါ် ထိရုံသာထိပြီးတော့ မမိတဲ့သမင်က ထပြေးတယ်၊ လွတ်သွားတာပဲ၊ အဲခုနက မိနေတဲ့သမင်ကလည်း ပြေးတော့ ပြေးရှာတာ၊ ပြေးပေးမယ်လို့ ခြေထောက်တစ်ဘက်က ကျော့ကွင်းကြီးတန်းလန်းနဲ့မိနေတာဆိုတော့၊ ဆွဲဆောင့်လိုက်တော့ မပြေး နိုင်ဘူး၊ အဲဒီတင်မုဆိုးလုံ ချက်နဲ့၊ အသက်ထွက်ရ၊ မုဆိုး ဓားချက်နဲ့အသက် ထွက်ရ၊ သေရ။

အဲဒီလိုပဲ တချို့အိမ်ရာတည်ထောင် လူ့ဘောင်မှာနေကြတဲ့သူတွေ၊ အိမ်ရာတည်ထောင်လူ့ဘောင်နေပေ. . မယ်လို့ စိတ်ထဲက၊ အင်း. . . တစ်နေ့တချိန်ခွဲရမယ့်သူတွေပဲ. . . ဒါတွေခွဲကြရမယ့်ဟာတွေချည်းပဲ. . . တစ်နေ့တချိန်၊ ဒီသား ဒီသမီး ဒီမြေး ဒီမြစ်တွေနဲ့ အခုနေကြရပေမယ့်လို့ နာနာဘာဝေါ ဝိနာဘာဝေါ-တစ်နေ့ခွဲကြရမှာ၊ ကွဲကြရမှာပဲ. . သဗ္ဗေသတ္တာ ကမ္မသကာ-သတ္တဝါတွေကံစီမံသလိုသွားကြရ၊ လာကြရမှာပဲနဲ့၊ သူက နေလို့သာနေတာ သူကသံဝေဂနဲ့၊ အသိဉာဏ်နဲ့နေတာ၊ အဲဒီလူကကျော့ကွင်းပေါ် ထိနေပေမယ်လို့၊ မမိတဲ့သမင်နဲ့တူတယ်. . .

တချို့ကျတော့ တစ်ခါထဲ ငါးဖြာအာရုံကာမဂုဏ်နဲ့ သားနဲ့ သမီးနဲ့ ပျော်လို့ ပါးလို့ မော်လို့ ကြွားလို့ စားလို့ သောက်လို့ ဆိုတဲ့သူက ကျော့ကွင်းနဲ့ ထိလည်းထိ၊ မိလည်းမိနေတဲ့သူနဲ့တူတယ်၊ မပြေးနိုင်ဘူးသူက၊ ဒီတော့ ကိုယ့်ကိုယ်ကို အဲဒီကျော့ကွင်းပေါ် ထိနေပေမယ်လို့ မမိအောင်နေတဲ့သမင်လိုနေတတ်ရတယ်။ အခု ဘုရားအလောင်းတော်ဟာ အဲဒီအနေမျိုးနေတာ၊ ခုန ပုရောဟိတ်သားဆိုတာ သူများမဟုတ်ဘူး၊ ဘုရားအလောင်းတော်၊ ဒို့ဘုရားအလောင်းတော်၊ ဘုရားအလောင်းတော်က သူ့ဓာတ်ခံကိုကပါလာတာဖြစ်တော့၊ သူကစိတ်ကအဲဒီလိုအနေမျိုး၊ လူလောကကြီးထဲနေရပေမယ် လို့ ပျော်. . ပြီးတော့မနေဘူး၊ သူက အင်း. . . တစ်နေ့ ရှင်ကွဲ သေကွဲ ကွဲကြရမယ်၊ နောက်ဆုံးခွဲကြရမယ်၊ မမြဲတဲ့သဘောတွေပဲနဲ့၊ ဒါလေးဆင်ခြင်. . . ပြီးတော့ နေတာ၊ ငါးဖြာအာရုံကာမဂုံတွေပေါ် မှာလည်းပဲ ငြီးငွေ့တဲ့ စိတ်နဲ့နေတာဖြစ်တော့ သူကမမိဘူး၊ သူ့ကျော့ကွင်းမိမနေဘူး။

မိမနေတော့ သူကအတွေးဝင်. . . ပြီးတော့ ခုနကလို ဧကန္တငါ့ သူငယ်ချင်းဘုရင်ဖြစ်ရင် ငါ့ကိုပုရောဟိတ်ခန့်တော့မှာပဲ၊ ပုရောဟိတ်ခန့်ရင်၊ ပုရောဟိတ်လုပ်ရမယ့်၊ အလုပ်တွေလုပ်ရတော့မှာပဲ၊ တရားသဖြင့်လည်းပါ လိမ့်မယ်၊ မတရားသဖြင့်လည်းပါလိမ့်မယ်၊ အပါယ်လားကြောင်းတွေလည်း လုပ်မိလိမ့်မယ်၊ အပါယ်ရောက်ကြောင်းလည်းလုပ်မိတော့မှာပဲ. . .၊ လူ့လောကထဲ ရောပွမ်းပြီးတော့နေပြီဆိုမှုဖြင့်၊ ရွှံ့တွေကြားထဲနေမှတော့ရွှံ့ လူးတော့မှာပေါ့၊ မစင်တွေကြားထဲသွားမိမှတော့ မစင်လူးတော့မှာပေါ့၊ အနည်းဆုံးမလူး

http://www.dhammadownload.com



တောင်အနဲ့တော့ကူးတော့မှာပေါ့. . . ဒီတော့ငါမဖြစ်ဘူး ထွက်မှပဲ၊ လွတ်အောင်ထွက်မှပဲဆိုပြီးတော့၊ တခါထဲသူ့သူငယ်ချင်းရှင်ဘုရင် ဖြစ်လို့ ဘိတ်သိက်တွေခံနေတုန်း ညက လွတ်အောင်တောထွက်ပြေးတော့ တာပဲ၊ ရှိတဲ့စည်းစိမ်ဉစ္စာတွေပါအကုန်စွန့်ပြီးတော့ ပြေးတော့တာပဲတောထဲ၊ တောထဲပြေးပြီး တော့မှ၊ ဟိမဝန္တာတောကြီးထဲဝင်သွားပြီးတော့ ရသေ့ရဟန်း ပြုပြီးတော့နေ။

နောက်-ရှင်ဘုရင်ကဘိတ်သိက်ပွဲကြီးတွေဘာတွေခံ ပြုပြီးတော့မင်းစည်းစိမ်နဲ့ဆိုတော့ သူတစ်ရက် နှစ်ရက် သုံးရက်ပေါ့လေ. . .၊သူ့မင်းရေးဆောင်တာကိစ္စတွေ၊ စီမံရ ခန့်ခွဲရသူ ရှင်ဘုရင်ဖြစ်လာတော့၊ တစ်ခါထဲသက်တော်ရှည် အမတ်တွေတိုးခန့်ရ၊ ဟိုရာထူးတွေဒီခန့်၊ ဒီရာထူးတွေဟိုပြောင်း၊ သက်တော်စောင့်တွေပြောင်းရ၊ ရွှေ့ရနဲ့ သူ့တကတည်း၊ မိဖုရားအဆောင်ဆောင်၊ တောင်နန်းမတော်၊ မြောက်နန်းမတော်၊ အလယ်နန်းမတော်၊အနောက်နန်းမတော်တွေ နဲ့ တစ်ခါတည်း ရွှေ့ရပြောင်းရနဲ့လုပ်နေတော့ သူ့သူငယ်ချင်း ရုတ်ကနဲ့သတိ မရဘူး။

နောက်တော့မှ တော်တော်လေးသူ့အနေသားကျတော့မှ ဟ-ငါ့သူငယ်ချင်းရှိတယ်၊ ငါ့သူ့ငယ်ချင်းလည်း အချိန်တန်ပြီ သူ့အဖေကြီးလည်း အသက်ကြီးပြီ၊ ပုရောဟိတ်ရာထူးခန့်ရမယ်ဆိုပြီးတော့"သူငယ်ချင်းခေါ်ကြ ဟေ့-ခေါ်ကြဟေ့"ဆိုတော့"အရှင်မင်းမြတ်မရှိဘူး၊"ဘယ်သွားတုန်း၊""တောထွက်သွား ပြီ. . တောထွက်ရသေ့ရဟန်းပြုသွားပြီ။""ဟာမဟုတ်တာဘဲ- ငါ့သူငယ်ချင်း အင်မတန်ခင်တဲ့ ငါ့သူငယ်ချင်း၊ ငါရာထူးမပေးမိလို့ ဒီလိုဖြစ်တာဖြစ်ပါလိမ့် မယ်. . ကဘာပဲဖြစ်ဖြစ် ငါ့သူငယ်ချင်းငါရာထူးပေးရမှာ ပုရောဟိတ်ပညာရှိ ရာထူးနဲ့ရာထူးပေးရမှာ ငါနဲ့အတူတူတသက်လုံးက ကစားဖော်ကစားဖက် အဖြစ်နဲ့လာခဲ့တဲ့သူငယ်ချင်း၊ ရှာကြ. . . ရအောင် ရှာကြ"ဆိုပြီးတော့စုံစမ်းထောက်လှမ်းကြတော့၊ မုဆိုးတွေကတစ်ဆင့်၊ စုံစမ်းထောက်လှမ်းလိုက်တော့၊ ဟိုးဟိမဝန္တာတောနား၊ တောအုပ်ထဲမှာ၊ တစ်နေရာမှာရှိတယ်လို့သတင်းရတော့၊သေယျဆိုတဲ့အမတ်ကို-နောက်က စစ်တပ်တွေဘာတွေ၊ အခြံအရံတွေနဲ့၊စားနပ်ရိက္ခာအပြည့်အစုံပေးပြီးတော့၊ လွှတ်လိုက်ပြီးတော့၊ အဲဒါ အပင့်ခိုင်းတာ လိုက်ပြီးတော့၊ သွားပင့်ချေ။ ရအောင်ပင့်ခဲ့။

အဲဒါ သေယျဆိုတဲ့ အမတ်က တမန်တော်အဖြစ်နဲ့၊ လိုက်ပြီးတော့သွားပြီးတော့၊ အဲဒီရသေ့နေတတ်တဲ့နေရာပေါ့၊ မုဆိုးတွေရဲ့ လမ်းညွှန်ချက်အရ ရောက်သွားတော့ စစ်တပ်ကြီးကို ခပ်လှမ်းလှမ်းမှာထားခဲ့ပြီးတော့မှ သေယျအမတ်နဲ့ နောက်ပါတစ်ယောက် နှစ်ယောက်နဲ့၊ လက်ဆောင်ပဏ္ဏာလှူဘွယ်တန်းဘွယ်တွေများယူပြီးတော့၊ ရသေ့ကျောင်း ချဉ်းကပ်သွားတော့၊ ရသေ့က

http://www.dhammadownload.com



သခ်န်းကျောင်းလေးထဲမှာ၊ အသားအရေက ရွှေအဆင်းလိုဝင်းလို့ စိုလို့ကျက်သရေရှိလိုက်တာ၊ အေးဆေးတဲ့စိတ်နဲ့ ထိုင်ပြီးတော့နေတယ်၊

ထိုင်နေတော့မှ သေယျအမတ်ကရောက်လာပြီးတော့ ရှင်ဘုရင်ကအမှာတော်ရှိလိုက်တဲ့အတိုင်း၊ တိုင်းတော်ပြည်တော်ကို ပြန်ပြီးတော့ခေါ်ဖို့အမိန့်တော်ပါပါတယ်၊ တိုင်းတော်ပြည်တော်ကိုပြန်ပြီးတော့ လိုက်တော်မူပါ . . .၊ ပုရောဟိတ်ရာထူးပေးပြီးတော့၊ ပုရောဟိတ်ရာထူးခန့်ချင်လို့၊ ပုရောဟိတ်ရာထူးအဖြစ်နဲ့ တိုင်းပြည်ကြီးကို ထိးနန်းအုပ်ချုပ်မင်းလုပ်တဲ့နေရာမှာ၊ ပုရောဟိတ်ရာထူးအဖြစ်နဲ့ ကူညီပြီးတော့စောင့်ရှောက်ဖို့-အဆောင်အယောင်တွေလည်းပဲ၊ စည်းစိမ်ဥစ္စာတွေလည်းပဲ၊ ပေးကမ်းမှာဖြစ်တဲ့အကြောင်းနဲ့ ပြောတော့။ ဘုရားအလောင်းတော်က ဘာပြောတုန်းဆိုတော့---

**သသမုဒ္ဒပရိယာယံ, မဟိံ သာဂရကုဏ္ဍလံ၊**

**နဣစ္ဆေ သဟ နိန္ဒာယ, ဇဝံ သေယျ ဝိဇာနဟိ။**

သေယျ-သေယျအမတ်တဲ့၊သသမုဒ္ဒပရိယာယံ,မဟိံ သာဂရကုဏ္ဍလံ-မင်းအခုပြောနေတဲ့ ပုရောဟိတ်ရာထူးဆိုတဲ့ ရာထူးမျိုးတွေကိုမဆိုထားနဲ့တော့. . . တဲ့၊ သမုဒ္ဒရာလေးစင်းအပိုင်းအခြားရှိတဲ့၊ ဒီဇမ္ဗူဒိပ်ကြီးတစ်ကျွန်းလုံးကို၊အစိုးရဖို့ရာ၊ အုပ်ချုပ်ဖို့၊ဘုရင်မင်းကြီးအဖြစ်နဲ့ခန့်ပါမယ်လို့ပြောပြီးတော့ငါ့ကိုခေါ်သော်လည်းပဲ၊ နဣစ္ဆေ-ပြန်လိုက်ဖို့ဖြင့် ငါအလိုမရှိတော့ပါ၊ မလိုက်လိုဘူး. . . တဲ့၊ မလိုက်လိုဘူး၊ ပုရောဟိတ်ရာထူးမပြောနဲ့ ဒီဇမ္ဗူဒိပ်ကြီးတစ်ကျွန်းလုံးအစိုးရမယ့်၊ ပဒေသရာဇ်မင်းကြီး၊ စကြာမင်းကြီးရာထူးရမယ်ဆိုသည့်တိုင်အောင်၊ အဲဒီမင်းစည်းစိမ်ကြီးကိုခံစားရမယ်ဆိုသည့်တိုင်အောင် ငါမလိုက်တော့ဘူး. . . တဲ့၊

**ဓိရတ္ထု တံ ယသလာဘံ,ဓနလာဘဉ္စ ဗြာဟ္မဏ၊**

**ယာဝုတ္တိ ဝိနိပါတေန, အဓမ္မစရဏေန ဝါ။**

အဓမ္မစရဏေန ဝါ-သေယျအမတ်. . . တဲ့၊ သင်တို့ရဲ့ လူ့ပြည်လောက၊ လူ့လောက၊ လူ့စည်းစိမ်၊ လူ့ရိပ်ငြိမ်ချမ်းသာတွေဆိုတာ၊ အပါယ်လေးပါးရောက်ကြောင်းဖြစ်တဲ့ မကောင်းတဲ့အမှုတွေပြု. . . ပြီးတော့လည်းပဲ၊ ဒီစည်းစိမ် ခိုင်မြဲဖို့ ပြုရတယ်သေယျ. . . မင်းစည်းစိမ်ကြီးခိုင်မြဲချင်. . . တော့၊ ဟိုတဘက်သားထီးနန်းစည်းစိမ်လုမယ့်သူတွေထောင်ထဲချထားရ၊ သတ်တန်သတ်ရ၊ မင်းလောင်းပေါ်တယ်ဆိုမင်းစည်းစိမ်ကြီး အန္တရာယ်ပြုမယ့်သူဆိုလို့ရှိရင်၊ သတ်တန်သတ်ပစ်ရ၊ နှိပ်စက်တန်နှိပ်စက်ရ၊ လုပ်ရတဲ့အလုပ်က မတော်မတရားသဖြင့်အမှုတွေကိုကျင့်ရခြင်းဖြင့်လည်းကောင်း။ ယာဝုတ္တိ-အကြင်တိုးတက်ကြီးပွားခြင်းသည်၊ အတ္ထိ-ရှိ၏၊ တံ-ထိုကဲ့သို့ကြီးပွားတိုးတက်မှု ဆိုတဲ့၊

http://www.dhammadownload.com



နေလာဘံ-ဥစ္စာတို့ရခြင်း၊ ယသလာဘံစ-အခြံအရံကိုရခြင်းသည်၊ ဓိရတ္ထု-စက်ဆုပ်ဖွယ်၊ ကဲ့ရဲ့ဖွယ်သာလျှင်သာတည်း။

ပညာရှိသူတော်ကောင်းတွေနယ်က အဲဒီလိုမတော် မတရားနည်းနဲ့ ကိုယ့်စည်းစိမ်လေးရဖို့၊ ကိုယ့်ဥစ္စာလေးရှိဖို့၊ ကိုယ့်အခြံအရံလေးရှိဖို့၊ ကိုယ့်ရာထူး ရာခံလေးတည်မြဲနေဖို့အတွက်၊ သူများကိုနှိပ်စက်ရ၊ ညှင်းဆဲရ၊ သူများသတ်ရ ဖြတ်ရ၊ သူများကြောက်ရ ကန်းရ၊ သူများထိုးရ ခုတ်ရနဲ့၊ ဒီလိုလုပ်. . . ပြီးတော့ ရလာတဲ့စည်းစိမ်ဥစ္စာတွေကို၊ ပညာရှိသူတော်ကောင်းတွေက ရွံကြတယ်. . . တဲ့၊ ပါးစပ်ကထွေးလိုက်တဲ့ တံထွေးပေါက်ပြန်ပြီးတော့ ကောက်ပြီးတော့မမျိုချင်သလိုပဲ၊ ရွံကြတယ်၊--

**အပိစေ ပတ္တမာဒါယ, အနာဂါရော ပရိဗ္ဗဇေ၊**

**သာယေဝ ဇီဝိကာ သေယျော, ယာစာ'ဓမ္မေန ဧသနာ။**

အဓမ္မေန-မတရားသောနည်းဖြင့်၊ ယာဧသနာ-အကြင်ရှာမှီးရခြင်းသည်၊ အတ္ထိ-ရှိ၏၊ သာ-ထိုကဲ့သို့မတရားနည်းနဲ့ရှာမှီးရခြင်းသည်၊ ပတ္တမာ ဒါယ, အနာဂါရော ပရိဗ္ဗဇေ-သပိတ်ကိုလက်ဆွဲပြီးသကာလ၊ မျက်နှာကို အောက်ချပြီးတော့ ဟိုဟိုဒီဒီ၊ ဟိုအိမ်ဒီအိမ်မှာ-ဆွမ်းခံစားပြီးတော့ ရှာမှီးရတဲ့ အရှာမှီးနဲ့စားခဲ့ရင်ဖြင့်၊ သာယေဝ ဇီဝိကာ သေယျော-တဲ့ အဲဒီ ဘယ်သူ့ကိုမှ ညှင်းပန်းနှိပ်စက်ဖို့မပါဘဲနဲ့ တရားသဖြင့် ရှာဖွေပြီးတော့စားရတဲ့ အဲဒီရှာဖွေမှုကမြတ်တယ် သေယျ. . . တဲ့၊ မြတ်တယ်။

အခုငါ ရသေ့အဖြစ်လေ၊ ငါအစာရေစာအတွက် သပိတ်ကလေး လက်ထဲပိုက်ပြီးတော့၊ မြို့ထဲ ရွာထဲခေါင်းလေးအောက်စိုက်ပြီးတော့သွားလို့ရှိရင်၊ လောင်းချင်တဲ့သူက လောင်းလိမ့်မယ်လေ၊ ပေးကမ်းချင်တဲ့သူက ပေးလိမ့်မယ်၊ ငါက ဘယ်သူ့. . . မှမပေးကောင်းလားဆိုပြီးတော့ တခါတည်း၊ နှိပ်စက်ဟ၊ ညှင်းပန်းဟ၊ ငါဘာမှမပြုရဘူး။ အေးမင်းတို့ရှင်ဘုရင်ဆိုတဲ့ ရှင်ဘုရင်ဘဝရောက်တော့၊ အခွန်ပေး၊ မပေးဘူးလား၊ မပေးဖမ်းမယ်၊ ငါ့ကို ဆယ်ခိုင်တစ်ခိုင်ပေးရမယ်၊ စပါးတွေဘယ်လောက်ပေးရမယ်၊ ငွေတွေဘယ်လောက်ပေးရမယ်၊ ဟိုကဘယ်သူက ဘာဆက်ရမယ်၊ ဒီကဘယ်သူက ဘာဆက်ရမယ်၊ မဆက်ဘူးလား၊ မဆက်ရင်ဖမ်းမယ်၊ ဒီလို အဲဒီလို. . . တဲ့၊ ရှာဖွေတဲ့နေရာမှာ။ မတော်မတရားနည်းတွေနဲ့ ရှာရဖွေရတယ်. . . တဲ့။ ရှာဖွေတဲ့နေရာမှာ၊ ကိုယ့်ရဲ့ စီးပွားချမ်းသာ စည်းစိမ်ဥစ္စာတွေစားဖို့သောက်ဖို့ ရှာတဲ့ဖွေတဲ့နေရာမှာ၊ မတော်မတရားနည်းတွေနဲ့ရှာရဖွေရတယ်. . . တဲ့၊ မင်းတို့လူ့ဘုံ လူ့ဘဝကြီးက။

**အပိစေ ပတ္တမာဒါယ, အနာဂါရော ပရိဗ္ဗဇေ၊**

**အညံ အဟိံသယံလောကေ, အပိ ရဇ္ဇေန တံ ဝရံ။**

http://www.dhammadownload.com



ငါတို့ ရသေ့ရဟန်းဘဝဆိုတာ၊ ဘယ်သူ့မှညှဉ်းဆဲနှိပ်စက်ရဖို့မပါဘူး. . . တဲ့၊ မပါဘူး၊ ကိုယ့်ရဲ့ဝမ်း စားရေးအတွက် ဘယ်သူ့မှမညှဉ်းဆဲဘူး၊ ကိုယ့်ဝတ်ဖို့အရေးအတွက် ဘယ်သူ့မှမနှိပ်စက်ရဘူး၊ ကိုယ့်နေရေးထိုင်ရေးအတွက်လည်းပဲ ဘယ်သူ့မှ နှိပ်စက်ရညှဉ်းပန်းရတယ်မရှိဘူး. . . တဲ့။ အေး. . မင်းစည်းစိမ်ကြီးနဲ့နေတယ်ဆိုတော့၊ ဒီ-မင်းစည်းစိမ်ကြီးနေနိုင်ဖို့အရေးအတွက် သူများကိုညှဉ်းပန်းရတာတွေ၊ နှိပ်စက်ရတာတွေ၊ သူခိုး သူဝှက်တွေထောင်တန်းချရ၊ ဇက်ဖြတ်သတ်ရ၊ အကျဉ်းတွေချရ၊ လက်ဖြတ်ရခြေဖြတ်ရကစ. . . ပြီးတော့၊ မတော်မတရားနည်းတွေနဲ့ပြုရတယ် သေယျ. . , တဲ့၊

ဒီတော့မင်းတို့ရဲ့ လူ့လောက လူ့နယ်ဆိုတာ၊ အခုလည် တန်ကျော့ကျော့နဲ့ ခေါင်းမော့မော့နေနိုင်သော်လည်းပဲ၊ အပါယ်လေးပါးရောက်ကြောင်းဖြစ်တဲ့ မကောင်းတဲ့အလုပ်တွေနဲ့မော့နေတဲ့ အမော့. . . တဲ့၊ တစ်ချိန်ကျတော့ပြန်ပြီးတော့ခေါင်းငုံ့ရမယ့်ဘဝ၊ အခုငါတို့ ရသေ့ရဟန်းဘဝဆိုတာက၊ အခုခေါင်းငုံ့ပြီးတော့နေပေမယ်လို့၊ နောင်တစ်ချိန် ခေါင်းပြန်မော့နိုင်တဲ့ဘဝ. . . တဲ့၊ ဒီတော့ငါမလိုက်ချင်တော့ဘူးသေယျ. . မလိုက်ချင်တော့ဘူး၊

အဲဒါဘုရားအလောင်းတော် ပုရောဟိတ်ပညာရှိကြီးကပြောလိုက်တဲ့စကား၊ အဲဒီ ပုရောဟိတ်ပညာရှိက နောက်တော့ဘုရားဖြစ်လာတာပါပဲ။ ရှင်ဘုရင်ကလည်းသူများမဟုတ်ပါဘူး၊ ရှင်အာနန္ဒာအလောင်းပါ၊ ဒီသေယျအမတ်ကလည်း သူများမဟုတ်ပါဘူး၊ ရှင်သာရိပုတ္တရာအလောင်းပါပဲ၊ ဒီတော့ပြောလိုတဲ့စကားက၊ ဘုရားအလောင်းတော်ကပြောနေတဲ့စကားက အခုမျက်နှာအောက်ချခေါင်းငုံ့ပြီးတော့နေရသော်လည်းပဲ နောင်တစ်ချိန်ကျတော့လည်တန်ကျော့ကျော့နဲ့ ခေါင်းမော့နိုင်တဲ့ဘဝဆိုတာ ရသေ့ရဟန်းရဲ့ဘဝ၊ ကုသိုလ်ကောင်းမှုပြု နေသူတွေရဲ့ဘဝ။

အကုသိုလ်တွေ၊ ဒုစရိုက်တွေနဲ့ လူ့ဘုံလူ့လောကပျော်ပြီးတော့နေတဲ့သူတွေကအခု လည်တန်ကျော့ကျော့ ခေါင်းမော့ပြီးတော့ နေရသော်လည်းပဲ တစ်ချိန်ကျတော့ မျက်နှာအောက်ချပြီးတော့ ခေါင်းငုံ့ရမယ့်ဘဝ. . . တဲ့။ ဒီတော့. . . အဲဒီတစ်ချိန်ကျမှ၊ အပါယ်မင်းကြီးပိုင်နက်ထဲရောက်သွားပြီးတော့၊ အပါယ်မင်းကြီးနှိပ်စက်သမျှ ငုံ့ပြီးတော့ခံရမယ့်ဘဝမျိုးမနေတော့ဘူး သေယျ. . . တဲ့။ မလိုက်တော့ဘူး ပြန်တော့၊ ပြန်ကော့။ အေး-မင်းတို့လူ့လောက လူ့ဘုံလူ့နယ်ကြီးဆိုတာအပါယ်နခမ်းမှာ အပျော်ဆန်းနေကြတဲ့ အကဏ်းဘုံကြီးနဲ့တူတယ်. . . တဲ့၊ ချောက်ကြီး ကမ်းပါးကြီးထဲကျခါနီး။ ချောက်ကမ်းပါး ပြတ်ကြီးနားမှာပျော်မြူးပြီး၊ ပြေးလွှားပြီး၊ ဆော့နေတဲ့ ကလေးတွေ၊ အရှိန်လွန်ပြီးတော့ပြေးလိုက်သည်နှင့်တပြိုင်နက် ဒီထဲကျသေ မှာပဲ၊ မသေသော်လည်း၊ မလှမပခံရ

http://www.dhammadownload.com



မှာပဲ၊ အဲဒါကိုမိဘဖြစ်တဲ့သူတွေက စိုးရိမ်ပြီးတော့၊ ကြောင်းကျပြီးတော့ တားကြ ဆီးကြသလို. . . ဒီ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတွေအဆူဆူကလည်းပဲ၊ တို့တတွေကို အပါယ်နခမ်း အပျော်ဆန်းနေကြတဲ့ အကဏ်းဘဝတွေကို မကျ စေချင်လို့ ဆုံးမတော်မူထားခဲ့တယ်၊ အဲဒီအဆုံးအမကို ငါလိုက်နာတဲ့အနေနဲ့ နေရစ်တော့မယ် သေယျ. . . ပြန်ပေတော့လို့ဆိုပြီးတော့ မလိုက်ဘူး၊ တောထဲ ပဲနေရစ်တယ်။ ဒါကြောင့် ပရိသတ်အားလုံးသံဃာတော်တွေပြန်ဆိုလိုက်စမ်းပါ။

* **နှစ်ဆယ်နှင့်ခြောက်၊ ဘုံတစ်လျှောက်၊ အောက်ကပါယ်မင်းပိုင်။**
**ဤလူ့ဘုံကြီး၊ ပါယ်ခရီး၊ အနီးတစ်ထွာဆိုင်။**
**အပါယ်နခမ်း၊ အပျော်ဆန်း။ အကဏ်းလူတို့ဘုံ။**
**ရှင်တော်ဗုဒ္ဓ၊ သနားလှ၊ ဟောပြအဖုံဖုံ။**
**တရားမြိုက်စည်၊ မကြားပြီ၊ နားသည်အ,ထုံထုံ။**

အဲဒီလိုအားဖြင့် အပါယ်နခမ်း အပျော်ဆန်းပြီးတော့ နေကြတဲ့ဘဝကို ငါမလိုက်တော့ဘူးသေယျ. . . လို့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သူ အလောင်းတော်ဘဝတုန်းက ပြောခဲ့တဲ့စကားကိုပဲ ဘုရားဖြစ်တော်မူမှ ပြန်ပြီး တော့ ဟောတော်မူခဲ့တဲ့စကား။

ဒါ့ကြောင့် ယနေ့ ရဟန်းအမကြီးဒေါ်အို-နဲ့သားကိုအောင်မြတို့သည် လည်းကောင်း၊ ရဟန်းဒကာ၊ ရဟန်းအမများဖြစ်ကြတဲ့ ဦးဘသူ+ဒေါ်လှထူး တို့သည်လည်းကောင်း၊ မိမိတို့ရဲ့ သားရတနာနှစ်ဦးကို အပါယ်နခမ်း အပျော် ဆန်းနေရတဲ့ ဘဝမှ လွတ်ရာကျွတ်ရာကို ပို့နေတဲ့နေ့. . . ၊ ရဟန်းဘောင် ရဟန်းဘဝ ပို့တယ်ဆိုတာ အဲ့ဒီအပါယ်နခမ်းနဲ့ လွတ်ရာကို ပို့ပေးတာ၊ နောင် ခေါ်င်းပြန်ငုံ့ရမယ့်အဖြစ်ဆိုးမျိုးမှ လွတ်အောင်ပို့ပေးတာ၊ အပါယ်မင်းကြီးပိုင် နက်ထဲ နေသမျှတော့၊ အပါယ်နှိပ်စက်သမျှ ခေါင်းငုံ့ခံရအုန်းမှာကိုး၊ **အဲ့ဒီ** အပါယ်မင်းကြီးနှိပ်စက်သမျှ ခေါင်းငုံ့ရမယ့်အဖြစ်ဆိုးမှ လွတ်ရာကို ပို့တဲ့**နေ့၊** သူ့ပို့တော့ ကိုယ်လည်းပါသွားတယ်။

အခုကြည့်ပါအုန်း၊ ရဟန်းခံတယ်ဆိုတာ သူ့ပို့တာ၊ ပို့တာကတော့ သားနှစ်ယောက်ကို ရဟန်းဘောင်ပို့လိုက်ရင်းနဲ့ မိမိတို့မှာသင်္ကန်း၊ သပိတ်၊ ပရိက္ခရာ လှူဒါန်းတဲ့ကုသိုလ်ကောင်းမှုတွေဖြစ်တယ်၊ သံဃာ (၆၀၀) ကျော် ကိုနံနက်ဆွမ်း၊ နေ့ဆွမ်း ကပ်ရတဲ့ကုသိုလ်ကောင်းမှုတွေဖြစ်ကြ၊ ငွေကျပ်တစ် ထောင်စီ တစ်ထောင်စီ အသီးသီး ငွေကျပ်တစ်ထောင် ငွေပင်စိုက်ထူ ပြီးတော့ လှူဒါန်းကြ၊ ပရိသတ်အပေါင်းသူတော်ကောင်းတွေ ကျွေးကြ မွေးကြ ဧည့်ခံကြ ဆိုတော့ အဲဒီလို ကုသိုလ်ကောင်းမှုတွေ ပြုနေတဲ့အချိန်ဟာ ဘာလုပ်နေတာနဲ့ တူတုန်း လို့ဆိုတော့ နောင်တစ်ချိန် ခေါင်းမငုံ့ရမယ့်အလုပ် အပါယ်မင်းကြီး

http://www.dhammadownload.com



နိဗ္ဗာန်စက်သမ္ဘာကို ခေါင်းငုံ့ခံရမယ့် အဖြစ်ဆိုးမှလွတ်အောင် ပြေးနေတဲ့အချိန်ခေါ်တယ်၊ ပြီးတော့အပါယ်နခမ်း အပျော်ဆန်းဆိုတဲ့အတိုင်း အပါယ်နခမ်းမှာ ပျော်မြူးနေတဲ့ အဖြစ်မှဝေးရာကို ရှောင်တဲ့နေ့လို့ ခေါ်တယ်။

အဲဒီလိုအားဖြင့် အပါယ်နခမ်း အပျော်ဆန်းနေတဲ့ အကဏ်း လူ့ဘုံလူ့ဘဝကြီးထဲမှာ နေရသော်လည်းပဲ အဲဒီချောက်ကြီး ကမ်းပါးကြီးနဲ့တူတဲ့ အပါယ်နခမ်းမှလွတ်ရာ ဝေးရာကို ပြေးသောအားဖြင့် ဒါန, သီလ, ဘာဝနာ ကုသိုလ်ကောင်းမှုတွေကို ပြုနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း၊ ယခုမော့မော့,မော့မော့နဲ့ ကျော့ကျော့,ကျော့ကျော့နဲ့ မော့နေရသော်လည်းပဲ၊ နောင်တစ်ချိန်ခေါင်းငုံ့ပြီးတော့ အပါယ်လေးပါးရောက်ပြီးတော့ နိဗ္ဗာန်စက်ပြီးတော့ ခံရမယ့်အဖြစ်ဆိုးမှ လွတ်ရာလွတ်ကြောင်းဖြစ်တဲ့အကျင့်တွေကို ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

ဤကဲ့သို့ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြကုန်သည်ဖြစ်၍ ဤကဲ့သို့ကျင့်ဆောင်ကြိုးကုတ်အားထုတ်သွားတတ်ကြတဲ့ ရှေးရှေးသောသူတော်ကောင်း သူမြတ်လောင်းကြီးတို့ရအပ် ရောက်အပ် သိမြင်အပ်သော နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို လျှင်မြန်ဆောစွာ ရောက်ကြရ ရကြရ မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။။

သာဓု---သာဓု--- သာဓု-ပါဘုရား။

http://www.dhammadownload.com



# ကိုဒဒသုတ္တန်
## သဗ္ဗဒဒ အလှူတရားတော်

ယနေ့မြန်မာကောဇာသက္ကရာဇ် (၁၃၄၂) ခုနှစ် ဒုတိယဝါဆိုလဆန်း (၈) ရက်နေ့၊ ခရစ်သက္ကရာဇ် (၁၉၀၈) ခုနှစ် ဇူလိုင်လ နှစ်ဆယ်ရက် တနင်္ဂနွေနေ့ နံနက်မှာ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်အတွင်း လာရောက်ပြီးတော့ ကုသိုလ်ကောင်းမှုပြုကြတဲ့ ကုသိုလ်ရှင်များက မန္တလေးမြို့ (၂၉) လမ်းဝါးတန်းရပ်မှာ နေထိုင်ကြသော ဒကာကြီးဦးကာက ဒကာမကြီးဒေါ်စိန် သားသမီး မိသားစု တို့ဖြစ်ကြတယ်. . . တဲ့၊ သူတို့လာပြီးတော့ ပြုလုတ်အားထုတ်တဲ့ ကုသိုလ်ကောင်းမှုက ဝိဟာရမဟ ကျောင်းလွှတ်ပူဇော်ပွဲ၊ ဒီဂန္ဓာရုံတိုက်ထဲမှာ အနောက်ပိုင်းမှာ ဆောက်လုပ်ထားတဲ့ ဆောက်လုပ်ပြီးစီးနေပြီဖြစ်တဲ့ စာသင်ခန်းမကျောင်း ဆောင်ကြီး ကိုးခန်းစာမြင်ရော ကိုးခန်းလေးခန်း အုတ်တိုက် မြေတိုက်ရော ဆိုလို့ရှိရင် နှစ်ထပ်လို့ ပြောနိုင်တာပေါ့၊ အဲဒီကိုးခန်းလေးခန်း အုတ်တိုက်ကျောင်း ဆောင်ကြီး၊ စာသင် ခန်းမကျောင်းဆောင်ကြီးကတစ်ခု၊ တစ်ခါကျောင်းတိုက်ရဲ့ အရှေ့ပိုင်းမှာ လေးခန်းငါးခန်းအုတ်တိုက်နှစ်ထပ် ကျောင်းဆောင် သံဃာနေကျောင်းဆောင် ကြီးကတစ်ခု အဲဒီကျောင်းဆောင်ကြီးနှစ်ဆောင်ကို ဗုဒ္ဓမြတ်စွာ သာသနာတော်အား ပူဇော်သောအားဖြင့် ရေစက်ချ လှူဒါန်းတဲ့ ဝိဟာရမဟ ကျောင်းလွှတ် ပူဇော်ပွဲ လာပြီးတော့ကျင်းပကြတယ်. . . တဲ့။

ဒီနေ့ ဒီရက်မှာ ကွယ်လွန်ခဲ့တဲ့ ဒကာကြီးဦးကာက ဒကာမကြီးဒေါ်စိန် မိဘနှစ်ပါး ရည်စူးရည်မှန်းထားပြီး၊ အခုကျန်ရစ်တဲ့ သားသမီးတွေထဲက အကိုအကြီး ဆုံးဖြစ်တဲ့ ဒကာဦးစိန်ကြည်ကို အမှူးတင်ပြီးတော့ ညီကို မောင်နှမ မိသားစုများက အခုကျောင်းလွှတ်ပူဇော်ပွဲ ဒီနေ့ ကျင်းပကြပါတယ်၊ ဒီတော့ ဒီကျောင်းလွှတ်ပူဇော်ပွဲ ကျင်းပတဲ့ကိစ္စ အတွင်းခံရည်ရွယ်ချက်က မိဘနှစ်ပါးကို ကျေးဇူးဆပ်တဲ့အနေ၊ အထူးအားဖြင့် ဖခင်ကြီး အာသာတောင်းတဆန္ဒကို ဖြည့်ကြတဲ့အနေမျိုးနဲ့ ဆောက်လုပ်ပူဇော် ကြတယ်လို့သိရတယ်၊ ဒကာကြီးဦးကာက-က လွန်ခဲ့တဲ့ (၁၃၂၅ / ၂၆) ခုနှစ် ပတ်ဝန်းကျင်ဆီတုန်းက၊ ဒို့ ဒီကျောင်းတိုက်ဆရာတော်ဘုရားကြီးထံ အဖိတ်နေ့ အဖိတ်နေ့ရောက်ပြီဆိုမှဖြင့် ကိုးနာရီလောက် ကားလေးနဲ့ပေါက်လာ တတ်တယ်၊ အဲဒီလိုလာပြီးတော့ ဆရာတော် ဘုရားထံမှာ သူမရှင်းလင်းတဲ့ ဘာသာရေးပြဿနာတွေ တစ်လ လေးကြိမ် လေးကြိမ် လာပြီးတော့ လျှောက်ထားတယ်၊

http://www.dhammadownload.com



မေးမြန်းတယ်၊ နောက်ပိုင်းကျတော့ သံယုတ္တနိကာယ်ဆိုတဲ့ သံယုတ်ပါဠိတော် မြန်မာပြန်မှာ သူဖတ်လို့ မရှင်းမလင်းတာတွေကို ဆရာတော်ဘုရားထံလာပြီးတော့ လေ့လာမေးမြန်း ထောက်လှမ်းစုံစမ်း၊ အဲဒီလိုနဲ့ ဆရာတော်ဘုရားထံမှာ လေးနှစ်လေးမိုး တိုင်တိုင် ဗုဒ္ဓရဲ့တရားတော်တွေကို လေ့လာလို့ ဆရာတော်ဘုရားရဲ့ ဟောပြော သွန်သင် ဆုံးမချက်အရ အင်မတန် အားရကျေနပ်တာနဲ့ ပထမဆုံး မီးဖိုကျောင်းဆောင်ကြီးကို ဆောက်လုပ်လှူဒါန်းတယ်။

အဲဒီမီးဖိုကျောင်းဆောင်ကြီး ဆောက်လုပ်လို့မှ မပြီးသေးဘူး ဆောက်လုပ်ခါစရှိသေးတယ် သံဃာနေကျောင်းဆောင် ဆောက်ချင်တယ်လို့ သားသမီးတွေကိုပြောတော့ သားသမီးတွေက ဆရာတော်လျှောက်ကြတဲ့ အခါမှာ ဆရာတော်ဘုရားကြီးက မီးဖိုကျောင်းဆောင်ကြီးကလည်းပဲ အကြီးကြီးပဲ၊ ဒီကျောင်းကြီး မပြီးသေးခင်တော့ နေကြသေးတာပေ့ါ၊ နောက်မှစဉ်းစား ကြတာပေါ့လို့ ပြောဆိုထားခဲ့ရာက နောက်မီးဖိုကျောင်းဆောင်ကြီးပြီး၊ ခုဒကာကြီးက ကွယ်လွန် ဒီတော့ ဖခင်ကြီးရဲ့ လိုအင်ဆန္ဒ မျှော်လင့်တောင်းတချက် အာသီသကို ဖြည့်ဆည်းတဲ့ အနေနဲ့ အခုဒကာ ဦးစိန်ကြည်အမှူးထားတဲ့ သားသမီးမိသားစု တတွေက အခုနပြောခဲ့တဲ့ ကျောင်းတိုက်ရဲ့ အနောက်ပိုင်းက ကိုးခန်းလေးခန်း ကျောင်းဆောင်ကြီးတစ်ဆောင်၊ ကျောင်းတိုက်ရဲ့အရှေ့ပိုင်းက လေးခန်းငါးခန်း သံဃာနေ နှစ်ထပ်အုံကျောင်းဆောင်ကြီးတစ်ဆောင်ဆိုတဲ့ ကျောင်းဆောင်ကြီး နှစ်ဆောင် ဆောက်လုပ်ပြီးတော့ ကျေးဇူးဆပ်ကြတယ်၊ ဗုဒ္ဓမြတ်စွာသာသနာ တော်ကြီးကို ကျောင်းနဲ့ပူဇော်ကြတယ်. . . တဲ့။ ကျောင်းနဲ့ ပူဇော်ကြတယ်။

အဲဒီကျောင်းပူဇော်ပွဲကို အခြေခံ အဓိကအားဖြင့်ထားပြီး နောက်ထပ် အခြံအရံ အနေနဲ့ဆိုပါတော့ ကုသိုလ်ကောင်းမှုတွေက ဒီဒီကျောင်းတိုက်မှာ ရှိနေတဲ့ အမြဲနေ ဖိုးသူတော်လေးတစ်ပါးကို သာမဏေတို့အားလျှောက်ပတ်တဲ့ သင်္ကန်း သပိတ်ပရိက္ခရာ ဆင်မြန်းပြီးတော့ သာမဏေဘောင်ရောက်သွတ်သွင်း ချီးမြှောက်ခြင်းဆိုတဲ့ ပဗ္ဗဇမင်္ဂလာ၊ ဒီဂန္ဓာရုံတိုက်မှာ အမြဲသီတင်းသုံးပြီး သာသနာ့လက်ာရ သာမဏေကျော်ဘွဲ့ထူးဆွတ်ခူးရရှိခဲ့တဲ့ ရဟန်းလောင်း သာမဏေတစ်ပါးကိုလည်းပဲ ရဟန်းတော်တို့အား လျှောက်ပတ်တဲ့ သင်္ကန်း ပရိက္ခရာ ဆင်မြန်း၍ ရဟန်းဘောင် ရောက် သွတ်သွင်း ချီးမြှောက်ခြင်းဆိုတဲ့ ဥပသမ္ပဒကံဆောင်မင်္ဂလာ၊ ဒီမင်္ဂလာကြီး နှစ်ခဏ်းကိုလည်း သူတို့ကျင်းပကြတယ်၊ ပြုလုပ်ကြတယ်။

http://www.dhammadownload.com



ထိုမှတစ်ပါး မိမိတို့ ရည်ရွယ်ထားတဲ့ ဒီ့ ဘဝနတ်ထံ ပျံလွန်တော်မူသွားတဲ့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ သီလ သမာဓိ ပညာဂုဏ်တွေကို အာရုံပြုပြီး ဆရာတော်ဘုရားကြီးရဲ့ ရုပ်တုတော် ကိန်းဝပ်မှာဖြစ်တဲ့ ဆရာတော်ဘုရားကြီးရေးသားစီရင်တော်မူသွားတဲ့ ကျမ်းစာပေါင်း နံပါတ် (၆၃) အုပ်ရေ ပေါင်းမြောက်များစွာ ပိဋကတ်ကျမ်းစာတွေ ကိန်းဝပ်ခိုနားရာ ဖြစ်တဲ့ ဗိမာန်တော်ကြီးထဲမှာ နဝကမ္မ ကျပ် (၁၀၀၀၀) ထည့်ဝင်လှူဒါန်းခြင်း၊ သရဏဂုံ သုံးပါးနဲ့ ငါးပါးသီလထိန်းသိမ်း စောင့်ရှောက်ဖွယ်ရကြကုန်သော၊ ဖိတ်မန္တက ပြုထားအပ်တဲ့ ဥပါသကာ ဥပါသိကာမ အပေါင်းသူတော်ကောင်းတို့အား တတ်စွမ်းသမျှ သဒ္ဓါဖြူဖွေး၊ လှူဒါန်းခြင်း. . . လို့ဆိုတဲ့ ကျောင်းလွှတ် ပူဇော်ပွဲကြီး အခြေခံပြီးတော့ ပါရမီကုသိုလ် ရိက္ခာတွေ စုစည်းကြတယ်၊ မွေးသမိခင် မွေးသဖခင် ကျေးဇူးရှင် ကြီးတွေ၊ ကျေးဇူးတုန့်ပြန်တဲ့ အနေနဲ့ ပြုလုပ်အားထုတ်ကြတယ်၊ ဒီတော့ ဒီထဲမှာ အဓိက လိုရင်းက ကျောင်းလွှတ် ပူဇော်ပွဲ၊ ကျောင်းပူဇော်ပွဲ၊ ဗုဒ္ဓမြတ်စွာ သာသနာ ကျောင်းပူဇော်ပွဲလို့ဆိုတော့ ဒီနေ့ ဒကာဦးစိန်ကြည် အမှူးထားတဲ့ မိသားစုတွေက တို့ ဒီနေ့ ၁၃၄၃-ခုနှစ် ဒုတိယဝါဆိုလဆန်း (၈) ရက်နေ့မှာဖြင့် သာသနာတော်မှာ သဗ္ဗဒဒ ဘွဲ့ထူးရတဲ့ အလှူထုပ်ကြီးတစ်ခု ဒီပြုလုပ်ရတယ်လို့ မှတ်တမ်းတင်ပါ။

သဗ္ဗဒဒ ဘွဲ့ထူးရတဲ့ အလှူထုပ်မျိုး ဒို့လုပ်ရတယ်၊ သဗ္ဗဒဒဆိုတာ လေးမျိုးသောအကျိုးကို **တစ်ပြိုင်**တည်းရစေနိုင်တဲ့ အလှူထုပ်ကို သဗ္ဗဒဒ အလှူလို့ခေါ်တယ်၊ များသောအားဖြင့် အလှူဝတ္ထုတွေဆိုတာ တစ်ခုကတစ်မျိုးပဲ အကျိုးပေးတာ၊ ဆိုပါတော့ ဝတ်ထည်ဖျင်စင်း သင်္ကန်းလှူလိုက်တော့ သင်္ကန်းကြောင့် နေမှုလေပူ ကာကွယ်ရခြင်းဆိုတဲ့အကျိုး အစားအသောက်လှူလိုက်ရင် အစားအသောက်ကြောင့် ခွန်အားဗလရရှိခြင်းအကျိုး၊ ဒီလိုတစ်ခုက တစ်ကျိုးကို သာရစေတတ်ကြတယ်၊ များသောအားဖြင့် ဒီနေ့ ဝိဟာရာမဟ ခေါ်တဲ့ ကျောင်းလွှတ် ပူဇော်ပွဲ ကျောင်းပူဇော်ပွဲ ကျောင်းအလှူသည်ကား သဗ္ဗဒဒ. . . တဲ့၊ အားလုံးစုံသော အကျိုးကို ရစေတတ်တယ်၊ လေးမျိုးလေးစား သောအကျိုးကို သယ်ပိုးရွက်ဆောင်နိုင်တဲ့အတွက် သဗ္ဗဒဒဘွဲ့ထူးရတဲ့ အလှူကို တို့လှူရတယ်. . လို့။

ဘုန်းကြီးတို့ ဘုရားရှင်သက်တော်ထင်ရှား ရှိတော်မူစဉ်က နတ်တွေ ဗြဟ္မာတွေက ညသန်းခေါင်ယာမ်လောက်ကျရင် လာလာပြီးတော့ ပြဿနာ မေးလေ့ရှိကြတယ်၊ အဲဒီ မေးလေ့မေးထရှိတဲ့အတိုင်းပဲ တစ်နေ့မှာ ဘုရားရှင် ကိုယ်တော်မြတ် သာဝတ္ထိမြို့၊ ဇေတဝန်ရွှေကျောင်း ကိန်းအောင်းမွေ့လျော်စံတော်မူနေတဲ့အချိန် ညသန်းခေါင်ယံကာလ၊ **တစ်**ခုသောညမှာ၊ နတ်သား

http://www.dhammadownload.com



တစ်ယောက် လာပြီးတော့မေးတယ် ပြဿနာ၊ ဒီပြင် နတ်တွေလည်းပါတယ်ပေါ့၊ နတ်က ဘာမေးလိုက်တုန်းလို့ဆိုတော့ *ကိံဒဒေါ ဗလဒေါ ဟောတိ။ ဘန္တေ- ဘုန်းတော်နေဝန်း, ထွန်းလင်းတော်မူသော မြတ်စွာဘုရား၊ ကိံဒဒေါ-အဘယ်အရာ ကို, သဒ္ဓါကြည်ဖြူ, ပေးလှူလေ့ရှိသော ပုဂ္ဂိုလ်သည်၊ ဗလဒေါ-ခွန်အား စွမ်းရည် လှူဒါန်းသည်မည်ပါသနည်းဘုရား . . .။

မြတ်စွာဘုရား . . . တဲ့ တပည့်တော်တို့ လောကမှာ သတ္တဝါရယ်လို့ ဖြစ်လာရင် ခွန်အားဗလဆိုတာ လိုအပ်ပါတယ်ဘုရား၊ သူ့အချိန်နဲ့ သူ့အချိန် သူ့အရွယ်နဲ့ သူ့အရွယ်၊ သူ့အဆင်းနဲ့ သူ့အဆင်း၊ ခွန်အားဗလဆိုတာ ရှိရပါ တယ်၊ အဲဒီ ခွန်အားဗလ မရှိကုန်ပြီဆိုမှဖြင့် မိမိခန္ဓာကိုယ်ကို မိမိ မသယ်ပိုးနိုင်သဖြင့် အင်မတန် ရောဂါဘယတွေဝင်၊ အင်မတန် နွံ့နွံ့ချိ့ချိ့ ဖြစ်ပြီးတော့ အင်မတန်ဒုက္ခ ရောက်တတ်ပါတယ်၊ ဒါကြောင့် ခွန်အားဗလဆိုတာ သတ္တဝါ တွေမှာ သူ့အဆင့် နဲ့သူ၊ သူ့နေရာနဲ့သူ လိုအပ်သည်ဖြစ်လေသောကြောင့် အဲဒီ ခွန်အား ဗလကို မိမိမှာ ပြည့်စုံဖို့ရာအတွက် သူတစ်ပါးတို့အား ဘယ်လိုအလှူထုပ်မျိုး ပြုလုပ်အားထုတ်ပြီး တော့ ခွန်အားဗလပြည့်စုံအောင် ကြိုးစားရပါသလဲဘုရား . . . ခွန်အားဗလရ အောင် ကိုယ့်မှာ ပြည့်စုံအောင် ဘယ်လိုအလှူမျိုး လှူရပါတုန်းဘုရား . . . လို့ မေးတာ။

ဒီတော့ မြတ်စွာဘုရားက ဖြေတယ် "**အန္နဒေါ ဗလဒေါ ဟောတိ**"၊ ဘော ဒေဝပုတ္တ- သိလိုရေးနှင့်မေးလျှောက်လာငြား အိုနတ်သား၊ အန္နဒေါ- စားသောက် ဖွယ်ရာ, အဖြာဖြာကို, သဒ္ဓါကြည်ဖြူ, ပေးလှူလေ့ရှိသော ပုဂ္ဂိုလ်သည်၊ ဗလဒေါ- ခွန်အားစွမ်းရည်, လှူဒါန်းသည်မည်ပေ၏။ နတ်သား . . . တဲ့ အလှူခံပုဂ္ဂိုလ်တွေကို ခွန်အားဗလ လှူဒါန်းရာရောက်အောင် မိမိက အစာရေစာကို လှူရတယ်၊ အစာရေစာကို မိမိကပေးကမ်း ကျွေးမွေးထောက်ပံ့လိုက်တော့ အလှူခံပုဂ္ဂိုလ်မှာ ဒီအာဟာရကို အမှီပြုပြီးတော့ အားခွန်ဗလတွေဖြစ်သွားတယ်၊ အဲ သူ့မှာ အားခွန်ဗလဖြစ်အောင် ကိုယ်က အကျိုးဆောင်လိုက်သဖြင့် ကိုယ့်မှာသံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန်လမ်းသွားတဲ့နေရာမှာ ခွန်အားဗလနဲ့ ပြည့်စုံခြင်းဆိုတဲ့ အကျိုးကို ရနိုင်တယ် . . . လို့ ဟော ဘုရားက ပြန်ဖြေတယ် . . . ဘုရားက ပြန်ဖြေတယ်၊ ဒါကြောင့် ခွန်အားဗလနဲ့ ပြည့်စုံချင်ရင် ခွန်အားဗလ ရှိချင်ရင် အလှူခံပုဂ္ဂိုလ်တွေကို အစာရေစာ ရိက္ခာကို လှူရတယ် . . .၊ အစာရေစာရိက္ခာက ခွန်အားဗလကို

---

* ကိံဒဒသုတ္တံ၊ သံ၊ ၁/၂၉ (နှာ-၄)

http://www.dhammadownload.com



အစိကကျေးဇူးပြုတာပေါ့၊ ဘယ်လောက်အားကောင်းတဲ့သူ ဖြစ်ပါစေ အစာရေစာ မစားရဘူးဆိုလို့ ရှိရင် အားနည်းသွားတာပဲ၊ လုံလောက်တဲ့ အစာအာဟာရ မစားရဘူးဆိုရင် တဖြေးဖြေးအားနည်းသွားပြီးတော့ ဆိုင်ရာတာဝန်တွေ မထမ်းနိုင်တော့ဘူး၊ ဒီတော့ အစာရေစာရိက္ခာကို လှူဒါန်းတဲ့ပုဂ္ဂိုလ်သည် အလှူခံ ပုဂ္ဂိုလ်အား အစာရေစာသာမက ခွန်အားဗလကိုလည်း လှူဒါန်းလိုက်ရာ ရောက်တယ်။

ဟော- ဒီနေ့ ကျောင်းဒကာ၊ ကျောင်းအမတွေ ဂန္ဓာရုံတိုက် သံဃာတော်တွေကို မနက်ဆွမ်း၊ နေ့ဆွမ်း သက်သတ်လွတ်ဆွမ်းတွေနဲ့ လှူဒါန်းကြတယ်ဆိုတာ အစာရေစာကိုတင် မကဘူး သံဃာတော်တွေရဲ့ အားကိုလည်း လှူရာ ရောက်တယ်၊ ခုနက ဂန္ဓာရုံတိုက် သံဃာတော်တွေအတွက် စွန်တာနီတဲ့၊ ပဲတင်းသုံးဆယ် လှူတယ်ဆိုတာ ဒါအစာရေစာ လှူတာပဲ၊ အစာရေစာ လှူလိုက်တော့ သံဃာတော်တွေမှာ ခွန်အားဗလပါ လှူပြီးသားဖြစ်သွားတယ်၊ အဲဒီလိုခွန်အားဗလကို သံဃာတော်တွေကို အစာရေစာရိက္ခာ လှူဒါန်းထောက်ပံ့ခြင်းဖြင့် လှူဒါန်းလိုက်သဖြင့် . . . တဲ့၊ မိမိမှာလည်းပဲ ဖြစ်လေရာဘဝမှာ ခွန်အားဗလ ပြန်ပြီးတော့ ပြည့်စုံတယ် . . . တဲ့၊ ပြည့်စုံတယ်၊ ဒါ ကာမာဝစရကုသိုလ်တွေရဲ့ သတ္တိ၊ ဒီမျိုးစေ့စိုက်ရင် ဒီအပင် ပေါက်တာထုံးစံပဲ၊ ဒီအတိုင်းပဲ ကိုယ်ကသူ့ခွန်အား ကောင်းအောင် ပြုလုပ်သဖြင့် ကိုယ့်မှာလည်း ခွန်အားဗလနဲ့ ပြည့်စုံခြင်းဆိုတဲ့ အကျိုးပြန်ရတယ်။

ဒါပေမယ့်လို့ ဒီနေ့ကျောင်းဒကာ ကျောင်းအမတွေကို သတိပေးချင် တာက ပကတိခွန်အား ကာယခွန်အား ပြည့်စုံရုံမျှသာလျှင် ဆုတောင်းရပ် မနေပဲနဲ့၊ သူတော်ကောင်း ခွန်အားဆိုတဲ့ သဒ္ဓါဗလ၊ ဝီရိယဗလ၊ သတိဗလ၊ သမာဓိဗလ၊ ပညာဗလဆိုတဲ့ သူတော်ကောင်းရဲ့ ခွန်အား ဗိုလ်ငါးပါးနဲ့ ပြည့်စုံ ရတဲ့ကိုယ် ဖြစ်ရပါလို၏ . . . လို့ ဟောဒီထိအောင် ဆုတောင်းလိုက်ရမှာ၊ တပည့်တော်တို့ ဒီနေ့ သံဃာတော်တွေကို မနက်ဆွမ်း နေ့ဆွမ်း သက်သတ်လွတ်ဆွမ်းတွေဖြင့် ဆက်ကပ်လှူဒါန်းကြတဲ့ကုသိုလ်ကောင်းမှုစေတနာစု၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟတွေကို ဖိတ်မန္တကပြုပြီးတော့ ကျွေးမွေးဧည့်ခံရတဲ့ ခွန်အားဗလကို လှူဒါန်းရာရောက်တဲ့၊ အစာရေစာတို့ကို လှူဒါန်းရတဲ့ ကုသိုလ်စေတနာစုကြောင့် တပည့်တော်တို့ ဖြစ်လေရာ ဘဝမှာ ကာယဗလခေါ်တဲ့ ကိုယ်အားကတော့ ဆုမတောင်းလည်း ပြန်ရမှာပဲ၊ တောင်းမနေနဲ့ အဲဒါ၊ ဒီ မျိုးစေ့စိုက်ထားမှတော့ ဒီအပင်ကပေါက်မှာပါ၊ ဆုမတောင်းလည်း ပေါက်မှာပါ၊ ဒီတော့ - အဲဒါကို ဆုမတောင်းနဲ့တော့၊ စိတ်မညွတ်နဲ့တော့။

F. 24

http://www.dhammadownload.com



ဘာစိတ်ညွတ်လိုက်ရမတုန်းဆိုတော့ သူတော်ကောင်းအား ဆိုတာ ရှိတယ်၊ အဲဒီသူတော်ကောင်းအားဆိုတာက သဒ္ဓါဗလခေါ်တဲ့ ယုံကြည်ချက်အား၊ ယုံကြည်ချက်အား မရှိလို့ရှိရင် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ဖို့ရာ မလွယ်ဘူး၊ ယုံကြည်ချက်ဆိုတာ ယုံကြည်ချက်ကို သဒ္ဓါဗလလို့ခေါ်တယ်၊ အခုလို ဒကာ ဦးစိန်ကြည် အမှူးထားတဲ့ သားသမီး မိသားစုတတွေ ဒီလို ကျောင်းကြီးတွေ ဆောက်ကြ၊ ဆွမ်းတွေကျွေးကြ၊ လှူစရာတန်းစရာ လှူကြဆိုတဲ့ အထဲမှာ ယုံကြည်ချက်အားပါလို့ လုပ်တာ၊ ယုံကြည်ချက်အားက အဲဒီလိုမျိုး၊ ဒို့ ဒီလို ကုသိုလ်ကောင်းမှုတွေ ပြုလို့ရှိရင် မဂ်ဖိုလ် နိဗ္ဗာန်စခန်း သွားရာလမ်းမှာ မပင်မပမ်း ချမ်းချမ်းသာသာ သွားနိုင်လိမ့်မယ်လို့ ယုံကြည်နေကြတယ်၊ ယုံကြည်လို့ လုပ်တာပေါ့၊ မယုံကြည်ရင် မလုပ်ပါဘူး၊ ကိုယ့်နေပူမရှောင် မိုးရွာမရှောင် ရှာဖွေထားရတဲ့ပစ္စည်း ဘာပြုလို့ သူများ အလကား ပေးရမှာတုန်း၊ ဒီလိုသာ မယုံကြည်ဘူးဆိုရင် မပေးပါဘူး၊ မစွန့်ပါဘူး၊ ယော-ခုတော့ ယုံကြည်နေတယ်၊ အဲဒီယုံကြည်တာကို သဒ္ဓါလို့ခေါ်တယ်။

ဒီတော့ ဒီလိုစွန့်ကြ ပေးကမ်းလှူဒါန်းမှုလေး ပေါ်လောက်တင် ယုံကြည်ချက် သဒ္ဓါအားက ရပ်နေလို့ မရဘူး၊ သီလလုံလုံခြုံခြုံ ထိန်းသိမ်းရင် သံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန် သွားလမ်းမှာ ကိုယ်စိတ်နှစ်ပါး ချမ်းချမ်းသာသာနဲ့ဖြစ်နိုင်တယ် . . . လို့ ယုံကြည်လိုက်ပါအုန်း၊ အဲလို ယုံကြည်တော့ သီလအား သီလလုံခြုံအောင် ကိုယ့်ကိုယ်ကို ထိန်းလာလိမ့်မယ်၊ မျက်မှောက်ရှော မျက်ကွယ်ရှော၊ သဒ္ဓါအား ကောင်း ကောင်းသလို ယုံကြည်မှု အားကောင်း ကောင်းသလို ထိန်းလာလိမ့်မယ်၊ ကိုယ့်ရဲ့ သဒ္ဓါအား ဘယ်လောက်ရှိတယ် မရှိဘူးဆိုတာကို မျက်မှောက် မျက်ကွယ် ကိုယ့်ကိုယ်ကို ပြန်ပြီးတော့ မေးကြည့်၊ သူများရှေ့ကျတော့ လှူပါတယ်၊ တန်းပါတယ်၊ သူများရှေ့ကျတော့ သီလများ ထိန်းပါတယ်၊ သူများမျက်ကွယ်ကျတော့ သတ်တာ ဖြတ်တာလေးပါချင်သေး တယ်ဆိုရင် ဩော် . . ငါ သူတော်ကောင်း သဒ္ဓါအား သေးသေးသကိုး၊ အားနည်းသေးသကို၊ ပိန်သေးသကိုးလို့သာ မှတ်တော့။

သူများရှေ့ကျတော့ လုပ်ပါတယ်၊ ကုသိုလ်ကောင်းမှုတွေ မျက်ကွယ် ကျတော့ ခိုးစရာရှိ၊ ခိုးလိုက်ချင်သေးတယ်၊ ကာမေသုမိစ္ဆာစာရစတဲ့ သူများ သားမယား အိမ်ရာကျူးလွန်လိုက်ချင်သေးတယ်၊ သစ္စာမရှိ ဂတိမတည် **လိမ်လိုက်၊** ညာလိုက်ချင်သေးတယ်၊ မသိမသာဆိုရင် အသောက်အစားလေး များလုပ်လိုက် ချင်သေးတယ်ဆိုရင် ငါ့သဒ္ဓါအား သဒ္ဓါဗလ အားနည်းသေးသကိုးလို့သာ ဆုံးဖြတ်ချက်ချလိုက်၊ အဲဒါသူတော်ကောင်းအားခေါ်တယ်၊ သူတော်ကောင်းအား သဒ္ဓါအား တင်းနေတဲ့ အလောင်းတော်ကြီးတွေကျတော့ မျက်မှောက်ရှော

http://www.dhammadownload.com



မျက်ကွယ်ရော မရှားဘူး၊ အဲဒါက ဒါနအား၊ ဒါနသီလပေါ်မှာ ယုံကြည်တဲ့သဒ္ဓါအား၊ မဂ်ဖိုလ် နိဗ္ဗာန်မြင်ဖို့ရာအတွက် မိမိရဲ့ ခန္ဓာဖြစ်ပျက် ရုပ်နာမ် ဓမ္မသဘာဝကို သုံးသပ်တဲ့ ဝိပဿနာအလုပ်မှ အားမထုတ်သေးလို့ ရှိရင် မဂ်ဖိုလ်နိဗ္ဗာန်နဲ့ ငါအဝေးကြီး ရှိသေးတယ်၊ ဒီတော့ ရုပ်နာမ်နှစ်ပါး ဖြစ်ပျက်ပေါ်ကို မြင်အောင် ရှုပွားတဲ့ ဝိပဿနာအ လုပ်တော့ အားထုတ်ဖြစ်အောင် အားထုတ်အုန်းမှဖြစ်မယ်၊ အားထုတ် ပြီးတော့ လည်း မှန်မှန်တစ်နေ့ ငါးမိနစ်ပဲ တတ်နိုင်တတ်နိုင်၊ အားထုတ်နေမှသာလျှင် မဂ်ဖိုလ် နိဗ္ဗာန်ရမယ်လို့ ယုံကြည်ချက်အားက အဲဒါ ဝိပဿနာဓမ္မ၊ တရားဓမ္မ ဘာဝနာ တရားတော်ကိုပါ ယုံကြည်တဲ့ သဒ္ဓါအား လို့ခေါ်တယ်၊ အဲဒါသူတော် ကောင်းအား ဖြစ်ပါတယ်။

ဒီတော့ စွန့်ကြဲပေးကမ်း လှူဒါန်းရုံလောက်ကလေးနဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလလေး ထိန်းတတ်ရုံနဲ့ ထိန်းနိုင်ရုံနဲ့ အားမရလိုက်သေး ဘဲ၊ ဩ - လူ့ဘဝ လူ့ခန္ဓာရတဲ့အခိုက် မဂ်ဖိုလ်နိဗ္ဗာန်နဲ့ နီးနိုင်သမျှ နီးအောင် ဆိုရင် သမထ ဝိပဿနာ ဘာဝနာအလုပ်နဲ့ နေ့စဉ်အားထုတ်နိုင်မှဖြစ်တယ် . . . လို့ ယုံကြည်တဲ့ သဒ္ဓါအား ပြည့်လာအောင် ကြိုးစားလိုက်ပါအုန်း၊ အဲဒီ သဒ္ဓါအား ဦးစီးတဲ့၊ သတိအား ဝီရိယအား သမာဓိအား ပညာအားဆိုတဲ့ သူတော်ကောင်း အားနဲ့ ပြည့်စုံပါရစေ . . . လို့ ဟောဒီဘက်ကို စိတ်ညွတ်ထား။

နောက်ထပ်တစ်ခါ မေးပြန်တယ်၊ **"ကိံဒဒေါ ဟောတိ ဝဏ္ဏဒေါ"**

ဘန္တေ- ဘုန်းတော်နေဝန်း, ထွန်းလင်းတော်မူသော မြတ်စွာဘုရား၊ ကိံဒဒေါ-အဘယ်အရာကို, သဒ္ဓါကြည်ဖြူ, ပေးလှူလေ့ရှိသောပုဂ္ဂိုလ်သည်၊ ဝဏ္ဏဒေါ- အဆင်းရုပ်ရည် လှူဒါန်းသည်မည်ပါသနည်း၊ မြတ်စွာဘုရား တပည့်တော်တို့ လောကမှာ ဥပမိရုပ်ဆင်းနဲ့ ပြည့်စုံခြင်း၊ အဆင်းလှခြင်းဆိုတာ လည်းဂုဏ်တစ်မျိုးဖြစ်ပါတယ်ဘုရား၊ ဒီတော့ အဲဒီအဆင်း ဥပမိနဲ့ပြည့်စုံဖို့ ရုပ်အဆင်းလှပ ချောမောဖို့ရာအတွက် ဘယ်လိုကုသိုလ်များ လုပ်ရပါသလဲဘုရား . . . လို့ မေးတာ၊ မေးတော့ မြတ်စွာဘုရားကဖြေတယ်။ **"ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ"** -ဘောဒေဝပုတ္တ- သိလိုရေးနှင့်, မေးလျှောက်လာငြား, အိုနတ်သား၊ ဝတ္ထဒေါ- ဝတ်စားတန်ဆာ, ဒွါဒရာတွေကို, သဒ္ဓါကြည်ဖြူ, ပေးလှူလေ့ရှိသော ပုဂ္ဂိုလ်သည်၊ ဝဏ္ဏဒေါ- အဆင်းဥပမိရုပ်ရည် လှူဒါန်းသည်မည်ပေ၏။

မိမိမှာ . . . တဲ့ အဆင်းဥပမိရုပ်ရည်နဲ့ ပြည့်စုံချင်ရင် လှလှပပဖြစ်ချင်ရင် သူတစ်ပါးကို လှအောင်ပအောင် အရင်ပြုရတယ် . . . တဲ့၊ အရင်ပြုရတယ်၊ ပြီးတော့ သူတစ်ပါးကို အလှူခံပုဂ္ဂိုလ် လှသွားအောင် ဥပမိရုပ်ကောင်းသွားအောင်

http://www.dhammadownload.com



လှပအောင် ဘာကုသိုလ်ပြုရတုန်းဆိုတော့ ဝတ်စားတန်ဆာ လှူရတယ်၊ ဝတ်ထည်ဖျင်စင်းတို့ လက်ဝတ်ရတနာ ခြေဝတ်ရတနာ ခေါင်းဝတ်ရတနာ အစရှိတဲ့ တန်ဆာဒွါဒရာတွေ လှူရတယ် . . . တဲ့၊ လှူရတယ်၊ အဝတ်ဟာ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ လှမလှကို ဘယ်လိုလုပ်တယ်ဆိုတာ သိရအောင် အမျိုးသားတစ်ယောက် သို့မဟုတ် အမျိုးသမီးတစ်ယောက် နဂို ချောမောလှပနေတဲ့သူပင် ဖြစ်ပါစေ၊ အဝတ်က စုတ်စုတ်ပြတ်ပြတ်တွေ ဝတ်လာရင် ညှိုးညှိုးနွမ်းနွမ်းတွေ ဝတ်လာရင် ဟောင်းဟောင်းမြင်းမြင်းတွေ ဝတ်လာရင် နဂိုရှိနေတဲ့ အလှပင် ကျက်သရေ ပျက်သွားတယ်၊ နဂိုချောမောနေတာပင်လျှင် အရုပ်ဆိုးသွားတယ်၊ ဟောဒါ အဝတ်က ရုပ်ကို ဘယ်လိုပြုပြင်တယ်ဆိုတာ သိသာတယ်။

ပုဂ္ဂိုလ်တစ်ယောက်ကတော့ အမျိုးသားတစ်ယောက်ကတော့ အမျိုးသမီးတစ်ယောက်ကတော့ ရုပ်ဆိုးဆိုးပါပဲ၊ သိပ်မချောမောလှပါဘူး၊ ဒါပေမယ့်လို့ အဝတ်အစား သပ်သပ်ရပ်ရပ် ကျကျနန ဝတ်တတ်တယ်၊ ဆင်တတ်တယ်၊ အထက်နဲ့အောက် လိုက်အောင်ဝတ်တတ် ဆင်တတ်တယ်၊ သန့်သန့်ပြန့်ပြန့် အဝတ်ကို ဝတ်လာတယ်၊ ဆင်သင့်ဆင်ထိုက်တဲ့ အဆင်တန်ဆာတွေ ဆင်လာတယ်လို့ဆိုရင် အဲဒီပုဂ္ဂိုလ် နဂိုကထက် ရုပ်ချောသလို ဖြစ်သွားတယ်။ ကျက်သရေရှိသလို ဖြစ်သွားတယ်၊ ဒါကြောင့် ရှေးလူကြီးတွေက "လူမှာအဝတ် တောင်းမှာအကွပ်"လို့ စကားပုံ လုပ်ခဲ့ကြတယ်၊ ဒါကြောင့် အဝတ်တန်ဆာဟာ လူရဲ့ဥပမိရုပ်ကို ကောင်းဆိုးနှစ်ပါး ခွဲခြားနိုင်တယ်၊ ဒါကြောင့် အလှူခံပုဂ္ဂိုလ်တို့အား ဥပမိရုပ်ဆင်းကို လှူဒါန်းရာ ရောက်အောင် ဝတ်စားတန်ဆာ ဒွါဒရာကို လှူရတယ် . . . . . . တဲ့လို့ ဘုရားက မိန့်တော်မူတယ်။

ဒီတော့ ဝတ်စားတန်ဆာ ဒွါဒရာကို လှူဒါန်းလိုက်ခြင်းဖြင့် အလှူခံပုဂ္ဂိုလ်လည်း ဥပမိရုပ်ဆင်းကိုလည်း လှူဒါန်းပြီးသားဖြစ်တယ်၊ ဒီနေ့ ဂန္ဓာရုံ တိုက်သံဃာတော်တို့အား သင်္ကန်းအစုံ (၃၀) ဒါ ဝဏ္ဏဒေါ်ခေါ် တာပေါ့၊ အဆင်းကိုလည်း လှူဒါန်းရာရောက်တယ်၊ ဒီသင်္ကန်းကို ဝတ်ရုံပြီး သပ်သပ်ရပ်ရပ် ရုံပြီးတော့ များကြွလာ၊ အင်မတန်ကျက်သရေရှိတယ်၊ ကိုယ်တော်လေးတွေ ဒီတော့ အဲဒီလို အလှူခံပုဂ္ဂိုလ်တို့အား အဆင်းဥပမိရုပ်ရည်ကို လှူဒါန်းရာ ရောက်တဲ့ သင်္ကန်းဒွိစုံ အစုံ (၃၀) ကို လှူဒါန်းရတဲ့ကုသိုလ်စေတနာကြောင့် ယနေ့ အလှူ့ဒကာ အလှူ့အမ ကျောင်းဒကာ ကျောင်းအမမိသားစု မောင်နှမတတွေမှာ ဥပမိရုပ်ဆင်းနဲ့ ပြည့်စုံခြင်းဆိုတဲ့ အကျိုးပြန်ပြီးတော့ ရတော့မယ် . . . တဲ့၊ ရမယ်။

http://www.dhammadownload.com



ဒီတော့- အဲဒီလောက ပကတိ ခန္ဓာကိုယ် ရုပ်ရဲ့လှတာကိုတော့ တောင်းမနေနဲ့တော့ သူ့ဟာသူလှမှာပဲ၊ ကိုယ်က အကြောင်းအားထုတ်ထားမှတော့ အကျိုးက ပြန်ရမှာ ဆုမတောင်းနဲ့၊ ကာမာဝစရနယ်က ဒုက္ခသစ္စာနယ်က အအိုမလွတ်တဲ့ အလှမယ်ကို ဆုတောင်းမနေနဲ့၊ ဘယ်လောက် ရုပ်ရည် ချောမောလှပအောင် ဆုတောင်းထားလို့ ပြုထားလို့ လှပနေပေမယ်လို့ ဇရာမမွကြီး အအိုမမွကြီးက နှိပ်စက်ပြီဆိုရင် တစ်နေ့နောက်ဆုံး ဘုံးဘုံးလဲရတာပဲ၊ အလှတွေ မှန်သမျှ ဇရာလက်အောက်မှာ ပျောက်ကြရတာပဲ၊ ဇရာတရားရဲ့ ခြေဖျားအောက်မှာ ပျောက်ကြရတာချည်းပဲ၊ ဒီတော့ အဲဒီ ပကတိ ခန္ဓာကိုယ် အလှကိုတော့ ဆုမတောင်းနဲ့၊ ဘာအလှဆုတောင်းရမှာတုန်းဆိုတော့ သီလ အလှကိုဆုတောင်း . . . တဲ့၊ သီလအလှ၊ သီလဟာ အလှဆုံး၊ သီလမပါဘူးဆိုရင် ရုပ်အဆိုးဆုံး၊ ဘယ်လောက်ပဲ ပစ္စည်းပေါပြီးတော့ပဲ သူဌေးသား သူဌေးသမီးဖြစ်နေလို့ ပစ္စည်းပေါနေလို့ လှတယ် ထင်ရပေမယ်လို့ ငါးပါးသီလမလုံဘူး ဆိုရင် လူရေတိစ္ဆာန်တွေရော သတ်စရာရှိသတ်နေတယ်ဆိုရင် ဘေးကကြည့်လို့ မကောင်းပါဘူး။

သို့မဟုတ် သူများပစ္စည်းတွေ မတော်မတရားတိုက်ခိုက်လုယက် ခိုးဝှက်တတ်တယ်ဆိုရင် ကြည့်လို့မကောင်းပါဘူး၊ သူများသားမယားအိမ်ရာတွေ ကျူးလွန် ဖောက်ဖျက်နေတတ်သေးတယ် ဆိုရင်ကြည့်လို့မကောင်းဘူး၊ သူတော်ကောင်းတွေက ကြည့်လို့မကောင်းဘူး၊ သူယုတ်မာ အချင်းချင်းတော့ ကြည့်ကောင်းမှာပေါ့၊ သစ္စာမရှိ ကတိမတည် လိမ်ညာပြောဆိုနေသေးတယ် ဆိုရင် ကြည့်လို့မကောင်းပါဘူး၊ သောက်ဟယ် စားဟယ် ရူးဟယ် မူးဟယ်ဆိုလို့ ရှိရင်လည်းပဲ ကြည့်လို့ကို မကောင်းဘူး၊ အဲဒါ သီလမရှိတဲ့အတွက် မလှတာဘဲ ဒါက ဒီဘက်ဘဝမှာလှတာ၊ နောင်သံသရာ မလှတဲ့ လူကရှိသေးတယ်၊ ဒီ ဘက်ဘဝက ပါဏာတိပါတတွေနဲ့ သူ့အသက်သတ် သူများညှင်းဆဲ သတ်ဖြတ် သွားတဲ့သူက လူရယ်လို့ လာပြီးတော့ ဖြစ်တောင်မှ လက်တစ်ဖက်ပြတ်ကလေးဖြစ်၊ ခြေတစ်ဖက်ပြတ်ကလေးဖြစ်၊ ဟော့- မလှဘူး မလှဘူး အရုပ်ဆိုးလိုက်တာ၊ ငယ်ငယ်လေးနဲ့ ရောဂါတွေများ၊ ငယ်ငယ်လေးနဲ့ ရောဂါတွေ ထူပြောပြီးသေ၊ ဟော- မလှလိုက်တာ ပါဏာတိပါတရဲ့ သီလပျက်လာတဲ့အတွက် ခန္ဓာကိုယ်မှာ လာပြီးတော့ အလှပျက်တယ်၊ ပစ္စည်းကတော့ ပေါတယ်၊ သူဌေးသား သူဌေးသမီးတဲ့ ရုပ်ကလည်းချောပါတယ်၊ ခန္ဓာကိုယ်ရုပ်လည်းချောပါတယ်၊ အဲဒါပေမယ့်လို့ ပါဏာတိပါတသီလအလှက မဆင်ခဲ့တဲ့အတွက် လက်တစ်ဖက်ပြတ်၊ ခြေတစ်ဖက်ပြတ်၊ မျက်စိတစ်ဖက်ကွယ်၊ နားတစ်ဖက်ပဲ့။

http://www.dhammadownload.com


အဒိန္နာဒါနသီလကြီးပျက်စီးခဲ့တဲ့အတွက် နောက်ဖြစ်လေရာဘဝမှာ မွဲလို့တေလို့ ဟော၊ ကာမေသုမိစ္ဆာရသီလကြီး ပျက်ခဲ့တဲ့အတွက် ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်ဘဝတွေ ဖြစ်လို့၊ ယောကျ်ားပီပီ၊ မိန်းမပီပီ မဟုတ်ဘဲ ယောကျ်ားမပီ၊ မိန်းမမပီဖြစ်။ သစ္စာကတိမတည်တဲ့ မုသာဝါဒသီလကြီးပျက်ခဲ့တဲ့အတွက် ဖြစ်လေရာဘဝမှာ ဩဇာမညောင်း၊ သူပြောလိုက်ရင် ဩဇာမရှိ နှုတ်ခမ်းထူ သွားကျဲ ပါးစပ်မလှ။ သုရာမေဒယခေါ်တဲ့ သေရည်သေရက် သောက်စားမှုတွေကို ပြုလုပ်ခဲ့တဲ့အတွက် ဖြစ်လေရာဘဝ လူရယ်လို့ လာဖြစ်တောင်မှ ပစ္စည်းရှိ သူဌေးသား သူဌေးသမီးတွေ လာပြီးတော့ ဖြစ်တောင်မှ အထိုင်းလေး၊ အဖျင်းလေး၊ အ, အလေး၊ အန,လေး လာပြီးတော့ဖြစ် မလှလိုက်တာ၊ မလှလိုက်တာ၊ သီလ မရှိပြီဆိုရင် အကုန်ရုပ်ပျက်ကုန်တာပဲ၊ ဒါကြောင့် သူတော်ကောင်းကြီးတွေနယ်က သီလ အလှကို ဆုတောင်. . . တဲ့၊ သီလအလှနဲ့ လှပါစေ. . လို့၊

ဟော- ဒါကြောင့် ဒီနေ့ ဝတ်ထည် ဖျင်စင်းတွေ အလှူတွေ ပါနေတယ်၊ သင်္ကန်းအလှူတွေပါနေတယ်၊ အဲဒီသင်္ကန်းအလှူကို လှူလိုက်ရတဲ့အတွက် ဂန္ဓာရုံတိုက်သံဃာတော်တို့ ကျရာသံဃာဝတ်ဆင်တဲ့အခါမှာ တပည့်တော် သင်္ကန်းအစုံ (၃၀) ကိုကျရာသံဃာများ ဝတ်ဆင်လို့ အဲဒီသံဃာတော် အရှင်မြတ် (၃၀) ဥပမိရုပ်ဆင်းနဲ့ ပြည့်စုံ၊ ကျက်သရေတွေနဲ့ ပြည့်စုံသလို တပည့်တော်တို့သည်လည်း သံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန်လမ်းကြီး သွားရာလမ်းမှာ သူတော် ကောင်းကြီးတွေနယ်က အလှလို့ သမုတ်ကြတဲ့ သီလအလှနဲ့ တပည့် တော်တို့ ပြည့်စုံပါစေ. . .၊ ရောက်လေရာဘဝတိုင်းမှာ ငါးပါးသီလကို လုံလုံ ထိန်းသိမ်းနိုင်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ပါစေ၊ အနည်းဆုံး ငါးပါးသီလကို လုံအောင်ထိန်းသိမ်းနိုင်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ပါစေ. . .၊ သီလအလှတန်ဆာကို ဆင်ပြင်နိုင်သူတွေ ဖြစ်ပါစေ. . . လို့ ဆုတောင်း။

နောက် (၃) နံပါတ် နတ်က မေးပြန်တယ်။ **"ကိံဒဒေါ သုခဒေါ ဟောတိ"** ဘန္တေ-ဘုန်းတော်နေဝန်း, ထွန်းလင်းတော်မူသော မြတ်စွာဘုရား၊ ကိံဒဒေါ-အဘယ်အရာကို, သဒ္ဓါကြည်ဖြူ, ပေးလှူလေ့ရှိသော ပုဂ္ဂိုလ်သည်၊ သုခဒေါ-ကိုယ်စိတ်နှစ်ဖြာ, ချမ်းသာကို, လှူဒါန်းရာ ရောက်ပါသနည်းဘုရား။ မြတ်စွာဘုရား၊ လောကမှာ ပစ္စည်းမရှိတာ ရှိတာက အဓိကမဟုတ်ဘူးဘုရား ရုပ်ချောတာ မချောတာက အဓိက မဟုတ်ဘူးဘုရား၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုရှိနေတာက လိုရင်းပါဘုရား . . .၊ ဒီတော့ -ကိုယ်စိတ်နှစ်ပါး ချမ်းသာမှု ဘယ်ဘဝ ဘယ်နေရာ

http://www.dhammadownload.com



ရောက်ရ ရောက်ရ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုရှိနေအောင် ဘယ်ကုသိုလ်မျိုးများ ပြုရပါတုန်းဘုရား . . .၊ ဘယ်အလှူထုပ်များ လုပ်ရပါတုန်းဘုရား . . . လို့မေးတယ်၊ ဒီတော့ မြတ်စွာဘုရားက ဖြေတယ်၊ "ယာနဒေါ သုခဒေါ ဟောတိ" ဘောဒေဝ ပုတ္တ-သိလိုရေးနှင့်, မေးလျှောက်လာငြား, အိုနတ်သား၊ ယာနဒေါ-လိုရာစခန်း, မပင်ပန်းဘဲ, ဖြောင့်တန်းမှန်စွာ, သွားလာရာ, သွားလာကြောင်းဖြစ်တဲ့ ယာဉ်အပေါင်းကို, ငြိမ့်ညောင်းကြည်ဖြူ ပေးလှူလေ့ရှိသော ပုဂ္ဂိုလ်သည်၊ သုခဒေါ-ကိုယ်စိတ် နှစ်ဖြာ, ချမ်းသာကို လှူဒါန်းရာရောက်၏။

အေး- ဖြစ်လေရာဘဝ ကိုယ်စိတ်နှစ်ပါး ချမ်းချမ်းသာသာဖြစ်ချင်ရင် . . . တဲ့ အလှူခံပုဂ္ဂိုလ်တို့အား ကိုယ်စိတ်နှစ်ပါး ချမ်းချမ်းသာသာ ပြုရာရောက်တဲ့ ယာဉ်အလှူကို လှူရတယ် . . . တဲ့၊ ယာဉ်အလှူကို လှူရတယ်၊ ယာဉ်ဆိုတာ အခု ကာလသိနေတဲ့ မော်တော်ကားယာဉ်, မီးရထားယာဉ်, လေယာဉ်, လှေယာဉ်, လှည်းယာဉ်, ဒါယာဉ်တွေပေါ့၊ ယာဉ်ဆိုတဲ့ သဘောက သွားလာတဲ့နေရာမှာ မပင်မပန်း သွားလာကြောင်းဖြစ်တာကို ယာဉ်လို့ခေါ်တယ်၊ ဒီတော့ ခုနပြောတဲ့ မော်တော်ကားနဲ့ သွားရမည့်နေရာ မော်တော်ကား လှူလိုက်၊ ရထားနဲ့ သွားရမည့် နေရာ ရထားလက်မှတ် ဖြတ်လှူလိုက်၊ လေယာဉ်နဲ့ သွားမှဖြစ်ရမယ့် နေရာ လေယာဉ်လက်မှတ်ဖြတ်လှူလိုက်၊ လှည်းနဲ့ သွားရမယ့်နေရာ လှည့်နဲ့ပို့၊ လှေနဲ့သွား ရမယ့်နေရာ လှေနဲ့ပို့တော့ သွားရတဲ့ ပုဂ္ဂိုလ် အလှူခံပုဂ္ဂိုလ်မှာ ချမ်းသာ . . . လို့ ချမ်းသာလို့၊ ယာဉ်ဆိုတာ- လှေယာဉ်, လှည်းယာဉ်, ကားယာဉ်တွေတင် မကပါ ဘူးတဲ့-စာထဲက ဖိနပ်တို့ ထီးတို့ တောင်ဝှေးတို့ဟာလည်း ယာဉ်ပါပဲ၊ ဘုန်းတော်ကြီး တစ်ပါး ဖိနပ်မပါဘဲနဲ့ သွားရလို့ရှိရင် နေပူဒဏ်ကြောင့် ဖဝါးတွေ ပူမယ်၊ ဒုက္ခ ရောက်မယ်၊ သို့မဟုတ် မိုးရွာထားလို့ ခြေထောက်အေးပြီးတော့ ဒုက္ခရောက်မယ်၊ သို့မဟုတ် ဆူးတွေခလုတ်တွေ ငြောင့်တွေထိုးလို့ ကြိတ်လို့ မြွေကင်းသန်းတွေ ကိုက်လို့ ထိလို့ ဒုက္ခရောက်နိုင်တယ်။

ဟော-ဖိနပ်ကိုလှူလိုက်တော့ ဒီဖိနပ်ကလေး စီးသွားရတော့ အပူဒဏ် သက်သာ ကိုယ်စိတ်နှစ်ပါး ချမ်းသာလို့ အအေးဒဏ် သက်သာ၊ ကိုယ်စိတ်နှစ် ပါးချမ်းသာလို့ ဆူးငြောင့်ခလုတ်တွေ ဘေးဒဏ်ကသက်သာ ကိုယ်စိတ်နှစ်ပါး ချမ်းသာလို့၊ ထီးလေးဆောင်းပြီး သွားတော့ နေပူဒဏ် သက်သာ၊ မိုးရွာဒဏ် သက်သာ၊ သူအိုတွေများ`တောင်ဝှေးလှူဒါန်း၊ တောင်ဝှေးလည်းယာဉ်ထဲ ပါတယ်၊ ဟော-တောင်ဝှေးလေး လှူဒါန်းတော့ တောင်ဝှေးလေးနဲ့ ထောက်ပြီး သွားရတော့ အားပြုသွားရတော့ချမ်းသာ၊ ဒီလိုမဟုတ်ရင် တောင်ဝှေးမပါရင် ဂိုယိုင်သွား

http://www.dhammadownload.com



ဟိုဒီထိုးသွား၊ မူးတူး မိုက်တိုက်နဲ့ ဒုက္ခရောက် ကိုယ်စိတ်နှစ်ပါးဆင်းရဲ တောင်ဝှေး လေး လှူဒါန်းလိုက်ခြင်းဖြင့် တောင်ဝှေးကိုထောက်ပြီးတော့ သွားရခြင်းဖြင့် ကိုယ်စိတ်နှစ်ပါးချမ်းသာ ထီးအလှူ တောင်ဝှေးအလှူဟာလည်း ယာဉ်အလှူပါပဲ၊ ဒါတင်ဘယ်ကမှာတုန်းတဲ့၊ တံတားအလှူ, သစ်သားတံတား အလှူ, မြေတံတား ဆောက်ပြီးတော့လှူ, အုတ်တံတားဆောက်ပြီးလှူ ဒါတွေလည်း ယာဉ်အလှူထဲမှာ ပါတယ်၊ ဒါကြောင့် ယာဉ်အလှူကိုလှူဒါန်းသောပုဂ္ဂိုလ်အား မပင်မပန်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းဆိုတဲ့ ချမ်းသာကို လှူဒါန်း ရာရောက်တယ် . . . တဲ့၊ လှူဒါန်းရာရောက်တယ်၊ အဲဒီလို လှူဒါန်းလိုက်ရတဲ့အတွက် မိမိမှာလည်းပဲ မဂ်ဖိုလ်နိဗ္ဗာန်စခန်းသွားရာ ခရီးလမ်းမှာ ကိုယ်စိတ် နှစ်ပါး ချမ်းသာခြင်းဆိုတဲ့ ချမ်းသာသုခနဲ့ ပြည့်စုံနိုင်တယ် . . . လို့ ဘုရားက ပြန်ဖြေတယ်။

ဒီတော့ -ဒီနေ့ ဒကာ ဒကာမတွေက ဒီလို တပည့်တော်တို့ ယာဉ်အလှူကို လှူဒါန်းရတဲ့အတွက် ကိုယ်စိတ်နှစ်ပါးချမ်းသာမှု လောကပကတိ ကိုယ်စိတ် နှစ်ပါး ချမ်းသာမှုသာမယူလိုက်နဲ့ မတောင်းလိုက်နဲ့၊ ဘယ်ချမ်းသာထိ မျှော်ရမှာ တုန်းလို့ဆိုတော့ ဈာန်ချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ အဲဒီ ချမ်းသာကြီးတွေထိ တပည့်တော်တို့ ပြည့်စုံပါရစေ . . ၊ သံဃာတော်တွေကို အကြောင်းအားလျော်စွာ တပည့်တော်တို့ မော်တော်ကား လှူရတယ်၊ စာချ ဘုန်းကြီးတွေ နာယကတွေ သွားစရာ လာစရာရှိ၊ စာသင်သား သံဃာတော်တွေ စာဖြေတွေ သွားစရာ လာစရာရှိ ဒီကျောင်း ဒကာ ကျောင်းအမတွေ မော်တော်ကား လှူနေကြတာပဲ၊ အဲဒီလို ကားယာဉ်, ရထားယာဉ်, လေယာဉ် လက်မှတ် အစရှိသည်တို့ကိုလှူဒါန်းရတဲ့ ကုသိုလ်စေတနာကြောင့် အရှင်ဘုရားတို့ အလှူခံ ပုဂ္ဂိုလ်တွေမှာ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြသလို၊ တပည့်တော်တို့လည်း သံသရာ စခန်း မဂ်ဖိုလ်နိဗ္ဗာန်လမ်းခရီးကြမ်းကြီးကို သွားရတဲ့နေရာမှာဖြစ်လေရာ ဘဝ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှု၊ လောက ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုသာမက တရားဓမ္မနဲ့ ချမ်းသာမှုဆိုတဲ့ ဈာန်ချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန် ချမ်းသာကြီးတွေအထိ ရပါစေ . . ၊ ဈာနသုခ မဂ္ဂသုခ ဖလသုခ နိဗ္ဗာနသုခဆိုတဲ့ သုခအမျိုးမျိုးနဲ့ ပြည့်စုံပါရစေ . . လို့ စိတ်ကို အဲဒီဘက်ကို ညွတ်ထားပါ။

နောက်ဆုံး နတ်သားက မေးတယ် (၄) နံပါတ် "ကိံဒေါ ဟောတိ စက္ခုဒေါ" ဘန္တေ- ဘုန်းတော်နေဝန်း ထွန်းလင်းတော်မူသော မြတ်စွာဘုရား၊ ကိံဒေါ- အဘယ်အရာကို, သဒ္ဓါကြည်ဖြူ, ပေးလှူလေ့ရှိသော ပုဂ္ဂိုလ်သည်၊ စက္ခုဒေါ- အမြင်သန်ဘိ, မျက်စိကို လှူဒါန်းရာရောက်ပါသနည်းဘုရား၊ (၄)

http://www.dhammadownload.com



နံပါတ်မြောက် မေးတဲ့ နတ်က မျက်စိအမြင်သန်တာဟာလည်းဘုရား လောကမှာ လာဘ်ကြီးတစ်ပါး ဆုကြီးတစ်ပါးဖြစ်ပါတယ်၊ ဒီတော့-မျက်စိအမြင်သန်ဖို့ တပည့်တော်တို့ ဘာအလှူများ လှူရမှာတုန်းဘုရား . . . ဘယ်လို ကုသိုလ် ကောင်းမှုလုပ်ရမတုန်းလို့ မေးတာ၊ ဒီတော့ မြတ်စွာဘုရားက ဘယ်နှယ့် ပြန်ဖြေတုန်း ၊ "ဒီပဒေါ ဟောတိ စက္ခုဒေါ" ဘောဒေဝပုတ္တ- သိလို ရေးနှင့် မေးလျှောက်လာငြား အိုနတ်သား၊ ဒီပဒေါ- ဆီမီးတန်ဆောင် အရောင်အလင်းကို လှူဒါန်းသော ပုဂ္ဂိုလ်သည်၊ စက္ခုဒေါ- အမြင်သန်ဘိ, မျက်စိကို လှူဒါန်းရာရောက်၏။

မျက်စိအမြင်သန်ချင်ရင်တဲ့ အလှူခံပုဂ္ဂိုလ်တို့အား မျက်စိအရောင်အလင်းရရာ ရကြောင်းဖြစ်တဲ့ ဆီမီးတန်ဆောင် အရောင်အလင်းကို လှူရတယ် . . . တဲ့၊ လှူရတယ်၊ မီးထွန်းပြီးလှူ လျှပ်စစ်မီးလှူ ပကတိ ဆီမီးလှူ မီးထွန်းပြီးထားလိုက်တော့ မှောင်မိုက်နေတဲ့နေရာ မီးထွန်းပေးထားလိုက်တော့ သွားရာလာရာမှာ သွားလာတဲ့ပုဂ္ဂိုလ်တွေ ကျင်းထဲမကျ၊ ချိုက်ထဲမကျ၊ မြွေကင်း သန်းနဲ့မတွေ့၊ ချမ်းချမ်းသာသာ မျက်စိအမြင် ကောင်းကောင်းနဲ့ သွားနိုင်ကြတယ်၊ အမြင်သန်သန်နဲ့ သွားနိုင်ကြတယ်၊ အဲဒီလို အလှူခံပုဂ္ဂိုလ်တို့အား မျက်စိ အမြင် သန်သန် မျက်စိအမြင် အားရှိရှိနဲ့ သွားနိုင်လာနိုင်စေခြင်း အကျိုးငှာ မီးလုံးမီးချောင်း ဆီမီးတန်ဆောင် အရောင်အလင်းကို လှူဒါန်းလိုက်ခြင်းသည် အဲဒီအလှူခံပုဂ္ဂိုလ်အား အမြင်သန့်မှုကို ပြည့်စုံစေသလို မိမိမှာလည်းပဲ ဖြစ်လေရာဘဝမှာ မျက်စိအမြင်သန်ခြင်းဆိုတဲ့ အကျိုးကို ပြန်ပြီးတော့ ရတယ် . . . တဲ့၊ ရတယ်။

ဟော-ဒီတော့ ဒီနေ့ အလှူ့ဒကာ အလှူ့အမတွေက အဲဒီမျက်စိ၊ ပကတိမျက်စိအမြင်သန်မှုသာ ဆုမတောင်းနဲ့၊ ဉာဏမျက်စိလို့ခေါ်တဲ့ ဉာဏ်မျက်စိ အမြင်သန်ဖို့ ထိအောင် ဆုတောင်းလိုက်၊ ပကတိမျက်စိအမြင်သန် မှုက ဇရာဒုက္ခကြီးဖိစီးလို့ရှိရင် ပြန်မှုန်မှာပဲ၊ ဉာဏ်မျက်စိလို့ခေါ်တဲ့ ဉာဏ်မျက်လုံး အမြင်သန်မှုကျတော့ မဂ်ဖိုလ်နိဗ္ဗာန်ကြီးတွေထိ၊ ထိုးထွင်းမြင်သွားနိုင်တယ်၊ ဘုန်းကြီးတို့ အခုနိဗ္ဗာန်ဆိုတဲ့ တရားဟာ အဟုတ်ရှိနေရက်နဲ့ အသိခက်တယ်၊ ရှိတာကတော့ အဟုတ်ရှိတယ်၊ ပရမတ္ထသဘာဝအနေနဲ့ ဘုန်းကြီးတို့ မမြင်ကြသေးဘူး၊ အဲဒါ နိဗ္ဗာန်ကမရှိလို့မမြင်တာမဟုတ်ဘူး၊ ဘုန်းကြီးတို့ရဲ့ ဉာဏ်အားက နည်းနေကြသေးလို့။

ဒါကြောင့် ကျောင်းဒကာ ကျောင်းအမ ဒကာ ဦးစိန်ကြည်အမှူးထားတဲ့ ညီအစ်ကို မောင်နှမတွေ ကျောင်းဒကာ ကျောင်းအမတွေရဲ့ ဉာဏ်အား ဉာဏ်မျက်လုံး အားနည်းနေသေးလို့ ဒီတော့ အဲဒီဉာဏ်အားနည်းနေတဲ့ ဉာဏ်မျက်လုံးပေါ်မှာ ဝိပဿနာမျက်မှန် တပ်ပြီးတော့ နိဗ္ဗာန်မြင်အောင် ကြည့်ရမှာ

http://www.dhammadownload.com



ဝိပဿနာ ဒီဂရီအားထည့်ပြီးတော့ ကြည့်ကြရမှာ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့ ဘတ္တရီအားကြီးတွေ ထည့်ပြီးတော့ ကြည့်တော့ နိဗ္ဗာန်မြင်လိမ့်မယ်၊ ဒီတော့ အဲဒီနိဗ္ဗာနစာတ်ကို မြင်နိုင်တဲ့ ဉာဏ်အားကြီးတွေ ပြည့်စုံ ဖို့ရာအတွက် တပည့်တော်တို့ ဒီနေ့ပြုတဲ့ ကုသိုလ်ကောင်းမှုတွေက အထောက်အပံ့ ဖြစ်ပါစေ သား . . . လို့ အဲဒီထိ ဆုတောင်းထား၊ ဆုပန်ထား။

နောက်ဆုံး နတ်သားက မေးတယ် "ကောစ သဗ္ဗဒဒေါ ဟောတိ" ဘန္တေ-ဘုန်းတော်နေဝန်း ထွန်းလင်းတော်မူသော မြတ်စွာဘုရား၊ ကောစ ဒဒေါ- အဘယ်အရာကို သဒ္ဓါကြည်ဖြူ ပေးလှူလေ့ရှိသော ပုဂ္ဂိုလ်သည်၊ သဗ္ဗဒဒေါ-ခပ်သိမ်းဥသုံ အလုံးစုံကို သိမ်းကျုံး၍ လှူဒါန်းရာရောက်ပါသနည်းဘုရား၊ ဆိုအပ်ခဲ့တဲ့ လေးမျိုးသောအလုံးစုံကိုအကုန်သိမ်းယူ လှူဒါန်းသည် မည်ပါသနည်းဘုရား၊ နတ်သားမေးလိုက်တဲ့ နောက်ဆုံးပြဿနာက ပါးတယ်၊ ရှေ့ကနတ်သားတွေက တစ်ခုချင်းမေးတာ၊ ရှေးပြဿနာတွေက တစ်ခုချင်း မေးတာ၊ နောက်ဆုံးမေးလိုက်တဲ့ ပြဿနာကျတော့ အဲဒီရှေ့က ပြောခဲ့တဲ့ လေးမျိုးလုံးကို၊ ဆိုပါတော့ -အစာရေစာကို လှူတော့ ခွန်အားဗလနဲ့ ပြည့်စုံတယ်၊ ခွန်အားဗလနဲ့ ပြည့်စုံချင်ရင် အစာရေစာ လှူရတယ်၊ ရုပ်ဆင်းလှပချင်ရင် အဝတ်ထည် ဖျင်စင်းလှူရတယ်၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှု ပြည့်စုံချင်ရင် ယာဉ်ကို လှူရတယ်၊ မျက်စိအမြင်ကို သန့်ချင်လို့ရှိရင် ဆီမီးတန်ဆောင် အရောင်အလင်း လှူရတယ်၊ ဒါ သူ့အကြောင်းနဲ့ သူ့အကျိုး သူ့အကြောင်းနဲ့သူ့အကျိုးလေးမျိုး ရှေ့ကပြဿနာလေးချက်။

အခုနောက်ဆုံး နတ်သားမေးလိုက်တဲ့ ပြဿနာက အဲဒီလေးမျိုးလုံးသော အကျိုးကိုရအောင် တစ်ခုတည်းသော ကောင်းမှုကို ပြုလို့ဖြစ်နိုင်ပါ သလားဘုရားတဲ့ ခွန်အားဗလနဲ့ ပြည့်စုံအောင်၊ ရုပ်အဆင်းနဲ့လည်းပြည့်စုံ အောင်၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုဆိုတဲ့ အကျိုးကိုလည်း ရအောင်၊ ပကတိမျက်စိအမြင်သန့်မှုဆိုတဲ့ အကျိုးကိုလည်းရအောင် အဲဒီအကျိုး လေးမျိုးလုံးကို ရစေနိုင်တဲ့ တစ်ခုတည်းသော ကောင်းမှုရှိပါသလားဘုရား၊ ကုသိုလ်ကောင်းမှု တစ်ခုကို ပြုလိုက်ခြင်းဖြင့် အလှူဝတ္ထုတစ်ခုကို လှူလိုက်ခြင်းဖြင့် ဒီအကျိုးလေး မျိုးလုံးပါဝင်လာအောင် ရလာအောင် ပြုရတဲ့ကုသိုလ်မျိုးများ ရှိပါသလားဘုရား . . . လို့ မေးလိုက်တဲ့ နောက်ဆုံး ပြဿနာက အတော်ပါးတယ်၊ မေးပုံ။ ဒီတော့ ဖြေတာပဲ မြတ်စွာဘုရားက "သောစ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ " ဘော ဒေဝပုတ္တ- သိလိုရေးနှင့် မေးလျှောက်လာငြား အိုနတ်သား၊ ယော- အကြင် အမျိုးသား အမျိုးသမီးအပေါင်း သူတော်ကောင်းသည်၊ ဥပဿယံ- နေစရာ ထိုင်စရာ သိမ်ကျောင်းဇရပ် တန်ဆောင်းဆိုတဲ့ အဆောက်အဦးမျိုးကို သဒ္ဓါကြည်ဖြူ စေတနာသုံးရပ်

http://www.dhammadownload.com



အပြတ်ကြီးပြတ်၍ လေးမြတ်ကြည် ဖြူ ဆောက် လုပ်လှူဒါန်း၏၊ သော- ထိုနေစရာ ထိုင်စရာ သိမ်ကျောင်းဇရပ် တန်ဆောင်းဆိုတဲ့ အဆောက်အဦးကို ဆောက်လုပ်လှူ ဒါန်းသော ပုဂ္ဂိုလ်သည်၊ သဗ္ဗဒဒေါ- ဆိုအပ်ခဲ့တဲ့ အလုံးစုံကို အဆုန်သိမ်းယူ လှူဒါန်းသူ မည်ပေတော့သတည်း။

ဟော- ဘုရားကလည်း ဖြေလိုက်တာပဲ၊ အေး - ပြခဲ့တဲ့အကျိုးလေးမျိုး လုံးကို ရအောင် တစ်ခုတည်းသောကုသိုလ်ကို ပြုချင်တယ်ဆိုရင်တော့ အဆောက် အဦးအလှူကို လှူရတယ်. . . တဲ့၊ သိမ်တို့ ဇရပ်တို့ တန်ဆောင်းတို့ ကျောင်းတို့၊ ဟော-ကျောင်းအလှူကို လှူလိုက်တယ်၊ ဒီတော့ ဒီနေ့ ဒကာ ဦးစိန်ကြည် အမှူး ထားတဲ့ ညီကိုမောင်နှမတတွေ ခုနက ပြောဆိုခဲ့တဲ့အတိုင်း အနောက်က စာသင်ခန်းမကျောင်းဆောင်ကြီး အရှေ့ကသံဃာနေကျောင်းဆောင်ကြီး နဂိုက လည်းမီးဖိုကျောင်းဆောင်ကြီး လှူထားကြတယ်၊ ဒီတော့ အခု သံဃာနေ ကျောင်းစာသင်ကျောင်းဆောင်ကြီးတွေက ဒီအကျိုးလေးမျိုး ဘယ်လိုပေးတုန်းလို့ ဆိုတော့ ဒီလိုတဲ့ စာက သံဃာတော် အရှင်မြတ်တွေ. . တဲ့၊ ဒီကျောင်းမှာနေတဲ့ သံဃာတော် အရှင်မြတ်တွေဆိုပါတော့တဲ့ အကြောင်းအားလျော်စွာ ခရီးတွေ ဘာတွေသွားရ လာရတော့ ခရီးပန်းပြီးတော့ အင်အားတွေ ညှိုးနွမ်းလာပါတယ်. . . . တဲ့၊ ညှိုးနွမ်းလာတတ်ပါတယ်။

ဘာပဲပြောပြော ခရီးသွားရတဲ့အတွက် အင်အားကုန်ပြီးတော့ ပန်းနုံး လာတာ၊ ချိလာတာတော့ အမှန်ပဲ အဲဒီနုံးလာတဲ့ အင်အားတွေ ယုတ်လာခဲ့ တာတွေကိုတဲ့ ဒီကျောင်းဆောင်ထဲဝင်ပြီးတော့ သီတင်းသုံးလိုက်ရတယ်ဆိုရင် ဒီကျောင်းထဲမှာဝင်ပြီးတော့ ခဏလေးနားလိုက်ရတယ်ဆိုရင် အားတွေပြည့် ပြီးတော့ လာသလို ဖြစ်တယ်၊ ကုန်သွားတဲ့အားတွေက ပြန်ပြည့်လာသလိုဖြစ် တယ်၊ အဲဒီအားတွေ ဘယ်သူက ပေးလိုက်တုန်းလို့ ကျောင်းကြီးကပေးလိုက်သလို ဖြစ်တယ်. . . တဲ့၊ ဒါကြောင့် ကျောင်းအလှူဟာ ခွန်အားဗလကိုလည်းလှူ ဒါန်း ရာရောက်တယ်။

ဒါတင်လားဆိုတော့ ခုလိုခရီးသွားလိုက်တော့. . . တဲ့၊ နေပူဒဏ် လေပူ ဒဏ်တွေနဲ့ သံဃာတော်တွေဟာ မျက်နှာတွေ ညှိုးစပ်စပ်ဖြစ်၊ မျက်လုံး မျက်ပန်းတွေ ကြည့်မကောင်း ရှုမကောင်း၊ အသားအရေတွေ ညိုတိုတိုဖြစ်၊ မွဲခြောက်ခြောက်ဖြစ်၊ ပြန်လာပြီးတော့ ကျောင်းထဲမှာ ကိန်အောင်းလိုက်ရတယ်ဆိုရင် ကျောင်းကို မှီခိုလိုက်ရတယ်ဆိုရင် တစ်ရက်နှစ်ရက်ဆိုရင် အသားအရေတွေ ကြည်လို့၊ ပြန်ပြီးတော့ စိုလို့ဖြစ်လာ၊ ဒီတော့ အဲဒီလို အသားအရေတွေ ကြည်ပြီး စိုလာအောင် ဘယ်သူကလုပ်တာတုန်းဆိုတော့ ကျောင်းကြီးကလုပ် လိုက်တာပါ၊ ပဋ္ဌာန်းလိုပြော

http://www.dhammadownload.com



ရင် ဥပနိဿယပစ္စည်းလို့ခေါ်တယ်။ ဒါတင်လားဆိုတော့ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှု အထူးပြောစရာ မလိုဘူး၊ ကျောင်းမရှိလို့ရှိရင် နေပူရင်ပူမယ် မိုးရွာရင်စိုမယ် ကျောင်းထဲမှာ နေလိုက်ရတော့ ကိုယ်စိတ် နှစ်ပါးချမ်းသာလို့ ဟော ဒီကျောင်းကြီးက ကိုယ်စိတ်နှစ်ပါးချမ်းသာကိုလည်း ပေးရာရောက်တယ် ကျောင်း အလှူက။

မျက်စိအလှူ ခုနပြောသလိုပဲ သံဃာတော်တွေ နေပူထဲ လေပူထဲ ဟိုသွား ဒီလာ သွားရလာရတော့ မျက်စိအားနည်း မျက်စိတွေကြည့်လို့မကောင်း ရှုလို့မကောင်း မှုန်ဝါးဝါးဖြစ်၊ ဒါခရီးသွားလာလို့ရှိရင် ဒီလိုဖြစ်တာပဲ ကျောင်းဒကာ ကျောင်းအမတွေလည်း ကိုယ်တွေ့လက်တွေ့ရှိကြပါတယ်၊ အဲဒီ မှုန်တုံတုံ ဝါးတား တားဖြစ်လာ မျက်စိတွေကြည့်မကောင်း ရှုမကောင်းဖြစ်လာတဲ့ဟာတွေကို ကျောင်းထဲဝင်ပြီး ခဏလေး ကျိန်းစက်လိုက်ရရင် မှေးစက်လိုက်ရရင် အနားယူ လိုက်ရရင် မျက်စိတွေကြည်လို့ မျက်စိတွေအားတွေ ပြန်ပြည့်လို့ ဒါကြောင့် ကျောင်းကြီးက မျက်စိကိုလည်း လှူဒါန်းရာရောက်တယ်၊ဒါကြောင့် မြတ်စွာ ဘုရားက"သောစ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ" ယော-အကြင် အမျိုးသားအမျိုးသမီးအပေါင်းသည်၊ ဥပဿယံ- နေစရာထိုင်စရာသိမ်, ကျောင်း, ဇရပ်တန်ဆောင်းဆိုတဲ့ အဆောက်အဦမျိုးကို၊ ဒဒါတိ-စေတနာသုံးရပ် ပြတ်ကြီးပြတ်၍ လေးမြတ်ကြည်ဖြူ ဆောက်လုပ်လှူဒါန်း၏၊ သော-ထိုဇရပ် တန်ဆောင်း,သိမ်ကျောင်းဆိုတဲ့အဆောက်အဦးကို ဆောက်လုပ်လှူဒါန်းသော ပုဂ္ဂိုလ်သည်၊ သဗ္ဗဒဒေါ-ဆိုအပ်ခဲ့တဲ့ အလုံးစုံကို အကုန်သိမ်းယူ လှူဒါန်းသူ မည်ပေသတည်း။

ပြဆိုအပ်ခဲ့တဲ့လေးမျိုးလုံးကိုရချင်ရင် အကျိုးလေးမျိုးလုံးရချင်ရင် ကျောင်းအလှူ လှူရတယ်. . . တဲ့၊ ကျောင်းအလှူလှူရတယ်၊ ဒါ့ကြောင့် သဗ္ဗဒဒ ပါဠိလိုတော့ ဗမာလိုတော့ခုနပြောခဲ့တဲ့ အားအင်ဗလပြည့်စုံခြင်း ကိုယ်စိတ် နှစ်ပါးပြည့်စုံခြင်း ရုပ်အဆင်းဥပမိပြည့်စုံခြင်း ပကတိမျက်စိအမြင်သန်ခြင်းဆိုတဲ့ ဒီအကျိုးလေးမျိုးကို ရစေနိုင်တဲ့အလှူမို့လို့ သဗ္ဗဒဒအလှူတဲ့၊ ဒါကြောင့်ဒကာ ဦးစိန်ကြည်တို့အမှူးထားတဲ့ အားလုံးညီကိုမောင်နှမတွေ တို့ဒီနေ့ သာသနာ တော်မှာ သဗ္ဗဒဒဘွဲ့ထူးရတဲ့ အလှူထုပ်ကြီးတစ်ခုကို အားထုတ်ရတယ်၊ အဲဒီအလှူ ထုပ်ကြီးတစ်ခုအားထုတ်ရင်းနဲ့ ရှင်ပြုရခြင်း ရဟန်းခံရခြင်း ဆရာတော်၏ ဗိမာန်တော်အတွက် နဝကမ္မကျပ်တစ်သောင်းထည့်ဝင်လှူဒါန်ရခြင်းစတဲ့ ကုသိုလ် ကောင်းမှုတွေကို တပည့်တော်တို့ ပြုလုပ်အားထုတ်ရတယ်. . လို့ဒီနေ့ကို မှတ်တမ်း တင်ထားပြီးတော့ တပည့်တော်တို့ ဒီအကျိုးလေးမျိုးကို ရစေတတ်တဲ့ ကျောင်း ဆောင်ကြီးကို လှူဒါန်းလိုက်ရတဲ့အတွက် ဒီကျောင်းဆောင်ကြီး ဗိမာန်တော်ကြီး

http://www.dhammadownload.com



အလှူအတွက် တပည့်တော်တို့လည်း နိဗ္ဗာန်တည်းဟူသော ဗိမာန်ကြီးနှင့် မြန်မြန်နီးပါရစေ. . . လို့ စိတ်ကိုညွတ်လိုက်ပါ။

ကျောင်းဆောင်ကြီးတွေထဲမှာ ဝင်ပြီးတော့ သံဃာတော်တွေနေရင် ဘေးကပစ်လိုက်တဲ့ ဒုတ်နဲ့ပစ်လိုက်တဲ့ဒဏ်တွေ ခဲနဲ့ပစ်လိုက်တဲ့ဒဏ်တွေ နေပူ လေပူဒဏ်တွေကို ဒီကျောင်းဆောင်ကြီးတွေက သီတင်းသုံးနေတဲ့သံဃာတွေကို ကာကွယ်ပေးသလိုပဲ နိဗ္ဗာန်ဆိုတဲ့ကျောင်းဆောင်ကြီး ဗိမာန်တော်ကြီးကလည်း နိဗ္ဗာန်မြင်ပြီးတော့ နိဗ္ဗာန်ထဲခိုအောင်းတဲ့ အရိယာပုဂ္ဂိုလ်တွေကို အိုဘေးဆိုးကြီး တွေဆိုတဲ့ နေပူဒဏ်ကြီးတွေ၊ နာဘေးဆိုးကြီးတွေဆိုတဲ့ နေပူဒဏ်ကြီးတွေကို သေဘေးဆိုးကြီးတွေဆိုတဲ့ နေပူလေပူဒဏ်ကြီးတွေ ပစ်လိုက်ခတ်လိုက်တဲ့ ခဲဒဏ် ဒုတ်ဒဏ်ကြီးတွေမှ ကာကွယ်တားဆီးပေးနိုင်တယ်။

ဟော-ဒီတော့နိဗ္ဗာန်ကို ဉာဏ်ထဲမှာ ဗိမာန်ကြီးတစ်ခုလို့ အာရုံပြုလိုက် ခုဒကာ ဒကာမတွေလှူတဲ့ ကျောင်းဗိမာန်က အပြင်ဘက်ကပြစ်တဲ့ ခဲဒဏ်၊ ဒုတ်ဒဏ်လေးကာကွယ်နိုင်တာ၊ နေပူ လေပူဒဏ်လေးလောက်ကာကွယ်နိုင်တာ၊ အအိုဒဏ် အနာဒဏ် အသေဒဏ်ကျတော့ ဒီကျောင်းကြီးက မကာကွယ်နိုင်ဘူး၊ ဒါကြောင့် တပည့်တော်တို့ ဒီကျောင်းကြီးကို သံဃာတော်တို့အား လှူဒါန်းပြီး သကာလ သီတင်းသုံးတဲ့သံဃာတော် အရှင်မြတ်တို့အား နေပူဒဏ် လေပူဒဏ် ခဲဒဏ် ဒုတ်ဒဏ် မြွေကင်းစတဲ့ အန္တရာယ်တွေမှ ကာကွယ်ပေးလေရာရောက်လေ သောကြောင့်၊ ကာကွယ်ပေးဖို့ရာ လှူဒါန်းရာရောက်လေသောကြောင့်၊ တပည့် တော်တို့မှာ ဒီကုသိုလ်ရဲ့ အရှိန်အဟုန်သတ္တိကြောင့် အိုဘေးကြီးတွေ နာဘေးကြီး တွေ သေဘေးကြီးတွေမှ ကာကွယ်ပေးနိုင်တဲ့ နိဗ္ဗာန်တည်းဟူသော ဗိမာန်ကို သက်ဝင်နိုင်ပါရစေ. . . လို့ နိဗ္ဗာန်ရဲ့ဂုဏ်ကို အဲဒီလိုအာရုံပြုပြီးတော့ ဉာဏ်ဦး လှည့်ထားပါ။

ရေစက်ချတဲ့အချိန်မှာ နိဗ္ဗာန်ဗိမာန်ကြီးကို မျက်လုံးထဲမှာမြင်ပြီး နိဗ္ဗာန် ကိုအာရုံပြုပြီးတော့၊ ဘယ်နည်းနဲ့အာရုံပြုပြု နိဗ္ဗာန်ရဲ့ဂုဏ်ကို သတိရပြီးအာရုံပြု ရင် နိဗ္ဗာန်အာရုံပြုတာ ပိုနီးတယ်၊ ဒီတိုင်းရမ်းသန်းပြီးတော့ မိရိုးဖလာ နိဗ္ဗာန်ရ ရပါလို၏ဆိုတာထက်တော့ နိဗ္ဗာန်ရဲ့ဂုဏ်သတ္တိကိုသိပြီးတော့ အာရုံပြုရတာက ပိုအရသာရှိတယ်၊ ပိုပြီးတော့လည်း ရောက်ချင်စိတ်ပေါက်ချင်တယ်၊ ပိုပြီးတော့လည်း ရချင်စိတ်ပေါက်တယ်၊ ဒီတော့ နိဗ္ဗာန်ဟာ ဒီပကတိလောကခဲနဲ့ ပစ်လိုက်တဲ့ခဲဒဏ်တို့ ဒုတ်နဲ့ပေါက်လိုက်တဲ့ ဒုတ်ဒဏ်တို့ ဓားနဲ့ပစ်လိုက်တဲ့ ဓားဒဏ်တို့ ကာကွယ်တားဆီးရုံ ဘယ်ကမတုန်း၊ နေပူ လေပူဒဏ်လောက်ဆီးတားရုံ ဘယ်ကမတုန်း အအိုဘေး ကြီးတွေကိုကာကွယ်နိုင်တယ်၊ အဲဒီနိဗ္ဗာန်ထဲရောက်သွားပြီး နိဗ္ဗာန်ဗိမာန်ထဲခို

http://www.dhammadownload.com



အောင်းမိသွားပြီဆိုလို့ရှိရင် ဆံပင်ဖြူ နားထိုင်း ခါးကိုင်း သွားကြွေဆိုတဲ့ အအိုတွေမရှိတော့ဘူး၊ မနှိပ်စက်နိုင် တော့ဘူး၊ ဒါကြောင့် အဇရာတဲ့ ဘုရားက သူ့နိဗ္ဗာန်ကို။

အဇရာ-အိုခြင်းဆိုတဲ့တရားတွေမရှိထသော၊ အဗျာဓိ-နာခြင်းဆိုတဲ့ တရားတွေလည်းတစ်ခုမှ မကပ်နိုင်ထသော၊ အမရဏံ-သေခြင်းဆိုတဲ့တရား တွေလည်းပဲတစ်စုံတစ်ခုမှ မကပ်ရောက်နိုင်ထသော၊ နိဗ္ဗာနသုခံ-နိဗ္ဗာန်ချမ်းသာ ကြီးကို၊ ပတ္ထေတ္တာန-တောင်းတ၍၊ ဒါနံ-ဒါနကို၊ ကရေယျာထ-ပြုကြကုန်ရာ၏၊ ကရောထ-ပြုကြကုန်လော့၊ သီလံ-သီလကို၊ ရက္ခထ-စောင့်သုံးကြကုန်လော့၊ ဘာဝနံ-ဘာဝနာကို၊ ဘာဝေယျာထ-ပွားများကြကုန်လော့၊ ဟော-ဘုရားကမှာ ထားခဲ့တယ်၊ ဒါကြောင့်-တပည့်တော်တို့ ဒီနေ့ပြုရတဲ့ သဗ္ဗဒ ဘွဲ့ထူးရတဲ့ ကျောင်း အလှူကြီးကို အမိကထားပြီးတော့ ပြုလုပ်အားထုတ်ရတဲ့ ကုသိုလ်ကောင်းမှုစေတနာ စုကြောင့် အိုဘေးကြီးတွေဆိုတဲ့ နေပူ လေပူဒဏ် ကြီးတွေမှကင်းတဲ့၊ နာဘေးကြီး တွေဆိုတဲ့ နေပူလေပူဒဏ်၊ ခဲဒဏ်ဒုတ်ဒဏ်တွေမှကင်းတဲ့၊ သေဘေးကြီးတွေဆိုတဲ့ ဓားဒဏ် လှံဒဏ် ဖုံးဒဏ် အမြောက်ဒဏ်တွေမှ၊ ကင်းတဲ့ ဒုက္ခခပ်သိမ်းအေး ငြိမ်းရာ ဖြစ်တဲ့ ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းကြီးတွေ မဂ်ဉာဏ်ဖိုလ် ဉာဏ်ဖြင့် အာရုံပြုပြီးတော့ ခိုအောင်းရာဖြစ်တဲ့ နိဗ္ဗာနဓာတ်တရားတော်မြတ်ကြီးကို၊ နိဗ္ဗာန်ဘုံ ကြီးကို၊ ခိုလှုံဖို့ရာအတွက် အားကောင်းသော အထောက်အပံ့ဖြစ်ပါစေသား၊ အားကောင်းသော အထောက်အပံ့ဖြစ်ပါစေဟူ၍ နိဗ္ဗာန်ကိုရည်မှန်းချက်ထား၍ ပြုနိုင်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

နိဗ္ဗာန်ရဲ့ဂုဏ်ကိုတတ်စွမ်းသမျှ အာရုံပြုပြီးတော့ ဒါန, သီလ, ဘာဝနာ ကုသိုလ်ကောင်းမှုတွေကို အားထုတ်နိုင်တဲ့ ညီကိုမောင်နှမ၊ ကုသိုလ်ကောင်းမှု ပြုနိုင်တဲ့ ညီကိုမောင်နှမ သူတော်ကောင်း အမျိုးသား အမျိုးသမီးတွေ ဖြစ်ကြပါ စေကုန်သတည်း၊ ဖြစ်ကြကုန်လျှက် ဤသို့သော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့ နောက်ဆုံးပန်းတိုင်အနေနဲ့ လှမ်းကိုင်ရောက်အပ်သော နိဗ္ဗာနဓာတ်တရား တော်မြတ်ကြီးကို လျှင်မြန်ဆောစွာ ခိုလှုံရ သက်ဝင်ရ ရောက်ကြရ မျက်မှောက် ပြုကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆုပြုကြ ကုန်ရာသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com



# နှောင်ကြိုးဖြတ်တရားတော်

မိတ္ထီလာမြို့က ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေ (၈) ကြိမ်မြောက် (၈) နှစ်မြောက် ဗုဒ္ဓမြတ်စွာသာသနာတော်ကို ပူဇော်သောအားဖြင့် ထောက်ပံ့သောအား၊ ကူညီသောအား မြတ်စွာဘုရားရဲ့ သာသနာ့ဗိမာန်ကြီး ယိုင်လဲကျမသွားအောင်၊ ပြိုလဲကျ မသွားအောင် ခိုင်ခိုင်မတ်မတ်နဲ့ ကြာရှည်လေးမြင့်စွာ တည့်တံ့အောင် . . . ဆိုပြီးတော့ ပစ္စည်းလေးပါး ထောက်တည်ပေးကြတယ်၊ ပစ္စည်း လေးပါးတိုင်တွေနဲ့ ဆောက်တည်ကြတာ၊ အဆောက် အဦးဗိမာန်ကြီး ဘယ်လောက်ပဲ ကြီးကျယ်ခမ်းနားခမ်းနား တိုင်မပါရင် ပြိုကျမယ်၊ တိုင်မရှိရင် ပြိုကျမယ်၊ တိုင်တွေ ထောက်တွေ အောက်အုတ်မြစ် အခြေ ခံတွေမရှိရင် ပြိုကျမယ် . . . ။

အဲဒီလိုပဲ-မြတ်စွာဘုရားရဲ့ ပရိယတ်, ပဋိပတ်, ပဋိဝေဓ သာသနာပြောပြော၊သီလ,သမာဓိ,ပညာသာသနာ၊ သာသနာ့ဗိမာန်တော်ကြီး ကြာရှည်လေးမြင့်စွာ တည်တံ့ဖို့အရေးမှာ ပစ္စည်းလေးပါးဆိုတဲ့ တိုင်တွေ မရှိလို့ မဖြစ်ပါဘူး၊ ပစ္စည်းလေးပါးဆိုတဲ့ ထောက်တွေ မပေးလို့ မရပါဘူး၊ ထောက်မ- မထားလို့ မနေနိုင်ပါဘူး၊ ဒီတော့- ဒီနေ့ဒကာ,ဒကာမ အပေါင်း၊ သူတော်ကောင်းတွေ သာသနာတည်ကြောင်း ကောင်းမှုလာပြုကြတာ၊ ကိုယ့်ရပ် ကိုယ့်ရွာ မိတ္ထီလာ ကိုယ့်နယ်ထဲက ဘုရားသားတော် သံဃာတော်တို့၏ လက်လှမ်းမှီရာ သာသနာလည်း အမြတ်တမ်း ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးနဲ့ လှူဒါန်းထောက်ပံ့ပေး၊ ထူပေး၊ မ,ပေး၊ ထမ်းပေးထားတဲ့ အပြင်။

ဒီကျောင်းတိုက်သာသနာကိုလည်းပဲ အခုလိုလာရောက် လာရောက်ပြီးတော့ (၈) ကြိမ်မြောက် ရှိသွားပြီ၊ ထောက်ပံ့လှူဒါန်းသမှု ပြုကြပါတယ်. . . ၊ ဒီတော့ - အဲဒီလို ပြုလုပ်တော့ မိမိတို့ ပြုလုပ် အားထုတ်တဲ့သာသနာပြု ကုသိုလ် သာသနာမြင့်တင်တဲ့ ကောင်းမှု သာသနာကို ထောက်ပံ့ပေးတဲ့ ကောင်းမှု အားကြီးဟာ သံဃာ (၁၂၀၀) ကျော်ကို မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ် လောင်းရလှူ ရတာယ်ဆိုတော့ ဖြစ်ပွားသွားတဲ့ စေတနာအားတွေဟာ အင်မတန် ကြီးမားတဲ့ စေတနာအားတွေ ဖြစ်ခဲ့ပါတယ်။

အဲဒီစေတနာအားတွေဟာ အဲဒီကုသိုလ်အားတွေဟာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး သံယုတ်ပါဠိတော်မှာ ဆုံးမတဲ့အတိုင်း ကြိုးတွေကို ဖြေဖြတ်ပြီး

http://www.dhammadownload.com



တော့ ပြန်ချည်တုပ်တဲ့ ကုသိုလ်ကောင်းမှုမျိုး မဖြစ်စေနဲ့ . . . တဲ့ ကြိုးတွေကို ဖြေဖြုတ်ပြီးတော့ ပြန်မချည် မတုပ်မိတဲ့ ကောင်းမှုမျိုးဖြစ်စေရတယ် . . .၊ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအမှူးပြုတဲ့ ပရိသတ်ကြီးကိုဆုံးမတယ်၊ ဘာကုသိုလ်ပဲပြုပြု၊ ဒီနေ့ မိတ္ထီလာမြို့က ဒကာကြီးဦးမောင်မောင် ဦးဆောင်တဲ့ ဒကာ ဒကာမတွေက သာသနာပြုဒါနကောင်းမှုအဓိကလာပြုတာဖြစ်တော့။

ဒီနေ့ သာသနာပြုကောင်းမှုကုသိုလ်ကြီးသည်၊ သာသနာ မြှင့်တင်တဲ့ဒါန ကောင်းမှုကြီးသည်၊ သာသနာကို အထောက်အကူပေးတဲ့ ဒါနကောင်းမှုကြီးသည် ကြိုးတွေကို ဖြေဖြုတ်ပြီး ပြန်ချည်တုပ်တဲ့ အလှူမျိုးမဖြစ်စေနဲ့ . . .၊ ကြိုးတွေကို ဖြေဖြုတ်ပြီးတော့ ပြန်ပြီး မချည်တုပ်တဲ့ အလှူဖြစ်စေရမယ်. . .၊ ဒါဘုန်းကြီး တို့က သတိပေး စကားပြောရတာ၊ ကြိုးတွေကို ဖြေဖြုတ်ပြီးတော့ ပြန်ချည်တုပ် ရင်မထူးဘူး၊ နဂိုက ကိုယ့်ကြိုးတုပ်ခံနေရတာ၊ အဲဒီကြိုးတုပ်ခံနေရတဲ့ ကြိုးကို ဒီဘက်ကဖြေဖြုတ်ပြီးတော့ ဟိုဘက်ကပြန်ချည်တုပ်တယ်ဆိုရင်တော့ ဒါနှောင် ကြိုး မလွတ်သေးဘူးပေါ့၊ နှောင်ကြိုးမလွတ်သေးလို့ ရှိရင်တော့၊ ဒီနှောင် ကြိုးထဲနေ ရရင်တော့၊ ဒီဒုက္ခတွေပဲကြုံရအုန်းမှာ၊ လောကမှာ နှောင်ကြိုးမိနေတဲ့ သတ္တဝါ မှန်သမျှ ဘယ်သတ္တဝါမှ မချမ်းသာဘူး၊ ကိုယ့်နှောင်ကြိုးနဲ့ကိုယ့်ပြန် မိတာဖြစ်ဖြစ်၊ သူများနှောင်ကြိုးနဲ့ မိတာဖြစ်ဖြစ်၊ ဘယ်နှောင်ကြိုးမိတာမှ မကောင်းဘူး။

ဘာပြုလို့တုန်းဆိုတော့ နှောင်ကြိုးမိထားတယ်ဆိုကတည်းကိုက သွားချင် ရာမသွားရဘူး၊ နေချင်သလိုမနေရဘူး၊ အချုပ်မိတယ် အနှောင်မိတယ် မလွတ် လပ်ဘူးပေါ့၊ ဝိမုတ္တိရသ လွတ်မြောက်မှု ရသမရှိဘူး၊ ဒီတော့သူများ နှောင်ကြိုး နဲ့မိမိ၊ ကိုယ့်နှောင်ကြိုးနဲ့မိမိ၊ ဘယ်နှောင်ကြိုးနဲ့မိမိ၊ အကောင်း မဟုတ်ဘူး၊ ဒါကြောင့်—သူများနှောင်မိ ကိုယ့်နှောင်မိ မချိခံရမြဲ. . . တဲ့၊

သူများနှောင်ကြိုးနဲ့မိလည်း မချိအောင်ခံရတယ်၊ ကိုယ့်နှောင်ကြိုး နဲ့ကိုယ့်ပြန်မိလည်း မချိအောင်ခံရတယ်၊ **"သူများနှောင်မိ, ကိုယ့်နှောင်မိ, မချိခံရမြဲ"**။ **ဒီတော့အဲဒီနှောင်ကြိုးတွေ၊ ဘယ်နဲ့လုပ်ရမှာတုန်း--ဗုဒ္ဓအပ်နှင်း, ဓားသုံးစင်း, တင်းတင်းလက်မှာစွဲ-တဲ့မြတ်စွာဘုရားက အဲဒီနှောင်ကြိုးတွေကို၊ ဖျက်ချိုးဖို့ရာ၊ ဓားသုံးစင်းပေးထားတယ်၊** မြတ်စွာဘုရားပေးတဲ့ ဓားသုံးစင်းက ဘာဓားတွေ တုန်းလို့ဆိုတော့-ဒါနဆိုတဲ့ဓား၊ သီလဆိုတဲ့ဓား၊ ဘာဝနာဆိုတဲ့ဓား၊ ဒါနသီလ ဘာဝနာ ဓားသုံးစင်း၊ **စွန့်ကြဲပေးကမ်း လှူဒါန်းမှုတ ကော်ရော်ပူဇော်ခြင်းဆိုတဲ့ ဒါနကောင်းမှုဓား၊ ငါးပါး ရှစ်ပါး ကိုးပါး ဆယ်ပါးစတဲ့ သီလတွေထိန်း သိမ်းစောင့် ရှောက်ခြင်းဆိုတဲ့ သီလဆိုတဲ့ဓား၊** သမထဝိပဿနာဘာဝနာနှစ်ပါးကို ပွါးများ

http://www.dhammadownload.com



မယုတ်၊ အားထုတ်ခြင်းဆိုတဲ့ ဘာဝနာဓား၊ အဲဒီ ဓားသုံးစင်းကို တင်းတင်း၊ လက်ထဲမှာစွဲ. . . တဲ့ လက်ထဲမြဲမြဲကိုင် ထားပြီးတော့--- "အနှောင်ဟူသမျှ, ဖြတ်ပယ်ကြ, မုချလွတ်ကြောင်းပွဲ"

အေး-ငါဘုရားရဲသာသနာတော်ကြီးက လွတ်ပွဲကြီးပေါ့. . . လွတ်ပွဲကြီးဟာ၊ အနှောင်ဟူသမျှ ဖြတ်ပယ်ကြ. . .၊ ဟော-အနှောင် ဟူသမျှဆိုတာ သူ့အနှောင် ကိုယ့်အနှောင်အကုန်လုံး၊ အဲဒီထဲမှာ သူ့အနှောင်ထက် ကိုယ့်အနှောင်က ပိုဆိုးတယ်၊ သူ့အနှောင်ကြိုးဆိုတာ ဘုန်းကြီးတို့လောက မြင်လွယ်အောင်ပြောရရင် မုဆိုးတွေထောင်ထားတဲ့ ညွှတ်ကွင်း ကြိုးအစရှိတဲ့ထဲမှာ မိနေတဲ့သားကောင်။ သူများ အနှောင်မိတယ်ခေါ်တယ်၊ သမင်,ဒရယ်,ဂျီငယ်,စိုင်, ဆတ်တွေ မုဆိုး ထောင်ထားတဲ့ နှောင်ကြိုးနဲ့မိ၊ ပိုက်ကွန်ထဲမိ၊ သံချပ်နဲ့မိ၊ ညွှတ်ကွင်းနဲ့မိ၊ ဒါသူများနှောင်နဲ့မိတာ၊ ရေထဲက ငါးတွေလိပ်တွေ တံငါတွေချထားတဲ့ မြုံးတွေ ပိုက်တွေ,ကွန်တွေနဲ့မိ၊ အဲဒါလည်းသူများအနှောင်မိတာ။ အကြောင်းအားလျော်စွာ ရာဇဝတ်မှုကြီးငယ် ကျူးလွန်လို့, မင်းစိုး ရာဇာတွေ နှောင်ထားတဲ့ လက်ထိပ်နှောင်ကြိုး၊ ခြေထိပ်နှောင်ကြိုး၊ ထိပ်တုံးနှောင်ကြိုး၊ အချုပ်ထောင်၊ ထောင်ကြီးတွေဆိုတဲ့နှောင် အဲဒီ ထဲရောက်နေတာ၊ ဒါ-သူများနှောင်မိတာ။

ကိုယ့်နှောင်ကြိုးနဲ့ ကိုယ်မိတယ်ဆိုတာကျတော့ သံယောဇဉ် ကြိုး(၁၀) မျိုးကို၊ မဖြတ်နိုင်သေးတဲ့ သတ္တဝါမှန်သမျှ ကိုယ့်နှောင်ကြိုးနဲ့ ကိုယ်မိကြတယ်၊ သက်ရှိဖြစ်တဲ့ သားလေးတွေ, သမီးလေးတွေမခွဲနိုင်၊ ခင်တွယ်. . . လို့၊ သားသမီးအပေါ်မှာ ခင်တွယ်နေတဲ့ သံယောဇဉ်ကြိုး, ရှိနေသမျှအနှောင်မိနေတာပဲ၊ ဝေးဝေးမသွားနိုင်ဘူး၊ ဒီသားစိုးရိမ်ရလို့, ဒီသမီးကြောင့်ကြ နေရလို့၊ ဒီသားအတွက်ကြောင့်ကျ၊ ဒီသမီး အတွက်ကြောင့်ကြ နေရလို့၊ ဒီသားအတွက်ကြောင့်၊ ဒီသမီး အတွက်ကြောင့် အိမ်ကမထွက်နိုင်ဘူး၊ တရားရိပ်သာလေး ထွက်မယ်ကြံ၊ သားကရှိသေးတယ်၊ သမီးကရှိသေးတယ်၊ သားကိစ္စ သမီးကိစ္စရှိသေးတယ်၊ ကျောင်းပို့ရအုန်းမှာ, ပညာသင်ပေးရအုန်းမှာ၊ စောင့်ရှောက်ရအုန်းမှာ၊ ထိန်းရအုံးမှာ, သိမ်းရအုန်းမှာဆိုတာ ဒါကြိုးပဲ။ အဲဒီ နှောင်ကြိုးကျတော့ သူများကလာချည်တာ မဟုတ်ဘူး၊ ကိုယ့်ဘာကို ပြန်ချည်ထားတဲ့ကြိုး။

ကိုယ့်မှာရှိနေတဲ့ သက်မဲ့ဖြစ်တဲ့ အိမ်ရာခြံမြေ ဥယျာဉ်တိုက်တာ, ရွှေငွေကျောက်သံ, ဆန်ရေစပါးအစရှိတဲ့ သက်မဲ့ပစ္စည်းတွေ၊ ဒါ-ကြိုးတွေပဲ၊ ပစ္စည်းဥစ္စာကောင်းကောင်းမွန်မွန်လေးရှိပြီဆို ဒီနားက မခွါနိုင်ဘူး၊ မွန်မွန်မြတ်မြတ်ပစ္စည်း၊ တန်ဖိုးရှိတဲ့ ပစ္စည်းလေး ရှိပြီဆို သူခိုးလောင်မှာစိုးလို့၊ သူ သူခိုး, ခိုးမှာစိုးလို့၊

F. 25

http://www.dhammadownload.com



သူ့လူယူမှာစိုးလို့ ပျောက်သွားမှာစိုးလို့ မီးလောင်သွားမှာစိုးလို့နဲ့ စိုးလို့-စိုးလို့ဆိုတဲ့ သောကသံယောဇဉ်ကြိုး၊ လောဘသံယောဇဉ်ကြိုးတွေနဲ့ ချည်ထား လိုက်တာ၊ ဝေးဝေးကို မသွားနိုင်ဘူး၊ သွားချင်ရာကို မသွားနိုင်၊ အဲဒါ သူများချည်တဲ့ ကြိုးမဟုတ်ဘူး၊ ကိုယ့်ဘာကို ပြန်ချည်တဲ့ ကြိုးတဲ့၊ အကျဉ်းချုပ် လိုက်တော့ ဒီရုပ်နာမ်ခန္ဓာကို ရနေသမျှ၊ ဒီရုပ်နာမ်ခန္ဓာကို လိုချင်တွယ်တာ မက်မောပြီး တော့ရနေသမျှ, ကြိုးချည်ခံနေတယ် . . . တဲ့, အဲဒါ သူများချည်တာ မဟုတ်ဘူး၊ ကိုယ့်ဘာကိုချည်တာ၊ ကိုယ့်နှောင်ကြိုးနဲ့ ကိုယ်ပြန်မိတာ။

ဒီတော့ ကိုယ့်နှောင်ကြိုးနဲ့မိမိ၊ သူများနှောင်ကြိုးနဲ့မိမိ၊ နှောင်ကြိုး မိခံရတဲ့ သတ္တဝါမှန်သမျှ သက်သာသလားဆိုတော့ မသက်သာဘူး၊ ချမ်းသာသလားဆို တော့ မချမ်းသာဘူး၊ လွတ်လပ်သလားဆိုရင် မလွတ်လပ်ဘူး၊ မြတ်စွာဘုရားက ငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာပွဲကြီးက လွတ်ပွဲကြီးဟေ့. . . လွတ်ပွဲ ကြီးဟ၊ ကြုံတုန်းရုန်း ကြ၊ ငါဘုရားသာသနာတော်နဲ့ ကြုံတုန်းရုန်းလိုက်ကြ. . . ရုန်းလိုက်ကြ၊ အေး ဒီတော့ရုန်းတဲ့ နေရာမှာ ကြိုးတွေကို ဖြေဖြုတ်ပြီးတော့ ပြန်ချည်နေတဲ့ အဖြစ်မျိုးမဖြစ်စေနဲ့၊ ကြိုးတွေ ဖြေဖြုတ်ပြီးတော့ ပြန်မချည်ရတဲ့ ကောင်းမှုမျိုးဖြစ်စေရတယ်-

**ဣမံ ကာယံ နိက္ခိပတိ၊ အပရံ ကာယံ ဂဏှာတိ၊**

**သာနုဝဇ္ဇောစ ဟောတိ မဟာသာဝဇ္ဇော။**

မြတ်စွာဘုရားက အရှင်သာရိပုတ္တရာ အမှူးပြုတဲ့ သံဃာ့ ပရိသတ် လူပရိသတ်ကြီးကို ပြောတယ်။ ဣမံ ကာယံ-ဤရုပ်နာမ်ခန္ဓာ အပေါင်းကို၊ နိက္ခပတိ-စွန့်ပယ်လိုက်၏၊ စွန့်ပစ်လိုက်၏၊ အပရံ ကာယံ-တစ်ပါးသော ရုပ်နာမ် ခန္ဓာ အပေါင်းကို၊ ဂဏှာတိ-သိမ်းပိုက်လိုက်၏၊ယူလိုက်၏၊ ဣဒံ-ဤကဲ့သို့ ဒီဘက်ကရှိတဲ့ ရုပ်နာမ်ခန္ဓာ အပေါင်းကို ကြိုးဖြေ ဖြုတ်ပြီးတော့၊ စွန့်လွှတ် နိုင်ပါလျက်နဲ့၊ နောက်တစ်ခု ရုပ်နာမ်ခန္ဓာ အပေါင်းကိုယူလိုက်ခြင်းသည်၊ သာနုဝဇ္ဇော-ကဲ့ရဲ့ ထိုက်သည်၊ မဟာ သာဝဇ္ဇော-ကြီးမားသော အပြစ်ရှိသည်၊ ဟောတိ- မုချမသွေ ဖြစ်ရပါပေ သတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား

ဒီဘက်ကဟာ တစ်ခုစွန့်ပြီးတော့၊ ဟိုဘက်ကဟာ တစ်ခုကို ဖက်တွယ် တယ်၊ ယူတယ်ဆိုတာ မကောင်းဘူး. . . တဲ့၊ မကောင်းဘူး၊ ဒီတော့- ဒီနေ့ ဒကာကြီး ဦးမောင်မောင် ဦးဆောင်တဲ့ ဒကာ ဒကာမ အပေါင်း သူတော်ကောင်း

http://www.dhammadownload.com



ကြီးတွေ၊ စွန့်ကြဲပေးကမ်း လှူဒါန်းမှုဆိုတဲ့ ငွေနှစ်သောင်းခွဲကျော် အကုန်ကျခံပြီးတော့၊ ဂန္ဓာရုံကျောင်းတိုက် သံဃာတော် အရှင်မြတ်တွေကို အရုဏ်ဆွမ်း၊ နေ့ဆွမ်းတွေကပ်ကြ၊ ငွေပဒေသာပင်(၆၀၀၀)စိုက်ပြီးတော့ လှူကြ၊ တံတားအလှူငွေကျပ်(၁၅၀၀)လှူကြ၊ ထန်းလျက်ပိဿာ(၃၀)နှင့်တကွ တံမြက်စည်းအကြမ်း အနု၊ ဆေးပစ္စည်းတွေ လှူကြဆိုတဲ့ ဒီကုသိုလ် ကောင်းမှုတွေ ပြုလိုက်တာ၊ လှူတယ် လှူတယ်ဆိုတဲ့ မြန်မာစကား၊ ပါဠိလိုဒါန။ ဒါနဆိုတာ-ဘယ်သဘောတုန်းဆိုတော့ ကြိုးဖြတ်ချ လိုက်တာ၊ ကြိုးဖြတ်ချလိုက်တာ၊ စွန့်ပစ်လိုက်တာကိုး။ ကိုယ့်လက်ထဲရှိတဲ့ ပစ္စည်းကို သူများကို ခွဲကျွေးလိုက်တာ၊ ဝေကျွေးလိုက်ရတာ၊ မျှကျွေး လိုက်ရတာ။

အဲဒီ ကိုယ့်လက်ထဲရှိတဲ့ ကိုယ့်ပစ္စည်းလေးပေါ်မှာ ငါစားအုံးမယ်၊ ငါသုံးအုံးမယ်ဆိုတဲ့ တွယ်တာနေတဲ့ တဏှာလောဘကြိုး ပြတ်ထွက်သွားတာ၊ ဒီပစ္စည်းလေးတွေနဲ့ ပတ်သက်ပြီးတော့ ငါ့သားကို ကျွေးအုန်းမယ်၊ ငါ့သမီးကို ကျွေးအုန်းမယ်ဆိုတဲ့ တဏှာသံယောဇဉ်ကြိုး ပြတ်ထွက်သွားတာ။ ပြတ်ထွက်သွားလို့လှူတယ်ဆိုတာ ဖြစ်လာတာ၊ လှူတယ် လှူတယ်ဆိုတာ စွန့်တာကို ပြောတာ၊ ဒါကြောင့် ကျမ်းဂန်က-ဒါနံ ပရိစ္စာဂ လက္ခဏံ။ ဒါနံ-ဒါနဆိုတာ၊ ဝါ-လှူတယ်, ပေးတယ်, ကမ်းတယ်, ပူဇော်တယ်, မျှတတယ်, ဝေငှတယ်ဆိုတာ၊ ပရိစ္စာဂလက္ခဏံ- ကိုယ့်လက်ထဲရှိတဲ့ ပစ္စည်းကို စွန့်လိုက်တဲ့ လက္ခဏာရှိတယ်၊ စွန့်လိုက်ရတဲ့သဘောရှိတယ်၊ ကိုယ့်ဟာလို့ မယူတော့ဘူး၊ ဒီတော့ အဲဒီစွန့် ပယ်လိုက်တယ်၊ စွန့်လွှတ်လိုက်တယ်ဆိုတော့၊ တဏှာ လောဘ သံယောဇဉ်၊ ကာမရာဂ သံယောဇဉ်ခေါ်တဲ့ တဏှာသံယောဇဉ်ကြိုး ဖြတ်ချလိုက်တာပဲ။

ဒါတင်မကသေးဘူး ဒီပစ္စည်းတွေနဲ့ ပတ်သက်ပြီးတော့၊ မီးများလောင်မှာလား၊ သူခိုးများ ခိုးမှာလားလို့ စိုးရိမ်သောကဖြစ်ရတဲ့ ပဋိဃ သံယောဇဉ်ကြိုးလေးတွေ ပြတ်ထွက်သွားတာ၊ ဒီပစ္စည်းတွေ ရှိနေရင် ဒီပစ္စည်းကို အကြောင်းပြုပြီးတော့ ငါမို့လို့ ဒီလိုပစ္စည်းတွေ ရှိတာ၊ ငါမို့လို့ ဒီအိမ်နဲ့နေနိုင်တာ၊ ငါမို့လို့ ဒီပစ္စည်းမျိုးသုံးနိုင်တာ စသည်ဖြင့် မာနသံယောဇဉ်ကြိုးလေးတွေလဲ ပြတ်ကျသွားတာ။ အဲဒီရုပ်နာမ်ခန္ဓာနဲ့ ပစ္စည်းတွေကို ငါကောင်သူကောင် စွဲထင်နေတဲ့ ဒိဋ္ဌိသံယောဇဉ်ကြိုးပြတ်ကျသွားတာပဲ။ အဲဒီလိုအားဖြင့် ပစ္စည်း ဝတ္ထုတစ်ခု သူများကို စွန့်လွှတ်လိုက်တယ်ဆိုတာ ကြိုးဖြတ်ချလိုက်တာပဲ၊ ဖြေဖြုတ်ပစ်လိုက်တာ။

ဒီတော့ အဲဒီလိုဖြေဖြုတ်ပစ်လိုက်ပြီးတော့မှ၊ ဒီလို လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုစေတနာစုကြောင့်. . နောက်ဘဝ ဒီထက်ပေါ်တဲ့ သူဌေးကြီးဘဝ၊

http://www.dhammadownload.com



ဒီထက်ဒွေးတဲ့ကြွယ်တဲ့ လူ့ဘဝစည်းစိမ်, ရိပ်ငြိမ် ချမ်းသာရ ရပါလို၏. . . လို့ဆိုရင် ဒါကြိုးပြန်တုပ်တာ။ ဒါဒီဘက်က ကြိုးဖြုတ်ပြီးတော့ ဟိုဘက်က ကြိုးနဲ့ပြန်တုပ်တာပဲရှိတယ်၊ အချုပ်ခန်းထဲက ထွက်လာပြီးတော့ ဟိုဘက်အချုပ်ခန်းထဲ ပြန်အဖမ်းခံရတဲ့ လူလို၊ ဒီဘက်ထောင်က လွတ်လိုက်ပြီး ဟိုဘက်ထောင် ပြန်ဝင်ရတဲ့ လူလိုဖြစ်နေတယ်။ ဒါကောင်းတာ မဟုတ်သေးဘူး၊ ဒီတော့ အဲဒါ ကြိုးပြန်တုပ်တာပဲ ဒါ့ကြောင့်"စည်းစိမ်ဘဝ၊ တောင့်တလျှုလျှင်၊ ကိုယ့်ကြိုး ကိုယ်တုပ်၊ ကိုယ်ရှုပ် မည်ပင်" လျှုတဲ့ တန်းတဲ့ နေရာမှာ စည်းစိမ်တွေ ဘဝတွေ။ ဘဝဆိုတာ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝပေါ့။ စည်းစိမ်ဆိုတာက လူ့ဘဝရတော့ လူစည်းစိမ်တွေ ရောက်လာတယ်ပေါ့၊ အိမ်တွေနေစရာ ထိုင်စရာ တိုက်တာ အိမ် အဆောက်အဦးတွေ။ စားစရာသောက်စရာတွေ၊ ဝတ်စရာ ဆင်စရာတွေ၊ ရွှေငွေကျောက်သံ၊ ဆင်မြင်းကျွဲနွား၊ သားသမီးမြေးမြစ်၊ တူသားနောင်မယ်၊ ဆွေသားမျိုးသား အခြံအရံတွေ၊ ဒါက စည်းစိမ်တွေ ရထားတဲ့ လူ့ခန္ဓာက လူ့ဘဝ၊ ဒီတော့. . . အဲဒါတွေကို တောင်းတပြီးတော့ လျှုရင်တော့ ကိုယ့်ကြိုးကိုယ်တုပ်၊ ဟော-ကိုယ့်ကြိုးနဲ့ ကိုယ်ပြန်တုပ်တာပဲ ဒီဘက်က လျှုလိုက်တန်းလိုက်တာက သံယောဇဉ်ကြိုးဖြတ်ချလိုက်လို့ ကြိုးဖြေ ဖြုတ်လိုက်တာ၊ ဟုတ်တယ်, မှန်တယ်, ကောင်းတယ်၊ ဟုတ်နေရင်းနဲ့၊ သို့သော်. . . ပြန်ပြီးတော့ နောက်ဘဝ, လူ့ဘဝ စည်းစိမ်ရ ရပါလို၏၊ လူမင်းကြီး ဖြစ်ရပါလို၏၊ နတ်မင်းကြီးဖြစ်ရပါလို၏. . . .၊ ဒီလို တိုက်ရိုက် ဆုတောင်းရင်သော်လည်းကောင်း၊-

တိုက်ရိုက်ဆုမတောင်းသည့်တိုင်အောင် စိတ်ကပဏိဓိခေါ်တဲ့ ရှေးရှုပြီး စိတ်ကညွတ်နေ၊ အဲဒီဘက်၊ မဂ်ဖိုလ်နိဗ္ဗာန်ဘက်မညွတ်ပဲနဲ့ သူကဘယ်လို, ဘယ်ဘက်နဲ့ညွတ်နေ၊ ပါးစပ်ကတော့ ထုတ်မပြောဘူး၊ စိတ်ထဲက ဒီလိုလျှုလိုက်ရင်တော့ နောက်ဘဝသေချာတယ်၊ လူ့စည်းစိမ်, သူဌေးစည်းစိမ်၊ နတ်ပြည်အကြိမ်ကြိမ် စည်းစိမ်တွေ ရအုန်းမှာ, ရအုန်းမှာလို့ ဒီလို စိတ်ကညွတ် နေတယ်ဆိုရင်လဲ ပြန်တုပ်နေတာပဲ။ ဒါကြောင့် ကိုယ့်ကြိုးနဲ့ ကိုယ့်ပြန်တုပ်တော့ ကိုယ်ပဲရှုပ်အုန်းမယ်၊ အိုလိုက်ဟ, အအိုအရှုပ်တွေက လာအုန်းမယ်၊ ဆံပင်ဖြူပြီးတော့ရှုပ်, သွားကျိုးပြီးတော့ရှုပ်, ပါးရေတွန့်ပြီးတော့ရှုပ်, နားထိုင်းပြီး တော့ရှုပ်, ခါးကိုင်းပြီးတော့ရှုပ်ဆိုတဲ့ အအိုမျိုးစုံ, အရှုပ်တွေကလည်း လာအုန်းမယ်၊ အနာပေါင်းစုံဆိုတဲ့ ကိုးဆယ့်ခြောက်ဖြာ, ကိုးဆယ်ရှစ်ဖြာဆိုတဲ့ ဘေးရောဂါ အရှုပ်တွေကလည်း လာအုန်းမယ်၊ အသေပေါင်းစုံ. . . လို့ခေါ်တဲ့ မီးလောင်သေခြင်း၊ ရေနစ်သေခြင်း၊ သစ်ပင်ကျလို့သေခြင်း၊ လက်နက်တုတ်ဓား နဲ့သေရခြင်း၊ အဖျားကြီးနဲ့သေ, ဖျားငယ်နဲ့သေ၊

http://www.dhammadownload.com



အနာမျိုး ကိုးဆယ့်ခြောက်ဝနဲ့သေ နာတာရှည်နဲ့သေ၊ နာတာတိုနဲ့သေဆိုတဲ့ အသေမျိုးစုံ၊ အရှုပ်တွေလည်း လာအုန်းမယ်၊ ဒီအရှုပ်ထဲနေရင် ဒီအရှုပ်တွေက လာနေကျ။ ဒါကြောင့်--"စည်းစိမ်ဘဝ၊ တောင်းတလျှုလျှင်၊ ကိုယ့်ကြိုးကိုယ်တုပ်၊ ကိုယ်ရှုပ် မည်ပင်၊ ဒုက္ခလွတ်လမ်း၊ မျှော်မှန်းလျှုလျှင်၊ ကြိုးတွေဖြုတ်၊ ဝဋ်ဖြုတ် နိဗ္ဗာန်ဝင်". . . တဲ့

ဒုက္ခလွတ်လမ်းကိုမျှော်မှန်းပြီးတော့လျှု. . . တဲ့ လျှုတာ၊ ဒီတော့ ဒုက္ခလွတ်လမ်းဆိုတော့ ဘယ်လိုအာရုံပြုလိုက်ရမှာတုန်း-ပစ္စုပ္ပန်ကျကျ၊ ဒုက္ခဆိုတာ အဝေးကြီးလိုက်ကြည့်မနေရဘူး ဟို. . . အထက်ကောင်းကင် လှမ်းကြည့် မနေ တော့နဲ့၊ ဒုက္ခတွေ့ချင်ရင်။ ဟိုး-စကြဝဠာနခမ်းဆီလည်းလှမ်းကြည့် မနေနဲ့၊ ဒုက္ခဟာ ဝေးဝေးမှာ မဟုတ်ဘူး. . . တဲ့၊ ဣမသ္မိံယေဝ ဗျာမမတ္တေ ကလေဝရေ - မြတ်စွာဘုရားက ရောဟိတဿရသေ့ကိုပြောခဲ့တယ်။ ဗျာမမတ္တေ-အလျှား တစ်လံ၊ အနံတစ်တွာမျှလောက်သာဖြစ်သော၊ ဣမသ္မိံယေဝ ကလေဝရေ-ဒီရုပ်နာမ်ခန္ဓာ ကိုယ်အတွင်း၌သာလျှင်၊ ဒုက္ခဥ္စ-ဆင်းရဲဒုက္ခကိုလည်း၊ ပညပေမိ-ငါဘုရား ပညတ်တော်မူတယ်။ အဲဒုက္ခပေးချင်လို့ရှိရင် အဝေးကြီး လျှောက်ကြည့်မနေနဲ့၊ ဒီခန္ဓာထဲကြည့်. . . တရားရှာရင် ကိုယ်မှာတွေ့တယ်၊ "တရားပျောက်ရင် ကိုယ်မှာ ရှာ, တရားရှာရင် ကိုယ်မှာတွေ့တယ်" ဒုက္ခသစ္စာတွေ့ချင်ရင် ဒီထဲကြည့်၊ ဒီရုပ်နာမ် ခန္ဓာထဲကြည့်။ ဒီတော့-ဒီရုပ်နာမ်ခန္ဓာထဲ ကြည့်လိုက်တော့၊ ဆိုပါတော့-အခုထိုင် နေကြရင်းနဲ့ မိမိတို့ခန္ဓာ ကိုယ်လေးပေါ် ဖျတ်ခနဲ အာရုံပြုကြည့်လိုက်တော့ ထိုင်နေ ရင်းနဲ့ ခြေကျင်ပြီးတော့ ညောင်းတာရင်လည်း တွေ့ချင်တွေ့မယ် သို့မဟုတ် ခေါင်းထဲအုံတုံတုံနေတာလည်း တွေ့ချင်တွေ့မယ်၊ သို့မဟုတ် နေရထိုင်ရ မကြည် မလင်ဖြစ်တာရင်လည်း တွေ့ချင် တွေ့မယ်၊ ဘာတွေတွေ့ အဲဒါဒုက္ခတွေ့တာချည်းပဲ၊ ခြေကျင်နေတယ်ဆိုလည်း ခြေကျင်တယ်ဆိုတာ ချမ်းသာတာမှ မဟုတ်ပဲ ဒုက္ခ၊ အဲဒုက္ခ ဘယ်ထဲမှာတုန်း, ဒီရုပ်နာမ်ခန္ဓာထဲမှာ၊ သို့မဟုတ် ခုနက ပြောသလို ချောင်းဆိုးချင်တယ်၊ ချောင်းဆိုးနေတယ်၊ မူးနောက် နောက်ဖြစ်နေတယ်၊ မကြည် မလင်ဖြစ်နေတယ် စသည်ဖြင့် ဘာတွေတွေ့ ဒီခန္ဓာထဲမှာ ဒုက္ခတွေနေတာ။

သို့မဟုတ်လို့ စိတ်ထဲမှာ မချမ်းမသာ မအီမလည်ဖြစ်နေတယ်၊ သားအ ကြောင်းပြု၊ သားအကြောင်းတွေးမိပြီးတော့ စိတ်တွေ မကြည်မလင်၊ အဲဒီမကြည် မလင်တာလေးဖမ်းပြီးရှုလိုက် ဒုက္ခပဲ။ ဒါနာမ်ဓာတ်ရဲ့ဒုက္ခတွေ့တယ်။ အဲဒီလို အားဖြင့် ရုပ်ဒုက္ခ, နာမ်ဒုက္ခ ဘာတွေတွေ့ တွေ့တာကိုဖမ်းဆုပ်, ဖမ်းဆုပ်ပေးမှ အဲဒီဒုက္ခများမရှိရာ ဌာနရောက်ဖို့ရာ တပည့်တော်တို့ ဒီ (၈) မြောက်အလှူထုပ်

http://www.dhammadownload.com



ကြီးလှျပါ၏. . .၊ဟော-နိဗ္ဗာန်နဲ့လမ်းတည့်သွားတာပဲ၊ ဟော့ဒီ-ကျင်နေတဲ့ ဒုက္ခမျိုးမရှိရာဌာနရောက်ဖို့ရာ။ ဒီတော့ ခြေထောက်ကျင်နေတဲ့ ဒုက္ခမျိုးဆိုတာ ရုပ်နာမ်ရှိလို့ ဒီ ဒုက္ခလာတာ၊ ရုပ်နာမ်ရှိတဲ့ (၃၁) ဘုံနယ်ထဲမှာ အဲဒီ လိုကျင်တဲ့ နာတဲ့ဒုက္ခတွေအပြည့်။

ဒီတော့ ဒိပြင်ကြည့်နေတာအသာထား ပစ္စုပ္ပန်ကျမိအောင် ဖမ်းဖို့ရာ ကိုယ့်ခန္ဓာပေါ် ဖမ်းလိုက်တော့ ကျင်နာကိုက်ခဲခြင်းဆိုတဲ့ ဒုက္ခဝေဒနာ ဒါ-ဒုက္ခကို မိထားပြီ . . . ဉာဏ်နဲ့ အဲဒီဒုက္ခမျိုး မရှိ ရာလို့ဆိုတော့ နိဗ္ဗာန်ပဲရှိတယ်၊ အဲဒီဒုက္ခမျိုးမရှိတာ (၃၁) ဘုံ ထဲတော့ ပြေးချင်ရာပြေးကြည့် ဒီဒုက္ခမျိုးနဲ့ပဲ၊ ရုပ်နာမ်ရှိနေရင် ဒီဒုက္ခမျိုး ရှိတာကိုး။ ဒီတော့ရုပ်နာမ်ရှိနေတာ ဟိုအထက်က ဗြဟ္မာဘုံလည်း ရုပ်နာမ်ပဲ၊ အဲဒီအောက်နတ်ပြည်ခြောက်ထပ် ဆင်းလာတော့လည်း ရုပ်နာမ်တွေပဲ၊ လူပြည်ဆင်းလာတော့လည်း ရုပ်နာမ်တွေပဲ၊ အပါယ်လေးဘုံ ပြေးဆင်းကြည့်လိုက်တော့လည်း ရုပ်နာမ်။

အခု ဒီရုပ်နာမ်နှစ်ပါး တွဲစပ် ပေါင်းစွဲပြီးတော့ ရုပ်ခဲ နာမ်ခဲတွဲပြီးသကာလ၊ ဓာတ်ခဲ ဓာတ်တုံး, ဓာတ်လုံးတွေ စုပေါင်းပြီးတော့၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါထင်ပြီးတော့သွားလာလှုပ်ရှား နေကြတဲ့ အရာဝတ္ထုတွေချည်းပဲ၊ ဒီတော့-ကိုယ့်ခန္ဓာကိုယ်ထဲတင်ကို ကပ်ဖမ်းလိုက်။ ညောင်းသလိုကျင်သလိုဖြစ်နေ အဲဒီ ညောင်းတဲ့ဒုက္ခမျိုး မရှိရာဌာနရောက်ဖို့ရာ တပည့်တော်တို့ ဒီ (၈)မြောက် အလှူကြီးလှူပါ၏. . . ဆိုတော့ အဲဒီညောင်းတဲ့ကျင်တဲ့ဒုက္ခမျိုးမရှိရာက နိဗ္ဗာန်ပဲရှိတယ်၊ ဒုက္ခလွတ်လမ်းကြီးပဲ၊ အဲဒါဒုက္ခလွတ်ရာကြီးပဲ၊ အဲဒီ ညောင်းတဲ့ကျင်တဲ့ ဒုက္ခမျိုး မရှိရာ ဌာနရောက်ဖို့ရာလို့ ဆိုတဲ့စကားမှာ နိဗ္ဗာန်ရ ရပါလို၏လို့ တိုက်ရိုက်မပြောပေမယ်လို့ နိဗ္ဗာန်နဲ့တည့်နေတာ၊ အဲဒါသဘောအားဖြင့်တော့ တကြောထဲဖြစ်နေတယ်။

ဒီတော့ အဲဒီနိဗ္ဗာန်ကို ရဖို့ရာ ရောက်ဖို့ရာ လှူပါ၏လို့ ဆိုပြီးတော့ "ဒုက္ခလွတ်လမ်း မျှော်မှန်းလှူလျှင်"-တဲ့၊ ဟောဒါဒုက္ခ လွတ်လမ်း မှန်းပြီးလှူတဲ့ အလှူကြီးဖြစ်သွားတယ်၊ ကြိုးတွေပြုတ် ထွက်သွားတာပဲ၊ အခုလှူလိုက်တန်းလိုက်တဲ့အတွက်၊ ကြိုးတွေပြုတ်တဲ့အပြင်၊ နောက်ထပ်ကြိုးပြန်ပြီးတော့ မတုပ်တဲ့အလှူ ကိုယ့်ကိုယ် ကိုကြိုးပြန်ပြန် မတုပ်ဘူး၊ အဲဒါလွတ်ပြီ၊ လွတ်လမ်းမဂ္ဂသစ္စာလို့ခေါ်တယ်၊ ဒုက္ခသစ္စာကိုင်ပြီး၊ ဒုက္ခသစ္စာရဲ့ပြစ်ချက်တွေ အာရုံပြု၊ ဒုက္ခသစ္စာကိုမြင်ပြီးတော့၊ နိဗ္ဗာန်ကိုမှန်းပြီးတော့ အာရုံ ပြုလိုက်တဲ့။ နိဗ္ဗာန်ကိုမှန်း ပြီးတော့ မဂ္ဂသစ္စာ။ မဂ္ဂသစ္စာဆိုတာ နိဗ္ဗာန်ဆီ လှမ်းအာရုံပြုတယ်၊ နိဗ္ဗာန်ဘက်ကို

http://www.dhammadownload.com



လိုက်ပြေးတယ်၊ နိဗ္ဗာန်ဘက်ကို စိတ်ပြေးပြေးတယ်၊ နာမ်ပြေး ပြေးတယ်၊ ဘယ်နား မှန်းတော့ မသိသေးဘူး၊ နိဗ္ဗာန်ဆို တာဘယ်လိုဟာမှန်းတော့ မသိသေးဘူး၊ အမှန်းတန်းအားဖြင့်တော့ ဒီဒုက္ခမျိုးမရှိတဲ့ နေရာလို့ ဆိုသဖြင့် သူက လက်ရှိဒုက္ခကို ဆုပ်ကိုင်ဖမ်းထားပြီးတော့၊ အဲဒီလက်ရှိဒုက္ခမျိုးမရှိတဲ့ ပြောင်းပြန်သိ လိုက်တော့၊ နိဗ္ဗာန်ဘက်ကိုညွှတ်သွားတာပဲ ဒီစိတ်ကလေးက။ အဲဒါ အရှိန်အဟုန် အားကောင်းလို့။

ဝိပဿနာအားကောင်းရင် နိဗ္ဗာန်ကိုတိုက်ရိုက်မြင်တာပဲ၊ အဲဒါ သောတာပန် ဖြစ်သွားတာ။ အဲမမြင်သေးရင် အမှန်းတန်းနဲ့ အနုမာနနည်းနဲ့ မှန်းရတယ်၊ အဲဒီလိုအမှန်းတမ်းနဲ့အာရုံပြုပြီးတော့ နိဗ္ဗာန်ကို အာရုံပြုပြီး လှူလိုက်တဲ့ အလှူက ယခုကြိုးတွေဖြေဖြတ်တဲ့အပြင်၊ နောက်ထပ်ပြန်ပြီးတော့ မချည်တုပ်တဲ့ အလှူ. . . တဲ့၊

ဣမံကာယံ နိက္ခိပတိ-ဤရုပ်နာမ်ခန္ဓာကာယကိုလည်းစွန့်ပစ် လိုက်ပြီးတဲ့နောက်။ အပရံကာယံ နဂဏှာတိ နဉပါဒီယတိ-နောက်ထပ် ရုပ်နာမ်ခန္ဓာကာယကိုလည်း မသိမ်းပိုက်ဘူး၊ မယူဘူး ဆိုရင်၊ အန နုဝဇ္ဇောစ-မကဲ့ရဲ့ထိုက်သည်လည်းကောင်း၊ ဝဏ္ဏိတောစ- ချီးမွမ်းထိုက်သည်လည်းကောင်း၊ ဝါ-မင်္ဂဖိုလ်နိဗ္ဗာန်ရမှာမို့လို့ အို, နာ,သေ, လွတ်ရာ နိဗ္ဗာန်ရွာ ရောက်မှာမို့လို့ ချီးမွမ်းထိုက်သည်လည်းကောင်း၊ ဟောတိ-မုချမသွေ ဖြစ်ရပါပေသတည်း။

သာဓု. . . သာဓု. . . သာဓု. . .

ဒီတော့လှူတဲ့နေရာမှာ အကျဉ်းချုပ်ကလေးက ကြိုးတွေကို ဖြေဖြတ်ပြီးတော့၊ နောက်ထပ်ကိုယ့်ကိုယ်ကို ပြန်ပြီးတော့ချည်တုပ်တဲ့ အလှူမဖြစ်စေနဲ့။ ကြိုးတွေကိုဖြေဖြတ်ပြီးသကာလ နောက်ထပ်မချည်တုပ်တဲ့အလှူဖြစ် ပါစေ. . . ဒါပဲ ဘုရားရဲ့အဆုံးအမလိုရင်း။ ဒါဖြင့်-မချည်မတုပ်တာက ဘယ်လိုဟာတုန်း ဆိုတော့ အားလုံးပရိသတ်ရော၊ တို့သံဃာတွေရော လိုက်ဆိုစမ်းပါ--

* **စည်းစိမ်ဘဝ,တောင်းတလှူလျှင်,ကိုယ့်ကြိုးကိုတုပ်,ကိုယ်ရှုပ်မည်ပင်၊**
**ဒုက္ခလွတ်လမ်း,မျှော်မှန်းလှူလျှင်,ကြိုးတွေဖြတ်,ဝဋ်ပြတ်နိဗ္ဗာန်ဝင်၊**

အဲ-စည်းစိမ်ဘဝတွေ တောင်းတပြီးတော့ မလှူနဲ့. . . ဒီတော့ ယခုန-ပြောခဲ့သလိုပေါ့၊ ဒါက ဒါနသာမကဘူး သီလ-ဘာဝနာ ဘာကောင်းမှုပဲပြုပြု ယခုန-ပြဆိုအပ်ခဲ့တဲ့အတိုင်း ဒီကိုယ်ခန္ဓာကိုစွန့်ပစ် ဒီကိုယ်ပေါ်မှာ မတွယ်တာ၊

http://www.dhammadownload.com



နောက်ခန္ဓာကာယတစ်ခုကိုယူ၊ ဒီပစ္စည်းကိုစွန့် နောက်ပစ္စည်းကို ခင်တွယ်ဆိုရင် အဲဒါကိုယ့်ကြိုးနဲ့ကိုယ် ပြန်တုပ်ရာရောက်သောကြောင့်၊ ဘာကောင်းမှုပဲပြုပြု၊ နောက်ဆုံးဘုရား ရှင်ကိုယ်တော်မြတ်ကိုလက်အုပ်ချီမိုး ရှိခိုးတဲ့ကုသိုလ်လေးပဲပြုပြု၊ ပြုပြီးသည်နဲ့ တစ်ပြိုင်နက် မိမိခန္ဓာကိုယ်ပေါ် ဒုက္ခသစ္စာကိုရှာလိုက်။

ဉာဏ်နဲ့ရှာလိုက်တော့ ညောင်းနေတာတွေချင်တွေမယ်၊ ကျင်နေတာတွေချင်တွေမယ်၊ ကိုက်နေတာတွေချင်တွေမယ်၊ ခဲနေတာ တွေချင်တွေမယ်၊ ဘာတွေတွေ့ တွေ့တဲ့ရုပ်နာမ်ဒုက္ခကို ဉာဏ်နဲ့သိမ်း ပိုက်ပြီးတော့ ဒီဒုက္ခမျိုးမရှိရာ၊ ဒီညောင်းမှုမျိုးမရှိရာ၊ ဒီကျင်မှုမျိုးမရှိရာ၊ ဒီကိုက်ခဲနေမှုမျိုးမရှိရာ၊ ဒီချောင်းဆိုးချင်မှုမျိုး မရှိရာစသည်ဖြင့် ပေါ်လာတဲ့ဒုက္ခမှန်သမျှ ဖမ်းပြီးတော့၊ ဉာဏ်နဲ့သိမ်းပိုက်ပြီးတော့၊ အဲဒီ ဒုက္ခမျိုးမရှိရာဌာနရောက်ဖို့ရာ ဘုရားတပည့်တော် လက်အုပ်ချီမိုး ရှိခိုးပါ၏. . . အဲဒါနိဗ္ဗာန်နဲ့တည့်နေတဲ့ ဒုက္ခသစ္စာမြင်. . . ပြီး၊ ဒုက္ခသစ္စာပေါ်ငြီးငွေ့ပြီးတော့၊ ဒုက္ခသစ္စာကိုပိုင်းခြားသိပြီးတော့ ပြုတဲ့ကောင်းမှု. . . တဲ့၊ ကဲ-အဲဒီအလှူကြီးဖြစ်အောင် ရေစက်ချပြီးတော့ (၃၁) ဘုံသားတွေ အမျှဝေကြရမှာဖြစ်တော့ အားလုံးဒကာ ဒကာမ အပေါင်း သူတော်ကောင်းတွေ အားလုံးလိုက်ဆိုရအောင်၊ ဘုန်းကြီးက ရှေ့ကရေစက်ချပေးတော့မယ်။

အရှင်မြတ်တို့ဘုရား ဘုရားတပည့်တော်တို့သည် မိမိတို့သန္တာန်၌ ချည်တုပ်၍ထားအပ်ကုန်သော သံယောဇဉ်ကြိုး အမျိုးမျိုးတို့ကို ဖြတ်ချိုးနိုင်ကြောင်းဖြစ်သော ဒါန သီလ ဘာဝနာကောင်းမှု ကုသိုလ်အစုစုတို့ကို၊ နေ့စဉ်နေ့စဉ် ကြိုးပမ်းအားထုတ် ပြုလုပ်ကြလျက် ကိုယ့်ကြိုးတုပ်ကို ကိုယ်ဖြေ၍နေကြပါကုန်၏။ ဤယနေ့ အဖို့၌ အထူးတလည် သံယောဇဉ်ကြိုးအမျိုးမျိုးတို့ကို ဖြတ်ချိုးလိုကြသည်ဖြစ်ပါသောကြောင့် အမရပူရ မဟာဂန္ဓာရုံ ကျောင်းတိုက်သို့ လာရောက်ကြလျက် သံဃာတော် တစ်ထောင့်နှစ်ရာကျော်တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နှစ်ထပ်သောဆွမ်းခဲဘွယ် ဘောဇဉ်အရသာ အဖြာဖြာတို့ဖြင့်၊ (၈)ကြိမ်မြောက်၊ (၈) နှစ်မြောက်၊ သံဃိကဒါန လောင်းလှူ ဆက်ကပ်ကြပါကုန်၏။

ငွေပဒေသာပင်-(၆၀၀၀) ကိုလည်း (၈) ကြိမ်မြောက် စိုက်ထူ၍၊ လှူဒါန်းကြပါကုန်၏၊ ထန်းလျက်ပိဿာ (၃၀) နှင့်တကွ တံမြက်စည်း ဆေးပစ္စည်း၊ ဆွမ်းဆန်တော်၊ မုန့်ထုပ် အစရှိသော လှူဖွယ်တို့ကိုလည်း သံဃိကဒါန နိဗ္ဗာန်ရည်းမှန်း၊ လှူဒါန်းကြပါကုန်၏။ ဦးပိန်တံတားကြီး ဟောင်းမြင်းနေသည်ကို ပျက်စီးနေသည်ကို မြင်ဆင်၍ ရဟန်းရှင်လူ ပြည်သူခပ်သိမ်း မပင်မပန်း ချမ်းချမ်းသာသာ သွားလာနိုင်ဖို့ရာ တံတားအသစ် ဆောက်လုပ်ရေး လှူဒါန်းရာ၌

http://www.dhammadownload.com



တပည့်တော်တို့ စုပေါင်းအားဖြင့် ကျပ် (၁၅၀၀) ကိုလည်း၊ (၈) ကြိမ်မြောက် လှူဒါန်းကြပါကုန်၏၊ ဖိတ်မန်ထားအပ်သော ပရိသတ်အပေါင်း သူတော်ကောင်း တို့အား သဒ္ဓါဖြူဖွေး၊ ကျွေးမွေး ဧည့်ခံကြပါကုန်၏၊

ဣဒံနော ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု-တပည့်တော်တို့၏၊ ဤယနေ့ ယခု၊ ဗုဒ္ဓမြတ်စွာ့သာသနာတော်ကို၊ ပူဇော်ရကြောင်း ချီးမြောက် ရကြောင်း ကောင်းမှုစေတနာ အဖြာဖြာသည် အို နာ သေရေး ဘေးကြီးသုံးတန် ငြိမ်းရာမှန်သော သန္တိသုခ နိဗ္ဗာနဓာတ် တရားတော် မြတ်ကြီးကို လွယ်ကူလျှင်မြန်၊ အသိဉာဏ်ဖြင့် ဧကန်လက်ရောက် မျက်မှောက်ထင်ထင် သိမြင်နိုင်ကြောင်း အားကောင်းသော အထောက်အပံ့ကြီးသည်၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

ဤကောင်းမှု၏ အဖို့ဘာဂကို မိခင် ဖခင် ဆရာသခင် ကျေးဇူးရှင်နှင့် တကွ ကိုယ်စောင့်နတ် အိမ်စောင့်နတ် မြို့စောင့်နတ် သာသနာတော်စောင့်နတ် ငရဲသနင်းယမမင်း၊ နတ်တို့သနင်း သိကြားမင်း၊ လူတို့သနင်း ပြည့်ရှင်မင်းနှင့်တကွ သုံးဆယ့်တစ်ဘုံသား သတ္တဝါများအား အမျှအမျှ-ပေးဝေကြပါကုန်၏၊ သုံးဆယ့် တစ်ဘုံသားသတ္တဝါများတို့သည် အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ-ချမ်းသာ ကြသည် ဖြစ်ကြပါစေသော်. . . ။

အမျှ---အမျှ---အမျှ---ယူတော်မူကြကုန်ပါလော. . . .

သာဓု. . . သာဓု. . . သာဓုပါဘုရား

http://www.dhammadownload.com



# သက္ကဏာဂ္ဂိယသုတ္တန်
# ဖခင်နယ်တွင်း အန္တရာယ်ကင်းတရားတော်

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၅၆-ခုနှစ်၊ တော်သလင်းလပြည့် ကျော် (၇) ရက်နေ့ညာ၊ ခရစ်နှစ် ၁၉၉၄-ခု၊ စက်တင်ဘာလ (၂၆) ရက်နေ့ညမှာ စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ရွှေထီးတော်ရိပ် အောက် အာရုံခံတန်ဆောင်းကြီးအတွင်း၌ ဒီနေ့ည ကျင်းပပြုလုပ်အပ်တဲ့ တရားပွဲသည်ကား မုံရွာမြို့ ဆုတောင်းပြည့် မြတ်စွာဘုရားကြီး၏ ဂေါပကအဖွဲ့ကြီးက ဦးဆောင်ပြီး သကာလ မင်္ဂလိုလ်နိဗ္ဗာန်လိုလားတဲ့ ထိုအမျိုးကောင်းသား၊ အမျိုးကောင်းသမီး အပေါင်း သူတော်ကောင်းတို့ရဲ့ (၁၀၁) နှစ်မြောက် (၁၀၁) ကြိမ်မြောက် ဆုတောင်း ပြည့်မြတ်စွာဘုရားကြီးအား မြသပိတ်စာရေးတံ ဆွမ်းလုံးတော်ဖြင့် လှူဒါန်းကော် ရော် ပူဇော်တဲ့ ဗုဒ္ဓပူဇနိယကုသိုလ်ကောင်းမှု မင်္ဂလာပွဲ. . ။

သီရိခမ္မာသောကမင်းကြီး ပူဇော်ခဲ့တဲ့ ဓာတ်တော်စစ် ဘုရားဓာတ် တော်စစ်၊ မွေတော်စစ်တွေ ကိန်းဝပ်ရာဖြစ်တဲ့ ဤဆုတောင်းပြည့်မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရည်မှန်းပြီးသကာလ ခုနက ပြဆိုခဲ့တဲ့ မုံရွာမြို့ ဆုတောင်းပြည့် မြတ်စွာဘုရား ဂေါပကအဖွဲ့ ဒကာကြီး ဒကာမကြီးများက ဦးဆောင်ပြီး မုံရွာမြို့ ရပ်ကွက် အသီးသီးမှာ နေထိုင်ကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ မုံရွာမြို့သူ မြို့သား ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေနဲ့ ပဋ္ဌာန်းဆက်ပါရမီဆက် ရှေးကအကြောင်း ကောင်းမှုပြုဖက် အဆက်ရှိကြတဲ့ ပတ်ဝန်း ကျင်ကျေးရွာ မြို့နယ် အသီးသီးမှာ နေထိုင်ကြတဲ့ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့ရဲ့ (၁၀၁) ကြိမ်မြောက်၊ (၁၀၁) နှစ်မြောက် မြတ်စွာ ဘုရား ရှင်ကိုယ်တော်မြတ်အား ရည်မှန်းပြီး တော့ စာရေးတံ မြသပိတ် ဆွမ်းလုံးပွဲဖြင့် ပူဇော်ကြတဲ့ကောင်းမှု မင်္ဂလာပွဲ။

အဲဒီကောင်းမှုမင်္ဂလာပွဲကို အကြောင်းပြုပြီးသကာလ နှစ်စဉ်နှစ်စဉ် ပူဇော်နေကျဖြစ်တဲ့အတိုင်း တစ်မြို့လုံးရှိ သံဃာတော်အရှင်မြတ် လေးထောင် ကျော်တို့အား (၁၀၁) နှစ်မြောက် ဆွမ်းလုံးပွဲတို့ဖြင့် ပူဇော်ကြတဲ့ သံဃာ့ပူဇနိယ ကောင်းမှု မင်္ဂလာပွဲ . . . တဲ့။ ဆွမ်းလုံးပွဲလို့ ဆိုရသော်လည်းပဲ ဆွမ်းသာမက ဆွမ်းကိုရည်မှတ် လေးရပ်သောပစ္စည်းတို့ဖြင့် ပူဇော်တဲ့ကောင်းမှု မင်္ဂလာပွဲ၊ ဘုန်းကြီး တို့ စကားဆိုတာ တစ်ခါတစ်ခါမှာ ဥပလက္ခဏနည်းလို့ဆိုပြီးတော့ နည်းနဲ့

http://www.dhammadownload.com



မှတ်ပြီးတော့ ပြောတာတွေရှိတယ်၊ ဘုန်းကြီးတို့ စာထဲလာတဲ့ စကားနဲ့ ပြောရရင် -သဒ္ဓါ ဒေယျာနိ ဘောဇနာနိ ဘုဥ္ဇိတွာ -ဒကာ ဒကာမတွေ သဒ္ဓါ တရားနဲ့ လှူတဲ့ ဆွမ်းတွေစားပြီးတော့၊ ပေါ့ပေါ့နေလို့ရှိရင်တော့ အပါယ်လေးပါးစာဖြစ်သွား၊ အပါယ်လေးပါးကျတတ်တယ်စသည်ဖြင့် အဲဒီ ဒကာ ဒကာမတွေ လှူတဲ့ ဆွမ်းကို စားပြီးတော့ တော်စွာလျှော်စွာ နေခဲ့ရင်ဆိုတဲ့ စကားမှာ ဒကာ ဒကာမတွေလှူတဲ့ ဆွမ်းကိုသာ စားပြီးတော့ တော်စွာလျှော်စွာ နေရင် အပါယ်ကျတတ်ပြီးတော့ သင်္ကန်း, ဆေး, ကျောင်းပစ္စည်းတွေသုံးပြီး နေရင်တော့ အပါယ်မကျတတ်ဘူးလား လို့မေးရင် စာကတိုက်ရိုက်ကတော့ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဥ္ဇိတွာ-သဒ္ဓါတရား နဲ့လှူတဲ့ဆွမ်း ဘောဇဉ်တွေကို သုံးဆောင်ပြီးတော့လို့ဆိုသော်လည်း သင်္ကန်း, ကျောင်း,ဆေး လေးပါးသောပစ္စည်း အစုံပါတယ် . . . လို့ဆိုတာ နည်းအားဖြင့် မှတ်သားရသလို။

အခုလည်းပဲ မုံရွာမြို့က ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ သံဃာတော်လေးထောင်ကျော်တို့ကို ဘုရားကိုယ်တော်မြတ်ကြီးနှင့်တကွ သံဃာ တော် လေးထောင်ကျော်တို့ကို စာရေးတံမြသပိတ် ဆွမ်းလုံးပွဲဖြင့် ပူဇော်ကြတဲ့ပွဲ . . . လို့ဆိုတဲ့နေရာမှာ ဆွမ်းလုံးပွဲဆိုလို့ ဆွမ်းတို့, ဆွမ်းဟင်းတို့, ဘောဇဉ်လေး တွေလောက်သာ ထင်မှတ်ရသော်လည်း ဆွမ်းကိုရည်မှတ် ဆွမ်းကိုသတ်မှတ် လေး ရပ်သောပစ္စည်းနဲ့ ပူဇော်ကြတဲ့ ပူဇော်တဲ့ပွဲ . . တဲ့၊ ဒီတော့ ဆွမ်းလုံး ဆွမ်းလုံးလို့ ဆိုလိုက်ပြန်သော်လည်းပဲ သပိတ်လုံးကလေးထဲ ကရှိတဲ့ဆွမ်းလောက်တင် အမှတ် တမဲ့ ထင်သွားတတ်ကြတာမို့လို့ တစ်ရပ်ကွက် တစ်ရပ်ကွက်က ဆွမ်းလုံး တစ်လုံး၊ အသင်းကြီးတစ်သင်းက ဆွမ်းလုံးတစ်လုံး စသည်ဖြင့် ဥပမာတစ်ခု မန္တလေး-မုံရွာ ကားအသင်းကြီးက ဆွမ်းလုံးတစ်လုံး ဆိုလိုက်ရင် ဘုံကထိန်ပွဲကြီး ဆင်နွဲကျင်းပ ပြီးတော့ ကိုယ်ကျရာ ကျောင်းတွေမှာ ထိုရပ်ကွက်ကြီးတစ်ခုလုံးကရှိတဲ့ ဒကာ ဒကာ မအပေါင်း သူတော်ကောင်း တွေက သို့မဟုတ် ထိုကား အသင်းကြီး၊ ထိုထို အသင်း ကြီး၊ ကုန်သည်အသင်းကြီး၊ ပွဲစားအသင်းကြီးစသည့် ထိုထိုအသင်း တွေက ကျရာ ကျရာ ကျောင်းတွေမှာ မဟာကထိန်ပွဲကြီးတွေ ဆင်နွဲကျင်းပပြီးတော့ ဆွမ်းသင်္ကန်း ကျောင်း, ဆေး, ပစ္စည်းလေးပါးနဲ့ ပူဇော်ကြသလို . . . အခုလည်းပဲ စာရေးတံ မဲချပြီးတော့ ကျရာကျောင်းတိုက်ကြီးတွေမှာ ဆွမ်းကို ရည်မှတ်လေးရပ်သော ပစ္စည်းတို့ဖြင့် လှူဒါန်းကော်ရော်ပူဇော်ကြတဲ့ ဆွမ်းလုံးပွဲ။

အဲဒီလိုအားဖြင့် ဘုရားကို ပူဇော်တဲ့ကောင်းမှု၊ သံဃာတော် လေးထောင် ကျော်တို့ကို ဆွမ်းလုံးပွဲများ.ကျင်းပပြီးတော့ လှူဒါန်းပူဇော်ကြတဲ့ ကောင်းမှု မင်္ဂလာပွဲ၊

http://www.dhammadownload.com



အထူးအားဖြင့် ယခုနှစ်မှာကျတော့ လယ်တီဆရာတော် ဘုရားကြီးရဲ့ ရုပ်ပွားဆင်းတုတော်၊ ရုပ်ထုဆင်းတုတော် ပူဇော်ပွဲနဲ့ ဆရာတော်ဘုရားကြီးရဲ့ ရုပ်ထုတော် သီတင်းသုံး နေထိုင်ရာဖြစ်တဲ့ ခမ်းနားတင့်တယ်စွာ ဆောက်လုပ်ထားအပ်တဲ့၊ ဆန်းကြယ်စွာ တည်ထား ဆောက်လုပ်ထားအပ်တဲ့ ဗိမာန်တော်ဖွင့်ပွဲ . . . တဲ့။

အဲဒီပွဲကြီးက ဒီနှစ်အထူးတလည်ယှဉ်တွဲပြီးတော့ ပါလာပြီးတော့ ပူဇော်ကြတဲ့ပွဲ၊ လယ်တီဆရာတော်ဘုရားကြီး ဘာ့ကြောင့် အထူးတလည် ပူဇော်ကြရတုန်းလို့ဆိုတော့ "သူပြုထားဖူး, မြတ်ကျေးဇူး, အထူးသိတတ်စေ" ဆရာတော်ဘုရားကြီးပြုထားတဲ့ကျေးဇူးက အင်မတန်ကြီးမားတဲ့ကျေးဇူးကြီး။အခုဒီဆုတောင်းပြည့်ဘုရားကြီးဆုတောင်းပြည့်မြတ်စွာဘုရားကြီးနဲ့ ဆက်စပ်ပြီးတော့ပြုထားတော်မူတဲ့ ကျေးဇူးကလည်းပဲ အင်မတန်ကြီးမား တဲ့ကျေးဇူးကြီး။

ဘယ်လိုပြုထားခဲ့တုန်းလို့ဆိုတော့-ဒီဆုတောင်းပြည့်မြတ်စွာဘုရားစေတီတော်မြတ်ကြီးရဲ့ ဉာဏ်တော်ဟာ ပထမဉာဏ်တော်က (၄၇-) တောင်မျှသာရှိပြီး၊ လယ်တီဆရာတော်ဘုရားကြီး ဦးစီးပြီးသကာလ စပ်ရာစပ်ရာ ပါရမီဆက်ပဋ္ဌာန်းဆက် ရှေးကအကြောင်း ကောင်းမှုဆက်ရှိကြတဲ့ ဒကာ ဒကာမတွေနဲ့ ထပ်မံပြီးတော့ ဉာဏ်တော်တွေဆင့်ပြီးတော့ပူဇော်ခဲ့တဲ့ အတွက်ဉာဏ် တော်ဒီနေ့ (၁၀၅-တောင်၊ မူလတုန်းက (၄၇-)တောင်ဆိုတဲ့ဉာဏ်တော်မှာ ထပ်ဆင့်ပြီး သကာလ ပူဇော်လိုက်တဲ့အတွက် ဒီနေ့ဆုတောင်းပြည့်စေတီတော်မြတ်ကြီးဟာ (၁၀၅-) တောင်အမြင့်ဆောင်ပြီးသကာလ ရောက်လာသမျှ ဒကာ ဒကာမ အပေါင်းသူတော် ကောင်းတွေရဲ့ လက်အုပ်ချီမိုး ရှိခိုးခြင်းစတဲ့ ကောင်းမှုတွေကို အခြေခံပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ရသည်အထိ၊ သီတင်းသုံးနေတော်မူတဲ့ (၁၀၅-) တောင် ဉာဏ် တော်ရှိတော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီး အဖြစ်သို့ ရောက်သွားအောင် လယ်တီဆရာတော်ဘုရားကြီးက ဦးဆောင်ပြီးတော့ ကျေးဇူးပြု တော်မူခဲ့တယ်၊ တစ်ချက်။

နောက် (၂)နံပါတ်အချက်က လယ်တီဆရာတော်ဘုရားကြီး ဦးစီးခေါင်းဆောင်ပြီးသကာလ အခုပြဆိုအပ်ခဲ့တဲ့ အနှစ်တစ်ရာကျော်ရောက်လာသည် အထိ၊ ဆွမ်းလောင်းပွဲကြီးကို ဆင်နွှဲကျင်းပနိုင်ခဲ့ကြတယ်. . . တဲ့ ဆရာတော် ဘုရားကြီးက ဦးစီးဦးဆောင်ပြု၊ နှီးဆော်သင့်တဲ့ ပုဂ္ဂိုလ်တွေနှိုးဆော်၊ သဒ္ဓါတရား တွေကိုနှိုးဆော်၊ တရားဓမ္မတွေကိုဟောပြ၊ ဆုံးမတိုက်တွန်းပြီးသကာလ၊ အားလုံး မုံရွာမြို့မှာ ရောက်လာ၊ ရောက်လာတဲ့ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေ၊ ကောင်းမှုတရားတွေတိုးကြပါစေ၊ ပွါးကြပါစေ၊ ဘုရားနဲ့စပ်တဲ့ ကောင်းမှုမင်္ဂလာတွေတိုးကြ

http://www.dhammadownload.com



ပါစေ၊ တရားနဲ့စပ်တဲ့ကောင်းမှုမင်္ဂလာပွဲကြီးတွေ တိုးကြပါစေ၊ သံဃာနဲ့စပ်တဲ့ ကောင်းမှုမင်္ဂလာပွဲကြီးတွေတိုးကြပါစေ၊ အထူးသဖြင့် မိမိတို့ တစ်နှစ်လုံးရှာဖွေလို့ရလာတဲ့ လောကီစီးပွါးဥစ္စာ ရတနာတွေထဲက၊ ဒီတစ်ဘဝစာ အတွက်၊ သားကျွေးမှု သမီးကျွေးမှု မြေးမြစ် ကျွေးမွေးပြင်ဆင်၊ ဆွေညာထောက်ပံ့၊ မင်းရေးစိုးတာပေးကမ်း။

အဲဒီလို လောကီရေးနဲ့သာ အချိန်ကုန်မသွားစေပဲ၊ လောကီရေးတွေနဲ့ ရှာဖွေတဲ့ ဥစ္စာပစ္စည်းလေးတွေ ပြုန်းတီးကုန်ဆုံးမသွားစေပဲ. . . မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရကြောင်းကောင်းမှုတရား ကြီးတွေတိုးပွါးကြပါစေ၊ သူတို့တစ် နှစ်လုံးလုံး၊ ချွေးတစ်လုံးလုံးနဲ့ ရှာထားရတဲ့ချွေးနဲ့စာပစ္စည်းထဲက မဂ်ဖိုလ်နိဗ္ဗာန် ရိက္ခာဖြစ်တဲ့ ပစ္စည်းတွေဖြစ်ကြပါစေလို့၊ ဒကာ ဒကာမတွေရှာထားတဲ့ ဥစ္စာပစ္စည်းထဲက၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ကို ကျေးဇူးပြုမယ့် ဥစ္စာပစ္စည်း ဖြစ်အောင် ကျင့်ဆောင်တတ်ဖို့၊ ဘုရားပူဇော်တဲ့ကောင်းမှုမင်္ဂလာကြီး။

ဘုရားပူဇော်တဲ့ကောင်းမှုမင်္ဂလာကြီးမှာလည်းပဲ ဘုရားကိုယ်တော်မြတ်ကို စာရေးတံမြသပိတ်မဲဖောက်ပြီးတော့ ကျတဲ့သူဘယ်သူရယ်လို့ ကွက်မပေးပဲနဲ့၊ မဲချပြီးတော့ ကံကောင်းထောက်မလို့ အမြတ်ဆုံးပူဇော်ထိုက်တဲ့ ဘုရားကိုယ်တော်မြတ်ကြီးကို ပူဇော်ထိုက်တဲ့ ဘုန်းကံပါတဲ့ အမျိုးကောင်းသား အမျိုး ကောင်းသမီးတွေ ပူဇော်ခွင့် ရကြပါစေ. . . လို့ ဘုရားအတွက် စာရေးတံ မြသပိတ်မဲကြီး ဖွင့်ပြီးတော့ တစ်မြို့လုံးရှိ သံဃာတော်အရှင်မြတ်တွေ အားလုံးကိုလည်းပဲ စာရေးတံမဲတွေဖွင့် ပြီးသကာလ ပူဇော်စေခဲ့တဲ့ လှူဒါန်းစေခဲ့တဲ့ ဒါနကောင်းမှုမင်္ဂလာပွဲ။

ဘုရားကိုယ်တော်မြတ်ကြီး စာရေးတံမဲပေါက်တယ်ဆိုရင် ဒါမြသပိတ်မဲ ပေါက်တယ်လို့ဆိုရတယ်၊ အားလုံးသော ဒကာ ဒကာမတွေအထဲမှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး မြသပိတ်မဲပေါက်တဲ့ သူဟာဖြင့် ကံအကောင်းဆုံးနဲ့ မင်္ဂလာ အရှိဆုံး အလှူကြီးကို လှူရမယ့်သူ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတည်းဟူသော အလှူခံပုဂ္ဂိုလ် အမြတ်ဆုံးပုဂ္ဂိုလ်ကြီးကို လှူခွင့်ရတဲ့သူ လှူခွင့်ကြုံတဲ့သူ လှူဖို့ရာ ကံကောင်းတဲ့သူ လှူဖို့ရာကံဇာတာပါလာတဲ့သူ လှူဖို့ရာဘုန်းကံပါရမီ ပါလာတဲ့သူ။ အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေးထဲမှာ ဘုရားကိုယ်တော်မြတ်ကြီး ဆိုတာ ထိပ်ဆုံးက အလှူခံပုဂ္ဂိုလ်ကြီး။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေး, ခွေးတောင်မှ ပါတယ်ဆိုတဲ့ စကားကြားဖူးထားကြတာ ဖြစ်တဲ့အတိုင်း အလှူခံပုဂ္ဂိုလ် တစ်ကျိပ်နဲ့ လေးမျိုးရှိတယ်၊ တစ်ဆယ့်လေးမျိုးရှိတယ်၊ အဲဒီတစ်ဆယ့်လေးမျိုး ထဲမှာဘုရားဆိုတဲ့ အလှူခံပုဂ္ဂိုလ်ကြီးက ထိပ်ဆုံးက၊ ဒီတော့ လှူရတာခြင်း အတူတူဆွမ်းတစ်သပိတ် လှူရတာချင်း အတူတူ ဘုရားဆိုတဲ့ အလှူခံ ပုဂ္ဂိုလ်ကြီး လှူရတာနဲ့ ရဟန်းတော်

http://www.dhammadownload.com



တစ်ပါး လှူရတာနဲ့ ဘယ်တူလိမ့်မတုန်း လယ်ယာမြေနဲ့ ပြောမယ်ဆိုရင် ဒိတ်ဒိတ်ကြဲနုံးတင် မြေနု မြေဩဇာတွေ ဖြူးထားတဲ့ လယ်ယာ မြေကောင်းထဲမှာ စိုက်ရတဲ့ ပျိုးရတဲ့သူ ရတဲ့ကောက်ပဲ သီးနှံ ထွက်လာတာချင်း မတူကြသလို. . . တဲ့။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးတည်းဟူသော အလှူခံပုဂ္ဂိုလ် နံပါတ် တစ် ဒိတ်ဒိတ်ကြဲ ပထမတန်းစားပုဂ္ဂိုလ်ကြီးကို လှူရတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ကံကောင်းကြတယ်၊ ဘုန်းကြီးကြတယ်၊ ပါရမီရှိကြတယ်၊ အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေးထဲမှာ ဘုရားကိုယ်တော်မြတ်ကြီး ထိပ်ဆုံးကဖြစ်တဲ့အကြောင်းကို နည်းနည်းစဉ်ကြည့်လိုက်ရင်-

* **ဘုရားမြတ်စွာ, ပစ္စေကာနှင့် အရိယာရှစ်ဝ, ဈာနလာဘီ, သီလဝန္တ, ဒုဿီလ တိရစ္ဆာန်, ဆယ့်လေးတန်, အလှူခံတစ်ကျိပ်လေး . . . .။**

အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေးပါး၊ တစ်ဆယ့်လေးမျိုးကို အမြတ်ဆုံး အကောင်းဆုံး အလှူခံပုဂ္ဂိုလ်ကြီးကစပြီးတော့ အထက်ကစပြီးတော့ အောက်ကိုဖြို့ပြီးတော့ ပြောကြမယ်ဆိုရင် နံပါတ် (၁) က ဘုရားမြတ်စွာတဲ့ -ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ၊ ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော် အနန္တ, တန်ခိုးတော် အနန္တ, ဣဒ္ဓိတော်အနန္တ, သိဒ္ဓိတော်တော်အနန္တ တို့နှင့်ပြည့်စုံတော်မူကြတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ၊ အဲဒါနံပါတ် (၁) အလှူခံ ပုဂ္ဂိုလ်ကြီးတွေပဲ။

လယ်ယာမြေနဲ့ ပြောလိုက်လို့ရှိရင်လည်း ဒိတ်ဒိတ်ကြဲ နုံးတင်မြေနု မြေဩဇာတွေဖြူးထားတဲ့ လယ်ယာမြေကောင်းကြီးနဲ့တူတယ်၊ နဂိုကမှ နုံးတင် မြေနုလယ်ယာမြေက မြေဩဇာကောင်းနေရတဲ့ အထဲမှာ ထပ်လောင်းပြီးတော့ မြေဩဇာတွေထပ်ဖြူးထားတဲ့ လယ်ယာမြေဆိုတော့ မစိုက်လိုက်နဲ့ စိုက်လိုက်ရင် ပေါက်လိုက်မယ့် အပင်က အပင်ကကြီးကြီး အသီးတွေကထွားထွား အပွင့်တွေကကားကား အရွက်တွေကဖားဖား အဲဒီလို အပွင့် အသီး အရွက်တွေကို ထွက်စေတတ်တဲ့ လယ်ယာမြေကောင်းကြီးနဲ့ တူတဲ့ ဘုရားရှင်ကိုယ်တော်မြတ် ကြီးများဟာ အလှူခံတစ်ကျိပ်လေး ယောက်ထဲမှာ နံပါတ် (၁)ထိပ်ဆုံးက အလှူခံပုဂ္ဂိုလ်ကြီးပါပဲ . . . . လို့။

ဘုရားမြတ်စွာ ပစ္စေကာနှင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးများတည်းဟူသော နံပါတ် (၁) အလှူခံကြီးရဲ့အောက်က ဒုတိယတန်းစား အလှူခံကိုပြောစမ်းပါဆိုရင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတွေ ဘုရားငယ်လို့ခေါ်ရတဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတွေ၊ အဲဒီအောက် တတိယတန်းစား အလှူခံပုဂ္ဂိုလ်တွေကို ပြောစမ်းပါအုံးဆိုရင်တော့ အရိယာသံဃာ ရှစ်ဝ . . . တဲ့။ အရိယာ (၈) ယောက်ကို အစဉ်အတိုင်း ပြောလိုက်ရင် (၁) ရဟန္တာဖြစ်တော်မူပြီး ဖြစ်တော်မူကြတဲ့ အရှင်ကောင်း အရှင်မ

http://www.dhammadownload.com



ကြီးတွေ အဲဒီအောက် ရဟန္တာဖြစ်ဖို့ ကျင့်နေဆဲ ဖြစ်ကြတဲ့ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ကြီးတွေ၊ အဲဒီအောက် အနာဂါမ်ဖြစ်တော်မူကြပြီးဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးတွေ၊ အဲဒီအောက် အနာဂါမ် ဖြစ်အောင် ကျင့်နေဆဲ ဖြစ်တဲ့ အနာဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကြီးတွေ၊

အဲဒီအောက် ဆင်းလိုက်တော့ သက ဒါမိဖြစ်တော်မူကြပြီး ဖြစ်တော်မူကြတဲ့ ပုဂ္ဂိုလ်အရှင်မြတ်ကြီးတွေ၊ အဲဒီအောက် ဆင်းလိုက်တော့ သက ဒါဂါမ်ဖြစ်အောင် ကျင့်နေဆဲဖြစ်ကြတဲ့ သကဒါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် အရှင်မြတ်ကြီးတွေ၊ အဲဒီအောက်ဆင်းလိုက်တော့ သောတာပန်ဖြစ်တော်မူကြပြီး ဖြစ်တဲ့ အရှင်ကောင်း အရှင်မြတ်တွေ အဲဒီအောက်ဆင်းလိုက်တော့ သောတာပန်ဖြစ်အောင် ကျင့်နေဆဲ ဖြစ်တော်မူကြတဲ့ အရှင်ကောင်း အရှင်မြက်တွေ. . . လို့။

အရိယာ ရှစ်ယောက်ကို အစဉ်အတိုင်းဆင်းလာရင် ရဟန္တာအရှင်မြတ်ကြီးတွေ၊ အဲဒီအောက်က ရဟန္တာဖြစ်အောင် ကျင့်နေတဲ့ပုဂ္ဂိုလ်တွေ၊ အဲဒီအောက်က အနာဂါမ်ဖြစ်ပြီးပုဂ္ဂိုလ်တွေ အဲဒီအောက်က အနာဂါမ်ဖြစ်အောင် ကျင့်ဆောင်နေတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီအောက် သကဒါဂါမ်ဖြစ်ပြီး ပုဂ္ဂိုလ်တွေ၊ အဲဒီအောက်က သကဒါဂါမ်ဖြစ်အောင် ကျင့်နေဆဲပုဂ္ဂိုလ်တွေ၊ အဲဒီ အောက်ကသောတာပန် ဖြစ်ပြီးပုဂ္ဂိုလ်တွေ၊ အဲဒီအောက်က သောတာပန်ဖြစ်အောင် ကျင့်နေဆဲဖြစ်တဲ့ ပုဂ္ဂိုလ်တွေလို့ အရိယာ ရှစ်ယောက်၊ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာ ရှစ်ဝ. . . အလှူခံပုဂ္ဂိုလ် အမြင့်ကစပြီးတော့ အနိမ့်အထိ ဆင်းလာလိုက်လာတာ (၁၀) ယောက်ရှိသွားပြီ။

အဲဒီအောက် ဆက်ဆင်းတော့ ဈာနလာဘီ . . . တဲ့၊ ဆယ့်တစ်ယောက်မြောက်အလှူခံ၊ ဆယ့်တစ်ဆင့်မြောက် အလှူခံပုဂ္ဂိုလ်က ဈာနလာဘီ သာသနာပ ဈာနလာဘီ ရသေ့ပရိဗိုဇ်များ၊ သာသနာတွင်း မဟုတ်ဘူး၊ သာသနာပ ဈာနလာဘီ ရသေ့ပရိဗိုဇ်များ သာသနာပမှာ ဈာန်ရနေတဲ့ ရသေ့များ၊ ပရိဗိုဇ်များ ပုဂ္ဂိုလ်များ၊ အဲဒါ (၁၁) နံပါတ်မြောက် အလှူခံပုဂ္ဂိုလ်၊ အဲဒီအောက်ဆင်းလိုက်တော့ သီလဝန္တ . . . သာသနာပ သီလဝန္တပုဂ္ဂိုလ်တဲ့ သာသနာပ သီလဝန္တပုဂ္ဂိုလ်ဆိုတာ ဘုန်းကြီးတို့ ဒီနေ့ ဒကာ ဒကာမတွေလို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ -တော့မဆိုဘူး၊ သူ့နှုတ်က မဆိုဖူးဘူး၊ မဆိုလည်း မဆိုချင်ဘူး၊ မဆိုလည်း မဆိုနိုင်ဘူး၊ သူက ဒါ့ကြောင့် သာသနာတွင်းသားတော့မဟုတ်ဘူး၊ သို့သော် သီလတော့ရှိတယ်၊ ငါးပါးသီလတော့ လုံတယ်၊ သူက သရဏဂုံသုံးပါးသာ မတည်တာ၊ ဗုဒ္ဓဘာသာ အယူကိုသာ မယူတာ၊ ဗုဒ္ဓသာသနာ အတွင်းသားသာ မဟုတ်တာ သူများ အသက်ကို မသတ်ဘူး၊ သူများဥစ္စာ မခိုးဘူး စသည်ဖြင့် ငါးပါးသီလလုံအောင် စောင့်ထိန်းပြီးတော့နေတဲ့ သာသနာပပုဂ္ဂိုလ်တွေ အဲဒါ သီလဝန္တ အလှူခံပုဂ္ဂိုလ်-လို့ခေါ်တယ်၊ ဒါ (၁၂) နံပါတ်မြောက်ပုဂ္ဂိုလ်။

http://www.dhammadownload.com



(၁၃) နံပါတ်မြောက်ပုဂ္ဂိုလ်ကတော့ ဒုဿီလ. . . တဲ့၊ ဟော . . ဒုဿီလ ဆိုတာကျတော့ သာသနာပဖြစ်ဖြစ်၊ သာသနာတွင်းဖြစ်ဖြစ် ဒုဿီလ အမြဲတန်း သီလဖောက်ဖျက်နေတဲ့ ပုဂ္ဂိုလ်တွေ အမြဲတန်း တံငါလုပ် ပြီးတော့ ငါးသား ဖလောင်းတွေ သတ်ဖြတ်ပြီးတော့ သားစာ သမီးစာ ရှာကျွေးနေတဲ့ ပုဂ္ဂိုလ်တွေ၊ အမြဲတန်း မုဆိုးလုပ်ပြီးတော့ သားကောင် ငါးကောင်တွေ ပစ်ခတ်သတ်ဖြတ် ဖမ်းဆီးနေတဲ့ ပုဂ္ဂိုလ်တွေ သို့မဟုတ် ခိုးဆိုး တိုက်ခိုက် လုယက်နေတဲ့ ပုဂ္ဂိုလ်တွေ မူးယစ်သောက်စားနေတဲ့ပုဂ္ဂိုလ်တွေ သာသနာတွင်း ပဲဖြစ်ဖြစ်၊ သာသနာပပဲဖြစ်ဖြစ် ဒုဿီလပုဂ္ဂိုလ်တွေ (၁၃) နံပါတ် အလျှုခံပုဂ္ဂိုလ်တွေ၊ (၁၄) နံပါတ် အလှူခံ ပုဂ္ဂိုလ်ကျတော့ တိရစ္ဆာန်. . . တဲ့။ တိရစ္ဆာန်ဟာ အောက်ထစ်ဆုံးပဲ။

အဲဒီအလှူခံတစ်ကျိပ်လေးထဲမှာ ဒီနေ့ မုံရွာမြို့ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေလာမယ့် တော်သလင်းလပြည့်ကျော် (၁၀) ရက်နေ့မှာ တစ်မြို့လုံးရှိ သံဃာတော် လေးထောင်ကျော်တို့ကို ဆွမ်းလုံးပွဲကြီး ဆင်နွှဲကျင်းပပြီးတော့ ပူဇော်ကြမှာဖြစ်တော့ အဲဒီသံဃာတော် လေးထောင်ကျော် ဘယ်အလှူခံအစားထဲမှာ ပါပါသလဲ. . . လို့ မေးလိုက်တော့ အဋ္ဌကထာဆရာ ကြီးတွေက သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်အတွင်းမှာ ပါဝင်ကြပါတယ်. . .။ သောတာပန်ဖြစ် အောင်ကျင့်နေဆဲဖြစ်တဲ့ သောတာပတ္တိမဂ္ဂဋ္ဌာန်စာရင်းမှာ ပါဝင်ကြပါတယ်လို့ ဒေသနာကပြတယ်။

ဟုတ်လည်းဟုတ်တယ်လေ၊ ဒီသံဃာတော်အရှင်မြတ်တွေဟာ သောတာပန် မဖြစ်သေးရင် သောတာပန်ဖြစ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်နေဆဲဖြစ်တဲ့ ပုဂ္ဂိုလ်တွေ သောတာပန်ဖြစ်ကြောင်းဖြစ်တဲ့ သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆာ နှစ်ပါးကိုသတ်ပြီးတော့ အပါယ်တံခါးကြီး ပိတ်စေတတ်တဲ့ သီလတွေကို ဖြည့်ကျင့်၊ သမာဓိကိုထူထောင် ပညာတရားတွေကို ပွားများ တော်မူကြတဲ့ အရှင်ကောင်း၊ အရှင်မြတ်တွေ သံဃာတော်တွေ တင်လားဆို တော့ ဘယ်ကမတုန်း ဘိက္ခုနီနွယ်ဝင် သီလရှင်ဆရာတွေ၊ သူတို့တင်လားဆိုတော့ ဘယ်ကမတုန်း ဒီနေ့ ဒကာ ဒကာမတွေ၊ ဗုဒ္ဓဘာသာနွယ်ဝင် သရဏဂုံသုံးပါးနှင့် ငါးပါးသီလဆောက် တည်ထားကြတဲ့ ဒကာ ဒကာမအပေါင်းတွေမှန်သမျှ အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေးထဲမှာသွင်းရင် သောတာပတ္တိမဂ္ဂဋ္ဌာန်စာရင်းမှာ ပါဝင်ကြတယ် . . . တဲ့။ သောတာပန်ဖြစ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ် နေဆဲဖြစ်တဲ့ ပုဂ္ဂိုလ်စာရင်းမှာ ပါဝင်ကြတယ်။

http://www.dhammadownload.com



ဒီတော့ ဒီနေ့ မုံရွာမြို့က ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ နံပါတ် (၁) ဘုရားဆိုတဲ့ နံပါတ်(၁) အလှူခံပုဂ္ဂိုလ်အရှင်မြတ်ကြီးကို မြသပိတ် စာရေးတံ (၁၀၁) ကြိမ်မြောက် ရောက်သည်အထိ ဘုရားကိုယ်တော်မြတ်ကြီး ကို ပူဇော်, ပူဇော်ပြီးတော့ လာခဲ့ကြတယ်၊ ရှေးရှေးက မိဘဘိုးဘွားအစရှိတဲ့ သူတော်ကောင်းကြီးများ အကြိမ်ကြိမ် အခါခါ ဘုရားကိုယ်တော်မြတ်ကြီးကို စာရေးတံ မြသပိတ် မဲချပြီးသကာလ ဘုရားကိုယ်တော်မြတ်ကြီးကို မဲကျတဲ့ ဘုန်းရှိတဲ့သူတွေ၊ ကံရှိတဲ့သူတွေ၊ ပါရမီရှိတဲ့သူတွေ၊ ဘုန်းကံပါရမီရှိတဲ့ သူတွေက ဘုရားဆိုတဲ့ အလှူခံပုဂ္ဂိုလ်ကြီး၊ ဘုရားဆိုတဲ့ အမြင့်မြတ်ဆုံး အလှူခံပုဂ္ဂိုလ်ကြီးမှာ လှူဒါန်း ပြီးသ ကာလ အကောင်းဆုံးဖြစ်တဲ့ လယ်ယာမြေကောင်းကြီးထဲမှာ ကုသိုလ်မျိုးစေ့ တွေကို စိုက်ပျိုးကြချခဲ့ကြတယ်။

အဲဒီအောက် သံဃာတော်အရှင်မြတ်တွေတည်းဟူသော သောတာပတ္တိမဂ္ဂဋ္ဌာန် စာရင်းမှာ ပါဝင်ကြတဲ့ (၀ါ) သောတာပန်ဖြစ်အောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်တော်မူနေကြတဲ့ သောတာပတ္တိမဂ္ဂဋ္ဌာန် စာရင်းဝင်တော်မူကြတဲ့ အလှူခံပုဂ္ဂိုလ် (၁၀) ပါးမြောက် အလှူခံပုဂ္ဂိုလ်တွေထဲမှာလည်း (၁၀၁) နှစ်မြောက် ရောက်လာသည်အထိ ဆွမ်းလုံးပွဲကြီးတွေများ ဆင်နွှဲကျင်းပပြီးတော့ ဆွမ်းကို ရည်မှတ် လေးရပ်သော ပစ္စည်းတို့ဖြင့်လည်း ထောက်ပံ့လှူဒါန်း ကော်ရော် ပူဇော်သမှုကို ပြုလာခဲ့ကြတယ်၊ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ စာရေးတံမြသပိတ် မဲဖောက်ပြီ . . . ဆိုမှုဖြင့် အမြတ်ဆုံး မဲပေါက်တဲ့သူ မဟာဒုဂ် မဲပေါက်တဲ့သူ . လို့ မဟာဒုဂ် အတ္ထုပ္ပတ္တိကို အကြောင်းပြုပြီးတော့ စာရေးတံမဲ ပေါက်တဲ့သူများ ကံထူးကြတယ်။ ဘုန်းရှိ ကြတယ်၊ ပါရမီရှိကြတယ်လို့ ပြောကြရတယ်၊ ပြောလည်း ပြောထိုက်အောင် ဘုန်းကလည်း ထူးပါပေတယ် ကံကလည်း ထူးပါပေတယ် ပါရမီကလည်း ထူးပါပေတယ်။

အကောင်းဆုံးဖြစ်တဲ့ လယ်ယာမြေထဲမှာ စိုက်ရတဲ့သူက ကျပ်တည်းကုန်းသာသာလယ်ယာမြေထဲမှာ စိုက်ရတဲ့သူထက် အသီးအနှံရပုံချင်းသာတော့မယ်. . . ဆိုတာသေချာသွားတာကိုး ဒါကြောင့် မြသပိတ်စာရေးတံမဲ ဖောက်တဲ့အနေနဲ့လည်း ပဲ (၁၀၁)ကြိမ် သံဃာတော်အရှင်မြတ်လေးထောင် ကျော်တို့ကိုပဲ ဆွမ်းလုံးပွဲကြီးများ ကျင်းပပြီးတော့ ပူဇော်ကြတာလည်း ဒီနှစ်ဆို ရင် (၁၀၁)ကြိမ်၊ အဲဒီအထဲမှာ အထူးတလည် ဒီနေ့ပူဇော်လိုက်ကြတဲ့တာက" သူပြုထားဖူး မြတ်ကျေးဇူး အထူးသိတတ် စေ. . . " ဆိုတဲ့အတိုင်းပဲ လယ်တီ ဆရာတော်ဘုရားကြီးက ပြုထားခဲ့တဲ့ ကျေးဇူးတော်ကြီးတွေက ဆုတောင်းပြည့်မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်ကြီး ဉာဏ်တော်

F. 26

http://www.dhammadownload.com



(၄၇)တောင် ကနေပြီးတော့ ဉာဏ်တော် (၁၀၅)တောင် ရောက်သည်အထိကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူခဲ့တဲ့ ကျေးဇူးတော်။

ဤဆွမ်းလုံးပွဲကြီးများ ဆင်နွဲကျင်းပပြီးတော့ (၁၀၁) နှစ်မြောက် ရောက်လာသည်အထိ ဆက်လက်ပြီးတော့ ပြုပြင်နိုင်အောင် ပြုလုပ်နိုင်အောင် အားထုတ်နိုင်အောင် အထူးသဖြင့် ယခုနပြဆိုအပ်ခဲ့တဲ့အတိုင်း မိမိတို့တစ်နှစ် ပတ်လုံးချွေးနှဲစာ ရှာဖွေထားအပ်တဲ့ ချွေးနှဲစာထဲက သားစာ သမီးစာနဲ့ ဆွေစာမျိုးစာနဲ့ မင်းစိုးရာဇာ အရေးနဲ့ အချိန်ကုန်မသွားစေပဲ အလဟဿ ဖြုန်းတီးပြီးတော့ ကုန်ဆုံးသွားတာ မဖြစ်စေပဲ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရား (၉)ပါးရရာရ ကြောင်းကျေးဇူးပြုတဲ့ ဥစ္စာပစ္စည်းများဖြစ်ကြရအောင် မိမိတို့ရှာဖွေလို့ရထားတဲ့ ချွေးနှဲစာပစ္စည်းထဲ ကနေပြီးတော့ ယခုပြဆိုအပ်ခဲ့တဲ့ ဘုရားနဲ့သံဃာတော်အရှင်မြတ်တွေကို ဆွမ်း လုံးပွဲကြီးများဆင်နွဲကျင်းပပြီးတော့ ဆွမ်းကိုရည်မှတ်, လေးရပ်သောပစ္စည်းတို့ဖြင့် ပူဇော်သမှုပြုကြတဲ့ ကောင်းမှုမင်္ဂလာပွဲကြီးတွေ ဖြစ်အောင်ကျေးဇူးပြုတော်မူခဲ့တဲ့ လယ်တီဆရာတော်ဘုရားကြီး။

ဆုတောင်းပြည့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ဘုရားသားတော်သံဃာတော်အရှင်မြတ်တွေအား ဘုရားပူဇော်, တရားပူဇော်, သံဃာပူဇော်တဲ့ ကောင်းမှုမင်္ဂလာပွဲကြီးတွေကို ဆင်နွှဲကျင်းပပြီးတော့ အခုလို ကြိုးပမ်းအားထုတ်ပြုလုပ်နေတဲ့အချိန်မျိုးကို ဘုရားကိုယ်တော်မြတ်ကြီးက " ငါ-**အဖေတည်း ဟူသော လောကုတ္တရာဖခင်ကြီးရဲ့ နယ်နိမိတ်အတွင်း သက်ဆင်းပြီးတော့နေ ကြတဲ့အချိန် . . . လို့၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ *သကုဏဂ္ဃိသုတ္တန် ဒေသနာ တော်မှာ ဘုရားဆုံးမတော်မူခဲ့တယ်။**

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုတွေပြုတတ်စေချင်လွန်းလို့ ပြုဖြစ်စေချင်လွန်းလို့ ပြုခွင့်သာစေချင်လွန်းလို့ အမျိုးမျိုးသောနည်း၊ အမျိုးမျိုး သော ဥပမာပုံတွေဆောင်၊ အမျိုးမျိုးသော ဇာတ်ကြောင်းတွေ ဖော်ပြီးတော့ အမျိုးမျိုးသောနည်းဥပါယ်တွေနဲ့ တိုက်တွန်းဟောကြားတော်မူခဲ့တဲ့ ဓမ္မက္ခန္ဓာ ပုဒ်ရေပေါင်းရှစ်သောင်းလေးထောင်ထဲက ဒကာ ဒကာမတွေ မဂ်ဖိုလ်နိဗ္ဗာန် ရရေးအတွက် မဟာကရုဏာတော်ကြီးနဲ့ အင်မတန်သနားခြင်း ပြင်းပြစွာနဲ့ ဟောထားခဲ့တဲ့ တရား

---

*သကုဏဂ္ဃိသုတ္တ သံ-၃၊ ၁၂၇။ဇာ-၅-၂၊ ၅၃

http://www.dhammadownload.com



ပုဒ်ရေအပေါင်း ရှစ်သောင်းနဲ့လေးထောင်ရှိတယ်၊ အဲဒီ ရှစ်သောင်းလေးထောင် ထဲက မဟာဝဂ္ဂသံယုတ်ပါဠိတော် သကုဏဂ္ဃိသုတ္တန်ဆိုတဲ့ ဒေသနာတော်မှာဘုရား က ဘယ်နဲ့ဆုံးမတော်မူခဲ့တုန်းဆိုတော့ -

* မာ ဘိက္ခဝေ အပေတ္တိကေ ဝိသယေ ဝိစရထ၊
သကေ ပေတ္တိကေ ဝိသယေ ဝိစရထ။

ဘိက္ခဝေ-အိုနာသေရေး, ဒုက္ခဘေးကြီးတို့မှ, ကင်းဝေးလွတ်မြောက် ရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို, လျင်မြန်စွာ လိုလားကြတဲ့, အမျိုးကောင်းသား အမျိုးကောင်း သမီးအပေါင်း, သူတော်ကောင်းတို့၊ တုမ္ဟေ-နိဗ္ဗာန်ချမ်းသာကို လိုလားကြတဲ့သင်ချစ် သား ချစ်သမီးတို့သည်၊ အပေတ္တိကေ- ငါဘုရားတည်း ဟူသော ဖခင်ကြီးရဲ့, နယ်နိ မိတ်မဟုတ်သော၊ ဝိသယေ-ရန်သူတို့ရဲ့ နယ်နိမိတ် အတွင်း၌၊ မာဝိစရထ- နေ့နေ့ ညည, လှည့်လည်ကျက်စား, ပျော်ပါးပြီးတော့, မမေ့မိကြစေကုန်လင့်၊ ပေတ္တိကေ- ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးတည်းဟူ သော ဖခင်ကြီးဖြစ်သော၊ ဝိသယေ- မိတ်ဆွေကြီးတို့ရဲ့ နယ်နိမိတ်အတွင်း၌၊ ဝိစရထ- နေ့နေ့ညည, လှည့်လည်ပျော်ပါး, ကျက်စားမိကြစေကုန်ရာသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

အိုနာသေရေး ဒုက္ခဘေးကြီးတို့မှ ကင်းဝေးလွတ်မြောက်ရာဖြစ်တဲ့ နိဗ္ဗာန် ချမ်းသာကို လျင်မြန်စွာ ရလိုကြငြား အိုချစ်သား ချစ်သမီးများတို့ . . .၊ အဲဒီလို နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ရချင်ကြတယ်ဆိုရင် ငါဘုရားရှင် ကိုယ်တော် မြတ်ကြီးရဲ့ နယ်နိမိတ်မဟုတ်တဲ့ (ဝါ) မာရ်ယုတ်ရဲ့ နယ်နိမိတ်ဖြစ်တဲ့၊ (ဝါ) ရန်သူရဲ့ နယ်နိမိတ် ဖြစ်တဲ့ နယ်အတွင်းမှာ ကျက်စားပျော်ပါးပြီးတော့ မနေမိစေကြနဲ့၊ ငါဘုရားရှင် ကိုယ်တော်မြတ်ကြီးတည်းဟူသော ဖခင်ကြီးရဲ့ နယ်နိမိတ်အတွင်း သက်ဆင်း ပျော်ပါး ကျက်စားပြီးတော့ နေမိကြပစေ. .၊ ငါ့အဖေရဲ့ နယ်နိမိတ်အတွင်း သက် ဆင်းပြီးတော့ နေမိကြပစေ၊ ငါ့ရန်သူရဲ့ နယ်နိမိတ်အတွင်း သက်ဆင်းပြီးတော့ မနေမိကြစေနဲ့၊ ငါ့အဖေတည်းဟူသော မိတ်ဆွေကြီးရဲ့ နယ်နိမိတ်အတွင်း သက်ဆင်းပြီးတော့ နေမိကြပစေ . . . တဲ့၊ အကျဉ်းချုပ် ပြောရင်တော့ "အဖေ့နယ် တွင်း သက်ဆင်းပြီးတော့ နေကြ" မင်္ဂဖိုလ်နိဗ္ဗာန် လျင်မြန်စွာ ရလိုကြငြား ချစ်သား ချစ်သမီးတို့ နိဗ္ဗာန်ကို လျင်မြန် စွာရချင်ကြရင် အဖေ့နယ်တွင်း သက်ဆင်းပြီးတော့

---

*ဂေါစရေ ဘိက္ခဝေ စရထ သကေ ပေတ္တိကေ ဝိသယေ။(သံ-၃/၁၂၉)

http://www.dhammadownload.com



နေကြ . . .။ ပရိသတ် ဘယ်သူ့နယ်တွင်း တဲ့တုန်း?၊ **"အဖေ့နယ်တွင်းပါဘုရား၊ အဖေ့နယ်တွင်း သက် ဆင်းပြီးတော့ နေကြ"** မင်္ဂဖိုလ်နိဗ္ဗာန် လျင်မြန်စွာရလိုကြငြား ချစ်သားချစ်သမီးတို့ နိဗ္ဗာန်ကို လျင်မြန်စွာ ရချင်ကြရင် အဖေ့နယ်တွင်း သက်ဆင်း ပြီးတော့ နေကြ. . . ပရိသတ် ဘယ်သူ့နယ် တွင်းတဲ့တုန်း?၊အဖေ့နယ်တွင်းပါဘုရား။ အဖေ့နယ်တွင်း သက်ဆင်းပြီးတော့ နေကြ။

တနည်းပြောရင် အဖေလို့ခေါ် ဆိုရတဲ့ မိတ်ဆွေကြီးရဲ့ နယ်တွင်း သက်ဆင်း ပြီးတော့နေကြ၊ အဖေဆိုတာ သားသမီးတွေရဲ့အပေါ် မှာ မကောင်းတာကို မကြံဘူး၊ ကောင်းတာကိုပဲ ကြံတယ်၊ မကောင်းတာ မပြောဘူး၊ ကောင်းကျိုး ရှိရာကိုသာ ပြောတယ်၊ ဒါကြောင့် မိတ်ဆွေ အဖေဆိုတာ သားသမီးတွေ အကျိုး ရှိရာရှိကြောင်း ကိုသာ ပြုလုပ်ပေးတယ်၊ အကျိုးမဲ့ကို ပြုလုပ်မပေးဘူး၊ ဒါကြောင့် မိတ်ဆွေ၊ ဒါကြောင့် -ငါအဖေတည်းဟူသော ငါဘုရားရှင် ကိုယ်တော်မြတ် ကြီးတည်းဟူသော ဖခင်ကြီးရဲ့ (ဝါ) မိတ်ဆွေကြီးရဲ့ နယ်နိမိတ်အတွင်းမှာ သက်ဆင်းပြီးတော့နေမိကြပစေ. . . တဲ့။

ဒီတော့ ရန်သူ့နယ်မြေ၊ မိတ်နယ်မြေရယ်လို့ နှစ်ထွေရှိတဲ့အနက်က ရန်သူ့ နယ်မြေမှာ မနေမိကြစေနဲ့၊ မိတ်ဆွေနယ်မြေမှာ နေမိကြပစေ၊ ဒီတော့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ တစ်နေ့ကုန်သွားတိုင်း တစ်နေ့ကုန် သွားတိုင်း တစ်နေ့နေတယ်လို့ ပြောလိုက်တဲ့ အဲဒီနေ့ဟာ ရန်သူ့နယ်ထဲ နေတဲ့အနေ၊ မိတ်ဆွေ နယ်ထဲ နေတဲ့ အနေလို့ ဒေ-နှစ်နေရှိပါတယ်။ နေရတဲ့ နယ်ကလည်းနယ်နှစ် နယ်ရှိပါတယ်။ (၁) ရန်သူ့နယ်မြေ (၂) မိတ်ဆွေနယ်မြေလို့ နယ်မြေနှစ်ခု ရှိပါတယ်၊ နယ်မြေဘယ်နှစ်ခုပါလိမ့် ပရိသတ်ကြီး?၊ နှစ်ခုပါ ဘုရား။ ဆိုလိုက်စမ်းပါ့ . . .

*** ရန်သူ့နယ်မြေ, မိတ်နယ်မြေ, နှစ်ထွေရှိကြတယ်၊**
**ရန်နယ်နေလား, မိတ်နေလား, စဉ်းစားပါရတယ်။**

ဟော- မြတ်စွာဘုရားက သင်ချစ်သား ချစ်သမီးတို့ တစ်ရက်ကုန်သွားတိုင်း၊ တစ်ရက်ကုန်သွားတိုင်း တစ်ရက်နေတယ်လို့ လူပြည်နေတယ်လို့ ပြောကြတယ်၊ တစ်လကုန် သွားတိုင်း၊ တစ်လကုန်သွားတိုင်း လူပြည်တစ်လနေ ကြတယ်၊တစ်နှစ် ကုန်သွားတိုင်း၊ တစ်နှစ်ကုန်သွားတိုင်း ကျုပ်တို့ လူပြည်မှာ တစ်နှစ်နေပြီ၊ မုံရွာမှာ- ကျုပ်တို့နေလာတာ (၁၀) နှစ်ရှိပြီ၊ (၁၅) နှစ်ရှိပြီလို့ ပြောကြတယ်၊ အဲဒီနေတယ်. . . ဆိုတဲ့ အနေက ဘာကိုနေတယ်ခေါ်တာ တုန်းဆိုတော့. . . သွားရင်သွားသင့် တဲ့အချိန် သွားလိုက်၊ ရပ်သင့်တဲ့အချိန် ရပ်လိုက်၊ လျောင်းသင့်တဲ့အချိန် လျောင်း လိုက်၊ ထိုင်သင့်တဲ့အချိန် ထိုင်လိုက်၊ သွား, ရပ်, ထိုင်, လျောင်း လေးပါးသော

http://www.dhammadownload.com



ဣရိယာပုထ်အပေါင်းဖြင့် ဤခန္ဓာ ကိုယ် အတ္တဘောကြီးကို ဆောင်ပိုးနေတာကို နေတယ်. . . လို့ ခေါ်တယ်။

ဒါကြောင့် ဘုန်းကြီးတို့ စာများက ဝိဟရတိ -တဲ့၊ ဝိဟရတိ-ဆိုတဲ့ပုဒ်ကို ဖွင့်တဲ့အခါကျတော့ ဝိဟရတိ-ဣရိယာတစ်ပါး ညောင်းညာများကို တစ်ပါးဖြင့် မကျလတ်အောင် အတ္တဘောကို ဆောင်တော်မူ၏။ ဒီခန္ဓာကိုယ်ကြီးကို သယ်ပိုးပြီးတော့ နေရတာ၊ လေးပါးသော ဣရိယာပုထ်နဲ့ သယ်ပိုးကြရတယ်၊ အဲဒီလေးပါးသော ဣရိယာပုထ်မှာ တစ်ပါး, တစ်ပါးမှာ အကြာ . . . ကြီး နေလိုက်ရင် ဒုက္ခဝေဒနာ နှိပ်စက်မှု ဒဏ်ခံရတယ်၊ မတ်တတ်ရပ်တဲ့သူ တစ်ရပ်တည်းချည့် မတ်တတ်ရပ်၊ တစ်နေ့လုံး မတ်တတ်ရပ်နေရရင် သွေးတွေ တောင့်လာပြီးတော့ ညောင်းညာနာကျင် ကိုက်ခဲပြီးတော့ ပရိသတ် မလာတတ်ဘူးလား ?၊ လာတတ်ပါဘုရား။

ဒီတော့ ရပ်ချည့်မနေနိုင်တော့၊ အဲဒီရပ်တာတွေ ညောင်းလာတော့ ထိုင်ပေးရတယ်၊ ထိုင်ချည်းနေပြန်တော့လည်း ကြာကြာကြီး မနေနိုင်လို့ လျောင်းပေးရတယ်၊ လျောင်းပြီးတော့နေတော့ ကျောတွေပူ၊ ခါးတွေပူပြီးတော့ မနေနိုင်လို့မို့ ထပြီးတော့ မတ်တတ်ရပ်ပေးရတယ်၊ သွားပေးရတယ်စသည်ဖြင့်နေတယ် နေတယ်ဆိုတာ သွားသင့်တဲ့အချိန်သွား၊ ရပ်သင့်တဲ့အချိန်ရပ်၊ ထိုင်သင့်တဲ့အချိန်ထိုင်၊ လျောင်းသင့်တဲ့အချိန် လျောင်းပြီးတော့ နေတာကိုပဲ၊ ဒီ ဣရိယာပုထ်လေးပါးနဲ့ ခန္ဓာကိုယ်အတ္တဘောကြီးကို ဆောင်ပိုးနေတာကိုပဲ နေတယ်လို့ခေါ်တာဖြစ်တော့ အဲဒီနေခြင်းက တစ်နေ့ကုန်သွားတော့ တစ်ရက်နေတယ်လို့ ခေါ်တယ်၊အဲဒီရက်ပေါင်း သုံးဆယ်လောက်ကုန်သွား တော့ တစ်လနေတယ်လို့ခေါ်တယ်။ အဲဒီလပေါင်း(၁၂)လ ကုန်သွားတော့ တစ်နှစ်နေတယ်လို့ခေါ်တယ်။

ဒီတော့ အဲဒီအနေဟာ ဘယ်နှစ်နယ်ထဲ နေတုန်းဆိုရင် ရန်သူနယ်ထဲမှာနေခြင်း မိတ်ဆွေနယ်ထဲမှာနေခြင်းလို့ ဒီနှစ်မျိုးပဲရှိတယ်. . . တဲ့၊ များများမရှိဘူး၊ နှစ်နယ်ထဲပဲ နေတာဖြစ်တယ်၊ နယ်နှစ်နယ်ထဲပဲ နေတာရှိတယ်၊ ရန်သူဆိုတဲ့ မာရ်မင်းရဲ့နယ်၊ မိတ်ဆွေဆိုတဲ့ ငါဘုရားရှင် ကိုယ်တော်မြတ်ကြီးတည်းဟူသော သင်တို့ ဖခင်ကြီးရဲ့နယ်လို့၊ ဘုရားရဲ့နယ်, မာန်နတ်ရဲ့နယ်လို့ နယ်နှစ်နယ်ရှိ တယ်၊ တစ်နည်းပြောရင် ဘုရားကိုယ်တော်မြတ်ကြီးတည်းဟူသော ဖခင်က မိတ်ဆွေနယ်၊ မာရ်မင်းရဲ့နယ်က ရန်သူနယ်၊ အဲဒီလိုအားဖြင့် ရန်သူနယ်၊ မိတ်ဆွေနယ်ရယ်လို့ နယ်နှစ်နယ်ရှိတယ်. . . တဲ့၊ အဲဒီနယ်နှစ်နယ်ထဲမှာ သင်တို့ တစ်ရက်ကုန်သွားတိုင်း တစ်ရက်ကုန်သွားတိုင်း ဘယ်နယ်ထဲနေမိသလဲဆိုတာ စဉ်းစားကြ၊ ဝေဖန်ကြ၊ ကိုယ့်ကိုယ်ကို စစ်ဆေးကြ။

http://www.dhammadownload.com



အေး-တစ်နေ့ကုန်သွားတိုင်း တစ်နေ့ကုန်သွားတိုင်း ငါဟာ ရန်သူ့နယ်ထဲ ဒီနေ့အနေများသလား၊ မိတ်ဆွေနယ်ထဲမှာ ငါကအနေများသလားလို့ စဉ်းစားတဲ့၊ စဉ်းစားတဲ့၊ ပရိသတ် မစဉ်းစားထိုက်ဘူးလား?၊ စဉ်းစားထိုက်ပါ ဘုရား၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက နေခြင်းဆိုတဲ့နေမှုကြီးက ကင်းရဲ့လား?၊ မကင်းပါဘုရား၊ ဒီနေ့တစ်နေ့ဆိုပါတော့ တစ်နေ့ကုန်သွား၊ မနက်ကစပြီးတော့ ညအိပ်ယာဝင်သည်အထိထားပါတော့ တစ်နေ့၊ အဲ- သွားသင့်တဲ့အခါ သွားလိုက်၊ ရပ်သင့်တဲ့အခါ ရပ်လိုက်၊ ထိုင်သင့်တဲ့အခါ ထိုင်လိုက်၊ လျောင်းသင့်တဲ့အခါ လျောင်းလိုက် မလုပ်ခဲ့ကြရဘူးလား?၊ လုပ်ခဲ့ကြရပါ ဘုရား၊ အဲဒီ ဣရိယာပုထ်လေးပါး ပြောင်းပြောင်းပြီးတော့ ခန္ဓာကိုယ် အတ္တဘောကြီးဆောင် တာကိုပဲ နေတယ်. . . လို့ဆိုတာဖြစ်တော့၊ ဒီနေ့ဒကာ ဒကာမတွေဟာ နေခြင်းနဲ့ ကင်းရဲ့လား?၊ မကင်းပါ ဘုရား။

အဲဒီနေခြင်းနဲ့ မကင်းပဲနေကြရတာဖြစ်တော့ အဲဒီလိုရက်ပေါင်းများစွာ လပေါင်းများစွာ နှစ်ပေါင်းများစွာ နေလည်းနေခဲ့ကြပြီ၊ နောင်လည်း နေအုန်းမှာ ဖြစ်တော့ တစ်ရက်ကုန်သွားတိုင်း တစ်ရက်ကုန်သွားတိုင်း ငါရန်သူ နယ်ထဲအနေ များသလား၊ မိတ်ဆွေနယ်ထဲနေများသလားလို့ စဉ်းစားပါ . . တဲ့။ ဘုရားက မှာတော်မူနေတာဖြစ်တော့ မစဉ်းစားထိုက်ဘူးလား၊? စဉ်းစားထိုက် ပါ ဘုရား၊ ဒါဖြင့် ရန်သူ့နယ်ထဲနေတယ်ဆိုတာက ဘာပြောတာတုန်း၊ မိတ်ဆွေ နယ်ထဲနေ တယ်လို့ဆိုတာက ဘာပြောတာတုန်းဘုရား . . . လို့ မေးခဲ့ရင် ဆိုလိုက်စမ်းပါ -

* **ဒါနထွေထွေ, ပြုရှဲနေ, မိတ်နယ်နေတဲ့သူ၊**
**သီလထွေထွေ, ထိန်းရှဲနေ, မိတ်နယ်နေတဲ့သူ၊**
**ဘာဝနာထွေထွေ, ပွားရှဲနေ, မိတ်နယ်နေတဲ့သူ။**

ကိုင်း-ဒါနအထွေထွေပြုရှဲနေဆိုတဲ့အတိုင်း သေးသေးမွှားမွှား ဒါနက စပြီးတော့ အလတ်စားဒါန၊ အကြီးစားဒါနတိုင်အောင် ဒါနအမျိုးမျိုး၊ မိမိတို့ တတ်စွမ်း တတ်စွမ်းသမျှ ဒါနကောင်းမှုတွေ ပြုမယ်လို့ကြံနေတယ်၊ ပြုနေတယ်၊ ပြုပြီးတော့ဝမ်း သာနေတယ်ဆိုတဲ့ ဒါနအထွေထွေ ပြုပြီးတော့ နေတဲ့သူမှန် သမျှ မိတ်ဆွေနယ်ထဲ နေတဲ့သူ . . . တဲ့၊ မိတ်ဆွေနယ်ထဲ နေတဲ့သူ။

ဒီနေ့ မုံရွာမြို့ ဒကာ ဒကာ့ဒအပေါင်း သူတော်ကောင်းတွေ (၁၀၁) ကြိမ် မြောက် မြသပိတ်စာရေးတံ မဟာဒုဂ်ေမဲကြီး ဖွင့်ပြီးသကာလ ဘုရားရှင် ကိုယ်တော် မြတ်ကြီး မဲကျတဲ့သူတွေကလည်း ဘုရားပူဇော်ဖို့ရာအတွက် မဟာဒုဂ် စာရေးတံ မဲကြီး ကျသည့်အလျောက်၊ ယုံကောင်း ထောက်မကည့် အလျောက် ဘုရားကိုအမျိုး မျိုးသောနည်းတွေနဲ့ ပူဇော်ဖို့ရာ စိတ်ကူး ကြံစည် ပြုလုပ် ပြောဆို တိုင်ပင်ပြီးတော့

http://www.dhammadownload.com



မနေကြ ဘူးလား?၊ နေကြပါ ဘုရား၊ အဲဒီလို လှူဖို့ တန်းဖို့ရာ ပူဇော်ဖို့ရာ ကြံ စည်စိတ်ကူးနေတဲ့ ထိုအမျိုးသား အမျိုးသမီးတွေရဲ့ စိတ်ဟာ ဒါနဆိုတဲ့ ကောင်းမှုနယ် ထဲမှာ မနေဘူးလား?၊ နေပါ ဘုရား။

သူတို့ပြောလိုက်သမျှကလည်းပဲ ဘယ်လိုလှူမယ်၊ ဘုရားကို ဘယ်လို ပူဇော်မယ်၊ ဆွမ်းနဲ့ဘယ်လို ပူဇော်မယ်၊ ဘောဇဉ်တွေနဲ့ ဘယ်လိုပူဇော်မယ်၊ ရွှေနဲ့ဘယ်လိုပူဇော်မယ်၊ ငွေနဲ့ဘယ်လိုပူဇော်မယ်နဲ့ ပူဇော်ဖွယ်ရာတွေကို တိုင်ပင် ဆွေးနွေးတဲ့ ဝစီကံကုသိုလ်တွေလည်း မဖြစ်ကြဘူးလား?၊ ဖြစ်ကြပါ ဘုရား၊ အဲဒီလို ကြံစည် စိတ်ကူး ပြောဆိုတဲ့အတိုင်း လက်ကလည်းပဲ ပူဇော်ဖွယ်တွေကို စီမံဖန်တီး ဝယ်ခြမ်း ခွဲခြမ်းစိတ်ဖြာ ဝေဖန် သယ်ပိုးဆောင် ရွက်ပြုလုပ်ဆိုတဲ့ ကာယကံမှုတွေလည်း မဖြစ်ကြဘူးလား?၊ ဖြစ်ကြပါ ဘုရား။

အဲဒီလိုအားဖြင့် ဒါနကောင်းမှုကို ကြံစည်စိတ်ကူးမှု ပြောဆိုမှု ပြုလုပ် မှုဆိုတဲ့ ကာယကံ ဝစီကံ မနောကံ သုံးတန်ဖြစ်ပေါ် အောင်ကြိုးပမ်းအားထုတ်ပြုလုပ် နေတဲ့အချိန် . . .၊ ဘုရားကိုယ်တော်မြတ်ကြီးများ ပြုလုပ်အားထုတ်လေ့ရှိတဲ့၊ (ဝါ) ကိုယ့်ရဲ့မိတ်ဆွေကြီး၊ အဖေဘုရားရှင် ကြိုးပမ်းအားထုတ်ပြုလုပ်လေ့ ရှိတဲ့ ကောင်းမှုနယ်ထဲမှာ မနေဘူးလား? နေပါ ဘုရား၊ ဒါနဖြင့် အဖေ့နယ်ထဲနေ တဲ့အချိန်လား၊ အဖေ့နယ်ထဲ မနေတဲ့အချိန်လား?၊ အဖေ့နယ်ထဲနေတဲ့ အချိန် ပါဘုရား၊ အဖေ့နယ်ထဲနေတာဖြစ်တော့ ရန်သူ့နယ်ထဲနေတာလား၊ မိတ်ဆွေနယ်ထဲ နေတာလား?၊ မိတ်ဆွေနယ်ထဲနေတာပါဘုရား။

### သီလထွေထွေ, ထိန်း၍နေ, မိတ်နယ်နေတဲ့သူ။

သရဏဂုံသုံးပါးနဲ့ ငါးပါးသီလ မပျက်စီးရအောင် သားစာ သမီးစာ ရှာတဲ့ ကိစ္စများ ငါးပါးသီလ မပျက်စီးရအောင် နေ့စဉ်သတိထားပြီးတော့ ထိန်းသိမ်း စောင့်ရှောက်နေတဲ့ အမျိုးသား အမျိုးသမီး တတ်စွမ်းသမျှ သရဏဂုံ နဲ့ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဥပုသ်သီတင်းတွေ စောင့်သုံးပြီးတော့နေတဲ့ အမျိုးသား အမျိုးသမီးတွေ ဒီထက်တတ်နိုင်သေးတော့ နိယတ သီလခေါ်တဲ့ အမြဲရှစ်ပါးသီလ ထိန်းပြီးတော့ ဘိက္ခုနီနွယ်ဝင် သီလရှင်ဘဝကို ရအောင် ယူပြီးတော့ နေကြတဲ့ အမျိုးကောင်း သမီးတွေ။

ဒီထက်တစ်ဆင့်တက်ပြီးတော့ တတ်နိုင်သေးရင် ဒုလ္လဘသပဲဖြစ်ဖြစ်၊ အမြဲပဲဖြစ်ဖြစ် သာမဏေသီလတွေ ထိန်းသိမ်းပြီးတော့ နေကြတဲ့ အမျိုးကောင်း သားတွေ၊ ကုဋေကိုးထောင်ကျော် သိက္ခာသီလတွေကို ဒုလ္လဘအနေနဲ့ပဲဖြစ်ဖြစ် အမြဲပဲဖြစ်ဖြစ် တက်ရောက်ထိန်းသိမ်းစောင့်ရှောက်ပြီးတော့ နေကြတဲ့ အမျိုးကောင်း

http://www.dhammadownload.com



သား၊ အမျိုးကောင်းသမီးတွေမှန်သမျှ သီလကောင်းမှုကြီးတွေနဲ့နေကြတဲ့ အချိန်. . ရန်သူနယ်ထဲနေတာလား၊ မိတ်ဆွေနယ်ထဲ နေတာလား?၊ မိတ်ဆွေနယ်ထဲ နေတာပါဘုရား။

* ဘာဝနာထွေထွေ, ပွား၍နေ, မိတ်နယ်နေတဲ့သူ။

သမထဘာဝနာ၊ ဝိပဿနာဘာဝနာ တရားနှစ်ပါးကိုတတ်စွမ်းသမျှ ပွါးများ မယုတ်၊ အားထုတ်ပြီးတော့နေတဲ့ အမျိုးသား၊ အမျိုးသမီးတွေရန်သူ့နယ် ထဲနေတာလား၊ မိတ်ဆွေနယ်ထဲနေတာလား? မိတ်ဆွေနယ်ထဲနေတာပါဘုရား အာ-ဒီလိုမ ဟုတ်ပဲနဲ့ ညအိပ်ယာဝင်နဖူးပေါ် လက်တင်၊ ဆင်ခြင်စဉ်းစား လိုက်သည်နဲ့တပြိုင် နက်၊ ဩော်-ငါ့မှာမနက်စောစော အိပ်ယာကနိုးလာကတည်းက၊ ရစရာ ရှိတာတွေ လောဘတပ်၊ သက္ကာယတပ်ပြီးတော့ သားမကျေနပ်လို့ ဆူရ သမီးဆဲရ၊ ဆွေမျိုး တွေမကျေနပ်လို့ပြောရ ဆိုရ၊ စီးပွါးရေးတွေမကျေနပ်လို့၊ ဒေါသတွေဖြစ်ရ၊ ဟိုကိစ္စ ဒီကိစ္စတွေမကျေမခြမ်းတွေနဲ့၊ ပြောရ၊ ဆိုရ၊ ဆဲရ၊ ဆူရ၊ အော်ရ၊ ငေါက်ရ၊ ရစရာရှိတာတွေရမှ ရပ့်မလားလို့ စိုးရိမ်ရ၊ ရစရာရှိ တာတွေကို လာမပေးကြလို့၊ ဆဲရ ဆိုရ၊ ဒေါသတွေဖြစ်ရနဲ့ တစ်နေ့လုံးလောဘတွေ၊ ဒေါသတွေ မောဟတွေနဲ့ နေပြီးတော့ ညအိပ်ယာဝင်လို့တောင်မှ ဘုရားရှိခိုးချိန်လေးမရ၊ ဘုရားတောင် မရှိခိုးနိုင်ပဲနဲ့ ဒေါသတွေနဲ့ အိပ်ယာဝင်သွားတဲ့ နေ့ဟာ-ရန်သူ့နယ်ထဲနေတာလား၊ မိတ်ဆွေနယ်ထဲနေတာလား? ရန်သူ့နယ်ထဲ နေတာပါဘုရား။

* ဒုစရိုက်သုံးတန်, ကျူးလွန်ပြန်, ရန်နယ်နေတဲ့သူ။
ဒုစရိုက်ကာယကံ, ကျူးလွန်ပြန်, ရန်နယ်နေတဲ့သူ။
ဒုစရိုက်ဝစီကံ, ကျူးလွန်ပြန်, ရန်နယ်နေတဲ့သူ၊
ဒုစရိုက်မနောကံ, ကျူးလွန်ပြန်, ရန်နယ်နေတဲ့သူ။

အဲဒီလိုအားဖြင့်-မနက်လင်းတဲ့အချိန်ကစပြီးတော့ ညအိပ်ယာဝင်သည့်အ ထိ၊ အကုသိုလ်ဒုစရိုက်တရားတွေနဲ့၊ မနောကံနဲ့ မကောင်းတာတွေကြံ လိုက်၊ ရစရာ ရှိတာ လိုချင်စရာရှိတာတွေ၊ မတော်မတရားနည်းတွေနဲ့ လိုချင်ရချင်တဲ့၊ ဒုစရိုက် တရားတွေကြံလိုက်၊သူတစ်ပါးတွေညှဉ်းဆဲဖို့ သတ်ဖြတ် ဖို့ကြံလိုက်စသည်ဖြင့် မနော ဒုစရိုက်သုံးပါး၊ ကာယကံဒုစရိုက်သုံးပါးဆိုတဲ့ သူ့အသက်သတ်ခြင်း၊ သူ့ဉစ္စာ ခိုးခြင်း၊ သူ့သားမယား ကျူးလွန်ခြင်းဆိုတဲ့ ကာယ ဒုစရိုက်သုံးပါး၊ ဝစီကံ ဒုစရိုက် လေးပါးလို့ ခေါ် ရတဲ့ လိမ်ညာပြောဆိုခြင်း၊ အကြမ်း ပရမ်းတွေအော်ဟစ်ပြောဆိုခြင်း၊ သူတစ်ပါး တွေကွဲပြားအောင် ကုန်းတိုက်ပြော ဆိုခြင်း၊ အကြမ်းပရမ်းပြောဆိုခြင်း၊ အပျင်းအ ဖျင်းတွေကိုပြော ဆိုခြင်းဆိုတဲ့ ဝစီဒုစရိုက်လေးပါးစတဲ့ ဒုစရိုက်တရား၊ အကုသိုလ်

http://www.dhammadownload.com



တရားတွေနဲ့ အချိန်ကုန်သွားရတဲ့ အမျိုးသား အမျိုးသမီးမှန်သမျှ ရန်သူ့နယ်ထဲနေတာလား၊ မိတ်ဆွေနယ်ထဲနေ တာလား?-ရန်သူ့နယ်ထဲနေတာပါဘုရား။

**ရန်နယ်နေငြား, သိန်းစွန်များ, ကုတ်စားခံရမယ်။**

ဟော-ဘုရားရှင်ကိုယ်တော်မြတ်က တဆင့်တက်လာတယ်၊ အေး. . . ချစ်သား ချစ်သမီးတို့. . . ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးတည်းဟူသော မိတ်ဆွေရဲ့နယ် ထဲမှာနေကြ၊ မာရ်ယုတ်ရဲ့နယ်နိမိတ်လို့ခေါ်တဲ့ ရန်သူ့နယ်ထဲမှာ မနေမိကြစေနဲ့၊ အေး. . . ရန်သူ့နယ်ထဲမှာ အနေများကြရင်တော့၊ သိန်းစွန်ကြီး များထိုးကုတ်သုတ်ချီတာကို ခံကြရလိမ့်မယ်. . . တဲ့၊ သိန်းစွန်တွေထိုးကုတ် သုတ်ချီတာကိုခံကြရလိမ့်မယ်၊ ဒါကြောင့်-"ရန်နယ်နေငြား၊ သိန်းစွန်များ၊ ကုတ်စား ခံရမယ်" ရန်သူ့နယ်ထဲနေလို့ရှိရင်တော့ သိန်းစွန်ကုတ်တာခံရလိမ့်မယ်. . . တဲ့၊ သိန်းစွန်ကုတ်တာခံရလိမ့်မယ်၊

ဒီတော့ အဲဒီသိန်းစွန်ကုတ်တာခံရလိမ့်မယ်ဆိုတဲ့ စကားလေးနဲ့ ဆက်နွှယ်ပြီးတော့ ဘုရားက-ဘူတပုဗ္ဗံ ဘိက္ခဝေ၊ ဘိက္ခဝေ-မဂ်ဖိုလ်နိဗ္ဗာန်လိုလား အိုချစ်သား ချစ်သမီးများတို့၊ ဘူတပုဗ္ဗံ- ယခုဟောမယ့် သကုဏဂ္ဃိသုတ္တန် ဒေသနာသွားနဲ့ လျော်ညီစွာ၊ ရှေးကဖြစ်ခဲ့ဖူးတဲ့ဖြစ်ပျက်ထူးလေးဖြစ်တဲ့ အကြောင်းအရာ အထူးလေးကို၊ အာစိက္ခိဿာမိ- သင်တို့သဘောပေါက်နားလည်လွယ်အောင် ငါ-ဥပမာပုံဆောင်သောအားဖြင့် ဟောပေအံ့။

ချစ်သားတို့ ချစ်သမီးတို့. . . အခုပြဆိုအပ်ခဲ့တဲ့အတိုင်း ရန်သူ့နယ်မြေ၊ မိတ်ဆွေနယ်မြေရယ်လို့ နယ်မြေ၊ နှစ်မြေမှာ နေကြတာဖြစ်တော့ ရန်သူ့နယ်မြေထဲမှာအနေများကြရင်ဖြင့် သိန်းစွန်ကြီးများထိုးကုတ် သုတ်ချီတာကိုခံရလိမ့်မယ်၊ အေး-ဘယ်ဝတ္ထု ဘယ်ဇာတ်ကြောင်း၊ ဘယ်ဇာတ်သွားနဲ့ အလားသဏ္ဌာန်တူပြီး တော့ သိန်းစွန်ထိုးကုတ်သုတ်ချီတာကို ခံရမယ်လို့ ဟောတော်မူပါသလဲလို့ဆိုရင် ဟိုး---ရှေးအတိတ်တစ်ခုသောကာလဆီက ဖြစ်ခဲ့ဖူးတဲ့အထူးဇာတ်ကြောင်း လေးတစ်ခုကို ငါဘုရားဟောတော်မူရမယ်ဆိုရင်---

**သကုဏဂ္ဃိ လာပံ သကုဏံ သဟသာ အဇ္ဈပ္ပတ္တာ အဂ္ဂဟေသိ။**

ဟိုး---ရှေးတုန်းက၊ အခါတစ်ပါးမှာ၊ ကြက်ကလေးတွေ၊ ငှက်ကလေးတွေရဲ့ အသွေးအသားကိုသောက်စား၊ ဦးနှောက်ကို ဖောက်စားပြီးတော့ နေလေ့ရှိတဲ့၊ သိန်းစွန်ဆိုတဲ့ ငှက်ကြီးတစ်ကောင်ဟာ၊ ဘီလုံးငှက်ငယ်ကလေး တစ်ကောင်ကို အရှိန်ပြင်းပြင်းဖြင့်ထိုးဆင်း ကုတ်ချီသုတ်ချီပြီးတော့ လာခဲ့တယ်. . . တဲ့၊ သိန်းစွန် ငှက်ကြီးကောင်းကင်ပေါ်ဟာ ဟိုး-အောက်ကတလင်း ကွင်းပြင်၊ ပြောင်ပြောင် ထဲမှာ

http://www.dhammadownload.com



ကျက်စားပျော်ပါးနေတဲ့ ဘီလုံးငှက်ကလေးကို၊ အရှိန်နဲ့ထိုးဆင်းပြီးတော့၊ လက်သည်းနဲ့ထိုးကုတ် သုတ်ချီပြီးတော့ ဖမ်းလာခဲ့တယ်. . . တဲ့။

**အထခေါ ဘိက္ခဝေ (သော) လာပေါ သကုဏော သကုဏဂ္ဃိယာ ဟရိယမာနော ဧဝံ ပရိဒေဝသိ။**

အထခေါ-ထိုကဲ့သို့သိန်းစွန်ကြီးက ကုတ်ချီဖမ်းလိုက်တဲ့အခါ၌၊ (သော) လာပေါ သကုဏော-ထိုဘီလုံးငှက်ငယ်ကလေးသည်၊ သကုဏဂ္ဃိယာ ဟရိယ မာနော-သိန်းစွန်ကြီးကသတ်ပြီးတော့စားဖို့ရာ၊ သစ်ပင်တစ်နေရာရာ ဆီကိုရည်မှန်း ပြီးတော့ ပျံသန်းချီသွားစဉ်၊ ဧဝံပရိဒေဝသိ-ဤကဲသို့ငိုကြွေးမည် တမ်းရှာလေ၏။

သိန်းစွန်ကြီးက အဲ့ဒီလိုဘီလုံးငှက်ငယ်ကလေးကိုဖမ်းပြီးတော့ထိုးကုတ်, သုတ်ချီပြီးတော့၊ တစ်နေရာရာ သစ်ပင်တစ်ပင်အကြား သစ်ခွကြားမှာသွားပြီးတော့ သတ်စားဖို့ရာ ချီပြီးတော့ ကောင်းကင်ခရီးက ပျံသန်းသွားနေစဉ်၊ ဘီလုံးငှက်ငယ်က လေးက ဒီလိုပြောပြောပြီးတော့ ငိုရှာတယ်. . . တဲ့၊ ဘယ့်နယ်ပြောပြီးတော့ ငိုရှာ တုန်းဆိုတော့---

**"မယမေဝမှ အလက္ခိကာ၊ မယံ အပ္ပပုညာ၊ ယေ မယံ အဂေါစရေ (အပေတ္တိကေ ဝိသယေ) စရိမှ ပရဝိသယေ"**

ယေမယံ-အကြင်ငါ တို့သည်၊ အပေတ္တိကေဝိသယေ-အမေတို့ အဖေတို့ ကျက်စားလေ့မရှိသော၊ အဂေါစရေ-မကျက်စားသင့်တဲ့ တလင်းကွင်းပြင် ကုန်းခေါင် ခေါင်ကြီးအရပ်၌၊ အဂေါစရေ-ကိုယ့်ကိုသိန်းစွန်ကြီးတွေထိုးကုတ်တဲ့ အခါမှာ အကာ အကွယ်တွေပေးမယ့် သစ်ပင်တွေထွန်စာခဲတွေ ထယ်စာခဲတွေ စတဲ့ အကာအကွယ် တွေမရှိတဲ့ အကာကွယ်မဲ့ဖြစ်နေတဲ့ တလင်းကွင်းပြင်ကုန်း ခေါင်ခေါင်ကြီးအရပ်၌၊ အစရိမှ-လှည့်လည်ကျက်စားမိခဲ့လေကုန်ပြီ၊ တေသံ အမှာကံ-ထိုကဲ့သို့မပျော်ပါး ထိုက်တဲ့နေရာ မကျက်စားထိုက်တဲ့နေရာမှာ ကျက်စားမိတဲ့ ငါတို့အတွက်၊ အလက္ခိ ကာဝ-အသရေမရှိလေစွတကား. . .

အခုလိုသိန်းစွန်ကြီးကထိုးကုတ်သုတ်ချီခံရတာ ငါမှားတာပဲ. . . ငါမှားတာ ပဲ၊ ငါ့အမေတွေ ငါ့အဖေတွေက ငါ့ကိုအတန်တန်မှာကြားပြီးတော့ ထားခဲ့ပါလျက် အမေတွေ အဖေတွေက အစာရှာထွက်ခါနီးမှာ သူတို့သားကလေးတွေကို ငါ့သား တို့ငါ့ သမီးတို့ အမေတို့အဖေတို့ကျက်စားလေ့ရှိတဲ့နယ်ထဲမှာသာ နေရစ်ကြနော်၊ အမေတို့အဖေတို့ကျက်စားလေ့မရှိတဲ့ ဟို. . တလင်းကွင်းပြင် ကုန်းခေါင်ခေါင် အရပ်တွေမှာ ထွက်ပြီးတော့များမကျက်စားမိလေကြနဲ့လို့ အတန်တန်မှာထားခဲ့တော့ အဲဒါလေးကိုတမ်းတပြီးတော့ ဘီလုံးငှက်ကလေးကငိုရှာတာ၊ အမေတို့အဖေတို့

http://www.dhammadownload.com



ကျက်စားလေ့မရှိတဲ့ အမေတို့အဖေတို့ကလည်းပဲမကျက် စားရစ်နဲ့လို့ အထပ်ထပ်မှာထားခဲ့တဲ့ မကျက်စားသင့်တဲ့တလင်းကွင်းပြင်ကုန်း ခေါင်ခေါင်ကြီးမှာ ငါလှည့်လည်ပျော်ပါးကျက်စားမိတဲ့အတွက် ဒီသိန်းစွန်ကြီး ထိုးကုတ်သုတ်ချီတာကို ခံရပါတယ်. . ဒါဟာ ငါတို့ရဲ့အမှားပါပဲ. . .

**သစေဇ္ဇ မယံဂေါစရေ စရေယာမ သကေ ပေတ္တိကေ ဝိသယေ။**

**နစာယံသကုဏဂ္ဃီ အလံ အဘဝိဿ ယဒိဒံ ယုဒ္ဓါယ။**

အဇ္ဇ-ယနေ့၊ မယံ- ငါတို့သည်၊ သကေ ပေတ္တိကေ ဝိသယေ- အမေတို့အဖေတို့ ကျက်စားလေ့ရှိသော၊ ဂေါစရေ- ကျက်စားသင့် ကျက်စားထိုက်တဲ့ အရပ်၌၊ သစေ ဝိစရေယျာမ- အကယ်၍ လှည့်လည်ကျက်စား, ပျော်ပါးပြီးတော့ နေကုန်သည်ဖြစ်ငြားအံ့၊ အယံ သကုဏဂ္ဃီ- ကြက်ကလေးတွေ, ငှက်ကလေးတွေကို, ဦးနှောက်ကိုဖောက်, အသွေးသားတွေကို သောက်ပြီးတော့ စားလေ့ရှိတဲ့ ဤသိန်းစွန်ယုတ်, ငှက်ကြမ်းကြီးသည်၊ ယဒိဒံ ယုဒ္ဓါယ နာလံ အဘဝိဿ-ငါ့ကို မဖမ်းမပုတ်မထိုးမသုတ်, မချီနိုင်တန်ရာပါဘူး . . . ။

အကယ်၍သာ ငါဟာ အမေတို့အဖေတို့မှာထားခဲ့တဲ့အတိုင်း အမေတို့အဖေတို့ ကျက်စားလေ့ရှိတဲ့နယ်ထဲမှာ ကျက်စားပြီးတော့ နေမယ်ဆိုရင် ဟောဒီသိန်းစွန်ယုတ်ကြီး ငါ့ကို မထိုးမကုတ် မသုတ်ချီ မဖမ်းနိုင်တန်ရာပါဘူးလို့ ဘီလုံးငှက်ငယ်ကလေးက ပြောပြပြီးတော့ ငိုရှာတယ်. . . တဲ့၊ ငိုရှာတယ်၊ ဘုရားက ရဟန်းတော်တွေ ဟောနေတာတစ်ဆင့်၊ အဲဒီလို ဘီလုံးငှက်ငယ်ကလေးက ပြောတော့ သိန်းစွန်ကြီးက မခံချင်ဘူး၊ စိတ်ထဲမှာ ခံပြင်းတယ်၊ ဒီတော့ သူက ပြန်မေးတယ်၊

**ကော ပန တေ လာပ ဂေါစရော သကော ပေတ္တိကော ဝိသယော'တိ။**

လာပ-ဟဲ့ ဘီလုံးငှက်ငယ်ကလေး . . . ၊ သကော ပေတ္တိကော ဝိသယော- မင်းအမေ မင်းအဖေတွေ ကျက်စားလေ့ရှိတယ်လို့ဆိုတဲ့ နယ်က၊ ကော ပန-ဘယ်ဟာတုန်း၊ ဘီလုံးငှက်ငယ်ကလေး . . . မင်းကစကားလုံးကြီး လိုက်တာ၊ ငါ့အမေတွေ အဖေတွေ ကျက်စားလေ့ရှိတဲ့ နယ်ထဲမှာသာ ငါကျက်စား ပျော်ပါးပြီးတော့နေရင် ဟောဒီသိန်းစွန်းယုတ်ကြီး ငါ့ကို မကုတ်နိုင်, မထိုးနိုင်, မဖမ်း နိုင်ပါဘူးလို့ မင်းက စကားလုံးကြီးလိုက်တာ၊ မင်းအမေ မင်းအဖေတွေ ကျက်စား လေ့ရှိတယ်ဆိုတဲ့နယ်က ဘယ်နယ်တုန်း . . . ဲ့ ငါ့ကိုပြောစမ်းပါအုန်း၊ ပြစမ်း ပါအုန်း။

http://www.dhammadownload.com



ဒီတော့ ငှက်ငယ်ကလေးက-

**ယဒိဒံ နင်္ဂလကဋ္ဌကရဏံ လေဍ္ဍုဋ္ဌာနန္တိ . . သိန်းစွန်ကြီး . .**

ကျုပ်အမေ, ကျုပ်အဖေတွေ ကျက်စားလေ့ရှိတဲ့နယ်၊ ကျုပ်လည်းပဲ အဲဒီ နယ်ထဲမှာ နေရင် ခင်ဗျားအထိုးအသုတ် ကုတ်ချီမခံရပါဘူးဆိုတဲ့နယ်ဟာ တစ်ခြား ဟုတ်ပါရိုးလား . . . ဟော ဟိုး -ခပ်လှမ်းလှမ်းက မြင်နေရတဲ့ လယ်သမားကြီးတွေ ထယ်ထိုးထားလို့ ထယ်စာခဲကြီးတွေ ထိုးထိုးထောင်ထောင်ဖြစ်နေတဲ့ ထယ်စာခဲပြင် လယ်ကွင်းကြီးပေါ့ . . . လို့ ပြောလိုက်တယ်၊ အဲဒီထယ်စာခဲပြင် လယ်ကွင်းကြီးဟာ ကျုပ်အမေတို့ အဖေတို့ ကျက်စားလေ့ရှိတဲ့ နယ်ပေါ့၊ ကျုပ်လည်းပဲ အဲဒီထယ်စာ ကွင်းပြင်ကြီးတွေ အကြားမှာ ထယ်စာခဲကြီးတွေအကြား ထွန်စာခဲကြီးတွေအကြား မှာသာ ကျုပ်လှည့်လည်ကျက်စားပြီးတော့နေရင် ခင်ဗျား သိန်းစွန်ကြီး အကျွန်ုပ်ကို မဖမ်းမကုတ် မထိုးမသုတ် မချီနိုင်ပါဘူး . . . လို့ ပြောတော့။

**အထ ခေါ သကုဏော ဗလေ အပတ္ထဒ္ဓါ သကေ ဗလေ အသံဝရမာနာ လာပံ သကုဏံ ပမုဉ္စိ။**

အဲဒီလိုပြောလိုက်တဲ့အခါကျတော့ သိန်းစွန်ကြီးက ခံပြင်းသွားတယ် . . . တဲ့၊ ခံပြင်းသွားတဲ့အပြင် သူ့ရဲ့စွမ်းအားပေါ်မှာ အတ္တုက္ကံသနခေါ်တဲ့ သူ့ကိုယ်သူချီး မြှောက်တဲ့ အထင်ကြီးမှု တက်လာပြီးတော့၊ ပရဝမ္ဘန-ဘီလုံးငှက် ကလေးအပေါ် လည်း အထင်သေးတဲ့စိတ်တွေ ဝင်လာပြီးတော့ ကိုင်း - ကောင်းပြီ ဘီလုံးငှက်က လေး ဒီလိုဆိုရင် မင်းနဲ့ငါ တစ်ပွဲတစ်လမ်း စမ်းကြသေးတာပေါ့၊ ကိုင်း-မင်းကို ငါအဲဒီထယ်စာခဲ ထွန်စာခဲတွေထဲ ပြန်ပြီးတော့ လွှတ်ပေးမယ်။

**ဂစ္ဆ ခေါ တွံ လာပ တတြပိ မေ ဂန္တွာ န မောက္ခသီ'တိ။**

လာပ-ဘီလုံးငှက်ငယ်ကလေး၊ ဂစ္ဆ- သွားပေတော့၊ လာပ- ဘီလုံးငှက် ငယ်ကလေး၊ ဂစ္ဆ- မင်းအမေတွေ အဖေတွေ ကျက်စားလေ့ရှိပြီးတော့ မင်းလည်းပဲ အဲဒီထဲမှာ ကျက်စားရင်, ငါဖမ်းလို့ မမိနိုင်ဘူးလို့ မင်းအထင်ရောက်နေတဲ့ အဲဒီထွန်စာခဲ ထယ်စာခဲတွေကြား သွားပေတော့၊ တတြပိ ဂန္တွာ-ထိုထွန်စာခဲ ထယ်စာ ခဲတွေကြားထဲ ရောက်သွား၍လည်း၊ မေ-ငါ့လက်တွင်းမှ၊ န မောက္ခသိ-လွတ်လိမ့် မည်မဟုတ်။

ကိုင်း- သတ္တိရှိ-စမ်းကြသေးတာပေါ့ကွာ၊ တစ်ပွဲတစ်လမ်း၊ ဒီတော့ -ကဲ သွားပေတော့ . . . မင်းကို ငါလွှတ်ပေးမယ်ပြန်ပြီးတော့ အဲဒီထွန်စာခဲ ထယ်စာ ခဲတွေကြား ငါလွှတ်ပေးမယ်၊ အဲဒီထွန်စာခဲ, ထယ်စာခဲတွေကြား မင်းတတ်စွမ်းသမျှ အစွမ်းကုန် ပုန်းပေတော့ . . . ၊ ငါကလည်းပဲ မင်း အကြောင်းသိအောင် သတ္တိ ပြပြီးတော့ မင်းကိုဖမ်းရမှာပဲလို့ ကိုယ့်ကိုယ်ကို အထင်ကြီးပြီးသကာလ ဘီလုံးငှက်

http://www.dhammadownload.com



ကလေးအပေါ်မှာ အထင်သေးတဲ့ စိတ်နဲ့ လွှတ်လိုက်တယ် . . . တဲ့၊ သိန်းစွန်ကြီးက လွှတ်လိုက်တယ်။

**အထ ခေါ လာပေါ သကုဏော နင်္ဂလကဋ္ဌကရဏံ လေဍ္ဍုဋ္ဌာနံ**

**ဂန္ဓာ မဟန္တံ လေဍ္ဍုံ အဘိရုဟိတွာ သကုဏဂ္ဃိံ ဝဒမာနော အဋ္ဌာသိ။**

အထခေါ- ထိုကဲ့သို့ သိန်းစွန်ကြီးက လွှတ်ပေးလိုက်တဲ့အခါ၌၊ သော လာပေါ- ထိုဘီလုံးငှက်ငယ်ကလေးသည်၊ မဟန္တံ လေဍ္ဍုဋ္ဌာနံ-ထွန်စာခဲ, ထယ်စာခဲကြီးတွေနဲ့ ပြည့်နေတဲ့ လယ်ကွင်းကြီးအတွင်းသို့ ဂန္ဓာန-ရောက် အောင်သွားပြီး၍၊ မဟန္တံ လေဍ္ဍုံ-ကြီးလှစွာသော ထယ်စာခဲကြီးတစ်ခုအပေါ်သို့၊ အဘိရုဟိတွာ-တက်ရောက်ပြီး၍၊ ဧဝံ ဝဒေသိ- ဤကဲ့သို့ ကောင်းကင်မှာ ဝဲနေတဲ့ သိန်းစွန်ကြီး ဆီသို့ လှမ်းပြီးတော့ စိန်ခေါ်ကြေငြာတဲ့အနေနဲ့ ပြောလိုက် လေ၏။

ဘီလုံးငှက်ငယ်ကလေးက ထွန်စာခဲ ထယ်စာခဲတွေကြား ရောက်သွားတော့ အားတက်သွားပြီးတော့ အဲဒီထွန်စာခဲ ထယ်စာခဲတွေထဲက အင်မတန် ကြီးမားတဲ့ ထယ်စာခဲကြီး တစ်ခုပေါ်တက်ပြီးတော့ ရင်ကလေးကော့ ခေါင်းကလေးမော့ပြီး တော့ အထက်က ဝဲနေတဲ့ သိန်းစွန်ကြီးဆီလှမ်းပြီးတော့ မခံ့တဲ့ စကားနဲ့ ပြောကြားပြီး တော့ စိန်ခေါ်ကြေငြာလိုက်တယ် . . . တဲ့၊ ဘယ်နဲ့ပြောလိုက်တုန်းဆိုတော့ . . ။

**ဧဟိ ခေါ ဒါနိ မေ သကုဏဂ္ဃိ၊ ဧဟိ ခေါ ဒါနိ မေ သကုဏဂ္ဃိ'တိ။**

သကုဏဂ္ဃိ- သိန်းစွန်ယုတ်ကြီး၊ ဒါနိ-ယခု၊ ဧဟိ-လာပေတော့၊ သကုဏဂ္ဃိ- ငှက်ကလေးတွေ ကြက်ကလေးတွေကို ဦးနှောက်ကိုဖောက် အသွေးသားကို သောက်ပြီးတော့ စားလေ့ရှိတဲ့ ရက်စက်ယုတ်မာ ကြမ်းတမ်းတဲ့ အိုသိန်းစွန်ငှက်ကြီး၊ ဒါနိ-ယခု၊ ဧဟိ-သတ္တိရှိလာခဲ့ပေတော့၊ ဒါနိ-ယခု၊ ဧဟိ- သတ္တိရှိလာခဲ့ပေတော့၊ ဣတိ-ဤသို့၊ ဝဒေသိ-ပြောဆိုလိုက်လေ၏။

ဘီလုံးငှက်ငယ်ကလေးက အမှီကောင်းရသွားပြီဆိုတော့ သူရဲ့အမေ အဖေတွေ နယ်ထဲလည်း ရောက်သွားပြီဆိုတော့ သူ့ထက်အဆပေါင်း များစွာ အင်အားကြီးတဲ့ သိန်းစွန်ကြီးကို ပြန်ပြီးတော့ စိန်ခေါ်ကြေငြာနိုင်တယ် . . တဲ့၊ စိန်ခေါ်ကြေငြာတယ်၊ ဘယ်လိုကြေငြာလိုက်တုန်းဆိုတော့ -သိန်းစွန်ကြီး . . သတ္တိ ရှိရင် လာခဲ့ပေတော့၊ သတ္တိရှိရင်လာခဲ့ပေတော့လို့ ခေါ်လိုက်တယ်။

**အထ ခေါ သာ သကုဏဂ္ဃိ သကေ ဗလေ အပတ္ထဒ္ဓါ သကေ ဗလေ**

**အသံဝရမာနာ ဥဘော ပက္ခေ သန္နယှ လာပံ သကုဏံ သဟသာ အဇ္ဈပတ္တာ။**

အထခေါ-ထိုကဲ့သို့ ဘီလုံးငှက်ငယ်ကလေးက, မခံ့တခံ့ ပြောလိုက်တဲ့ အသံကို ကြားရရာအခါ၌၊ သာ သကုဏဂ္ဃိ-ထိုသိန်းစွန်ငှက်ကြီးသည်၊ သကေ ဗလေ

http://www.dhammadownload.com



အပတ္တဒ္ဓါ သကေ ဗလေ အသံဝရမာနာ-ကိုယ့်ခွန်အားဗလ အပေါ် မှာကိုယ်အထင်ကြီးလှသည်ဖြစ်၍၊ ဥဘော ပက္ခေ သန္ဓယှ- အတောင်နှစ်ဘက်တို့ကို စုရုံး၍၊လာပံသကုဏံ သဟသာ အဇ္ဈပတ္တာ-ဘီလုံးငှက်ငယ်ကလေးကို တစ်ရှိန်ထိုး တစ်ဟုန်ထိုး ထိုးသုတ်ချီပြီးတော့ ဖမ်းမယ်ဆိုတဲ့စိတ်နဲ့ ထိုးဆင်း၍ လာခဲ့လေ၏။

စိတ်ထဲခံပြင်းလွန်းလို့ သိန်းစွန်ငှက်က တစ်ခါတည်း အတောင်နှစ်ဘက်ကို စုလိုက်ပြီးတော့ အောက်ကို ထိုးဆင်းပြီးတော့ လာခဲ့တယ်. . . တဲ့၊ ဘီလုံး ငှက်ငယ်ကလေးကိုတော့ အမိအရ ဖမ်းလိုက်မယ်ဟ၊ သတ်လိုက်မယ်ဟဆိုတဲ့ စိတ်နဲ့ အတောင်နှစ်ဘက်ကို စုလိုက်တော့ တစ်ခါတည်း တစ်ရှိန်ထိုး တစ်ဟုန်ထိုးအောက် ထိုးဆင်းလာတော့တာပေါ့။

**ယဒါ ခေါ အညာသိ လာပေါ သကုဏော။**

ယဒါ-အကြင်အခါ၌၊ သော လာပေါ သကုဏော- ထိုဘီလုံးငှက်ငယ်ကလေးက၊ အညာသိ- သိလိုက်တယ်၊ ဘယ်လိုသိလိုက်တုန်း။

**ဗဟု အာဂတော ခေါ့မျာယံ သကုဏဂ္ဃိ' တိ၊ အထ တဿေဝ လေဍ္ဍုဿ အန္တရံ ပစ္စုပါဒိ။**

အယံ သကုဏဂ္ဃိ-ဤသိန်းစွန်ငှက်ကြီးသည်၊ ဗဟုအာဂတော-အဟုန်ပြင်းစွာနဲ့ ထိုးဆင်း၍လာခဲ့လေပြီ၊ ယဒါ-အကြင်အခါ၌၊ အညာသိ-သိလိုက်၏၊ အထ-ထိုသို့သိလိုက်တဲ့အခါ၌၊ တဿေဝ လေဍ္ဍုဿ-ထိုထယ်စာခဲကြီး၏သာလျှင်၊ အန္တရံ-အကြားရပ်သို့ အောက်အရပ်သို့၊ ပစ္စုပါဒိ-ခုန်ဆင်း၍ ပုန်းနေလိုက်လေ၏။

အဲဒီလို သိန်းစွန်ငှက်ကြီး အဟုန်ပြင်းပြင်းနဲ့ ထိုးဆင်းလာပြီ . . . သူ့အရှိန် သူမထိန်းနိုင်လောက်အောင် ထိုးဆင်းလာပြီလို့ သိလိုက်တဲ့ အချိန်မှာ ဘီလုံး ငှက်ငယ်ကလေးက ကဗျာကယာ ထယ်စာခဲကြီးတွေရဲ့ အကြားမှာ ထိုးဆင်းပြီးတော့ ပုန်းနေလိုက်တယ် . . . ထယ်စာခဲကြီးရဲ့ အောက်မှာ ခုန်ဆင်းပြီးတော့ ပုန်းနေလိုက်တယ်။

**အထ ခေါ သကုဏဂ္ဃိ တတ္ထေဝ ဥရံ ပစ္စတာဠေသိ။**

အထ ခေါ- ထိုကဲ့သို့ အရှိန်ပြင်းပြင်းနဲ့ ဖမ်းလိုက်မယ် ကုတ်လိုက်မယ် သုတ်လိုက်မယ်ဆိုတဲ့ ဒေါသတွေနဲ့ အရှိန်းပြင်းပြင်းနဲ့ ထိုးဆင်းလာတဲ့အခါ၌၊ သကုဏဂ္ဃိ-ထိုသိန်းစွန်ငှက်ကြီးသည်၊ တဿေဝ လေဍ္ဍုဿ-ထိုထယ်စာခဲကြီး၏ အထက်၌သာလျှင်၊ ဥရံ ပစ္စတာဠေသိ-ရင်ဘတ်ဖြင့် တိုက်ခွဲ၍ ရင်ကွဲကာ သေပွဲဝင်ရှာသေသတည်း။

သာဓု. . . သာဓု. . . သာဓု . . . ပါဘုရား

http://www.dhammadownload.com



မြတ်စွာဘုရားက ရဟန်းတော်တွေကို သိန်းစွန်အကုတ်ခံရတယ်ဆိုတဲ့ စကားလေးနဲ့ဆက်ပြီးတော့ အဲဒီသိန်းစွန်အကုတ်ခံရပုံ၊ ရန်သူ့နယ်ထဲနေရင် သိန်းစွန်အကုတ်ခံရပုံ၊ မိတ်ဆွေနယ်လို့ခေါ်ရတဲ့ အမေတွေ အဖေတွေ ကျက်စားလေ့ရှိတဲ့နယ်ထဲမှာနေတော့ သိန်းစွန်အထိုးကုတ်၊ သုတ်ချီမခံရပုံလေးကို ပုံပေါ်စေချင်လို့ ဟောတော်မူပြီးမှ နိဂုံး ဘယ်နဲ့အုပ်လိုက်တုန်းဆိုတော့-

**ဧဝံ ဇတေ ဘိက္ခဝေ ဟောတိ ယော အဂေါစရေ စရတိ ပရဝိသယေ။**

ယော-အကြင်သူသည်၊ အဂေါစရေ-မကျက်စားသင့်တဲ့နေရာ၌၊ ယော-အကြင်ဘီလုံးငှက်ငယ်ကလေးသည်၊ အဂေါစရေ- မကျက်စားသင့်တဲ့ တလင်းကွင်းပြင် ကုန်းခေါင်ခေါင်ပေါ်၌၊ စရတိ- လှည့်လည် ပျော်ပါးမိ၏၊ တသ္မာ-ထို့ကြောင့်၊ ဧဝံ ဇတေ- ဤကဲ့သို့ သိန်းစွန်ကြီး ထိုးကုတ် သုတ်ချီတာကိုခံရသည်၊ ဟောတိ-ဖြစ်ခဲ့ပေ၏။

ချစ်သားတို့ ချစ်သားသမီးတို့ ဒီဝတ္ထုဇာတ်ကြောင်းမှာ ဘီလုံးငှက်ငယ်ကလေးဟာ မကျက်စားသင့် မကျက်စားထိုက်တဲ့ အမေတွေ အဖေတွေရဲ့ နယ်ပယ်မဟုတ်တဲ့ ရန်သူတို့ ထိုးကုတ် သုတ်ချီဖို့ရာ လွယ်ကူလို့မို့ ရန်သူ့နယ်လို့ခေါ် ဆိုရတဲ့တလင်းကွင်းပြင် ကုန်းခေါင်ခေါင်ပေါ်မှာ ကျက်စားမိလို့မို့ သိန်းစွန်ကြီး ထိုးကုတ်သုတ်ချီတာကို ခံရတယ်၊ အမေတွေ အဖေတွေရဲ့ နယ်ဖြစ်တဲ့ (ဝါ) မိတ်ဆွေရဲ့ နယ်ဖြစ်တဲ့ ထွန်စာခဲ ထယ်စာခဲတွေကြားဆိုတဲ့ ကိုယ့်မိတ်ဆွေ ရဲ့နယ်ထဲမှာ ကျက်စားတဲ့အခါကျတော့ သိန်းစွန်ကြီးထိုးကုတ် သုတ်ချီတာကို မခံရဘဲနဲ့ ချမ်းသာခဲ့တယ်၊ အဲဒီပုံဥပမာအတိုင်းပဲ အဲဒီဇာတ်ကြောင်းအတိုင်းပဲ၊

**တသ္မာတိဟ ဘိက္ခဝေ မာ အဂေါစရေ စရထ ပရဝိသယေ၊ (ဂေါစရေ ဘိက္ခဝေ သကေ ပေတ္တိကေ ဝိသယေ ဝိစရထ။)**

တသ္မာဝေ-ထို့ကြောင့်သာလျှင် (ဝါ) ထိုကဲ့သို့ သိန်းစွန်ကြီးနဲ့ ဘီလုံးငှက်ငယ်ကလေးတို့ရဲ့ အဖြစ်ပျက်ကို သဘောရောက်အောင် ထွင်းဖောက်ဉာဏ်ဖြင့် သိမြင်နိုင်ခြင်းကြောင့်သာလျှင်၊ တုမေ့-ချမ်းသာလိုလား သင်ချစ်သား ချစ်သမီး တို့သည်လည်း၊ အဂေါစရေ-မကျက်စားသင့် မကျက်စားထိုက်သော၊ အပေတ္တိကေ ဝိသယေ- ငါအဖေရဲ့ နယ်နိမိတ်မဟုတ်တဲ့၊ အဂေါစရေ-မကျက်စားသင့် မကျက်စား ထိုက်တဲ့ ရန်သူ့နယ်နိမိတ်အတွင်း၌၊ မာဝိစရထ-နေ့နေ့ညည မကျက်စား မိကြစေ ကုန်လင့်၊ သကေ ပေတ္တိကေ ဝိသယေ-ကိုယ့်-အဖေကြီးရဲ့ နယ်နိမိတ်ဖြစ်သော၊ (ဝါ) မိတ်ဆွေရဲ့ နယ်နိမိတ်ဖြစ်သော၊ ဂေါစရေ-ကျက်စားသင့် ကျက်စား ထိုက်ကဲ့ နယ်နိမိတ်အတွင်း၌၊ (ဝါ) မိတ်ဆွေရဲ့ နယ်နိမိတ်အတွင်း၌၊ ဝိစရထ- နေ့နေ့ညည ကျက်စားမိကြစေကုန် ရာသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား

http://www.dhammadownload.com



* ရန်သူ့နယ်မြေ, မိတ်နယ်မြေ, နှစ်ထွေရှိကြတယ်။
ရန်သူ့နယ်လား, မိတ်နယ်လား, စဉ်းစားပါရတယ်။
ရန်နယ်နေငြား, သိန်းစွန်များ, ကုတ်စားခံရမယ်။

ဒီတော့-ရန်သူ့နယ်ထဲနေရင်တော့ သိန်းစွန်ကြီးတွေ ထိုးသုတ် အကုတ်အချီကို ခံကြရလိမ့်မယ်ဆိုတော့ -တပည့်တော်တို့ကို ရန်သူ့နယ်ဖြစ်တဲ့ အကုသိုလ်ဒုစရိုက်နယ်ထဲမှာ နေတဲ့အတွက် ပကတိကောင်းကင်က သိန်းစွန် ကြီးတွေ ထိုးကုတ်သုတ်ချီတာကို ခံရတော့မှာလားဘုရား . . . လို့ မေးစရာရှိလို့၊ အေး . . . အဲဒီပကတိ သိန်းစွန်ကြီးတွေကို ပြောတာမဟုတ်ဘူး . . . တဲ့၊ သိန်းစွန်ကြီးခုနစ်ကောင်ဆိုတဲ့ အပါယ်လေးပါးဆိုတဲ့ သိန်းစွန်ကြီးလေးကောင်၊ အို, နာ, သေဆိုတဲ့ သိန်းစွန်ကြီးသုံးကောင် အဲဒီသိန်းစွန်ကြီးခုနစ်ကောင်တို့ရဲ့ ထိုးကုတ် သုတ်ချီတာ ခံကြရလိမ့်မယ်လို့ ဆိုလိုက်စမ်းပါ-

* အပါယ်လေးပါး, သိန်းစွန်များ, ဒို့နားတဝဲဝဲ။
အို,နာ-အသေ, သိန်းစွန်တွေ, ဒို့မြေတဝဲဝဲ။

အကုသိုလ်တရားလို့ဆိုရတဲ့ ရန်သူ့နယ်ထဲမှာ အနေများမိကြရင်တော့ သိန်းစွန်ကြီးတွေ ထိုးကုတ် သုတ်ချီတာကို ခံကြရလိမ့်မယ် ချစ်သား ချစ်သမီးတို့ . . . အဲဒီသိန်းစွန်ကြီးတွေဆိုတာ ဘယ်သူတွေတုန်းလို့ဆိုတော့ အပါယ် လေးပါးဆိုတဲ့ သိန်းစွန်ကြီးများ၊ အို-နာ-သေဆိုတဲ့ သိန်းစွန်ကြီးများ၊ ဒီတော့-အဲဒီသိန်းစွန်ကြီးတွေက အဝေးကြီး မဟုတ်လားဘုရား၊ တပည့်တော်တို့ နားမှာ မရှိဘူးမဟုတ်လားဘုရားလို့ဆိုတော့ "အပါယ်လေးပါး, သိန်းစွန်များ, ဒို့နား တဝဲဝဲ . . . တဲ့၊ ဒကာ ဒကာမတွေရဲ့ အနားမှာ တဝဲဝဲနဲ့ ဝဲပြီးတော့ နေကြတယ် . . . တဲ့၊ အပါယ်လေးပါးဆိုတာ အဝေးကြီး မဟုတ်ဘူး၊ ကိုယ့်နားကပ်နေတယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အပါယ်လေးပါးထဲမှာ ငရဲရယ်, တိရစ္ဆာန်ရယ်, ပြိတ္တာရယ်, အသူရကာယ်ရယ်ဆိုတဲ့ အပါယ်လေးဘုံထဲက တိရစ္ဆာန်ဆိုတဲ့ အပါယ်လေးဘုံသား စာရင်းဝင်နေတဲ့ သိန်းစွန်ကြီးတစ်ကောင်က ဒကာ ဒကာမတွေရဲ့ အနီးမှာ မရှိဘူးလား?၊ ရှိပါ ဘုရား၊ ဒကာ ဒကာမတွေ နေထိုင်တဲ့ အိမ်ဝင်းထဲ အိမ်ခြံထဲမှာ ခွေးတွေ, ဝက်တွေ, ကြွက်တွေ, ငှက်တွေ မရှိဘူးလား?၊ ရှိပါ ဘုရား၊ ဒါဖြင့် အပါယ်လေးပါး သိန်းစွန်ထဲမှာ တစ်ပါး အပါဝင်ဖြစ်တဲ့ တိရစ္ဆာန်ဘုံ, တိရစ္ဆာန်ဘဝဆိုတဲ့ သိန်းစွန်ကြီး အဝေး မှာရှိသလား၊ အနီးမှာ ရှိသလား?၊ အနီးမှာ ရှိပါ ဘုရား၊ နီးလိုက်တာမှ ကိုယ့်ခြံထဲ, ကိုယ့်ဝင်းထဲ ရောက်နေရုံမျှမက ကိုယ့်ခေါင်းပေါ်မှာတောင်မှ ရောက်မနေတတ်ဘူးလား?

http://www.dhammadownload.com



ရောက်နေပါ ဘုရား၊ ဆံပင်ရှိတဲ့ ဒကာ ဒကာမတွေ ခေါင်းထဲမှာ သန်းတွေရှိနေရင် သန်းတွေက တိရစ္ဆာန်တွေ ဖြစ်နေတော့ အပါယ်လေးပါး စာရင်းဝင်တဲ့ တိရစ္ဆာန်တွေဆိုတဲ့ သိန်းစွန်ကြီး ခေါင်းထဲ ရောက်မနေဘူးလား? ရောက်နေပါ ဘုရား ။

ဟာ- ခေါင်းထဲရောက်ရုံ ဘယ်ကဦးမတုန်း . . . တဲ့၊ ခန္ဓာကိုယ်ထဲမှာ ပိုးမျိုးရှစ်ဆယ်၊ ပိုးမျိုးရှစ်ဆယ်လို့ခေါ်ရတဲ့ သံကောင်တွေကအစ ပိုးမျိုးရှစ်ဆယ်ဆိုတဲ့ တိရစ္ဆာန်တွေ ဝမ်းထဲမရှိဘူးလား? ရှိပါ ဘုရား၊ ဒါဖြင့် -အပါယ်လေးပါး သိန်းစွန်ကြီးတွေက အဝေးမှာလား? အနီးမှာလား? အနီးမှာပါဘုရား၊ ဒါထင်ရှားတဲ့ တိရစ္ဆာန်တွေပြောလိုက်တာ။ ပြိတ္တာလို့ခေါ်ရတဲ့ တစ္ဆေတွေ, သားရဲတွေ, သဘက်တွေ ကလည်းပဲ ဒကာ ဒကာမတွေ ရှာနီးစပ် ချုံနီးစပ် မရှိကြဘူးလား? ရှိကြပါ ဘုရား၊

ဒါဖြင့် - ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက (၁၀၁) ကြိမ်မြောက် ဘုရားကိုယ်တော်မြတ်ကြီးအား မဟာဒုဂ် မြသပိတ် စာရေးတံမဲကြီးဖြင့်လည်းကောင်း၊ သံဃာတော်လေးထောင်ကျော်တို့ကို (၁၀၁) ကြိမ်မြောက် ဆွမ်းလုံးပွဲကြီးများဖြင့်လည်းကောင်း လှူဒါန်းကော်ရော်, ပူဇော်သမှုကို ပြုနေကြတဲ့အချိန် . . . ရန်သူ့နယ်ထဲနေတာလား၊ မိတ်ဆွေနယ်ထဲ နေတာလား? မိတ်ဆွေနယ်ထဲနေတာပါဘုရား၊ အဲဒီလို မိတ်ဆွေနယ်ထဲ နေတဲ့ အချိန် အပါယ်လေးပါး သိန်းစွန်ကြီးတွေ အကုတ်ခံရမယ့်သူတွေလား၊ အကုတ် မခံရ မယ့်သူ တွေလား?အကုတ်မခံရမယ့် သူတွေပါဘုရား၊ အပါယ်လေးပါး သိန်းစွန်ကြီးတွေမှ လွတ်မယ့်သူတွေလား၊ မလွတ်မယ့်သူတွေလား? လွတ်မယ့် သူတွေပါဘုရား။

အဲ- ယခုန ပြောဆိုခဲ့တဲ့ အတိုင်း မနက်လင်းလာတဲ့အချိန်ကစပြီးတော့ အကုသိုလ်ဒုစရိုက်တွေနဲ့ တစ်နေ့လုံး အချိန်ကုန် . . . ပြီးတော့သွားတဲ့ အမျိုးသား အမျိုးသမီးက ရန်သူ့နယ်ထဲနေတာလား၊ မိတ်ဆွေနယ်ထဲနေတာလား? ရန်သူ့နယ်ထဲနေတာပါဘုရား၊ အဲဒီလို အကုသိုလ်တွေနဲ့ အချိန်ကုန်သွား ပြီးတော့ ရန်သူ့နယ်ထဲနေတဲ့ အမျိုးသား အမျိုးသမီး အပါယ်လေးပါး သိန်းစွန် ကြီးတွေရဲ့ အကုတ်ခံရမှာလား၊ အကုတ်မခံရမှာလား?၊ အကုတ်ခံရမှာပါ ဘုရား။

အိုးခြင်းဆိုတဲ့ ဇရာသိန်းစွန်ကြီးတွေ၊ နာခြင်းဆိုတဲ့ဆိုတဲ့ (၉၆) ဖြာ (၉၈) ဖြာဆိုတဲ့ ဗျာဓိသိန်းစွန်ကြီးတွေ၊ သေခြင်းအမျိုးမျိုးဆိုတဲ့ မရဏသိန်းစွန် ကြီးတွေ၊ သစ်ပင်ကျသေ၊ ရေနစ်သေ၊ မီးလောင်သေ၊ အဆိပ်သင့်သေ၊ လက်နက်ဒုတ်ဓားနဲ့သေတဲ့ အသေမျိုးစုံဆိုတဲ့ သိန်းစွန်ကြီးတွေက ဒကာဒကာမ တွေရဲ့ ခေါင်းပေါ်မှာ

F. 27

http://www.dhammadownload.com



တဝဲဝဲ မနေကြဘူးလား? နေကြပါ ဘုရား၊ လူပြည် လူ့ရွာကြီးရဲ့ အပေါ်မှာ တပဲဝဲမနေကြဘူးလား? နေပါ ဘုရား၊ နေရုံမျှမက တစ်ချို့အမျိုးသား အမျိုးသမီးတွေရဲ့ ခေါင်းမှာ ဆံပင်တွေဖြူ ပါးရေတွေ တွန့်၊ သွားတွေကျိုး၊ နားတွေထိုင်း၊ ခါးတွေကိုင်းပြီးတော့ ခန္ဓာကိုယ်ထဲ ဝဲပြီး တော့ မနေကြဘူးလား? နေပါတယ်ဘုရား။ (၉၆) ဖြာ (၉၈) ဖြာဘေးရောဂါ သိန်းစွန်ကြီးတွေ ကုတ်လိုက်ပြီဆိုတော့ အိပ်ယာပေါ်ပက်လက် မဖြစ်ဘူးလား? ဖြစ်ပါ ဘုရား၊ အခုလို တရားပွဲလေးရှိလို့မှ တရားနာလာနိုင်သေးရဲ့လား? မလာနိုင်ပါဘုရား၊ သေခြင်းဆိုတဲ့ သိန်းစွန်ကြီး ကုတ်ယိုက်ပြီဆိုတော့ ကိုယ့်အိမ် ပေါ်တောင်မှ ကိုယ်နေလို့ ဖြစ်သေး ရဲ့လား? မဖြစ်ပါဘုရား၊ လူကြား သူကြား ထဲမှာ နေလို့ရသေးရဲ့လား? မရတော့ပါဘုရား။

အဲဒီ အို, နာ, သေဆိုတဲ့ သိန်းစွန်ကြီးတွေ ကုတ်ချီခံခဲ့ရတဲ့ ဘဝတွေ ရေတွက်နိုင်ပါ့မလား? မရေတွက်နိုင်ပါဘုရား၊ ဒီဘဝလည်း အဲဒီသိန်းစွန်ကြီး သုံးကောင် ကုတ်ချီမှုကို ခံရမယ့်သူတွေလား၊ မခံရမယ့်သူတွေလား? ခံရမယ့်သူတွေပါဘုရား၊ ဒါဖြင့် အဲဒီသိန်းစွန်ကြီး သုံးကောင်ဘေးက ကင်းဝေးလွတ် မြောက်ရာဖြစ်တဲ့ သန္တိသုခ နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို ရဖို့ရာအတွက် မိတ်ဆွေနယ်လို့ ခေါ်တဲ့ ဖ,ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ နယ်မြေဖြစ်တဲ့ ဒါနသီလဘာဝနာကောင်းမှုတွေကို အခုလို အထူးတလည် ကြီးကြီး ကျယ်ကျယ် ပြုနိုင်တဲ့အ ချိန်လည်း တတ်စွမ်းသမျှ ပြုလို့ နေ့စဉ်နေ့စဉ်လည်း အဲဒီဒါန, သီလ, ဘာဝနာကုသိုလ်နယ်ထဲ နေဖို့ မလိုဘူးလား? လိုပါ ဘုရား၊ အခုပွဲကြီး ဆင်နွှဲကျင်းပနေတာကတော့ အထူးတလည် စိတ်တူကိုယ်မျှ အကြီးအကျယ် . . . ဆင်နွှဲကျင်းပပြီးတော့ နေကြတာဖြစ်တော့ အခုလို အကြီး အကျယ်ပြုနိုင်တဲ့ အချိန်လည်းပြုပေါ့။

ဒီလိုပြုခွင့် မကြုံတဲ့အချိန်လည်းပဲ နေ့စဉ်နေ့စဉ် ကိုယ့်အိမ်ထဲမှာ နေကြရင်းနဲ့လည်းပဲ ကိုယ့်အိမ်အနီးနားမှာ ရှိနေတဲ့ ကိုယ့်ထက်မြင့်မြတ်သာလွန်တဲ့ အလှူခံပုဂ္ဂိုလ်ကြီးငါးပါး၊ ကိုယ်နဲ့တန်းတူဖြစ်တဲ့ အလှူခံပုဂ္ဂိုလ်ကြီးတစ်ပါး၊ ကိုယ့်အောက်ကျတဲ့ အလှူခံပုဂ္ဂိုလ်ကြီး သုံးပါးဆိုတဲ့ အဲဒီအလှူခံပုဂ္ဂိုလ်ကြီးတွေ စွန့်ကြဲပေးကမ်း လှူဒါန်းမှုဒါနတွေ ပြုပြီးတော့လည်းပဲ မိတ်ဆွေနယ်ထဲနေဖို့မလိုဘူးလား? လိုပါ ဘုရား။ ဒီတော့ ကိုယ့်ထက်သာတဲ့ အလှူခံပုဂ္ဂိုလ် ကြီးငါးပါးဆိုတာ ဘယ်သူတွေတုန်းလို့ မေးရင် ဆိုလိုက်စမ်းပါ-

* **အနန္တငါးအင်, စားဦးတင်, နေ့စဉ်ဒါန အားထုတ်ကြ။**

ဒါနကောင်းမှုတစ်ခုခု ပြုနေရင် မိတ်ဆွေနယ်ထဲနေတယ် . . . လို့ ဘုရားက မဟောဘူးလား? ဟောပါ ဘုရား၊ မိတ်ဆွေနယ်ထဲနေရင် အပါယ်လေးပါး

http://www.dhammadownload.com



ဆိုတဲ့ သိန်းစွန်ကုတ်ဘေးမှ လွတ်မယ်လို့ မဟောဘူးလား? ဟောပါ ဘုရား၊ အိုနာသေဆိုတဲ့ သိန်းစွန်ကြီးတွေကုတ်ချီတဲ့ ဘေးမှ လွတ်တော့မယ်လို့ မဟောဘူးလား? ဟောပါ ဘုရား၊ ဒါဖြင့် အဲဒီသိန်းစွန် ကြီး ခုနစ်ကောင်ကုတ်ချီ ထိုးသုတ်တဲ့ဘေးမှလွတ်အောင် မိတ်ဆွေနယ်လို့ဆိုတဲ့ ဒါနနယ်ထဲ နေ့တိုင်းနေဖို့မလိုဘူးလား? လိုပါ ဘုရား။

အခုလို ဆွမ်းလုံးပွဲကြီး ဆွမ်းလုံးပွဲကြီးတွေ အကြီးအကျယ် အထူးတလည် နှစ်ပေါင်း (၁၀၁) ကြိမ်မြောက် ကြီးပမ်းအားထုတ်ပြုလုပ်တဲ့ ကောင်းမှုကြီးက တစ်နှစ်တစ်ကြိမ်ပြုရတာဖြစ်တော့ အဲဒီလို မပြုနိုင်တဲ့အချိန် . . . တဲ့ နေ့စဉ် နေ့စဉ် ဒကာ ဒကာမတွေ ကိုယ့်အိမ်မှာရှိနေတဲ့ အလှူခံပုဂ္ဂိုလ်ကြီးငါးပါး၊ ကိုယ့်ထက်သာတဲ့ အလှူခံပုဂ္ဂိုလ်ကြီးငါးပါး၊ ဘယ်သူတွေတုန်းဆိုတော့ ဘုရား, တရား, သံဃာ, မိဘ, ဘိုးဖွားနဲ့ ဆရာသမား အနန္တောအနန္တငါးပါးဆိုတဲ့ ကိုယ့်ထက်မြင့်မြတ်တဲ့ အလှူခံ ပုဂ္ဂိုလ်ကြီးငါးပါးကို နေ့စဉ်နေ့စဉ် စားဦးစားဖျား ပေး၊ ဝတ်ဦးဝတ်ဖျားပေး၊ နေဦးနေဖျားပေးပြီးတော့ နေခြင်းဖြင့် ဒါနကောင်းမှု ကိုပြုပြီးတော့ မိတ်ဆွေနယ်ထဲ နေမိအောင်နေကြ. . . တဲ့၊

ဒကာ ဒကာမတွေ နေ့တိုင်းနေ့တိုင်း ထမင်းတစ်ထပ် နှစ်ထပ် မစားကြဘူးလား? စားပါ ဘုရား၊ အဲဒီလိုစားတိုင်းစားတိုင်း မနက်မှာစားတဲ့ အချိန် အထူးသဖြင့် ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ပူဇော်တဲ့အနေနဲ့ ဘုရားဆွမ်းတော်ဦး, ပန်းတော်ဦး, ရေချမ်းတော်ဦး ကပ်လို့မရဘူးလား? ရပါ ဘုရား၊ အဲဒီလို ဆွမ်းတော်, ပန်းတော်, ရေချမ်းတော် ကပ်ပြီးတော့ နေ့စဉ် စားသုံးခြင်းဖြင့် ဒါနကောင်းမှုကြီး မဖြစ်ဘူးလား? ဖြစ်ပါ ဘုရား၊ အဲဒီ ဒါနကောင်းမှုကြီး ပြုနေတဲ့အချိန် ဘုရားဆွမ်းတော်, ပန်းတော်, စားဦးစားဖျား ကပ်လှူနေတဲ့အမျိုးသား အမျိုးသမီး မိတ်ဆွေနယ်ထဲနေတာလား၊ ရန်သူ့နယ်ထဲနေတာလား? မိတ်ဆွေနယ်ထဲနေတာပါဘုရား၊ မိတ်ဆွေနယ်ထဲ နေခဲ့ရင် သိန်းစွန်းဘေးက လွတ်မယ့်သူလား၊ မလွတ်မယ့်သူလား? လွတ်မယ့် သူပါဘုရား၊ ဆိုစမ်းပါ-

* ဒါနတရား, ကြိုးစားနေသူ, ကုသိုလ်ကိစ္စ, နေ့ညမဟူ၊
အဖေ့နယ်တွင်း, သက်ဆင်းနေသူ, သိန်းစွန်ဘေး,
ကင်းဝေးလွတ်မယ့်သူ၊

အဲဒီလိုအားဖြင့် အနန္တောအနန္တငါးပါးဆိုတဲ့ ဘုရားကိုပူဇော်, တရားကို ပူဇော်, သံဃာတော်တွေ ဦးဦးဖျားဖျားလောင်းလှူ မိဘတွေလည်း ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ပို့လို့ ဝတ်ဦးဝတ်ဖျားလေး ဝတ်ကောင်းစားဂေ..ာင်းလေးပေါ် လာလို့

http://www.dhammadownload.com



ဝတ်မယ်ဆင်မယ်ဆိုရင် ကိုယ်မဝတ်ခင် မဆင်ခင် အမေတွေ အဖေတွေကို ပေးကမ်းထောက်ပံ့ပြီးတော့ ပူဇော်ပြီးတော့ ဆရာသမားတွေကို ပူဇော်ပြီးတော့ နေစရာထိုင်စရာ ထူးထူးဆန်းဆန်းလေး ရလာရင် သို့မဟုတ် နေစရာ ထိုင်စရာ အဆောက်အဦးလေး ထူးထူးဆန်းဆန်းလေး ဆောက်ပြီးတော့ နေပြီဆိုရင် အမေတွေ အဖေတွေကို ဆောက်ပေးလို့ ဆရာသမားတွေကို ဆောက်ပေးလို့။

သို့မဟုတ် နေစရာကုလားထိုင် စားပွဲစသည်ကို အမေအဖေတွေဆီ ဦးဦးဖျားဖျားပို့လှူပြီးတော့မှ သုံးရင်ဒါနကောင်းမှုဆိုတဲ့ မိတ်ဆွေနယ်ထဲ မနေဘူးလား? နေပါတယ်ဘုရား၊ ကိုယ့်ထက်အဆင့်မြင့်တဲ့ ကိုယ့်ထက်သာလွန်တဲ့ ရတနာသုံးပါး မိဘဘိုးဖွား ဆရာသမားဆိုတဲ့ အလှူခံပုဂ္ဂိုလ်ကြီးငါးပါး၊ ကိုယ့်နားကပ်မနေဘူးလား? ကပ်နေပါ ဘုရား။

အခုလို ဆွမ်းလုံးပွဲကြီးတစ်နှစ် တစ်ကြိမ်ကျင်းပတဲ့ အချိန်လည်း ကုသိုလ်ပါဝင်လိုက်သလို နေ့စဉ်နေ့စဉ်လည်းပဲ ကိုယ့်ထက်သာတဲ့ အလှူခံ ပုဂ္ဂိုလ်ကြီးငါးပါးကို နေ့စဉ်စားဦးစားဖျားလှူ ဝတ်ဦးဝတ်ဖျားလှူ နေဦးနေဖျား လှူပြီးတော့ ဒါနကောင်းမှုကြီးကို နေ့စဉ်ပြု၊ လစဉ်ပြု၊ နှစ်စဉ်ပြုပြီးတော့ အဖေ ဘုရားတည်းဟူသော အဖေ့နယ်ထဲ နေဖို့ မလိုဘူးလား? လိုပါ ဘုရား၊ အပါယ်လေးပါး သိန်းစွန်ကြီး ဘေးက ဒကာ ဒကာမတွေက လွတ်ချင်ကြတာလား၊ မလွတ်ချင်ကြတာလား?၊ လွတ်ချင်ကြတာပါဘုရား၊ အို, နာ, သေဆိုတဲ့ သိန်းစွန် ကြီးသုံးကောင် ကုတ်ချီတဲ့ ဘေးက လွတ်ချင်ကြတာလား၊ မလွတ်ချင် ကြတာလား? လွတ်ချင်ကြတာပါဘုရား၊ သိန်းစွန်ကြီးဘေးက လွတ်ချင်ကြရင် ရန်သူ့နယ်ထဲနေရမှာလား၊ မိတ်ဆွေနယ်ထဲနေရမှာလား? မိတ်ဆွေနယ်ထဲ နေရမှာပါဘုရား၊ အဖေ့နယ်ထဲနေရမှာလား၊ ရန်သူ့နယ်ထဲနေရမှာလား? အဖေ့နယ်ထဲ နေရမှာပါဘုရား။

အဲဒီ- ကိုယ့်ထက်သာတဲ့ အလှူခံပုဂ္ဂိုလ်ကြီးငါးပါးကို ပေးလှူတတ်ရ သလို ဒါနပြုတတ်ရသလို ကိုယ်နဲ့တန်းတူဖြစ်တဲ့ အလှူခံပုဂ္ဂိုလ်ကြီးတစ်မျိုးကိုလည်း ပေးလှူတတ်ရတယ်. . . တဲ့။

* ကိုယ့်တန်းတူချင်း, မျှဝေလျှင်း, မယွင်းဒါန အားထုတ်ကြ။

အဲ- ကိုယ့်ထက်သာတဲ့ ရတနာသုံးပါး မိဘ ဘိုးဖွား ဆရာသမား အလှူခံပုဂ္ဂိုလ်ကြီးငါးပါးကို နေ့စဉ်ဒါနဖြစ်အောင် ပြုပြီးတော့ နေတတ်ရသလို ကိုယ့်အနီးပတ်ဝန်းကျင် ကိုယ်နဲ့တန်းတူဖြစ်တဲ့ ကိုယ့်အိမ်နီးချင်း ကိုယ့်ရပ်နီးချင်း ကိုယ်အလုပ်ရှုံနီးချင်းကိုယ့်ဆွေ ကိုယ့်မျိုးထဲက တန်းတူဖြစ်တဲ့ ပုဂ္ဂိုလ်တွေကိုလည်းပဲ ကိုယ့်အိမ်မှာ စားစရာလေး ထူးထူးဆန်းဆန်း ချက်ရင် အရှေ့, အနောက်, တောင်, မြောက်

http://www.dhammadownload.com



တတ်နိုင်လို့ရှိရင် အရှေ့ဘက်တစ်အိမ်, အနောက်ဘက်တစ်အိမ်, မြောက်ဘက်တစ်အိမ်, တောင်ဘက်တစ်အိမ် အိမ်နီးချင်း ဟင်းခွက်ကမ်းဆိုတဲ့ ရှေးစကားပုံအတိုင်း ဒါနပါရမီဖြစ်အောင် ပြုထားခဲ့ကြ၊ ပြောထားခဲ့ကြတဲ့ ရှေးသူတော်ကောင်းတွေရဲ့ စကားကို လိုက်နာသောအားဖြင့် အရှေ့ဘက်တစ်အိမ်, အနောက်ဘက်တစ်အိမ်, မြောက်ဘက်တစ်အိမ်, တောင်ဘက်တစ်အိမ် ဒီလောက်မှ မတတ်နိုင်ရင် ဒီနေ့ အရှေ့ဘက်တစ်အိမ်၊ နက်ဖြန်ခါ တောက်ဘက်တစ်အိမ်၊ သဘက်ခါ အနောက်ဘက်၊ ဖန်ခါ မြောက်ဘက်။

ဒီထက် တတ်နိုင်သေးလို့ရှိရင် တတ်နိုင်သလို အရှေ့ခုနစ်အိမ်၊ တောင်ခုနစ်အိမ်၊ မြောက်ခုနစ်အိမ်စသည်ဖြင့် စားဦးစားဖျား ကိုယ်စားမယ့်ဟင်းကလေးထဲက ခွဲခြမ်းစိတ်ဖြာပြီးတော့ သို့မဟုတ် ကိုယ်စားမယ့် သစ်သီးဝလံထဲက သို့မဟုတ် ကိုယ့်စားဖို့ရာ ရလာတဲ့မုန့်ပဲ သွားရည်စာထဲက ကိုယ်နဲ့တန်း တူဖြစ်တဲ့ အိမ်နီးချင်းတွေ ဝေငှကမ်းလှမ်းမှုပြုရင် ဒါနပါရမီကောင်းမှုကြီး မဖြစ်ဘူးလား? ဖြစ်ပါတယ်ဘုရား၊ အဲဒီလို ကိုယ့်တန်းတူချင်း မျှဝေလျှင်းပြီးတော့ ပေးကမ်းစွန့်ကြပြီးတော့ စားနေတဲ့ အမျိုးသား အမျိုးသမီး ရန်သူ့နယ်ထဲနေတာလား၊ မိတ်ဆွေနယ်ထဲနေတာလား? မိတ်ဆွေနယ်ထဲနေတာပါဘုရား။

ဒါနကောင်းမှုပြု ဒါနကောင်းမှု ပြုဆိုတော့ တစ်ခါတည်း အမြဲတမ်း မဏ္ဍပ်ကြီးဆောက်ပြီးတော့ အခုလို အကြီးအကျယ် သံဃာတော်တွေပင့်ပြီး တော့ သံဃာတစ်ရာ နှစ်ရာပင့်ပြီးတော့ စသည်ဖြင့် သို့မဟုတ် မဏ္ဍပ်ကြီးထိုး ပြီးတော့ ဒါမှ အလှူဖြစ်တာလား ... လို့ ဆိုတော့ မဟုတ်သေးပါဘူး .. တဲ့၊ နေ့စဉ် ပြုတတ်လို့ရှိရင် ကိုယ့်ထက်သာတဲ့ အနန္တော အနန္တငါးပါး အလှူခံ ပုဂ္ဂိုလ်ကြီးငါးဖြာ ကိုယ့်ရဲ့အိမ်နီးချင်းဖြစ်ကြတဲ့ အလုပ်ရုံချင်း ရပ်နီးချင်း ရွာနီးချင်းဖြစ်ကြတဲ့ ကိုယ့် တန်းတူချင်း ပုဂ္ဂိုလ်တွေ။

ကိုယ့်အောက်ရှိတဲ့ ပုဂ္ဂိုလ်တွေဆိုတဲ့ ကိုယ့်သားသမီးတွေ တူသား နောင်မယ် မြေးမြစ်တွေ ကိုယ့်အိမ်မှာ ခိုင်းစေနေရတဲ့ အလုပ်သမားတွေ ကိုယ့်အိမ်မှာ ရှိနေကြတဲ့ ခွေး, ဝက်, ကြက်, ငှက်ဆိုတဲ့ တိရစ္ဆာန်တွေဆိုတဲ့ အဲဒီကိုယ့်အောက်ကျတဲ့ အလှူခံပုဂ္ဂိုလ်တွေ သုံးမျိုးသုံးစားကိုလည်းပဲ နေ့စဉ် ဝေငှကမ်းလှမ်း စွန့်ကြပေးကမ်းခြင်းဖြင့် ဒါနပါရမီ ကောင်းမှုကြီးကို ပြုပြီးတော့ ငါအဖေ့နယ်ထဲမှာ နေကြ ... လို့ ဘုရားက မှာတော်မူခဲ့တာဖြစ်တော့၊ သုံးပါးသော အလှူခံပုဂ္ဂိုလ်ကြီးတွေကို စွန့်ကြပေးကမ်း လှူဒါန်းပူဇော်သမှု ပြုနေတဲ့အချိန် ရန်သူ့နယ်ထဲနေတာလား၊

http://www.dhammadownload.com



မိတ်ဆွေနယ်ထဲ နေတာလား? မိတ်ဆွေနယ်ထဲ နေတာပါဘုရား၊ အဲဒီလိုနေတဲ့ ရက်တွေ ရက်ပေါင်းသုံးဆယ်ကြာသွားတော့ တစ်လ၊ အဲဒီလပေါင်း (၁၂) ကြာသွားတော့ တစ်နှစ်၊ အဲဒီလို နှစ်ပေါင်းများပြီးတော့ လာတဲ့အခါကျတော့ မိတ်ဆွေနယ်ထဲနေတဲ့ အနေတွေ များလာတော့ သိန်းစွန်ဘေးက ကင်းဝေး မလွတ်ဘူးလား? လွတ်ပါ ဘုရား။

* သီလတရား, ကြိုးစားနေသူ, ကုသိုလ်ကိစ္စ နေ့ညမဟူ၊
**အဖေနယ်တွင်း, သက်ဆင်းနေသူ,သိန်းစွန်ဘေး,ကင်းဝေးလွတ်မယ့်သူ။**

သီလတရားဆိုတဲ့အတိုင်း သီလက နှစ်မျိုးရှိတယ်၊ ရှောင်ရှားသီလနဲ့ ဆောင်ပွားသီလ . . . လို့ သီလနှစ်မျိုးနှစ်စား။ ရှောင်ရှားသီလဆိုတာ ဝါရိတ္တသီလ၊ ရှောင်ရတဲ့ သီလ၊ ဆောင်ပွားသီလဆိုတာက မရှောင်ရဘူး၊ ကျင့်ရတဲ့သီလလို့ သီလနှစ်ပါး ရှိပါတယ်၊ သီလဘယ်နှစ်ပါး ပါလိမ့်? နှစ်ပါးပါဘုရား၊ ရှောင်ရှား သီလဆိုတာက ငါးပါးသီလ, ရှစ်ပါးသီလ, အခု ဒကာ ဒကာမတွေ ဆောက်တည်လိုက်တဲ့ ငါးပါးသီလတို့, ရှစ်ပါးသီလတို့စသည်တွေက မရှောင်ရှားရတယ်၊ ရှောင်မှ ကုသိုလ်ဖြစ်တယ်၊ ဒါကြောင့် ရှောင်ရှားသီလ၊ ပါဠိလို ဝါရိတ္တသီလ၊ အဲဒီသီလကိုလည်း ငါးပါးသီလ မပျက်အောင်နေခြင်း၊ ရှစ်ပါး၊ ကိုးပါးတက်စွမ်းသမျှ စောင့်ထိမ်း ခြင်းစသည်ဖြင့် အဲဒီသီလတရားကို ကြိုးစားအား ထုတ်နေတဲ့အချိန်ဟာ ရန်သူ့နယ်ထဲမှာနေတာလား၊ မိတ်ဆွေနယ်ထဲနေတာလား? မိတ်ဆွေနယ်ထဲ နေတာပါဘုရား။

ဆောင်ပွားသီလဆိုတာကျတော့ စာရိတ္တသီလ၊ အဲဒီစာရိတ္တသီလဆိုတာ အခုလို ဘုရားပွဲကြီး ဆင်နွှဲကျင်းပ ပူဇော်ကြတော့ ဗုဒ္ဓဝေယျာဝစ္စ, ဓမ္မဝေယျာဝစ္စ, သံဃာ့ဝေယျာဝစ္စ, ကိစ္စကြီးငယ် ဆောင်ရွက်ရတာတွေ မရှိဘူးလား? ရှိပါဘုရား၊ ဘုရားနဲ့ ပတ်သက်ပြီးတော့ ပူဇော်နိုင်ဖို့ရာ နေရာထိုင်ခင်းတွေ ခင်းကျင်းကြရခြင်း၊ ပြင်ဆင်ကြရခြင်း၊ ဆောက်ရွက်ကြရခြင်း၊ တရားနဲ့ ပတ်သက်ပြီးတော့ တရားပွဲနဲ့ ပတ်သက်ပြီးတော့ သံဃာတော်တွေနဲ့ ပတ်သက်ပြီးတော့ ချက်ရပြုတ်ရ သယ်ရပိုးရ ဝယ်ရခြမ်းရဆိုတဲ့ လုပ်ငန်းတွေ မရှိဘူးလား? ရှိပါ ဘုရား၊ အဲဒီလို ဗုဒ္ဓဝေယျာဝစ္စ ဓမ္မဝေယျာဝစ္စ သံဃာ့ဝေယျာဝစ္စဆိုတဲ့ ကောင်းမှုတွေက သီလကုသိုလ်. . . သီလကောင်းမှု၊ အဲဒီ သီလကောင်းမှုကကျတော့ မရှောင်ရဘူး၊ ရှောင်လိုက်ရင် ကုသိုလ် မဖြစ်တော့ဘူး၊ ရှောင်လို့ကုသိုလ်ဖြစ်သေးရဲ့လား? မဖြစ်ပါဘုရား၊ ငါပျင်းလိုက်တာကွာ ဘုရား ဝေယျာဝစ္စတွေ ဝင်မလုပ်ချင်တော့ဘူး၊ အိပ်နေလိုက်အုန်း မယ်ဆိုရင် သူကုသိုလ် ဖြစ်သေးရဲ့လား? မဖြစ်ပါဘုရား၊

http://www.dhammadownload.com



တက်တက်ကြွကြွနဲ့ လှူတဲ့အချိန်လည်း လှူပေ့ါ၊ ဝေယျာဝစ္စသီလ ကုသိုလ်ကြီး ယူလိုက်အုန်းမှပဲဆိုပြီးတော့ ဘုရားကိစ္စ တရားကိစ္စ သံဃာကိစ္စ မိဘဘိုးဖွား ဆရာသမားကိစ္စ စတဲ့ကိစ္စ ကြီးငယ်အသွယ်သွယ် အားတက်သရော ကြိုးစား အားပါးစိုက်ထုတ် ပြုလုပ်နေတဲ့ အမျိုးသား အမျိုးသမီးများ စာရိတ္တ သီလခေါ်တဲ့ ဆောင်သီလကြီးကို ကြိုးစားအားထုတ်နေတဲ့အချိန် . . . ရန်သူ့နယ်ထဲ နေတာလား၊ မိတ်ဆွေနယ်ထဲနေတာလား? မိတ်ဆွေနယ်ထဲနေတာပါ ပါဘုရား၊ အဲဒီလို မိတ်ဆွေနယ်ထဲနေတဲ့ အနေဖြင့် သီလနှစ်ပါးကို ကြိုးစား နေတဲ့ထိုအမျိုးသား အမျိုးသာမီး သိန်းစွန်ကြီးတွေဘေးက လွတ်မယ့်သူလား မလွတ်မယ့်သူလား?လွတ်မယ့်သူပါဘုရား။

(၁၀၁) မြောက် စာရေးတံ မြသပိတ်မဲ ဖောက်ပြီးသကာလ ဘုရား ပူဇော်တဲ့ကောင်းမှု၊ သံဃာတော်လေးထောင်ကျော်ကို ပူဇော်တဲ့ကောင်းမှု မင်္ဂလာပွဲကြီးမှာ ဗုဒ္ဓဝေယျာဝစ္စ၊ ဓမ္မဝေယျာဝစ္စ၊ သံဃာဝေယျာဝစ္စ ဆောင်ရွက်တဲ့အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ မရှိကြဘူးလား? ရှိကြပါ ဘုရား၊ အဲဒီအမျိုးသား အမျိုးသမီးတွေ အဲဒီလို ဝေယျာဝစ္စတွေ ဆောင်ရွက်နေတဲ့အချိန် ဒီအမျိုးသား အမျိုးသမီးအပေါင်း ရန်သူ့နယ်ထဲ နေတာလား၊ မိတ်ဆွေနယ်ထဲ နေတာလား? မိတ်ဆွေနယ်ထဲနေတာပါဘုရား၊ သိန်းစွန်ဘေးက လွတ်မယ့်သူတွေလား၊ မလွတ်မယ့်သူတွေလား? လွတ်မယ့် သူတွေပါဘုရား၊ အဲဒီဗုဒ္ဓ၊ ဓမ္မ၊ သံဃာ့ဝေယျာဝစ္စတွေ ဆောင်ရွက်နေတဲ့ အချိန် ထိုအမျိုးသား အမျိုးသမီးတွေကို အပါယ်လေးပါး သိန်းစွန်ကြီးတွေက ကုတ်နိုင်တာလား၊ မကုတ်နိုင်တာလား? မကုတ်နိုင်တာပါ ဘုရား။

* **ဘာဝနာတရား, ကြိုးစားနေသူ, ကုသိုလ်ကိစ္စ, နေ့ညမဟူ၊**
**အဖေ့နယ်တွင်း, သက်ဆင်းနေသူ, သိန်းစွန်ဘေး, ကင်းဝေးလွတ်မယ့်သူ။**

ဘာဝနာတရား ကြိုးစားဆိုတော့ ဘာဝနာတရားက သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ဆို့ ဘာဝနာနှစ်ပါး၊ အဲဒီ သမထ ဝိပဿနာနှစ်ပါးထဲက သမထဘာဝနာက လေးဆယ်ရှိတာဖြစ်တော့ အဲဒီလေးဆယ်လုံးလုံး ကိုယ်မနိုင်သည့်တိုင်အောင် ဗုဒ္ဓါနုဿတိ-နဲ့ မေတ္တာဆိုတဲ့ ဒီနှစ်ပါးလောက်ကိုတော့ နေ့စဉ်ပွားများခြင်းဖြင့် အဖေ့နယ်တွင်း သက်ဆင်းပြီးတော့ နေမိကြ. . . လို့ ဘုရားက ဗုဒ္ဓါနုဿတိနဲ့ မေတ္တာ, ကိုယ်စောင့် ကမ္မဋ္ဌာန်းကြီး၊ တရားလေးပါး ထဲမှာထည့်ဟောထားတယ်၊ ဗုဒ္ဓါနုဿတိဆိုတဲ့ ဘုရားနဲ့ ဘုရားဂုဏ်တွေ အာရုံ ပြုပြီးတော့ ရှိခိုးကန်တော့ ပူဇော်ပြီးတော့နေခြင်း၊ ပထမဆုံးဘုရားရဲ့ပုံတော်၊ အဲဒီပုံတော်ထဲမှာမှ ဂုဏ်တော်တွေ

http://www.dhammadownload.com



သွင်းပြီးတော့ ဘုရားနဲ့ ဘုရားပုံတော် ဂုဏ်တော်တွေကို အာရုံပြုပြီးတော့ ရှိခိုးကန်တော့ ပူဇော်ပြီးတော့နေခြင်း၊ ဗုဒ္ဓါ နုဿတိ သမထဘာဝနာ။

ဒီတော့ ပြောလိမ့်မယ်၊ တပည့်တော်တို့ဘုရား၊ သားစာ သမီးစာက အရှာထွက်ရသေးတယ်၊ လုပ်ငန်းကိစ္စတွေက များတယ်၊ ရပ်ရေး ရွာရေးတွေကလည်း ရှိသေးတယ်၊ မင်းရေးစိုးတာ အခွန်ဘဏ္ဍာကိစ္စတွေကလည်း ရှိသေးတယ်၊ မင်းရေးစိုးတာ ခေါ်လိုက်လို့ သွားရလာရတာလည်း ရှိပါသေးတယ်ဘုရား၊ တပည့်တော်တို့ ဘုရားရှိခိုး၊ ပုတီးစိတ်ဆိုတဲ့ အလုပ်တွေ လုပ်ဖို့ရာ အချိန်ပေးဖို့ မလွယ်ဘူး ဘုရားလို့ဆိုခဲ့ရင် ဒကာ ဒကာမတွေ နေ့စဉ်နေ့စဉ် တစ်နေ့တစ်ကြိမ် မအိပ်ကြဘူးလား? အိပ်ကြပါ ဘုရား၊

* အိပ်ယာဝင်လျှင်, ဘုရားရှင်, ဦးတင်လက်အုပ် ချီလိုက်ပါ။

မန္တလေးမြို့က ပဌာန်းဆရာတော်ဘုရားကြီးက အေး မင်းတို့ သားကိစ္စ သမီးကိစ္စ, ဆွေကိစ္စ, မျိုးကိစ္စ, ရပ်ကိစ္စ, ရွာကိစ္စ, မင်းရေးစိုးတာ ကိစ္စတွေနဲ့ စီးပွားရှာတဲ့ကိစ္စတွေနဲ့ အလုပ်တွေများပြီးတော့ နေကြတာဖြစ်တော့ တပည့်တော်တို့ ဘုရားရှိခိုးချိန်လေးတောင် မရပါဘူးဘုရား . . . လို့ ဆင်ခြေမပေးကြနဲ့ . . တဲ့၊ ညအိပ်ယာဝင် မနက်အိပ်ယာထ အလုပ်ခွင်ဝင်ဆိုတဲ့ ဒီသုံးကြိမ်လေးတော့ ဗုဒ္ဓါနုဿတိဘာဝနာဖြစ်အောင် ညတိုင်းညတိုင်း အိပ်ခါနီး ခေါင်းအုံးပေါ် ခေါင်းချပြီးတော့ မအိပ်ခင်လေးမှာ ဘုရားနဲ့ ဘုရားဂုဏ်တွေ အာရုံပြုပြီးတော့ ဘုရားကိုယ်တော်မြတ်ကြီးတစ်ဆူကိုသော်လည်းကောင်း၊ အားမရသေးရင် အဆူပေါင်းများစွာကို သော်လည်းကောင်း၊ အာရုံပြုပြီးသကာလ ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တ ဣဒ္ဓိတော်အနန္တ သဒ္ဓိတော်အနန္တ ပြီးစီးခြင်းအနန္တ အောင်မြင်ခြင်း အနန္တ တို့နှင့် ပြည့်စုံတော်မူသော ဂဂ်ါဝါလု သဲစုမက ပွင့်တော်မူကြသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးများအား တပည့်တော် တပည့်တော်မ ရိုသေမြတ်နိုး လက်အုပ်ချီမိုး ရှိခိုးကန်တော့ပါ၏ဘုရား . . . လို့ အိပ်ယာဝင်ခါနီးမှာ တစ်မိနစ်စာလေး ရှိခိုးကန်တော့လို့ မရဘူးလား? ရပါ ဘုရား၊

အဲဒီလို ရှိခိုးကန်တော့လိုက်တဲ့ အချိန် ထိုအမျိုးသား အမျိုးသမီးရဲ့ စိတ်ဟာ ဘုရားနဲ့ ဘုရားဂုဏ်တော်ထဲ ရောက်မသွားဘူးလား? ရောက်သွားပါ ဘုရား၊ ဘုရားနဲ့ ဘုရားဂုဏ်တွေကို အာရုံပြုနေတဲ့ စိတ်ဖြစ်သွားပြီးတော့ လက်အုပ်ချီမိုး ရှိခိုးကန်တော့နေတဲ့ ထိုအမျိုးသား အမျိုးသမီး ရန်သူ့နယ်ထဲ နေတာလား၊ မိတ်ဆွေနယ်ထဲနေတာလား? မိတ်ဆွေနယ်ထဲနေတာပါဘုရား၊ အဲဒီလို ဘုရားရှိခိုးပြီးတော့ အိပ်ပျော်သွားတဲ့ ထိုအမျိုးသား အမျိုးသမီး တစ်ညလုံး ရန်သူ့နယ်ထဲ

http://www.dhammadownload.com



အိပ်တာလား၊ မိတ်ဆွေနယ်ထဲ အိပ်တာလား? မိတ်ဆွေနယ်ထဲ အိပ်တာပါဘုရား၊ မိတ်ဆွေနယ်ထဲ အိပ်တဲ့ ထိုအမျိုးသား အမျိုးသမီး အပါယ်လေးပါး သိန်းစွန်ကြီးတွေက ကုတ်နိုင်တာလား မကုတ်နိုင်တာလား? မကုတ်နိုင်တာပါဘုရား။

* ဖအိပ်ယာနိုးလျှင်. ဘုရားရှင်, ဦးတင်လက်အုပ်ချီလိုက်ပါ။

မနက်တိုင်း မနက်တိုင်း အိပ်ယာကနိုးမလာဘူးလား? နိုးလာပါဘုရား မနက်အိပ်ယာက နိုးရင်တစ်နေ့လုံးရဲ့ ဦးဦးဖျားဖျား မင်္ဂလာအရှိဆုံး အချိန်မှာ ဘုရားကို ရှိခိုးကန်တော့ပြီးတော့ ငါနိုးစေမယ်. . . လို့ အဓိဋ္ဌာန် ထားပြီးတော့ စိတ်ကိုဆောက်တည်ထားလိုက်ရင် မနက်အိပ်ယာကဖျတ်ကနဲ နိုးသည်နဲ့ တစ်ပြိုင်နက် ဘုရားခန်း မသွားနိုင်သည့်တိုင်အောင် နဖူးပေါ် လက်အုပ်တင်ပြီးသကာလ ယခုန ပြဆိုခဲ့တဲ့အတိုင်း ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော် အနန္တ တန်ခိုးတော်အနန္တ ဣဒ္ဓိတော်အနန္တ သိဒ္ဓိတော် အနန္တ ပြီးစီးခြင်းအနန္တ အောင်မြင်ခြင်းအနန္တတို့နှင့် ပြည့်စုံတော်မူကြပြား ဂဂ်ါဝါလု သဲစုမက ပွင့်တော်မူ သောဘုရားရှင်ကိုယ်တော်မြတ်ကြီးများအား လက်အုပ်ချီမိုး ရှိခိုးကန်တော့ပါ၏ . . . လို့ တစ်မိနစ်စာလေး စက္ကန့်သုံးဆယ်စာလေး ကန်တော့ လိုက်ခြင်းဖြင့် ဗုဒ္ဓါနုဿတိဘာဝနာ မဖြစ်ဘူးလား? ဖြစ်ပါ ဘုရား။

အဲဒီလို ရက်ပေါင်းသုံးဆယ်လောက်ကြာလာတော့ တစ်လဗုဒ္ဓါ နုဿတိ ပွားပြီး မဖြစ်ဘူးလား? ဖြစ်ပါ ဘုရား၊ အဲဒီလိုရက်ပေါင်း (၃၆၀) ကြာသွားတော့ တစ်နှစ်ဗုဒ္ဓါနုဿတိပွားပြီး မဖြစ်ဘူးလား? ဖြစ်ပါတယ်ဘုရား၊ အဲဒီလိုနဲ့ တစ်နှစ်ကြာသွားအောင်နေတဲ့ ထိုအမျိုးသား အမျိုးသမီး ရန်သူ့နယ်ထဲနေတာလား၊ မိတ်ဆွေနယ်ထဲနေတာလား? မိတ်ဆွေနယ်ထဲ နေတာပါဘုရား။

* အလုပ်ခွင်ဝင်လျှင်, ဘုရားရှင်, ဦးတင်လက်အုပ်ချီလိုက်ပါ။

ဟော- ညအိပ်ယာဝင်တစ်ကြိမ် မနက်အိပ်ယာနိုးတစ်ကြိမ် အပြင်အလုပ်ခွင်ဝင်တဲ့အချိန် . . . များသောအားဖြင့် ဒကာ ဒကာမတွေ တစ်နေ့ တစ်နေ့ကိုယ့်အလုပ်အတွက် အလုပ်ခွင် မဝင်ကြရဘူးလား? ဝင်ကြရပါ ဘုရား၊ ဈေးရောင်းမယ့်သူကလည်း ဈေးရောင်းဖို့ရာအတွက် အလုပ်ခွင်ဝင်ရသလို လယ်ယာကိုင်းကျွန်းလုပ်တဲ့သူကလည်း လယ်ယာကိုင်းကျွန်းလုပ်ဖို့ရာ အလုပ်ခွင်ဝင်ရတယ်၊ ထိုထိုအလုပ်သမားစသည်တွေကလည်း ဆိုင်ရာဆိုင်ရာ အလုပ်ဌာနဝင်ရတယ်၊ မနက်မိုးကျောင်းသားလေးတွေကျောင်းသူလေးတွေ တိုင်အောင် ကျောင်းကိုသွားပြီးတော့ ပညာရှာဖို့လွယ်အိပ်ကလေးတွေနဲ့ အလုပ်ခွင် မဝင်ရဘူးလား? ဝင်ရပါဘုရား၊

http://www.dhammadownload.com



အဲဒီအလုပ်ခွင်ဝင်တိုင်း အလုပ်ခွင်ဝင်တိုင်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အလုပ်ခွင်ဝင်ရင် ဦးဦးဖျားဖျားရှိခိုးကန်တော့တဲ့အမှုကိုပြုရမယ်လို့. . အဓိဋ္ဌာန်ထားလိုက်ရင် အိမ်မှာရှိတဲ့ဘုရားပဲဖြစ်ဖြစ် သို့မဟုတ်အလုပ်ရုံ, အလုပ်ခွင်, ကျောင်း, ဈေးစသည်မှာရှိတဲ့ ဘုရားပဲဖြစ်ဖြစ်လက်အုပ်ချီမိုးရှိခိုးကန်တော့ ပြီးတော့ ဗုဒ္ဓါနုဿတိပွားလို့မရဘူးလား? ရပါ ဘုရား၊ တစ်နေ့သုံးကြိမ် ညအိပ်ယာဝင်တစ်ကြိမ် မနက်အိပ်ယာနိုးတစ်ကြိမ် အလုပ်ခွင်ဝင်တစ်ကြိမ် တစ်နေ့သုံးကြိမ် တစ်လဆိုတော့အကြိမ်ပေါင်းသုံးဆယ် တစ်နှစ်ဆိုတော့အကြိမ် ပေါင်းများစွာ ဗုဒ္ဓါနုဿတိဘာဝနာပွားနေတဲ့ ထိုအမျိုးသားအမျိုးသမီး ရန်သူနယ်ထဲနေတာလား? မိတ်ဆွေနယ်ထဲနေတာလား? မိတ်ဆွေနယ်ထဲနေတာပါ ဘုရား။ အဲဒီလိုဗုဒ္ဓါနုဿတိဘာဝနာနဲ့နေတဲ့ အမျိုးသား အမျိုးသမီးအပါယ် လေးပါးက လွတ်မယ့်သူလား၊ မလွတ်မယ့်သူလား? လွတ်မယ့်သူပါဘုရား၊ အို, နာ, သေဆိုတဲ့ သိန်းစွန်ကြီးတွေက မြန်မြန်လွတ်မယ့်သူလား၊ မလွတ်မယ့် သူလား? လွတ်မယ့်သူပါဘုရား။

မေတ္တာဆိုတဲ့ သမထဘာဝနာတရား၊ အဲဒါလည်းပဲ တပည့်တော်တို့ အလုပ်တွေကများ၊ သားတွေ သမီးတွေနဲ့ မေတ္တာပွားချိန် မရှိဘူး၊ မေတ္တာပို့ချိန် မပေးနိုင်ဘူးလို့ ဆိုခဲ့ရင် ဆင်ခြေ ပေးမနေနဲ့ . . . တဲ့၊ မနက်တိုင်း မနက်တိုင်း မျက်နှာမသစ်ကြဘူးလား? သစ်ကြပါ ဘုရား၊ မျက်နှာသစ်တိုင်း သစ်တိုင်း ရေကိုမတွေ့ရဘူးလား? တွေ့ရပါ ဘုရား။ မေတ္တာဘာဝနာနဲ့ ရေကအေးတာချင်း တူကြတယ်၊ မေတ္တာကလည်း အေးတယ်၊ ရေကလည်း အေးတယ်၊ ဒါကြောင့် ရေကိုကိုင်တိုင်း ရေကိုမြင်တိုင်း မေတ္တာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းမိအောင် စီးဖြန်းမယ်လို့ အဓိဋ္ဌာန်ထားရင် မေတ္တာမပွားမိဘူး၊ ဒီနေ့ မေ့သွား တယ်. . . ဆိုတာအဖြစ်မနည်းနိုင်ဘူးလား? နည်းနိုင်ပါ ဘုရား။

*** မျက်နှာသစ်လျှင်, ရေကိုမြင်, ကြည်လင်မေတ္တာ ပွားရတယ်။**

မနက်မျက်နှာသစ်တိုင်းသစ်တိုင်း ရေမတွေ့ရဘူးလား? တွေ့ရပါတယ်ဘုရား၊ ရေကလည်းအေးတဲ့ သဘောရှိတယ်၊ မေတ္တာကလည်း အေးတဲ့ သဘောရှိတယ်၊ ဒါ့ကြောင့် ရေကလည်း ကြည်စေတယ်၊ မေတ္တာကလည်း ကြည်စေတယ်၊ ရေကလည်း သန့်စေတယ်၊ မေတ္တာကလည်း သန့်စေတယ်၊ ဒါကြောင့် မျက်နှာသစ်မယ်လို့ အဓိဋ္ဌာန်ထားရင် မရဘူးလား? ရပါတယ်ဘုရား။

ဒီတော့ မျက်နှာသစ်တဲ့အချိန် ရေနဲ့မျက်နှာကို သစ်တိုင်းသစ်တိုင်း ကမ္ဘာလောကတစ်လွှား သတ္တဝါအများ ဤရေကဲ့သို့ အေးမြပါစေ၊ ကြည်လင် ကြပါစေ၊ သန့်ကြပါစေ၊ ဒီလိုမေတ္တာပို့နေရင်းနဲ့ မျက်နှာသစ်လို့ မရဘူးလား? ရပါ ဘုရား၊

http://www.dhammadownload.com



အတွင်းကလည်းအေး အပြင်ကလည်းအေး၊ အတွင်းကလည်းအေးလို့ မေတ္တာပို့နေတာဖြစ်တော့ ဝမ်းထဲကလည်းအေးလို့ အပြင်ဘက်ကရေကလည်း မျက်နှာအေးပြီးတော့ မနေဘူးလား? နေပါ ဘုရား။

ဟာ -ဒီလိုမဟုတ်ဘဲနဲ့ ဒေါသတွေနဲ့ မျက်နှာသစ်နေရင် မျက်နှာသစ် နေတဲ့ရေကတော့ အပြင်ဘက်ကတော့ အေးပါရဲ့ ဝမ်းထဲက ဘယ်ကောင်ဟာ ဘယ်ကောင်မဟာ ငါ့ကို ဘယ်တုန်းက ဘာပြောထားတယ်၊ ဒင်းကို လက်စားချေလိုက်အုန်းမယ်၊ သတ်လိုက်အုန်းမယ်၊ ပုတ်လိုက်အုန်းမယ်၊ အရှက်ကွဲအောင် လုပ်လိုက်အုန်းမယ်၊ ဘယ်လိုအညှိုးနဲ့ ဘယ်လိုလုပ်လိုက်အုန်းမယ်ဆိုပြီးတော့ ဒေါသတွေနဲ့ မျက်နှာသစ်နေရင် အပြင်ဘက်ကအေးသော်လည်း အတွင်းက အေးရဲ့လား? မအေးပါဘုရား၊ အဲဒီလို ဒေါသတွေနဲ့ မျက်နှာသစ်နေတဲ့ အမျိုးသား အမျိုးသမီး အပါယ်လေးပါး သိန်းစွန်ကုတ်ခံရမယ့်သူလား၊ အကုတ်မခံရမယ့် သူလား? အကုတ်ခံရမယ့်သူပါဘုရား၊ မျက်နှာသစ်တဲ့အချိန် ဘယ်ကမတုန်း . . တဲ့၊ မကြာခဏကော ရေမချိုးကြဘူးလား? ချိုးပါ ဘုရား။

* ချိုးရေချိုးလျှင်, ရေကိုမြင်, ကြည်လင်မေတ္တာပွားရတယ်။

ရေချိုးတိုင်း ငါမေတ္တာပွားမယ်လို့ အဓိဋ္ဌာန်ထားရင် ရေဖလားနဲ့ ခေါင်းက နေပြီးတော့ သို့မဟုတ် ပခုံးကနေပြီးတော့ လောင်းတိုင်းလောင်းတိုင်း ကမ္ဘာလောက တစ်လွှား သတ္တဝါအများ ဤရေကဲ့သို့ အေးကြပါစေ၊ ကြည်ကြ ပါစေ၊ သန့်ကြပါစေ . . . လို့ တစ်ဖလားလောင်းလိုက်တိုင်း မေတ္တာပွားလို့ မရဘူးလား? ရပါ ဘုရား၊ အတွင်းကလည်း အေး၊ အပြင်ကလည်းမအေးဘူးလား? အေးပါ ဘုရား၊ ရေအိုးဥပမာနဲ့ ဘုရားဟောတော်မူတဲ့ ကုမ္ဘူ ပမသုတ္တန်နဲ့ကြည့်ရင် အတွင်းလည်း အေး အပြင်လည်းအေးတဲ့ ရေအိုးလေးနဲ့ မတူဘူးလား? တူပါ ဘုရား။

ဒီလိုမဟုတ်ဘဲနဲ့ အတွင်းကဒေါသတွေနဲ့ ဘယ်သူ့ဘယ်လိုပြောလိုက်အုန်းမယ်၊ သတ်လိုက်အုန်းမယ်၊ ပုတ်လိုက်အုန်းမယ်၊ ဆဲလိုက်အုန်းမယ်၊ ဆိုလိုက်အုန်းမယ်နဲ့ ကြံစည်စိတ်ကူးပြီးတော့ ရေချိုးနေရင် အပြင်ကသာအေးပြီးတော့ အတွင်းက နွေးတဲ့ ရေအိုးနဲ့ မတူဘူးလား? တူပါ ဘုရား၊ အဲဒီလို မဖြစ်စေဘဲနဲ့ အပြင်အေး အတွင်းအေးဖြစ်အောင် ရေလောင်းပြီးတော့ ချိုးတိုင်း ချိုးတိုင်း မေတ္တာဝါရ တစ်ဝါရ-ရအောင် ပို့ချင်ရင် ပထဆုံး အကျဉ်းကစပြီးတော့ အကျယ်ထိ အောင် ပထမရေချိုးခွက်လောင်းလိုက်တဲ့အချိန်မှာ ငါတို့မိသားစု အတွင်းရှိသမျှ သတ္တဝါတွေ ဤရေကဲ့သို့ အေးကြ ကြည်ကြ သန့်ကြပါစေ၊ ဒုတိယ ရေဖလားလောင်းလိုက်တဲ့အချိန်ကျတော့ ဒို့ရပ်ဒို့ရွာထဲမှာ ရှိကြတဲ့သတ္တဝါတွေ ဤရေကဲ့သို့ အေးကြ ကြည်ကြ သန့်ကြပါစေ။

http://www.dhammadownload.com



တတိယရေဖလားလောင်းတဲ့အခါကျတော့ ဒို့မြို့နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ သတ္တဝါတွေ ဤရေကဲ့သို့ အေးကြ ကြည်ကြ သန့်ကြပါစေ၊ စတုတ္ထရေဖလားလောင်းတော့ ဒို့တိုင်း ဒို့ပြည်နယ်အတွင်းရှိသမျှ သတ္တဝါတွေ၊ ပဉ္စမဖလားလောင်းတော့ ဒို့နိုင်ငံအတွင်းရှိ သတ္တဝါတွေ၊ ဆဋ္ဌမဖလားလောင်းတော့ ဒို့ကမ္ဘာလောကကြီးတစ်ခုလုံးရှိသမျှ သတ္တဝါတွေ၊ သတ္တမဖလားလောင်းတော့ ဒို့စကြာဝဠာတစ်ခုလုံး ရှိသမျှသတ္တဝါတွေ၊ အဋ္ဌမဖလားလောင်းတော့ စကြာဝဠာအနန္တ ရှိသမျှသတ္တဝါတွေ ဤရေကဲ့သို့ အေးကြပါစေ၊ ကြည်ကြ ပါစေ၊ သန့်ကြပါစေ . . . လို့ ရေချိုးလို့ တစ်ဝက်လည်း ကျိုးရော၊ သခေ်ပခေါ်တဲ့ အကျဉ်းကိုယ့် မိသားစုကစပြီးတော့ အကျယ်ဝိတ္ထာရဖြစ်တဲ့ စကြာဝဠာ အနန္တထိအောင် မေတ္တာတစ်ဝါရ မရဘူးလား? ရပါ ဘုရား။

ရေချိုးလို့ မပြီးသေးလို့ ဆက်ချိုးတယ်ဆိုရင် စကြာဝဠာအနန္တကနေပြီး ဝေဟာ ဝ. ၁ခါ၊ ဒ.ကျဉ်းသ်အောင် ပြန်ပြီးတော့ ချုံးလာခဲ့၊ စကြာဝဠာအနန္တ ရှိသမျှ သတ္တဝါတွေ၊ နောက် ဤစကြာဝဠာရှိသမျှ သတ္တဝါတွေ၊ ဤကမ္ဘာ လောကရှိသမျှ သတ္တဝါတွေ ဒို့နိုင်ငံ ရှိသမျှသတ္တဝါတွေ၊ ဒို့တိုင်း ဒို့ပြည်နယ်၊ ဒို့မြို့နယ်၊ ဒို့ရပ်ကွက်၊ ဒို့ကျေးရွာ၊ ဒို့မိသားစု ရှိသမျှ သတ္တဝါတွေဆိုပြီးတော့ အကျယ်ကကျဉ်း တစ်ဝါရလည်း မရဘူးလား? ရပါ ဘုရား၊ အဲဒီလို မေတ္တာဘာဝနာပွားပြီးတော့ ရေချိုးနေတဲ့ အမျိုးသား အမျိုးသမီး နေ့စဉ် လစဉ် နှစ်စဉ် ရေချိုးနေတဲ့ အမျိုးသားအမျိုးသမီး ရေချိုးတိုင်း ရေချိုးတိုင်း ရန်သူနယ်ထဲနေတာလား၊ မိတ်ဆွေနယ် ထဲနေတာလား? မိတ်ဆွေနယ်ထဲနေတာပါ ဘုရား၊ အဲဒီလို မိတ်ဆွေနယ်ထဲ နေတတ်အောင် နေကတတ်တဲ့ အမျိုးသား အမျိုးသမီး သိန်းစွန်ကြီးတွေဘေးက ဝေးမယ့်သူလား၊မဝေးမယ့်သူလား? ဝေးမယ့်သူပါဘုရား။

မျက်နှာသစ်တဲ့အချိန် ရေချိုးတဲ့အချိန်သာ ဘယ်ကမတုန်းတဲ့၊ တစ်နေ့တစ်နေ့ ရေသောက်တဲ့အချိန်တွေလည်း အကြိမ်များစွာ မသောက်ကြဘူးလား? သောက်ကြပါ ဘုရား၊ ရေသောက်တိုင်း သောက်တိုင်း ငါမေတ္တာပွားမယ် လို့ အဓိဋ္ဌာန်ထားလို့ မရဘူးလား? ရပါ ဘုရား။

*** သောက်ရေသောက်လျှင်, ရေကိုမြင်, ကြည်လင် မေတ္တာပွားရတယ်။**

ဒါဖြင့် သောက်ရေသောက်တိုင်း သောက်ရေသောက်တိုင်း မေတ္တာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းလို့မရဘူးလား? ရပါ ဘုရား၊ အဲဒီလိုအားဖြင့် ရိပ်သာစခန်း (၁၀) ရက် စခန်း တစ်လစခန်းတွေ မထွက်နိုင်သေးသည့်တိုင်အောင် ကိုယ့်အိမ်ထဲမှာ ကိုယ်နေရင်း ချက်ရင်းပြုတ်ရင်း လုပ်ရင်းကိုင်ရင်း သွားရင်းလာရင်း စားရင်း သောက်ရင်းနဲ့ သမထဘာဝနာတရားတွေ မပွားဘူးလား? ပွားပါ ဘုရား။

http://www.dhammadownload.com



ရှေ့တစ်ဆင့်တက်လိုက်တော့ ဝိပဿနာဘာဝနာ၊ ဝိပဿနာဘာဝနာဆို တာ ဘာတုန်းဆိုတော့ မာတ်ခွဲခန်းဝင်တာ ဝိပဿနာပဲ၊ ဘုန်းကြီးတို့ ဒကာ ဒကာ မတွေ လောကီသိပ္ပံပညာ ဆရာတွေ ဓာတ်ခွဲခန်းဝင်တယ်၊ ဓာတ်ခွဲခန်းဝင်တယ်လို့ မကြားဖူးဘူးလား? ကြားဖူးပါ . . ဘုရား။ ဓာတုဗေဒဂုဏ်ထူးတွေ ရအောင် ဓာတု ဗေဒဘာသာယူတဲ့ သူတွေ ဓာတ်ခွဲတယ်၊ ဓာတ်ခွဲတယ်၊ ဝိပဿနာဆိုတာ ဓာတ်ခွဲ ခန်းဝင်တာပဲ၊ ဘုရားက ဒကာ ဒကာမတွေကို ဓာတ်ခွဲခန်းဝင်ခိုင်းတာ၊ ဓာတ်ခွဲခန်း ဝင်ခိုင်းတယ်ဆိုတော့ ဘာတွေဓာတ်ခွဲရမှာတုန်း ရှိတဲ့သဘောတွေကို ရှိတဲ့အတိုင်း သိအောင် ဓာတ်ခွဲပြီးတော့ ကြည့် . . . တဲ့၊ ဓာတ်ခွဲပြီးတော့ ကြည့်။

ဒီတော့ အဲဒီလိုဓာတ်ခွဲကြည့်တတ်ဖို့ရာ ဘုရားက ဒီခန္ဓာကိုယ်တစ်ခုလုံး ကို နည်းမျိုးစုံနဲ့ မဟာသတိပဋ္ဌာနသုတ်တော်ကြီးနဲ့ ဒီခန္ဓာကိုယ်ကြီးနဲ့စပ်ပြီးတော့ ပထမဆုံး ထွက်လေဝင်လေလေးကစပြီးတော့ ဓာတ်ခွဲဖို့ရာ ဟောထားခဲ့တယ် လေ၊ **အဿာသ ပဿာသ အပိုင်း၊ အာနာပါန ပဗ္ဗအပိုင်းဆိုပြီးတော့** ထွက်လေ ဝင်လေ လေးဓာတ်ခွဲတတ်ဖို့။ အဲဒီရဲ့ နောက်ကျတော့ ဣရိယာ ပထပိုင်းဆိုပြီး ဒီခန္ဓာကိုယ် ကြီး နေ့တိုင်းနေ့တိုင်း သွားလိုက် ရပ်လိုက် ထိုင်လိုက် လျောင်းလိုက် နေ့တိုင်း လုပ်မနေရဘူးလား ပရိသတ်? လုပ်နေရပါ . . ဘုရား။ အဲဒီ သွားလိုက် ရပ်လိုက် လျောင်းလိုက် ထိုင်လိုက်ဆိုတဲ့ သွားရပ်ထိုင်လျောင်းမှာလည်းပဲ ဓာတ်ခွဲခန်း တွေဝင်ဖို့ရာ ဣရိယာပထပဗ္ဗ ဆိုပြီးတော့ အပိုင်းကြီး ပိုင်းပြီးတော့ သတိပဋ္ဌာန် တွေဟောထားခဲ့တယ်၊ အဲဒီလိုအားဖြင့် ထွက်လေဝင်လေ ဣရိယာပုထ်၊ ဒီ ဣရိယာ ပုထ်တင် မကဘူး၊ အသေးစိတ် ကွေးလိုက် ဆန့်လိုက် ရှေ့တိုးနောက်ဆုတ်နဲ့ဒီအမူ ရာတွေလည်း ဒီခန္ဓာကိုယ်မှာ မရှိဘူးလား? ရှိပါ . ဘုရား။

အဲဒီလိုအားဖြင့် -ဂတေ ဌိတေ နိသိန္နေ အဘိက္ကန္တေ ပဋိက္ကန္တေ- စသည်ဖြင့် အပိုင်းကြီးတွေ အမျိုးမျိုးပိုင်းပြီးတော့ ဟောခဲ့တဲ့အနက်က ဒွါရခြောက်ပါးနဲ့လည်းပဲ မြင်တဲ့ကိစ္စမှာ မြင်တဲ့အခန်း ဓာတ်ခွဲပြီးတော့ ကြည့်ကြလို့ ဓာတ်ခွဲခန်း မပေးဘူးလား? ပေးခဲ့ပါ ဘုရား၊ ဒွါရခြောက်ပါးနဲ့လည်းပဲ မျက်စိပေါက်က နေ့တိုင်းနေ့တိုင်း ဒကာ ဒကာမတွေ မမြင်ချင်ပါဘူးဆိုပြီးတော့ မှိတ်ထားလို့ ရရဲ့လား? မရပါဘုရား၊ ဒီတော့ ဆိုစမ်းပါ-

* **မျက်စိတံခါး, ဖွင့်ထားခိုက်မှာ, အဆင်းရုပ်မျိုး, ဝင်တိုးတိုက်လာ၊**
**မြင်သိစိတ်များ, ဖြစ်ပွားပျက်ရာ, ငါမြင်စွဲ, ယူလွဲဒိဋ္ဌိပါ၊**
**မြင်မမြဲ, ရှုဆဲဒိဋ္ဌိကွာ။**

http://www.dhammadownload.com



ဒကာ ဒကာမတွေရဲ့ ခန္ဓာကိုယ်မှာ တံခါးခြောက်ပေါက် ရှိတဲ့အနက် မျက်စိဆိုတဲ့ တံခါးပေါက်ကြီး မရှိဘူးလား? ရှိပါ ဘုရား၊ အဲဒီမျက်စိဆိုတဲ့ တံခါးပေါက်ကြီးက နေ့အချိန်မှာ သွားလာလှုပ်ရှားနေတော့ အမြဲဖွင့်ပြီးတော့ မထားဘူးလား? ထားပါ ဘုရား၊ အဲဒီမျက်စိတံခါးပေါက်ကြီးက ဖွင့်ထား တော့ အဆင်းအမျိုးမျိုးဆိုတဲ့ ရုပ်အာရုံတွေ ဝင်ဝင်ပြီးတော့ မတိုးဘူးလား? တိုးပါ ဘုရား။

မျက်စိတံခါးကြီးတွေ ဖွင့်ပြီးတော့ သွားရတာဖြစ်တော့ အဆင်းမျိုးစုံ ရူပါရုံရုပ်တွေ ဝင်ပြီးတော့ မတိုက်ဘူးလား? တိုက်ပါ ဘုရား၊ အဲဒီလို မျက်စိ တံခါးပေါက်မှာ အဆင်းရုပ်မျိုးတွေ ဝင်တိုးတိုက်လိုက်တော့ **စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ**၊ မြင်သိစိတ်ကလေးတွေ ဖျတ်ကနဲ မပေါ်ဘူးလား? ပေါ်ပါ ဘုရား။ ကိုင်း မျက်စိတံခါးပေါက်က ဖွင့်ထားတော့ အတွင်းက စက္ခုပသာဒ အကြည်ရုပ်တွေက ဖွင့်ထား၊ ကိုယ်လုံးပေါ် မှန်ကြီး တွေထောင်ထားသလို ဖွင့်ထား တော့ အပြင်ဘက်က အဆင်းမျိုးစုံ ရူပါရုံဆိုတဲ့ အာရုံတွေ ဝင်ပြီးတော့ မတိုးဘူး လား? တိုးပါ ဘုရား။

အဲဒီရုပ်နှစ်ခုတိုက်လိုက်တော့ ဖျတ်ကနဲဆို မြင်သိစိတ်ဆိုတဲ့ စိတ်တွေ မပေါ်ဘူးလား? ပေါ်ပါ ဘုရား၊ အဲဒီရုပ်နှစ်ခုက ရုပ်တရား၊ မြင်သိစိတ် ကလေးက နာမ်တရား၊ ဒါဖြင့် မြင်တယ်ဆိုတဲ့ ကိစ္စမှာ ရုပ်နှစ်ပါးနဲ့ နာမ်တစ်ပါး၊ မြင်တယ်ဆိုတဲ့ ကိစ္စမှာ ရုပ်နှစ်လုံးနဲ့ နာမ်တစ်လုံး၊ ရုပ်ဘယ်နှစ်လုံးပါလိမ့်? နှစ်လုံးပါဘုရား၊ စက္ခုပသာဒနဲ့ ရူပါရုံရယ်လို့ ရုပ်နှစ်လုံး မလာဘူးလား? လာပါ ဘုရား၊ ရုပ်အုပ်စုနှစ်ခု မဝင်ဘူးလား? ဝင်ပါ ဘုရား။

ရုပ်အုပ်စုဆိုတဲ့ မြန်မာစကားကို ပါဠိလို လိုက်စီရင် **ရုပ်ဆိုတာက ရူပ၊ အုပ်စုဆိုတာ ခန္ဓာ၊ ရူပက္ခန္ဓာ** လို့ မခေါ်ဘူးလား? ခေါ်ပါ ဘုရား၊ ဒါဖြင့်မြင်တဲ့ ကိစ္စမှာ ရူပက္ခန္ဓာအုပ်စု နှစ်အုပ်စုတိုက်လိုက်တော့ မြင်သိစိတ်ဆိုတဲ့ နာမက္ခန္ဓာ စက္ခုဝိညာဏ်စိတ်ကလေးနဲ့ သူ့ရဲ့ ယှဉ်ရာစေတသိက်တွေ နာမ်တရားတွေ တွဲလျက် တွဲလျက် ပေါ်မလာဘူးလား? ပေါ်လာပါ ဘုရား၊ အဲဒီနာမ် တရားအုပ်စုကို **နာမ်တရားက နာမ၊ အုပ်စုက ခန္ဓာ၊** ပေါင်းလိုက်တော့ **နာမက္ခန္ဓာ** ဆိုတော့၊ ရူပက္ခန္ဓာ နဲ့ နာမက္ခန္ဓာတွေ ပေါ်မလာဘူးလား? ပေါ်လာပါ ဘုရား။

အဲဒီ ရုပ်နာမ်နှစ်ပါး ရုပ်နှစ်လုံးနဲ့ နာမ်တစ်လုံးတိုက်ပြီးတော့ ပေါ်လာလို့ မြင်သွားတဲ့ကိစ္စမှာ မြင်တယ်ဆိုတာ ရုပ်နာမ်ပါပဲလား၊ မြင်တယ်ဆိုတာ ရုပ်နာမ် ကိစ္စပါလား၊ မြင်ခြင်းဆိုတာ ရုပ်နာမ်နှစ်ပါးတို့ ပေါင်းဆုံခြင်း ကြောင့်ဖြစ်ပေါ်

http://www.dhammadownload.com



လာပြီးတော့ အခုဖြစ် အခုပျက်သွားတဲ့ သဘောပါလားလို့ ရှုရမယ့်အစား ငါမြင်တယ်ဟေ့လို့ ထင်မသွားဘူးလား? ထင်သွားပါ ဘုရား၊ မြင်တာ ငါဟေ့လိုလည်း ထင်မသွားဘူးလား? ထင်သွားပါ ဘုရား။ မြင်တာက ရုပ်နာမ်၊ မြင်တာက ရုပ်နာမ်၊ မြင်တဲ့ကိစ္စ ဘယ်သူ့ကိစ္စတုန်းမေးရင် ရုပ်နာမ်ရဲ့ကိစ္စ မြင်တဲ့ကိစ္စ ဘယ်သူ့ကိစ္စပါလိမ့်? ရုပ်နာမ်ရဲ့ ကိစ္စပါဘုရား၊ အဲဒါ သူက ငါမြင်တာဆိုတော့ ငါဝင်မလုပ်ဘူးလား? ဝင်လုပ်ပါ ဘုရား၊ ရုပ်နာမ်ကို ငါမထင်ဘူးလား? ထင်ပါ ဘုရား၊ ရုပ်နာမ်ကို ငါမလုပ်ဘူးလား? လုပ်ပါ ဘုရား။

အဲဒီလို ရုပ်နာမ်ကို ငါလို့ထင်၊ ငါလို့ပြော၊ ငါလို့စွဲတာ သက္ကာယဒိဋ္ဌိ . . တဲ့၊ အမှန်မမြင်တော့လို့မို့ အမှားမြင်ကြီးမြင်သွား၊ အဲဒီအမှားကြီးမြင်သွား တာကို ဓာတ်ခွဲတဲ့အနေနဲ့ **စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ စက္ခုပသာဒခေါ်** တဲ့ အတွင်းက မှန်တံခါး အကြည်ရုပ်ကြီး ဒါကရုပ်တစ်ပါး ရုပ်ဓာတ် အပြင်က လာတိုက်တဲ့ ရူပါရုံဆိုတဲ့ ရုပ်တရား၊ ရုပ်အုပ်စု၊ ဒါကရုပ်ဓာတ် တစ်ပါး၊ အဲဒီလို ရုပ်နှစ်ပါးတိုက်လိုက်တဲ့အခါ ကျတော့ မြင်သိစိတ်ဆိုတဲ့ စက္ခုဝိညာဏ် စိတ်ဖြစ် ပေါ်ပြီးတော့ သွားတယ်၊ ဒါကနာမ်တရား နာမ်ဓာတ်၊ ဓာတ်ခွဲကြည့်လိုက်တော့ ရုပ်ဓာတ်နဲ့ နာမ်ဓာတ်တွေပါတယ်။

ဓာတ်ခွဲကြည့်လိုက်တော့ မြင်တဲ့ကိစ္စမှာ ရုပ်ဓာတ်နဲ့နာမ်ဓာတ်တွေပါ တယ်၊ ဘာဓာတ်တွေ တွေ့ပါလိမ့်? ရုပ်ဓာတ်နဲ့ နာမ်ဓာတ်ပါဘုရား၊ အဲ-ရုပ်ဓာတ် နာမ်ဓာတ်တွေတာကို ရုပ်နာမ်လို့ ရှုချလိုက်ရင် ရှိတာကလည်း ရုပ်ဓာတ်နာမ်ဓာတ်၊ ရှုတာကလည်း ရုပ်နာမ်လို့ ရှုလိုက်တော့ တည့်မသွားဘူး လား? တည့်သွားပါ ဘုရား၊ အမှန်မြင်မသွားဘူးလား? မြင်သွားပါတယ် ဘုရား၊ အဲဒီအမှန်မြင် တဲ့အချိန် ငါမြင်တာဆိုတဲ့ ငါလေးလာသေးရဲ့လား? မလာတော့ ပါဘုရား၊ မြင်တာ ငါပဲဆိုတဲ့ အစွဲလေးလည်း လာသေးရဲ့လား? မလာပါဘုရား၊ အဲဒါ တဒင်္ဂပဟာန်နဲ့ ခဏလေး သက္ကာယဒိဋ္ဌိပယ်လိုက်တယ် . . တဲ့၊ ခဏလေး အခိုက်ကလေး သက္ကာ ယဒိဋ္ဌိပယ်လိုက်တယ်။

ခဏလေးပယ်လိုက်တယ်ဆိုလို့ အထင်မှား မသေးလိုက်နဲ့တဲ့၊ နာရီလေးမှာ ကြည့် တစ်နာရီက နှစ်နာရီခွက် လက်တံကြီး ပြောင်းသွားအောင်၊ မိနစ်ပေါင်း ခြောက်ဆယ် မပြောင်းရဘူးလား? ပြောင်းရပါ ဘုရား၊ အဲဒီ မိနစ်ပေါင်း ခြောက် ဆယ်တစ်စက္ကန့်က တစ်စက္ကန့်ပြောင်းအောင် စက္ကန့်ကလေးတွေ တစ်စက္ကန့်ခြင်း ခြောက်ဆယ်မပြောင်းရဘူးလား? ပြောင်းရပါ ဘုရား၊ တစ်စက္ကန့်လေး တစ်စက္ကန့်လေး ပြောင်းလိုက်မှ စက္ကန့်ခြောက်ဆယ်ဖြစ်ပြီးတော့ တစ်မိနစ်ဆိုတာဖြစ်၊ အဲဒီမိနစ်ကလေး မိနစ်ကလေး တစ်မိနစ် တစ်မိနစ် ပြောင်းလိုက်မှ မိနစ်ခြောက်

http://www.dhammadownload.com



ဆယ်ပြောင်းပြီးတော့ တစ်နာရီခွက်ပေါ်ဖို့အရေး မှာ မိနစ်ကလေးတစ်မိနစ်ကလည်း အရေးမကြီးဘူးလား? ကြီးပါ- ဘုရား။

ဒါဖြင့် ခုနက တဒင်္ဂပဟာန်နဲ့ ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ် ဖြစ်ပျက်လို့ ရှုလိုက်တဲ့အချိန်မှာ ကြည့်နေတာကလည်း ရုပ်နာမ်၊ သိနေတာကလည်း ရုပ်နာမ်ဆိုတော့ ရုပ်နာမ်ပိုင်းခြားသိတဲ့ ဉာဏ်မလာဘူးလား? လာပါ- ဘုရား၊ ရုပ်နာမ်ပိုင်းခြားသိရင် နာမရူပဝဝတ္ထာနေန သက္ကာယဒိဋ္ဌိ ပဟီနာ ဟောတိ၊ နာမရူပဝဝတ္ထာနေန-ရုပ်နာမ်ကို ရုပ်နာမ်လို့ ပိုင်းခြားသိလိုက် သည်နဲ့တစ်ပြိုင်နက်၊ သက္ကာယဒိဋ္ဌိ-တသံသရာလုံးက ရုပ်နာမ်ကို ငါပဲသူပဲ အထင်လွဲလာတဲ့ သက္ကာ ယဒိဋ္ဌိတရားဆိုး တရားညစ်ကြီးသည် (ဝါ) အပါယ် လေးပါးနဲ့ အမြဲတမ်း လက်ကမ်း ပြီးတော့ ထားတဲ့ သက္ကာယဒိဋ္ဌိတရားဆိုး တရား ညစ်ကြီးသည်၊ ပဟီနာ ဟောတိ- ကောင်းစွာ မသွေပယ်ရှားပြီး ဖြစ်ပါ ပေတော့သတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဒါဖြင့် ရုပ်နာမ်ဖြစ်ပျက်လို့ ရှုလိုက်တဲ့အချိန် ရုပ်နာမ်ကို ရုပ်နာမ်ပဲလို့ မြင်သွားတဲ့ ထိုအမျိုးသား အမျိုးသမီး သက္ကာယဒိဋ္ဌိဆိုတဲ့ တရားဆိုး တရားညစ်ကြီး ကို တစ်စက္ကန့်ကလေးပဲဖြစ်ဖြစ် တခဏလေးပဲဖြစ်ဖြစ် ပယ်သတ်ရာ မရောက်ဘူး လား? ရောက်ပါ ဘုရား၊ ဒါဖြင့် သောတာပန်ဆိုတာ သက္ကာယ ဒိဋ္ဌိကို ပယ် တယ်. . . လို့ ဘုရားမဟောဘူးလား? ဟောပါ ဘုရား၊ ဒါဖြင့် ဒီအမျိုးသား အမျိုးသမီး က တစ်စက္ကန့်ကလေး သို့မဟုတ် တဒင်္ဂလေး ပယ်နေတဲ့အချိန်၊ တ ဒင်္ဂကလေး သူသောတာပန်မဖြစ်ဘူးလား? ဖြစ်ပါ ဘုရား၊ တဒင်္ဂလေး အပါယ် တံခါး မပိတ်ဘူးလား? ပိတ်ပါ ဘုရား၊ အဲဒီတဒင်္ဂလေးတွေ ပိတ်တာများလာ တော့ တဒင်္ဂကြီးပိတ်ပြီးတော့ အကြာကြီး ပိတ်ပြီးမလာဘူးလား? ပိတ်လာပါတယ် ဘုရား၊ အဲဒီအကြာကြီး ပိတ်ကနေပြီးတော့ အမြစ်ပြတ်ပယ်လိုက်တော့ အမြစ်ပြတ် အပါယ်တံခါး မပိတ်ဘူးလား? ပိတ်ပါ- ဘုရား။

အဲဒီလိုအားဖြင့် သောတာပန်ကြီးဖြစ်ချင်ရင် သောတာပန်လေးဖြစ် အောင် အရင်ကျင့်ဖို့ မလိုဘူးလား? လိုပါ ဘုရား၊ ဒါဖြင့် ဒကာ ဒကာမတွေ ဝိပဿနာ ရှုတယ်၊ ဝိပဿနာရှုတယ်ဆိုတာ ကိုယ့်ကိုယ်ကို သောတာပန်လေးဖြစ်အောင် ကျင့်ခြင်းလို့ မဆိုနိုင်ဘူးလား? ဆိုနိုင်ပါ ဘုရား၊ တဆင့်တက်ပြီး ရုပ်နာမ်ဖြစ် ပျက် ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက်လို့ ရှုနေတာ မြင်မမြဲရှုနေတာ၊ သို့မဟုတ် မြင်တယ် မြင်တယ် မြင်တယ် မြင်တယ်လို့ ရှုနေရင် ရုပ်နာမ်ကို ရုပ်နာမ်လို့

http://www.dhammadownload.com



မမိဘူးလား? မိပါတယ်ဘုရား၊ အဲဒီလို မြင်တယ်မြင် တယ်လို့ရှုတော့ မြင်တာလေး ပျောက်သွားပုံ မြင်တာလေး ပျက်သွားပုံလည်း ပေါ်မလာဘူးလား? ပေါ်လာ ပါတယ်ဘုရား။

အဲဒီလို ပထမဆုံး ရုပ်နာမ်ကို ရုပ်နာမ်လို့ မိနေတဲ့အပြင်၊ ရှုမိနေတဲ့ အချိန် အဲဒီရုပ်နာမ်လေးရဲ့ ဖြစ်ပျက်သွားတဲ့ သဘောလေး ပေါ်လာတော့ ဥဒယဗ္ဗယ ဉာဏ်ဆိုက်ရောက်လာတော့ ငါသူဆိုတဲ့ သက္ကာယဒိဋ္ဌိ ရုပ်နာမ်ကို မြင်သည်နှင့်တကွ ပျောက်တဲ့အပြင် ဖြစ်ပျက်သွားတဲ့ ပေါ် ပျောက်သွားတဲ့သဘော လေးမိလာတော့ အနိစ္စလက္ခဏာဉာဏ်နဲ့ မငုံမိဘူးလား? ငုံမိပါတယ်ဘုရား၊ မမြဲတဲ့သဘောလေးကို သိလိုက်တော့ အနိစ္စလက္ခဏာသိ၊ မမြဲပါဘူး . . သေနေပါတယ်ဆိုကတည်းက သေပါတယ်ဆိုကတည်းက ပရိသတ်ကောင်းတာလား၊ မကောင်းတာလား? မကောင်းတာပါဘုရား၊ မွေးမွေးပြီး တော့ သေသေသွားတယ် ဆိုရင် အကောင်းလို့ ပြောမှာလား၊ မကောင်းလို့ ပြောမှာလား? မကောင်းလို့ ပြောမှာပါဘုရား၊ အဲဒီမကောင်းဆိုတာကို ပြောလိုက်ရင် ချမ်းသာတယ်လို့ ပြောမှာလား၊ ဆင်းရဲတယ် လို့ ပြောမှာလား? ဆင်းရဲတယ်လို့ ပြောမှာပါဘုရား။

ဒါကြောင့် မမြဲတဲ့သဘောလေး နှိပ်စက်လို့ ဒုက္ခ၊ အဲဒီ မမြဲတဲ့ သဘော ကလေးဟာ ဖြစ်မှာဖြင့်လည်း မပျက်ပါနဲ့၊ ပျက်မှာဖြင့်လည်း မဖြစ်ပါနဲ့လို့ တားလို့ရရဲ့လား? မရပါဘုရား၊ ကိုယ်ဖြစ်ချင်သလို အလိုလိုက်ရဲ့လား? မလိုက်ပါ ဘုရား၊ အဲဒီ အဝသဝတ္တန -ထင်တာ ကိုယ့်အလို မလိုက်လို့ အနတ္တ၊ ဒါဖြင့် ရုပ်နာမ် ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက်လို့ပဲ ရှုရှု မြင်တယ် မြင်တယ် မြင်တယ် လို့ပဲ ရှုရှု ရုပ်နာမ် ပိုင်းခြားသိတဲ့ ဉာဏ်ပေါ်ခြင်း၊ ရုပ်နာမ်ရဲ့ အဖြစ် အပျက်ကို ပိုင်းခြား သိတဲ့ ဥဒယဗ္ဗ ယဉာဏ်ပေါ်ခြင်း၊ ရုပ်နာမ်ဖြစ်ပျက်တဲ့ အနိစ္စလက္ခဏာ မြင်သည်နဲ့ တပြိုင်နက် ဒုက္ခနဲ့ အနတ္တလက္ခဏာလည်း ပိုင်းခြားသိပြီးသား ဖြစ်တယ် . . . လို့ ဘုရားကိုယ် တော်မြတ်ကြီး အာမခံထားတယ်။

**ယော အနိစ္စံ ပရိဇာနာတိ၊ သော ဒုက္ခမ္ပိ ပရိဇာနာတိ အနတ္တမ္ပိ ပရိဇာနာတိ။**

ယော-အကြင်အမျိုးကောင်းသား အမျိုးကောင်းသမီးသည်၊ အနိစ္စံ- ရုပ်နာမ်တို့ရဲ့ အမြဲတဲ့ အနိစ္စသဘောကို၊ ပရိဇာနာတိ- ဉာဏ်ဖြင့် ပိုင်းခြားပြီး တော့သိ၏၊ (ဝါ) ဝိပဿနာရှုပြီးတော့ သိ၏၊ သော-ထိုအနိစ္စသဘောကို သိတဲ့ ပုဂ္ဂိုလ်သည်၊ ဒုက္ခမ္ပိ- ဆင်းရဲဒုက္ခကိုလည်း၊ ပရိဇာနာတိ-ပိုင်းခြားသိပြီးသားဖြစ်၏၊

F. 28

http://www.dhammadownload.com



အနတ္တမ္ပိ- အနတ္တသဘောကိုလည်း၊ ပရိဇာနာတိ- မုချမသွေ ပိုင်းခြား၍ သိပြီးသားဖြစ်ပါပေတော့သတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ရုပ်နာမ်ရဲ့ အနိစ္စကိုသိရင် ဒုက္ခနဲ့ အနတ္တလည်း သိပြီးသားဖြစ်တယ် . . . တဲ့၊ ဥပမာ ဘာနဲ့တူတုန်းဆိုတော့ သူခိုးတစ်ယောက်က သူ့ကိုယ်သူ ငွေးလို့လည်း မှည့်ထားတယ်၊ ငနီလို့လည်းမှည့်ထားတယ်၊ တေုတ်လို့လည်း မှည့်ထားတယ်၊ နာမည်သုံးလုံး ခံယူထားတယ်၊ နာမည်ဘယ်နှစ်လုံး ယူထား တုန်း? သုံးလုံးပါဘုရား၊ ကိုင်း-အဲဒီသူခိုး ဝိုင်းပြီးတော့ ဖမ်းလိုက်ကြတာ သူခိုး ငနီကို မိပြီ၊ ဟော-သူခိုးငနီကို ဝိုင်းကြည့်ကြတယ်၊ အဲဒီ သူခိုးငနီကို မိ၊ သူခိုး ငနီကို ဝိုင်းကြည့်တဲ့သူတွေ တေုတ်လည်း မြင်ရာ မရောက်ဘူးလား? ရောက်ပါ ဘုရား၊ တစ်ယောက်တည်း နာမည်သုံးလုံးမှည့် ထားတာဖြစ် တော့ ငနီကိုမြင်ရင် တေုတ်ကိုလည်းမြင်ပြီးပြီးသား မဖြစ်ဘူးလား? ဖြစ်ပါ ဘုရား၊ သူ့ပေးထားတဲ့ နာမည်တွေအကုန်လုံးသိပြီး မဖြစ်ဘူးလား? ဖြစ်ပါ ဘုရား။

ကောင်းတဲ့ဘက်က ကြည့်လိုက်အုန်း၊ လူတစ်ယောက်ဟာ ဒီနားမှာ ဆုတောင်းပြည့်ဘုရားကြီး ဥက္ကဋ္ဌလည်းသူပဲ၊ ဟိုရပ်ထဲ ရွာထဲ ရ. ဝ. တ ဥက္ကဋ္ဌ ဆိုတော့လည်းသူပဲ၊ ဟိုနားဒီနား သမဝါယမအသင်းကြီး ဥက္ကဋ္ဌလည်း သူ့တင် ထားကြတယ်ဆိုတော့ သူက ဥက္ကဋ္ဌသုံးနာမည် မခံရဘူးလား? ခံရပါ ဘုရား၊ ဒါဖြင့် အဲဒီဒကာကြီးကို ဆုတောင်းပြည့်ဘုရားကြီး ဂေါပကဥက္ကဋ္ဌကြီး လို့ ခေါ်လိုက်တဲ့အချိန် မြင်လိုက်တဲ့အချိန် သူ့ကိုမြင်လိုက်တဲ့အချိန် သမဝါယမ ဥက္ကဋ္ဌရော၊ ရ. ဝ. တ ဥက္ကဋ္ဌရော မြင်ပြီး မဖြစ်ဘူးလား? ဖြစ်ပါ ဘုရား။

အဲဒီ ဓမ္မတာသဘောကို ဘုရားကဟောချင်လို့ အနိစ္စကိုမြင်ရင် ဒုက္ခကို လည်းမြင်၊ အနတ္တလည်း ထင်ပြီးသားဖြစ်တယ် ချစ်သားတို့ . . . လို့ဆိုတော့ အနိစ္စ, ဒုက္ခ-အနတ္တလက္ခဏာသုံးချက် မပိုင်ဘူးလား? ပိုင်ပါ ဘုရား။အဲဒီတော့ မြင်မမြင်လို့ ရှုလိုက်တဲ့ ရှုလိုက်ဆဲ ရှုလိုက်ခိုက်မှာ ဒိဋ္ဌိမကွာဘူးလား? ကွာပါ ဘုရား၊ ဒိဋ္ဌိကွာတော့ သောတာပန်အငယ်စားလေး မဖြစ်ဘူးလား? ဖြစ်ပါ ဘုရား၊ တဒင်္ဂပဟာန်အခိုက်အတန့် တစ်စက္ကန့် သောတာပန်လေး မဖြစ်ဘူးလား? ဖြစ်ပါ ဘုရား၊ အဲဒီ တစ်စက္ကန့်သောတာပန်တွေပေါင်းတော့ တစ်မိနစ်သော တာပန် မဖြစ်ဘူးလား? ဖြစ်ပါတယ်ဘုရား၊ အဲဒီတစ်မိနစ်တွေ ခြောက်ဆယ်လောက် ကြာတော့ တစ်နာရီ သောတာပန်မဖြစ်ဘူးလား? ဖြစ်ပါတယ်ဘုရား။

http://www.dhammadownload.com



အဲဒီတစ်နာရီသောတာပန်တွေ ကြာတော့ သောတာပန်ကြီး မဖြစ်ဘူးလား? ဖြစ်ပါတယ်ဘုရား၊ ဒကာ ဒကာမတွေက အပါယ်လေးပါး သိန်းစွန်တွေ ကုတ်တာကို ခံချင်တဲ့သူတွေလား၊ မခံချင်တဲ့သူတွေလား? မခံချင်တဲ့ သူတွေပါဘုရား၊ အပါယ်တံခါး ပိတ်ချင်ကြတာလား၊ မပိတ်ချင်ကြတာလား? ပိတ်ချင်ကြတာပါဘုရား။ အပါယ်တံခါး ပိတ်ချင်ရင် သောတာပန်ကြီးဖြစ်ဖို့ မလို ဘူးလား? လိုပါ ဘုရား၊ သောတာပန်ကြီး ဖြစ်ချင်ရင် သောတာပန်လေး ဖြစ်ဖို့ အရင်ကြိုးစားဖို့ မလိုဘူးလား? လိုပါ ဘုရား၊ သောတာပန်လေး ဖြစ်ချင်ရင် ဝိပဿနာ ရှုရတယ် . . . တဲ့။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဝိပဿနာအားထုတ်တယ်၊ အားထုတ်တယ်ဆိုတာ ကိုယ့်ကိုယ်ကို သောတာပန်လေးဖြစ်အောင် အားထုတ်ရာ မရောက်ဘူးလား? ရောက်ပါ ဘုရား၊ ဒါဖြင့် သောတာပန်လေးဖြစ် အောင် အားထုတ်နည်းကို ဘုန်းကြီးတို့က ဟောသင့်ဟောထိုက်လို့ အမြွက်မျှ ဟောလိုက်တာ ကိစ္စမပြီးဘူးလား? ပြီးပါ ဘုရား၊ သတိပဋ္ဌာန် သုတ်တော် ကြီးတစ်ခုလုံး လျှောက်ဟောမှမဟုတ်၊ မျက်စိပေါက်က မြင်တဲ့အဆင်း ရူပါရုံနဲ့ ဆုံတဲ့အခါ ဖြစ်ပွားလာတဲ့ ရုပ်နာမ်ကို မြင်အောင်ရှုပြီးတော့ တစ်စက္ကန့်သောတာပန်လေးဖြစ်အောင် ဟောလိုက်လို့ တစ်စက္ကန့်သောတာပန်ဖြစ်အောင် ကျင့်တတ်ရင် အဲဒီ လုပ်ငန်း ဆက်လက်ပြီးတော့ ကြိုးပမ်းဖို့တာဝန် ဒကာ ဒကာမတွေ တာဝန်မရှိဘူးလား? ရှိပါတယ်ဘုရား။

ဘုန်းကြီးတို့က ကျင့်ပေးလို့ ရရဲ့လား? မရပါဘုရား၊ ဘုန်းကြီးက သောတာပန်လေးဖြစ်အောင် ရှုနေရင် ဘုန်းကြီးပဲ သောတာပန်လေးဖြစ်မယ်၊ ဒကာ ဒကာမတွေဖြစ်ပါ့မလား? မဖြစ်ပါဘုရား၊ ဒါဖြင့် မိမိတို့ ဆရာသမား တွေပေးတဲ့ နည်းလမ်းတစ်မျိုးမျိုးနဲ့ ကိုယ်ကြိုက်နှစ်သက်ရာ ယူပြီးတော့ သောတာပန် လေးဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တဲ့ အလုပ်သည် ဝိပဿနာ အလုပ်လို့ . . . မဆိုထိုက်ဘူးလား? ဆိုထိုက်ပါ ဘုရား၊ အဲဒီ လိုအားဖြင့် ဗုဒ္ဓါနုဿတိ မေတ္တာ ဝိပဿနာ ဘာဝနာကို ပွားများမယုတ် အားထုတ်နေတဲ့ အချိန်ဟာ အဖေ့နယ်ထဲ နေတာလား၊ ရန်သူ့နယ်ထဲနေတာ လား? အဖေ့နယ်ထဲ နေတာပါဘုရား။

* **ဘာဝနာတရား, ကြိုးစားနေသူ, ကုသိုလ်ကိစ္စ, နေ့ညမဟူ၊**
**အဖေ့နယ်တွင်း, သက်ဆင်းနေသူ, သိန်းစွန်ဘေး, ကင်းဝေး လွတ်မယ့်သူ။**

အဲဒီလိုအားဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတွေကို အို, နာ, သေရေး ဒုက္ခဘေးကြီးမှ ကင်းဝေး လွတ်မြောက်ရာ

http://www.dhammadownload.com



ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ရောက်ချင်ကြရင် ရချင် ကြရင် ရန်သူ့နယ်မြေ ထဲမှာ မနေမိကြစေနဲ့ . . ငါအဖေတည်းဟူသော မိတ်ဆွေ နယ်ထဲမှာ နေမိကြပစေ . . . လို့ မဟာဝဂ္ဂသံယုတ်ပါဠိတော် သကုဏဂ္ဃိသုတ္တန် ဒေသနာသွားဖြင့် ဆုံးမထား တော်မူခဲ့တာဖြစ်လေသောကြောင့် ထိုဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဆုံးမတော်မူ အပ်တဲ့ သကုဏဂ္ဃိသုတ္တန်ဒေသနာတော် အသွားကို နာကြားရတဲ့ အချိန် ကစ၍ မိမိတို့ကိုယ် မိမိတို့ အဖေ့နယ်ထဲနေမိ တဲ့သူတွေ ဖြစ်အောင် မိတ်ဆွေနဲ့တူတဲ့ အဖေ့နယ်ထဲ နေမိသူတွေဖြစ်အောင် ဒါန, သီလ, ဘာဝနာဆိုတဲ့ ကောင်းမှု လုပ်ငန်းကြီး သုံးခန်းကို ကြိုးပမ်းအားထုတ် ပြုလုပ်နိုင်ကြပါစေကုန်သတည်း။

ယနေ့ကဲ့သို့ အထူးတလည် ကြီးကြီးကျယ်ကျယ် ကုသိုလ်လုပ်ငန်းကြီး ကို ကြိုးပမ်းအားထုတ်ခွင့် ကြုံတဲ့အချိန်မှာ ကြိုးပမ်းအားထုတ်ပြီးတော့လည်းပဲ အဖေ့နယ်ထဲမှာ နေနိုင်ကြတဲ့ အမျိုးကောင်း အမျိုးကောင်းသမီးတွေဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း၊ မိမိတို့ နေအိမ်မှာ နေထိုင်ကြရင်းလည်းပဲ ပြဆိုအပ်ခဲ့တဲ့ အယုတ်, အလတ်, အမြတ်ပိုင်းခြား အလှူခံပုဂ္ဂိုလ်ကြီးသုံးပါးတို့ကို လှူဒါန်းတဲ့ဒါနကောင်းမှု၊ သီလတရားကြီးနှစ်ပါး တို့ကို ကြိုးပမ်းအားထုတ်တဲ့ကောင်းမှု၊ ဘာဝနာတရားတို့ကို တတ်စွမ်းသမျှ သမထ ဝိပဿနာ ဘာဝနာတရားတို့ကို ပွားများ မယုတ် အားထုတ်တဲ့ ကောင်းမှုကြီးများ ပြုလုပ်ပြီးတော့ အဖေ့နယ်တွင်း သက်ဆင်းနေနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုး ကောင်းသမီးတွေဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါ စေကုန် သတည်း။

ဤကဲ့သို့ အဖေ့နယ်တွင်း သက်ဆင်းကြိုးကုတ် အားထုတ်နိုင်ကြတဲ့ အမျိုး ကောင်းသား အမျိုးကောင်းသမီးတွေဖြစ်ကြကုန်လျက် ဤကဲ့သို့ အဖေ့နယ်တွင်း သက်ဆင်း နေသွားတော်မူတတ်ကြသဖြင့် အို, နာ, သေရေး ဒုက္ခဘေး ကြီးနှင့် ပေါင်းပါးကိုးမလေးပါး သိန်းစွန်ကြီးဘေးတို့မှ ကင်းဝေးလွတ်မြောက်တော် မူသွားကြတဲ့ ရှေးရှေးသော အရိယာလောင်းသူတော်ကောင်း သူတော်ကောင်းမကြီးတို့ရောက် အပ် ရအပ် သိမြင်အပ်သော နိဗ္ဗာနဓာတ် ချမ်းသာထူး ချမ်းသာမြတ်ကြီးကို လျင်မြန် ဆောစွာ ဆိုက်ရောက်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာ သတည်း . . . . ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

http://www.dhammadownload.com



## * သမ္ဗဟုလဘိက္ခုဝတ္ထု
## မဂ္ဂင်ရှစ်ပေါ် လှေလှော်တရားတော်

ရှိသေတဲ့အမူရာလည်းရှိ၊ မိမိတို့ အထိုက်အလျောက် သပ္ပါယလည်းဖြစ်မယ့် ကြိယာပုထ်များနှင့်၊ အနေအထိုင်များနဲ့ကိုယ်စိတ်နှစ်ပါး သက်သာစွာ ထားပြီးတော့၊ နာနိုင်ပါတယ်၊ ခွင့်ပြုထားပါတယ်၊

**သိဉ္စဘိက္ခု ဣမံ နာဝံ, သိတ္တာ တေ လဟုမေဿတိ၊**

**ဆေတွာ ရာဂဉ္စ ဒေါသဉ္စ, တတော နိဗ္ဗာနမေဟိသိ။**

ဘိက္ခု-(ဘိက္ခဝေါ)-သံသရာစခန်း, ပင်လယ်ခရီးကြမ်းကြီးမှ, လွတ်လမ်းမျှော်တောင်း, အို သူတော်ကောင်းတို့၊ ဣမံ နာဝံ-ရုပ်နာမ် နှစ်ဖြာ, ဤခန္ဓာ ကိုယ်ဆိုတဲ့လှေကြီးကို၊ သိဉ္စ(သိဉ္စထ)-ကိလေသာ ရေဝန်ကို, ပက်သွန်ကြိုး ကုတ်, အားထုတ်မပြတ်, လှော်ခတ်လိုက်ကြ ကုန်ရာ၏၊ ဝေါ တုမှာကံ-သံသရာစခန်း, ပင်လယ်ကြမ်းကြီးမှ, လွတ်တမ်းမျှော်တောင်း, သင်သူတော်ကောင်းတို့၏၊ အယံ နာဝံ-ရုပ်နာမ်နှစ်ဖြာ, ဤခန္ဓာဆိုတဲ့ လှေကြီးသည်၊ သိတ္တာ -ကိလေသာ ရေဝန်ကို ပက်သွန်ကြိုးကုတ်, အားထုတ်မပြတ်, လှော်ခတ်အပ်သည်ရှိသော်၊ လဟုံ-အသော့မကြာ, လျင်မြန်ပေါ့ပါးစွာသာလျှင်၊ ဧဿတိ-နိဗ္ဗာန် သောင်ကမ်း, ဖြောင့်တန်းမသွေ, ရောက်ရပေလိမ့်လတ္တံ့၊ ရာဂဉ္စ ဒေါသဉ္စ-ကြိုက်လျှင်ပြုံးပြုံး, မကြိုက်မုန်းဟု, နှစ်ထုံးနှစ်ရန်,အပေါက် ခြောက်ပါးမှ ဝင်လာတဲ့ ရေအတန် တန်ကိုလည်းပဲ၊ ဆေတွာ-အပေါက်မှ ကာဆီး, ဆို့ပိတ်ဖြတ်တောက် နိုင်ကုန်ပြီး သည်ဖြစ်၍၊ တတော- ဆို့ပိတ်ပက်သွန်, တက်ရှစ်တန်ဖြင့်, မှန်မှန်မသွေ, လှော်ခတ်၍ နေခဲ့ သည်ရှိသော်၊ နိဗ္ဗာနံ-ဘေးအတန်တန်, အေးရာမှန်သည့်, နိဗ္ဗာန်သောင်ကမ်း, မြို့တော်နန်းသို့၊ ဧဟိသိ-မုချမသွေ, ဆိုက်ရောက်ရပေလိမ့်သတည်း။

သာဓု . . သာဓု . . သာဓု . . ပါဘုရား။

ယနေ့ မြန်မာကောဇာ သက္ကရာဇ် ၁၃၄၉-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၅)ရက်နေ့၊ ခရစ် သက္ကရာဇ် ၁၉၈၇-ခု၊ နိုဝင်ဘာလ (၂၀)ရက်၊ သောကြာနေ့ညမှာ၊ အမရပူရမြို့၊ မြို့ကျက်သရေဆောင် သမိုင်းဝင် အောင်မြေရွှေဘုံ

* ဓမ္မ- ၆၆၊ ဓမ္မ-ဌ-၂၊ ၃၃၃

http://www.dhammadownload.com



မြတ်စွာဘုရား ပုရဝုဏ်ကြီး အတွင်း၊ ဓမ္မာရုံကြီး အတွင်း၌၊ ကျင်းပအပ်သော ယနေ့ညတရားပွဲသည်ကား၊ အမရပူရမြို့နယ် ပါတီယူနစ်ဥက္ကဋ္ဌ ဒကာဦးသောင်းညို၊ မြို့မိမြို့ဘဖြစ်တဲ့ ပါတီယူနစ်ဥက္ကဋ္ဌ ဒကာဦးသောင်းညိုကို အမှူးတင်၊ မြို့မိမြို့ဘဖြစ်တဲ့ ဒကာဦးသောင်းညိုက နာယကအဖြစ်နဲ့ ဦးစီးပြီးသကာလ၊ ဥက္ကဋ္ဌ ဒကာဦးကိုလေးတို့ အတွင်းရေးမှူး အကျိုးတော်ဆောင် ဦးဘဟန်တို့ ဦးဆောင်သော မဟာပဋ္ဌာန်းပူဇော်ပွဲ၊ ဂေါပက ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတို့က (၅)ကြိမ်မြောက်(၅)နှစ်မြောက် ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ မဟာပဋ္ဌာန်း တရားတော်မြတ်ကြီးကိုပူဇော်တဲ့ မဟာပဋ္ဌာန်း ပူဇော်ပွဲ(၅)ကြိမ်မြောက် ပူဇော်ပွဲကို အကြောင်းပြုပြီးသကာလ ဖြစ်ပေါ်လာတဲ့တရားပွဲ၊ (၅)ကြိမ်မြောက် ပဋ္ဌာန်းတရားတော်ကြီးကို ပူဇော်ကြတဲ့ပဋ္ဌာန်းရွတ်ပွဲ၊ ပဋ္ဌာန်းနာပွဲ, ပဋ္ဌာန်းအောင်ပွဲကို အကြောင်းပြုပြီးသကာလ ဖြစ်ပေါ်လာတဲ့တရားပွဲ။

လွန်ခဲ့တဲ့ တန်ဆောင်မုန်းလပြည့်ကျော်(၁၁)ရက်နေ့ကစပြီးတော့ အောင်မြေရွှေဘုံကျောင်းတိုက်ကြီးရဲ့ ဦးစီးနာယက ပဓာနနာယက ဆရာတော်ဖြစ်တော်မူတဲ့ ဆရာတော်ဦးပဏ္ဍိတက အမှူးပြုပြီးသကာလ၊ နှစ်စဉ်နှစ်စဉ် ပဋ္ဌာန်းတရားတော်ကြီးကို နှုတ်တော်တွတ်တွတ် ရွတ်ဖတ်တော်မူကြတဲ့၊ အမရပူရမြို့ တူးမောင်းစာသင်တိုက်ကြီးမှ စာချ နာယကဖြစ်တော်မူတဲ့ ဦးပညာဒီပနှင့်တကွ သံဃာတော်အရှင်မြတ် (၂၄)ပါးတို့က ဘုရားရှင်ကိုယ် တော်မြတ်ကြီး တစ်ဝါတွင်းလုံး အသံမစဲ ရွတ်ဖတ်ဟောပြတော်မူခဲ့တဲ့ အဘိဓမ္မာ (၇) ကျမ်းကို့တွင် မယ်တော်ကိုနို့ဘိုးဆပ်တဲ့ အနေအားဖြင့် ဝါတွင်းကာလ တစ်ဝါတွင်းလုံးလုံး၊ သုံးလတိုင်တိုင် သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်ကြီးက ကိုယ်တိုင်သော်လည်းကောင်း၊ မိမိကိုယ်တိုင်က ဆွမ်း,ပန်းကိစ္စ, အာဟာရကိစ္စ, ကျင်ကြီးကျင်ငယ်ကိစ္စဖြင့် လူ့ပြည်သို့ပြန်လာတဲ့ အချိန်မှာ၊ နိမ္မိတရုပ်ပွား ဖန်ဆင်းထားခဲ့ခြင်း အားဖြင့်လည်းကောင်း၊ သုံးလတိုင်တိုင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး မယ်တော်မိနတ် နို့ဘိုးဆပ်တဲ့ အနေနဲ့ဟောပြရွတ်ဖတ်တော်မူတဲ့၊ နှုတ်တော်တွတ်တွတ် ရွတ်ဖတ် ဟောပြတော်မူတဲ့ အဘိဓမ္မာ (၇) ကျမ်းတို့တွင်-အကြီးကျယ်ဆုံး၊ အလေးနက်ဆုံး၊ အသိပ်သည်းဆုံး၊ အခက်ခဲဆုံး ဖြစ်တဲ့ ပဋ္ဌာန်းတရားတော်မြတ်ကြီး။

(၇)ကျမ်းမြောက်ဖြစ်တဲ့ အဘိဓမ္မာပဋ္ဌာန်းတရားတော်မြတ်ကြီးကို၊ ယခုနာယကပြောခဲ့တဲ့အတိုင်း အောင်မြေရွှေဘုံဆရာတော်နဲ့ ဆရာတော် ဦးပညာဒီပ အမှူးထားတဲ့ သံဃာတော်(၂၄)ပါးတို့က၊ ငါးညတိုင်တိုင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပူဇော်သောအားဖြင့် တရားတော်မြတ်တွေကို ပူဇော်သောအားဖြင့်၊

http://www.dhammadownload.com



ပဋ္ဌာန်းတရားတော်မြတ်ကြီးကို အသံမစဲရွတ်ဖတ်ပြီးသကာလ၊ ယနေ့ကြွရောက်လာကြတဲ့ တရားနာပရိတ်သတ်အပေါင်း သူတော်ကောင်းတို့အပါအဝင်၊ အမရပူရမြို့နှင့်တကွ ပတ်ဝန်းကျင်နယ်တခွင် နေထိုင်ကြတဲ့ လူနတ်တိရစ္ဆာန် သုံးတန်သောသတ္တဝါတို့ရဲ့သန္တာန်မှာ တရားတော်ကိုနာကြားရခြင်းဆိုတဲ့ ဓမ္မဿဝနကုသိုလ်ထူးကြီး ဆည်းပူးနိုင်ကြပါစေ၊ တရားတော်ကို နာကြားပြီးတော့ စိတ်အေးကြပါစေ၊ ကိုယ်အေးကြပါစေ၊ စိတ်ချမ်းသာကြပါစေ၊ ကိုယ်ချမ်းသာကြပါစေ၊ တရားတော်ကိုကြားလိုက်ရသည်နှင့်တပြိုင်နက်၊ အနက်အဓိပ္ပာယ်ကို မသိကြသော်လည်းပဲ" ကြားနာရလျှင် အပူစင်၍၊ ကျင့်လျှင်ချမ်းသာ" တရားတော်မြတ်ကြီးရဲ့ ဂုဏ်သတ္တိက--"ကြားနာရလျှင်၊ အပူစင်၍၊ ကျင့်လျှင်ချမ်းသာ ကျင့်ပြီးကာလည်း လွန်စွာငြိမ်းချမ်း မဂ်ဖိုလ်နိဗ္ဗာန်နန်းသို့ ရောက်စွမ်းစေနိုင်တဲ့ တရားတော်"

တရားတော်ရဲ့ သတ္တိကနည်းတာမဟုတ်ဘူး၊ (၁) ကြားနာရလျှင် အပူစင်တယ်၊ တရားတော်သံနားထဲဝင်လာပြီဆိုရင် ဘယ်သတ္တဝါမဆို တရားတော်ကိုယုံကြည်ကိုးစား၊ တရားတော်ရဲ့အကျိုးကိုသိနေတဲ့ လူမဆိုထားနဲ့၊ တိရစ္ဆာန်လေးသည်ပင်လျှင်၊ တရား, တရားမှန်းမသိရှာတဲ့ တိရစ္ဆာန်သည်ပင်လျှင်၊ နားထဲဝင်လာလျှင် စိတ်အေးပြီးတော့နေလို့ စိုက်ပြီးနားထောင်တတ်တယ်၊ အဲဒီလို နားစိုက်ထောင်ပြီးနေတဲ့အခိုက်များ အကြောင်းအားလျော်စွာ သူဘဝကူးရရင် သုဂတိဘဝကို ရောက်သွားစေနိုင်တယ်၊ ဒါဘုန်းကြီးတို့ ဘုရားလက်ထက်က၊ မြတ်စွာဘုရားဂဂ္ဂရာဆိုတဲ့ ရေကန်ကြီးအနီးမှာ ဘုရားက တရားဟော၊ ရေကန်ထဲကဖားလေးကရေကန်စပ်မှာ၊ ကမ်းစပ်မှာခေါင်းလေးမော့ ပြီးတော့၊ မှေးပြီး ခဏနေတဲ့အခိုက်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့တရားသံကို ဖားကလေးကြား၊ တရားရယ်လို့ မသိရှာပါဘူး၊ ဘုရားရယ်လို့လဲ မသိရှာပါဘူး၊ သို့သော် ဓာတ်ကဓာတ်ပဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အသံဓာတ်နှင့်၊ တရားသံက အဟိတ်တိရစ္ဆာန်ဖြစ်တဲ့ဖားကလေးရဲ့ နားထဲဝင်လာပြီးသကာလ ရိုက်ခတ်လိုက်တော့၊ ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေကြားသလိုပဲ၊ သူ့နားမှာ ကြားတယ်၊ သို့သော်ဒကာဒကာမတွေက ဒါတရားတော်ပါလား၊ တရားသံပါလား၊ ဘုရားရှင်ရဲ့ တရားတော်ပါလားလို့ အသိရောက်ကြတယ်၊ အဲဒီတိရစ္ဆာန် ဖားကလေးကတော့ အဲဒီလိုအသိမရောက်တတ်ရှာပါဘူး၊ နားထဲမှာ ကြားပြီးတော့ အေးချမ်းတဲ့အရသာလေးခံစားရတယ်။

http://www.dhammadownload.com



ဓာတ်သဘာဝ၊ တရားတော်ရဲ့ ဓာတ်သဘာဝက "ကြားနာရလျှင် အပူစင်၍" ဟော--လောဘပူ, ဒေါသပူ, မောဟပူတွေ ခဏလေးပဲဖြစ်ဖြစ် စင်သွားတယ်၊ ငြိမ်းသွား, အေးသွား၊ ဒါ--ဘာမှ ကိုယ်ကကြောင့်ကြစိုက်နေရတာ မဟုတ်ဘူး၊ သူ့ဓာတ်သဘာဝအတိုင်း၊ ဥပမာ ဘာနဲ့တူတုန်းဆိုတော့တဲ့--မလဟရဏီယပတ္တမြား ၊ ပတ္တမြားရတနာတစ်မျိုးဟာ သူ့ကို, နောက်နေတဲ့ ရေထဲထည့်လိုက်ရင် သူ့သာရေထဲရောက်သွား၊ ရှိသမျှအနယ်တွေ အကုန်ထိုင်ပြီးတော့ သွားစေနိုင်တဲ့ သတ္တိရှိတဲ့ပတ္တမြား၊ အဲဒီပတ္တမြားလိုပဲ တရားရဲ့အသံက၊ သိသိမသိသိဘဲ၊ နားထဲဝင်လာလို့ရှိရင် စိတ်ထဲမှာအေးသွားတဲ့ ဓာတ်ကလေး၊ အပူတွေ ငြိမ်းသွားစေနိုင်တဲ့ ဓာတ်ကလေး၊ အနယ်တွေထိုင်သွားစေနိုင်တဲ့ ဓာတ်ကလေးရှိတယ်လို့ ဘုရားရှင်အဆူဆူဟောတော်မူလို့ "ကြားနာရလျှင် အပူစင်၍" ဆိုတဲ့ဂုဏ်သတ္တိ နံပါတ်(၁)အစွမ်းသတ္တိကြောင့်၊ အဲဒီဖားကလေး တရားစိုက်ပြီး နားထောင်နေတဲ့အခိုက် နွားကျောင်းသားတစ်ယောက်က ခေါင်းလာပြီးတော့ တောင်ဝှေးကြီးနဲ့ထောက်လိုက်တာ သေသွားရှာတယ်၊ အဲဒီသေသွားတဲ့အချိန် သူ့စိတ်ကဒီတရားကို ကြည်ညိုနေတဲ့စိတ်၊ အသံကြားပြီးတော့နားထောင်နေတဲ့ စိတ်ကလေးက ဖျတ်ကနဲဆို ကျေးဇူးပြုလိုက်တာ၊ တာဝတိံသာနတ်ပြည်မှာ နတ်သားဖြစ်ခဲ့ရတယ်၊ မဏ္ဍုကဒေဝပုတ္တလို့ခေါ်တဲ့ဖားနတ်သားလို့ ဘုရားလက်ထက်က ကျော်ကြားလာခဲ့တယ်၊ အဲဒီလိုအားဖြင့် တရားတော်မြတ်သည် "ကြား နာရလျှင် အပူစင်၍"...

နံပါတ်(၂)ဂုဏ်ထူးက "ကျင့်လျှင်ချမ်းသာ" ကြားပြီးတဲ့နောက် ဒီတရားတော်အတိုင်းလိုက်နာ ကျင့်ကြံပြီဆိုတော့ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ "ကျင့်ပြီးကာလည်း, လွန်စွာငြိမ်းချမ်း, နိဗ္ဗာန်နန်းနှင့်, စခန်းသင့်အောင်" ဆောင်တော်မူတတ်တဲ့ တရားတော်... ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့တရားတော်တွေထဲက မဟာပဋ္ဌာန်း တရားတော်မြတ်ကြီးကို သံဃာတော်အရှင်မြတ်တွေက အောင်မြေရွှေဘုံဆရာတော်ဘုရား ဦးစီးတဲ့ ဆရာတော်ဦးပညာဒီပဦးစီးတဲ့ သံဃာတော်အရှင်မြတ်တွေက ရွတ်ဖတ်သရဇ္ဈာယ်ကြတော့ ဒကာ, ဒကာမအပေါင်းသူတော်ကောင်းတွေရဲ့ နားထဲလာပြီးတော့ ရိုက်ခတ်ပြီးတော့ အအေးဓာတ်တွေရကြ၊ မိမိတို့အကြောင်းအားလျော်စွာ သားရေး၊ သမီးရေး၊ စီးပွားရေး အစရှိတဲ့ အရေးပေါင်းစုံကြောင့်ပူနေတဲ့ လောဘပူတွေ,ဒေါသပူတွေ၊ မောဟပူတွေ ခဏလေးပဲဖြစ်ဖြစ်၊ ငြိမ်းကြ၊ အေးကြ၊ ကင်းပြတ်ကြ၊ ဒီကတဆင့်တက်ပြီးတော့ တရားတော်မြတ်ပဲ၊ ဘုရားရှင်ကိုယ်တော် မြတ်ကြီးရဲ့ တရားတော်မြတ်ပဲဆိုပြီးတော့ တရားတော်ကို စိုက်ပြီးတော့ အာရုံယူကြ၊ တရား

http://www.dhammadownload.com



တော်ကို လာပြီးတော့ပူဇော်ကြ၊ အဝေးကနေပြီးတော့ ပူဇော်ကြခြင်း ဖြင့်. . . အဲဒီ တရားတော်မြတ်ကို အားလုံး တမြို့လုံး ကြားကြားသမျှပတ်ဝန်းကျင် ကျေးရွာတွေနှင့်တကွ တနယ်လုံး၊ အသံကိုမကြားရသော်လည်းပဲ မဟာပဋ္ဌာန်း ပူဇော်ပွဲကြီး ကျင်းပနေသတဲ့ဆိုတဲ့ သတင်းစကားကို တဆင့်ကြားပြီးတော့ အာရုံ လှမ်းပြီးတော့ ပြုကြတဲ့သူတိုင်း ပြုကြတဲ့သူတိုင်းရဲ့သန္တာန်မှာ ကုသိုလ်ကောင်းမှုတွေ ဖြစ်ပွားကြ၊ ကံကောင်းထောက်မကြ၊ အဲဒီလိုအားဖြင့် မဟာပဋ္ဌာန်းပူဇော်ပွဲကြီး၊ ငါးကြိမ်မြောက် ပူဇော်ပွဲကို အကြောင်းပြုပြီးသကာလ၊ ဒီနေ့ဖြစ်ပေါ် လာတဲ့ တရား ပွဲ. . . တဲ့။

ဒီတော့ ဒီတရားပွဲမှာ အခုပဋ္ဌာန်းတရားတော်ကို ဝိုင်းဝန်းပြီးတော့ ပူဇော် ကြရင်းနဲ့ အခု ဒီနေ့ဓမ္မပူဇာအဖြစ်နဲ့ တရားအောင်ပွဲ၊ သိမ်းပွဲပူဇော်ပွဲမှာလည်းပဲ အားလုံး ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေက ပဋ္ဌာန်းတရားတော်ကြီးကို ပူဇော်ကြ၊ နာယူကြ၊ ပဋ္ဌာန်းတရားတော်ကြီးကို ရွတ်ဖတ်တော်မူကြတဲ့ သံဃာတော် အရှင်သူမြတ်တွေကိုလည်းပဲ တတ်စွမ်းသမျှ မိမိတို့ နေ့စဉ်နေ့စဉ် (၅) ရက်တိုင်တိုင် လှူဒါန်းကြ၊ ဆွမ်းဘောဇဉ်တွေနဲ့ ဆက်ကပ်ကြ၊ လှူဖွယ်တန်းဖွယ်တွေ ဖြင့် လှူဒါန်း ပူဇော်ကြ ရောက်လာကြတဲ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေကို လည်းပဲ နေရာထိုင်ခင်းတွေပေးကြ၊ နေရာထိုင်ခင်းတွေ စီစဉ်ပေးကြ၊ မိမိတို့တတ် စွမ်းသမျှ တရားတော်ကို ပူဇော်ရင်းနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများကို ပန်း၊ ရေချမ်း၊ဆွမ်း၊ဆီမီးတို့ဖြင့် (၅) ညတိုင်တိုင်(၅)နေ့ တိုင်တိုင်ပူဇော်ကြခြင်းဖြင့်---

ဗုဒ္ဓဿပူဇာ မဟာတေဇဝဍ္ဎော၊ ဓမ္မဿပူဇာမဟာပညဝဍ္ဎော, သံဃဿ ပူဇာ မဟာပုညဝဍ္ဎော။

ဗုဒ္ဓဿပူဇာ--ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို တတ်စွမ်းသမျှ ပူဇော် ကော်ရော်ရခြင်းသည်၊ မဟာတေဇဝဍ္ဎော--ဘုန်းတန်ခိုးတေဇော် အာနုဘော်ကြီး ထွားစေတတ်တယ်၊ ကြီးပွားစေတတ်တယ်ဆိုတဲ့ ဒေသနာတော်အရ။ ဓမ္မဿပူဇာ --တရားတော်မြတ်ကြီးကို နာကြားခြင်းဖြင့်လည်းကောင်း၊ ကျင့်ကြံခြင်းဖြင့်လည်း ကောင်း၊ ပန်းရေချမ်းစသည်တို့ဖြင့် ပူဇော်၊ လက်အုပ်ချီမိုး ရှိခိုးကော်ရော်ပူဇော် ခြင်း၊ ပူဇော်သမှုကိုပြုခြင်းသည်၊ မဟာပညဝဍ္ဎော-ကြီးကျယ်မြင့်မားတဲ့ အသိဉာဏ် တို့ကိုလည်း ဖြစ်ပွားစေတတ်တယ်ဆိုတဲ့ ဒေသနာတော်အရ။ သံဃဿ ပူဇာ မဟာပုညဝဍ္ဎော-သံဃာတော် အရှင်မြတ်တို့ကို လေးမြတ်ကော်ရော် ပူဇော်လှူဒါန်း အရိုအသေပေးရခြင်းသည်။ မဟာပုညဝဍ္ဎော-စည်းစိမ်ဥစ္စာ အဖြာအဖြာတိုးတက်၊ အခြွေအရံ အသင်းအပင်းတို့နဲ့ ပြည့်စုံရခြင်းဆိုတဲ့ မဟာပုညအကျိုးကို ရစေတတ်

http://www.dhammadownload.com



တယ်ဆိုတဲ့ ဒေသနာတော်နဲ့အညီ။ ဟော--ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အထူး တလည်ပူဇော်တဲ့စိတ်နဲ့ ပူဇော်လေ့ရှိတဲ့ အမျိုးကောင်းသား အမျိုးသမီးများ၊ လက် ငင်းအကျိုး ဘာရတတ်တုန်းလို့ဆိုတော့-

ဗုဒ္ဓသပူဇာ မဟာတေဇဝန္တော--တဲ့ "ဘုရားရှင်မြတ်၊ ပူဇော်လတ်၊ ကြီး မြတ်ဘုန်းတေဇော်"။ ဘုရားရှင်ကို အထူးတလည်ပူဇော်လေ့ရှိတဲ့ အမျိုးကောင်း သား အမျိုးကောင်းသမီးတို့သန္တာန်၌၊ "ဘုရားရှင်မြတ်၊ ပူဇော်လက်၊ ကြီးမြတ်ဘုန်း တေဇော်" တဲ့ဘုန်းတန်ခိုးတေဇော်ကြီးတတ်တယ်၊ လက်ငင်းအကျိုးပေါ့၊ ဒီအပြင် အကျိုးတွေလည်းရတာပါပဲ၊ အထူးသဖြင့် ရတတ်တာက ဘုရားရှင်ကိုယ်တော် မြတ်ကြီးကို ပန်း၊ ရေချမ်းနဲ့ ပူဇော်လေ့ရှိ၊ ရှိခိုးလေ့ရှိ၊ မြတ်နိုးလေ့ရှိ၊ ဘုရားရှင်ကို စိတ်ထဲမပြတ် အာရုံပြုပြီးတော့နေလေ့ရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး များဟာ "ဘုရားရှင်မြတ် ပူဇော်လတ် ကြီးမြတ်ဘုန်းတေဇော်" တဲ့ ဘုန်းတန်ခိုး တေဇော်ကြီးတတ်တယ်၊ အာနုဘော်တွေကြီးလာတတ်တယ်၊ ဘုရားရှင်ကိုယ်တော် မြတ်ကြီးရဲ့ဓာတ်က စိတ်ထဲမှာ ခဏခဏ သူ့စိတ်ထဲဘုရားက ကိန်းဝပ်နေတော့ အဲဒီဓာတ်ကူးပြီးတော့ တန်ခိုးတေဇော် အာနုဘော်တွေ ကြီးလာတတ်တယ်၊ တန်ခိုး တေဇော် အနုဘော်တွေ ကြီးထွားလာစေတတ်တယ်၊ သတ္တိတွေကြီးလာစေတတ် တယ်၊ အဟုန်တွေ ကြီးလာစေတတ်တယ်၊ အဟုန့်တွေ ကြီးလာစေတတ်တယ်၊ အရှိန်တွေကြီးလာစေတတ်တယ်၊ ဒါ ဘုရားပူဇော်ခြင်းရဲ့ တိုက်ရိုက်အကျိုး၊ နောက် ပိုင်းက စိတ်ချမ်းသာ ကိုယ်ချမ်းသာ စီးပွားဥစ္စာ တိုးတက်ရာကစပြီး၊ လောကီလော ကုတ္တရာကစပြီး အကျိုးတွေဆိုတာကတော့ ပြောစရာမရှိဘူး၊ ဒါအနီးကပ်ရတဲ့ အကျိုးက "ဘုရားရှင်မြတ်၊ ပူဇော်လတ်၊ ကြီးတတ် ဘုန်းတေဇော်" တဲ့ ဘုရားရှင်ကို ပူဇော်ခဲ့လို့ ရှိရင် တန်ခိုးတေဇော် အာနုဘော်ကြီးတတ်တယ်၊ အရှိန်သတ္တိတွေကြီး တတ်တယ်၊ အဟုန်တွေကြီးလာတတ်တယ်၊ မြင့်တက်သွားတတ်တယ် ရင့်ကတ် သွားတတ်တယ်၊ ကြီးကျယ်ခမ်းနားသွားတတ်တယ်။

တရားတော်ကို ပူဇော်တာကျတော့ "တရားတော်မြတ်၊ ပူဇော်လတ်၊ ကြီးတတ်ဉာဏ်မဟော်" တဲ့ဟော- တရားတော်မြတ်ကို အထူးတလည် ပူဇော် လေ့ရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး၊ တရားတော်မြတ်ကြီးသည်၊ ကျင့်ကြံကျိုးကုတ်အားထုတ်တဲ့ သူတွေကို ဘုရားရှင်ရဲ့ တရားတော်မြတ်ကြီးက ကောင်းရာဆောင်ပါပေတယ် ကိုယ်ချမ်းသာ စိတ်ချမ်းသာရအောင် ဆောင်နိုင် ပါပေတယ်၊ နိယျာနိကအစစ်ဖြစ်ပါပေတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တရားဟာ တစ်လုံးကျင့်၊ တစ်လုံးကျင့်သလောက် အကျိုးရစေတတ်ပါပေတယ်

http://www.dhammadownload.com



နောက်ဆုံး အပြည့်အစုံကျင့်၊ ကျင့်သလောက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ထိရအောင်၊ ကျင့်ရင်ကျင့်သလောက် မိမိတို့ကို အို နာ သေရေး ဒုက္ခဘေးကြီးကလွတ်ရာကို ကယ်တင်နိုင်တဲ့ အစွမ်းသတ္တိရှိပါပေတယ်လို့. . . .

တရားတော်မြတ်ကို မပြတ်မပြတ်ပူဇော်လေ့ရှိ၊ အထူးသဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သိလွယ် မြင်လွယ်အောင်ဆိုရင် ဓမ္မက္ခန္ဓာကျမ်းစာအုပ်ကြီးတွေကို ပူဇော်လေ့ရှိ၊ တရားတော်တွေကို ဖွင့်ပြီးနာလေ့ရှိ၊ တရားတော်တွေကိန်းဝပ်နေတဲ့ စေတီတော်ကြီးတွေ၊ တရားတော်တွေထားတဲ့ စာတိုက် ဘီရို ကြီးတွေ၊ တရားတော်တွေ ကိန်းဝပ်နေတဲ့ ကက်ဆက်တိတ်ခွေ၊ အသံသွင်းခွေတွေ၊ စာအုပ်စာတမ်းတွေကို ပူဇော်လေ့ရှိ မြတ်နိုးလေ့ရှိ ကော်ရော်လေ့ရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးသည် အထူးသဖြင့် တရားတော်ကို နာကြားပြီးတော့ ပူဇော်ကျင့်ကြံပြီးတော့ ပူဇော်လေ့ရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ "တရားတော်မြတ်၊ ပူဇော်လတ်၊ ကြီးတတ်၊ ဉာဏ်မဟော်" ဉာဏ်ပညာတွေ ကြီးထွားလာစေတတ်တယ်၊ အသိဉာဏ်တွေ ကြီးထွားလာစေတတ်တယ်၊ အလိမ္မာဓာတ်တွေရင့်လာစေတတ်တယ်၊ လက်ငင်းအကျိုး၊ နောက်ထပ်နောက်ထပ် ဒီပြင်အကျိုးတွေနောက်က အခြံအရံအကျိုးတွေကတော့ ပြောစရာမရှိဘူး။

သံဃာကိုပူဇော်တော့-သံဃဿ ပူဇာ မဟာပုညဝဍ္ဎော-။-ဒေသနာက ပြောတယ်၊ သံဃဿပူဇာ-သံဃာကိုပူဇော်လေ့ရှိတဲ့၊ အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်း သူတော်ကောင်းသည်၊ သံဃဿပူဇာ-သံဃာကိုပူဇော်ခြင်းသည်၊ (ဝါ) သံဃာကိုပူဇော်သမ္မပြုလေ့ရှိခြင်းသည်၊ မဟာပုညဝဍ္ဎော-စည်းစိမ်ဥစ္စာအဖြာဖြာနှင့်တကွ၊ ကြီးပွါးတိုးတက်လာစေတတ်သည်၊ စည်းစိမ်တွေကြီးကျယ်လာတတ်သည်၊ အခြံအရံတွေကြီးကျယ်လာတတ်သည် အထူးသဖြင့် စည်းစိမ်ကောင်းတွေ တိုးတက်လာစေတတ်တယ်၊ သံဃာကိုပူဇော်လေ့ရှိတတ်တယ်၊ သံဃာကိုလှူဒါန်းလေ့ရှိတတ်တယ်၊ သံဃာကိုမြတ်နိုးလေ့ရှိတယ်၊ သံဃာကိုလုပ်ကျွေးလေ့ရှိတယ်၊ အဲဒီလိုအမျိုးကောင်းသား အမျိုးကောင်းသမီးတွေမှာ၊ မဟာပုညဝဍ္ဎော-စီးပွါးဥစ္စာ၊ အထူးအဆန်း၊ ကြီးကျယ်မြင့်မောက်တဲ့ စီးပွါးဥစ္စာတွေနဲ့ ပြည့်စုံစေတတ်တယ်၊ ဒါကြောင့် "သံဃာတော်မြတ်၊ ပူဇော်လတ်၊ ကြီးတတ် စည်းပွါးမော်" တဲ့စီးပွါးဥစ္စာမှ သာမန်စီးပွါး ဥစ္စာတွေ မဟုတ်ဘူး၊ ထွင်ရှထွင်ရှမြတ်မြတ် စီးပွါးဥစ္စာတွေ တက်လာစေတတ်တယ်၊ တန်ဘိုးကြီးမားတဲ့ စီးပွါးဥစ္စာတွေ တက်လာစေတတ်တယ်၊ရလာစေတတ်တယ် ဒါ့ကြောင့် သံဃာတော်ကိုပူဇော်ခြင်းသည် ကောင်းမြတ်တဲ့ စီးပွါးဥစ္စာတွေ အထက်တန်းကျတဲ့စီးပွါးဥစ္စာတွေနဲ့ ပြည့်စုံစေတတ်သလို။တရားတော်ကိုပူဇော်ခြင်းကလည်း၊ ဉာဏ်ပညာကြီးထွားစေတတ်သလို၊ ဘုရားရှင်ကိုယ်

http://www.dhammadownload.com



တော်မြတ်ကြီးကို ပူဇော်ကြခြင်းသည်လည်း၊ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့သန္တာန်မှာ၊ တန်ခိုးရှိန်ဖော် အာနုဘော်သတ္တိတွေ၊ အဟုန်တွေကြီးထွားလာစေတတ်တယ်လို့ ဒေသနာတော်လာတဲ့အတိုင်း ယနေ့-ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက အထူးသဖြင့် ပဋ္ဌာန်းတရားတော်မြတ်ကြီးကို ပူဇော်လိုက်ခြင်းဖြင့်-တရားကိုပူဇော်လိုက်တော့ တရားရှင်ဖြစ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုလည်း၊ ပူဇော်ပြီးသားဖြစ်၊ လာတာကတော့ ပဋ္ဌာန်းလာနာတာပဲ၊ ပဋ္ဌာန်းတရားလာနာရင်းနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများကို ပန်းနဲ့ရေချမ်းနဲ့ ပူဇော်ပြီးသားဖြစ်၊ လက်အုပ်ချီမိုးရှိခိုးဖြစ်တယ် အနည်းဆုံး။

သံဃာတော်တွေ ပူဇော်တာကတော့ အထူးပြောစရာမလိုတော့ဘူး၊ ပဋ္ဌာန်းရွတ်တော်မူတဲ့ သံဃာတော်အရှင်မြတ်တွေ အခုချိန် ဓမ္မက္ခန္ဓာစေတီထိုက်နေတဲ့ သံဃာတော်အရှင်မြတ်တွေ၊ သံဃာတော်တွေက ပဋ္ဌာန်းတရားတော်ကြီးရွတ်ပြီးနေတာဖြစ်တော့ သူတို့ခန္ဓာကိုယ်က ဒီအချိန် ဓာတ်တော်ကိန်းအောင်းနေတဲ့စေတီတော်ကြီးလိုပဲ၊ ခန္ဓာကိုယ်ကြီးက၊ ဓာတ်တော်တွေကိန်းဝပ်နေတဲ့ စေတီတော်ကြီးလိုပဲ၊ ပဋ္ဌာန်းတရားဓာတ်တော်တွေကိန်းဝပ်နေတဲ့ ခန္ဓာဓာတ်တွေဖြစ်လို့၊ အဲဒီအချိန်ပူဇော်လိုက်ရသဖြင့် မိမိတို့မှာ သံဃာတော်ကို ပူဇော်ခြင်းကြောင့် စီးပွါးဥစ္စာမော်၊ မြင့်မြတ်တဲ့စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံရခြင်းဆိုတဲ့အကျိုး အာနိသင်ကိုရစေတတ်တဲ့ ရတနာသုံးရပ်ပူဇော်ပွဲကြီးလည်း တပါတည်းအပြီးပါခဲ့တယ်. . . ။

အဲဒီလိုအားဖြင့် (၅) ကြိမ်မြောက်၊ (၅) နှစ်မြောက် ဒီနေ့ ကျင်းပပြုလုပ်ပူဇော်ကြခြင်းဖြင့်၊ မိမိတို့သာမက ကြားကြားသမျှ လူနတ်တိရစ္ဆာန် သုံးတန်သောသတ္တဝါတွေ၊ အထူးသဖြင့် အမရပူရမြို့နဲ့အမရပူရမြို့နယ်ရှိရှိသမျှ လူနတ်တိရစ္ဆာန်သုံးတန်သောသတ္တဝါတွေ ကံကောင်းလာစေတတ်၊ တန်ခိုးကြီးလာစေတတ်၊ အရှိန်ကြီးလာစေတတ်၊ ဘုန်းတန်ခိုးတေဇော်အာနုဘော်တွေကြီး လာစေတတ်၊ ဉာဏ်ပညာတွေကြီးထွားလာစေတတ်၊ စည်းစိမ်ဥစ္စာအဖြာဖြာနဲ့၊ အခြွေအရံအသင်းအပင်တွေကြီးထွားလာစေတတ်တဲ့ ကောင်းမှုရတနာထုပ်ကြီးကို၊ ဒီနေ့ (၅)ကြိမ်မြောက်၊ (၅)နှစ်မြောက်၊ ဒို့-စုပေါင်းပြီးသကာလ ပြုလုပ်အားထုတ်ကြရပြန်ပြီ လို့-ဒီနေ့-ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက သိလိုက်ရ သဘောပေါက်လိုက်ရ၊ နားလည်လိုက်ရမယ်၊ အဲဒီလို ဘုရား တရား သံဃာ ရတနာသုံးပါးကို ပူဇော်သမှုပြုနေတဲ့ အချိန်သည်၊ ဘာလုပ်နေတဲ့အချိန်နဲ့ တူပါတုန်းလို့ဆိုရင်. . ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မင်းတို့အဲဒီအချိန်ဟာ "မဂ္ဂင်ရှစ်ဖော် လှေလှော်နေတဲ့ အချိန်နဲ့ တူကြတယ်" တဲ့။

http://www.dhammadownload.com



ဒီနေ့ ဘုန်းကြီးဟောမယ့်တရားက "မဂ္ဂင်ရှစ်ဖော် လှေလှော်တရား' လို့ ခေါင်းစီးလေးပေးပြီးတော့ဟောမယ်၊ ဘုန်းကြီးတို့ ပရိသတ်ကြီးက တရားခေါင်းစီး လေးကိုတော့ အိမ်ပါအောင်ယူသွားစေချင်ပါတယ်၊ တရားတစ်ပုဒ်လုံး မှတ်မိဖို့ဆို တာကတော့ မလွယ်ဘူး၊ ဒီတော့ တရားခေါင်းစီးလေး မှတ်မိနေရမယ် "မဂ္ဂင်ရှစ် ဖော်လှေလှော်တရား" ပရိသတ်ကြီး ဒီနေ့ ဘုန်းကြီးဟောမယ့်တရားက"မဂ္ဂင်ရှစ် ဖော်လှေလှော်တရား" ဘာတရားတုန်း? မဂ္ဂင်ရှစ်ဖော် လှေလှော်တရားပါဘုရား၊ အိမ်ထိအောင်သယ်သွားပါ အဲဒီစကားလေးတော့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အိမ်ပြန်သွားတော့ အိမ်ကအကြောင်းကြောင်းကြောင့်၊ တရားနာမလိုက်နိုင်တဲ့ သူတွေ၊ သက်ကြီးရွယ်အိုဖြစ်နေလို့ မလိုက်နိုင်၊ ကျန်းမာရေးမကောင်းလို့ မလိုက် လာနိုင်၊ ဟိုကိစ္စ ဒီကိစ္စကြောင့် အိမ်မှာနေရစ်ကြတဲ့သူတွေက ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားနာပြန်လာတော့ အိမ်ကဆီးပြီးမေးတတ်တယ်သူတို့က၊ ဘာများ ဟောသွားတုန်း၊ ဒီနေ့ည ဟောသွားတဲ့ဘုန်းကြီးက ဘာတရားများ ဟောသွားတုန်း လို့. . . ပရိသတ်မမေးတတ်ဘူးလား? မေးတတ်ပါဘုရား၊ အဲဒီလို မေးတဲ့အချိန် ကျတော့၊ ကိုယ်က မဂ္ဂင်ရှစ်ဖော်လှေလှော် တရားတော်ဟောတယ် လို့ကိုယ်က အဖြေပေးနိုင်ရင် ကိုယ့်ဘက်ကလည်း မျက်နှာသာသာယာယာ မရှိဘူးလားပရိ သတ်? ရှိပါဘုရား။

ကိုယ်ကနာမည်လေးတောင် မမှတ်မိ၊ ခေါင်းစီးလေးတောင်သိမသွားရင် ဟိုကျတော့ အဲ-ဟိုတရားလေ. . . နေစမ်းပါအုန်း၊ ဘာတဲ့ ဟိုဒင်း. . . ဆိုရင် ကိုယ့်မျက်နှာမပျက်ရဘူးလား? ပျက်ရပါဘုရား။ ဟိုအိမ်ကျန်ရစ်တဲ့သူကလည်း ကောင်းကောင်းကြည်ညိုရမှာ စိတ်ထဲမှာတခါတည်း ကြည်ညိုလိုက်ရမှာ မကြည်ညို လိုက်ရဘူး၊ ကုသိုလ်မပွားတော့ဘူး၊ ဟော-ကြားလိုက်တယ်ဆိုရင်ပဲ ဒီနေ့ည ဘာတရား ဟောတုန်းဟေ့လို့မေးလိုက်လို့ ဒီကပြန်သွားရင် ကိုယ်ကမှတ်မိ နေတာ ဆိုတော့ မဂ္ဂင်ရှစ်ဖော်လှေလှော်တရားတော်ကြီး ဟောလိုက်တယ်လို့ဆိုရင် အိမ်က ကြားတဲ့သူက၊ ဩော်. . . မဂ္ဂင်ရှစ်ဖော်လှေလှော်တရားတော်ကြီးဆိုပါလား၊ နားထဲကြား တာကတော့ စကားနှစ်လုံးကြားတာပဲသူက၊ မဂ္ဂင်ရှစ်ဖော် လှေလှော် တရား၊ ဒီနှစ်လုံးကြားတာပဲ နားထဲတော့၊ သို့သော်- သူတော်ကောင်း ဓာတ်ခံရှိ နေတဲ့ အမျိုး ကောင်းသား အမျိုးကောင်းသမီးက ချဲ့ထွင်ပြီးတော့သူစိတ် ကူးနဲ့သူ၊ အမလေး မဂ္ဂင်ရှစ်ဖော် လှေလှော်တရားတော်ဆိုပါလား. . . ဟုတ်ပြီ. . . မဂ္ဂင် ရှစ်ပါးဖြစ်ပွါးအောင် ကြိုးစားနေရင် လှေလှော်တာနဲ့တူတယ်၊ အင်း ငါလည်းပဲ လှေလှော်မှုဖြစ်မယ်၊ ခန္ဓာကိုယ်ကြီး လှေလှော်ရမှာနဲ့တူတယ်၊ မဂ္ဂင်ရှစ်ဖော်ဆိုတာ

http://www.dhammadownload.com



လှေလှော်တာနဲ့ တူတယ်ဆိုတော့ မဂ္ဂင်ရှစ်ပါးဖြစ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်နေတာ လှေလှော်တာနဲ့တူပုံရတယ်၊ ဒါကို ဟောတာနဲ့ တူတယ်နဲ့ သူ့စိတ်ကူးထဲမှာလေ . . . ဓမ္မဝိတက်တွေဝင်လာ၊ တရားနဲ့စပ်တဲ့ အကြံအစည်တွေ သူ့စိတ်ကူးချင်ရာနဲ့ကူးမယ်။ တည့်တာလည်းရှိမယ်၊ မတည့်တာလည်းရှိမယ်၊ ပြောလိုက်တဲ့ စကားမှီပြီးတော့ စိတ်ကူးမှု ဓမ္မဝိတက်တွေဖြစ်ပွားတတ်တယ်၊ ပရိသတ်မဖြစ်တတ်ဘူးလား? ဖြစ်တတ်ပါဘုရား။

ဒါ သတ္တဝါတိုင်း သတ္တဝါတိုင်း၊ ငှက်များမှာ ပျံရင်းသော၊ လူများကြံရင်းသေဆိုတာလိုပဲ၊ စကားပုံရှိတဲ့အတိုင်း၊ လူဆိုတာကြံနေတာပဲ၊ ဒီတော့ လောဘဖြစ်စရာ အာရုံတခုပြောလိုက်ရင်လည်း လောဘနဲ့စပ်ပြီးတော့ လျှောက်ကြံသွားတာပဲ သူက ဒေါသဖြစ်စရာတခု သွားပြောလိုက်ရင်လည်း ဒေါသနဲ့စပ်ပြီးသူက၊ ဒေါသဖြစ်ရာတခု သွားပြောလိုက်ရင်လည်း ဒေါသနဲ့စပ်ပြီးသူက၊ တွေးခေါ်ကြံစည်စိတ်ကူးသွားလိုက်တာ ညအိပ်ဝင်တော်တော်နဲ့ အိပ်မရဘူး၊ အခုတရားတော်နဲ့ပြီးတော့ပြောလိုက်တော့ ဓမ္မဝိတက်တရား အကြံတွေဝင်လို့၊ ဟောသူတော်ကောင်းခတ်တွေက သူ့ဝမ်းထဲကူးသွား၊ တရားနာလိုက်မလာနိုင်ပေမယ်လို့ အိမ်မှာကျန်ရစ်တဲ့ လူသုံးလေးယောက်ကို ဒီတရားနာပြန်သွားတဲ့သူတစ်ယောက်ကပြောလိုက်ရင် သူတို့နားထဲ မဂ္ဂင်ရှစ်ဖော်လှေလှော်တရားနာခဲ့ရတယ်ဆိုတဲ့ အသံကို ကြားလိုက်သည်နှင့်တပြိုင်နက်၊ သူတို့မှာ ဓမ္မဝိတက်တွေဝင်၊ တရားနဲ့စပ်တဲ့ အကြံအစည်တွေ၊ စိတ်ကူးတွေပေါ်ပြီးတော့ ကုသိုလ်ထပ်ပြီးတော့ ဖြစ်ကြမယ်၊ ပရိသတ် မဖြစ်ဘူးလား . . . ? ဖြစ်ပါဘုရား။

ဒါဖြင့် ဒီလာပြီးတော့ တရားနာတဲ့ပရိသတ်က၊ ဥပမာဆိုကြပါစို့ ငါးရာရှိတယ်ဆိုရင် ငါးရာကပြန်သွားပြီးတော့ အိမ်ကျတဆင့်တဆင့်ပြောလိုက်ကြတော့ အိမ်မှာရှိနေတဲ့ သုံးလေးငါးယောက်၊ ခြောက်ယောက်၊ ခုနစ်ယောက်၊ ရှစ်ယောက်၊ တအိမ်တအိမ်မှာ (၄-၅-၆) ယောက်ကနေပြီးတော့ ငါးရာက၊ ငါးထောင်ကောပြန့်မသွားဘူးလား . . . ? ပြန့်သွားနိုင်ပါဘုရား။ အဲဒီလိုအားဖြင့် ဒီကနေ့ဟောမယ့်တရားက 'မဂ္ဂင်ရှစ်ဖော် လှေလှော်တရား' ပရိသတ်ဘာတရားတဲ့တုန်း . . . ? မဂ္ဂင်ရှစ်ဖော်လှေလှော်တရားပါဘုရား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ချစ်သားတို့ ချစ်သမီးတို့တဲ့ . . .

**သိဉ္စ ဘိက္ခု ဣမံ နာဝံ, သိတ္တာ တေ လဟု မေဿတိ၊**

ဘိက္ခု၊ ဘိက္ခဝေါ - သံသရာစခန်း၊ ပင်လယ်ခရီးကြမ်းကြီးမှ၊ လွတ်လမ်းမျှော်တောင်း၊ အို အမျိုးကောင်းသား၊ အမျိုးသမီးအပေါင်း သူတော်ကောင်းတို့ ဘိက္ခု၊ ဘိက္ခဝေါ - သံသရာစခန်း၊ ပင်လယ်ခရီးကြမ်းကြီးမှ လွတ်လမ်းမျှော်တောင်း

http://www.dhammadownload.com



၍, ပဋ္ဌာန်းတရားတော်မြတ်ကြီးကို (၅)ကြိမ်မြောက်၊ (၅)နှစ်မြောက်၊ ပူဇော်သမ္မပြု ပြီးသကာလ နေကြရင်းနဲ့ ရတနာသုံးရပ်ပူဇော်ပွဲကြီး, ဆင်နွဲကျင်းပနေကြတဲ့,အမျိုး ကောင်းသား, အမျိုးကောင်းသမီးအပေါင်း, သူတော်ကောင်းတို့၊ ကမ္မဇရုပ်-ရုပ်နာမ် နှစ်ဖြာ, ဤ သင်တို့ရဲ့ခန္ဓာကိုယ်ဆိုတဲ့လှေကြီးကို၊ သိဥ္စ သိဥ္စထ- ကိလေသာရေဝန် ကို, ပက်သွန်ကြိုးကုတ်, အားထုတ်မပြတ် လှော်ခတ်လိုက်ကြကုန်ရာ၏။ မဂ္ဂင်ရှစ် ဖော်ဖြင့် လှော်ခတ်ပေးကြ. . . တဲ့။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တိုက်တွန်း နေတော်မူတယ်။

ဒီနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေလုပ်နေတဲ့ အလုပ်က လည်းပဲ မဂ္ဂင်ရှစ်ဖော်ဖြင့် လှော်ခတ်နေကြခြင်း၊ အခုငါးကြိမ်မြောက် ပဋ္ဌာန်းတရား တော်ကြီး ပူဇော်သမ္မပြုပြီးတော့နေရင်းနဲ့ ဘုရားကိုပူဇော်၊ တရားကိုပူဇော်၊ သံဃာ ကိုပူဇော်ဆိုတဲ့ ခုနကဘုန်းကြီးချဲ့ထွင်ပြောခဲ့တဲ့အလုပ်တွေ အားထုတ်နေတဲ့အချိန် သည် "မဂ္ဂင်ရှစ်ဖော်ဖြင့် လှော်ခတ်နေတဲ့အချိန်" ဒါန, သီလ, ဘာဝနာ, ကုသိုလ် ကောင်းမှု တခုခုပြုပြီးတော့ ဒကာ ဒကာမတွေ ခန္ဓာကိုယ်နဲ့ ဒီရုပ်နာမ် ခန္ဓာကိုယ်နဲ့ ပြုနေတဲ့အချိန်ဟာ မဂ္ဂင်ရှစ်ဖော်ဖြင့် လှေလှော်နေတဲ့အချိန်လို့ခေါ်တယ်၊ ဒါန, သီလ, ဘာဝနာ, ကုသိုလ်ကောင်းမှုတခုခုပြု နေတဲ့အချိန်ကို ပရိသတ်ကြီး မဂ္ဂင်ရှစ် ဖော်လှေလှော်နေတဲ့အချိန်တဲ့၊ ပရိသတ်ကြီး မဂ္ဂင်ရှစ်ဖော်နဲ့ ဘာလှော်နေကြတုန်း?၊ လှေလှော်နေကြတာပါဘုရား။

လှေလှော်တယ်ဆိုကတဲက ပရိသတ် လှေကရှေ့သွားတယ်၊ လှော်ရင်ရှေ့ သွားတယ်၊ မလှော်ပဲနဲ့ငြိမ်နေရင်တော့ အဲဒါမျောချင်ရာမျောလိမ့်မယ်၊ ရပ်ချင်ရာ ရပ်လိမ့်မယ်၊ လှော်နေတယ်ဆိုတာနဲ့တပြိုင်နက် လှေသည် မိမိရည်မှန်းတဲ့ပန်းတိုင် ဆီသို့ ဦးတည်ပြီးတော့. ရှေ့တိုးနေတယ်လို့ခေါ်တယ်၊ လှော်တယ်ခတ်တယ်ဆို လိုက်သည်နှင့်တပြိုင်နက် လှေဟာရှေ့လျားနေတယ်၊ ရှေ့တိုးနေတယ်၊ ပရိသတ် လှော်ရင်လှေဟာ ရှေ့တိုးတာလား ရပ်နေတာလား?ရှေ့တိုးတာပါ ဘုရား၊ ဒါ့ပြင် ဒါန, သီလ, ဘာဝနာ, ကုသိုလ်ကောင်းမှု တခုခုကိုပြုနေတဲ့အချိန်သည် ဒကာ ဒကာမတွေရဲ့ ရုပ်နာမ်နှစ်ဖြာ ဤခန္ဓာလှေကို လှော်ခတ်နေတဲ့အချိန်ပါပဲလို့ ဘုရား က ဓမ္မပဒသမ္ဗဟုလဘိက္ခုဝတ္ထု မှာ ဟောတော်မူတာဖြစ်တော့ ယနေ့ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေ ငါးကြိမ်မြောက် ငါးနှစ်မြောက် မဟာပဋ္ဌာန်း တရားတော်ကြီးကို စုပေါင်းပူဇော်နေကြတဲ့အချိန်သည် လှော်ခတ်နေတဲ့အချိန် လား၊ ရပ်နေတဲ့အချိန်လား? လှော်ခတ်နေတဲ့အချိန်ပါဘုရား၊ ဘုရားရှင်ကိုယ်တော် မြတ်ကြီးကို ပန်းရေချမ်းအွေနဲ့ ပူဇော်နေတဲ့အချိန်သည် လှော်နေတဲ့အချိန်လား၊

http://www.dhammadownload.com



ရပ်နေတဲ့အချိန်လား? လျှော်နေတဲ့အချိန်ပါဘုရား။

ပဋ္ဌာန်းတရားတော်ကြီးကို အိမ်ကနားစိုက်ပြီးတော့ပူဇော်, နားစိုက်ပြီးတော့ နေတဲ့အချိန် ဒီမှာလာပြီးတော့ ပူဇော်နားစိုက်ကြပြီးထောင်နေတဲ့အချိန်သည် လျှော်နေတဲ့အချိန်လား၊ ရပ်နေတဲ့အချိန်လား? လျှော်နေတဲ့အချိန်ပါဘုရား။ ပဋ္ဌာန်းရွတ်ဖတ်တော်မူတဲ့ သံဃာတော်အရှင်မြတ်တွေနှင့်တကွ မိမိတို့စပ်ရာစပ်ရာ သံဃာတော်အရှင်မြတ်တွေကို တတ်စွမ်းသမျှ ဆွမ်း အစရှိသည်ဖြင့် လှူဒါန်းပူဇော်နေတဲ့အချိန်သည် ရှေ့တိုးနေတာလား၊ နောက်ဆုတ်နေတာလား? ရှေ့တိုးနေတာပါဘုရား။ အပါယ်လေးပါးနဲ့ (၃၁)ဘုံ သံသရာကြီးကို နောက်လို့ခေါ်တယ်။ ဒါဖြင့် ရှေ့ဆိုတာက နိဗ္ဗာန်၊ နောက်ဆိုကာက အပါယ်လေးပါးနဲ့ သံသရာ၊ ရှေ့ဆိုတာက နိဗ္ဗာန်၊ ပရိသတ် ရှေ့ဆိုတာကဘာပါလိမ့်? နိဗ္ဗာန်ပါဘုရား၊ နောက်ဆိုတာက အပါယ်လေးပါး၊ ချောက်ကြီးနဲ့တကွ သံသရာ၊ အို နာ သေရေး ထွေးနေတဲ့သံသရာကို နောက်လိုခေါ်တယ်။ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေလျှော်နေတယ်၊ ခတ်နေတယ်၊ လျှော်ခတ်နေတယ်ဆိုသည်နှင့်တစ်ပြိုင်နက် ရှေ့တိုးနေသလား, နောက်ပြန်နေသလား? ရှေ့တိုးနေပါ. ဘုရား။ ဟောဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်းပဲ လျှော်ပေးကြ. . . လျှော်ပေး ကြလို့. . .

သိဉ္စ ဘိက္ခု ဣမံ နာဝံ။ ဘိက္ခု ဘိက္ခဝေါ--သံသရာစခန်း, ပင်လယ်ခရီးကြမ်းကြီးမှ, လွတ်လမ်းမျှော်တောင်း, အို အမျိုးသား အမျိုးသမီးအပေါင်းသူတော်ကောင်းတို့၊ ဣမံ နာဝံ--ရုပ်နာမ်နှစ်ဖြာ, သင်တို့ရဲ့ခန္ဓာကိုယ်လှေကြီးကို၊ သိဉ္စ သိဉ္စထ-ကိလေသာရေဝန်ကို, ပက်သွန်ကြိုးကုတ်, အားထုတ်မပြတ် လျှော်ခတ်လိုက်ကြကုန်ရာ၏။ သံသရာစခန်း ပင်လယ်ခရီးကြမ်းကြီးထဲ ရောက်နေကြတယ် . . .၊ သင်တို့ရဲ့ခန္ဓာကိုယ်လှေက သံသရာစခန်း ပင်လယ်ခရီးကြမ်းကြီးထဲ ရောက်နေတယ်၊ ဒါကြောင့် လျှော်ခတ်ပေးကြ၊ ဒကာဒကာမတွေရဲ့ ခန္ဓာကိုယ်ကြီးကို ဘုရားရှင်က လှေကြီးလို့ ဥပမာတင်စားတယ် ဒီသုတ်တော်မှာ၊ ခန္ဓာကိုယ်ကို လှေကြီးတဲ့၊ ပရိသတ်ကြီးခန္ဓာကိုယ်က ဘာကြီးတဲ့တုံး? လှေ ကြီးပါဘုရား၊ ဘုန်းကြီးတို့ဘုရားရှင်ကလေ သတ္တဝါတွေ ကျွတ်တန်းဝင်စေချင်လို့၊ မဂ်ဖိုလ်နိဗ္ဗာန်ရစေချင်လွန်းလို့ ဥပမာတွေအမျိုးမျိုးဆောင်၊ ပုံတွေအမျိုးမျိုးထုတ်၊ ပရိယာယ်တွေ၊ ဝေဝုစ်တွေ အမျိုးမျိုးဆင်ဆင်ပြီးတော့ ဟောတော်မူရှာတာ၊ လိုရင်းတရားကတော့ နိဗ္ဗာန်ရဖို့ပဲ၊ အို နာ သေရေး ဒုက္ခဘေးလွတ်ဖို့၊ သံသရာက လွတ်ဖို့ကျွတ်ဖို့ ဒါပဲ၊ ပန်းတိုင်ကတော့ နိဗ္ဗာန်ရဖို့ပဲ၊ ဧကော ဓမ္မော--ချုပ်လိုက်ရင် တရားနှစ်လုံး ချုပ်လိုက်ရင်ဒါပဲ၊ နိဗ္ဗာန်ရဖို့ လိုရင်းပါပဲ၊ တစ်ခုတည်းပဲ။

http://www.dhammadownload.com



သို့သော် အဲဒါကို နိဗ္ဗာန်ရအောင်လို့ချည်းပြောနေလို့ သတ္တဝါတွေက အကြိုက်ကအမျိုးမျိုးရှိတာမို့လို့ ဆန္ဒကအမျိုးမျိုးရှိတာမို့လို့ အားထုတ်ချင်တဲ့စိတ်တွေက အမျိုးမျိုးရှိတာမို့လို့ သွယ်ဝိုက်ပြီးတော့ စကားပရိယာယ် အသွယ်သွယ်နဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တစ်ခါတခါကျတော့ ခန္ဓာကိုယ်ကြီး သစ်တုံးကြီး မျောလာသလိုတဲ့၊ ဒါရုက္ခန္ဓောပမသုတ္တန်ကျတော့၊ တစ်ခါတခါကျတော့ ခန္ဓာကိုယ်ကြီးကို ဝမ္မိသုတ်ကျတော့ တောင်ပို့ကြီးလိုတဲ့၊ အဲဒီလိုပေါ့လေ အမျိုးမျိုး ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဥပမာတင်စားပြီးဟောတော်မူတဲ့အနက်က ဒီသမ္ဗဟုလ ဘိက္ခုဝတ္ထုတော်ကြီးမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒကာ ဒကာမတွေရဲ့ ခန္ဓာကိုယ်ကြီးကို လှေကြီးနဲ့တူတယ်. . . တဲ့၊ အဲဒီလှေကြီးက ဘယ်နေရာရောက်နေတုန်း၊ အေးအေးချမ်းချမ်းနဲ့ နဒီရေယဉ်ကြောမျောပြီးတော့ နေတာလား အေးချမ်းတဲ့နေရာရောက်နေတာလား၊ ဘေးထူတဲ့နေရာ ရောက်နေ တာလားလို့ ဒီတော့-

ဘိက္ခု ဘိက္ခဝေါ-သံသရာစခန်း ပင်လယ်ခရီးကြမ်းကြီးမှ လွတ်လမ်းမျှော်တောင်း အိုသူတော်ကောင်းတို့ . . . တဲ့၊ ဒကာ ဒကာမတွေရဲ့ ခန္ဓာကိုယ်လှေကြီးက ခရီးကြမ်းကြီးထဲရောက်နေတယ်. . . တဲ့၊ ပင်လယ်စခန်း ခရီးကြမ်းကြီးထဲ ရောက်နေတယ်၊ ခန္ဓာကိုယ်လှေကြီးက ဘယ်ရောက်နေတုံး ပရိသတ်? ခရီးကြမ်းကြီးထဲရောက်နေတာပါဘုရား၊ ပင်လယ်စခန်း ခရီးကြမ်းကြီးထဲရောက်နေတယ်လို့ ဘုရားရှင်ကတင်စားပြီးတော့ ဟောတော်မူတယ်၊ ပင်လယ်စခန်း ခရီးကြမ်းကြီးဆိုတာ ဘုန်းကြီးတို့ ပင်လယ်ထဲမျာ သွားတဲ့အခါကျတော့ လှိုင်းလေ ငြိမ်သက်ပြီးတော့ နေရင်တော့ သာသာယာယာကြည်နူးဖွယ်ရာပေါ့၊ လှိုင်းတွေ လေတွေထ၊ မုန်တိုင်းတွေနဲ့များတွေပြီဆိုတော့ ခရီးကြမ်းကြီးဖြစ်သွားတာပဲ၊ ဘုန်းကြီးတို့ မကြာသေးခင်ကပဲ မြိတ်ကိုသွားခဲ့တယ်၊

ပြောလိုက်ကြတာ . . ဒီကတန်ဆောင်မုန်းဆိုတာ အရှင်ဘုရားတို့ကံကောင်းတယ်၊ တခါတည်း ရာသီဥတုကတန်ဆောင်မုန်းဆိုတော့ လေငြိမ် မိုးငြိမ်ပါ၊ လေယာဉ်ပျံတွေစီးမနေပါနဲ့ သင်္ဘောသာစီးပါဆိုလို့ သူများမြှောက် ပေးတာနဲ့ ဘုန်းကြီးတို့အဟုတ်မှတ်လို့ စီးသွား (၁၁) နာရီလောက်ကျတော့ မုန်တိုင်းနဲ့တိုးပါရော၊ ဘုန်းကြီးတို့ မြစ်ကြီးနားဆိုတဲ့ ပင်လယ်ကူးသင်္ဘော၊ တခါတည်း သင်္ဘောကြီးရှေ့မောင်းနေတုန်းထော့ လူးလိုက်တာ ငါးရံ့လူး တစ်ခါတည်းဘယ် ဘက်လူးသွား ညာဘက်လူးသွား၊ အခန်းထဲက စီးတဲ့သူဆိုတာကတော့ အူး-အဲနဲ့ အော့အန်ကုန်ကြတာပဲ၊ အကုန်လုံး၊ ဘုန်းကြီးကတော့ကုန်းပတ်ပေါ် လျှောက် တက်ပြီးတော့

F. 29

http://www.dhammadownload.com



ဟိုကြည့်ဒီကြည့် ကြည့်နေတော့ အမှုးသက်သာရဲ့ ခေါင်းထဲကတော့ နောက်တောက်တောက်ပဲ၊ နောက်ကျတော့ ပင်လယ်ထဲသွားရင်းပဲ ဟိုဘက်က ဆိပ်ကမ်းက မဝင်ရသေးဘူးတဲ့၊ ရေတက် ရေကျအချိန် ဓောနေသေး လို့ အဲဒါပင် လယ်ထဲ ကျောက်ချပြီးတော့ နေလိုက်ပါအုန်းလို့ ဟိုက လှမ်းအမိန့်ပေးတယ် ကမ်းကနေ၊ ဒီတော့ သင်္ဘောကြီးက ကမ်းသွားမကပ်နိုင်ဘဲနဲ့ ပင်လယ်အလယ် ခေါင်ကြီးကမ်းတော့ ရေးရေးလှမ်း မြင်နေရပြီ၊ အဲဒီမှာ ကျောက်ချပြီးတော့ရပ်လိုက် တော့ မုန်တိုင်းကကျနေတာဆိုတော့ ခုနကတော့ ဇက်နဲ့သွားနေလို့ ရွေ့သွားနေလို့ လှုးရုံလှုးတာ အခုတော့ လှုးရုံတင်မကဘူး၊ သင်္ဘောကြီးက ဘယ့်နဲ့ဖြစ်နေတုန်းဆိုတော့ နွားရိုင်းတွေခုန်ပေါက်သွားသလို အမြီးရောခေါင်းရော ခုန်ကုန်တယ်သင်္ဘောကြီး၊

ဒီတော့ မူးလိုက်ကြ၊ အော့လိုက်ကြ၊ အန်လိုက်ကြတာ မပြောနဲ့တော့ တန်ဆောင်မုန်းရာသီလေးကောင်းပါတယ်၊ အရှင်ဘုရားတို့ သင်္ဘောစီးပါလို့ မြှောက်ပေးတဲ့သူတွေ စိတ်ပေါက်လိုက်တာလေ ဘုန်းကြီးပြန်ပြီးတော့လည်း မပြောပါဘူး၊ ပြောနေလည်း အပိုပဲဆိုပြီးတော့ အသာကြိတ်မှိတ်ပြီးတော့ ကိုယ့်ဘာကိုယ် ပဲခံရ၊ ဒကာ ဒကာမတွေလည်း သိမှာပါ၊ မကြာခင်က မုန်တိုင်းကြီး မုန်တိုင်းကြီးနဲ့ ပရိသတ်ကြားလိုက်တယ်မဟုတ်လား? ကြားလိုက်ပါပါ့ဘုရား၊ အဲဒီ မုန်တိုင်းကြီးက ဘုန်းကြီးတို့အတွက်လာတဲ့မုန်တိုင်းကြီး။ ကဲအဲဒီလိုအားဖြင့် ပင်လယ်ခရီးကြမ်းထဲ ရောက်နေပြီဆိုရင် လှိုင်းဆိုတဲ့ ဘေးဆိုး ရန်ဆိုး ဝဲဂျင် ကလယ်ဆိုတဲ့ ဘေးဆိုးရန်ဆိုး မိကျောင်း မကန်းဆိုတဲ့ ဘေးဆိုးရန်ဆိုးကြီး သုံးမျိုးကြောင့်ပင်လယ်ခရီးကြမ်းကြီးလို့ ခေါ်ရတယ်တဲ့၊ ဟော -ပင်လယ်စခန်း ခရီးကြမ်းကြီးဆိုတာဘာဖြစ်လို့ ကြမ်းတာတုန်းဆိုတော့ ဘေးဆိုးရန်ဆိုးကြီး သုံးမျိုးကြောင့် ကြမ်းတာ၊ ဘေးဆိုးရန်ဆိုးကြီး သုံးမျိုးဆိုတာ ဘာတုန်းလို့ဆိုတော့ - ၁။ ဥမိဘယ-တဲ့ လှိုင်းတံပိုးဘေးကြီး အခုလိုမုန်တိုင်းကြီးတွေ ကျလာပြီဆိုတော့ လှိုင်းကြီးတွေ အိမ်လုံးတောင်လုံး လှိုင်းကြီးတွေလာဖြစ်တော့ အကုန်လုံး ဒုက္ခဖြစ်ကုန်တာပဲ၊ လှေကလေး သင်္ဘောကလေး ဖောင်ကလေးဆိုရင် လှိုင်းပုတ်လို့မြုပ်မယ်၊ ဒါကြောင့် လှိုင်းဘေးဆိုတဲ့ ဘေးဆိုးရန်ဆိုး ဘေးကြီးကြောင့်လည်းပဲ ပင်လယ် ခရီးကြမ်းလို့ ခေါ်ရတယ်။

၂။ အာဝဋ္ဋဘယ - ဂျင်ကလယ်စုတ် ဝဲမှုတ်တဲ့ဘေးကြီး၊ ဂျင်ကလယ်ကြီးတွေမှုတ်ပြီးတော့ ဝဲစုတ်လိုက်ရင်လည်း မြုပ်သွားနိုင်တယ်၊ ဒါကြောင့် ဘေးဆိုးရန်ဆိုးကြီး ခရီးကြမ်းကြီး၊ သုသုကာဘယတဲ့-မိကျောင်း ငမန်းဆိုတဲ့ ဘေးဆိုးရန်ဆိုးကြီးတွေလည်းရှိတယ်၊ မိကျောင်းတွေရှိတယ်၊ ငမန်းတွေရှိ[illegible]ချိန်မရွေး

http://www.dhammadownload.com



မိကျောင်းဆွဲလို့သေနိုင်တယ်၊ ငါးမန်းကိုက်လို့ သေနိုင်တယ်၊ ငါးမန်းမျိုလို့သေနိုင်တယ်၊ ဒါကြောင့် ပင်လယ်ခရီးစခန်းကြီးကို ခရီးကြမ်းကြီးလို့ဘာလို့ ပြောသလဲဆိုရင်တဲ့ ဘေးဆိုးရန်ဆိုးကြီး(၃)မျိုးရှိလို့ ခရီးကြမ်းခေါ်တယ်၊ ဘေးဆိုး ရန်ဆိုးကြီးသုံးမျိုး၊ ပရိသတ် ဘေးဆိုးရန်ဆိုးကြီး ဘယ်နှစ်မျိုးတဲ့တုံး? သုံးမျိုးပါ ဘုရား၊ အဲဒီပင်လယ်ကြီးကို ဘေးဆိုးရန်ဆိုးသုံးမျိုးရှိလို့ ခရီးကြမ်းကြီးလို့ ခေါ်သလိုပဲတဲ့ ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ရုပ်နာမ်နှစ်ဖြာ ခန္ဓာလှေကြီး ရောက်နေတဲ့နေရာကလည်းပဲ (၃၁)ဘုံခေါ်တဲ့ သံသရာစခန်း ခရီးကြမ်းကြီးထဲ ရောက်နေကြရတယ်၊ ဟော-ဒကာ ဒကာမတွေရောက်နေတဲ့ (၃၁)ဘုံ သံသရာကြီးကို ပင်လယ်ခရီးကြမ်းကြီးနဲ့ဘုရားက ဉပမာ နှိုင်းလိုက်တယ်။

ဒါဖြင့် ပင်လယ်ထဲမှာ လှိုင်းတွေ လေတွေရှိသလို တပည့်တော်တို့နေတဲ့ (၃၁)ဘုံ လူ့ဘုံနတ်ဘုံက ဘာလှိုင်းတွေ ရှိတုန်းဘုရားလို့ဆိုတော့ လောကဓံလှိုင်း၊ လာဘော အလာဘော၊ ယသော အယသော၊နိန္ဒပသံသာ၊ သုခံ ဒုက္ခံ၊ တခါတခါကျတော့ စီးပွါးဉစ္စာတွေ ရှာလို့ ဖွေလို့ရတယ်၊ တစ်ခါတစ်ခါကျ တော့ မရ၊ ဟော-လာဘ အလာဘလှိုင်း၊ တစ်ခါတစ်ခါကျတော့ ခြွေရံအသင်း ပင်းတွေနဲ့ ပြည့်စုံလို့၊ သားတွေသမီးတွေ မြေးတွေ မြစ်တွေ အခြွေအရံတွေနဲ့ ပြည့်စုံလို့၊ နောက်ကျတော့ တကောင်ကြွက် တမျက်နှာဖြစ်ပြီးတော့ ကျန်ရစ် ကိုယ့်ချည်း ကျန်ရစ်၊ ဒါ ယသ အယသ၊ တခါတခါကျတော့ အခြွေအရံတွေနဲ့ အသိုင်းအဝိုင်း တွေနဲ့၊ နောက်ကျတော့ ကိုယ်ကအကြောင်းအားလျော်စွာ ရာထူးကျသွား၍သော်လည်းကောင်း၊ စည်းစိမ်တွေ ဆုတ်ယုတ်သွား၍ သော်လည်းကောင်း၊ တစုံတခုသော ပြစ်ချက်ကြောင့်သော်လည်းကောင်း၊ ကိုယ့်ဝိုင်းမယ့်သူမရှိ၊ သိုင်းမယ့်သူမရှိ၊ ဝင်မယ့်သူမရှိ၊ ထွက်မယ့်သူမရှိ၊ တကောင်ကြွက် တမျက်နှာဖြစ်ရ၊ ဟော-ယသ အယသ၊ ဒါ လောက ကြီးထဲနေရင် ဒီလှိုင်းတွေက မလွတ်ဘူး၊ နိန္ဒ ပသံသာ၊ တခါတခါကျချီးမွမ်းလိုက်ကြတာ၊ ဂုဏ်ပြုလိုက်ကြတာ၊ အမွှမ်းတင်လိုက်ကြတာ၊ ဟိုကအကောင်းပြော၊ ဒီကအကောင်းပြော၊ ဟော- ကံဇာတာ စန်းလက် အကွက် မဆိုက်၊ ကံဆိုးမိုးမှောင်တွေကျလာပြီ ကံနိမ့်လာပြီဆိုတော့ဟိုကအပြစ်တင်၊ ဒီကရှုံ့ ချ၊ ဟိုကအတင်းပြော၊ ဒီကမကောင်းပြော၊ ကိုယ့်ကောင်းတာတွေ ဘယ်လောက် လုပ်နေပေမယ့်လို့ အများအကျိုး သည်ပိုးနေပေမယ့်လို့ ဟိုကအတင်းပြော၊ ဒီက မကောင်းပြော၊ ဒီကရှုံ့ချတဲ့ မျက်စိတွေနဲ့ကြည့်ကြ၊ ရှုံ့ချတဲ့မျက်နှာနဲ့ကြည့်ကြ နိန္ဒပသံသာ ဆိုတဲ့ လောကဓံလှိုင်းကြီး။

သုခံဒုက္ခံ- တခါတခါကျတော့ ကိုယ်ချမ်းသာ စိတ်ချမ်းသာဖြစ်လို့ ကိုယ်

http://www.dhammadownload.com



စိတ်နှစ်ပါးကြည်လို့ သားရေးကလည်းအဆင်ပြေ၊ သမီးရေးကလည်းအဆင်ပြေ၊ စီးပွါးရေးကလည်းအဆင်ပြေ၊ ရာထူးရာခံတွေကလည်းအဆင်ပြေဆိုတော့ ကိုယ်စိတ်နှစ်ပါး ကြည်လို့ ဖြုန်းကနဲ့ဆို တော်ကြာကျတော့ သားကိစ္စကြောင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲ၊ သမီးကိစ္စကြောင့် ကိုယ်ဆင်းရဲစိတ်ဆင်းရဲ၊ စီးပွါးရေး ကြောင့်၊ ရာထူးရာခံကြောင့် အလုပ်အကိုင်အရေးကြောင့် ဟိုအရေး ဒီအရေး စသည်ဖြင့် အရေးပေါင်းစုံကြောင့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲပူပန်ရတယ်လို့ဆိုတော့- အဲဒါလှိုင်းတွေလို့ခေါ်တယ်၊ လောကဓံ လှိုင်းကြီးရှစ်လုံး၊ လောကဓံလှိုင်းကြီး ပရိသတ်ဘယ်နှစ်လုံးရှိတုန်း? ရှစ်လုံးပါဘုရား၊ အဲဒီလှိုင်းကြီးတွေက ခုနက ဘုန်းကြီးတို့မြိတ်သွားတော့ လေမုန်တိုင်းကျလို့ မိလို့ တခါတခါ လှိုင်းကြီး လာတတ်သလိုပဲ၊ ဒကာ ဒကာမတွေရဲ့ လောကဓံလှိုင်းကလည်း တခါတခါ မုန်တိုင်းကြီးတွေ ကျပြီးတော့ ကြီးလာတတ်တယ်၊ ပရိတ်သတ် မကြီးတတ်ဘူးလား? ကြီးတတ်ပါ... ဘုရား၊ အာ-ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်လိုက်တော့ သားကအဆင်မပြေ၊ သမီးကအချိုးမကျ၊ စီးပွါးရေးကမဟန်၊ ဟိုကိစ္စကအဆင်မပြေ၊ ဒီကိစ္စက အဆင်မပြေ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတွေ ခံရလွန်းတော့ ဘာပဲဖြစ်ဖြစ်၊ ဖြစ်ချင်တာ ဖြစ်ရောဟ-ဆိုပြီးတော့ သတ်ဟာ၊ ထိုးဟာ၊ ခုတ်ဟာ၊ ရိုက်ဟာ၊ နှက်ဟာနဲ့ အခုဘဝ ထောင်တန်းကျ၊ အချုပ်ထဲရောက်၊ နောက်ဘဝကျတော့ အပါယ်လေးပါးထိုးကျ၊ ပရိသတ်ကြီး မြုတ်မသွားတတ်ဘူးလား? မြုတ်တတ်ပါ ဘုရား၊ ဒါဖြင့် ဒကာ ဒကာမတွေနေထိုင်တဲ့ (၃၁)ဘုံ သံသရာခရီးကြီးက လှိုင်းတံပိုးဘေးကြောင့်လည်းပဲ ကြမ်းတယ်. . တဲ့၊ လှိုင်းတံပိုး ဘေးကြီးရှိတယ်။

နံပါတ်(၂)က အာဝဋ္ဋဘယ-ဂျင်ကလက်စုတ် ဝဲမြုပ်နိုင်တဲ့ဘေးကြီး ဂျင်ကလက်စုတ် ဝဲမြုပ်နိုင်တယ်ဆိုတဲ့ဘေးကြီးဆိုတာ အပါယ်လေးပါးပြောတာ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေအကြောင်း မတော်ရင်ခြေချော်ပြီးတော့ ငရဲဘုံရောက်သွား၊ တိရစ္ဆာန်ဖြစ်ကြ၊ ပြိတ္တာဖြစ်ကြ၊ အသူရကာယ်ဖြစ်ကြဆိုတော့ ကိုယ်ဆင်းရဲစိတ်ဆင်းရဲနဲ့ ဒုက္ခပေါင်းစုံ ခံရ၊ အပါယ်လေးပါး မြုပ်သွားစေတတ်တာက အာဝဋ္ဋဘယလို့ခေါ်တယ်၊ အဲနံပါတ်(၃)က သုသုကာဘယ-လို့ခေါ်တဲ့ မိကျောင်းမကန်းငါးမန်းဆိုတဲ့ ဘေးကြီးသုံးပါးက ဘာတွေတုန်းလို့ဆိုရင် ဇရာ ဘေးဆိုတဲ့ အိုခြင်းဘေး၊ ဗျာဓိဘေးခေါ်တဲ့ နာခြင်းဘေး၊ မရဏဘေးလို့ခေါ်တဲ့ သေခြင်းဘေးတဲ့၊ဒီတော့ ဇရာခေါ်တဲ့မိကျောင်းကိုက်ပြီဆိုရင် ဆံပင်တွေလူချင်း မတူတော့ဘူး ဖြူကုန်ကွက်ကြားဖြူကုန်၊ပါးကုန်ကျဲကုန် မျက်စိတွေမှုန် နားတွေထိုင်းကုန် ခါးတွေကိုင်းကုန် ပါးရေတွန့်သလုံးအားခြေသလုံးအားတွေ ယုတ်ကုန်ပြီးတော့ တုန်တုန်ခိုက်

http://www.dhammadownload.com



ခိုက်ဖြစ်ပြီးတော့လာရတယ်၊ အဲဒါ ဇရာမိကျောင်းကိုက်တာ။ ဗျာဓိ မိကျောင်းကိုက်ပြီဆိုတော့ အိပ်ရာပေါ် ပက်လက် သွားကိုမသွားနိုင်တော့ဘူး၊ ဇရာမိကျောင်းဆွဲတာကမှ တရားပွဲလေး နောက်နားကလာပြီးတော့ ထိုင်နိုင်သေး တယ်လူထဲသူထဲ ထိုင်လို့မဖြစ်လို့ တခါထဲလေတွေသွေးတွေ ဆီးတွေ ဓာတ်တွေက မမှန်တော့လို့ လူထဲသူထဲလာမဖြစ်လို့ နောက်နားကလာထိုင်လို့ ရသေးတယ်၊ ဇရာမိကျောင်းကိုက်ရုံနဲ့က။

ဗျာဓိမိကျောင်းကိုက်ပြီဆိုတော့ အိပ်ရာပေါ် ပက်လက် ဖြစ်သွားပြီ ဓာတ်ဆရာ ဘိန္ဓောဆရာတွေခေါ်ပြီးတော့ကုကုန်ရပြီ ဟိုဟိုဒီဒီမှမရွေ့နိုင် မသွားနိုင်အောင် လေဖြတ်လို့ သွေးတိုးကြောင့် ဆီးချိုကြောင့် နှလုံးကြောင့်စသည်ဖြင့် ဗျာဓိငါးမန်းကြီးကိုက်လို့ရှိရင် အိပ်ရာပေါ်ကမရွေ့နိုင်လောက် အောင်ဖြစ်ကြရတယ် နောက်ဆုံးမရဏငါးမန်းကြီးမျိုလိုက်ပြီဆိုတော့ အိပ်ရာပေါ်တောင်ထားလို့မတော်လို့ သုသာန်ပို့ကြရတယ်တဲ့။ ဒီတော့ မိကျောင်း ငါးမန်းဘေးကြီးကလည်း (၃၁)ဘုံ သံသရာခရီးမှာ ပရိသတ်မရှိဘူးလား? ရှိပါ ဘုရား။ ဒါဖြင့် ဒီဘေးဆိုး, ရန်ဆိုးသုံးမျိုး ရှိနေသောကြောင့် ဘေးဆိုး ရန်ဆိုးသုံးမျိုးနဲ့ ပြွမ်းနေတဲ့နေရာမို့လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ခရီးကြမ်းကြီး. . . တဲ့ မင်းတို့ခန္ဓာကိုယ် လှေလှော်ခတ်နေရတဲ့နေရာက ခရီးကြမ်းကြီး၊ ပရိသတ်ကြီးရဲ့ ခန္ဓာကိုယ်လှေလှော်. . . လှော် နေတဲ့နေရာက ခရီးကြမ်းလား ခရီးနုလား? ခရီးကြမ်းပါဘုရား။

ဘိက္ခု ဘိက္ခဝေါ-သံသရာစခန်း ပင်လယ်ခရီးကြမ်းကြီးမှ, လွတ်လမ်းမျှော်တောင်း, အိုသူတော်ကောင်းတို့. . . လွတ်လမ်းမျှော်တဲ့ သူမှသူတော်ကောင်းတဲ့ ဘုရားက သံသရာစခန်း ခရီးကြမ်းကို ခရီးကြမ်းကြီးမှန်းသိပြီးတော့ လွတ်ချင်ကျွတ်ချင်ဖြစ်လာမှ အဲဒါသူတော်ကောင်းလို့ခေါ်တယ် များစွာသောသတ္တဝါတွေက ခရီးကြမ်းကကြမ်းသာကြမ်းတာ သူက ဒီထဲပျော်ပြီးနေတဲ့သတ္တဝါရှိသေးတယ် ဝဋ္ဋါဘိရတသတ္တဝါခေါ်တယ်၊ ဝဋ္ဋါဘိရတဝဋ်ခရီးကြမ်းကြီး ထဲမှာပျော်ပြီးတော့နေတယ် သားနဲ့ပျော် သမီးနဲ့ပျော် စီးပွားနဲ့ပျော် ဥစ္စာနဲ့ပျော် ကြံဖန်ပြီးတော့ သူဒုစရိုက်ပေါင်းစုံလုပ်ပြီးတော့လည်း ပျော်အမျိုးမျိုးနဲ့ ပျော်ပြီးတော့နေတယ်ဆိုတဲ့သူက လွတ်ချင်ကျွတ်ချင်စိတ်မရှိဘူး။ သူတော်ကောင်းစိတ်ဓာတ်ရှိတဲ့ ပုဂ္ဂိုလ်ကျတော့ လွတ်လမ်းကျွတ်လမ်း လွတ်မယ့်ကျွတ်မယ့်အလုပ်မှန်ရင် အိမ်ရှုပ်လှုပါတယ်ဆိုတဲ့ သားရေးသမီးရေး, စီးပွားရေးတွေ ကြားထဲကနေပြီးတော့ အချိန်ယူပြီးတော့ လွတ်ရေးကျွတ်ရေးအတွက် အချိန်ပေးပြီးတော့ အရယူကြတယ်၊ အဲဒီလိုအားဖြင့် အခုလိုတရားတော်ကို အနည်းဆုံးနာကြားတာကစပြီးတော့ သူတော်

http://www.dhammadownload.com



ကောင်းစိတ်ဓာတ်ကိန်းဝပ်တဲ့အလုပ်ကို လုပ်တာမှန်သမျှ လွတ်ချင်တဲ့သူ၊ ကျွတ်ချင်တဲ့သူ၊ လွတ်လမ်းမျှော်တဲ့သူတဲ့။

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ၊ ဒီနေ့ တရားနာတယ်ဆိုတာ ကုသိုလ်ရတယ်၊ နိဗ္ဗာန်ကိုရစေတတ်တယ်လို့ဆိုတဲ့ စိတ်ကလေး ဘုန်းကြီးတို့ ဒကာ ဒကာမပေါင်းသူတော်ကောင်းတွေသန္တာန် ပရိသတ်ရှိသလား၊ မရှိဘူးလား? ရှိပါတယ်ဘုရား၊ အဲဒါ လွတ်ချင်စိတ်ခေါ်တယ်၊ ဘာစိတ်ခေါ်ပါလိမ့်? လွတ်ချင်စိတ်ပါဘုရား။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး လောကထဲပွင့်လာတာ သတ္တဝါတွေ၊ အဲဒီ ဝိမုတ္တိရသခေါ်တဲ့ လွတ်ချင် စိတ်ကလေး ပေါ်စေချင်လို့ပွင့်လာတာ၊ (၃၁)ဘုံထဲခံစားနေဖို့ ဘုရားပွင့်လာတာမဟုတ်ဘူး၊ ဒီ(၃၁)ဘုံ သံသရာကြမ်းကြီးကို၊ ခရီးကြမ်းကြီးမှန်းသိပြီးတော့၊ လွတ်ချင်တဲ့စိတ်ကလေး ကိန်းကြပါစေ၊ လွတ်ချင်စိတ်ကလေးပေါက်ကြပါစေလို့ ပွင့်တော်မူလာတာ၊ ဒီတော့ ဒကာဒကာမတွေ ကုသိုလ်ကောင်းမှု တခုခုပြုတဲ့သူတိုင်းသည်. . . ပရိသတ် နိဗ္ဗာန်မမှန်းဘူးလား၊ မှန်းပါတယ်ဘုရား၊ နိဗ္ဗာန်မှန်းတာ လွတ်ချင်စိတ်လို့ခေါ်တယ်၊ ဘာစိတ်လို့ ခေါ်တုန်း? လွတ်ချင်စိတ်ပါဘုရား၊ လွတ်ချင်တယ်ဆိုကထဲက လွတ်ရာလွတ်ကြောင်းလျှော်တဲ့အမှု သူမပြုပေဘူးလား? ပြုပါတယ်ဘုရား၊ ဒီတော့ လျှော်တဲ့အမှုကိုပြုတော့ လျှော်တယ်ဆိုတာ၊ ဘာနဲ့လျှော်တုန်းဆိုတော့ တက်နဲ့လျှော်ရတယ်၊ လှေကိုလျှော်တယ်ဆိုတာ ဘာနဲ့ လျှော်တုန်းဆိုတော့ တက်နဲ့လျှော်တယ်၊ ပရိသတ်ဘာနဲ့လျှော်တုံး? တက်နဲ့လျှော်ပါတယ်ဘုရား။

ဒီတော့ ဒီနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ခန္ဓာကိုယ်လှေကြီးကို တက်နဲ့လျှော်တယ်၊ ဘာတက်နဲ့လျှော်တုန်း၊ တက်ဘယ်နှစ်စင်းနဲ့လျှော်တုန်းဆိုတော့ တက်ရှစ်စင်းနဲ့လျှော်ကြတယ်. . . တဲ့၊ တက်ရှစ်စင်းနဲ့ လျှော်ကြတယ်၊ မဂ္ဂင်ရှစ်ပါးတက်များနဲ့လျှော်ကြတယ်၊ ဒီတော့ မဂ္ဂင်ရှစ်ပါး ဘယ်လိုလျှော်တာတုန်းလို့ဆိုတာလေးကြည့်ရအောင်၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ အခု တရားနာလာတဲ့ကိစ္စ ဟောဒီပဋ္ဌာန်းပွဲပူဇော်ပွဲကြီးလုပ်တဲ့ အလုပ်ကိုပဲကြည့်လိုက်ရအောင်၊ ပဋ္ဌာန်းတရားတော်ကြီး (၅)ကြိမ်မြောက် ဒို့သံဃာတော်အရှင်သူမြတ်တွေ ရွတ်ဖတ်စေပြီးတော့၊ မြို့ရော၊ နယ်ရော၊ အန္တရာယ်ကင်းကြရအောင်၊ ဘေးရှင်းကြရအောင်၊ ကုသိုလ်တရားတွေပွားကြရအောင်၊ ရှိနေတဲ့ လူနတ်တိရစ္ဆာန် သုံးတန်သောသတ္တဝါတွေ ကုသိုလ်ကောင်းမှုတွေ တိုးကြရအောင်၊ ဖြစ်ကြရအောင်၊ ကံကောင်းလာအောင် ဘုန်းတွေတက်လာအောင် ဉာဏ်တွေတိုးကြရအောင် အထူးသဖြင့် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုတွေဖြစ်အောင် ဒို့ပဋ္ဌာန်းရွတ်ပွဲပြီး

http://www.dhammadownload.com



ကျင်းပမယ်လို့ဆိုရင်တော့ အဲဒီကျင်းပတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးတွေရဲ့ သန္တာန်မှာ အထူးသဖြင့် ဦးဆောင်ကျင်းပကြတဲ့ ဒကာ၊ ဒကာမ အပေါင်းတွေရဲ့သန္တာန်မှာ အခုလို တရားတော်ကြီးကို ပူဇော်တာဟာ မဂ်ဖိုလ် နိဗ္ဗာန်ရနိုင်တတ်တဲ့ ကောင်းတဲ့အလုပ်ပဲ သူတော်ကောင်းတွေ လုပ်တဲ့ အလုပ်ပဲ ဆိုတဲ့ အသိလေး ပရိသတ်ရှိသလား မရှိဘူးလား? ရှိပါတယ်ဘုရား။ ဒီတော့ အဲဒီအသိဟာ မှန်သောအသိကောင်းသောအသိမို့လို့ သူကို သမ္မာဒိဋ္ဌိ လို့ခေါ် တယ်။

မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းတဲ့အလုပ်ပဲ ကောင်းတဲ့အလုပ်တော့ လုပ်မှပဲလို့သိနေတဲ့ အသိက ကောင်းသောအသိခေါ်တယ်။ ဒီတော့ ကောင်း သောဆိုတာ ပါဠိလိုစီလိုက်ရင် သမ္မာလို့ခေါ်တယ်။ အသိဆိုတာက ဒိဋ္ဌိ၊ ဒီတော့ ဒီအသိသိနေတာ သမ္မာဒိဋ္ဌိလို့ခေါ်တယ်။ ဟော-သမ္မာဒိဋ္ဌိမဂ္ဂင် ပရိသတ် ပေါ်မလာဘူးလား? ပေါ်လာပါတယ်ဘုရား။ အဲဒါ တက်တစ်ချောင်းပဲ အဲဒီ သမ္မာဒိဋ္ဌိ ဦးစီးလိုက်လို့ အခုပဋ္ဌာန်းပူဇော် ပွဲကြီးဖြစ်လာတာ အခုတရားနာ လာခဲ့တဲ့ ကိစ္စမှာလည်းပဲ တရားနာလာတယ်ဆိုတာ အသိဉာဏ်တိုးတက် အလိမ္မာတိုးတက် တလုံးသိ နှစ်လုံးသိနိုင်တယ် သိတာကျင့်ရင် ဒို့မှာ တခါထဲ မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်တယ်၊ အနည်းဆုံး တရားတော်ကို နာရရင် နာရတဲ့ ကုသိုလ် ဖြစ်တယ် မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုတိုးတယ်ဆိုတဲ့အသိနဲ့ တရားနာ လာခဲ့ကြ၊ အဲဒီ အသိသည် ကောင်းသောအသိ ဘာဖြစ်လာတုန်းလို့ဆိုတော့ ဟော-ကော်းတာတွေနောက်က အကြံအစည်တွေ ပေါ်လာကုန်တယ် ကောင်းတဲ့အသိလေးက ရှေ့ကခံလိုက်တော့ ကောင်းတဲ့အကြံအစည်တွေ ပဋ္ဌာန်းတရားတော်ကို ပူဇော်တော့ ဘယ်လိုရွတ်စေမယ် ဘယ်လိုပူဇော်မယ် ဘယ်နေ့ကို ဖွင့်ပွဲလုပ်မယ် ဘယ်နေ့ကိုပိတ်ပွဲ ဘယ်နေ့ကို တရားပွဲထည့်မယ် ဘယ်လိုသံဃာတော်တွေ ဒီကြားထဲ ဘယ်လိုပူဇော်မယ် စသည်ဖြင့် ကြံစည် စိတ်ကူးမှုတွေ ပေါ်လာကြတယ်၊ အဲဒီ ကြံစည်စိတ်ကူးမှုကလည်း ကောင်းသော အကြံမို့လို့ သမ္မာသင်္ကပ္ပ မှန်တဲ့အကြံမို့လို့ သမ္မာသင်္ကပ္ပ မှန်တဲ့အသိသိမှ သမ္မာဒိဋ္ဌိ ကောင်းတဲ့အသိ မှန်တဲ့အသိကို သမ္မာဒိဋ္ဌိကောင်းတဲ့အကြံ မှန်တဲ့ အကြံမို့လို့ သမ္မာသင်္ကပ္ပ။

ကောင်းတဲ့အသိ ကောင်းတဲ့အကြံ ခံလိုက်တော့ ပြောလာတာကလည်း အကောင်းပြောလာတယ်လေ၊ ဟော-ဘယ်နားမှာ သွားကျင်းပမယ် ဘယ်လို တရားနာသွားမယ် လိုက်မလား လိုက်မယ်ဆိုတဲ့ တယောက်နဲ့ တယောက် ဝစီနှုတ် မြွက်ပြောကြတဲ့ အသိတွေကလည်းပဲ ကောင်းတဲ့အသံတွေ ထွက်လာတယ်၊ သူများ သတ်ဖို့အသံနဲ့မတူဘူး သူများပစ္စည်း ခိုးဖို့တိုင်ပင်တဲ့ အသံနဲ့ မတူဘူးသူများ ကိုစော်ကား မော်ကားလုပ်ဖို့အသံနဲ့မတူဘူး ဒီပါးစပ်ကလေးက ထွက်တော့အသံ

http://www.dhammadownload.com



တော့အသံပဲ အပါယ်သွားမယ့်အသံနဲ့ နိဗ္ဗာန် ရောက်မယ့်အသံလို နှစ်သံကွဲလာတယ်။ ဒီတော့ တရားနာသွားမယ်လို့ တစ်ယောက်နဲ့တစ်ယောက် ပြောကြတဲ့အသံ ပဋ္ဌာန်းတရားတော် ပူဇော်ပွဲကြီး ကျင်းပမယ်လို့ တစ်ယောက်နဲ့ တစ်ယောက် ပြောကြဆိုကြတဲ့အသံသည် ကောင်းသောအသံ၊ပရိသတ်ကောင်းတဲ့ အသံလား ဆိုးတဲ့ အသံလား? ကောင်းတဲ့အသံပါဘုရား။ ဒါကြောင့် သူ့ကို ကောင်းတဲ့ အသံမို့လို့ ကောင်းတဲ့အပြောမို့လို့ ပါဠိလိုစီလိုက်တော့--ကောင်းသော မွန်သော ဆိုတာက သမ္မာ၊ အပြောဆိုတာက ဝါစာ၊ သမ္မာဝါစာ၊ ဟော--သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ၊ မဂ္ဂင်သုံးပါး ပရိသတ် ပေါ်မလာဘူးလား? ပေါ်လာပါဘုရား၊ ကိုင်း ဒီလောက်ပြောရင် ဘုန်းကြီးတို့ပရိသတ် သဘောပေါက်ကြပြီ၊ လိုက်ဆိုလိုက်စမ်းပါ---

* မှန်တာသိတော့ မှန်ကြံကြံ၊ မှန်ကြံကြံတော့ မှန်သံထွက်၊ မှန်သံထွက်တော့၊ မှန်ဘက်ပါ၊ မှန်ဘက်ပါတော့ မှန်တာလုပ်။ သေတော့ ဝဋ်တွေပြုတ်။

ဟော--မှန်တာသိတယ်ဆိုတာ သမ္မာဒိဋ္ဌိ၊ မှန်ကြံကြံတယ်ဆိုတာ သမ္မာသင်္ကပ္ပ၊ မှန်တာတွေပြောကြ၊ တိုင်ပင်ကြ၊ ဆွေးနွေးကြဆိုတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တဆိုတာ မှန်တာတွေလျှောက်ပြီးတော့လုပ်ကြတာ၊ ဘုရားပွဲကြီး ဖြစ်အောင်၊ ပဋ္ဌာန်းပွဲကြီးဖြစ်အောင်၊ ခင်းကြ၊ ကျင်းကြ၊ စီစဉ်ကြ၊ ဘုရားရှင်ကို ပူဇော်သမ္မာတွေပြုကြ၊ ဝေယျာဝစ္စတွေဆောင်ရွက်ကြ၊ အဲဒါ သမ္မာကမ္မန္တ၊ မှန်သောအလုပ် နိဗ္ဗာန်ရောက်ကြောင်း ကောင်းတဲ့အလုပ်မို့လို့ သမ္မာကမ္မန္တ၊ အဲဒီအချိန်၊ အသက်ရှူရှိုက်မှုကလေးက၊ မှန်သောအသက်ရှူရှိုက်မှုလေးမို့ သမ္မာအာဇီဝ၊ အာဇီဝဆိုတာ အသက်မွေးဝမ်းကြောင်းလည်းဆိုင်တယ်၊ ဒကာ၊ ဒကာမတို့ရဲ့ နှာခေါင်းက ရှူးရှဲ ရှူးရှဲနဲ့ ထွက်လေဝင်လေလေးကိုလည်း အာဇီဝလို့ခေါ်တယ်၊ အသက်ရှူရှိုက်နေမှု၊ ဒီတော့ အဲဒီအသက်ရှူရှိုက်နေမှုက၊ ဒုစရိုက်သမားကြီးကလည်း ရှူးရှဲ ရှူးရှဲလေး ရှိတာပဲ၊ သူများပစ္စည်းခိုးမလို့ ကြံနေတဲ့သူကလည်း ရှူးရှဲ ရှူးရှဲလေး မရပ်ပါဘူး၊ သူက။ သူများသတ်ဖြတ်နေတဲ့ အချိန်လည်း ရှူးရှဲ ရှူးရှဲရှိတာပဲ၊ သို့သော် အဲဒါ မိစ္ဆာအာဇီဝလို့ခေါ်တယ်၊ အပယ်လားကြောင်းဖြစ်တဲ့ ရှူရှိုက်နေမှု၊ အခုဟာက နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ရှူရှိုက်နေမှုက သမ္မာအာဇီဝ။

ဒီတော့ အားထုတ်သမျှတွေကလည်း သမ္မာဝါယာမ၊ သတိရသမျှက လည်း၊ ဘုရားတရားသံဃာ သတိရလို့ သမ္မာသတိ၊ စိတ်နဲ့ ကိုယ်ကလေးက ကောင်းတဲ့ထဲမှာငြိမ်ပြီးနေလို့ သမ္မာသမာဓိ၊ အခု တရားနာနေတဲ့အခိုက်မှာ ဒကာ ဒကာမတွေရဲ့ စိတ်ကလေးနဲ့ ကိုယ်ကလေးကတည်ငြိမ်လို့ သမ္မာအာရုံထဲစိုက်နေတယ်၊

http://www.dhammadownload.com



အဲဒါကို သမ္မာသမာဓိလို့ခေါ်တယ်၊ ငြိမ်နေမှုကလေး၊ ဒါကို မြန်မာလို တည်ကြည်တယ်လို့ ခေါ်တယ်၊ ဒီတော့ မှန်တာဖက်က မှန်တဲ့ သမ္မာသက်ပွစတဲ့ မဂ္ဂင်ရှစ်ပါး၊ ဒကာ ဒကာမတွေ ဒီနေ့လုပ်တဲ့အလုပ်မှာ၊ ပြောနေတာကကြာသေးတယ်၊ မဂ္ဂင်ရှစ်ပါးပေါ်ပြီးတော့ လှော်ပြီးသားဖြစ်နေတယ်၊ အခု ဘုန်းကြီး တစ်ခုချင်းရှင်း ပြောနေတာက ဒကာ ဒကာမတွေ နားလည်အောင်လို့ပြောနေရတာ၊ အမှန်က ဒကာ ဒကာမတွေက ခန္ဓာကိုယ်ထဲမှာဖြစ်လာခဲ့တာက ဒီမဂ္ဂင်ရှစ်ပါး လှော်တက်တွေဖြစ်ပြီးတော့ ဒီရောက်လာကြတာ။

ဆိုပါတော့ တရားနာလာတဲ့ကိစ္စမှာပဲ၊ အိမ်ကနေပြီး တရားနာသွားတာကောင်းတယ်၊ တရားနာရတာများ ကုသိုလ်ဖြစ်တယ်၊ ဟော--သမ္မာဒိဋ္ဌိလေ၊ အဲဒီအသိပေါ်လာတော့ သွားမယ်၊ သွားမှ ဖြစ်မယ်၊ ထမင်းပါစားပြီး ဘယ်အချိန်သွားမယ်ကြံစည်လိုက်တယ်၊ နောက်-လိုက်ကြလိုက်အုံးမလား လိုက်ကြမယ်လေ၊ ဟော--သမ္မာသက်ပွ၊ သွားကြစို့လေဆိုပြီးတော့ ထွက်လာကြတော့ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာသတိ၊ သမ္မာသမာဓိလာတော့တရားအာရုံရောက်လို့ တရားပွဲဆီ စိတ်ကပြေးလိုက်၊ ရောက်လိုက်၊ သတိရလိုက်၊ တရားပွဲကျင်းပမယ့်ဆီ စိတ်က စိတ်ကူးနဲ့မြင်လိုက်၊ ဘုရားအာရုံရောက်လိုက်၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ ပြောနေတာကကြာသေးတယ်၊ မဂ္ဂင်ရှစ်ပါး လှော်တက် များများလှော်ခတ်ပြီးတော့ လာခဲ့ကြသည်၊ ဒကာ ဒကာမတွေရဲ့ ရုပ်နာမ် ခန္ဓာလှေကြီး အိမ်ကနေပြီးတော့ တရားပွဲရောက်လာ ကြတာ မဂ္ဂင်ရှစ်ပါး လှော်တက်နဲ့ လှော်လာလို့ ရောက်လာပါတယ်၊ မဂ္ဂင်ရှစ်ဖော်လှော်တက်နဲ့လှော်လာတာ၊ ပရိသတ် မဂ္ဂင်ရှစ်ဖော် ဘာနဲ့လှော်လာတာတုံး? လှော်တက်နဲ့ လှော်လာတာပါဘုရား၊ လှော်လာလို့ ခန္ဓာကိုယ်လှေကြီး ဒီရောက်မလာဘူးလား? ရောက်လာပါ[illegible]ဘုရား၊ ဒါဖြင့် ကုသိုလ်ကောင်းမှုတစ်ခုခုပြုတိုင်းပြုတိုင်း မဂ္ဂင်ရှစ်ဖော် လှော်တက်ပေါ်နေပြီဆိုတာ ဘုန်းကြီးတို့ပရိသတ် သိဖို့မလိုဘူးလား? လိုပါ[illegible]ဘုရား၊ ပြောနေတာကကြာသေးတယ် ဓာတ်သဘာဝတွေက သူ့ဘာသူသဘောအတိုင်းဖြစ်သွားတာ၊ ဒီတော့ အဲဒီမဂ္ဂင်ရှစ်ဖော် လှော်တက်များများနဲ့ လှော်ကြ. . . လှော်ပေးကြလို့. . . ဘုရားရှင်ကိုယ်တော်မြတ်ကြီးက--

ဘိက္ခု ဘိက္ခဝေါ-သံသရာစခန်း, ပင်လယ်ခရီးကြမ်းကြီးမှ, လွတ်လမ်းမျှော်တောင်း, အိုသူတော်ကောင်းတို့၊ ကမ္မနာဝံ-ရုပ်နာမ်နှစ်ဖြာ, ဤခန္ဓာဆိုတဲ့, လှေကြီးကို၊ သိဇ္ဇ ယိမ္မ [illegible]ရေဝန်ကို, ပက်သွန်ကြိုးကုတ်, အားထုတ်မပြတ်, လှော်ခတ်လိုက်ကြကုန်ရာ၏၊ ဝေါတုမှာကံ-သံသရာစခန်း, ပင်လယ်

http://www.dhammadownload.com



ခရီးကြမ်းကြီးမှ, လွတ်လမ်းမျှော်တောင်း, သင်သူတော်ကောင်းတို့၏၊ အယံနာဝံ-ရုပ်နာမ်နှစ်ဖြာ, ဤခန္ဓာဆိုတဲ့ လှေကြီးသည်၊ သိတ္တာ-ကိလေသာရေဝန်ကို, ပက်သွန်ကြိုးကုတ်, အားထုတ်မပြတ်, လှော်ခတ်အပ်သည်ရှိသော်၊ လဟုံ-အသော့မကြာ., လျင်မြန်ပေါ့ပါးစွာသာလျှင်၊ ဧဿတိ-နိဗ္ဗာန်သောင်ကမ်း, ဖြောင့်တန်းမသွေ, ရောက်ရပေလိမ့်လတ္တံ့. . .

မင်းတို့ အဲဒီလို မပြတ်မပြတ်လှော်ခတ်နေရင် မင်းတို့ရဲ့ ခန္ဓာလှေကြီးဟာ အသော့မကြာ လျင်မြန်ပေါ့ပါးစွာသာလျှင်၊ နိဗ္ဗာန်သောင်ကမ်းဖြောင့်တမ်းမသွေ ရောက်ရပေလိမ့်မယ်. . . တဲ့၊ အဲဒီလိုမှ မလှော်ခတ်ဘူးဆိုရင်. . . တဲ့၊ မင်းတို့ လှေကြီးမြုပ်တန်မြုပ်လိမ့်မယ်၊ ရောက်သည့်တိုင်အောင် အင်မတန်လေးပြီးတော့ နောက်ကျပြီးမှ ရောက်လိမ့်မယ်. . . တဲ့၊ လှော်တဲ့သူကရှေ့ကပေါ့တော့၊ လျင်လျင်မြန်မြန် ရောက်လိမ့်မယ်၊ အဲဒီ တရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘယ်သူတွေကို ဟောတာတုန်းဆိုတော့- ခိုးသားကိုးရာသူခိုး ဓားပြအဖွဲ့ကြီး ကိုးရာကို လှမ်းဟောတာ၊ ဒီတော့ ဟောတာကလည်း ထူးထူးဆန်းဆန်း တရားနာပရိတ်သတ်ကလည်း ခိုးသားကိုးရာ၊ နာတဲ့သူနဲ့ ဟောတဲ့သူကလည်းပဲ မိုင်ပေါင်းတစ်ထောင့်ငါးရာဝေးတယ်၊ ယူဇနာလိုပြောရင် (၁၂၀)၊ မိုင်နဲ့တွက်ရင် (၁၅၀၀)လောက် ဝေးတယ်။ ဥပမာနဲ့ ဘုန်းကြီးတို့ ပြောရရင် မြစ်ကြီးနားလိုဆီက ဘုရားကဟောတာ၊ နာတဲ့သူတွေက ဟိုး ရေး, မြိတ်, ထားဝယ်ဆီကနေနာတာ၊ ဒီတော့ ထူးဆန်းတဲ့တရားပွဲ၊ ဒီ တရားပွဲက။

ဒီတော့ ဘယ်လိုအကြောင်းဖြစ်လာတာတုန်းဆိုတော့ ဘုန်းကြီးတို့ ဇာတ်ကြောင်းလေး အတိုချုပ်ပြောရရင် ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော် မြတ်ကြီးသက်တော်ထင်ရှားရှိစဉ်က သာဝတ္ထိပြည်မှာ ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျော် စံပျော်တော်မူတဲ့အချိန် ဘုရားရှင်ရဲ့ အသီတိမဟာ သာဝကဂိုဏ်းဝင် အရှင်မဟာကစ္စာယနဆိုတဲ့ ရဟန္တာအရှင်မြတ်ကြီးက သူတပါးတွေ မသွားတဲ့ မိုင်ပေါင်း(၁၅၀၀) လောက်ဝေးတဲ့ အဝန္တီတိုင်း ကုရရ ယရဆိုတဲ့ မြို့သွားပြီးတော့ သာသနာပြုတော်မူတယ်၊ မြတ်စွာဘုရားရဲ့ သာဝကကြီးတွေထဲမှာ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်က အဂ္ဂသာဝကခေါ်တယ်၊ ဘိက္ခုနီမတွေဘက်ကျတော့ ခေမာ ရဟန္တာထေရီမကြီး, ဥပ္ပလဝဏ် ထေရီမကြီး နှစ်ပါးကို အဂ္ဂသာဝိကာမ၊ ဘုရားရဲ့ တပည့်တွေထဲမှာ နံပါတ်(၁) ပထမတန်းစား တပည့်ကြီး (၂)ပါးလို့ခေါ်တယ်၊ ဒီတော့ အမျိုးသားတွေဘက်က အရှင်သာရိ ပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်ပေါ့၊ အမျိုးသမီးတွေ ဘက်က ခေမာထေရီမကြီးနဲ့ ဥပ္ပလဝဏ်

http://www.dhammadownload.com



ထေရီမကြီး ရဟန္တာမကြီး (၂)ဦး၊ လက်ယာရံ၊ လက်ဝဲရံသူတို့ကလည်း။ အဲဒီ လေးပါးကလွဲပြီးတော့ ကျန်တဲ့ တပည့်တွေထဲမှာ ဒုတိယတန်းစား အနေနဲ့ အကြီးဆုံး . . . အမာခံကျောရိုးဆိုတဲ့ တပည့်သာဝကကြီးက (၈၀) ရှိတယ်။ အဲဒါကို အသီတိမဟာသာဝကလို့ ခေါ်တယ်။ အဂ္ဂသာဝက- အဂ္ဂဆိုတာ အမြတ်ဆုံး သာဝက တပည့်၊ အမြတ်ဆုံး တပည့်ကြီး လေးပါး။

အဲဒီနောက် မဟာသာဝက မြင့်မြတ်တဲ့တပည့်ကြီးတွေ ရှစ်ဆယ်၊ အဲဒီ ရဟန်းယောကျ်ားတွေရော၊ ရဟန္တာမကြီးတွေရောပါတယ်၊ အားလုံးရှစ်ဆယ်၊ အဲဒီအောက်ကျတော့မှ သာဝက၊ ဒါကျတော့ ရိုးရိုးသာဝကတွေပေါ့၊ အဲဒီလို ဘုရားရဲ့တပည့် သုံးမျိုးသုံးစားရှိတဲ့အနက်က အသီတိ မဟာသာဝက ခေါ်တဲ့ မဟာသာဝက ရှစ်ကျိပ်အပါအဝင်ဖြစ်တဲ့ အရှင်မဟာကစ္စာယန ရဟန္တာ အရှင်မြတ်ကြီးက ဘုရားရှင်ကိုယ်တော်မြတ် သီတင်းသုံးတော်မူတဲ့ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှ တောင်ဘက်အရပ်ကျတဲ့ အဝန္တိဒက္ခိဏာပထတိုင်းမှာ ကုရရဃရ ဆိုတဲ့ မြို့ကြီးသွားပြီးတော့ သာသနာပြု၊ မိုင်ပေါင်း (၁၅၀၀) လောက် ဝေးတယ်၊ ဒီတော့ အဲဒီသွား သာသနာပြုတော့ သူ့ကို အကူအညီ ပေးနေတာက ကာဠီလို့ခေါ် တဲ့ သူဋ္ဌေးကတော်ကြီး၊ သူဋ္ဌေးကတော်ကြီးက ပစ္စည်းဥစ္စာကလည်းပဲ ကုဋေပေါင်း ရှစ်ဆယ်လောက်ကြွယ်ဝတယ်၊ အဲ- သားကလေးကလည်း သူ့မှာတစ်ယောက် ပဲရှိတယ်၊ သူ့သားလေးရဲ့နာမည်က သောဏတဲ့၊ သူ့သားလေး သောဏရဲ့ရှေ့က ဂုဏ်ထူးလေးက- ကောဋိကဏ္ဏသောဏတဲ့။

သောဏတွေက အမျိုးမျိုးရှိလို့ ကောဋိကဏ္ဏသောဏ၊ ဘာပြုလို့ သူ့ကို တော့ ကောဋိကဏ္ဏသောဏ ခေါ်ရတာတုန်းဆိုတော့ သူ့ကို ငယ်ငယ်က နားချောင်းလုပ်ပေးတော့ သူ့ရဲ့နားချောင်းက တစ်ကုဋေ ထိုက်တန်တယ်၊ တစ်ကုဋေတန် နားချောင်းလုပ်ပေးလို့ ဆင်ပေးထားလို့မို့ သူ့ကိုကောဋိကဏ္ဏ သောဏ၊ ကောဋိ ဆိုတာ တစ်ကုဋေ၊ ကဏ္ဏ-ဆိုတာ နားတန်ဆာ၊ နားကပ်၊ စိန်နားပန်၊ သောဏဆိုတာက နာမည်ရင်း၊ ပေါင်းလိုက်တော့ ကောဋိကဏ္ဏ သောဏ ကိုး။၊ ပရိသတ်နားလည်လွယ်အောင် စိန်နားပန်ကလေး ပန်ထားတဲ့ မောင်သောဏ၊ သူဋ္ဌေးသားလေး သောဏ၊ ကာဠီသူဋ္ဌေးကတော်ကြီးမှာ သားလေး ကလည်း ဒီတစ်ယောက်ပဲရှိ၊ အဲဒီသူဋ္ဌေးကတော်ကြီးက သဒ္ဓါတရားကောင်း ကောင်းနဲ့ သာသနာပြုတဲ့ကိစ္စမှာ ကူညီတယ်၊ စိုင်းဝန်းတယ်၊ ပစ္စည်း လေးပါးနဲ့ ထောက်ပံ့တယ်၊ အဲဒီလို နေကြရာက သောဏဆိုတဲ့ သူဋ္ဌေးသား ကလေးက တစ်ဦးတည်းသော သားကလေးက ရဟန်းပြုချင်ပါတယ်လို့ မိဘကို ခွင့်ပန်တော့ မိဘကလည်း 'ကြည်ကြည်ဖြူဖြူ ရဟန်းပြုခွင့်ပေးလို့ ရဟန်းဖြစ်။

http://www.dhammadownload.com



အဲဒီလို ရဟန်းဖြစ်လို့ အရှင်သောဏ ရဟန်း (၅) ဝါရတဲ့ အချိန်ကျတော့ အရှင်သောဏက သူ့ဆရာ အရှင်မဟာကစ္စာယနကို ပန်ပြောတယ်၊ တပည့်တော် ဘုရား ဘုရားရှင်ကို ဖူးပါရစေ သွားပြီးတော့၊ အေး-ငါ့တပည့်ကိုင်း သွားတော့ သွားတာပေါ့ ခရီးကလှမ်းတယ်နော်၊ ဒီတော့ ဟောဒီလမ်း ဟောဒီလမ်းကနေပြီး တော့ ဒီလိုဒီလို သွားပေတော့လို့ဆိုပြီးတော့ ခရီးလမ်းညွှန်လိုက်လို့ အရှင်သောဏ အရှင်မဟာကစ္စာယနရဲ့ တပည့်တစ်ပါးတည်း တစ်နေ့တစ်ယူဇနာ တစ်ယူဇနာ ခရီးဒေသစာရီကြွချီပြီးတော့ ဘုရားထံမှောက် ရောက်အောင်လာခဲ့တယ်။ အဲဒီလိုရောက်လာတော့ ဘုရားရှင်ထံမှောက် ရောက်တယ်ဆိုရင်ပဲ ဘုရားရှင် ကိုယ်တော်မြတ်ကို ဝတ်ပြုပြီးတော့ နှုတ်ဆက်စကားပြောတော့ ဘုရားရှင်ကိုယ် တော်မြတ်က ချစ်သားဘယ်ကလာခဲ့တုန်း တပည့်တော် အဝန္တိ ဒက္ခိဏာပထတိုင်း ကုရရဃြို့ကလာခဲ့ပါတယ်ဘုရား။ အရှင်မဟာကစ္စာယနရဲ့ တပည့်ဖြစ်ပါတယ်။

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ငါ့တပည့်ကြီး အင်မတန် ဝေးလံ တဲ့ဒေသသွားပြီးတော့ သာသနာပြုနေတဲ့ တပည့်ကြီးပါလား. . . လို့ ဘုရားရှင်က အထူးတလည် အသိအမှတ်ပြုနေတဲ့အပြင် အရှင်ကစ္စာယနက လွှတ်လိုက်တဲ့ တပည့်ကို ဘုရားရှင်က ဦးစားပေးတဲ့အနေနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သီတင်းသုံးတဲ့ ဂန္ဓာကုဋိကျောင်းထဲမှာ အတူတည်းခိုခွင့်ပေးတယ် ဘုရားသီတင်းသုံး တဲ့ ဂန္ဓကုဋိကျောင်းဆိုတာ ရဟန်းတိုင်းနေခွင့်မရဘူး၊ အဲဒါ ဘုရားရှင်ကဦးစား ပေးတဲ့အနေနဲ့ ဂရုစိုက်တဲ့အနေနဲ့ အရှင်သောဏကို အဲဒီ ဘုရားရှင်သီတင်းသုံးတဲ့ ဂန္ဓကုဋိကျောင်းဆောင်ကြီးထဲမှာ နေခွင့်ပေးတော်မူ၊ ဒီတော့ အရှင်သောဏက သူ့အတွက် နေရာလေးခင်း သပိတ်သင်္ကန်းလေး တွေချပြီးတော့ ကိုင်းအောက် ဆင်းပြီး လမ်းလျှောက်အုန်းမယ်ဆိုပြီးတော့ ညဦးယာမ် စောစောပိုင်း အောက်ဆင်း စင်္ကြံလျှောက်ပြီး တရားနှစ်လုံးသွင်း ညဉ့်လယ်ရောက်တော့ ဘုရားရှင်ရဲ့ ဂန္ဓကုဋိ တိုက်ထဲ ဝင်အိပ် မနက်ကျတော့ စောစော (၃) နာရီခွဲ (၄) နာရီခွဲလောက်မှာထ အဲဒီလို နိုးပြီးတော့နေတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ချစ်သားသောဏ . . . အဋ္ဌကဝဂ္ဂ သုတ္တန်ကြီးကို သရဘညခေါ်တဲ့ အသံသာယာနာပျော်ဘွယ်နဲ့ ရွတ်စမ်းပါလို့ ဘုရားတခိုင်း အဋ္ဌတဝဂ္ဂ သုတ္တန်ကြီးဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နားရှည်လွယ်အောင် ပြောရရင် မေ့စကြာတို့လို သုတ်တော်ကြီး ပေါ့ အနတ္တလက္ခဏတို့လိုသုတ်တော်ကြီး အဲဒါကို အရှင်သောဏကို ဘုရားက အရွတ်ခိုင်းတယ်၊ ဒီတော့ အရှင်သောဏကလည်း ရနေတာဖြစ်တော့လေ သရသညဆိုတာ အသံသာယာနာပျော်ဘွယ်နဲ့ရွတ်တာ၊ မေ့စကြာတော်ကြီး ရွတ်သလိုပေါ့။

http://www.dhammadownload.com



ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ-နဲ့ မနက်စောစော ရွတ် အခုသံဃာတော်အရှင်မြတ်တွေ အောင်မြေရွှေဘုံဆရာတော် ဦးစီးတဲ့သံဃာ တော်အရှင်မြတ်တွေက ပဋ္ဌာန်းတရားတော်ကြီးရွတ်ကြသလိုပေါ့ သာယာနာ ပျော်ဖွယ်နဲ့ရွတ်တာ၊အဲဒီလိုရွတ်တော့ မနက်စောစောရွတ်တာဖြစ်တော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက တရားနာလို့ အရှင်သောဏ (၅) ဝါရ ဦးဇင်းလေးက တရားဟောလို့ အဲဒါတရားဟော တရားနာနေတာပဲ ရွတ်တာ နာတာဆိုတာ ဒါတရားဟောတာပဲ၊အခုသံဃာတော်တွေ ပဋ္ဌာန်းပွဲကြီး ရွတ်တယ်ဆိုတာ တရား ဟောနေတာပဲ ဒကာဒကာမတွေက နာတယ်ဆိုတာ တရားနာတာပဲ အခုဘုန်းကြီး တို့ဟောတာက အဓိပ္ပာယ်ပြောပြီးဟောတဲ့ အဟော။ သူတို့က သရဘညဟော ခေါ်တဲ့ အသံသာယာနာပျော်ဘွယ်နဲ့ ရွတ်တာ။ အခုလဲ အရှင်သောဏက အဲဒီ လိုရွတ် ဘုရားကတရားနာ ဘုရားရှင်က တရားနာတော့ အဲဒီပတ်ဝန်းကျင်က ရဟန်းတော်တွေကလည်း နာကြတယ် နတ်တွေကလည်းပဲ နာကြတယ်ဘုရား ရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင်ကနာနေတော့ ကျောင်းပတ်ဝန်းကျင်က နတ်တွေ ဂန္ဓကုဋိစောင့်တဲ့ နတ်တွေကလည်းနာကြတယ်။

ဒီတော့ မနက်စောစောကိုတော့ အရှင်သောဏကလည်း အသံကလည်း သာသာယာယာနဲ့ရွတ်ဖတ် ပရိသတ်တွေကလည်းနာကြတယ် အထူးသဖြင့် မနက်စောစောဆိုတာ တရားသံဟာအင်မတန် စိတ်ကိုကြည်နူး စေတတ်တယ်၊ အင်မတန်အေးချမ်းစေတတ်တယ် ခန္ဓာကိုယ်ကလည်း မနက် စောစောဆိုတော့ တညလုံးအိပ်ထား အနားပေးထားတော့ မျက်စိအားတွေ နားအားတွေ ခန္ဓာကိုယ် အားတွေက ပြည့်နေတာ ဖြစ်တော့ ဉာဏ်တွေကလည်း ရွှင်ပြီးနေတော့ အဲဒီတရား သံဝင်လာတယ်ဆိုရင် ကြည်နူးတယ်၊ အဲဒီလိုအားဖြင့် အရှင်သောဏရဲ့တရား တော်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်းနာ၊နတ်တွေကလည်းနာ ပတ်ဝန်း ကျင်သံဃာတော်တွေကလည်းနာ တရားဆုံး သွားလိုက်သည်နှင့် တပြိုင်နက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သာဓု. . . သာဓု. . . သာဓု. . . လို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သာဓုသုံးကြိမ်ခေါ်၊ ဘုရားရှင်ကိုယ်တော်တိုင်က သာဓုခေါ် သံကြားတော့ ဇေတဝန်ကျောင်းတိုက်ထဲမှာ ရှိနေတဲ့ သာသနာ စောင့်နတ်တွေကစ သစ်ပင်စောင့်နတ်တွေ ကိုယ်စောင့်နတ်တွေ ကျောင်းစောင့်နတ်တွေ ရှိရှိသမျှ နတ်တွေက မနေနိုင်ကြဘူး အကုန်လုံး သာဓုညီညီခေါ်ကြ တယ်တဲ့ နတ်တွေသာဓု ခေါ်ကြ။

အဲဒီလို ဇေတဝန်ကျောင်းတိုက်ထဲကနတ်တွေက သာဓုခေါ်သံကြားတော့ ပတ်ဝန်းကျင်ရှိနေတဲ့ သာဝတ္ထိမြို့ထဲက အိမ်စောင့်နတ်တွေ ရွာစောင့်နတ်တွေ

http://www.dhammadownload.com



နယ်တော့ယင် ပယ်တော့ယင်တွေကစ တဆင့်တဆင့် ကြည်နူးပြီး သာဓုခေါ်ကြ အဲဒီလိုနဲ့ တဆင့်တဆင့်နဲ့သာဓုခေါ် သွားလိုက်ကြတာ ခုနက အရှင်သောဏ တို့ဇာတိ အဝန္တိဒက္ခိဏာပထတိုင်း ကုရရဆိုတဲ့မြို့က ကျန်ရစ်တဲ့မယ်တော်ကြီး ကာဠီသူဌေးကတော်အိမ်ထဲကရှိတဲ့ နတ်တွေကလည်း သာဓု. . . သာဓု. . . သာဓု. . . နဲ့ မနက်စောစောကြီး သာဓုခေါ် ကုန်ကြတယ်၊ ဆက်ဆက်ဆက်ဆက် သွားလိုက်တာ မိုင်ပေါင်း (၁၅၀၀) ခဏလေးရောက်သွားတာ အဲဒီတင် မယ်တော်ကြီးက အလို. . . စောစောစီးစီး သာဓုခေါ် နေကြတာ ဘယ်သူတွေတုန်း ဆိုတော့မှ နတ်သားတွေက မယ်တော်ကြီး သူဌေးကတော်ကြီး ကျုပ်တို့ပါ ကျုပ်တို့ပါ ကျုပ်တို့ အိမ်စောင့်နတ်တွေ အိမ်ခြံစောင့်နတ်တွေပါ၊ အမလေးကျုပ်နေ့တိုင်း ကုသိုလ်တွေ ပြုပြီးတော့ အမျှဝေနေတုန်းကတော့ သာဓုမခေါ်ကြပါဘဲနဲ့ ဒီနေ့ကျမှ ဘာစိတ်ကူး ပေါက်ပြီးထူးထူးဆန်းဆန်း ကိုယ်ရွှေနတ်တို့ သာဓု ခေါ်နေ ကြတာတုန်း။

"မယ်တော်ကြီး. . . မယ်တော်ကြီးရဲ့ ကောင်းမှုကိုခေါ် တာမဟုတ်ဘူး၊ ဒါဖြင့်ဘယ်သူကောင်းမှု သာဓုခေါ် နေကြတာတုန်းကိုယ်ရွှေနတ်တို့ရဲ့" "မယ်တော်ကြီးရဲ့သားက ဘုရားကို တရားဟောတာကို သာဓုခေါ်ကြပါတယ်၊" "ဟင်. . . ကျုပ်သားကဘုရားကို တရားဟောတာလား ဘုရားကကျုပ်သားကို တရားဟော တာလား။" "မယ်တော်ကြီး. . . မယ်တော်ကြီးရဲ့သား အရှင်သောဏက ဘုရားကို တရား ဟောပါတယ်၊ အဲဒါကိုဇေတဝန်ကျောင်းတိုက်ထဲက နတ်တွေက သာဓုခေါ် ကြလို့ ကျုပ်တို့ဝမ်းသာလွန်းလို့ အဆက်ဆက်ပြောလိုက်တဲ့ အသံကြားလို့ သာဓု ခေါ် ပါတယ်၊ မယ်တော်ကြီး. . အမယ်လေး ကျုပ်သားက ဘုရားကို တရားဟော တယ်၊ မွေးရကျိုးနပ်ပြီ. . . သားဦးသားမြတ်တစ်ယောက်ကို မွေးရတာဖြင့် မွေးရကျိုးနပ်လိုက်လေခြင်း၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများကိုတောင် မိမိရဲ့ သားက တရားဟောနိုင်တယ်ဆိုတော့ ဒီသားမျိုးမွေးရတာ မွေးရကျိုး နပ်လေ ခြင်း. . . လို့၊ မယ်တော်ကြီးမှာလေ၊ ပီတိတွေများဖြစ်၊ ပီတိတွေဖြစ်ရုံမျှမက ကိုင်း သားတော်များပြန်လာရင်ဖြင့် မယ်တော်ကြီးနဲ့တကွ မြို့သူမြို့သားတွေ တရားဟောတော်မူ ပါလို့ တရားတောင်းပန်မယ်လို့ မယ်တော် ကြီးက စောင့်နေ။

အဲဒီလိုနဲ့ ရှင်သောဏလည်းပဲ ဘုရားထံမှာ နေသင့်သလောက်နေပြီး တော့၊ နောက်တော့ တစ်ဖြေးဖြေးနဲ့ ပြန်ကြွလာလို့ ကုရရမြို့ ပြန်ရောက်၊ ရောက် တော့-မယ်တော်ကြီးက "သားတော်. . . သားတော်က ဘုရားတရားဟောတယ်ဆို၊ ဟင်-မယ်တော့ကို ဘယ်သူပြောလို့သိတုန်း၊" "သားရယ်အဲဒီနေ့က နတ်တွေ အဆက်ဆက် သာဓုခေါ်ပြီးလာလို့ မယ်တော်အိမ်က နတ်တွေပါသာဓုခေါ် လို့

http://www.dhammadownload.com



သိရပါတယ်၊ ဒါကြောင့် သားတော်ကဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုပင်လျှင် တရားဟော နိုင်တဲ့သားဖြစ်တော့ မယ်တော်ကြီးလည်း မွေးရကျိုးနပ်ပါတယ်တဲ့၊ ဝမ်းသာပါ တယ်၊ ကြည်နူးပါတယ်၊ ဒါကြောင့်မို့ မယ်တော့ကိုလည်း ကျေးဇူးဆပ်တဲ့ အနေနဲ့ မြို့သူ မြို့သားတွေကိုလည်း ကျေးဇူးဆပ်တဲ့အနေနဲ့ သားက တရားဟော တော်မူပါလို့ တောင်းပန်တော့-အရှင်သောဏက ကောင်းပြီး မယ်တော်ကြီး၊ ကဲဒီလိုဆိုရင် တရားနာရအောင်သာ တရားပွဲပြင်ကြ ပေတော့လို့ ဆိုပြီးတော့ တရားဟောဖို့စီစဉ်။

ဒီတော့ မယ်တော်ကြီးက တခါထဲ၊ တမြို့လုံးကြွေးကြော်အော်ဟစ်ပြီး တော့ မြို့လယ်ခေါင်မှာ မဏ္ဍပ်ကြီးဆောက်၊ နေ့ချင်းပြီးမဏ္ဍပ်ကြီးဆောက်ပြီး တော့ ညတရားနာကြမယ်ဆိုပြီးတော့ ပရိသတ်တွေ တမြို့လုံးကြွေးကြော်ခေါ်၊ မယ်တော် ကြီးလည်း သူ့အိမ်ရှိနေတဲ့သူတွေအကုန်လုံးခေါ်ပြီးတော့ တရားနာထွက်၊ သူတို့ခေတ်က တရားပွဲစတာက ကိုးနာရီ ဆယ်နာရီလောက်မှစတာ၊ တညလုံး နာတယ်၊ အဲဒီလိုနာလေ့နာထရှိတဲ့အတိုင်း မယ်တော်ကြီးက သူဋ္ဌေးကတော်ကြီးက တမြို့လုံးပရိသတ်တွေနှင့်တကွ တရားနာထွက်တယ်၊ အိမ်မှာကလေးမလေး အစောင့်ထားခဲ့တယ်။ ဒီတော့အဲဒီအချိန်မှာ သူတော်ကောင်းအလုပ် လုပ်တဲ့သူ တွေကလုပ်တော့၊ သူယုတ်မာအလုပ် လုပ်တဲ့သူတွေကလည်း၊ သူတို့စိတ်ကူး နဲ့သူတို့ သူခိုးဓားပြ ကိုးရာက-ဒီသူဋ္ဌေးကတော် ကြီးအိမ် ချောင်းနေတာ ကြာလှပြီ၊ ခိုးချင်လုချင်တာ၊ အခွင့်ကမသာလို့ သူတို့ချောင်းနေရတာ၊ ဒီတော့ သူခိုးအဖွဲ့ကြီး ကိုးရာက၊ ဟေ့-ဒို့တော့ ဒီနေ့အခွင့်သာပြီ၊ သူခိုး ကြီးက-ဒို့ ဒီနေ့တော့ အခွင့်သာပြီ၊ သူဋ္ဌေးကတော်ကြီး တရားနာထွက်လိမ့်မယ်၊ တညလုံးနာမှာ မြို့လယ် ခေါင်သွားနာမှာ၊ ဒီတော့အိမ်မှာ ကလေးမလေး (၂) ယောက်ပဲအစောင့် ရှိတယ်လို ကြားတယ်၊ ဒို့စုံထောက် တွေစကားအရ၊ ဒီတော့ညမှာ သူဋ္ဌေးအိမ် ကိုဝင်ပြီးတော့ ပစ္စည်းတွေယူရမယ်လို့ ဆိုပြီးတော့ သူကလည်းစီမံကိန်းချပြီးတော့ သူ့တပည့် တွေကို ကဲ-ဘယ်အချိန် ကနေပြီးတော့ စပြီးတော့မင်းတို့ဘယ်နား ကိုသွားရမယ်- -ငွေတိုက်ကိုအရင် ဖောက်ရမယ်၊ ပြီးတော့ရွှေတိုက်ကိုဖောက်ရမယ်၊ ပြီးတော့ ကျောက်သံပတ္တမြားတိုက်ကိုဘယ်နားမှာရှိတယ် ဖောက်ရမယ်၊ အစီအစဉ်တွေ ချပေး။

ပြီးတော့ သူခိုး ကြီးက သူကတော့၊ ငါကတော့-တဲ့ အဲဒီတရားပွဲထဲမှာ သွားပြီးတော့ ငါနေမယ်တဲ့၊ မယောင်မလည်နဲ့ရုပ်ဖျက်ပြီးတော့ ငါကသွား ပြီးတော့ တရားနာပရိသတ်ယောင်ဆောင်ပြီးတော့နေမယ်၊ သူဋ္ဌေးကတော်ကြီး ကို

http://www.dhammadownload.com



တစ်စုံတစ်ယောက်ကလာပြီးတော့ မင်းတို့အိမ်မှာ ဖောက်ထွင်းတာတွေလာပြီးတော့ တိုင်လို့တောလို့မှား သူဌေးကတော်ကြီးက ကာကွယ်ဖို့ ခုခံဖို့ ဖမ်းဖို့ ဆီးဖို့လုပ်မယ်ကြံရင် ငါက အဲဒီတရားပွဲရဲ့အပြင်ဘက်နား သူဌေးကတော်ကြီး ထွက်လာသည်နဲ့တပြိုင်နက် ဟောဒီဓားနဲ့ ငါတချက်ထဲထိုးပြီးတော့သတ် လိုက်မယ်၊ မင်းတို့ အဲဒီက စိတ်ချလက်ချသာ အလုပ် လုပ်ကြဆိုပြီးတော့ ဓားမြောင် ခါးထိုးပြီးတော့ သူကတရားနာချင်ယောင်ဆောင်ပြီးတော့ လာနေ၊ အဲဒီလိုနဲ့ တရားပွဲကြီး စလို့ တရားဟောနေပြီ၊ ကိုးနာရီ ဆယ်နာရီလောက်ကျတော့ အိမ်ကသူခိုးတွေ ဝင်ပြီးတော့ ငွေတိုက်ကိုဖောက်ကြတော့ အိမ်မှာစောင့် နေတဲ့ ကလေးမလေး နှစ်ယောက်ထဲက တစ်ယောက်ကပြေးလာ၊ ပြေးလာပြီးတော့ မယ်တော်ကြီး. . . အိမ်မှာသူခိုးတွေဝင်ကုန်ပြီ၊ ငွေတိုက်ကို ဖောက်ကုန်ပြီ အမေရဲ့၊ ပြန်လာမှာဖြင့် လည်း ပြန်လာပါအုန်း၊ လုပ်စရာရှိတာ လည်းလုပ်ပါအုန်း. . . လို့ လာပြီးတော့ပြော။

ပြောတော့မယ်တော်ကြီးက သူဌေးကတော်ကြီးက၊ ချစ်သမီး. . . တဲ့၊ ယူပါစေ ယူပါစေ၊ ဘုံဆိုင်ပစ္စည်းမို့လို့ သူတို့နဲ့လည်းဆိုင်လို့ သူတို့ယူတာတဲ့ သမီးရဲ့၊ အမေ့ဆီရှိနေတဲ့ ပစ္စည်းဟာ-အမေတစ်ယောက်တည်းပိုင်တာမဟုတ်ဘူးတဲ့၊ မီးကလည်းပိုင်တယ်၊ ရေကလည်းပိုင်တယ်၊ သူခိုးကလည်းပိုင်တယ်၊ မင်းစိုးရာဇာ ကလည်းပိုင်တယ်၊ အမွေခံဆိုးသားဆိုး သမီးဆိုးကလည်းပိုင်တယ်၊ ရန်သူမျိုး ငါးပါးကလည်းပိုင်တယ်၊ ဆိုင်ကြတယ်၊ ဒါကြောင့် အမေ့ရှိတဲ့ ပစ္စည်းကဘုံဆိုင် သမီးရေ. . . တဲ့၊ ဘုံဆိုင်ပစ္စည်း၊ ဒါကြောင့် သူတို့နဲ့ဆိုင်လို့သူယူတာ၊ ကျန်တာ အမေ့ပစ္စည်းဖြစ်လိမ့်မယ်၊ အသာသာနေ-အမေ့လာမပြောလာနဲ့၊ တရား အနှောက် အယှက်ဖြစ်အောင် လာမပြောနဲ့လို့ ပြန်ပြောတော့ ခိုးသားကြီးက ကြက်သီးတွေ များထလို့၊ အမလေး တကယ့်သူတော်ကောင်းမကြီးပါလား၊ ကြည့်ပါအုန်း၊ ငါက ထင်တာကတော့ တစ်ခါထဲဟဲ့-ဟုတ်သလားဆိုပြီးတော့ တစ်ခါတည်း မင်းစိုးရာ ဇာတွေနဲ့ အာဏာရှိတဲ့သူတွေနဲ့ တိုင်တောပြီးတော့ တခါတည်း ဖမ်းဖို့ ဆီးဖို့များ လုပ်မလားအောင်းမေ့နေတယ်၊ ကြည့်ပါအုန်း ဘုံဆိုင်ပစ္စည်းတဲ့. . . ဘုံဆိုင် ပစ္စည်းမို့ယူပါစေတဲ့၊ ဆိုပြီးတော့ ခိုးသားများ ကြက် သီးတွေများထလို့ သူ။

ဒါနဲ့ ဒီလိုနဲ့ပဲ ဆက်တရားနာ၊ နောက်တော်တော်လေး လင်းအားကြီး အချိန်ရောက်တော့ ကလေးမလေးတစ်ယောက်က ပြေးလာပြန်၊ အမေ-ငွေတိုက် တင်မကတော့ဘူး၊ ရွှေတိုက်လည်းဖောက်ပြီးပြီ၊ ကျောက်သံပတ္တမြား တွေလည်း ဖောက်ပြီးကုန်ပြီ အမေ. . . ပြောမှာဖြင့်လာပြောအုန်းကုန်တော့မှာ ပဲ၊ ရှိရှိသမျှ ပစ္စည်းလို့ဆိုတော့၊ မယ်တော်ကြီးက ချစ်သမီး. . . တဲ့၊ စီးပွားဥစ္စာ တွေဘုံဆိုင်မို့

http://www.dhammadownload.com



လို့သူတို့ယူကြတာ၊ ပစ္စည်းဥစ္စာနဲ့လူဆိုတာ၊ ပစ္စည်းဥစ္စာကရင်လည်း စွန့်ရတယ်၊ လူကရင်လည်းပစ္စည်းဥစ္စာကိုစွန့်ရတယ်၊ ဒီနှစ်စွန့် တစ်စွန့် စွန့်နဲ့ နောက်ဆုံးခွဲရတယ်သမီး. . . တဲ့၊ အခုပစ္စည်းဥစ္စာတွေက သူခိုးဓားပြတွေ နောက်ပါသွားတယ်ဆိုတာ၊ ငါ့ကိုသူတို့က အရင်စွန့်ကြတာပဲ. . . တဲ့၊ အဲဒီလို သူတို့က ငါ့ကိုမစွန့်လည်းပဲ နောက်ဆုံးငါကသေပြီဆိုတော့ ဒီပစ္စည်းတွေ ငါစွန့်ရမှာပဲသမီး. . . တဲ့၊ လောကီပစ္စည်းတွေမှန်သမျှ စွန့်နှစ်စွန့် တစ်စွန့် စွန့်နဲ့ စွန့်ကြရပါတယ်၊ ကိုယ်က ရင်လည်း သူတို့ကို စွန့်ရတယ်၊ သူကရင်လည်းကိုယ့် ကိုယ်စွန့်ရတယ်၊ ဒီစွန့် နှစ်စွန့် တစ်စွန့် စွန့်နဲ့ ခွဲကြရပါတယ်၊ ရှေးအတိတ်ကာလ ဘဝတွေတုန်းကလည်း၊ ဒီလိုခွဲခဲ့ရတယ်၊ နောင်လည်းဒီလို ခွဲရမှာပဲ သမီး. . တဲ့၊ ယူပါစေ ယူပါစေ။

"ပစ္စည်းနဲ့လူ ထိုနှစ်ဆူ စွန့်သူ စွန့်ခံ အပြန်အလှန်" တဲ့---ပစ္စည်းနဲ့လူဆိုတာ ပစ္စည်းက ကိုယ့်စွန့်သွားလို့ရှိရင် ကိုယ်ကအစွန့်ခံရတဲ့သူ၊ ပစ္စည်းကစွန့်တတ်တဲ့သူ၊ ကိုယ်ကသေသွားပြီဆိုတဲ့အခါကျတော့၊ ပစ္စည်းတွေကအစွန့်ခံ၊ ကိုယ်ကစွန့်တဲ့သူ၊ အဲဒီနှစ်မျိုး တစ်မျိုးမျိုးနဲ့ ခွဲကြရတယ်၊ ဘုန်းကြီးတို့တရားနာ ပရိသတ်အပေါင်းသူတော်ကောင်းတွေမှာရှိနေတဲ့ ပစ္စည်းတွေလည်း၊ အဲဒီ စွန့်နှစ်စွန့် တစွန့်စွန့်နဲ့ စွန့်ကြရပါသည်၊ ဘုန်းကြီးတို့ ပရိသတ်ကြီး ရှိနေတဲ့ပစ္စည်း စွန့်နှစ်စွန့် တစွန့်စွန့်နဲ့ စွန့်ရတယ်၊ ပရိသတ် အစွန့် ဘယ်နှစ်စွန့်တုန်း? နှစ်စွန့်ပါ ဘုရား။ အဲဒီစွန့်နှစ်စွန့် တစွန့်စွန့်နဲ့ စွန့်ခဲ့ရတဲ့ ဘဝတွေ ရှေးအတိတ် ကာလကလည်း မရေမတွက်နိုင်။ နောင်အခါကာလလည်းပဲ ရေတွက်လို့ ရမည်မဟုတ်၊ နောင် ဒကာ ဒကာမတွေ ပစ္စည်းတွေရှိလာတိုင်း၊ ရှိလာတိုင်း၊ ပစ္စည်းကရင်လည်း ကိုယ့်ကိုစွန့်လိမ့်မယ်၊ သို့မဟုတ် ကိုယ်ကရင်လည်း ပစ္စည်းကို စွန့်လိမ့်မယ်၊ ဒီနှစ်စွန့် [illegible] တစွန့်စွန့်နဲ့ ခွဲရတယ်ဆိုတာ သေချာပေါက်ကိန်းကြီး. တဲ့၊ ဒါကြောင့် ပရိသတ်ကြီး လိုက်ဆိုလိုက်စမ်းပါ--

* ပစ္စည်းနဲ့လူ၊ ထိုနှစ်ဆူ၊ စွန့်သူစွန့်ခံ အပြန်အလှန်၊
**ကိုယ်ကနိုင်လား၊ သူနိုင်လား၊ ခွဲခြားဝေဖန်စဉ်းစားရန်။**

ပစ္စည်းနဲ့လူဆိုတာ၊ သူကရင်လည်းကိုယ့်စွန့်မယ်၊ သို့မဟုတ် ကိုယ်ကရင်လည်းသူ့စွန့်မယ်၊ ဒီနှစ်စွန့် တစွန့်စွန့်နဲ့ချည်း လမ်းခွဲကြရတာပဲတဲ့၊ ဒီတော့ ပစ္စည်းနဲ့ ကိုယ်နဲ့တွဲနေတဲ့ အခိုက်မှာ ပစ္စည်းကကိုယ့်နိုင်နေသလား၊ ကိုယ်က ပစ္စည်းနိုင်သလားဆိုတာလေးတော့ သူတော်ကောင်းမှန်ရင် စဉ်းစားရတယ်တဲ့၊ ဒီတော့-ပစ္စည်းနဲ့ကိုယ်နဲ့တွဲနေတဲ့အခိုက်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အသီးအသီး ပစ္စည်းတွေရှိကြတာဖြစ်တော့၊ အဲဒီပစ္စည်းနဲ့ မိမိနဲ့တွဲနေတဲ့ အခိုက်မှာ မိမိက

F. 30

http://www.dhammadownload.com


ပစ္စည်းကိုနိုင်သလား၊ ပစ္စည်းကမိမိကိုနိုင်နေသလားဆိုတာ၊ စဉ်းစားပါတဲ့၊ ပစ္စည်းက ကိုယ့်နိုင်နေတယ်ဆိုတာ၊ ကိုယ်ကကုသိုလ်ကောင်းမှု တစ်ခုပြုမယ်ကြံရင်၊ အော်- သံသရာစခန်း ခရီးလမ်းမှာ၊ ဒါနထုပ်နည်းလို့ရှိရင်၊ ဖြစ်လေရာ ဘဝ မျက်နှာငယ်ရတတ်တယ်၊ မွဲရတတ်တယ်၊ ကိုယ့်သံသရာ စခန်းခရီးလမ်း သွားတဲ့နေရာ မျက်နှာမငယ်ရအောင်၊ ကိုယ့်အတွက် ရိက္ခာထုပ်လေးများ ပါအောင်တော့ ထုပ်အုန်းမှပဲလို့ဆိုပြီးတော့ ကောင်းမှုကုသိုလ် ဒါနထုပ်လေး တစ်ခု ပြုမယ်ကြံလိုက်တယ်၊ စိတ်ကူးလိုက်တယ်။

အဲဒီစိတ်ကူးလိုက်တဲ့နောက်က ဘာကပေါ်လာတုန်းလို့ဆိုတော့-ပစ္စည်းက စကားမပြောသော်လည်း ပြောသလိုပဲ၊ အေး. . . မင်းကငါ့ကိုစွန့်ပစ် နော်၊ မင်းစွန့်ပစ်လိုက်လို့ရှိရင်၊ လှူပစ်လိုက်လို့ရှိရင်၊ မင်းဘာစားမှာတုန်းတဲ့၊ မင်းဘာဝတ်မှာတုန်း၊ မင်းဘာနဲ့သုံးမှာတုန်း၊ မင်းသားရေး သမီးရေးက ရှိသေးတယ်နော်၊ မင်းအတွက် ဆင်းရဲ ဒုက္ခရောက်တော့ ဘယ့်နဲ့လုပ်မတုန်းတဲ့၊ ပစ္စည်းက စကားမပြော သော်လည်း ပြောသလိုပဲ၊ စိတ်ထဲ တသီကြီးကြားလာတယ်၊ အင်း---ဟုတ်ပါ့ လေ. . . နောင်များမှလှူတော့မယ်တဲ့၊ ဟော လက်လျှော့ပစ်လိုက်တယ်၊ ပစ္စည်းက သူ့နိုင်သွားပြီ၊ မင်းငါ့လှူမပစ်နဲ့ မင်းငါ့လှူ ပစ်လို့ရှိရင်၊ မွဲလိမ့်မယ် စားစရာမရှိဘဲ ဖြစ်မှာပေါ့ ဘာပေါ့ညာပေါ့နဲ့ ပစ္စည်းက စကားမပြောသော်လည်း ပြောသလို သူ့နားထဲ တသီကြီးကြားလာတော့၊ သူက ဟုတ်ပါ့လေ. . . နောင်များမှလှူ တော့မယ်၊ နောင်များမှလုပ်တော့မယ်၊ နောင်များမှ အေးအေး ချမ်းချမ်းရှိမှ၊ အဆင်ပြေမှနဲ့ ရှုံးမည်တွေဖွဲ့ပြီးတော့ နောက်ဆုတ်သွား၊ အဲဒါ ပစ္စည်းက လူကို နိုင်တာခေါ်တယ်။

အင်း. . . ပဋ္ဌာန်းတရားတော်ကြီး ငါးကြိမ်မြောက်တဲ့၊ ကျင်းပကြသတဲ့၊ ခေါင်းဆောင်တဲ့သူတွေက ခေါင်းဆောင်၊ ဂေါပကအဖွဲ့တွေက ဦးစီးလုပ်ကြ၊ တခါတည်းတရားပွဲကလည်း၊ အောင်ပွဲဆိုပဲ၊ တရားနာသွားအုန်းမှပဲ၊ တရားနာတယ်ဆိုတာ၊ အသိဉာဏ် ဗဟုသုတတိုးတယ်၊ အသိလိမ္မာတိုးတယ်၊ တရားတစ်လုံး နာရရင် တစ်လုံးသိ၊ နှစ်လုံးကြားရရင် နှစ်လုံးသိ၊ သုတဆိုတဲ့ သူတော်ကောင်း ဥစ္စာတိုးတယ်လို့ပြောသံဆိုသံကြားဖူးတယ်၊ သွားပြီးတော့ တရားနာအုန်းမှပဲလို့ အိမ်ကနေပြီးတော့ တရားနာထွက်မယ်လို့ စိတ်ကူး လိုက်တယ်၊ သေတ္တာထဲက ရွှေငွေတွေက လှမ်းပြောကြတယ်၊ အေးဗျနော်-တရားနာသွားနေ၊ ဟော ဒီသူခိုးဝင်လို့ရှိရင် တို့ကတော့ လိုက်သွားမှာ၊ ပါသွားမှာ၊ တခါတည်း ဘယ်ကနေဘယ်လို ညာလိုဆိုတော့၊ အေး. . . နောင်များမှ လိုက်တော့မယ်တဲ့၊ ဟော-အိမ်ကကို ထွက်မလာနိုင်ဘူး၊ ပစ္စည်းကနိုင်သွားတာ။

အဲဒီလိုပဲပေါ့၊ ဘာဝနာအလုပ်ကလေး ငါးရက်စခန်း ဆယ်ရက်စခန်း၊

http://www.dhammadownload.com



ကိုးရက်စခန်းကလေးထွက်အုန်းမယ်၊ ဝိပဿနာအလုပ်ကလေး လုပ်ဘုန်းမှပဲလို့ စိတ်ကူးလိုက်တယ်၊ အနားရှိနေတဲ့မြေးလေးက၊ သားလေးက အင်း-သွားလို့ရှိရင် နေ၁၊ ကျုပ်နေလို့ဖြစ်တာမဟုတ်ဘူး၊ အမေကြီးမရှိရင် နေမဖြစ်ဘူး၊ အဖေကြီး မရှိရင်နေမဖြစ်ဘူး၊ သူက မပြောသော်လည်း ကိုယ့်နားထဲကြားလို့၊ ရွှေတွေ ငွေတွေက၊ အိမ်ရှိနေတာတွေက၊ ဟိုသူ ဒီသူက၊ ကိုယ်မရှိမဖြစ်ဘူးနဲ့၊ ကိုယ့်ဘာ ကိုနားထဲကြားပြီးတော့ ကဲလေ. . . နောက်များမှ၊ အကြောင်း ညီညွတ်မှ သွား တော့မယ်တဲ့၊ သူ့နောက်များသာပြောနေ ခေါင်းကဆံပင်ကဆွတ် ဆွတ်ဖြူ နေပြီ၊ နောက်များလို့သာပြောနေတယ် သွား (၃၂) ချောင်းက (၂) ချောင်းတစ် ခြမ်းကျန် တော့တယ်၊ နောက်များလို့သာပြောနေတာ၊ ခါးကလည်းမသန်၊ ပါးရေတွေက လည်းတွန့်လိုက်ထာမှ၊ ခါးလည်းကုန်းနေပြီ၊ တုန်တုန်ခိုက်ခိုက်ဖြစ် နေပြီ၊ သချိုင်း ပေါက်နားရောက်နေသည့်တိုင်အောင်၊ သူကနောက်တုန်းရှိသေး တယ်၊ အဲဒါ ဘာကခိုင်းနေတာတုန်းဆိုတော့ ပစ္စည်းကလူနိုင်နေတာခေါ်တယ်၊

ခေါင်းဖြူစွယ်ကျိုးဖြစ်ပြီးတော့ မြေထဲသာအောင်းသွားတယ်၊ ဒါနကလည်း တစ်ခုမှ ဟုတ်တိ ပတ်တိလက်ကိုင်မရှိ သူ့သံသရာစခန်းမျက်နှာလှ ဘို့ရာအတွက်၊ အထက်တန်းကျကျ၊ မျက်နှာပန်းလှဘို့ရာ ဒါနကောင်းမှုလည်းပါမသွား၊ သံသရာစ ခန်းမှာ အသက်ရှည်ကြောင်း၊ ရုပ်ချောကြောင်း၊ ကျန်းမာရေးကောင်း ကြောင်း အစရှိတဲ့ သီလလည်းပါမသွား၊ အသိလိမ္မာဉာဏ် ပညာတိုးတက်ကြောင်း ဖြစ်တဲ့ တရားနာမှုကစတဲ့ ဘာဝနာအလုပ် အားထုတ်မှုဆိုတဲ့ ကုသိုလ်ကောင်း မှုကလည်း ပါမသွားဘူး၊ ပစ္စည်းစကားနားထောင်ရတာနဲ့ အိမ်ကမထွက်နိုင်၊ ဒါန သီလ ဘာဝနာမှုမပြုနိုင်၊ အဲဒါ ပစ္စည်းကလူကို နိုင်ခြင်း လို့ခေါ်တယ်၊ ဒီတော့ ကိုယ်ကနိုင် တယ်ဆိုတာကျတော့၊ စားသင့်တာစားတယ်၊ တချို့ အမျိုးကောင်းသား အမျိုး သမီးက ပစ္စည်းတွေကိုဝေဖန်ထားတာ၊ ဟော-ဒါကစားသင့်တာ စားမယ်၊ ဟောဒါ ကသုံးဖို့၊ ဟောဒါကလှူဘို့၊ ဟောဒါက ကုသိုလ်ပြုဘို့၊ ဟောဒါက သားအတွက်၊ ဟောဒါကသမီးအတွက်၊ ခွဲခြားစိတ်ဖြာ ဝေဖန်စီစစ်ပြီးတော့၊ ဟော---ဒါကြောင့် ဘုန်းကြီးတို့ ဒီပဲယင်း ဆရာတော်ကြီးက-စားသင့်တာကိုစား၊ ထားသင့်တာကိုထား၊ လောကကြီးမှာ ပစ္စည်းဥစ္စာကို ကိုယ်ကနိုင်ပြီးတော့ ခွဲခြား စိတ်ဖြာဝေဖန်ပြီးတော့ လုပ်ထားတဲ့ သေမင်းဆိုတာ၊ အချိန်မရွေး ထခေါ် နိုင်တာဖြစ်တော့ ကိုယ်ကဦးနေ အောင် စီမံထားရတယ်၊ အဲဒါမှပစ္စည်းကို နိုင်တယ် လို့ခေါ်တယ်တဲ့၊ အဲဒီလို အားဖြင့် မယ်တော်ကြီးက သူဌေးကတော်ကြီးက-ချစ်သမီး. . . ပစ္စည်းနဲ့ လူဆိုတာ စွန့်နှစ်စွန့် တစွန့်စွန့်နဲ့ စွန့်ကြရတယ်၊ အမေက အခု အဲဒီပစ္စည်းတွေ

http://www.dhammadownload.com



ထက်သာ တဲ့လောကုတ္တရာ ပစ္စည်းရှာနေတာ သမီး. . . တဲ့၊

တရားနာပြီးတော့ကုသိုလ်ယူနေတာ ဘုံဆိုင်ပစ္စည်းမဟုတ်ဘူး၊ ကိုယ်ပိုင်ပစ္စည်းရှာနေတာ-တဲ့၊ ပရိသတ်ကြီး အခုတရားလာပြီးတော့ နာကြတာ ကိုယ်ပိုင်ပစ္စည်းလာရှာတာလား၊ ဘုံဆိုင်ပစ္စည်းလာရှာတာလား? ကိုယ်ပိုင် ပစ္စည်းလာရှာတာပါဘုရား၊ မန္တလေး ဈေးချိုတို့ အမရပူရ သိမ်ကြီးဈေးဆိုတဲ့ သွားပြီးတော့ ဈေးရောင်းကြ၊ ဈေးဝယ်ကြ၊ အလုပ်တွေလုပ်ကြ၊ တောင်သူ လယ်ယာကိုင်းကျွန်းတွေလုပ်ပြီးတော့ ရှာကြတာက ဘုံဆိုင်ပစ္စည်းရှာခြင်းလို့ ခေါ်တယ်၊ ဈေးချိုထဲတို့ သိမ်ကြီးဈေးထဲတို့ သွားကဲ့သူတွေက ဘုံဆိုင်ပစ္စည်း အရှာသွားတာ၊ ယနေ့ တရားပွဲကြီးကိုလာကြတဲ့သူတွေ၊ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှုပြုတဲ့နေရာ လာကြတဲ့သူတွေက ကိုင်ပိုင်ပစ္စည်းလာရှာကြတဲ့သူတွေ၊ ဒါဖြင့် ဘုန်းကြီးတို့ ပရိသတ်ကြီးက အခုကိုယ်ပိုင်ပစ္စည်းအရှာလာတာလား၊ ဘုံဆိုင်ပစ္စည်းအရှာလာတာလား? ကိုယ်ပိုင်ပစ္စည်းလာရှာကြတာ ပါဘုရား။ အခု သူဌေးကတော်ကြီးက ပြောနေတယ်၊ ချစ်သမီး. . . တဲ့၊ ယူပါစေ ယူပါစေ၊ အမေ့အိမ်မှာရှိနေတဲ့ ပစ္စည်းကဘုံဆိုင်ပစ္စည်းတွေ၊ အခု အမေဒီမှာ တရားပွဲကျင်းပပြီးတော့ တရားနာနေတာက ကိုယ်ပိုင်ပစ္စည်းရှာနေတာတဲ့၊ အိမ် မှာရှိရစ်တဲ့ပစ္စည်းတွေက ထားခဲ့ရမယ့်ပစ္စည်း၊ အမေ အခုရှာနေတဲ့ပစ္စည်းက ကိုယ့်နောက်ပါမယ့်ပစ္စည်း၊ အခု တရားပွဲကြီး အမေကျင်းပပြီးတော့ ရှာနေတဲ့ ကုသိုလ်ကောင်းမှုပစ္စည်းက ကိုယ့်နောက်ပါမယ့်ပစ္စည်း. . . တဲ့၊ ကိုယ့်နောက်ပါမယ့်ပစ္စည်း။ တရားနာ ပရိသတ်ကြီး အခုတရားလာနာပြီးတော့ တရားပွဲကြီးကို အားခဲလာရောက်ပြီးတော့ နာနေတာက ကိုယ့်နောက်ပါမယ့်ပစ္စည်းလား၊ ထားခဲ့ရမယ့်ပစ္စည်းလား? ကိုယ့်နောက်ပါမယ့်ပစ္စည်းပါဘုရား၊ ဒီတော့ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှု ပြုကြ တိုင်းပြုတိုင်း ကိုယ့်နောက်ပါမယ့်ပစ္စည်း ရှာတယ်လို့ ဘုရားကဟော တော်မူတယ်၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက တစ်နေ့ တစ်နေ့ ငါ-ကိုယ့်နောက်ပါမယ့် ပစ္စည်းရှာသလား၊ မရှာဘူးလားဆိုတာ၊ စဉ်းစားဖို့မလို ဘူးလား? လိုပါတယ်ဘုရား။

သူဌေးကတော်ကြီးကပြောတဲ့စကားတွေကို ဘုရားကထုတ်ဖော်ပြီး တော့ဟောနေတာ၊ အခုဘုန်းကြီးက စကားဖန်ကြနေတယ်လို့မထင်လိုက်ပါနဲ့ သူဌေးကတော်ကြီးက သူ့ကျွန်မလေးပြန်ပြောတဲ့စကားကို ဇာတ်ကြောင်းထဲမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက၊ သို့မဟုတ်-ရဟန္တာအရှင်မြတ်ကြီးတွေက ထည့်ပြီးတော့ ဒီစကားတွေပြည့်စုံအောင်ရေးပြီးတော့ ပြောပြနေခဲ့တာဟာ၊ ဘုန်းကြီးတို့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေကို အတုယူ

http://www.dhammadownload.com



စေချင်လို့၊ လိုက်နာတတ်စေချင်လို့၊ သူဌေးကတော်ကြီးက ကျွန်မလေးပြော နေတဲ့စကားကို ဖမ်းပြီးတော့ ဒီနေ့ ဘုန်းကြီးတို့ ဒကာ ဒကာမအပေါင်း သူတော် ကောင်းတွေက ဒီစကားကိုဖမ်းယူပြီးတော့ ကိုယ့်ဝမ်းထဲထည့်တတ်စေ ချင်လို့၊ အသိပေးနေတယ်၊ လိမ္မာရေးခြားရရှိစေချင်လို့ ပြောနေတယ်ဆိုတာ သေချာကြ တယ်၊ ဒါကြောင့် အတုယူပြီးတော့ သူတော်ကောင်းအကျင့်ကို လိုက်နာတတ် ရတယ်၊ ကျင့်ကြံတတ်ရတယ်၊ အခု လည်းမယ်တော်ကြီးက ချစ်သမီး. . . တဲ့၊ ကိုယ့်နောက် ပါမယ့်ပစ္စည်း အမေရှာနေတာ၊ အဲဒီအိမ်ရှိနေတဲ့ ပစ္စည်းတွေက၊ ထားပစ်ခဲ့ရမယ့် ပစ္စည်းတွေ. . . တဲ့၊ ယူကြပါစေ ယူကြပါစေလို့ ပြောပြီးတော့၊ ကလေးမလေး အိမ်ပြန်လွှတ်တော့၊

ခုနက သူခိုး ကြီးက-အမလေး ဒို့တော့မှားကုန်ပြီ. . . မှားကုန်ပြီ၊ သူတော်ကောင်းမကြီးကို ပြစ်မှားမိရက်ဖြစ်ကုန်ပြီ၊ သူတော်ကောင်း မကောင်း ကြံမိရင်တောင်၊ ဘေးဒဏ်ထိတတ်တယ်လို့ဆိုတယ်၊ အခု ဒို့ကမကောင်းကြံရုံ တင်မက၊ ကာယကံမြောက်၊ ဝစီကံမြောက်၊ စော်ကားမော်ကား ပြုနေကြပြီ. . . သူတော်ကောင်းမကြီးကို ဒို့စော်ကားတဲ့ အတွက်ဖြင့် ဒို့အပြစ်ဒဏ်ခံရတော့မယ် . . . လို့၊ သူခိုး ကြီးက အသိဉာဏ်တွေဝင်ပြီးတော့၊ သူခိုး ကြီးလို့သာ ပြောနေရတာ၊ သူက မကြာခင် ရဟန္တာဖြစ်မယ့်ပါရမီရှင်ကြီး၊ ဒါကြောင့် ပါရမီက ဝမ်းထဲက နိုးဆော်လိုက်တာဖြစ်တော့ အသိဉာဏ်တွေ တဝင်းဝင်း လက်လာပြီး တော့ ကိုင်း. . . မဖြစ်ဘူး၊ ဒို့အမေကြီးကိုတော့ တောင်းပန်မှ ဖြစ်တော့မှာပဲ ဆိုပြီးတော့-သူခိုးဗိုလ်က အသာလေး ပရိသတ်ထဲက နောက်ကြို့ ရှုပြီးတော့ ထွက်လာပြီးတော့၊ တရားနာပရိသတ်ကြီးရဲ့ အဆုံးလည်းရောက်ရော၊ ခုနက သူဌေးကတော်ကြီးရဲ့ အိမ်ကို၊ သူ့လူတွေရှိတဲ့ဆီ အပြေးလာတာပဲ၊ လာပြီးတော့၊ ဒီကျတော့ ဟေ့. . . မောင်တို့ မောင်တို့ ပစ္စည်းတွေပြန်ထား၊ ပစ္စည်းတွေပြန်ထား၊ ငွေတိုက်ထဲကပစ္စည်းတွေ ငွေတိုက်ထဲပြန်ထား၊ ရွှေတိုက်ထဲကဟာတွေ ရွှေတိုက်ထဲ ပြန်သွင်း၊ ကျောက်သံပတ္တမြားတိုက်ထဲကဟာတွေ ကျောက်သံ ပတ္တမြားတိုက်ပြန် ထား၊ အကုန်ပြန်ထား၊ အကုန်ပြန်ထားဆိုတော့၊ လူငယ်တွေဆိုတော့၊ ဗိုလ်ကြီး ပြောတဲ့စကား နားထောင်ရတာပေါ့လေ၊ ဘာရယ်လို့မသိဘူး ပြန်ထားကြရ။

ပြန်ထားပြီးတော့မှ-ကိုင်း အမောင်တို့ အကုန်လုံးလာကြ၊ ငါ့နောက် လိုက်ခဲ့ကြဆိုတော့ အကုန်လုံးခိုးသားတွေလိုက်လာရှာကြ၊ ခိုးသားကြီး နောက်က ခိုးသားတွေလိုက်တော့ ဒီကျတော့ တရားပွဲကလည်းသိမ်းလို့ လင်းအားကြီးချိန် ရောက်၊ ခိုးသားတွေလည်းပဲ ကိုးရာလောက်ရောက်လာတော့ ပရိသတ်တွေ

http://www.dhammadownload.com



တစ်ချို့ပေါ့လေ၊ ဟယ်-တရားပွဲပြီးမှ ပရိသတ်ကြီးကလည်းလာလိုက်တာ၊ လူကိုးရာ၊ ဟိုမယ်လာကြတုန်းရှိသေးတယ်လို့ပြောနေ၊ ဟိုက သူခိုးတွေ၊ အဲဒီလိုနဲ့ ရောက်လာတော့မှ ခိုးသား ကြီးက သူဌေးကတော်ကြီး နားချဉ်းကပ်ပြီးတော့၊ ခြေထောက်ဖက်ပြီးတော့ ကန်တော့, တော့တာပဲ၊ ဒီတော့ သူဌေးကတော်ကြီးက နားမလည်ရှာဘူးပေါ့လေ၊ အန်းတန်းတန်းဖြစ်နေ၊ အမောင်တို့-ဘာဖြစ်တာတုန်း၊ ဘာဖြစ်လာကြတာတုန်းဆိုတော့မှ၊ အကျိုးအကြောင်းတွေ အကုန်ပြန်ပြောပြ၊ ညက အဖြစ်အပျက်တွေ၊ သူတို့လုပ်ခဲ့ ကိုင်ခဲ့တာတွေ ပြန်ပြောပြီးတော့ အမေ. . . ကျွန်တော်တို့ကို အားလုံးသည်းခံတော်မူပါ၊ ခွင့်လွှတ်တော်မူပါလို့ အားလုံး ဝိုင်းပြီးတော့ ကန်တော့၊ ကန်တော့ တော့မှ၊ သူဌေးကတော်ကြီးက သည်းခံပါတယ် အမောင်တို့ရယ်. . . တဲ့၊ ကိုယ့်အမှားကိုယ်သိတာဟာ၊ သူတော်ကောင်း လက္ခဏာဖြစ်ပါတယ်၊ ကိုယ့်အပြစ်ကိုယ်မြင်ပြီးတော့ ဆင်ခြင်နိုင်တယ် ဝန်ခံနိုင်ခြင်းသည်ပင် သူတော်ကောင်းရဲ့ လက္ခဏာဖြစ်ပါတယ်၊ တိုးတက် ကြီးပွါးကြောင်း လက္ခဏာဖြစ်ပါတယ်၊ ဒါကြောင့် အမေသည်းခံပါတယ်၊ အမေ သည်းခံပါတယ်၊ ခွင့်လွှတ်ပါတယ်၊ ကိုင်းချမ်းချမ်းသာသာပဲ နေကြပါ ထိုင်ကြပါလို့ ခွင့်ပေးတော့။

မယ်တော်ကြီး. . . တဲ့ အဲဒီလိုခွင့်လွှတ်ကျေနပ်ပြီးတဲ့နောက်၊ ကျွန်တော်တို့ကို မယ်တော်ကြီးရဲ့ သားတော်ရဲ့ ထံမှောက်မှာ ရဟန်းပြုခွင့်တောင်း ပေးတော်မူပါ၊ ကျွန်တော်တို့ရဟန်းပြုကြပါရစေ၊ ဟော-ပါရမီစာတ်ခံပါလာတဲ့ ရှေးတုန်းက ပါရမီပြည့်လာခဲ့ကြတဲ့ အမျိုးကောင်းသားတွေဖြစ်တော့ ပါရမီ... နိုး... ...ိုက်ကာ၊ မကြာခင်တုန်းကတော့ အဒိန္နာဒါန ဒုစရိုက်မှုကြီးပြုနေပေ မယ်လို့ သူတော်ကောင်းရဲ့စာတ်က နိုးဆော်လိုက်တော့ အခုရဟန်းပြုခွင့် တောင်းကြတယ်၊ ရဟန်းပြုခွင့်တောင်းတော့ မယ်တော်ကြီးကလည်း ဝမ်းမြောက် ဝမ်းသာနဲ့ ကိုင်းဒီလိုဆိုရင် မယ်တော်ကြီးကပဲ ရဟန်းအမပြုပြီးတော့ ပစ္စည်းလေးပါး ဒကာခံပါမယ်ဆိုပြီးတော့၊ အားလုံးကိုးရာသော အမျိုးကောင်းသားတွေအတွက်၊ သင်္ကန်း သပိတ် ပရိက္ခရာတွေ မယ်တော်ကြီးက စီစဉ်၊ သူတို့ပါလာတဲ့ အဝတ်တွေ ကို ဆိုးတန်တာ ဆိုးပြီးတော့ စီစဉ်ပေးလို့ အားလုံး ရဟန်းအသွင်ရကြတော့မှ အရှင်သောဏ မထေရ်မြတ်က-အဲဒီ ရဟန်းကိုးရာကို မယ်တော်ကြီးနဲ့တကွ တရားနာပရိသတ်တွေ ဝိုင်းဝန်းကူညီပြီးတော့ အားထုတ်ကြလို့ မယ်တော်ကြီးနဲ့တကွ ပရိသတ်တွေက လည်းရှိ၊ ရဟန်းကိုးရာကလည်းရှိ နေတော့၊ အရှင် သောဏက ရဟန်းကိုးရာကို ရဟန်းတော်တို့ နေနည်း ထိုင်နည်း ကျင့်ကြံအားထုတ်နည်းတွေကို ... ပေးပဲ့ အနေနဲ့ တရားပြောပြီးပေ...နေတဲ့ အခိုက်။

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်မြတ်ကြီးက-သာဝတ္ထိမြို့ ဇေတဝန်ရွှေကျောင်းက နေပြီးတော့ အဲဒီနေ့မနက် ကျွတ်ထိုက်တဲ့သတ္တဝါတွေ ကမ္ဘာလောကကို သဗ္ဗညုတရွှေဉာဏ်တော်ကွန်ယက်ဖြန့်ကျက်ပြီးတော့၊ ကြည့်လိုက်တော့၊ အဲဒီ ခိုးသားကိုးရာနှင့်တကွ၊ မယ်တော်ကြီးနဲ့တကွ၊ ပရိသတ်တွေဉာဏ်ထဲထင်ပြီး တော့လာ၊ ဒီတော့---ဘုရားရှင်ကိုယ်တော်မြတ်ကြီးက၊ ငါ့သားကြီးသောဏ တရားနာပရိသတ်တွေကို တရားပေးပြီးတော့ နေပါပေ့လား. . .၊ ငါက စစ်ကူ ပေးမှဖြစ်တော့မှာပါလား၊ ငါက စစ်ကူသွားမှဖြစ်တော့မှာပါလား၊ ငါစစ်ကူပို့ မှဖြစ်တော့မှာပါလား၊ ဆိုပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သာဝတ္ထိမြို့ ဇေတဝန်ကျောင်းကနေပြီးတော့ ရောင်ခြည်တော်ခြောက်သွယ်တို့တွင်-အင်မတန် ဝင်းလက်ကြည်လင်တဲ့ ဝါသောရောင်ခြည်တော်ဓာတ်ကြီး လွှတ်တော်မူ လိုက်တယ်. . . တဲ့၊

ဒီတော့ခုနက တရားပွဲပြီးစ တရားနာနေကြတဲ့ ခိုးသားကိုးရာ ရဟန်း ဖြစ်စ ခိုးသားကိုးရာနှင့်တကွ၊ တရားနာပရိသတ်တွေက ဝင်းဝင်းလက်လက် အရောင်တွေလင်းလာတော့ ဝမ်းသာအားရနဲ့ အရောင်တွေကိုမော့ပြီးတော့ ကြည့်ကြ၊ ဖူးကြ၊ အဲဒီကြည့်နေတဲ့အချိန်မှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ကြီးက အဲဒီဝင်းလက်တဲ့ ရောင်ခြည်တော်ရဲ့နောက်ကနေပြီးတော့ ဘုရားရှင်ရဲ့ ရုပ်ပုံကိုပြလိုက်တယ်၊ ကိုယ်တော်တိုင်တော့ကြွမလာဘူး၊ ဘုရားရှင်ကိုယ်တော် မြတ်ရဲ့ ရုပ်ပုံတော်ကြီးပြလိုက်တယ်၊ ပြလိုက်တော့မှ အားလုံးဝမ်းသာအားရနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရုပ်ပုံပါလား၊ ဘုရားရှင်ရဲ့ပုံတော်ပါလားဆိုပြီးတော့ လက်အုပ်ချီပြီးတော့ အားလုံးရှိခိုးပြီးတော့နေကြတော့မှ ဘုရားရှင်ကိုယ် တော်မြတ်က ရုပ်မြင်ရုံသာမက အသံပါကြားရအောင်-

**သိဉ္စ ဘိက္ခု ဣမံ နာဝံ, သိတ္တာ တေ လဟုမေဿတိ၊**

**ဆေတွာ ရာဂဉ္စ ဒေါသဉ္စ, တတော နိဗ္ဗာနမေဟိသိ။** ဟု---အသံပေး လိုက်တယ်၊

ဘိက္ခု ဘိက္ခုဝေါ-သံသရာစခန်း, ပင်လယ်ခရီးကြမ်းကြီးမှ,လွတ်လမ်း မျှော်တောင်း, အိုသူတော်ကောင်းတို့၊ ဣမံနာဝံ-ရုပ်နာမ်နှစ်ဖြာ, ဤသင်တို့ရဲ့ ခန္ဓာလှေကြီးကို၊ သိဉ္စ သိဉ္စထ-ကိလေသာရေဝန်ကို, ပက်သွန်ကြီးကုတ်, အားထုတ် မပြတ်, လှော်ခတ်လိုက်ကုန်ရာ၏၊ ဝေါတုမှာကံ-သံသရာစခန်း, ပင်လယ်ခရီး ကြမ်းကြီးမှ, လွတ်လမ်းမျှော်တောင်း, သင်သူတော်ကောင်းတို့၏၊ အယံနာဝါ- ရုပ်နာမ်နှစ်ဖြာ, ဤခန္ဓာဆိုတဲ့လှေကြီးသည်၊ သိတ္တာ-ကိလေသာ ရေဝန်ကို, မက်သွန်ကြီးကုတ်, အားထုတ်မပြတ်, လှော်ခတ်အပ်သည်ရှိသော်၊ လဟုံ-အသော့

http://www.dhammadownload.com



မကြာ, လျှင်မြန်ပေ့ပါးစွာသာလျှင်၊ ဇဟိသိ-နိဗ္ဗာန်သောင်ကမ်း ဖြောင့်တန်းမသွေ့, ရောက်ကြရပေလိမ့်လတ္တံ့၊ ရာဂစ္ဆ-ဒေါသစ္ဆ-ကြိုက်လျှင်ပြုံးပြုံး, မကြိုက်မုန်းဟု, နှစ်ထုံးနှစ်တန်, အပေါက်ခြောက်ပါးမှ, ဝင်လာတဲ့ရေအတန်တန် ကိုလည်းပဲ၊ ဆေတွာ-အပေါက်မှကာဆီး, ဆို့ပိတ်၊ ဖြတ်တောက်နိုင်ကုန်ပြီးသည်ဖြစ်၍၊ တတော-ပိတ်ဆို့ပက်သွန်, တက်ရှစ်တန်ဖြင့်, မှန်မှန်မသွေ, လှော်ခတ်၍ နေခဲ့သည်ရှိသော်၊ နိဗ္ဗာန်-ဘေးအတန်တန်, အေးရာမှန်သည့်, နိဗ္ဗာန်သောင်ကမ်း, မြို့တော်နန်းသို့၊ ဇဟိသိ-မုချမသွေ, ဆိုက်ရောက်ရပေလိမ့်သတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား . . . .

ဟော---ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရုပ်မြင်ရုံတင်မကဘူး၊ အသံပါ ကြားအောင် အသံပေး. . . ပြီးတော့ဟောတော်မူလိုက်တာ၊ ပရိသတ်ကြီး ရုပ်မြင်သံကြားခေါ်တယ်၊ ပရိသတ်ကြီးဘာခေါ်တုန်း? ရုပ်မြင်သံကြားပါဘုရား၊ ဘုန်းကြီးတို့ ဒကာ ဒကာမအပေါင်းတွေက ဒီနေ့ခေတ် နိုင်ငံခြားကထွင်လာတဲ့ ရုပ်မြင်သံကြားမှ အသစ်အဆန်းပေါ်တယ်မထင်နဲ့ အဲဒီကတည်းက ရုပ်မြင် သံကြားရှိတယ်၊ အခု ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ရုပ်လည်း အဲဒီခိုးသား ကိုးရာနှင့်တကွ ပရိသတ်ကြီးမမြင်ရဘူးလား? မြင်ရပါ[illegible]ဘုရား၊ "သိဉ္စ ဘိက္ခု ဣမံနာဝံ"ဆိုတဲ့ ဘုရားရှင်ရဲ့အသံတော်ကို လည်း မကြားရဘူးလား? ကြားရ ပါ[illegible]ဘုရား၊ ရုမ်မြင်သံကြား၊ ပရိသတ် ဘာတဲ့တုန်း? ရုပ်မြင်သံကြားပါဘုရား၊ အင်္ဂလန်တို့ အမေရိကန်တို့လာလို့ရှိရင် ပြောကြ၊ မင်းတို့ကနောက်မှပေါ်တာလို့၊ ဒို့ဗမာက ရုပ်မြင်သံကြား အစောကြီး ပေါ်တယ်လို့နော်၊ ဒိပြင်ဘက်က မနိုင်တော့ စကားနဲ့ပဲ အနိုင်ယူကြပေါ့၊ ကိုယ့်ရှိ တာဘာမှရှိတာမဟုတ်ဘူး။

ကဲ အဲဒီလိုအားဖြင့် ရုပ်မြင်သံကြား ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ချစ်သားတို့. . . သင်တို့ရဲ့ခန္ဓာလှေကြီးက ပင်လယ်ခရီးကြမ်းကြီးထဲရောက်နေ တယ်. . . လို့ ဘုန်းကြီးတရားစတုန်းက ဒကာ ဒကာမအပေါင်းသူတော်ကောင်း တွေကို ပြောတဲ့စကားတွေနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အခြေခံပြီးတော့ ဟောတော်မူလိုက်တယ်၊ ဒါကြောင့် သင်တို့ရဲ့ ရုပ်နာမ်ခန္ဓာလှေကြီးကို လှော်ခတ် ပေးကြ၊ လှော်ကြလို့ မဂ္ဂင်ရှစ်ဖော်လှေလှော်ပုံလည်းပဲ ဘုရားရှင်က ခုနက ဘုန်းကြီး စောစောပိုင်းရှင်းပြသလို ရှင်းပြတော်မူတယ်၊ ဒီတော့ လှေကိုလှော်တဲ့နေရာမှာ လှော်ရုံနဲ့မပြီးသေးဘူးတဲ့၊ "ကိလေသာ ရေဝန်ကို ပက်သွန်ကြိုးကုတ် အားထုတ် မပြတ် လှော်ခတ်ကြကုန်ရာ၏. . . "လှော်ရုံနဲ့ တင်မပြီးသေးဘူးတဲ့၊ အထဲဝင် နေတဲ့ရေကိုလည်းပဲ ပက်ထုတ်ရသေးတယ်၊ ဒါတင်ပဲလားဆိုတော့ မကသေး

http://www.dhammadownload.com



ဘူးတဲ့၊ "ရာဂစ္ဆ ဒေါသစ္ဆ-ကြိုက်လျှင်ပြုံးပြုံး မကြိုက်မုန်းဟု နှစ်ထုံးနှစ်တန် အပေါက်ခြောက်ပါးမှ ဝင်လာတဲ့ ကိလေသာ အတန်တန်ကိုလည်းပဲ့၊ ဆေတွာ-အပေါက်မှကာဆီး ဆို့ပိတ် ဖာထေးကြကုန် ပြီး၍. . . "

ဒကာ ဒကာမတွေ လှေကိုလှော်ခတ်တဲ့နေရာမှာ မြန်မြန်ရောက်စေချင်ရင် လှေထဲဝင်နေတဲ့ရေကိုလည်းပဲ ပက်ထုတ်ကြရတယ်၊ အပြင်ဘက်ကဝင်လာတဲ့ရေကိုလည်းပဲ မဝင်အောင်အပေါက်တွေကို ပွဲလျက်တို့ အဝတ်တို့ စသည်ဖြင့် ဖာထေးရ ဆို့ရပိတ်ရတယ်၊ ကိလေသာရေတွေ ဆို့ပိတ် ဖာထေးရုံတင်မက ပက်ထုတ်လိုက်တယ်ဆိုတာ၊ ဘာပြောတာတုန်းဆိုတော့-လှူလိုက်တော့မယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရည်မှန်းပြီးတော့ လှူလိုက်တော့မယ်၊ ဘုရားပူဇော်လိုက်တော့မယ်၊ လှူလိုက်တော့မယ်ဆိုသည်နဲ့ တပြိုင်နက် လှူလိုက်ပြီလို့ဆိုတော့ ငါ့ပစ္စည်း ငါ့ဟာဆိုတာ ပရိသတ်ပျောက်မသွားဘူးလား? ပျောက်သွားပါဘုရား၊ ငါ့သားကျွေးမယ် ငါ့သမီးကျွေးမယ်၊ ငါစားမယ်ဆိုတာပျောက်မသွားဘူးလား? ပျောက်သွားပါဘုရား၊ အဲဒါ ကိလေသာရေတွေ ပက်ထုတ်လိုက်တာခေါ်တယ်။ လှူလိုက်သည်နဲ့ တပြိုင်နက် ပစ္စည်းသာအပြင်ထွက်သွားတာမဟုတ်ဘူး၊ ပစ္စည်းနဲ့ စပ်နေတဲ့ ငါ့ပစ္စည်း ငါ့ဟာဆိုတဲ့ တဏှာလောဘရေတွေ၊ သို့မဟုတ် ဒီပစ္စည်းနဲ့ ပတ်သက်ပြီးတော့ မီးလောင်မှာစိုးရိမ်တဲ့၊ သောက၊ သူခိုး ခိုးမှာစိုးရိမ်တဲ့ သောက၊ ဟိုသူ ဒီသူ ယူမှာစိုးရိမ်တဲ့သောက၊ ဆိုတဲ့ကိလေသာရေတွေ တခါတည်း ပက်ထုတ်လိုက်ရာ ရောက်သွား၊ ဒါဖြင့် လှူလိုက်သည်နဲ့တပြိုင်နက် ပေးကမ်းစွန့်ကြဲသမှုပြုလိုက်သည်နဲ့ တပြိုင်နက် ဝမ်းထဲကရေကိုလည်း ပက်ထုတ်ရာ ရောက်တယ်. . . တဲ့၊ အဲဒီလိုအားဖြင့် ဒါန သီလ သမထ အမှုတွေပြုနေတဲ့အချိန်သည် ရေပက်ထုတ်နေတဲ့အချိန်လို့ခေါ်တယ်။

ဒါဖြင့် ဆို့ပိတ်တဲ့အချိန်ဟာ ဘာတုန်းလို့ဆိုတော့-ဘုန်းကြီးတို့ဒကာဒကာမတွေရဲ့ ခန္ဓာကိုယ်လှေကြီးမှာ ရေဝင်ပေါက် ခြောက်ပေါက်ပါတယ်၊ ဒွါရခြောက်ပါးလို့လည်းခေါ်တယ်၊ မျက်စိပေါက် နားပေါက် နှာခေါင်းပေါက် လျှာပေါက် ကိုယ်ပေါက် မနောပေါက်လို့ ဒွါရခြောက်ပါးလို့လည်းခေါ်တယ်။ အပေါက်ခြောက်ပေါက်လို့လည်းခေါ်တယ်၊ အဲဒီ အပေါက်ခြောက်ပါးက နေပြီးတော့ ကိလေသာဖြစ်လာရင် ကိလေသာဖြစ်လာတာဆိုတာ ဘာဖြစ်တတ်တုန်း လို့ဆိုတော့"ရာဂစ္ဆ ဒေါသစ္ဆ-ကြိုက်လျှင်ပြုံးပြုံး မကြိုက်မုန်းဟု. . . "ဟော မျက်စိပေါက်ကအာရုံတစ်ခုမြင်လိုက်ရင်၊ ကိုယ်ချစ်ခင်တာ ကိုယ်နှစ်သက်တာ၊ ကိုယ်ကြည့်ချင်တာဆိုရင်၊ ဖျတ်ကနဲဆို လောဘတွေဖြစ်၊ ကိုယ်မုန်းတာ ကိုယ်မကြည့်ချင်တာ၊ ကိုယ်မမြင်ချင်တဲ့သူမြင်ရရင် ဖျတ်ကနဲဒေါသတွေဖြစ်တယ်၊ ဒါကြောင့်-

http://www.dhammadownload.com



"ကြိုက်လျှင်ပြုံးပြုံး မကြိုက်မုန်းဟု နှစ်ထုံးနှစ်ရန် . . . ကြိုက်လို့ပြုံးတာ လည်းရန်ပဲ၊ မကြိုက်လို့မုန်းတာလည်းရန်ပဲတဲ့၊ ဒီလှေကြီးထဲရေ ဝင်လို့ရှိရင် ရေတွေဝင်ပါများရင်၊ ပရိသတ်လှေ မနစ်ဘူးလား? နစ်ပါဘုရား။ ဒါဖြင့် ဒကာ ဒကာမတွေရဲ့ ခန္ဓာကိုယ်လှေ အပါယ်လေးပါးအထိ နစ်သွားစေတဲ့ ရေဟာ ရန်သူလား မိတ်ဆွေလား? ရန်သူပါဘုရား။ ဒါဖြင့် မျက်စိပေါက်က အာရုံတစ်ခုမြင်လိုက်တိုင်း မြင်လိုက်တိုင်း ကြိုက်လို့ရှိရင် ပြုံးတယ်၊ မကြိုက်လို့ မုန်းတယ်၊ ပြုံးတယ်ဆိုတာ လောဘ၊ မုန်းတယ်ဆိုတာ ဒေါသ၊ လောဘရေတွေ တဟုန်ထိုးတိုးပြီးတော့ ဝင်လာမယ်၊ ဒေါသရေတွေ တဟုန်ထိုးတိုးပြီး တော့ဝင်လာမယ်၊ မျက်စိပေါက်ကနေပြီးတော့ ဒကာ ဒကာမတွေ များစွာသော သတ္တဝါတွေ ဝိပဿနာဉာဏ်သွင်းပြီးတော့ မရှုသမျှ၊ ဝိပဿနာနဲ့မဆည်းသမျှ၊ တရားနဲ့ ဆို့ပိတ်မှုမပြု သမျှ . . . တဲ့၊ မြင်လိုက်သမျှအာရုံ ချစ်ခင်နှစ် သက်ဖွယ်ရာ သားအာရုံ သမီးအာရုံကို ချစ်ခင်နှစ်သက်တဲ့ သက်ရှိသက်မဲ့ကိုမြင်ရင် လောဘဖြစ်တယ်၊ မကြိုက်တဲ့ မချစ်တဲ့အာရုံကိုမြင်ရင် ဒေါသ ဖြစ်တယ်၊ အဲဒီလောဘနဲ့ဒေါသဟာ ဝင်လာတဲ့ရေ . . . တဲ့။

ဒီတော့ ဒကာ ဒကာမတွေ မျက်စိပေါက်ကအဲဒီရေတွေနေ့တိုင်းဝင်မနေဘူးလား? ဝင်နေပါ ဘုရား၊ ဘာကြည့်လိုက်ကြည့်လိုက် ကိုယ်ချစ်ခင်နှစ်သက်တာလေးမြင်ရင် ပြုံးမသွားဘူးလား? ပြုံးပါ ဘုရား၊ သဘောကျမသွားဘူးလား? သဘောကျသွားပါ ဘုရား၊ အဲဒါလောဘရေတွေ ခန္ဓာကိုယ်ထဲ။တံတွေးထွေး နှုတ်ခမ်းစူ မျက်စောင်းထိုး ဟော-ဒေါသရေတွေ ဒါဖြင့် မျက်စိပေါက်က လောဘဒေါသဆိုတဲ့ရေတွေ မဝင်တတ်ဘူးလား? ဝင်တတ်ပါ ဘုရား၊ ဒါဖြင့်မဝင်စေချင်ရင် ပိတ်ရမယ်၊ ပရိသတ်မဝင်စေချင်ရင် ဘာလုပ်ရမှာတုန်း? ပိတ်ရမှာပါဘုရား၊ ဝိပဿနာနဲ့ပိတ်ရတယ်၊ ဝိပဿနာနဲ့ပိတ်တာက အထိဆုံးပေါ့လေ၊ ဒီပြင်တရားနဲ့ဆို့ပိတ်တာတွေလည်းရှိပါတယ်၊ ဒီတော့ ဘုန်းကြီးတို့ ရဲ့ဒကာ ဒကာမတွေ ဝိပဿနာပါသွားအောင် ပိတ်မယ်ဆိုရင်ဖြင့် မျက်စိပေါက်ကမြင်လာသမျှ အာရုံဖမ်းပြီးတော့ ဝိပဿနာရှု၊ ဝိပဿနာဉာဏ်ပေါ် အောင်ရှုပေးလိုက်။

ဝိပဿနာဉာဏ်ပေါ် အောင်ရှုပေးဆိုတာ ဝိပဿနာဉာဏ်ဆိုတာ ဘာပြောတာတုန်းဆိုတော့ ရှိတာကို ရှိတဲ့အတိုင်းသိတာ ဝိပဿနာဉာဏ် ခေါ်တယ်၊ ရှိတာကို ရှိတဲ့အတိုင်းသိတာ ဝိပဿနာ၊ အရှိမှန်ကိုသိတာဟာ ဝိပဿနာ၊ ပရိသတ် ဝိပဿနာဆိုတာ အရှိမှန်သိတာ၊ ပရိသတ်ဘာမှန်

http://www.dhammadownload.com



သိတာတုန်း? အရှိမှန်သိတာပါဘုရား၊ ဒီတော့ အရှိမှန်ရယ် မရှိမှန်ရယ်လို့ အမှန်နှစ်မျိုးရှိတယ် တစုံတခု-လူတစ်ယောက်ကိုမြင်တယ်ဆိုကြပါစို့ မိမိရှေ့ မျက်စိရှေ့ အောက်ရောက်လာတဲ့ လူတစ်ယောက်ကိုမြင်ပြီဆိုရင် ဘုန်းကြီးတို့ဒကာ ဒကာမတွေက ဟိုဟာ လူကြီးပဲ၊ သို့မဟုတ် ယောကျ်ားကြီးပဲ၊ မိန်းမကြီးပဲလို့ ဒီလိုသိမသွားဘူးလား ပရိသတ်? သိပါ[illegible]ဘုရား၊ အဲဒါ မရှိမှန်သိခေါ်တယ်၊ မရှိလည်းမရှိဘဲနဲ့ မှန်တော့မှန်သေးတယ်၊ ဘာမှန်တာတုန်း မုသားလွတ်မှန်တာ၊ ယောကျ်ားကို မိန်းမလို့သွားပြောရင် လိမ်ရာ ရောက်သွားမယ်၊ မိန်းမကို ယောကျ်ားလို့ပြောပြန်ရင်လည်း လိမ်ရာရောက် သွားမယ်၊ ခွေးကို မစင်လို့ပြောရင်လည်း လိမ်တာပဲ၊ မစင်ကို ခွေးလို့ပြောရင် လိမ်တာပဲ၊ ဟောမုသားဖြစ်ကုန်မယ်၊ အပါယ်ကျကုန်မယ်၊ ဒါကြောင့် မုသားလွတ်ရုံမှန်လို့ မှန်တော့ မှန်သေးတယ် သို့သော် အဟုတ်ရှိသလား လို့စစ်တော့ အဟုတ်မရှိပါ။

တကယ်ရှိတာကရုပ်နာမ်၊ မျက်စိရှေ့မှောက်မှာမြင်နေရတဲ့အဲဒီလူလို့ သို့မဟုတ် ယောကျ်ားလို့ မိန်းမလို့ ကိုယ်ကထင်နေလို့သာ ထင်နေတယ် အမှန်စင်စစ်ကတော့ ရူပါရုံ ရုပ်တရား မျက်စိပေါက်ထဲတိုးဝင်လာတာက ရူပါရုံ အဆင်းဓာတ်၊ ဒီတော့ ဖဲဒီအဆင်းဓာတ်ကို မြင်တာကို အဆင်းလို့ ဝိပဿနာဉာဏ်ကဦးစီးမသိလိုက်တော့ သူကယောကျ်ားလို့ထင်လိုက် မိန်းမလို့ ထင်လိုက်၊ မြင်ရာမှာဉာဏ်မတွဲ လေသောကြောင့် သဏ္ဌာန်စွဲ ငါသူတဲ့ မြင်တဲ့အဆင်းဓာတ်ကို ဉာဏ်နဲ့တွဲပြီးတော့ ဒါအဆင်းပဲလို့၊ ရုပ်ပဲလို့ ဒီလို မရှုလိုက်တဲ့အတွက် ဘာတွေဖြစ်ကုန်တုန်းလို့ဆိုတော့ ဟောယောကျ်ားပဲ မိန်းမပဲ ခွေးပဲ နွားပဲ စသည်ဖြင့် [illegible]ပုံသဏ္ဍာန်အနေနဲ့ တောက်တီး တောက်တဲ့တွေ မရှိတာတွေ လျှောက်ပြီးတော့ မြင်ကုန်တယ် ကြံကုန်တယ်၊ ဒါကြောင့် မြင်ရာမှာ ဉာဏ်မတွဲလို့ သဏ္ဌာန်စွဲငါသူ အဆင်းကို မြင်ပါလျှက် တောက်တီးတောက်တဲ့ယူ။

မြင်တာကအဆင်းမြင်တာ ဥပမာလေးနဲ့ပြောမယ်၊ ကိုယ်လုံးပေါ် မှန်ကြီးတချပ်ထောင်ထား၊ ဟောဒကာ ဒကာမတွေ တရားပွဲကျင်းပနေတဲ့ ဟောဒီဓမ္မာရုံကြီးရဲ့ အပြင်ဘက်နား ကိုယ်လုံးပေါ်မှန်ကြီးထောင်ထား ရှေ့နားဖြတ်လာတဲ့သူတွေရဲ့ အရိပ်ဒီထဲပေါ်သလား မပေါ်ဘူးလား? ပေါ်ပါ[illegible]ဘုရား မှန်ကြီးထောင်ထားတော့ ရှေ့ဖြတ်လာတဲ့ လူရဲ့အရိပ်ဒီထဲဝင် လာတာပဲ ပေါ်လာတာပဲ၊ ဒီတော့မှန်ထဲပေါ်လာတာသည် အရိပ်မျှသာဖြစ်ပါသည် လူကြီးပင်လာတာမဟုတ်ဘူး၊ အကောင်ကြီးဝင်လာတာမဟုတ်ဘူး၊ ပရိသတ်

http://www.dhammadownload.com



မှန်ထဲအကောင်ကြီးဝင်လာသလား? မဟုတ်ပါဘုရား၊ အရိပ်ဝင်လာတာ၊ ဘာဝင်လာတာတုန်း? အရိပ်ဝင်လာတာပါဘုရား၊ အကောင်ကြီး ဝင်လာရင် ဒီမှန်ထဲဝင်လာတဲ့ဟာကြီးကိုလက်နဲ့တို့ကြည့်၊ လက်နဲ့ဆုပ်ကြည့် မိရမယ်၊ အပ်နဲ့ထိုးကြည့် ဟိုပြင်ဘက်ကကောင်ကြီးနာရမယ်၊ အခု မှန်ထဲပေါ်လာတဲ့ အရိပ်အပ်နဲ့ထိုးလို့အပြင်ဘက်ကလူ ပရိသတ် နာရဲ့လား? မနာပါဘုရား၊ ဒါဖြင့် ဒီအကောင်နဲ့ ဒီအရိပ်တခြားစီဆိုတာ မသေချာဘူးလား? သေချာပါတယ်ဘုရား။

အဲဒါလိုပဲ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေရဲ့ မျက်စိလို့ ခေါ်တဲ့ ကိုယ်လုံးပေါ်မှန်ကြီးထဲမှာ အပြင်ဘက်ကလာတဲ့ ရုပ်တရားခေါ်တဲ့ ရုပ်စုရုပ်ပုံကြီးက လာပြီးတော့ထင်လိုက်တော့ တိုက်လိုက်တော့ ရှေးရှုလိုက်တော့ ဟော မျက်စိထဲမှာ အရိပ်ကြီးလာထင်၊ အဲဒီအရိပ်ကြီးကို အရိပ်လို့ မသိပါပဲနဲ့ ရုပ်လို့မသိပါပဲနဲ့ ယောက်ျားကြီး မိန်းမကြီး လူကြီး ခွေးကြီး နွားကြီး စသည်အမျိုးမျိုးထင်ပြီးတော့နေ မြင်ရာမှာ ဉာဏ်မတွဲလို့ သဏ္ဌာန်စွဲငါသူ အဆင်းကို မြင်ပါလျှက် တောက်တီးတောက်တဲ့ယူ။ ရေပြင်မှာ ဒုတ်ကလေးနဲ့ အရုပ်ရေးတဲ့သူလိုပါပဲတဲ့ ရေပြင်ပေါ်မှာ ဒုတ်ကလေးတစ်ချောင်းနဲ့ သူစိတ်ကူး ပေါက်ရာ အရုပ်ကလေးဆွဲပြီးတော့နေတဲ့လူက ဒုတ်ကလေးနဲ့ လျှောက်ပြီး တော့ အရုပ်ရေးသွားလိုက်တာ ဒုတ်ကရှေ့သွား နောက်ကရေး တရေးရေးနဲ့ အကြောင်းလေးထင်ပြီးတော့ ပျောက်လိုက် ပျောက်လိုက် ရှေ့က အရုပ်ကလေး ဆွဲသွား သူ့ဒုတ်ရဲ့နောက်က ရေလေး မြောင်းလေးလို ပေါ်သယောင်ယောင် ပေါ်ပြီးတော့ ပေါ်ပြီးပျောက်သွား၊ ပျောက်သွား ပေါ်လိုက် ပျောက်လိုက် ပေါ်လိုက်ပျောက်လိုက် ဖြစ်တာ။

ဒါပေမယ့်လို့ သူ့စိတ်ကူးထဲက တခါထဲသူမိန်းကလေးရုပ် ကလေးဆွဲနေ မိန်းကလေးရုပ်ကလေးလှလှလေးပေါ်ပြီးတော့ သူ့စိတ်ထဲ စိတ်ကူးနဲ့မြင် . . . လို့၊ ရေထဲ သူ့စိတ်ကူးနဲ့သာသူမြင်နေတယ် ရေထဲတော့ ဘာမှမရှိဘူး ဒုတ်နဲ့ရေးလို့ အရုပ်မထင်ဘူး၊ ပရိသတ်ရေထဲ ဒုတ်နဲ့ရေးလို့အရုပ်ထင်ရဲ့လား? မထင်ပါဘုရား၊ သို့သော် ရေးတဲ့သူကတော့ သူ့စိတ်ကူးနဲ့ သူ ကြည်နူးပြီးတော့ မနေတတ်ဘူးလား? ကြည်နူးပါဘုရား၊ သစ်ပင်တောတောင်လေးတွေဆိုလည်း ဥယျာဉ်လေးတွေ ဘာလေးတွေ လျှောက်စိတ်ကူး နဲ့ဆွဲပြီးတော့ ကျေနပ်မနေဘူးလား? ကျေနပ်ပါတယ်ဘုရား၊ "ရေပြင်မှာ ဒုတ်ကလေးနဲ့ အရုပ်ရေးတဲ့သူ" တဲ့ ရေပြင်မှာ ဒုတ်ကလေးနဲ့ရေးတဲ့သူလို ပါပဲ. . . တဲ့၊ ဘုန်းကြီးတို့ မရှိတာတွေ လျှောက်ပြီးတော့ ရှိတယ်ထင်ပြီးတော့ အရုပ်ကို အဟုတ်ထင်ပြီးတော့နေ

http://www.dhammadownload.com



ကြတယ်၊ အမှန်စင်စစ်ကတော့ မျက်စိထဲမှာ လာပြီးတော့ တိုက်တဲ့ရူပါရုံ ရုပ်ဓာတ်ရယ် အတွင်းကမှန်ဓာတ်လို့ခေါ်တဲ့ စက္ခုပသာဒရုပ်ဓာတ်ရယ် မြင်တယ်ဆိုတဲ့ အခိုက်မှာ ရုပ်ဓာတ်နှစ်လုံး မြင်ဆိုတဲ့ အခိုက်မှာ ပရိသတ်ရုပ်ဓာတ်နှစ်လုံး မြင်တဲ့အခိုက် ရုပ်ဘယ်နှစ်လုံးပါလိမ့်? နှစ်လုံးပါဘုရား၊ ဆိုလိုက်စမ်းပါ-

**မြင်သိခါမှတ်, ရုပ်ဓာတ်နှစ်ဖြာ။** ဟော-ဒကာ ဒကာမတွေလူမြင်တယ်၊ နွားမြင်တယ်၊ ခွေးမြင်တယ်နဲ့ မြင်မြင်နဲ့ပြောနေကြတာ၊ ပြောလို့သာ ပြောနေတာ မြင်တဲ့အခိုက်ရှိတာက ရုပ်ဓာတ်နှစ်ဖြာပဲရှိတယ်၊ အပြင်ဘက်ကလာ ထင်တဲ့ ရူပါရုံအဆင်းရုပ်ဓာတ်စုရယ် အတွင်းကမှန်လို့ခေါ်တဲ့ ပသာဒစက္ခုရုပ်ဓာတ်စုရယ် ဒီရုပ်ဓာတ်နှစ်ခုတိုက်တာကိုပင် မြင်လို့စကား ပြောထားတာ၊ ဒါဖြင့် မြင်တဲ့အခိုက်မှာရုပ်ဓာတ်စုနှစ်ခုပဲရှိတယ်၊ မြင်တဲ့အခိုက် ဘာရှိတုန်း? ရုပ်ဓာတ်နှစ်ခုရှိပါ ဘုရား။ ဒီတော့ရုပ်ဓာတ်ကဒီနှစ်ခုရှိတာ၊ ဟုတ်ပြီ နာမ်ဓာတ်က ဘာတွေရှိတုန်းဘုရားလို့ဆိုတော့ ဆိုလိုက်စမ်းပါ-

**မြင်သိခါမှတ်, ရုပ်ဓာတ်နှစ်ဖြာ, မြင်တွေ့ခံစား, နာမ်ကားသုံးဖြာ။** ရုပ်ဓာတ်ကတော့ ခုနက အဆင်းရုပ်ဓာတ်အုပ်စုကြီးရယ် အထဲက စက္ခု ပသာဒ ခေါ်တဲ့ မှန်ဓာတ်အုပ်စုကြီးရယ် ရုပ်ဓာတ်နှစ်ခုရှိတာတော့ ဟုတ်ပြီဘုရား၊ အရှုံမှန်တရားက ရုပ်စုနှစ်ခုဝေ့ပြီ၊ နာမ်ကဘာတွေတုန်းလို့ဆိုတော့ မြင်တဲ့စက္ခုဝိညာဏ်မြင်စိတ်ကလေး၊ အဲဒီရူပါရုံနဲ့ မှန်နဲ့တိုက်လိုက်တော့ မှန်နဲ့တူတဲ့ စက္ခုပသာဒနဲ့ အပြင်ဘက်က ရူပါရုံနဲ့တိုက်လိုက်တော့ ဖျတ်ခနဲဆို ကြားထဲက မြင်သိစိတ်ကလေး ဖွားကနဲပေါ်တာ ဒါဓာတ်သဘာဝအတိုင်း သူ့သဘာဝအတိုင်း သူဖြစ်တာ၊မီးခပ်ကျောက်နဲ့ မီးခပ်နဲ့ချစ်လိုက်တော့ ဝင်းခနဲ မီးကလေး ပေါ်သလိုပဲတဲ့၊ စက္ခုဝိညာဏ်မြင်စိတ်ကလေး ဖျတ်ခနဲဆို ပေါ်တာ အဲဒါမြင်စိတ် ကလေး၊အဲဒီမြင်စိတ်ကလေး ပေါ်ရုံတင်မကဘူး မြင်တဲ့အာရုံကို ဟောဒါ က ကောင်းတာ ဟောဒါကဆိုးတာလို့ ခံစားတဲ့ ဝေဒနာလေးပဲပေါ်တယ်၊ မြင်တဲ့ ဟာလေးကို ဒါကကြည့်လို့ကောင်းတယ်၊ ဒါ သုခဝေဒနာ။ ကြည့်ရတာ ကြီးဆိုးလိုက်တာ ဒါဒုက္ခဝေဒနာ။

ဒီတော့ကောင်းတဲ့ခံစားမှု မကောင်းတဲ့ခံစားမှုလို့ ဒီနှစ်ခုတစ်ခုခုလာ တယ် မြင်လိုက်တဲ့အခိုက်မှာ ဒါကြောင့်ဝေဒနာဓာတ်လို့ခေါ်တယ်၊ အဲဒီ ဝေဒနာ ဓာတ်ဘာ့ကြောင့်ပေါ်တုန်းဆိုတော့ ခုနကမြင်မှုရယ် ရူပါရုံရယ် အတွင်းက စက္ခုပသာဒရယ် သုံးခုထိခိုက်မှုဆိုတဲ့ ဖဿ၊ အဲဒီဖဿခေါ်တဲ့ နာမ်ဓာတ်ပေါ်

http://www.dhammadownload.com



လို့ခံစားမှုတွေပေါ်ရတယ် အရသာခံစားမှုဆိုတာ ထိတွေ့မှုလေးရှိမှပေါ်တယ်၊ ဘုန်းကြီးတို့ဒကာ ဒကာမတွေ သိလွယ်နားလွယ်အောင် ဆိုလို့ရှိရင် လျှာပေါ်မှာ စားတဲ့အရသာ လျှာပေါ်တင်လိုက်တော့မှခါးရင် ခါးတယ်လို့သိတယ်၊ ချိုရင်ချိုတယ်သိတယ်၊ လျှာပေါ်မရောက်သေးဘဲနဲ့ ပရိသတ် ရသာရုံတစ်ခု စားစရာတခု လျှာပေါ်မတင်သရွေ့ ခါးတယ် ငံတယ် ချဉ်တယ် သိရဲ့လား? မသိပါဘုရား၊ ဒါဖြင့်လျှာပေါ်ရောက်လာတဲ့အခါ လျှာနဲ့ထိလိုက်တဲ့အခါကျတော့မှ၊ ဒါကချဉ်တယ် ဒါကငံတယ် ဒါကချိုသကိုးလို့ မသိဘူးလား? သိပါ၊ ဘုရား၊ ချိုတယ် ချဉ်တယ် ငံတယ် ခံစားတာက ဝေဒနာ၊ လျှာပေါ်ထိလိုက်တာက ဖဿ ဒါဖြင့်ဝေဒနာရဲ့ရှေ့ကဖဿရှိတယ်၊ ဝေဒနာရဲ့ရှေ့ကဘာပါလိမ့်? ဖဿရှိပါ ဘုရား။

ဒါဖြင့် ဘုန်းကြီးတို့ပရိသတ်က ပြောလိမ့်မယ် တပည့်တော်တို့ဘုရားသူများသံပုရာသီးစားတာကြည့်ပြီးတော့ ဒီကသွားရည်ကျနေတာ ဘယ်ထိသေးလို့တုန်းလို့မေးလိမ့်မယ်၊ မနောထိ ထိတယ်၊ စိတ်ထိ ထိတယ်၊ လျှာပေါ်သာအဟုတ်လာ မထိသေးတာ စိတ်ကနေပြီးတော့ သူစားတာကြည့်ပြီး တော့ ပါးတွေတွန့်ပုံ ပြုံပုံကြည့်ပြီးတော့ ကိုယ့်စိတ်ကစမ္မာရုံဖဿနဲ့ လာထိတာ အဲဒီတင်သွားရည်လာကျတာ၊ တကယ်လျှာပေါ်သာမထိသေးတာ၊ မနော ထိ,ထိတယ်၊ ဒီတော့ ဘာထိတာဖြစ်ဖြစ် ဖဿလို့ခေါ်တယ်၊ ဒီတော့ နာမ်တရား သုံးပါးကဘာတုန်းဆိုရင် မြင်ဆိုတဲ့စက္ခုဝိညာဏ်စိတ်၊ ထိဆိုတဲ့ ဖဿစေတသိက်၊ ခံစားဆိုတဲ့ ဝေဒနာစေတသိက်၊ ဟော-မြင်တဲ့အခိုက်မှာ နာမ်သုံးလုံး၊ ပရိသတ်မြင်တဲ့အခိုက်ဘာသုံးလုံးတုန်း? နာမ်သုံးလုံးပါဘုရား။

ဒီတရားတွေကဘုန်းကြီးတို့က ဒကာ ဒကာမတွေနေ့တိုင်း ဖြစ်နေတာကို ဘုန်းကြီးတို့က ဖေါ်ပြောနေရတာ၊ ဖြစ်နေတာက ဒကာ ဒကာမတွေမျက်လုံးပေါက်ထဲဖြစ်နေတာ နေ့တိုင်းဖြစ်၊ အခုလည်းဖြစ် သို့သော် နာမည်မတတ်တတ်လို့ ဒကာ ဒကာမတွေကို ဘုန်းကြီးတို့ကဖေါ်ပြနေတာ၊ ဒီတော့အခုပြောနေတဲ့ဖြစ်စဉ်က ဒကာ ဒကာမတွေရဲ့ ခန္ဓာဖြစ်စဉ် တခြားဟာများယူပြောနေတယ်မထင်နဲ့ မိမိတို့ဝမ်းထဲ မိမိတို့မျက်လုံးပေါက်ထဲဖြစ်နေတဲ့နေ့တိုင်းဖြစ်နေတဲ့ခန္ဓာဖြစ်စဉ်၊ ဘာဖြစ်စဉ်တဲ့တုန်း? ခန္ဓာဖြစ်စဉ်ပါဘုရား၊ အဲဒီဖြစ်စဉ်လေးကို ဖြစ်စဉ်အတိုင်းမသိတာက အဝိဇ္ဇာခေါ်တယ်၊ မသိလိုက်တဲ့အဝိဇ္ဇာက ဖုံးလွှမ်းလိုက်တော့ ရုပ်နာမ်ပျောက်သွားပြီးတော့ ဟော-ငါကောင်

http://www.dhammadownload.com



သူကောင် ယောက်ျားမိန်းမ သက္ကာယဒိဋ္ဌိစွဲတွေဝင်၊ ဒါကြောင့် ဆိုလိုက်စမ်းပါ-

* **မြင်သိခါမှတ်၊ ရုပ်ဓာတ်နှစ်ဖြာ၊ မြင်တွေ့ခံစား၊ နာမ်ကားသုံးဖြာ၊**
**မြင်သည့်အခိုက်၊ ရှုလိုက်သောခါ၊ ရုပ်နာမ်ကွဲ၊ ဘယ်လဲသူ့နဲ့ငါ။**

မြင်သည့်အခိုက်ရှုလိုက်ရင်တဲ့ ရှုလိုက်ရင်ဆိုတာ ဝိပဿနာဉာဏ်သွင်းပြီးတော့ ဝိပဿနာဉာဏ်လေးနဲ့ ရှုလိုက်ရင် ဘယ်လိုရှုရမှာတုန်းဆိုတော့ မျက်လုံးထဲဖျတ်ကနဲ့တစုံတခုမြင်လိုက်သည်နှင့် တပြိုက်နက် မြင်တယ် မြင်တယ် မြင်တယ်ဟူ၍ ရှုလိုက်၍သို့မဟုတ် ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက်လို့ရှုလိုက်၊ ဝိပဿနာဉာဏ်ဆီးရှုလိုက်တာ အဲဒါလှေ့ထဲဝင်မယ့်ရေကိုပွဲ့လျက်နဲ့ဖာလိုက်တာနဲ့အတူတူပဲ၊ ပရိသတ်လှေ့အစပ်က ရေမဝင်တတ်ဘူးလား? ဝင်တတ်ပါ ဘုရား၊ အဲဒီဝင်တဲ့ရေကို ပွဲ့လျက် ကလေးနဲ့ အဝတ်ကလေးနဲ့ လုံးထွေးပြီးတော့ဆို့ပိတ်လိုက်ရင် ဝင်နိုင်သေး ရဲ့လား? မဝင်နိုင်ပါဘုရား၊ အဲဒါလိုပဲ ဒကာ ဒကာမတွေရဲ့ ခန္ဓာလှေ့မှာ မျက်စိ ပေါက်လို့ ခေါ်တဲ့ အပေါက်ကြီးကနေပြီးတော့ လောဘဒေါသရေတွေ ဝင်ပက်လို့လာတယ်။ အဲဒါကိုဒီကရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက်လို့ ဆီးရှုတော့ ဟော ရုပ်နာမ်နှစ်ခုလုံးကို ရုပ်လို့ရှုမိရက်သားဖြစ်သွား။ နာမ်သုံးလုံးကို နာမ်လို့ရှုမိရက်ဖြစ်တော့ ဟိုကရှိတာက ရုပ်နှစ်ခုနဲ့ နာမ်သုံးခု ဒီကလည်း ရုပ်နာမ်လို့ဆီးရှုတည့်မသွားဘူးလားပရိသတ်? တည့်သွားပါ ဘုရား။

ရှိတာကလည်းရုပ်စုနှစ်ခု ရုပ်စုနှစ်ခုကို ပါဠိလိုစီရင် ရူပက္ခန္ဓာလို့ခေါ်တယ်၊ ရုပ်ဆိုတာရူပ အစုဆိုတာကခန္ဓာ ဒါကိုရူပက္ခန္ဓာလို့ခေါ်တာ၊ ဟော-နာမ်စုသုံးခုဆိုတာနာမက္ခန္ဓာ မြင်တဲ့စက္ခုဝိညာဏ်စိတ်ကလေးကလည်း ဖြုန်းဖြုန်း ဖြုန်းဖြုန်းဆို အများကြီးဖြစ်သွား၊ နောက်ဖဿအထိအတွေ့တွေကလည်းဖြစ်သွား၊ နောက်ခံစားမှုကလည်းမြင်ပြီးရင် ကြည့်လို့ကောင်းလိုက်တာလို့ ဆိုတာက သုခဝေဒနာဟာကြည့်လို့ကောင်းလိုက်တာ ဆိုတာက ဒုက္ခဝေဒနာ ကြည့်လို့ကောင်းတယ်လည်းမဟုတ်၊ ကြည့်မကောင်းတယ်ရယ်လည်း မဟုတ်ဆိုတာ ဥပေက္ခာဝေဒနာ ဒီဝေဒနာသုံးလုံး တလုံးလုံး လာတာပဲ။ ဒီတော့ အဲဒီဝေဒနာသုံးလုံးဆိုတဲ့နာမ်တရားရယ် ဖဿနာမ်တရားရယ် မြင်စိတ်ဆိုတဲ့ နာမ်တရားရယ် ပေါင်းလိုက်တော့သုံးခုကို နာမ်လို့ သိမ်းခေါ်၊ ခုနကရုပ်စုကြီး နှစ်ခုကိုသိမ်းပြီးတော့ ရုပ်လို့ခေါ်တယ်၊ ဒီတော့မြင်တဲ့ အခိုက်မှာ ဘာရှိတုန်းလို့ဆိုတော့ ရုပ်နာမ်ရှိတော့တယ်၊ ပရိသတ် မြင်တဲ့ အခိုက်ဘာရှိတုန်း? ရုပ်နာမ်ရှိပါဘုရား၊ ရှိတာကရုပ်နာမ် သိတာကငါ၊ လွဲမသွားဘူးလား? လွဲသွားပါ ဘုရား၊ ရှိတာကရုပ်နာမ်သိတာက၊ လူ၊ လွဲမသွားဘူးလား?

http://www.dhammadownload.com



လွဲသွားပါ ့ ဘုရား၊ အဲဒီအလွဲကို သက္ကာယဒိဋ္ဌိ လို့ခေါ်တယ်။

ဒါဖြင့် ဒကာ ဒကာမတွေ နေ့တိုင်းနေ့တိုင်း အဲဒီအသိတွေနဲ့ယောက်ျား လို့သိ မိန်းမလို့သိ ငါလို့သိ သူလို့သိ ဆိုတဲ့အသိတွေချည့် သိမနေ ဘူးလား? သိနေပါ ့ ဘုရား၊ ဒါဖြင့် -သက္ကာယဒိဋ္ဌိစွဲတွေ နေ့တိုင်း မဝင်ဘူး လား? ဝင်ပါဘုရား၊ အဲဒီကိလေသာရေတွေဝင်လာတာကို ဝိပဿနာနဲ့ ဆို့ပိတ်နိုင် ရတယ်တဲ့၊ ဟော-မျက်စိပေါက်တပေါက်ပြောရင် ကျန်တဲ့ ငါးပေါက်က ပြောပြီး သားဖြစ်တယ်၊ မြင်တဲ့အခိုက် အဲဒီလိုရှုလိုက်ရင် ရုပ်နာမ်ကို ရုပ်နာမ်လို့ သိတဲ့ ဉာဏ်ပေါ်တယ်၊ အဲဒီနာမ်ပေါ်သည်နှင့်တပြိုင်နက် ငါလို့သိတဲ့အသိ သူလို့သိတဲ့ အသိ ယောက်ျားလို့သိတဲ့အသိ မိန်းမလို့ သိတဲ့အသိ ခွေးလို့ နွားလို့ ကြက်လို့ ငှက်လို့ အကောင်အထည်နဲ့သိတဲ့ သက္ကာယဒိဋ္ဌိတွေ အကုန်ပျောက် သွားတယ် . . . တဲ့၊ အကုန်ပယ်လိုက်သတဲ့၊ အဲဒါသက္ကာယဒိဋ္ဌိပယ်လိုက်တာ၊ သမုဒယ သစ္စာပယ်လိုက်တယ်လို့ခေါ်တယ်။

ဝိပဿနာဉာဏ်ပေါ်လိုက်သည်နှင့်တပြိုင်နက် ဝင်နေကျဖြစ်တဲ့ရေ မဝင်လာတော့ပါ၊ ပရိသတ်ဝင်သေးရဲ့လား? မဝင်တော့ပါဘုရား၊ ငါပဲ သူပဲ ယောက်ျားပဲ မိန်းမပဲဆိုတာ နေ့တိုင်းဝင်နေကျတွေ တဟုန်းဟုန်းဝင်နေကျ ရေတွေဝင်သေးရဲ့လား? မဝင်တော့ပါဘုရား၊ မဝင်ရင် လှေပေါ့မသွားဘူး လား?ပေါ့ပါ ့ ဘုရား၊ ပေါ့သွားမှလှော်ရင် ပိုပြီးတော့ မမြန်ဘူးလား? မြန်ပါ ့ ဘုရား၊ ဒီတော့လှော်တယ်ဆိုတာ ရမ်းလှော်လို့မဖြစ်ဘူးတဲ့၊ အဲဒီလို ရေကိုလည်း ပက်ထုတ်၊ ပိတ်ရမှာလည်းပိတ်ပေါ့-

သမုဒ်အဏ္ဏဝါ၊ ရေသီတာဝယ်၊ များစွာလူဗိုလ်၊ ရေတွေယိုသည့်၊
လှေဇိုလှေမင်း၊ တက်ရှစ်စင်းနှင့်၊ ဘေးကင်းရာမှန်၊ ပြည်နိုင်ငံသို့၊
စွမ်းအင်ခွန်အား၊ လှော်သော်ငြားလည်း၊ ခြောက်ပါး အပေါက်ကွဲ၊
မပိတ်ဘဲနဲ့၊ လှေထဲကရေ၊ မပက်လေကို၊ မြင်လေသမျှ၊ နရကဝီ၊
သုခမိန်တို့၊ အကြိမ်ကြိမ် ပြော၊ ပိတ်ဘို့ဟောလည်း၊ သဘောမဝင်၊
မပိတ်ချင်ပဲ၊ တွင်တွင်လှော်ငြား၊ လှေမသွားသည် . . လှေကားနစ်မြုပ်၊
မပေါ်တော့သတည်း . . .

သာဓု . . . သာဓု . . . သာဓုပါဘုရား။

ဟော-ဘုရားရှင်ကိုယ်တော်မြတ်ကြီးများက ရေကိုလည်းပက်ထုတ် အပြင်ကရေကိုလည်း မဝင်စေနဲ့ ပြီးတော့လည်း ကြိုးစားပြီးတော့ လှော်ခတ်

http://www.dhammadownload.com



ကြလို့ တိုက်တွန်းတယ်၊ ယနေ့များစွာသော သတ္တဝါတွေက အတွင်းရှိရေကို လည်း မပက်ချင် အပြင်ကဝင်လာတဲ့ ရေကိုလည်းပဲမဆို့ပိတ် လှော်မှုကိုလည်း မပြုချင်လို့ ဆိုတော့- ဒီခန္ဓာလှေကြီး ပရိသတ် နိဗ္ဗာန်သောင်ကမ်း ဆိုက်ပါ တော့မလား? မဆိုက်နိုင်ပါဘုရား၊ မဆိုက်တဲ့အပြင် ရောက်ရာဌာန ကနေပြီး တော့ အပါယ်လေးပါးထိအောင် မမြုပ်ပေဘူးလား? မြုပ်နိုင်ပါ ဘုရား၊ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက ရေမပက် တဲ့အပြင် ရှိတဲ့ရေတောင်ပိုပြီးတော့ လေးသထက်လေးအောင် အဝင်ခံချင်တယ်၊ ရေဝင်နေရင် သဘောကျတယ် ပရိသတ် သတ္တဝါများစွာက ရေဝင်နေရင် သူက သဘောကျတယ်။

ဘုန်းကြီးတို့- ကျေးဇူးတော်ရှင် ပျံလွန်တော်မူသွားတဲ့ ဆရာတော် ဘုရားကြီးက ပြောတယ်- ဥပမာကလေး တစ်ခုပြောသွားတယ် မန္တလေးမှာ ဂေါဝိန်ဆိပ် ရှေးတုန်းကတော့ လှေကြီးတွေနဲ့ အရောင်းအဝယ်လာကြတယ် လှေသူကြီးတွေက လှေကြီးတွေနဲ့ အရောင်းအဝယ်လာကြတော့ လှေသား ပါလာ လှေသူကြီးက ကုန်းပေါ်တက်ပြီးတော့ ပွဲရုံတွေရှိရာ သွားပြီးတော့ ကုန်စကားပြော ကုန်ချပြီးရင်လည်း ငွေတို့ဘာတို့ ရရေးအတွက် သွားတဲ့ အခါ လှေသမားတွေက လှေစောင့်ရစ်ကြ။ ဒီတော့ မန္တလေး ဂေါဝိန်ဆိပ်မှာ လှေကြီးတစ်စင်း ဆိုက်ထားပြီးတော့ ကုန်တွေဘာတွေ ချထားပြီးတဲ့နောက် လှေသူကြီးက ကုန်းပေါ်တက်သွားတယ် တက်သွားတော့ သူ့လှေသားက ပေါက်ဖော်လေးက တရုတ်ကလေး ဟော့ "ပေါက်ဖော်လေး လှေရေမယိုစေ- နဲ့နော် ကြည့်လိုက်" လို့မှာသွားပြီးတော့ တက်သွား ပေါက်ဖော်လေးက လှေကြီးကြည့် ရေမယိုစေနဲ့တဲ့ဆိုတော့ ပေါက်ဖော်လေးက သူကသိတာက ရေယိုတယ်ဆိုတာ အထဲကရေ အပြင်ဘက် ထွက်တာကိုယိုတယ်လို့ သူက သိတာကိုး နားလည်နေတာ၊ အပြင်ကရေ အတွင်းဝင်တယ်ဆိုတာကို ရေယို တယ်လို့ ဆိုတာကို သူသဘောမပေါက်ဘူး။

ဘုန်းကြီးတို့ ဗမာပြော လောကပြောကတော့ ရေယိုတယ်ဆိုတာ အပြင်ကရေတွေ လှေထဲဝင်တာကို ပရိသတ် ရေယိုတယ်လို့ မခေါ်ဘူးလား? ခေါ်ပါ ဘုရား၊ လှေသူကြီးက အဲဒီ အဓိပ္ပာယ်နဲ့ ပြောခဲ့တာ "ပေါက်ဖော် ရေ လှေရေမယိုစေနဲ့နော် ကြည့်လိုက်" ဆိုတော့ -"ဟုတ်ကဲ့ဟုတ်ကဲ့ဆရာ ကြီး စိတ်သာချ" ဆိုပြီး သူကလှေပေါ်ကနေထိုင်ကြည့်တော့-အပြင်ဘက်က ရေတွေက အစပ်ကနေပြီးတော့ စီစီ စီစီနဲ့ လှေထဲဝင်တာ အများကြီး အဲဒါ

F- 51

http://www.dhammadownload.com



သူကသြ--လှေကြီးထဲကရေအပြင်မယိုဘူး၊ ပြင်ဘက်ကရေကတောင် အထဲ ဝင်သေး၊ ဟန်ကျတာ ငါထိုင်ကြည့်နေမှပဲဆိုပြီး ဒီတိုင်းထိုင်ကြည့်နေတယ်၊ တဖြည်းဖြည်းနဲ့ ရေကလှေကြီးထဲမြင့်မြင့် မြင့်မြင့်ပြီးတော့ ရေတွေဝင်အား ကြီးပြီးတော့ လှေကြီးတစ်ဝက်လောက်နင်းလာတယ်၊ ဒီတော့လှေ သူကြီးက ကုန်းပေါ်ကဆင်းလာတော့ လှေလှမ်းကြည့်လိုက်တော့ အမလေး ရေတွေ လှေကို တဝက်နင်းနေပြီ ဒီပေါက်ဖော် ဘယ်များသွားပါလိမ့်မတုန်း ဆိုပြီးတော့၊ "ဟေ့ပေါက်ဖော် ဟေ့ပေါက်ဖော်" ဆိုတော့ သူကကြားထဲက ထလာပြီးတော့ ဗျာ. . .၊ ဟဲ့လှေရေမယိုပါစေနဲ့လို့ဆိုတာ ကြည့်ပါဆိုတဲ့ဟာ လှေကြီးကို တဝက်နင်းနေပြီ ကြည့်ပါအုန်း မင်းဘယ့်နဲ့လုပ်တာတုန်း? "ဟာ- ဆရာကြီး စိတ်ချ မယိုတဲ့အပြင် ဝံတောင်ဝံသေးတယ်"လို့ ဆိုတယ်၊ လှေထဲရေ ဝင်တာကို သူက ဝံတယ်လို့ခေါ်တယ်လေ၊ တရုပ်ပြောပြောတာပေါ့။

ဒီတော့ မယိုတဲ့အပြင် ဝံတောင်ဝံသေးတယ်တဲ့ ပေါက်ဖော်ကလေး ကပြောတဲ့စကား၊ ယနေ့တရားနာ ပရိသတ်အပေါင်းတို့ရဲ့ ခန္ဓာကိုယ်လှေ ကြီးက ပရိသတ်မယိုတဲ့အပြင် ဘာတုန်း ဝံတောင်ဝံသေးကယ်၊ ရဲရဲပြောစမ်း ပါ ဝံတောင်ဝံသေးတယ်နော်၊ မယိုတဲ့အပြင် ဝံတောင်ဝံသေးတယ်. . . တဲ့၊ ပရိသတ်ကပြောပါလား ကိုယ်တော့ ခန္ဓာကိုယ်လှေကြီးကောလို့ဆိုတော့ ဟိုး- အတူတူပေါ့၊ မယိုတဲ့အပြင် ဝံတောင်ဝံသေးတယ်နော်၊ အခုပါတီယူနစ် ဥက္ကဋ္ဌ ကြီးကသက်န်းတစ်စုံတဲ့၊ ကိုစန်းမောင်ကသက်န်းတစုံတဲ့၊ ကိုစောမောင် တို့ကငွေ (၁၅၀၀) ဆိုတော့ အဲဒါတွေ စိတ်ကူးပြီးတော့ ခုနကတရားဟော တုန်းက အဲဒါတွေ အကုန်စီပြောတတ်တယ်-စာရင်းမကြည့်ဘဲနဲ့နော် မယိုတဲ့ အပြင် ဝံတောင်ဝံသေးတယ်၊ ကိုယ်ကလည်းပဲ ကိုယ့်ဘာကိုတော့ ဝံတာပေါ့ နော်၊ ကဲဘယ်လိုဝံဝံပေါ့၊ ကဲဒီလိုနဲ့ပဲ မြင်တဲ့အခိုက်ရှုပေး၊ ကြားတဲ့အခိုက်၊ နံတဲ့အခိုက်၊ စားတဲ့အခိုက်၊ ထိတဲ့အခိုက်၊ ကြံတဲ့အခိုက် ရှုပေးနေလို့ရှိရင် ရေဝင်မသက်သာဘူးလားပရိသတ်? သက်သာပါတယ်ဘုရား။ ရေဝင်သက် သာရင် လှေမပေါ့ဘူးလား? ပေါ့ပါတယ်ဘုရား။ လှေပေါ့ရင် လှော်သလောက် မသွားပေဘူးလား? သွားပါတယ်ဘုရား။ ဟော-ဘုရားရှင်ကိုယ်တော်မြတ် ကြီးက မိုင်ပေါင်း (၁၅၀၀) ကနေပြီးတော့ ခိုးသားကိုးရာရဟန်းသစ်တွေ အပါအဝင် ပရိသတ်ကြီးကို သိဋ္ဌဘိက္ခု ဣမံ နာဝံ-ချစ်သားတို့ လှော်ကြလှော် ခတ်ပေးကြ၊ ရှိတဲ့ရေကိုလည်းပက်ထုပ်ကြ၊ အပြင်ဘက်ကဝင်တဲ့ရေကိုလည်း

http://www.dhammadownload.com



ပိတ်ဆို့ကြလို့ အဲဒီဝိပဿနာ အပါအဝင် ဟောတော်မူလိုက်တာ-

. တေ နဝသတစာေရာ ဓမ္မဒေသနာဝသာနေ သဟပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိံသု။

တေ နဝသတစာေရာ-ထိုခိုးသားကိုးရာမှဖြစ်လာတဲ့ ရဟန်းအသစ်စက်စက်တို့သည်လည်းကောင်း၊ တေပရိသာ-ထိုတရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့သည်လည်းကောင်း၊ ဒေသနာဝသနေ-ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဇေတဝန်ကျောင်းတော်ထဲကနေပြီးတော့ မိုင်ပေါင်း (၁၅၀၀) လောက်အဝေးကနေပြီးတော့ ရောင်ခြည်တော်လွှတ်ပြီးတော့ ခန္ဓာရုပ်ခေတ်ကြီးကိုပြပြီးတော့ အသံပေးပြီးတော့ ရုပ်မြင်သံကြားနဲ့ဟောတော်မူတဲ့ဒေသနာရဲ့အဆုံး၌၊ သဟပဋိသမ္ဘိဒါဟိ-ပဋိသမ္ဘိဒါလေးပါး အဘိညာဏ်ခြောက်ပါးတို့နှင့်တကွ၊ အရဟတ္တံ-အရဟတ္တဖိုလ်သို့ (ဝါ) ရဟန္တာယောက်ျားကြီးရဟန္တာမိန်းမကြီးများအဖြစ်သို့၊ ပါပုဏိံသု-ကောင်းစွာမသွေ ဆိုက်ရောက်တော်မူကြပါပေကုန်သတည်း။

သာဓု. . . သာဓု. . . သာဓု ပါဘုရား။

ဟော-ခိုးသားကိုးရာ ရဟန္တာဖြစ်တော်မူကြပြီ. . . တဲ့၊ အဲဒီလိုရဟန္တာဖြစ်အောင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မဂ္ဂင်ရှစ်ဖော်လှေ့လှော်ကြလို့ ဟောတော်မူလို့ ဒီနေ့ မဂ္ဂင်ရှစ်ဖော်လှေ့လှော်တရားကြီး၊ ဒီနေ့တရားဘာတရားပါလိမ့်? မဂ္ဂင်ရှစ်ဖော်လှေ့လှော်တရားပါဘုရား၊ ယနေ့ဒကာ ဒကာမပေါင်းသူတော်ကောင်းတွေလည်း မိမိတို့ရဲ့ခန္ဓာကိုယ်လှေကို ဒါန သီလဘာဝနာ တွေပြုပြီးတော့ လှော်မနေဘူးလား? လှော်ပါ ဘုရား၊ နေ့စဉ်နေ့စဉ် တတ်စွမ်းသမျှ မိမိတို့အိမ်မှာလည်းပဲ ဒါန သီလ ဘာဝနာမှုတွေပြုတိုင်းပြုတိုင်း ယခုလိုအထူးတလည် တရားပွဲကြီးများဆင်နွှဲကျင်းပ ပဌာန်းပွဲကြီးများဆင်နွှဲကျင်းပပြီးတော့ ပူဇော်နေကြတဲ့အချိန်တိုင်း အချိန်တိုင်းသည် လှော်နေတဲ့ အချိန်လား ရပ်နေတဲ့အချိန်လား? လှော်နေတဲ့အချိန် ပါဘုရား၊ လှော်နေရင်ရှေ့တိုးသလား နောက်ဆုတ်သလား? ရှေ့တိုးပါ ဘုရား၊ ဒါဖြင့်ယနေ့ဒကာ ဒကာမပေါင်း သူတော်ကောင်းတွေက ဒေသနာတော် ကြားနာရတဲ့အချိန်ကစပြီးတော့ မိမိတို့ပြုတဲ့ ဒါန သီလ ဘာဝနာ ကုသိုလ် ကောင်းမှုတစ်ခုခုပြုတိုင်း ငါလှော်နေတယ်လို့သိဖို့ မလိုဘူးလား? လိုပါ ဘုရား၊ ဒါန သီလ

http://www.dhammadownload.com



ဘာဝနာပြုပြီးတော့လည်း လှော်မှတော်မယ် လို့လည်း စဉ်းစားဖို့မလိုဘူးလား? လိုပါ ဘုရား၊ အဲဒီလိုလှော်ပါမှား လို့ရှိရင်ဖြင့် နိဗ္ဗာန်ဆိုတဲ့ ဘေးကင်းရာ နိုင်ငံအရပ်ကို ရောက်ဖို့မသေချာဘူးလား? သေချာပါ ဘုရား။

ဒါကြောင့် ယနေ့တရားတော်ကို နာကြားကြရတဲ့ ကုသိုလ်ကောင်းမှု အစထား၍ ဟော-ဘုန်းကြီးဟောတဲ့တရားလည်း ဆုံးသွားပြီ ပရိသတ်တွေက လည်း လှေလှော်တတ်သွားပြီ ပရိသတ်လှော်တတ်သွားပြီလား? လှော်တတ် ပါဘုရား၊ လှေလှော်တရားတော်ကြီးကို နာကြားပြီးသကာလ မိမိတို့ခန္ဓာ ကိုယ်လှေကြီးကို နေ့စဉ်လှော်နိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးတွေဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေ. . . လို့ ဒီနေ့ (၅) ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲအောင်ပွဲကြီး အမရပူရမြို့နယ် ပဋ္ဌာန်းပူဇော်အောင်ပွဲကြီး အောင်မြေရွှေဘုံမြတ်စွာဘုရား ပရဝုဏ်ကြီး အတွင်း ကျင်းပတဲ့ အောင်ပွဲကြီးကို အကြောင်းပြု၍ ယနေ့ဒကာ ဒကာမ ပေါင်းသူတော် ကောင်းတို့ ပူဇော်ကြတဲ့ ဘုရား တရား သံဃာ ရတနာသုံးပါး ပူဇော်မှုကြီး သည်. . . မိမိတို့ ခန္ဓာကိုယ်လှေကြီးကို မဂ္ဂင်ရှစ်ဖော် တို့ဖြင့် လှော်ခတ်ကြတဲ့ အနေနဲ့ သဘောပေါက်ကြပြီးသကာလ နေ့စဉ်နေ့စဉ်ယခု လိုကြီးကြီးကျယ် ကျယ် စုပေါင်းပြုကြခြင်းဖြင့်လည်းကောင်း၊ မိမိတို့နေထိုင်ရာ အိမ်ဂေဟာ အသီးသီးမှာနေထိုင်ကြရင်းလည်းကောင်း၊မဂ္ဂင်ရှစ်ဖော် တက်ရှစ် ဖော်တို့ဖြင့် ခန္ဓာကိုယ်လှေကြီးကိုလှော်နိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

ဤကဲ့သို့ လှော်နိုင်ခတ်နိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးတွေ ဖြစ်ကြကုန်လျှက် ဤကဲ့သို့ သတိမပြတ် လှော်ခတ်တော်မူသွား ကြတဲ့ ရှေးရှေးသော ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်း ကြီးတို့ ရောက်အပ် ရအပ် သိမြင်အပ်သော နိဗ္ဗာနစာတ် ဘေးကင်းရာအရပ် ကြီးကို လျှင်မြန်ဆောစွာ ရောက်ကြရ ရကြရ ဆိုက်ကပ်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား

http://www.dhammadownload.com



# *"ဝိပလ္လာသသုတ္တန်"
# "ဘဲကျောင်း တရားတော်"

ဒုတိယည အဖြစ်နဲ့ ဒီအမရပူရ မန္တလေး အမှတ် (၈) မော်တော်ယာဉ်လိုင်းကြီးရဲ့ မော်တော်ယာဉ်အသင်းကြီးရဲ့ အကြိမ် (၂၀) မြောက် မဟာကထိန်ပွဲတော်ကြီးမှာ၊ ဒုတိယညအဖြစ်ဖြင့် ဆက်လက်ပြီးတော့ ဘုန်းကြီးပဲ ဆက်ပြီးတော့ဟောဖို့တာဝန်ကျလာ၊ ပထမညတုန်းကဒကာ ဒကာမများ ပြုလုပ်အားထုတ်တဲ့၊ ကထိန်အလှူဒါနနဲ့ပတ်သက်တဲ့ ကထိန်ခေါ်ပုံ၊ ကထိန်ရဲ့ အကျိုးအာနိသင်၊ ကထိန်လှူဒါန်းရခြင်းရဲ့ရရှိတဲ့၊ ဒကာ ဒကာမများဘက်မှ ရရှိတဲ့ အကျိုး၊ အဲဒီကထိန်ဘယ်ကစပြီးတော့ ဖြစ်ပေါ်လာတယ်လို့ဆိုတဲ့ကထိန် စပြီးတော့ပညတ်ရတဲ့ဇာစ်မြစ်၊ ကထိန်ကိုဘာ့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ် ဘယ်ရည်ရွယ်ချက်နဲ့ ပညတ်တော်မူခဲ့တဲ့ ဇာစ်မြစ် အဲဒါလေးတွေ မနေ့ညက အားလုံး အသက အသက၊ ဆိုင်ရာဆိုင်ရာလေးတွေနဲ့ပြောခဲ့။

ဒီနေ့ညအနေနဲ့တော့ ယခုအမရပူရ မန္တလေး အမှတ် (၈) မော်တော်ယာဉ် ကထိန်အသင်းသူ အသင်းသား ဒကာ ဒကာမ အပေါင်းသူတော်ကောင်းတို့ကို အမှူးထား၍ ကြွရောက်လာကြကုန်သော တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့တတွေ. . . အသီးအသီး ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြသည့်အားလျော်စွာ ကထိန်ကုသိုလ်တွေလည်း ပြုဖူးကြတဲ့သူတွေ ပါကြလိမ့်မယ်၊ မပြုရသေးတဲ့သူတွေလည်းပါကြလိမ့်မယ်၊ ကထိန်ကုသိုလ်မှတပါး အခြားသော ကုသိုလ်တို့ကိုပြုဖူး၊ အားထုတ်ဖူးတဲ့ပုဂ္ဂိုလ်တွေ၊ သူတော်ကောင်းတွေ၊ ပြုဖို့ရာ ရည်ရွယ်ချက်ရှိနေကြတဲ့ အမျိုးသား အမျိုးသမီးတွေ အားလုံး အသက အသက ရှိကြလိမ့်မယ်၊ အဲဒီ ရှိကြသမျှ သူတွေဟာ ဘယ်ကုသိုလ်ပဲပြုပြု ဘုရားရှင်ကိုယ်တော်မြတ်က-

**သီဝံ ဘိက္ခဝေ ပတ္ထေထ။** ဘိက္ခဝေ-ချမ်းသာလိုလား အမျိုးသား အမျိုးသမီးအပေါင်းတို့၊ သီဝံ-ဘယ်ကုသိုလ်ကိုပဲပြုပြု၊ နိဗ္ဗာန်လို့ခေါ်တဲ့၊ အေးမြတဲ့၊ အသခ်တဓာတ်၊ မြတ်သောနိဗ္ဗာနဓာတ်ကို၊ ပတ္ထေထ-တောင်းတ၍ ပြုကြကုန်၊ **သီဝံ ပတ္ထေတွာ ဒါနံ ဒါတဗ္ဗံ။** -အဲဒီနိဗ္ဗာန်ကို တောင့်တပြီးတော့ ဒါနပြုကြ. . . **သီဝံ ပတ္ထေတွာ သီလံ ရက္ခိတဗ္ဗံ-** သီလဆောက်တည်ရင်လည်း

*အံ-၁/၃၆၁

http://www.dhammadownload.com



ပဲ အဲဒီနိဗ္ဗာန်ကို ရည်မှန်းချက်ချပြီးတော့ပြုကြ၊ **သိဝံ ပတ္ထေတွာန ဘာဝနံ ဘာဝေတဗ္ဗံ**- သမထဝိပဿနာ ဘာဝနာအလုပ်တွေကို ကြိုးပမ်းအားထုတ်တဲ့ နေရာမှာလည်းပဲ နိဗ္ဗာန်ကို ရည်မှန်းချက်ချပြီးတော့ပြုကြ. . .၊ သာသနာတော်ရဲ့ လိုရင်းရည် ရွယ်ချက်ကြီးကို ဘုရားရှင်ကိုယ်တော်မြတ်က မိန့်ခွန်းထိုးပြီးတော့ မှာတော်မူခဲ့တယ်။

ဒီတော့ယခုကထိန်အလှူ ကုသိုလ်ပွဲကြီးကို အားခဲပြုလုပ် အားထုတ်ကြတဲ့ မိမိတို့ချွေးနှဲစာနဲ့ မော်တော်ယာဉ် ပိုင်ရှင်များကလည်း မော်တော်ယာဉ်ပိုင်ရှင်အလျောက် ယခုခေတ်ကာလမှာ ပစ္စည်းအမျိုးမျိုး ဈေးတန်နေတဲ့ကြားထဲက မော်တော်ယာဉ်မောင်းကြတဲ့ အမျိုးသားတွေမှာလည်းပဲ နေပူကျဲကျဲမှာ ချွေးတလုံးလုံးနဲ့ ကြိုးပမ်းအားထုတ်ပြုလုပ်ရတဲ့ ရှာဖွေရတဲ့ မိမိတို့ချွေးနှဲစာပစ္စည်းထဲမှ စုပေါင်းပြီးတော့ တနှစ်တစ်ခါ ဘုရားသာသနာတော်ကြီးနဲ့ ကြုံကြတဲ့အခိုက် ကံကောင်းထောက်မလို့ လူ့ဘဝရောက်ကြတဲ့အခိုက် မိကောင်း ဖကောင်း ဆရာကောင်း သမားကောင်းတွေရဲ့ အဆုံးအမဩဝါဒကို ရကြသည့်အလျောက် စုပေါင်းပြီးတော့ ကုသိုလ်ပွဲကြီး အားထုတ်ကြပြုလုပ်ကြ။ ဘုရားသာသနာတော်နဲ့ စပ်ပြီးတော့ ပြုလုပ်တဲ့ ကုသိုလ်မှန်သမျှ ဘုရားသာသနာတော်ကို ကြည်ညိုလို့ မှီခိုအားထားပြီးတော့ ပြုလုပ်ကြသမျှ ရည်ရွယ်ချက်လွဲပြီးတော့ မှန်းထားချက်လွဲပြီးတော့ ဘုံဘဝဝဋ်ဒုက္ခထဲမှာ လည်ရာလည်ကြောင်းဖြစ်သွားမယ်လို့ဆိုရင်၊ ဘုရားရှင်က-အဲဒါကို အင်မတန် သနားတော်မူတယ်၊ သူ့သာသနာတော်ကြည်ညိုလို့ မှီခိုဆည်းကပ် ကိုးကွယ်လာကြတဲ့ ဒကာဒကာမတွေ လမ်းမလွဲစေလိုဘူး၊ အင်မတန် လမ်းဖြောင့်စေလိုတော်မူတယ်၊ အဲဒီလို လမ်းဖြောင့်စေလိုတော်မူတဲ့အတွက်ပဲ အမျိုးမျိုးသောနည်း တွေနဲ့ ဘုရားရှင်ကိုယ်တော်မြတ်က ဝိဝဋ္ဋနိဿိတ ကုသိုလ်ဖြစ်အောင် ဝဋ်ဘဝ ဝဋ်ဒုက္ခက လွတ်မြောက်ရာအတွက် လုပ်အားတွေဖြစ်လာအောင် တနှစ်တစ်ကြိမ်ကထိန်ပွဲကြီး ဖြစ်ဖို့ဆိုတာ တနှစ်လုံးစုလာခဲ့ကြ၊ တနှစ်လုံးကြိုးပမ်း လာခဲ့ကြတယ်။

ဒီကထိန်ပွဲနီးလာတော့လည်းပဲ ကထိန်ပွဲနဲ့ပတ်သက်တဲ့ ပြုလုပ် ဖွယ်ရာတွေကြိုးပမ်းအားထုတ်၊ ဝိုင်းဝန်းပြီးတော့ စိတ်ပါလက်ပါ ကူညီပြုလုပ်ကြတယ်၊ ဒါ-ခါတိုင်းအချိန်နဲ့မတူဘူး၊ သားကျွေးမှု မယားကျွေးမှု လုပ်နေတဲ့အချိန်နဲ့ မတူတတ်ဘူး၊ ဒီလှုပ်ရှားမှုတွေက၊ အဲဒီလို ကိုယ်လှုပ်ရှားမှု ကာယကံကုသိုလ်တွေ၊ နှုတ်လှုပ်ရှားမှု ဝစီကံကုသိုလ်တွေ၊ စိတ်ထဲကလှုပ် ရှားမှု မနောကံ

http://www.dhammadownload.com



ကုသိုလ်တွေ၊ အဲဒီကုသိုလ် ဇောတွေ. . .၊ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊ တစ်နှစ်လုံးချီပြီးတော့ ဖြစ်လာခဲ့တဲ့ ကုသိုလ် အရှိန်တွေဟာ၊ နိဗ္ဗာန်လို့ခေါ်တဲ့ လမ်းကိုဖြောင့်ဖြောင့်ကြီး တန်းပြီးတော့ရောက်ဖို့ အရေးက သာသနာ့ဝန်ထမ်း နေတဲ့ ရှင်ရဟန်း လို့ခေါ်တဲ့ဆရာ၊ အခေါ်ခံရတဲ့ပုဂ္ဂိုလ်ရဲ့တာဝန်၊ ဘုရားရှင်က တာဝန် ပေးထားခဲ့တယ်၊ တပည့်သာဝကတွေ သာသနာတော် ကြည်ညို မှီခို ဆည်းကပ်လာကြတဲ့ ဥပါသကာ ဥပါသိကာမတွေ လမ်းမလွဲအောင် စိတ်ထားတိမ်း မသွားအောင် ဆရာဒကာ နှစ်ဦးရှိတဲ့အနက်က ဆရာဆိုတဲ့၊ ဆရာအခေါ်ခံ ပုဂ္ဂိုလ်တွေက လမ်းဖြောင့်ပေးရမယ်၊ လမ်းတည့်ပေးရမယ်၊ အဲဒီလမ်းတည့်ပေး ဖို့ တာဝန်လေး ဒီနေ့ညအနေနဲ့ရှိလို့၊ ဒီနေ့ညအနေနဲ့၊ အင်္ဂုတ္တရနိကာယ်-စတုက္ကနိပါတ်မှာလာတဲ့ ဝိပလ္လာသသုတ်တော်ကို အခြေထားပြီးတော့၊ သက် ဆိုင်ရာ ဝတ္ထုကြောင်းနဲ့၊ ဝိပဿနာနဲ့ ပတ်သက်ပြီးတော့လည်းပဲ ပါရအောင် ဟောမယ်. . . လို့၊ မနေ့ညက တာဝန်ခံ၊ ပဋိညာဉ် ရှိသည့်အားလျော်စွာ၊ ဒီနေ့ည အဲဒီဝိပလ္လာသသုတ်တော်ကို နာကြရမယ်--

**သညာ ဒိ ဝိပလ္လာသေဟိ, ဥမ္မာဒန္တိ ပုထုဇ္ဇနာ၊**
**တေဓမ္မေ သမ္မဒညာယ, မောက္ခန္တိ မာရဗန္ဓနာ။**

ပုထုဇ္ဇနာ-ငါးဖြာအာရုံ, ကာမဂုဏ်အညှိတိုက်၍, အကြည်ဆိုက်၍ နေပြား, ပုထုဇ္ဇဉ်အများတို့သည်၊ သညာဒိ ဝိပလ္လာသေဟိ- မြွက်ဟအချက်, ချမ်းသာကွက်နှင့်, နှစ်သက်ဖွယ်နှော, စိုးပိုင်သောဟု, သဘောသေးသိမ်, အကောက်အလိမ်တရားတို့ကြောင့်၊ ဥမ္မာဒန္တိ- ပရမ်းပတာ,မမှန်းသာ ပဲ, သွက်ချာဖမ်း၍, ရှူးနှမ်းကြလေကုန်၏၊ တေဓမ္မေ-လိမ်တတ်ညာတတ်, ဆယ့်နှစ် ရပ်အပြား, ထိုတရားတို့ကို၊ သမ္မဒညာယ-အရှိဟုတ်မှန်, ရုပ်နှင့် နာမ်၏, အမှန်ဖြစ်ပျက်, ထိုနှစ်ချက်ကို, ကွက်ကွက်ထင်ထင်, သိမြင်နိုင်ခြင်းကြောင့်၊ မာရဗန္ဓနာ- အိုနာသေစုံ, ကာမဂုဏ်ထောင်တွင်း, မာရ်ကျော့ကွင်းမှ၊ မောက္ခန္တိ-နိဗ္ဗာန်တိုင်ရောက်, လွတ်မြောက်နိုင်ကြကုန်သတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား

ဘုန်းကြီးတို့ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က၊ ဘုရား အဖြစ်နဲ့ လေးဆယ့်နဲ့ငါးဝါ သီတင်းသုံးတော်မူသွား၊ လေးဆယ့်ငါးဝါပတ်လုံး, သတ္တဝါ တွေကို တရားရေအေး, အမြိုက်ဆေးတိုက်ကျွေးချေချွတ်တော်မူသွား။ အဲဒီလို

http://www.dhammadownload.com



လေးဆယ့်နဲ့ငါးဝါ သီတင်းသုံးတော်မူသွားတဲ့အနက်က၊ ဝါတော်အများဆုံး သီတင်းသုံးတော်မူသွားတဲ့မြို့နဲ့ ကျောင်းကိုပြပါလို့ဆိုရင်ဖြင့် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းကို ပြရပါလိမ့်မယ်၊ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ (၁၉)ဝါ လုံးလုံး သီတင်းသုံးတော်မူတယ်၊ အဲဒီ သာဝတ္ထိမြို့မှာပဲ ပုဗ္ဗာရုံကျောင်းမှာ (၆)ဝါ သီတင်းသုံးတော်မူတယ်၊ အဲဒီလိုအားဖြင့် သာဝတ္ထိမြို့မှာ (၂၅)ဝါ၊ (၄၅)ဝါ ဘုရားအဖြစ်နဲ့ သီတင်းသုံးတော်မူတဲ့အနက်က (၂၅)ဝါလုံးလုံး သာဝတ္ထိမြို့ မှာသီတင်းသုံးတော်မူပါတယ်၊ ဝါအများဆုံး၊ ဘုရားရှင်ရဲ့ဇာတိ၊ ခမည်းတော်၊ မယ်တော်၊ ဆွေတော်မျိုးတော်တွေ ရှိတယ်ဆိုတဲ့ ကပိလဝတ္ထု နေပြည်တော်၊ နိဂြောဓာရုံကျောင်းတိုက်မှာ ဒီလောက်ဝါမဆိုဘူး၊ ဒီလောက် သီတင်းမသုံးဘူး၊ အဲဒီသာဝတ္ထိမြို့မှာ (၄၅)ဝါ အနက်က (၂၅)ဝါ ဆိုတော့ တဝက်ကျော်ကျော် ကြီး။

အဲဒီသာဝတ္ထိမြို့မှာ ထင်ရှားတဲ့ ကျောင်းတိုက်ကြီးနှစ်ခုရှိတယ်၊ ဇေတဝန်ကျောင်းတိုက်တဲ့ အားလုံးဒကာဒကာမတွေ၊ သာသနာတော်နဲ့ စပ်တဲ့ ဒကာဒကာမတွေ ကြားဖူးနားဝရှိကြတဲ့၊ ယနေ့ သာသနာ့သမိုင်းမှာ ထင်ရှား နေတဲ့ ဇေတဝန်ကျောင်းတိုက်၊ မြို့ရဲ့တောင်ဘက်မှာသူက၊ အဲဒီ သာဝတ္ထိ မြို့ပင်လျှင်၊ ထင်ရှားတဲ့ကျောင်းတိုက်ကြီးတစ်ခုက ပုဗ္ဗာရုံကျောင်းတိုက် . . တဲ့၊ သူကမြို့အရှေ့ဘက်မှာ။ ဇေတဝန်ကျောင်းတိုက်ကြီးရဲ့ ဒကာ ကိုတော့ အားလုံးဒကာ ဒကာမတွေ ကြားဖူးကြသားပဲ၊ အနာထပိဏ်သူဌေး ဆောက် လုပ်လှူဒါန်းတယ်၊ ဒါသာသနာနဲ့စပ်လာပြီဆိုမှဖြင့်၊ ကျောင်းဒကာ ကျောင်းအမ စပ်ရာတွေဆိုရင် ပိုပြီးတော့သိကြတယ်၊ ဇေတဝန်ကျောင်းတိုက်ကြီးရဲ့ ကျောင်း ဒကာ အနာထပိဏ်၊ မြို့အရှေ့ဘက်က ပုဗ္ဗာရုံကျောင်းတိုက်ကြီးရဲ့ ကျောင်း အမကတော့ ဒေါ်ဝိသာခါ၊ ကျောင်းဒကာနဲ့ ကျောင်းအမ နာမည်ပေါက်နေ တယ်။

တချို့ကထင်ကြတယ်၊ "အနာထပိဏ် ဝိသာခါ ကျောင်းဒကာ ကျောင်း အမ" ဆိုတော့ အနာထပိဏ်နဲ့ ဝိသာခါပဲ နှစ်ဦးဟာ ဇနီးမောင်နှံ အဖြစ်နဲ့ ကျောင်းဒကာ ကျောင်းအမလို့ တချို့ကထင်ကြတယ်၊ မဟုတ်ပါဘူး၊ တွဲပြီး တော့ နာမည်ထင်ပေါ်နေလို့၊ အမှန်ကတော့ အနာထပိဏ် သူဌေးက ဇေတဝန် ကျောင်းတိုက်ကြီးရဲ့ ကျောင်းဒကာ၊ ကျောင်းအမနာမည် သိပ်မပေါက်ဘူး သူက၊ ကျောင်းအမက ဒေါ်သုမနတဲ့၊ ကျောင်းအမကရှိပါတယ်၊ ဒါပေမဲ့ နာမည်မပေါက်ရှာဘူး သူက၊ ဒကာကြီးပဲနာမည်ပေါက်တယ်၊ ပုဗ္ဗာရုံကျောင်း

http://www.dhammadownload.com



တိုက်ကြီးရဲ့ ကျောင်းဒကာ ကျောင်းအမတို့ ကျတော့ ဒကာမကြီးကနာမည် ပေါက်နေပြန်တယ်၊ ဒေါ်ဝိသာခါ။ သူရဲ့ ခင်းပွန်းသည် ကျောင်းဒကာကြီးက ပုညဝဍ္ဍနသူဌေး၊ နာမည်မပေါက်ရှာဘူး။ ဒါကတော့ ယခုခေတ်ကာလမှာလည်း ရှိကြတာ ပဲမဟုတ်လား၊ ဇနီးမောင်နှံ နှစ်ဦး ရှိတယ်၊ တချို့က ဒကာ့နာမည် ပေါက်တယ်။ တချို့က ဒကာမနာမည်ပေါက်တယ်၊ လုပ်ငန်းဆောင်တာ၊ သွက်သွက် လက်လက်၊ ချက်ချက်ချာချာရှိမှု၊ ဦးစီးလုပ်ကိုင်မှု အကြောင်း ပြုပြီးတော့လည်းပဲ၊ နာမည်ပေါက်တယ်၊ နာမည်ကျော်တယ်။

တချို့ကျတော့လည်းပဲ ဘာရယ်လို့ မဟုတ်ဘူး သူက၊ လောကီကိန်း ခန်းနဲ့ ပြောကြရင်တော့ စက်ရတယ်၊ တံခွန်ရတယ်၊ ထီးရတယ်ဆိုပြီးတော့ ပေါ့လေ. . .၊ အဲဒီလို ဗေဒင်ကိန်းခန်းကြီးတွေအရလည်းပဲ တချို့ကျတော့ နာမည်ပေါက်ကြတယ်။ နာမည်ပေါ်ကြတယ်၊ ထင်ပေါ်ကြတယ်၊ ထင်ပေါ် မယ့် လက္ခဏာပါလာကြတယ်၊ ဇေတဝန်ကျောင်းတိုက်ကြီးရဲ့ ကျောင်းဒကာ၊ ကျောင်း အမ နှစ်ဦးအနက်ကျတော့ ကျောင်းဒကာကြီး အနာထပိဏ်ကသာ နာမည် ပေါက်နေ တယ်၊ ကျောင်းအမကြီးက ဇာတ်မြုပ်နေတယ်၊ ဇာတ်မြုပ် တယ်ဆို သာသနာတော်ရဲ့ အပြင်ဘက်က၊ သာသနာတော်ကို ပစ္စည်းလေးနဲ့ အပြင်ဘက် ကနေ ထောက်ပံ့ကြတဲ့ ဥပါသကာ၊ ဥပါသိကာမတွေမပြောနဲ့၊ သာသနာ့ ဝန်ထမ်း၊ ရှင်ရဟန်းတွေတောင်မှ ရုတ်တရက်မသိကြဘူး၊ ဒါကတော့ သူ့အကြောင်းနဲ့သူ ထင်ပေါ်ကြတာပဲ။

ဒီလိုပဲ လောကကြီးထဲမှာ ရှိတယ်၊ ရှေးတုန်းက ဇနီးမောင် နှံနှစ်ဦး ရှိသတဲ့၊ ကိုကျော်နဲ့မဝက်မ၊ ကိုကျော်ကနာမည်ကျော်ချင်လို့ကို ကိုကျော်လို့ နာမည်မည့်ထားတာ၊ ဒါပေမယ်လို့ ဘာပဲလုပ်လိုက် လုပ်လိုက်၊ မဝက်မချည့် နာမည်ပေါက်နေတယ်၊ ရှင်ပြုတော့လည်း မဝက်မအလှူ မဝက်မအလှူနဲ့၊ ကိုကျော်က အောင့်သက်သက်နဲ့ နေရ၊ နောက်ရဟန်းခံတော့လည်းပဲ၊ ရဟန်း လောင်းတစ်ပါးကို ရဟန်းခံပေးတော့လည်း ဒေါ်ဝက်မရဟန်း၊ ဒေါ်ဝက်မ ရဟန်းနဲ့ ကိုကျော်က နှာခေါင်းရှုံ့တယ်။ တယ်ပြီးမကြိုက်ချင်ဘူး၊ မတတ် လည်းမတတ်နိုင်ဘူး၊ ပစ္စည်းဉစ္စာလေးကလည်းရှိကြတာမို့၊ ကျောင်း ဆောက် ပြီးတော့လှူကြပြန်တယ်၊ ဒေါ်ဝက်မကျောင်း၊ ဒေါ်ဝက်မ ကျောင်းနဲ့၊ ကိုကျော် ကိုနာမည်မပေါ်ဘူး၊ဘာကုသိုလ်လုပ်လုပ်၊ ဒေါ်ဝက်မပဲနာမည် ပေါက်နေတော့၊ ကိုကျော်က အမြင်ကပ်ကပ်ရှိ တာနဲ့ ဒီလောက်တောင်ရှိတာ ကုသိုလ်ကောင်းမှု၊ ကောင်းတာတော့ဝါမလုပ်တော့ဘူးဆိုပြီးတော့၊ သောက်စား၊ ဘိန်းစား ဘိန်းရှု

http://www.dhammadownload.com



နဲ့လုပ်နေတယ်၊ မကောင်းမှုတွေချည်းလျှောက်လုပ်နေတယ်၊ အဲဒီကျမှ ကျော်သွားသတဲ့၊ ဘိန်းစားကျော်၊ ဘိန်းစားကျော်လို့၊ နာမည်တွေက တခါတခါ၊ ကောင်းတဲ့ဘက်က မကျော်ဘူး၊ မကောင်းတဲ့ဘက်ကျမှ လာကျော်နေတယ်။

ယခုလည်းပဲ အနာထပိဏ်ကျောင်းဒကာကြီးက သူရဲ့ရှေး ဆုထူးပန်ခဲ့တဲ့၊ ဆုတောင်းခဲ့တဲ့ကံအားလျော်စွာ၊ ကျောင်းဒကာကြီး ဖြစ်ရပါလို၏. . ဆိုတဲ့ဆုထူးကြောင့်၊ "ဇေတဝန်ကျောင်းတိုက်ကြီးရဲ့ ကျောင်းဒကာ၊ အနာထပိဏ်သူဌေးဒေါ်သုမန။ အရှေ့ဘက်က ပုဗ္ဗာရုံကျောင်းတိုက်ကြီးက ပုညဝဓနသူဌေးနဲ့ ဒေါ်ဝိသာခါ" အဲဒီလို ကျောင်းကြီးနှစ်ကျောင်းကို အကြောင်းပြုပြီးသကာလ၊ ဘုရားရှင် ကိုယ်တော်မြတ်က သာဝတ္ထိမြို့မှာ (၄၅)ဝါ၊ ဘုရားအဖြစ်နဲ့ သီတင်းသုံးတော်မူသွားတဲ့အခိုက်က (၂၅) ဝါလုံးလုံး ဒီသာဝတ္ထိမြို့မှာ သီတင်းသုံးတော်မူသွားခဲ့တယ်၊ အဲဒီလို (၂၅)ဝါ ပတ်လုံး သာဝတ္ထိမြို့မှာ၊ ဒီကျောင်းတိုက်ကြီးနှစ်ကျောင်းမှာ ဘုရားရှင်သီတင်းသုံး သွားတယ် ဆိုကတည်းကိုက၊ သာဝတ္ထိမြို့မှာ. . . သံဃာတော်တွေဟာ၊ အင်မတန်စည်ကား၊ အင်မတန်ပေါတယ်၊ ဘုရားရှင်အကြောင်းပြုပြီး တော့သံဃာတော်တွေ သောင်းချီပြီးတော့ကိုပဲရှိတယ်၊ သာဝတ္ထိမြို့ ကလည်းပဲ ဒီသံဃာတော်တွေကို လှူဒါန်းနိုင်အောင် ထောက်ပံ့နိုင်အောင် လူဦးရေ ကလည်းပဲ (၇) ကုဋေထိ အောင်ရှိတယ်။ သန်း (၇၀) ပေါ့၊ အဲဒီ (၇) ကုဋေထဲမှာ. . . အရိယာဖြစ်နေတာက ငါး-ကုဋေ. . . တဲ့၊ နှစ်ကုဋေပဲ ပုထုဇဉ်ကျန်တယ်၊ သန်း (၇၀) ထဲမှာ သန်း (၅၀) က အရိယာဖြစ်ပြီးသားတွေ ဖြစ်နေတယ်။

* သာဝတ္ထိပြည်၊ ခုနှစ်ကုဋေ၊ လူနေများလှသည်၊
ငါးကုဋေမှာ၊ အရိယာ၊ ဖြစ်ခါနေကြသည်။

ဗုဒ္ဓခေတ်၊ ခေတ်ကလည်း တကယ့်ခေတ်၊ ပုဂ္ဂိုလ်ကလည်း တကယ့်ပုဂ္ဂိုလ်၊ ဘုရားရှင်လိုပုဂ္ဂိုလ်ကြီးနဲ့တွေ့. . . ပြီးတော့ နေ့စဉ်လိုလို တရားနာနေကြရတာဖြစ်တော့၊ တရားတစ်ပွဲ၊ တစ်ပွဲဟောလိုက်မှဖြင့်၊ ဘုရားရဲ့ဟောလိုက်တဲ့တရားတော်ကလည်း၊ သတ္တဝါရဲ့ အဇ္ဈာသယ၊ အလိုဆန္ဒကို ကြည့်ပြီးတော့၊ အင်မတန် ကျွမ်းကျင်တဲ့မုဆိုးကြီးများဟာ သားကောင်ကို တည့်တည့်ကြီးချိန်ပြီး တော့ပစ်သလို အင်မတန်ကျွမ်းကျင်တဲ့မုဆိုးကြီး ပစ်လိုက်တဲ့မြားသည်၊ ပစ်လိုတဲ့သားကောင်ကို တည့်တည့်ကြီးမှန်သလို၊ ဘုရားရှင်တို့ကဲ့သို့သော ပုဂ္ဂိုလ်ကြီးများဆိုတော့ သတ္တဝါတွေရဲ့ အဇ္ဈာသယ ဓါတ်ခံတွေသိ. . . လို့ ဟောလိုက်ပြီဆိုမှဖြင့် ကျွတ်တမ်း မခိုတဲ့ သတ္တဝါရယ်လို့မရှိဘူး။ သတ္တဝါ

http://www.dhammadownload.com



တွေရဲ့ အလိုဆန္ဒ အဇ္ဈာသယကိုကြည့်ပြီးတော့၊ ယခုလိုများ ပရိသတ်၊ ဒီလိုရုံကြီး ပြည့်လာပြီးတော့နာတယ်ဆိုရင် ဘုရားရှင်လိုပုဂ္ဂိုလ် တရားတပွဲလောက်များ ဟောလိုက်ရတယ်ဆိုတော့၊ ဒီထဲကပုဂ္ဂိုလ်တွေလေ. . . ဗဟူနံ ဓမ္မာအဘိသမယော-စာတွေလာတယ်၊ မြောက်များစွာ သောပုဂ္ဂိုလ်တွေ တရားထူးရကုန်ကြပါတယ်. . ဆိုတော့၊ အခု တရားနာ ရောက်နေတဲ့ ပုဂ္ဂိုလ်တွေလောက် တသုတ်သုတ်၊ တစ်နေ့ကျွတ်တယ်၊ တရားတစ်ပွဲကျွတ်တယ်ဆိုရင်ပဲ၊ ဒါနည်းမလား။ သာဝတ္ထိမြို့က လူတွေ အရိယာ ဖြစ်ကုန်တယ်ဆိုတာ ဖြစ်ထိုက်တာပေါ့. . .၊ ခေတ်ချင်းက တူမှ မတူကြပဲကိုး။

အခုဘုန်းကြီးတို့ကတော့ ရမ်းပစ်ရသလို လာခဲ့ရတာ၊ ဒီထဲက ပုဂ္ဂိုလ်တွေ ဘာကြိုက်တတ်မှန်း မသိဘူး၊ ဒါနကြိုက်မှန်းမသိ၊ သီလကြိုက်မှန်းမသိ၊ ဘာဝနာကြိုက်မှန်းမသိ၊ ဘယ်လို အဇ္ဈာသယဓါတ်ခံတွေဆိုတာလည်း ဘုန်းကြီးတို့ မမြင်ဘူး၊ ရမ်း. . ပြီးတော့ တည့်လိုတည့်ငြား သိကြပါစေတော့. . . မိမိသိသမျှ သိကြပါစေတော့. .၊မိမိနားလည်းသမျှ သိကြပါ စေတော့. . လို့ဆိုပြီးရမ်းပစ်ရသလိုပဲ ဘုန်းကြီးတို့က၊ ဒီတော့ ဘုရားရှင်လို ပုဂ္ဂိုလ်ကြီးရဲ့ ဟောကြားတော်မူချက်ကြောင့် ငါးကုဋေကအရိယာ၊ အောက်ထစ်ဆုံး, သောတာပန် ဖြစ်နေကြတယ်လို့ ဆိုတော့၊ တကယ့် သာသနာ ထွန်းလင်းတဲ့အချိန်၊ ဒကာ ဒကာမတွေလည်းပဲ အဲဒီ ငါးကုဋေလောက် အရိယာတွေနှင့်တကွ ကျန်တဲ့ နှစ်ကုဋေ ပုထုဇဉ်တွေကလည်းပဲ သရဏဂုံ (၃)ပါးနှင့် (၅)ပါး သီလလုံလို့ ဆိုးဆိုးဝါးဝါးဆိုတဲ့ လူကနည်းနေတော့၊ လောကကြီးမှာ ပုဂ္ဂိုလ်သတ္တဝါတွေဆိုတာ အကောင်အထည်နဲ့ ပြောနေရပေမယ်လို့၊ တကယ်တော့ ဓါတ်ကောင်တွေပဲ၊ ဓါတ်တွေပဲ ဓါတ်တွေဆိုတော့၊ ဓါတ်ဆိုတော့ မီးဓါတ်နဲ့ရေဓါတ်ဟာ၊ အအေးဓါတ်နဲ့ အပူဓါတ်ဆိုတာ၊ ရေများရေနိုင်၊ မီးများမီးနိုင်. . တဲ့၊ အရိယာ သူတော်ကောင်းတွေနဲ့ ပုထုဇဉ် နှစ်ကုဋေကလည်းပဲ သရဏဂုံသုံးပါးနဲ့ ငါးပါးသီလမြဲနေတဲ့ ပုဂ္ဂိုလ်တွေဖြစ်တော့၊ ဓါတ်တွေဟာဘယ်လောက် အေးပြီးတော့၊ ဘယ်လောက် ငြိမ်းနေမယ်ဆိုတာ စဉ်းစားသာကြည့်ကြ။

အဲဒီလို အေးငြိမ်းနေတဲ့အတွက် မိုးလေဝသတွေမှန်၊ ဥတုတွေ ကောင်း၊ သာသနာတော်ကြီးလည်း ထွန်းလင်းစည်ပင်လို့၊ သာသနာတော် အလုပ်တွေ အားရှိပါးရှိနဲ့ ကျင့်ကြံကြိုးကုတ်ပြီးတော့ နေကြတဲ့ သာဝတ္ထိမြို့၊ *အဲဒီ သာဝတ္ထိမြို့မှာ ရဟန်းတော်တွေကလည်း သောင်းချီပြီးတော့ ရှိတယ်၊

*သုမင်္ဂလဝိလာသိနီ-ဓမ္မ-၄-၁/၉၇

http://www.dhammadownload.com



အမြဲနေတာတွေလည်းရှိတယ်၊ ဘုရားရှင်သီတင်းသုံးတယ်ဆိုတော့ ဟိုက ဒီကမပြတ် ရောက်လာတာတွေလည်းရှိ၊ အဲဒီလိုရှိတဲ့အတွက် သာဝတ္ထိမြို့ထဲမှာ ဆွမ်းပြုစုလုပ်ကျွေးရတဲ့ ဒကာ ဒကာမတွေ. . . တစ်အိမ်တစ်အိမ် မှာ တချို့ ဆယ်ပါးရှိတယ်၊ တချို့အပါးတစ်ရာရှိတယ်၊ တာဝန်အသီးသီးယူ ထားကြတယ်၊ အဲဒီအထဲမှာ အနာထပိဏ်သူဌေးရဲ့အိမ်နဲ့ ဒေါ်ဝိသာခါတို့ရဲ့ အိမ်မှာ တနေ့ တနေ့ ရဟန်း (၂၀၀၀) တဲ့၊ တာဝန်ယူထား၊ တာဝန်ယူပြီးတော့ကို သူတို့က ဆွမ်းပြုစုတယ်။

ဒီတော့ တစ်နေ့ ရဟန်းနှစ်ထောင် နှစ်ထောင်အိမ်မှာ ဆွမ်းပြုစုတယ် ဆိုတော့ အနာထပိဏ်ရဲ့ အိမ်ဝင်းကြီးကလည်းပဲ တံတိုင်းများ ခုနစ်ထပ် မုခ်ပေါက်များ ခွန်နစ်ပေါက်တောင်ရှိတယ်လို့ဆိုတယ်၊ ဒီတော့ အင်မတန် ကျယ်ဝန်းတဲ့ အိမ်ကြီးပေါ့၊ အဲဒီအိမ်ဝန်းကြီးထဲမှာ သံဃာတော် နှစ်ထောင် အမြဲဆွမ်းဘုဉ်းပေးနိုင်ဖို့ရာအတွက် သံဃာတော်နှစ်ထောင်အမြဲလိုတဲ့ ပစ္စည်းကို ပစ္စည်းလေးပါးကို အလှူခံနိုင်ဖို့ရာအတွက် ဆွမ်းဘုဉ်းပေးနိုင်ဖို့ရာ အတွက် အဆောက်အဦးကြီးလည်း ဆောက်ထားရပေလိမ့်မယ်၊ အဆောက် အဦးဆောက်ထားရုံမျှမကဘူး ဒီသံဃာတော် နှစ်ထောင်ကို နေ့စဉ် ဆွမ်းဝတ် ကွမ်းဝတ် မပျက်အောင် ပြုစုဖို့ရာအတွက် ပြုစုအားထုတ် လုပ်ကိုင် ချက်ပြုတ် လှူဒါန်းရမည့်လူတွေ အများကြီးလိုတာပေါ့ အဲဒီလူတွေရဲ့ အပေါ်မှာ စီမံခန့်ခွဲအုပ်ချုပ်မည့်သူ. . . လိုတာပေါ့ ဒီတော့ အနာထပိဏ် သူဌေးက ပထမဆုံး သမီးအကြီးဆုံး မဟာသုဘဒ္ဒါလို့ခေါ်တဲ့ သမီးကို ခန့်ထား အဲဒီရာထူး "ကိုင်းငါ့သမီးကြီးက ဒိပြင်စီးပွားရေးတွေ မလုပ်နဲ့ ဒိပြင်လုပ်ငန်းဆောင်တာ စီးပွားရေး လုပ်ငန်းဆောင်တာတွေကို အားလုံး ကျန်တဲ့သူတွေ အားထုတ်ကြ လိမ့်မယ်. . . ငါ့သမီးကတော့ အဲဒီသံဃာတော် နှစ်ထောင်အတွက် ဆွမ်းများ ဆွမ်းဝတ်များ မလစ်ဟင်းရအောင် ဝယ်စရာ ခြမ်းစရာတွေ ဝယ်ခြမ်း ချက်ပြုတ် လုပ်ကိုင်စုဆောင်းရှာဖွေပြီးတော့ စီမံအုပ်ချုပ်ပေတော့. . . လို့" အဲဒီလို သမီးအကြီးဆုံး မဟာသုဘဒ္ဒါကိုလွှဲထား။

အနာထပိဏ်သူဌေးကလည်း အဲဒီဗုဒ္ဓ ခေတ်တုန်းကဆိုရင် အနာထ ပိဏ်သူဌေးလောက် စီပွားရေးကောင်းတာ မရှိဘူးတဲ့၊ အိန္ဒိယနယ် အလယ် ပိုင်းလို့ခေါ်တဲ့ အခုကာလတော့ ဗိဟာနယ် လို့ခေါ်တယ်၊ အဲဒီနယ် တစ်နယ် လုံးမှာ တော်တော်မြို့ကြီးဆိုတာ မှန်သမျှ အနာထပိဏ်သူဌေးရဲ့ ကုန်ရုံနဲ့ ကိုယ်စားလှယ် မရှိတာ ရွာသလောက်ပါပဲ. . . တဲ့၊ ဘုရားလက်ထက်က

http://www.dhammadownload.com



အနာထပိဏ် သူဌေးရဲ့ စီးပွားကောင်းပုံ ဇေတဝန်ကျောင်းတိုက်ကြီးကို (၅၄) ကုဋေ အကုန်အကျခံပြီးတော့ ဆောက်လုပ်လှူဒါန်းတယ်ဆိုတာ နည်းတဲ့ အင်အားမှ မဟုတ်ဘဲ၊ အဲဒီလိုနဲ့သမီးကြီး မဟာသုဘဒ္ဒါကို တာဝန် ပေးပြီးတော့ သံဃာနှစ်ထောင်တို့အား မလစ်ဟင်းရအောင် ဆွမ်းကွမ်း ပြုစုနေရာက မဟာသုဘဒ္ဒါဟာ ဆွမ်းဝတ်ကွမ်းဝတ် ပြုရင်းနဲ့ ဘုရားရှင်ရဲ့ တရားနာလို့ သောတာပန်ဖြစ်၊ နောက်တော့ အချိန်အရွယ်ရောက်လို့ အိမ်ထောင်ရက်သား များကျ. . . လို့၊ ခင်ပွန်းသည်နောက် လိုက်သွားတဲ့အခါမှာ၊သမီးအလတ် ဖြစ်တဲ့ စူဠသုဘဒ္ဒါကို အဲဒီရာထူးပေးလိုက်ရပြန်တယ်။

အဲဒီလိုနဲ့ သမီးအလတ် စူဠသုဘဒ္ဒါလည်း ဒီနေရာမှာဆက် ပြီးတော့ တာဝန်ထမ်းရင်းနဲ့ ဘုရားရှင်တရား သွားနာလို့ ခုနက ပြောသွားတဲ့ ငါးကုဋေ မှာ အရိယာ ဖြစ်ကာနေကြသည်-ဆိုတဲ့အထဲ သူလည်းပါသွားတယ်၊ သောတာ ပန်ဖြစ်၊ သောတာပန်ဖြစ်ရုံမျှမကပဲ နောက်ပိုင်းမှာသူကအိမ်ထောင် ရက်သား များကျသွားလို့ ခုနကလိုပဲ ခင်ပွန်းသည်နောက်လိုက်သွားရ၊ ရောင်နောက်ဆံ ထုံးပါ ဆိုတဲ့အတိုင်း ဒါနဲ့ သမီးအငယ်ဆုံး သုမနဒေဝီ. . . လို့ဆိုတဲ့ သမီး အငယ်လေး၊ အနာထပိဏ်သူဌေးကြီးက ဒီရာထူးခန့်ရပြန်တယ်၊ စီမံခန့်ခွဲအုပ် ချုပ် မည့်သူက လိုတာကိုး၊ ဒီတော့ အိမ်ထဲက ဒီရဟန်း နှစ်ထောင် အတွက် ချက်ရ ပြုတ်ရတယ်ဆိုတော့ ငွေရေးကြေးရေး အကုန်အကျ နည်းမှာမှ မဟုတ် ဘဲ၊ အဲဒါတွေကို စီမံခန့်ခွဲဖို့ရာအတွက် သုမနဒေဝီ ခေါ်တဲ့သမီး အငယ်လေး စီမံခန့်ခွဲဖို့ရာ ခန့်ထား။ ဒီတော့ သုမနဒေဝီလေးကလည်း ကြိုးစားရရှာတယ်၊ အသက်အရွယ်ငယ်ပေမယ်လို့ အမကြီးတွေခြေရာ နင်းနိုင် အောင် နဂိုရနေကျ သံဃာတော်အရှင်မြတ် တွေ. . . မျှမျှတတရကြ အောင် မလစ်ဟင်းရအောင် ဆိုပြီးတော့ အမကြီး တွေရဲ့ ခြေရာနင်းနိုင်သမျှ မီနိုင် သမျှ နင်းရအောင်ဆို ပြီးတော့ ကြိုးစားပြီးတော့ ပြုရှာတယ်။

ပြုတော့နာမည်လေးထွက်လာတယ် သုမနဒေဝီလေးက ငယ်ပေ မယ်လို့ တော်တယ်၊ တော်တယ်နဲ့ သံဃာတော်တွေရဲ့ ဘက်မှာ သတင်း ပြေးနေ တယ်၊ မလစ်ဟင်းရဘူးဟေ့၊ ဆွမ်းလိုတဲ့ ပုဂ္ဂိုလ်ဆွမ်း၊ ထောပတ်၊ သကာ အစရှိတဲ့ ဆေးပစ္စည်းလိုတဲ့ပုဂ္ဂိုလ် ဆေးပစ္စည်းမို့လို့ သူ့နေရာနဲ့သူ ဒေါင့်စေ့ အောင်. . . မလစ်ဟင်း ရအောင် ပြုစုဖော်ရပါပေတယ်၊ နှစ်ထောင်သော သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေကို စောင့်ရှောက်ဖော်ရပါပေတယ်လို့၊ ဂုဏ်သတင်းလေး ပြေးနေတယ်၊ နာမည်ကောင်းလေးထွက်လာတယ်၊ နာမည်

http://www.dhammadownload.com



ကောင်းလေးထွက်လေလေ. . . သုမနဒေဝီမှာတော့ မသက်သာရှာလေ၊ လောကမှာ မရသေးတဲ့နာမည်ထူး ဂုဏ်ထူးလေးတစ်ခုကို ရအောင်ကြိုးစား အားထုတ်ရတာထက် ရပြီးသားနာမည်လေး ဂုဏ်ကလေး ပျောက်မသွားအောင် ထိမ်းသိမ်းစောင့်ရှောက်ရတာက ပိုပြီးတော့ခက်တယ်. . . တဲ့၊ ပိုပြီးတော့ ခက်တယ်၊ မရသေးတဲ့နာမည်ရအောင် မရသေး တဲ့ဂုဏ်ထူးရအောင် ကြိုးစား လိုက်ရတာက မခက်ခဲလှဘူး၊ ရပြီးသားဂုဏ် ကလေး ပျောက်မသွားအောင် ထိမ်းသိမ်းစောင့်ရှောက်ရတာကခက်တယ်။

တချို့ကျတော့ နာမည်လေးတော့ကောင်းလာ အများက ချီးမွမ်း ခံထားရကာရှိသေးတယ် ငါ့သမီးတော်လှဆိုပြီး ယောက်မ မြင်းစီးထွက်၊ ဒီလို ဟာတွေလည်းရှိတတ်တယ်၊ ဒီတော့သုမနဒေဝီလေးမှာ သူများက အချီးမွမ်း ခံရလေလေ၊ ရဟန်းတော်တွေက ချီးမွမ်းကြ၊ ဘေးကပရိသတ်တွေက ချီးမွမ်းကြလေလေ. . . သူ့မှာ ကြိုးစားရလေလေ၊ နာမည်ပုပ်မသွား အောင် ကြိုးစားရရှာတာကိုး၊ လောကမှာလူသေပုပ်ထက် လူရှင်ပုပ်က ပိုပြီးတော့ဆိုး တယ်. . တဲ့၊ နာမည်ပျက်သွားပြီဆိုမှဖြင့် အဲဒါလူရှင်ပုပ်လို့ ခေါ်တယ်၊ လူသေပုပ် ကမခက်ဘူး၊ သေလို့ပုပ်တာပဲ သင်္ချိုင်းပို့လိုက်၊ သို့မဟုတ်မြေ မြှုပ်ပစ်လိုက်၊မီးရှို့ပစ်လိုက်ပြီးတာပဲ၊ အသက်ထင်ထင်ရှင် နေပါလျှက် လူတို့ မပြုသင့်, မပြုအပ်,မပြုထိုက်တဲ့အမှုတွေ ကျူးလွန်သောကြောင့် နာမည် ပုပ်ပြီ. . . သတင်းပုပ်ပြီဆိုမှဖြင့် အဲဒါလူရှင်ပုပ်. . . တဲ့၊ အဲဒါ အတော် ခက်တယ်၊ သုသာန်သွားပို့ရအောင်ကလည်း သူက အရှင်ကြီး၊ အိမ်ထဲ လူထဲ ရွာထဲ ရပ်ထဲဆက်ပြီးတော့သုံးရမှာကလည်းပဲ သူက ပုပ်စော် နံ၊ ဟော-ပြီးရော အဲဒါ- ဒါ့ကြောင့် လူသေပုပ်ထက် လူရှင်ပုပ်ကခက်တယ် . . . တဲ့၊ စကားပုံရှိ၊ အဲဒီလို သုမနဒေဝီမှာ နာမည်မပျက်ရအောင်လို့ အဘက်ဘက်ကနေပြီးတော့ ကြိုးစား ပမ်းစား အားထုတ်နေရရှာတာတဲ့ ဇေတဝန်ကျောင်းတိုက်ကြီးမှာ၊ သူ့ဖခင်ကြီးကိုယ်တိုင် ဆောက်လုပ်လှူဒါန်းထားတဲ့ ဇေတဝန်ကျောင်း တိုက်ကြီးမှာ ဘုရားရှင်ရဲ့တရားပွဲကြီးရှိတာတောင်မှ ထွက်ပြီးတော့ နာချိန် မရရှာ၊ အဲဒီလိုနဲ့အားထုတ်ပြုလုပ်ပြီးတော့ နေရင်းနဲ့ တစ်နေ့တော့ သူ့အလုပ် တွေများနေတုန်း နိဗ္ဗာန်ဆော်က မြို့ထဲလှည့်ပြီးတော့ အော်လာတဲ့ အသံကို သူကကြားလိုက်တယ်၊

* သစ္စာသိငြား၊ မြတ်ဘုရား၊ တရားဟောလိမ့်မယ်။
သစ္စာသိငြား၊ မြတ်ဘုရား၊ တရားဟောလိမ့်မယ်။

http://www.dhammadownload.com



ဓမ္မဃောသကလို့ခေါ်တယ်၊ နိဗ္ဗာန်ဆော်လို့လည်းခေါ်တယ်၊ အဲဒီ နိဗ္ဗာန်ဆော်တွေက ဓမ္မေသသုံ့ဒ္ဓေ- တရားဟောမည့် အကြောင်းကိုကြွေး ကြော်သည်ရှိသော် ဘုရားရှင်လိုပုဂ္ဂိုလ်ဆိုတော့ ဒီမှာတရားပွဲရှိတယ့်၊ မရှိဘူး ဆိုတာ မြို့ထဲအမြတ်တမ်း ကြော်ငြာပေးသတဲ့၊ ဘာပြုလို့တုန်းဆိုတော့ဘုရား ရှင်က တစ်ခါတစ်ခါမှာ ကျွတ်ထိုက်တဲ့ သတ္တဝါရှိရင် အဲဒီကျွတ်ထိုက်တဲ့ သတ္တဝါ ရှိရာကို အချိန် ကြည့်ပြီးတော့ ကျွတ်ထိုက်တဲ့ သတ္တဝါရှိတဲ့အရပ်ကို နေ့ရယ် ညရယ် ရွေးနေလို့မရဘူး၊ ကြွတော်မူသတဲ့၊ အဲဒီလို ကြွသွားပြီး ဆိုမှဖြင့် ဒီမှာ ကျောင်း တရားပွဲမရှိတော့ဘူး၊ ဘုရားရှင်နေ့စဉ် လူဥပါသကာတွေကို ဟောနေ ကျက နေ့လည်နာရီပြန် တစ်ချက်အချိန်မှာ ဘုရားရှင် ဇေတဝန် ကျောင်း တိုက်မှာ တရားဟောနေကျ၊ အဲဒီလို ဘုရားရှင်ကိုယ် တော်မြတ်ကြွပြီး တော့ မသွားဘူး၊ ကျွတ်ထိုက်တဲ့သတ္တဝါကို ကြည့်ပြီးတော့ ဒေသစာရီကြွမသွား ဘူး၊ ကျောင်းမှာတရားပွဲရှိတယ် လို့ဆိုရင် အဲဒါနိဗ္ဗာန် ဆော်များက ကျောင်းမှာ တရားပွဲရှိတယ်ဆိုတဲ့ အကြောင်းကိုလှည့်ပြီးတော့ ကြော်ငြာလေ့ရှိသတဲ့။

အဲဒီလိုကြော်ငြာလာတဲ့အသံကို "သစ္စာသိငြား၊ မြတ်ဘုရားတရားဟော လိမ့်မယ်. . . "အဲဒီလို နိဗ္ဗာန်ဆော်က အော်လာတာကို သုမနဒေဝီ လေးက နားစိုက်ပြီးတော့ထောင်မိ၊ ဩော်. . . သစ္စာသိတဲ့ဘုရား တရား ဟောလိမ့်မယ် ဆိုပါလား. . .၊ ငါ့မှာလည်း အလုပ်တွေကများနေလိုက်တာ၊ ဒီဘုရား ဟောတော်မူတဲ့ သစ္စာဆိုတဲ့ တရားကိုပင်လျှင် ထွက်ပြီးတော့ မနာအားလောက် အောင်ငါအလုပ်ရှုပ်နေလိုက်တာ. . .၊ ကိုင်းဒီနေ့တော့ ဘာပဲဖြစ်ဖြစ် ဘယ်လောက်ပဲ အလုပ်ရှုပ်ရှုပ် ဒီနေ့တရားနာထွက်တဲ့ ပရိသတ် နဲ့ ငါတရားနာ လိုက်အုန်းမှပဲလို့ ဆိုပြီးတော့ တရားနာထွက်တဲ့ ပရိသတ်နဲ့ အတူရောပြီးတော့ တရားနာလိုက်လာခဲ့တယ်၊ အဲဒီလို လိုက်လာလို့ ကျောင်းတော်ရောက်တော့ ဘုရားရှင်ဟောနေကျ အချိန် နာရီပြန်တစ်ချက် နှစ်ချက်လောက်မှာ အားလုံး ပရိသတ်တွေ စုံတဲ့အခါ ဘုရားရှင်ကိုယ်တော် မြတ်က သုမနဒေဝီပါ နေတဲ့ အဲဒီ ပရိသတ်ကြီးမှာ-

**သညာဒိ ဝိပလ္လာသေဟိ, ဥမ္မာဒန္တိ ပုထုဇ္ဇနာ၊**

**တေ ဓမ္မေ သမ္မဒ္ဒညာယ, မောက္ခန္တိ မာရ ဗန္ဓနာ။**

ပုထုဇ္ဇနာ-ငါးဖြာအာရုံ, ကာမဂုဏ် အညှီတိုက်၍, အကြည်ဆိုက်၍ နေငြား, ပုထုဇဉ်အများတို့သည်၊ သညာဒိ ဝိပလ္လာသေဟိ- မြွက်ဟာအချက်, ချမ်းသာကွက်နှင့်, နှစ်သက်ဖွယ်နော, စိုးပိုင်သောဟု, သဘောသေးသိမ်,

http://www.dhammadownload.com



အကောက်အလိမ်တရားတို့ကြောင့်၊ ဥမ္မာဒန္တိ-ပရမ်းပတာ, မမှန်းသာဘဲ, သွက်ချာဖန်း၍ , ရူးနှမ်းနေကြလေကုန်၏၊ တေမမွေ-လိမ်တတ် ညာတတ်, ဆယ့်နှစ်ရပ်အပြား, ထိုတရားတိုကို၊ သမ္မအညာယ-အရှိဟုတ်မှန်, ရုပ်နှင့်နာမ်၏, အမှန်ဖြစ်ပျက်, ထိုနှစ်ချက်ကို, ကွက်ကွက်ထင်ထင်, သိမြင်နိုင်ခြင်းကြောင့်၊ မာရဗန္ဓနာ- အိုနာ သေးစုံ, ကာမဂုဏ်ထောင်တွင်း, မာရ်ကျော့ကွင်းမှ၊ မောက္ခန္တိ- နိဗ္ဗာန်တိုင်ရောက်, လွတ်မြောက်နိုင်ကုန်လိမ့်သတည်း။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား။

တရားနာပရိသတ်တို့. . . သင်တို့ကိုလေ. . . လိမ်တတ် ညာတတ်တဲ့သူတွေက လိမ်နေညာနေတာကို သင်တို့ခံနေကြရပါ တယ်. . . လို့၊ အဲဒီတရားဟောတယ်၊ လိမ်နေညာနေတဲ့သူတွေက ဘယ်နှစ်ယောက်ရှိတုန်း-သုံးယောက်၊ အလိမ်အညာခံနေကြရတာက သုံးဆယ်တစ်ဘုံလုံးက သတ္တဝါတွေဆိုတော့ ဒီနေ့ ဒကာ ဒကာမတွေလည်းပါတယ်နော်၊ အားလုံးသောသတ္တဝါတွေကို လိမ်နေညာနေတတ်တဲ့သူ သုံးယောက်က လိမ်နေညာနေကြသည်၊ အဲဒီသူသုံးယောက်ရဲ့ အလိမ်အညာကို ခံနေကြရသောကြောင့် အားလုံးသော ဒကာ ဒကာမတွေ. . . အလိမ်အညာမိပြီးတော့ မချိအောင် ဒုက္ခရောက်နေကြရတယ်၊ ဘယ်သူတွေက လိမ်နေပါလိမ့် မတုန်းဆိုတော့ **သညာဝိပလ္လာသ-အမှတ်မှားလို့ဆိုကဲ့လိမ်တဲ့သူတစ်ယောက်၊ စိတ္တဝိပလ္လာသ-**ခေါ်တဲ့ အသိမှားလို့ဆိုတဲ့ လိမ်တဲ့ သူတယောက်၊ ဒိဋ္ဌိဝိပလ္လာသ-ခေါ်တဲ့ အယူမှားလို့ဆိုတဲ့ လိမ်တဲ့သူကတစ်ယောက်။

အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ သင်တို့ကို လိမ်နေညာနေတဲ့ သူကြီးသုံးယောက်ရှိတယ်၊ အဲဒီသုံးယောက်က လိမ်နေ ညာနေကြတယ်၊အဲဒီလိမ်နေ ညာနေတဲ့သူ သုံးယောက်ထဲက သညာဝိပလ္လာသ ခေါ်တဲ့ အမှတ်မှား၊ အဲဒီအမှတ်မှားများက အချင်းအရာ လေးပါးနဲ့ သင်တို့ကို ညာနေတယ်၊ လိမ်နေတယ်၊ သညာဝိပလ္လာသကတော့ လေးမျိုးလေးစား အချင်းအရာနဲ့ ညာတယ်၊ ဘယ်လိုလိမ်လိုက် ဘယ်လိုညာ လိုက်တုန်း၊ အချင်းအရာ လေးပါးက ဘာတုန်းဆိုတော့ အနိစ္စေ နိစ္စန္တိ- မမြဲတဲ့ခန္ဓာငါးပါး ရုပ်နာမ်တရားကို မြဲတယ်. . . လို့ သင်တို့ကိုညာထားတယ်၊ ဒုက္ခေ သုခန္တိ- ဆင်းရဲဒုက္ခ အစစ်ဖြစ်တဲ့ ဒုက္ခအစုအဝေးကို ချမ်းသာဖွယ်ရယ်. . . လို့ သင်တို့ကိုညာထားတယ်၊ **အနတ္တာနိ အတ္တာနိ-** အမာခံ အတ္တအကောင်အထည် ဘာမှ်ရှာမရတဲ့

http://www.dhammadownload.com



အမာခံအတ္တမရှိတဲ့ အရာမှာ၊ အမာခံ အကောင်အထည်လေးရှိတယ်လို့ သင်တို့ကို ညာထားတယ်၊ အသုဘေ သုဘန္တိ- မစင်မကြယ် ရွံစဖွယ်သာဖြစ်တဲ့အရာတွေမှာ လှတယ် ယဉ်တယ် ခင်စဖွယ်ရယ်လို့ တင့်တယ် တယ်ရယ်လို့ ညာထားတယ်။

ဟောညာပုံညာနည်းက (၄) မျိုးတဲ့ လိမ်တဲ့ညာတဲ့သူက သညာဝိပလ္လာသ- အမှတ်မှား၊ အဲဒီအမှတ်မှားက ဒကာ ဒကာမ တွေကို အားလုံး သောတရားနာပရိသတ်တွေနှင့်တကွ သုံးဆယ် တစ်ဘုံတွင်း မှီတင်းနေထိုင် ကြတဲ့ ပုထုဇဉ်ဘဝမှာရှိနေကြတဲ့သူတွေ မှန်သမျှကို ဘယ်လိုလိမ်လိုက်တုန်း၊ ဘယ်လို အမှတ်မှားစေတုန်း လို့ဆိုတော့၊ မမြဲတာတွေမှန်သမျှကို မြဲတယ်လို့ အမှတ်ခိုင်းထားတယ် သူက၊ ဆင်းရဲတဲ့ အစုအဝေးတွေမှန်သမျှကို ချမ်းသာတယ်လို့ထင်အောင် အမှတ်ခိုင်းထားတယ်၊ အတ္တမဟုတ်တဲ့ အသက် လိပ်ပြာ ဝိညာဉ်ကောင် အတ္တကောင် ခန္ဓာကိုယ်ထဲမှာ အမာအထည်ကောင် မရှိပါ ပဲလျက် ရှိတယ်လို့ ထင်နေရအောင်လှည့်စားထားတယ်၊ ညာထား တယ်၊ အသုဘဖြစ်တဲ့ ခန္ဓာကိုယ် ရုပ်နာမ်တရားတွေအပေါ်မှာ သုဘ-လို့ စွဲမက်သဖွယ် တင့်တယ်တယ် လှပတယ် ဒီလို ထင်အောင်ညာထားတယ်တဲ့၊ သညာ ဝိပလ္လာသက အားလုံး ဒကာဒကာမတွေကို လှည့်စားထားလိုက်တာ၊ အချင်း အရာလေးမျိုးနဲ့ လှည့်ပြီးတော့ လိမ်ထားလိုက်တယ်။

သညာဝိပလ္လာသ တင်လားလို့ဆိုတော့ စိတ္တဝိပလ္လာသ-လည်းပဲထိုနည်းလည်းကောင်း၊ စိတ္တဝိပလ္လာသဆိုတာ အသိမှား၊ အဲဒီ အသိမှားက လည်း ဒကာ ဒကာမတွေကို ခုနကပြောခဲ့တဲ့ လေးမျိုးနဲ့ပဲ မမြဲတာ မြဲတယ်သိ၊ ဆင်းရဲအစုကို ချမ်းသာအစုလို့သိ၊ အတ္တမဟုတ်တာကို အတ္တလို့သိ၊ အသုဘတွေကို သုဘလိုသိလို့၊ အဲဒီလို သိနေသမျှဟာ အဲဒါစိတ္တဝိပလ္လာသ အလိမ်ခံနေရတာ၊ သညာ ဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ထို့အတူ ဒိဋ္ဌိဝိပလ္လာသ-အယူမှားကလည်းပဲ အဲဒီလေးချက်နဲ့ပဲ ဒကာ ဒကာမတွေကို လှည့်ပြီးတော့ ညာထားတယ်၊ ဒီတော့ ဝိပလ္လာသ တစ်ပါးတစ်ပါးက လိမ်တတ် ညာတတ်တဲ့သူ တစ်ယောက်တစ်ယောက်က (၄) မျိုးသောအချင်း အရာ တွေဖြင့် လိမ်တယ် ညာတယ်လို့ဆိုတော့ သူတို့ (၃) ယောက် ပေါင်းလိုက်တော့၊ အားလုံး ဆယ်နှစ်မျိုးဖြစ်သွားတယ်၊ တစ်မျိုး တစ်မျိုး (၄) မျိုးနဲ့၊ တစ်ပါးတစ်ပါး(၄)မျိုး သော အချင်းအရာနဲ့- ညာတယ်ဆိုတော့ အားလုံး (၁၂) ပါး. . .၊ ကိုင်းဝိုင်းပြီးတော့ လိမ်တာညာတာက (၁၂) ယောက်၊ (၁၂) ပါး၊ အလိမ်ခံရမည့်သူက တစ်ယောက်ထည်း ကဲ လိမ်ချင်တိုင်း လိမ်ကြတော့ လိမ်မှာက

F.32

http://www.dhammadownload.com



(၁၂) ယောက်တဲ့နေ၁၊ အလိမ်ခံရတာက တစ်ယောက်ထည်းဆိုတော့ မအား အောင် အလိမ်ခံရတော့မှာပဲ သေချာတယ်။

အဲဒီလိုနည်းနဲ့ လိမ်ထားလိုက်တဲ့အတွက် ယနေ့ ဒကာ ဒကာမတွေ . . . မမြဲတဲ့ သားခန္ဓာ၊ သမီးခန္ဓာ၊ မိမိခန္ဓာ၊ သူ့ခန္ဓာ၊ ငါ့ခန္ဓာ၊ ရုပ်နာမ်ဓမ္မတွေ မှန်သမျှအပေါ်မှာ နိစ္စလို့. . . မှတ်နေမှုလေး၊ သိနေမှုလေး၊ စွဲယူနေမှု လေး တွေရှိနေကြသည်၊ အဲဒီလိုရှိ တော့ဘာပြုတုန်းလို့ဆိုတော့ လောကအလိမ်ခံ ရတယ်ဆိုတာဟာ ကောင်းတာမှမဟုတ်ဘဲ၊ အလိမ်ခံရတယ်ဆိုကတည်း ကိုက အလုပ် တွေမှားကုန်တော့တာပဲ၊ အမြင်တွေမှားကုန်မယ်၊ အသိတွေ မှား ကုန်မယ်၊ အလုပ်တွေမှားကုန်မယ်၊ လောကရွှေမဟုတ်ဘဲနဲ့ ရွှေလို့ လိမ်ပြီး တော့ပေးတယ်၊ ရွှေမဟုတ်တာကို ရွှေလို့ယူလိုက်မိတယ်ဆိုရင် နောက်ပိုင်း ကိုယ်ပဲဒုက္ခဖြစ်တာပဲ မဟုတ်လား၊ အဲသလိုပဲ . . . တဲ့၊ အလိမ်ခံရ တယ်ဆိုက တည်းကိုက ဘာဖြစ်ကုန်တုန်း၊ ရူးကုန်တာပေါ့. . . တဲ့၊ ရူးရူးနှမ်းနှမ်း ဖြစ်ကုန်တာ။

သညာဒိ ဝိပလ္လာသေဟိ-မြွက်ဟအချက် ချမ်းသာကွက်နှင့် နှစ်သက် ဖွယ်နှော စိုးပိုင်သောဟု သဘောသေးသိမ် အကောက်အလိမ်တရားတို့ ကြောင့်၊ ဥမ္မာဒန္တိ-ပရမ်းပတာ မမှန်းသာပဲ သွက်ချာ ဖမ်း၍ ရူးနှမ်းကြလေ ကုန်၏. . .၊ ရူးတယ်ဆိုတာ လောကမှာ ရူးတယ်ဆိုကတည်းကိုက အကောင်း ကိုမကောင်းထင်တယ်၊ မီးကို ရွှေထင်ချင်ထင်တယ်၊ မစင်ကိုပေမယ့် ရွှေထင်ချင်ထင်တယ်၊ ယခု ငိုနေပေမယ့်လို့ တော်ကြာပြုံးရင် ပြုံးတတ်တယ်၊ ယခုပြုံးနေပေမယ့် လို့ တော်ကြာမုန်းချင် မုန်းတတ်တယ်၊ အရူးသဘောက ဒီအတိုင်းပဲ မဟုတ်လား၊ အားလုံးပုထုဇဉ်ဘဝက မလွတ်သေးကြတဲ့ ဒကာ ဒကာမတွေ. . .၊ ယခုပြုံးပြုံး ပြုံးပြုံးနဲ့ သားလေးတွေ သမီးလေးတွေ ကြည့်ပြီး တော့ ပြုံးနေကြပေမယ်လို့ တော်ကြာမဲ့မဲ့ မဲ့မဲ့နဲ့ ဖြစ်ချင် ဖြစ်တတ်တယ်၊ ယခုမဲ့နေပေမယ့်လို့ တော်ကြာပြုံးရင် ပြုံးတတ်တယ်၊ အဲဒါ ဘာသဘော တုန်းဆိုတော့ အရူးသဘောတဲ့။

ဘာပြုလို့ရူးပါလိမ့်မလဲလို့ ဇာစ်မြစ်လိုက်လိုက်ပြန်တော့ အလိမ် အညာခံကြရလို့. . .၊ အလိမ်အညာခံကြရလို့ ဘယ့်နယ့်လိမ် ထားတုန်း၊ ခုနက ပြောခဲ့တဲ့ အတိုင်းပဲ မမြဲတဲ့ အနိစ္စခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို မမြဲတဲ့ သားခန္ဓာ သမီးခန္ဓာ အနိစ္စခန္ဓာတွေကို မြဲတယ်လို့မှတ်နေတယ်၊ သိနေတယ်၊ စွဲနေတယ်၊ အားလုံးဒကာ ဒကာမတွေ ဘုန်းကြီးတို့ ပုထုဇဉ် ဘဝက မလွတ်

http://www.dhammadownload.com


သမျှလေ. . .၊ ဘာပဲကြည့်လိုက် ကြည့်လိုက် ဘာရုပ်နာမ်ပဲ ကြည့်လိုက် ကြည့်လိုက် ဘယ်သူ့ပဲကြည့်လိုက်ကြည့်လိုက်၊ စိတ်ထဲမှာ အဲဒီ မြဲတယ်. . . လို့ဆိုတဲ့ အစွဲ အငြိလေးပါနေတယ်၊ ကိုယ့်ကိုယ်ကိုပဲပြန် ကြည့်ကြည့် သူတစ်ပါးကြည့်လိုက်ကြည့်လိုက် အားလုံးကိုယ့်သားလေးတွေ သမီးလေးတွေနဲ့ဆိုပါတော့ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နဲ့ နေထိုင်ပြီးတော့ နေကြတဲ့အခါမှာ စိတ်ထဲမှာ ဘယ်နှယ့်အစွဲလေး ရှိနေတုန်းဆိုတော့ ဒီသား ဒီသမီးတွေက ကိုယ်နဲ့အမြဲရှိနေမှာ ဘယ်တော့မှ မကွဲဘူးလို့ ဒီလိုထင်နေကြတယ်၊ အဲဒီအစွဲလေးက အမြဲငြိပြီးတော့ ရှိနေတယ် စိတ်ထဲမှာ အဲဒါ အလိမ်ခံနေရတယ်လို့ ဆိုတာ။

အရိယာပုဂ္ဂိုလ်တွေကျတော့ အရိယာဖြစ်သွားလို့ အလိမ်လွတ်သွားတဲ့ ပုဂ္ဂိုလ်တွေကျတော့ အဲဒီအစွဲမရှိဘူး၊ အားလုံးဒကာ ဒကာမတွေက ကိုယ့်သားလေးကို ငါ့သားငါ့သမီးလို့ခေါ်လိုက်တဲ့ အထဲမှာ၊ အဲဒီမြဲတယ် လို့ဆိုတဲ့ အစွဲအငြိလေးက အမြဲပါနေတယ်၊ အရိယာပုဂ္ဂိုလ်တွေကကော၊ သောတာပန်ဖြစ်တဲ့ အနာထပိဏ်သူ ဌေးကြီးတို့၊ ဝိသာခါတို့ သူ့သား သမီးတွေ၊ ငါ့သား ငါ့သမီးမခေါ်ဘူးလားဆိုတော့၊ ခေါ်ပါရဲ့တဲ့ ခေါ်ပါရဲ့၊ သူတို့ပစ္စည်းတွေ ငါ့ဟာ၊ ငါ့ပစ္စည်း၊ မပြောကြဘူးလားဆိုတော့ ပြောပါရဲ့၊ ဒါပေမယ်လို့. . . တဲ့၊ သူတို့က၊ အဲဒီအရိယာပုဂ္ဂိုလ်တွေ၊ သောတာပန်တို့၊ အနာဂါမ် ရဟန္တာဆိုတဲ့ ပုဂ္ဂိုလ်တွေကျတော့၊ အဲဒီအစွဲအငြိလေး လွတ်ပြီးသားဖြစ်နေတယ်. . . တဲ့၊ စကားပြောတဲ့ အထဲမှာ၊ အစွဲလေးက ရှင်းပြီးသား ဖြစ်နေတယ်၊ ဒါသိမ်မွေ့တယ်နော် ဒါလေးက။

ဥပမာဘာနဲ့တူတုန်းလို့ဆိုတော့တဲ့၊ ပထွေးကိုအဖေခေါ်ရတဲ့သား လို. . . ပဲတဲ့၊ ပထွေးအဖေခေါ်ရတဲ့သား၊ မိခင်ကအိမ်ထောင် ပျက်သွားလို့ နောက်အိမ်ထောင်ပြုတယ်၊ သားလေးကတော်တော် ကြီးမှ၊ အရွယ်ရောက်မှ နောက်အိမ်ထောင်ပြုတယ်၊ ပထွေးနဲ့နေ ရတဲ့သားက၊ သို့မဟုတ် သမီးက၊ ဒါအဖေလို့ခေါ်ဟဲ့လို့ဆိုလို့ခေါ်ပါတယ်အဖေလို့တော့၊ အဖေ. . . လို့ ပါးစပ်က ခေါ်ပါတယ်၊ ပထွေးကို၊ ပထွေးကို၊ ဒါပေမယ်လို့ သူ့စိတ်ထဲမှာက ရှင်းပြီး လင်းပြီးသားဖြစ်နေတာက၊ ပိုင်းခြားပြီးသားဖြစ်နေတာက၊ သူ့စိတ်ထဲမှာ သိမ်းဆည်းပြီးသား ဖြစ်နေတာက၊ ဒါငါ့အဖေအစစ်မဟုတ်ဘူး၊ ဟော- ဒါလေးကသူ့စိတ်ထဲမှာသိပြီးသားဖြစ်နေတယ်၊ တမင်သူ့စိတ်ထဲရွတ် မနေရဘူး၊ အဖေလို့ခေါ်လိုက်ပေမယ်လို့ သူ့စိတ်ထဲက၊ ဒါငါ့အဖေအစစ် မဟုတ်ဘူး၊ ဒီလိုရှင်းနေတယ်။

http://www.dhammadownload.com



အဲဒီလိုပဲ. . . တဲ့၊ အရိယာပုဂ္ဂိုလ်တွေကျတော့၊ ငါ့သား ငါ့သမီး ငါ့ပစ္စည်း လို့ပြောကြ ဆိုကြ ခေါ်ကြ ငင်ကြပေမယ်လို့၊ လောကဝေါဟာရတွေနဲ့ပြောကြဆိုကြပေမယ်လို့၊ စိတ်ထဲမှာ၊ သောတာပတ္တိမဂ်ကိုရလိုက်သည်နှင့် တပြိုင်နက်၊ ဒိဋ္ဌိဝိပလ္လာသ ပြုတ်ထွက်သွားတာဖြစ်တော့၊ သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသတွေထဲကလည်း တပိုင်းတစတွေပြုတ်ထွက် သွားတာဖြစ်တော့၊ အဲဒီ အစွဲလမ်း အငြိလေးတွေ ကင်းပြီးတော့ခေါ်တဲ့ အခေါ်. . . တဲ့၊ အရိယာပုဂ္ဂိုလ်တွေခေါ်တဲ့အခေါ်က၊ ဘုန်းကြီးတို့အားလုံး ပုထုဇဉ်တွေရဲ့ အခေါ်၊ ပုထုဇဉ်တွေရဲ့အပြော၊ ပုထုဇဉ်တွေရဲ့ အသုံးအနှုန်း တွေက အဲဒီအစွဲအငြိလေးမလွတ်တဲ့အခေါ်၊ ခေတ်သတ္တိအဖြစ်နဲ့ပါနေတာက၊ ခေတ်သတ္တိ အဖြစ်နဲ့၊ အစွဲအငြိလေးအဖြစ်နဲ့ ပါနေတာ ဖြစ်တော့၊ အားလုံးဒကာ ဒကာမတွေ၊ မနက်ဖြန်ခါကျတော့ ငါ့သားလေးနဲ့ဘယ်သွား လိုက်ရအုန်းမယ်၊ အဲဒါ အနိစ္စကို နိစ္စအထင်နဲ့ပြောတဲ့ အပြော. . . တဲ့၊ အစွဲငြိလေးနဲ့တကွပြောတဲ့အပြော၊ မနက်ဖြန်ခါ သမီးလေးနဲ့ဘယ်သွားပြီးတော့ဘာလုပ်ရအုန်းမယ်၊ သင်္ခါရသဘောတရား၊ အနိစ္စသဘောတရားက မနက်ဖြန်ခါ အထိ ရှိချင်မှ ရှိနိုင်တယ်ဆိုတာ သူ့စိတ်ထဲမှာတခါမှ မသိမ်းပိုက်မိဘူး၊ မသိမ်းပိုက်မိတော့ မနက် ဖြန်ခါ-သမီးလေးနဲ့ဘာလုပ်အုန်းမယ်၊ သားလေးနဲ့ဘာလုပ်အုန်းမယ် ဘယ်သွားအုန်းမယ်၊ အဲဒီလို ပြောလိုက် တဲ့အထဲမှာ ခုနက အစွဲ အငြိလေးက၊ အလိမ်ခံလိုက်ရတဲ့ အစွဲအငြိလေး ဒဏ်ကြောင့် မနက်ဖန်ခါ ထိ ငါလည်းရှိအုန်းမယ်၊ သူလည်းရှိအုန်း မယ်. . . လို့၊ အဲဒီလိုစွဲငြိ မှုလေးကို အနိစ္စကို နိစ္စထင်တယ်လို့ခေါ်တယ်။

အဲဒီလို အနိစ္စကို နိစ္စထင်အောင်ဘယ်သူက ညာထားပါလိမ့်မတုန်း၊ သညာဝိပလ္လာသက ညာထားတယ်၊ ဒါ့ကြောင့်ပုထုဇဉ် တွေဆိုတာ. . . တဲ့၊ မနပ်မနူး ဝမ်းတွင်းရူးကြီးတွေကို၊ လူပါး လူနပ် လူတတ် လူလည်တွေက လှည့်စားပြီးသကာလ ညာထားလို့ အညာခံရသလိုပဲ. . . တဲ့၊ ဘုရားရှင်က၊ တနေရာမှာ ပုထုဇဉ်တွေကို မနပ်မနူး ဝမ်းတွင်းရူးကြီးတွေနဲ့တူတယ်. . . တဲ့၊ ဝမ်းတွင်းရူးကြီးတွေနဲ့ တူတယ်၊ တနေရာမှာ မြို့ကြီးတစ်မြို့ရဲ့အနီး ရေကန်ကြီးတစ်ခုရှိတယ်၊ အဲဒီရေကန်ကြီးထဲမှာ တောထဲက ဘဲတွေကလာ. . . ပြီးတော့ ကျပြီးတော့ ဘဲတွေအစာစားနေကြ၊ ဟိုလျှောက်ဒီလျှောက်၊ ဟိုဘက်ကူး ဒီဘက်ကူးနဲ့၊ တောဘဲတွေ_တောဘဲတွေ. . . အဲဒီလို ဘဲတွေ အစာစားရင်းနဲ့ ဟိုဘက်ကူး ဒီဘက်ကူးနဲ့တောဘဲအုပ်တွေလေ၊ အကောင်အစိတ်

http://www.dhammadownload.com



သုံးဆယ်နေမှာပေါ့၊ အဲဒီလိုအချိန်မှာ မြို့ထဲက၊ မနပ် မနူးဝမ်းတွင်းရှုး လူတစ်ယောက်ကလည်းပဲထွက်လာပြီးတော့၊ ရေကန်ဘက်လမ်း လျှောက်ရင်း ထွက်လာ၊ အဲဒီအချိန်မှာပဲ၊ ဒိပြင်ဘက်ကလည်း လူပါး လူနပ် လူလည် တစ်ယောက်ကလည်းပဲ လမ်းလျှောက်ထွက်လာ။

အဲဒီအခါမှာ ခုနက-မနပ်မနူးဝမ်းတွင်းရှုးက ဘဲတွေကြည့် ပြီးတော့ "ဟာ-ဘဲတွေ၊ ရွာထဲက ဘယ်ခြံကများထွက်လာတဲ့ဘဲတွေပါလိမ့်မတုန်း၊ လှလိုက်တာ ကောင်းလိုက်တာလို့" သူကဘဲတွေကြည့် ပြီးတော့ စကားပြော လိုက်တယ်၊ ဒီတော့ ခုနက လူပါးကရိပ်မိတယ်၊ အင်း-ဒီကောင်တောဘဲတွေ ကို တောဘဲမှန်းမသိဘူး၊ တောဘဲတွေ ကို ရွာဘဲတွေလို့ထင်ပြီးတော့နေပြီ၊ ဒီကောင်တော့ ငါညာရရင် ကောင်းမှာပဲ၊"ဟေ့လူ-ဒီဘဲတွေကျုပ်ဘဲတွေပဲဗျ ခင်ဗျားဝယ်မလား" "ဟာ-ရောင်းရင်ဝယ်မှာပေါ့ဗျ" "ကိုင်းစကားရှည်မနေနဲ့၊ အခု အကောင်သုံးဆယ်ရှိတယ်၊ ငွေသုံးဆယ်သာပေးတော့၊ တစ်ကောင် တစ်ကျပ်နဲ့ယူတော့" ရောင်းလိုက်၊ ဝမ်းတွင်းရှုးက ဝမ်းသာအားရနဲ့ ဟန်ကျပြီ ဆိုပြီးတော့ တခါတည်း ဘဲအကောင်သုံးဆယ် ငွေသုံးဆယ်ပေးပြီးတော့ ဝယ်လိုက်တယ်၊ ဟိုက-လူလည်ကသွားပြီ၊ အဲဒီလို သူ့လက်ထဲမှာ၊ ငွေသုံးဆယ် ပေးပြီးတော့ သူ့လက်ထဲဒီဘဲတွေ ရောက်လာပြီ လို့ဆိုလိုက်သည်နဲ့တပြိုင်နက် သူဟာ-ဒီဘဲတွေ သွား ရာနောက်ကနေပြီး တော့၊ အင်း. . . ငါ့ဘဲတွေ၊ ငါ့ဘဲတွေနဲ့ နောက် ကနေပြီးတော့၊ ငါ့ဘဲ. . . ငါ့ဘဲနဲ့ဖြစ်သွားပြီး၊ နောက် ကနေပြီးတော့၊ ဘဲတွေကတောင်ဘက်သွား တယ်ဆိုတောင်ဘက် လိုက်ရ၊ မြောက်ဘက်သွားတယ်ဆို မြောက်ဘက်လိုက်ရ၊ သူ့မှာဒုက္ခရောက်. လို့။

သုံးဆယ့်တစ်ဘုံတည်းဟူသော ဤရေကန်ကြီးအတွင်းမှာ . . ပုထုဇဉ်သား . . . လို့ခေါ်ကြတဲ့၊ အားလုံးသော ဒကာ ဒကာမတွေ မနပ် မနူးဝမ်းတွင်းရှုး အဖြစ်နဲ့ ဖြစ်နေကြတဲ့ ပုထုဇဉ်ဂိုဏ်းက မလွတ်ကြသေးတဲ့ ဒကာ ဒကာမတွေ တစ်ထောင့်ငါးရာ ကိလေသာ မာရ်မင်း . . . လို့ ဆိုတဲ့ လူလည်လူပါးက အားလုံးသော သုံးဆယ့် တစ်ဘုံတွင်းက ဒကာ ဒကာမ တွေအား တောဘဲဖြစ်တဲ့ အနိစ္စ၊ သားခန္ဓာ သမီးခန္ဓာလေးတွေကို အိမ်ဘဲလို့ ဆိုပြီးတော့ လက်ညှိုး ထိုးပြီးတော့ သင်တို့ကို ရောင်းထားခဲ့သည်။ အိမ်ဘဲ အဖြစ်နဲ့ ဒကာ ဒကာမတွေက အထင်ရောက်ပြီး သကာလ ကျောင်းနေကြ သည်။ ယခင်ပြဆိုအပ်ခဲ့တဲ့ ဥဒါဟရုဏ်ထဲမှာ ပါတဲ့ရေကန်ဘေးက မနပ်မနူး ဝမ်းတွင်းရှုးကြီး ငါ့ဘဲတွေ . . . ၊ ငါ့ဘဲတွေနဲ့ တောဘဲတွေ အိမ်ဘဲထင်ပြီးတော့

http://www.dhammadownload.com



ကျောင်းနေကြသလို . . . အားလုံးသော သုံးဆယ့် တစ်ဘုံတွင်က ပုထုဇဉ်ဂိုဏ်း မလွတ်ကြတဲ့ ဒကာ ဒကာမတွေ၊ မိမိတို့ အသီးသီး သားခန္ဓာ, သမီးခန္ဓာ, အနိစ္စ ခန္ဓာလေးတွေ၊ တောဘဲတွေကို အိမ်ဘဲထင်ပြီးတော့ ကျောင်းနေကြသည်။

ဘုရားရှင်က ဥပမာပေးနေတာ ခုနကဝမ်းတွင်းရှူးကြီး၊ တကတည်း ဘဲတွေကို ငါ့ဘဲ. . . ငါ့ဘဲနဲ့ ဟိုဘက်လှည့်လိုက်လိုက် ဒီဘက်လှည့်လိုက် လိုက်နဲ့ လိုက်နေရာက တော်တော်လေးကြာတော့ အဲ့ဒီဘဲတွေက အိမ်ဘဲမှ မဟုတ်ဘဲ တောဘဲဆိုတော့ နေလေးတော်တော်စောင်းပြီဆိုတော့ တစ်ကောင် နှစ်ကောင်က ထပြီးတော့ပြန်၊သူ့အရပ်သူပြန်တာပေါ့၊ တောဘဲမို့လို့ တောပြန်တာ၊ အဲဒီလိုတော ပြန်လိုက်သည်နဲ့ တပြိုင်နက် ခုနကဝမ်းတွင်း ရှူးကြီးက-အမလေး. . . ဘယ်ပြန်တာလိမ့်တုန်း၊ ငါ့ဘဲတွေ. . . ငါ့ဘဲတွေ ဘယ်ပြန်တာပါလိမ်တုန်း. . လို့နောက်က နေပြီးတော့ ဝမ်းနည်း ပက်လက်နဲ့ လိုက်ရှာတယ်။ ထိုဆိုအပ်ခဲ့သည့် ဥပမာအလားတူသာလျှင်- ယနေ့- အားလုံးသော ဒကာဒကာမတွေ မနပ်မနူး ဝမ်းတွင်းရှူးလို့ ခေါ်ဆိုရတဲ့ ဒကာ ဒကာမတို့အား သုံးဆယ့်တစ်ဘုံတည်းဟူသော ရေကန်ကြီးအတွင်း၌ တစ်ထောင့်ငါးရာကိလေသာ မာရ်မင်းက လက်ညှိုးထိုးပြီးတော့ ရောင်းထား ခဲ့တဲ့သားခန္ဓာ၊ သမီးခန္ဓာဆိုတဲ့ တောဘဲကလေးတွေ အကြောင်းအားလျော်စွာ သင်္ခါရ သဘောတရားအတိုင်း ပျက်စီးသွားပြီ ဆိုမှဖြင့် အမလေး . . . ငါ့ ဘဲ. . . ဘယ်သွားတာပါလိမ့်မတုန်း ငါ့ဘဲဘယ် ပြန်တာပါလိမ့်မတုန်းလို့ ဆိုပြီး ဝမ်းနည်းပက်လက်နဲ့ ဖြစ်ကြရသည်။

ဘာပြုလို့ဝမ်းနည်းပက်လက် ဖြစ်ရတာတုန်း-အညာခံထားရတာ ကိုး တောဘဲကိုတောဘဲမှန်း မသိရှာဘူး၊ ခုနက ဝမ်းတွင်း ရှူးကြီးက တောဘဲ, တောဘဲမှန်း မသိရှာတဲ့အတွက် အိမ်ဘဲအထင်ရောက်နေတဲ့အတွက် သူ့မှာတော့လေ. . . ဒုက္ခကိုဖြစ်လို့ ငါ့ဘဲတွေ. . . ငါ့ဘဲတွေနဲ့နောက်ကနေပြီး တော့ တကောက်ကောက် လိုက်နေရ။

အားလုံးဒကာဒကာမတွေလည်းပဲ ဒီလိုပါဘဲ. . . တဲ့ အနိစ္စ ဖြစ်တဲ့ သားခန္ဓာ, သမီးခန္ဓာလေး နိစ္စလို့ထင်နေတာဟာ အဲဒါ တောဘဲအိမ်ဘဲထင် နေတာနဲ့ အတူတူပါပဲ၊ သွားရာလာရာများ ထိန်းလိုက် ကျောင်းလိုက်ကြ ရတာ၊ တချို့ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ အလှူရယ် အတန်းရယ် ခမ်းခမ်းနား နားရှိလို့ သွားကြပြီးဆိုမှဖြင့် သားတွေ, သမီးတွေ တစ်ပြုံ တခေါင်းကြီးနဲ့

http://www.dhammadownload.com



ဝတ်စားဆင်ပြင်ပြီးတော့၊ သူတို့ကိုယ်တိုင်ကလည်းပဲ လှလှ ပပဝတ်ဆင်ပြီး တော့၊ တစ်အုပ်ကြီးနဲ့လေ. . နောက်ကနေပြီးတော့သားတွေ, သမီးတွေ, မြေးတွေ, မြစ်တွေ တပြုံကြီးနဲ့၊ ငါ့ဘဲ. . . ငါ့ဘဲနဲ့ ဘဲကျောင်းတာ၊ ဘဲကျောင်းနေတာ၊ ကိုယ့်ကိုယ်ကို ဘဲကျောင်းလို့ ဘဲကျောင်းမှန်းမသိတဲ့ သူတွေ၊ ခုနက မနပ်မနူး ဝမ်းတွင်းရူးကြီးက ငါ့ဘဲ၊ ငါ့-ဘဲနဲ့ ကျောင်းနေ သလို. . .၊ အားလုံးသော ဒကာ ဒကာမတွေ. . သားလေးတွေ သမီးလေး တွေနဲ့ပျော်၊ သားတွေ နဲ့ပျော်၊ သမီးတွေနဲ့မော်နေတာ၊ အဲဒါ ငါ့ဘဲ. . . ငါ့ဘဲ နဲ့၊ဝမ်းတွင်း ရူးကြီးနဲ့ အတူတူပါပဲတဲ့ ဘုရားက။

ဒီထဲကနေပြီးတော့ အကြောင်းအားလျော်စွာ သားလေးက ကျန်းမာ နေတဲ့အခိုက်တော့ ပျော်လို့ပေါ့၊ သမီးလေးက ကျန်းမာနေတဲ့ အခိုက်တော့ မော်လို့ပေါ့၊ ဒီထဲကနေပြီးတော့ အကြောင်းအားလျော်စွာ မတော်လို့ ရုပ် နာမ်ဓမ္မ၊ ဇရာဓမ္မ၊ ဗျာဓိဓမ္မ၊ မရဏဓမ္မ သဘောအတိုင်း ဗျာဓိရောက် လာပြီဆိုမှဖြင့် တကတည်း မျက်လုံး ပြူးလို့၊ ဒီထဲက အကြောင်းအား လျော်စွာ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ ပျက်စီးသွားပြီ ဆိုမှဖြင့်၊ အမလေး. . . ငါ့ဘဲ ဘယ်သွားတာပါလိမ့်မတုန်းလို့၊ ဝမ်းတွင်း ရူးကြီးက တောဘဲမို့တောပြန်တာကို ဝမ်းနည်းပက်လက်ဖြစ်ရှာ သလို. . အားလုံးသော ဒကာ ဒကာမတွေ. . . ငါ့ဘဲ၊ ငါ့ဘဲနဲ့ ကျောင်းရဒုက္ခရောက် ရှာကြ။

ဒီလိုနဲ့ ခုနကဝမ်းတွင်းရူးကြီးအင်း. . တောဘဲမို့လို့ တောထဲ ထပြန် တာပေါ့. . . ဘဲတွေက တသုတ်ထပြန်လိုက်ရင်း ဒုက္ခရောက်ရင်း၊ တသုတ် ထပြန်လိုက်ရင်း သူ့ဒုက္ခရောက်ရင်း တသုတ်ထပြန်လိုက်ရင်း သူ့ဒုက္ခ ရောက်ရင်း။ အဲဒီလိုနဲ့ နောက်ဆုံး နေဝင်လုနီးတဲ့ အခါကျတော့၊ ဘဲတစ်အုပ်လုံး ထပြီးတော့ပြန်ရော၊ စောစောကတော့ တစ်ကောင်နှစ်ကောင်ပြန်သွား၊ ဘယ်သွားပါလိမ့်မတုန်း ဆိုပြီးလိုက်ကြည့် အေးလေ. . . ပြန်တဲ့အကောင် ပြန်ပေါ့၊ ကျန်တဲ့အကောင်က ကျန်သေးတာပဲလို့ဆိုပြီးတော့ သူ့တွက်ကိန်းနဲ့ သူပေါ့လေ၊ ဟို-ပြန်သွားတဲ့အကောင်က ပြန်သွားပေမယ့်လို့၊ အကောင် (၃၀) ထဲက နှစ်ကောင်ပြန်သွားတော့ (၂၈) ကောင်တော့ ကျန်ပါသေးတယ်၊ နှစ်ဆယ့် ရှစ်ကောင်ဆိုတော့ ဒီထဲက အကောင်ကြီးတွေ တစ်ကောင် တစ်ကျပ်နှုန်း နဲ့ဝယ်ထားတာ၊ ဟိုအကောင်ကြီးကြီး နှစ်ကျပ်လောက်တင်ရောင်းလိုက်ရင် အရင်းတော့ရပါသေးတယ်၊ သူ့ဘာသူတွက်နေတယ်။ အားလုံးသော ဒကာ ဒကာမတွေ. . . အကြောင်းအားလျော်စွာ မိမိတို့သား အနိစ္စဖြစ်တဲ့ သားခန္ဓာ

http://www.dhammadownload.com



သမီးခန္ဓာလေးတွေထဲက တောဘဲမို့လို့ တောပြန်သွားကြတဲ့အခါ၊ စိုးရိမ်ဝမ်းနည်းဒုက္ခဖြစ် ငိုကြွေးပက်လက်ဖြစ်ပြီးတော့ ကဲလေ. . . သေတဲ့ လူကြာရင်မေ့တဲ့ ဆိုပြီးတော့ သူ့အစားကျန်တဲ့ သူတွေတိုးပြီးတော့ ချစ်ကြရမှာပဲလို့များ ပြောကြတယ်။ အဲဒါခုနက ဝမ်းတွင်းရှူးကြီး ကျန်တဲ့အကောင် တွေလေ. . . တစ်ကောင်နှစ်ကျပ်လောက် တင်ရောင်းလိုက်ရင်တော့ ကိုက်ပါသေးရဲ့လို့ တွက်တာနဲ့အတူတူပါပဲ. . . တဲ့၊ အတူတူပါပဲ။

အိမ်မှာကျောင်းနေတာ မဆန်းသေးဘူး၊ တချို့များ ဥပုသ်စောင့် ဆိုပြီးတော့ သားတွေ သမီးတွေနဲ့ရှုပ်တယ်။ တကတည်း ကျောင်းထွက်သွားအုံးမယ်ဆိုပြီးတော့ ကျောင်းတို့၊ ရိပ်သာတို့ သွားပြီးတော့၊ဟို-ကျောင်းတို့ ရိပ်သာတို့ဆိုတဲ့ ဆိပ်ငြိမ်ရာရောက်တော့ ပုတီးစိတ်ပြီးတော့ သမထ ဝိပဿနာ ပွားနေ ရမည့်အစား၊ တကတည်း ကမ္မဋ္ဌာန်းကျောင်းထဲ ဝင်ထိုင်ပြီး တော့မှ ပြန်ပြီးတော့ တွေးသကိုး. .၊ အင်း. . . အိမ်နေရစ်တဲ့ ကလေးက လမ်းများထွက်နေမလား၊ အင်း-ဟိုကောင်လေးကထွက်တာနဲ့များအိမ်က တံခါးမပိတ်လို့ ဘယ်လိုများဖြစ်နေမလား၊ ငါ့ဘဲ. . . ငါ့ဘဲ. . ရိပ်သာထဲကနေပြီးတော့လေ၊ လက်ထဲတော့ ပုတီးကြီးများစိတ်လို့၊ ဘေးကနေ သာဓုခေါ်ချင်စရာကြီး၊ သူကတော့စိတ်ထဲက ငါ့ဘဲ. . . ငါ့ဘဲ အိမ်လှမ်းပြီးတော့ ဘဲကျောင်းနေတာ၊ နားလည်လား၊ ရိပ်သာထဲရောက်လာလို့၊ ကျောင်းရောက်လာလို့များ အကြောင်းချည်းများ မထင်လိုက်နဲ့၊ တချို့ဒကာကြီးတွေ ဒကာမကြီးတွေ၊ အဘွားကြီးတွေဖြစ်လို့၊ သားတွေ သမီးတွေက သံယောဇဉ် ကျွတ်ကုန်လို့ရှိရင် မြေးတွေပါလှည့်ပြီးတော့ ဘဲကျောင်းတုန်းရှိသေးတယ်။ ရှေးတုန်းက-

လူနှစ်ယောက် သူငယ်ချင်းနှစ်ယောက် တံငါလုပ်ကြတယ်၊ အသက်မွေးဝမ်းကြောင်းကလည်းပဲ အကြောင်းအားလျော်စွာ လုပ်ကိုင် စားသောက် စရာကမရှိလို့ တံငါလုပ်ပြီး စားသောက်ကြ ရတာ၊ သူများတွေက ဥပုသ်စောင့် ထွက်ကြတယ်ဆိုတော့ သူတို့နှစ်ယောက်တိုင်ပင်တယ်။ "ကွာ. . . ဒို့ အကြောင်းမတော်လို့ အလုပ်အကိုင်ကလည်းမရှိလို့၊ ဒို့တံငါလုပ်ပြီးတော့စားရ . အကုသိုလ်ကလည်း များလိုက်တာ၊ သူများတွေဥပုသ်စောင့်လို့မှ ဒို့မစောင့်နိုင်ဘူး၊ ဒီတော့ မင်းနဲ့ငါနဲ့ တလှည့်စီ ဥပုသ်စောင့်ရအောင်၊" " အေးဟုတ်ပြီ၊ ကောင်းပြီ၊ ဒီလိုဆိုရင် ဒီကအလုပ်ကလည်းပဲ၊ ဒို့မှာကမဖြစ်ဘူးဆိုတော့၊ "ငါဥပုသ်စောင့်တဲ့ရက်မှာ မင်းကအလုပ်လုပ်၊ ရတာအတူတူခွဲယူကြစတမ်း" "ကောင်းပါပြီကွာ. . . ကောင်းပါပြီ" "ကဲ ဒီလိုဆိုရင် ဒီတစ်ပတ် ဥပုသ်စောင့် မင်းလိုက်သွား

http://www.dhammadownload.com



ကျောင်းမှာဥပုသ်စောင့်" ငါက ငါးလုပ်ငန်းကလုပ်မြဲပဲလုပ်ရမှာမို့လို့သူက စောင့်ပြီးနေရစ်ရှာ၊ မြှုးတွေချထားပြီးတော့၊ ပိုက်တွေဘာတွေ တန်းထားပြီး တော့သူကာကျန်ရစ်တဲ့သူက ဆက်ပြီးတော့ငါးစောင့်ရစ် ရှာတယ်။

ကျောင်းလိုက်သွားသူကတော့၊ ကျောင်းလိုက်သွားပြီးတော့ ဘုန်းကြီးနားသီလပါယူ၊ ဥပုသ်သည်ထုံးစံအတိုင်းပေါ့လေ. . တော်တော် လေးကြာ တော့ တစ်နေရာမှာ စိတ်ပုတီးတွေနဲ့ သစ်ပင်အောက်ရောက် ပြီးတော့ နေကြတော့၊ ဟိုမှာကျန်ရစ်တဲ့၊ တံငါထဲမှာကျန်ရစ်တဲ့သူကတော့၊ စိတ်ကူး ရှာတယ်၊ "သြ . . . ငါ့ သူငယ်ချင်း၊ ခုချိန်ဆိုလို့ရှိရင်၊ ကျောင်း ရောက် ဘုန်းကြီးဆီသီလပါ ယူပြီးလို့ တရားနာပြီး၊ ဒီအချိန်ဆိုလို့ရှိရင် ပုတီး များစိတ် နေရော့မယ်၊ ပုတီးများစိတ်နေရော့မယ် ငါ့တော့ ဒီမှာအလုပ်လုပ်နေရ" သူက စိတ်ကူး. . . ပြီးတော့ သူငယ်ချင်းစိတ်ပုတီးစိတ်နေမှာတွေ၊ ဘုန်းကြီးဆီ တရားနာနေမှာတွေ သံဃာတော်တွေဆီ လှူဒါန်းပူဇော်ပြီးတော့ ကုသိုလ် ကောင်းမှုပြုနေကြတာတွေ သူ့မျက်လုံးထဲမှာမြင်. . . လို့ "ခန္ဓာကိုယ်ကြီးက တံငါထဲမှာ. . . စိတ်ကလေးကကျောင်းမှာ" ကျောင်းကလူကသစ်ပင်အောက် ပုတီးလေးကိုင်တဲ့ပြီးတော့ "အင်း. . . ကျန်ရစ်တဲ့ကောင်က ဟိုမြှုးဖော်မှဖော် ပါ့မလား" လက်ထဲ မှာစိတ်ပုတီးကြီးနဲ့ ကျောင်းမှာရောက်နေသော်လည်း စိတ်ကတော့တံငါထဲမှာ "အင်း. . ဟိုနားကဆည်ကပေါက်နေလို့ ငါးတွေ ထွက်နေတာသူသိမှ သိပ့်မလား. . . " ကျောင်းက၊ကျောင်းက။

အဲဒါလိုပဲ ယနေ့ဒကာဒကာမတွေ ရိပ်သာထဲရောက်၊ ကျောင်းရောက် လာကြပေမယ့်လို့ အဘိုးကြီးတွေ အဘွားကြီးတွေ၊ မြေးတွေအတွက်လှမ်းပူ၊ သမီးတွေသားတွေအတွက် လှမ်းပူ၊ အဲဒါဘဲကျောင်းနေတာပဲ၊ တစ်ခါတစ်ခါ မှာ လူကြီးတွေကို လူငယ်ကမလေးစား မခန့်ဘူးဆိုတာ အဲဒါပဲ လူကြီးတွေက လည်းသိပ်သံယောဇဉ်မများကြနဲ့နော်၊ လူငယ်တွေအရှိအသေခံရအောင်လည်း လုပ်ကြ၊ ဒကာကြီးတစ်ယောက်ဘာလုပ်လုပ်သူက နိဗ္ဗာန်မြန်မြန်ရရပါလို၏ လို့တယ်ပြီးဆုတောင်းလေ့ရှိသတဲ့၊ ဘုရားရှိခိုးပြီဆိုမှဖြင့် နိဗ္ဗာန်မြန်မြန်ရရပါလို၏ သူက ဒါပေမယ့်လို့ ပါလိုက်တာကဟိုသမီးစိတ်မချ၊ ဒီသားစိတ်မချ၊ ဟိုထဲဝင် ပြော ဒီထဲဝင်ပြော၊ လူငယ်တွေစီပွားရေးကြီးပွားရေး လုပ်တဲ့ကိုင်တဲ့ကိစ္စ တကတည်း ပုတီးသာစိတ်နေအဘ၊ ပုတီးသာစိတ်နေအဖေရဲ့ ဆိုပြီးတော့ ဥပုသ်သီတင်းစောင့်နေ၊ သူ့ဘာအလုပ်မှ မခိုင်းဘဲနဲ့လွှတ်ပေးထားတာကို မဟုတ်ရသေးဘူး၊ သူက ဟိုဟာဝင်ပါ၊ ဒီဟာဝင်ပါ၊ ဟိုသံယောဇဉ်များ "တော်ကြာ

http://www.dhammadownload.com



ဘုရားရှိခိုးပြီဆိုမှဖြင့် နိဗ္ဗာန်မြန်မြန်ရရပါလို၏" ဒီတော့ တစ်ခါတော့ သမက်က စိတ်ထဲကလည်းချဉ်တင်တင်တော့ ရှိလှပြီ၊ ဒီအဘိုးကြီးက ဟိုပါ ဒီပါနဲ့ ဒါနဲ့တစ်ခါတော့ သားမက်ကလည်းအိပ်ယာထဲရောက်နေတဲ့အခိုက် အဘိုးကြီးက သူက ဘုရားပါရှိခိုးပြီးတော့ ဟိုလှမ်းပြော၊ ဒီလှမ်းပြောနဲ့ နောက် ဆုံးနိဗ္ဗာန်မြန်မြန်ရ ရပါလို၏လို့ဆိုတော့ သားမက်က "မထင်ပေါင်" လို့ဆိုသတဲ့ ဒီလောက်တောင် သံယောဇဉ်ကြီးနေတဲ့လူကြီး မထင်ပါဘူးလို့ နောက်ကနေ တွတ်လိုက်တယ်၊ ဒီတော့ အဘိုးကြီးတွေ အဘွားကြီးတွေနော် မထင်ပေါင် ခံနေကြရမယ်။

အဲဒီလို (၃၁)ဘုံအတွင်းက ပုထုဇဉ်ဂိုဏ်းမလွတ်ကြသေးတဲ့ ဒကာ ဒကာမတွေ. . . ရိပ်သာတွေကျောင်းတွေ ရောက်နေသော်လည်းပဲ ပြန်ပြီးတော့ ဘဲမကျောင်းချင်ကြပါနဲ့၊ ခုနက တံငါတစ်ယောက်လို ကျောင်းမှာရောက်ပြီးတော့ လက်ထဲပုတီးကြီးရောက်နေပါလျှက်နဲ့ စိတ်ကတံငါထဲရောက်နေသလို မဖြစ်ကြ ပါစေနဲ့။ အဲဒီလိုနဲ့ခုနက ဝမ်းတွင်းရှူးကြီး၊ တောဘဲမို့လို့ တောပြန်တာပဲ၊ ဒုက္ခရောက်ပြီးတော့နေရင်းနဲ့ နောက်ဆုံးတော့ ဘဲအုပ်ကအကုန်လုံးထပြန် တယ်၊ နေဝင်တော့ပြန်မှာပေါ့၊ တောဘဲဆိုတော့တောပြန်တာပေါ့၊ အဲဒီလိုပြန်သည် နှင့်တပြိုင်နက်၊ တစ်ကောင်မှကျန်အောင် ထပြီးတော့ပြန်တော့ သူ့ခမျာ မနေတတ်မထိုင်တတ် ဖြစ်ပြီးတော့ နောက်ကနေလိုက်တော့တာပဲ၊ အမလေး. ငါ့ဘဲတွေ. . . ငါ့ဘဲတွေဘယ်သွားကြတာပါလိမ့်မတုန်း၊ ဘယ်ပြန်ကြတာပါ လိမ့်မတုန်းလို့ နောက်ကနေပြီးတော့ ဘဲတွေနောက်မော့မော့- မော့မော့နဲ့လိုက် လိုက်တာ၊ တကတည်း လဲတဲ့နေရာလဲ၊ ဒူးတွေဘာတွေကွဲလို့၊ ခြေထောက်တွေ ဘာတွေ ဆူးငြောင့်ခလုတ်တွေ စူးလို့၊ ပြေးပြီးတော့လိုက်သွား၊ မိုးကလည်းချုပ် သွားတော့ ဘဲတွေလည်းဘယ်ရောက်သွားမှန်းမသိဘူး၊ မျက်စပြတ်သွားတော့ သူမလိုက်တတ်တော့ဘူး၊ မိုးလေးကလည်းတော်တော်မှောင်လာတော့ ခေါင်း ငိုက်စိုက်ချပြီးတော့ ငါ့ဘဲတွေ. . ငါ့ဘဲတွေ၊ ဘယ်ရောက်သွားတာမှန်းလည်း မသိတော့ဘူး၊ ဘယ်ပြန်ကြတာမှန်လည်းမသိတော့ဘူး ဆိုပြီးတော့ စိုက်စိုက် စိုက်စိုက်နဲ့ပြန်လာ။

ရွာတစ်ရွာရဲ့အနီးရောက်တော့ မိုးကဖျောက်ဖျောက်, ဖျောက်ဖျောက် နဲ့ ရွာချလိုက်တော့၊ သူအဲဒီရွာရဲ့အစွန်၊ ရွာရဲ့အစွန်အိမ်တစ်အိမ်ရဲ့ အောက်ကို ကဗျာကယာနဲ့ဝင်ကပ်လိုက်တယ်၊ စိတ်ကလည်းခတ်နောက်နောက်၊ ဘဲတွေ ပျောက်လာတာဆိုတော့၊ ဒါနဲ့အဲဒီအိမ်အောက်ဝင်ပြီး ကပ်လိုက်တော့၊ မိုးလေး ရွာတာနဲ့မိုးခိုရင်း ကပ်ရင်းသူကတော့ သူ့ဘဲသူတွေး. . . နေတာပဲ၊ ဘယ်သွား

http://www.dhammadownload.com



တာပါလိမ့်မတုန်း၊ ဘယ်ပြန်ကုန်တာပါလိမ့်မတုန်းနဲ့၊ အဲဒီလို သူ့ဘဲတွေ အကြောင်းတွေးရင်းနဲ့ အိမ်အောက်မှာမိုးခိုနေတဲ့အခိုက်၊ အိမ်ပေါ်က မီးခွက် ကလေးထွန်းပြီးတော့ အဘိုးကြီးနဲ့အဖွားကြီးက စကားတိုးတိုးပြောနေကြတယ် သားတွေသမီးတွေ မြေးတွေမြစ်တွေမရှိတော့ အဘိုးကြီးနဲ့အဖွားကြီး နှစ်ယောက် ထဲ လွတ်လွတ်လပ်လပ်ဆိုတော့ ရှေးဟောင်းနှောင်းဖြစ် ငယ်ကျိုး ငယ်နာတွေ ပြောနေကြတာတဲ့၊ အဘိုးကြီးနဲ့အဘွားကြီးက။

ဘာတွေပြောနေတုန်းဆိုတော့၊ သူတို့ပြောတာကတော့ စုံလို့နေမှာပေါ့ လေ. . တောင်ရောက်မြောက်ရောက်ပြောရင်းနဲ့ အဘိုးကြီးက ပြောလိုက်တယ် "အမယ်ကြီးရာ. . မင်းများလေ၊ ငယ်ငယ်တုန်းကများ. . ငါက ငါက အမရာ, ကိန္နရီ, မဒီ, သမ္ဗူလ တော်လေးဝတွေဘယ်လောက် ချောတယ်လှတယ်ပြော ပြော၊ ငါတော့ မင်းမီတယ်ထင်ပါဘူးကွာ" လို့ဆိုသတဲ့ အဘိုးကြီးက။ ဒီတော့ အဘွားကြီးကလည်းအားကျမခံ" အမလေး. . . ကျုပ်ကလည်းတော့ကို၊ ခုမှ မိုးပေါ်ကကျလာတဲ့ မိုးကျရွှေကိုယ်လေးလို့ကို မှတ်တာပါဘဲတော့"၊ အဲဒီလို ပြောနေကြတော့ အောက်ကဝမ်းတွင်းရှူးကြီးက ဘာကြားလိုက်တုန်းလို့ဆိုတော့ ခုမှမိုးပေါ်ကကျလာတဲ့မိုးကျရွှေကိုယ်"ဆိုတဲ့စကားသူကြားလိုက်တယ်၊ "ဟ- အခုမှမိုးပေါ်ကကျလာတယ်ဆိုရင် လမ်းငါ့ဘဲတွေနဲ့တွေချင်တွေ့ခဲ့မှာ" သူကလည်းသူ့ဘဲသူ အရေးကြီးနေတာ၊ ဒါနဲ့သူမနေနိုင်ဘူး၊ "ဗျို့. . ခုမှ မိုးပေါ်က ကျလာတဲ့ မိုးကျရွှေကိုယ်ကြီး လမ်းကျုပ်ဘဲတွေနဲ့များမတွေ့ခဲ့ဘူးလားလို့ အောက်ကနေ အော်မေးတယ်။

ထိုဆိုအပ်ခဲ့တဲ့ ဥပမာအလားတူသာလျှင်. . . ယနေ့အားလုံးသော ပုထုဇဉ်ဂိုဏ်းဝင်ဖြစ်ကြတဲ့၊ မနပ်မန္တူးဝမ်းတွင်းရှူးဖြစ်ကြတဲ့ ဒကာဒကာမတွေ. . အနိစ္စဖြစ်တဲ့သားခန္ဓာ သမီးခန္ဓာလေးတွေက အနိစ္စမို့လို့၊ တောဘဲမို့လို့ တောပြန်သလို၊ အနိစ္စရောက်ပြီးတော့သွား၊ ဝမ်းနည်းပက်လက်သောကတွေ ရောက်ပြီးတော့၊ ကိုယ်ကိုယ်တိုင်လိုက်ပြီးသကာလ သုသာန်မှာပို့ပြီးတော့ မြှုပ်နှံခဲ့ပါလျှက် နောက်ရက်ကျတော့ကျောင်းသားတွေ ကျောင်းကကျောင်းဆင်း လာလို့ရှိရင် ကိုယ့်သားလေးဒီကြားထဲရော ပါလာအုန်းမလိုလို. .၊ ဟိုနေရာ ဒီနေရာက ဟိုသူဒီသူတွေ ပြန်လာတယ်ဆိုရင် ကိုယ့်သမီးလေးရောပြီးတော့၊ ပါလာအုန်းမလိုလို. . . အနိစ္စရောက်သွားတာကိုယ်ကိုယ်တိုင်အသိ၊ ကိုယ်ကိုယ် တိုင်အမြင်၊ ကိုယ်ကိုယ်တိုင်အသိဖြစ်ပါလျှက်ကယ်နဲ့ ဟိုလမ်းကထွက်လာအုန်း မလိုလို၊ ဒီနားကပြန်လာအုန်းမလိုလို ဒီကြာကပေါ်လာအုန်းမလိုလို. . ခုနက

http://www.dhammadownload.com



ဝမ်းတွင်းရှူးကြီး "ဗျို့. . မိုးပေါ်ကကျလာတဲ့ မိုးကျရွှေကိုယ်ကြီးလမ်းကျုပ်ဘဲတွေနဲ့မတွေ့ခဲ့ဘူးလား" လို့မေးချင်သလို. . စိတ်ထဲမှာ မေးချင်စိတ်ပေါက်ကြသေးတယ်၊ အဲဒါဘာပြုလို့တုန်းဆိုတော့တဲ့ အလိမ်ခံထားရလို့. . တဲ့။

အလိမ်ခံတဲ့ဘေးကြီးက လွတ်ဖို့ရာအတွက် အလိမ်ဖြေဆေးပေးနိုင်တယ်ဆိုတာ အလိမ်ဖြေဆေးဖြစ်တဲ့ ဝိပဿနာဉာဏ်မျက်လုံးသုံးနိုင်တယ်ဆိုတာဘုရားပွင့်မှရှိတယ်. . တဲ့ ဘုရားပွင့်လာမှပေါ်တယ်၊ ဘုရားပွင့်လာမှ ရတယ်၊ ဘုရားပွင့်လာမှသိရတဲ့အပြင်၊ ဒီတော့ လူ့ဘဝလာပြီးတော့ ရတဲ့အခိုက် ဘုရားသာသနာတော်ကြီးနဲ့ကြုံတဲ့အခိုက်၊ အလိမ်ဖြေဆေးလေးများတော့ တစ်ခါလောက်စားဖို့ကောင်းတယ်၊ အလိမ်ဖြေနည်းလေးများတော့ တစ်ခါ လောက်သုံးဖို့ကောင်းတယ်၊ အဲဒီအလိမ်ဖြေရာ ဌာနကြီးတွေဆိုတာ ဘယ်သူတုန်းဆိုတော့ ရိပ်သာတွေပေါ့၊ ရိပ်သာတွေဟာအလိမ်ဖြေပေးနေတဲ့ ဌာနတွေ၊ အလိမ်ဖြေဆေးတိုက်ကျွေးနေတဲ့ဆေးရုံကြီးတွေ၊ ဆေးရုံကြီးတွေဘဲသူတို့။ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်က အဲဒီအလိမ်ပြေရာ ပြေကြောင်းအတွက် ဘယ့်နဲ့လုပ်ရ မတုန်းဆိုရင်. . တဲ့ဝိပဿနာဉာဏ် ကိုယ့်သန္တာန်ပေါ်အောင်ကြိုးစား၊ ကိုယ့်သန္တာန်မှာ ဝိပဿနာဉာဏ်ကလေးခဏလေးပဲ ဖြစ်ဖြစ်လေ. . . တဲ့ တစ်မိနစ်လောက်လေးပဲ ဖြစ်ဖြစ် ဝိပဿနာဉာဏ်ပေါ်အောင် ကြိုးစားစမ်းပါ အုန်းတဲ့ဘုရားက တိုက်တွန်းတာ၊ ဒါမှ အလိမ်ပြေမှာ၊ ဒါမှ အလိမ်ပြေမှာ၊ အဲဒီလို အလိမ်ပြေတော့မှ၊ ခုနက ဒုက္ခရောက်ရတာတွေမချိတင်ကဲ ဒုက္ခရောက်ရတာတွေ၊ ငိုကြွေးဒုက္ခရောက်ရတာတွေ အကုန်ပျောက်လိမ့်မယ်။

ကိုင်း ကောင်းပြီဒါဖြင့် တပည့်တော်တို့ သန္တာန်မှာ ဝိပဿနာဉာဏ်တွေဖြစ်အောင် ဘာတွေလုပ်ရမှာတုန်း၊ ဘယ်လိုလုပ်ရမှာတုန်း၊ ဘယ်လိုသွားရတုန်း၊ မေးစရာရှိတယ်၊ ဒီတော့ဘုရားရှင်က ဝန်ခံထားတယ်၊ ပေးထားတဲ့ သုတ်တော်ကြီးရှိတယ်၊ ဝိပဿနာအလုပ်အားထုတ်မယ်ဆိုရင် မဟာသတိပဋ္ဌာန်လို့ခေါ်တဲ့ သတိပဋ္ဌာန်တရား (၄) ပါးကို ပွားများအားထုတ်ရင် အဲဒါ ဝိပဿနာဖြစ်ပြီ။ ဝိပဿနာဖြစ်ရင်အလိမ်ပြေပြီ။ အဲဒီ အလိမ်လွတ်ခဲ့ရင်ဖြင့် ခုနကပြောခဲ့တဲ့ အလိမ်မိလို့ဖြစ်ရမည့် ဒုက္ခတွေ တင်းကြမ်းအနပ္ပကန်းမှ လွတ်နိုင်တယ်၊ ကောင်းပြီဒါဖြင့် သတိပဋ္ဌာန်တရား(၄)ပါးပွားများဖို့ရာအတွက် ဘုရားရှင်က အဲဒီသတိပဋ္ဌာန်တရား (၄) ပါး ဝိပဿနာအလုပ်နဲ့ ပတ်သက် လာရင် သတိပဋ္ဌာန်ကလွတ်တာ၊ သတိပဋ္ဌာန်နည်းက လွတ်တာရယ်လို့ ဘယ်မှာမှ မရှိဘူးနော်၊ အားလုံးဒကာဒကာမတွေ၊ ဒီတော့ သတိပဋ္ဌာန်တရား (၄) ပါးကိုပွားများခါနည်းမှာ ဘုရားရှင်က ဘယ်လို ပဋိညာဉ်ဝန်ခံချက် ၄ပေးလိုက်တုန်း ဆိုတော့-

http://www.dhammadownload.com



***ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။**

ဒါသတိပဋ္ဌာန်တရားကို ပွားပါ. . . တဲ့၊ သတိပဋ္ဌာန်တရားကို ပွားရင် မင်းတို့အလိမ်ပြေလိမ့်မယ်တဲ့၊ အလိမ်ပြေတဲ့ အချိန်လေးဟာ အဲဒီအချိန်ပါပဲတဲ့၊ ဒီတော့ အဲဒီသတိပဋ္ဌာန်တရားပွားလို့ရှိရင် ဘာအကျိုးတွေရမှာတုန်းလို့ ဆိုတော့ ဘုရားက အလိမ်ပြေတဲ့ အကြောင်းတွေ ရှေးဦးစွာဝန်ခံလိုက်တယ်။ ပဋိညာဉ်ပေးလိုက်တယ်။

ဘိက္ခဝေ-ချမ်းသာလိုလား အိုချစ်သား ချစ်သမီးတို့၊ ယဒိဒံ-ယေဣမေ စတ္တာရောသတိပဋ္ဌာနာ-အကြင်သတိပဋ္ဌာန်တရားလေးပါးတို့သည်၊ ယဒိဒံ ယေဣမေစတ္တာရောသတိပဋ္ဌာနာ-ကာယ, ဝေဒနာ, စိတ်, ဓမ္မာဟု လေးဖြာသော သတိပဋ္ဌာန်တရားတို့သည်၊ သန္တိ- ရှိကုန်၏၊ အယံ-ဤသတိပဋ္ဌာန် တရားလေးပါးသည်၊ သတ္တာနံ-အလိမ်အညာခံနေရသဖြင့် မချိတင်ခဲ ဒုက္ခ ဆင်းရဲသို့ရောက်နေကြကုန်သော သတ္တဝါတို့အတွက်၊ ဝိသုဒ္ဓိယာ-အလိမ် အညာဘေးမှ ကင်းဝေး စင်ကြယ်ခြင်းအကျိုးငှါ၊ သောကပရိဒေဝါနံ-လိမ်ညာ မှုကို ခံနေရတဲ့အတွက်၊ (ဝါ) အလိမ်မိနေတဲ့အတွက်၊ အနိစ္စတွေကို နိစ္စထင်၊ ဒုက္ခတွေကို သုခထင်၊ အနတ္တတွေကို အတ္တထင်၊ အသုဘတွေကို သုဘထင်ပြီး သကာလ၊ အစွဲမှား၊ အသိမှား အမှတ်မှားမှုတွေကြောင့် အမျိုးမျိုးဒုက္ခရောက် ပြီးသကာလ၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းဆိုတဲ့ ဘေးဆိုးတွေကို၊ သမတိက္ကမာယ- လွန်မြောက်ဖို့ရာ၊ ကျော်လွန်ဖို့ရာ၊ ဒုက္ခဒေါမနဿာနံ-အလိမ်အညာမိနေသဖြင့် မချိတင်ခဲ ဖြစ်နေရသော ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတို့၏ အတ္ထင်္ဂမာယ-ချုပ်ပျောက်ခြင်းငှါ၊ ဉာယဿအဓိဂမာယ-အဲဒီ လိမ်ညာမှုတွေကို အကုန်လုံး ကွက်ကွက်ကွင်းကွင်း အမှန်အတိုင်းသိမြင်ရတဲ့ မဂ်ဉာဏ်ကို ရခြင်းအကျိုးငှါ၊ နိဗ္ဗာနဿ-အဲဒီလိမ်နေညာနေတဲ့သူတွေရဲ့ ကျင်လည်ရာ (၃၁)ဘုံကြီးထဲကနေပြီးတော့၊ အဲဒီလိမ်ညာမှုတွေကို မခံရတော့ဘဲနဲ့၊ အလိမ်ညာတွေ လွတ်ရာဖြစ်တဲ့ နိဗ္ဗာန်မြို့တော်ကြီးကို၊ သစ္ဆိကရိယာယ-မျက်မှောက်ပြုခြင်းအကျိုးငှါ၊ ယဒိဒံ-ယံဣဒံ-စတ္တာရော သတိပဋ္ဌာနာ-ဤသတိပဋ္ဌာန်တရားလေးပါးကို ပွားများအား ထုတ်ခြင်းသည်၊ ဧကာယနော မဂ္ဂေါ-အကောင်းဆုံးဖြစ်တဲ့ တစ်ကြောင်းတည်း သောလမ်းခရီးကြီး ဖြစ်ပါပေတော့သတည်း။

သာဓု. . . သာဓု. . . သာဓု- ပါဘုရား။

---

* မဟာသတိပဋ္ဌာနသုတ္တ-ဒီ-၂၊၂၃၁

http://www.dhammadownload.com



အေး. . . မင်းတို့အလိမ့်လွတ်ချင်ကြရင်. . . တဲ့ ဟောဒီသတိပဋ္ဌာန် တရားပွားကြတဲ့၊ သတိပဋ္ဌာန်တရား (၄) ပါးပွားကြတဲ့၊ အဲဒီသတိပဋ္ဌာန်တရား ဆိုတာ (၄) ပါးရှိတယ်။

ကာယ, ဝေဒနာ, စိတ်, ဓမ္မာ ပေါ်လာဖြစ်ပျက်ရှုတဲ့

နံပါတ် (၁) က ကာယါနုပဿနာသတိပဋ္ဌာန်တဲ့ နံပါတ် (၂) ကဝေဒနာ နုပဿနာသတိပဋ္ဌာန်၊ နံပါတ် (၃) က စိတ္တာနုပဿနာသတိပဋ္ဌာန်၊ နံပါတ် (၄)က ဓမ္မာနုပဿနာသတိပဋ္ဌာန်။ ဝိပဿနာအလုပ်မှန်သမျှ ဒီသတိပဋ္ဌာန်က လွတ်တာ မရှိ. . . ဒီထဲမှာ အကုန်ဝင်တယ်၊ ဒီထဲမှာ အကုန်ရောက်ရတယ်။ ဒီဟာနဲ့ အကုန် ကိုက်ရတယ်၊ ဒီတော့ ကာယာနုပဿနာသတိပဋ္ဌာန်ဆိုတာ ဘာတွေတုန်းလို့ ဆိုတော့ အားလုံးဒကာဒကာမတွေ အခုဟာက ပရိယတ္တိ လို့ခေါ်တယ်၊ သင်ယူ နေတာ၊ ပရိယတ္တိသာသနာတဲ့ ဘုရားရှင်ရဲ့ အဆုံးအမက သင်ယူရတဲ့အဆုံး အမရှိတယ်။ သင်ယူပြီးတော့မှ ကျင့်ရတဲ့ အဆုံးအမရှိတယ်၊ ကျင့်ပြီဆိုတော့ ပဋိပတ္တိသာသနာ လို့ခေါ်တယ်၊ အဲဒီလို ကျင့်တော့ထိုးထွင်းပြီးတော့ သိသင့်သိ ထိုက်တာတွေ သူ့အလိုလိုသိလာလိမ့်မယ်၊ အဲဒါ ပဋိဝေဓ သာသနာလို့ခေါ်တယ်၊ အခုဘုန်းကြီးက ပြောနေတာ ဒါသင်နေတာပဲ၊ ဟိုသံဃာတွေ ကျောင်းတိုက်ကြီးထဲ သွားပြီးတော့ စာတက်နေတာမှ ပရိယတ္တိ သာသနာ အားထုတ်တယ်များမထင်နဲ့၊ အခုတရား နာနေရတာ အားလုံးဒကာ ဒကာမတွေ သင်နေတာ၊ မှတ်နေတာ၊ ဒီကပြောပြနေတာ၊ ဘုရားရဲ့အဆုံးအမကို သင်ပေး နေတဲ့ ပရိယတ္တိသာသနာ၊ အဲဒီ ပရိယတ္တိသာသနာလေးတွေ ဒကာ ဒကာမတွေ နှုတ်ထဲထိရောက်အောင် လို့ဆိုပြီး ဘုန်းကြီးတို့က ခုနကလို လင်္ကာလေးတွေနဲ့ "အနိစ္စကိုပင်၊ နိစ္စထင်၊ နေ့စဉ်လိမ်တော့တာ" ဆိုတာ ဒါဘုရားအဆုံးအမတစ်လုံး သူ့နှုတ်ထဲရောက်လာ တယ်လို့ မှတ်လိုက်ပါ။ ပရိယတ္တိသာသနာ ဗိုလ်နှုတ်ထဲရောက်လာတယ်လို့ မှတ်လိုက် ရတယ်။အဲဒီလို ရောက်လာပြီး တော့မှ၊ ဩ. . အနိစ္စကို နိစ္စထင်၊ အလိမ်ခံနေရ တာ ဆိုပဲ. . . လို့ဆိုပြီးတော့ အဲဒီအနိစ္စကိုအနိစ္စအတိုင်း မြင်အောင်ဆိုပြီးတော့ ကြိုးစားပြီ ဆိုတော့ အဲဒါ ပဋိပတ္တိသာသနာ ကိုယ်မှာ ရောက်လာတယ်။ အတွင်း ရောက်လာတယ်၊ အတွင်းရောက်လာတော့ သိသင့် သိထိုက်တဲ့မဂ်ဖိုလ်နိဗ္ဗာန်တွေ ထိုးထွင်းပြီးတော့ သိလိမ့်မယ်၊ အဲဒါက ပဋိဝေဓသာသနာလို့ခေါ်တယ်။

ဒါကြောင့် သတိပဋ္ဌာန်တရား (၄) ပါး ကာယာနုပဿနာ၊ ဝေဒနာ နုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်တရား (၄) ပါးရှိတယ်၊ အဲဒီ (၄) ပါးမှာ အပိုင်းကြီး နှစ်ဆယ်နဲ့တစ်ပိုင်းရှိတယ်၊ အဲဒီ (၂၁) ပိုင်းထဲက

http://www.dhammadownload.com



မလွတ်ရဘူး၊ ဝိပဿနာဆိုတာ၊ ဒီတော့-ကာယါနုပဿနာသတိပဋ္ဌာန်မှာ အပိုင်း (၁၄) ပိုင်းရှိတာ၊ သဘောလောက်ကလေးအကျဉ်းချုပ် ပြောရမယ်ဆိုရင် ပထမဆုံးကာယါနုပဿနာ-ကာယေ ကာယာနုပဿနာတဲ့ မိမိရဲ့ ခန္ဓာကိုယ်မှာ ရှုပွားဆင်ခြင်ဖို့ရာအတွက် ဘုရားရှင်ကနည်းပေးလိုက်တာ၊ ပထမဆုံး အာနာပါနတဲ့ ထွက်သက်ဝင်သက် ထွက်လေဝင်လေတွေရှုပွား၊ အဲဒါပထမ ပိုင်း၊ ဒုတိယက-သွား, ရပ်, ထိုင်, လျောင်း ဆိုတဲ့ ဣရိယာပုထ် လေးပါးကို ရှုပွားခြင်း၊ ဣရိယာပထပဗ္ဗ လို့ခေါ်တယ်။

တတိယကျတော့ သမ္ပဇညပဗ္ဗလို့ခေါ်တယ်၊ သမ္ပဇညပဗ္ဗဆိုတာ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်ဆိုတဲ့ ဣရိယာပုထ်လေးပါးအပြင် ကြည့်တယ်၊ အပေါ်မော့ကြည့်တယ်၊ အောက်ငုံ့ကြည့်တယ်၊ လက်တွေကွေးတယ်၊ ဆန့်တယ်ဆိုတာလေးတွေ ရှိသေးတာကိုး။ အသေးစိတ် အဲဒီလို ကွေးတာလေးတွေ၊ ဆန့်တာလေးတွေ၊ ကြည့်တာလေးတွေ၊ ရှေ့ကြည့်တာလေးတွေ၊ တစ်စောင်းကြည့်တာလေးတွေ၊ ပြီးတော့ ဟိုနားဒီနားခဏ လျှောက်တာလေးတွေ၊ ဂတေဌိတေနိသိန္နေ-လို့ဆိုတဲ့ ခဏတဖြုတ်လျှောက် တာလေးတွေ၊ ခဏတဖြုတ် ထိုင်တာလေးတွေ၊ အဲဒီလို အပိုင်းလေးတွေနဲ့ ရှုပွား ပြီဆိုတော့၊ သမ္ပဇညပဗ္ဗလို့ ခေါ်တယ်။ ဒါ ကာယာနုပဿနာသတိပဋ္ဌာန်က ခွဲထွက်နေတာ။

(၄) နံပါတ်အပိုင်းကျတော့ ပဋိကူလမနသိကာရ လို့ခေါ်တယ်။ ပဋိကူလမနသိကာရဆိုတာ (၃၂) ကောဋ္ဌာသပွားတာ၊ "ငါ၏ကိုယ်မှာ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှိ့ တို့သာရှိပါတကားလို့ (၃၂) ကောဋ္ဌာသ၊ ခန္ဓာကိုယ်ကြီးကို (၃၂) စုပုံပြီးတော့ အဲဒီ (၃၂) ပုံရဲ့တစ်ပုံစီ၊ တစ်ပုံစီကို ရှုပွားဆင်ခြင်ပြီးတော့ အဲဒီ (၃၂) ပုံလုံးရဲ့ တစ်ပုံတိုင်းတစ်ပုံတိုင်းရဲ့အဆုံးမှာ အနိစ္စ-ဒုက္ခ-အနတ္တ လက္ခဏာပေါ်အောင် ဖြစ်ပျက်မြင်လာအောင် နောက်ဆုံးဝိပဿနာကိုပဲ ရောက်ရတာချည်းပါပဲ။ ရှေ့ကသမထ၊ နောက်ကဝိပဿနာ အမြဲလိုက်ရတယ်၊ အဲဒီလို နည်းနဲ့ရှုပွားလာကြတဲ့ (၃၂) ကောဋ္ဌာသကမ္မဋ္ဌာန်း စီးဖြန်းပြီး အနိစ္စ လက္ခဏာထင်အောင်၊ ဝိပဿနာဆိုက်အောင် ပွားတာကျတော့ ပဋိကူလမနသိကာရပဗ္ဗ လို့ခေါ်တယ်။

ရိပ်သာသွားပြီးတော့ အားထုတ်ကြ၊ သူ့နည်းနဲ့သူ ကိုယ့်နည်းနဲ့ကိုယ် အားထုတ်ကြပြီးတော့၊ ကိုယ့်အားထုတ်ခဲ့တဲ့ နေရာကမှ အမှန်၊ သူအားထုတ်လာတာကတော့ အမှားလိုလို၊ ဗဟုသုတ မပြည့်စုံတော့၊ အခုလို ကျယ်ကျယ်ပြန့်ပြန့်ကြားမထားရတော့ထင်တတ်တယ်၊ မှန်နေတဲ့တရားကို မှားတယ်ပြောပြီး

http://www.dhammadownload.com



တော့ စွပ်စွဲမိမှဖြင့် အဲဒါကိုယ့်- အလကားသားနေရင်း အပြစ်သင့်တတ်တယ်။ ဒါ့ကြောင့် ကိုယ်အားထုတ်တဲ့နေရာက၊ ရိပ်သာအသီးသီး၊ ဌာနအသီးသီး ဆရာအသီးသီးက၊ ကိုယ်အားထုတ်ခဲ့တဲ့နည်း၊ ကိုယ်အလေ့အလာများတဲ့ နည်းကို ဆရာသမားတွေက သင်ပြီးတော့ပေးကြ ပြကြ၊ ဘယ်နည်းနဲ့ပဲပြပြ ဘယ်နည်းနဲ့ပဲ သင်ခဲ့သင်ခဲ့၊ ဘယ်နည်းနဲ့ပဲ လေ့ကျင့်ခဲ့လေ့ကျင့်ခဲ့၊ ဘုရားရှင် ကိုယ်တော်မြတ်က ဤသတိပဋ္ဌာန်တရား (၄) ပါး ပွားများပြီးတော့လာခဲ့ရင် နိဗ္ဗာန်လို့ဆိုတဲ့ ပင်လယ်ကြီးထဲ ဘယ်ဆိပ်ကမ်းက ဆင်းခဲ့ဆင်းခဲ့ ရောက်ပါတယ်. . . တဲ့ ရောက်ပါတယ်။

သူ့နိဗ္ဗာန်ကို ဘုရားရှင်ကိုယ်တော်မြတ်က သဗ္ဗတော မုခတဲ့ ပတ်ဝန်းကျင်အကုန်လုံး မုခ်ရှိတယ်တဲ့၊ ဘယ်လမ်းကဆင်းခဲ့ဆင်းခဲ့ ရောက်တယ် တဲ့။ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာ၊ သမုဒ္ဒရာကြီးထဲ ဆင်းတဲ့နေရာမှာ ဘယ်ဘက်ကဆင်းဆင်း သမုဒ္ဒရာထဲရောက်ဖို့ အရေးကအဓိက၊ တောင်ဘက် ကဆင်းလည်းရောက်တာပဲ၊ မြောက်ဘက်ကဆင်းလည်းပဲ ရောက်တာပဲ၊ နောက်ဆုံး တော့ သမုဒ္ဒရာရောက်ရင် ဒါလမ်းမှန်ပဲ နိဗ္ဗာန်လို့ခေါ်တဲ့ တရားကလည်း အဲဒီလိုပါပဲ. . တဲ့။ *နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကို ကာယာနုပဿနာ သတိပဋ္ဌာန်နဲ့ အရှေ့ဘက်လမ်းကဆင်းလာလာ၊ ဝေဒနာနုပဿနာဆိုတဲ့ တောင်ဘက်ကလမ်းနဲ့ ဆင်းလာလာ စိတ္တာနုပဿနာသတိပဋ္ဌာန်ခေါ်တဲ့ အနောက်ဘက်လမ်းနဲ့ဆင်း လာလာ၊ ဓမ္မာနုပဿနာခေါ်တဲ့ မြောက်ဘက်က လမ်းနဲ့လာလာ၊ ဘယ်နားကလာလာ၊ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာသို့ ဆိုက်တယ်. . တဲ့၊ ဘုရားရှင်က ဝန်ခံထားတယ်၊ ဝန်ခံထားတယ်၊ ဒါကြောင့် ငါတို့ရိပ်သာ၊ ငါတို့အားထုတ်ခဲ့တဲ့နေရာကမှ အမှန်၊ သူတို့အားထုတ်တာတွေက အမှားလိုလို ထင်မိတတ်မှာစိုးသောကြောင့်၊ ကြို့ပြီးတော့သိထားဖို့ရာ၊ ဟော- ကာယာနုပဿနာကိုက အပိုင်း (၁၄) ပိုင်းရှိတဲ့အနက်က၊ အသေးစိတ်အနေနဲ့ အကုန်မပြောနိုင်သော်လည်းပဲ အခု (၄) ပိုင်းပြီးသွားပြီ၊ ဟော-အာနာပါန ထွက်လေဝင်လေကို ရှုပွားနည်း၊ သွားရပ်ထိုင်လျောင်းဆိုတဲ့ ဣရိယာပထကို ရှုပွားနည်း၊ ကွေးတယ်၊ ဆန့်တယ်၊ ကြည့်တယ်၊ ဆိုတာတွေကို ရှုပွားနည်း ဆိုတဲ့ သမ္ပဇဉ်ပဗ္ဗ၊ (၃၂) ကောဋ္ဌာသ အခြေခံပြီးတော့ ပွားတဲ့နည်း။

ငါးနံပါတ်မြောက်ကျတော့ ဓာတုမနသိကာရ-တဲ့ ဓာတ်တွေကိုပွါးတာ၊ ဒီခန္ဓာကိုယ်ကြီးမှာ ဓာတ်ကိုပဲ၊ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ ဆိုတဲ့ဓာတ်ကြီးလေးပါး၊ လေးပါးလုံးကိုသော်လည်းကောင်း၊

* သတိပဋ္ဌာနဝိဘင်-အဘိ-၄-၂၊ ၂၀၆။

http://www.dhammadownload.com



တစ်ပါးပါးကိုသော်လည်းကောင်း၊ ရှုပွါးပြီးသကာလ၊ အနိစ္စလက္ခဏာထင်အောင်၊ ဖြစ်ပျက်မြင်အောင်ရှုတဲ့နည်း. . . ဓာတုမနသိကာရ။ အဲဒါကိုယ့်နည်းနဲ့ ကိုယ်ပဲလေ၊ ကိုယ့်ဆရာနဲ့ကိုယ်လေ။ ဟော-နောက်ဆုံး အသုဘကိုးပါးတဲ့၊ ဒါအသုဘ အလောင်းကောင်ကိုးမျိုးကိုထားပြီးတော့ပွါးလို့ ခုနက ငါးနည်းနဲ့ အသုဘကိုးနည်းနဲ့ ဆိုတော့ (၁၄) နည်း၊ ကာယာနုပဿနာတင်ပဲ၊ ဒါသတ္တဝါတွေရဲ့ စရိုက်အား လျော်စွာ၊ အကြိုက်အားလျော်စွာ ကိုယ်ကြိုက် တဲ့နည်းနဲ့ပွါးရုံပဲ၊ သူများမှားတယ် မပြောနဲ့၊ ကိုယ့်ဟာမှန်တယ် ချည်းမပြောနဲ့၊ ကြွယ်ကြွယ်ဝဝ သိထားဖို့အရေးက နံပါတ် (၁) အရေး။

**ဝေဒနာနုပဿနာ** အပြားမရှိဘူး၊ ချမ်းသာတဲ့ဝေဒနာ၊ ဆင်းရဲတဲ့ ဝေဒနာ ချမ်းသာသည်လည်းမဟုတ် ဆင်းရဲသည်လည်းမဟုတ်ကြတဲ့ ဥပေက္ခာ ဝေဒနာလို့ ဆိုတဲ့ ဝေဒနာသုံးပါးကို ရှုပွါးပြီးတော့ အနိစ္စလက္ခဏာထင်အောင် ရှုလိုက်ရင် အဲဒါဝေဒနာနုပဿနာ။

**စိတ္တာနုပဿနာ**-ကိုယ့်စိတ်ကလေးကို ကိုယ်ဖမ်းတာ၊ ကိုယ့်စိတ်ကလေး ဘယ်ရောက်နေသလဲ၊ ငါ့စိတ်ကလေးလောဘဖြစ်နေသလား၊ လောဘဖြစ်ရင် လောဘဖြစ်တယ်လို့သိ၊ ဒေါသတွေဖြစ်နေလိုက်တာ. . . စိတ်တွေဆိုးနေလိုက် တာ၊ မကောင်းလိုက်တာ၊ အဲဒီစိတ်တွေဆိုးနေတာ ဆိုးနေတယ်လို့သိ၊ ဆိုးတယ် လို့သိရုံမျှမကဘဲနဲ့နောက်ကနေပြီးတော့ **သမုဒယဓမ္မာနုပဿီဝါ၊ ဝယဓမ္မာ နုပဿီဝါ**-မြတ်စွာဘုရား သတိပဋ္ဌာန်မှာ၊ လောဘစိတ်ကလေး လောဘတွေ ဖြစ်နေတယ်လို့တင်သိဖို့မဟုတ်ဘူးတဲ့ အဲဒီနောက်ကလိုက်ပြီးတော့၊ အဲဒီလောဘ စိတ်ကလေး အခုံဖြစ်ပျက်ဖြစ်ပျက်၊ အခုပျောက်သွားပါလား၊ ဒေါသလေး ဖြစ်လာပြန်တော့၊ ဒေါသဖြစ်နေတဲ့စိတ်ကလေး ငါ့သန္တာန်မှာ ဒေါသဖြစ်နေ တယ်. . . ဒေါသဖြစ်နေတယ်လို့သိလိုက်ပြီး၊ ဟောအခုပျောက်သွားပြီ၊ ဖြစ်ပျက်-ဖြစ်ပျက်၊ ဒီထိအောင်လိုက်ရမှာ၊ အဲဒီလိုဖြစ်ပျက် ဖြစ်ပျက်နဲ့စိတ် ကလေးကို ဖမ်းပြီးနေတဲ့ အချိန်ဟာ စိတ္တာနုပဿနာ။ စိတ္တာနုပဿနာရှုပွါးတဲ့ အခြင်းအရာ (၁၆) ပါးရှိတယ်၊ အဲဒီ (၁၆) ပါးနဲ့ရှုပွါးတဲ့နည်းအနေနဲ့ကတော့ တစ်နည်းတည်းပါ၊ ရှုပွါးပုံအချင်းအရာ (၁၆) ပါးဖြစ်နေတယ်။

အဲ နောက်ဆုံးဖြစ်တဲ့ ဓမ္မာနုပဿနာကျတော့ ငါးမျိုး ငါးပိုင်းပြလိုက် တယ် ဘုရားရှင်က၊ ကြိုက်ရာနဲ့ပွါးဖို့ရာ၊ နီဝရဏပဗ္ဗတဲ့- နီဝရဏတရား ငါးပါး ကိုဆင်ခြင်ပွါးများတဲ့နည်းတဲ့၊ ခန္ဓပဗ္ဗ-ခန္ဓာငါးပါး၊ ရူပက္ခန္ဓာ ဝေဒနက္ခန္ဓာ သညက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာငါးပါး တပါးပါးနဲ့ရှုပွါးတဲ့ နည်း၊ ကြိုက်ရာရှုဖို့

F. 33

http://www.dhammadownload.com



ကြိုက်ရာရှုဖို့ ကြိုက်ရာလမ်းကနိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာဆင်းလာဖို့ ဘုရားက လမ်းပြတာ၊ (၃) နံပါတ်က **အာယတနပဗ္ဗ-အာယတန (၁၂)** ပါးနဲ့ ပွါးများတဲ့နည်း၊ **ဗောဇ္ဈင်္ဂပဗ္ဗ-ဗောဇ္ဈင်ခုနစ်ပါး**နဲ့ပွါးများတဲ့နည်း။ နောက်ဆုံး **သစ္စပဗ္ဗ-သစ္စာလေးပါး** တရားနဲ့ပွါးများတဲ့နည်း။

ဟော-ဓမ္မာနုပဿနာက အပိုင်း (၅) ပိုင်း၊ ကာယာနုပဿနာက အပိုင်း (၁၄) ပိုင်း၊ တစ်ဆယ့်လေးပိုင်းနဲ့ ငါးပိုင်းဆိုတော့ (၁၉) ပိုင်းပေါ့။ အဲဒီ (၁၉) ပိုင်းနဲ့ ဝေဒနာနုပဿနာ (၁) ပိုင်းက အပိုင်း (၂၀) စိတ္တာနုပဿနာတစ်ပိုင်းကျတော့ အပိုင်း (၂၁)။ သတိပဋ္ဌာန်တရား (၄) ပါးကိုအသေးစိတ်အားဖြင့် (၂၁) ပါးထား ပြီးတော့ ဘုရားကိုယ်တော်မြတ်က ပွားများစေသည်၊ အဲဒီ (၂၁) ပိုင်းကြိုက်ရာ တစ်ပိုင်းပိုင်းနဲ့ဆင်းခဲ့. . .၊ ငါ့ရဲ့နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကိုရောက်လာ လိမ့်မယ်၊ ဒါကရှိသမျှ သိမ်းချုပ်ပြီးတော့၊ မဟာသတိပဋ္ဌာနသုတ်တော်ကြီးကို သိမ်းချုပ်ပြီးတော့ပြောလိုက်ရတာ။

အဲဒီမဟာသတိပဋ္ဌာန်တရား (၄) ပါးထဲက ယနေ့ဒကာ ဒကာမတွေ အတွက် အလိမ်ဖြေနည်းလေးနည်းနည်းပေးလိုက်ရမယ်ဆိုရင်၊ ကာယာနုပဿနာ အပိုင်းကရှေ့ဦးစွာသော အာနာပါနလို့ခေါ်တဲ့ ထွက်လေ ဝင်လေလေးကို ရှုပွါးတဲ့ နည်း. . . ဘုရားရှင်အဆူဆူလက်မလွှတ်တဲ့ကမ္မဋ္ဌာန်း ဘုရားအလောင်း အဆက် ဆက် ပွါးများတဲ့ကမ္မဋ္ဌာန်း၊ ဟော-ဒီအာနာပါန ကမ္မဋ္ဌာန်း၊ ကာယာနုပဿနာ ထဲက ပထမဆုံး၊ မဟာသတိပဋ္ဌာန်မှာလည်း ပထမဆုံးထားပြီးတော့ ပြတော် မူတဲ့နည်း၊ ခက်တာမဟုတ်ဘူး၊ အာနာပါနပွါးချင်လို့ရှိရင် ဘုရားကပထမဆုံး ဘာလုပ်ရ မှာတုန်းလို့ဆိုတော့---

အရညဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတောဝါ-

အေး. . . မင်းတို့လေ. . . တဲ့၊ (၃၁) ဘုံသံသရာထဲမှာ အလိမ်အညာ ခံနေရလို့ ဒုက္ခအမျိုးမျိုးဖြစ်၊ မျက်ရည်ကြီးငယ်အသွယ်သွယ်တွေကျ၊ မြေလူးပြီး တော့ငိုရ၊ ရင်ထုပြီးတော့ငိုရတဲ့ အမျိုးမျိုးသော သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ တွေဖြစ်ရတာတွေ ပျောက်ချင်ကြရင်၊ အမျိုးမျိုးသောစိတ်ဆင်းရဲမှု ကိုယ်ဆင်းရဲမှု တွေ ကွယ်ချင်ကြရင်၊ ပျောက်ချင်ကြရင်. . . အလိမ်လွတ်အောင် အလိမ်လွတ် နည်းလေးသုံးကြ. . . အလိမ်လွတ်ဆေးလေးစားကြပါ၊ အလိမ်အညာ ပျောက်တဲ့ နည်းလေးသုံးကြပါ၊ တိုက်တွန်းတော်မူတယ်၊ အဲဒီလို အလိမ်အညာ ပျောက်တဲ့ နည်းလေးကိုသုံးကြပါဆိုတော့-ပထမဆုံးဘာလုပ်ရ မှာတုန်းဆိုတော့ ဘုရားရှင်က နေရာသတ်မှတ်ပေးလိုက်တယ်။

http://www.dhammadownload.com



**အရညဂတောဝါ**-တောထဲရင်လည်းသွား၊ တောထဲရင်လည်းထွက်ခဲ့ တဲ့၊ လူတွေသူတွေနဲ့အိမ်မှာဆိုတော့ ရှုပ်ထွေးပြီးတော့နေတာ၊ အာရုံတွေအများ ကြီး ရှုပ်ထွေးနေတာဖြစ်တော့၊ မဖြစ်ဘူးတဲ့အဲဒီမှာပွါးလို့၊ သို့မဟုတ်-**ရုက္ခမူလဂတောဝါ**-သစ်ပင်တစ်ပင် ကောင်းကောင်းအောက်ရင်လည်းလာခဲ့ပါ၊ သို့မှမဟုတ်ရင်-**သုညာဂါရဂတောဝါ**-အိမ်မှာ ငါးဖြားအာရုံကာမဂုဏ်တွေနဲ့ စီးပွါးရေး ကြီးပွါးရေး သားရေး သမီးရေးတွေနဲ့ ရှုပ်ထွေးနေတဲ့အထဲကထွက်လာခဲ့ပြီးတော့၊ အဲဒါတွေ ဆိတ်သုဉ်းနေတဲ့နေရာလာခဲ့ပါ။ ရိပ်သာတို့၊ ကျောင်းတို့၊ ဘုန်းတော်ကြီးကျောင်းတို့၊ ကျောက်တော်ကြီးဘုရားတို့လို၊ တောင်မင်းကြီး ဘုရားတို့လို ဌာနမျိုးတို့၊ ဆိတ်ငြိမ်တဲ့နေရာထွက်ခဲ့ပါ. . . တဲ့၊ ပထမဆုံး ထွက်လိုက်ပါတဲ့ ဘုရားက၊ **အရညဂတောဝါ**-တောသို့ကပ်ရောက်သည်သော် လည်းကောင်း၊ **ရုက္ခမူလဂတောဝါ**-သစ်ပင်အနီးအောက်သို့ ကပ်ရောက်သည်သော်လည်းကောင်း၊ **သုညာဂါရဂတောဝါ**-တခုခုသောဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ရောက်သည်သော်လည်းကောင်း၊ အဲဒီလို ဆိတ်ရာအရပ်ထွက်လာခဲ့ပြီး တော့မှ၊ သို့မဟုတ် ကိုယ့်အိမ်ကိုဆိုရင်လည်းပဲ ဆိတ်ငြိမ်တဲ့အခန်းလေးစီမံထားပေါ့၊ ဆိတ်ငြိမ်တဲ့အချိန် သတ်မှတ်ထားပေါ့. . . တဲ့၊ သတ်မှတ်ထားပေါ့၊ အလိမ်ဖြေနည်းလေးပေးမလို့ ဘုရားကအလိမ်ဖြေနည်းလေး။

အဲဒီလို သတ်မှတ်ထားပြီးတော့၊ အဲဒီဆိတ်ငြိမ်တဲ့ နေရာရောက်လာပြီး တော့မှ၊ **ပလ္လင်္ကံ** အာဘုဇိတွာ-ယောကျ်ားဆိုရင် မဟာပလ္လင်ခေါ်တဲ့ထက်ဝယ် ပလ္လင် တင်ပလ္လင်ခွေလိုက်တဲ့၊ အမျိုးသမီးဖြစ်လို့ရှိရင်လည်း အမ္ဗတင်ပလ္လင်ခေါ်တဲ့ ထက်ဝက်တင်ပလ္လင်တဲ့၊ ထက်ဝက်တင်ပလ္လင်၊ တဘက်ကဒူးတုတ်၊ တဘက်က တင်ပလ္လင်ခွေပေါ့၊ အမျိုးသမီးဆိုရင်အဲသလိုထိုင်ပါတဲ့၊ အဲဒီလိုတင်ပလ္လင်ခွေ ထိုင်ပြီးတော့၊ ဥဇုံကာယံ ပဏိဓာယ-အထက်ပိုင်းကိုယ်လေးစန့်စန့်ထားလိုက် . . . တဲ့၊ စန့်စန့်ထားလိုက်၊ ဘာပြုလို့တုန်းဆိုတော့-ထိုင်ပြီးတော့ ကြာကြာနေ တော့ ကျောက်ဆူးရိုးလို့ခေါ်တဲ့ နမ်ရိုးတစ်ဆယ့်ရှစ်ချောင်းက ကုန်းပြီးနေလိုက် တယ်ဆိုတော့၊ အကြောအခြင်တွေကကွေးပြီးတော့၊ အဲဒီ နာမ်ရိုးတစ်ဆယ့်ရှစ် ချောင်းကလည်းကုန်းပြီးတော့ ကြာတော့ညောင်းလာပြီးတော့ မခံနိုင်ဘူး၊ ဒါကြောင့် ခါးကိုစန့်စန့်ထားလိုက်ခြင်းဖြင့် တစ်ဆယ့်ရှစ်မျိုး ကျောက်ဆူးရိုးတို့ကို အချင်းချင်း ထိပ်ချင်းထိုးအောင်ထားလိုက်ပါ၊ ဘာပြုလို့တုန်းဆိုတော့ သွေးလေတွေ အသွား အလာမှန်၊ အကြောတွေတုပ်ကွေးမနေတော့ ကြာကြာခံနိုင်အောင်၊ သမာဓိ ရအောင်၊ ခန္ဓာကိုယ်က ဒုက္ခမဖြစ်မှ၊ သမာဓိကရတယ်၊ သမာဓိရမှ တရား ထင်လွယ်တယ်။

http://www.dhammadownload.com



ဥဇုံကာယံ ပဏိဓာယ-ခန္ဓာကိုယ်အထက်ပိုင်းလေးဖြောင့်ဖြောင့်လေး ထားပါတဲ့၊ အဲဒီလိုဖြောင့်ဖြောင့်လေးထား ပြီးတော့မှဘယ်ဘက်လက်ကလေးကို အောက်ကပက်လက်ထား၊ ညာဘက်လက်ကလေး အဲဒီပေါ်မှာ ပက်လက်တင်၊ လက်မ ထိပ်ချင်းထိထားပြီးတော့. . . တဲ့၊ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ-ကမ္မဋ္ဌာန်လေ . . ခုနက သတိပဋ္ဌာန်တရား (၄) ပါးထဲက ကြိုက်ရာပွါးဖို့ပါပဲတဲ့၊ ဒါပေမယ်လို့ ဒီနေ့ ဒီနေရာမှာ အာနာပါနခေါ်တဲ့ ထွက်လေဝင်လေ၊ ဘုရားရှင် အဆူဆူလက်မလွှတ်တဲ့၊ ဘုရားအလောင်းတော်တိုင်းလက်မလွှတ်တဲ့ အနာပါနခေါ် တဲ့ကမ္မဋ္ဌာန်းကိုစီးဖြန်းဖို့ရာ၊ ထွက်လေ ဝင်လေလေးကိုသတိထား ပြီးတော့ ဖမ်းရအောင်. . . တဲ့ ဖမ်းရအောင်။

ပရိမုခံ သတိံ ဥပဋ္ဌပေတွာ-နှာသီးဖျားကထွက်သတဲ့၊ ထွက်သွားတဲ့ ထွက်လေလေး၊ တနည်းပြောရရင် ရှူလေ ရှိုက်လေကလေး၊ အဲဒီရှူလေ ရှိုက်လေကလေးကိုသတိထားပြီးတော့ သညာသိ သိပြီးတော့ဖမ်းစမ်းပါ၊ ရုပ်ရှင်ပြနေတာ အမှန်ကတော့ ဒကာ ဒကာမတွေ၊ ဒကာ ဒကာမတွေက ရုပ်ရှင်သိပ်ကြိုက်ကြတယ်မဟုတ်လား၊ ရုပ်ရှင်ဆိုသိပ်သွားကြတယ်၊ မြတ်စွာဘုရားက အဲဒါ ဒကာ ဒကာမတွေကိုရုပ်ရှင်ပြနေတာ၊ ဘယ့်နဲ့ရုပ်ရှင်တုန်းဆိုတော့ ဒကာ ဒကာမတွေရဲ့သန္တာန်မှာ အမြဲတန်းလှုပ်ရှားနေတဲ့ရုပ်ကလေး၊ အရှင်ကလေပြော စမ်းပါဆိုလျှင် အဲဒီထွက်လေ ဝင်လေပဲ၊ ဘယ်တော့မှမငြိမ်ဘူး၊ ဒကာ ဒကာမတွေအိပ်ပျော်နေလည်း သူကတော့လှုပ်ရှားလို့၊ ထွက်လိုက်ဝင်လိုက် ထွက်လိုက် ဝင်လိုက်၊ ရုပ်တရားလေး၊ အာနာပါန ထွက်လေဝင်လေလေးဆိုတာ ရုပ်တရားလေး၊ ရုပ်တရားဆိုတာ မသိတတ်တဲ့တရားကိုရုပ်ခေါ်တယ်၊ သိတတ်တဲ့တရားကိုနာမ်ခေါ်တယ်။

အဲဒီထွက်လေ ဝင်လေလေးက ဘယ်သူ့မှ ဘာမှမသိတတ်ဘူး သူက၊ သိတတ်တဲ့တရားက နာမ်ခေါ်တယ်ဆိုတာ ဒကာ ဒကာမတွေရဲ့အတွင်းသန္တာန်မှာ၊ စိတ်လို့ခေါ်တဲ့၊ ဝိညာဏက္ခန္ဓာလို့ခေါ်တဲ့ သိတတ်တဲ့တရားလေး ရှိတယ်၊ အဲဒါလေးကိုတော့ နာမ်လို့ခေါ်တယ်၊ ဒီတော့ ဒကာဒကာမတွေ လွယ်လွယ်မှတ်ထားရမှာက၊ မသိတတ်တဲ့တရားမှန်သမျှရုပ်၊ သိတတ်တဲ့တရားမှန်သမျှနာမ်၊ ဒါလွယ်လွယ်မှတ်ဖို့ပေါ့၊ ဒကာ ဒကာမတွေရဲ့ခန္ဓာကိုယ်မှာ ဦးခေါင်းကြီးပေါ့၊ အဲဒီဦးခေါင်းကြီးက ဘာမှမသိတတ်ဘူး၊ မသိတတ်တာရုပ်ပေါ့ အဲဒီဦးခေါင်းလို့သိတာလေးက နာမ်၊ ညာဘက်လက်ကြီး၊ လက်ကြီးကဘာမှသူ မသိတတ်ဘူး၊ ဒါရုပ်ပေါ့၊ ဒါညာဘက်လက်လို့သိတာလေးကနာမ်၊ အဲဒီလို

http://www.dhammadownload.com



လျှောက်ပြီးခဲ့သွားမယ်ဆိုရင် တကိုယ်လုံးမသိတာတွေမှန်သမျှကရုပ်၊ မသိစာတ်တွေမှန်သမျှကရုပ်၊ သိစာတ်တွေမှန်သမျှကနာမ်၊ အဲဒီတော့ ဒီခန္ဓာ ကိုယ်ထဲမှာ၊ ဒကာ ဒကာမတွေ ဘယ်လောက်ပဲငြိမ်နေနေ အမြဲတမ်းလှုပ်ရှားနေ တဲ့ရုပ်ကိုပြစမ်းပါဆိုရင်ဖြင့်၊ အဲဒီထွက်လေဝင်လေ၊ ဒါကြောင့်ဘုရားရှင်က အဲဒီထွက်လေဝင်လေလေးကိုအမြဲတမ်းလှုပ်ရှားနေတဲ့ရုပ်ကလေးကနေ ပြပြီး တော့၊ ဖြစ်ပျက်ကိုမြင်အောင်ပြရရင်ဖြင့် ထင်လွယ်မြင်လွယ်တယ်ဆိုပြီးတော့၊ ဘုရားရှင်အဆူဆူလက်လွှတ်တော်မမူရိုးဖြစ်တဲ့ ကမ္မဋ္ဌာန်း။

ဒါကြောင့် တင်ပလ္လင်ခွေ၊ သို့မဟုတ် ထက်ဝက်တင်ပလ္လင်လေးခွေတဲ့ပြီးတော့ ဘယ်ဘက်လက်အပေါ်မှာ လှန်ပြီးတော့ထားတဲ့ ဘယ်ဘက်လက်အပေါ်မှာ ညာဘက်လက်ကလေး ပက်လက်လှန်တင်၊ အထက်ပိုင်းကိုယ်လေးစန့်စန့် ထားပြီးတော့ နှာသီးဖျားမှာ စိတ်ကလေးကိုကပ်ထား၊ နှာသီးဖျားစိတ်ကလေး ကိုကပ်ထား၊ စိတ်ကလေးကပ်ထားတော့ ဘာလာတာတွေတုန်း၊ ထွက်လေလေး ထွက်သွားတာတွေလိုက်၊ ဝင်လေလေးဝင်လာတာတွေလိုက်၊ အဲဒီလို ထွက်လေ လေးထွက်တာ၊ ဝင်လေလေးဝင်တာတွေတော့ ဝိပဿနာဖြစ်ပလား၊ အလိမ်ပြေ ပြီလားဆိုတော့၊ မပြေသေးဘူးတဲ့၊ အဲဒါဝိပဿနာမဖြစ်သေးဘူးတဲ့၊ ဝိပဿနာ ဆိုတာ၊ ဝိ-မမြဲတဲ့အနေနဲ့၊ ဆင်းရဲတဲ့အနေနဲ့၊ အတ္တမဟုတ်တဲ့အနေနဲ့၊ ထူးပြီးတော့၊ ခါတိုင်းသိနေကျထက် ထူးပြီးတော့သိတဲ့၊ ပဿနာ-အမြင်၊ မြင်နေကျထက်ထူး ပြီးတော့ မြင်နေတဲ့အမြင်ကို ဝိပဿနာလို့ခေါ်တယ်။

ဒကာ ဒကာမတွေမြင်နေကျက ဒီထွက်လေ ဝင်လေလေးလည်း၊ ထွက်လေဝင်လေလေးအားလျှော်စွာ၊ ဒကာ ဒကာမတွေက မြဲတယ်လို့ထင်နေတာ၊ မပျက်ဘူးလို့ထင်နေတာ၊ ပျောက်မသွားဘူးလို့ထင်နေတာ၊ အခုသိရမှာ မြင်ရမှာက၊ အဲဒီထွက်လေ ဝင်လေလေးရဲ့မမြဲပုံ၊ ပျောက်သွားပုံ၊ ကုန်ကုန်သွားပုံပျက်စီးသွားပုံ၊ ဒါလေးကိုမြင်အောင်ကြည့်ရမှာ၊ ပြီးတော့ ထွက်လေ ဝင်လေလေး၊ နှာသီးဖျားမှာရှိနေတဲ့ ထွက်လေ ဝင်လေလေးကို သတိလေးကပ် ပြီးတော့ နှာသီးဖျားမှာကပ်ပြီးတော့၊ ကြည့်နေပါတဲ့၊ စိုက်ပြီးတော့ကြည့်နေပါ၊ ညာဏ်နဲ့ ညာဏ်နဲ့ ညာဏ်နဲ့စိုက်ပြီးတော့ကြည့်နေလိုက်တော့ အဲဒါရုပ်ရှင်ကြည့်နေတာပဲ၊ ရုပ်အရှင်လေး ဝင်လိုက်ထွက်လိုက်၊ ထွက်လိုက်ဝင်လိုက် ဒါလေးကြည့် နေတာ၊ ကြည့်နေရင်းနဲ့ဘာပေါ်လာတုန်းလို့ဆိုတော့ အဲဒီ ထွက်လေ ဝင်လေလေးက ရုပ်တရား၊ ရုပ်တရား၊ ရုပ်တရားလို့ဒကာ ဒကာမတွေမသိချင်နေ၊ ထွက်လေဝင်လေလေးကို သတိထားပြီးတော့ ကပ်နေပြီဆိုရင်၊ အဲဒါရုပ်ကို သိနေပြီ၊ အဲဒီထွက်လေ

http://www.dhammadownload.com



ဝင်လေလေးရဲ့ ထွက်နေတာ ဝင်နေတာလေးကို သိနေတဲ့တရားလေးတစ်ခုရှိတယ် နောက်က၊ အဲဒါနာမ်တရား၊ ဟောရုပ်နဲ့နာမ်၊ နည်းနည်းလေးသိမ်မွေ့တယ်နော်၊ နည်းနည်းလေးသိမ်မွေ့တယ်။

တရားအလုပ်အားထုတ်နေကြတဲ့ ဒကာ ဒကာမတွေ၊ ယောဂီတွေအဖို့တော့ ဒီအလုပ်ဟာအင်မတန် အကျင့်သားရနေတော့ လွယ်ကူကြပါလိမ့်၊ လုပ်နေကျ ကိုင်နေကျမဟုတ်တဲ့၊ ကမ္မဋ္ဌာန်းအလုပ်ကိုအားမထုတ်ဖူးသေးတဲ့ ဒကာ ဒကာမတွေအတွက်တော့ ဒီအလုပ်ကလေးက မနည်းကြီးကြိုးစားအား ထုတ်ရတဲ့အလုပ်၊ ထွက်လေဝင်လေလေးသတိကပ်ပြီးတော့မှတ်နေ၊ သတိကပ်ပြီးတော့ ရှူနေ၊ အဲဒီထွက်လေ ဝင်လေလေးကရုပ်တရား၊ အဲဒီ ထွက်လေဝင်လေ လေးကို ထွက်နေတယ်၊ ထွက်သွားတယ်၊ ဝင်လာတယ်လို့ သိနေတာလေးက နာမ်တရား၊ အဲဒါရုပ်နာမ်ကွဲတာပဲ၊ အဲဒါကို နာမရူပပရိစ္ဆေဒဉာဏ် ပါဠိလိုတော့၊ မြန်မာလိုတော့ နာမ-စိတ်ခေါ်တဲ့ နာမ်တရားလေးနဲ့၊ ရူပ-ထွက်လေ ဝင်လေရုပ် တရားလေးကို၊ ပရိစ္ဆေဒ-ဒါလေးကရုပ်၊ ဒါလေးကနာမ်၊ လို့ခွဲခြားပြီးတော့သိတဲ့ အသိ၊ ဟော-ဒါနာမရူပပရိစ္ဆေဒဉာဏ်ခေါ်တယ်နော်၊ ဘုရားပွင့်မှသိတဲ့အသိ၊ ဘုရား သာသနာတော်ကြီးနဲ့ကြုံမှ သိတဲ့အသိ၊ ဒကာ ဒကာမတွေတစ်သံသရာလုံးမသိခဲ့ဖူးတဲ့အသိလေး. . . တဲ့၊ ဒီအသိကလေးဟာ၊ အဲဒီထွက်လေဝင်လေလေးက နာမ်တရားလေးလို့၊ အဲဒီလိုစိတ်ထဲကသိနေတဲ့အချိန်မှာလေ၊ ကွဲပြားသွားတဲ့ အချိန်ဟာလေ၊ ရုပ်နဲ့နာမ်ကွဲတဲ့အချိန်ပဲ အဲဒါ။

အဲဒီရုပ်နဲ့နာမ်ကွဲတဲ့အချိန်ဟာ ဘယ်လောက်အထိများ သတ္တိရှိတုန်းလို့ဆိုတော့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ပြောထားတယ်၊ ဟောထားတယ်၊ လေးသမားကျော်ကြီးတစ်ယောက်. . . တဲ့၊ အင်မတန်တော်တယ်၊ တစ်ယူဇနာလောက်ကနေပြီးတော့၊ တစ်ယူဇနာလောက်ဆိုတာ အခုကာလနဲ့ပြောရင် (၁၂) မိုင် (၁၃) မိုင် စစ်ကိုင်းနဲ့ မန္တလေးလောက်ဝေးတယ်။ အဲဒီစစ်ကိုင်းနဲ့မန္တလေးလောက်ဝေးတဲ့ခရီးမှာ၊ စစ်ကိုင်းမှာဆံပင်တစ်ပင်နဲ့ သစ်သီးလေးတစ်လုံး၊ ဆိုကြပါဆို့-ခရမ်းသီးလေးတစ်လုံး အညှာကနေချီပြီးတော့ သစ်ပင်မှာတွဲလောင်းဆွဲထား၊ ခရမ်းသီးလေး ဆံပင်တစ်ပင်နဲ့နော်၊ အမျိုးသမီးများရဲ့ခေါင်းမှ ဆံပင်တစ်ပင်နဲ့ ခရမ်းသီးလေးအညှာကနေချီပြီးတော့ သစ်ပင်တစ်ပင်မှာဆွဲထား၊ အင်မတန်ကျွမ်းကျင်တဲ့ လေးသမားကျော်ကြီးက၊ မန္တလေးလိုနေရာကနေတဲ့ပြီးတော့၊ အဲဒီခရမ်းသီးလေးဆွဲချီထားတဲ့ ဆံပင်ချည်ကလေးထက်ခြမ်းကွဲသွားအောင်လေးနဲ့လှမ်းပြီးတော့ မြှားနဲ့လှမ်းပြီးတော့ ပစ်လိုက်တယ်၊

http://www.dhammadownload.com



မှန်အောင်ကိုပစ်နိုင်တာပဲ၊ မှန်အောင်လည်းပစ်နိုင်တယ်၊ ပြုတ်လည်း မသွားစေရဘူး၊ ဒီဆံပင်ကိုနှစ်ခြမ်း ကွဲထွက်သွားအောင်လည်းပစ်နိုင် ထယ်၊ အဲဒီလောက်တော်တဲ့လေးသမား။

အဲသလောက်တစ်ယူဇနာလောက်ဝေးတဲ့နေရာကနေပြီးတော့ ဆံပင်ချည်ကလေးနှစ်ခြမ်းကွဲအောင်ပစ်နိုင်တဲ့လေးသမားကျော်ထက်၊ မိမိရဲ့ နှာသီးဖျားမှာ ဝင်နေ၊ ထွက်နေတဲ့၊ ထွက်လေဝင်ကလေးကို သတိကပ်ပြီးတော့ရှုမှတ်နေတဲ့ အမျိုးသား၊ သို့မဟုတ် အမျိုးသမီးက၊ ထွက်လေ ဝင်လေလေးက ရုပ်တရား၊ အဲဒီ ထွက်လေဝင်လေလေးကိုသိသိနေတာလေး က-ဟုတ်သားပဲ နောက်ကလိုက်လိုက်သိနေတာလေးရှိတယ်၊ အော်-သူကနာမ်ဆိုပဲ၊ နာမ်တရားဆိုပဲလို့၊ အဲဒီလိုထွက်လေဝင်လေလေးက ရုပ်တရား၊ သူ့ကိုသိသိနေတာလေးက နာမ်တရားလို့ဆိုတဲ့အသိကလေး၊ ရုပ်နာမ်နှစ်ပါးကွဲ အောင်ခွဲနိုင်တဲ့ အမျိုးသား အမျိုးသမီးက ယခုနပြဆိုအပ်ခဲ့တဲ့ လေးသမားကျော် ကြီးထက်အဆပေါင်းတစ်ထောင်တစ်သောင်း တစ်သိန်းမက သာတယ်. . . တဲ့၊ သာတယ်၊ ဘယ်လောက်ကြိုးစားထိုက်သလဲ ဒကာ ဒကာမတွေနော်၊ ဘုရားသာသနာတော်ကြီးနဲ့ ကြုံတဲ့အခိုက်မှ ခွဲနိုင်တဲ့ ရုပ်နာမ်၊ ကွဲအောင်ခွဲနိုင်တဲ့ ရုပ်နာမ်၊ သာသနာပ အချိန်မှာ မသိနိုင်တဲ့ ရုပ်နာမ်၊ ဟော-ထွက်လေဝင်လေ လေးက ရုပ်တရား၊ အဲဒီရုပ်တရားကိုသိသိနေတာလေးက နာမ်တရားလို့ ဒီလို ထွက်လေဝင်လေရဲ့၊ သူ့ကိုသိသိနေတဲ့နာမ်တရား၊ ဒီရုပ်နာမ်တရားနှစ်ပါးကွဲ ပြီဆိုရင် နာမရူပပရိစ္ဆေဒဉာဏ်၊ ဝိပဿနာရဲ့ရှေ့ပြေးပေါ်လာပြီ။

ဝိပဿနာဖြစ်ပြီလားဆိုတော့ မဖြစ်သေးဘူး၊ ဘယ်ကျမှဖြစ်တုန်းဆို တော့၊ အဲဒီလိုသတိကပ်ပြီးတော့ ရှုမှတ်နေလိုက်တော့၊ တော်တော်ရှုမှတ်လို့ အသားကျလာတော့၊ ဘာလာသလဲလို့ဆိုတော့လေ. . . သူ့သဘာဝအတိုင်း သူ့သဘာဝအတိုင်း၊ ဘယ်သူကမှပြောမပေးရဘူး။ အဲဒီထွက်လေဝင်လေလေးတွေရဲ့ တဖြည်းဖြည်းပျောက်ပျောက်သွားပုံကလေးတွေ၊ ပျက်ပျက်သွားပုံက လေးတွေ၊ ကုန်ကုန်သွားပုံကလေးတွေ၊ ဉာဏ်ဝထင်လာတယ်၊ ထင်းကနဲ ထင်းကနဲ၊ အဲဒီထွက်လေ ဝင်လေလေးကို သိသိနေတဲ့ အသိကလေးကလည်းပဲ၊ ထွက်သွားတဲ့လေကလေးက ထွက်သွားလိုက်၊ သူကနောက်ကနေလိုက် သိလိုက်၊ ထွက်လေလေးလည်း ပျောက်သွားသူလည်းပျောက်သွား၊ ရှာမရတော့ဘူး၊ တခါဝင်လေလေးက ဝင်လာလိုက် အဲဒီဝင်လေကလေး ဝင်လာတယ်လို့သိတဲ့ အသိလေး၊ နာမ်လေးကပေါ်လာလိုက်၊ နောက်ဝင်လေလေးက ဝင်သွား၊

http://www.dhammadownload.com



ဘယ်ရောက်သွားမှန်းလည်းမသိဘူး၊ ပျောက်သွား၊ အဲဒီဝင်လေလေး ကိုသိတဲ့ အသိကလေးကလည်းပျောက်သွား၊ ဟော ထွက်လေလေးလည်း ပျောက်သွားတာ၊ ဝင်လေလေးပျောက်သွားတာ၊ အဲဒီ ထွက်လေ ဝင်လေလေး လို့သိနေတဲ့အသိလေး ပျောက်ပျောက်သွားတာလေးတွေ ပေါ်လာ၊ မြင်လာ၊ ဉာဏ်ဝထဲမယ်ထင်းကနဲ ထင်းကနဲ ပေါ်လာ၊ ဝိပဿနာရောက်လာပြီ၊ အဲဒါအနိစ္စလက္ခဏာမိတာပဲ၊ အဲဒီ အနိစ္စလက္ခဏာပေါ်တဲ့အချိန်၊ အလိမ်လွတ်တဲ့အချိန်၊ အလိမ်ပြေ တဲ့အချိန်၊ တသံသရာလုံးက ဘယ်တုန်းကမှ မသိခဲ့ဘူးဟဲ့အသိကိုရတဲ့အချိန်. . .။

ဝိပဿနာဆိုတာ ရုပ်နာမ်ရဲ့ဖြစ်ပျက်ကိုမြင်မှ ဝိပဿနာလို့ခေါ်တယ်၊ ဒီတော့ဘယ်နည်းပဲလာခဲ့လာခဲ့၊ ခုနက သတိပဋ္ဌာန်နည်းပေါင်းများစွာနဲ့ ဘုရားရှင်ကိုယ်တော်မြတ်က၊ ကိုယ့်ဘာကိုယ်ပွားမှများလာမယ်၊ ဘာဝနာဆို တာပွားများတယ်၊ ပွားမှပဲများလာတယ်၊ မပွားပဲမများဘူး၊ မလုပ်ပဲနဲ့မရဘူး၊ လုပ်မှရမယ်၊ ကိုယ်တိုင်အားထုတ်ကြည့်တော့၊ ဒကာ ဒကာမတွေကိုယ်တိုင်၊ တွေ့ပါလိမ့်မယ်၊ ဘုရားတရားက သန္ဒိဋ္ဌိက-သံ-ကိုယ်တိုင်၊ ဒိဋ္ဌိက-မြင်ရတဲ့တရား ကိုယ်တိုင်လုပ်ကြည့် ကိုယ်တိုင်တွေ့တယ်. . . တဲ့၊ ဘုရားကဝန်ခံထားပါတယ်၊ ကိုယ်တိုင်အားထုတ်ကြည့်ပါ. . . တဲ့၊ ကိုယ်တိုင်အားထုတ်ကြည့်ပါ၊ နည်းလမ်း ကိုတော့ဖြင့်ရအောင်ဆရာသမားနဲ့ယူပေါ့တဲ့၊ ဆရာသမားနဲ့ရအောင်ယူ၊ ယူပြီး တော့အားထုတ်ကြည့်တော့ ကိုယ်တိုင်တွေ့ပါလိမ့်မယ်၊ အဲဒီထွက်လေ ဝင်လေ လေးရဲ့ ရုပ်တရားနဲ့ နာမ်တရားဖြစ်ပုံလေးတွေ၊ အဲဒီထွက်လေ ဝင်လေလေးရဲ့ ပျောက်ပျောက်သွားပုံ၊ ကုန်ကုန်သွားပုံ၊ ပျက်ပျက်သွားပုံ၊ အနိစ္စလက္ခဏာ လေးတွေ အဲဒီထွက်လေ ဝင်လေလေးတွေကို နောက်ကလိုက်ပြီးသိနေတဲ့စိတ် ရဲ့ပျောက် ပျောက်သွားပုံကလေးတွေ၊ မြင်ပြီ တွေ့ပြီ ဉာဏ်ထဲမှာ ထင်းကနဲ ထင်းကနဲဖြစ်ပြီ ဆိုရင် အနိစ္စလက္ခဏာမိပြီ။

အဲဒီအနိစ္စလက္ခဏာမိရင် ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ သိပြီးသား ဖြစ်၊ ဘာပြုလို့တုန်းလို့ဆိုတော့ ဒီထွက်လေဝင်လေလေးဟာ ဒီလိုဝင်လိုက် ထွက်လိုက်နဲ့ကြာတော့၊ ဩ-သူကပျောက်လိုက်ပေါ်လိုက် ပျောက်လိုက် ပေါ်လိုက်ပြီးတော့ဘယ်ရောက်သွားမှန်းလည်းမသိဘူး၊ ဘယ်ရောက်သွား မှန်းလည်းမသိပါဘူး၊ ပျောက်လိုက် ပေါ်လိုက်၊ ပျောက်လိုက်ပေါ်လိုက်၊ ဖြစ်ပျက် ဖြစ်ပျက်ပြီးနေတဲ့တရားပါလား. . .၊ ချမ်းသာသုခ တစ်ကွက်မှမပါဘူး ဒီထဲ၊ ချမ်းသာသုခ တစ်စက်မှမပါပါလားလို့ ဒုက္ခကိုလည်းသိမ်းပြီးသားဖြစ်တယ်၊ ဒီထွက် လေဝင်လေ လေးထဲမှာ၊ အကောင်အထည်ရှာကြည့်တော့မရ၊ ထွက်သွားတဲ့

http://www.dhammadownload.com



လေလေးထဲမှာ အမောခံလိုက်ပြီးတော့ရှာကြည့်လိုက်စမ်း၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင်၊ အတ္တကောင်လေးပါလားလို့ မှန်းကြည့်စမ်း၊ မတွေ့ဘူး၊ ဘာမှမရှိဘူး၊ ထွက်သွားပြီးတော့ပျောက်သွားတာပဲရှိတယ်၊ ဘယ်ရောက်သွားတာတုန်း၊ ဘယ်နေရာများချောင်ကပ်သွားတာတုန်း၊ ဒီလိုလည်းမဟုတ်ဘူး၊ ပျောက်သွားတာပဲ။

*** အဒဿနတော အာယန္တိ, ဘဂ္ဂါ ဂစ္ဆန္တျဒဿနံ**

မမြင်ရတဲ့ နေရာမှရောက်လာပြီးတော့ မမြင်ရတော့ဘဲပျက်ကြကုန်၏။ ဒီထွက်လေဝင်လေ လေးတွေဟာ ဒကာ ဒကာမတွေဟာ ဘယ်က နေလာတယ် ထင်တုန်း၊ ဒကာ ဒကာမတွေဝမ်းထဲက လာတယ်၊ ကောင်းပြီး. . . အဲဒီဝမ်းထဲမှာ ဘယ်နားစုထားသတုန်း၊ ဘယ်နားမှစုမထားဘူး၊ သူ့အကြောင်းနဲ့ သူ့အကျိုး ပေါ်လာတာ၊ ဘယ်လိုအကြောင်းကပေါ်လာတုန်း၊ ထွက်လေဝင်လေ လေးတွေ ဖြစ်ဖို့ရာအတွက်၊ စိတ်ကြောင့်ပေါ်လာတယ်၊ စိတ်ဖြစ်ပြီးမှ ထွက်လေ ဝင်လေဆိုတဲ့ ရှူတတ်ရှိုက်တတ်တယ်၊ ဒါဖြင့် ဒီထွက်လေဝင်လေလေးကို ဖြစ်အောင်လုပ်တာဟာ စိတ်တရားပဲ၊ နာမ်တရားပဲ၊ ဟော-စိတ်ရှိလို့ ထွက်လေ ဝင်လေဖြစ်တယ်၊ ဟော-ထွက်လေဝင်လေရုပ်တရားရဲ့အကြောင်းမိပြန်၊ ထွက်လေဝင်လေခေါ်တဲ့ ရုပ်တရားရဲ့အကြောင်းသိလိုက်တော့၊ အဲဒါ ပစ္စယပရိဂ္ဂဟဉာဏ်လို့ခေါ်တယ်၊ ရုပ်တရားရဲ့အကြောင်းနာမ်တရားရဲ့ အကြောင်း သိမ်းမိပြန်တော့ ပစ္စယပရိဂ္ဂဟဉာဏ်ခေါ်တယ်၊

*** ပညတ်ကိုရှင်း၊ ပရမတ်သွင်း၊ ကြောင်းရင်းထုတ်ဖော်ပါ၊**
**ယထာဘူတံ၊ ပညာဉာဏ်၊ အမှန်လုံလောက်ပါ. . .၊**

ယထာဘူတဉာဏ်ရမှ ဝိပဿနာဖြစ်တယ်၊ ယထာဘူတဉာဏ် ဖြစ်အောင် ဘာလုပ်ရသလဲလို့ဆိုတော့၊ "ပညတ်ကိုရှင်း၊ ပရမတ်သွင်း၊ ကြောင်းရင်း ထုတ်ဖော်ပါ" ပညတ်ကိုရှင်းဆိုတာ၊ ဒကာ ဒကာမတွေ ခုနက ထွက်လေဝင်လေ လေးပဲ၊ အားလုံးဒကာဒကာမတွေက အတိုရယ် အရှည်ရယ်၊ လုံးလုံးရယ်၊ ပြားပြားရယ်၊ စိမ်းစိမ်းရယ်၊ ဝါဝါရယ် ဒီလိုထင်နေတတ်သေးတယ်၊ စိတ်က ထင်တာပဲ၊ ထင်တာပဲ၊ သူကတော့ ထွက်လေလေးထွက်သွားပြီဆိုရင် ရှည်ရှည်လေးထွက်သွားတယ်လို့ထင်၊ ပုံသဏ္ဍာန်လေးနဲ့မျက်လုံးထဲမြင်တယ်၊ အာရုံနဲ့ ထင်လာတယ်၊ အဲဒါသဏ္ဍာန်နိမိတ်နဲ့ထင်တာ၊ မရသေးဘူး၊ ဒီလိုနဲ့ ဝိပဿနာ မဖြစ်သေးဘူးတဲ့၊

---

* ဂူဟဋ္ဌကသုတ္တ-မဟာနိ-၃၃၊ ၄-၁၃၁။

http://www.dhammadownload.com



အဲဒီပညတ်ကိုရှင်းရင် အဲဒါသဏ္ဌာနပညတ်ခေါ်တယ်၊ စာစကားနဲ့ပြောတော့၊ ဒါစာလိုနာမည်တတ်ပြီးတော့ ဘုန်းကြီးတို့က လိုက်ပြောနေတာပါ၊ အမှန်စင်စစ်ကတော့ ဒကာ ဒကာမတွေရဲ့စိတ်ထဲမှာဖြစ်ပေါ်လာတဲ့ သဘောလေးတွေကို နောက်ကလိုက်ပြီးတော့ တပ်ပြနေတာ။

ဒီတော့ အဲဒီ ထွက်လေဝင်လေလေးကို လုံးလုံးကလေးလို့ထင်၊ ဟောဒါသဏ္ဌာန်နဲ့စွဲတာ၊ ပြားပြားလေးလို့ထင်၊ သဏ္ဌာန်နဲ့စွဲတာ၊ ရှည်ရှည်လေး လို့ထင် သဏ္ဌာန်နဲ့စွဲတာ၊ အဲဒီလိုသဏ္ဌာန်စွဲတွေပျောက်သွားအောင်၊ ပညတ်တွေပျောက်သွားအောင်၊ ဩ-သူကရုပ်တရား၊ တဖွားဖွားနဲ့ဖြစ်ပြီးတော့ ပျောက်သွားတာပါလား. . . လို့၊ အဲဒီလိုဉာဏ်ထဲပေါ်လာတော့ ပညတ်ပျောက် ကရော၊ အဲဒါပညတ်ကိုရှင်းပေးတာ၊ ဒါကတော့အပြောနဲ့ရှင်း ပေးရတယ် အားထုတ်မှမဟုတ်ဘူး၊ ဆရာသမားနဲ့ အပြောနဲ့ရှင်းပေးလိုက်၊ ရုပ်တရားတွေဟာ တဖွားဖွားနဲ့ဖြစ်ပြီးတော့နေတယ်၊ သဏ္ဌာန်အဆိုင်အခဲ အနေနဲ့ဘာ့တစ်ခုမှ ရှာမရစကောင်း၊ သဏ္ဌာန်ဆိုတာအမြဲတည်တာမဟုတ်ဘူး၊ ဘာဖြစ်ဖြစ် ခဏ တည်တာ၊ အဲဒီသဏ္ဌာန်ဖျက်ကြည့်လိုက်၊ အိမ်ကြီး၊ လုံးလုံး ကြီး၊ ထောင်ထောင်ကြီး၊ တည်နေတယ်၊ ဖျက်ကြည့်စမ်းပါလားအကုန်လုံး၊ အိမ်ဆိုတာပျောက်သွားတယ်၊ အဲသလိုပဲ ရုပ်တရားနာမ်တရားတွေမှန်သမျှ သဏ္ဌာန်အဆိုင်အခဲအနေနဲ့နေလို့ ဒကာ ဒကာမတွေက သဏ္ဌာန်အစစ်နဲ့ထင် ကြသော်လည်းပဲ၊ အမှန်စင်စစ်ကတော့ အမှုံအမွှား အစိတ်အပွားသာလျှင်ရှိကြပါတကား. . . လို့ အဲဒီလိုပေါ်လာတော့မှ ပရမတ်ဆိုက်လာတယ်။

ဒါကြောင့် "ပညတ်ကိုရှင်း၊ ပရမတ်သွင်း၊ ကြောင်းရင်းထုတ်ဖော်ပါ"- ပညတ်ရှင်းလိုက်တယ်ဆိုတာ အဲဒါပြောတာ၊ ခုနကလိုဆရာသမားနဲ့ သို့မဟုတ် စာပေဖတ်ပြီးတော့ ရှင်းလိုက်ရမယ်၊ ရှင်းလိုက်တော့ ဩော်-အတို အရှည် ပုံသဏ္ဌာန်ဆိုတာဘာမှမရှိပါလား. . . ဒီ့လူကောင်ကြီးတွေတောင်မှ အကောင်ရယ် အထည်ရယ်၊ လုံးလုံးရယ်၊ ဝိုင်းဝိုင်းရယ်၊ ထင်နေပေမယ်လို့ ဒါတွေတစ်ခုချင်းလျှောက်ပြီးတော့၊ စီပြီးတော့စိတ်မှာကြည့်လိုက်တော့၊ ဩော်-သုံးဆယ့်နှစ်ကောဋ္ဌာသ အစုအဝေးကွဲသွားတော့ လူကောင်ကြီးပျောက်သွားပါလား၊ လူကောင်ကြီးပျောက်သွားပြီးတော့၊ အဲဒီ (၃၂) ကောဋ္ဌာသအစုအဝေးမှာပဲ၊ ဆံပင်ရှည်ရှည်လိုထင်နေတဲ့သဏ္ဌာန် တစ်ဖြေးဖြေးနဲ့ အမှုန့်လုပ်ပြီးတော့ဖျောက်လိုက်တော့ပျောက်သွားတာပါလား. . . အပြီးသတ်ကျတော့ ရုပ်မှုံ ရုပ်မွှားအသေးစားလေးတွေသာလျှင်၊ ပရမတ္ထသဘာဝအဖြစ်နဲ့ကျန်တာပါလား. . . လို့ သိလိုက်တော့၊ အဲဒါပညတ်ရှင်းလိုက်တယ်ခေါ်တယ်၊ ပရမတ်ဆိုက်သွားပြီ။

http://www.dhammadownload.com



အဲဒီပညတ်ရှင်းပြီးတော့ ပရမတ်သွင်းပြီတဲ့နောက်မှ၊ သူ့ရဲ့အကြောင်း ရင်းရှာပါတဲ့၊ ဟော ထွက်လေဝင်လေလေး၊ ဘယ်ကဖြစ်ပါလိမ့်၊ ဘာကြောင့်ဖြစ် ပါလိမ့်၊ စိတ်ကြောင့်ဖြစ်၊ ဩော်. . . ထွက်လေဝင်လေရုပ်တရားဟာ စိတ်ကြောင့် ဖြစ်တဲ့တရား၊ ဩော်. . . ဒါဖြင့်သူလည်းအကြောင်းကြောင့် ဖြစ်တဲ့အကျိုး ပါလား. . . အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးပါလား၊ ဒါဖြင့် အဲဒီစိတ်ကလေး မရှိရင် သူမပေါ်လာတော့ဘူး၊ သေတဲ့လူတွေစိတ်ပျောက်သွား တော့ ထွက်လေ ဝင်လေမရှိတော့ဘူး၊ ဟော-စိတ်မရှိတော့သူလည်းမရှိနိုင်တော့ဘူး၊ ဩော်- သူ့အကြောင်းကုန်တော့ သူလည်း အကျိုးကုန်ရတာပါပဲလား ဟော-အကြောင်း အကျိုးသိမ်းဆည်းမိ၊ အဲသလိုရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်ကို မြင်တဲ့အချိန် ဝိပဿနာ အဲဒီဝိပဿနာဖြစ်မှ အလိမ်ပြေတယ်၊ အဲဒီအလိမ်ပြေမှ ခုနက ပြဆိုအပ်ခဲ့တဲ့မတွေချင်တဲ့ ဘေးဆိုးအမျိုးမျိုး၊ ဒုက္ခ မျိုးတွေကကင်း နိုင်တယ်။

ဒါကြောင့်-ဘုရားရှင်က-သညာဒိဝိပလ္လာသေဟိ-မြွက်ဟအချက်, ချမ်းသာ ကွက်နှင့်, နှစ်သက်ဖွယ်နှော, စိုးပိုင်သောဟု, သဘောသေးသိမ်, အကောက်အလိမ် တရားတို့ကြောင့်၊ ဥမ္မာဒန္တိ-ပရမ်းပတာ, မမှန်းသာပဲ, သွက်ချာ ဖမ်း၍, ရှူးနှမ်းကြ လေကုန်၏၊ တေဝမ္ဘေ-လိမ်တတ်ညာတတ်၊ ဆယ့်နှစ်ရပ်အပြား၊ ထိုတရားတို့ကို၊ သမ္မအညာယ-အရှိဟုတ်မှန်၊ ရုပ်နှင့်နာမ်၏၊ အမှန်ဖြစ်ပျက်၊ ထိုနှစ်ချက်ကို၊ ကွက်ကွက်ထင်ထင်၊ သိမြင်နိုင်ခြင်းကြောင့်၊ အဲဒီလိုသိမှ. . . တဲ့၊ အဲဒီလိုသိမှ၊ အနိစ္စကို နိစ္စလို့ထင်မနေတော့ဘူး၊ အနိစ္စ အနိစ္စအတိုင်းသိတဲ့ အချိန်က အလိမ်ပြေ တဲ့အချိန်၊ လိမ်တဲ့သူတွေကလည်းစွမ်းတယ်နော်. . . နေ့တိုင်းလိမ်နေတာလို့ ခုနကပြောခဲ့ပြီ။

*** အနိစ္စကိုပင်၊ နိစ္စထင်၊ နေ့စဉ်လိမ်တော့တာ၊**
**ဒုက္ခကိုပင်၊ သုခထင်၊ နေ့စဉ်လိမ်တော့တာ။**

ဒုက္ခကိုလည်းသုခလို့ ဒကာ ဒကာမတွေကို လိမ်ထားတာ၊ ဒီခန္ဓာကိုယ် ကြီးကိုဘုရားရှင်က ကေဝလဿ ဒုက္ခက္ခန္ဓဿ- ဒုက္ခအစုအဝေးကြီးလို့ ဟောထား တယ်၊ ဒကာ ဒကာမတွေက ဘယ့်နယ့်ထင်တုန်း၊ ချမ်းသာတုန်းကြီး လို့ထင်တယ်၊ ချမ်းသာတုန်းကြီးလို့ထင်လို့ အမျိုးမျိုးစားသောက်၊ ကျွေးမွေး၊ ပြုပြင်ပြီးတော့ လိုတာထက်ပိုပြီးသကာလ ပြုပြင်အားထုတ်နေကြတယ်၊ သူကလိမ်နေတယ်၊ ကိုယ်ကအလိမ်မိနေတယ်၊ အလိမ်မိတော့ ကိုယ်က ချမ်းသာတယ်လို့ ထင်ထား တာကြီးဆိုတော့၊ သူက ဒုက္ခမို့လို့ဒုက္ခအတိုင်း အနာကြီးပေါက်လာတယ်၊ ဗျာဓိ ရောက်လာတယ်၊ ဖျားတယ် နာတယ်၊ သူ့ဒုက္ခ တွေသူကပြတဲ့အချိန်ကျတော့

http://www.dhammadownload.com



ကိုယ့်မှာစိုးရိမ် ပူဆွေး ငိုကျွေး ပူဆွေးမှုတွေ ဖြစ်တယ်၊ ဒါတစ်သံသရာလုံးဖြစ်လာတာ။

ဒါကြောင့်--"ဒုက္ခကိုပင်၊ သုခထင်၊ နေ့စဉ်လိမ်တော့တာ" အနတ္တကိုလည်း အတ္တထင်အောင်လိမ်တယ်တဲ့၊ ဒီခန္ဓာကိုယ်ထဲမှာ အဲဒီခုနက ပြဆိုခဲ့တဲ့ ထွက်လေဝင်လေလေးလို့ ရုပ်တရားနဲ့ သူ့ကိုနောက်ကလိုက်သိနေတဲ့ နာမ်တရား၊ စိတ်တရား၊ ဒီနှစ်ခုကလွဲရင် အသက်ကောင်၊ ဝိညာဉ်ကောင်၊ အမာခံလိပ်ပြာကောင်ဘာတစ်ခုမှ မရှိဘူး ဒီခန္ဓာကိုယ်ထဲမှာ၊ ငှက်ပျောတုန်း လက်ပံတုန်းလိုဘာမှအသုံးမကျတဲ့ခန္ဓာကိုယ်၊ ဒါပေမယ်လို့ ယနေ့ဒကာ ဒကာမတွေ ထင်နေကြတာက အထဲကအတ္တကောင်လေးရှိတယ်၊ အဲဒီအတ္တလေးရဲ့အလိုကျ ခန္ဓာကိုယ်က သွားရတယ်၊ လာရတယ်၊ စားရတယ်၊ သောက်ရတယ်လို့ထင်တယ်၊ သေတဲ့အခါကျတော့ ဒီအတ္တကောင်လေးက ထွက်သွားတယ်တဲ့၊ ဒါကြောင့် သေသွားတဲ့အခါကျတော့ ဒီအတ္တကောင်လေး သွားတဲ့ လာတဲ့အခါ ကူးတို့ခမရှိလို့၊ ကူးတို့ကူးတဲ့အခါ ကူးတို့ခမရှိမှာစိုးလို့တဲ့ ငွေတစ်မတ်လောက်များ ထည့်ပေးလိုက်သေးတယ်၊ တော်တော်ရူးချက်သန်ကြ. . . နော်၊ ဗုဒ္ဓဘာသာ ဗုဒ္ဓဘာသာလို့တော့ ပြောကြတယ်၊ တော်တော်ကြာမှဖြင့် ဒီဗုဒ္ဓဘာသာကပဲ အတ္တအစွဲသန်ပြီးတော့ တောင်လုပ် မြောက်လုပ်နဲ့၊ တကတည်း-ထည့်ပေးကြသတဲ့၊ တမတ်တမတ် ထည့်ပေးကြသတဲ့၊ ဘာလုပ်တာတုန်းဆိုတော့၊ ကူးတို့ခ၊ ဘာလို့တုန်းဆိုတော့ ဒီအတ္တလေးက၊ သေသွားတဲ့လူရဲ့အသက်ကလေးက၊ အတ္တလေးကလျှောက်ပြီးတော့သွားတဲ့အခါ၊ ချောင်းတွေ မြောင်းတွေနဲ့တွေ့နေတဲ့အခါ၊ မကူးနိုင်မှာစိုးလို့တဲ့လေ. . . သူ့ ကူးတို့ပို့မည့်သူကဘယ်ကရမှာတုန်း၊ ဗုဒ္ဓဘာသာတော့ အမည်ခံတာပဲ။

တရုတ်ကြီးတစ်ယောက်ကပြောတယ်၊ ပေါက်ဖော်ကြီးတစ်ယောက်က၊ သူကဘုံဆိုင်တည်ပြီးတော့ရောင်းနေတာ၊ သူ့ဆိုင်လာသောက်သမျှကလည်း မြန်မာတွေများတာကိုး၊ ဒီတော့သူကပြောတယ်၊ "သူတို့ဗုဒ္ဓဘာသာတွေဟာပါးစပ်ကပြောတော့ အကုသိုလ်၊ အကုသိုလ်နဲ့ သောက်တော့လည်း သူတို့ချည်းပဲလို့" အဲသလိုပဲ ဗုဒ္ဓဘာသာလို့နာမည်ခံထားပေမယ်လို့ အတ္တစွဲ ပြင်းထန်ကြတယ်၊ အဲဒီလိုအသက်ကောင်၊ ဝိညာဉ်ကောင်ဆိုတဲ့ အကောင်ကလေး၊ အမာခံကလေး၊ ခန္ဓာကိုယ်ထဲမှာမရှိပါ၊ ဒါဖြင့် အသက်ထွက်တာဘာတုန်း ဘုရားလို့ဆိုတော့၊ အဲဒါရုပ်တရားထဲက ရုပ်ဇီဝိတိန္ဒြေခေါ်တဲ့တရား၊ စိတ်ထဲမှာက နာမ်ဇီဝိတိန္ဒြေ ခေါ်တဲ့တရား၊ ရုပ်နဲ့နာမ်ထဲမှာ ဓာတ်သဘာဝလေး နှစ်ခုရှိတယ်၊ ဒီခန္ဓာကိုယ် ဒီစိတ်တွေ

http://www.dhammadownload.com



မပျောက်အောင်၊ မပျက်အောင်၊ စောင့်ရှောက် နေတယ်၊ သူတို့လည်းပဲ ဖြစ်ပျက်ပဲ၊ ဒီသဘောလေးနှစ်ခုချုပ်ဆုံးသွားတာကိုပဲသေတယ်၊ အသက်ထွက်တယ်လို့ ခေါ်ကြတယ်၊ အသက်ဟာ တကယ်အပြင်ဘက်ထွက်သွားတာ မဟုတ်ဘူး၊ နေရာတင်ချုပ်သွားတာ၊ အဲဒီလို အမာခံအတ္တမရှိပါပဲနဲ့ အတ္တလို့ အထင်ရောက်အောင် ညာထားတယ်၊ ဒါကြောင့်-"အနတ္တကိုပင်၊ အတ္တထင်၊ နေ့စဉ်လိမ် တော့တာ"--အဲဒါဘုရားရှင်ရဲ့ အဆုံးအမ သာသနာ---တဲ့၊ အဲဒါကိုယ့်သန္တာန် ရောက်လာတာ၊ ပရိယတ္တိ သာသသနာ၊ ကိုယ်မှာတည်ပြီ. . . လို့၊ အဲဒါလေး မကြာမကြာရွတ်ပြီးတော့၊ သံဝေဂရပြီးတော့ ဆက်ပြီးတော့ ကျင့်ကြတော့ ပရိယတ္တိသာသနာနဲ့တွေ့ လိမ့်မယ်၊ ဟော-နောက်ဆုံး" အသုဘကိုပင်၊ သုဘထင်၊ နေ့စဉ်လိမ်တော့တာတဲ့"

နောက်ဆုံးခန္ဓာကိုယ်ကြီးက (၃၂) ကောဋ္ဌာသအစုအဝေး၊ အသုဘ မစင်မကြယ်ရွံစဖွယ်တွေနဲ့ပြည့်နေတဲ့ခန္ဓာကိုယ်၊ အဲဒီခန္ဓာကိုယ်ကိုပင် မနက်လင်းလာလို့မှန်ရှေ့ရောက်ပြီးတော့ လှတယ် ယဉ်တယ် ခင်မင်ဖွယ်လို့ ထင်ပြီးတော့ နေကြတယ်၊ အဲဒါအသုဘကို သုဘလို့အထင်ရောက်ခြင်းပဲ. . . လို့၊ ဒါကြောင့်-ကိုင်းသုံးခေါက်လောက် ဆိုပါအုန်း-

**အသုဘကိုပင်၊ သုဘထင်၊ နေ့စဉ်လိမ်တော့တာ။**

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်ကဟောလိုက်တော့ သုမနဒေဝီကလေးက သဘောကျ. . . လို့၊ ရှုနေကျ ပွါးနေကျ တရားဆက်ပြီးတော့ အဲဒီနားတင် အားထုတ်လိုက်တာ ဘုရားဟောတော်မူတဲ့ တရားကိုလည်း နားကလည်းနာရက်၊ သူ့အားထုတ်နေကျတရားအလုပ်လည်း လုပ်ရက်နဲ့ ဟောရင်းနာရင်းနဲ့ သောတာပန်ဖြစ် သုမနဒေဝီကလေး ဘုရားကတရား ဟောနေတာနော်၊ ဒီတရားဟောတာ ဘုန်းကြီးက ပရိသတ်ဟောနေတာ မဟုတ်ဘူး၊ ခုနက တရားကဘုရားရှင်က သူဟောနေကျတရား ပရိသတ်ကြီးကို ဟောနေတာ၊ အဲဒီလိုဟောလိုက်တော့၊ အနာထပိဏ်သူဌေးရဲ့သမီး သုမနဒေဝီလေး သောတာပန်အဖြစ် ရောက်သွားတယ်၊ ကိုင်းဘယ်လောက် အားထုတ်စရာကောင်းတုန်း၊ ဘယ်လောက် အလေ့အလာ ပြုဖို့ကောင်းတုန်း၊ အဲဒီလိုနဲ့ သောတာပန်ဖြစ်ပြီးတော့ အိမ်ပြန်ရောက်လာပြီးတော့၊ အိမ်ကျတော့ နည်းရခဲ့ပြီလေ. . . ဘုရားထံက နည်းကလည်း ရခဲ့ပြီ၊ အလိမ်အညာ မခံတော့ဘူး ဆိုပြီးတော့ သံဃာတော်နှစ်ထောင်တို့အတွက် လုပ်ရင်းကိုင်ရင်း၊ ချက်ရင်းပြုတ်ရင်း၊ စီမံခန့်ခွဲရင်းနဲ့ ဆက်ပြီးတော့ အချိန်ထားပြီးတော့တရားအားထုတ်လိုက်တာ၊ သကဒါဂါမ် တစ်မဂ်တစ်ဖိုလ်ရှေ့ တိုးသွားတယ်၊ သူ့အဖေ အနာထပိဏ်သူဌေးကြီးက သောတာပန်ပဲတည်တယ်၊ သူက

http://www.dhammadownload.com



သောတာပန်တောင် မကဘူး၊ တဆင့်တက်သွားလိုက်တာ သကဒါဂါမ်ထိ ရောက်သွား။

အဲဒီလိုနဲ့ သူက ရဟန်းတော်တွေ ပြုစုရင်းနဲ့ အလုပ်တွေကတဘက်က များတော့ အလုပ်ဒဏ်ပိတာလားတော့ မပြောတတ်ဘူးလေ၊ သူဟာ တော်တော်လေး မကျန်းမမာဖြစ်ရှာတယ်၊ သုမနဒေဝီ၊ အဲဒီလို မကျန်းမမာ ဖြစ်နေရင်းနဲ့ နောက်ဆုံးတော့ အိပ်ရာထဲလဲတဲ့ အထိရောက်လာ၊ အနာထပိဏ် သူဌေးတို့က၊ ထိုထို ဤဤဒေသကဆွမ်းကျွေးတယ်၊ အလှူပေးတယ်ဆိုရင် အနာထပိဏ်၊ ဝိသာခါတို့ မပါရင် မပြီးဘူး၊ ဟိုကိစ္စ ဒီကိစ္စ သာသနာရေး ဘာသာရေးကိစ္စတွေ သူတို့ကလိုက်ပြီးဆောင်ရွက်ကြရ၊ အဲဒီလိုနဲ့ တစ်နေ့မှာ ဖခင် အနာထပိဏ်သူဌေးကြီးက အလှူပွဲတစ်ခုသွားပြီးတော့ နေတဲ့အခိုက်၊ သုမနဒေဝီလေးရဲ့ ရောဂါက အခြေအနေ မသက်သာလို့ တိုးပြီးတော့လာ၊ အခြေအနေမသက်သာလို့ သုမနဒေဝီက သူ့အဖေတွေ့ချင်ပါတယ်၊ သူ့အဘ ခေါ်ပေးကြပါလို့ပြောတော့၊ နောက်က သူဌေးကြီးလိုက်ပြီးတော့ ခေါ်တယ်။

သူဌေးကြီးလိုက်ပြီးတော့ ခေါ်လို့ သူဌေးကြီးရောက်လာတယ် ဆိုရင်ပဲ၊ အိပ်ရာပေါ်မှာ ပက်လက်ကလေးဖြစ်နေတဲ့ သုမနဒေဝီသမီးနား ရောက်လာပြီးတော့၊ **ကိံ အမ္မ သုမနေ**-ချစ်သမီး အဖေ့ကို ခေါ်ခိုင်းတယ်ဆို အဖေရောက်လာပြီလေ သမီး၊ ဘာကိစ္စတုန်း သမီးရဲ့ မေးလိုက်တယ်၊ ဒီတော့ သုမနဒေဝီက မျက်လုံးလေး မှေးပြီးတော့ အိပ်ရာထဲက ပက်လက်နေရင်းက **ကိံ တာတ ကနိဋ္ဌ ဘာတိကာ**၊ ကနိဋ္ဌဘာတိကာ-မောင်ငယ်ကလေး၊ **ကိံ**-ဘာကိစ္စတုန်း၊ ပြန်မေး၊ ဒီတော့ အနာထပိဏ်သူဌေးကြီးက၊ အို. . . သမီးလေး ရောဂါအတော်ဆိုးနေပြီထင်တယ်၊ ငါ့တွေ့ချင်လို့ခေါ်ပြီးတော့ ငါလိုက်လာပြီးတော့၊ ငါအနား ရောက်လို့မှ ငါ့ကို အဖေမှန်းမသိတော့ဘူး၊ မောင်ကလေးလို့ ငါ့ခေါ်နေတယ်၊ အယောင်ယောင် အမှားမှားနဲ့ပြောကုန်ပြီ. . .၊ယောင်ယောင်မှားမှားနဲ့ ပြောကုန်ပြီ. . .၊ ရောဂါဆိုးလို့ သတိကလေးများ လက်လွတ်ကုန်ပြီထင်ရဲ့လို့ ဆိုပြီးတော့-**ဝိလပသိ အမ္မ သုမနေ၊ အမ္မ သုမနေ**-ချစ်သမီး သုမန၊ **ဝိလပသိ**-ယောင်ယမ်းတာလား၊ "ယောင်နေတာလား၊ အဖေရောက်လာပြီလေ၊ အဖေ အနားမှာရောက်လာပြီ၊ ဘယ့်နယ့်ကြောင့်သမီးက မောင်လေးလို့ ခေါ်နေရတာတုန်း၊ မောင်လေး အနားမှာ မရှိဘူး၊ အဖေအနားရှိတယ်၊ သမီး ဘာယောင်ယမ်းပြီး ပြောတာတုန်း၊ ဘာပြောချင်တုန်း အဘကိုပြောပါ၊ အဘ အနားမှာရှိတယ်လေ" လို့ အားပေးတယ်။

http://www.dhammadownload.com



ဒီတော့ သုမနဒေဝီက မျက်လုံးကလေး မှေးလျှက်နဲ့ နဝိလပါမိ ကနိဋ္ဌဘာတိကာကနိဋ္ဌဘာတိကာ-မောင်ငယ်ကလေး၊ နဝိလပါမိ-မယောင်ယမ်းပါ၊ ဒီတော့ သူဌေးကြီး ကအင်း. . . ကေန္တရောဂါအခြေအ နေဆိုးလို့ရောဂါ အခြေအနေကြောင့် မနေရတော့ဘူးဆိုတာသိလို့ ကြောက်လန့်ပြီးတော့ တောင် ပြောမြောက်ပြော ဖြစ်ကုန်ပြီထင်ရဲ့. . .၊ဘာယသိ အမ္မ သုမနေ၊ အမ္မ သုမနေ-ချစ်သမီး သုမန၊ ဘာယသိ-ကြောက်သလား၊ မေးလိုက်တယ်။ န ဘာယာမိ-ငါ မကြောက်ပါ၊ ပြန်ဖြေတယ်။ သုမနဒေဝီက အဲဒီစကားလည်း ပြောပြီးရော ကွယ် လွန်သွားရှာတယ်၊ ဒီတော့ သူဌေးကြီး ရင်ထုမနာဖြစ်ရှာတယ်၊ မျက်ရည် မထိန်းနိုင်ဘူး၊ သောတာပန်ပေမယ့်လို့ ငိုသေးတယ်နော်၊ သောတာပန် ငိုတဲ့ ဒေါသမပယ်နိုင် သေးဘူး၊ အနာဂါမ်ကပယ်တယ်။

ဒီတော့ သူဌေးကြီးအင်မတန် ဝမ်းနည်းပက်လက်ဖြစ်ပြီးတော့၊ "အင်မတန် သူတော်ကောင်းမလေး ဘုရားတရားသံဃာ ရတနာသုံးပါးကိစ္စတွေနဲ့ လုပ်ပြီးတော့နေတဲ့ သူတော်ကောင်းမလေး ဖြစ်ရလေခြင်း" လို့ ရင်ထုမနာဖြစ်ပြီးတော့ သူ့သမီးကိစ္စဆောင်ရွက်စရာတွေ ဆောက်ရွက်ပြီးသွာတဲ့အခါမှာ ဘုရားထံရောက်လာတယ် မျက်ရည်တွေနဲ့ ဒီတော့ဘုရားရှင်က "သူဌေး. . . ဘာကြောင့်မျက်ရည်တွေနဲ့ရောက်လာသလဲ"လို့ ဆီးမေးတော့ "မှန်လှပါဘုရား တပည့်တော်သမီးအငယ်ဆုံး သံဃာတော် (၂၀၀၀) တို့ကို နေ့စဉ်ဆွမ်းဝတ်ကွမ်းဝတ်ပြုဖို့ရာ ခန့်ထားတဲ့ သမီးအငယ်ဆုံးလေးဆုံးသွားလို့ တပည့်တော် ဝမ်းနည်းလို့ မျက်ရည်ကျပါတယ်ဘုရား" "သူဌေး. . . သင်္ခါရသဘောတရားတွေဟာ တနေ့ပျက်ရမည့်သဘောတရားပျက်တယ်၊ ကွဲရမည့်သဘောတရား ကွဲတတ်တယ်ဆိုတာ သင်သိပြီးသားပဲမဟုတ်လား. . ." "မှန်လှပါ တပည့်တော်အဲဒီသဘောသိပြီးသားပါဘုရား၊ အမှန်စင်စစ်ကတော့ တပည့်တော် ဝမ်းနည်းရတာက၊ ဒီလောက်ကောင်းတဲ့အလုပ်တွေပြုလုပ်အားထုတ်နေတဲ့ သမီးလေး ဖြစ်ပါလျက်ကယ်နဲ့ တရားအလုပ်တွေအားထုတ်တဲ့ သမီးလေး ဖြစ်ပါလျက်နဲ့ သေခါနီးကျတော့မှ ယောင်ယောင်တမ်းတမ်းနဲ့ မြည်တမ်းပြီး တော့သေသွားရလို့တပည့်တော် ဝမ်းနည်းခြင်းပါဘုရား" "ဘယ်လိုများ ယောင်ယမ်းသွားတုန်းသူဌေး" ဘုရားကမေးတယ်။

"မှန်လှပါဘုရား. . . သေခါနီးကျတော့ တပည့်တော်ကို အခေါ်ခိုင်းတယ်ဆိုလို့ တပည့်တော်ရောက်သွားတဲ့အခါကျတော့ တပည့်တော်ကို မောင်လေး မောင်လေးလို့ခေါ်ပါတယ်ဘုရား၊ တပည့်တော်က ကြောက်သလားသမီးရဲ့

http://www.dhammadownload.com



ယောင်သလားသမီးရဲ့လို့ဆိုတော့လည်း မယောင်ဘူးမောင်လေး ရဲ့ မကြောက်ဘူး မောင်လေးရဲ့လို့ဆိုပြီးတော့ ဒီစကားသုံးခွန်းပြောပြီးတော့ ကွယ်လွန်သွားပါတယ်ဘုရား" "သူဌေးတဲ့ အဲဒါသင့်ကို သင့်သမီးကတရား ပြသွားတာ သင့်ကို ခေါ်သင့်လို့ မောင်လေးလို့ခေါ်သွားခြင်းဖြစ်သည်"၊ "ဘယ်လိုကြောင့်ပါလိမ့်ဘုရား၊" "ဩော်. . . သင်ကသောတာပန်ပဲရှိသေးတယ်. . .၊ သင့်ရဲ့သမီးက သောတာပန်အဆင့်မှ တဆင့်တက်ပြီးတော့ သကဒါဂါမ် အဆင့်ရောက်နေပြီ၊ ဒါ့ကြောင့် လောကအနေနဲ့ ပြောရင်ဖြင့် သင်သူဌေးက ဖခင်မို့လို့ အကြီး သင့်သမီးက အငယ် လောကအနေနဲ့မှန်တယ်၊ သို့သော်. . . ငါဘုရားရှင်ရဲ့ သာသနာမှာ အရေးကြီးဆုံးဖြစ်တဲ့ မဂ်ဖိုလ်တရားနဲ့ ပြောကြမယ်ဆိုရင်ဖြင့် သင်ကသောတာပန် ဟိုကသကဒါဂါမ်မို့လို့ အရိယာစခန်းကနေပြီးတော့ ပြောရ ရင်ဖြင့် သင်ကမောင်ကလေး ဟိုကအမကြီး ဒါကြောင့်သင့်ကို မောင်ကလေး လို့ခေါ်သွားတယ်သူဌေး။ "အမလေး. . . ဒီတိုင်းအမှန်ပဲလားဘုရား ဒီလိုဆိုရင် တပည့်တော် သမီးလေး ကောင်းရာမြတ်ရာ ရောက်သွားပါသလားဘုရား" ရောက်သွားပြီ၊ တုသိတာနတ်ပြည် ရောက်သွားပြီ" "အမလေး. . ဒီလိုဆိုရင် တပည့် တော်သမီးလေးဒီလူ့လောက ထဲမှာလည်းပဲ ဆွေထဲမျိုးထဲမှာလည်းပဲ ထည်ထည် ဝါဝါ နေသွားရပြီးတော့ နောက်တော့လည်း ကောင်းရာမွန်ရာ ရောက်တယ်ဆိုကာ ဝမ်းသာပါတယ်ဘုရား. . . လို့ ဆိုတော့ဘုရား ရှင်ကိုယ်တော်မြတ်က "သူဌေး. . . တဲ့ ကုသိုလ်ကောင်းမှုကို ပြုနေတဲ့သူတိုင်းသူတိုင်းဟာ ကုသိုလ်ကောင်းမှုကို မမေ့လျော့တဲ့ သူတိုင်းသူတိုင်းဟာ၊ ဣဓနန္ဒတိ-ဒီဘဝမှာလည်းပဲ နှစ်သက်ရွှင်လန်း ဝမ်းမြောက်ရ၏၊ ပေစ္စနန္ဒတိ-နောင်တမလွန်ဘဝမှာလည်း နှစ်သက်ရွှင်လန်းဝမ်း မြောက်ရ၏။

**ပုညံ မေ ကတန္တိ နန္ဒတိ၊ ဘိယျော နန္ဒတိ သုဂ္ဂတိံ ဂတော။**

ငါသည် ကောင်းမှုပြုရလေပြီ-လို့ ဆိုပြီးတော့ ဆထက်ထန်းပိုး တိုးပြီး တော့ သုဂတိဘဝရောက်ပြီးတော့ ဝမ်းမြောက်ရတယ်. . .။ ဟော-ဒီတော့ ဘုရားတရားတော်ကလေ ဒီဘက်ဘဝမှာလည်းပဲ ဝမ်းသာရတယ် ဝမ်းမြောက် ရတယ် ချမ်းသာရတယ်၊ နောက်ဘဝမှာလည်း ဝမ်းမြောက်ဝမ်းသာ ချမ်းသာ ရတယ်လို့ နှစ်ပါးဘဝလုံးပျော်ရတဲ့တရား ဗုဒ္ဓတရားက ဒါကြောင့် ဒါလေး သုံးခေါက်လောက်လိုက်ဆိုပြီးသိမ်းလိုက်ကြရအောင်။

*** နှစ်ပါးဘဝ၊ ဝမ်းမြောက်ရ၊ ဗုဒ္ဓတရားတော်။**

**အနေလည်းပျော်၊ သေလည်းပျော်၊ ဗုဒ္ဓတရားတော်။**

http://www.dhammadownload.com



အဲဒီလို အနေပျော် အသေပျော် ဗုဒ္ဓတရားတော်ကြီးကြုံတဲ့ အခိုက်မှာဖြင့် ကျင့်ကြံကျိုးကုတ်အားထုတ်ထိုက်ပါတယ်. . . လို့၊ ဒါကြောင့် အမှတ် (၈) မော်တော်ယာဉ် ကထိန်အသင်း ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့က လည်း ယနေ့တပည့်တော်တို့ ဤကထိန်သင်္ကန်း လှူရတဲ့ကုသိုလ်သည်၊ ဤကဲ့သို့ အနေပျော် အသေပျော်တရားကြီးကို ကြိုးပန်းအားထုတ်ပြီးသကာလ ဘုရားရှင် အလိုရှိဆုံးဖြစ်တဲ့ နိဗ္ဗာန်တရားကို ရည်မှန်းချက်ချပြီးသကာလ လှူကြ ပါသည် ဘုရား. . .။

အလိမ်ညာခံရတဲ့ဘဝမှ တပည့်တော်တို့လွတ်လိုသောကြောင့် ဤကုသိုလ်ကို အားထုတ်ကြပါသည်ဘုရား. . . လို့ ဆုထူးပန်ကြပြီးလျှင် ဒီကထိန်သင်္ကန်းကို လှူကြရသောကုသိုလ် ဤကဲ့သို့ တရားတော်ကို လာရောက်ပြီးတော့ နာယူကြရတဲ့ ဓမ္မဿဝနကုသိုလ် ကထိန်သင်္ကန်းလှူဒါန်းမှုကို အကြောင်းပြုပြီးသကာလ သံဃာတော်အရှင်မြတ်တို့အား ဆွမ်းခဲဖွယ် ဘောဇဉ် ချိုချဉ် အရသာတို့ဖြင့် ဆက်ကပ်လှူဒါန်းကြသောကုသိုလ် များမြတ်ပေါင်းစု ဤကုသိုလ် အစုစုတို့ကြောင့် အလိမ်ညာခံရသောဘဝတို့မှ လျှင်မြန်စွာ လွတ်မြောက်ကြောင်း ဝိပဿနာ လက်နက်ကောင်းကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကုန်သည်ဖြစ်၍ ဒုက္ခခပ်သိမ်း အေးငြိမ်းရာမှန် နိဗ္ဗာန်အောင်ခန်း မြို့တော်နန်းသို့ လျှင်မြန်ဆောစွာ ရကြရ၊ ရောက်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆုပြုကြကုန်ရာသတည်း။

သာဓု---သာဓု---သာဓု--- ပါဘုရား။ ။

F. 34

http://www.dhammadownload.com



## တမောတမသုတ္တန်
## လူ(၄)မျိုးတရားတော်

၁၃၄၁-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃-ရက်နေ့. . . လို့ဆိုတဲ့ ယနေ့ညအဖို့မှာ၊ ဤအမရပူရ စိန်မြို့လယ်မွှာရုံကြီး၌၊ အမရပူရ မန္တလေး အမှတ် (၈) မော်တော်ယာဉ် အသင်းသူ အသင်းသား ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ရဲ့ (၂၃) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ကြီး အကြောင်းပြုပြီး၊ ယနေ့ညအနေနဲ့ ဘုန်းကြီးအနေနဲ့၊ ဒုတိယည (၂)ညမြောက် ဟောပြောပေးရမယ့် တရားပွဲ. . . တဲ့၊ ဒီနေ့ည ဒုတိယမြောက် (၂) ကြိမ်မြောက်၊ မနေ့ညတုန်းက ဟိုလွန်ခဲ့တဲ့ နှစ်ထဲကဟောပြီးတော့ လက်စမသတ်ခဲ့တဲ့ အောင်ခြင်းရှစ်ပါး၊ နောက်ဆုံးကျန်နေတဲ့ နန္ဒောပနန္ဒနဂါးမင်းချွတ်ခန်းနဲ့ ဗကဗြဟ္မာချွတ်ခန်း၊ မနေ့ညက ဟောခဲ့ပြီ။

ဒီနေ့ညအနေနဲ့ နဂိုမူလအတိုင်းဆိုရင်ဖြင့် ဒိပြင်တရားတစ်ပုဒ် အသစ်ဟောဖို့ပေါ့၊ သို့သော်လည်းပဲ အမှတ် (၈) မော်တော်ယာဉ်အသင်း၊ အမှုဆောင်လူကြီးများက လွန်ခဲ့သော ဒီမဟာကထိန်ပွဲတော်ကြီးမှာ ဘုန်းကြီး အနေနဲ့ ဒုတိယ အကြိမ်ဟောခဲ့ဘူးတဲ့ တမောတမသုတ်တော်ဆိုတဲ့ သုတ်တော်ကို ထပ်မံပြီးတော့ နာယူချင်ကြပါတယ်၊ တိတ် ခွေတွေဖမ်းထားတာ တွေလည်းပဲ ပျောက်ပျက်ကုန်လို့ တမောတမသုတ်တော်ကို ပြန်လည်ပြီးတော့ နာယူပါရစေ. . . လို့ လျှောက်ထား တောင်းပန်ချက်အရ၊ ဒီနေ့ည တမောတမသုတ်တော်ကို ဟောရမယ်နော် ဦးမြသန်း၊ မှန်လှပါဘုရား၊

**အတ္တာနံ စေ ပိယံ ဇညာ, ရက္ခေယျ နံ သုရက္ခိတံ၊**
**တိဏ္ဏံ မညတရံ ယာမံ, ပဋိဇဂ္ဂေယျ ပဏ္ဍိတော။**

အတ္တာနံ-ဘဝဖန်ခါ, သံသရာက, ငါဟုစွဲဆို, မိမိကိုယ်ကို၊ ပိယံ-အရင်းစစ်လျှင်, ပြစ်မတင်ဘဲ, နှစ်စဉ်မမုန်း အချစ်ခင်ဆုံးဟူ၍၊ စေဇညာ-အရာအရာ,အခါခါဝယ်, စာနာထောက်ထား, အကယ်၍နားလည်ငြားအံ့၊ ဇဝံသတိ-ကိုယ့်ကိုယ်သာလျှင်, အခင်မင်ဆုံး, အချစ်ဆုံးဟု, လုံးလုံးခွဲခြား, ဤကဲ့သို့နားလည်ထားသည်ရှိသော်၊ နံအတ္တာနံ-ခုလည်းကိုယ့်ကိုယ်, နောင်ကိုယ့်ကိုယ်ဟု, သို့ကလိုသိရှိ,

* အံ-။ ၃၉၇။ ဋ-၂၊ ၃၂၁။

http://www.dhammadownload.com



ထိုမိမိကို၊ သုရက္ခိတံ-တရားကြောင်းရာ, မစောင်းပါဘဲ, ကောင်းစွာမပြတ်, စောင့်ရှောက်အပ်သည် မည်လောက်အောင်၊ ရက္ခေယျ-သတိတရား, လက်ကိုင်ထား၍, မမှားပုံသေ, စောင့်ရှောက်လေရာ၏၊ ပဏ္ဍိတော-ပြုသမျှအသစ်, ဖြစ်သမျှအဟောင်း, မကောင်းလည်းငါ, ကောင်းလည်းငါ ဟု, ကောင်းစွာမြင်သိ, ပညာရှိသည်၊ တိဏ္ဏံ-နှစ်ဆယ့်ငါးနှစ်, သင့်အောင်ဆစ်၍, သုံးရစ်ပိုင်းခြား, အရွယ်သုံးပါးတို့တွင်၊ အညတရံယာမံ-ယုတ်စွာအဆုံး, နောက်ပိတ်တုံးဟု, ခေါ်ထုံးမည်ရ, ပစ္ဆိမအရွယ်ကို၊ ပဋိဇဂ္ဂေယျ- အပြစ်မနှော, စင်းလုံးချောအောင်, ဆေးကြောသုတ်သင်လိုက်ရာသတည်း။

သာဓု. . . သာဓု. . . သာဓု. . .

လောကမှာ-လင်နဲ့မယား သားသွီးနဲ့မိဘ ဆရာနဲ့တပည့် ရှိကြသည့်အနက်၊ အဘယ်မည်သော ခင်ပွန်းသည် လင်ယောကျ်ားက၊ အဘယ်မည်သော ဇနီးမယားရဲ့အပေါ်မှာ၊ ဘယ်လောက်ပဲ ချစ်ပါတယ် ကြင်နာပါတယ်လို့ပဲဆိုဆို၊ ထို့အတူပဲ အဘယ်မည်သော ဇနီးမယားက၊ အဘယ်မည်သော ခင်ပွန်းသည်ရဲ့အပေါ်မှာ၊ ဘယ်လောက်ပဲ မြတ်နိုးပါတယ်၊ အားကိုးပါတယ်၊ ကြင်နာပါတယ်. . . လို့ပဲပြောပြော၊ ထို့အတူ-အဘယ်မည်သော မိဘဆရာသမားက၊ အဘယ်မည်သော သားသမီး တပည့်တပန်းရဲ့အပေါ်မှာ၊ သားသမီးနဲ့ တပည့်တပန်းတွေကလည်း၊ အဘယ်မည်သော မိဘ ဆရာသမား တွေရဲ့ အပေါ်မှာ၊ ဘယ်လောက်ပဲ ချစ်ပါတယ်၊ ခင်ပါတယ် ကြင်နာပါတယ်၊ မြတ်နိုးပါတယ်၊ အားကိုးပါတယ်၊ လေးစားပါတယ်လို့ပဲပြောပြော. . .၊ အမှန်စင်စစ် နှစ်နှစ်နှောနှော၊ သဘောမိမိတွေးကြည့်လိုက်မယ်ဆိုရင်၊ ကမ္ဘာလောက ရှိရှိသမျှ သတ္တဝါအားလုံး ကိုယ့်ကိုယ်သာလျှင် အချစ်ဆုံး. . .။

အတ္တသမံပေမံနတ္ထိ။ အတ္တသမံ-မိမိကိုယ်နှင့်တူသော၊ ပေမံနာမ-ချစ်အပ်သောသူ တစ်စုံတစ်ယောက်သောသူမည်သည်၊ နတ္ထိ-မရှိရိုးကေန်အမှန်သာလျှင်တည်း. . .။ ဘုရားရှင်သံယုတ်ပါဠိတော်မှာ ဟောထားတဲ့စကား ဦးမြသန်း၊ မှန်လှပါဘုရား။ အတ္တသမံပေမံနတ္ထိ၊ အတ္တသမံ-မိမိကိုယ်နှင့် တူသော၊ ပေမံနာမ-ချစ်အပ်သောသူ-တစ်စုံတစ်ယောက်သောသူမည်သည်၊ နတ္ထိ-မရှိရိုးကေန်အမှန်သာလျှင်တည်း။

လောကမှာ ကိုယ့်ကိုယ်ကိုထက် ပိုပြီးတော့ ဘယ်သူမှမချစ်ပါဘူး. . တဲ့ ကိုယ့်ကိုယ်ကိုဟာအချစ်ဆုံးပါ၊ ခုနကပြောခဲ့တဲ့ လင်နှင့်မယား၊ သား သမီးနဲ့ မိဘ၊ ဆရာနဲ့ တပည့်၊ ဆွေမျိုးညာတကာတွေချစ်ကြတယ်. . . လို့ဆိုကြတာ တွေဟာ

http://www.dhammadownload.com



ချစ်ခွင့်သာတုန်းသာ ချစ်ကြပါသည်၊ မြတ်နိုးခွင့်သာတုန်းသာ မြတ်နိုးကြပါသည်၊ ဇနီးမောင်နှံအချင်းချင်း၊ ချစ်ကြတယ် ခင်ကြတယ်၊ သား သမီးနဲ့ မိဘ၊ ချစ်ကြတယ် ခင်ကြတယ်၊ ဆရာတပည့်တွေချစ်ကြတယ် ခင်ကြတယ်. . . လို့ဆိုကြတဲ့အထဲမှာ-ဘယ်လောက်. . . ပဲ ကြင်နာပါတယ်၊ မြတ်နိုးပါတယ်၊ လေးစားပါတယ်၊ အားကိုးပါတယ်လို့ ဆိုနေကြပေမယ့်၊ အထူးသဖြင့်၊ ဇနီးမောင်နှံအချင်းချင်း ချစ်ကြတယ်ဆိုတာတွေ၊ ဆရာနဲ့တပည့် ချစ်ကြတယ်၊ သားသမီးနဲ့ မိဘချစ်ကြတယ်ဆိုတာတွေထဲမှာ၊ သားသမီးနဲ့ မိဘ ချစ်တယ်. . . လို့ဆိုတဲ့ (၅၂၈)သွယ်မေတ္တာ ချစ်တဲ့အချစ်သည်၊ အခိုင်ဆုံး၊ အမြဲဆုံး၊ အသန်မာဆုံး ဦးမြသန်းနော်။ မှန်လှပါဘုရား၊ ဇနီးမောင်နှံအချင်းချင်း ချစ်ကြတယ်ဆိုတာ (၁၅၀၀)ကိလေသာနဲ့ချစ်တယ်၊ ကြီးကျယ်ပါတယ်၊ သားသမီးနဲ့မိဘ ချစ်တယ်ဆိုတဲ့အချစ်က (၅၂၈)သွယ်မေတ္တာလို့ခေါ်တဲ့အချစ်ဆိုတော့ (၁၅၀၀)အချစ်ကြီးနဲ့စာမယ်ဆိုရင် သူကတစ်ဝက်ကျော်ကျော်ကြီး လျော့နေတယ်ပေါ့၊ လျော့သွားကြောင်းပါဘုရား။

ဒါပေမယ့်လို့ အဲဒီ ဇနီးမောင်နှံအချင်းချင်း ချစ်ကြပါတယ်ဆိုတဲ့ (၁၅၀၀) အချစ်သည်၊ ကြီးကျယ်များပြားသော်လည်း၊ ဘာနဲ့တူတုန်းလို့ဆိုတော့၊ အင်မတန်ကြီးမားတဲ့ မြေဆိုင်ခဲကြီးနဲ့တူတယ်. . . တဲ့၊ သားသမီးနဲ့ မိဘချစ်ကြတယ်၊ ဆရာနဲ့တပည့်ချစ်ကြတယ်ဆိုတဲ့ (၅၂၈) သွယ်ချစ်က-ဒိုးလေးလောက်၊ ပေသီးလေးလောက်ရှိတဲ့ ကျောက်လုံးလေးလောက်နဲ့တူတယ်. . . တဲ့၊ ခုနက မြေဆိုင်ခဲကြီးဟာ ကြီးတော့ကြီးသားပဲ၊ ဒါပေမယ့်လို့ ဆန့်ကျင်ဘက်မိုးရေနဲ့တွေ့မယ်၊ ရေနဲ့တွေ့မယ်ဆိုလိုက်ရင်၊ တဖြည်းဖြည်းအိ-အိ. . . တွဲတွဲ၊ ပြိုပျက်ပြီးတော့ ခဏလေးနဲ့ကြေမွပျက်သုံးသွားနိုင်တယ်။ ဒိုးလောက်ပေသီးလောက်ဆိုတဲ့ ကျောက်တုန်းလေးကျတော့၊ မိုးရေတွေ အထပ်ထပ်မိသော်လည်းပဲ အရာမယွင်းဘူး၊ ရေတွေအထပ်ထပ်တိုက်စားသော်လည်းပဲ သေးပြီးတော့ ပျက်ပြုန်းပြီးတော့၊ ခဏလေးနဲ့ပျက်ပြုန်းမသွားဘူး၊ ထို့အတူပင်လျှင်. . . ဇနီးမောင်နှံ အချင်းချင်း ချစ်ကြပါတယ်ဆိုတဲ့ (၅၂၈)သွယ်အတွင်းမခံတဲ့ (၁၅၀၀)ကိလေသာဆိုတဲ့ အချစ်သည်၊ ကြီးကျယ်ပါတယ်၊ များပြားပါတယ်၊ ထုထည် အားကောင်းပါတယ်၊ သို့သော်လည်းပဲ ဆန့်ကျင်ဘက်မတွေ့လိုက်နဲ့၊ ဆန့်ဘက်အကြောင်း မပေါ်လိုက်နဲ့၊ ပေါ်လိုက်ပြီဆိုမှဖြင့်၊ ခုနက မြေဆိုင်ခဲကြီး ရေတို့မိုးတို့ဒဏ် ကြာကြာမခံပဲနဲ့ ခဏကလေးနဲ့ပျက်ပြယ်သွားသလို၊ ခဏလေး အတွင်းမှာ ပျက်ပြယ်ပြီးတော့သွားနိုင်တဲ့ သဘောရှိသတဲ့ ဦးမြသန်းနော်၊ မှန်လှပါဘုရား။

http://www.dhammadownload.com



တစ်ထောင့်ငါးရာကိလေသာချစ်ဆိုတော့ ဇနီးမောင်နှံအချင်းချင်း၊ ချစ်ကြတဲ့အချစ်ဟာ အရေအတွက်အနေနဲ့ ကြီးကျယ်များပြားပါတယ်၊ သို့သော်လည်းပဲ မခိုင်မြဲဘူး. . . တဲ့၊ မစစ်မှန်ဘူးနော်၊ မှန်လှပါဘုရား။ ခုနမြေဆိုင်ခဲကြီး ကြီးသော်လည်းပဲ ဆန့်ကျင်ဘက်အကြောင်းနဲ့ပေါင်းမိတဲ့အခါမှာ လွယ်လွယ်လေးနဲ့ ပျက်စီးသွားသလို၊ ထို့အတူပင်လျှင် ဇနီးမောင်နှံအချင်းချင်း ချစ်ကြပါတယ်ဆိုတဲ့ တစ်ထောင့်ငါးရာ ကိလေသာချစ်သည်"ချစ်ကြပြန်တော့လည်းပဲ အသေအလဲတဲ့ မုန်းကြပြန်တော့လည်း အရိုးကွဲ"တဲ့၊ မုန်းကြပြီဆိုတော့လည်း တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ချင်လောက်အောင်၊ တစ်ယောက်အကြောင်း တစ်ယောက် နားမထောင်ချင်လောက်အောင်၊ တခါတည်း၊ ခါးခါးသီးသီး မုန်းတီးပြီးတော့သွား လိုက်ကြတာ၊ သေခန်းပြတ်၊ ရှင်ခန်းပြတ်၊ ဒီလိုဖြစ်တတ်ကြတယ်မဟုတ်လား၊ ဦးမြသန်း၊ ဖြစ်တတ်ပါဘုရား။

သားသမီးနဲ့မိဘ ချစ်ကြပါတယ်ဆိုတဲ့ ငါးရာနှစ်ဆယ်ရှစ်သွယ်မေတ္တာ ချစ်ကဒီလိုမဟုတ်ပါ၊ ခိုင်တယ်. . . မြဲတယ်၊ သန့်မာတယ်၊ အဲဒီလို ခုနက ကျောက်ဒိုးလေးလိုပဲ၊ ပေသီးလေးလောက်ရှိတဲ့ ကျောက်တုန်းလေးလိုပဲ၊ ဘယ်လောက်ဆန့်ကျင်ဘက်တွေနဲ့ တွေ့နေပေမယ့်လို့ အင်မတန်ခိုင်မြဲတယ်၊ ငါးရာနှစ်ဆယ်ရှစ်သွယ် မေတ္တာနဲ့ ချစ်တဲ့အချစ်က မှန်ကန်တယ်၊ ပိုပြီးတော့စစ်မှန်တယ်ပေါ့နော်၊ စစ်မှန်ပါတယ်ဘုရား။ ခုနက (၁၅၀၀)ကိလေသာချစ်က (၅၂၈)သွယ်. . . လို့ဆိုတဲ့ အတွင်းခံမေတ္တာမပါဘူး၊ (၁၅၀၀) ကိလေသာသက် သက်သာဆိုလို့ရှိရင် ခဏလေးနဲ့ပျက်တတ်တယ်တဲ့ ဦးမြသန်းရဲ့၊ ပျက်တတ်ပါ ဘုရား။ ချစ်ကြ ခင်ကြတုန်း က တော့လည်းပဲ မခွဲနိုင် မခွါရက်ပေါ့ဗျာနော်၊ ဆန့်ကျင်ဘက်အ ကြောင်းနဲ့တွေ့ကြပြီ၊ တစ်ယောက်နဲ့ တစ်ယောက် အပြောမှား အဆိုမှား၊ အမျိုးထိခိုက်၊ အဆွေထိခိုက်၊ အလုပ်ထိခိုက်၊ ထိခိုက်ပြီးတော့ ပြောမိကြ ဆိုမိကြမှုဖြင့်၊ ခဏလေးနဲ့တခါတည်း ပျက်ပျက်ပြီးတော့ မကြည့်ချင် မရှုချင်လောက်အောင် တစ်ယောက်နဲ့တစ်ယောက်၊ မျက်နှာချင်းမဆိုင်ချင်လောက် အောင်ဖြစ်တတ်လို့၊ မခိုင်မြဲတဲ့အချစ်. . . ။

သားသမီးနဲ့မိဘ ချစ်ပါတယ်ဆိုတဲ့အချစ်က (၅၂၈)သွယ်နဲ့ချစ်တဲ့အချစ်သည်၊ အခိုင်ဆုံးအမြဲဆုံးအချစ်။ ဒါပေမယ်လို့ အဲဒီ (၅၂၈)သွယ်မေတ္တာနဲ့ချစ်ပါတယ်ဆိုတဲ့ အချစ်သည်ပင်. . . တဲ့၊ ချစ်ခွင့်သာတုန်းသာ ချစ်နိုင်ကြပါသည်၊ မြတ်နိုးခွင့်သာတုန်းသာ မြတ်နိုးနိုင်ကြသည်၊ ကြင်နာခွင့်သာတုန်းသာ ကြင်နာနိုင်ကြသည်၊ အထူးသဖြင့်-မိဘတွေက သားသမီးနဲ့မိဘချစ်တယ်ဆိုတဲ့ (၅၂၈)

http://www.dhammadownload.com



မေတ္တာထဲမှာပင်လျှင်၊ သားသမီးတွေက မိဘတွေအပေါ်မှာ ချစ်တယ်လို့ဆိုတဲ့ အချစ်ဟာ မသေချာသေးဘူးတဲ့၊ ဦးမြသန်းနော်၊ မှန်လှပါဘုရား။ ရေဆိုတာ အစုန်သာရှိတယ်၊ အဆန်မရှိဘူးဆိုသလိုပဲ၊ မိဘဆီကသားသမီးဆီ စုန်ဆင်းလာခဲ့ တဲ့မေတ္တာသည်သာလျှင်ပိုမိုခိုင်မြဲတဲ့မေတ္တာ၊ သားသမီးတွေက မိဘကျတော့ပြန်ပြီး တော့ ဆန်တယ်. . . လို့၊ ချစ်ပါတယ်ဆိုပေမယ်လို့သူတို့သာယာတုန်း လေးချစ် ကြတာတဲ့၊ ဦးမြသန်းနော်၊ မှန်လှပါဘုရား၊ "မိဘဟာကျတော့ ယူလားငင်လား သားသမီးဟာကျတော့ မူးတင်းပဲတင်း" သူတို့ဘက်ကနေပြီးတော့ ပြန်ပြီးတော့ အချစ်အတုန့်အလှည့်ကျေးဇူး ပြန်ရတော့မယ်ဆိုတော့ သားသမီးဆိုတဲ့ပုဂ္ဂိုလ် တွေဟာ တယ်ပြီးတော့မေတ္တာမမှန်တာတွေများတတ်တယ်၊ မိဘဆိုတဲ့ပုဂ္ဂိုလ်တွေ ကတော့ သားသမီးရဲ့ အပေါ်မှာ ချစ်ရတဲ့အချစ်ဟာ၊ ဘယ်လောက်ပဲ ပင်ပင်ပန်း ပန်းနဲ့ လုပ်ကိုင်သွားလာလုပ်ရှားလာခဲ့ရပင်ဖြစ်စေ. . . တဲ့၊ သားလေး တွေမျက်နှာ၊ သမီးလေးတွေမျက်နှာ မြင်လိုက်ရရင်---

သားတို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တပေါက်ကျက၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်းတည်း. . .။

ဘယ်လောက်. . . ပဲ မောမောပန်းပန်းနဲ့ တစ်နေ့လုံး အမှတ်(၈) မော် တော်ကားကြီး မန္တလေးနဲ့ တောင်မြို့ခေါက်တုံ့ခေါက်ပြန်၊ နေပူထဲမှာမောင်းပြီး တော့သွားနေရလို့ ချွေးတလုံးလုံးနဲ့ ပင်ပန်းလာခဲ့ပေမယ်လို့အိမ် ရောက်လာလို့ သားလေးတွေ သမီးလေးတွေရဲ့ မျက်နှာမြင်လိုက်ရင်. . . တဲ့ အမောတွေ အကုန် ပြေ. . .၊ အပန်းတွေအကုန်ပျောက်၊ ဦးမြသန်းမဟုတ်ဘူး လား? မှန်လှကြောင်း ပါဘုရား။ သားလေးတွေ သမီးလေးတွေရဲ့ မေမေ ဖေဖေဆိုတဲ့ အသံလေးတွေ ကြားလိုက်ရင် မောတာတွေအကုန်ပျောက်၊ ပန်းတာတွေအကုန်ပြေ၊ --

သားတို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တပေါက်ကျက၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်းတည်း။. . .

မိဘတွေရဲ့ မေတ္တာကအဲဒီလောက် သားသမီးတွေအပေါ်မှာ စစ်မှန်တယ် နော်။ စစ်မှန်ပါဘုရား။ တခါတခါ အကြောင်းအားလျော်စွာ မိမိကလည်း စိတ် တွေရှုပ်ထွေးနေ၊ သားတွေသမီးတွေကလည်း ပြောလို့ဆိုလို့မကောင်း၊ အချိုးမ ကျနဲ့ဖြစ်နေလို့ တခါတခါကျတော့စိတ်ဆိုးပြီးတော့၊ နင့်တော့လား. . .၊ ပြောလို့မရ ဆိုလို့မရနဲ့ နင်တော့မိုးကြိုးပစ်ပါစေဟယ်၊ မြွေပွေးကိုက်ပါစေဟယ်၊ ကျားကိုက် ပါစေဟယ်. . . လို့၊ ပါးစပ်ကကျိန်ဆဲပေ မယ်လို့စိတ်ထဲကတော့ မဖြစ်စေချင်တာ အမှန်ပဲတဲ့၊ ဦးမြသန်းနော်။ မှန်ပါ ဘုရား။

http://www.dhammadownload.com



**မိဘမှန်မှာ၊ သက်ဆုံးတိုင်ပဲ၊ ပစ်နိုင်ခဲ၏၊ ဝမ်းထဲရှုပ်ထွေး၊ စိတ်မအေး၍၊ မြွေပွေးကြီးကိုက်၊ ကျားကြီးကိုက်ဟု၊ ကျိန်ကြိုက်လေအား၊ ဆဲဆိုငြားလည်း၊ စိတ်ထားမညှု၊ သန့်ရှင်းဖြူ၏. . .။**

မိဘများရဲ့ မေတ္တာအဲဒီလောက်သန့်တယ်၊ ဦးမြသန်းနော်၊ သန့်ပါဘုရား။ “မိဘမှန်မှာ၊ သက်ဆုံးတိုင်ပဲ၊ ပစ်နိုင်ခဲ၏. . .၊ သားသမီးဘယ်လောက်ပဲ မိုက်နေနေ၊ ဘယ်လောက်ပဲဆိုးနေနေ၊ ဘယ်လောက်ပဲတေနေနေ၊ ချစ်နေရှာ ကြတာပဲ၊ “တောင်းဆိုး ပလုံးဆိုးသာပစ်ရိုးရှိတယ်၊ သားဆိုး သမီးဆိုး ပစ်ရိုးမရှိဘူး”တဲ့ စကားပုံများတောင်လုပ်ထားလိုက်သေးတယ်နော်။ လုပ်ထားပါဘုရား။ အဲဒီလိုနဲ့ အင်မတန်ဆိုးသွမ်းနေတဲ့ သားသမီးပင်ဖြစ်လင့်ကစား၊ စိတ်ထဲမှာ မကျေနိုင်မချမ်း နိုင်လို့၊ စိတ်ဒုက္ခရောက်နေလို့၊ စိတ်သောကတွေဝေနေလို့၊ နင့်မြွေပွေးကြီးကိုက် ပါစေ၊ ကျားဆိုးကြီးကိုက်ပါစေလို့ဆို လိုက်သော်လည်း၊ “မိဘမှန်မှာ၊ သက်ဆုံးတိုင်ပဲ၊ ပစ်နိုင်ခဲ၏၊ ဝမ်းထဲရှုပ်ထွေး၊ စိတ်မအေး၍၊ မြွေပွေးကြီးကိုက်၊ ကျားကြီးကိုက်ဟု၊ ကျိန်ကြိုက်လေအား၊ ဆဲဆိုငြားလည်း၊ စိတ်ထားမညှု၊ သန့်ရှင်းဖြူ၏”. . .

နှုတ်ကနင့်မြွေပွေးကိုက်ပါစေ၊ ကျားဆိုးကိုက်ပါစေလို့ဆိုလိုက်ပေမယ့် လို့ စိတ်ထဲကမကိုက်စေချင်တာအမှန်၊ ရန်အန္တရာယ်မဖြစ်စေလိုတာအမှန်. တဲ့၊ မိဘတွေရဲ့မေတ္တာက အဲဒီလိုဦးမြသန်းနော်၊ မှန်လှပါဘုရား။ ရှေးတုန်းက ကလေး လေးတစ်ယောက် တောထဲသွားမယ်ဆိုလို့၊ သူကတောထဲလိုက်မယ်ဆိုလို့ သူ့အမေ ကတားတယ်၊ “သားရယ်. . . မသွားပါနဲ့၊ တောထဲသွားတယ်ဆိုတာ၊ အန္တရာယ် များပါတယ်၊ သစ်ပင်တက် ဘာတက်နဲ့” သူကလည်းပဲ သူ့သူငယ်ချင်း ကလေးတွေ နဲ့ဆိုတော့သွားချင်တယ်၊“အိုဗျာ သွားမှာပဲ” မသွားပါနဲ့ သားရယ်. . . တားတယ်၊ “သွားမှာပဲဗျာ၊ သွားမှာပဲဗျာနဲ့” တားလို့မရဘူး၊ ထွက်သွားတယ်၊ ဇွတ်ထွက်သွား တော့ အမေလုပ်သူက “ကိုင်းဒီလောက်တောင်ပြောလို့မရတဲ့ သားမိုက် နင့်တောထဲ ရောက်ရင်တော့ တောကျွဲမကြီးလိုက်ပါစေဟယ်. . . လို့” ကျိန်ဆဲလိုက်တယ်၊ အဲဒါ တောထဲကလေးရောက်သွားတော့ အဟုတ်ကို တောထဲကျတော့ တောကျွဲမကြီးနဲ့ တွေ့တော့တာပဲ၊ တောကျွဲမကြီးနဲ့တွေ့တော့၊ တောကျွဲမကြီးက ခတ်မလို့မော့ပြီး တော့ တဖြည်းဖြည်းနဲ့လာတယ်၊ လာတော့ သူလည်းလူစုကွဲပြီးတော့ ပြေးမိပြေးရာ ပြေးတော့ သူ့နောက်ကျွဲမကြီးကလိုက်လာတော့ အမေ့ရဲ့ကျိန်စာနည်းနည်းတော့ ထိပုံရတယ်၊ ဦးမြသန်းနော်။ မှန်လှ ပါဘုရား။ ဒီပြင်ကလေးတွေနောက်မလိုက်ဘူး၊ သူ့နောက်လိုက်လာတော့ သူလည်း ပြေးရင်းလွှားရင်းနဲ့ ဘယ်မှခိုစရာ ပုန်းစရာ လည်းမရှိတော့ သူအမိဌာန်ပြုရှာတယ်. . .၊

http://www.dhammadownload.com



*** မယံ မေ မာတာ ဝါစာယ ဘာသတိ။**

မေ-ငါ၏၊ မာတာ-မွေးသမိခင် ကျေးဇူးရှင်သည်၊ ယံ-အကြင်စကားကို၊ ယံ-ပြောလို့မရတဲ့သားမိုက်ကို၊တောထဲကျတော့တောကျွဲမကြီးလိုက်ပါစေလို့ ဆိုတဲ့ အကြင်စကားကို၊ ဘာသတိ-ပြောဆိုလိုက်၏၊ တံ မာဟောတု။ တံ-ထိုပြော ဆိုလိုက်တဲ့စကားသည်၊ မာဟောတု-ပြောတိုင်းမသွေ မဖြစ်ပါစေနဲ့၊ ယံ မေ မာတုယာ မနော ဟောတု၊ သောယေဝ ဟောတု. . .။ မေ-ငါ၏၊ မာတုယာ-မွေးသမိခင်ကျေးဇူးရှင်၏၊ မနော-စိတ်သည်၊ မနော-ပါးစပ်ကငါ့ကို ပြောမရလို့ တောကျွဲမကြီးလိုက်ပါစေ. . . လို့ ပြောလိုက်သော်လည်းပဲ၊ စိတ်ထဲက မလိုက်စေ လိုတာအမှန်၊ ငါ့အန္တရာယ် မကျရောက်စေလိုတာအမှန်တဲ့ ဖြူစင်တဲ့မေတ္တာ၊ ဖြူစင်တဲ့ မနောစာတ်သည်၊ ဟောတိ-ဖြစ်၏။ သောယေဝ-ထိုမနော သဘော သည်သာလျှင်၊ စိတ်သဘောထဲရှိတဲ့ အတိုင်းသည်သာလျှင်၊ ဟောတု- ဖြစ်ပါ စေ. . . လို့ ကလေးကပြေးရင်း လွှားရင်းနဲ့ "ငါ့အမေနှုတ်ကပြောလိုက်တဲ့ အတိုင်း မဖြစ်ပါစေနဲ့၊ စိတ်ထဲကကြံစည်တဲ့အတိုင်းဖြစ်ပါစေ. . . လို့" သစ္စာပြု လိုက်တယ် ဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား။ ဒီလို သစ္စာပြုလိုက်တယ်ဆိုရင်ပဲ၊ တောကျွဲမ ကြီးဟာ တစ်စုံတစ်ခုနဲ့ ကြိုးနဲ့တုပ်နှောင်ပြီးတော့ ထားလိုက်သလိုပဲတဲ့၊ တခါတည်း တုံ့ကနဲရပ်သွားပြီးတော့ မလိုက်တော့ပဲနဲ့ ရှောင်လွှဲသွား တယ်၊ ဒါသစ္စာ တန်ခိုးသတ္တိ ဦးမြသန်းနော်၊ မှန်လှပါဘုရား။

မိဘရဲ့မေတ္တာရုပ်သိမ်းပြီဆိုရင်လည်း သားသမီးတွေမှာ ထိခိုက်တတ်တယ် ဦးမြသန်းနော်၊ ထိခိုက်တတ်ကြောင်းပါဘုရား၊ မိဘတွေမေတ္တာပျက်အောင် မလုပ် ရဘူး မိဘမေတ္တာရုပ်သိမ်းတယ်၊ မိဘတွေရဲ့မေတ္တာအားနည်းသွားတယ်၊ ဆရာ သမားတွေရဲ့မေတ္တာ တပည့်တွေအပေါ်မှာရုပ်သိမ်းသွားတယ်၊ အားနည်းသွား တယ်. . . လို့ဆိုရင် အဲဒီတပည့်တွေကြီးပွါးသင့် သလောက် မကြီးပွား၊ အဲဒီ သား သမီးတွေကြီးပွားသင့်သလောက်မကြီးပွား၊ တိုးတက်သင့်သလောက် မတိုးတက် တတ်ပါ၊ မိဘတို့ရဲ့မေတ္တာအားပျက်အောင် မလုပ်ရဘူးနော်၊ မှန်လှပါဘုရား၊ အင်မ တန်ထိခိုက်တတ်တယ်၊ အဲ ထိခိုက်ပြန်တော့လည်းပဲ၊ ခုနကပြောသလို သစ္စာဆို ပြီးတော့၊ ကလေးလေးက သစ္စာဆို လိုက်တာပဲ၊ အမှန်ကတော့၊ "ငါ့အမေနှုတ် ကပြောလိုက်တဲ့အတိုင်း မဖြစ်ပါစေနဲ့ဗျာ၊ စိတ်ထဲကကြံတဲ့အတိုင်း ဖြစ်ပါစေ သား. . . လို့" သစ္စာပြုလိုက်သည်နှင့်တပြိုင်နက်၊ သစ္စာရဲ့အားရသည့် အားလျော်

* ယံ မမ မာတာ မုခေန ကထေသိ၊ တံ မာ ဟောတု၊ ယံ စိတ္တေန စိန္တေသိ၊ တံ ဟောတု။ အဘိ-၄၊ ၁၊ ၁၄၃။

http://www.dhammadownload.com



စွာ၊ ဟော-တောကျွဲမကြီး တို့ကနဲ ရုပ်သွားတယ်၊ သစ္စာအားဆိုတာ လောကမှာ ရှိတယ် ဦးမြသန်း။ ယုံရဲ့လား?၊ ယုံပါဘုရား၊ မြတ်စွာဘုရား ကိုယ်တော်တိုင် ဝဋ္ဋသုတ်မှာ- အတ္ထိလောကေ သီလဂုဏော၊ သစ္စံသောစေယျ နုဒ္ဒယာ၊ လောကမှာသီလရဲ့ အား၊ သစ္စာရဲ့အား၊ စင်ကြယ်အောင် ကျင့်ကြံကြိုး ကုတ်အားထုတ်နေမှုရဲ့ အားတွေ လောကမှာ အမှန်ရှိတယ်လို့ ဘုရားရှင်ကိုယ် တော်တိုင် ဟောထား တယ်ဦးမြသန်းနော်၊ မှန်လှပါဘုရား။

ဘုန်းကြီးတို့ အမှတ် (၈) မော်တော်ယာဉ် ဒကာ ဒကာမတွေ၊ အမှုဆောင် လူကြီးတွေ၊ အသင်းလူကြီးတွေ လုပ်နေကြတဲ့သူတွေ၊ လူပေါင်းစုံနဲ့ ဆက်ဆံနေ ကြတာဖြစ်တော့၊ အခုအားလုံးတရားနာကြွရောက်လာကြတဲ့ ဒကာ ဒကာမ တွေမှာလည်းပဲ၊ အကြောင်းအားလျော်စွာ ကိုယ့်နေရာ ကိုယ့်ဒေသ ကိုယ့်ဌာန၊ လူကြီးရယ်လို့လုပ်နေကြရပြီဆိုရင်၊ ဒီသစ္စာအားတို့ မေတ္တာအားတို့၊ ခန္တီအားတို့ကို၊ အားကိုးရတယ် ဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား၊ လောကမှာ သတ္တိ သတ္တိလို့ ဆိုတာ၊ တစ်ခါထဲရိုက်ရဲ နှက်ရဲ၊ ထိုးရဲ ခုတ်ရဲတာကို၊ သတ္တိအစစ် မခေါ်ဘူး၊ မခေါ် ကြောင်းပါဘုရား။ အမှန်က သတ္တိအစစ်ဆိုတာ၊ ခန္တီသည်းခံ နိုင်ရတယ်၊ အခုမော်တော်ယာဉ်အသင်းဆိုပါတော့၊ ကိုယ့်လက် အောက်ငယ်သားတွေအမျိုး မျိုးနဲ့ပေါင်းသင်းနေရတာဖြစ်တော့ အကောင်းပြော တာလည်း ရှိမယ်၊ အဆိုးပြော တာလည်းရှိမယ်၊ အဲဒီ ရှိတာတွေကို ပြောသမျှ ဆိုသမျှတွေကြားလျက် မကြားချင် ယောင်ဆောင် သည်းခံရတယ်၊ မြင်ပါလျက် မမြင်ချင်ယောင်ဆောင် သည်းခံရ တယ်၊ တွေ့နေပါလျက် မတွေ့ယောင်ဆောင် သည်းခံရတယ်၊

ကိုယ့်ကိုအပြစ်ပြောနေသည့်တိုင်အောင် မကြားချင်ယောင်ဆောင် သည်းခံတဲ့ခန္တီအား။ အဲဒါသတ္တိခေါ်တာ၊ မေတ္တာမပျက်ရဘူး ခေါင်းဆောင်ပိုင်း ပုဂ္ဂိုလ်တွေက မေတ္တာအား၊ အဲဒီ ခန္တီနဲ့မေတ္တာ နှစ်ပါးကိုလက်ကိုင်ထားပြီးတော့ မှ မိမိပြုလုပ်နေတဲ့အလုပ်တွေမှန်သမျှ ဖြောင့်မှန်စွာလုပ်နေပါတယ်၊ ဤဖြောင့် မှန်သောသစ္စာစကားကြောင့် ကျွန်ုပ်အပေါ်မှာဖြစ်ပေါ်နေတဲ့၊ ကျွန်ုပ်ကိုမုန်းတီးနေ တဲ့ ကျွန်ုပ်ကိုအထင်လွဲနေတဲ့၊ ကျွန်ုပ်အပေါ်မှာ မလိုတမာပြောနေတဲ့ ပုဂ္ဂိုလ်တွေ ရှားပါစေ ၊ ရှောင်ပါစေ၊ ပြေပျောက်ပါစေ. . . လို့၊ သစ္စာများပြုကြည့် ဦးမြသန်း၊ အဲဒါ ခန္တီရယ် မေတ္တာရယ် သစ္စာရယ်ဆိုတဲ့ ဒီသုံးခုလက်ကိုင်ထားရတယ်၊ ထားနိုင် ရတယ်၊ အဲဒါမှ သတ္တိစစ်လို့ခေါ်တယ်၊ ဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား။

http://www.dhammadownload.com



ဒီတော့ ခန္တီဟာ အကောင်းဆုံး၊ ဒါကြောင့်မြတ်စွာဘုရားက "ခန္တီပရမံ နဝိဇ္ဇတိ။ ခန္တီ-သည်းခံခြင်းတရားထက်၊ ပရမံ-လွန်သော တရားသည်၊ နဝိဇ္ဇတိ-မရှိသည်သာလျှင်တည်း. . . တဲ့။ သည်းခံခြင်းထက် လွန်တဲ့တရား မြတ်တဲ့ တရားမရှိဘူး၊ မဂ်ဖိုလ်နိဗ္ဗာန်ရဘို့တရားအားထုတ်တဲ့နေရာလည်းပဲ သည်းခံခြင်း ဆိုတဲ့တရား ပါရတယ် ဦးမြသန်းရဲ့၊ ပါရပါဘုရား။ ညောင်းလိုက်တာ၊ ကျင်လိုက် တာ၊ ကိုက်လိုက်တာဆိုတာတွေ၊ ဒါတွေ သည်းမခံနိုင်ဘူး၊ အိပ်ချင်လိုက် တာ ဆိုတာတွေ သည်းမခံနိုင်ဘူး၊ တောထဲသွား နေရမှာတွေ သည်းမခံနိုင်ဘူး၊ ရိပ်သာ သွားရမှာ သည်းမခံနိုင်ဘူးဆိုတဲ့ သည်းမခံနိုင်မှုရှိရင် မဂ်ဖိုလ်နိဗ္ဗာန်ရ နိုင်ပါအုန်း မလား? မရပါဘုရား။ ဒါကြောင့် ဘုရားက ခန္တီ ပရမံ နဝိဇ္ဇတိ-သည်းခံခြင်း သည် အမြတ်ဆုံးတရား. . . သည်းခံခြင်းသည် မဂ်ဖိုလ်နိဗ္ဗာန်ရ ကြောင်းအ ကောင်းမြတ်ဆုံးတရားလို့ ဟောတော်မူတာ။

ဒီတော့-မဂ်ဖိုလ်နိဗ္ဗာန်ရရေးသည်းခံတာ အကောင်းဆုံးတရားပဲ။ နေရာ တိုင်းမှာလည်းပဲ သည်းခံနိုင်တဲ့အားဟာသတ္တိပဲ ဦးမြသန်း အကောင်းဆုံးနော်၊ အကောင်းဆုံးပါဘုရား။ ဒီတော့ ဦးမြသန်း သည်းခံနိုင်ပါ့မလား? သည်းခံနိုင် ပါဘုရား။ ရှေးက ဒကာကြီးတစ်ယောက်သည်းခံရင်ကောင်းတယ်ဆိုတဲ့တရား၊ တရားဟောတဲ့ဘုန်းကြီးကဟောတာနဲ့ သူကအားကျပြီးတော့ ကျောင်း ဒကာကြီးအားရဝမ်းသာနဲ့၊ ဒီကရှေ့တော့ ငါသည်းခံတော့မယ်ဆိုပြီးတော့၊ သည်း ခံတာ အသာရိုးရိုးမနေဘူး၊ သူကအိမ်ဆိုင်းဘုတ်ဆွဲလိုက်သေးတယ်၊ "သည်းခံလျှင် နိဗ္ဗာန်မြန်မြန်ရောက်သည်" ဆိုင်းဘုတ်ဆွဲထားတယ်၊ သည်းခံတယ်ပေါ့လေ. . . သူက၊ ဒါနဲ့ဘေးက အခုလို တန်ဆောင်မုန်းလတို့ ဘာတို့ ကျတော့ နောက်တောက် တောက်ကောင်တွေကပေါ့၊ အိမ်ဝုန်းကနဲ ခဲနဲ့ပေါက်၊ တော်ကြာ အောက်ကနေ သံသေးသံကြောင်နဲ့အော်ကြ၊ "ကျောင်းဒကာကြီးဗျို့ ခင်ဗျားသမီး ဘယ့်နယ့် ဘာ ညာနဲ့" အောက်ကအော်ကြ၊ သူ့ စ,ပါများလာတော့ ခံရတာနည်းနည်း ခက်လာ တယ်၊ အခံခက်လာ၊ သည်းခံလျှင် နိဗ္ဗာန်ရောက်သည် ဆိုတဲ့ဆိုင်းဘုတ်ကလည်း ဆွဲထားတော့ သူဘာမှမလုပ်နိုင်ဘူး သိုက်ပြီးတော့၊ အဲဒီလိုနဲ့ အောင့်ပြီးသည်းခံ နေရာက၊ စ,ပါများ၊ ဟိုက- ခလုပ်တိုက်ပါများ၊ ဒီက ခလုပ်တိုက်ပါ များတော့ ဆိုင်းဘုတ်ကြီးချပြီးတော့ပြင်သတဲ့၊ "သည်းခံလျှင် နိဗ္ဗာန်မြန်မြန် ရောက်သည်၊ သို့သော်-ခံသင့်မှခံမည်" ဦးမြသန်း အဲလိုများပြောင်းနေ အုန်းမှာလား တော်ကြာ? မပြောင်းပါဘုရား။

http://www.dhammadownload.com



အဲဒီလို ခန္တီအား မေတ္တာအား သစ္စာအားဆိုတဲ့ အဲဒီအားတွေထဲမှာ ခုနက ကလေး ဘာမှမဖြစ်လောက်တဲ့ မသိတတ်တဲ့ကလေးရဲ့ သစ္စာအားသည်ပင် လျှင်. . .၊ ငါ့ အမေနှုတ်က ပြောလိုက်တဲ့အတိုင်း မဖြစ်ပါစေနဲ့၊ စိတ်ထဲက ကြံစည်တဲ့အတိုင်းဖြစ်ပါစေ. . . လို့ သစ္စာပြုလိုက်တာ ဟော-တောကျွဲမကြီး ရပ်သွားတယ်၊ ဦးမြသန်းနော်၊ မှန်လှပါဘုရား၊ ခုနက ကလေးသစ္စာပြုလိုက်တာ၊ တောကျွဲမကြီးတုန့်ပြီးတော့သွားသည့်အထိ၊ သစ္စာရဲ့အစွမ်းသတ္တိရှိခဲ့သည်။ အဲဒီ့မှာ - မိဘတွေရဲ့မေတ္တာ သားသမီးအပေါ်မှာ၊ မှန်ကန်တဲ့မေတ္တာသရုပ် ပေါ်တာ၊ အင်မတန်ခိုင်မြဲပါတယ်. . . ကဲ့။ "တောင်းဆိုး ပလုံးဆိုးသာပစ်ရိုးရှိတယ် သားဆိုး သမီးဆိုးပစ်ရိုးမရှိပါ" ဇနီးမောင်နှံအချင်းချင်းချစ်ကြတဲ့ မေတ္တာကျတော့ ဒီလိုမခိုင်ဘူးတဲ့ ဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား။ ခုနကပြောခဲ့သလိုပဲ၊ မြေဆိုင်ခဲကြီးလိုပဲ၊ ကြီးတာတော့မှန်တယ်၊ (၁၅၀၀) ကြီးတာတော့ မှန်တယ်၊ သို့သော်. အဲဒီမြေဆိုင်ခဲကြီးသည် ခဏလေးဆန့်ကျင်ဘက်နဲ့တွေ့ရင် ပျက်ပြုန်းသွားသလို၊ ပြောက်ပျက်သွားသလို၊ ကြာကြာမခံဘူး. . . တဲ့၊ ပျောက်တတ်တယ်၊ ပျက်တတ်တယ်၊ နည်းနည်းလေးအကြောင်းမညီညွတ်ပြီ ဆိုမှဖြင့်တခါတည်း သူကဆင်း ငါကဆင်းနဲ့ မဖြစ်ကြဘူးလားဦးမြသန်း၊ ဖြစ်ကြပါဘုရား။

ရှေးက ဇနီးမောင်နှံနှစ်ယောက်ရှိတယ်၊ ခဏခဏကတောက်ကဆဖြစ်၊ ကတောက်ကဆဖြစ်ပြီဆိုရင် ယောကျ်ားကဆင်းဆင်းသွားတယ်၊ တော်တော်ကြာတော့ (၇)ရက်လောက်ကြာပြီဆိုတော့ပြန်ပို့မယ့်သူမျှော်တယ်၊ ယောကျ်ားက၊ အဲဒါပြန်ပို့လိုက်ကြပြန် တည့်သွားကြပြန်၊ တော်ကြာ ကတောက်ကဆဖြစ်ကြပြန်၊ ယောကျ်ားကဆင်းဆင်းသွားတယ်၊ နောက်သုံးကြိမ်လောက် ဒီလိုပဲရန်ဖြစ်ပြီးတော့ နောက်ဆုံးလေးကြိမ်မြောက် ရန်ဖြစ်ကြပြန်တော့ "ကိုင်းသွားမယ်ငါ မနေဘူး" ဆိုပြီးတော့ယောကျ်ားကသွားမလို့၊ ဒီတော့ မိန်းမကလည်း "ကွဲတော်မူ ကွဲတော်မူ၊ မြန်မြန်ကွဲ" ဒီတော့ယောကျ်ားလုပ်တဲ့သူက ဟိုနားယောင်ယောင် ဒီနားယောင်ယောင်နဲ့ ရတ်တရက်မသွားသေးဘူးတဲ့၊ မသွားသေး တော့မိန်းမ လုပ်တဲ့သူက "သွားပါ သွားပါ သွားမှာဖြင့်မြန်မြန်သွားပါ၊ မျက်နှာကိုကြည့် မနေချင်ပါဘူး" လို့ဆိုတော့။ "အောင်မှာသွားမှာ သွားမှာ၊ ငါကပြန်လာတဲ့အချိန်မှာ နဂါးလှည့်သင့်လား မသင့်လား တွက်နေလို့"ဆိုသတဲ့၊ သူကပြန်လာနေကျကိုဗျ၊ ဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား၊ ဒီတော့ပြန်လာတဲ့ အချိန်နဂါးလှည့်သင့်လား မသင့်လားတွက်နေရတာ၊ သွားတော့သွားမှာ။

http://www.dhammadownload.com



အဲဒါလိုပဲ မခိုင်မြဲတဲ့မေတ္တာ၊ အဲဒီမေတ္တာရဲ့အထဲမှာ၊ (၁၅၀၀) ကိလေသာမေတ္တာထဲမှာ (၅၂၈) အတွင်းခံနိုင်မှခိုင်မြဲကြတယ်. . . တဲ့၊ ဇနီးမောင်နှံအချင်းချင်းလည်းပဲ (၅၂၈) သွယ်မေတ္တာအတွင်းခံရတယ်၊ ဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား၊ ဩော်. . . မိမိနဲ့လာပြီးတော့ ဒီဘဝလာပြီးတော့ဆုံကြတယ်ဆိုတာ၊ ချမှုးသောရေစက်၊ ပန္နက်ဖူးသောသစ္စာ ရှေးအတိတ်ကအကြောင်းကောင်းမှု ပါရမီ အတူအညီပြုခဲ့ဖူးလို့လာပြီးတော့ဆုံရတယ်. . . လို့ သူ့အနွံတာကိုယ်ခံ ကိုယ့် အနွံတာသူခံ၊ ဒီလိုဆိုတော့ (၅၂၈) သွယ်မေတ္တာပါလာတယ်၊ ဒီလိုမဟုတ်ရင် မခိုင်ဘူးတဲ့နော်၊ မှန်လှပါဘုရား၊ ဒီတော့ပြန်တွေ့ကြတယ်ဆိုတာတွေဟာ တွေ့ကြဆုံကြတယ်ဆိုတာတွေဟာ၊ ရှေးအတိတ် ကြောင်းမကင်းဘူး၊ ဘုန်းကြီးတို့ဘုရားအလောင်း (၅၅၀) ဇာတ်တော်တွေမှာ ပြန်ကြည့်ပြီဆိုမှဖြင့်၊ ဘုရားအလောင်းတော်နဲ့ ယသော်ဓရာအလောင်းတို့၊ အရှင်သာရိပုတ္တရာအလောင်းနဲ့ ခေမာထေရီအလောင်းတို့ ပါရမီဖြည့်ဖက်တွေ ထပ်တလဲလဲ၊ ထပ်တလဲလဲပြန်ပြန်ပြီးတော့ တွေ့ကြဆုံကြတယ်၊ ဒါကြောင့် ယခုဘဝမှာလာပြီး တော့ဆုံကြတယ်၊ ကြုံကြတယ်၊ ပေါင်းကြတယ်၊ သင်းကြတယ်ဆိုတာ၊ ရှေးအတိတ်ကြောင်းမကင်းဘူး၊ များသောအားဖြင့်၊ မကင်းဘူးနော် ဦးမြသန်းရဲ့၊ မှန်လှပါဘုရား၊ အဲဒီလို စဉ်းစားပြီးသကာလ၊ အတွင်းက ငါးရာနှစ်ဆယ့်ရှစ်သွယ် မေတ္တာခံထားမှမြဲတယ်. . . တဲ့၊ ဒီလိုမဟုတ်ရင် မခိုင်မြဲဘူး။ ဒီတော့ ဘာပဲပြောပြော အများစုအားဖြင့် ခုနက ဇနီးမောင်နှံ အချင်းချင်းချစ်ကြတဲ့မေတ္တာ၊ သားသမီးနဲ့ မိဘချစ်ကြတဲ့ မေတ္တာ၊ ဆရာတပည့် ချစ်ကြပါတယ်ဆိုတဲ့ မေတ္တာ၊ ဆွေမျိုးမိတ်ဆွေ သင်္ဂဟ အချင်းချင်းချစ်ကြ ပါတယ်ဆိုတဲ့မေတ္တာတွေထဲမှာ၊ သားသမီးနဲ့မိဘချစ်တဲ့ အချစ်သည်၊ အခိုင်ဆုံး အမြဲဆုံး၊ အစွဲဆုံး၊ အသန်ဆုံး၊ အဲဒီ ထဲမှာမှ-သားသမီးက မိဘပေါ် ချစ်တဲ့အချစ်သည် မသေချာသေးဘူး၊ မိဘက သားသမီးအပေါ်မှာ ချစ်တဲ့အချစ်သည်သာလျှင်၊ ပိုမို၍ တိကျတယ်၊ ပိုမို၍ ခိုင်မြဲတယ်၊ ပိုမို၍ သန်မာတယ်၊ ဒီလိုဆိုရမယ်နော်၊ မှန်လှပါဘုရား၊ ဒါပေမယ်လို့ အဲဒီသားသမီး အပေါ်မှာ မိဘတို့က ချစ်တယ်ဆိုတဲ့ အင်မတန်ခိုင်မြဲပါ တယ်ဆိုတဲ့ အချစ်သည် ပင်. . . ချစ်ခွင့်သာတုန်းသာ ချစ်နိုင်ကြသည်၊ မြတ်နိုးခွင့် သာတုန်းသာ မြတ်နိုးနိုင်ကြသည်၊ ကြင်နာခွင့်သာတုန်းသာ ကြင်နာနိုင်ကြသည်၊ အမှန်စင်စစ် ကိုယ့်ကိုယ်ကိုထက်တော့ ဘယ်သူ့ကိုမှ ပိုမချစ်နိုင်. . . တဲ့၊ ပိုမချစ်နိုင်ဘူး၊ ဘာပြုလို့တုန်းလို့ဆို တော့-

http://www.dhammadownload.com



"ကိုယ် မချိတော့ အမိသော်လည်း သားတော် ခဲသည်" ဘယ်လောက်ပဲ သားသမီးအပေါ်မှာ ချစ်ပါတယ်ဆိုတဲ့ မိဘ ပင်လျှင်၊ ကိုယ်မချိ တော့ သားသမီးကို မချစ်နိုင်တော့ဘူး၊ ဦးမြသန်းနော်၊ မှန်လှပါဘုရား၊ "ကမ္ဘာမီးလောင်တော့ သားကောင်ချနင်း" တဲ့ ကမ္ဘာပျက်ခါနီးပြီဆိုတော့၊ နေတွေတစင်းကနေ နှစ်စင်းထွက်လာပြီဆိုတော့၊ မြေကြီးတွေပူလာတော့ မိခင်လုပ်တဲ့သူက သားလေးပိုက်ပြီးတော့ ပြေးရင်းလွှားရင်း သူ့အပူဒဏ် မခံနိုင်ရှာတော့ သားကလေးကို မြေကြီးပေါ် ချပြီးတော့ နင်းရတယ်၊ဟော-ဒီတော့ ကိုယ့်ထက် ပိုပြီးတော့ သားသမီးကိုမချစ်နိုင်ဘူး၊ ရှေးတုန်းက လှည်းကုန်သည်ကြီးတွေ သဲကန္တာရကြီးထဲဖြတ်သွား. . . တော့ အမျိုးသမီးတစ်ယောက်၊ အဲဒီလှည်းကုန် သည် တွေနဲ့ ကလေးငယ်လေးပိုက်ပြီးတော့ သဲကန္တာရကြီးထဲ ဟိုဘက် ဒီဘက်ဖြတ်ဘို့ရာလိုက်သွား။

လှည်းတွေဆိုတာ ညညမှမောင်းရတယ်-နေ့ဆိုလို့ရှိရင် စခန်းချချပြီးတော့နားနေရတယ်၊ သဲကန္တာရကြီးတွေထဲဆိုတာ၊ အဲဒါ အဲဒီအမျိုးသမီးက သားငယ်လေးကိုရင်မှာပိုက်ပြီးတော့ ဈေးတောင်းကလေးနဲ့ လှည်းကုန်သည် တွေနဲ့ လိုက်သွားပါမှ လှည်းကုန်သည်တွေထွက်သွားတာ မသိလိုက် ပြီးတော့ ကျန်နေရစ်ခဲ့လို့ သဲကန္တာရကြီးထဲမှာ တစ်ယောက်တည်းကွဲပြီးကျန်နေရစ်ခဲ့တယ်၊ အဲဒါ နောက်တရက်မနက်နေထွက်လာတော့ နေကတဖြည်းဖြည်းနဲ့ပူပူ ပူပူပြီး တော့လာ၊ လာတော့တခါတည်း အပေါ်ကဈေးတောင်းကလေး အောက်ချပြီးတော့ သဲကန္တာရကြီးထဲမှာ သစ်ပင်ရိပ်ကခိုစရာလုံးလုံးမရှိတော့၊ ခေါင်းပေါ်မှာရွက်လာတဲ့ ဈေးတောင်းကလေးအောက်ချပြီးတော့ အဲဒီပေါ်မှာ ရပ်နေ၊ တော်တော်ကြာတော့ တဖြည်းဖြည်းနဲ့နေကပူလာပြန်တော့ ခေါင်းခုလုပ်ထားတဲ့ အဝတ်ကလေး အဲဒီတောင်းပေါ်မှာ ထပ်ပြီးတော့ချ ရပ်နေ၊ တဖြည်း ဖြည်းနေ ပူလာလေ၊ သဲကန္တာရရဲ့အရှိန်တွေ ဟတ်ပြီးတော့ သဲတွေပူလာလေလေဆိုတော့ မနေနိုင်လွန်းတဲ့အခါကျတော့ ရင်ခွင်ထဲမှာ ချစ်လှပါတယ်ဆိုတဲ့ သားကလေးကို အလျှားမှောက်ပြီးသကာလ တောင်းရဲ့အပေါ် အဝတ်ရဲ့ အပေါ်မှာ၊ အလျှား မှောက်ပြီးတော့ သားလေးရဲ့အပေါ်မှာစုံမတ်တတ်တက်ပြီးတော့ ရပ်ရတယ်. . . တဲ့၊ "ကမ္ဘာမီးလောင် သားကောင်ချနင်းပေါ့" ကိုယ့်ကိုယ်ကို ထက်တော့ သူများပိုမချစ်နိုင်ဘူး၊

ဒါကြောင့် ချစ်ခွင့်သာတုန်းသာ ချစ်နိုင်ကြသည်၊ မြတ်နိုးခွင့်သာတုန်းသာ မြတ်နိုးနိုင်ကြသည်၊ တကယ့်အရေး တကယ့်ဘေး. . . လို့ဆိုတော့ ကိုယ့်

http://www.dhammadownload.com



ကိုယ်ကိုထက် ဘယ်သူ့ကိုမှပိုမချစ်နိုင်ပါ. . . လို့ဆိုတာ မသေချာဘူးလား ဦးမြသန်းရဲ့၊ သေချာပါဘုရား။ ဒါကြောင့် အတ္တသမံပေမံနတ္ထိ၊ အတ္တသမံ- မိမိကိုယ်နှင့်တူသော၊ ပေမံနာမ-ချစ်အပ်သောသူ တစ်စုံတစ်ယောက်သောသူ သည်၊ နတ္ထိ-မရှိရိုးကေန် အမှန်သာလျှင်တည်း. . . လို့ ဘုရားရှင်ကဟောတော် မူတာ မသေချာဘူးလား? သေချာပါဘုရား။ ဒီတော့ ယနေ့အားလုံးသော သပ္ပုရိသန္ဓယ်ဝင် သူတော်စင် ဒကာ ဒကာမတွေ. . . ကိုယ့်ကိုယ်ကိုသာလျှင် အချစ်ဆုံးလို့ နားလည်လိုက်ကြပါ၊ ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုတော့ ဘာလုပ်ရ မှာတုန်း. . .

အတ္တာနံ-ဘဝဖန်ခါ, သံသရာက, ငါဟုစွဲဆို,မိမိကိုယ်ကို၊ ပိယံ- အရင်းစစ်လျှင်, ပြစ်မတင်ဘဲ, နှစ်စဉ်မမုန်း, အချစ်ခင်ဆုံးဟူ၍၊ စေဇညာ- အရာအရာ, အခါခါဝယ်, စာနာထောက်ထား, အကယ်၍နားလည်ငြားအံ့၊ ဇဝံသတိ-ကိုယ့်. . . ကိုသာလျှင်, အခင်မင်ဆုံး,အချစ်ဆုံးဟု, လုံးလုံးခွဲခြား, ဤကဲ့ သို့နားလည်ထားသည်ရှိသော်၊ နံ အတ္တာနံ-ခုလည်းကိုယ့်ကိုယ်, နောင်ကိုယ့် ကိုယ်ဟု, သို့ကလိုသိရှိ, ထိုမိမိကို၊ သုရက္ခိတံ-တရားကြောင်းရာ, မစောင်းပါပဲ, ကောင်းစွာမပြတ်, စောင့်ရှောက်အပ်သည်မည်လောက်အောင်၊ ရက္ခေယျ-သတိ တရား, လက်ကိုင်ထား၍, မမှားပုံသေ, စောင့်ရှောက်လေရာ၏. . . တဲ့။ ကိုယ့် ကိုယ်ကို အချစ်ဆုံးလို့ဆိုရင် ဘာလုပ်ရမလဲတဲ့ ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုရင် အချစ်ဆုံး ဖြစ်တဲ့ ကိုယ့်ကိုယ်ရဲ့ အကျိုးရှိမယ့်၊ စီးပွားရှိမယ့်၊ အလုပ်တွေကိုကြိုး စားပြီးတော့ လုပ်ရတယ်. . . ကိုယ့်ကိုယ်ကို စောင့်ရှောက်ရတယ်. . . တဲ့။

ဒီတော့ အချစ်ဆုံးဖြစ်တဲ့ ကိုယ့်ကိုယ်ကို စောင့်ရှောက်ရာရောက် အောင် ဘုရားရှင်ရဲ့ဒေသနာတော်တွေ မြောက်များစွာရှိတဲ့အနက်က ဒီနေ့ တမော တမ သုတ်တော်ကို ပြောရမှာဖြစ်လေသောကြောင့်၊ ယနေ့ အားလုံးသောတရားနာပ ရိသတ်အပေါင်းသူတော်ကောင်းတို့သည်၊ ကိုယ့်ကိုယ်ကို အချစ်ဆုံး လို့လက်ခံ ခဲ့ရင်. . . သဘာဝမေ့တွေနဲ့ အမျိုးမျိုးစစ်တမ်းထုတ်ကြည့်လိုက်လို့ ကိုယ့်ကိုယ်ကို အချစ်ဆုံးလို့နားလည် နိုင်ခဲ့ရင်"**အချစ်ဆုံးဖြစ်တဲ့ကိုယ့် ကိုယ်ကလေး ကို အလင်းရွာထဲရောက်အောင်ကြိုးစားပါ. . . တဲ့** " ကိုယ့်ကိုယ် ကိုအချစ်ဆုံး လို့နား လည်ရင်ဖြင့်၊ အချစ်ဆုံးဖြစ်တဲ့ကိုယ့်ကိုယ်ကလေး အကျိုးရှိအောင်၊ အလင်းရွာထဲ ရောက်အောင်ကြိုးစားရမယ်. . . လို့၊ ဟော-ဒီလိုတမော တမသုတ်တော်အရ ဘုရားရှင်ရဲ့အဆုံးအမ အကျဉ်းချုပ်စကား ဒီလိုထွက်လာတယ် ဦးမြသန်းနော်၊ မှန်လှပါဘုရား။

http://www.dhammadownload.com



## "လူ (၄) မျိုး"

ကိုင်း ဒီတော့ အလင်းရွာထဲရောက်အောင်ကြိုးစားရမယ်လို့ဆိုတော့၊ အဲဒီ အလင်းရွာထဲရောက်တာနှင့်ပတ်သက်ပြီးတော့ ပုဂ္ဂိုလ်လေးမျိုးလေးစား ဘုရားရှင် ဟောတော်မူသည်၊ အင်္ဂုတ္တရနိကာယ်မှာရော၊ သံယုတ္တနိကာယ်မှာရော-လာတဲ့ တမောတမသုတ်တော်. . . .

စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။

လောကမှာ ပုဂ္ဂိုလ်လေးမျိုးလေးစားရှိကြကုန်သည်၊ ဘယ်လိုပုဂ္ဂိုလ်တွေ တုန်း. . . တမောတမပရာယဏော။ တမော-ယခုအမှောင်ထဲမှာနေသည်ဖြစ်၍၊ တမပရာယဏော-အမှောင်ထဲသို့သွားမယ့်ပုဂ္ဂိုလ် တစ်မျိုး နံပါတ်တစ်။

တမော ဇောတိပရာယဏော။ တမော-ယခုအမှောင်ထဲမှာနေ သည်ဖြစ်၍၊ ဇောတိပရာယဏော-အလင်းရွာထဲသို့ သွားမယ့်ပုဂ္ဂိုလ်တစ်မျိုး။ ဒါနံ ပါတ်နှစ်။ နံပါတ်သုံးက-ဇောတိတမပရာယဏော။ ဇောတိ-အလင်းထဲမှာနေ သည်ဖြစ်၍၊ ယခု အလင်းထဲမှာရောက်နေသည်ဖြစ်၍၊ တမပရာယဏော-အ မှောင်ရွာထဲသို့သွားမယ့်ပုဂ္ဂိုလ် တစ်မျိုး။ နံပါတ်လေးက-ဇောတိ ဇောတိ ပရာ ယဏော။ ဇောတိ-အလင်းရွာထဲမှာ ယခုရောက်နေသည်ဖြစ်၍၊ ဇောတိပရာ ယ ဏော-အလင်းရွာထဲသို့သွားမယ်ပုဂ္ဂိုလ်တစ်မျိုး. . . လို့ ဟောဒီ လိုပုဂ္ဂိုလ် (၄)မျိုး၊ မာတိကာ ထိုးလိုက်တယ် ဦးမြသန်းနော်၊ မှန်လှပါဘုရား။

အကျဉ်းချုပ်ပြန်ပြောရင်၊ ယခု အမိုက်ထဲမှာနေပြီးတော့ နောင်အမိုက် ထဲသို့ရောက်မယ့်ပုဂ္ဂိုလ်တစ်မျိုး၊ ယခုအမိုက်ထဲမှာနေသော်လည်းပဲ၊ နောင် အလင်းသို့ရောက်မယ့်ပုဂ္ဂိုလ်တစ်မျိုး၊ ယခုအလင်းထဲမှာနေသော်လည်းပဲ နောင်အမိုက်ထဲရောက်သွားမယ့် ပုဂ္ဂိုလ်တစ်မျိုး၊ ယခုအလင်းထဲမှာနေပြီး သကာ လ နောင်လည်းအလင်းထဲသို့ သွားမယ့်ပုဂ္ဂိုလ်တစ်မျိုး. . . လို့---ပုဂ္ဂိုလ် လေးမျိုးလေးစား ဘုရားရှင်ထုတ်ပြတယ်။

## "အမိုက်ကနေ အမိုက်ကူးတဲ့သူ"

အဲဒီ လေးမျိုး လေးစားတို့တွင်၊ အမိုက်ထဲကနေပြီးတော့ အမိုက်ထဲ သွားမယ့်ပုဂ္ဂိုလ်ဆိုတာ၊ ဘယ်လိုပုဂ္ဂိုလ်တုန်းလို့ဆိုခဲ့ရင်၊ ယခု-အမိုက်ထဲမှာနေ တယ်ဆိုတာ၊ ဘယ်လိုဟာကိုအမိုက်ထဲနေတာလို့ ခေါ်ပါသလဲလို့မေးခဲ့ရင်၊ အခြင်း အရာကြီးလေးချက်နဲ့ စစ်တမ်းထုတ်ရတယ်၊ အမိုက်ကိုနော်၊ မှန်လှပါဘုရား။ ဘယ်လို အခြင်းအရာလေးချက်တုန်းလို့ဆိုတော့-အမျိုး, စည်းစိမ် ဂုဏ်သိန်, ရုပ်အဆင်း, ကျန်မာခြင်းဆိုတဲ့-အခြင်းအရာလေးမျိုးတို့ဖြင့် မိုက်နေတဲ့ ပုဂ္ဂိုလ်ကို

http://www.dhammadownload.com



အမိုက်ထဲနေတဲ့ ပုဂ္ဂိုလ်တို့ခေါ်ပါသည်။ လူတော့ လူပါပဲတဲ့၊ လူတော့ ဖြစ်လာရှာပါတယ်၊ အမျိုးသားတစ်ယောက်၊ သို့မဟုတ် အမျိုးသမီး တစ်ယောက်၊ လူရယ်လို့ဖြစ်လာသော်လည်းပဲ အမျိုးကညံ့ရှာတယ်. . . တဲ့၊ အမျိုးညံ့ရှာတယ်၊

**ဣဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော နီစေ ကုလေ ပစ္စာဇာတောဟောတိ၊** လောကမှာ အချို့သော အမျိုးသား အမျိုးသမီးသည်. . . လူရယ်လို့ဖြစ်လာပါရဲ့၊ နိမ့်ကျတဲ့အမျိုး အောက်တန်းစား အမျိုးထဲမှာလာပြီးတော့ဖြစ်ရရှာတယ်၊ ဘယ်လိုအမျိုးတွေတုန်း၊ စဏ္ဍာလ ကုလေဝါ-သူတောင်းစားမျိုး၊ ဒွန်းစဏ္ဍားမျိုး၌သော်လည်းကောင်း၊ နေသာဒကုလေဝါ-မုဆိုးမျိုး တံငါမျိုး၌သော် လည်းကောင်း၊ ပုက္ကုသ ကုလေဝါ-ပန်းမိုက်သွန်မျိုး ဘင်ကျုံးသမားမျိုး၌သော် လည်းကောင်း၊ ရထကာရကုလေဝါ-အလုပ်သမား အောက်တန်းစား အမျိုး၌သော်လည်းကောင်း၊ ပစ္စာဇာတော-ဖြစ်ရသည်၊ ဟောတိ-ဖြစ်၏။

လူတော့ လူပါပဲ. . . တဲ့ လူတော့လာဖြစ်ပါရဲ့၊ အမျိုးကညံ့ရှာတယ်၊ သူတောင်းစားမျိုးထဲမှာဖြစ်တယ်၊ ဒွန်းစဏ္ဍားမျိုးထဲမှာဖြစ်တယ်၊ ပန်းမိုက်သွန်မျိုး ဘင်ကျုံးသမားမျိုးထဲမှာဖြစ်ရရှာတယ်၊ ဒီပန်းမိုက်သွန် ဆိုတာ၊ ရှေးတုန်းက ဘုန်းကြီးတို့ အခုခေတ်လို ရေလောင်းအိမ်သာတွေ ဘာတွေခေတ်မီတွေမရှိသေးတဲ့၊ ဟို. . . ရှေးတုန်းက ခေတ်ကမင်းဆွေ မင်းမျိုးတွေ၊ သူဌေးတွေဘာ တွေက မစင်ကျင်ကြီးစွန့်ပြီဆိုလို့ရှိရင်၊ ခွက်တွေနဲ့စွန့်၊ အိုးတွေနဲ့စွန့်ပြီးတော့၊ အဲဒီထဲမှာ အနံ့အသက်တွေနံမှာစိုးလို့ အပေါ်ကအင်မတန်မွှေးကြိုင်တဲ့ ပန်းတွေဖုံးဖုံးထားသတဲ့ ဦးမြသန်းရဲ့၊ အဲဒီ ပန်းတွေဖုံးထားတဲ့အိုးကို သွန်ရတဲ့ သူကို ပန်းမိုက်သွန်မျိုး၊ ပန်းမိုက်သွန်သမား လို့ယဉ်ကျေးအောင်ခေါ်ထားတယ်၊ အဲဒီလိုအောက်တန်းစားအမျိုးတွေထဲမှာ ဖြစ်ရရှာတယ်၊ ဟောဒါ-အမျိုးအားဖြင့် မိုက်နေတာ၊ အမျိုးမိုက်ပုံတင်မကဘူးတဲ့၊ ဘာကညံ့နေပြန်တုန်း ဆိုတော့---

**'န လာဘီ အန္နဿ ပါနဿ ဝတ္ထဿ ယာနဿ မာလာဂန္ဓဝိလေပနဿ သေယျာဝသထ ပဒီပေယျဿ။**

စည်းစိမ်ကရှားပါးတယ်၊ တနေ့လုပ်လို့မှ တစ်နေ့ မဝရေစာစားရသောက်ရတဲ့ဘဝ၊ တနေ့စာ တနေ့ရှာစားလို့မှ ဝဝလင်လင် ပြည့်ပြည့်ဖြိုးဖြိုး မစားနိုင်တဲ့ဘဝ၊ အဝတ်လည်းစုတ်စုတ်နုတ်နုတ်၊ နေရပြန်တော့လည်းပဲ တဲအိုကုတ်၊ အစားကျတော့လည်း၊ တလုပ်တဆုပ် ဆိုတဲ့ဘဝ။ ဒီတော့-စည်းစိမ်ကလည်း ရှားလိုက်တာ. . . တဲ့၊ ရှားပါးလိုက်တာ။ အမျိုးကညံ့တယ်၊ စည်းစိမ်ကရှားပါးတယ်၊ ဥပမိရုပ်ရည်အဆင်း ကြည့်လိုက်ပြန်တော့လည်းပဲ၊ **သောစ ဟောတိ ဒုဗ္ဗဏ္ဏော**

http://www.dhammadownload.com



ဒုဗ္ဗဏ္ဏိကော-အဆင်းကမလှလိုက်တာ. . . တဲ့၊ အသားကလည်းမည်းသေး၊ အသားကသပိတ်ရောင်၊ မျက်ဆန်ကကြောင်၊ နာရောင်ကကောက်၊ နဖူးကမောက်၊ မျောက်သာသာရုပ်မျိုးတဲ့၊ ရုပ်ကလည်း။ ဩကောဋိမကော-ပုက္ကွ။ ဥပမိရုပ်အဆင်းတွေကြည့်လိုက်ပြန်တော့လည်းပဲ တခါကြည့်ပြီးရင် နောက်ထပ်မကြည့်ချင်လောက်အောင်. . တဲ့၊ ဆိုးလိုက်တဲ့ရုပ်ညံ့လိုက်တဲ့ဥပမိ၊ ဖျင်းလိုက်တဲ့ ကျက်သရေ၊ အမျိုးကလည်းညံ့သေး၊ စည်းစိမ်ကလည်းရှားပါးသေး၊ ဥပမိရုပ်အဆင်းတွေကလည်း သိန်ဖျင်းသေး၊ (၃) ချက်ရှိသွားပြီ ဦးမြသန်းနော်၊ မှန်လှပါဘုရား။ အမိုက်ရှာထဲရောက်နေတယ်ဆိုတာ၊အဲဒီ အချင်းအရာ(၃)ချက် တစ်ချက်ချက်နဲ့မိနေရင်၊ အမိုက်ထဲရောက်တယ်လို့ ခေါ်ပါတယ်၊

အမျိုးစည်းစိမ် ဂုဏ်သိန်ရုပ်ဆင်း ကျန်းမာခြင်းဆိုတဲ့ နောက်ဆုံးအချင်းအရာ၊ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ ကြည့်လိုက်ပြန်တော့လည်းပဲ၊ ဗဝှါဗာဓော-ဝဲစိုဝဲခြောက်တွေပေါက်လို့တစ်ကိုယ်လုံး၊ အနာကြီး အနာငယ်တွေ ပေါက်လို့၊ ကာဏောဝါ-မျက်စိတစ်ဘက်ကဏ်းနေသည်သော်လည်းကောင်း၊ သို့မဟုတ် နှစ်ဘက်၊ စုံလုံးကဏ်းနေသည်သော်လည်းကောင်း။ ကုဏီဝါ-လက်ကောက်နေသည်သော်လည်းကောင်း၊ ခဥ္စောဝါ-ခြေခွင်နေသည်သော်လည်း၊ ပက္ခဟတောဝါ-တပိုင်းသေနေသည်သော်လည်းကောင်း။

တစ်ခါတည်းအမျိုးကညံ့ရတဲ့အထဲ စည်းစိမ်ကရှားပါးရတဲ့အထဲ၊ ဥပမိရုပ်အဆင်းတွေ မလှမပဖြစ်ရတဲ့အထဲမှာ. . . တဲ့၊ လူတော့လူလာဖြစ်ပါရက်သားနဲ့၊ ညံ့လိုက်တာ၊ ကျန်းမာရေးတွေဘက်ကကြည့်လိုက်ပြန်တော့လည်း၊ ခုနကပြောခဲ့သလို အနာကြီး အနာငယ်တွေပေါက်လို့ ရောဂါကြီး ရောဂါငယ်တွေစွဲလို့ နာတာရှည် နာတာတိုတွေကပ်ရောက်လို့၊ မျက်စိတစ်ဘက်ပျက်လို့၊ သို့မဟုတ် နှစ်ဘက်စလုံးကွယ်လို့၊ လက်ကောက်လို့ ခြေခွင်လို့၊ တပိုင်းသေလို့၊ ဒူးခေါင်းကြီးချက်လျှော၊ ချိုကျိုး နားရွက်ပဲ့ပေါ့ဗျာ ဦးမြသန်းနော်၊ မှန်လှပါဘုရား။ အဲဒီ အဖြစ်မျိုးနဲ့ တိုးနေရှာတယ်. . . တဲ့၊ လူတော့လူပဲ၊ လူတော့လူပဲ။ ယနေ့ အားလုံး တရားနာနေကြတဲ့ ဒကာ ဒကာမတွေလို လူတော့လူပါပဲသူ့ခမျာ၊ ဒါပေမယ်လို့ အဲဒီပြ ဆိုအပ်ခဲ့တဲ့ အချင်းအရာလေးမျိုးနဲ့ ယှဉ်တည့်နေရှာတယ်၊ အောက်တန်းကျ နေရှာတယ်၊ သေးသိန်နေရှာတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးကို အမိုက်ရှာထဲရောက် နေတဲ့သူလို့ ဘုရားရှင်သတ်မှတ်တော်မူတယ်၊ အဲဒါ အချင်းအရာလေးမျိုး။

အဲဒီ အမိုက်ရှာထဲရောက်နေတဲ့ပုဂ္ဂိုလ်ဟာ၊ သူလုပ်နေတဲ့၊ အားထုတ်နေတဲ့အလုပ်ကြည့်လိုက်ပြန်တော့၊ သော ကာယေန ဒုစ္စရိတံစရတိ-နေ့စဉ်

F. 35

http://www.dhammadownload.com



သူလုပ်နေတဲ့အလုပ်တွေကြည့်လိုက်တော့ ပါဏာတိပါတ-သတ်တယ် ဖြတ်တယ်၊ ဆိုတဲ့အလုပ်တွေ၊ နေ့စဉ်နဲ့အမျှအားထုတ်နေတယ်. . . တဲ့၊ အသက်မွေး ဝမ်းကြောင်းက မပြည့်စုံတော့ အကောင်ဘလောင်တွေသတ်ဖြတ် စားသောက်၊ သူတစ်ပါးရဲ့ပစ္စည်းတွေ လစ်ရင်လစ်သလို ခိုး၊ တိုက်စရာ ခိုက်စရာရှိရင်ပါ၊ အဒိန္နသီလကြီးကလည်းပျက်လို့၊ ဒီတော့ ဒုစရိုက်တွေကသူမှာ နေ့စဉ်နဲ့အမျှ မိုးမွှန်လို့. . . သိမ်းဆည်းနေရ၊ လိမ်တယ်ညာတယ်ဆိုတဲ့ အမှုက မုသာဝါဒတွေ ဆိုတာ သူ့မှာ မုသားရေလိုသုံးပြီးနေရတယ်။ ဝါစာယဒုစ္စရိတံ စရတိ-နှုတ်ကလည်း ပဲလိမ်ညာပြောဆိုရမှာ ဦးမလေးဘူး၊ လိမ်လိုက်မယ်၊ ညာလိုက်မယ်၊ ကောက်လိုက်မယ်၊ ကျစ်လိုက်မယ်၊ သူတပါးတွေကို တစ်ဦးနဲ့တစ်ဦး ကွဲပြားအောင် ကုန်းတိုက် လိုက်မယ်ဆိုတဲ့ ပိသုနဝါစာတွေ၊ ကြမ်းကြမ်းတမ်းတမ်း အော်ဟစ်၊ ငေါက်ငမ်းဆိုတဲ့ ဖရုသဝါစာတွေ၊ နေ့စဉ်နဲ့အမျှ အားထုတ်ပြီးတော့ နေရတယ်. . . တဲ့။

**မနသာဒုစ္စရိတံ စရတိ**-စိတ်ကလည်းပဲ ဘယ်အချိန်၊ ဘယ်သူ့ပစ္စည်း လစ်ရင် ခိုးလိုက်ရတော့မလဲ၊ ဘယ်အကောင်တွေ ဘယ်လိုသွားပြီးတော့ သတ်ရ ဖြတ်ရပါ့မလဲ၊ ဝမ်းရေးအတွက်သော်လည်းကောင်း၊ ဝမ်းရေးအတွက်မဟုတ်ဘဲ သော်လည်းကောင်း၊ ဘယ်လိုသတ်ရပါ့မလဲ၊ ဘယ်လိုဖြတ်ရပါ့မလဲ၊ ပစ္စည်းက မရှိတော့ ဝမ်းရေးကမလုံလောက်တော့၊ ဝမ်းရေးအတွက်ဝမ်းကြောင်းတဲ့အနေနဲ့ သတ်တာ ဖြတ်တာတွေလည်း ပါမှာပေါ့နော်၊ ဦးမြသန်း၊ ပါမှာပါဘုရား။ ဒီတော့ မနောဒုစရိုက်လို့ခေါ်တဲ့ စိတ်ကသတ်ဖို့ ဖြတ်ဖို့ဆိုတဲ့ ဗျာပါဒဝိတက်တွေ ကြံလို့၊ ခိုးဖို့ ဝှက်ဖို့ဆိုတဲ့ အဘိဇ္ဈာလို့ခေါ်တဲ့ သူများပစ္စည်းမတရား ယူဖို့ဆိုတာ တွေကြံလိုဆိုတဲ့ သူနေ့စဉ်အားထုတ်နေတဲ့အလုပ်၊ တနေ့လည်း မဟုတ်၊ တစ်လ လည်းမဟုတ်၊ တနှစ်လည်းမဟုတ်၊ သူနေ့စဉ်လုပ်နေတဲ့ အလုပ်တွေကြည့်လိုက်တော့၊ အပါယ်လေးပါးရောက်ကြောင်းဖြစ်တဲ့ ဒုစရိုက်မှုတွေ နေ့စဉ်ပြုနေရ တယ်. . . တဲ့၊ နေ့စဉ်ဆည်းပူးနေရ၊ နေ့စဉ်အား ထုတ်ပြီးတော့နေရ တယ်၊ ဒီတော့ သူလုပ်နေတဲ့အလုပ်တွေကလည်း တချက်မှ ကောင်းတာမရှိဘူး၊ ကာယကံ ဝစီကံ မနောကံ ကိုယ်နှုတ်စိတ်၊ ဒီတော့ သူဘယ် သွားမလဲ. . . တဲ့၊ သူဘယ်သွားမလဲ၊ သူဘယ်သွားဖို့ သူ့လမ်းသူထွင်နေသလဲ။

**"မကောင်းပြုက၊ ဒုမဂ္ဂ၊ သွားရပါယ်လေးပြည်"** သူပြုနေတာက ဒုစရိုက်တွေပြုနေတာဆိုတော့၊ သူ့လမ်းသူထွင်ပြီးတော့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပြည်ရောက်မယ်. . . တဲ့၊ ဒီပုဂ္ဂိုလ်သေရင် သေချာပေါက် အပါယ်လေးပါးရောက်မယ် ဦးမြသန်းနော်၊ ရောက်မှာပါဘုရား။ ဘယ်လောက်ပဲ ကုသိုလ်

http://www.dhammadownload.com



တွေ ကြားထဲမှာ ဖြတ်လုပ်လုပ် နေစဉ် အာစိဏ္ဏကံကြီး အနေနဲ့ အမြဲအားထုတ်နေတဲ့ အကုသိုလ်ဒုစရိုက်တွေက၊ အမြဲအားထုတ်နေ တာဖြစ်တော့၊ သေခါနီးပြီဆိုတော့၊ ဒီလိုပုဂ္ဂိုလ်မျိုးဟာ၊ တခါတည်းနိမိတ်တွေ ထင်လာကုန်တာပဲ၊ သေခါနီးနိမိတ် ထင်လာတယ်ဆိုတာ၊ ဘုန်းကြီးတို့ဒကာ ဒကာမတွေ တစ်ချို့ကမေ့သွားတယ်၊ မျောသွားတယ်ဆိုတော့၊ သတိမရတော့ဘူး၊ သတိလစ်နေတယ်ဆိုပြီးတော့ဘာမှသတိမရဘူးလို့ထင်ကြတယ်၊ ဘယ်ဟုတ်လိမ့်မတုန်း၊ သူ့ဘာသူ သူ့ရုပ်နာမ်ခန္ဓာသံသရာနဲ့၊ သူ့အာရုံနဲ့သူနဲ့ တဖျတ်ဖျတ်နဲ့၊ တခါတည်းတွေ့စရာရှိတာ တွေနဲ့တွေ့၊ ကြုံစရာရှိတာတွေ နဲ့ကြုံ၊ လန့်စရာရှိ တာတွေနဲ့ လန့်ဖျပ်စရာရှိတာတွေနဲ့လန့်ဖျပ်ပြီးတော့၊ တခါတည်း သူ့အာရုံသူနဲ့သူနေတာ၊ ဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား။

ဘုန်းကြီးတို့ အိပ်မက်ဆိုးတွေဘာတွေမက်တဲ့အခါများ၊ တခါတခါဘေးဆိုးရန်ဆိုးတွေတွေ့လို့ ဘီလူးလိုက်လို့၊ သရဲလိုက်လို့ဆိုပြီးတော့၊ အိပ်မက်ထဲများ တစ်ယောက်ထဲမောပြီးတော့ ပြေးရတာမကြုံဖူးဘူးလား ဦးမြသန်း? ကြုံဖူးပါဘုရား။ ဘေးကတော့သိကြရဲ့လား? မသိပါဘုရား။ ကိုယ့်ဘာကိုယ် တစ်ယောက်တည်း မောပြီးတော့နေတယ်နော်၊ မှန်လှပါဘုရား။ အဲဒုစရိုက် အကုသိုလ်တွေ အမြဲဆည်းပူးအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေမှာ သေခါနီး ဂတိနိမိတ်တွေထင်၊ ကမ္မနိမိတ်တွေထင်ဆိုတဲ့အထင်မျိုး၊ အဲဒီအိပ်မက်ထဲ အိပ်မက်ဆိုးတွေများ မက်ပြီးတော့ တယောက်တည်းမောနေတဲ့ အနေမျိုးပဲ သူ့မှာ၊ ဘေးကဆွေမျိုးတွေကတော့သူသတိလစ်နေပြီ၊ ဘာမှမသိဘူးလို့ထင် ကြတာ၊ ဘယ်ဟုတ်လိမ့်မတုန်း သူ့အာရုံနဲ့သူထင်ရက်ပဲ၊ အဲဒီအာရုံတွေထင်ပြီး သကာလ သူဘယ်ရောက်သွားမလဲ။

သောကာယဿ ဘေဒါပရံ မရဏာ-အဲဒီပုဂ္ဂိုလ်မျိုးဟာ ကွယ်လွန်သွားတဲ့နောက်၊ သေဆုံးသွားတဲ့နောက်၊ အပါယံဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဉပပဇ္ဇတိ-ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးရွာ. . . ရောက်သွားရပါတယ်၊ အဲဒီ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးရွာကို ဘုရားကိုယ်တော်မြတ်က အမိုက်ရွာလို့သတ်မှတ်ထားတော်မူတယ်၊ ဒီတော့-ဒီအမျိုးသား ဒီအမျိုးသမီး ဒီဘက်ဘဝမှာလည်း၊ အမျိုးစည်းစိမ်ဂုဏ်သိန် ရုပ်ဆင်း ကျန်းမာခြင်း ဆိုတဲ့ လေးချက်ညှဲ့ဖျင်းပြီးတော့ အမိုက်ရွာထဲနေရတယ်၊ သေလို့နောက်ဘဝ ရောက်သွားပြန်တော့လည်း၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေး ရွာရောက်ရတယ်. . . လို့ဆိုတော့ ဒီပုဂ္ဂိုလ်မျိုးကို အမိုက်ထဲကနေပြီးသကာလ၊ အမိုက်ထဲကိုသွားတဲ့ပုဂ္ဂိုလ်မျိုး၊ ဟော နံပါတ် (၁) ပုဂ္ဂိုလ်မျိုးပြီးသွားပြီနော်-ဦးမြသန်း၊

http://www.dhammadownload.com



မှန်လှပါဘုရား။ ဒါကြောင့်-ဒီပုဂ္ဂိုလ်မျိုးကို တမောတမ ပရာယဏော-ပါဠိလို၊ မြန်မာလိုကတော့ အမိုက်ထဲကနေပြီးတော့ အမိုက်ထဲ သွားတဲ့သူတဲ့။ အဲဒါလေးကို ဆရာတော်ကြီးတစ်ပါးက လွယ်လွယ်နားလည် လွယ်အောင်ဆိုပြီးတော့ လင်္ကာလေးနဲ့-

"အမိုက်ကလာ၊ အမိုက်ရွာ၊ သွားရှာသူလည်း၊ တစ်ယောက်ပဲ". . . လို့ ဟောဒီလိုလင်္ကာလေးလုပ်ထားတယ်၊ အဲဒါလေးဘုန်းကြီးက နှစ်ခေါက် နှစ်ခေါက် ပရိသတ်ကိုချပေးမယ်၊ ပရိသတ်အိပ်ချင်လည်းပြေအောင်ပေါ့နော်၊နှုတ်ထဲလည်း ရသွားအောင် လိုက်ဆိုစမ်းပါ---

"အမိုက်ကလာ၊ အမိုက်ရွာ၊ သွားရှာသူလည်း၊ တစ်ယောက်ပဲ"

ဟော-အမိုက်ထဲက အမိုက်သွားတဲ့သူပြီးသွားပြီ။

## "အမိုက်ကနေ အလင်းကူးတဲ့သူ"

နံပါတ် (၂) ပုဂ္ဂိုလ်မျိုးကျတော့ ယခုအမိုက်ထဲမှာနေပြီးသကာလ အလင်းထဲသို့ သွားမယ့်ပုဂ္ဂိုလ်မျိုးတဲ့ ဒုတိယအမျိုးစားက၊ အမျိုးသားလေးတစ်ယောက် အမျိုးသမီးလေးတစ်ယောက်၊ လူရယ်လို့လာဖြစ်ပါတယ်၊လူရယ်လို့ လာဖြစ်တဲ့အထဲမှာ အမိုက်ထဲမှာ နေရတယ်ဆိုတဲ့အတိုင်း ခုနကပြောခဲ့တဲ့အတိုင်းပဲ ညံ့ရှာ တယ်. . . အမျိုးကလည်းအောက်တန်းစား၊ ဥပဓိရုပ်အဆင်းတွေကလည်း ညံ့ ဖျင်းရှာတယ်၊ ကျန်းမာရေးတွေက လည်းမကောင်းဘူး၊ စည်းစိမ်ဉစ္စာအနေနဲ့ ကြည့်လိုက်ပြန်တော့လည်းပဲ တစ်နေ့လုပ်လို့မှ တနေ့မဝရေစာစားရတဲ့ဘဝ၊ သို့ သော်. . . အဲဒီလိုအမိုက်ထဲမှာ ရောက်နေငြားသော်လည်း အမျိုးသားလေးက၊ သို့မဟုတ်-အမျိုးသမီးလေးက ဆင်းရဲလေလေ သံဝေရရဆိုသလို၊ သူက သတိ ရရှာတယ်၊ ဩော်. . . ငါ့ အတိတ်ဘဝက မကောင်းခဲ့လို့ ဒီဘက် ဘဝမှာအမျိုး ကညံ့၊ ပစ္စည်းကရှားပါး၊ ရုပ်ရည်ဉပဓိကလည်းမလှမပ၊ ကျန်းမာရေး တွေကလည်း မကောင်း၊ ငါ့ရဲ့လူလာပြီးတော့ဖြစ်ရတဲ့ဘဝ၊ အကောင်းတစ်ချက်မှ မတွေ့ရ ပါလား. . . ကေန္တ ငါရှေးအတိတ်ကအကြောင်းမကောင်းခဲ့လို့သာ ငါဒီဘက် ဘဝမကောင်းရတာပဲ၊ ပြုသမျှအသစ်၊ ဖြစ်သမျှအဟောင်းလို့ဆိုတဲ့အတိုင်း၊ ရှေး အတိတ်ကမကောင်းခဲ့လို့ ဒီဘက်ဘဝ အဟောင်းခံရတာ၊ နောက်ထပ်နောက် ပြုသမျှတွေ ဖြင့်ငါမ ကောင်းတဲ့အလုပ်တွေ ဆက်မယ့်အလုပ်တွေဖြင့် မလုပ်မိ အောင် သတိဆောင် မှပဲ. . . လို့ သတိထားပြီးတော့ကုသိုလ်လုပ်ငန်းတွေ သူခ မျှာကြိုးစားရှာတယ်။

http://www.dhammadownload.com



တရားနာတွေဘာတွေဆိုလိုက်တယ်၊ ဘုရားရေလှူ ပန်းလှူကစ ဆွမ်းတော်ပန်းတော်ကပ်တာကစ၊ သူတတ်နိုင်သမျှ ထမင်းလေးတဆုပ်ပဲဖြစ်ဖြစ်၊ ရေတမှုတ်လေးပဲတတ်နိုင်တတ်နိုင်၊ မနက်စောစော ဘုရားဆွမ်းတော်ကပ်၊ ပန်းတော်ကပ်၊ ရေကြည်တော်များကပ်လို့ ရသမျှ လက်လှမ်းမီသမျှ၊ ကုသိုလ် လေးတွေ ယူရှာတယ်၊ အော်. . . ငါအတိတ်ဘဝက ရိုသေသင့် ရိုသေထိုက်၊ လေးစားသင့် လေးစားထိုက်တဲ့ဆရာမိဘ ရတနာသုံးပါးဆိုတာတွေကို မထီလေးစား၊ မရိုမသေ ပြုခဲ့မိလို့ ဒီဘက်ဘဝမှာ ငါအမျိုးညံ့ရတယ်. . . လို့ သူ့အမျိုးညံ့ခြင်းရဲ့အကြောင်းလည်း အခုလို တရားပွဲ တရားနာလို့သော်လည်း ကောင်း၊ စာအုပ်စာပေဖတ်လို့သော်လည်းကောင်း၊ လူကြီးသူမအဆုံးအမရ၍သော် လည်းကောင်း၊ သူကသတိထား. . . ပြီးတော့-အမျိုးညံ့ကြောင်းဖြစ်တဲ့ ရိုသေသင့် ရိုသေထိုက်တဲ့၊ လေးစားသင့် လေးစားထိုက်တဲ့ ရတနာ (၃) ပါး၊ ဆရာမိဘတွေ ကိုထော်လော်ကန့်လန့်ပြုမှု၊ မလေးမစားပြုမှု၊ သတိထားပြီးတော့၊ ရှောင်ရှားတယ် ဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား။

အမျိုးညံ့တယ် အမျိုးညံ့တယ်ဆိုတာ ဘာပြုလို့ အမျိုးညံ့တတ်တုန်းဆိုရင်-အဲဒီရိုသေသင့် ရိုသေထိုက်၊ လေးစားသင့်လေးစားထိုက်တဲ့ ရတနာ (၃) ပါး ဆရာ မိဘအစရှိတဲ့ ပုဂ္ဂိုလ်တွေကို၊ မရိုမသေပြုခဲ့မိ၊ မလေးမစားပြုခဲ့မိ၊ ထော်လော်ကန့်လန့်ပြုခဲ့မိရင်၊ အမျိုးညံ့တတ်တယ်. . . တဲ့၊ အမျိုးညံ့တတ်တယ်၊ အဲဒီလို မရိုမသေ မထီလေးစားပြုခြင်းရဲ့ အကြောင်းရင်းက ဘယ်သူတုန်းဆိုတော့ မာနတဲ့ဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား။ မာနရှိပြီဆိုရင်၊ တခါတည်း၊ လူကြီးသူမတွေလည်း၊ အို--အရေးလုပ်စရာလိုက်လို့၊ ဘာအရေးလုပ်နေစရာလိုတုန်း သူလည်း ပဲလူကြီး၊ ငယ်ငယ်ကကြီးသွားတာပဲ၊ သူလည်းပဲ လူ ငါလည်းပဲ လူပဲ၊ သူလည်းသူ့ထမင်းသူစား၊ ငါလည်းငါ့ထမင်းငါစားတာပဲဆိုပြီးတော့ မာနလေးဝင်လာပြီဆိုရင်၊ အဲဒီရိုသေနေမယ့်၊ ကိုင်းညွတ်ရမယ့်ဟာတွေ၊ မရိုသေချင်တော့ဘူး၊ မကိုင်းညွတ်ချင်တော့ဘူးနော်၊ မှန်လှပါဘုရား။

ထွန်တုံးကို မျိုထားတဲ့မြွေလိုပဲ. . . တဲ့၊ ထွန်တုံးကြီးများ မျိုထား တဲ့မြွေဟာ ကုန်းလို့ညွတ်လို့ရသေးရဲ့လား? မရပါဘုရား။ တောင့်တောင့်ကြီး ဖြစ်မနေဘူးလား? တောင့်တောင့်ကြီးပါဘုရား။ အဲဒီလိုပဲ မာနတည်းဟူသော အတွင်းကအခံဓာတ်ရှိပြီဆိုရင်၊ လူကြီးသူမတွေတွေ့ရင်လည်း ရိုသေကိုင်းညွတ်၊ စကားအနေနဲ့လည်း ရိုရိုသေသေမပြောချင်ဘူး၊ ကိုယ်အမူအရာ တွေနဲ့လည်း ရိုရို သေသေ အမူအရာ မပြ ချင်တော့ဘူး။ ရတနာ (၃) ပါးတွေရဲ့အပေါ်မှာလည်းပဲ၊ မထီလေးစားပြုမိလာ

http://www.dhammadownload.com



တတ်တယ်။ အဲဒီလို မထိလေးစားမရှိမသေ လူကြီးသူမတွေနဲ့ တွေ့လို့မှ ကုန်းကုန်းကွကွ ကိုင်းကိုင်းညွတ်ညွတ် မသွားမိ၊ မပြုမိ၊ မဆက်ဆံမိ၊ ဆက်ဆံမှုကို မပြုခဲ့မိရင် အဲဒီ မရှိမသေ မထီလေးစားပြုခဲ့မိတဲ့ အကုသိုလ်တွေ၊ ကိုယ်အမူအရာနဲ့သော်လည်းကောင်း၊ နှုတ်အမူအရာနဲ့သော်လည်းကောင်း၊ နှုတ်အမူအရာနဲ့လည်း ဆရာ မိဘတွေ ကြမ်းကြမ်းတမ်းတမ်း ထော်လော်ကန့်လန့် ပြောဆိုဆက်ဆံ၊ မထီလေးစား ပြောဆိုဆက်ဆံ၊ ဒါ မရှိမသေတာပဲနော်၊ မှန်လှပါ ဘုရား၊ အဲဒီလို မရှိမသေ မထီလေးစားပြုခဲ့မိတဲ့ ပုဂ္ဂိုလ်တွေဟာ ဘဝသံသရာမှာ အမျိုးညံ့တတ်တယ်. . . တဲ့။

* မာန်မာနကြွယ်၊ ထိုသူ၀ယ်၊ မျိုးနွယ်ညံ့မည်ဆို။
ထိုက်သူရို့ကျိုး၊ မာန်ကိုချိုး၊ အမျိုးမြတ်သကို။

အမျိုးညံ့ခြင်းအကြောင်းက မရှိမသေလုပ်မှု၊ မာနတက်မှု၊ အမျိုးကောင်းခြင်းရဲ့ အခြေခံကုသိုလ်က ရိုရိုသေသေ လေးလေးစားစား ပြုမှုလို့ဟော-အမျိုးကောင်းခြင်း, အမျိုးညံ့ခြင်းရဲ့ ကုသိုလ်အကြောင်းအရင်း။

## * အရှင်ဥပါလိ အတိတ်အကြောင်း

ဘုန်းကြီးတို့- ဘုရားလက်ထက်တော်က ဝိနည်းမိုရ် ဧတဒဂ်ရတဲ့ အရှင်ဥပါလိ မဟာသာဝက အသီတိသာဝကလို့ခေါ်တဲ့၊ မဟာသာဝက ရှစ်ကျိပ် ထဲမှာပါဝင်တော်မူတဲ့ အရှင်ဥပါလိ၊ အဲဒီ အရှင်ဥပါလိဟာ ဝိနည်းအရာ မှာ ဧတဒဂ်ဘွဲ့ရပြီးတော့ ဘုရားရှင်ရဲ့ မဟာသာဝကကြီးရှစ်ကျိပ်ထဲမှာ ပါဝင်တဲ့ အဖြစ်နဲ့ရောက်ရသော်လည်း၊ ရဟန်းမပြုခင် လူ့ဘဝဆီတုန်းက လူဝတ်ကြောင် နဲ့ နေစဉ်တုန်းက အရှင်အာနန္ဒာ, အရှင်နုရုဒ္ဓါ, အရှင်ဘဒ္ဒိယ အစရှိတဲ့ မင်းညီမင်းသားတွေရဲ့ကျေးကျွန်မျိုးထဲမှာ ဖြစ်တော်မူရရှာသည်၊ ရဟန်းပြုပြီးတော့မှ အရှင်ဥပါလိ, အရှင်ဥပါလိရယ်လို့ ဒီနေ့သာသနာ့သမိုင်းမှာ ဝိနည်းနယ်မှာ ထင်ရှားပြီးတော့ နေတာဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား။

ရဟန်းမဖြစ်ခင်တုန်းက ကျေးမျိုးကျွန်မျိုးထဲမှာ ဖြစ်တော်မူရရှာတယ်၊ အရှင်အာနန္ဒာတို့၊ အရှင်အနုရုဒ္ဓါတို့ဆိုတဲ့ မင်းညီမင်းသားတွေက သာကီဝင်မင်းသားတွေ၊ အဲဒီသာကီဝင်မင်းသားတွေကို အပြုအစု အလုပ်အကျွေး ကျွန်ခံပြီးတော့ နေရတဲ့ မိဘတွေရဲ့ဝမ်းထဲမှာလာပြီးတော့ ဝင်စားတော်မူရရှာတယ်၊အဲဒီလို ဝင်စားရှာတာဖြစ်တော့ သူလည်းပဲ အရှင်အာနန္ဒာတို့, အရှင်နုရုဒ္ဓါ တို့ရဲ့ မင်းညီမင်း သားတွေကို ခေါင်းရိတ်ပေးရတယ်၊ လက်သည်းညှပ် ပေးရတယ်၊

---

* အပ-၁၊ ၅၀။ ဋ္ဌ-၁၊ ၃၂၉။

http://www.dhammadownload.com



လက်သည်းကိုက်ပေးရတယ်၊ ရေချိုးပေးရတယ်၊ ကြေးတွန်းပေးရတယ်ဆိုတဲ့ ဆတ္တာသည်မျိုး၊ ကျေးမျိုး ကျွန်မျိုးမှာဖြစ်တော်မူရရှာတယ်၊ ဒီလို ဝိနည်းစိုရ် ဇေတဒဂ်ဘွဲ့ရမယ့် အရှင်ဥပါလိမထေရ်မြတ်ကြီးဖြစ်မယ့် အလောင်းဟာ ဘာပြုလို့ ဒီလို အမျိုးညံ့ရသလဲ. . . လို့ သူရဲ့အတိက်ဇာတ် ကြောင်းပြန်ပြောင်းပြီးတော့ ကြည့်လိုက်တဲ့ အခါ။

တချိန်တုန်းက- သူကရှင်ဘုရင်ရဲ့သားတော်လေးတစ်ပါး ဖြစ်ခဲ့ဘူး တယ်၊ ဗာရာဏသီတိုင်းပြည်ကြီးမှာ ရှင်ဘုရင်ရဲ့သားတော်လေးဖြစ်ပြီးတော့ တစ်ချိန်ကျတော့ ဖခင်ကြီးက သူ့ထီးနန်းအပ်၊ ထီးနန်းအပ်တော့ ရှင်ဘုရင်လေး ဖြစ်စ,အာဏာကရစ, မာန်ဟုန်ကတက်စ မြို့တော်ကြီးလှည့်ပြီးတော့ ရှုစားမယ်လို့ ဆိုပြီးတော့ တိုင်းတော်ပြည်တော်လှည့်ပြီးတော့၊ မြို့ရှုခင်းလှည့်တာပေါ့၊ မင်္ဂလာ ဆင်တော်ကြီးစီးပြီးတော့ လှည့်တာ၊ ဒီတော့ ရှင်ဘုရင်သစ်ကလေး၊ အာဏာရစ, တန်ခိုးပြစ, ရှင်ဘုရင်းသစ်ကလေး တိုင်းတော်ပြည်တော်ကြီး ဆင်စီးပြီးတော့ လှည့် လည်ရှုစားတော်မူတော့၊ တတိုင်းလုံး တပြည်လုံးက သူ့ရဲ့ လက်အောက်ရောက် လာပြီးတော့ အားလုံးက တခါတည်း ဟိုနေရာ ဒီနေရာ ကနေပြီးတော့ သူဆင်နဲ့ သွားမယ့်နေရာက ဘယ်သူမှဖြတ်ပြီးတော့ မသွားရဲကြဘူး၊ ရှေ့ကလမ်းရှင်းလို့ဆိုတဲ့ ကြိမ်လုံးကိုင်တဲ့ လမ်းရှင်းတော်တွေက ရှေ့ကရှင်းသွား၊ သူက နောက်ကမင်္ဂလာ ဆင်တော်ကြီးနဲ့လိုက် တငြိမ့်ငြိမ့်နဲ့၊ အားလုံးသော မြို့စားတွေ, နယ်စားတွေ, ပယ်စား တွေနှင့်တကွ သူ့ဒွေးသူ့ကြွယ်တွေပါ အားလုံး လမ်းဘက် ထွက်ပြီး သူ့ကိုလက်အုပ် ချီပြီးတော့ တခါတည်း ဖူးကြရ၊ ဦးညွှတ်ကြရ၊ အရိုအသေ ပေးကြရ၊ ရေကြည်တော် များဆက်ကြရပေါ့၊ အားလုံး အရိုအသေ ပေးကြရ။

အဲဒီအချိန်မှာ ဟိမဝန္တာတောင်ကနေပြီးတော့ အရှင်ပစ္စေကဗုဒ္ဓါ အရှင် မြတ် တပါးကလည်းပဲ ဆွမ်းခံချိန်ကျလို့ သူကမြို့လှည့်ရှုစားနေတာ မနက်ပိုင်းမှာ ဖြစ်ဟန်တူတယ် ဦးမြသန်း နော်၊ မှန်လှပါဘုရား။ အရှင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တပါးကဆွမ်းခံကြွချိန် ဆွမ်းခံဝင်ချိန်ကျလို့ ဗာရာဏသီ မြို့ထဲဆွမ်း ခံကြွပြီးတော့ လာတော်မူ၊ ဒီတော့ ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်က ဘယ်သိလိမ့် မတုန်း၊ ရှင်ဘုရင် ဒီနေ့မြို့ထဲလှည့်နေတယ်ဆိုတာ သူဘယ်သိလိမ့် မတုန်း၊ သူ့စကျွ နွေ့သူချပြီးတော့ မြို့ထဲဆွမ်းခံကြွတော်မူ၊ ဝင်တော်မူတော့- အဲဒီ အရှင်ဥပါ လိရဲ့အလောင်း၊ မင်းသားလေးဆင်တော်ကြီးစီးပြီးတော့ လာတဲ့လမ်း၊ ရှေ့ကနေပြီး တော့ ဆွမ်းခံသွားမိရက်ဖြစ်နေတာ၊ နောက်က မင်္ဂလာဆင်တော်ကြီးနဲ့ မင်းက လိုက်လာတယ်။

http://www.dhammadownload.com



အရှင်ပစ္စေကဗုဒ္ဓါက အဲဒီ မင်္ဂလာဆင်တော်စီးလာတဲ့ မင်းသားလေးကို ကျောပေးပြီးတော့၊ သူ့ထုံးစံအတိုင်း တခါတည်းတရားနဲ့ ဆွမ်းခံကြွနေတာပေါ့၊ အဲဒီတင်သူက လှမ်းမြင်လိုက်တယ်ဆိုတော့- အားလုံးကသူ့ကို အရိုအသေပေး၊ ကိုင်းညွတ်ပြီးတော့ သူ့ကိုဖူးဖူးမှုတ် ကြောက်နေရတဲ့အချိန်၊ အရှင်ပစ္စေက ဗုဒ္ဓါ အရှင်မြတ်က မလေးမခန့် အနေမျိုးဖြစ်နေတာပေါ့၊ သူ့ဘာသူ သူ့ဆွမ်းခံကြွ နေတာ ဖြစ်တော့၊ အဲဒီတင်သူက တခါတည်းဖြုန်းကနဲဆို မာနတွေတက်၊ ဒေါသတွေ ထွက်ပြီးတော့၊ အောင်မာ. . . အကုန်လုံးကငါ့ကို တခါတည်း ဦးညွတ်အရိုအသေ ပေးနေရကြပါလျှက်ကယ်နဲ့. . . ဟိုဝါဝါဝတ် ကတုံးကောင်က ဘာပြုလို့ငါ့ကို အရိုအသေမပေး၊ ကျောပေးပြီးတော့ သွားနေရသလဲ. . လို့ စိတ်ဆိုးပြီးတော့ မင်္ဂလာဆင်တော်ကြီး ချွန်းဖွင့်ပြီးတော့ အရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကိုနောက်က နေလိုက်ပြီးတော့ ဆင်နဲ့တိုက်ခဲ့ဖူးတယ်၊ အဲဒီလို မင်္ဂလာဆင်တော်ကြီး ချွန်းဖွင့်ပြီး တော့ ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရဲ့ သီလတော်၊ သမာဓိတော်၊ ပညာတော်တွေကို စော်ကားတဲ့ အနေနဲ့ မင်္ဂလာဆင်နဲ့တိုက်ခဲ့ဖူးတဲ့ အကုသိုလ်ကြောင့်၊ အပါယ် လေးပါး ကျသွားပြီးလို့ပြန်တက်လာတဲ့ ဘဝတိုင်း ဘဝတိုင်း ရောက်လေရာဘဝ တိုင်းမှာ လူဖြစ်လည်းလူအောက်တန်းစားမျိုး၊ ဘယ်နေရာမဆို လူ့အောက် တန်းစားမျိုး၊ အမျိုးညံ့ထဲမှာဖြစ်တော်မူခဲ့ရရှာသည်၊ အခုနောက်ဆုံး အရှင်ဥပါလိ မထေရ် အဖြစ်နဲ့ ဝိနည်းခိုရ် ဧတဒဂ်ဘွဲ့ထူး ကြီးရပြီးတော့ အာသဝေါကင်းကွာ ရဟန္တာကြီးအဖြစ်နဲ့ ကျွတ်တမ်းခိုမယ့် ဘဝမှာပင်လျှင်. . အရှင်နုရုဒ္ဓါ၊ အရှင်အာ နန္ဒာ အစရှိတဲ့ မင်းညီမင်းသားတွေရဲ့ ကျေးကျွန်းမျိုးထဲမှာ ဖြစ်တော်မူရ ရှာသည်။ အဲဒါ အရှင်ဥပါလိမထေရ် အမျိုးညံ့သွားတာ ဘာပြုလို့တုန်းဆိုရင် အဲဒီမာန မထိ လေးစား အရှင်ပစ္စေက ဗုဒ္ဓါ စော်ကားမိတဲ့ အပြစ်တဲ့၊ ပြစ်ချက်နော်၊ မှန်လှပါ ဘုရား။

## ✻ ခုဇ္ဇုတ္တရာ အတိတ်အကြောင်း

အခုလို တမင်တကာစော်ကားတာကို မပြောနဲ့အုန်း၊ အမှတ်တမဲ့ ကလေး စော်ကားမိသလိုဖြစ်သွားတာနဲ့ အမျိုးညံ့တဲ့ ဇာတ်ကြောင်းလေးတစ်ခုကို ဘုန်းကြီး ပြောအုန်းမယ်၊ အားလုံး ဒကာဒကာမတွေကြားဖူးနေတဲ့ ခုဇ္ဇုတ္တရာ ထေရီမ၊ ခုဇ္ဇုတ္တ ရာလို့ ဆိုတာ၊နဂိုတုန်းက ဘယ်သူတုန်းဆိုရင် သာမာဝတီ မိဖုရားရဲ့ကျွန်မ၊ သာမာ ဝတီမိဖုရားဆိုတာ ဘုရားလက်ထက်တော်က ဥတေနမင်းမှာ သာမာဝတီ မိဖုရားဆို တာရှိတယ်၊ မှေင်းမမိသံ အခြွေအရံ ငါးရာလောက်ရှိတယ်၊ အဲဒီထဲမှာ ခုဇ္ဇုတ္တရာလို့ဆိုတဲ့ ကျွန်မတစ်ယောက် ပါတယ်၊ အဲဒီခုဇ္ဇုတ္တရာက သူကဘာလုပ်ရ

✻ အံ-၅-၁၊ ၃၃၇။ ဓမ္မ-ဋ္ဌ-၁၊ ၁၄၄။

http://www.dhammadownload.com



တုန်းဆိုတော့ တာဝန်ကသာမာဝတီ မိဖုရားအတွက် ဥတေနမင်းကတစ်နေ့ကို ပန်းတို့ဘာတို့၊ ပန်ဘို့ဆင်ဘို့ လိုရာ သုံးဖို့ပေါ့လေ. . . ပန်းဖိုးငွေရှစ်ကျပ်ရှစ်ကျပ် ထုပ်ပေးတယ်၊ ဘဏ္ဍာတော်တိုက်က၊ အဲဒါကိုသူက မင်းရဲ့ဘဏ္ဍာတော်တိုက် ကနေပြီးတော့ ငွေရှစ်ကျပ်ရှစ်ကျပ် ယူပြီးသကာလ သုမနလို့ခေါ်တဲ့ ပန်းသည် ကြီးရဲ့အိမ်သွားသွားပြီးတော့ သူက သာမာဝတီမိဖုရားအတွက် ပန်းတွေသွားသွား ပြီးတော့ ဝယ်ပြီးတော့ ပန်းဆက် ရတယ်၊ ဒါ သူ့အလုပ်။

အဲဒီလိုနဲ့နေ့စဉ်နဲ့အမျှ သူ သာမာဝတီမိဖုရားအတွက် သုမနပန်းသည် ကြီး၊ ပန်းစိုက်ပျိုးရောင်းချနေတဲ့ သုမနပန်းဖောက်သည်ကြီးရဲ့အိမ်သွားပြီးတော့၊ နေ့စဉ်ယူနေရာက၊ တစ်နေ့တော့ အဲဒီသုမနပန်းဖောက်သည်ကြီးက၊ ပန်းကုန် သည်ကြီးက၊ ဘုရားရှင်ကိုနောက်ပါသံဃာတော်တွေနဲ့ တကွဆွမ်းစားပင့်ပြီး တော့ထားတာနဲ့ကြုံ၊ ကြုံတော့ဟိုက သုမနပန်းသည်ကြီးကလည်း "သမီးရေ . . . ဒီနေ့ တို့ဘုရားပင့်ထားတယ်ကွဲဆွမ်းလုပ်ကျွေးမလို့ တရားများနာသွားပါ အုန်းလား အချိန်းလေးများရရင်" ဟုတ်ကဲ့အဖေ နာပါအုန်းမယ်၊ ဘုရားရှင်ကို ဖူးမြင် ရတာလည်း အင်မတန်ဝမ်းမြောက်စရာကောင်းပါတယ်၊ တရားတော့နာ ပါအုန်း မယ်လို့ ဆိုပြီးတော့တရားနာ၊ အဲဒီလိုတရားနာလိုက်တဲ့အခါမှာ ဘုရားရှင် ဟောလိုက်တဲ့ သစ္စာလေးပါးတရားဉာဏ်စဉ်လိုက်ပြီးတော့ သွားလိုက်တာ၊ ရှေးအတိတ်က ပါရမီဓာတ်ခံပါလာခဲ့တဲ့ အမျိုးသမီးဖြစ်သည့်အလျောက်၊ အဲဒီ တရားတစ်ပွဲထဲနဲ့ပဲ သောတာပတ္တိမဂ်ဖိုလ်ဆိုက်ပြီးသကာလ၊ သောတာပန် အရိယာမကြီးဖြစ်တော်မူ၊ ဟော-ပညာကျတော့ထက်တယ်နော်ဦးမြသန်းရဲ့၊ မှန် လှပါဘုရား။ ပညာထက်ပေမယ်လို့ သုခမျာ ကျေးမျိုး ကျွန်မျိုးထဲမှာ လာပြီး တော့ဖြစ်တော်မူနေရရှာတယ်။

အဲဒီလိုသောတာပန် အရိယာမကြီးဖြစ်ပြီးတော့သူပြန်သွားတော့၊ ဟိုကျတော့ ပန်းတွေခါတိုင်းထက် ပိုပြီးတော့ ပြည့်ပြည့်စုံစုံဝယ်သွားတယ်ပေါ့သူ၊ ဝယ်သွားတော့ သာမာဝတီမိဖုရားက ဟိုကျတော့မေးတယ်၊ "ဟင်. . . အမ ဒီနေ့ ပန်းတွေတယ်များပါလား၊ မောင်တော်ကဒီနေ့ပန်းဖိုးကိုပိုပြီးတော့ပေးလိုက် သလား. . . တဲ့၊ ဒီနေ့ပန်းတွေတယ်ပြီးတော့များပါလား" လို့မေးတယ်၊ မေးတော့- ခုဇ္ဇုတ္တရာကဘာပြန်ပြောတုန်း-" မှန်လှပါအရှင်မ. . . တဲ့ သခင်မ၊ သတ်ရင်လည်း သေရပါမယ်၊ ထားရင်လည်းနေရပါမယ်၊ ကျွန်မလေ. . . တဲ့၊ နေ့စဉ် နေ့စဉ် ဥတေနဘုရင်က သခင်မအတွက်ပန်းရှစ်ကျပ် ရှစ်ကျပ်အသပြာ ထုတ်ပြီးပေး လိုက်သော်လည်း၊ ကျွန်မအတွက် လေးကျပ်လေးကျပ် ဖြတ်ခိုးထားပြီး၊ လေးကျပ်ဖိုး

http://www.dhammadownload.com



လေးကျပ်ဖိုးဝယ်ခဲ့တာမှန်ပါတယ်. . . ” တဲ့နေ့စဉ်နေ့စဉ်က သူရှစ်ကျပ်ဖိုးပေးတဲ့ အထဲက လေးကျပ်လေးကျပ်သူဖြတ်ခိုးနေတာတဲ့ ဦးမြသန်း ရဲ့နော်၊ မှန်လှပါ ဘုရား။ လေးကျပ်ဖိုး လေးကျပ်ဖိုး ကျွန်မဝယ်ပြီးတော့လာခဲ့ပါ တယ်၊ ဒီနေ့တော့ လေ. . . ဘုရားရှင်ကိုယ်တော်မြတ်ရဲ့တရားတော်ကိုနာရတဲ့ အတွက်၊ အသိမြင် ထူး၊ ဉာဏ်မြင်ထူးတွေရလာတဲ့အတွက် ကျွန်မရှစ်ကျပ်ဖိုး အပြည့်ဝယ်လာ ခဲ့တာဖြစ် ပါတယ်. . . လို့ပြောတယ်၊ သောတာပန်ဖြစ်သွားတော့၊ အဲဒီ အဒိန္နာဒါန-သူများ ပစ္စည်းခိုးယူမှုဆိုတဲ့ အပါယ်လားကြောင်း အလုပ်ကြီးကို၊ မလုပ်တော့ဘူး ဦးမြသန်း ရဲ့နော်၊ မလုပ်တော့ပါဘုရား။ မလုပ်တော့တာက သဘာဝနဲ့ကို မလုပ်တာ၊ အောင့် အီးပြီးတော့ ဩ . . . ငါဘုရားတရားနာ၊ သောပန်ကြီးဖြစ်မှတော့ လုပ်လို့မတော် တော့ပါဘူးဆိုပြီးတော့ ဒီလိုအနေမျိုး မဟုတ်ဘူးတဲ့၊ မှန်လှပါဘုရား။ သူ့သဘာဝ အလျောက်ကိုပဲ မလုပ်တော့တာ။

စောင့်စည်း သည်းခံပြီးတော့ လုပ်ရတာမျိုးဖြစ်တတ်သေးတယ်၊ ဘုန်းကြီး တို့ ဒကာကြီးတစ်ယောက်ကြားဖူးသေးတယ်၊ တောင်သူကြီးပါပဲ၊ သူက တနေရာ သွားပြီးတော့၊ တရားတို့ဘာတို့အားထုတ်၊ အားထုတ်ပြီးတော့ သူ့ဟိုက-ဘယ်လိုဖြေ လိုက်သလဲတော့မသိဘူးပေါ့လေ. . . သူတရားအားထုတ်ပြီးပြန်လာ၊ သူ့တောင် သူလုပ်ချိန်ကျလို့ပြန်လာ၊ ပြန်လာတော့ ဒီကျတော့၊ သူ့သားကလေးကလည်းရှိ တော့၊ သားဖနှစ်ယောက်တောင်သူလုပ်ငန်းလုပ်ဖို့ ဆိုပြီးတော့ တောထဲသွားတော့၊ ဟို-တောထဲတောင်ယာထဲမှာ တခါတခါ အမှိုက်တွေ ဘာတွေ မီးရှို့ရတာကိုး ဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား။သားလုပ်တဲ့သူက အမှိုက်တွေ ပုံထားပြီးတော့မီးရှို့ မလို့လုပ်တော့၊ အမှိုက်ပုံတို့ဘာတို့မီးရှို့ တယ်ဆိုတာ “တောမီး တဖျာရာ၊ ရေငါး ကမ္ဘာတဲ့” တောမီးရှို့တယ်ဆိုတာ၊ အမှိုက်ပုံထဲတို့၊ တောထဲ ယာထဲတို့ မီးရှို့လိုက် တယ်ဆို ဒီထဲအကောင်ဘလောင်ကလေးတွေ သေမကုန်ဘူးလား၊ သေကုန်ပါ တယ်ဘုရား။

သေကုန်တတ်တယ်၊ ဒီတော့ အဲဒီတင်သားက-အမှိုက်ပုံကြီးမီးရှို့မယ့်လုပ် ပြီးတော့နေတော့ အဖေလုပ်တဲ့သူက၊ ခုနက တရားအားထုတ်လာပြီး သူ့ကိုယ်သူ ဘယ်လိုထင်လာသလဲတော့ မသိဘူးပေါ့လေ. . . ထင်လာတဲ့ ဒကာကြီးက“ဟာ- ငါ့သား ငါ့သားအသာနေ အသာနေ၊ အဖေမီးရှို့မယ်၊ အဖေမီးရှို့မယ်၊ မင်းမီးမရှို့နဲ့” တဲ့၊ ဘာပြုလို့တုန်းဆိုတော့ ဒီအမှိုက်ပုံထဲမယ် အကောင်ဘလောင်လေးတွေက ရှိတယ်ကွ၊ မီးရှို့လိုက်လို့ရှိရင် သေကုန်လို့ရှိရင်၊ မင်းအပါယ်ကျလိမ့်မယ်၊ အဖေ ကတော့ သောတာပန်ဖြစ်လာပြီ၊ အပါယ်တံခါးပိတ်လာပြီ၊ ဒါကြောင့် အဖေမီးရှို့ မယ်တဲ့၊ ဘယ်လိုသောတာပန်တုန်းတော့မသိဘူးနော်၊ မှန်လှပါဘုရား။

http://www.dhammadownload.com



သောတာပန်အစစ်ဆိုတာ၊ အဲဒီလိုပါဏာတိပါတ အမှုတွေကိုလုံးဝ မင်္ဂရဲ့အစွမ်းသတ္တိနဲ့ပြုချင်တဲ့စိတ်တောင်မလာပါတဲ့။

အခု-ခုဇ္ဇုတ္တရာကြည့်ပါအုန်း၊ ခိုးချင်တဲ့စိတ်တောင်မလာတော့လို့ မခိုးခဲ့ပါ၊ အခု သာမာဝတီမိဖုရားက ဈေးကလေးကျပ် လေးကျပ်ခိုးလာခဲ့တာတွေကို ပြောလိုက်ရင်သတ်ချင်သတ်မယ်ဆိုတာသိသော်လည်းပဲ၊ မုသာဝါဒသိက္ခာပုဒ် ကြီးလုံပြီးတော့ထုတ်ပြောတယ်၊ ဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား။ အဲဒီတင် သာမာဝတီမိဖုရားက "အမရယ်. . . တဲ့ ဒီလိုဆိုရင်သတ်လည်းမသတ်ပါဘူး၊ အမကိုအပြစ်လည်းမပေးပါဘူး၊ ကျွန်မတို့အမဆီကတဆင့်ပဲ ဘုရားရှင်ရဲ့ တရားနာယူပါရစေ၊ ဘုရားသံတရားနာပြီးတော့ကျွန်မတို့ကို နေ့စဉ်ပဲ တရားဟောပါ . . . လို့" တောင်းပန်လို့ အဲဒီခုဇ္ဇုတ္တရာက နေ့စဉ်ဘုရားထံသွား ပြီးတော့တရားနာ၊ သာမာဝတီမိဖုရားနဲ့မောင်းမမိဿံငါးရာတို့ကိုသူကဟောပြ လို့တဆင့်ဟောပြတာနဲ့သောတာပန်ဖြစ်ခဲ့ကြသည်၊ ဟော-ပညာကျတော့ အဲသ လောက်ကြီးတာ ခုဇ္ဇုတ္တရာက။

ဒါပေမယ့်လို့ သာမာဝတီမိဖုရားရဲ့ကျေးမျိုးကျွန်မျိုးထဲမှာ ဖြစ်တော်မူရရှာသည်၊ ဘာပြုလို့တုန်းဆိုတော့ သူ့ရဲ့အတိက်အကြောင်းပြန်ပြောင်းပြီးတော့ ကြည့်လိုက်တဲ့အခါ-ဟောဒီဘုန်းကြီးတို့ ကဿပဘုရားရှင်ရဲ့လက်ထက်တော် မှာ သူကအမျိုးသမီးလေးတဦးဖြစ်နေတယ်၊ သူဌေးသမီးပါ၊ သူဌေးသမီးဖြစ်ပြီး တော့နေရင်းက ဘိက္ခုနီမတွေနဲ့ အကျွမ်းတဝင် အရောတဝင် ဘုရားသွား ကျောင်းတက်၊ တရားမမ္ဗဝါသနာပါတဲ့အမျိုးသမီးကလေးဖြစ်သည့်အားလျော် စွာ၊ ဘိက္ခုနီမတွေရှိရာကျောင်းသွားသွားပြီးတော့ နေလေ့ရှိတယ်၊ အဲဒီလိုနဲ့ အရောတဝင်နေရာက၊ အရောဝင်တော့ အရိုသေတန်ဆိုတာလိုပေ့ါ၊ တစ်နေ့တော့သူ ဘိက္ခုနီမတွေကျောင်းသွားပြီးတော့နေရင်းနဲ့၊ သူကရေချိုးမလို့နဲ့ တူတယ် အောက် ရောက်လာရင်း သူ့ရဲ့လုံချည်လဲစရာ လုံချည်တို့ အင်္ကျီတို့ မှန်လေးတွေ ဘီးလေး တွေထည့်ထားတဲ့ ပချုပ်ကလေးလို့ဆိုတယ်၊ ဖာကလေးပေ့ါ အထုပ်ကလေး၊ အဲဒီ အထုပ်ကလေး ပချုပ်ကလေးကအပေါ်မှာမေ့ပြီးတော့ ကျန်ရစ်လို့၊ ဘိက္ခုနီမ တယောက်ကို သူကအောက်ကနေပြီးတော့ လှမ်းခိုင်းလိုက်တယ်၊ " အရှင်မ ရေ. . . အဲဒီတပည့်တော်မရဲ့ ပချုပ်ကလေး တဆိတ်ဆွဲခဲ့ပါလို့" ခိုင်း လိုက်မိတယ်။

ဘိက္ခုနီမကလည်း စဉ်းစားတယ်၊ ဟို ရဟန္တာမကြီးဘိက္ခုနီမက၊ "အော် ငါ့ကိုတော့ သူခိုင်းနေပြီ၊ သူ့ရဲ့လုံချည်အင်္ကျီ မှန်ဘီးအစရှိတဲ့ ပစ္စည်းတွေထည့် ထားတဲ့ နိမ့်ကျတဲ့ ပစ္စည်းကို ငါ့အသယ်ခိုင်းနေရှာပြီ. . . အသယ်ခိုင်းပြီးနေရှာပြီ၊ ယူမပေးလိုက်ပြန်ရင်လည်း ငါ့အပေါ်ဒေါသထားပြီးတော့ ငရဲထိလားရှာတော့မှာပဲ၊

http://www.dhammadownload.com



ကဲလေ. . . ငရဲကျရတာထက်တော့ အမျိုးညံ့တဲ့ အကုသိုလ်လောက် ဖြစ်တာကပဲတော်ပါသေးတယ်. . လို့" ဆိုပြီးတော့ ဘိက္ခုနီမကသိပါလျှက်နဲ့ သည်းခံပြီးတော့ သူ့ရဲ့အထုပ်ကလေးသယ်ပိုးပြီးတော့ ပေးလိုက်ရရှာတယ်၊ အဲဒီ ဘိက္ခုနီမ ထိန်းသိမ်းစောက်ရှောက်တော်မူထားတဲ့၊ ရဟန္တာမကြီး ထိန်းသိမ်းစောင့်ရှောက်တော်မူထားတဲ့၊ နှစ်ရာ့နှစ်ဆယ်ခုနှစ်သွယ်သော သိက္ခာသီလ နှင့်တကွ ကုဋေကိုးထောင်ကျော် သိက္ခာသီလတွေကိုစော်ကားလိုက်သလို ဖြစ်သွား။ ရဟန္တာမ အရှင်မြတ်ကြီးရဲ့ သီလ သမာဓိ ပညာတွေကို သူ့ရဲ့နှိမ့်ကျတဲ့ ပစ္စည်းဝတ္ထု ထုပ်ကလေးကို အယူခိုင်းလိုက်မိခြင်းဖြင့် မသိမသာစော်ကား သလိုဖြစ်သွားမိခဲ့တဲ့ အဲဒီ အကုသိုလ်စေတနာရဲ့ အကျိုးပေးကြောင့် ခုဇ္ဇုတ္တရာ ဟာ အမျိုးညံ့တဲ့ ထဲမှာ ဖြစ်တော်မူရရှာတယ်. . . တဲ့။

ဟောဒီမှာ-သူတကယ်စိတ်စေတနာမပါဘူး၊ ဦးမြသန်းနော်၊ မှန်လှပါဘုရား။ စော်ကားမယ်၊ ဒီလိုဘိက္ခုနီမကိုစော်ကားမယ်၊ ဒီလိုဘိက္ခုနီမကို ငါခိုင်းပြီးတော့ ငါစော်ကားမယ်ဆိုတဲ့စိတ်မပါဘူး၊ မပါပေမယ်လို့ အမှတ်တမဲ့လေး စော်ကားသလိုဖြစ်သွား၊ မရိုမသေ မထီလေးစားပြုသလိုဖြစ်သွားမိတဲ့ အကုသိုလ်ကြောင့်၊ မာနတက်သလိုပဲသဘောသက်ရောက်သွားပြီးတော့ အမျိုး ညံ့ရှာတယ်. . . တဲ့၊ အမျိုးညံ့သွားတယ်၊ ဒါကြောင့် ဘုန်းကြီးတို့ဒကာ ဒကာမတွေလေ. . . အမှတ်တမဲ့လေးတောင်မဖြစ်အောင်သတိထားရမယ်၊ ကိုယ့်ထက် အသက်သိက္ခာ ဂုဏ်ဝါကြီးတဲ့ပုဂ္ဂိုလ်တွေနဲ့အတူတူဝင်ပြီးတော့ ထိုင်လို့ဆိုတာတွေ မလုပ်မိအောင်၊ သံဃာရဟန်းတွေနဲ့ဆိုလို့ရှိရင် တခင်းတည်း တပြေးတည်း၊ ထိုင်တဲ့အနေမျိုးမဖြစ်မိအောင်၊ ဒါအမှတ်တမဲ့လေးတွေဖြစ်တတ်တယ် ဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား၊ သီလရှင်ဆရာတွေနဲ့အရောတဝင်နေ ကြပြီဆိုရင် အမျိုးသမီးလေးတွေဟာ၊ အဲဒီ သီလရှင်ဆရာတွေအပေါ်မှာ မထီလေးစား၊ မရိုမသေ အမှတ်တမဲ့တွေ ဖြစ်တတ်တယ်။

ဘာပြုလို့တုန်းဆိုတော့ ကိုယ့်ကငါးပါးသီလမှ နေ့စဉ်အနိုင်နိုင်ထိန်းရတယ်၊ သီလရှင်ဆရာလေးတွေက၊ နေ့စဉ်ရှစ်ပါးထိမ်းပြီးတော့နေတယ်. . လို့ဆိုတော့ သိက္ခာသီလကိုယ့်ထက်သူတို့က သာမနေဘူးလား? သာပါတယ်ဘုရား။ အဲဒီသာနေတဲ့သီလသိက္ခာတွေကို အမှတ်တမဲ့သတိမထားဘူးဆိုရင် ဖြင့်၊ အမှတ်တမဲ့ပြော၊ အမှတ်တမဲ့နေ၊ အမှတ်တမဲ့သွား၊ အမှတ်တမဲ့အလုပ် တွေလုပ်မိပြီဆိုရင်. . . .

http://www.dhammadownload.com



* **မာန်မာနကြွယ်၊ ထိုသူဝယ်၊ မျိုးနွယ်ညံ့မည်ဆို။**

**ထိုက်သူရိုကျိုး၊ မာန်ကိုချိုး၊ အမျိုးမြတ်သကို။** ဆိုတဲ့အတိုင်းအမျိုးနိမ့်သွားတတ်တယ်၊ အမျိုးညံ့သွားတတ်တယ်. . . တဲ့၊ ဒါကြောင့် သတိထားရမယ်၊ ဒီ တော့-ခုဗုဒ္ဓဘာသာရာဟာ အမှတ်တမဲ့လေးဖြစ်သွားတာ၊ အရှင်ဥပါလိမထေရ် ကတော့ တမင်ပင်လျှင် ဖောက်ဖောက်ကျော်ကျော်ခော်ကားခဲ့လို့ အမျိုးညံ့တော်မူရရှာတယ်၊ အဲဒီလို ဇာတ်ကြောင်းတွေ၊ အဲဒီလိုသဘောသွားတွေကို၊ ကြားဖူးနားဝရှိနေရှာတဲ့ ခုနက အမျိုးသမီးလေးက၊ သို့မဟုတ် အမျိုးသားလေးက၊ "ဩ. . . ငါ့မှာ ရှေးအတိတ် ကရိုသေလေးစားသင့်လေးစားထိုက်တဲ့အရာတွေကို၊ မရိုမသေ မထီလေးစား ပြုမိ ခဲ့လို့ ငါဒီ ဘဝအမျိုးညံ့ရတယ်. . . "လို့ဆိုပြီးတော့ ဆင်းရဲ ဒုက္ခလေးသံဝေရရ ဆိုတာလို၊ တခါတည်းအမျိုးညံ့မယ့်အလုပ်တွေသတိထားပြီး ရှောင်ရှားတယ်။ ဒီဘဝမှာ ပစ္စည်းဥစ္စာရှားပါးနေရတာကလည်းပဲ၊

* **မလှူမဒါန်း၊ မပေးကမ်း၊ ခြောက်ခမ်းဥစ္စာဆို၊**

**စွန့်ကြဲလေ့တုံ၊ ပြုပါကုန်၊ ကုံလုံကြွယ်ဝလို၊**

ရှေးအတိတ်က ငါစွန့်ကြဲပေးကမ်း လှူဒါန်းမှုတွေနည်းခဲ့လို့သာ၊ ဒီဘက် ဘဝငါ့မှာ ရှားရှားပါးပါးဖြစ်နေရတာပဲ. . . လို့ဆိုပြီးတော့သူလက်လှမ်းမီသမျှ၊ တတ်စွမ်းသမျှ၊ ဘုရားဆွမ်းတော်ကပ်၊ ပန်းတော်ကပ်၊ ရေကြည်တော်ကပ်လို့၊ ဆွမ်းလေးတစ်ဇွန်းပဲ တတ်နိုင်ကတတ်နိုင်လောင်းလို့၊ လှူလို့၊ တဆင့်ပေးစရာ ဝေစရာ ငှစရာ မျှစရာတွေရှိသမျှပေးလို့၊ ဝေလို့၊ ငှလို့၊ သူ့ဘဝကလေးသူ သတိထား ပြီးတော့ထိမ်းကျောင်းရှာတယ်၊ ရုပ်ရည် ဥပဓိရုပ် အဆင်းတွေ မသန့်မရှင်းဖြစ် ရခြင်းရဲ့ အကြောင်းအရင်းက မေတ္တာခေါင်းပါးခြင်းရဲ့ အကြောင်းဖြစ်တတ်တယ်၊ ဒေါသကြီးခြင်းရဲ့အကြောင်းဖြစ်တတ်တယ်လို့ ကြားဖူးတော့၊ ဒေါသမကြီးမိအောင်၊ မေတ္တာများများပွားလို့၊ ဒေါသမဖြစ်အောင်ထိမ်းလို့၊ နေရာတကာ ဘုရားဝင်း ကျောင်းဝင်းအစရှိသည်တွေမှာ သန့်ရှင်းမှုတွေပြုလို့၊ ရုပ်ရည် ရူပကာသန့်ရှင်း ကောင်းမွန်ကြောင်းဖြစ်တဲ့ အလုပ်တွေလည်းလုပ်လို့၊ ကျန်းမာရေး တွေညံ့ဖျင်း မှုဟာ---

* **နှိပ်စက်ကလူ၊ ညှင်းဆဲသူ၊ ပြောထူရောဂါဆို။**

**ညှာတာစိတ်သွင်း၊ မနှိမ်နင်း၊ ကင်းရှင်းရောဂါကို။. . . တဲ့**

ဒီဘက်ဘဝမှာကျန်းမာရေးတွေညံ့ဖျင်း၊ အနာကြီး အနာငယ်တွေ ပေါက်၊ ရောဂါတွေစွဲဆိုတဲ့ ကျန်းမာရေးတွေညံ့ဖျင်းတတ်တာ၊ ရှေးအတိတ်က၊ ဘယ် အကုသိုလ်ရဲ့လက်ချက်လည်းဆိုရင်၊ သူတစ်ပါးတို့ရဲ့ အပေါ်မှာ. . . တဲ့ အသေ

http://www.dhammadownload.com



တော့မသတ်သော်လည်းပဲ၊ ညှဉ်းပန်းနှိပ်စက်ခဲ့ဖူးတဲ့ ပြစ်ချက်တွေရဲ့ လက်ရာ. .၊ သူတပါးတွေရဲ့အပေါ်မှာကာယကံနဲ့ ကိုယ်နဲ့သော်လည်းကောင်း၊ ဝစီကံနှုတ်နဲ့သော်လည်းကောင်း၊ စိတ်မချမ်းသာ ကိုယ်မချမ်းသာ ပြစ်မှားခဲ့ နှိပ်စက်ခဲ့ ညှဉ်းပန်းခဲ့ နားမခံသာအောင်ပြောခဲ့ ခြေဖြတ် လက်ဖြတ်ပြီးတော့ ညှဉ်းဆဲခဲ့ ရိုက်ပုတ်ပြီးသကာလ ထိုးခုတ်ပြီးသကာလ ညှဉ်းဆဲခဲ့ဆိုတဲ့ ဒီလို အမှုတွေပြုခဲ့မိရင်၊ အထူးသဖြင့် ပါဏာတိပါတဆိုတဲ့ သူတပါးအသက် သတ်ဖြတ်မှုဆိုတဲ့ အမှုကြီးရဲ့ ရှေ့ဦးပရိုက်ဖြစ်တဲ့ ညှဉ်းပန်းနှိပ်စက် ထိုးခုတ်သတ် ဖြတ်မှုတွေပြုခဲ့မိတဲ့ သူတွေဟာ၊ ဒီဘက်ဘဝမှာ ကျန်းမာရေးညံ့ဖျင်းတတ်တယ် လို့၊ ဒီလိုကြာဖူးနားဝရှိရှာတာဆိုတော့ အဲဒီ အမျိုးသားလေး၊ အမျိုးသမီးလေးက အဲဒီလို သူတပါးညှဉ်းပန်းနှိပ်စက်မိ ညှဉ်းပန်းနှိပ်စက်မှုပြုမိမယ့် အမှုမျိုးတွေ သတိထားပြီးတော့ ရှောင်ရှား။

အဲဒီလို အထူးသဖြင့်ရှောင်ရှားတဲ့ အပြင်. . . တဲ့ ကုသိုလ်ကောင်းမှုတွေမှန်သမျှကျတော့လည်းပဲ စိတ်ပါလက်ပါဝင်ပြီးတော့ပါ၊ ကောင်းတဲ့ အလုပ်တွေချည်းပဲ၊ **ကာယေန သုစရိတံ စရတိ**-ကောင်းတဲ့ အလုပ်တွေကိုယ်နဲ့လည်းပဲ အားထုတ်တယ်၊ **ဝါစာယသုစရိတံ စရတိ**-ကြမ်းကြမ်းတမ်းတမ်းမ ပြောမိအောင် သူတစ်ပါးတွေတစ်ဦးနှင့်တစ်ဦး ညီညွတ်နေတာ ကုန်းတိုက်တဲ့အနေ မျိုးမပြောမိအောင်၊ ကြမ်းကြမ်းတမ်းတမ်းဆိုတဲ့ ဖရုသဝါစာတွေ မပြောမိအောင်၊ အယုတ္တအနတ္တ အလေဏတောတွေမပြောမိအောင် သတိဆောင်ပြီးတော့နေတယ်၊ **မနသာ သုစရိတံ စရတိ**-စိတ်ထဲကလည်း သူတစ်ပါးရဲ့ ပစ္စည်းတွေ မတော်မတရား ရချင်တာတွေ၊ သူတစ်ပါးညှဉ်းပန်းနှိပ်စက်မှုဆိုတဲ့ ဗျာပါဒဝိတက်တွေ မကြံစည်မိအောင်၊ မစဉ်းစားမိအောင်၊ သတိဆောင်ပြီးတော့ မေတ္တာနဲ့များနေ၊ သူတစ်ပါး အကျိုး များများဆောင်နိုင်အောင်စဉ်းစား ပြီးတော့နေတော့၊ သူဘယ်သွားမှာတုန်း၊ သူ့လမ်းသူထွင်နေတာပဲ---

**ကောင်းမှုပြုကာ၊ သုမဂ္ဂါ၊ သွားရလူနတ်ပြည်။**

သူကနေ့စဉ်နဲ့အမျှ ကောင်းတဲ့အလုပ်ကလေးတွေချည့် အားထုတ်နေတာဖြစ်တော့၊ ဒီဘက်ဘဝမှာ အမိုက်တိုက်ထဲရောက်နေသော်လည်းပဲ၊ အဲဒီနေ့စဉ်အားထုတ်နေတဲ့ ကုသိုလ်ကောင်းမှုအရှိန်အဟုန်တွေကြောင့် သေခဲ့လို့ရှိရင်၊ နောက်တစ်ဘဝကူးခဲ့ရင်ဖြင့် လူ့ရွာနတ်ပြည်လို့ခေါ်တဲ့ သုဂတိစခန်းတွေ မုချကျိန်းသေပေါက်ရောက်နိုင်တယ်၊ အဲဒီ လူ့ပြည် နတ်ပြည် နိဗ္ဗာန်ဆိုတဲ့ ရွာတွေကို အလင်းရွာလို့ ဘုရားရှင်ကသတ်မှတ်တော်မူသည်၊ ဒီတော့ ဒီပုဂ္ဂိုလ်-ဒီအမျိုးသားအမျိုးသမီးလေးကျတော့ ကိုယ့်လက်ရှိဘဝဖြစ်နေတာထောက်ဆပြီးတော့ ဆင်းရဲ

http://www.dhammadownload.com



လေလေသံဝေရရနဲ့ သတိထားပြီးတော့ ကုသိုလ်တရားတွေ ကြိုးစားသွား လိုက်တာ၊ နောက်ဘဝသုဂတိရောက်သွားတယ်ဆိုတော့ အလင်း ရွာထဲရောက် တယ်လို မခေါ် ရဘူးလားဦးမြသန်းရဲ့ ခေါ် ရပါ ဘုရား။ ဒါကြောင့်-ဒီပုဂ္ဂိုလ်မျိုး ကျတော့ ကိုင်းနုစ်ခေါက်လောက်ပရိသတ်က လိုက်ဆိုစမ်းပါအုန်း "အမိုက်ကလာ၊ အလင်းရွာ၊ သွားရှာသူလည်း တစ်ယောက်ပဲ" အမိုက်က အလင်းကူးတဲ့ ဒုတိယပုဂ္ဂိုလ် ပြီးသွားပြီနော်၊ မှန်လှပါဘုရား။

"အလင်းကနေ အမိုက်ကူးတဲ့သူ"

တတိယမြောက်ပုဂ္ဂိုလ်ကျတော့"အလင်းကလာ၊ အမိုက်ရွာ၊ သွားရှာသူလည်း တစ်ယောက်ပဲ" အလင်းထဲနေတယ်. . . တဲ့၊ အလင်းထဲနေတယ်၊ အမျိုးသားတစ်ယောက်၊ အမျိုးသမီးတစ်ယောက်၊ ယနေ့ ဒကာ ဒကာမ တွေက ကိုယ့်ကိုယ်ကိုစဉ်းစားရမယ်နော်-ငါအလင်းထဲမှာနေသလား၊ အမိုက်ထဲမှာနေသလား၊ ငါ အလင်းထဲမှာနေရင်လည်းပဲ၊ အလင်းလေးချက်စုံရဲ့လား၊ အမိုက်ထဲရောက်နေရင် ဘယ်အမိုက်ထဲမိနေသလဲ ကိုယ့်ကိုယ်ကိုစဉ်းစားရမယ် ဒီသုတ်တော်က ကိုယ့်ကိုယ်ကိုစဉ်းစားနိုင်အောင် ဘုရားရှင်ဟောနေတဲ့သုတ်တော်။ ဒီတော့-အလင်းထဲမှာရောက်နေတယ်ဆိုတာ၊ ဘာပြောတာလဲဆိုရင် ခုနက ပြောခဲ့တဲ့ အတိုင်း၊ အမိုက်ရဲ့ပြောင်းပြန်ပါပဲ၊ အမျိုးသားတစ်ယောက်၊ သို့မဟုတ် အမျိုးသမီး တစ်ယောက်၊ အမျိုးကောင်းတယ်၊ တကယ့်အထက်တန်း စားအမျိုးထဲမှာဖြစ်တယ်၊ ကုန်သည်မျိုး သူဌေးမျိုး၊ သူကြွယ်မျိုး၊ မင်းမျိုး စိုးမျိုးဆိုတဲ့၊ အမျိုးမြတ်တွေထဲမှာ လာဖြစ်တယ်၊ စည်းစိမ်ဥစ္စာရတနာတွေဆိုတာက လည်းပဲ၊ သုံးမကုန် စွဲမခန်း ပေါ့ဗျာ၊ လုံလုံလောက်လောက်ကြီး ပြည့်ပြည့်စုံစုံကြီးရှိ၊ ဥပဓိရုပ်အဆင်း တွေကြည့်လိုက်ပြန်တော့လည်းပဲ တင့်တင့်တယ်တယ်၊ ပြည့်ပြည့်ဖြိုးဖြိုးလှလှပပ၊ ကျန်းမာရေးတွေကြည့်လိုက်ပြန်တော့လည်းပဲ၊ အကုန်လုံး စားနိုင် သောက်နိုင်၊ တောင့်တောင့်တင်းတင်း၊ သွားနိုင်လာနိုင်၊ လုပ်နိုင်ကိုင်နိုင်၊ နေနိုင်ထိုင်နိုင်၊ ဒီတော့ လေးချက်စလုံး အခြင်းအရာက၊ ကောင်းပြီးတော့နေတယ်၊ အမျိုးလည်း ကောင်းတယ်၊ စည်းစိမ်လည်းပေါတယ်၊ ဥပဓိရုပ်အဆင်းလည်း ကောင်းတယ်၊ ကျန်းမာရေးတွေလည်းကောင်းတယ်ဆို ရင်ဖြင့်၊ အဲဒါ အလင်းရွာထဲရောက်နေ တဲ့သူ. . . တဲ့၊ အလင်းထဲရောက်နေ တဲ့သူ။

သို့သော်-အလင်းထဲရောက်နေပေမယ်လို့ ခုနက ပုဂ္ဂိုလ်က ဆင်းရဲ လေ ရှလ၊ သံဝေရရ သတိရသလို ကောင်းတဲ့နေရာရောက်နေလျှက်ပါနဲ့၊ အကုသိုလ်ဒုစရိုက်တွေ သူကကျူးလွန်နေမိပြန်တယ်၊ အထူးသဖြင့်စည်းစိမ်ဥစ္စာ ရတနာတွေနဲ့

http://www.dhammadownload.com



ပြည့်စုံနေတဲ့အတွက်၊ သောက်ဟယ် စားဟယ်ဆိုတဲ့ အမှုတွေပြုမိ၊ ကာမေသုမိစ္ဆာစာရခေါ်တဲ့ သူတစ်ပါးသားမယား အိမ်ရာတွေကျူးလွန်မိဆို တဲ့အမှုတွေကျူးလွန်မိပြုမိ၊ လိမ်ဟယ် ညာဟယ်ဆိုတဲ့အမှုတွေလက်မနေး၊ မိမိမှာ ပြည့်စုံနေလျက်ကယ်နဲ့ ငါးဖြာအာရုံကာမဂုဏ်တွေတိုးပြီးတော့၊ ခံစားချင်လို့၊ ပိုပြီးတော့လိုက်စားချင်လို့၊ သူတပါးရဲ့ ပစ္စည်းတွေ မတော်မတရားရအောင် ဆိုပြီးတော့ တိုက်ဟယ် ခိုက်ဟယ် ဆိုတဲ့ အမှုတွေ အဒိန္နာဒါနအမှုတွေပြု၊ ဒီတော့ ကိုယ်အားဖြင့်လည်း ဒုစရိုက်တွေပြု၊ နှုတ်အားဖြင့်လည်းဒုစရိုက်တွေကျူးလွန်၊ မနောကံစိတ်အား ဖြင့်လည်းပဲ မကောင်းတာတွေကြံ၊ မကောင်းတာတွေစဉ်းစား၊ မကောင်းတာတွေပြောဆိုနဲ့၊ စိတ်ကူးနဲ့ဆိုခဲ့ရင်၊ ဒီပုဂ္ဂိုလ်အားထုတ်နေတဲ့ အလုပ်ဟာ နေ့စဉ် . . . နဲ့အမျှ ဒုစရိုက်တွေဖြစ်နေပြန်တယ်။

## "သူဌေးသားလေးယောက်"

ဘုန်းကြီးတို့ ဒု, သ, န, သော-ဆိုတဲ့ သူဌေးသားလေးယောက် အကြောင်း ဦးမြသန်း နားစွန် နားဖျားကြားဖူးတယ်မဟုတ်လား? ကြားဖူးပါ ဘုရား။ သူဌေးသားလေးယောက်မှ တကယ့်အမျိုးကောင်း၊ ပစ္စည်းပေါ၊ ရုပ်ချော၊ ဒါပေမယ်လို့ သူဌေးသားလေးယောက်အဖြစ်နဲ့ ဖြစ်နေရပေမယ်လို့ သူတို့က ခုနကပြောခဲ့သလို၊ ပစ္စည်းဥစ္စာလေးတွေနဲ့ပြည့်စုံလေလေ၊ ငါးဖြာအာရုံ ကာမဂုဏ်တွေဘက်မှာ စိတ်ကယိုင်လေလေ . . . ဆိုတဲ့အတိုင်း၊ သူတစ်ပါးရဲ့ သားပျို သမီးပျိုတွေဖျက်ဆီး၊ ပစ္စည်းဥစ္စာတတ်နိုင်၊ တတ်နိုင်သလို သူတို့လိုက် စားခဲ့ကြလို့၊ မှောက်မှားခဲ့ကြလို့၊ နောက်ဆုံးအမျိုးလည်းကောင်း၊ ပစ္စည်းလည်းပေါ၊ ဥပဓိရုပ်အဆင်းတွေလည်း ကောင်း၊ ကျန်းမာရေးတွေလည်း ကောင်းတဲ့ သူဌေးသားတွေဖြစ်ကြပါလျက်၊ ငါးဖြာအာရုံကာမဂုဏ်တွေကို လိုက်စားမိခဲ့ကြ တဲ့အတွက်၊ တခါတည်း အပါယ်လေးပါးကျသွားလိုက်တာ အဲဒီ အပါယ်ငရဲရောက် သွားပြီးတော့၊ အဲဒီကနေပြီးတော့ အော်လိုက် ဟစ်လိုက်တဲ့၊ အသံ ဒု, သ, န, သောဆိုပြီးတော့ အော်လိုက်တဲ့အသံ ဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား။ ဒု ဆိုတဲ့အသံကဘာပြုလို့ ဒုနဲ့ပြီးသွားတုန်း ဆိုတော့၊ အမှန် သူပြောချင်တာ အပြည့် အစုံက-

* ဒုဇ္ဇီဝိတ မဇီဝမှ, ယေ သန္တေ န ဒဒမှသေ၊

ဝိဇ္ဇမာနေသု ဘောဂေသု, ဒီပံ နာကမှ အတ္တနော။

---

* အညတရပုရိသဝတ္ထု-ဓမ္မ-၅-၁၊ ၂၈၂။

http://www.dhammadownload.com



ပထမသူဌေးသားက ပြောချင်တာက၊ ငရဲကျပြီးတော့နေရာကနေပြီး တော့ပေါ်လာတဲ့အခိုက်၊ ငရဲအိုးကနေအပေါ်ရောက်လာတဲ့အခိုက်၊ သူပြော ချင်တဲ့စကားလေးကောက်ပြောတာ၊ ပြောပေမယ်လို့ အကုန်အပြည့်အစုံမပြော နိုင်ဘဲနဲ့ ပြန်ပြီးတော့မြုပ်သွားတယ်၊ ဒု ဆိုတဲ့အသံတစ်လုံးပဲပြောနိုင်တယ်၊ ပြန်မြုပ် သွားတယ်တဲ့၊ အဲဒါကိုကောသလမင်းကြီးက နန်းတော်ထဲမှာ မအိပ်နိုင် မပြုနိုင် ဖြစ်နေရာကကြားလို့ မနက်ကျတော့ ဘုရားရှင်ကိုလျှောက်လို့၊ ဒီ အကြောင်းကို အကျယ်တဝင့်ရှင်းလင်းပြီးတော့ ဟောတော်မူတဲ့အခါမှာ၊ ဒု-ဆိုတဲ့ သူဌေးသား ပြောလိုတာက ဘာလဲလို့ဆိုရင်-

**ဒုဇ္ဇီဝိတ မဇီဝိမှ, ယေ သန္တေ န ဒဒမှသေ၊**

**ဝိဇ္ဇမာနေသု ဘောဂေသု, ဒီပံ နာကမှ အတ္တနော။**

ဘာဆိုလိုတုန်းဆိုတော့-သူ သူငယ်ချင်းမိတ်ဆွေတွေကို တပြီးပြောတာ၊ မိတ်ဆွေတို့-ဒို့ ဟိုတုန်းက သူဌေးသားဘဝတုန်းက ပစ္စည်းဥစ္စာတွေ ပေါများပါ လျက်နဲ့ လှူဟယ် တန်းဟယ်ဆိုတဲ့ကုသိုလ်ကောင်းမှုတွေမပြုမိခဲ့ကြဘူးတဲ့၊ ကာမေ သုမိစ္ဆာစာရလို့ခေါ်တဲ့သူတစ်ပါးသားမယားအိမ်ရာတွေ ကျူးလွန်ဖောက် ဖျက်မှု တွေ၊ သုရာမေရယခေါ်တဲ့ သေရည်သောက်စားမှုတွေ၊ ဒုဇ္ဇီတ မဇီဝိမှ-မိုက်မိုက်မှား မှား၊ ဒို့ အသက်မွေးမှုပြုခဲ့ကြတယ်. . . တဲ့၊ ပြုမိခဲ့ကြတယ်၊ ရှေးအတိတ်ကကောင်း ခဲ့လို့ ဒီဘက်ဘဝမှာကောင်းပါလျှက်နဲ့ အဲဒီ အကောင်းကို၊ အကောင်းချင်းမဆက် မိခဲ့ကြဘဲ ဒို့မိုက်မိုက်မှားမှားနဲ့ အသက်မွေး ဝမ်းကြောင်း လွဲခဲ့ကြပြီ. . . တဲ့၊ လွဲခဲ့ ကြပြီ မိတ်ဆွေတို့. . . လို့၊ အဲဒီလိုပြောချင် တာ၊ မပြော နိုင်ပဲနဲ့ ပြန်မြုပ်သွားတာ၊ ဒု-ဆိုတဲ့သမားက။ သ-ဆိုတဲ့သမားကလည်းပဲ၊ ပြောချင်တာက-

**သဋ္ဌိဝဿ သဟဿာနိ, ပရိပုဏ္ဏာနိ သဗ္ဗသော၊**

**နိရယေ ပစ္စမာနာနံ, ကဒါ အန္တော ဘဝိဿတိ။**

ငြီးရှာတာ၊ " မိတ်ဆွေတို့. . . ဒို့ လောဟကုမ္ဘီ သံရည်ပွက်ထိုး ဒီငရဲအိုး ကြီးထဲမှာ ဒို့ ကျက်နေရတာ၊ အနှစ်ခြောက်သောင်းကြာညောင်းခဲ့ပြီ. . . ကြာ ညောင်းခဲ့ပြီ။ ဘယ်တော့များ ဒို့လွတ်ပါ့မလဲ". . . လို့၊ အဲဒီလိုအကျယ်တဝင့် ပြောချင်လို့ သဋ္ဌိဝဿဆိုတဲ့ထဲက သဋ္ဌိက သ-ဆိုလိုက်ကာရှိသေး ပြန်မြုပ်သွား တာနဲ့ သ-ဆိုတဲ့အသံပဲကြားလိုက်ရတာ၊ အဲဒါ ကောသလမင်းကြီးကကြားလို့ ဘုရား မေးတော့ ဘုရားကဒီလို့အဓိပ္ပါယ်ပြန်ရှင်းပြော၊ အဲ ဒု သ န ဆိုတဲ့စကား ကဘာ တုန်းလို့ဆိုတော့---

F- 36

http://www.dhammadownload.com



**နတ္ထိ အန္ဓော ကုတော အန္ဓော, န အန္ဓော ပဋိဒိဿတိ။**

**တဒါ ဟိ ပကတံ ပါပံ, မမ တုယှဉ္စ မာရိသာ။**

တတိယသူဌေးသားပြောချင်တာက ဒီလိုအဓိပ္ပါယ် အကျယ်တဝင့် ပြောချင်တာ၊ ဘာဆိုလိုတုန်းဆိုတော့၊ "မိတ်ဆွေတို့. . . ကျုပ်တို့လောဟကုမ္ဘီ သံရည်ပွက်ထိုး ငရဲအိုးကြီးကနေပြီးလွတ်ဘို့ရာဖြင့်၊ အဆုံးအပိုင်းအခြားမမြင်တော့ပါ" . . . တဲ့၊ ဘယ်မြင်နိုင်လိမ့်မှာဟုန်း၊ ကျုပ်တို့လုပ်ခဲ့တဲ့အလုပ်တွေက၊ အဲ ကဿပဘုရားရှင်လက်ထက်တုန်းက အနှစ် နှစ်သောင်းလောက်သက်တမ်း ကရှည်တာဦး မြသန်းရဲ့နော်၊ မှန်လှပါဘုရား။ အဲဒီ အနှစ် နှစ်သောင်းလုံးလုံး နီးပါးလောက် ကျုပ်တို့ကမိုက်ခဲ့ကြတယ်၊ အကုသိုလ်ဒုစရိုက်တွေကို၊ ကျုပ်တို့ ပြုမိခဲ့ကြတယ်၊ တဒါ ဟိ ပကတံ ပါပံ-တဒါ-ထိုကျုပ်တို့ ကဿပဘုရားရှင်လက်ထက် အနှစ် နှစ်သောင်းသက်တမ်းရှိစဉ်တုန်းက၊ သူဌေးသားတွေဖြစ်စဉ် တုန်းက၊ ပါပံ-မကောင်းမှုကို၊ ပကတံ-အမျိုးမျိုးကြီးစားပြီးတော့ပြုခဲ့ကြတဲ့၊ အဲဒီ အကုသိုလ်တွေက ကျုပ်တို့ကို၊ တစ်ခုကပဲ အကျိုးပေးတာရှိသေးတယ်၊ ကျန်တဲ့ အကုသိုလ်တွေက ပေးရအုန်းမှာအများကြီးရှိသေးတော့ ကျုပ်တို့လွတ်ရက်မမြင် တော့ဘူး မိတ်ဆွေတို့". . . လို့ငြီးရှာတာ၊ ငြီးရှာတာ၊ အဲဒီ ငြီးတဲ့စကားပြည့်စုံအောင်မငြီးနိုင်ဘူး၊ နတ္ထိ အန္ဓောဆိုတဲ့ နတ္ထိလို့ပြောမလို့၊ န-လို့ဆိုကာရှိသေး၊ ပြန်မြုပ်သွားတာနဲ့ မပြောလိုက်ရဘူး၊ နောက်ဆုံးလေးနံပါတ် ပုဂ္ဂိုလ်ကျတော့ ဒု သ န သောဆိုတဲ့ အတိုင်းဘာပြောတုန်း---

**သော ဟံနူန ဣတော ဂန္ဒာ, ယောနိံ လဒ္ဓါန မာနုသိံ၊**

**ဝဒညူ သီလ သမ္ပန္နော, ကာဟာမိ ကုသလံ ဗဟုံ။**

နောင်တရလို့၊ သောဟံ-ထိုငါသည်၊ ဣတော-ဤလောဟကုမ္ဘီ သံရည်ပွက်ထိုး ငရဲအိုးမှ၊ ဂန္ဒာ-လွတ်မြောက်ပြီးတော့ လူ့ဘုံဌာနရောက်ခဲ့သည်ရှိသော်၊ ဝဒညူ-ပြောဆိုတောင်းခံလာသမျှကိုလည်းပဲ၊ အလိုက်သိစွာပေးလေ့ ရှိတဲ့သူသည်၊ ဟောမိ-ဖြစ်လိုက်ပါတော့အံ့၊ ငါလေ. . . ဟောဒီလောဟကုမ္ဘီ ငရဲကများ ဒီတခါကျွတ်လွတ်ပြီးတော့၊ လူ့ဘဝများပြန်ပြီးတော့၊ ကံကောင်းလို့ ရခဲ့ရင်. . . တဲ့၊ ကုသိုလ်ကောင်းမှုတွေပြုလိုက်မယ်၊ ကြိုးစားပြီးတော့ပေးလိုက် မယ်၊ ကမ်းလိုက်မယ်၊ ဝဒညူ-ပြောဆိုတောင်းခံလာသမျှကို၊ အလိုက်သိစွာ ပေးလှူလိုက်မယ်၊ သီလသမ္ပန္နော-ငါးပါးသီလ ရှစ်ပါးသီလ ကိုးပါးသီလဆိုတဲ့ သီလတွေလည်း ထိမ်းလိုက်မယ်၊ ကာဟာမိ ကုသလံ ဗဟုံ။ ဗဟုံ-များစွာသော ပြဆိုအပ်ခဲ့တဲ့ ကုသိုလ်တို့မှတစ်ပါးသော၊ ကုသိုလ်မြောက်များစွာကိုလည်း၊ ကာဟာမိ-ပြုလိုက်ပါတော့

http://www.dhammadownload.com



အံ့. . .၊ ငါလေ. . . ဒီတစ်ခါသာ ဟောဒီငရဲက လွတ်လာခဲ့ လို့ရှိရင်ဖြင့် ကုသိုလ်ကောင်း မှုတွေပြုမယ်. . . တဲ့၊ ကြိုးစားပြီးတော့ ပြုမယ် လို့နောင်တတွေရပြီးတော့ ငြီးရှာတာ၊ ပြောရှာတာ၊ အဲဒီပြောချင်တဲ့ စကားအပြည့် အစုံမပြောနိုင်တော့ဘဲနဲ့၊ သောဟံ နူန ဣတော ဂန္တွာ-ဆိုတဲ့ စကားမှာ-သောဟံ-က သောဆိုတဲ့ စကားတလုံးပဲပြောပြီးတော့ပြန်မြုပ်သွား။

အဲဒါ သူဌေးသားလေးယောက်၊ ခုကာလ ဘုန်းကြီးတို့သာသနာ့သမိုင်းမှာ၊ ဒု သ န သော ဆိုတဲ့သူဌေးသားလေးယောက်လို့ဆိုပြီးတော့ သာသနာ့သမိုင်းတွင်ကျန်နေရစ်တယ် ဦးမြသန်းနော်၊ ကျန်ရစ်ပါဘုရား။ အဲဒီ သူဌေးသားလေးယောက်တို့သည်၊ ဟော-ဒီဘက်ဘဝမှာ အလင်းရွာထဲရောက် နေတာ မသေချာဘူးလား? သေချာပါတယ်ဘုရား။ သူဌေးသားတွေ အမျိုး ကောင်းတယ်၊ ပစ္စည်းပေါတယ်၊ ရုပ်ချောတယ်၊ ကျန်းမာရေးတွေကောင်းတယ်၊ အလင်းထဲနေတယ်၊ ဒါပေမယ်လို့ဒုစရိုက်အကုသိုလ်တွေ နေ့စဉ်နဲ့အမျှ ပြုသွားခဲ့မိလို့ ယခုအပါယ်ငရဲများကျပြီးတော့နေရရှာတယ်လို့ဆိုတော့ အမိုက် ထဲရောက်သွားတာမဟုတ်ဘူးလား? အမိုက်ထဲရောက်သွားကြောင်း ပါဘုရား။ အဲဒါကြောင့် ဒီပုဂ္ဂိုလ်မျိုးကို-ကိုင်းနှစ်ခေါက်လောက်ဆိုကြအုန်းစို့-

**အလင်းကလာ၊ အမိုက်ရွာ၊ သွားရှာသူလည်း တစ်ယောက်ပဲ။**

ဟော-ပြီးသွားပြီ ပုဂ္ဂိုလ် (၃) မျိုးနော်၊ မှန်လှပါဘုရား။ အမိုက်ကနေအမိုက်ကူးတာရယ်၊ အမိုက်ကနေအလင်းကူးတာရယ်၊ အလင်းကနေပြီးတော့၊ အမိုက်ကူးတာရယ်၊ ဟော-နောက်ဆုံးပုဂ္ဂိုလ်ကျတော့လွယ်ပြီ---

## "အလင်းကနေ အလင်းကူးတဲ့သူ"

**အလင်းကလာ၊ အလင်းရွာ၊ သွားရှာသူလည်း တစ်ယောက်ပဲ။**

အလင်းကနေ အလင်းကူးတဲ့သူ. . . တဲ့၊ တဆင့်ထက်တဆင့်၊ လူ့အလင်းရွာ၊ လူ့အလင်းရွာက၊ နတ်အလင်းရွာ။ နတ်အလင်းရွာက၊ ဗြဟ္မာအလင်းရွာ၊ နောက်ဆုံးနိဗ္ဗာန်ဆိုတဲ့အလင်းရွာ၊ အလင်းရွာတွေထဲမှာ အကောင်းဆုံးက နိဗ္ဗာန်အလင်းရွာကြီးကအကောင်းဆုံးပဲ ဦးမြသန်းရဲ့နော်၊ အကောင်းဆုံးပါဘုရား။ ဒီတော့ အလင်းကနေပြီးတော့အလင်းတဆင့် တဆင့် ကူးသွားပုံသက်သေ တခု ထုတ်ရမယ်ဆိုရင်၊ ဘုန်းကြီးတို့ရွာတစ်ရွာမှာ၊ အိမ်ခြေတစ်ထောင်လောက်ရှိတဲ့ တောရွာကြီးတစ်ရွာမှာ၊ အရှင်ပစ္စေကဗုဒ္ဓါ တစ်ထောင်က ဝါဆိုကာနီးမိုးတွေ လေတွေ ဟိမဝန္တာမှာ အားကြီးလို့ ရွာအနီး မြို့အနီးကပ်ပြီး တော့ဝါဆိုဖို့ရာ ကြွလာကြ

http://www.dhammadownload.com



တယ်၊ ဟိမဝန္တာက အင်မတန်ဆီးနှင်းထူထပ်တယ်၊ မိုးလည်းများတယ်၊ အဲဒီတော့ မိုးတွင်းမနေနိုင်ဘူးတဲ့၊ အရှင်ပစ္စေကဗုဒ္ဓါတွေ၊ ဒီတော့-ဝါတွင်းတို့ဘာ တို့ဆိုရင် မြို့နားရွာနားကပ်ရတယ်၊ အဲဒီလို အရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်၊ အဲဒီ အိမ်ခြေ တစ်ထောင်ရှိတဲ့ ရွာကြီးနားချဉ်းကပ်ပြီးတော့လာတော့၊ အဲဒီရွာကြီးမှာ သူကြီးနဲ့ သူကြီးကတော်က ဦးဆောင်ပြီးတော့ ဒီအရှင် ပစ္စေကဗုဒ္ဓါအရှင်မြတ် တစ်ထောင်ကို တစ်အိမ်လျှင် တစ်ပါးကျခါအနေနဲ့ ကျောင်းသက်န်းလေးတွေ ထွက်ပြီးတော့ ဆောက်ပေး။

တစ်ဝါတွင်းလုံး ဒီအရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေထံမှာ သီလဆောက် တည်လို့၊ ဆွမ်းသက်န်းအစရှိတဲ့ပစ္စည်းလေး လှူဒါန်းတဲ့ ဒါနမှုတွေပြုလို့၊ တစ်ဝါ တွင်းလုံး ကုသိုလ်ကောင်းမှုတွေစုစည်းလိုက်ကြ၊ သိမ်းထုတ်လိုက်ကြ၊ အားထုတ် လိုက်ကြတာ၊ အဲဒီအိမ်ခြေတစ်ထောင်ရှိတဲ့ အမျိုးသား အမျိုးသမီး အပေါင်းဟာ၊ ဒီကုသိုလ်အခြေခံပြီးနောက်ဘဝကူးလာတော့၊ ဘယ်ရောက် လာကြတုန်းဆိုတော့ ကဿပဘုရားရှင်လက်ထက်မှာ၊ ဘုရားရှင် ပွင့်တော်မူတဲ့ အချိန်မှာ၊ တရာဏ သီမြို့မှာ သူကြွယ်မျိုးမှာလာပြီးတော့ အကုန်လုံးဖြစ်ကြတယ်၊ ပစ္စည်းဥစ္စာ ကုန်လုံကြွယ်ဝတဲ့၊ သူဌေးသူကြွယ်မျိုးမှာ လာပြီးတော့ဖြစ်ကြတယ်၊ ဦးမြသန်းနေဘ်၊ မှန်လှပါဘုရား။ ပြုတုန်းကလည်း အတူဘူပေါင်းပြီးတော့ စိတ်တူကိုယ်တူပြု ခဲ့ကြသည့်အလျောက်၊ ဒီဘဝမှာ လည်းအတူလာပြီးတော့ ဖြစ်ခဲ့ ကြတယ်။

အဲဒီ ကဿပဘုရားရှင်ပွင့်တော်မူတဲ့အချိန်မှာ သူဌေးသူကြွယ်မျိုးမှာ လာပြီးတော့ တစုတဝေးလာပြီးတော့ဖြစ်ကြပြီးတော့စိတ်တူကိုယ်မျှ တိုင်တိုင်ပင် ပင် ညီညီညွတ်ညွတ်၊ နေကြတဲ့ အဲဒီခေါင်းဆောင်သူကြွယ်နဲ့သူကြွယ်က တော်နှစ် ဦးခေါင်းဆောင်တဲ့၊ သူကြွယ်တစ်ထောင်၊ သူကြွယ်ကတော် တစ်ထောင်၊ မိသားစု တစ် ထောင်တို့သည်၊ တနေ့တော့ ကဿပဘုရားရှင်တရား ပွဲကြီး၊ တရားဟောမယ့် ကျောင်းထဲ တရားဟောလိမ့်မယ်ဆိုလို့ တရားနာသွား ကြတာကျောင်းထဲ၊ သူတို့ ကျောင်းထဲရောက်တယ်ဆိုရင်ပဲ တရားပွဲကမစခင် ဖြုန်းကနဲ့ဆိုမိုးကြီးက မချုန်းဘဲ တက်ပြီးတော့ ရွာလိုက်တယ်၊ ရွာလိုက်တော့၊ မိုးရွာတယ်ဆိုတော့ ဒီပြင် ကိုယ်ရင် တွေ ဦးဇင်းတွေနဲ့ရင်းနှီးတဲ့ ကဿပဘုရား ရှင်သာသနာတော်မှာ၊ ကျောင်းတွေဘာ တွေဆောက်လုပ်လှူဒါန်းထားတဲ့ တချို့ ဒကာ ဒကာမ၊ သာသနာ တော်နဲ့ရင်းနှီး နေတဲ့ ဒကာ ဒကာမတွေကတော့ သူတို့ ဆိုင်ရာ ကျောင်းတွေဝင်ပြီး မိုးခိုကြ၊သူတို့

---

* မဟာကပ္ပိနတ္ထေရအပဒါန-အပ-၅-၂၊ ၂၁၈။

http://www.dhammadownload.com



ဆိုင်ရာ ဆွမ်းတွေဘာတွေလောင်းလှူ နေကြတဲ့ ကိုရင် ဦးဇင်းတွေက သူတို့ဒကာ ဒကာမကြီးတွေထွက်ပြီးတော့ခေါ်ကြ၊ ငင်ကြနဲ့၊ သူတို့မှာတော့ ဟိုကျောင်း ခင်ရနိုးနိုး၊ ဒီကျောင်းကပ်ရနိုးနိုး၊ ဟိုကခေါ်နိုးနိုး၊ ဒီကခေါ်နိုးနိုးနဲ့ ဘယ်သူက မှမခေါ်ဘူး၊ သူတို့ကလည်းသာသနာတော်နဲ့မျက်နှာစိမ်း နေကြသေးတယ်၊ မလှူမ တန်း မပေးကမ်းဆိုသလိုပဲ၊ နဲနဲခပ် စိမ်းစိမ်းဖြစ်နေကြ သေးတယ်တဲ့ ဦးမြသန်းနေ၁်၊ မှန်လှပါဘုရား။

အဲဒီလိုနဲ့သူတို့မှာ မိုးကြီးရွာလိုက်တော့ ဟိုသစ်ပင်လေးကပ်၊ ဒီသစ်ပင် လေးခိုနဲ့ အကုန်လုံးမိုးစိုကုန်ကြတယ်၊ မိုးတိတ်သွားတော့ တရားပွဲကလည်း မစ သေးတော့၊ အဲဒီထဲမှာ သူကြွယ်ခေါင်းဆောင် ဒကာကပြောတယ်၊ "မိတ်ဆွေတို့- ကျုပ်တို့ ဒီတစ်ခုနဲ့ပဲ ကျုပ်တို့ရှက်ဖို့ကောင်းပြီ သတိသံဝေဂရဘို့ကောင်းပြီ၊ ကြည့်ပါ အုန်းတဲ့ ဟိုမှာ-သူတို့ဆိုင်ရာ ဆိုင်ရာသာသနာနဲ့ ရင်းနှီးနေကြတဲ့မျက်နှာ နာနေ ကြတဲ့ပုဂ္ဂိုလ်တွေကျတော့ သူတို့ကျောင်းတွေ သူတို့ကန်တွေဝင်ပြီးတော့ တည်းရဲ ခိုရဲကြတယ်၊ သူတို့ဆိုင်ရာဦးဇင်းတွေက ထွက်ပြီးတော့ခေါ်ကြတယ်၊ ကျုပ်တို့မှာ သာသနာနဲ့မျက်နှာစိမ်းနေကြလို့ သာသနာ့ဝန်ထမ်းတွေကို ဘာမှမပြုခဲ့ဘူး ကြတဲ့အတွက်၊ မျက်နှာစိမ်းနေကြတဲ့အတွက်၊ ကျုပ်တို့အခုလိုမိုးစိုခဲ့ ရတယ်. . . တဲ့၊ ဒီတခုနဲ့ပဲ ကျုပ်တို့သတိသံဝေဂရဘို့ကောင်းပြီ၊ ကိုင်း ဒီတော့ ကျုပ်တို့စုပေါင်း ပြီးတော့ ကျောင်းတစ်ဆောင်ဆောက်မယ်ဗျာ၊ ပါကြမလား၊ ထည့်ကြမလား" "ဟာ ထည့်မယ်၊ ပါမယ်" အားလုံးသဘောတူ တခါတည်း ငွေစု ဆောင်းပြီးတော့ ကဿပဘုရားရှင်အတွက် ကျောင်းကြီးတစ်ဆောင် ဆောက်ပြီးတော့လှူကျောင်း ရေစက်ချပွဲလုပ်ကြတော့ အသီးအသီး သံဃာတော် အရှင်မြတ်တွေကို ဆွမ်းတွေ ဟင်းတွေနဲ့ကပ်၊ သင်္ကန်းတွေလှူ အဲဒီကစပြီးတော့ ကျောင်း ဒကာ ကျောင်းအမ တွေဖြစ်သွားကြတယ်ဆိုတော့၊ ကုသိုလ်ကောင်းမှု တွေဆက်ပြီး တော့ပွားတော့ မှာပေါ့ ဦးမြသန်းရဲ့နေ၁်၊ မှန်လှပါ ဘုရား။

သီလတွေဆောက်တည်ကြ၊ မကြာမကြာတရားနာသွားကြ၊ ကျောင်းဒကာ ကျောင်းအမတွေဆိုတော့ ကျောင်းနဲ့ပတ်သက်တဲ့ သေနာသနအသုံး အဆောင် တံမြက်စီးကစ၊ ခြေသုတ်ခုံကစ၊ လိုတာလေးတွေလှူ ကျောင်းဒကာ ကျောင်းအမ ဖြစ်သည့်အလျောက်၊ ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး၊ လေးရပ်သောပစ္စည်းတွေ ထောက်ပံ့လှူဒါန်းရင်းနဲ့၊ ကဿပဘုရားရှင်သာသနာလက်ထက်မှာ ကုသိုလ် ကောင်းမှုတွေ စုဆည်းလိုက်ကြတာ၊ နောက်တစ်ဘဝဘုန်းကြီးတို့ ဘုရားရှင် ပွင့်တော်မူတဲ့အချိန်ကျတော့၊ ဘယ်ရောက်လာတုန်းလို့ဆိုတော့- မဟာကပ္ပိမင်းနဲ့

http://www.dhammadownload.com



အနောဇာဒေဝီလို့ မင်းမိဖုရားနှစ်ပါးလာဖြစ်တယ်၊ ဟိုတုန်းက၊ သူကြွယ်ခေါင်းဆောင်တို့ သူကြွယ်ကတော်တို့ကနော်၊ မှန်လှပါဘုရား။ ရွာကြီးနဲ့ ပြန်ပြောမယ်ဆိုရင်၊ သူကြီးနဲ့ သူကြီးကတော်ပေါ့။ အဲဒီသူတို့နှစ်ယောက်သည်၊ ဒီဘက်ဘဝကျတော့ ဘုန်းကြီးတို့ဘုရားရှင်လက်ထက်ကျတော့၊ ကုက္ကုဋဝတီမင်း နေပြည်ကြီးမှာ မဟာကပ္ပိနမင်းနဲ့ အနောဇာဒေဝီရယ်လို့ မင်းမိဖုရားခေါင်း ဆောင်လာဖြစ်၊ ကျန်တဲ့ သူတွေကလည်းပဲ အမတ်တစ်ထောင်နဲ့အမတ်ကတော် တစ်ထောင်လာပြီးဖြစ်ကြ၊ ဖြစ်ကြပြီးတော့သူကို့ မင်းစည်းစိမ်ရိုပ်ငြိမ်ခံစားပေ မယ်လို့ ဘုရား တရား သံဃာ ရတနာသုံးပါးကိုပဲစိတ်ကညွတ်နေရက် ရှာနေရက်၊ အမတ်တစ်ထောင်နဲ့ အမတ်ကတော် တစ်ထောင်ကလည်းပဲ အမတ်စည်းစိမ်တွေနဲ့ အမတ်ရာထူးကြီးတွေနဲ့နေကြပေမယ်လို့၊ ဘုရား တရား သံဃာ ရတနာသုံးပါးကို စုံစမ်းနေရက်။

အဲဒီလိုစုံစမ်းနေရင်းက တခါတော့ သူတို့သာဝတ္ထိမြို့က လှည်းကုန်သည်တွေလာလို့၊ အဲဒီလှည်းကုန်သည်တွေဆီကတဆင့် ဘုရားပွင့်နေပြီ၊ တရားလောကကြီးထဲမှာ ထွန်းကားနေပြီ၊ သံဃာတော်အရှင်မြတ်တွေ ကမ္ဘာလောကထဲပေါ်နေပြီလို့ ဆိုတာသိကြရတာနဲ့၊ အဲဒါ- အဲဒီလှည်းကုန်သည်တွေဆီကသတင်းကြားပြီးတော့၊ မဟာကပ္ပိနမင်းနဲ့ အမတ်တစ်ထောင်က၊ အဲဒီနေ့မှာသူတို့က ဥယျာဉ်ထဲပျော်ပွဲစားဆိုပါတော့၊ မဟာကပ္ပိနမင်းနဲ့ အမတ်တစ်ထောင်မြင်းတွေကိုယ်စီနဲ့ ဥယျာဉ်ထဲရောက်နေကြတဲ့အခိုက်၊ မိဖုရားနဲ့ အမတ်ကတော်တစ်ထောင် အိမ်မှာနေရစ်ကြတာမဟုတ်ပါဘူး၊ အဲဒါ သူတို့ဥယျာဉ်ထဲရောက်နေတဲ့အခိုက်၊ သာဝတ္ထိမြို့ဘက်လာတဲ့ လှည်းကုန်သည်တွေခေါ်မေးရာက၊ ဘုရား တရား သံဃာ ရတနာသုံးပါး လောကထဲမှာ ပွင့်နေပြီဆိုတဲ့အသံကိုကြား၊ ပီတိဟုန်ခွဲပြီးမေ့ကနဲသွားရသည်အထိ ဓာတ်ခိုက်ပြီးတော့ အဲဒီ ဘုရားရှင် ရှိတော်မူရာ၊ တရားရတနာထွန်းပေါက်တဲ့နေရာ၊ အရိယာသံဃာတော်တွေ ရှိတော်မူရာနေရာဆီဦးတည်ပြီးသကာလ မြင်းကိုယ်စီ စီးပြီးထွက်ခွါလာခဲ့ကြသည်၊ နန်းတော်တောင်မပြန်တော့ဘူး ဦးမြသန်းနော်၊ မှန်လှပါဘုရား။

အဲဒီလိုနဲ့ မြင်းကိုယ်စီ စီးပြီးတော့ထွက်လာရင်းနဲ့ လမ်းမှာမြစ်ကြီး သုံးတန်ကိုကျော်လွှားလာ၊ မြစ်ကြီးသုံးတန်ကျော်လွှားပြီးတော့ ဘုရားရှင်ရှိတော်မူရာလာတော့ အဲဒီနေ့မှာပဲ ဘုရားရှင်ကလည်းပဲ-သဗ္ဗညုတ္တဉာဏ်တော်ကွန့် ယှက်ဖြန့်ကျက်ပြီးတော့ ကျွတ်ထိုက်တဲ့သတ္တဝါကို အဲဒီနေ့မနက်စောစောရှာတဲ့ အချိန်မှာ၊ မဟာကပ္ပိနမင်းနဲ့ အမတ်တစ်ထောင်။ အနောဇာဒေဝီ မိဖုရားဦးစီးတဲ့ အမတ်ကတော်တစ်ထောင်တို့ ကျွတ်တန်းဝင်မယ်. . . လို့ ဆိုတာမြင်တော်မူလို့ ဘုရားရှင်က

http://www.dhammadownload.com



သာဝတ္ထိမြို့ကနေပြီးတော့၊ အဲဒီမဟာကပ္ပိနမင်းကြီးတို့လာမယ့် လမ်းခရီးတစ်ဝက်လောက်က ကြိုပြီးတော့နေတော်မူရှာတယ်၊ ဘုရားရှင်က စန္ဒဘာဂါမြစ်လို့ဆိုတဲ့ မြစ်ကမ်းရဲ့အနီးကနေပြီးတော့၊ ကြိုနေ စောင့်နေတယ် ဘုရားရှင်ကတော်တော် လှမ်းလှမ်းရောက်တော့ ဘုရားရှင်ရဲ့ရောင်ခြည်တော်တွေမြင်ရ၊ အဲဒီရောင်ခြည်တော် တွေလွှတ်တာမြင်ရတာနဲ့ပဲ၊ ဒို့ရည်မှန်းလာခဲ့တဲ့ ဘုရားဆိုတာ၊ ဒီပုဂ္ဂိုလ်ထူးပဲ ဖြစ်လိမ့်မယ်. . . လို့ ယုံကြည်ချက်အပြည့်အဝနဲ့၊ ဘုရားရှင်ရဲ့အနီးပါးသွားရောက်ပြီးတော့ထိုင်ကြ၊ အဲဒီလိုထိုင်တယ်ဆိုရင်ပဲ၊ ဘုရားရှင်ကိုယ်တော်မြတ်က၊ သူတို့နဲ့ထိုက်လျှောက်ပတ်တဲ့ သစ္စာလေးပါး တရားတိုင်အောင်ဆိုက်တဲ့ အနုပုဗ္ဗိကထာလို့ခေါ်တယ်၊ အစဉ်အတိုင်းသော တရားစကားဟောလိုက်တာ၊ အဲဒီနားတင်သောတာပန်အကုန်လုံးတည်၊ သောတာပန်ဖြစ်ကုန်ကြတယ်နော်၊ မှန်လှပါဘုရား။ အဲဒီလိုသူတို့ သွားရောက်ပြီးတော့ ဘုရားရှင်ထံမှောက်ရောက်ပြီးတော့သောတာပန်ဖြစ်ကြတယ်ဆိုရင်ပဲ၊ အကုန်လုံးထပြီးတော့---

လဘေယျာမ မယံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျာမ ဥပသမ္ပဒံ။

ရှင်တော်မြတ်ဘုရား. . . တဲ့၊ တပည့်တော်တို့ ရှင်ရဟန်းအဖြစ်ရပါရစေဘုရား. . . လို့၊ သောတာပန်ဖြစ်သွားကြသည့်နှင့်တပြိုင်နက်၊ ရှင်ရဟန်း ပြုခွင့်တောင်းကြတယ်၊ အဲဒီလိုတောင်းတော့ လူကလည်းတစ်ထောင်ဆိုတော့၊ ရှင်ရဟန်းပြုဖို့ရာ သင်္ကန်းအစုံ တစ်ထောင်၊ သပိတ်အလုံးတစ်ထောင်၊ ဖိနပ်တစ်ထောင်၊ မလိုဘူးလားဦးမြသန်း၊ လိုပါ ဘုရား။ ဒီတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကကြည့်ရတယ်၊ အခု တောကြီးထဲရောက်နေတာ၊ သင်္ကန်းဆိုင်ကလည်းနီးပါ့မလား? မနီးပါဘုရား။ ဒီတော့ တောကြီးထဲရောက် နေတာဖြစ်တော့ဘုရားရှင်ကိုယ်တော်မြတ်က၊ ဧဟိဘိက္ခုအဖြစ်နဲ့ခေါ်ဖို့ရာ ကြည့်တော်မူရတယ်၊ ဧဟိဘိက္ခုအဖြစ်နဲ့ခေါ်တယ်ဆိုတာ၊ တန်ခိုးဖြင့်ပြီးတဲ့ သပိတ် သင်္ကန်းပေါ်လာအောင် ဘုရားရှင်လိုပုဂ္ဂိုလ်ကြီးက ဧဟိ ဘိက္ခု၊ သို့မဟုတ်၊ ဧထဘိက္ခဝေါ၊ မြန်မာလိုကတော့၊ ချစ်သားတို့လာကြကုန်လော့လို့ ဟောဒီလို နှုတ်မြွက်ပြီးတော့ ခေါ်လိုက်ရင် သင်္ကန်း သပိတ် ပရိက္ခရာတွေ ပြည့်စုံနိုင်တယ်။

အဲဒါဘုရားရှင်ကိုယ်တော်မြတ်ကခေါ်ချင်လို့ သူတို့ရှင်ရဟန်းအဖြစ် ပေးဖို့ရာ ဧဟိဘိက္ခု ရှင်ရဟန်းအဖြစ်နဲ့ပြုပေးလို့ ရမလား မရဘူးလားဆိုတာ သူတို့ရဲ့အတိတ်ဇာတ်ကြောင်းပြန်ပြောင်းပြီးတော့ကြည့်လိုက်တဲ့အခါ၊ အင်း. . .

http://www.dhammadownload.com



အရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ထောင်ကို ပြုစုခဲ့တယ်၊ သင်္ကန်းတွေ လှူခဲ့တယ်၊ ဒါတွေမြင်လာတယ်၊ သင်္ကန်း သပိတ်တွေလှူခဲ့ဖူးတယ်၊ ကဿပဘုရားရှင် သာသနာလက်ထက်တုန်းကလည်း၊ ကျောင်းကြီးတစ်ဆောင် ဆောက် လုပ်လှူဒါန်း ပြီး၊ သင်္ကန်း ဆွမ်း ကျောင်း ဆေးပစ္စည်းလေးပါးနဲ့လည်း လှူခဲ့ဖူးတယ်၊ ထောက်ပံ့ခဲ့ဖူးတယ်. . . လို့ဆိုတဲ့ သူတို့ရဲ့ အတိတ်အကြောင်း ကောင်းမှု ပါရမီတွေမြင်တော်မူမှဘုရားရှင်က၊ ဧထဘိက္ခဝေါ စရထ ဖြဟ္မစရိယံ။ "ချစ်သားတို့လာကြ၊ ငါ့ရဲ့သာသနာ့ဖြဟ္မ စရိယ၊ မဂ္ဂစရိယနှစ်ပါးကို ကျင့်ကြပေတော့" လို့ အဲဒီလိုခေါ်လိုက်သည်နှင့်တပြိုင်နက်၊ တခါတည်း အလိုလို ဖြစ်တဲ့ သပိတ်သင်္ကန်း တွေကိုယ်စီကိုယ်ငှရောက်လာပြီးတော့ ဝါခြောက်ဆယ် ရ မထေရ်ကြီးတွေလို၊ခေါင်းပေါ်ကဆံပင်တွေလည်း ဘယ်သူမှ ရိပ်မပေးရဘဲနဲ့ အလိုလိုကွယ်ပျောက်၊ ဖန်ရည်တပ်စွန်းတဲ့ သင်္ကန်းတွေလည်း ကိုယ်ပေါ်မှာ ရောက်၊ သပိတ်တွေ လွယ်ပြီးတော့ တခါတည်းပေါ်လာတဲ့၊ ကိုယ်ဟန်ပုံ သဏ္ဌာန် ဖြစ်သွားတယ်၊ ဦးမြသန်းနော်၊ မှန်လှပါဘုရား။

ဒီတော့-ဒီနေရာသတိထားဖို့က ဧဟိဘိက္ခုအဖြစ်နဲ့ခေါ်လို့ရတယ်ဆိုတာ. . . တဲ့၊ ဘုရားရှင်များရမ်းပြီးခေါ်လို့မရဘူး၊ သူတို့ရဲ့အတိတ်အကြောင်း ပါရမီကောင်းမှုကြည့်ပြီးတော့မှခေါ်ရတယ်၊ သူတို့ရှေးအတ္တိတ်အကြောင်းက၊ ပါရမီကောင်းမှုထဲမှာ သင်္ကန်းလှူဖူးတယ်၊ သပိတ်လှူဖူးတယ်၊ အစရှိသဖြင့်၊ ဒီလိုလှူဖူးတန်းဖူးတဲ့ပုဂ္ဂိုလ်တွေမှ၊ ဘုရားရှင်က ဧဟိဘိက္ခုခေါ်လို့ရတယ်ဆိုတော့၊ ဧဟိဘိက္ခုအဖြစ်နဲ့ ရဟန်းပြုရတယ်၊ သပိတ်သင်္ကန်းတွေပေါ်လာတယ် ဆိုတာ၊ ဘုရားရှင်ရဲ့တန်ခိုးမဟုတ်ဘူး၊ အမှန်က ကိုယ့်တန်ခိုးမဟုတ်လား၊ ဦးမြသန်းရဲ့၊ မှန်လှပါဘုရား။ ဘယ်သူမပြု မိမိမှု၊ ကိုယ်ဟုတ်လို့ ဟုတ်တာ ပါနော်၊ မှန်လှပါ ဘုရား။ ဘုရားရှင်ကလည်းပဲ မ,ချင်ပေမယ်လို့ စောင်မ၊ စောင်မနဲ့ စောင်ရှိမှ မဖြစ်တယ်ဆိုသလို၊ သူတို့အတိတ်ကြောင်းပါရမီ ကောင်းမှုရှိမှ ခေါ်လို့ဖြစ်တယ်၊ မ, လို့ဖြစ်တယ်. . . လို့ဆိုတော့ ဘုန်းကြီးတို့ အခု အမှတ် (၈) မော်တော်ယာဉ် အသင်းဒကာ ဒကာမတွေ ဧဟိ ဘိက္ခုခေါ်ခံရမှာ နဲ့ မနီးဘူးလား ဦးမြသန်းရဲ့၊ နီးပါဘုရား။ ဦးမြသန်းအခေါ်ခံချင်သလား? အခေါ်ခံချင်ပါ ဘုရား။ အခုခေါ်လိုက်ရမလား? ဒါတော့စဉ်းစားပါရစေအုန်းနော်၊ ဦးမြသန်းကလည်း စဉ်းစားမှာပဲ ဘုန်းကြီးကလည်းမခေါ်ရဲပါဘူးဗျနော်၊ ဘာပြုလို့တုန်းဆိုတော့၊ ဘုရားလိုပုဂ္ဂိုလ်ကခေါ်မှ ရတာတဲ့ဦးမြသန်းရဲ့၊ မှန်လှပါဘုရား။

http://www.dhammadownload.com



အခု ဘုန်းကြီးက ဘုရားမဟုတ်၊ ဘာမဟုတ်နဲ့ဦးမြသန်း လောကွတ်ချော်ပြီး ဇေဟိဘိက္ခုလို့ဆိုရော၊ ဦးမြသန်းကလည်း သက်န်းသပိတ်မပေါ်၊ ကျောင်းရှိတာလေးထုတ်ပေးနေရရင် အရင်းမရှုံးပေဘူးလားဗျနော်၊ ရမှာမှ တစ်စုံရှမှာ၊ မဟုတ်ဘူးလားဦးမြသန်းရဲ့ မှန်လှပါဘုရား။ ကဲ ဒီတော့ မခေါ်ပဲ နေတာကောင်းတယ်၊ ကိုယ်လည်းရှုံးမယ့်အတူတူတော့၊ ဦးမြသန်းလည်း ဇေဟိဘိက္ခု ရဟန်းမဖြစ်တဲ့အပြင်၊ ဘုန်းကြီးလည်း သပိတ်သက်န်းရှုံးအုန်းမယ့် အလုပ်တော့ မလုပ်တာအေးတယ်။ ပရိသတ်က ဇေဟိဘိက္ခုပြောလိုက်မှ၊ သူက ဝါးဝါး ဝါးဝါးနဲ့ နဂိုတုန်းကတော့ ငိုက်နေတာနဲ့တူတယ်၊ ဦးမြသန်းနော်၊ ငိုက်ပေမယ်လို့ အငိုက်ပြေဆေးလေးတော့ ရှိကြတယ်ထင်ပါရဲ့ဗျာနော်၊ ဒီတော့ ဘုန်းကြီးက ပရိသတ်များ ငိုက်နေပြီးလားဆိုပြီးတော့လှမ်းလှမ်းကြည့်ရသေးတာ ဇေဟိဘိက္ခု အဖြစ်နဲ့ ဘုရားရှင်ကခေါ်တော်မူလိုက်လို့ မဟာကပ္ပိနမင်းနဲ့ အမတ် တစ်ထောင် ရဟန်းဖြစ်ပြီးတော့ သွားကြပြီးတော့၊ ထိုင်နေကြတယ် ဘုရားအနီး။

အဲဒီဖြစ်နေတဲ့အတောအတွင်းမှာ၊ ခုနက လှည်းကုန်သည်တွေက မဟာကပ္ပိနမင်းကပြောလိုက်လို့ လှည်းကုန်သည်တွေ နန်းတော်ဝင်သွားဘို့ စီမံပေးလိုက်ချက်အရ၊ လှည်းကုန်သည်တွေက နန်းတော်ဝင်ပြီးတော့ အနောဇာဒေဝီမိဖုရားကို၊ သံတော်ဦးတင်ကြတယ်၊ မဟာကပ္ပိနမင်းနဲ့ အမတ်တစ်ထောင်တို့ဖြင့် ဘုရားရှိတော်မူရာ သွားကြပြီလို့သံတော်ဦးတင်ချက် အရ၊ အနောဇာဒေဝီနဲ့ အမတ်ကတော်တို့ တစ်ထောင်ကလည်းပဲ၊ ဘာနေလိမ့်မှာတုန်း၊ ဘာအရှုံးပေးလိမ့် မတုန်း၊ အားကျမခံပေ့၊ သူတို့ကလည်းပဲ၊ ရထားကိုယ် စီ စီးပြီးတော့လိုက် လာခဲ့ကြတယ်၊ သူတို့လည်းပဲ ဘုရားရှင်ရှိရာမှာလာပြီးတော့ ရဟန်းပြုကြမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထွက်လာခဲ့ကြတယ်တဲ့ဦးမြသန်းနော်၊ မှန်လှပါဘုရား၊ အဲဒီလို ထွက်ပြီးတော့လာလိုက်ကြတာ ရထားကိုယ်စီနဲ့ ခုနက ပြောခဲ့တဲ့ မြစ်ကြီးသုံးတန် အဓိဋ္ဌာန်နဲ့ကျော်ခဲ့ကြလို့ နောက်ဆုံး-ဘုရားရှင်ရဲ့အနီး ခုနက မဟာကပ္ပိနမင်းနဲ့ အမတ်တစ်ထောင်တို့ရဟန်းအသွင်နဲ့ဖြစ်နေကြတဲ့ အနီးရောက်ပြီးတော့လာ။

ရောက်လာတော့မြတ်စွာဘုရားက အင်း. . . ငါ့သမီးတော်ကြီးတွေ တော့လိုက်လာပြီ. . . လိုက်လာပြီ၊ တရားထူးရကြတော့မယ့် သမီးတော်တွေ လိုက်လာပြီ၊ ဒါပေမယ့်လို့ သူတို့ခင်ပွန်းသည်ယောကျ်ားတွေကို ရဟန်းအသွင်တွေနဲ့မြင်ရင်ဖြင့်၊ စိတ်လှုပ်ရှားပြီး ငါဟောမယ့်တရား နားမဝင်ဘဲရှိတော့မယ်. . လို့ဆိုပြီးတော့ ခဏကလေးမြတ်စွာဘုရားက သူတို့မမြင်နိုင်အောင်၊ သူတို့ခင်ပွန်းသည်တွေကို၊ ရဟန်းတွေအသွင်နဲ့ဖြစ်နေတဲ့ ခင်ပွန်းသည်တွေကို၊ မမြင်နိုင်အောင်

http://www.dhammadownload.com



ဆိုပြီးတော့ တန်ခိုးနဲ့ကွယ်ထားလိုက်သတဲ့၊ ဦးမြသန်းရဲ့နော်၊ မှန်လှပါ ဘုရား။ ရောင်ခြည်တော်ကတော့ဆက်ပြီးလွှတ်မြဲလွှတ်ထားတယ်၊ အဲဒီသူတို့ကလည်း အနားရောက်လာတော့ ဟာ. . . ရောင်ခြည်တော်တွေနဲ့ဟဲ့ ဆိုပြီးတော့ ရောင်ခြည်တော်တွေနဲ့ဆိုရင်ဖြင့် ဒီရောင်ခြည်တော်တွေထောက်ရင် ဘုရားရှင် ဖြစ်ရမှာပဲလို့ဆိုပြီးတော့ ဘုရားထံအနီးရောက်လာ ရောက်လာပြီးတော့ ထိုင်ကြပြီး တဲ့နောက် သူတို့က ဘာမေးတုန်းဆိုတော့ "အရှင်ဘုရား. . . တဲ့ အရှင်ဘုရားကို ရည်မှန်းထားပြီးသကာလ တပည့်တော် တို့ရဲ့ မဟာကပ္ပိနမင်းနှင့် အမတ်တစ် ထောင် အရှင်ဘုရားကို ရည်မှန်းထားပြီး သကာလ သွားပါတယ် ဒီများရောက် မလာဘူးလားဘုရား" လာတုန်းကတော့ ဘုရားဆီဦးတည် တာဗျနော်၊ မှန်လှပါဘုရား။ ဘုရားနားရောက်တော့ ဘုရားကန် တော့ပြီး-ဘုရားကို အရိုအသေ ပေးပြီးတော့ ဘုရားစကားမပြောနိုင်ဘူး သူတို့ ခင်ပွန်းသည်တွေမေး နေတယ် ကောက်ပြီးတော့နော်၊ မှန်လှပါဘုရား၊ ဒီတော့ မြတ်စွာဘုရားက- နိသီဒ ထတာဝ ထိုင်ကြပါအုံးလေ-

ဣဓေဝ (နိသိန္နာယေဝ) နံ (တုမှာကံ) ပဿိဿထ။

ဒီနားထိုင်နေရင်းနဲ့ပဲ သင်တို့တွေ့ချင်တဲ့ ခင်ပွန်းသည်တွေကိုတွေ့ကောင်း တွေ့ပါလိမ့်မယ်. . . ဘုရားကလည်းပါးတယ်နော် တခါတည်းသူ တို့ စိတ်ထဲမှာ မချိုမချဉ်လေးဖြစ်နေအောင် လုပ်ထားတာ၊ တွေ့မယ်လို့လည်း သေချာပေါက် မပြောဘူး ထိုင်ပါအုံးလေ. . . တဲ့ ဒီနားထိုင်ရင်းနဲ့ပဲ သင်တို့တွေ့ချင်တဲ့ သူတွေ တွေ့ကောင်းတွေ့ပါလိမ့်မယ်လို့ဆိုတော့ သူတို့စိတ်ထဲမှာ မရိုးမရွလေး ဖြစ်မနေ ဘူးလား ဦးမြသန်းရဲ့၊ ဖြစ်နေပါ[illegible]ဘုရား။ ဟာ-တွေ့ချင် တွေ့မှာတဲ့ဟေ့- ဆိုပြီးတော့ ထိုင်ကြတယ် အဲဒါဘာတုန်းဆိုတော့ မြတ်စွာဘုရားက သူတို့ ခင်ပွန်း သည်တွေကို မြင်လိုက်လို့ရှိရင် ဖြုန်းကနဲဆို မြင်လိုက်လို့ရှိရင် စောစောတုန်းက သွားတုန်းကတော့ -မင်းကလည်းပဲ မင်း မြောက်တန်ဆာဝတ်လို့ အမတ်တွေ ကလည်း အမတ်အကျီလက်ကျယ်ပေါင်း စလွယ်နဲ့ဆိုတာလို စလွယ် တွေနဲ့ခေါင်း ပေါင်းကတခါတည်း ဆောင်းစရာတွေဘာတွေနဲ့ သွားတာမြင် လိုက်ရပြီးတော့ အခု ဖြုန်းကနဲ့ဆို ခေါင်းပေါင်းကလည်း ကတုံး သင်္ကန်းကြီးတွေ ညိုတိုကြီးဝတ် သပိတ်ကြီး တွေ လွယ်ဆိုတော့ မြင်လိုက် ရတယ်ဆိုရင်ပဲ ရှီချင်သ လိုလို နောက်ချင်သလိုလို ပြောင်ချင်သလိုလို ဒီလိုစိတ်တွေဖြစ်ကုန်ပြီးတော့ သမာဓိကလည်း ပျက်ကုန်မှာတဲ့ ဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား။

http://www.dhammadownload.com



အဲဒီလို သမာဓိပျက်ကုန်ပြီးတော့ နေ ်တယ်ဆိုရင် ဘုရားရှင်ဟော တော်မူတဲ့တရား နားမဝင်နိုင်ပဲရှိလိမ့်မယ်၊ နားမဝင်နိုင်ခဲ့ရင်ဖြင့် သစ္စာလေးပါး တရားထိုးထွင်းသိမှုနဲ့ ဝေးလိမ့်မယ် မရဘဲရှိလိမ်မ်ယ်လို မြင်တော်မူလို့ ဘုရား ရှင်က ခဏလေး တန်ခိုးနဲ့ ကွင်းထား ကွယ်ထားပြီးတော့ သူတို့ကိုလည်းပဲ အနုပုဗ္ဗိ ကထံ ကထေသိ-အစဉ်အတိုင်းသောတရားစကားကို ဟောတော်မူသည် ဘုရား ရှင်တို့ ဟောမြဲဓမ္မတာ အစဉ်အတိုင်းသော စကားဆိုတာ ဘာတုန်းဆိုရင်-ဒါနက ထံ- ပထမဆုံး ဒါနနဲ့ ပတ်သက်တာတွေဟောတယ်၊ သီလကထံ- အဲဒီနောက် သီလနဲ့ ဆက်တာတွေဟောတယ်၊ သီလထိန်းသိမ်းမှုတွေ သီလရဲ့ အကျိုးအပြစ် တွေပြပြီးတော့ ဟောတယ်၊ သဂ္ဂကထံ- အဲဒီဒါနသီလတွေကို အားထုတ်လို့ရှိရင်ဖြင့် လူ့ပြည် နတ်ပြည်တွေ ရောက်နိုင်တယ်လို့ သဂ္ဂကထာဆိုတဲ့ နတ်ပြည်ကို ရောက်တဲ့ အကြောင်းတွေပြ။

*** ဒါနကထံ သီလကထံ သဂ္ဂကထံ ကာမာနံ အာဒီနဝံ ဩကာရံ သံကိ လေသံ နေက္ခမ္မေ အာနိသံသံ ပကာသေတိ။**

ဒါနပြုရတယ်ကွယ့် ဒါနပြုရင်ဘယ်လို အကျိုးတွေရတယ်၊ သီလထိန်း ရတယ် ဆောက်တည်ရတယ်၊ သီလထိန်းရင် ဆောက်တည်ရင်ဘယ်လို အကျိုး တရားတွေ ရတယ်ဆိုတာ ဟောပြီးတော့ လူ့ပြည် နတ်ပြည်ရောက်တဲ့ အကြောင်း လူ့စည်းစိမ် နတ်စည်းစိမ်တွေကို ဟောပြီးတဲ့ နောက်မှာ ဘုရားရှင်က ဘာကောက် ပြလိုက်တုန်းဆိုတော့ -ငါးဖြာအာရုံကာမဂုဏ်ရဲ့ အပြစ်တွေ အဲဒီလူ့စည်းစိမ် နတ်စည်းစိမ် ရိပ်ငြိမ်ကြီးတွေရဲ့ ပြစ်ချက်တွေ အပြစ်တွေ ငြီးငွေ့စရာကောင်းပုံ တွေ. . . လို့ဆိုတဲ့ သံဝေဂရဖွယ် ငြီးငွေ့ဖွယ်ကောင်းတာ တွေလာပြီးတော့ ပြသတဲ့ ဦးမြသန်းရဲ့၊ ဒါဘုရားရှင်တို့ရဲ့ ဟောမြဲဓမ္မတာ ဒေသနက္ကမခေါ်တယ်နော်၊ မှန်လှ ပါဘုရား၊ သီးခြားဘယ်တရားကို ဒီပုဂ္ဂိုလ်တွေ ဟောမှဖြစ်မယ်ဆိုတဲ့ ရည်ရွယ် ချက်မျိုး မရှိခဲ့လို့ရှိရင် အများစုကို ဟောပြီဆိုရင် ဘုရားရှင်များ ဒီလိုပဲ ဒေသနာ အစဉ်နဲ့ ဟောလေ့ရှိပါသတဲ့။

ဒါကြောင့် ဒါနဟော သီလဟော နတ်ပြည်လူ့ပြည် စည်းစိမ်ကြီးတွေ ဟော အဲဒါတွေ ဟောပြီးတော့မှ အဲဒီနတ်ပြည်လူ့ ပြည်စည်းစိမ်ကြီးတွေဟာ မ မြဲပုံ ဆင်းရဲပုံ အစိုးမရပုံ ကိုယ်မပိုင်သေးပုံနဲ့တကွ ဖြစ်ပျက်ပြောင်းလဲတတ်ပုံတွေ အပြစ်တွေ ပြပြီးတော့ နေက္ခမ္မေအာနိသံသံ ပကာသေတိ။ ငါးဖြာအာရုံ ကာမဂုဏ်

---

* ဓမ္မ-၄-၁၊ ၄။

http://www.dhammadownload.com



တွေမှ ထွက်မြောက်ရတဲ့အကြောင်း တောထွက်ရတဲ့ နေကွမ္ဗပါရမီ ဖြည့်ပြီးတော့ ရသေ့ရဟန်းပြုရတဲ့ အကျိုးတွေ အဲဒီမှာတင်ပြ အဲဒီလို ပြရင်း နဲ့ နောက်ဆုံး သစ္စာလေးပါးတရားဆိုက်အောင် ဘုရားရှင်က ပြတော်မူ၊ အနောဇာဒေဝီနဲ့ အမတ်ကတော် တစ်ထောင်ကလည်းပဲ ဘုရားရှင်ရဲ့ တရားအာရုံထဲမှာ နစ်ပြီးတော့ မေ့ပြီးစိုက်ပြီးတော့ နာနေကြ မဟာကပ္ပိနမင်းနဲ့ အမတ် တစ်ထောင် ရဟန်းဖြစ်နေကြတဲ့ အမတ်တစ်ထောင် ရှင်ဘုရင်နဲ့ အမတ်တစ်ထောင်တို့က လည်း ဘုရားရှင်က တန်ခိုးနဲ့ကွယ်ထားလို့သာ တစ်ယောက်နဲ့ တစ်ယောက်မမြင် ကြရတာ ဘုရားရှင်ဟောနေတဲ့ တရားကိုတော့ သူတို့က လည်းကြားရက်ပဲတဲ့ ဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား။ အဲဒီလိုနဲ့ ဘုရားရှင်က သစ္စာလေးပါးဆိုက်အောင်၊ ဟောလိုက်တာ၊ သစ္စာလေးပါးပြလိုက်တာ၊ အနောဇာဒေဝီနဲ့အမတ်ကတော် တစ်ထောင်တို့သည်၊ အဲဒီနေရာမှာပင်၊ သောတာပတ္တိမဂ်ဖိုလ်တရားထူးရကြသည်။

မဟာကပ္ပိနမင်းနဲ့အမတ်တစ်ထောင်ကတော့၊ သူများအတွက်ခူးကျွေးတဲ့ ထမင်းကိုအချောင်ဝင်ပြီးတော့ စားတဲ့သူလို. . . တဲ့၊ အနောဇာဒေဝီနဲ့ အမတ်ကတော်တစ်ထောင်တို့အတွက်ဟောတဲ့ တရားကိုနာရင်း၊ စောစောက သူတို့ကသောတာပန်ဖြစ်ထားကြတဲ့၊ အခုပေါ်မှာ အနာဂါမ်၊ အနာဂါမ်၊ ရဟန္တာဆိုတဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်တိုင်အောင်၊ တန်ခိုးအဘိညာဉ်နဲ့ပြည့်စုံတဲ့၊ ဆဋ္ဌာဘိညစတုပဋိသမ္ဘိဒါပတ္တ- ဆိုတဲ့တန်ခိုးအဘိညာဉ်နဲ့ပြည့်စုံတဲ့ ရဟန္တာအရှင်မြတ်ကြီးတွေထိအောင်၊ ဖြစ်တော်မူခဲ့ကြတယ်. . . တဲ့၊ ရဟန္တာဖြစ်သွားကြတယ် ဦးမြသန်းနော်၊ မှန်လှပါဘုရား။ အမျိုးသားတွေ ရဟန္တာဖြစ်ကုန်ကြတယ်၊ အမျိုးသမီးတွေအကုန်လုံးက သောတာပန်ဖြစ်ကုန်ကြပြီဆိုတော့မှ၊ ဘုရားရှင်ကတန်ခိုးတော်ကိုရုပ်သိမ်းလိုက်တယ်၊ အဲဒီရုပ်သိမ်းလိုက်တယ်ဆိုရင်ပဲ အားလုံးသောတာပန်တည်၊ အရိယာသာဝိကာမကြီးတွေဖြစ်ကြတဲ့ အမျိုးသမီးတွေဟာ ကြွေရလို့၊ သူတို့ခင်ပွန်းသည် ရဟန္တာအရှင်မြတ်ကြီးတွေကို လက်အုပ်ချီမိုး ရှိခိုးပြီးသကာလ အရှင်ကောင်းအရှင်မြတ်တွေမှာဖြင့် ရဟန်းအသွင် ကိုရကြပြီ. . . တဲ့၊ တပည့်တော်တို့တတွေလည်းပဲ၊ ဘိက္ခုနီမနဲ့ ရဟန်းပြုပါရစေ ဆိုပြီးတော့ ဘုရားရှင်ထံခွင့်ပန်ပြီးတော့ တောင်းပန်ကြ၊ အဲဒီတင် ဘုရားရှင်ကိုယ် တော်မြတ်က၊ သာဝတ္ထိမြို့ခေါ်သွားပြီးတော့၊ ဘိက္ခုနီမတွေရှိရာခေါ်သွားရတာ ဒကာဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား။ ဘိက္ခုနီမတွေရှိရာခေါ်သွားပြီးတော့၊ ဘိက္ခုနီမရဟန်းပြုခွင့်ပေးလိုက်လို့ အားလုံးအနောဇာဒေဝီနဲ့ အမတ်ကတော် တစ်ထောင်တို့သည်လည်း၊ ဘိက္ခုနီမအဖြစ်နဲ့ သာသနာ့တာဝန်ကိုထမ်းဆောင် ကြရင်း နောက်ဆုံးမှာ အာသဝေါကင်းကွာ ရဟန္တာမကြီးတွေအဖြစ်နဲ့ ပရိနိဗ္ဗာန် ယနေ့ စံဝင်တော်မူခဲ့ကြကုန်ပြီ။

http://www.dhammadownload.com



မဟာကပ္ပိနမင်းနဲ့ အမတ်တစ်ထောင်တို့သည်လည်း၊ ယနေ့အားလုံးသော ဒကာ ဒကာမတွေ မတွေ့ချင် မဆုံချင်၊ မကြုံချင်ဘဲ တွေ့ကြရ၊ ကြုံကြရအုန်းမယ့်၊ အိုနာသေရေးဒုက္ခဘေးကြီးတွေရဲ့ကင်းရာ၊ ဝေးရာ၊ ငြိမ်းအေးရာဖြစ်တဲ့ နိဗ္ဗာန ဓာတ်ကြီးကို၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက်၊ လက်လှမ်းမီရောက်ပြီး သကာလ၊ ရဟန္တာကြီးတွေအဖြစ်နဲ့ ကျွတ်တမ်းခိုတော်မူခဲ့ကြကုန်ပြီ၊ အဲဒီ ပုဂ္ဂိုလ်ကြီးတွေ ဟာတောရှာကြီးမှာ ဘဂုတဝေး သူကြီးနဲ့ သူကြီးကတော်ခေါင်းဆောင်တဲ့၊ အိမ်ထောင်စု တစ်ထောင်အဖြစ်ကနေပြီးတဆင့်တက်ပြီး ဘာရာဏသီမြို့ပေါ်မှာ၊ သူကြွယ်တွေအဖြစ်နဲ့ရောက်၊ အလင်းရှာက အလင်းကူးသွားတာ မဟုတ်လား ဦးမြသန်း? အလင်းကူးသွားကြောင်းပါဘုရား။ အဲဒီကနေပြီးတစ်ဆင့်- မင်းမိဖုရားနှစ်ပါးနှင့်တကွ အမတ်ကတော် တစ်ထောင်၊ အမတ်အဖြစ်နဲ့ရောက်ပြီး၊ နောက်ဆုံး အလင်းရှာတွေထဲမှာ အကောင်းဆုံးဖြစ်တဲ့ နိဗ္ဗာနဓာတ် အလင်း ရှာကြီးတိုင်အောင်၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် ကျွတ်တန်း ခိုပြီးရောက်တော် မူခဲ့ကြပြီ၊ ဒီတော့ အလင်းကနေပြီး အလင်းကူးသွားတယ်ဆိုတာ မသေချာဘူးလား? သေချာပါဘုရား။ ဒါကြောင့် ဒီလိုပုဂ္ဂိုလ်တွေကျတော့၊ နောက်ဆုံးပုဂ္ဂိုလ်၊ လိုက်ဆိုစမ်းပါအုန်း နှစ်ခေါက်လောက်-

**အလင်းကလာ, အလင်းရှာ, သွားရှာသူလည်း, တစ်ယောက်ပဲ။**

အဲဒါ ပုဂ္ဂိုလ်လေးမျိုး လေးစားသုတ်တော်လည်းပြီးသွားပြီနော်၊ နာရီကလည်းပဲ အချိန်စေ့သွားပါပြီ၊ ဒါကြောင့်-တမောတမ သုတ်တော်လည်းပဲ ပြီးသွားပြီ၊ ဟောလိုတဲ့တရားစကား၊ ပြောလိုတဲ့တရားစကားလည်းပြည့်စုံသွားပြီ၊ ဝိပဿနာထိအောင်တော့ မပါနိုင်တော့ဘူး ဦးမြသန်း၊ သစ္စာလေးပါးပြတာနဲ့ ပဲကျေနပ်တော့နော်၊ မှန်လှပါဘုရား။

## "ကိုယ့်ကိုယ်ချစ်လျှင် ကိုယ်ပြုပြင်"

အဲဒီလိုနဲ့ ကိုယ့်ကိုယ်ကိုချစ်ရင်ဖြင့်. . . တဲ့၊ အလင်းရှာထဲရောက်နေခဲ့ရင်လည်း အလင်းရှာရောက်အောင်ကြိုးစားပါ၊ အလင်းရှာထဲရောက်နေပြီးတော့ အလင်းရှာရောက်အောင်ကြိုးစားရမယ်ဆိုတာ၊ ယခုဘဝမှာ အမျိုး။ ငါ့-အမျိုး ဘယ်လိုနေသလဲ ကိုယ့်ဘာကိုစစ်ရမှာပေါ့ ဦးမြသန်းရဲ့နော်၊ မှန်လှပါဘုရား။ ငါ့ရဲ့အမျိုးကောင်းသော်လည်းပဲ၊ ငါ့ရဲ့စည်းစိမ်ဥစ္စာဘယ်လိုနေသလည်း၊ တချို့က အမျိုးကောင်းနေပေမယ်လို့ စည်းစိမ်ဥစ္စာကျတော့ ရှားပါးနေတတ်သေး တယ်မဟုတ်လား၊ ရှားပါးပါတယ်ဘုရား။ မျိုးကြီး ဆွေကြီးထဲမှာဖြစ်ပါရဲ့၊ မင်းမျိုး ဆွေမျိုး

http://www.dhammadownload.com



ထဲမှာဖြစ်ပါရဲ့၊ စည်းစိမ်ဥစ္စာရှားပါးနေတတ်ပြန်တယ်၊ အမျိုးလည်း ကောင်းတယ်၊ စည်းစိမ်ဥစ္စာလည်းပေါပါရဲ့၊ ဥပဓိရုပ်အဆင်း ညံ့ဖျင်းနေပြန်တယ်ဆိုရင် ငါအလင်း နှစ်ချက်၊ အမိုက်တစ်ချက်. . . လို့သိရမယ်၊ အာ-အမျိုးလည်း ကောင်းတယ်၊ စည်းစိမ်လည်းပေါတယ်၊ ဥပဓိရုပ်အဆင်းတွေလည်းကောင်း တယ်၊ လှပတယ်၊ အင်္ဂါခြေလက်ပြည့်စုံတယ်၊ ကျန်းမာရေးတွေက ညံ့ဖျင်းနေပြန် တယ်ဆိုရင် ပစ္စည်းရှိပါရဲ့ မစားနိုင် မသောက်နိုင်၊ ဝတ်ထည်ဖျင်စင်းတွေပေါပါ ရဲ့ မဝတ်နိုင် မဆင်နိုင်၊ စားဖွယ်သောက်ဖွယ်တွေပေါပါရဲ့၊ မစားနိုင် မသောက် နိုင်၊ နာတာရှည် နာတာတိုရောဂါတွေနဲ့နေရတယ်ဆိုရင်၊ အလင်း (၃) ချက် အမှောင်တစ်ချက် မိနေတယ်လို့ မဆိုနိုင်ဘူးလား ဦးမြသန်း? ဆိုနိုင်ပါတယ် ဘုရား။ အဲဒီလိုကိုယ့် ကိုယ်ကိုအလင်းထဲရောက်နေတာ၊ အပြည့်အစုံလင်းရဲ့လား၊ တစိတ်တပိုင်းအလင်း လားဆိုတာကို ကိုယ့်ကိုယ်ကိုဆင်ခြင်ပါ စဉ်းစားပါ။

ယနေ့ မော်တော်ယာဉ် အသင်းသူ အသင်းသား ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့နှင့်တကွ၊ တရားနာပရိသတ်အပေါင်းသူတော် ကောင်းတို့သည်၊ ဒီပုဂ္ဂိုလ်လေးမျိုးလေးစားနဲ့ သရုပ်ခွဲလိုက်ရင် တမျိုးမျိုးထဲ ပါရမယ်ဆိုတာ သေချာ ပါသည်၊ ဒါကြောင့်-ငါသည်အလင်းထဲကလူလား၊ အလင်းထဲဆိုရင် လည်းပဲ၊ အလင်းအပြည့်အစုံလား၊ တစိတ်တပိုင်းအလင်းလား၊ တစိတ်တပိုင်းလင်း တစိတ်တပိုင်းမိုက်နေသေးတယ်ဆိုရင် အဲဒီအမိုက်ရဲ့အကြောင်းကိုဘုန်းကြီး ခုနကပြောခဲ့ပြီ၊ ကျန်းမာရေးမကောင်းရင် ဟိုဘက်ဘဝက သူတပါးတွေနှိပ်စက် ကလူပြုခဲ့မိလို့၊ ရုပ်အဆင်းမလှရင် ဟိုဘက်ဘဝက မေတ္တာ အားနည်း ဒေါသတွေ အားကြီးခဲ့လို့၊ ပစ္စည်းရှားပါးရင် ဟိုဘက်ဘဝက လှူမှုတန်းမှုတွေနဲခဲ့လို့၊ အမျိုးညံ့လို့ ရှိရင်ဖြင့် မာန်မာနကြွယ်ပြီးသကာလ ရိုသေလေး စားထိုက်တဲ့ပုဂ္ဂိုလ်တွေကို၊ မထီလေးစားထော်လော်ကန့်လန့်တွေပြုခဲ့မိလို့. . . လို့ဆိုတဲ့၊ သူ့အကြောင်းနဲ့ သူ့အကျိုးတွေပြောခဲ့တဲ့အတိုင်း၊ အဲဒီ ပြထားခဲ့တဲ့ ကိုယ်လုံးပေါ် မှန်ကြီး တရားမှန် ကြီးတွေထဲကြည့်ပြီး ကိုယ့်ကိုယ်ကိုပြင်နိုင်ရမယ်၊ ပြုပြင်နိုင်ရမယ်။

အဲဒီလို အလင်းရွာထဲရောက်နေရာကနေ၊ တဆင့်အလင်းရွာထဲ ရောက်အောင် အနည်းဆုံး လူ့ပြည်အလင်း နတ်ပြည်အလင်းရောက်နိုင်အောင်၊ ဖြစ်နိုင်လို့ရှိရင်ဖြင့်၊ ဝိပဿနာတရားကြိုးစားအားထုတ်ပြီးသကာလ၊ နိဗ္ဗာန်လို့ ခေါ်တဲ့ အလင်းရွာကြီးထဲရောက်အောင်ကြိုးစားမယ်. . . လို့ ကိုယ့်ကိုယ်ကို ချစ်ရင်ဖြင့် အလင်းရွာထဲရောက်အောင်ကြိုးစားပါ၊ မတော်တဆ ဒီဘက်ဘဝမှာ အမှောင်ကျနေပြန်ရင်လည်း၊ အလင်းရွာထဲရောက်အောင် ငါကြိုးစားမယ်လို့ သတိဆောင်ပါလို့။

http://www.dhammadownload.com



အတ္တာနံ- ဘဝဖန်ခါ၊ သံသရာက၊ ငါဟုစွဲဆို၊ မိမိကိုယ်ကို၊ ပိယ-အရင်း စစ်လျှင်၊ ပြစ်မတင်ဖို့၊ နှစ်စဉ်မမုန်း၊အချစ်ခင်ဆုံးဟူ၍၊ စေဇညာ-အရာရာ၊အခါခါ ဝ ယ်စာနာထောက်ထား၊ အကယ်၍ နားလည်ငြားအံ့၊ ဧဝံသတိ- ကိုယ့်ကိုယ်သာ လျှင်၊ အခင်မင်ဆုံး၊ အချစ်ဆုံးဟု၊ လုံးလုံးခွဲခြား၊ ဤကဲ့သို့ နားလည်ထားသည်ရှိ သော်၊ နံအတ္တာနံ-ခုလည်းကိုယ့်ကိုယ်၊ နောင်ကိုယ့်ကိုယ်ဟု၊ သို့ကလိုသိရှိ၊ ထိုမိမိ ကို၊ သုရက္ခိတံ-တရားကြောင်းအရာ၊ မစောင်းပါဘဲ၊ ကောင်းစွာမပြတ်၊ စောင့် ရှောက်အပ်သည် မည်လောက်အောင်၊ ရက္ခေယျ-သတိတရား၊ လက်ကိုင်ထား၍၊ မမှားပုံသေ၊ စောင့်ရှောက်လေရာ၏၊ ပဏ္ဍိတော- ပြုသမျှအသစ်၊ ဖြစ်သမျှအ ဟောင်း၊ မကောင်းလည်းငါ၊ ကောင်းလည်းငါဟု၊ ကောင်းစွာမြင်သိ၊ ပညာရှိသည်၊ တိဏ္ဏံ-နှစ်ဆယ့်ငါးနှစ်၊ သင့်အောင်ဆစ်၍၊ သုံးရစ်ပိုင်းခြား၊ အရွယ်သုံးပါးတို့တွင်၊ အညတရံယာမံ-ယုတ်စွအဆုံး၊ နောက်ပိတ်တုံးဟု၊ခေါ်ထုံးမည်ရ၊ ပစ္ဆိမအရွယ်ကို၊

ကိုယ့်ရဲ့ကုသိုလ်ကောင်းမှုလုပ်ငန်း၊ အလင်းရွာသွားကြောင်းလုပ်ငန်း ဟာငါယ်ငယ်မို့လို့၊ ငယ်ငယ်အလျှောက်မိုက်ခဲ့တယ်၊ ငါမိုက်နေမိခဲ့တယ်၊ အလင်းထဲရောက်နေခဲ့ပါလျှက်နဲ့ ငါမိုက်နေမိခဲ့တယ်လို့ သတိရနေမိခဲ့ရင်၊ အခု အသက် (၇၅) နှစ်တန်း သုံးပိုင်းပိုင်းလိုက်ရင်၊ အစိတ် အစိတ်သုံးလီရမှာမဟုတ် လား ဦးမြသန်းရဲ့၊ မှန်လှပါဘုရား။ ဒီတော့ အသက်နှစ်ဆယ့်ငါးနှစ်အတွင်းမှာ ငါမိုက်ခဲ့မိခဲ့တယ်၊ လွန်လာခဲ့ပြီဆိုရင်ဖြင့် ငါးဆယ်တွင်းရောက်ရင်ဖြင့်ပေါ့လေ. . . တဲ့၊ ပြင်ပါ အချိန်ရှိပါသေးတယ်၊ ငါးဆယ်အတွင်းရောက်သည်အထိမိုက်နေခဲ့ မိခဲ့တယ်၊ ပေါ့နေခဲ့မိတယ်ဆိုရင်၊ နောက်ဆုံးပစ္ဆိမအရွယ်လို့ခေါ်တဲ့ခုနှစ်ဆယ့်ငါး နှစ်ရဲ့အတွင်းမှာဖြင့်ပြင်မိအောင်ပြင်လိုက်ပါ. . . တဲ့၊ သတိထားလိုက်ပါ။ တိဏ္ဏံ- နှစ်ဆယ့်ငါးနှစ်၊ သင့်အောင်ဆစ်၍၊ သုံးရစ်ပိုင်းခြား၊ အရွယ်သုံးပါးတို့တွင်၊ အညတ ရံယာမံ-ယုတ်စွာအဆုံး၊ နောက်ပိတ်တုံးဟု၊ ခေါ်ထုံးမည်ရ၊ ပစ္ဆိမအရွယ် ကို၊ ပဋိဇ ဂ္ဂေယျ-အပြစ်မနှော၊ စင်းလုံးချောအောင်၊ ဆေးကြောသုတ်သင်လိုက် ရာ သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား. . .

ကိုင်း အဘိဓမ္မာသတ်ပြီး တရားသိမ်းကြစို့နော်-ဤသို့တရားတော်ကို နာကြားကြရသော ဓမ္မသဝနကုသိုလ်စေတနာ (၂၃) ကြိမ်မြောက်မဟာကထိန် ပွဲတော်ကြီးကို ဆင်ရင်ကျင်းပပြီးသကာလ၊ သံဃိကဒါန၊ ပုဂ္ဂလိကဒါန၊ အသီ အသီးလှူဒါန်းကြရတဲ့ကုသိုလ်စေတနာ၊ သာသနာတော်ကြီးကို ကြာရှည် ‌လေးမြင့်တည်တန့်အောင် ပိမိတို့တတ်စွမ်းသမျှ နေ့စဉ်နေ့စဉ် မော်တော်ကား

http://www.dhammadownload.com



မောင်းခြင်း၊ မော်တော်ကားနောက်မှလိုက်ခြင်း၊ မော်တော်ကားကိစ္စကိုဆောင်ရွက်ခြင်းဖြင့်နေ့စဉ်နေပူမရှောင်၊ မိုးရွာမရှောင်ချွေးတစ်လုံးလုံးဖြင့် စုဆောင်းထားရတဲ့ချွေးနဲ့စာပစ္စည်းလေးတွေထဲမှ၊ သာသနာတော်ကြီးကို ကူညီထောက်ပံ့ကြရင်းအလင်းရွာထဲကနေပြီးတော့ အလင်းရွာရောက်ကြောင်း၊ အမိုက်ရွာထဲရောက်နေပြန်ရင်လည်းအလင်းရွာရောက်ကြောင်း ကုသိုလ်ကောင်းမှုတွေကို ကြိုးပန်းအားထုတ်ကြရတဲ့ သာသနာပြုကုသိုလ်စေတနာအဖြာဖြာတို့နှင့်တကွ၊ ထိမ်းသိမ်းစောင့်ရှောက်ရတဲ့သီလကုသိုလ်စေတနာ၊ တတ်စွမ်းသမျှ ပွားများမယုတ် အားထုတ်ကြရတဲ့ဘာဝနာကုသိုလ်စေတနာ၊ များမြတ်ပေါင်းစု ဤကုသိုလ် စေတနာအစုစုတို့ကြောင့်၊ ဒုက္ခခပ်သိမ်းတို့၏ချုပ်ငြိမ်းရာမှန်နိဗ္ဗာန် အောင်ခန်း မြို့တော်နန်းသို့လျှင်မြန်ဆောစွာ ရောက်ကြရ ရကြ မြင်ကြရပါလို ကုန်သောဟူ၍ ပတ္ထနာအောင်ဆုပြုကြကုန်ရာသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

http://www.dhammadownload.com



## *ကဏှဇာတ် နှလုံးသားအလှဆင်တရားတော်

ကိုင်းတရားပွဲစရအောင် ယနေ့ ကောဇာသက္ကရာဇ် ၁၃၄၄-ခုနှစ် သီတင်း ကျွတ်လပြည့်ကျော် (၁၄) ရက် ခရစ်သက္ကရာဇ် ၁၉၈၂-ခုနှစ် နိုဝင်ဘာ (၁၅)ရက်နေ့ညမှာမန္တလေးမြို့ ကိုင်းတန်းဈေးမကြီး ဥက္ကဋ္ဌဒေါ်ဘာဦးဉာဏ်သောင်း အတွင်းရေးမှူး ဒကာကိုစိန်အောင်နှင့် ကထိန်ဖြစ်မြောက်ရေး အဖွဲ့ ဒကာ, ဒကာမများက ဦးဆောင်ပြီးသကာလ မန္တလေးမြို့၊ ကိုင်းတန်းဈေးမကြီး အတွင်းမှာ မှီတင်းနေထိုင်ကြကုန်သော ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင် အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်းသူတော်ကောင်းရဲ့ (၃၆)ကြိမ် မြောက် မဟာဘုံကထိန်အကြိုပွဲကို အကြောင်းပြုပြီးသကာလ ဖြစ်ပေါ်လာတဲ့ ဒီနေ့ည တရားပွဲ. . . တဲ့၊

ဒီတော့ ဒီနေ့ည မန္တလေးမြို့ ကိုင်းတန်းဈေးမကြီး အတွင်းမှာ မှီတင်း နေထိုင်ကြကုန်သော ဒကာ ဒကာမအပေါင်းသူတော်ကောင်းတို့ရဲ့ (၃၆) ကြိမ် မြောက် မဟာဘုံကထိန်ပွဲမှာ. . . တဲ့ ဒီနေ့ည ဘာတရားကိုဟောရမလဲဆိုရင် ငါးရာ့ငါးဆယ်နိပါတ် ကဏှဇာတ်ကို အခြေပြုပြီးသကာလ ကထိန်နဲ့ပတ်သက် တဲ့သိသင့်သိထိုက်တာလေးတွေ ဒီကထိန်လျှာသက်န်းကို လှူဒါန်းမှုကိစ္စနဲ့ပတ် သက်ပြီးတော့ စိတ်ထားပုံ စိတ်ထားနည်းတွေ၊ လှူဒါန်းမှု ကိစ္စနဲ့ပတ်သက် ပြီးတော့ စိတ်ထားပုံ စိတ်ထားနည်းတွေ၊ နိဗ္ဗာန်နဲ့ နီးနိုင်သမျှနီးဖို့တတ်စွမ်းသမျှ ဒကာ, ဒကာမတွေ အာရုံယူတတ်အောင်လို့ဆိုပြီးတော့ ကဏှဇာတ်တော်ကို အခြေခံပြီးတော့ ဒီနေ့ ပြောရမယ် ဟောရမယ်--

> န ကဏှော တစသာ ဟောတိ, အန္တောသာရောဟိ ဗြာဟ္မဏော၊
> ယသ္မိံ ပါပါနိ ကမ္မာနိ, သဝေ ကဏှော သုဇမ္ပတိ။

သုဇမ္ပတိ-သူဇာသေဌ်နင်း, အိုသိကြားမင်း၊ တစသာ-အပေါ်ယံ အနေ အထား, အရေအသားအားဖြင့်၊ ကဏှော-အလှဂုဏ်အဟုတ်မတိုးဘဲ,အရုပ်ဆိုး တဲ့သူသည်၊ နဟောတိ-မုချစင်စစ်, ဖြစ်သည်ဟု, မဆိုရချေ၊ ဟိ-ထိုစကားလျှင်, မမှားဧကန်, ယုတ္တိတန်လှပါပေ၏၊ ဗြာဟ္မဏော-ကြောင်းကျိုးမျှော်မြင်, သမ္ဘ

---

* ဇာ-၄-၄၊ ၇။

http://www.dhammadownload.com



ဇဉ်ဖြင့်, ဉာဏ်ယှဉ်လေတောင်း, အသိအလိမ္မာ, ဉာဏ်ပညာရှိတဲ့, အမျိုးသား အမျိုးသမီးအပေါင်းသည်၊ အဇ္ဈေသာရော-အချင်းကြွကြွ, အတွင်းလှဖို့, ပြင်း ပြစွာတန်ဘိုးထားလျှက်, ကြိုးစာလေ့ရှိကြပါပေ၏၊ ယသ္မိ-သူသူငါငါ, များစွာ ထိုထို, အကြင်ပုဂ္ဂိုလ်၏ သန္တာန်၌၊ ပါပါနိ ကမ္မာနိ-ယုတ်မာသော့သွမ်း, ဟော့ ရမ်းသမှု, ဒုစရိုတ်အစုစုတို့သည်၊ သန္တိ-ကျူးလွန်ပြစ်များ, အနေအားဖြင့် ထင်ရှားပုံသေ, ရှိကြပေကုန်၏၊ သသော-ဒုစရိုတ်အိုး, ထိုကဲ့သို့သော, ပုဂ္ဂိုလ်မျိုး ကို သာလျှင်၊ ဝေ-စင်စစ်ဧကန်, အမှန်အားဖြင့်၊ ကဏ္ဍောတိ-အလှဂုဏ်အဟုတ် မတိုးဘဲ, အရုပ်ဆိုးတဲ့သူကြီးဟူ၍၊ ပုစ္စတိ-ဗျူပွတ်အလိုက်,ရုပ်ခေတ်ကိုက် အောင် သမိုက်အပ်လေဟော့သတည်း။

သာဓု . . သာဓု . . သာဓုပါဘုရား

မင်္ဂလိုလ်နိဗ္ဗာန်တိုင်အောင် စီးပွားချမ်းသာကိုဆောင်လိုတဲ့ အမျိုး ကောင်းသား အမျိုးကောင်းသမီး မှန်သမျှသည်. . . မင်္ဂလိုလ်နိဗ္ဗာန်တိုင် အောင်လိုလားတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး မှန်သမျှသည် အပြင် ဗဟိဒ္ဓအလှပြင်မှုလောက်နဲ့သာ တင်းတိမ်အားရကျေနပ်မနေကြဘဲ အတွင်း အဇ္ဈတ္တအလှပြင်မှုကိုလည်း ပြုနိုင်ရတယ်. . . တဲ့ ဟော့ဒါငါးရာငါးဆယ်နိပါတ် ကဏှဇာတ်တော်ကို ဟောကြားတော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ယနေ့ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေကို အမှူးထားပြီးတော့ (၃၁)ဘုံသားဝေနေယျကျွတ်ထိုက်တဲ့သတ္တဝါအများကို အသိပေးဆုံးမတော်မူ တဲ့ ဆုံးမတော်မူချက်တစ်ရပ်. . .။ မင်္ဂလိုလ်နိဗ္ဗာန်လိုလားတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးမှန်ခဲ့ရင် အပြင်ဗဟိဒ္ဓအလှပြင်မှုလောက်နဲ့သာ တင်းတိမ် အားရ ကျေနပ်မနေကြဘဲ အတွင်းအဇ္ဈတ္တအလှပြင်မှုကိုလည်းပဲ ပြုနိုင်ရတယ် ဟော့ဒါ ကဏှဇာတ်တော်မှာ ဘုရားရှင် ဒကာ ဒကာမအပေါင်းသူတော်ကောင်း တွေကို ပြောလိုရင်းကျောရိုးစကားလေးဖြစ်ပါတယ်။

ဘုန်းကြီးတို့ ပရိသတ်ကြီးက အဲဒီစကားကလေးကိုတော့ နားထဲစွဲပြီး တော့ မှတ်မိနေအောင် မှတ်ထားစေလိုပါတယ်၊ ဇာတ်တော်တစ်ခုကိုပဲဟော ဟော၊ သုတ္တန်ကဒလေးတခုကိုပဲဟောဟော၊ ဂါထာတစ်ပုဒ်ကိုပဲ ဘုရားရှင် ဟောဟောလိုရင်းအချုပ်ကျောရိုးပြောလိုရင်းစကားတစ်ခု၊ ရည်ရွယ်ချက်တစ် ခုရှိတယ်၊ ဘုရားရှင်က အဲဒီအတိုင်းပဲ ကဏှဇာတ်တော်ကြီးကို ဟောတော်မူ တဲ့ ဘုရားရှင်ကိုယ်တော်မြတ် ဒီနေ့ ဒကာဒကာမအပေါင်းတွေကိုသိစေလိုတဲ့

http://www.dhammadownload.com



စကားရပ်ကျောႏရိုးအခြေခံ အမာခံ ပင်မကိုပြောရရင် မဂ်ဖိုလ်နိဗ္ဗာန်လို လားတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးမှန်သမျှသည် အပြင်ဗဟိဒ္ဓအလှ ပြင်မှုလောက်နဲ့သာတင်းတိမ်အားရကျေနပ်မနေပဲ အတွင်းအဇ္ဈတ္တအလှပြင်မှု ကိုလည်းပဲ ပြုနိုင်ရတယ် ပြုပါ၊ ဟောဒါ ကဏှဇာတ်တော်နဲ့ မြတ်စွာဘုရားက ဒကာ ဒကာမတွေကို ဆုံးမသွားတဲ့ စကားလုံးတစ်ရပ်ပဲဖြစ်ပါတယ်။

ယနေ့မြောက်များစွာသော ဒကာ ဒကာမအပေါင်းသူတော်ကောင်းတို့ သည် အပြင်ဗဟိဒ္ဓအလှပြင်မှုကိုသာ ပြုနေကြတယ်. . . တဲ့၊ အချိန်များစွာပေး ပြီးတော့ပြုကြတယ်၊ အပြင်ဗဟိဒ္ဓအလှပြင်မှုကို အားရပါးရ အချိန်ပေးပြီးတော့ ပြုကြတယ်၊ အဲဒီ အပြင်ဗဟိဒ္ဓအလှပြင်မှုလောက်နဲ့ အချိန်ကုန်ကြတာများတယ် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ့်အိမ်လေး ကိုယ့်ဝင်းလေးလှအောင် ပအောင် သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ကြဆင်ကြ ပြုကြ အဲဒါအပြင်ဗဟိဒ္ဓ အလှပြင်မှုလို့ခေါ်တယ် အိမ်ကလေးကိုလည်းပဲ တစ်ထပ်ကနေ နှစ်ထပ်ဖြစ် လာအောင် နှစ်ထပ်ကနေ သုံးထပ်ဖြစ်လာအောင် တစ်ခန်းကနေ နှစ်ခန်းဖြစ် လာအောင် တစ်ခန်းက လေးခန်း ငါးခန်းဖြစ်လာအောင် ဆောက်ပြီးသားအိမ် ကလေးကိုလည်း ဆေးလေးချယ်လို့ လိုက်ကာကလေးတွေ ဆင်လို့ အိမ်တွင်း မှာလည်းပဲ စားပွဲ ကုလားထိုင်ဗီရိုအစရှိတဲ့ အသုံးအဆောင်တွေ တစ်ခုနှစ်ခု ဖြစ်လာအောင် နှစ်ခုက သုံးလေးငါးခုဖြစ်လာအောင် ရှိနေတဲ့ တစ်ခုကိုလည်း ပဲ သစ်သစ်လွင်လွင်ဖြစ်သည်ထက်ဖြစ်အောင် တောက်ပသည်ထက် တောက် ပအောင်ဆိုပြီးတော့ ပြင်ကြတယ် ဆင်ကြတယ် သကြတယ် ချယ်ကြတယ် ရှာကြတယ် ဖွေကြတယ်၊ အဲဒါ အပြင်ဗဟိဒ္ဓအလှပြင်မှုလို့ခေါ်တယ်။

အဲဒီလို အိမ်တွေ တိုက်တွေ ဝင်းတွေကို ပြင်ကြသလို--မိမိတို့ရဲ့ ခန္ဓာကိုယ်မှာလည်းပဲ အသီးသီးတတ်နိုင်သမျှဝတ်ကောင်းစားလှတွေ တစ်စုံ ကနှစ်စုံဖြစ်လာအောင် နှစ်စုံက သုံးလေးငါးစုံဖြစ်လာအောင် ဝတ်ကြတယ် ဆင်ကြတယ် မိမိတို့ရဲ့ ခန္ဓာကိုယ်ပေါ်မှာဝတ်စရာဆင်စရာတွေ လက်ဝတ် ရတနာ ခေါင်းဝတ်ရတနာ ခြေဝတ်ရတနာဆိုတဲ့ ရတနာဝတ်စားတန်ဆာတွေ တစ်ခုက နှစ်ခုရှိလာအောင် နှစ်ခုက သုံးလေးငါးခုဖြစ်လာအောင် အမျိုးမျိုး သော ဝတ်စားတန်ဆာတွေနဲ့ ဆင်ကြတယ် ပြင်ကြတယ်။ ဆင်နိုင်အောင် ပြင်နိုင်အောင် ရှာဖွေကြတယ် ရှာလို့ရလာတာတွေကို ပြင်ကြတယ် သကြတယ် ဖြီးကြတယ် လိမ်းကြတယ်၊ အဲဒါ အပြင်ဗဟိဒ္ဓအလှပြင်မှုလို့ခေါ်တယ်။

http://www.dhammadownload.com



အဲဒီ အပြင်ဗဟိဒ္ဓအလှပြင်မှု မှန်သမျှ မိမိခန္ဓာကိုယ်ကို ပြင်ဆင်မှုတွေ ဝတ်စားတန်ဆာနဲ့ ပြင်ဆင်မှုတွေ နေရာထိုင်ခင်းနဲ့ ပတ်သက်ပြီးသကာလ ပြင်ဆင်မှုတွေကစပြီးတော့ မိမိခန္ဓာကိုယ် မိမိနဲ့စပ်တဲ့သူရဲ့ ခန္ဓာကိုယ် မိမိတို့နဲ့ ဆက်စပ်လာတဲ့ သားတွေ သမီးတွေ မြေးတွေ မြစ်တွေ တူတွေ တူမတွေ ဆွေတွေ မျိုးတွေ ကျယ်ပြန့်ပြီးတော့သွားလိုက်တာ အဲဒီစပ်ရာစပ်ရာ တွေ အတွက် အပြင်ဗဟိဒ္ဓအလှပြင်မှုတွေကို ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေမြောက်များစွာပြုနေကြတယ်. . . တဲ့ ပြုနေကြတယ်။

မပြုရဘူးလို့ ဘုန်းကြီးတို့ ဘုရားကမတားပါဘူး၊တရားသဖြင့် ပြုနေတာ ဘုရားကမတားပါဘူး၊ ကျန်းမာရေးနဲ့ ညီညွတ်အောင် မဋ္ဌမပဋ္ဌိပဒါနည်းနဲ့ ပြုနေတာကို ဘုရားရှင်က တားတော်မမူပါဘူး။ လော်လီတဲ့အနေ ဖောက်ပြားတဲ့ အနေနဲ့ဆိုရင်သာ ဘုရားရှင်က ဟိရီဩတ္တပ္ပဆိုတဲ့စည်းနဲ့ သီလဆိုတဲ့ စည်းနဲ့ တားပေးတယ်၊ ဒီတော့ မပြင်ရဘူးလို့ မပြောလိုပါ မပြုရဘူးလို့ မပြောလိုပါ သို့သော် အပြင်ဗဟိဒ္ဓအလှပြင်မှုလောက်နဲ့ အချိန်ကုန်မနေကြပဲ အတွင်း အဇ္ဈတ္တအလှပြင်မှုကိုလည်း ပြုနိုင်ရတယ်. . . တဲ့။

အတွင်းအဇ္ဈတ္တအလှဆိုတာဘာတုံးလို့ဆိုတော့ စိတ်ကို အလှပြင်တာ ခုနက အိမ်ဝင်းခြံကို ပြင်တယ် အိမ်ကို ပြင်တယ် စားပွဲကုလားထိုင်ဘီရိုတွေကို ပြင်တယ်ဆိုတာက ရုပ်ဝတ္ထုပြင်တာ မိမိခန္ဓာကိုယ်ကြီးကို ဆင်လို့ပြင်လို့ဖီးလို့ လိမ်းလို့သလို့ချယ်လို့ဆိုတာ ရုပ်ဝတ္ထုကို အလှပြင်တာလို့ခေါ်တယ်၊ မိမိနဲ့ စပ်ရာတွေကို ဖြီးနိုင်အောင် လိမ်းနိုင်အောင် ဆင်နိုင်အောင် ပြင်နိုင်အောင် စားနိုင်အောင် သောက်နိုင်အောင် နေနိုင်အောင် ထိုင်နိုင်အောင်ပြင်တယ်ဆိုတာက ရုပ်ဝတ္ထုကိုပြင်တာခေါ်တယ်၊ဒါကြောင့်သူ့ကို ဗဟိဒ္ဓအလှ ပြင်မှု. . . တဲ့၊

အတွင်းအဇ္ဈတ္တအလှပြင်မှုကို ပြုနိုင်ရတယ်ဆိုတာက အတွင်းအဇ္ဈတ္တ စိတ်ကို ပါရမီအလှကို တန်ဆာဆင်နိုင်ရတယ်. . . တဲ့၊ အတွင်းအဇ္ဈတ္တအလှဆိုတာ စိတ်ကို ပြင်တာပြောတာ၊ အဲဒီ စိတ်ကလေးကိုအလှပြင်ဘို့ရာအတွက်ကျတော့ တန်ဆာကိရိယာက သုံးမျိုးပဲရှိတယ်၊ အပြင်ဗဟိဒ္ဓ ရုပ်ဝတ္ထုအလှပြင်ဖို့ကျတော့ တန်ဆာကိရိယာတွေ လိုက်ရင်လိုက်သလောက် မရေတွက်နိုင်ဘူး မြောက်များစွာရှိတယ်၊အဝတ်တွေအမျိုးမျိုး အစားအသောက်တွေ အမျိုးမျိုး အဆင်တန်ဆာတွေ အမျိုးမျိုး မိမိတို့ နေရာတိုက်တာ အိမ်ရာတွေဆင်ဖို့ ပြင်ဖို့ရာအတွက် ဆေးတွေအမျိုးမျိုး လိုက်ကာခန်းစည်းအမျိုးမျိုး စားပွဲကုလားထိုင် ဗီရိုတွေအမျိုးမျိုး ပုံအမျိုးမျိုး ကိရိယာတန်ဆာအပြင်ဗဟိဒ္ဓအလှပြင်မှု

http://www.dhammadownload.com



အတွက်လိုက်မယ်ဆိုရင်မဆုံးနိုင်အောင် မြောက်များစွာရှိသော်လည်း. . . ပဲ အတွင်းအဇ္ဈတ္တဆိုတဲ့ စိတ်ကို အလှပြင်ဖို့အတွက်ကျတော့ ကိရိယာသုံးမျိုးပဲ ရှိတယ်။

အဲဒီ ကိရိယာသုံးမျိုးက ဘာတွေတုန်းဆိုရင် ဒါနဆိုတဲ့ ကိရိယာတစ်မျိုး၊ သီလဆိုတဲ့ ကိရိယာတစ်မျိုး ဘာဝနာဆိုတဲ့ ကိရိယာတစ်မျိုး သုံးမျိုးသာလျှင်ရှိကြပါကုန်သည်။ ဒါကြောင့် အတွင်းအဇ္ဈတ္တစိတ်လေးကို ဒါနနဲ့ အလှပြင် သီလနဲ့ အလှတန်ဆာဆင် ဘာဝနာနဲ့ အလှတန်ဆာဆင်နိုင်ရတယ်. . .၊ ဒါကြောင့် ယနေ့ ကိုင်းတန်းဈေးမကြီးမှာနေထိုင်ကြတဲ့ ဒကာ၊ ဒကာမအပေါင်းသူတော်ကောင်းတွေ ယနေ့ (၃၆) ကြိမ်မြောက် မဲကျရာဖြစ်တဲ့ အရှေ့ခင်မကန်ကျောင်းတိုက်မှာရှိကြတဲ့ သံဃာတော်အပါးတစ်ရာကျော်တို့အား တတ်စွမ်းသမျှ ကထိန်လျာသင်္ကန်းကြီးနှင့်တကွ အခြံအရံဖြစ်တဲ့ ပစ္စည်းတွေကို ဆက်ကပ်လှူဒါန်းမှုပြုကြတယ်လို့ဆိုတာ အဲဒါ အတွင်းအဇ္ဈတ္တ စိတ်ကလေးကို ဒါနဆိုတဲ့ ပါရမီကုသိုလ်နဲ့ အလှတန်ဆာဆင်ကြတယ်. . . တဲ့၊ ဒီတော့ အတွင်းအဇ္ဈတ္တအလှပြင်မှုနဲ့ ဗဟိဒ္ဓအလှပြင်မှုကဘယ်လို ကွာနေတုန်း ဘယ်လို အကျိုးက လမ်းဆုံးနေတုန်းဆိုတော့--

* ရုပ်ကိုပြုပြင် အလှဆင်, အအိုတွင်, လမ်းဆုံးသည်,
စိတ်ကိုပြုပြင်, အလှဆင်, နိဗ္ဗူခွင်မှာလမ်းဆုံးသည်။

ရုပ်ဝတ္ထုတွေကို အလှပြုပြင်လိုက်တာတွေက ဘယ်မှာသွားပြီးတော့ လမ်းဆုံးပါသလဲဆိုရင် ဇရာလို့ခေါ်တဲ့ အိုခြင်း ရင့်ခြင်း ဟောင်းခြင်း ဆွေးခြင်း မြည့်ခြင်းမှာ လမ်းဆုံးပါသည်။ အအိုမှာလမ်းဆုံးတယ်၊ ပရိသတ်ကြီးကို ဘုန်းကြီးကနှုတ်ထဲထည့်ပေးချင်တယ်၊ ဘုန်းကြီးက အခု တရားဟောလို့ရှိရင်လေ တရားထောက်သီးခြားမထားဘူး၊ ပရိသတ်ကို မေးမေးပြီးတော့ ဟောပါတယ်၊ ဘာပြုလို့တုန်းဆိုတော့ ပရိသတ်ရဲစိတ်ကလေးတွေ ထွက်ထွက်ပြေးတာကို ဖမ်းချုပ် ချင်လို့၊ ဘုန်းကြီးတို့ တရားနာပရိသတ်ကြီး တရားပွဲထဲထိုင်နေပေမယ့်လို့ ထွက်ထွက်ပြေးတယ် လူကမပြေးဘူး စိတ်ကထွက်ပြေးတယ်၊ တရားနာ နေရင်း နဲ့ အိမ်တံခါးမှ ပိတ်မိပါရဲ့လားနောက်ဖေးပေါက်က ခွေးများ ဝင်နေပါမလား ကလေးတွေနေရာတကျမှ သိပါရဲ့လေလား၊ ဟိုဟာ လားဒီဟာ လားနဲ့တရားပွဲမှာ ရုပ်ခန္ဓာကြီးကထိုင်နေသော်လည်းပဲအတွင်း အဇ္ဈတ္တ တွေက အိမ်ထွက်ထွက် ပြေးတတ်တယ်၊ ဒါကြောင့် ဘုန်းကြီးက ပရိသတ်ကြီးကို မေး တယ်၊ ကဲဒီတော့ပရိသတ်ကြီးလိုက်စမ်းပါ ဘုန်းကြီးမေးရင်လည်းသွက်

http://www.dhammadownload.com



သွက်လက်လက်ဖြေ ဘုန်းကြီးက သိမှာတွေမေးမှာပါ။

ရုပ်ကိုပြုပြင်လိုက်တာ မှန်သမျှက ဘယ်မှာလမ်းဆုံးတုန်းဆိုရင် အအိုမှာလမ်းဆုံးတယ်၊ ပရိသတ်ကြီးရုပ်ကိုပြုပြင်လိုက်သမျှ ဘယ်မှာလမ်းဆုံးနေတုန်း? အအိုမှာလမ်းဆုံးပါ ...ဘုရား၊ အိမ်ကလေးကို ဆေးကွေချယ်သပြီးတော့ထားတယ်၊ အဲဒီချယ်သတဲ့ဆေးတွေဟာ တဖြေးဖြေး တဖြေးဖြေးနဲ့ မှိန်မှိန်မှေးမှေး ပျက်ပျက်၊ ပျောက်ပျောက် နောက်ဆုံးကျတော့ အကုန်လုံးကွယ်ပျောက် အဲဒါဇရာပဲ၊ တဖြေးဖြေးနဲ့ ရင့်ရော်ဟောင်းမြင်းပြောင်းလဲပြီးတော့သွား၊ လိုက်ကာလေးတွေ ခန်းဆီးလေးတွေလှပါပေ့လို့ ဆိုတာလေးတွေ၊ အဆင်လေးတွေပြင်ဆင်ထား၊တဖြေးဖြေးနဲ့ အရောင်လေးတွေပြယ်ပြယ်လာ၊နောက်ဆုံးကျတော့ဟောင်းလာ၊ စုတ်လာ၊ ပြဲလာ၊ ဒါဇရာလမ်းဆုံးတာပဲ၊ အတွင်းမှာရှိနေတဲ့ပရိဘောဂ အသုံးအဆောင်တွေ ဘယ်လောက်ပဲ အလှပြင်ထားထား နောက်ဆုံးမှာ ကျိုးမယ်၊ ပျက်မယ်၊ ဟောင်းမယ်၊ မှိန်မယ် ဆွေးမယ် မြည့်မယ် ဇရာမှာဆုံးတယ်။

ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေရဲ့ ခန္ဓာကိုယ်မှာဖြီးလိမ်းပြင်ဆင်ထားတဲ့၊ ဝတ်စားတန်ဆာတွေ၊ ဘယ်လောက်ပဲဝတ်သစ်ခေတ်ဆန်ပါပေ့ဆိုတဲ့ အဝတ်တွေနဲ့ပြင်ဆင်ထား၊ နောက်ဆုံးအဝတ်တွေဟာ တဖြေးဖြေး ဒီခန္ဓာကိုယ်နဲ့ ထိမိလို့၊ ဒီခန္ဓာကိုယ်ထဲက ထွက်လာတဲ့ အညစ်အကြေးတွေကြောင့် တဖြေးဖြေးနဲ့ဟောင်းလို့ နွမ်းလို့ ဆွေးလို့ မြည့်လို့လမ်းဆုံးသည် ခေါင်းမှာပန်ထားတဲ့ပန်း မနက်ပိုင်းပန်ထားတော့ လန်းလို့၊ နေ့လယ်လောက်ဆိုရင် ညှိုးလို့ဇရာမှာလမ်းဆုံးသည် ခန္ဓာကိုယ်မှာရှိတဲ့ (၃၂)ကောဋ္ဌာသ၊ အစုအဝေးတွေမှန်သမျှ ပြုပြင်လိုက်သမျှ အအိုမှာလမ်းဆုံးပါသည်၊ ခန္ဓာကိုယ်ကြီးကလည်းပဲ၊ ဟောင်းတတ်ဆွေးတတ် မြည့်တတ်တဲ့သဘော၊ ပြင်လိုက်ဆင်လိုက်တဲ့ ပစ္စည်းဝတ္ထုမှန်သမျှကလည်းပဲ အပြင်ဗဟိဒ္ဓရုပ်ဝတ္ထုတွေ ဖြစ်ကြလေသောကြောင့် နောက်ဆုံး ဘယ်မှာ လမ်းဆုံးကြသလဲဆိုရင် အအိုမှာ လမ်းဆုံးတယ်. . တဲ့၊ ဟောင်းမြည့်ခြင်းမှာလမ်းဆုံးတယ်၊ ရင့်ရော်ခြင်းမှာလမ်းဆုံးတယ်၊ ဆွေးခြင်းမှာ လမ်းဆုံးတယ်၊ ဒါကြောင့် ရုပ်ကိုပြုပြင်သမျှ ဘယ်မှာလမ်းဆုံးပါသလဲဆိုရင် ဉာဏ်မျက်စိနဲ့ကြည့်လိုက်ရင် အအိုမှာလမ်းဆုံးပါသည်။

ခဏလေးတော့သာယာ ရပါတယ်၊ နှစ်သက်ရပါတယ်၊ စွဲလမ်းစရာစုံမက်စရာဖြစ်ပါရဲ့၊ နောက်ဆုံး. . . ဉာဏ်မျက်စိနဲ့ တရားသဘောနဲ့ကြည့်ကြစို့ဆိုတော့ အအိုမှာလမ်းဆုံးပါသည်၊ စိတ်ကိုပြုပြင်လိုက်တဲ့ ဒါနနဲ့ ဒါနတွေ

http://www.dhammadownload.com



ပြုပြီးတော့ ပြုလိုက်တဲ့ဒီနေ့(၃၆)ကြိမ်မြောက် မဟာဘုံကထိန်ပွဲကြီးကို အကြောင်းပြုပြီးသကာလ ဒီနေ့နဲ့ များမဟူကုသိုလ်ပြုပါဝင်ထားကြတဲ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေရဲ့ ဒါနကုသိုလ်ကောင်းမှုထုပ်ကြီးသည့် စွန့်ကြဲပေးကမ်းလှူဒါန်းမှုဆိုတဲ့ ဒါနကုသိုလ်စေတနာ တန်ဆာဆင်လိုက်တဲ့ ဒီစိတ်သည်၊ ဘယ်ထိအောင်ပို့မလဲဆိုတော့ မိမိစွမ်း စွမ်းသလောက်၊ မိမိဉာဏ် ဦးတန်း တန်းသလောက်၊ ဉာဏ်မှန်း မှန်းနိုင်သလောက် လူ့,ရွာ,နတ်ထံချမ်းသာ စံပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ကျမှ လမ်းဆုံးတယ်. . .။

ဒီနေ့ အလှတန်ဆာဆင်လိုက်တဲ့ (၃၆)ကြိမ်မြောက် ကထိန်ဒါန အဆင် တန်ဆာကြီးကဘယ်ကျမှ လမ်းဆုံးတုန်းဆိုရင် နိဗ္ဗာန်ကျမှ လမ်းဆုံးတယ်၊ ပရိသတ်ကြီး ဘယ်ကျမှလမ်းဆုံးပါတုန်း? နိဗ္ဗာန်ကျမှ လမ်းဆုံးပါ[illegible]ဘုရား၊ သီလနဲ့တန်ဆာဆင်၊ ဘာဝနာနဲ့တန်ဆာဆင်သမျှ နိဗ္ဗာန်ကျမှ လမ်းဆုံးသည်။ လမ်းဆုံးပုံချင်းက ရုပ်ကိုပြုပြင် အလှဆင်တာက ဇရာခေါ်တဲ့အိုခြင်းမှာ လမ်းဆုံး တယ်၊ စိတ်ကိုပြုပြင်အလှဆင်တာက အဇရာခေါ်တဲ့ အိုခြင်းကင်း၊ နာခြင်းကင်း သေခြင်းကင်းတဲ့ နိဗ္ဗာန်မှာလမ်းဆုံးတယ်. . . လို့ဆိုတော့ ပရိသတ်ကြီးတန်ဘိုး ချင်းတူသေးရဲ့လား?မတူပါဘုရား၊ သို့သော်လည်း ယနေ့မြောက်များစွာ သော သတ္တဝါတွေက အပြင်ဗဟိဒ္ဓ ရုပ်ဝတ္ထုအလှပြုပြင်မှုနဲ့ပဲ အချိန်ကုန်နေကြတယ် . . တဲ့ မြတ်စွာဘုရားက။ အတွင်းအဇ္ဈတ္တ အလှပြုပြင်မှုနဲ့ ဗဟိဒ္ဓရုပ်ဝတ္ထု အလှ ပြင်မှု တနေ့တနေ့မှာ ကိုယ့်ကိုယ်ကိုချိန်ထိုးကြည့်၊ ဘယ်ဘက်ကို အလေးသာ သလဲဆိုရင် အပြင်ဗဟိဒ္ဓ အလှပြင်မှုဘက်မှာ အလေးသာပါသည်။

ကိုယ့်ကိုယ်ကိုစဉ်းစားကြည့် ကိုယ့်ကိုယ်ကိုတွေးကြည့်၊ ငါအပြင်ဗဟိဒ္ဓ အလှပြင်တာနဲ့ အတွင်းအဇ္ဈတ္တ အလှပြင်မှုဘယ်ဒင်းဘက်ကို အချိန်ပေးတာ များသလဲ၊ အချိန်ကုန်တာများသလဲ၊ အိုခြင်းလမ်းဆုံးတဲ့ အပြင်ဝတ္ထုအလှပြင် မှုမှာ ငါအချိန်ပေးနေတာက များသလား၊ အအိုငြိမ်းသွားမယ့်၊ အနာငြိမ်းသွား မယ့်၊ အသေငြိမ်းသွားမယ့် နိဗ္ဗာန်ရောက်မယ့် လမ်းကြောင်းဘက်ကို အကွင်း အဇ္ဈတ္တအလှပြင်မှုဘက်မှာ ငါအချိန်ပေးတာများသလားလို့ ပရိသတ်ကြီး ကိုယ့်ကိုယ်ကို မမေးထိုက်ဘူးလား? မေးထိုက်ပါ[illegible]ဘုရား၊ အအိုမှာလမ်း ဆုံးမှာ နဲ့ချည်းအချိန်ကုန်နေတယ်ဆိုရင် ဒီဘဝလည်းဒီလိုနဲ့ အချိန်ကုန်၊ ဟို ရှေးအတိတ်ဘဝတုန်းကလည်းဒီလိုနဲ့ အချိန်ကုန်၊ ဟိုနောက်ဘဝတွေမှာနဲ့လည်း ဒီလိုနဲ့ အချိန်ကုန်နဲ့ဆိုရင်၊ ဇရာမှာလမ်းဆုံးနေတယ်ဆိုရင် အဇရာခေါ်တဲ့ ဇရာလွတ်တဲ့ နိဗ္ဗာန်ဘက်ကို ပရိသတ်ကြီး ရောက်ပါ့မလား? မရောက်ပါဘုရား၊

http://www.dhammadownload.com



မရောက်တာ ဘာကြောင့် မရောက်တာတုန်းဆိုရင်၊ ကိုယ်ကမသွားလို့ မရောက်ပါသည်၊ သူ့ဘာသူမရောက်တာလား ကိုယ်ကမသွားလို့ မရောက်တာ လား? ကိုယ်ကမသွားလို့ မရောက်တာပါဘုရား။

အဲဒီ အမှားအမှန်ကို မြင်ကြရင်ဖြင့် ယနေ့ဒကာ ဒကာမအပေါင်းသူတော်ကောင်းတို့သည် ကိုယ့်ကိုယ်ကို အပြင်ဗဟိဒ္ဓ အလှုပြုပြင်မှုကို မပြုရဘူးလို့ ဘုရားကမတားပါ၊ ပြုရပါသည်၊ အဲဒီပြုတဲ့ အထဲကပဲ အပြင်ဗဟိဒ္ဓအလှုပြုပြင်မှုလောက်ပဲ တင်းတိမ်အားရကျေနပ်မနေဘဲ၊ အတွင်းအဇ္ဈတ္တ အလှုပြုပြင်မှုကိုလည်းပဲ ပြုနိုင်ရတယ်. . . လို့ ဘုရားရှင်ဆုံးမတော်မူတဲ့စကားသည် ပရိသတ်ကြီးသဘာဝကျသလား မကျဘူးလား?ကျပါ၊ ဘုရား။ ဆုံးမထိုက်တဲ့စကား ဟုတ်သလား၊ မဟုတ်ဘူးလား? ဟုတ်ပါ ဘုရား၊ ဒါဖြင့် ယနေ့ ကိုင်းတန်းဈေးမှာနေထိုင်ကြတဲ့ ဒကာ ဒကာမအပေါင်းသူတော်ကောင်း တွေ၊ မိမိတို့မဲကျရာ အရှေ့ခေမကန်ကျောင်းတိုက် သံဃာတော်တစ်ရာကျော် တို့ကို ရည်းမှန်းပြီးသကာလ ဒီနေ့လှူဒါန်းကြတဲ့ ကထိန်အလှူကြီးသည်. . . . အပြင်ဗဟိဒ္ဓအလှုပြင်တာလား?အတွင်းအဇ္ဈတ္တအလှုပြင်တာလား?အတွင်းအဇ္ဈတ္တ အလှုပြင်တာပါဘုရား၊ လှူဒါန်းမှု ဒါနပါရမီကုသိုလ်ထုပ်ကြီးကို (၃၆) ကြိမ်မြောက်စုပေါင်းပြီးတော့ ပြုတယ်. . လို့ဆိုတာ အတွင်းအဇ္ဈတ္တအလှုပြင် တာ။

ဒီတော့ အလှုပြင်လိုက်တာမှ ဒီနေ့ ကထိန် အလှူကြီး. . လို့ဆိုတော့ ကထိန်အလှူဆိုတာ မွန်မြတ်တဲ့လုပ်ငန်း(၃)ရပ်ထဲမှာ တစ်ခုအပါအဝင်ဖြစ်တယ်၊ သင်္ကန်း အလှူပဲ ကထိန်အလှူဆိုတာ သင်္ကန်းလှူရတာပဲ၊ သို့သော် သင်္ကန်း အချင်းချင်း ယှဉ်လိုက်ရင် ကထိန်သင်္ကန်းအလှူသည် သင်္ကန်းအလှူတွေထဲမှာ မွန်မြတ်တဲ့အလှူ ထူးခြားတဲ့အလှူ အကျိုးများတဲ့ အလှူ. . လို့ ဘုရားရှင် အဆူဆူတို့ပညတ်တော်မူကြပါကုန် သည်၊ ထူးခြားမွန်မြတ်တဲ့ အလှူကြီး(၃)ရပ် သတ်မှတ်ထားတယ်။ "သင်္ကန်းမှာကထိန်၊ ကျောင်းမှာသိမ်၊ ဘုရားမှာစိန်"တဲ့ကျောင်းများဆောက်လုပ်လှူဒါန်းရတာ၊ ဘုန်းကြီးတို့ သာသနာသုံးအနေနဲ့ ကျောင်းဆိုတာဟာ အဆောက်အဦးမှန်သမျှကျောင်းခေါ်တာပဲ၊ ကုလားထိုင်ကလေးလှူလည်းကျောင်းခေါ်တယ်၊ စားပွဲကလေးလှူလည်း ကျောင်းခေါ်ပါတယ်။ ကုဋီလှူကျောင်း၊ မီးတင်းကုတ်ကလေးဆောက်လှူကျောင်း၊ ကျင်ငယ် အိမ်ကလေး ဆောက်လှူကျောင်းပဲ၊ ဒါကျောင်းအလှူလို့ချည်းပဲခေါ်တယ်၊ သံဃာတော်တွေသီတင်းသုံးလို့ ကျောင်းသေးသေး ကြီးကြီး

http://www.dhammadownload.com



အမျိုးမျိုးလှူ ဆွမ်းစားကျောင်းဆောင်လှူ ကျောင်းအလှူကြီးပဲ၊ သေနာသန ကျောင်း အလှူလို့ခေါ်တယ်။

သာသနာသုံးအနေနဲ့ပစ္စည်းအနေနဲ့က လေးမျိုးရှိတာ၊ ဆွမ်း-တဲ့ စားစရာ သောက်စရာတွေမှန်သမျှ ဆွမ်းအလှူခေါ်တာပဲ၊ နေစရာထိုင်စရာ မှန်သမျှ ကျောင်းအလှူ ဝတ်စရာမှန်သမျှ သုံးစရာအဝတ်စားမှန်သမျှ သင်္ကန်း အလှူ ကျန်းမာရေးအတွက် လှူတာမှန်သမျှ ဆေးအလှူ အဖျော်ယမကာတွေ ဆေးအလှူ ဒီတော့ သင်္ကန်းအလှူဆိုတာ ဝတ်ထည်ဖျင်စင်းတွေ မှန်သမျှ သင်္ကန်းအလှူ အဆောက်အဦးနဲ့ ပတ်သက်တာတွေမှန်သမျှ ကျောင်းအလှူ အဲဒီကျောင်း အလှူတွေထဲမှာ သိမ်သမုတ်ပြီးတော့လှူတဲ့ သိမ်ဆောက်ပြီးတော့ လှူတဲ့ အလှူသည် အမွန်မြတ်ဆုံးအလှူ ကျောင်းအလှူထဲမှာဖြင့် အမွန်မြတ် ဆုံးအလှူဖြစ်ပါတယ်၊ ဘာကြောင့်တုန်း သိမ်ဆိုတာသံဃာတော်တွေကို မွေးထုတ် ပေးရာဌာနကြီး၊ ရှိုးရှိုးကျောင်းတဆောင်ကို ဆောက်လှူလိုက်တယ် ဆိုရင် သံဃာတော်တွေကို အကျိုးလေးမျိုးဆောင်တယ်၊ ကျောင်းက။

(၁) သီတဿ ပဋိဃာတာယ- သီတင်းသုံးတဲ့ သံဃာတော်တွေ အအေးကို ကာကွယ်ပေးတယ်။ (၂) ဥဏှဿ ပဋိဃာတာယ- အဲဒီကျောင်း ကြီးက နေပူတွေ လေပူတွေကိုတားပေးတယ်။ (၃) ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ- မှက်တွေ, ခြင်တွေ, ကြမ်းပိုးတွေ၊ မြွေတွေ ကင်းတွေ၊ သန်းတွေ မကိုက်မထိရအောင် ဒီကျောင်းကြီးက ကာကွယ်ပေးတယ် (၄) ဥတုပရိဿယ ဝိနောဒနပဋိသလ္လာနာရာမတ္ထံ- တဲ့ဥတုကြောင့် ဖြစ်ပေါ်လာ တဲ့ ဘေးရန်တွေကိုလည်းပဲ ကာကွယ်ပေးတယ်၊ ဒါကျောင်းတိုင်း၊ ကျောင်းတိုင်း ကပေးတဲ့ အကျိုးလေးပါးပါ၊ ကျောင်းကို အလှူခံရတဲ့သံဃာတော် အရှင်မြတ် တွေအတွက် ဒကာ ဒကာမတွေက ကျောင်းကို ဆောက်လုပ်လှူဒါန်းလိုက်ရင် မမြင်ရဘဲနဲ့ပါသွားတဲ့ အကျိုးလေးပါးက အကျဉ်းချုပ်အအေးကိုကာကွယ်ပေး ခြင်း။ အပူကိုကာကွယ်ပေးခြင်း၊ မြွေကင်းသန်းအစရှိတဲ့ အန္တရာယ်တွေကိုကာ ကွယ်ပေးခြင်း၊ ဥတုကြောင့်ဖြစ်ပေါ်လာတဲ့ ဘေးရန်အန္တရာယ်တွေကို တားဆီးပေးခြင်း. . လို့ ဒါကျောင်းလှူလိုက်ရင် ကျောင်းတိုင်း ကျောင်းတိုင်းက ပေးတဲ့အကျိုးက ဒီလေးမျိုး။

အဲသိမ်ကျောင်းဆောက်ပြီးလှူဒါန်းလိုက်ပြီဆိုတော့၊ အဲဒီ သိမ်ကျောင်း က ယခုပြဆိုအပ်ခဲ့တဲ့ အကျိုးလေးမျိုးအပြင် ဘာတွေပေးလိုက်တုန်းဆိုတော့ ဒီသိမ်ကျောင်းတိုက်ထဲကနေပြီးတော့ ကြီးကြီးငယ်ငယ် အသွယ်သွယ်သော

http://www.dhammadownload.com



သံဃာတော်အရှင်မြတ်တွေကို ပေါက်ဖွားပေးရာဌာန ဖြစ်လေသောကြောင့်. . တဲ့၊ သံဃာတော်အရှင်မြတ်တွေကို ဒီသိမ်ထဲမှာဝင်ပြီးတော့ ရဟန်းပြုကြရတာ ဖြစ်တော့၊ ဒီသိမ်ထဲကနေပြီးတော့ သံဃာတော်တွေမွေးထုတ်ရာဌာနကြီး၊ ဓမ္မာစရိယတွေ ဒီသိမ်ထဲကမွေးထုတ်လိုက်၊ အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီးတွေ ဒီသိမ်ထဲက မွေးထုတ်လိုက်တာ၊ အဘိဇဗမဟာဂုရုဆရာတော်ကြီးတွေ ဒီသိမ်ထဲကထွက်ကြပါသည်၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိကဖြစ်တော်မူတဲ့ ဆရာတော်ကြီးတွေ ဒီသိမ်ထဲကမွေးထုတ်ပေးလိုက်တာ၊ ဒါကြောင့် ကျောင်းအလှူတွေထဲမှာ သိမ်ကျောင်းဆောက်ပြီးတော့လှူတဲ့အလှူသည် အမွန်မြတ်ဆုံးမို့လို့ ကျောင်းမှာသိမ်။

ဘုရားမှာစိန်- ဘုရားတည်ပြီးတော့ လှူပြီဆိုရင် စိန်ဖူးလှူရတဲ့အလှူက အထွဋ်အမြတ်ဖြစ်လို့လည်းကောင်းမြတ်တယ်၊ ဘုရားတည်ပြီဆိုလို့ရှိရင် ဆင်းတုတော်လှူကြတယ်၊ မုခ်ပေါက်လှူကြတယ်၊ တန်ဆောင်းလှူကြတယ် အလယ်ပစ္စယံ၊ အထက်ပစ္စယံ၊ အောက်ပစ္စယံ၊ ဖောင်းရစ်အစရှိသည်ဖြစ်တဲ့ ကုသိုလ်အသီးသီးပါကြတဲ့ အဲထဲမှာအဲဒီထီးရဲ့ အထက်ကစိန်ဖူးကို လှူရတဲ့ အလှူသည် အထွဋ်မြတ်ဆုံးဖြစ်ပါသည်၊ စိန်ဖူးဆိုတာ အထွဋ်မြတ်ဖြစ်တာက လည်းတစ်ကြောင်း၊ စိန်ဖူးတော်ရောင်တဝင်းဝင်းတလင်းလင်းနဲ့ နေခဲ့ရင်၊ မြစ်ကမ်းနဖူး ဟိုတောင်စွယ်ဦးက စေတီဖွေးဖွေးရဲ့သဏ္ဍာန်မှာ၊ စေတီဖွေးဖွေး ရဲ့ထိပ်မှာ ရွှေရောင်တဝင်းဝင်းတလက်လက်ဝင်းနေတဲ့ စိန်ဖူးကိုမြင်ရတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး၊ ပတ်ဝန်းကျင်မှာ မြင်မြင်သမျှ အမျိုး ကောင်းသား၊ အမျိုးကောင်းသမီးတွေရဲ့ သဏ္ဍာန်မှာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ကိုရစေတတ်တယ်. . . တဲ့။

ဟောဒီ စိန်ဖူးရောင်တဝင်းဝင်းကို မြင်လိုက်ပြီ၊ ဟိုး- အဝေးကြီးကနေပြီးတော့ မြစ်ထဲကသွားတဲ့သူတွေ၊ မြစ်ကမ်းနဖူးက ဘုရားစေတီကိုလှမ်းဖူးရ၊ ဖောင်တော်ဦးဆီက ဘုရားစေတီကို လှမ်းဖူးလိုက်ရလို့ အဲဒီ စိန်ဖူးရောင်တဝင်းဝင်းကို မြင်ရရင်၊ အဲဒီမြင်ရတဲ့ သူတော်ကောင်း အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရဲ့ သဏ္ဍာန်မှာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ရွှင်လန်းစွာဖြစ်ပေါ်လာတတ်တယ်၊ ဘုရားသတိရတယ်၊ ဘုရားကို အာရုံပြုမိတယ်၊ အာရုံပြုမိတာမှ ခြောက်ခြောက်သွေ့သွေ့ မဟုတ်ဘူး၊ စိုစိုပြေပြေ သောမနဿ အသင်္ခါရိကလို့ အဘိဓမ္မာသဘာဝအားဖြင့်ခေါ်တယ်၊ စိုစိုပြည်ပြည် ထက်ထက်မြက်မြက် ရွှင့်ရွှင်လန်းလန်း ပီတိဖြစ်နေတဲ့ ကုသိုလ်တွေဖြစ်တတ်တယ်၊ ဒါကြောင့်

http://www.dhammadownload.com



ပတ်ဝန်းကျင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေရဲ့ သန္တာန်မှာ ကုသိုလ်စိတ်ဇောတွေကြောင့် လှူရှာ နတ်ထံချမ်းသာစံပြီးတော့ နိဗ္ဗာန်တိုင်ထိ ရောက်ရှိစေနိုင်တဲ့ သတ္တိရှိလေသောကြောင့် ဘုရာမှာစိန်၊ ကျောင်းမှာသိမ်၊ သင်္ကန်းမှာကထိန်။

သင်္ကန်းဆိုကာ ဘုန်းကြီးတို့ သာသနာသုံးနဲ့ပြောရင် ဝတ်ထည်ဖျင်စင်း မှန်သမျှ သင်္ကန်းလို့ချည်းခေါ်တယ်၊ မျက်နှာသုတ်ပဝါလည်းသင်္ကန်းပဲ၊ လက်သုတ်ပဝါလည်းသင်္ကန်းပဲ၊လက်ကိုင်ပဝါလည်းသင်္ကန်းပဲ၊ အခုသံဃာတော် တွေဝတ်နေတဲ့ ခါးမှာဝတ်နေတဲ့ သင်းပိုင်း၊ ဧကသီ၊ နှစ်ထပ်သင်္ကန်းကြီး ဒါလည်းသင်္ကန်းခေါ်တာပဲ၊ နေရာထိုင်လည်း သင်္ကန်းပဲ၊ အိပ်ရာခင်းလည်း သင်္ကန်းပဲ၊ သင်္ကန်း(၉)မျိုးလို့ သာသနာတော်သုံး သတ်မှတ်ထားတယ်။ ဒီနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ အဝတ်အထည်ဖျင်စင်းမှန်သမျှ သင်္ကန်းအလှူ၊ အဲဒီ သင်္ကန်းအလှူအမျိုးမျိုးတွေထဲမှာ ကထိန်သင်္ကန်းအလှူ သည် အမွန်မြတ်ဆုံး၊ အကျိုးကြီးဆုံး အလှူဖြစ်သည်၊ ဘာပြုလို့တုန်း၊ သင်္ကန်း လှူလိုက်ရင် အဲဒီ သင်္ကန်းက အလှူခံပုဂ္ဂိုလ်ကို အကျိုးလေးမျိုးဆောင်တယ်၊ သင်္ကန်းတစုံကို ကပ်လိုက်တယ်ဆိုရင် ဒီသင်္ကန်းကို လှူလိုက်သည်နဲ့တပြိုင်နက် ဒကာ ဒကာမတွေက အလှူခံပုဂ္ဂိုလ်သံဃာတော်များကို အကျိုးလေးမျိုးထပ် ပိုးပြီးတော့ လှူပြီးသားဖြစ်သွားတယ်။

ဘာလှူပြီးသားဖြစ်သွားတုန်း၊ ခုနကလိုပဲ **သီတဿ ပဋိဃာတာယ** အအေးကို ကာကွယ်ပေးပြီးသားဖြစ်တယ်။ **ဥဏှဿ ပဋိဃာတာယ** အပူကို ကာကွယ်ပေးပြီးသားဖြစ်တယ်။ **ဍံသ မကသ ဝါတာတပ သရီသပသမ္ဖဿာနံ ပဋိဃာတာယ**- မှက်တွေခြင်တွေ ကြမ်းပိုးတွေ၊ **မြွေ**တွေကင်းသန်းတွေ မထိခံ ရအောင် ကာကွယ်ပေးပြီးသားဖြစ်တယ်၊ ဟိရိကောပိနပ္ပဋိစ္ဆာဒနတ္ထံ- အရှက်အကြောက်ကို ကာကွယ်ရခြင်းဆိုတဲ့၊ ဖျက်ဆီးတတ်တဲ့ အင်္ဂါကို ဖုံးလွှမ်းရခြင်းဆိုတဲ့ အကျိုး ကိုရစေတတ်တယ်၊ ဒါ သင်္ကန်းတိုင်း သင်္ကန်းတိုင်းက ပေးတဲ့အကျိုး၊ ဘုန်းကြီး တို့ဒကာဒကာမတွေ လှူလိုက်တယ်ဆိုလို့ရှိရင် သံဃာတစ်ပါးသင်္ကန်းတစ်စုံ လှူလိုက်တယ်ဆိုလို့ရှိရင် သင်္ကန်းကိုတိုက်ရိုက်မျက်စိကမြင်တယ်၊ လက်က သင်္ကန်းကို မြှောက်ကပ်တယ်၊ မြင်ရတာကသင်္ကန်းပဲ မြင်ရတယ်၊ ပါပြီးသွား တာက ခုနက အအေး ကာကွယ်ပေးမှုကြီး၊ အပူကာကွယ်ပေးမှုကြီး၊ မှက်ခြင် ကြမ်းပိုး၊ သန်းတွေကို ကာကွယ်ပေးမှုကြီး၊ အရှက်အကြောက် ဟိရိဂုဏ်ကို ဖျက်ဆီးတတ်တဲ့ အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းပြီးတော့ ကျက်သရေရှိရှိ ဂုဏ်ရှိရှိ

http://www.dhammadownload.com



တင့်တင့်တယ်တယ်ဆိုတဲ့ အဖြစ်ကိုလည်းပဲ လှူပြီးသားဖြစ်သွားတယ်. . တဲ့၊ ဒါ သင်္ကန်းကပေးတဲ့ အကျိုးလေးမျိုးပါသွားတယ်။

အဲကထိန်သင်္ကန်းကျတော့ ဒီလိုမဟုတ်တော့ဘူး၊ ကထိန်သင်္ကန်းကျတော့ သင်္ကန်းကို လှူဒါန်းလိုက်သည်နဲ့တပြိုင်နက် ဘာတွေပါသွားတုန်းလို့ဆိုတော့ အဲဒီသင်္ကန်းရှိုးရှိုးပါသွားတဲ့ အကျိုးလေးမျိုးအပြင်တဲ့ သံဃာတော်တွေရဲ့ သဏ္ဍာန်မှာ မပြင်လိုက်ရဘဲနဲ့ပါသွားတဲ့ အကျိုး(၅)မျိုးထပ်ပိုးပြီးတော့ ပါသွားတယ်၊ သင်္ကန်းတိုင်း သင်္ကန်းတိုင်းရစေတဲ့ အအေးကာကွယ်၊ အပူကာကွယ်၊ မှက်ခြင်ကြမ်းပိုးကာကွယ်၊ ဟိရိဂုဏ်ကို ဖျက်စီးတတ်တဲ့ အင်္ဂါကြီးငယ်ဖုံးလွှမ်းပါက ကျက်သရေရှိရှိ သီတင်းသုံးရခြင်းဆိုတဲ့ သင်္ကန်းရှိုးရှိုးကပေးတဲ့ အကျိုးလေးမျိုးအပြင်. . တဲ့ (၅)မျိုး(၅)စားသော အကျိုးကိုလည်းပဲ၊ ကထိန်သင်္ကန်းကိုလှူဒါန်းတဲ့ ဒကာ ဒကာမကသံဃာတော်တွေကို လှူဒါန်းပြီးသားဖြစ်သွားတယ်။

ဒီတော့ အကျိုး(၉)မျိုးဖြစ်သွားတာပေါ့၊ ကထိန်သင်္ကန်း လှူဒါန်းတဲ့ ဒကာဒကာမက ရှိုးရှိုးသင်္ကန်းလှူဒါန်းတဲ့ ဒကာ ဒကာမထက် အကျိုးငါးမျိုးပိုပြီးလှူဒါန်းရာရောက်၊ အဲဒီအကျိုး(၅)မျိုး လှူဒါန်းရာရောက်တဲ့အတွက် မိမိတို့မှာလည်းပဲသံဃာတော်တွေရတဲ့အကျိုးငါးမျိုးကို ပြန်ပြီးတော့ရစေတတ်ပါသည်၊ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၊ သင်္ကန်းလှူတဲ့ ဒကာ ဒကာမတွေက ကထိန်အလှူခံတော်မူတဲ့ သံဃာတော်များအား သင်္ကန်းကိုဆက်ကပ်လှူ ဒါန်းလိုက်ခြင်းဖြင့် သင်္ကန်းတိုင်းသင်္ကန်းတိုင်းမှာ ရစေနိုင်တဲ့ အကျိုး (၄)မျိုးအပြင် အကျိုးငါးမျိုးကိုလည်းပဲ ထပ်ပိုးပြီးတော့လှူဒါန်းရာ ရောက်တယ်။

အဲဒီအကျိုးငါးပါးမျိုးကို အကျဉ်းချုပ်သိဘို့လိုတယ်၊ အဲဒီအကျိုးငါးမျိုးကိုသိချင်ရင် သံဃာတော်တွေရသွားတဲ့ အကျိုးငါးမျိုးကိုသိချင်ရင် အဲဒီ သံဃာတော်တွေကို အဲဒီအကျိုးငါးမျိုးထက်ပိုပြီးရစေတတ်တဲ့အတွက်၊ မိမိတို့မှာလည်း တဖန်ပြန်လာပြီးတော့၊ ဇနေတိ သဒိသံ ပါကံ ဆိုတဲ့အတိုင်း မိမိတို့က လှူလိုက်တဲ့ ကုသိုလ်နဲ့လိုက်လျှောညီထွေစွာ ပြန်ပြီးတော့ရတယ်၊ အကျိုးပြန်ပြီးတော့လာတယ်လို့၊ ပါဠိတော် အဋ္ဌကထာကို နယဂ္ဂဟ နည်းယူပြီးတော့ မန်လည်ဆရာတော်ဘုရားကြီးများ၊ ဗန်းမော်ဆရာတော်ဘုရားကြီးများ ရေးထားခဲ့တဲ့ ဒကာ ဒကာမတွေရတတ်တဲ့ အကျိုးငါးပါးဆိုပြီးတော့ ရေးထားခဲ့တဲ့ လင်္ကာကလေးတွေ စကားပြေလေးတွေနဲ့ပြောရအောင် ဘုန်းကြီးတို့ ပရိသတ်လိုက်

http://www.dhammadownload.com



ဆိုစမ်းပါ-

*ကထိန်လှူရ, မြတ်ဖလ, မှတ်ကြပါလေ, ငါးမျိုးပေ။
မပန်မကြား၊ မခစား၊ လာသွားနိုင်ပေ၊ ရပ်ထွေထွေ။
ကိုယ်ပိုင်ဥစ္စာ, ထားလိုရာ, ထားပါလျှက်ပေ, ရန်ကင်းချေ။
ဝတ်စားဖုံဖုံ, လွန်ပြည့်စုံ, ကုံလုံကျက်သရေ, လက်လက်ဝေ။
မိစ္ဆာအပင်း, ဆိပ်မျိုးကင်း, သန့်ရှင်းစာရေ, ပြမ်မျိုးတွေ။
သူနှင့်မဆိုင်, လွန်ကြံ့ခိုင်, စိုးပိုင်လှပေ, ပစ္စည်းတွေ။

အဲဒါကထိန်လှူတဲ့ သူတော်ကောင်း အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများသည်. . . သံဃာတော်များအားသင်္ကန်းကိုလှူဒါန်းရုံမျှသာမက

အဲဒါ ကထိန်လှူတဲ့ သူတော်ကောင်း အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများသည် သံဃာတော်များအား သင်္ကန်းရိုးရိုးကို လှူဒါန်းလိုက်လို့ရနိုင်တဲ့ အကျိုးလေးမျိုးကို လှူဒါန်းရုံမျှသာမက ကထိန်နဲ့စပ်တဲ့ အကျိုးငါးပါးကိုလည်း သံဃာတော်တွေကို ရစေပြီးသား ဖြစ်တယ်. . . တဲ့၊ အကျိုးငါးမျိုးရိုးရိုးသင်္ကန်းလှူဒါန်းလို့ရတဲ့အပြင် နောက်ထပ် ထပ်ပိုးပြီးတော့ အကျိုးငါးမျိုးကို သံဃာတော်များကိုရစေတဲ့အတွက် အဲဒီ သံဃာတော်အရှင်မြတ်တွရတဲ့အကျိုးနဲ့ တန်းတူညီတူစွာ မိမိတို့မှာတန်ပြန်, ပြန်လာပြီးတော့ရတဲ့ အကျိုးငါးမျိုးရှိတယ်. . လို့ **"ကထိန်လှူရ မြတ်ဖလ မှတ်ကြပါလေ ငါးမျိုးပေ"** ကထိန်လှူရတဲ့ ဒကာဒကာမများ ပြန်လာတဲ့အကျိုး ငါးမျိုး၊ ပရိသတ်ကြီး ဘယ်နှစ်မျိုးတုန်း? ငါးမျိုးပါဘုရား။

အဲဒီ ငါးမျိုးက နံပါတ်(၁)က ဘာတုန်းလို့ဆိုတော့ **"မပန်မကြား, မခစား လာသွားနိုင်ပေ, ရပ်ထွေထွေ"** တဲ့ ကထိန်လှာလှူဒါန်းတဲ့အမျိုးကောင်းသား အမျိုးကောင်းသမီး မဂ်ဖိုလ်နိဗ္ဗာန်စခန်းပေါက်အောင် မရောက်သေးလို့ရှိရင် သံသရာစခန်းထဲမှာ သုဂတိဘုံစခန်းက အထက်တန်းကနေပြီးတော့ ကျင်လည်ပြီးတော့ နေရပြီဆိုရင်တဲ့ သူတပါးတို့အား ပန်ပြောပြီးတော့ ပန်ကြားပြီးတော့ မှ သွားရလာရတဲ့ အဖြစ်မျိုးမှ လွတ်စေတတ်တယ်၊ မိမိကို အချုပ်အချယ်ရှိတယ်. . . သူများတိုင်ပြီးမှသွားရတယ်၊ -သူများပန်ပြောပြီးမှ သွားရတယ်၊ သူများဆီမှာ ခစားဆည်းကပ်ပြီးမှ ဒူးတုတ်ပြီးမှ ပြောဆိုပြီးမှသွားခွင့်ရတယ်ဆိုတာ ဒါအချုပ်အချယ်ကြီးတရပ်ပဲ၊ ကိုယ်သွားချင်ရာကိုလွတ်လွတ်လပ်လပ် မသွားရဘူး၊ လွတ်လွတ်လပ်လပ်မသွားနိုင်ဘူး၊ အချုပ်အချယ်ရှိနေတယ်ဆိုတာ လောကမှာ၊ ဒါနိမ့်ကျတဲ့လုပ်ငန်းကြီးတရပ်ပဲ၊ ဘယ်သူ့ကိုမှ မပြောရဘဲ မပန်ကြား

http://www.dhammadownload.com



ရဘဲ မိမိကိုယ်ကို လွတ်လွတ်လပ်လပ်သွားနိုင်ခြင်းဆိုတဲ့ အကျိုးသည် လောကထဲမှာ ကောင်းမြတ်တဲ့ အကျိုးတရားဖြစ်ပါသည်။

ကထိန်သင်္ကန်းကို လှူဒါန်းသော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့မှာ ထိုအကျိုးရစေနိုင်တယ်လို့ မန်လည်ဆရာတော်ဘုရားကြီးများ၊ ဗန်းမော်ဆရာတော်ဘုရားကြီးများက လင်္ကာနဲ့စကားပြေနဲ့ရေးထားခဲ့ကြတယ်၊ ပါဠိအဋ္ဌကထာကျမ်းကြီးမှာ ကျမ်းကြီးကျမ်းငယ်မှာ လာတာတော့မဟုတ်ဘူး၊ သို့သော် "ဇနေတိသဒိသံပါကံ" အရ တူသောအကျိုးပေးလို့ဆိုပြီးတော့ ဉာဏ်ကြီး တော်မူတဲ့ ဆရာတော်ဘုရားကြီးများက ဘုရားရှင်ပေးတော်မူတဲ့နည်းကိုမှီ၊ ပါဠိအဋ္ဌကထာလာတဲ့နည်းကိုမှီပြီးတော့ ဟောတော်မူခဲ့၊ ရေးတော်မူခဲ့ကြပါသည်၊ ဒီတော့ ကထိန်သင်္ကန်းလှူဒါန်းတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ ရနိုင်တဲ့ ပဉ္စမအကျိုးကဘာတုန်းဆိုရင် ဘယ်သူ့ကိုမှ မပန် မပြောရဘဲနဲ့ မခစားရ ဘဲနဲ့၊ မိမိက အထက်တန်းကနေပြီးတော့၊ မိမိကိုသာ ပန်ပြောသွားကြရတဲ့ အဖြစ် မျိုး၊ မိမိက ဘယ်သူ့ကိုမှ မပန်ပြောရတဲ့အဖြစ်မျိုး နဲ့ သံသရာစခန်း အထက်တန်းက ကျင်လည်ရနိုင်တယ်. . ။

ကိုယ်သွားလိုတဲ့ အရပ်ထွေထွေကို မပန်မကြားဘဲသွားနိုင်တယ်၊ ဘာ ပြုလို့ဒီအကျိုးရတာတုန်းဆိုတော့ သူကထိန်သင်္ကန်းလှူဒါန်းခဲ့တုန်းက. . တဲ့ သံဃာတော်တွေကို အဲဒီလို မပန်မကြားဘဲနဲ့ သွားလို့ရအောင်ပြုခဲ့ဘူးတယ်၊ ဒီမျိုးစေ့စိုက်ကြလို့၊ ဒီအပင်ပေါက်တာပဲ၊ အချိုမျိုးစေ့စိုက်ရင် အချိုပင်ပေါက်တယ်၊ အခါးမျိုးစေ့စိုက်ရင် အခါးပင်ပေါက်တယ်၊ ဒါ လောကနိယာမထုံးစံကြီး။ဒီတော့ ကထိန်သင်္ကန်းလှူဒါန်းလိုက်ခြင်းဖြင့် သံဃာတော် အရှင်မြတ်တွေကို ဘယ်လိုသူက အကျိုးပြုခဲ့သလဲလို့ဆိုတော့ ဘုန်းကြီးတို့သံဃာတော် အရှင်မြတ်တွေမှာ ဟောဒီကထိန်သင်္ကန်းကို အလှူခံလိုက်ရတဲ့နေကစပြီး သကာလ အရှေ့ခင်မကန် ကျောင်းတိုက် သံဃာတော်အရှင်မြတ်တွေမှာ. . . တပေါင်းလပြည့်တိုင်အောင် ငါးလအတွင်းမှာ၊ ဘယ်သူ့ကိုမှ မပန်မပြောဘဲနဲ့ သွားလာ ခွင့်ဆိုတဲ့အခွင့်ထူးကြီးကို ရကြတယ်။

ဘုန်းကြီးတို့ သံဃာတော်တွေမှာ ဝိနည်းဥပဒေတစ်ခုရှိတယ်၊ (၁၂)နာရီ ရဲ့ဒီဘက် မြို့ထဲရွာထဲသွားချင်ပြီဆိုရင် တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ကို ပန်ပြောသွားရတယ်၊ ကိုယ့်ဆရာသမားကိုလည်း ပန်ပြောရတယ်၊ သို့မဟုတ် ကိုယ့်အနီးအနားမှာ ထင်ရှားရှိနေတဲ့ ရဟန်းတော်တစ်ပါးကို ပန်ပြောရပါတယ်၊ မပန်ပြောရင် အာပတ်သင့်စေ. . . မြတ်စွာဘုရားက ဒါဝိနည်းပညတ်ထားတာ

http://www.dhammadownload.com



မနက်ပိုင်းဆိုရင်လည်းပဲ မနက်ပိုင်းအားလျော်စွာ ပန်ပြောရတဲ့အခွင့်အလမ်းတွေရှိတယ်၊ မပန်ပြောရင် အာပတ်သင့်စေ၊ ဒီတော့ အာပတ်သင့်တယ်ဆိုတာ အကုသိုလ်ဖြစ်တာပဲ၊ သီလပျက်သွားတာပဲ၊ သီလညှိုးသွားတယ်၊ သီလနွမ်းသွားတာ၊ သီလပျက်သွားတယ်ဆိုတာ အပါယ်လေးပါးရောက်ကြောင်း အကုသိုလ်ကြီးရောက်လာတယ်၊ ဒီတော့ သံဃာတော်အရှင်မြတ်တွေမှာ ဟောဒီကထိန်သင်္ကန်းကို အလှူခံလိုက်ရတဲ့ အချိန်ကစပြီးသကာလ ကထိန် အာနိသင်ရတဲ့ အချိန်ကစပြီးသကာလ၊ တပေါင်းလပြည့်တိုင်အောင် (၅)လ အတွင်းမှာ ဟောဒီကထိန်အာနိသင်ရသည့်အတွက် ဘယ်သူ့ကိုမှ မပန်မပြော ဘဲနဲ့ သွားသော်လည်းပဲ အာပတ်သင့်ခြင်း၊ ဝိနည်းပြစ်သင့်ခြင်းဆိုတဲ့ အခွင့် အလမ်းကြီးက လွတ်တော်မူကြတယ်။

အဲဒီလို လွတ်အောင်ဘယ်သူက ပြုပါလိမ့်မတုန်း ကိုင်းတန်းဈေးမကြီးကထိန်ဒကာ ဒကာမအပေါင်းသူတော်ကောင်းတို့က ပြုလိုက်ပါသည်၊ ဟောမိမိတို့က သံဃာ့တော်တွေကို ခါတိုင်းပန်ပြောပြီးမှ သွားရမယ်ဆိုတဲ့ ကိစ္စကြီး၊ အချုပ်အချယ်ကြီး၊ ဝိနည်းအချုပ်ချယ်ကြီးတစ်ခုကို ဒီနေ့ လွတ်သွားအောင်ပြုပေးလိုက်နိုင်တယ်. . . တဲ့၊ အဲဒါ့ကြောင့်မို့လို့ မိမိတို့မှာလည်း ဒီအကျိုးဖြန့်ပြီးတော့လာပါသည်၊ ဆိုစမ်းပါအုန်း ဒါဖြင့်-

ကိုယ်ပိုင်ဥစ္စာ, ထားလိုရာ, ထားပါလျက်ပေ, ရန်ကင်းချေ။

ကထိန်လှူတဲ့ဒကာ ဒကာမများမှာ ဒုတိယပြန်ပြီးတော့ရတဲ့အကျိုးက ဘာတုန်းလို့ဆိုရင် မိမိကိုယ်ပိုင် ဥစ္စာပစ္စည်းတွေကို ထားလိုရာမှာထားသော်လည်းပဲ၊ မီးမလောင်ခြင်း၊ ရေမမျောခြင်း၊ အန္တရာယ်ကင်းခြင်း၊ သူခိုး,ဓားပြလုယက်မှု မရှိခြင်း၊ အနှောက်အယှက်ကင်းခြင်းဆိုတဲ့ အကျိုးကိုရစေတတ်တယ်၊ မိမိတို့ပစ္စည်းတွေဆိုတာလေ. . အကြောင်းအားလျော်စွာထားကြရတယ်၊ မန္တလေးမြို့မှာနေပေမယ့်လို့ မန္တလေးမြို့ချည်းထားလို့ မဖြစ်ဘူး၊ ဟိုနားက စစ်ကိုင်း၊ ထားတန်ထားရတာတွေရှိတယ်၊ ရန်ကုန်ထားရတာတွေရှိတယ်၊ ရွှေဘိုထားရတာ၊ မတ္တရာထားရတာ အစရှိသည်ဖြင့် ထားရတာတွေရှိကြတယ်၊ အကြောင်းအားလျော်စွာ၊ အဲဒီလိုထားရတဲ့ ပစ္စည်းတွေမှာ အန္တရာယ်တွေပေါ်တတ်တယ်၊ သူခိုး ဓားပြလုယူသွားလို့ ဆွဲသွားလို့ မီးလောင်သွားလို့ ကြွက်ကိုက်သွားလို့ ချစားသွားလို့ စသည်ဖြင့် အန္တရာယ်တွေရှိတတ်တယ်၊ အဲဒီအန္တရာယ်မျိုးတွေ ကင်းစေတတ်တယ်. . . တဲ့၊ ကထိန်အလှူကိုပြုလာတဲ့ ကုသိုလ်ကောင်းမှုပြုလာတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရဲ့သန္တာန်မှာ မိမိကိုယ်ပိုင်ပစ္စည်းတွေကို မိမိထားလိုရာထားသော်

http://www.dhammadownload.com



လည်းပဲ အနှောင့်အယှက် အန္တရာယ်မရှိ၊ ဘေးကင်း ရန်ကင်းနဲ့ပြည့်ပြည့်စုံစုံ အမြဲတမ်းရှိပြီးတော့ နေစေတတ်တယ်. . . တဲ့၊ ဒါ ဒုတိယအကျိုးပဲ။

အဲဒါဘာပြုလို့တုန်းဆိုတော့ သံဃာတော်တွေကို သူကထိန်သင်္ကန်းလှူတုန်းက သံဃာတော်တွေ မိမိပစ္စည်းကို ထားလိုရာထားခဲ့သော်လည်းပဲ အပြစ်မရှိခြင်း အပြစ်မဖြစ်ခြင်းဆိုတဲ့ အကျိုးကိုသူကလှူခဲ့ဘူးလို့ပဲ၊ ဘုန်းကြီးတို့ သံဃာတော်အရှင်မြတ်တွေမှာ တိစီဝရိတ်ဓုတင်ဆိုပြီးတော့ သင်္ကန်းကြီးနှင့် တကွ သင့်ပိုင်ကေသီ(၃)ထည်ကို ဓုတင်ဆောက်တည်ပြီးတော့ ထားကြရပါတယ်၊ အဲဓုတင်ဆောက်တည်ပြီးတော့ထားတဲ့ သင်္ကန်းကို မိမိသွားရာ အမြဲယူဆောင်ပြီးတော့ သွားရပါသည်၊ အဲဒီဓုတင်ဆောက်တည်တဲ့ တိစီဝရိတ်ဓုတင်ဆောက်တည်တဲ့ သံဃာတော်များဆိုလို့ရှိရင် နှစ်ထပ်သင်္ကန်းကြီးရယ် သင်းပိုင် ကေသီရယ်ကို မိမိနဲ့ခွဲပြီးတော့ ဘယ်နားမှ မထားကောင်းဘူး၊ အထူး သဖြင့် ညအိပ်ညနေသွားရင်ယူသွားရတယ်မယူရင် အာပတ်သင့်စေ. . ဘုရားက၊ အာပတ်သင့်ရုံမကဘူး အဲဒီသင်္ကန်းကြီးကလည်းပဲ နိဿဂ္ဂိလို့ခေါ်တယ်၊စာလိုတော့ အမှန်ကတော့ အဆိပ်သင့်သွားတာပဲ။

သင်္ကန်းကြီးတထည်ဆိုပါတော့ ဘုန်းကြီးကဝိနည်းတိစီဝရိက် ဓုတင်ဆောင်ထားတယ်၊ ဘုန်းကြီးမှာ နှစ်ထပ်သင်္ကန်းကြီး တောင်မြို့ထားခဲ့ပြီးတော့ ဟောဒီလာတရားဟောရင်းနဲ့ ဒီမှာညအိပ်လိုက်တယ်၊ ဟောဘုန်းကြီးမှာ အာပါတ်သင့်ရော၊ မနက်လည်းလင်းရော၊ ဝိနည်းပြစ်သင့်လို့ ဟိုက နှစ်ထပ်သင်္ကန်းကြီးလည်းဘုန်းကြီးမကိုင်ကောင်းတဲ့ သင်္ကန်းကြီးဖြစ်သွားပြီ၊ ဒါကို စာလိုပြောတော့ နိသ ဂ္ဂိယလို့ခေါ်တယ်၊ ဒကာ ဒကာမတွေနားလည်အောင်ပြောရင် အဲဒါ အဆိပ်သင့်တဲ့သင်္ကန်းကြီးဖြစ်သွားတာ၊ သူ့သွားမကိုင်နဲ့ကိုင်ရင် ဝိနည်းပြစ်၊ ဒုက္ကဋ်၊ ဒုက္ကဋ်၊ အာပတ်၊ အာပတ်၊ အာပတ်။

အာပတ်တွေသင့်တော့ ဘာဖြစ်တုန်း၊ အာပတ်တွေသင့်တော့ အဲဒီရောက်မယ်၊ အာပတ်အခြေခံပြီးတော့ အပါယ်လေးဘုံရောက်မယ်၊ သံသရာဝဋ်က မကျွတ် ခြင်းမလွတ်ခြင်းဆိုတဲ့ အပြစ်တွေလာမယ်၊ သီလတွေပျက်မယ်၊ သီလတွေကျိုး မယ်၊ သီလပျက်ရင် သမာဓိမတည်ကြည်၊ မတည်ကြည်တော့ စိတ်တွေလွင့် ပြီးတော့ ပညာတွေပါဆုတ်ဆိုင်းပြီးသကာလ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ လမ်းလွဲမယ်၊ အိုနာသေရေး ဒုက္ခဘေးကြီးက လွတ်မှုတွေငြိမ်းကုန်မယ်၊ အပြစ်တွေက ဒီထိအောင်သွားတယ်၊ ဒီတော့ အဲဒီထားခဲ့တဲ့ သင်္ကန်းကြီးသည် အဆိပ်သင့်တဲ့ သင်္ကန်းကြီးဖြစ်ပြီးသကာလ၊ ဝိနည်းပြစ်တွေသင့်ခြင်းဆိုတဲ့ သံဃာတော်အရှင်

http://www.dhammadownload.com



မြတ်တွေမှာ ထိန်းသိမ်းစောင့်ရှောက်ရတဲ့ သိက္ခာပုဒ်ကြီးတစ်ခုရှိပါသည်။

ကိုင်းတန်းဈေးမ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေက အရှေ့ ခေမကန်ကျောင်းတိုက်သံဃာတော် အရှင်မြတ်တွေကို ကထိန်သင်္ကန်းလှူဒါန်း လိုက်သည်နဲ့တစ်ပြိုင်နက်. . . အဲဒီဘုန်းကြီးတို့ သင်္ကန်း(၃)ထည်ကို အထူးသ ဖြင့် ည အချိန်မှာ မိမိနဲ့ မခွဲဘဲနဲ့သွားရာယူဆောင်သွားရမယ်ဆိုတဲ့ စည်းကမ်း ဥပဒေကြီးသည်. . . ချမ်းသာခွင့်ရပြီးသကာလ မိမိသင်္ကန်းကြီးကို ဘယ်မှာထား ခဲ့၊ ထားခဲ့၊ မိမိသင့်ပိုင် ဧကသီ နှစ်ထည်ထဲက ဘယ်သင်္ကန်းကိုပဲဖြစ်ဖြစ်၊ ဘယ်အရပ်ထားခဲ့ ထားခဲ့၊ ဝိနည်းပြစ်မသင့်ခြင်း၊ အဲဒီသင်္ကန်းဟာလည်းပဲ အဆိပ်သင့်တဲ့သင်္ကန်းမဖြစ်တဲ့အပြင် ဘေးရန်အန္တရာယ်ကင်းတဲ့ သင်္ကန်းဖြစ် ခြင်း၊ သန့်ရှင်းတဲ့သင်္ကန်းဖြစ်ခြင်းဆိုတဲ့ အကျိုးကို ရစေနိုင်တယ်၊ ဟော ကထိန်အာနိသင် ရတဲ့အတွင်း၊ တပေါင်းလပြည့်အတွင်းမှာဆိုရင် အဲဒီသံဃာတော်တွေလေ တိစီဝရိက်သင်္ကန်းကို ဘယ်နားထားခဲ့ထားခဲ့ဒီကနေပြီး ကိုယ်က စစ်ကိုင်းသွားမယ်၊ ညအိပ်သွားမယ်၊ ဝန်ထုပ်ဝန်ပိုးကြီး၊ အထုပ်အပိုးကြီးထုပ်ပြီးယူသွားဘို့မလိုဘူး၊ ထားခဲ့ မန္တလေး၊ ဘာပြစ်မှမသင့်ဘူး၊ ဘာဝိနည်းပြစ်မှ မသင့်ဘူး၊ ဘာသီလမှ မပျက်ဘူး၊ အဲဒီမပျက်ခြင်းဆိုတဲ့ အကျိုးကို သံဃာတော် တွေကို ကထိန်လှူတဲ့ဒကာ ဒကာမက လှူဒါန်းရာရောက်တယ်၊ အကျိုးဆောင်ရာ ရောက်လေသောကြောင့် ကထိန်လှူတဲ့ ဒကာဒကာမတွေမှာ တုန်ပြန် အကျိုးအနေနဲ့၊ တူတဲ့အကျိုးအနေနဲ့ ပြန်ပြီးတော့လာတာက ဘာတုန်းဆိုရင် ကိုယ်ပိုင် ဥစ္စာကို မိမိထားလိုတဲ့နေရာမှာ ထားသော်လည်း ရန်အန္တရာယ် ကင်းတယ်. . .။

(၃) နံပါတ်အကျိုးက ဘာတုန်းလို့ဆိုတော့-

**ဝတ်စားဖုံဖုံ၊ လွန်ပြည့်စုံ, ကုံလုံကျက်သရေ, လက်လက်ဝေ။**

ဖြစ်လေရာဘဝမှာ အဝတ်အစားနဲ့ ပြည့်စုံ ရခြင်းဆိုတဲ့ အကျိုးကိုရ စေတတ်ပါ တယ်၊ အကျိုးပေးတွေဆိုတာ အမျိုးမျိုး၊ တချို့က အစားအသောက်ပေါတယ်၊ အဝတ်အစားကျတော့ရှားတယ်၊ တချို့က အဝတ်အစားကျတော့ပေါတယ် အစားအသောက်ရှားတယ်၊ တစ်ချို့က အဝတ်အစားအသောက်ပေါတယ်၊ နေရာထိုင်ခင်းကျတော့ ဖြစ်သလို နေရတယ်၊ အကျိုးတွေဆိုတာကိုယ်လုပ်လာတဲ့ အကြောင်းအားလျော်စွာ အကျိုးပေးကြတယ် သတ္တဝါတွေမှာ။ ဒီတော့ မိမိတို့ သည် ကထိန်သင်္ကန်းကို လှူဒါန်းလိုက်တယ်ဆိုသည်နဲ့တစ်ပြိုင်နက် ဝတ်စား တန်ဆာကို လှူဒါန်းလိုက်လေသောကြောင့် ဖြစ်လေရာဘဝမှာ ဝတ်စားဖုံဖုံ နဲ့ပြည့်စုံရခြင်း၊ ဒီထဲမှာမှ သံဃာတော်အရှင်မြတ်တွေကို ကထိန်သင်္ကန်း လှူဒါန်းတဲ့

http://www.dhammadownload.com



ဒကာ ဒကာမ တွေက သံဃာတော်အရှင်သူမြတ်တွေကို ဘာအကျိုးကိုဆောင်ရာ ရောက်သွားတုန်းဆိုတော့ ဝတ်ထည်ဖျင်စင်တွေ မိမိတို့လိုသလောက်သံဃာတော် အရှင်မြတ် တွေထားခွင့်ရခြင်းဆိုတဲ့ အကျိုးကိုပေးပြီးသားဖြစ်သွားတယ်။

ဘုန်းကြီးတို့မှာ ဝိနည်းကံတစ်ခုရှိတယ်၊ မိမိတို့ဝတ်နေတဲ့သင်္ကန်း၊ အခု လောလောဆယ်ဝတ်နေတဲ့ သင်္ကန်းအပြင်နောက်ထပ်သင်္ကန်းတစ်စုံ အသစ် ရမယ်လို့ဆိုရင် အဲဒီသင်္ကန်းကို(၁၀)ရက်အတွင်း ဘုန်းကြီးတို့ အသိအမှတ်ပြု ရတယ်၊ အသိမှတ်ပြုတဲ့ဝိနည်းကံတစ်ခုကိုပြုရပါတယ်၊ မပြုရင် ဝိနည်းပြစ်သင့် တယ်၊ အဲဒီသင်္ကန်းလည်းအဆိပ်သင့်တယ်၊ မကိုင်ကောင်းတဲ့ သင်္ကန်းဖြစ်သွား တယ်၊ ဘုန်းကြီးတို့ဒကာဒကာမတွေမှာကျတော့ ကိုယ့်ဝတ်ထည်ဖျဉ်စင်းတွေ အသစ်ဖြစ်တဲ့ ဝတ်ထည်ဖျဉ်စင်းရလာ၊ မဝတ်ချင်းသေးရင် ဘီရှိုထဲထည့်ထား၊ သေတ္တာထဲထည့်ထား၊ ဘာအဓိဋ္ဌာန်မှ မလုပ်ရဘူး၊ ဘာဝိနည်းကံမှ မလုပ်ရဘူး ဘာမှနုတ်ကဆိုမြွက်ပြီးမှ အသိမှတ်ပြုမနေရဘူး။

ဘုန်းကြီးတို့မှာ ဒီလိုမရဘူး၊ သင်္ကန်းတစ်စုံရလာတယ် သင်္ကန်းတထည် ရလာတယ်၊ (၁၀)ရက်အတွင်း ဒီသင်္ကန်းကို ဘုန်းကြီးတို့ ဝိနည်းကံတစ်ခုခုပြု ကြရတယ်၊ သံဃာတော်တွေမှာ၊ ဝိနည်းကံပြုတယ်ဆိုတာ အသိမှတ်ပြုတာပါ ပဲ၊ ဒီသင်္ကန်းကို သင်္ကန်းအဖြစ်နဲ့သတ်သတ်မှတ်မှတ် အသိမှတ်ပြုပါတယ်လို့ ဆိုတာလေးကို နုတ်မြွက်ပြီးပြုရပါတယ်၊ အဲဒီလို ပြုပြီးတော့မှ ဒီသင်္ကန်းသည် ကိုင်ကောင်းတဲ့သင်္ကန်း၊ ဝတ်ကောင်းတဲ့သင်္ကန်း၊ အဆိပ်မသင့်တဲ့သင်္ကန်းဖြစ် ပါသည်၊ အဲဒီလို မဟုတ်ခဲ့ရင် သင်္ကန်းရလာပြီးတဲ့နောက် ပစ်ထားလိုက်မယ်၊ ဘီရှိုထဲထည့်ထားလိုက်မယ်၊ အဓိဋ္ဌာန်ဝိကပ္ပနာ တစ်ခုခုမပြုပဲ ထားလိုက်မယ်ဆို ရင် အဲဒီသင်္ကန်းသည်အဆိပ်သင့်တဲ့သင်္ကန်း၊ မကိုင်ကောင်းတဲ့သင်္ကန်းဖြစ်ပါ သည်။

ဟော ကသိန်ကထိန်ကို အလှူခံရလို့ ကထိန်အာနိသင်ရတော်မူတဲ့ သံဃာ တော်တွေဖြစ်ခဲ့ရင်. . နောက်ထပ်သင်္ကန်းတွေရလို့ တပေါင်းလအတွင်း မှာဖြင့် ဆယ်ရက်ပဲလွန်လွန်၊ အရက်နှစ်ဆယ်ပဲလွန်လွန်၊ တစ်လပဲလွန်လွန်၊ ရသမျှ သင်္ကန်းတွေကို အလိုရှိသလို ထားနိုင်ခွင့်ဆိုတဲ့ အကျိုးကို သံဃာတော် တွေရကြပါ သည်။ ခါတိုင်းလို အသစ်သင်္ကန်းလေးရပြီဆို(၁၀)ရက် အတွင်း လုပ်တဲ့ အဓိဋ္ဌာန် လုပ်တဲ့ ဝိကပ္ပနာဆိုတဲ့ ဝိနည်းကံ တစ်ခုခုပြုမှုဆိုတာ မပြုချင် နေသီလမပျက်ဘူး၊ မပြုပဲနဲ့ သီလပြည့်မြဲပြည့်လို့ သီလက စင်ကြယ်မြဲစင်ကြယ် လို့ စိတ်တွေ စင်ကြယ်မြဲ စင်ကြယ်လို့ဆိုတဲ့ သံဃာတော်တွေရကြတယ်။

အဲဒါဘယ်သူကပေးလိုက်သလဲဆိုရင် ကထိန်သင်္ကန်းကို လှူဒါန်းကြတဲ့

http://www.dhammadownload.com



ဟောဒီ မန္တလေးမြို့ ကိုင်းတန်းဈေးမကြီး ဒကာ ဒကာမအပေါင်းသူ တော်ကောင်းတွေက ယခု နှစ်အနေနဲ့ ခေမကနိတိုက် သံဃာတော်တွေကို အဲဒီချမ်းသာခွင့်ကြီး ပေးလိုက်ရာ ရောက်ပါသည်၊ သံဃာတော် အရှင်မြတ်တွေ အဲဒီသက်နှီးတွေကို အလိုရှိသလို ထားကြသော်လည်းပဲ သီလပျက်ခြင်း သီလ ညှိုးခြင်း၊ သီလကျိုးခြင်း ဆိုတဲ့ ဆိုးကျိုးဆိုးပြစ်တွေမဖြစ်အောင် ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက အကျိုးဆောင်လိုက်ရာရောက်ပါသည်၊ ဒါကြောင့် သူတို့ရဲ့ သင်္ကန်း တွေ၊ ဝတ်စားဖုံဖုံပြည့်စုံတဲ့အပြင် အဲဒီသက်နှီးတွေ ကို ချမ်းချမ်းသာသာ ဝိနည်းကံ မပြုဘဲသုံးစွဲခွင့်ရခြင်း၊ သီလမပျက်ခြင်း၊ ကုသိုလ် တိုးခြင်းဆိုတဲ့ အကျိုးကိုရစေတတ် သောကြောင့် မိမိတို့မှာလည်းပဲ ဆိုစမ်းပါအုံး- "ဝတ်စားဖုံဖုံ၊ လွန်ပြည့်စုံ၊ ကုံလုံကျက်သရေလက်လက်ဝေ"။

(၄) နံပါတ် ကထိန်သင်္ကန်းကို လှူဒါန်းတဲ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေမှာ လေးခုမြောက်ရတဲ့ အကျိုးက ဘာတုန်းလို့ဆိုတော့- ဘုန်းကြီးတို့အကြောင်း အားလျော်စွာ လောကမှာရှိတတ်ကြတယ်၊ တစ်ယောက်နဲ့ တစ်ယောက် မကျေနပ်ကြ၊ မုန်းကြ၊ မကြိုက်ကြတော့ အစာရေစာထဲမှာ အပင်း ထည့်တယ်၊ အဆိပ်ထည့်တယ်၊ မတော်မတရားတွေပြုကြတယ်ဆိုတာတွေ ရှိတတ်ကြတယ် အဲဒီမိစ္ဆာအပင်းတွေ အဆိပ်တွေထည့်ငြားသော်လည်းပဲ. . . တဲ့၊ အစာရေစာထဲမှာပင်းပြီးတော့ ကျွေးငြားသော်လည်းပဲ၊ မိမိသန္တာန်မှာ အဲဒီ အဆိပ်တွေ မသင့်ခြင်း အဲဒီအပင်းတွေ မရောက်နိုင်ခြင်း၊ အဲဒီအဆိပ်မျိုး တွေထည့် သော်လည်းမအောင် မြင်ခြင်းဆိုတဲ့အကျိုးကို ရစေနိုင်တယ်. . .။ အစာရေစာ ထဲမှာ အဲဒီအပင်းတွေ အဆိပ်တွေ မတော်မတရားတွေ ပြုလုပ်ကြသော်လည်း ပဲ မိမိမှာမသင့်ရောက်ခြင်း၊ စားမိသော်လည်း မိမိမှာအဲဒီသူတို့ပြုလိုက်သမျှ အမှုတွေမအောင်မြင်ခြင်းဆိုတဲ့ အကျိုးကိုရစေတတ်တယ်. . တဲ့။

ကုသိုလ်တရားကယ်တာ အင်မတန်ဆန်းကြယ်တယ်။ဒီတော့ အဲဒါဘာပြု လို့ရတာတုန်းလို့ဆိုတော့ သံဃာတော်တွေကို သူက အဲဒီအစာအရေစာနဲ့ပတ် သက်ပြီးတော့ အဆိပ်မသင့်အောင်ပြုခဲ့လို့ပဲ၊ ကထိန်သင်္ကန်းကို လှူဒါန်းလိုက်သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် သံဃာတော်အရှင်မြတ်တွေရဲ့ အစာ ရေစာထဲမှာ အဆိပ်အပင်းမသင့်အောင်ပြုပေးရာရောက်တယ်၊ ဘုန်းကြီး တို့ရဲ့ ဝိနည်းဒေသနာမှာ ဘုန်းကြီးတွေကို ဒကာဒကာမတွေကလာပြီးတော့ ဆွမ်းစားပင့် တယ်လို့ဆိုရင် သာသနာတော်သုံးနဲ့သုံးပြီးတော့ ပင့်မှလိုက်ကောင်းတယ်၊ အရပ်သုံး လူသုံးဝေါဟာရ ရပ်ကွက်သုံးနဲ့သုံးပြီးတော့ လာပြီးတော့ ပင့်ရင်မလိုက် ကောင်းတာ

http://www.dhammadownload.com



တစ်ခုရှိ တယ်။ ဆိုပါတော့ သံဃာတော် တွေစုပြီးတော့နေတယ်၊ နားမလည်တဲ့ ဒကာက အရှင်ဘုရား တပည့်တော်တို့အိမ်ထမင်းစားကြွပါလို့ ပင့်တယ်၊ ဘုန်းကြီးတို့ မလိုက်ကောင်းဘူး၊ အရှင်ဘုရား တပည့်တော်တို့အိမ် ငါးကြော်စားရအောင် လာပါလို့ ပင့်တယ်၊ မသွားကောင်းဘူး၊ အဲဒါ နားမလည်တဲ့သူကပင့်ပြီး သာသနာသုံး မဟုတ်ဘဲနဲ့။

ဆွမ်းဘုန်းပေးကြွပါ ငါးကြော်ဆွမ်းဘုန်းပေးကြွပါ၊ မုန့်တီဆွမ်းဘုန်းပေးကြွပါ၊ မုန့်ဟင်းခါးဆွမ်းဘုန်းပေးကြွပါ၊ ဆွမ်းဆိုတဲ့အသုံးဘုန်းပေးဆိုတဲ့အသုံးသည် သာသနာတော်အသုံး၊ ရဟန်းတော်သုံး၊ ဝိနည်းသုံး၊ စားတယ်၊ သောက်တယ်၊ ထမင်း၊ ငါးကြော်၊ မုန့်ဆိုတဲ့ အသုံးသည် အရပ်သုံး၊ ဒီတော့ မြတ်စွာဘုရားက အဲဒီလူသုံးအရပ်သုံးနဲ့လာပင့်ရင် မလိုက်ရဘူး၊ မစားကောင်းဘူးလို့ ဂဏဘောဇဉ်ခေါ်တဲ့ ပညတ်ချက်ဝိနည်းဒေသနာမှာ ရှိတယ်၊ ဒီတော့ ဘုန်းကြီးတို့တတွေကို အဲဒီလိုနားမလည်တဲ့ သူတစ်ယောက်ကလာပြီးတော့ ပင့်မယ်၊ အရှင်ဘုရား တပည့်တော်တို့အိမ်ထမင်းစားကြွပါ၊ မလိုက်ကောင်းဘူး၊ မလိုက်ကောင်းဘဲ နဲ့လိုက်သွားပြီးတော့စားရင် အဲဒီထမင်းသည် အဆိပ်ပဲ၊ ဆွမ်းတလုပ်ကိုဘုန်း ပေးတိုင်း၊ ဘုန်းပေးတိုင်း၊ ဘုန်းပေးတိုင်း ဒုက္ကဋ်၊ ဒုက္ကဋ်၊ ဒုက္ကဋ်၊ ဒုက္ကဋ် အာပတ်တွေ၊ အာပတ်တွေတစ်ထွေးကြီးလာရင် သီလတွေပျက်၊ သီလတွေပျက်ရင် သမာဓိစိတ်တွေမတည်၊ သမာဓိစိတ်တွေမတည်ရင် ပညာတွေမမြင်၊ မှန်တာ တွေမမြင်၊ မှန်တာတွေမမြင်ရင် အမှားတွေမြင်ပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ကွယ်၊ ဒုက္ကဋ်အာပတ်ကလေးဆိုလို့မှား သေးသေးမထင်နဲ့ နိဗ္ဗာန်ကိုတားပစ်လိုက်တာ မဂ်ကိုတားတယ်၊ ဖိုလ်ကိုတားတယ်သူက။

ဒီတော့သံဃာတော်အရှင်မြတ်တွေကို မအပ်မရာနဲ့လာပြီးတော့ နားမလည်တဲ့သူက ဆွမ်းစားဖိတ်တဲ့နေရာ ဆွမ်းဘုန်းပေးကြွပါလို့ မလျှောက်ပဲနဲ့ ထမင်းစားလာခဲ့ပါ၊ ခေါ်ရင်၊ ငါးကြော်စားရအောင်လာပါခေါ်ရင် မလာကောင်း မသွားကောင်းခဲ့ပါ၊ သွားရင်တဲ့အဲဒါအဆိပ်သင့်တာပဲ၊ အဲဒီအစာစားရင်တော့။ ကထိန်သင်္ကန်းကိုအလှူခံခဲ့ရလို့ ကထိန်အာနိသင်ရနေတဲ့ သီတင်းကျွတ် လပြည့်ကျော်တစ်ရက်က တပေါင်းလပြည့်တိုင်အောင် အတွင်းမှာ၊ကထိန်အာနိသင် ရနေခဲ့တယ်ဆိုခဲ့ရင် အဲဒီလိုနားမလည်တဲ့သူက မအပ်မရာသော နည်းနဲ့၊ လူသုံးဝေါဟာရသုံးနဲ့အရှင်ဘုရား ထမင်းစားကြွပါလို့လာခေါ်၊ လိုက်သွား စား ဘာပြစ်မှမဖြစ်ဘူး၊ နားမလည်တဲ့ကလေးလေးက ဘုန်းဘုန်းနိုင်နိုင်စားကြွပါလာပြောလည်းလိုက်ကောင်းတယ်၊ ဘယ်လိုခေါ်ခေါ် ရသွားပြီး အဲဒီကျတော့၊ လေးပါး ငါးပါးသွားပြီး

http://www.dhammadownload.com



တော့ အလျှခံ အဆိပ်မသင့်တော့ဘူး၊ အစာတွေ။ အဲဒီလို သံဃာတော်အရှင်မြတ်တွေမှာ အဆိပ်သင့်သလိုဖြစ်နေတဲ့ အဟုတ်အဆိပ်မဟုတ်သော်လည်း မစားကောင်းတဲ့အစာ၊ နိဿဂ္ဂိဖြစ်နေတဲ့အစာ စွန့်ပစ်ရမယ့်အစာကို အဆိပ်သင့်တဲ့ အစာလို့ခေါ်ပါသည်၊ ဝိနည်းနဲ့မအပ်တဲ့အစာကို အဆိပ်သင့်တဲ့ အစာလို့ခေါ်ပါသည်။

အဲဒီအဆိပ်သင့်တဲ့အစာတွေကို စားရခြင်းကြောင့်ဝိနည်း ဒေသနာမှာလာတဲ့အတိုင်းသီလတွေပျက်ပြီးနေရတဲ့ အပြစ်တွေကို ကထိန်သင်္ကန်းလှူဒါန်းလိုက်တဲ့ဒကာဒကာမအပေါင်း သူတော်ကောင်းတွေကအဲဒီသံဃာတော်အရှင်မြတ်တွေကို ဘယ်လိုပဲလာခေါ်ခေါ် နားမလည်တဲ့ ကလေးလေးကနိုင်နိုင် လို့ပဲပြောပြော မင်းမင်းလိုပဲပြောခေါ်ခေါ် လိုက်ပြီးတော့စားကောင်းခြင်းဆိုတဲ့ အကျိုးကိုရစေနိုင်တယ်၊ သံဃာတော်အရှင်မြတ်တွေ အစာရေစာနဲ့ပတ်သက် ပြီးတော့ အဆိပ်သင့်မယ့်ဘေးကြီးကလွတ်သွားတယ်၊ ဝိနည်းဆိပ်, ဝိနည်းဆိပ်၊ အဲဒီလို အဆိပ်သင့်မှုအရေးကြီးက သံဃာတော်တွေလွတ်အောင်၊ သီလတွေ မပျက်အောင်၊ စောင့်ရှောက်ပြီးသားဖြစ်လေသောကြောင့် ကထိန်သင်္ကန်းကို လှူဒါန်းလိုက်ခြင်းဖြင့် အဲဒီအကျိုးကို ပေးပြီးသားဖြစ်လေသောကြောင့် မိမိတို့မှာလည်းပဲ ဖြစ်လေရာဘဝမှာအစာရေစာထဲမှာ အပင်းတွေအဆိပ်တွေထည့် ငြားသော်လည်းပဲ၊ မအောင်မြင်နိုင်ခြင်းဆိုတဲ့အကျိုး၊ ထည့်လို့လဲပဲမအောင်မြင် နိုင်ခြင်းဆိုတဲ့အကျိုး၊ ထည့်လို့မိမိတို့စားမိသော်လည်း အဲဒီအဆိပ်အပင်းတို့ရဲ့ အစွမ်း သတ္တိပြယ်ခြင်းဆိုတဲ့ အကျိုးကိုရစေနိုင်တယ်။

ကထိန်လှူတဲ့ဒကာဒကာများမှာ(၅)နံပါတ်မြောက်ရတဲ့ အကျိုးက ဘာတုန်းလို့ဆိုတော့ မိမိရမယ့်၊ မိမိပိုင်ဆိုင်မယ်ဆိုတဲ့ပစ္စည်းမှန်သမျှကို မည်သူတစ်ယောက်မှပိုင်ဆိုင်ခြင်းမရှိ၊ နှောက်ယှက်ခြင်းမရှိ၊ မိမိတစ်ယောက်တည်း စိုးစိုးပိုင်ပိုင်ကြီးရနိုင်ခြင်းဆိုတဲ့ အကျိုးကိုရတယ်၊ ဘုန်းကြီးတို့လောကမှာပစ္စည်းတွေဆိုတာ ကိုယ်ရမယ့်ပစ္စည်းကို ဘေးကဝင်နှောင့်ယှက်လို့မရတာ တွေရှိတတ်သေးတယ်လေ၊ ကိုယ့်ဆီကိုတစ်စုံတစ်ယောက်က ဘေးကနေပြီး ပစ္စည်းတစ်ခုပို့လိုက်တယ်၊ လမ်းမှာတင်ပဲ ဟိုလူကနှိုက်၊ ဒီလူကနှိုက်နဲ့ အကုန်ကုန်ရော၊ တစ်ဝက်ရောက်တော့တယ်၊ သုံးပုံပုံတစ်ပုံရောက်တော့တယ်၊ သို့မဟုတ် လုံးလုံးမရောက်ဘူး၊ ဒါအနှောက်အယှက်ပေါ်တာပဲ၊ သို့မဟုတ် မိမိရသင့်ရထိုက်တဲ့ အမွေခံပစ္စည်း မိမိကိုပေးမယ်လို့တစ်စုံတစ်ယောက်သောသူက အမွေပေးတော့မယ်လို့စိတ်ကူးထားတယ်၊ ပေးမယ်လို့လည်းဆိုပြီး ရတော့မယ်လို့လည်း သေချာပြီ၊

http://www.dhammadownload.com



ဟောဘေးကအနှောက်အယှက်ပေါ်လာပြီ၊ သူလည်းဆိုင်တယ်၊ ငါလည်း ဆိုင်တယ်၊ သူလည်းရထိုက်တယ်၊ ငါလည်းရထိုက်တယ်၊ ပစ္စည်းလေးအပြည့်အစုံ မရဘူး တစ်ဝက် ပဲရတော့တယ်၊ သို့မဟုတ် (၃)ပုံပုံ တစ်ပုံရတော့တယ်၊ သို့မဟုတ် လုံးလုံးမရ တော့ဘူး၊ ဒါလောကမှာရှိနေကြတာပဲ။

အေး ကထိန်သင်္ကန်းကို လှူဒါန်းခဲ့တဲ့ အမျိုးကောင်းသား၊ အမျိုး ကောင်းသမီးတွေမှာ အဲဒီလိုဆိုးကျိုးဆိုးပြစ်တွေမှ ကင်းပြီးသကာလ မိမိရမယ် ဆိုတဲ့ပစ္စည်းကို"သူနှင့်မဆိုင် လွန်ကြဲ့ခိုင်, စိုးပိုင်လှပေ, ပစ္စည်းတွေ. . ."တဲ့၊ ဘယ်သူမှ ပြောမယ့်သူ၊ ဆိုမယ့်သူမပေါ်၊ နှောင့်ယှက်မယ့်သူမပေါ်၊ ပြောသော် ဆိုသော်လည်းပဲ အနှောင့်အယှက်တွေကင်းဝေးပြီး မအောင်မြင်ပြီးသကာလ မိမိရမယ့် ပစ္စည်းကို မိမိပြည့်ပြည့်စုံစုံပိုင်ပိုင်ဆိုင်ဆိုင် စိုးစိုးပိုင်ပိုင်ကြီးရနိုင်ခြင်းဆို တဲ့ အကျိုးကိုရတယ်. . . .။

အဲဒီအကျိုးဒကာဒကာမတွေ ဘာပြုလို့ရတာတုန်းလို့ဆိုတော့ သူက သံဃာတော်တွေကို အဲဒီလို မိမိရတဲ့ပစ္စည်းစိုးစိုးပိုင်ပိုင်ကြီးရအောင် ကထိန် သင်္ကန်းလှူရင်းနဲ့သူကပြုခဲ့တယ်. . ပြုခဲ့တယ်တဲ့၊ ဘယ်လိုပြုခဲ့တုန်းလို့ဆိုတော့ ဘုန်းကြီးတို့သံဃာတော်အရှင်မြတ်တွေမှာ ဝိနည်းထုံးစံတစ်ခုရှိတယ်၊ ကျောင်း တိုက်ကြီးတစ်တိုက်ထဲမှာ သင်္ကန်းတွေ သံဃိကရှိတယ်၊ အခုဆိုပါတော့ အရှေ့ခေမကန်ကျောင်းတိုက်ထဲမှာ ကထိန်မခင်းခင်က သံဃိကသင်္ကန်းတွေ အစုံတစ်ရာနှစ်ရာဆိုပါတော့ရှိတယ်၊ အဲဒါသူတို့သံဃာတော်တွေ ဒို့ဒီနေ့သင်္ကန်း ဝေရအောင်ဆိုပြီးတော့ ကဲထားပါတော့ သံဃာတစ်ရာနဲ့ခြောက် ပါးရှိတယ်၊ သင်္ကန်းကအစုံငါးဆယ်ဆိုတော့ ဒို့သံဃာကတစ်ရာနဲ့ခြောက်ပါး ဟေ့၊ မျှတပြီး တော့ဝေရမှာပဲကွယ်၊ မဲချတန်လဲချရမှာပဲဆိုပြီး၊ လာကြလာကြ ဆိုပြီးတော့ သံဃာ နေ၊ အဲဒီသံဃာစုနေတဲ့ အချိန်အာဂန္တုသံဃာတော်တစ် ပါးဖြစ်စေ၊နှစ်ပါးဖြစ်စေ၊ သုံးပါးဖြစ်စေ ကျောင်းထဲဝင်လာတယ်။

ဝင်လာလို့ရှိရင် အဲဒီသံဃိကသင်္ကန်းမဝေခင်၊ ဝေတော့မလို့တာဆူနေ တုန်း၊ စုနေတုန်းနောက်ထပ်အာဂန္တုတစ်ပါး၊ သို့မဟုတ် သုံးပါး,လေးပါး,ငါးပါး ဆယ်ပါး,ရောက်လာတယ်ဆိုရင်၊ အဲဒီ အာဂန္တုသံဃာတော်တွေကို ထည့်ပြီးတော့ ဝေပေးတဲ့၊ မထည့်ရင်အာပတ်၊ ဟောဒါ ဘုန်းကြီးတို့ဝိနည်းပြစ် တစ်ခု၊ နောက်ထပ်အာဂန္တု(၁၀)ပါးရောက်လာတယ်၊ နဂိုကသံဃာ(၁၀၆)ပါး ရှိတယ်၊ သင်္ကန်းကလေးအစုံ(၅၀)ဝေရမှာ၊ သို့မဟုတ် (၁၀)စုံဝေရမှာ နဂိုကမှ နဲနဲလေးမျှ ယူရမယ့်ဟာ။ နောက်ထပ်(၁၀)ပါးရောက်လာတယ်၊ တည့်ဝေတဲ့ ဘုရားက၊

http://www.dhammadownload.com



မဝေလို့ရှိရင် အရင်ရှိနေတဲ့ကိုတော်တွေအာပတ်သင့်စေ၊ ဒါဝိနည်း ပြစ်။

အဲကထိန်သင်္ကန်းကို အလှူခံရလို့ ကထိန်အာနိသင်ရနေတဲ့အတွင်း ဖြစ်ခဲ့ရင် ယနေ့ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေက အရှေ့ခေမကန် ကျောင်းတိုက်ကိုကထိန်သင်္ကန်းကိုလှူလိုက်လို့ ကထိန်ခင်းပြီးလိုက်သည်နှင့် တစ်ပြိုင်နက်ကထိန်အာနိသင်ရနေတဲ့ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်က တပေါင်းလပြည့်ကျော်အတွင်းမှာ ဖြစ်ခဲ့ရင်. . တဲ့၊ ကထိန်ခင်းလို့ ကထိန်အာနိ သင်ကိုရထားတဲ့ သံဃာတွေဖြစ်ခဲ့ရင်၊ နောက်ထပ်ရောက်လာတဲ့အာဂန္တုကို ကိုယ်ပေးချင်မှပေး မပေးချင်နေ၊ အပြစ်လွတ်သွားတယ်၊ ဆိုပါတော့ အခုကထိန် သင်္ကန်းကို အလှူခံပြီးပြီ၊ အရှေ့ခေမကန်ကျောင်းတိုက်သံဃာတော်တွေက ကထိန်ခင်းပြီးပြီ၊ ဒီနေ့အနုမောဒနာတွေဘာတွေပြုပြီးတော့ သာဓုခေါ်ပြီးပြီ ဆိုပါတော့၊ သာဓုခေါ်ပြီးပြီဆိုရင် နောက်ထပ်သူတို့ကျောင်းမှာသံဃိကသင်္ကန်း ဆိုပါတော့ ရှိပြီ၊ သို့မဟုတ်ဒီကထိန်ကလှူလိုက်တဲ့ သံဃိကသင်္ကန်းတွေ တစ်ပါးတစ်ပါး တစ်စုံစီတစ်စုံစီရတဲ့အပြင် သင်္ကန်းအပိုတွေပါလာတယ်ဆိုပါတော့၊ အဲဒီသင်္ကန်းတွေကိုသံဃာတော်အရှင်မြတ်တွေ၊ ခေမကန်ကျောင်းတိုက် ထဲမှာရှိ နေတဲ့သံဃာ(၁၀၆)ပါး ဝေကြတော့မယ်လို့စီစဉ်နေတဲ့အချိန်၊ နောက်ထပ် အာဂန္တု (၁၀)ပါးကျောင်းထဲဝင်လာတယ်၊ မပေးချင်နေတဲ့၊ ပေးချင်မှပေးတဲ့၊ဟော. . အာနိ သင်ရထားလို့၊

ဒီလိုအာနိသင်မရခင်တုန်းကမပေးချင်နေလို့ကိုမရဘူး၊ ပေးကိုပေးရမယ် ဘုရားက၊မပေးရင်အာပတ်သင့်စေ၊ ဟော. . အာနိသင်ရထားလိုက်တာနှင့် တပြိုင် နက်မိမိတို့ကျောင်းတိုက်ထဲမှာရှိနေတဲ့သံဃာက မိမိတို့သယ်န်း မိမိတို့ပိုင်စေ. . . တဲ့၊ နောက်ရောက်လာတဲ့အာဂန္တုကို မပေးချင်လည်းနေနိုင်တယ်၊ သဒ္ဓါ ကြည်ဖြူလို့လှူချင်လည်းလှူတဲ့၊ ဟော. . ဝိနည်းပြစ်လွတ်သွား၊ဒီတော့ မိမိတို့ အတွက်ရလာတဲ့ပစ္စည်းကို အဲဒီကျောင်းထဲရှိနေတဲ့သံဃာသည်သာလျှင် ပိုင်စိုး ပိုင်နင်း၊ကိုယ်စိုးကိုပိုင်ရနိုင်ခြင်းဆို တဲ့အကျိုးကို ဘယ်သူကဆောင်လိုက်ပါသလဲ ဆိုရင် ယနေ့ မန္တလေးမြို့ ကိုင်းတန်းဈေးမကြီးရဲ့အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေကပြုလိုက်ရာရောက်တယ်၊ အဲဒီအကျိုး ပြန်လာတာပဲ၊ ဒါကြောင့် မိမိရမယ့် ပစ္စည်း ကိုသူများနဲ့မဆိုင်၊ သူနှင့်မဆိုင် လွန်ကြဲ့ ခိုင်စိုးပိုင်လှပေ ပစ္စည်းတွေလို့ နောက်ဆုံး အကျိုးပါပဲ။

အဲဒါ ဒကာဒကာမတွေရတဲ့ အကျိုး(၅)ပါး၊ အဲဒီအကျိုးငါးပါး ဘာ့ကြောင့်

http://www.dhammadownload.com



ရတာတုန်းဆိုရင် သံဃာတော်တွေကို ဒီအကျိုးငါးပါးကိုဆောင်ခဲ့လို့ အဲဒီလို သံဃာတော်အရှင်မြတ်တွေကို ကထိန်သင်္ကန်းလှူဒါန်းလိုက်ခြင်းဖြင့် ရိုးရိုး သင်္ကန်းကို လှူဒါန်းလိုက်လို့ရလိုက်တဲ့အအေးကိုကာကွယ်ပေးခြင်း၊ အပူကိုကာကွယ်ပေးခြင်း၊ မှက်,ခြင်,ကြမ်းပိုး,ကင်းသန်းတွေကိုကာကွယ်ပေးခြင်း၊ ဟိရိသြတ္တပ္ပဖျက်ဆီးတတ်တဲ့ အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းရအောင် အကျိုး ဆောင်ခြင်း ဆိုတဲ့ သင်္ကန်းရိုးရိုးကပေးတဲ့ အကျိုး(၅)မျိုးအပြင်တဲ့ ယခုနပြဆိုအပ်ခဲ့တဲ့ သံဃာတော်အရှင်မြတ်တွေမှာ ဝိနည်းပြစ်ဖြစ်မယ့်ပြစ်ချက်ကြီး(၅) ပါးကို လွတ်ငြိမ်း စေပြီးသကာလ၊ သီလတွေ စင်ကြယ်မြဲစင်ကြယ်နေအောင် အကျိုးငါးပါးကိုလည်းပဲဆောင်ရာရောက်လေသောကြောင့် ဟောဒီကထိန် သင်္ကန်းသည်. . သင်္ကန်းအလှူတွေထဲမှာဖြင့် မွန်မြတ်တဲ့သင်္ကန်း. . လို့ "သင်္ကန်းမှာကထိန်၊ ကျောင်းမှာသိမ်၊ ဘုရားမှာစိန်" လို့ရှေးလူကြီးတွေသမုတ်ခဲ့ကြတယ်သတ်မှတ် ခဲ့ကြတယ်၊ ပရိသတ်ကြီး လိုက်ဆိုလိုက်စမ်းပါ့-

သင်္ကန်းမှာကထိန်၊ ကျောင်းမှာသိမ်၊ ဘုရားမှာစိန်။

အဲဒါ အကျိုးက ထူးခြားမြင့်မြတ်လို့ထူးခြားသွားတဲ့ အလှူထုပ်ကြီးသုံးခု၊ အဲဒီအလှူထုပ်ကြီး သုံးခုထဲမှာ အကျိုးက ထူးခြားမြင့်မြတ်တဲ့အပြင် အကျိုးငါးပါး ရရှိစေတတ်တဲ့ ဟောဒီကထိန်သင်္ကန်း အလှူကို ဒီနေ့မန္တလေးမြို့ ကိုင်းတန်းဈေးမကြီးမှဒကာဒကာမအပေါင်းသူတော်ကောင်းတွေက အရှေ့ခင်မကန်ကျောင်းတိုက်သံဃာတော်အရှင်မြတ်တွေကို လှူဒါန်းခြင်းဖြင့် ထူးခြား မြင့်မြတ်တဲ့ ကထိန်သင်္ကန်းအလှူကြီးကို လှူကြရင်း ဒီနေ့ အတွင်းအဇ္ဈတ္တ အလှကိုပြင်ကြတယ်. . . တဲ့၊ ကထိန်သင်္ကန်းအလှူကြီးလှူတာဟာ အပြင်အလှ ပြင်တာလား၊ အတွင်းအလှပြင်တာလား? အတွင်းအလှပြင်တာပါ ဘုရား၊ ကထိန် သင်္ကန်းကို လှူတော့ ကထိန်သင်္ကန်းရဲ့ အခြံအရံဖြစ်တဲ့ပစ္စည်းတွေကိုကော ပရိသတ်ကြီးမလှူကြဘူးလား? လှူကြပါ ဘုရား။

ကထိန်သင်္ကန်း အခြံအရံပစ္စည်းတွေနှင့်တကွ တန်ဆောင်မုန်းလဆန်း (၁၄)ရက်နေ့ ရောက်တဲ့အခါမှာမိမိတို့ကိုင်းတန်းဈေးကြီးအတွင်းပင့်ပြီးတော့ သံဃာတော်အရှင်မြတ်တွေကို ဆွမ်းဘောဇဉ် ပရိက္ခရာပစ္စည်းအပြည့်အစုံပါတဲ့ သပိတ်တွေနဲ့ဆွမ်းတွေကိုလှူကြ ဖိနပ်တွေသင်္ကန်းတွေ, ထီးတွေ, တဘက်တွေလှူကြ လို့ဆိုတော့ အဲဒီအလှူဝတ္ထုဒါနထုပ်ကြီးစေတနာတွေမိမိတို့သန္တာန်မှာ မြောက်များစွာဖြစ်ပွားပြီးတော့သွားတယ်. . . လို့ဆိုတော့ နေ့စဉ်နဲ့အမျှ လောဘတွေ ဒေါသတွေ မောဟတွေနဲ့ ညစ်ညူးနေတဲ့ စိတ်ကလေးကို ဒါနကုသိုလ်စေတနာ

http://www.dhammadownload.com



ကြီးနဲ့ တန်ဆာဆင်လိုက်ရာ မရောက်ဘူးလား? ရောက်ပါတယ်ဘုရား၊ အဲဒါစိတ်ကို အလှပြင်နေတယ်လို့ခေါ်ပါသည်။

အဲဒီလိုစိတ်ကလေးကို ဒါနနဲ့အလှပြင်သီလနဲ့အလှပြင် ဘာဝနာနဲ့အလှ ပြင်နိုင်ရတယ်. . လို့ ဘုန်းကြီးတို့ဘုရားရှင်က ကဏှဇာတ်တော်မှာ ဟောထား တာဖြစ်တော့၊ ကဏှဇာတ်တော်လေးပြောရမှာ၊ ဒီတော့ ဘုန်းကြီးတို့ ဘုရား အလောင်းပါပဲ ပါရမီဖြည့်စဉ်က ဟို ရှေးအတိတ်ကာလ တစ်ခုသော ဘဝက ကုဋေ(၈၀)ကျော်လောက်ကြွယ်ဝတဲ့ သူဌေးနဲ့သူဌေးကတော်ရဲ့ဝမ်းမှာကိန်း အောင်းသန္ဓေတည်နေပြီးသကာလ သူဌေးသားအဖြစ်နဲ့ဖြစ်ခဲ့၊ ရုပ်ကလေးက နဲနဲဆိုးရှာတယ်၊ အသားကလေးကလည်းညိုရှာတယ်၊ ဒါကြောင့် သူ့ကို ကဏှ ကုမာရလို့ နာမည်ပေးထားတယ်၊ ကဏှ-ဆိုတာ အရုပ်ဆိုးတဲ့၊ ကုမာရက သူတို့သား လေး၊ အရုပ်ကလေးဆိုးလို့ ကဏှကုမာရနာမည်ပေးထားရာက မိဘနှစ်ပါးက သားကလေးတစ်ယောက် မျိုးမတတ်ချစ်သော်လည်းပဲ ပညာမတတ်လို့ရှိရင် အောက်တန်းကျလိမ့်မယ်၊ ပစ္စည်းဥစ္စာတွေကတော့ ကုဋေ(၈၀) ကျော်ထိုင်စား လို့မကုန်ပါဘူး၊ သို့သော်လည်းပဲ ဒို့သားလေး အတတ်ပညာတတ်အုန်းမှတော်မယ် ဆိုပြီးတော့ တက္ကသိုလ်ပညာသင်လွတ်၊ အချိန်တန် အရွယ်ရောက်တော့။

ပညာသင်လွတ်လို့ ပညာတတ်ပြီးလို့ အိမ်ပြန်ရောက်ခါရှိသေး မကြာခင် မိဘနှစ်ပါးက ရှေ့ဆင့်နောက်ဆင့်ကွယ်လွန်ကြ၊ တက္ကသိုလ်ကပညာတတ်ပြီးတော့ ဘွဲ့ရပြန်လာခါစ ဘာအလုပ်မှလည်းလက်တွေ့ကမလုပ်သေးဘူး၊ အဲဒါမိဘ နှစ်ပါးက ရှေ့ဆင့်နောက်ဆင့်ကွယ်လွန်၊ ကွယ်လွန်တော့ ဘဏ္ဍာစိုးတွေက အသီး အသီးပစ္စည်းတွေကို အပ်ကြတယ်ဘုရားအလောင်းကို "အရှင်သူဌေး သား. . . ဟောဒီကုဋေ(၈၀)ကျော်ပစ္စည်းတို့တွင် ဟောဒီကုဋေ (၄၀)ပစ္စည်း တွေက အသင့် ရဲ့အဘိုးတွေ အဘွားတွေလက်ထက်ကရှာထားတဲ့ ပစ္စည်းဖြစ်ကြပါတယ်၊ ဟောဒီ နောက်ထပ်တိုးလာတဲ့ ကုဋေ(၄၀)ဆိုတဲ့ပစ္စည်းတွေကသင့်ရဲ့ အမိတွေ အဖတွေ ရှာထားတဲ့ ပစ္စည်းတွေဖြစ်ကြပါတယ်. . လို့၊ ဘိုးတွေဘွားတွေ မိတွေ ဖတွေရှာတဲ့ ပစ္စည်းတွေကို အသီးသီး သူ့အပိုင်းနဲ့ သူ့အပိုင်း၊ သူ့အရစ်နဲ့သူ့အရစ်၊ ပစ္စည်း စာရင်းကြီးနှင့်တကွ ပုံပြီးတော့အပ်ကြ၊ အပ်ကြတော့ကဏှသတို့ သားကလေးက စဉ်းစားတယ်၊

**ယေဟိ ဣမံ ဓနံ ဥပ္ပါဒိတံ၊ တေ နပညာယန္တိ။**

ယေဟိ- အကြင်ငါရဲ့ အဘိုးတို့၊ အဘွားတို့ အမိတို့ အဖတို့သည်၊ ဣမံဓနံ- ငါ့ရဲ့ ရှေ့မှာ စာရင်းအင်းကြီးနှင့်တကွရောက်နေတဲ့ ဟောဒီပစ္စည်းအပေါင်းကို၊ ဥပ္ပါဒိတံ-

http://www.dhammadownload.com



ဖြစ်စေအပ်ပြီ ရှာဖွေအပ်ပြီ၊ တေ- ထိုဘိုးဘွားမိဘတို့သည်၊ တေ-ထိုပစ္စည်းတွေကို ရှာခဲ့ကြ ဖွေခဲ့ကြ စုဆောင်းခဲ့ကြ သိမ်းစည်းခဲ့ကြ တဲ့ ဘိုးဘွား မိဘတို့သည်၊ နပညာယန္တိ- မထင်မရှားကြတော့ကုန်ပါတကား. . .။ "ကြည့်ပါအုန်း. . ပစ္စည်းတွေရှာခဲ့တဲ့ ငါ့ရဲ့ဘိုးတွေ၊ ငါ့အဘွားတွေ မရှိကြတော့ဘူး. . တဲ့၊ ငါ့အမေ ငါ့အဖေတွေလည်းမရှိကြတော့ဘူး"

## "ဓနာနိယေဝ ပညာယန္တိ"

ဓနာနိယေဝ- ပစ္စည်းဥစ္စာတွေသာလျှင်၊ ပညာယန္တိ- ဝါ့ရှေ့မှာစုပုံပြီး၊ စာရင်းအင်းနှင့်တကွ ထင်ရှားမသေ့ရှိနေကြပါကုန်တကား၊ ပစ္စည်းတွေကတော့ ငါ့ရှေ့စုပုံ. . . လို့ ပစ္စည်းရှာတဲ့သူတွေက မရှိကြတော့ပါတကား. . . ဒီပစ္စည်းတွေကို ငါ့ဘိုးတွေ ဘွားတွေယူမသွားတတ်ကြပါတကား. . . သူတို့နောက်ကိုပါအောင် ယူမသွားတတ်ကြပါတကား၊ ငါ့ရဲ့အမေအဖေတွေ ဒီပစ္စည်းတွေကို သူတို့နောက်ပါအောင် ယူမသွားတတ်ကြပါတကား၊ စွန့်ခဲ့ကြပြီ. . . တဲ့၊ စွန့်ခဲ့ကြပြီ၊ ဒီပစ္စည်းတွေရှာစဉ်တုန်းက သူကိုက နေပူမရှောင်မိုးရွာမရှောင်သွားလာ ပြီးတော့ရှာဖွေခဲ့ကြရပေလိမ့်မယ်၊ ထမင်းနပ်မှန်အောင်မစားရဘဲနဲ့လည်း ရှာဖွေ ခဲ့ကြရပေလိမ့်မယ်၊ လင်တကွဲမယားတကွဲဖြစ်အောင်လည်း သွားလာလှုပ်ရှား ပြီးတော့လည်း ရှာဖွေခဲ့ကြရပေလိမ့်မယ်၊ ဒီပစ္စည်းတွေရှာစဉ်တုန်းက အကြောင်းအားလျော်စွာ ဆိုလိုက်ပြောလိုက်တာတွေကိုလည်း သည်းခံပြီးတော့ရှာခဲ့ကြပေလိမ့်မယ်။

ကိုယ်က ပစ္စည်းလိုချင်နေတာဖြစ်တော့ တစ်ဘက်သားက ကိုယ့်စီးပိုးပြီးတော့ပြောလိုက်တာတွေ သည်းခံရ အနိုင်အထက်ပြောလိုက်တာတွေကိုသည်းခံရ အောင့်သက်သက်ဖြစ်အောင်ပြောလိုက်တာတွေသည်းခံရ မိုးရွာ မရှောင်နေပူမရှောင်၊ မိုးရွာအစို နေပူအခြောက်သွားလာလှုပ်ရှားပြီးတော့လည်းပဲ ရှာရတယ်. . တဲ့၊ ဒီပစ္စည်းတွေ၊ အဲဒီပစ္စည်းတွေကို ဒီလောက်ပင်ပန်းဆင်းရဲခံ ပြီးတော့ ရှာကြတဲ့သူတွေက အခုမရှိကြတော့ပါကုန်တကား. . .၊သူတို့က သွားကုန်ပြီ၊ ပစ္စည်းတွေစွန့်သွားကြပြီ၊ ကိုယ်မှာရှိနေတဲ့ပစ္စည်းဆိုတာ စွန့်နှစ်စွန့် တစ်စွန့်စွန့် စွန့်ရပါသည်၊ ယနေ့ ဒကာဒကာမ အပေါင်းသူတော်ကောင်းတွေ ပစ္စည်းတွေအသီးသီး မိမိတို့မှာရှိကြတယ်၊ အဲဒီပစ္စည်းတွေကိုလေ နည်းလမ်းနှစ်လမ်းတစ်လမ်းလမ်းနဲ့ခွဲကြရတယ်၊ ပစ္စည်းကရင်လည်းကိုယ့်ကိုစွန့်တယ်၊ ကိုယ်ကရင်လည်းပစ္စည်းကိုစွန့်တယ်၊ ဒါပဲ လမ်းဆုံးက။

မိမိမှာ ရှိနေတဲ့ပစ္စည်းမှန်သမျှ ပစ္စည်းကရင်လည်းကိုယ့်ကို အရင်စွန့်မယ်တဲ့၊ သို့မဟုတ် ကိုယ်ကရင်လည်း ပစ္စည်းကို စွန့်တယ်၊ အဲဒီလမ်းခွဲဟာ ဒီနှစ်ခု

http://www.dhammadownload.com



ပဲရှိတယ်၊ ရှိသမျှပစ္စည်းသည်နောက်ဆုံးလမ်းခွဲ ဒီနှစ်လမ်းခွဲနဲ့ ကွဲရပါသည် ဒါကြောင့် "ပစ္စည်းနဲ့လူ ထိုနှစ်ဆူ စွန့်သူစွန့်ခံ၊ အပြန်အလှန်" တဲ့ ပစ္စည်းနဲ့လူ ဆိုတာ. . . တဲ့ ကိုယ့်ရှိနေတဲ့ ပစ္စည်းနည်းနည်း၊ များများရှိနေတဲ့ ပစ္စည်းမှန်သမျှ မိမိနဲ့ပစ္စည်း သူကရင်လည်းကိုယ့်အရင်စွန့်မယ်၊ သို့မဟုတ် ကိုယ်ကရင်လည်းသူ့ကို အရင်စွန့်တယ်၊ ကိုယ်က မကွယ်လွန်သေးဘူး၊ သူက မီးလောင်သွားလို့ပါသွားရော အဲဒါသူက ကိုယ့်စွန့်သွားတာ၊ ရေမျောလို့ကုန်သွား၊ သူခိုး ဓားပြ တွေခိုးလို့ လု့ လို့ပါသွား၊ အချောင်သမားတွေနှိုက်လို့ပါသွား၊ အဲဒါသူက ကိုယ့်စွန့်သွားတာ၊ မင်းစိုးရာဇာတွေသိမ်းလို့ ပါသွားသူက ကိုယ့်စွန့်သွားတာ၊ အမွေခံဆိုး သားဆိုး သမီးဆိုးတွေနှောက်ယှက်ဖျက်စီးလို့ပါသွား၊ ပျက်စီးကုန် အဲဒါ သူက ကိုယ့်စွန့်သွား တာခေါ်တယ်။

သို့မဟုတ် အဲဒီရေ မီး မင်းသူခိုး မွေခံဆိုးဟု ရန်သူမျိုးငါးပါးအနှောက် အယှက်ကင်းအောင်း မိမိကဘယ်လောက်ပဲထိန်းသိမ်းစောင့်ရှောက်ထားနိုင်လို့ ထားထားတဲ့၊ နောက်ဆုံး မိမိကမျက်စိနှစ်လုံးမှိတ်ရတဲ့အချိန်မှာ မိမိက ပစ္စည်းကို စွန့်ရပါသည်၊ အဲဒါ ပစ္စည်းကအစွန့်ခံ ကိုယ်ကအစွန့်သမားဖြစ်သွားပြီ အဲဒီ ကျတော့၊ ခုနက မီးလောင်လို့ ရေမျောလို့ သူခိုးခိုးလို့ဆိုတာက ပစ္စည်းကအစွန့် သမား မိမိကအစွန့်ခံ၊ မိမိက ကွယ်လွန်အနိစ္စရောက်ပြီဆိုတော့ မိမိကအစွန့် သမား ပစ္စည်းကအစွန့်ခံ၊ ဒါ့ကြောင့် ပစ္စည်းနဲ့လူဆိုတာ စွန့်သူနဲ့ စွန့်ခံအပြန် အလှန်ပါပဲ. . . တဲ့ ဒီနှစ်ခုနဲ့လမ်းဆုံးတာပဲ၊ ပရိသတ်ကြီးလိုက်ဆိုစမ်းပါ။

* ပစ္စည်းနဲ့လူ၊ ထိုနှစ်ဆူ, စွန့်သူစွန့်ခံ, အပြန်အလှန်။
ကိုယ်ကနိုင်လား, သူနိုင်လား, ခွဲခြားဝေဖန်, စဉ်းစားရန်။

ပစ္စည်းနဲ့လူနှစ်ယောက်ခွဲတာ၊ နည်းကတော့ခုနနည်းနှစ်နည်းပဲ. . . တဲ့ ဒီနည်းနှစ်နည်းကလွဲလို့ မရှိဘူး၊ ပရိသတ်ကြီးရှိနိုင်သေးရဲ့လား? မရှိပါဘုရား၊ သူကရင်လည်းကိုယ့်စွန့်မယ်၊ သို့မဟုတ်ကိုယ်ကရင်လည်းသူစွန့်မယ်၊ ဒီနှစ်စွန့် တစ်စွန့်စွန့် စွန့်ပြီးတော့ ပစ္စည်းနဲ့လူခွဲကြရတာ မဟုတ်လား? မှန်ပါဘုရား၊ အဲဒီလို ခွဲကြရမယ့် ပစ္စည်းတွေ မိမိထံရှိနေတုန်းမှာ" ကိုယ်ကနိုင်လား, သူနိုင်လား, ခွဲခြား ဝေဖန်, စဉ်းစားရန်". . . တဲ့၊ အသိလိမ္မာဉာဏ်ပညာရှိတဲ့ အမျိုးသား မိန်းသမီးသည် မိမိလက်ထဲရှိနေတဲ့ ပစ္စည်းကို မိမိကသူ့ကိုနိုင်နေသလား သူကကိုယ့်ကိုနိုင် နေသလားလို့ စဉ်းစားပါ. . . တဲ့၊ ပစ္စည်းကကိုယ့်နိုင်နေတာ ရှိသေးတယ်၊ ပစ္စည်း ကစကားမပြောပေမဲ့လို့ ကိုယ့်နိုင်တယ်၊ ကိုယ်ကစဉ်းစားတယ်. . .၊ ငါကမဂ်ဖိုလ် နိဗ္ဗာန်စခန်းသွားရာလမ်းကြီးအတွက်၊ သံသရာစခန်း သွားရာလမ်းကြီး အတွက်

http://www.dhammadownload.com



ငြိမ်းဆောက်တဲ့အနေနဲ့ အလှူထုပ်ကလေးတခုတော့ ပြုအုန်းမှပဲ၊ ပစ္စည်းလေးနဲနဲပိုပိုလျှံလျှံရှိလာ၊ မဂ်ဖိုလ်နိဗ္ဗာန်သွား ရာလမ်းမှာ ကိုယ့်ချမ်းသာရေး သားရေးသမီးရေးနဲ့အချိန်ကုန်နေလို့မဖြစ်ဘူးလှူအုန်းမှပဲလို့ဆို ပြီးစဉ်းစားလိုက်တယ်။

ပစ္စည်းကပြောတယ် "မင်းကငါ့လှူပစ်နေ. . . သားစာသမီးစာ အမွေနည်းကုန်မှာပေါ့. . တဲ့ မင်း၊ မင်းဝတ်စရာ ဆင်စရာတွေ သူများနဲ့တန်းမတူသေးဘူးတဲ့၊ ဟိုမှာသူများတွေ ဘာတွေဝတ်နေတာမမြင်ဘူးလားတဲ့၊ ဝတ်အုန်းမှပေါ့" တဲ့ ဆိုတော့ ဟုတ်ပါလေ. . . ဟော-ပစ္စည်းကစကားပြောတယ်၊ ပကတိနားနဲ့မကြားပါ၊ တဏှာနားနဲ့မှ ကြားပါသည်၊ ပကတိနားနဲ့ပစ္စည်းကစကားပြောတာမကြားဘူး၊ တဏှာနားနဲ့ကျတော့ကြားတယ်၊ ပရိသတ်ကြီး ပစ္စည်းကပြောတဲ့စကားကို ပကတိနားနဲ့ကြားနိုင်ရဲ့လား? မကြားပါဘုရား၊ တဏှာနားနဲ့မှ ကြားတယ်၊ ဘာနားနဲ့ကြားတုန်း? တဏှာနားနဲ့ကြားပါတယ်ဘုရား၊ ဟော-ပစ္စည်းကပြောတယ်၊ကိုယ်ကဥပုသ်စောင့်ကလေးသွားအုန်းမဲ့၊ ပစ္စည်းတွေချည်းရှာပြီးတော့ အိမ်မှာအချိန်ကုန်နေလို့မဖြစ်ဘူး၊ တရားထိုင်လေးထွက်အုန်းမှ (၁၀) ရက်စခန်းတွေ သူများတွေသွားကြ၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းလေးလုပ်အုန်းမှလို့ ဆိုတော့ ပစ္စည်းကမင်းငါ့ပစ်မထားခဲ့နဲ့. . . ငါ့ပစ်မထားခဲ့နဲ့၊ သူခိုးဝင်နိုက်တော့ မင်းဘယ့်နှယ့်လုပ်မတုန်း၊ ငါမရှိတော့ မင်းမွဲသွားမှာပေါ့ တဲ့၊ ငါ့ပစ်မထားခဲ့နဲ့၊ ငါ့ပစ်မထားခဲ့နဲ့၊ (၁၀) ရက်စခန်းတွေသွားမနေနဲ့အုန်း၊ ငယ်သေးတယ်၊ ဟုတ်ပါ့လေ. . . ဟောနားထောင်သွားပြန်တယ်၊ ပစ္စည်းကစကားပြောတယ်။

အဲဒီလိုအားဖြင့် ပစ္စည်းကနေပြီးတော့ ငါ့ကိုဘယ်နားမထားခဲ့နဲ့၊ ငါ့ကိုဘယ်နားလုံအောင်သိမ်း၊ ငါ့ မီးတွေလုံအောင်သိမ်း၊ ရေတွေလုံအောင်သိမ်း၊ သူခိုးနိုးလိမ့်မယ်၊ ဘယ်ထဲသိမ်းပါတုန်း၊ ဟို သေတ္တာထဲသိမ်းတာမဟုတ်ဘူး၊ ဒီသေတ္တာထဲသိမ်းပါအုန်းဆို ရွှေ့ရပြန်ပြီ၊ ဟိုနားထားလုံနိုးနိုး၊ ပစ္စည်းလေးရှိလာလို့ မထွက်နိုင်မသွားနိုင်၊ မလာနိုင်၊ တရားနာကလေးတောင် မထွက်နိုင်၊ တရားနာလေးသွားအုန်းမှပါပဲလေ. . . ကိုင်းတန်းဈေးမကြီး ငါလည်းကုသိုလ်ပါဝင်ထားတာကထိန်အကြောင်းများ ဗဟုသုတလေးဖြစ်အောင် သွားအုန်းမှဆိုတော့ အိမ်ကတံခါးမလုံဘူး-တဲ့၊ မသွားနဲ့တဲ့၊ မင်းဒီနားကပဲနေ မင်းကြားသင့် သလောက် ကြားလိမ့်မယ်ပေါ့၊ ဟုတ်ပါ့လေ. . . အိမ်ထဲကမထွက်နိုင်ရှာဘူး၊ ပစ္စည်းကနိုင်နေပြီ ပစ္စည်းကနိုင်နေပြီ၊ ဒါကြောင့်မို့လို့ ပစ္စည်းနဲ့လူက တစ္စန့်စွန့်နဲ့ခွဲရမယ့်အတွက် မခွဲခင်အတွင်းမှာ သူကနိုင်သလား၊ ကိုယ်ကနိုင်သလားလို့ စဉ်းစားပါ။

http://www.dhammadownload.com



အဲဒါပစ္စည်းကစကားပြောနေတာ၊ မင်းအိမ်ကလေး လှလှသသ ဆောက်ကြအုန်းလေတဲ့၊ မင်းလျှချည်းမနေတဲ့ လျှဒါန်းမနေနဲ့ ကထိန်ဆိုတာ . . . ကွာ နှစ်တိုင်းထည့်နေတာပါတဲ့ မင်းဝယ်ဝတ်အုန်းတဲ့ လက်ပတ်နာရီလေး ဝယ်ဝတ်အုန်း အင်္ကျီလေးဝတ်အုန်း ဟိုဟာလေးဆင်အုန်း ဒီဟာလေးဆင်အုန်း နဲ့ ဆိုတော့ဘုန်းကြီးတို့ ပရိသတ်ကြီး ပစ္စည်းစကားနားမထောင်ကြဘူးလား? နားထောင်ပါတယ်ဘုရား၊ နားထောင်ပြီးတော့ သူနောက်ပါသွားလိုက်တာ တစ်ဘဝစာ တနပ်စာနဲ့ ပြီးမသွားဘူးလား? ပြီးသွားပါတယ်ဘုရား၊ သံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန်စခန်းပေါက်သွားအောင် ကိုယ်ကအကျိုးကလေးဆောင်တယ် ဘုရားကဟောလိုက်လို့ ဉာဏ်နားကလေးထောင်ပြီးတော့ ပြုတော့ မယ်၊ ယူတော့ မယ်၊ သံသရာစခန်း ခရီးလမ်းအထုပ်မြှုပ်တော့မယ်၊ ရွှေအိုးမြှုပ်တော့ မယ်. . . လို့ ကိုယ့်အတွက်ကိုယ်က အနိုင်ယူမယ်ကြံလိုက်တိုင်းပစ္စည်းက တရားအဟော ကောင်းလို့ပါသွားရင်ဆိုတော့ ပစ္စည်းကနိုင်မနေဘူးလား? နိုင်နေပါကယ်ဘုရား၊ အဲဒါ ပညာရှိသူတော်ကောင်းဖြစ်ရင် ကိုယ်ကနိုင်အောင် ကြိုးစားတဲ့

ကိုယ်ကနိုင်အောင်ကြိုးစားဆိုတာ မြတ်စွာဘုရားကဘယ့်နှယ် ဟောတုန်း -အတ္တာနံ သုခေတိ ပီဏေတိ- မိမိရှိနေတဲ့ ပစ္စည်းကို မိမိကိုယ်တိုင် လည်းစားတယ် သုံးတယ်၊ ဝတ်တယ်၊ ဆင်တယ် ဝတ်သင့်တာဝတ်တယ် စားသင့်တာစားတယ် သုံးသင့် တာသုံးတယ်၊ မာတာပိတရော သုခေတိ ပီဏေတိ- မိဘတွေကိုလည်းပဲ၊ ပြုတယ် ကျွေးဖူးဆပ်တယ် လုပ်ကျွေးတယ် ထောက်ပံ့တယ်၊ပုတ္တဒါရော သုခေတိ ပီဏေတိ သားသမီးတွေကိုလည်းပဲ ကျွေးတယ် မွေးတယ် ဆင်တယ် ပြင်တယ် ပြုတယ်၊ မိတ္တာမစ္စေ သုခေတိ ပီဏေတိ- မိတ်ဆွေသင်္ဂဟတွေကိုလည်းပဲ ပေးကမ်း တယ် ထောက်ပံ့တယ် ကူညီတယ် ရှိုင်းပင်းတယ်၊ ပစ္စည်းတွေကိုလေ နိုင်နေလိုက် တာနိုင်နေလိုက်တာ ကိုယ်ကိုယ်တိုင်လည်း စားသင့်တာတွေ စားတယ် ထားသင့် တာတွေ ထားတယ်၊ သားတွေ သမီးတွေဝတ်တရားကျေအောင် ကျွေးတယ် မွေးတယ် ဆင်တယ် ပြင်တယ်၊ မိတွေ ဖတွေကို ကျွေးဆပ်တယ် တုန့်ပြန့်တယ် ကျွေးဆပ်တယ် ဆင်တယ် ပြင်တယ် မိမိတို့ထောက်ပံ့ကူညီရမယ့် ဆွေမျိုး မိတ်ဆွေ သင်္ဂဟတွေကို ထောက်ပံ့တယ် ကူညီတယ်။ "သမဏ ဗြာဟ္မဏေသု ဥဒ္ဓဂ္ဂိကံ ဒက္ခိဏံ သောဝဂ္ဂိကံ ပတိဋ္ဌာပေတိ" သမဏဗြာဟ္မဏေသု-သီလဝန္တဖြစ်တဲ့ သမဏ ဗြာဟ္မဏပုဂ္ဂိုလ်တို့အား၊ ဥဒ္ဓဂ္ဂိကံ-အထက်နတ်ပြည်သို့ ရောက်ကြောင်း ဖြစ်တဲ့၊ သောဝဂ္ဂိကံ- လူ့ရွာနတ်ထံ ချမ်းသာစံပြီးတော့ မဂ်ဖိုလ် နိဗ္ဗာန်ထိ ရောက်ရှိစေတတ် တဲ့၊ ဒက္ခိဏံ-ကုသိုလ်ထုပ်ကိုလည်းပဲ၊ ပတိဋ္ဌာ ပေတိ-တည်စေတယ်။

http://www.dhammadownload.com



ဟော ပစ္စည်းကို သူကနိုင်နေလိုက်တာ. . . ပစ္စည်းကိုသူကနိုင်နေလိုက်တာ စားသင့်တာတွေ စားတယ် သားတွေ သမီးတွေ ပြင်တယ် ဆင်တယ် ကျွေးတယ် မွေးတယ် ဝတ်တရားကျေအောင် မင်္ဂလာဖြစ်အောင် ပုတ္တဒါရဿ သင်္ဂဟော မင်္ဂလာကြီးနဲ့ ညီလို့ သားတွေ သမီးတွေလည်းထောက်ပံ့လို့ မပေးရက် မကျွေးရက် တထုပ်ပိုးပိုးမလုပ်ရဘူး။ မကျွေးရက် မပေးရက် ဟိုနားထား လုံနိုးနိုး ဒီနားထားလုံနိုးနိုး အထုပ်ကလေးတပိုက်လုပ်နေတာ အဲဒါပစ္စည်းကနိုင်နေတာလို့ ခေါ်တယ်။ အခုတော့ ကိုယ်ကပစ္စည်းကို ထားသင့်တာကို ထားတယ်လေ စားသင့်တာကို စားတယ်လေ သားတွေ သမီးတွေကျွေးတယ် မွေးတယ် မိတွေ ဖတွေ ထောက်တယ် ပင့်တယ် ဆွေတွေမျိုးတွေ ကူတယ်ညီတယ်၊ ဉာတကာနဉ္စသင်္ဂဟော ဆိုတဲ့မင်္ဂလာနဲ့ ညီတယ်ဆွေမျိုးတွေ ထောက်ပံ့တာ မင်္ဂလာတစ်ပါး၊ မာတာပိတု ဥပဋ္ဌာနံ မိဘတွေ ပြုစုလုပ်ကျွေးတာ မင်္ဂလာတပါး၊ မင်္ဂလာတွေနဲ့ ညီလို့အားလုံး ကိုယ့်အပေါ် မေတ္တာတွေရောက်လို့ ကိုယ့်ကပစ္စည်းလည်းနိုင်လို့။

ပြီးတော့မှ သမဏဗြာဟ္မဏေသု ဥဒ္ဓဂ္ဂိကံ ဒက္ခိဏံ သောဝဂ္ဂိကံ ပတိဋ္ဌာပေတိ-မိမိသံသရာစခန်းမင်္ဂဖိုလ်နိဗ္ဗာန်သွားရာလမ်းကြီးမှာ မပင်မပန်းရအောင် ချမ်းသာ ရအောင်လှမ်းပြီးတော့ အထုပ်မြှုပ်တယ်. . . တဲ့ ဟောပစ္စည်းကိုယ်ကနိုင်နေလိုက်တာ ပစ္စည်းကိုနိုင်နေလိုက်တာ ပစ္စည်းကိုကိုယ်ကစကားမပြောသော်လည်း အခုလို လှူလိုက်တန်းလိုက်တယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ လှူလိုက် တန်းလိုက်တဲ့--

ဒါနကုသိုလ်စေတနာက နောက်ဘဝတွေမှာပေါ်အောင် များအောင် အကျိုးမဆောင်ဘူးလား? ဆောင်ပါတယ်ဘုရား၊ ဘဝသံသရာ သွားလေရာစခန်းမှာ ဘယ်သူမဆို သူဌေးသား သူဌေးသမီးဝမ်းထဲတန်းဝင်ချင်တာပဲ ဘယ်သူဖြစ်ဖြစ်၊ သို့သော် ကိုယ်ဝင်ချင်တိုင်း ဝင်လို့ရရဲ့လား?မရပါဘုရား၊ ဒါနကုသိုလ်စေတနာများများပြုလာခဲ့လို့ ဒါနကုသိုလ်ပါရမီအားကောင်းလာတဲ့ အမျိုးသား အမျိုးသမီးက နောက်ဘဝ အမေ အဖေဝမ်းထဲ ကျွေးနိုင် မွေးနိုင်မယ့် အမေ အဖေ ပစ္စည်းပြည့်စုံတဲ့ အမေ အဖေဝမ်းထဲသွားပြီးတော့ အောင်းရတယ် ရောက်ရတယ်. . . လို့ဆိုတော့ ဒါနပါရမီကုသိုလ်ကြီးက ကိုယ့်ကို ကျွေးနိုင်မယ့် အမေ အဖေနဲ့တွေ့အောင် သူပြုမပေးဘူးလား?ပြုပါတယ်ဘုရား၊ အဲဒီရောက် သွားတော့လည်းပဲ ကိုယ့်ကို အစာရေစာတွေ ပြည့်ပြည့်စုံစုံကျွေးလို့ မွေးလို့ ဆင်လို့ ပြင်လို့ မပြုကြဘူးလား?ပြုကြပါတယ်ဘုရား၊ အဲဒီပြုတာတွေဟာ ပြုချင်လို့ ပြုတာ မဟုတ်ဘူး ကိုယ်ကပြုလာခဲ့တဲ့ ကုသိုလ်ကောင်းမှုက ကိုယ့်ကိုပြုတာ အမှန်ကတော့၊

http://www.dhammadownload.com



ဒီတော့ မိမိကကောင်းမှုကို အခုလိုပြုပြီးတော့ မိမိရှိနေတဲ့ အခု ပစ္စည်းတွေကို ကိုယ်ကစကားမပြောသော်လည်း ပြောသကဲ့သို့ "မင်းကသွား ငါ့သံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန်သွားရာ လမ်းကြီးတစ်လျှောက်မှာ မင်းက အစားအသောက်မဆင်းရဲရအောင်မင်းကပြု ဟိုကျတော့ အဝတ်စားမဆင်းရဲအောင် ငါ့ကိုမင်းကထောက်ပံ့ နေရာထိုင်ခင်းတွေပြည့်စုံ အောင် မင်းကသွား ပြီးကြိုနေ ဟို ဒုတိယဘဝကနေစောင့်ပြီး ပြုကြစုကြ. . . လို့ အခုလိုလှူလိုက်တန်း လိုက်တဲ့ ကုသိုလ်ကောင်းမှုကြီးကို ပြုလိုက်ခြင်းသည် ပစ္စည်းတွေကို ကြိုပြီးတော့ လွှတ်ထားတာနဲ့တူပါသည်၊ ဒီတော့ ပစ္စည်းတွေကို ကိုယ်ကခိုင်းပြီးနေပြီဆိုတော့ ပရိသတ်ကြီး ကိုယ်ကနိုင်မနေဘူးလား? နိုင်ပါတယ်ဘုရား၊ ပစ္စည်းတွေကို အဲဒီလို စကားမပြောသော်လည်း လှူလိုက်တန်းလိုက်ခြင်းဖြင့် မင်းတို့ ဟိုဘဝကနေစောင့် ဒီဘဝကနေစောင့် ငါလာလို့ရှိရင် မင်းတို့ကထောက်ပံ့ကြဆိုတဲ့ အနေမျိုးနဲ့လွှတ် ထားတာနဲ့ မတူဘူး လား? တူပါတယ်ဘုရား။

ဘုန်းကြီးတို့ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေက မိတ်ဆွေများဖွဲ့ထားကြတော့ မိတ်ဆွေတွေပေါပြီဆိုတော့ ဒီကနေပြီး ရန်ကုန်သွားတယ် ဆိုလို့ရှိရင် ကိုယ့်မှာမိတ်ဆွေတွေက ကြားထဲဝင်မယ့် ပျဉ်းမနား၊ တောင်ငူ၊ ပျော်ဘွယ်များလည်း မိတ်ဆွေတွေအပြည့်ရှိတယ် ပေးမယ့်သူနဲ့ကမ်းမယ့် ကြိုဆိုမယ့်သူနဲ့ နေရာထိုင်ခင်းပေးမယ့်သူနဲ့ ရန်ကုန်ရောက်သွားတော့လည်း ဟိုမှာမိတ်ဆွေဖွဲ့ ထားတာဆိုတော့ ဟိုကနေပြီးတော့ဘာမှ အိပ်ယာလိပ်ယူသွားစရာမလိုဘူး၊ အစားအသောက် ယူသွားစရာမလိုဘူး ဟိုကနေပြီးတော့ ကားနဲ့ ကြိုနေမယ် အစားအသောက်တွေနဲ့ ကြိုမယ် နေရာထိုင်ခင်းပေးမယ့် လူတွေရှိနေကြပြီဆိုလို့ရှိရင် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘာယူသွားဖို့လိုသေးတုန်း? မလိုပါဘုရား၊ ကိုယ်က မိတ်ဆွေတွေ မိတ်ကောင်းတွေကိုယ့်အလှည့် သူ့အလှည့်ဖွဲ့ထားလို့ရှိရင် ဒီလိုမချမ်းသာဘူးလား? ချမ်းသာပါတယ်ဘုရား၊ သံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန် သွားရာလမ်းကြီးမှာလည်းပဲ စွန့်ကြဲပေးကမ်းလှူဒါန်းမှုကိုပြုတယ်ဆိုတာ မိတ်ဆွေဖွဲ့တာနဲ့တူပါတယ် ပစ္စည်းတွေကို မိတ်ဆွေ အနေနဲ့ လှမ်းပြီးတော့ ကြိုပြီးတော့ အစောင့်ခိုင်းလိုက်ခြင်းဖြစ်ပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက ပုညာနိ ပရလောကသ္မိံ ပတိဋ္ဌာ ဟောန္တိ ပါဏီနံ၊ ဓမ္မပဒမှာ။ ပုညာနိ-မိမိတို့ပြုထားတဲ့ ကုသိုလ်ကောင်းမှု အစုစုတို့သည်၊ ပါဏီနံ-တုသိုလ်ကောင်းမှုရှင်ဖြစ်တဲ့ သတ္တဝါတို့ အတွက်၊ ပရလောကသ္မိံ-

http://www.dhammadownload.com



သံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန်သွားရာ လမ်းကြီး တစ်လျှောက်လုံးမှာ ဘဝတိုင်းမှာ၊ ပတိဋ္ဌာ-ထောက်ရာတည်ရာ အားကိုးရာကိုးစားရာတို့သည်၊ ဟောန္တိ-မုချမသွေ ဖြစ်ကြ ပါပေကုန်သတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ကဲဒါဖြင့် ပစ္စည်းနဲ့လူ စွန့်နှစ်စွန့် တစ်စွန့်စွန့်မစွန့်ရခင်အတွင်း ကိုယ်က နိုင်အောင်ကြိုးစားထားရမယ်။ ဒီတော့ ဘုန်းကြီးတို့ဒကာ ဒကာမတွေ ကိုယ့် ဘာသာကိုယ်စဉ်းစားတော့ ငါ့ပစ္စည်းကို ငါနိုင်တဲ့ သူလား၊ ပစ္စည်းကို နိုင်နေသလား ဘယ်သူ့ကိုမှလည်း မကျွေးရက် သားလည်းမကျွေးရက် သားသမီးလည်းမကျွေး ရက် အမေအဖေတွေတောင်ကျွေးဖူးမဆပ်ရက် မတုန့်ပြန်ရက် ဆွေတွေ မျိုးတွေ လည်း မထောက်ပံ့ရက် ဘယ်သူ့မှလည်းမကျွေးရက် ကိုယ့်ကိုယ်တိုင်လည်း မစား ရက် တပုံ့ပုံ့ တရှုံ့ရှုံ့ဖြစ်နေပြီလို့ဆိုရင် ပစ္စည်းက ကိုယ့်ကိုနိုင်နေပါတယ် ပစ္စည်း အမိန့်နာခံပြီးတော့နေရတာနဲ့ တူတယ်။ ဒီတော့ ကိုယ်ကပစ္စည်းကို ခွဲခြားဝေ ဖန်ပြီးတော့ စားသင့်တာကိုစား ထားသင့်တာကိုထားပြီဆိုရင် ပစ္စည်းကို ကိုယ်က နိုင်နေတယ်လို့ခေါ်တယ်၊ အခုဘုရားလောင်း ကစဉ်းစားနေတယ် "ဪ. . . ကြည့်ပါဦး ငါ့ဖ ငါ့ဘိုး ငါ့ဘွားတွေ ဒီပစ္စည်းရှာ. . . ပြီးတော့ ထားခဲ့ တော့၊ အခုပစ် သွားကြပြီ ဒီပစ္စည်းတွေကို သူတို့နောက်ပါအောင် ယူမသွားတတ်ကြပါ လား. . . တဲ့ သူတို့ပစ္စည်းကိုနိုင်အောင်ကိုင် မသွားနိုင်ကြပါတကား"

**"အဟံ ပန ဂဟေတွာပါယံ ကရိဿာမိ"** အဟံပန-ငါကတော့၊ ဂဟေတွာပါယံ- ငါ့နောက်ကို ဒီပစ္စည်းတွေပါလာတဲ့ နည်းကိုဖြင့်၊ ကရိဿာမိ-ပြုရပေ တော့အံ့. . . တဲ့ "ငါတော့ဖြင့် ဒီပစ္စည်းတွေ ငါ့နောက်ပါအောင် ငါပစ္စည်း တွေကို နိုင်အောင် ကိုင်တော့မယ်. . . လို့စဉ်းစားလိုက်တယ်။ အဲဒီပစ္စည်းတွေ အခြေတည်ပြီး ငါက အရင်းအနှီးတွေလုပ်ပြီးတော့ တိုးတက်ရှာဖွေနေပြန်ရင်လည်း ငါပဲ ဒီလိုဖတ်ဖတ် မောပြီးနောက်ဆုံးဒီလိုပဲစွန့်ပြီသွားရ ဦးမှာပဲ ဒီတော့ ငါပစ္စည်းကို ငါက နိုင်အောင်ကိုင်တော့မယ်ဆိုပြီးတော့ အဲဒါ ဘုရားအလောင်းကတော့ လှူတော့ တာပဲ ရှင်ဘုရင်ဆီသွားပြီး သံတော်ဦးတင်ပြီးတော့ ကျွန်တော်မျိုး ပစ္စည်းတွေကို စတုဒ္ဒိသာအရပ်လေးမျက်နှာ လှူလိုပါတယ်. . . ဆိုပြီးတော့ နေကွမ္မပါရမီဓာတ် ကလည်းပါတာဖြစ်တော့ တောထွက်မယ့်အကြံနဲ့ ပစ္စည်းတွေ လှူတယ်၊ လှူတော့ သလူယူယူလိုက်ကြတာ အယုတ်အလတ်အမြတ်မရွေး လာယူလှူ လာယူ လှူ

http://www.dhammadownload.com



လာယူ လှူနဲ့ လှူနေရ တာနဲ့ကို နေ့တွေကုန်ပြီးတော့ နေတော့ နောက်ဆုံးဆိုင်း ဘုတ်ဆွဲထားရတယ်၊ "ဒီန္နမေ ဟရန္တု" ဒီပစ္စည်းတွေကို ကျွန်ုပ်အယုတ် အလတ် အမြတ်မရွေး ဘယ်သူ့ကိုမဆိုလှူပြီးဖြစ်ကြပါသည်၊ ဟရန္တု-မိမိတို့လိုတဲ့ ပစ္စည်းကို ယူကြပေတော့" လို့ ဆိုင်းဘုတ်ဆွဲထားခဲ့ပြီးတော့ တောထဲ ထွက်သွား။

တရားဘာဝနာအလုပ်အားထုတ် တိုတိုပြောကြစို့ ဈာန်အဘိညာဉ် တွေရ အစတုန်းကတော့တရားအားထုတ်တာမှ သစ်သီးဝသီးကို ဟိုဟိုဒီဒီ တတောဝင် တတောထွက် လှည့်ပြီးတော့ ရှာစားသေးတယ် နောက်တော့ တရားအားထုတ်ချိန် နည်းတယ်ဆိုပြီးတော့ သစ်သီးဝလံကို ဝေးဝေးသွားပြီး တော့ရှာ မစားတော့ဘူး အနားကြွေတဲ့ သစ်သီးဝလံကိုပဲ ရှာစားတော့တယ်၊ အဲဒီလိုရှာစားတော့နဂိုကလည်း ရုပ်ကလေးကဆိုးဆိုး အသားကလေးက လည်းညိုညို စားတဲ့ပစ္စည်းတွေကလည်း အနားရှိတဲ့ သစ်သီးဝလံတွေကောက်စား သစ်ဥသစ်ဖုတွေစားပြီးတော့နေ တော့အစာရေစာကလည်းမသန့်ရှင်း တရားအလုပ်ပဲကြိုးစား ပြီးတော့နေတာ ဖြစ်တော့ အနားပတ်ဝန်းကျင်အမှိုက် တွေကလည်းရှုပ်ပွေ. . . လို့ အဲဒီလို အကျင့်ကပြင်းပြင်းအားထုတ်လိုက်တော့ သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာကျောက်ဖြာ ပူတဲ့ အခြင်းအရာကိုပြတယ်၊ ဒီတော့ သိကြားမင်းကကြည့်တယ် လူပြည်လှမ်းပြီး တော့ဘာများပါလိမ့်မတုန်း. . ကြည့်လိုက်တော့ ဘုရားအလောင်း အကျင့်ပြင်း နေတာကို မြင်တယ်။

ဒီတော့အကျင့်ပြင်းနေတာကို မြင်နေတော့ သိကြားမင်းကစမ်းချင် တယ်အဟုတ်အကျင့်ပြင်းတာလား ဟန်လုပ်တာလားဆိုတာ သိချင်လို့ နဲနဲလဲစုံ စမ်းချင်လို့ သိကြားမင်းကလူယောင်ဆောင်ဆင်းလာပြီးတော့ဘုရားအလောင်း ကို အကဲခတ်တော့ နောက်နားကနေကြည့်လိုက်တော့ ခုနကလိုပဲ အရုပ်ကလည်း ခတ်ဆိုးဆိုး စားနေသောက်နေတာတွေကလည်း မသန့်မရှင်း နေရာထိုင်ခင်း ကလည်းရှုပ်ပွေနေလို့ အဲဒါသိကြားမင်းက ဒေါသများဖြစ်လာမလားလို့ဆိုတဲ့ အနေနဲ့ စိတ်ကိုတို့တဲ့အနေနဲ့ နောက်ကနေပြောလိုက်တယ်။

ကဏှော ဝတာယံ ပုရိသော, ကဏှံ ဘုဉ္ဇတိ ဘောဇနံ၊

ကဏှေ ဘူမိ ပဒေသသ္မိံ, န မယှံ မနသော ပိယော၊

အယံပုရိသော-ဟိုရှေ့မှာတရားထိုင်ပြီးတော့နေတဲ့ ယောကျ်ားသည်၊ ကဏှောဝတ -အသားကလည်းမည်း ရုပ်ကလည်းမွဲပါဘိသနဲ့ အရုပ်ဆိုးလေစွ တကား၊ ကဏှံ ဘုဉ္ဇတိ- ဘောဇနံ-လူကအသားမည်း အရုပ်ဆိုးရတဲ့ အထဲမှာ စားသောက်နေတဲ့ အစာရေစာကလည်း မသန့်ရှင်းလေစွတကား၊ ကဏှေဘူမိ

F. 39

http://www.dhammadownload.com



ပဒေသို-လူကအရုပ်ဆိုး အသားမည်းရတဲ့အပြင်အစားအသောက်တွေကလည်း မသန့်ရှင်း မစင်ကြယ်တဲ့အပြင်နေရာထိုင်ခင်းကလည်းရှုပ်ရှုပ်ပွေပွေ နဲ့ အရုပ်ဆိုး လေစွတကား၊ နမယှံမနသောပိယော-မယှံ-ငါ့မှာဖြင့်၊ သော-ဤ ကဲ့သို့ သောပုဂ္ဂိုလ် မျိုးကို၊ နပိယော-ကြည်ညိုချစ်ခင်ခြင်းမဖြစ်နိုင်ပါတကား. . . လို့။

ငါဖြင့်ဒီလိုပုဂ္ဂိုလ်လေ. . . လူကလည်းအရုပ်ဆိုးသေးတယ် အစားအ သောက်တွေကလည်း မသန့်မရှင်း နေရာတိုင်ခင်းကလည်း မသန့်မပြန့်နဲ့ ဒီလို ပုဂ္ဂိုလ်ဖြင့် ငါလေမကြည်ညိုနိုင်ပါဘူး၊ မချစ်မြတ်နိုးနိုင်ပါဘူးလို့လှမ်းပြောလိုက် တယ်။ ဒီတော့ ဘုရားအလောင်းကကြားတယ်၊ လှည့်မကြည့်ဘူး၊ အဘိညာဉ်နဲ့ ကြည့်တယ် ကြည့်တော့သိကြားမှန်းသိတယ်၊ သိတော့ သူက သိကြားကိုလည်း ဆုံးမချင်တယ်၊ တရားလည်းဖြစ်ချင်လို့ ဘာစကားပြန်ပြောတုန်းလို့ဆိုတော့--

**နကဏှော တစသာ ဟောတိ, အန္တော သာရောတိ ဗြာဟ္မဏော၊**

**ယသ္မိံ ပါပါနိ ကမ္မာနိ, သဝေ ကဏှော သုဇမ္ပတိ၊**

သုဇမ္ပတိ-သူဇာသေဌ်နင်း, အိုသိကြားမင်း။ တစသာ-အပေါ်ယံအနေ အထား အရေအသားအားဖြင့်၊ ကဏှော-အလှဂုဏ်အဟုတ်မတိုးဘဲ, အရုပ် ဆိုး သောသူသည်၊ နဟောတိ-မုချစင်စစ်, ဖြစ်သည်ဟုမဆိုသာချေ။ ဟိ-ထိုစကားလျှင်, မမှားစေကန်, ယုတ္တိတန်လှပါပေ၏၊ ဗြာဟ္မဏော-ကြောင်းကျိုးမျှော်မြင် သမ္မဇဉ်ဖြင့်, ဉာဏ်ယှဉ်လေတောင်း, အသိအလိမ္မာ, ဉာဏ်ပညာရှိတဲ့, အမျိုးသား အမျိုးသမီး အပေါင်း, သူတော်ကောင်းတို့သည်၊ အန္တောသာရော-အချင်းကြွကြွ ,အတွင်းလှဖို့, ပြင်းပြစွာတန်းဖိုးထားလျှက်, ကြိုးစားလေ့ရှိကြပေသတည်း၊ ယသ္မိံ-သူသူငါငါ, များစွာထိုထို, အကြင်ပုဂ္ဂိုလ်၏သန္တာန်၌၊ ပါပါနိကမ္မာနိ-ယုတ်မာသော သွမ်း, ဟော ရမ်းသမှု, ဒုစရိုက်အစုစုတို့သည်၊ သန္တိ-ကျူးလွန်ပြစ်မှား, အနေအားဖြင့် ထင်ရှားပုံသေ, ရှိကြပေကုန်၏။သသော-ဒုစရိုက်အိုး, ထိုကဲ့သို့သောပုဂ္ဂိုလ်မျိုးကို သာလျှင်၊ ဝေ-စင်စစ်စေကန်, အမှန်အားဖြင့်၊ ကဏှောတိ-အလှဂုဏ်အဟုတ် မတိုးဘဲ, အရုပ်ဆိုးတဲ့သူကြီးဟူ၍၊ ဝုစ္စတိ-ဗျူပ္ပတ်အလိုက်, ရုပ်ခါတ်ကိုက်အောင်, သမိုက်အပ်လေတော့သတည်း။

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား

•

သိကြားမင်း . . . တဲ့၊ မင်းကငါ့ကို အရုပ်ဆိုးတယ်, အသားမည်းတယ်, အရုပ်ဆိုးတယ်ရယ်လို့ လာပြီးတော့ကဲ့ရဲ့ပြီးတော့နေတယ်. . . တဲ့၊ ပညာရှိ သူတော်ကောင်းတွေနဲ့ယ်က ပုဂ္ဂိုလ်တစ်ယောက် လှ-မလှ၊ ရုပ်ချော မချော၊

http://www.dhammadownload.com



အရုပ်ဆိုးတယ်၊ မဆိုးဘူးဆိုတာ အပြင်ဗဟိဒ္ဓ အပေါ်ယံ အနေအထား အရေအသားလှမလှဖြင့် တန်ဖိုးမဖြတ်ကြဘူး သိကြားမင်း . . . တဲ့၊ သူတော်ကောင်းတွေက အပြင်ဗဟိဒ္ဓလှမလှကို တန်ဖိုးထားပြီးတော့ မကြည့်ကြဘူး၊ အတွင်းအဇ္ဈတ္တလှမလှကိုသာ တန်ဖိုးထားပြီးတော့ ကြည့်ကြတယ်လို့။

န ကဏ္ဍော တစသာ ဟောတိ။ တစသာ-အပေါ်ယံအနေအထား, အရေအားဖြင့်၊ ကဏ္ဍော- အလှဂုဏ် အဟုတ်မတိုးဘဲ, အရုပ်ဆိုးတဲ့သူသည်၊ နဟောတိ-မုချစင်စစ်ဖြစ်သည်ဟု မဆိုရချေ. . .။ လောကမှာ ပုဂ္ဂိုလ်တစ်ယောက် မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် မျှော်မှန်းတဲ့ပုဂ္ဂိုလ်မှန်ခဲ့ရင် အပေါ်ယံအနေ အထားလှမလှကို တန်ဖိုးထားပြီးတော့ မကြည့်ကြဘူး သိကြားမင်း . . . တဲ့၊ ဘာပြုလို့တုန်းဆိုတော့ ပုဂ္ဂိုလ်တစ်ယောက် အသားအရေချောပါရဲ့, ဖြူပါရဲ့, လှပါရဲ့, ညက်ပါရဲ့, ညောပါရဲ့၊ ယသ္မိံ- သူသူငါငါ, များစွာထိုထို, အကြင်ပုဂ္ဂိုလ်၏သန္တာန်၌၊ ပါပါနိ ကမ္မာနိ-ယုတ်မာသော့သွမ်း, ဟော့ရမ်းသမ္မ, ဒုစရိုက်အစုစုတို့သည်၊ သန္တိ- ကျူးလွန်ပြစ်မှား, အနေအားဖြင့်, ထင်ရှားပုံသေ, ရှိကြပေကုန်၏။

အပေါ်ယံအသားအရေကတော့ ချောပါရဲ့, ညက်ပါရဲ့, လှပါရဲ့, ဝင်းပါရဲ့ . . . တဲ့၊ အတွင်းက ဒုစရိုက်တွေ . . . အကုသိုလ်ဒုစရိုက်တွေကျူးလွန်နေလိုက်တာ၊ သူများကို မကောင်းကြံချင်တယ်၊ မကောင်းပြောချင်တယ်၊ သူများအပေါ် မတော်မတရားတွေလုပ်ချင်တယ်၊ သတ်တယ်, ဖြတ်တယ်, ခိုးတယ်, ဝှက်တယ်, သူများသားမယား အိမ်ရာတွေ ကျူးလွန်တယ်, သောက်တယ် စားတယ် မူးတယ် ရူးတယ်၊ အတွင်းကစိတ်မှာ ဒုစရိုက်ပေါင်းစုံကျူးလွန်ပြီးတော့နေတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်မျိုးကို ဒို့သူတော်ကောင်းတွေနှုတ်က အပြင် ဗဟိဒ္ဓရုပ် တွေလှနေသော်လည်း မုချလှတယ်လို့ မခေါ်ကြဘူး သိကြားမင်း . . . တဲ့၊ သူတော်ကောင်းတွေက ဘယ်အလှကိုမှ တန်ဖိုးထားကြတုန်းဆိုတော့၊ ဟိ-ထိုစကားလျှင်, မမှားဧကန်, ယုတ္တိတန်လှပါ၏။ ဗြာဟ္မဏော-ကြောင်းကျိုးမျှော်မြင် သမ္ပဇဉ်ဖြင့်, ဉာဏ်ယှဉ်လေတောင်း, အသိလိမ္မာရှိတဲ့, အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်းသည်၊ အန္တောသာရော-အချင်းကြွကြွ, အတွင်းလှဖို့, ပြင်းပြစွာတန်ဖိုးထားလျက်, ကြိုးစားလေ့ရှိပါပေသတည်း . . . တဲ့။

သူတော်ကောင်းတွေက အပြင်အလှကို ဒီလောက်တန်ဖိုးမထားဘဲနဲ့ အတွင်းအလှကို တန်ဖိုးထားကြတယ်. . . တဲ့။ သူတော်ကောင်းတွေက အပြင်အလှနဲ့ အတွင်းအလှမှာ အတွင်းအလှကို တန်ဖိုးထားကြတယ်၊ ပရိသတ်ကြီး သူတော်ကောင်းတွေက အတွင်းနဲ့အပြင် အဘယ်အလှကို တန်ဖိုးထားတုန်း?

http://www.dhammadownload.com



အတွင်းအလှပါဘုရား၊ အတွင်းအလှက စိတ်အလှကိုခေါ် ပါသည်၊ အတွင်းအလှဆိုတာ ဘာအလှပါလိမ့်? စိတ်အလှပါဘုရား၊ အဲဒီစိတ်အလှဆိုတာ စွန့်ကြဲပေးကမ်းလှူဒါန်းမှုကို ပြုနေတဲ့ စိတ်ကလေးသည် လှတယ်လို့ခေါ် မလား? အရုပ်ဆိုးတယ်လို့ခေါ် မလား? လှတယ်လို့ခေါ် မှာပါဘုရား၊ သူများကို စွန့်တယ်ကြဲတယ် ပေးတယ်ကမ်းတယ်ဆိုတာမေတ္တာအခြေခံရှိပြီးတော့နေတဲ့ စိတ်ကလေး၊ သူများချမ်းသာစေချင်တယ် အခုဘုန်းကြီးတို့ ကိုင်းတန်းဈေးမှ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေက ဒီကထိန်ကြီးကို မပျက်အောင်ဆိုပြီးတော့ ကြိုးစားပြီးတော့ အရှေ့ခေမကန်တိုက် သံဃာတော်တွေကို လှူတယ်တန်းတယ်ဆိုတာ မေတ္တာကအခြေခံနေတယ်။

ဒီလှူတန်းတဲ့အထဲမှာ မေတ္တာပါရမီကြီးကပါ. . . လို့ သံဃာတော်တွေချမ်းသာစေချင်တယ် ကထိန်အာနိသင်တွေရစေချင်တယ် ရပြီးတော့ ချမ်းသာစေချင်တယ် မိမိတို့လှူလိုက်တန်းလိုက်တဲ့ ပစ္စည်းတွေကို သုံးဆောင်ပြီး သကာလပရိယတ္တိသာသနာတော် ပဋိပတ္တိသာသနာတော်မြတ်ကြီးကို ချမ်းချမ်းသာသာထမ်းရွက်စေချင်တယ်ဆိုတဲ့ မေတ္တာ ပရိသတ်ကြီးမပါဘူးလား? ပါပါတယ်ဘုရား၊ အဲဒီမေတ္တာဆိုတဲ့ သဘောဟာ ပါရမီသဘော ပါရမီဓာတ်ဖြစ် လေသောကြောင့် ဘုရားအစရှိတဲ့ သူတော်ကောင်းတွေ အလှတန်ဆာဆင် ကြတဲ့ တန်ဆာတစ်မျိုး၊ ဒါ့ကြောင့်မေတ္တာပါရမီလို့ခေါ် တယ်။

ဒီတော့ သံဃာတော်တွေပေါ် မှာ မေတ္တာရောက်. . . လို့ လှူလိုက်တန်းလိုက်တယ်ဆိုတော့ ဒါနကုသိုလ်စေတနာတွေဖြစ်လို့ ဒါနပါရမီတွေ ဖြစ်လို့ဆိုတော့ ဒါနပါရမီကုသိုလ်လှတာတမျိုး မေတ္တာအခြေခံ တာကအလှတစ်မျိုး ဒီမေတ္တာတွေဒါနပါရမီတွေဖြစ်နေတဲ့ ဒီထဲမှာ သီလတွေ ရောက်ပြီးတော့ပါလို့ သီလဆိုတာငါးပါးသီလဆိုတဲ့ ရှောင်ရတဲ့ သီလကတစ် မျိုး သံဃာတော်အရှင်သူမြတ်တွေကိုအရိုအသေပေးတယ် လက်အုပ်ချီတယ် ဒူးတုတ်တယ်ဆိုတာ စာရိတ္တသီလ။ အခုဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရား ထိုင်ပြီးတော့ နာနေတော့ ဒူးလေးတွေတုတ်ထားကြ လက်အုပ်ကလေးတွေ ချီထားကြဆိုတာဘာဝနာခေါ် တယ်၊ ဘာဝနာဆိုတာ အသိဉာဏ်တိုးလာအောင် ဗဟုသုတပွားလာအောင် စိတ်စိုက်ပြီးတော့နေတာကို ဘာဝနာလို့ ခေါ် တယ်၊ တရားနာတာကဘာဝနာ ဒူးလေးတုတ် လက်အုပ်ချီနေတာက သီလ သက်န်းကိုလှူ ထီးကိုလှူ ဖိနပ်ကိုကပ်ဆိုတာကဒါန။

ဒီတော့ သံဃာတော်တရာကျော်ကို ဒကာ ဒကာမတွေကထိန်သင်္ကန်းသွားလှူတဲ့ကိစ္စမှာ ဒါနဆိုတဲ့အလှတန်ဆာလည်းပါသွားတယ်၊ သံဃာတော်တွေ

http://www.dhammadownload.com



လှူတဲ့အခါကျတော့ လက်ကလေးနှစ်ဖက်နဲ့ သပိတ်ကို ပိုက်လို့ ကိုယ်ကလေး ကိုင်းညွှတ်လို့ လက်ကလေးထိုးလို့ဆိုတာ သီလ။ သံဃာတော်အရှင်မြတ်တွေကို ရည်မှန်းပြီးတော့ ''နိဗ္ဗာနဿ ပစ္စယော ဟောတု'' ဗုဒ္ဓမြတ်စွာသာသနာ တော်မြတ်ကြီးကို လှူဒါန်းပါတယ် ဤကုသိုလ်သည် နိဗ္ဗာန်ရဲ့အထောက်အပံ့ဖြစ်ပါ စေလို့ စိတ်ညွှတ်နေတာက ဘာဝနာ။ ဒီတော့ သံဃာတော်တွေကြွလာလို့ သပိတ် ကပ်နေတဲ့အချိန် သက်န်းကပ်နေတဲ့အချိန်မှာ ဒါနသီလဘာဝနာသုံးချက် အပြည့် အစုံပါဝင်ပြီးတော့နေပြီဆိုတော့ အဲဒီဒါနသီလဘာဝနာအဆင် တန်ဆာ (၃) မျိုးနဲ့ ဆင်ထားတဲ့စိတ်ကလေးကို ပရိသတ်ကြီးလှတယ်လို့ ခေါ်မလား? အရုပ်ဆိုးတယ် လို့ခေါ်မလား? လှတယ်လို့ခေါ် မှာပါဘုရား ။

ဒီဘဝတင်လှရုံမျှမက ဒီဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် ကြောင့်ဖြင့် ပရိသတ်ကြီး အပါယ်လေးပါးကျပါ့မလား? မကျပါဘုရား၊ အပါယ် လေးပါးကို မကျဘူးဆိုတဲ့ ဒီကုသိုလ်ကို အရုပ်ဆိုးတယ်လို့ခေါ်မလား? လှတယ်လို့ ခေါ်မလား? လှတယ်လို့ခေါ်မှာပါဘုရား၊ ဒါပြင်ဒီကုသိုလ်ကို ပြုနေခြင်းသည် အတွင်းအလှပြင်တာလား အပြင်အလှပြင်တာလား? အပြင်အလှပြင်တာပါဘုရား အဲဒီလိုနေ့စဉ်နေ့စဉ်ကြိုးပန်းအားထုတ်ပြီးတော့ နည်းများမဟူ ပြုနေတဲ့ အမျိုးသား အမျိုးသမီးသည် အတွင်းအလှပြင်နေတယ် လို့ခေါ် ရပါသည်။ ဒီတော့ သူတော် ကောင်းတွေ အဆက်ဆက်အတွင်းအလှကို တန်ဖိုးထားကြတယ် သိကြား မင်း. . . လို့ ကဏှရသေ့က သိကြားမင်းကို ပြောတော်မူတဲ့စကား၊ ကဏှရသေ့က ပြောတယ်ဆိုပေမယ့်လို့ အဲဒီစကားက ဘုရားဟောတဲ့စကားဖြစ်ပါသည် ဘာပြု လို့တုန်း ဆိုတော့ ဒီကဏှဇာတ်တော်က ဘုရားအလောင်း ပါရမီဖြည့်တော်မူ စဉ်ကဖြစ်တဲ့ အဖြစ်အပျက်ကို ဘုရားရှင်က မြန်ပြီးတော့မဟောရင် ပရိသတ်ကြီး ဘုန်းကြီး တို့သိပါ့မလား? မသိပါဘုရား၊ ဒါဖြင့် ဒီကဏှဇာတ်တော်ကြီးကို ဘုရားရှင်က ပြန်ပြောလို့မို့ ဘုန်းကြီးတို့ သိရတယ်၊ ဘုန်းကြီးတို့ တဆင့်ဟောလို့ ဒကာ ဒကာမတွေ သိရတယ်လို့ဆိုတော့ ဒီစကားကဘုရားပြောတဲ့ စကားဖြစ်မသွား ဘူးလား? ဖြစ်သွားပါ ဘုရား။

ကိုင်းဒါဖြင့် ဘုရားပြောတဲ့စကားသည် ဘုရားကဒီကဏှဇာတ် တော်ကြီးကို ပြန်ပြီးတော့ဟောတာ ဒကာ ဒကာမတွေကို ဒီဇာတ်တော်လေး နားထောင်ပြီးတော့ အပျင်းပြေရုံရည်ရွယ်သည်မဟုတ်ပါ အတုယူလိုတဲ့ အမျိုးသားတွေ အတုယူတတ် အောင် လိုက်နာချင်တဲ့ အမျိုးသားတွေလိုက်နာတတ်အောင် အကျင့်သိက္ခာတွေ ပြင်ချင်တဲ့သူတွေပြင်တတ်အောင်လို့ဆိုပြီးတော့ သနားတော်မူတဲ့မဟာကရုဏာ

http://www.dhammadownload.com



တော်ကြီးနဲ့ ဟောတော်မူခဲ့တယ်။ ဒါကြောင့် အပြင်ဗဟိဒ္ဓအလှပြင်မှုလောက်နဲ့သာ တင်းတိမ်အားရကျေနပ်မနေကြဘဲ အတွင်းအဇ္ဈတ္တအလှပြင်မှုကိုလည်းပဲပြုနိုင်ရတယ်. . . လို့ ဟောဒီ ကဏှဇာတ်တော်နဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေကို သတိပေးတော်မူပါ သည် ဆုံးမတော်မူပါသည်။ ဘာပြုလို့တုန်းဆိုတော့ အကျိုးရချင်းက မတူလို့၊ အပြင်ဗဟိဒ္ဓရုပ်ဝတ္ထုအလှပြင်တာတွေက ဘယ်မှာလမ်းဆုံးတုန်း အအိုမှာလမ်းဆုံးတယ်။ အတွင်းအဇ္ဈတ္တအလှပြင်မှုက ဘယ်မှာလမ်းဆုံးသလဲ နိဗ္ဗာန်မှာလမ်းဆုံးတယ်၊ နိဗ္ဗာန်ဆိုတော့ အအိုလွတ်တယ် အနာလွတ်တယ် အသေလွတ်တယ်။

ဘုန်းကြီးတို့ ပရိသတ်ကြီးမေးစမ်းပါရစေ ယခုဆံပင်တွေဖြူ သွားတွေကျိုးပါးရေတွန့်ပြီးတော့ အိုနေတဲ့ သူတိုင်းသူတိုင်းဟာ အိုချင်လို့ အိုတာလား မအိုချင်ဘဲအိုတာလား? မအိုချင်ဘဲအိုတာပါဘုရား။ အနာရောဂါတွေစွဲနေတဲ့ သူတွေဟာ နာချင်လို့ နာရတာလား မနာချင်ဘဲ နာရတာလား? မနာချင်ဘဲ နာရတာပါဘုရား။ သေကြေပျက်စီးသွားတဲ့သူတွေဟာ သေချင်လို့ သေရတာလား မသေချင်ဘဲ သေရတာလား? မသေချင်ဘဲနဲ့ သေရတာပါဘုရား။ ဒါဖြင့် အိုမှုနာမှုသေမှုကြီးက ကိုယ့်အလို မကျဘဲနဲ့ဖြစ်ရတာလို့ဆိုတော့ အရုပ်မဆိုးဘူးလား? ဆိုးပါ ဘုရား၊ အဲဒီမှာ လမ်းဆုံးနေတဲ့ အလုပ်တွေကို လုပ် နေတယ်ဆိုတာ ကော အရုပ်မဆိုးဘူးလား? အရုပ်ဆိုးပါတယ်ဘုရား၊ ဒါဖြင့် အဲဒီအိုနာသေရေး ဒုက္ခဘေးကြီးတွေငြိမ်းနေ အေးနေ ကင်းနေတဲ့နိဗ္ဗာန်ဆိုတဲ့တရားကြီး ကမ္ဘာလောကမှာ အမှန်ရှိတယ်၊ ရှိလို့ပဲ ဘုရားရှင်ကိုယ်တော်မြတ်က ရှိတဲ့ အကြောင်းလည်းဟောသွားတယ်၊ သူလည်းမြင်တယ်လို့ပြောတယ် ရဟန္တာအရှင်မြတ်ကြီးတွေကလည်း ရှိတယ်လို့ ဟောတော်မူကြတယ်၊ သူတို့လည်း မြင်တယ်လို့ပြောတော်မူကြတယ်။ အဲဘုရားအပေါ်ကိုယုံ ရဟန္တာအရှင်မြတ်ကြီးတွေကိုယုံရင် အဲဒီနိဗ္ဗာန်ကို ရောက်ကြောင်းဖြစ်တဲ့ အကျင့် ကောင်းတွေ ကျင့်ကြံကြိုးကုတ်အားထုတ်ရမယ်။ ဒီတော့ အပြင်ဗဟိဒ္ဓအလှပြင်မှုသည် အအိုမှာ လမ်းဆုံးပြီးသကာလ အတွင်းအဇ္ဈတ္တအလှပြင်သည် နိဗ္ဗာန်မှာလမ်းဆုံးပြီးသကာလ အတွင်းအဇ္ဈတ္တအလှပြင်မှုသည် နိဗ္ဗာန်မှာလမ်းဆုံးတယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အပြင်ဗဟိဒ္ဓရုပ်ဝတ္ထုပြင်ကြဆင်ကြတဲ့နေရာ ကိုယ့်ကိုယ်ကို ပန်းလေးပန်ထားတယ်၊ သနပ်ခါးလေးလိမ်းထားတယ် ဖြီးကြလိမ်းကြ သကြတယ် အဲဒီပန်ထားတဲ့ ပန်းလေးတွေ မနက်စောစော လန်းနေသော်လည်း နေ့လည်လောက်ကျ ညှိုးမသွားဘူးလား? ညှိုးသွားပါတယ်ဘုရား၊

http://www.dhammadownload.com



အဲဒီညှိုးသွားတဲ့သဘောကို ဇရာလို့ခေါ်ပါသည်၊ မမြဲသော မခိုင်သောကြောင့် ပျက်သွားခြင်းလို့ ခေါ်ပါသည်၊ အဲဒီညှိုးသွားတဲ့သဘောလေးကို ဆင်ခြင်ပြီး သကာလ ဇရာမှာလမ်းဆုံးတဲ့သဘော. . . လို့သိလိုက်တဲ့အသိသည် ဒီပန်းကလေး ဟာမနက်ကလမ်းနေသော်လည်းပဲ နောက်ဆုံးညှိုးတာမှာလမ်းဆုံးပါလား၊ ညှိုး တဲ့ ်သဘောပါလားလို့သိလိုက်တဲ့ အခိုက်ကလေးဟာ ဇရာကိုသိသွားရာ မရောက်ဘူးလား? ရောက်ပါတယ်ဘုရား၊ အဲဒီဇရာဆိုတဲ့ သဘောကို ဘုရားရှင် ကိုယ်တော်မြတ်က သူဘုရားဖြစ်စကတည်းက ဒုက္ခသစ္စာ . . . လို့ ထည့်ပြီးတော့ ဟောထားတယ်၊ ဓမ္မစကြာတရားဦးဟောကတည်းက ကမ္ဘာလောကထဲ ဘုရားဖြစ် ကတည်းက ကြေငြာထားတာ။

ဇရာပိ ဒုက္ခာ။ ဇရာပိ-အဲဒီလို ရင့်သွား ပျက်သွားတတ်တဲ့ သဘော ကြီးသည်၊ ဒုက္ခာ-အကောင်းသဘောမဟုတ်ဘူးတဲ့။ ဒုက္ခဆိုတာ ဆင်းရဲခြင်းလို့ ဗမာပြန်ကြတယ် ဆင်းရဲဆိုတာက အကောင်းမဟုတ်တာကို ပြောတာ၊ ဘုန်းကြီးတို့ ဒုက္ခ ဒုက္ခဆိုတာက နာတဲ့ ကျင်တဲ့ဒုက္ခမျိုးရှိတယ် မနာတဲ့ မကျင်တဲ့ ဒုက္ခရှိတယ် ပိုပြီးတော့ နားလည်လွယ်အောင် ပြောရရင် အမလေးအော်ရတဲ့ ဒုက္ခ အမလေး မအော်ရတဲ့ ဒုက္ခလို့ဒုက္ခနှစ်မျိုးရှိတယ်၊ ပရိသတ်ကြီး ဒုက္ခဘယ်နှစ်မျိုး ရှိသတုန်း? နှစ်မျိုးပါဘုရား၊ အမလေး အလိုလေးအော်ရတဲ့ဒုက္ခဆိုတာ ဒကာ ဒကာမတွေ သိပါတယ်၊ ကိုက်လိုက်တာ ခဲလိုက်တာ အနာကြီးနာလိုက်တာ ဒုတ်နဲ့ရိုက်လို့ နာလိုက်တာ မီးလောင်လို့ ပူလို့ပူလိုက်တာဆိုတာ အဲဒါ အမလေး အလိုလေး အော်ရတဲ့ ဒုက္ခတဲ့ ဒုက္ခ ဒုက္ခလို့စာလို ခေါ်တယ်၊ အဲဒါလည်း ဒုက္ခသစ္စာပဲ အဲဒီ ဒုက္ခသစ္စာလည်း သိရမှာပဲ ပိုင်းခြားပြီး။

ရုပ်နာမ်ဓမ္မသဘာဝတွေရဲ့ ရင့်ရော်တတ်တဲ့သဘော ဟောင်းမြင်းတဲ့ သဘော ပျက်ဆီးတဲ့သဘော အဲဒီသဘောက အော်ရ ဟစ်ရတဲ့ ဒုက္ခမဟုတ်ပါဘူး၊ ဒကာ ဒကာမတွေ ပန်းလေးညှိုးသွားလို့ အမလေး အလိုလေး အော်ရသေးလား? မအော်ရပါဘုရား၊ ခေါင်းပေါ်ပန်ထားတဲ့ ပန်းကလေးညှိုး သွားတာနာတယ် ကျင်တယ် ရှိသေးလား? မရှိပါဘုရား၊သို့သော် ပန်းကလေး ညှိုးပြီးတော့ သွားတော့ ကောင်းတဲ့ သဘောလား? မကောင်းတဲ့ သဘောလား? မကောင်းတဲ့ သဘောပါ ဘုရား၊မကောင်းတဲ့သဘောကို သုခလို့ခေါ်မလား ဒုက္ခလို့ခေါ်မလား? ဒုက္ခလို့ ခေါ်ပါကယ်ဘုရား၊ အဲဒီ ဒုက္ခကို ဒုက္ခအတိုင်း သိနေပြီလို့ဆိုရင် အမှန်သိတာလို့ ခေါ်ပါသည်။

http://www.dhammadownload.com



အဲဒီဒုက္ခကို ဒုက္ခလို့သိတာ အမှန်သိတာလား အမှားသိတာလား? အမှန်သိတာပါဘုရား၊ အဲဒီအမှန်ကို ပါဠိလို သစ္စာလို့ခေါ်ပါသည် အမှန်ကို ဘယ်နဲ့ခေါ်တုန်း? သစ္စာလိုခေါ်ပါဘုရား၊ ဒါဖြင့် အဲဒီ ပန်းလေးညှိုးတာကို အာရုံ ပြုပြီးတော့ ပြုလုပ်နေတဲ့အချိန်သည် သစ္စာကိုမြင်နေတဲ့အချိန်လို့ မပြော နိုင်ဘူး လား? ပြောနိုင်ပါတယ်ဘုရား၊ အဲဒီသစ္စာကို မြင်နေတာဘာသစ္စာတုန်း လို့ဆိုတော့ မကောင်းတဲ့သစ္စာ ဒုက္ခသစ္စာ၊ ဘာသစ္စာပါလိမ့်? ဒုက္ခသစ္စာပါဘုရား၊ ဒါဖြင့် အဲဒီ ဒုက္ခသစ္စာကို ဒုက္ခသစ္စာအတိုင်းမြင်တဲ့အချိန်သည် အဲဒီပန်းလေးရဲ့အပေါ်မှာ သာယာစွဲလမ်း နှစ်သက်မှုဆိုတဲ့ တဏှာရှိသေးရဲ့လား? မရှိပါဘုရား၊ ဒါဖြင့် သမု ဒယသစ္စာ တဏှာရော မသေဘူးလား? သေပါတယ်ဘုရား၊ ဒါဖြင့် သမုဒယသစ္စာ တဏှာသေ၊ ဒုက္ခသစ္စာကို ဒုက္ခသစ္စာအတိုင်း သိနေပြီဆိုရင် ဒီလို ညှိုးရာ နွမ်းရာ ရော်ရာ ရုပ်နာမ် ဓမ္မတွေရဲ့ ငြိမ်းရာ အေးရာကိုရောက်ချင်စိတ်ပေါ် မလာဘူးလာ? ပေါ်လာပါတယ်ဘုရား။

တခါတည်း ဒုက္ခသစ္စာမြင်လိုက်ရင် သမုဒယသစ္စာကလည်း ပယ်သွား တယ် နိရောဓသစ္စာကလှမ်းပြီးတော့ မှန်းလိုက်တယ် မျက်စိနဲ့ကြည့်လိုက်တယ် မမြင်သာမမြင်နိုင်တာ သူ့စိတ်ထဲမှာ မှန်းတာတော့အမှန်ပဲ ဘုန်းကြီးတို့ အန္တရာယ် တစ်ခုရှိနေတဲ့ အရပ်ကနေရတဲ့ လူလိုပဲ အစတုန်းက ဒီရပ်ကွက်မှာ ပျော်စရာကြီး ထင်ပြီးတော့နေလိုက်တာ ကိုယ့်ပျော် စရာပဲ စီးပွားရေးလည်းဟန်ကျတယ် ဈေးနဲ့ လည်း နီးတယ် ဟန်ကျတယ် မိတ်ဆွေ သင်္ဂဟတွေနဲ့ ဆိုပြီး ပျော်စရာလို့ ဆိုပြီးဝင် နေတာ၊ နောက်တော့ ပတ်ဝန်းကျင်ကြာကြာလေးနေတော့ အကဲခတ်ကြည့်လိုက် တော့ ကိုယ့်ရိုက်မယ့်သူနဲ့ ချောင်းသတ်မယ့် သူနဲ့ ပစ္စည်း နှိုက်မယ့်သူနဲ့ မီးရှို့မယ့် သူနဲ့ မကောင်းကြံတဲ့သူတွေနဲ့ ဝိုင်းနေပြီး အန္တရာယ်တွေရှိနေပြီဆိုတော့ ပရိသတ် ကြီး ဒီအရပ်ထဲ ဆက်ပျော်သေးရဲ့လား? မပျော်ပါဘုရား၊ မပျော်တော့သူ မပြောင်း နိုင်သေးသော်လည်းပဲ ဒီအရပ်ကနေပြီးတော့ ဘယ်ပြောင်းရမလဲ. . . လို့ပြောင်း စရာ ချမ်းသာစရာ အရပ်ကလေး မမျှော်ဘူးလား? မျှော်ပါတယ်ဘုရား။

အဲဒါလိုပဲ ဇရာသဘောကို ဇရာသဘောအတိုင်း မြင်လိုက်တဲ့ အချိန်မှာ အဲဒီဇရာ လွတ်ရာကို မျှော်တဲ့ ဉာဏ်လေးလာတယ်. . . တဲ့ အဲဒီ ဇရာလွတ်ရာ ဆိုတာလေးက နိရောဓသစ္စာ၊ နိဗ္ဗာန်မျှော်တဲ့ဉာဏ်ကလေးက မဂ္ဂသစ္စာ၊ ဒါဖြင့် ပန်းညှိုးတဲ့ဒုက္ခသစ္စာ တချက်သိလိုက်တာ သမုဒယသစ္စာ တဏှာဆိုတဲ့သာယာပုံ ကော ပျောက်မသွားဘူးလား? ပျောက်သွားပါတယ်ဘုရား အဲဒီညှိုး မှု နွမ်းမှုဆိုတဲ့ မညှိုးမနွမ်း အမြဲလန်းနေတဲ့ ပန်းမျိုးအမြဲတမ်းလန်းနေတဲ့အရာ ဝတ္ထုမျိုးရချင်

http://www.dhammadownload.com



ရောက်ချင်ဆိုတဲ့ စိတ်ကောပေါ်မလာဘူးလား? ပေါ်လာပါတယ်ဘုရား၊ ပန်းက ညှိုးညှိုးသွားတယ်ဆို ဒီပန်းကညှိုးလိုက်တာ မညှိုးတဲ့ပန်းကလေးများရရင် ကောင်းမှာဘဲဆိုပြီး မလာဘူးလား? လာပါတယ်ဘုရား အဲဒီမညှိုးတဲ့ပန်းဆိုတာ နိဗ္ဗာန်နဲ့ တူပါသည်၊ ရောက်ချင်ရချင်တာက မဂ္ဂသစ္စာ အမြင်မှန်ကလေးပေါ်တာ သစ္စာတစ်ချက်မြင်ရင် လေးချက်စလုံး အကုန်ပိုင်တယ်။

ဒီတော့ဘာဝနာတရားက ခေါင်းပန်ထားတဲ့ ပန်းပေါ်ကလည်းမရနိုင်ဘူးလား?ရနိုင်ပါတယ်ဘုရား၊ စားရင်းသောက်ရင်းလည်း မရနိုင်ဘူးလား? ရနိုင်ပါတယ်ဘုရား၊ အသိဉာဏ်ရှိဖို့ အရေးကြီးပါသည်၊ တရားတွေကတော့ ဒကာ၊ ဒကာမတွေရဲ့အနားမှာ အမြဲရှိပါသည်၊ ဒီလိုဆိုရင် စိတ်ကလေး လှလာတယ်လို့ ခေါ်ပါ တယ်။ အဲဒီစိတ်ကလေးက ဘာဝနာစိတ်ကလေးဟာ လှမသွားဘူးလား? လှသွားပါတယ်ဘုရား၊ လှလိုက်တာမှ ဘယ်ထိအောင်လှတုန်း နိဗ္ဗာန်ရသည်အထိ လှမသွားဘူးလား? လှပါ ဘုရား၊ ဒါဖြင့် ဘုန်းကြီးတို့ဒကာ၊ ဒကာမတွေ အပြင်ဗဟိဒ္ဓအလှပြင်မှုလောက်နဲ့သာ အချိန်မကုန်ကြဘဲ အတွင်းအဇ္ဈတ္တအလှပြင်မှုကိုလည်းပြုနိုင်ရတယ်. . . လို့ ကဏှဇာတ်တော် နဲ့ ဘုရားရှင်အဆုံးအမတော် ကိုယနေ့ရကြပြီ၊ ရကြသည့်အလျောက် ဒီနေ့ကစပြီးသကာလ အတွင်းအဇ္ဈတ္တ အလှပြင်မှုကိုလည်းပဲ ကြိုးစားပြီးတော့ပြုမယ်လို့ ဆုံးဖြတ်ချက်မချထိုက်ဘူးလား? ချထိုက်ပါတယ်ဘုရား။

ဒါဖြင့် ဒီနေ့ကထိန်လှျာသက်န်းကြီးတွေနှင့်တကွ ပစ္စည်းဝတ္ထုအစုစုတွေကို လှူဒါန်းကြခြင်း၊ အခုတရားပွဲကြီး ဆင်နွဲပြီးသကာလ တရားနာကြခြင်းဆိုတဲ့ ဒီအမှုတွေပြုနေကြတာ အတွင်းအလှပြင်တာလား၊ အပြင်အလှပြင်တာလား? အတွင်းအလှပြင်တာပါဘုရား၊ သံဃာတော်တွေပင့်ပြီး ဆွမ်းဘောဇဉ်တွေနဲ့ အပြည့်အစုံ ပစ္စည်းတွေလောင်းကြ၊ သက်န်းတွေလောင်းကြ၊ ဖိနပ်တွေ လောင်းကြ၊ တဘက်တွေလောင်းကြ၊ ထီးတွေလောင်းကြဆိုတဲ့ သံဃာတစ်ရာကျော်ကို လောင်းလှူကြတဲ့ အချိန်သည် အတွင်းအလှပြင်တာလား၊ အပြင် အလှပြင်တာလား? အတွင်းအလှပြင်တာပါဘုရား၊ ဒီအတွင်း အလှပြင်တာဘယ်ထိအောင် အကျိုးဆောင်သလဲဆိုရင် နိဗ္ဗာန်ထိအောင် အကျိုးဆောင်မယ်လို့ ကဲ လက်ာလေးဆိုပြီးတော့ အပြီးသတ်ရအောင် ကိုင်းလိုက်ဆို-

* ရုပ်ကိုပြုပြင်၊ အလှဆင်၊ အဒိုတ္တွင် လမ်းဆုံးသည်။

စိတ်ကိုပြုပြင်၊ အလှဆင်၊ နိဗ္ဗူခွင်မှာ လမ်းဆုံးသည်။

ဤကဲ့သို့ ကဏှဇာတ်တော်ကို အတွင်းပြု၍ ကထိန်အကျိုးအာနိသင်တို့နှင့်တကွ အကြောင်းတရားတို့ကို ပြည့်စုံစွာနာကြားရသည့်အတိုင်း ဤဓမ္မသဝနကုသိုလ်

http://www.dhammadownload.com



ကို အခြေခံကြကုန်လျက် (၃၆)ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူမှုကြီးကို အကြောင်းခံကြကုန်လျက် မိမိတို့အတွင်းအဇ္ဈတ္တသန္တာန် အလှပြင်မှုကိုပြု ကြသည့်အားလျော်စွာ ဤကဲ့သို့ ကြီးကြီးကျယ်ကျယ် အတွင်းအဇ္ဈတ္တ ဒါန၊ သီလ၊ ဘာဝနာ ပါရမီ အလှပြင်မှုတွေကို ဆထက်ထမ်းပိုး တိုးတက်ပြီးသကာလ ပြုနိုင် ကြပါစေကုန်သတည်း၊ ပြုနိုင်တဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း၊ ဤကဲ့သို့ ကြီးကြီးကျယ်ကျယ်ပဲဖြစ်ဖြစ်၊ မိမိတို့ နေ့စဉ်နေ့စဉ် လက်လှမ်းမီရာ နည်းများမဟူ ပြုနေကြတဲ့ဒါန၊ သီလ၊ ဘာဝနာကုသိုလ် မှုတို့ဖြင့် အတွင်းအဇ္ဈတ္တစိတ်ကို ပါရမီနဲ့ အလှဆင်တဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

ထိုကဲ့သို့အလှဆင်တဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ ဖြစ်ကြကုန်လျက် ကဏှဇာတ်တော်နှင့် ဘုရားရှင်ဆုံးမတော်မူတဲ့ အဆုံးအမတော်အားလုံးကို နားဝယ်စွဲနေအောင် နားထောင်ကြပြီးသကာလ မိမိတို့ကို မိမိတို့အတွင်းအဇ္ဈတ္တကို အလှပြင်နိုင်တဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ ဖြစ်ကြကုန်လျက်၊ ဤကဲ့သို့ အတွင်းအဇ္ဈတ္တကို တန်ဘိုးထားကြ၍ အလှပြင်သွားကြတဲ့ ရှေးရှေးသောသူတော်ကောင်း၊ သူမြတ်လောင်းကြီးတို့ ရအပ်, ရောက်အပ်, သိမြင်အပ်သော နိဗ္ဗာနဓါတ်တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာရောက်ကြရ၊ ရကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု. . . သာဓု. . . သာဓုပါအရှင်ဘုရား။

http://www.dhammadownload.com



## လူချင်းတူ အသက်ရှူကွဲတရားတော်

တရားပွဲစတော့ ဘုန်းကြီးက တရားဟောတဲ့အခါမှာ တရားနာပရိသတ်တွေကို မေးပြီးတော့ ဟောတဲ့အလေ့ထရှိပါတယ်၊ ဒကာ ဒကာမတွေရဲ့ တရားနာယူတဲ့ပုဂ္ဂိုလ်တွေ ပြည့်စုံသင့် ပြည့်စုံထိုက်တဲ့ ဉာဏ်လေးပါးထဲမှာ ဓာရဏခေါ်တဲ့ မှတ်မိတဲ့ ဉာဏ်ရင့်သန်စေချင်လို့ မေးပြီးတော့ ဟောခြင်းဖြစ်ပါတယ်၊ အဲဒီလို မေးပြီးတော့ ဟောတဲ့အခါမှာ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေ အနေနဲ့ကြားလျှင်ကြားခြင်း သိလိုက်တဲ့ သုတမယဉာဏ်၊ ကြားပြီးတော့ မှတ်မိနေတဲ့ ဆောင်ထားနိုင်တဲ့ မှတ်မိတဲ့ဉာဏ်၊ မှတ်မိတဲ့ တရားလေးကို ထပ်တလဲလဲစဉ်းစားဝေဘန်တဲ့ စိန္တာမယဉာဏ်၊ အဲဒီလို မှတ်မိထား စဉ်းစားထားပြီးတော့မှ အဲဒီတရားအတိုင်း ကျင့်ကြံအားထုတ်မှုဆိုတဲ့ ဘာဝနာမယဉာဏ်လို့ တရားနာတဲ့ ပုဂ္ဂိုလ်တိုင်းပြည့်စုံရမည့်ဉာဏ်လေး ပါးရှိတယ်။

အဲဒီဉာဏ်လေးပါးထဲက အထူးသဖြင့် ဓာရဏဉာဏ်လို့ခေါ်တဲ့ မှတ်မိတဲ့ဉာဏ်လေး တိုးပွားစေချင်လို့ မေးပြီးတော့ ဟောတဲ့ အလေ့အထရှိပါတယ် ဒီတော့ ဒီလိုမေးတဲ့အခါမှာ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေက အော် ဒီကိုယ်တော်နယ် တရားဟောမှာဟောတာမဟုတ်ဘူး အမေးအမြန်းကလည်း ထူလိုက်တာလို့ အဲဒီလိုသဘောမမျက်ဘဲနဲ့ ငါတို့ကို မှတ်မိစေချင်လို့ ဘုန်းကြီးက မေးနေတယ်လို့ သမာဓိပိုပြီး ရစေချင်လို့ မေးပြီးတော့ ဟောနေတယ်လို့ အာရုံပြုပြီးတော့ ဘုန်းကြီးမေးတဲ့ အမေးလေးကို အားတက်သရောနဲ့ အဖြေပေးပါ. . . လို့ ဘုန်းကြီးမေတ္တာရပ်ခံပါတယ်၊ အဲဒီလို ဖြေဖို့ရာ ရှေးရှုထားခြင်းဖြင့် စိတ်စိုက်ထားခြင်းဖြင့်လည်း ဒကာ ဒကာမအပေါင်းသူတော်ကောင်း တွေရဲ့ စိတ်ဟာ တခြားကို အလွင့်အပါး နည်းသွား ပါလိမ့်မယ် အဲဒီနည်းသွား ခြင်းသည်ပင်သမာဓိလို့ခေါ်ပါတယ်၊ တရားထဲမှာ စိတ်စိုက်ပြီးတော့ နာမိရက် သားဖြစ်သွားလိမ့်မယ် အဖြေပေးရမှာဆိုတော့ စိတ်စိုက်ထားပြီးတော့ နာသွား လိမ့်မယ်၊ဒါကြောင့် တရားနာပုဂ္ဂိုလ်များ ပြည့်စုံရမယ့် တရားနာယူတဲ့ ပုဂ္ဂိုလ် များ ပြည့်စုံသင့် ပြည့်စုံထိုက်တဲ့ ဉာဏ်လေးပါးထဲမှာ ဓာရဏခေါ်တဲ့ ဉာဏ်ရင့် သန်စေချင်လို့ ဘုန်းကြီးကမေးတာဖြစ်ပါတယ်၊ အဲဒီအမေးလေးကို ဘုန်းကြီးတို့ ပရိသတ်ကြီးက အားတက်သရောနဲ့ အဖြေပေးပါလို့ ဘုန်းကြီး မေတ္တာရပ်ခံပါတယ် ကိုင်း. . . ဒီတော့ တရားပွဲစရအောင် လို့ဆိုတော့

http://www.dhammadownload.com



**သုခေတ္တေ ပဏ္ဍိတော ပေါသော, သမ္ပဿံ အတ္တမတ္တနော၊**
**ဘဝပဒေသံ လဒ္ဓါန, စရေယျ ဇီဝိတံ သေဋ္ဌ။**

သုခေတ္တေ-မနုဿသတ္တ, ဒုလ္လဘနှင့်, ဗုဒ္ဓသာသနာ, ကြုံတွေ့ခါလျှင်, ဆယ်ဖြာပုည, ဒသသုံးလီ, ပါရမီကို, အမြိုက်ဆီတောင်းတ, ပြုလုပ်ရသည့် မြတ်လှဘိတောင်း, ခေတ်ခါကောင်းကြီး၌၊ ပဏ္ဍိတော ပေါသော-ကံကောင်း ထောက်မ, လူ့ဘဝကို, ရလာပေတောင်း, အမျိုးသား အမျိုးသမီးကောင်းသည်၊ အတ္တနော အတ္တ-ပစ္စုပ္ပန်သံသရာ, နှစ်ဖြာစီးပွား, မိမိရဲ့အကျိုးတရားကို၊ သမ္ပဿံ သမ္ပဿန္တော-ကောင်းစွာကြည့်လင်, အရှည်ထင်အောင်, မျှော်မြင်နိုင်သည်ရှိ သော်၊ ဘဝပဒေသံ-ဘဝများစွာ, ကမ္ဘာဘာဖို့, ချမ်းသာသုခ, တောင်းတိုင်းရ, လုပ်တိုင်းရနိုင်သည့်, လူ့ဘဝခေါ်တဲ့ဘဝပဒေသာကြီးကို၊ လဒ္ဓါ လဒ္ဓါန-အခါ ကောင်းနှင့်, အကြောင်းသင့်၍, အခွင့်လျှော်စွာ, ရရှိနေပါသည်ဖြစ်၍၊ ဇီဝိတံ-အခါနည်းပါး, အနာများလျှက်, ဆူပွားပွေလိမ်, ဇီဝိတိန္ဒြေခေါ်မြွက်,ကိုယ့်အ သက်ကလေးကို၊ သေဋ္ဌ-အိုနာသေဇာတ်, အမြစ်ပြတ်၍, အကောင်းမြတ်ဆုံး ဖြစ်ရလေအောင်၊စရေ စရေယျ-လူ့ချင်းတူ, အသက်ရှူကွဲအောင်, အမြဲမသွေ, ကျင့်ကြံကြိုးကုတ်, အားထုတ်လိုက်နိုင်လရာသတည်း။

သာဓု. . . သာဓု. . သာဓုပါဘုရား

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၄၇-ခုနှစ် တန်ဆောင်မုန်းလပြည့် ကျော် (၉) ရက်နေ့ညမှာ၊ အမရပူရမြို့ ဈေးချိုတိုက်နယ် ပိန်းတန်းရပ်ကွက်၌ နေထိုင်ကြကုန်သော ဒကာ,ဒကာမအပေါင်းသူတော်ကောင်းတို့ရဲ့ မိမိတို့ရဲ့ နေထိုင်ရာ ပိန်းတန်းရပ်ကွက်အတွင်းမှာ တည်ထားကိုးကွယ်ထားအပ်သော သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဥဒ္ဒိဿစေတီတော်မြတ်, ရုပ်ပွားဆင်းတုတော်မြတ်ကြီးအား မိမိတို့တည်ထား ဆောက်လုပ်ထားအပ်တဲ့ ဓမ္မာရုံအတွင်းမှာ ခင်းကျင်းပြီးသကာလထားအပ်တဲ့ ဤပန်း,ရေချမ်း, ဆွမ်း, ဆီမီး, သစ်သီးမျိုးစုံတို့ဖြင့် ပူဇော်ကြတဲ့ ဓမ္မာရုံဘုရားပွဲကို အကြောင်းပြုပြီး သကာလ ဒီနေ့ညဖြစ်ပေါ်လာတဲ့တရားပွဲ. . . ။.

အားလုံး အမရပူရမြို့ ပိန်းတန်းရပ်ကွက်မှာ နေထိုင်ကြကုန်သော ဒကာ, ဒကာမအပေါင်းသူတော်ကောင်းတို့ရဲ့ နှစ်စဉ်ကျင်းပနေကျဖြစ်တဲ့အ တိုင်း သက်တော်ထင်ရှားဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ကိုယ်စား မိမိတို့ ရပ် ကွက်ထဲမှာ သီတင်းသုံးပြီးသကာလ၊ မိမိတို့ရှေ့မှောက်သို့ ရောက်လာသမျှ

http://www.dhammadownload.com



သော သူတော်ကောင်းမှန်သမျှတို့ကို မဂ်ဖိုလ်နိဗ္ဗာန်အရောက်ပို့နေတော် မူတဲ့ ဤမြေမွာရုံမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးအား (၅၈) ကြိမ်မြောက် (၅၈) နှစ်မြောက် ဒီနေ့ စုပေါင်းပြီးသကာလ ပန်းရေချမ်း ဆွမ်းဆီမီး သစ်သီးမျိုးစုံတို့ဖြင့် ပူဇော်လှူဒါန်းကြခြင်း၊ လာမည့်တန်ဆောင်မုန်းလပြည့်ကျော် (၁၁) ရက်နေ့မှာလည်းပဲ ဘုရားသားတော်သံဃာတော်အပေါင်း (၃၀၀၀)ကျော်တို့အား နှစ်စဉ်လှူဒါန်းနေကျဖြစ်တဲ့အတိုင်း သံဃဒါနပိဏ္ဍပါတ် ဆွမ်းတို့ဖြင့်လည်း လောင်းလှူကြခြင်း၊ သက်နီးထီးဖိနပ်အစရှိသော တတ်စွမ်းသမျှ စာရေးတံမဲတို့ ဖြင့်လည်း အသီးသီးလှူဒါန်းကြခြင်းလို့ဆိုတဲ့ သံဃပူဇနိယကုသိုလ်ကောင်းမှု မင်္ဂလာတွေ။

ဒီမှတစ်ပါး မိမိတို့ ဖိတ်မန္တကပြုထားအပ်တဲ့ မိတ်ဆွေသင်္ဂဟအပေါင်း သူတော်ကောင်းကိုတို့လည်းပဲ အဲဒီဘုရားပွဲနေ့မှာ တတ်စွမ်းသမျှ ကျွေးကြမွေးကြ ညှေ့ခံကြခြင်းဆိုတဲ့ အန္နပါနာဒိဘောဇနဒါန ကုသိုလ်ကောင်းမှုမင်္ဂလာတွေ စုပေါင်းကြပြီးသကာလ မိမိတို့တတ်စွမ်းသမျှ ပန်း၊ ရေချမ်း၊ ဆွမ်း ဆီမီး သစ်သီးမျိုးစုံ လှူဖွယ်တန်းဖွယ်မျိုးစုံတို့ဖြင့် လှူဒါန်းပူဇော်ကြတယ်။ အဲဒီလို လှူဒါန်း လှူဒါန်းပြီးတော့လာလိုက်ကြတာ ငါးဆယ်နဲ့ရှစ်ကြိမ်မြောက် ငါးဆယ့်ရှစ်နှစ် မြောက်ရောက်လာခဲ့ပြီ။

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပူဇော်လာခဲ့တဲ့ တစ်နှစ်မှာ ပန်းတစ်ပွင့်နဲ့ပဲ ပူဇော်တယ်ထား ဆယ်နှစ်ဆိုတော့ ဆယ်ပွင့် အနှစ်နှစ်ဆယ်ဆိုတော့ ပန်းပွင့်ပေါင်းနှစ်ဆယ် တစ်နှစ်ပန်းကုံးတစ်ကုံးနဲ့ပဲ ပူဇော်တယ်ထား ဆယ်နှစ်ဆိုတော့ ပန်းကုံးပေါင်းဆယ်ကုံး အနှစ်နှစ်ဆယ် သုံးဆယ် လေးဆယ် ငါးဆယ်ကျော်ဆိုတော့ ပန်းကုံးပေါင်းငါးဆယ်ကျော် မိမိတို့ ပူဇော်ပြီးသကာလ လာလိုက်ကြတာ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပူဇော်လာခဲ့ကြတဲ့ ပန်းပွင့်တွေ. . . ပန်းကုံးတွေ. . . ဒါအနည်းဆုံးတွက်ပြောတာ၊ အသီးအသီး ပန်းပွင့်ပေါင်း ဆယ်ပွင့်ဆယ့်ငါးပွင့် အပွင့်တစ်ရာ ပူဇော်တဲ့သူတွေပါမယ်၊ ဆွမ်းတော်ဟင်းတော် သစ်သီးတော်တွေ မုန့်ခဲဖွယ်တွေနဲ့ ပူဇော်တဲ့သူတွေပါမယ်၊ ဒီတော့ တစ်နှစ်ဆွမ်းတစ်ပွဲနဲ့ပဲ ပူဇော် ငါးဆယ့်ရှစ်နှစ်ဆိုတော့ ဆွမ်းတော်ပွဲပေါင်း ငါးဆယ်နဲ့ရှစ်ပွဲတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပူဇော်ခဲ့ကြတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပန်းတွေနဲ့ ပူဇော် ဆွမ်းတွေနဲ့ ပူဇော် ရေချမ်းတွေနဲ့ ပူဇော် အမွှေးတိုင်တွေနဲ့ ပူဇော် လျှပ်စစ်မီးတွေ ဆီမီးဖယောင်းမီးတွေနဲ့ ပူဇော်၊ အဲဒီလို ပူဇော်တိုင်း ပူဇော်တိုင်း ဘုရားရှင်ကိုယ် တော်မြတ်ကြီးရဲ့ ရှေ့မှောက်မှာ

http://www.dhammadownload.com



လက်အုပ်ချီမိုးရှိခိုးရင်းနဲ့ ဖြစ်ပွားသွားခဲ့တဲ့ ကုသိုလ်စိတ်စေတနာ အကြိမ်ဝါရတွေ မရေတွက်နိုင်ဘူး ကုသိုလ်စိတ်စေတနာတွေ။

ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေ ဘုရားကိုပန်းလေးတစ်ပွင့်လှူတယ်ဆိုရင် ပန်းကလေးကတော့ တစ်ပွင့်ပဲ၊ မိမိဝမ်းထဲမှာ ဖြစ်ပွားသွားလိုက်တဲ့ ကုသိုလ်စေတနာတွေက ပန်းတစ်ပွင့်လှူတဲ့အချိန်မှာ ကုဋေတစ်သိန်းလောက် ပန်းတွေပွင့်တယ်၊ ရှေ့က ပကတိပန်းကတော့ တစ်ပွင့်ပဲဘုရားလှူနေတာ၊ဒကာ ဒကာမတွေရဲ့ဝမ်းထဲမှာ သဒ္ဓါပန်းတွေ စေတနာပန်းတွေ သူတော်ကောင်းဓာတ်လို့ခေါ်ရတဲ့ ကုသိုလ်စေတနာတွေက အဲဒီပန်းတစ်ပွင့် လှူတဲ့အချိန်မှာ ကုဋေတစ်သိန်း ကုဋေတစ်သိန်းလောက် ပွင့်ကြတယ်. . တဲ့ ဝမ်းထဲမှာ၊ကုသိုလ်စိတ်စေတနာဇောတွေ စောသွားလိုက်တာ ပန်းတစ်ပွင့်ကို အကြောင်းပြုပြီးတော့ မြောက်များစွာ ဖြစ်ပွားသွားတယ်၊ "ပန်းကိုလှူလျှင်, ပန်းကြောင့်ပင်, ကြည်လင်အေးမြ, ကုသိုလ်ရ" ဟောပန်းကို လှူရင် ပန်းအကြောင်းပြုပြီး ပန်းအာရုံပြုပြီး မိမိဝမ်းထဲမှာ ပန်းနဲ့စပ်တဲ့ ကုသိုလ် တွေ ကုသိုလ်စိတ်တွေ ကုသိုလ်ဇောတွေ ကုသိုလ်စေတနာတွေ ကုသိုလ် သဒ္ဓါ တွေ ဒါတွေလည်း ပန်းတွေပဲသူတို့က။

ဒီတော့ အဲဒီ ကုသိုလ်ပန်းတွေက အပြင်ဘက်က ပန်းကသာတစ်ပွင့်ရှိတာ ဝမ်းထဲဖြစ်သွားတဲ့ ပန်းတွေက မရေတွက်နိုင်၊ကုသိုလ်စိတ် ကုသိုလ်ဇောတွေဟာ လက်ဖြောက်တစ်ချက်တီး ကုဋေတစ်သိန်းလောက်ဖြစ်လေ့ ရှိတယ် လက်ဖြောက်တစ်ချက်တီးခေါ်တဲ့ တစ်စက္ကန့်လောက်မှာ ကုဋေတစ်သိန်းလောက်ဖြစ်လေ့ရှိပါတယ် ကုသိုလ်ဇော ကုသိုလ်စိတ်တွေက၊ဘုန်းကြီးတို့ ပရိသတ်ကြီး. . . ဒါဖြင့် ပန်းတစ်ပွင့်လှူတဲ့ အချိန်မှာ ပန်းတစ်ပွင့်လှူပြီးတော့ လက်အုပ်ချီလိုက်တဲ့ အချိန်မှာ မိမိဝမ်းထဲမှာ ကုသိုလ်ပန်းတွေ ကုဋေတစ်သိန်းလောက်ဖြစ်တယ်လို့ ပရိသတ်ကြီး မဆိုနိုင်ဘူးလား ? ဆိုနိုင်ပါ၊ ဘုရား၊ ဒါဖြင့် ဆိုစမ်းပါ. .

*"ပန်းကိုလှူလျှင်, ပန်းကြောင့်ပင်, ကြည်လင်အေးမြ, ကုသိုလ်ရ။ ဆွမ်းကိုလှူလျှင်, ဆွမ်းကြောင့်ပင်, ကြည်လင်အေးမြ, ကုသိုလ်ရ"

ဆွမ်းလှူတော့ စိတ်ကဆွမ်းဆီ အာရုံရောက်မနေဘူးလား ပရိသတ်ကြီး? ရောက်နေပါ ဘုရား၊ မိမိကပ်နေတဲ့ ဆွမ်းတို့ ဟင်းတို့ သစ်သီးတို့ဆီ အာရုံရောက်ပြီး သူက အာရမ္မဏပစ္စည်းအဖြစ်နဲ့ ကျေးဇူးပြုနေတာ၊ မိမိဝမ်းထဲ စိတ်ကလေးက အာရမ္မဏပစ္စည်းရဲ့ ပစ္စယုပ္ပန်အဖြစ်နဲ့ ဘုရားရှင်ကိုယ်တော်

http://www.dhammadownload.com



မြတ်ကြီးကို ဆွမ်းနဲ့ ပူဇော်ပါ တယ် ပန်းနဲ့ ပူဇော်ပါတယ် သစ်သီးနဲ့ ပူဇော်ပါ တယ် ခဲဖွယ်နဲ့ ပူဇော်ပါတယ်လို့ အဲဒီလို တစ်ကြိမ်လေးဖြစ်နေတဲ့ အချိန်မှာ ကုဋေတစ်သိန်းလောက် ကုဋေတစ် သိန်းလောက် ကုသိုလ်ဇောတွေ စောကြတယ်။ ဒါဖြင့် အပြင်ဘက်က ပန်းကတော့ တစ်ပွင့်ပဲ ငါးဆယ်နဲ့ ရှစ်နှစ်ဆိုတော့ ပန်းပွင့်ပေါင်း ငါးဆယ်နဲ့ရှစ်ပွင့်ရှိတယ် ဒါအနည်းဆုံး အနည်းဆုံး တစ်ပွင့်လှူတဲ့အနေနဲ့ပြောတာဆယ်ပွင့်လှူ တဲ့သူ ဆယ့်ငါးပွင့်လှူတဲ့သူ အပွင့်နှစ်ဆယ်လှူတဲ့သူ အနေနဲ့ဆိုရင် ရေတွက် သာကြည့်တော့ အဲဒီလို ပန်းပွင့်ကို အကြောင်းပြုပြီးသကာလ မိမိဝမ်းထဲမှာ ဖြစ်ပွားသွားတဲ့ ကုသိုလ်စေတနာပန်းတွေ. . . ကုဋေတစ်သိန်းလောက် ကုဋေ တစ်သိန်းလောက် ဖြစ်ပွားပြီးတော့ နေတယ်ဆိုရင် ပရိသတ်ကြီး ငါးဆယ့် ရှစ်နှစ်ဆိုတော့ ကုသိုလ်ပန်းတွေ ရေတွက်လို့ ရပါ့မလား ? မရပါဘုရား၊ အဲဒီလို ကိုယ့်ကိုယ်ကိုမြင်လိုက်ကြပါ အဘိဓမ္မာသဘာဝက အဲဒီလိုဖြစ်နေတယ်။

ကုသိုလ်ကောင်းမှုပြုလုပ်တဲ့ နေရာမှာ ဉာဏ်ကြီးတဲ့ သူက ပညာကြွယ်တဲ့သူက ကုသိုလ်ပိုရကြစတမ်းတဲ့ ဒကာကြီးဦးငြိမ်ရဲ့ မှန်ပါဘုရား၊ ကုသိုလ်ကောင်းမှုပြုတာ အတူတူထား ပန်းတစ်ပွင့်အတူတူလှူတာထား ကိုယ်က ကုသိုလ်နဲ့ဆက်ပြီးတော့ အသိဉာဏ်ကြွယ်လေလေ အသိတိုးလေလေ ကိုယ့်မှာ ကုသိုလ်ပိုပြီးတော့ ရလေလေပဲတဲ့ ဒါကို ဘုန်းကြီးတို့ ဥပရိပဏ္ဏာသ အဋ္ဌကထာဆရာကြီးက "ဇာနိတွာ ကတံ မဟပ္ဖလံ ဟောတိ မဟာနိသံသံ" ဇာနိတွာ- မိမိ ပြုလုပ်အားထုတ်အပ်တဲ့ ကုသိုလ်ကောင်းမှုနဲ့စပ်ပြီးတော့ ပြုလုပ်ပုံပြုလုပ်နည်း သိပြီးတော့၊ ဇာနိတွာ-ကုသိုလ်ကောင်းမှုနဲ့ စပ်ပြီးတော့ ပြုလုပ်လိုက်တဲ့အတွက် အလှူခံပုဂ္ဂိုလ်နဲ့ မိမိမှာ ရတဲ့ အကျိုးတွေကို သိပြီးတော့၊ ဇာနိတွာ- ပြုလုပ်လိုက် တဲ့ ကုသိုလ်ကောင်းမှုနဲ့ စပ်ပြီးသကာလ အရှိမှန်တရား အဖြစ်မှန်တရားတွေကို သိပြီးတော့၊ ကတံ-ပြုလုပ်အားထုတ်တဲ့ ကုသိုလ်ကောင်းမှုသည်၊ မဟပ္ဖလံ-ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးဆက်လည်း ရှိသည်၊ ဟောတု- မုချမသွေ ဖြစ်ရပါပေသတည်း။

## သာဓု. . . သာဓု. . . သာဓုပါဘုရား

ကိုယ်လုပ်တဲ့ ကုသိုလ်ကောင်းမှုနဲ့ စပ်ပြီးတော့တဲ့ သိသင့် သိထိုက်တာလေးတွေ ဖြစ်သင့် ဖြစ်ထိုက်တာလေးတွေ သဘာဝလေးတွေကို သိလေလေ အသိဉာဏ်ကြီးလေလေ ကုသိုလ်က ပိုပြီးတော့ တိုးလေလေပါပဲ၊ သိတယ်ဆို

http://www.dhammadownload.com



တာပညာကို။ကုသိုလ်ကောင်းမှုပြုတဲ့ နေရာမှာ ပညာပါသွား အသိဉာဏ်ပါသွား ရင် အသိဉာဏ်ပါသွားတဲ့ သူက ပိုပြီးတော့ ကုသိုလ်အကျိုးကြီးကျယ်သွားတယ် ဒါကြောင့် ယနေ့ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေ ပန်းတစ်ပွင့်ကို လှူတယ်ထား မီးတစ်တိုင်ကို လှူတယ်ထား အမွှေးတိုင်တစ်တိုင်ကို လှူတယ် ထား ဆွမ်းတစ်ပွဲကို လှူတယ်ထား တစ်ကြိမ်လှူလိုက်တဲ့ အချိန်မှာ ဖြစ်ပွားသွား လိုက်တဲ့ ကုသိုလ်စိတ်စေတနာတွေသည်. . . ကုဋေတစ်သိန်းလောက် ကုဋေ တစ်သိန်းလောက်ဖြစ်တယ်လို့ဆိုတော့ အကြိမ်ပေါင်း ငါးဆယ့်ရှစ်ကြိမ်ရှိလာပြီ ဆိုတော့ ဒီထဲမှာ မိမိတို့ ဆယ်ကြိမ်လည်းပါခဲ့ပြီးသားဖြစ်ချင်ဖြစ်မယ်၊ အကြိမ် နှစ်ဆယ်ထိ မီုတဲ့သူတွေလည်း ရှိမယ် အကြိမ်သုံးဆယ်ထိ ပူဇော်ခဲ့ဖူးတဲ့ သူတွေ လည်းဖြစ်မယ်။ ဒီတော့ တစ်ပွဲ တစ်ပွဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပူဇော်တဲ့ အချိန်မှာဖြစ်သွားတဲ့ မိမိတို့သန္တာန်မှာဖြစ်တဲ့ ကုသိုလ်စိတ်စေတနာဇော တို့ သည်မြောက်များစွာ ဖြစ်ပွားပြီးတော့နေကြတယ်လို့ သိလိုက်တော့ အားတွေ ပိုပွားသွားပြီးတော့ အားတက်သွားတယ်၊ စေတနာအား တွေပိုပွားသွားပြီးတော့ အာသေဝနခေါ်တဲ့ အားတွေပိုပြီး တက်သွားတယ်။

ကိုင်းသံဃာတော်တွေကို ဆွမ်းလောင်းတာကြည့်လိုက်အုံး သံဃာ တော်တွေ တစ်နှစ်တစ်နှစ်ကို သံဃာတော်သုံးရာ အစိတ် သုံးရာ့အစိတ် စာရေး တံမဲတွေ ဖောက်ပြီး လှူဒါန်းကြတယ်၊ ဒီတော့ သံဃာတစ်နှစ်ကို သုံးရာကျော် သုံးရာပဲထားပါ ဆယ်နှစ်ဆိုတော့ သုံးထောင် အနှစ်နှစ်ဆယ်ဆိုတော့ ခြောက် ထောင် အနှစ်လေးဆယ်ဆိုတော့ တစ်သောင်းနှစ်ထောင် အနှစ်ငါးဆယ်ဆို တော့ တစ်သောင်းကျော် တစ်သောင်းခွဲ အနှစ်ငါးဆယ်နဲ့ရှစ်နှစ်ဆိုတော့ဒကာ ကြီးဦးငြိမ် သံဃာ့တော်တစ်သောင်းကျော် နှစ်သောင်းနီးပါးဖြစ်မသွားဘူး လား? ဖြစ်သွားပါ[illegible]ဘုရား၊ ပရိသတ်ကြီး ဖြစ်မသွားဘူးလား? ဖြစ်သွားပါ [illegible]ဘုရား၊ ဒါဖြင့် ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေရဲ့ မိဘဘိုးဘွား တွေက စပြီးသကာလ မိမိတို့တစ်တွေ ငါးဆယ့်ရှစ်နှစ်ငါးဆယ့် ရှစ်ကြိမ်မြောက် တိုင်တိုင် ဒီဓမ္မာရုံဘုရားပွဲ ဒီနေရာ ဒီဒေသ ဒီပတ်ဝန်းကျင်မှာ ဘုရားသားတော် သံဃာတော်ပေါင်း နှစ်သောင်းနီးပါးတို့ကို ဆွမ်းတွေ ဟင်းတွေ သက်န်းတွေ ထီးတွေ ဖိနပ်တွေ ဆပ်ပြာတွေ တဘက်တွေ သွားတိုက် ဆေးဗူးတွေအစရှိတဲ့ လှူဖွယ်တန်းဖွယ် အသွယ်သွယ်တွေနဲ့ မိမိတို့လှူဒါန်း ခဲ့ကြပြီ. . . လို့ ပရိသတ် ကြီး မဆိုနိုင်ဘူးလား? ဆိုနိုင်ပါဘုရား။

http://www.dhammadownload.com



အဲဒီလို အာရုံပြုကြည့်လိုက်တော့ ဘုရားသားတော် သံဃာတော် ပေါင်းတစ်သောင်းကျော် နှစ်သောင်းနီးပါးလို့ဆိုတော့ စိတ်စေတနာတွေက သံဃာတော်တစ်သောင်း နှစ်သောင်းအပေါ် အာရုံရောက်မသွားဘူးလား? ရောက်ပါ . . ဘုရား၊အဲဒါ လယ်ယာမြေကွက်ပေါင်း တစ်သောင်း ကေပေါင်း တစ်သောင်း နှစ်သောင်းထဲ မျိုးစေ့တွေ ကြဲလိုက်တာနဲ့ တူတယ်၊ သံဃာနှစ်ရာ နှစ်ရာလို့ဆိုတော့ နှစ်ရာကေထဲမှာ စိုက်တာနဲ့ တူတာပေါ့၊သံဃာတစ်သောင်း ကျော် နှစ်သောင်းကျော်လို့ အာရုံပြုပြီးတော့ ပုဗ္ဗစေတနာတွေ မုဥ္စစေတနာ တွေ အပရစေတနာတွေ ပွားကြည့်လိုက်တော့ အထူးသဖြင့် ပြုခဲ့တဲ့ ကုသိုလ် စေတနာတွေနှင့် တကွ ဒီနေ့ပြုလုပ်တဲ့ ကုသိုလ်စေတနာတွေကို ထပ်ပေါင်းပြီး သကာလ ပွားကြည့်လိုက်တော့ ဒို့ မိဘဘိုးဘွားတွေက စပြီးသကာလ အထူးသ ဖြင့် ငယ်ငယ်ရွယ်ရွယ်ကစပြီးသကာလ ဒီဘုရားပွဲကြီး ဒီနေရာ ဒီဒေသ ဒီမြေ ပေါ်မှာနင်းပြီးတော့ ဒီပတ်ဝန်းကျင်မှာ ဒို့ ကုသိုလ်ကောင်းမှု ရေစက်ချပြီးသ ကာလ ပြုလုပ်အားထုတ်လာခဲ့တဲ့ ကုသိုလ်ကောင်းမှုတို့သည် . . . ဘုရားသား တော် သံဃာတော်ပေါင်းနှစ်သောင်းနီးပါးတို့ကို ဒို့လှူခဲ့ကြပြီ . . . လို့ဆိုတော့ သံဃာတော်ပေါင်းနှစ်သောင်းဆီ စိတ်ရောက်သွားလိုက်တော့ လယ်ကေ ပေါင်း နှစ်သောင်းထဲမှာ ဒကာ ဒကာမတွေရဲ ကုသိုလ်စေတနာ သဒ္ဓါတွေ စေတနာ တွေဆိုတဲ့ မျိုးစေ့တွေ ကြဲရာရောက်သွားတယ်။

လယ်ကေနှစ်ရာထဲ စိုက်လို့ရတဲ့ မျိုးစေ့တွေ စိုက်ပျိုးလိုက်တဲ့ မျိုးစေ့ ကြောင့်ရမည့် အသီးတွေ အပွင့်တွေ အရွက်တွေထက် လယ်ကေပေါင်း နှစ်သောင်းထဲမှာ စိုက်လိုက် ပျိုးလိုက်လို့ ရမယ့် အသီးတွေ အပွင့်တွေ အရွက် တွေက ပိုရမယ် . . . တဲ့၊ လယ်ကေနှစ်ရာထဲ စိုက်လို့ ပျိုးလို့ရမယ့် အသီးအပွင့် တွေက ပရိသတ် သာမှာလား မသာမှာလား? သာပါ . . .ဘုရား၊ များမှာလား မများမှာလား? များမှာပါဘုရား၊ ဒီတော့ အဲဒီလို စိတ်စေတနာ ပြန့်ကားပြီး သကာလ ပညာတွေကို ဖြန့်ပွား စေတနာတွေကို ဖြန့်ကား အသီးအနှံတွေကို ဖွံ့ထွားအောင် ပြုလိုက်ရင် ဟော သံဃာတော်တွေကို တစ်နှစ် တစ်နှစ်သုံးရာ သုံးရာ လှူခဲ့တယ်၊ ဆယ်နှစ်ဆိုရင် သံဃာသုံးထောင်ကို ငါတို့ လှူခဲ့ရပြီ . . . လို့ ဒီတော့ အလှူခံပုဂ္ဂိုလ်အနေနဲ့ အဲဒီလို အာရုံပြုတဲ့အပြင် အဲဒီလို အလှူခံ ပုဂ္ဂိုလ်တွေထဲမှာ လော်င်းလိုက်တဲ့ ဆွမ်းတွေလောင်းလိုက်တဲ့ ဟင်းတွေလှူ လိုက်တဲ့ မုန့်ပဲသွားရည်စာတွေ စာရေးတံမဲဖောက်ပြီး လှူလိုက်တဲ့ တဘက် ဆပ်ပြာ သက်နှ်း ထီး ဖိနပ်စတဲ့ ပစ္စည်းတွေ အဲဒီ ပစ္စည်းတွေကလည်းပဲ ခုလိုပဲ

F. 40

http://www.dhammadownload.com



သံဃာသုံးထောင်ဆိုတော့ သက်န်းအနေနဲ့ပြောရင် သင်္ကန်းအထည်ပေါင်း သုံးထောင် တဘက်အနေနဲ့ ပြောရင် တဘက်အထည်ပေါင်း သုံးထောင်စသည် ဖြင့် အလှူပေးဝတ္ထု လှူဖွယ်ဝတ္ထု ပစ္စည်းတွေကလည်း ပရိသတ်ကြီး အာရုံပြု ကြည့်လိုက်ရင် မများဘူးလား? များပါဘုရား အဲဒီများတဲ့ အပေါ်စိတ်ကလေး တွေ စေတနာလေးတွေ ရောက်သွားရင် အဲဒါ ကောင်းမှုအားကောင်းလာတယ် . . . တဲ့ ကုသိုလ်အားကောင်းတာ ဒါဖြင့် ဆိုလိုက်စမ်းပါ--

"သင်္ကန်းကိုလှူလျှင်, သင်္ကန်းကြောင့်ပင်, ကြည်လင်အေးမြ, ကုသိုလ်ရ"အဲဒီလိုအားဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပန်းတွေ ဆွမ်း တွေ ရေချမ်းတွေ သစ်သီးတွေ မုန့်တွေနဲ့ လှူခဲ့တဲ့အကြိမ်တွေ လှူခဲ့တဲ့ စိတ္တုပ္ပါဒ် တွေ မြောက်များစွာ ဒီနေ့ရမှာ ဒို့ဖြစ်ခဲ့ကြပြီ၊ သံဃာတော်တစ်နှစ် တစ်နှစ်သုံး ရာ ကျော်သုံးရာကျော်နဲ့လည်းပဲ နှစ်ပေါင်းငါးဆယ်ရှစ်နှစ်ဆိုတော့ မိမိတို့ တတွေ မှီသမျှနဲ့ပဲ တွက်မယ်ဆိုရင် ဆယ်နှစ် အနှစ်နှစ်ဆယ် သုံးဆယ်မှီခဲ့ရင် . . . ဒို့တတွေ သံဃာတော်ပေါင်းတစ်သောင်းနီးပါး တစ်သောင်းကျော်တို့ကို လှူတန်းကြပြီ၊ လှူဖွယ်တန်းဖွယ် အသွယ်သွယ်တွေနဲ့လည်းပဲ ဒို့ထောက်ပံ့လှူ ဒါန်းနိုင်ကြပြီလို့ အဲဒီလို စေတနာ သဒ္ဓါဖြန့်ကားပြီးတော့ ဉာဏ်ပထျာဖြန့်ပြီး တော့ ကြည့်တတ်ရတယ်၊ ဒီထက်ဖြန့်လိုက်အုံးမယ်ဆိုရင် ပဋ္ဌာန်းဒေသနာတော် နည်းနဲ့ ကြည့်အုံးမယ်ဆိုရင်-

" အစာအာဟာရကို အမှီပြုပြီးတော့ အသက်ရှင်ရတဲ့ ဟောဒီ- လူ့ပြည် နတ်ပြည်ဆိုတဲ့ ကာမဘုံသားတို့အတွက် တနေ့စားလိုက်တဲ့ အစာအာဟာရသည် ခုနစ်နေ့ ခုနစ်ည ခုနစ်ရက်တိုင်တိုင် သွားရပ် ထိုင်လျောင်း လိုရာပြောင်း လျှက် အကြောင်းအားလျော်စွာ နေစေနိုင် ပါပေတယ်" လို့--

ဒကာ ဒကာမတွေ စေတနာ သဒ္ဓါ ဉာဏ်အားကြီးသထက်ကြီးအောင် ပဋ္ဌာန်းနည်းနဲ့ ဖြန့်ကြည့်အုံးမယ်ဆိုရင် တစ်နှစ်တစ်နှစ်သံဃာသုံးရာကျော်ကို မိမိတို့ ဆွမ်းလောင်းတယ်၊ ကိုင်း မိမိကတစ်ပါးကို လောင်းတယ်ထား အဲဒီ သံဃာတစ်ပါးကို လောင်းလှူလိုက်တဲ့ တစ်ထပ်ဆွမ်းသည် ဆွမ်းတစ်ပွဲသည် အဲဒီ သံဃာတော် အရှင်မြတ်အား ခုနစ်ရက်-ခုနစ်နေ့ ခုနစ်ညတို့တိုင်တိုင် အသက်ပြတ်မသွားအောင် ဆောင်ထားတယ်. . . တဲ့၊ မိမိတို့ လှူလိုက်တဲ့ တစ်နေ့စာဆွမ်း တစ်ထပ်စာဆွမ်းက အဲဒီ သံဃာတော် အရှင်မြတ်အား ခုနစ် ရက်တိုင်တိုင် အသက်ရှင်နေအောင် ပြုပေးတယ် ထောက်ပံ့ပေးတယ်၊ တစ်ရက်

http://www.dhammadownload.com



စားလိုက်တဲ့ အစားအာဟာရကဘုန်းကြီးတို့ ကာမနယ်သားတွေအတွက် ခုနှစ်ရက်တိုင်တိုင် ဝမ်းထဲမှာ နောက်ထပ်ဘာမှ မစားရဘူးဆိုသည့်တိုင်အောင် ခုနှစ်ရက်တိုင်တိုင် အသက်ရှင်စေနိုင်တယ် ခုနှစ်ရက်တိုင်တိုင် လှုပ်ရှားစေနိုင်တယ် စာတွေအံလို့ စာတွေကြည့်လို့ စာတွေကျက်လို့ ဒီအလုပ်တွေကို ပရိယတ် ပဋိပတ်အလုပ်တွေကို လုပ်စေနိုင်တယ်။

စားလိုက်တဲ့ အစာအာဟာရတစ်ထပ်က သွေးတွေ ချွေးတွေ လေတွေ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပွားပြီးသကာလ နောက်ထပ်ဘာ အစာအာဟာရမှ မစားသည့်တိုင်အောင် ခန္ဓာကိုယ်ထဲမှာ လှုပ်ရှားပြီးတော့ အသက်ဆက်ပြီးတော့ ပေးနိုင်တယ်လို့ဆိုတော့ သံဃာတစ်ပါး တစ်ပါးကို မိမိတို့ လှူလိုက်တဲ့ ဆွမ်းတစ်ထပ်စာသည်. . . အဲဒီသံဃာတော်အား သံဃာတော်ရဲ့ ခန္ဓာကိုယ်ထဲမှာ အာဟာရပစ္စည်းအနေနဲ့ခုနှစ်ရက်တိုင်တိုင် ကျေးဇူးပြုပြီးတော့နေတယ်လို့ ဆိုတော့ သံဃာတစ်ပါးက (၇) ပါးလှူရာရောက်သွားတယ်၊ တစ်ရက်လှူလိုက်တဲ့ ဆွမ်းက ခုနှစ်ရက်ကျေးဇူးပြုနေတယ်ဆိုတော့ အဲဒီခုနှစ်ရက်ဟာ ခုနှစ်ပါးပဲ၊ ဒါဖြင့်-တစ်နှစ်တစ်နှစ်မှာ သံဃာတော်သုံးရာဆွမ်းဘောဇဉ်တွေနဲ့ ဒကာ ဒကာမတွေ ထောက်ပံ့ကြတယ်ဆိုရင်ဖြင့် တစ်ပါးတစ်ပါးက ခုနှစ်ပါး ခုနှစ်ပါး ခုနှစ်ရက်ခုနှစ် ရက်အသက်ရှည်အောင်ပြုပေးရာရောက်လေသောကြောင့်၊ သံဃာတော်ပေါင်း နှစ်ထောင်ကျော်ကို၊ ကျေးဇူးပြုရာရောက်ပြန်တယ်၊ ပဋ္ဌာန်းဒေသနာတော်နည်းနဲ့ အဲဒီလိုဖြန့်ကြည့်လိုက်တော့၊ မိမိတို့ လှူတာကတော့ သုံးရာပဲ၊ ပဋ္ဌာန်းနည်း အာဟာရပစ္စည်းနဲ့ ကျေးဇူးပြုလိုက်တဲ့နည်းနဲ့ အသက်သံဃာတော်တစ်ပါး ခုနှစ်ရက်ရှည်အောင်ကျေးဇူးပြုလိုက်တဲ့ နည်းနဲ့ ကြည့်ရင် သံဃာတော်ပေါင်း နှစ် ထောင်တစ်ရာကျော်ကို ကျေးဇူးပြုရာရောက်ပြန်တယ်. . . တဲ့။

ဒီတော့ အဲဒီလိုနည်းနဲ့ ပဋ္ဌာန်းနည်းနဲ့ ကြည့်လို့ရှိရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ငါးဆယ်နဲ့ ရှစ်နှစ်ဆိုတော့ သံဃာတော်ပေါင်းသိန်းကျော် မသွားပေဘူးလား? ကျော်သွားပါဘုရား။အဲဒီလို အလှူခံပုဂ္ဂိုလ်ပေါင်းတစ်သိန်းကျော်တို့ကို ငါးဆယ်ရှစ်နှစ်အတွင်းမှာ ဘုရားသားတော်သံဃာတော်ပေါင်း နှစ်သောင်းကျော် ပဋ္ဌာန်းဒေသနာတော်နည်းနဲ့ ဖြန့်ကြည့်ရင် တစ်သိန်းကျော်ကို ဒို့ကျေးဇူးပြုနိုင်ခဲ့ကြပြီ. . . လို့ အဲဒီလို အပရစေတနာပွားကြပြီး သကာလ ယခုပြုလုပ်အားထုတ်တဲ့ ကုသိုလ်ကောင်းမှုကြီးကိုလည်းပဲ အဲဒီအပရစေတနာတွေရဲ့ တွန်းအား အပရစေတနာတွေရဲ့ ပို့အား အပရစေတနာတွေရဲ့ မွမ်းမံအားနဲ့ ညွှန်ပြပြီးသကာလ အဲဒီကုသိုလ်စေတနာရဲ့ တွန်းအားပေးမှုနဲ့

http://www.dhammadownload.com



ထက်သန်စွာ စိတ်အားတက်ကြွစွာနဲ့ ယခု ငါးဆယ့်ရှစ်ကြိမ်မြောက်မှာလည်းပဲ ဘုရားရှင်ကိုပူဇော်ခြင်း သံဃာတော်အရှင်သူမြတ်တွေကို ဆွမ်းဘောဇဉ်တွေကို လောင်းလှူကြခြင်းဖြင့် ဒီနေ့ ဘာလုပ်နေကြသလဲလို့မေးရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဒေသနာတော် အသွားနဲ့ ညီပြီးတော့ ကြည့်မယ်ဆိုရင်ဖြင့် တပည့်တော်တို့ လူချင်းတူသော်လည်း အသက်ရှူချင်းကွဲအောင် ကြိုး စားနေကြပါတယ် . . . ။

ဒီနေ့ ဒကာ ဒကာမတွေ ပြုလုပ်အားထုတ်နေတဲ့ ဒီလို ကောင်းမှုကြီး ပြုလုပ်နေတဲ့ အချိန်ကိုပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လူချင်းတူ အသက်ရှူချင်းကွဲ အောင်ပြုလုပ်အားထုတ်နေတဲ့အချိန် . . . တဲ့ ဒီအချိန်ဟာ ပရိသတ်ကြီး လူချင်းတူပြီး ဘာကွဲအောင်တဲ့တုန်း? အသက်ရှူချင်းကွဲအောင်ပါဘုရား၊ ဒကာ ဒကာမတွေ ကိုယ်ထဲမှာ ရုပ်ခန္ဓာကြီးငြိမ်ပြီးနေပေမယ်လို့ အမြဲလှုပ်ရှားနေတဲ့ တရားလေးတစ်ခုရှိတယ် အဲဒါထွက်လေ ဝင်လေလေး။ ဒကာ ဒကာမတွေ အိပ်နေရင်လည်း သူက ထွက်လိုက် ဝင်လိုက်နဲ့ လှုပ်နေတာပဲ ဒကာ ဒကာမတွေက ငြိမ်ပြီးထိုင်နေလည်းပဲ သူကထွက်လိုက်ဝင်လိုက်နဲ့ လှုပ်နေတာပဲ. . ။

အဲဒီထွက်လေ ဝင်လေခေါ်တဲ့ အသက်ရှူရှိုက်မှုကလေးသည် ဘာအကြောင်းခံ၍ ဖြစ်ပါသလဲလို့ မေးခဲ့ရင် **"အဿာသ ပဿာသ ဝါယောဓာတု စိတ္တသမုဋ္ဌာနိကာ"** အဲဒီထွက်လေဝင်လေဆိုတဲ့လေကလေးသည် စိတ်ကို အခြေခံ၍ ဖြစ်ပွားပြီးတော့ နေရပါတယ်။ စိတ်ရှိလို့ဖြစ်နေတယ်။ထွက်လေဝင်လေ ဘာရှိလို့ဖြစ်နေတုန်းဆိုရင် ပရိသတ်ကြီး စိတ်ရှိလို့ဖြစ်နေတယ်။ ဘာရှိလို့ ဖြစ်နေတာပါလိမ့်? စိတ်ရှိလို့ ဖြစ်နေတာပါဘုရား။ ဒီတော့စိတ်ကို အကြောင်းပြုပြီးတော့ စိတ်ရှိလို့ ထွက်လေ ဝင်လေဖြစ်နေတယ်။ စိတ်ရှိတဲ့သူမှ ထွက်လေ ဝင်လေလေးဖြစ်နေတယ်။

သို့သော် . . . စိတ်ပင်ရှိသော်လည်းပဲ ထွက်လေဝင်လေရပ်နေတဲ့ ချွင်းချက်ကလေးခြောက်ခုတော့ ကျမ်းဂန်ကပြထားတယ်။ အဲဒါဘာတုန်းဆိုတော့ အမိဝမ်းထဲ ပဋိသန္ဓေတည်နေ ကိန်းအောင်းနေတဲ့သူတဲ့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အမိဝမ်းထဲ ပဋိသန္ဓေနေခဲ့ကြတုန်းက စိတ်ကတော့ရှိနေပြီ စိတ်ကလေးကတော့ ရှိနေပြီ ထွက်လေဝင်လေဆိုတဲ့ ရှူရှိုက်မှုက မပြုသေးဘူး။ ဒကာ ဒကာမတွေ အမိဝမ်းတွင်းမှာ အောင်းနေထုန်းက ထွက်လေဝင်လေဆိုတဲ့ ရှူရှိုက်မှု မရှိသေးဘူး၊ အပြင်ဘက် မွေးဖွားလိုက်လို့ အမိဝမ်းကကျွတ်လွတ်ပြီး

http://www.dhammadownload.com



တော့ မွေးဖွားလိုက်မှ ထွက်လေ ဝင်လေလေးဖြစ်ပေါ်လာတာ၊ ဒီတော့ ထွက်လေဝင်လေလေးဖြစ်ပေါ်လာတော့ ဘယ်သူကစဖြစ်တုန်းဆိုတော့ ထွက်လေကစဖြစ်တယ်တဲ့၊ အမှတ်တမဲ့ ဆိုရင်ဝင်လေက စပြီးတော့ ရှူလိုက်တဲ့ လေကစပြီးတော့ဖြစ်တယ်လို့ ထင်ကြလိမ့်မယ်။ အမှန်က ဒကာ ဒကာမ အပေါင်းသူတော်ကောင်းတွေ အမိဝမ်းက ကျွတ်လွတ်လိုက်သည်နှင့်တစ်ပြိုင်နက် ရှူလိုက်တဲ့လေနဲ့ မှုတ်ထုတ်လိုက်တဲ့ထွက်လေနှစ်မျိုးတွင် ထွက်လေက စပြီးတော့ဖြစ်ခဲ့တယ် . . . ၊အဲဒီလိုထွက်လေက စပြီးတော့ဖြစ်ခဲ့တဲ့ အမိဝမ်း မှာ ပဋိသန္ဓေတည်နေကိန်းအောင်းနေတဲ့အခိုက် စိတ်တော့ရှိတယ်။ ထွက်လေ ဝင်လေ မဖြစ်ဘူး။

**"အမိဝမ်းဖြစ်, ရေငုပ်နစ်တည်း"** ဟော-ရေထဲငုပ်နေတဲ့သူတဲ့ ရေထဲငုပ်နေတဲ့သူများလည်း ထွက်လေဝင်လေမရှိ စိတ်ကတော့ ရှိသားပဲ၊ ရေထဲနစ်တဲ့သူတဲ့၊ (၂) နံပါတ်ရေထဲနစ်နေတဲ့သူ နစ်သွားတဲ့သူများလည်း မသေသေးဘူးဆို စိတ်ကရှိနေသေးပေမယ့်လို့ ထွက်လေဝင်လေ မဖြစ်၊ **"အမိဝမ်းဖြစ်, ရေငုပ်နစ်တည်း တွက်စစ်လေပါ ဗြဟ္မာဟူသမျှ"** ဟော-(၃) နံပါတ်ဗြဟ္မာတွေဟူသမျှ ဟိုးအထက်ကဗြဟ္မာနှစ်ဆယ်မှာရှိနေတဲ့ ဗြဟ္မာကြီးတွေမှန်သမျှ ဒကာ ဒကာမတွေလို ရှူတယ်ရှိုက်တယ် မရှိဘူး၊ ထွက်လေဝင်လေ မရှိဘူး သူတို့၊ စိတ်တော့ ရှိပါတယ်။ ပဌမစျာန်နေဟော (၄) နံပါတ်ပဌမစျာန်ဝင်စားနေတဲ့သူ စိတ်တော့ ရှိတယ်။ ထွက်လေဝင်လေမရှိဘူး၊ ပဌမစျာန်နေ တွေဝေနေသူတဲ့ တွေဝေမေ့မြော နေတဲ့သူ သတိတွေလစ်ပြီးတော့ မြောနေ, မှိန်းနေ, မိန်းမောနေတဲ့သူ စိတ်တော့ ရှိတယ်၊ ထွက်လေဝင်လေမရှိဘူး၊ ဒါချွင်းချက်နဲ့ ကျမ်းဂန်ကပြတာ၊ စိတ်ရှိသော်လည်း ထွက်လေဝင်လေမရှိတာ အဲဒီလို အနည်းငယ်လောက်ပဲရှိတယ်တဲ့၊ များသောအားဖြင့် စိတ်ကြောင့်ထွက်လေဝင်လေ ဖြစ်ရတယ်။ အာနာပါနခေါ်တဲ့ ထွက်လေဝင်လေလေးဟာ စိတ်ကြောင့်ဖြစ်ရတယ်။ စိတ်ရှိလို့ ဖြစ်ရတယ်။

ဒါဖြင့် ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ သန္တာန်မှာ အဲဒီထွက်လေဝင်လေဆိုတဲ့ အသက်ရှူရှိုက်မှုကလေးသည် စိတ်ကြောင့်ဖြစ်နေပါသည်။ ဒီတော့ ကောင်းပြီတဲ့ အဲဒီစိတ်က ကုသိုလ်စိတ်ရယ်၊ အကုသိုလ်စိတ်ရယ်လို့ နှစ်မျိုးနှစ်စားသာလျှင်ရှိကြသည်။ အဖြစ်များနေတာ ဒကာ ဒကာမတွေ သန္တာန်မှာ ကုသိုလ်စိတ်ရယ်၊ အကုသိုလ်စိတ်ရယ် ဒီနှစ်ခု ပဲဖြစ်နေတယ်။ ဒီတော့ ဒီနေ့ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက ငါးဆယ်ရှစ်ကြိမ်

http://www.dhammadownload.com



မြောက် ငါးဆယ့်ရှစ်နှစ်မြောက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ယခု သက်ရှိထင်ရှားဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ရည်မှန်းပြီးသကာလ ပန်းတွေနဲ့ ပူဇော်နေတဲ့အချိန်၊ ဆွမ်းတွေနဲ့ ပူဇော်နေတဲ့အချိန်၊ လျှပ်စစ်မီးတွေ ပကတိမီးတွေနဲ့ ပူဇော်နေကြတဲ့အချိန်၊ ဘုရားကို ပန်းရေချမ်း ဆွမ်းဆီမီးနဲ့ ပူဇော်နေတဲ့အချိန်မှာ ဒကာဒကာမ အပေါင်းသူတော်ကောင်းတွေရဲ့ သန္တာန်မှာအသက်ရှူရှိုက်မှုလေး ပရိသတ် ကြီးရှိသလား၊ မရှိဘူးလား? ရှိပါဘုရား။

ဘုရားပန်းလှူနေတဲ့အချိန်မှာ အသက်ရှူလေးရပ်နေသလား ရှူမြဲနေသလား? ရှူမြဲရှူနေပါဘုရား၊ အဲဒီ ရှူနေတဲ့ အသက်ကလေးသည် ကုသိုလ်နဲ့ရှူနေသလား၊ အကုသိုလ်နဲ့ ရှူနေသလားလို့မေးခဲ့ရင် ဘုရားရှင်ကို ပန်းလှူတဲ့စိတ်ကြီးနဲ့ရှူနေပါသည်။ ဘုရားရှင်ကို ပန်းလှူနေတဲ့အချိန်မှာ ကုသိုလ်စိတ်ပရိသတ် ဖြစ်မနေဘူးလား? ဖြစ်နေပါဘုရား။

ဘုရားကို ပန်းလှူပန်းကပ်နေတဲ့ အချိန်မှာ စိတ်ကလေးက ဘာစိတ်ကလေးတုန်းလို့ဆိုတော့ ကုသိုလ်စိတ်ကလေး၊ ဘာစိတ်ကလေးပါလိမ့်?၊ ကုသိုလ်စိတ်ပါဘုရား၊ ကုသိုလ်စိတ်ကလေးဆိုတာ ဘာပြောတာတုန်းဆိုတော့ ဘုရားပန်းလှူနေတယ်၊ သို့မဟုတ် သံဃာတော်တွေ ဆွမ်းလောင်းနေတယ်ဆိုတာ တဘက်သားချမ်းသာအောင် ပြုနေခြင်းတစ်မျိုးပဲ၊ လှူတယ်တန်းတယ်၊ လှူတယ်တန်းတယ်ဆိုတာ တဘက်သား ချမ်းသာအောင်ပြုနေတာ၊ ဒကာဒကာမ တွေ သံဃာတော်တွေကို ဆွမ်းလောင်းနေတယ်၊ ဟင်းတွေလောင်းနေတယ်၊ သင်္ကန်းတွေ ထီးတွေ ဖိနပ်တွေ ကပ်နေတယ်ဆိုတာ သံဃာတော်တွေချမ်းသာအောင် လုပ်နေတာလား၊ ဆင်းရဲအောင်လုပ်နေတာလား? ချမ်းသာအောင်လုပ်နေတာပါဘုရား။

ကိုင်း- ပြောင်းပြန်ပြန်လိုက် လူတစ်ယောက်က သူများပစ္စည်းခိုးနေတယ်၊ သူများရဲ့ပစ္စည်း အိတ်ထဲနှိုက်လို့ ဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် ခိုးမယ်လို့ကြံနေတယ်၊ သို့မဟုတ် ခိုးနေတယ်၊လူတစ်ယောက်လက်ထဲမှာရှိတဲ့ ငွေတစ်ဆယ်ကို သူကနှိုက်ပြီးတော့ ခိုးနေတယ်၊ အဲဒီခိုးနေတဲ့ လူရဲ့သန္တာန်မှာ ထွက်လေဝင်လေလေးရပ်နေသလား၊ ရှူနေသလား? ရှူနေပါဘုရား။ အဲဒီရှူ နေတဲ့ ထွက်လေဝင်လေလေးဟာ ဘာနဲ့ ရှူနေပါသလဲလို့မေးရင် အကုသိုလ်စိတ်နဲ့ရှူနေတယ်၊ သူတစ်ပါးပစ္စည်း ခိုးနေတဲ့အချိန်ဟာ ဘာစိတ်တုန်းလို့မေးရင် အကုသိုလ်စိတ်၊ သူတစ်ပါးပစ္စည်းခိုးနေတဲ့အချိန် ပရိသတ်ဘာစိတ်ပါလိမ့်? အကုသိုလ်စိတ်ပါဘုရား၊ ဘာပြုလို့သူ့အား အကုသိုလ်စိတ်ခေါ်တုန်း ဆိုတော့

http://www.dhammadownload.com



သူများဆင်းရဲအောင်လုပ်နေလို့ သူများပစ္စည်းငွေတစ်ဆယ်ခိုးနှိုက်နေတဲ့ အချိန်ဟာ သူ့လက်ထဲက ငွေတစ်ဆယ်ကို ကိုယ်ကလုယူ နှိုက်ယူနေတဲ့ အချိန်ဟာ သူ့ ချမ်းသာအောင် လုပ်နေတာလား၊ ဆင်းရဲအောင်လုပ်နေတာ လား? ဆင်းရဲအောင် လုပ်နေတာပါဘုရား၊ ဒီငွေတစ်ဆယ်နဲ့ သူစားရ သောက်ရ မှာပရိသတ် စားရပါအုန်းမလား? မစားရပါဘုရား၊ မစားရတော့ ငတ်ပြီးတော့ မဆင်းရဲဘူး လား? ဆင်းရဲပါဘုရား။

ဒီတစ်ဆယ်နဲ့ ဒီထာစ်ရာနဲ့ ဝတ်ရဆင်ရမှာ သူဝတ်ရသေးရဲ့လား? မဝတ်ရပါဘုရား၊ ဒါဖြင့်သူအဝတ်ငတ်ပြီးတော့ သူမဆင်းရဲဘူးလား? ဆင်းရဲပါဘုရား၊ အဲဒီဆင်းရဲ ဘယ်သူကလုပ်တာတုန်းဆိုရင် ခိုးတဲ့သူက လုပ်တယ်။ အဲဒီ တဘက်သားရဲ့ ဆင်းရဲကို ဘယ်သူကလုပ်တာတုန်းလို့ဆိုရင် ခိုးတဲ့သူ၊ ဒုစရိုက်ကျူးလွန်တဲ့သူက လုပ်ရာ မရောက်ဘူးလား? ရောက်ပါဘုရား၊ ဒါဖြင့် သူများပစ္စည်းကို ခိုးနေတဲ့သူသည် တဘက်သား ချမ်းသာအောင်လုပ်နေတာ လား၊ ဆင်းရဲအောင်လုပ်နေတားလား? ဆင်းရဲအောင်လုပ်တဲ့သူပါဘုရား ဒါဖြင့် သူများကို လှူဒါန်းနေတဲ့သူသည် ချမ်းသာအောင်လုပ်တဲ့သူလား၊ ဆင်းရဲအောင်လုပ်နေတာလား? ချမ်းသာရဲအောင်လုပ်နေတာပါဘုရား၊ အဲဒီလို သူများကို လှူဒါန်းနေတဲ့အချိန်မှာ တဘက်သား ချမ်းသာအောင်ပြုနေတဲ့စိတ်မို့ လို့ သူ့ကို ကောင်းတဲ့စိတ်၊ ကြည်လင်တဲ့စိတ်၊ မြတ်တဲ့စိတ် . . . တဲ့၊ အဲဒီကြည် တဲ့ ကောင်းတဲ့ စိတ်ကလေးကို ကုသိုလ်လို့ခေါ်ပါတယ်။ သူတစ်ပါးစိတ်ဆင်း ရဲအောင်၊ စိတ်တွေ မကြည်အောင်၊ စိတ်မချမ်းသာအောင်လုပ်နေတဲ့စိတ်က မကောင်းတဲ့စိတ် သူ့ကိုပါဠိလို အကုသလ၊ အကုသလဆိုတာ-အပြစ် မကင်းဘူး တဲ့၊ ညစ်ညမ်းတယ်တဲ့၊ မည်းနက်တယ်တဲ့၊ ဟော ဘုရားက "ကဏှဓမ္မ" တဲ့အမည်းတရားတဲ့၊ ကုသိုလ်တရားက "သုက္ကဓမ္မ" အဖြူတရား။

ဒါဖြင့်ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ ဘုရားရှင်ကို ပန်း ရေချမ်း ဆွမ်းဆီမီးနဲ့ ပူဇော်တဲ့အချိန်၊ သံဃာတော်အရှင်မြတ်တွေကို ဆွမ်း ဘောဇဉ်တွေလောင်းလှူနေတဲ့ အချိန်၊ ကြည်လင်အေးမြတဲ့စိတ်ကလေး ဖြစ်နေ တယ်ဆိုတော့ အဲဒီအချိန် ရှူရှိုက်နေတာဟာ ကြည်လင်အေးမြတဲ့စိတ်နဲ့ ရှူရှိုက် နေရာရောက်တယ်၊ ဝါ-ကုသိုလ်စိတ်နဲ့ ရှူရှိုက်နေတယ်၊ သံဃာတော်တွေ ဆွမ်း လောင်းနေတဲ့အချိန်၊ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ခန္ဓာကိုယ်မှာ အသက်ကလေး ရှူရှိုက်မှုလေးက ရပ်နေသလား၊ ရှူနေသလား? ရှူနေပါဘုရား၊ အဲဒီရှူနေ တာလေးက ကုသိုလ်နဲ့ ရှူနေတာလား၊ အကုသိုလ်နဲ့ ရှူနေတာလား? ကုသိုလ်နဲ့နေတာပါဘုရား။ ဒါဖြင့် အဲဒီအချိန်မှာ သူတစ်ပါး

http://www.dhammadownload.com



ပစ္စည်း ခိုးနေတဲ့ ဒုစရိုက်သမားကြီးရဲ့ သန္တာန်မှာကော ရှုရှိုက်မှု ကလေး ရှိသလား၊ မရှိဘူးလား? ရှိပါတယ်ဘုရား။ အဲဒီဒုစရိုက်သမားကြီး သူများပစ္စည်း ခိုးပြီးတော့ သူတစ်ပါး ဝတ်အောင်ဆင်းရဲအောင်လုပ်နေတဲ့ သူရဲ့သန္တာန်မှာ ဖြစ်နေတဲ့စိတ်က ရှုရှိုက်နေတဲ့ အရှုရှိုက်ကလေးက ကုသိုလ်နဲ့ ရှုရှိုက်သလား၊ အကုသိုလ်နဲ့ ရှုရှိုက်သလား? အကုသိုလ်နဲ့ ရှုရှိုက်တာပါဘုရား။

ဒါဖြင့် ပရိသတ်ကြီး အဲဒီအချိန်မှာ လှူဒါန်းမှုပြုနေတဲ့သူနဲ့ သူများ ပစ္စည်းခိုးနေတဲ့ လူနှစ်ယောက်ဟာ လူချင်းကတော့ အတူတူပဲ အသက်ရှူပုံ တူသေးရဲ့လား? မတူတော့ပါဘုရား။ လူချင်းကတော့ အတူတူပါပဲ ဟိုကလည်း ခေါင်းတစ်လုံးနဲ့ လက်နှစ်ဘက်နဲ့ ခြေနှစ်ဘက်နဲ့ မျက်စိနားနဲ့ ဒီလိုပဲ၊ လူက မွေးတဲ့လူပဲ ဒုစရိုက်သမားကြီးကလည်း ဒီက လှူဒါန်းပေးကမ်းနေတဲ့ အမျိုး ကောင်းသား အမျိုးကောင်းသမီးကလည်း ခေါင်းတစ်လုံးနဲ့ လက်နှစ်ဘက်နဲ့ ခြေနှစ်ဘက်နဲ့လူပဲ လူချင်း ပရိသတ် မတူဘူးလား? တူပါဘုရား၊ သို့သော် အသက်ရှူချင်း တူကြသေးရဲ့လား? မတူပါဘုရား၊ ဟော - စွန့်ကြဲပေးကမ်း လှူဒါန်းမှုပြုနေတဲ့ အချိန်ဟာ ကိုယ့်ကိုယ်ကို ဒုစရိုက်သမားတွေမှ လူချင်းတူ သော်လည်း အသက်ရှူချင်းကွဲအောင် ပြုနေတဲ့ အချိန် . . . တဲ့၊ ဆိုလိုက် စမ်းပါ။

*** ဒါနပေးလှူ, လူချင်းတူ, သက်ရှူကွဲတော့တာ။**

အဲဒီလိုတဘက်သား ခိုးဟယ် တိုက်ဟယ်နဲ့ လုပ်နေတဲ့အချိန်၊ အကု သိုလ်တရားနဲ့ ရှုရှိုက်နေတဲ့သူ၊ ကဲခိုးတော့မခိုးပါဘူးတဲ့၊ သူများလိုကုသိုလ် ကောင်းမှုတွေ သူများက ဘုရားပွဲသွား ဘုရားပန်းတော် ဆွမ်းတော် ရေချမ်း တော်တွေနဲ့ ကပ်ကြ၊ သံဃာတော်တွေ ဆွမ်းလောင်းကြ၊ သူကတော့ အဲဒီလို လောင်းရမှန်းလည်းမသိဘူး၊ အမျိုးသားတစ်ယောက် အမျိုးသမီး တစ်ယောက် က လောင်းလည်း မလောင်းချင်ဘူး၊ လောင်းရမှန်းလည်း မသိဘူး တော်ပြီ . . . တဲ့ ပျင်းတယ် . . တဲ့ မလုပ်တော့ဘူးဆိုတဲ့သူကျတော့ မောဟနဲ့ အသက် ရှူနေတာ ၊ မလှူတော့ဘူး၊ မတန်းတော့ဘူး၊ ဆွမ်းလည်းမလောင်း တော့ဘူး၊ မပါတော့ဘူး၊ ကုသိုလ်ကောင်းမှု ပြုရမှန်းလည်း မသိဘူး၊ သို့မဟုတ် ပြုရမှန်းသိသော်လည်း မလုပ်ချင်လို့ ပျင်းလို့ မလုပ်တဲ့သူကျတော့ မောဟနဲ့ အသက်ရှူနေတယ်၊ အကုသိုလ်နဲ့ အသက်ရှူနေတယ်၊ အဲဒီမလှူဘဲ မတန်းဘဲနဲ့ အိပ်နေတဲ့သူလည်းပဲ ပရိသတ်ကြီး အသက်ရှူနေသလား၊ အသက်ရှူရပ်နေ သလား? ရှူနေပါဘုရား၊ အဲဒီသူ အသက်ရှူနေတာက ကုသိုလ်ကောင်းမှု

http://www.dhammadownload.com



မပြုချင်၊ ပျင်းတဲ့စိတ်၊ မောဟစိတ်၊ တွေဝေတဲ့စိတ်တွေ၊ ပျင်းတဲ့စိတ်တွေ၊ ဆုတ်နစ်တဲ့စိတ်တွေနဲ့ လုပ်ပြီးတော့ နေတယ်ဆိုတော့ အဲဒီလူအသက်ရှူရှိုက်မှုသည် . . အကုသိုလ်တရားနဲ့ ရှူရှိုက်နေတယ်။ မကောင်းတဲ့ အညစ်တရား၊ အမည်းတရားနဲ့ ရှူရှိုက်နေပြန်တယ်။

ဒါဖြင့် အဲဒီပျင်းလို့ ကုသိုလ်လုပ်တဲ့သူနဲ့ ခုဒကာ ဒကာမတွေ ကုသိုလ်ကောင်းမှု လုပ်နေတဲ့သူနဲ့ လူချင်းမတူဘူးလား? တူပါဘုရား။ အသက်ရှူချင်းကတော့ တူသေးရဲ့လား? မတူပါဘုရား။ ဟောဒီကကုသိုလ် ကောင်းမှုနဲ့ အသက်ရှူနေတယ်။ ဟိုက အကုသိုလ် ဒုစရိုက်နဲ့ အသက်ရှူနေတယ်၊ အကုသိုလ်ဒုစရိုက်မဖြစ်သည့်တိုင်အောင် အပျင်းစိတ်နဲ့ အသက်ရှူနေတယ် လို့ဆိုရင် အကုသိုလ်ပဲ၊ ဒါဖြင့် စွန့်ကြဲပေးကမ်း လှူဒါန်းမှုကို ပြုနေတဲ့အချိန်တိုင်း အချိန်တိုင်းသည် မိမိကိုယ်ကို မိမိ လူချင်းတူသော်လည်း အသက်ရှူချင်းကွဲအောင်ကြိုးပမ်းနေတဲ့အချိန် . . . လို့ မဆိုနိုင်ဘူးလား? ဆိုနိုင်ပါဘုရား။ အခုဒကာ ဒကာမတွေ ဆွမ်းလောင်းနေတဲ့အချိန်၊ ဘုရားပန်းတော် ဆွမ်းတော် ရေချမ်းတော် ကပ်နေတဲ့အချိန်ဟာ လူချင်းတူ အသက်ရှူချင်းကွဲအောင် ပြုနေတဲ့အချိန်လို့ မဆိုနိုင်ဘူးလား? ဆိုနိုင်ပါဘုရား။ ဒီလိုမဟုတ်ဘဲနဲ့ ခုနကလိုပဲ အကုသိုလ်တွေ ကျူးလွန်ပြီးတော့နေ မလှူတော့ မတန်းတော့ဘူး၊ အကုသိုလ်တရားတွေနဲ့ပဲနေပြီဆိုတော့ လူချင်းလည်းတူ အဲဒီလူတွေနဲ့ အသက်ရှူချင်းလည်း မတူဘူးလား? တူပါတယ်ဘုရား။ ဒါဖြင့်လူချင်းလည်းတူ အသက်ရှူချင်းလည်းတူနေလို့ဆိုရင်တော့ သူတို့အပါယ်သွားသလို ကိုယ်လည်း အပါယ် မသွားပေဘူးလား? သွားပါဘုရား။

**မကောင်းမှုပြုက, ဒုမဂ္ဂ, သွားရပါယ်လေးပြည်။**

မကောင်းတာနဲ့ အသက်ရှူနေရင်တော့ အဲဒီအသက်ရှူတိုင်း, ရှူတိုင်းဟာ အပါယ်လေးပါးသွားကြောင်းဖြစ်တဲ့ အသက်ရှူရှိုက်နည်း . . . တဲ့၊ ဒီတော့ စွန့်ကြဲပေးကမ်း လှူဒါန်းမှုကို ပြုအုန်းမယ်လို့ ကြံနေတယ်။ ပြုနေတယ်၊ ပြုပြီးတော့ ဝမ်းသာနေတယ်ဆိုတဲ့အချိန်တိုင်း အချိန်တိုင်းသည် ဒါနနဲ့ အသက်ရှူနေတဲ့အချိန်၊ ဒါနစိတ်ကလေးနဲ့ အသက်ရှူနေတဲ့အချိန်၊ ဒကာ ဒကာမတွေ အခုဘုရားပွဲကြီး ကျင်းပတော့မယ်ဆိုတော့ ကြိုတင်ပြီးတော့ ပြင်ကြဆင်ကြ ပန်းရေချမ်းတွေနဲ့ ကပ်ကြဆိုတဲ့ ရှေးဦးပိုင်ပြုတာတွေလည်း မရှိကြဘူးလား? ရှိပါဘုရား။ ဟာဟိုနေ့ကျတော့လည်း သံဃာတော်တွေ ဆွမ်းလောင်းကြ၊ လှူကြနဲ့ ပစ္စုပ္ပန်တည့်တည့် လောင်းလှူနေတဲ့စိတ်တွေကော မရှိဘူးလား?

http://www.dhammadownload.com



ရှိပါ ဘုရား။ နောက်အောင်မြင်သွားတော့လည်း ဒို့အောင်မြင်သွားပြန်ပြီ . . . တစ်နှစ်ဖြင့် အောင်မြင်သွားပြန်ပြီလို့ ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့စိတ်တွေ မလာဘူးလား?၊ လာပါဘုရား။ ဒါဖြင့် အဲဒီအချိန်လည်း အသက်ရှူရှိုက်နေတာကုသိုလ်နဲ့ အသက်ရှူရှိုက်မနေဘူးလား? နေပါတယ်ဘုရား။

ဒါဖြင့် ဒါနပေးလှူဆိုတာ လှူနေတဲ့အခိုက်သာ မကဘူး လှူအုန်းမယ်၊ လှူမယ် လှူမယ် လှူမယ်လို့ကြံတဲ့ အချိန်၊ လှူနေဆဲအချိန်၊ လှူပြီးတဲ့နောက် ဝမ်းမြောက်နေတဲ့အချိန်၊ ဒါဖြင့် အဲဒီလို ရှူရှိုက်မှုလေးပြုနေတဲ့အချိန်တိုင်း အချိန်တိုင်းသည် ငါသည် လူချင်းတူသော်လည်း အသက်ရှူချင်းကွဲအောင် ပြုနေတဲ့အချိန် . . . လို့ဆိုတော့ (၅၈) ကြိမ်မြောက် (၅၈) နှစ်မြောက် ရောက်လာခဲ့ပြီဆိုတော့ အဲဒီလို လူချင်းတူသော်လည်း အသက်ရှူချင်းကွဲ အောင် ဒါနနဲ့ပြုလာတဲ့အကြိမ်တွေ ပရိသတ် မြောက်များစွာ ပေါ်မလာဘူးလား? ပေါ်လာပါဘုရား။ ကိုင်း သီလနဲ့ ကြည့်လိုက်အုန်းစို့၊ ဆိုလိုက်စမ်းပါ-

*** သီလထိန်းမှု, လူချင်းတူ, သက်ရှူကွဲတော့တာ။**

မိမိကသီလထိန်းတယ်၊ သူ့အသက်သတ်မှုကြီး ရှောင်တယ်၊ ဟိုတစ်ယောက်က သတ်မယ်လို့ကြံနေတယ်၊ သို့မဟုတ် သတ်နေတယ်၊ လူချင်းကတော့အတူတူပဲ ဒီက သူ့အသက်သတ်မှုရှောင်ပြီးတော့ အသက်ရှူနေတယ်၊ ဟော- သတ္တဝါလေး ချမ်းသာပါစေ . . . ကိုယ့်ခြင်လေးက ကိုက်မယ်လို့ လုပ်တယ်၊ ကိုက်နေတယ်၊ အစကတော့ ပုတ်မလို့ လက်နဲ့ပုတ်သတ်လိုက်မလို့၊ နောက်တော့ သူလည်း သတ္တဝါတစ်ကောင်ပဲ . . . အစာဆာရှာလို့ ငါ့ခန္ဓာလာပြီးတော့ စုပ်ရှာတယ်။ ငါ့ကို ညှဉ်းဆဲချင်လို့၊ ငါ့ကို ရန်ပြုချင်လို့ လုပ်ရှာတာ မဟုတ်ဘူး၊ သတ္တဝါတစ်ကောင် အနေနဲ့ အစာဆာရှာလို့ လာပြီးတော့ စားသောက်ရှာတာပဲ . . . လို့ မသတ်ဘဲနဲ့ အသာလေ မောင်းလွှတ်လိုက်တယ်၊ **"ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ"** ပါးစပ်က မဆိုပေမဲ့ လက်ကပရိသတ်ဆိုရာ မရောက်ဘူးလား? ရောက်ပါဘုရား။

ခြင်လေးကို မသတ်ဘဲနဲ့ မောင်းလွှတ်လိုက်တယ်၊ ဟိုတစ်ယောက်ကတော့ ဖျတ်ကနဲ ပုတ်သတ်လိုက်တယ်၊ ဒီတော့ ပုတ်သတ်ပစ်လိုက်တဲ့သူက ပါဏာတိပါတအကုသိုလ်-ဒုစရိုက်ကြီးကို ကျူးလွန်တဲ့အချိန်၊ မိမိက ပါဏာတိပါတ -သူ့အသက်သတ်မှုကြီးမှ ရှောင်လိုက်တဲ့အချိန်၊ စိတ်ချင်း ပရိသတ် တူသေးရဲ့လား? မတူပါဘုရား။ အဲဒီအချိန်မှာ ရှူရှိုက်မှုကော တူနိုင်ပါ့မလား? မတူပါဘုရား။ သို့သော် သတ်တဲ့သူနဲ့ မသတ်တဲ့သူ လူချင်းကတော့ မတူဘူး

http://www.dhammadownload.com



လား? တူပါဘုရား။ အဲဒီလိုအားဖြင့် ပါဏာတိပါတကစပြီး သကာလ အဒိန္နာဒါန-သူ့ပစ္စည်းခိုးခြင်း၊ မခိုးခြင်း၊ ကာမေသုမိစ္ဆာစာရ-သူ့သားမယား ကျူးလွန်ခြင်း၊ မကျူးလွန်ခြင်း အစရှိတဲ့ အမှုတွေကို ရှောင်ခြင်း၊ မရှောင်ခြင်းအားဖြင့် လူချင်းတူကြသော်လဲပဲ အသက်ရှူချင်း ကွဲကြတယ် . . တဲ့။ ဘာဝနာနဲ့ကြည့်လိုက်ပြန် တော့လည်းပဲဆို-

*** ဘာဝနာပွားမှု, လူချင်းတူ, သက်ရှူကွဲ တော့တာ။**

ဒကာ ဒကာမတွေ . . . သံဃာတော်တွေ ဆွမ်းလောင်းနေကြတဲ့ အချိန်၊ ဒါနဆိုတဲ့ ကုသိုလ်စေတနာသာမက၊ မေတ္တာ . . လို့ဆိုတဲ့ သမထ ဘာဝနာပါပြီးတော့နေတယ်၊ သံဃာတော်တွေကို ဆွမ်းလောင်းတယ်၊ သက်န်းထီးဖိနပ်တွေ စာရေးတံမဲဖောက်ပြီးတော့ လှူတယ်လို့ ဆိုတဲ့အချိန်မှာ ဒကာ ဒကာမတွေရဲ့ဝမ်းထဲမှာ အဲဒီသံဃာတော်အရှင်မြတ် မိမိလောင်းလိုက် လှူလိုက်တဲ့ ဆွမ်းဘောဇဉ်ကို ရပြီးတော့ ချမ်းသာသွားစေချင်တယ်။မိမိလှူလိုက် တန်းလိုက်တဲ့သက်န်း ထီးဖိနပ်ကို ရပြီးတော့ သုံးဆောင်ပြီးတော့ ချမ်းသာသွားစေချင်တယ် . . ဆိုတဲ့ ဓာတ်ကလေးရှိတယ်။ တစ်ဘက်သား ချမ်းသာစေချင်တဲ့ ဓာတ်ကလေးပါနေတယ်၊ မိမိလှူလိုက်တဲ့ ဆွမ်းဘောဇဉ်ကို သံဃာတော်အရှင်မြတ်ရပြီးတော့ ချမ်းချမ်းသာသာ ဘုဉ်းပေးမျှတ သွားစေချင် တဲ့စိတ် ပရိသတ် မရှိဘူးလား? ရှိပါဘုရား။ အဲဒါ မေတ္တာလို့ခေါ်တယ်၊ ဒီတော့ "သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု "လို့ပွားပြီးတော့နေတဲ့ မေတ္တာ က ပွားမေတ္တာခေါ်တယ်၊ အခုဟာက စိတ်ထဲ အခြေခံအဖြစ်နဲ့ပါနေတဲ့ ထား မေတ္တာ၊ တဘက်သားချမ်းသာစေလို့တဲ့ ထားမေတ္တာ။

ဒီတော့ အဲဒီ မေတ္တာဘာဝနာက ဒကာ ဒကာမတွေဒါနပြုတဲ့အခါတိုင်း အခါတိုင်း သံဃာတော်တွေအပေါ်မှာ မေတ္တာရောက်မနေဘူးလား? ရောက်ပါဘုရား။ အဲဒါဘာဝနာပဲ၊ ဒါနဖြစ်တယ်ဆိုတော့ ဒါနတင်မဟုတ်ဘူး မေတ္တာ ဘာဝနာပါသွားတယ်။ အဲဒီသံဃာတော်ကို အာရုံ ပြုပြီးတော့ လှူလိုက်တော့ ဘုရားသားတော်တွေ . . . လို့ဟော ဘုရားဆီကို စိတ်ရောက်နေပြန်တယ်။ ဘုရားသားတော်တွေမို့လို့ သံဃာသုံးရာကျော်ကိုပင့်ပြီးတော့ လှူနိုင်ကြတယ်။ ဘုရားသာသနာကြီး မပျောက်အောင် မပျက်အောင်ထမ်းရွက်နေတဲ့ သံဃာတော်တွေလို့ သိနေတဲ့စိတ်နဲ့ လှူကြတယ်ဆိုတော့ ပရိသတ်ကြီးစိတ်က ဘုရားဆီလည်းရောက် မသွားဘူးလား? ရောက်သွားပါဘုရား။ အဲဒါ ဗုဒ္ဓါနုဿတိ ဘာဝနာလို့ခေါ်တယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်တွေအာရုံပြုပြီး

http://www.dhammadownload.com



တော့လှူနေတယ်။ သံဃာတော်တွေ အာရုံပြုပြီးတော့ လှူနေတယ်။ သံဃာနုဿတိ၊ ဘုရားရှင်ကို အာရုံပြုပြီးတော့ လှူနေတယ် ဗုဒ္ဓါနုဿတိ၊ မိမိလှူလိုက်တန်းလိုက်တဲ့ ကုသိုလ်ကောင်းမှုကို အာရုံပြုပြီးတော့ ဝမ်းသာနေတယ်။ စာဂါနုဿတိ။

အဲဒီလိုအားဖြင့် ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုတစ်ခုကို ပြုတဲ့အချိန်မှာ ဘာဝနာခေါ်တဲ့ ဗုဒ္ဓါနုဿတိဘာဝနာ၊ သံဃာနုဿတိဘာဝနာ၊ စာဂါနုဿတိဘာဝနာ၊ နိဗ္ဗာန်အာရုံပြုပြီးတော့ နိဗ္ဗာန်ရဲ့အေးချမ်းပုံ၊ မိမိတို့ရှိနေတဲ့ လက်ရှိရုပ်နာမ်ခန္ဓာတွေရဲ့ ပူလောင်လောင်ဖြစ်ပုံ၊ နိဗ္ဗာန်က ဒီရဲ့ ဆန့်ကျင်ဘက်အေးပေလိမ့်မယ်. . . လို့ နိဗ္ဗာန်အာရုံပြုပြီးတော့ လှူနေတော့ ဥပသမာနုဿတိ၊ ဟော သမထဘာဝနာ၊ အနုဿတိဘာဝနာတွေ ဆွမ်းတစ်ဇွန်းလောင်းတဲ့အချိန် ပန်းတစ်ပွင့်လှူရတဲ့အချိန် သံဃာတော်တစ်ပါး သင်္ကန်းတစ်ထည် ထီးဖိနပ် ကပ်တဲ့အချိန်မှာ ပရိသတ်ကြီး ပါမနေဘူးလား? ပါနေပါဘုရား။ အဲဒါ ဘာဝနာ ကုသိုလ်လို့ခေါ်တယ်။ ဒါဖြင့် အဲဒီအချိန် ဘာဝနာနဲ့အသက်ရှူရှိုက်နေတယ်လို့ မပြောနိုင်ဘူးလား? ပြောနိုင်ပါဘုရား။

အဲဒီလိုကိုယ့်ကိုယ်ကို လူချင်းတူသော်လည်း အသက်ရှူချင်းကွဲအောင်ရက်တိုင်း, လတိုင်း, နှစ်တိုင်း ကျင့်ဆောင်ကြိုးကုတ် အားထုတ်သွားနိုင်ခဲ့ရင်. . တဲ့၊ မြင့်မြတ်တဲ့ အသက်ရှူရှိုက်တဲ့သူဖြစ်မယ်။ သောတာပန်, သကဒါဂါမ်, အနာဂါမ်ကစပြီး သကာလ အာသဝေါကင်းကွာရဟန္တာယောက်ျား ရဟန္တာမအဖြစ်နဲ့ ကိစ္စပြီးပြီးသကာလ အသက်ရှူကွဲတဲ့အထိ ရောက်ရမယ်. . . တဲ့၊ ရောက်နိုင်တယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေကိုယ်က သောတာပန်ဖြစ်သွားပြီဆိုတော့ ကိုယ်က အပါယ်တံခါးပိတ်တဲ့သူ၊ ဟိုက သောတာပန် မဖြစ်သေးတဲ့သူ အပါယ်ကျအုန်းမယ့်သူ၊ လူချင်းကတော့အတူတူပဲ အသက်ရှူတာချင်း ပရိသတ်တူပါ့မလား? မတူပါဘုရား၊ ကိုယ်ကသောတာ ပန်နဲ့ အသက်ရှူနေတာ၊ ဒီက ပုထုဇဉ်အပါယ်တံခါး တန်းလန်းကြီးဟင်းလင်းကြီးနဲ့ အသက်ရှူနေတာဖြစ်နေတော့ အသက်ရှူရှိုက်မှုချင်း သောတာပန်နဲ့ ပုထုဇဉ် ကွာမသွားဘူးလား? ကွာသွားပါဘုရား။ အရိယာနဲ့ ပုထုဇဉ်ကွာမသွား ဘူးလား?ကွာသွားပါဘုရား။

အဲဒီကနေ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်သွားပြီဆိုတော့ ရဟန္တာအဖြစ် ရဟန္တာမအဖြစ်နဲ့ အသက်ရှူရှိုက်နေပြီ . . လို့ ဆိုတော့ပုထုဇဉ်တွေနဲ့ အပြတ်အသတ်-ပရိသတ် ကွာမသွားဘူးလား?ကွာသွားပါဘုရား၊

http://www.dhammadownload.com



အဲဒီလို ရဟန္တာဖြစ်ပြီးတော့ အသက်ရှူရှိက်မှု, အနာဂါမ်, သကာဒါဂါမ်, သောတာပန်ဖြစ်ပြီးတော့ ရှူရှိက်မှု ကလျာဏ ပုထုဇဉ် သူတော်ကောင်းအဖြစ်နဲ့ ရှူရှိက်မှုကို တစ်ဆင့် တစ်ဆင့် တက်သွားလို့ရှိရင် ပရိသတ်ကြီး မရောက်ပေဘူးလား? ရောက်ပါဘုရား၊ အဲဒီလို လူချင်းတူသော်လည်း အသက် ရှူချင်းကွဲအောင် ကိုယ့်ကိုယ်ကို ကျင့်ဆောင် ကြိုးကုတ် အားထုတ်နိုင်ရတယ် . . . လို့-

**ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ။**

ဇီဝိတံ-ဇီဝန္တာနံ- လူချင်းတူ အသက်ရှူနေကြတဲ့ , လူတွေထဲမှာဖြင့်။ ပညာဇီဝိံ- ပညာနဲ့ အသက်ရှူရှိက်နေတဲ့သူကို။ ပညာဇီဝိံ-ပညာဦးစီးတဲ့ ကုသိုလ်ကောင်းမှုနဲ့ အသက်ရှူရှိက်နေတဲ့သူကို။ သေဋ္ဌံ- အိုနာသေဇာတ်,အမြစ်ပြတ်စေတတ်သဖြင့်,အကောင်းမြတ်ဆုံး,အသာဆုံးဟူ၍။ အာဟု- ဂင်္ဂါဝါလူ,သဲစုအတူ, ပွင့်တော်မူသည့်, ဆူဆူထွတ်ထား, မြတ်ဘုရားတို့က, လေးစားကြည်ဖြူမိန့်မြွက်တော်မူကြပါပေကုန်သတည်း။

**သာဓု . . . သာဓု . . . သာဓု . . ပါဘုရား။**

အဲဒီလို လူချင်းတူ အသက်ရှူကွဲအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ရတယ် . . . ဆိုတဲ့ ဒီအဆုံးအမတော်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘယ်အချိန်မှာ ဆုံးမခဲ့သလဲလို့မေးရင် ဘယ်နေ့ရာ ဘယ်ဒေသဘယ်ဇာတ်တော်အကြောင်းပြုပြီးတော့ ဆုံးမတော်မူခဲ့ပါသလဲလို့မေးရင် ဘုန်းကြီးတို့ သူများမဟုတ်ဘူး *ရှင်မဟာကဿပ အလောင်းနဲ့ မယ်ဘဒ္ဒါအလောင်းတို့ ပါရမီဖြည့်တော်မူစဉ် တစ်ခုသောဘဝက နန္ဒမင်းနဲ့ သုဇာတာမိဖုရားတို့ ဖြစ်ကြတဲ့ ဘဝမှာ ရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးက ပြောတော်မူခဲ့တဲ့စကား, ဟောတော်မူခဲ့တဲ့စကား၊ ဘုန်းကြီးတို့ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေအားလုံး ကြားဖူးနေတဲ့ ရှင်မဟာကဿပနဲ့ မယ်ဘဒ္ဒါလူနာမည်နဲ့ပြောရင် ပိပ္ပလိလုလင်နဲ့ ဘဒ္ဒါကာပိလာနီပေါ့။ ရဟန်းဘောင်ရဟန်းဘဝရောက်သွားတော့ ရှင်မဟာကဿပ ကိုယ်တော်မြတ်လို့ထင်ရှား-ခုတင်တေရသဆောင်တဲ့ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီး၊ ဘိက္ခုနီမကတော့ဘဒ္ဒါဘိက္ခုနီမ။

အဲဒီရှင်မဟာကဿပနဲ့ မယ်ဘဒ္ဒါတို့ရဲ့အလောင်း ဟိုး ပါရမီဖြည့်စဉ်တစ်ခုသောဘဝဆီက ရှင်မဟာကဿပရဲ့အလောင်းက ဗာရာဏသီမြို့နဲ့တစ်ယူဇနာခွဲလောက်ဝေးတဲ့နေရာမှာ အမတ်မျိုးထဲမှာ သွားပြီးတော့ ဝင်စား၊

---

* ထေရ-ဋ္ဌ၊ ၂၊ ၄၂၉။-အပ-ဋ္ဌ၊ ၁၊ ၂၈၂။

http://www.dhammadownload.com



အမတ်ရဲ့သား သွားဖြစ်၊ မယ်ဘဒ္ဒါရဲ့အလောင်းက ဘဒ္ဒါကာပိလာနီခေါ်တဲ့ မယ်ဘဒ္ဒါရဲ့အလောင်းက ဗာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ်ရဲ့ သမီးတော် လာပြီးတော့ဖြစ်၊ အဲဒီလို ဖြစ်ပြီးနေကျတော့၊ ခုနက နန္ဒအမည်ရှိတဲ့ အမတ်ရဲ့ သားက သူတို့ရဲ့ နိဂုံးကြီးမှာ နက္ခတ်ပွဲသဘင်ကြီး (၇) ရက်တိုင်တိုင် နက္ခတ် ပွဲသဘင်ကြီး ကျင်းပတော့ သူ့အမေဆီ ပုဆိုးတောင်းတယ်၊ "အမေ. . . ကျွန် တော် နက္ခတ်ပွဲသဘင်ကြီး ပါဝင်ပြီးတော့ ဆင်နွှဲချင်တယ်၊ ဒါ့ကြောင့် ကျွန်တော် လုံချည်သစ်၊ အင်္ကျီသစ်များရချင်ပါတယ်"လို့ပြောလို့ အမေက လုံချည်သစ်၊ အင်္ကျီသစ်ထုတ်ပေးတယ်၊ ထုတ်ပေးတော့ သူကစမ်းကြည့်ပြီး တော့ "ဒါ ကြမ်းတယ်ဗျာ့တဲ့ ဒါမဝတ်ချင်ဘူး၊ မဝတ်နိုင်ဘူး" တဲ့ ဆိုတော့ အမေက ဒီထက်နုတဲ့ လုံချည်အင်္ကျီထုတ်ပေး၊ အဲဒါထုတ်ပေးတော့လည်း သူကစမ်းကြည့် ပြီးတော့ "တော်ပြီတဲ့ ဒါလည်း ကြမ်းတာပဲတဲ့၊ ကျွန်တော်မဝတ် နိုင်ဘူး"တဲ့ ဆိုတော့ အမေကတစ်ခါ ဒီထက်ကောင်းတဲ့ လုံချည်အင်္ကျီထုတ်ပေး၊ နုတဲ့ လုံချည်အင်္ကျီထုတ်ပေးရပြန်တယ်။

အဲဒါလည်းသူက စမ်းကြည့်ပြီးတော့ "ကြမ်းတယ်တဲ့ ကျုပ်ဒါမဝတ်နိုင် ဘူးတဲ့" ဆိုတော့ အမေလုပ်တဲ့သူက "ငါ့သား . . . တဲ့ ငါတို့မှာ ဒို့ရဲ့အခြေ အနေ ဒို့ရဲ့ပစ္စည်း အင်အားနဲ့ ဒို့ရဲ့အခြေအနေအရ ဒီအဝတ်ဟာ အကောင်းဆုံး အဝတ်ပဲတဲ့ . . . အကောင်းဆုံးအဝတ်ပဲ၊ အနုနယ်ဆုံးအဝတ်ပဲတဲ့ ဒီအဝတ် ကိုမှ မင်းမဝတ်နိုင်ဘူးဆိုရင်ဖြင့် ဒါ့အပြင် ငါ့ပေးစရာ မရှိတော့ . . . . ဘူးတဲ့၊ ပေးစရာ မရှိတော့ဘူးလို့ ပြောလိုက်တယ်၊ အဲဒီလိုပြောလိုက်တော့ သူက "ဒီလိုဆိုရင် ကျွန်တော် ဒီလိုအဝတ်နုနုတွေ ရ,ရာကို ကျွန်တော်ဝတ်နိုင်တဲ့ အဝတ်နုနုတွေ ရ,ရာကို သွားမယ် . . . လို့ ဗာရာဏ သီမြို့ဘက်သွားမယ်"တဲ့ ဒီတော့အမေလုပ်တဲ့သူကလည်း စိတ်ဆိုးဆိုးရှိတာနဲ့ "အမလေး . . . မောင် မင်းကြီးသား ကြွတော်မူ၊ ကြွတော်မူ မင်းဒီထက်ကောင်းတဲ့ အဝတ်တွေ ဝတ်ပြီးတော့ ဗာရာဏသီမြို့ကြီး ထီးနန်းစံရတာ ငါကကြည့်စမ်းချင်ပါတယ်" လို့ အမေက ငေါ့တော့တော့ ပြောလိုက်ထယ်၊ အမှန်ကတော့ အမေက စိတ်က ထင်တာက ဒီကောင် အလကားကြွေးများနေတာ၊ သွားမှာတော့ မဟုတ်ပါဘူး၊ ဟိုနားဒီနား သွားပြီး ပြန်လာမှာပဲဆိုပြီးတော့ "ကဲ သွားချင်သွား၊ သွားချင်သွား" လို့ နှင်လွှတ် လိုက်တယ်၊ ဒီတော့ နန္ဒသတို့သားက "ကိုင်းအမေ ကျွန်တော် အဟုတ်သွားပြီ" ဆိုပြီးတော့ ထွက်သွားလိုက်တာ ဗာရာဏသီမြို့ဘက် ရောက် သွား။

http://www.dhammadownload.com



ဗာရာဏသီမြို့ရောက်တော့ ဗာရာဏသီမြို့ရဲ့ မင်းဥယျာဉ်ထဲမှာ ခဏ မောမောပန်းပန်းရှိတာနဲ့ ဝင်ပြီးတော့ ကျောက်ဖျာပေါ်အိပ်နေတယ်၊ အိပ်နေတော့ အဲဒီနေ့မှာ သူသွားပြီးတော့ အိပ်တဲ့နေ့မှာလည်းပဲ ဗာရာဏသီပြည့်ရှင်ဘုရင်မင်းမြတ် နတ်ရွာစံ ကံတော်ကုန်လို့ (၇) ရက်မြောက်ရောက်တဲ့နေ့ အဲဒါ မှူးကြီးမတ်ရာ သေနာပတိတွေက ဒို့ဘုရင်မရှိလို့တော့ မဖြစ်ဘူး ဘုရင်လည်းပဲ မရှိဘူး၊ ဒီတော့ ဘုရင့်မှာလည်းပဲ ထီးမွေနန်းရဲ ဆက်ခံမယ့်သား မကျန်ရစ်ဘူး၊ သမီးတော်တစ်ပါးပဲ ကျန်ရစ်တယ်။ ဒီတော့ ဒို့တတွေ ဘုရင်ရှာကြအုန်းစို့ရဲ့၊ မင်းမြောက်ဖို့ရာအတွက် ရှာကြအုန်းစို့ရဲ့ လို့ဆိုပြီးတော့ အားလုံးတိုင်ပင်ပြီးတော့ ဖုဿဝင်းရထားဆိုတဲ့ မင်္ဂလာရထား လွှတ်ကြတယ်။ မင်းမြောက်တန်ဆာတွေတင်၊ ထီးဖြူကြီးတွေဖြန်းမိုးပြီတော့ မင်္ဂလာရထား လွှတ်၊ နောက်က တူရိယာတွေနဲ့ အဆင်သင့်တီးဖို့ မှုတ်ဖို့ နောက်ကလိုက်ကြ။

ဒီတော့မင်းမြောက်တန်ဆာတွေ တင်ပြီးတော့ ထားတဲ့ မင်္ဂလာရထား၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ သာသနာစောင့်နတ်တွေ တိုင်တည်ပြီးတော့ ထားတဲ့မင်္ဂလာ ရထားလွှတ်လိုက်တော့ မင်္ဂလာရထားက ဥယျာဉ်ဘက် ထွက်လာ၊ ဒီတော့နောက်က ပုရောဟိတ်နှင့်တကွ မှူးကြီးမတ်ရာတွေ နောက်ကလိုက်လာ ခဲ့ကြရတယ်ပေါ့၊ အဲဒီလို လိုက်လာပြီးတော့ ဟော့ဒီမင်္ဂလာဥယျာဉ်ရောက်တဲ့ အခါကျတော့ အဲဒီခုနက နန္ဒအမတ်ရဲ့သား အိပ်နေတဲ့နေရာရဲ့ ဘက်မှာ ခေါင်း ဆိုက်ပြီးတော့ ရထားက အဆင်သင့်စီးဖို့၊ တက်ဖို့အနေမျိုးနဲ့ ဦးတိုက်ပြီးတော့ ရထားဆိုက်သွားတယ်၊ အဲဒီတော့မှ ခုနက ပုရောဟိတ်နှင့်တကွ ပညာရှိအမတ်တွေက အိပ်နေတဲ့ သတို့သားရဲ့ ခြေထောက်မှာရှိနေတဲ့ အခြင်း အရာလက္ခဏာတွေ၊ လက်မှာရှိတဲ့ လက္ခဏာတွေ၊ နဖူးရေ ဒူးရေ ကြည့်ကြ တော့-အော် "မင်းဖြစ်နိုင်တဲ့ ဘုန်းကျက်သရေပါတယ်၊ မင်းဖြစ်နိုင်တဲ့ လက္ခဏာပါတယ်" လို့ဆိုပြီးတော့ အဲဒါစည်တော်တွေ ဘာတွေတီး၊ တူရိယာတွေ တီးပြီးတော့နိုးကြ။

နိုးတော့မှသူကလည်း အကျိုးအကြောင်းထပြီးတော့မေး၊ မေးလိုက်တော့ "တိုင်းပြည်မှာ ရှင်ဘုရင်မရှိလို့ပါ" "ကောင်းပြီ. . . ဒီလိုဆိုရင် ရှင်ဘုရင်မရှိလို့ တင်ကြမယ်ဆိုရင်ဖြင့် အသင်တို့သဘောတူကြလို့ရှိရင် အကျွန်ုပ်ကလည်း မင်းအဖြစ်နဲ့ လက်ခံပါတယ်။" လို့ ဆိုပြီးတော့ ရှင်ဘုရင်အဖြစ် လက်ခံ၊ သမီးတော်နဲ့ ထိမ်းမြားလက်ထပ်ပြီးသကာလ ဘိသိတ်တွေ ဘာတွေ မြှောက်ပြီးတော့ ရှင်ဘုရင်ဖြစ်ကြ၊ အဲဒီလို ရှင်ဘုရင်ဖြစ် မိဖုရားဖြစ်ဖြစ်ပြီး တော့နေကြ

http://www.dhammadownload.com



လို့ ထီးနန်းစည်းစိမ်ရိပ်ငြိမ် ချမ်းသာ ခံစားပြီးတော့ နေကြတော့ မိဖုရာကပြော ရှာတယ်- အဟော မဟာရာဇ တပဿီ ။ အဟော မဟာရာဇ- အော် ငါတို့ရဲ့ ပြည့်ရှင် မင်းဟာဖြင့်၊ တပဿီ-အဟောင်းစားကြီးပါတကား . .၊ ငါတို့ရဲ့ ဘုရင်မင်းမြတ်က အဟောင်းစားပါလား၊ အဟောင်းစားပါလားလို့ မကြား တကြားလေး ခပ်စောင်းစောင်းလေး ပြောတယ်တဲ့ ဒကာကြီး ဦးငြိမ်း၊ ပြောပါ ဘုရား။

အဲဒီလိုပြောလိုက်တော့ ရှင်ဘုရင်က "မိဖုရားစာပြောတာတုန်း၊ ဘာဆိုလိုတာတုန်း" မောင်တော်. . . တဲ့ မောင်တော်နဲ့နှမတော်တို့ဟာ ဒီ အချိန် ဒီအရွယ် ဒီအခါမျိုးမှာ အခုလို မင်းရဲ့စည်းစိမ်၊ ထီးနန်းစည်းစိမ် ရိပ်ငြိမ် ချမ်းသာကြီးကို ရကြတယ်ဆိုတာ . . တဲ့ ရှေးကပြုခဲ့ဖူးတဲ့ကောင်းမှုရှိခဲ့ ကြလို့ သာ ရကြတာဖြစ်ပါတယ်။ အဲဒီလို ရှေးကပြုခဲ့ဖူးတဲ့မကောင်းအထူးကြောင့် ဒီအချိန် ဒီအခါ ဒီဒေသမှာ လူ့စည်းစိမ်ထဲမှာ အကြီးဆုံးဖြစ်တဲ့ မင်းချမ်းသာ စည်း စိမ်ကြီးကို ရနေကြလို့ ဒီစည်းစိမ်ကြီးကို ထိုင်ပြီးတော့ ခံစားနေကြရင်ဖြင့် မောင်တော်တို့နှမတော်တို့ဟာ အဟောင်းစားဘဝပဲ ရောက်ကြမယ် " တဲ့၊ အဟောင်းစားတဲ့၊ "နောက်ထပ်အသစ်ဖြစ်တဲ့ကုသိုလ်ကောင်းမှုကို မပြုလို့ရှိရင် ဖြင့် မောင်တော်နဲ့နှမတော်တို့ဟာ အသစ်စားစရာ မရှိဘဲနဲ့ အဟောင်းစားဘဝ နဲ့ပဲ လမ်းဆုံးကြလိမ့်မယ်"။

ရှေးကပြုခဲ့ဖူးတဲ့ ကုသိုလ်ကောင်းမှုကြောင့် ရလာတဲ့ စည်းစိမ်လေး ထိုင်ပြီးတော့ ခံစားစံစား၊ ဘယ်မှလည်း ဘာမှမလှူ ဘာကောင်းမှုမှလဲ မပြုဘူး လို့ဆိုရင် ပရိသတ်ကြီး အဟောင်းစားတဲ့၊ ကုသိုလ်ကောင်းမှု မပြုဘဲနဲ့ ရှေးက ပေးလိုက်တဲ့ ကုသိုလ်ကံလေးမှီပြီးတော့ စားသောက်နေတဲ့သူကို ပရိသတ်ကြီး ရှေးကသူတော်ကောင်းတွေက အဟောင်းစားလို့ပြောတယ်၊ အသစ်စား မဟုတ် ဘူးတဲ့၊ ပရိသတ် ဘာစားတဲ့တုန်း? အဟောင်းစားပါဘုရား၊ လောက ကြီးထဲမှာ အဲလို အဟောင်းစားတွေ ပရိသတ် မရှိဘူးလား? ရှိပါဘုရား၊ အဲ ရှိပါတယ် . . . တဲ့၊ ဒကာကြီး ဦးငြိမ်း ပိန်းတန်းထဲကို ရှိပုံရတယ်နော်- ဖြေ လိုက်ကြတာ သွက်သွက်ပဲ၊ ဒီတော့ အဟောင်းစားတွေ ဖြစ်နေကြသည် . . ။

ဒီနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ လူဘဝ လူခန္ဓာ ရကြပြီးတော့ မိမိတို့ စားနိုင်သောက်နိုင် အထိုက်အလျောက်ဖြစ်နေကြတာ ရှေးကကောင်းမှုရှိခဲ့ကြပေလို့၊ ရှေးကကောင်းခဲ့လို့ အခုကောင်းနေတယ်ဆိုတာ

http://www.dhammadownload.com



ပရိသတ် မသေချာဘူး? သေချာပါဘုရား။ ကမ္မသကတာသမ္မာဒိဋ္ဌိဉာဏ်နဲ့ ကြည့်လိုက်လို့ရှိရင် ရှေးကကောင်းနေလို့ အခုကောင်းတာဆိုတာ မသေချာဘူး လား? သေချာပါဘုရား။ ဒါဖြင့် အခုကောင်းရင် နောင်ဆက်ကောင်းမှာကော မသေချာဘူးလား? သေချာပါဘုရား။ ဒါဖြင့် ဆိုစမ်းပါ-

♠ - ရှေးကကောင်းလို့, အခုကောင်းပါသည်၊
အခုကောင်း, နောင်ကောင်းပါလိမ့်မည်။
- ရှေးကဆိုးလို့, အခုဆိုးပါသည်၊
အခုဆိုး, နောင်ဆိုးပါလိမ့်မည်။

အခုဘဝမှာ သူများလို ဝဝလင်လင်မရှိ၊ မစားရ မသောက်ရ မွဲမွဲပြတ်ပြတ် ငတ်ငတ်တေတေနဲ့ ဖြစ်နေပြီ . . . ဆိုရင် ကိုယ့်အတိတ်ဘဝတုန်းက သူများ ချမ်းသာအောင် လှူခဲ့တန်းခဲ့ ပေးခဲ့ မလုပ်ခဲ့ဘူးဆိုတာ ရေစုန်ရေဆန် ဆန်ကြည့်လိုက်လို့ရှိရင် ပရိသတ် မသိနိုင်ဘူးလား? သိနိုင်ပါဘုရား။ ရှေးက ဆိုးခဲ့ရင် အခု မဆိုးပေးဘူးလား? ဆိုးပါဘုရား။ ဒါဖြင့် အခုဆိုးရင်ကော နောင်မဆိုးပေဘူးလား? ဆိုးပါဘုရား။ ဒါဖြင့် ရှေးကကောင်းခဲ့ရင် အခုကောင်း မယ်၊ အခုကောင်းကြရင် နောင်ကောင်းပေလိမ့်မယ်၊ အခုဘုရားပွဲကြီး ဆင်နွှဲ ကျင်းပပြီးတော့ ငါးဆယ့်ရှစ်ကြိမ်မြောက် ဒီနေ့စုပေါင်း စုပေါင်းပြီးတော့ ပြုနေ ကြတာ ပရိသတ်ကြီး နောင်ကောင်းဖို့လား၊ အခုကောင်းဖို့လား? နောင်ကောင်း ဖို့ပါဘုရား၊ နောင်ကောင်းဖို့၊ အခုကောင်းနေတာက ဘာပြုလို့တုန်းဆိုတော့ ရှေးကကောင်းခဲ့လို့။

ဒီတော့ဘုန်းကြီးတို့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ နယ်ထဲမှာရှေးကကောင်းလာပေမဲ့လို့ အခုကောင်းနေပေမဲ့လို့ နောင်ကောင်း အောင် မပြုဘဲနဲ့ အဟောင်းစားတွေ ပရိသတ် မရှိဘူးလား? ရှိပါဘုရား။ သူများတွေပြုနေပေမဲ့လို့ မပြုချင်ဘူး၊ သူများတွေဘုရားပွဲ သွားနေပေမယ်လို့ မသွားချင်ဘူး၊ သူများတွေ လောင်းကြ လှူကြပေမယ်လို့ သူက ခိုကပ်ပြီးတော့ နေချင်တဲ့သူတွေ ပရိသတ် မရှိဘူးလား? ရှိပါတယ်ဘုရား။ အဲဒါတွေက အဟောင်းစားတွေလား၊ အသစ်စားတွေလား? အဟောင်းစားတွေပါဘုရား၊ အဟောင်းစားတွေ . . .၊ အဟောင်းစားတွေပြည့်လို့နေ၁်၊ ဘုန်းကြီးတို့ ဘုန်းကြီးတွေထဲကိုပဲ အဟောင်းစားတွေရှိနေလို့ ဘုန်းကြီးဖြစ်ပြီးတော့ မလှူ မတန်း မပေးမကမ်းနဲ့ဆိုတော့ တော်ပြီတဲ့ သီလထိန်း တော်ရောပေါ့၊ တရားထိုင် တော်ရောပေါ့ဆိုပြီးတော့ မလှူမတန်းတဲ့ ဘုန်းကြီးတွေလည်း ဒကာကြီး ဦးငြိမ်

F-41

http://www.dhammadownload.com



ရှိတယ်၊ ရှိပါဘုရား၊ ဒီတော့ သူ့အဲဒီဘုန်းကြီး ကြီးကော အဟောင်း စားလား၊ အသစ်စားလား ပရိသတ်? အဟောင်းစားပါဘုရား၊ ဘုန်းကြီးမိုလို့ မညာနဲ့ ကမ္ဘသကတာသမ္မာဒိဋ္ဌိနယ်ကပြောရင် အဟောင်းစား ကြီးနော်။

ဘုန်းကြီးတို့ ရွှေကျင်သာသနာပိုင်ဆရာတော် မြောင်းမြဆရာတော်ကြီး က ပြောတယ်၊ "မင်းတို့ ဓမ္မကထိကတွေ . . တဲ့၊ လူများတော့ ဟောလိုက်တာ "ဒါနံ ဒါတဗ္ဗံ၊ ဒါနံ ဒါတဗ္ဗံ" လှူရတယ် လှူရတယ်နဲ့ သူတို့ကျတော့ ခါး ကသော့တွဲကြီး မချဘူး"တဲ့ အမလေး . ဘုန်းကြီးတို့ ဓမ္မကထိကတွေ ပြောတာ၊ မင်းတို့ အဟောင်းစားတွေတဲ့ ဒကာကြီး ဦးငြိမ်း၊ ဒီတော့ ဘုန်းကြီး တို့လည်း မှတ်ထားရတယ်နော်၊ မှတ်ထားရပါဘုရား၊ ဘုန်းကြီးတွေ သာဆိုးသေးတယ်, လာတောင်းရင် မပေးချင်ဘူး။

ရွာတစ်ရွာမှာ ဘုန်းကြီးတစ်ပါး ကျောင်းထိုင်နေတော့ ဒကာတွေ ဟိုဈေးရောင်းဈေးဝယ်ပေါ့လေ . . ဘုန်းကြီးတို့ အရပ်ဝေးက ဒကာတွေက တစ်ချို့ တစ်ခါတစ်ခါ အထမ်းကြီးတွေနဲ့ သစ်စေးတို့ ဘာတို့ ထမ်းရောင်းတာ ဒကာကြီးငြိမ်း မရှိတတ်ဘူးလား? ရှိပါဘုရား၊ ရှိတော့ သူတို့အကြောင်းအား လျော်စွာ တစ်ရွာနဲ့ တစ်ရွာကူးသန်းပြီး သွားလာရတာဖြစ်တော့ ဒကာနှစ်ယောက် အဲဒီရွာရောက်လာ၊ ရောက်လာတော့ ထမင်းချက်ချိန်လည်း မရှိဘူး၊ သူတို့လည်း ဆန်တို့ ဘာတို့ ဝယ်ပြီးချက်ချိန်ကာလည်း မရတော့ "ကဲကွာ . . ဘုန်းကြီးကျောင်းဝင်ပြီးတော့ ရှိတာလေးများ တောင်းစားရအောင်"ဆိုပြီးတော့ ကျောင်းဝင်ပြီးတော့ ဘုန်းကြီးဆီ ကပ်ပြီး "ဆရာတော်ဘုရား . . တပည့်တော်တို့ အရပ်ဝေးက သားကျွေးမှု ကိစ္စနဲ့ ရောက်ဝယ်ဖေါက်ကားပြီးတော့ တပည့်တော်တို့လာရပါတယ်ဘုရား၊ စစ်စီးလေးတွေ ဘာလေးတွေရောင်းရင်းနဲ့ လာရပါတယ်၊ တပည့်တော်တို့ ထမင်းချက်ချိန်လည်းမရှိတော့လို့ ဆရာတော်ကျောင်းမှာ ထမင်းကျန် ဟင်းကျန်လေးများရှိရင် ချီးမြှင့်ပါဘုရား၊ စွန့်ပါဘုရား၊ ဘယ်ရှိမှာတုန်းကွ ထမင်းကျန် ဟင်းကျန် ဒို့ကျောင်းသားတွေ ကျွေးရ မွေးရ သေးတဲ့ဥစ္စာ မင်းတို့ကိုယ်ဘာကို ရှာချက်စားကြပါလား၊ မှန်ပါဘုရား၊ ထမင်း ကျန် ဟင်းကျန်မရှိလို့ရှိရင်လည်း တပည့်တော်များ ပဲလှော်လေး၊ ငှက်ပျောသီး လေးများရှိ ရှိရင်လည်း စွန့်တော်မူပါဘုရား၊ ဘယ်ရှိမှာတုန်းကွ ကပ္ပိယတွေ ကျွေးရသေးတာ၊ ငါလည်းပဲ စားရသေးတာ ဘယ်ရှိလိမ့်မတုန်း၊ ကျက်သရေ ခန်းထဲတော့ အပြည့်ရှိတယ်တဲ့ ဒကာကြီးဦးငြိမ်း သိလား၊ မှန်ပါ ဘုရား။

http://www.dhammadownload.com



မပေးဘူး၊ မပေးချင်တော့ "မရှိဘူးကွ၊ အောင်မာ ငှက်ပျောပင်တွေ တောင်မှ အခုမှစိုက်ရအုန်းမှာ"၊ "မှန်လှပါဘုရား . . . အဲလို မရှိရင်လည်း ထန်းလျက်ကလေး ကြံသကာလေးများ ရှိရင်လည်းပဲ တပည့်တော်တို့ အဆာပြေ စားလို့ရှိရင်လည်းပဲ ရပါတယ်ဘုရား၊ ထမင်းမစားရလည်း ကိစ္စမရှိပါဘူး၊ "ဖျော်ရည်ဖျော်သောက်ရအုန်းမှာကွ၊ အဲဒါကလည်း"တဲ့၊ မပေးဘူး ဒကာကြီး၊ ဒီတော့ ဒကာနှစ်ယောက်က "ကိုယ့်လူရေ့ ရမယ့်ပုံတော့မပေါ်ဘူး၊ ဒီကိုယ်တော် ကြီးက သူများဆီကသာ အလှူခံတာ၊ သူကလှူတဲ့သူ မဟုတ်ဘူးနဲ့တူတယ်။ အဟောင်းစားကြီးနဲ့တူတယ်၊ သွားကြစို့"ဆိုပြီးတော့ အသာ နောက်ဆုတ်ထွက်လာကြ။

နောက်ဆုတ်ထွက်လာလို့ အပေါက်နားရောက်တော့ သူတို့ အဲဒီ ကျောင်းက ဦးဇင်းလေးနဲ့တွေ့တယ်၊ "ဒကာကြီးတွေ ဘာတုန်း"၊ "ဘုရား တပည့် တော်တို့ ထမင်းချက်စားချိန်လည်း မရလို့ ဘုန်းကြီးဆီ တပည့်တော်တို့ ထမင်းလေး ဟင်းလေးများ ကျန်အုန်းမလားလို့ တက်တောင်းတာ၊ ထမင်းဟင်း တောင်းတော့လည်း ကျောင်းသားတွေ စားပြီးပြီတဲ့ဘုရား၊ ပဲလှော် ငှက်ပျောသီးလေးများ တောင်းတော့လည်းပဲ ကပ္ပိယတွေကျွေးလိုက်လို့ ကုန်ပြီတဲ့ ဘုရား၊ ထန်းလျက်ကလေး ကြံသကာလေးများရှိ စွန့်ပါဆိုတော့လည်း ငါ ဖျော်ရည် ဖျော်သောက်ရအုန်းမှာလို့ ပြောလို့ဘာမှ မရခဲ့ပါဘူးဘုရား"၊ "ဒကာကြီးတို့ သွားမတောင်းနဲ့ ကျုပ်တို့ဘုန်းကြီးက ရှိတာနှမြောတာ မပြောနဲ့မရှိတာကို နှမြောတာ" တဲ့၊ "ဘယ့်နဲ့ဟာတုန်းဘုရား၊ အရှင်ဘုရားဟာကလည်း ရှိတာ နှမြောတာကတော့ ဟုတ်ပ၊ မရှိတာ နှမြော တာဘယ်နဲ့လုပ်မ ရှိတာ နှမြောတာတုန်း"၊ ကိုင်း ခင်ဗျားတို့သိချင် လိုက်ခဲ့တဲ့ ကျုပ်နောက်က၊ လာ လိုက်ခဲ့ ဟိုပုဏ္ဏားကွယ်လေးက ခဏကွယ်ပြီး နားထောင်နေဉ်၊ ကျုပ်ဘုန်းကြီးဆီဝင်မယ်၊ ခင်ဗျားတို့ အခန်းအပြင်ဘက်က အသာလေး နားထောင်နေ" ဆိုပြီးတော့ လူနှစ်ယောက်က အပြင်ဘက်ကနားထောင်နေ။

ကိုယ်တော်လေးက အထဲဝင်သွား ပြုံးပြုံး ပြုံးပြုံးနဲ့ ဝင်သွား၊ဆရာတော်၊ "ဟ-ငါ့တပည့်ကြီး ပြုံးလှပါလား ဘာဖြစ်လာတုန်း" "မှန်ပါဘုရား၊ ဆရာတော်-မနေ့ညက တပည့်တော် အိပ်မက်မက်တယ်ဘုရား၊ အိပ်မက်မက်တယ်" "အောင်မယ်ဆိုစမ်းပါအုန်း ငါ့တပည့်ရ ဘာတွေများ မင်းမက်လာတုန်း" "ဆရာတော် ရှင်ဘုရင်ဖြစ်တယ်လို့ တပည့်တော် အိပ်မက်မက်နေတယ်ဘုရား၊ ရှင်ဘုရင်ဖြစ်တယ်လို့ မက်လို့" "အမယ်- ဟုတ်တုတ်တုတ်ပဲ မင်းအိပ်မက်က၊

http://www.dhammadownload.com



“ငါ့လည်းမယ်တော်ကြီးက ငယ်ငယ်ကပြောခဲ့ဘူးတယ်၊ မင်းဖြစ်မယ့်လက္ခဏာပါတယ်လို့ ဆိုထားတယ်ကွ၊ ငါရှင်ဘုရင်ဖြစ်ချင်ဖြစ်မှာပော့၊မင်းအိပ်မက်ကလည်း အဟုတ်ပဲ၊ ဆိုစမ်းပါအုန်း ဘယ်လို မက်တာတုန်း” “ဟာ-အရှင်ဘုရား၊ ဆရာတော် ရှင်ဘုရင်ဖြစ်တာမှ မိဖုရားတွေကလည်း အများကြီး မောင်းမိသံ့ အခြွေအရံတွေကလည်း အများကြီး၊ နန်းတော်ကြီးကလည်း စိန်တွေ, ရွှေတွေ တဝင်းဝင်းတလက်လက်နဲ့ အဲဒီထဲမယ် အရှင်ဘုရားက ရှင်ဘုရင်ဖြစ်နေတာ တပည့်တော် အိပ်မက်ထဲမြင်တာဘုရား”၊

အေး“ ဟုတ်သလား၊ အံမယ် မင်းအိပ်မက်တော်တော်ကောင်းတဲ့ အိပ်မက်ပဲ” “ မှန်လှပါဘုရား ဒီလိုဆိုတော့ အရှင်ဘုရား ရှင်ဘုရင်ဖြစ်လို့ရှိရင် တပည့်တော်က အရှင်ဘုရားရဲ့ ငယ်မွေးခြံပေါက် တပည့်ဖြစ်တော့ တပည့်တော်ကိုတော့ ဝန်ကြီးတစ်နေရာတော့အရှင်ဘုရား ပေးပါဘုရား” “ဩ -မင်းကလည်းခက်လိုက်တာကွာ . . . ပေးမှာပေါ့ကွ ဝန်ကြီးပေါ့” “အဲဒါ ဝန်ကြီးရတာ ကိစ္စမရှိဘူးဘုရာ့၊ နယ်စားပယ်စားကလိုချင်သေးတာ ဟို မကွေးတိုင်းစားတဲ့ ဝန်ကြီးဖြစ်အောင် တပည့်တော် မကွေးနယ်စား ဝန်ကြီးခန့်တော်မူပါဘုရား တပည့်တော်ကို” “ အော် . . . မင်းကလည်းပဲ မကွေးနယ်ဆိုတာ ဆီတွေ သနပ်ခါးတွေ ထွက်တယ်ကွ၊ ငါ့နန်းတော်မယ်ဆီတွေ သနပ်ခါးတွေ လိုသေးတာ၊ ငါ့မိဖုရားကြီးတွေက ငါ့သမီးတော်တွေက သနပ်ခါးတွေ ဘာတွေ လိမ်းချင်သေးတာ . . .၊အဲဒီနယ်တော့ ပေးလို့ဖြစ်မှာဘယ်ပေးလို့ဖြစ်မှာ တုန်းကွ၊ မင်းအဲဒီနယ်တော့ မဖြစ်ဘူးကွာ” ဒကာကြီး ဦးငြိမ်းရှိလည်း မရှိဘူးနော်၊ မရှိပါဘုရား။ အခုဟိုမှာ နှမြောနေပြီ။

ဒီတော့ကိုယ်တော်လေးက “အဲဒီလိုဆိုရင်ဘုရား . . အရှင်ဘုရား မကွေးနယ်မပေးချင် ယောနယ် ဆောနယ်ဝန်ကြီးခန့်ဘုရား၊ အဲဒီနယ်တော့ တပည့်တော်နယ်စားပေး”၊ “ ဟကောင်ရ အဲဒီက ယောနယ် ဆောနယ် ကလည်းပဲ ယောထမီတွေ၊ ယောလုံချည်တွေထွက်တယ် ပြောတယ်၊ ဟာကောင်ရ ငါ့သမီးတို့, ငါ့မိဖုရားကြီးတို့ ဆင်ရအုန်းမယ် ဘယ်မင်းပေးလို့ ဖြစ်မှာတုန်းကွ အဲဒီနယ်တော့” “မှန်လှပါဘုရား ဒီလိုဆိုရင် အရှင်ဘုရား . . တပည့်တော်ကို ရှမ်းပြည်တောင်တန်းရှမ်းနယ်မှာ ရှမ်းဝန်ကြီးခန့်ဘုရား၊ တပည့်တော်အဲဒီဘက်” “အဲဒါမှ အခက်ပဲ မင်း၊ ငါ့လက်ဖက်ကြိုက်မှန်း သိရက်သားနဲ့ ငါ့လက်ဖက်ကောင်းတို့ လက်ဖက်ခြောက်ကောင်းတို့ ကြိုက်မှန်း သိရက်သားနဲ့ အဲဒါက ငါကိုယ်တိုင်စားရမှာကွ မင်းဘယ်ပေးလို့ဖြစ်မှာတုန်း” ဆိုတော့ ကိုယ်တော်လေးက

http://www.dhammadownload.com



ဆုတ်ထွက်လာပြီးတော့ ဒကာကြီးတွေ လက်တို့ပြီးတော့ "လာဒကာကြီး တို့" ဆိုပြီး အောက်ခေါ်သွား၊ "မြင်သလား ကျုပ်တို့ဘုန်းကြီးက ရှိတာမပြောနဲ့ မရှိတာကို နှမြောတာ" တဲ့၊ ကဲဒကာကြီးဦးငြိမ် ဘုန်းကြီးများ နှမြောပြီဆိုတော့ မရှိတာကို နှမြောတယ်တဲ့နော်၊ အခုရှိ သလား ခုနက မကွေး တိုင်းတို့က? မရှိပါဘုရား၊ မရှိသေးဘူးနော်၊ မှန်ပါ၊ အဲဒီလိုနဲ့ အဲဒီဘုန်းကြီး ရဲ့မရှိတာကိုပင် နှမြောတယ်. . . တဲ့ အပေါင်းစား အပေါင်းစား။

ဒါပေမဲ့လို့ အဲဒီဘုန်းကြီးကြီး နောက်တော့ သူတောင်းစားချွတ်တာနဲ့ ကျွတ်တယ်တဲ့ ဒကာကြီး၊ မှန်ပါဘုရား၊ သူတောင်းစားချွတ်တာနဲ့ ကျွတ်တယ် ဆိုပဲ။ သူတောင်းစားက နောက်တော့ ဒီလိုပဲ လာတောင်းပြန်တယ်၊ ဘုန်းကြီးက မနက်ပိုင်းဆွမ်းစားတော့မလို့ ဆွမ်းအုပ်တွေ ဘာတွေလည်းရောက်နေ၊ သူ တောင်းစားကတက်လာပြီးတော့ "ဆရာတော်ဘုရား . . . တပည့်တော် - ပေးမှကမ်းမှ စားရတဲ့သူပါဘုရား၊ တပည့်တော် ဟင်းကျန် ထမင်းကျန်လေး များရှိရင် စွန့်တော်မူပါဘုရား"လို့ တက်တောင်းတော့ "ဟာ ရာရာစစ မင်း၊ မင်းလည်းလက်နဲ့ ခြေနဲ့ပဲ မင်းဟာမင်းလုပ်ကိုင်စားပါလား၊ ဘယ့်နဲ့သူများဟာ လာပြီး တောင်းရန်းစားသောက်နေရတယ်လို့ မင်းသွား ဆင်း၊ အခု" ဆိုပြီး တော့ နှင်ချ၊ နှင်ချတော့ သူတောင်းစားက "မှန်လှပါဘုရား . . . တပည့်တော် ဆရာတော်ဘုရားက မပေးနိုင်ဘူး၊ မကမ်းနိုင်ဘူးဆိုလည်း တပည့်တော်သွားရ မယ့် အစားပါဘုရား . . ၊ သွားရမယ့်ဘဝပါဘုရား၊ သို့သော်လည်း ဆရာတော် ဘုရားရဲ့ကျောင်းပေါ်ကို အခုလို တက်ခွင့်ရတာလေးပင် ဆရာတော်ဘုရားနား ချဉ်းကပ်ခွင့်ရတာလေးပင် တပည့်တော် ကျေနပ်လွန်းလို့ ဆရာတော်ဘုရားကို ရှိခိုးကန်တော့ ဖူးမြော်ကန်တော့ခွင့်ရတာလေးပင် တပည့်တော် ကျေနပ်လွန်း လို့ ဆရာတော်ဘုရားဘေးက ဆွမ်းအုပ်တွေရဲ့ အနံ့လေးခံရတာပဲ တပည့်တော် ကျေးဇူးတင်လွန်းလို့ တပည့်တော်ဆုလေးပေးခဲ့ ပါရစေအုန်းဘုရား" "အောင်မယ် . . မင်းဟာ စကားရှည်လိုက်တာကွာ . . ကြီးကြီးကျယ်ကျယ်နဲ့ဘာပြော မှာတုန်း ကဲ - ပြော"

*ရှေးကကောင်းလို့, အခုကောင်းပါသည်, အခုကောင်း, နောင်ကောင်း ပါလိမ့်မည်။

*ရှေးကဆိုးလို့ အခုဆိုးပါသည်, အခုဆိုး, နောင်ဆိုးပါ လိမ့် မည်။

http://www.dhammadownload.com



အဲဒီတော့ဘုန်းကြီး "ဘာတုန်းကွ မင်းကဘာပြောချင်တာတုန်း" မှန်ပါဘုရား အရှင်ဘုရား များကတော့ ရှေးကကောင်းခဲ့ကြလို့ အခုဘဝမှာလည်း စားစရာ သောက်စရာ ဆွမ်းအုပ်တွေ အပြည့်အစုံ နေစရာ ထိုင်စရာကျောင်းတွေက လည်းပဲ ရွှေဘုံရွှေနန်းနဲ့ သက်န်းထီးဖိနပ်တွေကလည်း ပြည့်စုံ . . လို အရှင် ဘုရားများမှာတော့ ရှေးကကောင်းခဲ့ကြလို့ အခုကောင်းနေကြပါတယ်၊ တပည့်တော်များမှာတော့ ရှေးဘဝက မကောင်းခဲ့လို့ အခုဘဝ တောင်းရမ်းစားသောက်တာတောင်မှ ပေးမယ့်ကမ်းမယ့်သူ ကြည်ကြည်ဖြူဖြူ မရှိလို့ တပည့်တော်ရဲ့အဖြစ်ကိုလည်း တပည့်တော် ဝမ်းနည်းလွန်းလို့ ရှေးက မကောင်းမိခဲ့လို့ငါ အခုဘဝမကောင်းရလေခြင်း . . . လို့ အဲဒီလို အနေနဲ့ တပည့်တော်ဆရာတော်ဘုရားလည်းပဲ ကန်တော့တဲ့အနေနဲ့ တပည့်တော်ရဲ့ ဘဝလည်း တပည့်တော်သတိရလို့ ဆိုပါတယ်ဘုရား၊ ဆိုပါတယ်။

♠ **ရှေးကကောင်းလို့, အခုကောင်းပါသည်, အခုကောင်း, နောင်ကောင်း ပါလိမ့်မည်။**

ရှေးကဆိုးခဲ့လို့, အခုဆိုးရပါသည်, အခုဆိုး, နောင်ဆိုးပါလိမ့်မည်။ ဘုန်းကြီးကနည်းနည်းစိုက်သွားတယ် ဒကာကြီးဦးငြိမ်း၊ စိုက်သွားပါဘုရား။ စိုက်သွားပြီးတော့ "ကဲဘာတုန်းကွ မင်းဟာပြန်ဆိုစမ်းပါအုန်း၊ ပြန်ဆိုစမ်းပါအုန်း" သြ . . အရှင်ဘုရားများတော့ "ရှေးကကောင်းခဲ့ကြလို့ အခုကောင်းကြပါသည်၊ အခုကောင်းကြရင် နောင်လည်းဆက်ကောင်းပါလိမ့်ဦးမည်၊ တပည့်တော်များမှာတော့ ရှေးကဆိုးခဲ့မိလို့ အခုဆိုးပါသည်၊ အေး အခုဆိုးကြတဲ့သူမှန်သမျှ နောင်ဆိုးပါလိမ့်မည်" ဆိုတော့ ဘုန်းကြီးကြီး စိုက်ပြီးကျသွား၊ ဟုတ်ပြီဆိုပြီးတော့ "ဟဲ့ကျောင်းသားလေး လာစမ်းတဲ့ ငါစားမယ့် ဆွမ်းအုပ် ကျွေးလိုက်ကွာ၊ ပေးလိုက် ပေးလိုက်"တဲ့၊ အသက်ခြောက်ဆယ်ကျော် မနူးမနပ် ကျွတ်ဆတ်ဆတ်ဘုန်းကြီးကြီး ဘုရား တရားတော်တွေနဲ့ မကျွတ်ဘူး သူတောင်းစားချွတ်မှ ကျွတ်သတဲ့။ ဒကာကြီး ဦးငြိမ်း၊ မှန်ပါဘုရား။ အဲဒီကျမှ ကျွတ်တမ်းဝင်သွားတော့တာပဲနော်။

ဒါကြောင့် အခု နန္ဒမင်းကို သူ့မိဖုရားက ပြောနေတယ်၊ မောင်တော်တဲ့ နှမတော်တို့ မောင်တော်တို့မှာ ရှေးကကောင်းခဲ့ကြလို့ အခုဘဝမှာ မင်းစည်းစိမ်၊ ထီးနန်းစည်းစိမ်ရပ်ငြိမ် ချမ်းသာကြီး ခံစားပြီးသကာလ အကောင်းအမွန်တွေ လူ့ဘဝမှာ အကြီးအကျယ်ဆုံး အခမ်းနားဆုံး စည်းစိမ်အရှိဆုံးဆိုတဲ့ မင်းစည်းစိမ်ကြီးကို ရနေကြသော်လည်းပဲ နောက်ထပ်အသစ်

http://www.dhammadownload.com



ကုသိုလ်ကောင်းမှုကို မပြုကြရင်ဖြင့် မောင်တော်တို့ နှမတော်တို့သည် အဟောင်းစား ဘ၀ရောက်ကြပေလိမ့်မယ် . . . တဲ့၊ ဒီတော့ "ကောင်းပြီ ဒီလို ဆိုရင် ဒို့ဘယ့်နဲ့ လုပ်ကြမတုန်း၊ ကုသိုလ်ကောင်းမှုဆက်ပြီးတော့ ပြုရအောင် သာသနာတော်နဲ့ စပ်တဲ့ အရှင်ကောင်း အရှင်မြတ်တွေကလည်းပဲ ဒို့လှူဖို့ရာ မရှိ၊ ဖုန်းတောင်းယာစကာ ခရီးသွားတွေဆိုတဲ့ သာသနာပ အလှူခံညံ့တွေနဲ့သာ တွေ့နေရတာဖြစ်တော့ အလှူခံကောင်းဖြစ်တဲ့ အရှင်ကောင်း အရှင်မြတ်တွေကို ဒို့ဘယ်လိုရှာကြမှာတုန်း" လို့ မင်းမိဖုရားနှစ်ပါးတိုင်ပင်ဖြစ်ကြတယ်။အဲဒီလိုတိုင်ပင်ပြီးတော့ မိဖုရားက အကြံပေးတဲ့အတိုင်း ညမှာ နန်းမြင့်ပေါ်ကတက်ပြီးတော့ အရှေ့အရပ်ဆီ ဦးတည်ပြီးတော့ မင်းမိဖုရားနှစ်ပါး လက်အုပ်ချီ ပြီးတော့ ကမ္ဘာလောကကြီးထဲမှာ အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်ကြီးတွေ ဆိတ်သုဉ်းတော်မမူကြပါဘူး. . . တဲ့၊ ဒီတော့ အဲဒီအရှင်ကောင်း အရှင်မြတ်ကြီးတွေကို မှန်းပြီးတော့ ပင့်ရအောင်ဆိုပြီးတော့-

**ပုရတ္ထိမာယ ဒိသာယ, သစေ သန္တိ အရဟန္တော၊**

**အာဂန္ဒာ သုဝေ သုဒ္ဓံ, ဘိက္ခံ ဂဏှန္တု အမှာကံ။**

ပုရတ္ထိမာယ ဒိသာယ-အရှေ့လောကဓာတ်, သတ်မှတ်အပ်စွာ, ရပ်ဒိသာ၌၊ အရဟန္တော-အာသဝမြူဘေး, ညစ်အကြေးမှ, ကင်းဝေးစင်ဖြူ, မြတ်အလှူကို, ခံယူထိုက်စွာ, ရဟန္တာဟု, သညာငြိမ့်ညောင်း, အရှင်ကောင်း, အရှင်မြတ်တို့သည်၊ သစေ သန္တိ-အကယ်များ, ထင်ရှားရှိနေခဲ့ကုန်ငြားအံ့၊ ဇဝ်သတိ-ဤကဲ့သို့, ထင်ရှားရှိနေခဲ့ကုန်သည်ရှိသော်၊ ဣဓ- ဟာရာဏသီ, တပည့်တော်တို့ရဲ့ , ဒီရွှေနန်းတော်ဆီသို့၊ အာဂန္ဒာ-သနားချီးမြှောက်, ကြွရောက်တော်မူလာကြကုန်၍၊ သုဝေ-အရုဏ်ကျင်း၍, အလင်းရောက်ရာ, နက်ဖြန်ခါ၌၊ အမှာကံ သုဒ္ဓံ ဘိက္ခံ-တပည့်တော်တို့, စေတနာသုံးတန်,ထက်သန်လှူဒါန်းမည့်,ဘောဇဉ်ဆွမ်းကို၊ ပဋိဂ္ဂဏှန္တု- ရွှေစကြာဖြန့်မြန်း၍, ကြွလှမ်းအလှူ, ခံယူတော်မူလှည့်ပါကုန်ဘုရား . . .။

**သာဓု. . . သာဓု. . . သာဓု. . ပါဘုရား။**

အဲဒါ မင်းမိဖုရားနှစ်ပါး အရှေ့ဘက်မျက်နှာမူပြီးတော့ လက်အုပ်ချီပြီးတော့ ညမှာပင့်ကြတယ်၊ သစ္စာအဓိဋ္ဌာန်ပြုပြီးတော့ လေသာနန်းမြင့်က နန်းမြင့်လေသာတံခါးကနေပြီးတော့ ပင့်ကြတယ်၊ နောက်တစ်ရက်ကျတော့ ချက်ပြုတ်စီမံထား၊ အသင့်ချက်ပြုတ်ပြီး စီမံပြီးတော့စောင့်၊ ဘယ်ကမှ သာသ

http://www.dhammadownload.com



နာ့ဝန်ထမ်း ရှင်ရဟန်းတွေ ကြွမလာဘူး၊ အဲဒါနဲ့ပဲ ဖုန်းတောင်းယာစကာ တွေ၊ ခရီးသွားတွေ၊ ကျွေးမွေးပစ်လိုက်ရတယ်၊ နောက်တစ်ခါ နောက်တစ်ညကျ တော့ တောင်ဘက်အရပ်မျက်နှာမှုပြီးတော့ ပင့်ကြပြန်တယ်၊ ဘယ်ကမှ မကြွ လာဘူး၊ နောက်တစ်ရက်ညကျတော့ အနောက်ဘက်မျက်နှာမှုပြီးတော့ ပင့်ကြ ပြန်တယ်၊ ဘယ်ကမှ မကြွလာဘူးတဲ့ ဒကာကြီးဦးငြိမ်၊မကြွပါဘုရား၊ သာသနာပ ဖြစ်နေတော့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေ မကြုံရဘူး၊ အလှူဝတ္ထု တစ်ခု အထမြောက်တယ်ဆိုတဲ့ ကိစ္စမှာလှူချင်တဲ့ စေတနာ သဒ္ဓါရယ်၊ လှူဖွယ် ဝတ္ထုပစ္စည်းရယ်၊ အလှူခံရယ် ဒီသုံးချက်စုံမှ ဒါနပါရမီ ကုသိုလ်ကောင်းမှုတစ်ခု အထမြောက်နိုင်တယ် ဒကာကြီးဦးငြိမ်၊ မှန်လှပါဘုရား။

အဲဒီသုံးချက်မစုံလို့ရှိရင် ပရိသတ် အထမြောက်ပါ့မလား? မမြောက် ပါဘုရား၊ လှူချင်တဲ့ စေတနာကလည်းရှိတယ်၊ လှူဖွယ်ဝတ္ထုပစ္စည်းကလည်း လက်ထဲတော့ ရှိတယ်၊ အခု သံဃာတော်တွေ သာသနာ့ဝန်ထမ်း ရှင်ရဟန်း တွေကို မင်းမိဖုရားနှစ်ပါးက လှူချင်တာဖြစ်တော့ အဲဒီအလှူခံတွေသူတို့ဆီ မရောက်လာဘူး၊ အရှေ့ပင့်လည်း မရောက်၊ တောင်ဘက်ပင့်လည်း မရောက်၊ အနောက်ပင့်လည်း မရောက်ဆိုတော့ သူတို့လှူခွင့်ရရဲ့လား? မရပါဘုရား။

ပစ္စည်း, သဒ္ဓါ၊ သာသနာ, သုံးဖြာ ဒုလ္လဘာ, ကြုံခဲစွ"တဲ့

စေတနာသဒ္ဓါတရားရယ်၊ လက်ထဲက လှူဖွယ်တန်း ဖွယ်ပစ္စည်းရယ်၊ ပြီးတော့ သာသနာ့ဝန်ထမ်း အလှူခံရယ်၊ အဲဒီသုံးချက်ကလည်း ကြုံခဲတယ် . . တဲ့၊ ဆိုခဲတယ်၊ ဒီနေ့ ပိန်းတန်းရပ်က ဒကာဒကာမအပေါင်း သူတော် ကောင်းတွေ သဒ္ဓါစေတနာရော၊ ပစ္စည်းရော၊ အလှူခံ သာသနာတော်ဝန်ထမ်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့်တကွ သာသနာ့ဝန်ထမ်း ရှင်ရဟန်း အလှူခံ တွေ ပရိသတ်ကြီး ရမနေဘူးလား? ရနေပါဘုရား၊ ဒါဖြင့် ဒုလ္လဘကြီးသုံးချက် မစုံဘူးလား?စုံပါဘုရား။ အဲဒါ သာသနာတော်တွင်း လူဖြစ်ရကျိုး၊ သာသနာ တော်တွင်း လူဖြစ်တော့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းနဲ့ ကြုံတယ်ဆိုတော့ အဲဒီ သာသနာ့ဝန်ထမ်း ရှင်ရဟန်းက လယ်ယာမြေကောင်း၊ ဘုန်းကြီးတို့ ဖုန်း တောင်းယာစကာတွေ၊ ခရီးသွားတွေ သာသနာပ ရသေ့ပုရဗ္ဗိုဇ်တွေဆိုတာ က ကျတ်တီးကုန်းမြေခေါ်တယ်၊ ကျတ်တီးကုန်းမြေထဲ ပျိုးရတာနဲ့၊ မြေကောင်း ရေကောင်းပျိုးရတာနဲ့ ပရိသတ်ကြီး တူပါ့မလား? မတူပါဘုရား၊ ကျတ်တီးကုန်း မြေထဲသွားပျိုးရတဲ့အခါကျတော့ "နွားခွာလည်းတုန်း, မျိုးလည်းဆုံး, သုံးတင်း ကြဲမှ, တစ်တင်းရ" ကျတ်တီးကုန်းမြေထဲ သွားပျိုးတော့ တစ်ခါထဲ နွားခွာတုန်း

http://www.dhammadownload.com



တာပဲ၊ ထွန်လိုက်ယက်လိုက်ရတာ န္တားခွာတုန်းတာနဲ့ မျိုးဆုံးတာ အဖတ်တင်တာပဲ၊ သုံးတင်းကြဲတာမှ တစ်တင်းပြန်ရတယ်ဆိုတော့ ပရိသတ် မြတ်တာလား၊ ရှုံးတာလား? ရှုံးတာပါဘုရား။

အဲဒီလိုပဲ သာသနာပအချိန်အခါမှာက ကျတ်တီးကုန်းနဲ့ တူတယ်၊ သာသနာတော်တွင်းအချိန်အခါကျတော့ဘုရားကို အာရုံပြု၊ သံဃာကို အာရုံပြုပြီးတော့ လှူတတ်ရင် ကုဋေကိုးထောင်ကျော်သိက္ခာ သီလတွေ ထမ်းဆောင်နေတဲ့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေ အာရုံပြုပြီးတော့ လှူတတ်ရင် . . . တဲ့ ဒုလ္လဘဖြစ်တဲ့ ရခဲကြုံခဲတဲ့ ဒုလ္လဘကြီး၊ အခုမင်းမိဖုရားနှစ်ပါး အရှေ့အရပ်, တောင်အရပ်, အနောက်အရပ်, ပင့်လိုက်တာ ပရိသတ်ရသလား? မရပါ ဘုရား၊ ဟော- နောက်ဆုံးမြောက်အရပ်ကို လှည့်ပြီးတော့ -

**ဥတ္တရာယ ဒိသာယ, သစေ သန္တိ အရဟန္တော၊**

**အာဂန္တွာ သုဝေ သုဒ္ဓံ, ဘိက္ခံ ဂဏှန္တု အမှာကံ. . . လို့**

ဥတ္တရာယ ဒိသာယ- မြောက်လောကဓာတ်, သတ်မှတ်အပ်စွာ, ရပ်ဒိသာ၌၊ အရဟန္တော-အာသဝ မြူဘေး, အညစ်ကြေးမှ, ကင်းဝေးစင်ဖြူ, မြတ်အလှူကို, ခံယူထိုက်စွာ, ရဟန္တာဟူ, သညာငြိမ့်ညောင်း, အရှင်ကောင်း အရှင်မြတ်တို့သည်။ သစေသန္တိ- အကယ်၍များ, ထင်ရှားရှိနေခဲ့ကုန်ငြားအံ့၊ ဇဝံသတိ- ဤကဲ့သို့ ထင်ရှားရှိနေခဲ့ကုန်သည်ရှိသော်၊ ဣမ-ဟာရာဏရွှေပြည် တပည့်တော်တို့ရဲ့ ဤရွှေနန်းတော်ဆီသို့၊ အာဂန္တွာ-သနားချီးမြှောက် ကြွရောက်တော်မူလာကြကုန်လျက်၊ သုဝေ-အရုဏ်ကျင်း၍, အလင်းရောက်ရာ, နက်ဖြန်ခါ၌၊ အမှာကံ သုဒ္ဓံ ဘိက္ခံ- စေတနာသုံးတန်, ထက်သန်လှူဒါန်းမည့်, ဘောဇဉ်ဆွမ်းကို၊ ပဋိဂ္ဂဏှန္တု-ရွှေစကြာဖြန့်မြန်း၍ ကြွလှမ်းအလှူခံယူတော်မူလှည့်ပါကုန်ဘုရား။

**သာဓု. . . သာဓု. . . သာဓု. . ပါဘုရား။**

အဲဒီလို မြောက်အရပ်ကို မင်းမိဖုရားနှစ်ပါး လက်အုပ်ချီမိုးပြီးသကာလ ပင့်လိုက်တဲ့အခါကျတော့မှ အဲဒီအသံဓာတ်ကို မြောက်အရပ် ဟိမဝန္တာအရပ်မှာ သီတင်းသုံးနေတော်မူတဲ့ ရှင်ပစ္စေကဗုဒ္ဓါငါးရာတို့တွင် အကြီးဆုံးဖြစ်တော်မူတဲ့ မဟာပဒုမ အရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးက ဒိဗ္ဗသောတဉာဏ်နားနဲ့ ကမ္ဘာလောကဓာတ်လွှားကို ဖြန့်ကားပြီးတော့ အာရုံပြုနေတဲ့အချိန် . . . သွားကြားတယ်၊ ဟိုက အရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးက ဒိဗ္ဗသောတဉာဏ်နားနဲ့ ကမ္ဘာ

http://www.dhammadownload.com



လောကရဲ့ အသံတွေ နားထောင်နေတဲ့အချိန်နဲ့ ဒီကပင့်တဲ့အချိန်နဲ့သွားတိုး တော့ အဲဒီတင် ကြားသွားတယ်တဲ့ ဒကာကြီးဦးငြိမ် (ကြားပါဘုရား)၊ သူတော် ကောင်းကြီးတွေက အဲဒီလို အဘိညာဉ်ရ ပစ္စေကဗုဒ္ဓါတွေ, ရဟန္တာအရှင်မြတ် ကြီးတွေ သူတော်ကောင်းကြီးတွေက ဒိဗ္ဗစက္ခု ဒိဗ္ဗအဘိညာဉ်နဲ့ လောကကြီးထဲ ကို တစ်ခါတစ်ခါကြည့်နေတတ်ကြတယ်။

ဘာပြုလို့ ကြည့်တာတုန်းဆိုတော့ သတ္တဝါတွေ ကယ်ချင်လို့ပါ သူတို့က၊ ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ လောကဓာတ်ကြီးချုံပြီးတော့ ကြည့်နေပြီဆိုရင် ဆင်းရဲ ဒုက္ခရောက်နေတဲ့ သူတွေမြင်ရင်သွားပြီးတော့ ကယ်ကြတယ်။ ဒိဗ္ဗသောတ ဉာဏ် နားနဲ့ ဖြန့်ကားပြီးတော့ နားထောင်နေလိုက်ပြီဆိုရင် ကယ်ပါယူပါ တစာ တစာ အော်တဲ့ အသံတွေအဝေးကအော်တဲ့ အသံတွေ သေးတဲ့ အသံတွေ ကြားရ၊အဲဒီမှာ သွားသွားပြီးတော့ ကယ်ကြတဲ့ ထုံးတွေရှိတယ်။ ဒါကြောင့် အခုရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးကလည်း ဒိဗ္ဗသောတအဘိညာဉ်နားနဲ့ နား ထောင်နေတဲ့ အချိန် ဒီကလည်း ပင့်တဲ့အချိန်သွားပြီးတော့ တိုက်ဆိုင်လို့ကြား၊ အဲဒီလိုကြား တော့ အရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးက ဆင်ခြင်ကြည့်လိုက် တော့ အော်- မင်း မိဖုရားနှစ်ပါး သာသနာတော်တွင်း အလှူခံမျှော်နေကြပါ လား. . . လို့ သိလို့ သူရဲ့ညီတော်နောင်တော်လေးရာကိုးဆယ် ကိုးပါးအားလုံး ပစ္စေကဗုဒ္ဓါ (၅၀၀) အဲဒါ မဟာပဒုမမင်းသားဦးဆောင်တဲ့ ပစ္စေကဗုဒ္ဓါငါးရာ၊ ပဒုမဒေဝီကမွေးထုတ်လိုက်တဲ့ သားငါးရာကဖြစ်သွားတဲ့ ပစ္စေကဗုဒ္ဓါငါးရာ။

ပဒုမဒေဝီဆိုတာ သူများမဟုတ်ဘူး ဘုန်းကြီးတို့ ဘုရားလက်ထက်ကျ တော့ ဥပ္ပလဝဏ်ထေရီမ ဘုရားရဲ့ လက်ဝဲရံ ဥပ္ပလဝဏ်ထေရီမရဲ့ အလောင်း၊ ပဒုမဒေဝီမိဖုရားဖြစ်စဉ်တုန်းက မွေးဖွားလိုက်တဲ့ သားငါးရာ၊ သားကြီးမဟာ ပဒုမမင်းသားကို တရားဝင်မွေးတယ်၊ အဲဒီမဟာပဒုမမင်းသားကိုလိုက်လို့ ပါလာတဲ့ အညှိတွေ သွေးတွေကို စွဲပြီးတော့ သားတော်ငါးရာပေါက်ဖွားတယ် သံသေဒဇ၊ တရားဝင်မွေးတာကတော့ ဒကာကြီးဦးငြိမ်တစ်ပါးတည်းပါ၊ တစ်ပါးပါဘုရား။ အဲကျန်တာတွေက လေးရာ့ကိုးဆယ့်ကိုးပါးကသွေးတွေ အညှိတွေက နေစွဲပြီးတော့ သံသေဒဇလို့ခေါ်တယ်။ ဘုန်းကြီးတို့ အခုကာလ ပိုးလောက်တွေများ ငပိတို့ ဘာတို့ထဲကနေထွက်လာပြီးတော့ ပေါက်ဖွားလာ တာ ဒကာကြီးဦးငြိမ်း မရှိဘူးလား? ရှိပါဘုရား၊ ပရိသတ်ကြီး မရှိဘူးလား? ရှိပါဘုရား၊ အဲဒီလိုပဲ ခုနကမင်းသား လေးရာ့ကိုးဆယ့်ကိုးယောက်က အဲဒီလို ဖွားတာ။

http://www.dhammadownload.com



...အဲဒီမင်းသား ငါးရာလုံးလုံး ပစ္စေကဗုဒ္ဓါဖြစ်နေကြတဲ့ ရဟန္တာ အရှင်မြတ်တွေ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေက ကြွားလို့၊ အဲဒီမင်းမိဖုရားနှစ်ပါးနဲ့ နန်းတော်သူ နန်းတော်သားတွေကို ချီမြှောက်ဖို့ရာ မြောက်တံခါးကနေပြီးတော့ ကြွလာတော်မူကြတယ်။ ကောင်းကင်ခရီးက ကြွလာပြီးသကာလ အဲဒီနန်းတော်မြောက်တံခါးရောက်တော့မှ မြေမှသက်ဆင်းပြီးသကာလ ကြွတော်မူ. . ပြီးတော့လာကြတော့၊ တစ်ခါတည်း မြို့သူမြို့သားတွေရော နန်းတော်သူ နန်းတော်သားတွေရော၊ မင်းမိဖုရားနှစ်ပါးကော ဝမ်းမြောက်ဝမ်းသာ သံယာတော်တွေ ကြွလာတယ်၊ သံဃာငါးရာကြွလာသဟ၊ သံဃာတော်ငါးရာ ကြွလာသဟဆိုပြီးတော့ ဝမ်းမြောက်ဝမ်းသာ လောင်းလိုက်ကြ၊ လှူလိုက်ကြ၊ ပူဇော်လိုက်ကြ၊ လှူလိုက်ကြ ရိုသေမြတ်နိုး လက်အုပ်မိုးပြီးသကာလ ရှိခိုးလိုက်ကြတာ ဝမ်းမြောက်ဝမ်းသာ . . . တဲ့ ဆွမ်းဘောဇဉ်တွေ ကပ်ကြရ။

အဲဒီလိုဆွမ်းဘောဇဉ်တွေ ကပ်ပြီးတော့ ရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေကို တစ်ရက်နဲ့ အားမရသေးလို့ မင်းဥယျာဉ်ထဲမှာ သစ်ရွက်မိုးကျောင်းတွေ ငါးရာ အမြန်ဆောက်ပြီးသကာလ အဲဒီမှာ သီတင်းသုံးဖို့ရာ တောင်းပန်ထားပြီးတော့ နေ့စဉ်နေ့စဉ် ဆွမ်းဘောဇဉ်တွေ ဆက်ကပ်လှူဒါန်းပြီးတော့နေကြ၊ နောက်ဆုံး ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေက အဲဒီလို ဆွမ်းဘောဇဉ်တွေနဲ့ လောင်းလှူကြတဲ့ ရှင်ဘုရင်နဲ့ မိဖုရားဦးဆောင်တဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေကို အနုမောဒနာတရားဟောတဲ့ အနေနဲ့ အကြီးဆုံးဖြစ်တဲ့ အရှင်ပစ္စေဗုဒ္ဓါအရှင်မြတ်ကြီးက -

**သုခေတ္တွေ ပဏ္ဍိတော ပေါသော, သမ္ပဿံ အတ္ထမတ္တနော၊**
**ဘဝပဒေသံ လဒ္ဓါန, စရေယျ ဇီဝိတံ သေဋ္ဌံ။**

ဟော-ဘုန်းကြီး ပထမဆုံးစရွတ်လိုက်တဲ့ဂါထာ ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးကဟောတဲ့ဂါထာ ဒကာ ဦးငြိမ်း၊ မှန်လှပါဘုရား။ သုခေတ္တေ-မနုဿတ္တ ဒုလ္လဘနှင့် ယခုလို ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေတည်းဟူသော ဗုဒ္ဓနဲ့တွေ့ရတဲ့ ကြုံရတဲ့ဒီလိုခေတ်အခါကောင်းကြီး၌၊ ပဏ္ဍိတော ပေါသော- ကြောင်းကျိုးမြော်မြင် သမ္မဒိဋ္ဌိဖြင့် ဉာဏ်ယှဉ်လေတောင်း အသိအလိမ္မာ ဉာဏ်ပညာရှိတဲ့၊ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်၊ အတ္တနေ အတ္ထံ-ပစ္စုပ္ပန် သံသရာ နှစ်ဖြာစီးပွား မိမိရဲ့ အကျိုးတရားကို၊ သမ္ပဿံ သမ္ပဿန္တော- ကောင်းစွာ ကြည်လင် အရှည်ထင့်အောင် မျှော်မြင်နိုင်ခဲ့သည်ရှိသော်၊ ဘဝပဒေသံ၊ ဘဝများစွာ ကမ္ဘာဘာဖို့ ချမ်းသာသုခ တောင်းတိုင်းရ လုပ်တိုင်းရနိုင်သည့်

http://www.dhammadownload.com



လူ့ဘဝ ခေါ်တဲ့ ဘဝပဒေသာကြီးကို၊ လဒ္ဓါ လဒ္ဓါန- အခါကောင်းနှင့် အခွင့် သျှော်စွာ ရရှိနေပါသည်ဖြစ်၍၊ ဇီဝိတံ- အချိန်နည်းပါး အနာများလျက် ဆူပွား ပွေလိမ် ဇီဝိတိန္ဒြေခေါ်မြွက် ကိုယ့်အသက်ကလေးကို၊ သေဠ- အိုနာသေဇာတ် အမြစ် ပြတ်၍ အမြတ်ဆုံးဖြစ်ရလေအောင်၊ စရေ-စရေယျ-လူချင်းတူ အသက် ရှုကွဲအောင် အမြဲမသွေ ကျင့်ဆောင်ကြိုးကုတ် အားထုတ်ထိုက်လှပါ ပေသ တည်း။

## သာဓု သာဓု သာဓု

သုခေတ္တေ-မနုဿတ္တ ဒုလ္လဘနှင့် ယခုလို ဗုဒ္ဓါသာသနာ ကြုံတွေ့ခါ လျှင် ဆယ်ဖြာပုည ဒသသုံးလီ ပါရမီကို အမြိုက်ဆီတောင်းတ ပြုလုပ်ရသည့် မြတ်လှဘိတောင်း ခေတ်အခါကာလကောင်းကြီး၌ . . ၊ ယနေ့ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတွေ ကြုံတွေ့နေရတဲ့ ခေတ်ကြီးသည် ခေတ်ကောင်း ကြီး . . . တဲ့၊ ခေတ်ကောင်းကြီး ဘုရားသာသနာနဲ့ မိမိတို့ရဲ့ လူ့ဘဝနဲ့ပြီးတော့ မိမိတို့ လူ့ဘဝရရုံတင်မကဘူး၊ မိမိတို့က စေတနာသဒ္ဓါနဲ့ ပြည့်စုံတဲ့ သဒ္ဓါ သမ္ပတ္တိ ဘုရားအပေါ်ယုံတယ်၊ တရားအပေါ်ယုံတယ်၊ သံဃာအပေါ်ယုံတယ်၊ ရတနာသုံးပါးအပေါ်မှာ ယုံတယ်၊ ကံ-ကံ၏အကျိုးပေါ်မှာ ယုံတယ်ဆိုတဲ့ မဂ် ဖိုလ်နိဗ္ဗာန်တရားတွေကို ယုံတဲ့သဒ္ဓါပညာဓာတ်နဲ့ ပြည့်စုံပြီးတော့နေတဲ့အချိန် သည် ခေတ်ခါကောင်းလို့ ခေါ်ရတဲ့အချိန်။

ဝိပတ္တိခေတ်ကြီးဖြစ်လာပြီးတော့ အသက်တွေ တိုကြ၊ ဟိုမှာ သတ်ကြ၊ ဖြတ်ကြနဲ့ သူများတွေ ဘယ်လောက်ပဲ ခေတ်တွေဆိုးနေပေမဲ့လို့ မိမိတို့ အနေနဲ့ ဘုရားသာသနာနဲ့ ကြုံတယ်၊ လူဘဝနဲ့လည်း ဆုံတယ်၊ လူဘဝနဲ့ ဆုံရုံတင်မျှ မက အဲဒီသာသနာကို ကြည်ညို မှီခိုအားထားပြီးသကာလ မိမိအတွက် မဂ်ဖိုလ် နိဗ္ဗာန်ရကြောင်း ကောင်းမှုကို ရှာနိုင်တဲ့ သဒ္ဓါ ပညာနဲ့ ပြည့်စုံတယ်လို့ ဆိုတာ အဲဒါကိုယ့်အတွက် ခေတ်ကောင်းပဲ၊ ပရိသတ်ကြီး ကိုယ့်အတွက် ဒီနေ့ ဒကာ ဒကာမတွေအတွက် ခေတ်ကောင်းလား၊ ခေတ်ဆိုးလား? ခေတ်ကောင်းပါ ဘုရား၊ သုခေတ္တေ-တဲ့ အခုအရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးကဟောနေတယ်၊ ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်က ဟောတယ်ဆိုပေမဲ့လို့ ဒီဇာတ်တော်ကြီးကို ဘုရားက ပြန်ဟောလို့သိရတာ ဘုရားဟောပါပဲ၊ဘုရားက ပြန်မဟောရင် ပရိသတ်ကြီး သိပါ့မလား? မိပါဘုရား၊ ဒါဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးက ဟောတဲ့ ဒီဇတ်ကြောင်းကိုပဲ ဘုရားရှင်က ပြန်ပြီးတော့မဟောဘူးလား? ဟောပါ ဘုရား၊ ဒါဖြင့် ဘုရားဟောပါပဲနော်။

http://www.dhammadownload.com



ဒါ့ကြောင့် သုခေတ္တေ-မနုဿတ္တ ဒုလ္လဘနှင့် ယခုလို ဗုဒ္ဓသာသနာနဲ့ ကြုံကြိုက်နေတဲ့ ခေတ်အခါကောင်းကြီး၌၊ ပဏ္ဍိတော ပေါသော- ဏ်ကောင်း ထောက်မ လူ့ဘဝကို ရလာပေတောင်း အမျိုးသား အမျိုးသမီးကောင်းသည်၊ အတ္တနော အတ္ထံ-ပစ္စုပ္ပန် သံသရာ နှစ်ဖြာစီးပွား မိမိရဲ့ အကျိုးတရားကို၊ သမ္မသံ-သမ္မဿန္တော- ကောင်းစွာကြည်လင် အရှည်ထင်အောင် မျှော်မြင်နိုင် ခဲ့သည်ရှိသော်. . . မိမိရဲ့ ပစ္စုပ္ပန်ချမ်းသာ သံသရာချမ်းသာနှစ်ပါး အရှည်မျှော် မြင်ပြီးတော့ ကြည့်တတ်ရင် . . . တဲ့၊ ဘဝပဒေသံ- ဘဝများစွာ ကမ္ဘာဘာဖို့ ချမ်းသာသုခ တောင်းတိုင်းရ လုပ်တိုင်းရနိုင်သည့် လူ့ဘဝခေါ်တဲ့ ဘဝပဒေသာ ကြီးကို . . . ဟောဒီလူ့ဘဝကြီးက ဘဝပဒေသာကြီး လူ့ဘဝကို ဘာလို့ခေါ် တုန်းဆိုရင် ပရိသတ်ကြီး ဘဝပဒေသာ၊ ဘာလို့ခေါ်ပါလိမ့်?ဘဝပဒေသာပါ ဘုရား။

ပဒေသာဆိုတာ လိုချင်ရာရတာကို ပဒေသာလို့ခေါ်တယ်၊ဒီတော့ လူ့ဘဝဟာ ဘဝပဒေသာကြီး၊ ဘုရားဖြစ်ချင်သလား ဖြစ်နိုင်တယ်၊ ပစ္စေကဗုဒ္ဓါ ဖြစ်ချင်သလား ဖြစ်လို့ရတယ်၊ ကျွင့်လို့ရတယ်၊ အဂ္ဂသာဝက မဟာသာဝက ရဟန္တာယောကျ်ား ရဟန္တာမကြီးတွေ ဖြစ်ချင်သလား ဖြစ်နိုင်တယ်၊ နတ်ပြည် ခြောက်ထပ် ကြိုက်သလား ရတယ်၊ ဗြဟ္မာနှစ်ဆယ်ကြိုက်သလားရတယ်၊ မကောင်းတဲ့ဘက်ကလည်းပဲ အဝိစီ, သဥ္စိုဝ်း, ကာလသုတ်, သံဃာတ, ကြိုက် ရာကို သွားလို့ရတယ် ဒကာကြီး ဦးငြိမ်း၊ ဒီတော့ ဒီလူ့ဘဝကြီးဟာ ပစ္စေက ဗုဒ္ဓါ ဘုရား ရဟန္တာဖြစ်နိုင်တယ်၊ စကြာ မန္ဒတ်ဖြစ်နိုင်တယ်၊ အဂ္ဂသာဝက မဟာသာဝကကြီးတွေ ဖြစ်နိုင်တယ် ဘဝပဒေသာကြီး၊ ဘုန်းကြီးတို့ နတ်ပြည် ခြောက်ထပ် ဆိုရင်ပဲ နတ်တွေကနေပြီးတော့ နတ်သားက ဘုရားဖြစ်တယ်လို့ ပရိသတ်ရှိသလား? မရှိပါဘုရား၊ နတ်သား နတ်သွီးကနေပြီးတော့ ရဟန္တာမ ရဟန္တာယောကျ်ားကြီးတွေ လက်ယာရံလက်ဝဲရံကြီးတွေ ဖြစ်တယ်လို့ ရှိသလား? မရှိပါဘုရား။ ပစ္စေကဗုဒ္ဓါဖြစ်တယ်လို့ ရှိသလား? မရှိပါဘုရား။

ဒါကြောင့် ပါရမီဖြည့်ချင်လည်း လူ့ဘဝက ဖြည့်လို့ရတယ်၊ ဘဝပေါင်းစုံ လည်း သွားလို့ရလို့- ဘဝပဒေသံ-ဘဝများစွာ ကမ္ဘာကမ္ဘာဟု ချမ်းသာသုခ တောင်းတိုင်းရ လိုက်တိုင်းရနိုင်သည့် ဘဝပဒေသာကြီးကို၊ လဒ္ဓါ လဒ္ဓါန- အခါကောင်းနှင့် အခွင့်လျှော်စွာ ရရှိနေပါသည်ဖြစ်၍၊ ဇီဝိတံ-အချိန်နည်းပါး အနာများလျက် ဆူပွားပွေလိမ် ဇီဝိတန္ဒြေခေါ်မြွက် ကိုယ့်အသက်ကလေးကို . . ဒကာ ဒကာမတွေရဲ့ အသက်ကလေးက အချိန်နည်းနည်းပါး အသက်ကလေးရှည်ပြီး

http://www.dhammadownload.com



တော့ နေရတယ်ဆိုပေမဲ့လို့ ပမာဏတိုင်းတာပြီးကြည့်လိုက်တော့ ဒီနေ့ (၇၅) နှစ်တန်းလို့ဆိုတော့ ဒကာကြီး ဦးငြိမ်း (၇၅) နှစ်ဆိုလိုက်တော့ အခုဘုန်းကြီးတို့တတွေ (၅၀) ကျော်၊ ဒကာကြီးတို့တတွေ (၆၀) ကျော် နေလိုက်ကြရတာ ဘာမှ မကြာလိုက်ရဘူးလို့မထင်ရဘူးလား? ထင်ရပါဘုရား၊ အသက် (၅၀-၆၀-၇၀) ဆိုလို့များ ငယ်ငယ်တုန်းကတော့ အကြာကြီးပဲလို့ ထင်တယ်၊ အခုနေလိုက်ပြီဆိုတော့ ဖြုတ်ကနဲ ဖြုတ်ကနဲ နဲ့ တစ်နှစ်ပြီး တစ်နှစ် တစ်လပြီး တစ်လ တစ်ရက်ပြီး တစ်ရက်ရောက်လာလိုက်တာ ပရိသတ်ကြီး ကြာသေးရဲ့လား? မကြာပါဘုရား။

ဒကာ ဒကာမတွေရဲ့ သက်တမ်း (၇၅) နှစ်ဆိုတာက သက်တမ်းပြောထားတာ၊ ဒီထဲ (၃၀) နဲ့သေ (၄၀) နဲ့သေ (၅၀) နဲ့သေဆိုတော့အချိန်ကလေးက မနည်းဘူးလား?နည်းပါဘုရား၊ မွေးကာစအချိန် ကလေးအရွယ်ကစပြီးတော့ အသက်နှစ်ဆယ် အတွင်းလောက်ကျတော့ ငါးဖြာအာရုံ ကာမဂုဏ်နဲ့ ပျော်လို့ ပါးလို့ တီးလို့ မှုတ်လို့ ကလို့ ခုန်လို့ မြူးလို့ ပြူးလို့နဲ့ ဒီမှာ အချိန်ကုန်သွားပြီးနောက်တော့ အိမ်ထောင်ရက်သားကျလိုက်တော့ (၃၀-၄၀) သားကိစ္စ သမီးကိစ္စ ပြေးရလွှားရ ရှာရဖွေရ မင်းကိစ္စစိုးကိစ္စ ရပ်ကိစ္စ ရွာကိစ္စ လူ့ကိစ္စ မှုကိစ္စနဲ့ဆိုတော့ (၃၀-၄၀) ရောက်လာလိုက်တာ တစ်ဖျောက်ဖျောက်နဲ့ ဟောတော်ကြားတော့ ဆံပင်ဖြူကုန်ပြီ သွားကျိုးကုန်ပြီ ပါးရေတွန့်ကုန်ပြီ ပြီးတော့ သေရောဆိုတော့အချိန်ကလေးက မနည်းဘူးလား? နည်းပါဘုရား၊ ကောင်းမှုလုပ်ဖို့အချိန်က ပိုပြီးတော့ မနည်းဘူးလား? နည်းပါဘုရား။

အဲဒီလို အချိန်လေးကနည်းရတဲ့အထဲမှာ အချိန်နည်းပါး အနေးများလျက် . . အချိန်ကလေးကနည်းရတဲ့အထဲ အနားရောဂါတွေကလည်း ရောဂါပေါင်းစုံတွေကလည်း ကျရောက်လာတတ်သေးတယ် . . . တဲ့ လူ့အသက်ကလေးတို့ရတဲ့အထဲအနာတွေက များသေး ဟိုရောဂါ ဒီရောဂါ -သွေးတိုးဆီးချို နှလုံးအစရှိတဲ့ ရောဂါကြီးတွေ ဖျားဟယ် နာဟယ် အနာကြီးပေါက်အနာငယ်ပေါက်ဆိုတဲ့ ရောဂါတွေ၊ အဲဒီလို ရောဂါတွေကလည်းများ အချိန်ကလေးကလည်းနည်းပါး ဒါပဲလားဆိုတော့ ဆူပွားပွေလိမ် . . . တဲ့ -ရပ်ရေး ရွာရေး မင်းရေး စိုးရေး ဆွေရေး မျိုးရေး သားရေး သမီးရေးအစရှိတဲ့ အရေးပေါင်းစုံနဲ့ ဆူပွားပြီးတော့ ဒုက္ခသုက္ခတွေ ဘလောင်းဘလဲ အင်မတန်များနေတဲ့ အသက်ကလေး ဒီတော့-ဘုန်းကြီးတို့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ အသက်ဟာ သက်တမ်းလေးကလည်းတိုတို၊ တိုရတဲ့အထဲ အနာရောဂါ

http://www.dhammadownload.com



တွေနဲ့ မကျွန်းမမာ များနေရတာကလည်း နှုတ်လိုက်အုံးမယ်ဆိုရင် နည်းနည်းလေးပဲကျန်တော့။

အဲဒီထဲမှာမှ- အခုနက ချမ်းချမ်းသာသာ အေးအေးဆေးဆေးဆိုတာက နည်းပါးဘိသနဲ့၊ ဆူပွားပွေလိမ် ဇီဝိတိန္ဒြေခေါ်တဲ့ အဲဒီအသက်ကလေးကို၊ သေဋ္ဌ-အိုနာသေဇာတ်၊ အမြစ်ပြတ်၍၊ အမြတ်ဆုံး ချမ်းသာကို၊ ရ,ရ လေအောင်. .။ ဒီတော့ အကောင်းဆုံးဖြစ်တဲ့ ချမ်းသာ နိဗ္ဗာန်ချမ်းသာရအောင် ဒီကြားထဲကနေပြီးတော့၊ စရေ စရေယျ-လူချင်းတူ၊ အသက်ရှူကွဲအောင်၊ အမြဲမသွေ့၊ ကျင့်ဆောင်ကြိုးကုတ်၊ အားထုတ်ထိုက်လှပါပေသတည်း . . .။

## သာဓု. . . သာဓု. . . သာဓု. . ပါဘုရား။

အဲဒါဗာရာဏသီပြည့် ရှင်ဘုရင် နန္ဒမင်းနဲ့ မိဖုရား သုဇာတာတို့အမှူးပြုတဲ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေကို ရှင်ပစ္စေကဗုဒ္ဓါအံ့ရှင်မြတ်ကြီးတွေက ဟောတော်မူတဲ့တရား . . . တဲ့၊ လူချင်းတူသော်လည်း အသက်ရှူချင်းကွဲအောင် ကြိုးစားပါ၊ ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်ကြီးကိုလည်း ဘုန်းကြီးတို့က လူချင်းတူ အသက်ရှူ ချင်းကွဲအောင် ဒီနေ့ပြုတဲ့နေ့လို့ မပြောခဲ့ဘူးလား? ပြောခဲ့ပါဘုရား။ ဒီနေ့ (၅၈) ကြိမ်မြောက်ဘုရားပွဲကြီးဆင်နွှဲကျင်းပပြီးသကာလ ဒကာ ဒကာမတွေ လှူမယ် လှူမယ် လှူမယ်၊ သို့မဟုတ် လှူနေပြီ လှူနေပြီ နောက်လှူပြီးပြီ၊ လှူပြီးပြီ၊ ဘုရားကို ပန်းတော် ဆွမ်းတော် ရေချမ်းတော်တွေနဲ့ ကပ်မယ်, ကပ်မယ်, ကပ်မယ်၊ သို့မဟုတ် ကပ်နေပြီ ကပ်နေပြီ နောက်ကပ်ပြီးလို့ ဝမ်းမြောက် ဝမ်းသာဖြစ်နေပြီ၊ သံဃာတော်တွေကို လောင်းမယ် လောင်းမယ်၊ နောက် လောင်းနေပြီ လောင်းပြီးလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပြီဆိုတဲ့ အချိန်သည် လူချင်းတူ အသက်ရှူချင်းကွဲအောင် ပြုနေတဲ့အချိန် မသေချာဘူးလား? သေချာပါဘုရား၊ ဒါဖြင့် ဆိုလိုက်စမ်းပါ-

* ဒါနပေးလှူ၊ လူချင်းတူ၊ သက်ရှူကွဲတော့တာ၊
သီလထိန်းမှု၊ လှူချင်းတူ၊ သက်ရှူကွဲတော့တာ၊
ဘာဝနာပွားမှု၊ လူချင်းတူ၊ သက်ရှူကွဲတော့တာ။

အဲဒီလိုအသက်ရှူကွဲအောင် ကိုယ့်ကိုယ်ကို ပညာနဲ့ အသက်ရှင် နေလိုက် စမ်းပါတဲ့ . . . ဘုရားက၊ ဒီတော့ ပညာနဲ့အသက်ရှင်ဆိုတာ ဘာ ပညာတုန်းလို့

http://www.dhammadownload.com



ဆိုတော့ အခုဒကာ ဒကာမတွေ လှူတယ် တန်းတယ်၊ ပေးတယ် ကမ်းတယ် ဆိုတာ ကမ္မဿကတာပညာ ခေါ်တယ်၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိပညာဆိုတာ ကောင်းတာလုပ်ရင် ကောင်းကျိုးရလိမ့်မယ်၊ မကောင်းတာတွေ လုပ်ကြရင် မကောင်းကျိုးတွေ ရလိမ့်မယ်လို့ ယုံနေတဲ့ သိနေတဲ့ အသိကို ကမ္မဿကတာ သမ္မာဒိဋ္ဌိပညာနဲ့ အသက်ရှင်နေတယ်. . . လို့ခေါ်တယ်၊ အခုကုသိုလ်ကောင်းမှုတွေ ပြုနေတဲ့အချိန်ဟာ ပညာနဲ့ အသက်ရှင်နေတာ၊ ခုနပြောတဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိပညာနဲ့ အသက်ရှင်တာ၊ ဒီတော့ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပညာနဲ့ အသက်ရှူရှိုက်မှုလေး ပြုလိုက်စမ်းပါလို့ဆိုတာ ကမ္မဿတာ သမ္မာဒိဋ္ဌိ ပညာက စပြီးတော့ အဲဒီကတစ်ဆင့်တက်လိုက်တော့ အနုဗောဓပညာ၊ အဲဒီက တစ်ဆင့်တက်လိုက်တော့ ပဋိဝေဓပညာ။

ဟော- အသက်ရှူရှိုက်မှုကို ပညာနဲ့ အသက်ရှူရှိုက်မှုပြုလိုက်စမ်းပါ ဆိုတာ ပဌမအခြေခံကတော့ ဟုတ်တယ်၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိပညာပဲ၊ ဒီနေ့ ဒကာ ဒကာမတွေ ကုသိုလ်ကောင်းမှုတွေ ပြုတဲ့သူတိုင်းပြုတဲ့သူတိုင်းရဲ့ စိတ်ထဲမှာ ကောင်းတာလုပ်ရင် ကောင်းကျိုးရလိမ့်မယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးတွေ ဖြစ်လိမ့်မယ်လို့သိနေတဲ့ပညာ ပရိသတ် မပါဘူးလား? ပါ ပါဘုရား။ အဲဒီပညာပေါ်မှာ တစ်ဆင့်ကျော်ပြီးသကာလ သစ္စာ (၃) ဆင့်ကို မြင်တဲ့ပညာ၊ ဒကာ ဒကာမ တွေ . . . ၊ အမှန်သုံးချက်ကို မြင်တဲ့ ပညာပေါ် အောင် ကြိုးစားလိုက်စမ်းပါ . . . တဲ့ ဘုရားက၊ အမှန်သုံးချက်မြင် စမ်းပါတဲ့၊ အမှန်သုံးဆင့်မြင်စမ်းပါတဲ့။ အမှန်သုံးဆင့်ဆိုတာ ဘာတုန်းဆိုရင် မရှိမှန်မှန်၊ အရှိမှန်မှန် အဖြစ်မှန်၊ အမှန် သုံးချက်ရှိတယ်-မရှိမှန်ရယ်၊ အရှိမှန်ရယ်၊ အဖြစ်မှန်ရယ်၊ အမှန်ကြီးသုံးချက် ပရိသတ်အမှန်ကြီး ဘယ်နှစ်ချက်ပါလိမ့်? သုံးချက်ပါဘုရား။

အဲဒီအမှန်ကြီးသုံးချက်မြင်ပြီးတော့ အသက်ရှူရှိုက်ရင် ဒကာ ဒကာမ တွေရဲ့ အသက်ရှူရှိုက်မှုဟာ အထွဋ်ဆုံး အမြတ်ဆုံးဖြစ်ပြီ . . . တဲ့ဘုရားက၊ သေဌ္ဌ- အိုနာသေဇာတ်, အမြစ်ပြတ်သဖြင့်, အကောင်းဆုံးဟူ၍. . . အိုနာသေ ဇာတ်ကြီး အမြစ်ပြတ်လောက်အောင် ကောင်းတဲ့အသက် ရှူရှိုက်မှုဖြစ်ပြီ၊ အဲဒီ အမှန်ကြီး သုံးဆင့်မြင်ရင်၊ ဒါဖြင့် အဲဒီအမှန်ကြီး သုံးဆင့်ကဘာတုန်းဆိုရင် မရှိမှန်ရယ်၊ အရှိမှန်ရယ်၊ အဖြစ်မှန်ရယ် အမှန်ဘယ်နှစ်ဆင့်ပါလိမ့်? သုံးဆင့် ပါဘုရား၊ အဲဒီမရှိမှန်တာကို ပါဠိလိုပြောရင် သမုတိသစ္စာ၊ သမုတိသစ္စာကို မရှိမှန်လို့ ခေါ်တယ်၊ မရှိတော့ မရှိဘူးမှန်တယ်၊ ဘာ့ကြောင့် မရှိဘဲနဲ့ မှန်တာ တုန်းလို့ဆိုတော့ မုသားလွတ်လို့မှန်တယ်။

http://www.dhammadownload.com



သမုတိသစ္စာဆိုတာ ဘယ်သူပြောတာတုန်းလို့ဆိုရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ယောကျ်ားတဲ့, မိန်းမတဲ့ အဲဒါသမုတိသစ္စာတဲ့ ဟောဒါက လူတဲ့၊ ဟောဒါခွေးတဲ့၊ အဲဒါသမုတိသစ္စာခေါ်တယ်၊ သမုတ်ထားတာ၊ ပါးစပ်ဖျား လေးတင်ရှိလို သူ့ကို သမုတိ-သမုတ်ထားတာ၊ ပြော ထားတာ၊ အခေါ်တရား၊ ဒါဖြင့် သမုတိသစ္စာဆိုတာ အခေါ်တရား၊ ပါးစပ်ဖျား မှာ တင်မှန်တဲ့တရား၊ ယောကျ်ား, မိန်းမ, လူ, နတ်, တိရစ္ဆာန်, ပုဂ္ဂိုလ်သတ္တဝါလို့ ပြောနေကြသမျှသည် . . . တကယ်အစစ် ရုပ်နာမ်ဓမ္မ သဘာဝအနေနဲ့ ကြည့်တာ မဟုတ်ဘဲနဲ့ ပါးစပ်ဖျားထဲမှာ တင်ပြောနေတဲ့ အရှိမို့လို့ မရှိမှန်၊ ရှိတော့ မရှိဘူး မှန်တော့ မှန်သေးတယ်၊ ဘာပြုလို့ မှန်တာတုန်း မုသားလွတ် လို့ မှန်တယ်၊ ယောကျ်ားကို ယောကျ်ားလို့ ပြောမှမှန်တယ်၊ မိန်းမကို မိန်းမလို့ပဲ ပြောမှမှန်တယ်၊ ပရိသတ် ကြီး ယောကျ်ားကို မိန်းမလို့ပြောရင် လိမ်ရာမရောက်ဘူးလား? ရောက်ပါ ဘုရား၊ မိန်းမကို ယောကျ်ားလို့ပြောပြန်ရင်ရော လိမ်းရာမရောက်ဘူးလား? ရောက်ပါဘုရား၊ မုသားမဖြစ်ဘူးလား? ဖြစ်ပါတယ် ဘုရား၊ ဒီတော့ မုသားဖြစ် တယ်ဆိုကတည်းကိုက ပရိသတ် မှန်သေးလား? မမှန်ပါဘုရား။

ဒီတော့ဘုန်းကြီးတို့ "မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"ဆို တာ အမှန်ပဲပြောပါမယ်၊ အမှန်သိပါမယ်လို့ ပြောရာ မရောက်ဘူးလား? ရောက်ပါဘုရား၊ ဒါဖြင့် မရှိပေမဲ့ကို အမှန်ကလေးကိုတော့ သိရသေးတယ်၊ ဒါကြောင့် သမုတိသစ္စာ အမှန်ကို မရှိမှန်လို့ ခေါ်ထားတယ်၊ အဲဒီမရှိမှန်ကို လည်း မကျော်နဲ့၊ အဲဒီ မရှိမှန်ကျော်ရင် အပါယ်ကျသေးတယ်၊ မရှိမှန်ကျော် ရင် ပရိသတ်အပါယ်တံခါး မပိတ်ဘူး၊ အပါယ်ကျမယ်၊ လိမ်လိမ်ပြီးတော့ မုသာ ဝါဒတွေပြောနေလို့ရှိရင် ဒုစရိုက်မဖြစ်ဘူးလား? ဒါဖြင့် မရှိမှန်ဆိုတဲ့ မရှိတော့ မရှိဘူး မှန်တော့ မှန်နေသေးတယ်၊ အဲဒီသမုတိသစ္စာကိုပဲ ပရိသတ်ကြီးကျော် လို့တော် ပါ့မလား? မတော်ပါဘုရား။

အဲဒီသမုတိသစ္စာ မကျော်ရအောင်က "မုသာဝါဒါ ဝေရမဏီ သိက္ခာ ပဒံ သမာဒိယာမိ" လို့ မုသာဝါဒကြီးမှ ရှောင်ပါ့မယ် . . . လို့ ငါးပါး သီလထဲ ထည့်ပြီးတော့ မဟောခဲ့ဘူးလား? ဟောခဲ့ပါဘုရား၊ ဒါဖြင့်ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သိရမယ့်၊ ပဌမအမှန်တရားကြီးက ဘာတုန်းဆိုရင် သမုတိသစ္စာ၊ ပါဠိလိုပြောရင် သမုတိသစ္စာ မြန်မာလိုပြောရင် မရှိမှန်၊ ဘာတဲ့တုန်း? မရှိမှန် ပါဘုရား၊ လူရယ်, နတ်ရယ်, ပုဂ္ဂိုလ်ရယ်, သတ္တဝါရယ်ဆိုတာ၊ အဟုတ် မရှိဘူး၊ နှုတ်ဖျားထဲတင်ရှိတာ၊ ယောကျ်ားရယ်၊ မိန်းမရယ် ပြောတာ အဟုတ် မရှိဘူး၊

F-42

http://www.dhammadownload.com



နှုတ်ဖျားထဲသာရှိတာ၊ ဒါကြောင့် ဘုန်းကြီးတို့ ဂန္ထာရုံဆရာတော်ဘုရား ကြီးများ အဆက်ဆက်က ပညတ်ပရမတ်ခွဲတဲ့အခါကျတော့။

* ယောကျ်ားဟူသည်, အဟုတ်မရှိ, နှုတ်ဖျားမှာသာရှိ။
မိန်းမဟူသည်, အဟုတ်မရှိ, နှုတ်ဖျားမှာသာရှိ။

ပုဂ္ဂိုလ်ဟူသည်, သတ္တဝါဟူသည်, ခွေးဟူသည်, နတ်ဟူသည်စသည်ဖြင့် အကုန် လုံး၊ အခုဒကာ ဒကာမတွေ အခုခေါ် ပြောနေတာ မရှိတာတွေ လျှောက်ခေါ် နေကြတာ။

အဲအရှိမှန် ... ဟဲ့ ဒုတိယအမှန်ကြီးက အရှိမှန်ရှိလည်းရှိတယ် မှန်လည်းမှန်လို့ **အရှိမှန်၊** ဟဲ ဒါပါငို့ကိုပြောရင် ပရမတ္ထသစ္စာ၊ ဟော ခုနက သမုတိသစ္စာ၊ **အခုပရမတ္ထ**သစ္စာ၊ ပရမတ္ထဆို မဖောက်မပြန် အမှန်တိုင်းရှိနေတဲ့ သစ္စာ အမှန်တရား၊ **အရှိမှန်**တရားကြီး ကမ္ဘာလောကကြီး သက်ရှိသက်မဲ့တွေ မှန်သမျှ ဉာဏ်နဲ့ကြိတ်ချေ၊ နှိပ်မွေပြီးတော့ အကုန်လုံးကြည့်လိုက်ရင် ရုပ်နဲ့ နာမ်၊ နာမ် နဲ့ရုပ်ပဲရှိတယ်။ အခြေခံက ရုပ်နဲ့နာမ် နှစ်ပါးပဲရှိတယ်။ ဒီနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ ဟောဒီရှေ့နားထိုင်နေကြတဲ့သူ တွေရော၊ တစ်မြို့လုံးရှိ လူတွေရော၊ တစ်ကမ္ဘာလုံးရှိတဲ့ လူတွေရော, နတ် တွေရော, ပြဟ္မာတွေရော, တိရစ္ဆာန်သတ္တဝါတွေ, အသက်ရှိတွေကို ဉာဏ် နဲ့ကြိတ်ချေ နှိပ်မွေ စုံစမ်းထောက်လှမ်းပြီး သကာလ ရှာလိုက်တဲ့အခါကျတော့ ရုပ်နဲ့နာမ်၊ နာမ်နဲ့ ရုပ်သာရှိကြတယ်။

ရုပ်နဲ့နာမ်၊ နာမ်နဲ့ရုပ်ရှိတဲ့အကြောင်းကိုသိချင်လို့ရှိရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အခု ဟောဒီတရားပွဲကြီး တရားနာလာကြတာကိုပဲ စစ်ကြည့်၊ ဒကာ ဒကာမတွေ တရားနာလာချင်လို့ လာတာလား၊ မလာချင်ပဲ လာတာ လား?၊ လာချင်လို့ လာတာပါဘုရား၊ အဲဒီလာချင်လို့ဆိုတာ နာမ်တရားခေါ် တယ်၊ လာချင်းတယ်ဆိုတဲ့ တရား၊ ဘာတရားခေါ်တုန်း? နာမ်တရားပါဘုရား၊ သူ့ဘာပြုလို့နာမ်ခေါ်တုန်းဆိုတော့ အာရုံရှိရာညွတ်တတ်လို့ သူ့ကိုနာမ်တဲ့၊ အာရုံရှိရာကို ညွတ်တတ်လို့ နမတီတိ နာမံ၊ နမတိ - အာရုံရှိရာကို ညွတ်တတ် ၏။ ဣတိ-ထို့ကြောင့်၊ နာမံ-နာမ်မည်၏။

ဒကာ ဒကာမတွေ တရားပွဲမလာခင်က အိမ်မှာ ရုပ်ခန္ဓာကိုယ်ကြီးရှိ နေသေးတယ်၊ ထိုင်နေတုန်း ဆေးလိပ်သောက်တုန်း၊ ထမင်းစားတုန်း၊ စိတ်က- ဟာတရားပွဲသွားအုန်းမယ်၊ တရားပွဲ သွားအုန်းမယ်ဆိုတော့ စိတ်ကလေးက ဒီတရားပွဲဆီ၊ တရားဟော ပလ္လင်ဆီ၊ တရားပွဲမဏ္ဍပ်ဆီ စိတ်ကလေးက ရောက် ရောက်မလာဘူးလား?ရောက်ပါဘုရား၊ အဲဒါညွတ်တာခေါ်တယ်၊ ခန္ဓာကိုယ်

http://www.dhammadownload.com



ကြီးကရောက်သလား? မရောက်ပါဘုရား၊ နာမ်ခန္ဓာကတော့ရောက်မနေဘူးလား? ရောက်ပါဘုရား၊ ညွတ်ခနဲ့ ညွတ်ခနဲ့ဆို ဒီဘက်ရောက်ရောက် မလာဘူးလား? ရောက်ပါဘုရား။ အဲဒါကြောင့် နမတီတိ နာမံ-ညွတ်တတ်လို့နာမ်၊ အဲဒီနာမ်တရားက ဝမ်းထဲက ရှိနေတော့ အဲဒီနာမ်တရားရဲ့အလိုကျ အခုဒကာဒကာမတွေ ဟောဒီရောက်အောင် အဲဒီစိတ်ရဲ့ဆောင်မှုကြောင့် စိတ်ရဲ့ဆွဲမှုကြောင့် စိတ်ကတွန်းမှုကြောင့် အဲဒီစိတ်ရဲ့အလိုကျ ဝါယောရုပ်တွေက ခြေထောက်ထဲကိုယ်ထဲ တစ်ကိုယ်လုံး လှုပ်လှုပ်ရွရွ တွန်းကန်လှုပ်ရှားလိုက်တော့ ဟောခန္ဓာကိုယ်ကြီးက ခြေထောက်တွေလှမ်း လက်တွေရမ်းပြီးသကာလ ရောက်လာရတယ်။

ဒါဖြင့်သွားလာ ဟန်ပေါ်လာတဲ့အမူအရာကြီးက ရုပ်အစုကြီး၊ သွားလာဟန် ပေါ်လာတာကြီးက ဘာအစုကြီးတုန်း? ရုပ်အစုကြီးပါဘုရား၊သူ့ဘာပြုလို့ ရုပ်ခေါ်တုန်းဆိုရင် အအေးကြောင့် ဖောက်ပြန် အပူကြောင့် ဖောက်ပြန် ရုပ္ပတီတိ ရူပံ- အေးပဟေ့ဆိုရင် ဒီခန္ဓာကိုယ်ကြီးက အအေးမိပြီးတော့ ဖျားဟယ်၊ နာဟယ် မဖြစ်ဘူးလား? ဖြစ်ပါဘုရား၊ အပူမိပြန်တော့လည်း ပူလို့ ဆိုပြီးတော့ အနာပေါက်ဟယ်၊ ဝမ်းထဲက အပူတွေ ထွက်ဟယ်နဲ့ မဖြစ်ဘူးလား? ဖြစ်ပါဘုရား။ ဒါဖြင့် ဒီရုပ်ခန္ဓာကိုယ်ကြီးက အပူကြောင့် အအေးကြောင့် စတဲ့အကြောင်းတွေကြောင့်၊ မဖောက်ပြန်တတ်ဘူးလား? ဖောက်ပြန်ပါဘုရား၊ ဒါ့ကြောင့်သူ့ကို ရုပ္ပတီတိ ရူပံလို့ ခေါ်ထားလိုက်တယ်၊ ဖောက်ပြန်တတ်တာကြီးတဲ့၊ ဒါဖြင့် ညွတ်တတ်တာကြီးနဲ့ ဖောက်ပြန်တတ်တာကြီး၊ ဒီခန္ဓာကိုယ်ကြီး တစ်ခုလုံးကို သေသေချာချာဉာဏ်နဲ့ကြိတ်ချေ နှိပ်မွှေ စစ်ကြောဆေးကြောပြီးတော့ ကြည့်လိုက်ရင် ညွတ်တတ်တာကြီးနဲ့ -ဟိုညွတ်လိုက် ဒီညွတ်လိုက်၊ ဟိုသွားချင် ဒီသွားချင်၊ ဟိုကြည့်ချင် ဒီကြည့်ချင်၊ ဟိုမြင်ချင် ဒီမြင်ချင်ဆိုတဲ့ ညွတ်တတ်တဲ့ တရား-ကိုင်း-ဒါဖြင့် လိုက်ဆိုစမ်းပါ-

* သွားချင်တာကနာမ်, သွားဟန်ပြုတာကရုပ်၊
သူမဟုတ်, ငါမဟုတ်, သွားတာနာမ်နဲ့ရုပ်၊
သူမဟုတ်, ငါမဟုတ်, သဘောသက်သက်နာမ်နဲ့ရုပ်၊
သူမဟုတ်, ငါမဟုတ်, ဖြစ်ပျက်သက်သက် နာမ်နဲ့ရုပ်။

အခုတရား နာလာချင်တယ်ဆိုတဲ့ စိတ်ကလေး ဒကာ ဒကာမတွေမှာ မရှိဘူးလား? ရှိပါဘုရား၊ အဲဒီစိတ်ကလေးကြောင့် ဒီမှာလာတဲ့ အမူအရာပေါ်မလာဘူးလား? ပေါ်လာပါဘုရား၊ ဒါဖြင့် တရားနာလာတာဘယ်တုန်းလို့မေးရင် - ဆိုစမ်းပါ-

http://www.dhammadownload.com



### * လာချင်တာကနာမ်, လာဟန်ပြုတာကရုပ်၊ သူမဟုတ် ငါမဟုတ်, လာတာနာမ်နဲ့ရုပ်။

ပရိသတ်လာတာဘာနဲ့ ဘာတုန်း?နာမ်နဲ့ရုပ်ပါဘုရား၊ အခု သုတမယဉာဏ်နဲ့ ဟောလိုက်ပြောလိုက်တော့ ကြားသိလေးသိ၊ စဉ်းစားသိလေးသိတဲ့ အခိုက်မှာ လာတာနာမ်နဲ့ရုပ်လို့ ပေါ်မလာဘူးလား? ပေါ်လာပါဘုရား၊ ပွားသိမဟုတ် သေးဘူး၊ ပြောလို့ကြားသိခေါ်တယ်၊ ဘုန်းကြီးက ပြောနေတာ ပရိယတ်သင်နဲ့ သင်နေတာ၊ ဒကာ ဒကာမတွေက ပရိယတ်သိနဲ့ သိနေတာ၊ အဲဒီအသိလေး သည်ပင် လာတာ. . .။ ဟုတ်သားပဲ . . . လာချင်တဲ့နာမ်ကြောင့် လာဟန်ပြု၊ နာမ်တရားကလာချင်တော့ လာဟန်ပြုတဲ့ ရုပ်ကြီးပေါ်ပြီးတော့ လာတာနာမ်နဲ့ ရုပ်ပါလား . . . လို့ ပရိသတ်မသိလိုက်ဘူးလား? သိလိုက်ပါဘုရား၊ သို့သော် အဲဒီအသိ, သိသည်မှာလာတာ နာမ်နဲ့ရုပ်လို့ အခုသိနေပေမဲ့လို့ ဒကာ ဒကာမ တွေ စိတ်ထဲထင်နေတာကတော့ ငါလာတယ် . . . လို့ မပြောဘူးလား? ပြောပါ ဘုရား၊ ပြောတာကကိစ္စမရှိဘူး၊ ငါလာတယ်လို့ အဟုတ်ကို ငါကောင်တစ် ကောင်ရှိတဲ့အနေနဲ့ မထင်ဘူးလား? ထင်ပါဘုရား၊ အဲဒီအထင်ကခက်တာ၊ ဒါဒိဋ္ဌိ မည်နခေါ်တယ်၊ သက္ကာယဒိဋ္ဌိဆိုတာသူပဲ။

အဲဒီလာချင်တဲ့နာမ်နဲ့ လာဟန်ပြုတဲ့ ရုပ်နှစ်ခုရှိတာဖြစ်ပါရဲ့သားနဲ့ ရုပ်နာမ်အတိုင်း မမြင်လိုက်ပါပဲနဲ့ ငါ . . . လို့မြင်လိုက်တာမှား မသွားဘူးလား? မှားပါဘုရား၊ မရှိတာကြီးရှိတာ လုပ်ပြီးတော့ မမြင်လိုက်ဘူးလား? မြင်လိုက်ပါ ဘုရား၊ ရှိတာက ရုပ်နာမ်၊ ပရိသတ်ရှိတာက ဘာတုန်း? ရုပ်နာမ်ပါဘုရား၊ လာချင်တဲ့ နာမ်နဲ့ လာဟန်ပြုတဲ့ရုပ် ဒီနှစ်ခုရှိတာမဟုတ်လား? မှန်ပါဘုရား၊ ဒါဖြင့်အဟုတ်ရှိနေတာက ရုပ်နာမ်၊ အဟုတ်ရှိတာက ဘာပါလိမ့်? နာမ်နဲ့ ရုပ်ပါဘုရား၊ ထင်လိုက်တာကငါ၊ အဲဒီနာမ်ရုပ်ကို ငါသွားမထင်ဘူးလား? ထင်ပါဘုရား၊ အဲဒီငါ ဘယ်နားမှာတုန်းလို့ ရှာကြည့်တော့ ရှိရဲ့လား? မရှိပါ ဘုရား၊ ခေါင်းထဲရှာလို့ရော ရှိရဲ့လား? မရှိပါဘုရား၊ ရင်ဘတ်ထဲရှာလို့ရော တွေ့ပါ့မလား? မတွေ့ပါဘုရား၊ လက်ထဲ ခြေထဲရှာလို့ရော တွေ့ပါ့မလား? မတွေ့ပါဘုရား၊ မရှိဘူး၊ အမှန်စင်စစ်ကတော့ သွားချင်တဲ့နာမ်နဲ့ သွားဟန်ပြု တဲ့ရုပ် တရားနှစ်ပါး။

အရုပ်ကိုကြိုးနဲ့တပ်ဆွဲလိုက်သလို၊ ရုပ်သေးရုပ်ကလေး . . . အောက် မှာပုံနေတာ၊ ဘာမှမလှုပ်ဘူး၊ အဲဒါဆွဲကြိုးလေးနဲ့တပ်ပြီးတော့ ဆွဲလိုက်တော့ လှုပ်မလာဘူးလား? လှုပ်ပါဘုရား။ ဒါဖြင့် အဲဒီအရုပ်လှုပ်တဲ့ကိစ္စမှာ အရုပ်ရယ်

http://www.dhammadownload.com



ကြိုးရယ်နှစ်ခုပေါင်းလို့ လှုပ်သွားတာ၊ မသေချာဘူးလား? သေချာပါဘုရား၊ အရုပ်နဲ့ကြိုးနဲ့ပေါင်းထားပြီးတော့ ဆွဲတဲ့သူက ဆွဲလိုက်လို့ လှုပ်သွားတာ မသေချာဘူးလား? သေချာပါဘုရား။ အရုပ်ကလေးထဲမှာ လှုပ်စေတတ်တဲ့ အကောင်ရှိသလား? မရှိပါဘုရား။ ဒါဖြင့် အဲဒီသစ်သားရုပ်နဲ့ ကြိုးနဲ့တပ်လို့ ပေါင်းစပ်မိလို့ လှုပ်ရှားပြီးတော့ လာသလိုပဲ၊ ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ရုပ်ခန္ဓာကိုယ်ကြီးဆိုတဲ့ သစ်သားရုပ်ကြီးနဲ့တူတဲ့ရုပ်၊ အဲဒီရုပ်ကို ဆွဲကြိုးနဲ့တူတဲ့စိတ်က ဆွဲလိုက်လို့ လှုပ်ရှားပြီးသကာလ ဒီနေရာ ရောက်လာတယ် . . . ဆိုတာ မသေချာဘူးလား? သေချာပါဘုရား၊ ဒါဖြင့် လှုပ်ရှားစေတတ်တဲ့ အကောင်ရှိသလား? မရှိပါဘုရား။ သတ္တဝါကောင်ရှိသလား? မရှိပါဘုရား၊ လိပ်ပြာကောင်ရှိသလား? မရှိပါဘုရား၊ အဲဒီမရှိတာကို မရှိတဲ့အတိုင်းသိပြီးတော့ လှုပ်စေတတ်တဲ့ နာမ်တရားနဲ့ လှုပ်ဟန်ပြုတဲ့ရုပ် တရား၊ ဒီနှစ်ပါးပဲရှိတယ်လို့ သိတဲ့အသိဟာ အရှိမှန်တရားကို သိတဲ့အသိ။

အခုဒကာ ဒကာမတွေ "လာချင်တာကနာမ် လာဟန်ပြုတာကရုပ် သူမဟုတ် ငါမဟုတ် လာတာနာမ်နဲ့ရုပ်" ဆိုတော့ လာတာနာမ်နဲ့ရုပ်, လာတာ နာမ်နဲ့ရုပ်, လာတာနာမ်နဲ့ရုပ်လို့ ခေါ်ကြည့်လိုက်တော့ ပရိယတ်နဲ့သင်ကြည့် လိုက်တော့၊ အံကြည့်လိုက်တော့၊ ဆရာ့ရှာယ်ကြည့်လိုက်တော့ စိတ်ထဲကလည်း ပဲ စိန္တာမယဉာဏ်, သုတမယဉာဏ်နဲ့ ဟုတ်သားပဲ . . . နာမ်ရုပ်ရှိတာဟုတ် သားပဲ၊ နာမ်ရုပ်ရှိတာလို့ ပေါ်မလာဘူးလား?ပေါ်လာပါဘုရား၊ အဲဒါက သုတမယဉာဏ်သိ, စိန္တာမယဉာဏ်သိခေါ်တယ်။

အဲဒါလေးကို ပွားသိလေး တိုက်ရိုက်သိချင်ရင် ဒကာဒကာမတွေ ခြေ ထောက်တစ်လှမ်း လှမ်းထုတ်လိုက်တိုင်း နာမ်ရုပ်၊ လှမ်းထုတ်လိုက်တိုင်း နာမ်ရုပ်၊ သို့မဟုတ် ရုပ်နာမ် ရုပ်နာမ် ရုပ်နာမ်လို့ လှမ်းတိုင်းလှမ်းတိုင်း ရှုပေး လိုက်၊ သို့မဟုတ် လှမ်းတယ် လှမ်းတယ် လှမ်းတယ်လို့ ရှုချင်လည်း ရှု၊ လှမ်းဆို တာ ရုပ်အမူအရာ နာမ်အမူအရာကို လှမ်းလို့ ခေါ်ထားတာ၊ လှမ်းဆိုတဲ့အမူ အရာဟာ ဘယ်သူ့ဖမ်းခေါ်တာတုန်းဆိုရင် ရုပ်နာမ်နှစ်ပါးရဲ့ လှုပ်ရှားမှုကို ဖမ်း ခေါ်ထားတာ၊ ဒါကြောင့် လှမ်းတယ် လှမ်းတယ်လို့ပဲ ရှုချင်ရှု ရုပ်နာမ် ရုပ်နာမ် လို့ပဲ ရှုချင်ရှု၊ အခုတောင်ပုလုဆရာတော်ဘုရားကြီး ပေးသလို လှမ်းသိပျက်၊ လှမ်းသိပျက်လို့ပဲ ရှုချင်ရှု၊ ဘာနဲ့ပဲ ရှုလိုက်ရှုလိုက် ရုပ်နာမ်လို့ ရှုလိုက်တော့ လှမ်းချင်တဲ့နာမ်နဲ့ လှမ်းဟန်ပြုတဲ့ရုပ်၊ ဟိုကရှိနေတယ်၊ ဒီကလည်း ရုပ်နာမ် နာမ်ရုပ်လို့ ရှုလိုက်တော့ ပရိသတ်ရှိတာနဲ့ရှုတာ ထည့်မသွားဘူးလား? တည့်

http://www.dhammadownload.com



သွားပါဘုရား၊ အဲဒီအသိလေးသိရင် ဘာဝနာမယဉာဏ်နဲ့သိတဲ့အသိလို့ ခေါ်တယ်၊ အဲဒါ လှမ်းတိုင်းလှမ်းတိုင်း ရှုလာခဲ့ရမှာ။

အခုနက ဘုန်းကြီးပြောနေတာက ပြီးပြီးသားတွေကိုမှ ပြောခြင်းမို့လို့ သုတမယဉာဏ် စိန္တာမယဉာဏ်နဲ့သိတဲ့အသိ၊ ဒကာ ဒကာမတွေ လက်တွေ့ ဘာဝနာမယဉာဏ်နဲ့ ပွားသိကလေး သိချင်ရင် ရုပ်နာမ်ဖြစ်နေတဲ့အချိန်၊ ရုပ်နာမ်ဖြစ်တဲ့အခိုက်မှာ ပစ္စုပ္ပန်နဲ့ရှုပြီးတော့ သိတဲ့ဉာဏ်ပေါ်ချင်ရင် တစ်လှမ်းလှမ်းလိုက် တိုင်း ရုပ်နာမ်၊ တစ်လှမ်း လှမ်းလိုက်တိုင်း ရုပ်နာမ်လို့ရှု၊ အဲဒီလိုရှုရင် ဘာ အမြင်ပေါ်ပါသလဲဆိုရင် ပရမတ္ထသစ္စာကို မြင်တယ်. . . တဲ့ ပရမတ္ထသစ္စာ မြင်တယ်၊ အရှိအမှန်တရား မြင်တာခေါ်တယ်။

ခါတိုင်းသိနေတာကတော့ ရုပ်နာမ်အရှိကို အရှိအတိုင်းမမြင်ပါဘဲနဲ့ ငါလို့ မြင်တယ်၊ ဒီတော့ မရှိတာကြီး လာလာသိမနေဘူးလား? သိနေပါ တယ်ဘုရား၊ ရှိတာက ရုပ်နာမ်၊ သိတာကငါဆိုတော့ ပရိသတ် လွဲတာလား တည့်တာလား? လွဲ တာပါဘုရား၊ မှန်တာလား၊ မှားတာလား? မှားတာပါဘုရား၊ အဲဒီအမှားဟာ တစ်နေ့တစ်နေ့ ဒကာ ဒကာမတွေ ဘယ်လောက်မှားပါသလဲဆိုရင် မရေတွက်နိုင်အောင် မှား ကြပါသည်။ မရေတွက်နိုင်အောင် မမှားဘူးလား? မှားပါဘုရား၊သက္ကာဒိဋ္ဌိ ဝင်နေတဲ့အကြိမ်ပေါင်းဟာ ဒကာ ဒကာမတွေ သန္တာန် ရေတွက်နိုင်ပါ့မလား? မရေတွက်နိုင်ပါဘုရား၊ မြင်တော့လည်း ငါမြင်တယ်လို့ မထင်ဘူးလား? ထင်ပါ ဘုရား၊ ကြားတော့လည်း ငါကြားတယ်၊ ရှုတော့လည်း ငါရှုတယ်၊ စားတော့လည်း ငါစားတယ်၊ထိတော့လည်း ငါထိတယ်၊ ကြံတော့လည်း ငါကြံတယ်၊ ဟော ဒွါရခြောက်ပေါက်က တငါငါနဲ့နေတယ်။

ထိုင်တော့လည်း ငါထိုင်တယ်၊ အိပ်တော့လည်း ငါအိပ်တယ်၊ ရပ်တော့လည်း ငါရပ်တယ်၊ သွားတော့လည်း ငါသွားတယ်၊ ဣရိယာပုထ်လေးပါးလည်း တငါငါနဲ့ မနေဘူးလား? နေပါဘုရား၊ ကွေးတော့လည်း ငါကွေးတယ်၊ ဆန့်တော့လည်း ငါဆန့်တယ်၊ ဟော-ကွေးခြင်း ဆန့်ခြင်း တည့်တည့်ကြည့်ခြင်း ဘေးစောင်းကြည့်ခြင်းစတဲ့ အာလောကိတေ ဝိလောကိတေ သမိဉ္ဇိတေ ပသာဒိတေ။ စားတော့လည်း ငါစားတယ်၊ သောက်တော့လည်း ငါသောက်တယ်. . နဲ့ တငါငါ မနေဘူးလား? နေပါဘုရား၊ ဒါဖြင့် အဲဒီ တငါငါစွဲ နေ့တိုင်းနေ့တိုင်းစွဲ သက္ကာယဒိဋ္ဌိဝင်နေတာ မသေချာဘူးလား? သေချာပါဘုရား၊ ဒါကြောင့်ဘုန်း ကြီးတို့ လယ်တီဆရာတော်ဘုရားကြီးက- ဆိုလိုက်စမ်းပါ-

http://www.dhammadownload.com



* ထိုင် မထိုင် ငါ, မှတ်ထင်ရှာ, ဝင်လာ သက္ကာယ၊
သွား မသွား ငါ, မှတ်ထင်ရှာ, ဝင်လာ သက္ကာယ၊
ရပ် မရပ် ငါ, မှတ်ထင်ရှာ, ဝင်လာ သက္ကာယ၊
အိပ် မအိပ် ငါ, မှတ်ထင်ရှာ, ဝင်လာ သက္ကာယ၊

က္ကရိယာပုထ်လေးပါးမှာ . . . တဲ့ ထိုင်တော့လည်း ငါထိုင်တယ်တဲ့၊ ဟော- ထိုင်တဲ့ရုပ်နာမ်ကို ငါထိုင်တယ်လို့ ငါဝင်စွဲတယ်၊ မထိုင်ပြန်တော့လည်း ငါမထိုင်ဘူးတဲ့၊ ဟော- ရပ်နေတဲ့ ရုပ်အမူအရာ၊ နာမ်အမူအရာ ပေါ်နေတာကိုပဲ ရုပ်နာမ်လို့ မရှုမိတော့ ငါမထိုင်ဘူးလို့ မထိုင်တာကိုပဲ ငါမထိုင်ဘူးလို့ ငါဝင်မစွဲပြန်ဘူးလား?စွဲပြန်ပါဘုရား၊ ထိုင်လိုက်ပြန်တော့လည်း ငါထိုင်တယ်လို့ မထင်ပြန်ဘူးလား? ထင်ပါဘုရား၊ အဲဒါသက္ကာယဒိဋ္ဌိ ဝင်နေတဲ့ အချိန်ပဲတဲ့၊ ထိုင်တာ မထိုင်တာ ငါထင်၊ရပ်တာ မရပ်တာငါထင်၊ သွားတာ မသွားတာငါထင်၊ အိပ်တာ မအိပ်တာငါထင်၊ က္ကရိယာပုထ် (၄) ပါး။

အဲ-ဒွါရခြောက်ပါးကနေပြီးတော့ ကြည့် မကြည့်ငါ မျက်စိပေါက်က၊ နားပေါက်က ကြား မကြားငါ, နှာခေါင်းပေါက ရှူ မရှူငါ လျှာပေါက်က စား မစားငါ ကိုယ်ပေါက်က ထိမထိငါ မနောပေါက်က ကြံမကြံငါ အစရှိသည်ဖြင့် ဒွါရခြောက်ပေါက်လည်း တငါငါနဲ့နေကြတယ်။ အမှန်ကတော့ ရုပ်နာမ်ရဲ့ အမူအရာတွေ ချည်းပဲ။ "နာမ်ရုပ် နှစ်တန်, ဖြစ်ပျက်ဟန်ကို, အမှန်ဒိဋ္ဌ, မမြင်ကြ၍" . . . နာမ်ရုပ်နှစ်ပါးရဲ့ ဖြစ်ပျက်ပြောင်းလဲပြီးတော့နေတာကို ဉာဏ်နဲ့ရှုပြီးတော့ မမြင် ကြလို့ အရှိမှန်တရားကြီးကို မြင်တဲ့အလေ့အလာ မပြုကြလို့-

**နာမ်ရုပ် နှစ်တန်,/ဖြစ်ပျက်ဟန်ကို, အမှန်ဒိဋ္ဌ, မမြင်ကြ၍, ငါထ ငါထိုင်, ငါကိုင် ငါသွား, ငါကြား ငါကြည့်, ငါသိ ငါမြင်, စာတ်ဖြစ်အင်ကို, ငါလျှင်မုချ, မှတ်ထင်ကြသည် . . . သက္ကာယဒိဋ္ဌိ အစွမ်းတည်း။**

ကဲ -တစ်နေ့တစ်နေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ သန္တာန်မှာ သက္ကာယဒိဋ္ဌိခေါ်တဲ့ ငါစွဲကြီးဟာ ဝင်လာမစဲ တသဲသဲ ဝင်ပြီးတော့ နေလိုက်တာ၊ ပရိသတ်ရေတွက်လို့ ရသေးရဲ့လား? မရပါဘုရား။ဒါဖြင့် သက္ကာဒိဋ္ဌိ အဲဒီလိုဝင်နိုင်အောင် ဘယ်သူက အကူအညီပေးနေသလဲလို့ဆိုရင် အဝိဇ္ဇာခေါ်တဲ့မောဟက အကူအညီပေးနေတယ်၊ သူကရုပ်နာမ်ကို ဖုံးဖုံးပေးတယ်၊ ရုပ်နာမ်ကို မမြင်အောင် ကွယ်ကာ ကွယ်ကာ ပေးလိုက်တော့ သက္ကာယဒိဋ္ဌိက

http://www.dhammadownload.com



ရုပ်နာမ်မမြင်တော့ သူထင်ချင်ရာစွဲတဲ့ပြီးတော့ ငါလို့ သူလို့ လျှောက်စွဲကုန်တယ်၊ ဒါဖြင့် သက္ကာယဒိဋ္ဌိစွဲရဲ့ရှေ့က ဘယ်သူရှိတုန်းဆိုရင် အဝိဇ္ဇာ၊ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း မမြင်တဲ့အချိန်တိုင်း အဝိဇ္ဇာဝင်တယ်။ ဒါကို ဘုန်းကြီးတို့ မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးက၊ ဆိုလိုက်စမ်းပါ၊ ပရိသတ်-

* နာမ်ရုပ်နှစ်တန်, မသိပြန်, အမှန်အဝိဇ္ဇာ။

နာမ်ရုပ်နှစ်တန်, မသိပြန်, အမှန်မောဟသာ။

နာမ်ရုပ်ကို နာမ်ရုပ်လို့ မသိတဲ့အချိန်တိုင်း အဝိဇ္ဇာဝင်နေတယ်၊ နာမ်ရုပ်ကို နာမ်ရုပ်လို့ မသိတဲ့အချိန်တိုင်း ဘာဝင်ပါလိမ့်? အဝိဇ္ဇာပါဘုရား၊ အဝိဇ္ဇာဆိုတာ အဖုံးတရား၊ အကာတရား၊ အကွယ်တရား၊ အမှောင်တရား၊ သူကကွယ်ကာပေးလိုက်တော့ သက္ကာယဒိဋ္ဌိက သူထင်ချင်ရာ စွပ်ပြီးထင်လိုက်တာပဲ၊ ငါတဲ့, သူတဲ့, ခွေးတဲ့, လူတဲ့, အကုန်ထင်မသွားဘူးလား? ထင်ပါဘုရား၊ အဲဒီအထင်ကြီးက သံသရာနဲ့ချီပြီးတော့ စွဲလာခဲ့ကြတာဖြစ်လေသောကြောင့် အဲဒီအထင် ဥပါဒါန်စွဲ, ဒိဋ္ဌုပါဒါန်စွဲကြီးကို ပြုတ်အောင်ဖြုတ်ရမယ်. . . တဲ့၊ ဒီတော့ အရှိမှန်တရားဆိုတာ ရုပ်နာမ်၊ ပရိသတ် အရှိမှန်တရားဆိုတာ ဘာပါ လိမ့်? ရုပ်နာမ်ပါဘုရား၊ အဲဒီ အရှိမှန်တရား ရုပ်နာမ်ကို မြင်ပြီးတဲ့နောက် အဖြစ်မှန်တရားကို ဆက်ပြီးတော့ မြင်အောင်ကြည့် . . . တဲ့ဘုရားက။

အရှိမှန်တရားက ရုပ်နာမ်၊အဖြစ်မှန်တရားဆိုတာက ဖြစ်ပျက်၊ အဲဒီ ရုပ်နာမ်တွေဟာ ဝိပဿနာဉာဏ်နဲ့ စောင့်ကြည့်လိုက်တဲ့အခါကျတော့ ပေါ်လိုက် ပျောက်လိုက် ပေါ်လိုက် ပျောက်လိုက် ပေါ်လိုက် ပျောက်လိုက်၊ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက် နောက်တော့ ပျက်ပျက်သွားတာ မြင်တယ်၊ ဒီတော့ ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်တွေကို ပြောစမ်းပါဆိုရင် ဖြစ်ပျက်နေတာ မမြဲတာဟာ သူ့ရဲ့ အဖြစ်မှန်တရားကြီးပဲ၊ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက်ဆိုတော့ ပရိသတ် မြဲသေးရဲ့လား? မမြဲပါဘုရား၊ ရုပ်နာမ်တွေရဲ့ သဘာဝအဖြစ်မှန် ပြောစမ်းပါဆိုရင်ပေါ်လိုက် ပျောက်လိုက် ပေါ်လိုက် ပျောက်လိုက်ဟာ သူ့သဘောကြီးပဲ ဒါဖြင့်ရုပ်နာမ်ရဲ့ အဖြစ်မှန် ပြောစမ်းပါဆိုရင် ဖြစ်ပြီးတော့ ပျက်တယ်၊ ပေါ်ပြီးတော့ ပျောက်တယ်။

ဒါပေမဲ့လို့ ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက မိမိ ကိုယ်ကိုပဲ ကြည့်ကြည့်၊ တစ်ပါးသောသူကိုပဲ ကြည့်ကြည့်၊ သားကိုပဲ ကြည့်ကြည့်၊ သမီးကိုပဲ ကြည့်ကြည့်၊ မနေ့ကလည်း ဒီသား၊ ဒီနေ့လည်း ဒီသား၊ ပရိသတ် မထင်ကြဘူးလား?ထင်ပါဘုရား။ မနေ့ကလည်း ဒီအိမ်၊ ဒီနေ့လည်း

http://www.dhammadownload.com



ဒီအိမ် မထင်ဘူးလား? ထင်ပါဘုရား။ အနိစ္စကို နိစ္စသညာကြီးနဲ့ ဝင်ပြီးတော့ မှားမနေကြဘူးလား? မှားနေပါဘုရား၊ ဟိုက ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက် ပေါ်လိုက် ပျောက်လိုက်ဆိုတော့ အနိစ္စ၊ အဲဒီအနိစ္စ မမြတ်ဲသဘော ကို ဒီက -မနေ့ကလည်း ငါ၊ ဒီနေ့လည်း ငါ. . တဲ့၊ မနေ့ကလည်း သူ၊ ဒီနေ့ လည်း သူတဲ့။ မနေ့ကလည်း ဒီသား၊ ဒီနေ့လည်း ဒီသား . . . . လို့ ဝိပဿနာ ဉာဏ်မသွင်းခဲ့ရင် ဒီအစွဲကြီး ဝင်ပြီးတော့ စွဲနေတယ်၊ အနိစ္စကို နိစ္စလို့ထင် တယ်၊ ဒုက္ခတွေကို သုခလို့ထင်တယ်၊ အနတ္တတွေကို အတ္တလို့ထင်တယ်၊ အသုဘကို သုဘလို့ထင်တယ်၊ ဒီအစွဲ ဒီအလိမ်ကြီးကလည်း ပရိသတ် ရှိမနေ ဘူးလား? ရှိနေပါဘုရား။

ဒါဖြင့် အရှိမှန်တရားပေါ်မှာ အဖြစ်မှန်တရား မြင်ဖို့ဆိုရင် အဲဒီ အရှိ မှန်တရား ရုပ်နာမ်ကိုပဲ နာနာရှုပေးရတယ်။ အမူရာပေါ်တိုင်းပေါ်တိုင်း သွား ရပ် ထိုင် လျောင်း ကြိယာပုထ်လေးပါး၊ ခုနကပြောတဲ့ ကွေးတယ်၊ ဆန့်တယ် ကစပြီးတော့, မြင်တယ်ကြားတယ်က ဒွါရခြောက်ပါး ကစ အကုန်လုံး ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မဟာသတိပဋ္ဌာနသုတ်တော် မှာ ကျင်ကြီး ကျင် ငယ်စွန့်တဲ့ ကိစ္စတောင်မှ မလပ်အောင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ခန္ဓာကိုယ် ရုပ်နာမ်တရားရဲ့ လှုပ်ရှားပုံ အမူအရာတွေ ဖမ်းပြီးတော့ ရှုနိုင်အောင် ဟောတော်မူထားခဲ့တယ်။ အဲဒီလိုအားဖြင့် မိမိတို့သန္တာန်မှာ ဖြစ်ပွားနေတဲ့ ရုပ်အမူအရာ နာမ်အမူအရာ မှန်သမျှကို အရှိမှန်တရားကို ကြည့်ပါများတော့ အဖြစ်မှန်တရား ပေါ်လာလိမ့်မယ်. . . တဲ့။ အရှိမှန်တရား ဆိုတာက ရုပ်နာမ်၊ အဖြစ်မှန်တရားဆိုတာက ဖြစ်ပျက်ဆိုတော့ အနိစ္စလက္ခဏာ ပြောတာ။

လူတစ်ယောက်ကို အကဲခတ် ကပ်ပေါင်းပြီးတော့ ကြည့်လို့ရှိရင် ပရိ သတ်ကြီး. . သူ့ရဲ့သဘောလက္ခဏာ ပေါ်မလာဘူးလား? ပေါ်လာပါဘုရား၊ အစပေါင်းပေါင်းချင်း တွေ့တွေ့ချင်းတော့ လူအနေနဲ့ မြင်တာပဲ၊ ယောကျ်ား အနေနဲ့ မိန်းမအနေနဲ့ မြင်တာ၊ ဘယ်လိုသဘောရယ်လို့ မသိသေးဘူး၊ ကောက် တတ် ကျစ်တတ်တာလား၊ ဖြောင့်တာလား၊ ရိုးတာလား မသိသေးဘူး၊ ကပ်ပြီး တော့ သူ့ပေါင်းကြည့်၊ လေ့လာကြည့် သူနဲ့တွဲပြီးတော့ နေကြည့်လိုက်တော့ စိတ်ကောင်းရှိသားပဲ၊ ရိုးသားပဲ၊ သို့မဟုတ် စိတ်ယုတ်မာရှိတယ်၊စိတ်ကောက် တတ်တယ်၊ ညစ်တတ်တယ်၊ ဒီလက္ခဏာတွေ ပရိသတ်ပေါ် မလာဘူးလား? ပေါ်လာပါဘုရား၊ သူ့ရဲ့ အကောင်းအဆိုး အမျိုးမျိုးသော လက္ခဏာ သူ့ပေါင်း ကြည့်ရင်မသိဘူးလား? သိပါဘုရား။

http://www.dhammadownload.com



အဲဒါလိုပဲ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက အရှိမှန် တရားဆိုတဲ့ရုပ်နာမ်ကို ကပ်ပေါင်းထား . . . . တဲ့ဘုရားကကပ်ပေါင်းကြည့်တဲ့ ဉာဏ်နဲ့၊ ဒီတော့ရုပ်နာမ် ရုပ်နာမ်အတိုင်း သူ့ရဲ့ ပေါ်လာတဲ့ အမှုအရာတွေ မှန်အမျှဖမ်းပြီးတော့ ရှုပေး၊ ကြည့်ပေး၊ ကြည့်ပေးတော့ ဘာတွေ ပေါ်လာ မတုန်းဆိုရင် ပေါ်ပျောက် ဖြစ်ပျက် အနိစ္စလက္ခဏာ ပေါ်လာမယ်၊ အဲဒီအနိစ္စ လက္ခဏာမြင်တဲ့ အချိန်ဟာ အရိယသစ္စာကို မြင်တဲ့အချိန် . . . လို့ ခေါ်တယ်၊ မရှိမှန်က သမုတိသစ္စာ၊ အရှိမှန်က ပရမတ္ထသစ္စာ၊ အဖြစ်မှန်က အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ။ ပျက်ပျက် သွားတာလေး ဉာဏ်ထဲမှာ မြင်ပြီဆိုလို့ရှိရင် အဲဒါ အနိစ္စလက္ခဏာ မိပြီ။ အဲဒါအဖြစ်မှန်မြင်ပြီ၊ အဲဒီမှာ အရိယသစ္စာ ဆိုက်လာတယ်။

အရိယာတွေ မြင်လေ့ရှိတဲ့ အနိစ္စလက္ခဏာ အဲဒီအနိစ္စဖြစ်ပျက် နှစ်ပါး ကြီး ဖိစီးနှိပ်စက်နေမှုကို ခံနေရလို့ ဒုက္ခလက္ခဏာ၊ အဲဒီဖြစ်မှာဖြစ်ရင်လည်း မပျက်ပါနဲ့၊ ပျက်မှာဖြင့်လည်း မဖြစ်ပါနဲ့လို့ ပြောမရ၊ တားမရ၊ သူဖြစ်ချင်သလို ဖြစ်၊ သူပျက်ချင်သလိုပျက်လို့ ကိုယ့်အလို မပါလို့ အနတ္တ၊ ရုပ်နာမ်တွေ ဖြစ်ပြီး တော့ ပျက်သွားတာ မပျက်ပါနဲ့လို့ ပရိသတ်တားလို့ ရရဲ့လား?မရပါဘုရား၊ ပျက်မှာဖြင့်လည်း နောက်ထပ်မဖြစ်ပါနဲ့တော့ ပြောလို့ကော ရရဲ့လား? မရပါ ဘုရား။ အဲဒီလို မရဘဲနဲ့ သူဖြစ်ချင်သလိုဖြစ် သူပျက်ချင်သလိုပျက်တော့ ကိုယ် ပိုင်သေးရဲ့လား? မပိုင်ပါဘုရား။ အဲဒါကိုလည်း အနတ္တလို့ခေါ်တယ်။ ကိုယ် မပိုင်လို့လည်း အနတ္တခေါ်တယ်။

အဲဒီရုပ်နာမ်ထဲမှာ အနှစ်အသား အမာခံ ဉာဏ်နဲ့လိုက်စမ်းရှာကြည့် လိုက်တော့ သိမ်းထားစရာ ဆွဲထားစရာ အနှစ်အသား အမာခံရယ်လို့ ပရိ သတ်ရှိရဲ့လား? မရှိပါဘုရား။ အဲဒီလို အနှစ်အသား အမာခံ မရှိလို့လည်းပဲ အနတ္တ၊ အနတ္တရဲ့ သဘောက မပိုင်လို့ မဆိုင်လို့ အစိုးမရလို့လည်း အနတ္တ၊ အမာခံ အနှစ်အသား ရှာမရလို့လည်း အနတ္တ၊ အနတ္တရဲ့ လက္ခဏာ နှစ်ချက် သဘောသွားရှိတယ်၊ အဲဒီလိုအားဖြင့် မရှိမှန်တရားရယ်၊ အရှိမှန်တရားရယ် အဖြစ်မှန်တရားရယ်ဆိုတဲ့ သစ္စာသုံးဆင့်ကို မြင်တဲ့ ပညာဉာဏ်ဓာတ်ပေါ်ပြီး တော့ အသက်ရှုရှိုက်နိုင်ခဲ့ရင် . . . အဲဒီအမျိုးသား အမျိုးသမီးကို မင်္ဂဖိုလ် နိဗ္ဗာန်ရကြောင်း အိုနာသေဇာတ် အမြစ်ပြတ်စေနိုင်တတ်တဲ့ ဓာတ်သဘာဝ ကြီးရှိလို့မို့ -

http://www.dhammadownload.com



**ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ။**

ဇီဝိတံ-ဇီဝန္တာနံ- လူချင်းတူ အသက်ရှူရှိုက်နေတဲ့ လူတွေထဲမှာဖြင့်၊ ပညာဇီဝိံ- အဲဒီ ယခုနပြဆိုအပ်ခဲ့တဲ့ ဝိပဿနာပညာ အနုဗောဓပညာဖြင့် အသက်ရှူရှိုက်နေတဲ့သူကို - (ဝါ) ဝိပဿနာပညာမှ တဆင့်တက်ပြီးသကာလ ရုပ်နာမ်တို့ရဲ့ အဖြစ်မှန်၊ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာကို မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့မြင် ပြီးတော့ အသက်ရှူရှိုက်နေတဲ့သူကို၊ သေဋ္ဌံ- အိုနာ သေဇာတ် အမြစ်ပြတ်သဖြင့် အမြတ်ဆုံး အကောင်းဆုံး အသက်ရှူရှိုက်နေတဲ့ သူဟူ၍၊ အာဟု- ဂင်္ဂါဝါလု သဲစုအတူ ပွင့်တော်မူသည့် ဆူဆူထွင်ထွင်ထား မြတ်ဘုရားတို့က လေးစားကြည်ဖြူ ချီးမွမ်းတော်မူကြပါပေကုန်သတည်း။

သာဓု. . . သာဓု. . . သာဓု. . ပါဘုရား။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အခု ကမ္မဿကတာသမ္မာဒိဋ္ဌိ ပညာနဲ့ အသက်ရှူရှိုက်နေကြတယ်၊ လူချင်းတူ အသက်ရှူချင်းကွဲအောင် ကြိုးစားနေတဲ့ကိစ္စမှာ ပညာတွေ တစ်ဆင့်ထက် တစ်ဆင့် အဲဒီကမ္မဿကတာ သမ္မာဒိဋ္ဌိပညာက တစ်ဆင့်တက်လိုက်တော့ ဝိပဿနာပညာ၊ဝိပဿနာပညာက တစ်ဆင့်တက်လိုက်တော့ မဂ်ပညာ ဖိုလ်ပညာလို့ ပညာလေးဆင့်ရှိတယ်၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိပညာ၊ ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာ အဲဒီ မဂ်ပညာ ဖိုလ်ပညာကို ဆိုက်ချင်ရင် ဝိပဿနာပညာက မိမိသန္တာန်ပေါ်အောင် ကြိုးစားပါ. . . . တဲ့၊ဝိပဿနာပညာပေါ်တဲ့အချိန်ဟာ အရှိမှန်နဲ့ အဖြစ်မှန် မြင်နေတဲ့အချိန်ပဲ၊ဒါဖြင့်ဝိပဿနာပညာ ပေါ်တိုင်းပေါ်တိုင်း ဒကာ ဒကာမတွေ ရှိတာရှိတဲ့အတိုင်းသိတဲ့ အချိန် မဟုတ်ဘူးလား?မှန်ပါဘုရား၊ ဝိပဿနာပညာ မပေါ်တဲ့အချိန်က မရှိတာတွေကို အရှိလုပ်ပြီးတော့ သိနေတယ်ဆိုတာ မသေချာဘူးလား? သေချာပါဘုရား။

ယောကျာ်းဟယ် မိန်းမဟယ် သူဟယ် ငါဟယ် ပုဂ္ဂိုလ်ဟယ် သတ္တဝါဟယ် ခေါ်ပြောနှုတ်ဆက်သွားလာ လှုပ်ရှားနေတဲ့ အချိန်ဟာ မရှိတာတွေ အရှိလုပ်ပြီးတော့ နေတယ်လို့ မဆိုနိုင်ဘူးလား? ဆိုနိုင်ပါဘုရား၊ ဒါဖြင့် မရှိတာကို အရှိလုပ်သိရုံနဲ့ဖြင့် ဘုန်းကြီးတို့ ပရိသတ်ကြီး မဂ်တရား ဖိုလ်တရား ရပါ့မလား? မရပါဘုရား၊ ရှိတာကိုရှိတဲ့အတိုင်း သိတဲ့ဉာဏ်ပေါ်ဖို့ အရေးမကြီးဘူးလား?ကြီးပါဘုရား။ အဲဒီလို ရှိတာကို ရှိတဲ့အတိုင်း သိချင်ရင် အခုထိုင် တုန်းလည်းပဲ ဟော- ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက် သို့မဟုတ် ထိုင်တယ် ထိုင်တယ် ထိုင်တယ် သို့မဟုတ် ထိုင်သိပျက် ထိုင်သိပျက် ထိုင်သိပျက်၊

http://www.dhammadownload.com



ထသွားရင်လည်း သွားတယ် သွားတယ် သွားတယ် သို့မဟုတ် ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက်၊ သို့မဟုတ် သွားသိပျက် သွားသိပျက်လို့ တစ်နေ့ငါးမိနစ်လောက်ပဲ တတ်နိုင် တတ်နိုင်၊ ဆယ်မိနစ်လောက်ပဲ တတ်နိုင် တတ်နိုင်၊ အရှိကို အရှိအတိုင်း သိတဲ့ဉာဏ်လေး အသုံးပြုပြီးတော့ အသက်ရှူရှိုက်နေရင် အခု ကမ္ဘာသ·တာ သမ္မာဒိဋ္ဌိနဲ့ ရှူရှိုက်နေတဲ့သူထက် သာမယ် . . . တဲ့၊ သာတယ်တဲ့၊ ဘုရားရှင်အဆူဆူ ချီးမွမ်းတော်မူကြတယ်။

ဒါဖြင့်လူချင်းတူ အသက်ရှူချင်းကွဲတဲ့နေရာမှာ ပိုပြီးတော့ အသက်ရှူကွဲတဲ့သူ လုပ်ဖို့ ပရိသတ် မလိုဘူးလား? လိုပါဘုရား၊ ဒါဖြင့် အသက်ရှူကွဲတဲ့ထဲမှာ ဒါနနဲ့ အသက်ရှူတဲ့ နောက်ကနေပြီးတော့ ဘာဝနာနဲ့ ကပ်ကပ်ပြီးတော့ ဝိပဿနာဘာဝနာပါသွားတဲ့ အသက်ရှူမှုလေးဖြစ်အောင် မလိုအပ်ဘူးလား? လိုပါဘုရား၊ ကိုင်းဒါဖြင့်-ဘုန်းကြီးစပြီးချပေးတဲ့ လင်္ကာလေး ဘုရားပန်းလှူတော့ ဝိပဿနာပါသွားအောင် ဆိုလိုက်စမ်းပါ-

* ပန်းကိုလှူလျှင်၊ ပန်းကြောင့်ပင်၊ ကြည်လင်အေးမြ
ကုသိုလ်ရ။
ထိုကုသိုလ်ပင်၊ဖြစ်ပျက်မြင်၊ မဂ္ဂင်ပွားထ နိဗ္ဗာန်ရ။
ဆွမ်းကိုလှူလျှင်၊ ဆွမ်းကြောင့်ပင်၊ ကြည်လင်အေးမြ
ကုသိုလ်ရ။
ထိုကုသိုလ်ပင်၊ ဖြစ်ပျက်မြင်၊ မဂ္ဂင်ပွားထ နိဗ္ဗာန်ရ။

ဘုရားကို ပန်းလှူတော့ ပန်းလှူတဲ့ကုသိုလ် ကြည်လင်အေးမြတဲ့ ကုသိုလ်ကြောင့် ကြည်လင်အေးမြတဲ့စိတ်တွေဖြစ်ပြီးတော့ ကုသိုလ်မရဘူးလား? ရပါဘုရား၊ အဲဒီကုသိုလ်စိတ်ကလေး ပေါ်တာကို နောက်က ဉာဏ်နဲ့ ဖျတ်ကနဲဆို ကပ်ပြီးတော့ ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက်လို့ ရှုရှု၊ နာမံ အနိစ္စံ နာမံ အနိစ္စံ လို့ပဲရှုရှု ရှုလိုက်ရင် စိတ်ကလေးပျောက်သွားတာ မတွေ့ပေဘူးလား? တွေ့ပါဘုရား၊ အဲဒါတွေ့ရင် မဂ္ဂသစ္စာပေါ်လာတာ၊ နာမ်တရားကို အမှန်မြင်၊ နာမ်တရားရဲ့ပျောက်သွားတာ အမှန်မြင်လို့ သူ့သမ္မာဒိဋ္ဌိခေါ်တဲ့ မဂ္ဂင်ပေါ်လာ၊ မဂ္ဂင် ပေါ်လာရင် နိဗ္ဗာန်ရတာပဲတဲ့။ ဒီတော့ မဂ္ဂင်ပေါ်အောင်လုပ်နေဖို့အရေး မကြီးဘူးလား? ကြီးပါဘုရား၊ မဂ္ဂသစ္စာဆိုတာ ကိုယ့်သန္တာန်ဖြစ်စေရတဲ့တရားဝါ- ပွားရတဲ့တရား၊ သူ့ကိုယ့်သန္တာန်ဖြစ်အောင် လုပ်လို့ရှိရင် သူက မဂ္ဂသစ္စာဆိုတဲ့အတိုင်း လမ်းမှန်မို့လို့ နိဗ္ဗာန်ရောက်အောင် ပို့သွားတာပဲ၊ ဒါဖြင့် ပန်းလှူရင်းကော ဝိပဿနာတင်ရှုလို့ မရဘူးလား? ရပါဘုရား။

http://www.dhammadownload.com



ဒကာ ဒကာမတွေ ကိုယ့်စိတ်ကလေးကို သတိထားကြည့်စမ်းပါလား ဘုရားပန်းလှူတယ် ပန်းလှူနေတဲ့ အချိန် လှူတဲ့စိတ်ကလေးဟာ လှူပြီးသည်နှင့်တစ်ပြိုင်နက် အဲဒီစိတ်ကလေး ရှိသေးလား? မရှိပါဘုရား။ ပန်းကို ပန်းအိုးထဲထိုးလိုက်တယ်၊ ထိုးပြီးသည်နှင့်တစ်ပြိုင်နက် အဲဒီပန်းအိုးထိုးချင်တဲ့စိတ်ကလေးရှိသေးလား? မရှိပါဘုရား။ ဒါဖြင့် စိတ်ကလေး ပျောက်ပျောက်သွားတာ မသေချာဘူးလား? သေချာပါဘုရား။ စိတ္တာနုပဿနာနည်းနဲ့ ကြည့်ရင်လည်းပဲ အဲဒီလို နာမံ အနိစ္စံ၊ စိတ္တံ အနိစ္စံ အဲဒီလိုနည်းနဲ့ ရှုရင်လည်းပဲ စိတ်ကလေး ပျောက်သွားတာ တွေ့လိမ့်မယ်။ တွေ့ရင် မဂ္ဂသစ္စာ၊ ပျောက်သွားတာလေး တွေ့ရင် မဂ္ဂသစ္စာပေါ်ပြီ ကိုယ့်သန္တာန် မဂ္ဂသစ္စာပေါ်ရင် လမ်းမှန်ရောက်ပြီ၊ နိဗ္ဗာန်ဘက်သွားပြီ. . . တဲ့၊

နိဗ္ဗာန်ကတော့ အကျိုးတရား၊ ကိုယ်က မိမိသန္တာန် မဂ္ဂင်ဖြစ်နေဖို့၊ မဂ္ဂသစ္စာဖြစ်နေဖို့၊ ဝိပဿနာမဂ္ဂသစ္စာဖြစ်နေဖို့ ဆိုပြီးတော့ ပန်းလှူတိုင်း ဆွမ်းလှူတိုင်း သစ်သီးလှူတိုင်း မီးလှူတိုင်း ဖယောင်းတိုင်လှူတိုင်း အမွှေးတိုင်လှူတိုင်း ဘုရားကို ကပ်တိုင်းကပ်တိုင်း လှူပြီးတဲ့နောက်က ကပ်ပြီးတော့ စိတ္တာနုပဿနာနည်းနဲ့ပဲဖြစ်ဖြစ်၊ ရုပ်နာမ်နှစ်ဖြာမြင်တဲ့ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ပဲဖြစ်ဖြစ် ရှုမယ်ဆိုရင် ပရိသတ်ကြီး မရနိုင်ဘူးလား? ရနိုင်ပါဘုရား။ ဒါနကုသိုလ်နောက်က ဝိပဿနာကုသိုလ် ပါမသွားဘူးလား? ပါသွားပါဘုရား။

အဲဒါဉာဏ်ပါသွားတဲ့ကုသိုလ်၊ ဝိပဿနာတင်တဲ့ ကုသိုလ်ဖြစ်သွားတော့ ဒါနချည်းသက်သက်နေတာထက် မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ ပိုမနီးဘူးလား? နီးပါဘုရား အဲဒီလို မိမိသန္တာန် လူချင်းတူ အသက်ရှူချင်းကွဲအောင် ပညာဉာဏ်နဲ့ အသက်ရှူတတ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ပါ. . . . လို့ ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးက ဟောတော်မူတယ်၊ အဲဒါကို ဘုရားရှင်ကိုယ်တော်မြတ်က ထပ်မံပြီးတော့ ဟောတော်မူတယ်။ အဲဒီတရားကိုပဲ ဘုန်းကြီးတို့က ဒီနေ့ ဟောရတာဖြစ်တော့ အခုအချိန်လည်း ပြည့်ပြီ၊ ဟောချင်တဲ့တရားလည်းစုံပြီ မို့လို့ ဒီဂါထာနဲ့တိုက်တွန်းပြီးတော့ သာဓုခေါ်ပြီးသိမ်းရအောင် ဒကာကြီး ဦးငြိမ်းနေ၁်၊ မှန်ပါဘုရား။

**သုခေတ္တေ ပဏ္ဍိတေ ပေါသော, သမ္ဘဿံ အတ္တမတ္တနော။**
**ဘဝပဒေသံလဒ္ဓါန, စရေယျ ဇီဝိတံ သဒ္ဓံ။**

သုခေတ္တေ-မနုဿသတ္တ ဒုလ္လဘနှင့် ဗုဒ္ဓသာသနာ ကြုံတွေ့ခါလျှင် ဆယ်ဖြာပုည ဒသသုံ့လီ ပါရမီကို အမြိုက်ဆီ တောင်းတ ပြုလုပ်ရသည့် များလှဘိတောင်း ခေတ်ခါကောင်းကြီး၌၊ ပဏ္ဍိတော ပေါသော-ကံကောင်း